မြိုင်ကြီးငူဆရာတော်ဘုရား၏

# ဘဝအချိုးအကွေ့များ

## ယွန်းစလင်းအမြဲတော

(ပေါင်းချုပ်)



မြိုင်နန်းဆွေ

(က)

# မြိုင်ကြီးငူဆရာတော်

၏

# ဘဝအချိုးအကွေ့များ

# ယွန်းစလင်းအမြုတေ

မြိုင်နန်းဆွေ

## ပုံနှိပ်မှတ်တမ်း

ပထမအကြိမ်

အုပ်ရေ – ၁၀၀၀

၁၃၆၃ ခုနှစ်၊ ကဆုန်လ (၂၀၀၁ ခုနှစ်၊ ဇွန်လ)

မျက်နှာဖုံးခွင့်ပြု – ၆၉၀/၂၀၀၀ (၁၁)

စာမူခွင့်ပြုချက် – ၈၀၅/၂၀၀၀ (၁၁)

## ထုတ်ဝေသူ

မန်းဘညွန့်ဖေ (ဥက္ကဋ္ဌ)

သစ်တောကြီးကြပ်ရေးမှူး၊

သစ်ထုတ်လုပ်ရေးကော်မတီ၊ မြိုင်ကြီးငူ။

မျက်နှာဖုံးနှင့် အတွင်းစာသားများကို

ဒေါ်မြင့်မြင့်တင် (၀၄၀၈၀)၊ မြင့်သီဂီအော့ဖ်ဆက်

အမှတ်(၁)၊ ငါးထပ်ကြီးဘုရားလမ်းနှင့်

အမှတ်(၂၀၈)၊ လမ်း(၃၀)၊ ရန်ကုန်တွင်

ရိုက်နှိပ်သည်။

တန်ဖိုး-၁၂၀၀-ကျပ်

တန်ဖိုး – ၁၀၀၀ ကျပ်

## ဖြန့်ချိရေး

ခင်မြတ်သူစာပေ

အမှတ်(၁၁)၊ ဒဂုန်သီရိလမ်း၊

ကျောက်မြောင်း၊ ရန်ကုန်မြို့

# မြိုင်ကြီးငူဆရာတော်ဘုရား၏
# ဘဝအချိုးအကွေ့များ
# ယှဉ်းစလင်းအမြဲတော

## မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| – မြိုင်ကြီးငူဆရာတော်၏ အမှာစာ | ....... | (က) |
| – စာရေးသူ၏ အမှာစာ | ....... | (ဂ) |
| – ဘဝအစ ပထမဉ္ဇသို့ | ....... | ၁ |
| – ပညာရှာတုန်းခါ | ....... | ၁၃ |
| – ဘဝတစ်ဆစ်ချိုးဖို့ဖန်သည် | ....... | ၄၁ |
| – စိတ်ပုတီးနှင့် ရိပ်ကြီးခို | ....... | ၅၃ |
| – အကျင့်စရဏ ဉ်သို့စသည် | ....... | ၆၃ |
| – အဖျက်လေလားဖျက်မှာလားဟု | ....... | ၇၈ |
| – ထူးဆန်းထွေလာ ကြုံရရာဝယ် | ....... | ၉၄ |
| – ထုံကျဉ်နာ့နှင့် အဖျားရောဂါ | ....... | ၁၀၃ |
| – အဆန်းတကြယ်ကြုံတွေ့မှုများ | ....... | ၁၁၈ |
| – နောင်တော်ဦးစေတီ တည်ထားစဉ်က | ....... | ၁၄၀ |
| – ရေပုပ်ရှာ ခရီးမှာဖြင့် | ....... | ၁၄၇ |
| – နန်းဦးစေတီ တည်ထားပြီး | ....... | ၁၆၄ |
| – မွေးမေကျေးဇူးဆပ်ရန်ဖို့ | ....... | ၁၇၆ |
| – သုဿန်ရှုတင်ခရီး | ....... | ၁၈၁ |
| – ပရိသတ်နည်းစေမည်ကြံသော်လည်း | ....... | ၁၈၆ |
| – မဟာပဋ္ဌာန်းနှင့် ရေဆွမ်းအဓိဋ္ဌာန် | ....... | ၂၀၄ |
| – လျှောက်လှမ်းရမည့် ရှေ့ခရီး | ....... | ၂၂၈ |
| – ပထမခြေလှမ်း | ....... | ၂၃၈ |
| – ကြားဖြတ်အမှာ | ..... | ၂၄၀ |
| – ဒသဗလဆံတော်ရှင်စေတီတော် | ....... | ၂၄၅ |
| – ဣဋ္ဌာသယဖော်တော်ဦးစေတီ | ....... | ၂၈၅ |
| – ဣဋ္ဌာသယဖော်တော်ဦးစေတီမှတ်တမ်း | ....... | ၂၈၈ |

- သိမ်တော်အချို့ သမုစ်တည်ထားခဲ့ရာမှာ ....... ၃၃၇
- လျှောက်သောလမ်းမှာ အဆီးအတား ....... ၃၆၅
- ဣန္ဒာသယကျောင်းတော်ကြီးနှင့်
  သိမ်တော်အချို့ ....... ၃၇၈
- သွားဖန်များတော့ တစ်ခါတစ်လေ ....... ၃၉၉
- စီးနေဦးမည့် သည်းသံလွှင် ....... ၄၁၆
- သိမ်သမုတ်ရာမှ ထူးခြားချက်များ ....... ၄၃၁
- လေ့ကျော့ကူတောင်ဘုရားတည်ရာမှာ ....... ၄၄၆
- ထိုင်းနိုင်ငံမှာ မဟာသုပိနစေတီတော် ....... ၄၆၇
- လောကစံကြို မဖြိုတမ်းပေါ် ....... ၄၉၈
- လူ့ဘဝခဏတာလေးဝယ် ....... ၅၂၉
- ဆေးစစ်ရာမှအပြန် ....... ၅၃၄
- ပခုံးပေါ်မှတာဝန်များ ....... ၅၅၀
- ပူပင်လယ်ဝေလို့ဝိုင်းစဉ်က ....... ၅၅၈
- ရစ်ဖန်များလာသောအခါ ....... ၅၇၈
- အရေးသုံးပါးဦးတည်ထား၍ ....... ၅၉၀
- ကြားဖြတ်အမှာ ....... ၅၉၇
- မိုလ်ချုပ်ကျော်သန်း၏ မှာတမ်းအဆက် ....... ၅၉၈
- သူးမွဲထမှာကျန်နေသောခေါင်းဆောင်
  ဦးစန္ဒယဘာသ၏ ပြောပြချက်မှတ်တမ်း ....... ၆၁၉
- သောလယ်ထမှ ကန်ညီနောင်ရွာသား
  တစ်ဦး၏ ပြောပြချက်မှတ်တမ်း ....... ၆၃၀
- မိုလ်ချုပ်ကျော်သန်း၏မှတ်တမ်းအဆက် ....... ၆၃၄
- စစ်ဦးတိုက်ပွဲတွင် ပါဝင်ခဲ့သော
  အညတြရဲဘော်တစ်ဦး၏မှတ်တမ်း ....... ၆၄၀
- ထိုရောချိန်ခါ သည်နေရာဝယ် ....... ၆၄၅
- အကျိုး၏အကြောင်းမှာ (သို့မဟုတ်)
  ဒီကောဘီအေ မွေးဖွားလာရခြင်း ....... ၆၅၆
- တစ်ယောက်ငြိမ်းဖို့ကြိုးသော်လည်း ....... ၆၉၂
- ဒဏ်ရာတစ်ဖက်ရလျက်နှင့်ပင် ....... ၇၀၈
- ရဲဘော် ရဲသော်မသေ ....... ၇၂၁

- သန္တရသမှသည် ....... ၇၃၀
- ခရီးယာယီအလီဂါ ....... ၇၃၆
- မြိုင်ကြီးငူ သာဒ္ဒသနာ့မှတ်တိုင် ....... ၇၄၄
- ယနေ့နှင့်နက်ဖြန် မတူပြီ ....... ၇၄၉
- တစ်လှမ်းခြင်းလှမ်းရင်းဖြင့် ....... ၇၆၀
- ဆရာ့ကျေးဇူးဆပ်ပုံငယ်ထူးပုံက ....... ၇၇၅
- မော်ကွန်းတင်သည့် သည်ဆောင်းရက် ....... ၇၈၈
- တံတားဆောက်ရင်း လမ်းဖောက်ရင်းမှာ ....... ၇၉၅
- အဓိဋ္ဌာန်ဝင်ရာမှသည် ....... ၈၀၃
- (၄၈)နှစ်မြောက်မွေးနေ့နှင့်
အဘိဓမ္မာသင်တန်း ....... ၈၀၇
- ဆွေချမ်းသာမြိုင် ကရင်ဓမ္မာရုံ ....... ၈၁၇
- မင်္ဂလာအပေါင်း ခညောင်းပါစေလို့ ....... ၈၂၄
- အကြောင်းကြောင့် အကျိုးမှာ ....... ၈၃၄
- မြစ်သံလွင်ကမ်းဘေးမှ အိုအေစစ် ....... ၈၄၇
- ယွန်းစလင်းအမြုတေ ....... ၈၅၆

# မြိုင်ကြီးငူဆရာတော်၏အမှာစာ

ဤ "ယွန်းစလင်းအမြဲတော သည် ဆရာတော်၏ ထေရုပ္ပတ္တိ မဟုတ်ပါ။ ဆရာတော် ဖြတ်သန်းကျော်လွန်ခဲ့သောဘဝခရီးလမ်းဝယ် လူသားတစ်ဦးအနေဖြင့် တွေ့ကြုံရမြဲ လောကဓံဖြစ်ရပ်တို့ကို အဖြစ်မှန်အတိုင်းဖော်ပြထားသည့် ဘဝမှတ်တမ်းသာ ဖြစ်ပါသည်။

ဘဝခရီးလမ်းဆိုသည့်အတိုင်း နသည်၊ ကြမ်းသည်နှင့်လည်း ဆုံခဲ့ရပါသည်။ ကောက်သည်၊ ဖြောင့်သည်နှင့်လည်း ကြုံခဲ့ရသည်။ အတက်လည်း ရှိခဲ့သည်။ အဆင်းလည်း ရှိခဲ့သည်။ ဤသည်ကား လူသားတိုင်း ကြုံတွေ့မြဲဓမ္မတာဖြစ်သည်။ လူသားထဲမှ လူသားတစ်ဦးဖြစ်သူ ဆရာတော်အနေနဲ့လည်း ထိုသို့ ကြုံဆုံခဲ့ရသည်တို့ကို ဘဝမှတ်တမ်းတင်ထားစေခြင်းသာ ဖြစ်ပါသည်။

မှားကောင်းမှားမည်လား မသိ။ ဖတ်ဖူးခဲ့သမျှသော ထေရုပ္ပတ္တိတို့မှာ အညွန့်အဖူးများကို စုစည်းထားသော စာပုဒ်များသာဖြစ်သည်။ တစ်နည်းအားဖြင့်လည်း သက်တော်-ဝါတော်ရင့်သည့် နာမည်ကျော်ကြားထင်ရှားသော ဆရာတော်ကြီးများမှသာလျှင် ထေရုပ္ပတ္တိရေးသားလေ့ရှိသည်ဟူ၍ မှတ်သားထားဖူးသည်။ သို့ဆိုလျှင် ဆရာတော်အနေဖြင့်ကား ထေရုပ္ပတ္တိရေးနိုင်လောက်သောအင်္ဂါရပ်များ မပြည့်စုံသေးဟု ယူဆသည်။ အချို့က ဆရာတော်၏ အကြောင်းအရာကို သိလိုလှ၍ ရေးသားခွင့်ရရန် ခွင့်ပန်ကြသည်။ နားလည်ထားသောထေရုပ္ပတ္တိ ဆန်သွားမှာစိုး၍ ခွင့်မပြုခဲ့။ အကြောင်းမသိသူတို့ရေးလျှင် ပင့်ကြမည်၊ ဆင့်ကြမည်၊ ကွန့်ကြမည်၊ ညွန့်ကြမည်။ ဤသည်ကို မလိုလား။ ဆရာတော်အနေနှင့် အမှန်ကို အမှန်အတိုင်းသာ ဖြစ်စေလိုသည်။

သို့ဖြစ်၍ ဆရာတော်နှင့် စာသင်သားဘဝ ငယ်စဉ်ကာလကတည်းက ရင်းနှီးကျွမ်းဝင်ခဲ့သော "ငယ်ရင်းဆွေ"ကိုသာ ရေးသားစေခဲ့သည်။ ၎င်းသည် ဆရာတော်၏ ကိုယ်ရေးရာဇဝင်ကိုလည်းကောင်း၊ သဘောသဘာဝကိုလည်းကောင်း၊ အတွင်းကျကျသိထားသူ ဖြစ်သည်။ ထို့ကြောင့် ၎င်းအား ရေးသားစေခဲ့သည်။ ၎င်းကလည်း ဆိုသည်...။

"တပည့်တော်ရေးသားရာမှာ ထေရုပ္ပတ္တိရေးသားသကဲ့သို့ အားလုံးကောင်းပါသည်ဘုရားဟု မရေးချင်ပါ။ အဖြစ်ကို အဖြစ်အတိုင်းသာ ရေးပါမည်။ ဖြစ်စဉ်မှတ်တမ်းကို တင်ပြရုံသာ ရေးပါမည်။ တစ်စုံတစ်ရာ ဆုံးဖြတ်ချက်ချရန်မှာ စာဖတ်သူများ၏တာဝန်သာ ဖြစ်ပါမည်။ ဤအနေအထားမျိုးဖြင့် ရေးခွင့်ရပါလျှင် တပည့်တော်ရေးပါမည်ဘုရား"ဟု လျှောက်ထားပါသည်။

ဆရာတော်သဘောနှင့် အံကိုက်ညီသည်ဖြစ်၍ ရေးသားစေခဲ့သော ဤ"ယွန်းစလင်းအမြုတေ"သည် ထေရုပ္ပတ္တိမဟုတ်သော ဆရာတော်၏ ဘဝမှတ်တမ်းစာစုများသာ ဖြစ်ပါသည်ဟူ၍ ရှေးဦးအမှာ ရေးသားလိုက်ရပေသည်။

ဆရာတော်ဦးသုဇန၊
နန်းဦးဘေးမဲ့တောရကျောင်း
မြိုင်ကြီးငူ။

# စာရေးသူ့အမှာစာ

မကြာလှသေးသည့် နေ့တစ်နေ့အခါက ဖြစ်သည်။

မြိုင်ကြီးငူဆရာတော်သည် ခရီးတစ်ခုသို့ရောက်စဉ် လမ်းခုလတ်မှာ အသိဆရာတော်တစ်ပါးနှင့် ဆုံသည်။ ဆရာတော်နှစ်ပါးစလုံး အထိုက်အလျောက် နာမည်ကျော်ကြားသည်ချည်း ဖြစ်သည်။ အသိဆရာတော်မှာ ကိုယ်ပိုင်ဆလွန်းကားချောလေးဖြင့် နောက်ပါဟိုင်းလပ်ကား၊ နှစ်စီးအပြည့် သီလရှင်၊ ရသေ့မ၊ လူ့သူတော်...စသည်ဖြင့် တပည့်တပန်း ခြွေရံသင်းပင်း အစုံအလင်နှင့်။

မြိုင်ကြီးငူဆရာတော်မှာကျတော့ "ဆီထည့်၍ လိုသလိုသုံးနိုင်ပါသည်ဘုရား" ဟု လျှောက်ထားလာသော ဒါယကာတစ်ဦး၏ အမိုးဖွင့်ဟိုင်းလပ်ကားနှင့်။ ပရိသတ်ကား ကျန်းမာရေးအရ လိုက်ပါလာရသော ဆရာဝန်နှင့်ပါဆိုမှ လေးဦးသာ။ လေးဦးမှာလည်း တာဝန်အရ လိုက်ပါလာရသူချည်း ဖြစ်သည်။

ဤမျှဖြင့် မြိုင်ကြီးငူဆရာတော်သည် ဝ–ကို ဝ–အတိုင်း ထားလေ့ရှိသည်။ ဝိ–ဖြစ်စေလိုသောဆန္ဒ မရှိကြောင်း အကဲခတ်နိုင်ပါသည်။

မြိုင်ကြီးငူဆရာတော်သည် သက်တော်အားဖြင့် ငယ်သေးသည်။ သိက္ခာတော်အားဖြင့် နုသေးသည်။ ရှေ့ဆက်လျှောက်လှမ်းရမည့် ဘဝခရီးကား အရှည်ကြီးရှိသေးသည်။ အကွေ့တစ်ထောင်။ အကောက်တစ်သောင်းလည်း တွေ့ချင်တွေ့နိုင်သေးသည်။ ဤမည်သော ဘဝခုလတ်အနေအထားတွင် ထေရုပ္ပတ္တိမရေးသားသင့်ကြောင်း နှစ်ဦးသဘော ကြိုက်ညီကြသဖြင့် မြိုင်ကြီးငူဆရာတော်၏ ဘဝဖြစ်စဉ်ကို မှတ်တမ်းစာပေမျိုးဖြင့်သာ ရေးသားလိုက်ရပါသည်။ ဤသို့ရေးသားရာဝယ် ဝ–ကို ဝ–အတိုင်းထားလိုသော ဆရာတော်၏

ဆန္ဒအတိုင်း အဖြစ်ကို အဖြစ်အတိုင်းသာ ရေးသားထားပါသည်။

ပြောလိုပါသေးသည်။

မြိုင်ကြီးငှူဆရာတော်သည် အခြေအနေနှင့် အချိန်အခါပေါ် မူတည်၍ တိုင်းသိပြည်သိဖြစ်ခဲ့သည်။ ထိုနှင့်ပတ်သက်၍ ဆရာတော်အား အမျိုးမျိုးမြင်ကြသည်။ ဆိုကြသည်။

ဟိုဘက်သူကဆိုသည်။ "သည်ဘက်ကလူ"...

သည်ဘက်ကဆိုပြန်သည်။ "ဟိုဘက်ကလူ"...ဟူ၍။

မြိုင်ကြီးငှူဆရာတော်ကား အဘယ်သူနည်း။ အဘယ်ကဲ့သို့သော ပုဂ္ဂိုလ်နည်း...စသည့် စသည့် သိသင့်ဖွယ်တို့ကို အမှန်အတိုင်းသိစေလို၍ ဤ "ယွန်းစလင်းအမြုတေ"ကို ဆရာတော်၏ဆန္ဒနှင့်အညီ ရေးသားလိုက်ရပါသည်။

မြိုင်နန်းဆွေ

## ယွန်းစလင်းအမြုတေ


### ပ-ဒု-တ သုံးတွဲပေါင်းချုပ်ရခြင်းအမှာ

မြိုင်ကြီးငူဆရာတော်၏ ဘဝအချိုးအကွေ့များဖြစ်သော ယွန်းစလင်းအမြုတေကို အခြေအနေအရ ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲဟူ၍ သုံးတွဲခွဲ၍ ထုတ်ဝေခဲ့ရပါသည်။


နောက်ပိုင်းတွင် တစ်တွဲရှိလျှင် တစ်တွဲဝယ်ယူသွားကြသည်။ သုံးတွဲလုံးလိုချင်သူများအား အတွဲစုံအောင်မပေးနိုင် ဖြစ်ခဲ့ရသည်။ ထိုကို မြိုင်ကြီးငူဆရာတော်ဘုရားက ပ-ဒု-တ သုံးတွဲစလုံးကို တစ်ပေါင်းတည်း ထုတ်ဝေရန်ညွှန်ကြားလာခဲ့ပါသည်။

ဆရာတော်ဘုရား၏ ညွှန်ကြားလာချက်ကို ဦးထိပ်ရွက်ပန်ဆင်သောအားဖြင့် စာဖတ်သူများအနေနှင့်လည်း တစ်အုပ်တည်းဖြင့်ပင် ဖတ်ရှုရ၊ သိမ်းဆည်းရ လွယ်ကူစေရန် သုံးတွဲပေါင်းကို တစ်အုပ်တည်းအဖြစ် ထုတ်ဝေလိုက်ရပါသည်။

ဦးမန်းဘညွှန့်ဖေ
(ထုတ်ဝေသူ)
မြိုင်ကြီးငူ
၂၀၀၁၊ မတ်လ



မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တဦးသုဇန



မော်လမြိုင်မြို့၊ မေဓာဝီစာသင်တိုက်၌ ပညာသင်ကြားခါစ
(၁၃)နှစ်သားအရွယ် ရှင်သောဘိတ (ခ) ရှင်သုဇန



ဓမ္မည်းတော် ဦးဘိုသန်



မယ်တော် ဒေါ်မယ်သင်



မယ်တော်ကြီးနှင့် အနီးကပ်ပြုစုနေကြသည့်
သမီး မမြသိန်း၊ မြစ်တော်သူ မခိုင်

# ဘ၀အစ ပထမ ဉာဏ်သို့

တောင်တိုင်းမှာ ပတ္တမြား မရှိ။
တောတိုင်းမှာ စန္ဒကူး မရှိ။
ဆင်တိုင်းမှာ အမြဲတော မရှိ။
အရပ်တိုင်းမှာ ပညာရှိ မရှိ။

**(လောကနီတိကျမ်း)**

လောကမှာ တန်ဖိုးရှိလွန်းသည်ဟု သတ်မှတ်ထားကြသော ပတ္တမြား၊ စန္ဒကူးနံ့သာ၊ အမြဲတောဆင်...စသောအရာများ၏ စတင်ဖြစ်ထွန်းပေါ်ပေါက်ရာ နေရာသည် တောတောင်များသာဖြစ်သည်။ ယခုထက်တိုင် ကျောက်သံပတ္တမြား၊ ရွှေ၊ ငွေ...စသော တွင်းထွက်အဖိုးတန်များသည် တောတောင်များဆီမှ ထွက်နေဆဲ၊ တူးဖော်ထုတ်လုပ်ဆဲ ဖြစ်သည်။

ရှေးခေတ်မြန်မာဘုရင်များ၏ စစ်အင်္ဂါလေးရပ်တွင် ဆင်သည် အဆင့်အမြင့်ဆုံး စစ်စွမ်းအင်တစ်ရပ်ဖြစ်သည်။ ၎င်းဆင်များကိုလည်း တောထဲမှပင် ရရှိသည်။

မြန်မာဘုရင်များ ဂုဏ်ယူလေ့အရှိဆုံး ဘုန်းတန်ခိုးလက်ရုံး သရုပ်ပြအဖြစ် ဆင်ဖြူရှင်ဘွဲ့ ခံယူနိုင်လောက်သော ဆင်ဖြူတော်ရတနာသည်လည်း တောတွင်းမှာသာရှိသည်။ တောတွင်းမှာသာ စတင်ခဲ့သည်ချည်း။

ယနေ့လက်ရှိ မြန်မာ့သစ်လုပ်ငန်းတွင် အသုံးပြုနေဆဲ၊ အသုံးဝင်နေဆဲဖြစ်သော ဆင်များသည်လည်း တောတွင်းမှာသာရှိခဲ့သည်။ တောတွင်းမှာသာ

စတင်ခဲ့သည်။ ထိုသို့သော တောတောင်များသည် တန်ဖိုးအရှိဆုံးပစ္စည်းများ၏ သန္ဓေတည်ရာ၊ ဖြစ်ထွန်းပေါ်ပေါက်မွေးဖွားရာ ဖြစ်ခဲ့သည်မှာ ယခင်ကာလမှသည် ယခုတိုင်အောင် အစဉ်တစိုက် ဖြစ်မြဲရှိသည်ကို မည်သူမျှ ငြင်းဆို၍ မရနိုင်သော အရာဖြစ်သည်။

* * * * * * * *

ကရင်ဘာသာဖြင့် နို့အသံထွက်သည် အင်းဆိုလိုသည်။ ထအသံထွက်သည် အဝဆိုလိုသည်။ သို့ဖြစ်ရာ အင်း၏အဝမှာတည်ထားသဖြင့် အင်းဝအမည်ရ ကရင်ဘာသာဖြင့် နို့ထဟုခေါ်တွင်သည့် ရွာကလေးသည် မြိုင်ကြီးငူဆရာတော်၏ မွေးဖွားရာ ချက်မြှုပ်ဇာတိဖြစ်သည်။

နို့ထရွာသည် သံလွင်မြစ်၏အနောက်ဘက်ကမ်း ယွန်းစလင်းချောင်းဝတွင် တည်ရှိသည်။ အရှေ့ဘက်တွင် ကော့ကရက်ကျွန်း တည်ရှိပြီး ထိုမှ ရှေ့ဆက်မျှော်ကြည့်ပါလျှင် မြိုင်ကြီးငူတည်ရှိရာ သံလွင်မြစ်၏ အရှေ့ဘက်ကမ်း၊ တောင်ဘက်မှာ ယွန်းစလင်းချောင်း၊ ထိုမှတစ်ဘက်ကမ်းမှာ ကော့ကရက်ရွာနှင့် လွစင်ရွာ၊ မြောက်ဘက်တွင် နို့နိဘိအင်း (သိမ်အင်း)။ ထိုသိမ်အင်းမှ အင်းချောင်းအတိုင်းတက်သွားလျှင် ယခုအခေါ် ထီးမင်္ဂလာတောင်ကုန်း (ယခင်အခေါ် ထီးမိုးခီး)၊ ထိုတောင်ကုန်းကို ကွေ့ဝိုက်နေသော အင်းအတိုင်းဆက်သွားလျှင် နို့ဝရှုအင်း (ကြခတ်ဝါးအင်း) သို့ ရောက်သည်။ အင်းချောင်းအတိုင်းဆက်သွားပြန်လျှင် အတော်အတန်ကြီးသော နို့တကောအင်း (ကြာအင်း) သို့ ရောက်သည်။ နို့တကောအင်း၏ မနီးမဝေးတွင် ပုဇွန်မြောင်းကျေးရွာရှိသည်။ နို့ထရွာသည် ရွာငယ်ဖြစ်သဖြင့် ငှင်းပုဇွန်မြောင်းကျေးရွာတွင် ရေတွက်ပါရှိသည်။

ထူး၍ပဲ ဆန်းသည်လား။ (သို့မဟုတ်) ဆန်း၍ပဲ ထူးသည်လား။ အဘတ်မဖော်ပြနိုင်သော်လည်း အံ့ဩဖွယ် ထူးခြားသောဖြစ်ရပ်က နို့တကောအင်းနှင့် နို့ဝရှုအင်းများမှာ ယခင်ကတည်းက ဖြစ်ပေါ်တတ်လေ့ရှိသည်။ နို့တကောအင်းသည် ကြာပွင့်ဖြူချပ်ကြီးများ၊ ကြာရွက်၊ ကြာခွက်ကြီးများဖြင့် သာယာလှပသော အင်းကြီးဖြစ်သည်။ ကန်နှင့် ကြာနှင့် ပန်တင့်သော အင်းကြီးတည်း။ နွေကာလတိုင် ရေခန်းခြောက်ခြင်းမရှိချေ။

နို့ဝါးရှုအင်းမှာ နို့တကောအင်းလောက် မကြီးလှ။ အချို့နှစ်များမှာ ကြာပင် ထူထပ်သိပ်သည်းစွာ ရှိနေဟတ်သည်။ ထိုသို့ရှိနေရာမှ မသင့်လျော်သော (သို့မဟုတ်) အင်းနတ်မနှစ်သက်သော အမှုကို ပြုမိပါလျှင် ကြာပင်များကင်းစင်စွာပျောက်သွားကာ တစ်နှစ်-နှစ်နှစ်မျှ ကြာတစ်ပင်မှ မရှိတော့သည်

အထိ ရှိတတ်ပြန်ပါသည်။ ထိုအင်းနှစ်ခုနှင့်ပတ်သက်၍ လူကြီးများက သတိပေးစကားတစ်ခွန်း အမြဲပြောလေ့ရှိသည်။

"အင်းထဲမှာ မီးဖွားအညစ်အကြေး စွန်းထင်းနေသောအဝတ်များ မလျှော်ဖွပ်ပါနှင့်။ အမျိုးသမီးများ သန့်ရှင်းမှုမရှိသောအခါတွင် အင်းထဲသို့ မဆင်းပါနှင့်"ဟူ၍ ဖြစ်သည်။ အကယ်၍ တားမြစ်ချက်တစ်ခုခုကို ပြုလုပ်မိလျှင် အင်းထဲမှကြာများ တစ်စတစ်စပျောက်သွားတတ်သည်။ နှစ်အတော်လေးကြာမှ ပြန်ပေါက်လာတတ်သည်။ ပုံမှန်ဆိုလျှင် နှစ်အင်းစလုံး ကြာဖြူကြီး (ပုဏ္ဍရိက်ကြာမျိုးဟု ထင်သည်) ဟူသည့် ကြာတစ်မျိုးတည်းဖြင့် ထူထပ်ပြည့်နက်စွာ တင့်ဆန်းပွင့်လန်းလျက်ရှိသည်။ မလိုလားအပ်သောအဖြစ်မျိုးနှင့် ကြုံပါလျှင် နှစ်အင်းစလုံး ကြာတစ်ပင်မျှမကျန်အောင် ပျောက်သွားတတ်လေ့ရှိသည်။

လောကမှာ လူသာမန်တို့အသိဉာဏ်ဖြင့် လက်လှမ်းမမီသော သဘာဝလွန်သဘောတရားများ မြောက်မြားစွာရှိသည့်အနက် ဤဖြစ်ရပ်သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

* * * * * * * *

ဖွားရွှေပွင့်စိုက်ခဲ့သော ခရေပင်ကြီးသည် နှစ်ပေါင်းကြာလာသည်နှင့်အမျှ ကြီးထွားမြင့်မားလှသည်။ ကြီးမားသောထီးကြီးသဖွယ် အုပ်မိုးနေသည်။ အေးမြသော အရိပ်အာဝါသဖြင့် ခိုနားလာသူကို ချွေးသိပ်အပန်းဖြေစေသည်။ မွှေးပျံ့သောရနံ့အေးဖြင့် နွေးထွေးစွာ ညှော်ခံဆီးကြိုတတ်သည်။ လောကမှာ မွှေးသောပန်း များစွာရှိသည့်အနက် ခရေပန်းမွှေးပုံကား တစ်မျိုးထူးသည်။ ရူးရှရှမွှေးခြင်းမျိုး၊ ချိုအီသော မွှေးနည်းမျိုး မဟုတ်။ သင်းပျံ့ပျံ့မွှေးခြင်းမျိုးဖြစ်သည်။ လတ်ဆတ်သောပန်းစိုဘဝတွင် သင်းသင်းကြိုင်ကြိုင်မွှေးသည်။ ခြောက်သွေ့သောပန်းခြောက်ဘဝတွင် သင်းသင်းပျံ့ပျံ့မွှေးသည်။ ခြောက်သွေ့သောပန်းခြောက်ဘဝတွင်လည်း သင်းရနံ့မပြယ်သေး။ ကြူကြူမွှေးနေသေးလျက်သာ။ ဤကား ခရေ၏သဘာဝပင်။

ခရေပင်ကြီးသည် ဖွားရွှေပွင့် အသက်ထင်ရှားရှိစဉ်ကပင် ရွာလယ်တွင် ထီးထီးမားမားရပ်တည်ကာ ရွာသားများချွေးသိပ်ရန် အေးရိပ်ကိုပေးခဲ့သည်။ ရနံ့အေးဖြင့် ပျံ့မွှေးစေသည်။ ပန်းကြိုက်သူတို့ဆံထုံးကို ခရေကုံးအလှဖြင့် ပန့်တင့်စေခဲ့သည်။ အလှပိုစေခဲ့သည်။ ဖွားရွှေပွင့်သည် အသက် (၉၉) နှစ်အရွယ်တွင် ကွယ်လွန်ခဲ့သော်လည်း သူစိုက်ပျိုးခဲ့သော ခရေပင်ကြီးကား ရှင်သန်ဖွံ့ဖြိုးကြီးထွားဆဲ။ အေးရိပ်ပေးမြဲ။ မွှေးရနံ့ကို သင်းပျံ့စေမြဲ။ ပန်းကြိုက်

သူ့ကို အလှဆင်မြဲ။ ခြောက်သွေ့သောပန်းခြောက်ဘဝသို့ ရောက်သော်မှ ပရဆေးဖော်စပ်ရာတွင် အသုံးပြုနေဆဲ။ ခရေသည် ရာသီပန်းမဟုတ်။ ချိန်ရာသီညီသောအခါမှ ပွင့်သောပန်းမျိုး မဟုတ်။ တစ်ဆယ့်နှစ်ရာသီစလုံး အမြဲမပြတ်ပွင့်နေတတ်သည်။ လောကအကျိုးကို ဆောင်နေသည်။

ဖွားရွှေပွင့်စိုက်ပျိုးခဲ့စဉ်က ဤမျှထိ နှစ်ရှည်ကြာမည်၊ ဤမျှအထိ လူသားတို့အား အကျိုးပြုနေမည်ဟု တွေးမိကောင်းမှ တွေးမိခဲ့မည်ဖြစ်သော်လည်း ခရေပင်ကြီးကား ယနေ့အထိ အများအကျိုးကို ဆောင်နေဆဲဖြစ်သည်။ ခရေပင်နည်းတူ လူအများအား အကျိုးစီးပွားများစွာကို ဖြစ်ထွန်းနေစေသူကား ဖွားရွှေပွင့်၏မြေးတော်သူ မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုစန ဖြစ်သည်။

မယ်တော် ဒေါ်မယ်သင်သည် ဖွားရွှေပွင့်၏သမီး ဖြစ်သည်။ အသက် (၁၈)နှစ်အရွယ်တွင် ခမည်းတော်ဖြစ်လာမည့် ဦးဘိုးသုန်ဆိုသူနှင့် အိမ်ထောင်ကျခဲ့သည်။ သားသမီးရတနာ (၁၂) ဦး ထွန်းကားခဲ့သော်လည်း အကြောင်းကြောင်းကြောင့် (၉) ဦး ဆုံးပါးခဲ့သည်။

သားသမီးများမှာ–

| | | |
|---|---|---|
| ၁။ သမီးဦး | – မဝင်းစိန် | (အသက် ၆ နှစ်တွင် ဆုံးပါးသည်) |
| ၂။ သမီး | – မအေးညွန့် | (ယခုသက်ရှိ အသက် ၆၀ နှစ်)** |
| ၃။ သမီး | – မနှင်းမြိုင် | (အသက် ၃၉ တွင် ဆုံးပါးသည်) |
| ၄။ သား | – မောင်ချစ်ထွန်း | (အသက် ၆ နှစ်တွင် ဆုံးပါးသည်) |
| ၅။ သမီး | – နော်ကလိုဖိုး | (အသက် ၆ နှစ်တွင် ဆုံးပါးသည်) |
| ၆။ သား | – မောင်ထွန်းအိုင် | (အသက် ၄ နှစ်တွင် ဆုံးပါးသည်) |
| ၇။ သမီး | – မမြသိန်း | (အသက် ၄၈ နှစ် ယခုသက်ရှိ)** |
| ၈။ သား | – မောင်သန်းစိန် | (ယခု မြိုင်ကြီးငူဆရာတော်)** |
| ၉။ သား | – မောင်မောင်ကြည် | (အသက် ၃၈ နှစ်တွင်း၌ ကျဆုံး) |
| ၁၀။ သမီး | – မလွန်း | (အသက် ၂ နှစ်တွင် ဆုံးပါးသည်) |
| ၁၁။ သမီး | – နော်ပုလဲ | (အသက် ၃ နှစ်တွင် ဆုံးပါးသည်) |
| ၁၂။ သမီး | – နော်သဒါး | (၈ လသမီးတွင် ဆုံးပါးသည်) |

ဦးဘိုးသုန်–ဒေါ်မယ်သင်တို့မှာ သား၊ သမီး ရတနာ(၁၂)ဦး ထွန်းကားခဲ့သည်။ ယခု (**) အမှတ်ပြများသာ သက်ရှိထင်ရှားရှိသည်။ သမီးနှစ်ယောက်နှင့် သားတစ်ဦးတည်း။ သားကား မြိုင်ကြီးငူဆရာတော်ဖြစ်လာမည့် မောင်သန်းစိန်ပင်ဖြစ်သည်။ မောင်သန်းစိန်ကို ကောဇာသက္ကရာဇ် ၁၃၁၀ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် (၃) ရက်၊ သောကြာနေ့၊ နံနက် (၆း၃၀) နာရီတွင် မွေးဖွားခဲ့သည်။ ဦးဘိုးသုန်သည် ကရင်လူမျိုးစစ်စစ်ဖြစ်သည်။ ဒေါ်မယ်သင်၏

မိခင် ဒေါ်ရွှေပွင့်မှာ ပင်လောင်းဇာတိ ရှမ်းပအို့ဝ်ဖြစ်၍ ခင်ပွန်းဖြစ်သူဦးရွှေလုံး မှာ ကရင်အမျိုးသားဖြစ်သည်။

ဦးဖိုးသုန်တို့မှာ သမားရိုးကျ တောင်ယာလုပ်ငန်းဖြင့် အေးချမ်းရိုးသား စွာ အသက်မွေးကြသည်။ မြေရိုင်းကိုထွင်၍ မြေယဉ်ဖြစ်စေသည်။ တောင်ယာ သီးနှံမျိုးစုံ စိုက်သည်။ ဆီဆုံထောင် ၍ ဆီလည်းကြိတ်သည်။ ဆီဆုံမှာ ဖွား ရွှေပွင့်စိုက်ခဲ့သော ခရေပင်ကြီးအောက်မှာဖြစ်သည်။ ကျွဲ၊ နွားဖြင့် ကြိတ်ရသော ရှေးရိုးဆီဆုံဖြစ်သည်။ တောက်တောက် တောက်တောက်နှင့် လူလားမြောက်စ ပြုလာသော မောင်းသန်းစိန်သည် ဆီဆုံမောင်းဟံပေါ် ထိုင်စီးရင်း ကျွဲ၊ နွား မောင်းကာမိဘကိုကူညီလေ့ရှိသည်။ဤကား ထူးသည်ဟုမဆိုသာ။တောခလေ့ စရိုက်အတိုင်း နိုင်ရာတာဝန်ကို ထမ်းဆောင်ခြင်းသာဖြစ်သည်။

လူဖြစ်လာလျှင် စားရ သောက်ရသည်။ စားသောက်ရရန်အတွက် အလုပ်လုပ်ရမည်ဟု တောရွာနေကလေးတိုင်းကို သဘာဝက သင်ပြပေးထား သည်။ ဘဝပေးအသိက ရှိနေကြသည်။ မြို့ကြီးမှာကဲ့သို့ မိဘလုပ်စာ အမြိုက် သားစားပြီး ပျော်ပါးအချိန်ကုန်စေသောအလေ့ကား တောရွာများမှာ မရှိသလောက်ရှားသည်။

ဦးဘိုးသုန်သည် ကြံကိုင်းစိုက်၍ ကြံသကာလည်း ချက်သည်။ ကြံ ခုတ်၊ ကြံသယ်၊ ကြံကြိတ်၊ ကြံသကာချက် လုပ်ငန်းအဆင့်ဆင့်တိုင်းတွင် ဖခင် လုပ်သော အလုပ်တိုင်းမှာ မောင်သန်းစိန်က ပါစမြဲ။ ကလေးလုပ်အားဖြစ် သဖြင့် အရာတော့ရောက်လှမည် မဟုတ်ပေ။ သို့သော် လုပ်ငန်းခွင်တွင်ပျော် မွေ့ရန် မိဘများက အန္တရာယ်မရှိအောင် ညွှန်ကြားပြသပေးသည်မှအပ ဟန့် တားခြင်းမပြုကြ။ လုပ်ရင်းကိုင်ရင်း လုပ်ငန်းကျွမ်းကျင်တတ်မြောက်စေသည်။ ဤသည်ကလည်း တောခလေ့၏ သက်မွေးပညာသင်ယူခြင်းဖြစ်သည်။ တော ရပ်ဒေသရှိ ကျွမ်းကျင်လုပ်သားတိုင်း ဤသို့ သင်ယူကြရသည်ချည်း ဖြစ်သည်။ ကလေးများ လုပ်ငန်းခွင်သို့ရောက်လာလျှင် မနှင်ထုတ်တတ်ကြ။ နိုင်ရာအလုပ် တစ်ခုခုတော့ လုပ်စေစမြဲ။

ဤသည်တို့ကား တောရပ်သဘာဝ၏ ဖြစ်ရိုးဖြစ်စဉ်မျှသာဖြစ်သည်။ ထူးသည်ဟု မဆိုသာပေ။ ထူးသည်ကား တစ်နေ့တခြား စကားတတ်လာသော မောင်သန်းစိန်သည် သိချင်ရာများကို ရှာရှာဖွေဖွေမေးတတ်ခြင်းပင်။ တစ်နေ့မှာ ဆီဆုံမောင်းရင်း ဖခင်အားမေးသည်။

"အဖေ...နွားတွေ ဘာဖြစ်လို့ ပတ်ချာလှည့်နေရတာလဲ"

"ဆီဆုံက ထမ်းပိုး တပ်ထားလို့ပေါ့သားရဲ့။ ကာမဘုံသား ဆုံလည် နွားဆိုတာ ဒါကို ဥပမာပေးထားတာ"

"ဘာပြောတာလဲအဖေ"

"သားတွေ့တယ်မဟုတ်လား။ ထမ်းပိုးဝန်ကို ထမ်းထားတယ်။ မောင်းတံကထိန်းထားတော့ ဝေးဝေးမသွားနိုင်ဘူး။ ဒီနားတစ်ဝိုက်မှာပဲ လည်နေတာပေါ့"

"အဲဒီမောင်းတံမရှိရင် အဝေးကို သွားနိုင်မှာပေါ့နော်"

"သွားတော့သွားနိုင်တယ်။ ဟိုအဝေးကြီးကိုတော့ မရောက်နိုင်ဘူး"

"ဘာဖြစ်လို့လဲအဖေ"

"သားလက်ထဲမှာကိုင်ထားတဲ့ ချည်ကြိုးက ဆွဲထားဦးမှာကိုး"

"ချည်ကြိုးမရှိရင် သွားနိုင်ပြီပေါ့ ဟုတ်လား"

"သွားနိုင်တယ်။ ဒါပေမယ့် လွတ်လွတ်ကျွတ်ကျွတ်ကြီးတော့ မဟုတ်ဘူး"

"ဘာဖြစ်လို့ပြန်ပါလဲ"

"နဖားကြိုးက ရှိနေပြန်တာကိုး။ နဖားကြိုးဆိုတာက ကျွဲ၊ နွားတွေကို အလွယ်တကူ ဖမ်းယူစေခိုင်းနိုင်ဖို့ ထိုးထားတာ။ ချည်ကြိုးမရှိပေမယ့် အလွယ်တကူ ဖမ်းယူနိုင်ပြန်တယ်"

"နဖားကြိုးမရှိရင် လွယ်လွယ်နဲ့ ဖမ်းမရဘူးပေါ့နော်"

"ဟုတ်တယ်သား။ နဖားကြိုးမရှိရင် ဖမ်းဖို့လည်းမလွယ်ဘူး။ ခိုင်းဖို့လည်း မလွယ်ဘူး"

"ဒါဆို နွားက သိပ်လွတ်လပ်သွားမှာပဲ။ သွားချင်ရာသွား၊ စားချင်ရာစား၊ လုပ်ချင်တာလုပ်လို့ ရတာပေါ့နော်"

"ဟုတ်တာပေါ့သားရဲ့"

တောက်မည့်မီးခဲ ရဲခနဲနေသည် ဆိုသကဲ့သို့ ငယ်စဉ်ကလေးဘဝကပင် မောင်သန်းစိန်အသိဉာဏ်ထဲ နဖားကြိုးမရှိလျှင် လွတ်လပ်သည်ဟူသော အတွေး ကိန်းနေခဲ့သည်။ ဦးဘိုးသုန်သည် ပင်ပန်းသော တောင်ယာလုပ်ငန်းလုပ်ကိုင်နေရသော်လည်း အသက်ကလေးရလာသည်နှင့် သက်လွတ်စားသည်။ မကြာမကြာလည်း ဉပုသ်ရက်ရှည် ဆောက်တည်လေ့ရှိသည်။ ထမင်းပွဲမှာ ဦးဘိုးသုန်က သက်လွတ်ဖြင့်စားသည်။ ကျန်အိမ်သားများက ရရာ သား၊ ငါးဖြင့် စားလေ့ရှိသည်။ တစ်နေ့မှာ မောင်သန်းစိန်က မေးလာသည်။

"အဖေ...သက်လွတ်ဆိုတာ ဘာလဲ"

"သူများသွေးသားမပါဘဲ၊ အသက်မပါစေဘဲ သွေးသားအသက်မှ လွတ်တဲ့အစာကို ပြောတာပေါ့"

"အဖေက သက်လွတ်စားတယ်နော်"

"ဟုတ်တယ်သား"

"ဘာဖြစ်လို့စားတာလဲ"

"ငရဲကြီးတာတော့ မဟုတ်ဘူးပေါ့သားရယ်။ မေတ္တာထားချင်လို့၊ ကိုယ်ချင်းစာလို့ပေါ့"

"သားနားမလည်ဘူး အဖေ"

"အဖေတို့ပတ်ဝန်းကျင်မှာ သက်ရှိဆိုလို့ လူနဲ့ တိရစ္ဆာန်ချည်းပဲပေါ့။ ခွေး၊ နွား၊ ကြက်၊ ဝက်၊ သားငါးတွေ အားလုံးပေါ့။ အဲဒီတိရစ္ဆာန်တွေထဲက ကျွဲ၊ နွားတွေနဲ့ အဖေတို့ အလုပ်လုပ်ကြရတယ်။ ကျွဲ၊ နွားတွေကလည်း မညည်း မညူ လုပ်ပေးကြတယ်။ တစ်နည်းပြောရရင် ကျေးဇူးရှင်တွေပေါ့။ အတူတူပဲ အလုပ်လုပ်ကြရတော့ တစ်ဦးပေါ်တစ်ဦး မေတ္တာတို့၊ သံယောဇဉ်တို့ဆိုတာ ဖြစ်လာတယ်။ အဲဒီလို သနားခြင်းဖြစ်လာလို့ သူတို့ကို စားချင်တဲ့ဆန္ဒ ကုန်ခန်းခဲ့တယ်"

"ဟုတ်ကဲ့"

"ပထမတော့ လုပ်ဖော်ကိုင်ဖက် ကျွဲ၊ နွားအသားကို မစားချင်ရာက တိရစ္ဆာန်ချင်းတူတဲ့ အခြားတိရစ္ဆာန်တွေကိုပါ မစားချင်ဖြစ်လာတယ်။ အဲဒါကြောင့် အဖေ သက်လွတ်စားတာပေါ့"

"သက်လွတ်စားတာ ဘာကောင်းသလဲအဖေ"

"သားကြီးလို့ စ တတ်လာရင် သိမှာပေါ့"

"ဒါဆို သားကို ကျောင်းပို့ပေး။ သား စာသင်ချင်တယ်။ ပြီးတော့ အဖေ့လိုပဲ ကြီးလာရင် သားလည်း သက်လွတ်စားမယ်နော် အဖေ"

"စားပေါ့သားရယ်။ သိပ်ကောင်းတာပေါ့"

မောင်သန်းစိန် ကျောင်းနေရမည့်အရွယ်သို့ ရောက်နေပြီ။ နို့ထရွာမှာ အတန်းကျောင်းဟူ၍ မရှိသေး။ အတန်းကျောင်းနေလိုလျှင် ယွန်းစလင်းချောင်းတစ်ဖက်ကမ်းသို့ ကူး၍ ကော့ကရက်မူလတန်းကျောင်းမှာ နေရသည်။ ငယ်ကလည်းငယ်သေး၊ သားယောကျ်ားအနေဖြင့် သည်တစ်ဦးတည်းသာရှိသဖြင့် မျိုမတတ်ချစ်သော မိဘများက တစ်ဖက်ကမ်းသို့မလွှတ်ရက်။ တကူးတကလိုက်ပို့ရန်လည်း အလုပ်က မအား။ သည်တော့ ရွာမှာရှိသည့် ဆရာမ မကျင်မြိုင်သင်ပေးသော အိမ်ကျောင်းသို့ ပို့ထားလိုက်သည်။ ဆရာမ မကျင်မြိုင်သည် မော်လမြိုင် မော်တင်လိန်းကျောင်းထွက်တစ်ဦး ဖြစ်သည်။

ဦးဘိုးသုန်တို့မှာ မောင်သန်းစိန်ထက်အလျင်က သားယောကျ်ားလေး နှစ်ဦး ရှိခဲ့ဖူးသည်။ ဒုတိယသမီးမအေးညွန့်အောက်တွင် "မောင်ချစ်ထွန်း"ဟူသော သားတစ်ဦး ရခဲ့ဖူးသည်။ အသက်(၆)နှစ်သားလောက်တွင် အပြင်းဖျား

သည်။ တောသဘာဝကုထုံးအတိုင်း ကန်ဆေးတိုက်၍ ချွေးအုပ်ပေးသည်။ ချွေးအုပ်သည်မှာ ရိုးရိုးစောင်ခြုံရုံမျှ မဟုတ်။ ချွေးအုပ်ဆောင်းကို အဝတ်များ၊ စောင်များဖြင့် ပတ်ပြီး အတွင်းမှာ ဆူပြီးသား အငွေ့လှိုင်လှိုင်ထွက်သော ရေနွေးအိုးကို ထည့်၍ အဖုံးဖွင့်ထားသည်။ ထွက်လိုက်သည့်ချွေး။ တစ်ကိုယ်လုံးရေလောင်းထားသလား အောက်မေ့ရသည်။ ဤကား ဖျားနာလျှင် ကုလေ့ရှိသော တောရွာများမှ ကုထုံးတစ်လက်ဖြစ်သည်။ ခေတ်အမြင်ဖြင့်ကြည့်လျှင် ရယ်စရာကောင်းသည်မှန်သော်လည်း လွန်ခဲ့သော နှစ် ၅၀ ကျော် ၆၀ ခန့်က တောရွာများမှာ ဤမည်သောကုထုံးဖြင့်သာ အသက်ဆက်ခဲ့ရသည်။

မည်သည့်အရာမဆို "တန်ဆေးလွန်ဘေး"ဆိုတာ ရှိသည်။ ယခုလည်း မောင်ချစ်ထွန်းကလေးကို ကန်ဆေးတိုက်ပြီး ချွေးအုပ်ဆောင်းထဲထည့်၍ ချွေးအုပ်ပေးခဲ့သည်။ တောသဘာဝအရ လူနာဆိုပြီး ဖက်ထား၍ချည်းမနေသာ။ အရိပ်တကြည့်ကြည့်လည်း မလုပ်အား။ လယ်သမား၊ ကိုင်းသမားမို့ ဗာဟီရအလုပ်တွေက များလှသည်။ သည်လိုပင် လုပ်ရင်း၊ ကိုင်ရင်း၊ နာဖျားရင်း၊ ကုရင်း၊ ပျောက်ရင်း နေခဲ့ကြသဖြင့် အုပ်ဆောင်းဖြင့်ချွေးအုပ်ပေးခဲ့သော မောင်ချစ်ထွန်းကို သတိမေ့သွားခဲ့ကြသည်။ သတိရ၍ လာကြည့်စဉ်မှာတော့ ချွေးထွက်လွန်ကာ အသက်မျှော့မျှော့ကလေးရှိနေသည်ကို တွေ့ရသည်။ ဘာလုပ်ရမှန်းမသိ။ နားလည်းမလည်။ သည်လိုနှင့် မောင်ချစ်ထွန်းဟူသော သားဦးကလေး ဆုံးပါးခဲ့ရသည်။

ဒုတိယသားယောကျ်ားလေးအဖြစ် ခြောက်ယောက်မြောက်မှာ မောင်ထွန်းအိုင်ကို ရရှိလာပြန်သည်။ လေးနှစ်သားအရွယ်တွင် အနာရောဂါတစ်ခုဖြစ်လာသည်။ ခေတ်မီဆေးဝါး မဆိုထားဘိ။ ပရဆေးဝါးပင် ရှားပါးသောကာလ။ ဝေးသီခေါင်ဖျားသော ဒေသဖြစ်သဖြင့် ပျောက်လိုပျောက်ငြား လူပြောသူပြော ဆေးနည်းတိုကလေးများကိုသာ အားထားကြရသည်။ မောင်ထွန်းအိုင်အနာကိုလည်း ဆေးနည်းတိုဖြစ်သော ကြက်ဟင်းခါးရွက်သတ္တုရည်နှင့် နှမ်းဆီ ရော၍လိမ်းပေးလိုက်သည်။ ဘာကစ၍ ဘယ်မှာမှားသည်တော့မသိ။ မောင်ထွန်းအိုင် ကွယ်လွန်ခဲ့ရပြန်သည်။

ဘာရောဂါဟူ၍လည်း မယ်မယ်ရရမသိ။ ဆေးဝါးလည်းမရှိ။ ရောဂါအတိမ်အနက်ကိုလည်း မခန့်မှန်းနိုင်။ တတ်ကျွမ်းနားလည်သူလည်း မရှိသဖြင့် မောင်ထွန်းအိုင်သေဆုံးမှုမှာ ဆေးမှားလို့ဟု ဆိုကြသည်။ မပြေးသော်လည်း ကန်ရာရှိဟု ဆိုသကဲ့သို့ ကြက်ဟင်းခါးရွက်သတ္တုရည်နှင့် နှမ်းဆီသည် မောင်ထွန်းအိုင်သေဆုံးမှုတွင် တရားခံဖြစ်ရလေသည်။

သားယောကျ်ားလေးနှစ်ဦး ရခဲ့ဖူးသည်။ နှစ်ဦးစလုံး ဆုံးပါးခဲ့ရသည်

မို့ မောင်သန်းစိန်ကလေး ရရှိလာသောအခ တွင် ယခင်ကဲ့သို့မဖြစ်စေရန် အထူး ဂရုစိုက်ခဲ့သည်။ သွားသွားလာလာမှအစ မျက်စိအောက်မှ အပျောက်မခံချင်။ တစ်ဖက်ကမ်းပို့၍ ကျောင်းထားရမည်ကို ရင်လေးလှသည်။ ဆရာမဒေါ်ကျင် မြိုင်သင်ပေးသော အိမ်ကျောင်းသို့ ပို့လွှတ်သင်စေသည်။ ဒုတိယတန်းအခြေထိ သင်ကြားတတ်မြောက်ခဲ့သည်။

ရှစ်နှစ်သားအရွယ် ရောက်ပြီဖြစ်သော မောင်သန်းစိန်သည် တစ်နေ့ မှာ မိဘများကို ပူဆာ၏။

"အမေ...သား ကိုရင်ဝတ်ချင်တယ်။ ကိုရင်ဝတ်ပေးပါ"

"ငယ်ပါသေးတယ်သားရယ်။ သားကို အမေတို့ ရှင်ပြုချင်ပါတယ်။ ဒီနှစ်တော့ မဟုတ်သေးဘူး။ နောက်တစ်နှစ်–နှစ်နှစ် ကျရင်ပေါ့။ သင်္ကန်း မနိုင်ဘဲနေရင် ငရဲကြီးနေမှာပေါ့။ ပြီးတော့ သားက စာမှ ပြည့်ပြည့်စုံစုံ မတတ် သေးတာ"

"မရဘူး။ ဒီနှစ်ပဲ ကိုရင်ဝတ်မယ်"

"ဒီနှစ် ကိုင်းက ဝင်ငွေနည်းခဲ့တယ်သားရယ်။ နောက်နှစ်မှ ဝတ်ပါ နော်"

အမှန်မှာ ငယ်လည်းငယ်လွန်း၊ ချစ်လည်းချစ်လွန်းသဖြင့် မခွဲရက် နိုင်သူမိခင်က လှည့်ပတ်ပြောဆိုနေခြင်း ဖြစ်သည်။

"အမေကလည်း ကိုရင်ဝတ်တာ ဘာခက်တာမှတ်လို့။ သင်္ကန်းတစ်စုံ၊ ဆွမ်းတစ်အုပ်နဲ့လည်း ဖြစ်တာပဲဟာ"

"ဟုတ်တော့ဟုတ်တာပေါ့သားရယ်။ ဒါပေမယ့် လှူတယ်၊ တန်း တယ်ဆိုကတည်းက အမေတို့ကလေ မေ့သားကြီးကို မြင်းညိုကြီးပေါ်မှာ ဖောင်းနားငွေ့ဝင်း ဝတ်စုံအပြည့်ဆင်ယင်၊ ရွှေထီးဆောင်းပြီး ကြီးကြီးကျယ် ကျယ်ကြီးကို လုပ်ချင်တာသားရဲ့။ မေ့သားကြီးလည်း ဂုဏ်ရှိ၊ အမေတို့လည်း မျက်နှာရှိတာပေါ့။ ဟုတ်ဘူးလား"

"အမေတို့ကသာ မျက်နှာရှိချင်နေကြ။ ကျွန်တော်ကတော့ ရှင်မပြုရ ရင် နေရတော့မယ်မဟုတ်ဘူး"

"သား ဘာပြောတာလဲ"

"ရှင်မဝတ်ရရင် သားသေရတော့မှာ။ သူတို့က သားကို လာခေါ်နေ ကြပြီဗျ"

"ဘယ်သူတွေ လာခေါ်နေတာတုန်း"

"ဘယ်သူခေါ်ခေါ်ပေါ့ အမေ။ အမေ သားကိုချစ်တယ်၊ မခွဲချင်ဘူး ဆိုရင် ရှင်ပြုပေးပါ"

"ပြုပေးချင်ပါတယ်သားရယ်။ မေ့သားက ငယ်လွန်းနေသေးလို့ပါ"

"အမေကသာ ငယ်နေ...။ သေမင်းက လာခေါ်နေပြီဗျ"

"ဩော်...သားရယ်"

"သားလေ အမေတို့ဆီမှာ နေချင်လွန်းလို့၊ အမေ့သားဖြစ်ချင်လွန်းလို့။ ဒါပါဆို သုံးခါရှိပြီ အမေတို့ဆီလာခဲ့တာ"

"အမေနားမလည်ပါလား သားရယ်"

"ပထမတစ်ခါ သားလာခဲ့တုန်းက ချွေးအုပ်ဆောင်းထဲမှာ ချွေးလွန်ပြီး ဆုံးခဲ့ရတယ်။ ဒုတိယတစ်ခါက ဆေးမှားလို့ သေခဲ့ရပြန်တယ်။ ခုလည်း သူတို့က သားကို လာခေါ်နေကြပြန်ပြီ"

ဒေါ်မယ်သင်သည် မကြားရက်တော့သဖြင့် မောင်သန်းစိန်၏ပါးစပ်ကလေးကို လက်ဝါးဖြင့် လှမ်းပိတ်ထားလိုက်သည်။ ရင်ထဲမှာ လွမ်းမောတမ်းတသောဝေဒနာများ၊ ကြေကွဲခံစားချက်များ ပေါ်လာသည်။ တစ်ပြိုင်တည်းလိုလို အံ့အားလည်းသင့်သွားသည်။

"သား...သား လူလေး မောင်သန်းစိန်။ ဘာတွေပြောနေတာလဲ"

"သားပြောပါပြီကော။ အမေတို့ဆီမှာလေ သားနေချင်လွန်းလို့၊ အမေ့သားဖြစ်ချင်လွန်းလို့ နှစ်ခါလာခဲ့ပြီးပြီ။ နှစ်ခါစလုံး သေခဲ့ရတယ်။ သူတို့က လာပြီး ပြန်ခေါ်သွားကြတယ်။ ကိုကြီးချစ်ထွန်းက ချွေးလွန်ပြီး သေဆုံးခဲ့ရတယ်။ ကိုလေးထွန်းအိုင်လည်း ဆေးမှားပြီး သေခဲ့ရပြန်တယ်မဟုတ်လား"

ဒေါ်မယ်သင် ဘာမှမပြောနိုင်တော့။ မျက်ရည်ပေါက်ကြီးများကသာ ပါးပြင်ပေါ် တလိမ့်လိမ့်စီးကျနေသည်။ ပါးစပ်ထဲ အာစေးထည့်ထားသလိုမို့ စကားသံက ထွက်မလာ။ စကားသံများကသာ ထွက်မလာသည်။ ရှိုက်သံများက အောင့်အည်းထားရာမှ ပွင့်ထွက်လာ၍ နောက်ဆုံး သားလေးမောင်သန်းစိန်ကိုပွေ့ဖက်၍ပါးချင်းအပ်ကာတဟီးဟီးငိုကြွေးနေမိသည်။ မောင်သန်းစိန်သည် မိခင်လည်ပင်းကို ယီးလေးခို သိုင်းဖက်ရင်း တတွတ်တွတ်ဆက်ပြောနေသည်။

"တကယ်တော့ အမေ...။ ကိုကြီးချစ်ထွန်းက ချွေးလွန်ပြီးဆုံးခဲ့တာ မဟုတ်ဘူး။ ကိုလေးထွန်းအိုင်ကလည်း ဆေးမှားလို့ဆုံးခဲ့တာ မဟုတ်ဘူး။ အမှန်က သူတို့ လာလာပြီး ပြန်ခေါ်ခေါ်သွားကြတာပါအမေ။ မောင်ချစ်ထွန်းတုန်းကလည်း သားပဲ။ မောင်ထွန်းနိုင်ကလည်း သားပဲ။ မောင်သန်းစိန်ဟာလည်း သားပဲပေါ့အမေ။ သူတို့ကို မောင်ထွန်းအိုင်အဖြစ်ကနေ သူတို့ဆီ သားပြန်ရောက်တုန်းကလေ သူတို့ကို သားပြောတယ်။ မင်းတို့ကလည်း ငါလူ့ပြည်မှာနေလို့တောင် အားမရသေးဘူး။ ပြန်ပြန် ခေါ်နေကြတယ်။ ဒီတစ်ခါသွားရင်

နစ်လေးနည်းနည်းတိုးပြီး နေပါရစေကွာလို့ပြောတာ တစ်နစ်၊ နှစ်နှစ်လောက်တော့ တိုးပြီး နေခွင့်ပြုပါတယ်။ ဒါပေမယ့် မင်း ရှင်တော့မဝတ်ရဘူးနော်လို့ မှာကြတယ်အမေ"

"ရှင်ဝတ်လိုက်ရင် သူတို့မခေါ်ကြတော့ဘူးတဲ့လား"

ဒေါ်မယ်သင် အသံထွက်လာသည်။

"ဆိုပါတော့အမေ။ ခေါ်ချင်ပေမယ့် ခေါ်ခွင့်မရှိဘူးပေါ့ အမေရဲ့"

သည်တော့မှ ဒေါ်မယ်သင်သည် သားငယ်ပါးမို့မို့နှစ်ဖက်ကို အထပ်ထပ်နမ်းပြီး ချထားကာ ခရေပင်ကြီးအောက်မှာ အလုပ်လုပ်နေသော ဦးဘိုးသုန်ဆီ ထွက်ခဲ့သည်။ မျက်ရည်များတောင်မှ သုတ်ဖို့ မေ့နေခဲ့သည်။

"ဟဲ့...မယ်သင်။ ဘာဖြစ်လာသလဲ။ မျက်နှာမှာလည်း မျက်ရည်တွေနဲ့ပါလား"

ဒေါ်မယ်သင် အကြောင်းစုံကို ပြောပြသည်။ ဦးဘိုးသုန် ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်သည်။ မှန်နိုင်လောက်သည်ဟု တွေးသည်။ ဖြစ်ခဲ့ဖူးသောသာဓကတွေလည်း အများအပြားရှိသည်။ ဘဝဟောင်းကို ပြန်ပြောနိုင်သောသူအများကိုလည်း တွေ့ဖူးသည်။ ဆုံးဖြတ်လိုက်သည်။ သားကြီးကို အမြန်ဆုံးရှင်ပြုပေးမည်ဟု။ လုပ်ဆဲအလုပ်များကို လက်စသိမ်းကာ အိမ်ပြန်လာခဲ့သည်။ မောင်သန်းစိန်မှာ အိမ်ပေါ်တွင် တွေတွေကလေးထိုင်နေသည်။

"သား...ဘာစဉ်းစားနေတာလဲ"

"ကိုရင်ဝတ်ဖို့ စဉ်းစားနေတာပေါ့အဖေ"

"အေး...အေး...သားကို အဖေ၊ အမေတို့ ရှင်ပြုပေးမယ်နော်။ သားရှင်ဝတ်နဲ့ နေနိုင်ပါ့မလား"

"နေနိုင်အောင် ကြိုးစားမှာပေါ့ဖေဖေ"

သို့ဖြင့် ကော့ကရက်ကျွန်းကျောင်းဆရာတော် ဦးမေ့ရက္ခိတကို ဥပဇ္ဈာယ်ပြုပြီး မောင်သန်းစိန်သည် ပဗ္ဗဇ္ဇအခြေ ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။ ဘွဲ့အမည် ရှင်သောဘိတဟု တွင်ခဲ့သည်။ ရှင်သောဘိတသည် ကော့ကရက်ကျွန်းကျောင်းမှာ ကျောင်းရှိသာမဏေ (၃၀) ပါးနှင့်အတူ စာချဆရာဖြစ်သောဦးဝါရိန္ဒထံမှာ အခြခံဗုဒ္ဓစာပေများကို သင်ကြားခဲ့သည်။ အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း နမက္ကာရ ဘုရားရှိခိုး၊ ပရိတ်ကြီး၊ ရှင်ကျင့်ဝတ်များကို ကျက်မှတ်ခဲ့သည်။ စာသင်ဆရာဦးဝါရိန္ဒသည် အရိုက်ကြမ်းသည်။ စာမရလျှင်လည်း ရိုက်သည်။ အမြင်မတော်လျှင်လည်း ရိုက်သည်။ အရိုက်ကြမ်း၍ ဝါဆိုစဉ်က သာမဏေ(၃၀)ကျော်ရှိခဲ့သော်လည်း ဝါကျွတ်ချိန်တွင် ထွက်လိုက်သည်မှာ သောက်သောက်လဲ။ (၄)ပါးမျှသာ ကျန်တော့သည်။ ဤ(၄)ပါးထဲတွင်

ရှင်သောဘိတပါဝင်သည်။ စာပေများကို ဆက်လက်သင်ကြားခဲ့သည်။ နောက် တစ်နှစ်တွင် ကော့ကရက်ရွာကျောင်းသို့ ပြောင်းရွှေ့သည်။ ကော့ကရက်ရွာ ကျောင်းသို့ရောက်လျှင် ပူးတွဲဖွင့်ထားသော အခြေခံပညာမူလတန်းကျောင်းမှ ဆရာတော်အစီအစဉ်ဖြင့် အတန်းပညာ ဆက်လက်သင်ယူရသည်။ ထိုစဉ်က ကျောင်းအုပ်ဆရာကြီးမှာ ဦးအောင်ညွန့်ဖြစ်သည်။

ရှင်သောဘိတသည် စိတ်ဆတ်သော်လည်း သည်းခံတတ်သောအလေ့ ရှိသည်။ ထိုသည်းခံမှုကို ပျော့ကွက်လုပ်၍ တစ်ဖက်စီးနင်းပြုခဲ့ပါလျှင် ချက်ချင်း တုံ့ပြန်လေ့ရှိသည်။ အတန်းပညာသင်ယူစဉ်က ဖြစ်ရပ်လေးတစ်ခု...

အတန်းကျောင်းမှာ ခုံတန်းရှည်ပေါ် စာအုပ်တင်ကာ ကြမ်းပြင်မှာ တင် ပလ္လင်ခွေထိုင်၍ စာသင်ကြရသည်။ ရှင်သောဘိတလည်း အများနည်းတူ သင် ရသည်။ ဖြစ်ချင်တော့ ခုံစွန်းမှာ နေရာရသည်။ ဆရာဦးအောင်ညွန့်၏သမီး မခင်ထားဆိုသူနှင့်လည်း အတန်းတူဖြစ်သည်။ အားလုံး ဆယ်နှစ်ဝန်းကျင် ကလေးများ ဖြစ်သည်။ မခင်ထားသည် ဆရာ့သမီးပီပီ စွာချင်သည်။ ဘာမျှ မပြောသောအခါ မခင်ထားက တစ်မျိုးအကွက်ဆင်ပြန်သည်။ ခုံစွန်းနေရာတွင် ထိုင်လာသော ရှင်သောဘိတအနားမှာ ခေါက်တုံ့ခေါက်ပြန်လျှောက်သည်။ အနားရောက်လာလျှင် ထဘီအနားဖြင့် ခတ်ခတ်သွားသည်။ တစ်ခေါက် မပြော သေး။ မတော်လို့ဖြစ်မည် ထင်သည်။ ဖြေယူသည်။ နှစ်ခေါက် သတိမထားမိ လို့ပဲဟု တွေးမိသေးသည်။ သုံးခေါက်လည်း ထိအောင်လုပ်သွားပြန်သည်။

"ဩော်...ဒီလိုလား"ဟု စိတ်ကပေါက်လာသည်။ လေးခေါက်မြောက် အရောက်တွင် ရှင်သောဘိတသည် ခြေထိုးခံပေးလိုက်သည်။ မခင်ထား သူ့ အရှိန်နှင့်သူ လဲသည်။ ဆရာကြီးနှင့် သွားတိုင်သည်။ ဆရာခေါ်ဆူသည်။ ရိုက် တော့မရိုက်။ စကားတစ်ခွန်းတော့ ပြောလိုက်သည်။

"ကိုရင်...မိန်းကလေးဆိုတာ ဒီလိုပဲ။ ဇွဲမယူနဲ့။ သမီးကလည်း ကိုရင် ကို ဒီလိုမစရဘူး။ ငရဲကြီးတတ်တယ်"

* * * * * * * *

# ပညာရှာတုန်းခါ

ကော့ကရက်ကျောင်းမှာ အသက် (၁၃) နှစ်သားအရွယ်အထိ နေလာခဲ့သည်။ စတုတ္ထတန်းလည်း အောင်ခဲ့ပြီ။ ထိုနှစ်မှာပင် ဦးတေဇိန္ဒနှင့် စကားစပ်မိသည်။ ဦးတေဇိန္ဒမှာ မီးဖိုင်းမှ မြေတိုင်းစာရေးဟောင်း ဦးပုဆိုသူဖြစ်သည်။ အရပ်ရပ်အနယ်နယ်လှည့်ခဲ့သူဖြစ်၍ ဒေသန္တရဗဟုသုတ ကြွယ်ဝသည်။ ရှင်သောဘိတအား တိုက်တွန်းစကား ဆိုသည်။

"ကိုရင်သောဘိတ မြို့ကြီးမှာသွားပြီး ပညာသင်ပါလား။ မြို့ကြီးမှာဆိုတော့ ဗဟုသုတလည်း တိုးမယ်၊ စာလည်း ပိုတတ်မယ်ပေါ့"

"သွားချင်တာပေါ့ဦးဇင်းရယ်။ ဒကာကြီး၊ ဒကာမကြီးတွေက လွှတ်-မလွှတ်မှ မသိတာ"

"ပြန်မေးကြည့်ပေါ့"

"အခုပဲ သွားပြန်မေးမယ်"ဟုဆိုကာ စိတ်ဆတ်သူပီပီ ရွာဘက်သို့ကူးလာခဲ့သည်။ မိဘများကို ပြောကြားသည်။

"ဖြစ်ပါ့မလား ကိုရင်လေးရယ်။ အဖေနဲ့ အမေတို့က ကိုရင်လေးနဲ့မှ မခွဲနိုင်တာ။ ဟိုအဝေးကြီးဆိုတော့ မဖြစ်ဘူးထင်တယ် ကိုရင်လေး"

"ဘာဖြစ်လို့ မဖြစ်ရမှာလဲ"

"ကိုရင်လေးကို တပည့်တော်တို့ မတွေ့ရဘူးပေါ့ဘုရား"

"ဒါဆိုရင် တစ်ခုမေးမယ်။ ဒကာကြီး၊ ဒကာမကြီးမှာ သားသမီး ဘယ်နှစ်ယောက် ရှိသလဲ"

"ခု (၅) ယောက် ရှိတယ်ဘုရား။ (၇) ယောက်က ဆုံးသွားကြပါပြီဘုရား"

"ဆုံးသွားတဲ့ အဲဒီ (၇) ယောက်ကို တွေ့ချင်တယ်ဆိုရင် တွေ့နိုင်သေးသလား"

"မတွေ့နိုင်တော့ဘူးဘုရား"

"ဘယ်တွေ့နိုင်မှာလဲ။ သေသွားကြပြီကိုး။ ခုဟာက သေသွားတာမဟုတ်။ စာသင်သွားတာပဲ ဖြစ်တယ်။ ကိုရင် သတိရရင်လည်း ပြန်လာနိုင်တယ်။ ဒကာကြီးတို့၊ ဒကာမကြီးတို့ သတိရအောက်မေ့ရင်လည်း အလည်သွားနိုင်တယ်။ တောမှာ ဒီအတိုင်းနေလို့ကတော့ ဒီလိုပဲ သူလိုငါလိုပဲ ပြီးသွားမှာမဟုတ်လား"

"ကိုရင်လေးက သိပ်သွားချင်နေတယ်ဆိုရင်လည်း သဘောပါဘုရား"

သည်လိုနှင့် ဦးတေဇိန္ဒစီစဉ်မှုဖြင့် မော်လမြိုင်မဓာဝီစာသင်တိုက်သို့ ရှင်သောဘိတရောက်လာခဲ့သည်။ ပရိယတ္တိစာပေကို အထက်အခြေခံမှစ၍ သင်ကြားသည်။ ရှင်သုန္ဒရဟု ဘွဲ့အမည်ပြောင်းခဲ့သည်။ မဓာဝီစာသင်တိုက်တွင် သုံးဝါမျှနေထိုင်ပြီးနောက် သထုံမြို့ ဂန္ဓာရုံစာသင်တိုက်သို့ ပြောင်းရွှေ့သင်ကြားသည်။ ဂန္ဓာရုံစာသင်တိုက်ဘုန်းကြီးမှာ အုန်းတစ်ပင်ရွာသားဖြစ်၏။

ဘွဲ့တော်မှာ ဦးသာသနတွင်သည်။ ရှင်သုန္ဒရသည် ဆရာတော်ကြီး အနီးနေတပည့် (အန္တေဝါသိက) အနေဖြင့် ဝတ်ကြီးဝတ်ငယ်ဖြည့်ဆည်းပေးရင်း စာပေကို ဆက်လက်သင်ကြားသည်။

ဆရာတော်ကြီးသည် ပရိယတ္တိကို ခေတ်အလိုက် စာမေးပွဲစနစ်ဖြင့် သင်ကြားခြင်းမဟုတ်။ မိမိသင်ယူခဲ့သော ရှေးရိုးကျမ်းကြီးပေါက်စနစ်ဖြင့် သင်ကြားသည်။ တစ်ကျမ်းပြီးမှတစ်ကျမ်း သင်ကြားစေသည်။ ရှေးဦးစွာ "သဒ္ဒတ်မတာ စတ်မတာ၊ သဒ္ဒါမတတ် စာမတတ်၊ သဒ္ဒတ်တာမှ စတ်တာသည်၊ သဒ္ဒါတတ်မှ စာတတ်သည်"။ စာသင်သားလက်သုံးစကားအတိုင်း ရှင်သုန္ဒရအား သဒ္ဒါကျမ်းကို နည်းအစုံစုံဖြင့် သင်ကြားပေးသည်။

နှစ်ဝါမျှ စာပေသင်ယူပြီးနောက် တစ်နှစ်တွင် မုဒုံ ဂျုံးဂျုံးကျတောရကျောင်းမှ အစိုးရပထမပြန်ဖြေခဲ့သော ပုဂ္ဂိုလ်များ အောင်လက်မှတ်ကလေးများကိုင်လျက် ရောက်လာကြသည်။ အောင်လက်မှတ်ကိုကြည့်၍ ရှင်သုန္ဒရ စိတ်ဝင်စားသွားသည်။ ထိုအရာကိုရိပ်မိသော စာချဆရာတော် ဦးတေဇနိယသည် ခွင့်ပြုစကားမိန့်ကြားသည်။

"ခုခေတ်မှာ စာဘယ်လိုပဲတတ်စေဦးတော့ အောင်လက်မှတ်ကလေးရှိမှ။ မရှိရင် သူရိသေ၊ ရှင်ရိသေ မပြုချင်ကြဘူး။ ဒီတော့ ငါ့တပည့်လည်း အောင်လက်မှတ်ကလေးရအောင် စာမေးပွဲစနစ်သင်တဲ့ကျောင်း ပြောင်းရွှေ့သင်ကြားလိုပါက သင်ကြားနိုင်ပါတယ်"

ခွင့်ပြုချက်ရရှိခဲ့သည်။ မိမိနှင့် သင့်လျော်မည်ထင်သည့် စာသင်တိုက်တွေအများကြီးအနက်မှ မုဒုံမြို့၊ ဂျုံးဂျုံးကျတောရကျောင်း ပရိယတ္တိတိုက်၏ အခြေအနေကို လေ့လာသည်။ စိတ်ဝင်စားဖွယ်အခြေအနေတို့ကို ဤသို့တွေ့ရှိရသည်။

ဂျုံးဂျုံးကျတောရကျောင်းတိုက်သည် တောရတိုက်ဟူသည်နှင့်အညီ မုဒုံမြို့မှ တစ်မိုင်ငါးဖာလုံကျော်ဝေးသော တောမြိုင်တောင်ခြေ၌ တည်ရှိသည်။ လွန်ခဲ့သောနှစ်ပေါင်းတစ်ရာကျော် (၁၂၅၃ ခုနှစ်၊ တပေါင်းလ) ခန့်က ကျေးဇူးတော်ရှင် အရှင်သုမန တောရမထေရ်ရှင်မြတ်က စတင်တည်ထောင်ခဲ့သည်။

ထိုစဉ်က တောမှ တကယ့်တော။ သစ်ကြီး၊ ဝါးကြီးများဖြင့် နေပြောက်ပင် မထိုးဖောက်နိုင်အောင်ရှိသည်။ အရှေ့ဘက် တောင်ညိုတောင်တန်းဆီမှ ချောင်းဖျားခံကာ စီးဆင်းလာသောတောင်ကျချောင်းသည် ကျောင်းတိုက်တည်ရာအရောက်တွင် ကျောက်ဆောင်ထက်မှ တဝုန်းဝုန်းမြည်သံပေးကာ ရေတံခွန်အဖြစ် ထွက်ဖြာကျဆင်းနေသည်။ ဤသည်ကိုအစွဲပြု၍ ဂျုံးဂျုံးကျဟု မူလဆရာတော်ဘုရားက အန္တတ္ထသညာပြုခဲ့သည်။ "ရှစ်ခွင်ပတ်လည် စုံမြိုင်ဆင့်လို့၊ ငုံနိုင်အပွင့် ပန်းနွယ်ဖြာ၊ ထုံကြိုင်သဖြင့် ဆန်းကြယ်စွာငယ်၊ ကမ်းဆွယ်သာယာ ရေပြည့်တင်း "ဟူသကဲ့သို့ ကြည်နူးသာယာဖွယ်ရှိလွန်းလှသည်။

လူသူမနီး တောကြီးဖြစ်သဖြင့် သူတော်စင်များ၊ ရဟန်းတရား ကျင့်သုံးအားထုတ်ရန် လျော်ကန်သင့်မြတ်လွန်းလှသည်။ သပိတ်တစ်လုံး၊ သင်္ကန်းသုံးထည်ဖြင့် တောထွက်လာသော အရှင်သုမနသည် ဘူမိနက်သန် နေရာအမှန်အဖြစ် သိမြင်ကာ တောရဆောက်တည်သည်။ ဒါယကာ၊ ဒါယိကာမများ လိုက်လာပြီး ကျောင်းတိုက်အဖြစ် တည်ဆောက်လှူဒါန်းကြသည်။ ဆရာတော်သည် တပည့်သံဃာနှင့် ဥပါသကာ၊ ဥပါသိကာတို့အား နည်းလမ်းညွှန်ပြ တရားဓမ္မအားထုတ်စေကာ မိမိကိုယ်တိုင်လည်း ဝီရိယအင်္ဂါလေးပါးနှင့်အညီ ကျင့်ကြံအားထုတ်တော်မူသည်။

၁၂၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၉) ရက်နေ့ညတွင် ဝိပဿနာလုပ်ငန်းအောင်သည်ကို အောက်ပါမှာတမ်းတော်အရ သိရှိခွင့်ရကြသည်။

"ဆရာတော်သည် ဣရိယာပုထ်ပြောင်း၍ (အသခ်ိတဓာတ်၊ ပရမတ္ထဓမ္မ၊ အေးမြသောအရသာထူး) ကို ခံစားတော့သည်။ တပည့်သံဃာတို့နှင့်တကွ ဥပါသကာ၊ ဥပါသိကာ ကြီးငယ်တပည့်တို့ ဤတရားလမ်းကို အားကိုးအားထား၍ အာရုံပြုရစ်ကြလေ။ မပူဆွေးကြနှင့်။ စိတ်ကိုနိုင်မြဲစေ "ဟူသော မှာတမ်း-

တော်ရေးကာ အပေါ်ခြုံထည် သင်္ကန်းသကၤန်းတော်အတွင်း ကျိန်းစက်နေသည့် ဟန် ဆောက်တည်ဖန်ဆင်း၍ မိမိခန္ဓာကိုယ်ကို သိမ်းပြီး ထွက်ကြွသွားတော်မူသည်။

ဦးခေါင်းတော်နှင့်တကွ ခြေဆုံးခေါင်းဆုံးခြုံ၍ ကျိန်းစက်နေသည့်ဟန်၊ သင်္ကန်းသကၤန်းတော်ကိုကြည့်လျှင် တကယ့်အမှန် ကျိန်းစက်နေသည်ထင်ရသည်။ လက်ဖြင့်ဖိကြည့်လျှင် သင်္ကန်းတော်ပိဝင်သွားပြီး လက်ပြန်ရုပ်လိုက်လျှင် ဖောင်းမြဲဖောင်းကြွလာသည်။ ထိုအံ့ဩဖွယ်ဖြစ်ရပ်သည် ခန္ဓာသိမ်းတော်မူသည့်နေ့ ၁၂၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၂) ရက်၊ တနင်္လာနေ့တွင် ဖြစ်သည်။

ထိုနေ့မှစ၍ အုတ်အော်သောင်းတင်း သတင်းပျံ့နှံ့ကာ အရပ်အခေါ် ထွက်ရပ်ပေါက်ဆရာတော်ဟု မြန်မာပြည်ထက်အောက်တစ်ခွင်လုံး ကျော်ကြားခဲ့သည်မှာ ယခုထက်တိုင်အောင်ပင်ဖြစ်သည်။

(မှတ်ချက်။ ။ ယခုမှာမူ သင်္ကန်းပုံတော်သကၤန်း မရှိတော့ပါ။ စစ်အတွင်း စစ်သားများက အဆောင်ကောင်းသည်ဟုဆိုကာ ဖြတ်ညှပ်ယူသွားကြသည်။ အချို့အဝက်သာ ယခုလက်ရှိဆရာတော်ထံ အနည်းငယ်ကျန်သည်။)

ဂျုံးဂျုံးကျတောရတိုက်သည် မူလဆရာတော်ဘုရားကြီး တည်ဆောက်စဉ်က ပဋိပတ္တိဌာန ဖြစ်သည်။ ခေတ်အခြေအနေအရ စစ်အတွင်းကာလဖြစ်သဖြင့် ကျောင်းတိုက်ကြီး ရေရှည်တည်တံ့နိုင်ရေးအတွက် ပရိယတ္တိစာသင်တိုက်သို့ ပြောင်းလဲခဲ့သည်။ စာသင်တိုက်ကို ပြောင်းလဲစေခဲ့သော ဆရာတော်မှာ စတုတ္ထမြောက်ဆရာတော် ဦးကဝိန္ဒဖြစ်သည်။ ၁၃၀၄ ခုနှစ်တွင် ပြောင်းလဲခဲ့သည်။

ပဋိပတ္တိမှ ပရိယတ္တိသို့ ပြောင်းလဲလာခဲ့ပြီးနောက် စာသင်သားသံဃာများ နှစ်စဉ် အပါး ၅၀–၆၀ ခန့်ရှိသည်။ သံဃာများကို ဆွမ်းခံမသွားစေဘဲ အားလုံးတာဝန်ယူခဲ့သည်။

စာသင်သားများ ပရိယတ္တိစာပေကို အချိန်နှင့်အမျှ ကြိုးစားနိုင်သည်။ ကြိုးစားခဲ့သည်နှင့်အမျှလည်း နှစ်စဉ် စာမေးပွဲအောင်ပန်းကို မုဒ္ဒြိမြို့နယ်အနေနှင့် ရာနှုန်းအများဆုံး အောင်မြင်ခဲ့သည်။ ဤသတင်းစကားကို တစ်ဆင့်ပြီး တစ်ဆင့် ကြားသိကြသဖြင့် နေခွင့်ရရန် စာသင်သားများ နှစ်စဉ် လာရောက်လျှောက်ထားကြသည်။

လျှောက်ထားလာတိုင်း လက်ခံနိုင်သည်မဟုတ်။ ဆွမ်း၊ ကွမ်းအတွက် ချင့်ချိန်၍လက်ခံရသည်။ ထွက်သူရှိပါမှ ဝင်သူရှိနိုင်သည်။ တကယ်တမ်း ပရိယတ္တိကို ကြိုးစားအားထုတ်လိုသော သောတုဇန (စာသင်သား) တို့အတွက်

ဘူမိနက်သန်ဖြစ်သည်။ မြို့ရွာနှင့် အလွန်ဝေးလွန်းလှသဖြင့် စိတ်အာရုံထွေပြားမှု နည်းစေသည်။ သမာဓိကို ဖြစ်စေသည်။ သမာဓိဖြစ်လျှင် စာပေကို ကျက်မှတ်ရလွယ်ကူစေသည်။

* * * * * * * *

ဤသို့သော အခြေအနေ အထွေထွေကို လေ့လာစုံစမ်းသိရှိရသဖြင့် မုဒုံမြို့ ဂျုံးဂျုံးကျတောရကျောင်းသို့ စာသင်သွားရန် ရှင်သုန္ဒရ ဆုံးဖြတ်လိုက်သည်။ ၁၃၂၅ ခုနှစ်၊ ကဆုန်လဆန်း(၈) ရက်နေ့တွင် ဂျုံးဂျုံးကျတောရကျောင်းသို့ ရောက်ရှိခဲ့သည်။ နေခွင့်ပြုပါရန် ထိုစဉ်က တိုက်အုပ်ဆရာတော် (ယခု အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ပဓာနနာယကဆရာတော်) ဦးအဂ္ဂဝံသထံပါး ဝပ်တွား၍ လျှောက်ကြားသည်။

"ကိုရင်...တို့ကျောင်းက မြို့ကျောင်းမဟုတ်ဘူး။ ပျော်ဖို့ပါးဖို့ နှစ်သက်စရာ ဘာမှမရှိတဲ့ တောကျောင်းဖြစ်တယ်။ စာပေကို တကယ်ကြိုးစားတဲ့သူတွေမှ နေနိုင်တယ်"

"မှန်ပါဘုရား။ တပည့်တော် စုံစမ်းသိရှိပြီးပါပြီဘုရား"

"အေး...အေး...။ ဒီလိုသိထားတော့လည်း ပိုကောင်းတာပေါ့ကိုရင်။ ဒါပေမယ့် ခု သံဃာလက်မခံသေးဘူး။ ငါတို့တိုက်က စာသင်သားတွေရဲ့တာဝန်ကို စားရေးကအစ အားလုံးတာဝန်ယူထားရတော့ တစ်နှစ်မှာ ၅၀–၆၀ ဝန်းကျင်ပဲ လက်ခံနိုင်တယ်။ စာမေးပွဲပြီးလို့ တချို့သံဃာတွေ အပြောင်းအရွှေ့ရှိမှ အပြင်သံဃာကို လက်ခံလေ့ရှိတယ်။ သည်းခံလိုက်ပါဦး"

"မှန်ပါဘုရား"

"စာမေးပွဲလည်း နီးနေပြီ။ စာမေးပွဲပြီးရင် တချို့တွေ ပြောင်းသွားကြလိမ့်မယ်။ အဲဒီတော့ တစ်ခါလာမေးပေါ့"

"မှန်ပါဘုရား"

"ကိုရင့်ဘွဲ့ ပြောထားဦး။ စာရင်းပေးထားပေါ့။ ခုလို ကြိုတင်လာလျှောက်ထားရင် ဦးစားပေးလက်ခံနိုင်တာပေါ့"

"သုန္ဒရပါဘုရား"

"အသက်က..."

"၁၅ နှစ်ပါဘုရား"

"မိဘကကော"

"ဦးဘိုးသုန်၊ ဒေါ်မယ်သင်ပါဘုရား"

"ဇာတိက..."

"ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်၊ နို့ထရွာပါဘုရား"

"ဘယ်စာသင်တိုက်က ပြောင်းလာတာလဲ"

"သထုံမြို့၊ ဂန္ဓာရုံစာသင်တိုက်ကပါ ဘုရား"

"ပထမပြန်စာမေးပွဲ ဖြေဖူးပြီလား။ ဘယ်အတန်း အောင်ပြီးပြီလဲ"

"စာမေးပွဲ မဖြေဖူးသေးပါဘုရား"

"ဘာစာတွေ လေ့လာသင်ကြားဖူးပြီလဲ"

"မှန်ပါဘုရား။ သထုံ ဂန္ဓာရုံစာသင်တိုက်မှာတုန်းက သဒ္ဒါစာဝါကို တော်တော်လေ့လာခဲ့ဖူးပါတယ်ဘုရား"

"တခြားစာဝါတွေကော"

"တခြားတော့ ဖြစ်ဖြစ်မြောက်မြောက် မသင်ခဲ့ရပါဘုရား။ ဂန္ဓာရုံစာသင်တိုက်မှာ တစ်ကျမ်းကြေညက်ပြီးမှ အခြားကျမ်းကို သင်စေပါတယ်ဘုရား"

"သြော်...သြော်...ကျမ်းကြီးဖောက်ပေါ့"

"မှန်ပါဘုရား"

"အိမ်း...ကျမ်းကြီးဖောက်သင်နည်းက ကျမ်းစုံသင်ပြီးရင် တကယ်စာတတ်တဲ့နည်းပဲ။ ဘုန်းကြီးတို့မှာက ခေတ်နဲ့အညီ စာမေးပွဲစနစ် သင်နည်းဖြစ်တယ်။ ငယ်၊ လတ်၊ ကြီး အခြေခံတွေတတ်ပြီးမှ ကျမ်းကြီးကို ဖောက်သင်နည်းဖြစ်တယ်။ အခြေခံကို အရင်သင်ထားတော့ ကျမ်းကြီးဖောက်တဲ့အခါ အချိန်တိုတိုနဲ့ အတတ်မြန်တာပေါ့"

"မှန်ပါဘုရား"

"အေး...အေး...။ ကဆုန်လလောက် တစ်ခေါက်ပြန်လာကြည့်ပေါ့။ အပြောင်းအရွှေ့က နှစ်စဉ်ရှိနေတယ်။ ရနိုင်ပါလိမ့်မယ်"

"မှန်ပါဘုရား"

ဂျုံးဂျုံးကျမှာ သံဃာများလက်ခံချိန် မကျသေးသဖြင့် မိတ်ဆွေများရှိရာ မုဒုံမြို့၊ ကျောင်းသစ်ကျောင်းမှာ ခေတ္တခိုနားရသည်။ ထိုမှ မော်လမြိုင်ပြည်ကျောင်း။ ထိုပြည်ကျောင်းမှပင် အချိန်ရသေးသဖြင့် ကျိုက်ထီးရိုးဘုရားဖူးတက်ခဲ့သည်။

ပြောထားသောနေ့ရက်သို့ ရောက်လျှင် တစ်ခေါက်ပြန်၍ လျှောက်ထားသည်။ အလွယ်တကူပင် လက်ခံပြီး နေထိုင်ခွင့်ပေးခဲ့သည်။ ၁၃၂၆ ခုနှစ်၊ ကဆုန်လဆန်း(၈)ရက်နေ့တွင် ပစ္စည်းတွေကို တစ်ပါတည်းယူ၍ ပြောင်းရွှေ့ခဲ့သည်။ လက်ခံစာရေးသွင်းစဉ်မှာ...

"ကိုရင့်ဘွဲ့က သုန္ဒရတဲ့လား"

"မှန်ပါ။ သုန္ဒရပါဘုရား"

"ကိုရင်ထက်အလျင် ဘွဲ့မည်တူ သုန္ဒရတစ်ပါးက ရှိထားနှင့်တော့ ကိုရင့်ကို သုဇနလို့ ဘွဲ့ပြောင်းပေးလိုက်မယ်။ ဟုတ်လား"

"မှန်ပါဘုရား"

"သုန္ဒရဆိုတာ ကောင်းမြတ်သောလို့ အဓိပ္ပာယ်ရတယ်။ မောင်ကောင်းမြတ်ပေါ့။ ဘာတွေကောင်းလို့ ဘာတွေမြတ်သလဲ မသိရဘူး။ သုဇနကျတော့ သူတော်ကောင်းလို့ အဓိပ္ပာယ်ရတော့ သုန္ဒရထက်ရင် သူက ပိုတိကျတယ်။ ဘယ်လိုလဲ သဘောကျရဲ့လား"

"မှန်ပါ။ သဘောကျပါတယ်ဘုရား"

မောင်သန်းစိန်တစ်ဖြစ်လဲ ရှင်သောဘိတသည် "ရှင်သုန္ဒရ"အမည်ပြောင်းခဲ့ပြီး ယခုတစ်ဖန် "ရှင်သုဇန" မည်သွားပြန်သည်။

ရှင်သုဇနသည် ကျောင်းတိုက် စာဝါဖွင့်ချိန်တွင် ပထမငယ်တန်း၌ လေ့လာသင်ကြားသည်။ သဒ္ဒါအခြေခံကလည်း နည်းစနစ်ကျစွာ သင်ပြီးသား၊ ဉာဏ်ကလည်းကောင်းပြီးသားမို့ အများနည်းတူ စာလိုက်နိုင်သည်။ အစိုးရစာမေးပွဲ ဝင်ရောက်ဖြေဆိုရာ နှစ်ချင်းပင် အခက်အခဲမရှိ အောင်မြင်သည်။

ယမန်နှစ်က သူတစ်ပါး၏ အောင်လက်မှတ်ကို အားကျခဲ့သော ရှင်သုဇနသည် ယခုနှစ်မှာ ကိုယ်ပိုင်အောင်လက်မှတ်ကို ရရှိပိုင်ဆိုင်ရလေပြီ။ အထူး စိတ်ဓာတ်တက်ကြွလာပြီး ပထမလတ်တန်းကို ဆက်လက်ဝင်ရောက်ဖြေဆိုရန် ကြိုးစားထားသည်။ နွေကာလ စာဖြေအပြီး စာဝါနားချိန်တွင် မိဘရပ်ထံ ခဏအလည်ပြန်သည်။ ရွာရောက်လျှင် ညီဖြစ်သူမောင်မောင်ကြည်ကို ရှင်အဖြစ်တွေ့ရသည်။ မိမိကဲ့သို့ စာမေးပွဲအောင်ပန်း ဆွတ်ခူးရယူစေရန် စာသင်တိုက်သို့အပြန်တွင် တစ်ပါတည်းခေါ်လာခဲ့သည်။

ထိုသို့ခေါ်လာမိသည့်အဖြစ်က မိမိအား ဘဝတစ်ဆစ်ချိုးသို့ ပြောင်းလဲစေလိမ့်မည်ဟု စိုးစဉ်းမျှ မတွေးမိခဲ့။

ကျောင်းတိုက် စာဝါဖွင့်လေပြီ။ ရှင်သုဇနက ပထမလတ်တန်းစာဝါများကို သင်ယူသည်။ ညီဖြစ်သူ ရှင်ပဏ္ဍိစ္စက မူလတန်းစာဝါများကို စတင်သင်ကြားသည်။ ဝါတွင်းကာလ စာဝါများသင်ကြားနေစဉ် အရှိန်ရတုန်း ရှင်ပဏ္ဍိစ္စ အကြီးအကျယ်နာမကျန်းဖြစ်သည်။ တိုက်ကလည်း ကုပါသည်။ မိဝေးဘဝေး တစ်နယ်တစ်ကျေးမို့ မိဘကိုလွမ်းသော လွမ်းနာလည်း ပါမည်ထင်သည်။ ရောဂါက အတိုးအဆုတ်မရှိ၊ တန့်နေသည်။ ငယ်လည်းငယ်၊ မိဘနှင့်လည်း မခွဲခွာဖူးသဖြင့် မိဘအောက်မေ့ခြင်းလည်း ဖြစ်နိုင်သည်။ ခေတ္တအရပ်ပြန်ပို့လိုက်ပါဟု တိုက်အုပ်ဆရာတော် ညွှန်ကြားသည်။ လူနာညီငယ်ကို ခေါ်ဆောင်၍ မိုးထဲလေထဲမှ အရပ်သို့ပြန်ခဲ့သည်။

ရွာရောက်သောအခါ မိဘအိမ်သို့အကြောင်းကြားရန် ဝင်ရောက်သော အခါ တွေ့ရသောမြင်ကွင်းက ရှင်သုဇနရင်ကို ဆို့စေသည်။ အိပ်ရာထက်မှာ ခွေခွေကလေးလဲနေသော ဖခင်။ အပြင်းဖျားနေသည်။ မိခင်ကလည်း ကျန်းမာ ရေးမကောင်းလှ။ လုပ်လက်စအလုပ်များက တန်းလန်းကြီး။ စိုက်ချိန်ပျိုးချိန်ပင် ကုန်တော့မည်။ လူငှားအလုပ်သမားများကော မေးကြည့်တော့ လူငှားတွေပြေး ကုန်ပြီဟု ဆိုသည်။ ရှင်သုဇန တွေးရလေပြီ။

"ဖခင်က အိပ်ရာထဲ လဲနေသည်။ မိခင်ဖြစ်သူက ကျန်းမာရေးကောင်း လှသည်မဟုတ်။ ဒီအထဲ လူနာအဖြစ် ညီငယ်ကိုပါ လာပို့လာပြန်သည်။ အလုပ် သမားတွေလည်း မရှိတော့။ အလုပ်ကလည်း တန်းလန်း။ စိုက်ဆဲ ပျိုးဆဲ။ အစ်မဖြစ်သူများကလည်း သူ့အိမ်နှင့်သူ။ သူ့သားသမီးတွေနဲ့ လက်မလည်နိုင်။ သူတို့လည်း စိုက်တုန်းပျိုးတုန်း။ ဘယ်သူတွေက ဒီလူနာတွေကို ပြုစုပါ့မလဲ။ အလုပ်များကို ဦးဆောင်ပါ့မလဲ။ အခြေအနေအရ အားလုံးကိုပြုလုပ်နိုင်သူက ငါမှတစ်ပါး အခြားသူမရှိပြီ။ ငါသာ အသင့်တော်ဆုံးဖြစ်နေပြီ။ ငါဘာလုပ်ရ မလဲ။ ငါဘာလုပ်သင့်သလဲ"

အတွေးကိုရင်ဝယ်ပိုက်၍ ခေါင်းငိုက်စိုက်ဖြင့် တိုက်တာသို့ ပြန်ခဲ့သည်။ တိုက်သို့ရောက်တော့ ဆရာလည်းဖြစ်၊ အရင်းနှီးဆုံးမိတ်ဆွေလည်းဖြစ်သော ဆရာ–အစ်ကိုနှင့် တိုင်ပင်သည်။

"ဟင်...ဒါဆို လုပ်စရာတစ်ခုပဲ ရှိတော့တယ်။ ငါ့ညီ လူဝတ်လဲပြီး မိဘကို ပြန်လုပ်ကျွေးပေတော့။ အခြေအနေတွေ အေးဆေးငြိမ်သက်ကုန်မှ တစ် ကြော့ပြန်ခဲ့ပေါ့။ စာသင်တာပဲကွာ။ အသက်ကြီးတယ်၊ ငယ်တယ် ပဓာနမဟုတ် ပါဘူး။ သင်ယူလိုစိတ်ရှိဖို့က အဓိကပါ။ ဦးကျည်ပွေ့တို့များ ကြည့်ပါလား။ အသက် (၆၀) ရှိမှ စာစသင်တာတောင် တတ်သေးတာပဲ"

အဆင်း ဘီးတပ်လိုက်မိသည်ပဲ ဖြစ်သွားသလား မဆိုနိုင်။ ရှင်သုဇန တစ်ပါး တိုက်အုပ်ဆရာတော်အား အကြောင်းစုံလျှောက်ထားပြီး ဂျုံးဂျုံးကျ တောရစာသင်တိုက်မှ ထွက်ခွာသွားလေသည်။

"လူဝတ်လဲပြီး အိမ်တွင်းရေးအခြေအနေကို ပြန်လည်ထိန်းသိမ်းမည်" ဟူသော ရည်ရွယ်ချက်ဖြင့်...။

၁၃၂၇ ခုနှစ်၊ ဝါခေါင်လတွင်ဖြစ်သည်။

ဂျုံးဂျုံးကျ တောရစာသင်တိုက်၌ စာပေပရိယတ္တိကို သင်ယူနေဆဲ ရှင်သုဇနသည် မောင်သန်းစိန်အသွင်ဖြင့် မိဘအိမ်ပေါ် ရောက်လာခဲ့သည်။ မိခင်ဖြစ်သူဒေါ်မယ်သင်သည် အံ့အားသင့်စွာဖြင့် အငေးသားကြည့်နေမိသည်။ စကားတစ်ခွန်းမှ ပြောမထွက်။ ဝမ်းနည်းလွန်းသဖြင့် ပူနွေးသောမျက်ရည်စ

များသာ တလိမ့်လိမ့်ကျဆင်းနေသည်။ ရင်ထဲမှာ ဖော်ပြနိုင်လောက်သော ဝေဒနာ တစ်ရပ်ကို ခံစားနေရသကဲ့သို့ ရှိသည်။

မောင်သန်းစိန်သည် အိမ်ပေါ်တက်ခဲ့ပြီးနောက် အိပ်ရာပေါ်လဲနေသော ဖခင်ဦးဖိုးသုန်အား ကန်တော့လိုက်သည်။

"မိဘတွေလုပ်ကျွေးဖို့ သားလူ့ဝတ်လဲခဲ့ပြီအဖေ"

"ဖြစ်ရလေ သားရယ်...။ အဖေတို့အတွက် မပူပါနဲ့လို့ ပြောထားသား ပဲမဟုတ်လား"

"ပြောထားတာမှန်ပေမယ့် အခြေအနေက ဒီလိုလုပ်မှဖြစ်တော့မယ်လို့ စဉ်းစားမိတာကိုး ဖေဖေ"

"သားစဉ်းစားပြီးမှ ဒီလိုလုပ်ခဲ့တာပေါ့။ ဟုတ်လား"

"ဟုတ်တယ်ဖေဖေ။ သားဟာ (၈) နှစ်သားအရွယ်ကတည်းက သင်္ကန်း ဝတ်ခဲ့တယ်။ မိဘကို မလုပ်ကျွေးရသေးဘူး။ ခု လုပ်ကျွေးဖို့ ထွက်လာတာပါ။ အဖေတို့အခြေအနေ ပြန်တည့်မတ်လာမှ ရှေ့ရေးကို သားပြန်စဉ်းစားမယ်အဖေ"

"သားက ငယ်ငယ်လေးကတည်းက သင်္ကန်းဝတ်ခဲ့တယ်ဆိုတော့ လယ် ယာလုပ်ငန်းကို ဘယ်လုပ်တတ်မှာလဲ"

"သင်ယူမယ်ပေါ့အဖေ။ လယ်လုပ်တာဟာ စာကျက်သလောက် မခက် ပါဘူး။ လူတိုင်းလောက်ကလည်း မွေးကတည်းက တတ်မလာကြပါဘူး။ ဒီလိုပဲ လုပ်ရင်းကိုင်ရင်း တတ်လာကြတာပါ။ သားကြိုးစားလုပ်ကိုင်ရင်း မိဘ၊ရဲ့ တစ် လုည့်လုပ်ကျွေးပါရစေ အဖေ"

"အေးလေ။ ဖြစ်ပြီးတော့မှ ဘာတတ်နိုင်တော့မှာလဲ။ ဆက်လုပ်ရုံပဲ ပေါ့"

စကားတွေကြားရတော့ ဒေါ်မယ်သင် ဝမ်းသာဝမ်းနည်းဖြစ်သွားသည်။ ဝမ်းနည်းမှုက ပိုနေသည်။ ရှိုက်သံစွက်သောလေသံဖြင့် စကားဝင်ပြောသည်။

"သားရယ်...။ အမေတို့လေ ဘာကြီးဖြစ်နေနေ သားကို သင်္ကန်းဝတ် နဲ့ပဲမြင်ချင်ကယ်။ ခုကြုံနေရဘဲ့အခက်အခဲကလည်း ခဏတာပါ။ လူ့လောက ဆိုတာ ဒီလိုပဲပေါ့သားရယ်။ အမြဲတမ်းချည်း ဘယ်အဆင်ပြေပါ့မလဲ။ ဒီလိုပဲ ရုန်းကြကန်ကြရတာပဲပေါ့"

"ရုန်းကန်ကြတာတွေမှန်ပေမယ့် မိဘတွေ အိုကြီးအိုမဖြစ်နေတဲ့ အရွယ် ကြီးမှာ ကြုံလာတဲ့အခက်အခဲကို သိနေရက်သားနဲ့ သားကြည့်မနေနိုင်ဘူးအမေ"

"မိဘတွေအပေါ်မှာ အဲသလိုသိတတ်လို့လည်း အမေ ယူကျုံးမရဖြစ် နေတာပေါ့ သားလေးရယ်"

ပြောရင်း မျက်ရည်များက ထွက်လာပြန်သည်။

၂၅၁၉၄

"သား ကတိပေးပါတယ်အမေ။ အခြေအနေတွေ တည်ငြိမ်တည့်မတ်လာရင် အမေမြင်ချင်သလို သားနေပြပါ့မယ်"

"သာဓုပါကွယ်...သာဓု...သာဓု...။ ကဲ...ကဲ...အဝတ်အစားလဲ။ ခရီးပန်းလာတယ်။ နားဦးပေါ့"

နောက်နေ့မှစ၍ မောင်သန်းစိန် အလုပ်ဆင်းသည်။ စိုက်ပျိုးရန်ကျန်နေသော လယ်ကွက်များအတွက် လူငှားများ၊ ကောက်စိုက်သမများ ရှာရသည်။ ဖခင်အလုပ်ကို တာဝန်လဲယူသည်။ လုပ်ငန်းကျွမ်းကျင်သောလူငှားနှင့် တွဲဖက်လုပ်ကိုင်သည်မို့ အတိမ်းအစောင်းသိပ်မရှိလှ။ မိခင်ဖြစ်သူကလည်း ဦးစီးလမ်းညွှန်ပေးနေသည်ကိုး။

တစ်ခုတော့ရှိသည်။ အလုပ်ဆိုတာ သူများကိုချည်း လုပ်ခိုင်းနေလို့မဖြစ်။ ကိုယ်ကလည်းတတ်ထားမှ ဖြစ်မည် အတွေးဖြင့် ကောက်စိုက်သူတွေကြားဝင်စိုက်သည်။ ကျွမ်းကျင်သူများနှင့် မည်သို့တူနိုင်ပါမည်နည်း။

အမြင်ကြည့်တော့သာ လွယ်သည်။ လုပ်ကြည့်တော့လည်း အခက်သား။ သူများတွေမှာ ကောက်ပင်ကို လက်တစ်ဖက်မှာကိုင်ပြီး ကျန်လက်တစ်ဖက်ဖြင့်ခွဲယူ၍ ဆတ်ခနဲ တမန်းထဲနှစ်စိုက်သည်။ သွက်နေအောင်မြန်သည်။ မောင်သန်းစိန်စိုက်နေပုံကို ကြည့်ပါဦး။

ကောက်ပင်ကိုင်ထားသည်မှာ သူများလိုပင် မှန်သည်။ တစ်ပင်ချင်းခွဲမထုတ်တတ်။ အရမ်းခွဲမထုတ်ရဟုလည်း ဆိုထားကြသေးသည်။ အရမ်းခွဲထုတ်လျှင် ကောက်ပင်များ ခါးကျိုးသွားနိုင်သည်၊ ခေါင်းကျိုးသွားနိုင်သည်ဟု ဆိုကြပြန်သည်။ သည်တော့...

ကောက်ပင်များကို တစ်ပင်ချင်း ညင်သာစွာခွာယူသည်။ တမန်းထဲနှစ်စိုက်လိုက်သည်။ လက်ဆကမမှန်။ နက်သွားသည်လည်းရှိသည်။ တိမ်နေသည်လည်းရှိသည်။ စိတ်က မရွှံ့မရဲဖြစ်လာသည်။

"ငါစိုက်တဲ့ကောက်ပင်တွေ ပြန်ကျွတ်ထွက်လာမှဖြင့်"...ဟူသော စိုးရိမ်ခြင်းဖြင့် တမန်းတစ်ကျုံး ကျုံးကာ ကောက်ပင်ရင်းကို ဖို့လိုက်သေးသည်။ နောက်တစ်ပင်လည်း သည်နယ်။ နောက်အပင်လည်း သည်မျိုး။ နက်သွားသည်ယူဆသော အပင်များကို ပြန်နုတ်ပြီး သူများစိုက်ထားသော ကောက်ပင်နိမ့်မြင့်ကို နှိုးကြည့်၍ ညှိနေရသေးသည်။ ဘယ်မှာ ခရီးတွင်ပါမည်နည်း။

အတူစိုက်သူတွေ အတော်ဝေးဝေးရောက်သွားပြီ။ သူ့ခမျာ တစ်ပင်တစ်ပင် ရဖို့အရေး နပန်းလုံးနေရဆဲ။ ငန်းအလိုက်စိုက်ရသည်မို့ အခြားငန်းတွေ လယ်ဟာတစ်ကွက်လုံးဆုံးပြီ။ သူ့ငန်းမှာ တစ်လံကျော်ရုံမျှသာ ပြီးသေးသည်။ ကောက်စိုက်ရသည့်မှာ ငန်းကိုနောက်ဆုတ်၍ စိုက်ကြရသည်။ သူများငန်းတွေ

ပြည့်လုနေပြီ။ သူ့မှာက ရှေ့မှာတစ်ယောက်တည်း ထင်းထင်းကြီး ပေါ်လွင်ကျန်ရစ်နေသည်။

ပြောကြပြီပေါ့။ စကြပြီပေါ့။

"အေးအေးဆေးဆေးနေခိုင်းတာ မနေချင်ဘူး။ ထွက်လာတာကိုး။ ကောက်လေးတောင်မှ မစိုက်တတ်ဘဲနဲ့များ"

"ဒီပုံစံနဲ့ ဘယ်သူကများ အမိုက်ခံပြီး သားမက်ရွေးပါ့မလဲ"

"ဟယ်...နင်တို့ကလည်း ငါ့မောင်ကို နှိမ်လိုက်ကြတာ။ စကတည်းက မသင်ခဲ့ရတဲ့သူဆိုတော့ ဒါလောက်တော့ရှိမပေါ့ ကောင်မရဲ့"

"ညည်းကများ ဘာကိုမျှော်ကိုးလို့ ကာဆီးကာဆီး ပြောနေရတာတုန်း"

"မေနင်းရေ...။ သွားကူလိုက်ပါကွယ်။ ခမျာ တစ်ယောက်တည်း အားငယ်နေပါ့မယ်"

"ကောင်လေးရယ်...မတတ်ရင်လည်းပြောပေါ့။ ကဲ...မေနင်း ညည်းပဲ သွားသင်ပေးလိုက်။ တို့ အခြားကွက်ကို ကူးလိုက်ဦးမယ်"

မေနင်းရောက်လာပြီး ကူစိုက်ပေးသည်။ မေနင်းစိုက်ပုံကို အတုယူ၍ လိုက်စိုက်သည်။ မေနင်းကလည်း စိတ်ရှည်လက်ရှည်ပြပေးသည်။ အများပြောသည်ကို မခံချင်စိတ်ဖြင့် ပြပေးသည့်အတိုင်း ကြိုးစားစိုက်ကြည့်သည်။ ဟုတ်သလိုတော့ရှိသား။ မမြန်လျှင်သာနေမည်။ စိုက်နည်းတော့ ကျလာသည်။ ဒါကလည်း ဘာခက်တာမှတ်လို့။ ကျင့်သွားလျှင် ဖြစ်ရမည်ပ။

စပါးရိတ်ချိန်မှာလည်း အခက်ကြုံရသေးသည်။ မကိုင်တတ်၊ ကိုင်တတ်ဖြင့် တံစဉ်ကိုကိုင်ထားသည်။ လက်တစ်ဖက်က စပါးအများကြီး ဆုပ်ကိုင်ထားသည်။ သူများလုပ်သလို တံစဉ်ကိုဆွဲပြီး ရိတ်ကြည့်သည်။ ဟန်ချက်မညီ။ ပြတ်သည့်အပင်က ပြတ်သည်။ ကျန်သည့်အပင်က ကျန်သည်။

မဖြစ်...မဖြစ်။ နည်းပြောင်းဦးမှ။ စပါးပင်နည်းနည်းစီကိုင်ပြီး ရိတ်ကြည့်သည်။ ဟုတ်လောက်ပြီထင်နေဆဲ အခြားသူတွေ ရှေ့က အများကြီးကျော်တက်သွားသည်။ နောက်မှာ သူတစ်ယောက်တည်း။ စပါးရိတ်သည်မှာ ကောက်စိုက်သည်နှင့်ပြောင်းပြန်။ ကောက်စိုက်သည်က နောက်ဆုတ်၍စိုက်ရသည်။ စပါးရိတ်သည်က ရှေ့တိုး၍ရိတ်ရသည်။ မောင်သန်းစိန်တစ်ယောက် ငန်းအပြတ် ကျန်ရစ်နေပြန်သည်။ ပြောကြပြန်ပြီ။ စကြပြန်ပြီ။

"အမေရေ...လာပြောတိုင်းလည်း ခေါင်းမညိတ်နဲ့နော်။ လုပ်ပုံကိုင်ပုံကို အရင်လေ့လာဦး"

"မေနင်းရေ...။ လုပ်ပါဦး ညည်းလူကို"

"မေနင်း...ကောင်မ...စပါးရိတ်တာပဲ သင်နော်"

"မေနှင်းက အသင်အပြကောင်း တော်ရေ့...။ ကောက်စိုက်စဉ်ကလည်း သူပဲသင်ပေးတာ။ ခု စပါးရိတ်တာလည်း သင်ပေးရဦးမယ်တဲ့"

"ရှုပ်ပါတယ်မေနှင်းရယ်...တစ်ခါတည်း အကုန်လုံး အပြတ်သာသင် ပေးလိုက်တော့"

တောသဘာဝလုပ်ငန်းခွင်မို့ ပျော်စရာတော့အကောင်းသား။ ပြောမနာ၊ ဆိုမနာတွေချည်း။

"ဟ...နင်တို့တုန်းကလည်း ဒီလိုပဲနေမှာပေါ့ဟ။ ငါ...တစ်ခါမှ မလုပ်ဖူးခဲ့တာ ဒါလောက်တော့ ရှိမှာပေါ့။ ငယ်ငယ်တည်းက နင်တို့လိုပဲလုပ်လာရင် ငါလည်း နင်တို့လိုပဲရှိမှာပေါ့။ နင်တို့က ငါ့ကို အထင်သေးဖို့ပဲ ကြည့်နေကြတယ်"

ဟုတ်တာဆို နာလိုခံခက်ပြီး ပြန်ပက်သည်။ အခြားသူတွေ ရှေ့လယ်ကွက်ကူးသွားစဉ်မှာ မေနှင်းက မောင်သန်းစိန်ဘက် ကူးလာသည်။

"စပါးပင်ကို ဒီလိုကိုင်။ တံစဉ်ကို ဒီလိုထား။ ဟန်ချက်က ဒီလိုယူ။ သတိလည်းထားဦး။ လက်ရှနေဦးမယ်"

သင်သူကသင်သည်။ နာယူသူကလည်း ကြိုးစားသည်။ ဘာခက်တာလိုက်လို့။ မမြန်သေးပေမယ့် ဟန်တော့ကျလာပြီ။ မကြာမီ ငန်းပြတ်၍ ရှေ့ကူးခဲ့သည်။

"ပြောပါပကော။ မေနှင်းက အသင်အပြကောင်းပါတယ်လို့"

"ဆရာ့ကျေးဇူးဆိုတာ ကြီးတယ်နော်"

"အဲဒီကျေးဇူးကို သူက တစ်သက်လုံးဆပ်သွားဖို့ စိတ်ကူးပြီးသားတော်ရေ့"

သရော်တော့လည်း သူတို့။ လှော်တော့လည်း သူတို့။ ပြောတော့လည်း သူတို့။ ပြောတော့လည်း ပြောချင်စရာ။ မောင်သန်းစိန်နှင့် မေနှင်းကား အိမ်နီးနားချင်း။ ဆရာမ မကျင်မြိုင်ကျောင်းမှာ နေစဉ်ကလည်း အတူတူ။ ခရေပင်ကြီးအောက်မှာ ခရေစေ့တောက်ကစားခဲ့သည်မှာလည်း တတွဲတွဲ။ ဆီဆုံမှာ အတူစီးခဲ့ကြစဉ်ကလည်း မခွဲခွာ။ အဲ...တစ်ပြည်တစ်ရွာသွားပြီး တစ်မြေစီခြားစဉ်မှာတော့ ဘဝချင်းကမတူလေသည်မို့ ခပ်စိမ်းစိမ်းလေးနေခဲ့ကြပေမယ့် ခုလိုပြန်လည်ဆုံတွေ့ကြရပြီဆိုတော့ ကဗျာတိုလေးတစ်ပုဒ်ကို သတိရမိသည်။

* ရင်မှာပျိုး၍
တင့်နီးဝေဆာ
ဖူးပွင့်လာသည်
ငုံအာဆင့်ဆင့်၊ လှမာန်ဝင့်။

* ရင်မှာနှိုး၍
 ပွင့်နိုးစေရာ
 ကျူးရင့်ပါသည်
 ငုံအာပူးပွင့်၊ မျှော်လင့်လင့်။

ကဗျာခေါင်းစဉ်က "မေတ္တာဟူသည်"တဲ့။

မဖြစ် မဖြစ်။ ခေါင်းစဉ်ပြောင်းလို့ မဖြစ်။ မိမိပြန်လာသည့်က သူ့ပဲ့ ခေါင်းစဉ်မဟုတ်။ ခံစားချက်တော့ ရှိချင်သည်။ အဆိုအမိန့်လေးတစ်ခု...

"နှလုံးသား၏စေစားချက်ကို ရှောင်ကြဉ်၍ ဦးနှောက်၏ဆုံးဖြတ်ချက်ကို ခံယူပါ။ အမေ့အားပေးခဲ့သော စကားတစ်ခွန်း..."

"အခြေအနေပြန်လည်တည့်မတ်လာရင် အမေနေစေချင်သလို သားနေပြပါ့မယ်"

"အဖေပြောဖူးသော စကားလေး..."

"နဖားကြိုးမရှိရင် ဖမ်းဖို့လည်းမလွယ်ဘူး။ ခိုင်းဖို့လည်း မလွယ်ဘူး။ နဖားကြိုးမရှိမှ လွတ်လပ်သည်"တဲ့။

ဝင်ချင်လာသောအတွေးစိတ်ရိုင်းကို အဝေးသို့ နှင်ပစ်လိုက်ပြီး အလုပ်ထဲမှာသာ စိတ်ကိုနှစ်ထားလိုက်သည်။ အလုပ်ကို လေ့လာသင်ယူရင်း၊ လုပ်ရင်းကိုင်ရင်းဖြင့် လယ်ယာလုပ်ငန်း ကျွမ်းကျင်လာသည်။ ဖခင်ကို လုပ်ငန်းမဝင်စေတော့ဘဲ ပြီးစီးအောင်တာဝန်ယူသည်။ ဖခင်ကြီးအား အနားယူစေသည်။ သို့သော် ဖခင်က အနားမယူချေ။ တောရိုင်းမြေကို ခုတ်ထွင်ရှင်းလင်း၍ လယ်ယာအဖြစ် ပို၍စိုက်ပျိုးနိုင်သဖြင့် နားနားနေနေ တောင်ယာခုတ်သည်။ ဝါးရုံထွင်သည်။ သစ်မြစ်၊ ဝါးမြစ်တူးသည်။ စုပုံ၍မီးရှို့သည်။ ရှို့သောမီးခိုးမှိုင်းတို့ဖြင့် ဝေလိှုင်ပြန့်လွင့်နေတတ်သည်။

မောင်သန်းစိန်သည် အခြေအနေအရ အလုပ်လုပ်နေရသော်လည်း စိတ်က မုဒ္ဒံကို ရောက်နေတတ်သည်။ စာပေသင်ကြားခဲ့သည်ကို သတိရနေတတ်သည်။ စာသင်ဘက်များကို လွမ်းဆွတ်နေတတ်သည်။ သတိတရအရှိဆုံးကား နောင်တော်သဖွယ် ခင်တွယ်ခဲ့ရသူ အစ်ကိုဆိုလည်းဟုတ်၊ ဆရာဆိုလည်းမမှား၊ မိတ်ဆွေရင်းချာဆိုလျှင်ကား ပို၍မှန်သည်။ အားလပ်ချိန်များမှာ အစ်ကိုဆရာနှင့် တပူးတွဲတွဲ စာပေဝါသနာတူချင်းဖြစ်သည်။ ကဗျာရေးဖော်ဖြစ်သည်။ အစ်ကို့ကဗျာလေးတွေ စာစောင်၊ မဂ္ဂဇင်းများမှာ ကြိုကြားကြိုကြားပါလာတတ်သည်။ ထိုကို ဝေဖန်ဆွေးနွေးကြသည်မှာ မိုးစင်စင်လင်းခဲ့သော ညများပင်ရှိခဲ့သည်။ ဤမျှ ခင်မင်ကြသည်မို့ မုဒ္ဒံအကြောင်း အတွေးထဲဝင်လာလျှင် အစ်ကို့အကြောင်းက ရှေ့ဦးပါလာတတ်သည်။

ထိုဆရာအစ်ကိုဆိုသူကား သူ့လိုပင် ကရင်အမျိုးသားတစ်ဦးမဟုတ်သော်လည်း နှစ်နှစ်ကာကာ၊ ရင်းရင်းနှီးနှီး၊ ခင်မင်ချစ်ကျွမ်းသည်။ ဘဝရေစက်ဟုပင် ဆိုရမည်သာ။

*တွေ့ကြ ဆုံကြ
တဒင်္ဂလျှင်
ခဏမိတ်ဆွေ
ဖြစ်ပါလေလည်း
ဇာရေတွေးဆ
မေ့မရသည်
ဘဝရေစက် ဆုံကြ၍...။

ခေတ်စားနေသောကဗျာလေးကို နှစ်ဦးသား မကြာမကြာဆိုမိကြသည်။ လူမျိုးချင်းမတူသော်လည်း လူမျိုးချင်းရင်းသည်ထက်ပင် ပိုသေးသည်။ စတင်ရင်းနှီးကတည်းက အစ်ကိုက ဆိုဖူးသည်။

"တို့နှစ်ဦးသားကြားမှာ လူမျိုးရေး စည်းခြားထားတာမျိုး၊ တံတိုင်းကာတာမျိုး မရှိဘူးနော်။ လူသားအချင်းချင်း ချစ်ခင်ရင်းနှီးမှုပဲ ရှိတယ်။ ဘာအကြောင်းကြောင့်နဲ့မှ လူမျိုးရေးသွေးခွဲတာမျိုး အလေးမထားကြေး"

အခြေအနေကပေးလာသဖြင့် ခွဲခွာခဲ့ရသော်လည်း စိတ်က အစ်ကို့ထံပါးမှာ ကျန်ရစ်နေသည့်နှယ် ခံစားရသည်။ သတိရကြောင်း စာတွေရေးကြသည်။ အားပေးစကားတွေဆိုကြသည်။ တစ်စောင်သောအစ်ကို့စာမှာ ကဗျာလေးတစ်ပုဒ် ပါခဲ့သည်။

အစ်ကိုနှင့် စတင်ဆုံဆည်းစဉ်က နွေကာလ။ ခွဲခွာရတော့ မိုးကာလ။ မမျှော်လင့်သောအခြေအနေကြောင့် မတတ်သာ၍ ခွဲခွာခဲ့သည်ကို ရေးစပ်ထားသော ကဗျာလေး။ အစ်ကို့ကိုသတိရလေတိုင်း ဖတ်မိရသည်။ ဖတ်ပါများတော့ အလွတ်ပါရသွားသည်။

*ရော်ရွက်ဝါကြွေ၊ စိတ်တောလေမှာ
တွေ့ဆုံလာပြီး၊ ဘုံစရီးမှ
ထန်းသီးမိုးပေါက်၊ တစ်ဖန်ရောက်တော့
လွင့်ပျောက်ထံပါး၊ ရေမြေခြားသည့်
နောင်ဖျားခင်တွယ်၊ ချစ်ညီငယ်ကို
ဘယ်ဝယ်မြောက်တော်၊ မွေယောင်ရှာမိ
ရသတိဖြင့်၊ မချိရင်မှာ
မရှင်သာမို့၊ ဝဲညို့သည်းမွေ

ကလေအုချာ၊ ကဲဆင့်လာသည်
ကိုယ့်မှာ ဘယ်ရွှေ့ တွေ့ရသော်။
* ပျော်လျက်ဌာနေ၊ မွေးရပ်မြေတည့်
ညီဆွေအားငယ်၊ ပူပန်ဖွယ်ကို
ကိုယ့်ဝယ်ကြုံလာ၊ ကဲ့ပမာသို့
ရင်မှာပူ့မျှ၊ ခံစားရလျက်
ပြင်းပြလွန်းစွာ၊ စာနာပါသည်
ကြို့ရှာဆယ်ကွေ့ ဝေ့မျှသော်။

* * * * * * * *

မှတ်ချက်။ ။ ဆရာတော်သည် မှတ်ဉာဏ်ကောင်းသူဖြစ်သည်။ ငယ်စဉ် (၁၇) နှစ်သားအရွယ်က ရထားဖူးသော ကဗျာလေးကို မမေ့သေး။ ပြန်လည်ရွတ်ဆိုပြသဖြင့် အမှတ်တရထည့်ရေးလိုက်သည်။

* * * * * * * *

မိဘနှစ်ပါးကို လုပ်ကျွေးမည်ဟု ရည်ရွယ်ခဲ့သည့်အတိုင်း အလုပ်ကို အားကြိုးမာန်တက် ဖိဖိစီးစီးလုပ်သည်။ အခြေအနေများ ပြန်လည်တည့်မတ်တည်ငြိမ်လာသည်။ တည်ငြိမ်လာသည်နှင့်အမျှ ပို၍တိုးတက်လာစေရန် ကြိုးစားသည်။ ဆောင်းရောက်လျှင် ဘာလုပ်မည်၊ နွေပေါက်လျှင် ဘာစီစဉ်လိုက်မည်ဟု စိတ်ကူးလျာထားရုံရှိသေး။ ပြေးမလွတ်သော ဝဋ်ကြွေးကြမ္မာက ဖန်လာပြန်သည်။ အလုပ်ကို ဖြောင့်ဖြောင့်လုပ်မရတော့။ ပွင့်လင်းရာသီရောက်လေတိုင်း ကြုံတွေ့ရမြဲတာဝန်ကြီးတစ်ရပ်ကို ထမ်းဆောင်ရသည်။

မောင်သန်းစိန်တို့အရပ်ဒေသသည် သောင်းကျန်းသူများအုပ်စိုးသော နယ်မြေဖြစ်ပါသည်။ ၎င်းတို့ကိုတိုက်ရန် ပွင့်လင်းရာသီတွင် အစိုးရတပ်မတော်က ထိုးစစ်ဆင်လေ့ရှိသည်။ ထိုးစစ်ဆင်ရာသို့ တောလက်ကျေးရွာများမှ ရွာသားများသည် အထမ်းသမားပေါ်တာအဖြစ် လိုက်ပါကြရသည်။ မောင်သန်းစိန်လည်း ဘာမို့နည်း။ သူလည်း အလှည့်ကျလိုက်ရသည်။ သူ့အလှည့်လည်း သူလိုက်သည်။ ညီငယ်အလှည့်ကျပြန်လျှင်လည်း သူကပဲလိုက်သည်။

* * * * * * * *

မောင်သန်းစိန်သည် အစိုးရစစ်ကြောင်းများမှာ ပေါ်တာသမားအဖြစ်

လိုက်ရသကဲ့သို့ တောတွင်းစစ်မှုကိုလည်း ထမ်းရွက်ခဲ့ရသည်။ အရွယ်ရောက် သူယောကျာ်းလေးတိုင်း တောတွင်းစစ်မှုကို မထမ်းမနေရ။ မည်သူမျှ ငြင်းဆန် ခွင့်မရှိ။ သတ်မှတ်ကာလအတိုင်းအတာတစ်ခုထိ ကျေပွန်စေရသည်။

သင်္ကန်းဝတ်ဖြင့်ဆိုလျှင်ကား ကင်းလွတ်ခွင့်ရှိသည်။ တစ်ခါတစ်ရံမှာ လိုအပ်လွန်းလျှင် သင်္ကန်းကိုချွတ်စေသည်။ များသောအားဖြင့် သင်္ကန်းဝတ်ဆို ကင်းလွတ်ခွင့်ပြုသည်။

မောင်သန်းစိန်သည် တောတွင်းစစ်မှုကို (၆)လတာထမ်းဆောင်ခဲ့ရ သည်။ ကာကွယ်ရေးတပ်သားအဖြစ်လည်းကောင်း၊ ဟိုစခန်း ဒီစခန်း ဆက်သွယ် ပေးရသော ဆက်သားအဖြစ်လည်းကောင်း၊ အမှုထမ်းရသည်။ နီးရာစားကို ကြောက်ကြရသည်မို့ စေလိုရာစေ၊ နေလိုရာနေခဲ့ရသည်။ မဆီမဆိုင် ကဗျာ လေးတစ်ပုဒ်ကို သတိရလိုက်သေးသည်။

*မချစ်သော်လည်း အောင့်ကာနမ်း
နမ်းပြန်သော်မှ ပင့်သက်မရှူ
ရှူပါသော်လည်း မဝ့်ရဲ
ဝ့်ရဲသော်မှ တိတ်တခိုး...ဟူ၍။

သည်အကြောင်းအရာအတွက် ရေးဖွဲ့ထားသည်တော့ မဟုတ်တန် ရာ။ သို့သော် ပမာထား၍ တင်စားပြောလိုခြင်းဖြစ်သည်။ သတိရမိခြင်းဖြစ် သည်။ အဖြစ်ကိုက သည်အဖြစ်မျိုး။

စခန်းတစ်ခုမှတစ်ခုသို့ သွားရာတွင် တစ်တောင်ကျော်ဆင်း၊ တစ်တော နင်းပြီး၊ လျှိုတွင်းကိုဖြတ်၊ မြောင်စပ်ကိုကျော်၊ တစ်မော်ငုပ်လျှိုး၊ တစ်ချုံတွေ တိုးခဲ့ပြီး တိုးခဲ့ရသောချုံတွေ များလာသောအခါ ဟိုနား ဒီနား၊ ဟိုမှာ ဒီမှာ၊ ဘုရားဟောင်း၊ ဘုရားပျက်၊ ဘုရားငုတ်တိုများကို တွေ့တွေ့လာရသည်။ လူသူ မနီးသည့် တောကြီးမျက်မည်းအလယ်တွင် ဘယ်ခေတ်ဘယ်အခါကတည်းက တည်ထားခဲ့သည်မသိ။ ချုံနွယ်ပိတ်ပေါင်းများအကြား ဆင်းရဲငြိုငြင်စွာဖြင့် သီတင်းသုံးနေရသော စေတီပျက်များကို မြင်ရပါများလာသောအခါ ပြန်လည်ပြု ပြင်လိုစိတ်တွေ တဖွားဖွားများလာခဲ့သည်။

အခြေအနေက မပေးသေး။ ပေးသည့်တိုင် ပြုပြင်နိုင်သည့်စွမ်းအင် မရှိသေး။ တစ်ချိန်မှာတော့ ဖြစ်နိုင်ကောင်း၏၊ ပြုပြင်နိုင်ကောင်း၏ဟု မရေမရာ တွေးမိသည်။

တောတွင်းစစ်ကို (၆)လတာထမ်းဆောင်ပြီးနောက် တောင်ယာလုပ် ငန်းကို ပြန်လည်လုပ်ကိုင်သည်။ ဇခင်နှင့်အတူ မြေသစ်ထွင်သည်။ ယာသစ် ခုတ်သည်။ အသင့်စိုက်ပျိုးနိုင်သောမြေများအဖြစ် ကေ(၃၀)မျှရှိလာသည်။

သည်မျှဆိုလျှင် မိဘများတစ်သက် အလုပ်သမားများကို စေခိုင်း၍ စားသောက်နိုင်ပြီ။ ညီငယ်ဖြစ်သူမောင်မောင်ကြည်လည်း အရွယ်ရောက်ပြီ။ လုပ်ငန်းကိုင်ငန်း ကျွမ်းကျင်နေပြီ။ သည်လောက်ဆိုလျှင် သင့်ပေပြီဟု တွေးနေဆဲ မိဘနှစ်ပါးက မောင်သန်းစိန်အား ရဟန်းဝတ်ဖို့ဆိုလာသည်။ အသက် (၂၀) ပြည့်ခဲ့ပြီကိုး။

မိဘများက ရဟန်းဒကာ၊ ရဟန်းအစ်မအဖြစ် ခံယူလိုသည်ဟု ပြောလာသည်တွင်...

စဉ်းစားရလေပြီ။

မမြင်ရသော ကြိုးမျှင်လေးတစ်ချောင်းက ရစ်ပတ်တုတ်ဆွဲခြင်း ခံနေရသည့်နှယ်။

အသက်အရွယ်က စကားပြောသည်မို့ စိတ်ကစားမိခဲ့သည်။ ဆရာဇော်ဂျီလေသံအရဆို "သူလည်းလေလောကီသားမို့"ဟုပင် ဆိုရပါမည်။ ရင်မှာသိမ်းဆည်းခဲ့ရသော ဝေဒနာကို ဖွင့်အံပြောလိုစိတ် အကြိမ်များစွာ ပေါ်ပေါက်ခဲ့ဖူးသည်။ တစ်ဖက်သူကလည်း သိမ်းဆွတ်လို့အဆင့်မှာ တိမ်းညွတ်ဖို့အသင့်ရှိနေပြီ။

* တံချူကမ်း၍ ယူလှမ်းရုံရယ်သာ
သို့သော် မလှမ်းရက်၊ မယူရက်
မလှမ်းဖြစ်၊ မချူဖြစ်ခဲ့။

စကားတစ်ခွန်းကို လွယ်လွယ်မပြော။ ကတိတစ်လုံးကို လွယ်လွယ်မပေးတတ်။ ဆိုခဲစေ မြဲစေ။ သဘောက သူ့ရဲ့ပင်ကိုယ်စိတ်ဓာတ်။ သူကလေးထက်အလျင် မိခင်ကြီးအား ကတိပေးခဲ့ပြီးဖြစ်သည်။ သည်ကတိစကားနှင့် အသည်းစကားကြား ဗျာများရလေပြီ။ အများတတွေက ဆိုကြသည်။

* မမလေးကို ချစ်လိုက်ပါတဲ့အာရုံ၊
ရွှေမြင့်မိုရ်တစ်တောင်လုံး၊ တုံးမှတ်လို့ခုန်...တဲ့။

မြင့်မိုရ်တောင်မင်းသဖွယ် ကျေးဇူးကြီးမားသော မိဘများကိုကျော်လွှား၍ မမလေးကိုချစ်ရပါသတဲ့။ ပြောကြသည်။ ဆိုကြသည်။ မိမိမှာ သူတို့လို မပြောနိုင်။ ဒီကိစ္စမှာ သတ္တိမရှိသူဟုပင် ဆိုစေတော့။ မြင့်မိုရ်တောင်ကိုတော့ မကျော်ချင်။ ပေးပြီးကတိကို မဖျက်ချင်။ သို့ဆိုပြန်လျှင်လည်း "စိမ်းကားရက်စက်သူ"ဟု ဆိုလာမည်လား။ မတတ်နိုင်။ ပြောလိုက ပြောကြပါစေတော့။ "စိမ်းကားမှ ဘုရားဖြစ်မည်"ဟူသော ဆိုထုံးကို နှလုံးမူရတော့မည်သာ။

တစ်ခုတော့ရှိသည်။

* သံစုံဝဲကျင်း၊ ကိုယ့်ရင်တွင်းမှ
သံငြင်းတီးတိုး၊ စောင်းကြိုးခတ်သံ

ဆူဆူညံလည်း၊ ဖွင့်အံမရက်
ပြောမထွက်...
ရက်စက်သူဟု ဆိုစေဦး။
*ထိုထိုအရေး၊ ကြောင်းစုံတွေး၍
ပူဆွေးနှမ်းဟိုက်၊ ပန်းလိုက်ဖိုမော
ရင်ဝယ်စောလည်း၊ စိတ်ဇောဝန်လျက်
ဆိုရန်ခက်...
စိမ်းရက်သူဟု ဆိုစေဦး။
*ပင်စိမ်းပင်ပျို၊ အောက်တစ်ခိုမှ
စိမ်းညိုကမ္ဗလာ၊ ခြုံလေပါသော
သွေ့ခွာရက်သူ၊ စိမ်းရက်သူဟု
ဘွဲ့တူမည်ထူး ခတ်စေဦး။
*ဩော်...
တစ်ကွေ့တစ်ကမ္ဘာ၊ ကြုံသောခါမှ
မေတ္တာစောင်းကြိုး၊ တီးခတ်နှိုးသည့်
တီးတိုးအသံ၊ ဖွင့်ဟအံမည်
သက်နံမေနှင်း ခွင့်လွှတ်ဦး။

ဤကဗျာလေးကို မေနှင်းထံပို့ခဲ့သည်။ ယတိပြတ် ဆုံးဖြတ်ခဲ့ပြီးမို့ မိဘနှစ်ပါး၏ အလိုဆန္ဒအတိုင်း ပေးထားသောကတိအရ မောင်သန်းစိန်သည် ၁၃၃၀ ခုနှစ်၊ ကဆုန်လဆန်း (၈) ရက်၊ အင်္ဂါနေ့နံနက် (၈း၀၀) နာရီအချိန်တွင် ကော့ကရိက်ကျောင်း၊ ခဏ္ဍသိမ်၌ ရဟန်းအဖြစ်သို့ရောက်လေသည်။

ဝါးကော်ကျေးကျောင်းဆရာတော် ဆရာတော်ဦးကဝိန္ဒအား ဥပဇ္ဈာယ် ပြု၍ ဦးသုဇနဟု ဖြစ်လာသည်။ ရွာမှာ (၇) ရက်နေပြီး မိဘနှစ်ပါးနှင့် ဆွေးနွေးသည်။

“ဒကာကြီး၊ ဒကာမကြီးတို့...သာမဏေဘဝ လူဝတ်လဲစဉ်က ပြောထားတဲ့ကတိစကားအတိုင်း သင်္ကန်းပြန်ဝတ်ပြီးပြီ။ ဒကာမကြီးမြင်ချင်တဲ့ ရဟန်းအသွင်ကိုလည်း မြင်ရပြီ။ ရှေ့ဆက် ဘာလုပ်ရမလဲ”

“ဦးဇင်းက ဘာလုပ်ချင်ပါသလဲဘုရား”

“ဒကာကြီးတို့ဆန္ဒကို အရင်ပြောပါ”

“တပည့်တော်တို့က မိမိရင်မှဖြစ်သောသားကို ရဟန်းပဋ္ဌင်းအဖြစ် မြင့်တင်ပေးပြီးဖြစ်တဲ့အတွက် ရဟန်းဒကာ၊ ရဟန်းအစ်မ ဖြစ်ခဲ့ပါပြီ။ တပည့်တော်တို့ ကျေနပ်ကြပါပြီ။ ဦးဇင်းရဲ့ဆန္ဒအတိုင်း ထွက်လိုကထွက်၊ နေလိုကနေပါဘုရား”

"မထွက်ဘူးဆိုရင်ကော"

"အတိုင်းထက်အလွန်ပါဘုရား။ တပည့်တော်တို့လောက် ဝမ်းသာမည့်သူ ရှိမယ်မထင်တော့ပါဘုရား"

"ဦးဇင်း မုဒုံကိုပြန်သွားမယ်။ စာဆက်သင်မယ်။ ဘယ်လိုသဘောရသလဲ"

"ပိုကောင်းပါတယ်ဘုရား။ ဒီမှာဆို စိတ်က လည်ချင်လည်နေဦးမှာ"

မိဘများက ငယ်ရာကကြီးလာသူတွေမို့ လူငယ်ချင်းအဖြစ်ကို ရိပ်မိသိရှိပြီးဖြစ်သည်။ ဒီအသက်ဒီအရွယ်သည် ငယ်သည်မဟုတ်ကြတော့။ လွတ်လပ်စွာဆုံးဖြတ်ခွင့် ပေးထားသည်။ သည်တွင်မှာ သားဖြစ်သူက သည်လိုပြောလာသောအခါ ဝမ်းသာလွန်းရသည်။

မောင်သန်းစိန်အနေဖြင့် ကျူပင်ခုတ်ပြီမို့ ကျူငုတ်မကျန်ရအောင် အမြစ်ပါ တူးနုတ်လိုက်သည့်အဖြစ်ကို တစ်ယောက်သောသူသာ သိရှိခဲ့ပါလျှင်...

* * * * * * * *

မိဘနှစ်ပါး၏ခွင့်ပြုချက်ဖြင့် မုဒုံမြို့ ဂျုံးဂျုံးကျတောရကျောင်း ပရိယတ္တိစာသင်တိုက်သို့ ဒုတိယအကြိမ်ရောက်လာသည်။သည်တစ်ခါတော့ အနှောက်အခဲမရှိ လက်ခံသည်။ တိုက်တာစည်းမျဉ်းကို ချိုးဖောက်သူမဟုတ်လျှင် မည်သည့်အချိန်လာလာ လက်ခံစမြဲ။ ထွက်ခဲ့စဉ်က မိဘအရေးကိုငဲ့၍ ထွက်ခဲ့ရခြင်းသာဖြစ်သည်မို့ ထွေထွေထူးထူး စောကြောမနေတော့ဘဲ နေခွင့်ပြုလိုက်သည်။

စာသင်ဘက်မိတ်ဆွေအချို့ အကြောင်းကြောင်းကြောင့် ပြောင်းရွှေ့သွားသည်။ ကျန်သည့်သူက ကျန်သည်။ ကျန်သူထဲတွင် ခရာဆိုသူ အစ်ကိုလည်း ပါသည်။ ပြန်လည်တွေ့ဆုံကြရဝယ် ဝမ်းသာမှုတွေဖြစ်ကြရသည်။

"ပြန်လာသေးတယ်နော်။ မလာတော့ဘူး ထင်နေတာ"

"ဘာဖြစ်လို့ မလာရမှာလဲ။ စာကို ဘယ်အချိန်သင်သင် ရတယ်ဆို။ တပည့်တော်က ဦးကျည်ပွေ့လောက် အသက်မကြီးသေးပါဘူး"

"ပြောတာက အဓိပ္ပာယ်တစ်မျိုးနဲ့ပါ။ ဟိုလိုဒီလိုများ ဖြစ်ပလာဘားလို့"

"ဟိုလိုဒီလိုဖြစ်ဖို့ ထွက်တာမှမဟုတ်ဘဲ။ မိဘအရေးကြောင့် ဆိုတာ အသိသားနဲ့"

"သာဓုဗျာ...သာဓု...သာဓု"

ထိုရောက်စနှစ်တွင် ပထမလတ်တန်းကို ဝင်ရောက်ဖြေဆိုခြင်းမပြု။ ထွက်ခဲ့စဉ်က ပထမငယ်တန်းကို အောင်မြင်ခဲ့သည်ဆိုပြား (၄)နှစ်တာကာလ

ကြိုးချားတောင် စာတွေပစ်ထားခဲ့ရသည်။ ယောင်၍သော်မှ မကိုင်ခဲ့မိ။ "စာဆို ေ‌သာစာ"ကလည်း သစ္စာအရှိသား။ တစာစာအော်နေမှ မိမိနှုတ်မှာ သစ္စာရှိရှိ နေသည်။ ပစ်ထားလိုက်ပြီဆိုမှဖြင့် စာကလည်း ချင်းစိမ်းနှင့်မိသလင်။ သူစိမ်း ပြင်ပြင်ဖြစ်တော့သည်။

စာများကို ပြန်လည်နွှေးသည့်အနေဖြင့် ကျက်မှတ်ရသည်။ ပထမလတ် ဘန်းစာကိုတော့ လိုက်တက်ထားသည်။ စာမေးပွဲကိုတော့ ဝင်မဖြေခဲ့။ ဘီလူး ကျွန်း၊ ရေ‌ချာင်းဆုံမြို့က ကျင်းပသော အမျိုးသားစာမေးပွဲဖြစ်သည့် "ပရိယတ္တိ ဟိတကာရီ"စာမေးပွဲ ပထမအဆင့်ကိုသာ ဝင်ရောက်ဖြေဆိုအောင်မြင်သည်။ ၁၃၃၂ ခုနှစ်၊ နယုန်လဆန်း (၇) ရက်နေ့တွင် ကြေးနန်းစာရောက်လာသည်။

"ဖခင်ကြီးဆုံး။ အမြန်လာ"ဟူ၍။

ဦးသုစန မျက်လုံး ပြာခနဲဖြစ်သွားသည်။ ဘာဖြစ်လို့လဲ။ ဘယ်တုန်း ကလဲ။ ဘယ်လိုဆုံးတာလဲ။ အခုကော ရှိသေးသလား။ အသုဘကော ချပြီး နေသလား စသည်ဖြင့် မေးခွန်းပေါင်းများစွာ မေးမိသည်။ အမေးသာရှိသည်။ အဖြေက ထွက်မလာ။

ကြေးနန်းစာရွက်ကလေးကိုင်၍ တိုက်အုပ်ဆရာတော်ထံ သွားသည်။ ကြေးနန်းစာပြ၍ ပြန်ခွင့်တောင်းသည်။ မိဘဆရာသမားအရေးဆိုလျှင် ခွင့်ပြု မြဲဖြစ်သည်မို့ အသာတကြည် ပြန်ခွင့်ရသည်။ နောက်တစ်နေ့ပြန်ခဲ့သည်။ ရွာ ဆိပ်သို့ ရောက်သည်ဆိုလျှင်ပင် ဖခင်အသုဘ ပို့ဆောင်ခဲ့ပြီးဖြစ်ကြောင်း သိရ သည်။

"ဩော်...ဖခင်ကို နောက်ဆုံးမြင်ခြင်းဖြင့်သော်မှ ကြည့်ခွင့်မရှိတော့ပါ လား"

ထွေပြားသောအတွေးစ၊ ညှိုးလျှသောသွင်ပြင်ဟန်၊ ပူပန်သောအနေအထား ဖြင့် အိမ်ပေါ်လှမ်းတက်လိုက်သည်။ ဦးသုစနအား မြင်လိုက်ရသည်ဆိုလျှင်ပင် ဒေါ်မယ်သင်သည် အောင့်အည်းထားသမျှ အန်ထွက်လာသည်။

"အမလေး...သား မောင်ပဥ္စင်းရဲ့။ အဖြစ်က ဆိုးလှချည်လား။ ကို ဖိုးသုန်ရေ...ထကြည့်ပါဦးတော့လား။ ဒီမှာ ရှင့်သား ရဟန်းတော်ကြီး ရောက်နေ ပြီမလေ ကိုဖိုးသုန်ရဲ့...။ ဟိုတစ်ခါတုန်းက အဖေပင်ပန်းတာကို မကြည့်ရက်လို့ ကားသိမတ်အနေနဲ့ ရောက်ခဲ့တယ်။ အခုလည်း သားရဲ့အဖေကို ကယ်ပေးပါဦး လား မောင်ပဥ္စင်းရဲ့။ ပြောပါဦး။ ဘာစကားမှ မပြောတော့ဘူးလား။ မပြောတတ် တော့ဘူးလား"

ငိုချင်ရက် လက်တို့ ဖြစ်လာသည်။ နဂိုကမှ စိတ်မခိုင်ချင်လှသည့်အထဲ ဆိုသံ ငိုသံကြားရသဖြင့် ရင်ထဲ စာင်းကျပ်စွာ ခံစားလိုက်ရသည်။ လည်ချောင်း

မှာ တစ်ခုခု နင်နေသည့်အလား ဆို့တစ်နေသည်။ အာတွေခြောက်လာသည်။

"ငါဟာ သားကြီး၊ ပြီးတော့ ရဟန်း။ ငါ ငိုလို့မဖြစ်။ မငို.. မငို.. မငို.. ငါမငို" ဟု ကြိုပြီးမောင်းတင်ထားခဲ့သည်။ တင်ခဲ့သောမောင်းသည် ဘယ်အချိန်က ပြုတ်ထွက်သည်မသိ။ သတိထားမိစဉ်မှာတော့ မျက်ရည်များ ပြည့်လျှံနေပြီ။ မျက်ခမ်းကန်ဘောင်မှ လျှံမကျအောင် ထိန်းထားရသည်။ အရာ အားလုံးကို ပီပြင်စွာကြည့်မမြင်တော့။ ဝေဝါးနေလေပြီ။ အံကိုတင်းတင်းကြိတ် ထားရသည်မှာ "ကျရိ... ကျရိ" မြည်နေသည်။ အံကို တင်းတင်းကြိတ်ထားရ သဖြင့် နဂိုက လေးထောင့်မျက်နှာသည် မေးရိုးကြီးများထောင်ကား၍ လေးထောင့် စပ်စပ်ကြီးဖြစ်သွားသည်။ ဆို့နစ်နေသောရင်ဖြင့် စကားပြောနိုင်ရန် အားယူကြည့် ၏။ အသံကား ထွက်မလာ။ အသံအစား မျက်ရည်များသာ ထွက်ချင်လာသည်။ ဆည် ထိန်းထားရသော မျက်ခမ်းကန်ဘောင်ရိုး ကျိုးသွားသည်ထင့်။ ပူနွေးသော မျက်ရည်တစ်စက် ပါးပြင်ပေါ်သို့ လိမ့်ကျဆင်းလာပါမှ သတိပြုမိသည်။

"ဟင်... ငါ မျက်ရည်ကျနေမိပါပေါ့လား.."

ရုတ်ချည်းသတိဖြင့် ထိန်းချုပ်လိုက်သည်။ တစ်ဖက်သို့လှည့်ပြီး အပေါ်ရုံကေသီသကန်းဖြင့် တို့သုတ်လိုက်ရသည်။ ရဟန်းဟူသည်မှာ သောက ပရိဒေဝ စသော မီးတွေကို အလောင်မခံရအောင် အတတ်နိုင်ဆုံး ကျင့်ကြံနေ တတ်ရသူတွေဖြစ်သည်။ မျက်ရည်ကျလို့ ဘယ်သို့မှအမြင်တော်မည်မထင်။ အများတကာများရှေ့ အထူးသဖြင့် ပရိဒေဝမီးတောက်လောင်နေသော မိခင်ကြီး ရှေ့၊ ဆွေမျိုးသားချင်းများရှေ့မှာ သားရဟန်းကိုယ်တိုင်က မျက်ရည်ကျပြလို့ ဖြစ်နိုင်ပါ့မလား။

'မရဲသော်လည်း ပြေးခဲစေ' ဆိုသကဲ့သို့ ရင်တွင်းမှာ မချိ။ တရိရိ နံကြွေဖြေပါသော်လည်း ပြေနိုင်ခဲပေမယ့် ဟန်ဆောင်တင်းထားရသည်။ သားယောကျ်ားဟူသော မာန်၊ ရဟန်းဟူသော အသွင်ကို ငဲ့၍ သတိဖြင့် ထိန်းထား သည်။ တည်ငြိမ်သည့်ဟန် အများအမြင်မှာ ထင်းကနဲမနေသော်လည်း ဗလောင်ပူဆွေး၊ ငိုကြွေးနေသည့်အဖြစ်ကို မည်သူမှမမြင်၊ အပြင်အေးလို့ အတွင်း ပူတယ်၊ ငရဲသူနိုင်းစို့တစ္ဆ ဖြစ်နေသည်ကို မိမိသာအသိဆုံး။

ရီဝေသော မျက်လုံးအစုံဖြင့် ငေးကြည့်လိုက်သည်။ မျက်ရည်စို့ရွှဲနေသော မိခင်၊ စို့မျက်ရည်ဝိုင်းနေသော ကျန်ရစ်သူမိသားစုများ မည်သို့မည်ပုံ ဖြစ်ပျက် ခဲ့ရသည်ကို တစ်ယောက်တစ်ခွန်းပြောပြကြသည်။ အစီအစဉ်တော့ မကျလှ။ သို့သော် ဘာကြောင့်ဟူ၍တော့ သိရသည်။ နောက်တော့မှ ဖြစ်ပျက်ပုံကို အေးအေးဆေးဆေးမေးတော့မည်ဟု စိတ်ကူးလိုက်သည်။ ယခုအချိန်အထိ စကားတစ်လုံးမျှထွက်မလာနိုင်သေး။ ပြောမည်ကြိုးစားလိုက်တိုင်း ရင်ထဲမှာ

တင်းကျပ်နေသည်။ ဆို့နစ်နေသည်။ လည်ချောင်းမှာ တစ်ဆို့နေသည်။ အာခေါင်တွေ ခြောက်ကပ်နေသည်။

ရင့်ကျက်သူမဟုတ်သေးလင့်ကစား သတိလက်လွတ်တော့ မဖြစ်သေး။ ဘုရားရှင်ဟောတော်မူခဲ့သော မရဏတရားကို နလုံးပိုက်ထားခဲ့သူဖြစ်သည်မို့ ခံသာသည်။ သူများအား တရားမဟောမီ မိမိကိုယ်ကို တရားချနေမိသည်။

"ဦးသုဓန... စဉ်းစား..၊ သတိလက်လွတ်တော့ မဖြစ်စေနဲ့။ ဇာတိကစလာရင် မရဏမှာဆုံးရမယ်။ လောကတံထွာ ဓမ္မတာရှိတယ်မဟုတ်လော.. ဘုရား ပစ္စေကဗုဒ္ဓါတို့သော်မှ မလွန်ဆန်နိုင်တဲ့ ဒီသေခြင်းကို သင့်ဖခင်လည်း မကျော်လွှနိုင်။ သင်လည်း ကျော်လွှားနိုင်မည်မဟုတ်။ သတ္တဝါတိုင်း တစ်နေ့မှာ သေခြင်းနှင့် ရင်ဆိုင်ရမှာချည်း"

(၁) ဘယ်နေ့ ဘယ်အချိန်မှာ သေမည်မသိ။

(၂) ဘယ်နေရာမှာသေမည်မသိ။

(၃) ဘယ်လိုသေမည် မသိ။

(၄) သေပြီးနောက် မည်သည့်ဘုံဘဝရောက်မည် မသိ။

သေခြင်းနှင့်ပတ်သက်၍ သတ္တဝါတိုင်း ဤလေးချက်ကို မသိနိုင်ကြ။ ယခုလည်း ဖခင်ကြီးသည် သေမည့်ရက်၊ အချိန် တိတိကျကျမသိရဘဲ သေခဲ့ရသည်။ အလားတူ လူတိုင်း သည်လိုချည်း မရဏတရားနဲ့ရင်ဆိုင်ရမှာဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး အနေးအမြန်သာ ကွာသည်။ သေရမှာ ဧကန် 'အဓုဝံမေ ဇီဝိတံ၊ ဓုဝံ မေ မရဏံ' ပါတကား။

ဤသို့ မရဏတဲရားသဘောကို စောကြောမိပြီးကာမှ နေသာသွားသည်။ မိခင် နှင့် မိသားစုများကို တရားသဘောဖြင့် ဝေဖန်သုံးသပ်၍ တရားချသည်။ ဖြေနိုင်ခဲသေးသော်လည်း ပြေသလိုလိုရှိလာသည်။

"ကဲ... ဖြစ်ပျက်ပုံကလေးကို စုံစုံလင်လင်ပြောပြပါလား"

"ဒီလို... ဦးဇင်းရဲ့..." အစချီကာ ပြောပြလေသည်။

* * * * * * * *

၁၃၃၂ ခုနှစ်၊ နယုန်လဆုတ် (၃)ရက်။

'နယုန်မိုးသေး မြက်သားမွေး' ဟူသည့်အတိုင်း မိုးမသောက်မီကပင် မိုးပြေးကလေးက ရွာလိုက်၊ ရပ်လိုက် ဖြစ်နေသည်။ ဦးဖိုးသုန်သည် အရဏ်တက်ချိန်တွင် အိပ်ရာမှထပြီး ဘုရားဝတ်ပြုသည်။ အဆာပြေ ထမင်းကြမ်းစားပြီး ယာထဲသွားရန်စောသေးသဖြင့် သမီးငယ်အိမ်ဘက်လှည့်ခဲ့သည်။

သားမက်နှင့်သမီးငယ် လုပ်ပုံကိုင်ပုံကို အချိုးမကျသဖြင့် ထောက်ပြ၊ ဆိုပြ၊ လမ်းညွှန်ပြသည်။ တစ်ပါတည်း သမီးကြီးအိမ်သို့ ဆက်ပြန်သည်။ အလုပ်နှင့် ပတ်သက်၍ ပြစ်တင်ကာတချို့၊ လမ်းညွှန်ကာတစ်ဖုံဖြင့် ပြောကြားကာ အိပ်နေသော မြေးအငယ်ကောင်ပုခက်ကို လွှဲပေးနေသည်။ ထိုအတွင်း မိမိလုပ်ဆောင်ခဲ့ပြီးသော လုပ်ငန်းကို ပြန်တွေးနေသည်။

ရွာ၏အရှေ့မြောက်ဘက် ထီးမင်္ဂလာတောင်ကုန်းခြေရင်း အင်းချောင်း၏ ဤမှာဘက်ကမ်းမှာ မိမိယာခင်းရှိသည်။ ဧက (၃၀)နီးပါးရှိသည်။ သမီးကြီး၊ သမီးငယ်တို့ကို ရသင့်သောအတိုင်း ဝေခြမ်းခွဲထားပြီးဖြစ်သည်။ အိုစာမင်းစာအဖြစ် ချန်ထားသောမြေကွက်မှာ ကြဲစိုက်သည်။ အလုပ်အများကြီးလုပ်ခဲ့သည်ဖြစ်သဖြင့် ဤမျှသော မြေကွက်ငယ်ကလေးမှာလုပ်ရသည်ကို အားမရဖြစ်လာသည်။

မလောက်ငှ၍တော့မဟုတ်။ အလုပ်နှင့်လက် ပြတ်လေ့မရှိသဖြင့် မနေတတ်သောကြောင့်ဖြစ်သည်။ ပိုလာတော့လည်း ပိုသမျှကို လှူဒါန်းရသည်။ သည်စိတ်ကူးဖြင့် မြေရိုင်းကိုထွင်သည်။ မြေသစ်ကိုပြင်သည်။ တောင်ယာကို ခုတ်သည်။ မလှမ်းမကမ်းရှိနေသော သိုက်ဝါးရုံများကို အမြစ်အုံမှ တူးထုတ်သည်။ ဝါးရုံအတော်များများထွက်ခဲ့ပြီ။ ယာခင်းထိပ်ဖက် အင်းစောင်းမှာ တစ်ရုံသာချန်ထားသည်။ ထိုတစ်ရုံကို ကျွဲ၊ နွားများ အရိပ်ခိုနားနေရန် ထားခဲ့သည်။ ယခု ထိုချန်ထားသော ဝါးရုံကိုလည်း အခြေအနေအရ တူးမှဖြစ်မည်မို့ တူးခဲ့သည်မှာ (၆)ရက်ကြာခဲ့သည်။ ဦးဖိုးသုန်သည် အသက် (၆၃)နှစ်ရှိပြီဖြစ်၍ ငယ်စဉ်ကလို အမောမခံနိုင်တော့။ လူငှားမောင်ကာကားနှင့်အတူ တူးခဲ့သည်။

နေ့လယ်နေ့ခင်းတိုင် ရွာထဲက ကလေးများရောက်လာလေ့ရှိသည်။ ကလေးများက သူတစ်လက် ငါတစ်လက်ဖြင့် တူးကြယက်ကြသည်။ ပဲလှော်နှင့် ကြံသကာ၊ မြေပဲနှင့်ကြံသကာ စသည်ဖြင့် အဆာပြေ ကျွေးမွေးတတ်သည်။ မမောနိုင်၊ မပန်းနိုင် တူးကြသည်မှာ ယနေ့ဆို မြစ်တစ်အုံလုံး ကြွလုနီးနေပြီ။ ဝါးရုံကို ဘေးပတ်လည်မှ တူးချထားသည်မှာ သပိတ်ထဲ ဝါးပင်စိုက်ထားသည်နှင့်တူနေတော့သည်။ ဒီနေ့ အောက်ခြေက မြေစာနည်းနည်းနှိုက်လိုက်လျှင် ညကတည်းက မိုးပြေးကလေးရွာထားဆိုတော့ မြေကြီးတွေလည်း နှိုက်ရခက်မည်မထင်။ ဘာပဲဖြစ်ဖြစ် သည်တစ်နံနက်စာ နှိုက်လိုက်လျှင် ပြီးစီးမည်ထင်သည်။

သည်တစ်ရုံတူးပြီးလျှင် ထယ်ခွဲ၍ ကြဲစိုက်မည်။ နှစ်တိုင်း သည်လသည်အချိန်ဆို ထွန်ယက်နေလောက်ပြီ။

အတွေးမဆုံးသေး၊ လူငှား မောင်ကာကားလာခေါ်သည်။ အတွေးစ

ပြတ်သွားသည်။ မိုးပြေးကလေး ဘယ်အချိန်တိတ်သွားသည်မသိ။ ယာခင်းဘက်သို့ ကာကားနှင့်အတူ ထွက်လာခဲ့သည်။ တစ်မနက်ခင်းလုံး တူးတစ်လှည့်၊ နားတစ်လှည့်ဖြင့် တူးကြသည်။ ဝါးရုံကျခါနီးပြီမို့ အန္တရာယ်ဖြစ်မည်စိုးသဖြင့် ကလေးများကို ပေးမလာတော့။ ထမင်းစားချိန်အရောက်မှာ အောက်ခြေတစ်ဖက်ခြမ်း အနည်းငယ်သာကျန်တော့သည်။ သည်နေ့ မည်သည့်နည်းနှင့်မဆို ပြီးမည်သာ။ စိတ်ကို ဒုံးဒုံးချ၍ ထမင်းစားပြန်ခဲ့သည်။

ထမင်းစားပြီး တစ်ရေးတစ်မောနားနေအိပ်စက်သည်။ မိုးက ဟုတ္တိပတ္တိမရွာသေးသဖြင့် အိုက်စပ်ပူလောင်လှသည်။ တစ်အောင့်တစ်နားလောက်လုပ်လျှင် ပြီးစီးတော့မည်မို့ နေစောင်းကာမှဆင်းမည်ဟု ကာကားကိုပြောထားခဲ့သည်။

ညနေ (၃)နာရီလောက်မှာ ကာကားရောက်လာပြီး အလုပ်ခွင်ဝင်ခဲ့သည်။ မိုးက ညို့နေသည်။ ဝန်းကျင်တစ်ခုလုံး အုံ့မှိုင်းရီဝေနေသည်။ မိုးဦးလေဦးမို့ လေပြေလေရူးက မြူးထူးဆော့ကစားနေသည်။ မြစ်ကျန်အနည်းငယ်မျှသာရှိတော့သော တူးလက်စဝါးရုံသည် လေအဆော့တွင် နော့၍ နော့၍ လှုပ်ရှားနေသည်။ လေအတိမ်းတွင် ယိမ်း၍ ယိမ်း၍ ယိုင်ထိုးနေသည်။ လဲ၍ကား မလာသေး။ မြစ်ကျန်နည်းနည်းလေးကို ဖြတ်လိုက်နိုင်လျှင် လဲမည်ဟု ခန့်မှန်းရသည်။ လေက ဝေ့ဝိုက်၍ တိုက်နေသဖြင့် မိမိဘက်သို့ လဲကျမလာစေရန် ချိန်ဆဖို့ ဒေါက်ထောက်ထားပေးမှဖြစ်မည်။

"ကာကားရေ ဒေါက်ထောက်ဖို့ သွားခုတ်ကွာ။ ခပ်ကြီးကြီး ခပ်တောင့်တောင့် ဖြစ်ပါစေဟေ့... လေးငါးချောင်းလောက် ခုတ်လာခဲ့..."

"ဟုတ်ကဲ့... ဘကြီး..."

ထီးမင်္ဂလာတောင်ကုန်းခြေရင်း အင်းချောင်းစပ်သို့ ကာကားထွက်သွားသည်။ သစ်ကြီးဝါးကြီးဟူ၍ ထိုနားတစ်ဝိုက်သာကျန်သည်။ အခြားနေရာများမှာ တောင်ယာခုတ်ခဲ့ပြီးဖြစ်သည်။

ကာကားထွက်သွားလျှင် ဦးဘိုးသုန်သည် အခြေအနေကို လှည့်ပတ်သုံးသပ်ကြည့်သည်။ တူးခဲ့ပြီးသော အတွေ့အကြုံကို ပြန်စဉ်းစားသည်။ သည်လိုစဉ်းစဉ်းစားစားလုပ်ခဲ့သဖြင့်လည်း ဝါးရုံတောများများ ပြီးစီးခဲ့ပြီ။ အန္တရာယ်တစ်စုံတစ်ရာမရှိခဲ့။ အခြား ဝါးရုံများထက်စာလျှင် ဤဝါးရုံသည် အတော်အတန်ကြီးမားသည်။ သတိထားမှဖြစ်မည်။ ပေါ့၍မဖြစ်။

ကျင်းထဲမဆင်းမီ ကျင်းအနေအထားကို လှည့်ပတ်ကြည့်သည်။ သပိတ်ခွက်သဖွယ် တည်ရှိနေပြီဖြစ်သော မြေကျင်းအလယ်တည့်တည့်မှာ ဘည့်စိုက်သည့်နှယ်ဖြစ်နေသော ဝါးရုံကြီး ပြိုလုပြိုခင်၊ လဲလုလဲခင် ဖြစ်နေသည်။

မြစ်ကျွန်အချို့ကို မနက်ကနိုက်ယူထားပြီးဖြစ်သည်။ လေအဟေ့မှာ အသည်းယား စဖွယ်ကောင်းလောက်အောင် လှုပ်ရှားနေသည်။ တည်းတည်းလေးသာကျန် တော့သည်။ လဲ၍ကားမလာသေး။

မိုးသက်လေနှင့်အတူ မိုးပွားကလေးများ ကျလာသည်။ လေ၏ ဦးတည်ရာကား မမှန်။ တိုက်ချင်သည့်ဘက် တိုက်လာသည်။ ဝါးရုံသည် လေတိုးရာဘက်သို့ ယိမ်းလိုက်နေသည်။ သည်ပုံအတိုင်းဆို မိမိလိုရာဘက်သို့ လဲလာစေရန် ခက်ခဲမှန်း သတိပြုမိသည်။ ဦးဘိုးသုန် သတိမထားမိသည်ကား လေတိုးရာဘက်သို့ လှည့်ပတ်ယိမ်းယိုင်နေခြင်းဖြင့် ဝါးရုံကို နှံ့လှုပ်နေသည့်အဖြစ် တည်း။ ယခင် အတွေ့အကြုံအရ သည်အဖြစ်မျိုးမရှိခဲ့။ လဲစေချင်သောဘက်မှ မြစ်ကျွန်နှင့် အောက်မြေသားကို နိုက်ထားပြီးဖြစ်သည်။ လဲချင်းလဲလျှင် နိုက် ထားရာဘက်သို့သာ လဲရမည် တွက်ထားသည်။ သည်အတိုင်းလည်း ဖြစ်ခဲ့ သည်ချည်း။

ယခုလည်း သည်အတိုင်းပင်ဖြစ်ရစေမည်။ မနိုက်ရသေးသော အမြစ်ကျွန်များကို ဆင်းတူးလျှင်....

"ပြောဖြစ်လား... မတော်လို့ သည်ဘက်လဲလာရင်ကော..." အတွေးဖြင့် ဒေါက်ထောက်ရန်လိုသည်ဟု စိတ်ကူးပြီး ကာကားကို ဒေါက်သွားခုတ်စေသည်။ ကာကားရောက်မလာသေး။ လေက အနည်းငယ် ပြင်းလာသည်။

"မဖြစ်သေးပါဘူးလေ... ကာကားလာတာနဲ့ အလုပ်စနိုင်အောင် ဒေါက် ထောက်ဖို့ နေရာပြင်ထားမှ..."

စိတ်ကူးဖြင့် မြေကျင်းထဲဆင်းလိုက်သည်။ ကျင်းမှာ ရင်စို့ခန့်အနက် ရှိသည်။ မြစ်ကျွန်မနိုက်ရသေးသည့်ဘက်မှဆင်းပြီး ဝါးရုံဘက်သို့ မျက်နှာမူ ကာ မလွတ်မလပ်ဖြစ်နေသော ဝါးကိုင်းကလေးကိုကိုင်ပြီး ချိုးမည်အပြု..

လေပြင်းတစ်ချက် ဆောင့်ထိုးတိုက်လိုက်သည်တွင် 'ဝုန်း' ကနဲ ဟူသော အသံနှင့်အတူ ဝါးရုံကြီးသည် ဦးဘိုးသုန်ဘက်သို့ ပိကျလာသည်။ ယောင်ယမ်း ပြီး ဝါးရုံကြီးကို တွန်းဖယ်ပစ်ဖို့ ကြိုးစားပါသေးသည်။ အဘယ်မှာ တတ်နိုင် ပါအံ့နည်း။ ကျောဘက်မှ ကျင်းနှုတ်ခမ်းခံနေသည်။ ရှေ့ရင်ဘတ်မှ ဝါးရုံကြီး ပိကျလာသည်တွင်...

ဒေါက်ခုတ်နေသော ကာကားသည် ငါးချောင်းမြောက် နောက်ဆုံး ဒေါက်ကို ခုတ်မည်အပြု 'ဝုန်း' ကနဲ အသံကြားရသဖြင့် လှည့်ကြည့်ရာ ဝါးရုံ ကြီး လဲကျနေသည်ကို မြင်မိလိုက်သည်။ ဘာကိုမှ ယူဖို့သတိမရတော့ဘဲ တအားစွတ်ပြေးလာခဲ့သည်။ အပြေးအလွှားလာရင်းမှ ဦးဘိုးသုန်ကို မျက်လုံး ကစားရှာဖွေမိသည်။ ပါးစပ်မှလည်း...

"ဘကြီး... ဘကြီး... ဘကြီး..." ဟု အဆက်မပြတ် အော်ခေါ်သည်။ ထူးသံကို မကြားရ။ ဦးဘိုးသုန်၏ အရိပ်အယောင်ကိုမျှ မတွေ့ရ။ စိုးရိမ်ကြီးစွာဖြင့် လမ်းမယူတော့ဘဲ ယာခင်းထဲမှ သုတ်ခြေတင်ပြေးသည်။ အနားရောက်လာသည့်၊ ဘကြီးဦးဘိုးသုန်ကိုမတွေ့ရ။ လှည့်ပတ်ရှာသည်။ လောကြီးနေ၍ ရုတ်တရက် မတွေ့မိသေး။ နောက်တစ်ပတ်လှည့်မိကာမှ ဝါးခက်ဝါးရွက်များ အကြား ဝါးရုံပိနေသဖြင့် မရှုမလှုခံစားနေရသည့် ဘကြီးဦးဘိုးသုန်မျက်နှာကို မြင်လိုက်ရသည်။ ကာကားသည် ကယောင်ကတမ်းဖြင့် ဝါးရုံကို တွန်းဖယ်၏။ ပါးစပ်မှလည်း "ဘကြီး...ဘကြီး" ဟု ခေါ်သည်။ ချက်ချင်း ဆူညံသွားကာ တစ်ရွာလုံး လူကုန်ပြေးထွက်လာကြသည်။ ကမ္ဘာပျက်သည့်အလား ဝရုန်းသုန်းကားဖြင့် ပြေးရင်းလွှားရင်း ငိုယိုသံများအော်ဟစ်ပြောဆိုသံများဖြင့် စီစီညံနေသည်။

လူအင်အားဖြင့် ဝါးရုံကြီးကို တွန်းဖယ်လိုက်ကြသည်။ ဝါးရုံမှလွတ်သွားသည်နှင့် ဦးဘိုးသုန်ခန္ဓာကိုယ်သည် မြေကျင်းထဲသို့ ပျော့ခွေကျသွားသည်။

ကံဟုပင်ဆိုရမည်လားမပြောတတ်။ ဦးဘိုးသုန် ကျင်းထဲဆင်းပြီးသည်နှင့် ဘာမှမကြာလိုက် ဝါးရုံလဲပြိုခဲ့သည်။ တစ်မိနစ်ပင် ရှိမည်မထင်။ သည်တစ်မိနစ်လေးအတွင်း မဆင်းဖြစ်သေးလျှင် ယခုကဲ့သို့ဖြစ်ရန် အလားအလာမရှိ။ ဖန်လာပုံက ဆန်းသည် ပြိုချင်းပြို၊ လဲချင်းလဲ မြစ်ကျန် မြေကြီးနှိုက်ထားသည့်ဘက်သို့လဲရမည်။ ထိုဘက်မှဆင်းမိလျှင် မတော်လို့ ပိမိမှာစိုးသဖြင့် မြေကြီးမနှိုက်ထားသည့်ဘက်မှ ဆင်းခဲ့သည်။ ဦးဘိုးသုန်အဆင်းကိုပင် စောင့်နေသည့်အလား ကျင်းထဲရောက်သည်နှင့် ခဏအတွင်းမှာပင် မထင်မှတ်ထားသောဘက်သို့ လေအရိုက်မှာ 'ဒိုက်' ကနဲ ဝါးရုံကြီး လဲပြိုကျခဲ့ခြင်းဖြစ်သည်။ တမင်ဖန်တီး၍ ချိန်ကိုက်ထားသည့်နှယ်...။

ဝါးရုံကြီးတစ်ရုံလုံး ရင်ဘတ်ပေါ်ဖိထားသည်။ ကျောဘက်မှာလည်း ကျင်းနှုတ်ခမ်းက ခံထားသည်ဆိုမှဖြင့် မျှော်လင့်ဖွယ် အဘယ်မှာရှိပါတော့မည်နည်း။ သက်သာရာတစ်ခုပဲ တွေးပြီးဖြေရသည်။ ဤမျှကြီးမားသော ဝါးရုံကြီး အဖိခံထားရသော်လည်း ရုပ်ပျက်ဆင်းပျက် ဘာမျှမဖြစ်။ မျက်စိမှိတ်လျက်သား။ လက်နှစ်ဘက်ဖြင့် ဝါးရုံကိုတွန်းလျက်သား။ ရင်ဘတ်နေရာမှာ သွေးစလေးအနည်းငယ်သာတွေ့ရသည်။ ဒဏ်ရာကို ရှာဖွေကြည့်သည်။ ကျိုးကျေသွားသည်ဟူ၍ ကြီးကြီးမားမားမတွေ့ရ။ တွေ့ရသည်မှာ အင်္ကျီအိတ်ထဲမှ သွေးစွန်းနေသော စာလေးတစ်စောင်သာ...။

ဒကာကြီး...

သား မောင်ပဥ္စင်း စာရေးလိုက်တယ်။

ဒကာကြီးလိုချင်တဲ့ ကြံကြိတ်ကို ရွာတစ်ရွာမှာတွေ့ထားခဲ့တယ်။
ရောင်းပေးမယ်လို့လည်းပြောတယ်။ ယူဖြစ်ရင် အကြောင်းပြန်ပါ။

သား မောင်ပဠင်း..ဦးသုဇန
ဂျုံးဂျုံးကျတောရတိုက်
မုဒုံမြို့။

* * * * * * * *

အဖြစ်အပျက်ကို ကြားရသည်မှာ ရင်နင့်စရာပါ။ သားဖြစ်သူကို မည်မျှ သတိတရရှိလှကြောင်း သေရာပါသည့်စာလေးက သက်သေပြနေသည်။ ဦးသုဇနရင်ထဲ မချိအောင်ဖြစ်သွားသည်။ သို့သော် ဖြေပါသည်။ ဖြေပါသော်လည်း ပြေနိုင်ခဲပေမယ့် ကြိုးစား၍တော့ ဖြေရုံမှတစ်ပါး အခြားမရှိချေ။ ကိစ္စဝိစ္စများ လုပ်ဆောင်ပြီးစီးသောနေ့မှာ မိခင်ကြီးနှင့် စကားဆိုသည်။

"ဒကာမကြီးနဲ့ မောင်မောင်ကြည်နှစ်ယောက်သာ အိမ်မှာရှိတော့တယ် မဟုတ်လား။ မောင်မောင်ကြည်လည်း အရွယ်ရောက်နေပြီ။ သူက အလုပ်ကို ဦးဆောင်လုပ်ပါစေ။ ဦးဇင်းအတွက်တော့ ဘာမှထည့်မတွက်လေနဲ့..."

"တော်ကြာ... ဒကာမကြီးတစ်ယောက်တည်း စိတ်မချလို့ဆိုပြီး ဟိုတစ်ခါကလို မလုပ်လာနဲ့ဦး..."

"ဒါတော့ စိတ်ချ ဒကာမကြီး..။ ဟိုတုန်းကအခြေအနေကတစ်မျိုးပါ။ ခုဟာက မောင်မောင်ကြည်လည်း အားကိုးရနေပြီပဲဟာ။ ပြီးတော့ ဦးဇင်း စဉ်းစားတယ်.."

"ဒီတစ်ခါ လူဝတ်လဲရင် ဒီဘက်ကို ပြန်လည်နိုင်တော့မှာမဟုတ်ဘူး။ လူ့လောကရောက်ရင် လူ့သဘာဝအလျောက် ဖြစ်ရတော့မယ်။ နဖားကြိုးထိုးခံရတော့မယ်။ ငယ်ငယ်တုန်းက အဖေပြောဖူးတယ်။ 'နဖားကြိုးမရှိမှ လွတ်လပ်တယ်'တဲ့။ အဖေမရှိတဲ့နောက် အဖေ့စကားကို လိုက်နာတဲ့အနေနဲ့၊ အလေးထားတဲ့အနေနဲ့ တစ်သက်လုံး ဒီလိုပဲနေထိုင်သွားတော့မယ်.."

"ဝမ်းသာရပါတယ် ဘုရား.."

"ဒကာမကြီးလည်း ခုနေ နည်းနည်းပါးပါး လုပ်ကိုင်နိုင်သေးတယ်။ မောင်မောင်ကြည်နဲ့အတူ လုပ်စားဦးပေါ့။ ဦးဇင်းတော့ စာဆက်သင်လိုက်ဦးမယ်။ တစ်နေ့ကျမှ ရဟန်းဘဝနဲ့ မိဘကိုလုပ်ကျွေးတော့မယ်"

"ရပါတယ်ဘုရား... တပည့်တော်မတို့အတွက် ဘာမှ ပူပူပင်ပင် ထည့်တွက်မနေနဲ့။ သင်မယ့်စာကိုသာ ဖြောင့်ဖြောင့်တန်းတန်းသင်ပါ ဘုရား"

မုဒုံသို့ ပြန်လာခဲ့သည်။ ဖြစ်ကြောင်းအစုံကို ဆရာအစ်ကိုအား ပြော

ပြသည်။ အစ်ကိုက 'မီးခိုးမှိုင်းတို့ စဲလေပြီ' မှတ်တမ်းဝတ္ထုတိုတစ်ပုဒ်နှင့် 'ဘဝင်လုပ်ခုန် လနယုန်' ကဗျာလေးတစ်ပုဒ် ရေးဖွဲ့ပေးခဲ့သည်။ ဖခင်ကြီးအား သတိတရရှိလေတိုင်း ဖတ်ပါများသဖြင့် ကဗျာလေးကို အလွတ်ပင်ရခဲ့ပြီ။

* နယုန်မိုးပြေး မြက်သားမွေးသည့်
ရှေးအတိက၊ သမယက
ကြီးစွာဘိခေါင်၊ တောင်မြင့်မိုရ်ဦး
မကကျူးသည့်၊ ကျေးရူးထွန့်တင်
မွေးဖခင်ကို၊ ဖွဲ့အင်ကြီးမား
စွမ်းပကားဖြင့်၊ မေ့သားရုန်းကွဲ့
ရုန်းလိုက်ကွဲ့ဟု၊ ဆိုတဲ့အော်ငေါက် ·
နှင်တဲ့မြောက်ငျက်၊ နှားပေါက်ညိုလွှင်
အတူယှဉ်၍..
လုပ်ခွင်ဝင်ဆဲ... သား မြင်မြဲ။

** ဩော်...
သည်နှစ်ကြဲလာ၊ ကြမ္မာဆိုးလှ
ဆိုးပေစွတည့်၊ ကာလခါကြဲ
ရောက်ခဲ့တုံ၍၊ နယုန်မိုးပြေး
မြက်သားမွေးလည်း၊ မွေးဖ ပီတာ
သားသည်းချာကို၊ လယ်ယာလုပ်ခွင်
သားမြင်မို့၊ တဝင်လှိုက်ဆူ
သောကပူမိ၊ ပြေမချိခဲ့
ခွေရိုဟိုက်နွမ်း၊ ညှိုးလျပန်းသည်
အလွမ်းမျက်ရည်... စွေတကား။

*မှတ်ချက်။ ။ ၎င်းကဗျာကို ဆရာတော်က လွမ်းမောဆွတ်ပျံ့ တသသဖြင့် မကြာမကြာ ပြန်လည်ရွတ်ဆိုလေ့ရှိသည်။ အမှတ်ထင်ထင်ရှိစိမ့်သောငှာ ဤသို့ မှတ်တမ်းတင်ပါသည်။ 'မီးခိုးမှိုင်းတို့ စဲလေပြီ' မှတ်တမ်းဝတ္ထုကား နှစ်များ ကြာသဖြင့် ပျောက်ဆုံးခဲ့ပြီးဖြစ်သည်။*

*ကဗျာကိုမူ နှုတ်ဝယ်ရွရွ ရွတ်ဆိုဆဲ။*

စာရေးသူ

* * * * * * * *

# ဘဝတစ်ဆစ်ချိုးဖို့ဖန်သည်

ဖခင်ကြီးဆုံးပါးခဲ့ပါပြီ။

တွေးနေ၊ ဆွေးနေ၊ လွမ်းနေလို့လည်း သွားလေသူက ပြန်လာမည် မဟုတ်။ ဓမ္မပဒပါ ဇာတ်လမ်းတစ်ပုဒ်ကို သင်ခန်းစာယူ၍ ဖြေဆည်ယူသည်။

သားဖြစ်သူသေသွားသည်ကို ကြေကွဲနေသော သူဌေးကြီးတစ်ဦးသည် နေ့စဉ် သုသာန်သို့သွား၍ ပူဆွေးငိုကြွေးနေသည်။ ၎င်းကိုချွတ်ရန် နတ်အဖြစ်သို့ရောက်ပြီးသော သားဖြစ်သူက လူယောင်ဖန်ဆင်း၍ မနီးမဝေးတွင် အလားတူ ငိုကြွေးနေသည်။ သူဌေးကြီးကမေးသည်။

"ဘာ့ကြောင့်ငိုပါသနည်း"

"နေ လ နှစ်ပါးကို လိုချင်၍ငိုသည်"

"အသင်ရူးနေသလား။ ဘယ်လိုမှ ရနိုင်ဖို့နည်းလမ်းမရှိသော နေ၊ လ နှစ်ပါးကို ရယူလိုခြင်းသည် ရူးသောသူတို့အလုပ်သာဖြစ်သည်-"

"အို.. သူဌေးကြီး.. နေ၊ လ နှစ်ပါးသည် လောက မျက်မြင်ထင်ရှား မရှိပါလော"

"လောကမျက်မြင် ထင်ရှားရှိပါ၏။ ယူ၍သော်ကား မရနိုင်သောအရာ ကို ရယူလိုခြင်းသည် သူရူးတို့အလုပ်သာဖြစ်သည်"

"ကောင်းပြီ.. သူဌေးမင်း.. ရှိသောအရာကို တောင့်တသူနှင့် မရှိသော အရာကို တောင့်တသူ နှစ်ဦးတွင် အဘယ်သူက ပို၍ရူးသူမည်ပါသနည်း"

"မရှိသောအရာကိုတောင့်တသူက ပို၍ရူးပါသည်"

"သို့ဆိုပါလျှင်.. မျက်မြင်ထင်ရှားရှိနေသော နေ၊ လ နှစ်ပါးအား လိုချင်

သူ အကျွန်ုပ်ကို ရှုးသည်ဟုဆိုပါက မျက်မြင်အားဖြင့် ထင်ရှားမရှိတော့သော သားဖြစ်သူအား တမ်းတပူဆွေးနေသူ သူဌေးကြီးက ပို၍ရှုးသူဟု မဆိုထိုက်ပါလော.."

သူဌေးကြီး အမြင်မှန်ရသွားသည်။

အလားတူပင် သွားလေသူဖခင်ကြီးအား လွမ်းတပူဆွေးနေသဖြင့် ဘာမှ ဖြစ်လာမည်မဟုတ်။ လုပ်စရာရှိက လုပ်ရမည်။ မိခင်ကြီးအားလည်း ကတိပေးခဲ့ပြီ။ 'နဖားကြိုးထိုးမခံရအောင်နေပြမည်' ဟု။ သို့ဆိုလျှင် စာတတ်ဖို့လိုမည်။ ဘဝပေးအသိဖြင့် စာပေပရိယတ်ကို ကြိုးပမ်းအားထုတ်သည်။ ကြိုးစားသည်နှင့် အမျှ အကျိုးတရား ခံစားရသည်။

'ပရိယတ္တိ ဟိတကာရီ' အမျိုးသားစာမေးပွဲ ဒုတိယအဆင့်ကို အောင်မြင်သည်။ ပထမပြန်စာမေးပွဲ၊ ပထမလတ်တန်းကိုလည်း အောင်မြင်ခဲ့သည်။

နောက်နှစ်တွင် ပထမကြီးတန်းကို မဖြေဆိုသေး။ ပထမကြီးတန်းမှာ ကျမ်းစာတွေက တိုးလာသည်။ ခက်လည်းခက်သည်။ ကြက်ကန်းဆန်အိုးတိုးမိ၍ အောင်သည်ထက်စာလျှင် စာတတ်၍ ထိုက်ထိုက်တန်တန် အောင်သည်က ပိုကောင်းသည်။ ဒီနှစ် စာဆက်မဖြေသေး ပထမကြီးတန်းစာဝါကိုတော့ လိုက်တက်သည်။ လေ့လာကျက်မှတ်သည်။ စာသင်သားလောကတွင် ပထမကြီးတန်းသည် တောင်ကြီးတစ်တောင်ဖြစ်သည်။ တော်ရုံဉာဏ်၊ ဝီရိယဖြင့် ကျော်နိုင်ရန် မလွယ်ကူ။ နှစ်ချင်းအောင်သူရှိသော်လည်း ရှားသည်။ မိမိအလှည့်မှာ တစ်နှစ်တည်းနှင့် ပြီးစေရမည်၊ အောင်စေရမည်ဟု ရည်မှန်းထားသည်။

ပထမကြီးတန်းစာဝါများကို လေ့လာကျက်မှတ်သည့်နည်းတူ 'ပရိယတ္တိ ဟိတကာရီ' တတိယအဆင့်ကိုပါ ဖြေနိုင်အောင် ကြိုးစားသည်။ သမာဓိ တည်တည်ဖြင့် ဆည်းပူးသင်ကြား ကျက်မှတ်သည်။

သမာဓိတည်ရန် 'ဇွဲ' ရှိဖို့လိုသည်။ ဇွဲရှိရန် ဆန္ဒပြင်းပြရသည်။ လိုချင်မှု ဆန္ဒပြင်းပြလာသောအခါ ကြိုးစားအားထုတ်မှု၊ လုံ့လဝီရိယဖြစ်ပေါ်စေသည်။ ထိုဇွဲမျိုးပင်ဘုရားဟောသော ဝီရိယာဓိပတိဖြစ်သည်။ ထိုဝီရိယာဓိပတိဖြင့် အားထုတ်လုပ်ကိုင်ပါလျှင် အလုပ်မှာ စူးစိုက်မှု သမာဓိဖြစ်ပေါ်လာသည်။ စူးစိုက်မှု သမာဓိရှိပါမှ အရာရာအောင်မြင်သည်။

ဤကား အဓိပတိ(၄)ပါး၊ ဣဒ္ဓိပါဒ်(၄)ပါးကို သင်စဉ်က ဦးသုခနေ မိမိနားလည်သလို မှတ်ယူထားခြင်းဖြစ်သည်။ တွေးထားသည့်အတိုင်း လိုက်နာသည်။ ယနေ့ရရန် ဆုံးဖြတ်ထားသော စာကို မရမချင်းတစ်ထိုင်တည်းဖြင့် ကျက်မှတ်သည်။ တင်ပလ္လင်ခွေထိုင်ကြသဖြင့် အောက်ပိုင်း ထုံကျဉ်စပြုလာသည်။ ထုံစမ်းပါစေ... ကျဉ်စမ်းပါစေ၊ စာမရလျှင် မထတတ်။ ဤသို့သော

ခွဲမျိုးနှင့် ခတ်ထားသည်။ ထို့ကြောင့်လည်း စာမေးပွဲများကို ဝင်ရောက်ဖြေဆို ရာမှာ အကျအရှုံးမရှိ အောင်မြင်သည်။

ဦးသုဇနမှာ အများနှင့်မတူသော အကျင့်တစ်ခုရှိသေးသည်။ တရား ရှုမှတ်ခြင်းဖြစ်သည်။ ဂျုံးဂျုံးကျတောရကျောင်းတိုက်သည် လက်ရှိမှာ ပရိယတ္တိ စာသင်တိုက်ဖြစ်သည်။ မူလတည်ထောင်စဉ်ကမူ ပဋိပတ္တိဌာနဖြစ်သည်။ ထို ပဋိပတ္တိဖြင့်ပင် မူလဆရာတော်ဘုရားကြီး ဝိပဿနာအလုပ်စခန်းအောင်မြင်ခဲ့ သည်။

ဤနေရာသည် ဘူမိနက်သန် အောင်မြေဖြစ်သည်။ ထိုကို အားကျ သဖြင့် စာဝါနားလေ့ရှိသော ဥပုသ်ရက်များတွင် ပဋိပတ္တိကို ကြိုးစားပြီး ကျင့် လေ့ရှိသည်။

ဂျုံးဂျုံးကျစမ်း၏ တစ်ဘက်ကမ်းမှာ မူလဆရာတော်ဘုရားကြီး ရှိစဉ် ကပင် တည်ထားခဲ့သော တစ်ဝဂ္ဂသဏ္ဌာန် ပုထိုးတော်ကြီးရှိသည်။ ထိုတစ်ဝ ဂ္ဂထဲမှာပင် မူလ ဆရာတော်ဘုရားကြီး တရားအားထုတ်လေ့ရှိသည်။ တစ်ဝဂ္ဂ တံခါးကို ပိတ်ထားလျှင် ပြင်ပလောကနှင့် လုံးဝ အဆက်ပြတ်သွားသည်။ မနီးမဝေးမှ တဝုန်းဝုန်းကျဆင်းနေသော စမ်းရေသံကိုပင် မကြားရ။ လုံးဝ တိတ်ဆိတ်နေသည်။ တရားရှုမှတ်၍ အလွန်ကောင်းသည်။

မူလ ဆရာတော်ဘုရားကြီးက ဒါကြောင့် ဒီနေရာမှာ တရားအားထုတ် ခဲ့တာကိုး။ ဤအရိပ်အာဝါသမှာ နေလာသော ငါသည်လည်း ဆရာတော်ကြီး၏ မှုကို အတတ်နိုင်ဆုံး လိုက်နာသင့်သည်။

ဤအတွေးဖြင့် တစ်ဝဂ္ဂတွင်းမှာ တရားရှုမှတ်မှုကို စာဝါနားသော ဥပုသ်ရက်တိုင်းတွင် လေ့ကျင့်ပြုလုပ်သည်။ ဆရာတော်ကြီး တရားအားထုတ် စဉ်က မည်သို့ရှိမည် မသိသော်လည်း ဦးသုဇန ရှုမှတ်စဉ်တွင် ဆင်းတုတော် ရှေ့မှာ သင်ဖျာငယ်တစ်ချပ်သာ ရှိသည်။ သင်းပိုင်ဟောင်းတစ်ထည်ကို လေး ခေါက်ခေါက်၍ အခင်းပြုလုပ်ရသည်။ အောက်ခံသမံတလင်းက အေးစိမ့်သည်။ အအေးဓာတ်က သင်ဖျာမှတစ်ဆင့် သင်္ကန်းခေါက်ကို ဖြတ်သန်းကာ တင်ပလ္လင် ခွေထိုင်သော ခြေထောက်များဆီ ရောက်လာသည်။

ဘယ်ခြေပေါ် ညာခြေတင်ဖိ၍သာ ထိုင်လေ့ရှိသည်။ အအေးဓာတ်က ဘယ်ခြေကို ညှဉ်းဆဲစပြုလာသည်။ အပေါ်မှ ညာခြေဖိထားသဖြင့်လည်း သွေးလေ အသွားအလာဆိုင်းကာ ထုံကျဉ်လာသည်။ 'ဖွဲ' ဟူသောအရာကို နားလည်ထားသူမို့ ဤမျှသော ဝေဒယိတ ဒုက္ခကလေးကို မှုလောက်သည် သဘောမထားဘဲ တရားထဲမှာသာ စိတ်ကိုနှစ်ထားသည်။ တရားထဲ စိတ်ဝင်စား နေသမျှတော့ ထုံကျဉ်တာတွေကို မေ့နေသည်။ မေ့လည်း မေ့ထားနိုင်ခဲ့သည်။

စူးစိုက်မှုသမာဓိက တဖြည်းဖြည်းရင့်ကျက်လာစပြုလာသည်။ ရင့်ကျက်လာသည်နှင့်အမျှ ထုံကျဉ်မှုကို အရေးမစိုက်ဖြစ်ခဲ့။ ထိုအရေးမစိုက်မိခဲ့ခြင်းကပင် ဦးသုဓနအား ဘဝ၏တစ်ဆစ်ချိုးသို့ ချိုးကွေ့ရန် တွန်းပို့ခဲ့ပြန်သည်။

တစ်ဖက်မှ ပရိယတ္တိ စာပေကိုလည်း မလစ်ဟင်းစေခဲ့။ လာမည့်နှစ်တွင် ပထမကြီးတန်းကို နှစ်ချင်းအောင်မြင်စေရန် ရည်သန်ရင်းကရှိသည်။ တရားအားထုတ်ရာမှာလည်း တစ်ပတ်မှတစ်ရက်၊ ရသောရက်မှာ ရသမျှအချိန်ကလေးကို အရအမိ ယူထားသည်။ ဂန္ထဓုရ၊ ဝိပဿနာဓုရဟူသော ဓုရ (၂)ပါးဖြင့် သာသနာ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လိုသည်။ ထမ်းဆောင်နိုင်ရန်လည်း ကြိုးစားနေသည်။ ကြိုးစားမှုကို ထုံနာကျဉ်နာက အဟန့်အတားပြုနေသည်။

ဘယ်ခြေ ထုံထုံကျဉ်ကျဉ်ဖြစ်စက ထိုင်ရာမှထပြီး မကြာမီမှာ သွေးလေပြန်လျှောက်ပြီး ပကတိအတိုင်း ပြန်ဖြစ်လာသည်။ ကြာလာသည်နှင့်အမျှ ဆိတ်၍မနာ၊ ထိုး၍မနာ ဖြစ်လာသည်။ ရောဂါအနအရင့်ကို သိချင်သဖြင့် ချိတ်များ၊ အပ်များဖြင့် ထိုးကြည့်သည်။ ထိုးမှန်း၊ ထိမှန်းတော့သိသည်။ နာတော့မနာတော့ချေ။ သင်တုန်းဓားဖြင့် မွှန်းကြည့်သည်။ ဟက်တက်အရာပေးပြီး သွေးအမည်းများသာ ထွက်လာသည်။ နာကားမနာပါလေ။ အခြေအနေက ဤမျှထိရှိလာသည်။ စာဝါနားသော တစ်နေ့မှာ ဆရာအစ်ကိုနှင့် တိုင်ပင်ရပြန်သည်။

"ဘုရားရေ... ဒီလောက်အထိ အခြေအနေက ဆိုးနေသလား"

"ကျားကိုက်ပါတယ်ဆိုမှ ပေါက်သွားသလားမေးနေပြန်ပြီ။ ဖြစ်လို့ဖြစ်တယ်ပြောတာပေါ့"

"အဲဒီတော့"

"အဲဒီတော့ တပည့်တော် ဘာလုပ်သင့်သလဲဆိုတာ တိုင်ပင်နေတာ"

"ဘာလုပ်သင့်သလဲ တိုင်ပင်တာတော့ ဟုတ်ပါပြီ။ ကိုယ်တော်က ဘာလုပ်ချင်သလဲ အရင်ပြောဦးမှပေါ့".

"ရော... ခက်နေပြီ။ ဘာမှ မစဉ်းစားရသေးလို့ လာမေးတာပေါ့"

"ဒါဆို ဒီရောဂါကို ပျောက်အောင်ကုရတော့မှာပေါ့။ ကျန်းမာမှရှိမှ စာပဲကျက်ကျက်၊ တရားပဲအားထုတ်ထုတ်၊ ဘာပဲလုပ်လုပ် အဆင်ပြေမှာ။ ဒါကြောင့် ဘုရားကဟောတာပေါ့။ 'အာရောဂျာ ပရမာလာဘာ' လို့...။

"တပည့်တော် တရားနာဖို့ လာတာမဟုတ်ဘူး။ ဒီရောဂါဘယ်လိုလုပ်ရမလဲ လာတိုင်ပင်တာ"

"အယ်"

ဆရာဆိုသော်လည်း စာပေပို့ချစဉ်က ဆရာဖြစ်သည်။ စာသင်ခန်းပြင်ပမှာဆို ငယ်သူငယ်ချင်း အရင်းနှီးဆုံးမို့ သို့ကလို ရင်းနှီးစွာ ပြောဆိုလေ့ရှိသည်။

"ဒီရောဂါကို ဘယ်လိုလုပ်မလဲတော့ တပည့်တော် ဖိုဝကဆိုတာ ဟုတ်သား။ ပျောက်စေဆရာဆိုလည်း ဦးဖြူ မန်းပေးရအောင်"

"သိပ်လည်းကြွားမနေပါနဲ့ ကိုယ်တော်ကြီး မတတ်မှန်းသိပါတယ်။ အကောင်းဆုံးအကြံပေးဖို့ပြောတာပါ"

"ဟ… အကောင်းဆုံးအချက်ဆိုတာ ခွေးစားလို့ ကုန်ပါရောလား"

"အကြံဉာဏ်ကိုပြောတာပါ"

"ဪ… ဪ… ဒီလိုလား။ ဒါဆို ဒီလိုလုပ်။ ငါ့ဆရာကြီး ဦးဂိမလရဲ့ညီဖြစ်သူက ညောင်ပိုင်းရွာမှာရှိတယ်။ သူက ဆေးဝါးနားလည်တယ်။ ကုလည်းကုတယ်။ သူနဲ့ ဆွေးနွေးကြည့်။ သူမွမ်းနိုင်ရင်လည်း ကုပေးမှာပေါ့"

ဦးသုဇနသည် မုဒုံအနောက်ဘက် ကမ်းခြေရွာဖြစ်သော ညောင်ပိုင်းရွာသို့ ဆေးကုသွားသည်။ ပြသ၍ ကုသမှုကို ခံယူသည်။ ထူးခြား၍ မလာ။ တစ်ယောက်စကား တစ်ယောက်နားဖြင့် ဟိုဆရာကောင်းသည်။ ဒီဆရာကောင်းသည်ဟု ညွှန်ကြသည်။ ရောဂါပျောက်ချင်သော ဦးသုဇနသည် ကြားရသော သတင်းအဆက်ဆက်ဖြင့် ရွာစဉ်လျှောက်၍ ဆေးကုသမှုခံယူသည်။ ကတုံးပေါ်ရွာ၊ ကျိုက္ကမိ၊ ကန်ကဘီး ထိုမှတဆင့် ဘီလူးကျွန်း၊ ပွမ်းသဲရွာ မရမ်းရွာတို့သို့ရောက်သည်။ နောက်ဆုံး မုဒုံကျောက်တစ်လုံးဂူလားဘုရား (ဟိန္ဒူဘုရားကျောင်း) ဆီသို့လည်း ရောက်သည်။ ကုလားဆရာက ပျောက်အောင်ကုပေးနိုင်သည်ဆိုသည်။

'ပိုးသာကုန် မောင်ပို စောင်းမတတ်' ဟု ဆိုရိုးရှိသည်။ ဦးသုဇနတော့ ကျွဲသာကုန်၍ ရောဂါမပျောက်ဖြစ်ခဲ့သည်။ ကျွဲတစ်ရှဉ်းရောင်း၍ ရောဂါကုခဲ့ရသည်လေ။ ရောဂါမပျောက်လျှင် ရူရ (၂)ပါးကို မည်သို့မှ ဆွမ်းဆောင်နိုင်မည်မဟုတ်။ 'ဓွဲ' အခံကလည်း ရှိသဖြင့် ဒါလောက်ရှိသေ့ ဒီရောဂါ ပျောက်အောင်ကုမည်ကြံနေခိုက် မြိတ်မြို့မှ စာလာသင်သော ဘသင်ဘက် ဦးစန္ဒိမာနှင့် စကားစပ်မိသည်။

"တပည့်တော်တို့ မြိတ်မြို့ကို လိုက်ခဲ့ပါ။ အဲဒီရောဂါမျိုးကို ကျွမ်းကျွမ်းကျင်ကျင် ကုတတ်သူတစ်ဦးရှိတယ်။ တပည့်တော်တို့ကျောင်းမှာပဲဝါဆိုပြီး ရက်ရှည်ကုကြည့်ရင် ကိုယ်တော့ရောဂါ ပျောက်သွားမှာပါ…" ဆိုလာသည်။

အရပ်စကားတစ်ခွန်းရှိသည်။ "ငါးမရလည်း ရေချိုးပြန်ဘာပေါ့" အတွေးဝင်လာသည်။ သည်နားတစ်ဝိုက် လက်လှမ်းမီးရာ ကုကြည့်ပြီးပြီ။

ထူးခြားမလာခဲ့။ တစ်နယ်တစ်ကျေး သွားကုကြည့်မည်။ အဆင်သင့်ပါက ပျောက်ချင်ပျောက်မည်။ မပျောက်သည့်ထား ဒေသန္တရဗဟုသုတတော့ရမည်။ ဆရာအစ်ကိုအားအသိပေးသည်။

"ဟိုသီချင်းလေးလိုပေါ့၊ 'ဒီလိုပဲကြည့်နေ ဖြစ်မလားမောင်ရေ' ဆိုသလို ထိုင်နေလည်း အကျိုးမရှိမယ့်အတူတူ ထသွားတာကမှ တစ်မျိုး ထူးခြားလာတန် ကောင်းရဲ့" ဆရာအစ်ကိုက သုံးသပ်ပြသည်။ သဘောတူသည်ပေါ့။ တိုက်အုပ် ဆရာတော်ထံ ခွင့်ပန်သည်။ အသာတကြည်ခွင့်ပြုသည်။ ဦးစန္ဒိမာနှင့်အတူ မြိတ်မြို့သို့ ဆင်းခဲ့သည်။ မြိတ်မြို့နောက်လည်းရပ် (ပျဉ်ငယ်ကျောင်း) မှာ ဝါဆို သည်။ ဦးစန္ဒိမာ ဂျုံးဂျုံးကျကျောင်းသို့ ပြန်သွားသည်။ ဦးသုဇနသည် ထိုကျောင်းမှာပင် ဆက်လက်၍ ဆေးကုသမှုခံယူသည်။

ဆေးကုသမှုခံယူနေစဉ်အတွင်း ကျောင်းမှာရှိသော ပိဋကတ်မြန်မာပြန် များကို လေ့လာဖတ်ရှုသည်။ မိမိစာသင်ခဲ့သည်မှာ စာမေးပွဲစနစ်ဖြစ်သဖြင့် ငယ်၊ လတ်၊ ကြီး ဆိုသည်မှာ အခြေခံမျှဖြစ်သည်။ ကျမ်းကြီးများကို လေ့လာရသည်။ (၄၅)ဝါ ကာလပတ်လုံး ဘုရားရှင်ဟောတော်မူခဲ့သော တရားများကို မြည်းစမ်း ရသည်။ အာဂုံရအောင် မစွမ်းဆောင်နိုင်သော်လည်း သဘောသွားများကို သိနားလည်ခွင့်ရခဲ့သည်။ ထို ဝါတွင်းကာလတစ်ချိန်လုံး စာဖတ်ချိန်နှင့် တရား အားထုတ်ချိန် (၂)ခုဖြင့် ကုန်ခဲ့သည်။

ရောဂါမှာ ကုစက ဟုတ်သလိုလိုရှိခဲ့သော်လည်း တရားအားထုတ်မှုကို ဆက်လက်ပြုလုပ်နေသဖြင့် ထူးပြီး သက်သာလာခြင်းမရှိပေ။ ဒုံရင်း ဒုံရင်း ပြန်ပြန်ဖြစ်နေသည်။ ဆရာက 'တရားအားထုတ်မှု ခေတ္တရပ်ထားပါ' ဟု ဆိုသည်။

ရပ်ထားလို့မဖြစ်။ ရှုရ (၂)ဖြာရှိသည့်အနက် ဂန္ထဓူရကို မစွမ်းဆောင်နိုင် တမင့်ပဲ၊ ဝိပဿနာဓူရကိုတော့ စွမ်းဆောင်ရမည်သာ။ သေခါမှ အေးရော..။ တရားအားထုတ်ရင်း သေသည်ကမှ မြတ်သေးဟု ခေါင်းမာစွာဖြင့် ဆက်အား ထုတ်သည်။ စိတ်အလို ကိုယ်က မလိုက်နိုင်။ သက်သာသင့်သော ရောဂါက မသက်သာ၊ တိုးလာနေသည်။ ဆိုးလာနေသည်။

ပိဋကတ် မြန်မာပြန်များနှင့်အတူ ဝိသုဒ္ဓိမဂ် မြန်မာပြန်ကိုပါ ဖတ်မိရ သည်။ စာသင်သားအချင်းချင်း ပြောလေ့ရှိသော စကားတစ်ခွန်းနှင့် ရထားမှူး သော ဆောင်ပုဒ်လေးတစ်ပုဒ်ကို သတိရမိသည်။

'ဝိသုဒ္ဓိမဂ်တက်ပြီးလျှင် ထွက်နစ်ထွက်အနက် တစ်ခုတော့ ထွက်စမြဲ' ဟူသော စကား။

* ဝိသုဒ္ဓိမဂ် တက်ပါလျက်၊ ငါ့သား ဘယ်နှယ့် တောမထွက်၊
ရှုရန့်စံပြင် လုပ်ငန်းခွင်၊ နေ့စဉ်ဝင်မှ သံမဏာ။
* ဝိသုဒ္ဓိမဂ် တက်ပါလျက်၊
မလှ... မထွက်၊ ရှင်ပျက်၊
တောကိုမထွက်၊ ရဟန်းပျက်... ဟူသော ဆောင်ပုဒ်ကလေး။
ပိဋကတ်တော် အသုံးအနှုန်းအရ
* မှောက်ထားသောအိုးကို လှန်ပြသကဲ့သို့ လည်းကောင်း၊
* အမိုက်တိုက်၌ ဆီမီးတန်ဆောင်ညှိထွန်းပြသကဲ့သို့လည်းကောင်း၊
* တောအလယ်၌ ခရီးမှား(လမ်းမှား) သောသူကို ဤမှာ လမ်းမှန်တည်းဟု လက်ကိုကိုင်ဆွဲ၍ လမ်းမှန်ပေါ်ချထားဘိသကဲ့သို့လည်းကောင်း။

ဦးသုဇနအား အသိဉာဏ်ပွင့်လင်းသွားစေသည်။ ငါ ဘာလုပ်သင့်သည်ကိုလည်း လျှောက်ရမည့်လမ်းကို ရွေးချယ်ပြီးသားဖြစ်သွားသည်။

ရှုရန့်စံဖြာအနက် ဂန္ထ ရှုရကိုစွမ်းဆောင်ရန် အခြေအနေမပေးတော့။ ရောဂါက ဟန့်တားနေသည်။ ဝိပဿနာရှုရကို စွမ်းဆောင်ဖို့ဆိုသည်မှာကား မြို့နီးရွာကျောင်းများနှင့် မအပ်စပ်လှ။ အခြားသူများကို မဆိုလို။ မိမိဦးသုဇနအဖို့ကား မြို့ရွာများနှင့် နီးစပ်မှုမရှိစေချင်ပါ။ ဖခင်ကြီးစကားကို နားဝယ်အမြဲကြားယောင်နေသည်။ နဖားကြိုးမရှိမှ လွတ်လပ်သည်ဟူ၍...။

မိခင်ကြီးအားလည်း ထိုစကားအတိုင်းပင် အခြေခံ၍ ကတိစကားပြောခဲ့ပြီ။ ကတိပျက်ခံ၍မဖြစ်။ ဝိသုဒ္ဓိမဂ်ကျမ်းကို ဖန်တစ်ရာကြေအောင်ဖတ်ခဲ့ပြီး ထိုကျမ်း၏လမ်းညွှန်မှု (သို့မဟုတ်) "အသင်ဘာလုပ်မည်နည်း" ဟူသော မေးခွန်းနှင့် လျော်ညီသောအဖြေကိုလည်း ရခဲ့ပြီ။ ထွက်နစ်ထွက်အနက် တောထွက်ခြင်းကိုသာပြုတော့မည်။

ထိုနှစ် နတ်တော်လဆန်း (၁၀) ရက်နေ့ မြိတ်မြို့မှီးလောင်သည်။ (၂) ရက်အကြာမှာ မုဒုံသို့ပြန်လာခဲ့သည်။ ထုံးစံအတိုင်း ဆရာအစ်ကိုနှင့် တိုင်ပင်ရပြန်သည်။

"သိပ်ကောင်းတဲ့တွေးခေါ်ချက်ပေါ့။ ဘယ်တောကိုထွက်မှာလဲ"

"အရပ်ခဏပြန်မယ်။ မိခင်ကြီးကို အကျိုးအကြောင်းပြောမယ်။ အဆင်ပြေမယ့် တစ်တောတောကိုပေါ့"

"အင်း...ကိုယ်တော်နဲ့ တပည့်တော်က ဆန့်ကျင်ဘက်ဖြစ်လိမ့်မယ်ထင်တယ်။ တပည့်တော်က အောက်ပြည် ထားဝယ်ဘက်ဆင်းဖို့ ဖန်လာတယ်"

"တပည့်တော်ထင်တယ်။ ကိုယ်တော်က တည်ငြိမ်နေပြီလို့...။ တပည့်တော်ကပဲ ထွက်လိုက် ဝင်လိုက်၊ သွားလိုက် လာလိုက်နဲ့။ ကိုယ်တော့်မှာ ဂုဏ်

နဲ့ဒြပ်နဲ့ ရှိနေပြီပဲ။ ဘာပူစရာရှိလို့လဲ"

"မှတ်ထားငါ့ညီ။ ဘဝဆိုတာ ဘယ်တော့မှ ပုံသေမှတ်မထားလေနဲ့။ ငါ့ညီအမြင်ပဲလေ။ အတည်ငြိမ်ဆုံးရှိခဲ့တယ်။ ရှိသင့်ရှိထိုက်တဲ့ ဂုဏ်ဒြပ်တွေလည်း ရှိပြီးပြီ။ ဘာပူစရာရှိသလဲ ငါ့ညီကမေးတယ်။ အဲဒီပူစရာမရှိတာကိုက ပူဖို့ဖန်လာတယ်။ ဒါကြောင့်..."

ဆရာအစ်ကိုက ခံစားချက်ရှိလေတိုင်း ဤကဲ့သို့ "ငါ့ညီ...ငါ့ညီ"ဟု သုံးနှုန်းပြောဆိုလေ့ရှိသည်။

"ကိုယ်တော့်စကားကို တပည့်တော်နားမလည်ရပါလား"

"အေး...နားမလည်တာပဲ ကောင်းတယ်။ ထားပါစို့။ ငါ့ညီက အထက်ဆန်မယ်။ ဆန်ပါလေ။ ကောင်းသောလမ်းမို့ တိုက်တွန်းတယ်။ အစ်ကိုက အောက်ကိုစုန်မယ်။ ကောင်းဝ ယ်၊ မကောင်းဘူး မသေချာပေမယ့် အစ်ကို့ကို မှတားလေနဲ့"

"မသေကြသေးဘူးဆိုရင်တော့ တစ်နေ့နေ့ တွေ့ကြရဦးမှာပါ အစ်ကို ဆရာရယ်"

"အေးပေါ့လေ။ တွေ့ကြုံဆုံကွဲ ဖြစ်မြဲဓမ္မတာပေပဲပေါ့။ လူသားတိုင်း ကိုယ့်ဝန်ကိုယ်ထမ်းပြီး ကိုယ့်လမ်းကိုယ်လျှောက်ကြရတယ်ပေါ့ ငါ့ညီ"

"တပည့်တော်တော့ ဘဝကို အဆုံးထားထားတယ်။ ဒီရောဂါကြီးနဲ့ လူဆက်လုပ်နေလို့လည်း အကျိုးမများဘူးမဟုတ်လား။ တောထဲမှာ တရားအားထုတ်ရင်း အသက်ပေးစွန့်သွားရတာမှ မြတ်ဦးမယ်လို့ စဉ်းစားမိတယ်"

နောက်ဆုံးခွဲခွာခြင်းမို့ အစ်ကိုဆရာက ခံစားချက်အပြည့်နှင့် စကားဆိုသကဲ့သို့ ဦးသုဇနကလည်း ခံယူချက်ပြင်းပြစွာ ပြောလာသည်။ တိုင်ပင်ပြီးနောက် တိုက်အုပ်ဆရာတော်ထံမှာ ခွင့်ပန်သည်။ တိုက်အုပ်ဆရာတော်က ဦးသုဇနအား အောက်ပါဩဝါဒထူးကို မိန့်မြွက်တော်မူသည်။

"ကိုယ်တော့်ရည်ရွယ်ချက်က ကောင်းပါတယ်။ ဒါပေမယ့် ငါ့တပည့် တစ်ခု သတိကြပ်ကြပ်ထားရမှာက တောရဆောက်တည်တဲ့ရဟန်းများဟာ ဘုန်းကြီးတတ်တယ်။ ပြီးတော့ ပျက်စီးတတ်တယ်...ဆိုတာပါပဲ။ အဲဒါကို အမြဲသတိချပ်ပြီး နှလုံးသွင်းပေါ့"

ယခင့်ယခင်နှစ်တွေတုန်းက အရပ်ပြန်နေကျမှာ စာမေးပွဲများဖြေဆိုပြီးသည့် တန်ခူး၊ ကဆုန်လမှာ ဖြစ်သည်။ ယခုနှစ် နတ်တော်လကြီးမှာ ပေါက်ချလာသဖြင့် ဒေါ်မယ်သင်အံ့အားသင့်သွားသည်။

"ဟင်...မောင်ပဉ္စင်း အချိန်အခါလည်း မဟုတ်ပါလား"

"ဟုတ်တယ် ဒကာမကြီး"

"ဘယ်လိုလဲဘုရား။ ဟိုတစ်ခါ အချိန်မဟုတ် အခါမဟုတ် မိုးတွင်းကြီး ပြန်လာတုန်းကလိုပဲလား။ ခုလည်း ဆောင်းတွင်းကြီး ပြန်လာပြန်တယ်။ ဒီနှစ် စာဖြေရဲ့လားဘုရား"

"အချိန်အခါမဟုတ် ဆောင်းတွင်းကြီးပြန်လာခဲ့တာမှန်ပေမယ့် အရင် တစ်ခါလို မဟုတ်ဘူး"

"ဘယ်လိုလဲဘုရား"

"ဟိုတစ်ခါပြန်ခဲ့စဉ်က လူထွက်ဖို့ပြန်ခဲ့တယ်။ ထွက်ဖို့မဟုတ်ဘူး။ ထွက်ပြီးလာခဲ့တာ။ ခုပြန်လာတာက တောထွက်ဖို့လာခဲ့တယ်"

"ဘာဖြစ်လို့လဲဘုရား။ စာကော မသင်တော့ဘူးလား"

"မှန်တယ်ဒကာမကြီး။ စာမသင်တော့ဘူး။ ဦးဇင်းကျန်းမာရေး ကောင်း မှမကောင်းတာ"

"မကောင်းရင်လည်း ကုတာပေါ့ဘုရား။ ရောဂါပျောက်မှ တောထွက် ချင်လည်း ထွက်ပေါ့။ ရောဂါတော့ ပျောက်အောင် ကုလိုက်ပါဦးဘုရား"

"ကုလိုက်တာ နယ်လည်းစုံပြီ။ ဆရာလည်းစုံပြီ။ ငွေလည်းကုန်ခဲ့ပြီ။ ပျောက်မှမပျောက်တာ။ ဒါလောက်တောင်ရှိမှဖြင့် တရားအားထုတ်ရင်း သေပစေတော့လို့ ဆုံးဖြတ်ထားတယ်"

"ဒီလိုတော့ ဘယ်ဟုတ်မလဲဘုရား။ စဉ်းစဉ်းစားစားလုပ်ပါဦး"

"စဉ်းစားပြီးပြီ။ ဒကာမကြီးကို အသိပြန်လာပေးတာ။ အသိပေးရုံတင် ပဲလာတာ။ ဒကာမကြီး ခွင့်ပြုပြု မပြုပြု ဆုံးဖြတ်ထားတဲ့အတိုင်းပဲ"

စကားကို ပိတ်ပြောလိုက်သည်။ ဒေါ်မယ်သင် ဘာမှမတတ်နိုင်တော့။

"ကိုဖိုးသုန်ရေ...တော့်သား တစ်မျိုးလုပ်လာပြန်ပြီ ကိုဖိုးသုန်ရဲ့"

အသံမထွက်သောမြည်တမ်းခြင်းဖြင့် သွားလေသူအား တိုင်တမ်းမိ သည်။ ဆက်၍လည်း တွေးနေမိသည်။

"သား...သားကြီး...သူကဖြင့် ပြောရက်မယ်ပေါ့။ သံယောဇဉ်ဆိုတာ ဘာမှ နားမလည်ပဲကိုး။ ဒီမှာက (၉)လလွယ် (၁၀)လဖွားပြီး ဖဝါးလက်နစ် လုံး၊ ပခုံးလက်နစ်သစ်အရွယ်ကတည်းက ဝါးဖတ်တော်ကစီနစ်နဲ့ လူဖြစ်အောင် ကျွေးမွေးခဲ့ရသူပါ။ သူ့အပြောအရ မောင်ချစ်ထွန်းမှာ တစ်ခါ၊ မောင်ထွန်းအိုင် တုန်းကလည်း တစ်ခါ၊ မောင်သန်းစိန်ကျပြန်တော့လည်း တစ်ခါဆို သုံးကြိမ် သုံးခါတိုင်တိုင် ဝမ်းနဲ့လွယ်မွေး နို့ချိုတိုက်ကျွေးခဲ့ရတယ်။ တခြားသားသမီး တွေအလှည့်တုန်းက သံယောဇဉ်ကြိုးတစ်မျှင်သာ ရစ်ပတ်ခံရသည်။ သူ့အလှည့် မှာ သံယောဇဉ်ကြိုးသုံးပင်နှင့် ရစ်ပတ်ချည်နှောင်ထားခြင်းခံရသည်။ အဲဒီ သုံး လွန်းတင်ကြိုးကလေ ကိုဘိုးသုန်ရဲ့ ရက်စက်ကာ မငဲ့ကွက်ဘဲ တောထွက်လို့

သွားတော့မယ်တဲ့။ သေချင်သေပါစေလို့လည်း ပြောနေသေးတယ် ကိုဖိုးသုန် ရေ…။ ရောဂါပျောက်ရုံလေး ကုပါဆိုတာတောင် မစောင့်နိုင်ဘူး။ ခုပဲ သွား တော့မယ်တဲ့။ ကောင်းသောလမ်းကိုလျှောက်သည်မို့ မတားသာ၊ မဆီးဝံ့ပေမယ့် သုံးလွန်းတင်ထားတဲ့ ဒီသံယောဇဉ်ကြိုးကို မမယ်သင် ဘယ့်နှယ်ဖြတ်နိုင်ပါ့ မတုန်း"

ဒေါ်မယ်သင်တစ်ယောက် အငေးသားဖြင့် အတွေးရေယဉ်ကြော မျော နေသည်။ သားဦးပဥ္စင်းကို ငေးကြည့်နေမိသည်။ ဦးသုဇနသည် ထွေထွေထူးထူး ပြောမနေတော့ဘဲ ထိုင်ရာမှထပြန်ခဲ့သည်။ ဒေါ်မယ်သင်သည် တားလည်းမတား မိ၊ စကားလည်း မပြောမိတော့။ အသက်သေဘ်မှ ရှူမိပါလေစ။

ဦးသုဇနသည် မိခင်ထံမှဆင်းခဲ့ပြီး ငယ်ဆရာရင်းဖြစ်သူ ကော့ကရက် ကျွန်းကျောင်းဆရာတော် ဦးဓမ္မရက္ခိတထံ လာခဲ့သည်။ ဆရာတော်အား လျှောက် ထားခွင့်ပန်သည်။

"မသွားရဘူးကွ။ ငါ့ကျောင်းမှာပဲနေ။ တရားအားထုတ်ရင် မင်းရှုံးသွား မှာပေါ့"

"တရားအားထုတ်လို့ မရှုံးနိုင်ပါဘူး"

"ရှုံးမှာကွ။ မင်းတို့ ခေတ်ကလေးတွေ ဘာမှမသိဘူး။ တရားအားထုတ် လို့ ရူးတာတွေ မင်းတို့မတွေ့သေးပဲကိုး"

"မှန်ပါဘုရား။ တရားအားထုတ်လို့ အရူးပျောက်သွားတာကိုတော့ ကြားဖူးပါတယ်ဘုရား"

"ဟေ…မင်းက ငါ့ကို ကန့်လန့်လုပ်တာလားကွ။ မင်း ဘယ်မှာ ကြား ဖူးထားတာလဲ"

"ဘုရားလက်ထက်တုန်းက ပဋာစာရီပါဘုရား။ ရူးနေတာ ဘုရားရဲ့ တရားတော်နဲ့တွေ့တော့ အရူးပျောက်တယ်လို့ ကျမ်းဂန်များမှာ တွေ့တယ်ဘုရား"

"မင်းက ငါ့ကို ဘုန်းကြီးစာချ လုပ်နေတာပေါ့လေ"

"မဟုတ်ဘူးဘုရား။ တရားအားမထုတ်ဘဲ ရူးတဲ့လူကိုလည်း တွေ့ဖူး ပါတယ်ဘုရား"

"ဘယ်မှာလဲ ပြောစမ်း"

"အရှင်ဘုရားတူမ ဒေါ်မြကြွေပါဘုရား"

"ဟော့ တော်တော်…မင်းက ပြောလေကဲလေပါလား။ ငါ့စကား နား မထောင်ရင် ငါ့ကိုလည်း ဆရာမခေါ်နဲ့။ မင်းကိုလည်း တပည့်မတော်ဘူး"

"တပည့်တော်တော့ ဆရာလို့ပဲ သတ်မှတ်နေပါမယ်ဘုရား"

"မလိုဘူးကွ။ ငါသေလည်း မင်းမလာနဲ့။ မင်းသေလည်း ငါမသွားဘူး"

"တပည့်တော် လာမှာပါဘုရား"

"ငါ့ကျောင်းပေါ် မတက်နဲ့"

"ကျောင်းပေါ်မတက်ရရင် လှေကားရင်းလောက်တော့ လာမယ်ဘုရား"

"လှေကားရင်းလည်း မလာနဲ့"

"ကျောင်းတံခါးဝလောက်တော့ လာမယ်ဘုရား"

"မလာနဲ့...မလာနဲ့"

"ကျောင်းဝင်းတံခါးအပြင်မှာတော့ အရှင်ဘုရားနဲ့ပတ်သက်တာ မဟုတ်တာမို့ အဲဒီလောက်ထိတော့ လာခဲ့မယ်။ အခု တပည့်တော်သွားတော့မယ်။ ဦးတင်ခဲ့ပါတယ်ဘုရား"

"သွား...သွား။ ခပ်မြန်မြန်သွား။ ရှိလည်း မခိုးနဲ့တော့"

ဦးသုစနကျောင်းပေါ်မှ ဆင်းခဲ့သည်။ တောရမဆောက်တည်မီ သွားစရာ၊ လာစရာ၊ မှာကြားစရာစကားများ၊ အလုပ်ကိစ္စ ပလိဗောဓများကို ပြီးပြတ်စေသည်။ ပလိဗောဓများကို ဖြတ်ပြီးနောက် ၁၃၃၄ ခုနှစ်၊ တပို့တွဲလဆန်း(၁၂)ရက်နေ့သို့ ရောက်လာခဲ့သည်။

ကော့ကရိက်ကျွန်းမှ ဒေါ်မယ်ချစ်၊ ဦးသိန်းမောင်တို့၏သား ရဟန်းခံပွဲသို့ အပင့်ရောက်သဖြင့် သွားခဲ့သည်။ ကျွန်းကျောင်းဆရာတော်နှင့် ဆုံသည်။ ဆွမ်းဘုဉ်းပေးပြီး အနမောဒနာတရား မဟောမီ ကျွန်းကျောင်းဆရာတော်က...

"ဒကာသိန်းမောင်နဲ့ ဒကာမကြီးမယ်ချစ်တို့"

"ဘုရား"

"ကွက်စိပ်ဆိုတာ ကြားဖူးသလား"

"အမိန့်ရှိပါဘုရား"

"ဟ...ကွက်စိပ်ဆို မင်းသားလည်းသူ၊ မင်းသမီးလည်းသူ၊ လူပျက်လည်းသူ၊ ရှင်ဘုရင်လည်းသူ၊ မိဖုရားလည်းသူ၊ ပုဏ္ဏားလည်းသူ၊ စသည်ဖြင့်ရှိသမျှဇာတ်ကောင်အားလုံးကို သူတစ်ယောက်တည်းက အကွက်စိပ်စိပ်နဲ့ဟောပြောတာကို ခေါ်တယ်"

"မှန်ပါ သိရပါဘုရား"

"ခု ဘုန်းကြီးရဲ့ တပည့်ရင်းဖြစ်တဲ့ မြို့ကြီးပြကြီးကနေ ပညာသင်ပြီးပြန်လာတဲ့ သုစနက ဒကာကြီးတို့ကို အလွမ်းအဆွေး အခန်းအစုံစုံနဲ့ ဇာတ်လမ်းစုံဖွဲ့ပြီး ကွက်စိပ်ဆန်ဆန် သာဓုအနုမောဒနာတရားကြီး ချီးမြှင့်ပါလိမ့်မယ်"

"ဦးဇင်းတို့က မြို့ကြီးပေါ်မှာ သွားတယ်ဆိုတာ နိုင်ငံကျော် ဓမ္မကထိကလုပ်ဖို့ သွားတာမဟုတ်ဘူး။ တရားဟောလည်း မသင်ရဘူး။ ကွက်စိပ်လည်းမသင်ရပါဘူး။ စာပေဆိုမှ တကယ့်စာပေသက်သက်ကို သင်ခဲ့ရတာပါ။ အဲဒီ

သင်ယူခဲ့တဲ့ စာပေထဲကပဲ ဒီကနေ့နဲ့ဆက်နွယ်ပြီး ဟောရရင်..."စသဖြင့် အစ ချီကာ ရိုးရိုးလေးဟောခဲ့သည်။ အလှူရှင် နှစ်သက်သည်၊ မနှစ်သက်သည်တော့ မပြောတတ်။ ကော့ကရက်ကျွန်းကျောင်းဆရာတော် မကြိုက်သည်က အမှန်။

သူ မြောက်ထိုးပင့်ကော်လုပ်၍ ဦးသုဓနဟောခဲ့ပါလျှင် တစ်မျိုးတစ်ဖုံ အပုပ်ချခံရဦးမည်ကို တွေးမိပြီးဖြစ်လေသည်။ လိမ္မာပါးနပ်စွာ ရှောင်ထွက်လိုက်သည်။ သူ့ဆင်ကွက်ထဲ မဝင်ရကောင်းလားဟု မကျေမချမ်းဖြစ်ရသူက ကော့ကရက်ကျွန်းကျောင်း ဆရာတော်တည်း။

အမှန်အားဖြင့်လည်း ဦးသုဓနသည် ကွက်စိပ်ဟော၄-၅ ပုဒ်ကို အရ ကျက်ထားဖူးသည်။ မုဒုံနေစဉ် ဆရာအစ်ကိုနှင့်အတူ ကဗျာစာပေလိုက်စားစဉ်က ဆရာအစ်ကိုထံမှ စာဆိုတော်ကြီးဦးဖိုးခေါင်ရေးခဲ့သော ခန္ဓပူရကွက်စိပ်၊ ဗီဝက ကွက်စိပ်များကို ရရှိပြီး ကျက်မှတ်ထားဖူးသူဖြစ်သည်။ ကျွန်းကျောင်းဆရာတော်က ထိုကိုသိ၍ ဆင်ကွက်လုပ်ခံရခြင်းဖြစ်သည်။

တရားဟော ရေစက်ချပြီး ဦးသိန်းမောင်၊ ဒေါ်မယ်ချစ်တို့၏သား ယနေ့ ရှင်ဖြစ်ပြီးသော်လည်း ရဟန်းမတက်ရသေးသည့် ရှင်တေဇနိယကို အဖော်ခေါ်၍ မြိုင်ကြီးငူသို့ ကူးခဲ့သည်။

* * * * * * * *

# စိပ်ပုတီးနှင့် ရိပ်ကြီးခို

၁၃၃၄ ခုနှစ်၊ တပို့တွဲလဆန်း (၁၂) ရက်၊ နံနက် (၉:၀၀) နာရီ၊ ဟေမန်ဆောင်းလရာသီ၊ ငွေနှင်းများဝေနေဆဲ၊ မင်းလွင်များဆိုင်းနေဆဲ၊ နေထွက်လာခဲ့ပြီးဖြစ်သော်လည်း နေမင်းက မြူနှင်းတို့အားလုံးကို မထိုးဖောက်နိုင်သေး။ တစ်စွန်းတစ်စသော မြူနှင်းများကြားမှ အချို့သောရောင်ခြည်တန်းများမှာ ရွှေချည်၊ ငွေချည်မျှင်တန်းသည်သို့ သွယ်တန်းထိုးဖောက်နိုင်သည်။

သံလွင်မြစ်ရေသည် ချမ်းအေးသောနှင်းလွှာရုံကို လုံအောင်ခြုံ၍ သွင်သွင်ရွှေ့ရွှေ့ စီးဆင်းနေသည်။ မိုးကာလဆီက ဒေါမာန်ပြင်းပြင်းဖြင့် တဟင်းဟင်းတဟဲဟဲစီးဆင်းခဲ့သော မြစ်ရေသည် ဆောင်းရောက်သည်ဆိုလျှင်ပင် ဝါတော် (၆၀) ရှိပြီးဖြစ်သော မထေရ်ကြီးကဲ့သို့ ငြိမ်သက်သောဣန္ဒြေဖြင့် တည်ငြိမ်စွာရွေ့လျားနေသည်။ ချမ်းအေးသောနှင်းလွှာရုံကို ခြုံထားရသည်မို့ ပို၍ လေးကွေးနေသလား ထင်ရသည်။

တစ်ဖက်ကမ်းမှာ ကော့ကရက်ကျွန်း၊ ကမ်းခြေတန်းအရှေ့ဘက်မှာက သစ်ကြီးဝါးကြီးများဖြင့် အုံ့ဆိုင်းညို့မှိုင်းနေသော မြိုင်ကြီးငူတောအုပ်ကြီး ကမ်းအငူပေါ်ဝယ် ထီးထီးမားမားတည်ရှိနေသည်။ ကမ်းနှစ်ဖက်စလုံးကို နှင်းမြူများအကြား ဝိုးတဝါးရိပ်သွင်ဖြင့်သာ မြင်ရသည်။ ဝန်းကျင်တစ်ခွင်လုံး လွှပ်ရှားမှုမဲ့နေသည်။ ချမ်းအေးသောနှင်းမှုန်အောက်ဝယ် အိပ်မောကျနေသည်တော့မဟုတ်။ လူသူအရောက်အပေါက်နည်း၍ ငြိမ်သက်နေခြင်းသာဖြစ်သည်။ လူသူရောက်ဖို့ဆိုသည်ကလည်း မလွယ်။ သောင်းကျန်းသူများအုပ်စိုးရာ အမည်းရောင်နယ်မြေဖြစ်သည်။ ဒေသခံအချို့ကသာ တစ်ခါတစ်ရံ သွားလာလေ့ရှိသည်။

ပြည်မနှင့် ဝေးလံခေါင်ဖျားၡ္ စွားလာရခက်ခဲလွန်းသည်။ ဝေးလံခေါင်ဖျားသည်က အကြောင်းမဟုတ်။ သောင်းကျန်းသူအုပ်စိုးရာ နယ်မြေဖြစ်သဖြင့် ဒေသခံတို့မှအပ သွားလာဝံ့သည်မရှိသောကြောင့်သာ ဖြစ်သည်။ နယ်ခံလူများ သွားလာဝံ့ရသည်ကလည်း ဆက်ကြေးပေးထား၍၊ သူတို့ဩဇာခံနိုင်၍ ဖြစ်သည်။ ဤသည်သော်မှ အချိန်မရွေးသွားလာနိုင်သည် မဟုတ်သေး။ ကန့်သတ်ချိန်ရှိသည်။ သတင်းပို့မှသာ သွားလာနိုင်သည်။ သတင်းမပို့ဘဲ သွားလာနိုင်သည်ဟူ၍ ရှင်ရဟန်းများသာဖြစ်သည်။

တငြိမ့်ငြိမ့်စီးဆင်းနေသော သံလွင်မြစ်ပြင်ကို ဆန်၍ လှေငယ်တစ်စင်း တရွေ့ရွေ့လှော်ခတ်လာနေသည်။ လှေဝမ်းထဲမှာက ဦးသုဇနထိုင်သည်။ သက်န်းဝတ်ဖြင့် လှေလှော်ခတ်သည့်အသွင်သည် အမြင်ဆန်းလို့နေသည်။ ဆန်းတော့လည်း မတတ်နိုင်ပြီ။ သွားရာလာရာမှာ ရေလမ်းတစ်ခုကိုသာ အားထားရသည်။ တောသူတောင်သားများမှာ မပို့ပေးနိုင်ကြ။ မထူးပါပြီ။ မိမိတို့ဘာ့သာ လှော်ခတ်သွားရသည်ကမှ အဆင်ပြေသေးသည်။ ထို့ကြောင့် အမြင်ဆန်းသော်လည်း ရှင်ရဟန်းပေမယ့် လှေလှော်၊ လှေခတ် ပြုနေရသည်။

လှေသည် ကော့ကရက်ကျွန်းမြီးမှ ကွေ့ပတ်၍ မြိုင်ကြီးငူဆီသို့ တရွေ့ရွေ့ဦးတည်လာနေသည်။ နင်းမှုန်များအကြား ထီးထီးမားမားရပ်တည်နေသော မြိုင်ကြီးငူကို မြင်နေရသော်လည်း လှုပ်ရှားမှုဟူ၍ မတွေ့။ လူသံသူသံမကြား။ လုံးဝ ငြိမ်သက်တိတ်ဆိတ်နေသည်။ မြိုင်ကြီးငူကမ်းဘေးမှ ကပ်၍ လှေကို လှော်ခဲ့သည်။ ကျောက်ကြီးများ၊ အငူစွန်းကြီးတို့မှာ ကပ်ရပ်ပေါက်နေသော သစ်ကြီးဝါးကြီးများနှင့် ပြည့်နှက်နေသည်။

ထူးခြားမှုတစ်ခုကို သတိပြုမိသည်။ ပေါက်ရောက်နေသောဝါးများမှာ အားလုံးလိုလို ကွေးကွေးကောက်ကောက်ကြီး ဖြစ်သည်။ ဘယ်နေရာမှာလှေဆိုက်၍ ဘယ်ကဘယ်လိုတက်ရမည်ကို ရှာမရဖြစ်သည်။ အဆင်ပြေပြေတက်ရောက်နိုင်သော လမ်းစဟူ၍ မမြင်။ မတတ်သာသည့်အဆုံး ငူစွန်းတစ်နေရာရှိ သစ်ပင်တစ်ပင်မှာ လှေချည်သည်။ မတ်စောက်သောကျောက်ငူစွန်းများကို ခက်ခက်ခဲခဲ တွယ်တက်ရသည်။

ရှင်တေဇနိယအဖို့ လူလွတ်ဖြစ်၍တက်ရသည်မှာ မထောင်းသာလှ။ ဦးသုဇနမှာမူ စောထွက်ရန်လာခဲ့ခြင်းဖြစ်သဖြင့် တောရဟန်းအသုံးအဆောင်များ တို့လို့တန်းလန်းပါခဲ့သည်။ သပိတ်တစ်လုံး၊ သက်န်းသုံးထည်၊ ပုတီးတစ်ကုံး၊ ယပ်တစ်ခု၊ တောင်ဝှေးတစ်ချောင်းတို့ ဖြစ်သည်။ ကိုယ့်ဝန်ကိုယ်ထမ်းမည် ရည်ရွယ်ခဲ့သည်မို့ ရှင်တေဇနိယအား ပစ္စည်းမသယ်ခိုင်း။ ကိုယ်တိုင်သာ သယ်ဆောင်သည်။ လမ်းဟူ၍မရှိ။ မတ်စောက်ကြီးဖြစ်သည်။ အဆင်းခက်ခက်၊

အတက်ကြမ်းကြမ်းဟူသော ခရီးမျိုးဖြစ်သည်။

သက်န်းသုံးထည်ကို ကိုယ်မှာ ချပ်ချပ်ရပ်ရပ်ဝတ်သည်။ သပိတ်ကို ပခုံးတစ်ဖက်မှာသာ လွယ်ရိုးရှိသော်လည်း ခက်ခက်ခဲခဲတက်ရမည်မို့ စလွယ်သိုင်းလွယ်လိုက်သည်။ ယပ်နှင့်တောင်ဝှေးကို ဘယ်လက်မှာစုကိုင်သည်။ ညာလက်မှာ နီးရာငှစွန်း အချွန်အတက်များ၊ ငုတ်များ၊ သစ်ပင်ဝါးပင်များကို အားပြုဆွဲတက်ရသည်။

တစ်ခါတစ်ခါ ချော်ကျလိမ့်ကျမလို ဖြစ်ရသေးသည်။ ရှင်တေဇနိယက နောက်မှ မေးကိုင်ပေးလိုက်ရသည်။ အသက် (၂၄) နှစ်အရွယ် လူကား လူငယ်ပင်ဖြစ်သော်လည်း တောချုံကိုတိုး၍လည်းကောင်း၊ ကွေ့ပတ်၍လည်းကောင်း၊ ဆွဲကိုင်နိုတက်၍လည်းကောင်း၊ ခက်ခက်ခဲခဲတက်ရသည်မို့ ငူထိပ်ပေါ်သို့ရောက်သည်တွင် မမောသော်လည်း ပန်းနေသည်။ ချွေးပြိုက်ပြိုက်ကျကာ တစ်ကိုယ်လုံး ရွှဲနစ်နေသည်။

ငူထိပ်ရောက်လျှင် နှစ်ဦးသား ဘယ်သွားလို့ဘယ်လာရမှန်းမသိ။ ကြည့်လေရာ၊ မျှော်လေရာတိုင်းမှာ ညို့မှိုင်းနေသော ဝါးရုံကွေးကွေးကောက်ကောက်များ အုပ်ဆိုင်းနေသော သစ်ပင်ကြီးများကိုသာ မြင်နေရသည်။ လက်ယာဘက်သို့ တောတိုးလာခဲ့သည်။ ခပ်လှမ်းလှမ်းမှာဆောက်ထားသော ထန်းရွက်မိုးကနဖျင်းတစ်ခုကို တွေ့၍ အနီးသို့လာခဲ့သည်။ သစ်ခေါက်ဆိုးဝတ်စုံဖြင့် လူကြီးတစ်ယောက်ကိုပါ မြင်ရသည်။ သတင်းစကား မေးမြန်းစနည်းနာရန် ကနဖျင်းအတွင်းသို့ ဝင်လိုက်သည်။ လူကြီးသည် အနီးရှိမောင်းကို (၃) ချက်ထုလိုက်ပြီး ဦးသုဓနအား နေရာထိုင်ခင်းပေးကာ ဝတ်ပြုနေသည်။ ခဏအကြာတွင် ကနဖျင်းအတွင်းသို့ သစ်ခေါက်ဆိုးဝတ် အသက် (၄၀) ခန့်အရွယ် သက်န်းဝတ်တစ်ပါး ရောက်လာသည်။ ဦးသုဓနေ နေရာကထ၍ ဝတ်ပြုမည်အလုပ်တွင်လည်း သက်န်းဝတ်က...

"နေပါဘုရား။ တပည့်တော် ရဟန်းမဟုတ်ပါ။ ရသေ့ပဲဖြစ်ပါတယ်ဘုရား"

"သြော်..."

"အရှင်ဘုရားဘွဲ့တော် ဘယ်လိုခေါ်ပါသလဲဘုရား"

"ဦးသုဓနလို့ခေါ်ပါတယ်"

"သက်တော်ကရောဘုရား"

"အသက်က (၂၄)၊ သိက္ခာက (၄) ဝါပါ"

"ဘာကိစ္စနဲ့ ရောက်လာပါသလဲဘုရား"

"တောထွက်မယ်စိတ်ကူးနဲ့ လာခဲ့တာပါ ဦးရသေ့"

"စာပေပရိယတ်ကော သင်ကြားဖူးပါသလားဘုရား"

"ပထမလတ်တန်း အောင်ခဲ့တယ်။ ပထမကြီးတန်းကိုတော့ မဖြေရဲ ဝာမယ် စာဝါတက်ခဲ့တယ်"

"မှန်ပါဘုရား"

"တခြား အမျိုးသားစာမေးပွဲတချို့လည်း ဖြေဆိုအောင်မြင်ခဲ့ပြီး ပိဋကတ် မြန်မာပြန်တွေကိုလည်း လေ့လာဖတ်ရှုခဲ့တယ်"

"မှန်ပါဘုရား။ အခြေခံတော့လည်း ရှိသားပါပဲဘုရား။ တောထွက် လာတဲ့ စာသင်သားတွေဟာ များသောအားဖြင့် စာပေပရိယတ်ကို လေ့လာသင် ကြားကြပါတယ်။ လက်တွေ့အားထုတ်ဖို့ကျတော့လည်း အနည်းစုသာ ဖြစ်ကြ ပါတယ်ဘုရား"

"ဒါကတော့လည်း လူတစ်ကိုယ် အကြိုက်တစ်မျိုးစီပေါ့ ဦးရသေ့"

"မှန်ပါဘုရား။ တပည့်တော်ဆိုလိုတာက စာချည်းသင်လို့ မပြီးဘူး။ လက်တွေ့ပါလုပ်မှ ရည်မှန်းချက်အောင်မြင်မယ် ဆိုလိုတာပါဘုရား"

"ဒါတော့လည်း ဒါပေါ့ဦးရသေ့။ လူတိုင်းဟာ ရှုထောင့်ကိုယ်စီရှိကြ ပေဘာ့ကာ သူ့ရှုထောင့်၊ သူ့အမြင်နဲ့ သူ့အတွေးက ဘာဆိုတာ မသိကြရတော့ ရှုထောင့်တိုင်းက မှန်တယ်လို့ချည်း ဆိုကြ၊ ထင်ကြတာပဲပေါ့။ ဆည်းပူးခဲ့တဲ့ ပါရမီအကြိုက်အထာနဲ့ စရိုက်ဝါသနာက ကွာတတ်ကြတာပဲပေါ့လေ"

"မှန်ပါဘုရား"

"ဒါဖြင့် ဦးရသေ့ကော ဒီရောက်တာ ဘယ်လောက်ကြာပြီလဲ"

"ဒီနှစ်ထဲမှာပဲဘုရား။ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်နေ့က ရောက်ခဲ့ပါတယ်ဘုရား"

"ရောက်ခဲ့ပုံလေး အပန်းမကြီးရင် ပြောပြစေချင်တယ်"

"ဒီလိုပါဘုရား"

* * * * * * * *

ဦးမောင်ဝင်းသည် ကော့လုံးကျွန်းထိပ် ရွာကလေးခေါ် အရပ်မှာ မွေး ဖွားခဲ့သည်။ ဦးစံညွန့်၊ ဒေါ်ဖွားရှင်တို့၏ သားသမီး(၄)ယောက်အနက် တတိယ မြောက် သားဖြစ်သည်။ ၁၂၉၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၆) ရက်၊ အင်္ဂါ နေ့မှာ မွေးဖွားသည်။ အစ်ကိုတော်(၂)ဦးမှာ အရှင်ဓမ္မစရိယ (ဓမ္မာစရိယ)၊ အရှင် ဝိနယ (ပထမလတ်အောင်) တို့ဖြစ်ပြီး (၂) ပါးစလုံး ပျံလွန်တော်မူပြီးဖြစ် သည်။ အငယ်ဆုံးမှာ မိန်းကလေးဖြစ်၍ သီလရှင်ဝတ်ဖြင့် ဒေါ်ဝဏ္ဏစာရီ အမည် ဘွဲ့ရသည်။ ဒေါ်ဝဏ္ဏစာရီသည် ဓမ္မာစရိယအောင်မြင်ပြီး မော်လမြိုင် ပိန္နဲကုန်း

ကျေးရွာ သီလရှင်စာသင်တိုက်၌ စာပေပို့ချ သင်ကြားလျက်ရှိသည်။

ဦးမောင်ဝင်းသည် ၁၃၂၄ ခုနှစ်တွင် ငန်းတေးတောင်ကျောင်းဆရာတော် အရှင်နာဂသေနာဘိဝံသ၏ အနသာသနကိုခံယူလျက် ရဟန်းအဖြစ်သို့ရောက် သည်။ ဘွဲ့အမည်မှာ ဦးဇဝနဖြစ်သည်။ ငန်းတေးတောင်ကျောင်း၌ခေတ္တနေထိုင် ကာ သထုံမြို့၊ မင်းကွန်းပဓာနနာယက ကမ္မဋ္ဌာနာစရိယမှာ စည်းကမ်းအလွန်ကြီး သော ဆရာတော်ဦးတိက္ခဖြစ်သည်။

ထိုမှ နေမိန္ဒရတောင် အထက်ပိုင်း တောင်ကြီးပိုင်းတောရပ်သို့ ပြောင်း ရွှေ့နေထိုင်သည်။ တောင်ပိုင်းတောရမှာ တစ်နှစ်နေထိုင်ပြီး မြိတ်မြို့ သာသနာ့ ရိပ်သာတွင် တစ်နှစ်ခွဲခန့်သွားရောက်ကာ လက်ထောက်ကမ္မဋ္ဌာနာစရိယအဖြစ် ဆောင်ရွက်သည်။ ဘကြီးတော်ရှိရာ မော်လမြိုင် မြေထဲကျောင်းသို့ ပြောင်းရွှေ့ နေထိုင်ပြီး ရဟန်း(၁၀)ဝါအရတွင် တောင်လေးလုံးကျောင်း ဆရာတော်ထံမှာ ခွင့်တောင်း၍ သိက္ခာချကာ ရသေ့အဆင့်သို့လျှောချပြီး ရသေ့ဘွဲ့အမည်ကို 'မဟာ အောင်ဗောဓိ'ဟု ခံယူသည်။

ရသေ့အဖြစ်သို့ရောက်ရှိပြီးသော မဟာအောင်ဗောဓိ (ဦးရသေ့) သည် တောတောင်ဒေသအတွင်းသို့ လှည့်လည်သွားလာနေထိုင် တရားကျင့်လေ့ရှိ သည်။ ဖာပွန်နယ် 'ဖောထ'တောမှာ လပိုင်းမျှနေထိုင်ခဲ့ပြီး မီးခိုင်းတောင်ခြေသို့ လာခဲ့သည်။ ထိုမှာ ခေတ္တနားနေစဉ် ကေလာသဘုရားအစ်မ အမေတုံ (ခ) ဒေါ်အုန်းနှင့် အဖွဲ့(၈)ယောက် ရောက်လာသည်။ မီးခိုင်းတောင်ပေါ်မှာ အဓိဋ္ဌာန် ဝင်ကြသည်။ အမေတုံတို့အဖွဲ့ တောင်ပေါ်တက်သွားပြီး နောက်တစ်ရက်မှ ဖားအံ မှဒေါ်စိန်မှန် ရောက်လာသည်။ လိုက်ပို့ပေးပါဆိုသဖြင့် အမေတုံတို့ဆီ ပို့ပေး ခဲ့ရသည်။

တောင်ပေါ်မှာ (၂)ရက်ကြာနေထိုင်ပြီးနောက် အမေတုံက ဆိုလာသည်။ အမေတုံမှာ အသက်(၇၀)ရှိပြီး...

"သားရသေ့ဟာ မီးခိုင်းမှာ ခေတ္တဆိုင်းငံ့နေခြင်းသာ ဖြစ်တယ်။ ဒီနေရာ ဟာ မင်း ခေတ္တ ဆိုင်းငံ့နေတဲ့နေရာဖြစ်လို့ 'မင်းဆိုင်း'လို့ခေါ်တယ်။ သားရသေ့ သာသနာပြုရမှာက ဒီနေရာမဟုတ်ဘူး။ ကမမောင်းရဲ့ အရှေ့ဘက်ကမ်း မြိုင်ကြီးငူ မှာသာ ပြုရလိမ့်မယ်"

ထိုနှစ် တန်ဆောင်မုန်းလပြည့်ကျော်(၁၀)ရက်နေ့တွင် ဦးတာဘိုး၊ မောင်စံကြည် လိုက်ပါလျက် မြိုင်ကြီးငူသို့ရောက်ခဲ့သည်။ ထိုစဉ်ကမြိုင်ကြီးငူ မှာ တကယ့်တောကြီးမျက်မည်းဖြစ်သည်။ လူသူအရောက်အပေါက်ဟူ၍ မရှိ သလောက်ဖြစ်သည်။ တရားအားထုတ်သူများ ရံဖန်ရံခါ ရောက်လာလေ့ရှိသော် လည်း ကြာကြာမခံ။ အကြောင်းကြောင်းကြောင့် လန့်၍ ပြန်ပြေးသွားကြရသည်။

သံလွင်မြစ်တွင်းမှ စုန်ဆင်းလာလေ့ရှိသော ဖောင်သမားများသည် မြိုင်ကြီးငူ တည့်တည့်သို့ရောက်လျှင် ထူးဆန်းသောအသံများကို ကြားရတတ်သည်။ ဆင်သံ၊ မြင်းသံ၊ သံကြိုးသံ၊ စည်မောင်းသံ၊ လူသံ စသည်ဖြင့် ကြားရလေ့ရှိသည်။

တစ်ဆင့်စကား၊ တစ်ဆင့်နားဖြင့် လူအများကြားသိကြရာမှ မြိုင်ကြီးငူသို့ လာဝံ့သူမရှိ ဖြစ်လာသည်။ မျက်စိလည်လမ်းမှား၍ ရောက်လာလျှင်လည်း တစ်စုံတစ်ရာသောထူးခြားမှုနှင့် တွေ့ကြုံကြရပြီး လန့်ဖျတ်ပြန်ပြေးသွားကြရပါသည်။

လူတစ်ဦး မျက်စိလည်လမ်းမှားပြီး မြိုင်ကြီးငူတောနက်ထဲသို့ရောက်လာသည်။ ရောမ မိုးမျှော်ရေတပ်ပင်ကြီးတစ်ပင်ကို တွေ့ရသည်။ ပင်စည်မှာ ပုဆိုးတစ်ပတ်ခန့်ရှိသည်။ အပင်အောက်တွင် ရေတပ်သီးမှည့်များ တင်းကျမ်းပြည့် ကြွေနေသည်ကိုတွေ့ရာ ဟန်ကျပြီသဘောဖြင့် ပုဆိုးဖြင့် ရသလောက်ထုပ်ပြီး ပြန်ဖို့လုပ်သည်။ အပြန်လမ်း ရှာမတွေ့တော့။ အရပ်လေးမျက်နှာ မည်သည့်ဘက်သို့ဦးတည်သွားသွား သည်အပင်အောက်သို့ပင် ပြန်ပြန်ရောက်သည်။

နောက်ဆုံး ရိပ်မိလာပြီး ရေတပ်သီးများကို သွန်ချလိုက်ကာမှ အပြန်လမ်းကိုတွေ့ရသည်။ ရွာရောက်သော် လူအများအားပြောပြရာမှ လူစုပြီး ရေတပ်ပင်လာရှာကြသည်။ အထပ်ထပ်အခါခါ ရှာကြသော်လည်း ရေတပ်ပင်နှင့်တူသောအပင်ဟူ၍ အပင်ငယ်ကိုမျှ မတွေ့ကြသဖြင့် လက်လျှော့ပြန်ခဲ့ကြရသည်။

(သက်ကြီးစကားအရ ၄င်းသည် ရေတပ်ဆိုသော်လည်း ပကတိရေတပ်ကဲ့သို့ စပ်ပူခြင်းမရှိ။ အရသာအလွန်ရှိသည်။ စားရမိလျှင် သိဒ္ဓိတစ်မျိုးမျိုးပြီးသည်ဟု သိရသည်။ မြိုင်ကြီးငူတွင် အခြားထူးဆန်းသော အရာများစွာ ရှိသေးသည်။ ရေးခွင့်ကြုံပါက ရေးပါဦးမည်။ စာရေးသူ)

ဦးရသေ့တို့ရောက်ချိန်တွင် နန်းဦးဘုရားငုတ်တိုသည် (၇)တောင်မျှရှိပြီး ဥဒပနာတိုက် ဖောက်ခံထားရသည်ကိုလည်း တွေ့ရသည်။ ရောက်စက ကျောင်းသင်ခန်းငယ်ဆောက်လုပ်ရန် ဝါးရှာမရသဖြင့် ယွန်းစလင်းချောင်းအထက်ဘက်သို့ တက်ပြီး ဖာလုံရွာမှ ဝါးတစ်ရာဖြင့် ဖောင်ဖွဲ့မျှောချလာခဲ့သည်။ ထိုဝါးဖြင့်ပင် ဆောက်လုပ်ရသည်။ မြိုင်ကြီးငူမှာ ဝါးမရှိမဟုတ်။ ရှိပါ၏။ ရှိသောဝါးများမှာ သုံး၍မရနိုင်လောက်အောင် ကောက်ကွေးနေကြသည်။ ထို့ကြောင့် အခြားအရပ်များ၌ ဝါးသွားခုတ်ရခြင်းဖြစ်သည်။

**(ဝါးကောက်ရခြင်းအကြောင်းကို ပါးစပ်ရာဇဝင်အဆင့်ဆင့်အရ သိရသည်မှာ ဒွတ္တဘောင်မင်းက ပန်ထွာဘုရင်မကို အကောက်ကြံပြီး သိမ်းပိုက်ခဲ့သည်။ ထိုကို ပန်ထွာဘုရင်မက အငြိုးထားပြီး လူတွေဟာ ကောက်ကျစ်စဉ်းလဲလေ့ရှိကြတယ်။ စိတ်ထဲကကောက်တာကို မည်သူမျှ မမြင်မတွေ့ကြ**

ရပေမယ့် သစ်ဝါးများကောက်တာကိုတော့ လူတွေမြင်တွေ့နိုင်ကြတယ်။ လူတွေစိတ်ထဲက မဖြောင့်ဘဲ ကောက်နေသရွေ့ ဟောသည်အရပ်မှာရှိတဲ့ ဝါးတွေလည်း သုံးမရလောက်အောင် ကောက်နေပါစေ၊ ရိုးဖြောင့်မှန်ကန်သူများနှင့်ဆုံပါမှ မူလအတိုင်း ပြန်ဖြောင့်ပါစေ...ဟု ကျိန်စာတိုက်ခဲ့သည်၊ ထို့ကြောင့် ဝါးများ သုံးမရအောင် ကောက်ကွေးနေခြင်းဖြစ်သည်ဟု ကြားရဖူးသည်၊ ဝါးကောက်ခြင်းနှင့်စပ်၍ အရပ်စကား ပြောလေ့ရှိရာမှာ "မြိုင်ကြီးငူမှာ ဝါးဖြောင့်တစ်ပင်ရအောင် ရှာနိုင်ပါက ရွှေတစ်ပိဿာပေးမည်"ဟုပင် ဆိုသောဟူ၏၊ ဤစကားကို အသက် (၇၀) ကျော်ပြီးဖြစ်သော ဒေသခံတစ်ဦးထံမှ ကြားသိရသည်၊ ဝါးများ ဤမျှအထိ ကောက်ခဲ့သည်၊ ယခုသော် ဝါးများ သုံးရလုနီး ဖြောင့်လာနေကြပြီး ဖြစ်သည်၊

(စာရေးသူ)

ယွန်းစလင်းချောင်းအထက်ဘက်မှ ဝါးခုတ်ပြီး ဖောင်ဖွဲ့၍ပြန်လာရာ လမ်းတွင် ဖောင်မှောက်သည်။ ရွာသားများက နေ့ဆွမ်းအတွက် ကြက်သားဟင်းချက် ထည့်ပေးခဲ့သည်ကို "ဝါးများကို မြိုင်ကြီးငူမှာသုံးရန် ရည်စူးထားသဖြင့်" အသားဟင်းနှစ်သက်ဟန်မတူသောကြောင့် ဖြစ်သည်။ မြိုင်ကြီးငူမှာနေလျှင် ဘောမဲ့ သက်ပယ် စားရသည်ဟု ကြားသိထားရသည်။

ဖောင်မှောက်ရာတွင် ရေစို၍ ဦးရသေ့ အဖျားတက်သည်။ ရွာသားများက ကမမောင်းသို့ လှည်းဖြင့်ပို့ပေးကြသည်။ ဝါးဖောင်ကို ကော့ကရက်ရွာဆိပ်သို့ ပို့ပေးသည်။ ဦးဘိုးသင်းနှင့်အဖွဲ့က မြိုင်ကြီးငူသို့ ထပ်မံပို့ဆောင်ပေးကြပြီး ဦးရသေ့အတွက် ကျောင်းသင်္ခမ်းငယ်ကိုလည်းကောင်း၊ အခြားလူများအတွက် ထန်းရွက်မိုးမဏ္ဍပ်ကိုလည်းကောင်း၊ ဆောက်လုပ်ပေးကြသည်။

၄င်းနောက် အမေတုံတို့အဖွဲ့ပါ မြိုင်ကြီးငူသို့ ရောက်လာခဲ့ကြသည်။ ထိုမဏ္ဍပ်မှာပင် နေ့စဉ် နံနက် ည မှန်မှန်ဝတ်ပြု၊ မေတ္တာပို့၊ ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းကြသည်။ အမျှဝေအပြီးတွင် ထိုးစည်၊ ကြေးစည်နှင့် မောင်းတို့ကို တီးလေ့ရှိသည်။ နေ့ဘက်တွင် ပဋ္ဌာန်း (၂၄) ပစ္စည်းကို ရည်မှန်း၍ (၂၄) ချက်တီးသည်။ ညဘက်မှာ ဗောဓိပက္ခိယတရား (၃၇) ပါးကို ရည်စူးပူဇော်သောအားဖြင့် (၃၇) ချက်တီးခေါက်သည်။ ဤသို့နှင့်နေလာရာ ယနေ့နံနက်မှာ မောင်းသံ (၃) ချက်ကို အချိန်မဟုတ် တီးသံကြားရသည်။

"မနက်ဝတ်ပြုစဉ်က (၂၄) ချက်တီးခဲ့ပြီးပြီ။ ခုတီးတဲ့ (၃) ချက်က ဘာသဘောလဲ။ ထူးဆန်းနေတယ်။ သွားကြည့်ဦးမှ"...စိတ်ကူးဖြင့် ဆင်းလာခဲ့သည်။ ဦးသုဇနနှင့် ရှင်တေဇနိယတို့ကို တွေ့ရသည်။

* * * * * * * *

"တပည့်တော်အကြောင်းနဲ့တပည့်တော် ဒိမြိုင်ကြီးငှူဆီရောက်လာပုံက အဲဒါပါပဲဘုရား"

"ဦးဇင်းကတော့ တောထွက်မယ်စိတ်ကူးနဲ့ လာခဲ့တယ်ဆိုတာ စောစောကပြောခဲ့ပြီ"

"မှန်ပါဘုရား။ ပရိယတ္တိအခြေခံ အထိုက်အလျောက်ရှိနေပြီဆိုတော့မှ ပဋိပတ္တိဘက်လိုက်စားတာ အမှန်ဆုံးပဲ။ ဘယ်လောက်ပဲ စာတတ်တတ်၊ ပဋိပတ်အခြေခံကလေးမှ မလုပ်ထားရင် သမာဓိတည်ရုံလေးသော်မှ ကြိုးစားသမှုမပြုထားရင် ဘဝနိဂုံးရောက်တဲ့အခါ ဆောက်တည်ရာမရ ဖြစ်တတ်ပါတယ်ဘုရား"

"မှန်ပါတယ်ဦးရသေ့"

"စာအများကြီးတတ်ထားတဲ့ ဆရာတော်တစ်ပါး ဆိုပါစို့ဘုရား။ မော်လမြိုင်ကပဲ။ စာတတ်သမှ လွန်ကိုနေတယ်။ ပါဠိ၊ မာဂဓ၊ သက္ကဋ၊ ဟိန္ဒီ၊ အင်္ဂလိပ်...စသည်ဖြင့် (၁၂) ဘာသာ တတ်မြောက်ကျွမ်းကျင်တယ်။ စာပေနဲ့တော်လွန်းတော့ စာပေနဲ့ပဲ တစ်သက်လုံးနေလာခဲ့တာ။ ပျံလွန်တော်မူခါနီး သေလုဆဲဆဲမှာ ပင်ပန်းဆင်းရဲခြင်းကြီးစွာဖြစ်ပြီးမှ ပျံလွန်တော်မူခဲ့ရတယ်"

"ဘယ်လို ပင်ပန်းဆင်းရဲကြီးစွာ ဖြစ်ရတာလဲ"

"ရောဂါဖိစီးပြီး ဗျာဓိဒုက္ခနှိပ်စက်နေတော့ သမာဓိအခံမရှိထားလို့ ဖြစ်မှာပါပဲ။ သတိမေ့မေ့လျော့လျော့နဲ့ ပြောချင်ရာပြော၊ ဆိုချင်ရာဆို။ အိပ်ရာကလည်း မထနိုင်။ ထချင်ရင် တွဲထူပေးရတယ်။ နောက်ဆုံး စကားလည်း မပြောနိုင်တော့ဘူး။ ရေသောက်ချင်ရင် ရေအိုးဘက် လက်ညှိုးထိုးပြ။ ရေယူလာပြန်တော့လည်း လက်ညှိုးက အခြားတစ်ဖက်ကို ထိုးပြန်ရော။ ဒီလိုနဲ့ ဗျာဓိဒုက္ခနှိပ်စက်တာကို စိတ်လွတ်ကိုယ်လွတ် သတိလွတ် ခံစားရပြီးမှ ပျံလွန်တော်မူခဲ့ရတယ်။ သမာဓိ ထူထောင်ထားနိုင်မယ်ဆိုရင် ဒါလောက်ဖြစ်ဖို့ မရှိဘူး"

"ဩော်...ဒီလောက်တောင်ပဲလား"

"အမှန်ပါပဲ။ တပည့်တော်ကိုယ်တိုင် ကြုံတွေ့ခဲ့ရတယ်။ ဒါကြောင့်လည်း တပည့်တော်ဟာ စာပေပရိယတ်ကို လိုအပ်သလောက်သာ လေ့လာသင်ယူပြီး ပဋိပတ်ဘက် လိုက်စားခဲ့တယ်ဘုရား"

"တစ်ခုမေးချင်တယ်"

"မေးပါဘုရား"

"ဘာပြုလို့ ရဟန်းဘဝကနေ ရသေ့ဘဝကို လျှော့ချလိုက်ရတာလဲ"

"တပည့်တော်ဟာပဋိပတ်လည်း အားထုတ်ချင်တယ်။ ဝါသနာအရ ဆေးတို့၊ ဝါးတို့၊ ဗိုဆွဲတာတို့လည်း လုပ်ချင်တယ်။ ရဟန်းအဖြစ်နဲ့ ဒါတွေက

လုံးဝမအပ်စပ်ဘူးမဟုတ်လား ဘုရား။ တပည့်တော်ရဲ့မိဘများက တပည့်တော်ကို သူတို့ သက်ရှိထင်ရှားရှိနေစဉ်အတွင်း ရဟန်းဘဝနဲ့ မြင်ချင်တယ်လို့ ဆိုခဲ့ကြတယ်။ မိဘများကွယ်လွန်သည်အထိ ရဟန်းဘဝနဲ့နေခဲ့ပြီး သူတို့ဆုံးလို့ (၂)နှစ်လောက်မှာ ရသေ့အဖြစ် ရောက်ရတာပါပဲဘုရား။ ရသေ့ဖြစ်လာတော့ တောတွေ၊ တောင်တွေဆီလျှောက်သွားပြီး ဂန္ဓာရီဆန်တဲ့ ပညာရပ်တွေကို လေ့လာလိုက်စားတယ်။ တိုတိုပြောရရင် ရသေ့အဖြစ်က ရဟန်းဘဝထက်စာရင် လုပ်ရကိုင်ရ ပိုပြီးလွတ်လပ်လို့ပါဘုရား"

"ဦးရသေ့က တရားရိပ်သာမှာ တော်တော်ကြာကြာ နေခဲ့ဖူးတယ်ဆိုတော့ နည်းနာနိဿယတွေ ကျွမ်းကျွမ်းကျင်ကျင်သိထားမှာပေါ့နော်"

"သိသလောက်တော့ သိပါတယ်ဘုရား။ တပည့်တော်လည်း အချိန်ရရင်ရသလို အားထုတ်ဆဲပါဘုရား"

"ဒီလိုဆိုရင် ဦးဇင်းကိုလည်း နည်းလမ်းသင်ပြပေးပါ။ ဦးဇင်းတို့က စာသင်သားဘဝက လာတာဆိုတော့ ပဋိပတ်ကို အခြေခံကျကျ သိမထားရဘူး။ အပေါ်ယံကြော အများပြောလောက်ပဲ သိတယ်"

"မှန်ပါ ဝန်မလေးပါဘုရား"

"ဦးရသေ့ပြောတဲ့ ဦးဘိုးသင်းဆိုတာ ဒီကဒကာကြီးလား"

"မှန်ပါဘုရား"

ဦးရသေ့နှင့် စကားပြောနေစဉ်အတွင်း မြိုင်ကြီးငှမှာရောက်နှင့်နေသော အမေတုံတို့အဖွဲ့ ရောက်လာပြီး စကားပြောကြသည်။ ဦးရသေ့က တစ်ဦးချင်း မိတ်ဆက်ပေးသည်။

နေ့ဆွမ်းကို ထိုမှာပင် ဘုဉ်းပေးသည်။ မနက်ထွက်လာစဉ်က သပိတ်ထဲမှာ နေ့ဆွမ်းအတွက်ထည့်ခဲ့သည်။

ဦးရသေ့၏နည်းကိုယူ၍ (၉) ရက်အဓိဋ္ဌာန်ဖြင့် တရားအားထုတ်ကြည့်မည်။ ကျန်တာကို နောက်မှ ကြည့်စီစဉ်မည်။ ရှင်တေဇနိယကို ပြန်လွှတ်လိုက်သည်။

ဦးရသေ့ကျောင်းငယ်သို့ လိုက်လာခဲ့သည်။ ကျောင်းငယ်မှာ နန်းဦးစေတီရှိရာ ကုန်းမြင့်ကလေးခြေရင်း။ မလှမ်းမကမ်း ဖန်းခါးပင်ကို ဦးတိုက်ဆောက်ထားသည်။

ဦးသုဇနသည် ကျောင်းသံခမ်းမလိုသေး။ (၉) ရက် အဓိဋ္ဌာန် ဝင်ကြည့်ရဦးမည်။ သစ်ပင်အောက်မှာဖြစ်စေ၊ နန်းဦးစေတီ ရင်ပြင်ပေါ်မှာဖြစ်စေ၊

လောလောဆယ် အားထုတ်ကြည့်ဦးမည်ဟု တွေးထားသည်။ မိုးကာလမဟုတ်သဖြင့် အစမ်းသဘောအရ ကျောင်းသခ်မ်းမရှိဘဲလည်း ဖြစ်နိုင်သည်။ သူတော်ကောင်းကြီးများ၏ နည်းထုံး...။

'သစ်တစ်ပင်ရင်း၊ ဝါးတစ်ပင်အောက်'ဆိုထုံးကို နှလုံးမူလျက်...။

* * * * * * * *

# အကျင့်စရဏ ဤသို့စသည်

"ရဟန်းအနေနဲ့ တရားကို စွဲစွဲမြဲမြဲအားထုတ်နိုင်ဖို့ ဆွမ်းကိစ္စက အဓိက အရေးကြီးတယ်ဘုရား။ ဒါပေမယ့် ဘုရားအမွေပေးခဲ့တဲ့ သပိတ်တစ်လုံး ရှိနေပြီပဲ။ မခက်နိုင်တော့ဘူးပေါ့။ ဝိပဿနာရဟန်းပီပီ မိမိ၏ သလုံးမြင်းခေါင်းနဲ့ အရင်းတည်ပြီး ရှာဖွေရမယ်။ ဆွမ်းခံရမယ်ပေါ့။ ဒါမှ အာဇီဝပါရိသုဒ္ဓိ ဖြစ်မယ်ဘုရား"

နေစရာကျောင်းအတွက် သစ်ပင်၊ ဝါးပင်တွေ အများကြီးရှိပြီ။ ပူစရာမလို။ ဆွမ်းဟင်းကိစ္စအတွက် ဦးရသေ့က အထက်ပါအတိုင်း လမ်းညွှန်ပြောကြားကာ နံနက်အရုဏ်တက်တွင် (၂)မိုင်ခန့်ဝေးသော ဝါကြီးဝါကရွာသို့ လိုက်ပို့သည်။ ရွာနီးချုပ်စပ်သို့ရောက်လျှင် လူသံ၊ ခွေးသံ၊ နွားမောင်းသံတို့ကို ကြားရသည်။

"လူသံ၊ သူသံတော့ ကြားရပြီ။ တစ်ပါးအတွက်တော့ ဆွမ်းလုံလောက်နိုင်ပါတယ်ဘုရား"...ဟု ဂေါစရဂါမ်ကို ညွှန်ပြခဲ့ပြီး ဦးရသေ့ပြန်လာခဲ့သည်။ ဦးသုဓန သင်္ကန်းပြင်ရုံပြီး ရွာထဲ ဆွမ်းခံကြွသည်။ ဘောမဲ့ (သက်လွှတ်) သာ မှန်းထားသည်မို့ ဆွမ်းတစ်ခုရလျှင် အလုပ်ဖြစ်မည်သာ။ (ထိုနေ့မှစ၍ ဝါကြီးဝါကရွာသို့ ဆွမ်းခံကြွသည်။ နောင် အနေကြာလာသောအခါ အနီးအနားရွာများဖြစ်သော ပန်းကုန်းရွာ၊ မအဲရွာတို့သို့ပါ ဆက်ကြွသည်။

ညဘက်သို့ရောက်လျှင် ဝိပဿနာအလုပ်စခန်းအတွက် ဦးရသေ့က လမ်းညွှန်မှုပြုသည်။ တရားအားမထုတ်မီ ရှေးဦးပြုအပ်သော ပုဗ္ဗကိစ္စမှ အစပြု၍ အောက်ပါအတိုင်းညွှန်ကြားသည်။

(၁) ဘုရားရှိခိုး

(၂) မေတ္တာပို့

(၃) ဘုရားတပည့်တော်၏ ရုပ်နာမ်နှစ်ဖြာ၊ ဤခန္ဓာကို ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးအား လှူဒါန်းပါ၏ဘုရား။

(၄) ငါ့ခန္ဓာကိုယ်သည် ရွံစရာပါတကား။ ငါ၏ခန္ဓာကိုယ်သည် စက်ဆုပ်ဖွယ်ပါတကား။

(၅) အသက်ရှင်ခြင်းသည် မမြဲ။ သေခြင်းသာ မြဲ၏။ ငါတို့ သေရဦးမှာပါတကား။

(၆) မပြစ်မှားသင့်၊ မပြစ်မှားထိုက်သော ပုဂ္ဂိုလ်တို့အပေါ် တပည့်တော်၏ ပြစ်မှားမိခဲ့သော ကာယကံ၊ ဝစီကံ၊ မနောကံများရှိခဲ့ပါသော် သည်းခံခွင့်လွှတ်တော်မူပါရန် တောင်းပန်ပါသည် အရှင်ဘုရား။

ဤပုဗ္ဗကိစ္စ(၆)ချက်ကို ပြုပြီးနောက်တွင် ပလ္လင်ခွေ (မဟာတင်ပလ္လင်ခွေ) ထိုင်ရမည်။ ခါးကို မတ်မတ်ထား။ ကျောကို တောင့်တောင့်ကြီးလည်း မဖြစ်စေဘဲ ထားရမည်။ ဇက်ကို မငုံ့လွန်း၊ မမတ်လွန်းစေရ။ မျက်လုံးများကို စင်းငယ်ဖွင့်ထားရမည်။ (မျက်စိမှိတ်ထားလျှင် ထိန မိဒ္ဓ အိပ်ငိုက်မှု ဖြစ်လာတတ်သည်။)

ပေါင်ပေါ်တွင် ဘက်ဘက်လက်ဖဝါးပေါ် ညာဘက်လက်ဖဝါး ထပ်တင်ထားရမည်။

ဤသို့ အနေအထားပြုပြင်ပြီးလျှင် ကမ္မဋ္ဌာန်းသို့ရှေးရှုကာ သတိကို ဖြစ်စေလျက် အာနာပါန...စသော သတိပဋ္ဌာန်ရှုမှတ်နည်းကို ဆက်လက်အားထုတ်ရာ၌ ဣရိယာပုထ် လေးပါးစလုံးနှင့် အားထုတ်ရမည်။ သို့သော် မိမိစရိုက်နှင့်ညီသော (ဝါ) မိမိနှင့်သင့်လျော်သော ဣရိယာပုထ်ဖြင့် အားထုတ်ပါက အကျိုးများပါမည်။

* ဤအားထုတ်နည်းသည် လက်တွေ့ကျင့်သုံးသူဦးသုဇန အားထုတ်ခဲ့ပုံကို မှတ်တမ်းသဘော ကိုယ်တွေ့ဖြစ်ရပ်ကို ဖော်ပြခြင်းသာဖြစ်ပါသည်။ ထိုသို့ ဖော်ပြရာဝယ် အခြားနည်းများနှင့် ကွဲလွဲချက်များ ရှိကောင်းရှိမည်။ ဤရေးသားချက်သည် ကျမ်းပြုခြင်းမဟုတ်။ မှတ်တမ်းပြုခြင်းသာဖြစ်သဖြင့် အစစ ခွင့်လွှတ်ကြစေချင်သည်။ ဤကား ရေးဦးအမှာတည်း *

သတိပဋ္ဌာန်ဟူသည် သတိပြဋ္ဌာန်းခြင်း၊ မပြတ်သတိဖြစ်စေခြင်းကို ဆိုလိုသည်။ ရုပ်ခန္ဓာ၊ နာမ်ခန္ဓာတို့နှင့် စပ်လျဉ်း၍ လှုပ်ရှားမှုမှန်သမျှ၊ ခံစားမှုမှန်သမျှ၊ ဖြစ်ပေါ်မှုမှန်သမျှတို့၌ သတိဖြင့် လိုက်၍လိုက်၍ အသိရှိစေရသည်။ ဣရိယာပုထ်(၄)ပါးစလုံး သင့်လျော်သည်ဆိုသော်လည်း ဦးသုဇနအဖို့ လျောင်းခြင်း၊ ထိုင်ခြင်း နှစ်ခုနှင့် မအပ်စပ်လှ။

လျောင်းလျှင် အိပ်ပျော်သွားတတ်၍ ထိုင်လျှင် အိပ်ငိုက်တတ်သည်။ ရပ်ခြင်း၊ စင်္ကြံလျှောက်ခြင်းများဖြင့်သာ စတင်ကျင့်သုံးခဲ့ရသည်။ သမာဓိကို ထူထောင်နိုင်ပြီးကာမှ ထိုင်ခြင်းဖြင့် ပြောင်းလဲရှုမှတ်သည်။ အားအသန်ဆုံးမှာ စင်္ကြံသွား၍ ရှုမှတ်ခြင်းဖြစ်သည်။

(၁) * လှမ်းတယ်၊ လှမ်းတယ်
လှမ်းတယ်၊ သိတယ်။
လှမ်းတယ်၊ သိတယ်။

(၂) * လှမ်းတယ်၊ ထိတယ်၊ သိတယ်။
လှမ်းတယ်၊ ထိတယ်၊ သိတယ်။

(၃) * လှမ်းတယ်၊ ချတယ်၊ ထိတယ်၊ သိတယ်။
လှမ်းတယ်၊ ချတယ်၊ ထိတယ်၊ သိတယ်။

(၄) * လှမ်းမယ်၊ ကြွတယ်၊ ရှိတယ်၊ ချတယ်၊ ထိတယ်၊ သိတယ်။
လှမ်းမယ်၊ ကြွတယ်၊ ရှိတယ်၊ ချတယ်၊ ထိတယ်၊ သိတယ်။

(၅) * လှမ်းဆဲ၊ လှမ်းနိုက်၊ လှမ်းနေတုန်း၊ လှမ်းတယ်၊ ချတယ်၊ ထိတယ်၊ သိတယ်။
လှမ်းဆဲ၊ လှမ်းနိုက်၊ လှမ်းနေတုန်း၊ လှမ်းတယ်၊ ချကယ်၊ ထိတယ်၊ သိတယ်။

(၆) * ဘယ်လှမ်းတယ်၊ ညာလှမ်းတယ်။
ညာလှမ်းတယ်၊ ညာလှမ်းတယ်။

(၇) * ဘယ်လှမ်းတယ်၊ သိတယ်။
ညာလှမ်းတယ်၊ သိတယ်။

(၈) * ဘယ်လှမ်းတယ်၊ ထိတယ်၊ သိတယ်။
ညာလှမ်းတယ်၊ ထိတယ်၊ သိတယ်။

(၉) * ဘယ်လှမ်းတယ်၊ ချတယ်၊ ထိတယ်၊ သိတယ်။
ညာလှမ်းတယ်၊ ချတယ်၊ ထိတယ်၊ သိတယ်။

(၁၀)* ဘယ်လှမ်းမယ်၊ ကြွတယ်၊ ရှိတယ်၊ ချတယ်၊ ထိတယ်၊ သိတယ်။
ညာလှမ်းမယ်၊ ကြွတယ်၊ ရှိတယ်၊ ချတယ်၊ ထိတယ်၊ သိတယ်။

(၁၁)* ဘယ်လှမ်းဆဲ၊ လှမ်းနိုက်၊ လှမ်းနေတုန်း၊ လှမ်းတယ်၊ ချတယ်၊ ထိတယ်၊ သိတယ်။
ညာလှမ်းဆဲ၊ လှမ်းနိုက်၊ လှမ်းနေတုန်း၊ လှမ်းတယ်၊ ချတယ်၊ ထိတယ်၊ သိတယ်။

အဆင့်ဆင့်တိုင်း၌ သမာဓိတည်ပြီးမှ အခြားတစ်ဆင့်သို့ တိုး၍ ရှုမှတ်သည်။ တစ်ဆင့်ပြီးတစ်ဆင့် အမှတ်က စိပ်စိပ်လာသည်။ အမှတ်စိပ်လာလေ၊ လမ်းလျှောက်နေးလေ၊ သမာဓိတည်လေ ဖြစ်သည်။ စဦးတွင် လှုပ်ရှားလွန်းသည့် မျောက်နှင့်တူသောစိတ်ကို ကမ္မဋ္ဌာန်းအာရုံရှုမှတ်မှုတွင် စိတ်ကိုတည်နေအောင် အတော့်ကိုကြိုးစားယူရသည်။ လိုက်စားခဲ့သောကာမဂုဏ် မရှိလင့်ကစား လိုက်သွားခဲ့သောအာရုံများက များခဲ့သည်ကိုး။ စင်္ကြံလျှောက်ရာတွင် စင်္ကြံဆုံးပြီး ပြန်လှည့်ရာ၌လည်း ရုတ်ခြည်းမလှည့်ဘဲ

*လှည့်မယ်၊ လှည့်တယ်၊ သိတယ်

လှည့်မယ်၊ လှည့်တယ်၊ သိတယ်...ဟူ၍ သတိကပ်၍ အသိလိုက်၍ လှည့်ရသည်။ လှည့်ပြီးမှ မူလအာရုံကို ပြန်ယူပြီး...

*လှမ်းတယ်၊ လှမ်းတယ်

လှမ်းတယ်၊ သိတယ်

လှမ်းတယ်၊ သိတယ်၊ သိတယ်...စသဖြင့် ဆက်မှတ်သည်။

သမာဓိ အတော်အတန်ထူထောင်မိသောအခါ ရပ်ခြင်း (သို့မဟုတ်) ထိုင်ခြင်းတို့၌ အာနာပါန (ထွက်လေဝင်လေ) ရှုမှတ်သည်။ ရှေးဦးစွာ ရပ်ခြင်း၊ ထိုင်ခြင်း၌လည်း...

*ရပ်မယ်၊ သိတယ်

ရပ်တယ်၊ သိတယ်

ရပ်နေတယ်၊ သိတယ်...ဟုလည်းကောင်း အမှတ်မလွတ်စေဘဲ ရှုမှတ်သည်။

ရပ်ခြင်း၊ ထိုင်ခြင်း၌ သမာဓိတည်ပြီးသော်...

**လင်္ကာ**

နှာဝဝင်ထွက်၊ နှစ်ချက်လေသာ
ထွက်ဝင်သိဆဲ၊ မလွဲမှတ်ပါ
အမြဲမှတ်တော့၊ ပညတ်စင်ကွာ
ပရမတ် ဆက်ဆက်ပေါ်တော့မှာ...ဟူသည့်အတိုင်း ထွက်လေ၊ ဝင်လေကို အောက်ပါအဆင့်များအတိုင်း အဆင့်ဆင့်ရှုမှတ်သွားသည်။

(၁) * ထွက်တယ်၊ ဝင်တယ်
ထွက်တယ်၊ ဝင်တယ်

(၂) * ထွက်တယ်၊ သိတယ်
ဝင်တယ်၊ သိတယ်

(၃) * ထွက်တယ်၊ ထိတယ်၊ သိတယ်
ဝင်တယ်၊ ထိတယ်၊ သိတယ်။

(ထိဟူသည် နှာသီးဖျားမှာ လေတိုး၍ ထိသည်ကို ဆိုလိုသည်။)

(၄) * ထွက်သက်အစ – ချက်တိုင်
ထွက်သက်အလယ် – ရင်ညွန့်ချိုင့်
ထွက်သက်အဆုံး – နှာသီးဖျား။

(၅) * ဝင်သက်အစ – နှာသီးဖျား
ဝင်သက်အလယ် – ရင်ညွန့်ချိုင့်
ဝင်သက်အဆုံး – ချက်တိုင်...ဟူ၍ ထွက်လေဝင်လေတို့၏

စလယ်ဆုံးကို သမာဓိတည်လာသည်နှင့်အမျှ လေနှင့်အတူ လိုက်မှတ်နိုင်သည်။ အာရုံမှာလည်း သိလာ၊ ထင်လည်းထင်လာ၊ မြင်လည်းမြင်လာသည်။

တစ်ခါတစ်ရံ ပင့်ကူမျှင်တန်းသဖွယ်၊ တစ်ခါတစ်ရံ အငွေ့ဖြူတန်းလေးသဖွယ် ဝင်ချည်ထွက်ချည်ဖြစ်နေသည်ကို မြင်လာရသည်။ မှတ်စကနဦးဝယ် စိတ်က ကမ္မဋ္ဌာန်းအာရုံမှာ မနေချင်။ ရောက်မိရောက်ရာ စိတ်က ရောက်သွားတတ်သည်။ စိတ်က ထို တခြားရောက်သည်နှင့် သတိဖြင့် လိုက်ကပ်ထားရသည်။

*တခြားရောက်သွားပြီ၊ သိတယ်

တခြားရောက်သွားပြီ၊ သိတယ်...ဟူ၍ လိုက်မှတ်ပြီး မူလ အာနာပါနအာရုံမှာ တည်လာသည်။ စိတ်က ကြည်လာသည်။ သမာဓိ တည်လာသည်။

ပြဆိုခဲ့သည်မှာ သွား၊ ရပ်၊ ထိုင် ဣရိယာပုထ်(၃)ပါးမှာ ရှုမှတ်ခဲ့ပုံဖြစ်သည်။ သတိပဋ္ဌာန်ဟူသည် ဤမျှသာ ဆိုလိုသည်မဟုတ်။ အခြားအခြားသော လှုပ်ရှားမှုမှန်သမျှတိုင်းကိုလည်း ဤကဲ့သို့ပင် အမှတ်ကို စိပ်နိုင်သမျှ စိပ်စိပ် ရှုမှတ်ရသည်။

ဥပမာ – စားရာ၌
ယူမယ်၊ သိတယ်
ကိုင်တယ်၊ ထိတယ်၊ သိတယ်
ယူတယ်၊ ထည့်တယ်
ဟတယ်၊ သွင်းတယ်
ဝါးတယ်၊ ဝါးတယ်၊ သိတယ်
မျိုမယ်၊ မျိုမယ်၊ သိတယ်
ကျသွားပြီ၊ သိတယ်...စသဖြင့် ထမင်းအလုပ်တိုင်း၌ အမှတ်စိပ်စိပ်

လိုက်မှတ်သည်။

ဦးသုဇနသည် ဖော်ပြပါအတိုင်း ရှုမှတ်အားထုတ်သည်။ သမာဓိကို ထူထောင်သည်။ အချိန်နှင့်အမျှ အားထုတ်သည်။ အချိန်ဇယားလေး ထားခဲ့သည်။

နံနက် (၄:၀၀) နာရီ အိပ်ရာကထ၊ ဘုရားရှိခိုး၊ ပရိတ်ရွတ်၊ မေတ္တာပို့၊ တရားမှတ်။

နံနက် (၈:၃၀) နာရီ ဆွမ်းခံကြွ၊ ဆွမ်းစားအပြီး ရပ်လျက် တရားမှတ်။

ည (၈:၀၀) နာရီ စင်္ကြံလျှောက်ခြင်းရပ်တန့်၍ ပရိတ်ရွတ်သည်။

ရွတ်ပြီးတော့ ခေတ္တလဲလျောင်းအိပ်စက်သည်။ အိပ်တော့မည်ဆိုလျှင် လှဲမည်။ လှဲပြီ။ (ခေါင်းအုံးနှင့် ထိမည်။ ထိတော့မည်။ ထိပြီ။ ဆက်တိုက်မှတ်သွားသည်။) နေရာကျသွားပြီးသည်နှင့် ထွက်လေဝင်လေကို ဆက်မှတ်သည်။

ထွက်တယ်၊ ဝင်တယ်
ထွက်တယ်၊ သိတယ်
ဝင်တယ်၊ သိတယ်...စသည်

တရားရှုမှတ်ရင်း နွမ်းနယ်ပြီးဖြစ်သော ခန္ဓာကိုယ်သည် နံနက် (၂:၀၀) နာရီမှ (၄:၀၀) နာရီထိ ခေတ္တအိပ်ပျော်သွားသည်။ (၄:၀၀) နာရီထိုးသည်နှင့် နိုးလာသည်။ နိုးနိုးချင်း...

*နိုးပြီ၊ နိုးနေပြီ
ထမယ်၊ ထတော့မယ်၊ ထပြီ
လှမ်းနေပြီ၊ လှမ်းတယ်၊ သိတယ်
ဘယ်လှမ်းတယ်၊ သိတယ်
ညာလှမ်းတယ်၊ သိတယ်...စသဖြင့်
မျက်နှာသစ်ရန် ခွက်ယူစဉ်လည်း...
ခွက်ကိုင်မယ်၊ ကိုင်ပြီ၊ ကိုင်ထားပြီ၊ သိတယ်
ရေခပ်မယ်၊ ခပ်ပြီ၊ ခပ်နေပြီ၊ သိတယ်
ရေပါလာပြီ၊ ပါလာပြီ၊ ပါလာတယ်၊ သိတယ်
လောင်းမယ်၊ လောင်းပြီ၊ လောင်းတယ်၊ သိတယ်
မျက်နှာသစ်မယ်၊ သစ်တယ်၊ သိတယ်
ပြီးပြီ၊ သိတယ်...။

နိုးလာသည်နှင့် လှုပ်ရှားမှုတိုင်းကို အမှတ်မလွတ်စေဘဲ စိုက်နိုင်သမျှ စိုက်စေသည်။ ၎င်းနောက် ဘုရားရှိခိုး...မှစ၍ နေ့စဉ် အချိန်ဇယားအတိုင်း လည်နေတော့သည်။

* * * * * * * *

ဖော်ပြခဲ့သည်မှာ ကိုယ်အမူအရာနှင့်ရှုမှတ်သော ကာယာနုပဿနာဖြစ်သည်။ ထိုကို ရှုမှတ်နေစဉ်အတွင်း ဝေဒနာပေါ်လာလေ့ရှိသည်။ ထိုကို ဝေဒနာနုပဿနာကမ္မဋ္ဌာန်းအဖြစ် ရှုမှတ်ရသည်။ (အမြွက်မျှ ရေးပါဦးမည်။)

ဦးသုဇနသည် ထိုင်တရားရှုမှတ်မည်ဖြစ်၍ မဟာတင်ပလ္လင်ခွေထိုင်သည်။ ခြေဖဝါးနှစ်ဖက်လုံး ပေါင်တစ်ဖက်တစ်ချက်စီပေါ် လှန်တင်ထားသောအနေအထားရှိသည်။ ခြေကျင်းဝတ်နှစ်ဖက်မှာ ကြက်ခြေခတ်သဏ္ဌာန် တစ်ခုပေါ်တစ်ခု ထပ်နေသည်။ လက်ဖဝါးနှစ်ဖက်ကိုထပ်ကာ ခြေပေါ်မှာတင်ထားသည်။ ခါးကိုမတ်ထား၍ ဦးခေါင်းကို မငုံ့လွန်း၊ မမတ်လွန်း ထားသည်။ တောင့်တင်းလည်း မနေစေဘဲ အလိုက်သင့်ရှိနေစေသည်။ မျက်စိကို အနည်းငယ်ဖွင့်ထားသည်။

*ထိုင်ဆဲ၊ ထိုင်ခိုက်၊ ထိုင်နေတုန်း

ထိုင်နေတယ်၊ ထိုင်တယ်၊ သိတယ်...ဟူ၍ အဖန်တလဲလဲ စီးဖြန်း၍ဖြစ်စေ၊ ထွက်သက်ဝင်သက် အာရုံယူ၍ဖြစ်စေ၊ ရှုမှတ်ပွားများသည်။

ခြေကျင်းဝတ်နှစ်ခုကိုထပ်ကာ အားပြုထားသဖြင့် ကြာလာသောအခါ (သို့မဟုတ်) အထိုင်ကြာလာသောအခါ ထုံကျဉ်ကိုက်ခဲမှုများ ဖြစ်ပေါ်လာသည်။ ခံစားလာရသည်။ ခံစားမှုဝေဒနာ ပေါ်လာသောအခါ...

ထုံလျှင် ထုံတယ်၊ ထုံတယ်

ကျဉ်လျှင် ကျဉ်တယ်၊ ကျဉ်တယ်

ကိုက်လျှင် ကိုက်တယ်၊ ကိုက်တယ်

နာလျှင် နာတယ်၊ နာတယ်...စသဖြင့် ပေါ်လာသည့်ဝေဒနာကို လိုက်မှတ်သည်။ မူလထိုင်ထားသောကိုယ်အမူအရာ လုံးဝမချို့ယွင်းစေဘဲ (ဝါ) လှုပ်ရှားမှုမရှိစေဘဲ ခံစားနေရသောဝေဒနာပေါ်မှာသာ သတိကပ်ထားသည်။

သို့နှင့် ကြာလာသောအခါ ခန္ဓာကိုယ်အောက်ပိုင်းတစ်ခုလုံး မီးလောင်ခံရသကဲ့သို့လည်းကောင်း၊ မီးစကြီးနှင့် ထိုးထားသကဲ့သို့လည်းကောင်း ပူလောင်ပြင်းပြသောဝေဒနာကို ခံစားရသည်။ ထိုအခါ...

*ပူတယ်၊ ပူတယ်

ပူတယ်၊ ပူတယ်

ပူတယ်၊ သိတယ်...ဟူ၍ ဆက်မှတ်သည်။ ဝေဒနာလျော့မသွား။ ပို၍ပြင်းထန်လာသည်။ "ဖြုတ်လိုက်တော့မယ်၊ ဖြုတ်ချင်နေပြီ" အားလျော့စိတ်ပေါ်လာသည်။

ဦးသုဇနသည် "ဇွဲထား၊ တောင့်ထား"ဟု မိမိကိုယ်မိမိ အားပေးယူရသည်။ အားပေးနေဆဲ ...ခံမရပ်နိုင်အောင် ဖြစ်လာသည်။ ဇောချွေးများ စီး

ကျလာသည်။ ချွေးသီးချွေးပေါက်များ ထွက်လာသည်။ တစ်ကိုယ်လုံး ဖျင်းဖျင်း ဖြစ်လာသည်။ နှပ်များ၊ မျက်ရည်ပူများ ယိုစီးကျလာသည်။ ထွက်စမ်းပါစေ။ ယိုစမ်းပါစေ။ တုတ်တုတ်မလှုပ်။ အသက်နှင့်ခန္ဓာကိုယ်ကို ဘုရားအား လှူဒါန်း အပ်နှင်းထားပြီးပြီပဲ။ တရားအားထုတ်ရင်း သေသွားလို့ အကြောင်းလား...ဟု မူလကတည်းက ဆောက်တည်ထားပြီးသား။

မခံမရပ်နိုင်အောင် ဖြစ်ပေါ်လာသော ခံစားမှုဝေဒနာပေါ်မှာသာ သတိ ကပ်ထားသည်။ အမှတ်ကို စိပ်နိုင်သမျှစိပ်အောင် ဆက်မှတ်သည်။ တိုးလာ သောဝေဒနာများသည် တစ်စတစ်စ မြင့်မြင့်လာသည်။ ဇွဲရှိရှိဖြင့် ကြံ့ကြံ့ခံ ဖွတ် မိုတ်တောင့်ခံထားသည်။ အမှတ်ကိုမလွတ်စေဘဲ တိုးလာလျှင် တိုးလာသည့် အဖြစ်ကို ဆက်မှတ်သည်။ ထို့ထက် ပိုပြင်းထန်သောဝေဒနာ ဖြစ်ပေါ်လာသည်။ နောက်ဆုံး ပြင်းထန်စရာမရှိတော့သောအခါမှ တစ်ကိုယ်လုံးအေးစိမ့်သွားကာ ငြိမ့်ခနဲဖြစ်သွားသည်။ ပေါ့ပါးရွှင်လန်းသွားပြီး ကြည်ကြည်လင်လင်ဖြစ်သွား သည်။ စိတ်၏ ငြိမ်သက်တည်ကြည်ခြင်းကို ရရှိသည်။

ခံစားမှုဝေဒနာများ လုံးဝမပေါ်တော့ဘဲ မည်သို့မည်ပုံ ချုပ်ငြိမ်းသွား သည်မသိ။ ခံစားမှုဝေဒနာ မရှိတော့သည်ကိုသာ သိသည်။ စိတ်က ကြည်လင် လန်းဆန်းနေသည်။ အာရုံတစ်ပါးသို့လည်း စိတ်မသွားတော့ဘဲ တန့်သလို ဖြစ်နေသည်။ အေးငြိမ်းသောအရသာတစ်ခုခုကို ခံစားနေရသလို ရှိသည်။ ကာယိကဒုက္ခနှင့်ပတ်သက်သော ခံစားမှုဝေဒနာများ တဒင်္ဂကွယ်ပျောက်နေ သည်။ ခန္ဓာကိုယ်မှ တဒင်္ဂဖယ်ခွာသွားကြသည်ဟု ယူဆမိသည်။ စိတ်ထဲမှာ အေးငြိမ်းမှုနှင့် တည်ကြည်ငြိမ်သက်မှုသာရှိကြောင်း သတိပြုမိသည်။

"ဤဒုက္ခဝေဒနာကို သည်းခံနိုင်အောင် ကျင့်ထားသည်ကိုပင် သေခါနီး၌ဖြစ်ပေါ်လာမည့် ဗျာဓိဒုက္ခ စသည်ကို သည်းခံနိုင်စွမ်းရှိသည်"ဟု ဦးရသေ့ နှင့်တွေ့စဉ်းက ဆိုလိုဟန်ရှိသည်ဟု ဦးသုဇန တွေးခဲ့မိသည်။

(ဤကား...ဦးသုဇနကိုယ်တွေ့ကြုံရသော ဝေဒနာနုပဿနာဖြစ်စဉ်ကို ပေါင်း၍ ရေးပြခြင်းဖြစ်သည်။ ရှေ့တွင်လာမည့် ထုံနာကျဉ်နာရောဂါပျောက် ကင်းပုံအခန်းရောက်လျှင် ပို၍ထင်ရှားလာပါဦးမည်။

စာရေးသူ)

* * * * * * * *

ဦးသုဇနနှင့်အတူ ဦးရသေ့လည်း သတိပဋ္ဌာန်ကို အားထုတ်သည်။ သို့သော် ဦးသုဇနလောက် အကျင့်မပြင်းထန်။ ဦးရသေ့ကား ပလိဗောဓများ သည်။ သူပြောသည့်အတိုင်း အင်္ဂရုတ်လည်း ထိုးသည်။ ဆေးဝါးလည်း ဖော်

သည်။ အင်းအိုင် ခလှဲ့ လက်ဖွဲ့လည်း လုပ်သည်။

ဦးသုဇနနှင့် ဦးရသေ့တို့ ကနဦးတွေ့ဆုံသည့် ကနဖျဉ်းအောက်နား တွင် အမေတုံ အသက်(၇၀)နှင့်အတူ အမိဋ္ဌာန်ဝင်သူ (၁၀)ဦးခန့်ရှိသည်။ ၄င်းတို့က ဆွမ်း၊ ကွမ်း၊ ဝေယျာဝစ္စ အထိုက်အလျောက်ပြုပြင်ပေးသည်။ တောချုံ ရှင်းသည်။ သူတို့နေရာမှ ကမ်းခြေမှ အထက်တစ်နေရာ တောင်စောင်းကို မြေညှိ ပြုပြင်ထားသည်။ ဦးသုဇနနှင့် ဦးရသေ့က ထိုမှအထက် (၅)မိနစ်ခန့်တက်ရ သော တောင်ကုန်းပေါ်ရှိ မြေပြန့်အနည်းငယ်ရှိရာ နန်းဦးစေတီမှ မြောက်ဘက် မှာ နေရာယူထားသည်။

အမိဋ္ဌာန်အဖွဲ့တွင် အမျိုးသမီးငယ်များလည်း ပါလာလေ့ရှိတယ်။ တစ်ခါတစ်ရံ တစ်လကိုးသီတင်းကြာအောင် အမိဋ္ဌာန်ဝင်လေ့ရှိသည်။ တော ကြီးမျက်မည်းတွင် သူ့အမိဋ္ဌာန်နှင့်သူ ပုတီးစိပ်၊ တရားထိုင်နေကြသည်။

ဝန်းကျင်တစ်ခုလုံး ငြိမ်သက်သည်။ တိတ်ဆိတ်မှုတော့ မရှိလှ။ ဆူညံ သည်တော့မဟုတ်။ ရှဉ့်ကလေးများ၏ အော်မြည်ပြေးလွှားသံ၊ ကျေးငှက်သာရကာ တို့၏ တွန်ကျူးသံတို့ဖြင့် သာယာစိုပြည်လျက်ရှိသည်။ တစ်ခါတစ်ရံ အကောင် (၅၀)ကျော်ခန့်ရှိသော တောဝက်အုပ်ကြီး ရောက်လာတတ်ပြီး အုတ်အုတ်အီးအီး ဆူညံတတ်သည်။

တောဝက်သည် ရိုင်းစိုင်းသောသတ္တဝါဖြစ်သော်လည်း စခန်းရှိလူများ ကို ဒုက္ခမပေးတတ်ချေ။ တောထဲသို့ မို့ရှာ၊ မျှစ်ချိုးသွားရင်း ပက်ပင်းကြုံကြိုက် မိပါသော်မှ ရင်မဆိုင်ဘဲ ရှောင်ထွက်သွားလေ့ရှိသည်။ မြိုင်ကြီးငူသို့ ရောက်ရှိ သူအားလုံး ဘေးမဲ့ (သက်လွတ်) စားသုံးရမည်။ တောကကြီးသလောက် အစောင့် လည်းကြမ်းသည်။ ပရိတ်ရွတ်ခြင်း၊ မေတ္တာဘာဝနာပွားများခြင်းကို အထူးအစီ အစဉ်အနေဖြင့် ဝတ်မပြတ် ပြုကြရသည်။

| | |
|---|---|
| နံနက်(၄:၀၀)နာရီ | (၁) ဘုရားရှိခိုး |
| | (၂) ပထဝီဇယမင်္ဂလာတော်ကြီး |
| မွန်းတည့်(၁၂:၀၀)နာရီ | (၁) မေတ္တာသုတ် |
| | (၂) မဟာသတိပဋ္ဌာနသုတ်တော် |
| ည(၇:၀၀)နာရီ | (၁) မေတ္တာသုတ် |
| | (၂) မဟာသမယသုတ် |
| ည(၁၂:၀၀)နာရီ | (၁) မေတ္တာသုတ် |
| | (၂) မဟာသတိပဋ္ဌာနသုတ်တော်။ |

တောနေရဟန်းတို့သည် မေတ္တာသုတ်ပရိတ်တော်ကို အဓိကအခြေခံ ထားကြရသည်။ မေတ္တာဓာတ်သည် အလျားအနံမရှိသော်လည်း အပွားအပြန့်

ရှိသည်။ မေတ္တာသုတ်ပရိတ်တော်ဟောကြားတော်မူခြင်းအကြောင်းကို သိထားပြီးဖြစ်၍ ယုံကြည်လေးမြတ်စွာရွတ်ဆိုသည်။

ရဟန်းငါးရာသည် မြတ်စွာဘုရားအထံတော်မှ မိမိတို့နှင့်သင့်လျော်သော ကမ္မဋ္ဌာန်းကို သင်ယူခဲ့ကြသည်။ တောအုပ်တစ်ခုတွင် တရားကျင့်ကြသည်။ ရဟန်းတို့၏ သီလ၊ သိက္ခာ၊ သမာဓိအစွမ်းကြောင့် တောတွင်းရှိ ဘုမ္မစိုး၊ ရက္ခစိုး စသောနတ်များ ပကတိအတိုင်းမနေနိုင်ကြ။ ရဟန်းတို့လာလျှင် မိမိတို့ဘုံဗိမာန်မှ ဆင်းဆင်းပေးကြရသည်။ ကြာသော် နတ်များ ငြီးငွေ့လာသည်။ တောတွင်းမှထွက်ခွာသွားရန် အမျိုးမျိုး ခြောက်လှန့်နှောင့်ယှက်ကြသည်။ ဘုရားထံပြန်သွား၍ လျှောက်ထားသည်တွင် မေတ္တာသုတ်ပရိတ်တော်ကို သင်ကြားပေးတော်မူပြီး မူလတောအုပ်သို့ပင် ပြန်လွှတ်သည်။

ရဟန်းတို့သည် တောစပ်သို့ စ၍ဝင်ဝင်ချင်း မေတ္တာသုတ်ပရိတ်တော်ကို ရွတ်ဖတ်လာကြသည်။ မေတ္တာဘာဝနာ စီးဖြန်းသည်။ နတ်များက ကိုယ်ထင်ရှားပြလျက် ခရီးဦးကြိုဆိုသည်။ သပိတ်၊ သင်္ကန်း လှမ်းယူသည်။ မေတ္တာသုတ်ပရိတ်တော်ကို ရွတ်ဖတ်ရင်း ကမ္မဋ္ဌာန်းအားထုတ်သည်။ အနှောင့်အယှက်တစ်စုံတစ်ရာ မရှိတော့ဘဲ အားထုတ်နိုင်ခဲ့ကြသဖြင့် ရဟန္တာများဖြစ်ခဲ့ကြသည်။ မေတ္တာသုတ်ပရိတ်တော်၏ စွမ်းအင်သည် ဤမျှလောက်ကြီးမားသည်။ တောနေရဟန်းတို့ လက်ကတုံးတောင်ဝှေးပြုကြသည်။

ပထဝိဇယ မန္တန်တော်ကို ရေးကြောင်းကြီးငယ်ကိစ္စရပ်များနှင့် ကြုံခဲ့သော် အောင်မြင်စေရန် ရည်၍ရွတ်သည်။

ခန္ဓသုတ်ပရိတ်တော်ကို တောတွင်းဖြစ်၍ အဆိပ်သတ္တဝါဖြစ်သော မြွေ၊ ကင်း စသောဘေးရန်မှ ကာကွယ်လို၍ရွတ်သည်။

မဟာသမယသုတ်တော်ကို နတ်များ ချစ်ခင်ကြည်ညိုစေလို၍ ရွတ်သည်။

မဟာသတိပဋ္ဌာနသုတ်တော်ကို လက်တွေ့လည်း လိုက်နာကျင့်သုံးသည့်အပြင် တရားတော်အား ပူဇော်လိုသည့်အနေဖြင့် ရွတ်ဆိုသည်။

မြို့ကြီးပြရှိ လူအားလုံးသည် မေတ္တာဘာဝနာကို အခြေခံ ပွားများရသည်နှင့်အတူ အစားအသောက်ကိုလည်း ဘေးမဲ့သက်လွတ်သာ စားသုံးကြရသည်။ ပရလောကသား မိတ္တာတို့သည် သားငါးအညှီအဟောက်ကို နှစ်သက်သည်။ ထိုကို မှီဝဲစားသုံးနေခြင်းဖြင့် ၄င်းတို့အား ဖိတ်ခေါ်နေသကဲ့သို့လည်း ဖြစ်နေတတ်သည်။ မေတ္တာကို အခြေခံထားသည်ဖြစ်၍ သက်လွတ်စားသုံးခြင်းက မေတ္တာ၏စူးရှမှုကို ပို၍ထိရောက်သည်ဟု ယူဆသည်။ အခြားသောနေရာဌာနကို မဆိုလိုသော်လည်း မြို့ကြီးပြမှာကား ဘေးမဲ့စားသုံးကာမှ အဆင်ပြေတတ်

သော သဘောရှိသည်။

ငယ်စဉ်က ဖခင်ကြီးအား ထမင်းဝိုင်းတွင်ပြောခဲ့သည့်အတိုင်း ဦးသုဇနအဖို့ သက်လွတ်စားခွင့်ကြုံလေပြီ။ သက်လွတ်တင်မက အရာရာတွင် တင်းတိမ်ရောင့်ရဲတတ်လာသည်။ ဆွမ်းနှင့်ရေ၊ ရေနှင့်ဆွမ်းကို ဆားလေးအနည်းငယ်ဖြင့် ဘုဉ်းပေးရသော်လည်း တင်းတိမ်သည်သာဖြစ်သည်။ ဆွမ်းနှင့်ပတ်သက်၍ နေ့စဉ်ဆင်ခြင်နေကျ ပစ္စဝေက္ခဏာအတိုင်းကို ပို၍ဘဝင်ကျနေမိသေးသည်။

* ဤသည့်စားဖွယ်၊ အမယ်မယ်ကို၊ မြူးရယ်မာန်ကြွ၊ လှပရေဆင်း၊ ပြည့်ဖြိုးခြင်းငှာ၊ မသုံးပါဘူး၊ လေးဖြာစာတ်ဆောင်၊ ဤကိုယ်ကောင်သည်၊ ရှည်အောင်တည်လျက်၊ အသက်မျှတန်း၊ မမောပန်းငြား၊ ဘုရားသာသနာ၊ ကျင့်နှစ်ဖြာကို၊ ကျင့်ပါနိုင်စေ၊ ဝေဒနာဟောင်းသစ်၊ မဖြစ်စေရ၊ ယာပိုက်မျှလစ်၊ ခပ်သိမ်းပြစ်ကို၊ မဖြစ်လေအောင်၊ ချမ်းမြေ့အောင်ဟု၊ သုံးဆောင်မှီဝဲပါသတည်း။

(ဝိသုဒ္ဓါရုံမှ – မှ)

ငယ်စဉ် သာမဏေဝတ်စဉ်ကာလက နှုတ်ဝယ်ရွရွ ရထားသော်လည်း အနက်အဓိပ္ပာယ်ကို ပြည့်ပြည့်ဝဝ အလေးမထားမိ။ ဆင်ခြင်ရမည်ဆို၍သာ ရွတ်ဆိုခဲ့ရသည်။ ယခုမှ ပစ္စဝေက္ခဏာပါအတိုင်း ညီပေတော့သည်ဟု ဘဝင်ကျနေမိသည်။

အစားအသောက်နှင့်ပတ်သက်၍ ဘုရားရှင် တောထွက်တော်မူကာစက နလုံးသွင်းဟန်ကို မင်းကွန်းဆရာတော်ဘုရားကြီး၏ မဟာဗုဒ္ဓဝင်ကို ဖတ်မိကတည်းက အားကျအတုယူထားသည်။

အလောင်းတော်သိဒ္ဓတ္ထသည် တောထွက်တော်မူခဲ့ပြီးနောက် ရေးဦးစွာခံ၍ရသောဆွမ်းကို ဘုဉ်းပေးအံ့ဟု ကြည့်လိုက်သည်။ ဖြူနီကြောင်ကျားရောပြွမ်းသော ဆွမ်းကို မြင်ရသည်တွင် လည်ချောင်းမှ ပျို့အန်ထွက်မည်ကဲ့သို့ ရှိလာသည်။ ထိုအခါ အလောင်းတော်သည် မိမိကိုယ်မိမိ ဆုံးမသည်။

"အချင်းသိဒ္ဓတ္ထ၊ အစားအတွက်မက်၍ အသင်တောထွက်ခဲ့သလော။ အစားအသောက်ကို မက်မောပါမူ နန်းတော်မှာသာ နေရစ်ပါတော့လော။ သားပြွမ်းရောသော သလေးထမင်းကို နေ့စဉ် ပွဲတော်တည်ရသည်။ ထိုထမင်းကို မစားသုံးရသော တောနေကျေးလက်ရွာသူတို့သည် ဖြူနီကြောင်ကျားရောသော ထမင်းကို စားသုံး၍ သက်ဝင်လှုပ်ရှား နေနိုင်ကြသည်။ သင်သည်လည်း ဤထမင်းကိုစား၍ အသက်ရှင်နေနိုင်မည်။ အစာစားသုံးခြင်းသည် ခန္ဓာကိုယ်တည်တံ့မျှတရုံ၊ မြတ်သောဗြဟ္မစရိယအကျင့်ကို ကျင့်နိုင်ရုံမျှသာဖြစ်သည်။ အခြားသော အကြောင်းမရှိ။ သင် ဇိဇာမကြောင်လေနှင့်"

အလောင်းတော်၏ နှလုံးသွင်းဟန်ကို အားကျအတုယူထားသည်။ သို့ဖြစ်၍ ၄င်းအမိပွာယ် တစ်ထပ်တည်းကျသော 'ပတ္တပိဏ္ဍစုတင်' (ပတ္တပိုဏ်စုတင်) ကိုပါ ဆောက်တည်ကျင့်သုံးသည်။ ပတ္တပိုဏ်စုတင်ဆိုသည်မှာ သပိတ်ခွက်တစ်ခုတည်းမှာပင် ရသမျှအာဟာရများကို စုပြုရောနှောထည့်၍ အားလုံးကို သမစေကာ အရသာကို အမိကမထားဘဲ စားသုံးခြင်းအကျင့်မြတ် ဖြစ်သည်။

ဓုတင်ဆိုသည်မှာ ကိလေသာကို ခါတွက်ဖျက်ဆီးကြောင်းဖြစ်သော လောလုပ္ပတဏှာ (လျှပ်ပေါ်သော လိုလားမှု) ကို ပယ်နိုင်စွမ်းသောအကျင့်မြတ် ဖြစ်သည်။ ဦးသုဇနသည် တောရပ်ဆောက်တည်လျှင် ဓုတင် (၁၃)ပါးအနက် ကျင့်သုံးနိုင်သမျှကို ကျင့်သုံးဆောက်တည်မည်ဟု ရည်ရွယ်ရင်းစွဲရှိသည်။

(၁) သင်္ကန်းသုံးထည်ကိုသာ ဝတ်ရုံသုံးဆောင်ခြင်း၊ တေစီဝရိကဓုတင် (တိစီဝရိတ်ဓုတင်)

(၂) ပင့်ဆွမ်းကို မသာယာမူ၍ ဆွမ်းခံကျင့်ဝတ်ကို ကျင့်သုံးဆောက်တည်ခြင်း ပိဏ္ဍပါတိကဓုတင် (ပိဏ္ဍပါတ်ဓုတင်)၊

(၃) သပိတ်တစ်ခုထဲမှာပင် ရသမျှကို စုရုံးရောနယ်၍ သုံးဆောင်ခြင်း၊ ပတ္တပိဏ္ဍဓုတင် (ပတ္တပိုဏ်ဓုတင်)

(၄) ပဝါရိတ်ပြုပြီးသောဆွမ်းကို အတိရက်ဝိနည်းကံပြုပြီးသော်လည်း မသုံးဆောင်နိုင်ခြင်း၊ ခလုပစ္ဆာဘတ္တိကဓုတင် (ခလုပစ္ဆာဓုတင်)

(၅) တစ်နေ့ရာတည်းမှာ တစ်ထိုင်တည်းဖြင့်သာ တစ်ချိန်တည်း ဘုဉ်းပေးသုံးဆောင်ခြင်း ဧကာသနိကဓုတင် (ဧကာသနိတ်ဓုတင်)

အားဖြင့် ဓုတင် (၅) ပါးကို ဆောက်တည်သည်။

လိုအပ်ပါက...

(က)လဲလျောင်းအိပ်စက်ခြင်း မပြုရသော နေသဇ္ဇိကဓုတင် (နိသဇ္ဇိဓုတင်) အခြေအနေပေးလာပါက...

(ခ) သုသာန်သချိုင်းတို့၌ နေထိုင်လေ့ရှိခြင်း သောသာနိကဓုတင် (သုသာန်ဓုတင်) တို့ကိုပါ ကျင့်သုံးမည်ဟု ရည်ရွယ်ထားသည်။

ဦးရသေ့နှင့် အနေနီးသော်လည်း ညချမ်း ဘုရားဝတ်ပြုပြီး တရားဆွေးနွေးရုံမှအပ အခြားစကားများကို မပြောမိအောင် ရှောင်ကြဉ်ကြသည်။ မိမိတရားအလုပ်နှင့်သာ ပျော်မွေ့နိုင်အောင် ကြိုးစားကြသည်။ ကြိုးစားနေသူဖြစ်သော်လည်း ဦးသုဇနမှာ သိက္ခာအားဖြင့် (၄) ဝါ၊ အသက်အားဖြင့် (၂၄) သာ ရှိသေးသဖြင့် လူငယ်မျှသာဖြစ်သည်။

အမိဋ္ဌာန်ဝင်သူများထဲတွင် အမေတုံတို့ကဲ့သို့ အသက် (၇၀) ကျော်သူတွေပါသကဲ့သို့ ၁၈ – ၂၀ အမျိုးသမီးငယ်များလည်း ပါဝင်လာတတ်သည်။

တောရိပ်က ဆိတ်ငြိမ်လှသည်။ လူသူအရောက်အပေါက်မရှိ။ တစ်တောဝင်၍ တစ်ချုံတိုးခဲ့လျှင် တော်ရုံရှာတွေ့နိုင်ရန် မလွယ်ကူ။ လွတ်လပ်ခြင်းအပြည့် ရှိထားသည့်နေရာ။ မီးနှင့်တွေ့သော ဖယောင်းသဘာဝကို တွေးမိထားသည်။ သည်အရေးကိုတွေး၍ စည်းကမ်းချက်တစ်ရပ် ထုတ်ပြန်ထားသည်။ ဦးသုဇနနှင့် ဦးရသေ့ရှိရာအရပ်သို့ မည်သည့်အမျိုးသမီးမျှ မလာရ။ သတ်မှတ်ကျောင်းဝင်းအတွင်းသို့ မဝင်ရ။ အကြောင်းကိစ္စ ကြီးငယ်ရှိပါက အမျိုးသားတစ်ဦးက ဦးဆောင်ပြီးသာ လာရမည်" ဟူ၍...။

အလောင်းတော် ဝေဿန္တရာထုံးကို နှလုံးမူသည်ဟု ဆိုနိုင်သည်။ အလောင်းတော်ဝေဿန္တရာမင်းကြီး၊ မဒ္ဒီဒေဝီမိဖုရား၊ သားတော်ဇာလီမင်းသားနှင့် သမီးတော်ကဏှာဇိန် မင်းလေးပါးတို့ ဝင်္ကပါတောင်မှာနေစဉ် မင်းကြီးမိန့်ဆိုသည်။

"အချင်း မဒ္ဒီဒေဝီ။ သင်နှင့်ကျွန်ုပ်ကား လင်နှင့်မယားဟူ၍ ဖြစ်ခဲ့သည်။ ယနေ့မှစ၍ (၁၀)ပါးသီလအကျင့်မြတ်ကို စောင့်သုံးသည့် ရသေ့ရဟန်းအသွင်ကို ယူခဲ့ကြပြီးဖြစ်သည်။ အတူနေရန် မသင့်လျော်ပါချေ။ သို့ဖြစ်၍ သင်နှင့် သင့်သားသမီးများသည် ကျောင်းဆောင်ငယ်တစ်ခုမှာ နေထိုင်ပါ။ ကျွန်ုပ်လည်း သခ်မ်းငယ်တစ်ခုမှာ သီးခြားနေပါမည်။ ကြီးငယ် ကြောင်းကိစ္စပေါ်ပေါက်၍ လျှောက်ထားစရာကြုံပါမူ တံခါးကို လှုပ်၍လည်းကောင်း၊ ခေါက်၍လည်းကောင်း အသံပြုပါလေ။ ကျွန်ုပ်ထွက်လာခဲ့မည်။ သင်မဒ္ဒီသည် ကျောင်းသခ်မ်းတွင်းသို့ လုံးဝဝင်ခွင့်မရှိချေ။

ဤသို့သောထုံးကို နှလုံးမူ၍ 'မလောင်မီတား'သဘောဖြင့် စည်းကမ်းထုတ်ပြန်ထားသည်။

အချိန်နှင့်အမျှ တရားကို ကျင့်ကြံအားထုတ်နေသော ဦးသုဇနသည် နန်းဦးစေတီရင်ပြင်သို့ တက်ရောက်၍လည်း ထိုင်ခြင်းဣရိယာပုထ်ဖြင့် ရှုမှတ်လေ့ရှိသည်။ စေတီရင်ပြင်သည် တောချုံပိတ်ပေါင်းတို့ဖြင့် ပြည့်နေသေးသည်။ အနည်းငယ်မျှသာ ခုတ်ထွင်ရှင်းလင်းရသေးသည်။ နန်းဦးစေတီသည် ဘယ်အချိန်ကတည်းက ပြိုပျက်နေသည်မသိ။ ဘုရားငုတ်တိုပေါ်တွင် နန်းမိုပင်ကြီးနှစ်ပင် ပေါက်နေသည်မှာ လူကြီးနစ်ဖက်စာခန့် ရှိနေလေပြီ။ မနီးမဝေးရင်ပြင်တောချုံများအကြားတွင် တစ်ဖက်စီခန့်ရှိသော ဗန့်ဖွေးပင်တစ်ပင်၊ နွယ်တန်းပင်တစ်ပင်၊ ဖက်သန်းပင်တစ်ပင်တို့လည်း ရှိသည်။

ကြို့ပင်ကြီးလေးပင်က ရင်ပြင်ထောင့်လေးထောင့်တွင် အသီးသီးပေါက်ရောက်နေကြသည်။ နန်းဦးစေတီ၏ အရှေ့တောင်ထောင့်အရပ် (ယခု ဘုရင်အဆောင် ပြုလုပ်ထားသောနေရာ) တွင် ကသစ်ပင်ကြီးတစ်ပင် ရှိသည်။ အရှေ့

ရွှေးဝူးမှာ (နောင်တော်ကြီးစေတီနေရာမှာ) ပုဆိုးတစ်ပက်ခန့်ရှိ သစ်ပင်ကြီးတစ်ပင် ရှိသည်။

ကုန်းတော်တစ်ခွင်လုံး သစ်ပင်ကြီးများအရိပ်ဖြင့် လွှမ်းမိုးထားသဖြင့် အုံ့ဆိုင်းညို့မှိုင်းနေသည်။ ကျေးငှက်သံမှအပ အခြားအသံဟူ၍ မရှိ။ တိတ်ဆိတ်ငြိမ်သက်လွန်းသည်။ ဘာရားအားထုတ်ရန် အလွန်သင့်လျော်သည်။ ဦးသုဓနသည် ၄င်းကုန်းတော်ပေါ်ဝယ် တစ်နေကုန်သည်လည်း ရှိသည်။ အရုဏ်တက်သည်လည်း ရှိသည်။ ကင်းခြေများကြီးများ အလွန်ပေါသဖြင့် တရားထိုင်နေစဉ်အတွင်း ခြေထောက်များပေါ်သို့ တက်ရောက်သွားလာတတ်ကြသည်။ ကိုယ်တော်ပေါ်သို့မူ မတက်။ အန္တရာယ်လည်း မပြုချေ။

ဦးသုဓနသည် အလုပ်လုပ်ရာတွင် ဇွဲရှိသူဖြစ်သည်။ ငယ်စဉ်က စာတစ်ပုဒ်ကို မရမချင်း တစ်ထိုင်တည်းဖြင့် ကျက်လေ့ရှိသည်။ ယခု စာကဲ့သို့ တစ်ထိုင်တည်းဖြင့်ရလောက်အောင် လွယ်ကူမည်မဟုတ်ကြောင်းကိုလည်း သိသည်။ ဘုရားရှင်သော်မှ (၆)နှစ်တိုင် ပြင်းပြင်းထန်ထန်ကျင့်ရသေးသည်။ မိမိအဖို့ လွယ်လွယ်နှင့် ရမည်မဟုတ်ဟု သိထားသည်။ ပျင်းရိဆုတ်နစ် မဖြစ်စေရန် သင်ထားဖူးသော ဝီရိယအင်္ဂါလေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ အဓိပတိလေးပါးဖြင့် ကျားကန်ထားသည်။

(၁) ငါ၏အသွေးတွေ ခန်းခြောက်လျှင် ခြောက်ပါစေ။

(၂) ငါ၏အသားတွေ ခန်းခြောက်လျှင် ခန်းခြောက်ပါစေ။

(၃) ငါ၏အရည်တွေ ခန်းခြောက်လျှင် ခန်းခြောက်ပါစေ။

(၄) ငါ၏အရိုးမျှ ကြွင်းမူလည်း ကြွင်းပါစေ။

တိုတိုဆိုရပါမူ အရိုးကြေကြေ၊ အရည်ခန်းခန်း ဝီရိယအင်္ဂါလေးပါးနှင့်အညီ အားထုတ်မည်ဟု ဆုံးဖြတ်ထားသည်။

အလုပ်တစ်ခုပြီးစီးခြင်း၏ အကြောင်းဖြစ်သော အခြေခံအကျဆုံးတရား ဣဒ္ဓိပါဒ်လေးပါးကိုလည်း နားလည်ထားသည်။

(၁) ဆန္ဒိဒ္ဓိပါဒ် = ကိစ္စတစ်ခု ပြီးစီးထမြောက်စေရန် အလိုဆန္ဒ ရှိရမည်။

(၂) ဝီရိယိဒ္ဓိပါဒ် = ကိစ္စတစ်ခု ပြီးစီးထမြောက်စေရန် ကြိုးစားအားထုတ်မှု ရှိရမည်။

(၃) စိတ္တိဒ္ဓိပါဒ် = ကိစ္စတစ်ခု ပြီးစီးထမြောက်စေရန် စိတ်ပါလက်ပါ ရှိရမည်။

(၄) ဝီမံသိဒ္ဓိပါဒ် = ကိစ္စတစ်ခု ပြီးစီးထမြောက်စေရန် ထိုးထွင်းသိရှိ

မှ အသိပညာ ရှိရမည်။

မည်သည့်အလုပ်တွင်မဆို အလေးအမြတ် ပြုလုပ်အပ်သော တရားလေးမျိုးကိုလည်း စာပေသင်ကြားခဲ့ရစဉ်က သိရှိထားရသည်။

(၁) ဆန္ဒာဓိပတိ = ဆန္ဒဝတော ကိံနာမ ကမ္မံ န သိဇ္ဈတိ – အလိုဆန္ဒ ရှိသောသူအား မပြီးစီးနိုင်သော အမှုကိစ္စမည်သည် မရှိ။

(၂) ဝီရိယာဓိပတိ = ဝီရိယဝတော ကိံနာမ ကမ္မံ န သိဇ္ဈတိ – ကြိုးစားအားထုတ်မှုရှိသောသူအား မပြီးစီးနိုင်သော အမှုကိစ္စမည်သည် မရှိ။

(၃) စိတ္တာဓိပတိ = စိတ္တဝတော ကိံနာမ ကမ္မံ န သိဇ္ဈတိ – စိတ်ပါလက်ပါရှိသောသူအား မပြီးစီးနိုင်သော အမှုကိစ္စမည်သည် မရှိ။

(၄) ဝီမံသာဓိပတိ = ပညာမန္တော ကိံနာမ ကမ္မံ န သိဇ္ဈတိ – ပညာရှိသောသူအား မပြီးစီးနိုင်သော အမှုကိစ္စမည်သည် မရှိ။

ဦးသုဇနသည် ဆန္ဒာဓိပတိ ပုဂ္ဂိုလ်တည်း။ တရားအားထုတ်လိုမှုဆန္ဒက ဦးဆောင်သည်မို့ ကြိုးစားအားထုတ်မှု ဝီရိယာဓိပတိ၊ စိတ်ပါဝင်စားမှု စိတ္တာဓိပတိ၊ အသိပညာရင့်ကျက်ဖြစ်ပေါ်မှု ဝီမံသာဓိပတိတို့သည်လည်း လိုက်ပါလာရသည်။ ဤသည်ကား အဓိပတိ၏ သဘာဝတည်း။ အဓိပတိလေးပါးတွင် တစ်ပါးပါးကဦးဆောင်လျှင် ကျန်သုံးပါးကလည်း အလိုလိုလိုက်ပါပြီးသားဖြစ်သည်။

ဆန္ဒအရင်းခံကာ ဇွဲအပြည့်ဖြင့် အားထုတ်ခဲ့သည်မှာ မူလအဓိဋ္ဌာန် (၉) ရက် ပြည့်ခဲ့သည်။ သမာဓိကို အတော်အတန်ထူထောင်နိုင်ခဲ့ပြီ။ တရားအရသာကိုလည်း မြည်းစမ်းသိရှိရပြီ။ ဆက်လက်၍အားထုတ်မည်ဟု ဆုံးဖြတ်လိုက်သည်။

သို့သော် ပလိဗောဓအနည်းငယ် ကျန်သေးသည်။ ပြန်လာစဉ်က မိမိ၏ ပစ္စည်းသေတ္တာနှင့် အသုံးအဆောင်များကိုမူ မုတ္တမမြသိန်းတန်ကျောင်းတွင် အပ်နံ့ထားခဲ့သည်။ ၄င်းတို့ကို ပြန်ယူသည်။ ပစ္စည်းများကို သံဃာများအား ပေးလှူလိုက်သည်။ မိမိကား ဘာမှမလိုတော့။ သပိတ်တစ်လုံး သင်္ကန်းသုံးထည်ရှိရုံမျှနှင့် လုံလောက်နေပြီ။ မလို၊ မလို၊ ဘာမှမလိုတော့။

* * * * * * * *

## အပျက်လေလား ပျက်မှာလား

ဤမျှရက်ပိုင်းအတွင်း ဦးသုဓနေသည့် ဤမျှအဆင့်ထိ ရောက်ရာ သလော ဟူငြားအံ့။ ရိပ်သာတွင်းအားထုတ်မှုနှင့် တောနေလျက်အားထုတ်မှု ကွာခြားချက်ရှိသည်ဟုသာ ဆိုပါရစေ။ အစွန်းမလွတ်ဖြစ်အံ့ထင်၍ ထုတ်မရေး ပြီ။

(စာရေးသူ)

ပလိဗောဓများကို ဖြတ်ခဲ့ပြီးနောက် မြို့ကြီးငှသို့ ပြန်လာခဲ့သည်။ ဦးရသေ့ကျောင်းသခ်မ်းနှင့် မလှမ်းမကမ်းမှာ ဦးသုဓနေအတွက် ကျောင်းသခ်မ်း ငယ်တစ်ဆောင်ကို ညီဖြစ်သူက ဦးဆောင်၍ဆောက်လုပ်ပေးသည်။ (၃ × ၄) တောင်အရွယ်။ အမြင့်က တစ်တောင့်ထွာသာသာ။ အင်ဖက်မိုး အင်ဖက်ကာ။ သဲပွတ်ကြမ်းခင်းဖြင့်...။

ဦးသုဓနေသည် မိမိသီတင်းသုံးရမည့် ကျောင်းသခ်မ်းကိုကြည့်၍ အတွေး နယ်ချဲ့မိသည်။

ထားသိုစရာဆိုလို့ သပိတ်တစ်လုံး၊ ယပ်တစ်ခု၊ တောင်ဝှေးတစ်ချောင်း သာ ရှိသည်။ သပိတ်ကို အသုံးပြုပြီးပါက ဘေးနားချထားရုံဖြင့် ကိစ္စပြီးသည်။ ဘေးတစ်နေရာရာမှာ ချထားဦးမလား။ အလုပ်ဖြစ်သည်သာ။ ယပ်ကိုတော့ ထရံနဖးကပ်ထောင်။ တောင်ဝှေးကို ထရံခြေရင်းနား လှဲထားလိုက်ရုံပင်။ သုံး တောင်ကြီးများတောင် ကျယ်ပါလား။ တကယ်ဆို ကျောတစ်နေရာစာဆို လုံ လောက်နေပြီ။ (၉) ရက်အဓိဋ္ဌာန်ဝင်စဉ်က သစ်တစ်ပင်ရင်း၊ ဝါးတစ်ပင်အောက် မှာပင် ကျင့်ခဲ့သေးသည်။ သို့သော် ယနေ့နက်ဖြန်ဆိုသလို မိုးရွာလာတော့မည်။ မိုးလာရင်တော့လည်း ခိုစရာလေးတော့ ရှိသင့်သည်။ ဘုရားဆောင်လေးသော် မှ မထုတ်ရသေး။

ဟုတ်ပြီ။ ဘုရားဆောင်တော့ ရှိကိုရှိရမည်။ ဘုရားလက်ထက်တော်က ရဟန်းများ တောထဲမှာ တရားအားထုတ်တော့မည်ဆိုလျှင် အနည်းဆုံး အမြင့်တစ်နေရာရာဖြစ်ဖြစ်၊ သစ်တစ်ပင်ရင်းမှာဖြစ်ဖြစ်၊ သစ်ရွက်ခြောက်ကလေးများကို စုပုံ၍ ဘုရားရှင်တော်အတွက် သီးခြား နေရာပြုပြင်ထားကြသည်။ တရားကျင့်တော်မူသောရဟန်းသည် ကာမဝိတက် စသော မသင့်သည့်အတွေးအကြံကို ကြံသည်ဆိုပါက သိမြင်တော်မူသော မြတ်စွာဘုရားသည် ရုတ်ခြည်း ကြွတော်မူလာကာ သတိပေးဆုံးမတတ်သည်။ ထိုသို့ ကြွတော်မူလာလျှင် သီတင်းသုံးတော်မူနိုင်ရန် ရည်ရွယ်၍ ပြုပြင်ထားကြရသည်ဟု အဋ္ဌကထာဆရာကြီးတို့ မိန့်ဆိုကြသည်။

မိမိသည်လည်း ဘုရားရှင်သီတင်းသုံးတော်မူနိုင်ရန် နေရာသီးသန့်ထားရှိမည်သာ။ သို့သော် ဘုရားရှင်တော်မြတ်ကို မိမိ၏ သစ်ရွက်မိုးကျောင်းကလေးသို့ ကြွမြန်း သီတင်းသုံး စံတော်မူပါရန် လျှောက်ထားရန် အားနာနေမိသည်။ "မတတ်နိုင်သေးပါဘုရား။ ဂန္ဓကုဋီ စံကျောင်းတော်သဖွယ် သဘောထား၍ သီတင်းသုံးတော်မူပါဘုရား"ဟု မျက်နှာပူပူနှင့်ပင် ပင့်လျှောက်ထားရပေတော့မည်။

ဘုရားရှင်တော်အား အားနာမိသော်မှအပ ဦးသုဇနအဖို့ အကျေနပ်ကြီး ကျေနပ်မိတော့သည်။ ဇာတ်တော်ထဲမှာ "အလောင်းတော်သည် ဝိသကြုံနတ်သား ဖန်ဆင်းအပ်သသော သစ်ရွက်မိုးသည့် ကျောင်းသခ်မ်း၌ ရသေ့ရဟန်းပြု၍ နေလေ၏"ဟု အများကြီးတွေ့ဖူးသည်။ မိမိမှာ အလောင်းတော်မဟုတ်သဖြင့် ဝိသကြုံနတ်သားဆင်းလာ၍ မဖန်ဆင်းစေကာမူ ညီတော်မောင်က ဆောက်လုပ်ပေးထားသည့် သစ်ရွက်မိုးကျောင်းသခ်မ်းငယ်သည် သိကြားမင်းစံရာ ဝေဇယန္တာနန်းပြာသာဒ်ထက် အဆရာထောင်သာလွန်၏ဟူ၍လည်း ထင်မိသည်။ ဘာတွေသာလွန်သည်ကို မကြာမီ သိရပေတော့မည် ဟူ၍...။

ဦးသုဇနသည် ဦးရသေ့၏ လမ်းညွှန်မှုအရဖြင့်ပင် သတိပဋ္ဌာန်တရားကို ဆက်လက်၍အားထုတ်သည်။

အရပ်စကား တစ်ခွန်းရှိသည်။

"ဖြစ်မည်ကြံလျှင် အဖျက်ဆိုတာ ရှိစမြဲ။ ဘုရားကိုတောင်မှ မာရ်နတ်က ဖျက်သေးသည်"တဲ့။ ဘုရားသော်မှ အဖျက်ရှိသေးသည်ဆိုလျှင် ဘာမှမဟုတ်သေးသော ဦးသုဇနမှာမူ အဘယ်ဆိုဖွယ်ရာ ရှိပေအံ့နည်း။ ဦးသုဇနသည် လူထဲကလူသာ ဖြစ်သည်။ အသက်အရွယ်အားဖြင့် လူငယ်တစ်ဦးမျှသာ။ ပျက်မည်ဆိုလျှင် ပျက်နိုင်သည်။ ထိုကိုတွေးမိ၍ ဝိုင်း၀န်းထိန်းသိမ်းပေးပါရန် ဦးရသေ့အား ပန်ကြားသည်။ ဦးရသေ့က...

" ဘာကယ်တမ်းဆို တပည့်တော်ထိန်းပေးဖို့ မလိုပါဘူး။ ဘယ်သူမဆို မိမိကိုယ်မိမိ ထိန်းကြရတာပါ။ ကိုယ့်စိတ်ထဲက ဘာဖြစ်သလဲ။ ဘာဖြစ်နေလဲ ဆိုတာ ကိုယ်သာအသိဆုံး။ ကိုယ်ဖြစ်ချင်တယ်ဆို ဖြစ်မှာပဲ။ မဖြစ်စေရဘူးဆို ဖြစ်မှာမဟုတ်ဘူး။ စိတ်ဓာတ်ခိုင်ကြည်ဖို့သာ အဓိကပါဘုရား။"

ဦးသုဇနေ နားလည်လိုက်သည်။ အတ္တာဟိ အတ္တနောနာထော (မိမိသည်သာ မိမိ၏ကိုးကွယ်ရာ) ဘုရားဟောအတိုင်း ပြောဆိုမှု၊ ပြုမူမှု၊ နေထိုင်မှုမှအစ သတိကြီးစွာထားသည်။ မိမိကဲ့သို့သော လူသာမန်ကို မဆိုထားဘိ။ ဘုရားရှင်ကိုသော်မှ "တဏှာ၊ အရတိ၊ ရာဂါ"ဟူသော မာရ်နတ်မင်း၏ သမီးတော်(၃)ဦးက လာရောက်ဖြားယောင်းကြသေးသည်။ မိမိကော ပြောနိုင်ပါမည်လား။ မိုးကားမပြို၊ ပြိုလာရင်ကော အတွေးကို အမြဲသတိချပ်ထားသည်။ မည်ကဲ့သို့ရှောင်ရမည် ဟူ၍ကား ကြိုမတွေးသာ။

တိုက်ကွက် မည်သို့ဆင်လာမည်ဟူ၍ကား မသိသေး။ ဘယ်လိုဘယ်ပုံ ခံစစ်ဖြင့် တုံ့ပြန်ရမည်ကို တွေးထား၍မရ။ သို့သော် သတိပေါ့လို့မဖြစ်။ ကြုံလာလျှင် နိုင်အောင် ခုခံတွန်းလှန်နိုင်ရမည်ဟု မာန်တင်းထားသည်။ မဖြစ်ချင်သောအရာ ဖြစ်တတ်သည်။ ဖြစ်စေချင်သောအရာ ကြံဖန်ပျက်တတ်သည်။

စိန္တိတမ္ပိ ဝိနဿတိ (ကြံပေမယ့် လွဲ)

အစိန္တိတမ္ပိ ဘဝတိ (မကြံပေမယ့် မြဲတတ်၏) ဟု ဘုရားဟောရှိသည်။

မြိုင်ကြီးငူမှာ ဦးသုဇနေတစ်ပါးတည်း ကျန်သည်။ ဦးရသေ့က မီးဖိုင်းမှ ဆွမ်းဒကာဟောင်းမနန်းနွယ် နေထိုင်မကောင်းဟုကြားသဖြင့် လူနာမေးသွားသည်။ ကျောင်းငယ်နှစ်ခုနှင့် ဦးသုဇနေတစ်ပါး။ အောက်ဇရပ်မှာလည်း အချုပ်ဖြစ်သော အမေတုံ့က ဘားအံမှသမီးငယ် နေမကောင်းဟု သတင်းပို့လာသဖြင့် ဆင်းသွားခဲ့သည်။ တချို့လည်း အကြောင်းကြောင်းကြောင့် ခရီးထွက်သွားသည်။ လူသုံးလေးယောက်သာ ကျန်သည်။ ထိုအထဲတွင် မိန်းမပျိုလေးတစ်ယောက်လည်း ပါသည်။

ဦးသုဇနေတစ်ပါးတည်း နေထိုင်မကောင်းဖြစ်နေသည်။ အဖျားက တက်လိုက် ကျလိုက်နှင့်။ ဆွမ်းခံချိန်ရောက်တော့ ဆွမ်းခံသွားသည်။ ဆွမ်းခံရာမှ ဒူးရင်းသီးနှစ်လုံးစာ အသားချည်း အလှူခံရရှိသည်။ ကျောင်းရောက်တော့ ညီဖြစ်သူမောင်မောင်ကြည်ကို ဒူးရင်းသီးနှစ်လုံးနှင့်အတူ တွေ့လိုက်ရသည်။

"မယ်တော်ကြီး ပို့ခိုင်းလိုက်တာပါ ဘုရား"

"မင်းတစ်ယောက်တည်း လာတာလား"

"မှန်ပါ။ တပည့်တော်တစ်ယောက်တည်းပါ ဘုရား"

"မယ်တော်ကြီးကော နေကောင်းရဲ့လား"

"မှန်ပါ။ နေကောင်းပါတယ်ဘုရား"

ဆွမ်းစားချိန်ရောက်လျှင် ဆွမ်းခံရာမှ အလှူခံရရှိသော ဒူးရင်းသီးအပြင် မောင်မောင်ကြည်ယူလာသော ဒူးရင်းသီးပါ ခွဲစေ၍ အကပ်ခံပြီး ဆွမ်းတော်ကပ်လိုက်သည်။ ဆွမ်းတော်စွန့်ပြီး ဆွမ်းဘုဉ်းပေးစဉ် တဟီးဟီးနှင့် အဖျားတက်တော့သည်။ မောင်မောင်ကြည်သည် မျက်လုံးမျက်ဆန်ပြူးနှင့် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေသည်။ အစ်ကိုဖြစ်သူကို တတ်သရွေ့မှတ်သရွေ့ ပြုစုသည်။ နေအတော်စောင်းသွားသည့်တိုင် အဖျားက မကျတတ်သေး။ ညီငယ်အတွက် ပူပန်မိသည်။

"မိုးချုပ်တော့မယ်မောင်မောင်ကြည်။ မင်းပြန်တော့"

"ဦးဇင်းတစ်ပါးတည်း ဖြစ်နေမှာပေါ့"

"အထူးအဆန်းကြီး လုပ်မနေနဲ့။ တစ်ပါးတည်းနေလာတာ ကြာပြီပဲ"

"ခုဟာက ဖျားနေတယ်ဘုရား"

"ဒါများ အဆန်းလုပ်လို့။ သွား...သွား...ပြန်"

"မှန်ပါဘုရား"

"ဒါပေမယ့် ငါ အဖျားတက်နေတယ်လို့ မယ်တော်ကြီးကို ပြန်မပြောနဲ့နော်။ ပြန်ပြောရင် လက်သီးနဲ့ထိုးခံရမယ်"

"မှန်ပါဘုရား"

ငယ်ငယ်ကတည်းက ကြောက်ခဲ့ရသူမို့ "မှန်ပါဘုရား"အပြင် ဘာမှ ပြန်မလျှောက်တတ်သော မောင်မောင်ကြည်သည် ဦးသုဓနအားရှိခိုးပြီး ပြန်သွားသည်။ အိမ်ရောက်လျှင် မိခင်ကြီးအား အရေးတကြီးဖြင့်...

"အမေ...အမေ"

"ဟဲ့...ဘာဖြစ်လာတာလဲ။ ထိတ်ထိတ်ပျာပျာနဲ့"

"အစ်ကို ဦးဇင်းလေ အဖျားတက်နေတယ်"

"ဘယ်တုန်းကတက်တာလဲ"

"နေ့ဆွမ်းစားပြီးကတည်းက...ဟိုလေ သားသွားပို့တဲ့ ဒူးရင်းသီးကော၊ ဆွမ်းခံရတဲ့ ဒူးရင်းသီးပါ ဆွမ်းနဲ့အတူဘုဉ်းပေးပြီး ခဏအကြာမှာ အဖျားတက်တော့တာပဲ"

"အစ်ကိုဖျားနေတာတောင် နင်က ပြန်လာရသေးသလားဟဲ့။ မှ သူ့အနားမှာ ဘယ်သူတွေရှိနေသလဲ။ ဦးရသေ့ကော မရှိဘူးလား"

"မရှိဘူးအမေ။ ဦးရသေ့က မိတ္ထိုင်းသွားတယ်"

"ဒါနဲ့များ နင်ပြန်လာရသေးလား မောင်မောင်ကြည်ရယ်။ နေနေရော ပေါ့"

"မနေရဲဘူး။ အမေ့သားက လွယ်တာမှမဟုတ်တာ။ အတင်းပြန်ခိုင်းတယ်။ ပြီးတော့ အမေ့ကိုလည်း မပြောနဲ့တဲ့။ ပြောရင် လက်သီးနဲ့ အထိုးခံရမှာတဲ့"

"ဒါဆို အမေနဲ့အတူတူ သွားရအောင်"

"ဟင့်အင်း...ကျွန်တော်မသွားရဲဘူး။ အမေ့ဟာ အမေသွား"

"ဒါဆို ပြီးရော။ အမေပဲသွားလိုက်မယ်"

မယ်တော်ကြီးသည် အိမ်မှာသုံးနေကျ ဆေးဝါးကလေးကို ယူဆောင်ပြီး လှေကလေးကို ကိုယ်တိုင်လှော်လာခဲ့သည်။ သားပဥ္စင်းဆီရောက်တော့ မိုးချုပ်စပြုနေပြီ။ ဦးသုဇနလည်း အဖျားကျစပြုနေပြီ။ သင်္ကန်းကို ခေါင်းမြီးချုံ၍ မှိန်းရင်း တရားမှတ်နေသည်။ ကျောင်းငယ်လေးပေါ်တက်ပြီး ထောင့်တစ်ထောင့်တွင် ထိုင်၍ဝတ်ပြုသည်။ ဦးသုဇနက သင်္ကန်းဖွင့်ကြည့်ပြီး...

"မယ်တော်ကြီးလား။ ဘာလာလုပ်တာလဲ"

"ဦးဇင်းအဖျားတက်နေလို့ လာကြည့်တာ"

"ဟာ...ဒီကောင် သွားမပြောပါနဲ့ဆို။ ပြောဖြစ်အောင် သွားပြောတယ်။ လာပါစေဦးဒီအကောင်"

"သူပြောတာ မဟုတ်ပါဘူး။ မယ်တော်ကြီးက ဘာဖြစ်လို့ကြာနေတာလဲ။ ဘယ်လျှောက်လှည့်နေသလဲ။ ဘာလဲ...လျှောက်မေးရင်းက မဖုံးတတ်၊ မကွယ်တတ်နဲ့ ပေါ်တာပါ"

သိပါသည်။ မိခင်မေတ္တာကို နားလည်ပါသည်။ လှည့်ပြောနေမှန်းလည်း သိပါသည်။

ဩော်...အမေ အမေ။ သားသမီးတွေအပေါ်မှာ မေတ္တာကြီးမားလှချည်လား။ သားငယ်အပေါ် အပြစ်မကျအောင် လိုးလွှဲပြောနေရှာသည်။ သားကြီးဖျားနေတာကိုလည်း အချိန်မရှိ၊ အခါမရှိ အိုကြီးအိုမနဲ့ တစ်ယောက်တည်း သံလွင်မြစ်ကို လှေကလေးတစ်စင်းနဲ့ ကူးလာခဲ့တယ်။ ယောသကသူဌေးဝတ္ထုနောက်ကြောင်းပြန်ထဲက သားငယ်ကို ပြန်ပြန်သယ်တဲ့ မိခင်မျိုးလိုပါပဲလား။ သားသမီးသံယောဇဉ် ကြီးလှချည်ကလား မယ်တော်ရဲ့"

မိဘမေတ္တာကို တွေးမိသည်။ ရင်ထဲက လှိုက်သလို ခံစားရသည်။ နွေးထွေးသောဝေဒနာတစ်ရပ်ကို ခံစားလိုက်ရသည်။ ချွေးများစို့လာသည်။ ချွေးနှင့်အတူ မျက်ရည်များပါ စီးကျလာသည်။ ဝမ်းသာလွန်း၍ ကျသောမျက်ရည်ထင်သည်။ မယ်တော်ကြီးမမြင်စေရန် သင်္ကန်းကို ခေါင်းမြီးပြန်ခြုံလိုက်သည်။ မယ်တော်ကြီးက ထောင့်မှာကပ်၍ ထိုင်နေသည်။ စကားတစ်ခွန်းမျှ ထပ်မပြောတော့။ ဂ.ရုဏာငြိမ်းသော မျက်လုံးအစုံဖြင့် တွေတွေလေးကြည့်နေသည်။

နေဝင်ခဲ့ပြီ။ အမှောင်လည်း ရောက်လာပြီ။

"ဒကာမကြီး မပြန်သေးဘူးလား"

"မပြန်သေးဘူးဘုရား"

"ပြန်တော့...ပြန်တော့...မှောင်လာတော့မယ်"

"တပည့်တော်မ ဒီည မပြန်တော့ဘူး။ မနက်ကျမှပဲ ပြန်မယ်ဘုရား"

"ဟာ...မပြန်လို့ ဘယ်ဖြစ်မလဲ။ ပြန်...ပြန်..."

"မနက်ကျမှ ပြန်တော့မယ်ဘုရား"

"ဒကာမကြီးဟာ မယ်တော်တော့ မယ်တော်ပါ။ ဒါပေမယ့် မာတုဂါမဟာ မာတုဂါမပဲ။ တစ်မိုးတစ်ရံတည်းအောက်မှာ ရဟန်းတွေနဲ့အတူတူ မနေအပ်ဘူး"

"မှန်ပါဘုရား။ တပည့်တော်မ နားလည်ပါတယ်ဘုရား။ ညဘက်ရောက်ရင် တပည့်တော်မ ကျောင်းအောက်မှာ ဆင်းနေပါ့မယ်"

"ခက်တာပဲ။ ပြန်ဆိုလည်း မပြန်ဘူး"

"တပည့်တော်မဟာ ဦးဇင်းရဲ့အမေပါ။ နေမကောင်းဖြစ်တဲ့ သားသမီးကို ဘယ်မအေက ပစ်ထားဖူးတယ်လို့ ဦးဇင်းကြားမိပါသလားဘုရား။ သားသမီးအပေါ်ထားရှိတဲ့ မေတ္တာကို ဦးဇင်းနားလည်ဖို့ ကောင်းပါတယ်"

ဦးသုဇန ဘာမှဆက်မပြောတော့။ သက်န်းခြုံအတွင်းမှာပင် အသာမှိန်းရင်း မိခင်အကြောင်းကို တွေးမိသည်။

တိုးအေးသင်္ဘော ရန်ကုန်မြစ်အတွင်း နစ်မြုပ်ခဲ့စဉ်က ကြားခဲ့ရသည့် မိခင်မေတ္တာပေါ်လွင်သော သတင်းတစ်ရပ်။ ရေမြုပ်အလောင်းများ ဆယ်ယူစဉ်က နို့စို့ကလေးငယ်ကိုပိုက်လျက် သေဆုံးနေသော မိခင်တစ်ဦး။ တကယ်ဆို သင်္ဘောနစ်ပြီဆိုကတည်းက ကိုယ်လွတ်ရုန်းခဲ့လျှင် သေကောင်းမှသေမည်။ ယခုသော် လူမမယ်သားငယ်ကို မထားပစ်ရက်ရှာ။ ကိုယ်တိုင်သော်မှ ဘယ်လိုဖြစ်မှန်းမသိသည့် အရေးအခင်းကြီးမှာ သားဖြစ်သူကို ကျစ်ကျစ်ပါအောင်ချီထားရင်း ဖြစ်လာသည့်ကံကြမ္မာကို ရဲရဲဝံ့ဝံ့ရင်ဆိုင်ရင်း မိခင်အာဇာနည်ပီသစွာ အသေခံခဲ့သည်။ အာဂမိခင်ပါတကား။

အလားတူဖြစ်ရပ်တစ်ခု ထားဝယ်နယ်မှာဖြစ်ခဲ့သည်။ ခရီးသည်များပါဝင်သည့် ကုန်တင်စက်လှေတစ်စီး ကမ်းနှင့်မနီးမဝေးမှာ နစ်မြုပ်သည်။ နစ်မြုပ်လှေပေါ်မှဆိုလျှင် ရေပေါ်သို့ လက်ခုပ်တစ်ဖောင်စာသာ ရှိသည်။ ကမ္ဘာပျက်သည့်အလား ဆူညံအော်ဟစ် ကူးခတ်နေသည်။ ထိုစဉ်အတွင်း အသံတစ်သံက ထူးခြားစွာပေါ်ပေါက်လာသည်။

"မိ...ငါ့ခေထောက်ကို ကိုင်ထားနဲ့။ မိ...ငါ့ခေထောက်ကို ကိုင်ထားနဲ့"

"(အမေ ငါ့ခြေထောက်ကို မကိုင်ထားနဲ့။ အမေ ငါ့ခြေထောက်ကို မကိုင်ထားနဲ့)"

အသံကြားရာဆီသို့ကြည့်လိုက်ရာ လေးနှစ်သားအရွယ် သားငယ်တစ်ဦး နစ်လုနစ်ဆဲ ယက်ကန်ယက်ကန်ဖြစ်နေသည်ကို တွေ့သဖြင့် ဆယ်လိုက်ရသည်။ ဆယ်ယူလာရာက ခြေထောက်တစ်ဖက်ကိုင်ထားသော မိခင်ဖြစ်သူကိုပါ ဆယ်ယူရရှိသည်။ ကလေးငယ်ခြေထောက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားဆဲဖြစ်သည်။ အသက်မူကား မရှုလေတော့။ ဖြစ်ရပ်မှန်ကို မှန်းဆဝေဖန်ကြည့်ကြသည်။ လှေမှောက်တော့ မိခင်ဖြစ်သူက သားငယ်ကို ခြေမှကိုင်၍ ရေပေါ်ထိုးတင်ပေးလိုက်သည်။ ရေကလည်း ကူးတတ်သူမဟုတ်။ လက်ကကိုင်ထားသည်ကိုလည်း မလွှတ်ဝံ့။ သားငယ်အသက်ကိုလည်း ရှင်စေလိုသည်။ ရေပြင်ပေါ်နှင့်ဆို ကလေးရှင်မည်လည်း သိသည်။ ထိုအခါ မိမိအသေခံ၍ သားအသက်ကို ကယ်တင်ခြင်းသာဖြစ်ရမည်ဟု ကောက်ချက်ချပါသည်။ အာဂမိခင်ပါတကား။

တဖြည်းဖြည်းမှောင်လာပြီ။ သားဦးပဥ္စင်း တုတ်တုတ်မျှမလှုပ်။ အတွေးထဲမျောနေသည်။ မိခင်ကြီးမှာ သားပဥ္စင်းကို တွေတွေလေးကြည့်ရင်းဖြင့် ရထားသမျှ ဘုရားရှိခိုး သမ္ဗုဒ္ဓေနှင့် ပရိတ်တော်များကို တီးတိုးရွတ်ဆိုနေသည်။

အချိန်ကာလ အတော်လေးကြာသွားသောအခါ ညင်ညင်သာသာ လျှောက်လာနေသော ခြေသံတစ်ခုကို ကြားလိုက်ရသည်။ မယ်တော်ကြီး လှမ်းကြည့်သည်။

"အလို...မိန်းကလေးတစ်ဦးပါလား။ ဒီနေရာ မိန်းကလေးမလာရဘူး ပြောတယ်။ လူလား။ တစ္ဆေလား။ ဥစ္စာစောင့်လား"

တွေးရင်း ထောင့်ထဲသို့ ထပ်၍တိုးဝင်ကာ အခြေအနေကို ကြည့်နေလိုက်သည်။ မိန်းကလေးသည် ကျောင်းရှေ့သို့ ရှေ့ရှုလာနေသည်။ ကျောင်းပေါက်ရောက်သည်နှင့် ဖွပ်ကနဲ ကျောင်းပေါ်သို့လှမ်းတက်လိုက်သည်။ ဦးသုဇနက မသိ။ မယ်တော်ကြီးကား ဝေခွဲမရသော မျက်လုံးအစုံဖြင့် အမှောင်တွင်းမှ ကြည့်နေသည်။

"ဟင်...အစ်ကို အိပ်နေပြီလား"

"ဟဲ့...ဘယ်သူတုန်း"

"ညီမပါအစ်ကို (...............) လေ"

"ဘယ်ကညီမလဲ။ ငါ့မှာ ဘယ်ညီမမှ မရှိဘူး။ အားလုံး သေကုန်ပြီ။ သွား...သွား..."

"မနင်ပါနဲ့အစ်ကိုရယ်။ ညီမလေ အစ်ကို့ဆီလာချင်နေတာ ကြာပြီ။

ဒီနေ့မှ အခွင့်သာတာအစ်ကိုရဲ့။ အမေတို့ ဘားအံကို ပြန်သွားတယ်။ ဦးရသေ့လည်း မရှိဘူးကြားထားလို့ လာဖြစ်တာ"

"ဟော့...ဟော့...မင်းဘာလုပ်တာလဲ။ သွား...သွား...ဒီကျောင်းဝင်းကို မိန်းကလေးမလာရလို့ စည်းကမ်းထုတ်ထားတယ်။ မသိဘူးလား။ ပြန်...ပြန်"

"အစ်ကို့ကိုချစ်လို့ လာခဲ့ရတာအစ်ကို။ အစ်ကိုနဲ့ညီမမှာ ဒီဘဝမှာ တခြားစီဖြစ်နေပေမယ့် အတိတ်ဘဝတုန်းက အစ်ကိုဟာ ညီမရဲ့..."

ပြောပြောဆိုဆို ဦးသုဓနု၏ခြေထောက်များကို နိပ်နယ်ပေးသည်။ အခန်းထောင့်မှာပုန်းနေသူ မယ်တော်ကြီး မျက်လုံးပြူးသွားသည်။ စောစောပိုင်းထဲက အကဲခတ်နေသည်။ ဘာမှဝင်မပြော။ အသာကြည့်နေသည်။ မြိုင်ကြီးငှက်လည်း သိုက်တို့၊ ဥစ္စာစောင့်တို့ဆိုတာ လူပြောသူပြောနဲ့ နာမည်ကြီးနေတာမို့ ဥစ္စာစောင့်လား၊ သရဲမလား တွေးပြီး ကြောက်နေမိသေးသည်။ တဖြည်းဖြည်း ရုပ်လုံးပေါ်လာမှ...

"ဟဲ့...ဟဲ့...သူငယ်မ၊ မိန်းမဟာ ရဟန်းသံဃာကို မထိရ၊ မကိုင်ရဘူး ကွယ့်"ဟု အသံပြုလိုက်သည်။ မိန်းမပျိုက မယ်တော်ကြီးဘက်လှည့်ကြည့်ပြီး အံ့အားသင့်သွားသည်။ သူ့အထင် ဘယ်သူမှမရှိတန်ကောင်း။ အခုတော့ ဘယ်ကနေဘယ်လို အဘွားကြီးရောက်နေပါလိမ့်ဟု စဉ်းစားမရဖြစ်သွားသည်။

"ဩော်"

ကျားရှေ့ မှောက်လျက်လဲသည်ကမှ တော်ဦးမည်။ ကျားကိုက်သတ်စားလို့ အသက်ဆုံးရှုံးရုံသာ။ ယခု အသက်မသေသော်လည်း သေတာထက်ဆိုးတဲ့အဖြစ်။ လောကမှာ အရှက်နဲ့ လူလုပ်ကြရတာ။ မိန်းမပျိုခမျာ ဘာမှ မပြောနိုင်တော့။

"မိန်းကလေးဆိုတာ ရဟန်းသံဃာကို မထိ၊ မကိုင်ရဘူးတဲ့။ အမေကြီးက ကိုယ့်သားဖြစ်ပေမယ့် မထိ၊ မကိုင်ဘဲ ငုတ်တုတ်ထိုင်နေတာပဲ ကြည့်ပေါ့"

သုတ်ခနဲ ကျောင်းပေါ်မှ ဆင်းပြေးသွားတော့သည်။

"ဘယ်သူဘယ်ဝါဆိုတာ တပည့်တော်မကို ပြောပါဦး"

"ထားတော့ ဒကာမကြီး။ ပြောလည်း မထူးပါဘူး။ ပြောသွားတဲ့စကား ကြားမှာပေါ့။ ဦးဇင်းအပေါ် သံသယဖြစ်သွားသလား"

"မဖြစ်ပါဘူး။ သူ့စကားက ရှင်းနေပါတယ်ဘုရား"

"ဒါဆိုလည်း ပြီးရောပေါ့။ ထပ်မေးမနေပါနဲ့တော့"

ချွေးတွေ ဘယ်ကဘယ်လို ထွက်လာသည်မသိ။ တစ်ကိုယ်လုံး ရေချိုးထားသည့်နှယ် ဖြစ်နေသည်။ ကိုယ်လည်းအေးသွားပြီး မိခင်ကြီးအား ကျေးဇူးတင်လွန်းလှသည်။ ယနေ့မှ မိခင်ကြီး ထူးထူးခြားခြားရောက်လာသည်။

မရောက်ခဲ့လျှင် ဘယ်အခြေဘယ်စခန်း ဘယ်သောင်ကမ်း ဆိုက်ကပ်မည်မသိ။ ယခုတော့ တော်ပါသေးရဲ့။ ချောက်ထဲကျဖို့ လက်တစ်လုံးအလို သီသီကလေး ရယ်မှ သီသီကလေးရယ်။

"မွေးကျေးဖူးရှင်လည်း ဖြစ်ခဲ့သည်။ ယခု ကယ်တင်ရှင်လည်း ဖြစ်နေပြန်သည်။ ဤသည့်ကျေးဇူးကို ကျေအောင် ဘယ်ပုံနည်းနှင့် ဆပ်ရပါ့။ ကျေးဇူးတင်လိုက်ပါဘိ အို...မိခင် ကျေးဇူးရှင်ရယ်..."

(ကာယကံရှင် သက်ရှိထင်ရှားရှိဆဲဖြစ်၍ အမည်ဖော်ပြမထားပါ။

စာရေးသူ)

* * * * * * * *

အရပ်စကားတစ်ခွန်း ရှိပြန်သေးသည်။

"အကုသိုလ်ဆိုတာ လာရင် တစ်ယောက်တည်းမလာ။ အပေါင်းအသင်းတွေပါ ခေါ်လာတတ်သည်"ဟူ၍။ ဦးသုဇနသည် ချောက်ထဲသို့ကျရန် တည်းတည်းကလေးအလိုတွင်မှ မိခင်ကြီးကယ်မ၍ သီသီကလေးလွတ်ခဲ့ပြီး နောက်ပိုင်း ပို၍သတိထားလာရသည်။ အားထုတ်နေသော သတိပဋ္ဌာန်သတိက ချောက်ထဲမကျစေဖို့ အတွင်းသတိ၊ အပြင်သတိဖြင့် သတိတည်းဟူသော ချပ်မိန်ညိုကို ဝတ်ဆင်လျက် တိုက်ခိုက်လာမည့်ရန်သူကို သတိအနေအထားဖြင့် အမြဲရှိနေရသည်။

စိတ်နှစ်ခွ ဖြစ်လာရသည်။ စောစောပိုင်းအချိန်တုန်းက အတွင်းရန်တစ်ခုတည်းကိုသာ တိုက်ခဲ့ရသည်။ ယခု အပြင်ရန်ကိုပါ သတိထားနေရသည်။ ဘယ်က ဘယ်လို ဘယ်အပေါက်က ဝင်လာခလောက်လေဦးမလဲ အတွေးက ပို၍စိုးမိုးလာသည်။ စိတ်ကလောက်လက် လှုပ်ရှားချင်လာသည်။ ဆင်လာသော တိုက်စစ်ကို ကြံ့ကြံ့ခံနိုင်ရန်အတွက် ခံဂစ်ကို ပြင်ဆင်ရသည်။ ခံတပ်ကို လုံခြုံအောင် ပြုပြင်ရသည်။ လိုအပ်လာပြီဖြစ်၍ နိသဇ္ဇိကစုတင်တည်းဟူသော ခိုင်မာတောင့်တင်းသည့် တံတိုင်းတစ်ခုကို ထပ်ဆင့်တည်ဆောက်ရသည်။

"သေယျံ ပဋိက္ကမ္ပ္စာမိ နေသဇ္ဇိကင်္ခံ သမာဒိယာမိ" လဲလျောင်းအိပ်စက်ခြင်းကိုပယ်၍ ထိုင်ခြင်းဣရိယာပုထ်ကိုသာ ပဓာနပြု၍ နေထိုင်လေ့ရှိသော နိသဇ္ဇိကစုတင်ကို ဆောက်တည်ရပါသည်။

ပထမစစ်ပွဲမှာ အငိုက်ခံရစဉ်က ဖျားလည်းဖျား၊ နာလည်းနာနေသည်။ လဲလျောင်းလျက်ရှိနေသဖြင့် အလစ်ဝင်ရောက်ခြင်းကို ခံလိုက်ရသည်။ တော်ပေသေးသည်။ စစ်ကူမိခင်ကြီးက ကြို့တင်ရောက်နှင့်နေပေလို့။ မျှော်လင့်မထားသော စစ်ကူ၏ ထိုးနက်ချက်ကြောင့် ချက်ချင်း တပ်ဆုတ်သွားရသည်ကို ကျေနပ်

လိမ့်မည်မထင်။ စစ်ကူမရနိုင်သော နေရာ၊ အချိန်အခါတွင် အလုံးအရင်းနှင့် ထပ်မံချီတက်၍ မထင်မှတ်သောတိုက်ကွက်ဖြင့် လာနိုင်ပေသေးသည်။

"မအိပ်မနေ အသက်ရှည်" ပေါက်ကျိုင်းစကားရှိသည်။ ၄င်းစကား အတိုင်း မအိပ်မနေဖြင့် ရန်သူကို ဆီးကြိုငံ့လင့်နေမှ ဖြစ်တော့မည်။

* * * * * * * *

မူလအချိန်ဇယားကို ပြင်ဆင်လိုက်သည်။

ဆွမ်းခံချိန်ကို နံနက်အရုဏ်ချိန်သို့ ပြောင်းလိုက်သည်။ ကျောင်း၍ လျောင်းစက်နားနေခြင်းကို ပယ်လိုက်သည်။ အလွန့်အလွန်အိပ်ချင်ခြင်း ဖြစ် လာလျှင် တစ်ခုခုကိုမှီ၍ ရပ်လျက်ပင် မျောက်မျဉ်းရုံမျှ နားနေလိုက်သည်။ တစ်ခါတစ်ရံ ထိုင်လျက် ငိုက်မျဉ်းနေရုံမျှ နေလိုက်သည်။ ယိမ်းယိုင်ခဲ့သော သမာဓိမဏ္ဍိုင်ကို ပြန်လည်တည့်မတ်စေရန် ယခင်ကထက် ပို၍အားထုတ်ရ သည်။

ညဘက်ဆို ကျောင်းကလေးမှာမနေ။ နန်းဦးစေတီ ဘုရားငုတ်တိုအနီး မှာ ထိုင်ခြင်း၊ ရပ်ခြင်း၊ စင်္ကြံသွားခြင်း၊ ဣရိယာပုထ် (၃) ပါးဖြင့် သတိပဋ္ဌာန် ပွားများသည်။ ၁၅ ရက်ခန့်အကြာ တစ်ခုသောည၏ အရုဏ်ဦး ပြုမြဲဝတ်ဖြစ် သော...

(၁) မဟာဝေပုလ္လ ဘုရားရှိခိုးကြီး၊

(၂) ပထဝီဇယ မန္တန်တော်ကြီးကို ရွတ်ဆိုပူဇော်ပြီး ထိုးစည်၊ ကြေး စည်တီးခတ်ကာ အမျှအတန်းပေးဝေသည်။ ဆွမ်းခံသွားရန် အနည်းငယ်စော သေးသဖြင့် ထိုင်ဣရိယာပုထ်ဖြင့် သတိပဋ္ဌာန်ရှုမှတ်နေစဉ် ရှုမှတ်နေကျအတိုင်း မျက်စိအနည်းငယ်ဖွင့်လျက်ပင်။

လုံးဝကွယ်လုနီးနေပြီဖြစ်သော လဆုတ်လကွေးသည် အရုဏ်မတက်မီ လေးတင်က အရှေ့ဘက်မှ ပေါ်ထွက်ခဲ့သည်။ ညိုးမှိန်ဖျော့တော့သော အရောင် ကလေးဖြင့် စွမ်းအားရှိသလောက် အလင်းဓာတ်ကို ပေးပါသည်။ လောက တစ်ခွင် မလင်းလာပါ။ သို့သော် မှုန်ရီဝိုးတဝါးကြယ်ရောင်လေးတော့ လင်း ပါသည်။ လမ်းမြင်သည် ဆိုရုံလေးသာ။ လမ်းသွားလို့ ဖြစ်ရုံမျှပါ။ မြင်သာ ရုံမျှဖြစ်သော တောင်တက်ခြေလျင်လမ်းပေါ်မှာ တရွေ့ရွေ့လျှောက်လှမ်းနေသူ မိန်းကလေးတစ်ဦး။ အကာလ ညအချိန်မို့ ထူးဆန်းနေသည်။ ပို၍ထူးဆန်း သည်မှာ တောကြီးမျက်မည်းအလယ်၌ ဖြစ်နေပြန်သည်။

ခြေသံကို လုံနိုင်သမျှလုံအောင် သတိထားပြီး ညင်သာစွာလျှောက်ခဲ့ သည်။ ရှေ့မှာရှိသော အဆောက်အအုံငယ်ဘေးမှာ လူတစ်ဦးရပ်နေသည်ကို

မြင်ရသည်။ မှောင်လင့်ထားသူလားဟု သတိပြုကြည့်မိသည်။ အရွယ်အနေအထား ကိုကြည့်၍ မဟုတ်မှန်းသိလိုက်သည်။ သစ်တစ်ပင်နား ကပ်၍ရပ်ကာ အခြေ အနေကို စောင့်ကြည့်သည်။ ခဏအကြာ ထိုလူ အဆောက်အအုံထဲ ပြန်ဝင် သွားသည်။ ကပ်နေသောသစ်ပင်မှ ခွာထွက်ကာ တောင်ပူစာခြေရင်းသို့ အသော့ ကလေးသွားသည်။ နေးနေလို့မဖြစ်။ ထိုလူပြန်ထွက်လာလျှင် မြင်သွားနိုင်သည်။ လမ်းက အဆောက်အအုံနှင့် မလှမ်းမကမ်းမှာ ရှိသည်။ အချိန်ဆွဲနေလို့မဖြစ်။ တောင်ပူစာပေါ်သို့ ခပ်သွက်သွက်ကလေး တက်လိုက်သည်။ ခလုတ်တစ်ချက် တိုက်မိသည်။ အရိုန်ကြောင့် ကျောက်ခဲလုံးကလေးများ အချို့ အသံမြည်သွား သည်။ အောက်သို့ပါ လိမ့်ကျသည်။

သည်အတိုင်းဆို အဆောက်အအုံအတွင်းမှာ လူခေါင်းပြူကြည့်နေမည့် အဖြစ်ကို သတိရလိုက်သည်။ ဒီရောက်ပြီးမှ နောက်ဆုတ်၍မဖြစ်တော့။ မထူး ဇာတ် ခင်းရတော့မည်။ တောင်ပူစာထိပ် ရောက်လာသည်။ ဟိုနေ့တွေက စုံစမ်း သိရှိထားသည့် သူရှိမည့်နေရာသို့ လှမ်းကြည့်လိုက်သည်။ ဟုတ်သည်။ သူရှိ နေသည်။ လရောင်ဝိုးတဝါးအောက်ဝယ် ငြိမ်သက်စွာထိုင်နေသည်။ သူရှိရာ သို့ ညင်သာသောခြေလှမ်းများဖြင့် လျှောက်သွားနေသည်။

ညင်သာသောခြေသံကို ကြားလိုက်ရသည်။ ဦးရသေ့ဖြစ်မည်ထင်၍ အရေးမပြုဘဲ နေသည်။ ဤလိုပင် ဦးရသေ့ တက်လာတတ်သည်။ တရားပြဆရာ ပီပီ ဦးသုဇန၏ အားထုတ်မှုအခြေအနေကို လာရောက်လေ့လာတတ်သည်။ ယခု ခြေသံမှာ ပို၍နီးလာပုံရသည်။ ဦးရသေ့ကဲ့သို့ မလှမ်းမကမ်းမှာပင် ရပ်မနေ ဘဲ အနီးသို့တိုင် ကပ်လာသည်။ ရှေ့တည့်တည့်မှာပင် ကျုံ့ကျုံ့ကလေး ထိုင် ချလိုက်ပါပကော။

ဟင်...မိန်းမပျိုတစ်ဦး။ တစ်နေ့တုန်းဆီက မိန်းကလေးပင်။ ရှုမှတ်နေ ကျ သတိပဋ္ဌာန်အာရုံတွေ လွင့်စဉ်ကုန်သည်။ ထိုင်မြဲဆက်ထိုင်နေသည်။ တုတ် တုတ်မျှမလှုပ်။ အတွင်းစစ်တိုက်နေစဉ် အပြင်ရန်က အခိုင်အမာတည်ဆောက် ထားသောခံတပ်ကို ထိုးဖောက်ဝင်ရောက်လာပြန်သည်မှာ လက်တစ်ကမ်းသို့ ပင်ရောက်နေပြီ။ အတွင်းစစ်ကို ခေတ္တရပ်ဆိုင်းကာ အပြင်ရန်ကို ခုခံဖို့ ပြင်ဆင် ရတော့သည်။ မိန်းမပျိုက...

"အစ်ကို...အစ်ကို"

အနည်းငယ်ခြား၍ ခွန်းဆင့်ခေါ်သည်။ နှုတ်သံ ပြန်မပေး။ နှုတ်ခမ်း ကို စေ့စေ့ပိတ်ထားသည်။

"အစ်ကို...။ ညီမခေါ်နေတယ်လေ။ မကြားဘူးလား။ နားများ ကန်း နေသလား"

ဦးသုဇနက ခွန်းတုံ့မပြန်။

"ညီမတစ်ယောက်တည်း အရဲစွန့်လာခဲ့ရတယ် အစ်ကိုရယ်။ ညီမကို မငဲ့တော့ဘူးလား။ ညီမခေါ်နေတယ်လေ။ ကြားတယ်မဟုတ်လား။ ထူးပါဦး။ ဒီပါးစပ်ကြီးက ဘာလို့ပိတ်ထားရတာတုန်း"

ဦးသုဇနက ဆိတ်ဆိတ်နေမြဲ။ မိန်းကလေးက အားမလိုအားမရ ဖြစ်လာဟန် တူသည်။ တစ်ဆင့်တက်၍ သင်္ကန်းမှ လွတ်နေသော ခြေသလုံးကို လက်ဖြင့် ပွတ်သပ် ဆုပ်နယ်သည်။ အငွေ့ပင်မက အတွေ့ပါ ပါလာသည်။ ဝန်ခံရလျှင် သာယာမှုဖြစ်သွားမိသည်မှာ အမှန်ပင်။ အတွေ့အထိအာရုံကို နားဖြင့် ကြားခဲ့ဖူးသည်။ စာမှာ ဖတ်ခဲ့ဖူးသည်။ ကိုယ်တွေ့ဟူ၍ စိုးစိုးစိစိမျှ မရှိစဖူး။ သူတို့ရဲ့ လက်ဖဝါးနုကလေးများ ဤမျှထိ နူးညံ့သိမ်မွေ့ကြပါကလား။ အတွေးဝယ် မိန်းမောသွားမိသည်။ ခန္ဓာကိုယ်တစ်ခုလုံး ပူထူရှိန်းဖိန်းသွားသည်။ တုတ်တုတ်တော့မလှုပ်။ ငုတ်တုတ်သာ။

မိန်းကလေးက တစ်ဆင့်တက်လာပြန်သည်။ လက်ချောင်းလေးများကို ဖွဖွလေးဆုပ်နယ်ရင်း တတွတ်တွတ်ပြောနေသည်။

"ညီမနဲ့အစ်ကိုဟာ ဟိုးဘဝ မောင်နှမတွေပါအစ်ကိုရယ်။ ခုဘဝမှာ တစ်ရပ်တစ်ရွာဆီမှာ မွေးခဲ့ကြပေမယ့် ကံဆုံလို့ ပြန်တွေ့ကြပြီပဲ။ မစိမ်းကားချင်ပါနဲ့အစ်ကို။ ဟိုတစ်နေ့က ညီမလာခဲ့တယ်။ ရှေးဘဝဖြစ်ကြောင်းတွေ ပြောပြမလို့။ မယ်တော်ကြီးနဲ့ဆုံခဲ့လို့ ဘာမှမပြောခဲ့ရဘူး"

နှုတ်ကလည်း ပြောသည်။ လက်ကလည်း ဖွဖွလေးဆုပ်နယ်သည်။ ဦးသုဇနစိတ်တွေ လှုပ်ရှားလာသည်။ ညွတ်ချင်တိမ်းချင် ဖြစ်လာသည်။ သာယာသောအတွေ့အထိက ကလိနေသည်။ စကားသံက ငြိစေနေသည်။ စိတ်တွင်းမှ သာယာနေမိသည်။ လှုပ်လည်းမလှုပ်၊ ခွန်းတုံ့လည်း မဆိုချေ။

"စိမ်းကားလှချည်လားအစ်ကိုရယ်။ ညီမကို စကားတစ်ခွန်းမှ မပြောတော့ဘူးလား။ ဘာလဲ။ ညီမလာတာ မကြိုက်လို့လား။ မကြိုက်ရင်လည်း မကြိုက်ဘူးပြောပါအစ်ကို။ ဘာစကားမှမဆိုဘဲ နေတာကိုက ညီမကို နှိပ်စက်သလိုလိုလုပ်နေတာနဲ့ မတူဘူးလား။ စကားတစ်ခွန်းလောက်တော့ ပြောပါဦး အစ်ကိုရယ်"

ဦးသုဇနစိတ်ထဲ ယဲ့ယဲ့ကလေးရှိနေရာမှ ပွဲချင်လာပြီး ယခုပင် နဲ့တဲ့တဲ့ ဖြစ်နေသည်။ ရန်းလို့မှ လွတ်ပါဦးမည်လား။

"ဟိုးဘဝကတည်းက အစ်ကိုက သားတော်၊ ညီမက သမီးတော်၊ ဖအေတူမအေကွဲ သားတော်၊ သမီးတော်တွေပေါ့အစ်ကို"

ဦးသုဇန သတိပြန်ထားလိုက်မိသည်။

"ငါဘာလဲ...ငါဘာလဲ...ငါဘာလဲ"

ထပ်ခါထပ်ခါ ပြန်မေးမိသည်။

"ငါသည် ရဟန်း...ငါသည် ရဟန်း။ ဒီတော့ထဲ ငါဘာလုပ်သလဲ။ တရားအားထုတ်ဖို့၊ တရားရှာဖို့လာတာ။ မယားရှာဖို့လာတာ မဟုတ်။ မဟုတ်ရင် ဒီအတွေ့မှာ ဘာဖြစ်လို့ မိန်းမောနေရတာလဲ။ မိန်းမောရင် နစ်မွန်းမယ်။ နဖားကြိုး အထိုးခံရတော့မယ်။ နဖားကြိုး အထိုးမခံချင်လို့ ထွက်လာတာမဟုတ်လား"

အတွေးဆုံးသည်နှင့် ရုတ်ခြည်း ထိုင်ရာမှထလိုက်သည်။ မိန်းမပျိုလည်း ယောင်ရမ်းပြီး လိုက်ထသည်။ မျက်နှာချင်းဆိုင်မိလျက်သား ဖြစ်သွားသည်။

ဦးသုဇနက...

"ဟုတ်ပြီ။ မင်းနဲ့ငါ မောင်နှမတွေဆို...။ ဟုတ်လား"

"ဟုတ်တယ်အစ်ကို။ ဟိုဘဝမှာ မောင်ညီမတွေပါ"

"ဟိုဘဝအကြောင်း မင်းသိတယ်နော်"

"သိလို့ပြောနေတာပေါ့ အစ်ကို"

"ကောင်းပြီ။ အဲဟိုဘဝက တို့အဖေအမေတွေ ဘယ်မှာရှိနေသလဲ"

"ဒီနားမှာပဲ ရှိနေကြတယ်"

"တို့ကိုရော သူတို့ မြင်နေကြမှာလား"

"မြင်နေကြမှာပါ"

"ဟင်...ခွေးမ။ အဖေအမေနှစ်ပါးရဲ့ ရှေ့မှောက်မှာ နင်က ခွေးဇာတ်ခင်းပြနေတာပေါ့လေ။ နင်ခွေးဇာတ်ခင်းပေမယ့် ငါမခင်းနိုင်ဘူး။ ငါ စကားတစ်ခွန်းပြောမယ်"

"ပြောပါအစ်ကို"

"အကျွန်ုပ်၏ သီလ၊ သိက္ခာ၊ သမာဓိကို သက်သေထား၍ သစ္စာပြုပါ၏"

ရှေ့မှာရပ်နေသော ဤသူငယ်မသည် အကျွန်ုပ်၏ ပါရမီဖြည့်ဖက်မှန်ပါက ရပ်တည်နေရာမှမရွေ့ဘဲ နေမြဲအတိုင်း ရှိနေပါစေ။ အကယ်၍ အကျွန်ုပ်အား ဖျက်လိုဖျက်ဆီးသဘောမျိုးဖြင့် လာရောက်ဖြားယောင်းသည်ဆိုပါက အကျွန်ုပ်နှင့် (၁၂) တောင်ကွာသောအရပ်သို့ ဆုတ်ခွာသွားပါစေ"

သစ္စာအဓိဋ္ဌာန်ပြုပြီးသည်နှင့် မိန်းကလေးသည် ပကတိရပ်တည်ခြင်းငှာ မစွမ်းနိုင်တော့ဘဲ တုန်တုန်ယင်ယင်ဖြစ်ကာ ၁၂ တောင်ခန့်အကွာသို့ လျင်မြန်စွာ ဆုတ်ခွာသွားပြီး စုန်းပူးသလို၊ နတ်ပူးသလိုဖြစ်ကာ ရပ်နေရာမှ ဘိုင်း

ခနဲ လဲကျသွားသည်။ ဦးသုဇနသည် လှည့်ကြည့်မနေတော့ဘဲ ဘုရားထက်မှ ဆင်းခဲ့သည်။ ကျောင်းသခ်မ်းအနီး ဦးရသေ့နှင့် တွေ့ဆုံသည်။

"ဦးရသေ့...။ စောစောက ကောင်မလေးတစ်ယောက်တက်လာတာ မတွေ့ဘူးလား"

"တွေ့သားပဲကိုယ်တော်"

"တွေ့နေလျက်နဲ့ ဒီအတိုင်း ကြည့်နေရသလား။ ဘာဖြစ်လို့ လိုက်မတက်ခဲ့သလဲ။ ဦးရသေ့ကပါ အလိုတူအလိုပါ ဖြစ်နေလို့လား"

"မဟုတ်တာ ကိုယ်တော်။ တပည့်တော်ပြောမယ်။ ကိုယ်တော်ဟာ အမြို့မြို့အနယ်နယ် လှည့်လည်သွားလာခဲ့ပြီးပြီ။ သူ့ထက် လှတဲ့၊ ချောတဲ့ဟာ တွေလည်း အများကြီးတွေ့ခဲ့ဖူးပြီ။ အဲဒါတွေနဲ့တောင်မှ ဘာမှမဖြစ်ခဲ့ဘဲ ဘာမဟုတ်တဲ့ ဒီကြမ်းကြမ်းတမ်းတမ်းမိန်းမနဲ့မှ အဖြစ်ခံရင်လည်း ဖြစ်စမ်းပါစေ။ ကိုယ်တော်လောက်မိုက်တဲ့သူ မရှိဘူး။ တကယ်တော့လည်း တပည့်တော် ကွေးမိထားပါတယ်။ ဘယ်လိုမှ ကိုယ်တော် အဖြစ်မခံဘူးဆိုတာ ယုံလို့ ဒီအတိုင်း ကြည့်နေတာပါဘုရား"

"ကောင်းကြရော။ ဒီမှာကဖြင့် ခံတပ်ကျိုးပေါက်ပြီး လက်နက်ချ အညံ့ခံရတော့မလောက်ကို ဖြစ်သွားရတယ်။ တော်ပေသေးရဲ့။ သတိတရားရလာ ပေလို့" တွေးရင်း သပိတ်ယူကာ ဆွမ်းခံကြွထွက်ခဲ့သည်။ ယခင်နေ့များ ဆွမ်းခံထွက်စဉ်က အမှတ်မလွတ်။

သွားတယ်၊ သွားတယ်၊ သိတယ်

လှမ်းတယ်၊ လှမ်းတယ်၊ သိတယ်

ဘယ်လှမ်းတယ်၊ ညာလှမ်းတယ်၊ သိတယ် စသည်ဖြင့်...

ယနေ့တော့ ပျက်ယွင်းခဲ့သောသမာဓိက လောက်လက်ချောက်ချားဆဲ။ စိတ်တွေက တုန်လှုပ်နေဆဲ။ ရင်တွေပန်းတွေ တုန်နေဆဲ။ အမယ်...ရင်များပါ တဒိန်းဒိန်းခုန်နေသေး။ သမာဓိကို စုစည်းမရတော့မည့်အတူတူ စိတ်ကို ချုပ်တည်းခြင်းမှ လွတ်လိုက်သည်။ စိတ်သည် လေလွင့်လိပ်ပြာပမာ အဝေး... အဝေး...ဟိုးအဝေးသို့ တောင်ပံတဖျပ်ဖျပ်ခတ်ကာ ပျံသန်းသွားတော့သည်။

တောရဆောက်တည်နေသော တောင်ဖီလာဆရာတော်သည်လည်း နန်းတွင်းသူတစ်ဦး၏ ဖြားယောင်းမှုနှင့် ကြုံခဲ့ရသည်။ တစ်ညတာလုံး ကိလေသာနှင့် တိုက်နေရသည်။ ရှုံးလုရှုံးခင် ကျလုကျခင်တွင် အနီးတွင်ရှိသော ဒန်ပူသပ်သည့်ဓားမငယ်ဖြင့် ခြေသလုံးကိုလှီးကာ စိတ်ပြောင်းစေပြီး ဖန်တီးဝေဒနာပြု လုပ်၍ အနိုင်ယူခဲ့ရသည်။ မိုးသောက်သော် မင်းဧကရာဇ် အမှုးမြော်လာသည်။ ထိုစဉ် ရေကန်အနီးမှာ ဆရာတော်သည် ညကဓားမငယ်ဖြင့် ဒန်ပူသပ်နေသည်။

မင်းကြီး၊ ရှိခိုးမတော်ပြုပြီး ဇာကပါ၊ ရိုကပါ၊ လျှောက်သည်။ ဆရာတော် ရိပ်မိလိုက်သည်။ ဆက်၍ အမိန့်ရှိသည်မှာ...

မင်းကြီး။ ဒီကိစ္စမျိုးမှာ သက်သေဆိုသောအရာကို ပြနိုင်ခဲ့သည်။ ရနိုင်ခဲ့သည်။ ဟုတ်သည်၊ မဟုတ်သည်ကို ကာယကံရှင်တို့ကသာ သိကြသည်။ ငါ့အဖို့လည်းထိုနည်းတူ မဟုတ်မှန်းတော့ ငါသိသည်။ သက်သေပြဖို့ရာကား မလွယ်ကူလှ။ သို့သော် ငါ့အဖြစ်ကို ဟောသည့် ဓားမငယ်က အသိဆုံးဖြစ်သည်။ ဤဓားမငယ်သည်မင်း ငါ၏ သီလ၊ သိက္ခာ၊ သမာဓိကို သက်သေခံပါလိမ့်မည်" ဆိုကာ ဓားမငယ်ကို ရေတွင်းချလိုက်သည်။ ဓားမငယ်သည် ငါးကဲ့သို့ တစ်ဖက်ကမ်းကူးသွားလေသည်။

(ထိုမှစ၍ ဓားမကူးဆရာတော် (ဓမကူးဆရာတော်) ဟု ထင်ပေါ်ကျော်ကြားသွားခဲ့သည်။)

ထိုအံ့ဖွယ်ဖြစ်ရပ်ကို မင်းကြီးမြင်ရာ အထူးတုန်လှုပ်သွားသည်။ ဆရာတော်ကို အကြိမ်ကြိမ် ဝန်ချတောင်းပန်သည်။ ဆရာတော်၏ သီလ၊ သိက္ခာ၊ သမာဓိကိုလည်း၊ ပို၍ လေးစားယုံကြည်မိသွားသည်။

ဤဖြစ်ရပ်မှာ မင်းကြီးက ဆရာတော်အား အကြည်ညိုပိုလွန်း၊ သဒ္ဓါပိုလွန်းသဖြင့် ဆတ်ဆော့ရာမှ ဖြစ်ပေါ်ခဲ့သည်။ တောင်ဖီလာဆရာတော်ကို မင်းဆရာအဖြစ် ကိုးကွယ်ထားသည်။ ဆရာတော်သည် ရွှေစက်တော် ဘုရားဖူးသွားရာကအပြန် ရွှေဥမင်ဆရာတော်အား ဝင်ရောက်ဖူးမြော်ပြီး တရားဆွေးနွေးရာမှ နေပြည်တော်သို့ မပြန်တော့ဘဲ တောရဆောက်တည်သွားခဲ့သည်။ ကြည်ညိုရင်းစွဲဖြစ်သော မင်းကြီးသည် မကြံကောင်းမကြံစည်ရာကို ကြံမိစဉ်းစားမိသည်။ နန်းတွင်းသူတစ်ဦးအား တောတွင်းသူ ဟန်ဆောင်စေ၍ ဖြားယောင်းစေသည်။ အကယ်၍ ဖြစ်ခဲ့သော် အဖြစ်မတင်လို၊ အနီးတွင် ထား၍ သူကောင်းပြုမည်။ မဖြစ်ခဲ့သော် အကြည်ညိုပိုရမည်ဟူ၍။

တောင်ဖီလာဆရာတော်ခေါ် ဓားမကူးဆရာတော် ဖြစ်စဉ်ကို ပြန်တွေးမိသည်။ မမ္မကိုမလို ပုဂ္ဂိုလ်ကို ကြည်ညိုခြင်းကား ရန့်ရင်းလေစွ၊ မိမိကိုကော အဘယ်သူကလာစမ်းနေသနည်း။ တောင်ဖီလာဆရာတော်က ဖြစ်မိသော်မှ သူကောင်းပြုရဦးမည်။ မိမိမှာ ခွေးကောင်းသော်မှ ဖြစ်မည်မထင်။ ပစ္စုပ္ပန် သံသရာ နှစ်ပါးစလုံးကောင်းဖို့ မမြင်။ မည်သူက အကောင်းဆိုကြမည် မဟုတ်။

အဖြစ်ကို ပြန်လည်ဆန်းစစ်မိသည်။ ဘယ်သူမပြု မိမိမှုသာတည်း။ ပထမအကြိမ်ဖြစ်ရပ်ကို ဦးရသေ့တို့အား မပြောထားမိ။ ကာယကံရှင်အား ငဲ့ခဲ့သည်။ ပြောထားမိချေက မိမိအတွက် အထိုက်အလျောက် အန္တရာယ်ကင်းသွားမည် ဖြစ်သော်လည်း၊ တစ်ဖက်သူမှာ အများတကာ့ရှေ့တွင် ပက်လက်မှောက်ခုံ

စုန်စုန်ဆန်ဆန် မျောရှာမရှောမည်။ ယင်းငှက်ကွက်မှုသည်ပင် မိမိအား ဤဖြစ်ရပ်နှင့်ကြုံလာအောင် မနိုလာစေသည်။

"ခြေဒ် ...လျှော့လွှန်းပြန်လျှင်လည်း ပတ်တတ်သည် ဆိုသည်မှာ မှန်ပါလေသည်တကား"

(ငှင်းအမျိုးသမီးသည် ထိုနေ့ မိုးလင်းသည်နှင့် မြို့ကြီးငှမှ အပြီးအပိုင် ထွက်ခွာသွားလေသည်။ ယခု အိမ်ထောင်သုံးဆက်နှင့်ဖြစ်သည်။ သက်ထင်ရှားရှိဆဲဖြစ်၍ အမည်ဖော်ပြမထားပါ။)

ဦးသုစနေသည်လည်း ထိုနေ့မှာပင် ဆင်ကျုံးကျောင်းသို့ သွားရောက်ကာ ပရိဝါသ်ဆောက်တည်၍ အာပတ်ကို ကုစားသည်။ မိမိ၏ပယောဂမပါသော်လည်း၊ ကာယသံသဂ္ဂ၊ သံဃာဒိသေသ်သိက္ခာပုဒ်တော်နှင့်စပ်လျဉ်း၍ သံသယကင်းစေလိုသဖြင့် ပရိဝါသ်ဆောက်တည်ခြင်း၊ မာနတ်ကျင့်ခြင်းကို တစ်လတိုင်တိုင် ဆောက်တည်ခဲ့သည်။ အဗ္ဘာန်သွင်းခြင်းကိစ္စပြီးဆုံးမှ မြို့ကြီးငှသို့ ပြန်လာခဲ့သည်။

ဆင်ကျုံးကျောင်းမှာ ပရိဝါသ်ဆောက်တည်ပွဲကို အမြဲတမ်းထားလေ့ရှိသည်။

ဆောက်တည်လိုသူများ၊ အမြဲလိုလိုရှိနေသည်။

(စာရေးသူ)

* * * * * * * *

## ထူးဆန်းထွေလာ ကြုံရှာဝယ်

ဦးသုဇနသည် ဖြစ်ရပ်နှစ်ခုနှင့်ကြုံပြီးနောက် ပို၍ သတိကြီးစွာထားသည်။ ဦးရသေ့တို့အားလည်း အသိပေးပြောကြားထားပြီးပြီမို့ အန္တရာယ်မဖြစ်တော့တန်ကောင်းဟု ထင်ထားသည်။ နှစ်ခါရှိပြီး နောက်တစ်ခါဆို ငါတောင့်ထားနိုင်ပါ့မလား၊ ကိလေသာကင်းသူမဟုတ်သဖြင့် စိတ်တော့ဖြင့် မချရဲ။ သတိကြီးစွာထားနေရသည်။

သတိပဋ္ဌာန်ကြီးသက်သက် အားထုတ်ခဲ့စဉ်က ဤလောက်ပင်ပန်းသည် မထင်မိ။ ယခု ပို၍ ပင်ပန်းသည်။ စိတ်ပင်ပန်း၊ လူပင်ပန်း ဖြစ်ရသည်။ စိတ်ပင်ပန်းသည်မှာ အပြင်ရန်ကြောင့်ဖြစ်သည်။ လူပင်ပန်းသည့်မှာ အစာအာဟာရကြောင့်ဖြစ်သည်။ တမင်ပင် အာဟာရကို ခြိုးခြံထားသည်။ ဆွမ်းနှင့်ရေကိုသာ အားထားခဲ့သည်။ ပိန်လိုက်သည်မှာ အရိုးပေါ်အရေတင်၊ လေတိုက်လျှင် လဲတော့မည်နှင်နှင့်။ ကမ္မဋ္ဌာန်းရုပ်မှ တကယ့် ကမ္မဋ္ဌာန်းရုပ်။

"အင်းလေ... ကမ္မဋ္ဌာန်းထိုင်နေမှပဲ ကမ္မဋ္ဌာန်းရုပ်မပေါက်လို့ ဘာရုပ်ပေါက်ရဦးမှာတုန်း။ ရုပ်ရှင်မင်းသားရုပ်များ ပေါက်ရဦးမှာလား" တွေးမိတော့လည်း ပြုံးမိရသေးသည်။ ဆွမ်းခံရွာက ဆွမ်းဒကာများ ဆိုသံကိုလည်း နားစွန်နားဖျား ကြားရတတ်သေးသည်။

"ဒီကိုယ်တော် ဒီပုံဆို မကြာဘူး။ ပျံလွန်တော်မူသွားလိမ့်မယ်" ဟူ၍။

အဖျားကလည်း နေ့စဉ်လို တက်သည်။ ဖနာရီလောက်တွင် စတက်ပြီး ညနေ (၃)နာရီလောက်မှကျသည်။ ဖြူဖပ်ဖြူရော်နှင့် အအိပ်အနေကိုပါ ခြိုးခြံထားသဖြင့် မျက်လုံးအစုံက မျက်ကွင်းအတွင်းဝယ် ပြူးပြူးကြောင်ကြောင်နှင့်။ သည်မျှအခြေအနေ ရှိပါသော်လည်း ဦးသုဇနသည် ဖွဲကိုတစ်ရွေးသားမျှမလျှော့။

တရားအားထုတ်ရင်း ကွယ်လွန်ခဲ့သော သမဏနတ်သားကို အားကျသည်ပဲပြောပြော အစွန်းရောက်သည်ပဲဆိုဆို တရားအလုပ်နှင့် အားထုတ်ရင်း

သေမည်မှန်းထားသည်။ တရားအားထုတ်လျှင် ဘာဘာညာညာဖြစ်တတ်သည်ဟု ပြောကြသည်။ အဖျက်တွေနှင့် တွေ့ရတတ်သည်ဆိုကြသည်။ ယခင်ဖြစ်ရပ်နှစ်ခုက အဖျက်တွေဖြစ်လာစေရန် ဖန်လာလေသလား။ ဖျက်တယ်ဆိုတာ ကိုယ်က အဖျက်ကိုလက်ခံမှ ဖျက်တတ်သည်။ ဖျက်သည်ဆိုလျှင် မဟုတ်တာတွေဖြစ်တော့မည်။ အဖျက်ကို ငါလက်မခံ၊ ငါမဖျက်စေရဟု တင်းထားသည်။ ကြုံလာစမ်းပါစေ၊ ငါမဖျက်စေရ သန္နိဋ္ဌာန်ချထားသည်။

ဒုတိယဖြစ်ရပ်နှင့်ကြုံခဲ့ရပြီး တစ်ပတ်ခန့်အကြာ။

တစ်နေ့သောနေ့လယ်ခင်း။

ဦးရသေ့က သူ့ကျောင်းထဲမှာ တရားမှတ်နေသည်။ ဦးသုစနလည်း မိမိကျောင်းတွင်းမှာ သတိပဋ္ဌာန်ပွားများနေသည်။ အချိန်အတော်ကြာလာသောအခါ သမာဓိက တည်လာသည်။ စိတ်က ကြည်လာသည်။ ထွက်လေဝင်လေ စ လယ် ဆုံး ကိုလိုက်မှတ်သည်။

ဝင်လေသည် နှာသီးဖျားမှ တိုးဝင်လာသည်။ ဝင်လာသော လေအတိုင်းစိတ်ကလိုက်မှတ်သည်။ အဖြူရောင်အငွေ့တန်းလေးတစ်ခု တိုးဝင်လာနေသည့်နှယ် အာရုံမှာ မြင်နေရသည်။ အဖြူရောင် အငွေ့တန်းလေးသည် ရင်ညွန့်ချိုင့်ရောက်လာသည်။ ထိုမှတစ်ဆင့် ချက်တိုင်သို့ ရောက်၍ ခရီးဆုံးသည်။ ထွက်လေကို စူးစိုက်ကြည့်သည်။ ချက်တိုင်မှ အစပြု၍ ငွေ့ဖြူတန်းလေးထွက်လာသည်။ ရင်ညွန့်ချိုင့်ကို ဖြတ်သန်းကာ အသက်ရှုလမ်းကြောင်းအတိုင်း နှာသီးဖျားမှထွက်လာသည်ကို အာရုံမှာမြင်ရသည်။ ထပ်ဖန်တလဲလဲ မှတ်နေသည်။ စိတ်က ဘယ်မှမရောက်တော့။ ယူထားသော ကမ္မဋ္ဌာန်းအာရုံမှာသာ တည်နေသည်။ သမာဓိတည်နေပြီ။ စိတ်ကကြည်နေပြီ။ ထိုအခိုက် အာရုံမှာ နက်ရှိုင်းသော အမှောင်ထုကြီး ရုတ်တရက်ပေါ်လာသည်။ ပိန်းပိန်းပိတ် မှောင်နေသည်။ ၎င်းအမှောင်ထုတွင်းကို စိုက်ကြည့်သည်။ မှန်ညင်းစေ့ခန့် အလင်းလေးတစ်စက် ပေါ်လာသည်။ ပကတိအလင်းနှင့်မတူ။ ကြည်လင်စူးရှ တောက်ပသော အလင်းမျိုးဖြစ်သည်။

ဆက်လက်၍ ဆက်ကြည့်နေစဉ် အလင်းစက်ငယ်သည် နမ်းကြီးစေ့ခန့် ကြီးလာသည်။ ထိုမှ ပဲစေ့အရွယ် စသဖြင့် တဖြည်းဖြည်းကြီးကြီးလာသည်။ လဝန်းအရွယ် (ထမင်းစားပန်းကန်ပြားအရွယ်) လောက်အရောက်မှာ ရုတ်တရက်ပျောက်သွားသည်။ သိပ်သည်းသော အမှောင်ထုကြီးကိုသာ မြင်ရသည်။ ခဏအကြာ စောစောတုန်းကလိုပင် အလင်းစက်ကလေး ပေါ်လာပြီး တဖြည်းဖြည်းကြီးလာကာ လင်ပန်းအရွယ်လောက်မှာ ပျောက်ဆုံးပြန်သည်။ ဤသို့ဖြင့် ပျောက်လိုက် ပေါ်လိုက်၊ တဖြည်းဖြည်းကြီးလာလိုက်နှင့် ထမင်းစား ဗားပွဲ

လောကအရောက်တွင် ပြန်ပျောက်မသွားတော့ဘဲ တန့်၍တည်နေသည်။ စိတ်လည်း ကြည်နေသည်။ ခန္ဓာကိုယ်တစ်ခုလုံး ပေါ့ပါးကာ လေထဲလွင့်ပျံ့နေသလို ထင်မှတ်နေသည်။

သို့စဉ်အခိုက် အမျိုးသမီးတစ်ဦး ကျောင်းပေါက်ဝ လာရပ်သည်။ အသက် (၃၀)ခန့်ရှိမည်။ မြို့ကြီးသူအသွင်ဟန် ခေတ်နှင့်အတူ ထုံးဖွဲ့ထားသည်။ လက်ထဲမှာကိုင်လာသော ယိုးဒယားပလတ်စတစ်ခြင်း အနီလေးကို သေးနားမှာချ၍ ပုဆစ်တုပ်ထိုင်ကာ ဦးသုစနေအား ရှိခိုးသည်။ ရှိခိုးပြီးသည်နှင့် ခြင်းထဲမှ ပစ္စည်းများကို တစ်ခုချင်းထုတ်သည်။

၁။ ပခုက္ကူလုံချည် အနီကွက်တုံးပုဆိုး ၁ ထည်
၂။ ငှက်ပျောညွန့်ရောင် ရှပ်အင်္ကျီ ၁ ထည်
၃။ ရွှေရောက်လက်ပတ်နာရီ ၁ လုံး
၄။ ဦးထုပ် ၁ လုံး

ပစ္စည်းလေးမျိုးဖြစ်သည်။ ပစ္စည်းများကို ညွှန်ပြ၍ ဦးသုစနေအား လျှောက်ထားသည်။

"ဦးသုစနေဘုရား၊ ဒီလိုပဲနေတော့မလား။ အရွယ်က ငယ်ငယ်ကလေး ရှိသေးတယ်။ လူဝတ်လဲခဲ့ပါဘုရား။ တပည့်တော်မ အားလုံး တာဝန်ယူလုပ်ကျွေးပါ့မယ်ဘုရား။ စားဝတ်နေရေးအတွက်လည်း ဘာမှ ပူပင်စရာမလိုပါ။ ခံစားနေရတဲ့ ထုံနာကျဉ်နာရောဂါကိုလည်း တပည့်တော်မ တာဝန်ထားပါ။ ပျောက်အောင် ကုပေးပါ့မယ်။ သဘောတူပါသလားဘုရား"

ဦးသုစနေ ဘာမှပြန်မပြော။ အမျိုးသမီးကပင် ဆက်၍

"တပည့်တော်မကို မယုံလို့လားဘုရား။ တပည့်တော်မရဲ့ သွင်ပြင်ကို ကြည့်ပါ။ လင်သားတစ်ဦးကို ဘာမှမလုပ်စေဘဲ အိမ်ဦးခန်းမှာ ကျကျနန ထားနိုင်တဲ့ အင်အားရှိပါတယ် ဘုရား။ ဦးဇင်း ထွက်ခဲ့ဖို့သာ လိုရင်းပါ။ ထွက်မည်မဟုတ်လားဘုရား"

ဦးသုစနေ တုံဏှိဘာဝေ ဆိတ်ဆိတ်နေမြဲ။ ဆိတ်ဆိတ်နေခြင်းသည် ဝန်ခံခြင်းမည်၏ဟု တွက်ပုံရသည်။ အမျိုးသမီးသည် စကားမပြောတော့ဘဲ ဦးသုစနေကိုယ်ပေါ်မှ သင်္ကန်းကို ဖြည်းဖြည်းချင်း ညင်သာစွာ ခွာချသည်။ တစ်ချက်တလေ အမျိုးသမီးလက်ဖျားနှင့် ဦးသုစနေအသား ထိတွေ့မိသည်။ ရှိန်းကနဲ ဖိန်းကနဲ ဖြစ်ဖြစ်သွားသည်။ လက်ကလေးများ ပို၍နူးညံ့လေသလား ထင်မိသည်။ လှုပ်တော့မလှုပ်။ ပကတိ တည်ငြိမ်စွာဖြင့်ပင် မျက်လုံးမပွင့်တပွင့်ဖြင့် ရှေ့တူရှုသို့ စူးစိုက်ကြည့်လျက်....

ပခုံးပေါ်မှ ဖြည်းဖြည်းချင်းခွာချလိုက်သော သင်္ကန်းများ အောက်ပိုင်း

မှာပုံနေသည်။ အမျိုးသမီးသည် ပုံနေသော သက်န်းကို အစမှကိုင်ကာ ဆွဲယူသည်။ ဦးသုဇနရုတ်ခြည်းထလိုက်သည်။ အမျိုးသမီး အထိတ်တလန့် နောက်ဆုတ်သည်။ ဦးသုဇနသည် အပေါ်ရုံသင်္ကန်းကိုဖယ်၍ အောက်ဆင်းလိုက်သည်။ အောက်ရောက်သည်နှင့် သင်းပိုင်ကို ခါးတောင်းကျိုက်သည်။ အမျိုးသမီးက လှုပ်ရှားမှုများကို မျက်တောင်မခတ် ကြည့်နေသည်။

ခါးတောင်းကျိုက်ပြီးသည်နှင့် နောက်တစ်လှမ်းဆုတ်ကာ ဘယ်ပြန်ညာပြန် လည်ပင်းဆီမှန်းပြီး ကန်ထည့်လိုက်သည်။ ထိထိမိမိ ထိသွားသည်နှင့် အမျိုးသမီးဦးခေါင်းသည် လည်ပင်းမှပြုတ်၍ လွင့်စင်ထွက်သွားသည်။ သွေးများ ဝေါက်ကနဲ ပန်းထွက်ကာ ခေါင်းပြတ်ကြီးတစ်ကိုယ်လုံး ရွှဲသွားသည်။ ခေါင်းပြတ်ကြီးက သည်အတိုင်းမတ်တတ်ရပ်လျက်ပင်။ ဦးသုဇနသည် ဘယ်လက်ဖြင့် ခေါင်းပြတ်ကြီးအား တွန်းပစ်လိုက်သည်။ နောက်ပြန်လဲကျ၍ ပျောက်သွားသည်။

ဦးသုဇန သတိရလာပြီး သတိထားကြည့်လိုက်သည်။ ပင်ကိုအတိုင်း ထိုင်နေလျက်၊ သင်္ကန်းလည်း ဝတ်ရုံထားလျက်၊ မျက်စိလည်း ဖွင့်မြဲတိုင်း ရှိနေသည်ကို သတိပြုမိသည်။ တစ်ခုသာ ထူးခြားသည်။ ကိုယ်ဝတ်သင်းပိုင်ကိုသာ ခါးတောင်းကျိုက်လျက်သား တွေ့ရသည်။ မိမိကိုယ်မိမိ ထူးဆန်းအံ့သြသွားသည်။ အာရုံက ထင်ထင်ရှားရှား။ ခုပင်လျှင် မျက်စိထဲ ခေါင်းပြတ်ကြီး လွင့်ထွက်သွားပုံ၊ သွေးဝေါက်တောက်ထွက်ပြီး ခေါင်းမပါသော ကိုယ်ခန္ဓာကြီး သွေးအရွှဲသားဖြင့် မတ်တတ်ရပ်နေပုံ၊ နောက်ပြန်လဲကျသွားပုံတို့ကို ပြက်ပြက်ထင်ထင် မြင်ယောင်နေဆဲ။

ပြန်ဆန်းစစ်ကြည့်သည်။

ငါ ထိုင်ရင်း အိပ်ပျော်သွားလေသလား။ အိပ်မက်များလား၊ မဖြစ်နိုင်။ တရားအားထုတ်စဉ် အိပ်မပျော်ရအောင် ကျင့်ထားသည်မှာ ကြာခဲ့ပြီ။ ကျင့်သားရနေပြီ။ အိပ်ပျော်သွားတာတော့ မဖြစ်နိုင်။ ငါသိနေတယ်၊ တရားရှုမှတ်နေတယ်၊ ထွက်သက်ဝင်သက် စ လယ် ဆုံး လိုက်မှတ်တယ်။ ငွေ့ဖြူတန်းကလေး ဝင်လိုက် ထွက်လိုက်ဖြစ်နေတယ်။ ပိန်းပိန်းပိတ်မှောင်သွားတယ်။ ပေါ်လာပြန်တယ်။ တဖြည်းဖြည်းကြီးလာတယ်။ ပျောက်သွားပြန်တယ်။ ပြန်ပေါ်လာတယ်။ ပိုကြီးလာတယ်။ ပြီးတော့ အမျိုးသမီးကိစ္စဖြစ်တာပါပဲ။ ရုပ်ရှင်ကြည့်နေသလို ကိုယ့်ကိုယ်ကိုယ် မြင်နေတုန်းပဲ။ မှတ်မိနေတုန်းပဲ။ ငါ အိပ်မပျော်တာ သေချာတယ်။ အနို့... ဒီ ခါးတောင်း ဘယ်ကဘယ်လို ကျိုက်မိလျက်သားဖြစ်နေသလဲ။ ဒီအဖြစ်ကိုတော့ ငါမသိ။ ဒါဆို ဘာလဲ။ ဘာသဘောလဲ။

ဦးသုဇန ဉာဏ်မမီတော့။ ဆက်မတွေးတော့ဘဲ ညနေ ဘုရားဝတ်ပြုပြီးမှ ဦးရသေ့နှင့် ဆွေးနွေးကြည့်သည်။

"အဲဒါ ကိုယ်တော် တော်တယ်။ တရားအားထုတ်လို့ဘာဘာညာညာ ဖြစ်တတ်တယ်ဆိုတာ ဒီအဆင့်မှာပဲ စိတ်ဓာတ်နိုင်ကျည်မှု၊ ကြံ့ခိုင်မှု ရှိမရှိကို သဘာဝက စမ်းသပ်တာပဲ။ အစမ်းသပ်ကို ကိုယ်တော်ခံနိုင်သွားပြီ" စသဖြင့် ပျောင်းပျပြောပြပြီး၊ မြိုင်ကြီးငှ၏ နောက်ကြောင်းဖြစ်ရပ်အဖြစ်ကို အတိုချုံး ပြောပြသည်။

မြိုင်ကြီးငှသို့ တရားအားထုတ်ကြသူမှာ လက်လှမ်းမီသိရသလောက် ဦးသုစနသည် ရှစ်ပါးမြောက်ဖြစ်သည်။ ရှေ့ (၇)ပါးအနက် (၃)ပါးမှာ ပထမ အဆင့် မိန်းမအပျက်ကို တောင့်ခံနိုင်သော်လည်း၊ ဒုတိယအဆင့် ဥစ္စာနှင့် ဖြားယောင်းမှုတွင် ကျခဲ့သဖြင့် ရူးသွားသည်။ လေးပါးမြောက် ရဓသုပြန်ရွာမှ ဦးသီဟမှာ အစမ်းအသပ်ကို ခံနိုင်သည်။ ရေပုပ်နှင့် ကျောက်ဆန်တွေရသည်။ သံသေဓာတ်လုံးကိုလည်း ရသဖြင့် ထွက်ရပ်ပေါက်သွားသည်။ ကျန်သုံးပါးမှာ ပထမအဆင့်မှာပင် လျှောကျ၍ လူဝတ်လဲသွားကြသည်။

(ယခုလည်း ယင်းပုဂ္ဂိုလ်အချို့ သက်ရှိထင်ရှားဆဲဖြစ်သည်။)

ဤသည်သော အကြောင်းတို့ကြောင့် မြိုင်ကြီးငှဆိုလျှင် ရှောင်ချင်ကြသည်။ တော်ရုံ စိတ်ဓာတ်ကြံ့ခိုင်မှု၊ သတ္တိရှိမှုဖြင့် မချဉ်းကပ်ဝံ့ကြ။ ယခုမှ ဦးသုစန ပြန်သတိရသည်။ မိမိတောထွက်မည် လျှောက်ထားစဉ်က ယော်ဆရာ ဖြစ်သော ကော့ကရက်ကျွန်းကျောင်းဆရာတော် အမိန့်ရှိသည်ကို ပြန်သတိရ မိသည်။

"မင်း၊ တရားအားထုတ်ရင် ရူးမှာပေါ့ကွ" ဟူ၍။

သည်ဖြစ်စဉ်ကို သိထားသည်ဖြစ်၍ တားမြစ်ခြင်းဖြစ်ရသည်။ ယခု မိမိကြုံနေရပြီလော၊ အစမ်းသပ်ခံနေရပြီလော။ ကြုံစမ်းပါစေ၊ စမ်းကြစမ်းပါစေ 'စိတ်သာရှင်စော ဘုရားဟော' ရှိသည်ကပဲ။ ကိုယ့်စိတ်ကိုယ် နိုင်လို့ကတော့ မမှုရေးချမှု။

* * * * * * * *

ထူးဆန်းအံ့သြဖွယ် ဖြစ်ရပ်နှင့်ကြုံပြီး နောက်တစ်နေ့ည သန်းခေါင်ယံ ပြမြဲဝတ်ဖြစ်သည့်

၁။ မေတ္တာသုတ်ပရိတ်တော်၊

၂။ မဟာသမယသုတ်ဝတ္ထုနှင့် သုတ်တော် တို့ကို ရွတ်ဆိုပူဇော်ပြီး ကျောင်း အနီးသွားနေကျ စင်္ကြံသွားရင်း တရားမှတ်နေသည်။ စင်္ကြံအရှည်မှာ ခြေလှမ်း ၂၀ခန့်ရှိသည်။ ဝဲယာတစ်ဘက်စီမှာ တစ်ဘက်က မြေပြန့်၊ အခြားတစ်ဘက်က တောင်စောင်းနှင့် ဝါးတော၊ ထိပ်နှစ်ဖက်မှာတော့ ချုံပိတ်ပေါင်းနှင့်။

ဦးသုစနသည် စကြိုသွား၊ ဟာရာမှပ်ရင်၊ "အုတ်...အုတ်" မြေကြီး၊ ရိုက်သံကြားရာ စကြိုထိပ်သို့ ကြည့်လိုက်သည်။ လက်သီးဆုပ်ခန့် ဝင်းဝင်း တောက်နေသော မျက်လုံးအစုံကို တွေ့ရသည်။ အမှောင်ထဲမှာမို့ ပိုလင်းနေသည် ထင်ရသည်။ မြေကြီးရိုက်သံ အဆက်မပြတ် ထွက်ပေါ်လာသည်။

"ဟင်.. ဒါဟာ ကျားပဲ။ ကျားဟာ သားကောင်တွေ့ရင် အမြီးကို မြေကြီးနဲ့ရိုက်သတဲ့ ကြားဖူးတယ်။ ခု ငါ့ကိုများ ခုန်အုပ်ဖို့စောင့်နေသလား"

တွေးမိသော်လည်း၊ ဟန်ကိုယ့်ဖို့သဘောဖြင့် ဆက်လျှောက်သည်။ စကြို အဆုံးအရောက်မှာ ကျားက နောက်ကျွမ်းပစ်သွားသည်။ စကြိုအဟိုင်၊ ပြန်လျှောက်မည်အပြု ကျားကလည်း၊ လည်ပြန်ကြည့်နေသည်ကို တွေ့ရသည်။ အခြားထိပ်သို့အရောက်မှာလည်း၊ ကျားတစ်ကောင်။

"ရော... ငါ့ကို ကျားနှစ်ကောင် ဝိုင်းထားပါရောလား"

ကြောက်စိတ်ဝင်လာသည်။ ခနမထူ။ သေမထူ၊ ခံယူထားသဖြင့် စကြို ပြန်လျှောက်သည်။ အလယ်လောက်အရောက်မှာ တောင်စောင်းဝါးရုံတောထဲမှ တစ်ကောင်တက်လာပြန်သည်။ တောင်စောင်းထိပ်မရောက်တရောက်မှာ ရပ်ပြီး၊ ပြောင်ဝင်းသော မျက်လုံးအစုံဖြင့်ကြည့်ကာ အမြီးတအုတ်အုတ်ရိုက်နေပြန်သည်။ အနားကိုတော့ ဆက်တိုး၍မလာကြ။ လျှောက်မြဲလျှောက်နေသည်။ စကြိုဆုံးလျှင်ကား၊ ကျားက နောက်ကျွမ်းပစ်မြဲ၊ လည်ပြန်ကြည့်မြဲ။ ဦးသုစန အနည်းငယ်ဝေးသွားလျှင် မူလနေရာပြန်ဓနမြဲ။ ကျွမ်းမပစ်သည်က အလယ်က အကောင်၊ အမြီးရိုက်သံက စည်းချက်သဖွယ် ပုံမှန်ထွက်ပေါ်လာသည်။

တရားနှလုံးသွင်းနေသည့်မှန်ပါ၏။ စိတ်ကမဖြောင့်။ ဘယ်အချိန်မှာ ဘယ်အကောင် ခုန်အုပ်လိုက်မလဲ တွေးပူနေမိသည်။ ကြောက်မသော်လည်း၊ 'မရဲသော်လည်း၊ ပြေးမဲ့ဓာ' လုပ်နေရသည်။ ကြောက်စိတ်ကြားမှ တရားမှတ်သည်။ မဓိတစ်ချက်၊ မိတစ်ချက်။

အတွေးတစ်ခုဝင်လာသည်။

"အမျိုးသမီးကိစ္စနှင့် သုံးကြိမ်ကြုံခဲ့ပြီး သုံးကြိမ်စလုံး ငါ သီလမနွမ်းခဲ့။ ဤစကားမှန်ပါက ဤသတ္တဝါများ ငါ့အား အန္တရာယ်မပြုနိုင်ပါစေသတည်း"

သစ္စာအဓိဋ္ဌာန်ပြုသည်။ သစ္စာသည် သာ အားကိုးရာရှိတော့သည်။ ခုနေခါမှာ ကျောင်းတွင်းဝင်လို့လည်း၊ မဖြစ်။ ကျားက သုံးကောင် မဖြုံနဲ့။ ကျားတစ်ကောင်အားနှင့်မင် ပြိုနိုင်သည်။

မထူးတော့ခင်း၍ ဆက်လျှောက်သည်။ မှန်သောသစ္စာကြောင့် ယင်သည်။ အန္တရာယ် တစ်စုံတစ်ရာမဖြစ်ခဲ့။ တိပ်နှစ်ဖက်မှာ ကျားနှစ်ကောင်က အနားသို့ တိုးမလာ။ ဦးသုစန စကြိုဆုံးဟိုင်၊ ကျွမ်းပစ်မြဲ၊ လည်ပြန်ကြည့်မြဲ။

အလယ်ကောင်အမြီးရိုက်သံက စည်းချက်ညီ ပုံမှန်ထွက်ပေါ်မြဲ။ ကြာလာသော အခါ ဦးသုဇန ခြေအချနှင့် အမြီးရိုက်သံ စည်းကိုက်ဝါးကိုက်ဖြစ်လာသည်။ ဟန်ကျ ကျသေးတော့။

သို့နှင့် သုံးမိုင်ခန့်ဝေးသောကျောင်းမှ ၄နာရီ အုံးမောင်းခေါက်သံ ထွက်ပေါ်လာသည်။ ထိုအခါမှ ကျားသုံးကောင်စလုံး နောက်ကျွမ်းကိုယ်စီပစ်ပြီး ထွက်ခွာသွားတော့သည်။ ဦးသုဇနသည် နန်းဦးစေတီရင်ပြင်သို့ တက်၍ ဝတ်ပြု မြဲ ဝတ်ပြုပြီး အိုးစည်၊ ကြေးစည် တီးခတ်အမျှဝေပြီး ဆွမ်းခံကြွဖို့ ထွက်လာခဲ့ သည်။

ဆွမ်းခံကြွရာ တောလမ်းသည် ခြေသွားလမ်းကလေးမျှသာဖြစ်သည်။ လသာညများမှာ ထင်ရှားသော်လည်း လမိုက်ညများမှာ ကြယ်ရောင်အောက်ဝယ် မပီဝိုးတဝါး စမ်း၍သွားရသည်။ ကျေးငှက်များ အိပ်တန်းမှ မထကြသေးသဖြင့် စိတ်ချောက်ချားလောက်အောင် တိတ်ဆိတ်ငြိမ်သက်မှုက လွှမ်းမိုးထားသည်။ အရိပ်မည်းကြီးတွေက ထိုးထိုးထောင်ထောင်၊ မိုးတိုးမတ်တတ်။ အသည်းငယ်သူ အဖို့ လန့်ဖျပ်ချင်စရာ။ ဦးသုဇနအဖို့က ရိုးနေပြီ။ အဆန်းမဟုတ်တော့။ လူဝတ် နှင့်တုန်းက ပေါ်တာလိုက်စဉ် တောတွင်းစစ်မှုထမ်းနေစဉ်ကာလမှာ သည်လို တောလမ်းခရီးမျိုး အဖန်တရာသွားခဲ့ဖူးပါပြီ။ လန့်ဖျပ်စရာတွေနဲ့လည်း ကြုံတွေ့ ဖူးပြီ။ ကြုံဖန်များတော့ ရိုးသွားပြီ။

ယခု ထိုလမ်းမျိုးကို လျှောက်နေရသည်။ ဦးသုဇနအဖို့ ထူးပြီးမဆန်း ပါချေ။ ကြောက်လန့်စိတ်ဆိုသည်မှ ဘာလဲဟူ၍ မေးယူရလောက်အောင် ရဲဝံ့သူ ဖြစ်သည်။ သို့သော် ညတုန်းကကြုံတွေ့ခဲ့ရသော ကျားသုံးကောင်ကိုတော့ အကြောက်သား။ ဒီကောင်တွေကအခက်သား။ အဟိတ်တိရစ္ဆာန်တွေ။ ဣတိပိသော လည်းမသိ။ သမ္ဗုဒ္ဓေလည်း နားမလည်။ ပဌာဝီဇယမန္တန်ကြီးလည်း ကြားဖူးမည် မဟုတ်။ လမ်းယူမည့်အကောင်တွေမဟုတ်။ သူတို့ကိုတော့ အကြောက်သား။ သို့သော် တရားသမားနှင့်ကျား၊ ကျားနှင့်တရားသမား မိတ်ဖက်လိုဖြစ်နေတတ် သည်။

ကြားဖူးပေါင်းများသည်။

ဝေဿန္တရာဇာတ်တော်ကြီးမှ မယ်မဒ္ဒီနှင့် ကျားတွေ၊ ခြင်္သေ့တွေ၊ ကျားသစ်တွေ ဖတ်ခဲ့ရဖူးသည်။

မိမိပညာသင်နေထိုင်ခဲ့သော ဂျုံးဂျုံးကျတောရကျောင်း မူလဆရာတော် ဘုရားကြီး တောရဆောက်တည်စဉ်ကလည်း ကျားတွေ့လာ၍ အိမ်မွေးကြောင် များသဖွယ် ဆရာတော်ကြီးအနား အိပ်နေလေ့ရှိကြောင်း ကြားခဲ့ရသည်။

အာသံပြည်နယ်မှ တောရဆရာတော်ကြီးတစ်ပါး မီးလှုံနေရာသို့ ကျား

တစ်ကောင် လာရောက်၍ အတူမီးလှုံနေတတ်ကြောင်း စာပေများမှာ ဖတ်ဖူးရသည်။ ယခု မိမိလည်း ကျားနှင့်တွေ့နေပြန်သည်။ ဆရာတော်ကြီးများ ကျားနှင့်တွေ့နေစဉ်မှာ မည်သို့နေကြမည်၊ ဖြစ်ကြမည်ကို မရေးထားကြသဖြင့် မခန့်မှန်းနိုင်သော်လည်း မိမိအနေဖြင့် ကြောက်မိသည်ကား အမှန်ပင်။ တစ်ခုသာ စဉ်းစားစရာဖြစ်သည်။ ကျားသည် သတ်သတ်လွတ်မစား။ အသားစားတိရစ္ဆာန်။ လူသားကို ပို၍နှစ်သက်သည်။ ယခု လူသားဖြစ်သော မိမိကိုတွေ့ပါလျက် ဘာကြောင့် ကျားမကိုက်သနည်း။ တစ်ချက်ခုန်အုပ်လိုက်ရုံနှင့် ကိစ္စပြီးမည်။ ယခုသော် ဘာမှမဖြစ်လိုက်။ ကျားက တစ်ကောင်တည်းမဟုတ်။ သုံးကောင်ကြီးများတောင်။ တစ်ကောင်က ခုန်အုပ်လိုက်မှာဖြင့်...။

ကျားအကြောင်းတွေးရင်း လျှောက်နေသည်။ ဆင်ဖြူကန်နားအရောက်တွင် လမ်းပေါ်ကန့်လန့်ဖြတ်အိပ်နေသော သတ္တဝါတစ်ကောင်၏ ဝမ်းဗိုက်ပေါ်တက်နင်းမိသည်။ သတ္တဝါက လန့်ပြီး ခုန်ထပြေးသည်။ ဦးသုဇနလည်း အနည်းငယ်ပြေးမိသည်။ ပြေးရင်းမှ ကြည့်လိုက်ရာ ဂျီ(ချေ)ပေါက်ကြီးတစ်ကောင်ဖြစ်ကြောင်း တွေ့ရသည်။

"ဗိုး... တော်ပါသေးရဲ့။ ငါက ကျားများလားလို့" အကြောက်ပြေသွားသည်။

အရုဏ်တက်ခဲ့ပြီးဖြစ်သော်လည်း မိုးက မလင်းတတ်သေး။ သစ်ပင်ကြီးများ အုပ်ဆိုင်းနေသည်မို့ မှောင်နှင့်မည်းမည်းပင် ရှိသေးသည်။ ခပ်လှမ်းလှမ်းရှိ စစ်စီးတော (ယခု မာလာမြိုင်ရပ်ကွက်) အရောက်တွင် လမ်းပေါ်ရှေ့တူရူမှ အကောင်ကြီးတစ်ကောင် မားမားမားမားနှင့် လာနေသည်ကို တွေ့ရပြန်သည်။ လူနှင့် ပုံသဏ္ဍာန်တူသည်။ သို့သော် အကောင်က အဆမတန်ကြီးသည်။ ဦးသုဇနထက် နှစ်ဆခန့်မြင့်သည်။ လူဝံကြီးများလား ထင်မိသည်။

"ဒီကောင်ကြီးကိုတော့ ငါ ထိုးနိုင်မည်မဟုတ်။ ရှောင်မှဖြစ်မည်"

တွေးကာ စစ်စီးပင်ကြီးတစ်ပင်နောက်တွင်ကွယ်၍ ချောင်းကြည့်နေသည်။ အကောင်ကြီး ရှေ့တိုးလာသည်နှင့်အမျှ မိမိကိုယ်ကို မမြင်စေရန် ပုတ်သင်ညိုကလေးလို သစ်ပင်နှင့်ကပ်၍ ဖြည်းဖြည်းချင်းလှည့်ကာ ပုန်းကွယ်ရသည်။ အကောင်ကြီး မိမိအား ကျော်လွန်သွားစဉ်မှာ ဦးသုဇနက သစ်ပင်၏ အခြားတစ်ဘက်သို့ရောက်နေပြီးဖြစ်သည်။ အနီးရောက်လာစဉ် လှမ်းကြည့်လိုက်သည်။ မှောင်နှင့်မည်းမည်းမို့ ပီပီပြင်ပြင် မမြင်ရ။ အင်ဖက်များကို ခမောက်သဖွယ် ဆောင်းထားသည်ကို ငှင်းသတိပြုမိသည်။

သတ္တဝါကြီးသည် ဦးသုဇနအား ကျော်လွန်သွားသည်။ ဘယ်ဆက်သွားမည်နည်းဟု ကြည့်သည်။ ပန်းကုံးရွာဘက်သို့သွားသော လမ်းခွဲအတိုင်း

သွားကြောင်း တွေ့ရသည်။ ဦးသုဇနက ဝါကြီးဝါကရွာဘက်သို့ ထွက်ကြွခဲ့သည်။

ဦးသုဇနအနေနှင့် အနုနှင့်လည်း ကြုံဖူးပြီ။ အကြမ်းနှင့်လည်း ဆုံပြီးပြီ။ လမ်းကောက်တို့ကို လျှောက်ရဦးမည်။ ပြီးတော့မှ လမ်းဖြောင့်ကို လျှောက်မည်။ ပြီးတော့မှ လမ်းဖြောင့်ကို ရောက်မည်။ လမ်းကောက်ကို ဖြတ်သန်းပြီးမှ လမ်းဖြောင့်သို့ရောက်မည်ဆိုလျှင် အကွေ့တစ်ထောင်၊ အကောက်တစ်သောင်း ရှိနေပါစေ လျှောက်မည်သာ၊ လက်ရှိမှာမူ စိတ်တွင်းက မကြည်လှ။ သံလှင်အနောက်ဘက်ကမ်းသို့ သွားချင်စိတ်ဖြစ်ပေါ်လာသည်။

"ဦးရသေ့၊ ဦးဇင်း မိဖိုင်းတောင်သွားမယ်"

"သွားတာတော့ သွားတာပေါ့ဘုရား။ ကိုယ်တော်က နိသဒ္ဒိရုတင်ပါခေါင်ထားတော့ ဟိုရောက်ရင် တစ်ပါးတည်းကျိန်းနေမိဦးမယ် ဘုရား"

"ဦးဇင်း မကျိန်းပါဘူး"

"ဒါဆိုလည်း ကြွလေဘုရား"

* * * * * * * *

# ထုံကျဉ်နာနှင့် အပျားရောဂါ

မြိုင်ကြီးငူသို့ ရောက်ခဲ့စဉ်က ဦးရသေ့နှင့်စကားစပ်မိစဉ် ထုံနာကျဉ်နာ ရောဂါနှင့်စပ်၍–

"ထုံနာကျဉ်နာရောဂါအတွက် ငွေကုန်လူပင်ပန်းဖြစ်ခဲ့ရသည်။ ဟိုဆရာ ကောင်းနိုး၊ ဒီဆရာကောင်းနိုးဖြင့် ဆရာပေါင်း တစ်ဒါဇင်ပြည့်ခဲ့သည်။ ကျွဲ တစ်ရှဉ်းသာကုန်သည်။ ရောဂါက မပျောက်ခဲ့" ဟု ပြောပြဖူးသည်။ ဦးရသေ့က–

"ဒီရောဂါအတွက် ပျောက်ချင်ရင် နေသဒ္ဓိစုတင်ဆောင်ပြီး တရားကို ခုနစ်ရက်အားထုတ်ရင် ပျောက်ကိုပျောက်ရမှာပါ" ဟု ဆိုဖူးသည်။ အားထုတ် ကြည့်မည်ဟုလည်း တေးထားသည်။ ပျောက်မည်ဟုတော့ ဦးရသေ့ဆိုသည်။ တကယ်လက်တွေ့ ကျင့်ကြံအားထုတ်ဖို့ဆိုသည်က မလွယ်ကူလှ။ နည်းကို ကြားရုံနှင့်ပင် ခက်ခဲကြောင်း သိရသည်။

နေသဒ္ဓိစုတင်ဆောင်ပြီး ခုနစ်ရက်လုံးလုံး မအိပ်မနေ ကျင့်ရမည်။ အိပ်မပျော်သွားစေရ။ ငါး ခြောက်ရက်လောက်ကျလျှင် အိပ်ပျော်သွားတတ် သည်။ ထိုအခါ တစ်မှပြန်စရသည်။ ခုနစ်ရက်လုံးလုံး သတိမလွတ်စေမူ၍ အိပ်မပျော်စေဘဲ အားထုတ်ရမည်။ ဆွမ်း စသော ဘောဇဉ်ကိုလည်း ရေမှအစ မသောက်ရ။ မသောက်သုံးရသဖြင့် ပေါက်မှု/ပါမှု ဗာဟိရကိစ္စလည်းမရှိပြီ။ ရပ်ခြင်းဣရိယာပုထ်တစ်ခုတည်းဖြင့်သာ အားထုတ်ရမည်တဲ့။

ရောဂါပျောက်ချင်ဇောဖြင့် ချက်ချင်းထလုပ်၍မဖြစ်။ ခန္ဓာကိုယ်ကို ကျင့်သားလုပ်ပေးရဦးမည်။ ယခင် ဆွမ်းနှစ်နပ်ဘုဉ်းပေးရာမှ တစ်ထပ်သာ ဘုဉ်းပေးသည်။ လျောင်းခြင်း ဣရိယာပုထ်မှတစ်ပါး ကျန်သုံးပါးဖြင့် အကျင့် လုပ် အားထုတ်ခဲ့သည်။ ရပ်ခြင်းကို အဓိကအလေးပြုခဲ့သည်။ ယခုဆို အကျင့် ရသလောက်ရနေပြီး ခန္ဓာကိုယ်လည်း ခံနိုင်ရည်ရှိလာပြီ။

ခံနိုင်ရည်ရှိလာပြီဆိုသည်မှာ ထိုင်၊ ရပ်၊ သွား ဣရိယာပုထ်သုံးပါး အနက် တစ်ပါးပါးဖြင့် မိမိအလိုရှိသမျှ ကာလအတိုင်းအတာအထိ တစ်ဆက်တည်းအားထုတ်လာနိုင်သည်ကို ဆိုလိုသည်။ အားထုတ်စက ညောင်းညာကိုက်ခဲခြင်းများဖြစ်ခဲ့သည်။ ဝေဒနာနုပဿနာသတိပဋ္ဌာန်ဖြင့် ရှုမှတ်ခဲ့သည်။ သမာဓိ အတော်အတန်ရင့်လာသောအခါ ၎င်းဝေဒနာများ ကင်းပျောက်သွားသည်။ အလိုရှိသမျှ အချိန်ထိ တစ်သန်တည်း ဆက်တိုက်အားထုတ်သွားနိုင်သည်အထိ တိုးတက်ခဲ့သည်။ စာသင်ခဲ့ဖူးသည်မို့ စာနှင့်ညှိကြည့်သည်။

'တတ္ထ အပ္ပနာဇဝနံ ဣရိယာပထမ္ပိ သန္နာမေတိ'

တတ္ထ၊ ထိုရုပ်ကိုဖြစ်စေနိုင်သော (၇၅)ပါးသော စိတ်တို့တွင်။ အပ္ပနာဇဝနံ၊ အပ္ပနာဈာန် (၂၆)ပါးသည်။ ဣရိယာပထမ္ပိ၊ လျောင်း ထိုင် ရပ် သွား ဣရိယာပုထ် လေးပါးကိုလည်း။ သန္နာမေတိ၊ ထောက်ပံ့ခိုင်စေနိုင်၏။

မဟဂ္ဂုတ်ကုသိုလ် ၉ ပါး

မဟဂ္ဂုတ်ကြိယာ ၉ ပါး

လောကုတ္တရာစိတ် ၈ ပါးအားဖြင့် ၂၆ပါးသော အပ္ပနာဇောစိတ်သည် ဣရိယာပုထ်လေးပါးကို ထောက်ပံ့ခိုင်စေနိုင်သည်။ ဣရိယာပုထ် တစ်ပါးပါးကို အချိန်အကြာကြီးတည်တံ့စေနိုင်သည်ဟူ၍ အဘိဓမ္မာစာဝါသင်ယူခဲ့စဉ်က သိထားရသည်။ အပ္ပနာဇောသည် ဈာန်ဇော၊ မဂ်ဇော၊ ဖိုလ်ဇောကို ဆိုလိုသည်။ ၎င်းကို အပ္ပနာသမာဓိဟုလည်းဝေါ်ဟာရပြုသည်။

မိမိအနေဖြင့် ကျင့်သားရအောင် အားထုတ်ခဲ့သည်မှာ အပ္ပနာသမာဓိသို့တိုင်မရောက်လင့်ကစား ဥပစာရသမာဓိအဆင့်သို့ကား ရောက်ခဲ့သည်ဟု ယူဆသည်။ တစ်သန်တည်း ဣရိယာပုထ်တစ်ပါးပါးဖြင့် အကြာကြီးနေနိုင်လာသည်။ ထိုင်နေ ရပ်နေလျှင်လည်း ထိုင်မှန်း ရပ်မှန်းပင် မသိ။ တစ်ကိုယ်လုံး ပေါ့ပါး၍ လေထဲပျံ့ဝဲသလို ခံစားရသည်။ ထိုအခါမျိုးတွင် အာရုံထွေထွေပြားပြား ထင်မြင်လာတတ်သည်။ ထင်မြင်လာသော အာရုံကို 'ထင်တယ်၊ မြင်တယ်' ဟု ရှုမှတ်လိုက်လျှင် ပျောက်ပျက်သွားတတ်သည်။

အကယ်၍ မြင်လာ၊ ကြားလာချက်ကို သတိပဋ္ဌာန်မရှုဘဲ အာရုံပေါ်ရာနောက် တကောက်ကောက်လိုက်သွားမိပါမူ ဤအဆင့်တွင် မဟုတ်တရုတ်တွေ ဖြစ်တတ်သည်ဟု ကြားထားဖူးသည်။ ဤသို့သော မြင်ကြားအာရုံများ ထင်လာလျှင် ဦးသုဇနက 'မြင်တယ်၊ ကြားတယ်' ဟု မှတ်လေ့ရှိသည်။ ထင်လာသော အာရုံများ ပျောက်သွားလေ့ရှိသည်။ စင်္ကြံသွားနေတုန်း ရှုမှတ်လျှင်လည်း မြေကြီးပေါ် ခြေကျမှန်းမသိအောင် နူးညံ့မှုကို ခံစားရတတ်သည်။

အပ္ပနာ (ဈာန်) ၏အနီး၌ဖြစ်သော ဥပစာရသမာဓိသည်ပင် ဤမျှ

စွမ်းနိုင်ပါမူ အပ္ပနာသမာဓိတို့ကား အဘယ် ဆိုဖွယ်ရာ ရှိပါအံ့နည်း။ အပ္ပနာ အဆင့်သို့ရောက်အောင် ကြိုးစားမည်။ ဤကား ဦးသုစန၏ ရည်မှန်းချက်။ ယခုသော်ကား ထုံနာကျဉ်နာရောဂါကို ရှေးဦးစွာ ကုစားရဦးမည်။ ဦးရသေ့စကား မှန်မမှန် လက်တွေ့ကျင့်သုံးကြည့်မည်။

မှတ်မှတ်ရရ မှတ်သားထားမိသည်။

၁၃၃၅ခုနှစ်၊ ကဆုန်လဆန်း (၈)ရက်၊ နံနက် (၇) နာရီ။

ရပ်ခြင်း ဣရိယာပုတ်ကို စတင်သည်။ ရပ်စခဏ အာရုံ ထင်ထင် ရှားရှား မပေါ်သေးမီ ရပ်တယ်။ သိတယ်။

ရပ်နေတယ် သိနေတယ် ဟူ၍ မှတ်သည်။ အတန်ကြာလာသောအခါ သမာဓိတည်လာသည်။ စိတ်ကြည်လာသည်။ ခံစားချက်အထူးအထွေဟူ၍ ဖြစ်ပေါ်မလာသေး။ ဆက်လက်၍ မူလအာရုံအတိုင်း ပွားများသည်။ သုံးနာရီ ခန့်အကြာတွင် ခြေဖဝါးပြင်နှစ်ခုမှ မီးစဖြင့် ထိုးလိုက်သကဲ့သို့ ပူလောင်မှုကို ခံစားလိုက်ရသည်။ ပူလောင်မှုဝေဒနာပေါ်လာပြီး မူလအာရုံကို လွှတ်၍ ပူလောင်နေသော ခြေဖဝါးဆီသို့ အာရုံညွတ်ကာ

ပူတယ်၊ ပူတယ်

ပူတယ်၊ သိတယ်

ပူတယ်၊ သိတယ် ဟူ၍ ဝေဒနာနုပဿနာကမ္မဋ္ဌာန်းပွားများသည်။ ပူတယ်မှတ်လေ ပို၍ပူလာလေသည်မှာ မခံမရပ်နိုင်အောင် ဖြစ်သည်။

ပိုပူလာတယ်၊ သိတယ်

ပို၍ပူလာတယ်၊ သိတယ် မှတ်သည်။ မီးဖြင့်မြှိုက်ထားသကဲ့သို့ ပူလာသည်။

မီးမြှိုက်ထားသလို ပူတယ်၊ သိတယ်

မီးမြှိုက်ထားသလို ပူတယ်၊ သိတယ် လိုက်မှတ်သည့် ခံနိုင်ရည် စွမ်းအား မရှိလောက်အောင် ပူလာပြီးနောက် ဒူးများတုန်လာသည်။

တုန်တယ်၊ သိတယ်

တုန်တယ်၊ သိတယ်

တုန်နေတယ်၊ သိတယ် မှတ်သည်။ မှတ်ရင်း ဆတ်ဆတ်ခါတုန်လာ သည်။

ဆတ်ဆတ်ခါတုန်တယ်၊ သိတယ်

ဆတ်ဆတ်ခါတုန်နေတယ်၊ သိတယ် မှတ်တယ်။ ဆတ်ဆတ်ခါ တုန်ရင်းမှ ဒူးနှစ်ခုစလုံး ရိုက်ခတ်မိသည်အထိ တုန်လာသည်။

ဒူးချင်းရိုက်သည်ထိ တုန်တယ်၊ သိတယ်

ဒူးချင်းရိုက်သည်ထိ တုန်တယ်၊ သိတယ်

တုန်စမ်းပါစေ၊ ရပ်ဆိုင်းပံ့စ်ဖို့ လုံးဝ မရည်ရွယ်ထား။ သတိမလွတ်အောင်သာ လိုက်မှတ်သည်။ ထူးဆန်းသည်မှာ ဒူးချင်းရိုက်ခတ်သည်ထိ ဆတ်ဆတ်ခါတုန်သော်လည်း လဲကျမသွားခြင်းပင်။ အတော်ကြာကြာ ဒူးချင်းရိုက်ခတ်သည်ထိ တုန်နေပြီးနောက် တဖြည်းဖြည်း–

လျော့လာပြီ၊ သိတယ်

လျော့လာပြီ၊ သိတယ်

နောက်ဆုံး လုံးဝ ငြိမ်သားကျတော့သည်။

ငြိမ်သွားပြီ၊ သိတယ်

ငြိမ်သွားပြီ၊ သိတယ်

ငြိမ်သက်သွားပြီးနောက် ခံစားချက်တစ်စုံတစ်ရာ မပေါ်လာသေးသဖြင့် မူလက ကမ္မဋ္ဌာန်းကို ပြန်ယူသည့်။

ရပ်တယ်၊ သိတယ်

ရပ်တယ်၊ သိတယ်

နံနက် (၇)နာရီမှစ၍ ရပ်ခဲ့သည်မှာ သန်းခေါင်ချိန်တိုင်ပေတော့မည်။ ဤသို့ ထူးဆန်းတာတစ်ခုကို သတိပြုမိသည်။ အချိန် မည်မျှရှိပြီနည်းဟု သိလိုလျှင် အာရုံမှာ အချိန်တိတိကျကျ ထင်လာတတ်ခြင်းဖြစ်သည်။ သန်းခေါင်ယံမှာ ငိုက်မျဉ်းချင်သလိုလို ဖြစ်လာသည်။

ငိုက်ချင်တယ်၊ သိတယ်

ငိုက်ချင်တယ်၊ သိတယ်

အဆက်မပြတ် မှတ်လိုက်တော့ ငိုက်ချင်စိတ်ပြေသွားသည်။ မကြာမီ နားထင်မှ သွေးတဒိန်းဒိန်းခုန်ကာ ခေါင်းထိုးလာသည်။

ခေါင်းထိုးတယ်၊ သိတယ်

ခေါင်းထိုးတယ်၊ သိတယ်

အတော်ကြာမှတ်ပြီးမှ ခေါင်းထိုးပျောက်သွားသည်။ သမ်းဝေချင်စိတ်ပေါ်လာသည်။

သမ်းချင်တယ်၊ သိတယ်

သမ်းချင်တယ်၊ သိတယ်

နာလိုက်သည့်ဖြစ်ခြင်း။

နာတယ်၊ သိတယ်

နာတယ်၊ သိတယ်

သတိထားရတော့သည်။ နောက်တစ်ကြိမ် မျက်တောင်မခတ်ဝံ့တော့။

တစ်နာရီခန့်အကြာ အားလုံးငြိမ်သက်သွားသည်။ ကြည်လင်ရှင်းလင်းသွားသည်။ ဝေဒနာ ခံစားချက် မဲ့သွားသည်။ တိမ်တိုက်ပေါ်မှာ ပေါ့ပေါ့ပါးပါး လွင့်မျောနေသလို မှတ်ယူမိသည်။ သို့သော် အာရုံနောက်သို့ မလိုက်။ လွင့်မျောနေသည့်အဖြစ်ကို သတိပြုမိသည်။

လွင့်နေတယ်၊ သိတယ်။

လွင့်နေတယ်၊ သိတယ်။

မှတ်ပြီး ခဏအကြာ လွင့်မျောနေမှုပျောက်သွားသည်။ ခံစားမှုဝေဒနာ မရှိတော့သောအခါ မူလအာရုံကို ပြန်ယူ၊ မိုးစင်စင်လင်းသည့်တိုင် ခံစားချက်တစ်စုံတစ်ရာ ဖြစ်ပေါ်ခြင်းမရှိချေ။ နံနက် (၆) နာရီကျော်လျှင် ဖောက်ပြန်လာသည်။ တွေဝေထိုင်းမှိုင်းလာသည်။ ညောင်းချင်လာသည်။ ထိုင်ချင်စိတ်ဖြစ်လာသည်။ ဖြစ်ပေါ်လာတိုင်းကို သတိမလွတ်ဘဲ လိုက်မှတ်သည်။ ထိုင်ချင်စိတ် ပို၍ပြင်းထန်လာသည်။ ရပ်နေရသည်ကိုပင် မခံနိုင်လောက်အောင် ဖြစ်လာသည်။ ရပ်ဆိုင်းပစ်ရကောင်းမလား စိတ်ဖြစ်လာသည်။

ရပ်ဆိုင်းပစ်ချင်နေတယ်၊ သိတယ်

ရပ်ဆိုင်းပစ်ချင်နေတယ်၊ သိတယ်

တစ်ဆက်တည်း ကိုယ့်ကိုယ်ကို အားပေးသည်။ "မရပ်ဆိုင်းပစ်နဲ့။ တောင့်ထား"ဟု။

တောင့်ထားတယ်၊ သိတယ်

တောင့်ထားတယ်၊ သိတယ်

ဝေဒနာပေါ်လျှင် ဝေဒနာဘက်သို့ လှည့်ရှုလိုက်၊ ဝေဒနာမပေါ်လျှင် ဖြစ်ပေါ်လာသည့်စိတ်ကို လှည့်လိုက်။ သည်လိုနှင့် ဝေဒနာနုပဿနာနှင့် စိတ္တာနုပဿနာကို တစ်လှည့်စီရှုမှတ်သည်။ သတိဖြင့် လိုက်ကပ်ထားပေးသည်။ အလွတ်မပေးဘဲ မှတ်သည်။ မှတ်နေရင်းမှာ ခန္ဓာကိုယ်က မခံနိုင်ဖြစ်လာသည်။ ဖောချွေးတွေ ကျလာသည်။ နှလုံးတုန်လာ၊ ရင်ခုန်လာသည်။ ဖြစ်သမျှအပေါ် လိုက်မှတ်သည်။ တစ်ခုခုဖြစ်လာတိုင်း မှတ်သည်။ အမှတ်စွဲသွားလျှင် ပျောက်သွားသည်။ နောက်တစ်မျိုးပေါ်လာသည်။ မှတ်နေရင်းကြားမှ ခေါင်းတွေမူးဝေလာသည်။ သတိလစ်သလိုလို ဖြစ်ဖြစ်သွားသည်။ ထိုကိုလည်း အလွတ်မပေးဘဲ လိုက်မှတ်သည်။

ဤခန္ဓာကိုယ်မှ ဖြစ်ပေါ်လာသမျှ၊ စိတ်မှာဖြစ်ပေါ်လာသမျှကို သတိကပ်၍ မှတ်သည်။ မှတ်ရင်း သတိထားမိသည်မှာ ၂၄ နာရီကျော်ကျော် ရပ်ခဲ့ပြီးဖြစ်သော်လည်း လုံးဝ ယိမ်းယိုင်လှုပ်ရှားမှု မရှိခြင်းပင်။ မြေကြီးပေါ်မှာ သပ်ထားသလို ရှိနေသည်။ အမှတ်မလွတ်စေဘဲ ဆက်လက်အားထုတ်သည်။

ထွေထူးသောခံစားမှု ဖြစ်မလာဘဲ နံနက် ၁၀ နာရီလောက်တွင်မှ စဖောက်လာပြန်သည်။

ရင်ထဲမှာ ဗလောင်ဆူလာသည်။ ဝမ်းထဲက အော်နေသည်။ ဆီးသွားချင်သလိုလို ဖြစ်လာသည်။ ယခုပင် ထွက်ကျတော့မည်ကဲ့သို့ ရှိသည်။ ဖြစ်ပေါ်လာသမျှကို ကြိတ်မှိတ်ခံသည်။ အမှတ်ထားကာ သတိဖြင့် လိုက်ကပ်ထားသည်။ ၁၂ နာရီကျော်လောက် ရှိသောအခါ ဖြစ်ပေါ်လာသမျှဝေဒနာ ငြိမ်သွားသည်။ ခံစားချက်မဲ့ ဖြစ်သွားပြန်သည်။ တစ်ကိုယ်လုံး ပေါ့ပါးသွားသည်။ ရပ်နေရာမှ လုံးဝ ရွေ့လျားခြင်းမပြုဘဲ ဆက်လက်အားထုတ်သည်။ ညနေ ၃ နာရီခန့်တွင် ခေါင်းတွေပူလာသည်။ ကွဲလုမတတ် လည်ချောင်းတွေ ခြောက်လာသည်။ ချွေးစေးများထွက်လာသည်။ နပ်တွေလည်း ယိုစီးထွက်လာသည်။ ထွက်စမ်းပါစေ။ ကျစမ်းပါစေ။ သုတ်ခြင်း အလျဉ်းမပြု။ ဒီအတိုင်းထားသည်။ အမှတ်ကိုတော့ မလွှတ်။ ဖြစ်ပေါ်လာတိုင်း အမှတ်စိပ်နိုင်သမျှစိပ်အောင် လိုက်မှတ်သည်။ ညနေ ၅ နာရီခန့်မှာ အားလုံး ရပ်ဆိုင်းငြိမ်သက်သွားပြီးနောက် သတိရတစ်ချက်၊ မရတစ်ချက် ဖြစ်လာသည်။ သတိလစ်သလိုလို ဖြစ်ဖြစ်သွားသည်။ တစ်ခါတစ်ရံ အမှတ်ပင်လွတ်တော့မလောက် ဖြစ်သည်။ ကြိုးစားပြီး သတိနှင့် လိုက်ကပ်ထားရသည်။

ည ၉ နာရီခန့်လောက် ရောက်လာသည်။ အိပ်ငိုက်လာသည်။ အိပ်ချင်စိတ်ကို ထိန်းမရနိုင်အောင်ဖြစ်သည်။ ခုချက်ချင်း လှဲအိပ်ချင်လာသည်။ လှဲအိပ်ချင်စိတ်ဖြစ်သော်လည်း တစ်ကိုယ်လုံး လှုပ်ရှားမရတော့။ တောင့်တောင့်ကြီးဖြစ်နေသည်။ ခြေဖဝါးနှစ်ဖက်ကို သံမှိုနှက်ထားသည့်နှယ် ခိုင်မြဲနေသည်။

ဖြစ်ပေါ်လာသော ထိနမိဒ္ဓ (အိပ်ငိုက်မှု) တို့ကို ခြေဖျောက်နိုင်ရန်အတွက် အမှတ်ဖြင့် လိုက်မှတ်နေသည်။ သုံးနာရီခန့် ကြွကြွခံ တိုက်ခိုက်ရသည်။ ည ၁၂ နာရီခန့်ရှိလျှင် အားလုံးကြည်လင်သွားပြန်သည်။ တစ်ကိုယ်လုံး ပေါ့ပါးလာပြန်သည်။ မြေကြီးပေါ် ရပ်နေသည့်အဖြစ်ကို မသိတော့ရလောက်အောင် ဖြစ်သည်။ နေရသည်မှာ ကြည်လင်လန်းဆန်းနေသည်။

မည်သည့်ဒုက္ခခံစားမှုမှ မရှိတော့သလို ဆန္ဒဟူသမျှလည်း ဖြစ်ပေါ်မလာပေ။ ပကတိ အေးငြိမ်းနေမှုမျိုးကို ထူးခြားစွာခံစားနေရကြောင်း သတိပြုမိသည်။ ထူးထွေသောဖြစ်ပေါ်လာမှု မရှိတော့သဖြင့် မူလအာရုံသို့ ပြန်ယူရှုမှတ်သည်။

ရပ်တယ်၊ သိတယ်
ရပ်နေတယ်၊ သိတယ်
ရပ်နေတယ်၊ သိတယ်

အမှတ်ဖြင့် ၁၂ နာရီလုံးလုံး တည်ရှိလာခဲ့သည်။

နောက်တစ်နေ့ည ၁၂ နာရီလောက်ရောက်ကာမှ သမာဓိတည်ကြည်ပြီးသောအာရုံဝယ် အမြင်ဓာတ်တစ်ခုပေါ်လာသည်။ ဘယ်ညာခြေမနှစ်ဖက်မှ သွေးတက်လာသည်ကို တွေ့ရသည်။ သွေးလည်ပတ်ပုံနှင့်တော့ မတူ။ အရာတစ်ခုခု ပါလာသည်ဟု ထင်ရသည်။ တရွေ့ရွေ့တက်လာသည်။ ခြေမမှ ခြေဖမိုး၊ ခြေသလုံး၊ ဒူး၊ ပေါင် စသည်ဖြင့်တက်လာသည်မှာ ခေါင်းသို့ထိတိုင် ရောက်လာသည်။ ငယ်ထိပ်မှာ ခေတ္တတန့်နေသလိုရှိပြီး ညာဘက်ခြမ်းသို့ တရွေ့ရွေ့ဆင်းသွားသည်။ ခြေမသို့တိုင်ဆင်းသွားပြီး တစ်ဖန် ညာဘက်ခြေမမှ ငယ်ထိပ်သို့ ပြန်တက်သည်။ ငယ်ထိပ်မှ ဘယ်ဘက်ခြေမသို့ပြန်ဆင်း၊ ဘယ်မှပြန်တက်၊ ငယ်ထိပ်မှ ညာဘက်ပြန်ဆင်း။

သည်လိုနှင့် ဘယ်ပြန်ညာပြန် ဆင်းလိုက်တက်လိုက်ဖြစ်နေသည်ကို လိုက်မှတ်သည်။ အခြားခံစားချက်ဟူ၍ မရှိ။ ပျင်းရိငြီးငွေ့စိတ်လည်း မရှိ။ တည်ကြည်သောသမာဓိဝယ် ထင်လာသော တက်လိုက်ဆင်းလိုက် အရာပေါ်မှာ စိတ်ကိုစူးစိုက်ထားသည်။ ထိုအရာလေးနှင့်အတူ စိတ်သည်လည်း လိုက်ပါတက်ဆင်းနေသည်။ နံနက် ၄ နာရီလောက်ရှိချိန်တွင် ငယ်ထိပ်မှ ဘယ်ခြေမသို့ တရွေ့ရွေ့ဆင်းလာပြီး ခြေမမှတစ်ဆင့် အပြင်သို့ ထွက်သွားသည်ဟု ခံစားသိရှိလိုက်ရသည်။ သိရှိလိုက်ပြီးသည်နှင့် မရှေးမနှောင်းမှာ...

ကျောင်းမှ အုန်းမောင်းခေါက်သံ ကြားရသည်။ စိတ်ထဲမှ တော်သင့်ပြီဟု ဖြစ်ပေါ်လာသည်။ အားထုတ်မှုကို ရပ်ဆိုင်းလိုက်သည်။ ဘယ်ခြေမမှ တစ်ခုခု ထွက်သွားသည်ဟု သိရှိလိုက်သဖြင့် စူးစမ်းချင်လာသည်နှင့် ပေါင်ကိုဆိတ်ကြည့်သည်။ နာသွားသည်။

ရော...ငါ့ရဲ့ ထုံနာကျဉ်နာရောဂါ ပျောက်သွားပြီကော။ ငါ့ရဲ့ ထုံနာကျဉ်နာရောဂါ ပျောက်သွားပြီကော...ဟု ဝမ်းသာစွာသိလိုက်ရသည်။ ခံတွင်း၊ မျက်နှာ၊ ခြေလက်တို့ကို ရေဖြင့်ဆေးကြောသန့်စင်ပြီး သန့်စင်နေစဉ်အတွင်း စဉ်းစားနေမိသည်။

"မြတ်စွာဘုရား ဟောတော်မူခဲ့သော တရားတော်သည် ဂုဏ်တော်ခြောက်ပါးနှင့်ပြည့်စုံသည်"

တရားကို ကျင့်ကြံသောသူသည် –

သန္ဒိဋ္ဌိကော – မျက်မှောက်လက်ငင်း အကျိုးခံစားရသည်။

အကာလိကော – ကာလမခြားဘဲ အကျိုးခံစားရသည်။

ဧဟိပဿိကော – မယုံကြည်လျှင် အသင်ကိုယ်တိုင်လာလှည့်၊ ရှုလှည့်ဟု ရဲရဲကြီး အာမခံပေးခြင်းငှာ ထိုက်သည်။

ယခု မိမိသည် အားခဲ၍ ကြိုးစားအားထုတ်ခဲ့သည်။

မျက်မှောက်လက်ငင်းမှာပင် ထုံနာကျဉ်နာရောဂါ ပျောက်ခြင်းအကျိုးကို ရရှိခံစားရသည်။

ကာလမခြားဘဲ အားထုတ်ပြီးသည်နှင့် အကျိုးခံစားရသည်။ အပြောအတိုင်း မှန်မမှန် လက်တွေ့ကျင့်ကြံမည်ဟု ဖွဲ့နဘဲနှင့်အားထုတ်ခဲ့ရာ အကျိုးရှိခဲ့သည်။

တကယ့်လက်တွေ့ကျသော တရားပါတကား။

ကျေနပ်ပီတိတွေနှင့် ရင်တွင်းမှ တသိမ့်သိမ့်ကြည်နူးနေမိသည်။ ဤပီတိကို ဦးသုဇနအနေဖြင့် လွယ်လွယ်ကူကူ ရရှိခဲ့သည်မဟုတ်။ ဝီရိယအင်္ဂါ (၄)ပါးနှင့်အညီ အားထုတ်ယူခဲ့ရသည်။ အားထုတ်ရကျိုး နပ်ပါလေစွတကား။

ကိုယ်လက်အင်္ဂါတို့ကို ဆေးကြောသန့်စင်ပြီးသည်နှင့် နန်းဦးစေတီကုန်းပေါ်သို့ တက်၍ ပြုမြဲနိစ္စဝတ်ကို ပြုသည်။ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော ဘုရားရှင်၏ ဂုဏ်တော်၊ ကျေးဇူးတော်ကို ရည်မှန်း၍ ကျေးဇူးတင်ကာ ယုံကြည်ကိုးစား၊ မြတ်နိုးလေးစားစွာဖြင့် ပျပ်ဝပ်ရိုကျိုး ရှိခိုးနေမိတော့သည်။

သတိပဋ္ဌာန်အားထုတ်မှုဖြင့် ထုံနာကျဉ်နာရောဂါ ပျောက်ကင်းမှုအကျိုးကို လက်တွေ့ခံစားရပြီးသော ဦးသုဇနသည် ပုံမှန်အချိန်ဇယားဖြင့်သာ အားထုတ်မှုကို ဆက်လက်ပြုလုပ်သည်။ နွမ်းနယ်နေသောခန္ဓာကိုယ်ကို အနားပေးသည့်သဘော ဖြစ်သည်။

ရည်မှန်းထားသောပန်းတိုင်ကို မရောက်မချင်း ခန္ဓာကိုယ်ကို မပျက်စီးသင့်သေး။ လမ်းစတွေ့ထားပြီမို့ လမ်းဆုံးအောင်သွားရဦးမည်။ ရရှိခံစားရသောရောဂါပျောက်ကင်းမှုသည် ဘဝမှ ပြေပလောက်သည် မဟုတ်သေး။ ကျေနပ်နှစ်သိမ့်နေဖို့ မသင့်သေး။ အဆထောင်ပေါင်းများစွာ သာလွန်သော အကျိုးထူးတရားတွေ အများကြီးရှိသေးသည်။ ထိုကိုရရှိဖို့အတွက် ကျင့်ကြံကြိုးစား အားထုတ်ရပေဦးမည်။ ၎င်းအတွက် ခန္ဓာကိုယ်၏စွမ်းရည် ရှိဖို့လိုသည်။ ရောဂါပျောက်ဖို့အတွက် သုံးရက်လုံးလုံး မစားမသောက်၊ မပေါက်မပါဘဲ နေခဲ့သည်။ ခန္ဓာကိုယ် နွမ်းနယ်နေပေရော့မည်။ အင်အားလျော့နေပေမည်။ ထိုကို ပြန်လည်ဖြည့်တင်းရပေမည်။

ဦးသုဇနသည် ပရိယတ္တိစာပေ သင်ယူခဲ့စဉ်က နိရောဓသမာပတ်ဝင်စားပုံ သင်ကြားချက်ကို ပြန်လည်သတိပြုမိသည်။

သမာပတ်ရှစ်ပါးနှင့် ပြည့်စုံပြီးသော အနာဂါမ် ရဟန္တာပုဂ္ဂိုလ်တို့သည် မျက်မှောက်ဘဝတွင် သန္တိသုခကို ခံစားလိုကြသောအခါ နိရောဓသမာပတ်ကို

ဝင်စားလေ့ရှိကြသည်။

နိရောဓသမာပတ်ကို ဝင်စားလိုသော် မိမိတို့ရရှိပြီးသော လောကီစျာန်ရှစ်ပါးတွင် ပထမစျာန်ကို ဝင်စား၊ ပထမစျာန်မှထ၊ ပထမစျာန်မှာပါဝင်သော သံခါရတရားကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ဝိပဿနာရှုရလေသည်။

ဒုတိယ စသည်ကိုလည်း ဤနည်းအတိုင်းပြုလျက် အာကိဉ္စညာယတနစျာန်သို့ ရောက်ပြီးနောက် နေဝသညာနာသညာယတနစျာန်ကို မဝင်စားသေးဘဲ အဓိဋ္ဌာန်ခြင်း စသော ပုဗ္ဗကိစ္စလေးပါးကို ပြုရသည်။ ပုဗ္ဗကိစ္စပြုပြီးနောက် နေဝသညာနာသညာယတနစျာန်ကို ဝင်စားရာ၌ စျာန်အကြိမ်မများစေဘဲ နှစ်ကြိမ်မျှသာဖြစ်စေပြီးနောက် စိတ်အစဉ် ပြတ်လေတော့သည်။ စိတ်အစဉ်အပြတ်တွင် စေတသိက်နှင့် စိတ္တဇရုပ်များလည်း ဖြစ်ခွင့်မရှိတော့ပေ။ ကမ္မဇ၊ ဥတုဇ၊ အာဟာရ ရုပ်များသာ ဖြစ်တော့၏။ ဤသို့ စိတ်၊ စေတသိက်၊ စိတ္တဇရုပ်များ ချုပ်ငြိမ်းနေခြင်းကိုပင် နိရောဓသမာပတ် ဝင်စားသည်ဟု ခေါ်သည်။

ပုဗ္ဗကိစ္စလေးပါးမှာ –

(၁) အဓိဋ္ဌေယျ၊ အသုံးအဆောင်ပစ္စည်းများ ပျက်စီးမှုမရှိအောင် အဓိဋ္ဌာန်ခြင်း၊

(၂) သံဃပဋိမာန၊ သံဃာတော်တို့၏ မြတ်နိုးမှုကို (ဝါ) အလိုရှိမှုကို သိခြင်း (ဝါ) ဆင်ခြင်ခြင်း၊

(၃) သတ္ထုပ္ပက္ကောသန၊ မြတ်စွာဘုရား ခေါ်တော်မူခြင်းကို သိခြင်း၊ ဆင်ခြင်ခြင်း၊

(၄) အဒ္ဓါနပရိစ္ဆေဒ၊ အချိန်ကာလကို ပိုင်းခြား၍ သိခြင်းတို့ဖြစ်သည်။

ဦးသုဇနသည် တရားအဆင့်အနေဖြင့်ကြည့်သော် ဘာဆိုဘာမှမဟုတ်သေး။ မတန်မရာ နိရောဓသမာပတ်ဝင်စားမှုနှင့် နှိုင်းယှဉ်ရာသလော ဟူပြောအံ့။

နှိုင်းယှဉ်ခြင်းမဟုတ်ဟုသာ ဆိုရပါမည်။ ဆိုလိုသည်မှာ အဒ္ဓါနပရိစ္ဆေဒ ဖြစ်သည်။ 'ထမင်းအသက် ခုနစ်ရက်'ဟု ဆိုစကားရှိသည်။ ထမင်းတစ်ကြိမ်စားသုံးလျှင် အာဟာရစွမ်းရည်သည် ခုနစ်ရက်တိုင်အောင် ထောက်ပံ့နိုင်သည်။ ခုနစ်ရက်ထက်ပိုလျှင် ခန္ဓာကိုယ် ပျက်စီးတတ်သည်။ ထို့ကြောင့် နိရောဓသမာပတ်ဝင်စားသော လူ့ပြည်မှ အနာဂါမ်ရဟန္တာပုဂ္ဂိုလ်တို့သည် ခုနစ်ရက်ပြည့်လျှင် နိရောဓသမာပတ်မှ ထမည်ဟု အချိန်ကာလပိုင်းခြားခြင်းကို ပြုရသည်။

ဦးသုဇနကား မဟုတ်သေး။ တရားအဆင့်အနေဖြင့် ဘာမှမဟုတ်သေး။ အရမ်းမဲ့ ခန္ဓာကိုယ်ကို မညှဉ်းဆဲသင့်သေး။ လုပ်စရာတွေ အများကြီး

ရှိသေးသည်။ ဖတ်မှတ်ခဲ့ဖူးပါသည်။ ဘုရားအလောင်းတော်သည် ဒုက္ကရစရိယာကျင့်စဉ်မှာ တစ်လက်ဆွမ်းမျှလောက်သော ပဲနောက်ပြုတ်ရည်ကို အာဟာရအဖြစ် ဘုဉ်းပေးခဲ့ရသေးသည်။ မိမိမှာ သုံးရက်တာကာလ အာဟာရဖြတ်ခဲ့သည်မှာ လွန်လှပြီထင်သည်။ အတ္တကိလမထ (ခန္ဓာကိုယ်ကို ပင်ပန်းညှဉ်းဆဲမှုအကျင့်များ ဖြစ်နေမလား စသည် တွေးတောကာ ပုံမှန်အားထုတ်မှုကို ပြန်လည်ပြုလုပ်သည်။)

ဆွမ်းခံရွာသို့ ဆွမ်းခံပြန်ကြွသည်။ နဂိုက ပိန်ချုံးနေသောခန္ဓာကိုယ်သည် အာဟာရဖြတ်ခဲ့သည်မို့ ပို၍ခြောက်ကပ်နေသည်။ အသားအရေက ဖျော့တော့လွန်းသည်။ လမ်းလျှောက်ရသည်မှာ ယိုင်တိယိုင်နဲ့ဖြင့်။ စူးစိုက်ကြည့်ကြသည်။ အချို့ နှုတ်မှဖွင့်၍ပင် "မကြာမီ ပျံလွန်တော်မူရှာမည်"ဟု ပြောကြသေးသည်။

ဆွမ်းခံပြန်ကြွ၍ ဆယ်ရက်ခန့်ရှိလျှင် ခန္ဓာကိုယ် ပြန်လည်လန်းဆန်းလာသည်။ အားအင်ပြည့်လာသည်။ အားအင်ပြည့်လာသည်နှင့်အမျှ ငုပ်လျှိုးနေသောငက်ဖျားက ပြန်ထလာသည်။ ဆွမ်းခံရာမှ ပြန်ရောက်ပြီးသည်နှင့် နေ့စဉ်လိုလို အဖျားတက်တော့သည်။ နံနက် ၉ နာရီခန့် အဖျားစတက်သည်။ ဖျားပြီဆိုလျှင် တစ်ကိုယ်လုံးဆတ်ဆတ်တုန်ကာ တက်၎လှရှိသည်။ အဖျားတက်ရင်း တုန်ရင်းမှ တရားမှတ်ရင်းဖြင့် သုံးနာရီလောက်မှ အဖျားကျသည်။

အဖျားတက်ခြင်း၊ ကျခြင်းသည် ပုံမှန်လိုဖြစ်လာသဖြင့် အထူးဂရုစိုက်မနေအားတော့။ သူ့ဟာသူ တက်ချင်တက်၊ ကျချင်သည့်အခါကျ၊ အားထုတ်မှုကို လုံးဝထိခိုက်မသွားစေရ။ သွားချိန်သွား၊ လာချိန်လာနှင့်နေလာရာ တစ်နေ့...

နံနက်ဆွမ်းခံရာမှအပြန် သပိတ်နှင့်တကွ ဆွမ်းတော်ကပ်ပြီး ဘုရားဆောင်ရှေ့မှာ တရားရှုမှတ်နေသည်။ မူလအာရုံကမ္မဋ္ဌာန်းဖြင့် အာနာပါနကမ္မဋ္ဌာန်း –

ထွက်တယ်၊ ဝင်တယ်
ထွက်တယ်၊ ဝင်တယ်
ဝင်တယ်၊ သိတယ်
ထွက်တယ်၊ သိတယ်၊ သိတယ်
ဝင်တယ်၊ သိတယ်၊ သိတယ်
ထွက်တယ်၊ သိတယ်၊ သိတယ်
ဝင်တယ်၊ သိတယ်၊ သိတယ်

စသည်... တရားမှတ်နေစဉ် ကိုးနာရီခန့်ရှိလာသည်။ ထုံးခံအတိုင်း အဖျားတက်လာသည်။ တက်စမ်းပါစေ။ အဆန်းမဟုတ်တော့။ ကျချိန်တန်လျှင်

သူကျပေလိမ့်မည်။ တရားကို ဆက်ရှုမှတ်နေသည်။ ထိုစဉ် မြေကြီးနှင့်လျှော တိုက်လာသည့် ပွတ်တိုက်သံကို ကြားလိုက်ရသည်။

ကြားတယ်၊ ကြားတယ်

ကြားတယ်၊ သိတယ်၊ ကြားတယ်၊ သိတယ်...မှတ်စဉ် အသံက တဖြည်းဖြည်းနီးကပ်လာသည်။ တစ်ခုခုတော့ တစ်ခုခုပဲဟု တွေးမဆုံးမီ ရှေ့ တည့်တည့်မှ ထွာဆိုင်ခန့်ရှိသော စပါးကြီးမြွေ၏ဦးခေါင်းကို မြင်လိုက်သည်။

မြင်တယ်၊ မြင်တယ်

မြင်တယ်၊ သိတယ်

မြင်တယ်၊ သိတယ်

ကြောက်ရွံ့စိတ် အနည်းငယ်ဖြစ်လာသည်။

လန့်ချင်တယ်၊ သိတယ်

လန့်ချင်တယ်၊ သိတယ်

စိတ္တာနုပဿနာဘက် လှည့်ရှုသည်။ မြွေသည် ဖြည်းဖြည်းချင်းတွား သွားကာ ဦးသုဇနအား တစ်ပတ်ပတ်လိုက်သည်။

တစ်ပတ်ပြီးတစ်ပတ် ဆင့်၍ဆင့်၍ ပတ်တက်နေသည်။ အဖျားတက် သဖြင့် ထိုင်နေသော ဦးသုဇန၏ပခုံးထိ ရောက်လာသည်။ မြွေ၏ခန္ဓာကိုယ် နှင့် မိမိ၏အသား ထိတွေ့သည်။ တအားကြီးရစ်ပြီး ပတ်ထားသည်တော့ မဟုတ်။ ခပ်ဖွဖွလေး ညှစ်ထားသလိုဖြစ်သည်။

ထိထားတယ်၊ ညှစ်ထားတယ်၊ သိတယ်

ထိထားတယ်၊ ညှစ်ထားတယ်၊ သိတယ်

ပခုံးစွန်းထိ ရစ်ပတ်ထားပြီး နောက်ဆက်မပတ်တော့ဘဲ ဦးခေါင်းနောက် တွင် ပါးပျဉ်းထောင်ကာ ဦးသုဇနအား မိုးထားသည်။

မိုးထားတယ်၊ သိတယ်

မိုးထားတယ်၊ သိတယ်

မြွေသည် လှုပ်ရှားမှုမပြုတော့ဘဲ သည်အတိုင်းငြိမ်နေသည်။

ဦးသုဇနစိတ်ထဲမှာ တစ်ချက်တော့ဖြစ်မိသည်။ ယခင်က ကြားထား ဖူးသော စကားတစ်ခွန်း။

"စပါးကြီးမြွေ လူကိုရစ်ပတ်ပြီး ဒူါရပေါက်ကို အမြီးဖျားဖြင့်ထိုးဖောက် ၍ လူက လူးလူးလွန့်လွန့်ဖြစ်လာလျှင် အရိုးများ ကျိုးကြေသွားအောင်ဖိညှစ် ပြီး မျိုချတတ်သည်"ဟူ၍။

အတွေးဝင်လာသည်။ နည်းနည်းတော့ တွန့်ခြင်း၊ လန့်ခြင်း ဖြစ်လာ သည်။ အမှတ်မှ လွတ်သွားတော့မယောင်ဖြစ်သည်။ နှေးထွေးမှုတစ်ရပ်ကို ရရှိ

လိုကသည်ဟု ခံစားမိသည်။

နွေးသွားတယ်၊ သိတယ်

နွေးသွားတယ်၊ သိတယ်

မြွေကြီးက ငြိမ်နေပြီး ဦးသုဇနလည်း မြွေရစ်ပတ်သောအခွေကြားဝယ် ငြိမ်နေသည်။ ငြိမ်နေသည်ဆိုသည်က လှုပ်ရှားမှုမရှိခြင်းသာ ဖြစ်သည်။ အဖျားတက်၍ တုန်ယင်နေသည်က တုန်ယင်နေသည်သာ။ တုန်ယင်မှုက ရစ်ပတ်ထားသောမြွေကြီး၏ အခွေပုံကိုပါ တုန်နေစေသည်ဟု ထင်ရသည်။ မြွေကြီးက ညှစ်အားအနည်းငယ်ထည့်၍ ဖိညှစ်သည်။ တဆတ်ဆတ်တုန်နေသည်မှာ အနည်းငယ်လျော့သွားသလိုရှိသည်။ ဦးသုဇနသည် လူတစ်ဦး အားကုန်ဖွေ့ဖက်ထားသည့်နှယ် ခံစားရသည်။

အားစိုက်ရစ်ပတ်ထားတယ်၊ သိတယ်

အားစိုက်ရစ်ပတ်ထားတယ်၊ သိတယ်

အတော်လေးကြာသော် တုန်ယင်မှု အနည်းငယ်လျော့လာသည်။ မြွေရစ်ပတ်မှုက မလျော့သေး။ အားစိုက်ထားဆဲမှင်။ အခြေအနေပြောင်းလဲမှု မရှိတော့သဖြင့် သေအောင်ရစ်ပတ်ခြင်း မဟုတ်နိုင်ဟု သိရှိလိုက်သည်။ ထူးခြားဖြစ်ပေါ်မှု မရှိတော့သဖြင့် မူလကမ္မဋ္ဌာန်း ထွက်သက်ဝင်သက်ကို ပြန်ယူသည်။ ကျင့်သားရပြီးသား သမာဓိ ပြန်တည်လာသည်။ စိတ်ကကြည်လာသည်။

ဖျားနေသည်ကိုလည်း သတိမရ။ မြွေကြီးကိုလည်း သတိမမူမိတော့။ ရစ်ပတ်ထားသည်ကိုမျှ အမှတ်မပြုမိတော့။ ညနေ ၃ နာရီခန့်ရှိသောအခါ ချွေးစေးများထွက်လာသည်။ တစ်ကိုယ်လုံးရွှဲရွှဲနစ်နေသည့်အဖြစ်ကို သိရသည်။ မြွေကြီးရစ်ပတ်မှုက ပြင်ပလေမဝင်အောင် ကာဆီးထားသည်မို့ တောသဘာဝ ချွေးအုပ်ထားသည်နှင့်ပင် တူနေတော့သည်။ ချွေးများထွက်လာသည်။

ချွေးထွက်တယ်၊ သိတယ်

ချွေးထွက်တယ်၊ သိတယ်

မြွေကြီးညှစ်အား လျော့သွားမှန်း သတိပြုမိလိုက်ပြန်သည်။

ညှစ်အားလျှော့ပြီးသော မြွေကြီးသည် ဦးခေါင်းပေါ်မှပါးပျဉ်းကို ရုပ်ကာ တစ်ခွေချင်း ဖြည်းညင်းစွာဖြေကာ လာရာလမ်းအတိုင်း အသံဝအယာ ထွက်ခွာသွားသည်။

မြွေထွက်သွားပြီ၊ သိတယ်

မြွေထွက်သွားပြီ၊ သိတယ်

ဦးသုဇနက မိမိကိုယ်ကို ပြန်သတိပြုကြည့်သည်။ ချွေးများနစ်နေသည်။ အဖျားတက်ခြင်းလည်း မရှိတော့။ တစ်ကိုယ်လုံး လန်းဆန်းပေါ့ပါး

နေသောအဖြစ်ကို သတိပြုမိသည်။ အဖျားလည်း ကျသွားပြီ။ သို့သော် ထိုနေ့ အဖို့ ဦးသုဇနေ ဆွမ်းဘုဉ်းမပေးရတော့။ (ဆွမ်းငတ်ခဲ့ရသည်။ ငတ်ခဲ့ရသည်က အကျိုးထူးသည်။ နောက်နေ့မှစ၍ အဖျားမတက်တော့ပေ။ လုံးဝ အဖျားကင်းစင်ခဲ့သည်။)

ဦးသုဇနေသည် တရားဖြုတ်လိုက်ပြီး မိမိဖြစ်ရပ်ကို ပြန်လည်သုံးသပ်သည်။ ထူး၍ဆန်းနေသည်။

"ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရီ"

"တရားကျင့်သောသူကို တရားစောင့်ရှောက်သည်"တဲ့။ မှန်လိုက်သည့်ဖြစ်ခြင်း။ တရားကို အားရှိသမျှ အားထုတ်ခဲ့သော မိမိကို တရားက အမှန်ပင် စောင့်ရှောက်ခဲ့သည်။

ကျားနှင့်ရင်ဆိုင်ခဲ့ပြီ။ အန္တရာယ်မရှိခဲ့။

နှစ်ရှည်လများ စွဲကပ်ခဲ့သော ထုံနာကျဉ်နာရောဂါမှလည်း ကင်းလွတ်ခဲ့ပြီ။ ယခု အဖျားရောဂါမှလည်း ကင်းလွတ်ခဲ့ရပြန်ချေပြီ။

တရားတော်သည် ယုံကြည်ကိုးစား၊ ကိုးကွယ်အားထားရာအစစ် ဖြစ်ပါပေသည်။ "ဓမ္မံ သရဏံ ဂစ္ဆာမိ"

ဤသို့သော တရားတော်ကို ဟောပြတော်မူခဲ့သော ဘုရားရှင်၏ ဂုဏ်ကျေးဇူးကား ကြီးမားလှပါပေသည်။ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"

ဘုရားဟောတော်မူခဲ့သော တရားတော်ကို အဆင့်ဆင့် သယ်ယူဆောင်ကြဉ်းလာခဲ့ကြသော သံဃာတော်အရှင်မြတ်များ၏ ဂုဏ်ကျေးဇူးသည် ကြီးမြတ်လှပါပေသည်။ "သံဃံ သရဏံ ဂစ္ဆာမိ"

ဦးသုဇနေသည် ပျပ်ဝပ်ရိုကျိုး လေးစားယုံကြည်မြတ်နိုးစွာဖြင့် ရတနာမြတ်သုံးပါး ဂုဏ်ကျေးဇူးတော်ကို အထပ်ထပ်အခါခါ ဦးနှိမ်ချမိသည်။

ဦးနှိမ်ချပြီးနောက် နေရာမှမထသေးဘဲ ဆက်လက်၍ စဉ်းစားနေမိသည်။ မိမိအဖြစ်သည် ထူးဆန်းလွန်းနေသည်။ သူတစ်ပါးအား ပြောပြလျှင်လည်း ယုံနိုင်ဖွယ်မရှိ။ ကြွားဝါလွန်းသည်ဟုသာ ဆိုကောင်းဆိုနိုင်ကြမည်။

မိမိအား ဗဟုသုတနည်းသည်ဟုပင် ဆိုဆို။ မြင်ဖူးဖို့အသာထား။ ကြားသော်မှ မကြားဖူးခဲ့။ ယခု ကိုယ်တွေ့ကြုံရပြီ။ အလားတူဖြစ်ရပ်မျိုး စာပေကျမ်းဂန်များမှာ ဖတ်မှတ်ထားဖူးသည်။ နှိုင်းယှဉ်ခြင်းတော့မဟုတ်ပါ။ တန့်နိုင်းမမီသော အနှိုင်းမဲ့တန်ခိုးတော်နှင့် မအပ်မရာ၊ မတန်မရာ ကြံဖန်၍ အတုပြုခြင်းလည်း မဟုတ်ပါ။ ဖြစ်ရပ်ချင်း တူနေခြင်းကိုသာ ဆိုလိုသည်။ မြင်းမိုရ်တောင်နှင့် အဏုဇီဝမြူမှုန်ငယ်တစ်ခု၏ ကွာဟခြင်းမျိုး ဖြစ်ပေလိမ့်မည်။

ဘုရားရှင်သည် ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူပြီးနောက် ဆဋ္ဌမသတ္တာဟ

အဖြစ် မုဋ္ဌလိန္နာအိုင်၏အနီး ကျီးပင်ရင်း၌ ဖလသမာပတ် ဝင်စားတော်မူသည်။ အခါမဲ့မိုးကြီး သည်းထန်စွာရွာသွန်းသည်။ ထိုအခါ မုဋ္ဌလိန္နာနဂါးမင်းသည် ဘုရားရှင်အား လေမိုးများ မထိပါးစိမ့်သောငှာ အခွေများဖြင့်ရစ်ခွေ၍ အပေါ်မှ ပါးပျဉ်းဖြင့် ခုနစ်ရက်ပတ်လုံး အုပ်မိုးပေးထားသည့်ဖြစ်ရပ်။

ပုဂ္ဂိုလ်ချင်း မနိုင်းရာ၊ မယှဉ်သာပါ။ သို့သော် အဖြစ်ချင်းကား တူနေသည်သို့ ရှိသည်။

တစ်နည်းဆိုသော် ဗုဒ္ဓဂုဏ်တော်ကိုးပါးတွင် သတ္ထာဒေဝမနုဿာနံ ဂုဏ်တော်သည် လူနတ်တို့၏ လှည်းမှူးသဖွယ် ဖြစ်တော်မူ၏။ တစ်နည်း ဖွင့်ပြချက်နှင့်အညီ ရှေ့ဆောင်လှည်းမှူးဖြစ်တော်မူသော ဘုရားရှင်၏လမ်းညွှန် အတိုင်း လျှောက်လှမ်း၍ ခရီးဆက်ရာဝယ် လှည်းမှူးကြီးတွေ့ခဲ့ရသော အတွေ့ အကြုံများကို နောက်လိုက်သူတို့ ကြုံကြိုက်သိမြင်ရခြင်းမျိုးသာ ဖြစ်သည်။

ဤသို့ယူဆသော် သင့်နိုးအံ့ထင်သည်။

စဉ်းစားကာ ဘုရားရှင်အား အကြိမ်ကြိမ်ဦးညွှတ်နေမိသည်။

* * * * * * * *

(ထိုစဉ်က ခရစ်ယာန်ဘာသာဝင်များနေထိုင်သော တစ်ဖက်ကမ်း အုန်းတောရွာမှ ကျောင်းဆရာမောင်နီ၏သား ရူးလာဆိုသူသည် တောလိုက်ရင်း ရောက်လာရာ ဦးသုဇနအား စပါးကြီးမြွေရစ်ပတ်နေသည့်အဖြစ်ကို တွေ့ခဲ့သည်။ ညစ်သတ်ရန်းကန်နေခြင်းမျိုးမဟုတ်သဖြင့် အံ့သြစွာကြည့်နေမိသည်။ ထို့နောက် ပါလာသည့်ကင်မရာဖြင့် ဓာတ်ပုံရိုက်ယူသည်။ နောင်ဆယ်နှစ်ခန့်အကြာတွင်မှ ဓာတ်ပုံကို ဦးသုဇနအားပြသည်။ ပြရုံသာပြသည်။ ပေးမထားခဲ့ချေ။ ယခု မရနိုင်တော့ဘူးလား လျှောက်ထားကြည့်ရာ လွန်ခဲ့သောသုံးနှစ်ကျော်ကျော်က တောတွင်းတိုက်ပွဲတစ်ခုတွင် ယင်း ကျဆုံးကွယ်လွန်ပြီးဖြစ်၍ ဓာတ်ပုံပါ လက်စ ပျောက်ခဲ့သည်ဟု သိရသည်။ သို့ဖြစ်၍ ဓာတ်ပုံမှတ်တမ်း မဖော်ပြနိုင်ပါ။)

အမှန်အားဖြင့်လည်း ထိုစဉ်က ဦးသုဇနမည်သော ရဟန်းငယ်တစ်ပါးသည် ယနေ့ မြိုင်ကြီးငူဆရာတော်အဖြစ်ဖြင့် ဤသို့ဤနှယ် မှတ်တမ်းသွယ်ရမည့်အဖြစ်သို့ ရောက်လာမည်ကို မခန့်မှန်းနိုင်ခဲ့ကြပေ။ မြန်မာစကားပုံတစ်ခု ရှိသည်။ "ယောက္ခမသေမှန်းသိရင် မြင်းဝယ်စီးတယ်"ဟူ၍။

ယောက္ခမသေမည် အမှန်ဖြစ်ပါက မြင်းဝယ်ထားမိမှာ အမှန်ပင်ဖြစ်မည်။ ယခု ထူးခြားသော မှတ်တမ်းဓာတ်ပုံ မတင်ပြနိုင်သည့်အဖြစ်ကို မဝံ့မရဲ ဖြစ်မိသည်။

(ဤစာအုပ်မှတစ်ဆင့် အသိပေးလိုသည်မှာ ထိုပျောက်ဆုံးဓာတ်ပုံ

လက်ဝယ်ရှိထားသူသည် ခာတ်ပုံကို ပေးအပ်လာမည်ဆိုပါက ထိုက်တန်စွာ ကျေးဇူးတုံ့ပြန်ပါမည်ဟူ၍...)

(စာရေးသူ)

* * * * * * * *

# အဆန်းတကြယ် ကြုံတွေ့မှုများ

မြိုင်ကြီးငူသို့ရောက်ပြီး (၁၁)ရက်မြောက်ရောက်သောအခါ တရားကျင့်ကြံနေထိုင်ရင်း ရှေးရှေးဆရာတော်ကြီးများ၏ အဆိုအမိန့်ကို စမ်းသပ်ကျင့်သုံးလိုစိတ်တွေ ဖြစ်ပေါ်လာသည်။

တရားအားထုတ်ရာမှာ ထူးခြားဆန်းကြယ်သော ဖြစ်ရပ်မျိုးနှင့်လည်း ကြုံဆုံခဲ့ပြီး တရားတော်၏သန္တိဋ္ဌိက ဂုဏ်ကျေးဇူးတော်ကို မျက်မှောက်အဖြစ်မှာပင် လက်တွေ့ခံစားခဲ့ရပြီးဖြစ်သည်။ စိတ်ဓာတ်တွေ တက်ကြွလာသည်။ လူငယ်ပီပီ လေ့လာစူးစမ်းလိုသည်။ ဦးရသေ့ ပြောပြဖူးသော ကောသနိက်ပတ္တပိဏ်မှော် အစီအစဉ်ကို ပြုကြည့်ချင်လာသည်။

၄င်းမှော်မှာ ကောသနိက်ဓုတင်နှင့် ပတ္တပိဏ္ဍဓုတင်နှစ်ပါးကို ပေါင်းစပ်ထားခြင်းဖြစ်သည်။ ကောသနိက်သည် တစ်နေ့ရာတည်း၌ တစ်ကြိမ်သာ ဆွမ်းစသော အာဟာရကို ဘုဉ်းပေးသုံးဆောင်ရသော ဓုတင်ဖြစ်သည်။

ပတ္တပိဏ္ဍမှာ သပိတ်ခွက်တစ်ခုတည်းမှာပင် ရရသမျှ ဆွမ်း စသော အာဟာရများကိုထည့်ပြီး အားလုံးရောနယ်ကာ အရသာကို ခံစားခြင်းမျိုး မဟုတ်ဘဲ ခန္ဓာကိုယ်မျှတရုံ ဘုဉ်းပေးသုံးဆောင်ခြင်းသာဖြစ်သည်။

အိပ်ခဲ့သော် အိပ်မက်ထဲမှာ မသိစိတ်ဖြင့် ကြောက်လန့်မိမည်စိုး၍ လည်းကောင်း၊ မည်သို့အကြောင်းကြောင့်မှ သုက်မလွှတ်စေရဟူသည်ကို ဖြည့်ကျင့်နိုင်ရန်အတွက်လည်းကောင်း မအိပ်မစက်ဘဲနေခြင်းဖြင့် နိသဇ္ဇိဓုတင်ကိုပါ ဆောက်တည်ထားသည်။

(၄၉)ရက် အဓိဋ္ဌာန်ပြည့်တော့မည့် နောက်ဆုံးနေ့။ ထိုင်မြဲ မဟာဂင်ပလ္လင်ခွေပုံစံဖြင့်ထိုင်ရင်း သတိပဋ္ဌာန်ပွားနေသည်။ မူလယူထားသော အာနာပါနကမ္မဋ္ဌာန်း အာရုံမှာသာ သမာဓိတည်နေသည်။ စိတ်ကကြည်နေ

သည်။ ထိုစဉ်ထိုင်နေရင်းဖြင့် စတကစေ့ဆော်မှု၊ အာရုစေ့ဆော်မှုလုံးဝမရှိဘဲ သုက်လွှတ်သကဲ့သို့ဖြစ်သည်ကို သတိပြုလိုက်မိသည်။ စိတ်၏စေ့ဆော်မှု၊ အာရုံစေ့ဆော်မှုကြောင့် ဖြစ်ရသည်မဟုတ်သောကြောင့် 'သုက်လွှတ်' ခြင်းဟုတော့ မယူဆ။ သုက်နှင့်လည်းမတူ။ ညောင်းကျခြင်းလည်း ဖြစ်နိုင်ပေသည်။

ဤလိုနှင့် (၄၉)ရက် အဓိဋ္ဌာန်ပြည့်ခဲ့သည်။ အညွန်းအတိုင်းသစ်ပင်များသို့သွားကာ ဆွမ်းတော့ကား ရပ်မကြည့်ဖြစ်။ နောက်ဆုံးရက်ကြုံရသည်မှာ တားမြစ်ချက်ဖြစ်သော သုက်လော၊ ညောင်းကျခြင်းလောဟု ဝေခွဲမရသောကြောင့်တည်း။

၁၃၃၆ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၁)ရက်နေ့မှစ၍ သပိတ်တစ်လုံး၊ သင်္ကန်းသုံးထည်၊ ယပ်တစ်ခု၊ တောင်ဝှေးတစ်ချောင်းဖြင့် ဒေသစာရီလှည့်လည်သည်။

မြိုင်ကြီးငူမှ ဘားအံသို့ကြွသည်။ ဇွဲကပင်တောင်ပေါ်သို့ ရေတံခွန်လမ်းဘက်မှတက်သည်။ တက်လာရာ လမ်းခုလပ်တွင် ရေမွတ်သိပ်ခြင်း ပြင်းစွာဖြစ်လာသည်။ အနီးအနားမှာ လိုက်ကြည့်ရာ ရေအိုင်ခွက်ငယ်လေးတစ်ခုကို တွေ့ရသည်။ ရေအိုင်သို့သွားပြီး သပိတ်ဖြင့်ခပ်မည်ပြုသည်။ ရေအိုင်အတွင်းမှာ ပေါ်လောမျောနေသော မစင်သုံးတုံးကို တွေ့ရသည်။ ကြီးလိုက်သည့်မစင်တုံးကြီး။ ယခင်က ဤမျှကြီးသည်ကို မတွေ့စဖူး။ သုံးတုံးတည်းဖြင့် အိုင်ခွက်တစ်ခုလုံး ပြည့်လုနီးပါးဖြစ်နေသည်။

ရေဆာသည်ကိုလည်း မချုပ်တည်းနိုင်တော့။ ဘေးဘီကိုလှမ်းကြည့်လိုက်သည်။ လူသူလေးပါးအရိပ်လည်းမမြင်။ အခြားရေကိုလည်း မတွေ့။ ရေသောက်သည်ကို အခြားသူများတွေ့ပါက ပြောမဆုံးပေါင်၊ တောသုံးတောင်ဖြစ်တော့မည်။ ဒီကိုယ်တော် ရူးနေလို့ မစင်ရေသောက်သည်ဟု ဆိုကြမည်။ ဤသို့ဆိုလာမည်ကိုတော့ ဦးသုဇနရှက်နိုးသည်။ ထို့ကြောင့် ဘေးဘီမှလူကို ကြည့်မိသည်။ အရိပ်အယောင်ကလေးမျှမမြင်ရ။ ဖြစ်လိုရာဖြစ်စေ၊ သည်ရေကိုသောက်တော့မည်ဟု သပိတ်အဖုံးဖြင့် ခပ်ယူလိုက်သည်။

အိုင်ခွက်က ငယ်လွန်းသဖြင့် သပိတ်အဖုံးသော်မှ မစင်တုံးကိုဖယ်၍ မလွှတ်ချင်။ ကြိုးစားပြီး ဖယ်ပါ၏။ သည်အတုံးကိုဖယ်လျှင် ဟိုအတုံးဝင်လာသည်။ အကြိမ်ကြိမ်ဖယ်ကြည့်သည်။ ကြာတော့စိတ်မရှည်ဖြစ်လာသည်။ 'အိုကွာ... ကြာတယ်' ဟု ဆိုကာ သပိတ်ဖုံးဖြင့် ခပ်တင်လိုက်သည်။ တစ်တုံးသော မစင်မှမရှောင်သာ မဖယ်သာ တစ်ဝက်တိတိ ပြတ်ပါခဲ့သည်။

'ဒါလောက်ပါချင်တဲ့ မစင်' ဟု စိတ်က တိုချင်ချင်ဖြစ်လာသည်။ ရေနှင့်ရောနယ်လိုက်သည်။ ပြီးမှ ရေစစ်ခွက်ဖြင့်စစ်ကာ မျက်စိမှိတ်သောက်ချ

လိုက်သည်။ မစင်ဖျော်ရည်သောက်သော ဦးသုဇနဟူ၍ မိမိကိုယ်ကို ကင်ပွန်းတပ်မိသည်။

မျက်စိမှိတ်ပြီး သောက်လိုက်ရာအရသာမှာ ထူးခြားမှုမရှိသော်လည်း အနံ့ကမနော်နွယ် (ရန်ကုန်အခေါ် စိုင်သီး) သရက်သီးမှည့်နံ့ထွက်နေကြောင်း သတိပြုမိသည်။

"ထူးတော့လည်း အဆန်းသား၊ ဘာလဲတော့ မသိ" ဟု တွေးမိသည်။ ရေသောက်ပြီး ဖွဲကပင်ဘုရားသို့တက်သည်။ ဘုရားပေါ်ရောက်လျှင် တောင်ပေါ်မှာရှိသည့် ကျောင်းထိုင်ဆရာတော် ဦးစန္ဒောဘာသအား ရှိခိုးပြီး အလွှာပသလ္လာပပြောရင်းမှ စောစောက ရေသောက်ခဲ့သည့်အကြောင်းကို လျှောက်ထားမိသည်တွင် ဦးစန္ဒောဘာသက–

"တပည့်တော် ဒါကိုစောင့်နေတာကြာပြီ၊ ခုမှတွေ့ရတော့မယ်"

ဆိုကာ ဦးသုဇနညွှန်လိုက်သောနေရာသို့ အမြန်ဆင်းသွားသည်။ ခဏကြာသော် ပြန်တက်လာပြီး ဘာမှမတွေ့ကြောင်း၊ ရေအိုင်ခွက်သော်မှ မမြင်ရကြောင်းပြောသည်။

"တပည့်တော်တော့ တွေ့လည်းတွေ့ခဲ့၊ သောက်လည်းသောက်ခဲ့ရတယ် ဘုရား"

"အိမ်း... ကိုယ်တော်နှင့် ထိုက်ပါပေတယ်။ တပည့်တော် ဒီအညွှန်းရထားလို့ ဒီမှာလာနေပြီး ဖွဲကပင်ကို ဆင်းလိုက်တက်လိုက်တာ အခေါက်ပေါင်းမနည်းတော့ဘူး။ မထိုက်လို့မတွေ့ရဘူး။ ကိုယ်တော်တော့ ထူးပါပေတယ်" ဟု ဦးစန္ဒောဘာသ အမိန့်ရှိသည်။

လောကမှာ ထူးရင်လည်းထူး၊ မထူးရင်လည်းရှူးမှဟု ပြောလေ့ရှိကြသည်။ အသို့နည်း၊ မိမိသည် ထူးနေပြီလော (သို့မဟုတ်) ရှူးနေပြီလော မပြောတတ်နိုင်ပြီ။ ဖြစ်စဉ်မဟုတ်သော ဖြစ်ရပ်များနှင့် ကြုံကြိုက်နေရပြီကား အမှန်ပင်။ ဦးသုဇနသည် ဦးစန္ဒာဘာသအား ရှိခိုးကန်တော့၍ ဝိဇ္ဇာညီနောင်တောင်ရှိ ဝိဇ္ဇာညီနောင်ဘုရားသို့ ခရီးဆက်ခဲ့သည်။

ညီနောင်ဘုရားသို့ရောက်လျှင် ညာဘက်တွင် ပြုမြဲဝတ်ဖြစ်သော ဘုရားရှိခိုး၊ ပရိတ်ရွတ်၊ မေတ္တာပွားများကာ တရားရှုမှတ်သည်။ နံနက်လင်းသော် ခလောက်နို့ အုန်းတစ်ပင်ရွာသို့ ဆွမ်းခံဆင်းသည်။ အုန်းတစ်ပင်ရွာမှအထွက် ရွှေအင်ဒုံစခန်းသို့ ဆက်ခဲ့သည်။ (၈း၃၀)နာရီလောက်မှာ ရောက်ရှိပြီး ဆွမ်းဘုဉ်းပေးသည်။ ညနေတွင် ရွှေအင်ဒုံစခန်းမှ ဝိဇ္ဇာညီနောင်ဘုရားသို့ ပြန်လာသည်။

နောက်တစ်နေ့မနက် ဆွမ်းခံထွက်မည်စိတ်ကူးဖြင့် ဘုရားအား ရှိခိုးဦးတိုက်လိုက်သည်။ ကန်တော့ပြီး သပိတ်ကိုလွယ်၊ ယပ်တောင်ကိုင်၍အလှည့်

တွင် ကရင်အမျိုးသမီးကလေး လေးယောက်ကို ရိုးရာသင်တိုင်းဝတ်စုံဖြင့် စီတန်းရပ်နေသည်ကို တွေ့ရသည်။ လက်ထဲမှာ ဆွမ်းလောင်းရန်အသင့်ကိုယ်စီ ကိုင်ထားကြသည်။

ဘုရားရင်ပြင်တော်မှာပင် ထိုအမျိုးသမီးလေးယောက် လောင်းလှူသော ဆွမ်းကိုခံယူသည်။ ဆွမ်းခံယူပြီး ဘုရားအား လက်ယာရစ်လှည့်ပတ်ကာ သပိတ်နှင့်တကွ ဆွမ်းတော်ကပ်လှူလိုက်သည်။ အမျိုးသမီးလေးဦး ဘယ်က ဘယ်လို ဘယ်အချိန်က ဘယ်ကိုရောက်သွားမှန်း သတိမပြုမိတော့။ ဆွမ်းဘုဉ်းပေးပြီး တရားမှတ်နေသည်။

ညနေ (၄)နာရီခန့်အရှိတွင် အသက်အတော်ကြီးပြီဖြစ်သော အဘိုးအိုတစ်ဦးရောက်လာသည်။ ဝတ်ဖြူစင်ကြယ်ဖြစ်ပြီး ဖော့လုံးခေါင်းပေါင်း ပေါင်းထားသည်။ လက်ထဲမှာ လက်ညှိုးလုံးခန့်ရှိ စက္ကူလိပ်တစ်လိပ်ကိုင်လာသည်။ ဂုံစက္ကူဟု ယူဆရသည်။ အဘိုးအိုသည် အနားရောက်လာပြီး–

"မောင်ပဉ္ဇင်း၊ ပါးစပ်ဟ" ဟု ဆိုသည်။

ဦးသုဇနေ ပါးစပ်ဟပေးလိုက်သည်။ အဘိုးအိုက စက္ကူလိပ်ကို ပါးစပ်ထဲထိုးထည့်ပေးပြီး–

"မျို...မျို... ကျအောင်မျို၊ ဝမ်းထဲကျအောင်မျို" ဟုဆိုကာ ဖြည်းဖြည်းချင်း ထိုးထည့်သည်။ ဦးသုဇနေလည်း သူပြောသည့်အတိုင်း မျိုချသည်။ အငြိအတွယ် အခက်အခဲမရှိဘဲ မျိုချ၍ရနေသည်ကို သတိပြုမိသည်။ ကုန်တော့ အဘိုးအိုက–

"ပါးစပ်ပိတ်တော့ မောင်ပဉ္ဇင်း" ဟု ဆိုသဖြင့် ဦးသုဇနေက ပါးစပ်ပိတ်လိုက်သည်။ နှုတ်ခမ်းနှစ်ခုပိတ်မိသည်ဆိုလျှင်ပင် ဝမ်းထဲသို့ စက္ကူလိပ် လျှောလျှောလျှူလျှူဝင်သွားကြောင်း အမှတ်ထားလိုက်မိသည်။

စက္ကူလိပ်မျိုပြီးသောအခါ အဘိုးအိုက ဦးသုဇနေထံမှ လက်ဖြန့်၍

"ဆေးလုံးပြန်ပေးပါ" ဟုတောင်းသည်။

"ဘာဆေးလုံးလဲ၊ ဦးဇင်းမှာ ဘာဆေးလုံးမှ မရှိပါလား"

"ရှိပါတယ်၊ ဦးဇင်းရဲ့ ခါးပန်းစည်းထဲမှာ သိမ်းထားတဲ့ ဆေးလုံးကို ပြောတာ၊ အဲဒါပြန်ပေးပါ"

ခါးပန်းစည်းထဲမှာ သိမ်းထားသောဆေးလုံး...

အပြေးအလွှား ပြန်စဉ်းစားရသည်။

ကြာခဲ့ပါပြီကော။ ၁၁နှစ်တာ ကာလကြီးများတောင် ကျော်လွန်ခဲ့ပါလေပြီ။

* * * * * * * *

၁၅နှစ်အရွယ် သာမဏေဝတ်ဖြင့် မုဒုံ ဂျုံးဂျုံးကျ တောရစာသင်တိုက်သို့ နေစဉ်ရရန် သွားလျှောက်သည်။ သံဃာစာရင်းဖွင့်ချိန်မှ ပြန်လာပါဟု မှာသည်နှင့် အချိန်အားလပ်သေးသဖြင့် ကျိုက်ထီးရိုးဘုရားဖူးထွက်ခဲ့သည်။

ရထားတစ်တန်၊ ကားတစ်တန်ဖြင့် တောင်ခြေကင်ပွန်းစခန်းသို့ ရောက်ခဲ့သည်။ ကင်ပွန်းစခန်းမှ ဖြည်းဖြည်းလျှောက်တက်သည်။ ဖြည်းဖြည်းမှန်မှန်လျှောက်သော်ငြား အကျင့်ကမရှိ။ တောင်တက်ခရီးကလည်းဖြစ်သဖြင့် မောပန်းလှသည်။ ရေမြောင်ကြီးစခန်းရောက်စဉ်မှာတော့ လူမှာ တော်တော်လေး ပန်းနေပြီးရေဆာလာသည်နှင့် အနီးရှိ ရေအိုးစင်တစ်ခုမှာ ရေသောက်သည်။ ရေသောက်ပြီးချိန်ဝယ် ရေအိုးစင်နားမှာ ထိုင်နေသော အဘွားအိုတစ်ဦးက–

"မောသလား ကိုရင်"

"မောတာပေါ့ ဒကာမကြီး၊ ဒကာမကြီးက အဆင်းလား၊ အတက်လား"

"အဆင်းပါ ကိုရင်"

"အတက်တုန်းက ဒကာမကြီးကော မမောဘူးလား"

"မမောပါဘူး ကိုရင်"

"ဟင်... ကိုရင်တို့ လူငယ်တွေတောင် ဖတ်ဖတ်ကိုမောလို့"

"ကိုရင်တို့မောပေမယ့် တပည့်တော်မမှ မမောဘဲကိုရင်"

"ဘာဖြစ်လို့ မမောသလဲ ဒကာမကြီး"

"ဆေးရှိတာပေါ့ကိုရင်"

"အဲဒီဆေး ကိုရင့်ကိုလှူပါလား"

"ကိုရင့်ကို ဆေးလှူဖို့ပဲစောင့်နေတာပါ" ဟု ဆိုကာ ဆေးညိုကလေး ထုတ်ပေးသည်။

"ကိုရင်သွားတဲ့အခါ ဒီဆေးကို ခြေမျက်စိမှာ နည်းနည်းသုတ်ပေးပြီးမှ သွားပါ။ ခရီးကို ကြုံက်တဲ့အမြန်နှုန်းနဲ့သွား၊ မမောပါဘူး ကိုရင်၊ တပည့်တော်မကို ခွင့်ပြုပါဦး"

အဘွားအို ဆင်းသွားသည်။

ရှင်သုဓနသည် အဘွားအိုပေးသောဆေးကို စမ်းသပ်လိုသည်နှင့် ပြောသည့်အတိုင်း ခြေမျက်စိတ်မှာသုတ်၍ တောင်တက်ခရီးကို စတင်တော့သည်။

ံနှန်သည်။ မောပန်းခြင်း အလျဉ်းမရှိ။ အသွားနှုန်းကို မြှင့်၍ မြှင့်၍ အပြေးကောင်ပိုင်းဖြင့် တက်ခဲ့သည်။ အများတကာ ရောက်နေကြချိန်ထက် စောစီးစွာဖြင့် ကျိုက်ထီးရိုးဘုရားသို့ ရောက်ရှိခဲ့သည်။

ထိုဆေးလုံးကို ခါးပန်းစည်းထဲ အမြဲထည့်သိမ်းထားသည်။ လူဝတ်လဲစဉ်အခါက အဆောင်အဖြစ် ကိုယ်နှင့်မကွာထားသည်။ သင်္ကန်းပြန်ဝတ်၍ ရဟန်းဖြစ်လာစဉ်တွင် ခါးပန်းစည်းထဲမှာပင် ထည့်၍ဆောင်ထားသည်မှာ ယခုထိပင်ဖြစ်သည်။ ထိုဆေးအစွမ်းကြောင့်ပင် ခရီးများကို မောပန်းနွမ်းနယ်ခြင်း မရှိဘဲ သွားနိုင်ခဲ့သည်။

ယခု ထိုဆေးကို ပြန်ပေးပါဟု ဆိုလာသည်။ ပေးစဉ်က အဘွားအို၊ တောင်းလာသူက အဘိုးအို။ မည်သို့ဆိုစေ ဥစ္စာရှင်းမှန်ကြသူတွေ ဖြစ်ပုံရသည်ဟု တွေးတောကာ အဘိုးအိုအား ဆေးလုံးကို ပြန်ထုတ်ပေးလိုက်သည်။ အဘိုးအိုသည် ဆေးလုံးကို ယူဆောင်ကာ ဘုရားဝတ်ပြုပြီး ဆင်းသွားခဲ့လေသည်။

ထိုဝိဇ္ဇာညီနောင်ဘုရားပေါ်တွင် တစ်လတိတိ ဦးသုဇန သီတင်းသုံးနေထိုင်လေသည်။

* * * * * * * *

ဝိဇ္ဇာညီနောင်ဘုရားမှာ တစ်လ သီတင်းသုံးနေထိုင်ခဲ့ပြီးနောက် ခြေကျင်ခရီးဖြင့် ကျုံဒိုးသို့ ခရီးဆက်သည်။ ကျုံဒိုးတောင်ပေါ်ကျောင်းသို့ ရောက်သွားပြီး ကျောင်းထိုင်ဆရာတော် ဦးနန္ဒမာလာအား ကန်တော့သည်။ ဆရာတော်က–

ဆရာတော်က သင်္ကန်းမည်းမည်းနဲ့ဆိုတော့ ရသေ့လား၊ ရဟန်းလားဟု မေးလာသည်။ မေးယူလောက်အောင် ဦးသုဇန၏ သွင်ပြင်လက္ခဏာက ဖော်ပြနေသည်။ ခေါင်းမှာ တုံးတော့တုံးထားပါ၏။ ပြောရလောက်အောင် ဆံပင်ကရှည်နေပြီး ဝတ်ရုံထားသော သင်္ကန်းရောင်က ညိုမည်းမည်း။ သပိတ်ပါသည်က မှန်၏။ ယခုကာလတွင် အချို့ရသေ့များ သပိတ်ကို အလွယ်ကိုင်နေကြသည်လည်းရှိသဖြင့် သဲကွဲစေရန် မေးယူရသည်။

"တပည့်တော် ရဟန်းပါဘုရား"

"ဘယ်နှစ်ဝါရပြီလဲ"

"ခြောက်ဝါရပါပြီဘုရား"

"ရဟန်းဆိုရင် ဘိက္ခုပါတိမောက်တို့၊ ပရိတ်ကြီးတို့ ရမှာပေါ့"

"မှန်ပါ။ ရပါတယ်ဘုရား"

"ရရင် ဆိုပြစမ်းပါ"

ဦးသုဇနသည် ဆရာတော် ဦးနန္ဒမာလာရှေ့၌ ဆောင့်ကြောင့်ထိုင်ကာ လက်အုပ်ချီ၍ ဘိက္ခုပါတိမောက်ကို ပြန်ဆိုပြသည်။ တစ်ဆက်တည်း ပရိတ်ကြီး ၁၁သုတ်ကိုပါ ရွတ်ဆိုပြလိုက်သည်။

ဆရာတော်သည် ယုံကြည်သွားသည်။ သဘောအကျကြီးကျသဖြင့်

သကန်းသုံးစုံ၊ ထီးနှစ်လက်၊ ဖိနပ်သုံးရန်၊ ဆပ်ပြာလေးတောင့်၊ မျက်နှာသုတ်ပဝါခြောက်ထည်၊ ဝတ္ထုငွေနှစ်ရာတို့ကို ပေးစွန့်တော်မူသည်။ ဦးသုဇနသည် ပစ္စည်းအားလုံးကိုစုစည်းကာ တောင်းတစ်လုံးကို ကပ္ပိယထံမှ တောင်းယူ၍ ကန်တော့ပွဲအဖွယ် ပြင်ဆင်ပြီး ဆရာတော်အား ပြန်ကန်တော့သည်။

"ကိုယ်တော့်အား တပည့်တော်လှူတာ၊ ဘာဖြစ်လို့ ပြန်ကန်တော့ရတာတုန်း"

"မှန်ပါဘုရား။ တပည့်တော်ဟာ ခရီးသွား အာဂန္တုတစ်ယောက်ဖြစ်ပါတယ်ဘုရား။ ရှေ့ဆက်ပြီး သွားရဦးမှာပါဘုရား။ ဒီပစ္စည်းတွေက တပည့်တော်အတွက် မလိုလို့ပါဘုရား။ အရှင်ဘုရားအား တပည့်တော် ပြန်ကန်တော့ခဲ့ပါတယ်ဘုရား"

"ရော... ကိုယ်တော်ကလည်း တစ်မျိုးကြီးပါလား"

"တပည့်တော်အဖို့ သကန်းသုံးထည်နဲ့ သပိတ်တစ်လုံးဆို လုံလောက်ပါပြီဘုရား"

"ကိုယ်တော့သကန်း မည်းမည်းကြီး၊ ပြီးတော့ ဟောင်းလည်းဟောင်းနေပြီ။ ဒီအသစ် ဝါလွင်လွင်လေးကို လဲဝတ်လိုက်ပါ"

"တပည့်တော်က မည်းမည်းဟောင်းဟောင်းပဲ ကြိုက်တယ်။ အဝါရောင်ကို ပူတယ်လို့ထင်ပါတယ်ဘုရား"

"ခက်ပါလား ကိုယ်တော်ရယ်။ ဒါဆို ဒီဝတ္ထု နှစ်ရာကိုတော့ လက်ခံပြီး ယူသွားပါ။ လမ်းစရိတ်လေးဘာလေးရတာပေါ့"

"တပည့်တော်အဖို့ လမ်းစရိတ်မလိုပါဘုရား။ ဒီကိုလည်း ခြေကျင်လျှောက်လာခဲ့ပြီး ရှေ့ကိုလည်း ခြေကျင်နဲ့ပဲ သွားပါမယ်ဘုရား။ ငွေပါရင် အန္တရာယ်က ဖြစ်လာတတ်ပါတယ် ဘုရား"

"ဒီဖိနပ်လေးတစ်ရန်တော့ အလှူခံသွားပါ"

"မလိုပါဘုရား။ ဖိနပ်စီးဖို့မလိုအောင် တပည့်တော် ကျင့်ထားပါတယ်ဘုရား။ ဖိနပ်ဆို သိမ်းရဆည်းရ ဒုက္ခက ပိုပါတယ်ဘုရား"

"ဒီကိုယ်တော်က အဆန်းပဲ"

တောင်ပေါ်ကျောင်းဆရာတော် ဦးနန္ဒမာလာအား ကန်တော့၍ ဦးသုဇန ခရီးဆက်ခဲ့သည်။ ကျုံဒိုးမှ ကော့ကရိတ်သို့ ဖိနပ်မပါ ဗလာခြေသက်သက်ဖြင့် ခရီးဆက်ခဲ့သည်။

ကော့ကရိတ်သို့ရောက်ခဲ့ပြီး လှိုင်ဝကျောင်းဆရာတော်ကို ရှိခိုး၍ ညအိပ်နားနေခွင့်တောင်းသည်။ ဦးသုဇနသဏ္ဍာန်ကို မနှစ်မြို့၍လား၊ ဘာလားတော့ မသိ။ ခွင့်မပြုချေ။ ဦးသုဇနသည် အခြားသို့မသွားတော့ဘဲ သုသာန်သို့သွား

ရောက်ပြီး ဇရပ်တွင်ပင် ညအိပ်နိုနားနေတော့သည်။ အများသိသည့်အတိုင်း သုသာန်ဇရပ်ဆိုသည်မှာ လူသူကင်းဆိတ်မြိ။ ညအချိန်ကာလဆို ပို၍ပင် လူသူကင်းမဲ့နေသည်။ မည်သူ့ကိုမျှလည်း ခွင့်ပန်စရာမလို။ ပြန်တော့လည်း နှုတ်ဆက်စရာမလို။ ဝင်လိုဝင်၊ နေလိုနေ၊ ထွက်လိုထွက်၊ ကောင်းလိုက်သည့် ကျောင်းသခ်မ်း။

သုသာန်ဇရပ်မှာ တစ်ညတာဟည်းခိုပြီး ဘုရားမှတ်သည်။ ကျူကြဲ အားထုတ်မြဲပြုလုပ်သည်။ နံနက်ရောက်တော့ ကော့ကရိတ်မြို့ထဲတွင် ဆွမ်းခံ ဝင်သည်။ လောင်းကြပါသည်။ လှူကြပါသည်။ သို့သော် ဦးသာဒနွဲ့ကူညီ ပေး လို့မဖြစ်ခဲ့။ သပိတ်ထဲဆွမ်းရောဟင်းပါ လောင်းလှူကြသည်မို့ ဟင်း နှင့်ခွမ်း ရောထွေးနေသည်။ ဟင်းတွေက အသားဟင်းတွေ၊ သက်သတ်လွတ်သာ ဘုဉ်းပေးသည်မို့ စားမဖြစ်သော ဆွမ်းကို စွန့်ပစ်ခဲ့ရသည်။ သပိတ်အားကြော ကာ နောက်တစ်ခေါက် ထပ်ခံပြန်သည်။ ဤအကြိမ်မှာလည်း ဒီနည်း လည်းကောင်းသာ။ နောက်ထပ်တစ်ကြိမ် ထပ်ခံပြန်သည်။ ထိုနည်း လည်းကောင်းပင်။ သုံးကြိမ်တိုင်ခဲ့ပြီမို့ ဆွမ်းခံချိန်လည်း ရှိအောသဖြင့် ထိုနေ့ အဖို့ ဦးသုဇန ဆွမ်းငတ်ခဲ့ရသည်။ ရေကိုသာ အာဟာရပြု ဝမ်းပြည့်ခဲ့ရတော့ သည်။

သည်ပုံဖြင့် ဘောဇနေသပ္ပာယ ဖြစ်လိမ့်မည်မဟုတ်ဟု ကွေးကာ ကော့ကရိတ်ကားလမ်းအတိုင်း ခရီးဆက်ခဲ့သည်။ လျှောက်သွားရင်း မိုးချုပ်ရင် လျှောက်နိုင်သလောက်လျှောက်ပြီး လမ်းမမြင်တော့မှ (သို့မဟုတ်) နားသင့်ပြီ ထင်တော့မှ တောအတွင်းသို့ဝင်ပြီး သစ်ပင်ကြီးတစ်ပင်ရင်းသို့ကပ်ကာ မှီရင်း နားနေအိပ်စက်သည်။ အိပ်စက်သည်ဆိုသော်လည်း အိပ်ချိန်က မရှိလှ။ တရားမှတ်သည်နှင့်ပင် အချိန်ကုန်လွန်ခဲ့သည်။ ခြေခင်းလက်ခင်းသာလောက် ချိန်တွင် ထသွားသည်။ စမ်းချောင်းတွေ့လျှင် မျက်နှာသစ်၊ ခြေလက်ဆေးကြော သည်။ ရွာတွေ့လျှင် ဆွမ်းခံဝင်သည်။ ဆွမ်းခံပြီး ရွာအပြင်မှ ဆွမ်းဘုဉ်းပေးပြီး ခရီးဆက်ပြန်သည်။

ဒီလိုနှင့် မြဝတီသို့ ရောက်ခဲ့သည်။ ကော့ကရိတ်မြို့၊ လှိုင်ဝကျောင်းမှ သင်ခန်းစာကို ရခဲ့ပြီမို့ သုသာန်ရှိရာသို့သာ ဦးတည်သွားသည်။ မြဝတီသုသာန် မှာ သုံးတောင်ခန့်နက်သော ရေတွင်းငယ်တစ်တွင်းရှိသည်။ ရေမှာ အလိုလို အဆီပြန်နေသည်။ ဆီပြန်နေပုံမှာ ဝက်သားဟင်းစားပြီး ပန်းကန်ဆေးထားသော ရေနှင့် အလားတူသည်။ ဤမှာ နေ့စဉ် ဤရေကို အသုံးပြုနေရသည်။ မသတိ စရာကောင်းသည်။

မှတ်မှတ်ရရ မြဝတီသို့ရောက်ပြီး နောက်တစ်နေ့ ဆွမ်းခံကြွသည်။

ဆွမ်းခံရာဝယ် သက်သတ်လွတ်မုန့်ဟင်းခါးတစ်ပန်းကန်အုန်းဆွမ်းတစ်ပန်းကန်၊ စမူဆာသက်လွတ်ခြောက်လုံး၊ လက်ဖက်ရည်တစ်ခွက်၊ ကိတ်မုန့်တစ်လုံး၊ ရေခဲ ရောင်းသောကုလားက ရေခဲရေတစ်ခွက်တို့ကို အလှူခံရရှိခဲ့သည်။ ဆွမ်းခံရာမှ အပြန် သုသာန်အရောက်တွင် မိမိကဲ့သို့ သုသာန်နေ ရဟန်းတစ်ပါးကို တွေ့ရ သည်။ ထိုရဟန်းက ဦးသုဇနအား မေးသည်။

"ကိုယ်တော် ဝါဘယ်လောက်ရှိပြီလဲ"

"တပည့်တော် ငါးဝါရှိပါပြီဘုရား"

"တပည့်တော် ၂၄ဝါ ရှိပါပြီ။ သက်လွတ်ချည်း ဘုဉ်းပေးခဲ့တာ ၂၄နှစ် ရှိပြီပေါ့။ ကိုယ်တော်လည်း သက်လွတ်ပဲမဟုတ်လား"

ဆွမ်းစားချိန်တန်လျှင် နှစ်ပါးစလုံး ပြင်ဆင်ကြသည်။ ဦးသုဇနက အထူးပြင်ဆင်ဖွယ်မလို။ ရလာသောဆွမ်း အာမိသတို့ကို သပိတ်ထဲမှာပင် အားလုံး ရောနယ်ရုံမျှဖြစ်သည်။ အခြားတစ်ပါးမူ လွယ်ထားသောအိတ်ထဲမှ ဓာတ်ဘူး၊ ပဲပုပ်ကြော်ပုလင်း၊ အချိုမှုန့်ထုပ်၊ ကြက်သွန်၊ ဇွန်း၊ ခက်ရင်း၊ ဓား တို့ကို ထုတ်သည်။ ကြက်သွန်ကို အခွံသင်၍ ဓားဖြင့်ပါးပါးလှီးသည်။ အချိုမှုန့် ဖြူးသည်။ ပဲပုပ်ကြော်ထည့်ပြီး နယ်သည်။

ဦးသုဇနသည် ထိုရဟန်းပြုမူနေသည်ကို တစ်စေ့တစ်စောင်းကြည့်ပြီး မိမိဆွမ်းကို ထုံးစံအတိုင်း ပဋိက္ကူလမနသိကာရကို ရွတ်၍နယ်သည်။ ဦးသုဇန နယ်ပြီးသည်အထိ ထိုရဟန်း ပြုဖွယ်ကိစ္စက မပြီးတတ်သေး။ နယ်ပြီးသော ဆွမ်းတစ်ဝက်ကို သပိတ်ဖုံးတွင်ထည့်၍ ရဟန်းအား စားဦးစားဖျားကပ်လှူသည်။ မစားလိုဟု ငြင်းပယ်သည်။ ဦးသုဇနကို့အနားမှာ ခွေးငယ်တစ်ကောင် ဘယ်က ဘယ်လိုရောက်လာသည်မသိ။ အငေးသား ထိုင်ကြည့်နေမိသည်။

-ခဏအကြာ မှာ ဦးသုဇန ဆွမ်းဘုဉ်းပေးပြီးသွားသည်။ နောက် ဆွမ်း ကျန်ကို ခွေးကလေးအား ချကျွေးသည်၊ ခွေးကလေး စားလိုက်သည်မှာ အားရ ပါးရ၊ ခဏချင်းကုန်သွားသည်။ ဦးသုဇန သပိတ်ဆေးပြီးသည်ထိ ရဟန်း ဆွမ်း ကိစ္စ မပြီးတတ်သေး။ ခွေးငယ်ကလေးသည် ဆွမ်းကျန်ကိုစားပြီး ကျန်သော ရဟန်းဆွမ်းကိုပါ စားဦးမည်အတွေးဖြင့် ထိုင်စောင့်နေသည်။

ခဏအကြာ ထိုရဟန်း ဆွမ်းဘုဉ်းပေးပြီးသွားသည်။ ဆွမ်းကျန်ကို ခွေးကလေးအား ချကျွေးသည်။ ခွေးက နမ်းရုံသာနမ်းပြီး ထိုရဟန်းကို တစ်ချက် မော့ကြည့်ကာ ထွက်သွားတော့သည်။ ဆွမ်းကိစ္စ ပြီးစီးကြပြီးနောက် ထိုရဟန်း ၏အပြုအမူကို မနှစ်သက်လှသဖြင့် ဦးသုဇနက-

"အရှင်ဘုရား၊ ဝါတော် ၂၄ဝါသာရှိတယ်။ ဆရာမရှိ။ နိဿရည်း လည်း မရှိနဲ့ ထင်သလိုသာ လှည့်လည်သွားလာနေတယ်။ တပည့်တော်ထက်

ဝါကြီးပေမယ့် တပည့်တော်မရှိခိုးလိုပါ။ အရှင်ဘုရားနှင့်လည်း အတူမနေလိုပါ” ဟု ပြောပြီး မြဝတီသုသာန်မှ ပြန်လည်ထွက်လာခဲ့သည်။

မြဝတီမှ ထုံးစံအတိုင်း ကုန်းကြောင်းတစ်လှည့်၊ ခြေကျင်တစ်လှည့်ဖြင့် လာခဲ့ရာ ဘယ်ကဘယ်လိုရောက်လာသည်မသိ။ ကျုံဒိုးနှင့် ဂျိုင်းသွားလမ်းမကြီး ရောက်လာသည်။

လမ်းပေါ်မှာ မြင်းလှည်းတစ်စီးတွေ့သည်။ မြင်းလှည်းပေါ်မှာ မောင်းသူ တစ်ဦး၊ အမျိုးသမီးတစ်ဦးနှင့် ပိတ်စလိပ်များ ရှိနေသည်။ ညနေ (၃)နာရီကျော် ပြီမို့ မိုးမချုပ်မီ ဂျိုင်းသို့ရောက်လျှင် ကောင်းမည် အတွေးဖြင့် စီးခွင့်တောင်းရာ အမျိုးသမီးက တူးတူးခါးခါး ငြင်းဆိုသဖြင့် စီးခွင့်မရခဲ့။ တစ်ပါးတည်း လျှောက် ခဲ့သည်။ ခရီးအတော်ပေါက်လာပြီး ကွန်ကရစ်ဖြင့်တည်ဆောက်ထားသော တံတားကို ဖြတ်ကျော်စဉ် တံတားအောက်မှ လူသုံးယောက်ထွက်လာပြီး ဦးသုဇနအား ဓားပြတိုက်ကြသည်။ တစ်ဦးက လက်နက်ဖြင့်ချိန်ထားသည်။ ကျန်နှစ်ဦးက ပစ္စည်းရှာသည်။ သပိတ်ကိုယူပြီးဖွင့်သည်။ ဘာမှမရှိ။

“တော်တော်မွဲတဲ့ဘုန်းကြီး” ဟု သြဘာပေးသည်။ ဘာမှမရှိသဖြင့် ဒုကုဋ်သင်္ကန်းကြီးကိုယူသည်။ အပေါ်ရုံကေသီသင်္ကန်းကိုယူသည်။ လိုချင်တာ မရသေးသဖြင့် သင်းပိုင်လိပ်ထဲမှာ ရှိကောင်းသည်ဟု တွေးဟန်တူသည်။ ဝတ်ထားသော သင်းပိုင်ကို ဖြည်ရှာသည်။ ဘာပစ္စည်းမှ မတွေ့သည့်အဆုံး ဓားပြများ စိတ်တိုသွားသည်ထင်၏။

“ဒါလောက်ရိလှတဲ့ဘုန်းကြီး၊ မွဲလှတဲ့ဘုန်းကြီး၊ ရှိတာတွေအကုန်ယူ သွားမယ်” သဘောဖြင့် သင်္ကန်းအားလုံးကို ချွတ်ယူပါတော့သည်။ ခန္တီပါရမီ ဖြည့်ဆည်းနိုင်ရန် ဖန်လာခြင်းဖြစ်သည်ဟု နလုံးပိုက်ရတော့သည်။

ဦးသုဇနမှာ ယပ်တစ်ခုသာကျန်သည်။ ထိုကိုတော့ ကိုရွှေဓားပြများ မယူကြ။ သပိတ်သင်္ကန်းများအားလုံးကိုသာ လုံးထွေးထုပ်ပိုးနေကြသည်။

“ဒကာကြီးတို့ကိစ္စပြီးပြီလား၊ ပြီးရင် သွားတော့မယ်” ဟုပြောကာ တစ်ခုတည်းသောယပ်ကို အဖော်ပြုကာ လျှောက်လာခဲ့သည်။ တစ်ခုတည်းသော ယပ်သည် အားလုံးကို ဖုံးကွယ်နိုင်စွမ်းမရှိ။ ဖုံးကွယ်ရသမျှကိုသာ ဖုံးကွယ်၍ ထွက်လာခဲ့သည်။ ထိုစဉ် ဥမ္မာဒန္တီဇာတ်ထဲသို့ ကြဲကြဲဖန်ဖန်စိတ်ကရောက်သွား သည်။

ဇာတ်တော်ထဲမှာ ဥမ္မာဒန္တီလောင်းဖြစ်သူ သူဆင်းရဲမလေးသည် ကျွန်ခံ ပြီးမှရလာသော ဝတ်ပန်းပုဆိုးကို ဝတ်တော့အုံဆဲဆဲတွင် သစ်ရွက်များကို ကြိုး ဖြင့်သီ၍ အရှက်လုံရုံမျှ ဖုံးလွှမ်းလာသူတစ်ဦးကို တွေ့ရသည်။ မေးမြန်းကြည့်ရာ ခိုးသူလုယက်ခြင်းခံရသော ရဟန်းတစ်ပါးဖြစ်ကြောင်း သိရသည်။ စေတနာ

သင်္ခါဖြစ်လာသည်နှင့် မိမိမဝတ်တော့ဘဲ ရဟန်းအား ပေးလှူခဲ့သည်။ ထိုကုသိုလ်ကြောင့် နောင်ဘဝတွင် မြင်သူရှူးလောက်အောင်လှပသော ဥမ္မာဒန္တီ အလှဘုရင်မ တစ်ပါးဖြစ်ခဲ့ရသည်ဟု ဆိုသည်။

ဇာတ်တော်ထဲမှာ ခိုးသူလုယက်သော သင်္ကန်းရှိသော ရဟန်းဆိုသည်မှာ ယခု မိမိကဲ့သို့ပင် ကြုံတွေ့ခဲ့ရဟန်တူသည်။ ထိုစဉ်က ရဟန်းသည် သူခိုးဓားပြများနှင့် မည်သို့ကြုံကြိုက်ခဲ့ရမည်မသိ။ မိမိမှာမူ...။

"ဓားပြများက ချွတ်သည်၊ မိမိက ရွတ်သည်"

"ဓားပြများက ဖဲ့သည်၊ မိမိက ရွဲ့သည်" ဖြစ်သွားရတော့သည်။

ဇာတ်တော်ထဲက အဆိုအမိန့်အတိုင်း သစ်ရွက်လေးများကို ကြိုးဖြင့် သီဖို့ရာမှာလည်း လုံးဝမဖြစ်နိုင်။ ကွင်းပြောင်လိုက်သမှ ထီးထီးကြီး။ သစ်ပင်ဟူ၍မရှိ။ သစ်ရွက်ဟူ၍ နတ္ထိ။ မတတ်နိုင်တော့။ ရွတ်သည်ပဲဆိုဆို၊ ရွဲ့သည်ပဲပြောပြော အရှိနှင့် အရှိအတိုင်းသာ လျှောက်နေရတော့သည်။

ခုနေခါများ ဇာတ်တော်ထဲကလို အဝတ်လာလှူမည့်သူနှင့်များ ဆုံမိပါရင် အရှင်လတ်လတ်များ အသက်ထွက်သွားမလားပဲ။ ဘုရားသိကြားမလို့ ငှင်း အလှူရှင်မျိုးနှင့် မတိုးပါစေနှင့်။ တိုးမယ့်တိုးလည်း ဇာတ်တော်ထဲကအတိုင်း သစ်ရွက်ကလေး ကြိုးသီပြီးမှ တိုးပါစေ။

သူများတစ်တွေက ပြောကြသည်။

"အဝတ်တစ်ထည် ကိုယ်တစ်ခု" တဲ့ မိမိအဖြစ်က ယပ်တစ်ခု၊ ကိုယ်တစ်ခုပါလား အရပ်ကတို့ရဲ့ဟု ညည်းချင်သွားမိသည်။

မှတ်နေကျ တရားလည်း အရှုပ်အရှင်းကြား ဘယ်ဆီရောက်သွားသည် မသိ။ ဘယ်လိုမှ ဦးတည်မရတော့။ လက်ရှိ ပစ္စုပ္ပန်အဖြစ်က တရားထက် အရေးကြီးနေသည်။ ယနေ့၊ နက်ဖြန်၊ သန်ဘက်ခါ စသည့်နေ့များ ရှည်လျားစွာရှိနေသည်။ ယပ်တစ်ခုတည်း သည်ပုံဖြင့် ဘည်ကိုယ်တော် ဘယ့်နှယ့်လုပ်ပါ့ မတုန်း။

အတွေး တစ်သီတစ်တန်းကြီးဖြင့် လျှောက်နေသည်။ ဝါးဆယ်ရိုက်ခန့် အရောက်တွင်မှ ဓားပြများက–

"ရပ်ပါဦးကိုယ်တော်" ဟု လှမ်းပြောသံကြားရသည်။ မရပ်ဘဲ ဆက်သွားသည်။ ဓားပြများ ပြေးလိုက်လာသည်။ ဦးသုဇနက ရပ်ပြီး–

"ဦးဇင်းမှာ ဘာမှမရှိတော့ဘူး။ မြင်တဲ့အတိုင်းပဲ။ ယပ်တစ်ခုနှင့် ဆေးမင်ကြောင်ထိုးကွင်းက ကယ်ပေလို့"

"သည်းခံပါဘုရား"

ဓားပြများက ပစ္စည်းများကို ပြန်ပေးသည်။ ဦးသုဇနက မယူ။ ငူငူကြီး

ရပ်နေသည်။ ဓားပြများက ခုမှ အမြင်မတော်သည်လား၊ ကြည့်မကောင်းသည်လား မပြောတတ်။ သင်းပိုင်ကို ဝတ်ပေးသည်။ ဝတ်ပေးသည်မှာလည်း ရှေ့မှ မဟုတ်။ နောက်ကျောဘက်မှ တင်လိပ်ပြီး ဝတ်ပေးသည်။ ဇာကသိကို ဖြစ်သလို ကပိုကရိုတင်၊ ဒုကုဋ်ကို ပခုံးတစ်ဖက်ပေါ်တင် သပိတ်ကို အခြားတစ်ဖက်မှာ ချိတ်ပေးပြီး ပြန်ထွက်သွားခဲ့ကြသည်။ ဓားပြများ ပြန်ထွက်သွားပြီးကာမှ ဦးသုဇန သင်္ကန်းကို ပြင်ဆင်ဝတ်ရုံပြီး ဂျိုင်းဘက်သို့ ဆက်ထွက်ခဲ့သည်။

* * * * * * * *

ဂျိုင်းသို့ရောက်လျှင် သုသာန်မှာပင် နေထိုင်တည်းခိုသည်။ နံနက် ဆွမ်းခံသွားစဉ် 'လယ်ကယ်' လူမျိုးတစ်စုဆီ ရောက်သွားသည်။ ထိုလူမျိုးသည် ဘုန်းကြီးတွေ့တိုင်း ရှိခိုးလေ့မရှိ။ သင်္ကန်းလွတ်ဘုန်းကြီးဖြစ်၊ ငယ်ဖြူဘုန်းကြီး လည်းဖြစ်ပါမှ ရှိခိုး လေ့ရှိသည်။ ဆွမ်းကွမ်း ဝေယျာဝစ္စပြုလုပ်ပေးလေ့ရှိသည်။ လယ်ကယ်ဟူသည်မှာ ကရင်အမျိုးသား အမျိုးနွယ်စုတစ်စုပင်ဖြစ်သည်။

သူတို့လောင်းလှူသောဆွမ်းကို ခံယူဘုဉ်းပေးပြီး ခရီးဆက်ခဲ့သည်။ လမ်းမှာ ယမန်နေ့ မြင်းလှည်းပေါ်မှာတွေ့ခဲ့သော အမျိုးသမီးကြီးကို တွေ့ရသည်။ သည်တစ်ခါတော့ ကားခလှူပြီး ကားစီးစေသည်။ ယမန်နေ့က အကြောင်းကို ပြန်ပြောပြသည်။ မြင်းလှည်းတောင်း၍စီးသည်ကို မပေးစီးသဖြင့် သူ ဒုက္ခဖြစ်ရသည်။ ပေးစီးခဲ့လျှင် ဘုန်းကြီးပါနေသည်ဖြစ်၍ သူ့ကို ဓားပြတိုက်မည်မဟုတ်။ ယခုတော့ ဓားပြတိုက်၍ ပါသမျှ ကုန်ခဲ့ပြီဖြစ်ကြောင်း ပြောပြနေသည်။

ဦးသုဇနကတော့ ဘာမှပြန်မပြော။ ရင်ထဲမှာ ရယ်ချင်စိတ် ကလိကလိ ဖြစ်လာသည်။ မိမိအဖြစ်က သူ့အဖြစ်ထက် ဆိုးသည်ကို သူ့ခမျာ မသိရှာ။ အားကိုးတကြီးဖြင့် ဘုန်းကြီးပါလျှင် ဓားပြမတိုက်တန်ကောင်း ဆိုနေချေသည်။

သူ မြင်းလှည်းမစီးမိတာဘဲ ကံကောင်းသေးသည်။ အကယ်၍သာ စီးမိပါက 'မှောင်ခိုဘုန်းကြီး' ဆိုပြီး ပယ်ပယ်နယ်နယ် အတွယ်ခံရမှာ သေချာ သည်။ ယခုပင် ဘာပစ္စည်းမှမပါဘဲနှင့်ကို ဤမျှခံရသေးသည် တွေးမိသဖြင့် အလှူကို လက်မခံတော့ဘဲ ထုံးစံအတိုင်း ခြေကျင်ဖြင့် ပြန်လာခဲ့သည်။

ဘားအံရောက်တော့ အောင်နန်းသုသာန်မှာ ညအိပ်နားနေပြီး နံနက် စောစော ဆွမ်းခံထွက်ရာ ဘိန်းမုန့်တွေ အများကြီးရရှိလာသည်။ ဆွမ်းဘုဉ်းပေး ပြီး ဘိန်းမုန့်များကို အနီးမှာရှိသော ခွေးများအား စွန့်လှူကာ နံနက် (၆)နာရီ လောက်တွင် ဘားအံမြို့မှ မြိုင်ကလေးဘက်ကမ်းသို့ ထိကဆာ (ထိုစဉ်က ကူးတို့သင်္ဘော) ဖြင့် ကူးခဲ့သည်။ ကုန်းကြောင်းလျှောက်လာရာ သထုံကို ၉နာရီ ကျော်လောက်မှာ ရောက်သည်။ သထုံမြို့ထဲ ဆွမ်းခံဝင်၊ မြို့မှထွက်၊ အနီးရှိ

မိုးကောင်းရွာမှာ နေ့ဆွမ်းဘုဉ်းပေးပြီး ခရီးဆက်သည်။ ကျိုက္ကော်အနားမှ မဝိုင်းစုရွာအနီး တောင်ကုန်းပေါ်မှာရှိသော ကေလာသဘုရားသို့ တက်ခဲ့သည်။

ညနေ ၄နာရီခန့်အရှိတွင် ဘုရားဝတ်ပြု ပရိတ်ရွတ်၊ မေတ္တာပို့၊ အမျှဝေ အပြီးမှာ တောင်ပေါ်သို့ အနူရောဂါသည်ကြီးတစ်ဦး တက်လာသည်ကို တွေ့ရသည်။ အိုမင်းပြီး အသက်ကြီးသည်နှင့်အတူ ရောဂါကလည်း ရင့်နေပုံရသည်။ မျက်နှာကြီးက ထူအမ်းအမ်း၊ ဖောသွပ်သွပ်၊ နှာခေါင်းပင် မရှိတော့ဟု ထင်ရလောက်အောင်ပင် ဖြစ်နေပြီး လက်ချောင်း၊ ခြေချောင်းလေးတွေ တိုနန၊ အနာတွေက ရိရွဲနေပြီး ကရိနေပြီမို့ ကြည့်ရသည်ကိုက မသတီစရာ။ လွယ်အိတ် အဟောင်းအစုတ်ကြီးတစ်လုံးကို လွယ်ထားသည်။

အနူကြီးသည် ဘုရားပေါ်တက်လာပြီး ဟိုနားသည်နား လျှောက်ရှာရာ အုန်းမှုတ်ခွက်တစ်ခုကို ကောက်ယူသည်။ ဘုရားအနောက်ရေကန်မှရေကို ထိုခွက်ဖြင့် သွားခပ်လာသည်။ မနီးမဝေးတွင် ရပ်တန့်၍ အိတ်ထဲမှ မန်ကျည်းမှည့်နှင့် ထန်းလျက်ကိုထုတ်၍ ရေခွက်ထဲထည့်ကာ ပယ်ပယ်နယ်နယ် ညှစ်နယ်နေသည်။ ထိုအဖြစ်ကို ဦးသုဇန တွေ့မြင်ရာ စိတ်ထဲမှာ တွေးနေမိသည်။

"ဘုရား... ဘုရား... အဲဒီဖျော်ရည် ငါ့ကိုများ လာတိုက်နေရင် ဒုက္ခပဲ။ ဘယ့်နယ်လုပ်ရပါ့။ ပြေးလို့လည်းမလွတ်၊ ရှောင်လို့လည်းမသာ။ လှူလာမယ့်လူကလည်း စေတနာရှိနေတော့ မငြင်းသာ၊ မယူသာကြီး ဖြစ်နေပြီ။ အမြင်ကိုက မသတီစရာဖြစ်ရတဲ့အထဲ သူ့အနာ ရိရွဲရွဲလက်ကြီးနဲ့ ပယ်ပယ်နယ်နယ်ကြီး ညှစ်နယ်နေပုံက ရင်ထဲပျို့တက်ချင်စရာ။ ဘာဆက်လုပ်ရပါ့" တွေးနေမိသည်။

တစ်ဆက်တည်း ဘုရားရှင်လက်ထက်တော်က အဖြစ်အပျက်တစ်ခုကို ဖတ်မိဖူးသည်ကို သတိရမိသည်။

အရှင်မဟာကဿပ ကိုယ်တော်မြတ်ကြီး ဆွမ်းခံကြွရာ အနူရောဂါသည် တစ်ဦးသည် သူစားလက်စ ထမင်းကို လောင်းလှူသည်။ အိမ်တကာ လှည့်လည်၍ တောင်းထားသော ထမင်းကျန်ဟင်းကျန်ဖြစ်သည်။ အရှင်မဟာကဿပ ကိုယ်တော်မြတ်ကြီး ဆွမ်းရပ်သည်ကို မြင်သဖြင့် စေတနာဖြစ်ကာ စားလက်စကို လောင်းလှူခြင်းဖြစ်သည်။ သပိတ်ထဲ လောင်းလှူထည့်ရာ ရိရွဲနေသော အသားငယ်တစ်ခုပင် သပိတ်ထဲကျသွားသေးသည်။ ထိုကို အရှင်မဟာကဿပ ကိုယ်တော်မြတ်ကြီး တွေ့သည်။ ဆွမ်းကိုခံယူပြီး မနီးမဝေး ဇရပ်တစ်ခုသို့ တက်ရောက်ကာ အသားတစ်ငယ်ကိုဖယ်ရှား၍ ဆွမ်းဘုဉ်းပေးသည်။ ထိုအဖြစ်ကို ရောဂါသည်ကြီး မြင်တွေ့ရာ ဆွေ့ဆွေ့ခုန်မျှ ဝမ်းသာပီတိ ဖြစ်ခဲ့ရသည်တဲ့။

ဖတ်ခဲ့ရဖူးပါသည်။ အရှင်မဟာကဿပကိုယ်တော်မြတ်ကြီးကား

ဘုရားရှင်၏ ဇာတိယ အဂ္ဂသာဝကကြီး ဖြစ်ပါသည်။ ရောဂါသည်ကြီးကို ချီးမြှောက်ခြင်းငှာ ဆွမ်းရပ်သည်။ ဤမည်သော ဆွမ်းကိုရရှိပြီး စက်ဆုပ်ခြင်းကင်းမဲ့စွာ ဘုဉ်းပေးသည်။

ရဟန္တာပုဂ္ဂိုလ်များကား အတိဋ္ဌာရုံ၌ သောမနဿ (ဝမ်းမြောက်နှစ်သက်မှု) ဖြစ်တတ်သော်လည်း အနိဋ္ဌာရုံ၌မူ ဒေါမနဿ (နှလုံးမသာမယာစိတ်ဆင်းရဲမှု) မဖြစ်အောင် ဥပေက္ခာ (လျစ်လျူရှု) ပြုတော်မူနိုင်ကြသည်။

အနိဋ္ဌာရုံနှင့် တွေ့ကြုံသော် ဒေါသ၊ ဒေါမနဿဇော မဖြစ်ဘဲ ဥပေက္ခာဇော စောတော်မူနိုင်ကြသည်ဟု အဘိဓမ္မာသင်ယူစဉ်က ဇောစောပုံ သင်ယူခဲ့သည်ကို ပြန်လည်အမှတ်ရသည်။

ထားတော့၊ ဟိုမှာက အရာရာကို လျစ်လျူရှုနိုင်သော ရဟန္တာ ကိုယ်တော်မြတ်ကြီး။ မိမိမှာက ဘာဆိုဘာမှ မဟုတ်သေး။ ပုထုဇဉ်မှ ပုပ္ပုထုထုအစဉ်ဖြစ်နေသေးသည်။ ခက်ပြီ။ အဲသည်ဖျော်ရည် ငါ့ကိုများ လာကပ်နေမှဖြင့်။

အတွေးမှာမဆုံးတတ်သေး။ ရောဂါရှင်ကြီးမှာ ဖျော်ရည်ဖျော်ပြီးသွားသည်။ မန်ကျည်းမှည့်ဖတ်များကို ဆယ်ယူ၍ သူ့လက်တိုကြီးနှစ်ဖက်ဖြင့် အရည်ညှစ်ချလိုက်သေးသည်။ ပြီးလျှင် တွေးထားသည့်အတိုင်း ဦးသုဇနအား လာကပ်သည်။

"ကိုင်း.... မောင်သုဇန၊ မင်းဘယ်ပြေးမလဲ။ ပြေးလို့မလွတ်တော့ဘူး မဟုတ်လား။ ဒီတော့ ဘာမှလုပ်မနေနဲ့၊ အရှင်မဟာကဿပကြီးထုံး နှလုံးမူပြီး ရဲရဲကြီးသာ အလှူခံပေတော့" ဟု မိမိကိုယ်ကို ဆုံးမကာ ဖျော်ရည်ကို အကပ်ခံပြီး ဘုဉ်းပေးလိုက်သည်။ ဖျော်ရည်နံ့က သင်းပျံ့ပျံ့။ ငှက်ပျောဆီနံ့နှင့် တူနေသလို ထင်ရသည်။ အရသာမှာ အခြားသော မန်ကျည်းဖျော်ရည်မျိုးနှင့် မတူ။ တစ်မူထူးခြားနေသည့်အဖြစ်ကို သတိပြုမိသည်။ တစ်ဝက်ခန့်ဘုဉ်းပေးပြီး အကျန်ကို ပြန်ပေးလိုက်သည်။

ရောဂါရှင်ကြီးသည် ဖျော်ရည်ခွက်ကို ပြန်ယူပြီး လက်သီးလက်မောင်းတန်းကာ–

"အောင်ပြီ။ ငါအောင်ပြီ။ ငါ ဒီတောင်မှာနေတာ အနှစ် ၄၀ကျော်ပြီ။ ငါဖျော်ရည်တိုက်တာ ဘယ်သူမှမသောက်ဘူး။ ဒီဘုန်းကြီးက ငါ့ဖျော်ရည်သောက်တယ်။ ငါ အောင်ပြီဟေ့.... ငါ အောင်ပြီ" ဟု အားရဝမ်းသာ ကြွေးကြော်လေသည်။

သူက အားရဝမ်းသာ ကြွေးကြော်နေသည်။ ဦးသုဇနမှာဖြင့်–

"သူ ဘာအောင်တာလဲ။ ငါ့ကိုသေစေဖို့ အကြံနဲ့ တိုက်လို့ သောက်တာကို အောင်ပြီလို့ပြောတာများလား" စသဖြင့် တွေးလန့်နေမိသည်။

ခဏအကြာမှာ ရောဂါရှင်ကြီး ဘုရားပေါ်မှ ဆင်းသွားတော့သည်။

* * * * * * * *

နောက်တစ်နေ့ အရုဏ်တက်ချိန်တွင် ပြုမြဲဝတ်ဖြစ်သည့် ဘုရားရှိခိုးမှုစသည်တို့ကို ပြုလုပ်ပြီး တရားရှုမှတ်နေစဉ် မျက်နှာကို မီးရောင်ဟပ်သဖြင့် ကြည့်လိုက်သည်။ လူကြီးတစ်ဦး မီးအုပ်ဆောင်းဖြင့် မျက်နှာနားကပ်ပြီး သေသေချာချာ ရှုစမ်းသလိုကြည့်နေသည်ကို တွေ့ရသည်။ ပါးစပ်မှလည်း–

"ဟုတ်တယ်၊ ညက အိပ်မက်ထဲက တွေ့ရတာ ဒီဘုန်းကြီးပဲ" ဟု ဆိုသည်။

ထို့နောက် ဆွမ်းတစ်ချိုင့်နှင့် ရေတစ်အိုးကပ်လှူသည်။ အလှူခံပြီး သပိတ်ထဲထည့်လှယ်သည်။ ဆွမ်းမှာ အုန်းဆွမ်းဖြစ်သည်။ ပဲပြားကြော်၊ ကြက်ဟင်းခါးသီးကြော်နှင့် ပဲပင်ပေါက်ကြော်လည်း ပါသည်။ သပိတ်ထဲမှာ နယ်ပြီး ဘုဉ်းပေးသည်။

"တပည့်တော် ညဦးက အိပ်မက်မက်တယ်ဘုရား။ ဒီဘုရားပေါ်မှာ အရှင်ဘုရား တရားထိုင်နေပုံအတိုင်း မြင်မက်တယ်။ နိုးလာတော့ အဲဒီဘုန်းကြီးကို အရုဏ်ဆွမ်းသွားကပ်လိုက်ပါလို့လည်း ပြောသံကြားရတယ်။ ဒါနဲ့ အိပ်ရာမှ ထပြီး လုပ်ကိုင်ချက်ပြုတ်ကာ အရုဏ်တက်ချိန်တွင် လာခဲ့ပါတယ်ဘုရား။ ဘုရားပေါ်ရောက်တော့ အိပ်မက်ထဲကအတိုင်း အရှင်ဘုရားကို မြင်ရတာပဲ။ ပိုပြီး သေချာအောင် မီးအုပ်ဆောင်းနဲ့ သေသေချာချာ ကပ်ပြီးကြည့်တော့ အိပ်မက်ထဲက ဘုန်းကြီးဖြစ်နေတာကို တွေ့ရတယ်။ တပည့်တော် သိပ်ကို ဝမ်းသာသွားရပါတယ်ဘုရား။ တပည့်တော်အဖို့ အရှင်ဘုရားကို ဆွမ်းကပ်လှူခွင့်ရအောင် နတ်များက တိုက်တွန်းနှိုးဆော်တာ ဖြစ်ပါလိမ့်မယ်ဘုရား"

ဆွမ်းလှူလာသူက ဆွမ်းလာလှူခြင်းအကြောင်းကို လျှောက်ထားပြောပြနေသည်။ ဦးသုဇနသည် ဆွမ်းဘုဉ်းပေးပြီး ဆွမ်းလာလှူသူ ဒါယကာကြီးအား သီလပေး အနုမောဒနာတရား အနည်းငယ်ဟောကြားပြီး တရားအဆုံးမှာ သာဓုခေါ်ပြီး ဆွမ်းအလှူရှင်ကြီး ဘုရားကုန်းပေါ်မှ ဆင်းသွားသည်။ ဦးသုဇနလည်း မကြာမီ ကေလာသဘုရားမှ ဆင်းခဲ့ပြီး မဝိုင်းစုရွာ၊ ခဲမောက်ဒေါက်ချပ်ရွာ၊ ပိန္နဲတောရွာတို့ကိုဖြတ်ကာ မိဖိုင်းတောင်သို့ ပြန်လာခဲ့တော့သည်။

မိဖိုင်းမှတစ်ဆင့် မြို့ကြီးငူသို့ ကူးမည်ဟု...။

* * * * * * * *

**မိဖိုင်းတောင်သည်** ကမမောင်းရွာ၏ အနောက်ဘက်ငါးမိုင်ခန့်အကွာ

တွင် တည်ရှိသည်။ တောင်ခြေနှင့် (၅)မိုင်ခန့်အကွာ မီးဖိုင်းရွာ တည်ရှိသည်။ ဦးသုဇနသည် မိဖိုင်းတောင်သို့ ယခင်ကလည်း မကြာမကြာ လာလေ့ရှိသည်။ မြို့ကြီးငှတွင် စိတ်အနှောင့်အယှက် တစ်စုံတစ်ရာ ကြုံလေတိုင်း မိဖိုင်းတောင်သို့ စိတ်ပြေလက်ပျောက် လာရောက်လေ့ရှိသည်။ အမျိုးသမီးကိစ္စ ပေါ်ပေါက်စဉ်ကလည်း ရောက်ခဲ့သေးသည်။ ယခုလည်း ရောက်လာခဲ့ပြန်သည်။

တောင်ထိပ်သို့ရောက်အောင် မတက်သေးဘဲ တောင်ခုလတ်ဇရပ်ပျက်တစ်ခုမှာ နားနေလိုက်သည်။ ထိုမှာပင် ညအိပ်နားနေလိုက်သည်။ မိုးလင်းသော် ၄င်းမှ ငါးမိုင်ခန့်ဝေးသော တောင်ခြေရွာသို့ ဆွမ်းခံကြွသည်။ စောစောလေးကြွမိသဖြင့် ဆွမ်းကိစ္စ အဆင်ပြေသည်။

ညဘက်ရောက်လာသည်။

လက ထိန်ထိန်သာနေသည်။ နဂိုကမှ လူသူမဲ့ တောတောင်လည်းဖြစ်၊ အကာလညကြီးသန်းခေါင်ယံလည်းဖြစ်သဖြင့် စိတ်ချောက်ချားလောက်အောင် တိတ်ဆိတ်ငြိမ်သက်ခြင်းက မင်းမူနေသည်။ တစ်ခါတစ်ရံသာ ညဥ့်ငှက်များ ပျံသန်းလှုပ်ရှားသံ၊ ပုရစ်ငယ်များ အော်မြည်သံ ထွက်ပေါ်လာတတ်သည်။ မိဖိုင်းတောင် အပါအဝင် တစ်လောကလုံး ထိန်ထိန်သာနေသော လရောင်အောက်ဝယ် အိပ်စက်အနားယူနေကြသည်။ မအိပ်ဘဲနေသော ကြီးကြီးမားမားအရာဟူ၍ တရားရှုမှတ်ပွားများနေသော ဦးသုဇနနှင့် အရှေ့ဘက်ဆီမှ တသွင်သွင် တငြိမ့်ငြိမ့် စီးဆင်းနေသော သံလွင်မြစ်ရေအလျဉ်သာ ရှိသည်။

ဦးသုဇနသည် ရောက်ရာအရပ်တွင် လျောင်းခြင်း၊ ဣရိယာပုထ်ကို ပယ်၍ ကျန်သုံးပါးဖြင့်သာ ပွားများလေ့ရှိသည်။ အိပ်ငိုက်လွန်းသည်ဆိုသော်မှ ကျောချ၍ မလှဲမိစေဘဲ ထိုင်လျက်ပင် တစ်ခါတလေ တစ်ခုခုကိုမှီလျက်ပင် စဉ်းငယ်မျှ မေးကနဲ အိပ်သည်ဆိုရုံမျှ အိပ်လေ့ရှိသည်။

ည ၁၂နာရီ ကျော်ခဲ့သည်။ ဦးသုဇနသည် ဇရပ်ပျက်ပေါ်ဝယ် ထိုင်ခြင်း ဣရိယာပုထ်ဖြင့် သတိပဋ္ဌာန် ပွားများနေသည်မှာ ညဦးကာလကတည်းကပင်။

ထိုစဉ်ကာလ ထိန်ထိန်သာနေသော လရောင်အောက်ဝယ် ဦးသုဇန ရှိရာ ဇရပ်ပျက်ဆီသို့ လူနှစ်ယောက်နှင့် ခွေးတစ်ကောင် တရွေ့ရွေ့တက်လာနေကြသည်။ ခြေသံလုံအောင် သတိထား၍ လျှောက်နေကြသည်။ အတူတူပါလာသောခွေးသည် မည်မျှ ကျင့်သားရထားသည်မသိ။ သခင့်နောက်ပါးမှ တစ်ဖဝါးမကွာ ခြေသံမထွက်စေဘဲ လိုက်ပါနေသည်။ လူနှစ်ယောက်မှာ ယောကျာ်းသားများမဟုတ်။ ၁၆–၁၈နှစ်ရွယ် မိန်းမပျိုကလေးများဖြစ်သည်။ ကရင်သင်တိုင်း အနက်ရောင်အောက် ဝင်းလဲ့တောက်ပနေသလားထင်ရလောက်အောင်ရှိသည်။ ချောမောလှပသူအဖြစ် စာရင်းသွင်းနိုင်လောက်သော ရုပ်ရည်ပိုင်ရှင်များ ဖြစ်ကြသည်။

အတူပါလာသောခွေးမှာ အနက်ရောင်ဖြစ်ပြီး မြင်တွေ့နေကျ ခွေးများနှင့်စာသော် ပို၍ကြီးမားနေသည်။ တိတ်ဆိတ်ငြိမ်သက်နေသော မိဖိုင်းတောင်ခုလတ်တစ်နေရာ အကာလ ညကြီးသန်းခေါင် လူနှစ်ယောက်နှင့် ခွေးတစ်ကောင် ဧရပ်ပျက်ဆီသို့ ဖြည်းဖြည်းမှန်မှန် လျှောက်လှမ်းနေကြသည်။ မြင်နေကျမျက်စိနှင့်ကြည့်လျှင် ထိုအရာများမှာ ဆန်းကျင်လွန်းနေသည်။

အကာလ ညအချိန်နှင့် မိန်းမပျိုလေးနှစ်ဦး

တိတ်ဆိတ်မှုနှင့် အဖော်မဲ့ မိန်းမသားနှစ်ဦး

တောတောင်နှင့် ဆက်စပ်၍မရ။ အခါမဲ့မှာ တွေ့နေရသော မိန်းမသားနှစ်ဦး။ ပြီးတော့ ခွေးနက်ကြီးက တစ်ကောင်။

လှပသော လသာညကို မိန်းမပျိုလေးများ၏အလှက ပို၍လှပအောင် တန်ဆာဆင် ဖြည့်စွမ်းနိုင်သလောက် ခွေးနက်ကြီးက အကျည်းတန်စေသည်။ ထို ဆန်းကျင်သောအရာများသည် ပို၍ဆန်းကျင်သော နေရာဆီသို့ ဦးတည်၍ ရွေ့လျားနေကြသည်။ ရဟန်းနှင့် မာတုဂါမ၊ မာတုဂါမနှင့် ရဟန်း။

ဦးသုဇနသည် ထိုင်ခြင်းဖြင့် တရားရှုမှတ်နေရာမှ စင်္ကြံသွားခြင်းဖြင့် ဆက်လက်ရှုမှတ်အံ့ဟု စိတ်ကဖြစ်လာသည်နှင့်–

ရပ်ချင်စိတ်ဖြစ်တယ်၊ သိတယ်

ရပ်ချင်တယ်၊ သိတယ်

လှုပ်ရှားလာပြီ၊ သိတယ်

ခန္ဓာကိုယ် ကြွလာပြီ၊ ကြွလာပြီ၊ သိတယ်

မြောက်တက်လာပြီ၊ မြောက်လာပြီ

ရပ်တော့မယ်၊ ရပ်တော့မယ်

ရပ်မယ်၊ ရပ်မယ်၊ ရပ်ပြီ၊ ရပ်ပြီ

ရပ်နေသည်၊ ရပ်နေသည်

ရှေ့လှမ်းချင်သည်၊ လှမ်းချင်သည်

လှမ်းတော့မယ်၊ လှမ်းတော့မယ်

လှမ်းပြီ၊ လှမ်းပြီ

ရှေ့ကြည့်မယ်၊ ကြည့်မယ်

ကြည့်တယ်၊ မြင်တယ်၊ မြင်တယ်

"ဟင်... ဘာတွေပါလိမ့်" မထင်မှတ်ထားသော အရာများကို တွေတွေဆိုင်ဆိုင် မြင်လိုက်ရသည်။ အမျိုးသမီးနှစ်ယောက်နှင့် ခွေးနက်ကြီးတစ်ကောင်။ အမျိုးသမီးနှစ်ယောက်က ဦးသုဇနအား ရှိခိုးဦးချပြီး ထိုင်နေသည်။ ခွေးနက်ကြီးက သူတို့နောက်နားမှာ လျှာကြီး အလျားလိုက်ထုတ်လျက် အစွယ်

အဖွေးသားဖြင့် ထိုင်နေသည်။ ဦးသုဇနသည် တရားရှုမှတ်ခြင်းကို ခေတ္တ ရပ်ဆိုင်းကာ–

"မင်းတို့ ဘယ်ကလဲ

"ဒီနား တောင်ခြေကပါ"

"ဘာလာလုပ်တာလဲ"

"အစ်ကို ရောက်နေတာသိလို့ ကိုယ်ရောင်ပြလာတာပါ" အကြီးမက ဦးသုဇနနှင့် အပြန်အလှန်ပြောသည်။ အငယ်မက စကားမဆို၊ အငေးသား ကြည့်နေသည်။

"ကိုယ်ယောင်သာမက ကိုယ်ကောင်ကြီးပါ ရောက်နေတာပါလား"

"အစ်ကို့ကို ထင်ထင်ရှားရှားမြင်စေချင်လို့"

"မြင်တော့ကော ငါက ဘာလုပ်ရမှာတဲ့လဲ"

"အစ်ကို့ညီမတော်တွေဆိုတာ သိရအောင်လို့ပါ။ ညီမက နန်းကျင်ပါ။ ဟောဒီက ညီမလေးနန်းခင်ပါ"

"ဘယ်က ညီမတော်တွေလည်း၊ ငါ့မှာ ဘယ်ညီမမှမရှိဘူး။ အားလုံး သေကုန်ပြီ"

"အစ်ကို ဒီလိုမပြောပါနဲ့။ အစ်ကိုနဲ့ ညီမတို့ဟာ အရင်ဘဝတုန်းက မောင်နှမရင်းချာတွေပါ"

"အဲဒါ..."

"အဲဒါ ခုညီမတို့ အလည်လာကြတာလေ။ ညီမလေးပါ ခေါ်လာခဲ့ တယ်"

"ခေါ်ခဲ့တော့ ငါ ဘာလုပ်ရမှာလဲ"

"အစ်ကိုရောက်နေတာသိလို့ ညီမတို့ရှိမှန်းသိအောင် လာပြကြတာပါ"

"လာပြကြတာက အရေးမကြီးဘူး။ မင်းတို့ မနှောင့်ယှက်ကြနဲ့။ ငါ သာသနာပြုဖို့ စိတ်ကူးရှိတယ်"

"ညီမတို့လည်း ကူမှာပေါ့"

"ကူမှာပေါ့လို့ ပါးစပ်ကပြောရုံနဲ့ မရဘူး။ ဟိုဘက်ကမ်း (မြိုင်ကြီးငူ) က နေ့တိုင်း မောင်းတဒူဒူထုနေတာ မကြားကြဘူးလား"

"ကြားပါတယ်အစ်ကို"

"ကြားရင် အဲဒီကို သွားကြပါလား။ သာသနာပြုကိစ္စမှာ ကူကြပါလား"

"ညီမတို့ ကူပါ့မယ်အစ်ကို"

"ဒါဖြင့် သွားတော့။ နောက် ငါ့ဆီ မလာခဲ့နဲ့တော့။ ငါလည်း မကြာမီ မြိုင်ကြီးငူဆီ ပြန်မယ်"

အမျိုးသမီးနှစ်ယောက်နှင့် ခွေးတစ်ကောင် ထပြန်သွားသည်။ ဦးသုဇနအဖို့ ထူးဆန်းနေသည်။

"ကြဲကြဲဖန်ဖန် ငါ့ဆီများ အချိန်မရှိ၊ အခါမရှိ မိန်းမသားများ လာရတယ်လို့။ လာပြန်တော့လည်း အရင်ဘဝက ညီမတော်တွေတဲ့လေ။ အံ့ရော.. အံ့ရော ငါက ဘာမှမသိ။ ဒင်းတို့က ငါ့ကိုရိနေတာများလား။ ထားတော့... ထားတော့။ ဒါတွေကိုတွေးလို့ အကျိုးမရှိဘူး။ တရားအလုပ်ပျက်တယ်။ တရားပဲပွားများတော့မယ်"

ကြွတယ်၊ လှမ်းတယ်၊ သိတယ်

ဘယ်လှမ်းတယ်၊ သိတယ်

ညာလှမ်းတယ်၊ သိတယ် စသည် စသည်...။

* * * * * * * *

နောက်နေ့နံနက် ဆွမ်းခံဆင်းရာ နောက်ကျသွားသဖြင့် ဆွမ်းမရခဲ့ဘဲ ရေဆေးထားသော သပိတ်အတိုင်းသာ ပြန်လာခဲ့ရသည်။ သည်နေ့ ရေဆွမ်းသာ ဘုဉ်းပေးရတော့မည်ဟု မှတ်ယူထားလိုက်သည်။ ဇရပ်ပျက်သို့ရောက်ပြီး သင်္ကန်းကို ပြင်ဝတ်နေစဉ် ထောင့်တစ်ထောင့်သို့ မျက်နှာမူလိုက်သည်။

လာစဉ်က တွေ့ထားခဲ့သော ထမင်းစားခုံပျက်ပေါ်တွင် တစ်စုံတစ်ခုကို တွေ့သဖြင့် ကြည့်မိသည်။

ငှက်ပျောဖတ် လတ်လတ်ဆတ်ဆတ်ပေါ်ပုံ၍တင်ထားသော ထမင်းတစ်ပန်းကန်စာ၊ ပဲလှော်နှံကိုကြိတ်ထားသော ဝါးခွက်တစ်ခွက်၊ ဖက်ဖြင့်ထုပ်ထားသော ကြံသကာတစ်ပိုင်းတို့ကို တွေ့ရသည်။ စားအံ့ဟု စိတ်ဖြစ်သော်လည်း ကပ်မည့်သူမရှိသဖြင့် သည်အတိုင်းနေလိုက်သည်။ ခဏအကြာတွင် ရသေ့တစ်ဦး ဘယ်ကဘယ်လို ရောက်လာသည်မသိ။ ဟိုကြည့်ဒီကြည့်နှင့်...။

"အရှင်ဘုရား... ဆွမ်းမဘုဉ်းသေးဘူးလား ဘုရား။ ဒီမှာရှိနေတာပဲ"

"ကပ်မည့်သူမရှိလို့ မဘုဉ်းရသေးဘူး"

"တပည့်တော် ကပ်ပါ့မယ်ဘုရား"

ခုံပေါ်မှဆွမ်းတို့ကိုယူ၍ ကပ်သည်။ သည်တော့မှ ဦးသုဇနက အကပ်ခံ၍ သပိတ်ထဲထည့်ကာ ဘုဉ်းပေးရသည်။ ရသေ့လည်း ဆွမ်းကပ်ပြီးသည်နှင့် တခြားသို့ ထွက်သွားတော့သည်။

ညဘက်သို့ရောက်ပြန်လျှင် ယမန်နေ့ညကအချိန်မှာပင် ယခင် အမျိုးသမီးနှစ်ယောက်နှင့် ခွေးတစ်ကောင်ရောက်လာပြန်သည်။ ၎င်းတို့ မထိုင်သေးမီ

"နင်တို့ကို ငါပြောထားတယ်မဟုတ်လား။ မလာခဲ့နဲ့တော့လို့"

"ကိုယ့်အစ်ကိုဆီကို လာလည်တာပဲ။ ဘာဖြစ်တာလိုက်လို့"

"ဘာမှတော့မဖြစ်ဘူး။ ငါက မလာနဲ့ဆို မလာမကြိုက်တာ"

"လာရင်ကော...."

"လာရင် ဟောသလိုရိုက်သကွာ"

အနီးရှိ တောင်ဝှေးကို လှမ်းယူ၍ရိုက်သည်။ အမျိုးသမီးက နောက်တစ်လှမ်းဆုတ်ရှောင်ပြီး လှည့်ပြေးသည်။ ခွေးလည်း သခင်နောက် လိုက်ပြေးသည်။ ဦးသုဇနသည် တောင်ဝှေးကိုင်ကာ အတော်ဝေးဝေးထိ လိုက်သည်။ သစ်ရိပ်တစ်ခုသို့အရောက်တွင် ရှေ့မှပြေးသွားသူများ ပျောက်ကွယ်သွားကြသည်နှင့် ပြန်လှည့်ခဲ့တော့သည်။

"ဒီမှာနေရင် ဒီကောင်မလေးတွေ လာလာရှုပ်နေကြတယ်။ နက်ဖြန်ခါ တောင်ထိပ်တက်နေမှ"

* * * * * * * *

နောက်တစ်နေ့ ဆွမ်းခံဝတ် (ပိဏ္ဍပါတ်စုတင်) မပျက်စေဘဲ ဆွမ်းခံကြွသည်။ မနေ့ကကဲ့သို့ပင် ဆွမ်းမရခဲ့။ တောင်ပေါ်ပြန်တက်ခဲ့သည်။ တောင်ခုလတ်ဇရပ်မှာ မနေတော့ဘဲ တောင်ထိပ်သို့ ဆက်တက်ခဲ့သည်။ အချိန်မှာ နံနက် ဝ၉နာရီခွဲလောက်ရှိသည်။

သပိတ်ကိုလွယ်၊ ယပ်ကိုထမ်း၊ တောင်ဝှေးကိုထောက်ပြီး စိုက်စိုက်ဖြင့် တောင်ထိပ်သို့ တက်နေသည်။ အမှတ်ကိုမလွတ်စေဘဲ သတိကပ်၍အားစိုက်တက်နေသည်။ ခြေလှမ်းရာ ရှေ့ဆီသို့သာ စူးစိုက်ထားသည်။ အတော်လေးသွားမိသောအခါ ဘုရားကုန်းတော်သို့ တက်ကာနီးတွင်–

"ဂျောက်.... ဂျောက်.... ဂျောက်.... ဂျောက်..."

ကျောက်တစ်လုံးနှင့်တစ်လုံးကို ထိခိုက်သံမျိုးလို နရီမှန်မှန် မြည်သံကြားရသည်။

ကြားတယ်၊ သိတယ်

ကြားတယ်၊ သိတယ်

ကြားရရုံကိုမှတ်ရင်း ဆက်သွားသည်။ အသံက ပိုနီးကပ်လာသည်။ ကြည့်ချင်မြင်ချင်စိတ်ဖြစ်လာသည်။

ကြည့်မြင်ချင်တယ်၊ သိတယ်

ကြည့်မြင်ချင်တယ်၊ သိတယ်

ကြည့်မယ်၊ သိတယ်

ကြည့်မယ်၊ သိတယ်

မြင်ပြီ၊ သိတယ်

"ဟင်... ဘာကြီးပါလိမ့်"

အလွန်တရာ ကြီးမားသော ဖိုးသူတော်ကြီးတစ်ယောက်၊ ကျွဲကောသိုးလောက်ကြီးသည့် ပုတီးကြီးကို ဂျောက်ဂျက်စိပ်ရင်း သွားမည့်လမ်းကို ခွပြီးရပ်နေသည်။ ကြောက်စိတ်အနည်းငယ်ဖြစ်သွားသည်။ ဖိုးသူတော်ကြီး မေးသည်။

"ကြောက်သလား မောင်ပဥ္စင်း"

"နည်းနည်းတော့ ကြောက်တယ်"

"မကြောက်နဲ့၊ မကြောက်နဲ့၊ ဘာမှမကြောက်နဲ့။ ဒီအတိုင်းသာ ဆက်တက်သွားပါ။ ဟိုကောင်မလေးတွေလည်း ဒီကို မလာရဲဘူး။ စိတ်ချမ်းသာသလိုသာနေပါ"

ဦးသူတော်ကြီး၏ မလှမ်းမကမ်း ကုန်းတော်၏အရှေ့တောင်ဘက်တွင် မြားဆိပ်ပင်တစ်ပင်ရှိသည်။ ရှေ့မှ ဦးသူတော်ကြီး ကာဆီးနေသဖြင့် လမ်းရှာသောအနေဖြင့် ကြည့်မိရာ မြားဆိပ်ပင်ရင်းမှာ ဆာလာအိတ်သုံးလုံး ပစ္စည်းအပြည့်ထည့်ထားသည်ကို တွေ့ရသည်။

"ဒါတွေက ဘာတွေလဲ"

"ဓာတ်လုံးတွေလေ"

"မကြည့်ရဘူးလား"

"ကြည့်ချင် အလွယ်လေး" ဟု ဆိုကာ လက်အရှည်ကြီးဖြင့် လှမ်းယူ၍ သွန်ချလိုက်သည်။ အိတ်ထဲမှ ဓာတ်လုံးများ ထွက်အံကျလာသည်။ ထူးဆန်းသည်မှာ တောင်စောင်းဖြစ်သော်လည်း ဓာတ်လုံးများ အောက်သို့လိမ့်မကျဘဲ ပြန့်ကြဲပြီး တန့်နေခြင်းဖြစ်သည်။ ပို၍ ဆန်းကြယ်နေပြန်သည်မှာ ဓာတ်လုံးများသည် အသွေးတူ အရောင်တူများချည်း အချင်းချင်းစုပေါင်းပြီး အကန့်လိုက်တည်နေပြန်သည်။ အဖြူဆိုအဖြူချည်း၊ အနီဆိုအနီချည်း စသည်ဖြင့်...။

ဓာတ်လုံးလေးလုံးမှာအများနှင့်မတူ။ အသွေးရောင်မတူ။ အသွေးအရောင်တစ်မျိုးစီဖြင့် အနီးမှာ တသီးတသန့် တည်နေသည်။

"သူတို့ဟာ ဘာဖြစ်လို့ တသီးတခြားစီ ရှိနေကြတာလဲ"

"ပိုင်ရှင်တစ်ဦးတည်းဖြစ်လို့"

"ဘယ်သူ့ဓာတ်လုံးတွေလဲ"

"ကမမောင်းရွာ၊ ကိုးနဝင်းကျောင်းဆရာတော် ဦးမာလာရဲ့ ဓာတ်လုံးတွေပေါ့"

"ဘာဖြစ်လို့ သူများဓာတ်လုံးကို သွားယူထားရတာလဲ"

"ဦးမာလာက ဝစိကံ မစောင့်စည်းလို့ သိမ်းယူလာခဲ့တာ"

"ပြန်ပေးလိုက်ပါလား"

"ဒီဘဝမှာ မပေးနိုင်သေးဘူး။ နောင်ဘဝကျမှ အခြေအနေကြည့်ပြီး ပေးတန်ပေးမယ်။ မောင်ပဥ္စင်းကော တစ်လုံးမယူချင်ဘူးလား"

"မလိုချင်ပါဘူး"

"မလိုချင်ရင်လည်း ဆက်ကြွပေတော့"

ဦးသုဇနသည် အခြားလမ်းလည်းမရှိသဖြင့် ဦးသူတော်ကြီးခွရပ်ထားသော ခြေနှစ်ချောင်းကြားမှပင် ဘုရားကုန်းတော်ပေါ်သို့ တက်ခဲ့သည်။ ခြေနှစ်ချောင်းကြားမှ ဖြတ်ခဲ့စဉ် သတိထားမိသည်မှာ ဦးသူတော်ကြီး၏ဒူးသည် ဦးသုဇန၏အရပ်နှင့် တညီတည်းဖြစ်နေသည်ကို သတိပြုမိသည်။

(ထိုစဉ်က ကမမောင်းရွာ ကိုနဝင်းကျောင်းဆရာတော် ဦးမာလာမှာ သက်ရှိထင်ရှားဆဲဖြစ်သည်။ ယခုမူ ပျံလွန်တော်မူခဲ့ပြီ)

ဦးသူတော်ကြီးမှာ မဟာဂုရုပညာဖြစ်သည်။ ဝိဇ္ဇာလိုက်စားသူများ နောက်ဆုံးတွင် ဤမိဗိုင်းတောင်မှာပင် အဓိဋ္ဌာန်ဝင်ကြရသည်ဟု သိရသည်။

(စာရေးသူ)

* * * * * * * *

# နှောင်တော်ဦးစေတီတည်ထားစဉ်က

၁၃၃၆ခုနှစ်အတွင်းမှာဖြစ်သည်။

မယ်တော် ဒေါ်မယ်သင်သည် သားရဟန်းအတွက် ကျောင်းငယ်လေး တစ်ဆောင် ဆောက်လုပ်ပေးသည်။ ပန်းကုံးရွာမှ ခလောက်ဆွဲအိမ်တစ်လုံးကို ၄၅၀ကျပ် ပေး၀ယ်ကာ သားဖြစ်သူ မောင်မောင်ကြည်အား ဆောက်လုပ်စေ သည်။ ကျောင်းရေစက်ချအပြီး ဦးသုဇနသီတင်းသုံး၍ မကြာလှသေး။ ရင်းပိုင် ကိုရင်ကြီး၏ ဒကာမများက လာရောက်လျှောက်ထားသည်။

ရင်းပိုင်ကိုရင်ကြီးမှာ ရင်းပိုင်ရွာတွင် နေထိုင်သူဖြစ်ပြီး လာဘ်ပေါ်များ အောင် စွမ်းဆောင်နိုင်သည်။ ဆေး၀ါးကုသသည်။ လိုက်လျောညီထွေကျင့်တတ် သဖြင့် ကြည်ညိုသူ ပေါသည်။ သူ့ဒကာမများက မြိုင်ကြီးငူမှာ ရင်းပိုင်ကိုရင်ကြီး လာနေချင်ကြောင်း လျှောက်ထားကြသည်။ ဦးသုဇနနှင့် ဦးရသေ့တို့က ခွင့်ပြု လိုက်သည်။

၁၃၃၆ခုနှစ်၊ ဟပေါင်းလပြည့်နေ့မှာ ရင်းပိုင်ကိုရင်ကြီး ရောက်လာ သည်။ ရောက်ရောက်ချင်း–

"ဦးဇင်းနှင့် ဦးရသေ့တို့မှာ ဒကာနည်းတယ်။ ဆင်းရဲတယ်။ တပည့် တော် လာနေရင်တော့ အားလုံးပြည့်စုံသွားမယ်"

"ပြည့်စုံတာ၊ မပြည့်စုံတာ အသာထား။ ကိုရင်ကြီး နေချင်သပဆိုရင် လည်းနေပေါ့။ ဦးဇင်းတို့မှာက ဦးရသေ့ပါဆိုမှ နှစ်ပါးတည်းရှိသေးတာ။ ပရိသတ်များတော့လည်း တအားရှိတာပေါ့"

ရင်းပိုင်ကိုရင်ကြီးအား ဦးသုဇနက မိမိကျောင်းကို အပ်ပေးလိုက်သည်။ မိမိမှာ မူလ ကမ္မဋ္ဌာန်းကျောင်းငယ်လေးဖြင့်ပင် သီတင်းသုံးသည်။ ကိုရင်ကြီး မရောက်လာမီကပင်–

ကုန်းတော်ပေါ် သစ်ပင်ကြီးငယ်၊ ချုံနွယ်ပိတ်ပေါင်းများကို အမေတို့ ဦးစီးသော ယောဂီအဖွဲ့များက တစ်နေ့နည်းနည်းချင်း ခုတ်ထွင်ရှင်းလင်းထားသည်။ ဘုရားငုတ်တိုကို စေတီတည်မည်ဟု ရည်ရွယ်ပြီး အုတ်များကို ရှိသမျှ အင်အားနှင့် စုဝယ်ထားသည်။

သကြိန်ရက်မှာ ကိုရင်ကြီး၏ဒကာများက လာကန်တော့ကြသည်။ ဒကာအချို့ ကိုရင်ကြီးနှင့် စကားတီးတိုးပြောကြသည်။ သကြိန်လွန်တော့ ကိုရင်ကြီးက စကားတစ်ခွန်းပြောလာသည်။

"ဦးဇင်းတို့ ဘုရားတည်မယ့်တန်းလန်းဖြစ်နေတယ်၊ ငွေတော့လိုမှာပေါ့။ တပည့်တော်မှာ အစီအစဉ်တစ်ခုရှိတယ်။ လက်ခံရင် ဘုရားကိစ္စ အားလုံးပြီးစီးသွားနိုင်တယ်" ဆိုသဖြင့် လုပ်ဆောင်ရန် ဆုံးဖြတ်လိုက်သည်။ ကိုရင်ကြီးက ဦးရသေ့အား လှိုင်းဘွဲ့မြို့သို့ ဘိလပ်မြေဝယ်ရန် လွှတ်လိုက်သည်။ ဦးသုဇနအား–

"တပည့်တော် ငွေယားတွေတွေ့ထားတယ်။ အဲဒါကို လူနှစ်ယောက်က လိုက်ပြမယ်။ ဦးဇင်းသွားယူမလား"

"ဟုတ်ပါ့မလား ကိုရင်ကြီး"

"ဟုတ်ပါတယ်။ ဒီကိစ္စကို ဦးဇင်း စွမ်းဆောင်နိုင်မှာပါ။ တပည့်ကော်က ဦးဇင်းလောက် မစွမ်းဘူး"

ဘုရားပြီးပါစေတော့ဟူ၍ လက်ခံလိုက်သည်။ တစ်ရက်နှစ်ရက်အကြာမှာ လာခေါ်သူနှင့်အတူ လိုက်သွားသည်။ လာခေါ်သူမှာ ကုလားတစ်ယောက်၊ ကရင်တစ်ယောက်။ ရွာများဖြတ်၍သွားစဉ်မှာ ရွာသားတွေကပြောကြသည်။

"ရှေ့က ဘုန်းကြီးတစ်ပါး၊ နောက်မှ ကုလားက ထီးကြီးထမ်းလို့၊ ဆန်းတော့ အဆန်းသား" ဟူ၍။

ဦးသုဇန၏အဖော်အဖြစ် မယ်တော်က ဦးကံပေါ်ကို ထည့်လိုက်သည်။ ဘုန်းကြီးတစ်ပါး၊ ဒကာသုံးယောက်။

ခရီးဆက်သွားရာ ထီးချောကီးတောင်ကို တက်နေစဉ် ပါလာသူ ကရင်ဒကာကြီး ချောင်းဆိုးသွေးအန်ဖြစ်သည်။ တောင်တစ်ဖက်ရှိ ထီးချောကီးရွာသို့ ရောက်စဉ်မှာတော့ သွေးအန်သူ စကားမပြောနိုင်တော့။ အိမ်တစ်အိမ်မှာ ဝင်နားသည်။ ဆရာစံမြင့်အိမ်ဟု သိရသည်။ လူနာက နွမ်းနယ်နေပြီ၊ ဆေးတိုက်မှ ဖြစ်တော့မည်။

ပျားရည်တောင်းပြီး ပျားရည်တစ်ဇွန်းမှာ 'ပြာဆေး' အနည်းငယ်ထည့်၍ တိုက်သည်။ ခဏအကြာ စကားပြောနိုင်သည်။ ဆရာစံမြင့်ဇနီးသည်လည်း နေထိုင်မကောင်းဆို၍ ၎င်းဆေးကိုပင် ဂတစ်ဇွန်းကိုက်လိုက်၊ ျသေးသည်။

ခဏအကြာမှာ လှူနာကိုထားခဲ့ပြီး ခရီးဆက်သည်။ မြလေး၊ ရွှေအုပ်၊ တဂေးလောင်းရွာတွေဖြတ်သန်းပြီး မယ်ပို့ထရွာရောက်သည်။ နေ့ဆွမ်းဘုဉ်းပေးပြီး ဆက်ခဲ့သည်။ ထအုစီးရွာအရောက်မှာ ပါလာသူ ဦးကံပေါ် ခြေထောက်ယောင်ကိုင်းလာသဖြင့် မလိုက်နိုင်တော့။ ထိုရွာမှ နထီးပါဆိုသူကို အဖော်ခေါ်ခဲ့ရသည်။ ညပယ်စီးရွာရောက်တော့ မိုးချုပ်ပြီ။ သူကြီးအိမ်မှာ ညအိပ်ဖို့ စိတ်ကူးသည်။

သူကြီးအိမ်အရောက်မှာ ထူးဆန်းသော မြင်ကွင်းတစ်ရပ်ကို တွေ့ရသည်။ သူကြီးခမျာ ယောက်ျားရင့်မကြီးတန်မယ့် နေ့စေ့လစေ့ကိုယ်ဝန်ဆောင်မိခင်လောင်းကြီးသဖွယ် ဖြစ်နေသည်။ မေးမြန်းကြည့်ရာ–

"တပည့်တော်ဟာ ဒီရွာကသူကြီးပါဘုရား။ တပည့်တော်ရဲ့ညီဟာ သူတစ်ပါးမြေကို မတရားယူထားလို့ အမှန်ဖြစ်ပါစေတော့ဆိုပြီး မှတ်တိုင်သွားစိုက်ပေးတယ်။ အဲဒီ စိုက်တဲ့နေ့ကစပြီး ခုလို ဗိုက်ကြီးပူလာတာပဲဖြစ်တယ်ဘုရား။ ညက တပည့်တော် အိပ်မက်မက်တယ်။ အိမ်ကို ဘုန်းကြီးတစ်ပါးရောက်လာမယ်။ အဲဒီဘုန်းကြီးကုရင် ပျောက်မယ်လို့ မက်ပါတယ်ဘုရား"

သူကြီးအား စက်ဖြတ်ဆေးတိုက်လိုက်သည်။ ခဏအကြာမှာ ဝမ်းသွားသည်။ ဝမ်းနှင့်အတူ နွားသားရေများ အမျှင်လိုက်ကျလာသည်။ ဝမ်းဗိုက်ပူကြီးလည်း လျော့သွားသည်။ သူကြီးဖြစ်သူ ဝမ်းသာလိုက်သည်မှာ ပြောမပြတတ်အောင်ပင်။ သူကြီးအိမ်မှာ ညအိပ်နားနေပြီး နောက်နေ့ ခရီးဆက်ပြန်သည်။ တစ်နေကုန် ခရီးသွားပြီး ယခိခီးရွာအရောက်မှာ မှောင်လာသဖြင့် နားရပြန်သည်။ ထိုမှာ ညအိပ်စဉ် အိပ်မက်တစ်ခုမက်သည်။

မိမိဆွမ်းဘုဉ်းပေးနေစဉ် ငလျင် ပြင်းပြင်းထန်ထန်လှုပ်သည်။ လူအများ ရပ်ရာ၊ ထိုင်ရာမှ အသီးသီးလဲကုန်သော်လည်း မိမိကား ဆွမ်းဘုဉ်းပင်မပျက်။ ဘာမှလည်းမဖြစ်ဟူ၍..။

နောက်နေ့ ခရီးဆက်ရာမှာ မည်သူမှမပါတော့။ အားလုံး မလိုက်နိုင်ဘဲ ကျန်ရစ်သည်။ တစ်ပါးတည်း ဝါးထီးရွာသို့ ရောက်သွားသည်။ ရွှေဟသာ ဆိုသူနှင့်တွေ့သည်။ ရွှေဟသာသည် ယခင် မိမိတို့နှင့် လယ်ချင်းကပ်နေသူဖြစ်သည်။ မှောင်ခိုလုပ်ရာမှ အကြွေးမဆပ်နိုင်တော့သဖြင့် ကြွေးရှင်သမီးနှင့် ယူလိုက်ရပြီး သည်ရွာမှာပင် နေနေရကြောင်း ပြောပြသည်။

ထိုမှ ဆက်သွားရာ ငွေယားရှိသည့် မော်ခီးရွာသို့ရောက်သည်။ ရွာစပ်သို့ရောက်သည်နှင့် အသံတစ်သံကြားရသည်။

"အရှင်ဘုရား၊ အိုးသုံးလုံးဆင့်ရှိမယ်။ ပထမအလုံးကို ကန်ချလိုက်ပြီး၊ ဒုတိယအလုံးကို ရိုက်ခွဲပြီး လာသူတွေကို ဝေပေးလိုက်ပါ။ အငယ်ဆုံးအလုံးကိုတော့ အရှင်ဘုရား သာသနာပြုဖို့ ယူသွားပါ" တဲ့။

အသံသာကြားရသည်။ လူကိုကား မတွေ့ရ။ ရွာထဲရောက်လျှင် ကိုထွန်းရွှေဆိုသူအား ရှာရသည်။ ကိုထွန်းရွှေမှာ ခရစ်ယာန်ဘာသာဝင်ဖြစ်ပြီး ၄င်းငွေယားကို တွေ့ခဲ့ဖူးသည်။ အချို့ကိုလည်း ယူခဲ့သည်။ ယူခဲ့သော ငွေယား ကို သမီးဖြစ်သူ အပျိုမလေးက ကိုင်ကြည့်ရာ ယားယံလွန်းပြီး ကုမရသဖြင့် သေဆုံးခဲ့ရသည်။ ကိုထွန်းရွှေက ထိုကိုစိတ်နာ၍ ဆရာရှာရာမှ ရင်းပိုင်ကိုရင်ကြီး နှင့် ဆက်မိသည်။ ကိုရင်ကြီး မသွားရဲသဖြင့် ဦးသုဇနအား လွှတ်ခြင်းဖြစ်သည်။ သည်အကြောင်းကို လမ်းမှာ စကားစပ်သဖြင့် သိခဲ့ရသည်။ မခံချင်စိတ် ဖြစ်မိ သော်လည်း စမိပြီဆိုလျှင် ဆုံးမှကျေနပ်သူမို့ ခရီးဆုံးအောင် လာခဲ့ခြင်းဖြစ်သည်။

ငွေယား၏ ဖြစ်စဉ်အကျဉ်းချုပ်ကိုလည်း သိရသည်။ အစ်ကိုစောခွန် သာနှင့် ညီ စောနိုင်အေး နှစ်ယောက်သည် ဆင်ကုန်ကူးပြီး ငွေများကို စဥ့်အိုး ကြီးများထဲထည့်၍ မြှုပ်နှံခဲ့သည်။ အိုးပြည့်သောအခါ အစ်ကိုဖြစ်သူသည် ညီ ကိုသတ်၍ အစောင့်ချထားသည်ဟု ဆိုကြသည်။ မကြာမီ အစ်ကိုလည်း သေဆုံး ခဲ့သဖြင့် ပိုင်ရှင်မဲ့ ငွေသားများဖြစ်သည်။

ကိုထွန်းရွှေကို ရှာသော်လည်း မတွေ့။ ခရီးထွက်သွားသည်ဟု ဆို သည်။ ရွာသားများအား အကျိုးအကြောင်းပြောပြရာ ရွာသားများက ခွင့်မပြုချေ။ မလုပ်စေချင်ကြောင်း၊ အန္တရာယ်များကြောင်း၊ အထောက်အထား အစုံအလင်နှင့် ဟန့်တားကြသည်။

ဦးသုဇနအနေဖြင့် ကြောက်လန့်သည်မဟုတ်သော်လည်း ၄င်းပစ္စည်း သည် အဆိုအရ ပိုင်ရှင်မဲ့ဆိုသော်လည်း ဤရွာပိုင်နက်တွင်ရှိသဖြင့် ရွာသားများ က ပိုင်ဆိုင်ကြသည်။ ၄င်းတို့က ခွင့်မပြု၊ အရှင်မပေးသောပစ္စည်းကို နိုင့်ထက် စီးနင်းယူမည်ဆိုပါက မိမိသည် ရဟန်းဖြစ်သောကြောင့် မယူသင့်ဟု ဆုံးဖြတ် ကာ ဖာလုံကြီးဘက်မှ လှည့်ပြန်ခဲ့သည်။

မြိုင်ကြီးငူသို့ ဦးသုဇနပြန်ရောက်သော် ရင်းပိုင်ကိုရင်ကြီးအား နန်းဦး စေတီကုန်းတော်အရှေ့ထောင့်တွင် ဘုရားတည်နေသည်ကို တွေ့ရသည်။ ဤ နေရာမှာ ပုဆိုးတင်ပတ်ခန့် ကစီပင်ကြီးတစ်ပင် ရှိခဲ့သည်။ ဦးဘိုးသင်းတို့လူစု က ဖြတ်လှဲခဲ့ပြီးဖြစ်၍ အငုတ်သာကျန်သည်။ ၄င်းကို လူငှား၍တူးစေပြီး ဘုရား တည်နေခြင်းဖြစ်သည်။ ဘုရားမှာ ပြီးစီးလုနေပြီး ထီးတော်တင်ရန်သာ ရှိတော့ သည်ဟု ကိုရင်ကြီးက ပြောသည်။

"ဦးဇင်းတို့ ဦးရသေ့တို့ ဒီမှာနေတာ သုံးနှစ်ရှိပြီ၊ အလကားပဲ။ ခု တပည့်တော် ဘုရားတည်ပြီးတော့မယ်။ ဘုရားတည်ပြီးရင် တပည့်တော်သွား မယ်။ သွားရင် ဦးဇင်းတို့၊ ဦးရသေ့တို့ပဲ ကျန်မှာ။ နာမည်ထွက်ရင် ဦးဇင်းတို့၊ ဦးရသေ့တို့တည်တဲ့ဘုရားပဲလို့ နာမည်ထွက်မှာပါ"

"နေပါဦး ကိုရင်ကြီး။ ကိုရင်ကြီးစကားပြောတာ သူတော်ကောင်းစကား လည်းမဟုတ်ပါလား"

"ဘာဖြစ်လို့လဲ"

"ခုကြည့်လေ။ ဘိလပ်မြေကို ဘယ်သူဝယ်ပေးတုန်း။ အုတ်တို့၊ သဲတို့ ရော ဘယ်သူဝယ်ထားတုန်း။ သူတော်ကောင်းလုပ်ပြီး သူတော်ကောင်းစကား ပြောဖို့ကောင်းတာပေါ့။ ဦးဇင်းက ဟိုးငယ်ငယ်တည်းက ရင်းပိုင်ကိုရင်ကြီး၊ ရင်းပိုင်ကိုရင်ကြီးဆိုပြီး အထင်ကြီးတစ်ခွဲသားနဲ့ လက်ခံခဲ့တာ။ ခု ကိုရင်ကြီး ပြောတဲ့စကားက ကလေးသာသာပဲရှိပါလား။ ဦးဇင်း လုံးဝ အထင်မကြီး တော့ဘူး"

ကိုရင်ကြီး အောင့်သွားပုံရသည်။ စကားလမ်းကြောင်း ပြောင်းပင် မိုက် သည်။

"ဦးဇင်း ခု ဘာတရား အားထုတ်နေပါသလဲ"

"သတိပဋ္ဌာန် ပွားများတယ်"

"ဦးဇင်း ဘာဆုပန်လဲ"

"လေ့ကြုံဆုပဲ ပန်တယ်။ ကြုံရာလေ့နဲ့ပဲလှက်မယ်။ ရောက်ဖို့အရေးကြီး တယ်"

"ဦးဇင်းက သတ္တိမရှိဘူး။ တပည့်တော်က ဘုရားဆုပန်တယ်"

"ကိုရင်ကြီးဆုပန်တာကလည်း လုပ်ရပ်နဲ့တခြားစီဖြစ်နေပြီ"

"ဘာဖြစ်လို့လဲ"

"လှေကားအလယ်မှာရပ်နေတဲ့လူဆင်းမလား၊ တက်မလား မေးနေ သလိုပဲ။ ကိုရင်ကြီးပန်တဲ့ဆုက အထက်တက်ရင်တက်၊ ဆင်းရင်ဆင်း ဖြစ်နေပြီ"

ကိုရင်ကြီး စိတ်ဆိုးသွားသည်။

"ဦးဇင်း သတိပဋ္ဌာန်တရား အားမထုတ်နဲ့"

"ဘာ အားထုတ်ရမလဲ"

"ကျောက်ပုံတောရ ဦးစံရင်ရေးတဲ့ ကမ္မာဝိပဿနာကို အားထုတ်၊ ဦးဇင်း အားထုတ်တဲ့ သတိပဋ္ဌာန်က ရဟန္တာဖြစ်ပြီးမှ အားထုတ်ရတာ"

"ဟ... ကြံကြံဖန်ဖန်၊ ရဟန္တာဖြစ်ဖို့ အားထုတ်နည်းဆိုပြီး ဘုရားဟော ခဲ့တယ်။ 'ဧကာယနောမဂ္ဂေါ' သတိပဋ္ဌာန်ဟာ နိဗ္ဗာန်ရောက်ဖို့၊ ရဟန္တာဖြစ်ဖို့ တစ်ကြောင်းတည်းသော လမ်းခရီးဖြစ်တယ်လို့ သတိပဋ္ဌာန်မှာ ဘုရား တိတိ ကျကျဟောထားရက်နဲ့ ကိုရင်ကြီးလက်ထက်ကျမှ ရဟန္တာဖြစ်ပြီးမှ အားထုတ်ရ တဲ့တရားဖြစ်သွားတယ်။ စာပေကျမ်းဂန် မတတ်ရင်လည်း မေးမှပေါ့။ ဒါလေး တောင် မသိတဲ့သူကများ ကြီးကြီးကျယ်ကျယ် ဘုရားဆုပန်သေးလား ဘာလေးနဲ့"

(မှတ်ချက် – ကျောက်ပုံတောရ ဦးဇင်း တည်ထောင်သော ကမ္မာဝိပဿနာသည် ကျောက်ပုံတောရဝိနိစ္ဆယစာတမ်းအမည်ဖြင့် အစမ္ပဝါဒအဖြစ် နိုင်ငံတော်ဝိနည်းဓိုရ်က ဆုံးဖြတ်ထုတ်ပြန်ခဲ့သည်။)

(စာရေးသူ)

"ဦးဇင်းနဲ့ တပည့်တော် မတည့်တော့ဘူး" ဆိုပြီး ကိုရင်ကြီးက အခန်းထဲဝင်သွားသည်။ ဦးသုဓနကလည်း–

"အေး.. ငါလည်း ကိုရင်ကြီးနဲ့ မတည့်ဘူး။ ဒီမှာလည်း မနေဘူး။ ဟိုဘက်ကမ်းသွားနေမယ်။ ဘယ်သူမှမပင့်နဲ့။ ကိုရင်ကြီးက ဝန်ချပြီး လာမပင့်မချင်း ငါမလာဘူး"

ပြောကာ ကျောင်းပေါ်မှဆင်းခဲ့သည်။

* * * * * * * *

၁၃၃၇ခုနှစ်၊ နယုန်လဆန်း(၂)ရက်။ နောင်တော်ဦးဇေတိ ထီးတော်တင်မည့်နံနက်။

ရင်းပိုင်ကိုရင်ကြီးဒကာဖြစ်သော ဦးဖိုးဝင်းက ဦးသုဓနအား လာပင့်သည်။

"ပင့်သံဃာတွေ စုံနေပါပြီဘုရား။ အရှင်ဘုရား ကျောင်းသို့ပြန်ကြွလာပါလို့ ကိုရင်ကြီးက ပင့်ခိုင်းလိုက်ပါတယ်ဘုရား"

"သူလာမပင့်ရင် ငါ မသွားဘူး။ သူနဲ့ ငါနဲ့ မတည့်ဘူးလို့ ပြောထားတာ"

ဦးဖိုးဝင်း ပြန်သွားပြီး ခဏအကြာမှာ ရသေ့မကြီးတစ်ဦး ဆွမ်းလာပို့သည်။

"ဒကာမကြီး၊ ဘာလာလုပ်သလဲ"

"လာမပို့နဲ့ ပြန်ယူသွား။ တော်ကြာ မင်းတို့ကိုရင်ကြီးက ဘုန်းကြီးနဲ့ ရသေ့မ ဘာဖြစ်တယ်၊ ညာဖြစ်တယ် ပြောမှာ။ ဒီအကွက်ဆင်ဖို့ လွှတ်လိုက်တာ"

"မဟုတ်တာဘုရား။ တပည့်တော်မဟာ အရှင်ဘုရားရဲ့ မယ်တော်လောက် ရှိနေပါပြီဘုရား"

"ဟော့...ဟော့... မယ်တော်ကော၊ ဘာသောညာသော ငါမသိဘူး။ နား မလည်ဘူး။ သွား... ပြန်ဆိုပြန်"

မောင်းထုတ်လိုက်သည်။

ထီးတင်ပွဲကို စတင်ကျင်းပနေကြသည်။ ထိုပွဲနေ့ထဲမှ အမျိုးသမီးကြီး တစ်ဦးက သက်နီးတစ်စုံကိုင်ပြီး–

"တို့ဘုန်းကြီး ဘယ်ရောက်သွားလဲ။ ဘုန်းကြီးကို ဝါဆိုသင်္ကန်းကပ်မလို့။ ကိုရင်ကြီးကိုမကပ်ဘူး။ ကိုရင်ကြီးက ဒကာများတယ်။ ဘုန်းကြီးက ဒကာမရှိဘူး။ ဘုန်းကြီးကိုပဲ ငါလှူမယ်" ဆိုကာ ဘုန်းကြီးလိုက်ရှာသည်။ လိုက်ပြပေးသော လူသုံးဦးနှင့်အတူ ဦးသုဇနဆီ ရောက်လာပြီး သင်္ကန်းကပ်လှူသည်။ (၄င်းအမျိုးသမီးကြီးမှာ ခရစ်ယာန်ဘာသာဝင်အဖြစ်မှ ဗုဒ္ဓဘာသာဝင်အဖြစ်သို့ ပြောင်းလာခဲ့သူဖြစ်သည်။)

သင်္ကန်းလှူပြီး အနုမောဒနာတရား ဟောပြီးစဉ်မှာ ထီးတင်ပွဲလည်း ပြီးသွားသည်။ ထီးတင်ပွဲအပြီးမှာ ရသမျှသော လာဘ်သပ္ပကာ ဆန်ဆီမှအစ အားလုံးသော လှူဖွယ်ပစ္စည်းများကို သိမ်းကျုံးပြီး လှေကြီးနှစ်စီးပေါ် တင်နေသည်။

၄င်းအဖြစ်ကို မူလယောဂီများဖြစ်ကြသော အမေတုံတို့၊ ဦးဘိုးသင်းတို့က မကြည်ဖြစ်ကြပြီး ဦးသုဇနထံ လျှောက်ကြသည်။

"ဦးဇင်း ဘယ်လိုလုပ်တာလဲ။ ဒါဟာ ဦးဇင်းကျောင်းပဲ။ သူများလာတာနဲ့ ကိုယ်က ဖယ်ပေးရတယ်ဆိုတာ သဘာဝမကျဘူး ဘုရား"

သယ်လက်စကို တားမြစ်လိုက်ရာ ဆန်ငါးတင်းခန့်နှင့် တညင်းသီး အိုးစိမ် တစ်အိုးသာ ကျန်တော့သည်။ ကိုရင်ကြီးတို့အုပ်စုလည်း ပစ္စည်းများ လှေနှစ်စင်းအပြည့်ဖြင့် မြိုင်ကြီးငူမှ ထွက်ခွာသွားတော့သည်။

ဤအဖြစ်ကို ဒကာအများစုက ဦးသုဇနအား မကြည်ကြ။ "ကိုရင်ကြီး ဘုန်းကြီးလို့၊ ဒကာများလို့ မနာလိုတာနဲ့ ဦးရသေ့နဲ့ပေါင်းပြီး နှင်ထုတ်လိုက်တာ"

ဆိုပြီး တော်တော်ချဉ်ကြသည်။ အမှန်ကို မသိသူများကတော့ ပြောစရာလည်းဖြစ်နေသည်။ ကိုရင်ကြီးလာကာမှ လပိုင်းအတွင်း ဘုရားတစ်ဆူ တည်ခဲ့ပြီးသည် မဟုတ်ပါလား။ တကယ်တော့ ကတုံးပေါ် ထိပ်ကွက်ပြီး လူလည်လုပ်အမြတ်ထုတ်သွားသည်ကို ကာယကံရှင်များကသာ သိကြပေသည်။

* * * * * * * *

# ရေပုပ်ရှာခရီးမှာဖြင့်

၁၃၃၇ခုနှစ် ဝါကျွတ်ခဲ့လေပြီးသော နောက်တစ်နေ့။ ဦးရသေ့နှင့် စကားစပ်မိပြီး ပြောမိကြသည်။

"ဦးဇင်း၊ တပည့်တော်တို့ ရေပုပ်အရှာထွက်ကြရအောင်"

"ရေပုပ်က ဘာလုပ်ရသလဲ"

"ကျောက်ဆန်နက်နဲ့ ရေပုပ်၊ ကျောက်ဆန်ဖြူနဲ့ ရေပူ၊ အဲဒါကိုချက်ပြီးစားရင် အာဟာရသိဒ္ဓိပြီးတယ်။ တရားအားထုတ်တဲ့သူတွေ အဲဒါစားပြီးရင် အစားအသောက်အတွက် ပလိဗောဓမများတော့ဘူး။ တရားကို စိတ်ရှိ အားထုတ်နိုင်တာပေါ့"

"ဟုတ်လား.. ဒါဆို သွားရှာကြရအောင်၊ ဘယ်မှာရှိတယ်လို့ ကြားထားသလဲ"

"ကြားတာတော့ ကြားထားတာပဲဘုရား။ ဘယ်သူမှ တိတိကျကျ မသိဘူး။ အဆင့်ဆင့် မေးမြန်းသွားကြရမှာပဲ"

"ကျောက်ဆန်နက်ကော"

"တပည့်တော်မှာရှိတယ်ဘုရား။ သွားရင်းလာရင်းနဲ့ ကြုံကြိုက်လို့ တောင်းထားတယ်ဘုရား"

ခရီးထွက်ရန် ပြင်ဆင်ပြီး ထွက်ခဲ့ကြသည်။ ပြင်ဆင်သည်ဆိုသော်လည်း ဦးသုဇနအဖို့ အထူး ပြင်ဆင်ဖွယ်မရှိ။ ဦးရသေ့သာ အထုပ်ကြီး၊ အထုပ်ငယ်များကို ဆိုင်းထမ်းထဲထည့်သွင်းပြင်ဆင်ရသည်။ ဦးသုဇနမှာ ပါမြဲသပိတ်၊ သင်္ကန်း၊ ယပ်နှင့် တောင်ဝှေးသာ။

နေ့ဆွမ်းခံသွားနေကျချိန်မှာ မြိုင်ကြီးငူမှ ထွက်ခွာခဲ့သည်။ မအဲရွာမှ တစ်ဆင့် တောင်စွန်း၊ ငှင်းမှ ဝါးကလဲတောင်ကြားအတိုင်း တက်ကြသည်။ ဦးရသေ့၏ပစ္စည်းအချို့ကိုပါ ကူသယ်၍ တက်ခဲ့ရသည်။ တောင်ကြားတစ်နေရာမှာ ရေတွင်းတစ်တွင်း၊ ဇရပ်ကလေးတစ်ဆောင်ရှိသည်။ ခေတ္တအပန်းဖြေ ရေသောက်ပြီး ဆက်သွားသည်။ ရင်းပိုင်ချောင်းဝရှိ ရသေ့မြသိန်း၏သား ဦးထွန်းရီနှင့် မလေးမော်တို့၏အိမ်သို့ရောက်သည်။ ရသေ့မြသိန်းမှာ ရင်းပိုင်ကိုရင်ကြီး၏ အစ်ကိုဖြစ်သည်။ မွန်းတည့်လုပြီဖြစ်သဖြင့် ရရာသစ်သီးနှင့် နေ့ဆွမ်းကိစ္စ ပြီးဆုံးစေရသည်။ ရရာသစ်သီးမှာ အလွယ်တကူရသောပိန္နဲသီးမှည့်ဖြစ်သည်။

ရေပုပ်အကြောင်း စုံစမ်းကြည့်ရာ ဦးထွန်းရီက ငှက်ပျောတောဘက်မှာ ရှိကြောင်း ပြောသံကြားဖူးသည်ဟု ဆိုသဖြင့် ခရီးဆက်ရပြန်သည်။ ငှက်ပျောတော ဘယ်မှာရှိသနည်း၊ ဆက်မေး၊ မသိဆိုရာ သွားပါများလျှင် ခရီးရောက်လိမ့်မည်၊ မေးပါများလျှင် စကားရလိမ့်မည်ဟူသော ပေါက်ကျိုင်းထုံးကို နှလုံးမူရတော့သည်။ ဆက်၍လာခဲ့ရာ ရှမ်းရွာသစ်အရောက်မှာ မိုးချုပ်ပြီး တစ်ညတာ ခိုနားရတော့သည်။

သည်အခေါက်ထွက်လာစဉ်မှာ သတိပဋ္ဌာန်ပွားများခြင်းကို ခေတ္တရပ်ထားသည်။ ပရိတ်ရွတ်ခြင်း၊ မေတ္တာပွားများခြင်းကိုသာ ဝတ်မပျက် ပြုရတော့သည်။ နံနက်လင်းသော် ရွာတွင် ဆွမ်းခံထွက်ရာ ကောက်ညှင်းထုပ်များပါ ရရှိသည်။ ဦးရသေ့က ကောက်ညှင်းထုပ်များကို ရိက္ခာအတွက် သိမ်းဆည်းသည်။ ဆွမ်းစားပြီးဆက်ထွက်ရာ 'မဲသဝေါ' သို့ရောက်သည်။

မဲသဝေါသည် သောင်ရင်းမြစ်၏ ဟိုဘက်သည်ဘက် နှစ်ကမ်းစလုံးကို ခေါ်သည်။ သည်ဘက်ကမ်းမှာ မြန်မာပိုင်နယ်ဖြစ်၍ တစ်ဘက်ကမ်းမှာ ထိုင်းပိုင်နယ်ဖြစ်သည်။ မဲသဝေါ ဒီဘက်ကမ်းမှာ ဂိတ်တစ်ခုနှင့် ထမင်းဆိုင်တစ်ဆိုင်ရှိသည်။ ဂိတ်မှူး ဖဒိုထီးမှူးဦးဆောင်သော အစောင့်နှစ်ယောက်ရှိသည်။ ထမင်းဆိုင်ရှင် ဦးစိန်ထွန်းမှာ ယခင်ကတည်းက ဦးသုဇနနှင့် ရင်းနှီးသူဖြစ်သည်။

စကားအနည်းငယ်ပြောဆိုပြီး ဦးသုဇနက တောချုံတစ်နေရာသို့ ထွက်ခဲ့သည်။ ထိုကို အစောင့်တစ်ယောက်မြင်၍

"ဟိုဘုန်းကြီး ဘယ်သွားမလို့လဲ"

"ငါ ကျင်ငယ်စွန့်မလို့"

"အေး.. နင် ကျင်ငယ်ပဲစွန့်နော်။ အဲဟိုချုံထဲမှာ ငါ အရက်ဝှက်ထားတယ်။ သွားခိုးမသောက်နဲ့"

ဂိတ်မှူးနှင့် အစောင့်တို့မှာ ခရစ်ယာန်ဘာသာဝင်များဖြစ်သည်။ အစောင့်ပြောလိုက်မှ ဦးသုဇနစိတ်ထဲ ကြည့်ချင်စိတ်ဖြစ်ပေါ်လာသည်။ ကျင်ငယ်

စွန့်အပြီး ချုံထဲသို့ သတိထား၍ ချောင်းကြည့်သည်။ အံ့အားအသင့်ကြီး သင့်သွားသည်။ လက်အုပ်ချီပြီးသားလည်းဖြစ်သွားသည်။

ငါးပေလောက်ရှိမည်ထင်သော မတ်ရပ်ကြေးဆင်းတုတော်ကြီးတစ်ဆူကို ချုံများအကြား ဒုက္ကရစရိယာကျင့်နေသည့်အဖြစ်ကို တွေ့ရသောကြောင့်ဖြစ်သည်။ ဘုရားရှင်သည် လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ကျော်က ဥရုဝေဠတောထဲမှာ ဒုက္ကရစရိယာကျင့်ခဲ့ရသည်ကို ဖူးခွင့်မကြုံခဲ့ရသော်လည်း ယခု မဲသဝေါတောထဲ ဒုက္ကရစရိယာကျင့်နေသည့်အဖြစ်ကို ကြုံဆုံဖူးတွေ့နေရသည်။ ရင်ထဲက မချိအောင်နာလှသည်။ ရှေးဟောင်းပစ္စည်းအနေနှင့်ကြည့်ကြည့်၊ ဘာသာတရားအနေနှင့်ပဲကြည့်ကြည့် အနုတ်လက္ခဏာပြနေသည်။ ဤရုပ်ပွားတော်ကို မဲသဝေါမှတစ်ဆင့် တစ်ဘက်နိုင်ငံသို့ ခိုးထုတ်ရန် ပြည်မမှ အဆင့်ဆင့် ယူဆောင်လာကြခြင်းဖြစ်ပေလိမ့်မည်။

အစောင့်ရဲဘော်က ပြောလိုက်သေးသည်။

"ချုံထဲမှာ ငါး အရက်ဝှက်ထားတယ်။ ခိုးမသောက်နဲ့တဲ့"

ဘုရားရှင်၏ဝိပါတ်တော်ကို ၁၂ပါးအဖြစ်သာ မှတ်သားခဲ့ရသည်။ ယခု မဲသဝေါရောက်မှ ဗုဒ္ဓရှင်တော်မှာကား 'အရက်'ဟု သမုတ်စွပ်စွဲခံရခြင်း ဝိပါက်တော်တစ်ပါး တိုး၍ခံနေရသည်။

စိတ်မကောင်းကြီးစွာ၊ နမြောတသခြင်းပြင်းစွာဖြင့် လှည့်ထွက်ခဲ့ပြီး ဦးရသေ့ကိုခေါ်ကာ ဦးစိန်ထွန်းအား နှုတ်ဆက်၍ တစ်ဘက်ကမ်း မဲသဝေါသို့ ကူးခဲ့သည်။ ရှေ့ဘက်ကမ်းမဲသဝေါမှာ အိမ်ခြေ ၃၀ခန့်ရှိသည်။ ဘုန်းကြီးကျောင်းရှိသဖြင့် ဝင်ရောက်ခိုနားသည်။ ကျောင်းထိုင်ဆရာတော်မှု မရှိ။ ရန်ကုန်သွားနေသည်ဟု သိရသည်။

နံနက် ဆွမ်းဘုဉ်းပြီး မဲသဝေါကျောင်းမှ ထွက်ခဲ့သည်။ ထွက်လာရာမှာ ကျောင်းမှခွေးများ တစ်အုပ်ကြီး လိုက်ပါလာကြသည်။ ရှေ့ရွာဖြစ်သော မဲသဝေါခီးသို့ ဦးသုဇနတို့ မရောက်သေး။ ခွေးများက အလျှင်ရောက်နှင့်ကာ ရွာမှကြက်၊ ဝက်၊ ဆိတ်များကို လိုက်ကိုက်သဖြင့် ဆိတ်သုံးကောင်၊ ဝက်နှစ်ကောင်၊ ကြက်လေးကောင် အကိုက်ခံရသည်။ ရွာသားများက ခွေးများအား တူမီးသေနတ်ဖြင့် ပစ်ခတ်ကြသည်။ လျင်သောခွေးများက တောင်ပေါ်သို့ တက်ပြေးသွားကြသည်။ တစ်ကောင်တစ်မြီးမှ ထိမှန်ခြင်းမရှိ။ ဦးသုဇနတို့ ရွာသို့ရောက်သော်တိုင်ကြ၏။ ဦးရသေ့က ဦးရသေ့တို့၏ ခွေးများမဟုတ်ကြောင်း၊ မိမိတို့မှာ ခရီးသွား အာဂန္တုများဖြစ်ကြောင်း၊ မဲသဝေါကျောင်းမှ ခွေးများလိုက်လာခြင်းသာဖြစ်ကြောင်း ပြောပြသည်။ ရွာသားများက မကျေမချမ်းဖြင့် လက်ခံလိုက်ရသည်။

ထိုမှ ဆက်သွားရာ ထို့ကော်လေးရွာသို့ရောက်သည်။ ထို့ကော်လေးရွာ

မှာ ရွာပျက်ဖြစ်သည်။ လူသူမရှိ၊ အိမ်ဟောင်းအချို့သာရှိသည်။ ရွှေ့ပြောင်းတောင်ယာစနစ်လုပ်ကိုင်သူများမို့ သုံးနှစ်တစ်ကြိမ် ပြောင်းရွှေ့သော ဓလေ့အတိုင်း ပြောင်းရွှေ့သွားကြခြင်းဖြစ်သည်။ ဆက်သွားပြန်ရာ အိမ်ခြေနှစ်အိမ်သာရှိသော လေးကတေဟို့ရွာသို့ရောက်သည်။ ရွာဟု ဆိုသည်ထက် စခန်းဟုပြောက ပို၍ မှန်မည်လား မပြောတတ်။

ရွာသားများမှာ ကရင်အမျိုးသားများဖြစ်ကြသည်။ ရဟန်းသံဃာများနှင့် အတွေ့အထိနည်းပုံရသည်။ ဘုန်းကြီးကို ရှိတော့အခိုးသား။ ခြေဆင်းထိုင်၍ လက်အုပ်ချီရှိခိုးသည်။

“ဟ…ဟ… တို့ကို အချောင်းနှစ်ဆယ်နဲ့ရှိခိုးသဟ၊ သူများတွေက ဆယ်ချောင်းလက်စုံနဲ့ပဲ ရှိခိုးခံရတာ။ တို့တော့ အချောင်းနှစ်ဆယ်နဲ့ ရှိခိုးခံရသယော့။ တို့က မြတ်လို့နေမှာပေါ့”

ဦးရသေ့က ရယ်စရာပြောသည်။

ဦးသုဇနက ရွာသားများကို ကရင်ဘာသာဖြင့် ရှိခိုးပုံ၊ ရှိခိုးနည်း သင်ပေးသည်။ တစ်ဆက်တည်း ဩကာသကန်တော့ရှိခိုးကိုပါ ကရင်လိုတိုင်ပေးပြီး ငါးပါးသီလပေးသည်။ ငါးပါးသီလအဓိပ္ပာယ်ကို တိုရှင်းလိုရှင်းပြသည်။ ပရိတ်ရွတ်ဖတ်ပေးသည်။ မရွတ်မီကပင် ဆုံးလျှင် သာဓုသုံးကြိမ်ခေါ်ဖို့ပါ သင်ကြားပေးထားရသည်။ ကရင်ဘာသာချင်း၊ လူမျိုးချင်း တူသည်မို့ သင်ပြရသည်မှာ အခက်အခဲမရှိလှ။

ပရိတ်ရွတ်အပြီးမှာ ဆွမ်းကပ်ကြသည်။ ဆွမ်းကပ်သည်ဟု အလွယ်တကူရေးသော်လည်း အမှန်မှာ ကပ်ခြင်းမဟုတ်။ ကပ်ရမှန်းလည်းမသိသေး။ ညှော်သည်ကို ထမင်းကျွေးသည့်ပုံစံမျိုးလည်းမဟုတ်။ သူတို့စားနေကျ သာသာ ဗျပ်ဝိုင်းထဲ

ထမင်းကတစ်ပုံ

ငရုတ်ဆုံတစ်လုံး (ငရုတ်သီးထောင်းပြီးသား)နှင့်

ဟင်းအိုးကတစ်လုံးထည့်၍ အပြီးအပ်လိုက်ခြင်းဖြစ်သည်။

ဗျပ်ကြီးက ဆေးကြောခြင်းအလျဉ်းမရှိချေ။ (ဂျီး) အထပ်ထပ်နှင့် ညစ်ပတ်နေသည်။ သူတို့စားပြီးလျှင် ထမင်းကျန်ဟင်းကျန်များကို ခေါက်ချ၍ ခွေးကျွေးသည်။ ဗျပ်ကို မဆေးကြောဘဲ ဒီအတိုင်းထောင်ထားလိုက်သည်။ စားကာမှ ချ၍ ထမင်းဟင်း ပုံပြီးစားကြခြင်းဖြစ်သည်။ ယခုလည်း ထိုအတိုင်း အပ်လာသည်။

ဦးသုဇနအဖို့ မထောင်းသာလှ။ သပိတ်ရှိနေသည်ကိုး။ ဦရသေ့က မရှုနိုင်၊ မကယ်နိုင်ဖြစ်နေသည်။ ဦးရသေ့အား သပိတ်ဖုံး ပေးလိုက်သည်။

အပေါ်ယံမှ ထမင်းများကို ကဲ့ကဲ့ယူပြီး ဦးရသေ့က ဦးသုဇနေသပိတ်ထဲ ဆွမ်းကပ်ပေးသည်။ မိမိမှာ သပိတ်ဖုံးထဲထည့်စား၍သာ မျိုကျတော့သည်။

ဆွမ်းစားအပြီးမှာ ရခိုင်ငှက်ပျောသီးတစ်ဖီး လှူလာသည်။ "ရေပုပ် ဘယ်မှာရှိသလဲ" မေးကြည့်လျှင် လက်ညှိုးထိုး၍ညွှန်ပြကြသည်။ လက်ညှိုးညွှန်ရာသို့ ကြည့်လိုက်ရာ တိမ်ကြားဆီသို့ ညွှန်ပြနေကြောင်းတွေ့ရရာ ဦးရသေ့က–

"ဒီအတိုင်းဆို မချောင်သေးဘူး ကိုယ်တော်ရေ" ဟု မောလျှစွာ ဆိုလာသည်။

တစ်တောဝင်၊ တစ်ကုန်းတက်၊ တစ်တောင်ကျော်ဆင်း၊ တစ်တောနင်းပြီး ခရီးဆက်ခဲ့သည်။ နံနက် (၁၀)နာရီခန့်မှာ တောင်ကတုံးတစ်ခုပေါ်ရောက်သည်။ ထိုတောင်ကတုံးမှာ ဆေးဖက်ဝင်များဖြစ်သော ပန်းနု၊ ပန်းမများ အလွန်ပေါသည်။ ဂမုန်းပင့်ကူ၊ နဂါးမောက် စသော ဂမုန်းများနှင့် အခြား အမည်မသိ ဂမုန်းပင်များ များပြားစွာတွေ့ရသည်။ ဦးသုဇနေက လိုက်စားသူမဟုတ်သဖြင့် မသိ။ ဦးရသေ့က နားလည်သည်။ မဟာဂါနက်၊ မဟာဂါကျွဲရေကျအပင်များကို ပြသသည်။

မဟာဂါကျွဲရေကျမှာ သူ့ကိုသွေး၍လူးပေးလျှင် ကျွဲနွားသားရေများသော်မှ ကွာကျကြောင်း ပြောပြသည်။ ပြောရင်း အလိုရှိသော ဂမုန်းပင်များကို နုတ်သည်။ နုတ်လိုက်ထည့်လိုက်နှင့် ခဏလေးနှင့် ထည့်မနိုင်ဖြစ်ပြီး ထိုတောင်ကတုံးမှ ထွက်လာခဲ့သည်။ ထိုနှင့် တစ်ဆက်တည်းဖြစ်သော တောင်ကတုံးမှာမူ မြင်းခွာရွက်များ တောင်လုံးပြည့်မျှ ပေါက်နေသည်ကို တွေ့ရသည်။ မြင်းခွာရွက်များမှာ အနီ၊ အနက်၊ အဖြူ ဟူ၍ သုံးမျိုးတွေ့ရသည်။ အရိုး၊ အရွက်၊ အပင်ပါ နီနေ၊ နက်နေ၊ ဖြူနေသည်ကို တွေ့ရသည်။ ဦးရသေ့က မြင်းခွာရွက်မှာ ဆေးဖက်ဝင်ကြောင်း၊ အစွမ်းသတ္တိထက်မြက်ကြောင်း ပြောပြီးနုတ်သည်။

ဆွမ်းစားချိန်ကျသဖြင့်ပါလာသော ငှက်ပျောသီးကိုကပ်သည်။ နုတ်ပြီးသောမြင်းခွာရွက် (အနက်) ကိုပါကပ်သည်။ ဦးရသေ့နှင့် 'ကပ္ပိယံကရောဟိ၊ ကပ္ပိယံဘန္တေ' လုပ်၍ငှက်ပျောသီးနှင့် မြင်းခွာရွက်ကိုရော၍ ဘုဉ်းပေးသည်။

မြင်းခွာရွက်အနက်မှာ အခါးပိုသည်။

မြင်းခွာရွက်အနီမှာ အစပ်ပိုသည်။

မြင်းခွာရွက်အဖြူမှာ ရိုးရိုးမြင်းခွာရွက်နှင့်တူသည်။

ဆွမ်းဘုဉ်းပေးပြီးသောအခါ ဦးရသေ့က–

"ငှက်ပျော = တနလ်ာ + ကြာသပတေး

မြင်းခွာ + ကြာသပတေး + တနင်္လာ = ကက်ကင်းကျနေပလား

ဦးဇင်းရဲ့။ 'ကက်ကင်းသတ်က အသေရ' ဆိုတဲ့ ဆိုစကားရှိတယ်ဘုရား။

"ကက်ကင်းသတ်လို့သေလည်း ကောင်းတာပဲ။ ဆက်မလျှောက်ရတော့ဘူး။ ဆက်မရှာရတော့ဘူးပေါ့"

"မှန်တာပေါ့ဘုရား။ ခုတော့ မသေသေးတာမို့ ဆက်လျှောက်ကြဦးစို့။ သေခါမှလည်း လဲသေလိုက်ကြတာပေါ့ဘုရား"

ခရီးဆက်ကြပြန်သည်။ စောစောက သတိမထားမိ။ အခုမှကြည့်မိသည်။ တောင်အောက်မှာ ဒယ်အိုးတွေ စီထားသည့်နှယ် တွေ့ရသည်။ ဦးသုဇနက–

"ဟုတ်တယ်ဘုရား။ ဘယ့်နှယ် ဒီတောထဲ ဆားလာချက်ရတယ်လို့"

ပြောရင်း ဆင်းလာကြသည်။ အောက်ရောက်တော့မှ စောစောက တွေ့ခဲ့သော ဆားဒယ်များမှာ လယ်ကွင်းများဖြစ်ကြောင်း သိရသည်။

"ဟင်... ဆားဒယ်တွေမဟုတ်ဘူး။ လယ်ကွက်တွေပါလား"

"ဒါဆို တပည့်တော်တို့ မြင်းခွာရွက်တောင်ဟာ အတော်ကြီးကို မြင့်တာပါလားနော့"

"မြင့် မမြင့်တော့ မသိဘူး။ တောင်ကတုံးတွေက တစ်ခုနှင့်တစ်ခု ဆက်ဆက်ပြီး မြင့်မှန်းမသိ မြင့်မြင့်လာတာရယ်။ တက်လာတာလည်း ဇောနဲ့ဆိုတော့ တက်မှန်းမသိ၊ ရောက်မှန်းမသိဖြစ်ခဲ့တာရယ်ကြောင့် သတိမထားမိတာဖြစ်မှာပါ"

နှစ်ဦးသား လယ်ကွက်ကိုဖြတ်၊ တောစပ်ကိုကျော်ကာ တစ်တောတိုးပြီး တစ်မိုးမျှော်ကာ သွားရင်းဖြင့် တောင်ကုန်းတစ်ခုပေါ်ရှိ လောဖလာသစ်ရွာသို့ ရောက်သည်။ ရွာထဲသို့ နှစ်ဦးသား ဖွတ်ဝင်သွားကြသည်။ ရွာသားများက ထူးဆန်းစွာ ဝိုင်းကြည့်ကြသည်။ မတွေ့မမြင်ဖူးသည်မို့ စူးစူးရဲရဲကြည့်ကြသည်။ လေ့လာစူးစမ်းကြသည်။

၎င်းတို့၏အကြည့်ဒဏ်ကို မခံလိုသဖြင့် အိမ်တစ်အိမ်ပေါ်သို့တက်မည်ဟု အိမ်ရှေ့မှာရပ်လိုက်ကြသည်။ ကလေးများနှင့် မိန်းမများအားလုံး အပျိုအအိုမကျန် အိပ်ခန်းတွင်းသို့ ပြေးဝင်သွားကြသည်။ ယောကျ်ားများက အချင်းချင်း ဧအော်ဟစ်အချက်ပေးကာ ဓားများ၊ လှံများကိုင်၍ ဦးသုဇနတို့နှစ်ဦးအား ဝိုင်းထားကြသည်။ သူတို့စကားမှာ တောင်ပေါ်ကရင်ဘာသာတစ်မျိုးဖြစ်သည်။ ရေမြေဒေသလိုက်၍ ကွဲလွဲနေပုံရသည်။ ဦးသုဇနအဖို့ နားလည်သလိုလို၊ မလည်သလိုလို ရှိသည်။ ဦးရသေ့ကား လုံးဝနားမလည်။ ကရင်စကားပင် မတတ်သည့်ဟာကိုး။

"ဦးရသေ့ရေ။ ကက်ကင်းနဲ့မသေဘဲ ဓားနဲ့လား၊ လှံနဲ့လား။ တစ်ခုခု

နဲ့ သေမှာထင်ရဲ့" ဟု ပြောမိသေးသည်။ ဦးသုဇနက ကရင်ဘာသာဖြင့်

"တို့ ဒီမှာ ခဏနားချင်တယ်ကွယ်" ဟု တောင်းပန်တိုးလျှိုးသံဖြင့် ပြောရာ နားလည်သည်ထင့်။ လမ်းဖယ်ပေးသည်။ မဆိုး၊ မဆိုး၊ သူ့စကားကို ကိုယ်နားမလည်သော်လည်း ကိုယ့်စကားကို သူနားလည်နေသည်။ သည်ပုံဆို အကောင်းကြီးမဟုတ်သည့်တိုင် အဆိုးဆုံးတော့ ဖြစ်မည်မထင်။ အားတက်လာပြီး အိမ်ပေါ်လှမ်းတက်သည်။ ယောကျ်ားသားများကပါ ဝိုင်းရံ၍ တက်လာကြသည်။

ထိုင်မိသောအခါ စကားလက်ခံပြောရန် ဝိုင်းထိုင်ကြသည်။ အမျိုးသမီးများက အခန်းတွင်းမှ ခေါင်းကလေးပြူတစ်ပြူတစ်လုပ်၍ ချောင်းကြည့်နေကြသည်။ စကားပြောရာမှာ ကရင်လူမျိုးချင်းဖြစ်သော်လည်း ရေမြေလိုက်၍ထင်သည်။ အချို့စကားလုံးများ ကွဲလွဲသည်။ လေသံနိမ့်မြင့်ကွာသည်။ ဝေါဟာရ တိုရှည်ကွာသည်။ မေးရင်းပြောရင်း နားလည်တာပါသလို မသိတာတွေလည်း ရှိသည်။ အများကြီးကွာခြားခြင်းမဟုတ်သဖြင့် စကားချင်း ညှိနှိုင်းတိုက်ဆိုင်ယူ၍ ဖြစ်သည်။ အချိန်တော့ ကုန်သွားသည်။ ည ၁၀နာရီလောက် ရှိသွားသည်။

သည်တော့မှ နှစ်ဦးနှစ်ဖက် နားလည်စပြုလာသည်။ အမျိုးသမီးများနှင့် ကလေးများပါ အခန်းတွင်းမှထွက်လာပြီး တဖြည်းဖြည်း ကပ်ရဲလာသည်။ စကားတွေ လာပြောကြသည်။

"နင်တို့ ဘယ်မှာနေတာလဲ"

"မြိုင်ကြီးငူမှာနေတယ်"

"မြိုင်ကြီးငူ ဘယ်မှာရှိလဲ"

"ကရင်ပြည်နယ်မှာရှိတယ်"

"ကရင်ပြည်နယ်က ဘယ်မှာရှိတာလဲ"

"ဒီကနေ အနောက်ဘက်တည့်တည့် သောင်ရင်းမြစ်နဲ့ တစ်ဖက်ကမ်းဟာ ကရင်ပြည်နယ်ပဲ။ အဲဒီ ကရင်ပြည်နယ်တစ်နေရာဖြစ်တဲ့ မြိုင်ကြီးငူက လာခဲ့တာ"

"နင်တို့က ဘာလဲ"

"တို့ကို ဘုန်းကြီးလို့ခေါ်တယ်"

"ဘုန်းကြီးက ဘာလုပ်သလဲ"

"ဘာလုပ်တယ်ဆိုတာ ..သာထား။ ရွာထဲကို ဘုန်းကြီးတွေရောက်လာရင်ပေါ့ကွယ် မကောင်းဆိုးဝါးတွေ မနေနိုင်ဘူး။ ထွက်သွားကြတယ်။ တို့က တရားတွေ ရွတ်ဖတ်သရဇ္ဈာယ်ပေးရင် မကောင်းဆိုးဝါးတွေ အနားမကပ်နိုင်ဘူး။ ထွက်ပြေးကြရတယ်။

"ဩော်… ဒီလိုကိုး"

စကားပြောနေစဉ်မှာ ကံကောင်းဖို့ဖန်လာသည်။ အိမ်ရှင်အမျိုးသမီးကြီး ဆေးတံပျောက်သဖြင့် ဝိုင်းရှာကြသည်။ မတွေ့နိုင်ဖြစ်နေသည်။ ဤတွင် ဦးရသေ့က 'လူကသာနေသည်၊ ပညာကမနေနိုင်' ဖြစ်လာသည်။ တတ်သည့်ပညာ မနေသာဟူသည့်အတိုင်း ဗေဒင်တွက်ကြည့်ပြီး–

"ဆေးတံက အမြင့်တစ်နေရာ၊ တိုင်ထိပ်လိုမျိုးမှာရှိနေတယ်။ ရှာကြည့်ပါ"

ဟု အဟောထွက်သည်။ ဦးသုဇနက ဘာသာပြန်ပေးသည်။ အမြင့်ရှိသမျှ လိုက်ရှာကြသည်။ မကြာမီ တိုင်ထိပ်တစ်ခုပေါ်မှ ပြန်ရသည်။ ဝမ်းသာကျေးဇူးတင်ကြသည်။

အဆင်ပြေသွားပြီ။ ပြောသမျှ တော်တော်ကြီးကို ပြေလည်သွားပြီ။ ထမင်းကျွေးရန် ပြင်ဆင်ဖို့ ပြောနေကြသည်။ ရောက်စကတည်းက အကဲခတ်လာသည်မှာ ခုမှ ဓာတ်ရည်လည်သွားပြီမို့ ဧည့်သည်ကို ဧည့်ဝတ်ပြုရန် စိတ်ကူးရလာသည်။ ဒီအချိန်ကြီးရှိမှ ဒီဧည့်သည်တွေ ထမင်းဆာရောပေါ့ ဖြစ်လာသည်။ အချိန်က ည ၁၀နာရီ ရှိပြီကိုး။ သစ်သားဗျပ်ကြီးတစ်ခု ရှေ့မှာလာချသည်။

"ဘုန်းကြီးတို့ ညဘက်ထမင်းမစားဘူး"

"ဘာဖြစ်လို့လဲ"

"ဘုန်းကြီးဟာ လူဝတ်ကြောင်တွေလိုမျိုး ညစာမစားရဘူး။ မွန်းတည့် ၁၂ နာရီက ကျော်ရင် နောက်နေ့ အရုဏ်တက်ချိန်အထိ ဘာမှမစားရတော့ဘူး"

'တစ်ညလုံး ဘာမှမစားရတော့ဘူးပေါ့".

"ဟုတ်တယ်။ မနက် ၄နာရီကျော်ပြီးနောက်ပိုင်း အရုဏ်တက်ပြီးမှ စားရတာပါ"

"နင်တို့ နေနိုင်တယ်နော်"

"ကြာတော့လည်း အကျင့်ရသွားတယ်ပေါ့"

"ဩော်…ဩော်.."

ဧည့်သည်များ မစားဆိုသဖြင့် သူတို့ဘာသာ စားကြသည်။ ဦးသုဇနနှင့် ဦးရသေ့တို့မှာ ပြုံးမြဲ ပရိတ်ရွတ်ခြင်း စသော အမှုကိုပြု၍ အိပ်ကြသည်။ နံနက်လင်းသော် ဆွမ်းတာပ်ကြသည်နှင့် ဆွမ်းဘုဉ်းပေးကာ ခရီးဆက်ဖို့ပြင်သည်။ ထိုအခါ လူတစ်ဦးက–

"မနေ့က နင်တို့လာတာ ဘယ်ရွာက လာခဲ့တာလဲ"

"လေးတကေဟို့ရွာက လာခဲ့တာ"

"ဘယ်အချိန်ကလာတာလဲ"

"မနက် ဖြနာရီလောက်က"

"ဒီကို ညနေ ၅နာရီ ရောက်ခဲ့တာဆိုတော့ ဒါဟာ မဖြစ်နိုင်ဘူး။ လေးတကေဟို့နဲ့ ဒီလောဖလာသစ်ရွာဟာ တစ်ညအိပ်ခရီးလောက်သွားရတာ။ တစ်ညအိပ်ခရီးကို နင်တို့က နေ့ချင်းပြန်လာတယ်ဆိုတော့ မဖြစ်နိုင်ဘူး"

ဦးသုဇနတို့ ဘာမှပြန်မပြောတတ်တော့။ သူတို့ပြောပုံအရဆို ဆန်းနေသည်။ တစ်ညအိပ်ခရီးကို တစ်နေ့တည်းရောက်လာနိုင်တာ ဘာကြောင့်တော့ မသိ။ တစ်ခုသာ သတိပြုမိသည်။ ငှက်ပျောသီးနှင့် မြင်းခွက်ရွက်အနက်အစွမ်းကြောင့်လားဟူ၍။

အိမ်သား၊ ရွာသားကို နှုတ်ဆက်၍ ခရီးဆက်ထွက်ခဲ့ကြပြန်သည်။

* * * * * * * *

လောဖလာသစ်ရွာမှနေ၍ တွေ့ရသော လမ်းအတိုင်း ဆက်လျှောက်ကြသည်။ နံနက် ၁၀နာရီလောက်တွင် သငိုက်ရွာသို့ရောက်သည်။ ထူးထူးဆန်းဆန်း တွေ့ရသည်မှာ မြန်မာပြည်မှ ဇီယာခေါ် ပူစီနာပင်များ လက်ညှိုးလုံးခန့် ဖွံ့ထွား နေသည်ကို မြင်ရသည်။ အမြင့်မှာ ခါးစောင်းလောက်ရှိသည်။ မြန်မာပြည်မှ ဇီယာများမှာ မီးခြစ်ဆန်သာသာရှိပြီး အမြင့်က ရှိလွန်းပါမှ တစ်ထွာကျော်ကျော် သာ။ ဦးရသေ့က တွေ့ရသောအပင်များကို ချိုးကြည့်၊ စားကြည့်သည်။ ဇီယာ အတိုင်းပင်။ သို့နှင့် အနည်းငယ်ချိုးယူလာသည်။ ရွာထဲရောက်လျှင် ရွာရှင် တို့အား ဦးသုဇနက–

"အေးကွယ် နင်တို့လယ်ထဲက ဒီအပင်တွေကို တို့ နည်းနည်းရှုးလာ တယ်။ ခွင့်လွှတ်ပါ"

"ဟယ်... ဒီအပင်တွေလား။ ဒါတွေဟာ တို့ဆီမှာ အလေ့ကျပေါက် နေတာ။ လယ်ထဲမှာ ဒင်းတို့ချည်းပေါက်နေလို့ စပါးမစိုက်နိုင်ဘူး။ တောကြီး ကိုဖြစ်နေတာ"

အံ့သြသွားရသည်။ တို့ဆီမှာဖြင့် ရှားပါးလှသည်။ တယုတယ စိုက်ပျိုး ရသည်။ သူတို့ဆီက အလေ့ကျပေါက်ပြီးနေတာကြီးကို ဖြစ်နေသည်။ ဆွမ်းက ဆာနေပြီဖြစ်သဖြင့် ဆွမ်းလှူခံရသည်။

အိမ်ရှင်မတစ်ဦးက ဆန် နို့ဆီဘူးနှစ်လုံးခန့်ဆံ့သော ပေါင်းချောင် သဏ္ဍာန် မြေအိုးလုံးလုံးကလေးထဲ ဆန်နှစ်လုံးခန့်ထည့်ပြီး ရေဆေးကာ ဝါးထင်း ဖြင့် မီးပြင်းပြင်းတိုက်သည်။ အိုးကို မမြင်ရလောက်အောင် ဝါးထင်းမီးက မျို ထားသည်။ ထမင်းက မကျက်နိုင်သေး။ ဆွမ်းကလည်း ဆာနေပြီ။ တည်ထား သောအိုးက သေးသေးလေး။ တို့နှစ်ပါး စားလို့မှ ဝပါ့မလား တွေးနေမိသည်။

"ဦးရသေ့ ထမင်းအိုး(၁) သေးသေးလေး။ နှစ်ပါးစားလို့ ဝပါ့မလား"

ထမင်းကျက်သော် ခူးခပ်ပေးသည်။ ဟင်းလျာအဖြစ်တော့ တောဝက်ဝက်သားချဉ်ဖတ်ကို ချပေးသည်။ ဦးသုဇနတို့မှာ ခူးလာသောဇီယာဖြင့်ပင် ဘုဉ်းပေးသည်။ ဆွမ်းက ဆာသည်မို့ မြိန်လှသည်။ ထမင်းထပ်ယူသည်။ ထွက်လာဆဲ၊ မကုန်သေး။ ဦးသုဇနတို့ ဆွမ်းဘုဉ်းပေးပြီးနောက် အိမ်ရှင်များ ဆက်စားကြရန်ပြင်သည်နှင့် ဦးသုဇနက အိုးတစ်လုံးယူခိုင်းလိုက်သည်။ တောဝက်ချဉ်ဖတ်ကို အိုးထဲထည့်စေကာ ရေထည့်၍ မီးမှာတည်စေသည်။ ကျက်လာသည်ထင်မှ ချစေပြီး ထမင်းနှင့်စားခိုင်းသည်။

"စားလို့ကောင်းတယ်ဟ"

"အရင်က ဒီလို မချက်စားဘူးလား"

"ဟင့်အင်း... တို့က ဒီအတိုင်းစားတာ။ ချက်စားရကောင်းမှန်းမှ မသိတာ"

"အေး...မှတ်ထား၊ ဘာအသားဖြစ်ဖြစ် ချက်စားရတယ်"

"အဲ..အေး.. ငါမှတ်ထားမယ်။ နင်တို့ကော စားကြည့်ဦးမလား"

"တို့က အသားမစားဘူး။ သက်လွတ်ပဲစားတယ်"

"သက်လွတ်က ဘာလဲ"

"သက်လွတ်ဆိုတာ သူတစ်ပါးအသက်ကိုသတ်ပြီးမှ သူ့ရဲ့သွေးသားကို စားတာမျိုးမဟုတ်ဘဲ အသက်မရှိတဲ့ အသီးအရွက်များကို စားတာကို ခေါ်တယ်"

"နင်တို့စားနိုင်သလား"

"အေး... စားနိုင်တာပေါ့"

အိမ်ရှင်များ ထမင်းစားနေစဉ် ဧည့်သည်တွေရောက်လာသည်။ ဧည့်သည်များအားလည်း စောစောကချက်ထားသော ထမင်းအိုးငယ်ထဲမှပင် ခူးခပ်ကျွေးသည်။ ခူးလိုက်တိုင်း ထမင်းထွက်လာဆဲ။ ကုန်ပဲမကုန်နိုင် ဖြစ်နေသည်။ သည်ထမင်းအိုးငယ်ဖြင့် ထမင်းစားကြသည်မှာ–

| | |
|---|---|
| ဦးသုဇနတို့ | ၂ ပါး |
| အိမ်ရှင် | ၄ ယောက် |
| ဧည့်သည် | ၂ ယောက် |
| ဆေးထိုးဆရာ | ၁ ယောက် |
| ရဲဘော် | ၂ ယောက်၊ ပေါင်း ၁၁ယောက်ဖြစ်သည်။ ဆန် |

နို့ဆီဘူးနှစ်လုံးချက်က မကုန်နိုင်သေး။ ခူးလိုက်တိုင်း ထွက်နေဆဲ။

"ဦးရသေ့ ဘယ်လိုလဲ။ အံ့ဩဖို့ကောင်းနေပြီ"

"ဟုတ်တယ်။ တပည့်တော်လည်း ဒါပဲစဉ်းစားနေတာ"

"အလှူခံရရင်ကောင်းမလား။ မြိုင်ကြီးငူမှာ သာသနာပြုရင် ပရိသတ်အားလုံးကို ကျွေးနိုင်တာပေါ့"

"အလှူခံကြည့်လေ။ ဒါပေမယ့် ပေးပါ့မလား"

"မပေးရင်လည်း အရင်းပေါ့"

သူတို့စားအပြီး စောင့်ကြည့်နေသည်။ လူအားလုံး စားပြီးသည်နှင့် ထမင်းအိုးကို တွင်းပြင်ပြောင်အောင်ဆေးကြောပြီး အဝတ်ဖြင့်ထုပ်ကာ ကျပ်ခိုးစင်ပေါ်မှာ တင်ထားလိုက်သည်။

ဦးသုဇနက အိုးကို အလှူခံကြည့်သည်။ မိဘဘိုးဘွားအစဉ်အဆက်က အဆင့်ဆင့် အမွေဆက်ခံရလာသည့်ပစ္စည်းမို့ မပေးနိုင်ကြောင်းပြောသဖြင့် မရရှိခဲ့ချေ။

* * * * * * * *

ဆွမ်းစားပြီး ခရီးဆက်သွားသည်။ အူတွန်ရွာသို့ရောက်သည်။ ဦးရသေ့က–

"ဦးဇင်း တပည့်တော်တို့ ထိုင်းနယ်ထဲရောက်နေပြီဘုရား"

"ထိုင်းမဟုတ်ဘူး ဦးရသေ့။ ရှမ်းပြည်နယ်ကို ရောက်နေတာ"

စကားတပြောပြောနှင့် ဆက်သွားသည်။ ယောက်ကီဆိုသော ရွာနားသို့ ရောက်သည်။ ရွာနားရောက်သော်လည်း ရွာထဲလမ်းကို မဝင်မိဘဲ လမ်းချော်ပြီး ထင်းရှူးတောထဲရောက်သွားသည်။ တောက တဖြည်းဖြည်း နက်လာသည်။ လမ်းစပျောက်နေပြီ။လူသူလည်းမတွေ့၊ မိုးကလည်း ချုပ်လာနေပြီ။

ထိုစဉ် ဟင်းရွက်ခူးသမားများ တစ်ဦးနှင့်တစ်ဦး "ဂူး...ဂူး..." အော်၍ အသံပေးသံ ကြားရသည်။ ထိုအသံအတိုင်း ဦးသုဇနတို့က လိုက်အော်သည်။ ခဏအကြာမှာ ဟင်းရွက်ခူးသူများရောက်လာပြီး လမ်းမေးသည်။ စကားဖြင့် မပြောဘဲ တောင်ပေါ်သို့ လက်ညှိုးထိုးပြသည်။

လက်ညှိုးထိုးပြသည်က တောင်ပေါ်၊ သူတို့သွားသည်က တောင်ပတ်လမ်း။ ဘာရမည်နည်း။ သူတို့နောက် လိုက်သွားသည်။ အန္တရာယ်ပြုမည်ထင်သည်ထင့်။ ရှေ့ကပြေးသည်။ ဦးသုဇနတို့က မျက်ခြည်ပြတ်မည်စိုး၍ နောက်မှပြေးလိုက်သည်။ သည်လိုနှင့် ရှေ့ကပြေးရင်း နောက်ကလိုက်ရင်း ရွာထဲရောက်ခဲ့သည်။

ရွာထဲရောက်လျှင် ဦးသုဇနတို့အား ရှမ်းလိုမေးသည်။ ခေါင်းယမ်းပြသည်။ ဗမာလိုမေးသည်။ ခေါင်းခါပြသည်။ ကရင်လိုမေးမှ ခေါင်းညိတ်ပြ

သည်။ စကားပြောလို့ဖြစ်သွားပြီ။ ရွာခေါင်းဆိုသူက အရက်မူးမူးနှင့် ရောက်လာသည်။ အိမ်တစ်အိမ်ပေါ်တက်စေပြီး ထိုင်ခိုင်းကာမေးမြန်းသည်။

"နင်တို့ဘာတွေလဲ"

"တို့က ဘုန်းကြီးတွေလေ"

"ဘုန်းကြီးက ဘာလုပ်သလဲ"

"ဘုန်းကြီးတွေ ရွာထဲဝင်လာရင် မကောင်းဆိုးဝါးတွေ ထွက်သွားတယ်။ ရှိနေရင်လည်း မောင်းထုတ်ပေးတယ်"

"နင်တို့မှာ ဟို စာအုပ်ရှည်ရှည်ကြီးတွေ ပါသလား"

(ကမ္မဝါစာအုပ်ကို ပြောခြင်းဖြစ်သည်။) ရှမ်း (ယိုးဒယား) ရဟန်းများ ရွတ်ဖတ်သည်ကို တွေ့ဖူးထားပုံရသည်။ ဦးသုဇနတို့မှာ ထိုရဟန်းနှင့် ပုံသွင်သဏ္ဍာန်အနည်းငယ် ကွဲလွဲနေသဖြင့် မေးမြန်းခြင်းဖြစ်သည်။

"စာအုပ်ရှည်ကြီးတော့မပါဘူး။ ဒါပေမယ့် အဲဒီစာအုပ်ရှည်ကြီးတွေက တို့ဗိုက်ထဲမှာရှိတယ်"

"နင်တို့လုပ်ပေးနိုင်တာပေါ့"

"အေး... လုပ်ပေးနိုင်တယ်"

"ဒါဖြင့်ရင် လုပ်ပေးစမ်းပါ"

"ဖယောင်းတိုင်ရှိသလား"

"မရှိဘူး"

"မရှိရင်လည်း ရတယ်။ နင်တို့ မီးပူဖော်သလို လုပ်တာပေါ့"

"ဒီလိုလည်း ရတာပဲလား"

"အေး... ရတယ်"

ခုံဝိုင်းလောက်ရှိသော ကျောက်ဖျာကြီးကို ပင့်လာပြီး ဦးသုဇနတို့ရှေ့လာချသည်။ ကျောက်ဖျာပေါ်မှာ ထင်းရှူးသား ထင်းပေါက်စများကို စုပုံမီးရှို့သည်။ ဦးသုဇနက ကရင်ဘာသာဖြင့် ဩကာသမှအစ တိုင်ပေးပြီး သီလပေးသည်။ ငါးပါးသီလအဓိပ္ပာယ်ကို အတိုရှင်းပြသည်။ ပရိတ်မရွတ်မီ သေသေချာချာ စူးစိုက်နားထောင်ဖို့နှင့် ဆုံးလျှင် သာဓုသုံးကြိမ် ညီညီ ဆိုရမည်ဖြစ်ကြောင်း သင်ကြားပေးသည်။ ပြီးမှ ဦးရသေ့နှင့်အတူ–

၁။ မေတ္တသုတ်

၂။ ခန္ဓသုတ်

၃။ မောရ္ဖျင်သုတ်

၄။ အာဋာနာဋိယသုတ်

၅။ မဟာသမယသုတ်

၆။ မဟာသတိပဋ္ဌာနသုတ် တို့ကို ရွတ်ဖတ်ပေးသည်။ ပရိသတ် အားလုံး ကလေးမှအစ တုတ်တုတ်မျှမလှုပ်ဘဲ နားစိုက်ထောင်သည်။ ဆုံးသည်နှင့် သာဓုသုံးကြိမ် ညီညီညာညာခေါ်ဆိုကြသည်။

ယောက်ကီရွာမှ ညအိပ်ခဲ့ပြီး မိုးလင်းသည်နှင့် ခရီးထွက်မည်ပြုရာ လမ်းပြခေါ်ပေးသည်။ ပြသောလမ်းအတိုင်း ခရီးဆက်ခဲ့ရာ ထိုထိုပလောင်ရွာသို့ ရောက်သည်။ ထိုရွာသည် တိုင်းပြည်မနှင့် နီးစပ်ပုံရသည်။ အခြားတွေ့ခဲ့ရသော ရွာများနှင့်စာလျှင် နည်းနည်းတော်သည်။ ဘုန်းကြီးများကို နေရာထိုင်ခင်းပေးခြင်း၊ ရှိခိုးခြင်းအမှုကို ပြုကြသည်။ အစားအသောက်များ ကပ်လှူကြသည်။ ဦးသုဇနတို့လည်း ပရိတ်တရားများ ရွတ်ဖတ်ချီးမြှင့်ပေးကြသည်။ ထိုရွာမှာပင် တစ်ညတည်းခိုရသည်။

နံနက်လင်းသော် ရွာခံအချို့က လမ်းတစ်ဝက်ထိ လိုက်ပို့သည်။ လမ်းပြသူမရှိတော့သဖြင့် သွားရင်းမှ လမ်းမှားသွားသည်။ မွန်းတည့်လုပြီ။ လူသူ တစ်ဦးမျှ မတွေ့။ ရွာလည်းမတွေ့။ ဆွမ်းအဖြစ် ဦးရသေ့ခူးပေးသော မုန်တိုင်းပင်ကို အားထားရတော့သည်။ မြိုင်ကြီးငူမှထွက်လာစဉ်က ဦးရသေ့ထည့်ယူလာခဲ့သော ပဲပုပ်ကြော်က ခုမှ အသုံးဝင်တော့သည်။ မုန်တိုင်းပင်နှင့် ပဲပုပ်ကြော်ကို ဆွမ်းအဖြစ် ဘုဉ်းပေးရသည်။

ဘုဉ်းပေးပြီး ဘာမှမကြာလိုက်။ နှစ်ဦးစလုံး မူးပြီး အော့အန်ကြသည်။ မုန်တိုင်းပင်တောက်ခြင်းဖြစ်သည်။ လမ်းဘေးချုံစပ်မှာ လဲနေကြသည်။ တောလိုက်မုဆိုးတစ်ဦးရောက်လာသဖြင့် လမ်းကိုမေးရာ တစ်ခွန်းမှမပြောဘဲ ကျော်သွားသည်။ ခဏအကြာမှာ ဦးရသေ့က ရေခပ်ဦးမည်ဆိုကာ ယိုင်တိယိုင်တိုင်ဖြင့် လျှိုထဲဆင်းသွားသည်။ စောင့်နေသည်မှာ အတော်ကြာသွားသော်လည်း မလာသဖြင့် ဦးသုဇနပါ လိုက်ဆင်းသွားသည်။ လမ်းဆားတစ်နေရာတွင် ဦးရသေ့လဲနေသည်ကို တွေ့ရသည်။

ဦးရသေ့ရှိရာသို့ဆင်းသွားပြီး တွဲထူသည်။ မဟာန်နိုင်ဘဲ လမ်းဘေးတစ်ဖက်တစ်ချက်ဆီမှာ ပစ်လဲသွားသည်။ တော်တော်ကြာကြာ နားနေပြီးမှ တစ်ဦးကိုတစ်ဦးတွဲကာ ဖြည်းဖြည်းချင်းလျှိုထဲမှ ပြန်ထွက်လာရသည်။ လူသူလည်း မတွေ့။ ဒီအတိုင်းနေလို့လည်း မဖြစ်။ နားနားနေနေ လျှောက်ကြရပြန်သည်။ တစ်နာရီခန့် သွားမိသောအခါ အမိုးမဲ့ တောင်ယာတဲဟောင်းတစ်လုံး တွေ့ရသည်။

မိုးကုန်ဦးစဖြစ်သဖြင့် မိုးရိပ်လေရိပ် မကင်းသေး။ စိတ်မချရသည်နှင့် ဦးရသေ့ယူခဲ့သော ပလတ်စတစ်ဖြင့် မိုးထားလိုက်သည်။ ညကျသော် ဘုရားရှိခိုး၊ ပရိတ်ရွတ်ရာ ခန္ဓသုတ်ရွတ်နေစဉ် ထွာဆိုင်ခန့်ရှိသော မြွေကြီးတစ်ကောင်ဝင်လာ

ပြီး အောက်မှာခွေနေသည်။ မိုးစင်စင်လင်းသည်ထိ သည်အတိုင်းနေသည်။ ဦးရသေ့က ပရိတ်ရေဖြင့် မြွေကိုယ်ပေါ် ပက်ဖျန်းပေးပြီး

"ကဲ...ကဲ...မင်းလည်း သွားချင်ရာသွားပါ။ တို့လည်း မကြာမီ သွားတော့မယ်။ ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ဘေးအန္တရာယ်အသွယ်သွယ်မှ ကင်းဝေးပါစေ" ဟု မေတ္တာပို့ပေးသည်။

ထိုအခါမှ မြွေထွက်သွားသည်။ ဦးသုဇနတို့လည်း မြွေထွက်သွားရာဘက်သို့ မျက်နှာမူကာ တရွေ့ရွေ့လျှောက်လာရာ ဝယ်ပေါင်ထူးရွာသို့ရောက်သည်။ ဆွမ်းချိန်သင့်ပြီဖြစ်သဖြင့် ဆွမ်းအလှူခံရန် အိမ်တစ်အိမ်သို့ တက်ခဲ့သည်။ အရူးမကြီးတစ်ယောက်ကို ကြိုးဖြင့်ချည်ထားသည်ကို တွေ့ရသည်။ သောင်းကျန်းလွန်းသဖြင့် ချည်ထားကြောင်း သိရသည်။ ဦးရသေ့က ကြိုးဖြေခိုင်းပြီး ပရိတ်ရေတိုက်လိုက်သည်။ ကဲ့စွပ်ကဲ့စမ်းပင် အရူးမကြီး ငြိမ်သက်သွားသည်။ နောင် ဘာဖြစ်မည်မသိ။ လောလောဆယ်မှာ ကောင်းသွားသည်။

ဆွမ်း အလှူခံသည်။ အားရဝမ်းသာဆွမ်းလှူကြသည်။ ဆွမ်းဘုဉ်းပေးပြီး ခရီးဆက်ခဲ့သည်။ တစ်နာရီကျော်ကျော် သွားမိလျှင် အိမ်ခြေသုံးအိမ်မျှရှိသောရွာကို ရောက်သည်။ ရွာအမည်ကို မမေးကြည့်မိခဲ့။ ထိုရွာမှ လူကြီးတစ်ယောက် လက်ကြီးတစ်ဖက်ရောင်ကိုင်းနေသဖြင့် မေးကြည့်သည်။ မြွေစိမ်းကိုက်ခံရကြောင်း ပြောပြသည်။ ဦးရသေ့က လမ်းမှာ လိုလျှင်သုံးရန် အသင့်ယူခဲ့သော သံပရာသီးကိုခွဲ၍ အရည်ညှစ်ကာ ဆေးအနည်းငယ်ရောစပ်ပြီး အနာဝကို အနည်းငယ်ခွဲ၍ ထည့်ပေးလိုက်သည်။

အဝါရောင်အရည်ကြည်များထွက်လာသည်။ ကြည့်နေရင်းမှာပင် တဖြည်းဖြည်း အရောင်လျော့လာသည်။ အားရဝမ်းသာဖြစ်ကြရာ ထမင်းဟင်းချက်ကျွေးကြသည်။ နေ့ဆွမ်းအဖြစ် ဘုဉ်းပေးပြီး ပရိတ်တရားချီးမြှင့်ကာ ခရီးဆက်ထွက်ခဲ့သည်။ တစ်တောဝင်၊ တစ်တောင်တက်ဖြင့် သွားသာသွားနေရသည်။ ဘယ်ရောက်လို့ ဘယ်ပေါက်နေမှန်းမသိ။ လူသူလည်းမတွေ့။ ရွာလည်းမတွေ့။ မိုးလည်း ချုပ်ကာနီးနေပြီ။ ဒီတစ်ညတော့ တောထဲမှာပင် စခန်းသိမ်းရလိမ့်မည်ထင်သည်။ တောင်ပေါ်က ကရင်ဘာသာဖြင့် အုပ်စုလိုက် သီချင်းဆိုသံကြားရသဖြင့် အားတက်သွားသည်။

အသံကြားရာသို့ လိုက်ခဲ့သည်။ တစ်ယောက်တည်းကိုသာ တွေ့ရသည်။ ဘိန်းသမား ဖာလာထူး ဆိုသူတည်း။ လမ်းမေးကြည့်ရာ လမ်းမရှိဟုဆိုသည်။ ဖာလာထူးက သူ့အိမ်ခေါ်သွားသည်။ အိမ်မရောက်မီမှာ ငါးမျှားနေသူများကိုတွေ့ရာ ဖာလာထူးက သွားတောင်းသည်။ ဟိုက မပေး။ ဦးသုဇနအား ဖာလာထူးက ပြောသည်။

"ငါက ဘိန်းစားဖြစ်နေလို့ သူတို့က မပေးချင်ဘူး။ နင်သွားတောင်းပါလား"

"ငါး ဘာလုပ်ဖို့လဲ"

"နင်တို့ကို ထမင်းချက်ကျွေးမလို့"

တကယ့် စေတနာရှင်နှင့် တိုးနေသည်။ ညနေစာကို ငါးဟင်းနှင့် ကျွေးမည်တဲ့။

"တို့က ဘုန်းကြီးတွေပဲ။ ညစာထမင်းမစားဘူး"

သူနောက်လိုက်ခဲ့သည်။ ည ၈နာရီလောက်မှာ သူ့အိမ်ကိုရောက်သည်။ အိမ်ရောက်သည်နှင့် ဖာလာထူးသည် အိမ်အောက်ဝင်သွားပြီး ကြက်တစ်ကောင်ဆွဲယူလာသည်။

"ဒါလောက်ဆို ရပြီလား"

"ဟင့်အင်း...နည်းနည်းကြီးတယ်"

နောက်တစ်ကောင်သွားယူပြန်သည်။

"ဒါဆိုရင်ကော"

"နေပါဦး ဘာလုပ်ဖို့လဲ"

"နင်တို့ကို ထမင်းကျွေးမလို့"

"တို့က ဘုန်းကြီးတွေလေ။ ညစာမစားဘူးလို့ ညနေက ပြောခဲ့ပြီကော။ မနက်ကျမှ စားတော့မယ်"

"အေး..အေး...ငါမေ့သွားကယ်။ နင်တို့ထမင်းမစားရင် ငါ့အလုပ် ငါလုပ်မယ်နော်"

"လုပ်လုပ်"

ဘိန်းစားသာဆိုသည် ဧည့်ဝတ်ကျေသည့် သူ့စေတနာကို လေးစားမိရသေးသည်။ ဧည့်သည်များ ထမင်းမစားဘူးဆိုသဖြင့် သူ့အလုပ်သူ ဆက်လုပ်သည်။

ကြိုးဟစ်စကို ခါးမှာချည်၊ အခြားတစ်စကို တိုင်မှာချည်၊ ပုလင်းတစ်လုံးကို ကြိုးအလယ်မှာ တစ်ပတ်ရစ်ပြီး ရှေ့သွားနောက်ပြန် ပွတ်တိုက်သည်။ ပုလင်းပူလာသောအခါ ရေအေးဖြင့်တောက်ပေးလိုက်ရာ ပုလင်း နှစ်ပိုင်းပြတ်သွားသည်။ ဖယောင်းတိုင်ထွန်းရန် ဖန်တီးခြင်းဖြစ်သည်။ ဖယောင်းတိုင်မီးကို လေမငြိမ်းစေရန်ပြုလုပ်ပြီး ဘိန်းရှူတော့သည်။

ဦးသုဇနတို့လည်း ဘုရားရှိခိုးခြင်း စသော ပြုမြဲဝတ်ကိုပြုက အိပ်စက်အနားယူကြတော့သည်။ မိုးစင်စင်လင်းသည့်အထိ ကိုယ်တော်ချောက မနိုးသေး။ ဘုန်းကြီးကိုမြင်မှ အခြားတစ်အိမ်က ဆွမ်းလာပို့သည်။ ထိုအခါကျမှ ကိုဖာလာ

ထူး နံးလာသည်။ အမြန်ချက်လိုက်သည်မှာ ခဏလေးကျက်သွားသည်။ လာကပ်သဖြင့် ကြည့်လိုက်ရာ ဆွမ်းမဟုတ်။ ကောက်ညှင်းဖြစ်နေသည်။ သူတို့က ကောက်ညှင်းကို ထမင်းအဖြစ် စားသုံးကြဟန်တူသည်။

ဆွမ်းစားအပြီး ဖာလာထူးအား ရေပုပ်အကြောင်းမေးကြည့်ရာ လိုက်ပြပေးမည်ဆိုကာ ရေပုပ်ရှိရာ မယ်ငေါချောင်းသို့ လိုက်ပို့ပေးပြီး ပြန်သွားသည်။

သွားပါများသဖြင့် ခရီးရောက်ခဲ့သည်။

မေးပါများသဖြင့် စကားရခဲ့ပြီ။

စကားတင်မက နေရာအတိအကျသို့ပင် လိုက်ပြသေးသည်။ ရေပုပ်နံ့က ကြက်ဥပုပ်နံ့ရှိကြောင်း သိရသည်။ ဟုတ် မဟုတ်၊ စစ် မစစ်တော့ မသိ။ ယခင်ကလည်း မတွေ့ဖူးထားသဖြင့် အခြားရေနှင့်စာလျှင် သူကပုပ်နေသဖြင့် ရေပုပ်ဟုပင် သတ်မှတ်ကြသည်။

"ကိုင်း.. ဦးရသေ့ ရေပုပ်တွေ့ပြီ။ လုပ်စရာရှိတာ ဆက်လုပ်ပေတော့"

ဦးရသေ့ယူလာသော ပစ္စည်းများနှင့် လုပ်ငန်းစတော့သည်။

ကျွဲချိုပြုကို ဖော် ၃ထပ် မံကာ ကျောက်ဆန်နက်နှင့် ရေပုပ်ထည့်ပြီး နပဲသားထင်းဖြင့်ချက်သည်။ ယောင်းမကို ဆီးဖြူသားနှင့်အသုံးပြုသည်။ မီးစထည့်သည်နှင့် မေတ္တာသုတ်ကို မကျက်မချင်းရွတ်သည်။ အတော်ကြာကြာ ချက်ပြီးသောအခါ ရေလည်းခန်းပြီး ကျွဲချိုလည်း ညော်နံ့ထွက်နေပြီး ဖိုမှချ၍ အအေးခံထားပြီး ဦးရသေ့က–

"ကဲ... ဦးဇင်း အဆင်သင့်ဖြစ်ပြီ။ ဆယ်လုပ်ပြည့်အောင် ဘုဉ်းပေးပေတော့" ဆိုပြီး ကပ်လာသည်။ ဦးရသေ့လည်း စားသည်။

ကျောက်ဆန်နက်အရသာ ဘယ်လိုနေသည်မသိ။ ဝါး၍မရ၊ မာလိုက်သည့်ဖြစ်ချင်း။ သွားတွေကျိန်းလာသည်အထိ ကရိကရိနှင့် ဝါးရသည်။ ညက်သည်၊ ကြေသည် အာရုံမစိုက်အား။ ဆယ်လုပ်ပြည့်အောင် ဖွတ်နှစ်စားရသည်။ တ‌ွေတွေးရည်ဖြင့် ခလုပြီး မျိုချရသည်။ ဆယ်လုပ်ပြည့်သည်နှင့် ရပ်လိုက်သည်။

"ဦးရသေ့ အာဟာရသိဒ္ဓိပြီးတယ်၊ မပြီးတယ်တော့ မပြောတတ်ဘူး။ ဦးရသေ့သွားတော့ တော်တော်ကုန်သွားမှာပဲနော်"

"ဦးဇင်းကရော"

"ဦးဇင်းလည်း သွားတွေကျိန်းလို့နေတာ။ အာဟာရသိဒ္ဓိမပြီးလည်း နေပါစေတော့။ ဦးဇင်းလည်း ဒီဆယ်လုပ်နဲ့ပဲ ဆုတ်လယ်သွားပြီ"

နှစ်ဦးသား သဘောကျစွာ ရယ်မောမိကြသည်။

* * * * * * * *

ဦးရသေ့သည် ကျောက်ဆန်နက်ကို ရင်းငြိမ်ပေါက်တောကျောင်းဆရာတော်ထံမှ ရရှိခဲ့သည်။ ၎င်းဆရာတော်သည် ကျောက်ဆန်ရှိသည့်နေရာကို သိရှိထားသည်။ အချို့ကို ရယူထားပြီး အလိုရှိသူအား ပေးကမ်းဒါနပြုလေ့ရှိသည်။ ယခု ၎င်းဆရာတော် သက်တော်ထင်ရှား ရှိ မရှိ မပြောတတ်ပါ။

(စာရေးသူ)

* * * * * * * *

# နန်းဦးစေတီ တည်ထားပြီ

နန်းဦးစေတီငုတ်တိုကို ပြန်လည်ပြုပြင်တည်မည်ဟု ရည်စူးစုဆောင်းထားသော သဲများ၊ အုတ်များကို ရင်းပိုင်ကိုရင်ကြီးက နောင်တော်ဦးစေတီတည်ခဲ့ပြီ။ ဘာမှမရှိတော့။

ဦးရသေ့နှင့်တိုင်ပင်သည်။ စေတီကြီးမတည်နိုင်သော်မှ ဗျာဒိတ်ပေးနေသည့် ဒီပင်္ကရာဘုရား ဗုဒ္ဓရုပ်ပွားတော်တစ်ဆူတည်မည်။ အုတ်မဝယ်နိုင်သော် ကျောက်ဖြင့်တည်မည်ဟု တိုင်ပင်ပြီး ဝါးတောတစ်နေရာမှာ ဂဝံကျောက်များကို ဦးရသေ့ကတူး၍ ဦးသုဇနက သယ်ထုတ်သည်။ မူလယောဂီအချို့လည်း ကူညီကြသည်။

ဂဝံကျောက်များ လှည်းငါးစီးတိုက်ခန့်ရသောအခါ ဆွမ်းခံရွာများမှ ဒကာများကိုခေါ်၍ လုပ်အားပေး သယ်ယူစေသည်။ တစ်နေ့နှင့်မပြီးသဖြင့် နောက်တစ်နေ့ သယ်ယူမည်ဟု လူစုစဉ် ခင်ခင်မိုးဆိုသူ အမျိုးသမီးတစ်ဦးက ဦးသုဇနအား လျှောက်ထားသည်။

"အရှင်ဘုရား မနေ့က ဂဝံကျောက်သယ်ယူစဉ်မှာ ဝတ်ဖြူစင်ကြယ်ဝတ်ထားတဲ့လူတစ်ဦး တပည့်တော်မ ကျောက်သယ်ရာနောက်လိုက်ပြီး ပြောတယ်ဘုရား"

"ဘာပြောတုန်း"

"ဦးဇင်းနဲ့ ဦးရသေ့ကိုပြောပါ။ စေတီဟာ စေတီပဲတည်ပါ။ ရုပ်ပွားတော်မတည်ပါနဲ့။ အစပြီးစီးအောင်လည်း သူတို့ကူညီပါ့မယ်။ ငွေရေးကြေးရေးလည်း မပူပါနဲ့တဲ့ဘုရား။ သူ့ကိုယ်သူ မြို့င်ကြီးငှတောင်ပိုင်လို့ ပြောပါတယ်။ ဘယ်သူကမှ မမြင်ရဘူး။ အရှင်ဘုရားရော၊ ဦးရသေ့ပါ ကျန်သူအားလုံးကို မြင်နေရပါသတဲ့"

"ဒီလူစုထဲမှာ အဲဒီလူရှိသလား"

"မရှိပါဘုရား။ တပည့်တော်မကျောက်သယ်ရာကို လိုက်ပြီးပြောတယ်။ ပြောပြီး သူပျောက်သွားတာပဲဘုရား။ တပည့်တော်မ အရှင်ဘုရားကို မလျှောက်ရဲတာနဲ့ နေလိုက်တာ။ ညကျတော့ အိပ်မရလောက်အောင် ဒါကိုပဲစွဲနေတော့ ဒီမနက်မှာ အရှင်ဘုရားကို လျှောက်ရပါတယ်ဘုရား"

ဂဝံကျောက်များကို သယ်ယူပြီးစီးသွားသည်။ စေတီဖြစ်အောင် တည်ကြမည်ဟု ဦးရသေ့နှင့်တိုင်ပင်သည်။ ဦးရသေ့က မော်လမြိုင်သို့ဆင်းကာ အလှူခံဖြတ်ပိုင်းလွှာ သွားရိုက်သည်။ ဖြတ်ပိုင်းရရှိပြီး နန်းဦးစေတီတည်ရန်အတွက် ရွာနီးချုပ်စပ်သို့ အလှူခံထွက်သည်။ ဤသည်ကို ဦးရသေ့နှင့် ယောဂီများပင် လုပ်ဆောင်ကြသည်။ တိုက်ဆိုင်သည်လား၊ သူတို့ကပင် တကယ်ကူသလော အတတ်မပြောနိုင်သော်လည်း လိုအပ်သောငွေကြေးများ မကြာမီအတွင်း စုဆောင်းမိလာသည်။ အုတ်၊ သဲ၊ ဘိလပ်မြေများကို အသင့်ဝယ်ယူစုဆောင်းထားသည်မှာ နက်ဖြန်ခါဆို နန်းဦးစေတီအုတ်မြစ်ချရန် အသင့်ဖြစ်နေပေပြီ။

* * * * * * * *

၁၃၃၇ခုနှစ်၊ နတ်တော်လဆန်း (၁၃)ရက် ည (၁၂)နာရီ။ ဆောင်းဝင်ခဲ့ပြီမို့ မြောက်ပြန်လေက ခပ်ကြမ်းကြမ်းတိုက်ခတ်နေသည်။ လပြည့်တော့မည်ဆိုသော်လည်း လရောင်က နှင်းလွှာကို ထိုးဖောက်မနိုင်။ မြိုင်ကြီးငူတွင် သစ်ကြီးဝါးကြီးများဖြင့် မှောင်မည်းနေသည်။ နယုန်လဆီက တင်ထားခဲ့သော နှောင်တော်ဦးစေတီတော်၏ထီးတော်မှ ဆည်းလည်းသံများသည် ဆောင်းလေအဝေ့ဝယ် ဆူညံစွာမြည်လျက်ရှိသည်။ နီဗွာန်တေးကို ခပ်သွက်သွက်တီးခတ်နေသည်။

ဆည်းလည်းသံနှင့်အတူ ဦးရသေ့နှင့် ဦးသုဇနတို့၏ ညစဉ် အချိန်မှန်ရွတ်ဆိုနေကျဖြစ်သော မဟာသတိပဋ္ဌာနသုတ်ကို ရွတ်ဖတ်ပူဇော်သံသည်လည်း အေးချမ်းသော ဆောင်းညဝယ် ပီသကြည်မြစွာ ပေါ်လွင်လျက်ရှိသည်။ ထိုအသံများမှအပ မြိုင်ကြီးငူတစ်ခွင်လုံး တိတ်ဆိတ်ငြိမ်သက်နေသည်။ ထိုစဉ်

ကျောင်း၏အရှေ့မြောက်ဘက်မှ 'ဝုန်း' ဟူသော မြည်သံကြီး ကြားလိုက်ရသည်။ ရွတ်ဖတ်နေသည်မှာ မပြီးပြတ်သေးသဖြင့် ဆက်ရွတ်နေလိုက်သည်။ ပြီးပါမှ အခြေအနေကို သုံးသပ်ကြရသည်။

"ဘာဖြစ်တာလဲ ဦးရသေ့"

"ကမ်းပါးပြိုတယ်နဲ့တူတယ်"

"ဟင်... ဒါဆို ဟိုအဆိုးခတိုင်း ဖြစ်တော့မှာပေါ့"

"ဘယ်အဆိုလဲ"

"မြင်ကြီးငှုပြီးရင် အမေသေတာတောင် ပြန်ကြည့်မနေနဲ့။ မြင်ကြီးငှုကို ရောက်အောင်သွား ဆိုတာလေ"

"ဟုတ်ကောင်း ဟုတ်မှာပေါ့။ တပည့်တော် နက်ဖြန်ခါ နန်းဦးစေတီ အုတ်မြစ်ချတော့မှာဆိုတော့ အားလုံးသော အားလုံးတို့ရဲ့အစ မဖြစ်ဘူးလို့ ဘယ်သူပြောနိုင်မလဲ။ စေတီဘွဲ့တော်ကိုက နန်းဦးစေတီမဟုတ်လား။ ဒါဟာ ထူးခြားတဲ့ အတိတ်နိမိတ်ဖြစ်နိုင်တယ်"

* * * * * * * *

၁၃၃၇ ခုနှစ်၊ နတ်တော်လဆန်း (၁၄)ရက်၊ ဗုဒ္ဓဟူးနေ့ နံနက် (၇း၄၅) နာရီ နန်းဦးစေတီ အုတ်မြစ်ချအခမ်းအနားကို စတင်ကျင်းပသည်။ ကြွရောက်လာသော ပရိသတ်များကို ငါးပါးသီလပေး၊ ပရိတ်ရွတ်ပြီး

ပထဝီဇယမန္တန်တော်ကြီး

ဇယန္တောဘောဓိယာမူလေ အစရှိသော အောင်သံကျူးဂါထာတို့ကို ရွတ်ဖတ်ပူဇော်ပြီး နံနက် (၈)နာရီတိတိတွင် အုတ်မြစ်ကို စချသည်။ အုတ်မြစ်ချသည်နှင့်အတူ သာ့သနာ့အလံကိုပါ လွှင့်ထူလိုက်သည်။ တစ်ပြိုင်နက်တည်း အုံးမောင်း၊ ကြေးစည်၊ ထိုးစည်တို့ကို တီးခတ်သည်။ ၎င်းအသံများမြင်ကြီးငှု၏ မြင်ယံတောကြီးကို ပဲ့တင်ထပ်စေလျက် သာယာနာပျော်ဖွယ်ဖြင့် ဖုံးလွှမ်းသွားလေသည်။

ထိုသို့ ကျက်သရေအပေါင်းနှင့် ပြည့်စုံသော ထုတိသြဘာမင်္ဂလာသံ လျှံထွက်လာပြီး မရှေးမနှောင်းပင် တဒိုင်းဒိုင်း တဒက်ဒက်မြည်သော အမင်္ဂလာသံဆိုးများက အကျည်းတန်စွာ ထွက်ပေါ်လာသည်။ ၎င်းအသံများသာမက သစ်ရွက်သစ်ခက်များအား ထိမှန်သံ တဖျပ်ဖျပ် တဖတ်ဖတ်အသံများကပါ ဆင့်၍လိုက်ပါလာသည်။

ဦးသုဇနအမှူးပြုသော ပရိသတ်သည် မိမိတို့နှင့် ဘာမှမဆိုင်သည့်နှယ် လုပ်မြဲအလုပ်ကို ဆက်လုပ်နေကြသည်။ လုပ်နေသည်ဆိုသော်လည်း ပုံမှန်နည်းဖြင့် လုပ်၍မရ။ ကျည်ဆန်ထိပ်ဖူးများက မိုးရွာသလို ကျကျလာနေသည်။ မိုးမိုးမတ်မတ် သွားလာလုပ်ကိုင်၍မရ။ ဝပ်၍လုပ်ရသည်။ အုတ်သယ်လည်း ကုန်းကုန်း၊ မဆလာဖျော်လည်း ကုန်းကုန်း၊ အယုတ်ဆုံး အုတ်စီပန်းရံဆရာသည်ပင် ခေါင်းကလေးပု၍ လုပ်နေရသည်။ သတိကြီးစွာဖြင့် လုပ်ကိုင်နေကြရသည်။

ညဟုန်းက မြင်ကြီးငှု ကမ်းပါးပြိုသည်။ ဒီမနက် နန်းဦးစေတီ အုတ်မြစ်ချသည်။ နှင်းမိုးနှင့်အတူ ကျည်ဆန်မိုးတွေပါရွာသည်။ ရှေ့လာမည့် အနာဂတ်

တွင် ဘာဖြစ်မည်တော့မသိ။ ပုဗ္ဗနိမိတ်က သို့ကလိုရှိနေသည်။

သာသနာ့အလံနှင့် အောင်သံကျူးဟန်

သေနတ်သံနှင့် မိုးကျည်ဆန်

တဒိုင်းဒိုင်းမြည်နေသော သေနတ်သံ၊ တဖျောဖျောကျဆင်းနေသော ကျည်ဆန်များကို အလေးမယူ၊ ဂရုမမူဘဲ လုပ်မြဲ သာသနာ့ကိစ္စကို ဆောင်ရွက်သည်။ ချောမောစွာပင် ပြီးစီးအောင်မြင်ခဲ့သည်။

နန်းဦးစေတီအုတ်မြစ်ချခြင်းသည် ဦးသုဇနနှင့် ဦးရသေ့တို့၏ မြိုင်ကြီးငူ သာသနာကို စတင်အခြေပျိုးခြင်း၊ အုတ်မြစ်ချခြင်း၊ သမိုင်းမော်ကွန်းထိုးခြင်းပင် ဖြစ်သည်။ သာယာနာပျော်သံဖြင့် အုံးမောင်း၊ ထိုးစည်၊ ကြေးစည်သံများ လျှံတက်ပျံ့ဝဲနေသည်နှင့်အတူ စက်ကြီး၊ စက်ကလေးပစ်သံ၊ သေနတ်သံများကလည်း ထုတိုးသြဘာများအဖြစ်နှင့် ကောင်းချီးပေးနေသည်။

အုံးမောင်းသံ၊ ထိုးစည်၊ ကြေးစည်သံများသည် နိဗ္ဗာန်တေးသံ၊ ဓမ္မ၏ တမန်တော်များ ဖြစ်သည်။

သေနတ်သံ၊ စိန်ပြောင်းသံတို့သည် ငရဲတေးသံ၊ ယမမင်း၏ တမန်တော်များဖြစ်သည်။ တိုက်တိုက်ဆိုင်ဆိုင် တစ်နေ့တည်း၊ တစ်ချိန်တည်းမှာ ချိန်ကိုက်ညီစွာ ဖြစ်ပေါ်လာသည်။

သို့သော်

သေနတ်သံများက အမြဲတမ်းရှိနေမည်မဟုတ်။ အခိုက်အတန့်တစ်ခု၊ ကာလအပိုင်းအခြား အကန့်အသတ်အတွင်းမှာသာ ရှိမည်။ အုန်းမောင်းသံ၊ ထိုးစည်သံ၊ ကြေးစည်သံတို့က မြိုင်ကြီးငူ သာသနာအရှည်ခန့်၍ တည်တံ့နေသမျှ ကာလပတ်လုံး နေ့စဉ် အချိန်မှန် မပြတ်တည်ရှိနေမည်သာဖြစ်သည်။

သေနတ်သံကို နက်ဖြန်မှာ ကြားကောင်းမှကြားရမည်ဖြစ်သော်လည်း ကြေးစည်သံတို့က လာမည့်အနာဂတ်နေ့ပေါင်းများစွာ အချိန်မှန်မှန် ထွက်ပေါ်နေမည်သာဖြစ်သည်။

သေနတ်သံထွက်ပေါ်လာခြင်းမှာ ကော်သူးလေ(ထိုစဉ်က ကေအင်န်ယူ အားခေါ်သော ဝေါဟာရဖြစ်သည်။) များနှင့် သံလွင်မြစ်ကြောင်းအတိုင်း ချီတက်လာသော တပ်မတော်တို့ တွေ့ဆုံတိုက်ပွဲဖြစ်ပွားခြင်းဖြစ်သည်။ သံလွင်အနောက်ဘက်ကမ်း ကမမောင်းမှ အထက်ဘက်ရှိ အုန်းတောရွာမှာ ကော်သူးလေတွေရှိသည်။ ၎င်းတို့နှင့် တပ်မတော်တို့ တိုက်ပွဲဖြစ်သည်။ တစ်ဖက်နှင့်တစ်ဖက် ပစ်ခတ်ကြသောကျည်ဆန်များ နန်းဦးစေတီအုတ်မြစ်ချရာသို့ ရောက်ရှိလာသည်။ မရိုသတ်အချို့ ပြေးကြလွှားကြ ပုန်းအောင်းကြသည်။ ဦးသုဇန၊ ဦးရသေ့နှင့် အချို့ကသာ ကျည်ဆန်တွေကြားထဲ ပြီးစီးအောင် အုတ်မြစ်ချသည်။

အရေးထဲ ရယ်စရာက ဖြစ်လိုက်သေးသည်။ ရသေ့ဦးပန်းမှာ ရင်းပိုင်ကိုရင်ကြီးနှင့်ပါလာပြီး ကိုရင်ကြီးနှင့်အတူ လိုက်ပါမသွားဘဲ ကျန်ရစ်ခဲ့သည်။ ရသေ့ဦးပန်းမှာ လက်ဖွဲ့စီရင်ပြီး ရောင်းစားလေ့ရှိသည်။ ကျည်ပိတ်သည်၊ သေနတ်ပြီးသည်ဆို၍ လက်ဖွဲ့တစ်ကုံးကို ၁၅ဝိ/-နှင့် ရောင်းစားသည်။

အုတ်မြစ်လည်းချ၊ သာသနာ့အလံလည်းထူ၊ ကြေးစည်သံနှင့်အတူ သေနတ်သံများ ထွက်ပေါ်လာသည်။ ကျည်ဆန်များ ကျလာသည်။ ရသေ့ဦးပန်းက အနီးရှိ ရေကန်ကြီးဆီ ပြေးသွားသည်။ လက်မှာလည်း လက်ဖွဲ့ကြိုးထိုးရင်းတန်းလန်းနှင့်။

သူများတွေ ကျည်ဆံတဖွဲဖွဲကြား အုတ်မြစ်ချနေကြသည်။ ရသေ့ဦးပန်းကား အုတ်ရေကန်ကို ကျည်ကွယ်ယူ၍ ကျည်လွဲလက်ဖွဲ့ စီရင်နေသည်။

"ဘယ့်နှယ် ဦးရသေ့၊ ဦးရသေ့လက်ဖွဲ့ ကျည်ပိတ်တယ်၊ ကျည်လွဲတယ်၊ သေနတ်ပြီးတယ်ဆို။ ဘာလို့ ဒီမှာ လာပုန်းနေရတာလဲ"

"ဟာ.. အရှင်ဘုရား။ လက်ဖွဲ့ ကျည်ပိတ်တယ်၊ ကျည်လွဲတယ်၊ သေနတ်ပြီးတယ်က တပည့်တော်ပြောပေမယ့် အပြောပဲရှိပါတယ်။ တကယ်ပိတ်မပိတ်၊ လွဲမလွဲ၊ ပြီးမပြီးက မသေချာဘူး။ ခုလိုကြုံလာရင် ကိုယ့်ကိုယ်ကိုယ် လုံခြုံရေးယူထားမှ စိတ်ချရတယ်ဘုရား"

"ဒါနဲ့များ သူများကို လက်ဖွဲ့ရောင်းစားရသေးတယ်လို့"

"ဒါက စီးပွားရေးအရပါဘုရား"

"ဩော်... တတ်နိုင်သည့် ရသေ့ဦးပန်းရယ်" ဟုသာ ညည်းမိတော့သည်။

(ထိုမှစ၍ ဖြတ်လေးဖြတ်စနစ်ကို တပ်မတော်က ကျင့်သုံးသည်ဟု ဆရာတော်က အမိန့်ရှိသည်။)

(စာရေးသူ)

* * * * * * * *

နန်းဦးစေတီ အုတ်မြစ်ချပြီးနောက် ဘုရားကို နေ့စဉ် ဖြည်းဖြည်းချင်း တည်ကြသည်။ ပရိသတ်က မများသေး။ လုပ်အားက နည်းသည်မို့ ကာလချိန်တာ ကြာသွားသည်။

ဘုရားတည်နေစဉ် ၁၃၃၇ခုနှစ်၊ တပေါင်းလပြည့် စနေနေ့၊ မြိုင်ကြီးငူမှ အရှေ့တောင်ဘက် ကမော့လဲရွာမှ ကော်သူးလေနှင့် တပ်မတော်တို့ တိုက်ပွဲဖြစ်ကြပြန်သည်။ လပြည့်ကျော် ၅ရက်မှ တိုက်ပွဲပြီးသည်။ တိုက်ပွဲဖြစ်နေစဉ်မှာရော၊ တိုက်ပွဲအပြီးမှာပါ ကမော့လဲရွာ၊ မအဲရွာ၊ ဝါးဂုတ်တောရွာ စသည်တို့မှ

ရွာသားများ သားသမီးလက်ဆွဲပြီး အထုပ်အပိုးနှင့် မြိုင်ကြီးငူသို့ စစ်ပြေးရောက်ရှိလာကြသည်။

မြိုင်ကြီးငူမှာ အဆောက်အအုံဟူ၍ ကြီးကြီးမားမားမရှိ။ များများ စားစား မရှိ။ သစ်ပင်အောက်မှာ ဖြစ်သလိုနေကြသည်။ ရွာသို့လည်း မပြန်ဝံ့ကြသေးသည်နှင့် နန်းဦးစေတီတည်ရာမှာ လုပ်အားပေးကြသည်။ ထိုလုပ်အားပေးပရိသတ်ကို ဦးသုဇနက ဆွမ်းခံကျွေးသည်။

ကျွေးပုံမှာ ဦးသုဇနသည် နေ့စဉ် ဆွမ်းခံထွက်နေကျအချိန်မှာ ဆွမ်းခံကြသည်။ ဆွမ်းခံရာမှအပြန် သပိတ်အတိုင်း ဘုရားဆွမ်းကပ်ပြီး မိမိဘုဉ်းပေးသည်။ ပြီးလျှင် သပိတ်ကို ပရိသတ်အား ပေးလိုက်သည်။ ပရိသတ်များက သပိတ်ထဲမှနှိုက်ယူသည်။ ပရိသတ်အားလုံး စားသောက်ပြီးသည်အထိ သပိတ်ထဲမှ နှိုက်ထွက်သည်။ ပရိသတ်စုံပြီး စားသူကုန်ပြီဆိုလျှင် သပိတ်ကို ဆေးကြောလိုက်သည်။ ထိုအခါ စားစရာများနှိုက်သော်လည်း ထွက်မလာတော့ပေ။ ဤနည်းဖြင့် စစ်ပြေးဒုက္ခသည်ကို ဆွမ်းခံကျွေးသည်။ ပရိသတ်များကလည်း လုပ်အားအပြည့်ပေး၍ ဘုရားတည်ရာတွင် ပါဝင်ကြသည်။

(မှတ်ချက်– ၄င်းသပိတ်မှာ ကောသနိက်ပတ္တပိုဏ်မှော် အဓိဋ္ဌာန်ဝင် စဉ်က သပိတ်ဖြစ်သည်။ နန်းဦးစေတီ အထက်ဌာပနာတိုက်ပိတ်စဉ်က ထိုသပိတ်ကို ထည့်သွင်းဌာပနာခဲ့ပြီးဖြစ်သည်ဟု ဆရာတော် အမိန့်ရှိသည်။)

(စာရေးသူ)

ဘုရားပြီးပြီ။ ထီးတော်တင်ဖို့သာ ကျန်သည်။ ၁၃၃၈ခုနှစ်သို့အကူးနှစ်ဆန်းတစ်ရက်နေ့မှာ ထီးတော်တင်လှူမည်ဟု ကြေညာထားသည်။ ရွာနီးချုပ်စပ်မှလူများ၊ သံလွင်မြစ်ကြောင်းတစ်လျှောက်မှလူများ မြိုင်ကြီးငူသို့ တဖြည်းဖြည်း ဝင်ထွက်သွားလာမှု ပြုလာကြသည်။ နန်းဦးဘေးမဲ့တောရကျောင်းသည် အရင်ကလိုမဟုတ်တော့။ စည်ကားစပြုလာသည်။ လာဘ်သပ္ပကာ ရွှင်စပြုလာသည်။ ဘုရားထီးတင်ပွဲအတွက် ရိက္ခာများကို စုဆောင်းသည်။

လှွန်ရောကျွဲရော ပရိသတ် ၄၀၀မှန်းထားသည်။ ဆန်များ နှစ်တင်းဝင်အိတ် ၁၅အိတ်ရထားပြီး ပဲပုပ်နှင့် ဟင်းသီးဟင်းရွက်များလည်း အထိုက်အလျောက် ရှိနေပြီ။ သကြိန်ရက်အတွင်းကလည်း ရိက္ခာအချို့ ထပ်ရလိုက်သေးသည်။ လုံလောက်တန်ကောင်း၏ဟု ထင်သည်။ ထီးတင်ပွဲအကြိုနေ့ကတည်းက လူအချို့ရောက်လာကြသည်။ ရောက်လာသမျှကို စတုဒိသာကျွေးသည်။ စတုဒိသာပိတ်ချိန်မရောက်သေး၊ စုဆောင်းထားသော ရိက္ခာဆန် ၁၅အိတ်ကုန်ခဲ့ပြီ။ နက်ဖြန် ဘာနှင့်ကျွေးမည်နည်း။ ရိက္ခာမှူးများ၊ စာဖိုမှူးများ မျက်လုံးပြူးကုန်ပြီ။ ဦးသုဇနအား လျှောက်ထားကြသည်။

"သူ့ဟာသူဖြစ်လာမယ် ဘာမှတွေးပူမနေနဲ့။ ဘုရားသားသမီးတွေပဲ ဘုရားကျွေးမှာပေါ့" ဣမြသာ မိန့်ဆိုသည်။

မကြာမီ ကမ်းနားသို့ ဆန်လှေသုံးစင်းရောက်လာသည်။ ဆန်အိတ် ၁၅၀ပါ တစ်စင်း၊ ၇၀ပါ တစ်စင်း၊ ၅၀ပါ တစ်စင်း ဖြစ်သည်။

၁၅၀ပါလှေက ၇၅အိတ်ကိုလှူမည်။ ၇၅အိတ်ကိုရောင်းမည်။ ၅၀ အိတ်ပါလှေက ၅၀လုံးလှူမည်ဟု ဆိုသည်။ ဝယ်စရာငွေလည်း မရှိသဖြင့် ၅၀အိတ်ပါလှေကို အလှူခံလိုက်သည်။ ဆန်အိတ်၅၀ ရလိုက်ပြီ။ အခြားလှေများကလည်း အချို့တစ်ဝက် လှူကြသေးသည်။ ရိက္ခာအတွက် ပူစရာမလိုတော့။

၁၃၃၈ခုနှစ်သို့အကူး၊ ကဆုန်လဆန်း(၂)ရက်၊ မြန်မာနှစ်ဆန်း ၁ရက်၊ တနင်္လာနေ့။

နန်းဦးစေတီ ထီးတော်တင်မည့်နေ့။

လာလိုက်သည့်လူတွေ ဖွေးဖွေးကိုလှုပ်နေသည်။ ချစ်စရာကောင်းသော ဒေသခံသဘာဝ၏ ဓလေ့တစ်ခု။ လာကြသူများမှာ သံလွင်မြစ်ကြောင်း အထက်၊ အောက် ရပ်ရွာများမှလည်းပါသလို တောတောင်အတွင်းရှိ ကျေးရွာအသီးသီးမှလည်း ပါသည်။ လာသည့်လူတိုင်းလိုလို လဏ်ချည်းဗလာဖြင့်မလာ။ လှူဖွယ်ပစ္စည်းတစ်ခုခု ပါလာသည်။

ပါလာတတ်သည်မှာ လယ်ယာကိုင်းကျွန်းလုပ်သူများပီပီ ဆန်မှအစ ဟင်းသီးဟင်းရွက်အဆုံးဖြစ်သည်။ မြို့ကြီးများမှာကဲ့သို့ ခရီးလမ်းပန်း မချောမွေ့၊ မလွယ်ကူ။ သက်သက်သာသာယူဆောင်၍မရ။ တောအထပ်ထပ်၊ တောင်အသွယ်သွယ်ကို ဖြတ်ကျော်ကာ ထမ်းပိုးသယ်ဆောင်လာခဲ့ကြသည်။ အချို့မှာ တစ်ညအိပ်၊ နှစ်ညအိပ် ခရီးကိုပင် ထမ်းပိုးယူလာခဲ့ကြသည်။ အံ့မခန်းစေတနာရှင်များပါပေ။

သယ်ယူသည့်စနစ်မှာ အမျိုးသားများဖြစ်လျှင် အလွတ်ထမ်း၍လည်းကောင်း၊ ရှေ့နောက်ထမ်းပိုး၍လည်းကောင်း၊ အမျိုးသမီးဖြစ်လျှင် နောက်လွယ်ပလိုင်းကြီးကို နဖူးမှာချိတ်၍လည်းကောင်း သယ်ယူကြသည်။ လမ်းလျှောက်တတ်စ ကလေးငယ်များမှအစ ဖြည်းဖြည်းလျှောက်လာခဲ့ကြသည်။ ရင်ခွင်ပိုက်ကလေးငယ်များကို မိခင်တစ်လှည့်၊ ဖခင်တစ်လှည့် နောက်ကျော သို့မဟုတ် ရင်ခွင်တွင် စောင်ဖြင့်ထုပ်ပိုးချည်နှောင်ကာ လာကြသည်။ စေတနာမှာ စံပြထားလောက်သကဲ့သို့ ဖွဲ့အရာမှာလည်း စံတင်လောက်သည့် ဒေသခံတိုင်းရင်းသားများဖြစ်သည်။

သူတို့အဖို့ စားဝတ်နေရေး အထိုက်အလျောက် ပြည့်စုံလျှင် အဆုံးပြောရပါက နေထိုင်ဖို့ အသင့်အတင့်နှင့် စားသောက်မှုလုံလောက်လျှင်ပင် အခြား

ဘာကိုမှ မလိုတော့လောက်အောင် လောဘနည်းသူများဖြစ်သည်။ အေးချမ်းစွာ လုပ်ကိုင်စားသောက်နေရခြင်းသည်ပင်လျှင် လူ့ဘဝအတွက် ပြီးပြည့်စုံနေပေပြီ။ ပိုသမျှ၊ ရသမျှကို လှူဖို့တန်းဖို့သာ ရည်ရွယ်တတ်ကြသည်။

ယခုလည်း လယ်ယာကိုင်းကျွန်းထွက် သီးနှံများကို တစ်နိုင်တစ်ပိုး ထမ်းပိုး၍ သယ်ဆောင်လှူဒါန်းလာကြသည်။ သူတို့ပြင်ပသွင်ဟန်ကိုကြည့်လျှင် မထည်ဝါပါ။ သို့သော် အတွင်းစေတနာက စင်ကြယ်လွန်းလှသည်။ ထက်သန်လွန်းလှသည်။ ဤနှစ်အတွင်း မြိုင်ကြီးငူမှာ ဤထီးတင်ပွဲတစ်ပွဲသာ ပွဲတော်ရှိသဖြင့်လည်း အားခဲလာရောက်ကြသည်။ ရောက်လာကြသည်မှာလည်း နည်းနည်းနောနောမဟုတ်။ ပရိသတ်နှစ်သောင်းလောက်ရှိလုနေပြီ။

ထီးတော်ကို နံနက် (၄)နာရီလောက်ကတည်းက ဘုရားခြေတော်ရင်းမှာ ကပ်လှူခဲ့ပြီး အနေကဇာတင်ပြီးပြီ။ အရုဏ်ဆွမ်းပါ ကပ်ခဲ့ပြီးပြီ။ နံနက် (၉)နာရီမှာ ထီးတော်ကို စတင်သည်။ စိန်ဖူးတော် ဆက်ကပ်လှူဒါန်းပြီးချိန်မှာ အုန်းမောင်းသံ၊ ကြေးစည်ထိုးသံတို့က ဘဝဂ်လျှံမှ လွင့်ပျံတက်သွားသည်။ ကြေးစည်သံတို့နှင့်အတူ ပွဲတော်လာပရိသတ်ကြီးက သာဓုခေါ်သံများ လိုက်ဖက်ညီစွာ မြိုင်ကြီးငူတောတစ်ခွင် ပြိုလုမတတ် ပဲ့တင်ထပ်လျက်ရှိသည်။

စေတီအုတ်မြစ်ချစဉ်က ကြားခဲ့ရသော သေနတ်သံကား လုံးဝမရှိ။ ပြောပါပြီကော။

'သေနတ်သံသည် တစ်ခဏ၊ ကြေးစည်သံကသာ ထာဝရ' ပါ။

* * * * * * * *

ညဘက်ရောက်လာသည်။ ပရိသတ်က ပြန်သူပြန်ခဲ့ပြီးဖြစ်သော်လည်း ကျန်သည့်ပရိသတ်သည်လည်း မနည်းလှသေး။ ဝမ်းသာကြည်နူးပျော်ရွှင်စွာဖြင့် အဖွဲ့လိုက် ကခုန်နေကြသည်။ တောင်ပေါ်ကရင်များသည် ဟိုတစ်ဖွဲ့၊ သည်တစ်ဖွဲ့ မိမိတို့အစီအစဉ်ဖြင့် ဒုံးယိမ်းကနေကြသည်။ ပွဲကြည့်ပရိသတ်က ဟိုနားပြေးကြည့်၊ ဒီနားပြေးကြည့်ဖြင့် လှုပ်ရှားစည်ကားနေသည်။

ထိုစဉ်က ည ၈နာရီချိန်တွင် နန်းဦးစေတီတစ်ခုလုံးမှ ထူးဆန်းစွာ ထိန်လင်းသွားသည်။ ရောင်ခြည်တော်လွှတ်ခြင်းပေလော။ ပရိသတ်များ ဘုရားရှိရာသို့ စုပြုံတိုးဝှေ့ရောက်လာကြပြီး ဦးညွှတ်ရှိကျိုး ရှိခိုး၍မဝနိုင်အောင် ရှိနေတော့သည်။ ဗုံသံလည်းမကြား၊ ဒုံးယိမ်းလည်း နားနေပြီး နန်းဦးစေတီရှိရာသို့ မျက်နှာမူကာ လက်အုပ်လေးကိုယ်စီချီလျက် အံ့ဩထူးဆန်းစွာ ငေးကြည့်နေကြသည်။ ပါးစပ်ကိုယ်စီမှ ဘုရားရှိခိုးသံများက တီးတိုးထွက်ပေါ်လျက်ရှိသည်။ ဘီးမှုတ်ကခုန်နေကြသည်မှာ ပို၍ တက်ကြွရွှင်လန်းနေသည်။

ဒီပုံအတိုင်းဆို ဒီအဖွဲ့တွေ ညလုံးပေါက်ဖို့ရှိသည်ကို တွေးမိပြီး တစ်နေ့လုံး ပင်ပန်းထားသမျှကို အနားယူအပန်းဖြေမည်ဟူ၍ ကျောင်းပေါ်သို့ ဦးသုဇနေတက်ခဲ့သည်။

အချိန်က ည ၁၁နာရီ ကျော်ပေပြီ။

တုံးလုံးလှဲ၍ လျောင်းစက်မည်မှမကြဲသေး။ ကျောင်းပေါ်သို့ လူတစ်အုပ် တက်လာသည်။ ဒေသခံတိုင်းရင်းသားဝတ်စုံ သစ်သစ်လွင်လွင်များ ဝတ်ဆင်ထားကြသည်။ အမျိုးသားရော၊ အမျိုးသမီးများပါ ဖြစ်သည်။

"တပည့်တော်တို့က (    )အုပ်စုပါဘုရား။ ဘုရားအုတ်မြစ်ချစကတည်းက ဘုရားတည်ရာမှာရော၊ ထီးတင်ရာမှာပါ ပါဝင်ကုသိုလ်ပြုခဲ့ကြပါတယ်ဘုရား။ တပည့်တော်ပိုင် အသီးသီးသော ပစ္စည်းများကို ဘုရားဌာပနာထဲမှာ ထည့်သွင်းလှူဒါန်းခဲ့ပြီးပါပြီဘုရား"

"အင်း...အင်း..."

"ဒီကနေ့ ထီးတော်တင်ပြီး ရေစက်ချအမျှဝေပြီးပြီမို့ တပည့်တော်တို့ ကုသိုလ်လည်းရ၊ အမျှလည်းရခဲ့ကြပါပြီ။ တပည့်တော်တို့ ဒီဘဝမှ ကျွတ်ကြရပါတော့မယ်ဘုရား"

"အင်း...အင်း..."

"တပည့်တော်တို့မသွားမီ အရှင်ဘုရားအား လာရောက်ကန်တော့ကြခြင်းပါဘုရား"

"အင်း..."

"နန်းဦးစေတီတည်ပြီး၊ ထီးတော်တင်ပြီးမှ တပည့်တော်တို့ ကျွတ်လွတ်ဖို့ရှိခဲ့ပါတယ်ဘုရား။ ခုတော့ အရှင်ဘုရားဟာ နန်းဦးစေတီကို ဦးဆောင်ပြီး တည်ခဲ့ပါပြီ။ တပည့်တော်တို့လည်း ကုသိုလ်ပါဝင်ခဲ့ပြီးပါပြီ။ အမျှအတန်းလည်း ရပြီးပါပြီ။ ကျေးဇူးတင်တဲ့အနေနဲ့ အရှင်ဘုရားအား ဦးတင်ကန်တော့ရင်း အသိပေးဖို့ လာခဲ့ကြတာပါဘုရား"

"နေပါဦး ဒကာတို့က ဘယ်ကတွေလဲ"

"ဒီ မြို့င်ကြီးငူဒေသထဲပါပဲဘုရား"

"ဟော.. ငါလည်း မတွေ့မိပါလား"

"အရှင်ဘုရား မတွေ့ပေမယ့် အရှင်ဘုရားကို တပည့်တော်တို့ နေ့တိုင်းဖူးတွေ့ရပါတယ်ဘုရား"

"နာမည်တွေကရော"

"တပည့်တော်က (    )ပါ။ သူက (    )ပါ။ ဒီ ဒကာမက (    )ပါ။ ဟောဟိုနားက ဒကာမက (    )ပါ" စသဖြင့် တစ်ဦးချင်းနာမည်ကို ပြော

ပြသည်။ ဦးသုဇနက တအင်းအင်းသာလိုက်နေရသည်။ အားလုံးနာမည်ပြော ပြီးနောက်..

"တပည့်တော်တို့ကို ခွင့်ပြုပါဦးဘုရား" ဆိုကာ ဦးချကန်တော့၍ ဆင်း သွားကြသည်။

ဦးသုဇနသည် မိမိကိုယ်ကို ဆိတ်ကြည့်သည်။ နာသည်ပဲ။ အိပ်မက် မက်နေခြင်းမဟုတ်။ နိုးကြားနေသည်သာ။ ဒုံးကသံများကိုပါ ကြားနေရသည်။

မျက်စိပိတ်ပြီး အိပ်မည်ဟု ကြံကာရှိသေး။ တစ်ဖွဲ့တက်လာပြန်သည်။ ယခင်လိုပင် လျှောက်ထားပြီး ဆင်းသွား၊ နောက်တစ်ဖွဲ့တက်လာပြန်သည်။ တစ်ဖွဲ့ဆင်းသွား၊ တစ်ဖွဲ့တက်လာ။ အစက တစ်ဖွဲ့၊ နှစ်ဖွဲ့ စသည် ရေတွက် သေးသည်။ များလာတော့ မရေတွက်မိတော့။ တစ်ဖွဲ့မှာ ၂ယောက်၊ ၃ယောက်၊ ၄ယောက် ပါသည်။ တချို့က တစ်ဦးချင်းလာသည်။

အသီးသီးလျှောက်ထားကြသည်။ အချို့က ငွေသားထုံးဘူးလေးတစ် ဘူး၊ ငွေလက်ကောက်လေးတစ်ရံ၊ ငွေသားလေးတစ်ကျပ်ခွဲ၊ ရွှေက ဘယ်ရွေ့ ဘယ်မျှ စသည်ဖြင့် မိမိစောင့်နေရသည့်ပစ္စည်းများကို ပြောပြကြသည်။ ၎င်း ပစ္စည်းများကို နန်းဦးစေတီမှာ ဌာပနာထည့်ခဲ့ပြီး ရေစက်ချခဲ့ပြီးဖြစ်၍ ဒီဘဝမှ ကျွတ်လွတ်တော့မည်ဖြစ်ကြောင်း လျှောက်ထားကြသည်။

ဦးသုဇနက အထူးအထွေမပြောတော့ဘဲ တအင်းအင်းဖြင့် သာ လိုက် နေတော့သည်။ တစ်ဖွဲ့ပြီးတစ်ဖွဲ့၊ တစ်ဦးပြီးတစ်ဦး တက်လိုက်၊ ဆင်းလိုက် သည်မှာ နံနက် (၄)နာရီထိုးပြီးမှ ရပ်သွားသည်။

"သြော်.. သူတို့စကားအရဆို သူတို့က ဥစ္စာစောင့်တွေပါလား။ ဝေမာ နိကပြိတ္တာတွေဆိုတာ ဒါမျိုးထင်ပါရဲ့။ ကျွတ်လွတ်သွားကြတော့လည်း ကောင်း တာပေါ့လေ။ ငါနဲ့ ဘဝါဘဝက ဆွေမျိုးတော်စပ်ခဲ့ကြဖူးသူတွေဖြစ်ကြမှာပဲ။ အေးလေ သံသရာကြီးက အရှည်ကြီး။ ဘဝပေါင်းများစွာရှိလေတော့ ဘဝတစ်ခု မှာ ဆွေမျိုးတော်စပ်ခဲ့မှာပေါ့လေ။ ဘာပဲဖြစ်ဖြစ် သူတို့တွေ ကျွတ်လွတ်သွား တော့ ဝမ်းသာလှပေါ့"

ဆက်လက်ပြီး ကျမ်းဂန်စာပေလာ အဖြစ်အပျက်များက အတွေးထဲ ဝင်လာပြန်သည်။

ဗုဒ္ဓသမိုင်းဖြစ်စဉ်မှာ အလှူအစဉ်ကြီးခဲ့သော ဗိမ္ဗိသာရမင်းကြီး။ တစ်ခု သောညမှာ အိပ်ခန်းဆောင်အတွင်းသို့ အဝတ်မဲ့ပြိတ္တာများ ဝင်ရောက်လာပြီး ကိုယ်ရောင်ပြသည်။ သူတို့အတွက် အလှူအတန်းလုပ်၍ အမျှပေးဝေပါရန် ပြောကြားသည်။ မင်းကြီးက ပြောသည့်အတိုင်း လုပ်ပေးသည်။ နောက်နေ့ညမှာ အဝတ်အစား သစ်သစ်လွင်လွင်ဖြင့် လာရောက်ကြပြီး ယခုလိုပင် နှုတ်ဆက်

ထွက်ခွာသွားကြကြောင်း ဖတ်ဖူးထားရသည်။ ဤကားမဇ္ဈိမဒေသမှ ဗုဒ္ဓလက်ထက်တော်က ဖြစ်ရပ်မှန်တစ်ခုဖြစ်သည်။

မြန်မာနိုင်ငံတွင်းက ဖြစ်ရပ်တစ်ခုလည်းရှိသေးသည်။ စစ်မဖြစ်မီကာလ စစ်ကိုင်းတိုင်းအတွင်းမှာဖြစ်သည်။ သစ်စက်ပိုင် ကုလားသူဌေးကြီးလင်မယားမှာ သမီးပျိုလေးတစ်ယောက်ရှိသည်။ တစ်ဦးတည်းသမီးမို့ မျိုမတတ်ချစ်သည်။ မျက်စိအောက်က အပျောက်မခံနိုင်အောင်ပင် မြတ်နိုးလွန်းလှသည်။ ကြမ္မာက ဖန်လာသည်။ ရောဂါတစ်ခုဖြင့် သမီးလေးဆုံးပါးခဲ့သည်။ မိဘနှစ်ပါးမှာ သောကပရိဒေဝမီး တောက်လောင်လျက်ရှိသည်။ သမီးကလေး အသုဘချပြီး ညနေ နေဝင်ရီတရောအချိန်ရောက်လျှင် "အမေရေ... အဝတ်ပေးပါ။ အမေရေ ... အဝတ်ပေးပါ" ဟူသော သမီးအသံကို ကြားရသည်။ လူကိုကား မတွေ့ရပေ။

မိခင်ကြီးခမျာ ရင်ကွဲလုမတတ် ခံစားရသည်။ အဝတ်ဘီရိုများကိုဖွင့်၍ "သမီးရေ.. ယူယူ။ ဒီမှာ သမီးအဝတ်တွေချည်းပဲ" ဟု အရူးမကြီးသဖွယ် ပြောရင်း ငိုကြွေးသည်။ နောက်နေ့လည်း ထိုအချိန်ရောက်လျှင် ထိုအတိုင်း ကြုံရသည်။ သူတို့ဓလေ့အတိုင်း လုပ်ကြည့်သည်။ အသံက ပျောက်မသွား။ ကြားမြဲအတိုင်းသာရှိသည်။ အိမ်ရှိလူအားလုံး ကြားရသည်။

တစ်ဦးတည်းသော အလုပ်ရှင်သမီးမို့ အလုပ်သမားများက အခွင့်အရေးပေးကြသည်။ ချစ်ကြသည်။ ထိုအသံကို ကြားရသူတိုင်း မျက်ရည်ဝဲကြရသည်။ ထိုအထဲမှ အသက် (၅၀)ခန့်ရှိ လွှပိုင်းဆရာကြီးက သူဌေးကြီးဆီ ချဉ်းကပ်၍

"ကျွန်တော်တို့နည်း၊ ကျွန်တော်တို့ဟန်ဖြင့် လုပ်ကြည့်ပါရစေ။ ငွေနည်းနည်း ကုန်ကျခံပါ" ဟု ပြောသည်။

သူဌေးကြီး ငွေထုတ်ပေးသည်။ သင်္ကန်းပရိက္ခရာများ ဝယ်ယူသည်။ ရဟန်းသံဃာများပင့်ကာ ဆွမ်းကျွေး၊ ရေစက်ချ၊ အမျှအတန်းပေးဝေပြီး သင်္ကန်းပရိက္ခရာများကို ပေးလှူလိုက်သည်။ ထိုအလှူနေ့ ၄င်းအချိန်ရောက်လာသည်။ တစ်အိမ်သားလုံး သစ်စက်အလုပ်သမားများပါ အာရုံစိုက်နေကြသည်။

"အမေရေ... သမီး အဝတ်ရပြီ။ အမေရေ... သမီး အဝတ်ရပြီ။ သွားပေ့ာမယ်"

ဟူသောအသံကို အားလုံးကြားကြရသည်။ ကုလားသူဌေးကြီး လင်မယားလည်း ဗုဒ္ဓဘာသာဖြစ်လာခဲ့ကြသည်။ ဤကား မြန်မာနိုင်ငံတွင်းမှ ဖြစ်ရပ်မှန်ဖြစ်သည်။

အလားတူဖြစ်ရပ်မျိုး အများကြီး ကြားဖူးထားသည်။ ယခု မိမိလည်း ထိုအဖြစ်မျိုးကြုံတွေ့နေရပြီ။

ဩော်.. အံ့ဖွယ်သောလောကကြီးမှာ ဆန်းကြယ်သောဖြစ်ရပ်များ အမှန်ရှိနေသည်။ ပြောမယုံကြုံဖူးမှ သိရပါပြီကော။

* * * * * * * *

# ဓမ္မစမူစကျေးဇူးဆပ်ရန်ဖို့

ခင်ပွန်းသည်ကွယ်လွန်ပြီးသည့်နောက်ပိုင်း ဒေါ်မယ်သင်သည် သားအငယ် မောင်မောင်ကြည်နှင့်အတူ နေထိုင်သည်။ လယ်ယာလုပ်ငန်းများကို သားငယ်အား ဦးစီးလုပ်ဆောင်စေကာ မိမိမှာ လမ်းညွှန်ပြုရုံဖြင့် အေးအေးလူလူ နေထိုင်သည်။ သားရဟန်းရှိရာ မြိုင်ကြီးငူနှင့် ကူးချီသန်းချီပြုလုပ်ကာ ဥပုသ်ရက်ရှည်စောင့်လေ့ရှိသည်။ တစ်နေ့မှာ နေထိုင်မကောင်းသဖြင့် ယွန်းစလင်းချောင်းတစ်ဘက်ကမ်းသို့ကူး၍ ကော့ကရက်ကျေးရွာမှာ ဆေးကုနေသည်။ ထိုစဉ် တပ်မတော်နှင့် ကေအင်န်ယူတို့ တိုက်ပွဲဖြစ်ပွားသည်။ ဆေးကုနေရင်းမှ ချက်ချင်းရွာသို့ပြန်ကူးကာ အိမ်အောက် ဖုံးခိုကျင်းထဲဝင်နေသည်။ မထွက်တော့။ သားသမီးများက ချော့မော့ခေါ်သော်လည်း မရ။ နောက်ဆုံးမှာ တိုက်ပွဲနှင့်ဝေးရာ ပုဇွန်မြောင်းရှိ သမီးကြီးဒေါ်အေးညွန့်၏လယ်တဲသို့ သွားရောက်နေထိုင်ရန် ပြောပါမှ ထွက်လာသည်။ ပုဇွန်မြောင်းလယ်သို့ရောက်လာပြီးနောက် ဒေါ်မယ်သင် အဖျားပြင်းလာသည်။ ကယောင်ကတမ်းတွေပြောသည်။ သားရဟန်းအား တမ်းတမ်းတတ မြည်တမ်းသည်။ ထိုအခါ သမီးကြီးဖြစ်သူက မိမိ၏ သမီးများဖြစ်ကြသော မဝိုင်းနှင့် မိကြူတို့ အဖော်ထည့်၍ သားရဟန်းရှိရာ မြိုင်ကြီးငူသို့ ပို့ပေးလိုက်ရသည်။

၁၃၃၈ခုနှစ်၊ တန်ဆောင်မုန်းလအတွင်းမှာဖြစ်သည်။ သူများတစ်တွေ စပါးရိတ်သိမ်းနေဆဲမှာ မြေးဖြစ်သူ မဝိုင်း၊ မိကြူတို့နှင့်အတူ အထုပ်အပိုးတွေနှင့် ရောက်လာသည်။ ကျောင်းနှင့်မနီးမဝေး ဇရပ်ကလေးတစ်ဆောင်မှာ နေစေသည်။ ဆေးဆရာရှာ၍ ရောဂါကို ကုပေးသည်။ တဖြည်းဖြည်း နေကောင်းလာပြီးနောက် ကျန်းမာလာသည်နှင့် ရွာပြန်မည်ပြောသည်။ ဦးသုဇနက "ပြန်တာတော့ ပြန်တာပေါ့မယ်တော်။ နန်းဦးစေတီ ထီးတော်တင်ပြီးမှ ပြန်ပေါ့" ဟု

နစ်သိမ့်ထားရသည်။ နန်းဦးစေတီ ထီးတော်တင်ပြီး သုံးရက်အကြာ နို့ထရွာမှာ တိုက်ပွဲအကြီးအကျယ် ဖြစ်ပြန်သည်။ တစ်ရွာလုံးမှာ ကေအင်န်ယူများနှင့် ပြည့်နေသည်။ ရွာသားများ ရှောင်ပြေးကုန်သည်။ ကေအင်န်ယူတစ်ဦးက အိမ်တစ်အိမ်မှနေ၍တပ်မတော်ကိုလှမ်းပစ်ရာ တပ်မတော်က ဒီဘက်ကမ်းသို့ကူးလာပြီး တိုက်ကြသည်။ စတင်ပစ်ခတ်သောအိမ်ကိုလည်း မီးလောင်ဗုံးသုံး၍ မီးရှို့သည်။

တပ်မတော်က တစ်ဘက်ကမ်းသို့ ကူးခဲ့သည်ဆိုသော်လည်း ရွာတွင်းသို့ကား မဝင်နိုင်။ ရွာအပြင်ဘက်မှာ မိုင်းတွေမြှုပ်ထားသည်။ ရွာတွင်းက သဲသဲမဲမဲ ခုခံပစ်ခတ်သည်။ ရွာတွင်းသို့ မဝင်နိုင်သဖြင့် တစ်ဘက်ကမ်းပြန်ကူးကာ လှမ်း၍ပစ်နေသည်။ နှစ်ဘက်စလုံး အပြန်အလှန် ပစ်ခတ်သံကို မြိုင်ကြီးငူမှ အတိုင်းသား ကြားနေရသည်။ အိမ် မီးလောင်နေသည်ကိုပင် လှမ်းမြင်နေရသည်။ ဤတွင် ဒေါ်မယ်သင်က သားရဟန်းအား ပူဆာသည်။

"ဦးဇင်း တပည့်တော်မအိမ် မီးထဲပါသွားတော့မယ်။ ဖျက်ပြီး သွားယူပေးပါလား"

"မယ်တော်ကလည်း တိုက်ပွဲဖြစ်နေတဲ့ဥစ္စာ။ တိုက်ပွဲပြီးရင် သွားယူပေးမယ်"

"မရဘူး ခုသွားယူ။ ဒါဟာ ဦးဘိုးသုန်ရဲ့ နောက်ဆုံးနေခဲ့တဲ့အိမ်ပဲ။ မီးလောင်သွားလို့မဖြစ်ဘူး။ တပည့်တော်မမှာ ဒါလေးပဲရှိတော့တာ"

"ရော.. အရေးထဲမှာ မယ်တော်က ဖြစ်နေပြန်ပြီ တစ်မျိုး"

"ဖြစ်မနေနဲ့။ ဦးဇင်းမသွားရင် တပည့်တော်မ သွားမယ်"

ဦးသုဇန မတတ်နိုင်တော့။ တိုက်ပွဲဖြစ်နေသည်ကိုပင် အမှုမထားအား တော့ဘဲ ကျောင်းရှိ ရှင်ပညာသာမိ၊ ရှင်သီရိန္ဒ၊ ရှင်ဝရတို့ကိုခေါ်ပြီး နို့ထရွာဘက်သို့ ကူးသွားသည်။ ကြိုကြားကြိုကြား ပစ်ခတ်မှုလောက်သာရှိတော့သည်။

မြိုင်ကြီးငူမှာ ကျောင်းသားများထား၍မရ။ ကျောင်းသားဆိုလျှင် တောတွင်းစစ်မှုထမ်းဖို့ ဆွဲခေါ်သွားတတ်သည်။ အရွယ်ရောက်သည်၊ မရောက်သည်မသိ။ သေနတ်ထမ်းနိုင်လျှင် စစ်မှုထမ်းဖို့ ခေါ်သွားတက်သည်။ သင်္ကန်းဝတ်ထားသူ ရှင်ရဟန်းဖြစ်ပါက ကင်းလွတ်ခွင့်ရှိသည်။ (တစ်ခါတရံ အရေးပေါ်လိုအပ်လွန်းလျှင် သင်္ကန်းကိုချွတ်စေ၍ ဆွဲခေါ်သွားတတ်သေးသည်။) ကျောင်းသားများမရှိသဖြင့် ဦးသုဇနကိုယ်တိုင် ကိုရင်များကိုခေါ်၍ ရွာသို့ကူးခဲ့ရခြင်းဖြစ်သည်။

ရွာမှာ တစ်ရွာလုံးလိုလို ကေအင်န်ယူများနှင့် ပြည့်နေသည်။ ဒီအတိုင်းသွားယူ၍မရမှန်းသိသဖြင့် ကောက်ညှင်းပေါင်းနှင့်ငါးခြောက်များကို ကြံဖန်ရှာဖွေ

ယူဆောင်ပြီး လာဘ်ထိုးရသေးသည်။ အကျိုးအကြောင်းပြောပြသည်။ စားပြီးသောက်ပြီးသောအခါ ကေအင်န်ယူစစ်သားများကိုယ်တိုင် အိမ်ကိုဝိုင်းဖျက်ပြီး လှည်းဖြင့်ကမ်းနားသို့လိုက်ပို့သည်။ လိုက်ပို့ရာမှာ လွယ်ကူလှသည်မဟုတ်။ လှည်းလမ်းကြောင်းတစ်လျှောက်လုံး မိုင်းတွေ အစေ့အငှ မြှုပ်ထားသဖြင့် ဖော်ထုတ်ရသေးသည်။ ကမ်းနားသို့ရောက်သော် သစ်များကို လှေဖြင့်တင်ယူခဲ့ပြီး ထိုသစ်များဖြင့်ပင် ဇရပ်တစ်ဆောင် ဆောက်လုပ်ပေးပြီး မယ်တော်အား နေစေသည်။

(ယခု မယ်တော်ကြီးနေထိုင်သောဇရပ်သည် မယ်တော်ကြီး၏ မူလအိမ်ဖြစ်သည်။)

(စာရေးသူ)

မယ်တော်ကြီးအား ၁တ်ကြီးဝတ်ငယ်ပြုစုရန် အစ်မကြီးမအေးညွန့်၏သမီး၊ မိမိ၏တူမများဖြစ်သော မဝိုင်းနှင့် မိကြူတို့ကို ခေါ်ထားပေးသည်။ အိမ်မှသစ်များဖြင့် ဇရပ်ဆောက် ရေစက်ချအပြီးမှာ ဒေါ်မယ်သင်ကဆိုသည်။

"တပည့်တော်မ အိမ်ကိုသာ လှူတာပါဘုရား။ အိုးခွက်ပန်းကန်ခွက်ယောက်တွေ မပါဘူးဘုရား"

"ဘာဖြစ်လို့တုန်း"

"ဘာဖြစ်ရမလဲဘုရား။ သားရဟန်းသပိတ်ကိုချည်း အားကိုးလို့ရပါ့မလား။ ဒီတောဒီတောင်ထဲ သပိတ်တစ်လုံးတည်းနဲ့ မလောက်တဲ့နေ့ကျရင် ကိုယ့်ပစ္စည်းကိုယ်ယူပြီး ရှာပြန်နေရမှာပေါ့။ အားလုံးကို လှူလိုက်ရင် ဘာနဲ့သွာချက်စားရမှာတုန်းဘုရား"

"ထို့ကြောင့် လူကြီးဟုခေါ်သည်" ဟုပင် ဆိုရမည်။ ရှေ့ရှေ့နောက်နောက် တွေးတွေးဆဆ မြော်မြော်မြင်မြင် ချင့်ချင့်ချိန်ချိန် ရှိလွန်းလှသည်။ သားဖြစ်သူ ဦးသုဇနနှင့်ပါဆိုလျှင် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင့်သည်။ လူငယ်ပီပီ ရှည်ရှည်ဝေးဝေး သိပ်မတွေး။ နောက်ခါလာနောင်ခါချေးဟု သဘောထားလေ့ရှိသည်။ ပစ္စည်းတစ်ခုခုကို မက်မောဖက်တွယ်ထားခြင်းမျိုးမရှိတတ်။ စစ်ပြေးဒုက္ခသည်တစ်စုလုံးကို ထမင်းကျွေးနိုင်ခဲ့သော သပိတ်ထူးကိုပင် နန်းဦးစေတီထဲဌာပနာထည့်သွင်းလှူဒါန်းခဲ့သည်။

မိမိကား လူငယ်၊ လုပ်နိုင်ကိုင်နိုင်သေးသည်။ ရှာတတ်ဖွေတတ်သေးသည်။ မယ်တော်ကြီးကား အသက်အရွယ်အိုမင်းပြီး ခွန်အားဗလဆုတ်ယုတ်သည့်အရွယ်မို့ ကြောင့်ကြောင့်ကြကြမရှိလို၍တွေးဆတွယ်တာခြင်းသာဖြစ်ပေမည်ဟု အနူးအညွတ် ခွင့်လွှတ်မိသည်။

မယ်တော်ကြီးရောက်လာမှ ဦးသုဇနအဖို့ အလုပ်တွေပိုလာသည်။ ဆိ

မရှိဘူးဆို ရှာဦး။ ဆန်ကုန်နေပြီဆို ရှာဦး။ တော်ကြာ ဘာမှ မရှိပြန်ဘူး။ တော်ကြာ ဘာလိုချင်ပြန်ပြီ စသည် စသည်။

ဦးသုဓနကား ငြီးငြင်ခြင်းမဖြစ်မိ။ မိဘကျေးဇူးကို အထူးပေးဆပ်နေရသည်ဟုပင် ကျေနပ်မိသည်။ ဘုရားရှင်သော်မှ အမိကျေးဇူးဆပ်ရာမှာ နို့တစ်လုံးဖိုးသာ ကျေသည်ဟု ဆိုကြသည်။ မိမိမှာ မယ်တော်ကြီး၏နို့ကို ခြောက်လုံးကြီးများတောင် စို့ခဲ့ရသည်။

မောင်ချစ်ထွန်းဘဝတုန်းက တစ်ခါ၊

မောင်ထွန်းအိုင်ဘဝတုန်းက တစ်ခါ၊

ယခု မောင်သန်းစိတ်ဘဝမှာ တစ်ခါ သုံးကြိမ်တိုင်တိုင် စို့ခဲ့ရသည်မို့ အများတကာတွေထက် သုံးဆမျှ ကျေးဇူးဆပ်ရပေမည်ဟု နားလည်ထားသည်။

အမြင်ကျဉ်းမြောင်းသူများက မိမိရော မိခင်ကိုပါ တစ်မျိုးမြင်ကြသည်။ "သူတစ်ပါးသဒ္ဓါ၍လှူသော ဆွမ်းကွမ်း စသော ပစ္စည်းများကို အလွဲသုံးစားလုပ်သည်" ဟု။

အမှန်ကား ထိုသို့မဟုတ်။ "မိဘများကို ရဟန်းဝတ်ဖြင့်ပင် လုပ်ကျွေးကောင်းသည်" ဟု ဘုရားဟောတော်မူခဲ့သည်။

ဘုရားရှင်တော် လက်ထက်တော်က ဖြစ်ရပ်တစ်ခု။

သူဌေးကြီးလင်မယားမှာ သားတစ်ယောက်ရှိသည်။ ဘုရား၏တရားတော်ကို နာကြားရသဖြင့် ရဟန်းဝတ်ခဲ့သည်။ တစ်ရပ်တစ်ရွာသို့သွားပြီး ရဟန်းတရား ကျင့်ကြံအားထုတ်သည်။ တစ်ဦးတည်းသောသား ရဟန်းပြုသွားသဖြင့် အသက်အရွယ်ကြီးပြီဖြစ်သော မိဘနှစ်ပါးမှာ ပစ္စည်းဥစ္စာတို့ကို ထိန်းသိမ်းစောင့်ရှောက်နိုင်စွမ်း မရှိတော့ဘဲ ချွတ်ခြုံကျကာ နောက်ဆုံး ခွက်လက်ဆွဲကာ တောင်းရမ်းစားသောက်ရသောဘဝသို့ ရောက်ခဲ့ရသည်။

ထိုအဖြစ်ကို ရဟန်းကြားသိလျှင် ပြန်လာပြီး ရဟန်းဝတ်ဖြင့်ပင် မိဘနှစ်ပါးအား ဆွမ်းခံ၍ လုပ်ကျွေးသည်။ စားစရာ၊ သောက်စရာများရရှိလျှင် မိဘများကို ရှေးဦးစားစေသည်။ မိမိမှာ ကျန်မှစားသည်။ မကျန်လျှင် ရေသောက်နေလိုက်သည်။ အဝတ်အထည်များဆိုလျှင် သူများလှူသဖြင့် ရလာသောအဝတ်အထည်များကို မိဘများအား ဝတ်စေသည်။ မိမိမှာ မိဘများဝတ်ပြီးကျမှချုပ်ဆိုး၍ သင်္ကန်းအဖြစ် ဝတ်ရုံသည်။ ဤသို့လျှင် လုပ်ကျွေးနေခဲ့သည်။

ကြာလာသောအခါ ရဟန်းအဖို့ အစားအသောက်မမှန်ဖြစ်ကာ ပိန်ချုံးလာသည်။ သီတင်းသုံးဖော်များက မေးမြန်းလာသည်။ အကြောင်းစုံကို ပြောပြသည်။ အားလုံးက ကဲ့ရဲ့အပြစ်တင်ကြသည်။ ဒါယကာများက သဒ္ဓါဖြင့်လှူဒါန်းသော ပစ္စည်းများကို သူတစ်ပါးအားပေးခြင်းဖြင့် သဒ္ဓါတစ်ရားကို

ပျက်ဆီးသူအဖြစ် ရွတ်ချကြသည်။ နောက်ဆုံး ဘုရားရှင်တော်ထံခေါ်သွားပြီး တိုင်ကြားသည်။ ဘုရားရှင်က စစ်ဆေးမေးမြန်းတော်မူရာ အမှန်တိုင်း အစစ်ခံသည်။ ဘုရားရှင်က သာဓုသုံးကြိမ်ခေါ်ကာ ချီးမွမ်းတော်မူသည်။ ထို့နောက် မိဘကျေးဇူးကြီးမားပုံ၊ ဘယ်လိုနည်းနှင့်ဖြစ်ဖြစ် ပြုစုလုပ်ကျွေးသင့်ပုံတို့ကို ဟောပြောတော်မူပြီး

"ငါဘုရားသည်လည်း ရသေ့ရဟန်းအသွင်ဖြင့် မိဘနှစ်ပါးအား ပြုစုလုပ်ကျွေးခဲ့ဖူးပြီ" ဟု စကားချီကာ သုဝဏ္ဏသာမဇာတ်တော်ကို အတိတ်ဆောင်၍ ဟောတော်မူသည်။ ဦးသုဇနသည် သံသရာမှ ကိုယ်လွတ်ရုန်းလို၍ တောထွက်တရားအားထုတ်ခဲ့သည်။ ပေးလာသော အခြေအနေအရ ကျေးဇူးရှင် မိခင်ကြီးအား လုပ်ကျွေးခွင့်ကြုံလာသည်။ ငြိုငြင်ခြင်းမဖြစ်သည့်ပြင် မိဘကျေးဇူးဆပ် ခွင့်ကြုံသည်မှာ အရတော်လေစွဟု ကြည်နူးနေမိသေးတော့သည်။

* * * * * * * *

# သုသာန်ဓုတင်ခရီး

မြိုင်ကြီးငူမှာ သာမဏေအပါအဝင် သံဃာများ ငါးပါးခန့်ရှိလာသည်။ ဦးရသေ့လည်း ရှိနေသည်။ ကြီးကြပ်အုပ်ချုပ်၍ဖြစ်သည်။ မယ်တော်ကြီးလည်း မြိုင်ကြီးငူသို့ရောက်နေသည်။ ပြုစုပေးမည့် မဝိုင်း၊ မိကြူ စသည့် မြေးများလည်း ရှိသည်။ အစ်မကြီးမအေးညွန့်လည်း မကြာမကြာ ရောက်လာတတ်သည်။ ပူပင်စရာဟူ၍ မရှိသလောက်ဖြစ်နေသည်မို့ သီတင်းဝါလကျွတ်သည်ဆိုလျှင် ဦးသုဓနေသည် သပိတ်တစ်လုံး၊ သင်္ကန်းသုံးထည်ဖြင့် ရပ်တကာ နယ်အနံ့သို့ ခရီးလှည့်လည်လေ့ရှိသည်။ ဘုရားဖူးရင်း၊ သုသာန်ဓုတင်ဆောင်ရင်းဖြင့် ခရီးဆက်ခဲ့ရာ နောက်နှစ်ဝါဆိုကာနီးမှ မြိုင်ကြီးငူသို့ ပြန်ရောက်လေ့ရှိသည်။ တန်ခိုးကြီးဆံတော်ရှင်များဖြစ်သော မို့လအိ၊ မို့လအစေတီ၊ ကျိုက်ထီးရိုးဆံတော်ရှင်စေတီ စသည်တို့သို့ တစ်ပါးတည်း ကြွရောက်ဖူးမြော်သည်။ အခြား အခြားတောတောင်အရပ်ရပ်ရှိ တန်ခိုးကြီး မကြီးစေတီများသို့လည်း ရှာရှာဖွေဖွေ သွားရောက်ဖူးမြော်သည်။ ဒေသန္တရ ဗဟုသုတအဖြစ် တစ်ဘက်ကမ်းသို့ကူးကာ မိုင်းလုံးကြီး၊ ဇင်းမယ်၊ ဗန်ကောက်သို့လည်းကောင်း၊ ရေး၊ ထားဝယ်၊ မြိတ်၊ ကော့သောင်း၊ ရနောင်း၊ နန်းမြင်း၊ ဗန်စဖန်း၊ ပီနန်၊ စင်ကာပူတို့သို့လည်းကောင်း ကြွရောက်ခဲ့သည်။ ရောက်လေရာတိုင်းတွင် သုသာန်မှာသာ တည်းခိုနေထိုင်သည်။ နေ့မှာ ခရီးသွား၍ ညမှာ သုသာန်တွင် သတိပဋ္ဌာန်ပွားများသည်။

ရောက်ချင်၍သာ သွားရသည်။ ဆွမ်းမှာ ဘုဉ်းပေးရသည်လည်းရှိသည်။ ငတ်ခဲ့ရသည်လည်းရှိသည်။ အသွင်ကိုက ထူးနေသည်ကိုး။ ခေါင်းတုံးထားသည်ဆိုသော်လည်း ဆံပင်ကာလက်တစ်ဆစ်နီးပါး ရှည်နေသည်။ ပုံကိုက ညှဉ်းသိုးသိုး၊ ဝတ်ရုံထားသည့်သင်္ကန်းကလည်း မည်းညိုရောင်၊ ယပ်ကတစ်ချောင်း၊ တောင်ဝှေးက တစ်ခု၊ အဘယ်မှာ ကြည်ညိုဖွယ်ရှိပါအံ့နည်း။ မကြည်

ညိုသည့်ပြင် အရှုးဟုပင် ထင်ခံရသေးသည်။ ထင်ကြပေမည်လေ။ ဒေသစကား ကို့နှင့် ရင်းနှီးကျွမ်းဝင်မှုမရှိသဖြင့် ဘယ်သူက ဘာမေးမေး၊ ဘာပြောပြော ခေါင်းခါခဲ့ရသည်ကိုး။ တစ်ခုတော့ရှိသည်။ လူသားတိုင်းမှာ ကိန်းအောင်းနေ လေ့ရှိသော မေတ္တာကရုဏာတရား၊ ထိုတရားရှင်များနှင့်ဆုံပါကမူ ဝမ်းရေး အတွက် အေးခဲ့ရသည်။ မဆုံလျှင်တော့ လောကဓံတရားကို ကြံ့ကြံ့ခံနိုင်သော စွမ်းရည်တစ်ရပ်ဖြစ်သည့် ဥပေက္ခာပါရမီကို ဖြည့်ကျင့်ခြင်းဖြစ်သည်ဟုပင် တွေးမိသေးသည်။

အရပ်တကာသို့ လှည့်လည်သွားလာသော ရည်ရွယ်ချက်တစ်ခုရှိသေး သည်။ သောသာနိကစုတင် (သုသာန်စုတင်) ကို ကျင့်ဆောင်လိုခြင်းလည်း ပါသည်။ ထိုထိုအရပ်သို့ ရောက်ဖူးသည်ဆိုသည်မှာ ကျွဲကူးရေပါသဘောမျိုး သာဖြစ်သည်။ ဦးသုဇနသည် လူငယ်ပီပီ စူးစမ်းလိုသည်။ ကိုးသချိုင်းဓားတို့၊ ကိုးသချိုင်းသံတို့၊ ကိုးသချိုင်းအောင်တို့ စသည်ဖြင့် ငယ်စဉ်က ကြားဖူးသည်။ မည်သည့်အစီအစဉ်၊ မည်သည့်ရည်ရွယ်ချက်ဖြင့် ကိုးသချိုင်းအောင်သည်။ အောင်ခြင်းဖြင့် ဘာတွေညာတွေဖြစ်သည်ကိုတော့ မည်မည်ရရမသိ။ ကိုးသချိုင်း ထက် ကျော်လွန်ပြီးသွားတော့ကော မည်သို့ ဖြစ်နိုင်သနည်း သိချင်သည်။ သုသာန် (သချိုင်း) တို့၏ အလေ့သဘောကိုလည်း သိချင်သည်။ အထူးသဖြင့် သုသာန်စုတင်၏အကျိုးများအနက်မှ

ကာမရာဂဝိရောဒန – မတင့်တယ်ဟု မှတ်ကြောင်းဖြစ်သော အခြင်း အရာကို မြင်ရသဖြင့် ကာမဝတ္ထုတို့၌ လိုချင်တပ်မက်သောရာဂကို ပယ်နိုင်ခြင်း၊

ကာယသဘာဝဒဿန – ကြိမ်ဖန်များစွာ ကိုယ်၏အသုဘ ဒုက္ခဓမ္မ အဖြစ်ကို မှတ်သဖြင့် ကိုယ်ခန္ဓာ၏ အသုဘသဘောကို မပြတ်မြင်နိုင်ခြင်း။

ဤအကျိုးသွားနှစ်ခုကို မလွဲဧကန်ရမည်ဟု စွဲမြဲယုံကြည်ထားသည်။ တရားဖြင့်သာမွေ့လျော်တော့မည်။ သက်န်းဖြင့်သာ အရိုးထုတ်တော့မည်ဟု ရည်ရွယ်ရင်းစွဲရှိသည်မို့ တစ်ကွေ့ကွေ့မှာ တွေ့ရတတ်သော ဝတ္ထုအာရုံကာမ ဂုဏ် တို့၏အပြစ်ကို မြင်အောင်ရှုတတ်ဖို့ အရေးကြီးသည်ဟုလည်း ခံယူထား သည်။ ထို့ကြောင့်လည်း သုသာန်ဓုတင်ကို တမင်အားထုတ်သည်။ သုသာန် တကာသို့ လှည့်လည်သွားလာဖန်များတော့လည်း အတွေ့အကြုံတွေရလာ သည်။ သုသာန် ဗဟုသုတများဟုပင် စာတစ်အုပ်ထုတ်လောက်မည်ထင်သည်။

တောရွာသုသာန်များသည် ရွာအပြင်မှာသာရှိသည်။ မြို့ကြီးများကဲ့သို့ လူနေမများသည့်အလျောက် အသုဘဟူ၍ ရံဖန်ရံခါသာ ရှိတတ်သည်။ အသုဘ လာပို့လျှင် ရှောင်ပေးလိုက်၊ ပြန်သွားလျှင်ပြန်နေလိုက်ဖြင့် အဆင်ပြေသည်။ များသောအားဖြင့် သုသာန်တစပြင်သည် တိတ်ဆိတ်ငြိမ်သက်နေသည်က

များသည်။ မလာရောက်ကောင်းသောအရပ်ဟု ယိုးစွပ်ထားကြသည်ကိုး။ ညနေ နေဝင်ပြီးသည်မှနောက်ပိုင်း ရွာဘက်ဆီမှ အသံဗလံများ တဖြည်းဖြည်း တိတ်ဆိတ်စပြုလာသည်။ ည ဇနာရီလောက်ဆို လုံးဝနီးပါး မကြားရတော့။ တစ်လောကလုံး ပီဘိငြိမ်သက်လှသည်။

ညက မှောင်နေသည်။ မလင်းတလင်း ကြယ်ရောင်အောက်မှာ အုတ်ဂူလေးတွေ အတုံးအရုံး လဲလျောင်းနေသည်။ လသာညများဆိုပါလျှင် ရွှန်းမြသောလရောင်အောက်မှ အုတ်ဂူလေးတွေ ဖွေးဖွေးတချို့၊ မည်းမည်းတချို့။ မြေပုံမို့မို့ကလေးများ၊ ဟောက်ပက်နေသော မြေကျင်းများကို အတိုင်းသား မြင်နေရသည်။ တစ်မျိုးကြည့်လို့ကောင်းသေးတော့သည်။ ညဦးပိုင်းဆိုလျှင် ဦးသုဇနသည် အုတ်ဂူတစ်ခုခုပေါ်ထိုင်၍ သတိပဋ္ဌာန်ပွားများလေ့ရှိသည်။ သံဝေဂရလွယ်သည်။ အရှိနှင့်အပျက်ကို ယှဉ်ကြည့်သလိုဖြစ်သည်မို့ အသိဉာဏ် ပွင့်လင်းလွယ်သည်။ မိမိကား အရှိ၊ အုတ်ဂူတွင်းမှသူကား အပျက်။

ငါထိုင်နေသော အုတ်ဂူအတွင်းမှလူကား တစ်ချိန်တုန်းက ငါကဲ့သို့ပင် လူသားတစ်ဦးဖြစ်ခဲ့သည်။ သက်ဝင်လှုပ်ရှားသွားလာပြောဆိုခဲ့သည်။ တန်ခိုးအာဏာရှိသူလည်း ဖြစ်နိုင်သည်။ ငွေကြေးချမ်းသာသူလည်း ဖြစ်နိုင်သည်။ မျိုးဆွေဉာတိ ပရိသတ်အပေါင်းနှင့် ဝင့်ကြွားခဲ့သူလည်း ဖြစ်နိုင်သည်။ ယခုမူ သူ၏တန်ခိုးအာဏာသြဇာသည်လည်းကောင်း၊ ကြွယ်ဝချမ်းသာမှုသည် လည်းကောင်း၊ ဆွေမျိုးဉာတိသည်လည်းကောင်း သူ့အား မကယ်နိုင်ခဲ့။ သူ့ကို ချစ်မြတ်နိုး၊ တွယ်တာလွန်းခဲ့သည်ဆိုသော မိသားစုများကပင် သည်နေရာသို့ လာရောက် စွန့်ပစ်ထားကြသည်။ အထီးကျန်မှ တကယ့်အထီးကျန်ပါတကား။ အာဏာလည်း မကယ်နိုင်။ အသပြာဖြင့်လည်း မဝယ်နိုင်၊ ဉာတကာအစစ်လည်း မတွယ်နိုင်သည့်အဖြစ်က တကယ်တော့ သေခြင်းပါတကား။ ငါကော ဘာထူးသနည်း။ သူ့လိုမျိုး တစ်နေ့မှာ သေရမည်မုချ။ 'မုဝံ မေ မရဏံ' ဘုရားဟောသည်။ ငါ၏သေခြင်းကား မြဲလှချေ၏။

ပတ်ဝန်းကျင်ကား တစ်ခါတရံ စူးစူးရှရှအော်မြည်သော ပုရစ်ငယ်အသံများမှအပ ချောက်ချားဖွယ်ကောင်းလောက်အောင် တိတ်ဆိတ်နေသည်။ သစ်ရွက်လေတိုး၍ လှုပ်ရှားမှုမှအပ ငြိမ်သက်နေသည်။ ထိုးထိုးထောင်ထောင်ဖြစ်နေသော သစ်ပင်ကြီးများက ညအမှောင်ဝယ် အိပ်မောကျနေသည်။ တုတ်တုတ်မျှ မလှုပ်ချေ။ သုသာန်ဇရပ်သည်လည်း သစ်ပင်များနှင့်အပြိုင် အိပ်ခြင်းပြိုင်နေသည်။ သည်လို ညနက်ပိုင်းရောက်လာလျှင် သုသာန်ဇရပ်ရှိ အလောင်းတင်ရာ ခုံမြင့်ထက်မှာ ဦးသုဇန ထိုင်၍ တရားမှတ်လေ့ရှိသည်။ တိတ်ဆိတ်ငြိမ်သက်လွန်းနေသည်မို့ တရားရှုမှတ်ရ အလွန်ကောင်းသည်။ သုသာန်ဆိုလျှင် များသော

အားဖြင့် လူအများက ရှောင်ကြသည်။ မလာရောက်ကောင်းသောအရပ်ဟုပင် ဆိုကြသေးသည်။ ဘာဘာညာညာတွေရှိသည်။ ပြုံးပြုံပြသည်။ ခြောက်ပြသည် ဟုဆိုကာ ဆိုကြသည်။ ဦးသုဇန အတွေ့အကြုံအရ မကြုံဖူးသေးသော သချိုင်း ပုံပြင်များစွာ ကြားဖူးထားသည်။ တကယ်တော့ ယုံတမ်းစကားများသာ။ အဲ.. တစ်ခုတော့ရှိသည်။ အတွေ့အကြုံ မတွေ့တာလည်း ဖြစ်နိုင်သည်။

ဘီလူးကျွန်းတောင်ပိုင်း၊ အဘစ်နီးမုတ်သုသာန်၌ (၁၇)ရက် စွတင် ဆောက်တည်စဉ်ကဖြစ်သည်။ ဇရပ်ပေါ်မှာ တရားရှုမှတ်နေစဉ် ည (၁၂)နာရီ ကျော်လျှင် ခါးစောင်းလောက်မြင့်သော ဝက်ဖြူကျားကြီးတစ်ကောင် ရောက် ရောက်လာတတ်သည်။ ခါးကို နှုတ်သီးဖြင့် လာလာထိုးတတ်သည်။ ထိုအခါ အိပ်ချင်စိတ် ပြေသွားတတ်သည်။ အိပ်ငိုက်ချင်ပြီဆိုလျှင် ခါးကို လာထိုးပြန် သည်။ ဤလိုနှင့် နံနက် ၂–၃နာရီလောက်မှာ ပြန်သွားတတ်သည်။ တစ်မျိုး တော့လည်း အကောင်းသား။ အိပ်ချင်စိတ်ပြေသွားသည်။

ကရင်ဝင်းစိန်သုသာန်မှာတုန်းက တစ်မျိုး။ တစ်နေ့ ရွာထဲမှာ ဆွမ်းခံ ပြန်လာပြီး ဆွမ်းဘုဉ်းပေးသည်။ ဆွမ်းကျန်များကို မြင်ရ၊ မမြင်ရ သတ္တဝါတို့အား စွန့်ကြဲပေးသည်။ ညရောက်၍ တရားရှုမှတ်စဉ် ယခင်ညများနှင့်မတူ ချိုးချိုး ချွတ်ချွတ်အသံများ မနီးမဝေးတွင် ကြားရသည်။ မေတ္တာကို စူးစိုက်၍ အထူးပို့ သည်။ ထူးမခြား။ စားစရာတစ်ခုခုတောင်းနေသလား တွေးမိပြီး ရှာကြည့်သည်။ ထိုင်နေသော အလောင်းတင်ခုံအောက်မှာ သကြားလုံးတစ်လုံးတွေ့ရသည်နှင့် ကောက်၍ ပစ်ထုတ်ပေးလိုက်သည်။ သည်တော့မှ အသံတိတ်သွားသည်။

"ဩော်... အစာတောင်းစားကြတာကိုး" ဟု သိသွားရသည်။

ဘီလူးကျွန်းရှိ သုသာန်များသို့ သွားလာခဲ့သည်မှာ

| | |
|---|---|
| ချောင်းဆုံသုသာန်၌ | ၁၅ ရက် |
| သင်္ကြောသုသာန်၌ | ၈ ရက် |
| မုဒူးသုသာန်၌ | ၁၄ ရက် |
| ကွမ်းသဲသုသာန်၌ | ၁၉ ရက် |
| ဆယ်ဗလာသုသာန်၌ | ၃၂ ရက် |
| ကမာကေးသုသာန်၌ | ၈ ရက် |
| ကွမ်းလှာသုသာန်၌ | ၂၆ ရက် |
| အဘစ်နီးမုတ်သုသာန်၌ | ၁၇ ရက် |
| မရမ်းသုသာန်၌ | ၂၄ ရက် |
| ခလော့ခနိုင်းသုသာန်၌ | ၂၁ ရက် |
| ဖံဖသုသာန်၌ | ၁၈ ရက် |

ဘိုးနက်သုသာန်၌ ၁၃ ရက်
ကမာမိုသုသာန်၌ ၁၆ ရက်
ရွာလွှတ်သာန်၌ ၁၇ ရက်
ကရင်ဝင်းစိန်သုသာန်၌ ၂၁ ရက် အသီးသီး သုသာန်ရှုတင် ဆောက်တည်ခဲ့သည်။

(အစိမ္မာန်ရက်နှင့် သုသာန်တို့ကို တစ်နေရာတည်း စုစည်းရေးသားထားသော်လည်း သုသာန်စဉ်ကို တစ်ဆက်တည်းသွားခြင်းမဟုတ်။ အလျဉ်းသင့်သလို သွားလိုက်ပြန်လိုက်ခြင်းသာဖြစ်သည်။)

(စာရေးသူ)

* * * * * * * *

# ပရိသတ်နည်းစေမည်ကြံသော်လည်း

၁၃၄၁ခုနှစ်၊ ကဆုန်လတွင် ဖြစ်သည်။

မြိုင်ကြီးငူ၏ ကျုံးနံဘေးသံလွင်မြစ်ကမ်းတစ်နေရာ (ယခု စတုဒိသာနှင့် မလုပ်မဟကမ်း) မှာ မြနန္ဒာသိဝတ်ကျောင်း တည်ရှိရာ အထိမ်းအမှတ်အဖြစ် ဉာဏ်တော် သုံးတောင်မျှသာရှိသော ရှေးဟောင်းစေတီငယ်တစ်ဆူရှိသည်။ တန်ဆောင်းငယ်အတွင်း စံပယ်တော်မူခဲ့ဟန်တူသည်။ အင်ကြင်းတိုင်ငုတ်တိုများကိုပါ တွေ့ရသည်။

နယ်မြေအခြေအနေက မငြိမ်သက် ရှိလွန်းလှသည်။ တစ်ဦးကိုတစ်ဦး ရန်စောင်နေသကဲ့သို့ရှိသည်။ အလစ်အငိုက်ဖမ်း၍ ပစ်ခတ်နေကြသည်။ ထိုသည့် ရန်ပွဲများကို ပြေပါစေတော့၊ ငြိမ်းချမ်းပါစေတော့ဟူ၍ အထိမ်းအမှတ်စေတီငယ်ကို ကိုးတောင်ပြည့်စေတီအဖြစ်တည်ထားရန် စိတ်ဆန္ဒဖြစ်ပေါ်သည်။ ဤသည်သော ရန်မျိုးကို တရားလက်နက် မေတ္တာဖက်၍ ဘုရားအား တိုင်တည်ကာ ဦးသုဇန ဖြေရှင်းလိုသည်။

ကဆုန်လဆန်း (၄)ရက်တွင် အုတ်မြစ်ချ၍တည်ခဲ့ရာ ကဆုန်လပြည့် နံနက် (၉)နာရီအချိန်တွင် ထီးတော်တင်ပြီးစီးအောင်မြင်သည်။ စေတီတော်၏ ဘွဲ့အမည်ကို မူလဆန္ဒအတိုင်း 'ရန်ပြေစေတီ' ဟု ဖွဲ့ချည်သမုတ်တော်မူသည်။

"ပြေပါစေလေ.. ရှိသမျှရန်ငြိုးတွေ ငြိမ်းငြိမ်းချမ်းချမ်း ပြီးပြေကြပါစေ"

* * * * * * * *

၁၃၄၂ခုနှစ်၊ မြိုင်ကြီးငူမှာ အဆောက်အုံဟူ၍ ကြီးကြီးမားမားလည်း မရှိသေး။ များများစားစားလည်း မရှိသေး။ ပန်းကုန်းရွာမှ အိမ်ဟောင်းတစ်လုံးကို မယ်တော်ကြီး ဝယ်ယူ၍ ဆောက်ပေးသော ကျောင်းဆောင်ငယ်နှင့် မယ်

တော်ကြီးတို့ မြေးအဘွားတစ်စုနေထိုင်သော ဇရပ်တစ်ဆောင်သာရှိသည်။ သီတင်းသီလစောင့်သုံးသူတွေလာလို့မှ နေစရာကမရှိသဖြင့် ကမမောင်းမှ ဦးသံလွင်၊ ဒေါ်ဖွားစိန်တို့က မိမိတို့အိမ်ကိုဖျက်၍ ဇရပ်တစ်ဆောင် ဆောက်လုပ်လှူဒါန်းသည်။

ဤနှစ်မှာလည်း မြိုင်ကြီးငူနှင့် ကမမောင်းသည် အမြင်နီးလျက်နှင့် သွားရလာရ ခက်ခဲသော အနေအထားတွင်ရှိနေသည်။ ဟိုဘက်ကမ်းနှင့် သည်ဘက်ကမ်း အကူးအသန်း လုံးဝမရှိစေရဟု သတ်မှတ်ထားသောအချိန်ဖြစ်သည်။ ဦးသံလွင်၊ ဒေါ်ဖွားစိန်တို့မှအပ အခြားဒကာများ မြိုင်ကြီးငူနှင့် အဆက်အစပ်နည်းကြသေးသည်။ ဆွေမျိုးရင်းချာ၊ ဒကာ၊ ဒကာမ အနည်းငယ်သာရှိသည်။ သွားလိုလာလိုသောဆန္ဒ ရှိကောင်းမည်ဖြစ်သော်လည်း ကြီးမားသော အဟန့်အတားကြီးက ပိတ်ဆို့ကာဆီးတားထားသည်။

မြိုင်ကြီးငူသို့ ရောက်ခဲ့သည်မှာ (၁၂)နှစ်ရှိခဲ့ပြီး ရောက်စက တစ်ပါးနေဝါးကျောင်းငယ်ဖြင့် နေခဲ့သည်။ ယခု ရဟန်းသာမဏေများ တိုးပွားလာခဲ့သည်။ ဒကာ၊ ဒကာမများအနေဖြင့်လည်း ကနဦးထက်စာလျှင် အနည်းငယ်ရှိလာသည်။ မိမိသည်ပင် သိက္ခာအားဖြင့် ၁၂ဝါရှိခဲ့ပြီး ကျောင်းထိုင်ဘုန်းကြီးအင်္ဂါရပ်အရ ကျောင်းထိုင်ဘုန်းကြီး အလိုလိုဖြစ်လာသည်။

ဆယ်ဝါပြည့်တင်း၊ ဝိဘင်းနှစ်ဖြာ
ကမ္မာကမ္မ၊ ခန္ဓကပုဒ်၊ နာမ်ရုပ်ပိုင်ပိုင်
ဟောစွမ်းနိုင်၊ ကျောင်းထိုင်ဘုန်းကြီး အင်္ဂါရပ်တည်း။

ဦးသုဇနမှာ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံပြီးဖြစ်သည်မို့ ကျောင်းထိုင်ဘုန်းကြီးအဖြစ် အများက အသိအမှတ်ပြုသည်ကို လက်ခံလိုက်သည်။ ဆရာတော်ဟူ၍ အများက ခေါ်ဝေါ်ကြသော်လည်း ဦးသုဇန မသာယာမိ။ ဆရာတော်ဟူသည် မည်သို့သော ပညာအရည်အချင်းနှင့် ပြည့်စုံရမည်ကို မိမိသာ အသိဆုံးဖြစ်သည်။ မည်သူတွေ မည်သို့ခေါ်ခေါ် မိမိက ခန်းနေဦးပဥ္စင်းအဖြစ်မှ တစ်ဆင့်တက်လာသော ကျောင်းထိုင်ဘုန်းကြီးအဆင့်မှာသာရှိသေးသည်။ အမှန်မှာ ဦးသုဇနသည် ဤမည်သော အဆင့်မျိုးတို့ထိ ရောက်ရှိလာစေရန် စိတ်ကူးရင်းစွဲ လုံးဝမရှိခဲ့ပေ။ တရားနှင့်သာပျော်မည်။ တရားအားထုတ်ရင်း သေချင်သေပါစေ။ ထိုစဉ်က ထုံနာကျဉ်နာရောဂါကြီးကလည်းတန်းလန်းမို့ ဘဝကို အဆုံးသတ်ထားသည်။ အကောင်းဘက်သို့ စိတ်ညွတ်ကာ မထူးဇာတ်ခင်းထားသည်။

ကံကြမ္မာသည် ဆန်းကြယ်လွန်းလေစွ။ ရောဂါဖြင့်ပင် သေချင်သေပါစေဟု တောထဲဝင်ခဲ့သည်။ မသေသည့်ပြင် ရောဂါပင် ပျောက်ခဲ့သည်။ ပရိသတ်နည်းစေချင်၍ တောကဲဝင်ခဲ့သည်။ ပရိသတ်က တိုးပွားစပြုလာသည်။ တစ်မျိုး

တစ်ဖုံ ကြံစည်ရပေဦးမည်။

ပရိသတ်နှင့်ပတ်သက်၍ တောင်ဖီလာဆရာတော်အား ရွှေဥမင်ဆရာတော်ကြီးပြောသော စကားတစ်ခွန်းကို သတိရမိသည်။ တောင်ဖီလာဆရာတော်သည် စက်တော်ရာမှအပြန် မိမိအခြွေအရံပရိသတ်နှင့်အတူ ရွှေဥမင်ဆရာတော်ထံ ဝင်ရောက်ဖူးမြော်သည်။ ရွှေဥမင်ဆရာတော်သည် ကပ္ပိယတစ်ဦးကိုသာ အဖော်ပြုလျက် ရွှေဥမင်တောရပ်မှာ သီတင်းသုံးလျက် ကျမ်းပြုစုနေသည်။ ထိုကို တောင်ဖီလာဆရာတော်က

"အရှင်ဘုရား ပရိသတ် နည်းလွန်းလှသည်။ မကြောက်ပါလော" အမေးရှိသည်။

"ကြောက်လို့ ပရိသတ်အနည်းနှင့်သာ နေပါသည် မင်းဆရာ" ရွှေဥမင်ဆရာတော် ပြန်ဖြေသည်။

တောင်ဖီလာဆရာတော်က လောကဝတ်ကိုငဲ့၍ အမေးပြုသည်။ ရွှေဥမင်ဆရာတော်က ဓမ္မဝတ်ကိုရည်ရွယ်၍ ဖြေဆိုသည်။ ဉာဏ်ထက်သူချင်းမို့ ဆိုလိုချက်ကို ဒက်ခနဲသိလိုက်သည်။ မေးဖြေနှစ်ရပ်ကို အဖြောင့်ပြန်တွေးကြည့်သည်။

"တပည့်တော် ရွှေဥမင်သည် သံသရာဘေးကို မျှော်တွေးပြီး အကုသိုလ်ကိုကြောက်လို့ အကုသိုလ်နည်းစေတဲ့ ပရိသတ်နည်းနည်းနှင့်သာ နေပါသည်။ အရှင်မင်းဆရာကသာ သံသရာဘေးကိုမတွေးဘဲ အကုသိုလ်ကိုမကြောက်လို့ အကုသိုလ်တိုးပွားစေတဲ့ ပရိသတ်အများနှင့်နေပါသည်"

အဓိပ္ပာယ်က ဒီလိုညွှန်းနေသည်။ တောင်ဖီလာဆရာတော်သည် သံဝေဂရ၍ ရွှေဥမင်မှအပြန် ပရိသတ်အားလုံးကိုစွန့်၍ တောရဆောက်တည်ခဲ့သည်။

သည်ဖြစ်ရပ်ကို ဦးသုဇန တွေးမိသည်။ မိမိသည်လည်း ပရိသတ်နည်းအောင် တစ်နေ့နေ့တော့ ဖြစ်အောင် ကြံရပေဦးမည်ဟု။

* * * * * * * *

၁၃၄၃ခုနှစ်။

ကျောင်းနေသံဃာများ တစ်စတစ်စ များလာနေသည်။ ရှင်ရဟန်းပြုကြရာမှာ သဒ္ဓါပဗ္ဗဇ္ဇိတနှင့် ဘယာပဗ္ဗဇ္ဇိတဟူ၍ နှစ်မျိုးရှိရာမှာ ဦးသုဇနထံမှာ ရှင်ရဟန်းပြုသူများသည် များသောအားဖြင့် ဘယာပဗ္ဗဇ္ဇိတဖြစ်သည်။ နစ်ဘက်စစ်တပ်ကိုကြောက်၍ ရှင်ရဟန်းပြုကြသည်။ သိပါသည်။ ဦးသုဇန သိပါသည်။ တောနေအုံကြား ဘာသာတရားနှင့် ကင်းကွာခဲ့ကြသူတွေ ဘာကြောင့်ဖြစ်ဖြစ်

သာသနာတော်နှင့် နီးစပ်လာသည်။ သည် အထဲမှာသဒ္ဒါပဗ္ဗဇ္ဇိတအဖြစ် ပေါ်လာနိုင်သည်။ ဖြစ်ပေါ်လာနိုင်သည်ဟု တွေးခဲ့သည်။ သို့ဖြင့် သံဃာတွေ တိုးပွားတိုးပွားလာနေသည်။ တိုးပွားလာသည်နှင့်အမျှ နေရာထိုင်ခင်း အခက်အခဲရှိလာသည်။ ထိုကို ကော့ကရက်ကျွန်းနေ ဦးကျော်ဒီးဒီးနှင့် ဒေါ်ညိမ်းခင်မိသားစုတို့က ကျောင်းဆောင်တိုးချဲ့ဆောက်လုပ်ခြင်းဖြင့် ဖြေရှင်းပေးခဲ့သည်။ ဖြေရှင်းပုံမှာ

ဦးကျော်ဒီးဒီးတို့သည် အထိုက်အလျောက် ငွေကြေးပြည့်စုံကြသည်။ ကျောင်းဆောင် အမြန်လိုအပ်သည်ဆိုသဖြင့် ရွာတစ်ရွာမှအိမ်ကိုဝယ်ယူပြီး ဆောက်ပေးရန် စီစဉ်သည်။ ဝယ်ယူရန် စကားပြော၊ စရန်သတ်ပြီး နောက်နေ့လာဖျက်မည်ပြောကာ ပြန်ခဲ့သည်။ ညမှ ထိုအိမ် မီးရှို့ခံလိုက်ရသည်။ စိတ်မပျက်ဘဲ နောက်တစ်အိမ်ရှာပြန်သည်။ ထိုနည်းအတိုင်း ကြုံရပြန်သည်။ နောက်ဆုံး ဦးကျော်ဒီးဒီးတို့က မိမိတို့နေအိမ်ကိုဖျက်၍ ကျောင်းဆောက်လှူဒါန်းလိုက်သည်။

၁၃၄၄ခုနှစ်၊ ဝါဆိုလတွင်ပြီးစီး၍ လပြည့်နေ့တွင် ရေစက်သွန်းချလှူဒါန်းနိုင်ခဲ့သည်။

သည်လိုနှင့် မြိုင်ကြီးငူမှာ ဘုရား၊ ကျောင်း၊ ကန်၊ ဇရပ်ဟူ၍ ပြည့်စုံစပြုလာသည်။ သိမ်ဆိုတာတော့ ဖြစ်မလာသေး။ သိမ်ဟောင်းနေရာတော့ တွေ့ထားပြီ။ ကျောင်းဟူ၍ဖြစ်လာလျှင် သံဃာများ ကံကြီး၊ ကံငယ်ဆောင်ရန် သိမ်တော့ မရှိမဖြစ် လိုအပ်လာမည်။ သည်သိမ်သည်သာ ရဟန်းများကို တိုးပွားစေနိုင်သည်။ ရဟန်းသစ်ကို ဖြစ်ထွန်းစေနိုင်သည်။ ဤမျှ အရေးပါသောသိမ်ကို ဆောင်ကြဉ်းပေးမှ သင့်မည်ဟု ဦးသုဇနစိတ်ထဲ တေးမှတ်ထားလိုက်သည်။

* * * * * * * *

မြိုင်ကြီးငူသို့ရောက်စကတည်းက သွားလာကြည့်ရှုခဲ့ရာမှ လေးဘက်လေးတန် ပြိုပျက်နေသော အုတ်တံတိုင်းဖြင့် အကျဉ်းခတ်ထားသည့် အဆောက်အအုံတစ်ခု တွေ့ရသည်။ ပြိုတော့ပြိုနေလေပြီ။ မည်သည့်ခေတ်ကာလကတည်းက ပြိုပျက်နေသည်မသိ။ သစ်ပင်ချုံနွယ်ပိတ်ပေါင်းများ ပြည့်နက်နေသည်။ စွန်လက်သည်းဆူးချုံများ၊ ဝါးရုံများက တိုးမပေါက်အောင် ဖုံးလွှမ်းနေသည်။ အလယ်မှာ တောင်ပို့ကြီးသဖွယ် ဖြစ်နေသော အုတ်ပုံကြီး၊ နစ်ပေါင်းများစွာ တောအုံချုံကြားတွင် နစ်မြုပ်ပျောက်ကွယ်နေသည်။

ဖြည်းဖြည်းချင်း တောရှင်းယူရသည်။ အဆောက်အအုံပုံစံ ပေါ်လာသည်။ သိမ်နိမိတ်ကျောက်တိုင် များကိုပါ တွေ့ရသဖြင့် သိမ်တော်ဖြစ်ရမည်ဟု သိလိုက်သည်။ သိမ်ကို ပြုပြင်တည်ဆောက်မည် အတွေးဖြင့် သစ်များကို နည်းနည်းချင်းစုထားသည်မှာ အဆင်သင့်ဖြစ်နေပေသည်။ ပြဿနာက ပေါ်လာ

သည်။

"ဤနေရာသည် သိမ်မဟုတ်နိုင်၊ မဖြစ်နိုင်။ အကယ်၍ သိမ်ဆောက်လုပ်လိုပါက ပြန်သုမှတ်ပါ" ဟူ၍။

ဦးသုဇနသည် စာသင်ခဲ့ဖူးသူမို့ သိမ် ဟုတ် မဟုတ် သိပြီးဖြစ်သည်။ သို့သော် အများသံသယကို ပယ်ဖျောက်ရန်အတွက် သိမ်သမုတ်ရန် စိစဉ်သည်။

၁၃၄၅ခုနှစ်၊ တပို့တွဲလ။

အစစ ပြင်ဆင်ပြီး သိမ်သမုတ်ဖို့ သံဃာပင့်ရန် မြိုင်ကြီးငူမှ လှိုင်းဘွဲ့မြို့သို့သွားသည်။ ကြာအင်းအရောက်မှာ ဆက်သွားမရတော့။ ရှေ့မှာ တိုက်ပွဲအကြီးအကျယ်ဖြစ်နေသည်။

(ထိုနှစ် ထိုအချိန်ကာလမှာ မဲသဝေါတိုက်ပွဲဖြစ်နေသည်။)

ဘားအံဘက်မှလှည့်ပြီးသွားမည်အတွေးဖြင့် ဘားအံဆင်းခဲ့သည်။ ထီးလုံမှာ တိုက်ပွဲဖြစ်နေသည်။ ကားလမ်းတွေ ပိတ်ထားပြန်သည်။ ဘယ်လိုမှ မသွားနိုင်တော့။ ဘားအံ လေသာကျောင်းသို့ ဝင်ခဲ့သည်။ လေသာကျောင်းဆရာတော် ဦးစန္ဒောဘာသက အကျိုးအကြောင်းမေးသည်။ ဦးသုဇန အကြောင်းစုံ လျှောက်ပြသည်။ လေသာကျောင်းဆရာတော်က

"ဒီသိမ်ကို မင်းတို့ ထပ်မသမုတ်ကြပါနဲ့ကွယ်...။ ဒီသိမ်ဟာ ရဟန္တာပုဂ္ဂိုလ်ကြီးတွေ သမုတ်ခဲ့တဲ့ ရှေး◌ ◌ာင်းသိမ်ကြီးဖြစ်တယ်။ သိမ်ဆိုတာ မသမုတ်မီ နုတ်ရသေးတယ်မဟုတ်လား။ နုတ်တော့ ရဟန္တာပုဂ္ဂိုလ်ကြီးတွေရဲ့ အာဏာစက်ဟာ ပျက်ပြယ်သွားပြီ။ ဒီအခါမှာ ခုခေတ် ပုထုဇဉ်ရဟန်းတွေက သမုတ်ကြမှာဆိုတော့ ကိုယ်တော် စဉ်းစားကြည့်လေ"

"မှန်ပါဘုရား"

"ဆရာတော့်အနေနဲ့ပြောရရင် ရဟန္တာပုဂ္ဂိုလ်တွေ လက်နဲ့ရေးထားတာကို ပုထုဇဉ်တွေက ခြေနဲ့မဖျက်စေချင်ဘူး။ မသံမှတ်စေချင်ဘူး"

"မှန်ပါဘုရား တပည့်တော်ကလည်း မသမုတ်ချင်ပါဘုရား။ အများသံဃာ သံသယကင်းအောင်လို့သာ သမုတ်လိုခြင်းဖြစ်ပါတယ်ဘုရား"

ဦးသုဇနဘဝင်ထဲရှင်းသွားသည်။ သိမ်သမုတ်ရန် စိစဉ်ထားသောရိက္ခာများက အဆင်သင့်ရှိနေပြီ။ သိမ်သမုတ်ပွဲမဖြစ်လို့တော့ အလကား အဖြစ်မခံ။ မည်သူမျှမလုပ်သေးသော အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲလုပ်မည်အတွေးဖြင့် မော်လမြိုင်ဆင်းခဲ့သည်။

ရွှေဂွန်းအဆင်းဖြစ်သော စိန်ပန်းပြာသဘော်ပေါ်မှာ လိုက်ပါစီးနင်းရင်း ပဋ္ဌာန်းတရားတော်နာ ဖိတ်ကြားစာ တေးထပ်တစ်ပုဒ်ကို ရေးစပ်သည်။

ပဋ္ဌာန်းတရားတော်နာ ဖိတ်ကြားစာ

* မြိုင်ကြီးငူ ရပ်ဌာန
ဖတ်မှာကြ သေချာ
သဒ္ဓါဗလဝ ဝေဖြာသည်
စေတနာပိုပွား။

** ပဋ္ဌာန်းမြတ် ထိုဒေသနာကို
ရိုသေစွာ နာကြားကြအများ။

*** နာကြားရ ကျိုးခြောက်ဖြာ
ဖြိုးမောက်ခါ ရငြား
ထိုးဖောက်ကာ ဘယာများကိုလှ
ခွာထားလို့ ကင်းစင်။

* နောင်အခါ ဖြစ်လာဘေးတို့
လှစ်ကာပြေး အဝေးသို့ပင်။

** ဆောင်ရွက်မှု ကျိုးအောင်မည်
ဆိုးရှောင်ကြဉ် ကိစ္စပြီးလို့
စိတ်ချအပြီး နိဗ္ဗုတာ
ရောက်ရမည်သာ။

*** ပဋ္ဌာန်းမြတ် ထိုဒေသနာတော်ကို
ရိုသေစွာ နာကြားကြလေ။

* ဓမ္မဒါန ကုသိုလ်စင်ကို
ပြုလိုလျှင် မြိုင်ကြီးငူသို့ ကြွခဲ့လေ။

ဧ ..သမြိုင်ရောက်လျှင် ထွန်းစန္ဒာပုံနှိပ်တိုက်မှာ အပ်လိုက်သည်။

သိမ်ကိစ္စနှင့်ပတ်သက်၍ ရှင်းလင်းသွားစေရန် နေတစ်ဆူ၊ လတစ်စင်းသဖွယ် ထင်ရှားကျော်ကြားသော တောင်လေးလုံးဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နာဂသေနာဘိဝံသ ထံသို့ သွားရောက်ပြီး အကျိုးအကြောင်း လျှောက်ထားသည်။

(တောင်လေးလုံးဆရာတော်သည် ထိုစဉ်က အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကိုသာ ရတော်မူသေးသည်။ နောက်ပိုင်းမှာ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်ကို ရရှိတော်မူသည်။)

တောင်လေးလုံးဆရာတော်ကြီးက စေ့စေ့စပ်စပ် မေးမြန်းတော်မူပြီး ယခုလို မိန့်ကြားတော်မူသည်။

"သိမ်ဆိုတာဟာ သိမန္တရိတ်ကျောက်တိုင်တွေရှိရင် သိမ်ပဲပေါ့။ မေးမြန်းလို့ သိရတဲ့အချက်တွေအရ မဟာဝါ ဥပေါသထက္ခန္ဓက အနေနဲ့ကြည့်ရင်လည်း သိမ်ပါပဲ" ဟု မိန့်ဆိုသည်။ တစ်ဆက်တည်းမှာ သိမကထာခေါင်းစဉ်ဖြင့် အဆုံးအဖြတ်တစ်ခုကို ချီးမြှင့်တော်မူသည်။

သိမကထာစာတမ်းတွင် ကျမ်းအကိုးအကား၊ အထောက်အထားများ ပြည့်ဝစုံလင်စွာ ကိုးကားထုတ်နုတ်ပြဆိုထားပြီး ဤခေတ်မှာ-

ယခုခေတ်ဝယ် ကမ္မဝါစာရွတ်ဖတ်ရာဝယ်
ဌာန်ကရိုဏ်း၊ ပယတ် စသော ဗျဉ္ဇနဗုဒ္ဓိ
၁၀ပါးနှင့်အညီ ရွတ်ဖတ်နိုင်သော
သံဃာတော်များ ရှာမှရှားသောကြောင့်
သမုတ်ထားအပ်ပြီးသော သိမ်ကို
ထပ်မံ၍ မသမုတ်ခြင်းက သာ၍
ကောင်းသည်ဟု ယူဆပါသည်။

**အရှင်နာဂသေနာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)**
တောင်လေးလုံးကျောင်းတိုက်၊ မော်လမြိုင်မြို့။

သိမ်ကိစ္စသံသယရှင်းပြီ ။ပဋ္ဌာန်းတရားတော်နာ ဖိတ်ကြားစာလည်း ရိုက်ပြီးပြီ။ အသံမစဲ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကျင်းပရန် မြိုင်ကြီးငူသို့ ပြန်လာခဲ့သည်။

နန်းဦးစေတီရင်ပြင်ပေါ်မှာ တိုင်တစ်ရာရှိသော မဏ္ဍပ်ကြီးကို ဆောက်စေသည်။ ပဋ္ဌာန်းပွဲကို ၁၃၄၅ခုနှစ်၊ တပို့တွဲလဆန်း (၅) ရက်နေ့မှ စတင်ပြီး လပြည့်နေ့ထိ (၁၀) ရက်တိုင် ကျင်းပမည်ဟု စီစဉ်သည်။

ပဋ္ဌာန်းတရားတော် ဖိတ်ကြားစာကို ဒကာများအား ဖြန့်ဝေဖိတ်ကြားစေလိုက်သည်။ ကျောင်းတိုက်အသီးသီး ၇၅ ကျောင်းသို့လည်း ၄င်းဖိတ်ကြားစာနှင့်အတူ-

"အရှင်ဘုရားကျောင်းမှ ပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်နိုင်စွမ်းရှိသော သံဃာတော်များ အနည်းဆုံးတစ်ပါး ချီးမြှင့်တော်မူပါဘုရား"

ဟူသော ပင့်လျှောက်လွှာကို ပူးတွဲဆောင်ယူစေ၍ သွားပင့်စေသည်။

"မရှိဘူး။ တို့ဆီမှာ တစ်ပါးမှမရှိဘူး" ဆို၍ ကျောင်းတိုင်းက ငြင်းလွှတ်ကြသည်။ သတ်မှတ်ရက်နီးလာပြီး ရွတ်ဖတ်မည့်သံဃာက တစ်ပါးမှမရသေး။ ဦးရသေ့ကို သိုက်တောကျောင်းသို့လွှတ်ပြီး ပဋ္ဌာန်းစာအုပ်များနှင့် အသံချဲ့စက်အငှားလွှတ်ထားသည်။ သံဃာ တစ်ပါးမှမရသေးသဖြင့် အကြံအိုက်ရသည့်

ကြား ဦးရသေ့ပြန်လာသည်။ ကမမောင်းမှ မောင်ထွန်းဝင်းက လက်လှေဖြင့် လှော်၍ လာပို့သည်။ ဦးရသေ့က–

"တပည့်တော် ရွှေဂွမ်းမှာ ပြောခဲ့ပြီဘုရား။ ရွတ်ဖတ်မည့်သံဃာမရှိလို့ ပဋ္ဌာန်းပွဲဖျက်လိုက်ပြီလို့"

"နေပါဦးလေ.. ဦးရသေ့ကို ပဋ္ဌာန်းစာအုပ် ကျောင်းမှာသွားငှားခိုင်းတာပဲ။ သံဃာ သွားပင့်ခိုင်းတာမှ မဟုတ်တာ"

"အဲလေ... တပည့်တော်က အစီအစဉ်အားလုံး ဖျက်လိုက်ပြီ"

"ဟာ.. ဦးရသေ့ကဖျက်တိုင်း ပျက်ရမှာလား။ ဦးရသေ့က ရသေ့ပဲ။ သံဃာပင့်ဖို့က ဦးရသေ့အလုပ်မဟုတ်ဘူး။ ဘုန်းကြီးအလုပ်။ ကဲ... ဦးရသေ့ ဝင်လာပြီ။ တပည့်တော် ထွက်မယ်။ သံဃာသွားပင့်မယ်"

လာပို့သော မောင်ထွန်းဝင်းလှေဖြင့် ကမမောင်းသို့ ကူးခဲ့သည်။ ဦးသံလွင်၊ ဒေါ်ဖွားစိန်အိမ်သို့ဝင်သည်။

"ဒကာမကြီး ဦးဇင်း မော်လမြိုင်သွားမယ်"

"ဘာသွားလုပ်မလဲဘုရား"

"ဘုန်းကြီးသွားပင့်မလို့"

"သွားရင်လည်း သွားပေါ့ဘုရား။ တပည့်တော်မ စီစဉ်ပါ့မယ်"

ဒေါ်ဖွားစိန်က ဒေါ်ငွေတင်၊ ဒေါ်စောမေ၊ ဒေါ်ရီတို့သုံးယောက်ကို ထည့်ပေးလိုက်သည်။ ဒေါ်ဖွားစိန်က နောက်ပိုင်းမှာ တာဝန်ယူ စီစဉ်ဖို့ နေရစ်ခဲ့သည်။

ဦးသုဇန မုဒုံမြို့ ဂျုံးဂျုံးကျတောရကျောင်းသို့ သွားရောက်ပြီး တိုက်အုပ်ဆရာတော်အား လျှောက်ထားတောင်းခံသည်။

"မပေးချင်လို့တော့မဟုတ်ဘူး။ နောက်လမှာ စာမေးပွဲကရှိတော့ လွှတ်လို့မဖြစ်ဘူးထင်တယ်။ ပဋ္ဌာန်းရွတ်မှာက ၁၀ရက်၊ သွားဖို့လာဖို့နဲ့ဆို အနည်းဆုံး လခွဲလောက် လစ်ဟင်းသွားမယ်။ စာမေးပွဲကလည်း သိပ်နီးနေပြီ"

မိမိ ပညာရည်နို့ သောက်စို့ခဲ့သောကျောင်းမို့ မလွဲဧကန် ရကိုရရမည်ဟု အားခဲထားခဲ့လေသမျှ မျှော်လင့်ချက်တောင်ကြီး ပြိုကျသွားလေသည်။ တိုက်အုပ်ဆရာတော်အားလည်း အပြစ်မတင်ရက်။ ဆရာတော်အမိန့်ရှိနေသည်မှာလည်း ဟုတ်နေသား။ စာမေးပွဲရက်သော ဘာသော သတိမထားမိ။ စာမေးပွဲဆိုသောအရာနှင့် ဝေးကွာခဲ့သည်မှာ ၁၀နှစ်ရှိခဲ့ပြီ၊ ဘယ်သူ့မပြု မိမိမှုသာ။ မည်သူ့အားမျှ အပြစ်မဆိုလို။ ရက်က သတ်မှတ်ပြီးနေပြီ။ ဖိတ်စာတွေ ဝေထားပြီ။ သတ်မှတ်ရက်က နီးပြီ။ သံဃာက မရသေး အကြံထုတ်ရပြီ။

ဂျုံးဂျုံးကျဆရာတော်ကြီး ဦးကဝိန္ဒသည် သက်တော်ကြီးရင့်ပြီဖြစ်၍

အနီးကပ်ပြုစုရန် ထားရှိသော ဉဒေါင်းရွာမှ ဦးပဏ္ဍိစ္စကို သတိပြုမိသည်။ ဦးပဏ္ဍိစ္စသည် အလတ်တန်းအောင်မြင်ပြီး လာမည့်နှစ် အကြီးတန်းဖြေရန် တစ်နှစ်နားနေသည့်အဖြစ်ကို သိရသည်။ တိုက်အုပ်ဆရာတော်ထံမှ ခွင့်တောင်း၍ မော်လမြိုင် ပြည်ကျောင်းသို့ ပို့ခဲ့သည်။ ပြည်ကျောင်းသို့ရောက်လျှင်

"ဦးပဏ္ဍိစ္စ၊ ဘုန်းကြီးချင်း ပြန်ပေးဆွဲတာ အရှင်ဘုရား သိသလား"

"ဘာဖြစ်လို့လဲ"

"အသံမစဲပဌာန်းပွဲလုပ်ဖို့ တပည့်တော် သံဃာလာရှာတာ မရဘူး။ ဂျုံးဂျုံးကျကို အားကိုးပြီးလာပေမယ့် တစ်ပါးမှမရဘူး။ အဲဒါနဲ့ အရှင်ဘုရားကို တပည့်တော် ပြန်ပေးဆွဲလာတာပဲ။ ဘယ်သူမှမရရင် အရှင်ဘုရားနဲ့ တပည့်တော် နှစ်ပါးတည်းကြိတ်ရမယ်"

"ဘယ်နှစ်ရက်တုန်း"

"၁၀ ရက်"

"ဘုရားရေ... နှစ်ပါးတည်းဆို သေရောပေါ့"

"သေသေ မသေသေ တပည့်တော်မသိဘူး။ အရှင်ဘုရားနဲ့ တပည့်တော် နှစ်ပါးတည်းနဲ့ ဖြစ်အောင်လုပ်ရမယ်"

ညဘက်ရောက်သော် ပြည်ကျောင်းဆရာတော်ကြီးအား လျှောက်ထားသည်။ စာမေးပွဲနီး၍ မပေးနိုင်ဟု ဆိုပြန်သည်။ ကြံဖန်ရတော့မည်။

ပါလာသော ဒါယိကာမများကို ကြံရည် ၅၀ဝိ/-ဖိုး၊ ကွမ်း ၃၀ဝိ/-ဖိုး စုဆောင်း ဝယ်ယူစေသည်။ ကျောင်းတိုက်တစ်နေရာတွင် ဆွယ်တရားဟော ရတော့သည်။

"အရှင်ဘုရားတို့ မြိုင်ကြီးငူဟာ တော်တော်ဝေးသလား"

"မြိုင်ကြီးငူဟာ နီးနီးလေးပါ"

"မြို့လား၊ တောလား"

"ဟာ..မြို့ပေါ့။ နန်းဦးစေတီတို့ ကျုံးတို့၊ မြို့ရိုးတို့ရှိတယ်"

"ကားလမ်းကောရှိသလား"

"ရှိတယ်။ ကားလမ်းလည်းရှိတယ်။ မဲသဝေါနဲ့ဆို နီးနီးလေး။ သွားလည်လို့တောင်ရတယ်။ အပြန်မှာ ဝါသနာပါရင် ပစ္စည်းလေးဘာလေးတောင် ယူလာလို့ရသေးတယ်"

ဖြစ်နေဆဲ မဲသဝေါတိုက်ပွဲအကြောင်းကိုကား လေသံမျှ မဟမိအောင် ထိန်းထားသည်။ သံဃာတွေမှာ လှူငယ်များသာဖြစ်ကြသည်။ အကြိုက်ကလေး ပေးပြီးပြောတော့ သူလိုက်မယ်၊ ငါလိုက်မယ် ဖြစ်လာသည်။ ဟိုစု၊ ဒီစု၊ ဟိုနား၊ ဒီနား ကျောင်းတွေကပါ လိုက်သဖြင့် သံဃာအပါး ၃၀ရသည်။

ဒေါ်စောမေကို ရွှေပွန်းအတွက်သဘော်ဖြင့် ဦးခင်သန်းအိမ်မှာ ကြိုတင် ပြင်ဆင်ဖို့ လွှတ်လိုက်သည်။

သံဃာအပါး ၃၀ကို ဘားအံအတက်သဘော်ဖြင့် သွားရန် စီစဉ်သော်လည်း ပျက်သွားသဖြင့် မော်တော်တစ်စီးငှားရသည်။ မော်တော်သမားတွေကိုလည်း

"ဟော့... မင်းတို့မော်တော်မှာ ငါလိုတာတွေ အကုန်ရမလား။ သကြားလုံးတို့၊ ဆေးလိပ်တို့ ဘာညာပေါ့"

"ရပါတယ်ဘုရား။ လိုရင် စီစဉ်ပေးပါ့မယ်"

"အေးအေး.. အိန္ဒိယကော်ဖော ၁၂ထည် ခင်းထားကွာ"

"မှန်ပါဘုရား"

မွန်းတည့် ၁၂နာရီ သံဃာတွေ မော်တော်ပေါ်ရောက်ပြီး မော်တော်က မွန်းလွဲ ၂နာရီ ရေတက်နဲ့ထွက်မှာမို့ စောင့်နေရရာတွင် သံဃာများသည် ငြီးငွေ့ဟန်တူလာသည်။ တစ်ပါးမျက်နှာတစ်ပါးကြည့်နေကြပြီး သံသယဖြစ်ဟန်လည်း ရှိသည်။ တစ်ပါးက ထပြီး ဆိပ်ကမ်းပေါ်သို့ တက်မည်ပြုသည်။

"အရှင်ဘုရား ဘယ်ကြွမလို့လဲဘုရား"

"စီးကရက်သွားဝယ်မလို့ပါ"

"ဒီမော်တော်မှာရှိတယ်ဘုရား။ ဟော့...ဟော့... မော်တော်ဆရာတို့ စီးကရက်မရှိဘူးလားကွ"

"ရှိပါတယ်ဘုရား။ စီးကရက်လည်းရှိတယ်။ ဖက်စိမ်းလည်းရှိတယ်။ ကွမ်းသီးဖက်ဆေးလိပ်လည်းရှိတယ်ဘုရား"

"အေးအေး.. ဒီမှာ ဒီကိုယ်တော်တွေကို ကပ်ပေးလိုက်"

သွားမည့်ကိုယ်တော် ပြန်ထိုင်သွားသည် ခဏအကြာ တစ်ပါးထလာပြန်သည်။ သကြားလုံးဝယ်မလို့တဲ့။ သကြားလုံး၊ ချိုချဉ်၊ ဆီးတော်ဖီ ကပ်ရပြန်သည်။ ငြိမ်သွားပြန်သည်။ တော်သေးသည်။ ၂နာရီထိုးပြီမို့ မော်တော်ထွက်လာပေလို့။ မော်တော်အမည်က သံလွင်ကျော်တည်း။

ဘားအံရောက်လာသည်။ ဒေါ်စောမေအား စီစဉ်ဖို့လွှတ်ခဲ့သည့် အစီအစဉ်တွေ ဘာမှမတွေ့ရ။ သံဃာများ၏ ဦးဆောင်ဖြစ်သူ ဦးစန္ဒက

"ဘယ်မှာလဲ ကိုယ်တော်ပြောတော့ ကားနဲ့ကြိုမလို့ဆို။ ဘယ်မှာလဲ ကားတွေ"

"မှန်ပါဘုရား။ ကားတော့ရှိသပေါ့ဘုရား။ တစ်နေ့လုံးထိုင်လာတာ ညောင်းရောပေါ့။ တပည့်တော်တို့ လူငယ်တွေပဲဘုရား။ လမ်းလျှောက်ကြတာပေါ့"

ဒီမှာ ဘာတွေဖြစ်နေသလဲ မသိရသဖြင့် အောက်သံလေးဖြင့် ပြောရသည်။ ထိုစဉ်မှာ ဦးခင်သန်း၏သားမက် အောင်မောင်းရောက်လာသည်။ ရှားမီးမှန့်တိုက်မှ ကားတစ်စီးငှားပေးပြီး အရိယာဝံသကျောင်းသို့ ပို့ပေးသည်။ အရိယဝံသကျောင်းမှာ ဘားအံမြို့တွင် အကြီးဆုံးကျောင်းဖြစ်သည်။ ဒေါ်စောမေ အစီအစဉ်ဖြင့် နေရာထိုင်ခင်းအားလုံး အဆင်သင့်ဖြစ်နေသည်။

ဘားအံရောက်ပြီးမှ သိရသည်မှာ သင်္ဘောဖြင့်တက်လာမည်ဆို၍ ကားစီစဉ်ပြီး စောင့်နေသည်။ သင်္ဘောဆိုက်လာပြီး မတွေ့တော့ အစီအစဉ် ဖျက်လိုက်ရသည်တဲ့။ ထားတော့....။

လုပ်သလိုမဖြစ်၍ ဖြစ်သလိုလုပ်ရသော ဦးသုဓနအဖြစ်ကို မည်သူမျှမသိရှာလေ။

နောက်နေ့ ဘားအံမှ သံလွင်ကျော်မော်တော်ဖြင့်ပင် တက်ခဲ့သည်။ သံဃာတော်များအနေဖြင့် ယခုကဲ့သို့ ရေလမ်းခရီးလည်း မသွားဖူးကြ။ ငြီးငွေ့လာကြသည်။ အချို့မှာ မျက်နှာသင် ပျက်နေကြပြီ။ ရောက်လည်း မရောက်နိုင်သေး။ ခေါင်းဆောင် ဦးစန္ဒက–

"ကိုယ်တော် မြိုင်ကြီးငူ ခုထိမရောက်သေးဘူးလား"

"မှန်ပါဘုရား။ ခဏနေ ရွှေဂွန်းရောက်ပါမယ်။ ရွှေဂွန်းကဆက်သွားရင် ကမမောင်း၊ ကမမောင်းကနေ တစ်ဘက်ကူးရင် မြိုင်ကြီးငူ ရောက်ပါပြီဘုရား"

"ကိုယ်တော်ကပြောတော့ မြိုင်ကြီးငူက အနီးလေးဆို"

"မှန်ပါဘုရား။ ရေလမ်းဆိုတော့ ကြာသလိုထင်နေလို့ဖြစ်ပါလိမ့်မယ်"

"ခု ဆွမ်းချိန်ရောက်ပြီ။ တော်ကြာ မွန်းလွဲတော့မယ်။ ဒီလောက်များတဲ့ သံဃာ ဘယ်မှာဆွမ်းစားရမလဲ"

ပြောတော့လည်း ပြောစရာ။ ရွှေဂွန်းကိုမရောက်နိုင်သေး။ သံလွင်မြစ်လယ်မှာ မည်သူလာ၍ ဆွမ်းတစ်နပ်စာကို လှမ်းကပ်လာလို့ လျှုပါ့မတုန်း။

"မှန်ပါဘုရား။ တပည့်တော် အသင့်စီစဉ်ခဲ့ပါတယ်ဘုရား။ တပည့်တော်က ရွှေဂွန်းရောက်မှ ကပ်ပါ့မလားလို့ပါ။ အရှင်ဘုရားတို့ ဆွမ်းဘုဉ်းချင်ကြပြီဆိုတော့လည်း ကပ်ပါ့မယ်ဘုရား"

စီစဉ်ယူဆောင်ခဲ့သော ဆွမ်းများကို ဆက်ကပ်သည်။ မော်တော်ပေါ်မှာ စားပွဲခုံမရှိ။ ကိုယ့်ပန်းကန်ကို ကိုယ့်လက်ပေါ်တင်၍ ဘုဉ်းပေးရသည်။

"ကိုယ်တော့်ဟာ စားပွဲခုံ မရှိဘူးလား"

"မှန်ပါဘုရား။ တပည့်တော် လူဝတ်နဲ့ ကုလားမတောင်တန်းပေါ်ကို ပေါ်တာအဖြစ်နဲ့လိုက်ခဲ့ရစဉ်က ထမင်းကို ပုဆိုးခါးပိုက်ထဲထည့်ပြီး လမ်းသွားရင်းစားခဲ့ရပါတယ်ဘုရား။ ခု အရှင်ဘုရားတို့တစ်တွေ ကရင်ပြည်နယ်ကို

သာသနာပြုခရီးကြွရာမှာ ကိုယ့်လက်ပေါ် ကိုယ့်ပန်းကန်တင်ပြီး ဆွမ်းဘုဉ်းပေး ရတာ အင်မတန်မှ ကံကောင်းပါတယ်ဘုရား"

ကျေနပ်သွားကြသည်။ သံဃာတော်များ မြိန်ရှက်စွာ ဘုဉ်းပေးကြသည်။ မှာချက်ယူလာသော စားသောက်ဖွယ်များ ထမင်းမှအစ ပြောင်တလင်းခါသွား သည်။ ဝေယျာဝစ္စပြုကြရသော ဒကာများမှာ ထမင်းငတ်စေကာမူ ဝမ်းသာ အားရ ကြည်နူးစွာရှိနေကြသည်။ ပြင်ဆင်ထည့်လာသော သက်လွတ်သပိတ်မှ ပတ္တပိုဏ်ဆွမ်းကို ဦးသုဇနဘုဉ်းပေးပြီးကာမှ မစိုမပို စားသုံးရသည်။ သို့သော် ဒကာအများ ကျေနပ်ကြပါသည်။ မိမိတို့က ချိန်ခါရာသီမရွေး စားသုံးနိုင်ကြ သည်။

မော်တော်မှာ ပေပင်ဆိပ်သို့ရောက်လာသည်။ ခရီးဆုံးသို့ ရောက်ပဲ မရောက်နိုင်သေး။ သံဃာတော်များက မေးမြန်းလာကြပြန်သည်။

"တပည့်တော်တို့ အခု ဘယ်ကိုသွားကြမှာလဲ"

"မြိုင်ကြီးငူကိုပါဘုရား"

"မြိုင်ကြီးငူမှာ ရွာရှိလား၊ ကျောင်းရှိလား"

"ရွာမရှိပါဘုရား။ ကျောင်းတော့ရှိပါတယ်။ တပည့်တော်ဆီမှာ အစား အသောက်တော့ နည်းနည်းဆင်းရဲပါတယ်ဘုရား"

"ကိစ္စတော့မရှိဘူးလေ။ ယာအုထီး (ငါးပိရည်ကျို) ရရင် ပြီးတာပဲ"

"ယာအုထီးလည်း မရနိုင်ပါဘုရား။ ပဲပုပ်ရည်တော့ ရနိုင်ပါတယ်"

"အနို့... ကိုယ်တော်တို့က သက်သတ်လွတ်လား"

"မှန်ပါဘုရား"

"ဟော... ဗုဒ္ဓေါ"

သံဃာတော်များ မျက်နှာ တယ်မလှချင်တော့။ ၁၀ ရက်တာလုံးလုံး ပဲပုပ်ဖြင့် စခန်းသွားရမည်ကို ရင်လေးနေကြဟန်တူသည်။ ဦးသုဇနကိုယ်တိုင် ကိုယ်ချင်းစာပါသည်။ သံဃာတော်များမှာ စာသင်သားများသာဖြစ်သည်။ ပြီးတော့ စားကောင်းသောက်ကောင်းတုန်းအရွယ်၊ လူငယ်တွေ။ အာဟာရကို ပြည့်ပြည့်ဝဝရရှိပါမှ ပရိယတ္တိစာပေကို သင်အံလေ့ကျက်နိုင်သည်။ သိပါသည်။ မြိုင်ကြီးငူဆိုသည်ကလည်း သက်သတ်လွတ်ဘောဇဉ်မဲ့နယ်မြေ။ သားငါးများ ယူ ဆောင်စားသုံးခြင်းမရှိရ။ စားသုံးလျှင် မဟုတ်တာတွေဖြစ်ကတ်သည်။ ထို့ကြောင့် သက်သတ်လွတ် ဘောဇဉ်မဲ့စားသုံးရသည်။

သည်အဖြစ်ကို ကြိုတင်မပြောထားသည်မှာ လူလည်လုပ်ရာတော့ ကျသလိုရှိသည်။ မတတ်နိုင်။ ပျက်အုံ့တော့ဆဲဆဲ ပဌာန်းပွဲကို သည်နည်းနှင့်မျှ မလုပ်လျှင် မဖြစ်တော့သဖြင့် မျက်စိမှိတ်ခဲ့ရသည်။

အချို့သံဃာများ မျက်နှာမကောင်းချင်တော့။ ငြိုငြိုငြင်ငြင်ဖြစ်ချင်လာပြီ။ မော်တော်က မိဖိုင်းနားရောက်လာသည်။ ဦးသံလွင်၊ ဒေါ်ဖွားစိန်တို့က စက်လှေတစ်စီး၊ အိုးစည်ဒိုးပတ်တွေနှင့် ဓမ္မစကြာဝတ်အဖွဲ့တွေနှင့် ကြိုဆိုနေသည်ကို တွေ့ရသည်။ သည်သောအခါမှ သံဃာတော်များ ရွှင်လန်းတက်ကြွလာကြသည်။

တငြိမ့်ငြိမ့်စီးဆင်းနေသော သံလွင်မြစ်ရေကို ဆန်တက်၍ တရွေ့ရွေ့ခုတ်မောင်းလာရာ သံလွင်ကျော်မော်တော်ပေါ်မှာ တစ်နေ့လုံးနီးပါး ထိုင်စီးလာသည်။ ခြေထောက်ဆန့်ခြင်းသော်မှ မပြုသာ။ ခဏနေရောက်နီး၊ တော်ကြာရောက်နီးနှင့် မရောက်ဖူးသေးသည့်ခရီးကို လာခဲ့ရသော သံဃာတော်များအဖို့ ငြီးငွေ့စရာပင်။ တွေ့မြင်ရှုကြည့်စရာဟူ၍ မြစ်ရေနှင့်ကမ်းပါး နှစ်မျိုးသာရှိသည်။

ပျော်ပျော်ပါးပါး သိုက်သိုက်ဝန်းဝန်း ကြိုဆိုလာသည်ဆိုတော့ ဝမ်းသာမှု ရုတ်ချည်းခံစားလိုက်ရသဖြင့် ရွှင်လန်းတက်ကြွခြင်းဖြစ်ရပါသည်။

* * * * * * * *

ပဋ္ဌာန်းပွဲကို ဖြစ်အောင်စီစဉ်ရသည်မှာ စင်စစ် မလွယ်ကူလှ။ အမည်းရောင်နယ်မြေသတ်မှတ်ထားသည့်နေရာပတ်ဝန်းကျင်မှာ အချိန်မရွေး တိုက်ပွဲတွေက ဖြစ်ချင်ဖြစ်တတ်သည်။ နှစ်ဘက် လက်နက်ကိုင်အဖွဲ့အစည်းများ သွားလာဝင်ထွက်လေ့ရှိသည်။ ဤသည်သော အခြေအနေမျိုးမို့ ဦးသုဇနက နှစ်ဘက်လက်နက်ကိုင်အဖွဲ့အစည်းများထံသို့ သွားရောက်ပြီး အကြောင်းကြားထားသည်။

"ဒကာကြီးတို့ ဒီဒေသတစ်ခွင်မှာ တစ်ခါမှမလုပ်ဖူးတဲ့ ၁၀ ရက် ၁၀ည အသံမစဲပဋ္ဌာန်းပွဲ ရွတ်ဖတ်ပူဇော်ပွဲကို ဦးဇင်းပြုလုပ်မယ်။ ဖိတ်စာဝေထားပြီးပြီ။ ဒီရက်အတွင်းမှာ နှစ်ဘက်လက်နက်ကိုင်တပ်များ မြိုင်ကြီးငူကို မလာကြပါနဲ့။ ဦးဇင်း မေတ္တာရပ်ပါတယ်"

မေတ္တာရပ်ခံချက်ကို လိုက်နာကြသည်။ ပွဲတော်ကျင်းပစဉ်ရက်အတွင်း မည်သူမျှ မရောက်လာကြ။

တပို့တွဲလဆန်း ၄ရက်နေ့ည။

နက်ဖြန်ဆို ပဋ္ဌာန်းပွဲစတော့မည်။ ည ၁၀နာရီကျော်ကျော်လောက်မှာ ဦးသုဇနတစ်ပါး ချောင်းဆိုးပြီး သွေးအန်တော့သည်။ ထွေးခံနှစ်လုံးစာမျှရှိသည်။ အန်ထွက်လာသောသွေးများကို အများအားမသိစေဘဲ တိတ်တဆိတ် ကိုယ်တိုင်သွားစွန့်ပစ်သည်။ ရုတ်ချည်းကျရောက်လာသော ရောဂါဆိုးကို အံကြိတ်ပြီးခံသည်။

မြိုင်ကြီးငူသို့ ဦးသုဇနရောက်ခဲ့သည်မှာ ၁၀နှစ်ရှိခဲ့ပြီ။ လောက သဘာဝ

အတိုင်း လိုသူရှိသကဲ့သို့ မလိုသူလည်းရှိသည်။ မလိုသူတွေကလည်း ပညာမျိုးစုံ၊ နည်းမျိုးစုံဖြင့် နှောင့်ယှက်ကြသည်။ အောက်လမ်းနည်းနှင့်တိုက်သည်။ ကဝေပညာသည်တွေနှင့် ပြုစားစေသည်။ ထိတော့ထိသည်။ ထိမှန်းလည်း သိသည်။ မမှု။ လုပ်မြဲ သွားမြဲ။

အလူးအလဲခံရဖူးသည်။ ခန္ဓာကိုယ်၏ လိုအပ်သော အာဟာရချို့တဲ့မှု၊ ရပ်တကာ နယ်အနှံ့ လှည့်လည်ခဲ့သော ခရီးပင်ပန်းမှု၊ ရာသီဥတုဒဏ်ခံရမှု စသည်တို့ စုစည်းတိုက်သည်ထင်သည်။ ထွေးခံနှစ်လုံးအပြည့်မျှ သွေးအန်လိုက်ရသဖြင့် လူမှာ မျော့မျော့ကလေးကျန်သည်။ မတ်တတ်ရပ်နေရလျှင်လည်း အနည်းငယ်သက်သာသလိုရှိသည်မို့ တစ်ညလုံး ရပ်နေသည်။ စကားသံ မထွက်ချင်တော့။ လေသံကလေး ယဲ့ယဲ့သာ ထွက်လာနိုင်တော့သည်။ နံနက် (၄)နာရီလောက်မှာ ခေါင်းဆောင် ဦးစန္ဒအား ခေါ်ယူမှာကြားသည်။

"အရှင်ဘုရား။ တပည့်တော်အခြေအနေဟာ မြင်တဲ့အတိုင်းပါပဲဘုရား။ တပည့်တော် မှာခဲ့ပါရစေဘုရား။ အကယ်၍ ဒီရောဂါနှင့် တပည့်တော် ပျံလွန်တော်မူခဲ့မယ်ဆိုရင် အရှင်ဘုရားတို့က ဒီပဋ္ဌာန်းပွဲကို မဖြစ်ဖြစ်အောင် ပြီးဆုံးတဲ့အထိ တာဝန်ယူဆောင်ရွက်ပေးတော်မူကြပါဘုရား"

"စိတ်ချပါကိုယ်တော်။ တပည့်တော် ပြီးဆုံးအောင် ဆောင်ရွက်သွားပါ့မယ်။ ကိုယ်တော်သာ သက်သာအောင်နေပါ"

"တပည့်တော်ရဲ့ ဒီဒေသဟာ ဘယ်လောက်ခေါင်တယ်ဆိုတာ အရှင်ဘုရားတို့ အမြင်ပါဘုရား။ ဒီလိုဒေသမျိုးမှာ တစ်ခါမှမလုပ်ဖူးတဲ့ ပဋ္ဌာန်းပွဲကို ဖြစ်မြောက်အောင် သာသနာပြုလိုတဲ့စိတ်နဲ့ ဆောင်ရွက်တာပါဘုရား အရှင်ဘုရားတို့လည်း အပင်ပန်းခံကြွလာပြီး ဖြစ်မြောက်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြတာကို ကျေးဇူးတင်ပါတယ်ဘုရား"

"ကျေးဇူးတင်စရာမလိုပါဘူး။ ကိုယ်တော့်ရဲ့ သာသနာပြုလုပ်ငန်းမှာ ပါဝင်ကူညီခွင့်ကြုံလို့လည်း တပည့်တော်တို့ ဝမ်းသာကျေးဇူးတင်နေကြပါတယ်"

"ကြားရတာ ဝမ်းသာပါတယ်ဘုရား။ အရှင်ဘုရားတို့ မြို့ကြီးတွေမှာ သာသနာရောင်ဟာ နေလိုလလို ထွန်းတောက်နေပေမယ့် မြင်တဲ့အတိုင်း တပည့်တော်တို့ ဒီကရင်ပြည်နယ်၊ ဒီလို ဝေးလံသီခေါင်တဲ့နေရာမှာ သာသနာရောင်ဝါ မှေးမှိန်လွန်းလှပါတယ်။ တစ်ချိန်တုန်းက ဒီတောဒီတောင်မှာ သာသနာရောင်ဟာ တော်တော်ကြီးကို ထွန်းလင်းခဲ့ပါတယ် ဘုရား"

"မောနေမယ်ကိုယ်တော်။ ကိုယ်တော့်စကားကို တပည့်တော် နားလည်လက်ခံပါတယ်။ အနားယူလိုက်ပါဦး"

"အနားတော့ယူမယ်။ ထာဝရအနားယူသွားတာလည်း ဖြစ်နိုင်တယ်။

တပည့်တော် ပြောချင်တာလေးတွေ ပြောခဲ့ပါရစေဘုရား"

"ဒါဆိုလည်း ပြည်းပြည်းပြောပေါ့ဘုရား"

"တပည့်တော် လူ့ဝတ်နဲ့တုန်းကရော၊ ရဟန်းဝတ်စဉ်မှာပါ ဒီတော ဒီတောင်ထဲ အနှံ့အပြား သွားလာခဲ့ဖူးတယ်။ ဘာတွေမြင်ခဲ့ရသလဲဆိုရင် ဘုရား ငုတ်တိုပေါင်းများစွာ တောချုံအုံကြားမှာ ဒုက္ခရစရိယာကျင့်တော်မူနေရတဲ့အဖြစ် ကို မြင်ခဲ့ရတယ်ဘုရား။ တပည့်တော် အတော်ကြီး စိတ်မကောင်းဖြစ်ခဲ့ရတယ်။ တို့ကရင်ပြည်နယ်၊ တို့ကရင်တိုင်းရင်းသားတွေဟာ တစ်ချိန်က ဗုဒ္ဓအဆုံးအမကို ခံပြီး သာသနာကို ထွန်းလင်းစေခဲ့သူတွေဖြစ်တယ်။ အခြေအနေအရ ပြိုပျက် နေတဲ့ ဘုရားငုတ်တိုတွေကိုတောင်မှ မပြုပြင်နိုင်ကြရတဲ့အဖြစ်။ မပြုပြင်ဝံ့ကြ တဲ့အဖြစ်ကို ရင်နာလွန်းလှပါတယ်ဘုရား"

"တပည့်တော်လည်း ကရင်အမျိုးသားတစ်ဦးပါ ကိုယ်တော်။ ကိုယ် တော်ပြောတာ တပည့်တော် နားလည်လက်ခံပါတယ်"

"ဝမ်းသာပါတယ် အရှင်ဘုရား။ တစ်ချိန်တုန်းက ထွန်းလင်းခဲ့ပြီး အခု နေအခါမှာ ညှိုးမှိန်နေတဲ့ ကရင်ပြည်နယ်ရဲ့ ဒီတောဒီတောင်ဒေသမှာ သာသနာ့ ဆီမီးကို ထွန်းညှိနိုင်ဖို့ တပည့်တော် အမြဲတမ်း စိတ်ကူးနေပါတယ် ဘုရား။ ဒီ ပဌာန်းဖွင့်ပွဲဟာ တပည့်တော်ရဲ့ သာသနာ့ဆီမီးကို စတင်ထွန်းညှိခြင်းဖြစ်ပါ တယ်ဘုရား။ ဒါပေမယ့် မြင်တဲ့အတိုင်းပဲ မညှိထွန်းမီဖြစ်ဖြစ်၊ ညှိထွန်းဆဲဖြစ်ဖြစ် တပည့်တော် ပျံလွန်တော်မူခဲ့မယ်ဆိုရင် အရှင်ဘုရားက ဒီဆီမီးကို ပြီးဆုံးသည် အထိ ဆက်လက်ထွန်းညှိပေးတော်မူကြပါဘုရား။ ကြိုတင် ကျေးဇူးတင်ပါတယ်။ တပည့်တော်အား နားခွင့်ပေးတော်မူပါဘုရား"

ပြောချင်သောစကားများကို တစ်ဝကြီးပြောချလိုက်သည်။ မောပါ သည်။ ပန်းပါသည်။ နွမ်းလို့လည်းနေပါသည်။ သို့သော် ရွှင်လန်းလျက်ပါ။ ဦးစန္ဒပြန်သွားပြီးသော် မတ်တတ်ရပ်လျက်ပင် အနားယူသည်။ စိတ်အစဉ်မှာ သတိပဋ္ဌာန်တင်၍ ရှုမှတ်သည် အလေ့အကျင့်က များခဲ့ပြီမို့ စိတ်က ငြိမ်လာ သည်။ သမာဓိက တည်လာသည်။ ခံစားချက်ဝေဒနာကို မေ့ထားနိုင်ခဲ့သည်။ နံနက် (၅)နာရီလောက်မှာ တစ်ချက် မေးကနဲအိပ်ပျော်သွားသည်။ နာရီဝက်ခန့် ကြာမည်ထင်သည်။ နိုးထလာသော် မောပန်းနွမ်းနယ်မှုတွေ ပြေပျောက်သွား သည်။ လန်းလန်းဆန်းဆန်းရှိနေသည့်အဖြစ်ကို တွေ့ရသည်။

ငါ မသေဘူးဟု သိရှိပြီး အစီအစဉ်များကို ဦးဆောင်ကျင်းပသွားသည်။ ဖွင့်ပွဲနေ့မှာ ပရိသတ်အတော်များများလာကြသည်။ နောက်နေ့တွေမှာလည်း ၃၀၀မှ ၅၀၀ ဝန်းကျင် အမြဲလိုလိုရှိသည်။ သူ့ရွာသူ့ရွာ လာလိုက်ပြန်လိုက်နှင့် မမြင်ဖူး၍ အသွင်ထူးနေသော ပဌာန်းပွဲသို့ လာရောက်ပြီး ပဌာန်းဒေသနာတော်

ကို နာကြားကြသည်။ မေတ္တာရပ်ခံထားသည်မို့ လက်နက်ကိုင်အဖွဲ့များ မလာကြ။ အရက်သမားတော့ ရောက်လာတတ်သည်။

ဦးသုဇနသည် ကိုယ်တိုင် ပဋ္ဌာန်းဝင်ရွတ်သောအခါ ရွတ်သည်။ ကျန်အချိန်များမှာ အစစအရာရာ လစ်ဟင်းမှုမရှိအောင် ကြီးကြပ်ဆောင်ရွက်သည်။ ညအခါ ငါးတောင့်ထိုးဓာတ်မီးတစ်လက်ကိုင်၍ တောင်ဝှေးတစ်ချောင်းဖြင့် လှည့်လည်ပွဲထိန်းရသည်။ သွေးအန်ထားသည်မှာမှန်၏။ ရောဂါဖြစ်ခဲ့သည်မှာမှန်၏။ ဤသည်ကို အစွဲမထား။ တရားသမားမို့ ဖြစ်လျှင်ပျက်မည်ကို သိထားသည်။

ပြန်ဖြစ်ဦးတော့ ပြန်ပျက်လေဦးမည်သာ။ တရားသဘောနှင့်ရှုလျှင် အရာဝတ္ထုတိုင်းသည် ဖြစ်ပျက်မှု သခ်ါရနယ်ပယ်မှာချည်းဖြစ်သည်။ 'ဖြစ်ကပျက်မြဲ၊ မလွဲတံထွာ၊ ဓမ္မတာပေတကား' ဟု လက်တွေ့သိရှိထားသည်။ အစိုးမရသော အနတ္တကိုလည်း သဘောပေါက်ထားသည်။

မိမိက ရောဂါမဖြစ်စေချင်ပါဟု ဆိုသော်လည်း သူဖြစ်ချင်ဖြစ်မည်။ 'မဖြစ်ပါနဲ့ဦး၊ ဒီပွဲပြီးမှဖြစ်ပါ' ဟု မဆိုစကောင်း။ အမိန့်ပေး၍မရ။ ဟန့်တား၍မရ။ တောင်းပန် အသနားခံ၍မရ။ သူ့သဘော သူဆောင်သည်။ သူဖြစ်ချင်ဖြစ်မည်။ ပျက်ချင်ပျက်မည်။ အစိုးမရသော အနတ္တသဘော။

ဤကဲ့သို့ သိရှိထားသည်မို့ ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရင်း သေခါမှသေရော၊ မြတ်သောသေခြင်းဖြစ်သည်ဟု နှလုံးပိုက်ထားသည်။ ၁၀ရက်လုံးလုံး အနားမယူ။ အိပ်စက်ခြင်းသော်မျှ မပြုဘဲ ကြီးကြပ်ဆောင်ရွက်သည်။

တပို့တွဲလပြည့်နေ့တွင် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲသည် ချောမောစွာ ပြီးဆုံးအောင်မြင်ခြင်းသို့ ရောက်ရှိခဲ့လေသည်။

* * * * * * * *

၁၃၄၅ခုနှစ်၊ တပို့တွဲလပြည့်နေ့။

အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ပိတ်သောနေ့။

မြိုင်ကြီးငူမှာ ဘုဉ်းပေးနေကြသည့် ဆွမ်းသည် တောင်ယာထွက်နီတာရဲဆန်ဖြစ်သည်။ ၁၀ရက်လုံး သံဃာတော်များအား သည်ဆန်ကြမ်းဆွမ်းကို ဆက်ကပ်ရသည်။ အားနာလွန်းလှသည်။ ပိတ်ပွဲနေ့မှာ ဆန်ချောဆန်ကောင်းဖြင့် ဆွမ်းကောင်းကောင်းလေးကပ်မည်အတွေးဖြင့် ပင့်သံဃာများအတွက်ပါရည်ရွယ်လျက် ကမမောင်းအဖွဲ့က ကမာကြည်ဆန်တစ်တင်းလှူထားသည်။ သည်နေ့မှာ ကမမောင်းအဖွဲ့မှာ ဆွမ်းပြင်အလှည့်ကျသည်။ ကော့ကရက်အဖွဲ့

က ဆွမ်းချက်အလှည့်ကျသည်။

နေ့ဆွမ်းအတွက် ချက်ပြုတ်လုပ်ကိုင်ပြီးနေပြီ။ အားလုံး အသင့်ဖြစ်နေပြီ။ အချိန်အနည်းငယ်စောသေးသဖြင့် ဆိုင်းငံ့နေသည်။ နံနက် ၁၀နာရီခန့် ကျောင်း၏အရှေ့တောင်ဘက် ဆရာတော်ကမ္မဋ္ဌာန်းထိုင်နေကျ ကျောင်းငယ်လေးဘက်ဆီမှ တောင်စောင်းလမ်းအတိုင်း သံဃာများ ကြွလာသည်။ သပိတ်ကိုယ်စီနှင့် ဆွမ်းခံကြွလာသည်။ ဆွမ်းချက်အဖွဲ့ရှေ့သို့သွားကာ ဆွမ်းရပ်သည်။ ရှေ့ဆုံးမှကိုယ်တော်သည် အင်္ဂါရပ်ဆိုးဆိုးဖြစ်ပြီး ဒုတိယကိုယ်တော်မှာ မျက်ခုံးကောင်းကောင်းဖြစ်ကြောင်း သတိထားမိသည်။

ကော့ကရက်ဆွမ်းချက်အဖွဲ့ အံ့အားသင့်သွားသည်။ ယနေ့ ရဟန်းသာမဏေများ သပိတ်နှင့် ဆွမ်းဘုဉ်းမပေးရ။ ပန်းကန်ဖြင့်သာ ဘုဉ်းပေးရမည်ဟု ဆရာတော် အမိန့်ရှိထားသည်။ ယခု သပိတ်တွေနှင့် ဆွမ်းခံကြွလာနေသည်။ မျက်နှာသိ ကျောင်းရှိသံဃာလည်းမဟုတ်။ အခြားပင့်ဖိတ်သံဃာများဆိုလျှင်လည်း သပိတ်မပါနိုင်။ စဉ်းစားဝေခွဲချိန်လည်းမရတော့။ အလှူခံက ဆွမ်းရပ်နေချေပြီ။

နောင်မှကြည့်ရှင်းတော့မည်။ ဆွမ်းရပ်လာသော သံဃာတော်များ၏ သပိတ်အတွင်းသို့ ချက်ထားပြီးသော ကမာကြည်ဆွမ်းဆန်များနှင့် သက်လွတ်ဟင်းများကို တစ်ပါးစာ လောင်းလှူသည်။ သံဃာတော် တစ်ပါးချင်း ရပ်လာသမျှ လောင်းလှူသည်။ မည်မျှရှိသွားမည်မသိ။ ရေတွက်၍လည်းမထားမိ။ သင်္ကန်းရောင်တွေမှာ နီ၊ ညို၊ ဝါ၊ မည်း မျိုးစုံရှိမှန်းတော့ သတိပြုမိသည်။ နောက်ဆုံးမှာ ဖိုးသူတော်ပင် သုံးလေးဦးပါသေးသည်။ ဆွမ်းလောင်းပြီးချိန်မတော့ ချက်ထားသော ကမာကြည်ဆန် တစ်တင်းချက် ကုန်သွားသည်။

ဆန်ကြမ်းတစ်တင်းကို အမြန်ဆေး၍ ပြန်ချက်ရသည်။ ဆွမ်းကမကျက်သေး။ နေ့ဆွမ်းကပ်ချိန်ရောက်လာသည်။ မတတ်နိုင်ပြီ။ ပရိသတ်များအတွက်ချက်ထားသော ဆန်ကြမ်းဆွမ်းကိုပင် ခူးခပ်ထည့်ပေးလိုက်ရတော့သည်။ သည်မှာတင် ဆွမ်းပြင်အလှည့်ကျသော ကမမောင်းအဖွဲ့နှင့် စကားများရတော့သည်။

ကမာကြည်ဆန်ကောင်းဆန်သန့်များကို ကော့ကရက်အဖွဲ့က စားပစ်လိုက်ပြီး သံဃာများအား ဆန်ကြမ်းဆွမ်းကို ကျွေးသည်ဟူ၍ စွပ်စွဲလာသည်။

ဆွမ်းရပ်လာသော သံဃာများအား လောင်းလိုက်ရသည်။ ဖိုးသူတော်ပင် သုံးလေးဦးပါသေးသည်ဟု ပြောပြသည်။

ကမမောင်းအဖွဲ့က လက်မခံနိုင်။ သည်နေ့ သံဃာများ သပိတ်မကိုင်ရ။ ဆွမ်းကိုလည်း ဆွမ်းစားကျောင်းမှာသာ ဘုဉ်းပေးရမည် အမိန့်ရှိထားသည်မို့

သပိတ်နှင့်ဆွမ်းခံကြွလာသည်ဟူသောစကားသည် မဖြစ်နိုင်၊ လီဆယ်ပြောခြင်းဖြစ်သည်ဟု ဆိုသည်။

တစ်ဖွဲ့နှင့်တစ်ဖွဲ့ စကားများကုန်ကြသည်။ သွားလျှောက်သူက လျှောက်သဖြင့် ဆရာတော် ကြွလာသည်။ ဖြစ်ပျက်ပုံကို မေးမြန်းသိရှိပြီးနောက်–

"အေးကွယ်..ဒါလည်း လှူတာပါပဲ။ ကုသိုလ်ရတာပဲပေါ့။ တို့များလည်း နေ့တိုင်း ဆွမ်းကြမ်းဘုဉ်းပေးတာပဲ။ ဒီကနေ့လည်း ဆက်ဘုဉ်းပေးကြတာပေါ့။ ကမာကြည်ဆွမ်း မဘုဉ်းပေးရလို့ ဘာမှဖြစ်မသွားပါဘူး။ တော်တော် မပြောကြနဲ့။ ဆွမ်းပြင်ကြ"

ဆရာတော်အမိန့်ရှိမှ ကိစ္စကပြတ်သွားသည်။ ဒါသော်မှ တီးတိုးတီးတိုးဖြင့် မကျေမနပ် ပြောနေကြသေးသည်။

ဆွမ်းဘုဉ်းပေးပြီး တရားနာ ရေစက်ချ သာဓုအနုမောဒနာပြုပြီးချိန်မှာ ပရိသတ်များ လူစုမကွဲမီ စကားဆန်းတစ်ခုကြားရသည်။ တစ်ဘက်ကမ်းမှလာသူ ယူဆောင်လာသော စကားဖြစ်သည်။

"အုန်းတော်ရွာက ကျောင်းဆရာမောင်နီပြောသတဲ့။ မနက် ၁၀နာရီအချိန်က သူ ကမ်းနားမှာ ရေဆင်းချိုးတယ်။ မြိုင်ကြီးငူဘက်ကြည့်မိရာ ကောင်းကင်မှာ ဘုန်းကြီးများ သပိတ်ပိုက်ကာ တစ်ပါးပြီးတစ်ပါး မြိုင်ကြီးငူတောထဲ ဆင်းသွားသည်ကို တွေ့ရသဖြင့် ထူးဆန်းလွန်း၍ စောင့်ကြည့်နေကြောင်း၊ ခဏအကြာမှာ ဘုန်းကြီးများ ပြန်တက်လာပြီး အရပ်မျက်နှာအသီးသီးသို့ ကောင်းကင်ခရီးဖြင့် ပြန်ကြွသွားသည်ကို မြင်တွေ့ရကြောင်း ဆရာမောင်နီက ပြောပြတယ်"

ခရစ်ယာန်ဘာသာဝင် ကျောင်းဆရာမောင်နီ၏စကားကို ကြားကြရသော ပရိသတ်မှာ ဝမ်းသာပီတိတွေ တလှိုက်လှိုက်ဖြစ်ပေါ်လာရတော့သည်။ စောစောက မကျေမချမ်းဖြစ်နေကြသူများလည်း ဘဝင်ကျသွားပြီး–

"သြော်... ငါတို့ဟာ တကယ့်ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်များကို ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ရပါသည်ကော" နှစ်သက်ရွှင်လန်း ကြည်နူးနေမိကြသည်။

(မှတ်ချက် – ဤပဉ္စဝန်းပိတ်ပွဲနေ့ဖြစ်ရပ်ကို ဆရာတော်က အမိန့်ရှိသည်မဟုတ်ပါ။ ထိုနေ့နှင့်ပတ်သက်၍ လူအများပြောပြခြင်းသာဖြစ်ပါသည်။ ကျောင်းဆရာမောင်နီမှာ ဆရာတော်အား မြွေပတ်စဉ်က ဓာတ်ပုံရိုက်ခဲ့သူ ခူလာဆိုသူ၏ဖခင်ဖြစ်သည်။ ယခုမူ ကွယ်လွန်ခဲ့ရှာပြီဖြစ်သည်။)

(စာရေးသူ)

* * * * * * * *

# မဟာပဋ္ဌာန်းနှင့် ရေဆွမ်းအစိဋ္ဌာန်

အသံမစဲ မဟာပဋ္ဌာန်းပူဇော်ပွဲ အောင်မြင်စွာ ပြီးဆုံးခဲ့ပြီးနောက် သံဃာတော်များအား မော်လမြိုင်သို့ ပြန်လည်ပို့ဆောင်ပြီး ပြန်လာခဲ့သော ဦးသုဇနသည်အိပ်ပျက်မှုဒဏ်၊ ပင်ပန်းမှုဒဏ်တွေကြောင့် ရောဂါပြန်ထလာသည်။ စိတ်လျှော့လိုက်သောကြောင့်လည်း ဖြစ်နိုင်သည်။ ဟိုနေ့ကလောက် မဆိုးသော်လည်း ချောင်း တဟွတ်ဟွတ်ဆိုးသည်။ နာရီဝက်ခန့် ဆက်တိုက်ဆိုးသည်လည်းရှိသည်။ ချောင်းဆိုးနေခိုက် ခေတ္တအရပ်တွင် ရေတစ်ငုံ ကမန်းကတမ်းသောက်မိပါက အနည်းငယ်သက်သာသည်။ ချောင်းဆိုးအနည်းငယ်ကျဲသွားသည်။ ဦးသုဇန စိတ်ကူးမိသည်။

"ပဋ္ဌာန်းပွဲလည်းပြီးပြီ။ ငါ့ချောင်းဆိုးလည်း ပြန်ထလာသည်။ အသံလည်း မထွက်တော့ပြီ။ ငါ သေချင်လည်း သေသွားနိုင်တယ်။ သေသွားရင် ငါ ဒီသိုက်ထဲမှာ ပြန်ဖြစ်နေမယ်။ မြိုင်ကြီးငူက သိုက်မြို့တော်၊ ငါနဲ့ ပဋ္ဌာန်းဆက်မကင်းဘူး။ ငါ ဒီသိုက်ထဲမှာ အဖြစ်မခံဘူး။ မိဖိုင်းတောင်မှာ သွားနေမယ်။ တရားအားထုတ်ရင်း အဲဒီတောင်မှာသေချင်သေပါစေတော့"

ဆုံးဖြတ်ပြီး မိဖိုင်းတောင်မှာ သွားနေသည်။ ဒကာဦးကျော်ဒင်တို့က ဆေးဝါးကုသပေးကြသည်။ ခြောက်ရက်အကြာမှာ–

"အရှင်ဘုရားအား သက်တော်ဆက်စေဖို့ ယတြာချေရမယ်ဘုရား။ ဘုရားအမှူးရှိသော သံဃာများအား ခေါက်ဆွဲဆွမ်း ဆက်ကပ်လှူဒါန်းပါမယ်။ မြိုင်ကြီးငူသို့ ခေတ္တပြန်ကြွတော်မူပါဘုရား"

လျှောက်ထားချက်ကို လက်ခံပြီး ပြန်ကြွခဲ့သည်။ ခေါက်ဆွဲဆွမ်းကျွေးပြီး ရေစက်မချမီ ဒကာများအား စကားတစ်ခွန်းပြောသည်။

"ဦးဇင်း စကားတစ်ခွန်းပြောမယ်။ ဦးဇင်း ဟောဒီမှာနေလာတာ ၁၀၀၀

ရှိပြီ။ မဖြစ်ဖူး၊ အဖြစ်ထူးတဲ့ ၁၀ရက်၊ ၁၀ည အသံမစဲပဋ္ဌာန်းပူဇော်ပွဲကိုလည်း အောင်မြင်စွာ ကျင်းပပြုလုပ်ပေးခဲ့ပြီ။ ဦးဇင်းအတွက် ရှေ့ခရီးဆက်ဖို့ရှိသေးတယ်။ မိနိုင်းတောင် ၁၀လ အဓိဋ္ဌာန်ဝင်မယ်"

စကားကို အဆုံးမပြောသေးဘဲ တရားဟောပလ္လင်ထက်မှဆင်းကာ တပည့်ဖြစ်သူ ဦးဉာဏိက (စာချ)အား ပလ္လင်ပေါ်တက်စေသည်။ ပြီးမှ ဆက်ပြောသည်။

"ဦးဇင်းမရှိတဲ့နောက် ဟောဒီက ဦးဉာဏိကကို ကိုယ်စားထားခဲ့မယ်။ ဦးဉာဏိက ငယ်သော်လည်း ဦးဇင်းကိုဂရုစိုက်သလို၊ ကြည်ညိုသလို၊ ဂရုစိုက်ပါ။ ကြည်ညိုကြပါ။ ဦးဇင်းကို တကယ်တမ်း နှစ်နှစ်ကာကာကြည်ညိုကြတယ်ဆိုရင် ကိုယ်စားထားခဲ့တဲ့ ဦးဉာဏိကကိုလည်း ကြည်ညိုစေချင်တယ်။ မိဖိုင်းတောင်မှာ ဦးဇင်းစောင့်နေမယ်။ သတင်းနားထောင်မယ်။ ဒကာ၊ ဒကာမဘက်က မှာတဲ့အတိုင်းလိုက်နာနိုင်ရင် ၁၀လပြည့်ရင် ပြန်ခဲ့မယ်။ မသေခဲ့ရင်ပေါ့။ ဒီ ၁၀လ အတွင်း သေခဲ့ရင်လည်း သပိတ်လည်းမသွတ်နဲ့။ ဆွမ်းလည်းမသွတ်နဲ့။ ဆွမ်းသွတ်ရင် ဦးဇင်း ကျွတ်မှမဟုတ်ဘူး။ ငိုလည်းမငိုကြနဲ့။ ခုလည်း မျက်ရည်မကျနဲ့။ ငိုတဲ့လူ၊ မျက်ရည်ကျတဲ့လူ မျက်လုံးကန်းမယ်"

ပြောပြီး ခေါက်ဆွဲဆွမ်းအလှူအတွက် ရေစက်ချသည်။ ရေစက်ချအပြီးမှာ သိမ်ဆောက်ရန် ရေ့ဆွဲထားသော သိမ်ပုံစံနှင့် ငွေကျပ်ငွေများကိုပါ အပ်နှံလိုက်သည်။ ကျောင်းပေါ်မှဆင်းခဲ့သည် ကမ်းနားရေဆိပ်အထိသာ ဒကာ၊ ဒကာမများ လိုက်ပါလာကြသည်။ အဖော်အဖြစ် ရဟန်းတစ်ပါးပါးကို ခေါ်သွားဖို့ လျှောက်ကြသည်။

"မခေါ်ဘူး၊ ဘယ်သူ့မှမခေါ်ဘူး။ တစ်ယောက်မှ မလိုက်ခဲ့နဲ့။ ဒီမှာ ကိုင်ထားတာ ဘာလဲတွေ့လား"

"တောင်ဝှေးပါဘုရား"

"ဒီတောင်ဝှေးနဲ့ စည်းသုံးစည်းတားခဲ့မယ်။ ဦးဇင်းကို ကြည်ညိုတယ်ဆိုရင် ဒီစည်းသုံးစည်းကို လုံးဝမကျော်နဲ့။ ကျော်တယ်ဆိုရင် မကြည်ညိုလို့ပဲ သဘောထားမယ်။ မကြည်ညိုတဲ့ဒကာတွေကြားမှာ မနေလိုဘူး။ စကားနားထောင်တယ်၊ ကြည်ညိုတယ်ဆိုရင်တော့ ပြောထားတဲ့အတိုင်း ၁၀လပြည့်လို့ မသေရင် ပြန်လာခဲ့မယ်"

"မှန်ပါ။ မကျော်ပါဆိုလည်းဘုရား။ ဒါပေမယ့် အရှင်ဘုရားဟာ ရောဂါကြီးနဲ့ပါဘုရား။ ဦးဇင်းတစ်ပါးပါးလောက် အဖော်ခေါ်သွားစေချင်တယ်ဘုရား"

"ဒါဖြင့် ဦးသောဘိတ လိုက်ခဲ့"

မိဖိုင်းသို့ကူးခဲ့သည်။ တစ်ဘက်ကမ်းရောက်သော် မိဖိုင်းတောင်သို့ ခရီးစတင်သည်။ ခြေလှမ်းလေးငါးလှမ်းသွားပြီးတိုင်း ချောင်းဆိုးသည်။ ရပ်ရာမှထိုင်ပြီး ချောင်းတဟွတ်ဟွတ်ဆိုးသည်။ အဖော်ပါသူ ဦးသောဘိတက ယပ်ခတ်ပေးသည်။ ချောင်းဆိုးအပြတ်တွင် ချက်ချင်းရေတိုက်သည်။ အနည်းငယ် သက်သာသွားသည်။ ဆက်သွားသည်။ လေးငါးလှမ်းသွားပြီးတိုင်း ချောင်းဆိုးပြန်သည်။ ထိုင်နားပြီး ဆိုးရပြန်သည်။

သည်လိုနှင့် သွားရင်း ချောင်းဆိုးရင်း နားရင်းဖြင့် ကွင်းဒလကျောင်းသို့ ရောက်သွားသည် ကွင်းဒလကျောင်းဆရာတော်မှာ အသက်အရွယ် အိုမင်းကြီးရင့်လှပြီး ရောဂါဖြစ်နေသည်မှာလည်း ကြာပြီ။ သေမည့်အချိန်ကို စောင့်သည်သို့ရှိသည်။ အိပ်ရာထဲလဲနေသည်က ရက်မနည်းတော့ပြီ။ ဆေးအလုံးကြီး တစ်လုံးသွင်းလျက်တန်းလန်းကိုလည်း တွေ့ရသည်။ ဦးသုဇနရောက်၍ ရှိခိုးဝတ်ပြုအပြီးမှာ ကွင်းဒလဆရာတော်က ထထိုင်ကာ

"အေးကွယ် ငါလည်း မင်းအလာကိုစောင့်နေတာ" ဟု နှုတ်ဆက်စကားဆိုသည်။ စကားစမြည်ပြောဆိုပြီး ညဘက်ရောက်တော့ သိမ်မှာသီတင်းသုံးရန် ဦးသုဇနတစ်ပါးတည်းကြွခဲ့သည်။ သိမ်မှာ ဘုရားဆောင်ဘက်ကိုချန်ထား၍ ကျန်သုံးဘက်မှာ ဝင်ပေါက်တံခါးမကြီးသုံးခု ဖောက်ထားသည်။

ညက မှောင်နှင့်မည်းမည်း။ လမိုက်ရက်မို့ လရောင်မရှိ။ သစ်ရိပ်ဝါးရိပ်များကြောင့် ပို၍မှောင်လေသလား ထင်ရသည်။ ကြောက်တတ်သူအဖို့ စိတ်ချောက်ချားလောက်အောင် တိတ်ဆိတ်နေသည်။ ဦးသုဇနသည် ရှေ့တူရူ တံခါးကို ဖွင့်လိုက်သည်။ မရှေးမနှောင်းမှာ အခြားတံခါးမကြီးနှစ်ခုဆီမှ တဘုတ်ဘုတ်မြည်သံကို တစ်ပြိုင်တည်းကြားလိုက်ရသည်။ အပြင်မှ လက်ဖြင့် အတော်ပြင်းပြင်း ပုတ်လိုက်သံဖြစ်သည်။

"သုဇနပဲ ငါ့ကို ဒီလိုစမ်းလို့ဘာရမလဲ။ ရပ်တကာ နယ်အနှံ့ သင်္ချိုင်းတွေလှည့်ပြီး ခြေဆန့်လာသူပဲ။ ဒါလေးများတော့..."

ပင်ကိုက စိတ်မြန်စိတ်ဆတ်ရသည့်အထဲ ချောင်းဆိုးရလွန်းသဖြင့် စိတ်တိုနေသည်။ ချက်ချင်း သိမ်ကို အပြင်ဘက်မှ တစ်ပတ်လှည့်ကြည့်လိုက်သည်။ မတွေ့ရ။ ဘာမှမမြင်ရ။ အသံဘာမှမကြားရ။ ပုရစ်အော်သံနှင့် နံ့ကောင်အော်သံအချို့သာ ထွက်ပေါ်လာသည်။

တစ်ပတ်ပြည့်သွားပြီး တံခါးမှဝင်မည်အပြု တဘုတ်ဘုတ်အသံက မြည်လာပြန်သည်။ ပို၍ တို သွားသည်။ သိမ်ထဲဝင်ကာ သပိတ်၊ သင်္ကန်း၊ ယပ်တောင်များကို ချထားလိုက်သည်။ သင်းပိုင်ကို ခါးတောင်းကျိုက်ပြီး အပေါ်မှာ ကောသီကို ပုံမှန်ရုံထားလိုက်သည်။ ပိတ်ထားသော ခုလေးတင်က

အသံမြည်ခဲ့သော တံခါးမကြီးနှစ်ပေါက်ကို ဂျက်ဖြုတ်၍ ဟင်းလင်းဖွင့်ပစ်လိုက်သည်။ စကြံလျှောက်နေရင်း အခြေအနေကို စောင့်ကြည့်လိုက်သည်။

ခြောက်လှန့်ရသူခများ ကြောက်စေလိုဖို့ ခြောက်ပါသည်ဆိုပါမှ သူ့အား ခုခံဖို့ အသင့်ပြင်ထားသည်ကို မှောင်ရိပ်တွင်းက အသာခိုးကြည့်၍မြင်သွားပြီး စိတ်ပျက်လက်ပျက်ဖြစ်ကာ နှောင့်ယှက်မှုမပြုဝံ့တော့ထင်သည်။ နောက်ထပ် တစ်စုံတစ်ရာမကြားရတော့ပေ။ အတော်လေးကြာသွားပြီး အကြောင်းမထူးတော့သည်နှင့် သက်န်းကို ပြန်လည်ဝတ်ရုံကာ ပြုမြဲဘာဝနာတရားကို ဆက်လက်စီးဖြန်းသည်။

* * * * * * * *

ကွင်းဒလကျောင်းသို့ရောက်ပြီး ၁၀ရက်မြောက်သောညာ။ နောက်နေ့သို့ ကူးအံ့ဆဲဆဲ ကမ္မဋ္ဌာန်းအလုပ်ကိုဖြုတ်၍ ကျောခဏဆန့်မည်ဟု ခေါင်းအုံးပေါ်ခေါင်းချပြီးသည်နှင့် ဦးသုဇန ဦးခေါင်းမှာ လက်ဖြင့် အသာအယာ အပုတ်ခံလိုက်ရသည်။

"ငါသွားတော့မယ်" ဟူသော ကွင်းဒဆရာတော်ကြီး၏အသံကို သဲကွဲစွာကြားလိုက်ရသည်။ အသံကို သဲ့ကွဲစွာ ကြားလိုက်ရသည်နှင့် မရှေးမနှောင်း ကျောင်းဘက်ဆီမှ ကြေးစည်သံ၊ အုံးမောင်းခေါက်သံများ ပေါ်ထွက်လာသည်။

"ဩော်.... ဆရာတော်ကြီး ပျံလွန်တော်မူရှာပြီ" ဟု သိလိုက်ရသည်။ ခဏအကြာမှာ ဒကာဦးမောင်ကြိုင်ရောက်လာသည်။ ဆရာတော် ပျံလွန်တော်မူသွားပြီဖြစ်ကြောင်း ပြောကြားရင်း ငွေ ၅၀၀၀ိ/ – ထိုးအပ်လာသည်။

"သိမ်ကို သွပ်မိုးရန်အတွက် ဆရာတော်ကိုယ်တိုင် လျာထားစုဆောင်းသော ငွေပါဘုရား"

သိရသည်မှာ ၄င်းငွေကိုပေး၍ ရှမ်းဘက်ကမ်းမှာ သွပ်သွားဝယ်စေသည်။ သွပ်ဝယ်ပြီးအပြန်မှာ တိုက်ပွဲအကြီးအကျယ်ဖြစ်နေသဖြင့် ယူဆောင်ရန်ခက်ခဲ၍ သွပ်ပြန်ပေးကာ အမ်းခဲ့ရသောငွေဖြစ်သည်။ နယ်မြေအခြေအနေ ငြိမ်သက်မှုမရှိသဖြင့် သိမ်ကို သွပ်မမိုးနိုင်သေး။ ဆရာတော်သည်ပင် ပျံလွန်တော်မူခဲ့လေပြီ။ ဆရာတော်၏ဈာပနကို ဦးသုဇနကပင် ဦးစီးဆောင်ရွက်ပေးခဲ့သည်။

ဈာပနကိစ္စပြီးစီးပြီးနောက် ကွင်းဒလကျောင်းသိမ်မှာပင် ဆက်လက်သီတင်းသုံးနေသည်။ သိမ်မှာ ခင်းထားသည့် ကြမ်းခင်းသောသစ်မှာ မခင်းမိကပင် ရွှေပေါ်ထိုးထားပြီး ခင်းထားပုံရသည်။ တစ်ချပ်နှင့်တစ်ချပ် စေ့သော်လည်း နိမ့်မြင့်မညီ။ လမ်းလျှောက်လျှင် အဆင်မသင့်က ခလုတ်တိုက်မိလေ့ရှိတတ်သည်။ တစ်ညမှာ စကြံလျှောက်ရင်း တရားမှတ်နေစဉ် နှစ်ခါ သုံးခါ

ခလုတ်တိုက်မိသည်။

"အေးကွယ်.. နည်းနည်းကြမ်းလွန်းနေတယ်။ လက်သမားခေါ်ပြီး ချောလိုက်ပါကွယ်"

ကွင်းဒလဆရာတော်အသံ ပေါ်လာသည်။ လူကောင်ကိုကားမတွေ့။ အသံမျှ ကြားရခြင်းဖြစ်သည်။ ဆရာတော်သည် သိမ်မိုးရန်ရည်ရွယ်ထားသော်လည်း မမိုးဖြစ်သေးဘဲ ပျံလွန်တော်မူခဲ့သည်မို့ စွဲလန်းနေခြင်း ဖြစ်ဟန်တူသည်။ မိုးလင်းသော် လက်သမားများကိုခေါ်ခိုင်းကာ ရွှေဘော်ထိုး၍ ချောစေလိုက်သည်။ ညဘက်ကျ စကြံလျှောက်ရာ ထိနိုက်မှုမရှိတော့ပေ။ ထိုည တရားရှုမှတ်ပြီး အိပ်တော့မည်ဟု အိပ်ရာပေါ် လှဲနေလိုက်သည်။

"အေးကွယ်... ခုလိုလုပ်လိုက်တော့လည်း ချောသွားတာပေါ့။ ခလုတ်မတိုက်တော့ဘူး"

ကွင်းဒလဆရာတော်၏အသံကို ခေါင်းရင်းတည့်တည့်ဆီမှ ထိုင်ရင်းပြောနေသလို ကြားရသည်။ ဦးသုဇန စိတ်မကောင်းဖြစ်မိရသည်။

"သြော်... ဆရာတော်ကြီးခများ သက်တော်ထင်ရှားရှိစဉ်က အကျင့်သိက္ခာကောင်းခဲ့သည်။ တရားမွေ့ကိုလည်း အားထုတ်ခဲ့သည်။ ပျံလွန်တော်မူကာနီး မရဏာသန္နဇော စောချိန်မှာ အပြီးမသတ်ရသေးသော ဒီသိမ်ကို စိတ်စွဲသွားပုံရသည်။ ၄င်းစွဲလမ်းမှု ဥပါဒါန်ကြောင့် မကျွတ်မလွတ်ဖြစ်နေရရှာသည်။ လုပ်ပေးမှသင့်မည်"

တွေးတောကာ ပျံလွန်တော်မူစကာလက ဒကာဦးမောင်ကြိုင်လာအပ်ထားသော ငွေ ၅၀၀၀ိ/ ကို မတည်ကာ အခြားငွေများနှင့် သွပ်ဝယ်ကာ သိမ်ကို မိုးပေးလိုက်သည်။ ရေစက်သွန်းချ အမျှပေးဝေပြီးသောနေ့၏ ရောက်လာခဲ့သော ညဘက်မှာ ယခင်နေ့များကဲ့သို့ တရားရှုမှတ်ပြီး အိပ်ရာပေါ် လှဲမိသည်နှင့်

"တပည့် ဆရာသွားပြီ" ဟု ကွင်းဒလဆရာတော်၏အသံကို ကြားလိုက်ရသည်။ နောက်ပိုင်း ဘာသံမှ မကြားရတော့ချေ။ ကျွတ်လွတ်သွားပုံရသည်။ ကွင်းဒလဆရာတော်ကြီး၏ ဒီဖြစ်ရပ်က ဦးသုဇနအား အများကြီး သံဝေဂဉာဏ် ဖြစ်ပေါ်စေသည်။

သီလရှိသည်ထား၊ ဘာဝနာပွားများသည်ထား ဘဝဂတိမြဲသော အရိယာမဖြစ်သေးသည့် ပုထုဇဉ်အဖို့ သေရာညောင်စောင်းလျောင်းသည့် အခါ စွဲလန်းမှုဥပါဒါန်များ၊ မရဏာသန္နဇောအလိုက် အာရုံ ပူးဝင်ဖြစ်ပေါ်လာပါကသည်သို့နယ် ဖြစ်ရတတ်ပါကလား။ ဥပါဒါန်တရားများ တယ်လည်း ကြောက်မက်ဖွယ်ကောင်းပါတကား။ ပစ္စာသန္နမရဏကာလ (သေခါနီးအခါ) မှာ ကောင်းသောကုသိုလ်အာရုံဖြစ်သည့် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်ကောင်းများ

ပေါ်လာဖို့ဆိုသည်မှာ မလွယ်လှ။ အစွဲအလန်းဆိုသည့် ဥပါဒါန်ကလည်း တော်တော်ကြီးကိုဆိုးသည်။ ဆရာတော်ကြီးမှာ 'ငါ့သိမ်' ဟူ၍ စွဲလန်းပြီး ပျံလွန်တော်မူခဲ့ခြင်းဖြစ်ဟန်တူသည်။ 'သိမ်' ဟူသော ကမ္မနိမိတ်ကား ကောင်းသောနိမိတ်အာရုံကာ့မှန်ပါ၏။ 'သိမ်' ဟူသော နိမိတ်အာရုံမှာ စိတ်အစဉ်က မရပ်တန့်။ 'ငါ့ဟာ၊ ငါ့ပစ္စည်း၊ ငါ့သိမ်' ဟူ၍ စွဲလန်းမှုဥပါဒါန်ထိ ဖြစ်သွားပြီး မရဏာသန္နဇောအချုပ်မှာ စုတိစိတ်ကျခဲ့ခြင်းဖြစ်သည်။

ဦးသုဇနသည် မိမိသင်ယူခဲ့သော အဘိဓမ္မာစာပေနှင့် နှီးနှယ်၍ သံဝေဂဉာဏ်ဖြစ်လာသည်။ သင်ခန်းစာယူသည်။ ဂတိမြဲအောင် ကြိုးစားရမည်။ ဂတိမြဲသည့်အဆင့်ထိ မရောက်သော်မှ ရရှိလာသော ပစ္စည်းလာဘ်လာဘများကို တပ်ငြိ တွယ်တာ တပ်မက်မောသောစိတ် လုံးဝမထားမိရန် ဆင်ခြင်ရမည်။ အကောင်းဆုံးက ဘုရားတည်၊ ကျောင်းဆောက်၊ သာသနာပြုလုပ်ငန်းများမှာ စွန့်လှူရမည်။ မုတ္တစာဂီ (လွတ်လွတ်စွန့်ကြဲမှု) ပြုမှ သင့်တော့မည်ဟူ၍။

* * * * * * * *

ကွင်းဒလဆရာတော်၏ကျောင်းမှာ ပြုဖွယ်ကိစ္စရပ်များကို ပြုလုပ်ပေးပြီးနောက် မိဂိုင်းတောင်ထိပ်သို့တက်လာကာ အဓိဋ္ဌာန်ဝင်တော့သည်။ ဤအခါဝင်သည်ကား ရေဆွမ်းအဓိဋ္ဌာန်ဖြစ်သည်။ တောင်ပေါ် သိဒ္ဓိရေကန်မှရေကို သပိတ်ဖြင့်ခပ်ယူပြီး–

"ဘုရားတပည့်တော်သည် ရတနာရွှေချိုင့်ပါဠိတော်ဖြင့် ၃၇အုပ်ရွတ်ဖတ်သီဆိုအပ်သော ရေဆွမ်းကို ၄၉ရက်တိုင်တိုင် သုံးဆောင်၍ စရဏာအကျင့်စခန်းဖြင့် နေထိုင်ပါမည်။ ဤရေဆွမ်းမှအပ မည်သည့်အာဟာရကိုမျှ မသုံးဆောင်ပါ"

ဤသို့ ဆောက်တည်ပြီး အဓိဋ္ဌာန်စဝင်သည်။ ထိုရေကိုသော်မှ မွန်းတည့် ၁၂နာရီကျော်လျှင် မသောက်တော့သည်မှာ အရဏ်တက်သည်အထိ ဖြစ်သည်။ အရဏ်တက်ပြီးကာမှသာ သောက်လိုက သောက်သည်။ အကျင့်စရဏာကို မူလပွားများမြဲဖြစ်သော သတိပဋ္ဌာန်ကို ဆက်လက်အားထုတ်သည်။ အဓိဋ္ဌာန်ဝင်ပြီး ကိုးရက်အရမှာ ဆီးအလွန်သွားသည်။ အလွန်သွားသည်ဆိုသည်မှာ ပုံမှန်ထက်ပိုသည်ဟု ဆိုလိုသည်။

၁၈ရက်အရမှာ ကုဋ္ဌီတစ်ခါသွားသည်။ ကုဋ္ဌီတစ်ခါသွားရသည်မှာ တစ်နာရီကျော်ကြာသည်။ ဝမ်းတွင်းမှ အဖတ်ဟူသော အာဟာရမရှိသော်လည်း သွားချင်စိတ်ဖြစ်လာသဖြင့်သာ သွားရသည်။ တစ်နာရီကျော်ထိုင်ပြီးကာမှ မစင်ကလေးတစ်တုံးကျလာသည်။ ကျလာသည့်မစင်မှာ ဆိတ်မစင်ကဲ့သို့ မည်းနက်

မာကျောနေသည်။ ၎င်းနောက် အရိအရွဲ၊ အကျိအချွဲများ ဝမ်းသွားသလို ကျဆင်းလာသည်။ အနံ့အသက်မှာ တစ်မျိုးကြီးဖြစ်နေသည်။

ဆွမ်းစသော အာဟာရကို မစားသုံးခဲ့သည်မှာ ၁၈ရက်ရှိပြီဖြစ်သော်လည်း ဆာလောင်မွတ်သိပ်ခြင်းမဖြစ်မိ။ ထမင်းအသက် ခုနစ်ရက်စကားရှိသည်။ ယခု ၁၈ရက်ရှိပြီ။ ၎င်းစကားအတိုင်းဆို သေရန် သုံးခါနီးနေပြီ။ သို့သော်မသေ။ သွားမြဲ၊ လှုပ်ရှားသွားလာမြဲ။ မှည့်သည့်အာနိသင်ကြောင့်ဟူ၍ မခန့်မှန်းနိုင်။ ရေ၏အာနိသင်လော၊ ရတနာရွှေချိုင့်ပါဠိတော်၏အစွမ်းကြောင့်လောဟူ၍ မခွဲခြားတတ်။ တစ်ခုတော့ရှိသည်။ ကိုယ်ရေက အတော်ကိုစစ်ကျသွားသည်။ အရိုးပေါ်အရေတင်သည်ဆိုသော သဘောမျိုး။

၁၈ရက် နောက်ပိုင်းကျ မျက်ချေးတွေထွက်လာသည်။ မျက်စိတွေ ကျိန်းစပ်လာသည်။

၂၇ရက်ရောက်လျှင် မျက်ချေးထွက်ခြင်းရပ်သွားသည်။ မျက်စိကျိန်းစပ် ခြင်းလည်း ပျောက်သွားသည်။ စားချင်သောက်ချင်စိတ်တွေ ကုန်ခမ်းသွားသည်။ အိပ်ချင်စိတ်လည်း မဖြစ်တော့။ အိပ်ချင်စိတ်မဖြစ်တော့သည်မှာ မျက်စိပိတ်ရမှာစိုးသောကြောင့်ဖြစ်သည်။

မျက်တောင်တစ်ချက်ခတ်လိုက်လျှင် နားထင်ကြောတစ်လျှောက်နာကျင်လွန်းသည်။ ဇက်ကြောက အဆမတန်ထိုးသည်။ မခံမရပ်နိုင်သဖြင့် မျက်တောင်မခတ်မိအောင် သတိထားရသည်။ အစက အိပ်ချင်စိတ်ဖြစ်မိသေးသည်။ နာကျင်လာပြီးနောက် အိပ်ချင်စိတ် ကုန်ခမ်းစပြုလာသည်။ အိပ်ချင်စိတ်ဖြစ်လာလျှင်–

အိပ်ချင်လာပြီ၊ သိတယ်

အိပ်ချင်တယ်၊ သိတယ်

အိပ်ချင်တယ်၊ သိတယ် ဟု အမှတ်စွဲအောင် မှတ်လိုက်လျှင် အိပ်ချင်စိတ် ပျောက်သွားလေ့ရှိသည်။

၂၇ရက်နေ့ ပြည့်သောနေ့မှာ ထိုင်ရင်းသတိပဋ္ဌာန်ကို ရှုမှတ်နေစဉ်လက်ထဲမှာ ဆေးညိုမည်း ဆီးကင်းခန့် ၉လုံးရောက်လာသည်။ ဆေးနံ့မှာ မွှေးကြိုင်လွန်းလှသည်။

"ဆေးကိုစားလိုက်ပါ" ဟူသော အသံကိုလည်း ကြားလိုက်ရသည်၊ ဦးသုဓနသည် အသံမထွက်ဘဲ စိတ်ထဲမှာပင်

"အဲဒီဆေးဟာ ဘာကောင်းသလဲ" မေးသည်။

"ဘာကောင်းသလဲဆိုတာ စားကြည့်မှသိမှာပေါ့"

ဆန်းတော့ဆန်းသည်။ တစ်ဦးက စိတ်ဖြင့်မေးသည်။ အခြားတစ်ဦးက

အသံဖြင့်ဖြေသည်။ အခြားတစ်ဦးဆိုသူက အသံသာကြားရပြီး လူကိုကား မတွေ့ရချေ။

"အဲဒီဆေးစားပြီးရင် အိန္ဒြေဒုက္ခမှ လွတ်သလား"

"ဒါတော့ ဘယ်လွတ်မလဲ"

"မလွတ်ရင် မစားဘူး။ နေပါဦး မေးမယ်။ အဲဒီဆေးစားပြီး ဘာလုပ်ရမှာလဲ"

"ဘုရားဆုပန်ရမယ်"

"ဘုရားဆုလည်းမပန်နိုင်ဘူး။ ဆေးကိုလည်း မစားနိုင်ဘူး။ ဦးဇင်းက ကြုံရာလေ့နဲ့ပဲသွားမယ်။ နိဗ္ဗာန်ရောက်ဖို့သာ အဓိက။ ဘယ်နည်းနဲ့ရောက်ရောက် ရောက်ရင်ပြီးတာပဲ"

ဆေးလုံးက လက်ထဲမှာ အလိုလိုပျောက်သွားသည်။ ဝမ်းထဲမှာ မြည်လာသည်။ တဂွီဂွီအော်သံကြားရသည်။ လူမှာလည်း မဟန်ချင်ဖြစ်လာသည်။ ခံနိုင်ရည်စွမ်းရည် မဲ့ခဲ့ပြီကိုး။ ဤဖြစ်ရပ်ကို ပြန်သုံးသပ်ကြည့်မိသည်။

"ငါ ကယောင်ကတမ်းဖြစ်နေသလား။ ခန္ဓာကိုယ်ဟာ ခံနိုင်ရည်စွမ်းရည် မရှိတော့လို့ ထင်ရာမြင်ရာတွေ ကယောင်ကတမ်းဖြစ်လာကြသလား။ မဖြစ်နိုင်။ ငါ သတိရှိနေသားပဲ။ ရှိသမျှသတိ မလွတ်ရအောင်ကို အမှတ်စိတ်စိတ် မှတ်နေတာပဲ။ ဒါကို ငါအသိဆုံး"

သည့်နောက်ပိုင်း ထူးခြားမှုတစ်စုံတစ်ရာ ဖြစ်ပေါ်မလာတော့ပေ။ ရက် ၄၀ ရောက်လာသည်။ အရာရာ ခံစားချက်မဲ့လာသည်။ စားချင်၊ သောက်ချင် စိတ်၊ အိပ်ချင်စိတ်တွေ ဘာတစ်ခုမှ မရှိတော့။ ညောင်းညာပင်ပန်းမှုတွေလည်း မရှိတော့။ လူမှာ သေးသေးလေးသာ ကျန်တော့သည်။ မျက်တောင်မှမခတ်တော့သော မျက်လုံးများက ပြူးကြောင်ကြောင်ဖြစ်နေမည်ထင်ရသည်။ မရိတ်ဘဲ နှစ်လပြည့်တော့မည်ဖြစ်သော ခေါင်းမှာ ဆံပင်များက ညှဉ်းသိုးသိုးရှိနေမည်။

"၄၉ရက် အဓိဋ္ဌာန်ပြည့်သွားပြီ"

၄၉ရက်ပြည့်အပြီးမှာ ခန္ဓာကိုယ်ကို ဖြည်းဖြည်းချင်း ပြန်မွေးယူရသည်။ ထမင်းရည်ကျဲကျဲသောက်ရသည်။ သောက်ဆိုသော်မှ ပထမရက်မှာ တစ်ဇွန်း၊ ဒုတိယရက်မှာ နှစ်ဇွန်း စသဖြင့် သောက်သွားရသည်။ ၁၅ရက်သောက်ပြီးမှ ဆန်ပြုတ်ရည်ကျဲကျဲ၊ ထိုမှတက်၍ ယာဂုခေါ်သော အဖတ်ပါဆန်ပြုတ်၊ ဆွမ်းပျော့ပျော့၊ ဆွမ်းမာဟူ၍ နည်းနည်းချင်း အဆင့်ဆင့် ပြန်မွေးယူရသည်။

* * * * * * * *

မိနိုင်းတောင်မှာ ၁၀လ အဓိဋ္ဌာန်ဝင်သည်။ အဓိဋ္ဌာန်ကာလအတွင်း

ရေဆွမ်း ၄၉ရက်လည်း ပြည့်ခဲ့ပြီ။ ၄၉ရက်ပြည့်ပြီးနောက်တွင် အဓိဋ္ဌာန် ၁၀လ ပြည့်ရန် တောင်ပေါ်မှာပင် ဆက်လက်၍ သတိပဋ္ဌာန်ပွားများ၍ နေလိုက်သည်။ သို့ဖြင့် မိနိုင်းတောင်မှာ အဓိဋ္ဌာန်ဝင်ပြီး ၉လပိုင်းရောက်သောတစ်နေ့ တရားရှုမှတ်နေစဉ်–

"ဘုရားအား ဆွမ်းတစ်ထောင်၊ ရေချမ်းတစ်ထောင်၊ ဆီမီးတစ်ထောင် ကပ်လိုက်ပါ" ဟူသော မမြင်ရသည့် အသံရှင်က ညွှန်ကြားချက်ပေးလာသည်။

မည်သို့ဖြစ်နိုင်ပါမည်နည်း။ သပိတ်ကလေးတစ်လုံးမျှသာ လက်ဝယ်ရှိသူအဖို့ ဆွမ်းတစ်ထောင် မဆိုထားဘိ၊ ရေတစ်ထောင်သော်မှ မတတ်နိုင်။

"ဖြစ်အောင်လုပ်ပါ" ဟု ထပ်ဆင့် ညွှန်ကြားလာပြန်သည်။

မည်သို့လုပ်ရပါ့။ စဉ်းစားရပြီ။

စိတ်ထဲက စာရေးချင်စိတ်ဖြစ်လာသည်။ မကြာမီ ကမမောင်းမှ ဒကာတစ်ဦးရောက်လာသည်။ သုံးချင်တာသုံးရအောင် ဘောပင်နှင့်စာအုပ် လာလှူသည်။

"အတော်ပဲဒကာကြီး။ ဦးဇင်း စာရေးချင်နေတာနဲ့"

ဦးသုဓန စာ စရေးသည်။ ဘာတွေရေးရမလဲ စဉ်းစားစရာမလို။ အလိုလိုကောက်ရေးနေမိသည်။ စိတ်ကသိ၍ လက်ကရေးခြင်းမဟုတ်။ လက်ကရေး၍ စိတ်ကသိနေခြင်းဖြစ်သည်။

ကမမောင်းရွာ၊ မည်သည့်ရပ်ကွက်၊ မည်သည့်လမ်းမှ မည်သူက ဆွမ်း ၁၀ပန်းကန်၊

ကမမောင်းရွာ မည်သည့်ရပ်ကွက်၊ မည်သည့်လမ်းမှ မည်သူက ရေအင်ဖြင့် ရေ ၁၀ခွက်၊

ကမမောင်းရွာ မည်သည့်ရပ်ကွက်၊ မည်သည့်လမ်းမှ မည်သူက ဖယောင်းတိုင် စသည် စသည်ဖြင့် ရေးနေမိသည်။ အားလုံးပြီးစီးသွားသောအခါ ပြန်ဖတ်ကြည့်သည်။ ရေးထားပြီးသော နာမည်ပါသူများမှာ သိသူလည်းပါသည်။ မသိသူလည်းပါသည်။ ရောက်ဖူးသောရပ်ကွက်လည်းရှိသည်။ မရောက်ဖူးသောရပ်ကွက်လည်းရှိသည်။

"အဲဒီအတိုင်းပဲ ပေးလိုက်ပါ" ဟု မမြင်ရသေးသော အသံရှင်၏ ညွှန်ကြားချက်အရ ဒကာကြီးအား ပေးလိုက်သည်။

တိုက်ဆိုင်ချင်တော့ ကမမောင်းမှာ ပဋ္ဌာန်းပိတ်ပွဲအလှူနှင့် ကြုံနေသည်။ စာထဲပါသူအားလုံး ၄င်းအလှူမှာ ရှိနေသည်။ စာကိုယူဆောင်သူသည် ၄င်းအလှူသို့ ရောက်သွားသည်။ အကျိုးအကြောင်း ပြောပြရာ အားလုံးက ဝမ်းသာအားရ တာဝန်ခံကြသည်။

ထူးဆန်းနေသည်မှာ

တာဝန်ပေးလာချက်သည် ဝန်အားနှင့် မျှနေသည်။ မနိုင်ဝန်ကိုထမ်းရသောအဖြစ်မျိုး လုံးဝမရှိခဲ့။ ဆွမ်းတတ်နိုင်သူအားဆွမ်း။ ဆွမ်းမတတ်နိုင်သူကရေအင်ဖြင့်ရေ၊ ရေအင်သော်မှ မတတ်နိုင်သူကား ဖယောင်းတိုင် စသည်ဖြင့် လှူမည့်သူ၏ အခြေအနေနှင့် အံကိုက်ဖြစ်နေသည်။ ငြင်းပယ်သူ တစ်ဦးမျှမရှိခဲ့။ အားလုံး လိုလိုချင်ချင်ပင် တာဝန်ယူကြသည်။

ဤသို့ဖြင့် မိဖိုင်းတောင်ပေါ်ရှိ ဆံတော်ရှင်စေတီတော်မြတ်အား ဆွမ်းတစ်ထောင်၊ ရေတစ်ထောင်၊ ဆီမီးတစ်ထောင် ကပ်လှူပူဇော်နိုင်ခဲ့လေသည်။

"ရေဆွမ်းအမိဋ္ဌာန်အာနိသင်မှာ ကောင်းမှုပြုရန်အတွက် လိုတရစေသည်" ဟု မှတ်သားရဖူးသည်။ ယခု ဦးသုဇနကြုံခဲ့ရသည်မှာ ရေဆွမ်းအာနိသင်ကြောင့်လော။ တိုက်ဆိုင်မှုလောဟူသည်ကို ဝေခွဲနိုင်စွမ်း မရှိပါချေ။

ကြုံခဲ့ရသည်ကား အမှန်သာ။

* * * * * * * *

ထောင်ပြည့်ဆွမ်းတော်ကို မိဖိုင်းတောင် ဆံတော်ရှင်စေတီအား ကပ်လှူပူဇော်ပြီးနောက် ၁၀လ အမိဋ္ဌာန်ပြည့်အံ့ဆဲဆဲ တစ်နေ့ညချမ်းအချိန်။

ဦးသုဇနသည် သတိပဋ္ဌာန်ကို ဆက်လက်ပွားများနေခိုက် မမြင်ရသောအသံရှင်တစ်ဦးက အောက်ပါအတိုင်း လျှောက်ကြားလာသည်ကို နားဖြင့် ဆတ်ဆတ် ကြားလိုက်သည်။

"လျှောက်ထားပါရစေဘုရား။ ဗုဒ္ဓဘုရားသခင်သည် မဟာသက္ကရာဇ် ၁၃၀ခုနှစ်မှာ မောတို့ဌာန၊ ကမ္ဘောဇတိုင်းမှာ သုဓနမင်းသား မင်းမူခဲ့ပါတယ်ဘုရား။ သုဓနမင်းသားဟာ ဒွေးမယ်နော်ကို ငွေတောင်ဆည်မှ ပြန်လည်ဆောင်နှင်းခဲ့ပြီး သုံးနှစ်နန်းစံပြီးသော် တစ်ရက်မှာ မြတ်စွာဘုရားသခင်သည် ယိုးဒယားပြည် ဇင်းမယ်မှတစ်ဆင့် ဒေသစာရီ ကြွချီတော်မူလာရာ ဘုရင်သုဓန၏ ပင့်လျှောက်ချက်အရ ကမ္ဘောဇတိုင်းမှာ ၇ရက် သီတင်းသုံးပြီး နန်းတော်မှာပင်ဆွမ်းဘုဉ်းပေးခဲ့ပါတယ်ဘုရား။

၇ရက်ပြည့်လို့ ဘုရားသခင်ပြန်ကြွကာနီးမှာ ကိုးကွယ်ရန် ကိုယ်စားတော် ပေးသနားတော်မူပါမည့်အကြောင်း လျှောက်ထားချက်အရ ညာလက်တော်ဖြင့် ဦးခေါင်းတော်ကို သုံးသပ်တော်မူရာ ဆံတော် ၉ဆူပါလာသဖြင့် ကိုးကွယ်ရန် ချီးမြှင့်ပေးသနားတော်မူခဲ့သည်။ သုဓနမင်းဟာ ၄င်းဆံတော် ၉ဆူကို မိဖုရား အသီးသီးအားကိုးကွယ်ရန် တစ်ဆူစီ ပေးသနားသဖြင့် မိဖုရားများကလည်း ၄င်းဆံတော်ရှင်များကို မိမိတို့နှစ်သက်ရာ တောင်ထွဋ်တောင်မြတ်များ

၌ ကျောက်သားအတွင်း ဌာပနာသွင်း၍ ကျောက်စေတီ တည်ထားကိုးကွယ်ခဲ့ပါတယ်ဘုရား"

| | | |
|---|---|---|
| ၁။ | ကရင်ပြည်နယ် | မိဖိုင်းတောင် |
| ၂။ | ။ | ဖာပွန်ရွှေအံတော်တောင် |
| ၃။ | ။ | တြိကြိုးတောင် |
| ၄။ | ။ | တာခုလော်ကြိုးတောင် |
| ၅။ | ။ | လေးကေကူတောင် |
| ၆။ | ။ | မယ်ကစောတောင် |
| ၇။ | ။ | မယ်တော့ကြိုးတောင် |
| ၈။ | ။ | ထိုဖားဝီးကြိုးတောင် |
| ၉။ | ကယားပြည်နယ် | ဆင်တောင် – ဟူ၍ အသီးသီးဖြစ်ပါ |

တယ်ဘုရား။

ဆံတော်ဌာပနာထားသည့် ကျောက်စေတီအသီးသီးဟာ ကာလကြာညောင်းလာသည်နှင့်အမျှ ပြုပြင်သူမဲ့၍ တောတောင်တွင်းမှာ ညိုးမှိန်စွာရှိနေပါတယ် အရှင်ဘုရား။ အရှင်ဘုရားအနေဖြင့် ၎င်း ဆံတော် ၉ ဆူ စေတီတော်များကို လိုက်လံရှာဖွေ ပြုပြင်တော်မူပါဘုရား။ ဆံတော်သာသနာကို ဘေးမဲ့ဖြင့် လင်းစေပါမူ ဆူပူနေသော ကရင်ပြည်နယ်၊ ကယားပြည်နယ်များ အေးချမ်းသာယာ၍ ပြည်နယ်သူ ပြည်နယ်သားများ ငြိမ်းချမ်းသာယာစွာ နေထိုင်ကြရပါမယ်ဘုရား။ ဝပြောသာယာရွှင်လန်းကြပါမယ်ဘုရား။

ဤဆံတော်သာသနာကို အရှင်ဘုရားကသာ ပွင့်လင်းစေနိုင်ပါမယ်ဘုရား။ သို့ဖြစ်၍ သတ္တဝါအပေါ် မေတ္တာထားရင်းစွဲ စေတနာအရင်းခံ၍ ပင်ပန်းသည်ကို ပမာမပြုဘဲ ဆံတော်သာသနာကို ဘေးမဲ့ဖြင့် ပွင့်လင်းစေတော်မူပါရန် လျှောက်ထားပါရစေဘုရား"

ရှုမှတ်နေသော သတိပဋ္ဌာန်မှ စိတ်ကထွက်သွားသည်။ ပရိသတ်အနည်းငယ်ကို လိုချင်သဖြင့် မြိုင်ကြီးငူမှ ထွက်ခွာခဲ့သည်။ ၁၀ လအဓိဋ္ဌာန်ကို အကြောင်းပြခဲ့သည်။ အကြောင်းပြခဲ့သည်နှင့်ညီအောင်လည်း နေထိုင်ခဲ့သည်။ ၁၀ လပြည့်လျှင် တစ်မျိုးမျိုးကြံစည်ဦးမည်ဟု တွေးထားဆဲ မမြင်ရသောအသံရှင်က ဤနယ်လျှောက်ကြားလာသည်။ လျှောက်ကြားသောအခါမှ –

* တောတွင်းမှာ ညိုးမှိန်နေသော ဘုရားစေတီငုတ်တိုများ၊
* တဒိန်းဒိန်း တဒိုင်းဒိုင်း မြည်နေသော သေနတ်သံများ၊
* ဘုရားကျောင်းကန်ကိုမှ မသွားဝံ့သော လူအများ၊
* သက်မွေးမှုကို ဖြောင့်ဖြောင့်မလုပ်နိုင်ကြသော ပြည်နယ်သူ ပြည်နယ်

သဘှများ၊ ထိုထိုအရာများကို ကြားယောင် မြင်ယောင်လာမိသည်နှင့်အမျှ...။

* * * * * * * *

၁၀ လ အဓိဋ္ဌာန် ပြည့်ခဲ့ပြီ။

"ဘာဆက်လုပ်မည်နည်း" မိမိကိုယ်ကို ပြန်မေးမိသည်။ ဘာဆက်လုပ်ရမည်ကို မဆုံးဖြတ်မီ လုပ်ရန်စိတ်ကူးထားသည်ကို ပြန်တွေးမိသည်။

တောနေအုံကြားမှာ ဒုက္ခရစရိယာ ကျင့်တော်မူကြကုန်သော ဘုရားဟောင်း၊ ဘုရားပျက်၊ ဘုရားငုတ်တိုတို့ကို ပြန်လည်ပြုပြင်မည်။ သာသနာရောင်ဝါ မှေးမှိန်လွန်းနေသော ကရင်ပြည်နယ်ကြီးမှာ သာသနာတော်ကို ပြန်လည်ပွင့်လင်းစေမည်။ ထိုအတွက် အသံမစဲ ပဋ္ဌာန်းပူဇော်ပွဲဖြင့် သာသနာ့ဆီမီးကို စတင်ထွန်းညှိခဲ့သည်။ ဤမှာပင် ကျန်းမာရေးဖောက်ပြန်ခဲ့သည်။ လူမှာယဲ့ယဲ့လေးသာကျန်တော့သည်။ ဆက်၍မှ စွမ်းဆောင်နိုင်ပါ့မလား။ စဉ်းစားလာရသည်။ မစွမ်းဆောင်နိုင်တော့မည့်အတူတူ တရားအလုပ်ဖြင့် အရိုးထုတ်သည်က ကောင်းဦးမည်။

မြိုင်ကြီးငူမှာ ယခင်ကကဲ့သို့ မဟုတ်ပြီ။ ပရိသတ်က တစ်စ တစ်စများလာသည်။ ဆက်နေရန်မသင့်ပြီ။ တောထွက်ဦးစကကဲ့သို့ ပရိသတ်နည်းနည်းဖြင့် အားထုတ်ပါမှ အကျိုးဖြစ်ထွန်းနိုင်မည်။ မြိုင်ကြီးငူမှာနေသည်ထက် မိဇိုင်းတောင်သို့သွားခြင်းက ပို၍အကျိုးရှိနိုင်သည်။ ဤအတွေးဖြင့် တိုးပွားစပြုလာသော ပရိသတ်ကိုစွန့်ကာ မိဇိုင်းတောင်သို့ ထွက်ခဲ့သည်။ ရေဆွမ်းအဓိဋ္ဌာန်ကိုပင် ပြည့်အောင် အားထုတ်ခဲ့သည်။ အားထုတ်ရင်းသေခဲ့သည် ဆိုသော်မှ အနည်းဆုံး သာမဏနတ်သားကဲ့သို့ ဘဝကူးကောင်းနိုင်ရာသည်။ ယခုအဓိဋ္ဌာန်ပြည့်ခဲ့ပြီ။ မသေသေး။ အသက်ထင်ရှားရှိနေသေးပါလျှင် တစ်ခုခုတော့ လုပ်နေရမည်။ လုပ်မှပဲ သင့်မည်။ ဂန္ထဓူရကိုတော့ သည်ဘဝ သည်မျှနှင့် တန်ခဲ့ပြီ။ ဝိပဿနာဓူရကိုပင် ဆက်လက်အားထုတ်မည်ဟု ကြံရွယ်ထားဆဲ။

မမြင်ရသောအသံရှင်က ဆံတော်သာသနာကို ဘေးမဲ့ဖြင့် ပွင့်လင်းစေဖို့ လျှောက်ကြားလာသည်။ သာသနာပြုလုပ်ငန်းကို ဆက်လုပ်ရအုံးလော။ ဆက်လုပ်သည်ထားဦး။ ကျန်းမာရေးက ခွင့်ပြုနိုင်မည့်အနေအထားကော ရှိပါဦးအံ့လော။ သည်လုပ်ငန်းက ခန္ဓာကိုယ်နှင့် ရင်းနီးရသည်။ ပင်ပန်းမည်၊ ဆင်းရဲမည်။ ပကတိ ကျန်းမာမှုရှိမှသာ ဖြစ်နိုင်မည်။ မိမိလက်ရှိအနေအထားမှာ အစာဖြတ်ထားခဲ့သည်မို့ လေဖော့သော်မှ ရွေ့မည့်အနေ။ ပြီးတော့ တီဘီရောဂါဖြစ်နေလျက်တန်းလန်းကြီး။

"ကိုင်း.... မောင်သုဇနေ၊ ရွေးပါလေစမ်း လမ်းနှစ်သွယ်"

ဆုံးဖြတ်ချက် မချနိုင်သေး။ တွေးဆဲ၊ ကြံဆဲ၊ ကြံတွေးဆနေစဉ်ခါ တစ်နေ့...။

ဒကာကြီးတစ်ဦး ရေးကြီးသုတ်ပျာနှင့် ရောက်လာသည်။

"မော်လမြိုင် ဘေးမဲ့အထက်ခြံကျောင်းဆရာတော် အသည်းအသန်ဖြစ်နေသည်။ မြိုင်ကြီးငူဘုန်းကြီးအား တွေ့ဆုံလိုသည်" လျှောက်ကြားလာသည်။ ခြံကျောင်းဆရာတော်သည် မြိုင်ကြီးငူနန်းဦးဘေးမဲ့ကျောင်း ဘုန်းတော်ကြီး ဦးသုစနေနှင့် အလွန်ရင်းနှီးလွန်းလှသည်။

မြိုင်ကြီးငူပေါ်မှာလည်း စေတနာထားသည်။ နာရေးကိစ္စဆိုတော့လည်း သွားသင့်ပါသည်ဟုတွေးကာ မော်လမြိုင်သို့ ဆင်းခဲ့သည်။ ဘေးမဲ့အထက်ခြံကျောင်းသို့ ရောက်ရှိလျှင် ဆရာတော်အား ကျန်းမာစွာ ဖူးတွေ့ရသည်။ ဝတ်ပြုပြီးသောအခါ လျှောက်ထားသည်။

"အရှင်ဘုရား... အတော်လေး မကျန်းမမာဖြစ်နေတယ်။ တပည့်တော်အား မှာတယ်ဆိုလို့ လာခဲ့တာပါဘုရား"

"မကျန်းမာတာတော့ မဟုတ်ဘူး။ မှာတာတော့ အမှန်ပဲ"

"အမိန့်ရှိပါဘုရား"

"ကိုယ်တော့်မှာ တီဘီရောဂါရှိနေတယ်။ သွေးလည်းအန်ခဲ့တယ်။ မိနိုင်းတောင်မှာ ရေဆွမ်းအဓိဋ္ဌာန်လည်း ဝင်ခဲ့တယ်။ ခု အဓိဋ္ဌာန်လည်း ပြီးဆုံးပြီမဟုတ်လား"

"မှန်ပါ။ ပြီးဆုံးခဲ့ပါပြီ ဘုရား"

"တစ်နေ့တုန်းက ကမမောင်းက ဒေါ်အေးသန်းရောက်လာတယ်။ ကိုယ်တော့ကျန်းမာရေးအခြေအနေကို လျှောက်ထားတယ်။ ငါ့ဆီရောက်အောင် ခေါ်လာခဲ့လို့ မှာလိုက်တာ"

"တပည့်တော်ကို သူတို့ညာခေါ်တာပေါ့ဘုရား။ ဆရာတော် အသည်းအသန်ဖြစ်တယ် အရှင်ဘုရားက တပည့်တော်ကိုတွေ့ချင်လို့ဆိုပြီး လျှောက်ကြတယ်ဘုရား"

"အေး... သူတို့ကို ဘုန်းကြီးကပြောတယ်။ မြိုင်ကြီးငူကို ရအောင်ခေါ်ခဲ့ဆိုတော့ သူတို့က ဘယ်လိုပြောပြီး ခေါ်ရမလဲမေးတယ်။ ဒါတော့ ဘုန်းကြီး မသိဘူး။ ရောက်အောင်သာ ခေါ်လာခဲ့။ ဒီရောက်မှ ဘုန်းကြီးကြည့်လုပ်မယ် ပြောလိုက်တယ်"

"ဒီလိုလားဘုရား။ တပည့်တော်က အရှင်ဘုရား တကယ်ပဲ မကျန်းမာတာဆိုလို့ လာခဲ့ပါတယ်ဘုရား"

"ဒါတော့ အရေးမဟုတ်ဘူး ကိုယ်တော် ဒီရောက်ဖို့သာ အဓိက။

ခုရောက်နေပြီ၊ ဘုန်းကြီးစကား နားထောင်"

"အမိန့်ရှိပါဘုရား"

"ကရင်ပြည်နယ်ရဲ့ ဗုဒ္ဓသာသနာရောင်ကို ပြန်လည်ထွန်းပြောင်စေဖို့ သာသနာပြုမယ်ဆို"

"ဟိုတုန်း ဟိုအခါက လျှောက်ထားခဲ့တာ မှန်ပါတယ်ဘုရား။ ခု တပည့်တော်မှာ ရောဂါကတန်းလန်း၊ ခန္ဓာကိုယ်အသွင်က အမြင်အတိုင်းပါဘုရား"

"ဟ... ရောဂါဖြစ်တတ်ရင် ပျောက်တတ်ရမှာပေါ့။ ပျောက်ဖို့ကလည်း ကုမှပျောက်မှာပေါ့။ မဟုတ်ဘူးလား"

"တပည့်တော် မကုချင်တော့ပါဘုရား။ စောစောသေ စောစောအေးတာပါပဲလို့ မှတ်ယူထားပါတယ်ဘုရား"

"အဲဒါကိုက ခက်နေပြီ။ နေပါဦး။ ဘုန်းကြီး တစ်ခုမေးမယ်။ ကိုယ်တော့်မှာ မူလရည်ရွယ်ရင်းစွဲ သာသနာပြုစိတ်ဓာတ် ကုန်ခန်းသွားပြီ ဖြစ်လို့လား"

"စိတ်ဓာတ်က မကုန်ခန်း။ ခန္ဓာကိုယ်ကသာ မခန့်ကျန်းဖြစ်နေလို့ပါဘုရား"

"အဲဒါပြောတာပေါ့။ ဒီနှစ် ဒီကျောင်းမှာ ဝါဆိုပြီး ဆေးဝါးကုသမှု ခံယူလိုက်ပါ။ ဘုန်းကြီး စီစဉ်ထားပြီးပြီ။ အတွေးမမှားနဲ့ကိုယ်တော်။ ကိုယ်တော် ငယ်ပါသေးတယ်။ သာသနာ အများကြီးပြုနိုင်တယ်။ ကိုယ်တော်ရဲ့ ကရင်ပြည်နယ်မှာ သာသနာဆီမီးကို ထိန်ထိန်ညီးအောင် ထွန်းညှိချင်ပါတယ်ဆို။ ဘုန်းကြီးစကား နားထောင်ပါ။ ဆေးဝါးကုသခံလိုက်ပါ။ 'အာရောဂျ ပရမံ လာဘံ' တဲ့။ ဘုရားဟောထားသားပဲ။ ကျန်းမာရေဟာ အရေးကြီးဆုံးမဟုတ်လား။ ကျန်းမာနေလို့ကတော့ ဘာသဲလုပ်လုပ်၊ ဘုရားပဲတည်တည်၊ တရားပဲအားထုတ်ထုတ်ပေါ့။ ဟုတ်ဘူးလား"

"ဟုတ်တော့ ဟုတ်ပါတယ်ဘုရား"

"ဟုတ်တော့ ဟုတ်တယ်။ တပည့်တော် ဆေးမကုချင်ဘူးလို့ ပြောဦးမလို့လား"

ခြံကျောင်းဆရာတော်စကားကို နားထောင်လိုက်ရသည်။ ခြံကျောင်းဆရာတော်သည် မိမိအပေါ် ယခင်ကတည်းက စေတနာထားလွန်းသည်။ အမှတ်ရပါသေးသည်။

မြိုင်ကြီးငူ ဇောတိပင်စိုက်ပျိုးစဉ်က ခြံကျောင်းဆရာတော်နှင့် တိုင်ပင်ညှိနှိုင်း စီစဉ်ထားသည်။ စိုက်မည့်နေ့ရောက်ကာနီးမှ မဲသဝေါမှာ သံဃာအစည်းအဝေးရှိသဖြင့် မသွားမဖြစ် သွားခဲ့ရသည်။ ခြံကျောင်းဆရာတော်ကသာ

ကမကထပြု၍ ဒေဝါဝင်း၊ ရာဇာဝင်း ခင်းကာ စည်ကားသိုက်မြိုက်စွာ စိုက်ပျိုးပေးတော်မူခဲ့သည်။ ဗောဓိပင်ကိုလည်း သူ့ကျောင်းမှယူဆောင်လာသည်။ ကျောင်းရယ် ကန်ရယ်ဖြစ်လာမှဖြင့် ဗောဓိပင်တော့ ရှိဖို့သင့်သည်ဆိုပြီး စိုက်ပေးခဲ့သည်။ ယခုလည်း မိမိအကျိုးအတွက်သာ ပြောနေမှန်းသိသဖြင့် အထွန့်မတက်ဝံ့တော့ပေ။

ပုံပြင်လေးတစ်ပုဒ် ကြားဖူးသည်။

တောရွာတစ်ရွာမှ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းမှာ ကျောင်းသားငယ်တစ်ယောက် စာအံနေသည်။ စာကို မအံတစ်ခါ၊ အံတစ်ခါဖြင့် မျက်နှာတစ်ခြား၊ စာတစ်ခြားဖြစ်နေသည်။ တစ်ခါတစ်ရံ အသံပါ ပျောက်ပျောက်သွားသည်။ အသံတိတ်သွားသည့်အခါ ဘုန်းတော်ကြီးက ကြိမ်ဖြင့် ကြမ်းကိုရိုက်၍ သတိပေးသည်။ လန့်နိုးပြီး စာအံသံထွက်လာသည်။ တော်ကြာ အသံပျောက်သွားပြန်သည်။ ကြိမ်ရိုက်သံကြားလျှင် အသံပြန်ထွက်လာသည်။ ဤသို့နှင့် နောက်ဆုံးမှာ ဘုန်းတော်ကြီးက စိတ်မရှည်ဖြစ်လာသည်နှင့်–

"ဒီမှာမောင်ကျောင်းသား မင်း အခု စာကျက်နေတာ ဘယ်သူ့အတွက် မှတ်လို့လဲ။ ငါ့အတွက်မဟုတ်ဘူး။ မင်းအတွက်ကွ" ဟု ကရုဏာဒေါသောဖြင့် မာန်မဲမိလေသည်။ ထိုအခါ မောင်ကျောင်းသားက–

"မှန်ပါဘုရား။ တပည့်တော်စာကျက်နေတာ အရှင်ဘုရားအတွက်များလားလို့ မကျက်ချင်ပေမယ့်လည်း ကြိုးစားပြီး ကျက်နေခဲ့ပါတယ်ဘုရား။ တပည့်တော်အတွက်သာဆို စာကျက်မတော့ဘူး။ နွားပဲ သွားကျောင်းတော့မယ်ဘုရား" ဟု လျှောက်ထားကာ ကျောင်းမှဆင်းသွားတော့သည်။

ယခုလည်း မိမိအကျိုးအတွက်မှန်းသိပါလျက် ဆက်လက်၍ အထွန့်တက်နေခဲ့ပါလျှင် ကျောင်းသားငယ်နှင့်မခြား အသိဉာဏ်နည်းသူ ဖြစ်သွားရတော့မည်။ ခြံကျောင်းဆရာတော် အစီအစဉ်ကို နာခံလိုက်ရတော့သည်။

တကယ်တော့လည်း လိုအပ်နေသည်။ ဦးသုဓန ခန္ဓာကိုယ်သည် နဂိုကတည်းက ဖွံ့ထွားလှသည်မဟုတ်ဘဲ ရောဂါက တန်းလန်း။ အဆင်မသင့်လျှင် ချောင်းက တဟွတ်ဟွတ်ဆိုးသေးသည်။ ယခင်ကလို သွေးမအန်တော့သည့်တိုင် တစ်ခါတစ်ရံ သွေးစသွေးန ပါလာတတ်သည်။ အာဟာရဖြတ်၍ ရေဆွမ်းအဓိဋ္ဌာန်ဝင်ခဲ့သည်မို့လည်း ခန္ဓာကိုယ်တစ်ခုလုံးမှာ ထင်ရှားသောအရာဟူ၍ ဦးခေါင်းတစ်လုံးသာရှိတော့သည်။ ခေါင်းကြီးကိုယ်သေး၊ အရိုးပေါ်အရေတင်၊ ပျော့တော့လွန်းလှသည်။ ကိုယ်ရေက ကြွေကာကျတော့မည့် ရော်ရွက်ဝါနှယ်။

ဤမျှ ကြံ့ခိုင်မှု၊ လျော့ရဲမှုမျိုးဖြင့် အဘယ်မှာလျှင် သာသနာပြုနိုင်ပါ

အံ့နည်း။ တရားဆက်လုပ်လျှင်ကော အဘယ်မျှ သက်ဝိုးရှည်နိုင်ပါအံ့နည်း။ မိမိအကျင့်သည် အတ္တကိလမထ ဖြစ်နေပြီ။ ခန္ဓာကိုယ်ကို အနားပေး၍ အနည်းငယ် ပြန်လည်မွေးမြူဦးမှ သင့်မည်။ ရောဂါကိုလည်း ကုစားရပေဦးမည်။ အတန်အသင့် ကျန်းမာမှုရှိလာပါမှ၊ ကြံ့ခိုင်လာပါမှ ရှေ့အလုပ်အတွက် စဉ်းစားတော့မည်ဟု ဆုံးဖြတ်လိုက်သည်။

၁၃၄၇ ခုနှစ်တွင် မော်လမြိုင် ဘားမဲ့ကျောင်းမှာ ဝါဆိုသည်။ သီတင်းကျွတ်လပြည့် ပဝါရဏာပြုပြီး နောက်တစ်နေ့မှာ ဝါကျွတ်ဦး ကထိန်ခင်းသည်။ ၎င်းကထိန် ပွဲတွင် မြိုင်ကြီးငူဘုန်းတော်ကြီး ဦးသုဇနအား ကထိန်တရားဟောစေသည်။ တရားပွဲအပြီးမှာ ဆေးဖိုးဝါးခအဖြစ် နဝကမ္မဝတ္ထုငွေ ၃၀၀၀ိ/– လှူဒါန်းပါ သည်။ နောက်ပါ ကပ္ပိယနှင့်အတူ ပြန်လာရာ ဘားအံအရောက်တွင် ၂၀၀ိ/– (ကျပ်နှစ်ထောင်မှာ) သုံးမရသော အခြေအနေသို့ ရောက်သွားသည်။ ၇၅ိ/–တန်၊ ၃၅ိ/–တန်၊ ၂၅ိ/–တန် များမှာ တရားမဝင်ငွေအဖြစ် ကြေညာသည်နှင့် ဆုံသွားသောကြောင့်ဖြစ်သည်။

ဘုန်းတော်ကြီး ဦးသုဇနသည် အချိန်ကာလ အတိုင်းအတာတစ်ခုထိ ခန္ဓာကိုယ်ကို အနားပေးခဲ့ပြီးဖြစ်သည်။ လိုအပ်သော ဆေးဝါးကုသမှုကို ခံယူခဲ့သဖြင့်လည်း အတန်အသင့် ကျန်းမာမှုရှိလာသည်။ ခန္ဓာကိုယ်ကြံ့ခိုင်လာသည်။ ဆေးကိုတော့ လနှင့်ချီ၍ ဆက်စားနေရဦးမည်။ မြိုင်ကြီးငူသို့ ပြန်ရောက်သည်နှင့် စဉ်းစားထားသော လမ်းနှစ်သွယ်အနက် သာသနာပြုလုပ်ငန်းကို လုပ်ဆောင်ရန် ဆုံးဖြတ်ချက်ချလိုက်သည်။

ရုတ်တရက် ထလုပ်၍တော့ မဖြစ်သေး။ အချိန်ယူရဦးမည်။ အရှိန်ယူရဦးမည်။ အခြေအနေကြည့်ရဦးမည်။ လက်ရှိအခြေအနေမှာ မိမိသီတင်းသုံးရာ မြိုင်ကြီးငူကွက်ကွက်ကလေးမှာသော်မှ လွတ်လပ်လုသည်မဟုတ်သေး။ ဘာသာရေးကိစ္စတစ်ခုခုလုပ်ချင်လျှင် ဟိုဘက်သည်ဘက် အသိပေးတိုင်တန်းနေရသည်။ လာရောက်သူများမှာ မလာဝံ့ဝံ့၊ လာတွန့်တွန့်ဖြင့် ကျိုးလန့်စားစားနေရသည်။ အခြားထွက်ဖို့ဆိုသည်မှာ အသို့လျှင် လွယ်ပါဦးမည်နည်း။ မြိုင်ကြီးငူမှ စတင်အခြေပျိုးမှ သင့်မည်ဟု တွေးမိသည်။

သိမ်ဆောက်လုပ်ရန် ယခင်က စုစည်းထားသော ပစ္စည်းအချို့တော့ ရှိသည်။ မလောက်ငနိုင်သေး။ မော်လမြိုင်မှ ရလာခဲ့သော ဝတ္ထုများမှာလည်း အကျိုးမဲ့ဖြစ်သွားပြီ။ ဘယ်ကငွေရ၍ ဘယ်လိုဆောက်ရအံ့နည်းဟု စဉ်းစားနေခိုက်–

တစ်ခုသော ညနေခင်း ညနေ ၅နာရီခန့်။

ဘုန်းတော်ကြီး ဦးသုဇနသည် တပည့်သာမဏေများဖြစ်သော ရှင်ဝရ၊

ရှင်ပညာနန္ဒ၊ ရှင်သုနန္ဒတို့နှင့်အတူ မြစ်ဆိပ်မှာ ရေချိုးမည်ပြုနေစဉ် ကောက်ကရက်ကျွန်းဘက်မှ လူတစ်ယောက် လှေငယ်တစ်စင်းဖြင့် ရောက်လာသည်။ အိုးတံဆိပ် အချိုမှုန့်ပုံးကြီးတစ်ပုံး ထမ်းယူလာပြီး ဘုန်းတော်ကြီး ဦးသုဇနရှေ့မှာချကာ ဝတ်ပြည့်လိုက်သည်။

"တပည့်တော် အချိုမှုန့်တစ်ပုံး လာလှူပါတယ်ဘုရား"

"အေးအေး... ကောင်းတာပေါ့။ ကိုင်း... ရေစက်ချရအောင်"

ရေချိုးဆင်းလာသည်မို့ ဘုန်းတော်ကြီးမှာ ရေသနုတ်လေးတစ်ထည်ကိုသာ ပတ်ထားသည်။ အလှူရှင်ဖြစ်သူ ဒါယကာကြီးမှာလည်း အင်္ကျီမပါ။ ကိုယ်ဗလာဖြင့် သဘက်ကလေးတစ်ခုကို ပခုံးပေါ်တင်ထားသည်။ ပက်ခွက် (လှေဝမ်းထဲကရေကို ခပ်ထုတ်သော ဝါးခြမ်းခွက်) ဖြင့် မြစ်ရေကိုခပ်၍ သဲသောင်ပြင်မှာ နှစ်ဦးသားထိုင်ကာ ရေစက်ချအခမ်းအနားကို တိုတိုကျဉ်းကျဉ်း ပြုလုပ်သည်။ အလှူဒါယကာ ပြန်သွားပြီး ရေမိုးသန့်စင်ကာ တပည့်သာမဏေများအား-

"ကိုရင်တို့ကုသိုလ်ပဲဟော့။ အချိုမှုန့်ကုန်တာနဲ့ အတော်ပဲ။ ထမ်းယူသွားကြ။ ကျောင်းသရေခန်းထဲ ထည့်ထားလိုက်။ လိုရင် အဲဒီမှာသုံး"

"ကိုရင်တို့ကုသိုလ်ပဲ" ဆိုသည်မှာ အဓိပ္ပာယ်ရှိသည်။ ဘုန်းတော်ကြီး ဦးသုဇနသည် အချိုမှုန့်ပါသော ဟင်းလျာကို မဘုဉ်းပေး။ ဆီပါသော ဟင်းလျာကိုလည်း မဘုဉ်းလို။ ဘုန်းတော်ကြီးအတွက် ချက်ပေးရသော ဟင်းလျာများမှာ ဟင်းသီးဟင်းရွက်ရေလုံပြုတ်သာဖြစ်သည်။ ဆားနှင့် ကြက်သွန်ပါရုံသာ ထူးသည်။ ငရုတ်သီးထောင်းကိုသာ ရရာတို့စရာနှင့် အားထားဘုဉ်းပေးလေ့ရှိသည်။ တပည့်များအတွက်ကိုမူ လိုအပ်သလို စားခွင့်ပြုသည်။ ဆေးမှဲ့ဖြစ်လျှင် ပြီးစတမ်းခွင့်ပြုထားသည်။ လူငယ်များ အချိုမှုန့်ကို အားထားရသည်မို့ မိမိ မဘုဉ်းပေးစေကာမူ ခွင့်ပြုထားသည်။ လိုအပ်လျှင် ရှာဖွေစုဆောင်းပေးသေးသည်။

နံနက် အရုဏ်ဆွမ်းချက်နေစဉ် ယမန်နေ့ညကတည်းက ရခဲ့သော အချိုမှုန့်ယူမည်ဟု ရှင်သုနန္ဒ အဖုံးကိုဖွင့်သည်။ ပါကင်ပိတ်ထားသော ခဲပြားကို ဓားငယ်ဖြင့်ဖောက်လိုက်ပြီး အချိုမှုန့်ထုပ်ကို ဆွဲထုတ်လိုက်သည်။ ပါလာသော အရာကား အချိုမှုန့်ထုပ်မဟုတ်။ တစ်ဆယ်ကျပ်တန် ငွေစက္ကူတစ်ထောင်ထုပ် ဖြစ်နေသည်။ အသာပြန်ထည့်လိုက်ပြီး နံနက်ဆွမ်းဘုဉ်းပေးအပြီးမှာ ဘုန်းတော်ကြီးအား လျှောက်ထားသည်။

"ဟယ်... ဘယ်လိုဖြစ်တာလဲ။ ထူးဆန်းလှချည်လား၊ ယူလာကြည့်စမ်း"

ကျောင်းသရေခန်းမှ ယူလာပြီး အဖုံးဖွင့်ကာ ဆွဲထုတ်ကြည့်သည်။ မှန်၏။

ငါးကျပ်တန်၊ တစ်ဆယ်တန် ငွေစက္ကူများကို တွေ့ရသည်။ စလင်းမောင်ကောင်း လက်မှတ်ပါ ငွေစက္ကူများဖြစ်သည်။ သေသေချာချာ စီထည့်ထားသည်။ အချိုမှုန့် တစ်ပုံးလုံး ငွေစက္ကူများနှင့် အပြည့်ဖြစ်သည်။ ပိုင်ရှင်က အချိုမှုန့်နှင့်မှား၍ လှူမိဟန်တူသည်ဟု တွေးမိသည်။ ကိုရင်များအား ကော့ကရက်ကျွန်းသို့လွှတ်ကာ မနေ့က အလှူရှင်ကိုရှာစေသည်။ မနေ့ညနေက ဤကျွန်းမှ မည်သူမျှ လာယူသူမရှိဟူသော အဖြေကိုသာ ရခဲ့သည်။

"အေးလေ... ပိုင်ရှင်မရှိတော့လည်း ယူပြီး ဒီငွေနဲ့ပဲ သိမ်ဆောက်ကြတာပေါ့"

ထိုနေ့မှာပင် ပစ္စည်းများကို စုဆောင်းသည်။ အုတ်၊ သဲ၊ ထုံး၊ ဘိလပ်မြေ လိုအပ်သည်တို့ကို မှာကြားလိုက်သည်။

* * * * * * * *

ပစ္စည်းမှာကြားထားဆဲ...။

တစ်ခုသော နေဝင်ရီတရောအချိန်။

ရွှေဝွန်းရွာအထက်ပိုင်းနေ ကိုစိုးဝင်းသည် ကိစ္စတစ်ခုဖြင့် ကော့ကရက်ကျွန်းသို့လာရင်း မြိုင်ကြီးငူကမ်းဘက်သို့ သူငယ်ချင်းနှစ်ဦးနှင့်အတူ ကူးလာသည်။ သောက်ထားသဖြင့် ခပ်ထွေထွေလေးဖြစ်နေသည်။ သစ်တုံးကြီးငါးတုံးကို လူအချို့က ကုန်းပေါ်သို့ ဆွဲတင်နေသည်နှင့်ကြုံသဖြင့် ဝိုင်းဝန်းဆွဲတင်ပေးသည်။ ကုန်းပေါ်သို့ သစ်တုံးများရောက်ရှိချိန်မှာ မိုးစုပ်စုပ်ချုပ်နေပြီး ကော့ကရက်သို့ ပြန်မကူးနိုင်တော့။ ဦးရသေ့ဇရပ်မှာပင် ညအိပ်လိုက်သည်။ ကျောင်းထိုင်ဘုန်းကြီးကို မည်သူမည်ဝါမှန်းမသိ။ တွေ့လည်းမတွေ့ဖူးခဲ့။ သစ်တုံးဆွဲနေစဉ် ဘုန်းကြီးတစ်ပါး ကမ်းထိပ်မှာ ရပ်နေသည်ကိုတော့ သတိထားမိသည်။ အရွယ်က ငယ်လွန်းသည်မို့ ကျောင်းထိုင်ဖြစ်မည်မထင်။ ဦးရသေ့အားမေးကြည့်ရာမှ ကျောင်းထိုင်ဘုန်းကြီးမှန်း သိရသည်။ ဦးရသေ့နှင့်ကား ရင်းနှီးပြီးသားဖြစ်သည်မို့ ဇရပ်မှာ ညအိပ်ရင်း မေးကြည့်သည်။

"ဦးရသေ့ ညနေက သစ်တွေဟာ ဘာလုပ်ဖို့လဲဘုရား"

"သိမ်ဆောက်ဖို့လေ"

"ဒီသစ်လောက်နဲ့ လောက်နိုင်ပါ့မလား"

"ဒီအရင်ကသစ်တွေလည်း ရှိထားပြီးပါပြီ။ လုံလောက်ကောင်းပါတယ်လေ"

"သိမ်ဆောက်မယ်ဆိုရင် အမိုးအတွက် တပည့်တော်တာဝန်ထားပါဘုရား။ တပည့်တော်လှူပါမယ်"

"တကယ်လား ဒကာစိုးဝင်း"

"မှန်ပါ။ အမိုးအတွက် တပည့်တော် တာဝန်ယူပါမယ်ဘုရား"

ကိုစိုးဝင်းမြင့်ဖူးသည်မှာ တောရပ်တောရွာမို့ များသောအားဖြင့် ဖက်များနှင့် မိုးထားသည်ကိုသာတွေ့ရသည်။ ဖက်မိုးလောက်တော့ ဝန်မလေးတန်ကောင်းဟု ခပ်ထွေထွေဖြင့် စိတ်ကူးပေါက်ပြီးပြောခဲ့ခြင်းဖြစ်သည်။ ပြောပြီးတော့လည်း အမှတ်မရ။ မေ့မေ့ပျောက်ပျောက်သာ ဖြစ်သည်။

ဘုန်းတော်ကြီးဦးသုဇနသည် မှာထားသော ပစ္စည်းများစုံသည်နှင့် ၁၃၄၇ခုနှစ်၊ နတ်တော်လဆန်း ၁၄ရက်တွင် သိမ်တော်ကို မူလအရွယ်အစားအတိုင်း (၃၀တောင်× ၂၀တောင်) အုတ်မြစ်ချတည်ဆောက်သည်။ အမိုးအတွက် လှူသူရှိကြောင်း ဦးရသေ့လျှောက်ထားဖူးသည်နှင့် သုံးရက်အကြာ အမိုးမိုးရန် အသင့်အနေအထားရှိသည်တွင် ဦးရသေ့အား ရွှေဝွန်းသို့လွှတ်၍ အမိုးအလှူခံစေသည်။ ကိုစိုးဝင်းအိမ်သို့ ဦးရသေ့ရောက်လာသည်။

"ကိုစွ အမိန့်ရှိပါဘုရား"

"ဒကာစိုးဝင်းပြောထားတယ်လေ။ သိမ်ဆောက်ရင် အမိုးလှူပါ့မယ် ဆိုလို့"

ကိုစိုးဝင်း တွေကနဲဖြစ်သွားသည်။ ခုမှ ပြန်လည်အမှတ်ရသည်။ ထိုစဉ်က ခပ်ထွေထွေဖြစ်ခဲ့သည်ကို ရေးရေးလေးစဉ်းစားမိလာသည်။

"မှန်ပါ။ ဖက်ဘယ်လောက်ကုန်မလဲဘုရား"

"သိမ်ကို သွပ်မိုးမှာ"

ပြောစဉ်က ဖက်မိုးမည်ဟုမှန်းပြီး ခပ်ပေါ့ပေါ့ပြောခဲ့သည်။ ခုတော့ သွပ်မိုးဖြစ်နေသည်။ စိတ်ထဲမှာ ဘာမှတော့မဖြစ်။ ဖြစ်နိုင်ခြေကိုသာ အပြေးအလွှား စဉ်းစားရသည်။ ပြောပြီးသားစကားမို့ ဖြစ်အောင် လုပ်ရပေတော့မည်။ အတူထိုင်နေသော ဇနီးဖြစ်သူ မြင့်မြင့်စန်းအား လက်ကုတ်၍ ခေါ်ထုတ်ခဲ့သည်။

"ကဲ...ညီမ ကြားတဲ့အတိုင်းပဲ"

"အေးလေ... လှူပါ့မယ်လို့ ကတိပေးထားပြီးသားဆိုတော့ ဖြစ်အောင် လုပ်ရမှာပေါ့"

"ဟုတ်ပြီလေ... ငွေရေးကြေးရေးအခြေအနေကိုမေးတာ။ လောလောဆယ် လက်ထဲရှိသလားလို့"

"လုပ်မနေနဲ့ အစ်ကိုရယ်။ လှူတာပဲဟာ။ စေတနာသုံးတန် ပြတ်ပြတ်သားသားဖြစ်အောင် လှူကြတာပေါ့"

ကုသိုလ်ရေးဆို လက်မနှေးတတ်သော ပါရမီဖက်မို့ သဒ္ဓါရည်တူ ကြည်ဖြူပြီးသား ဇနီးသည်က သည်နှယ်ဆိုလာသည်။ ဦးရသေ့ရှိရာသို့ ပြန်လာပြီး

"သွပ်အချပ် ဘယ်လောက်လိုပါသလဲဘုရား"

"အချပ်နှစ်ရာတော့ မှန်းထားတာပဲ"

"မြို့နယ်မှာ လျှောက်ကြတာပေါ့ဘုရား။ တပည့်တော် တစ်ခုတော့ ပြောထားမယ်"

"ပြောလေ"

"ဘယ်လောက်လိုသလဲ၊ ဘယ်လောက်လှူရမလဲ ဆိုတာထက် တစ်ခါတည်းသာ အပြတ်ပြောပါဘုရား။ တပည့်တော်က တစ်ကြိမ်တည်းသာ တာဝန် ယူမှာပါ။ တော်ကြာ ဟိုမလောက် ဒီမလောက်လို့ဆိုပြီး ခဏတစ်မျိုး ဖြစ်လာရင် မကောင်းတတ်လို့ပါဘုရား"

"အချပ် နှစ်ရာဆို ရပါပြီ"

"ဦးရသေ့က အချပ်နှစ်ရာလိုတယ်ဆိုရင် လေးရာတင်လျှောက်ရမယ်။ လျှောက်သလောက် ရမှာမဟုတ်ဘူး။ ထုံးစံအတိုင်း တစ်ဝက်သာသာလောက် ရမှာပါဘုရား"

"နှစ်ရာလောက်ပဲ တော်ပြီ။ လိုတာထက်ပိုလျှောက်ရင် လိမ်တယ် ဖြစ်ဦးမယ်"

"ဦးရသေ့က နှစ်ရာလျှောက်ရင် တစ်ရာပဲရဖို့ရှိတယ်။ ဒါကထုံးစံလို ဖြစ်နေပြီ။ ဒီလိုလုပ်ရအောင် သုံးရာတော့ လျှောက်ထားပါ။ လျှောက်လို့ရသမျှ အားလုံး တပည့်တော် ဝယ်လှူပါ့မယ်"

"ဒကာစိုးဝင်း သင့်မယ်ထင်သလိုလုပ်ပါ"

လျှောက်လွှာတစ်စောင် အမြန်ရေးသားပြီး ဦးရသေ့အား လှိုင်းဘွဲ့မြို့သို့ ကားဖြင့် သွားစေသည်။ ကိုစိုးဝင်း စက်ဘီးဖြင့် လိုက်သွားသည်။ ရုံးမှာ လျှောက်လွှာတင်သည်။ မျက်နှာသိချင်းမို့ ချက်ချင်း လျှောက်လွှာကျသည်။ ၁၇၄ချပ် ဝယ်ယူခွင့်ရရှိသည်။ သွပ်များကိုထုတ်ယူပြီး ဦးရသေ့နှင့်အတူ ကားဖြင့် ထည့်ပေးလိုက်သည်။ ကိုစိုးဝင်းက နောက်မှ စက်ဘီးနှင့်လိုက်ခဲ့သည်။ ကိုစိုးဝင်း ရွှေဂွန်းသို့ရောက်ချိန်မှာ ဦးရသေ့ကော သွပ်များပါ မတွေ့ရတော့။ ကားအဆိုက် မော်တော်အဝင်ဖြစ်သည်မို့ မြင့်မြင့်စန်းက မော်တော်နှင့် ထည့်ပေးလိုက်သည်။

ငှင်းနောက် အခြားကိစ္စများနှင့်ရှုပ်နေသဖြင့် မြိုင်ကြီးငူသို့ ကိုစိုးဝင်း ထပ်မရောက်တော့။ သိမ်တော်ရေစက်ချပွဲရောက်ကာမှ ဇနီးဖြစ်သူ မြင့်မြင့်စန်းနှင့်အတူ သွားတော့မည်ဟု စိ ါကူးထားလိုက်သည်။

* * * * * * * *

၁၃၄၇ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် အမိုးနှင့်တကွ သိမ်တစ်ဆောင်လုံး အကြမ်းထည်ပြီးစီးသည်။ ဘုရားခန်းအတွက် ငါးတောင်ခန်းလုံး လွတ်ထားသည်။ သိမ်တော်တွင်ထားရန် ဘုရားရုပ်ပွားတော်ပွင့်ရပေဦးမည်။ ရှေးဟောင်းသိမ်တော်ကြီးဖြစ်သည်မို့ ရှေးဟောင်းရုပ်ပွားတော်ကိုသာ ထားရှိပူဇော်လိုသည်။ ရှေးဟောင်းရုပ်ပွားတော်ကို မည်သို့ရှာမည်မသိ။ အကြံအိုက်နေစဉ် ၁၀လ အဓိဋ္ဌာန်ဝင်စဉ်က ဒြပ်မဲ့အသံရှင်တစ်ဦး၏ လျှောက်ထားချက်တစ်ခုကို ပြန်တွေးမိသည်။

မှတ်မှတ်ရရ ၁၃၄၆ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ရက်၊ အင်္ဂါနေ့ညသန်းခေါင်ကျော်မှာ–

"အရှင်ဘုရား၊ အဓိဋ္ဌာန်မှထွက်ပြီးနောက် အဆင်သင့်သောတစ်နေ့မှာ ရန်ကုန်မြို့၊ ရွှေတောင်လမ်းထိပ်၊ အိမ်အမှတ် (၂၅) ဦးဘသင်၊ ဒေါ်ကြူကြူတို့၏အိမ်အပေါ်ထပ် ဘုရားခန်းသို့ ကြွရောက်ပါဘုရား။ ဘုရားအား ဝပ်တွားပူဇော်ပြီးမှသာ အရှင်ဘုရား အလိုရှိရာ စခန်းစဉ်သို့ ဆက်သွားပါဘုရား" ဟု လျှောက်ထားဖူးသည်။

ဘာတွေ့ရမည်၊ ဘာရမည်၊ ဘာဖြစ်မည်ဟူ၍ လျှောက်ထားချက်တော့ မရှိ။ ရှိခိုးပူဇော်ရုံသာ ပြုပါဟုဆိုသည်။ အကြောင်းထူးတစ်ခု ရှိဟန်ကောင်း၏ တွေးကာ ရန်ကုန်သွားရန် ဘားအံသို့ဆင်းခဲ့သည်။ ရောက်လျှင် ဦးဘိုးသင်းအိမ်မှာ ဆွမ်းဘုဉ်းပေးသည်။ ထိုအခိုက် ဘီးလင်း ကျိုက်ထီးဆောင်းဆရာတော်သည် ဦးအောင်စိုးအိမ်ရောက်ရှိနေကြောင်း သတင်းတစ်ခုကြားရသည်။ ဆရာတော်သည် ရှေးဟောင်းဘုရား စေတီပျက်များကို ပြုပြင်၍ သာသနာပြုနေသူဖြစ်သည်။ ရှေးဟောင်းရုပ်ပွားတော်များနှင့်ပတ်သတ်၍ အကောင်းဆုံး အကြံပေးနိုင်သည်။

ဆွမ်းဘုဉ်းပေးအပြီးမှာ ကျိုက်ထီးဆောင်ဆရာတော်ထံ သွားရောက်ဖူးတွေ့သည်။ မြိုင်ကြီးငူဘုန်းတော်ကြီးအားတွေ့သည်ဆိုလျှင် ဆရာတော်က တိစီဝရိတ်သင်္ကန်းတစ်စုံပေးသည်။ ချက်ချင်းပင် ဝတ်ရုံစေသဖြင့် သင်္ကန်းဟောင်းနှင့် လဲလှယ်ဝတ်ရုံရသည်။ သင်္ကန်းဟောင်းကို ဒကာများအား စွန့်ပေးခဲ့ရသည်။ ၄င်းနောက် ရှေးဟောင်းရုပ်ပွားတော်အကြောင်း လျှောက်ထားရာ မြိုင်ကြီးငူမှ ရှေးဟောင်းရုပ်ပွားတော်တစ်ဆူအကြောင်း ရောက်သွားသည်။

မြိုင်ကြီးငူမှာ ပဉ္စလောဟာဖြင့် သွန်းလုပ်ထားသော ရုပ်ပွားတော်ကြီးတစ်ဆူရှိခဲ့ဖူးသည်။ လူသူအရောက်ပေါက်နည်းစဉ်က ၄င်းရုပ်ပွားတော်ကို ဘုရားမှောင်ခိုကူးသူများက ဦးခေါင်းတော်ဖြတ်၍ တစ်ဘက်နိုင်ငံသို့ပို့ရန် ယူဆောင်သွားသည်။ လေးလွန်းသဖြင့် ပုံတော်တစ်ခုလုံး မယူဆောင်သွားနိုင်။ ဦးခေါင်း

တော်ကိုသာ ဖြတ်ယူသွားကြသည်။ ဒါတောင်မှ အချိန် ၃၀မျှ လေးနေသေးသည်။ (၄င်းရုပ်ပွားတော်မှာ နန်းကြာသီး ကိုးကွယ်ပူဇော်ခဲ့သော ရုပ်ပွားတော်ဖြစ်သည်။) ဦးခေါင်းတော်ကို ဖြတ်ယူသွားပြီး အိမ်တစ်အိမ်နောက်ရှိ တောတစ်နေရာတွင် မြေမြှုပ်ထားသည်။ နောက်ပိုင်း ထိုဘုရားခိုးသူများ အကြောင်းကြောင်းကြောင့် ပျက်စီးကုန်သည်။ ဦးခေါင်းတော်မှာ မြေကြီးတွင်းမှာ အတော်ကြာနေခဲ့ရသည်။

တစ်နေ့တွင် လက်သမားနှစ်ဦး သစ်တိုက်ရန် မြေကျင်းတူးနေစဉ်ဘုရားဦးခေါင်းတော်ကို တွေ့ရသည်။ ဘုရားဟုမထင်၊ နတ်ဦးခေါင်းဟုသာယူဆပြီး ထော်ရွဲရွာသားများအား ဝက်တစ်ကောင်နှင့် လဲလှယ်ရောင်းစားလိုက်သည်။ ရသောဝက်ကို ပေါ်၍စားကြရာ ဝမ်းအကြီးအကျယ်ရောဂါ၍ သေဆုံးကြပြန်သည်။ နတ်ဖမ်းစားတာဖြစ်မယ်ဟု ထော်ရွဲရွာသားများကလည်း မယူထားရဲတော့ဘဲ ၄က်ပျောတောကျောင်းဆရာတော်သို့ ပေးပို့လှူဒါန်းလိုက်သည်။ နိက်သည်ဆိုသဖြင့် ဆရာတော်ကလည်း လက်ခံမယူထားရဲ။ တစ်နေရာမှာ စင်ကလေးဆောက်၍ ထားရှိသည်။ တပေါင်းလပြည့်တစ်နေ့မှာ ရွှေဂွန်းအထက်ကျောင်းဆရာတော်သည် အလှူတစ်ခုသို့လာရင်း ၄င်းဦးခေါင်းတော်ကို တွေ့ရှိဆောင်ယူသွားသည်။ ဦးခေါင်းတော် ရွှေဂွန်းအထက်ကျောင်းသို့ ရောက်ရှိပြီးလျှင် သူပုန်များ ဝင်ရောက် မီးရှို့လေသည်။ ရွှေဂွန်းရွာသားများက နွေရောက်ပြီဆိုလျှင် အိပ်ကောင်းခြင်းမအိပ်ရ။ စားကောင်းခြင်းမစားရ။ အထုပ်ကလေးတပြင်ပြင်ဖြင့် အစဉ်နိုးကြားနေရသည်။ ရွှေဂွန်းဆရာတော်သည် ဦးခေါင်းတော်ရရှိပြီးနောက် ကိုယ်လုံးတော်ကို မူလခေါင်းတော်ရှိရာ (ယခု စိန်ပန်းမြိုင်ရပ်ကွက်တစ်နေရာ) မှာ သွားရှာစေသည်။ မတွေ့။ ကိုယ်လုံးတော်က မြိုင်ကြီးငူတောတွင်းက ကတွတ်ပင်ရင်းမှာရှိနေသည်။ ထိုစဉ်ခါက မြိုင်ကြီးငူသို့ ဦးသုဇနရောက်ခဲ့ပြီးနောက် ကိုယ်လုံးတော်ကို တွေ့မြင်ထားရပြီးဖြစ်သည်။ အဘိုးတော်စပ်သူ ရွှေဂွန်းဆရာတော်ထံမှာ ဦးခေါင်းတော်ရှိသည် ကြား၍ သွားတောင်းသည်။ မရခဲ့။ ကိုယ်လုံးတော်ကို သူ့ဆီသို့ ပို့ပေးပါရန် တောင်းဆိုသည်။

မဖြစ်၊ မဖြစ်။ ကိုယ်လုံးတော်ကို သူ့ဆီသို့ပို့လို့မဖြစ်။ သို့အတွက်မပေးခဲ့။ ဒုတိယမ္ဗိ ဦးခေါင်းတော်တောင်းသည်။ မရခဲ့။ သုံးကြိမ်မြောက် တောင်းပြီးသောအခါ ရွှေဂွန်းဆရာတော်က ကိုယ်လုံးတော်ကို အင်္ဂတေဖြင့်ကိုယ်လုံးတည်ထား၍ ဦးခေါင်းတော်နှင့် ဆက်စပ်၍ ပူဇော်ခဲ့သည်။ ရုပ်ပွားတော်အဖြစ်ဆက်စပ်တည်ထားပြီးသည်မို့ ယူ၍မဖြစ်တော့သဖြင့် ကိုယ်တော်ပိုင်းကို ဌာပနာ၍ မြိုင်ကြီးငူကုန်းတော်ထိပ်တွင် စေတီတည်ထားလိုက်ရတော့သည်။ စေတီ၏ဘွဲ့အမည်ကို ရန်အောင်မြေစေတီတော်ဟု သမုတ်တော်မူသည်။ (ယခု ဆောက်

လုပ်ဆဲ ဂန္ဓကုဋီတိုက်တော်အနားရှိ စေတီဖြစ်သည်။)

ကျိုက်ထီးဆောင်းဆရာတော်က ငှင်းမျက်နှာတော်ဘုရားကို ဖူးလိုသည်ဆို၍ ဆရာတော်နှင့်အတူ ရွှေဥမင်းသို့ ပြန်တက်ခဲ့သည်။ ဆရာတော်၏ ပရိသတ်များ ပါလာကြသည်။ အထက်ကျောင်းကြီးသို့ ရောက်ရှိပြီး မျက်နှာတော်ဘုရားကို ဖူးမြော်သည်။ ကျိုက်ထီးဆောင်းဆရာတော်က–

"ကိုယ်တော်တို့ မြေးအဘိုးလုပ်တာနဲ့ ဘုရားရုပ်ပွားတော်ဟာ ခေါင်းတစ်ခြား၊ ကိုယ်တစ်ခြား အိုးစားကွဲရတော့တယ်" ဟု မိန့်ဆိုသည်။

မှန်သည်။ မည်သို့မှ မတတ်နိုင်လေပြီ။ အဘိုးဖြစ်သူက ဦးခေါင်းတော်ကို ပြန်ပေးရမည်စိုး၍ ညတွင်းချင်း ရုပ်ပွားတော်တစ်ဆူအဖြစ် ဖန်းတီးဆက်စပ်တည်ထားလိုက်သည်။ မြေးဖြစ်သူကလည်း ကိုယ်လုံးတော်ကို သည်အတိုင်းထား၍ မသင့်လျော်သဖြင့် စေတီအတွင်း ထည့်သွင်းဌာပနာလိုက်သည်။ မည်သို့မျှ ဆက်စပ်၍ မရနိုင်တော့။ ဘုရားစေတီ ရုပ်ပွားဆင်းတုတော်များကို ဖျက်လိုဖျက်ဆီးပြုလုပ်သူများသည် ပဉ္စာနန္တရိယကံ ငါးပါးအနက် လောဟိတုပ္ပာဒကကံ လောက်နီးနီး ကံကြီးထိုက်တတ်သည်။ ယခုပင်လျှင် ငှင်းနှင့်ပတ်သက်၍ အသက်ခန္ဓာသော်မှ ပျက်စီးခဲ့ကြလေပြီ။ တစ်နည်းဆိုရလျှင် မြိုင်ကြီးငူရှိ ပစ္စည်းဟူသမျှသည် ကျိန်စာနှင့်ကင်းသည်ဟူ၍ မရှိခဲ့။ တည်ထားပြီးသော ရုပ်ပွားတော်၊ စေတီတော် အသီးသီးဖြစ်ကုန်သဖြင့် မြေးအဘိုးနှစ်ယောက်ကြားမှာ ပဥ္စလောဟာ ရုပ်ပွားတော်ကြီးသည် ဦးခေါင်းတော်နှင့် ကိုယ်လုံးတော် တသီးတခြားဖြစ်ကာ အသီးသီး ဌာနခြား၍ စံပယ်တော်မူကြရသည်။ ထိုကို ကျိုက်ထီးဆောင်းဆရာတော်က ပြောသည်မှာ မလွန်။

မျက်နှာတော်ဘုရားဖူးပြီး ရွှေဥမင်းမှာ ကျိန်းစက်သည်။ မြိုင်ကြီးငူဘုန်းတော်ကြီးက သိမ်ထဲထားရှိပူဇော်နိုင်ရန် ရှေးဟောင်းရုပ်ပွားတော် အလိုရှိကြောင်း လျှောက်သည်တွင် ကျိုက်ထီးဆောင်းဆရာတော်က ပြည်မြို့ရွှေဆံတော်ဘုရားသို့သွားရန် ညွှန်ကြားသည်။ သွားရန်သာပြောသည်။ ဘာတွေ့မည်၊ ဘာရမည်၊ ဘာဖြစ်မည်တော့ ဆိုတော်မမူချေ။

နံနက်လင်း၍ ဘားအံသို့ အတူလိုက်ဆင်းလာခဲ့သည်။ ပြည်မြို့သို့သွားရန် ကျိုက်ထီးဆောင်းဆရာတော်က အဖော်အဖြစ်–

- ကိုအုန်းမြင့် (ဗမာ)
- ကိုမြသွင် (မွန်)
- ကိုအောင်ကြည် (ကုလား) ဒကာသုံးဦး ထည့်ပေးလိုက်သည်။

ဟုတ် ဟုတ်သေးတော့။ မြိုင်ကြီးငူဘုန်းကြီးက ကရင်အမျိုးသား။ လူမျိုးစုံကို ဖြစ်သွားတော့သည်။ ပြည်သို့မသွားမီ ရန်ကုန်သို့ အလျင်ဝင်သည်။ ရွှေတောင်

လမ်းထိပ်၊ အိမ်အမှတ် (၂၅) ဦးဘသင်+ ဒေါ်ကြူကြူအိမ်သို့ရောက်သည်။ ဘယ်သူ့ဘယ်သူမှမသိ။မိတ်ဆက်ယူကာ လာရင်းအကြောင်း အတိုချုပ် ပြောပြ သည်။ ဝင်ခွင့်ရသည်နှင့် အပေါ်ထပ်သို့တက်ပြီး ဘုရားခန်းဝင်ကာ ရုပ်ပွားတော် အား ရှိခိုးဝတ်ပြုသည်။ ရုပ်ပွားတော်သည် ဘေသဇ္ဇမုနိ ရုပ်ပွားတော်ဖြစ်သည်။ (ဘေသဇ္ဇမုနိရုပ်ပွားတော်မှာ မြိုင်ကြီးငူတွင် ယခု သွန်းလောင်းနေဆဲ ဉာဏ်တော် ၂၉ပေ ရှိ ရုပ်ပွားတော်ဖြစ်သည်။)

နာရီဝက်ခန့် ဘုရားရှိခိုးပြီး ဆင်းလာသည်။ ဦးဘသင်က မရှိ။ ဇနီး သည်ဒေါ်ကြူကြူက ပြည်မြို့သို့သွားရန် စီစဉ်ပေးသည်။ ဘုန်းတော်ကြီးဦးသုဇန နှင့်အတူ လူမျိုးစုံဘုရားဖူးခရီးသည်များ ပြည်မြို့သို့ ခရီးဆက်ကြသည်။ ပြည်မြို့ ရွှေဆံတော်ဘုရားဝင်းအတွင်း တနင်္ဂနွေထောင့်တွင် ခြေရာတစ်ထောင် မောင် မဲခေါင်အဆောင်ရှိသည်။ ၎င်းအနားမှာ မြိုင်ကြီးငူသိမ်နှင့် အရွယ်အစား ပမာဏ အားလုံး အဆင်တူညီမျှသော ရေးဟောင်းသိမ်တော်ကြီးရှိသည်။ သိမ်တော် အတွင်းသို့ ဝင်ရောက်ကာ ဘုရားဝတ်ပြုပြီး မြိုင်ကြီးငူမှာ ဝတ်အဖြစ် ရွတ်လေ့ ရှိသော

မဟာဝေပုလ္လဘုရားရှိခိုးတော်ကြီး
ပရိတ်ကြီး ၁၁သုတ်
မဟာသမယသုတ်
မဟာ သတိပဋ္ဌာနသုတ်

ပဌာဝိဇယမန္တန်တော်ကြီးတို့ကို တစ်ထိုင်တည်း ရွတ်ဆိုပူဇော်သည်။ ၎င်းနောက် ဂေါပကအဖွဲ့အား လာရင်းအကြောင်းကို ပြောပြကာ ဂေါပကများက ဗုဒ္ဓပြတိုက်တော်တွင်းမှ ၁၇လက်မရှိ ရေးဟောင်း မတ်ရပ်ရုပ်ပွားတော်တစ်ဆူ ပေးလှူလိုက်သည်။

ထိုရုပ်ပွားတော်ကို ပင့်ဆောင်ခဲ့ကာ မြိုင်ကြီးငူသို့ရောက်လျှင် သိမ် အတွင်း ဘုရားဆောင်အလယ်တည့်တည့်တွင် မှန်စီရွှေချပလ္လင်စီစဉ်၍ ရေး ဟောင်းရုပ်ပွားတော်ကို ဌာပနာပြုကာ အပြင်မှ ၎င်းပုံစံအတိုင်း အင်္ဂတေဖြင့် ပကတိလူ၏လုံးရပ်နှင့်ထု၍ရုပ်ပွားတော်ပြုလုပ်ပူဇော်သည်။ ဝဲဘက်ပလ္လင်တော် တွင် တောင်ကြီးမြို့ ပါတီယူနစ်ဥက္ကဋ္ဌပေးလှူသော နှစ်ပေါင်း ၈၀၀ခန့်ရှိ ရုပ် ပွားတော်ကိုလည်းကောင်း၊ ယာဘက်ပလ္လင်တော်တွင် ကျိုက်ထီးဆောင်းဆရာ တော်ပေးလှူသော နှစ်ပေါင်း ၁၂၀၀ ကျော်ရှိ ရုပ်ပွားတော်ကိုလည်းကောင်း အလားတူ ထည့်သွင်းဌာပနာပြုကာ ပုံစံတူထည့်ထား ပူဇော်ထားခဲ့သည်။

# လျှောက်လှမ်းရမည့် ခရီး

၁၃၄၈ခုနှစ်၊ နတ်တော်လ။

သိမ်ကို စတင်တည်ဆောက်သည်မှ စ၍ ရေတွက်လျှင် တစ်နှစ် တင်းတင်းပြည့်ပြီ။ အားလုံးပြည့်စုံသွားပြီ။ အရပ်ရပ်အလှူရှင်တို့၏ ဒါနကုသိုလ်ကို ရေစက်ချရန်သာ ကျန်တော့သည်။ ရေစက်ချပွဲကို လပြည့်ကျော်တစ်ရက်နေ့မှစ၍ အသံမစဲ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို စတင်သည်။ ပဋ္ဌာန်းပိတ်ပွဲနှင့် သိမ်ရေစက်ချပွဲကို တစ်ပြိုင်တည်းပြုလုပ်မည် လျာထားသည်။ ရေစက်ချပွဲကို ဘားအံမြို့၊ မဲဘောင်ကျောင်းတိုက်၏ ဦးစီးပဓာန နာယက ဆရာဘော် ဖြစ်တော်မူသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တ ဣန္ဒြိယမဟာထေရ်မြတ်ဆရာတော်ဘုရားကြီးနှင့် ဘားမဲ့တောင် ဆရာတော်ဘုရားကြီးတို့ကို အမှူးထား၍ ပင့်ဆောင်ထားသည်။ အဘိုးတော်စပ်သူ ရွှေဂွန်းအထက်ကျောင်းဆရာတော်ကိုပါ မရရအောင် ပင့်ဆောင်ထားသည်။ ဆရာတော်က မကြွလာလိုလှ။

ပထမအကြိမ် ပင့်စာဖြင့် လျှောက်ထားသည်။ မလာလိုဟု ကြားသဖြင့် ဘုန်းတော်ကြီး ဦးသုဇနကိုယ်တော်တိုင်ဆင်း၍ တူမဖြစ်သူ (မြိုင်ကြီးငူဘုန်းကြီး၏မယ်တော်) ကလည်း ဆရာတော်အား ဖူးတွေ့ချင်ပါကြောင်း ထည့်၍ အမျိုးစပ်ထားသည်။ ထိုအခါ ကြွပါမည်ဟု ဆိုသည်။ မြိုင်ကြီးငူသိမ်ကို သိမ်မဟုတ်ဟု ဆိုသူများထဲတွင် အဘိုးဖြစ်သူဆရာတော်က ထိပ်ဆုံးမှပါဝင်သည်။ တစ်နယ်လုံးမှ သံဃာများကလည်း ဤသိမ်တွင်းသို့ မဝင်ရောက်နိုင်။ သံဃာဝတ်ကိုအတူမပြုနိုင်ဟု ကြွေးကြော်ထားသည်။ အကြောင်းစုံကို မဲဘောင်ဆရာတော်ဘုရားကြီးအား လျှောက်ထားရာ–

"အိမ်း.. သင်းတို့မလာရောက်ရင် နေကြပါစေ။ ဘုန်းကြီးကိုယ်တိုင်ကြွမည်" ဟု မိန့်တော်မူသည်။ ဘုန်းကြီး ဦးသုဇန စိတ်အေးသွားသည်။ ပြည်

နယ်ဂုဏ်ဆောင် တစ်ပါးဟည်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် ဦးဆောင်၍ ကြွရောက်တော်မူပါလျှင် ခေါင်းတွဲကြီးနောက် ရထားတွဲများ အစဉ်လိုက်ပါလာသကဲ့သို့ ရှိချေမည်ဟု တွေးထားလိုက်သည်။

နတ်တော်လပြည့်ကျော် ၁၀ရက်တွင် မဲဘောင်ဆရာတော့်တို့အား ပင့်ကြိုရန် ဘားအံသို့ဆင်းခဲ့သည်။ ဘုန်းတော်ကြီး ဦးသုဇနကအဆင်း၊ ရွှေဝွန်းဆရာတော်က အတက်ဖြစ်သည်။ မဆုံမိကြ။ ရွှေဝွန်းဆရာတော်သည် မြိုင်ကြီးငူသို့ရောက်ပြီး သိမ်အနေအထားကိုအကဲခတ်ကာ တစ်ညမျှကျိန်းစက်ပြီး ရွှေဝွန်းသို့ ပြန်ကြွသွားသည်။

ဘုန်းကြီး ဦးသုဇနသည် စီစဉ်စရာများကို ဆောင်ရွက်၍ လပြည့်ကျော် ၁၁ရက်တွင် 'အောင်မြင့်ဦး' မော်တော်ဖြင့် မဲဘောင်ဆရာတော်ဘုရားကြီး၊ ဘားမဲတောင် ဆရာတော်ဘုရားကြီးတို့ကို ပရိသတ်များနှင့်အတူ ပင့်ဆောင်လာသည်။ မော်တော်တစ်ခုလုံး ခြေချစရာမရှိအောင် လူများပြည့်သိပ်နေသည်။ မော်တော်အမိုးပေါ်မှာပါ လူတွေအပြည့်နှင့်ဖြစ်နေသည်။ ရွှေဝွန်းဆိပ်ရောက်၍ ခေတ္တနားခိုက် ရွှေဝွန်းဆရာတော်ပြန်ကြွလာကြောင်း သတင်းကြားသဖြင့် ဘုန်းတော်ကြီး ဦးသုဇန ပြေးရပြန်သည်။

"အရှင်ဘုရား၊ တပည့်တော် လာပင့်ပါတယ်ဘုရား"

"အေးကွယ်.. ဘုန်းကြီးသွားခဲ့ပြီ။ တစ်ညတောင် ကျိန်းခဲ့သေးတယ်။ ပြန်ရောက်တာမှ မကြာသေးဘူး"

"မှန်ပါဘုရား၊ ဟိုဟာက ရေစက်ချပွဲမှ မဟုတ်သေးတာဘုရား။ မြေးဖြစ်သူ တပည့်တော်အား အဘိုးဖြစ်သူ ဆရာတော်က ကြွရောက်ချီးမြှင့်ပေးတော်မူပါရန် ထပ်ဆင့်လျှောက်ထားပါတယ်ဘုရား"

ရွှေဝွန်းဆရာတော် မကြွချင် ကြွချင်ဖြင့် လိုက်ပါလာရသည်။ ရွှေဝွန်းမှထွက်ခဲ့ပြီး ကော့လုံကျွန်းထိပ်အရောက် တင်ကြိုစီစဉ်ထားသော စီစဉ်ရေးအဖွဲ့များက အောင်စည်အောင်မောင်းတီး၍လည်းကောင်း၊ ဖားစည်၊ ကွဲချီ တီးမှုတ်၍လည်းကောင်း၊ မွေ့စကြော ရွတ်ဖတ်၍လည်းကောင်း၊ ရှစ်လုံးဖွဲ့ကဗျာကို သံပြိုင်ရွတ်ဆို၍လည်းကောင်း၊ ရွှေထီး၊ ငွေထီး၊ ထီးဖြူတော်များနှင့် ဖြန့်ကျက်ကာ စက်လှေပေါင်းများစွာဖြင့် စည်ကားသိုက်မြိုက်စွာ ကြိုဆိုကြသည်။ ညနေ ၃နာရီတွင် မြိုင်ကြီးငူသို့ ဆိုက်ရောက်လာသည်။ လှေဆိပ်မှ ကြိုဆိုနေသူများကလည်း ကမ်းလုံးညွှတ်မှဖြစ်နေသည်။ ဆရာတော်ကြီးများကြွရောက်ရန် သဲဖြူခင်း၊ ရာဇမတ်ကာ၍ ပန်းများပါ ဖြန့်ကြဲထားသည်။ ဆရာတော်ကြီးများအား ဝေါယာဉ်တော်ဖြင့် ပင့်ဆောင်ရန်လည်း စီစဉ်ထားသည်။

ဆရာတော်ကြီးများ ရောက်လျှင်ရောက်ချင်း သိမ်တော်ဖွင့်ပွဲအနေဖြင့် ဒုလ္လဘရဟန်းလောင်း ၇၀ကိုပါ ရဟန်း ပဉ္စင်းတက်ရန် စီစဉ်ထားသည်။ နေရာထိုင်ခင်းစည့်ခံဖို့အတွက် ပြုပြင်ထားရှိသည့်အနေအထား စသော ဗဟုကိစ္စတို့အတွက် စိတ်ပူပြီး မော်တော်ဆိုက်သည်နှင့် ဘုန်းတော်ကြီး ဦးသုဇနက ရှေ့မှကြို၍ သိမ်သို့ အမြန်လာခဲ့သည်။ သိမ်သို့မရောက်မီ ခြေလှမ်း ၅၀ခန့်အလိုသို့ရောက်သောအခါ မျက်လုံးပြူးသွားသည်။ မစင်ပုံကြီးတစ်ပုံ။ သည်နေ့သည်ရက် သည်အချိန်မှာမှ သည်ပစ္စည်းကြီးက ရောက်ရှိနေသည်။ ပန်းခင်းထားသော လမ်းမပေါ်မှာ အမြိုက်သား နေရာယူထားသည်။ နောက်မှ ဆရာတော်ကြီးများက ကြွလာကြပြီ။ မကြာမီ ရောက်တော့မည်။ သဲဖြူခင်း၊ ရာဇမတ်ကာ၊ ပန်းကြဲထားသော လမ်းမအလယ် ဤနယ်သော မစင်ပုံနှင့် မည်သို့မျှ မတင့်တယ်။ လက်ခံနိုင်ဖွယ်လည်းမရှိ။

ဘေးဘီသို့ လှည့်ကြည့်လိုက်သည်။ အနီးအနားတွင် မည်သူတစ်ယောက်မျှမရှိ။ လှေဆိပ်မှာ ဆရာတော်ကြီးများ ကြိုဆိုရာတွင် ငေးမောကြည့်နေကြသည်။ သိမ်နားမှလူတို့က သူတို့အလုပ်နှင့်သူတို့ ရှုပ်နေကြသည်။ ဘုန်းတော်ကြီး ဦးသုဇနသည် ရာဇမတ်အတွင်း ကျော်ဝင်ပြီး မစင်ပုံကြီးကို ဘေးနားမှ ပန်းပွင့်များကိုစုရုံး၍ လက်ဖြင့်ကျုံးကာ အဝေးသို့သွားပစ်လိုက်သည်။ လက်များ မစင်ပေကုန်သည်။ သစ်ရွက်ခြောက်များဖြင့် သုတ်သင်သည်။ အထပ်ထပ် သုတ်ပစ်သည်။ နမ်းမှကျေနပ်သော လူ့သဘာဝအတိုင်း လက်များကို နမ်းကြည့်သည်။ ထူးဆန်းစွာ အနံ့ လုံးဝမရချေ။ ပကတိ မစင်ဆိုလျှင် သုတ်ပစ်ရုံနှင့် လုံးဝအနံ့မစင်နိုင်။ ရေဆေးမှသာ စင်နိုင်ပါလျက် သည်မစင်ကျတော့ ဘာကြောင့်အနံ့မရလေသနည်း။

စဉ်းစားမနေအားပြီ။ ဆရာတော်ကြီးများ၏ဝေါယာဉ်တော်များ နီးလာပြီ။ ခြေရာလက်ရာပျက်သွားသည်ကို ဘေးနားမှပန်းများချဲကာ ပြုပြင်ထားလိုက်သည်။ ဆရာတော်ကြီးများ သိမ်အတွင်းသို့ရောက်လျှင် ခေတ္တမျှ နားနေ အပန်းဖြေကြပြီးသည်နှင့် ရဟန်းခံပွဲ စတင်သည်။

ရဟန်းခံပွဲတွင် မဲဘောင်ဆရာတော်ကြီးက ရွှေဝွန်းဆရာတော်အား အရာထားသောအားဖြင့် ဥပဇ္ဈာယ်ဆရာအဖြစ် ဆောင်ရွက်စေသည်။ မိမိမှာမူ အနုသာသနဆရာအဖြစ်သာ ထမ်းဆောင်သည်။ သက်တော်ဝါတော်အားဖြင့်လည်းကောင်း၊ ဟိတ် ဂုဏ် ဒြပ် အားဖြင့်လည်းကောင်း မိမိထက်ကြီးမြင့်သူ ဆရာတော်ဘုရားကြီးကိုယ်တိုင်က ကမကထလုပ်၍ မင်္ဂလာသိမ်တော်ဖွင့်ပွဲ ကျင်းပနေသည်မို့ ရွှေဝွန်းဆရာတော်မှာ မည်သို့မျှ မလွန်ဆန်နိုင်။ ခေါင်းတော်ညိတ်လိုက်ရသည်။ သိမ်နှင့်ပတ်သက်၍လည်း မည်သို့မှမဆိုသာ။ နှုတ်တော်

ဆိတ်လိုက်ရသည်။

အဘိုးဖြစ်သူ ဆရာတော်နှင့် မြေးဖြစ်သူ မြိုင်ကြီးငူဘုန်းတော်ကြီးတို့သည် ဆွေမျိုးရင်းချာပီပီ ပွင့်ပွင့်လင်းလင်းပြောသည်။ ပြောင်ပြောင်တင်းတင်း ဆုံးမသည်။ သိမ်ကိစ္စနှင့်ပတ်သက်၍ ရွှေဂွနိုးဆရာတော်က ထိပ်ဆုံးမှ ဆန့်ကျင်သည်။ သိမ် ရေစက်ချပွဲသို့ မရမနေ သုံးကြိမ်တိုင်တိုင် ပင့်၍သာ ရောက်ခဲ့သည်။ စိတ်တွင်းမှ ကြည်လင်လှမည်မထင်သည့်အဖြစ်ကို ရိပ်မိ၍ အဘိုးဆရာတော်အား ကျကျနနပြုစုမည် ရည်ရွယ်ထားခဲ့သည်

သို့သော် ဖြစ်ရပုံများ…

သိမ်တော် ရေစက်ချပွဲသို့ လာရောက်ကြသော ရဟန်းပရိသတ်၊ လူပရိသတ်က များပြားလှသည်။ နေရာထိုင်ခင်းမရှိသေးသော မြိုင်ကြီးငူအဖို့ ဆရာတော်ကြီးများမှအပ နေရာထိုင်ခင်း မစီစဉ်နိုင်။ မိမိတို့အနေဖြင့်သာ အဆင်ပြေသလို စီစဉ်နေထိုင်ကြရသည်။ ဆရာတော်ကြီးများအတွက်သာ အထူးပြု၍ တစ်ဆောင်တည်းသောကျောင်းမှာ ရှိသမျှနှင့် အကောင်းဆုံးဖြစ်အောင် နေရာထိုင်ခင်းအတွက် စီစဉ်ပေးထားသည်။ ရွှေဂွနိုးဆရာတော်ကြီး သိမ်တွင်းမှာသာ သီတင်းသုံးမည်ဆိုသည်။ မဲဘောင်ဆရာတော်ကြီးက မိမိ၏နေရာထိုင်ခင်းအတွက် လိုက်လာသူဒကာများက အသင့်ယူဆောင်လာကြသဖြင့် မိမိအတွက် ခင်းထားသော နေရာထိုင်ခင်းကို မရသေးသော အာဂန္တုကတစ်ပါးက လမ်းမှဖြတ်၍ ယူထားလိုက်သည်။ ဘုန်းတော်ကြီး ဦးသုဓနလည်း ပို့နိုင်းလိုက်တာရပြီ ယူဆကာ အခြားဗျာပါရကိစ္စများကို လုံးပန်းနေလိုက်သည်။ တစ်ချက်သော်မှ ပြန်လှည့်မကြည့်နိုင်။

နောက်တစ်နေ့ နံနက် ရဟန်းတာ်ရန် တစ်ဆိုင်းရှိသေးသဖြင့် သိမ်သို့ရောက်လာမှ အဘိုးဆရာတော်၏ဖြစ်အင်ကို သိရတော့သည်။ သိမ်တွင်းမှာ ဖျာတော့ခင်းထားသည်။ သဘော်ဖျာကြမ်းသာ။ ထိုဖျာကြမ်းပေါ်ဝယ် ပါလာသော ဒုကုဋ်ကလေးကို ခေါင်းအုံးလုပ်၍ ကျိန်းစက်လိုက်ရသည်။ ဆွမ်းပို့မည့်သူလည်းမရှိ။ ဘုန်းတော်ကြီး ဦးသုဓနရောက်သွားစဉ်မှာ ဆွမ်းပြုတ်ကလေး တစ်ပန်းကန်တည်းဖြင့်သာ ဘုဉ်းပေးနေရသည့်အဖြစ်ကို မြင်ရသည်။ ရင်ထဲ အတော်ကြီးကို စိတ်မကောင်းဖြစ်သွားသည်။ သိမ်ကိစ္စနှင့်ပတ်သက်၍ ဆန့်ကျင်သူမို့ တမင် သည်လိုပြုလုပ်သည်ထင်သွားမှဖြင့် အခက်။

“အဘိုးဆရာတော်ဘုရား… တပည့်တော်ကို ခွင့်လွှတ်ပါ။ ဆရာတော်အားခေါ်၍ ဒုက္ခပေးသလိုဖြစ်နေပြီဘုရား။ တပည့်တော် အခြားဗျာပါရကိစ္စလေးတွေနဲ့ ရှုပ်နေလို့ပါဘုရား”

“အေးကွယ်… ကိစ္စမရှိပါဘူး။ တောကျောင်းဆိုတော့ ဒီလိုပေါ့။ ပြည့်

ပြည့်စုံ ဘယ်ရှိပါ့မလဲ။ ပရိသတ်ကလည်း အရမ်းများတော့ ဒီလိုပေါ့။ ထောင်ဖေ့အောင် ဘယ်စီစဉ်နိုင်ပါ့မလဲ။ ကိုယ်တော် ဘာမှစိတ်မဖြစ်ပါနဲ့။ ဘုန်းကြီး ခွင့်လွှတ်ပါတယ်"

ခွင့်လွှတ်စိတ်အပြည့်ဖြင့် မိန့်တော်မူရာသည်။

* * * * * * * *

နံနက် ၇နာရီမှာ ရဟန်းတစ်ဆိုင်းဖတ်သည်။ ရဟန်းဖတ်အပြီးမှာ မဲဘောင်ဆရာတော်ဘုရားကြီးအား အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဂုဏာဘိသိက္ခပူဇာ (ဂုဏ်ပြုပူဇော်ပွဲ) ကို ကျင်းပသည်။ ထိုပွဲနှင့်ပတ်သက်၍ ရသမျှသော နဝကမ္မဝတ္ထုငွေ သုံးသောင်းငါးထောင်ကျော်ကို ကပ္ပိယကာရကအား အားလုံး ပေးလိုက်စေသည်။

မဲဘောင်ဆရာတော်ကြီးအား ပူဇော်ပွဲအပြီး သိမ်တော် ရေစက်ချပွဲကို နန်းဦးစေတီရင်ပြင်မှာ ကျင်းပသည်။ တိုင်တစ်ရာမဏ္ဍပ်ကြီးကို ဟီးနေအောင် ပြင်ဆင်ထားသည်။ ရေစက်ချအခမ်းအနားကို မဲဘောင်ဆရာတော်ဘုရားကြီး ကိုယ်တိုင် ဦးဆောင်သွားသည်။ ဘုန်းတော်ကြီး ဦးသုဇနက ပင့်သံဃာများနှင့် အတူ ထိုင်နေရုံသာ။ ထိုတွင် ထူးဆန်းစွာ တစ်ခုဖြစ်ပေါ်လာသည်။ ဤအဖြစ်ကို ဘုန်းတော်ကြီးဦးသုဇနက ဘာမှမသိလိုက်။ ပွဲပြီးကာမှ သူများတတွေ ပြန်ပြော ပြမှ သိရသည်။

လက်သီးဆုပ်လောက်ရှိသော ပင့်ကူကြီးတစ်ကောင်သည် ငြိမ်သက်စွာ ထိုင်နေသော ဘုန်းတော်ကြီးဦးသုဇန၏ ကိုယ်ပေါ်တက်၍ အမျှင်များဖြင့် အပေါ် အောက်အောက်ဆင်းရစ်ပတ်နေသည်။ ပတ်ချာလည်၍လည်း ရစ်ပတ်သည်။ အိမ်ဖွဲ့သည်။ အတော်ကလေးရလောက်သည်တွင် ရပ်ဝတည့်တည့်မှာ တန့်နား လည်ငြိမ်နေလေတော့သည်။ တရားနာ ရေစက်ချ၍ အမျှဝေ သာဓုခေါ်ပြီးချိန် ရောက်တော့ ပင့်ကူကြီး အလိုလိုပျောက်သွားသည်။ ပင့်ကူမျှင်ဟူ၍ တစ်မျှင်သော်မှ မရှိ။ အများအမြင်မှာ ပင့်ကူမျှင်တွေအကြား ဘုန်းတော်ကြီး ဦးသုဇနတစ်ပါး ယားကျိကျိဖြင့် နေရခက်နေမည်ဟု တွေးကြသည်။ တရားပွဲ အာရုံမပျက်စေလို သောကြောင့်ရယ်၊ ဘုန်းတော်ကြီးဦးသုဇနကိုယ်တိုင်က ထူးခြားသောလှုပ်ရှားမှု မရှိသောကြောင့် ရယ် မြင်ရသူများက ဖယ်ရှားခြင်းမပြုကြ။ ဤအဖြစ်ကို ပွဲကြီး ပြီးကာမှ တစ်ယောက်စကားတစ်ယောက်နားဖြင့် အဆင့်ဆင့် ကြားသိရခြင်း ဖြစ်သည်။ ကာယကံရှင်အနေဖြင့် စိုးစဉ်းမျှ မသိရှာပါလေ။

ရေစက်ချအပြီးမှာ ကြွရောက်ချီးမြှင့်တော်မူကြသော ပင့်သံဃာ၊ အရန် သံဃာ၊ ကျောင်းနေသံဃာ အသီးသီးနှင့် သီလရှင် စသည်တို့အား နဝကမ္မ

၁ထွာ့အလှူငွေအဖြစ်

| | |
|---|---|
| ပင့်ကျောင်း ၁၁၅ကျောင်းအား တစ်ကျောင်းလျှင် | ၁၅ဝိ/–စီ |
| သာမဏေ ၁၂ဝပါးအား တစ်ပါးလျှင် | ၁ဝဝိ/–စီ |
| သီလရှင် ၇၃ပါးအား တစ်ပါးလျှင် | ၇၅ိ/–စီ |
| ရသေ့ ၃၄ဦးအား တစ်ပါးလျှင် | ၇ဝိ/–စီ |
| ရဟန်း ၁၅၆ပါးအား တစ်ပါးလျှင် | ၉ဝိ/–စီ |
| ရသေ့မ ၂ဝဦးအား တစ်ဦးလျှင် | ၅ဝိ/–စီ |
| ဖိုးသူတော် ၁၅ဦးအား တစ်ဦးလျှင် | ၄၅ိ/–စီ |

အသီးသီးလှူဒါန်းသည်။

သိမ်တော်ကို မင်္ဂလာသိမ်တော်ဟု ဘွဲ့ချီကာ ကမ္ပည်းမော်ကွန်း တင်တော်မူသည်။

ပွဲအစအဆုံး ပြီးစီးချိန်ထိ အချိုမှုန့်ပုံးထဲမှ ငွေစက္ကူများမှာ နှစ်ထပ်လောက်ကျန်နေသေးသည်။

ရေစက်ချပွဲနေ့က အဘိုးဖြစ်သူ ဆရာတော်ဖြစ်အင်ကို ပြန်လည်တွေးမိတိုင်း စိတ်မကောင်းခြင်းဖြစ်သဖြင့် နောက်တစ်နေ့နံနက်တွင် ရဟန်းများနှင့်အတူ ရွှေဥဒ္ဒန်းဆရာတော်ထံသို့ သွားရောက်၍ ဝန်ချတောင်းပန်ကန်တော့သည်။

ရွှေဥဒ္ဒန်းဆရာတော်က အနူးအညွတ် ခွင့်လွှတ်တော်မူသည်။ ကန်တော့ကြပြီးနောက် ရွှေဥဒ္ဒန်းမှတစ်ဆင့် ဝဲပျံသို့ ဘုရားဖူးရောက်ကြရာ ညနေဘက်တွင် မြိုင်ကြီးငူသို့ ပြန်ခဲ့ကြသည်။

မင်္ဂလာသိမ်တော် ရေစက်ချပွဲကား မြိုင်ကြီးငူလို ဒေသအဖို့ ခမ်းနားကြီးကျယ်စွာဖြင့် ပြီးဆုံးခဲ့သည်။ ၁၃၄၅ခုနှစ် ပဋ္ဌာန်းပိတ်ပွဲထက် အဆများစွာ ပရိသတ်များပြားလှသည်။ မဲဘောင်ဆရာတော်ဘုရားကြီးကပင် နှုတ်တော်မှ

"ဘုန်းကြီးအလှူပွဲကြီးတွေ လိုက်လာတာ ပွဲပေါင်း ၃ဝဝ ကျော်ပြီ။ ဒီပွဲဟာ အစည်ကားဆုံးပွဲလို့ ပြောရမလိုတောင်ဖြစ်နေပြီ"ဟု မိန့်မြွက်တော်မူသည်။

ဘုန်းတော်ကြီးဦးသုဇနသည် များပြားသော ပရိသတ်ကိုကြည့်ကာ ကြိတ်၍ ပီတိဖြစ်နေသည်။

ပွဲတော်စည်ကား သိုက်မြိုက်လွန်း၍လည်းမဟုတ်။ မိမိစွမ်းဆောင်ချက်အောင်မြင်၍လည်းမဟုတ်။ မဲဘောင်ဆရာတော်ဘုရားကြီး မိန့်မြွက်ချက်ကိုကြားရသဖြင့် ဘဝင်လေဟပ်သွားခြင်းလည်းမဟုတ်။ အမှန်မှာ ဒေသခံတိုင်းရင်းသားတို့၏ စေတနာနှင့် သဒ္ဓါတရားကို အကဲခတ်မိသောကြောင့်သာဖြစ်သည်။ ဒေသခံတို့သည် ဘာသာတရားကို မည်မျှမွတ်သိပ်လိုလားနေသည့်အဖြစ်ကို

ခန့်မှန်းနိုင်ခဲ့သည်။ လျှောက်လှမ်းရမည့် သာသနာပြု ရှေ့ခရီးအတွက် ကောင်းသောအလားအလာဟု မှတ်ယူလိုက်သည်။ ဤသည်ကို မည်သူမျှမသိရှိနိုင်။ သိကောင်းသောအရာလည်းမဟုတ်။ မိမိကသာ ဦးဆောင်လုပ်ရမည်မို့ အခြားသူတို့အား အသိပေးစရာမလိုပေ။ အသိပေးလို့လည်း မဖြစ်။ မိမိဒေသအခြေအနေကို မိမိအသိဆုံးဖြစ်သည်။

မဟာသဓောတ်တော်မှာ ဝိဒေဟရာဇ်မင်းကြီးအား မဟောသဓာ သုခမိန် လျှောက်ကြားရာဝယ်

အရှင်မင်းကြီး လျှို့ဝှက်အပ်သေအမှုကို လျှို့ဝှက်မှသာလျှင်ကောင်း၏။ လျှို့ဝှက်အပ်သော အမှုကို မိမိမှတစ်ပါး ထင်စွာမပြောကောင်း။ ဤလောက၌ ပညာရှိကုန်သောသူတို့သည် မိမိ၏လျှို့ဝှက်အပ်သောအမှုကို အလိုမပြည့်သေးသမျှ ကာလပတ်လုံး သူတစ်ပါးမသိစေရာ။ မိမိအလိုရှိအပ်သောအကျိုး ပြည့်စုံသော်ကား ထိုအမှုကို သူတစ်ပါးအား ပြောလိုက ပြောရာ၏ တဲ့။

မိမိပြုလုပ်မည့် သာသနာပြုလုပ်ငန်းသည် အခြေအနေအရ အခြားဒေသများမှာကဲ့သို့ ထင်ထင်ရှားရှား ပြုလုပ်ရန် မသင့်သေး။ လူသိရှင်ကြား ကြေညာလိုက်ပါက မလိုလားအပ်သည်ဘို့ ပေါ်ပေါက်လာနိုင်သည်။

သည်သို့တွေး၍ ဒေသခံတို့၏ စေတနာ၊ သဒ္ဓါတရားကို ခန့်မှန်းသိရှိရခြင်းကြောင့် ဖြစ်ပေါ်လာသော ပီတိကို ရင်ဝယ်သိမ်း သိမ်းဆည်းရင်း လျှောက်လှမ်းရမည့် ရှေ့ခရီးကို မျှော်မှန်းနေမိတော့သည်။ ။

* * * * * * * *

## ပထမခြေလှမ်း

သံလွင်မြစ်ကို ကရင်ဘာသာဖြင့် "ဟို့လော်ကလိုး" ဟု ခေါ်သည်။

"ဟို့ = ဘုရား

လော် = ဆက်တိုက်

ကလိုး = ချောင်း

ဟို့လော်ကလိုး = ဘုရားဆက်တိုက်ရှိသောချောင်း" ဟု အဓိပ္ပာယ်ရသည်။

ဘုန်းတော်ကြီး ဦးသုဇနတို့ မသိမိလိုက်ရသော တစ်ချိန်သောအခါက သံလွင်မြစ်၏ ဝဲယာမှာ အထက်ဖားဆောင်းအထိ ဘုရားစေတီများ တစ်ဆက်တစ်စပ်တည်း မဟုတ်လင့်ကစား မကွာဝေးလွန်းလှသော အနေအထားဖြင့် ရှိခဲ့ဖူးသည်ကို အကြောင်းပြု၍ "ဟို့လော်ကလိုး = ဘုရားဆက်တိုက်ရှိသော ချောင်း" ဟူ၍ ခေါ်ဝေါ်ခဲ့ကြသည်။

ဘုန်းတော်ကြီး ဦးသုဇနကိုယ်တိုင် ဘုရားအို၊ ဘုရားပျက်၊ စေတီငုတ်တိုများကို တောအုံချုံကြားမှာ အခါခါ တွေ့မြင်ဖူးခဲ့သည်မို့ ထိုစကားဟုတ်နိုင်ကောင်းသည်ဟု တွေးမိသည်။ အခြေအနေများ ပေးခဲ့ပါလျှင် ထိုထိုဘုရားဟောင်းများကို ပြန်လည်ပြုပြင်၍ သံလွင်မြစ်ကြောင်း၏ ဗုဒ္ဓသာသနာကို ပြန်လည်ထွန်းလင်းစေနိုင်မည်ဟုလည်း စိတ်ကူးရင်းစွဲရှိထားခဲ့သည်။

၁၃၄၈၊ ခုနှစ်၊ ပြာသိုလ။

လွန်ခဲ့သော နတ်တော်လတုန်းက မင်္ဂလာသိမ်တော် ရေစက်ချပွဲကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ မိမိတို့ ဒေသအနေဖြင့် ကြီးကျယ်လွန်းလှသော ပွဲကြီးတစ်ပွဲ ဖြစ်သည်။ ဒေသခံတို့၏ စေတနာ သဒ္ဓါတရားကို ခန့်မှန်း မိပြီမို့ သာသနာပြုခရီးကို ဇဝါင်ခြေလှမ်းပြင်တော့သည်။

မြိုင်ကြီးငူ ဘုန်းတော်ကြီး ဦးသုဇနသည် ရှေးဦးစွာ မိမိ၏ မွေးဇာတိဖြစ်သော နို့ထရွာ၏ အရှေ့ဘက် ကင်းကုန်းရှိ ရှေးဟောင်းစေတီကို ပြုပြင်ရန် ရွေးချယ်လိုက်သည်။ မူလစေတီဟောင်းသည် တောင်ပို့သာသာမျှရှိတော့သည့်ပြင် အောက်ခြေအုတ်မြစ်တစ်ဝက်ခန့်ကိုပါ မြစ်ရေတိုက်စားထားသည်ကိုတွေ့ရသည်။ သည်နေရာမှာပင် ဆက်တည်၍ မဖြစ်တော့၊ နေရာပြောင်းရမည်။ မြောက်ဘက်သို့ ၁၀ လံကွာ ဆုတ်ပြီး တည်ထားဖို့ စိတ်ကူးရသည်။ ၁၀ လံကွာ ဆုတ်ပြီး တည်ထားသည်ကတော့ ဟုတ်ပြီ။ ဘုရားဟောင်းကို မည်သို့လုပ်ရပါ့။ သည်အတိုင်းထားလို့လည်းမဖြစ်။ ဘုရားဟောင်းမရှိဘဲနှင့် ဘုရားသစ် တည်လျှင် မလိုလားအပ်သော စကားတွေကို ရှင်းရဦးမည်။ ယခုအခါမှာ စကားမများလိုသေး။ လွတ်လွတ်ကင်းကင်းသာ ဖြစ်စေလိုသည်။ ဘုရား ဟောင်းကို ဘယ်လိုပြောင်းမလဲ။ စဉ်းစားရသည်။ ဖတ်ထားမိဖူးသော အကြောင်းအရာတစ်ခုကို သတိရလိုက်သည်။

ပန္နလေးမြို့တည် နန်းတည် ပဉ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတုန်းမင်းကြီးလက်ထက် မြို့တွင်းပြလမ်းများ ဖောက်လုပ်ရာဝယ် ပြလမ်းတစ်ခုသည် တည်ရှိပြီးသော စေတီတစ်ဆူနှင့် မလွတ်မကင်းရှိနေသည်နှင့် မင်းကြီးအား လျှောက်ထားကြသည်။ စေတီကို ဖျက်သင့်/မသင့် မင်းကြီး မဆုံးဖြတ်နိုင်။ ထိုအခါ လေးပြင်လေးရပ်ရှိ တံဆိပ်ရ/မရ ဆရာတော်တို့အား နန်းတော်သို့ ပင့်ဖိတ်၍ ဆွမ်းလုပ်ကျွေးပြီးနောက် ရင်းပြဿနာကို မေးလျှောက်သည်။ ဆရာတော်ကြီးများက -

"ဘုရားစေတီ ဟူသည်မှာ မဖျက်ဆီးသင့်ကြောင်း၊ အကယ်၍ ဖျက်ဆီးခဲ့ပါက လောဟိတုပ္ပါဒက ကံလောက်နီးနီး ကံကြီးထိုက်၍ အပြစ်ကြီးကြောင်း ကျမ်းဂန်အထောက်အထားဖြင့် မိန့်ဆိုကြသည်။

"အားကိုးရမလား" အတွေးများဖြင့် လျှောက်ထားမိကာမှ "မျက်နှာမရ ခြေကျောက်ရ" ပုံစံဖြစ်သွားသည်။ မျှော်လင့်ထားသည်က "မည်သည့်ကျမ်းဂန်အထောက်အထားအရ ဘုရားဟောင်းကို ဖျက်၍ ရင်းထက်ကြီးသော

ဘုရားကို နှစ်သက်ရာနေရာမှာ အစားထိုး တည်နိုင်သည်" ဟူသော အဖြေမျိုးကိုသာ လိုချင်သည်။ "သည်ပုံစံဖြင့် ဘယ်လို လုပ်ရပါ့" တွေးကြံနေသည်။

ဆရာတော်ကြီးများကလည်း အကိုးအကား ခိုင်ခိုင်မာမာဖြင့် ဆိုနေသည်။ ဖျက်မည့်အရေးကို တစ်ရွေးသားမှ မလျှော့ဘဲ ငြင်းပယ်နေကြသည်။ ထပ်ဆင့်မိန့်ဆိုလိုက်ကြသေးသည်။

"ပရိဘောဂစေတီဖြစ်သော ဇောဓိညောင်ပင်ကိုသော်မှ ဖျက်ဆီးလိုသောစိတ်ထားဖြင့် မခုတ်ကောင်း" ဟူ၍။

မင်းကြီးအကြံအိုက်သွားသည်။ မျက်နှာမကြည်မလင် ဖြစ်လာသည်။ ငြိုငြင်စိတ်ကလေးပင် ဖြစ်ချင်လာသည်။ ထိုအဖြစ်ကို ရိပ်မိသော သင်္ဂဇာဆရာတော်ဘုရားကြီးသည် ဤပြဿနာကို ဖြေရှင်းပေးမှ သင့်တော့မည်တွေးကာ "အဟမ်း" ဟု ချောင်းဟန့်သံ ပြုလိုက်ပြီး တစ်ဆက်တည်းမှာ -

"ဒကာတော် မင်းကြီးက ဘုရားကိုဖျက်ပြီး နေရာရွှေ့ချင်တယ်၊ ဒီလို မဟုတ်လား" ဟု မေးတော်မူသည်။

"မှန်လှပါဘုရား"

"ကောင်းတာလုပ်တာပဲ၊ ဘယ်သူပြောလဲ၊ ဘုရားမဖျက်ကောင်းဘူးလို့။ သူ့ထက်ကြီးတဲ့စေတီကို အစားတည်ပေးရင် ပြီးတာပဲ"

"မှန်လှပါဘုရား၊ တပည့်တော်က ဒီအဖြေမျိုးကို လိုချင်တာပါဘုရား"

မင်းကြီးမျက်နှာ ဝင်းခနဲ ဖြစ်သွားသည်။ တက်ကြွရွှင်လန်းစွာ လိုလိုလားလား တုံ့ပြန်လျှောက်ထားသည်။ ဆရာတော်ကြီးများကလည်း မိမိတို့အဖြေနှင့် ဆန့်ကျင်စကားကို သံဃာထုအလယ်၊ မင်းပရိသတ်ဗိုလ်ပုံအလယ်မှာ ရဲရဲကြီးပြောဝံ့သော သင်္ဂဇာဆရာတော်အား အံ့အားသင့်စွာ ငေးကြည့်တော်မူနေကြသည်။ ပရိယတ္တိဝိသာရဒဖြစ်တော်မူလွန်းသောကြောင့် အဘယ်မည်သော ကျမ်းဂန်အကိုးအကားဖြင့် အထောက်အထားပြမည်လဲ စိတ်ဝင်စားနေကြသည်။ မင်းကြီးက မျှော်လင့်ချက်ကြီးစွာဖြင့် နားစွင့်နေသည်။ သင်္ဂဇာ ဆရာတော်ဘုရားကြီးက -

"ဒကာတော်မင်းကြီး"

"မှန်ပါ၊ နားတင်လျက်ပါဘုရား"

"ဘာမှမကြောက်နဲ့၊ မင်းကြီးဖျက်သာဖျက်"

"မှန်လှပါ၊ အမိန့်တော်မြတ်အတိုင်းပါဘုရား"

"အဲ. . . ဒါပေမဲ့ ဒကာတော်မင်းကြီး"

"မှန်လှပါ၊ အမိန့်ရှိတော်မူပါဘုရား"

"ဘုရားကို ဖျက်တဲ့အခါ မူလဓာတ်ကောင်းတွေကို တစ်ချပ်မှ မကျိုးပဲ့ စေနဲ့၊ ကြားလား"

"ဟယ်. . ."

ဆရာတော်ကြီးများနှင့်တကွ မင်းတုန်းမင်းကြီးပါ ပရိသတ်အားလုံး ဟယ်ခနဲ ဖြစ်ကုန်သည်။ ဖျက်သည်ဆိုမှတော့ အထိုက်အလျောက် ကျိုးပျက်မည်သာ။ ထိုကို မကျိုးပျက်စေနှင့် ဆိုလာတော့ ဘာထူးသနည်း။ "မဖျက်နှင့်" ဟူ၍ပင် ဆိုသည်မဟုတ်ပါလား။ ဘယ်လိုနည်းနှင့်မှ မဖျက်သင့်ဟု မင်းတုန်းမင်းကြီး သဘောပေါက်သွားသည်။ ဆန္ဒတော်အတိုင်း မဖြစ်လာသော်လည်း ကျေနပ်သွားသည်။ ပြလမ်းကို လမ်းလွှဲ၍ ဖောက်စေလိုက်ရသည်တဲ့။ ဖတ်မှတ်ထားရဖူးသည်။

ဖတ်မှတ်ဖူးသည့်အတိုင်း ဆိုပါလျှင် ဓာတ်ကို မကျိုးပျက်အောင် ဖျက်နိုင်လျှင် ဖြစ်သည်ဟု တွေးထင်ယူဆနိုင်သည်။ တစ်နည်းအားဖြင့်လည်း တွေးမိသေးသည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ကြွင်းကျန်ရစ်သော ဓာတ်တော်မွေတော်တို့ကို ဌာပနာ၍ စေတီများ တည်ထားကိုးကွယ်ကြသည်။ ယခုလည်း ရေတိုက်စား၍ ပျက်ပြားကာ ကုန်လုနီးပါးဖြစ်နေသော စေတီကို ဌာပနာထည့်သွင်း၍ တည်ထားနိုင်သည်ဟု ယူဆနိုင်သည်။

သို့ဖြစ်၍ နှစ်ပေါင်းမည်မျှကြာအောင် ပစ်ထား၍ ပျက်နေသည်မသိ သော ဘုရားငုတ်တို့မှ ဓာတ်များကို အသာအယာ ခွာယူစေသည်။ အလွယ်တကူပင် ရရှိသည်။ ထိုဓာတ်များကို ဌာပနာတိုက်တော်အဖြစ် ထည့်သွင်းပြုလုပ် ဌာပနာ၍ ၁၃၄၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်နေ့တွင် အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဆိုပူဇော်ပွဲနှင့်အတူ ဓာတ်မြစ်ချအခမ်းအနားကို စတင်သည်။ ဘုရားဉာဏ်တော် ၉ တောင်အဖြစ်နှင့် ၉ ရက်ဖြင့်၊ အပြီးတည်သည်။ ဘုရားတည်နေသော ၉ ရက်လုံးလုံး ပဋ္ဌာန်းရွတ်ဖတ် ပူဇော်လျက် ရှိသည်။

၁၃၄၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်တွင် ထီးတော်ကို တင်လှူသည်။ ဘုရား၏ ဘွဲ့တော်ကို "ဇိနမာန်ပြေ" စေတီတော်ဟု သမုတ်တော်မူသည်။

မြိုင်ကြီးငူ၏ ပြင်ပတွင် ပထမဦးဆုံး ဘုရားတည်၍ သာသနာပြုခြင်း ဖြစ်သည်။ ခန့်မှန်းထားသည့်အတိုင်း ဒေသခံ တိုင်းရင်းသားတို့သည်

ဘုရားထီး တော်တင်ပွဲသို့ သောင်းသောင်းဖြဖြ လာရောက်ကြသည်။ တက်ကြွရွှင်လန်းစွာ ဖြင့် ကောင်းချီးနုမော် သာခုခေါ်ကြသည်။

ဤကား မြိုင်ကြီးငူ နန်းဦးဘေးမဲ့တောရကျောင်း ဘုန်းတော်ကြီး ဦးသုဇန၏ ပထမဦးစွာသော သာသနာပြုခြေလှမ်းပင် ဖြစ်ပေတော့သည်။

## ကြားဖြတ်အမှာ

မြိုင်ကြီးငူ ဘုန်းတော်ကြီး ဦးသုဇနသည် သာသနာပြုခရီးလမ်းကို လျှောက်လှမ်းမည်ဟု ခိုင်ခိုင်မာမာ ဆုံးဖြတ်ချက် မချရသေးမီက မိမိ သီတင်းသုံးရာ မြိုင်ကြီးငူမှာ ဘုရားစေတီ ၄ ဆူကို တည်ထားပူဇော်ခဲ့သည်။

ဎင်းတို့မှာ

၁၃၃၇ ခုနှစ်တွင် (၁) နောင်တော်ဦးစေတီတော်၊
၁၃၃၈ ခုနှစ်တွင် (၂) နန်းဦးစေတီတော်၊
၁၃၄၄ ခုနှစ်တွင် (၃) ရန်ပြေစေတီတော်၊
၁၃၄၅ ခုနှစ်တွင် (၄) ရန်အောင်မြင်စေတီတော်၊

တို့ ဖြစ်ကြသည်။

၁၃၄၅ ခုနှစ် ပဌာန်းပွဲအပြီးမှာ ရောဂါအကြောင်းခံ၍ သေလိုက သေစေသဘောဖြင့် မြိုင်ကြီးငူတောရမှ မီးဖိုင်းတောင်သို့ ၁၀ လ အဓိဋ္ဌာန်ဝင်ရန် သွားရောက်ခဲ့သည်။ အာဟာရဖြတ်၍ ရေဆွမ်းဘုဉ်းပေးကာ ပြင်းပြင်းထန်ထန် ကျင့်ခဲ့သည်။ အသက်မသေသည့်ပြင် ရှေ့ဆက်သာသနာပြုရန်အတွက်ပါ ဖန်လာခဲ့သည်။ ၁၀ လ အဓိဋ္ဌာန်ပြည့်ပြီးနောက် မော်လမြိုင်အထက်ခြံကျောင်းမှာ ဝါဆို၍ ဆေးဝါးကုသမှုခံယူသည်။ ဝါကျွတ်သည်နှင့် မြိုင်ကြီးငူသို့ ပြန်လာကာ မဂ်လာသိမ်တော်ကို ဆောက်လုပ်သည်။ ၁၃၄၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်၊ တနင်္ဂနွေနေ့တွင် သိမ်ရေစက်ချပွဲ

ကျင်းပခဲ့သည်။ ရေစက်ချပွဲအပြီး တစ်လခန့်တွင် သာသနာပြုခရီး ပထမခြေလှမ်း အနေဖြင့် မိမိ၏ မွေးဇာတိဖြစ်သော နို့ထရွာတွင် "ဇိနမာန်ပြေ" စေတီတော်ကို တည်ထားတော်မူသည်။ ဤမှစ၍ ဘုရားစေတီများကို အောက်ပါအတိုင်း တည်ထားတော်မူသည်။

၁၃၄၉ ခုနှစ်တွင် (၁) မြဘုန်းရောင်စေတီတော် (မြို့ကြီးရှု)
(၂) သိဒ္ဓိပါလစေတီတော် (တြိကြီးအောင်)

၁၃၅၀ ခုနှစ်တွင် (၁) မြဘုန်းခေါင်စေတီတော် (မြို့ကြီးရှု)
(၂) စန္ဒပါလစေတီတော် (နို့ပလိပ်ရွာအနီး)
(၃) သီလာပါရစေတီတော် (ဇာကျော့လှုံမကွ)
(၄) ဒသဗလဆံတော်ရှင်စေတီတော် (မယ်ကစောတောင်)

၁၃၅၁ ခုနှစ်တွင် (၁) ဣစ္ဆာသယဖောင်တော်ဦးစေတီတော် (သူ့မွဲထစခန်း)
(၂) ဣစ္ဆာသယထိုမင်္ဂလာစေတီတော် (နို့ထရွာအနီး)
(၃) သီတမာရ်လာစေတီတော် (နို့ပလိပ်ရွာအနီး)
(၄) သီလသိဒ္ဓိစေတီတော်
(သံလွင်မြစ်ကမ်း၊ ကျောက်ခွေးတောင်ထိပ်)
(၅) မြရောင်ခြည်စေတီတော် (ဘုရားကျောက်ရွာ)

၁၃၅၂ ခုနှစ်တွင် (၁) ဗုဒ္ဓရောင်ခြည်စေတီတော် (အောင်နီတောင်)
(၂) နဝကေသာဆံတော်ရှင်စေတီတော် (ဝါးကုတ်တောရွာ)
(၃) ဒေဝပူဇာစေတီတော် (မယ်တော်ကြို)
(၄) နရာနာထစေတီတော် (မယ်တော်ကြို)
(၅) ဆကေသာဆံတော်ရှင်စေတီတော် (မအဲရွာအနီး)

၁၃၅၃ ခုနှစ်တွင်(၁) ဓမ္မရောင်ခြည်စေတီတော်
(ကျောက်ညှပ်ရွာ ဒါးကွင်းအနီး)
(၂) စိန္တာမဏိစေတီတော် (ဆီးမှူးထရွာ ကယားအနီး)
(၃) ဗုဒ္ဓါမဏိမြတ်စွာစေတီတော် (တာခုလော်ကြို)
(၄) ဆကေသာဆံတော်ရှင်စေတီတော်
(ယမန်နှစ်ကတည်ပြီး ပြို၍ ပြန်တည်)

၁၃၅၄ ခုနှစ်တွင် (၁) မဟာအောင်တော်မူစေတီတော်
(သူးမွဲထအထက် သဲသထရွာအနီး)
(၂) ဗုဒ္ဓရူပစေတီတော် (လေးကေကူသောင်)

(၃) သတ္တထူပစေတီတော် (လေးကေကူသောင်)
(၄) ဆကေသာဆံတော်ရှင်စေတီတော်
(ယခင်ကတည်ထားပြီး ပြို၍ ပြန်တည်)
(၅) ဇေယျာသိရိစေတီတော် (ရှမ်းပြည်)
(၆) မဟာဘဏ္ဍာရစေတီတော် (ပင်းတယ)
(၇) စူဠာဘဏ္ဍာရစေတီတော် (ပင်းတယ)

၁၃၅၅ ခုနှစ်တွင် (၁) သံယရောင်ခြည်စေတီတော် (ဖာပွန်အနီး ပျဉ်းမရွာ)
(၂) အတုလမာရဇိန်စေတီတော်
(ဖာပွန်မြို့လယ် ကုလားရပ်)
(၃) စန္ဒာမုနိစေတီတော်
(ဖာပွန်မြို့လယ် ကုလားရပ်)
(၄) ဓာတုဟရိတစေတီတော်
(ဖာပွန်မြို့လယ် ကုလားရပ်)
(၅) လောကသေဋ္ဌစေတီတော် (ဖာပွန်မြို့ သိမ်ကုန်း)

၁၃၅၆ ခုနှစ်တွင် (၁) ဗုဒ္ဓအတုလစေတီတော်
(ထိုင်းနိုင်ငံ မဟာသုပိနတောင်)
(၂) မဏိထူပစေတီတော်
(ထိုင်းနိုင်ငံ သူးမွဲထအရှေ့ဘက်ကမ်း)
(၃) ပြည်လုံးချမ်းသာစေတီတော် (မြိုင်ကြီးငူ)

၁၃၅၇ ခုနှစ်တွင်(၁) ကမ္ဘာလုံး ငြိမ်းချမ်းအေး ဆံတော်ရှင်စေတီတော်
(ကယားပြည်နယ်၊ နန်းမယ်ခုံ၊ ဆင်တောင်)
(၂) ကမ္ဘာလုံးရွှေစေတီတော်
(ကယားပြည်နယ်၊ နန်းမယ်ခုံ၊ ဆင်တောင်)
(၃) မြသိန်းတန်စေတီတော်
(မြိုင်ကြီးငူတစ်ဖက်ကမ်း အုန်းတောရွာ)
(၄) မြမြင့်မိုရ်စေတီတော် (မီးဝိုင်းချောင်းဝ)
(၅) ကမ္ဘာ့ငြိမ်းချမ်းရေးစေတီတော်
(မယ်ပေါထရွာအနီး၊ လယ်တောကြီးစေတီဟောင်း)
(၆) ထူပါရာမစေတီတော်
(မြိုင်ကြီးငူဒေသ ဇီဇဝါမြိုင်ရပ်ကွက်အနီး တောင်ကုန်း)

(၇) မင်္ဂလာစေတီတော် (မြှင်ကြီးငူအတွင်း တည်ဆဲ)

(၈) ၂၉ ပေ အမြင့်ရှိ ဘေသဋမုနိ ကြေးသွန်းရုပ်ပွားတော် (မြှင်ကြီးငူ)

အထက်ပါဘုရားစေတီများကို တည်ထားပူဇော်ရာတွင် အားလုံးလောက်နီးနီးမှာ ဘုရားအိုု၊ ဘုရားပျက်၊ စေတီဟောင်းများသာဖြစ်သည်။ တည်ထားရာမှာလည်း ခရီးသွားဟန်လွဲ တွေ့မြင်တည်ထားခဲ့သည်မဟုတ်။ မမြင်ရသော အသံရှင်၏ လျှောက်ထားချက်အပေါ် အခြေခံ၍ တည်ထားခဲ့သည်။ စေတီများကို တည်ထားသည်နှင့်အတူ အရှည်တည်တံ့ရေးကို ရှေးရှုလျက် လိုအပ်သောနေရာများမှာ ကျောင်းနှင့်သိမ်ကိုပါ ဆောက်လုပ်ထားရှိသည်။ ကျောင်းဆောက်ရာမှာ အကြောင်းမဟုတ်သော်လည်း သိမ်တော်ဆောက်လုပ်ရာတွင် မူလအဟောင်းရှိလျှင် ပြုပြင်တည်ဆောက်သည်။ မရှိခဲ့လျှင် သိမ်သမုတ်ပြီးမှ တည်ဆောက်ရသည်။

မြှင်ကြီးငူဘုန်းတော်ကြီး ဦးသုဇနသည် မိမိထက် တတ်ကျွမ်း နားလည်သော ဆရာတော်ကြီးများထံ ဆည်းကပ်လျှောက်ထားသည်။ သာသနာတည်တံ့ရေးကို အလေးဂရုပြုတော်မူကြသော ဆရာတော်ကြီးများကလည်း သဘောကျနှစ်ခြိုက်တော်မူကြသဖြင့် တောထဲတောင်ထဲသို့ တပင်တပန်းကိုယ်တော်တိုင် ကြွရောက်ပေးတော်မူကြကာ သိမ်များကို သမုတ်ပေးတော်မူကြသည်။ သိမ်သမုတ်ပြီးလျှင် အခိုင်အခံ့ အုတ်တိုက်များဖြင့် တည်ဆောက်သည်။ ကျောင်းဆောင်များမှာ ပျဉ်ကာ၊ ဖက်မိုးနှင့် ဖြစ်ကောင်းမည်ဖြစ်သော်လည်း သိမ်ကိုမူ အရလုံ၍ အုတ်တိုက်နှင့်၊ သွပ်မိုးနှင့် တည်ဆောက်သည်။ မြှင်ကြီးငူဆရာတော် စီစဉ်ပြုလုပ်၍ သမုတ်ခြင်း၊ တည်ဆောက်ခြင်းပြုပြီးသော သိမ်တို့မှာ အောက်ပါအတိုင်း ဖြစ်သည် -

- မင်္ဂလာသိမ်တော်　(မြှင်ကြီးငူ)
- မယ်ကဇောသိမ်တော်　(မယ်ကဇောတောင်)
- ဖောင်တော်ဦးသိမ်တော်　(သူးမွဲထ)
- မဲပသိမ်တော်　(မဲပရွာ)
- ထွီးဖားဝီးကြိုးသိမ်တော်　(ထွီးပါဝိကြိုးတောင်)
- တာခုလော်ကြိုးသိမ်တော်　(တာခုလော်ကြိုးတောင်)
- လေးကေကူသိမ်တော်　(လေးကေကူတောင်)
- ကျောက်ညှပ်သိမ်တော်　(ကျောက်ညှပ်ရွာ)
- ဆီးမူထသိမ်တော်　(ဆီးမူထတောင်ကုန်း)

- မဲဆိပ်သိမ်တော် (မဲဆိဂ်ရွာ)
- တောင်နီသိမ်တော် (တောင်နီတောင်)
- မယ်တော်ကြိုးသိမ် (မယ်တော်ကြိုးတောင်)
- ဘုရားကျောက်သိမ်တော် (ဘုရားကျောက်ရွာ)
- သီတမာရ်လာသိမ်တော် (နို့ပလိပ်ရွာ)
- မာရ်လာယုသိမ်တော် (မအဲရွာအနီး)
- န၀ကေသာသိမ်တော် (ဝါးကုတ်တောရွာ)
- ကော့ကရက်ကျွန်းသိမ်တော် (ကော့ကရက်ကျွန်း)
- ဆကေသာသိမ်တော် (မအဲရွာ)
- ထိုလာနဲသိမ်တော် (တောင်စွန်း)
- တြိုကြိုးသိမ်တော် (တြိုကြိုးတောင်)
- သီလာပါရသိမ်တော် (ဇာကောလုံ)
- ပျဉ်းမရွာသိမ်တော် (ဖာပွန်မြို့နယ်)
- နောင်ကုလားသိမ်တော် (ဖာပွန်မြို့)

စေတီတော်များကို ပြုပြင်တည်ထား ပူဇော်ခြင်း၊ သိမ်တော်တို့ကို သမုတ်ခြင်း၊ တည်ဆောက်ခြင်းကို ပြုလုပ်ရာတွင် လွယ်ကူသည်လည်း ရှိသည်။ ခက်ခက်ခဲခဲ သွားလာ၍ ခဲခဲကတ်ကတ်လုပ်ဆောင်ရသည်လည်း ရှိသည်။ ပေပေါင်း ၈၀၀၀ ကျော်မြင့်သော တောင်ထွတ်ကြီးများ ပေါ်သို့ တောင်တက်သမားလို ကြိုးဖြင့် ကုပ်ကတ်တွယ်တက်ကာ ကတ်သီးကတ်သတ် ပြုလုပ်ရသည်လည်း ရှိသည်။

အယူသဘာ၀တူမျှသူများနှင့်ဆုံသကဲ့သို့လုံး၀ခြားနားသူများနှင့်လည်း ကြုံရသည်။ ထိုအခါ အန္တရာယ်ဆိုသောအရာများသည်လည်း ပါလာတတ်သည်။ တွေ့ကြုံသောအန္တရာယ်များကို ခရီးသွားစဉ်ခလုတ်တိုက်မိခြင်းမျှသာ သဘောပိုက်၍သွားမြဲသာသနာပြုခရီးကို ဆက်လက်လျှောက်လှမ်းနေသည်။ ဘာသာ သာသနာအတွက် အသက်ကို ပေးစွန့်ထားသူဟုလည်းဆိုနိုင်သည်။

(ကြားဖြတ်အမှာ ။ ။မြိုင်ကြီးငူဆရာတော်၏ သာသနာပြုခရီးစဉ် ဝယ် တည်ထားခဲ့ပြီးသော ဘုရားစေတီများ တည်ဆောက်ထားခဲ့ပြီးသော သိမ်တော်များအကြောင်းကို သီးခြားမှတ်တမ်းပြုစုရန် ရည်ရွယ်ထားသည်။ ဤ၌ မည်သို့ ကြိုးစားလုပ်ဆောင်ခဲ့ရသည်ဟူသော မှတ်တမ်းအဖြစ် အချို့ကို သာ နမူနာဖော်ပြလိုက်သည်။ စာရေးသူ)

## ဒသဗလ ဆံတော်ရှင်စေတီတော်

မြိုင်ကြီးငူဘုန်းတော်ကြီး ဦးသုဇနသည် မြိုင်ကြီးငူသို့ စတင်ရောက်ရှိခဲ့ပြီးနောက် လေးနှစ်မြောက် သက်တော် ၃၈ နှစ်၊ သိက္ခာတော် ၈ ဝါအရတွင် ဝါကျွတ်သည်နှင့် အနယ်နယ် အရပ်ရပ်ရှိ သုသာန်များသို့ လှည့်လည်၍ သုသာန်ဓူတင်ဆောင်ခဲ့သည်။ ဝါဆိုနီးလျှင် ပြန်လာကာ မြိုင်ကြီးငူ၌ ဝါကပ်ဆို၍ သတိပဋ္ဌာန်တရားကို ပွားများအားထုတ်လေ့ရှိသည်။

ဝါတွင်းကာလ၏ တစ်ညသော သန်းခေါင်ယံတွင် ဖြစ်သည်။ မိုးတွင်းဆိုသော်လည်း ထိုညအဖို့ မိုးမရွာ။ လဆန်းရက်ဖြစ်သဖြင့် တိမ်ညိုဟိမ်မည်းကြားမှ ထိုးဖေါက်ကျဆင်းလာသော လရောင်ကြောင့် မြိုင်ကြီးငူတောတစ်ဝိုက်မှုန်ပျပျအလင်းရောင်အောက်မှာ ငြိမ်သက်စွာ အိပ်မောကျနေသည်။ ဘုန်းတော်ကြီး ဦးသုဇနသည် သန်းခေါင်ယံ ပြုမြဲနိစ္စဗဒ်ဖြစ်သည့် မဟာသတိပဋ္ဌာနသုတ်တော်နှင့် မဟာသမယသုတ်တော်တို့ကို ရွတ်ဖတ်ပူဇော်ပြီး မိုးလေသာသည်မို့ နန်းဦးစေတီသို့ တက်ရောက်ကာ သတိပဋ္ဌာန်ရှုမှတ်ပွားများသည်။ ရှုမှတ်၍ အတန်ကြာ သမာဓိ တည်လောက်သောအချိန်တွင် အမြင်အာရုံရော၊ အကြားအာရုံနှစ်ခုစလုံးမှာပါ ထူးဆန်းစွာ မြင်တွေ့ကြားသိခဲ့ရသည်။

ဝတ်ဖြူစင်ကြယ်ဝတ်ထားသော သူတော်စင်တစ်ဦးသည် သတိပဋ္ဌာန် ရှုမှတ်နေသော ဘုန်းတော်ကြီး ဦးသုဇနအနီးသို့ ချဉ်းကပ်လာသည်။ ပျပ်ဝပ်ရိုကျိုးစွာ ရှိခိုးဦးချပြီး လျှောက်ထားသည်။

"အရှင်ဘုရား၊ ကောဇာသက္ကရာဇ် ၃၆၄ ခုနှစ်တွင် ပုဂံပြည်မှာ အနော်ရထာမင်းစော နန်းတက်ခဲ့ပါတယ် ဘုရား။ သထုံမှ ကြွလာသော ရှင်အရဟံ၏ တိုက်တွန်းချက်ဖြင့် သထုံပြည် မနူဟာမင်းထံမှာ ပိဋကတ်သုံးပုံ အလှူခံစေခဲ့ပါတယ်။ မရသည်နှင့် စစ်ချီလာပြီး သထုံကိုတိုက်ခိုက်၍ မင်းနှင့်တကွ သိမ်းယူသွားခဲ့ပါတယ်။ ထိုသို့ သိမ်းယူစဉ်မှာ ပိဋကတ်သုံးပုံ ပေမူနှစ်စုံ အနက် တစ်စုံကိုသာ သယ်ယူသွားနိုင်ခဲ့ပါတယ်။ ပေမူနှစ်စုံဆိုတာ တစ်စုံမှာ ရှင်မဟာဗုဒ္ဓဃောသ ရေးကူးတော်မူခဲ့သော ပေမူနှင့် ရှင်အရဟံ ရေးကူးတော်မူခဲ့သော ပေမူဟူ၍ နှစ်စုံဖြစ်ပါတယ်။

ရှင်ဗုဒ္ဓဃောသ ရေးကူးသော ပေမူတစ်ဆူကိုသာ အနော်ရထာမင်း ရရှိသွားပါတယ်ဘုရား။ ရှင်အရဟံ ရေးကူးတော်မူသော ပေမူတစ်စုံကို ဝန်မင်းလေးပါးနှင့် စစ်သည်တော်အချို့က တိတ်တဆိတ်ယူဆောင်ပြီး သထုံမြို့ အင်းရိုင်းဘက်မှထွက်ကာ တောတောင်အတွင်းရှိ လုံခြုံသော ကျောက်ဂူထဲမှာ သိမ်းဆည်းသို ဝှက်ရန် ထွက်ခဲ့ပါတယ်ဘုရား။ နွားလဘိုနှင့်တူသော တောင်သို့ ရောက်စဉ် တောင်ခြေရှိ ရေကန်မှာ ရေးကူးထားသော ပေမူပိဋကတ်များ အနက်မှ သုတ်ပါထေယျတစ်ဖုံကို ရေမစိုအောင် စီမံဖန်တီး၍ ရေကန်တွင်းသို့ ပစ်ချ ဌာပနာခဲ့ကြပါတယ် ဘုရား။ ၎င်းရေကန်ဟာ မြတ်စွာဘုရားသခင် အလောင်းတော် ဖားမင်းဖြစ်စဉ်ကာလက စံမြန်းခဲ့သော ရေကန်တော် ဖြစ်ကြောင်း သိရှိရပါတယ် ဘုရား။

သုတ်ပါထေယျပိဋကတ်ပေမူကို ပစ်ချဌာပနာပြီး ကျောက်ဂူသို့တက်ကာ သိုဝှက်သိမ်းဆည်းရန်လှေ့လာသည်တွင် 'လူသူနီးလွန်းနေသည်၊ မသင့်သေး။ ငါတို့လည်း ပင်ပန်းလှပြီ၊ အမောင်စစ်သည်တို့ကသာ တာဝန်ယူ ဆောင်ကြဉ်း၍ ကျန်ပိဋကတ်တော်များကို လုံခြုံသိုသိပ်သော ကျောက်ဂူများထဲမှာ သိမ်းဆည်းထားရမည်' ဟု အမိန့်ချမှတ်ကာ ယင်းကျောက်ဂူမှ ဝန်လေးပါး ပြန်သွားကြပါတယ်။ ဒါ့ကြောင့် ၎င်းဂူကို 'ဝန်ပြန်ဂူ' ဟု တွင်ခဲ့ပြီး နောက်ပိုင်းမှာ 'ဝဲပျံဂူ' ဟု ကာလရွေ့လျား ခေါ်ဝေါ်ခဲ့ပါတယ်ဘုရား။

ဝန်လေးပါး ပြန်သွားပြီးနောက် ကျန်စစ်သည်တော်တို့က ဆက်လက်ဆောင်ကြဉ်းလာကြပါတယ်။ သံလွင်မြစ်ကို ကူး၍ ဒီမြိုင်ကြီးငူကို ဖြတ်ကျော်ပြီး ခရီးဆက်သွားရာ တောင်နီတောင်သို့ ရောက်တဲ့အခါ ပါလာသော ရုပ်ပွားတော်များကို ကျောက်ဂူအတွင်း သိုဝှက်သိမ်းဆည်းကြပါတယ်။ စိတ်မချရသေးသည်မို့ ပိဋကတ်တော်များကို ဆက်လက်ယူဆောင်ကြတာမှာ မယ်ကဇော တောင်သို့ ရောက်ရှိကြပါတယ်။ လူသူနှင့် ကင်းဝေးလွန်းခြင်း၊ လေးမိုးလုံခြုံ

စိတ်ချရခြင်း ဟူသော အကြောင်းကို ရှုထားပြီး ပေမူပိဋကတ်တော်များကို မယ်ကဇေတောင်ရှိ ကျောက်ဂူတွင်းမှာ လုံးထွင်းကျွန်းသေတ္တာဖြင့် ထည့်သွင်းခဲ့ပါတယ်ဘုရား။ နောင်အရှင်ဘုရားများ ကြုံကြိုက်တဲ့အခါ ၎င်းပိဋကတ်တော်ပေမူများကို ရှာဖွေ၍ ဘုရားတစ်ဆူဆူအတွင်းမှာဖြစ်စေ ထည့်သွင်း၌ာပနာသိမ်းဆည်းတော်မူပါရန် တပည့်တော် မြိုင်ကြီးငူတောင်ပိုင်ကြီးက လျှောက်ထားပါတယ်ဘုရား"

အထက်ပါအတိုင်း လျှောက်ထားပြီး ဆုံးသည်နှင့် ဝတ်ဖြူဝတ်သူတော်စင်ကြီးသည် အမြင်အာရုံမှ ကွယ်ပျောက်သွားခဲ့သည်။

************

ပြီးတစ်ခါ မီးဇိုင်းတောင်ပေါ်မှာ အစိဋ္ဌာန်ဝင်စဉ်ကလည်း မယ်ကဇေဆံတော်ရှင်ဘုရားနှင့် ပတ်သက်၍ ရုပ်မဲ့အသံရှင်တစ်ဦးကလည်း လျှောက်ထားဖူးသည်။ မယ်ကဇေတောင်သို့ သွားချင်စိတ်ဖြစ်ခဲ့သော်လည်း အခြေအနေ အထွေထွေအရ မသွားရောက်ဖြစ်ခဲ့။

သာသနာပြုခရီးလမ်း စတုတ္ထခြေလှမ်းအနေဖြင့် မြိုင်ကြီးငူတွင်းမှာ မြဘုန်းခေါင် ပုထိုးစေတီကို တည်ခဲ့ပြီး တန်ဆောင်းတော်ကို သွပ်မိုးခဲ့ရာတွင် ရရာသွပ်များကို ဝယ်ယူမိုးခဲ့ရသည်။ ၎င်းသွပ်များသည် ရှစ်လေးလုံး အရေးအခင်းကာလက ခိုးယူလုယက်၍ ရလာသော သွပ်များဟု သိရှိရသဖြင့် စိတ်ထိမသန့် ဖြစ်လာသည်။ သွပ်များကို အားလုံးခွာလိုက်စေသည်။ သန့်စင်သောသွပ်များကို မိုးနိုင်ဖို့ သွပ်များအလှူခံရန် သောလယ်ထ(ရှမ်းဘက်ကမ်း)သို့ သွားလိုခဲ့သည်။

အဖော်အဖြစ် ဦးသာဒင်၊ မောင်ငွေ၊ မောင်ပိလုတို့နှင့်အတူ မြိုင်ကြီးငူမှ ပုံချိတ်စက်လှေဖြင့် ထွက်ခဲ့သည်။ ဆားဆိပ်အရောက်တွင် လှေမှဆင်းပြီး တောင်တက်ခရီးစဟင်သည်။ တစ်တောနင်း၊ တစ်တောင်ဆင်းဖြင့်ခရီးဆက်ရာ ထီးပေါ်မုနော်ရွာရောက်လျှင် မိုးချုပ်၍ တစ်ညကျိန်းစက်သည်။ မိုးမလင်းမီ လမ်းမြင်သည်နှင့် ခရီးဆက်ခဲ့ရာ နံနက် ၁၀ နာရီခန့်တွင် မယ်ကဇေတောင်ခြေရွာဖြစ်သော မယ်ရာထလှေဆိပ်သို့ ရောက်သည်။ လှေဆိပ်မှာ အိမ်သုံးလုံးရှိသည့်အနက် နှစ်အိမ်မှာ ခရစ်ယာန်အိမ် ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်ဖြစ်သော ဘီလုံးတဲမှာ နားသည်။

တောင်ထိပ်သို့ တက်၍ ဘုရားဖူးချင်သည်။ ဘီလုံးက မရောက်ဖူး။ ရောက်ဖူးသူ ဖားနု (ခရစ်ယာန်ဘာသာဝင်)က လိုက်ပို့ပေးမည်ဖြစ်ကြောင်း

ပြောလာသဖြင့် တောင်ပေါ်သို့ တက်ခဲ့သည်။ တောင်ထိပ်သို့ရောက်လျှင် ဥဏှိုတော် ၁၃ တောင်ရှိသော ဒသဗလဆံတော်ရှင်စေတီကို ဖူးတွေ့ရသည်။ အရပ်မျက်နှာလေးဘက်မှာရှိသော ခြင်္သေ့ရုပ်လေးခုမှာ ခေါင်းမရှိတော့။ ပျက်စီးနေပြီ။ မိုးကြိုးပစ်ခံထားရသည်ဟု ဖားနု ပြောသည်။ စေတီကိုယ်လုံးတော်မှာလည်း အုတ်အင်္ဂတေများ ကွာကျပျက်စီးနေသည်။ ရေညှိများ အထပ်ထပ်တက်လျက် ချုံနွယ်များက ဖိနပ်တော် မပေါ်လောက်အောင် ပေါက်ရောက်နေကြသည်။ အုတ်ချပ်များမှာလည်း နေရာအတော်များများမှာ ကွာကျပျက်စီးနေသည်။

ဘုန်းတော်ကြီး ဦးသုဇနသည် ဘုရားဝတ်ပြု ရှိခိုးပူဇော်ပြီးနောက် ပါလာသော ပုတီးစိပ်ကို လက်တွင်ကိုင်၍ -

"ဘုရားတပည့်တော်သည် ဤဆံတော်ရှင်စေတီတော်အား ပြုပြင်တည်ထား ပူဇော်ထိုက်သူဖြစ်ပါက တစ်ကြိမ်တည်းဖြင့် ထီးတော်မှာ တင်ချိတ်နေပါစေသတည်း" ဟု အဓိဋ္ဌာန်ကာ ပစ်တင်လိုက်သည်။ ထီးတော်မှာ ပုတီးချိတ်နေလေသည်။ ဘုန်းတော်ကြီး ဦးသုဇန ကျေနပ်သွားသည်။ ပြန်ဆင်းလာပြီး မယ်ရာထဆိပ်မှ သူးမွဲထ၊ သူးမွဲထမှသည် သောလယ်ထသို့ လာခဲ့သည်။ သောလယ်ထမှာ မြိုင်ကြီးငူအနီးရှိ ကန်ညီနောင်ရွာမှ စစ်ကြောင့် ပြောင်းရွှေ့လာသူများဖြစ်၍ ဘုန်းတော်ကြီး ဦးသုဇနနှင့် ရင်းနှီးပြီး ဖြစ်သည်။

သောလယ်ထရွာရှိ ဘုန်းကြီးကျောင်းမှာ ကန်ညီနောင်ရွာသား ဦးဝါရိန္ဒက ကျောင်းထိုင်သည်။ ဘုန်းတော်ကြီး ဦးသုဇနနှင့်လည်း ဆွေမျိုးမကင်းသူဖြစ်သည်။ သို့သော် တွေ့ဆုံစဉ်မှာပင် တစ်ပါးနှင့် တစ်ပါး အမြင်ချင်း မတူကာ ကတောက်ကဆဖြစ်ကြရသေးသည်။

သွပ်ပြားအချပ် ၃၀၀ ကို အလှူခံခဲ့ပြီး ဖောင်ဖြင့် ဆင်းခဲ့ရာ ၁၃၅၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်နေ့တွင် မြိုင်ကြီးငူသို့ ပြန်ရောက်သည်။

**********

၁၃၅၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်။

ကမမောင်းမှ ဒေါ်အေးသန်းအိမ်မှာ သုံးနှစ်ပြည့် ပဋ္ဌာန်းပိတ်ပွဲ ရေစက်ချပြီး မဲဆိပ်ရွာသို့ ပဋ္ဌာန်းရွတ်ပင့်သည်နှင့် ကျောင်းရှိသံဃာ ၃၁ ပါးလုံး ကြွရောက်ကြသည်။ ၎င်းပဋ္ဌာန်းပိတ်အပြီးမှာ ဆန်တစ်အိတ်လှူလာသည်။ မယ်ကဇောတောင်မှာ ဘုရားပြုပြင်မည်ဟု ခရီးဆက်ထွက်ခဲ့သည်။ ရဟန်း

**သာမဏေအသီးသီးအား မိမိတို့ သပိတ်တွင်း ဆန် ၃ ဘူးစီ ထည့်၍ သယ်စေ** သည်။ ပန်းရံပြုလုပ်ရန် ကိရိယာများကိုလည်းကောင်း၊ ထီးတော်ကိုလည်း ကောင်း ယူဆောင်စေသည်။

ဦးထွန်းရှင်၊ ဦးအုန်းစိန်၊ မောင်ငွေတို့က ပန်းရံပစ္စည်းဖြင့် လိုက်လာ သည်။ ဒေါ်အေးသန်း (ကမမောင်း)၊ ဒေါ်ညိမ်းခင် (ကော့ကရက်ကျွန်း) ဦးဆောင်သော အမျိုးသမီးငါးယောက်လည်း ဝေယျာဝစ္စပြုလုပ်ရန် လိုက်လာ ကြသည်။ ဘုရားတည်မည်ဟု သွားသာ သွားရသည်။ ငွေကြေးဟူ၍ မပါ။ ထီးတော်တစ်ခုကိုသာ ဝယ်ယူသွားသည်။ ကျန်သည့်ဆောက်လုပ်ရေးပစ္စည်း များကို ဟိုရောက်မှ ကြည့်စီစဉ်မည်။

မဲဆိပ်မှ ဆားဆိပ်သို့ လှေဖြင့် ကူးကာ မယ်ကဇောတောင်ခြေရှိ မယ်ရာထသို့ ညတွင်းချင်းရောက်အောင် သွားခဲ့ရာ ည ၈ နာရီတွင် ရောက်ရှိ သည်။

(ဤမျှ ရေးပြလျှင် ပီပြင်မှုရှိလှမည်မဟုတ်၍ ခရီးစဉ်ကို အနည်းငယ် ရေးပါမည်။)

ဆားဆိပ်သို့ ရောက်လျှင် တောင်ပေါ်ကရင်အချို့လည်း လိုက်ပါကြ သည်။ လှေပေါ်မှဆင်းသည်ဆိုလျှင် တောင်ကြောပေါ်သို့ မသိမသာ တက် သွားသည်။ ရှေ့ဆုံးမှာ မြိုင်ကြီးငူဘုန်းတော်ကြီး၊ နောက်မှာ ရဟန်းသံဃာများ သပိတ်တစ်လုံးစီ ကိုယ်စီလွယ်ထားပြီး တစ်လံကွာလောက်ခွာ၍ သွားနေ သည်။ အမျိုးသမီးအုပ်စုက အလယ်၊ တောင်ပေါ်ကရင်အချို့နှင့် ဦးထွန်းရှင် တို့ ပန်းရံအဖွဲ့က နောက်ဆုံးမှာ ထီးတော်ကို အစိတ်အပိုင်းတစ်ခုစီ ဖြုတ်၍ ထမ်းပိုးယူဆောင်သွားကြသည်။

ရှေ့ဦးစွာ ဘောသရောဂိတ်၊ ထိုနောင်မှ တမော်ဖိုးရွာ၊ ၎င်းနောက် မော်ဘောကလိုးဂိတ်ကို ဖြတ်သန်းပြီး လေးမိုင်ခန့်ရှည်လျားသော တောကြီးသို့ ရောက်သည်။ မြေပြန့်တောကားမဟုတ်။ လျှိုမြောင်စိမ့်စမ်းတွေကို တစ်ခုပြီး တစ်ခု ကျော်ဖြတ်ရသည်။ လမ်းမှာ ခြေသွားလမ်းမျှသာ ဖြစ်သည်။ ဝဲယာ နှစ်ဖက်မှာ မြင့်မားသော သစ်ပင်ကြီးများ အုပ်ဆိုင်းနေသည်။ ဘယ်ဝယ် မြောက်တောင် ဖွေယောင်မျှော်ကြည့်လို့မှ မတွေ့ရှိသည်မို့ စိတ်ဝမ်းငယ်ချင် စရာ ကောင်းလှသည်။ မွန်းတည့်နေပင်ဖြစ်သော်လည်း နေပြောက်ပင် မထိုး လောက်အောင် ရှိသည်။ အေးစိမ့်သလိုတော့ရှိသည်။ တောပန်းရနံ့က လေ အဝှေ့မှာပါလာတတ်သည်။ မမောလှသေးသော်လည်း ရနံ့မွှေးက ရင်ကိုအေး မြစေသည်။ အပန်းကိုလည်းပြေစေသည်။ အလွမ်းကိုလည်း ပြေစေလေသည်။

သဘာဝတေး ဟစ်ကြွေးသီဆိုနေသော ကျေးငှက်သာရကာတို့၏ မာဂဓာတေးကို နားဆင်ရသည်မှာ စိတ်နှလုံး ချမ်းမြေ့မိသလိုရှိသည်။ နွေမရောက်သေးသော်လည်း ဥသြငှက်ငယ်ကမြိုင်စောင်းမှာတွန်သံချိုနေသည်။ ရောက်လာမည့်နွေကို ခုကတည်းက ကြိုနေလေသည် ထင်၏။ သာယာစွာ မြည်ကြွေးတတ်သော ရွှေပြည်စိုးငှက်ငယ်အသံက လွမ်းမောဆွတ်ပျံ့ဖွယ် ကောင်းနေသည်။ ပင်ယံထက်မှ ချိုးငှက်မောင်နှံက ခွန်းဆင့်သံပြိုင် ကူချွဲနေသည်။ လူလို သူ့နှယ် ခွန်းတုံ့လှယ်နေကြသည်။ သည်ရှုခင်းမျိုးကို မြင်၍ "တောနှင့်တောင်စွယ်၊ ပြောကြမောင်မယ်၊ ငှက်ကယ်လူလို သံချိုနှော ပြောကြပြန်သကို. . ." ဟု စာဆိုရှင်များ သီဆိုခဲ့သည်ပင် ဖြစ်ချိမ့်မည်။

သိုက်မြုံမှာ စာခွန့်ကျွေးနေသည်လား၊ မကျွေးသည်လားတော့ သတိမထားမိ။ သွားရမည်က ဝေးလှသည်မို့ ခရီးတွင်ဖို့ အရေးသာ အာရုံစိုက်နေသည်။ ရှေ့ဆက်သွားရာမှာ ဆက်ရက်တစ်အုပ်နှင့် ဆုံသည်။ ၎င်းတို့ သဘာဝအတိုင်း ကျွက်ကျွက်ဆူညံလွန်းလှသည်။ သာသနာပြုခရီးသည်များကို လှိုက်လှဲပျူငှာစွာဖြင့် သောင်းသောင်းဖြဖြသြဘာပေး၍ ကြိုဆိုနေသည်ဟူ၍ ယူဆလိုက်သည်။ အမြီးစုတ်ဖွားကြီးများဖြင့် တစ်ပင့်တစ်ပင် ကူးလူးပြေးဆော့နေသော ရှဉ့်ငပေါ်အုပ်စုကား လူတန်းရှည်ကြီးဖြင့် ချီတက်လာနေသော သာသနာပြု သူရဲကောင်းများအား တည်ငြိမ်စွာဖြင့် ကြိုဆိုနေသည့်အလား ၎င်းတို့အနီးသို့ ဖြတ်သွားခိုက် ရောက်ရာသစ်ကိုင်းထက်မှာ ငြိမ်သက်စွာ တန့် နားလျက် မျက်လုံးကလေးအပြူးသားဖြင့် ငေးကြည့်နေကြသည်။

တစ်ခါတစ်ရံ တောတွင်းလက်နက်ကိုင်များနှင့်လည်း ဆုံမိတတ်သေးသည်။ သူတို့မှာလည်း လက်နက်ကိုယ်စီ၊ မြိုင်ကြီးငူဘုန်းတော်ကြီး အမှူးပြုသော အဖွဲ့မှာလည်း လက်နက်ကိုယ်စီ လွယ်ထားကြသည်။ တစ်ဦးက အရှိကို ဖျက်မည့်လက်နက်၊ ကျန်တစ်ဦးက အပျက်ကို ပြင်မည့်လက်နက်။ လက်နက်ချင်းမတူသလို ဦးတည်ရာချင်းလည်း မတူကြ။ ဆန့်ကျင်လိုက်သမှ အရှေ့နှင့် အနောက်၊ တောင်နှင့်မြောက်။ "အင်း. . . သည်လိုဆန့်ကျင်ဘက်တွေ ဖြစ်နေလို့လည်း သည်လမ်း သည်ခရီးမျိုးမှာ မျက်နှာချင်းဆိုင် ဆုံမိရသည်လေ၊ သဘာဝတစ်ရပ်ပေတကား" မြိုင်ကြီးငူဘုန်းတော်ကြီး တွေးလိုက်မိသေးသည်။

ပွာဒဲမယ်တော (ပါးရိုက်တော) သို့ ရောက်လာသည်။ ရှေးပဝေသဏီ တစ်ချိန်တုန်းခါက လူသားများသည် ကိုယ်ကျင့်တရားကို အလွန် ထိန်းသိမ်းလေ့ရှိခဲ့ကြသည်။ ရိုးရာဓလေ့ကို မြတ်နိုးလိုက်နာကြသည်။ ထိုစဉ်ကာလက သည်တောတွင်းတစ်နေရာမှာ ဖြစ်သည်။ အမျိုးသားတစ်ဦးက အမျိုးသမီး

တစ်ဦးအား လက်ဆွဲသဖြင့် ပါးရိုက်ခံရသည်ကို အစွဲပြု၍ ကရင်ဘာသာဖြင့် "ပွာဒဲမယ်" (ပါးရိုက်)တောဟု တွင်ခဲ့သည်။ သည်တော၏ထူးခြားမှုမှာ သည်တောတွင်း ဖြတ်သန်းသွားလာသော ညှော်သည်အုပ်စုတွင် ရှာခံလူတစ်ဦး တလေမျှ မပါခဲ့လျှင် တောမှအထွက်မှာ ညှော်သည်အုပ်စုဦးဦး ကျန်ရစ်ခဲ့တတ်သည်။ ကျားဆွဲခံရ၍ ဖြစ်စေ၊ အခြားအကြောင်းအစုစုကြောင့် ဖြစ်စေ ကျန်ရစ်တတ်လေ့ရှိသည်ဟုပြောကြသည်။ ထိုအကြောင်းကိုတွေးရင်း လျှောက်နေစဉ် "ဝုန်း" ကနဲ အသံနှင့်အတူ သစ်ကိုင်းအစ်ကိုင်းသည် ရဟန်းသံဃာတန်းကြီးအလယ်သို့ ကျိုးကျလာသည်။

တစ်ပါးနှင့် တစ်ပါး တစ်လံကွာ အနေအထားဖြင့် လျှောက်နေကြရာ ရှေ့မှပြန်ရေလာလျှင် ၁၆ ပါး၊ နောက်မှရေတွက်သွားလျှင် ၁၅ ပါး။ ၎င်း ၁၆ ပါးနှင့် ၁၅ ပါး ကြားတွင် ကျခြင်းဖြစ်သည်။ ဓာချုဆရာ ဦးဥက္ကဋ္ဌ၏ ညီဖြစ်သူ ရှင်ဝိသုဒ္ဓတစ်ပါး သီသီကလေး လွတ်သွားခဲ့သည်။ မြိုင်ကြီးငူဘုန်းတော်ကြီး လှည့်ကြည့်သည်။ အထိအခိုက် တစ်စုံတစ်ရာမရှိသဖြင့် ခရီးဆက်သွားသည်။ စိတ်ထဲမှာကား ခိုးလိုးခုလုဖြစ်သွားသည်။ မယ်ကဇောတောင်သည် သာမညမဟုတ်။ ဘုရားပြုပြင်ရန် သွားသူတိုင်းလိုလို ဒုက္ခရောက်ရတတ်သည်။ အသက်သော်မျှ ဆုံးရှုံးခဲ့ရသည်လည်း ရှိခဲ့ဖူးသည်။

အသို့နည်း။ ယခုလည်း ဆီးတားခြင်းလော။ တွေးမိသည်။ မည်သို့ရှိစေ သွားမည့်ခရီးကို ရောက်အောင် သွားလေ့ရှိသော ဝသီအတိုင်း ရှေ့သို့ဆက်ခါ တွင်တွင်သာ ခရီးနှင်လျက်ရှိသည်။

ထီးပေါ်မုနေဘ်ရွာသို့ရောက်လျှင် နားနေကျိန်းစက်လေ့ရှိသော်လည်း ယခုမူ ခရီးဆက်၍ နှင်ခဲ့သည်။ လယ်ကွင်းနှစ်ကွင်းကို ဖြတ်ကျော်အပြီးမှာ မယ်ပရိုတောင်ကို စတက်ရသည်။ တောင်မှအဆင်းတွင် လယ်ကွင်း၊ မြေပြန့်၊ တောခင်တန်းကလေးများကို တစ်မိုင်ခွဲခန့် ဖြတ်ကျော်အပြီးမှာ ဥယျာဉ်ခြံတစ်ခြံသို့ရောက်ရှိသည်။ တစ်ဆက်တည်း မယ်ပရို့ရွာကို ဖြတ်ကျော်ပြီး လယ်ကွင်းတစ်ခုကို ၁၀ မိနစ်ခန့်လျှောက်ရပြန်သည်။ ထို့နောက်စမ်းချောင်း တစ်ခုသို့ အရောက်တွင် ခေတ္တနားနေ အမောဖြေကြသည်။ နားသည်ဆိုသော်လည်း အေးအေးဆေးဆေး နားနေ၍မရ။ သွေးမအေးမီ ခရီးဆက်ထွက်သည်။

တောင်ကုန်းငယ်တစ်ခုအား ကျော်လွှန်အပြီးတွင် ရေအတန်များသော ချောင်းတစ်ခုကို ချောင်းရိုးအတိုင်း ခေတ္တမျှ လျှောက်ရပြီး ကူးနိုင်လောက်သောရေအနက်တွင် တစ်ဖက်သို့ ဖြတ်ကူးကြသည်။ ချောင်းတစ်ဖက်ကမ်း တောတန်းအဆုံးမှ ကြံခင်းကိုဖြတ်ကျော်မိလျှင် လျှိုကြီးတစ်ခုကို သက်

ဆင်းဖြတ်သန်းရသည်။ လှိုဏ်မှ အထက်တွင် တောင်ကုန်းတစ်လုံးရှိသည်၊ မြေပြန့် တစ်ခါဖြင့် နာရီဝက်ခန့် ခရီးဆက်ခဲ့ရာ "ဘောကေး" ဂိတ်သို့ ရောက်သည်။

နေဝင်လုနေပြီ။ မယ်ရာထသို့ မှောင်မှရောက်မည် ခန့်မှန်းမိသော်လည်း စောနိုင်သမျှ စောအောင် ခရီးပြင်းနှင်ကြပြန်သည်။ တော်ပေသေးသည်။ မျောက်လမ်းကို ဖြတ်ကျော်စဉ်မှာ အလင်းရောင်မပျောက်တတ်သေး။ သွားလို့လာလို့ ဖြစ်သေးသည်။

မျောက်လမ်းဆိုသည့်အတိုင်း မျောက်များလို တွယ်ကပ်ကုတ်ကပ်၍ သွားရသည်။ ကျောက်ဆောင်ကျောက်တုံးကြီးများ စီရရီ ဆင့်တန်းတည်ရှိနေသည်။ တစ်ဖက်မှာ မြင့်မားသော ကျောက်ဆောင်၊ အခြားတစ်ဖက်မှာ သံလွင် မြစ် ရှိသည်။ မျောက်လမ်းသည် မြစ်ရေပြင်မှ အထက်ဝါးသုံးလေးပြန် အမြင့် တွင် ရှိသည်။ ကျောက်ဆောင်ကျောက်တုံးများကြားမှ လည်းကောင်း၊ တစ် တောင်သာသာ ကျောက်ငူစွန်းများမှ လည်းကောင်း တွားသွားရသည်။ အောက်သို့ငုံ့ကြည့်လျှင် ကျောက်ဆောင်များအား ပွတ်တိုက်ကာ တရှဲရှဲအသံမြည်၍ တသွင်သွင် စီးဆင်းနေသော ရေပြင်လွှာကို တွေ့ရသည်။ တစ်ချက်သာ ကြည့်ဖြစ်သည်။ လမ်းကို မျက်နှာမလွှဲဝံ့။ ခြေလက်ချော်ပြီး ကျလိုက်မှဖြင့် ကျောက်တုံးအဆင့်ဆင့်နှင့် ရိုက်ခတ်မိကာ တစ်စစီပြန့်ကျဲပြီး မြစ်သံလွင်ထဲ ဖြန့်ခွဲ၍ သင်္ဂြိုဟ်ပြီးသား ဖြစ်သွားနိုင်သည်။

မျောက်လမ်းကို ခက်ခက်ခဲခဲ ကျော်လွန်ပြီးနောက် ကြခတ်ဝါးတောသို့ ရောက်သည်။ ဆူးရှိသောဝါးမျိုးမို့ မစူးမိအောင် သတိထားပြီး သွားရသည်။ ကြခတ်ဆူးများက အဆိပ်ရှိသည်။ ထိမိ စူးမိလျှင် မသေသော်မှ အတော်ကြီး ကို ခံရတတ်သည်။

ပြောသာပြောရသည်၊ သွားကြသူအားလုံး ဖိနပ်ကိုယ်စီဖြင့် ရှိသော်လည်း မြိုင်ကြီးငူဘုန်းတော်ကြီးမှာ ဖိနပ်မပါပေ။ လမ်းတစ်လျှောက် ဆူးတွေ ငုတ်တွေကို ဖြတ်သန်းခဲ့သည်။ ချွန်မြနေသော ကျောက်စွန်းများပေါ် နင်းလျှောက်ခဲ့သည်။ ခုချိန်ထိ ခလုတ်မထိ၊ ဆူးမငြိသေး။ ဘာကြောင့်ဟူ၍တော့ မတွေးတတ်။

ကြခတ်ဝါးတောလွန်လျှင် တစ်မိုင်ခွဲကျော်ကျော် ရှည်လျားသော ကျွန်းတောသို့ ရောက်သည်။ ကျွန်းပင်ကြီးများမှာ ကြီးမားတုတ်ခိုင်လှပြီး မိုးထိ မြင့်မားနေသည်။ ဖြောင့်တန်းနေသည်မှာ ရွေဘော်ထိုးထားသလား ထင်ရသည်။ မည်သူကများ မည်သည့်အချိန်ကစိုက်ပျိုးထားခဲ့သည်၊ အလျားအနံ မည်ရွေ့မည်မျှ ရှိသည် မသိရသော်လည်း သည်ကျွန်းတောကြီးကို မိနစ်

၂၀ ခန့် ဖြတ်ကျော်ခဲ့ရသည်။

(ယခု ထိုကျွန်းတော မရှိတော့ပြီ။)

ကျွန်းတောအလွန်မှာ "ကွီးလားပေး" စမ်းချောင်းကို ကျော်ဖြတ်ကာ မယ်ရာထဂိတ်သို့ ည ၈ နာရီမှ ရောက်တော့သည်။

**********

မယ်ရာထဂိတ်ရှိ ဘီလုံးတဲမှာ ခေတ္တနားနေပြီး ညကြီးမှောင်မှောင်မှာပင် မယ်ကဇောတောင်ထိပ်သို့ တက်ရန် ခရီးစတင်သည်။ မြေပြန့်ခရီးကို မိနစ် ၂၀ ခန့် လျှောက်ပြီးနောက် တောင်ပေါ်သို့ တောင်စောင်းတစ်လျှောက် မြွေလိမ်မြွေကောက် လမ်းဖောက်၍ တက်ကြရသည်။ လမ်းဟူ၍ သီးခြားမရှိ။ မှောင်နှင့်မည်းမည်းမှာ တောချုံတိုးကာ၊ လမ်းထွင်ကာဖြင့် သွားကြရသည်။ တောထိပ်သို့ ရောက်ရှိစဉ်မှာ ည ၉ နာရီခွဲလုပြီ။

တောင်ထိပ်မှာ ဖြစ်သလိုပင် နေရာထိုင်ခင်း ပြင်ဆင်ပြီးသည်နှင့် လုပ်ငန်းစတင်သည်။ ဒေါ်အေးသန်းက ကန်တော့ပွဲပြင်ကာ တောင်ပိုင်အား ပွဲကိုးသည်။ တစ်ဆက်တည်း ဘုရားတည်လေတိုင်း ပြုမြဲဖြစ်သော အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို စတင်သည်။ အသင့်ယူဆောင်လာသော ဘက်ထရီမီးချောင်းဖြင့် ရွတ်ဖတ်ခြင်းဖြစ်သည်။ အခက်အခဲတစ်ခု ကြုံသည်။ ပါသွားသော ထီးတော်ငယ်နေခြင်းပင်။ မတတ်နိုင်၊ မူလထီးတော်ကိုပင် ပြန် တင်ရပေမည်။

ထိုစဉ် ဘုန်းတော်ကြီး ဦးသုဇနတစ်ပါး တဟီးဟီးဖြင့် အဖျားတက်တော့သည်။ အလောသုံးဆယ် သစ်ပင်ချုံနွယ်များ ရှင်းထားပြီးစ ဘုရားရင်ပြင်မှာ သင်္ကန်းခြုံ၍ လှဲနေလိုက်ရတော့သည်။ အပိုပါလာသမျှသော သင်္ကန်းများကို အထပ်ထပ်ခြုံပေးသော်လည်း အချမ်းက မပြေ။ သောလယ်ထ (ရှမ်းဖက်ကမ်း)မှ ဒကာများ ရောက်လာကြသည်။ ပါလာသော သက္ကလပ်စောင်များကို အထပ်ထပ် ခြုံပေးကြသည်။ ဘုန်းတော်ကြီးကို မမြင်ရ။ စောင်ပုံကြီးကိုသာ တွေ့ရသည်။ ဤသည်သော်မှ ထူးခြား၍ မလာ။ အဖျားတက်၍ တုန်မြဲ၊ အချမ်းက ဖိစီးမြဲ။ တစ်ခါတစ်ရံ သတိလစ်ခိုက် ကယောင်ကတမ်းတွေ ပြောနေလိုက်သေးသည်။

သတိပြန်လည်လာခိုက်မှ ဘုန်းတော်ကြီးက တွေးမိသည်။

"ဤဘုရားကို ပြုပြင်မည် လာခဲ့ကြသော ဘုန်းကြီးများသည် ယခင်

ကလည်း ရှိခဲ့ဖူးသည်။ မည်သူမှ မတည်ဖြစ်လိုက်နိုင်ကြ။ ဘုရားပြင်မည်ဟု တောင်ထိပ်သို့ ရောက်လာသော ဘုန်းကြီးများကို နောက်နေ့ မိုးလင်းလျှင် တောင်ပေါ်မှ ထမ်းချယူကြရသည်။ ဆက်နေသော ဘုန်းကြီးများမှာ ပျံလွန်တော်မူသည်ထိ ဖြစ်ခဲ့ကြရသည်။ တောင်ထိပ်မှာ ဘီလူးလက်ဝါးဆိုလား၊ ကျောက်လက်ဝါးဆိုလား ရှိသည်။ ဘုရားတည်လာသည့် ဘုန်းတော်ကြီးနှလုံးကို ဆုပ်နယ်ပြီး ဒုက္ခဖြစ်စေသည်တဲ့၊ ပြောသံကြားထားရသည်။

အသို့နည်း. . .။

ယခုလည်း မိမိကိုပါ ဒုက္ခပေးတော့မည်လော။ ပေးကာမှ ပေးရော သည်ဘုရားကို ပြင်ဖြစ်အောင် ပြင်ရမည်။ သာသနာပြုသည်ပဲ။ အသက်သေမှာ ကြောက်လို့ကဖြင့် သည်လမ်းခရီးမျိုးကို အပန်းတကြီး လာခဲ့မည်မဟုတ်။ သေသွားကော အကြောင်းလား။ သာသနာအတွက် အသက်ပေးလှူသွားရသည်ပဲ။ သေရကျိုးနပ်ပေသည်ဟု ယူဆမည်"

သည်လိုနှင့် အဖျားတက်ရင်း၊ သတိလစ်ရင်း၊ သတိပြန်လည်လာရင်းဖြင့် မိုးလင်းသွားသည်။ အဖျားက ညကလောက် မတက်တော့။ ပါလာသူများကို အဖွဲ့သုံးဖွဲ့ခွဲကာ တာဝန်အသီးသီး အပ်နှင်းလိုက်သည်။

(၁) အဖွဲ့ ပဌာန်းအလှည့်ကျရွတ်ရန်နှင့် အလှည့်မကျသေးသူများက သစ်ပင်ချုံနွယ်များကို ရှင်းလင်းရန်၊

(၂) အဖွဲ့ လှေကိုးစင်းဖြင့် ကျောက်ညှပ်သို့ သွားပြီး ကျောက်နှင့်သဲများကို တိုက်ရန်၊

(၃) ကိုရင်ကြီး ဦးဖားကလေး ဦးဆောင်၍ ကျောင်း၊ ဇရပ်များ ဆောက်ရန် အတွက် သစ်လုံးတိုက်ရန်။

တာဝန်များ ခွဲဝေပေးပြီး မြိုင်ကြီးငူ ဘုန်းတော်ကြီးနှင့် လူတချို့ တောင်ခြေသို့ ဆင်းခဲ့သည်။

တောင်ခြေ မယ်ရာထဂိတ်သို့ ရောက်လျှင် မောင်နွဲ့နှင့် မချစ်အုန်းတို့ ဇနီးမောင်နှံတို့၏ စက်လှေ ရောက်နေသည်နှင့် သောလယ်ထသို့ တက်ခဲ့သည်။

သောလယ်ထသို့ မရောက်မီ စက်လှေပန်ကာဒလက် ပြတ်ထွက်သွားသည်။ ကြံဖန်ပြုပြင်၍ ခရီးဆက်ခဲ့ရသည်။

သောလယ်ထသို့ ရောက်လျှင် ဘီလပ်မြေ၊ အုတ် စသည့် ဆောက်

လုပ်ရေးပစ္စည်းများကို မှာကြားသည်။ စောင်၊ လက်နှိပ်ဓာတ်မီး၊ ဓာတ်ခဲ စသည့် တိုလီမိုလီပစ္စည်းများကို စုဆောင်းဝယ်ယူစေပြီး ပြန်လာခဲ့သည်။ သောလယ်ထမှ ဒကာများကလည်း ဆန်အိတ်များနှင့်အတူ လိုက်ပါလာကြသည်။

ဘုရားပြုပြင်ရန် ထုံးအတွက်ကိုမူ မဝယ်ရချေ။ တောင်ပေါ်ကရင်များက ထုံးဖုတ်၍ လှူကြသည်။ နောက်လွယ်ပလိုင်းများဖြင့် ထည့်၍ သယ်ပိုးတင်ယူလာကြသည်။

ပစ္စည်းများ မယ်ရာထဂိတ်သို့ ရောက်လျှင် နီးနားရွာမှ လူများတောင်ထိပ်မှ အဖွဲ့သားများက တစ်နိုင်တစ်ပိုင် သယ်ပိုးယူတင်ကြသည်။ မြိုင်ကြီးငူဘုန်းတော်ကြီးကိုယ်တိုင် အုတ်ချပ်များကို တစ်ပါသယ်ယူသည်။ ပဋ္ဌာန်းကို အသံမစဲစေဘဲ ရွတ်ဖတ်ပူဇော်ရင်း၊ နေရာရှင်းလင်းပြုပြင်ခြင်း၊ ပစ္စည်းများသယ်ယူစုဆောင်းခြင်း စသည်ကို ပြုလုပ်လာရာ ၅ ရက်တိုင် ရှိလာသည်။ ထိုကာလအတွင်း မြိုင်ကြီးငူ ဘုန်းတော်ကြီးသည် အဖျားတက်လိုက်၊ ကျလိုက်၊ အလုပ်လုပ်လိုက်နှင့် ရှိနေသည်။

၅ ရက်မြောက်သောနေ့တွင် ပို၍ ဖျားလာသည်။ ကယောင်ကတမ်းတွေ ပိုပြောလာသည်။ အဖျားတက်လိုက် သတိလစ်ရင်း ကွက်စိပ်ဟောသလိုတစ်ပါးတည်း သုခနေ့ဇာတ်ခင်းကာ ကယောင်ကတမ်းတွေ ပြောနေသည်။ ပါသွားသူများမှာ ဘုန်းတော်ကြီး၏ အမိန့်အရ အလုပ်သာလုပ်နေရသော်လည်း တက်ကြွမှု အားနည်းနေသည်။ ထိုစဉ် ဤမယ်ကဇောဘုရားသို့ ဘယ်သူလာလာ၊ မလာလာ မကြာမကြာလာရောက်၍ ဘုရားဝတ်ပြုလေ့ရှိသော ဘုရားဒကာဆိုသူ ရောက်လာသည်။

"ဒီဘုရားကို ဘယ်သူမှ တည်လို့မရဘူး၊ ပြင်လို့မရဘူး။ တည်ရင်၊ ပြင်ရန် သေတတ်တယ်။ ရှေးတုန်းက ဘုန်းကြီးတွေ လာတည်ကြတယ်။ မအောင်မြင်ဘူး။ ခုလိုနေမကောင်းဖြစ်ပြီး ပြန်ပြေးရတာပဲ။ ပြန်ပြေးတာမဟုတ်ဘူး။ တို့ကပဲ တောင်ပေါ်က ထမ်းချပေးခဲ့ရတယ်။ တချို့က ထမ်းချတောင် မမီဘူး၊ ပျံလွန်ကြရတယ်။ ဒီတော့ ဘုရားတည်ဖို့ မကြိုးစားပါနဲ့တော့" ဟု ပြောဆိုလာသည်။

ဝေယျာဝစ္စလုပ်ရန် ပါသွားသော ဒေါ်အေးသန်း စသော အမျိုးသမီးများ မျက်ရည်ကျကြပြီး ဒေါ်ငြိမ်းခင်က ဘုန်းတော်ကြီးကို တောင်ပေါ်မှ ပြန်သယ်ချဖို့ ပြောနေပြီ။ မြိုင်ကြီးငူ ဘုန်းတော်ကြီး အဖျားကျ၍ သတိပြန်လည်လာသည်တွင် ထိုအကြောင်းကို လျှောက်ထားကြရာ ခေါင်းမာစွာဖြင့် ငြင်း

ပယ်သည်။

"ဘုရားကို ဖြစ်သည့်နည်းဖြင့် တည်မည်၊ သူ့နည်းသူ့ဟန်တော့ ရှိကို ရှိရမည်။ စဉ်းစားဦးမည်" ဆိုကာ ပဋ္ဌာန်းရွတ်ဖတ်နေသည်ကို ခေတ္တရပ်နား ထားစေလိုက်သည်။

နောက်နေ့ မိုးလင်းလျှင် ဖြစ်နိုင်ချေနည်းလမ်းများကို စုံစမ်းကြည့် မည်ဟု တွေးနေစဉ် မိုးမလင်းသေးမီ နံနက် လေးနာရီခန့်တွင် တောင်ပေါ် ကရင်တစ်ဖွဲ့ ရောက်လာသည်။

အကျိုးအကြောင်း၊ အဆိုးအကောင်းကို သိနေသည့်နှယ် စီစဉ်စရာ ရှိသည်တို့ကို စီစဉ်သည်။ ရိုးရာဓလေ့ထုံးတမ်းများကို လုပ်ကြသည်။ ဘာတွေ လုပ်ကြသည်ကိုတော့ မသိ။ သတိထားမိသည်မှာ -

ပါလာသူများအနက်မှ အရွယ်တော် မိန်းမပျို ၇ ဦးကို ရွေးထုတ်၍ သင်တိုင်းဖြူ ဝတ်စေကာ ပွဲဆက်ခြင်း ဖြစ်သည်။ ဆံတော်ရှင်စေတီတော်၏ မူလဒါယကာမှာ ဒွေးမယ်နော်ဖြစ်သဖြင့် မိန်းမပျို ၇ ဦးဖြင့် ပွဲဆက်ခြင်း ဖြစ်သည်ဟု ဆိုသည်။

သည်လို လုပ်လိုက်တော့လည်း ဟုတ်သလိုတော့ ရှိသား။ ဘုန်းကော် ကြီး နေထိုင်ကောင်းလာသည်။ အဖျားလည်း မတက်တော့။ ကယောင် ချောက်ချားလည်း မဖြစ်တော့။ ပုံမှန် ဖြစ်လာသည်။ ပြောမယုံကြုံဖူးမှသိ စကားအရ လက်တွေ့ကြုံမှပဲ ယုံလိုက်ရတော့သည်။ တောင်ပေါ်ကရင်များ ကပွဲဆက်ခြင်းကိစ္စကို နှစ်ရက်တိုင်တိုင် ပြုလုပ်သည်။

အခြေအနေကောင်းလာပြီမို့ ဘုရားတည်ခြင်းကိစ္စကို ပြန်လည် စတင်သည်။ ပဋ္ဌာန်းရွတ်ကို ပြန်စသည်။ စေတီကို ငြမ်းဆင်သည်။ မူလ ထီးတော်ကိုပင် ပြန်တင်ရမည်မို့ အောက်သို့ မချရသဖြင့် ဝါးပိုးဝါး ၄ လုံးကို ဉာဏ်တော်နှင့်အညီ စေတီအနီးမှာ လင့်စင်ဆောက်လုပ်စေသည်။ ဘုရားမှ ငြမ်းနှင့် လျှောက်လမ်းပြုလုပ်သည်။ ထီးတော်ကို အသာအယာ ဖြုတ်ယူ၍ လျှောက်လမ်းအတိုင်း လင့်စင်သို့ တွန်းသွားကာ ထားလိုက်သည်။

စေတီတော်မှ အင်္ဂတေများကို ခွာနေစဉ် ဦးထွန်းရှင် ဦးဆောင်သော ပန်းရံအဖွဲ့က တံခွန်တိုင် ပြုလုပ်သည်။ ပန်းတော့ပညာရှင် ရှင်ဉာဏကနှက တံခွန်တိုင်မှာ တပ်ဆင်ရန် ဟင်္သာရုပ်နှင့် ဒေါင်းရုပ်ပြုလုပ်သည်။ တစ်ဆက် တည်း ဘုရားရုပ်ပွားတော်များကိုပါ ပြုလုပ်သည်။

မူလစေတီတော် ဉာဏ်တော် ၁၃ တောင်ကို ငုံ၍ ဉာဏ်တော် ၁၇

တောင်အမြင့် ပြန်လည် တည်ထားသည်။

စေတီတော် စတင်သည်နှင့် မြိုင်ကြီးငူတောင်ပိုင်ကြီး ပြောသော စကားအရ၊ လျှောက်ထားခဲ့ချက်အရ ပိဋကတ်ပေမူများကိုရှာရန် တောင်ထိပ်မှ ဆင်းခဲ့သည်။ တောင်ပတ်လမ်းမှ ဆင်းခဲ့ရာ တောင်ကုန်းကလေးတစ်ခုကို လှမ်းမြင်ရသည်နှင့် သွားကြည့်သည်။ ကျောက်ဂူတစ်ခုကို တွေ့ရသည်။ ဂူတွင်းသို့ ဝင်ရောက်ရှာဖွေကြည့်ရာ ကျွန်းသေတ္တာဟောင်းကြီးတစ်လုံးကို တွေ့ရသည်။

သစ်ပြားများကို စပ်၍ ပြုလုပ်ထားခြင်းမဟုတ်။ ကျွန်းလုံးကြီးကို သေတ္တာသဖွယ်ထွင်းထားခြင်း ဖြစ်သည်။ သေတ္တာကို အပြင်သို့ ထမ်းထုတ်ခဲ့ပြီး ဖွင့်ကြည့်ရာ ပိဋကတ်ပေမူများကို တွေ့ရသည်။ အပေါ်ပိုင်းမှ ပေရွက်များမှာ အတော်လေးကို ဆွေးမြည့်နေပြီး အလယ်လောက်ဆီမှာ အတော်အသင့် ကောင်းမွန်နေသေးသည်။

မြိုင်ကြီးငူဘုန်းတော်ကြီးသည် ပိဋကတ်ပေမူများကို တောင်ထိပ်သို့ ယူလာစေသည်။ နှစ်ပေါင်းတစ်ထောင်ကျော်က ပေမူများတည်း။ မြိုင်ကြီးငူ တောင်ပိုင်ကြီး လျှောက်ထားသည့်အတိုင်းသာ မှန်ခဲ့လျှင်ပေါ့။ အင်း. . . စဉ်းစားစရာတော့ အကောင်းသား။ သည်သစ်ထွင်းကျွန်းသေတ္တာထဲမှာ သည် ပိဋကတ်ပေမူများ ရှိသည်ဟူ၍လည်းကောင်း၊ သည်မျှ နက်ခေါင်သော သည် တောသည်တောင်မှာ သည်ပေမူများရှိသည်ဟူ၍ လည်းကောင်း မည်သူက သိထားပါမည်နည်း။

မည်သူကတော မည်သည့်အကြောင်းကြောင့် သည်နေရာသည် ဌာနမှာ ခက်ခက်ခဲခဲ လာထားမည်နည်း။ ထားခြင်းထား မြို့ကြီးပေါ်က ကျောင်းကြီးဝိဟာမှာ စာတိုက်ဘီရိုကြီးများနှင့် အကျသိမ်းဆည်းထားမည်သာ။ ယခုမူ သည်နေရာမှာ ရောက်နေသည်။

မည်သို့ဆိုစေ ရှေးဟောင်းပစ္စည်းများအနေဖြင့် အဖိုးမဖြတ်နိုင်အောင် တန်ဖိုးရှိသည်။ မြတ်စွာဘုရား၏ နှုတ်ကပါဠိတော်များဖြစ်သည်မို့လည်း အဖိုးတန်လွန်းသည်သာမက မြင့်မြတ်လွန်းလှသည်။ ဤမျှ အဖိုးတန်မြင့်မြတ်လှသောပစ္စည်းများကို လောကမှာ အထွတ်မြတ်ဆုံးဖြစ်သော ဘုရားသခင်အား ပူဇော်ဆက်ကပ်ခြင်းသာ အကောင်းဆုံးဖြစ်သည်။ ပြုပြင်တည်နေဆဲ မယ်ကဇောဆံတော်ရှင်စေတီတော်မှာ ဌာပနာမှသင့်မည် ဆုံးဖြတ်ကာ ပေမူအားလုံးကို ထည့်သွင်းဌာပနာလိုက်လေသည်။

မှတ်မှတ်ရရ နတ်တော်လဆန်း ၈ ရက်နေ့။ ဆွမ်းဘုဉ်းပေးအပြီးမှာ သံဃာများနှင့်အတူ သဲသယ်ပြုရန် အောက်သို့ ဆင်းခဲ့သည်။ အခေါက်ခေါက် အခါခါ သယ်ယူကြသည်။

ညနေ ၃ နာရီခန့်အချိန် တောင်ပေါ်သို့ သဲအိတ်ကိုယ်စီ ထမ်းပိုး၍ လည်းကောင်း၊ ကျောပိုး၍လည်းကောင်း တက်လာနေကြသည်။ မြိုင်ကြီးငူ ဘုန်းတော်ကြီးသည်လည်း သံဃာများနည်းတူ သဲအိတ်ကို ကျောပိုး၍ ရှေ့မှ ဦးဆောင်၍ တက်လာနေသည်။ သဲအိတ်ကိုယ်စီထမ်းထားသော သံဃာတန်း ကြီးက စိမ်းလန်းသော တောအုပ်အလယ်မှာ တစ်မျိုးအမြင်ဆန်းနေသည်။

ခရီးတာက မနီးလှသည့်ပြင် တောင်တက်ခရီးလည်းဖြစ်ပြန်၊ အလေးလည်း ထမ်းခဲ့ရသည်မို့ အားလုံးလိုလို မောပန်းနေကြသည်။ ချွေး တပြိုက်ပြိုက် ကျနေကြသည်။ ခေါင်းငိုက်စိုက်ဖြင့် အားစိုက်တက်နေကြသည်။ ပျဉ်းမတောအတွင်း ရောက်လျှင် ခေတ္တနားဦးမည်ဟု သဲအိတ်ကို ချထားလိုက် ပြီး ၎င်းသဲအိတ်ပေါ် ထိုင်လိုက်သည်။ နောက်ပါတို့လည်း အလားတူ အနားယူ ကြသည်။ ကျလာသော ချွေးပေါက်များကို အပိုပတ်ထားသော သင်းပိုင်ဖြင့် သုတ်လိုက်သည်။ ပြီးနောက် ရှေ့ဆက်တက်ရဦးမည့် တောင်တက်လမ်းကို မျှော်ကြည့်လိုက်သည်။

"ဟိုက်"ခနဲ အော်မိတော့မလို ဖြစ်သွားသည်။ အံ့သြလွန်းသွား ရသည်။ ရှေ့မလှမ်းမကမ်း တောင်စောင်းရှိ ကျောက်တုံးထက်ဝယ် အခန့်သား ထိုင်နေသော ကျားကြီးတစ်ကောင်။ မြိုင်ကြီးငူ ဘုန်းတော်ကြီး အမှူးပြုသော သံဃာတန်းကို စူးစိုက်၍ ကြည့်နေသည်။ စိမ်းလန်းသော သစ်ရွက်နောက်ခံ မှာ တောက်ပြောင်သော အဝါပေါ် အနက်စင်းက ထင်းထင်းကြီး။ ကြည့်၍ တစ်မျိုးလှသေးဟုပင် ထင်မိသေးတော့သည်။ အေးအေးလူလူ ထိုင်နေပုံမှာ အိမ်မွေးကြောင်ကြီးတစ်ကောင်အလား မှတ်ယူရသည်။ ပမာဏမှာ ကိုးတောင် ခန့် ရှိသည်။

ကြည့်ရသည်မှာ အန္တရာယ်ပြုမည့်ပုံမပေါ်။ ကျားနှင့် လူသားသည် တွေ့ကြသည်နှင့် ကမ္ဘာ့ရန်ဟု ဆိုရလောက်အောင် သူဦးကိုယ်ဦး တိုက်ခိုက် တတ်ကြသည်။ (လူ၏အသားသည် ကျားသတ္တဝါအဖို့ အနှစ်သက်ဆုံးဟု လည်း ဆိုကြသည်။) ယခုမူ ကိုယ်တော်ချောက_အမြိုင့်သား ထိုင်နေသည်။ ကျား၏သဘာဝ သားကောင်ဖမ်းတော့မည်ဆိုလျှင် အားယူသောအနေဖြင့် အမြီးကို တဘုတ်ဘုတ် ရိုက်လေ့ရှိသည်။ ယခုသော်ကား အမြီးလှုပ်သည်ကို သော်မှ မမြင်ရ။ သံဃာများကိုသာ အထူးအဆန်းသဖွယ် ကြည့်နေသည်။

ဘုန်းတော်ကြီး ပြောသဖြင့် သံဃာများကလည်း တအံ့တဩ ကြည့်နေကြသည်။ ကိုရင်ငယ်လေးများက ကြောက်လန့်တကြား ရှိသွားသည်။ မကြောက်စေဖို့ အားပေးရသည်။ "သူက တို့ကို ဘာမှ လုပ်မည့်ဟန် မမြင်၊ ကြောက်စရာမလို၊ ကျားကြီးကျန်းမာချမ်းသာပါစေလို့ မေတ္တာသာများများ ပို့ပေးပါ" ဟု ညွှန်ကြားလိုက်သည်။

ဘုန်းတော်ကြီးကိုယ်တိုင်လည်း ထိုခဏအတွင်းမှာ ပျံ့လွင့်နေသော စိတ်အစဉ်ကို စုစည်း၍ သမာဓိကိုဖြစ်စေသည်။ စိတ်အနည်းငယ်ငြိမ်လောက်သည်နှင့် ကျားကြီးအား ရည်စူး၍ မေတ္တာပို့သည်။ အထပ်ထပ် မေတ္တာဘာဝနာပွားသည်။ ကျားကြီးက ထိုင်နေမြဲ၊ ကြည့်နေမြဲ။ သံဃာများကလည်း ပြန်လည်၍ ကြည့်နေဆဲ။

ရှေ့သို့ ခရီးမည်သို့ ဆက်ရမည်ကို တွေးနေမိသည်။ ရှေ့တိုးသွား၍ အန္တရာယ်ပြုပါသော် မခက်ပါလော။ သံဃာများ တစ်ပါးနှင့်တစ်ပါး တီးတိုးပြောနေကြသည်။ သည်ပြဿနာကို မည်သို့ ရှင်းရမည်နည်း။ မိမိတို့မှာ လက်နက်ဆို၍ တုတ်တိုတစ်ချောင်းသော်မှ မပါကြ။ နောက်ပြန်လှည့်၍လည်း မဖြစ်တော့။ နောက်ပြန်အလှည့်မှာ နောက်ပိုးကို ခုန်အုပ်လိုက်မှဖြင့် အတွေးက ရှိသည်။

ရှေ့လည်း မတိုးသာ၊ နောက်လည်း မလှည့်သာ အကျပ်အတည်းကြုံရပုံကို "ကျားမြီးဆွဲထားမိသလို" ဟု အများက တင်စားပြောကြလေ့ရှိသည်။ ဘယ်သူကများ အားအားယားယား ကျားမြီးကို သွားဆွဲမိ၍ အကျပ်အတည်းကြုံခဲ့ရသည်မသိ။ ယခုဖြစ်ရပ်မှာ ယုံတမ်းစကား ပုံပြင်မဟုတ်။ မျက်မြင်ဒိဋ္ဌ ကိုယ်တွေ့ကြုံနေရသည့်အဖြစ်။ ကျားမြီးကို မဟုတ်။ ကျားနှုတ်ခမ်းမွေးကို ဆွဲမိတော့မလို အဖြစ်မျိုးတည်း။

ဘုန်းတော်ကြီးသည် သံဃာများအား တီးတိုးသံများကို တိတ်စေကာ ကျားရှိရာသို့ တူရူမျက်နှာမူလျက် သစ္စာအဓိဋ္ဌာန်ပြုလေသည်။

"အကျွန်ုပ်တို့ တစ်တွေသည် တစ်ပါးသူသွေးသားကို စားသုံးခြင်းမှ ရှောင်ကြဉ်၍ ဘေးမဲ့စားသုံးသူများ ဖြစ်ကြသည်။ ဘေးမဲ့စားသုံးခြင်းဖြင့် **မြတ်စွာဘုရား** သာသနာတော် ပြန့်ပွားစည်ပင်စေရန် ဤမည်သော တော**တောင်တွင်းသို့** လာရောက်၍ ဘုရားတည်ခြင်းအမှုကို ပြုနေကြခြင်း ဖြစ်သည်။ **ဤမှန်သော** သစ္စာစကားကြောင့် အသင်ကျားသည် ကျွန်ုပ်တို့အား ရန်မပြုပါစေသတည်း။ အကျွန်ုပ်တို့ကလည်း အသင်ကျားအား အန္တရာယ်

မပေးပါ။ အသင်ကလည်း အကျွန်ုပ်တို့အားရန်မပြုပါနှင့်။ အသင်ကျား ကျန်းမာချမ်းသာကြပါစေ။ အကျွန်ုပ်တို့ သွားရာလမ်းမှလည်း ဖယ်ရှားပေးပါလေ"

ဘုန်းတော်ကြီးသည် သစ္စာအဓိဋ္ဌာန်ပြုခြင်းနှင့်အတူ မေတ္တာပွားခြင်း အမှုကိုပါပြုသည်။ ကျားသည် သစ္စာမေတ္တာ၏ အာနုဘော်ကြောင့် ထင်သည်။ မူလထိုင်နေသော ကျောက်တုံးထက်မှ ဆင်း၍ အတော်ဝေးသော ကျောက်တုံးသို့ သွား၍ ထိုင်နေလေသည်။ သည်သောခါ. . .

"ကိုင်း. . . ကိုယ်တော်တို့၊ ကိုယ့်သဲအိတ် ကိုယ်သယ်ပြီး ကိုယ့်လမ်းကိုယ်သွားကြ။ စိတ်ထဲမှာ ကျားကြီး ကျန်းမာချမ်းသာပါစေ မေတ္တာပို့သွားကြ။ သူ့ကို ခြောက်ခြင်း၊ လှန့်ခြင်း ဘာမှ မလုပ်ကြနဲ့။ ကဲ. . . ကဲ. . . တပည့်တော် ရှေ့ကသွားမယ်၊ နောက်က တိတ်တိတ်ဆိတ်ဆိတ် မေတ္တာပွားပြီး လိုက်ခဲ့ကြ"

ဘုန်းတော်ကြီးကိုယ်တိုင် သဲအိတ်ကို ကျောပိုး၍ ရှေ့မှ ထွက်ခဲ့သည်။ နောက်ပါသံဃာများလည်း မှာကြားထားသည့်အတိုင်း လိုက်လာကြသည်။ ကျားရှိရာနှင့် တဖြည်းဖြည်း နီးလာသည်။ ဘုန်းတော်ကြီးအနေနှင့် မည်သို့ရှိမည်မသိသော်လည်း နောက်ပါ ငယ်ရွယ်သူများမှာ "ကျားနှင့်လူသား" တွေ့နေရသည်က ထိပ်တိုက်မို့ ကြောက်ရပါသည်ဟု ဆိုရမည်မို့ စိုးတထိတ်ထိတ်ဖြင့် မဝံ့မရဲ လှမ်းနေကြရသည်။ မျက်စိကိုမူ ကျားကြီးထံမှ မလွှဲရဲ။

ပြောဖြစ်လား၊ မတော် ခုန်အုပ်လိုက်မှဖြင့် လွတ်လိုလွတ်ငြား ပြေးတန် ပြေးရအောင်။

"မိုးကြိုးပစ်ရာ ထန်းလက်ကာ" ဆိုသလို မလွတ်နိုင်မှန်း သိလျက် ကြောက်စိတ်ရှိသောလူသားအနေဖြင့် သို့ကလို တွေးမိရသေးသည်။ ဘုန်းတော်ကြီးမှာမူ သဲအိတ်ကို ကျောပိုး၍ ခြေလှမ်းမှန်ဖြင့် လှမ်းနေသည်။ ကျားကို ဂရုမစိုက်။ လမ်းကိုသာ ဂရုထားကြည့်ရင်း လျှောက်နေသည်။ စိတ်တွင်းမှမူ ကျားအား မေတ္တာပွားနေလေသည်။

ကျားသည် မြိုင်ကြီးငူဘုန်းတော်ကြီးနှင့် သံဃာများအား ကျောက်တုံးထက်မှ ထိုင်၍ အခန့်သား ရှုစားနေလေသည်။ တုတ်တုတ်သော်မျှ မလှုပ်ချေ။

"အရှင်ဘုရားတို့၊ ဘုရားတပည့်တော်သည်လည်း အရှင်ဘုရားတို့ကဲ့သို့ ဘုရားတည်ရာဝယ် အုတ်သယ်၊ သဲသယ်စသည်ဖြင့် လုပ်အားဒါန ပြုချင်လှပါသည်ဘုရား။ သို့သော် တပည့်တော်ဘဝက မြင်သည့်အတိုင်း လုပ်အားမပေးသာသည်မို့ အရှင်ဘုရားတို့ လုပ်အားပေးနေမှုကို ဝမ်းမြောက်သောအနေဖြင့် ကြည့်နေရခြင်းပါဘုရား။ အရှင်ဘုရားတို့ လုပ်အားပေးနေပုံကို

တပည့်တော် အားရပါးရ ရှုစားနေစမ်းပါရစေဘုရား။ အရှင်ဘုရားတို့အား တပည့်တော် အန္တရာယ်မပြုပါ။ စိတ်အေးအေးဖြင့်သာ ဝုံဝုံရဲရဲ ကြွလှမ်းတော်မူကြပါဘုရား"

ဟူ၍ လျှောက်ထားလေသည့်နှယ် လုပ်အားဖြေ၊ သံဃာတန်းကြီးကို စူးစိုက်၍ ကြည့်နေလေသည်။ လှုပ်ရှားမှုဖြစ်လျှင် သံဃာများက အန္တရာယ်ပြုသည်ထင်မှာ စိုး၍ထင့်။ ကျားခမျာ ယဉ်ပါးပြီးသော အိမ်မွေးကြောင် တစ်ကောင်အလား မလှုပ်မယှက် ထိုင်နေရှာသည်။

သံဃာထုသည်လည်း ရှေ့မှ ဘုန်းတော်ကြီး၊ ကိုယ်တိုင် သွားနေပြီဖြစ်၍ မသွားဝံ့ဝံ့ သွားဝံ့ဝံ့ဖြင့်ပင် နောက်မှ လိုက်နိုင်ရသည်။ သဲအိတ်ပိုးကာ လျှောက်၍သာ နေသည်။ မျက်စိက ကျားဆီမှ မခွဲနိုင်။ ရင်တဖို့ဖို့ သည်း တထိတ်ထိတ်ဖြင့်ပင် ကျားရှေ့မှ ဖြတ်လျှောက်ခဲ့ကြသည်။ မြိုင်ကြီးငူ ဘုန်းတော်ကြီး၏ စူးရှသောမေတ္တာ၊ ကျားသတ္တဝါ၏ ကြည်ညိုသော သဒ္ဓါ ဤနှစ်ရပ်ပေါင်း၍ ဘေးအန္တရာယ်ဟူ၍ ဘာတစ်ခုမျှ မဖြစ်ခဲ့ပါမလ။

ပျဉ်းမတောကို လွန်ခဲ့သည်။ ပိန်းရိုင်းပင်များ များစွာပေါက်ရောက်နေသော ပိန်းတောကြီးကို ဖြတ်သန်းရပြန်သည်။ တောအုပ်အတွယ်လောက်ရောက်သည်ဆိုလျှင် "တအုအု" "တအိအိ" "တဖီဖီ" အသံများကို ကြားလိုက်ရသည်။ လှမ်းကြည့်လိုက်သောအခါ ပိန်းပင် ပိန်းရွက်များ သွက်သွက်ခါ လှုပ်ရှားနေသည်ကို မြင်ရသည်။ ကောင်ရေ ၂၀ ကျော်မည်ထင်သည်။ ဟိုသည် ကူးသန်းသွားလာနေသော တောဝက်အုပ် တစ်အုပ်တည်း။ ပန်းရိုးပန်းရွက်များကို တိုးဝှေ့၍ ပိန်းဥတွေ တူးဆွနေကြသည်။ ဘာ်ကောင့် တစ်ကောင် လုယက်စားသောက်နေကြသည်။ ဝက်ငယ်ကလေးများမှာ ပိန်းတော တစ်ခွန် လှည့်ပတ်ပြေးဆော့နေကြသည်။

ကျားအန္တရာယ်က ကျော်လွန်ခဲ့ပြီးသည်မှ မကြာသေး။ တောဝက်အရိုင်းအုပ်နှင့် တိုးနေပြန်သည်။ တောဝက်ဆိုသော သတ္တဝါသည် အလွန်လည်း ပါးနပ်လျင်မြန်သည်။ သတ္တိအထူးရှိသည်ဟုလည်း ကြားဖူးသည်။ ကျားဟူသော တောမုဆိုးကိုပင် လုံးဝမကြောက်တတ်။ ရင်ဆိုင်တွေ့လို့ကဖြင့် ကျားက ရှုံးရသည်ချည်း။

— တောဝက်နှင့်ကျား ရင်ဆိုင်တွေ့လျှင် ကျားက ခုန်အုပ်သည် ဆိုပါစို့။ တစ်ပြိုင်တည်း တောဝက်ကလည်း လျင်မြန်စွာ လှုပ်ရှားလိုက်သည်။ အဖြေမှာ ကျားခမျာ ဝမ်းဗိုက်ပွင့်၍ စင်းစင်းသေပွဲဝင်ခဲ့ရသည်ဟု ဆိုကြသည်။ ဤမျှအထိ လျင်မြန်သော တောဝက်။

တောပစ်မုဆိုးများကလည်း တောဝက်ကိုဆို ကျားထက် ကြောက်ကြသေးသည်။ ကြံ့ဖူးသော သာဓကများစွာရှိသည်။ မုဆိုးနှင့် တောဝက် ရင်ဆိုင်တွေ့၍ မုဆိုးက ဒူးလေးဖြင့်သော်လည်းကောင်း၊ သေနတ်ဖြင့်သော်လည်းကောင်း ပစ်သည်ဆိုပါစို့။ ဒူးလေးသံ၊ သေနတ်သံ မဆုံးမီမှာပင် ပစ်လိုက်သူမုဆိုးထံသို့ ရောက်နေပြီး တိုက်ခိုက်နေပြီး ဖြစ်တော့သည်။ တောဝက်ကို မှန်သည် ထားဦး။ မုဆိုးခမျာလည်း မသက်သာ။ သေလုမျောပါး ဒဏ်ရာရတော့သည်။ တစ်ခါတစ်ရံ သေသည်ထိ ကြုံတတ်သည်။ ဤမျှလျင်မြန်သော တောဝက်။

ဤမည်သော တောဝက်အုပ်နှင့် ပက်ပင်းပါ တွေ့နေရပြန်ပါပြီ။ ဘုန်းတော်ကြီး ဦးဆောင်သော သံဃာထုမှာ မည်သည့်လက်နက်မှ မပါ။ သဲအိတ်ကိုယ်စီ ထမ်းလျက်နှင့်သာ။ ဤမျှ လျင်မြန်သော တောဝက်အုပ်က ရန်မူလာမှုဖြင့်။ မကောင်းသူထိပ်၊ ကောင်းသူထိပ်ပင်။ လွတ်နိုင်ဖွယ်ရာ မမြင်ပြီ။ အသုံးပြုမြဲ သစ္စာနှင့် မေတ္တာကိုသာ အသုံးပြုရတော့သည်။

"အသင် တောဝက်များ။ အကျွန်ုပ်တို့သည် အသင်တို့ ဘေးအန္တရာယ်ပြုမည့်သူများ မဟုတ်ကြပါ။ အသင်တို့ကိုသာ မဟုတ်၊ အခြားမည်သည့်သက်ရှိသတ္တဝါကိုသော်မှ အန္တရာယ်မပေးခဲ့ကြပါ။ ခန္ဓာကိုယ်တည်တံ့စေရန်အတွက်ကိုသော်မှ သူတစ်ပါးသွေးသားကို စားသုံးခြင်းမှ ရှောင်ကြဉ်ကာ သက်လွတ် (ဘေးမဲ့) စားသုံးခြင်းဖြင့်သာ ခန္ဓာကိုယ်ကို မွေးမြူကြသူများဖြစ်ကြသည်။ ဤမှန်သောသစ္စာစကားကြောင့် အသင်တောဝက်များသည် အကျွန်ုပ်နှင့်တကွသော သံဃာများကို အန္တရာယ်မပြုနိုင်ပါစေသတည်း။ အသင်တောဝက်များသည်လည်း စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် မိမိတို့အလိုရှိသလို ပျော်ပါးနိုင်ကြပြီး ဘေးမသီရန်မခဘဲ လိုရာခရီးသို့ သွားနိုင်ကြပါစေ။ သဗ္ဗေသတ္တာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊ အနိဃာဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု။

ဘုန်းတော်ကြီး သစ္စာမေတ္တာပြုပြီးသည်နှင့် တောဝက်များသည် လှုပ်ရှားရာမှ ရုတ်ခြည်းတန့်သွားသည်။ အုအုအိအိ မြည်သံသော်မှ မကြားရတော့ချေ။ ပိန်းပင်များအကြား ငြိမ်သက်စွာ တန့်ရပ်နေကြသည်။

ဘုန်းတော်ကြီး ဦးဆောင်သော သံဃာထုသည် သဲအိတ်ကိုယ်စီဖြင့် တောဝက်အုပ်ကြီးရှိရာ ပိန်းတောအတွင်းမှ ဖြတ်သန်းခဲ့ကြလေသည်။ အန္တရာယ်ဟူ၍ စိုးစဉ်းမျှ မရှိခဲ့ပါချေ။ တောင်ထိပ်ရှိ ဘုရားတည်ရာသို့ ချောမောစွာ ရောက်ရှိခဲ့ကြလေသည်။

ပြောမယုံကြုံဖူးမှ သိရသော သဘာဝလွန် သဘောတရားများစွာ ရှိသည်။ ယခုလည်း ကိုယ်တိုင် ကြုံဖူးရပြီမို့ သစ္စာနှင့် မေတ္တာစွမ်းအင်ကို ပို၍ ယုံကြည်မိရပြန်လေသည်။

မြိုင်ကြီးငူဘုန်းတော်ကြီး၏ ယခုကြုံရချက်သည် ထူးသည်ဟုတော့ ဆိုနိုင်ပါသည်။ ဖြစ်မြဲသဘာဝထက် လွန်လေသည်မို့ ထူးသည်တော့ မှန်ရာပါသည်။ သို့သော် ဆန်းတော့ မဆန်းပါချေ။ အလားတူ ဖြစ်ရပ်များ မြန်မာ့သာသနာ့သမိုင်းတွင် အများကြီး ရှိခဲ့ဖူးသည်။ ရဟန္တာဟု လူသိများသော ဘုန်းတော်ကြီး ဦးသီလနှင့် ကျား ဆုံဆည်းရသော ဖြစ်ရပ်များ။ အာသံပြည်ရှိ မြန်မာဘုန်းတော်ကြီး၏ ကျောင်းသင်္ခမ်းအနီးမှာပင် ညစဉ် ကျားလာရောက်၍ အိပ်စက်လေ့ရှိသော ဖြစ်ရပ်များ။ မုဒုံမြို့ ဂျုံးဂျုံးကျတောရ မူလဆရာတော် ဘုရားကြီး တောရဆောက်တည်စဉ်က ကျားစသော တောရိုင်းတိရစ္ဆာန်များ မကြာခဏ လာရောက်ဖူးမြော်လေ့ရှိသော ဖြစ်ရပ်များ စသည် များစွာရှိသည်။

ထို့ပြင် တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရသည် ချင်းတောင်တန်းတစ်ခုဝယ် သာသနာပြုစဉ်က နေ့ညမရွေး တောတောင်အသီးသီးသို့ တစ်ပါးတည်း ကြွရောက်ခဲ့စဉ်ကလည်း အလားတူ ဖြစ်ရပ်များနှင့် ဆုံဆည်းခဲ့ရဖူးပြီ။ ဆံခြည်မျှင်တစ်မျှင်စာသော်မှ အန္တရာယ် မရှိခဲ့ပေ။ ဤသည့်ဖြစ်ရပ်ကို တောင်တန်းဆရာတော်ကြီးကိုယ်တိုင် မှတ်တမ်းဆောင်းပါးများတွင် ရေးသားခဲ့သည်။ မေတ္တာဓာတ် (လက်နက်) စူးရှထက်မြက်ပုံကို အလျဉ်းသင့်တိုင်းလည်း ထုတ်ဖော်ပြောကြားလေ့ရှိသည်။

သစ္စာဆိုသည့်အချက်မှာလည်း မှန်သောစကားသာ ဖြစ်ပါစေ၊ အန္တရာယ်အသွယ်သွယ်မှ ကင်းဝေးစေနိုင်သည်သာ ဖြစ်သည်။

သုဝဏ္ဏသာမဇာတ်တော်မှာ သားသုဝဏ္ဏသာမသည် မြားဆိပ်မွှန်ကာ သဲသောင်ပြင်ထက် လဲခဲ့သည်။ မိဘဖြစ်သူ ဒုကူလနှင့် ပါရိကာတို့ အသီးသီး သစ္စာပြုစဉ် တစ်ဖက်နံတောင်းမှ တစ်ဖက်နံတောင်းသို့ ပြောင်းခဲ့သည်။ တမလွန်ဘဝမှ အမိဖြစ်ခဲ့ဖူးသော ဗဟုသုန္ဒရီ နတ်သမီး သစ္စာဆိုပြီးအဆုံးမှာ မြားဆိပ်လုံးဝကင်းစင်ခဲ့သည်။ အမာရွတ်ပင် မကျန်ခဲ့။ အသက်ချမ်းသာရာ ရခဲ့ဖူးသည်။

လူသားကို မဆိုထားဘိ၊ တိရစ္ဆာန်များသော်မှ မှန်သောစကားကို ဆိုပါမူ အကျိုးအာနိသင်ကို ရရှိခံစားဖူးသည်။ သာဓကအနေဖြင့် ဘုရားလောင်း ငုံးမင်းကို စံပြုပြဆိုလိုပေသည်။ ဥက္ကဲ့တွင်းမှ ပေါက်စ ဘုရားလောင်း ငုံးမင်းကလေးသည် အသိုက်အတွင်းမှာ မိဘများနှင့်အတူ ရှိနေခဲ့သည်။

တစ်နေ့မှာ တောမီးအကြီးအကျယ်လောင်လေသည်။ မိဘနှစ်ပါးမှာ သေဘေးမှ ကြောက်၍ ပျံပြေးကုန်သည်။ အသိုက်တွင်းမှာ မွေးကင်းစဘုရားလောင်း ငုံးငယ်လေးသာ ကျန်သည်။ ထိုအခါ ငုံးငယ်က သစ္စာဆိုသည်။ -

❖ သန္တိပက္ခာ အပတနာ၊
သန္တိပါဒါ အဝဉ္စနာ၊
မာတာပိတာစ နိက္ခန္တာ၊
ဇာတဝေဒ ပဋိက္ကမ။

❖ ငါ့မှာ အတောင်ရှိပါသည်။ မပျံနိုင်သေးပါ။
ငါ့မှာ ခြေရှိပါသည်။ မသွားလာနိုင်သေးပါ။
မိဘများလည်း အသက်ဘေးကြောင့် ငါ့ကို စွန့်၍ ပြေးလေကုန်ပြီ။

❖ ဤမှန်သောစကားကြောင့် အရှိန်ပြင်းစွာ လောင်လာသော အို တောမီး. . . ငါ့ဆီသို့ မလာဘဲ ဝေးရာသို့ ဖဲခွာသွားပါလော့။

သစ္စာဆိုပြီးအဆုံးမှာ ဆယ့်ခြောက်မင်းပယ်စာမျှသော အရပ်တိုင် ရုတ်ခြည်း တောမီးငြိမ်းသွားရဖူးလေသည်။

ဤကား ဇာတ်နိပါတ်တော်လာ သာဓကအချို့ဖြစ်သည်။ မြတ်စွာဘုရားလက်ထက်တော်အခါတုန်းကလည်း သစ္စာနှင့် ပတ်သက်၍ အများသိသော ဖြစ်ရပ်ထူး ရှိခဲ့ဖူးသည်။ အင်္ဂုလိမာလထေရ်သည် -

❖ ယတောဟံ ဘဂိနိ အရိယာယ ဇာတိယာ ဇာတော၊
နာဘိဇာနာမိ သဉ္စိစ္စ ပါဏံ ဇီဝိတာ ဝေါရောပေတာ။

❖ တေန သစ္စေန ကာဟာမိ၊ သောတ္ထိ တေ ဟောတု
သောတ္ထိ ဂဗ္ဘဿ။

❖ ငါသည် အရိယာအနွယ်သို့ ရောက်ပြီးသည့်အချိန်မှစ၍ သေစေလိုသော စေတနာဖြင့် သတ္တဝါ တစ်စုံတစ်ဦး၏ အသက် ကို မသတ်ဖူးလေခဲ့။

❖ ထိုမှန်သော သစ္စာစကားဖြင့် ငါသစ္စာပြုပါ၏။ ကိုယ်ဝန်ရှင်သည်လည်းကောင်း၊ သန္ဓေသားသည်လည်းကောင်း နှစ်ဦးစလုံး ကျန်းမာချမ်းသာပါစေ (ဝါ) ထိုကိုယ်ဝန်သည် ချမ်းသာစွာ မွေးဖွားနိုင်ပါစေသတည်း။

ဟူ၍ သစ္စာပြုသဖြင့် သနွေသားကို ချမ်းသာလွယ်ကူစွာ မွေးဖွားနိုင်ခဲ့ပါသည်။

ဤသို့သော သာဓကပေါင်းများစွာရှိသည်။ ယခုလည်း မြိုင်ကြီးငူဘုန်းတော်ကြီးသည် သစ္စာကို အခြေခံ၊ မေတ္တာကို ခြံရံခြင်းအမှုပြုခဲ့သဖြင့် ရင်ဆိုင် ကြုံတွေ့ရသော ကျားရန်၊ တောဝက်ရန်တို့မှ ကင်းလွတ်ခဲ့ရလေသည်။

ဩော်. . . သစ္စာ၏ အာနုဘော်၊ မေတ္တာဓာတ်၏ အရှိန်အစော်သည် အံ့မခန်းဖွယ် ထက်မြက်လှပါဘိတောင်း။

မြိုင်ကြီးငူဘုန်းတော်ကြီး၏ ဖြစ်ရပ်သည် မျက်မြင်လောကဖြစ်ရပ်မှ လွန်သည်မို့ ထူးသည်ကား မှန်ပါ၏။ သို့သော် အလားတူဖြစ်ရပ်မျိုးပေါင်းများစွာ ရှိသည်မို့ ဆန်းသည်ဟုတော့ မဆိုနိုင်ပါချေ။

မယ်ကဇော ဆံတော်ရှင်စေတီတော်ကို ၃၈ ရက်ကြာ တည်ခဲ့ရသည်။ ဘုရားတည်နေစဉ် ကာလအတွင်း ရစ်ငှက်တစ်ကောင် လာရောက်၍ ပရိသတ်ကြားထဲ ရောရောနှောနှော နေလေ့ရှိသည်။ ကိုရင်ငယ်လေးများနှင့် ဆို ပို၍ ရင်းနှီးသည်။ ပခုံးပေါ်မှာ တက်နား၍ နားသယ်ကို နှုတ်သီးဖြင့် ပေါက်၍ပေါက်၍ စ,လေ့ရှိသည်။ ဤကာလအထိ မြိုင်ကြီးငူဘုန်းတော်ကြီးနှင့် ရစ်ငှက်ကား မတည့်လှသေး။

၁၃၅၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၇ ရက်တွင် စေတီတော်ကို အပြီးသတ် တည်နိုင်ခဲ့သည်။ ဘွဲ့တော်အဖြစ် "ဒသဗလဆံတော်ရှင်စေတီတော်" ဟူ၍ ဘွဲ့တံဆိပ်နာမံတော် သမုတ်တော်မူသည်။ ၁၃၅၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၈ ရက်မှာ ထီးတော်တင်လှူသည်။

ထီးတော်တင်လှူသည်ဟူသည်မှာ မူလထီးတော်ကို ပြန်၍ တင်လှူမည်သာ ဖြစ်သည်။

၁၃၅၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၈ ရက် ယနေ့ ထီးတော်တင်မည်။

နံနက် ၇း၀၀ နာရီတွင် ထီးတော်တင်မည်ဟု ကြားသိထားသည့်အတိုင်း အနီးအနားရွာများမှ ဒေသခံတိုင်းရင်းသားများ၊ သောလယ်ထမှ မြိုင်ကြီးငူဘုန်းတော်ကြီးအား ကြည်ညိုရင်းစွဲရှိသူ ဒါယကာ၊ ဒါယိကာမများ တစ်နေ့ကြို၍ ရောက်နှင့်နေကြသည်။ ပြာသိုလသည် ချမ်း၍ ကောင်းတုန်းဆောင်းလဖြစ်သည်။ တောကြီးတောင်ထဲလည်း ဖြစ်ပြန်၊ သစ်ကြီးဝါးကြီးများလည်းရှိပြန်သဖြင့် အေးလိုက်သမှ စိမ့်နေသည်။ ချမ်းလိုက်သမှ ကုန်လို့နေသည်။

ဆီးနှင်းများက လက်ဝဲသုန္ဒရ၏ မဲဇာရတုထဲကအတိုင်း "သံဝါ ဖြောက်ဖြောက်၊ ဆီးနှင်းပေါက်လည်း၊ မိုးလောက်ပြင်းထန်၊ သွန်းချပြန်သော် . . ." ဟူသည်သို့ ရှိသည်။ ခပ်ကြမ်းကြမ်း တိုက်ခတ်နေသော ဆောင်းလေကြောင့် နေခြည်ဖြာသော်မှ မနွေးနိုင်ဖြစ်ရသည်အထိပင်။

နံနက် ၈း၀၀ နာရီ တိုးပြီ။ နေက မြင့်ခဲ့ပြီဖြစ်သော်လည်း မြူက မကွဲသေး။ နှင်းက မစဲသေး။ နေမင်းက မြူနှင်းထုကို မထွင်းဖောက်နိုင်သေး။ သို့သော် အလင်းရောင်တော့ ရနေပြီ။ သည်ကနေ့မှ လာရောက်ကြသူများလည်း တောင်ကုန်းပြည့်မျှ ရှိနေပြီ။

ထီးတော်တင်ပွဲကို စတင်သည်။

ထီးတော်ကို ယာယီစင်တော်မှပင် တင်ယူပူဇော်မည်ဖြစ်သည်။ ပရိသတ်များက တင်နေကျ ထုံးစံအတိုင်း စေတီတော်၏ ခြေတော်ရင်းမှ တင်လိုသည်။ မြိုင်ကြီးငူဘုန်းတော်ကြီးက ခွင့်မပြု။ ဒကာများက "မြေသို့ မကျစေဘဲ ဘုရားကို လက်ယာရစ် လှည့်ကြပါမည်" ဟု ဆိုလာသေးသည်။ ဤသည်ကိုလည်း ခွင့်မပြုချေ။

ထီးတော်ကို မူလအမြင့်မှ အောက်သို့မချကောင်း။ ချပြီးလျှင် ပြန်မတင်ကောင်းဟူ၍ ရှင်းပြရသည်။ ရှင်းပြသည်ကို နားမလည်သော်လည်း လက်မခံချင်ကြ။ တောင်းဆိုမြဲ တောင်းဆိုကြသည်နှင့် မြိုင်ကြီးငူဘုန်းတော်ကြီးက ဤမျှလောက်ဖြင့် အကြောင်းမဟုတ်တန်ကောင်းဟု ယူဆကာ စိန်ဖူးတော် ကို ဖြုတ်၍ လှည့်လည်စေသည်။

စိန်ဖူးတော် အောက်ရောက်၍ စေတီတော်အား လက်ယာရစ် လှည့်၍ ၉ ပတ်မပြည့်မီ ငြမ်းပေါ်မှ ထီးတော်တင်ရန် စောင့်နေသူများ၏ အလန့်တကြားအော်သံကြားရသည်။ မော်ကြည့်မိရာ ဆင်ထားသော ငြမ်းတစ်ခုလုံး ယိမ်းထိုးလှုပ်ရှားနေသည်ကို တွေ့ရသည်။ အပေါ်မှ နေသူများမှာ ကျမည်စိုး၍ ငြမ်းကို တအားဖက်တွယ်ထားရသည်။

ထူးဆန်းလေစွ. . .။ ငြမ်းကို ထုံးစံအတိုင်း စေတီ၏ ပစ္စယံအထက် ခေါင်းလောင်းနားဆီမှစ၍ ဆင်ထားသည်။ ငြမ်းအခြေမှာ လူတစ်ဦးမျှ မရှိ။ ရှိသမျှလူအားလုံး စိန်ဖူးတော်နှင့်အတူ စေတီတော်အား လက်ယာရစ်လှည့်နေကြသည်။ ဘာကြောင့် ငြမ်းယိမ်းထိုးနေရသနည်း။ စဉ်းစား၍မရ။ တွေးခေါ်၍ မတတ်ပါချေ။

စိန်ဖူးတော် လှည့်နေသူများက သတိမထားမိသဖြင့် မသိလိုက်သော်လည်း ငြမ်းပေါ်မှာ နေကြရသူများက ခါယမ်း၍ နေသည်အထိ လှုပ်နေသည်

ကို ကောင်းကောင်းကြီးသိနေသည်။ ကျမသွားအောင်လည်း ငြမ်းကို အတင်း ဖက်တွယ်ထားရသည်။

ငြမ်းသာ လှုပ်သလော. . .

ဘုရားပါ လှုပ်သလော. . .

ဘုရားလှုပ်၍ ငြမ်းလှုပ်ရသလော. . ။ ခွဲခြားမနေအား။ သတိလည်း မထားမိ။ ထူးဆန်းလွန်းနေသည့်အဖြစ်ကို အံ့အားသင့်စွာ ကြည့်နေမိသည်။

၉ ပတ်လှည့်ပြီး၍ စိတ်ဖူးတော်ကို အပေါ်သို့ ပြန်လည်ပို့ဆောင်ပေး လိုက်ကာမှ ယိမ်းထိုးနေသောငြမ်း ရပ်သွားသည်။ ဘုရားထီးတော်ကို ယာယီ စင်တော်မှ လျှောက်လမ်းအတိုင်း ပြန်လည်ယူဆောင်၍ တင်လှူသည်။ စိန်ဖူး တော် တင်လှူပြီးစီးသည်နှင့် တစ်တောင်လုံး ဂမုန်းရွှေဝါနံ့များ ကြိုင်လှိုင်မွှေး ကြူလာသည်။

လူတိုင်းလိုလို လေထဲမှအနံ့ကို အငမ်းမရ ရှိုက်ရှူမိကြသည်။ စော စောပိုင်းက သည်အနံ့မျိုး မရှိခဲ့။ ယခုမှ အနံ့ရလာသည်မို့ ထူးဆန်းလွန်းလှစွာ ဖြင့် တစ်ဦးကို တစ်ဦး ကြည့်မိကြသည်။ အနံ့မှာ ခရေ၊ သရဖီ၊ သဇင် သုံးမျိုး ကို ရောစပ်ထားသည့် အနံ့မျိုး ဖြစ်သည်။ ထီးတော်တင်ပြီးဆုံးပြီးနောက် မြို့ကြီးငူဘုန်းတော်ကြီးသည် အနုမောဒနာတရားချီးမြှင့်ရန် ကျောက်တုံး ကြီး တစ်တုံးပေါ် ထိုင်သည်။ ပရိသတ်များက ရင်ပြင်ပေါ်မှာ သင့်လျော်သလို နေရာယူကြသည်။

ထိုစဉ် ထူးဆန်းစွာ ဆက်တိုက်ဖြစ်လာပြန်သည်။

ယခင်ရက်များတစ်လျှောက်လုံး ၃၈ ရက်လုံးလုံး ပရိသတ်များနှင့်သာ တည့်၍ ဘုန်းတော်ကြီးနှင့် လုံးဝသင့်မြတ်ခြင်းမရှိခဲ့သော ရစ်ငှက်သည် ပရိသတ်များကြားမှတိုးထွက်လာပြီး ထိုင်နေသောမြို့ကြီးငူဘုန်းတော်ကြီး၏ တင်ပလ္လင်ခွေပေါ်သို့ တက်လာနေသည်။ တရားဟောနေစဉ် တစ်ချိန်လုံး ထိုသို့ပင်နေကာ ဘုန်းတော်ကြီး၏မျက်နှာတော်ကို မော်ဖူးနေလေသည်။

ရေစက်သွန်းချ အမျှဝေပြီးကာမှ ဆင်းသွားရှာသည်။ ဆင်းသွားသည် ဆိုရာမှာ ဘုန်းတော်ကြီးပေါ်မှသာ ဆင်းသွားသည်မဟုတ်။ မျက်ရည်တွေတွေ ကျကာ ပရိသတ်ကြားမှတစ်ဆင့် တိုးဝှေ့၍ တောင်စောင်းအတိုင်း ဆင်း သွားခြင်းဖြစ်သည်။

ရစ်ငှက်၏အဖြစ်ကို မြင်ရသူတိုင်း ကရုဏာသက်မိကြရသည်ချည်း ဖြစ်သည်။ ရစ်ငှက်ငယ်သည် ခွဲခွာခြင်းသဘောကို နားလည်ဟန်တူသည်။

သူက မခွဲလိုသော်လည်း လူအများက သူ့ကို ခွဲ၍ သွားကြမည်ကို သိရှိပုံရသည်။ ကျန်ရစ်၍ လွမ်းနာကျရသည်ထက် ခွဲခွာသွား၍ လွမ်းရသည်က သက်သာဖွယ်ရှိသည်ဟူ၍ပင် တွေးသည်လော မပြောတတ်။ သူက စတင်၍ ခွဲခွာသွားသည်။ အကယ်၍ လွမ်းဆွေးခြင်းသဘောကို ဒဂါး၏ အရုပ်မျက်နှာ ပန်းမျက်နှာကဲ့သို့ ဦးတည်ရာချင်းသာကွာသည်။ တန်ဖိုးချင်းတူတူသာရှိသည့် အဖြစ်ကို ရစ်ငှက်ငယ် တွေးမိပါမူ. . .။

မြိုင်ကြီးငူဘုန်းတော်ကြီးသည် ရစ်ငှက်ငယ်၏ဖြစ်အင်ကို ကြည့်၍ ကရုဏာကြီးစွာဖြင့် မှင်တက်ကြည့်နေမိသည်။ တစ်ဆက်တည်း ဗုဒ္ဓဝင်ပါဖြစ်ရပ်များကို သတိရလာသည်။ ကဏ္ဍကမြင်းနှင့် ပါလိလေယျက ဆင်မင်းအကြောင်း။ လူသားနှင့် တိရစ္ဆာန် ခွဲခွာကြသောဖြစ်ရပ်။

စီးတော် ကဏ္ဍကမြင်းမှာ ဘုရားလောင်း သိဒ္ဓတ္ထမင်းသားနှင့် ဆန္နအမတ်တို့ကို အနော်မာသောင်ကမ်းသို့ ရောက်အောင် ပို့ဆောင်ပေးခဲ့သည်။ သိဒ္ဓတ္ထမင်းသား ရဟန်းပြုပြီး ဆန္နအမတ်နှင့်အတူ တိုင်းပြည်သို့ ပြန်ရန် နှင်လွှတ်သည်နှင့် ဝမ်းနည်းလွန်းသဖြင့် ရင်ကွဲနာကျ၍ သောင်ပြင်ထက်မှာ သေဆုံးခဲ့ဖူးသည်။ ၂၉ နှစ်လုံးလုံး သခင်နှင့်အတူ သွားလာခဲ့ရသည့် သံယောဇဉ်ပူမီးက ကဏ္ဍကမြင်း၏ နှလုံးကို လောင်မြိုက်စေခဲ့သည်။

ပါလိလေယျက ဆင်မင်း။ မြတ်စွာဘုရားသည် ကောသမ္ဗီသံဃာ့အရေးအခင်းကြောင့် ပါလိလေယျကတောသို့ တစ်ပါးတည်း ကြွတော်မူခဲ့သည်။ တောတွင်းသို့ ရောက်လျှင် အဖော်မှ ခွဲထွက်လာသော ပါလိလေယျကဆင်နှင့်တွေ့ဆုံရသည်။ ဝါတွင်းသုံးလကာလပတ်လုံး ဆင်မင်းမှာ မြတ်စွာဘုရားအား ရေပူရေချမ်းမှအစ စားသောက်ဖွယ် သစ်သီးဝလံအလယ် နေထိုင်စားသောက်မှုအဆုံး ဝတ်ကြီးဝတ်ငယ်ကို လူသားနှင့်မခြား ပြုစုလုပ်ကျွေးသည်။

ဝါကျွတ်သောအခါ အရှင်အာနန္ဒာနှင့် ရဟန်းငါးရာ လိုက်လာပြီး ဘုရားအား လာရောက်ပင့်ဆောင်သည်။ ဘုရားရှင်ပြန်ကြွသောအခါ ဆင်မင်းလည်း လိုက်ပါခဲ့သည်။ တောအစပ်သို့ အရောက်တွင် ဘုရားသခင်က -

"အသင် ပါလိလေယျက၊ ဤတွင်ပဲ နေရစ်ပေတော့။ လူနေရပ်နှင့် နီးလှပြီ။ လူ့အနီးအနားဟူသည် ဘေးအန္တရာယ် ထူပြောလှ၏" ဟု မိန့်တော်မူလေသည်။

ဆင်မင်းသည် တောစပ်မှာ နေရစ်ခဲ့ပြီး ကြွသွားတော်မူသော ဘုရားရှင်အား မျက်စိတစ်ဆုံး မျှော်ကြည့်နေသည်။ မမြင်ရတော့သည့်အဆုံးမှာ

ဝမ်းနည်းခြင်းကြီးစွာ ဖြစ်ရကား နှာမောင်းကို ခံတွင်းသို့ သွင်း၍ ပြင်းစွာ အော်မြည် ငိုကြွေးကာ နလုံးကြေကွဲ၍ သေပွဲသို့ ဝင်ခဲ့ရသည်။

ဘာထူးသနည်း။ ကဏ္ဍကမြင်းက ခွဲခွာသွားရ၍ လွမ်းနာကျရသည်။ ပါလိလေယျကဆင်းမင်းကား ကျန်ရစ်၍ လွမ်းနာတျရသည်။ ဒဂိုး၏ ဟိုဘက် သည်ဘက်မျှဖြစ်၍ တန်ဖိုးခြင်းကား အတူတူသာ။

ရစ်ငှက်ငယ်၏ ထွက်ခွာသွာခြင်းကို ကြည့်၍ ဗုဒ္ဓဝင်ပါ ဖြစ်ရပ်ကို ပြန်လည်သတိရမိသည်နှင့်အတူ -

"ဩော်. . . သံယောဇဉ်ပူမီးက အလွန့်ကိုမှ ကြောက်မက်ဖွယ် ကောင်းပါလား။ ကြည့်စမ်း၊ ခန္ဓာကိုယ် ကြီးမားတုတ်ခိုင်လှပါသည်ဆိုသော ဆင်ကြီး၊ မြင်းကြီးတွေသော်မှ ပူမီးမခံနိုင် ဖြစ်ကြရသည်။ ကိုယ်ခန္ဓာ သေးကွေး လှသော သည်ရစ်ငှက်ကလေးကား မည်သို့ဖြစ်ချေမည်နည်း။ ဖွဟဲ့. . . လွဲပါ စေ၊ ဖယ်ပါစေ၊ သဗ္ဗေသတ္တာ အဝေရာဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု"

ရစ်ငှက်ငယ်သို့ စိတ်လွှတ်၍ မေတ္တာပို့နေမိသည်။ ပရိသတ်များ လည်း ဘုန်းတော်ကြီးနည်းတူ ဖြစ်ပေါ်ခံစားရလိမ့်မည်။

ရစ်ငှက်ငယ် ထွက်ဆင်းသွားပြီးနောက် ပရိသတ်များက မွေးကြိုင် နေဆဲဖြစ်သော ဂမုန်းရွှေဝါနံ့သည် ဘုန်းတော်ကြီးထိုင်ရာ ကျောက်တုံးလောက် ဆီမှ အနံ့ရသည်ဆိုကာ ဘုန်းတော်ကြီး ထသွားပြီးချိန်တွင် ကျောက်တုံးကို လှန်ကြည့်ကြသည်။

ကွမ်းစားဂမုန်းသဏ္ဌာန် ဂမုန်းဥများကို တွေ့ကြရသည်။ ယူပြီး နမ်း ကြည့်ရာ ထိုအနံ့အတိုင်း ဖြစ်နေကြသဖြင့် သူ့ထက်ငါဦး လုယက်ယူငင်ကြ သည်။

ထူးဆန်းပြန်သည်မှာ ထိုဂမုန်းဥများကို ရလာသူများသည် ပွဲအပြီးမှာ အသီးသီးယူဆောင်ပြီး ဆင်းခဲ့ကြရာ တောင်ခြေမရောက်မီမှာပင် ထည့်သို သိမ်းဆည်းထားကြရာမှ အားလုံးကွယ်ပျောက်သွားသည်။

ဘုရားထီးတော်တင်အပြီးမှာ သောလယ်ထမှ ဒကာများက မိမိတို့ ရွာမှာ ပဋ္ဌာန်းရွတ်ဖတ် ပူဇော်ပေးပါရန် ပင့်လျှောက်ကြသဖြင့် ပါသွားသော ပရိသတ်များအားလုံးနှင့်အတူ လိုက်သွားသည်။ သောလယ်ထရောက်လျှင် အမျိုးဘုန်းတော်ကြီးနှင့် ပြဿနာဖြစ်ရပြန်သေးသည်။ ပဋ္ဌာန်းပွဲလုပ်မှာကို လိုလားဟန် လုံးဝမပြ။

ပဌာန်းပွဲမဖြစ်လျှင် ပြန်မည်ဆိုသဖြင့် ဒကာများက တောင်းပန်လျှောက်ထားကြပြန်သည်။ သို့ဖြင့် ဒေါ်မကိုင်းသစ်စက်မှာ ပဌာန်းရွတ်ဖတ်ပူဇော်ပွဲ ကျင်းပဖြစ်သည်။ တစ်ည ရွတ်ဖတ်ပူဇော်ပြီးသောအခါ သောလယ်ထမှ မကြားကြရပါ ဆိုလာသည်နှင့် သောလယ်ထ နောက်ဘက်ကမ်းသို့ ပြောင်းရွှေ့၍ ပဌာန်းသုံးရက် ရွတ်ဖတ်ပူဇော်စေသည်။

သုံးရက်အပြီးမှာ မဲခေါင်ကေးမှ ဒကာများက ပင့်လျှောက်လာပြန်သည်။ ငါးရက်ရွတ်ဖတ် ပူဇော်ပေးကြရပြန်သည်။ ပဌာန်းပွဲအပြီးမှာ အရန်သင့် စီစဉ်ပြုလုပ်ထားသော ဝါးပိုးဝါး ၈၀ မျှရှိသော နှစ်ထပ်ဖောင်ဖြင့် သံလွင်မြစ်ကြောင်းအတိုင်း စုန်ဆင်းလာခဲ့သည်။

**********

သံလွင်မြစ်ရေသည် မပြင်းလွန်းလှသောအချိန်ဖြင့် ပုံမှန်စီးဆင်းနေသည်။ ဖောင်တော်သည် ရေစီးအတိုင်း တငြိမ့်ငြိမ့် စီးဆင်းမျောပါနေသည်။

ဖောင်တော်မှာ ခတ်ကွင်းရှစ်လက် တပ်ထားသည်။ ဖောင်ဦးထိပ်ဝဲယာမှာ တစ်လက်စီ၊ ဖောင်အလယ်ဝဲယာမှာ နှစ်လက်စီနှင့် ဖောင်မြီး ဝဲယာမှာ တစ်လက်စီ၊ စုစုပေါင်း ရှစ်လက်ဖြစ်သည်။ ဖောင်စီးအတွေ့အကြုံ ရင့်ကျက်သူများက ဖောင်ခတ်တာဝန်ယူကြသည်။ ခတ်ကွင်းများမှာ ဖောင်ရှေ့သို့သွားစေရန် ရည်ရွယ်သည်မဟုတ်။ ဤမျှ ကြီးလေးသော ဖောင်ပြန့်ကြီးကိုခတ်ကွင်းရှစ်လက်မျှဖြင့် ရှေ့သို့သွားစေရန် မတတ်နိုင်။ ဖောင်ကို ရေစီးအတိုင်းမျောချရုံမျှသာ ခတ်ကွင်းများက တည့်မတ်လမ်းကြောင်းပေးရန်သာ ဖြစ်သည်။

ဖောင်တော်သည် ရေစီးအတိုင်း တငြိမ့်ငြိမ့် မျောပါလာရာ သူးမွဲထစခန်းသို့ ရောက်လာသည်။ သူးမွဲထစခန်းသည် မြစ်ဆုံဒေသ ဖြစ်သည်။ မြောက်မှ တောင်သို့ တစိုက်မတ်မတ် စီးဆင်းလာသော သံလွင်မြစ်သည် ဤနေရာအရောက်တွင် တောင်ဘက်စူးစူးသို့ စီးဆင်းပြီး ကရင်ပြည်နယ်ကျော်ဖြတ်ကာ မွန်ပြည်နယ် မော်လမြိုင်သို့တိုင် စီးဆင်းလာပြီး ပင်လယ်ထဲသို့ဆက်လက်စီးဝင်သွားသည်။

သောင်ရင်းမြစ်သည် နှစ်နိုင်ငံ၏ နယ်နိမိတ်မျဉ်းအဖြစ် တည်ရှိသည်။ အရှေ့ဘက်ကမ်းသည် ရှမ်းဘက်ကမ်းခေါ် ယိုးဒယား (ထိုင်း)နယ်၊ အနောက်ဘက်ကမ်းသည် မြန်မာနိုင်ငံမှ ကရင်ပြည်နယ်။

ဖောင်ပေါ်ပါလာသူများသည် မြစ်ဆုံဒေသ၏ သာယာတင့်မောပုံကို ရှုစားရင်း လိုက်ပါလာသည်။ ခတ်ကွင်းသမား ရှစ်ဦးကသာ လိုရာသို့ ရောက် စေရန် ဖောင်ကို ထိန်းမတ်ပေးနေကြသည်။ ရှေ့နား တစ်ခေါ် လောက်မှာ သံလွင်နှင့် သောင်ရင်းမြစ်ခွဲရှိသည်။ သံလွင်မြစ်ခွဲအတိုင်း စုန်ဆင်းရမည်မို့ အနောက်ဘက်ကမ်း ဝသျှမွဲအကျော်နှင့် ကပ်ဆင်းနိုင်အောင် ကြိုးခတ်ကြရသည်။ ယခုလည်း ခတ်လာကြသည်။ ခတ်ရင်းခတ်ရင်းနှင့် အနောက်ဘက်ကမ်းမှ ဝေးပြီး အရှေ့ဘက်ကမ်း (မိုးဗြဲဘက်ကမ်း)နှင့် တစ်စတစ်စ နီးလာသည်။ ခတ်ကွင်းသမားများ အားစိုက်၍ ခတ်ကြသည်။ ထူးခြား၍ မလာ။ တစ်ဖက်ကမ်းနှင့်သာ နီးသထက်နီးလာသည်။

"ဟေ့ဟေ့. . . ဘယ်လိုဖြစ်တာလဲဟ"

"ဘာဖြစ်တယ် မသိဘူး။ ကျွန်တော်တို့ ဖောင်စီးလာတာကြာပြီ။ တစ်ခါမှ ဒီလိုမဖြစ်ဖူးဘူး။ လိုရာကို လိုသလို ရောက်အောင် သွားနိုင်ခဲ့တာချည်းပဲ"

"ခုလိုရာကို ရောက်နေတာတဲ့လား"

"ဒီလိုမပြောနဲ့ကွ၊ ဟိုဘက်က ခတ်အားနည်းလို့ ဖြစ်မှာပေါ့"

"မနည်းဘူးဗျ၊ အဲဒီဘက်က ယက်အားနည်းလို့ ဖြစ်တာပါ"

ဝါရင့်ဖောင်သမားတွေ စကားများကုန်ကြသည်။ မြိုင်ကြီးငှက်ဘုန်းတော်ကြီးက -

"တစ်ဦးပေါ်တစ်ဦး အပြစ်ပုံချမနေကြနဲ့၊ တက်ညီလက်ညီ ခတ်ကြပါဦး" ဟု ကြားဝင်ဖျန်ဖြေပေးရသည်။ ဖောင်သမားများ အထူးဝါယမစိုက်ထုတ်၍ ခတ်ကြပြန်သည်။ ဖောင်တော်သည် ဤမှာဘက်ကမ်းသို့ တရွေ့ရွေ့ချဉ်းကပ်လာပြန်သည်။

"အေး. . . ဟုတ်ပြီဟေ့၊ ကြိုးစားတားလိုက်စမ်း"

အချင်းချင်း အားပေး၍ ခတ်ကြသည်။ သူ့းမွဲထနှင့် နီးလာပြီ။ သည်အတိုင်း မျှောချလိုက်လျှင် အနောက်ဘက်ကမ်းအတိုင်း သံလွင်မြစ်တွင်းသို့ ခရီးစဉ်ချောနေသည်။ ခတ်အားလျှော့၍ ရေစီးအတိုင်းအသာ မျှောချသည်။ မျှောတော့မျှောသည်။ ရေစုန်အတိုင်း စုန်ဆင်းနေခြင်းမဟုတ်။ ထူးဆန်းစွာ ရေစီးနှင့် ဆန့်ကျင်၍ အရှေ့ဘက်ကမ်းသို့ တရွေ့ရွေ့သွားနေပြန်သည်။ ခတ်ကွင်းသမားများ အထူးအားထုတ်၍ ခတ်နေ၊ ယက်နေသည့်ကြားမှ တစ်ဖက်ကမ်းနားသို့ ရောက်သွားပြန်သည်။

ဖောင်ကိုကြည့်တော့လည်း ရေစီးအတိုင်း တရိပ်ရိပ်မျောနေသည် သင်ရသည်။ ခရီးကား မရောက်။ တစ်ဖက်ကမ်းနှင့် တစ်ဖက်ကမ်းကူးနေသလို ရှိသည်။ အားစိုက်ပြီး ခတ်ကြပြန်သည်။ သည်မှာဘက်ကမ်းသို့ နီးလာသည်။ ဖောင်သမားအချင်းချင်း ညှိနှိုင်းကြသည်။

"မင်း ဒီကိုလာ၊ ဟိုလူက ဖောင်ဦးမှာ နေရာယူ၊ ဖောင်မြီးမှာက ဘယ်သူ၊ ခါးလယ်မှာက ဘယ်ဝါ. . ."

စသည်ဖြင့် ညှိနှိုင်းကာ နေရာလဲလှယ်၍ ခတ်ကြသည်။ သည်မှာဘက်ကမ်းသို့ ရောက်လုနီးကာမှ ခတ်ရင်းခတ်ရင်းဖြင့် တစ်ဖက်ကမ်းသို့ ဖြည်းဖြည်းချင်း ရွေ့သွားပြန်သည်။ ဖောင်ပေါ်ပါလူအားလုံး စိတ်ဝင်စားလာကြသည်။ ဘယ့်နှယ်. . . ရေစီးအတိုင်း မမျောဘဲ သံလွင်မြစ်မကို ကန့်လန့်ဖြတ်ကူးသလို ဖြစ်နေသည်။ မိမိတို့ အားစိုက်၍ ခတ်ခဲ့လေသမျှ အရာတစ်ခုမျှ မထင်ချေ။

ဖောင်ကို ပဲ့၍မရ။ သူ့အထာနှင့်သူ မြစ်ပြင်ကို ကန့်လန့်ဖြတ်ကူးနေသည်။ သို့သော် အားတော့ မလျော့။ ကောင်းနိုးရာရာ ကြံစည်စိတ်ကူး၍ သည်ဘက်ကမ်းရောက်ရန် ခတ်ကြပြန်သည်။ ဦးတည်လာပြန်သည်။

မြိုင်ကြီးငူဘုန်းတော်ကြီးသည် ဖြစ်ခြင်းလုံးစုံကို တွေ့မြင်သဖြင့် စိတ် အစဉ်မှာ အတွေးက ဝင်လာသည်။ မိမိတို့ စီးလာသောဖောင်တော်သည် အကြောင်းမဲ့သက်သက် ဟိုဘက်သည်ဘက် ကူးနေခြင်း မဟုတ်တန်ရာ။ အကြောင်းထူးတစ်ခုတော့ ရှိနေပြီဖြစ်မည်။ ရာဇဝင်လာဖြစ်ရပ်တစ်ခုကို သတိရလိုက်သည်။

အနော်ရထာမင်းစော တရုတ်ပြည်မှ စွယ်တော်ပင့်ပြီး အပြန် ဧရာဝတီမြစ်ကြောင်းကို စုန်ဆင်းသည်။ ဖောင်တော်သည် အငြိအတွယ် မရှိဘဲလျက် ရေစီးကြောင်းဝယ် ရပ်တန့်နေသည်။ ကြိမ်စကြာဖြင့် ရိုက်လေရာ ရွှေဖျဉ်းညီနောင် နတ်နှစ်ပါး ဖောင်ဦးမှာ ပေါ်လာသည်။ ထိုထင်ရှားပြသည့် အကြောင်း မေးရာ -

"ကျွန်တော်မျိုးတို့မှာ အမှုတော်ကို ထမ်းရွက်ခဲ့သော်လည်း မလိုသူတို့၏ ဂုံးစကားကြောင့် အကွပ်မျက်ခံရပြီး အယူတိမ်း၍ နတ်စိမ်းဖြစ်နေရကြောင်းနှင့် ကျွန်တော်မျိုးတို့အား ဘိုးတော်မင်းတရားကြီးက လျစ်လျူပြု၍ နေစိမ့်သည်ကို သိစေလိုသဖြင့် ဖောင်တော်အား တန့်နားစေရကြောင်းနှင့် ဘိုးတော်မင်းတရားကြီးမှ နယ်မြေအပိုင်စား ပေးသနားတော်ပါမည့်အကြောင်း" လျှောက်ထားကြလေသည်။

အနော်ရထာမင်းကြီးက "မြေးတော် ရွှေဖျဉ်းညီနောင်တို့အား နယ်မြေသတ်မှတ်၍ အပိုင်စားပေးကြောင်း" ကတိပေးလိုက်ခါမှ ညီနောင်နှစ်ပါး ကွယ်ပျောက်သွားသည်။ ဖောင်တော်လည်း စုန်၍ ရခဲ့သည်။

လွန်ခဲ့သော နှစ်ပေါင်း တစ်ထောင်ကျော်မှ သည်ဖြစ်ရပ်ကို ရုတ်ခြည်း သတိရလိုက်သည်။

အသို့နည်း။

မိမိတို့ စီးလာသော ဖောင်တော်သည်လည်း ရွေ့မတိုး၊ နောက်မဆုတ် ကန့်လန့် လူးလာကူး၍သာ နေချေသည်။ ဖောင်တော်တန့်သည့် သဘောများလားဟု တွေးမိသည်။ ဖောင်တော်တန့်သည်ဆိုဦး၊ ဘာလုပ်ရမည်နည်း။ အနော်ရထာလို မင်းဧကရာဇ်မဟုတ်။ ကြိမ်စကြာလည်း မရှိ။ ရှိလို့ ရိုက်ပြီး ပေါ်လာသည်ထားဦး။ အပိုင်စားပေးနိုင်သည့် ရေမြေသနင်း ပြည့်ရှင်မင်းလည်း မဟုတ်။ လက်ဝယ်ရှိသော သပိတ်တစ်လုံးနှင့် သင်္ကန်းသုံးထည်ကို ပေး၍လည်း ကျေနပ်ကြမည်မထင်။

တစ်ခုတော့ရှိသည်။ မိမိသည် ဘုရားဟောင်း စေတီပျက်များကို တည်ထားခြင်းဖြင့် သာသနာပြုနေသည်။ သူတို့ရပ်ဌာန်မှာ ဘုရားစေတီ တည်ထားစေလိုသော အကြောင်းများကြောင့် ဖောင်တော်ကို တန့်နားထားသည်လား စဉ်းစားမိသည်။

စဉ်းစားပြီးချိန်မှာ ဖောင်တော်သည် သူးမွဲထကမ်းဖက်သို့ ဦးတည်လာနေပြီဖြစ်သည်။ သည်အတိုင်း မျှောချလိုက်လျှင် လိုရာခရီးသို့ အံဝင်ခွင်ကျ ရောက်မည့်အနေအထားတွင် ရှိနေသည်။

မြိုင်ကြီးငူဘုန်းတော်ကြီးသည် သူးမွဲထဘက်ကမ်း တောင်စွယ်ကုန်းမို့မို့ကို စူးစူးစိုက်စိုက် အာရုံပြု၍ မေတ္တာပွားသည်။ ပြုခဲ့လေပြီးသော ကုသိုလ် အစုစုတို့၏ အဖို့ဘာဂကို အမျှအတန်းပေးဝေသည်။ ၎င်းနောက် -

"ဤမှာနေထိုင်ကြကုန်သော ဆိုင်ရာပိုင်ရာတို့၊ အကျွန်ုပ်ကား ဘုရားစေတီတည်ခြင်းဖြင့် သာသနာပြုနေသူဖြစ်သည်။ အသင်တို့အား ပေးနိုင်သည်ကား ကတိစကားသာဖြစ်သည်။ အသင်တို့ ပိုင်ဆိုင်သော သည်နယ်မြေဝယ် အသင်တို့အတွက် ရည်စူး၍ ဘုရားစေတီတစ်ဆူတည်ထားပေးပါမည်။ ဤကတိကို အသင်တို့ လိုလားနှစ်သက်လက်ခံပါလျှင် ဖောင်တော် တန့်နားနေသည့်အဖြစ်ကို ရုပ်သိမ်းပေးကြစေချင်သည်"

ဟု တီးတိုးပြောဆိုပြီးသည့်အဆုံးမှာ ဖောင်တော်သည် ရေစီးအတိုင်း ဆက်လက်စုန်မျောလေတော့သည်။

မှန်ပါလေပြီကော . . .

သည်နေရာ သည်ဌာနမှာ ဘုရားတစ်ဆူလာ၍ တည်ပေးရဦးမည်ဟု တေးမှတ်ထားလိုက်သည်။

ဖောင်တော်သည် တရွေ့ရွေ့နှင့် မယ်လယ်ထဟတ်၊ ကောကောထ၊ ထရေထ၊ ဖောဘော၊ မယ်ရာထဟတ်၊ ဘောကေးမယ့်ပလိုဟတ်တို့ကို ကျော်ဖြတ်စုန်ဆင်းလာသည်။ ဟတ်ကြီး ရေတံခွန်ထိပ် မရောက်မီတွင် ကမ်းနားသို့ ဖောင်ကပ်၍ ကြိုးသတ်ချည်ကာ ဖောင်ပေါ်မှာပင် အနားယူအိပ်စက်ကြရသည်။

ဟတ်ကြီးရေတံခွန်တွင်းသို့ ဖောင်ဖြင့် စီးဆင်း၍ မရပေ။ မိုးကာလရေများချိန်မှာသာ ဆင်းလိုက ဆင်းနိုင်သည်။ ဆင်းနိုင်သည်ဆိုသော်ငြား သက်စွန့်ဆံဖျားပင်။ နတ်တော်၊ ပြာသို ရေနည်းစပြုလာချိန်တွင် ဖောင်စီးဆင်း၍ လုံးဝမရတော့ပေ။ ရေတံခွန်သည် ဝါးတစ်ရိုက်နီးပါးမြင့်နေလေပြီ။ နွေကာလ ရေနည်းချိန်ဆိုလျှင် ဝါးနှစ်ရိုက်နီးနီးမြင့်သည်။ အရှိန်ဖြင့် ဝါးလုံးထိုးကျဆင်းနေသော သည်ရေတံခွန်တွင်းသို့ ဖောင်နှင့်အတူ မည်သို့မှ စီးဆင်း၍ မရ။ ရေတံခွန်အောက်ခြေသို့ ရောက်လျှင် စုပ်ဝဲ၊ မှုတ်ဝဲများ၊ ဗွက်ခုံးများ၊ ကျောက်တုံးကျောက်ဆောင်များက အရန်သင့် ဆီးကြိုနေကြသည်။ ဖြစ်လိုရာဖြစ်စေ ဖောင်ချည်းသက်သက် လွှတ်ဆင်းရသည်။

မြန်မာပြည်တွင်းရှိ သံလွင်မြစ်ဝှမ်းရှိ ဟတ်ကြီးရေတံခွန်သည် ကမ္ဘာကျော်အောင် နာမည်ကြီးခဲ့ဖူးသည်။ ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်များ ဖောင်စီးဆင်းလာရာ အဆိုပါ ဟတ်ကြီးရေတံခွန်တွင်းသို့ ကျရောက်နစ်မြုပ်သေဆုံးခဲ့ကြရာမှ ကမ္ဘာသိ ကျော်ကြားသွားခဲ့ရသည်ဟု ပြောသံကြားဖူးသည်။

ဤမျှ အန္တရာယ်ကြီးလှသော ဟတ်ကြီးထိပ်မှာ ဖောင်သတ်၍ တစ်ညတာ အိပ်စက်ကြသည်။ မိုးလင်းသည်နှင့် ဖောင်ပေါ်ရှိ ပစ္စည်းများကို သယ်ယူ၍ ကမ်းပေါ်မှာ စုပုံချထားလိုက်သည်။ ရဟန်းကော သာမဏေများပါ မနေရ။ တစ်နိုင်ထမ်းပိုး၍ ဟတ်မြီးထိ သယ်ယူကြရသည်။

အနီးအနားရှိ ရွာများမှ ရွာသားများသည် မြိုင်ကြီးငူဘုန်းတော်ကြီး၏ ဖောင်တော် ညအိပ်ရပ်နားသည်ကို ကြားသိသဖြင့် ပစ္စည်းများကို ကူညီ သယ်ဆောင်ပေးရန် ရောက်လာကြသည်။ ပစ္စည်းများကို ဟတ်မြီးအထိ သယ်ယူပို့ဆောင်ပေးကြသည်။

ဟတ်ထိပ်နှင့် ဟတ်မြီးသည် မိုင်ဝက်မျှ ဝေးကွာသည် ခြေကြောင်းလမ်းအတိုင်း တောင်ကိုတက်၊ ကုန်းဆင်းကိုကျော်၊ လျှိုကိုဖြတ်၊ မြောင်ကို

ပတ်၍ သွားကြရသည်။ စမ်းချောင်းငယ်တစ်ခုကို ဖြတ်ကျော်ပြီးနောက် ကမ်းခြေဘက်သို့ ဆင်းကာ ကမ်းစပ်သောင်ပြင်ပေါ် ခေတ္တမျှ လျှောက်ကြရပြီးနောက် ဟတ်မြီးသို့ ရောက်လာသည်။ ထမ်းပိုးလာသောပစ္စည်းများကို စုပုံချထားပြီး ရေစီးနှင့်အတူ မျောပါကျဆင်းလာမည့်ဖောင်ကို ငံ့လင့်နေကြသည်။ ဖောင်လာရာလမ်းသို့ မျှော်ကြည့်နေကြသည်။

သံလွင်မြစ်ရေသည် အရှိန်ပြင်းစွာ စီးဆင်း၍ ရေတံခွန်ထက်မှ ဒေါသတကြီးဖြင့် ခုန်ဆင်းကာ အောက်မှ ကျောက်ဆောင်များနှင့် ထိခိုက်မိပြီး တဝုန်းဝုန်းအသံမြည်စေသည်။ ဝန်းကျင်တစ်ခုလုံးကို လွှမ်းမိုးထားသည်။ တစ်ယောက်နှင့် တစ်ယောက် စကားအကျယ်ကြီး လှမ်းပြောကြသော်မှ အသံကို လုံးဝမကြားရ။ ပါးစပ်လှုပ်သည့်အဖြစ်ကိုသာ မြင်ကြရသည်။ ရေတံခွန်မှ ရေကျသံ၊ ကျောက်ဆောင်များနှင့် ရိုက်ခတ်သံတို့ကသာ မင်းမူနေသည်။ လှိုင်းဂယက်ကြီးများ၊ မှုတ်ဝဲ၊ စုပ်ဝဲ၊ ပွက်ခုံးများကို ဖြစ်ထွန်းစေလေသည်။

လှတာဟူ၍ ကျောက်ဆောင်နှင့် ထိမိပြီး ဖွာကြဲ၍ ထွက်လာသော ရေပန်းရေမှုန်များသာ ရှိသည်။ ရေတံခွန်အား ခပ်လှမ်းလှမ်းမှ ကြည့်လျှင် အလွန်မှပင် သာယာတင့်မော ရှုချင်စဖွယ်ကောင်းသော ရှုခင်းတစ်ရပ်ဟုလည်းကောင်း၊ သက်ဝင်လှုပ်ရှားနေသော လက်ရာမြောက် သဘာဝပန်းချီကားကြီး တစ်ချပ်ဟုလည်းကောင်း ထင်နိုင်မြင်နိုင်သည်။

လှလည်း လှပါသည်၊ သာလည်း သာယာပါသည်။ ထိုအလှ၏ နောက်ကွယ်မှာ ကြီးမားသော အန္တရာယ်ရှိသည့်အဖြစ်ကို အတွင်းသိအစင်းသိများကသာ သိရှိကြသည်။ လှလေခက်လေ ရတက်ပွေရသည့်စကားအစား ဟတ်ကြီးအဖို့ လှလေခက်လေ အသက်သေရသည်ဟူ၍ ဆိုရမလောက်ရှိသည်။ သည်ဟတ်ကြီးရေတံခွန်တွင်းသို့ ကျဆင်းခဲ့ရသူ သက်ရှိသတ္တဝါတိုင်း အသက်နှင့် ခန္ဓာတို့ ပါလာသူဟူ၍ မရှိစလောက်ဖြစ်သည်။

အဲ. . . အဖြစ်ထူးတစ်ခုတော့ ရှိခဲ့ဖူးသည်။ ယခုအဖွဲ့တွင် ဖားမုဆိုး (မောင်မုဆိုး)ဆိုသူတစ်ဦး ပါလာသည်။ အင်း. . . ပါလာသည်မဟုတ်၊ ဖောင်ဖြင့် ဆင်းပြီဆိုလျှင် သူ့ကို အကူအညီ တောင်းကြရသည်က များသည်။ သူက လုပ်သက်ရင့်လှပြီး သည်လမ်း၊ သည်ခရီးကို သူ့အသက်နှစ်ပြန်ကျော်မျှ အခေါက်ပေါင်းများစွာ သွားလာခဲ့ဖူးပြီ။ အတွေ့အကြုံက ရင့်ကျက်လှသည်။ ဤသည်ကတစ်ချက်။

အခြားတစ်ချက်မှာ တစ်ချိန်က ဖားမုဆိုး၏ ဖခင်သည် တစ်နေ့မှာ အထက်မှ ဖောင်ဖြင့်ဆင်းလာသည်။ ဟတ်ကြီးထိပ်မှာ ဖောင်သတ်၍ ညအိပ်

သည်။ မိုးလင်းကာမှ ဖောင်ကိုလွှတ်ချပြီး မိမိက ကမ်းမှ ခြေကျင်လျှောက်မည် စိတ်ကူးဖြင့် ဖောင်ပေါ်မှာ ညအိပ်နေသည်။ ညနက်ပိုင်း အိပ်မောကျချိန်သို့ ရောက်သောအခါ ချည်ထားသော ဖောင်ကြိုးပြတ်သွားသည်လား၊ ပြေသွားသည်လားမသိ။ ဖောင်ရောလူပါ ဟတ်ကြီးရေတံခွန်တွင်းသို့ ဦးစိုက်ပြောင်းပြန် ကျဆင်းသွားသည်။

ထူးဆန်းသည်မှာ. . .

သက်ရှိသတ္တဝါတိုင်း ကျဆင်းမိလျှင် အသက်နှင့် ခန္ဓာ အိုးစားကွဲလေ့ရှိသော်လည်း ဖားမုဆိုး၏ဖခင်ဖြစ်သူမှာ စီးထားသော ဖောင်နှင့် သော်မှ မကွဲကွာခဲ့ပေ။ ဖောင်နှင့်အတူ အမြုပ်သာ ရေစီးကြောဟှာ တရွေ့ရွေ့ မျောပါလာခဲ့သည်။ ထိုအချိန်မှစ၍ ဖားမုဆိုး၏ ဖခင်တစ်ယောက် ဟတ်ကြီးကို အောင်နိုင်သူတစ်ယောက် ဖြစ်ခဲ့သည်။ ဘယ်ချိန်ဘယ်အခါပဲဆင်းဆင်း၊ သူ့အဖို့အန္တရာယ်ဟူ၍မရှိ ဖြစ်လာသည်။

ဖခင်ဆုံးပါးချိန်မှာ ဖားမုဆိုးသည်လည်း ဖခင်ခြေရာကို ထပ်တူထပ်မျှ မနင်းနိုင်သော်လည်း ဟတ်ကြီးနှင့် ပတ်သက်၍ အတွေ့အကြုံရင့်ကျက်နေပြီး ဖြစ်သည်။ အကယ်၍ တစ်စုံတစ်ရာ အခက်အခဲကြုံလာလျှင် ကွမ်းယာလေးတစ်ယာဖြင့် ပူဇော်ပသလိုက်ရုံမျှဖြင့် ပြေလည်သွားလေ့ရှိသည်။ ထိုကို အကြောင်းသိများက ဖခင်ဖြစ်သူက တမလွန်မှနေ၍ သူ့အား စောင်မနေခြင်း ဖြစ်သည်ဟု ဆိုကြသည်။

ပစ္စည်းများ သယ်ယူပြီးလျှင် ဖောင်တော်ကို ရေတံခွန်တွင်းသို့ လက်လွှတ်စပယ် လွှတ်ချရမည်ဖြစ်၍ ဦးရွှေလုံး၊ ကျော်ခေါ်၊ ဖားသတ်ပိုးစသော ကျွမ်းကျင်သူတို့က ဖောင်ကို ခိုင်ခံ့အောင် ထပ်မံချည်နှောင်ကာ ဖောင်သတ်ကြိုးဖြေ၍ လွှတ်ချလိုက်သည်။ ဖောင်သည် ရေစီးအတိုင်း မျောပါလာပြီး ဟတ်ကြီးရေတံခွန်တွင်းသို့ဦးစိုက်ဆင်းသွားသည်။ အရှိန်ဖြင့် ကျလာခြင်းဖြစ်သည်မို့ တော်ရုံခိုင်ရုံမျှ ချည်ထားလျှင် ဖောင်သည် အစိတ်စိတ်အမြွှာမြွှာ ပြုတ်ထွက်သွားနိုင်သည်။ ရေတံခွန်တွင်းသို့ ဖောင်လွှတ်ချပြီးသည်နှင့် ဦးရွှေလုံးတို့လူစု ဟတ်မြီးသို့ အမြန်လာကြရသည်။

အောက်ဟတ်မြီးမှာ မောင်လေး၊ ပိလူ၊ ထွန်းအေးစသူတို့က မျောဆင်းလာမည့် ဖောင်တော်ပေါ်တက်နိုင်ရန် ရေကူးသွားကြဖို့ အသင့်စောင့်စားနေကြသည်။ ရေတံခွန်တွင်းသို့ ဦးစိုက်ကျခဲ့သော ဖောင်တော်သည် ဤမျှဝါးအလုံး ၈၀ ရှိသော ဖော့အားရှိသည့် ဖောင်သည် ဝဲအတွင်းသို့ ကျဆင်းနစ်မြုပ်ခဲ့ပြီး၊ အတော်ဝေးဝေးမှာမှ သွားပေါ်သည်။ ပေါ်လာပြီးနောက်

ကျောက်ကမ်းပါးယံနှင့်တိုက်ကာ ဝဲအလှည့်ထဲရောက်ပြီး ကျယ်ပြန့်စွာ လည်နေသော ဝဲအတွင်း တဝဲဝဲလည်၍ ရေတံခွန်ထဲ ဝင်သွားသည်။

အထက်မှ အဆက်မပြတ် ကျဆင်းနေသော ရေလုံးကြီးများ တွန်းအားကြောင့် မျှောထွက်လာသည်။ ကျောက်ကမ်းပါးယံနှင့်ထိ၍ ဝဲအလှည့်တွင်း ဝင်သွားပြန်၊ ရေရိုက်အားကြောင့် ထွက်လာပြန်၊ ဝဲအလှည့်တွင် ဝင်သွား ပြန်နှင့် ရေတံခွန်မှ မထွက်နိုင်ဘဲ တဝဲဝဲလည်နေသည်။

အသင့်စောင့်နေသူများက ဖောင်အထွက်နှင့် ချိန်ကိုက်၍ ရေကူးသွားပြီး ဖောင်ပေါ်တက်သည်။ ခတ်တက် ဆွဲထုတ်၍ တက်ညီလက်ညီ အားသွန်ခွန်စိုက် ခတ်ကြသည်။ လွတ်မည်အထင်ရှိနေစဉ် ဝဲအလှည့်မှာ ရေတံခွန်ထဲ ဝင်သွားပြန်သည်။ ဖောင်ရောလူပါ လှိုင်းလုံးများကြား ဝင်သွားသည်။ ဖောင်တော်အနေဖြင့် ဝါးပိုးဝါး အလုံး ၈၀ ဖြင့် ဖောင်ထားသည်မို့ ဖောင်နှင့်မကွဲလေသမျှ လူမှာ အန္တရာယ်တစ်စုံတစ်ရာ မရှိနိုင်။ ထို့ကြောင့် ဖောင်စီးသူ ၈ ဦးစလုံး ရဲရဲဝံ့ဝံ့ပင် ဖောင်နှင့်အတူ လိုက်ပါသွားခြင်း ဖြစ်သည်။

ဖောင်ထွက်လာသည်။ အားစိုက်၍ ခတ်ကြသည်။ လွတ်မည်အထင်ရှိနေစဉ် ဝဲထဲလည်သွား၍ ရေတံခွန်ထဲ ဝင်သွားပြန်သည်။ သို့ကလိုနှင့် လေး ငါးကြိမ်ဖြစ်လာသည်။ ဖောင်သမားများ လက်ပမ်းကျလုနီး ဖြစ်လာသည်။ လက်လျှော့ရတော့မည့်အခြေသို့ ရောက်နေချေသည်။

ထိုစဉ် ဖားမုဆိုးသည် ကွမ်းတစ်ယာယူပြီး ကျောက်တုံးကြီးတစ်တုံးပေါ်တင်ကာ ရှိခိုးပူဇော်ပသလိုက်သည်။ တိုက်ဆိုင်သည်ပဲဆိုရမလားမသိ။ ဖောင်တော်သည် ရေစီးတန်းနှင့် မျှောပြီး လွတ်ထွက်ခဲ့တော့သည်။ ဖောင်သမား ၈ ဦးစလုံး ရေစိုရွှဲပြီး ခိုက်ခိုက်တုန် ချမ်းနေသည်။ ပင်ပန်းလွန်းနေသည်ကို မမှုအား။ ပစ္စည်းများ စုပုံထားရာ ကမ်းသို့ ကပ်နိုင်ရန် လုံးပန်းရပြန်သည်။

ဟတ်မြို့တွင် ဖောင်ကပ်ပြီး ပစ္စည်းများကို ပြန်တင်သည်။ တင်အပြီးမှာ လိုက်လံကူညီ ပို့ဆောင်ကြသော တောင်ပေါ်ကရင် အမျိုးသားများနှင့် သင်တိုင်းဖြူဝတ် အမျိုးသမီးများအား မြိုင်ကြီးငူဘုန်းတော်ကြီးက သီလပေးသည်။ သြကာသမှအစ ကရင်ဘာသာဖြင့် တိုင်ပေးရသည်။ ၎င်းတို့သည် ယခင်အခါများက ရဟန်းသံဃာများအား မတွေ့မမြင်ဖူးကြသူက များသည်။ မြိုင်ကြီးငူဘုန်းတော်ကြီး၏ တောချဲ့တိုး၍ သာသနာပြုမှုကြောင့် ရဟန်းသံဃာ များအားလည်း မြင်ဖူးကြရပြီ။ ဖောင်တော်အလှူနှင့် လုပ်အားအလှူ ရေစက်ချ တရားကိုလည်း နာကြားနိုင်ကြတော့သည်။

တရားဟောအပြီး ဖောင်တော်သည် ဟတ်ကြီးမှ ရေစီးအတိုင်း စုန်ဆင်းတော့သည်။ စုန်ဆင်းလာသည့်တိုင် အမျိုးသားများက ကူညီလုပ်ဆောင်ရန် ထကြသော်လည်း အမျိုးသမီးများမှာ လက်အုပ်ကလေးတွေချီလျက် ထိုင်နေကြဆဲ၊ လည်တဆုံဆုံဖြင့် မျှော်ကြည့်နေဆဲ၊ လွမ်းမောဆွတ်ပျံ့ဖွယ်သော ခွဲခွာမှု အသွင်တစ်ရပ် ပေါ်နေလေသည်။ ဖောင်တော်အဝေးသို့ ရောက်၍ မြစ်ကွေ့အတိုင်း ကွယ်သွားခါမှ လက်အုပ်ကလေးတွေချ၍ နေရာမှ ထကြတော့သည်။

ဖောင်တော်သည် ဖာလာဝဲကို ကျော်ပြီး အိုးလို့ဟတ်သို့ ရောက်ခါနီးလာသည်။

"အိုးလို့ဟတ် ရောက်တော့မယ်၊ အားလုံးအသင့်ပြင်၊ လက်တွေကို ဖောင်နှင့်ချည်ထားကြ" ဟု ဖောင်သမားတစ်ဦး ညွှန်ကြားသည်။ ချည်ပြီး မကြာမီမှာ အိုးလို့ဟတ်သို့ ရောက်လာသည်။ အိုးလို့ ရေလှိုင်းသည် အိမ်ငယ်လေး တစ်လုံးစာမျှရှိသည်။ ဖောင်ကစိုက်အဆင်း၊ လှိုင်းလုံးကအတက်နှင့် ဆုံမိကြရာ ဖောင်တော်တစ်ခုလုံး လှိုင်းလုံးကြီးအောက် ရောက်သွားတော့သည်။ ပါသမျှ လူအားလုံး စိုရွှဲသွားကြသည်။

အကယ်၍ မချည်ထားပါက ရေလှိုင်းရိုက်ခတ်မှုကြောင့် ဖောင်ပေါ်မှ လွင့်စင်မျောပါသွားနိုင်သည်။ ဖောင်သမားများမှာ သွားနေကျခရီးကျွမ်းပြီး သားမို့ အခြေမပျက် တာဝန်ထမ်းဆောင်လျက်ရှိသည်။

အိုးလို့ဟတ်လွန်ပြီး ခေါ်တောဟတ်ရောက်တော့မည်။ ခေါ်တောဟတ်မှာ ရေလယ်တည့်တည့်တွင် ကျောက်ဖျာကြီးရှိပြီး ရေကြောင်းနှစ်ခွဖြစ် နေသည်။ အရှေ့ဘက်ရေကြောင်းသည် အနောက်ဘက်ထက်ပို၍ ကျယ်သည်။

"အရှေ့ဘက်ရောက်အောင် ခတ်ပေး၊ ခပ်များများလေးခတ်ပေး၊ အရှေ့ဘက်ပါတန်းဆွဲ၊ ဆွဲလေ. . . အားစိုက်ဆွဲ။ ဟာ. . . မရတော့ဘူး၊ အနောက်ဘက်ပါ တန်းဆွဲပါ"

ဦးဇင်းကြီးထွန်းမြင့်အသံက စီစီညံ ထွက်ပေါ်လာသည်။ အရှေ့ပါ တန်းဆွဲပါ၊ အနောက်ပါ တန်းဆွဲပါဟူသော ညွှန်ကြားချက်မှ မဆုံးသေး။ ရေစီးအရှိန်ဝယ် အထိန်းမဲ့အသွင်ဖြင့် အရှေ့ဘက်ရေစီးကြောင်းအတိုင်း ရေလယ်ကျောက်ဖျာအား ပွတ်တိုက်ကာ ဒရေသောပါး မျောဆင်းသွားတော့သည်။ တော်ပေသေးသည်။ ရေလယ်ကျောက်ဖျာပေါ် မတင်ပေလို့။

ဖောင်မှာ ခတ်တက်ရှစ်လက်ရှိသည်။ အရှေ့ဘက် လေးလက်သည် အရှေ့ပါတန်း၊ အနောက်လေးလက်သည် အနောက်ပါတန်းဟု ခေါ်သည်။ ဖောင်ကို လိုရာသို့ ရောက်စေရန် သည်ပါတန်းနှစ်မျိုးကို လိုသလို ခတ်ပေးရသည်။

ကေးဟိုဟတ်သို့ ရောက်လာသည်။ ကေးဟိုဟတ်မှာ ရေကြောင်းကောက်ပြီး လှိုင်းလုံးခုနစ်လုံးဆင့်၍ စီတန်းပေါက်ကွဲလျက်ရှိသည်။ ရေပန်းရေမွှားများ ပို၍ လှပစွာ ဖြာထွက်နေသည်။ ၎င်းလှိုင်းလုံးကြီးများအပေါ်ဖြတ်၍ စုန်ဆင်းလာသည်။ လှိုင်းကြောအတိုင်း တက်လိုက်၊ ဆင်းလိုက်နှင့် စီးရသည်မှာ ပုခက်စီးရသည့်နှယ် ရှိတော့သည်။ ရေပန်းရေမွှားကများတော့ စိုရွှဲကြရပြန်သည်။

ပေါ်မဲကေးဟတ်၊ ၎င်းသည်ဝဲလည်ပြီး အထက်သို့ပြန်ဆန်တက်လေ့ရှိသည်။ အခန့်မသင့်ပါက တော်ရုံနှင့် ဝဲအတွင်းမှ ဖောင်မထွက်နိုင် ရှိတတ်သည်။ ယခုမူ အခန့်သင့်စွာ ထွက်လာနိုင်ခဲ့သည်။

ကေးတလို့ဟတ်မှာ ရေကြောင်းဖြောင့်ပြီး လှိုင်းလုံးများမှာ သိပ်မကြီး လွန်းလှသဖြင့် သက်သာခွင့်ရကြသည်။

ပဂိုးကျောက်တန်း (ကိုဖိုးကျောက်တန်းဟုလည်း ခေါ်သည်) သို့ရောက်လာသည်။ ပဂိုးကျောက်တန်းကြီးသည် သံလွင်မြစ်ကြောင်းအား ကန့်လန့်ပိတ်ထားသည့်နှယ်ရှိသည်။ အရှေ့အနောက် ကမ်းပါးနှစ်ဖက်မှ ကျောက်တန်းကြီးများ တိုးထွက်လာပြီး အလယ်မှာ ရေကြောင်းလမ်းအနည်းငယ်သာရှိသည်။ ထင်ကြည့်ရသည်မှာ နှစ်ပေါင်းများစွာတုန်းက ကျောက်တန်းကြီးရှိခဲ့သည်။ အလယ်နိမ့်နေရာမှာ ရေတိုက်စားမှုကြောင့် ဖြည်းဖြည်းချင်း ကျယ်လာရခြင်းဖြစ်နိုင်သည်။ ထိုနေရာသည်သာ အနည်းငယ်ရေစီးကြောင်းဖြစ်ပြီး ဖောင်များလည်း သည်ကသာ ဆင်းကြရသည်။

ပဂိုးကျောက်တန်းအလွန်လေးနားတွင် ရှမ်းမကျောက်ဆိုသော ကျောက်ဆောင်တစ်ခု ရှိသည်။ ရေပြင်အလယ်မှာ ထီးထီးမားမား ပေါ်ထွက်နေသည်။ အဆင့်ဆင့် ပြောကြားချက်အရ သိရသည်မှာ -

တစ်ချိန်တုန်းက ထိုင်းမှ ရှမ်းမိသားစုတစ်စုသည် သံလွင်မြစ်ကြောင်းအတိုင်း ဖောင်ဖြင့် စုန်ဆင်းလာခဲ့သည်။ မိုးကာလ ရေများချိန်မို့ ဟတ်ကြီးစသည်ကို ကျော်ဖြတ်လာနိုင်ခဲ့သည်။ ပဂိုးကျောက်တန်းကို ကျော်လွန်လာခဲ့သည်။ ရေစီးကြောင်းအတိုင်း မျောလာသောဖောင်သည် ရေလယ်တွင် ထီးထီးမားမား ပေါ်ထွက်နေသော ကျောက်ဆောင်နှင့် တိုက်မိပြီး တစောင်းတင်၍ တန့်သွားသည်။

နောက်မှ ရေလှိုင်းများက ဖောင်ကြီးကို လာတိုးသဖြင့် ဖောင်မှာ တဖြည်းဖြည်း နစ်လာသလို ရှိသည်။ ယောကျ်ားသားများက ဖောင်ကို ကျအောင် ကြိုးစားနေကြသည်။ ပါလာသော ရှမ်းမိန်းမပျိုလေးတစ်ဦးမှာ ဖောင်နောက်ပိုင်းမှ တဖြည်းဖြည်းနစ်လာသည်ကို လန့်၍ ကျောက်ဆောင်ပေါ် သို့ တက်ပြေးသည်။ ပြန်ဆင်းလာဖို့ ခေါ်နေစဉ် နောက်ထပ်ရောက်လာသော ရေလှိုင်းအဆောင့်မှာ ဖောင်သည် အမြီးမှလည်၍ ရေစီးကြောင်းအတိုင်း မျောထွက်သွားတော့သည်။

ရေလယ်မှ ကျောက်ဆောင်ထက်မှာ ရှမ်းမလေးတစ်ဦးသာ ကျန်ရစ် သည်။ ဖောင်သည် ဝါးလုံးထိုး စီးဆင်းနေသော ရေကြောင်းအတိုင်း လျှင်မြန် စွာ မျောပါသွားသည်။ အတော်ဝေးဝေးရောက်မှ ဖောင်တန့်နား၍ ကမ်းကပ် ကာ တင်ကျန်ရစ်သော မိန်းမပျိုလေးကို ကယ်ဖို့ ကြိုးစားကြသည်။ ပထမနေ့ မအောင်မြင်။ ဒုတိယနေ့ ဆက်၍ အမျိုးမျိုး ကြံဖန်၍ ကြိုးစားသည်။ မအောင် မြင်သေး။ မိန်းမပျိုလေးခမျာ ရေလယ်ကျောက်ဆောင်ပေါ်မှာ အထီးကျန်စွာ ရှိနေဆဲ။ ဆက်လက်၍ ကယ်နိုင်ရန် ကြိုးပမ်းနေကြဆဲ။ မိုးကြီးသည်းထန်စွာ ရွာသည်။

တောင်ရေကျလာသည်။ မြစ်ရေလည်း တစ်ဟုန်ထိုး တက်ခဲ့သည်။ ကယ်ဆယ်သူအားလုံး စိတ်ပူပန်ခြင်းကြီးစွာဖြင့် သောကဝေနေဆဲ။ မိန်းမပျို လေးမှာလည်း အားငယ်ခြင်းများစွာဖြင့် ကယ်လာမည့်သူကို မျှော်နေဆဲ။ တစ်ဟုန်ထိုးတက်လာသော ရေအစီးလှိုင်းအရိုက်မှာ မျောသွားခဲ့ရရှာသည်တဲ့။ ထိုအချိန်မှစ၍ ထိုကျောက်ဆောင်ကို "ရှမ်းမကျောက်" ဟု ခေါ်ဆိုကြသည်တဲ့ ကြားရဖူးသည်။

ရှမ်းမကျောက်ကို လွန်လာပြီး တရွေ့ရွေ့ဖြင့် ကေးတညတ်ဟတ်သို့ ရောက်လာသည်။ ကေးတညတ်ဟတ်သည် တစ်ဖက်က ရေလက်ကြား အခြား တစ်ဖက်မှာ ဟတ်ရှိသည်။ ဟတ်ထဲဝင်မိပါက ကျိုးကန်းပါးစပ်သဏ္ဍာန် ကျောက်ဖျာအောက်သို့ ဝင်ရောက်သွားပြီး ရေသိပ်သည်းမှုကြောင့် ဖောင် ပျက်စီးကာ အသက်အန္တရာယ် ကြုံရတတ်သည်။ ဟတ်သို့ မရောက်မီကတည်း က အရှေ့ဘက်ကမ်းနား ကျောက်ဆောင်နား ကပ်မိအောင် ကြိုတင်၍ ခတ် ထားရသည်။

ကေးတညတ်ဟတ်ကို အခက်အခဲမရှိ ဖြတ်ကျော်နိုင်ခဲ့သည်။ ဝေကြို ထမင်းဝတ်ဝဲ၊ ကေးဒိုဖိုး၊ တမို့ဖိုး၊ ဆားဆိပ်ဗိုလ်ပြားဝဲ၊ ဘောသရောတို့အား အဆင့်ဆင့် ကျော်ဖြတ်လာနိုင်သည်။ လမ်းတစ်လျှောက်ဝဲကတော့များ၊ ဗွက်

ခုံးများသည် ထမင်းအိုး ဆူပွက်သကဲ့သို့ ရှိသည်။ ဝဲကတော့လည်းသံ တရှဲရှဲ၊ ဗွက်ခုံးပွက်သံ တဟဲဟဲက အဆက်မပြတ် ပေါ်ထွက်နေသည်။

တကာတ်ဝဲ၊ တောင်နီ၊ ကရင်မရေကျော်၊ ဖယ်သွဲ့လုံး၊ ဝက်ပါတို့ကို လွန်၍ ကွဲခြံသို့ ရောက်လာသည်။ ထိန်းရင်းခတ်ရင်းကြြားမှ ဖောင်သည် ကွဲခြံကျောက်ဆောင် ရေလက်ကြားသို့ ဝင်ညှပ်သွားသည်။ ရေစီးအရှိန်ဖြင့် ကျောက်ဆောင်ပေါ် မေးတင်ကာ တစောင်းကြီးဖြစ်၍ မမှောက်လုမှောက်ခင် ဖြစ်သွားသည်။

"အားလုံး ကျောက်ဆုံးပေါ်တက်ကြဟေ့"

မြိုင်ကြီးငူဘုန်းတော်ကြီးက ရဟန်းသာမဏေအချို့နှင့် ဒကာအချို့ အား ကျောက်တုံးပေါ်သို့ အမြန်တက်စေသည်။ ကိုယ်တိုင်လည်း တက်လိုက်ပြီး ဖောင်ကို အများနှင့်အတူ ဝိုင်းကူတွန်းသည်။ နောက်စီးလာသော ရေအရှိန်က ဖောင်အား အဆက်မပြတ် တွန်းလိုက်ရာ ဖောင်မှာ အမြီးအက်မှလည်၍ ရေစီးအတိုင်း မျောအကျတွင် ဘုန်းတော်ကြီးနှင့် အတွေ့အကြုံရှိပြီးသူများ သည် ဖောင်ပေါ်သို့ လျှပ်တစ်ပြက်ခုန်တက် လိုက်ပါသွားတော့သည်။ အတွေ့ အကြုံနည်းပါးသူအားလုံး ကျောက်တုံးပေါ်မှာ ကျန်ရစ်မနေမအောင့်သည်။ ရှမ်းမပျိုလေး ကျန်ရစ်သည့်နှယ်ရှိသည်။

ထိုစဉ် ဘုရားကျောက် ပထဲထမှ ဟွန်ဒါ (၁၁)ကောင် တပ်ဆင်ထား သော စက်လှေငယ်များ ထွက်ပေါ်လာကြသည်။ အဖြစ်ကို သိကြသဖြင့် ကျောက်ဆောင်ပေါ်မှာ ကျန်ရစ်နေသူများကို သွားရောက် ကယ်တင်ကာ ဖောင်သို့ လိုက်လံပို့ဆောင်ပေးကြသည်။ တော်ပေသေးသည်။ စက်လှေများ သာ မရှိပါက သူတို့လေးတွေ၏ ကံကြမ္မာကို မတွေးဝံ့စရာပင်။ ဘုန်းကြီး ကျောက် ဟူ၍ပင် အမည်တစ်ခု တိုးလာနိုင်ဖွယ် ရှိသည်။

ကျန်ရစ်သူများ မစုံလင်သေးမီ ဖောင်တော်သည် မသာတံခါးခေါ် သော ကျောက်ဆောင်အနီးသို့ ချဉ်းကပ်လာသည်။ မသာတံခါးဟု ခေါ်ဆို လောက်သည့် အနေအထားဖြစ်သည်။ မြစ်ကြောင်းအလယ်တွင် ကျောက် ဆောင်ကြီး သုံးလုံး ဖိုခနောက်ဆိုင် တည်ရှိနေသည်။ အလယ်ကျောက်ဆောင် ကို မူလထား၍ လက်ယာဘက်ကျောက်ဆောင်ကြား ရေလမ်းကြောင်းသည် အနည်းငယ် ရေစီးသာသည်။ ကျောက်တုံး ကျောက်ဆောင်နည်းပါးသည်။ ချမ်းသာပေါက်ခေါ်ကြသည်။ လက်ဝဲဘက်ကျောက်ဆောင်ကြား ရေလမ်း ကြောင်းသည် ရေစီးအရှိန်ပြင်းသည်။ ကျောက်တုံးကျောက်ဆောင်ပေါများ သည်။ မသာတံခါး ဆိုကြသည်။ တော်ရုံတန်ရုံ ချည်ထားသော ဖောင်ဆိုပါက

တစ်ခုစီ ပြုတ်ထွက်သွားလေ့ရှိသည်။ ရေများလျှင်တော်သည်။ တပေါင်း-တန်ခူး ရေနည်းချိန်ဆိုလျှင် ပိုဆိုးလေ့ရှိသည်။

ဖောင်ဆင်းသူများသည် အားလုံးလိုလို ချမ်းသာပေါက်မှသာ ဆင်းနိုင်အောင် အတော်ဝေးဝေးကတည်းက ကြိုခတ်ထားရသည်။ လုခတ်ထားရသည်။ ယခုလည်း မြစ်လယ်မှ တရွေ့ရွေ့ မျောပါလာသော ဖောင်တော်ကို ချမ်းသာပေါက်သို့ ဝင်နိုင်အောင် လုခတ်ကြသည်။ ခတ်အားနည်းမှုကြောင့် ချမ်းသာပေါက်ဘက် မပါတော့ဘဲ မသာတံခါးဆီသို့ ဦးတည်နေသည်။ မတတ်နိုင်တော့။ ဖြစ်သမျှအကြောင်း အကောင်းချည်း သဘောပိုက်လိုက်ရသည်။ သေတစ်နေ့ မွေးတစ်နေ့ပဲဟု စိတ်တင်းကာ ဖောင်ပေါ်ပါသူအားလုံး လက်လှမ်းမီရာကို တအားဆုပ်ထားကြသည်။

လာမည့်ဘေးကို ပြေးတွေ့ရုံသာရှိသည့်အခြေအနေမို့ အဆိုးထဲမှ အကောင်းကလေး ဖြစ်လိုဖြစ်ငြား ကံတရားအား ပုံချထားလိုက်ရတော့သည်။ မသာတံခါးပေါက်သို့ ရောက်ခါနီးလေ ရေကြောင်းကျဉ်းလေ၊ ရေစီးမြန်လေ ဖြစ်သည်။ ဖောင်တော်သည် ပို၍ လျင်မြန်သော သွားနှုန်းဖြင့် မသာတံခါးပေါက်သို့ ဝင်ရောက်သွားတော့သည်။ မသာတံခါးဝသို့ ဝင်မိလျှင် ဝင်မိချင်း အောက်ခံကျောက်ဆောင်များကြောင့် ခုန်ပျံမြူးဆော့နေသော လှိုင်းလုံးကြီးများအောက်သို့ လုံးဝနစ်မြုပ်သွားတော့သည်။

ဖောင်ကြီးပါ နစ်မြုပ်သည်ဆိုတော့မှ ပါလာသူအားလုံးသည် ရေအောက်ကမ္ဘာသို့ တဒင်္ဂ ရောက်သွားကြရသည်။ အလေးချိန်နှင့်မို့ ဖောင်သည် တော်ရုံနှင့် ပေါ်မလာ။ မြုပ်နေသည့်အတိုင်း ဆက်လက် မျောပါနေသည်။ လူများကား ပေါ်နေလေပြီ။ အတော်ကလေးကြာမှ မူလပုံစံသို့ ပြန်ရောက်ပြီး ဆက်လက်မျောပါသွားသည်။ ဤသည်လည်း ကံကောင်းထောက်မခြင်းဖြစ်သည်။

အမည်ပေးထားသည်ကိုက "မသာတံခါး" တည်း။ သည်အထဲသို့ ဝင်မိလျှင် ပြန်လမ်းဆိုသည်မှာ မရှိသဖြင့် "မသာတံခါး"ဟု ခေါ်ဝေါ်ထားကြသည်။ ယခုမူ ပိုးစိုးပက်စက်တစ်ခုမှ မဖြစ်ခဲ့။ မသာတံခါးမှ ထွက်လာနိုင်ခဲ့သည်။ အသက်လုနေရသည့်ကြားမှ ပြုံးစရာတစ်ခု တွေ့ရသေးသည်။

ဖောင်ပေါ်တွင်ပါလာသော မဲဆိပ်ရွာမှ ဒကာဦးတောင်ပါးသည် မြုပ်နေသော ဖောင်ပေါ်မှာ ပြန့်ကြဲမျောပါနေသော သူ၏ ဂါလန်ပုံးများကို ရေကူး၍ လိုက်လံ ဆယ်ယူနေသည်။ မြိုင်ကြီးငူဘုန်းတော်ကြီးသည် ထိုအဖြစ်ကို ကြည့်၍ -

"ကြော်. . . လူသား၊ လူသား" ဟု သံဝေဂရစွာ ပြုံးလိုက်မိသည်။

ကံကောင်းခြင်းကြီးစွာဖြင့် လွတ်ခဲ့ပြီးနောက် မသာတံခါးအမြီးကမ်းခြေတစ်နေရာမှာ ဖောင်တော်ကို ဆိုက်ကပ်လိုက်သည်။ ကျန်နေသူများကို စောင့်ခေါ်သည်။ စက်လှေငယ်များဖြင့် သယ်ပို့ပေးကြပြီး လူစုံလောက်မှ ဆက်၍ စုန်ဆင်းသည်။

ရှေ့မှာ အန္တရာယ်ကျောက်ဆောင်တစ်ခု ရှိသေးသည်။ "ငမဲကျောက်ဆောင်" ဟု ခေါ်သည်။

မောင်အင်းလေး

မောင်နွဲ့

မောင်ငွေထွန်း

မောင်ထွန်းကြည်တို့၏ စက်လှေငယ်လေးစီးက ဖောင်တော်ကို ဘေးနှစ်ဘက်မှ ညှပ်ကာ အန္တရာယ်ကင်းရာသို့ တွဲခေါ်သည်။ ငမဲကျောက်ဆောင်လွန်ပြီးကာမှ ဖောင်ကို လွှတ်ပြီး ပြန်တက်သွားကြသည်။

ဆက်၍ ဆင်းလာရာ မဲဆိပ်ရွာအရောက်တွင် မိုးချုပ်လေပြီ။

သည်သောအခါ သံလွင်မြစ်ရေသည် လုံးဝငြိမ်သက်နေသလိုရှိသည်။ ရေစီးရေလာပင်မရှိဘဲ ပကတိ တည်ငြိမ်နေသည့်နှယ် ထင်ရသည်။ ဖောင်ဆင်းနေမှန်း လုံးဝမသိတော့လောက်အောင်ပင်။

စောစောပိုင်းတွေတုန်းက ဖြတ်သန်း ကျော်လွှားခဲ့ရသော ရေတံခွန်များ၊ ဟတ်ကြီးများ၊ ကျောက်တုံးကျောက်ဆောင်များ၊ ရေလှိုင်းများ၊ ဝဲဂယက်နှင့် ဗွက်ခုံးများတို့သည် မိမိသံလွင်မြစ်မှာ လုံးဝမရှိသယောင် (သို့မဟုတ်) ၎င်းတို့သည် မိမိနှင့် မည်သို့မှ မပတ်သက်သည့်နှယ် မသိကျိုးကျွံပြုနေသည်။ ဣန္ဒြေကြီးတစ်ခွဲသားဖြင့် ခန့်ငြားတည်ငြိမ်လွန်းနေသည်။

သည်သောခါမှ သက်မ ချလိုက်နိုင်သည်။ စကားပြောသံဆိုသံများ ဝေလျှံလာသည်။ မှောင်ရိပ်က တဖြည်းဖြည်း စိုးမိုးဝင်ရောက်လာသည်။ သို့သော် လဆုတ်ဦးပေမို့ လရောင်က ရွှန်းမြမြ ထွန်းပနေသည်။

ညအမှောင်နှင့် လရောင်၊ ပြီးတော့ တည်ငြိမ်စီးဆင်းနေသော မြစ်ရေ၊ ရွေ့သည်ဆိုရုံမျှ ရွေ့နေသော ဖောင်တော်၊ ကမ်းနှစ်ဖက်မှ လရောင်ဆမ်းထားသော သစ်ရိပ် ဝါးရိပ်များက ရွှန်းရွှန်းမြိုင်မြိုင်။ ဖောင်ခတ်ခြင်းကြောင့် ဖြစ်ပေါ်လာသော လှိုင်းအိကလေးများက လရောင်အောက်မှာ ငွေ ရောင်တလက်လက်ဖြင့် ကမ်းပါးဆီသို့ဦးတည်ပြေးလွှားနေသည်။ သာယာတင့်မောဖွယ်ကောင်းသော ရှုခင်းပန်းချီကားတစ်ချပ်ပင်လားဟု

ထင်မှားမိလောက်အောင် ကြည်နူးဖွယ်ကောင်းနေသည်။

ဖောင်တော် စုန်ဆင်းလာရာ ထက်လူစခန်းအရောက်တွင် တောင်ကုန်းထက်မှ လက်နှိပ်မီးဖြင့် အချက်ပြ လှမ်းခေါ်သည်။ မြိုင်ကြီးငူဘုန်းတော်ကြီး၏ ဖောင်တော်ဖြစ်ကြောင်း အော်ပြောပြီး ဆက်လက်ဆင်းခဲ့ရာ ရေလဲထိပ်၊ ကျောက်မြွေ၊ ကန်ညီနောင်၊ ဝဲကြီး၊ စကောဝိုင်း စသည်ဖြင့် အစဉ်အတိုင်း ဖြတ်ကျော်ခဲ့ပြီး ည ၉ နာရီကျော်ကျော်တွင် မြိုင်ကြီးငူဆိပ်ကမ်းသို့ ဖောင်တော် ဆိုက်ကပ်မိလေသည်။ ။

## ဣန္ဒာသယ ဖောင်တော်ဦး စေတီ

၁။ မြိုင်ကြီးငူမှ၊ ထွက်ကြွခဲ့ရာ
ငါးဆယ့်တစ်ပါး၊ အများသံဃာ
သောင်းရင်းမြစ်ကမ်း၊ တောင်တန်းဝွေချာ
ရည်ရွယ်သည့် ပြုမည့်သာသနာ။

၂။ စက်လှေကိုစီး၊ ခရီးနှင်လာ
ကျောက်မြွေရင်းပိုင်း၊ ဦးဝဲမယ်လာပါ
မသာတံခါး၊ ကျော်သွားပေတာ
ဘောသရောရောက် တစ်ထောက်သည်နေရာ။

၃။ ထိုမှတက်၍၊ ဆက်ကြွသောခါ
တောတန်းတောင်တန်း၊ ချောက်ကမ်းထွေလာ
လျှိုမြောင်စခန်း၊ စိမ့်စမ်းရေဖြာ
သာပုံဆန်း မြိုင်နန်းစုံဝနာ။

၄။ သာလိကာငှက်၊ ဆက်ရက်တစ်ဖြာ
မာဂဓာနှော၊ ဆိုပြောညံစာ
သံသာချိုအေး၊ ဟစ်ကြွေးခါခါ
မြည်သံပေး ချစ်တေးသီဆိုရာ။

၅။ ရွှေပြည်စိုးနှင့်၊ ချိုးငှက်တစ်ဖြာ
ကူသံကိုပေး၊ ချိုအေးသံသာ
ရွှင်ပျော်မွေ့ရှုပ်၊ မျောက်အုပ်တို့မှာ
အော်သံကြား ကစားပျော်စံရာ။

၆။ တောတောင်စိမ့်စမ်း၊ ရိပ်ခန်းဝေဆာ
ကန္တာချိုင့်ဝှမ်း၊ ကြည်လျှမ်းသာယာ
မြင်ပုံတင့်ဆန်း၊ အံ့မခန်းပေတာ
စုံမြိုင်နန်း တောတန်းသည်ဝနာ။

၇။ တောတောင်လွန်မြောက်၊ လျှောက်လိုက်ပါသော်
ဘောကေးစခန်း၊ မျောက်လမ်းကိုကျော်
မယ်ရာထမှ၊ ဆက်ကြွလေသော်
မယ်ကဇော မည်သောဤတောင်တော်။

၈။ ဒသဗလ၊ မည်ရဆံတော်
စေတီတော်အား၊ ဖူးငြားပါသော်
ထင်ပေါ်ကျော်ကြား၊ ဘေးများကိုကျော်
ပူဇော်ရ ကျိုးကအမှန်နော်။

၉။ မယ်ကဇောမှ၊ ဆင်းကြွခါဆို
စက်လှေနှစ်စီး၊ အပြီးလာကြို
ဂိတ်မယ်လယ်ထ၊ ကျော်လတ်ပြီဆို
သူးမွဲထ ရောက်ကြအမှန်ကို။

၁၀။ သံလွင်သောင်းရင်း၊ မြစ်မင်းနှစ်ဖြာ
ဆုံလာသုံးခွ၊ ကုန်းလှဗွေချာ
မြစ်ညှာဆုံပူး၊ ကြည်နူးဝေဆာ
ဖောင်တော်ဦး အထူးမည်လေတာ။

၁၁။ တာကူးမာသ၊ ကျော်လှကော
သချ်ာမယွင်း၊ ပူးမင်းနေပါ
နာရီနဝင်း၊ နေ့ခင်းမှာသာ
ခါတော်လှစ် အုတ်မြစ်တည်လေတာ။

၁၂။ သူးမွဲစခန်း၊ ရဟန်းသံဃာ
ပဋ္ဌာန်းကျမ်းမြတ်၊ ရွတ်ဖတ်မှန်စွာ

အသံမစဲ၊ ဆင်နွဲကာသာ
ကုသိုလ်ရေး မနှေးဆောင်ရွက်တာ။

၁၃။ ထိုနှင့်ပြိုင်လျက်၊ မပျက်အမှန်
ဒေသနာဆန်း၊ ပဌာန်းအသံ
အခါနဝင်း၊ ချိန်တွင်းကေန်
သံချိုမြ ရွတ်ကြမမွကွန်။

၁၄။ ဖော်တော်မြတ်ဦး၊ မည်ထူးထွေလာ
ဘယ်ဟာဘယ်သင်း၊ အတင်းမေးလာ
ဖြေသာအထူး၊ မိန့်ကျူးလေတာ
မဂ္ဂင်မှူး ထွတ်ဖူးပုံပမာ။

၁၅။ ကပ္ပိလနှင့်၊ ကောလိယပြည်
နှစ်ပြည့်မင်းများ၊ ချင်းပွားလေပြီ
ရှင်တော်ဗုဒ္ဓ၊ မြန်းကြွပြန်ဖြီ (ဖြေ)
နှစ်ပြည်ဘေး ငြိမ်းအေးအမှန်ရည်။

၁၆။ ဤနှင့်မခြား၊ အလားတူစွာ
မြန်စွာလွတ်ကင်း၊ ဘေးကင်းစင်ကွာ
သောင်းရင်းမြစ်ကမ်း၊ ဘေးမသမ်းစေရာ
ဖောင်တော်ဦး အထူးတည်လေတာ။

၁၇။ တစ်သုံးငါးတစ်၊ သက္ကရာဇ်ပါ
ဝါဆိုဆန်းတုန်း၊ ဆယ့်သုံးရက်မှာ
နံ့စနေထီး၊ ရှုမငြီးနိုင်ပါ
စေတီအား တင်ထားပူဇော်တာ။

(ဤရှစ်လုံးဖွဲ့ကဗျာများမှာ မြိုင်ကြီးငူဆရာတော်ကိုယ်တိုင် ရေးသားစီကုံးခဲ့သော က္ကစ္ဆာသယဖောင်တော်ဦးစေတီမှတ်တမ်းကဗျာများဖြစ်ပါသည်။ ဤအခန်းအတွက် အထက်ပါကဗျာကို အခြေခံလျက် သရုပ်ဖော်ရေးသားပါမည်။ **စာရေးသူ**)

# ဏ္ဍာသယဖောင်တော်ဦးစေတီတော်မှတ်တမ်း

ညှာညောင်းရွက်ကြွေ ပုရစ်ဝေစ ရာသီနွေလ တန်ခူးမာသ၏ ပြည့်အံ့မှုးမှူးသော လဆန်းရက်။ နှစ်ဟောင်းလွန်ကျူး နှစ်သစ်ကူးခဲ့၍ မကြာလှသေးသော နှစ်ဆန်း ၃ ရက်။ ၁၃၅၁ ခုနှစ်ဦး တန်ခူးလဆန်း ၁၃ ရက်။ နံနက် ၆း၃၀ နာရီ။ နှင်းကြွင်းလက်ကျန်များသည် မြူခိုးများနှင့် ရောထွေးကာ သံလွင်မြစ်ပြင်ကို နှင်းကန့်လန့်ကာ ဇာပဝါဖြင့် လွှမ်းခြုံထားသည်။

မြိုင်ကြီးငူဘုန်းတော်ကြီးသည် မြိုင်ကြီးငူရှိ နန်းဦးဘေးမဲတောရကျောင်းစောင့်အဖြစ် သံဃာ ၁၀ ပါးမျှသာ ချန်ရစ်၍ ရဟန်းသာမဏေ ၅၁ ပါးနှင့် ဒကာအချို့ကို ဦးဆောင်လျက် စက်လှေနှစ်စီးဖြင့် သံလွင်မြစ်ကြောင်းကို ဆန်တက်နေသည်။ စက်လှေမှာ ဒိုင်နာစက်တပ်ထားသော ရှမ်း (ထိုင်း) လှေနှစ်စီးဖြစ်သည်။ ရေပြင်ပေါ် ရှပ်တိုက်ပြေးလွှားသည့်နှယ် အသွားနှုန်းကောင်းလှသည်။ စက်လှေတစ်စီး၏ ဦးထိပ်မှာ သာသနာ့အလံတော်နှင့် ၃၁ လက်မ ရွှေထီးတော်။ လှေဝမ်းထဲမှာ သံဃာများ။

အခြားစက်လှေဦးထိပ်မှာ မြိုင်ကြီးငူဘုန်းတော်ကြီး ထိုင်နေပြီး လှေဝမ်းထဲမှာ သံဃာများနှင့် လူဒကာအချို့။

စက်လှေနှစ်စီးသည် အရှိန်ဖြင့် ပြေးလွှားဆန်တက်နေသည်။ စက်ကိုပဲ့ထောင်းတပ်ထားသဖြင့် ပန်ကာလည်အားဖြင့် ရေပန်းများကို အမြင့်ကြီးမှုတ်ထုတ်နေသည်မှာ ထွက်ပြူစနေရောင်အာက်ဝယ် တစ်မျိုးကြည့်၍ ကောင်းလှသည်။ မြိုင်ကြီးငူ၏ အထက်ဘက်တစ်ကွေ့အကျော်မှာ မာရ်လာယုစေတီတော်နှင့် စန္ဒပါလစေတီတော်ဟူသော ကမ်းဘေးဝဲယာမှ စေတီနှစ်ဆူကို စက်လှေပေါ်မှပင် ဖူးမြော်ဖြတ်သန်းခဲ့သည်။ ကန်ညီနောင်ရွာဟောင်းသို့ရောက်သည်။ ကန်ညီနောင်ရွာသည် ယခင်က အိမ်ခြေအတော်များသောရွာတစ်ရွာဖြစ်သော်လည်း ယခုမူ လူနေအိမ်ခြေ ကင်းမဲ့လျက်ရှိသည်။ ကန် ညီနောင်ရွာသည် စစ်ဘေးစစ်ဒဏ်ကြောင့် ပျက်စီးခဲ့ရပါသည်။ ရှမ်း (ထိုင်း) ဘက်ကမ်းတွင် ရှိသော "သောလယ်ထ" ရွာသို့ အများစုပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။

စက်လှေသည် သံလွင်မြစ်ကြောင်းကို ဆန်တက်လာရာ ကျောက်မြွေ၊ ရေလဲထိပ်၊ ရင်းပိုင်း၊ ကျောက်တိုင်၊ မဲဆိပ်၊ ကျိုးကန်းပါးစပ်၊ ဇီးဝဲ၊ မယ်လာပါ၊ ငမဲကျောက်၊ မသောတံခါး၊ ဘုရားကျောက်၊ ကျွဲခြံ၊ ဒယ်သုံးလုံး၊ ကရင်မရေကျော်၊ တောင်နီ၊ ဘီလူးမကျောက်တို့ကို အစဉ်အဆိုင်း ဖြတ်ကျော်ပြီး "ဘောသရော"

ဆိပ်ကမ်းသို့ ရောက်လာသည်။ နေ့လယ် ၁၁ နာရီခန့်ရှိပြီမို့ ကမ်းပေါ်တက်၍ နေ့ဆွမ်းဘုဉ်းပေးကာ ခေတ္တနားနေကြသည်။

မွန်းတည့် ၁၂ နာရီကျော်သည်နှင့် စက်လှေမောင်းသော ဦးဣန္ဒာစာရနှင့် ဦးမေဃိယ ရဟန်းနှစ်ပါးကို စက်လှေနှစ်စီးဖြင့် နောက်ကြောင်းပြန်လှည့်စေသည်။ စက်လှေမောင်းသူမှာ ရဟန်းဆိုသဖြင့် အံ့အားသင့်မည်ဆိုက သင့်စရာပင်။ ဤမှတ်တမ်းရှည်ကြီးတစ်နေရာတွင် ဆိုခဲ့ဖူးပါသည်။ ဤသို့သော အပြုအမူသည် သာမဏသာရုပ္ပမဟုတ်သည်ဖြစ်၍ ရဟန်းတော်များနှင့် မအပ်စပ်လှသည်ကား မှန်ပါ၏။ နယ်မြေအခြေအနေက သည်သို့ သည်နှယ် လုပ်ဆောင်မှ ဖြစ်မည် ဖန်လာသည်မို့ ကိုယ်တိုင်ပင် လုပ်ဆောင်နေကြရသည်။

သူတို့ ထုတ်ပြန် ကြေညာထားသည်ကိုက "လှေတွေ့ရင် ဆန်ခါ၊ လူတွေ့ရင် မသာ" တဲ့။ ရဟန်းဆိုတော့လည်း ကင်းလွတ်ခွင့်ရှိသား။ ဤသည်သော်မှ သူတို့တစ်တွေ အသိအမှတ်ပြုထားကြပါမှ။ သို့မဟုတ်ပါက မလွယ်ရေးချ မလွယ်။ သည်တော့ သည်လမ်း သည်ခရီးကို သည်ရဟန်းတွေက သည်လှေမှမစီးလျှင် လုပ်ငန်းတစ်စုံတစ်ရာ အဘယ်မှာ ပြီးစီးပါလိမ့်မည်နည်း။ သည်တော့ ကိုယ်တိုင်သာပဲ မောင်းခဲ့ကြရသည်လေ။

စက်လှေများ နောက်ကြောင်းပြန်သွားပြီးသောအခါ မြိုင်ကြီးငူဘုန်းတော်ကြီး ဦးဆောင်လျက် တောင်တက်ခရီးကို စတင်ကြတော့သည်။ သည်အဖြစ်ကို မြိုင်ကြီးငူဘုန်းတော်ကြီးက -

၁။ မြိုင်ကြီးငူမှ၊ ထွက်ကြွခဲ့ရာ
ငါးဆယ့်တစ်ပါး၊ အများသံဃာ
သောင်းရင်းမြစ်ကမ်း၊ တောင်တန်းဗွေချာ
ရည်ရွယ်သည့် ပြုမည့်သာသနာ။

၂။ စက်လှေကိုစီး၊ ခရီးနှင်လာ
ကျောက်မြွေရင်းပိုင်း၊ ဇီးဝဲမယ်လာပါ
မသာတံခါး၊ ကျော်သွားပေတာ
ဘောသရောရောက် တစ်ထောက်သည်နေရာ။

ဟူ၍ ရှစ်လုံးဖွဲ့ကဗျာဖြင့် မှတ်တမ်းတင် ထားခဲ့သည်။

**********

မြိုင်ကြီးငူဘုန်းတော်ကြီးမှ အစပြု၍ သံဃာများအားလုံး သပိတ်စသော ပရိက္ခရာအသီးသီးအပြင် ဘုရားစေတီ တည်ထားပြုလုပ်ရန်အတွက် ပန်းရံပစ္စည်းများကိုပါ ခွဲဝေသယ်ဆောင်ကြရသည်။

အားကောင်းမောင်းသန်သော ကိုရင်ကြီးများက ၃၁ လက်မ ထီးတော်ဘုံ အဆင့်ဆင့်ကို ဖြုတ်၍ သက်န်းဟောင်းများဖြင့် ထုပ်ပိုးသယ်ဆောင်ကြသည်။ တောင်တက်ခရီးသည် ကြမ်းတမ်းလွန်းလှပါသည်။ သို့သော် သူတို့တစ်တွေအတွက်ကား အဆန်းမဟုတ်ပါချေ။

ရာသီနွေလ ဂိမန္တမို့ တန်ခူးနွေက ခြစ်ခြစ်တောက်ပူနေသော်လည်း တောရိပ်တောင်ရိပ် စုံမြိုင်ရိပ်ကြားမှာ သွားနေရသည်မို့ ပူပြင်းသည် မထင်မိကြ။ သစ်ကြီးဝါးကြီးအရိပ်က အေးမြလှသည်။ အေးမြသော သစ်ရိပ်များကို ဖြတ်ကျော်တိုက်ခတ်လာသော တန်ခူးလေရူးသည်ပင် ချမ်းစိမ့်နေသယောင် ထင်မိရသည်။ မွန်းတည့်နေပင်ဖြစ်သော်လည်း ခရီးသွား ရဟန်းသံဃာတို့အား ပူလောင်ခြင်းကို စိုးစဉ်းမျှ မဖြစ်စွမ်းစေနိုင်ပေ။ မပင်ပန်းသည့်ပြင် ရွှင်လန်းလို့ပင် နေချေသေးသည်။ ရွှင်လန်းကြမည်လေ။ တောတန်းတောင်တန်း မြောင်စခန်းတွေက တင့်ဆန်းစည်ဖြာသာယာတင့်မော ရှုချင့်စဖွယ်တွေ ပေါပါဘိသည်ကိုး။

တောင်လျှိုတောင်ဝှမ်း တောင်စခန်းတွေအပြင် မြောင်ကမ်းတွေက နိမ့်မြင့်တချို့၊ မို့မို့တစ်ဖြာ ကွေ့ကာပတ်လည် ရှုတိုင်းငယ်စည်တော့သည်။ တစ်ခါတစ်ရံ သွဲ့ပျောင်းရစ်ခွေ စီးဆင်းနေသော စမ်းချောင်းကလေးများကို ဖြတ်သန်းသွားကြရသည်။ ကြည်လင်အေးမြလှသော စမ်းရေသွင်သွင်က ညင်သာမွေ့မွေ့ တရွေ့ရွေ့ဖြင့် ရွေ့လျားနေသည်ကို မြင်ရသည်ကပင် နွေလယ်လမ်းမှာ လျှောက်လှမ်းရသူအဖို့ ချမ်းမြေ့လွန်းလှသည်။ ရေစင်ရေပေါက်ကို မသောက်ရသေးမီကပင် မွတ်သိပ်မှုတွေ ပြေပျောက်ကုန်သည်လား မှတ်ထင်ဖွယ်ပင်။

စိမ့်ကြီးမြိုင်ကြီးမို့ ပင်စည်ဖြောင့်ဖြူးသော သစ်ပင်ကြီးငယ်တို့က အုံ့ဆိုင်းညို့မှိုင်းလျက်ရှိသည်။ တစ်ပင့်တစ်ပင် ခက်ချင်းနွယ်လျက် ရွက်ချင်းယှက်နေသည်မှာ နေပြောက်ပင် မထိုးဖောက်နိုင်။ ထိုအပင်ထက်မှာက ဘာသာမာဂဓာ သာယာတွန်ကျူးလျက် ရွှင်မြူးနေကြသော ကျေးငှက်သာရကာများ တစ်ကောင့်တစ်ကောင် ခေါ်သံအော်သံ စီစီညံရင်း ချိုတေးသီကာ သဘာဝတေးကို ဟစ်ကြွေးနေကြသည်။ အဖော်မဲ့သူ နွေတေးရှင်ငှက်ငယ် ဥသြကမူ

ထုံးစံအတိုင်း ပင်ထက်ဟိုဆီမှာ တစ်ကောင်ထီးတည်း လွမ်းတေးသီနေသည်။ တစ်ခုသောပင်ယံထက်မှ ချိုးငှက်မောင်နှံသည် ပန်းသစ္စာထူကာ မြဲသည်မို့ ကူခွဲ၍ နေချေသည်။

လေအဝှေ့ဝယ် ဝေ့ကာဝဲကာ ဈာန်ယာဉ်စီးနေသော ရွက်ဟောင်းများကား ကြွေနေဆဲ။ အစားထိုး နေရာယူမည့် ရွက်သစ်နုအလေးများမှာ ငုံဖူးစို့စိ၊ တချို့သည်ကား နီနီလျှံမောင်း မီးလျှံအောင်းသည့်နှယ် မဏ္ဍာမြားသွေးသဖွယ် လှသွေးကြွယ်လွန်းလှသည်။ ကိုင်းတံညာဖျားမှ ရွက်မြူစပုရစ်နုကလေးများသည် ကြွေလျှောသွားသော ရွက်ဟောင်းဖြစ်အင်ကို မျက်မြင်တွေ့နေရသည်မို့ ရှေ့ဆက်ထွက်ရမှာကိုပင် မဝံ့ရဲသယောင် နွေသဉ္ဇာဒန် ဓတာသရုပ်ကို စိတ်ရှုပ်သော သွင်ဟန်ဖြင့် အငေးသား ကြည့်နေကြသည်။

မြူပြာဝါမှုန် မာလာရုံတို့ ထုံတသင်းသင်းဖြင့် ရဂုံစွှင်းဝယ် အငုံချင်း ယှက် ညှာချင်းဆက်၍ သူ့ထက်ငါဦး အလှဦးဓအာဝ် မွှန်မှုံးနုရှိန် ခုခါချိန်ဟူသည့် စာသွားအတိုင်း ရောင်စုံပန်းတွေက ဓအာလုံးလန်းမျှ ငုံကင်းတစ်ဖြာ ပွင့်အာတစ်နည်း ပွင့်ကြီးပွင့်သေး စုံလင်စွာဖြင့် ငုံအာစွင့်စွင့် လှမာန်တွေ ဝင့်လျက် နေချေသည်။ လေရူးပွေအဆော့မှာ နော့၍ဓနော့၍ လိုက်ပါလာသော ပန်းရနံ့က တောလုံးပျံ့လျက်ရှိသည်။

ပျံ့ကြူအေးအေး၊ လေညှင်းသွေးသော်
မွှေးမွှေးရဂုံ၊ သင်းနံ့ထုံသို့
ပြောစုံခန့်ကျူး၊ ပွင့်ရောင်ဖုံးသည်
တောလုံးညွှန့်သစ် လှန်ပြီတည်း. . . ဟူသော ရှင်အုန်းညို၏ ဂါထာ

ခြောက်ဆယ်ပျို့ကို အမှတ်ရဖွယ်ပင်။

တောတွင်းတစ်နေရာမှာ အမြင်ဆန်းတစ်ရပ်ကို တွေ့လိုက်ရသည်။ မျောက်အုပ်တစ်အုပ်တည်း။ မြိုင်ကြီးငူဘုန်းတော်ကြီး ဦးဆောင်သော သာသနာပြုအဖွဲ့ လာနေသည်ကို သစ်ပင်များထက်မှာ ထိုင်၍ ငြိမ်သက်စွာ စူးစူးဝါးဝါး ကြည့်နေကြသည်။ အန္တရာယ်ပြုအံ့လောဟု စူးစမ်းနေသည်လား ထင်ရသည်။ သာသနာပြုအဖွဲ့သည် သူတို့အား မည်သို့မှ မလုပ်ဘဲ ကျော်ဖြတ်သွားသည့်အခါ ကွိကွိကွကွ အော်မြည်ရင်း ပျော်မြဲတိုင်းအသွင် ဟိုပင်သည်ပင် ကူး၍ ပျော်မြူးနေကြသည်။ ဤအဖြစ်ကို -

၃။ ထိုမှတက်၍၊ ဆက်ကြွသောခါ
တောတန်းတောင်တန်း၊ ချောက်ကမ်းထွေလာ

လျှိုမြောင်စခန်း၊ စိမ့်စမ်းရေဖြာ
သာပုံဆန်း မြိုင်နန်းစုံဝနာ။

၄။ သာလိကာငှက်၊ ဆက်ရက်တစ်ဖြာ
မာဂဓာနွေ၊ ဆိုပြောညံ့စာ
သံသာချိုအေး၊ ဟစ်ကြွေးခါခါ
မြည်သံပေး ချစ်စေးသီဆိုရာ။

၅။ ရွှေပြည်စိုးနှင့်၊ မျိုးငှက်တစ်ဖြာ
ကူသံကိုပေး၊ ချိုအေးသံသာ
ရှင်ပျော်ပွဲရှုပ်၊ မျောက်အုပ်တို့မှာ
အော်သံကြား ကစားပျော်စံရာ။

၆။ တောတောင်စိမ့်စမ်း၊ ရိပ်ခန်းဝေဆာ
ကန္တာချိုင့်ဝှမ်း၊ ကြည်လျှမ်းသာယာ
မြင်ပုံတင့်ဆန်း၊ အံ့မခန်းပေတာ
စုံမြိုင်နန်း တောတန်းသည်ဝနာ။

ဟူ၍ တောတောင်စိမ့်စမ်း သည်မြိုင်နန်း၏ တင့်ဆန်းသာယာပုံ သဘာဝကို ကဗျာဖြင့် မှတ်တမ်းတင်ထားသည်။

**********

ဆက်လက်၍ ခရီးထွက်ခဲ့ကြရာ တောအသွယ်သွယ် မြောင်အလျှိုလျှို တောင်ထိုထိုကို ဖြတ်သန်းကျော်နင်းခဲ့ကြရသည်။ "ဘောလော်ကလိုး" စခန်းရောက်တွင် ခေတ္တနားနေ အပန်းဖြေကြသည်။ အပန်းဖြေသည်ဟူရာမှာ လုံးဝပြေသည်အထိ နားနေကြရသည်မဟုတ်။ သွေးအေးမသွားမီ ဆက်သွားရသည်။ သွေးအေးသွားလျှင် ပန်းသည်ထက် နွမ်းသည့်အဖြစ်က ပိုလာတတ်သည်။

ခရီးဆက်ကြပြန်သည်။ အတော်လေးကြာသွားမိသောအခါ "ထီးပေါ်မုနော်ခီး" ရွာသို့ ရောက်သည်။ ၎င်းရွာမှ အသိဒကာဖြစ်သူ "ဘဲပါး" ပင့်လျှောက်ချက်အရ ခရီးတစ်ထောက်နားရသည်။ "မယ်ပလို့" ရွာသို့ ရောက်ပြန်ရာမှာလည်း မောင်မြင့်ကြည်ပင့်၍ ခေတ္တနားနေရပြန်သေးသည်။ အချိန်ကား မနည်းလှတော့။ နေညိုလို့ပင် နေချေသည်။ အမောပြေသည် ဆိုရုံမျှ နားပြီး ခရီးဆက်ထွက်သည်။

"ဘောကေး" စခန်းနှင့် မြောက်လမ်းတို့ကို ကျော်ဖြတ်၍ ခရီးတစ်ထောက်နားရာဖြစ်သော မယ်ရာထစခန်းသို့ ရောက်စဉ်မှာ နေဝင်လေပြီ။ တည်းနေကျ ဦးဘီလုံးတဲမှာပင် ပါလာသော ပရိသတ်နှင့် သင့်သလိုနားနေအိပ်စက်ကြရသည်။ ပရိသတ်က ၅၀ ကျော် ၆၀ နီးပါး။ တဲက ငယ်ငယ်လေး။ တဲပေါ်တဲအောက် တဲဘေးမကျန် နေရာယူကြရသည်။ ဤမျှသော ပရိသတ်အား အိပ်ရာနေရာ အစေ့အငှ အဘယ်မှာ ပေးနိုင်ပါမည်နည်း။ မြိုင်ကြီးငူဘုန်းတော်ကြီးအတွက်သော်မှ အနိုင်နိုင် ဖြစ်သည်။

ကိစ္စမရှိပါချေ။ သာသနာပြုအဖွဲ့သားများသည် ဒေါင်ကျကျ ပြားကျကျ လောကဓံကို ကြံ့ကြံ့ခံနိုင်စွမ်းသူများဖြစ်သည်။ သစ်ပင်နှစ်ပင်မှာ ကွန်မင်ဒိုပုခက်ဆင်၍ အိပ်သူအိပ်သည်။ အချို့က သာမဏေများ ချိုးဖွဲ့ပေးသောသစ်ကိုင်းသစ်ရွက်များကို မြေပြင်ပေါ် ခင်းဖြန့်၍ အိပ်သည်။ သစ်ရွက်ခြောက်ကလေးများကို စုရုံး၍ ထိုအပေါ် သင်းပိုင်စုတ်ကလေးခင်းကာ အိပ်သူကအိပ်သည်။ မည်သို့သော သဘာဝမကျသည့် ပုံစံမျိုးဖြင့် အိပ်ကြရသော်လည်း တခဏချင်း အိပ်ပျော်သွားကြသည်သာ။

အရွယ်ကလည်း လူငယ်၊ ခရီးကြမ်းကြီးကို တရကြမ်း လှမ်းခဲ့ရသည်မို့ နွမ်းနယ်စပြုနေသော ခန္ဓာကိုယ်က နားချင်နေပြီဖြစ်သော စိတ်ဆန္ဒနှင့်အတူ နွမ်းလျစွာဖြင့် တခဏချင်းဆိုသလို အနားယူ အိပ်စက်ပြီးသားဖြစ်သွားသည်။ သစ်ငုတ်သင်ဖြူး၊ ဆူးကိုမွေ့ရာ သဘောထားနေရသည့် တပ်သားများနှယ်ပင်။ တကယ်တော့လည်း ၎င်းအဖွဲ့သည် ဗုဒ္ဓသာသနာ ယခင်က ထွန်းကားခဲ့သော်လည်း မှေးမှိန်နေသည့် ယခုကာလမှာ ပြန်လည်ထွန်းပလာအောင် စွမ်းဆောင်မည့်သူများဖြစ်သည်။ အရောင်ကင်းနေသည့် အမှောင်တွင်းသို့ ချဉ်းနင်းဝင်ရောက်လာသော သာသနာပြုတပ်ဖွဲ့ဝင်များဟုဆိုလျှင်လည်း မမှားတန်ရာပေ။

မိုးလင်းခါနီးလောက်ဆီမှာတော့ ဆောင်းကြွင်းလက်ကျန်နှင်းများ ကျလာတတ်သည်။ ဆောင်းတွင်းကြီးမှာကဲ့သို့ "သံဝါဖြောက်ဖြောက်၊ ဆီးနှင်းပေါက်လည်း၊ မိုးလောက်ပြင်းထန်" မဟုတ်လင့်ကစား ရပ်ရှစ်ခွင်နယ်တိုင်းကို မှုန်မှိုင်းလောက်အောင်တော့ မြူများနှင့် ရောယှက်လျက် ဆောင်းကြွင်းနှင်းများက ထူထဲစွာ ကျနေတတ်သေးသည်။ ခိုက်ခိုက်တုန်အောင် မချမ်းသော်လည်း ကွေးချင်နေအောင် အေး၍နေသေးသည်။ အမိုးမရှိ၊ အကာမပါ၊ အခင်းဗလာဖြင့် ကြုံရာမှာ ဖြစ်သလို နားနေအိပ်စက်နေကြသည်။ တစ်ထည်ဘည်းသော အပေါ်ရုံဧကသက်န်းကို တင်းအောင်ခြုံ၍ အအေးဒဏ်ကို အန်တုနေသည့်အဖြစ်ကား ကရုဏာသက်စရာလော၊ သဒ္ဓါတက်စရာလော ခွဲခြားမတတ်နိုင်လောက်အောင်ပင်။

ဤမျှလောက်သော ဖြစ်အင်ကို သာသနာပြုအဖွဲ့ဝင်များက မှု လောက်သည်မဟုတ်ပါချေ။ မြိုင်ကြီးငူဘုန်းတော်ကြီး၏ ဦးဆောင်မှုအောက် မှာ မှိုခိုရောက်လာခဲ့ပြီမို့ ဘုန်းတော်ကြီး၏ ပါရမီကို ဖြစ်သောနည်းဖြင့် ကူညီ ဖြည့်စွမ်းလိုစိတ်သာရှိကြသည်။ ကောင်းမွန်စွာ မနေရ၍လည်း အလေးမထား။ အစားအသောက် ချို့ငဲ့၍လည်း အရေးမစိုက်ကြသူတွေ ဖြစ်သည်။

မြိုင်ကြီးငူဘုန်းတော်ကြီးအပေါ်ထားရှိသော ယုံကြည်ချက် (ဝါ) အားကိုးချက်က လွန်ကဲလှသည်။ အကြောင်းကရှိသည်။ သည်အသက်သည် အရွယ်ဆို တောတွင်းစစ်မှုကို မထမ်းမနေ ထမ်းကြရသည်က သည်ဒေသ၏ သမားရိုးကျဖြစ်စဉ်တစ်ရပ်။ ယခုလို သက်န်းဝတ်နှင့်ဆိုလျှင်တော့ ကင်းလွတ် ခွင့်ရှိနေသည်။ လူဝတ်လည်း မလဲဝံ့။ လဲလိုက်သည်နှင့်တစ်ပြိုင်နက် နှစ်ရက် သုံးရက်အတွင်း တောတွင်းမှ လာရောက်ခေါ်ငင်၍ စစ်မှုထမ်းစေသည်။ မထမ်းနိုင်လျှင် သတ်မှတ်ထားသော ငွေကြေးပေးရသည်။ ပေးစရာလည်း ငွေမရှိ ပြေးစရာလည်း မြေမရှိကြရသော သူတို့အဖို့ မြိုင်ကြီးငူဘုန်းတော်ကြီး သည် ရောမ အားကိုးရာ တောင်ကြီးသဖွယ် ဖြစ်နေတော့သည်။

သာသနာတော်တွင်းသို့ ဝင်ရောက်၍ ရှင်ရဟန်းပြုကြသည်မှာ အဓိကအားဖြင့် နှစ်ချက်ရှိသည်။

(၁) ယုံကြည်မှု သဒ္ဒါတရား ပြဋ္ဌာန်း၍ ရှင်ရဟန်းပြုခြင်း သဒ္ဓါ ပဗ္ဗဇိတနှင့်

(၂) အကြောင်းကြောင်းကို ကြောက်လန့်၍ ရှင်ရဟန်းပြုခြင်း ဘယာပဗ္ဗဇိတဟူ၍ နှစ်မျိုးရှိသည်။

ယခု သူတို့လေးတွေအဖို့ ဘယာပဗ္ဗဇိတ အရင်းခံ၍ ရှင်ရဟန်းပြု လာသည်ဖြစ်စေကာမူ သဒ္ဓါပဗ္ဗဇိတအသွင်သို့ တစစ ကူးပြောင်းလာခဲ့ကြ သည်။ အချို့ဆိုလျှင် ဝါတော် ၁၅၊ ၂၀ ပင် ရှိနေပြီ။ သဒ္ဓါပဗ္ဗဇိတဖြစ်လာပြီမို့ ကျရာတာဝန်ကို ဦးလည်မသုန် ထမ်းရွက်ကြရာမှာ ကြုံလာသမျှ အခက်အခဲ ကို ကြံ့ကြံ့ခံ ရင်ဆိုင်နိုင်စွမ်းရှိကြသည်။

နံနက်မိုးသောက်လျှင် ဦးဘီလုံးနှင့် တဲနီးချင်းများ ကပ်လှူသော ဆွမ်း ကို ဘုဉ်းပေးပြီး မယ်ကဇောတောင်ပေါ်ရှိ ဒသဗလ ဆံတော်ရှင်စေတီတော် အား တက်ရောက်ဖူးမြော်ကြသည်။ လွန်ခဲ့သော ငါးလခန့် တန်ဆောင်မုန်းလ တုန်းကမှ တည်ခဲ့သော စေတီတော်မို့ အရာရာမှာ သစ်လွင်နေဆဲ။ စိမ်းပြာ ညိုမှိုင်းသော သစ်ပင်ကြီးများအကြားမှာ ဖွေးဖွေးဖြူသော စေတီတော်က ပေါ်လွင်ထင်ရှားစွာဖြင့် ငြိမ်းချမ်းစွာ စံပယ်နေသည်မှာ ဖူးမဝနိုင်ဖြစ်ရသည်။

နှင်းမှုန်က မပြယ်တပြယ်။ ထွန်းသစ်စနေခြည်ဝယ် ရွှေရည်လောင်းထားသည်သို့သော ဝန်းကျင်ရှုခင်း။ ကုန်းအငူမှာ ထုံးဖြူသင်္ကန်းရစ်ပတ်လွှမ်းပြီး ငြိမ်းချမ်းစွာ စံပယ်လျက်ရှိသည့် ဒသဗလဆံတော်ရှင်စေတီတော်။ နံနက်ခင်း လေပြည်အသွေးမှာ မဂ္ဂင်တေးကို သီဆိုတီးခတ်နေသော ထီးတော်မှ ဆွဲလွဲသံများ ကြားရသူရင်တွင်းမှာ အေးမြကြည်နူးခြင်းအတိ ဖြစ်ကြရသည်။

ဘုရားဖူးပြီး တောင်ပေါ်မှ ပြန်ဆင်းလာကာ ဦးဘီလုံးတဲမှာပင် နေ့ဆွမ်းဘုဉ်းပေးကြသည်။ မွန်းလွဲ ၁ နာရီလောက်မှာ စက်လှေနှစ်စီး အကြိုရောက်လာသဖြင့် သူးမွဲထစခန်းသို့ ဆက်ထွက်ခဲ့သည်။ ညနေ ၃ နာရီခွဲလောက်မှာ ရောက်ရှိသည်။ ထိုကို -

၇။ တောတောင်လွှန်မြောက်၊ လျှောက်လိုက်ပါသော်
ဘောကေးစခန်း၊ မြောက်လမ်းကိုကျော်
မယ်ရာထမှ၊ ဆက်ကြွလေသော်
မယ်ကဇော မည်သောဤတောင်တော်။

၈။ ဒသဗလ၊ မည်ရဆံတော်
စေတီတော်အား၊ ဖူးငြားပါသော်
ထင်ပေါ်ကျော်ကြား၊ ဘေးများကိုကျော်
ပူဇော်ရ ကျိုးကအမှန်နော်။

၉။ မယ်ကဇောမှ၊ ဆင်းကြခါဆို
စက်လှေနှစ်စီး၊ အပြီးလာကြို
ဂိတ်မယ်လယ်ထ၊ ကျော်လတ်ပြီဆို
သူးမွဲထ ရောက်ကြအမှန်ကို။

ဟူ၍ ရေးသားစပ်ဆို မှတ်တမ်းတင်ခဲ့သည်။

***********

သူးမဲထစခန်းသို့ ရဟန်းသံဃာ ၅၀ ပါးနှင့်အတူ ရောက်လာခဲ့သည်။ နှုတ်ကြွေးကတိကို ပေးဆပ်ရန်ဖြစ်သည်။ မယ်ကဇောဘုရားတည်ပြီး သောလယ်ထမှ ဒကာများ ပင့်လျှောက်ချက်အရ အသံမစဲပဋ္ဌာန်းရွတ်ဖတ် ပူဇော်ပြီးအပြန်မှာ ဖောင်ဖြင့်ဆင်းခဲ့ရာ သည်နေရာအရောက်တွင်ဖေါင်တော်တန့်နေသည်။ ဘုရားတည်ပေးမည်ဟု ကတိပေးကာမှ ဖောင်တော်ဆင်းနိုင်ခဲ့သည်။ ထိုကတိကြွေးကို ပေးဆပ်ရန် လာခဲ့ခြင်းဖြစ်သည်။

သံလွင်မြစ်၏ အရှေ့ဘက်ကမ်းမှာ ရှမ်းကမ်းခေါ် ထိုင်းနယ်၊ အနောက်ဘက်ကမ်းမှာ မြန်မာနိုင်ငံ ကရင်ပြည်နယ်တွင်းမှ သူးမွဲထမည်သော ဤစခန်း။ မနိမ့်မမြင့်လွန်းသော တောင်ကုန်းမို့မို့ပေါ်ဝယ် တောကြက်မောက်၊ တောပိတောက်၊ တောသရက် စသည်တို့ အုပ်အုပ်ဆိုင်းဆိုင်းဖြင့် ညို့မှိုင်းလျက်ရှိသည်။ မည်သည့်ဘက်မှ ကြည့်ကြည့် သာယာရှုမောဖွယ်အဖြစ် ထီးထီးမားမား တည်ရှိနေသည်။

သည်နေရာ သည်စခန်းမှာ ရှေးဘဝပေါင်းများစွာ သံသရာက ဆွေမျိုးတော်စပ်ခဲ့သူများ ရောက်ရှိနေကြဟန်တူသည်။ သူတို့နေရာဌာနမှာ ဘုရားစေတီ တည်ထားစေလိုဟန် တူသည်။ ဖောင်တော်ကို တန့်နားစေခဲ့သည်။ ကတိပေးလိုက်ခါမှ ဖောင်တော်လွတ်ထွက်ခဲ့ရသဖြင့် ပေးထားသော ကတိအတိုင်း ယခုရောက်လာရလေပြီ။

ခရီးရောက်မဆိုက်ပင် နေရာသတ်မှတ်၍ သာသနာပြုအဖွဲ့ဝင်များသည် တောရှင်းသူ၊ သစ်ပင်ဖြတ်သူ၊ ငုတ်တူးထုတ်သူ၊ ယာယီကျောင်းသင်္ခမ်းငယ်များ ဆောက်လုပ်သူ၊ ချက်ရေးပြုတ်ရေး စီစဉ်သူစသည်ဖြင့် ကျရာတာဝန်ကို မညည်းမညူ ဆောင်ရွက်နေကြသည်။ ထိုသို့ ဆောင်ရွက်နေစဉ် ဘုရားစေတီ တည်ထားရာမှာ ပန်းရံအဖွဲ့ကို အဓိကဦးစီးရသော ဦးစန္ဒောဘာသက မြိုင်ကြီးငူဘုန်းတော်ကြီးအား လျှောက်ကြားသည်။

"အဘိုးဘုန်းကြီးဘုရား၊ တပည့်တော်တို့ ဒီမှာ လာလုပ်တာကို ခွင့်ပြုချက်လက်မှတ် ရှိ မရှိ လာမေးနေတယ်ဘုရား၊ လက်မှတ်ရှိမှ ဖြစ်မယ်ထင်တယ် ဘုရား"

"ဟုတ်ပေသားပဲ၊ အေးအေး. . . ဒီလိုဆိုလည်း ဦးရွှေလုံးတို့၊ ဦးအဒူးတို့၊ ဒေါ်မကိုင်းတို့ကို ခေါ်ပြီး လက်မှတ်သွားလုပ်ခိုင်းလိုက်ဦးမယ်"

ဦးရွှေလုံးအားခေါ်ပြီး အကျိုးအကြောင်း ပြောပြရာ ဦးရွှေလုံးက -

"ထိုသေးခိ၊ ဖဒိုအောင်ဆန်းအိမ်ကို အရင်သွားကြရအောင် ဘုရား"

"အေးလေ. . . သွားကြတာပေါ့"

မြိုင်ကြီးငူဘုန်းတော်ကြီးသည် ဦးရွှေလုံးတို့ လူစုကို ခေါ်၍ လက်မှတ်သွားလုပ်ရန် ထွက်လာခဲ့သည်။ သံယာများကို ဦးစန္ဒောဘာသအား အပ်နှံထားခဲ့သည်။

စက်လှေသည် သူးမွဲထချောင်းအတိုင်း အရှိန်ဖြင့် မောင်းနှင်ခဲ့ရာ သစ်စက်ဂိတ် စစ်ဆေးရာစခန်းသို့ ရောက်သည်တွင် အကျိုးအကြောင်း ပြောပြ

ပြီး သွားခွင့်တောင်းရသည်။ ခရီးဆက်ခဲ့ရာ မာနယ်ပလောကို လွန်ခဲ့သည်။ ဟိုဖာလယ်ကို ကျော်ခဲ့သည်။ ထိုသေးခိရောက်တော့ ဖဒိုအောင်ဆန်းအိမ်သို့ တက်ကြသည်။

သူးမွဲထမှာ ဘုရားတည်ဖြစ်ကြောင်း၊ ခွင့်ပြုမိန့် လာရောက်တောင်းခံခြင်းဖြစ်ကြောင်း ပြောပြသည်။ ဖဒိုအောင်ဆန်းက -

"တပည့်တော် ကြားဖူးတာက ရှေးကမင်းတွေ ဘုရားတည်၊ ကျောင်းဆောက် လှူဒါန်းကြတယ်လို့။ ခုတော့ ဘုန်းကြီးကိုယ်တိုင် ဘုရားတည်တာ ဘာသဘောလဲ"

"မှန်တယ်၊ ရှေးကမင်းတွေက ဘုရားတည်၊ ကျောင်းဆောက်ကြတဲ့ ဗုဒ္ဓဘာသာများဖြစ်ကြတယ်။ ယခုခေတ် ဤနယ်ပယ်မှာ တာဝန်ရှိသူဟု ဆိုသူများက ဘုရားတည်၊ ကျောင်းဆောက်တာကို ပိတ်ပင်တားမြစ်တဲ့အပြင် ဘာသာခြားတွေ ဖြစ်နေကြတယ်။ ဒီတော့ ဘုန်းကြီးမှ တည်မပေးရင် ဘယ်သူလာတည်ပေးမလဲ။ ကိုင်း. . . ကိုင်း. . . ထားတော့ တည်လို့ကော မရဘူးတဲ့လား၊ မရရင် မရဘူးပြော၊ တို့ပြန်မယ်"

ပြောပြောဆိုဆို မြိုင်ကြီးငူဘုန်းတော်ကြီး နေရာမှ ထမည်အပြု ဖဒိုအောင်ဆန်းက -

"ရပါတယ်၊ ပြောပြမယ်၊ နားထောင်ဦး၊ ဒေါ်မကိုင်း၊ ဦးရွှေလုံး၊ ဦးအဒူးတို့ ဘုန်းကြီးတို့ တစ်တွေနဲ့က ဆွေမျိုးတွေပဲဟာ။ ဆွေမျိုးအချင်းချင်း အားမနာတမ်း ပြောကြ ဆိုကြတာပေါ့"

ရယ်ရယ်မောမော ပြောလာသည်နှင့် မြိုင်ကြီးငူဘုန်းတော်ကြီး နေရာမှာ ပြန်ထိုင်သည်။

"ရင်း (၂၀)ကို ဘုန်းကြီးသွားလိုက်ပါ။ နယ်မြေမှူး ကော်ရစ်ခိုနော်တော့ ဆီက လက်မှတ်ရေးပေးလာပြီးမှ ဒီကတစ်ဆင့် ထောက်ခံပေးရတာပါ"

"ဒါဆို တို့က အဲဟိုမှာ ထောက်ခံချက် သွားယူရဦးမှာပေါ့၊ ဒီလိုလား"

"သဘောကတော့ ဒီလိုပါပဲ"

"ကဲ. . . ဒါဆို အဲဒီကို တို့သွားလိုက်ကြဦးစို့"

မြိုင်ကြီးငူဘုန်းတော်ကြီးနှင့် ဖဒိုအောင်ဆန်းမှာ ဆွေမျိုးအရင်းခေါက်ခေါက်ကြီး ဖြစ်သည်။ တစ်ဝမ်းတည်းသာကွဲသော ဝမ်းကွဲညီအစ်ကို ဖြစ်သည်။ ဘုန်းတော်ကြီး၏ခမည်းတော် ဦးဖိုးသုန်နှင့် ဖဒိုအောင်ဆန်း၏ဖခင်မှာ ခေါင်း

နင်းဆင်းခဲ့သော ညီအစ်ကိုရင်းချာဖြစ်သည်။ ဦးဖိုးသုံကား အစ်ကိုကြီး ဖြစ်၍ ဦးလှဘော်မှာ ညီအငယ်ဆုံးဖြစ်သည်။

မြိုင်ကြီးငူဘုန်းတော်ကြီးမှာ ငယ်စဉ်ကာလ ရှစ်နှစ်သားအရွယ်ကပင် သာသနာ့ဘောင်သို့ဝင်ခဲ့ပြီး သာမဏေဘဝ၊ ရဟန်းဘဝဖြင့်ပင် လောကုတ္တရာ ပညာများကို ဆည်းပူးသင်ကြားခဲ့သည်။ သက်တော် ၂၄ နှစ်တွင် ပရိယတ္တိ စာပေ သင်ကြားမှုကို တစ်ခန်းရပ်ခဲ့ပြီး ပဋိပတ္တိဘက်လှည့်ခဲ့သည်။ ထိုမှ သာသနာပြုလုပ်ငန်းကို လုပ်ဆောင်သည့်အနေဖြင့် ရှေးနှစ်ပေါင်းများစွာက ပြိုပျက်နေသော ဘုရားစေတီငုတ်တိုများကို ရှာဖွေပြုပြင်နေခဲ့သည်။

ဖဒိုအောင်ဆန်းမှာ မူလက မိရိုးဖလာ ဗုဒ္ဓဘာသာဝင်ဖြစ်သည်ကား မှန်ပါ၏။ အုန်းတော်ရွာ မစ်ရှင်ကျောင်းမှာ ပညာသင်ကြားခဲ့သည်မို့ ဗုဒ္ဓ ဘာသာအပေါ် အလေးထားမှု လျော့ပါးခဲ့သည်။ ထိုမှတစ်ဖန် မော်လမြိုင် ဘုရင်မကောလိပ်မှာ ပညာဆက်လက်ဆည်းပူးပြန်သည်။ ယုံကြည်ကိုးကွယ်မှု အခြေအနေကား နဲ့နေရာမှ ယိုင်လာသည်။ ကောလိပ်မှ ထွက်ပြီးနောက် ဘားအံမြို့ ဘားမဲ့တောင်မှာ ရုံးစာရေးအဖြစ် အမှုထမ်းသည်။ ၎င်းနောက် တောတွင်းသို့ ဝင်ရောက်သွားခဲ့ပြီး ဘာသာခြားသူနှင့် အိမ်ထောင်ရက်သားကျ ကာ ဗုဒ္ဓဘာသာဝင်အဖြစ်မှ လုံးဝရပ်စဲခဲ့သည်ဟုသာ မြိုင်ကြီးငူဘုန်းတော်ကြီး သိရှိထားရသည်။

တစ်ဝမ်းတည်းသာကွဲသော ညီအစ်ကိုချင်းဆိုသော်လည်း တခြားစီ ဖြစ်၍ ဖဒိုအောင်ဆန်း၏ ဘဝမှန်ကို မြိုင်ကြီးငူဘုန်းတော်ကြီးစေ့စေ့ ပေါက်ပေါက် မသိရှိနိုင်ခဲ့ပေ။ ပသို့ဆိုစေ နှစ်ဦးစလုံးမှာ သွေးချင်းမကင်းသော သွေးရင်းစစ်စစ် ဆွေမျိုးအရင်းအချာသာ ဖြစ်ပေတော့သည်။

မြိုင်ကြီးငူဘုန်းတော်ကြီးတို့သည် ဖဒိုအောင်ဆန်းအိမ်မှ ဆင်းခဲ့သည်။ ၎င်း (၂၀)နယ်မြေမှူးရှိရာ ကျောက်ညှပ် စီးမူးထသို့ ဦးရွှေလုံးတို့အား သွားစေ သည်။ ဘုန်းတော်ကြီးကား မလိုက်တော့ပေ။ နယ်မြေမှူး ကော်ရစ်ခ္ဓိနော်တော့ က လက်မှတ်ထုတ်ပေးသည်။ လက်မှတ်တွင် ဗိုလ်မြနှင့် လက်အောက်ခံ ဖူးအေဂျိတို့ကိုယ်တိုင် လက်မှတ်ရေးထိုး ထောက်ခံချက် ပေးထားသည်။

ထောက်ခံချက် ရရှိပြီးသောအခါ သူးမွဲထစခန်းသို့ ပြန်လာခဲ့ကြ သည်။ ဘုရားတည်မည့် သင့်လျော်ရာ နေရာဌာနကို ရွေးချယ်၍ ရှင်းလင်း သုတ်သင်ပြင်ဆင်ကြသည်။

❋❋❋❋❋❋❋❋❋❋

၁၃၅၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁ ရက်၊ သောကြာနေ့ နံနက် ၉း၀၀ နာရီအချိန်။

သူးမွဲထ တောင်ကုန်းထိပ်တွင် ယာယီမဏ္ဍပ် ဆောက်လုပ်သည်။ ဘုရားတည်လျှင် ပြုနေကျ အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်မှုကို စတင်သည်။ တစ်ပြိုင်တည်းမှာ ဘုရားတည်ရန် အုတ်မြစ်တင်သည်။ ဤသို့ ပဋ္ဌာန်းဖွင့်၍ အုတ်မြစ်တင်ရာ၌ ပရိသတ်ဟူ၍ ထွေထွေထူးထူး မရှိလှ။ ပါသွားသော သူများနှင့် သောလယ်ထမှ ရွာသားအချို့သာရှိကြသည်။ ဒေသခံ ဗုဒ္ဓဘာသာဝင်တို့မှာ မဝံ့မရဲရှိနေကြသည်။ လူစုလူဝေးထဲသို့မလာဝံ့ဘဲ ခပ်ရှောင်ရှောင်လုပ်နေကြသည်။ ခွင့်လွှတ်ပါသည်။

သူတို့ကလည်း သူတို့အကြောင်းနှင့်သူတို့ ရှိကောင်းရှိပေမည် ပြီးတော့ နီးရာစားကို ကြောက်ရသည့် သူတို့၏ အခြေအနေကိုလည်း နားလည်ပြီးဖြစ်သည်။

မိမိကလည်း မိမိအကြောင်းနှင့်မိမိ။ နှုတ်ကြွေးကတိကို ပေးဆပ်ရန် လာခဲ့ခြင်းဖြစ်သည်။ မည်သူလာသည်ဖြစ်စေ၊ မလာသည်ဖြစ်စေ၊ ဘုရားတည်ခြင်းအမှုကိုတော့ ပြီးမြောက်အောင် ပြုရပေမည်သာ။

ပဋ္ဌာန်းဖွင့် ဘုရားတည်၍ ၁၀ ရက်မြောက်သောအခါ မြိုင်ကြီးငူ ဘုန်းတော်ကြီးသည် လက်ထောက်ဖြစ်သော ဦးဉာဏိကနှင့် ဦးစန္ဒောဘာသတို့အား ပရိသတ်ကို အပ်နှံကာ အဖော်တစ်ဦးနှင့် ထီးတော်ပင့်ဆောင်ရန် နောက်ကြောင်းပြန်ခဲ့သည်။ မြိုင်ကြီးငူမှတစ်ဆင့် ဘားအံသို့ ဆင်းခဲ့သည်။ ထိုစဉ်မှာပင် ယခင်ဘဝတစ်ခုမှာ ညီအစ်ကိုတော်စပ်ခဲ့ဖူးသော ရန်ကုန်မှ ဆရာထွန်းထွန်း ဆိုသူနှင့် တွေ့ဆုံရသည်။

ပုဗ္ဗေဝ သန္နိဝါသေန
ပစ္စုပ္ပန္န ဟိတေနဝါ။
ဧဝံ တံ ဇာယတေ ပေမံ
ဥပ္ပလံဝ ယထောဒကေ။

ဟူသော ဘုရားဟော တရားတော်နှင့်အညီ ဘဝဟောင်းမှ ညီအစ်ကိုချင်း တော်စပ်ခဲ့သည်မို့ မြင်မြင်ချင်းဆိုသလို တစ်ဦးဖြစ်စဉ်ကို တစ်ဦး သိထားပြီးသည့်နှယ် ချစ်ခင်ကြည်ညို လေးစားပြီးသားဖြစ်သွားသည်။ တွေ့တွေ့ချင်း တစ်ဦးကိုတစ်ဦး ခေါ်ပုံကိုက ဆန်းနေသည်။

"ဟင်. . . (xxxxx) ဘယ်သူမဟုတ်လား"

"ဟယ်. . . (×××××) ဘယ်သူဟာကိုး"

စသည်ဖြင့် ဘဝဟောင်းကတွင်ခဲ့သော အမည်များကို ထုတ်ဖော် ခေါ်ဝေါ်မိလျက်သား ဖြစ်သွားသည်။

ဆရာထွန်းထွန်းပါ ခြောက်ဦးသည် မြိုင်ကြီးငူသို့ ယခင်က မရောက်ဖူးခဲ့။ ပြောသံကြားဖြင့် လာလိုစိတ်ရှိလွန်း၍သာ လာခဲ့ကြခြင်း ဖြစ်သည်။ ဘားအံမှာ ဆုံသည်။ ၎င်းတို့ ခြောက်ဦးအား မြိုင်ကြီးငူသို့ ခေါ်ဆောင်ခဲ့သည်။ ဘုရားတည်ရာ သူးမွဲထစခန်းသို့ လိုက်ပါလိုကြသည် ဆိုသည်။ သည်အတိုင်း သွား၍မဖြစ်၊ ရဟန်းဝတ်ဖြင့် သွားမှရမည်ဆိုသည်ကိုပင် ကြည်ကြည်သာသာ နာခံ၍ ရဟန်းဘောင်သို့ ဝင်ရောက်ကြသည်။

နံနက်ဆွမ်းကိစ္စအပြီးမှာ ရဟန်းသစ်များနှင့်အတူ မြိုင်ကြီးငူစက်လှေဖြင့် ထွက်ခဲ့သည်။ သည်အခါ ဘုရားတည်တိုင်း ဝေယျာဝစ္စပြုလေ့ရှိသူ ဒေါ်အေးသန်းနှင့် အဖွဲ့လည်း လိုက်ပါလာသည်။ အားလုံးပေါင်း အဖွဲ့ဝင် ၁၈ ဦး ရှိသည်။ သံလွင်မြစ်ကြောင်းကို ဆန်တက်ခဲ့ပြီး ဆားဆိပ်ဂိတ်ရောက်တွင် စက်လှေကို ပြန်လွှတ်လိုက်ကာ တောင်တက်ခရီး စတင်သည်။ တောင်ပေါ် ရွာ ကရင်အမျိုးသားအချို့ လိုက်ပါပို့ဆောင်ကြသည်။ မယ်ပလို့ရွာ မောင်မြင့်ကြည် တဲအရောက်တွင် ညအိပ်ရပ်နားကြသည်။

နံနက်ဆွမ်း ဘုဉ်းပေးအပြီး ခရီးဆက်ရာ ဘောကေးဂိတ်မှ "ကျောခေါ်"တဲသို့ ရောက်သည်။ စက်လှေလာကြိုသဖြင့် လိုက်ခဲ့ရာ သူးမွဲထသို့ ရောက်သည်။ ရဟန်းသစ်များအား ပရိသတ်နှင့် မိတ်ဆက်ပေးသည်။ ခဏအကြာတွင် ပရိသတ်ကိုထားခဲ့ပြီး မြိုင်ကြီးငူဘုန်းတော်ကြီးမှာ အဖော်တစ်ဦးနှင့်အတူ သောလယ်ထရွာသို့ ဘိလပ်မြေကိစ္စအတွက် တက်သွားသည်။

မောင်ချစ်လှမိုးအိမ်မှာ တည်းသည်။ မိုးလင်းလျှင် မြိုင်ကြီးငူဘုန်းတော်ကြီး ရောက်သည့်သတင်းကြားသဖြင့် လာရောက်ဖူးမြော်သူတို့အား ပြောဆိုမှာကြားသင့်သည်များကို မှာကြား၍ နေ့ဆွမ်းအပြီးမှာ သူးမွဲထစခန်းသို့ ပြန်လာခဲ့သည်။ မောင်ချစ်လှမိုးတို့လည်း ဘိလပ်မြေနှင့်အတူ လိုက်လာခဲ့ကြသည်။

သူးမွဲထရောက်လျှင် ထုံးလိုနေသည်ဆိုလာပြန်သဖြင့် နောက်တစ်နေ့ နံနက်မှာ မောင်စိုးမိုး၊ မောင်ချစ်လှမိုး၊ အမုမိုး၊ မောင်စိုးအောင်၊ မောင်ဉာဏ်သိန်းတို့နှင့်အတူ စက်လှေဖြင့် မယ်ရာထဂိတ်သို့ ဆင်းခဲ့သည်။ ရောက်လျှင် ရှေးဦးစွာ မယ်ကဇောတောင်ပေါ်ရှိ ဒသဗလဆံတော်ရှင်စေတီတော်အား တက်ရောက်ဖူးမြော်သည်။ ဘုရားဖူးအပြီးမှာ မယ်ကဇောတောင်မှ နှစ်တောင်

ကျော် (၇ မိုင်ခန့်ရှိ) သော ဘောကလိုးရွာသို့ သွားရောက်သည်။ တောင်ပေါ်ကရင် ဒါယကာများအား ထုံးအလိုရှိကြောင်း ပြောဆိုမှာကြားပြီး မယ်ကဇော တောင်ပေါ် ဒသဗလဆံတော်ရှင်စေတီတော်မှာ ပြန်လည်ကျိန်းစက်သည်။

နံနက်ဆွမ်းအပြီးမှာ တောင်ပေါ်မှ ဆင်းခဲ့ပြီး သူးမွဲထသို့ ခရီးဆက်ခဲ့သည်။ ရောက်သည်ဆိုလျှင်ပင် အသံမစဲ မဟာပဌာန်းကို အလှည့်ကျ ရွတ်ဖတ်နေသူ ၁၂ နှစ်သား ရှင်ပိဏ္ဍောလ သာမဏေငယ်အား ရပ်တန့်စေကာ မြိုင်ကြီးငူဘုန်းတော်ကြီးကိုယ်တိုင် ရွတ်ဖတ်သရဇ္ဈာယ်သည်။ ဦးစန္ဒောဘာသ ဦးဆောင်သော ပန်းရံအဖွဲ့သည် တောင်ခြေ သံလွင်မြစ်ကမ်းမှ ကျောက်များကို တောင်ပေါ်သို့ သယ်တင်နေကြသည်။

ရှင်ပညာသုခ၊ ရှင်နန္ဒသာမိ ကိုရင်ကြီးများ ဦးဆောင်သော လက်သမားအဖွဲ့က ရဟန်းသံဃာများ နေထိုင်သီတင်းသုံးရန် ကျောင်းသခ်မ်းဆောက်လုပ်နေသည်။ အခြားပါလာသူအဖွဲ့သားများအားလုံး မည်သူမျှ မအားလပ်ကြ။ သင့်ရာသင့်ရာ အလုပ်များကို ကိုယ်စီလုပ်ကိုင်နေကြသည်။ ထိုအုပ်စုထဲတွင် အနုပညာသဘင်ကောင်စီ၏ ကြယ်တစ်ပွင့်ဖြစ်သော ဦးအုန်းမှုတ်စိန်လည်း သက်နှင်းဝတ်ဖြင့် ဘုရားတည် လုပ်အားပေးနေသည်။

မြိုင်ကြီးငူဘုန်းတော်ကြီးသည် တစ်နာရီခန့် ပဌာန်းရွတ်ဆိုပူဇော်ပြီးနောက် ခေတ္တနားနေစဉ် တောတွင်းလက်နက်ကိုင်အချို့ ရောက်လာသည်။ "ကွယ်ကျေး" ဆိုသူ ရဲဘော်က -

"ဘုန်းကြီးတို့ ဘုရားတည်ရင် ကျောင်းမဆောက်ရဘူးနော်"

"ဟ. . . ဘုရားရှိရင် ကျောင်းရှိရမှာပေါ့"

"ကျောင်းဆောက်ရင်လည်း သွပ်မိုးလို့ မရဘူး၊ ဒါပဲ"

"ဘယ်သူပြောတာလဲ"

"အထက်က လာပြောခိုင်းတာ"

ရဲဘော်ကွယ်ကျေးသည် ပြောပြောဆိုဆို ပဌာန်းရွတ်ဖတ်ပူဇော်သည့် စင်မြင့်ရှိရာသို့ ကပ်သွားသည်။ ပါလာသူ သူ့ရဲဘော်များနှင့် ကျယ်လောင်စွာ စကားပြောဆိုကြပြီး အလှည့်ကျ ပဌာန်းရွတ်ဖတ်နေသူ ဦးခေမိက အား လက်ညှိုးထိုး၍ -

"ဒါက ဘာလုပ်တာလဲ၊ အလကား အဓိပ္ပါယ်မရှိ နေ့မအား ညမအား ကျယ်ကျယ်လောင်လောင် ဆူဆူညံညံ ကြားနေရတယ်။ ခွေးအူသံများလိုပဲ ကျက်သရေကို မရှိဘူး" ဟု အကျယ်ကြီး ပြောသံကြားလိုက်ရသည်။

မြိုင်ကြီးငူ ဘုန်းတော်ကြီးကား မည်သို့မှ ပြန်မပြော။ တုဏှိဘာဝေ ဆိတ်ဆိတ်သာ နေလိုက်သည်။ ပြောလျှင်လည်း နားလည်မည်မဟုတ်။ ပြောသူသာ မောဟပ်၍ လျှာသာပြတ်မည်။ နားလည်ကြမည် မထင်။ ရင်မှ ဖြစ်သော ကရုဏာအကြည့်ဖြင့်သာ ငေးကြည့်နေမိသည်။

"လက်ကြောင့်ကျေသည်၊ နှုတ်ကြောင့် သေသည်" ဟူသောသဘော။

"ဝစီဘေဒ ထိတိုင်းရှသည်" ဟူသော ကမ္မနိယာမကို ရဲဘော်တို့ခမျာ မသိရှာကြလေ။ ကံ၊ ကံ၏အကျိုးကိုလည်း နားမလည်ရှာကြလေဟူ၍။

**********

သည်လိုနှင့် ပဋ္ဌာန်းရွတ်ရင်း၊ ဘုရားတည်ရင်း၊ ကျောင်းဆောက်ရင်း နေလာခဲ့ရာ ကဆုန်လပြည့်နေ့သို့ ရောက်လာသည်။ ဆရာဦးထွန်းထွန်းမှာ ပင်ကိုက ဆေးဆရာ၊ ရွှေရင်ကျော်ဂိုဏ်းဆရာဖြစ်သည်မို့ ဘုရားတည်၊ လုပ်အားပေးရင်း ပရိတ်သတ်များ နာမကျန်းရှိလာသောအခါ ဆေးကုပေးလေ့ရှိသည်။ လူသိသူသိများလာသည်။ ကဆုန် လပြည့်နေ့မှာ ဆေးပွဲအပ်ကြရန် အစီအစဉ်ရှိသည်မို့ လူတော်တော်များများ ရောက်ရှိလာကြသည်။ ထိုအထဲတွင် တောတွင်းလက်နက်ကိုင်များလည်း အသွင်အမျိုးမျိုးဖြင့် ရောက်ရှိနေကြသည်။ ဤသို့ ပရိသတ်စည်ကားနေစဉ် ဝယ် -

"တိုးညိုဖောထသို့ တပ်မတော်စစ်ကြောင်း ရောက်လာပြီ" ဟူသော သတင်းက တစ်မုဟုတ်ချင်း ပျံ့နှံ့သွားတော့သည်။ လူစုကွဲသွားကာ အားလုံး ဆိုသလို ဒရောသောပါး ပြေးကြလွှားကြနှင့် ဝရုန်းသုန်းကား ဖြစ်သွားသည်။ ခေါက်တည်ရာမရ ဖြစ်ကြသည်။ တောင်ခြေသို့ အလုအယက် ပြေးဆင်းကြသည်။ အချို့ကား ထိုင်းဘက်ကမ်းသို့တိုင် စက်လှေဖြင့် ထွက်ပြေးတိမ်းရှောင်ကြသည်။

မြိုင်ကြီးငူဘုန်းတော်ကြီးကား ထိုင်နေရာမှ စိုးစဉ်းမျှမရွေ့။ ပကတိ ငြိမ်သက်မြဲ။ ပဋ္ဌာန်းရွတ်ဖတ် ပူဇော်သံသည်လည်း မှန်မှန်ထွက်ပေါ်ဆဲ။ ဝန်းကျင်တစ်ခုလုံး ရုတ်ခြည်းတိတ်ဆိတ်သွားသည်မို့ ပို၍ပင် ကျယ်လောင်သွားသည့်နှယ် ဖြစ်သွားသည်။ ထိုစဉ် တောတွင်းလက်နက်ကိုင်ထဲမှ ဗုဒ္ဓဘာသာဝင် ရဲဘော်အချို့က -

"အရှင်ဘုရားတို့ကော မပြေးကြဘူးလားဘုရား"

"အေးကွယ်. . . တို့က မြို့ကြီးငှုမှ ပြေးလာတာ၊ ဒီရောက်နေမှတော့ ပြေးဖို့ မလိုတော့ပါဘူး"

"ဒါဖြစ်ရင် အရှင်ဘုရား ပဋ္ဌာန်းကော မပိတ်ဘူးလားဘုရား"

"ဘုရားထီးတော်တင်ရင် ပိတ်မှာပေါ့၊ အခုတော့ မပိတ်သေးဘူး"

"အရှင်ဘုရားတို့ ပဋ္ဌာန်းကို အသံချဲ့စက်မပါဘဲ တိုးတိုးရွတ်လို့ မရဘူး လား၊ ဒီအသံချဲ့စက်ကြီးနဲ့ဆို တပ်မတော်စစ်ကြောင်း ပေါက်ချလာရင် တပည့် တော်တို့ ညာလို့ မရတော့ဘူး၊ ပစ်ရတော့မယ်"

"အေးပေါ့၊ ရောက်လာတော့လည်း ဒကာတို့ ဝတ္တရားအတိုင်း မညာ တမ်း ပစ်ပေါ့။ ကျုပ်တို့ ထိလည်း ထိပေါ့။ မတတ်နိုင်ဘူး၊ ဒါပေမဲ့ စစ်ကြောင်း မရောက်လာသေးဘဲ အရမ်းတော့ မပစ်ထည့်လိုက်ပါနဲ့၊ ကျုပ်တို့ ပျံလွန်တော် မူကုန်လိမ့်မယ်"

"မီးစက်ထွန်းထားတာ အဝေးက မြင်ရတယ်၊ ပိတ်လိုက်ပါဘုရား"

"မလိုပါဘူးကွယ်၊ ဘုန်းကြီးတို့က ဒီနယ်တစ်ဝိုက်ကို လင်းအောင် လုပ်ပေးနေတာဆိုတော့ လင်းမှ ပိုပွင့်လင်းမှာပေါ့၊ မပူပါနဲ့၊ ဘာမှမဖြစ်ပါဘူး။ စိတ်အေးအေးသာနေပါ"

"အရှင်ဘုရားတို့ ဘုရားတည်လို့ စစ်ကြောင်းဒီဘက်ရောက်လာရင် တပည့်တော်တို့က အရှင်ဘုရားကို အကြွပ်ကိုင်မှာပဲဘုရား"

"အေးပေါ့၊ ရောက်လာရင်တော့ ဝတ္တရားရှိတဲ့အတိုင်း လုပ်ကြပေါ့၊ မရောက်ရင်တော့ မလုပ်ကြပါနဲ့ ဒကာတို့"

သို့ဖြင့် စစ်ကြောင်းသည် တိုးညိုဖောထမှ ဦးသူထသို့ ချီပြီး ၎င်းတစ် ဝိုက်ရှိ သစ်စက်ကြီး ၁၆ လုံးကို မီးရှို့ဖျက်ဆီးလိုက်ကြောင်း သိလိုက်ရသည်။

"ချောမိုပူမှာလည်း စစ်ကြောင်းရောက်နေတယ်တဲ့၊ မဲခေါင်ကောနဲ့ဆို နီးနီးလေးပဲ။ ဒီလိုနေလို့ ဖြစ်ပါ့မလားဘုရား"

စိတ်ပူသူ ဒကာအချို့က လျှောက်လာသည်။

"ရပါတယ်၊ မဲခေါင်ကော၊ သောလယ်ထ တို့အတွက် ပူဖို့မလိုဘူး၊ အန္တရာယ်ဝေးပါတယ်"

တော်ပါသေးသည်။ စစ်ကြောင်းက ဒီဘက်ကို ရောက်မလာလေခဲ့။

ကဆုန်လပြည့်ကျော် ၁ ရက်နေ့မှာ ဆရာဦးထွန်းထွန်းကို့အဖွဲ့ကို ပြန်ပို့လိုက်ရသည်။ မြို့ကြီးငှုရောက်သည်နင် လဝတ်လဲဝေကော ကမမောင်းစီ

ဒေါ်အေးသန်းအိမ်မှာ ပို့ထားလိုက်သည်။ မပို့လည်းမဖြစ်။ သတင်းစကားတွေ အမျိုးမျိုး ကြားနေရသည်။ ဆရာဦးထွန်းထွန်းကို ထောက်လှမ်းရေးအဖြစ် မြင်နေကြောင်း၊ မကြာမီ တစ်နေ့နေ့မှာ ဆွဲတော့မှာဖြစ်ကြောင်း ကြားသိထားသည်။

ကရင်ဘာသာစကားဟူ၍ ထမင်းစား ရေသောက်သော်မျှ မတတ်ကြသူ ဆရာဦးထွန်းထွန်းတို့အဖို့ အထက်ပါသတင်းစကားမျိုးကို မည်သို့မျှ မသိစွမ်းနိုင်ကြ။ လုပ်မြဲ ဘုရားတည်ခြင်း၊ ဆေးကုခြင်းဖြင့်သာ ပျော်မွေ့နေကြသည်။ ကြားသိထားရသူ မြိုင်ကြီးငူ ဘုန်းတော်ကြီးအနေဖြင့် သူတို့အတွက် ရင်တမမနှင့် သောကတွေဖြစ်နေမိသည်။ မဖြစ်သင့်တာတွေ ဘာတစ်ခုမျှ မဖြစ်ပါစေနှင့်ဟု ဆုပန်နေမိသေးသည်။

တိုက်တိုက်ဆိုင်ဆိုင် ဆရာဦးထွန်းထွန်းတို့ ရောက်လာကြပြီးကာမှ စစ်ကြောင်းက ရောက်လာသည်။ မပြေးသော်လည်း ကန်ရာက ရှိနေပြီ။ တစ်ရက် နှစ်ရက်အတွင်း ဆွဲတော့မည်ဟုလည်း ကြားလိုက်ရပြန်သည်။ သည်တော့ အချိန်ဆွဲမနေတော့ဘဲ ချက်ချင်း ပြန်ပို့လိုက်ရသည်။ ပို့ပြီးပြီးချင်း သူးမွဲထမှာ တပည့်အများ ကျန်သေးသည်မို့ ခဏမဆိုင်း ပြန်တက်ခဲ့သည်။

ဟိုခရီးနှင့် သည်ခရီး မနီးသည်မှာ မှန်၏။ အချိန်ဆွဲနေ၍မဖြစ်။ နားနေ၍မရ။ နေပူခါမှ ပူပေရော့။ ညဦးနက်ကာမှ နက်ပေရော့၊ တောကြီးမျက်မည်းထဲမှာ အနားအနေမရှိ တောအထပ်ထပ် တောင်အသွယ်သွယ်ကို ဖြတ်ကျော်၍ ခရီးပြင်းနှင်ခဲ့ရသည်။ တစ်ချိန်သောအခါက အသုံးပြုခဲ့သော ကျိုက်ထီးရိုးတောင်တက်ခရီး၊ မြိုင်ကလေးနှင့် သထုံ (၂၄ မိုင်) ခရီးအသွားနှုန်းကို အသုံးပြုလိုက်ရပြန်သည်။

ကဆုန်လပြည့်ကျော် ၂ ရက် ညနေ ၄ နာရီခန့်မှာ သူးမွဲထသို့ ပြန်ရောက်သည်။ တပည့်ရဟန်းသံဃာနှင့် ဒကာများပါ အားလုံးအံ့အားသင့်ကြသည်။ မယုံကြည်နိုင်လောက်အောင် ဖြစ်သွားသည်။ သူတို့လို ခရီးလမ်းကျွမ်းကျင်ပြီး သွားနေကျသူများသော်မှ အသွားအပြန် ဤခရီးသည် ဤမျှ မမြန်နိုင်။ မည်သို့ ယုံကြည်ရပါမည်နည်းဟု ဆိုကြသည်။ မပြောကောင်း မဆိုကောင်း တို့ဆရာတော် ဈာန်ပျံနိုင်နေပြီလောဟုပင် တီးတိုးပြောနေကြသေးသည်။ ထင်ရာကိုသာ စွတ်ပြောနေသည်။

အမှန်မှာ ဆုတ်စဦး လရောင်အောက်မှာ တစ်ပါးတည်း မြွေမကြောက်၊ ကင်းမကြောက် အမြန်ဆုံးသောနှုန်း စံချိန်တင်၍ သုတ်သုတ်နှင့်

လျှောက်နေရသည့်အဖြစ်ကို သူတို့ မသိရှာလေကြ။ အေးမြသော လရောင် အောက် ဆိုပေမယ့် ဝတ်ထားသော သက်န်းများ ညှစ်ယူရလောက်အောင် ချွေးဒီးဒီးကျခဲ့သည့်အဖြစ်ကို သူတို့မမြင်သာလေကြ။ သွေးနှင့်သားနှင့် တည် ဆောက်ထားသည့် ခန္ဓာကိုယ်ပေပဲ။ ဟိုက်ဖိုလ့်ုက်ပန်း တကယ်တမ်း နွမ်းနယ် နေသည့်အဖြစ်ကို သတိမမူမိလေကြ။ သူတို့သည်ကား ပီဘိကလေးများနှယ် ကြောင်းကျိုးကို ဆက်စပ်ယှဉ်တွဲပြီး မတွေးခေါ်တတ်ရှာကြ။ ကြည်ညိုခြင်း ပြင်းပြစွာဖြင့်သာ အထင်ကြီးတစ်ခွဲသားနှင့် အံ့ဩကုန်နိုင်ဖွယ် ဆိုနေကြသည်။ ဆိုချင်တာ ဆိုကြပါစေ၊ ရှင်းမနေအားတော့။ အကြောင်းမဟုတ်ပါပြီ။ ပို့သင့်သူ များကိုလည်း ပို့ခဲ့ပြီးပြီ။ မျက်စိသူငယ် နားသူငယ်နှင့် ကျန်ရစ်ခဲ့သူများထံသို့ လည်း အချိန်မီ ပြန်ရောက်နေပြီ။ ယုံသည်၊ မယုံသည် အသာထား ရှေ့ဆက် လုပ်ရမည့် အလုပ်ကို လုပ်ကြရန် ရှိသည်။

မြန်မာ့ရာဇဝင်တွင် အလောင်းစည်သူမင်းသည် ဖောင်တော် စီး၍ တိုင်းခန်းလှည့်လည်စဉ်က ဖောင်တော်တန့်နားသောနေရာတို့မှာ ဘုရားစေတီ တည်ထားပြီး ဖောင်တော်ဦးစေတီဟု ဘွဲ့နာမံ သမုတ်တော်မူကြောင်း မှတ် သားဖူးရသည်။

အတူပြု၍ တုခြင်းတော့လည်း မဟုတ်ပါ။ မြိုင်ကြီးငူဘုန်းတော်ကြီး ဦးသုဇနသည်လည်း ဖောင်တော်တန့်နားခဲ့သည်နှင့် ကြုံခဲ့ရသည်။ ဘုရားတည် ပေးပါမည် ကတိပေးမှ ဖောင်တော်လွတ်ခဲ့ရသည့်အဖြစ်နှင့် ပဟ်သက်၍ နှုတ် ကြွေးကတိရှိသည့်အတိုင်း ဤမည်သောနေရာဌာနဝယ် "ဖောင်တော်ဦးစေတီ" ကို တပည့်ရဟန်းသံဃာများနှင့်အတူ အားထုတ်တည်ထားလျက်ရှိသည်။ ဤသည်ကို -

၁၀။ သံလွင်သောင်းရင်း၊ မြစ်မင်းနှစ်ဖြာ
ဆုံလာသုံးခွ၊ ကုန်းလှဗွေချာ
မြစ်ညှာဆုံပူး၊ ကြည်နူးဝေဆာ
ဖောင်တော်ဦး အထူးမည်လေတာ။

၁၁။ တာကူးမာသ၊ ကျော်လှကော
သချာမယွင်း၊ ပူးမင်းနေ့ပါ
နာရီနဝင်း၊ နေ့ခင်းမှာသာ
ခါတော်လှစ် အုတ်မြစ်တည်လေတာ။

၁၂။ သူးမွဲစခန်း၊ ရဟန်းသံဃာ
ပဋ္ဌာန်းကျမ်းမြတ်၊ ရွတ်ဖတ်မှန်စွာ
အသံမစဲ၊ ဆင်နွဲကာသာ
ကုသိုလ်ရေး မနှေးဆောင်ရွက်တာ။

၁၃။ ထိုနှင့်ပြိုင်လျက်၊ မပျက်အမှန်
ဒေသနာဆန်း၊ ပဋ္ဌာန်းအသံ
အခါနဝင်း၊ ချိန်တွင်းဧကန်
သံချိုမြ ရွတ်ကြမမှကွန်။

ဟူ၍ မှတ်တမ်းကဗျာ ရေးစီခဲ့လေသည်။

**********

ပုံပြင်လေးတစ်ပုဒ် ကြားဖူးသည်။

ညီလာခံတစ်ခုမှာ ဘုရင်ကြီးက မှူးမတ်များကို မေးသတဲ့။

"မင်းကြီးများ၊ အလုပ်တကာ့အလုပ်ထဲမှာ ဘယ်အလုပ်မျိုးဟာ အလွယ်ဆုံးလဲ"

"မှန်ပါ၊ စီမံကိန်းချရတဲ့အလုပ်ဟာ အလွယ်ဆုံးပါဘုရား"

"အနို့. . .ဒါဆို ဘယ်လို အလုပ်မျိုးက အခက်ဆုံးလဲ"

"မှန်လှပါဘုရား၊ အဲဒီချမှတ်ထားတဲ့ စီမံကိန်းကို အကောင်အထည်ဖော်ရတာ အခက်ဆုံးပါဘုရား"

မှူးမတ်များက ပြန်လည်လျှောက်တင်ကြသည်တဲ့။

ပုံပြင်ဆိုဆို၊ ဒဏ္ဍာရီပြောပြော ထိုသဘောက ဟုတ်တော့လည်း ဟုတ်ပေသား။ အကောင်အထည်ဖော် လုပ်ဆောင်ရာမှာ အခက်အခဲဟူသည် ရှိတတ်စမြဲ။ အခက်အခဲမှကင်းသော အောင်မြင်မှုဟူသည်မှာ ရှိတော့ရှိပါရဲ့၊ အရှားသား။ သူများတွေအတွက်တော့ မပြောတတ်။ မြို့ကြီးငှဘုန်းတော်ကြီးအဖို့မူ အခက်အခဲဟူသည်မှာ ဖွားစကတည်းက ယှဉ်လျက်သား ပါလာခဲ့သည်။ ယခုအချိန်ထိ လုပ်ခဲ့သမျှ အလုပ်တိုင်းအောင်မြင်ခဲ့ပါသည်။ သို့သော် အမျိုးမျိုးသော အခက်အခဲများကို ကြံ့ကြံ့ခိုင် ဖြေရှင်းကျော်လွှန်၍ အောင်မြင်ခဲ့ရသည်ချည်းသာဖြစ်သည်။

တေးစာသားတစ်ပုဒ် ရှိခဲ့ဖူးသည်။

"×××အခက်အခဲဟူသည် အောင်မြင်ခြင်းရဲ့ ××× ပန္နက်အခြေဖြစ်ချေသည်×××တဲ့"။

သို့ဆိုလျှင် မိမိသည် ပန္နက်အခြေ တော်တော်ခိုင်ခဲ့လေပြီလားဟုပင် ထင်မှတ်ရမည်သို့ ရှိနေသည်။ ကြုံတွေ့လာသော အခက်အခဲများအား ဉာဏ်ကို လွှာထုတ်၍ ဖြေရှင်းခဲ့ရသည်။ ယခုလည်း ကြုံရပြန်ပါလေပြီ။

မြွေပူရာ ကင်းမှောင့်သည်လား မဆိုနိုင်။ အခါမဟုတ်သေးသော မိုးကြီး သည်းထန်စွာ ရွာသွန်းသည်။ ဘုရားတည်ထားသော အောင်ခံမြေသား များ ပျော့အိလာသည်။ ပစ္စယံအဖြစ် စီတင်ထားသော ကျောက်တုံးများ၏ အလေးချိန်ကို မခံနိုင်သဖြင့် အက်ကွဲလာသည်။

ထိုင်းဘက်ကမ်းရှိ မိုင်းလုံးကြီးသို့ လူလွှတ်၍ ခြောက်မူးလုံး သံချောင်း များ မှာယူသည်။ သံချည်သံကွေး စတားကွင်းလုပ်၍ သံကူ ကွန်ကရိလောင်း ကာ ဘုရားကို ထပ်ရုံသည်။ ဟုတ်သလို ရှိသည်မို့ ဆက်တည်သည်။ ဒုတိယ ပစ္စယံ အက်လာပြန်သည်။ ယခင်အတိုင်း ထပ်ရုံ၍ ဆက်တည်သည်။ တတိယ ပစ္စယံ အက်လာပြန်သည်။ ထပ်ရုံ၍ ဆက်တည်သည်။ အလယ်ကြာခံ ကြာပွင့် အောက်ခြေ အက်လာနေပြန်သည်။

ပန်းရံခေါင်းဆောင် ဦးစန္ဒောဘာသက -

"ဘိလပ်မြေတွေ အလွန်အကျွံ သုံးထားပါလျက်နဲ့ ဘုရားက အက်ပြီး အက် ပြန် ဖြစ်နေတယ်။ ပန်းရံဆရာ နာမည်ပျက်တော့မှာပဲ" ငြီးရှာသည်။

"မပူပါနဲ့ကွာ၊ လုပ်သလိုမဖြစ်တော့လည်း ဖြစ်သလို လုပ်ရတော့မှာ ပေါ့။ လုပ်ရမှာက ကိုယ့်တာဝန်၊ ပျက်တာ မပျက်တာက သူ့တာဝန်ပေါ့ကွာ" ဟု နှစ်သိမ့်ပေးရသည်။

သံချောင်းများ ထပ်မှာပြီး ကြာခံအောက်ပစ္စယံကြီးတစ်ခုလုံးကို သံချည် သံကွေးဖြင့် ကွန်ကရိလောင်းစေသည်။ ထိုအခါမှ အက်ကွဲခြင်းရပ်သွားသည်။ ဘုရားလည်း ပို၍ သပ္ပာယ် တင့်တယ်လာသည်။ ဘုရားကို ဆက်လက်၍ တည်နိုင်တော့သည်။

ဘုရားတည်နေစဉ်ကာလအတွင်းမှာ မဲခေါင်ကေးမှ ဦးရွှေလုံး၊ ဦးသိန်း ကြိုင်၊ မောင်တင်ပါး သုံးဦးက ဇရပ်ဆောက်လုပ် လှူဒါန်း၍ ဇရပ်ဒကာအဖြစ် ခံယူရန် လျှောက်ထားဖူးသည်။ စစ်ကြောင်းရောက်လာပြီး ဟိုပြေးဒီလွှား အလုပ်များနေသဖြင့် ဇရပ်ဒကာသုံးဦးစလုံး ပေါ်မလာတော့ပေ။ မြိုင်ကြီးငူ ဘုန်းတော်ကြီးသည် မောင်နွဲ့စက်လှေဖြင့် မဲခေါင်ကေးသို့ တက်သွားသည်။

ဒကာရင်း မောင်မြင့်နှင့် ဆုံသည်တွင် -

"မောင်မြင့်ရေ၊ ဇရပ်ဆောက်မယ့် ဒကာတွေ ပျောက်ကုန်ပြီ၊ ဒကာ မောင်မြင့်ပဲ ဇရပ်ဒကာ လုပ်ရတော့မှာထင်ရဲ့"

"မှန်ပါဘုရား၊ တပည့်တော်တော့ ဇရပ်ဒကာအဖြစ် လုံးလုံး တာဝန် မယူဝံ့ပါဘုရား၊ နိုင်သလောက်တော့ ကြိုးစားပါ့မယ်ဘုရား"

"အေးအေး. . . ဒီလိုလဲ ဖြစ်ပစေပေါ့၊ လုံးလုံးတာဝန်မယူနိုင်လည်း အမည်ခံပေါ့၊ ဟုတ်လား။ ကျန်တာတွေအားလုံး ဘုန်းကြီးတာဝန်ယူတယ်၊ မပူနဲ့"

မောင်မြင့်နှင့်အတူ မဲခေါင်ကေး သစ်စက်သူဌေးသို့ သွားသည်။ အကြောင်းစုံကို ရှင်းပြသည်။ သစ်ခွဲစိတ်ရန် သူဌေးက တာဝန်ယူသည်။ သစ်များခွဲစိတ်ပြီးသောအခါ ဦးမြဟိန်း ဦးဆောင်သော မဲဝိုင် အမျိုးသား၊ အမျိုးသမီး သုံးဆယ်ကျော်က လာရောက်၍ သယ်ယူပို့ဆောင် လုပ်အားလှူကြသည်။

သူးမွဲထသို့ ယူဆောင်လာပြီး နောက်တစ်နေ့နံနက်မှာ ဇရပ်ဆောက်ရန် စတင်သည်။ စိန္တာရွာမှ လက်သမားဆရာကြီး ဦးစီးပြီး ဦးကြွက်၊ ဦးမြဟိန်း အမှူးပြု၍ သာမဏေများပါ လုပ်ဆောင်နေကြရာ တိုင် ၃၅ တိုင်၊ ၆ တောင် ခန်းဖွင့်၊ တစ်လယ်ပေါ်၊ သွပ်ချပ်ရေ ၂၅၀၊ ပျဉ်ကာဇရပ်ကြီးတစ်ဆောင် မကြာမီ ပေါ်ထွန်းလာမည့်အဖြစ်ကို မြင်နေမိသည်။

သို့သော် သစ်ကား မစုံသေး။ သောလယ်ထသို့ ကြွကာ ချစ်လှမိုး၊ ဦးချစ်အောင်၊ ဦးကျောက်စိမ်း စသူတို့နှင့် တိုင်ပင်ရပြန်သည်။ စက်လှေတစ်စီးဖြင့် သံလွင်မြစ်ကြောင်း ဆန်တက်ခဲ့သည်။ ဂိတ်တစ်ခုမှာ ဖဒိုရှားနှင့် တွေ့ဆုံ၍ ဇရပ်ဆောက်ရန် သစ်အလိုရှိကြောင်း ချစ်လှမိုးက ပြောကြားသည်။ ဖဒိုရှားက အလွယ်တကူပင် ထောက်ခံစာ ရေးပေးလိုက်သည်။

ၓင်းထောက်ခံစာကို ယူ၍ မယ်တရေထရှိ ဦးကျော်ညွန့်သစ်စက်ရှိရာသို့ သွားသည်။ လမ်းတစ်လျှောက်တွင် ဦးကျော်ညွန့်သစ်စက် အပါအဝင် တပ်မတော်စစ်ကြောင်း ဝင်ရောက်စဉ်က မီးရှို့ဖျက်ဆီးထားသဖြင့် သစ်စက်များ မီးတငွေ့ငွေ့လောင်နေဆဲ ဖြစ်သည်။ ဦးကျော်ညွန့်မှာ ပြန်လည်ထူထောင်ရေးအနေဖြင့် ခွဲစက်ငယ်ကလေးများဖြင့် သစ်များခွဲစိတ်ကာ အလုပ်များနေသည်ကို တွေ့ရသည်။ ချစ်လှမိုးက ဦးဆောင်၍ စကားပြောသည်။

"ဟေး. . . ဖိုးကျော်ညွန့်၊ နင့်ဆီ ဆရာတော် ကြွလာတယ်။ သစ်လေး နည်းနည်းပါးပါး လိုချင်လို့"

"ရပါတယ် ချစ်လှမိုးရာ"

"ရတယ်ဆိုရင်လည်း အခုချက်ချင်း လုပ်ပေးပါ ကိုယ့်လူ၊ ဆရာတော်က သစ်မရရင် မပြန်ဘူး ပြောနေတယ်"

ချစ်လှမိုးက စကားကို ဆားနည်းနည်း စွက်၍ ပြောလိုက်ခြင်း ဖြစ်သည်။

"အေးပါဟယ်၊ ရပါတယ်ဆိုတာ ရလို့ပြောတာပေါ့"

ဦးကျော်ညွန့်၏ ဇနီးက မြိုင်ကြီးငူဘုန်းတော်ကြီးအား အိမ်ပေါ်သို့ ပင့်စေ၍ နေ့ဆွမ်းဆက်ကပ်သည်။ ဦးကျော်ညွန့်သည် ချစ်လှမိုးတို့ လူစုနှင့် သစ်များကို လှေပေါ်တင်သည်။ ပြန်ခါနီးတွင် သစ်စက်သူဌေး ဇနီးမောင်နှံက နဝကမ္မအဖြစ် ဘတ်ငွေ ၁၅၀၀ လှူဒါန်းလိုက်သေးသည်။

ငွေဆို၍ ပြောရဦးမည်။ ဖောင်တော်ဦးစေတီ တည်မည်ဟု လူစု၍သာ လာခဲ့သည်။ ငွေကြေးဟူ၍ တစ်ပြားတစ်ကျပ်မှ ပါမလာလေခဲ့။ လိုအပ်သော ပစ္စည်းပစ္စယများအတွက် အလှူခံခဲ့ရသည်ချည်း ဖြစ်သည်။ ဘုရားအတွက် လိုအပ်၍ မြိုင်ကြီးငူဘုန်းတော်ကြီးက အလှူခံလိုက်လျှင် ဘာကြောင့်ဟူ၍ တော့ မသိ။ ရခဲ့သည်ချည်းသာ။ အဲ. . . တစ်ခုတော့ရှိသည်။ လိုအပ်သည်ကို ကိုယ်တော်တိုင် သွားရောက်အလှူခံပါမှ ရတတ်သည်။ လူကြုံပါး၍ အမှာစကားဖြင့် ဆိုလျှင် ရတော့ရသည်၊ ကြာသည်။ ပြီးတော့ နည်းသည်။ သည်တော့ လိုပြီဟေ့ဆိုလျှင် ဘုန်းတော်ကြီးကိုယ်တော်တိုင် ဦးဆောင်ရတော့သည်။ သစ်များ စုံလောက်လျှင် ချစ်လှမိုးကပင် -

"ဖိုးကျော်ညွန့်ရေ၊ သာဓု. . . သာဓု. . . သာဓုပဲ သူငယ်ချင်း။ တို့တော့ သစ်ရလို့ ပြန်တော့မယ်။ ညနေ ၃ နာရီလောက်ဆို ဘုရားထီးတော်လှည့်တဲ့ အဖွဲ့ ရောက်လာလိမ့်မယ်။ နင် အရန်သင့် စီစဉ်ထားလိုက်ဦး။ ကုသိုလ်ဆက်ယူလိုက်ဦး၊ ကြားလား"

"ကျွန်တော် ဘာလုပ်ထားရမလဲ၊ ထမင်းလား၊ ရေနွေးကြမ်းလား"

"ဒါတော့ နင့်စေတနာပေါ့ မူတည်တာပေါ့ကွာ"

ထိုစဉ် ဦးချစ်မောင်က ကြားဝင်၍ -

"ထမင်းဆို ပိုကောင်းတာပေါ့ကိုယ့်လူ" ဟု ဝင်ပြောသည်။

"ဟုတ်ကဲ့. . . ဟုတ်ကဲ့၊ ဒါဆိုလည်း ကျွန်တော် အဆင်သင့် စီစဉ်ထားလိုက်ပါ့မယ်"

(၆" × ၁") ကျွန်းပြားများ အပြည့်တင်ထားသော ဂျွန်ဆင်စက်လှေကို ဦးကျောက်စိမ်းက ထိန်းမောင်းယူလာခဲ့သည်။ သူ့မွဲထဆိပ်ကမ်းအရောက်တွင် မောင်ပေါ်လာက အခြားစက်လှေတစ်စီးပေါ်မှ သစ်ပြားများကို ကုန်းပေါ်သို့ သယ်တင်နေသည်။

"ဟ. . . အစက သစ်စက်တွေ ပျက်တယ်ဆို၊ ခုတော့ သစ်တွေ ရလို့ပါလား"

"မှန်ပါဘုရား၊ သစ်စက်တော့ မပျက်ဘူး၊ က ဒိန်းပျက်တာပါဘုရား၊ တပည့်တော်တို့ လူစုနဲ့မတင်ပြီး ခွဲစိတ်တာ၊ နာရီဝက်လောက်ပဲ ကြာပါတယ်ဘုရား"

"အေးကွယ်၊ ရမယ့်ရတော့လည်း ဟိုကရ၊ ဒီကရနဲ့ အဆင်ချောသွားတာပေါ့"

"မောင်မြင့်နဲ့ တပည့်တော်တို့ ဒါပါဆို သုံးခေါက်ရှိသွားပြီဘုရား၊ သစ်လည်း စုံလောက်ပြီ ထင်ပါရဲ့ဘုရား"

"အိမ်း. . . စုံသလောက်တော့ ရှိပါပြီ၊ အကာအတွက် ကျန်လိမ့်ဦးမယ်ထင်တယ်၊ ဒါက နောက်တစ်ရက်ပေါ့၊ ဟုတ်ဖူးလား။ လောလောဆယ်တော့ ဒီလောက်ဆို ရပါပြီလေ"

လှေပေါ်မှ သစ်များကို ချနေစဉ်မှာ ဘုရားတည်ရာ ကုန်းတော်ပေါ်သို့ တက်ခဲ့သည်။ ရောက်မဆိုက်ပင် ဦးစန္ဒောဘာသက -

"အဘိုးဘုန်းကြီးဘုရား၊ ကိုရင် အာဒိစ္စ၊ ကိုရင် ပညာသာမိ စတဲ့ ကိုရင်လေးတွေ သိပ်ပင်ပန်းပြီး ဖျားနေကြတယ်ဘုရား"

"အိုး. . . ဒီလိုလား၊ အေးလေ၊ ပင်ပန်းကြပေမယ်ပေါ့။ ဒါပေမဲ့ ကိစ္စမရှိဘူး။ မပူပါနဲ့၊ ဆေးဆရာ ဦးဘာဘူကို ခေါ်ပြီး ဆေးထိုးပေါ့။ အခြေမလှလည်း ဆေးလုံးကြီး ချိတ်ပေးလိုက်တာပေါ့"

"မှန်ပါဘုရား"

ဦးစန္ဒောဘာသ ဦးဆောင်သော သံဃာအပါး ၅၀ သည် ပဋ္ဌာန်းရွတ်၊ ကျောက်သယ်၊ အုတ်သယ်၊ သဲသယ် စသဖြင့် ဘုရားတည်ခဲ့သည်မှာ နှစ်လကျော်လွန်ခဲ့ပြီ။ တောင်ခြေကမ်းစပ်မှ တောင်ထိပ်ရောက်အောင် တစ်နေ့တာ

အတွင်း အခေါက်ပေါင်းများစွာ သယ်ယူကြရသည်။ မိုးစောသောအရပ်မို့ မိုးဦးက ဦးစွာကျရောက်ခဲ့ပြီ။ ဟုတ်တိပတ်တိကား မရွာသေး။ မြေငွေ့ပျံ့ပြီး အိုက်စပ်စပ်ရှိလှသည်။ ခြင်ကပေါလာ၍ ဖြုတ်တွေတသောသော ရှိလာသည်။ အလုပ်ပင်ပန်းသည့်ဒဏ်၊ ရာသီဥတုဒဏ်ကြောင့် ဖျားနာကြသည်။ ဖျားလိုက်၊ ဆေးကုလိုက်၊ ပျောက်လိုက်၊ ပြန်လုပ်လိုက်၊ ပြန်ဖြစ်လိုက်နှင့် မုန့်လုံးစက္ကူကပ် ဖြစ်နေသည်။

မြိုင်ကြီးငူဘုန်းတော်ကြီးမှာ အဖျားအနာဟူ၍ မရှိသေး။ မရှိဆို သူ့မွဲထစခန်းမှာ တစ်ညတလေသာ ကျိန်းစက်ရလေ့ရှိပြီး မိုးလင်းသည်နှင့် အမြဲလိုလို ခရီးစဉ် များလျက်ရှိသည်။ စခန်းမှာ ဦးစန္ဒောဘာသ အား သံဃာများကို အမြဲလိုလို လွှဲအပ်ထားရလေ့ရှိသည်။ ခရီးသွားနေရသည်ကိုက မြိုင်ကြီးငူဘုန်းတော်ကြီးအဖို့ ကျန်းမာရေး လေ့ကျင့်ခန်းယူသည်နှင့် တူသလို ဖြစ်နေသည်။ မိမိသည် ခေါင်းဆောင်ဖြစ်သည်။ "ငါမရှိလို့ နေမကောင်းနေလို့ မဖြစ်သေး၊ သည်ဘုရားကိုဖြင့် ပြီးအောင်တည်ရမည်" ဟူသော စိတ်ဓာတ်က ပြဋ္ဌာန်းထားသည်မို့ လိုအပ်သော ပစ္စည်းပစ္စယများအတွက် အမြဲတမ်း အလှူခံ ထွက်ရလေ့ရှိသည်။

ခရီးထွက်ပြီဆိုလျှင် အကြီးဖြစ်သော ဦးစန္ဒောဘာသ အား အပ်နှံထား ခဲ့ရသည်ချည်း။ လူကြီးဆို၍ ဦးနာရဒ ခေါ် မင်းသားကြီး အုန်းမှုတ်စိန်တော့ရှိ သည်။ သို့သော် မင်းသားကလည်း ဖြစ်ပြန်၊ အသက်ကလည်း ငါးဆယ်ကျော်ပြီ ဆိုတော့ ဘာမှ ပင်ပင်ပန်းပန်း မလုပ်နိုင်တော့။ အငြိမ်းစား ထားရသည်။ ဦးနာရဒကား အငြိမ်မနေ။ ရွှေရင်ကျော်ဆရာတစ်ဦးမို့ ကြုံကြိုက်သည့်အခါ များမှာ ဆေးဝါးလေးဘာလေး ကုသည်။ ရသမျှ ငွေကြေးကို ဘုရားတည်ရာမှာ ထည့်ဝင်လှူဒါန်းသည်။

မင်းသားကြီးအတွက်လည်း ပြဿနာက မသေးလှ။ "တောက်လှမ်းရေး ဖြစ်ရမယ်" ဆိုပြီး တောတွင်းမှ စွပ်စွဲထားသည်။ သည်အတိုင်းထား၍ မဖြစ် တော့။ သောလယ်ထရွာမှ ရင်းနှီးသော ဒါယိကာမကြီးတစ်ဦးအိမ်မှာ ခေတ္တ ရှောင်နေစေရသည်။ သည်အဖြစ်ကို သူခမျှာ မသိရှာပေ။

သံဃာတော်များအတွက် ဆွမ်းဝေယျာဝစ္စ ပြုလုပ်ပေးရန် လိုက်လာခဲ့ သော ကမမောင်းမှ ဒေါ်အေးသန်းတစ်ယောက်လည်း သွေးအားနည်းပြီး မကြာခဏ မူးမော်ကာ ဖျားနာ၍ နေသဖြင့် မင်းသားကြီးကို ထားခဲ့သော သောလယ်ထမှ အိမ်မှာပင် ပို့ထားရပြန်သည်။

"ဒကာမကြီး၊ ကျန်းမာရေးကို ဂရုစိုက်ပါ။ မပျောက်မချင်း ဒီမှာပဲနေပါ။ ပျောက်လည်း မလာရသေးဘူး။ ပြန်ပြန်ဖြစ်နေမယ်။ ဘုရားထီးတော်တင်ခါမှပဲ လာခဲ့ရမယ်၊ ကြားလား" ဟူ၍ မှာထားခဲ့ရသေးသည်။

လူနာပို့ရာမှ ပြန်လာပြီး ဘာမှမကြာလှသေးသော တစ်ရက်။

နယုန်လဆန်း ၉ ရက်၊ ညနေ ၆ နာရီ။

ဦးဇင်းကြီး ထွန်းမြင့် ခေါ် ဦးတေဇဝန္တက ကုန်းတော်ပေါ်တက်လာပြီး လျှောက်ကြားသည်။

"အရှင်ဘုရား၊ မောင်နွဲ့တစ်ယောက် အဆိပ်သောက်တယ်လို့ သတင်းအပို့ရောက်လာပါတယ်ဘုရား"

"ဟေ. . ."

"အခြေအနေ တော်တော်ဆိုးတယ်ဘုရား"

"ဟိုက်. . . ဖြစ်မှဖြစ်ရလေကွာ"

ပြောပြောဆိုဆို တောင်ကုန်းပေါ်မှ ဆင်း၊ ထွန်းအေး စက်လှေပေါ် အမြန်တက်၍ သောလထရွာသို့ တက်ခဲ့ရပြန်သည်။ မောင်နွဲ့အိမ်သို့အရောက်မှာ လူသံသူသံများတိတ်နေသည်ကိုသတိပြုမိသည်။

"ဒီပုံဆို သေတော့မသေသေး" ခန့်မှန်းရသည်နှင့် အိမ်ပေါ်သို့ တက်ပြီး ထိုင်သည်။ အိမ်နီးချင်းအချို့ရှိနေသည်။ အားလုံးကလည်း အသံမပြုကြ။ ရင်တမမဖြင့် အခြေအနေကို စောင့်ကြည့်နေကြဟန်ရှိသည်။ ခဏအကြာမှ အိပ်ခန်းတွင်းမှ မောင်နွဲ့၏ လူးလွန့်သံကို ကြားရသည်။ အတော်လေးအကြာမှ တွဲတွဲထူထူဖြင့် မောင်နွဲ့ ထွက်လာသည်။ ရှိခိုးဦးချသည်။

"ဘယ်လိုဖြစ်တာလဲ မောင်နွဲ့ရယ်"

"×××××××"

"အဆိပ်သောက်လို့ သေတယ်ဆိုတာ အဖန်ငါးရာ ငါးကမ္ဘာ ခံရတတ်တယ်ကွဲ့။ နောင်ကို ဒီလိုမလုပ်နဲ့။ လူ့အသက်တစ်ချောင်းဟာ အင်မတန်ရခဲတယ်။ မယ်ကဇောတောင် ဒသဗလဆံတော်ရှင်စေတီတည်တုန်းက သူ့မြေး ပယော် အဆိပ်သောက်လို့သေတယ်။ ခုတစ်ခါ သူ့မွဲထ ဖောင်တော်ဦးစေတီ တည်ပြန်တော့လည်း မောင်နွဲ့ အဆိပ်သောက်လို့ သေပြန်ပကောလို့ အများတကာတွေ ပြောစမှတ်ဖြစ်လိမ့်မယ်။ နောင်ကို မမိုက်နဲ့။ စဉ်းစဉ်းစားစားနဲ့ လိမ်လိမ်မာမာနေ၊ ကြားလား"

"xxxxxxx"

"မချစ်အုန်း"

"ဘုရား"

"ဘုရားမနေနဲ့၊ လာစမ်း၊ ဒီအနားမှာထိုင်"

"မှန်ပါဘုရား"

"မောင်နှံ့နဲ့ ဘယ်လိုဖြစ်ကြတာလဲ၊ ပြောစမ်း"

"ဘယ်လိုမှ မဖြစ်ပါဘုရား"

"ဘယ်လိုမှ မဖြစ်ဘဲနဲ့ မောင်နှံ့ဒီလိုလုပ်ပါ့မလား"

"xxxxxxx"

"အေး. . . ဘယ်လိုမှ မဖြစ်ရင်လည်း လင်နဲ့မယား သင့်သင့်မြတ်မြတ် နေကြ၊ ချစ်လို့ ယူထားကြတာပဲ၊ ရန်မဖြစ်ကြနဲ့"

"မှန်ပါဘုရား၊ နောင်ကို မဖြစ်တော့ပါဘုရား"

"အိမ်သူမယားဆိုတာ မယားဝတ္တရားငါးပါးအပြင် အသွားအလာ အနေအထိုင်ပါ ဆင်ခြင်ရတယ်။ ကိုယ့်တာဝန် ကိုယ်ကျေပွန်ရတယ်"

"မှန်ပါဘုရား"

"ခု ဘုန်းကြီးသိရသလောက် နင်အသွားအလာများပြီး ဝတ္တရား မကျေပွန်လို့ ဖြစ်ရတာထင်တယ်။ တယ်လေ. . . ငါမပြောချင်ဘူး။ နောင်ကို ဆင်ဆင်ခြင်ခြင် နေထိုင်ကြ။ ဒါမျိုး နောက်ထပ်မကြားချင်ဘူး၊ ကြားပလား"

"မှန်ပါဘုရား၊ မဖြစ်စေရတော့ပါဘုရား"

"အေးအေး. . . ဒါပဲ ဒါပဲ၊ ဟိုမှာ ဘုရားအလုပ်က လုပ်လက်စတန်းလန်းကြီးမို့ ကိုင်း. . . ဘုန်းကြီး ပြန်မယ်"

"မှန်ပါဘုရား"

**********

သူးမွဲထ၏ အရှေ့ဘက် ထိုင်းနိုင်ငံဘက်ကမ်း သံလွင်မြစ်ဘေး တောင်ကုန်းပေါ်ဝယ် အတန်းလိုက် ညီညာစွာ စိုက်ပျိုးထားသော ကျွန်းပင်ငယ်လေးများမှာ လှပစီတန်း အုံ့မခန်းဖွယ်သော ရှုခင်းတစ်ရပ်အဖြစ် ဖော်ညွှန်းလျက်ရှိသည်။ သံလွင်မြစ်တွင်းမှ ဝှေ့ယမ်းတိုက်ခတ်လာသော လေအဆော့ဝယ်

တနေ့နေ့ ယိမ်းထိုးလှုပ်ရှားနေသည်မှာ အသားကျ တိုက်ထားသော ယိမ်းသမလေးများ စည်းချက်ညီ ကနေသည့်နှယ် အမြင်ပသာဒမှာ ကြည်လင်လှပေသည်။ ဤကား မြစ်သံလွင်တစ်ဖက်ကမ်း၏ ရှုခင်းတည်း။

ဤမှာဘက်ကမ်း၏ မြစ်ကွင်းမှာမူ. . .

သံလွင်မြစ်အနောက်ဘက်ကမ်း မြန်မာပြည်၏ တောင်နှာမောင်းပေါ်မှာ ၅၁ ပါးသော ရဟန်းသံဃာနှင့် လူပုဂ္ဂိုလ်အချို့ ဥဒဟိုသွားလာနေကြသည်။ အဖွဲ့လိုက် သက်ဝင်လှုပ်ရှားနေကြသည်။ အသံချဲ့စက်ဖြင့် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်သံက နှစ်လကျော်ကာလ ကြာလာသည့်တိုင် နေ့ညမပြတ် တောင်ယံတောလုံးကို လွှမ်းဖုံးလျက်ရှိသည်။ အဆက်မပြတ် ပေါ်ထွက်လျက်ရှိသော ပဋ္ဌာန်းဒေသနာတော်အသံနှင့်အတူ ဘုရားတည်လုပ်အားပေးသူများ၏ လှုပ်ရှားမှုက လိုက်ဖက်ညီစွာ ပေါ်လွင်လျက်ရှိသည်။ မြစ်ကမ်းနားသောင်စပ်မှသည် တောင်ကုန်းပေါ်သို့ အဖွဲ့လိုက် သဲ၊ အုတ်၊ ကျောက်၊ ရေ၊ ဘိလပ်မြေ၊ သစ် စသဖြင့် ဆောက်လုပ်ရေးပစ္စည်းများကို အခေါက်ခေါက်အခါခါ တက်ချည်ဆင်းချည်ဖြင့် သယ်ယူပို့ဆောင်နေကြသည်။

တောင်ကုန်းပေါ်ရှိသူတို့မှာလည်း အင်္ဂတေဖျော်သူ၊ မဆလာအိုးထမ်းသူ၊ သံလက်စွဲ၍ ပန်းရံကိုင်သူ၊ လွှတိုက်သူ၊ ရွှေဘော်ထိုးသူ စသည်ဖြင့် ကျရာတာဝန်ကို ဦးလည်မသုန် ထမ်းရွက်နေသည်မှာ နှစ်လကျော်ကာလတိုင်ခဲ့ပြီ။ သည်ကာလအတွင်းရွတ်ဖတ်နေသောပဋ္ဌာန်းဒေသနာတော်အသံနှင့်အတူ -

"ရှင်ကဝိန္ဒရေ၊ ရေကုန်တော့မယ်ဟေ့၊ အမြန်. . . အမြန်" ဟူသော ခေါ်သံနှင့်အတူ ရေတိုင်ကီ ခေါက်သံ။

"တောင်ခြေမှာရှိတဲ့သူတွေဟေ့. . . ဘိလပ်မြေ ၁၀ အိတ်လိုတယ်၊ အမြန်လာပို့ကြဟေ့" ဟူသော ပန်းရံခေါင်းဆောင် ဦးစန္ဒောဘာသ၏ အသံ။

"ရှင်စိန္တိတရေ၊ ဆွမ်းချက်ရုံမှာထားတဲ့ နှစ်လက်မခွဲ၊ သုံးလက်မ သံထုပ်ကို အမြန်ယူတက်လာပေးပါ" ဟူသော လက်သမားခေါင်းဆောင် ဦးပညာသုခ၏ အသံ။

စသော လုပ်ငန်းခွင်မှ အသံဗလံများ နေ့စဉ်မိုးလင်းသည်မှ မိုးချုပ်သည့်တိုင် ပေါ်ထွက်လာနေတတ်သည်။

မြိုင်ကြီးငူဘုန်းတော်ကြီးနှင့် အဖွဲ့သားများအဖို့ ဤသည် ဤသို့သော ထိုထိုဤဤ အလီလီသော အသံဗလံများမှာ နားဝင်ပီယံရှိလွန်းလှသည်။ မင်္ဂလာကျက်သရေ ရှိလွန်းလှသည်ဟု သတ်မှတ်ယူဆထားကြသည်။

ဆန့်ကျင်ဘက်ဟူသည် နေရာတကာမှာ ဒွန်တွဲ၍ ရှိနေတတ်သည် ကား ဓမ္မတာသဘောပင်ဖြစ်သည်။ အလင်း၏တစ်ဖက်မှာ အမှောင်ရှိသည်။ အကောင်း၏တစ်ဖက်မှာ အဆိုးရှိသည်။ ယခုလည်း နားဝင်ပီယံ ရှိလွန်းလှပါ သည် ယူဆထားသော ပဌာန်းရွတ်သံနှင့် အလီလီသော အသံဗလံများကို ကြားနေရသူ အခြားဘာသာဝင်တို့မှာ. . .

"ဟေ့ဟေ့. . . သူးမွဲထတောင်ပေါ်မှာ နေတဲ့ ဘုန်းကြီးတွေဟာ နေ့ည မရှောင်၊ အမြဲတမ်း အသံဆိုး အသံနက်ကြီးတွေနဲ့ စက်တပ်ပြီး အော်မြည် ငေါက်ငမ်းနေကြတယ်။ အဓိပ္ပါယ်မရှိတာတွေ လျှောက်လုပ်နေကြတယ်" ဟု ပြောဆိုကြကြောင်း ကြားသိရသည်။

"သြော်. . . သူတို့တစ်တွေ အဓိပ္ပာယ်မှ မသိရှာကြတာပဲလေ။ ပြော ချင်ရာပြောကြပါစေ၊ မိမိကား ဗွေမယူပါလေ" ခွင့်လွှတ်စိတ် အပြည့်ထားလိုက် ရတော့သည်။ သို့သော် "သဘာဝတရားတစ်ခုကိုတော့ သင်းတို့လေးတွေ မသိ ရှာလေကြ" ဟူ၍ ကရုဏာတရားတစ်ရပ် ရင်ဝယ်ခိုအောင်းမိရသေးသည်။

ဥပမာဆိုပါစို့. . .

လူသတ်မှုနှင့် ပတ်သက်၍ ပုဒ်မ ၃၀၂ ဖြင့် အဖမ်းခံရ၍ သေစား သေစေသော်လည်းကောင်း၊ တစ်သက်တစ်ကျွန်းကျခံစေသော်လည်းကောင်း သတ်မှတ်ပြဋ္ဌာန်းထားချက်ကို မသိထားသည့်အတွက် သတ်မိရပါသည် ဟူရာ မှာ မသိသည့်အတွက် အပြစ်ဒဏ်လျှော့ပေါ့စရာအကြောင်း မရှိပါချေ။ ဤကား ထင်ရှားသော လောကယုတ္တိတည်း။

ဓမ္မသဘာဝယုတ္တိတစ်ရပ်မှာလည်း ဤမည်သောအကြောင်းတရားကို ကျူးလွန်ပြုမှားမိပါက ဤမည်သောအကျိုးတွေ မလွဲဧကန်ဖြစ်တတ်ပေ၏ ဟူသော ကံ၊ ကံ၏အကျိုးပေးမှု ကမ္မနိယာမအရ ကိုယ်၊ နှုတ်၊ စိတ် သုံးပါးတွင် တစ်ပါးပါးဖြင့် ပြုအပ်သော ကံသည် အရိပ်ပမာ ပြုသူ၏ နောက်သို့ အစဉ် တစိုက် လိုက်နေတတ်၏ဟူသော သဘောကိုမျှ မသိရှာကြလေ။ သြော်. . . သဗ္ဗေ သတ္တာ ကမ္မဿကာပေတကား။ သို့သော် မိမိသည်ကား ထိုသူသူ အလူလူတို့အပေါ်ဝယ် ညွတ်နူးကြည်သာ ခွင့်လွှတ်ပါပေ၏။ သူတို့ ပြုမိမှား သော ကံအတွက်ကိုမူကား မိမိမတတ်နိုင်ပါလေ။

ဓမ္မတာသဘာဝကို ဘုရားသော်မှ မလွန်ဆန်သာသည်မို့ သူတို့သူတို့ တတွေအတွက် ကရုဏာမိုးဖွေ၍ မေတ္တာဝေရုံမှအပ မြို့ကြီးငှဘုန်းတော်ကြီး အဖို့ အခြားနည်းလမ်းမရှိပါချေ။

***********

မည်သူတွေ မည်သို့ပင် ဘာတွေပြောပြော မြိုင်ကြီးငူဘုန်းတော်ကြီးသည် လုပ်စရာရှိသည်များကို အရှိန်မပျက် ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

တစ်နေ့ နံနက်ခင်း၊ မြစ်ကမ်းနံဘေးမှာ တပည့်သံဃာများအားလုပ်ငန်းအတွက် ညွှန်ကြားပြောဆိုနေစဉ် ဦးကျောက်စိမ်း၊ မောင်ပေါ်လာ၊ မောင်ထွန်းအေးတို့ သုံးဦး စက်လှေကိုယ်စီဖြင့် တစ်ပြိုင်တည်းလိုလို ရောက်ရှိလာကြသည်။

"ဒကာတို့ အားကြသလား"

"မှန်ပါ၊ အားပါတယ်ဘုရား"

"အေးကွယ်၊ အားတယ်ဆိုရင် ကျောက်သုံးလေးခေါက်လောက် တင်ပေးပါဦး"

"မှန်ပါဘုရား"

"ကဲ. . . ကဲ. . . ဦးဇင်းတွေ ကိုရင်တွေ လုပ်လက်စကိုခဏရပ်ထားဦး၊ စက်လှေ တွေရောက်လာတဲ့အခိုက် ကျောက်သွားသယ်ရအောင်"

လှေပေါ်တက်ကြသည်။ သူးမွဲထဆပ်ကမ်းသို့ ဆိုက်ကပ်လာသောလှေမှန်သမျှ ကြုံလျှင်ကြုံသလို လုပ်အားဒါနပြုကြသည်ချည်း ဖြစ်သည်။ မည်သူမျှ ညည်းတွားတွန့်တိုမှု မရှိကြ။ စိတ်ပါ လက်ပါ စေတနာသန့်သန့်ဖြင့် ကူညီကြသည်။ ကျောက်တင်သွားရန် လှေပေါ်သို့ တက်မည်အပြု ကိုရင်လေးရှင်ဇနိတက အပြေးတစ်ပိုင်းဖြင့် ရောက်လာသည်။

"ဆွမ်းချက်ဖို့ ထင်းမရှိတော့ဘူးဘုရား"

"ဟေ. . . ကိုင်းကိုင်း. . . ဦးကျောက်စိမ်းနဲ့ မောင်ထွန်းအေး လှေပဲ ကျောက်သွားတင်၊ မောင်ပေါ်လာလှေတစ်စီး ဘုန်းကြီးနဲ့လိုက်ခဲ့၊ မဲခေါင်ကေးမှာ ထင်းသွားအလှူခံမယ်"

မဲခေါင်ကေးသို့ တက်ခဲ့သည်။ ရောက်လျှင် ဒကာများအား အကျိုးအကြောင်း ပြောပြရာ ကြားသိရသူများက လိုလိုလားလားဖြင့်ပင် မိမိတို့ အိမ်အောက်မှာရှိသည့် ထင်းများကို ထမ်းထုတ်၍ လှေထဲသို့တိုင် တင်ပေးကြသည်။ ပေးလှူသောထင်းတွေက များလွန်းသဖြင့် ဦးရွှေလုံး လှေတစ်စီးကိုပါ ထပ်ခေါ်၍ တင်ကြရသည်။ ထင်းများမှာ လှေနှစ်စီး အပြည့်ဖြစ်သွားသည်။

"ဒကာတို့၊ မဲခေါင်ကေးမှာ ထင်းတွေလည်း မကုန်သေးဘူး၊ ဘုရား

လည်း မပြီးသေးဘူးဆိုရင် ဒီလိုပဲ ခဏခဏ ကြွလာမှာနော်"

"မှန်ပါ၊ ကြွခဲ့ပါဘုရား၊ တပည့်တော်တို့က ရွှေငွေမပြည့်စုံလို့ မလှူနိုင်ပေမယ့် ထင်းတော့ လှူနိုင်ပါတယ်ဘုရား"

"လှူတယ်ဆိုတာ ငွေကြေးလှူမှ မဟုတ်ဘူး၊ စေတနာပြဋ္ဌာန်းရင် ဘာမဆို လှူလို့ရတယ်။ ခုလို လိုအပ်နေတဲ့ပစ္စည်းကို လိုအပ်နေတဲ့အချိန်မှာ လှူရင် ပိုပြီး အကျိုးကြီးတယ် ဒကာတို့"

"မှန်ပါဘုရား"

ထင်းအပြည့် တင်ဆောင်ထားသော စက်လှေနှစ်စီးဖြင့် သူးမွဲထစခန်းသို့ ပြန်လာခဲ့သည်။

သံယာ ၅၀ ကျော်နှင့် လူပုဂ္ဂိုလ်အပါအဝင် ပရိတ်သတ် ၇၀ ကျော်တို့အတွက် နေ့စဉ်ချက်ပြုတ် လုပ်ကိုင် နေသော ဝေယျာဝစ္စမှာ မသေးငယ်လှ။ ပင်တိုင်ဆွမ်းချက် လုပ်အားပေးသူများမှာ ကြည်အေးမိုး၊ မောင်ငိုမိုး၊ မရွှေသန်း၊ တင်လှ၊ မိချို၊ မလှရီတို့ ဖြစ်သည်။ သောလယ်ထရွာမှ ဖြစ်သည်။

ဤစဉ်ကာလ သူးမွဲထမှာ အိမ်ခြေ ငါးလုံးမျှသာ ရှိသည့်အနက် ကုလား အိမ်က လေးလုံးဖြစ်၍ ဗုဒ္ဓဘာသာမှာ တစ်အိမ်သာဖြစ်သည်။ သည်မျိုးသော သံဃာ့ဝေယျာဝစ္စကို အဘယ်မှာ ထမ်းဆောင်ပါမည်နည်း။ သူတို့တစ်တွေ ကူပေလို့သာ။

**********

တစ်နေ့ မွန်းလွဲခဲ့ပြီ၊ နေလယ် ၁၂ နာရီခွဲခန့်ရှိသည့်အချိန်။

နေ့ရက် အတိအကျ မှတ်မထားမိသော်လည်း ယနေ့မှာ မိုးတဖွဲဖွဲ ရွာသွန်းနေသည်ကိုတော့ သတိပြုမိသည်။ မိုးထဲရေထဲမှာပင် ကျရာတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ရင်းဖြင့် သူးမွဲထတောင်ကုန်းမှာ ယခင်နေ့များကကဲ့သို့ သက်ဝင်လှုပ်ရှားနေသည်။ မြိုင်ကြီးငူဘုန်းတော်ကြီးသည် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ရာ စင်မြင့်ထက်မှနေ၍ သံလွင်မြစ်ပြင်ကို ငေးကြည့်နေသည်။

ပစ္စည်းအပြည့်တင်ထားသော စက်လှေသုံးစင်းသည် သံလွင်မြစ်ကြောင်းကို စက်ရှန်ပြင်းစွာဖြင့် ဆန်တက်လာနေသည်။ သူးမွဲထ၏ အရှေ့ဘက် ထိုင်းနိုင်ငံဘက်ကမ်းတွင် ဆိုက်ကပ်ကာ ပစ္စည်းများကို ခပ်သုတ်သုတ်သယ်ချ၍ မယ်လယ်ထသို့ အမြန်ပြန်မောင်း ဆင်းသွားသည်။ ထိုအခိုက် ဒါယိကာမကြီး ပိုးဖြူမိုးတစ်ယောက် ရေးကြီးသုတ်ပျာ ရောက်လာသည်။

"အရှင်ဘုရား၊ တပည့်တော်မတို့ ဒီမှာနေလို့ ဖြစ်ပါ့မလား၊ ရှမ်း (ထိုင်း) ဘက်ကမ်း ကူးပြေးရမယ်ထင်တယ်ဘုရား"

"ဟေ. . . ဘာဖြစ်လို့လဲ"

"မယ်လယ်ထ တောင်တန်းပေါ်မှာ တပ်မတော်စစ်ကြောင်း ရောက်နေပြီဘုရား။ ခုနက လှေသုံးစင်း အမြန်တက်လာပြီး အမြန်ပြန်ဆင်းသွားတာ တွေ့တယ်မဟုတ်လားဘုရား"

"အေး. . . တွေ့သားပဲ"

"အဲဒါ အရေးတကြီးပစ္စည်းတွေ ရွှေ့ပြောင်းနေတာပါဘုရား၊ ဒီနေ့ လေယာဉ်ပျံနဲ့ ဗုံးလာကြဲမယ်လို့ စက်ထဲဝင်လာတယ်လို့ ပြောသံကြားရတယ်ဘုရား"

"အဲဒီတော့. . . "

"အဲဒီတော့ တပည့်တော်မတို့ ဘယ်လိုလုပ်ကြမလဲဘုရား"

"ဘယ်လိုမှ မလုပ်နဲ့၊ အေးအေးသာသာ ကိုယ့်အလုပ် ကိုယ်လုပ်နေကြ။ ဘာမှမဖြစ်စေရဘူး၊ လေယာဉ်လည်း လာမယ်မထင်ပါဘူး"

ထိုစဉ် တောတွင်းလက်နက်ကိုင် ရဲဘော်နှစ်ယောက် ရောက်လာသည်။ တစ်ယောက်မှာ ရဲဘော်ကွယ်ကျေးဟု မှတ်မိသည်။ သူကပင် -

"ဘုန်းကြီးတို့ အဖွဲ့အားလုံး စာရင်းအတိအကျပေးပါ၊ တပည့်တော်တို့ အရေးတကြီး လိုအပ်နေတယ်။ နာမည်စာရင်းနဲ့ နေရပ်လိပ်စာ အပြည့်အစုံ လာယူခိုင်းတယ်။ ဒီကနေ့ လေယာဉ်လာမယ်လို့ စက်ထဲ သတင်းဝင်လာတယ်။ ပဋ္ဌာန်းရွတ်တာ ခဏပိတ်ထားပေးပါ။

"တို့အဖွဲ့အားလုံး စာရင်းပေးမယ်၊ လူဝင်လူထွက်စစ်ဖို့က မင်းတို့တာဝန်၊ တို့က ကြီးကြပ်ရေးမဟုတ်ဘူး။ တို့က ဘုရားတည်တာပဲ။ လိုချင်ရင် ကိုယ်ဘာသာကိုယ် စာရင်းလုပ်ကြ။ ရော့. . . ဒီမှာ စာအုပ်၊ ဒီမှာ ဘောလ်ပင်။ ပဋ္ဌာန်းတော့ ပိတ်လို့မရသေးဘူး။ ဒါတော့ သည်းခံ"

စာရင်းပြုစုနေဆဲ ရဲဘော်ကွယ်ကျေးက -

"ဟော. . . ပြောရင်းဆိုရင်း လေယာဉ်သံထင်တယ်" ပြောသည်။ အနီးရှိလူအားလုံး ကောင်းကင်သို့ ပြိုင်တူ မော့ကြည့်မိကြသည်။ မှန်သည်၊ တိမ်တိုက်များကြားမှ သိန်းငှက်ပမာ လေယာဉ်လေးစင်းကို တွေ့ရသည်။ မြိုင်ကြီးငူဘုန်းတော်ကြီးက -

"အေး. . . ဟုတ်တယ်ဟေ့၊ လေယာဉ်လေးစင်တောင်မှ၊ လေးစင်း မဟုတ်ဘူး၊ ရှစ်စင်း၊ ကိုးစင်း။ ဒီဘက်ကို ဝဲလာနေတယ်။ ဟေ့ဟေ့. . . အား လုံး အရောင် ထွက်မပြကြနဲ့၊ ရောက်တဲ့နေရာမှာ ငြိမ်ငြိမ်ဝပ်နေကြ"

လေယာဉ်ပျံသည် အသံနှင့်အတူ တစစ နီးကပ်လာသည်။ ကလေး လူကြီး၊ အမယ်အို၊ ကုလားများ၊ အူယားဖားယား ပြေးတက်လာကြသည်။ ပါးစပ်မှလည်း -

"အမလေး. . . အလ္လာဒေး အလ္လာဒေး ကယ်ပါ ကယ်ပါ" ဟု အော်နေ ကြသည်။

ကုလားမ အဘွားကြီးတစ်ဦးနှင့် ကုလားကလေးသုံးယောက်မှာ ဘုန်းတော်ကြီးနှင့် မနီးမဝေး ငှက်ပျောပင်ကြားမှာ ခေါင်းလျှိုထားပြီး ထိတ်လန့် တုန်လှုပ်စွာဖြင့် အလ္လာဒေးချင်း မိုးမွန်းအောင် မြည်နေသည်။ ရဟန်းသံဃာ ပရိသတ်ကား ညွန်ကြားချက်အတိုင်း ရောက်ရာအရပ်မှာ ငြိမ်သက်စွာ ဝပ်နေ ကြသည်။ ရဲဘော်ကွယ်ကျေးနှင့် အဖော်မှာလည်း အနီးရှိ ငှက်ပျောပင်ရုံထဲ ဝင်၍ ဝပ်နေသည်။ မြိုင်ကြီးငူဘုန်းတော်ကြီးတစ်ပါးသာ ထိုင်နေမြဲနေရာမှာ မလှုပ်မယှက်ထိုင်ရင်း လေယာဉ်ပျံသွားရာကို လိုက်ကြည့်နေသည်။

ထိုစဉ် တောင်ထိပ်မှ လေယာဉ်ပစ် စက်သေနတ်သံ သုံးလေးချက် ထွက်ပေါ်လာသည်။ လေယာဉ်သည် သောင်းရင်းမြစ်ကြောင်းအတိုင်း ဝဲပျံနေ သည်။ အရှေ့ဘက် ခပ်ယွန်းယွန်းအရောက်တွင် လေယာဉ်သုံးစင်းသည် တစ်ရှိန်ထိုး နိမ့်ဆင်းလာပြီး ချက်ချင်း ပြန်တက်သွားသည်။ လေယာဉ် နောက်မြီးမှ မီးခိုးတန်းနှင့်အတူ ပုတီးစိပ်တွဲကဲ့သို့ အရာများ အတွဲလိုက်ကျလာ သည်။ မရှေးမနှောင်းပင် မာနယ်ပလောဘက်ဆီမှ ဝုန်းခနဲ၊ အုန်းခနဲ အသံများ အဆက်မပြတ်ထွက်ပေါ်လာသည်။ လေယာဉ်များလည်း တိမ်တိုက်များကြား သို့ တိုးဝင်ပျောက်ကွယ်သွားကြသည်။

သူများတစ်တွေက ဆိုကြသည်။

"ခေတ်တွေ ဘယ်လိုပြောင်းသော်လည်း နိုင်းမြစ်ကြီးက စီးမြဲပဲ" တဲ့။

နိုင်းမြစ်သာလော၊ မိမိတို့ သံလွင်မြစ်သည်လည်း ဘယ်သူတွေ ဘာဖြစ် ခဲ့သည်၊ ယခုဘာတွေဖြစ်နေသည်ကို အမှုမထား။ သွင်သွင်ရွှေ့ရွှေ့ ဘယ်ညာ ကွေ့လျက် မွေ့မွေ့ညင်သာ စီးဆင်းနေလျက်ပါ။

အလားတူ သူးမွဲထတောင်ကုန်းပေါ်မှ ပဋ္ဌာန်းရွတ်ဖတ် ပူဇော်သံသည် လည်း အတန့်အနားမရှိ၊ အရှိန်မပျက် ဆက်လက်လွှင့်ပျံပေါ်ထွက်နေဆဲ။

မြိုင်ကြီးငူဘုန်းတော်ကြီးသည်လည်း တုန်လှုပ်မှု ကင်းမဲ့စွာ ထိုင်တော်မူဆဲ။

လေယာဉ်သံများ ပျောက်သွားပြီး ခဏအကြာမှာ ဦးကျောက်စိမ်း ရောက်လာသည်။

"တပည့်တော်လှေထဲမှ သစ်တင်လာတယ်၊ ကူသယ်ခိုင်းပါဦး ဘုရား"

"အေးအေး. . . ခုနက ဦးကျောက်စိမ်း ဘယ်မှာရှိနေတုန်း"

"တပည့်တော် လှေနဲ့ဆင်းလာတယ်။ စက်သံနဲ့ဆိုတော့ ဘာမှ မကြားရပါဘူးဘုရား။ ကောင်းကင်မော့ကြည့်မိနေတော့ လေယာဉ်တွေ့တာနဲ့ စက်သံလျှော့ပြီး လှေဦးဘက် ခဏသွားနားထောင်တယ်။ ပြီးတော့ ဆက်မောင်းလာတာပါဘုရား"

"ကိုင်းကိုင်း. . . ဦးဇင်းတို့၊ ကိုရင်တို့ သူတို့ဟာ သူတို့ဖြစ်တာ တို့နဲ့ ဘာမှ မဆိုင်ဘူး။ အားလုံးထွက်ကြတော့ဟေ့၊ ကမ်းနားမှာ သစ်တင်လှေ ရောက်နေတယ်၊ သွားသယ်လိုက်ကြဦး"

ခေတ္တငြိမ်သက်သွားသော တောင်ကုန်းမှာ ပြန်လည်လှုပ်ရှားသက်ဝင်လာပြန်သည်။ တောင်ခြေမြစ်ကမ်းနားအရောက်တွင် ကမ်းနားမှာ ဦးကျောက်စိမ်း လှေမှအပ လှေများ တစ်စီးမှ မရှိတော့ လေယာဉ်သံအစဲမှာ အားလုံး တစ်ဟုန်ထိုး မောင်းနှင်ထွက်ပြေးသွားကြသည်ဟု သိလိုက်ရသည်။

ဦးကျောက်စိမ်းနှင့်အတူ ဘုရားတည်အဖွဲ့သားများ လှေပေါ်မှ သစ်များကို သယ်ချနေကြတော့သည်။

တစ်နေ့နံနက်ခင်း။

မိုးကား မရွာပါလေ။ သို့သော် ရွာမည့်ဟန်ပျိုးနေသည်။ ဝန်းကျင်တစ်ခွင်လုံး အုံ့ပိုင်းနေသည်။ ညို့ဆိုင်းနေသည်။ မြူခိုးတောင်ခိုးများက ရှစ်ခွင်ပတ်လည်ကို ဆီးဆို့ပိတ်ကာထားကြသည်။ ဘယ်ဆီကို မျှော်ကြည့်၍မှ မမြင်တွေ့လောက်အောင်ပင်။

ထိုစဉ် သံလွင်မြစ်ညာဆီမှ တဖြည်းဖြည်း မောင်းဆင်းလာသော စက်လှေသံကို ကြားရသည်။ တောင်ကုန်းပေါ်မှ လှမ်းကြည့်သည်။ မမြင်တွေ့ရချေ။ မြစ်ပြင်တစ်ခုလုံးကို မြူများ သိပ်သည်းစွာ ကျဆင်းပိတ်ဆို့ထားသည်။ ဆိပ်ကမ်းရောက်လောက်သည်တွင် စက်သံရပ်သွားသည်။ အတော်လေးကြာသောအခါ မြူခိုးများကြားမှ တောင်ပေါ်သို့ တက်လာသော ဒကာမောင်မြင့်ကို ဝိုးတဝါး မြင်ရသည်။

"ခုနက စက်သံက ဒကာမောင်မြင့်လှေလား"

"မှန်ပါဘုရား"

"အတော်ပဲ ဒကာမောင်မြင့်ရေ"

"အမိန့်ရှိပါဘုရား"

"ဦးဇင်းကြီးထွန်းမြင့် ပန်းပုဆရာ ပြန်ခေါ်ဖို့အတွက် မယ်ရာထပို့ဖို့ လှေလိုနေတယ်"

"တပည့်တော် ပို့ပေးပါ့မယ်ဘုရား"

သို့ဖြင့် မြိုင်ကြီးငူဘုန်းတော်ကြီး၊ ဦးဇင်းကြီးထွန်းမြင့်၊ ဦးသာဒင်၊ ကျောခေါ်တို့ မောင်မြင့်လှေဖြင့် ဆင်းလာခဲ့ကြသည်။ မယ်လယ်အကိုက်သို့ ရောက်လျှင် ဦးသာဒင်က ဂိတ်မှူး ပေကာထံ သွား၍ လက်မှတ်လှမ်းသည်။

"ပေကာရေ အောက်ဆင်းဖို့ကိစ္စပေါ်လာတယ်၊ လက်မှတ်ရေးပေးပါဦး"

"ရပါတယ် စောသာဒင်"

ပေကာ လက်မှတ်ရေးပေးသည်။ ဦးသာဒင်က အခ် ၂၉ တန် တစ်ရွက်ထုတ်ပေးသည်။

"အကြွေအမ်းဖို့မရှိဘူး စောသာဒင်"

"အမ်းဖို့မလိုပါဘူး ပေကာရယ်၊ နောင်လည်း လာရဦးမှာပဲ၊ ယူထား လိုက်ပါ"

ဆင်းလာကြရာ မယ်ရာထရောက်လျှင် ဦးဇင်းကြီးထွန်းမြင့်သည် တောင်ပေါ်လမ်းမှ မြိုင်ကြီးငူသို့ တစ်ပါးတည်း ဆက်၍ ကြွသွားသည်။

မြိုင်ကြီးငူဘုန်းတော်ကြီးနှင့် ကျန်လူများသည် မယ်ကဇေတောင်ပေါ်ရှိ ဒသဗလဆံတော်ရှင်အား တက်ရောက်ဖူးမြော်ပြီး တစ်တောင်ကျော်မှာရှိသည့် ကျေးဘောကလိုးတောင်ပေါ်ရွာသို့ ခရီးဆက်ကြသည်။ ရွာနားသို့ ရောက်သည်တွင် ကဇေလငယ်တစ်ဦးသည် မြိုင်ကြီးငူဘုန်းတော်ကြီးအား ရုတ်တရက်တွေ့လိုက်သည်နှင့် ကြောက်လန့်ကြီးစွာဖြင့် အော်ဟစ်ငိုယိုကာ အဝေးသို့ ထွက်ပြေးသွားသည်။

အမှတ်ရလိုက်သည်။

မြိုင်ကြီးငူဘုန်းတော်ကြီး ယခုလို တောင်ပေါ်ကရင်ရွာများသို့ သွားရင်းလာရင်း ရောက်ခဲ့စဉ်က ဖြစ်သည်။ မိမိကိုမြင်လျှင် တွေ့သောရွာသားတိုင်း ပြေးကြလွှားကြ ပုန်းကြရှောင်ကြသည်။ ဆွမ်းချိန်လွန်ခါနီးနေပြီဖြစ်၍ မိမိလည်း ပြေးသောသူတို့နောက် အမီလိုက်ရသည်။ မိတော့ ဆွမ်းအလှူခံသည်။

တော်ပါသေးသည်။ ပကဉောကရင်ဘာသာစကားချင်း တူညီနေသည်မို့ နားလည်မှု ရသွားသည်။ အိမ်ပေါ်သို့ ခေါ်၍ ဆွမ်းပြုစု လုပ်ကျွေးသည်။ ဆွမ်းကိစ္စပြီးသောအခါ ဘာ ကြောင့် ပြေးရသနည်း မေးမြန်းသည်။

"ခုလို ခေါင်းတုံးနဲ့ နီဝါညိုဝတ်ရုံခြုံထားသောသူများသည် လူခေါင်းကို ဖြတ်တတ်သော 'သန်ခရာ'များ ဖြစ်ကြောင်း၊ တွေ့လျှင် ပြေးနိုင်မှ လွတ်နိုင် မည်ဖြစ်ကြောင်း၊ ထိုထိုသူသူတို့က ဝါဒဖြန့်ထားသဖြင့် ပြေးရပါကြောင်း" ပြောပြသည်။

မြိုင်ကြီးငူဘုန်းတော်ကြီးက အဖြစ်မှန်နှင့် အခြေအနေမှန်ကို ရှင်းပြ သည်။ "မိမိတို့သည် ခေါင်းဖြတ်သန်ခရာများ မဟုတ်ကြောင်း၊ ဘုန်းတော်ကြီး များဖြစ်ကြောင်း" မှ အစပြု၍ ဗုဒ္ဓဘာသာ၏ အနှစ်သာရများကို လိုရင်းတိုရှင်း ပြောပြသည်။

တောင်ပေါ်ကရင်လူမျိုးများသည် နတ်စားကရင်လူမျိုးများ ဖြစ်ကြ သည်။ သို့သော် မြိုင်ကြီးငူဘုန်းတော်ကြီး ပြောပြသည်ကို စိတ်ဝင်တစား နား ထောင်သည်။ ပြန်လည်မေးမြန်းဆွေးနွေးသည်။ ၎င်းနောက် ဆွမ်းအလှူ အတွက် တရားအနည်းငယ်ဟောသည်။ ဟောသည်ဟု အလွယ်ရေးလိုက်ရ သော်လည်း အမှန်မှာ တကယ်မလွယ်။ ရှိခိုးဦးချ ကန်တော့ခြင်းအမှုကိုသော်မျှ မပြုတတ်ကြ။ သူတို့ရှိခိုးပုံမှာ ခြေဆင်းယှိုင်၍ လက်အုပ်ချီကာ ပေါက်ဆိန် ပေါက်သည့်နှယ်သာ ပြုတတ်ကြသည်။

ထိုကို ရှေးဦးပြုပြင်ပေးပြီး ကန်တော့နည်း သင်ပေးကာ ဩကာသ ဆိုရိုးမှအစ ကရင်လို တိုင်ပေးသည်။ ငါးပါးသီလယူစေပြီး သီလ၏ အကျိုး အပြစ်များကို တိုတိုကျဉ်းကျဉ်း ဟောပြပြီး တရားအနည်းငယ်ဟောကာ ရေစက်ချ အမျှဝေစေသည်။ သာဓုခေါ်စေသည်။ ထိုနှင့် ပတ်သက်၍ အမျှ ပေးဝေလျှင် ကြေးစည်လေးပါ တီးသင့်ကြောင်း ပြောပြရာ အမျိုးသားကြီး တစ်ဦးက နေရာမှ ထတည့်ပြီး အိမ်ခန်းတွင်း ဝင်သွားသည်။ ပြန်ထွက်လာ သည်တွင် လက်ဝါးခန့် ကြေးစည်ငယ်လေးတစ်ခုကိုပါ ဆွဲထွက်လာသည်။

မြိုင်ကြီးငူဘုန်းတော်ကြီး အံ့အားသင့်သွားသည်။ "နတ်စားကရင်နှင့် ကြေးစည်၊ ကြေးစည်နှင့် နတ်စားကရင် မည်သို့ ဆက်စပ်နေသနည်း" စဉ်းစား မရရှိသည်နှင့် မေးမြန်းကြည့်ရပြန်သည်။

"သူတို့မှာ ဘိုးဘွားမိဘ စဉ်ဆက်က အဆက်ဆက် လက်ခံထိန်းသိမ်းခဲ့ သော ပစ္စည်းနှစ်ခုရှိပါကြောင်း၊ ၎င်းမှာ ကြေးစည်းငယ်နှင့် ညောင်ရေအိုး

တစ်ခုစီဖြစ်ကြောင်း၊ ထိုပစ္စည်းနှစ်မျိုးကို မိဘနိုးရာ အမွေအဖြစ် အဆက်ဆက် လက်ခံ ထိန်းသိမ်းခဲ့ရကြောင်း၊ အဆက်များလှပြီဖြစ်၍ ယင်းပစ္စည်းနှစ်ခု၏ အသုံးပြုပုံကို မသိတော့ကြောင်း၊ မသိသော်လည်း မျိုးရိုးအမွေအနှစ်မို့ အမြတ်တနိုး ထားကြသည်မှာ တောင်ပေါ်ကရင်အမျိုးသားတိုင်းလိုလိုဖြစ်ကြောင်း" ပြောပြကြသည်။

မြိုင်ကြီးငူဘုန်းတော်ကြီးအဖို့ အသိဉာဏ် လက်ခနဲ ဖြစ်သွားသည်။

❖ ကြေးစည်၊ ညောင်ရေအိုး၊ တောင်ပေါ်ကရင်

❖ တောင်ပေါ်ကရင်၊ ညောင်ရေအိုး၊ ကြေးစည်

ဗုဒ္ဓဘာသာဝင်တို့၏ ဘာသာရေး အသုံးအဆောင်ဖြစ်သော သည် ပစ္စည်းများကို ၎င်းတို့လက်ဝယ်၌ အမြတ်တနိုး ထိန်းသိမ်းထားသည်ကို ထောက်၍ ဤတောင်ပေါ်ကရင်အမျိုးသားတို့သည် ပဝေသဏီအချိန်က ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြရပေမည်။ ပြည်မကြီးနှင့် အဆက်အသွယ်ဝေးကွာပြီး တောထဲတောင်ထဲမှာသာ နေခဲ့ကြသဖြင့် မျိုးရိုးစဉ်ဆက် များလာသောအခါ ဘာမှ မသိတော့လောက်အောင် ဖြစ်သွားရခြင်း ဖြစ်ပေလိမ့်မည်။ သို့ဆိုပါလျှင်. . .

အတွေးစဖြင့် ကြေးစည်အသုံးပြုပုံ၊ ညောင်ရေအိုး အသုံးပြုပုံတို့ကို အကျယ်တဝင့် ရှင်းပြသည်။ ဗုဒ္ဓဘာသာနှင့် နှီးနွယ်ဆက်စပ်ပြသည်။ ၎င်းနောက် ဗုဒ္ဓဘာသာ အခြေခံသဘောတရားများ၊ ဘုန်းတော်ကြီးများအကြောင်းကို ပြောပြသည်။ စကားတော်တော်များများ ပြောပြီးသောအခါ သူတို့အားလုံး မြိုင်ကြီးငူဘုန်းတော်ကြီးအပေါ် အမြင်ကြည်လင်သွားသည်။ မိမိတို့လည်း ဗုဒ္ဓဘာသာနှင့် ဆက်စပ်နေသူဖြစ်ကြောင်း၊ ဘုန်းတော်ကြီးဆိုသူများနှင့်လည်း စပ်လျဉ်းနေသူဖြစ်ကြောင်း သဘောပေါက်ကာ ဂုဏ်ယူသော အမူအရာများ ပေါ်လာသည်။ ထိုအချိန်မှစ၍ တောင်ပေါ်ကရင်လူမျိုးများ ဗုဒ္ဓဘာသာအဖြစ်သို့ တဖြည်းဖြည်း သက်ဝင်ယုံကြည်စွာ ဝင်ရောက်လာကြသည်။

ယခု ကျေးဘောကလိုးရွာရှိ ကလေးငယ် ပြေးသည်ဆိုရာမှာ မိမိကို ခေါင်းဖြတ်သံသရာအဖြစ်မြင်ကာ ပြေးခြင်းဖြစ်မည်။ ထားတော့၊ ကလေးပေကိုး။ လူကြီးတွေလို အဘယ်မှာ နားလည်ပါဦးမည်နည်း။ ဤရွာရှိ လူကြီးအချို့ဆိုပါလျှင် ဘုရားဒကာ၊ ကျောင်းဒကာကြီးများပင် ဖြစ်နေပေပြီ။

အတိတ်ကို ပြန်တွေးမိရင်း လျှောက်လာရာ ဘုရားဒကာကြီး အိမ်ရှေ့သို့ ရောက်လာသည်။ အိမ်ပေါ်သို့ တက်သည်။

"ဘုရားဒကာကြီး ရှိပါသလား"

"မရှိပါ အရှင်ဘုန်းကြီးဘုရား၊ ကိစ္စရှိလို့ပါလားဘုရား"

"အေး. . ကိစ္စတော့ ရှိသပေါ့၊ ဒကာကြီးတို့ တောင်ယာခုတ်ပြီးပလား"

"မပြီးသေးပါဘုရား၊ ဘာကိစ္စရှိလို့လဲဘုရား"

"ခု ဘုန်းကြီး ဘုရားတည်နေတာ နှစ်လကျော်ကြာခဲ့ပြီ။ ဦးဇင်း၊ ကိုရင်လေးတွေလည်း သိပ်ပင်ပန်းနေကြပြီ။ လုပ်အားအလှူလာခံတာပါ။ ကူညီနိုင်ကြပါ့မလားလို့"

"ကူညီနိုင်ပါတယ်ဘုရား၊ တပည့်တော်တို့တစ်တွေ အရှင်ဘုန်းကြီး ဘုရားကို မျှော်နေတာ ကြာလှပြီ၊ သွားချင်တယ်၊ လှေမရှိတော့ သွားရတာ မလွယ်ကူပါဘုရား"

မှန်သည်။ ကျေးဘောကလိုး တောင်ပေါ်ရွာလေးသည် သူးမွဲထနှင့် အလှမ်းကွာလွန်းလှသည်။ သံလွင်မြစ်ကြီးကလည်း ခြားနေသေးသည်။ သူးမွဲထက သံလွင်မြစ်၏ အနောက်မြောက်ဘက်၊ သူတို့က အရှေ့တောင်ဘက်၊ တစ်ဖက်ချင်းသာဖြစ်လို့ကဖြင့် သူတို့က မှုကြမည်မဟုတ်။ မွေးလာကတည်းက တောတောင်တွင်းမှာသာ ကြီးပြင်းလာခဲ့ရသည်မို့ ဘယ်လောက်ဝေးဝေး သွားနိုင်ကြသည်သာ။ ယခုမူ ရေစီးကြမ်းသော သံလွင်မြစ်ကို ဆန်တက်ဖို့ဆိုသည်မှာ မည်သို့မျှ မစဉ်းစားတတ်။ ထို့ကြောင့် ဤစကားကို ပြောကြခြင်း ဖြစ်သည်။

"ခု ဘုန်းကြီးမှာ လှေပါခဲ့တယ်၊ လုပ်အားပေးကြမယ်ဆိုရင် လိုက်နိုင်တယ်"

ရွာသားတစ်ဦး ထွက်သွားပြီး အကြောင်းကြားလိုက်သည်။ ခဏအကြာတွင် ကလေးလူကြီးများ စုရုံးရောက်ရှိလာကြသည်။ ဘုန်းတော်ကြီးအား ရှိခိုးဦးချ၍ စကားထွေရာ ပြောကြသည်။ လူစုထဲတွင် သင်တိုင်းဖြူ ဝတ်ဆင်ထားကြသော တောင်ပေါ်သူ လှပျိုဖြူလေးများလည်း ပါလာကြသည်။ သင်တိုင်းဖြူဝတ် လှပျိုဖြူ ဟူသောစကားမှာ တောင်ပေါ်ကရင်အမျိုးသမီးများအဖို့ အဓိပ္ပာယ်ရှိလွန်းလှသည်။ အပျိုမှန်လျှင် ကြီးငယ်မဟူ သင်တိုင်းဖြူ ဝတ်ကြသည်ချည်း ဖြစ်သည်။

အိမ်ထောင်မပြုရသေးပါက အသက်အရွယ် ကြီးရင့်၍ အိုမင်းသည်ထိ သင်တိုင်းဖြူကိုသာ အမြတ်တနိုး ဝတ်ဆင်ကြသည်။ အိမ်ထောင်ပြုပြီးသူများမှာ သင်တိုင်းဖြူ မဝတ်တော့ဘဲ ခါးပြတ်သင်တိုင်း ရောင်စုံကို ဝတ်ဆင်လေ့

ရှိကြသည်။ သို့ဖြစ်ရာ သင်တိုင်းရှည်ဖြူကို ဝတ်ထားလျှင် ထိုအမျိုးသမီးသည် အိမ်ထောင်မရှိသေးသော အပျိုသာဖြစ်ကြောင်းနှင့် ခေါ်ဝေါ်ရာမှာလည်း အသက်အရွယ် မည်မျှကြီးပါစေ "ဒေါ်" တပ် မခေါ်ဘဲ "မ"သာ တပ်၍ ခေါ်ရကြောင်း ဓလေ့ထူးရှိသည်။

ယခုပါလာသော လှပျိုဖြူများမှာ အရွယ်ဟိုင်းကြီးများ မဟုတ်ကြ။ အရွယ် တော် လုပ်နိုင်ကိုင်နိုင်ကြသူများဖြစ်သည်။ ၎င်းလှပျိုဖြူတို့၏ ဓလေ့ တစ်ခု ရှိသေးသည်။ အပျိုအရွယ်မှန်သမျှ ကွမ်းစားတတ်ပြီး ကွမ်းအစ်တစ်လုံး စီ အမြဲဆောင်လေ့ရှိသည်။ ယခုလည်း ပါလာသော ကွမ်းအစ်များကို ဘုန်းတော်ကြီးအား ဆက်ကပ်ကြသည်။ အဖုံးဖွင့်ပြီးသား ကွမ်းအစ်များ အစီအရီ ရှိနေကြ တော့သည်။

မြိုင်ကြီးငူဘုန်းတော်ကြီးသည် ကွမ်းအစ်တစ်လုံးစီကို ယူပြီး ကွမ်းယာ ကြီးကြီးယာလျက် ဝါးပြီးကွမ်းဖတ်ကို ကလေးလူကြီးများအား ဝေပေးသည်။ ၎င်းတို့ကလည်း ဝမ်းသာရွှင်ပြုံးလျက် အမြတ်တနိုးယူငင် စားသုံးကြသည်။ ဘုန်းတော်ကြီးအားလည်း ပို၍ ကြည်ညိုလေးစားသွားသည်။

သူတို့ခင်မင် ကြည်ညိုသွားကြသည်နှင့်အမျှ ဗုဒ္ဓဘာသာအပေါ် ပို၍ ပို၍ သက်ဝင်ယုံကြည်သွားသည့်အဖြစ်ကို ယခင်ကတည်းက အကြိမ်ပေါင်း များစွာ ကြုံဆုံခဲ့ရပြီမို့ မြိုင်ကြီးငူဘုန်းတော်ကြီးအဖို့ ကွမ်းကို တစ်ယာပြီး တစ်ယာ ဆက်၍ဆက်၍ ဝါးရသည်။ ပါးစပ်တစ်ခုလုံး ထူအမ်းပြီး အာညောင်း လာသည်ကိုပင် မမှုအား။ အဝါးမပျက် ဆက်၍ဆက်ကာ ဝါးနေမိသည်။ မှန်သည်လေ၊ ဗုဒ္ဓသာသနာပြုရန် ရည်သန်ခဲ့သည်မဟုတ်လော။ ဤမျှလောက် သော ကာယိကဒုက္ခမျှဖြင့် အဘယ်မှာ မှုထားလောက်ပါမည်နည်း။

ယခင်က တောင်ပေါ်သူ၊ တောင်ပေါ်သားများသည် ဘုန်းကြီးရဟန်း များအား တွေ့လျှင် ကြောက်ရွံ့ထိတ်လန့်စွာ ထွက်ပြေးတိမ်းရှောင်သွားတတ် ကြသည်။ အများအမြင်ဆိုလျှင် တောင်ပေါ်အရိုင်း ဟုပင်ဆိုကြမည်။ အမှန် မှာ သူတို့ခမျာမှာ ရိုင်းကြသည်တော့မဟုတ်။ ဗဟုသုတနည်းပါးလွန်း၍ အလွန်ရိုးသားလွန်းကြသူများသာ ဖြစ်သည်။

ယခုမူ မြိုင်ကြီးငူဘုန်းတော်ကြီးနှင့် တွေ့ကြုံဆုံဆည်းခဲ့ကြရပြီး ကရင် ပြည်နယ်ရှိ တောတောင်တွင်းမှ ဒေသခံတို့သည် ပြည်မမှ ပြည်သူများနှယ် တစ်စစ အမြင်ကျယ်လာကြပြီ ဖြစ်သည်။

ကျေးဘောကလိုးရွာမှာပင် ညအိပ်ကျိန်းစက်သည်။ နံနက် ဆွမ်းဆက်

ကပ်ကြသည်။ သူတို့ကပ်သော ဆွမ်းမှာ မြိုင်ကြီးငူဘုန်းတော်ကြီးနှင့် အံဝင်ခွင်ကျ ရှိလွန်းလှသည်။ ဘုန်းတော်ကြီးသည် ဆီနှင့် အချိုမှုန့်ကို ဘုဉ်းပေး၍ မရ။ ချောင်းဆိုးတတ်သည်။ တောင်ပေါ်သူ တောင်ပေါ်သားတို့သည် ဆီကို အနံ့ခံ၍ပင် မရ။ အချိုမှုန့်ဆိုလျှင်လည်း လျှာပေါ်ပင် အတင်မခံ။ သစ်သီးသစ်ဥကို ရေလုံပြုတ်၍ ဆား၊ ငရုတ်သီးနှင့်သာ တင်းတိမ်ကြသူများ ဖြစ်သည်။ သူတို့နှင့် လက်ရေတစ်ပြင်တည်း အသွင်တူညီသည်မို့လည်း မိမိ၏ စည်းရုံးရေး ဤမျှ အောင်မြင်ခြင်းဖြစ်သည်ကို သတိပြုမိသည်။

ဆွမ်းစားပြီးသောအခါ လုပ်အားပေးလိုက်ပါမည့်သူများကို ခေါ်ဆောင်လျက် မယ်ရာထမှတစ်ဆင့် စက်လှေဖြင့် သူးမွဲထသို့ ရောက်ခဲ့ကြသည်။ ရောက်မဆိုက်ပင် အနားမယူတော့ဘဲ တက်ညီလက်ညီဖြင့် သဲလွယ်၊ ကျောက်ထမ်း၊ ပျဉ်သယ်၊ ရေခပ် စသဖြင့် တရစပ်လုပ်အား ပေးကြသည်။ စားချိန်သော်မှ အတင်းနားခိုင်း၊ စားခိုင်းယူရသည်။ စားပြီးသည်နှင့် အလုပ်ဆက်လုပ်ကြသည်။ သုံးရက်မျှ ကြာသောအခါ သဲပုံကြီးလည်း ကုန်ပြီ။ ကျောက်ပုံကြီးလည်း ပြောင်ပြီ။ သစ်ပုံကြီးလည်း မရှိတော့။ မိမိတပည့်များ၏ လုပ်အားနှင့်သာဆိုလျှင် ၁၅ ရက်တာမျှ အနည်းဆုံး လုပ်ဆောင်ကြရဦးမည်။ ယခုမူ သုံးရက်မျှနှင့် ပြီးစီးသွားသည်။

ကျေးဇူးတင်လှပါသည်။ သူတို့အား ပြန်ပို့ရန် လှေစီစဉ်စေသည်။ လှေတော့ရှိသည်။ ဆီမရှိပါတဲ့။ မယ်လယ်ထသို့ ဆင်းစေပြီး ဆီ ၁၅ ဂါလန်ခေတ္တချေးယူစေသည်။ ထိုဆီဖြင့် သောလယ်ထမှ ဦးချစ်မောင်ထံသွား၍ ဆီတစ်ပေပါယူလာစေကာ စက်လှေကို ဆီထည့်၍ ပြန်ပို့ပေးလိုက်သည်။

❄❄❄❄❄❄❄❄❄❄❄

ရက်က ညောင်းလွန်းလှပြီ။

ဘုရားကော ကျောင်းပါ သိမ်လည်း အပါအဝင်မို့ အလုပ်ကိစ္စအပြီးမသတ်နိုင်သေး။ မြိုင်ကြီးငူနှင့်ဆိုလျှင် ခရီးတာ ကွာလှမ်းလွန်းလှသည်။ ခဏခဏလည်း မရောက်နိုင်သည်မို့ ရှိသင့်ရှိထိုက်သော သာသနာ့အဆောက်အအုံများကို တစ်ခါတည်း ဆောက်လုပ်နေခြင်း ဖြစ်သည်။

အလုပ်ကလည်း ပန်းသည်။ ရာသီဥတုကလည်း ကြမ်းလာပြီ။ မိုးဦးကျခဲ့လေပြီမို့ မိုးတစ်ပြိုက်၊ နေတစ်ပြိုက်နှင့် မိုးရွာသော်မှ မနားသာဘဲ လုပ်ကြရသည်။ တစ်နေ့တာလုံး ပင်ပန်းထားသဖြင့် ညဆို ခေါင်းချလိုက်သည်နှင့် လူငယ်ပီပီ တုံးခနဲ အိပ်ပျော်သွားတတ်ကြသည်။

ကိုက်လိုက်သည့်ခြင်ကောင်တွေ။ ခဲလိုက်သည့်ဖြုတ်တွေ။ မသိမသိ။ ခြင်ကိုက်သည်ကိုလည်း မသိ။ ဖြုတ်ခဲသည်ကိုလည်း မသိနိုင်ပြီ။ ခြင်ထောင်လည်းမရှိ။ စောင်လည်းမရှိ။ ပါးလွှာလွှာ ကိုယ်ရုံသက်န်းလေးမျှကိုသာ ခြုံအိပ်ကြရသည်။ ခြင်များ၊ ဖြုတ်များအဖို့ ဆွမ်းကြီးလောင်းပွဲ ကျနေသည်။

သည်တော့ ဖျားကြသည်။ နာကြသည်။ ကိုယ်ခံအားနည်းသူများဆို မကြာခဏဖျားကြသည်။ ဤသည်သော်မှ ပါလာသူ ရဟန်းသာမဏေ ၅၁ ပါးလုံး ဒေသခံ၊ အကြမ်းခံ ကိုယ်ခံအားကောင်းသူများချည်းဖြစ်သည်။ သို့သော် ရက်က ကြာလွန်းလှပြီ။ အလုပ်က ပင်ပန်းလှပြီ။ ရာသီဥတုက ညှဉ်းပန်းလှပြီဆိုတော့လည်း ဘာသားနှင့် ထုထားသည်လည်း မဟုတ်ကြလေတော့။

"အဘိုးဘုန်းကြီးဘုရား၊ ဦးဇင်းတွေ၊ ကိုရင်တွေ ဖျားနေကြပြီ ဘုရား။ ဩဿစတစ်ပါးလည်း မကြာခဏ မူးမူးလဲနေတယ်ဘုရား"

"ဘယ်နှစ်ပါးလောက် ဖျားနေကြသလဲ"

"ဆယ်ပါးလောက်ရှိပါတယ်ဘုရား"

"အေးကွယ်၊ ဖျားနာကြသူအားလုံးကို သောလယ်ထပို့မယ်။ အားလုံးလှေထဲဆင်းလို့ပြော".

ထိုစဉ်တွင် သောလယ်ထမှ မချစ်အုန်း အနားမှာရှိနေသည်နှင့် -

"မချစ်အုန်း"

"ဘုရား"

"ဖျားနာနေတဲ့ သံဃာတွေကို မချစ်အုန်းအိမ်မှာ သွားထားချင်တယ်၊ ဖြစ်မလား"

"ဖြစ်ပါတယ်ဘုရား၊ ကြွပါဘုရား"

"အေးအေး. . . သာဓု၊ သာဓု"

"တပည့်တော်မ ဝမ်းသာပါတယ်ဘုရား၊ ခုလို နာမကျန်းဖြစ်တဲ့ သံဃာတော်များအား ဆေးကုပြုစုရတယ်ဆိုတာ ဘုရားရှင်ကို ပြုစုလုပ်ကျွေးရတာနဲ့ အတူတူပဲလို့ ဘုရားဟောထားတယ်လို့ ကြားဖူးထားပါတယ်ဘုရား"

"အေး. . . ဟုတ်ပေသကွဲ့၊ ဒီလိုဆိုတော့လည်း မချစ်အုန်းက လိမ္မာပေသားပဲ။ သိတတ်ပေသားပဲနော်"

"အနို. . . တပည့်တော်မ အရင်က မိုက်နေလို့လားဘုရား"

"အင်း. . . မမိုက်ပါဘူးပဲ ထားပါတော့"

လူနာများစုံသည်နှင့် သောလယ်ထသို့ သွားကြသည်။ ည ၇ နာရီမှာ ရောက်သည်။ ရောက်ရောက်ချင်း ဦးချစ်မောင်၊ ဦးကျောက်စိမ်းတို့ ရောက်လာသည်။ ဆရာဘာဘူကို သွားခေါ်သည်။ အားလုံးကို စမ်းသပ်စစ်ဆေးပြီး ဆေးဝယ်ဆေးကုသည်။ ဆေးလုံးကြီး ချိတ်ပေးသင့်သူကို ချိတ်ပေးသည်။

ဟုတ်တော့လည်း အဟုတ်သား၊ သည်အဖျားရောဂါဖြစ်လာလျှင် ဆေးလုံးကြီး ချိတ်ပေးပါက အမြန်သက်သာ ပျောက်ကင်းလေ့ရှိသည်။ ဘာကြောင့်ဟူ၍တော့ မသိ။ မိမိသိသည်မှာ ရောဂါ အမြန်ပျောက်၍ ဘုရားတည်ပြီးရန်သာ ဖြစ်သည်။

**********

နံနက်ခင်းတစ်ခု။

မိုးကား မရွာ၊ မြူခိုးတွေသာ ဝေနေသည်။ ဝန်းကျင်တစ်ခုလုံး ညို့မှိုင်းနေသည်။ မည်သည့်အရာကိုမှ သဲသဲကွဲကွဲ မမြင်ရသော ရှုခင်းမျိုးတည်း။

အရှေ့လောကဓာတ်မှ နေဝန်းသည် ရှမ်း (ထိုင်း) တောင်တန်းပေါ် မေးတင်ပြီး ဖြည်းဖြည်းချင်း မြင့်တက်စပြုလာနေသည်။ သံလွင်မြစ်ညာဘက်မှ မှန်မှန်ခုတ်မောင်းလာသော စက်လှေသံတစ်ခုက မြူခိုးများကို ထိုးဖောက်ထွက်ပေါ်လာသည်။ လှမ်းကြည့်ပါသည်။ မမြင်သာ။ မြူနှင်းများ ထူပိန်းစွာ ပိတ်ဆို့ကျဆင်းနေသည်။ သူးမွဲထကမ်းနားအရောက်လောက်မှာ စက်သံရပ်သွားသည်။ မကြာမီ ချစ်လှမိုး၊ အမုမိုး၊ မောင်မြင့်တို့ သုံးဦး တောင်ကုန်းပေါ် တက်လာသည်။

မြိုင်ကြီးငူဘုန်းတော်ကြီးအား ရှိခိုးဝတ်ပြုပြီးသည်နှင့်

"အရှင်ဘုရား၊ ရဟန်းသာမဏေများ သိပ်ပြီး ပင်ပန်းနေကြပြီ ဘုရား။ တောင်ပေါ်သားများကို သွားခေါ်ပြီး အကူအညီတောင်းရရင် မကောင်းဘူးလားဘုရား"

"ကောင်းသားပဲ၊ ကောင်းဆို လာ. . . ခုပဲ သွားကြမယ်"

မောင်မြင့်စက်လှေဖြင့် မယ်ရာထသို့ ဆင်းခဲ့ပြန်သည်။ ဦးဘီလုံးတဲသို့ ရောက်လျှင် ချစ်လှမိုး၊ အမုမိုးတို့အား တောင်ပေါ်ကရင်ရွာများသို့ စေလွှတ်လိုက်သည်။ မြိုင်ကြီးငူဘုန်းတော်ကြီးမှာမူ -

"ဦးဇင်းထွန်းမြင့် ဆင်းသွားတာ ဆယ်ရက်ကျော်ပြီ၊ နေများ မကောင်းလို့လား၊ ဒါမှမဟုတ် အကြောင်းထူးတစ်ခုခုကြောင့်များလား၊ ခုထိရောက် မလာသေးဘူး။ လိုက်ဆင်းကြည့်ဦးမှ"

ဆိုကာ ဦးဘီလုံးအား အဖော်ခေါ်ကာ တောတောင်ခရီးကို အပြင်း နှင်ခဲ့သည်။ ဆားဆိပ်သို့ ရောက်လျှင် ဦးမိုးတိုအား အကူအညီတောင်း၍ မဲဆိပ်သို့ ပို့စေသည်။ မဲဆိပ်ကျောင်းရောက်၍ ဘုရားဝတ်ပြုအပြီးမှာ မဲဆိပ် ကျောင်းမှ ဦးဇင်းလေးတစ်ပါးက -

"အရှင်ဘုရား၊ အရှင်ဘုရားရဲ့ စက်လှေ ဘားအံမှာ နစ်မြုပ်တယ်လို့ ကြားရတယ်ဘုရား" ဟု လျှောက်လာသည်။

"ဪ. . . ဒါကြောင့်ကိုး"

ခဏစကားပြောနေစဉ်မှာ ဦးမိုးတိုက -

"အရှင်ဘုရား၊ မြိုင်ကြီးငူကို ဘာနဲ့ပြန်ကြွမယ်ဘုရား၊ ရေလဲထိပ် တောင်မှ လှမ်းလှမ်းပစ်နေတယ်၊ တပည့်တော် လိုက်မပို့ရဲပါဘုရား" ဟု ဆိုလာ သည်။

"လိုက်မပို့ရဲရင်လည်း မလိုက်နဲ့ပေါ့၊ လှေတစ်စင်းသာ စီစဉ်ပေးပါ"

"မှန်ပါဘုရား"

စီစဉ်ပေးသောလှေကို ဦးဘီလုံးမောင်းကာ နှစ်ဦးတည်း ဆင်းလာခဲ့ သည်။ ရေလဲထိပ်တောင် ကျော်ခဲ့ပြီ။ ပစ်သံခတ်သံဟူ၍ မကြားရ။ စန္ဒပါလ စေတီ၊ မာရ်ဟာယုစေတီတို့ကို အသီးသီးတက်ရောက် ဖူးမြော်ပြီး ကော့ကရက် ကျွန်းကို လက်ယာဘက်မှ ပတ်ဆင်းကာ ဇာတိရွာအနီးရှိ ဇိနမာရ်ပြေစေတီကို ဖူးမြော်သည်။ ပြီးမှ ကျောင်းဒကာ ဦးကျော်ဒီးဒီး အိမ်သို့ ဆက်သွားသည်။ အိမ်သားများ ထမင်းစားနေသည်နှင့် ဆုံသည်။

"အတော်ပဲဟေ့၊ ဘုန်းကြီးရဲ့ကျောင်းသား ထမင်းမစားရသေးဘူး။ ကျွေးလိုက်စမ်းပါ"

"မှန်ပါဘုရား"

ထမင်းစားအပြီးမှာ မြိုင်ကြီးငူသို့ ခရီးဆက်ခဲ့သည်။ မြိုင်ကြီးငူသို့ အရောက်မှာ မိုးစုပ်စုပ်ချုပ်နေလေပြီ။

နံနက်လင်းလျှင် ကမမောင်းသို့ ကူး၍ ဦးစိုးသိန်း၏ စက်လှေကြီးဖြင့် ဘားအံဆင်းလိုက်သွားသည်။ အောင်သိဒ္ဓိဆန်စက် ဆိပ်ကမ်းအရောက်တွင် ဦးတင်ကြည်က ဆီးကြိုသည်။

**(အောင်သိဒ္ဓိဆန်စက်ဆိပ်ကမ်းဟူ၍ ယခုမရှိတော့ပြီ။ ကမ်းနားလမ်းအဖြစ်၊ ကမ်းသာယာရှုခင်းအဖြစ် ပြုပြင်ထားရှိပြီး ဖြစ်သည်။ စာရေးသူ)**

"ဟော. . . ပြောရင်းဆိုရင်း ဘုန်းတော်ကြီး ကြွလာပြီ၊ ပန်းပုဆရာဦးသောင်းဖေနှင့် သူ့တပည့် အသင့်စောင့်နေကြပါတယ်ဘုရား"

စကားထွေထွေရာရာ ပြောမနေတော့။ နေ့ဆွမ်းဘုဉ်းပေးပြီးသည်နှင့် ပန်းပုဆရာများကို ခေါ်ဆောင်၍ မြိုင်ကြီးငူသို့ ပြန်တက်ခဲ့သည်။ ရောက်တော့ မိုးချုပ်ပြီး တစ်ညကျိန်းစက်ပြီး မိုးလင်းသည်နှင့် ခရီးဆက်ထွက်သည်။ ဆားဆိပ်ရောက်ပြီးနောက် ထုံးစံအတိုင်း တောတောင်ခရီးကြမ်းကို မနားတမ်းဖြတ်သန်းခဲ့ရာ ညနေ ၅ နာရီတွင် ကျောခေါ်တဲသို့ ရောက်သည်။ လာရောက်ကြိုနေနှင့်သော ချစ်လှမိုး၊ အမုမိုးတို့ စက်လှေဖြင့် ဆက်လိုက်ခဲ့ရာ သူးမွဲစခန်းသို့ မိုးအတော်ချုပ်မှ ရောက်ရှိတော့သည်။

ယခင် ခရီးထွက်ရာမှ ပြန်လာလျှင် ကြားနေကျ ပဌာန်းရွတ်ဖတ်သံကို မကြားရ။ လင်းနေကျ လျှပ်စစ်မီးရောင်လည်း မရှိ။ ဖယောင်းတိုင်လေးတစ်တိုင် နှစ်တိုင်ခန့်သာ လင်းလက်နေသည်။ တောင်ကုန်းပေါ်သို့ အမြန်တက်ခဲ့ပြီး ဦးစွာတွေ့သူအား မေးရသည်။

"ဟေ့. . . မင်းတို့ ပဌာန်းပိတ်လိုက်ပြီလား"

"မပိတ်ပါဘုရား"

"ဘာသံမှ မကြားရပါလား"

"မီးစက်ပျက်လို့ ဘက်ထရီမသွင်းရတာနဲ့ အသံချဲ့စက်မပါဘဲ ဗလာရွတ်နေတာပါဘုရား"

"ဘယ်နှစ်ရက်ရှိသွားပလဲ"

"အရှင်ဘုရား ကြွသွားတဲ့ ညကတည်းကပါဘုရား"

"ဘယ်လိုဖြစ်တာတုန်း"

"အဲဒီညက ဦးရွှေလုံးတို့ မိသားစု ရောက်လာတယ်။ ဒီမှာ ညအိပ်ပါတယ်ဘုရား။ လျှပ်စစ်မီးက သိပ်မလင်းတော့ စက်ရှိသေးသလား သူမေးတယ်။ ရှိသေးတယ်ပြောတော့ သူက သွားပြီး စက်သွားတင်လိုက်တာ အားလုံး ရှော့ဖြစ်ပြီး လောင်သွားတာပါဘုရား။ အဲဒါနဲ့ တပည့်တော်တို့လည်း အသံချဲ့စက်မပါဘဲ ခုလို ဗလာရွတ်နေတာပါဘုရား"

တပည့်များကို မြိုင်ကြီးငူဘုန်းတော်ကြီး သဘောကျသွားသည်။

တက်ကျိုးတော့ လက်ထိုးလှော်မည်ဆိုသည့် ဇွဲမျိုး အပြည့်ရှိသူများပါတကား ဟု ကြိတ်၍ ချီးကျူးမိသည်။

"ကဲကဲ. . . ဒါဆို မီးစက်သွားကြည့်ရမှာပေါ့"

မီးစက်ရှိရာသို့ သွားပြီး ဒိုင်နမိုကို ဖွင့်ကြည့်မိသည်။ မှန်၏။ ဒိုင်နမို တစ်ခုလုံး မည်းတူးချိပ်နေသည်။ ကွိုင်များ ကျွမ်းလောင်နေသည်။

တစ်ခုခုလုပ်မှ ဖြစ်တော့မည်။

ချက်ချင်း တောင်ခြေပြန်ဆင်း၊ လှေပေါ်အရောက်၌ ဧသာလယ်ထသို့ မောင်းခိုင်းသည်။ ရောက်လျှင် ဦးချစ်မောင်အား အကျိုးအကြောင်းပြောပြ၊ ဒိုင်နမိုတစ်လုံးယူပြီး အားချင်းပြန်လာခဲ့သည်။ ရောက်ရောက်ချင်း ဒိုင်နမိုထမ်းတင်၊ တပ်ဆင်ပြီး စက်မောင်း။ ဖွေးခနဲ လျှပ်စစ်မီးလင်းလာသည်။ အသံချဲ့စက်မှာ အေစီ၊ ဒီစီသုံး ဖြစ်သဖြင့် လျှပ်စစ်နှင့် ဆက်လိုက်သည်နှင့် ပဌာန်းရွတ်သံက တိတ်ဆိတ်ငြိမ်သက်နေသော အကာလသန်းခေါင်ယံကို ထိုးဖောက်၍ ကျယ်လောင်စွာ မြည်ဟည်းထွက်ပေါ်လာသည်။

နောက်တစ်နေ့နံနက်လင်းသည်နှင့် ပန်းပုဆရာ ဦးသောင်းဖေတို့ လူစု ခရီးကြမ်းလှမ်းခဲ့ရသော်လည်း အနားမယူတော့ဘဲ လုပ်ငန်းစတင်သည်။ ဘုရားပြီးစီးလုနေပြီ။ ထီးတော်တင်မည့်ရက်ကိုပင် သတ်မှတ်ထားပြီ။ ၁၃၅၁ ခုနှစ်၊ ဝါဆိုလဆန်း ၁၃ ရက်၊ စနေနေ့၊ နံနက် ၉ နာရီ။

ပန်းပုဆရာနှင့် ဘုရားတည်လုပ်သားများ ကြိုးစားလုပ်ဆောင်ကြရာ ငါးရက်အတွင်း ရုပ်တော်မူ ရုပ်ပွားတော်ငါးဆူ ပြီးခဲ့ပြီ။ ခုနစ်ရက်ပြည့် ထိုင်တော်မူ ရုပ်ပွားတော်ငါးဆူပါ စုစုပေါင်း ၁၀ ဆူ ဖြစ်သည်။

ထီးတော်မတင်မီ နှစ်ရက်အလိုတွင် ဦးကျောက်စိမ်းတို့မိသားစု ရောက်လာသည်။ ဇနီးဖြစ်သူ ဒေါ်မတင်က -

"အရှင်ဘုရား ထီးတော်တင်တဲ့အခါ တပည့်တော်မရဲ့ညီမ မသန်းဦးတို့အဖွဲ့က ဓမ္မစကြာရွတ်ဖတ်ပူဇော်ချင်တယ်လို့ လျှောက်ခိုင်းပါတယ် ဘုရား"

"သိပ်ကောင်းတာပေါ့။ ဝါဆိုလပြည့်နေ့ဆိုတာ ဘုရားရှင်တရားဦး ဓမ္မစကြာတရား ဟောတော်မူတဲ့နေ့ပဲ။ ခုထီးတော်တင်နဲ့ ဓမ္မစကြာဆိုတော့ ပိုပြီး လျော်ညီတာပေါ့။ ကောင်းတယ်၊ ကောင်းတယ်"

"လျှောက်ထားပါရစေဦးဘုရား"

"ပြော၊ ဘာလျှောက်ချင်တာလဲ"

"ဘုရားဘွဲ့တော်ကို ဘယ်လိုသတ်မှတ်တော်မူပါမလဲဘုရား"

"ကုစ္ဆာသယ ဖောင်တော်ဦးစေတီတော်လို့ သတ်မှတ်မယ်"

"ရှင်းပြပါဦးဘုရား"

"ဘုန်းကြီး ဒီမှာ ဘုရားတည်မယ်လို့သာ လာတာ၊ ငွေကြေးကအစ ဘာမှမပါခဲ့ဘူး။ ဒီရောက်တော့ ဟိုဟိုဒီဒီ အလှူခံပြီး တည်ခဲ့တာ။ ခုဆို ဘုရားလည်းပြီးပြီ။ သာသနာတော်အတွက် မရှိမဖြစ်တဲ့ သိမ်တော်ကော၊ နှစ်ထပ်ကျောင်းဆောင်ပါ ပြီးပြည့်စုံခဲ့ပြီ။ လိုအပ်တာတွေ ပြည့်ပြည့်စုံစုံရတာမို့ ကုစ္ဆာသယလို့ ဘွဲ့နာမံတော် သမုတ်တယ်"

"ဖောင်တော်ဦး ဆိုတာကကောဘုရား"

"ပထမအကြိမ် ဘုန်းကြီး သောလယ်ထဲက ပဌာန်းရွတ်ပြီး အပြန် ဒီမြစ်ဆုံဒေသမှာ ဖောင်တော်တန့်နားနေတဲ့အဖြစ်ကို သိကြပြီးပြီ မဟုတ်လား"

"မှန်ပါဘုရား"

"အဲဒီတုန်းက ဘုရားတည်ပေးမယ်လို့ နှုတ်ကတိပေးမှ ဖောင်တော်လွတ်ထွက်ခဲ့ရတာမို့ အမှတ်ထင်ထင် တွင်ကျန်ရစ်အောင် ဖောင်တော်ဦးလို့ ဆက်ထည့်လိုက်တယ်။ ဒီတော့ နှစ်ရပ်ပေါင်းရင် ကုစ္ဆာသယဖောင်တော်ဦးစေတီလို့ ဘွဲ့နာမံတော် ဖွဲ့ချည်းပေးတာပဲ ဒကာမကြီး"

"မှန်ပါ၊ သိမှတ်ရကြောင်းပါဘုရား"

ထို့နောက် ဦးကျောက်စိမ်းက ဝင်၍ လျှောက်ပြန်သည်။

"ဒီနေရာတွေမှာ အရင်က ဘုရားတွေ မရှိခဲ့ဖူးဘူး။ ခုဘုရားတည်ပြီးပြီ။ တည်ရခြင်းအကြောင်းကိုလည်း သိရပြီး တခြားရည်ရွယ်ချက်များကော ရှိပါသေးသလားဘုရား"

"ရှိပါပြီကော ဒကာဦးကျောက်စိမ်း"

"အမိန့်ရှိမှ သိရပါမယ်ဘုရား"

"ဗုဒ္ဓဝင်လာဖြစ်ရပ်ကိုပြောမယ်"

"မှန်ပါဘုရား"

"ဗုဒ္ဓဘုရားသခင်ရဲ့ ဆွေတော်မျိုးတော်တွေဖြစ်တဲ့ ကပိလဝတ်ပြည်နဲ့ ကောလိယပြည်အကြားမှာ ရောဟိနီဆိုတဲ့ မြစ်ငယ်တစ်ခုရှိတယ်။ နှစ်ပြည်ထောင်လုံးက ပြည်သူတွေဟာ ဒီမြစ်ကရေကိုပဲ အမှီပြုပြီး ထွန်ယက်စိုက်ပျိုး

ကြရတယ်။ တစ်နှစ်မှာ မိုးကာလက မိုးနည်းခဲ့လေတော့ နွေရာသီအရောက်မှာ ရောဟိနီမြစ်ဟာ နည်းနည်းလေးပဲ စီးဆင်းတော့တယ်။ နှစ်ပြည်သားတို့ဟာ ရေအတွက်နဲ့ တစ်ဦးနှင့်တစ်ဦး အချင်းများကြတယ်။ အဓိကရုဏ်း ကျယ်ပြန့်လာပြီး နှစ်ပြည်ထောင် စစ်မက်ဖြစ်တော့မယ့်ဆဲဆဲ ဘုရားသခင်က သိတော်မြင်တော်မူလို့ ကြွရောက်တော်မူလာပြီး ရန်မီးတွေ ငြိမ်းအေးစေတော်မူလိုက်တဲ့အတွက် -

၁။ ဖန္ဒနဇာတ်တော်၊

၂။ ဒုဒ္ဒုဘဇာတ်တော်၊

၃။ လဋုကိကဇာတ်တော်ကို ဟောတော်မူတယ်။ တစ်ဖန် ဆက်လက်ပြီး ညီညွတ်ခြင်းရဲ့အကျိုးကို ပြဖို့အတွက် -

၁။ ရုက္ခဓမ္မဇာတ်တော်၊

၂။ သမ္မောဒမာနဇာတ်တော်တွေကို ဟောကြားဆုံးမ ဖျန်ဖြေပြီး ငြိမ်းချမ်း ရေးတရား ဟောတော်မူခဲ့တယ်။ အားလုံး စစ်ပြေငြိမ်းသွားတယ်ပေါ့"

"မှန်ပါဘုရား"

"ခုမလဲ မငြိမ်းချမ်းသေးတဲ့၊ စစ်မက်ရေးရာများ ထူပြောနေတဲ့ ဒီနေရာဒေသတွေမှာ အေးချမ်းကြပါစေတော့ရယ်လို့ ဗုဒ္ဓမရှိတော့ပေမယ့် ဗုဒ္ဓကိုယ်စားတော်များဖြစ်တဲ့ ဓာတ်တော်မွေတော်ကို ဌာပနာပြီး ဘုရားတည်တာလည်း ဘုန်းကြီးရဲ့ ရည်ရွယ်ချက်တစ်ခုပေါ့ ဒကာ ကျောက်စိမ်း"

"မွန်မြတ်သော ရည်ရွယ်ချက်ပါဘုရား"

"ဘုရားရှင် ကိုယ်စားတော်ဖြစ်တဲ့ စေတီဘုရားလည်းရှိပြီ၊ ဘုရားရှင်သာသနာလည်း ပွင့်လင်းပြီ။ ဘုရားရှင်ရဲ့ အဆုံးအမ ဩဝါဒကို လိုက်နာကြမယ်ဆိုရင် ကပ္ပိလနဲ့ ကောလိယ နှစ်ပြည်ထောင်စလုံး အေးချမ်းသာယာသွားသလို ဒီနယ်မြေဟာလည်း အေးချမ်းသာယာသွားမှာပါပဲ"

"မှန်ပါဘုရား"

"အဲ. . . တစ်ခုတော့ရှိတယ်၊ အေးချမ်းသာယာဖို့အတွက် ဘုရားက အေးချမ်းစေသတည်းတော့ လုပ်လို့မရဘူးပေါ့။ ဘုရားက နည်းလမ်းညွှန်ပြပေးရုံသာ ညွှန်ပြတာဖြစ်တယ်။ ညွှန်ပြဆုံးမတဲ့နည်းလမ်းကို လိုက်နာကျင့်သုံးကြပါမှ အေးချမ်းသာယာကြမှာပေါ့"

"မှန်ပါတယ်ဘုရား"

"တို့ ဘုရားက အရာရာကို ကောင်းစေသတည်းလို့ မလုပ်ဘူး။ ကောင်းအောင်လုပ်ဖို့က ကိုယ့်တာဝန်သာဖြစ်တယ်။ ကိုယ်ကောင်းချင်ရင် ကိုယ်ကောင်းအောင်လုပ်။ ကိုယ့်ကိုယ်ကိုသာ ကိုယ်အားကိုးပါတဲ့။ (အတ္တာဟိ အတ္တနော နာထော)လို့ ဟောခဲ့တယ်။ ခုမလဲ ဘုရားကိုယ်စားတော်ရော၊ ဘုရားအဆုံးအမ သာသနာတော်ပါ တည်တံ့ခိုင်မြဲအောင် လုပ်ထားလိုက်ပြီ။ လိုက်နာကျင့်ကြံမယ်ဆိုရင် နှစ်ပြည်ထောင်သာမက တစ်ကမ္ဘာလုံးတောင် ငြိမ်းချမ်းသာယာလာမှာပါ"

"မှန်ပါဘုရား"

ဤသည်ကို ရည်စူး၍ -

၁၄။ ဖော်တော်မြတ်ဦး၊ မည်ထူးထွေလာ
ဘယ်ဟာဘယ်သင်း၊ အတင်းမေးလာ
ဖြေသာအထူး၊ မိန့်ကျူးလေတာ
မဂ္ဂင်မျူး ထွက်ဖူးပုံပမာ။

၁၅။ ကပ္ပိလနှင့်၊ ကောလိယပြည်
နှစ်ပြည့်မင်းများ၊ ချင်းပွားလေပြီ
ရှင်တော်ဗုဒ္ဓ၊ မြန်းကြွပြန်ဖြီ (ဖြေ)
နှစ်ပြည်ဘေး ငြိမ်းအေးအမှန်ရည်။

၁၆။ ဤနှင့်မခြား၊ အလားတူစွာ
မြန်စွာလွတ်ကင်း၊ ဘေးကင်းစင်ကွာ
သောင်းရင်းမြစ်ကမ်း၊ ဘေးမသမ်းစေရာ
ဖောင်တောင်ဦး အထူးတည်လေတာ။

ဟူ၍ မြို့ကြီးငူဘုန်းတော်ကြီးက မှတ်တမ်းတင် သီကုံးရေးစပ်ခဲ့လေသည်။

**********

ဝါဆိုလဆန်း ၁၂ ရက်နေ့တွင် အစစအရာရာ ကိစ္စခပ်သိမ်း ကုန်ဆုံးပြီး ပြေသဖြင့် ၁၃ ရက်၊ စနေနေ့နံနက် ၉ နာရီမှာ ဣစ္ဆာသယ ဖောင်တော်ဦးစေတီတော်အား ထီးတော်အထွတ်တင် ကပ်လှူပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့သည်။ ထီးတော်တင်ပြီးသည်နှင့် ကျောင်းစောင့်အဖြစ် ဦးကောဏ္ဍညနှင့် ရှင်အာဒိစ္စနှစ်ပါးကို ထားရစ်ကာ ဤရက်မတိုင်မီက ကြို့တင်

စိစဉ် ပြုလုပ်ထားစေသော ဝါးဖောင်ဖြင့် စုန်ဆင်းခဲ့လေသည်။

ဝါးဖောင်မှာ ဝါးပိုးဝါးအလုံး ၈၀ ကျော်ရှိသော နှစ်ထပ်ဝါးဖောင်ကြီး ဖြစ်သည်။ သို့သော် ပရိသတ် များလွန်းသဖြင့် အောက်ထပ်ဖောင်သည် ရေအောက်သို့ တစ်ထွာကျော်ကျော် နစ်မြုပ်လျက်ရှိသည်။

မိုးဦးကာလ တောင်ကျရေလည်း ကျဆင်းနေပြီမို့ ရေစီးကြမ်းစပြုနေပြီ။ အန္တရာယ်တော့လည်း အများသား။ မတတ်နိုင်ပြီ။ ဝါဆိုရက်က နီးလွန်းလှပြီ။ သည်အတိုင်းပင် အန္တရာယ်ကို ရင်ဝယ်ပိုက်၍ စုန်ဆင်းခဲ့ရတော့သည်။

ဖောင်တော်သည် ယခင်ဆင်းခဲ့သော ပုံစံအတိုင်း အန္တရာယ်အသွယ်သွယ်ကို ဖြတ်ကျော်၍ ည ၉ နာရီတွင် မြိုင်ကြီးငူဆိပ်ကမ်းသို့ ဆိုက်ကပ်ခဲ့လေတော့သည်။

ဤစွာသယဖောင်တော်ဦးစေတီတော်နှင့် ပတ်သက်၍ -

- ၁၃၅၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁ ရက်၊ သောကြာနေ့၌ ပဌာန်းရွတ်ဖတ် ပူဇော်ပွဲနှင့်အတူ အုတ်မြစ်တော်တင်ခဲ့သည်။
- ဘုရားတည်စဉ် မြေကျွံသဖြင့် သံကူကွန်ကရိ အထပ်ထပ်လောင်း၍ ပြုလုပ်တည်ထားခဲ့ရသည်။
- ဘုရားလုံးပတ်ဖော်မှာ ၈၈ တောင် ဖြစ်သည်။
- ဘုရားဉာဏ်တော်အမြင့်မှာ ၂၇ တောင် ဖြစ်သည်။
- စေတီတော်နှင့်ကပ်လျက် သာသနဝိသုဒ္ဓိသိမ်တော် တည်ရှိသည်။
- တစ်ဆက်တည်း ကပ်လျက်ပင် ၃၈ ပင် သွပ်မိုးနှစ်ထပ် ကျောင်းတစ်ဆောင်ကိုပါ ဆောက်ထားနိုင်ခဲ့သည်။
- ဘုရား၊ သိမ်၊ ကျောင်းတို့ တည်ရာဌာနမှာ သံလွင်မြစ်၊ သောင်းရင်းမြစ်တို့ ဆုံရာ သူ့းမွဲထစခန်းဖြစ်သည်။
- မြန်မာပြည်ဘက်ကမ်း တောင်ရိုးတောင်တန်း တောင်စွယ်တောင်နှာမောင်းပေါ်မှာ တည်ရှိသည်။
- ကုန်ကျငွေပေါင်းမှာ ထိုင်းဘတ်ငွေ ၃ သိန်း ၂ ထောင်ကျော် ဖြစ်သည်။

ဤသည်တို့အတွက် နောက်ဆုံးပိတ် မှတ်တမ်းကဗျာအဖြစ်

၁၇။ တစ်သုံးငါးတစ်၊ သက္ကရာဇ်ပါ
ဝါဆိုဆန်းတုန်း၊ ဆယ်သုံးရက်မှာ
နံ့စနေထီး၊ ရှုမငြီးနိုင်ပါ
စေတီအား တင်ထားပူဇော်တာ။

၁၈။ စေတီလုံးပတ်၊ မှတ်အပ်ဖို့ရာ
အတောင်ရှစ်ဆယ့်ရှစ်၊ မှတ်လစ်သေချာ
ဉာဏ်တော်အမြင့်၊ နှစ်ဆယ့်ခုနစ်ပါ
ဖောင်တော်ဦး တင့်ထူးကြည်ညိုစရာ။

၁၉။ စေတီအပါး၊ တည်ထားလေရာ
သိမ်တော်နှင့်ကျောင်း၊ ရုံးပေါင်းစည်းကာ
နောင်ရှည်မျှော်တွေး၊ တည်ရေးစိမ့်ငှာ
တည်ကာထား ဘုရားမြတ်သာသနာ။

၂၀။ သံလွင်သောင်းရင်း၊ မြစ်မင်းနှစ်မြွာ
ဆုံလာသုံးခွ၊ အထူးပကြည်သာ
ပြည်သူအေးဖို့၊ ရည်တွေးမြော်ကာ
ဆရာတော်ဘုရား တည်ထားခဲ့လေတာ။

ဟူ၍ နိဂုံးကမှတ် အဆုံးသတ် ရေးသားစပ်ဆိုတော်မူခဲ့လေသည်။

## သိမ်တော်အချို့ သမုတ်တည်ထားခဲ့ရာမှာ

မြစ်ဆုံဒေသ သူးမွဲထစခန်းမှာ ဣစ္ဆာသယဖောင်တော်ဦးစေတီနှင့် သိမ်ကျောင်းများကို တည်ထားခဲ့ပြီးနောက် ထီးတော်တင်၊ တရားနာ၊ ရေစက်ချ ပြီးသည်နှင့် မြိုင်ကြီးငူသို့ ဖောင်တော်ဖြင့် ဆင်းကြွလာခဲ့သည်။

ဝါဆိုလပြည့်ကျော် ၅ ရက်နေ့မှာ ဝါဆိုဝါကပ်ပြုပြီး စာဝါများကို စီစဉ်ပို့ချ သင်ကြားနေသည်။ စာဝါမှာ စာသင်တိုက်ကြီးများကဲ့သို့ ကျမ်းကြီး ကျမ်းခိုင်များကို ပို့ချရခြင်းမဟုတ်။ အခြေခံ ဗုဒ္ဓစာပေကိုသာ သင်ကြားပေးနေခြင်းဖြစ်သည်။ စာမေးပွဲ ဝင်ရောက်ဖြေဆိုရန်အတွက်လည်း မဟုတ်သဖြင့် နေနေနားနားပင် ပို့ချသင်ပြပေးနေခြင်း ဖြစ်သည်။

ရဟန်းသံဃာများသည် ဘုရားတည်စရာရှိလျှင် တည်ပြီး မရှိလျှင် စာပေသင်ကြားသည်။ ဤကား မြိုင်ကြီးငူ နန်းဦးဘေးမဲ့တောရကျောင်း၏ သာသနာရေးကိစ္စ ဆောင်ရွက်မှု အခြေအနေဖြစ်သည်။ အနေအထားအရ ဘုရားတည်၊ သာသနာပြုခြင်းကိုသာ ပဓာနပြုထားရသောကြောင့်ဖြစ်သည်။ ပေးအပ်လာသော အခြေအနေပေါ် မူတည်၍ ဂန္ထဓူရ၊ ဝိပဿနာ ဓူရနှစ်ဖြာ စလုံး စွမ်းဆောင်နိုင်အောင် ကြိုးပမ်းမည်ဟု မြိုင်ကြီးငူဘုန်းတော်ကြီး ကြံရွယ်ထားသည်။

ယခု မွေးရပ်ဌာနီဖြစ်သော နို့ထရွာ၏မြောက်ဘက် ထို့မင်္ဂလာတောင် ကုန်းမှာ ဘုရားတည်၊ သိမ်သမုတ်၍ ကျောင်းဆောက်ရန် ဖန်လာသည်။

၁၃၅၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်၊ ဗုဒ္ဓဟူးနေ့ နံနက် ၁၀ နာရီ။

နေ့ဆွမ်းချိန်နီးပြီဖြစ်သဖြင့် စာဝါနားကာ မြိုင်ကြီးငူဘုန်းတော်ကြီးနှင့် သံဃာတော်များ မြစ်ဆိပ်သို့ ရေချိုးဆင်းကြသည်။ မိုးတွင်းကာလ ဖြစ်သော်လည်း ထိုနေ့အဖို့ မိုးမရွာ။ မှိုင်းပျအုံ့ဆိုင်းလျက်သာရှိသည်။ သံလွင်မြစ်ရေသည် မိုးကာလမို့ ညစ်ထေးနောက်ကျုနေသည်။ ရေစီးထန်နေသည်။ တစ်နာရီ ၁၀ မိုင်နှုန်းခန့် စီးဆင်းနေသည်။ ရေအောက်မှာ ကျောက်တုံးကျောက်ဆောင်များ ရှိသည်မို့ ဝဲကတော့များ၊ ဗွက်ခုံးများက ထမင်းအိုးပွက်သည့်နှယ် ဖြစ်နေသည်။ ရေစီးသံ တရှဲရှဲ၊ ဝဲကတော့ ဗွက်ခုံးသံ တဟဲဟဲက မိုးဦးကျစမှသည် မိုးကာလကုန်ဆုံးသည်ထိ နေ့ညမပြတ် မြည်နေတတ်သည်။

မိုးဦးကျလေတိုင်းမှာ တောင်ရေလိမ့်ပလားဆိုမှဖြင့် ရေစီးကြောင်းမှာ အထက်မှ မျောပါလာသော ထင်းတုံးများ၊ ပျဉ်တိုပျဉ်စများ၊ တစ်ခါတစ်ရံ သစ်လုံးကြီးများဖြင့် မြစ်ပြင်တစ်ခုလုံး ပြန့်ကြဲနေတတ်သည်။ အမြစ်မှ ကျွတ်ပါလာသော ကျွန်းပင်ကြီးများပင် ပါလာတတ်သေးသည်။ ဤသည်တို့ကို မြစ်ကြောင်းဝဲယာရှိ ကျေးရွာများမှ လူအများက ထင်းအဖြစ် ဆယ်ယူလေ့ရှိကြသည်။ သူတို့အဖို့ ထင်းဆိုသည်မှာ မရှား။ မိုးကာလရောက်လေတိုင်း သဘာဝတရားက အိမ်တိုင်ရာရောက်နှင်နှင် ပို့ပေးသလို ရှိသည်။ ဝီရိယ အနည်းငယ်စိုက်လိုက်ရုံနှင့် ထင်းအတွက် ဖူလုံပြီးသား ဖြစ်သွားသည်။

ရဟန်းသံဃာများ ရေချိုးဆင်းချိန်တွင် ကမမောင်းမှ ဦးစိုးသိန်းသည် သူ၏ (၉/၁၀) ကောင် ယားမားစက်တပ် ဘောက်တူလှေဖြင့် ဒိုက်ကြောမှာ မျောပါလာသော ထင်းများ၊ ပျဉ်တိုပျဉ်စများကို မြိုင်ကြီးငူနှင့် တည့်တည့်လောက်ဆီမှာ လိုက်လံဆယ်ယူနေသည်။ ကမ်းနားသို့ နီးလာသည်တွင် မြိုင်ကြီးငူဘုန်းတော်ကြီးက -

"ဒကာဦးစိုးသိန်း၊ နက်ဖြန် စက်လှေအားသလား" မေးလိုက်သည်။

"မှန်ပါ၊ အားပါတယ်ဘုရား၊ အရှင်ဘုရား လုပ်စရာရှိပါသလား ဘုရား"

"ရှိတယ်၊ ထိုမင်္ဂလာကုန်းမှာ ဘုရားတည်ဖို့အတွက် နို့ထအင်းချောင်းဆီက အုတ်များကို နက်ဖြန်သယ်ယူချင်တယ်"

"မှန်ပါဘုရား၊ ရပါတယ်ဘုရား"

**********

၁၃၅၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်။

နံနက်ဆွမ်းဘုဉ်းပေးအပြီးမှာ ကမမောင်းရွာသို့ ဆွမ်းဆန်စိမ်းခံရန် ကူးခဲ့သည်။ ဤကား နိစ္စဗဒ်ဝတ်တစ်ခုဖြစ်သည်။ မြိုင်ကြီးငူသည် မြို့ရွာနှင့် မနီးလှ။ ၆၇ ပါးသော သံဃာတို့၏ ဆွမ်းရေးအတွက် အဆင်ပြေစေရန် ကမမောင်းရွာမှ ဒကာများက "လဆန်းလဆုတ် ၁၀ ရက်ရောက်တိုင်း ဆွမ်းဆန်စိမ်း အလှူခံရန် ကြွတော်မူပါဘုရား" ဟု လျှောက်ထားလျှက်ရှိသည်။ ယနေ့လည်းကြွခဲ့သည်။ ရဟန်းသာမဏေများချည်း ဖြစ်သည်။

ကျောင်းသားဟူ၍ မရှိချေ။ ကျောင်းသား ထားခဲ့ဖူးပါ၏။ တောတွင်းမှ လာရောက်ပြီး စစ်မှုထမ်းရန် လာလာခေါ် သွားသဖြင့် နောက်ပိုင်းမှာ ကျောင်းသားမထားတော့ပေ။ ဆွမ်းဆန်စိမ်းခံရာဝယ် ရပ်ရွာမှာ ဒကာများကပင် ယာယီကပ္ပိယကျောင်းသားအဖြစ် ဝေယျာဝစ္စများကို ဆောင်ရွက်လုပ်ကိုင်ပေးလေ့ရှိသည်။ ရလာသော ဆွမ်းဆန်တော်များကို မြိုင်ကြီးငူထံ လိုက်လံပို့ဆောင်ပေးကြသည်။

"ဆွမ်းဆန်စိမ်းအလှူခံပြီးလျှင် အရှင်ဘုရားနှင့်တကွ သံဃာတော်အားလုံး တပည့်တော်မအိမ်သို့ ဆွမ်းဘုဉ်းပေးရန် ကြွတော်မူပါဘုရား" ဟု လျှောက်ထားချက်အရ နေ့ဆွမ်းကို ဒေါ်ချစ်ကြည်အိမ်မှာ ဘုဉ်းပေးသည်။ ဆွမ်းအနုမောဒနာပြု၊ ရေစက်သွန်းချပြီး မြိုင်ကြီးငူသို့ ပြန်တက်ခဲ့သည်။ သံဃာအချို့နှင့် ဆန်အိတ်အချို့အဝက်ကို ချထားခဲ့သည်။ ကျန်သံဃာနှင့် ဆန်အိတ်အချို့ကို တင်ဆောင်ကာ ကော့ကရက်ကျွန်းကြီးကို ပတ်ပြီး မြစ်ကြောင်းကို ဆန်တက်သည်။ ယမန်နေ့က ပြောထားသော ဦးစိုးသိန်း စက်လှေပါ လိုက်လာသည်။

ယွန်းစလင်းမြစ်ငယ်ဝသို့ ရောက်လာသည်။ ယွန်းစလင်းမြစ်သည် အထက်ဖာပွန်မြို့ဘက်ဆီမှ စီးဆင်းလာသော မြစ်ချောင်း ဖြစ်သည်။ မိုးတွင်းကာလ မိုးကြီးလွန်း၍ တောင်ရေလိမ့်ပါမှ မြစ်ရေနောက်ကျူတတ်သည်။ ပုံမှန်ဆိုလျှင် မြစ်ရေသည် အမြဲလိုလို ကြည်လင်နေတတ်သည်။ မြစ်ဝ၏ တောင်ဘက်မှာ ကော့ကရက်ရွာ တည်ရှိသည်။ မြောက်ဘက်မှာ နို့ထရွာ (အင်းဝရွာ) တည်ရှိသည်။ သံလွင်မြစ်မနှင့် ယွန်းစလင်းမြစ်ဝတို့ ဆုံရာ မြစ်ဆုံဒေသမှာ တည်ထားသည်မို့ ရွာတည်နေပုံကိုက သာယာတင့်မော ရှုချင်စရာ ပေါလှပါဘိသည်။

နို့ထရွာဘက်ကမ်းမှာ ယွန်းစလင်းမြစ်ဝသို့ စီးဝင်နေသော အင်းချောင်းတစ်ခုရှိသည်။ ပုဇွန်မြောင်းအင်းချောင်းဖြစ်သည်။ လှေကို အင်းချောင်း

အတိုင်း မောင်းဝင်စေလိုက်သည်။ မြောင်းကူးတံတားအောက်မှ လျှိုဝင်ပြီးသည်နှင့် ရေလျှံပြည့်နေသော "ဖူးဝါးကွင်း" ရေပြင်ကျယ်ကြီးသို့ ရောက်သည်။ ထိုမင်္ဂလာတောင်ကုန်းခြေသို့တိုင် ရောက်လုနေသည်။

အင်းရေပြင်ကျယ်ကြီး၏ အရှေ့ဘက်ကမ်း ကုန်းအငူတွင် နွေရာသီတုန်းက ဖုတ်ထားသော အုတ်များ စုပုံနေသည်။ ဦးစိုးသိန်းစက်လှေကို အုတ်ပုံနားမှာ ရပ်စေပြီး သံဃာအချို့ကို အုတ်သယ်ရန် ချထားခဲ့သည်။ မြိုင်ကြီးငူဘုန်းတော်ကြီးသည် စီးလာသော စက်လှေကို ထိုမင်္ဂလာတောင်ခြေသို့ မောင်းစေသည်။ တောင်ခြေတစ်နေရာမှာ လှေပေါ်မှ ဆင်းပြီး တောင်ကုန်းပေါ်သို့ တက်သည်။ ထိုမင်္ဂလာတောင်ခြေအထက်နားတွင် "နတ်ရေကန်" ခေါ်သော လက်ယက်တွင်းသဏ္ဌာန်တွင်းငယ်တစ်ခုရှိသည်။

၎င်းတွင်းမှရေကို ခပ်လိုက်လျှင် လေးဂါလန်ဝင် တစ်ပုံးစာမျှသာ ရရှိသည်။ ခဏမျှ ရပ်နားလိုက်လျှင် ရေပြည့်လာပြန်သည်။ ထပ်ခပ်လျှင် ကုန်သွားသည်။ ခဏနေ ပြန်ပြည့်လာသည်။ ဤသို့ ထပ်တလဲလဲ ခပ်သော်လည်း ရေများမှာ ကုန်မသွား။ ထွက်နေမြဲ ပြည့်နေမြဲပင်။ ထူးဆန်းသေးသည်မှာ ဤမျှ အမြဲလိုလို စိမ့်ထွက်နေသော်လည်း တွင်းနှုတ်ခမ်းကို လျှံ၍ စီးဆင်းမသွားဘဲ တန့်နေခြင်းဖြစ်သည်။

၎င်းနတ်ရေတွင်းမှရေကို သောက်ကြည့်ရာမှာ အရသာတစ်မျိုး ထူးသည်။ အခြားရေများနှင့်မတူ။ မည်သို့သော အရသာမျိုးဟုလည်း စာဖြင့်ရေးသားဖော်ပြခြင်းငှာ မစွမ်းသာပါချေ။ သုံးရာသီစလုံး ရေအမြဲရှိသည်။ ခန်းလည်း မခန်းပါလေ။ ဤထူးဆန်းသော နတ်ရေတွင်းရှိရာသို့ ရွာသူရွာသားများ အရောက်အပေါက် နည်းလှသည်။ တောကြမ်းပြီး ခြောက်လှန့်တတ်လေ့ ရှိသောကြောင့် အသွားအလာဟူ၍ မရှိသလောက်ပင်။

မြိုင်ကြီးငူဘုန်းတော်ကြီးသည် တောင်ကုန်းထိပ်သို့ ရောက်လျှင် ဘုရား၊ သိမ်၊ ကျောင်းများ တည်ထားဆောက်လုပ်သင့်သောနေရာများကို လေ့လာကြည့်ရှု မှတ်သားသည်။ လေ့လာကြည့်ရှုဆိုသော်လည်း အထူးတော့မဟုတ်။ ယခင်ကတည်းက အာရုံဝယ် ပေါ်ပြီးသားဖြစ်သည်။ ပေါ်ထားသည့်အတိုင်း ဟုတ်မဟုတ် လေ့လာရုံသာဖြစ်သည်။

သဘာဝလွန်သဘောတရားကို ဆန်းသည်ဟု ဆိုကြသည်။ မြိုင်ကြီးငူဘုန်းတော်ကြီးအဖို့ ရုပ်မဲ့အသံများကိုလည်း ကြားဖူးခဲ့ရပြီ။ ထင်လာသောအာရုံအတိုင်း အပြင်မှာ မှန်နေသည်ကိုလည်း ကြုံဖူးခဲ့ရပြီ။ ဘာတွေလဲဟူ၍တော့ သရုပ်မခွဲတတ်။ မိမိ တရားကျင့်ကြံခဲ့သည်မှာ မှန်၏။ ဤမည် ထိုမည်

သော အာရုံတွေများ ပေါ်လာစေရန်ကား စိုးစဉ်းမျှ မမျှော်မှန်းခဲ့။ ဆန္ဒလည်း မရှိ။

ဤသို့သောအရာများသည် ဥတ္တရိမနုဿဓမ္မ မဟုတ်ကြောင်းတော့ သိသည်။ မဟုတ်သည့်ပြင် ဝိပဿနုပက္ကိလေသ (ဝိပဿနာညစ်ညူးကြောင်းတရား) သာ ဖြစ်သည်ဟူ၍လည်း သင်ထားဖူးသော ပရိယတ်စာပေအရ သိရှိနားလည်ထားသည်။ မဂ်ရနိုင်ရာမှာ အဟန့်အတားတွေသာဖြစ်ကြောင်းကိုလည်း နားလည်ထားပြီး ဖြစ်သည်။

သို့သော် ပေါ်လာသောအာရုံအတိုင်း လိုက်၍ ပြုလုပ်နေမိသည်။ ဘုရားတည်သည်၊ သိမ်သမုတ်သည်၊ ကျောင်းဆောက်သည်။ မငြိမ်းချမ်းသေးသော ဆူပူနေသည့် မိမိတို့ ကရင်ပြည်နယ်ကြီး အေးချမ်းမည်ဆိုလျှင် "အေးချမ်းပါစေတော့၊ ငြိမ်းချမ်းပါစေတော့" ဟူ၍ ဒေသခံ တိုင်းရင်းအမျိုးသားများအပေါ် မေတ္တာကရုဏာထား၍ ပြုလုပ်နေခြင်း ဖြစ်သည်။

နေရာထိုင်ခင်း ကြည့်ရှုပြီးလျှင် တောင်ခြေသို့ ပြန်ဆင်းလာသည်။ ဦးစိုးသိန်းလှေလည်း တောင်ခြေမှာ ရောက်နေပြီ။ အုတ်များကို သံဃာများ ကပင် ထမ်း၍ တောင်ကုန်းပေါ်သို့ သယ်ယူကြသည်။ မြိုင်ကြီးငူဘုန်းတော်ကြီးသည်လည်း တပည့်သံဃာများနှင့်အတူ သယ်ယူသည်။ ညနေစောင်းလောက်မှာ မြိုင်ကြီးငူသို့ ပြန်လာခဲ့ကြသည်။

နောက်တစ်နေ့နံနက်တွင် သံဃာတော် ၅၃ ပါးနှင့်အတူ ဝါပန်၍ မြိုင်ကြီးငူမှ ထွက်ခဲ့သည်။ ယနေ့ ဘုရားကို အုတ်မြစ်ချမည်။

ဝါဆိုလပြည့်ကျော် ၁၁ ရက်၊ သောကြာနေ့။

မိုးကား သည်းသည်းမဲမဲ ရွာနေသည်။ တစ်ခါတစ်ရံ လေပါတိုက်သေးသည်။ မိုးထဲလေထဲမှာပင် ယာယီတဲတစ်လုံးထိုးသည်။ ပြီးလောက်ချိန်မှာ လုပ်ငန်းစတင်သည်။

နံနက် ၉း၀၀ နာရီ။

အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို စတင်သည်။ မဟာပဋ္ဌာန်းအသံတော် စတင်သည်နှင့် လျာထားသတ်မှတ်ထားသောနေရာမှာ ပန္နက်ချ၍ မြေကျင်းတူးသည်။ ပဋ္ဌာန်းဒေသနာ ရွတ်ဖတ်ပူဇော်သံသည် အသံချဲ့စက်မှတစ်ဆင့် ထီမဂ်လာတောင်ကုန်းတစ်ဝိုက်ကို ပဲ့တင်ထပ်လွှမ်းမိုးနေသည်။ မိုးထန်နေသည်။ လေထန်နေသည်။ သို့သော် မဟာပဋ္ဌာန်းအသံကား မိုးယံသို့တိုင် ဝံပျံနေသည်။

ဘုရားတည်လုပ်သားတို့မှာ မိုးထဲလေထဲ ရေထဲမှာပင် အုတ်မြစ်ချရန် မြေကျင်းပန္နက်တူးခြင်း၊ တောင်ခြေမှ အုတ်များကို သယ်ယူခြင်း စသည်ကို ပြုလုပ်နေကြသည်။ မြိုင်ကြီးငူဘုန်းတော်ကြီးမှာလည်း ယာယီတဲထဲတွင် အမြိုက်သား ထိုင်မနေ။ ကဒူး (ပက္ကလာ) ဆောင်း၍ လိုက်လံ ညွှန်ကြားနေသည်။ သံဃာများမှာ ပလတ်စတစ်မိုးကာစများကို ခြုံထားသည်မှန်သော်လည်း လေထန်နေသော မိုးရေကြားဝယ် ရွှဲရွှဲစိုနေကြသည်။ ချမ်းသလိုတော့ အရှိသား။ သို့သော် တရစပ် လှုပ်ရှားနေသည်မို့ သွေးပူကာ အချမ်းဒဏ်ကို ခံသာသလိုတော့ရှိသည်။

ပန္နက်အခြေ မြေကျင်းတူးပြီးသည်နှင့်အုတ်မြစ်ချသည်။ မိုးထဲ လေထဲ ရေထဲမှာပင် အလုပ်ဖြစ်အောင်လုပ်သည်။ တစ်နေ့လုံးလိုလို လုပ်ခဲ့ကြပြီး ညနေမိုးစုပ်စုပ်ချုပ်ကာမှ ရပ်နားကြလေသည်။

နောက်နေ့မိုးလင်းသည်နှင့် ဆွမ်းဘုဉ်းပေးအပြီးမှာ လုပ်ငန်းစတင်သည်။ ထိုစဉ် ဒကာတစ်ဦး ရောက်လာပြီး "အရှင်ဘုရား၊ နက်ဖြန် ၁၃ ရက်နေ့မှာ ကမမောင်း ဗျူဟာမှူး ဦးစိုးဝင်းမောင်မှ သံဃာငါးပါး ဆွမ်းပင့်ခိုင်းပါတယ် ဘုရား။ ဆရာတော်ကိုယ်တိုင် ကြွတော်မူပါဘုရား" ဟု လျှောက်သည်။ ဘာမှတော့ ပြန်မပြောမိ။ ခပ်မဆိတ်နေလိုက်သည်။ မြိုင်ကြီးငူဘုန်းတော်ကြီးသည် လုပ်သင့်လုပ်ထိုက်သည်များကို အသေးစိတ် ပြောဆိုမှာကြားသည်။ ပြီးပြည့်စုံလောက်သည်တွင် တပည့် ဦးဝရဇာကို ခေါ်ကာ ဦးစိုးသိန်းစက်လှေဖြင့် ထွက်လာခဲ့သည်။ လှေမောင်းသူမှာ ဦးစိုးသိန်း မဟုတ်။ အဝေး ဆိုသူဖြစ်သည်။ အင်းချောင်းအတိုင်း မောင်းလာပြီး မြစ်ဝမှတစ်ဆင့် ယွန်းစလင်းမြစ်ညာသို့ ဆန်တက်ခဲ့သည်။ နို့ထ၊ လွှစင်၊ ထီးလားဘဲ့၊ သေနတ်လဲ၊ ကျောက်မြွေ၊ ဟတ်သုံးတိပ်ကျော်ရွာတို့ကို ကျော်ခဲ့ပြီး ဇာကော့လုံကွေ့သို့ ရောက်ရှိသည်။ သီလာမြိုင်ကျောင်းမှာ နေ့ဆွမ်းဘုဉ်းပေးသည်။

ဆွမ်းဘုဉ်းပေးအပြီး ရွတ်မြဲ မဟာသိပဋ္ဌာန်ကို တိုတိုကျဉ်းကျဉ်း ရွတ်ဆိုပူဇော်ကာ ခရီးဆက်ပြန်သည်။

မိုးထန်နေသည်။ လေထန်နေသည်။ လှေလည်း မြစ်ရေကို ဆန်နေသည်။ ဝါဆိုဝါခေါင် ရေဖောင်ဖောင် စာဆိုနှင့်အညီ ချောင်းလုံးပြည့်မျှ ရေတိုးနေသည်။ အထက်ဆီမှာ မိုးရွာလျှင် တောင်လဲ အောင် ရေများ ပြည့်လျှံနေတတ်သည်။ ကမ်းဘေးဝဲယာရှိ မိုးမခပင်ငယ်များသည် ရေစီးအရှိန်ဝယ် ပြန်၍ မဝော်နိုင်လောက်အောင် ရေစီးအတွင်း ဝပ်စင်းနေရရှာသည်။ အပင်ကြီးများမှာတော့ ရေစီးအဟုန်ကြောင့် နတ်ဝင်သည့်ပမာ ဆတ်ဆတ်တုန်ခါနေသည်။

ရှမ်းသောင်၊ ဝဲကြီး၊ မဲကုလား၊ ဟတ်လိမ်၊ မြင်းတစ်ပြေးလေး၊ ဝပ်သို့ကလား၊ ဟတ်ကြီးချောင်းဝ၊ မိုလို့ပါး၊ တရိထ၊ နို့ခဲထ၊ ရွှေဖလားကျကမ်းနား၊ ဘောကြိုထရွာများကို ကျော်လွှန်ခဲ့သည်။ ကတိုင်ထိစခန်းသို့ ရောက်လျှင် လှေဆိုက်ကပ်၍ "အထက်သို့ ကိစ္စရှိ၍ တက်မည်ဖြစ်ကြောင်း" အသိပေး အကြောင်းကြားရသည်။ အချိန်ကား မနည်းတော့ပြီ။ မိုးရွာနေပေလို့။ နေများသာ ပွင့်နေခဲ့လျှင် အတော်ကြီးကို စောင်းနေလောက်ပြီ။ ခွင့်ပြုချက်ရသည်နှင့် ရေစီးသန်သော ရေဆန်အတိုင်း ဆက်၍ ဆန်တက်ခဲ့သည်။

တောင်သူယာ၊ ဘူးဝါးကွီး၊ ဖာလုံရွာကြီးသို့ ရောက်သည်။ ကမ်းနားရှိ ဦးကြိုင်အိမ်မှာ လှေဆိုက်ကပ်သည်။ မိုးချုပ်နေပြီမို့ ထိုအိမ်မှာပင် တည်းခို ကျိန်းစက်ရသည်။

နံနက်ဆွမ်းကိစ္စအပြီးမှာ ခရီးဆက်ပြန်သည်။ ဒေါမွဲ၊ ပိန်းချောင်း၊ ဆင်စွယ်၊ ခွေးသေး စသဖြင့် ဆက်တိုက် ဆန်တက်ခဲ့သည်။ အထက်သို့ ရောက်လေ မြစ်ကြောင်းကျဉ်းလေ၊ ရေစီးသန်လေ ဖြစ်သည်။ မိုးထန်၊ လေထန်၊ ရေဆန်မှာ သည်လှေတစ်စီးတည်းမို့ ပျင်းရိငြီးငွေ့ဖွယ်ကောင်းသလို ရှိလာသည်။ လှေဝမ်းထဲမှ ထိုင်နေရသည်မှာ ကြာခဲ့ပြီမို့ လှေပေါင်းမိုးပေါ် တက်ခဲ့သည်။

မိုးရွာနေသည်မို့ ကဒူးဆောင်းထားရသည်။ တရွေ့ရွေ့ ဆန်တက်နေသော လှေပေါင်းမိုးပေါ်မှာ ခေါက်တုံ့ခေါက်ပြန် စင်္ကြံလျှောက်၍ သတိပဋ္ဌာန်ရှုမှတ်သည်။ ဟုတ်သလိုတော့ ရှိလာသည်။ ငြီးငွေ့ဖွယ်ကောင်းသည်ကို ကျော်လွှားနိုင်ခဲ့သည်။ မေ့ထားနိုင်ခဲ့သည်။ ခရီးကား မဆုံးသေး။ စက်အား ရှိသမျှ ရေစီးကို အန်တုလျက် ခရီးတွင်အောင် နှင်နေသည်။

ယွန်းစလင်းချောင်းက အထက်ဘက်သို့ ဆန်တက်နေခြင်းဖြစ်သည်။ မြိုင်ကြီးငူဘုန်းတော်ကြီးအဖို့ ပထမဦးဆုံးအကြိမ် ဖြစ်သည်။ ဖာပွန်မြို့နယ်ရှိ နို့ထရွာသားဟု ဖွားရာဇာတိဖြစ်သော်လည်း ငယ်စဉ်တောင်ကျေးကလေး အရွယ် ဆယ်ကျော်သက်ကတည်းက ဇာတိရွာမှ ထွက်ခွာခဲ့သည်။ မော်လမြိုင်၊ သထုံ၊ မုဒုံမြို့များမှာ နေထိုင်ကြီးပြင်းလာခဲ့ရသည်။

မြို့များမှာရှိစဉ် "ဘယ်မှာနေသလဲ" ဟု အများတကာတွေ မေးမြန်းစဉ်မှာ ကမမောင်းဟုသာ ဖြေကြားခဲ့ရသည်။ သူတို့တစ်တွေမှာလည်း ကမမောင်းဟူသည်ကိုပင်ကြားဖူးဟန်မတူ။ "ကမမောင်းဟာ ဘယ်မြို့နဲ့နီးသလဲ" ထပ်ဆင့်မေးလာပြန်သည်။ "ဖာပွန်မြို့နဲ့ နီးပါတယ်" ဟု ရမ်းကျိတ်၍ အဖြေ ပေးခဲ့ရသည်။

ပေးသာပေးခဲ့ရသည်။ ဖာပွန်မြို့ဆိုသည်ကို နားကြားသာရှိခဲ့သည်။ ရောက်ဖို့ဆိုသည်ကား အတွေးမှာသော်မှ မရှိဖူးလေခဲ့။ ခရီးတာကလည်း ဝေးကွာလှသည်။ ကမမောင်းနှင့်ဆို မိုင် ၅၀ ကျော် ဝေးသည်ဟုလည်း ဆိုကြပြန်သည်။ သွားစရာအကြောင်းလည်း မရှိခဲ့။ ရှိပြန်သော်လည်း သွားရေးလာရေးက မလွယ်။ လမ်းပန်းဆက်သွယ်ရေး ခက်ခဲ့သည်။ ပြီးပြန်တော့ လမ်းကြောတစ်လျှောက် တောတွင်းစခန်းများကအထပ်ထပ်။ သည်တော့ သည်ဖာပွန်မြို့ဆီသို့ ဆယ်ကျော်သက်အရွယ် ကိုရင်လေး ရှင်သောဘိတ (ထိုစဉ်က ဘွဲ့အမည်)အနေဖြင့် မည်သို့ ရောက်နိုင်ပါမည်နည်း။ ရောက်ဖူးပါလေမည်နည်း။

ယခု မရောက်ခဲ့ဖူးသော မိမိ၏ မြို့နယ်ဆိုသော ဖာပွန်မြို့သို့ ရောက်ဖြစ်တော့မည်။

ယခုပင် ခရီးတစ်ဝက် ကျိုးခဲ့ပြီလားမသိ။ မရောက်ခဲ့ဖူးသည်မို့ မှန်းမတတ်။ ရေစီးသန်လွန်းလှသော ထိုဒိုထဟတ်၊ ဆိုင်ကယ်ကွေ့ဟတ်ကိုပင် ကျော်လွန်ခဲ့ပြီ။ မြစ်တစ်ပြေးဟတ်သို့ ရောက်လာသည်။ ရေစီးမှာ စောစောကထက် အဆများစွာ ပိုသန်လာသည် ထင်ရသည်။ မြစ်ရေများ ဝါးလုံးထိုးစီးဆင်းနေသည်။ မြင်းတစ်ပြေး ဆိုသည့်အတိုင်း မြင်းပြေးတမျှ မြန်လှသည်။ စက်လှေသည်ပင် စက်ကုန်မောင်းသော်လည်း တရွေ့ရွေ့နှင့်သာ ဆန်တက်နေရသည်။

မိုးကားမစဲ။ သည်းသည်းမဲမဲ ရွာနေလျက်ပင်။ ပျဉ်းမ၊ ဖားအိကောင်း၊ စိုင်တမော့၊ ဟတ်ကျော်တို့ကို လွန်၍ နို့လော်ချူး မည်သော ခရစ်ယာန်ရွာငယ်ကို ကျော်ဖြတ်ကာ ကူးဆိပ်စခန်းသို့ ရောက်သည်။ ကမ်းပေါ်တက်၍ ခေတ္တနားသည်။ လှေပေါ်ပြန်အဆင်းတွင် ဒကာတင်အောင် ဆိုသူက လမ်းပြအဖြစ်လိုက်ပါလာသည်။ ဟုတ်သည်၊ ရေစီးက သန်သည်။ ရေကြောင်းက ကျဉ်းသည်။ မတော် ကျောက်ဆောင်နှင့် တိုက်မိမှဖြင့် မခက်ပါလော။

ခရီးဆက်ခဲ့ရာ ငါးအိမ်စုရွာကို ကျော်၍ တံခွန်တိုင်ရွာအရောက်တွင် ကမ်းပေါ်မှ တပ်က လှမ်းခေါ်သဖြင့် လှေဆိုက်ကပ်ပေးရသည်။ လက်မှတ်ပြနိုင်သဖြင့် ဆက်ထွက်ခွင့်ရခဲ့သည်။ သို့ဖြင့် ညနေ ၅ နာရီခန့်တွင် ဖာပွန်မြို့သို့ ဆိုက်ကပ်မိတော့သည်။ ဆိပ်ကမ်းမသိ၍ ဆက်မောင်းကာ ကုက္ကိုပင်ကြီးတစ်ပင်အောင်မှာ ဆိုက်ကပ်လိုက်သည်။

ကဒူးကြီးဆောင်း၍ ကမ်းပေါ်တက်လိုက်သည်။ မရှေးမနှောင်းပင် ရဲမှူးကြီးဆိုသူ ရောက်လာသည်။ [illegible]ပိုက် စစ်ဆေးမေးမြန်း ရေးမှတ်

သည်။ ပြီးတော့ မြို့တွင်းသို့ ဆက်လျှောက်သည်။

ဖာပွန်မြို့သည် ထင်သလောက်မကြီး။ ခမ်းနားထည်ဝါခြင်းလည်း မရှိ။ မြို့ငယ်လေးမျှသာ ဖြစ်သည်။ ကမမောင်းလောက်ပင် မရှိဟု ထင်သည်။ မိုးရွာထဲ ကဒူးဆောင်းလျက် ဈေးဆိုင်တန်းများကို ကျော်ဖြတ် လျှောက်လှမ်းခဲ့သည်။ ရွှေကျောင်းသို့ ရောက်လျှင် ကျောင်းအောက်မှာ ကဒူးကို ချထားပြီး ကျောင်းပေါ်တက်၍ ဘုရားဝတ်ပြုသည်။

ဘုရားဝတ်ပြုအပြီးမှာ ကပ်လာသော ရေနွေးဓာတ်ဘူးကို ယူ၍ ငုံ့ရုံသာ ရှိသေးသည်။ ရဲအုပ်အရာရှိဆိုသူ ရောက်လာသည်။ စစ်စစ်ပေါက်ပေါက် မေးမြန်းသည်။ ရေးမှတ်သည်။ တအောင့်တနားနေပြီး ယခင်မေးခွန်းကိုပင် ပြန်မေးပြန်သည်။ ဤလိုနှင့် တစ်ထိုင်တည်းမှာပင် သုံးကြိမ်တိုင် မေးမြန်း စစ်ဆေးသည်။ မြိုင်ကြီးငူဘုန်းတော်ကြီး စိတ်မရှည်ချင်တော့။

"ဒကာကြီးတို့ ဖာပွန်မြို့ဟာ တယ်လဲအစစ်အဆေး အမေးအမြန်း ထူရန်ကော" ဟု ဆိုမိတော့သည်။ သည်တော့မှ စစ်ဆေးမေးမြန်းခြင်း ရပ်ဆိုင်းသွားသည်။ ခဏအကြာမှာ တပ်ရင်းမှူး ရောက်လာသည်။

"အရှင်ဘုရား၊ အကူအညီလိုအပ်ပါက အမိန့်ရှိပါဘုရား။ တပည့်တော် အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးပါ့မယ် ဘုရား"

"အကူအညီတစ်ခုတော့ လိုတယ် ဒကာကြီး၊ နက်ဖြန်နံနက် ဆွမ်းဘုဉ်းပေးကြွဖို့ ကမမောင်းက ဗိုလ်ကြီးစိုးဝင်းမောင်က ပင့်ထားတယ်၊ မိုးမင်း ဖာပွန်ရောက်နေပြီ။ ပြန်ရောက်နိုင်မှာ မဟုတ်ကြောင်း အကြောင်းကြားပေးပါ"

"မှန်ပါဘုရား၊ ကြားလိုက်ပါမယ်ဘုရား"

**********

နောက်နေ့ နံနက်ဆွမ်းဘုဉ်းအပြီးမှာ ဗိုလ်မှူးဘသိန်းက ခေါ်ယူ စစ်ဆေး မေးမြန်းပြန်သည်။

"အရှင်ဘုရားတို့ လမ်းမှာ ငပွေးတွေနဲ့ မတိုးဘူးလားဘုရား"

"တိုးသားပဲ"

"သူတို့ မခေါ်ဘူးလားဘုရား"

"ဟင့်အင်း. . . မခေါ်ဘူး"

"အရှင်ဘုရားတို့ ဘယ်တော့ ပြန်မှာလဲဘုရား"

"ကိစ္စပြီးတာနဲ့ ပြန်မယ်"

"အရှင်ဘုရားတို့ပြန်ရင် လက်မှတ်လုပ်ပြီးမှ ပြန်ပါဘုရား"

"အေး. . . အေး"

လက်မှတ်လုပ်ပြီး ဖာပွန်မြို့မှ ပြန်ဆင်းလာခဲ့သည်။ ဖာလုံကြီး အရောက်မှာ ဦးကြိုင်အိမ်တွင် ညအိပ်တည်းခိုရသည်။ ထိုအခိုက်မှာပင် -

"ဒကာကြီး ဦးကြိုင်"

"အမိန့်ရှိပါဘုရား"

"သစ်များ တိုက်ထားတာ မရှိဘူးလား"

"ရှိပါတယ်ဘုရား၊ ဖာလုံကြီးဇရပ်ဆောက်ဖို့ တိုက်ထားတာတွေ ရှိပါတယ်ဘုရား"

"ဇရပ်အတွက် နောက်ထပ်ပြီး တိုက်ယူပါ။ ထိုမင်္ဂလာကျောင်း ဆောက်ဖို့အတွက် သစ်လာတက်ရှာရင်း ဖာပွန်ရောက်သွားတယ်။ ဖာပွန်က ဦးမြင့်သိန်းသစ်စက်မှာတော့ တိုက်ပြီးသား ပျဉ်းကတိုးများ ဆိုက်စုံကို တစ်တန် ၂၅၀၀ ကျပ်နဲ့ ပေးတယ်"

"မှန်ပါဘုရား"

"လှေကြီး၊ ချောင်းကကျဉ်းတော့ ယူလာမရဲဘူး၊ အလေးချိန် အပြည့်နဲ့ဆိုတော့ အထိန်းရခက်တယ်"

"တပည့်တော် တိုက်ထားတဲ့သစ်များကို အလိုရှိရင် တပည့်တော် လှူပါ့မယ်ဘုရား"

"အေးအေး. . . လှူလည်းလှူ ရောင်းလည်းရောင်းပေါ့"

ပြောဆိုအပြီးမှာ မိမိဆင်များဖြင့် သစ်များကို ကမ်းနားသို့ ဆွဲချပေးသည်။ လှေပေါ်သို့ပင် တင်ပေးသည်။ အားလုံး တိုက်သားသစ် ၄ တန်ကျော် ခန့်ရှိမည်။

သစ်များ တင်ပြီးသောအခါ လှေမောင်း အဝေးက ပါသွားသော ဝတ္ထုငွေများကို ဦးကြိုင်လက်သို့ အပ်လိုက်သည်။

"ဒကာကြီး၊ အဲဒီဝတ္ထုတွေကို ရေတွက်ကြည့်၊ လိုတာကို မှတ်ထား၊ လူကြုံနဲ့ ပြန်ပို့လာပေးမယ်"

ရေတွက်ကြည့်ရာ အားလုံး ၈၀၀၀ မျှသာ ရှိသည်။

"ရပါတယ်ဘုရား၊ ကျန်တာအားလုံး တပည့်တော်စိုက်လှူပါ့မယ် ဘုရား"

ဦးကြိုင်တို့ မိသားစုသည် အနေဝေးသော်လည်း တစ်ခါတစ်ရံ မြို့ကြီးငူသို့ ရောက်ရောက်လာတတ်သည်။ ဘုန်းတော်ကြီးအားလည်း ခင်မင်လေးစားကြည်ညိုရင်းစွဲရှိသူများ ဖြစ်သည်။ သွားလမ်းလာလမ်း ကြုံပါလျှင် ကြွဖြစ်အောင် ကြွခဲ့ပါဘုရားဟုလည်း ဖိတ်မန်ထားကြသည်။ ခရီးမကြုံသဖြင့် မရောက်ဖြစ်ခဲ့။ ယခုကြုံ၍ ရောက်ခဲ့ပြီ။ မိသားစုအားလုံး ဝမ်းသာရွှင်ပျ ကြည်ညိုလှစွာဖြင့် ဘုန်းတော်ကြီး၏ ဆန္ဒကို လိုလိုလားလား ဖြည့်စွမ်းကြသည်။

"တပည့်တော်တို့ တတ်နိုင်သရွေ့ လှူဒါန်းသော သစ်များနဲ့ လှူဖွယ်ဝတ္ထုအစုစုတို့အတွက် ရေစက်သွန်းချပေးတော်မူပါဘုရား" ဟု ဆိုကာ -

ဆန် ၁ အိတ်၊

ကြံသကာ ၁၀ ပိဿာ၊

ပျားရည် ၄ ပုလင်း၊

ဝတ္ထုငွေ ၁၅၀၀ ကျပ်တို့ကို လှူဒါန်းပြန်သည်။ အနုမောဒနာပြု ရေစက်သွန်းချ ပေးပြီး ဖာလုံကြီးမှ ခရီးထွက်ခဲ့သည်။

အဆင်းလည်းဖြစ်၊ ရေစီးကလည်းသန်၊ စက်ကပါ မောင်းထားပြန်သဖြင့် ဝန်သာမပါခဲ့လျှင် လှေမှာ ရိပ်ခနဲ ရိပ်ခနဲ နေအောင် မြန်ဆန်လှပေမည်။ ယခုသော် သစ်ဝန်အပြည့်တင်ထားသဖြင့် ထိုမျှ မမြန်သော်လည်း အတက်ဟုန်းကထက်တော့ အသွားနှုန်း ကောင်းသေးသည်။

ရေစီးအသန် လှေအမြန်မှာ ဝန်တန်ချိန်အပြည့်ဖြင့် ဆင်းလာရကား သွားနှုန်းအရှိန်ကား မသေးလှ။ မတော်လို့များ ရေအောက် ကျောက်ဆောင်တစ်ခုခုနှင့် တိုက်မိမှဖြင့်ဟူသော အတွေးဖြင့် ပူပန်မိသေးသည်။ သို့သော်. . .

"အိုလေ. . ငါ့ကိုယ်ရေးအတွက် ဆောင်ရွက်ခြင်းမဟုတ်၊ သာသနာရေးအတွက် ဆောင်ကြဉ်းခြင်းသာဖြစ်တာမို့ မဖွယ်မရာတာ ဘာတစ်ခုမှ မဖြစ်တန်ရာ" ဟု မဝ့်မရဲဖြစ်မိသေးသည်။

စိုးတထိတ်ထိတ်ဖြင့် ဆင်းလာခဲ့သည်။ ကတိုင်ထိစခန်းအရောက်မှာ လှေဆိုက်ပြီး လက်မှတ်ပြ အကြောင်းကြားသည်။ ဆက်၍ ဆင်းလာခဲ့ရာ ညနေ ၅ နာရီတွင် ထိုမင်္ဂလာတောင်ကုန်းချေရင်းသို့ လှေဆိုက်မိလေသည်။

လှေဆိုက်ကပ်သည်နှင့် သံယာများအားလုံး တက်ညီလက်ညီဖြင့် သစ်များကို လှေပေါ်မှချကာ ကုန်းပေါ်စုပုံထားလိုက်ကြသည်။ ယနေ့ အချိန်နည်းနေပြီ။ မိုးလင်းကာမှ တောင်ကုန်းပေါ်သို့ ထမ်းတင်ကြရတော့မည်။

**********

ဝါခေါင်လဆန်း ၉ ရက်နေ့မှာ ထိုမဂ်လာကျောင်းတိုင် ထူသည်။ ဦးဖားခလေးခေါ် ကိုရင်ကြီး ရှင်ပညာသုခ က ဦးစီးလက်သမားဆရာအဖြစ် တာဝန်ယူသည်။ လူဝတ်နှင့် ရှိစဉ်ကတည်းက လက်သမားလုပ်လာသူဖြစ်သဖြင့် ကျောင်းဆောက်ရာမှာ အခြားလက်သမားဆရာ ခေါ်စရာမလိုပေ။ လိုအပ်သောပစ္စည်းသာ စုံစမ်းပါစေ။ အလိုရှိသောပုံစံကို အချိုးကျနစွာ ဆောက်လုပ်နိုင်သည်။ သူ ဆောက်လုပ်သည်မှာ အဓိက လက်သမားပစ္စည်းဟူ၍ မရှိ။ လွှတစ်လက်၊ ပုဆိန်တစ်ခု၊ ဆောက်တစ်စင်းသာ ရှိသည်။

အဲ. . . တစ်ခုတော့ရှိသည်။ မြို့ကြီးပြကြီးများမှာကဲ့သို့ ပျံနေအောင် လှသော အချောကြီးတော့မဟုတ်။ တောင့်တင်းခိုင်ခံ့မှုတော့ ရှိသည်။ လိုအပ်သောနေရာမှာသာ ရွှေဘော်ထိုးသည်။ ရွှေဘော်မှာ လက်ရွှေဘော်မဟုတ်။ စက်ရွှေဘော်ဖြစ်သည်။ ကိုင်သူက အသက် ၁၇ နှစ်သား ရှင်ကဝိန္ဒ ဖြစ်သည်။

ကျန်သာမဏေများမှာ ဦးစီးလက်သမားဆရာကြီး ရှင်ပညာသုခ၏ ညွှန်ကြားချက်ဖြင့် လိုအပ်သလို ဝိုင်းဝန်းကူညီ လုပ်ဆောင်ကြရသည်။ ဦးစိုးသိန်းစက်လှေဖြင့် တင်ခဲ့သော သစ် ၄ တန်ကျော်သည် ဣစ္ဆာသယ ထိုမဂ်လာကျောင်းတစ်ဆောင်အတွက် အံကိုက်ပင်ဖြစ်တော့သည်။

ဘုရားတည် ကျောင်းဆောက်ရာသို့ ကော့ကရက်ကျွန်း၊ ကော့ကရေ်ရွာ၊ ဝါကော်ကျေး တောက်တဲ့ကုန်း စသောရွာများမှ အားလုံးလိုလို လာရောက်ကြသည်။ အုတ်ထမ်း၊ သဲသယ်ကြသည်။ လုပ်အားဒါန ပြုကြသည်။ အလုပ်အကိုင်ပစ်ပြီး လာရောက် လုပ်အားပေးကြရလင့်ကစား ကျေနပ်နေကြသည်။ ရွှင်လန်းတက်ကြွနေကြသည်။

အဲ. . . သို့သော် -

"ရွာနားကမြက် ရွာနွားမစား" ဆိုထုံးနှယ် ဖြစ်ရသည်က နို့ထရွာ (အင်းဝရွာ)တည်း။

ရွာမှာ ငယ်လှပါ၏။ သို့သော် လူမညီကြ။ ညီညွတ်တက်ကြွမှု မရှိကြ။ နိုးကြားထကြွမှု မရှိကြ။ မိမိ၏ မွေးရာဇာတိဖြစ်သည်မို့လားမသိ၊ မိမိအား

အရေးတယူ မရှိကြ။ မသိကျိုးကျွံရှိလွန်းလှသည်။

ရှိစေတော့၊ မပြောလိုပါ။ အလုပ်အကိုင်နှင့် ပတ်သက်၍ အတတ်နိုင်ဆုံး မည်သူ့အားမျှ အကူအညီ မတောင်းလို။ မိမိတပည့်များဖြင့်သာ ပြီးစီးအောင် လုပ်ကိုင်သည်။ အသိစိတ်ဓာတ်ရှိ၍ လာရောက်ကူညီ လုပ်ကိုင်သည်ဆိုလျှင်တော့ မတားမြစ်လို။ ပြောမှဆိုမှ ခိုင်းမှလုပ်ရသည့်အဖြစ်ကို မလိုလား။ ထို့ကြောင့် မိမိဇာတိ နို့ထရွာအား ဘာတစ်ခွန်းမှ ပဆို မမိန့်ဘဲ နှုတ်ဆိတ်၍ နေခဲ့သည်။ သို့သော် တစ်နေ့မှာ အားလုံးလိုလို ရောက်လာကြသည်။

ထိုတစ်နေ့၊ ရက်အတိအကျတော့ မမှတ်မိ။ နို့ထရွာသို့ စစ်ကြောင်းရောက်လာသည်။ ရွာသားများအားလုံး မခေါ်မဖိတ်ရဘဲ ကျောင်းရောက်လာသည်။ ကျောင်းဆောက်၊ ဘုရားတည်လုပ်ငန်းအဝဝဆီမှာ ကူညီဒါန လုပ်အားပြုကြသည်။ စစ်ကြောင်းရှိနေသေးသရွေ့ ရွာထဲသို့ ပြန်မဝင်ဝံ့ကြ။ ကျောင်းမှာပင် သောင်တင်နေကြသည်။

သူတို့ကို ကြည့်၍ ပြုံးမိသည်။ သရော်သည်တော့ မဟုတ်ပါ။ လူ့သဘာဝကို တွေးမိ၍ ဖြစ်သည်။ "ခလုတ်ထိမှ အမိတ" သည့်သဘော။ "ဒုက္ခထိမှ ဘုရားသိ" သောသဘောကို တွေးမိရသည်။

ဘယာကြောင့်ပဲလာလာ၊ သဒ္ဓါကြောင့်ပဲလာလာ ကုသိုလ်ဆိုသည်မှာ ပြုလေတိုင်းရသည်သာ။ အနည်းဆုံး ဒိဋ္ဌဓမ္မဝေဒနီယကံ ဖြစ်၍ ဘဝမှာကော ရကြပေမည်သာ။ အကုသိုလ်ပြုနေတာ သို့မဟုတ် လုံးဝ ဘာမှမလုပ်နေတာထက်စာလျှင် သည်မျှကုသိုလ် ဩမကကုသိုလ်ရသည်ကပင် သူတို့အဖို့ အရတော်ပေပြီ။

ကျောင်းသို့လာ၍ လုပ်အားဒါနပြုနေကြသည်ကို မြင်သဖြင့် စစ်ကြောင်းမှူးကလည်း ဘာမှမပြောတော့။ စစ်ကြောင်းမှူးမှာ ဗိုလ်မှူးကျော်ညွန့်ဦး ဖြစ်သည်။ ကမမောင်း ရပ်ကွက်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးသွင်၏တူ ဖြစ်သည်။ ဆက်ဆံရေးပြေပြစ်သည်။ ဘာသာရေးကိုင်းရှိုင်းသည်။ ထို့ကြောင့် ထွက်ပြေးရောက်ရှိလာသော ရွာသားများနှင့် ပြဿနာမဖြစ်ခဲ့။ လုပ်အားပိုလာသဖြင့် မှန်းထားသောရက်ထက် စော၍ အလုပ်ပြီးစီးရန် ဖန်လာသည်ဟုပင် တွေးလိုက်မိသေးသည်။

ကျောင်းဆောက်၊ ဘုရားတည် ပြုနေစဉ်အတွင်း မြိုင်ကြီးငူဘုန်းတော်ကြီးသည် လိုအပ်သော ဆောက်လုပ်ရေးပစ္စည်းများအတွက် စုဆောင်းရှာဖွေရန် အမြဲလိုလို ခရီးထွက်နေရတတ်သည်။ တစ်နေ့ ဘီလပ်မြေ သွားယူရာမှ ပြန်အလာ ခရီးရောက်မဆိုက် ထိုင်သော်မှ မထိုင်မိသေး။

"အရှင်ဘုရား၊ လက်သမားဆရာ ကိုရင်ကြီး ပညာသုခတစ်ပါး ဖျားပြီး ဆေးရုံရောက်နေတယ်၊ သတိမေ့မြောနေတယ်ဘုရား"

"ဟေ. . ."

တစ်ခွန်းသာဆိုမိပြီး ကမမောင်းဆေးရုံသို့ အသော့နှင်ခဲ့ ရပြန်သည်။ လူနာခုတင်ပေါ်မှာ ပက်လက်အနေအထားဖြင့်မေ့မြောနေသော ရှင်ပညာသုခ ကို မြင်ရသည်မှာ ရင်ထဲမှာ မချိတင်ကဲ ဖြစ်မိရသည်။ နောက်မှာလိုက်ပါလာသူများမှာ မျက်နှာမကောင်းကြတော့။ အချို့ မျက်ရည်စမ်းစမ်းပင်ဖြစ်နေပေပြီ။

ခုတင်ပေါ်မှာလဲလျောင်းနေသည့် ရှင်ပညာသုခသည် ရင်အုံကလေး ညင်သာစွာလှုပ်ရှားနေသည်မှအပ ပကတိ ငြိမ်သက်နေသည်။ မျက်တွင်းဟောက်ပက်၊ ပါးချောင်းများ ခွက်နေသည်ထိ ရုပ်ကျဆင်းနေသည်။ အားရစဖွယ် အနေအထား တစ်ခုမျှမရှိတော့လောက်အောင်ပင်။

❖ အဋ္ဌေဝ သုဝေဝ
ခုတွေးဆ ပြန်လှန်
ယနေ့လား နက်ဖြန်ငယ်

"ရှက်မှန်မှန်မသိ. . ." ဆိုတာထက် ဆိုးနေပြီဖြစ်သော အနေအထားမျိုး။

ယခုလား ခဏနေငယ်၊

ဘဝကြွေမယ် သွားရတော့မည့်အခြေသို့ ဆိုက်နေပြီ။ ဘုန်းတော်ကြီးကိုယ်တော်တိုင်ပင် ဦးဆောင်အကြီးအကဲမို့ ဣန္ဒြေကို အနိုင်နိုင်ဆည်ထိန်းထားရသည်။ ရင်ထဲမှာတော့ ကရုဏာထက်ပိုလွန်သည့် သောကဝန်ကဖိစီးနေလေပြီ။ ဘုန်းတော်ကြီးသည်လူနာခုတင်ဘေးမှာ ရပ်ကြည့်နေရင်း စိတ်အစဉ်က -

မပြီးတတ်သေးသော ကျောင်းဆောင်သစ်၊
နိုးကြားတက်ကြွလွန်းသော သည်လက်သမားဆရာ၊
အပင်ပန်းခံနိုင်လွန်းသော သူ့စိတ်ဓာတ်၊
ဆရာတော်အပေါ်ထားရှိသော သူ့စေတနာ၊

ကြည်ညိုလွန်းသော သူ့သဒ္ဓါတရား ဤသည်တို့ကို ပြန်လည်တွေးနေမိသည်။

"လူတိုင်းကြုံတွေ့ရမည့် မရဏာမွေ အနိစ္စသဘောကိုဖြင့် အန်မတုနိုင်လေပါ။ အန်တု၍လည်း မရနိုင်စကောင်းပါ။ သို့သော် သတ္တဝါတစ်ခု ကံ

တစ်ခုဟူသော စကားရှိသည်။ သေကံမရောက်က အသက်မပျောက်ဟတ်။ ကံဆိုသောအရာကလည်း မြင်ရသည်မဟုတ်။ မမြင်ရသဖြင့် လက်လျှော့ရမည်ဆိုသည်ကလည်း လူဖျင်းလူနုံတို့၏ အရာသာ ဖြစ်သည်။ အကယ်၍ ရှင်ပညာသုခအနေဖြင့် ကံကြွင်းကလေးများရှိခဲ့သော် အသက်တစ်ချောင်း မဆုံးရှုံးစေရ"

အတွေးဖြင့် မြိုင်ကြီးငှုဘုန်းတော်ကြီးသည် လှူနာခုတင်နားမှ ညင်သာစွာ ထွက်ခွာခဲ့သည်။ ဆေးရုံမှသည် ဒကာရင်းဖြစ်သော ဦးအုန်းရွှေ၏ ဒေါ်အေးသန့်တိုက်သို့ ခြေလှမ်းကြဲဖြင့် လှမ်းခဲ့သည်။ တိုက်အပေါ်ဝယ် ဘုရားခန်းသို့ တန်းဝင်လိုက်သည်။ ငြိမ်းချမ်းစွာ စံပယ် သီတင်းသုံးနေသော ဆင်းတုတော်ရှေ့ဝယ် ဆီမီးပူဇော်ကာ ဘုရားဝတ်ပြုသည်။

ပြီးလျှင် ယခင်က ရထားဖူးပြီးဖြစ်သော သမာဓိစွမ်းအားကို စတင်ထူထောင်သည်။ မပြီးစီးသေးသော လုပ်ငန်းသောက၊ မေ့မြောနေသော တပည့်သောကက လောက်  လ က်ချောက်ချားနေသဖြင့်မာဓိကို တော်ရုံနှင့် စုစည်းမရ ဖြစ်နေသည်။ ထွန်းထားသော ဆီမီးသည်ပင် ယခုပင်ငြိမ်တော့မည်ကဲ့သို့ မှိတ်တုတ်မှိတ်တုတ် ဖြစ်နေသည်။

"ဟင်. . . သည်ပုံဆို လှူနာခမျာလည်း အသက်ကလေး ဖုတ်လှိုက်ဖုတ်လှိုက်သာ ရှိချေတော့မည်၊ မဖြစ်သေး၊ ဆက်ကြိုးစားဦးမှ"

သောကမှန်သမျှကို လုံးဝမတွေးတော့ဘဲ ယခင်က အသားကျ ရထားဖူးသည့် အာနာပါန (ထွက်သက်ဝင်သက်) ရှုမှတ်မှုကို စတင်သည်။ မကြာပါချေ၊ စိတ်အာရုံ ငြိမ်သက်လာသည်။ အသက်ရှူမှုအပေါ်မှာသာ စိတ်က တည်နေသည်။ ထွက်သက်ဝင်သက်တို့၏ စလယ်ဆုံးကို လိုက်မှတ်သည်။ အာရုံတစ်ပါးသို့ စိတ်မသွားတော့ပေ။ ထိုစဉ် အာရုံထဲဝယ် မှောင်အတိကျသွားသည်ကို သတိပြုမိသည်။ ခဏအကြာ ဆလိုက်ထိုးသကဲ့သို့သော အလင်းတန်းတစ်ခု ပေါ်လာသည်။ အလင်းတန်း၏ အဆုံးမှာ အလင်းကွက်ကြီးတစ်ခု။ အလင်းကွက်ထဲမှာတော့ လှူနာခုတင်နှင့်တကွသော မေ့မြောနေသည့် လက်သမားဆရာ ရှင်ပညာသုခ။

သမာဓိ တည်နေပြီဖြစ်၍ ယူဆဲထွက်သက်ဝင်သက် ကမ္မဋ္ဌာန်းအာရုံကို ဖြတ်လိုက်သည်။ စိတ်အာရုံဝယ် ထင်းထင်းကြီး မြင်နေရသော လှူနာကို စူးစူးစိုက်စိုက် အာရုံထား၍ မေတ္တာပွားသည်။ မည်မျှကြာသွားသည်မသိ။ အာရုံထဲမှ လှူနာ လူးလွန့်သလို မြင်လိုက်ရသည်။

သင့်လောက်ပြီဟု အတွေးရောက်လာသဖြင့် ဘုရားဝတ်ပြုလိုက်

သည်။ ထိုအချိန်ဝယ် ဆီမီးမှာ မီးလျှံတောက်ကြွားစွာဖြင့် လင်းလင်းထိန် တောက်လောင်နေသည်ကို မြင်တွေ့လိုက်ရသည်။ ဘုရားခန်းတွင်းမှ ထွက် လာပြီး ဧည့်ခန်းမှာ ထိုင်ချလိုက်စဉ်မှာ လူနာစောင့် ရောက်လာသည်။

"ဆရာတော်အရှင်ဘုရား၊ လက်သမားဆရာ သတိရလာပါပြီဘုရား" ဟု လျှောက်ကြားသည်။

"အေးအေး. . . "

လူနာအတွက် စိတ်အေးရပြီမို့ ထိုမင်္ဂလာတောင်ကုန်းသို့ ပြန်ကြွခဲ့ လေသည်။

**********

သည်လိုနှင့် ဘုရားတည်ပြီးခဲ့သည်။ ကျောင်းဆောက်ပြီးခဲ့သည်။ မြိုင်ကြီးငူဘုန်းတော်ကြီး စဉ်းစားမိသည်။

"ဘုရားရှိပြီ၊ ကျောင်းရှိပြီ။ ကျောင်းရှိရင် ရဟန်းသံဃာရှိမယ်။ ကံကြီး ဟင်္ဂယ်ပြုဖို့ သိမ်လိုမယ်၊ ဒီတော့ သိမ်ပါသမုတ်ရရင် ကောင်းမယ်"

အတွေးနောက် လူပါ ပါလာတတ်သော ဝသီအတိုင်း အဘိုးတော် စပ်သူ ဝဲပုံဆရာတော်ရှိရာသို့ ဆင်းခဲ့သည်။ အကျိုးအကြောင်း လျှောက်ထား သည့်တွင် -

"အေးပေါ့၊ ကောင်းတယ်၊ ကောင်းတဲ့စိတ်ကူး၊ သင့်လျော်မှန်ကန်တဲ့ အကြံအောင် ချက်ပဲ။ မြေနေရာညှိပြီးတော့ အကြိုလာထောက်လှည့်။ ဘုန်းကြီး လည်း ဦးကုမာရကို သံဃာတော်များ စုစည်းခိုင်းထားလိုက်မယ်"

"မှန်ပါဘုရား၊ တပည့်တော် စီစဉ်လိုက်ပါ့မယ်ဘုရား၊ ခွင့်ပြုတော် မူပါဦးဘုရား"

"အေးအေး. . . ကောင်းပြီ"

ဝဲပုံမှ ပြန်တက်ခဲ့ပြီး ကမမောင်းရွာရှိ ဒါယိကာမကြီး ဒေါ်တင်ရွှေ အိမ်သို့ ကြွသည်။

"အရှင်ဘုရား၊ ဘယ်က ပြန်ကြွလာသလဲဘုရား"

"ဝဲပုံက ပြန်လာတာ၊ သိမ်သမုတ်ဖို့ ဆရာတော် သွားပင့်တယ်လေ။ ဒါယိကာမကြီး ဒေါ်ချစ်ကြည်တို့နဲ့ ညှိနှိုင်းပြီး ဆွမ်းကွမ်းကိစ္စ စီစဉ်ဖို့အတွက် လာတိုင်ပင်တာ"

"ရပါတယ်ဘုရား၊ တပည့်တော်မတို့လည်း ဒီလိုအခွင့်အရေး ကုသိုလ်ထူးမျိုးကို မျှော်လင့်နေကာပါဘုရား။ လှူချင်တန်းချင်နေကြတာပါဘုရား"

"နက်ဖြန် ၆ နာရီ ဝဲပုံဆရာတော်တို့ကို သွားကြိုမယ်၊ ပင့်လာမယ်။ အတက်မှာ တစ်ပါးတည်းလိုက်နိုင်အောင် အဆင်သင့် လုပ်ထားကြ"

"မှန်ပါဘုရား၊ တပည့်တော်မတို့ အသင့်စောင့်ကြိုနေပါ့မယ်ဘုရား"

တော်သလင်းလဆန်း ၇ ရက်။

မိုးလင်းသည်နှင့် စက်လှေဖြင့် ဆင်းခဲ့သည်။ ဝဲပုံကျောင်းအရောက်မှာ အသင့်စုစည်းထားသော သံဃာတော်များနှင့်အတူတွေ့ရသည်။ အချိန်ဆွဲမနေတော့ဘဲ ဆရာတော်ကြီးနှင့်တကွသော သံဃာများကိုတင်ဆောင်ခဲ့သည်။

ကမမောင်းရောက်လျှင် ဒေါ်တင်ရွှေ ဒေါ်ချစ်ကြည်တို့ပါ လိုက်တက်သည်။ တစ်ဆင့်စကား သတင်းကြားဖြင့် ကော့ကရက်ရွာမှ ဒေါ်တင်၊ ဒေါ်ကောက်ကွေး စသော ဒါယိကာမများပါ လိုက်လာကြသည်။

ထီမင်္ဂလာတောင်ကုန်းပေါ် ရောက်သည်နှင့် အသင့်မြေညှိ ပြုပြင်ထားသောနေရာဝယ် လိုအပ်သည်တို့ကို ထပ်မံပြုပြင်ပြီး ညောင်စောင်းကွက်ရိုက်သည်။ သိမ်သမုတ်ရန် ပြင်ဆင်ပြီးချိန်မတော့ မိုးပင် ချုပ်နေပြီ။ လျှပ်စစ်မီးထွန်း၍ သိမ်သမုတ်ပွဲ စတင်သည်။

သိမ်သမုတ်တော့မယ်ဆိုမှ မိုးကဘာကို ငြိုးသည်မသိ။ တအုန်းအုန်းနှင့် ရွာသွန်းဖြိုးတော့သည်။ သံဃာတော်များအားလုံး ပလတ်စတစ်ပိုင်းစကိုယ်စီ ခြုံထားရသည်။ ခြုံသာခြုံသည်၊ အဘယ်မှာ လုံပါမည်နည်း။ လေအဝှေ့ဝယ် ဝှေ့၍ဝှေ့၍ ပါလာသော မိုးစက်မှုန်များက ပလက်စတစ်စအောက်သို့ ဝင်ရောက်ကြသည်သာ။ ကမ္မဝါစာအုပ်များကိုလည်း ပလတ်စတစ်အကြည်ပါး ကလေးဖြင့် တစ်ရွက်ချင်း ရစ်ပတ်ထားကြရသည်။

ကမ္မဝါစာများကို မရွတ်ဖတ်မီ သာသနာပြုအတွေ့အကြုံ ရင့်ကျက်ပြီး ဖြစ်သော ဝဲပုံဆရာတော်ဘုရားကြီးက -

"သံဃာတော် အရှင်သူမြတ်တို့ဘုရား၊ တပည့်တော်တို့တစ်တွေ ယခုလို သိမ်သမုတ်ခြင်းဖြင့် သာသနာပြုခွင့်ကြုံရတာ အလွန်မှ ကံကောင်းကြပါတယ်ဘုရား။ သွားရလာရ ခက်ခဲတဲ့ ဒီလိုတောကြီးခေါင်ခေါင်မှာ ယခုလို ဆောင်ရွက်ခွင့်ကြုံရတာကိုက အလွန်ရခဲသော အခွင့်ထူးတစ်ရပ်ပါဘုရား။ ဘုရားသာသနာမှာ သိမ်ဆိုတာ အလွန်အရေးကြီးတဲ့ အခန်းကဏ္ဍမှ ပါဝင်တဲ့ အပြင် သာသနာပြန့်ပွားရာ၊ ရဟန်းပဋ္ဌင်းများ မွေးထုတ်ဖို့ရာမှာ မရှိမဖြစ်တဲ့

အဓိက အကျဆုံးအရာ ဖြစ်ပါတယ်ဘုရား။ ဤအဓိကအကျဆုံးသောအရာ အတွက် တပည့်တော်တို့တစ်တွေ ယခုအချိန်မှစပြီး စတင်ဆောင်ရွက်ကြကုန် ပါစို့ဘုရား"

ဟု ဩဝါဒသဖွယ် မိန့်ကြားပြီးနောက် သိမ်နုတ်ခြင်း၊ သိမ်သမုတ်ခြင်း အမှုကို စတင်ပြုလုပ်လေတော့သည်။ ဤသို့ဖြင့်

"ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်၊ ပုဇွန်မြောင်းအုပ်စု ထီးမင်္ဂလာ ကစ္စာသဿယဘုရားပရဝုဏ်အတွင်း ၁၃၅၁ ခု၊ တဆန်းဥတု၊ ကန်ရာသီ တော်သလင်းလဆန်း (၇)ရက်၊ ဗုဒ္ဓဟူးနေ့ ည (၈)နာရီ (၂၀)မိနစ်၊ (၀)စက္ကန့် အချိန်တွင် ဝဲပုံကျောင်းဆရာတော်ဘုရား ကြီးမှူး၍ သံဃာတော် (၃၀)ပါးတို့က. . .

ဝိပ္ပတ္တိဖယ်ရှား သမ္ပတ္တိ အနေအထားဖြင့် သိမ်နုတ် ကမ္မဝါ အထပ်ထပ် ဖတ်ကြားပြီးလျှင် သာသနဝိသုဒ္ဓိ သိမ် တော်ကို သမုတ်အောင်မြင်ပြီးစီးတော်မူသည်။

အလျားအနံ (၃၀) တောင်ပတ်လည်။

(၆-၉-၈၉)"

ဟူသော သိမ်သမုတ်ခြင်း မော်ကွန်းစာတမ်းတစ်စောင် သာသနာ့ မှတ်တမ်းဝယ် တွင်ကျန်ရစ်ရန် ဖြစ်ပေါ်လာခဲ့လေသည်။

အလားတူ ဤ ၁၃၅၁ ခုနှစ်အတွင်းမှာပင် -

- ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ စေးဘောကလိုးအုပ်စု၊ မယ်ကဇောဘုရားပရိဝုဏ်အတွင်းမှာ လည်းကောင်း၊
- ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်၊ မဲပဲကျေးရွာအုပ်စု ကစ္စာသဿယ ဖောင်တော်ဦးဘုရားပရိဝုဏ်အတွင်းမှာ လည်းကောင်း၊
- ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်၊ ပုဇွန်မြောင်းအုပ်စု သီတ မာရ်လာဘုရားပရိဝုဏ်အတွင်းမှာ လည်းကောင်း၊
- ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်၊ ပုဇွန်မြောင်းအုပ်စု မြရောင် ခြည်ဘုရားပရိဝုဏ်အတွင်းမှာ လည်းကောင်း

ဝဲပုံဆရာတော်ဘုရား ကြီးမှူး၍ မြိုင်ကြီးငူဘုန်းတော်ကြီး အစီအစဉ် ဖြင့် သိမ်များကို သမုတ်တော်မူခဲ့သည်။

သမုတ်ပြီးသော သိမ်နေရာ၌ အလျဉ်းသင့်သောအခါများ၌ သိမ်အဆောက်အအုံများကို ဆောက်လုပ်တည်ထားခဲ့သည်။ အချို့အနည်းငယ်သာ မဆောက်ဖြစ်ဘဲ ကျန်သည်။

**********

၁၃၅၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်။

မိုးလယ်ကာလမို့ ရှစ်ခွင်ရပ်လုံး ပိတ်မှောင်ဖုံးအောင် မိုးက သည်းသည်းမဲမဲ ရွာနေသည်။ တစ်ခါတစ်ရံ လေပါ ပါလိုက်သေးသည်။ နေရောင်ကို မတွေ့။ နေလုံးကိုပင် မမြင်ရ။ ဝါဆိုဝါခေါင် ရေဖောင်ဖောင် စကားအတိုင်း ယွန်းစလင်းမြစ်ငယ်သည် ရေများတောင်းလံ နေသည်။ အရှိန်ပြင်းစွာ စီးဆင်းနေသည်။ စီးဆင်းနေသော မြစ်ရေကို ဆန်လျက် (၈၅) ဒီဇယ်စက်တပ် စက်လှေတစ်စီး ရဟန်းသံဃာ ၂၀ ပါးကို တင်ဆောင်ကာ မြစ်ညာသို့ ဦးတည်ပြေးလွှားနေသည်။

ကမ်းနဖူးရွာများဖြစ်သော လွှစင်၊ ထီးလာဘဲ့ စသောရွာများကို ကျော်ဖြတ်ကာ ရွှေဖလားကျကိုင်းတောသို့ ရောက်လာသည်။ ဦးကျော်အေးအိမ်ဆိပ်ကမ်းမှာ လှေကိုရပ်နားခဲ့ပြီး၊ လှေစောင့်အဖြစ် လှေသမားတစ်ဦးကိုသာ ချန်ထားရစ်ခဲ့သည်။ မြိုင်ကြီးငူဘုန်းတော်ကြီး ဦးဆောင်သော ရဟန်းသံဃာတို့မှာ ပရိက္ခရာကိုယ်စီအပြင် ခြောက်ပေါင်တူ၊ သံတူရွင်း၊ ပေါက်ချွန်း၊ ပေါက်ဆိန်၊ ဓား စသော ပစ္စည်းကိရိယာများကို သယ်ဆောင်လျက် မိုးရွာထဲမှာ ခရီးဆက်နေသည်။ မြိုင်ကြီးငူဘုန်းတော်ကြီးမှာ ထုံးစံအတိုင်း ကဒူးကို ဆောင်ထားသည်။ ကျန်သံဃာများမှာ ပလတ်စတစ်မိုးကာစများကို ခြုံထားသည်။

စပါးစိုက်ပျိုးထားသော လယ်ကွင်းကို ကန်သင်းရိုးအတိုင်း ကွေ့ဝိုက်ဖြတ်ကျော်ကာ မြွေယိမ်မြွေကောက်သွားသည်။ ဆီးကာနေသောစမ်းချောင်းထဲသို့ ဆင်း၍ဖြတ်သွားရသည်။ ရေတိမ်သည်လည်းရှိသကဲ့သို့ ပေါင်လယ်၊ ခါးစောင်းလောက်အထိအနက်သည်လည်းရှိသည်။ ရေစီးသန်နေချိန်မို့ တစ်ဖက်ကမ်းသို့ရောက်ရန် မနည်းကြီး ရုန်းကန်သွားရသည်။ သည်ကြားထဲ ခြေချော်လက်ချော်ဖြစ်လိုက်သေးသည်။ ကဒူးဆောင်းထားခြင်း၊ ပလတ်စတစ် ခြုံထားခြင်းတို့မှာ အဓိပ္ပာယ်မရှိသလို ဖြစ်လာသည်။ တစ်ကိုယ်လုံး ရွှဲရွှဲစိုနေပြီမင့်ကိုး။

သည်လိုနှင့် ရွှေဖလားကျ ပေ့က္ခထကျောင်းသို့ ရောက်လာသည်။ ကျောင်းဝမှာ ပစ္စည်းများကို စုပုံထားရစ်ခဲ့ပြီး ကျောင်းပေါ်သို့ တက်ကာ ဆရာ

ပေါ်ကြီးအား ဝတ်ပြုသည်။ ကျောင်းဆရာတော်ကား ဝါတွင်းကာလကြီးထဲမှာ ခရီးသွားနေသော မြိုင်ကြီးငူဘုန်းတော်ကြီး အမှုးရှိသော သံဃာများကို သိပ်မကြည်ချင်။ အပြစ်ဟု မြင်သည်။ ဆိုလည်း ဆိုလာသည်။ ဝါတွင်းခရီးမထွက်ရသည်ကို မိမိလည်း သိပါသည်။

ယခုလို မိုးထဲလေထဲ ရေထဲမှာ ခက်ခက်ခဲခဲ အဘယ်မှာ သွားလာချင်ပါမည်နည်း။ မိမိလည်း လူသားတစ်ဦးသာ။ မိုးအေးအေးမှာ ကိုယ်ကျောင်းကိုယ့်ကန်ထဲ ကွေးလို့ နေချင်သည်။ နေချင်သည်ဆိုသော်လည်း နေမရသောအကြောင်းက ဖန်လာသည်မို့ မိုးထန်နေသည်။ လေသန်နေသည်ကိုမှ မမှုအား။ ရေဆန်ကို တက်လာခဲ့ရသည်။

၁၃၄၉ ခုနှစ်၊ သီတင်းကျွတ်လဆီက ပေပေါင်း ၃၂၈၀ ပေမြင့်သော တြိုကြီးတောင်ထိပ် ကျောင်းတောင်ထွတ်မှာ သိဒ္ဓိပါလ ဆံတော်ရှင် စေတီတော်ကို ပြုပြင်တည်ထားခဲ့သည်။ တောင်ထွတ်များသို့ တက်ရောက်ရန်မှာ ခဲခဲခက်ခက်ရှိလှသည်။ အမျိုးသမီးများအဖို့ တက်ရောက်ရန် မလွယ်ကူ။ သည့်အပြင် ဆိုင်ရာ နယ်ပိုင်၊ တောင်ပိုင်တို့ကလည်း အမျိုးသမီးများ တက်ရောက်သည်ကို နှစ်သက်ဟန်မတူ။

သို့ဖြင့် တောင်ခုလတ်တစ်နေရာတွင် အမျိုးသမီးများ ဖူးမြော်ကြည်ညိုနိုင်စေရန် သုံးပေသာသာ သီဟိုဠ်ရုပ်ပွားဆင်းတုတစ်ဆူ တည်ထားခဲ့သည်။ ရုပ်ပွားတော်၏ ဥဏ္ဏာလုံ မွေ့ရှင်တော်အဖြစ် အဖိုးတန်ကျောက်မျက်များကို မသမာသူတို့က ဓားမြောင်ဦးစွန်းဖြင့် ကော်ထုတ်သွားကြသည်။ ထိုအချိန်မှစ၍ တိုက်ဆိုင်သည်လား ဘာလားတော့မသိ။

ရွှေဖလားကျေးတစ်ခွင်လုံး တိုက်ပွဲတွေ တရစပ်ဖြစ်နေသည်မှာ အုံးအုံးကျွက်ကျွက် ဆူညံနေသည်။ ပစ်သံခတ်သံ အမြဲမပြတ် ရှိနေသည်။ ရွာမီးရှို့ခြင်းများလည်း မကြာခဏဆိုသလို ဖြစ်နေကြသည်။ ဆိုင်သည်လား၊ မဆိုင်သည်လားတော့ မသိ။ ထိုအရေးကို ကျေအေးစေလိုသည်။ ဤမည်သောဆန္ဒဖြင့် ဝါတွင်းကာလပင် ဖြစ်သော်လည်း ထွက်လာခဲ့ရသည်။

ရုပ်ပွားတော်ကို တစ်ဝဂူ အမိုးလုပ် ပူဇော်ထားရှိမည်။ ကျောက်အစား ပြန်လည် စီခြယ်၍ အလွယ်တကူ ယူ၍မရအောင် စီမံမည်။ အချိန်ရလျှင် သိမ်မြေပြင်ရှင်းလင်းသုတ်သင်ပြီး သိမ်ကိုပါ တစ်ပါတည်း သမုတ်ထားမည်။ နောင်အလျဉ်းသင့်က သိမ်တော်ဆောက်လုပ်မည်။

ပေ့တူထကျောင်းဆရာတော် စိတ်ကြည်သည်၊ မကြည်သည် အမှုမထားတော့။ မိမိလုပ်စရာရှိသည်ကို လုပ်ရပေမည်။ အတွေးဖြင့် ကျောင်းပေါ်

မှ ဆင်းခဲ့သည်။ သံယာများနှင့်အတူ ပစ္စည်းပစ္စယများကို ယူဆောင်ကာ တြိုကြိုးတောင်သို့ တက်လာခဲ့သည်။ ရုပ်ပွားတော်အား ပြုပြင်ကာ တစ်ပဂ္ဂ အမိုးလုပ်သူတချို့၊ သိမ်မြေပြင် ရှင်းလင်းပြီး မြေသုတ်သင် ရှင်းလင်းသူတချို့ ဖြင့် တာဝန်ခွဲ၍ လုပ်ဆောင်ကြသည်။

တြိုကြိုးတောင်မှာ မြေသားနည်းပြီး ကျောက်တုံးကျောက်ဆောင်များသာ ရှိသည်မို့ သိမ်မြေပြင် ပြုလုပ်ရသည်မှာမလွယ်ကူ။ ခက်ခဲပင်ပန်းလှသည်။ ခြောက်ပေါင်တူကြီးများဖြင့် ကျောက်တုံးကြီးများကို ခွဲခြမ်းစိတ်ဖြာ ရသည်။ သတ်မှတ်နေရာသို့ ထမ်းပိုးသယ်ယူရသည်။ မျက်နှာပြင် ညီစေရန် ရှားရှားပါးပါး မြေသားများကိုရှာဖွေထမ်းထည့်ရသည်။ သိမ်မြေပြင် ရှင်းလင်းသုတ်သင်ရာမှာ ဤတြိုကြိုးတောင် သိမ်မြေပြင်သည် အခက်အခဲဆုံး ဖြစ်သည်။

တောင်က မိုးထိမြင့်မားသည်။ လေအဆက်မပြတ် တိုက်နေသည်။ လေတိုးသံ တဝှီးဝှီးကို အစဉ်ကြားနေရသည်။ မိုးတိမ်တိုက်အထက်မှာ ရှိသည့်မို့ မိုးက အပေါ်ရွာချမလာ။ အောက်မှ လေပင့်သဖြင့်သာ မိုးစက်များပါလာသည်။ "မိုးရွာချသည်" ဟူသော ဝေါဟာရစကားလုံးသည် တြိုကြိုးတောင်ထိပ်လိုနေရာမျိုးမှာ မှားသည်ဟုပင် ဆိုရမည်ကဲ့သို့ ရှိသည်။

လုပ်ကြကိုင်ကြနှင့် သုံးရက်အရမှာ ရှင်ကောလိယတစ်ပါး မြွေစိမ်းပေါက်ခံရသည်။ ခဏချင်း ခြေထောက်တစ်ခုလုံး ယောင်ကိုင်းတောင့်တင်းလာသည်။ တောင်အောက်သို့ ခက်ခက်ခဲခဲ ထမ်းချပြီး ကပမောင်းဆေးရုံသို့ အမြန်ပို့ဆောင်ရသည်။ ဆေးရုံရောက်သော်လည်း မသက်သာ။ အသားများကွဲအက်မည်ကဲ့သို့ ရောင်ကိုင်းလာနေသည်။ မကူးပြီ၊ ကိုယ့်ဟာကိုယ်ကုတော့မည် ဆုံးဖြတ်ကာ ဆေးရုံမှ ပြန်ယူလာစေသည်။

ကျောင်းရောက်သော် မြွေဆိပ်ချသောအနေဖြင့် နွယ်စိမ်းရေကို ညှစ်၍ တိုက်သည်။ အုန်းစိမ်းရည်ထဲ သတ္တကဂ္ဂတ္တုဓာတ်လုံး စိမ်၍တိုက်သည်။ အုန်းစိမ်းရည်ဖြင့်ပင် ဓာတ်လုံးကိုသွေး၍ အနာဝကို ကပ်ပေးသည်။ ကပ်လိုက်သည်နှင့် ဓာတ်လုံးသည်ပြန်ကွာမကျဘဲ ချပ်ချပ်ရပ်ရပ်ကပ်နေသည်။ မည်းညစ်နေသည့်အဆိပ်နှင့်ရောသောသွေးများကျလာပြီး နောက်ဆုံးမှာ ပကတိသွေးများအနည်းငယ်စီးကျလာသည်။ ထိုအခါမှဓာတ်လုံးလည်း အနာဝမှသူ့အလိုလို ကွာကျတော့သည်။ ရောင်ကိုင်းနေမှုလည်း သိသိသာသာ လျော့လျော့လာသည်။

စိတ်ချရပြီဖြစ်၍ လူနာအား ထားရစ်ကာ တြိုကြိုးတောင်သို့ ပြန်ခဲ့သည်။ ရောက်သောအခါ သိမ်မြေပြင် ပြုပြင်နေကြသည်မှာ ပြီးသလောက်ရှိသည်နှင့် ဝပျံဆရာတော်အား ပင့်ရန် ဆင်းခဲ့သည်။ ဆရာတော်အား

လျှောက်ထားရာ တော်သလင်းလဆန်း ၇ ရက်နေ့မှ အားမည် မိန့်တော်မူသည်။ ဒါလည်း တစ်မျိုးတော့ အကောင်းသား။ အေးအေးဆေးဆေး ပြုပြုပြင်ပြင် အချိန်ယူ၍လုပ်နိုင်သည်ဟု တွေးလိုက်ရသည်။

ဝဲပျံမှ ပြန်လာပြီး ထိုမင်္ဂလာကျောင်းမှာရှိသော မီးစက်ကို ယူကာ တြိကြီးတောင်သို့ ပြန်ခဲ့သည်။ ဤမျှ မတ်စောက်မြင့်မားသော တောင်ပေါ်သို့ လေးလံသော မီးစက်ကို ရအောင် ထမ်းတင်ခဲ့ကြသည်။ တောင်ပေါ်သို့ ရောက်လျှင် ဝါပန်ရက် ပြည့်လုနေပြီဖြစ်သော သံဃာများကို မြိုင်ကြီးငူသို့ ပြန်စေသည်။ ကျန်သံဃာတချို့ကို ဝါပန်စေ၍ လွှတ်လိုက်သည်။ လူအလဲ အလှယ်သဘော၊ အလှည့်ကျသဘောမျိုး ဖြစ်သွားသည်။ မြိုင်ကြီးငူဆရာတော်ကား ဝါပန်ရက်ပြည့်လျှင် မြိုင်ကြီးငူသို့ တစ်ညမျှ ပြန်အိပ်၍ အရုဏ်ယူပြီးသည်နှင့် ဝါပန်ကာ ပြန်ထွက်သည်။ စက်လှေတစ်စင်းဖြင့် လုပ်ဆောင်သင့်သည်တို့ကို သွားလာလုပ်ဆောင်သည်။

မီးစက် တောင်ထိပ်သို့ရောက်လျှင် ညအတွက်ပါ အလင်းရောင်ရလာပြီဖြစ်၍ အသံမစဲမဟာပဋ္ဌာန်းပူဇော်မှုကို စတင်ဖွင့်လှစ်သည်မှာ တော်သလင်းလဆန်း ၅ ရက်သို့တိုင်လေသည်။ ၅ ရက်နေ့မှာ ပဋ္ဌာန်းပိတ်ပြီး ဝဲပျံဆရာတော်အား ပင့်ရန် ဆင်းခဲ့သည်။ ဝဲပျံဆရာတော်ကြီးသည် ယခင်ပေးထားသော ရက်ချိန်းအတိုင်းပင် သံဃာများကို စုစည်းထားပြီး ဖြစ်သည်။ မြိုင်ကြီးငူ ဘုန်းတော်ကြီး ရောက်ရှိသွားချိန်မှာ အားလုံးအဆင်သင့် ဖြစ်သည်နှင့် စက်လှေဖြင့် ပင့်ဆောင်ခဲ့တော့သည်။ သိမ်သမုတ်ရာဝယ် လိုက်ပါဝေယျာဝစ္စ ပြုသူများကိုပါ တင်ဆောင်လာခဲ့သည်။

ရဟန်းသံဃာအများစုမှာ ဒေသခံထဲမှချည်း ဖြစ်သည်။ ၎င်းပြင် သက်တော်ကလည်း ငယ်ရွယ်ကြသေးသဖြင့် တောင်တက်ခရီးအဖို့ မထောင်းလှသော်လည်း သက်တော် ၇၀ ကျော်ပြီးဖြစ်သော ဝဲပျံဆရာတော်အတွက် ရင်လေးမိသည်။ ဖြည်းဖြည်းတော့ ရောက်မှာပါလေဟုတော့ တွေးထားသည်။ အတွေးမှားသည် ဆိုရမည်။

ဝဲပျံဆရာတော်ကြီးမှာ သက်တော် ၇၀ ကျော်သော်လည်း အချို့ရဟန်းငယ်တို့ထက်ပင် တောင်တက်သာနေသေးသည်ကို တွေ့ရသည်။ ဖြည်းဖြည်းမှန်မှန် တက်နေသည်။ နားလိုက်တက်လိုက် လုပ်နေရာမှ ဆရာတော်ကြီးက -

“အေးကွယ်. . . တောင်တက်ရတာ တယ်ပြီး အားမရလှဘူး၊ အားရပါးရတက်နိုင်အောင် ခါးတောင်းကျိုက်လိုက်ဦးမှ”

ဆိုကာ သက်န်းကို ချပ်ချပ်ရပ်ရပ် ပြင်ဆင်ပြီး ခါးတောင်းကျိုက်သည် ဆိုရုံ အောက်ပိုင်းသက်န်းစကို ဆွဲပြီး ခါးမှာညှပ်ကာ တက်သည်မှာ နှစ်မိနစ်ပင် မကြာသေး။ တောင်ထိပ်သို့ ရောက်ရှိနေပြီး ဖြစ်သည်။

"အေးဟ. . . ငါက အမြင့်ကြီးရှိသေးမှတ်လို့ ခါးတောင်းကျိုက်ထားကာရှိသေး၊ ခရောက်နေမင့်ကိုး" ဟု ရယ်မောမိန့်ကြားလေသည်။

တောင်ထိပ်သို့ အားလုံးရောက်ရှိချိန်ဝယ် နေဝင်လုပြီ။ နားနေခြင်း မပြုကြတော့ဘဲ လုပ်သင့်လုပ်ထိုက်သည်တို့ကို ဆက်တိုက်ပြုလုပ်ကြသည်။ ထုံးဖြူဖြင့် ညှောင်စောင်းကွက်ရိုက်သည်။ ရဟန်းများ ဒေသနာကြားသည်။ ပြီးလျှင် ကမ္ဗဝါ ရွတ်ဖတ်ကာ သိမ်စတင်နုတ်တော့သည်။

ထိုနေ့မှာ မိုးမရွာ။ သို့သော် တောင်ခိုးနှင့် မြူခိုးများ ပင့်တိုက်လာသော လေအဝှေ့ဝယ် အဆုပ်လိုက်၊ အခဲလိုက် ပါလာတတ်သည်။ နှင်းမှုန်များကြား ရပ်နေကြရသကဲ့သို့ တစ်ဦးကိုတစ်ဦး မှုန်ဝါးဝါးသာ တွေ့မြင်ကြရသည်။ နေပူရှိန်မဲ့ခဲ့ပြီမို့ တိုက်ခတ်နေသောလေက အေးစိမ့်လှသည်။ ခေါင်းစွပ်ကိုယ်စီ၊ ပလတ်စတစ်ကို ခြုံထားသော်လည်း အကြိုအကြားမှ တိုးဝှေ့ဝင်ရောက်လာသော လေအေးကြောင့် အချမ်းက မလုံနိုင်။ ဖော်ထားရသော လက်များမှာ ရေခဲတုံးပမာ အေးစက်နေသည်။ "ဥသွာတေဇော" မည်သော ကိုယ်ငွေ့သည် ထိုလက်ကလေးများမှာ မရှိတော့ပြီလား ထင်စရာပင်။ ထိုလက်ကလေးများဖြင့် တစ်ခုခုကို ကိုင်မိလျှင်ပင် ကိုင်မှန်းမသိအောင် ထုံနေသည်။

ကမ္ဗဝါရွတ်ဖတ်ရာဝယ် မီးစက်မောင်းပြီး မီးချောင်းများ လင်းထိန်အောင် ထွန်းထားသည်။ နတ်ညှင်းပိုးကောင်တို့သည် အရှိန်ပြင်းစွာ ပျံသန်းလာပြီး မီးချောင်းကို ဝင်တိုက်တတ်လေ့ရှိသည်။ မီးငြိမ်းသွားတတ်သည်။ ထိုအခါ ကိုယ်စီဆောင်ထားရသော လက်နှိပ်မီးဖြင့် ထိုး၍ ကမ္ဗဝါစာ ရွတ်ဖတ်ရသည်။ သူဖတ်အလှည့် ကိုယ်မီးပြ၊ ကိုယ်ဖတ်အလှည့် သူမီးပြဖြင့် ရွတ်ဖတ်ရသည်။

ဤသို့ဖြင့် -

"ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်၊ ရွှေဖလားကျေးအုပ်စု
တြိကြိုးဘုရားကုန်းတော်တွင် အလျား × အနံ (၁၆)တောင်
ရှိ သာသနဝိသုဒ္ဓိ သိမ်တော်ကို ၁၃၅၂ ခုနှစ်၊ ဝသန္တဥတု၊
ကန်ရာသီ တော်သလင်းလဆန်း (၇)ရက်၊ တနင်္ဂနွေနေ့
ည စက်နာရီ (၉)နာရီ (၃၅)မိနစ် (၅၀)စက္ကန့် အချိန် ဝဲပျံ
ဘုရားတော်ဘုရားကြီး ကြီးမှူး၍ သံဃာတော် (၃၉)ပါးတို့

က ဝိပ္ပတ္တဖယရှား သမ္ပတ္တအနေအထားဖြင့် ပမ္မဝါ အထပ်
ထပ် နုတ်ပြီးလျှင် သိမ်သမုတ်ခြင်း ပြီးစီးအောင်မြင်တော်
မူလေသည်။ (၂၆-၈-၉၀)"

ဟူသည့် သိမ်မော်ကွန်းတစ်စောင် သာသနာ့မှတ်တမ်းတွင် မော်ကွန်းထိုး ကျန်ရစ်ခဲ့လေတော့သည်။

အနား‌ယူထားသောမိုးသည် နံနက်အရုဏ်ဆွမ်းချက်ချိန်ဝယ် သည်းသည်းမဲမဲ ရွာသွန်းတော့သည်။ စားဖိုသည် စိတ်ဆင်းရဲလောက်အောင် ရွာသည့် တော်သလင်းမိုးဖြစ်သည်။ ယခုလည်း ဆွမ်းချက်သည့် သာမဏေများ စိတ်ရောလူပါ ဆင်းရဲနေကြရသည်။

အလှည့်ကျပုဂ္ဂိုလ်များ ဆွမ်းချက်ရန် အိပ်ရာမှ ထခဲ့ကြသည်။ ထခဲ့ကြသည်ဆိုသည်ထက် အိပ်ရာမှ ဆင်းခဲ့ကြသည်ဆိုသည့် စကားက ပိုမှန်ပေမည်။

အကြောင်းသော်. . .

တြိုကြိုးတောင်ထိပ်ဝယ် ခိုနားစရာ အဆောက်အအုံဟူ၍ တစ်ခုမှ မရှိသေး။ ပဌာန်းရွတ်သည့် ပလတ်စတစ်မိုး တဲငယ်လေးတစ်ခုသာ ရှိသည်။ ထိုတဲငယ်ဝယ် ဝဲပျံဆရာတော်ကြီးအား ကွန်မင်ဒိုပုခက်ဆင်၍ ကျိန်းစက်စေသည်။ ကျန်သူများ အားလုံးလည်း ကွန်မင်ဒိုပုခက်အသီးသီးဖြင့် နီးရာသစ်ပင်မှာ ခြေရင်းခေါင်းရင်းချည်၍ အပေါ်မှ ပလတ်စတစ်ဖုံးအုပ်ကာ ကျန်းစက်ခဲ့ရသည်။ ဆွမ်းချက်ချိန်မှာ အလှည့်ကျ သာမဏေများ ပုခက်အသီးသီးမှ ဆင်းခဲ့ကြသည်။

မိုးရွာနေသည်။ လေလည်းလာနေသည်။ ဆွမ်းချက်တာဝန်က ရှိသည်။ မချက်၍လည်း မရ။ ဖြစ်အောင်ချက်ရမည်။ အလှည့်ကျလူလောက်ဖြင့် မလုံလောက်တော့။ ရဟန်းငယ်အချို့ကိုပါ နှိုးလာခဲ့ရသည်။

ကိုယ်စီလည်း ပလတ်စတစ် ခြုံထားရသည်။ ပလတ်စတစ်စကြီးတစ်စကို ထောင့်လေးထောင့်မှ တစ်စစီ ကိုင်ထားကြရသည်။ ကျန်သူများက လေတိုက်ရာ မိုးပက်ရာဘက်မှ အခြားပလတ်စတစ် တစ်စဖြင့် လေကာမိုးကာ လုပ်ပေးရသည်။ ထိုအခါမှ မီးကို စတင်မွေးရသည်။ သည်မိုး သည်လေထဲ မီးမွေးရပုံမှာ -

ရှေးဦးစွာ မိမိတို့ စီးလာကြသော ဆင်ကြယ်တံဆိပ် ရာဘာဖိနပ်များကို အပိုင်းပိုင်း ခုတ်ဖြတ်သည်။ မီးရှို့သည်။ မီးဖြစ်လာလျှင် ခြောက်သော်လည်း

စိုထိုင်းနေသော ဝါများကို တစ်စစီ ဖွဲထည့်ရသည်။ မီးရှိန်ရလာမှ အခြားဒါး ခြောက်ထင်းရေစိုများကို ထည့်ရသည်။ မီးများပြီမို့ ရေကိုနိုင်ကာ မီးရှိန်ရလာ သည်။ သုံးပြည်ဆံ့ ဆွမ်းတစ်အိုးကို ရေခန်းတည်သည်။

အပေါ်မှ မိုးသူကမိုး၊ အောက်မှ လေကာသူကကာ၊ မီးထိုးသူက ထိုးမြှုပ် ဆွမ်းတစ်အိုး ကျက်ခဲ့သည်။ ၎င်းဆွမ်းတစ်အိုးအတွက် ရာဘာဖိနပ် ၁၀ ရံ အရင်းပြုခဲ့ရသည်။

ဆွမ်းကျက်လျှင် ဂဲပျံဆရာတော်ဘုရားကြီးအမှူးရှိသော သံဃာ တော်များအားဆွမ်းကပ်သည်။ ဆွမ်းနှင့်တွဲဖက် ဘုဉ်းပေးစရာဟူ၍ ဆားနှင့် ငရုတ်သီးသာရှိသည်။ ရေသော်မှ မိုးရွာထားပေလို့။ ထည့်စရာ ပန်းကန် ခွက်ယောက်မလို။ သပိတ်ကိုယ်စီရှိသည်။ သပိတ်ထဲ ဝေပုံကျ ဆွမ်းထည့်၊ ဆားဖြူး၊ ငရုတ် သီးထောင်းဖြင့် နယ်၍ ဘုဉ်းပေးကြသည်။ မရှိသည့်နေရာ၊ မရှိသည့် ဆွမ်းမို့ မြိန်ယှက်လိုက်ပါဘိခြင်း။

မြိုင်ကြီးငူဘုန်းတော်ကြီးသည် ဆွမ်းဘုဉ်းပေးရင်းမှ ပုံပြင်ကလေး တစ်ခုကို သတိရလိုက်သည်။

ထင်းခုတ်စားရသော သူဆင်းရဲသားအမိနှစ်ဦး။ သားဖြစ်သူက နေ့စဉ် တောထဲ ထင်းခုတ်သွားရသည်။ အမေဖြစ်သူက ရွာထဲလည်၍ ထင်း ရောင်းချသည်။ သားထင်းခုတ်သွားလျှင် စားဖို့အတွက် အမေက နေ့တိုင်း ထမင်းနှင့် ငါးပိဖုတ်တစ်တုံးသာ ထည့်ထည့်ပေးလိုက်နိုင်သည်။ နေ့စဉ် ဤလို ချည်း စားနေရသဖြင့် တစ်ခါတလေ ဟင်းကောင်းကလေး ချက်ထည့်ပေးပါ ရန် အမေအား ပြောသည်။ သားအား ကျွေးချင်ပါသည်။ သို့သော် မတတ်နိုင်။ အကြံထုတ်ရသည်။

အကြံရသည်တွင် သားအားပြောသည်။ "သား၊ ဒီနေ့ ထင်းခုတ်သွား လို့ ထမင်းစားတဲ့အခါ ဆာတာနဲ့ မစားနဲ့ဦး၊ နေမွန်းတည့်ရောက်ပါမှ ထမင်း ထုပ်ကိုဖွင့်ပြီး သားစားချင်တဲ့ ဟင်းကို မန်းလိုက်ပါ။ ဖြစ်လာပါလိမ့်မယ်" လို့ မှာလိုက်တယ်။ သားဖြစ်သူ တောထဲရောက်လို့ ထင်းခုတ်သည်။ ယခင်နေ့ များမှာ စတင်ဆာသည်နှင့် ထမင်းစားသည်လေ့ရှိသော်လည်း ယနေ့ ဟင်း ကောင်းစားလိုသဖြင့် အမေ့စကားအတိုင်း မွန်းတည့်ရောက်သည့်တိုင်အောင် စောင့်သည်။ စောင့်ရင်း နားနားနေနေ ထင်းခုတ်သည်။ ပို၍ ဆာလာသည်။ မစားသေး။ ဟင်းကောင်းနှင့်မှ တအားလွေးမည်အတွေးဖြင့် အဆာခံနေသည်။

သို့ဖြင့် မွန်းတည့်လာသည်။ ထမင်းထုပ်ကို ဖြည်သည်။ အမေထည့် ပေးလိုက်သော ငါးပိဖုတ်ကလေးကို ကိုင်၍ "ဥုံဖွ. . . ဝက်သားတုံးကြီး ဖြစ်စေ

ကာည်း" ဟု ထပ်ဖန်တလဲလဲ မန်းမှုတ်သည်။ အဘယ်မှာ ဖြစ်ပါအံ့နည်း။ ငါးပိဖုတ်က ငါးပိဖုတ်သာ။ အားမလို အားမရ ဖြစ်လာသည်။ ပါးစပ်နားကပ်၍ အဖန်တလဲလဲ ဥုံဖွလုပ်သည်။ ဖြစ်မလာချေ။ သို့သော် ငါးပိဖုတ်နံ့က နှာခေါင်းထဲ မွှေးလာသည်။ အစာတောင်းနေပြီဖြစ်သော ဗိုက်က ပိုဆာလာသည်။ ဘက်သားတုံး ဘယ်တော့ဖြစ်လာမလဲ၊ ဗိုက်က ဆာလှပြီ။ စားချင်စိတ်ကို တားမရတော့သည်နှင့် ငပိဖုတ်ကလေးကို နည်းနည်းဖဲ့စားမိသည်။

"အမလေးလေး. . . ကောင်းလိုက်တဲ့ အရသာ" ဟု တွေးထင်မိသည်။ ထမင်းတစ်လုတ်၊ ငပိဖုတ်တစ်ဖဲ့ စားရင်းဖြင့် ထမင်းတစ်စေ့မကျန်အောင် အကုန်ပြောင်သွားတော့သည်။ ယခင်နေ့များနှင့်မတူ ထမင်းမြိန်လိုက်သည်မှာလည်း ပြောမပြတတ်နိုင်အောင်ပင်။

စားသောက်ပြီးသောအခါမှ အသိတရား ရသွားသည်။

"ဆာလျှင် ဘာဖြစ်ဖြစ် စားကောင်းသည်ချည်း၊ စားမြိန်သည်ချည်း" ဟု၊ ပုံပြင်က ဤမျှသာ။

ယခုလည်း မိမိတို့ သံဃာတစ်တွေ စားစရာဟူ၍ မယ်မယ်ရရမရှိ။ ရှိဘာနှင့် ဘုဉ်းပေးရသည်။ မြိန်လှပါသည်။ သည်ဆွမ်းတစ်နပ်ကဖြင့် နောင်တစ်ချိန် စာကင်လောက်အောင် ဖြစ်ပေတော့မည်။

ဆွမ်းဘုဉ်းပေးပြီးလျှင် တောင်ပေါ်မှ ဆင်းလာကြသည်။ ရွှေဖလားကျကိုင်းတောရွာ ဦးကျော်အေးအိမ်တွင် အသင့်ပြင်ဆင်ထားသော ဆွမ်းနှင့် ငွေမ်းအုပ်ကိုယ်တိုင် ပို့လာကြသော ဆွမ်းတို့ကို နေ့ဆွမ်းအဖြစ် ဘုဉ်းပေးကြရသည်။ မွှေးဖွယ်ရာရာ စီမံထားပါသည်။ သို့သော် အရုဏ်ဆွမ်း ဘုဉ်းပေးစဉ်လောက် မမြိန်လှချေ။

နေ့ဆွမ်းအပြီးမှာ သံဃာများအားလုံး စက်လှေစီးပြီး ယွန်းစလင်းမြစ်ငယ်ကို စုန်ဆင်းလာခဲ့သည်။ ဇာကော့လုံးကွေ့မှာ ကျောက်သဘော်ခေါ်သီလာပါရဲ စေတီနှင့် ငါးကျောင်းငယ်ရှိသည်။ ထိုနေရာမှာ သိမ်သမုတ်ရန်ဖြစ်သည်။

ထိုငါးကျောင်းငယ်မှာ တစ်ညကျန်းစက်ပြီးနောက် နံနက်မှာ သိမ်သမုတ်ကြရာ နံနက် ၉ နာရီ ၄၉ မိနစ် ၁၅ စက္ကန့်တွင်ပြီးစီးခဲ့သည်။ သို့ဖြစ်၍ -

"ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်၊ ပုဇွန်မြောင်းအုပ်စု
ကျောက်သဘော်ဇာကော့လုံးကွေ့ သီလာပါရဘုရား
ပရိဂုဏ်အတွင်း သာသနကာရုညသိမ်တော်ကို ဝဲပုံဆရာ

တော်ဘုရား ကြီးမှူး၍ သံဃာတော် (၃၉)ပါးတို့က ဝိပ္ပတ္တိဖယ်ရှား၊ သမ္ပတ္တိ အနေအထားဖြင့် ကမ္မဝါအထပ်ထပ် ရွတ်ဖတ်ကာ သိမ်နုတ်တော်မူပြီး သမုတ်တော်မူကြရာ. . .

၁၃၅၂ ခုနှစ်၊ ဝသန္တဥတု၊ ကန်ရာသီ တော်သလင်းလဆန်း (၉)ရက်၊ အင်္ဂါနေ့ နံနက် (၉)နာရီ (၄၉)မိနစ် (၁၅)စက္ကန့်အချိန်တွင် ပြီးစီးအောင်မြင်တော်မူသည်။

အလျား × အနံ ၂၅ တောင်။

(၂၈-၈-၉၀)"

ဟူ၍ သာသနာ မှတ်တမ်းတစ်ရပ် တွင်ရစ်ပြန်သည်။

ထိုနေ့မှာပင် သံလွင်အရှေ့ဘက်ကမ်း လှိုင်းဘွဲ့မြို့နယ်၊ မအဲအုပ်စု ကလုံစိန်ဘုရားသို့ ကြွရောက်ကြကာ သိမ်သမုတ်တော်မူကြပြန်သည် ဖြစ်၍-

"ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ မအဲအုပ်စု ကလုံစိန်ဘုရား ဘုရားပရိဝုဏ်အတွင်း သာသနကာရဏိက သိမ်တော်ကို ဝဲပျံဆရာတော် ကြီးမှူး၍ သံဃာတော် (၃၉) ပါးတို့က သမုတ်တော်မူကြရာ ၁၃၅၂ ခုနှစ်၊ ဝသန္တဥတု၊ ကန်ရာသီ တောင်သလင်းလဆန်း (၉)ရက်၊ အင်္ဂါနေ့ ည (၈)နာရီ (၁၇)မိနစ်၊ စက္ကန့် (၄၀)တွင် ပြီးစီးအောင်မြင်တော်မူသည်။

အလျား × အနံ ၂၅ တောင်။

(၂၈-၈-၉၀)"

အလားတူ -

"ကရင်ပြည်နည်၊ လှိုင်းဘွဲ့မြို့နယ်၊ မအဲအုပ်စု ရာသိကျော်ဘုရား ပရိဝုဏ်အတွင်း၌ သာသနဝိပုလသိမ်တော်ကို ၁၃၅၁ ခုနှစ်၊ တော်သလင်းလဆန်း (၁၀)ရက်၊ ဗုဒ္ဓဟူးနေ့ ညနေ (၄)နာရီ (၃၆)မိနစ် (၄၀)စက္ကန့် အချိန်တွင် သမုတ်ခြင်း ပြီးစီးအောင်မြင်တော်မူသည်။

အလျား × အနံ ၂၅ တောင်။

(၂၉-၈-၉၀)"

"ကရင်ပြည်နည်၊ လှိုင်းဘွဲ့မြို့နယ်၊ မအဲအုပ်စု မာရ်လာယုဘုရား ပရိဝုဏ်အတွင်း၌ သာသနတံခွန် သိမ်

တော်ကို ၁၃၅၃ ခုနှစ်၊ တောင်သလင်းလဆန်း (၁၁)ရက်၊ ညနေ (၂) နာရီ (၃၇)မိနစ် (၅၀)စက္ကန့် အချိန်တွင် သမုတ်ခြင်း ပြီးစီးတော်မူသည်။

အလျား × အနံ ၂၅ တောင်။

(၃၀-၈-၉၀)"

ထိုနှစ်အတွင်းမှာပင် သီတင်းကျွတ်လ၌ -

"ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်၊ ပုဇွန်မြောင်းအုပ်စု တောင်နီပုဒ္ဓရောင်ခြည်ဘုရား ပရိဝုဏ်အတွင်း၌ သာသနနိပုဏသိမ်တော်ကို ၁၃၅၂ ခုနှစ်၊ ဝသန္တဥတု၊ တူရာသီ သီတင်းကျွတ်လဆန်း (၇)ရက်၊ အင်္ဂါနေ့ ညနေ (၅)နာရီ (၁)မိနစ်၊ (၅၅)စက္ကန့် အချိန်တွင် သမုတ်ပြီးစီးအောင်မြင်သည်။

အလျား × အနံ ၁၅ တောင်။

(၂၅-၉-၉၀)"

ဤသို့လျှင် မြင့်ကြီးငူဘုန်းတော်ကြီးသည် ဘုရားစေတီ အပြိုအပျက်များကို ပြုပြင်တည်ထားရင်း သိမ်တော်အချို့ကို သမုတ်တည်ထားခဲ့လေသည်။

ကျန် ဘုရား စေတီ သိမ် ကျောင်းတို့ကို အလျဉ်းသင့်သလို ဆက်လက်ဖော်ပြသွားပါမည်။

## လျှောက်သောလမ်းမှာ အဆီးအတား

၁၃၅၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် စရက်ပိုင်း။

မအဲရွာအနီးရှိ ဆကေသာ ဆံတော်ရှင်စေတီတော်အား ထီးတော်တင်လှူပူဇော်သည်။ ဆကေသာ ဆံတော်ရှင်စေတီ ပြန်လည်ပြုပြင်ရာမှာ သုံးကြိမ်သုံးခါတိုင်ခဲ့သည်။ ဘုရားဟောင်းကို ငုံကာ ပြန်လည်တည်ထားခြင်းဖြစ်သည်မို့ အဟောင်းနှင့် အသစ်အကြား မိုးရေဝင်ကာ ရေစိမ့်ထွက်ရာမှ ပြိုပြိုကျခဲ့သည်။ ယခု နောက်ဆုံးအကြိမ်တွင်မူ အဟောင်းနှင့် အသစ်အကြား ရေလေမခိုနိုင်အောင် စိမ်ဖန်တီး၍ တည်ခဲ့သည်။ ငွေရှစ်သိန်းဖကုန်အကျခံ၍ ခိုင်မာသည်ထက် ခိုင်မာအောင် ဖန်တီးခဲ့သည်။ သည်တစ်ခါတော့ ခိုင်ခံ့တန်ကောင်းပါရဲ့။

ထီးတော်တင်ပြီးနောက် ကျန်ငွေမှာ အရပ်ရပ် အလှူရှင်တို့ ထည့်ဝင်လှူဒါန်းသည့် ငွေပါဆိုလျှင် ရှစ်သောင်းမျှရှိလေသည်။ ဤငွေများဖြင့် ကယားပြည်နယ် ဆင်တော်မတောင်သို့ သွား၍ ဆံတော်ရှင်စေတီကို တည်မည်မှန်းထားသည်။

မှန်းသာမှန်းထားသည်။

ကယားပြည်နယ်သို့ ယခင်က မရောက်စဖူးခဲ့။ လွိုင်ကော်ဆိုသည်မှာ ဘယ်နေမှန်းမသိ။ ဆင်မတောင်တော်ဆို ဝေးပါလေရော့။ သို့သော် ကိုး

နေလို့က ဘာမှဖြစ်လာမည်မဟုတ်။ သွားပါများ ခရီးရောက်၍ မေးပါများလျှင် စကားရလာပေလိမ့်မည်။ ပေါက်ကျိုင်းထုံးကို နှလုံးမူရတော့မည်။

ဤအတွေးဖြင့် ဆကေသာထီးတင်ပွဲမှ ပြန်လာခဲ့သည်။ မြိုင်ကြီးငူရောက်သော် ကျောင်းရှိသံဃာများကို ရွေးချယ်စိစစ်သည်။ ၃၇ ပါးသော သံဃာများကို ဦးဆောင်၍ ထွက်ခွာခဲ့သည်။ ထွက်ခွာခဲ့ရာတွင် သံဃာများသည်လည်း မြိုင်ကြီးငူဘုန်းတော်ကြီးနည်းတူ သပိတ်တစ်လုံး၊ သင်္ကန်းသုံးထည်မျှသာ ဖြစ်သည်။

အပိုပစ္စည်း အသုံးအဆောင်ဟူ၍ မယ်မယ်ရရ မပါသော်လည်း ဘုရားတည်ရာတွင် အသုံးပြုသည့် သံလက်၊ ဂေါ်ပြား၊ ပန်းရံဒယ်၊ ပေါက်တူး စသော ပန်းရံပစ္စည်းကား အပြည့်အစုံ ပါရှိသည်။

ဆံတော်သာသနာကို ဘေးမဲ့ဖြင့် ပွင့်လင်းစေရန် လျှောက်ထားချက်ကို အကောင်အထည်ဖော်သောအားဖြင့် ဆံတော်ရှင်စေတီဟောင်းများကို ကြိုးစားပမ်းစား ရှာဖွေတည်ထားခဲ့သည်။ ပြီးပြည့်စုံခြင်းကား မရှိပါသေး။ မယ်ကဇောတောင် ဒသဗလ ဆံတော်ရှင်စေတီတော်၊ တြိကြိုးသိဒ္ဓိပါလ ဆံတော်ရှင်စေတီတော် စသော စေတီအချို့ကိုသာ ပြုပြင်တည်ထားခဲ့ရသေးသည်။

ထွီးဖားဝိကြိုးစသော တောင်များရှိ စေတီတော်မ ႇ းကိုကား အရပ်ရပ်သော အခြေအနေအရ တည်ခွင့်မသာသေး။ မပြုပြင်သာသေး။ နယ်မြေအေးချမ်းမှု လုံးဝမရှိသေး။ သည်ကာလအတွင်း ကယားပြည်နယ် လွိုင်ကော်ဆင်တောင်ရှိ ဆံတော်ရှင်စေတီတော်ကို တည်ရပါမူ ကောင်းလေစွ။ ကယားပြည်နည်မှာ မိမိတို့ဒေသမှာကဲ့သို့ ဘုရားတည်၊ ကျောင်းဆောက်ခြင်း အခက်အခဲရှိမည်မထင်။ ဟန့်တားသူလည်း ရှိမည်မထင်။

မိမိဒေသမှာကား တည်ထားရမည့် ဆံတော်ရှင်များ သီတင်းသုံးရာ အောက်ပြည်များမှာ ဗုဒ္ဓဘာသာမဟုတ်သူများ၏ စိုးမိုးမှုနယ်ပယ်တွင် ကျရောက်နေသဖြင့် သွားရောက်ပြုပြင် တည်ထားခြင်း မပြုသာသေး။

ဆံတော်ရှင်စေတီ ၉ ဆူအနက် တစ်ဆူပြီးလည်း မနည်းပြီ။ အတွေးကို ရင်ဝယ်ပိုင်၍ ဘုရားတည်မည်ဟု သံဃာထုနှင့် ထွက်လာခဲ့သည်။ ရန်ကုန်ရောက်လျှင် ရန်ကင်းမြို့နယ်တွင်းရှိကျောက်ကုန်း မေဒိနီကျောင်းတိုက်မှာ တည်းခိုသည်။ မြိုင်ကြီးငူဘုန်းတော်ကြီး ရန်ကုန်သို့ ရောက်ရှိနေသည်ကို ရန်ကုန်မြို့ ဝွတ္တလစ်ရှိ ဆရာဦးထွန်းထွန်းက သိရှိသွားခဲ့ပြီး ချက်ချင်းရောက်လာသည်။

"အရှင်ဘုရား၊ ဘာကိစ္စနဲ့ ကြွလာသလဲဘုရား"

"ကယား သွားမယ်လေ၊ လွိုင်ကော် ဆင်တော်မတောင်မှာ ဘုရားသွားတည်မယ်"

"မဖြစ်သေးပါဘူးဘုရား"

"ဘာလို့မဖြစ်ရမှာလဲ"

"တပည့်တော် စုံစမ်းကြည့်ပြီးပြီ၊ အဲဒီနေရာမှာ ဘာသာခြားတွေချည်းများတယ်"

"ဟ. . . ဘာသာခြားများတော့ ဘာဖြစ်သလဲ၊ သာသနာပြုတဲ့ဟာပဲ၊ ကိုယ့်ဘာသာထဲမှာမှ ပြုရမတဲ့လား။ ဘုရားသခင် စတင်သာသနာပြုစဉ် ကာလကိုပြန်ကြည့်။ ကဿပစတဲ့ ရှင်တစ်ထောင်ဟာ ဗုဒ္ဓဘာသာဝင်တဲ့လား"

"အဲဒါတော့ အဲဒါပေါ့ဘုရား"

"အဲဒါလည်း အဲဒါဆိုလို့ ခုဒီဟာလည်း ဒီလိုပဲဖြစ်ရမယ်ပေါ့၊ မဟုတ်ဘူးလား"

"ဟုတ်တော့ဟုတ်ပါတယ်ဘုရား၊ ဒါပေမဲ့. . . "

"ပြောပါဦး"

"အရှင်ဘုရားကို မသွားစေချင်သေးဘူးဘုရား"

"ဘာဖြစ်လို့လဲ"

"အဲဒီမှာ တိုက်ပွဲတွေဖြစ်နေတယ်"

"ဟ. . . သူ့ဟာသူဖြစ်တာ ကိုယ်နဲ့ ဘာဆိုင်တာလိုက်လို့"

"ဆိုင်တာတော့ မဆိုင်ဘူးပေါ့ဘုရား၊ လုပ်ရကိုင်ရ သွားရလာရတယ်လည်း မလွယ်ကူဘူးပေါ့ဘုရား။ ဒါကြောင့် မသွားစေချင်ရတာပါဘုရား"

ဆရာဦးထွန်းထွန်း လျှောက်ထားချက်သည် သဘာဝကျနေသည်။ မိမိတစ်ဦးတည်းသာဆို အရေးမဟုတ်လှသော်လည်း လူဒကာများပါဆိုလျှင် ၄၀ ကျော်သော ပရိသတ်ကြီးနှင့်မို့ နည်းနည်းတော့ စဉ်းစားနေမိသည်။

ဆရာဦးထွန်းထွန်းသည် မြိုင်ကြီးငူဘုန်းတော်ကြီးအား ညီအစ်ကိုရင်းတမျှ ချစ်ခင်သည်။ ဘုန်းတော်ကြီး၏ သီလသိက္ခာ၊ အကျင့်စရိုက်တို့ကိုလည်း ကြည်ညိုလေးစားသည်။ ဘေးဖြစ်လိမ့်မည်ထင်သော ထိုအရပ်သို့ အဘယ်မှာလျှင် သွားစေချင်ပါမည်နည်း။ ဆရာဦးထွန်းထွန်း ပြန်လည်၍ အမှတ်ရပါ

သေးသည်။ သောင်းရင်းမြစ်၊ သံလွင်မြစ်တို့ဆုံရာ မြစ်ဆုံဒေသ သူးမွဲထစခန်းမှာ ကြ္တသယဖောင်တော်ဦးစေတီ တည်ထားစဉ်ကာလက သူနှင့် အဖော်ငါးဦး ရောက်လာသည်။ ဘုန်းတော်ကြီးသာသနာပြုရာ၊ ဘုရားတည်၊ ကျောင်းဆောက်ရာမှာ လုပ်အားဒါနတွေ ပြုခဲ့ကြသည်။ ထိုစဉ်မှာ တောတွင်းမှ ပုဂ္ဂိုလ်များက သူ့အား ထောက်လှမ်းရေးဖြစ်ရမည်ဟူသော စွပ်စွဲချက်ဖြင့် ဆွဲတော့မည့်ဆဲဆဲ သူတို့လူစုအား ချက်ချင်း ပြန်ပို့ပေးခဲ့သည်။

ပို့စဉ်တုန်းက ဘာကြောင့်ရယ်မသိ။ ကမမောင်းရောက်ခါမှ ဒါကြောင့်ပို့တာဟု သိခွင့်ရခဲ့သည်။ မကြောက်ဘူး ဆိုသော်လည်း ကျောတော့ အချမ်းသား။ ဖြစ်လာအံ့သော အန္တရာယ်မှ လက်မတင်လေး လွတ်ခဲ့ရသည်။ လွတ်အောင်လည်း ကြံဆောင်ပေးခဲ့သည်မို့ မြိုင်ကြီးငူဘုန်းတော်ကြီးအပေါ် ကျေးဇူးတရားအနေဖြင့် ပို၍တင်ထား ကြည်ညိုမိလေသည်။

ဤမည်သော ကျေးဇူးရှင် ဘုန်းတော်ကြီးတစ်ပါး၊ ချစ်ခင်ကြည်ညိုလေးစားရသော ဘုန်းတော်ကြီးတစ်ပါးသည် ဤအရပ် ဤမျှသောအရပ်သို့ ကြွသွားလိုသည်။ ထိုထိုဒေသမှာလည်း အန္တရာယ်တွေ ဤသို့ ဤနှယ်ရှိနေသည်ကို သိထားပါလျက် အဘယ်မှာ သွားစေချင်ပါမည်နည်း။ မိုးကား မပြိုပါလေ၊ ပြိုခဲ့သည်ရှိသော် အတွေးဖြင့် ဟန့်တားနေခြင်း ဖြစ်သည်။

လှိုင်ကော်သို့ သွားမည့်ကိစ္စကို မတင်မကျဖြင့်ပင် ရပ်ထားပြီး အခြားအကြောင်းအရာများသို့ စကားဦးလှည့်ခဲ့သည်။ လာခဲ့သော သံဃာများပါလိုရာခရီးသို့ မရောက်ရသော်လည်း လာရကျိုးနပ်စေတော့ဟူ၍ နောက်တစ်နေ့နံနက်တွင် ဆရာဦးထွန်းထွန်း အစီအစဉ်ဖြင့် ပြည်မြို့သို့ ဘုရားဖူးပို့ပေးသည်။

ပြည်မြို့မှပြန်လာရာ ရန်ကုန်သို့ ရောက်ပြီးနောက် ဆရာဦးထွန်းထွန်းက "ဒါလောက်ဆို ဘုန်းကြီး စိတ်ပြေ၍ လှိုင်ကော် မသွားတော့တန်ရာ" ဟု စိတ်ချပြီး အိမ်သို့ ခေတ္တပြန်ခဲ့သည်။

မြိုင်ကြီးငူဘုန်းတော်ကြီးသည် မူလစိတ်ဓာတ်ကိုက သွားဆိုသွားရမှ၊ လုပ်ဆို လုပ်ရမှဖြစ်သည်။ သွားကြည့်မည်၊ လုပ်ကြည့်မည်။ မဖြစ်ကာမှ နေရော။ အများက မဖြစ်ဘူးဆိုသည်နှင့် လက်မလျှော့တတ်။ ကိုယ်တိုင်ကိုယ်ကျ သွားလာလုပ်ကိုင်တတ်လေ့ရှိသည်။

စာပေပရိယတ် သင်ယူစဉ်ကတည်းက ထိုစိတ်ဓာတ်မျိုး ကိန်းခဲ့သည်။

တောရဆောက်တည်စဉ်မှာလည်း တရားကျင့်ကြံ အားထုတ်မှု အပေါ် ထိုစိတ်ဓာတ်မျိုး ပို၍ ပြင်းထန်ခဲ့သည်။ ထို့ကြောင့်လည်း အများတကာ အပြောမှုဖြစ်သော ပဋ္ဋ္ဌပိုဏ်ဓူတင်၊ ထုံနာကျဉ်နာရောဂါပျောက်ခြင်း၊ ရေဆွမ်း အဓိဋ္ဌာန် စသည်တို့ကို ဇွဲခတ်၍ ပြုလုပ်ကျင့်ကြံ အောင်မြင်ခဲ့သည်။

"ရန်သူဝိုင်းထား၊ ထိုယောက်ျားကား
ပြေးသွားဖို့ရာ၊ အခွင့်သာလျက်
ပြေးမထွက်၊ လမ်းတွက်အပြစ်မဟုတ်ချေ"

ဟူသည်သို့ လမ်းကြောင်း သိသည်။ လမ်းခရီးလည်း သိပြီ။ သွားလာနည်းလည်း သိပြီ။ မသွားလျှင် ခရီးမရောက်။

သွားဖို့ဆိုရာက ဆန္ဒပြဋ္ဌာန်းရသည်။ အလို (ဆန္ဒ)အားကြီးလျှင် စိတ်လည်းပါလာမည်။ စိတ်ပါလာမည်ဆိုမှတော့ ဝီရိယလည်း မနေတော့။ နိုးကြွလာရသည်။ ၎င်းအဓိပတိသုံးပါး စုံညီလာပြီဆိုလျှင် ဝိမံသာ အဓိပတိ (ပညာ)ကလည်း မည်သို့မည်ပုံ ပြုလုပ်ရမည်ဟူသော အသိဉာဏ်၊ အကြံဉာဏ် ပေါ်လာရသည်။

ဤကား မြိုင်ကြီးငူဘုန်းတော်ကြီး၏ လက်တွေ့ကျင့်စဉ်ပင် ဖြစ်သည်။ ဤကျင့်စဉ်ဖြင့်ပင် အချိုးအကွေ့များကို ဖြတ်သန်းကျော်နင်း လွန်မြောက်ခဲ့ရသည်။ အောင်မြင်မှုရှိသကဲ့သို့ ဆုံးရှုံးမှုလည်း ရှိခဲ့သည်။ အရာခပ်သိမ်းအောင်မြင်သည်ဟူ၍ကား မရှိစကောင်း။ လောကဓံတရားရှစ်ပါးကို ဘုရားဟောရာမှာသော်မှ လာဘော အလာဘော ယသော အယသော နိန္ဒာပသံသာသုခံ ဒုက္ခံ ဟူ၍ ဆန့်ကျင်ဘက်တရားနှစ်ပါးစီကို တွဲဟောထားသည်။

ဆိုလိုသည်မှာ ကောင်းဆိုးနှစ်ရပ်သည် ဒွန်တွဲလျက်ရှိစမြဲ။ အမှောင်၏ အခြားတစ်ဖက်၌ အလင်းရှိသကဲ့သို့ အလင်း၏ အခြားတစ်ဖက်မှာလည်း အမှောင်က ရှိနေမည်သာ ဖြစ်သည်။ ယခုလည်း အမှောင်က ကြိုနေသည်။ အလင်းက စောင့်နေမည်ဟု လမ်းခုလတ် အနေအထားတွင် ဆုံးဖြတ်ရန် မသင့်သေး။ ခရီးဆုံးအောင်တော့ သွားကြည့်မည်။ လမ်းဆုံးလျှင် ရွာတွေ့မည်။ တွေ့သော ရွာအပေါ် မူတည်၍ ဆက်လက်လုပ်ဆောင်သွားရုံသာ။

**********

နောက်တစ်နေ့နံနက်တွင် မြိုင်ကြီးငူဘုန်းတော်ကြီးသည် ဒိုင်နာကား တစ်စီးကို သွား/ပြန် ၂၀၀၀ဝိ/- (နှစ်သောင်းကျပ်)ဖြင့် ငှား၍ တောင်ကြီးသို့

တက်ခဲ့သည်။ တောင်ငူအရောက်မှာ မိုးချုပ်သဖြင့် ဦးဘသန်း (သစ်တော) အိမ်မှာ တည်းခိုညအိပ်ရသည်။

ဦးဘသန်းမှာ သံဃာများနှင့်အတူ ပါသွားသော ဒေါ်ခင်ထွေးမြင့်၏ အစ်ကိုကြီး ဖြစ်သည်။ ဦးတင်ကြည်၊ ဒေါ်ခင်ထွေးမြင့်တို့မှာ မြိုင်ကြီးငူဘုန်းတော်ကြီး ကွယ်လေရာမှာ လိုက်ပါ၍ ပါရမီဖြည့်နေသော စေတနာထက်သန်သည့် ဇနီးမောင်နှံ ဖြစ်သည်။

ဦးဘသန်းအိမ်မှာ အိပ်နေကြပြီး၊ မိုးမလင်းမီမှာ တောင်ငူမှ ထွက်ခွာခဲ့သည်။ လမ်းမှာ ဆွမ်းအခက်အခဲ မတွေ့စေရန် အိမ်မှ ဆွမ်းကွမ်းများ လုံလုံလောက်လောက် ချက်ထည့်ပေးလိုက်သည်။

မြိုင်ကြီးငူဘုန်းတော်ကြီး အမှူးပြုသော သံဃာများသည် ပျော်ဘွယ်မှတစ်ဆင့် တောင်ကြီးမြို့သို့ ဦးတည်မောင်းနှင်လျက် ရှိသည်။

ထိုအချိန်တွင် ရန်ကုန်မှာ ဆရာဦးထွန်းထွန်းတစ်ယောက် ခေါင်းမီးတောက်နေသည်။ ကျောက်ကုန်း မေဒိနီသို့ ပြန်ရောက်ချိန်မှာ မြိုင်ကြီးငူဘုန်းတော်ကြီးနှင့်အဖွဲ့ မတွေ့ရတော့၊ ပြန်သွားပြီဆိုသဖြင့် အဝေးပြေးကားဂိတ်သို့ လိုက်ခဲ့သည်။ မေးမြန်းကြည့်ရာ တောင်ကြီးသို့ တက်သွားကြောင်း၊ ဒိုင်နာကားတစ်စီးကို သွား/ပြန် ငှားသွားကြောင်း သိလိုက်ရသည်။

မြိုင်ကြီးငူဘုန်းတော်ကြီး သွားမည့်လမ်းကြောင်းကို မှန်းမိလိုက်သည်။ တောင်ကြီး ကိုသန့်ဇင်မှတစ်ဆင့် လွိုင်ကော်သွားလိမ့်မည်ဟု။

"မဖြစ်သေး၊ သည်အတိုင်း လွှတ်လိုက်လို့က မဖြစ်သေး။ သည်ခရီးစဉ်ကို မပျက်ပျက်အောင်တော့ ဖျက်ရပေတော့မည်။ မဖြစ်ပါဘူးဟု အာမမခံနိုင်သလို ဖြစ်လာလျှင်လည်းမကောင်း။ ခက်တာပဲ ဘုန်းတော်ကြီးကလည်း လူငယ်ပီပီ ဇွတ်ချည်းပဲကိုး"

ဆရာဦးထွန်းထွန်း တစ်ယောက်တည်း မြည်တွန်နေမိသည်။ မှန်၏။ ဟိုးဘဝတစ်ခုတုန်းကလည်း ဆရာဦးထွန်းထွန်းက အစ်ကိုကြီး၊ မြိုင်ကြီးငူက ညီငယ်အထွေးဆုံး။ အစ်ကိုကြီးဖြစ်သူက အရာရာမှာတွေးတွေးဆဆ ချင့်ချင့်ချိန်ချိန်ရှိသလောက် ညီထွေးဖြစ်သူက လုပ်ချင်တာကို ဇွတ်တရွတ်လုပ်လေ့ရှိသည်။ ညီလုပ်ပြီဆိုတော့လည်း အစ်ကိုကြီးဖြစ်သူက ကန့်လန့်ကန့်လန့် ပါခဲ့ရသည်ချည်း။

ယခုလည်း မသွားသင့်သဖြင့် မသွားပါနှင့်ဟု အတန်တန် တားနေပါလျက် ဇွတ်ထွက်သွားသည်။ နယ်မြေအခြေအနေကို သိရှိထားသည့်မို့

ဦးထွန်းထွန်းရင်ထဲ စိုးရိမ်ပူပန်မှု သောကမီးတွေ တောက်လောင်လေတော့သည်။

ဆရာဦးထွန်းထွန်းမှာ ဆရာသမားတစ်ဦးဖြစ်သဖြင့် အရပ်ရပ်အနယ်နယ်မှာ တပည့်တပန်း ပေါများလှသည်။ သို့ဖြင့် မြိုင်ကြီးငူ၏ အဖွဲ့သွားမည်ထင်သော လမ်းကြောင်းရှိမြို့များတို့သို့ တယ်လီဖုန်း လှမ်းဆက်သည်။

"သံယာအများကြီး တင်သွားသော ဒိုင်နာကားတစ်စီးကို တွေ့လျှင် ရှေ့ဆက်မသွားစေဘဲ ရပ်ခိုင်းထားပါ။ ပြီးလျှင် ချက်ချင်း အကြောင်းပြန်ပါ" စသည်ဖြင့်။ သို့သော် . . .

ကံတရားက ဆရာဦးထွန်းထွန်းဘက် အလေးမသာခဲ့။ မြိုင်ကြီးငူဘုန်းတော်ကြီးဘက်သို့သာ မျက်နှာလိုက်သွားခဲ့သည်။ ဆက်သမျှ တယ်လီဖုန်းလိုင်းအားလုံး လိုင်းကျနေသဖြင့် မည်သို့မျှ ဆက်သွယ်၍မရ။ ဦးထွန်းထွန်းလည်း တစ်နည်းမဟုတ်တော့သဖြင့် တစ်မျိုးကြံရပြန်သည်။ တပည့်ဖြစ်သူဦးတင်မောင် (စန္ဒီပရဆေး)ကို ခေါ်ကာ အကျိုးအကြောင်း ပြောပြကာ ဦးတင်မောင်၏ အက်စ်အီးကားဖြင့် အပြင်းမောင်း၍ နောက်မှ လိုက်တော့သည်။ အပြေးနှုန်းလည်းကောင်း၊ ဝန်ပေါ့လည်း ဖြစ်သဖြင့် နမ့်ပန်တက်လောက်မှာ သွားမီသည်။ မီသည်ကလည်း မြိုင်ကြီးငူအဖွဲ့ကားကို လှမ်းမြင်ရရုံသာ ရှိသေးသည်။ ဆရာဦးထွန်းထွန်းတို့ စီးသောကားဘီးပေါက်သွားသည်။

"အဲဒါပြောတာပဲ တင်မောင်ရေ၊ ကံမပေးတော့ ညာဏ်ပြေးသော်လည်း မရဘူးဆိုသကွ"

ကားဘီးဖြုတ်၊ တပ်လုပ်သည်။ ပေါက်သွားသော ဘီးကိုပါ ဖာလိုက်သည်။ ပြောဖြစ်လား၊ ဘယ်ထိလိုက်ရဦးမည်မသိ။ မတော် လေထိုးဆိုင် မရှိသောနေရာမှာ ဘီးတစ်ခါ ထပ်ပေါက်မှဖြင့် အခက်ဟု တွေးကာ ဖာထေးစေရသည်။

ထိုအချိန် မြိုင်ကြီးငူအဖွဲ့ကားကို မျက်ခြည်ပြတ်သွားသည်။

မြိုင်ကြီးငူအဖွဲ့ကားသည် ဝက်ဖြူရေစခန်းအရောက်တွင် ကားကိုလမ်းဘေးချ၍ နေ့ဆွမ်းဘုဉ်းပေးကြသည်။ ဆွမ်းဘုဉ်းနေစဉ် ဆရာဦးထွန်းထွန်းတို့ကားက ဖြတ်ကျော်တက်သွားသည်။

ကားဖြတ်ကျော်သွားသည့်အဖြစ်ကို မြိုင်ကြီးငူဘုန်းတော်ကြီးက ရိပ်ခနဲ မြင်လိုက်သည်။ ဦးတင်မောင်ကားမှန်းသိသဖြင့် ဆရာဦးထွန်းထွန်းလိုက်လာပြီဆိုသည်ကို ရိပ်မိလိုက်သည်။ ဆရာဦးထွန်းထွန်းတို့လည်း

ရှေ့လောကြီးနေသဖြင့် သတိမထားမိ။ တောင်ကြီးသို့ တောက်လျှောက်မောင်းသွားသည်။ တောင်ကြီးသို့ ရောက်သော် သွားမည် ထင်သည့်နေရာတို့ကို ပိုက်ရှာသေးသည်။ မတွေ့သည့်အဆုံး အင်းလေး ဖောင်တော်ဦးဘက်ကိုများ သွားသလားအတွေးဖြင့် အင်းလေးသို့ မောင်းသွား တော့သည်။ ထိုမှစ၍ လမ်းကွဲသွားတော့သည်။

မြိုင်ကြီးငူအဖွဲ့သည် နေ့ဆွမ်းဘုဉ်းအပြီး လေးလေးမှန်မှန်ပင် ခရီးဆက်ခဲ့ရာ ညနေ ၅ နာရီလောက်မှာ တောင်ကြီးသို့ ရောက်သည်။ တောင်ကုန်းပေါ်ရှိ မုဆိုးရွှေချမ်းသာဘုရားသို့ သွားရောက်ဖူးမြော်သည်။ ပြီးမှ တောင်ကုန်းရပ် စံပယ်ဖြူလမ်း ကိုသန့်ဇင်၊ ဒေါ်ခင်အေးမွန်အိမ်သို့ သွားသည်။

ကိုသန့်ဇင်၊ ဒေါ်ခင်အေးမွန်တို့မှာ မူလက မြိုင်ကြီးငူဘုန်းတော်ကြီးနှင့် သိကျွမ်းမှု မရှိခဲ့ကြ။ သထုံမြို့ ညောင်ဝိုင်းကျောင်းဆရာတော်နှင့် ဆက်သွယ်မိပြီးကာမှ သိကျွမ်းလာခဲ့ရသူတွေ ဖြစ်သည်။ သိကျွမ်းလာခဲ့ပြီးနောက် ဘုရားမှ ကျင့်ကြံသူများ၊ အကျင့်စရဏ အားထုတ်ကြသူများချင်း တူညီကြသဖြင့် တစ်နည်းဆိုသော် ပဋ္ဌာန်းဆက်ချင်းနီးကြသဖြင့် ပို၍ ရင်းနှီးကျွမ်းဝင်ကြည်ညိုလေးစားသွားကြခြင်းဖြစ်သည်။

တောင်ကြီးသို့ ရောက်လေတိုင်း "ဘုရားတပည့်တော်တို့အိမ်မှာ ယာယီစံကျောင်းအမှတ်ဖြင့် သီတင်းသုံးတော်မူပါဘုရား" ဟု ပင့်လျှောက်ထားသဖြင့် ရောက်လာခဲ့သည်။

စေတနာ ထက်သန်လှသော ကိုသန့်ဇင်တို့ ဇနီးမောင်နှံကလည်း အိမ်ပေါ်ထပ်ရှိ တစ်ခုလုံးကို ဓမ္မာရုံကြီးတစ်ခုသဖွယ် ခမ်းနားစွာဖြင့် ဆင်ထားသည်။ ဘုရားသခင် စံတော်မူရာ ကျောင်းဆောင် (ပလ္လင်)တော်ကို အတင့်တယ်ဆုံး၊ အသပ္ပါယ်ဆုံးဖြစ်အောင် မွမ်းမံထားသည်။ ကျမ်းစာအုပ်များကို စာတိုက် (ဗီရို)များဖြင့် စနစ်တကျ ထားသိုထားသည်။ ဆရာတော် သံဃာတော်ကြီးများ၏ ဓာတ်ပုံကြီးများကိုလည်း ပတ်လည်နီးပါး ချိတ်ဆွဲပူဇော်ထားသည်။ ဤအပေါ်ထပ်ဝယ် အိမ်သားများ မနေဘဲ ယာယီစံကျောင်းတော်အဖြစ်သာ ထားရှိသည်။

ကိုသန့်ဇင်အိမ်သို့ ရောက်ပြီးနောက် စကားထွေရာပြောဆိုကြရာမှာ-

ယခုကာလအတွင်း တောင်ကြီးမြို့မှာ ကျောင်းသားပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနေသဖြင့် ဘာသာရေးကိစ္စရပ်များ ဘာတစ်ခုမှ မလုပ်ရဟု ဆိုကြောင်း သိရသည်။

ခုမှ သတိရမိသည်။ တောင်ကြီးမြို့သို့ဝင်စဉ်က ရှေ့မှာ မီးထိုးမောင်းလာသော ကားတန်းကြီးကို မြင်သဖြင့် မိမိတို့ စီးလာသောကားက လမ်းဘေးချ၍ ရပ်ထားပေးလိုက်ရသေးသည်။ ကားတန်းကြီးလွန်မှ ဆက်မောင်းခဲ့ရသည်။ မိမိတို့ ရပ်ပေးလိုက်ရသော ကားတန်းကြီးမှာ နိုင်ငံတော် အကြီးအကဲ တစ်ဦးဦး၏ ကားသာဖြစ်ရပေမည်ဟု ခုမှ သတိပြုမိသည်။

လွိုင်ကော် ဆင်တော်မတောင်ကိစ္စ မေးမြန်းသောအခါမှာ ကိုသန့်ဇင်က -

"မှန်ပါ၊ တပည့်တော်တို့လည်း အဆက်အသွယ်မရသေးပါဘူး ဘုရား၊ စုံစမ်းနေဆဲဖြစ်ပါတယ်ဘုရား"

"ဒီမောဆိုးမြို့နယ်တွင်းမှာလို့တော့ သိရပါတယ်ဘုရား၊ တိတိကျကျ သိရအောင် လွိုင်ကော်က ဦးလှစိန်တို့နဲ့ ဆက်သွယ်ထားပါတယ်ဘုရား"

"ခုသွားလို့ကော မရဘူးလား"

"မှန်ပါ၊ မသွားသင့်ပါဘုရား"

"ဘာဖြစ်လို့. . ."

"နေရာတိတိကျကျ မသိရသေးလို့ ရှာရဖွေရဦးမှာနဲ့၊ နောက်တစ်ခုက အဲဒီမှာ ဟိုက်ပွဲတွေဖြစ်နေကြတယ်၊ အဲဒါကြောင့် မသွားသင့်သေးပါဘုရား"

"ဒါဆို ဘယ်တော့လောက်. . ."

"တပည့်တော်ကိုယ်တိုင် ဆင်တော်မတောင်ကို သွားရောက် ရှာဖွေပါ့မယ်ဘုရား၊ တွေ့ရင် အရှင်ဘုရားကို အကြောင်းကြားပါ့မယ်။ ဒီတော့ကာမှ ကြွသင့်ပါတယ်ဘုရား"

"ကိုင်း. . . ဒါဆိုလည်း ပြီးရော၊ လွိုင်ကော် မသွားဖြစ်သေးရင် နက်ဖြန် ပြန်မယ်"

သို့ဖြင့် တောင်ကြီးမှာ တစ်ညခိုနား အိပ်စက်၍ နောက်တစ်နေ့ နံနက်မှာ ပြန်လာခဲ့တော့သည်။

✻✻✻✻✻✻✻✻✻✻

မြိုင်ကြီးငူ ပြန်ရောက်ရောက်ချင်း စောင့်နေသူနှစ်ဦးကို တွေ့ရသည်။ မဲခေါင်ကေးမှ ဦးရွှေလုံးနှင့် သောလယ်ထမှ ဒေါ်မကိုင်းတို့ နှစ်ဦး ဖြစ်သည်။

ရင်းတို့ နှစ်ဦးသည် မြိုင်ကြီးငူဘုန်းတော်ကြီး ကရင်ပြည်နယ် အထက်ဘက်၌ သာသနာပြုရာဝယ် အထူးအားထားရသူတွေ ဖြစ်သည်။ ဘုန်းတော်ကြီးအားလည်း ကြည်ညိုလေးစားကြသည်။ ဘုန်းတော်ကြီး ဖြစ်ချင်သည်ဆိုသော အရာများကို အလေးထား ဆောင်ရွက်ပေးလေ့ရှိသည်။ အထူးသဖြင့် ကုဋ္ဌာသယဖောင်တော်ဦးစေတီ တည်စဉ်ကာလအခါက အားထားရသူတွေ ဖြစ်ခဲ့သည်။ ယခု သူတို့နှစ်ယောက် ရောက်နေနှင့်သည်။

"ဆို. . . ဘာကိစ္စ"

"မှန်ပါ၊ ဗိုလ်မြက မှာလိုက်ပါတယ်ဘုရား"

"ဘာမှာလိုက်သတဲ့လဲ"

"မြိုင်ကြီးငူဆရာတော်ကို မင်းတို့ ရအောင် ပင့်လာခဲ့ကြ၊ ဘုန်းကြီး မပါရင် မင်းတို့ ပြန်မလာခဲ့နဲ့။ ဘုန်းကြီးပါမှ မင်းတို့ ပြန်လာခဲ့တဲ့ဘုရား"

"ဟေ. . . ဘာလုပ်ဖို့ ဦးဇင်းကို မှာရတာတုန်း၊ ဂုဏ်ပြုပူဇော်ဖို့တော့ ဟုတ်ဟန်မတူဘူး"

"အဲဒါတော့ မလျှောက်တတ်ပါဘုရား"

"မသွားဘူးဆိုရင်ကော"

"တပည့်တော်တို့ မပြန်တက်ရဲပါဘုရား"

"ဩော. . . ဒီလိုလား၊ ကိုင်းကိုင်း. . . ဒါဖြင့် ခုပဲသွားမယ်"

ဆိုကာ ရောက်မဆိုက် ခရီးထွက်ခဲ့သည်။ မူလကတည်းက စိတ်မြန်စိတ်ဆတ်သူလည်း ဖြစ်ပြန်၊ လာမည့်ဘေး ပြေးတွေ့တတ်သူလည်း ဖြစ်ပြန်သဖြင့် ချက်ချင်း မာနယ်ပလောရှိ ဗိုလ်မြအိမ်သို့ လိုက်ခဲ့သည်။

လိုက်ခဲ့သည်ဟု သာမန်မျှ ဆိုသော်လည်း သွားရသည့်ခရီးမှာ မနီးလှ။ ခရီးလမ်းပန်း ကြမ်းတမ်းခက်ခဲသည်။ တောအသွယ်သွယ် တောင်ထပ်ထပ်ကို ကျော်ရသည်။ လျှိုမြောင်တွေကို ဖြတ်ရသည်။ ခြေကျင်တစ်လှည့်၊ ကုန်းကြောင်း တစ်ခါဖြင့် လာခဲ့ရသည်။ ဤခရီးစဉ်ကို ရှေ့အခန်းများမှာ ရေးခဲ့ပြီး ဖြစ်သည်။ ဆိုကြပါစို့၊ ဗိုလ်မြနှင့် တွေ့ဆုံ စကားပြောသည်။

"ဘုန်းကြီး၊ ဘုရားမတည်နဲ့တော့"

"ဘာဖြစ်လို့ မတည်ရမှာလဲ အဖိုး"

မြိုင်ကြီးငူဘုန်းတော်ကြီးက ဗိုလ်မြအား (အဖူး)အဖိုးဟု ရင်းရင်းနှီးနှီး ခေါ်ပြောလေ့ရှိသည်။

"ဘုန်းကြီးက ဘာရည်ရွယ်ချက်နဲ့ ဘုရားတည်တာလဲ"

"အေးချမ်းစေဖို့ ရည်ရွယ်ချက်နဲ့ ဘုရားတည်တယ်၊ အဖိုးလဲ ကရင်ပြည်နည် အေးချမ်းဖို့အတွက် လုပ်ဆောင်နေရသလို ဦးဇင်းလည်း ရပ်ရွာအေးချမ်းအောင်ဆိုပြီး တစ်ဖက်တစ်လမ်းက ပံ့ပိုးတဲ့အနေနဲ့ ဘုရားတည်နေတာပါ အဖိုး"

"အေး. . . အခု ဘုန်းကြီးဘုရားတည်နေတာ များပြီ၊ နှစ်ပေါင်း ၂၀ ကျော်ပြီ၊ ဘယ်မှာ အေးချမ်းလာလို့လဲ။ ဒီအတိုင်း ဒီအတိုင်းပဲ မဟုတ်လား"

"အဖိုးလည်း ကရင်တော်လှန်ရေးဆိုပြီး လုပ်လာလိုက်တာ နဲဆို နှစ်ပေါင်း ၄၀ ကျော်ပြီ၊ ဘယ်မှာအေးချမ်းလာလို့လဲ၊ တိုးတက်လာလို့လဲ"

"အေး. . . ဟုတ်သားဟ"

ဗိုလ်မြ သဘောကျသွားသည်။ သို့သော် ဆက်ပြောသည်။

"တို့ တိုက်ပွဲဝင်နေတာဟာ အမျိုးသားရေး၊ ကရင်အမျိုးသားအားလုံး တိုးတက်ရေးကို အဓိက ဦးတည်နေတာ။ အေးချမ်းတာ၊ မအေးချမ်းတာ တို့နဲ့ မဆိုင်ဘူး။ ကရင်လူမျိုးတွေ ကောင်းစားဖို့အတွက်ဆိုရင် တို့က တိုက်သင့် တိုက်ရမှာပဲ"

"ခုလဲ တိုက်နေတာပဲ မဟုတ်လား"

"အေးလေ၊ တိုက်နေတာပဲပေါ့၊ မရမချင်း တိုက်နေရမှာပေါ့"

"ခု နှစ်လေးဆယ်ကျော်ပြီ၊ ရကောရလို့လား"

"မရသေးတာ တို့အလုပ်မဟုတ်ဘူး၊ ရအောင်တိုက်ဖို့က တို့အလုပ်ပဲ"

"ဟုတ်ပြီ၊ အဖိုးကလည်း အဖိုးယုံကြည်တဲ့အတိုင်း လုပ်သလို ဦးဇင်းကလည်း ကရင်ပြည်နယ်သူ၊ ပြည်နယ်သားများ အေးချမ်းအောင်လို့ ဆိုပြီး အေးချမ်းသေးတာ၊ မအေးချမ်းသေးတာ အဓိကမထားဘဲ အေးချမ်းအောင် ဆိုပြီး ဘုရားတည်နေတာပါ"

"မရပါဘူးဘုန်းကြီး၊ အေးချမ်းမယ်ဆိုတာ ဘယ်တော့မှ မအေးချမ်းဘူး။ အလဲတစ်ရာဆရာတော်က အေးချမ်းဖို့ဆိုပြီး ဘုရားတည်တယ်၊ ဘယ်မှာ အေးချမ်းလို့လဲ။ အလကား၊ ငွေကုန်တာသာ အဖတ်တင်တယ်။ ဒီတော့ ဘုန်းကြီးလည်း ဘုရားမတည်နဲ့တော့။ ပြောချင်တာက ဒါပဲ။"

"ဒါဆို ဦးဇင်း ပြန်မယ်" ဆိုကာ သူးမွဲထစခန်းသို့ ပြန်လာခဲ့သည်။ စကားအနည်းငယ် ဆိုဖွယ်ကျန်ခဲ့သည်။

ဣန္ဒာသယ ဖေဟင်တော်ဦးစေတီကို တည်ထားရခြင်း၊ ရည်ရွယ်ချက်တစ်ခုမှာ ကပ္ပိလနှင့် ကောလိယနှစ်ပြည်သား၊ သာကီဝင် မင်းသားတို့အား ဘုရားသခင် ကြွရောက်၍ တရားဟောသည်။ ငြိမ်းချမ်းသွားစေသည်ကို ရည်ရွယ်ရင်း တစ်ရပ်လည်း ပါသည်။ ယင်းရည်ရွယ်ချက်ဖြင့်လည်း တည်ခဲ့သည်။

ဘုရားရှင်သည်ကား အနန္တတန်ခိုးရှင်မို့ တရားတစ်ပုဒ်ဟောရုံဖြင့် နှစ်ပြည်သားတို့ အသိတရားရကြသည်။ ငြိမ်းချမ်းခဲ့ကြသည်။ အကျွတ်တရားရခဲ့ကြသည်။ မိမိအနေဖြင့် ဘုရားတည်ရုံနှင့် မငြိမ်းချမ်းစေနိုင်။ ဓားမအားဆေးဆေး မဖြေဖြေမမဖြင့် ဘုရားတရားတော်များကို တဖြည်းဖြည်း ဟောဆိုပြသ ဆိုဆုံးမသွားလျှင် ဖြစ်နိုင်မည်ဟု တွေးကာ ပြည်မနှင့်အို ဝေးသီခေါင်ဖျားလှသော ဤမြစ်ဆုံဒေသမှာ သာသနာ့အဆောက်အအုံတစ်ခု အထင်ကရတည်ဆောက်မည်၊ ဗုဒ္ဓတရားတော်များကို ဟောပြောလမ်းညွှန်ပေးမည် စိတ်ကူးကာ ကျောင်းကြီးတစ်ဆောင် ဆောက်လုပ်ရန် လျာထားခဲ့သည်။ မြေနေရာ ရှင်းလင်းထားသည်။ ပစ္စည်းအတော်အသင့် စုဆောင်းထားပြီး ဖြစ်သည်။

တစ်ဖက်မှ ဤသို့ စုဆောင်းနေစဉ် အခြားတစ်ဖက်မှလည်း အောက်ရပ်ဒေသမှ ပြုပြင်သင့်သော ဘုရားစေတီများကို ပြုပြင်နေခဲ့သည်။ လက်နှစ်ဖက်သာရှိသည်ဆိုငြား အလုပ်များကိုတော့ အခုပေါင်းများစွာ လုပ်နေသည်။ ခေါင်းထဲဝင်လာသော သာသနာရေးကိစ္စ၊ သာသနာပြုကိစ္စဆိုလျှင် မည်သည့်အမရေးမဆို ဖင်နွဲ့ လေးတွဲ့နေခြင်း မရှိတတ်။

သိတီပဋ္ဌာန် အကျင့်စခန်းမှ တစ်လှမ်းဆုတ်ခဲ့သည်ကပင် သာသနာပြုလုပ်ငန်းကို စိုင်းပြင်းရန်အတွက်ပင် မဟုတ်လော။

ထို့ကြောင့် သာသနာရေးကိစ္စဆိုလျှင် ဝေးသည်၊ နီးသည်၊ ခက်ခဲသည်၊ ကြမ်းတမ်းသည် မရွေး။ သွားလာလုပ်ကိုင်သည်။ ယခုလည်း သူးမွဲထမှာ ကျောင်းဆောက်ဖို့ စီစဉ်သည်။ မြိုင်ကြီးငူမှာ ဆကေသာဘုရား တည်သည်။ ကယားပြည်နည် လွိုင်ကော်သို့တိုင် သွားလိုက်သေးသည်။ ယခုပြန်အရောက်မှာ ဗိုလ်မြကာ အမခါ ထောက်သဖြင့် အရောက်လာခဲ့ရသည်။

"ဘုရားဆက်မတည်နဲ့တော့" တဲ့။

မအားလေ. . . သူနယ်မြေပေကိုး။ ဘုရားမတည်နဲ့ဆို မတည်ရုံပေါ့။ ဒါပေမဲ့ ကျောင်းမဆောက်နဲ့ သူမဆိုဘူး၊ ရည်ရွယ်ထားတဲ့ ကျောင်းကြီးကိုတော့ ဆောက်မည်။

အတွေးဖြင့် သူးမွဲထသို့ ပြန်ရောက်စဉ်မှာ နေရာရှင်းလင်းပြီးသား မြေညှိပြီးသားဖြစ်နေသည့် နေရာမှာ ဣစ္စာသယကျောင်းတော်ကြီးအတွက် အုတ်မြစ်ချလိုက်သည်။ နောက်အခြေအနေပေးလျှင် ပေးသည်နှင့်အမျှ ကျောင်းဆောက်နိုင်ရန် ရည်ရွယ်ထားခြင်း ဖြစ်သည်။

ကျောင်းအုတ်မြစ်ချပြီး နောက်တစ်နေ့မှာ သံဃာများကို ခေါ်၍ မြိုင်ကြီးငူသို့ ဆင်းလာခဲ့သည်။ သူးမွဲထမှာ ဦးကောဏ္ဍညနှင့် သာမဏေငါးပါး သာ ကျောင်းစောင့်ကျန်ရစ်သည်။

## ဏ္ဍစာသယကျောင်းတော်ကြီးနှင့် သိမ်တော်အချို့

မြိုင်ကြီးငူသို့ ပြန်ရောက်သောနေ့ ည ၆း၃၀ နာရီ။

သံဃာများအားလုံး စုံလင်နေသည့် ဘုရားဝတ်ပြုချိန်။

ဘုရားရှိခိုးအပြီးမှာ မြိုင်ကြီးငူဘုန်းတော်ကြီးက သံဃာများအား အောက်ပါစကား ပြောကြားသည်။

"ကိုယ်တော်တို့ တပည့်တော်တော့ ၁၀ လနားမယ်၊ ဒီကာလအတွင်း စာပေပရိယတ်ကို သင်အံလေ့ကျက်ကြတာပေါ့"

ဦးဆောင်ဖြစ်သူ ဦးစန္ဒောဘာသက လျှောက်ထားသည်။

"ဘာဖြစ်လို့လဲ အဘိုးဘုန်းကြီးဘုရား"

"ဟ. . . သူးမွဲထမှာ ကိုယ်တော်တို့ကို ပြောခဲ့ပြီးပြီ၊ ဗိုလ်မြက ဘုရားမတည်နဲ့တော့ ဆိုတယ်လေ"

"အဘိုးဘုန်းကြီးက ဘုရားမတည်တော့ဘူး၊ နားတော့မယ်ဆိုရင် တပည့်တော် လူဝတ်လဲတော့မယ်ဘုရား"

"တပည့်တော်လည်း လူဝတ်လဲမယ်ဘုရား"

"တပည့်တော်ပါ ပါတယ်ဘုရား"

"တပည့်တော်လည်း သူတို့လိုပါဘုရား"

ဦးစန္ဒောဘာသ၏ စကားသံအဆုံးဝယ် ကျန်သံယာများ၏ အသံများ ကပါ ပွဲတင်ထပ်လာသည်။

"အေးအေး. . . မထွက်ရဘူးလို့ မပြောဘူး၊ တပည့်တော် စကား နည်းနည်းတော့ ပြောချင်တယ်။ တပည့်တော်တို့ ကိုယ်တော်တို့ဟာ တော အထပ်ထပ်၊ တောင်အထပ်ထပ်ကို ဖြတ်ကျော်ပြီး ခက်ခဲကြမ်းတမ်းတဲ့ တောထဲ တောင်ထဲမှာ အပင်ပန်း အဆင်းရဲကြီးစွာ ခံပြီး ဘုရားတွေကို ခက်ခက်ခဲခဲ တည်ခဲ့ကြတယ်။ ကရင်ပြည်နယ်ရဲ့ မှေးမှိန်ပျောက်ကွယ်ခဲ့တဲ့ သာသနာ့ရောင် ခြည်ကို ပြန်လည်ထွန်းလင်းအောင် စွမ်းဆောင်နေကြတယ်ဆိုတာ သိတယ် မဟုတ်လား"

"မှန်ပါ၊ သိပါတယ်ဘုရား"

"အေး. . . ကိုယ်တော်တို့ စဉ်းစားကြည့်၊ တပည့်တော်တို့ သွားလာ လှုပ်ရှားခဲ့တဲ့ နေရာတွေဟာ ဘယ်လောက်ခေါင်တယ်၊ သွားရလာရ ဘယ့် ကလောက် ခက်ခဲတယ်ဆိုတာ သတိပြုမိမယ်။ အဲဒီနေရာမှာ ဟိုးရှေးနှစ်ပေါင်း များစွာကတည်းက တို့ကရင်လူမျိုးတွေ တည်ထားခဲ့တဲ့ ဘုရားစေတီဟောင်း တွေ အများကြီး ရှိခဲ့တယ်။ အဲဒါတွေ ခုပျက်စီးနေပြီ။ ဒီဘုရားတွေကို ပြန်လည် ပြုပြင်တည်ထားဖို့ရာမှာ လောလောဆယ်ဆယ် အနေအထားက တို့မှအပ အခြားမရှိဘူး။ ဘာဖြစ်လို့လဲဆိုတော့ တို့နယ်မြေဟာ သောင်းကျန်းသူနယ်မြေ (အမည်းရောင်နယ်မြေ) အဖြစ် သတ်မှတ်ခံထားရလို့ပဲ"

"မှန်ပါဘုရား"

"အမည်းရောင်နယ်မြေဖြစ်တော့ကာ ပြည်မမှ ဘယ်သာသနာပြု ပုဂ္ဂိုလ်မှ မလာရောက်နိုင်ကြဘူး။ မလာရဲကြဘူး။ ဒါကြောင့် လောလောဆယ် ဆယ် အနေအထားမှာ တပည့်တော်တို့၊ ကိုယ်တော်တို့မှလွဲပြီး ကရင်ပြည်နယ် ရဲ့ အထူးသဖြင့် မြိုင်ကြီးငူမှ အထက်ဘက်တစ်ခိုရဲ့ သာသနာ့ဆီးမီးကို ထွန်းညှိ နိုင်သူတွေ မရှိဘူး။ ဒီတော့ကာ ကိုယ်တော်တို့ စဉ်းစားကြည့်ပါ။ မိမိတို့ဟာ မိမိတို့ရဲ့ အမျိုးဘာသာ သာသနာကို ချစ်တယ်၊ မြတ်နိုးတယ်။ ရှေးယခင် နှစ်ပေါင်းများစွာက တည်ရှိခဲ့တဲ့ ကရင်ပြည်နယ်ရဲ့ ဗုဒ္ဓသာသနာကို ပြန်လည် ပွင့်လင်းစေချင်တယ်ဆိုရင် စဉ်းစဉ်းစားစားလုပ်ကြပါ။ လူဝတ်မလဲနဲ့လို့လည်း တပည့်တော် မတားလိုပါဘူး။ ဒါပေမဲ့ ခုချက်ချင်း မဆုံးဖြတ်နဲ့ဦး။ ဒီတစ်ည အေးအေးဆေးဆေး ပြန်စဉ်းစား၊ နက်ဖြန်ကျရန် ဒီအချိန်မှာပဲ အဖြေပေးပေါ့၊ ဟုတ်လား၊ ကဲကဲ. . . ကြွနိုင်ပါပြီ"

နောက်နေ့ည ဘုရားဝတ်ပြုပြီးချိန်မှာ သံဃာများဆန္ဒကို ကြားသိရသည်။

"အဘိုးဘုန်းကြီး၊ သူးမွဲထပြန်တက်ရင် တပည့်တော်တို့ လူမထွက်ဘူးဘုရား"

"ဟေ. . . တို့ကို ဘုရားမတည်နဲ့ဆိုပြီး မောင်းချခဲ့ပြီပဲ၊ တို့တက်ရင် ပြဿနာဖြစ်မယ်ပေါ့"

"အဘိုးဘုန်းကြီး မနေ့က အမိန့်ရှိခဲ့သလို တပည့်တော်တို့ ကရင်ပြည်နယ်ရဲ့ မှေးမှိန်နေတဲ့ ဗုဒ္ဓဘာသာကို ပြန်လည်ထွန်းညှိနေတာ မဟုတ်လားဘုရား။ တခြားဘာပယောဂမှ မပါဘူးဆိုတာ တပည့်တော်တို့ သိနေသားပဲ"

"အဲဒီတော့. . . "

"ကရင်လူမျိုး၊ ကရင်လူမျိုးရဲ့ ကိုးကွယ်ယုံကြည်တဲ့ ဘာသာသာသနာအတွက် လုပ်တာပဲဘုရား။ တပည့်တော်တို့ ဘာကိုမှုရမလဲဘုရား။ တပည့်တော်တို့ မတက်ဘူးဆိုရင် သူတို့ကို ကြောက်ရာကျမပေါ့ဘုရား"

"အေး. . . ဟုတ်ပြီ၊ ကြိုက်သွားပြီကွ၊ ဟုတ်တယ်၊ ကိုယ်တော်တို့ပြောတာ မှန်တယ်။ မတက်ရင် ကြောက်ရာကျမယ်။ ပြီးတော့ ဖြည်းဖြည်းချင်း နှိမ်လာနိုင်တယ်"

"မှန်ပါဘုရား၊ ယုံကြည်မှု ကွဲပြားလို့ ဘာသာချင်း ခြားနားပေမယ့် ကရင်လူမျိုးချင်းတော့ အတူတူပါပဲဘုရား။ သူတို့လည်း သူတို့ယုံကြည်ရာ ကိုးကွယ်ယုံကြည်ပိုင်ခွင့်ရှိသလို တပည့်တော်တို့ကလည်း တပည့်တော်တို့ ယုံကြည်ရာကို လုပ်ပိုင်ခွင့်ရှိပါတယ်ဘုရား"

"ကြိုက်သွားပြီဟေ့၊ ကိုင်း. . . ဒါဆို သူးမွဲထစခန်းတက်မယ့် သံဃာတွေ မတ်တပ်ထရပ်ပါ"

ရှိသမျှ သံဃာတွေအားလုံး သာမဏေ သေးသေးလေးပါမကျန် မတ်တပ်ထရပ်သည်။ သံဃာများ၏ မျက်နှာအသီးသီးကို အကဲခတ်ကြည့်လိုက်သည်။ ဘာကိုမျှ ထိထင်သူများ မဟုတ်ကြောင်း တွေ့ရသည်။ လာမည့်ဘေးကို ပြေးတွေ့လိုစိတ် ရှိနေသည်ကိုလည်း အထင်းထား မြင်နေရသည်။ ငယ်လွန်းသော သာမဏေငယ်များကို ထိုင်ခိုင်းလိုက်ရသည်။ ကျောင်းစောင့်ကျန်ရစ်သင့်သူများကို ရွေးချယ်သည်။ သည်လိုနှင့် သူးမွဲထစခန်းကို ပြန်တက်ရန် သံဃာအရေအတွက် ၅၁ ပါး ရှိလာသည်။ ၅၀ သာလိုသည်။ တစ်ပါးပါးတော့ နေရစ်ပါဆိုသော်မှ မည်သူ့ကိုမျှ ဖယ်ထုတ်၍ မရတော့လောက်အောင်

စိတ်ဓာတ်က ပြင်းထန်နေသည်။

သူတို့လေးစားသော ဆရာတော်၊

သူတို့ကြည်ညိုသော ဆရာတော်၊

သူတို့အားထားသော ဆရာတော်၊

သူတို့ဘဝကို အလင်းရောင်ပေးသော ဆရာတော်အား ဤမည်သော ပုဂ္ဂိုလ်က ဤနှယ်ပြုလေသည့်အမိန့်ပေးလေသည်။ သူတို့ ယုံကြည်သော ဘာသာကို ဤသို့ဤနှယ် နှိပ်ကွပ်လေသည်ဟူသော ခံပြင်းချက်က သူတို့ ရင်ဝယ် အသီးသီး ခိုအောင်းနေသည်မို့ မည်သူမျှ နောက်ချန်မနေရစ်လိုကြ။ သည်လိုနှင့် ၅၁ ပါးသော သံဃာတို့ကို -

"ကောင်းပြီ၊ ကိုယ်တော်တို့ အခုမတ်တပ်ရပ်တဲ့ ၅၁ ပါးလုံး သုံးနှစ် မပြည့်မချင်း ဒီကို ပြန်မဆင်းရဘူး၊ အာမခံနိုင်သလား"

"အာမခံနိုင်ပါတယ်ဘုရား"

သည်လိုနှင့် ၅၁ ပါးသော ရဟန်းသံဃာတို့ကို ဦးဆောင်၍ သူးမွဲထ စခန်းသို့ ပြန်တက်သွားလေသည်။

ယခင် ၁၃၅၁ ခုနှစ်တုန်းဆီက ဖောင်တော်ဦးဘုရားတည်ရန်အတွက် ရဟန်းသံဃာ ၅၁ ပါး ကြွခဲ့သည်။ အောင်မြင်စွာ ပြီးဆုံးခဲ့သည်။ ယခုလည်း ၅၁ ပါးသော သံဃာအရေအတွက်နှင့်ပင် ဒုတိယမို့ ကြွချီခဲ့ရပြန်သည်။ သူးမွဲထရောက်လျှင် ဆောက်လက်စ ကျောင်းတော်ကို ဆက်ကိုင်သည်။ အုတ်များကို သူးမွဲထ အရှေ့ဘက်ကမ်း (ထိုင်း)ပြည်ထဲတွင် မြေနေရာတောင်း၍ ဖုတ်စေရသည်။ ၎င်းနေရာသည် ယခု ထိုင်းဘုရင့်မယ်တော်၏ မွေးဖွားရာ ဒေသဖြစ်ကြောင်း သိရသည်။

သည်လိုနှင့် သူးမွဲထအရှေ့ဘက်ကမ်းမှာ အုတ်ဖုတ်လိုက်၊ အနောက် ဘက်ကမ်း ပြန်သယ်လိုက်၊ ကျောင်းကြီးအတွက် ပစ္စည်းပစ္စယစုဆောင်းလိုက် နှင့်ပင် ဝါဆိုချိန် ရောက်လာသည်။ သူးမွဲထစခန်းရှိ ဣန္ဒာသယဖောင်တော်ဦး စေတီအနီးရှိ တောင်ငှပါကျောင်းမှာပင် သံဃာများနှင့်အတူ ဝါဆိုသည်။

သိသည့်အတိုင်း ဝါဆိုဝါခေါင် ရေဖောင်ဖောင်မို့ ဘာမျှလုပ်၍ မရ။ မိုးကလည်း ထန်နေသည်။ လေကလည်း ထန်နေသည်။ နေနေနားနား နားနေ ခွင့်ရကြသည်။ မကြာလှပါ၊ ဝါခေါင်ပြီးမှာ တော်သလင်းလ ရောက်လာပါ သည်။ မိုးတစ်ပြိုက်၊ နေတစ်ပြိုက် ဖြစ်လာသည်။

ဤဒေသမှာ မိုးသည် နယုန်လမှစ၍ သဲကြီးမဲကြီး ရွာလာသည်မှာ ဝါခေါင်လကုန်လောက်ထိ လေးလကြီးများသော်မှ ရွာခဲ့ပြီးမို့ တော်သလင်း လဆန်းလောက် ဆိုလျှင်ပင် မိုးနည်းစပြုလာသည်။ တစ်ခါတစ်ရံ ပြတ်တောင်း ပြတ်တောင်း ရွာတတ်သည်မှအပ မိုးဦးစကလို မရွာသွန်းလေတော့ ရာသီဥတု အခြေအနေအရ နှစ်လတာမျှ နားနေခဲ့ရသော မြိုင်ကြီးငူဘုန်းတော်ကြီးသည် ခြေခင်းလက်ခင်းသာလာသည်နှင့် အလုပ်စတင်ရန် စိုင်းပြင်းတော့သည်။ သိမ်သမုတ်ရန်ဖြစ်သည်။

ယခင် မြိုင်ကြီးငူ သိမ်ကြီးကို သိမ်အစစ်မဟုတ်၊ ထပ်မံ၍ သမုတ်မှ ဖြစ်မည်ဟု အမိန့်ရှိလာသော ဆရာတော်များအား သူတို့ဆန္ဒနှင့်အညီ သိမ် သမုတ်စေမည်။ မြိုင်ကြီးငူသိမ်ကိုတော့မဟုတ်။ မြိုင်ကြီးငူသိမ်သည် ရဟန္တာ များ သမုတ်ခဲ့သော ရှေးဟောင်းသိမ်ကြီး ဖြစ်သည်။ ထိုသိမ်ကို ထပ်မံ၍ မသမုတ်ခြင်းမှာ သာ၍ ကောင်းသည်ဟု ယူဆသည်ဟူသော မော်လမြိုင် တောင်လေးလုံးဆရာတော် ဆုံးဖြတ်ချက်အရ မသမုတ်ဖြစ်ကြ။ သိမ်တော် ဆောက်လုပ်ပြီး၍ သိမ်ရေစက်ချပွဲသို့ပင် မဲဘောင်ဆရာတော်ဘုရားကြီး (အဂ္ဂ မဟာပဏ္ဍိတ) ဆရာတော်ကြီးကိုယ်တိုင် ကြွရောက်ချီးမြှင့်ခဲ့သေးသည်။

ယခုသမုတ်မည့်သိမ်မှာ အခြားအခြားသော အရပ်ဒေသရှိ ဘုရား များအနီးမှာ ဖြစ်သည်။ ဘုရားရှိလျှင် ကျောင်းရှိရမည်။ ကျောင်းရှိလျှင် သံဃာ ရှိရမည်။ သံဃာရှိလျှင် ကံကြီးကံငယ်ဆောင်ရန် သိမ်ဆိုသည်ကား ရှိထား သင့်သည်သာဖြစ်သောကြောင့် ဘုရားသာရှိ၍ သိမ်လိုသေးသောနေရာများမှာ သိမ်သမုတ်ရန် စိတ်ကူးခြင်းဖြစ်သည်။

သို့ဖြင့် ဝါပန်၍ မြိုင်ကြီးငူသို့ ဆင်းခဲ့သည်။ အဆင်းဆိုတော့လည်း အလွယ်သား။ အလွယ်သားဟုသာ ဆိုသည်။ အန္တရာယ်က မသေးလှ။ မိုးတွင်း ကာလမို့ သံလွင်မြစ်ရေစီးအဟုန်က အရှိန်ပြင်းလှသည်။ တစ်နာရီ ၁၀ မိုင် နှုန်းနီးပါးစီးနေသည်။ ထိုစီးနေသော မြစ်ပြင်ပေါ်မှာ ဒိုင်းနားစက်တပ် ထားသော ပဲ့ချိပ်အမြန်ဖြင့် ဆင်းခဲ့သည်။

သူးမွဲထနှင့် မြိုင်ကြီးငူ၊ ထိုခရီးနှင့် သည်ခရီးကို ရေစီးသန်သော မြစ်ကြောင်းအတိုင်း စက်လှေအမြန်ဖြင့် ဆင်းမည်ပြုသောအခါ မည်သူမျှ မောင်းမပို့ရဲကြ။ ရှေ့မှာကျော်သွားရမည့် ဟတ်ကြီး၊ ဟတ်ကလေး၊ ပဂိုး ကျောက်တန်း၊ ရှမ်းမကျောက်၊ မသာတံခါး၊ ဝဲဂယက်အမျိုးမျိုး စသည့် စသည့် အန္တရာယ်တွေ တန်းစီစောင့်နေသည်။ အဘယ်မှာ လိုက်ရဲပါမည်နည်း။

ဘယ်သောအခါကမှ မည်သူတစ်ဦးတစ်ယောက်မျှ သည်ရာသီ၊ သည် အချိန်၊ သည်ကာလမှာ မဆင်းစဖူးခဲ့။ ယခု မြိုင်ကြီးငူဘုန်းတော်ကြီးက ဆင်းမည်တဲ့။

"ကဲ. . . ဘယ်သူမှ လိုက်မမောင်းပေးရဲဘူးလား။ မသွားရဲရင် လှေ တစ်စင်းသာ စီစဉ်ပေး။ ဦးဇင်းတစ်ပါးတည်း ဆင်းမယ်" ဆိုသောအခါ ဦးရွှေလုံး ထလာပြီး -

"တပည့်တော် မောင်းပို့ပါမည်ဘုရား" ဟု လျှောက်သည်။ နံနက် ၁၀ နာရီခွဲသည်နှင့် နှစ်ဦးသား စက်လှေတစ်စင်းဖြင့် ဆင်းလာသည်။ ရေစီးက လည်း မြန်သည်။ စက်အရှိန်ကလည်း မြန်သည်။ ရေပန်းဖွေးဖွေးက တက်သစ စ နေရောင်အောက်ဝယ် တဖွားဖွား လွင့်မြှန်ကျန်ရစ်ရင်း လှေက ရှေ့သို့ အရှိန်နှင့် ပြေးနေသည်မှာ ကြည့်နေသူအဖို့ ရိပ်ခနဲ ရိပ်ခနဲသာ မြင်ရသည်သို့ ရှိသည်။

လှေသည် ရေပြင်ထက်မှ ခုပင် ပျံတက်တော့မတတ် ဦးမော့ ပြေးလွှားနေသည်။ သည်ရေ၊ သည်လှေနှင့် သည်လူတွေကို ကြည့်ရင်း ကျန်ရစ်သူများက သည်းထိတ်ရင်ဖို ရှိနေကြသည်။

မည်သို့မည်သို့ ရှိစေ မြိုင်ကြီးငူဘုန်းတော်ကြီး မမှုပြီ။ သွားမည့်ခရီး ကို သွားမည်ဆုံးဖြတ်ပြီး ထွက်ခဲ့သည်။ ရှေ့မှာ ဘာကြီးဆီးနေဦးတော့ သွား မည်သာ။

နာမည်ကြီး ဟတ်ကြီး၊ ဟတ်ကလေးတို့သို့ ရောက်လာသည်။ ဟတ်ကြီးဆိုသည်မှာ ရေတံခွန်ကြီးဟု အဓိပ္ပာယ်ရသည်။ ယခုလို ရေပြည့်ချိန် ရေတံခွန်အဖြစ်မထင်တော့။ ရေပြင်ကြီးတစ်ခုနှယ်သာ ဖြစ်သည်။ သို့သော် အောက်ခံကျောက်ဆောင်များရှိသဖြင့် ကော့လိပ်ပျံတက်နေသော လှိုင်းလုံး ကြီးများ၊ မြုံးခုန်ဆော့ကစားနေသော ရေပန်းရေမွှားများက ဒေါနှင့် မောနှင့် ပျော်မြူးနေကြသည်။ ရေများချိန်မို့ ကျောက်ဆောင်များကို သတိမူစရာ သိပ် မလိုသဖြင့် ရေလမ်းကြောင်းအတိုင်း ဆင်းခဲ့သည်။

လှိုင်းကြားထဲသို့ ဝင်သည်။ ရေမှုန်ရေမွှားကြားထဲ ထိုးဖောက်သည်။ လှေရောလူပါစိုသည်။ လှေတွင်းသို့ ရေအချို့ဝင်သည်။ သို့သော် ပူစရာမလို။ ဝင်လာသောရေကို ပဲ့ချောင်မှ ရေထုတ်ပေါက်ဖြင့် ထွက်စေအောင် ဖန်တီး ထားသည်။ ကြီးကြီးမားမား ပေါက်သွားခြင်းမျိုး၊ မှောက်သွားခြင်း မဟုတ်သမျှ ဝင်လာသမျှသောရေသည် ရေထုတ်ပေါက်မှ ထွက်သွားကြသည်သာ။

နှစ်မြုပ်နေသော ကျောက်ဆောင်ကြီးများအပေါ် ရေလွှာပြင် ထက် အများကြီးမြင့်တက်နေသည်မို့ ဗွက်ခုံးများ၊ ဝဲကတော့များလည်း ယခင်ရေနည်းစဉ်က သို့မဟုတ် ဝဲရိပ်ရှိယောင်မျှဖြစ်သည်မို့ အန္တရာယ်မရှိ၊ ကျော်လွှားဖြတ်သန်းခဲ့ရသည်။

သည်လိုနှင့် နေ့လယ် ၁၁ နာရီခွဲလောက်တွင် မြိုင်ကြီးငူဆိပ်သို့ ရောက်ရှိခဲ့လေတော့သည်။

နေ့ဆွမ်းဘုဉ်းပေးပြီးသည်နှင့် အနားမယူတော့ဘဲ သိမ်သမုတ်ဖို့အတွက် ဘုန်းကြီးပင့်ရန် ထွက်ခွာသည်။ ပထမ ဝဲပုံကျောင်းသို့ သွားသည်။ သက်တော် ၇၀ ကျော်ပြီဖြစ်သော ဆရာတော်အား လျှောက်ထားကာ ခွင့်ပြုချက် ရယူသည်။ ထိုမှတစ်ဆက်တည်း ဘားအံသို့ ဆက်ဆင်းကာ သံဃာစုသည်။ သိမ်သမုတ် ကြွတော်မူပါရန် ပင့်လျှောက်သည်။ သံဃာများကလည်း အားလုံးလိုလိုပင် လိုက်လျောတော်မူကြသည်။ သံဃာ ၂၈ ပါး ကြွတော်မူသည်။

နှစ်ရက်သုံးရက်ခန့် သံဃာများကို လိုက်လံပင့်ဆောင်ပြီး သူးမွဲထသို့ ပြန်တက်ခဲ့သည်။ အတက်ခရီးမှာ ယခင်လာရိုးလာစဉ်လမ်းအတိုင်း ဘောသရောမှစ၍ တောင်တက်ခရီးကို စတင်ရသည်။ တောအသွယ်သွယ်၊ တောင်အထပ်ထပ်ကို ထုံးစံအတိုင်း ဖြတ်ကျော်ရသည်။ သက်တော်ကြီးရင့်တော်မူပြီဖြစ်သော ဝဲပုံဆရာတော်သည်လည်း လူငယ်များနည်းတူ ခြေကျင်ကြွတော်မူသည်။

အေးလေ. . . ခြေကျင်မှ မကြွလို့မှ မဖြစ်ပေပဲကိုး။ အားနာစွာနှင့်ပဲ ပင့်ဆောင်လာခဲ့ရသည်။ ထီးပေါ်မုနော်တောင်ပေါ် ရွာမှာ ညအိပ်ရပ်နားပြီး နောက်တစ်နေ့ အရုဏ်ဆွမ်းအပြီးမှာ ခရီးဆက်ထွက်ခဲ့သည်။ မယ်ရာထသို့ နေ့လယ် ၁၁ နာရီခွဲလောက်ရောက်သည်။ အဆင်သင့် ပြုလုပ်ထားသော နေ့ဆွမ်းကို ဆက်ကပ်သည်။ ထို့နောက် တစ်ဖက်သို့ ကူးသည်။

ကမ်းမှ တစ်နာရီခွဲ ခြေကျင်လျှောက်ပြီးသောအခါ မဲပရွာသို့ ရောက်၏။ မဲပရွာမှသည် ခွေးအိပ်တောင် (ထီးဖားဝီကြိုး) တောင်သို့ တစ်နေ့ပြင်းပြင်း ခရီးရှိသည်။ တောင်ခြေမှသည် ပေပေါင်း ၄၀၀၀ ကျော် (၄၀၄၄ ပေ)မြင့်သော တောင်ထိပ်သို့ သံဃာနှင့် လူပရိသတ် ၄၀ ကျော် တက်ကြသည်။

လူပရိသတ်မှာ ဦးရွှေလုံး၊ ဇနီး ဒေါ်မြစိန် မိသားစု၊ မောင်မြင့်၊ မောင်သိန်းရီ၊ မောင်တင်မိုး၊ မောင်တင်ပါး စသူတို့ ပါဝင်သည်။ မဲပမှ ခွေးအိပ်တောင်သို့ တစ်နေ့ပြင်းပြင်းလောက် ခရီးနှင်ကြရသည်။ တောင်ထိပ်သို့ ရောက်

အောင် ဝဲပုံဆရာတော်ကြီးမှာ အတော်ကို အားယူ၍ တက်ရသည်။ တော်ရုံ သာသနာပြုစိတ်ဓာတ်ဖြင့် ဤမျှမြင့်သော တောင်ထိပ်ပေါ်သို့ ခက်ခက်ခဲခဲ ကြွလာမည်မဟုတ်။ ယခုသော် ကရင်ပြည်နယ်ကြီးမှာ သာသနာ့ဆီမီး ထိန်ထိန်ညီးစေလိုသော ဗလဝစေတနာအားကြီးစွာ ပြဋ္ဌာန်းလျက် အပင်ပန်းခံ ကြွတော်မူလာသည်။

တောင်ထိပ်သို့ရောက်လျှင် ပါသွားသော လူပရိသတ်နှင့် သံဃာအချို့ ပါကူလျက် နေရာရှင်းလင်းပြုပြင်ခြင်း၊ မြေညှိခြင်း စသည်ကို ပြုလုပ်သည်။ အသုံးပြုစရာ ပေါက်တူး၊ ပေါက်ပြား၊ မျှဉ်းကြိုး၊ ထုံးအိတ်စသည်ကို စကတည်းက တစ်ပါတည်း ယူဆောင်သွားကြသည်။

နေရာပြင်ဆင်ပြီး ညောင်စောင်းကွက်ရိုက်ကာ ညတွင်းချင်း သိမ်နုတ်ခြင်း၊ သိမ်သမုတ်ခြင်း ပြုကြသည်။ သိမ်သမုတ်ရာဝယ် ညဘက်သမုတ်ခြင်း ဖြစ်ရာ မှောင်နှင့် မည်းမည်းတွင် လက်နှိပ်ဓာတ်မီးကိုယ်စီဖြင့် ဖတ်ကြရသည်။ တစ်ပါးပါး အပိုဓာတ်မီး၊ ဓာတ်ခဲ နှစ်စုံသုံးစုံလောက် ဆောင်ထားကြရသည်။

နံနက်အရုဏ်ဆွမ်းအတွက်၊ ပရိသတ်အားလုံးအတွက် ဝေပုံကျ ခေါက်ဆွဲပြုတ်ဆွမ်း တစ်ပန်းကန်သာရသည်။ နောက်ထပ်ရဖွယ်မရှိ။ အားလုံး စကေးကိုက်ဖြစ်သည်။ တောင်ထိပ်မှာ ခေါက်ဆွဲပြုတ်ရသည်ကိုက မလွယ်။ ရေမရှိသဖြင့် တောင်အောက်မှ သယ်ယူသွားသောရေဖြင့်သာ ခွက်တိုက်ပြုတ် ကြရသည်။ တစ်ဦးဦးလျှင် ဟတ်ပန်းကန်စီ ရသည်သော်မှ ကံကောင်းသည် ဆိုရမည်။ ဤသည်သော်မှ မိုးမရွာ၍ တော်ပေသေးသည်။ မိုးများရွာပါလျှင် ခေါက်ဆွဲကို ရေနှင့်နှူး၍ ဝါးမျိုရမည်ကဲ့သို့ ဖြစ်မည်ထင်သည်။

မြိုင်ကြီးငူဘုန်းတော်ကြီးသည် မိမိရသော ခေါက်ဆွဲဆွမ်းပန်းကန်ကို အုတ်ပုံမျှသာ ကျန်တော့သော ဘုရားငုတ်တိုပေါ်သို့ တင်ကာ ဆွမ်းတော်ကပ် လှူသည်။ ဤဘုရားငုတ်တိုသည် ဦးအောင်ဇေယျ ယိုးဒယားနိုင်ငံသို့ စစ်ချီစဉ် က တည်ထားခဲ့သည်ဟု အဆိုရှိသည်။

ဘုရားဆွမ်းတော် ကပ်လှူထားခိုက် အသံကြားသဖြင့် ကြည့်လိုက်ရာ ခပ်လှမ်းလှမ်း ဆက်သွယ်ရေးမြောင်းထဲသို့ ရဟန်းတစ်ပါး ကျသွားသည်ကို တွေ့လိုက်ရသည်။ မြောင်းထဲမှ အားယူပြီး ထလိုက်သောကိုယ်တော်၏ မျက်နှာမှာ ခေါက်ဆွဲဖတ်တွေ ကပ်လို့နေချေသည်။

ဖြစ်ပုံမှာ မိမိခွဲတမ်းရသော ခေါက်ဆွဲပန်းကန်ကို ကိုင်၍ နေရာသို့ ပြန်အသွား မြက်များနှင့် ဖုံးလွှမ်းနေသော ဆက်သွယ်ရေးမြောင်းထဲသို့ ချော် ကျသွားခြင်းဖြစ်သည်။ ထိုရဟန်းအဖို့ ကံခေရှာသည်။ မည်သူများနည်းဟု

ကြည့်လိုက်ရာ ရွှေဝွန်းမှ လိုက်လာသူများအခေါ် ဦးဇင်းထိပ်ဖုဆိုသူ ဖြစ်နေသည်။ ထိပ်မှာ ဖုနေသဖြင့် ခေါ်ကြခြင်းဖြစ်သည်။ ဦးဇင်းထိပ်ဖုအဖို့ ရသောခွဲတမ်း မှောက်သွားပြီမို့ နောက်ထပ်ရလမ်း မရှိတော့ရကား ထိုနေ့အဖို့ ရိက္ခာပြတ်သွားခဲ့ရသည်။

လမ်းမှာလာစဉ်တုန်းကလည်း သူ့ခမျာ တစ်မျိုးကြုံခဲ့ရသေးသည်။ လမ်းခရီးထိုးပေါ် မုနော်တောင်ပေါ် ရွာ မရောက်မီမှာ ခဏခဏ ချော်ချော်ကျ နေသည်။ တစ်ကြိမ်မှာ အကျလွန်ပြီး ဘေးမှ ကျောက်နံရံနှင့် နဖူးတိုက်မိသဖြင့် ထိပ်ဖုတစ်လုံး ထပ်ရခဲ့သေးသည်။

"ကိုယ်တော် ဘာတွေလုပ်ခဲ့သလဲ ပြန်စဉ်းစားပါဦး" ဆိုတော့မှ -

"တပည့်တော် စဉ်းစားမိပါပြီ၊ ဒီရွာမရောက်မီ ကျောက်ကပ်ဒီးစခန်းက ဟောဒီကျောက်ကလေးတစ်လုံး သဘောကျတာနဲ့ ကောက်လာမိတာပါ"

"ပြန်ထားပေးလိုက်ပါ၊ သူတို့ပစ္စည်းကို ဒီလိုယူရင် သူတို့က မကြိုက်ကြဘူး။ ဒုက္ခအမျိုးမျိုး ပေးတတ်ကြတယ်။ ဒီလမ်း ဒီခရီးကို တပည့်တော် အကြိမ်ပေါင်းများစွာ သွားလာဖူးပေမယ့် ဘာတစ်ခုမှ ခြေလက်မဆော့တော့ ခုထိ ဘာတစ်ခုမှ မဖြစ်သေးဘူး"

ဦးဇင်းထိပ်ဖုတစ်ပါး ကောက်လာသော ကျောက်တုံးကလေးကို ပြန်ထားသည်လား၊ မထားသည်လား မသိ။ ယခု ခွေးအိပ်တောင်ထိပ်ရောက်နေတောင်မှ ခြေချော်ကျနေရသေးသည်။ သူချော်ကျသည်က ဆက်သွယ်ရေးမြောင်းထဲသို့ ဖြစ်သည်။ တောင်ထိပ်အနှံ့ ဆက်သွယ်ရေးမြောင်းများ အနှံ့တူးထားသည်။ တချို့က ဤတောင်ထိပ်ကို တပ်မတော်မှ သိမ်းပိုက်ပြီး စခန်းချတပ်စွဲထားခဲ့ဖူးသည်ဟုလည်း ကြားသိထားရသည်။

ဝါးကျည်တောက်မျှကြီးသော ကျည်ခွံများကို တွေ့ရသည်။ ဟုတ်သည်၊ မဟုတ်သည် မိမိတို့နှင့်မဆိုင်။ သူ့အလုပ် သူလုပ်ခြင်းသာ ဖြစ်သည်။ ဘယ်အချိန်တပ်စွဲ၍ ဘယ်အခါက တပ်ရုပ်သွားသည် မိမိမသိ။ မိမိတို့ ရောက်စဉ်မှာ ဆက်သွယ်ရေးမြောင်းအားလုံးလိုလို မြက်ရိုးရှည်များဖြင့် ဖုံးအုပ်နေချေပြီ။

မိုးလင်းတော့ တောင်ထိပ်မှ ဆင်းလာကြသည်။ ဝဲပုံ့ဆရာတော်ကြီးနှင့်အဖွဲ့ကို ရှေ့ဦးဆင်းထားစေသည်။ သိမ်နိမိတ်ကျောက်တိုင်တစ်တိုင်သည် တစ်ဖက်ချောက်ထဲဘက်သို့ အနည်းငယ် ကျလုကျခင်ဖြစ်နေသဖြင့် ကိုရင်ကြီးနှစ်ပါးနှင့်အတူ ပြန်လည်၍ ပြုပြင်နေရသေးသည်။ စိတ်ကြိုက်ပြုပြင်ပြီး

သောအခါ ရှေ့ဦးဆင်းသူများ ဘယ်ဆီရောက်ကုန်ပြီမှန်း မသိရတော့။

အေးအေးဆေးဆေး ဆင်းနေ၍ မဖြစ်တော့။ သက်န်းအားလုံးကို စုစည်း၍ သိမ်းပိုက်၍ တောင်ပေါ်မှ အရှိန်ဖြင့် ပြေးဆင်းလာခဲ့ရသည်။ မယုံမရှိနှင့်၊ ဤတောင်ဆင်းနည်းသည် မြိုင်ကြီးငူဘုန်းတော်ကြီးအဖို့ ကျွမ်းကျင်သော တောင်ဆင်းနည်းဖြစ်သည်။ ကျမှာစိုး၍ ထိန်းထိန်းပြီး ဆင်းနေလျှင် ခရီးမတွင်သည့်အပြင် ခြေမမြဲ၊ လက်မမြဲဖြစ်ကာ ချော်ကျတတ်သည်ဟုဆိုသည်။ အရှိန်ဖြင့် ဆင်းလျှင် အရှိန်ကို ကိုယ်ဟန်အနည်းငယ် ထိန်းပေးရုံသာဖြစ်သည်။ ခန္ဓာကိုယ်ကို အရှိန်က အောက်သို့ ကျနေစေခြင်းဖြင့် အားစိုက်လှမ်းနေစရာမလို။ ထိန်းရုံမျှ ထိန်းပေးရန်သာရှိသည်ဟူ၍ တပည့်သားမြေးများအား မကြာမကြာ ဩဝါဒပေးလေ့ရှိသည်။

ရှေ့မှသွားသောအဖွဲ့ကို ခဏနှင့် လိုက်မိသွားသည်။ ကျော်တက်၍ပင် သွားသေးသည်။ တောင်ခြေရှိ ဝါးခွဲရွာသို့ ရောက်လျှင် ရွာသားများက အုန်းပင်များမှ အုန်းသီးများကို ခူးဆွတ်ကာ တစ်ဦးဆိုလျှင် တစ်လုံးကျ အုန်းရည် ဆက်ကပ်လှူဒါန်းသည်။ မဲပရွာသို့ သွားမည်သိသဖြင့် ဆွမ်းထုပ်များကိုပါ တစ်ပါတည်း လှူလိုက်ကြသည်။

ဝါးခွဲရွာမှာ ကြာကြာနားနေ၍ မဖြစ်။ မဲပသို့ တစ်နေ့ခရီး ပြင်းပြင်း လျှောက်ရဦးမည်မို့ ခဏနှင့် ထွက်ခဲ့သည်။ မဲပရွာသို့ ခရီးပြင်းနှင်ကြရသည်။ နေ့ဆွမ်းချိန်ရောက်လျှင် လမ်းဘေးတစ်နေရာမှာ ထိုင်၍ ပါလာသော ဆွမ်းထုပ်ကို ဖြေ၍ ဆွမ်းဘုဉ်းပေးကြသည်။ ဆွမ်းဘုဉ်းပေးပြီးသည်နှင့် ခရီးဆက်ခဲ့ကြရာ မဲပရွာသို့ ရောက်သည်တွင် မိုးချုပ်လေပြီ။

မိုးချုပ်လည်း မတတ်နိုင်ပြီ။ ဝါတွင်းကာလကြီး သာသနာအရေးအတွက်မို့ ဝါပန်ပြီး ထွက်ခဲ့ကြသည်မို့ အလုပ်တွင်ရန်က အရေးကြီးနေသည်။ ရောက်ရောက်ချင်း သတ်မှတ်ထားသောနေရာကို ရှင်းလင်းမြေညှိ ညောင်စောင်းကွက်ရိုက်ပြီး သိမ်နုတ်ခြင်း၊ သိမ်သမုတ်ခြင်းကို ပြုလုပ်လေတော့သည်။

***********

မိုးလင်းလျှင် မဲပမှ သူးမွဲထသို့ တက်ခဲ့သည်။ သူးမွဲထရောက်သော် ဝဲပုံ့ဆရာတော်က -

"မတတ်နိုင်တော့ဘူး၊ ခဏနားကြဦးစို့" ဟု အမိန့်ရှိလာသည်။

"မှန်ပါဘုရား၊ နားဆိုလည်း နားတာပေါ့ဘုရား" ဟု လျှောက်ထားရ

သည်။

မိမိကလည်း မိမိပင်။ သက်တော်ကြီးရင့်လှပြီဖြစ်သော ဆရာတော်ဘုရားသည် လူငယ်များနှင့် ရင်ပေါင်တန်း၍ ခက်ခဲကြမ်းတမ်းသောခရီးကို လှမ်းနေရသည်ကို သတိမမူမိ။ ဆန္ဒစောလွန်းသော မိမိနှင့် ထပ်တူသာရှိသည် ထင်မိထားခဲ့သည်။ အမှန်မှာ ဆရာတော် အမိန့်မရှိသော်လည်း မိမိက သိရမည်သာ။ ယခုမူ ပြောလာမှ သိရသည်။

အားလုံး သူးမွဲထစခန်း ဣစ္ဆာသယ ဖောင်တော်ဦးစေတီအနီးရှိ အထက်ကျောင်းကြီးမှာ တစ်နေ့နှင့် တစ်ညတိတိ အနားယူကြသည်။

ခရီးကြမ်းလှမ်းလာခဲ့ပြီး အသင့်အတော် အနားယူကြပြီးနောက် အားအင်များ ပြန်လည်ပြည့်ဖြိုးလာသည်နှင့် မိုးလင်းလျှင် ခရီးဆက်ကြပြန်သည်။

စက်လှေဖြင့် သောလယ်ထသို့ တက်ခဲ့ကြသည်။ သောလယ်ထမှ ဆက်ပြီး ကျောက်ညှပ်သို့ သွားသည်။ ကျောက်ညှပ်မှာ ဘုရားဟောင်းတစ်ဆူ ရှိသည်။ ထိုဘုရားဟောင်းနားမှာ နေရာရှင်းလင်း မြေညှိခြင်းစသည်ကို ပြုလုပ်သည်။ မြေညှိရာဝယ် အတော်လေး အခက်အခဲတွေ့ရသည်။ မြေက ကျောက်ညှပ်ဆိုသည့်အတိုင်း ကျောက်နှင့် ရောသော မြေများသာဖြစ်သည်။ မာပြီး တင်းခံနေသည်။ တစ်ညလုံးလုပ်သော်မှ တစ်ခြမ်းစာမျှသာ ပြီးသည်။

ကျောက်ညှပ်သည် နေရာကြမ်းလွန်းလှသည်။ အအေးဓာတ်ပိုကဲသည်။ ပါသွားသော သံဃာများ နှာစေး ချောင်းဆိုးစပြုလာသည်။ ဖျားနာစပြုလာသည်။ မိုးလင်းသည်ဆိုသော်မှ သိမ်တစ်နေရာစာအတွက် မြေကွက်မရရှိသေးသဖြင့် အချိန်ကုန် မခံနိုင်သော မြိုင်ကြီးငူဘုန်းတော်ကြီးသည် အထက်ဘက် စီးမူးထသို့ ဝဲပျံဆရာတော်နှင့်တကွ သံဃာများကို ပင့်သွားပြန်သည်။

စီးမူးထ ဘုရားဟောင်းတစ်ဆူနားမှာ မြေညှိနေစဉ် စော်ထရွာမှာ နေသော ဦးတင်ပါး၏သား မောင်ပျော့ဆိုသူက သူ့အိမ်သို့ ဆွမ်းဘုဉ်းပေးကြွပါရန် ပင့်လျှောက်လာသည်။

မြိုင်ကြီးငူဘုန်းတော်ကြီးနှင့်တကွသော သာသနာပြုရဟန်းသံဃာများကို မမျှော်လင့်သောနေရာမှာ တစ်ခေါင်းတည်းဖူးတွေ့ရသဖြင့် စေတနာများ ဖြစ်ပေါ်လာရခြင်းဖြစ်သည်။ ၎င်းစေတနာကို အလေးထားသော အားဖြင့် စော်ထသို့ ကြွကြသည်။ စော်ထရွာထဲ မဝင်မီ အပြင်ဘက်သို့ အသက် ၄၀ ခန့်ရှိ လူတစ်ဦး ရေထမ်းရန် ထွက်လာခဲ့ဟန်တူသည်။ သံဃာထုကို မြင်သည်

နှင့် ရေထမ်းပုံးများကို ပစ်ချပြီး ပြေးသည်။ ပါးစပ်မှလည်း -

"လူသားစား ဘုန်းကြီးတွေလာပြီ" ဟု အော်သည်။ သူ့အသံကြား သဖြင့် ရွာထဲမှ လူအချို့လည်း လိုက်ပြေးကြသည်။ အခြားသူတွေအဖို့ အံ့သြ ကောင်း အံ့သြမည်ဖြစ်သော်လည်း မြိုင်ကြီးငူဘုန်းတော်ကြီးအဖို့ကား ရိုးနေပြီ၊ ကြုံဖူးပေါင်းများပြီ။

မောင်ပျော့အိမ်သည် စော်ထမှာရှိသည်ဆိုသော်လည်း တော်တော် ဝေးဝေးသွားရသေးသည်။ ကေအင်န်ယူရုံး ပြုလုပ်ထားသော စော်ထဈေးတန်း ကို ကျော်ခဲ့ပြီးနောက် လယ်ကွင်းကို ဖြတ်ရသည်။ ၎င်းနောက် စမ်းချောင်း ဖုန်းဆိုးတော၊ လျှိုထဲဆင်း၊ ပြန်တက်၊ သစ်ဆွဲကားလမ်းအတိုင်း ဆက်လျှောက် ပြီးမှ မောင်ပျော့အိမ် ရောက်တော့သည်။

အိမ်က ငယ်ငယ်လေး၊ သံဃာထုနှင့် လူပရိသတ်ကား ၄၀ ကျော် သည်။ ဖြစ်သလို ကြုံဖန်၍ နေကြရသည်။ အိမ်ပေါ်မှာ ဝဲပုံဆရာတော်၊ မြိုင်ကြီးငူဘုန်းတော်ကြီးနှင့် အခြား ထေရ်ကြီးနှစ်ပါး ပေါင်းလေးပါးသာနေ၍ ဆန့်သည်။ ကျန်ပရိသတ်များမှာ မိမိတို့ အစီအစဉ်ဖြင့် သင့်ရာမှာ ကြည့်၍ နေကြရသည်။

သာသနာပြုသံဃာများအား ကွန်မင်ဒိုပုခက်တစ်လုံးစီ ထုတ်ပေးထား သည်မို့ ၎င်းဖြင့် ဟိုအပင်ချည်၊ ဒီအပင်ချည်၊ ဟိုတိုင်ချည်၊ ဒီတိုင်ချည်ဖြင့် ဖြစ်သလို နားနေကြရသည်။ အိပ်စက်ကြရသည်။ ဤသွင်ဟန်သည် အများ အမြင်ကြည့်လျှင် သာမဏေသာရုပ္ပနည်းနည်းမှ ဖြစ်ဖွယ်မရှိ။ သို့သော် မတတ် နိုင်ပါပြီ။ စော်ထ တစ်ရွာလုံးမှာလည်း ဗုဒ္ဓဘာသာဟူ၍ မောင်ပျော့ တစ်အိမ်တည်း။ ကျန်အိမ်များမှာ ခရစ်ယာန်ဘာသာဝင်များသာ ဖြစ်သည်။ လူမှုရေးအရ ကူညီချင်ကောင်း ကူညီချင်ကြမည်။ သို့သော် ဘာသာရေးက ဟန့်တားထားသည်ထင်၏။ မသိလိုက် မသိဘာသာ နေကြသည်။

ဤအဖြစ်မျိုးလည်း မြိုင်ကြီးငူဘုန်းတော်ကြီး ကြုံခဲ့ဖူးသည်။ မယ်ရာ ထဂိတ်မှာ သုံးအိမ်ရှိသည်။ ဦးဘီလုံးအိမ်တစ်လုံးသာ ဗုဒ္ဓဘာသာဖြစ်သည်။ နားနေကြရသည်ကလည်း ဘီလုံးအိမ်မှာသာ။ အိမ်နီးနားဝန်းကျင် သစ်ပင် ခြုံနွယ်အောက်မှာသာ။ အခြားအိမ်များက သူတို့ အိမ်ပေါ် မခေါ် မပြုလေကြ။ သို့သော် ဆွမ်းချိန်ရောက်လျှင်မူ ထမင်းဟင်းများ ပေးပို့လာတတ်သည်။ စကား စမြည် လာရောက်ပြောဆိုကြသေးသည်။

ယခုမူ စကားစမြည်သော်မှ ပြောဆိုလာသူမရှိ။ မောင်ပျော့ အိမ်သား

များနှင့်သာ ပြောဆိုကြရသည်။ ညဘက်ရောက်လျှင် ရွာတွင်းရှိ ခရစ်ယာန် ဘာသာ၀င်များက တစ်ညလုံးလိုလို ဘုရားရှိခိုးသံ ကြားနေရသည်။ မြိုင်ကြီးငှ တို့သံဃာအဖွဲ့မှာလည်း တစ်ညလုံး ပရိတ်ဒေသနာများ ရွတ်ဖတ်ပူဇော်နေသည်။

တစ်ဖက်ကလည်း ဓမ္မတေးသံ၊ သည်ဖက်မှလည်း ဓမ္မအသံ။ တရား သံချည်းသာဖြစ်သည်မို့ အခြားမလိုလားအပ်သော အနိဋ္ဌာရုံအသံများ နှင့်စာလျှင် ဤဓမ္မအသံတို့သည် မင်္ဂလာရှိသော ဓမ္မအသံများပင် ဖြစ်ပေ သည်။ ဓမ္မသည် တရား၊ တရားသည် မတရားခြင်း၏ ဆန့်ကျင်ဘက်တည်း။

မတရားမှုသည် ဆိုးကျိုးကို ဖြစ်စေသကဲ့သို့ တရားမှုသည် ကောင်း ကျိုးကို ဖြစ်ထွန်းစေသည်။ ဤကားသဘာ၀တစ်ရပ်။ ယခုလည်း ကောင်းကျိုး ကို ဖြစ်ထွန်းစေသော ဓမ္မအသံများက ရွာလုံးလျှံ၍ ထွက်ပေါ်လာမှုသည် မင်္ဂလာအတိပြီးသည်ဟုပင် ဆိုရပါမည်။

တစ်ခုတော့ရှိသည်။ ဓမ္မမည်သော တရားဟူသည် သည်အတိုင်း ထားရုံမျှ၊ နှုတ်တက်ရွရွဆိုနေရုံမျှဖြင့် အကျိုးဖြစ်ထွန်းလာမှုကား ပြည့်၀လာ မည်မဟုတ်။ လက်တွေ့လိုက်နာ ကျင့်သုံးပါမှသာ ပြည့်၀သော အကျိုးထူးကို ခံစားရမည်သာဖြစ်သည်။ မြိုင်ကြီးငှ ဘုန်းတော်ကြီးကိုယ်တိုင် ကိုယ်တွေ့ လိုက်နာ ကျင့်သုံးခြင်းဖြင့် အကျိုးထူးရရှိ ခံစားရဖူးပြီဖြစ်သည်။ (၎င်းဖြစ်ရပ် များ ရှေ့အခန်းမှာ ပါရှိသည်။ စာရေးသူ)

နံနက်လင်းသော် မောင်ပျော့တို့ မိသားစုမှ ဆက်ကပ်လှူဒါန်းသော ဆွမ်းကို ဘုဉ်းပေးပြီး အနုမောဒနာတရား ဟောကြားကာ ရေစက်ချ၍ စော်ထ ရွာမှ ပြန်လည်ထွက်ခွာခဲ့ကြသည်။ စီးမူးထသို့ ပြန်လာခဲ့ကြသည်။ ရောက်လျှင် မြေနေရာကို ဆက်လက်ညှိသည်။ ညောင်စောင်းကွက်ရိုက်ကာ ညတွင်းချင်း သိမ်သမုတ်သည်။

သိမ်သမုတ်ပြီး စီးမူးထဘုရားပတ်လည်၌ပင် ညအိပ်၍ နားသည်။ သာသနာပြုများအနေဖြင့် ဖြစ်သလိုပင် ဖန်တီးယူရသည်။ ဝဲပျံဆရာတော်ကြီး အတွက်မူ ပလတ်စတစ် ခေါက်ကုလားထိုင်လေးကို ယူသွားယူလာပြီး ကျိန်း စက်ရာ ဖန်တီးပေးရသည်။ တော်ပေသေးသည်။ မိုးက ကြီးကြီးမားမား မရွာ ပေလို့။ တစ်ခါတစ်ရံ မိုးဖွဲကလေးတော့ ကျနေတတ်သည်။ ဤမျှ မိုးဖွဲကလေး များကိုတော့ မမှုသာပါ။

သစ်ပင်နှစ်ပင်မှာ ပုခက်ချည်၊ လူက ပုခက်ထဲ၀င်လှဲနေလိုက်၊ ပလတ် စတစ်ပိုင်းစကို အပေါ်မှ ဖြန့်ထားလိုက်လျှင် တော်ရုံ မိုးလောက်က မှုစရာ မလိုပါ။

**တစ်ခုသာ ဆိုစရာရှိသည်။** မြိုင်ကြီးငူဘုန်းတော်ကြီး ယူထားသော နေရာ စမ်းချောင်းလေးရှိ သရက်ပင်အောက်ဝယ် ကျွဲမကြီးသေတစ်ကောင် ရှိနေသည်။ အနံ့က ဟောင်စော်နံလောက်အောင် ထွက်နေပြီ။ မတတ်သာ တော့ပြီ။ ညကလည်း မှောင်နေပြီ။ ဥပေက္ခာပါရမီ ဖြည့်သောအနေဖြင့် သည်း အတိုင်း နေခဲ့ရသည်။ တစ်ညတာက အဘယ်မျှ ကြာပါမည်နည်း။

မြိုင်ကြီးငူဘုန်းတော်ကြီးသည် အပုပ်နံ့တလှိုင်လှိုင်ကို ရှူရင်း ကျွဲမကြီး ဖြတ်သန်းလာခဲ့ရသော ခရီးလမ်းကြောင်းကို စိတ်ကူးဖြင့် မှန်းကြည့်နေမိသည်။

ဤနေရာသည် မှောင်ခိုစခန်းတစ်နေရာဖြစ်သည်။ ကျွဲ၊ နွား မှောင်ခို သူများသည် ဤကျွဲမကြီးကို ပြည်မတစ်နေရာရာ (သို့မဟုတ်) ပြည်နယ် တစ်နေရာရာမှ ယူဆောင်လာခြင်း ဖြစ်ပေလိမ့်မည်။ လုပ်ငန်းခွင် မဝင်နိုင် တော့သော အရွယ်လွန် ကျွဲမကြီးလည်း ဖြစ်ပေမည်။ အရွယ်လွန်ခဲ့ပြီမို့ လုပ်ငန်းခွင်တွင် အသုံးမတည့်တော့သဖြင့် သူသတ်ကုန်းသို့ ပို့သည့်အနေနှင့် တစ်ဖက်နိုင်ငံသို့ ရောင်းစားရန် ယူဆောင်လာခြင်း ဖြစ်ပေမည်။

ခရီးတာ ကွာလှမ်းပြီး ခက်ခဲသော ခရီးကြမ်းကို ပင်ပင်ပန်းပန်း လှမ်းခဲ့ရသဖြင့် အရွယ်လွန် ကျွဲအိုမကြီးခမျာ ဤနေရာအရောက်တွင် ဇရာက ညှဉ်း၊ ခရီးကလည်း ပြင်းသဖြင့် သက်ဇီဝိန်ကြွေပြန်းကာ ဘုန်းခနဲလဲသေရှာ ခြင်း ဖြစ်ပေမည်။ ကျွဲနွားများအဖြစ်ကို စိစစ်ကာ တွေးကြည့်ရင် ရင်နင့်စရာ ကြီးပါကလား။ သက်ရှိထင်ရှား လုပ်နိုင်ကိုင်နိုင်တုန်းအရွယ်ကမှ အလုပ် မပြတ်အောင် အခိုင်းခံရ၊ အရွယ်လွန်ပြန်တော့လည်း သူသတ်ကုန်းကို အပို့ ခံရနဲ့၊ ဒါကြောင့် စာဆိုတစ်ဦးက ပြောထင်ပါရဲ့။ "အကောင်းဆုံး အရှုံးသမား တွေ"တဲ့။ သည်အဖြစ်ကို လယ်တီဆရာတော်ဘုရားကလည်း -

❖ ကမ္ဘာဦးစတင်၊ ထက်ကာရီယခင်က၊ ချေသမင်တောသား၊ အများတို့ ထုံးစံ၊ တိရစ္ဆာန်စရိုက်၊ တို့ဘာသာတစ်သိုက်၊ အလိုက်များမနှံ့ခဲ့ကြ လျှင်၊ မသေမီစပ်ကြား၊ အိပ်ချင်အိပ်၊ စားချင်စား၊ သွားချင်သွား၊ လာချင်လာ၊ အပုံကြီးချမ်းသာသည်။

❖ ယခုမှာလားလား၊ အမေ့မလူသားနှင့်၊ စီးပွားတူ ချမ်းသာဘက်၊ ခိုမိသည့်အတွက်ကြောင့်၊ ဇာတ်ကြီးအကုန်မှား၊ ငါးပါးမှောက်၊ ခြောက်ပါး မှောက်၊ မှားသလောက် မပြောသာ။

❖ သက်ခန္ဓာရှိစဉ်လည်း၊ မချိအောင်စေစား၊ တို့ကိုယ်ကောင်

အသားကို၊ ဟင်းတစ်ပါး သတ်၍လုပ်၊ ဘယ်သင်းသာဟုတ်သေးတုန်း၊ ယုတ်မာသည့်အဖြစ်လား၊ သည်လောက်တောင် ရိုင်းပြသည့်လူသားတို့ လက်ထဲတွင်။

❖ ဖွဲပြောင်းရိုးမြက်ရေ၊ စားသုံး၍နေသည်ထက်၊ တောကျားတွေ ပါးစပ်မှာ၊ ခေါင်းပြတ်၍သေရခြင်းသည်၊ လွန်အမင်း မြတ်သေး၏။

❖ ရှေးအထက်ကာရီ၊ ပဝေဏီအခြေက ရေလိုက်ကြီး မှောက်မှား၍ ကိုနောက်သားတစ်စုမှာ လူ့ဘီလူးအစာ၊ ဟင်းလျာဖို့အပြီး၊ ဘူးသီးနှင့် ကြုံလိုကြုံ၊ ဖရုံနှင့် ညားလိုညား၊ သခွားနှင့် တွဲလိုတွဲ၊ ချိုတစ်နည်း ချဉ်တစ်ထွေ ကို ဖြစ်ပုံအနေနှယ်၊ သေလျှင်လည်း လတ်တလော၊ ရှင်စဉ်လည်း ဖတ်ဖတ် မော၊ အဟောဒုက္ခ၊ ဘယ်အခါတွင်မှ သက်သာရာမရအောင်၊ တို့ကြမ္မာပြုနည်း ကို အသည်းထိ နာလိုက်ပါဘိ၊ ဉာဏ်တကာတစ်သင်း၊ မိတ်ဆွေရင်းတို့ဟု ကျွဲနွား ချင်းချင်း ဆိုကြရန် အခွင့်ရှိသည် အမှန်ပင်ဟူ၍ နွားမေတ္တာစာမှာ ရေးသား စပ်ဆိုတော်မူခဲ့သည်။

မြိုင်ကြီးငူဘုန်းတော်ကြီးသည် ကျွဲမကြီး၏ နောက်ကြောင်းဖြစ်အင်ကို စိတ်အထင်မှာ မှန်းမြင်ကြည့်ရင်း ကရုဏာမိုးစွေလာသည်။ ကျွဲမကြီး ကောင်း ရာ မွန်ရာ ရောက်ပါစေဟု ဆန္ဒပြုမိသည်။

ထို့မှတစ်ဆက်တည်း ကျွဲမကြီး အသေကောင်ကို အသုဘကမ္မဋ္ဌာန်း တင်၍ ရှုပြန်သည်။ သုသာန်မှူတင် ဆောက်တည်ခဲ့သော အလေ့အကျင့်က များခဲ့သည်မို့ မကြာမီအတွင်းမှာ အသုဘကမ္မဋ္ဌာန်းအာရုံဝယ် စိတ်အစဉ် ကည်တုံ့ရပ်တန့်နေတော့သည်။ စောစောက လှိုင်အောင်ပုပ်နေသော အနံ့ အသက်ကိုသော်မှ သတိမမူမိသကဲ့သို့ပင် ရှိနေပြော့သည်။

မိုးအလင်းမှာ ကျောက်ညှပ်သို့ ဆင်းခဲ့ကြတော့သည်။ ပထမ အခေါက်လာစဉ်က တစ်ခြမ်းမျှ ရထားသောမြေကွက်ကို ဆက်လက်၍ ဖြည့် သည်။ မြေကွက်ပြီးစီးချိန်မတော့ နေဝင်ခဲ့ပြီ။ ညောင်စောင်းကွက်ရိုက်ပြီးချိန် မှာ သိမ်သမုတ်ရန် အချိန်တော်ပင်။ တစ်ဆက်တည်း သိမ်သမုတ်သည်။

ကျောက်ညှပ်မှာ ချမ်းလွန်းသဖြင့် မေးချင်းရိုက်ကာ တုန်နေသည်။ လေကမတိုက်၊ မိုးငွေ့ပင် မရိုက်သော်လည်း သည်နေရာမှာကိုက အအေး ဓာတ်ပိုနေသည်။ ညဉ့်နက်လေ အအေးဓာတ်ပိုလေဖြစ်သည်။ ကန်ရာသီ တော်သလင်း မိုးတွင်းကာလဖြစ်သော်လည်း ဆောင်းတွင်းလလယ်နှယ် အအေးဓာတ်က ကဲလွန်းလှသည်။

အေးလွန်းသဖြင့် မအိပ်နိုင်သူများက မီးထည့်၍ လှုံကြရသည်။ ရာသီဒဏ်ကို အဖန်ဖန် ခံခဲ့ရပါသည်ဆိုသော မြိုင်ကြီးငူဘုန်းတော်ကြီးလည်း မနေသာ။ မီးပုံထည့်၍ လှုံရသည်။ ရှေ့နောက်တစ်လှည့်စီ မီးလှုံပေးရသည်။ သည်တော့မှ နေသာသလို ရှိသည်။

တစ်ကြိမ်မှာ မီးပုံအား ကျောပေး၍ လှုံနေစဉ် ကျောဘက်ပူလွန်းပါသည် အောက်မေ့၍ လက်နောက်ပြန် စမ်းကြည့်သည်။ လက်ပူသွားသည်။ ခြုံထားသော ဒုကုဋ်သင်္ကန်းကြီးကို မီးစွဲနေမှန်း သိရသည်။

"ဟယ်. . . ငါ့ ဒုကုဋ်ကြီး မီးလောင်နေပါလား"

ကိုယ်ပေါ်မှ ခွာချ၍ ဖြန့်ကြည့်စဉ်မတော့ ဒုကုဋ်ခေါက်ချိုး အလယ်တည့်တည့်လောက်ဆီမှာ ထွာပတ်လည်ခန့် မီးလောင်ပေါက်ကြီး ဖြစ်နေသည်ကို တွေ့ရသည်။ ကပ္ပိယကသီ မီးကို ပွတ်ချေ ငြိမ်းသတ်လိုက်သည်။

"အရှင်ဘုရား၊ ဒုကုဋ် မီးလောင်သွားပြီ၊ မကောင်းတော့ဘူး၊ တပည့်တော်တို့ကို စွန့်ပါ။ အရှင်ဘုရားရဲ့ သင်္ကန်းစုတ်ကို တပည့်တော်တို့ ဆောင်ချင်လို့ပါ" ဟု တောင်းကြသည်။

မဖြစ်၊ မဖြစ်။ ပေးလို့ မဖြစ်သေး။ ငါ့မှာ ဒါမရှိရင် အေးလို့ သေရော့ပေါ့ဟုဆိုကာ မီးလောင်ပေါက်မှ ခေါင်းလျှိုပြီး ခြုံလိုက်သည်။ ကွက်တိပင်၊ ဟန်ကျသွားတော့သည်။ အလယ်လောက်ဆီမှာ မီးပေါက်သည်မို့ တစ်ကိုယ်လုံးကို လုံခြုံအောင်တိုင်းပြီး ကိုက်ဖောက်ထားသည့်နှယ် ဖြစ်သွားသည်။ စိတ်ထင်၍ပဲဖြစ်သလား၊ ခုမှ နွေးထွေးသလို ရှိသွားသည်။

အိပ်စက်နားနေတော့မည်ဟု မီးဖိုနားမှ ထွက်ခဲ့သည်။ မိမိအတွက်ဟု ရည်စူးကာ ပြင်ထားပေးသည့် ပလတ်စတစ်စခင်း၊ ငကျောက်ခဲခေါင်းအုံးအိပ်ရာဆီသို့ လာခဲ့သည်။ လှဲအိပ်တော့မည် စိတ်ကူးဖြင့် အိပ်ရာကို အကဲခတ်နေစဉ် ခေါင်းရင်းမှာ မြေမို့မို့ပို့ပို့ပုံကို သတိပြုလိုက်မိသည်။ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်သည်။

အနေအထားက မသာအလောင်း မြှုပ်ထားသည့်သင်္ချိုင်္ဂန်ဖြစ်သည်။ မြှုပ်ထားသည်က ဘာမှကြာသေးဟန်မတူ။ မြေကြီးများ လတ်လတ် ဆတ်ဆတ်ကြီး ရှိသေးသည်။ ဘာကြောင့် ဤနေရာ၊ ဤဌာနဝယ် လူသေလာ မြှုပ်ထားရသနည်း။ ခရီးသွားရင်း လတ်တလော ဆုံးပါးသွား၍လောဟု စဉ်းစားမိသည်။

ရတနာရှိရာ ရတနာစုသည် ဆိုသောစကားပုံ မှန်နေသလား။

သချိုင်းတကာ လှည့်ခဲ့၍ အသုဘရှုခဲ့သော မြိုင်ကြီးငူဘုန်းတော်ကြီးအဖို့ မနေ့ညကလည်း စီးမှုးထချောင်းဘေးနား ကျွဲသေနှင့် ဆုံခဲ့ရသည်။ ယနေ့ည လူ အသုဘနှင့် ကြုံနေရပြန်သည်။

လူအချို့က ဆိုကြသည်။ အသုဘနှင့် ကြုံရဆုံရလျှင် အတိတ်နိမိတ် မကောင်း၊ ခရီးသွားမည့်ဆဲဆဲမှာတောင် ရပ်ထဲရွာထဲ အသုဘဖြစ်ခဲ့လျှင် ခရီးစဉ်ကို ဖျက်လိုက်တတ်သူများပင်ရှိသည်။ မြိုင်ကြီးငူဘုန်းတော်ကြီးအဖို့ကား ဒါတွေကို ဘာမှ အရေးမထား။ ငယ်စဉ်စာသင်သားဘဝတည်းက အဘိဓမ္မာ သင်ထားသူပီပီ ရုပ်နာမ်ဓမ္မ သင်္ခါရကို စာတွေ့အဖြစ် သိထားပြီး ဆင်ခြင်ထားပြီး ဖြစ်သည်။

ဘုရားဟောသော အနိစ္စသဘော၊ အသုဘသဘောကို အထိုက် အလျောက် နှလုံးသွင်းထားပြီး ဖြစ်သည်။ ရှင်သူနှင့် သေသူသည် အသက် ဇီဝိန်ရှိ/မဲ့သာ ကွာသည်။ အသုဘကောင်ချင်းအတူတူသာဟု သိမြင်ထားခဲ့ သည်။

စိုးရွံ့ခြင်း၊ ရွံ့ရှာခြင်းသော်မှ မရှိတတ်လှ။ ယခုကဲ့သို့ အတွေ့အကြုံ ရှင့်ကျက်စပြုလာပြီးဖြစ်သော တရားသမား ဖြစ်လာစဉ်ခါမှာမူ အသုဘအသိ ဉာဏ် ပို၍ ရင့်သန်လာခဲ့ပြီးဖြစ်သည်မို့ တွေ့ကြုံလာသော ယောနိသော မနသိကာရဖြင့် ဘာဝနာကုသိုလ်ပွားအောင် အသုဘကမ္မဋ္ဌာန်းယူလိုက်သည် ချည်းသာ။

ယခုလည်း ခေါင်းရင်းမှ အသုဘမြေပုံကို ကြည့်၍ အသုဘကမ္မဋ္ဌာန်း အာရုံယူကာ ဘာဝနာစီးဖြန်းမှုပြုရပေဦးမည်ဟု တွေးကာ ခင်းထားသော အိပ်ရာထဲသို့ လဲလျောင်းလိုက်လေသည်။

မိုးလင်းလျှင် သောလယ်ထသို့ စက်လှေဖြင့် ပြန်ဆင်းခဲ့သည်။ ခရီး ပန်းသည့်ဒဏ်၊ ရာသီဥတုဒဏ်ကြောင့် သက်တော်ကြီးရင့်ပြီဖြစ်သော ဝပ်ပျံ ဆရာတော်ကြီးမှာ နေမကောင်းဖြစ်ချင်လာသည်။ ဆေးမှူးခေါ်ကာ ဆေးလုံး ကြီး ချိတ်ပေးလိုက်ရသည်။

ဝပ်ပျံဆရာတော်ကြီးအား မဆိုထားဘိ၊ လူရွယ်မျှဖြစ်သော ဦးဇင်းကြီး ဦးကောသလ္လ (ခေါ်) ဖိုးတရုတ်သည်ပင် သတိလစ်လုနီးပါးရှိနေသည်။ ရွှေဂွန်း မှ ဦးဇင်းထိပ်ဖုမှာလည်း တဟင်းဟင်း အဖျားတက်၍ အိပ်ရာထက်မှာ လဲနေ လေပြီ။ ၎င်းတို့နှင့်စာသော် ဝပ်ပျံဆရာတော်ကြီး ကျန်းမာရေးမှာ ပိုကောင်းသည် ဟု ဆိုနိုင်သည်။

ဦးဇင်းထိပ်ဖု ဖျားရသည်က အကြောင်းတစ်ကြောင်းရှိသည်။ မြှင်ကြီးငူဘုန်းတော်ကြီးနှင့်အဖွဲ့သည် တောထဲတောင်ထဲ စိမ့်စမ်းများသို့ သွားလာနေကြရသည်မို့ ငှက်ပျောသီးဆို ဖီးကြမ်းမှအပ မဘုဉ်းပေးကြ။ သတိအမြဲထားသည်။ သိပ္ပံနည်းကျသည်လား၊ မကျသည်လားတော့မသိ။ ငှက်ပျောသီးစားလျှင် အထူးသဖြင့် ရခိုင်ငှက်ပျောသီး စားပြီးလျှင် အဖျားတက်တတ်လေ့ရှိသည်။ ထို့ကြောင့် ရှောင်ကြသည်။

ဦးဇင်းထိပ်ဖုမှာ တစ်နေ့ဆီက အလှူရှင်တစ်ဦး ပေးလှူခဲ့သော ရွှေငှက်ပျောသီးကို အားပါးတရ ဘုဉ်းပေးခဲ့သည်။

"အဲ. . . တောထဲတောင်ထဲမှာ ငှက်ပျောသီး မစားနဲ့လေ၊ ငှက်ဖြစ်တတ်တယ်"

"အမလေးလေး. . . တပည့်တော်ဟာ စစ်သားဟောင်းတစ်ဦးပါ။ ဒီငှက်ပျောသီးလေးလောက်က အပျော့ပါ" ဟု ဆိုကာ အားပါးတရ ဘုဉ်းပေးခဲ့သည်။

ထန်းသီးကြွေခိုက်မှာပဲ ကျီးနင်းသလား၊

ကျီးနင်းခိုက်မှာပဲ ထန်းသီးကြွေသလား အတပ်မပြောနိုင်သော်လည်း ဦးဇင်းထိပ်ဖုတစ်ပါး တဟင်းဟင်းဖြင့် အဖျားတက်နေလေပြီ။

အခြားနာမကျန်းသူများကိုပါ ဆေးဝါးကုသရင်း သောလယ်ထမှာ တစ်ရက်ပြည့်ပြည့် အနားယူလိုက်သည်။ ပန်းသမ္ဘ ဒဏ်တွေ တစ်ရက်တလေ အနားမှာ ပျယ်ပြယ်သွားလေမလားဟူ၍။

နောက်နေ့ မိုးအလင်းမှာ သောလယ်ထမှ တစ်ဖက်ကမ်းကူးခဲ့သည်။ လေးကော့ကူတောင်သို့ ခရီးဆက်သည်။ သွားရင်းဖြင့် ကနဲခိုမည်သော တောင်ပေါ် ကရင်ရွာသို့ ရောက်သည်။ သံဃာထု အများကြီး မြင်ရသော်လည်း သူတို့မှာ ဗုဒ္ဓဘာသာဝင်များဖြစ်၍ မပြေးလွှားကြပေ။

သို့သော် သူတို့အနားရောက်သွား၍ လေးကော့ကူတောင်သို့ သွားသောလမ်းကို ညွှန်ပြခိုင်းစဉ်မတော့ မည်သူမျှ ခွန်းတုံ့မပြန်၊ အဖြေမပေးကြ။ သည့်အပြင် လှမ်းထားသော ဖာလာများကို အပြေးအလွှား ရုပ်သိမ်းနေကြသည်။ မိုးကာစ၊ ပလတ်စတစ်စများဖြင့် ဖုံးအုပ်နေကြသည်။ သူတို့အလုပ်ဖြင့် သူတို့ရှုပ်နေကြသည်။ မေးလာသူကို စကားတစ်ခွန်းသော်မှ ပြန်မပြောချေ။

သူတို့ကို ကြည့်ရသည်မှာ အလောသုံးဆယ်နိုင်လွန်းလှသည်၊ ယခုပဲ မိုးရွာတော့မည့်နှယ် ပျာယာခတ်နေကြသည်။ အမှန်မှာ ကောင်းကင်မှာ

မိုးသားတိမ်လိပ်တွေ ကင်းစင်နေသည်။ ပြာလဲ့ကြည်လင်သော ကောင်းကင်ပြာကြီးက မိုးရိပ်လေရိပ် သန့်စင်စွာဖြင့် အုပ်မိုးထားသည်။ နေရောင်သည်ပင် ထွန်းလင်းစွာ တောက်ပနေသည်။

သို့ပါလျက် သူတို့တစ်တွေမှာ စိုးရိမ်ကြီးစွာဖြင့် လှမ်းထားသော ဖာလာများကို ရုပ်သိမ်းနေကြသည်။ လေးကေ့ကူတောင်ကို သွားဖို့ လမ်းပြပေးပါ။ ပိုက်ဆံပေးပါမည်ဟု ပြောကြည့်သည်။

"မယူဘူး၊ မယူဘူး၊ ပိုက်ဆံလည်း မလိုဘူး၊ ပြလည်း မပြပေးချင်ဘူး"

"ဟောဗျ. . . "ဟု ဆိုရုံသာ ရှိတော့သည်။ ပြောဖန်များတော့မှ -

"အဲဒီတောင်ကို ဘုန်းကြီးတွေ သွားတက်ရင် မိုးရွာတတ်တယ်" ဟူသော စကားတစ်ခွန်း ရလိုက်သည်။

"အိုးဟိုး. . . ဒါကြောင့်ကိုး" ဟု မှတ်ချက်ချရတော့သည်။

သူတို့ကို ဘယ်လိုမှ လမ်းပြပြောခိုင်းမရတော့သဖြင့် အခြားရွာတစ်ရွာမှ လမ်းပြတစ်ဦးကို ခေါ်ရတော့သည်။ သူလိုက်ပြပေးပါမည်၊ သို့သော် သူက ကက်ဆက်ပါမှ လိုက်နိုင်မည်ဟု ဆိုလာသည်။

"အင်း. . . သူ့ကျတော့လည်း တစ်မျိုးပါလား၊ တကယ့်ဝါသနာရှင်နဲ့မှ တိုးနေပြန်တယ်" .

တော်သေးရဲ့၊ ဆွမ်းချက်အဖွဲ့မှာ ကက်ဆက်အသေးတစ်လုံး ပါလာသည်။ ကက်ဆက်ဖွင့်ပြ၍ နားထောင်စေကာ လမ်းပြခေါ်သွားရသည်။ ဝါသနာရှင်ကြီးမှာလည်း ရွှေသဘောတော်ကျကာ ကက်ဆက်သံ တငြိမ့်ငြိမ့်ဖြင့် ရှေ့မှ ဦးဆောင်သွားတော့သည်။ ညနေ ၅ နာရီကျော်ကျော် ၆ နာရီလောက်မှာ တောင်ခြေသို့ ရောက်လာသည်။

တောင်ခြေရောက်သည်နှင့် အစလိုက်စဉ်က ဆွမ်းချက်အဖွဲ့မှာ အပ်ထားသော သူ့ဓားကို တောင်းကာ တစ်ချိုးတည်း ပြန်ပြေးတော့သည်။ "အဖွဲ့နှင့်အတူ လိုက်ပါ၊ မိုးလင်းမှ ပြန်ပါ" ပြောသော်လည်း မရတော့။ ကြုံတွေ့ရမည့် အန္တရာယ်ကို ရင်မဆိုင်လိုသည့်နှယ် နောက်ကြောင်းကို လုံးဝ ပြန်မကြည့်ဘဲ ပြန်သွားတော့သည်။ လမ်းမှာတင် ကြုံသလို အိပ်သွားတော့မည်ဟုလည်း ဆိုသွားသေးသည်။

ဖြစ်ရပြန်ပြီတစ်မျိုး ဟုတော့ ဆိုရမလို ဖြစ်နေပြန်ပြီ။ (နောင်မှ သိရသည်မှာ သည်တောင်ပေါ်သို့ လမ်းကင်းမပါဘဲ (သေနတ်သမား မပါဘဲ) သွားလျှင် ကျားဆွဲတတ်သည်တဲ့။)

လမ်းပြမည့်သူ ပြန်သွားပြီ။ ရှိစေတော့၊ တောင်ကြီး တွေ့နေမှပဲ တက်ရုံသာ ရှိတော့သည်မို့ ပေပေါင်း ၄၇၀၀ ကျော်မြင့်သော လေးကေ့ကူ တောင်ထိပ်သို့ သာသနာပြုအဖွဲ့ တရွေ့ရွေ့ တက်ခဲ့သည်။ ခါးလယ်လောက် အရောက်တွင် ကျောက်တုံးကြီးနှစ်တုံးကို မှတ်မှတ်ရရ သတိထားလိုက်မိသည်။ (နောင်သိရသည်မှာ ဘုန်းကြီးရဟန်းများ တက်လာလျှင် ဤကျောက်တုံးကြီးကို ကျော်လွန်ပါက အခါမဲ့ပင် ဖြစ်သော်လည်း မိုးရွာချတတ်သည်တဲ့)

မြိုင်ကြီးငူအဖွဲ့ တက်၍ လာခဲ့သည်။ ကျောက်တုံးကြီး ကျော်ခဲ့ပြီ၊ ဘာမှမဖြစ်။ တောင်ထိပ်သို့ ရောက်သော်လည်း ဘာဆိုဘာမှမဖြစ်။ လေတော့ တိုက်သည်။ တိုက်မည်လေ၊ ပေ ၄၇၀၀ ကျော်မြင့်နေမှဖြင့် အဆီးအတားမဲ့ လေဟာပြင်မို့ လေတိုက်သည်မှာ ဆန်းသည်မဆိုသာချေ။ ဖြစ်ရိုးဖြစ်စဉ်မျှသာ။ လေတိုက်သည်မှာ တဝိုးဝိုးကို မြည်နေသည်။ ထူးခြားတာ တစ်ခုတော့ သတိပြုမိသည်။ ငွေပန်းနှင့် ဆင်ဆင်တူသော မိုးကန်တော့ပန်းများ တစ်တောလုံးလိုလို အနှံ့အပြား ပေါက်ရောက်နေသည်။ လေအပြန့်ဝယ် ပန်းရနံ့များက သင်းပျံ့လျက်ရှိသည်။ မိုးကန်တော့ပန်းသည် ဤတောင်မှာ သုံးရာသီစလုံး ဖူးပွင့်နေတတ်သည်။

တောင်ထိပ်ရောက်သည်နှင့် နေရာရွေးချယ်သည်။ ရွေးချယ်သော နေရာမှာ တောင်စွယ်တစ်ခုအကွယ်မှာ ဖြစ်သဖြင့် လေအတိုးသက်သာသည်။ သို့သော် ချမ်းအေးသည်က ချမ်းအေးသည်သာ။ နေရာရွေးချယ်ပြီး မြေပြုပြင်သည်။ တစ်ဆက်တည်း ညောင်စောင်းကွက်ရိုက်ကာ သိမ်နုတ်၊ သိမ်သမုတ်ပြုသည်။ ညသန်းခေါင်ကျော်လေပြီတည်း။

(နောင်သိရသည်မှာ ဤတောင်ထိပ်မှာ ဆံတော်ဥပနာ ကိန်းဝပ်သည်။ ဤကျောက်တုံးကြီးနှစ်လုံးမှာ ဆံတော်နယ်မြေထဲသို့ ဝင်ရောက်လာပြီးသော သင်္ကေတဖြစ်သည်။ ဆံတော်ကိန်းဝပ်စံပယ်သည့်အတွက် ၎င်းတစ်ဝိုက်ကို ယက္ခဂုမ္ဘာန် ဂန္ဓဗ္ဗနတ်ဘီလူးများ စောင့်ကြပ်ကြရသည်။ ထို့ကြောင့် မသမာသူများ တက်ရောက်ပါက ထူးခြားမှုများ ဖြစ်တတ်သည်ဟု သိရှိရသည်။ စာရေးသူ)

မိုးလင်းသည်နှင့် တောင်ပေါ်မှ ဆင်းခဲ့သည်။ မဲပခွင်ရှိ မယ်ညောခီးတောင်သို့ ခရီးဆက်သည်။ တောင်ပေါ်ရောက်လျှင် ထုံးစံအတိုင်း နေရာရွေးချယ် မြေညှိ သိမ်သမုတ်သည်။

လေးကတောင်မှ ဆင်းခဲ့ပြီး မဲပရွာမှာ တစ်ညနားသည်။ နားသည်ဆိုသည်မှာ ဝဲပျံဆရာတော်နှင့် သံဃာများသာ နားသည်။ မြိုင်ကြီးငူဘုန်းတော်

ကြီးမှာ "ကေ့တို့ခ်ို" သို့သွား၍ ဝါးဖောင်သွားလုပ်သည်။ ဒကာရင်း တောင်ပေါ် ကရင်များကို လုပ်စေသည်။ ဖောင်လုပ်ပြီးလျှင် နံနက် ၆ နာရီမှာ ဝဲပျံ့ဆရာတော် အမှူးရှိသော သာသနာပြု ရဟန်းတော်တို့အား ဖောင်ပေါ်တင်၍ သံလွင်မြစ်ကြောင်းကို စုန်ဆင်းခဲ့လေသည်။ ရေများဆဲ ရေစီးသန်ဆဲမို့ ဟတ်ကြီး၊ ဟတ်ကလေး စသည်တို့ကို ချောမောစွာ ကျော်လွှားဖြတ်သန်းခဲ့ရသည်။ သိမ်သမုတ်သော ကုသိုလ်ကောင်းမှုကြောင့် အန္တရာယ် တစ်စုံတစ်ရာ မကျရောက်သည်လည်း ဖြစ်ပါသည်။

ဘောသရောဆိပ်ကမ်းအရောက်မှာ ဖောင်တော်ဆိုက်ကပ်၍ တစ်ထောက်နားသည်။ ပါလာသော ဆွမ်းထုပ်များကို ဖြေ၍ နေ့ဆွမ်းဘုဉ်းကြသည်။ နေ့ဆွမ်းဘုဉ်းအပြီးမှာ ဖောင်တော်ကို ဆက်လက်စုန်ဆင်းလာခဲ့ရာ ညနေ ၅ နာရီတွင် မြိုင်ကြီးငူသို့ ပြန်လည်ဆိုက်ရောက်ခဲ့လေတော့သည်။

## သွားပန်များတော့ တစ်ခါတလေ

ဤမျှ သံလွင်မြစ်ကြောင်းကို စုန်ချည်တစ်ခါ၊ ဆန်ချည်တစ်လှည့်ဖြင့် အခေါက်ပေါင်းများစွာ သွားလာနေသူ မြိုင်ကြီးငူဘုန်းတော်ကြီးအဖို့ အမြဲတမ်း ကံသာနေသလောဟုဟူပြောအုံ့။

လူသားထဲကလူသားပေမို့ လူသားတို့ ကြုံတွေ့မြဲဖြစ်သော လောကဓံ တရားမှ ရှောင်လွှဲ၍ မရသာချေ။ ရေသာမှာ သက်သာခဲ့သကဲ့သို့ ရေစီးမှာ အသက်ပါလုမတတ်ဖြစ်ရပ်နှင့် ကြုံဆုံခဲ့ရသေးသည်။

၁၃၅၂ ခုနှစ်ဆီက ဖြစ်သည်။ မိုးဖွဲကလေးများကျနေသော မိုးတစ်နေ့။

မေတော်ကြီး ဆံတော်ရှင်ဘုရား တည်ရန် သူးမွဲထစခန်းမှာ ပစ္စည်း စုသည်။

သွပ် ၆၀ ချပ်၊ ဘိလပ်မြေ ၄၀ အိတ်၊ ငါးကောင်ဟွန်ဒါမီးစက်တစ်လုံး တို့ကို စုစည်းရရှိသည်။ မြေတော်ကြီးသို့ ပို့ရန် ဝါးဖောင်တစ်ဖောင် ဖောင်စေ သည်။ ဖောင်ကို ဝါးပိုးဝါးများဖြင့် နှစ်ထပ်ဖောင်စေသည်။ ပစ္စည်းများ အထူး သဖြင့် ဘိလပ်မြေများ တင်ရမည်မို့ အတတ်နိုင်ဆုံး ရေမစိုစေရန်၊ စိုသော် လည်း အစိုနည်းစေရန် ဖြစ်သည်။ အောက်ခြေဝါးက ဖောင်ကိုယ်ထည် ရေမှာ ပေါ်စေရန်နှင့် ဖောင်သွားရန်၊ အပေါ်ထပ်ဝါးက ပစ္စည်းတင်ရန်နှင့် လူစီးရန် ဖြစ်သည်။

အကယ်၍ ပစ္စည်းမပါ။ လူချည်းသက်သက်ဆိုပါလျှင် ဖောင်ကို နှစ်ထပ်မလို၊ တစ်ထပ်ဖြင့်သာ ကိစ္စပြီးသည်။ ယခု ပစ္စည်းပါသည်မို့ နှစ်ထပ် လုပ်စေရသည်။

ဖောင်ပြီးလျှင် ဘိလပ်မြေအိတ်များကို ပလတ်စတစ်အိတ်ကြီးများဖြင့် ထပ်စွပ်သည်။ ပလတ်စတစ်စအကြီးကို အောက်ခြေမှာ ခင်းပြီး ဘိလပ်မြေ အိတ်များကို စီတင်သည်။ ၎င်းအပေါ်ကမှ သွပ်ပြား ၆၀ ကို ဖြန့်၍ ဖုံးသည်။ မရွေ့စေရန် ဝါးများဖြင့် ကုပ်နှိပ်ထားသည်။ ဟွန်ဒါစက်ကို ဖောင်ထောင့် တစ်နေရာမှာ ချည်ထားသည်။ တော်ရုံဖောင်လှုပ်ရှားရုံဖြင့် ၎င်းပစ္စည်းများ လွင့်ထွက်စဉ်ကျရန် အကြောင်းမရှိချေ။ အားလုံး ပြင်ဆင်ပြီးသောအခါ လိုက် ပါမည့်သူများ တက်ရောက်ကာ သူးမွဲထစခန်းမှ ဖောင်လွှတ်ဆင်းခဲ့သည်။ မိုးကာလ ရေများချိန်မို့ ရေစီးသန်သော သံလွင်မြစ်ကြောင်းအတိုင်း ဖောင် သည် တရိပ်ရိပ်မျောပါခဲ့သည်။

အစဉ်အတိုင်း မျောပါလာခဲ့ရာ အန္တရာယ် ကြီးမားလှသော ဟတ်ကြီး ရေတံခွန်ကိုပင် ကျော်လွန်လာခဲ့ပြီး ရေအခုန် လှိုင်းအဆော့မှာ တနော့နော့ ပါခဲ့သည်မို့ ရေလှိုင်းများ၊ ရေစက်ရေပေါက်များကဖြင့် လူနှင့် ပစ္စည်းများ အပေါ် လွှမ်းခြုံသွားသည်မှအပ ထူးထူးခြားခြား ဘာမှ မဖြစ်ခဲ့။

ဖောင်စီး၊ ဖောင်ခတ်သူများကလည်း အတွေ့အကြုံရင့်ကျက်ပြီးသူများ မို့ ဖောင်ကို လိုသလို သွားနိုင်အောင် ပဲ့ကိုင်ခဲ့ကြသည်။ ဟတ်ကြီးမှာ ဝဲကတော့ ကြီးတစ်ခုရှိသည်။ ကျယ်ပြန့်သော ဝဲကြီးဖြစ်၍ ၎င်းဝဲကြီးထဲ ဝင်မိပါက အန္တရာယ်က မသေးလှ။ ဖောင်မပျက်၊ အသက်မသေတောင်မှ ဝဲဂယက် အတွင်းမှ တော်ရုံနှင့် မထွက်နိုင် ဖြစ်တတ်သည်။

ယခုမူ ဖောင်သည် ဝဲရိပ်နှုတ်ခမ်းကို နင်းပြီး ဆင်းလာခဲ့သဖြင့် အန္တရာယ်ကင်းရှင်းစွာဖြင့် ဟတ်ကြီးမှ လွန်မြောက်ခဲ့ရသည်။ ဟတ်ကြီး လွန်ပြီ ဆိုလျှင် အန္တရာယ်က မရှိသလောက် ဖြစ်သည်။ စိတ်အေးရပြီမို့ တငြိမ့်ငြိမ့် မျောပါလာသော ဖောင်တော်ဝယ် အမြို့င့်သား စီးပါလာခဲ့သည်။ သို့ဖြင့် ခေါတောဟတ်သို့ ရောက်လာသည်။ ရေလက်ကြားသို့ ဝင်လာသည်။ ရေ ကြောင်းကျဉ်းသည်မို့ ရေစီးကမြန်သည်။ အရှိန်ဖြင့် မျောပါလာသော ဖောင် သည် လက်ဝဲဘက်ကျောက်စွန်းနှင့် ငြိပြီး ဦးမော့ကာ ခေတ္တတန့်သွားသည်။

ဖောင်အတန့်ဝယ် နောက်မှဝင်လာသော ဗွက်ခုံးဝဲကတော့က နိမ့် နေသော ဖောင်ကြီးကို ပို၍ နှိမ့်ချလိုက်သည်။ ဖောင်က တဖြည်းဖြည်း စောင်းစ ပြုလာသည်။ ဖောင်ပေါ်မှ လူများက ကျောက်တုံးကြီးအား ဝိုင်းတွန်း

လမ်းပြမည့်သူ ပြန်သွားပြီ။ ရှိစေတော့၊ တောင်ကြီး တွေ့နေမှပဲ တက်ရုံသာ ရှိတော့သည်မို့ ပေပေါင်း ၄၇၀၀ ကျော်မြင့်သော လေးကော့ကူ တောင်ထိပ်သို့ သာသနာပြုအဖွဲ့ တရွေ့ရွေ့ တက်ခဲ့သည်။ ခါးလယ်လောက် အရောက်တွင် ကျောက်တုံးကြီးနှစ်တုံးကို မှတ်မှတ်ရရ သတိထားလိုက်မိသည်။ (နောင်သိရသည်မှာ ဘုန်းကြီးရဟန်းများ တက်လာလျှင် ဤကျောက်တုံးကြီးကို ကျော်လွန်ပါက အခါမဲ့ပင် ဖြစ်သော်လည်း မိုးရွာချတတ်သည်တဲ့)

မြို့ကြီးငူအဖွဲ့ တက်၍ လာခဲ့သည်။ ကျောက်တုံးကြီး ကျော်ခဲ့ပြီ၊ ဘာမှမဖြစ်။ တောင်ထိပ်သို့ ရောက်သော်လည်း ဘာဆိုဘာမှမဖြစ်။ လေတော့ တိုက်သည်။ တိုက်မည်လေ၊ ပေ ၄၇၀၀ ကျော်မြင့်နေမှုဖြင့် အဆီးအတားမဲ့ လေဟာပြင်မို့ လေတိုက်သည်မှာ ဆန်းသည်မဆိုသာချေ။ ဖြစ်ရိုးဖြစ်စဉ်မျှသာ။ လေတိုက်သည်မှာ တဝှီးဝှီးကို မြည်နေသည်။ ထူးခြားတာ တစ်ခုတော့ သတိပြုမိသည်။ ငွေပန်းနှင့် ဆင်ဆင်တူသော မိုးကန်တော့ပန်းများ တစ်တောလုံး လိုလို အနှံ့အပြား ပေါက်ရောက်နေသည်။ လေအပြန့်ဝယ် ပန်းရနံ့များက သင်းပျံ့လျက်ရှိသည်။ မိုးကန်တော့ပန်းသည် ဤတောင်မှာ သုံးရာသီစလုံး ဖူးပွင့်နေတတ်သည်။

တောင်ထိပ်ရောက်သည်နှင့် နေရာရွေးချယ်သည်။ ရွေးချယ်သော နေရာမှာ တောင်စွယ်တစ်ခုအကွယ်မှာ ဖြစ်သဖြင့် လေအတိုးသက်သာသည်။ သို့သော် ချမ်းအေးသည်က ချမ်းအေးသည်သာ။ နေရာရွေးချယ်ပြီး မြေပြုပြင်သည်။ တစ်ဆက်တည်း ညောင်စောင်းကွက်ရိုက်ကာ သိမ်နုတ်၊ သိမ်သမုတ် ပြုသည်။ ညသန်းခေါင်ကျော်လေပြီတည်း။

(နောင်သိရသည်မှာ ဤတောင်ထိပ်မှာ ဆံတော်ဌာပနာ ကိန်းဝပ်သည်။ ဤကျောက်တုံးကြီးနှစ်လုံးမှာ ဆံတော်နယ်မြေထဲသို့ ဝင်ရောက်လာပြီးသော သင်္ကေတဖြစ်သည်။ ဆံတော်ကိန်းဝပ်စံပယ်သည့်အတွက် ၎င်းတစ်ဝိုက်ကို ယက္ခဂုမ္ဘာန် ဂန္ဓဗ္ဗနတ်ဘီလူးများ စောင့်ကြပ်ကြရသည်။ ထို့ကြောင့် မသမာသူများ တက်ရောက်ပါက ထူးခြားမှုများ ဖြစ်တတ်သည်ဟု သိရှိရသည်။ စာရေးသူ)

မိုးလင်းသည်နှင့် တောင်ပေါ်မှ ဆင်းခဲ့သည်။ မဲပခွင်ရှိ မယ်ညောခီး တောင်သို့ ခရီးဆက်သည်။ တောင်ပေါ်ရောက်လျှင် ထုံးစံအတိုင်း နေရာ ရွေးချယ် မြေညှိ သိမ်သမုတ်သည်။

လေးကတောင်မှ ဆင်းခဲ့ပြီး မဲပရွာမှာ တစ်ညနားသည်။ နားသည် ဆိုသည်မှာ ဝဲပုံဆရာတော်နှင့် သံဃာများသာ နားသည်။ မြို့ကြီးငူဘုန်းတော်

ကြီးမှာ "ကေ့တို့ခို" သို့သွား၍ ဝါးဖောင်သွားလုပ်သည်။ ဒကာရင်း တောင်ပေါ်ကရင်များကို လုပ်စေသည်။ ဖောင်လုပ်ပြီးလျှင် နံနက် ၆ နာရီမှာ ဝဲပုံ့ဆရာတော် အမှူးရှိသော သာသနာပြု ရဟန်းတော်တို့အား ဖောင်ပေါ်တင်၍ သံလွင်မြစ်ကြောင်းကို စုန်ဆင်းခဲ့လေသည်။ ရေများဆဲ ရေစီးသန်ဆဲမို့ ဟတ်ကြီး၊ ဟတ်ကလေး စသည်တို့ကို ချောမောစွာ ကျော်လွှားဖြတ်သန်းခဲ့ရသည်။ သိမ်သမုတ်သော ကုသိုလ်ကောင်းမှုကြောင့် အန္တရာယ် တစ်စုံတစ်ရာ မကျရောက်သည်လည်း ဖြစ်ပါသည်။

ဘောသရောဆိပ်ကမ်းအရောက်မှာ ဖောင်တော်ဆိုက်ကပ်၍ တစ်ထောက်နားသည်။ ပါလာသော ဆွမ်းထုပ်များကို ဖြေ၍ နေ့ဆွမ်းဘုဉ်းကြသည်။ နေ့ဆွမ်းဘုဉ်းအပြီးမှာ ဖောင်တော်ကို ဆက်လက်စုန်ဆင်းလာခဲ့ရာ ညနေ ၅ နာရီတွင် မြိုင်ကြီးငူသို့ ပြန်လည်ဆိုက်ရောက်ခဲ့လေတော့သည်။

## သွားပန်များတော့ တစ်ခါတလေ

ဤမျှ သံလွင်မြစ်ကြောင်းကို စုန်ချည်တစ်ခါ၊ ဆန်ချည်တစ်လှည့်ဖြင့် အခေါက်ပေါင်းများစွာ သွားလာနေသူ မြိုင်ကြီးငူဘုန်းတော်ကြီးအဖို့ အမြဲတမ်း ကံသာနေသလောဟူ၍ပြောအံ့။

လူသားထဲကလူသားပေမို့ လူသားတို့ ကြုံတွေ့မြဲဖြစ်သော လောကဓံ တရားမှ ရှောင်လွှဲ၍ မရသာချေ။ ရေသာမှာ သက်သာခဲ့သကဲ့သို့ ရေစီးမှာ အသက်ပါလုမတတ်ဖြစ်ရပ်နှင့် ကြုံဆုံခဲ့ရသေးသည်။

၁၃၅၂ ခုနှစ်ဆီက ဖြစ်သည်။ မိုးဖွဲကလေးများကျနေသော မိုးတစ်နေ့။

မေတော်ကြီး ဆံတော်ရှင်ဘုရား တည်ရန် သူးမွဲထစခန်းမှာ ပစ္စည်း စုသည်။

သွပ် ၆၀ ချပ်၊ ဘိလပ်မြေ ၄၀ အိတ်၊ ငါးကောင်ဟွန်ဒါမီးစက်တစ်လုံး တို့ကို စုစည်းရရှိသည်။ မြေတော်ကြီးသို့ ပို့ရန် ဝါးဖောင်တစ်ဖောင် ဖောင်စေ သည်။ ဖောင်ကို ဝါးပိုးဝါးများဖြင့် နှစ်ထပ်ဖောင်စေသည်။ ပစ္စည်းများ အထူး သဖြင့် ဘိလပ်မြေများ တင်ရမည်မို့ အတတ်နိုင်ဆုံး ရေမစိုစေရန်၊ စိုသော် လည်း အစိုနည်းစေရန် ဖြစ်သည်။ အောက်ခြေဝါးက ဖောင်ကိုယ်ထည် ရေမှာ ပေါ်စေရန်နှင့် ဖောင်သွားရန်၊ အပေါ်ထပ်ဝါးက ပစ္စည်းတင်ရန်နှင့် လူစီးရန် ဖြစ်သည်။

အကယ်၍ ပစ္စည်းမပါ။ လူချည်းသက်သက်ဆိုပါလျှင် ဖောင်ကို နှစ်ထပ်မလို၊ တစ်ထပ်ဖြင့်သာ ကိစ္စပြီးသည်။ ယခု ပစ္စည်းပါသည်မို့ နှစ်ထပ် လုပ်စေရသည်။

ဖောင်ပြီးလျှင် ဘိလပ်မြေအိတ်များကို ပလတ်စတစ်အိတ်ကြီးများဖြင့် ထပ်စွပ်သည်။ ပလတ်စတစ်စအကြီးကို အောက်ခြေမှာ ခင်းပြီး ဘိလပ်မြေ အိတ်များကို စီတင်သည်။ ၎င်းအပေါ်ကမှ သွပ်ပြား ၆၀ ကို ဖြန့်၍ ဖုံးသည်။ မရွေ့စေရန် ဝါးများဖြင့် ကုပ်နှိပ်ထားသည်။ ဟွန်ဒါစက်ကို ဖောင်ထောင့် တစ်နေရာမှာ ချည်ထားသည်။ တော်ရုံဖောင်လှုပ်ရှားရုံဖြင့် ၎င်းပစ္စည်းများ လွင့်ထွက်စဉ်ကျရန် အကြောင်းမရှိချေ။ အားလုံး ပြင်ဆင်ပြီးသောအခါ လိုက် ပါမည့်သူများ တက်ရောက်ကာ သူးမွဲထစခန်းမှ ဖောင်လွှတ်ဆင်းခဲ့သည်။ မိုးကာလ ရေများချိန်မို့ ရေစီးသန်သော သံလွင်မြစ်ကြောင်းအတိုင်း ဖောင် သည် တရိပ်ရိပ်မျောပါခဲ့သည်။

အစဉ်အတိုင်း မျောပါလာခဲ့ရာ အန္တရာယ် ကြီးမားလှသော ဟတ်ကြီး ရေတံခွန်ကိုပင် ကျော်လွန်လာခဲ့ပြီး ရေအခုန် လှိုင်းအဆော့မှာ တနော့နော့ ပါခဲ့သည်မို့ ရေလှိုင်းများ၊ ရေစက်ရေပေါက်များကဖြင့် လူနှင့် ပစ္စည်းများ အပေါ် လွှမ်းခြုံသွားသည်မှအပ ထူးထူးခြားခြား ဘာမှ မဖြစ်ခဲ့။

ဖောင်စီး၊ ဖောင်ခတ်သူများကလည်း အတွေ့အကြုံရင့်ကျက်ပြီးသူများ မို့ ဖောင်ကို လိုသလို သွားနိုင်အောင် ပဲ့ကိုင်ခဲ့ကြသည်။ ဟတ်ကြီးမှာ ဝဲကတော့ ကြီးတစ်ခုရှိသည်။ ကျယ်ပြန့်သော ဝဲကြီးဖြစ်၍ ၎င်းဝဲကြီးထဲ ဝင်မိပါက အန္တရာယ်က မသေးလှ။ ဖောင်မပျက်၊ အသက်မသေတောင်မှ ဝဲဂယက် အတွင်းမှ တော်ရုံနှင့် မထွက်နိုင် ဖြစ်တတ်သည်။

ယခုမူ ဖောင်သည် ဝဲရိပ်နှုတ်ခမ်းကို နင်းပြီး ဆင်းလာခဲ့သဖြင့် အန္တရာယ်ကင်းရှင်းစွာဖြင့် ဟတ်ကြီးမှ လွန်မြောက်ခဲ့ရသည်။ ဟတ်ကြီး လွန်ပြီ ဆိုလျှင် အန္တရာယ်က မရှိသလောက် ဖြစ်သည်။ စိတ်အေးရပြီမို့ တငြိမ့်ငြိမ့် မျောပါလာသော ဖောင်တော်ဝယ် အမြိုင့်သား စီးပါလာခဲ့သည်။ သို့ဖြင့် ခေါ်တောဟတ်သို့ ရောက်လာသည်။ ရေလက်ကြားသို့ ဝင်လာသည်။ ရေ ကြောင်းကျဉ်းသည်မို့ ရေစီးကမြန်သည်။ အရှိန်ဖြင့် မျောပါလာသော ဖောင် သည် လက်ဝဲဘက်ကျောက်စွန်းနှင့် ငြိပြီး ဦးမော့ကာ ခေတ္တတန့်သွားသည်။

ဖောင်အတန့်ဝယ် နောက်မှဝင်လာသော ဗွက်ခုံးဝဲကတော့က နိမ့် နေသော ဖောင်ကြီးကို ပို၍ နှိမ့်ချလိုက်သည်။ ဖောင်က တဖြည်းဖြည်း စောင်းစ ပြုလာသည်။ ဖောင်ပေါ်မှ လူများက ကျောက်တုံးကြီးအား ဝိုင်းတွန်း

ကြသည်။ ငြိနေသည်မှ လွတ်ထွက်သွားသည်။ သို့သော် နစ်မြုပ်စပြုနေသော ဖောင်နောက်မြီးကို အရှိန်ဖြင့် စီးဆင်းလာသော ဗွက်ခုံးနူတ်ခမ်းက ဖိနှစ်လိုက်သည်။ ရုတ်ခြည်း တစောင်းထောင်သွားသည်။ မတ်မတ်ကြီးတော့ မဟောင်လှသေး။

ဖောင်ပေါ်လူများက လျင်ပြီးသားတွေမို့ အနီးရှိ ကျောက်တုံးပေါ်သို့ ခုန်တွယ်တက်ကြသည်။ ဖားသားဖိုးဆိုသူ လူငယ်က ဒုတိယ နောက်ဆုံးလူ။ ပြီးတော့မှ ဘုန်းတော်ကြီး။ ဖားသားဖိုး တွယ်တက်နေစဉ် ဖောင်က ပိုစောင်းလာသည်။ သူ့ကို ဆွဲ၍ ဘုန်းတော်ကြီး လိုက်တက်ပါက ရနိုင်သည်။

သို့သော် မဖြစ်၊ မတော် နစ်ယောက်စလုံး ပြန်ကျနေမည်။ နေပါစေ၊ မြိုင်ကြီးငူဘုန်းတော်ကြီးသည် သက်နိုးများကို ကိုယ်လုံးမှာ ခိုင်အောင် ရစ်ပတ်လိုက်သည်။ သပိတ်ကို စလွယ်သိုင်းလွယ်ပြီးချိန်မှာ ဖောင်က ပတတ်ရပ်သကဲ့သို့ ရေလယ်ခေါင်ဝယ် မားမားကြီး တစောင်းထောင်ရပ်နေသည်။

ဘုန်းတော်ကြီးသည် ကျောက်တုံးပေါ်သို့ တက်ရန် မရည်ရွယ်တော့ဘဲ တစောင်းထောင်နေသော ဖောင်ပေါ်သို့ ဝါးများကို ဆွဲကိုင်ကာ တက်သည်။ ဘုန်းတော်ကြီးလည်း ထိပ်သို့ အရောက်၊ ဖောင်သည် ထက်အောက် ပြောင်းပြန် မှောက်ပြီး ရေပြင်ပေါ် ပြန်ကျသည်။ ဘုန်းတော်ကြီးလည်း ဖောင်၏ အခြားဘက်သို့ လှစ်ခနဲ ခုန်ချပြီးသား ဖြစ်သွားသည်။

တစ်ပြိုင်တည်းမှာ ဖားသားဖိုးနှင့် ခွိုးတကော်တို့လည်း ပြိုင်တူလို ခုန်ချကြသည်။ ကျန်လူများ ခုန်ချမမီတော့။ ဖောင်သည် မှောက်သွားသော အနေအထားအတိုင်း ဆက်လက်မျောပါသွားတော့သည်။ အပေါ်မှာ ရေမစိုစေရန် တင်ထားခဲ့သော ဘိလပ်မြေအိတ်များ ဖောင်အောက်ဝယ် တွဲလွဲခို၍ လိုက်ပါခဲ့တော့သည်။

မရွေ့လျားစေရန် ကြိုးဖြင့် ချည်ထားသဖြင့် ပြုတ်လည်းမထွက်သွား၊ သည်အတိုင်း ဖောင်အောက်မှ ရိုးလေးခို၍ လိုက်ပါလာသည်။

ခေါ်တောဟတ် လွန်သည်နှင့် ရှေ့မှာလာမည့်ဟတ်အတွက် ကြိုတင်ပြင်ဆင်ရသည်။ ပစ္စည်းပစ္စယများအားလုံး ရေထဲပါသွားပြီ။ ရေထဲကျစရာဆို၍ လူသာရှိတော့သည်။ ဖောင်က မှောက်နေပြီ။ လက်ကိုင်တန်းများ ရေအောက်ရောက်နေပြီ။ ဖားသာဖိုးနှင့် ခွိုးတကော်တို့မှာ ပုဆိုးချွတ်၍ ခြေထောက်တို့ကို ဖောင်မှ ဝါးလုံးနှင့် ချည်သည်။ ဘောင်းဘီပြတ်ကလေး ကိုယ်စီဖြင့် ဖောင်မှ ဝါးလုံးများကို တင်းတင်းကြီး ဆုပ်ကိုင်ထားသည်။

မြိုင်ကြီးငူဘုန်းတော်ကြီးမှာ ဖောင်ချည်ရာမှ ပိုထွက်နေသော နိုင်လွန်ကြိုးစဖြင့် လက်တစ်ဖက်ကို ဖောင်နှင့်တွဲချည်လိုက်သည်။ ခြေနှစ်ချောင်းကိုမူ ဝါးလုံးနှစ်လုံးကြားထဲသို့ ထိုးထည့်ထားလိုက်သည်။ အန္တရာယ်ရှိမှန်းတော့ သိသည်။ လှုပ်ရှားမှုအရှိန်ဖြင့် ဝါးနှစ်လုံး ကြိတ်ပါလျှင် ခြေနှစ်ချောင်း သွင်သွင်ကျိုးသွားနိုင်သည်။ သို့သော် မတတ်နိုင်ပြီ။ လောလောဆယ် ဖောင်ပေါ်မှ လွင့်စဉ်မကျစေရန်က အရေးကြီးနေသည်။

ရှေ့လာမည့် ကေးဟိုးဟတ်မှာ အိမ်ငယ်တမျှကြီးသော လှိုင်းလုံးကြီးခုနစ်လုံးက ရှေ့နောက်စီတန်းပြီး ရှိနေသည်။ လှိုင်းအခုန် ရေအကြွမှာ ကြိုးမချည်ထားပါလျှင် လူများ လွင့်စင်ကျသွားနိုင်သည်။ ကျသွားခဲ့ဖူးသည်လည်းရှိသည်။ ထို့ကြောင့် ခါတောဟတ်လွန်သည်နှင့် ရှေ့လာမည့် ကေးဟိုးဟတ်ကို ဖြတ်သန်းကျော်လွှားနိုင်ရန် ပြင်ဆင်ရခြင်း ဖြစ်သည်။

ဖောင်သည် ကေးဟိုးဟတ်သို့ ရောက်လာသည်။ ဖောင်သည် ပထမလှိုင်းလုံးကြီး သယ်ဆောင်ရာသို့ အစွင့်သားမြောက်တက်သွားသည်။ လှိုင်း၏အမြင့်ဆုံးအပိုင်းမှာ ဖောင်က မြူးပျံ့နေသလား ထင်ရသည်။ သက်လျှောလာသော လှိုင်းနှင့်အတူ ကျလာစဉ်မတော့ လှိုင်းထိပ်မှ ကျလာသော အရှိန်နှင့်ဖောင်၏ အလေးချိန် ပေါင်းစပ်ကာ ဖောင်တစ်ခုလုံး ရေအောက်သို့ စုန်းစုန်းမြုပ်သွားတော့သည်။ မြုပ်သွားသည့်အတိုင်း ဆက်လက်မျောပါသွားသည်။ ဖောင်ပေါ်မှ လူသားများသည်လည်း ရေအောက်ကမ္ဘာသို့ တဒင်္ဂမျှ လိုက်ပါသွားရတော့သည်။ အသက်အောင့်ထားလိုက်ရသည်။

ကျသည့်အရှိန်အကုန်မှာ ဖောင်ပြန်ပေါ်လာသည်။ လူတွေကအသက်ကို အလုအယက် ရှူရသည်။ ဒုတိယလှိုင်းလုံး သယ်ဆောင်ရာသို့ပါသွားပြန်သည်။ လှိုင်းထိပ်သို့အရောက် အားရပါးရ အသက်ရှူမည်ကြံကာရှိသေး၊ လှိုင်းအဆင်းမှာ ရေအောက်တွင်းသို့ နစ်မြုပ်သွားရပြန်သည်။

ထိုနည်းတူ လှိုင်းလုံး ၇ လုံးကို ငုတ်ချည်တစ်လှည့်၊ ပေါ်ချည်တစ်ခါဖြင့် ဖြတ်သန်းလွန်မြောက်ခဲ့ရသည်။ ကေးဟိုးဟတ်မှာ အဝေးကကြည့်လျှင်မှိုင်းပြာနေသော တောင်တန်းပြာကြီး၊ စိမ်းညို့နေသော တောရိပ်တောင်တန်းကို နောက်ခံထားလျက် လှိုင်းလုံးကြီး ၇ လုံးက စီတန်းပေါက်ကွဲနေသည်။ ရေပန်းရေမွှားများက လက်ရာမြောက် ကနုတ်ပန်း ဒီဇိုင်းအလား လှိုင်းအလှကို ပန်ရစေသည်။ မြစ်သံလွင်ကို တန်ဆာဆင်ထားသည့် လှပလိုက်သည့်ရှုခင်း၊ ကြည့်မဝ ရှုမဆုံးနိုင်အောင်ပင်။

ကဗျာဆရာကြီး ဆရာဇော်ဂျီသည် ရောဝတီမြစ်အတွင်းက ဗေဒါပင်ကလေး၏ သွားရာလမ်းကို -

"ညိုပြာပြာ လတာပြင်ခြေရင်း
လှိုင်းတက်ရာ ဗေဒါတက်
လှိုင်းသက်ရာဆင်း. . ." ဟု စာအလှနှင့် ကဗျာသခဲ့သည်။

ဆရာဇော်ဂျီကဗျာသည် စာသား လှသည်။ ကာရန် လှသည်။ အဓိပ္ပာယ်လည်း ပြည့်ဝသည်။ မျက်စိထဲတွင် ကွင်းကွင်းကွက်ကွက် မြင်စေသည်။ ရင်ထဲမှ ရသကို ဖြစ်စွမ်းစေသည်။ သာယာကြည်နူးမှု၊ သနားကြင်နာမှု၊ ဖွဲ့မာန်ရှိမှုဟူသော ခံစားချက်ကို ဖြစ်ထွန်းပေါ်ပေါက်လာစေသည်။

အကယ်၍သာ ဆရာကြီးသည်သည် သက်ထင်ရှားရှိ၍ မြိုင်ကြီးငူဆရာတော်၏ ဤမည်သော သာသနာပြုခရီးကြမ်းကို သိရှိခဲ့ပါလျှင် ဂန္ထဝင်မြောက်သော ကဗျာတစ်ပုဒ် မွေးဖွားလာနိုင်ပေမည်။ ဤကား စာရေးသူ၏ ကြားဖြတ်အတွေးဖြစ်သည်။ ဖောင်ပေါ်မှာ ရေစိုနှင့် ချမ်းချမ်းတုန်တုန် ဖြစ်နေသည်။ သံလွင်ရေကအေးသည်။ မိုးဖွဲ့ကလေးက ပက်ဖျန်းသည်။ လေချိုအေးက ကူဖေးလို့ တိုက်နေသေးသည်။ ချမ်းသမှ ခိုက်ခိုက်တုန်နေပြီ။ အန္တရာယ်ကြားမှ သက်စွန့်ဆံဖျား လွတ်မြောက်ခဲ့ပြီမို့ "ငါမသေသေး" ဟု သိလိုက်ရပြီးသော မြိုင်ကြီးငူဘုန်းတော်ကြီးသည် မုလေးတင်ကမှ ဖြတ်သန်းကျော်လွှားခဲ့သော ခရီးစဉ်ကို ပြန်တွေးနေမိသည်။

မဖြစ်စဖူး အဖြစ်ထူးသော ဖောင်ပတတ်ရပ်ပုံ၊ စောင်းထောင်၍ မှောက်သွားခြင်းတို့မှာ သတိမရှိပါက အသက်သော်မှ ပါသွားနိုင်သည်။ မှောက်သည့်အတိုင်း ဖောင်က စုန်မျောသည်။ ဖောင်အောက်မှာ ဘိလပ်မြေအိတ် ၄၀ အလေးချိန်က ရေအောက်သို့ ဆွဲချနေသည်။ ခိုင်ခံ့အောင် ချည်ထားသည်မို့ တောင်ရိုးနှင့် ပြုတ်မထွက်ကြ။

ကေးဟိုးဟတ်ကို ဖြတ်ကျော်စဉ် လှိုင်းလုံးကြီးများအောက်မှာ ကျောက်ဆောင်တွေ အသီးသီးရှိသည်။ ထိုကျောက်ဆောင်များနှင့် တွန်းထိုးပွတ်တိုက်မိခဲ့လျှင် ဖောင်သည် တစ်စစီ ပြုတ်ထွက်သွားနိုင်သည်။ ဖောင်ပေါ်ပါ လူများသည်လည်း လှိုင်းအောက် ကျောက်ဆောင်များအကြားမှာ ဒလိမ့်ခေါက်ကွေး မျောပါသွားမည်။ လှိုင်းခွပ်သည့် ဒဏ်ဖြင့် ကျောက်ဆောင်မှာ ကိုင်ရိုက်သကဲ့သို့ ရှိမည်။ ထိုအခါ အရိုးတခြား၊ အသားတခြား ဟူသော စကား၏ သရုပ်ကို တမလွန်မှ လှမ်းကြည့်ရမည်ကဲ့သို့ ရှိနေမည်။

ယခုမူ တော်ပေသေးသည်။ ကံကြီးပေလို့၊ မသေကောင်း မပျောက်ကောင်း။

ခုမှတွေးကြည့်၍ လန့်သလို ဖြစ်မိသား။ သို့သော် ကြောက်တော့မကြောက်။ သည်လမ်းနှင့် သည်ခရီးကို သည်လိုနည်းနှင့်မှ မသွားလျှင် မဖြစ်ပေဘဲကိုး။ သာသနာအကျိုး သည်ပိုးလိုသည်ဆို သည်လောက်တော့ ရှိရမည်သာ။ ရေစီးရေသာစကားရှိသည်။ ရေသာနှင့်လည်း အဆင်ပြေစွာ ဆုံဖူးပြီ။ ယခုရေစီးအကြမ်းမှာ သေမည့်ခရီးလမ်းသဖွယ်လည်း ဖြတ်သန်းခဲ့ရပြီ။

သည်အတွေးကို ခုမှ တွေးမိသည်။ ထိုစဉ်ကမူ ဘာဆိုဘာမှ တွေးမနေအား။ လက်ရှိဖြစ်ပေါ်နေသော အခြေအနေပေါ် မူတည်၍ ကြုံလာသည့် အန္တရာယ်ကို ဖြတ်သန်းကျော်လွှားနိုင်ရန်သာ ကြိုးစားနေရသည်။ အသက်လုနေရသည်။

လူသားနှင့် သေခြင်းတရားကား ဇာတိဟူသော မွေးဖွားခြင်းနှင့် စလာကတည်းက ယှဉ်တွဲပါပြီးသား။ တစ်သက်မှာ တစ်ခါတော့ သေရမည်သာ။ ကြောက်လည်း သေရမည်။ မကြောက်လည်း သေရမည်။ သေရခြင်းအတူတူ အကျိုးရှိသော သေခြင်းမျိုးနှင့်သာ သေလိုသည်။ ကြိုးစားရှုန်းကန်ရင်း ဖြင့်သာ သေလိုသည်။ လုံ့လလျှော့သော သေခြင်းမျိုးနှင့်ကား မသေလို။ ထို့ကြောင့် အသက်လုခဲ့ရသည်။ ရှေ့မှာ လုပ်စရာတွေ အများကြီး ရှိနေသေးသည်ကိုး။

ကေးဟိုးဟတ်မှ ဖြတ်ကျော်ခဲ့ပြီး၊ မကြာမီ ပေါ်မဲကေးဟတ်သို့ ရောက်လာသည်။ ပေါ်မဲကေးဟတ်မှာ ဝဲလည်နေသော ဝဲကတော့ကြီး ရှိသည်။ သည်ဝဲကြီးထဲ ရောက်သွားမိပါက တော်ရုံနှင့် မထွက်နိုင်။ ဖောင်ခတ်သူများ လက်ပန်းကျလုအောင် ခတ်၍ ထုတ်နိုင်ပါမှ ထွက်နိုင်သည်။ ယခု ဖောင်သမားများ မစုံလင်ကြတော့။ အချို့ကျန်ခဲ့ပြီ။ ကျောက်တုံး ကျောက်ဆောင်ပေါ်မှာ ငုတ်တုတ်ရှိနေကြမည်။ ကယ်လာမည့်သူကို ငံ့မျှော်နေပေမည်။ ဖောင်ပေါ်မှ ဘုန်းတော်ကြီးနှင့်ပါမှ သုံးဦးတည်း။ ဖောင်ခတ်သော လှော်တက်များလည်း ဘယ်ရောက်ကုန်ပြီ မသိ။ သည်ဝဲထဲ ရောက်သွားလို့ကဖြင့် . . . ။

အတွေးက မဆုံးသေး။ ပေါ်မဲကေးဝဲနားသို့ ရောက်လာသည်။ သည်တစ်ခါ ကံသာသည်ထင်ရဲ့။ ဖောင်သည် ဝဲတွင်းသို့ လည်မသွားဘဲ ဝဲနှုတ်ခမ်းကို နင်းကာ အရှိန်ဖြင့် လွတ်ထွက်ခဲ့သည်။

ခုမှ သက်မကြီးချနိုင်သည်။

ဖောင်ကို ပဲ့နိုင်ရန် ခတ်တက်များ မရှိပြီမို့ ရေစီးအတိုင်း မျောလိုက်လာရသည်။ အောက်ဘီလပ်မြေအိတ် ၄၀ အလေးချိန်က တွဲလွဲ ဆွဲထားသည်မို့ ရေရှိန်နည်းသည်ဆိုလျှင် ဖောင်က ရွေ့ရုံမျှသာ သွားတော့သည်။

သည်လိုနှင့် ကေးတလူဟတ်ထိပ်သို့ ရောက်လာသည်။ သည်ဟတ်မှာလည်း ဝဲကရှိသည်။ ဝဲအတွင်းသို့ ဖောင်ဝင်သွားသည်။ ဝဲအတိုင်း လည်နေပြီ။ ထိုစဉ် ကမ်းနားနှင့် နီးရာဘက်သို့ ဖောင်အရောက်မှာ အောက်မှာတွဲနေသော ဘီလပ်မြေများ ဆိုင်းကြိုးပြတ်ကာ ရေအောက်ကျသွားသဖြင့် ဝုန်းခနဲ ဖောင်ပေါ်တက်လာသည်။

ဖောင်ပေါ်တက်လာပြီးမှ မြိုင်ကြီးငူဘုန်းတော်ကြီးက သူ့သပိတ်ကို သတိရသည်။

"ဟယ်. . . ငါ့သပိတ် ဘယ်ရောက်သွားပါလိမ့်၊ ဖောင်ပတက်ရပ်တော့ သပိတ်လွယ်ပြီး ဖောင်ပေါ် တွယ်တက်တာတော့ သတိရမိသည်။ သည့်နောက်တော့ အသက်လုနေသည့်အတွက် သတိမပြုမိတော့။ ခုမှ သတိရသည်။ ဘယ်မှာလဲသပိတ်၊ ဒီသပိတ်မှ မရှိရင်တော့ ငါ့သာသနာပြုလုပ်ငန်း ဒီတင်ပဲ စခန်းရပ်ပြီ" ဟု တွေးနေမိသည်။

ထိုစဉ် ဖောင်တစ်ဖက်စွန်းသို့ မျက်စိရောက်သွားရာ ဝါးနှစ်လုံးကြားအကျ ညပ်နေသော သပိတ်ကို မြင်လိုက်ရသည်။ ဝါးကို လူအားဖြင့် ဆွဲဖယ်၍ သပိတ်ကို ထုတ်ယူသည်။ သပိတ်မှာ အဖုံးပိတ်လျက်နှင့် မှောက်လျက် သား။ သပိတ်အိတ်တော့ မရှိပြီ။ အနီးအနားကြည့်ရာ တစ်လဲလောက်အကွာမှာ သပိတ်အိတ်က ဖောင်နှင့် ငြိနေသည်။

သပိတ်ကို ယူပြီး အဖုံးဖွင့်ကြည့်လိုက်သည်။ သပိတ်ထဲမှာ ရေလုံးဝ မရှိဘဲ ဖြစ်နေသည်။ ဘတ်ငွေ ၃၀၀၀ သည်ပင် လုံး၀ ရေမစို။ ဆေးပစ္စည်းများ အခြားတိုလီမိုလီများလည်း ဘာတစ်ခုမှ မစို။

ထူး၍တော့အဆန်းသား။ သပိတ်လွယ်ထားသည်။ ရှုပ်ရှုပ်ယှက်ယှက် ကြား၌မှာသပိတ်တခြား၊ လူတခြား ဖြစ်သွားသည်။

သပိတ်အိတ်ကို အဖုံးပေါ်မှာ ကြိုးချည်ထားပါလျက် အိတ်တခြား သပိတ်တခြား ဖြစ်သွားသည်။ ချည်ထားသော သပိတ်အိတ်သာ ကခြား ဖြစ်သည်။ ဖုံးရုံမျှ ဖုံးထားသော သပိတ်နှင့် အဖုံးကား မကွဲမပြား ပုံမှန်အတိုင်း။ ရေလှိုင်းအတန်တန်ကြား ဖြတ်သန်းခဲ့ရသည်။ ရေအောက်သို့ ခဏကြာ မြုပ်ခဲ့ရသည်။ သပိတ်ထဲ ရေလုံးဝမဝင်။ ကြိုးမချည်ထားလျှင် လူပ်လှုပ်မှ

တတ်သော ကေးဟိုးဟတ် လှိုင်းလုံးများကို ဖြတ်ကျော်စဉ်မှာ ခြေမဲ့လက်မဲ့ အနှောင်အဖွဲ့တွေမဲ့သော သည်သပိတ်က လွင့်စဉ်မကျသွား။ ဝါးနှစ်လုံးကြား အကျသားညှပ်လျှက် လိုက်ပါလာသည်။

အခြေအနေကို သုံးသပ်ကြည့်ပါက ထူးဆန်းနေသည်။ ဤထူးဆန်း ချက်ကပင် မြှင်ကြီးငူဘုန်းတော်ကြီးအား သာသနာဆက်ပြုရန် တိုက်တွန်းနေ ပေသည်။ စိတ်ကူးခဲ့သည်လေ။

သပိတ်ပျောက်ဆုံးခဲ့လျှင် ငါ့ သာသနာပြုလုပ်ငန်း ရပ်ပြီလို့ ဆိုသကိုး။

ယခုမူ မပျောက်ဆုံးသည့်ပြင် သပိတ်တွင်းသို့ပင် ရေဝာစ်စက်သော်မှ မဝင်ခဲ့လေသည်မို့။

သာသနာပြုခရီးလမ်းအတွက် ရှေ့ဆက်လျှောက်လှမ်းရန် တွန်းအား ပေးသည့်နှယ် ဖြစ်လာလေသည်။

ဖောင်သည် ပေါ့ပေါ့ပါးပါး ရှိလာသည်။ ကမ်းနားဆီမှာလည်း သစ် ဖောင်လုပ်သားများ ရှိနေကြသည်။ ၎င်းတို့၏ အကူအညီဖြင့် ဖောင်ကို ကမ်း သို့ ကပ်လိုက်သည်။ အကျိုးအကြောင်း ပြောပြပြီး ကျန်ရစ်မည့်သူများအား စက်လှေတစ်စီးရှာ၍ သွားကယ်ရန်ကိုပါ အကူအညီတောင်းလိုက်သည်။

ကမ်းပေါ်ရောက်သည်တွင် ခွိုးတကော် (ခေါ်) ဦးမောင်သန်းမှာ ခုထိ အကြောက်မပြေသေး။ ကမ်းပေါ်ရောက်သော်မှ တုန်တုန်ယင်ယင်ဖြစ်နေသေး သည်။ ချမ်းလို့ တုန်နေသည်ထင်သည်။ ပြောရင်းဆိုရင်းမှ သူ့စကားအရ အကြောက်ကြီး ကြောက်နေသေးကြောင်း သိရသည်။ ဤတွင် မြှင်ကြီးငူ ဘုန်းတော်ကြီးက စိတ်ကု ကုပေးရတော့သည်။

"ဒကာကြီး၊ ဘာမှ ကြောက်မနေနဲ့၊ ဟောဒီမှာကြည့်၊ ဒကာကြီး တော်တော်ကံကောင်းတယ်။ ဖောင်ပေါ်က ပစ္စည်းတွေအားလုံး ဆုံးရှုံးပေမယ့် ကျုပ်သပိတ် ကျန်နေတယ်။ သပိတ်ထဲမှာ ဆေးတော်ကြီးဆိုတာ ရှိတယ်။ အဲဒီဆေးတော်ကြီးကို စားလိုက်ရင် ဒကာကြီး ကြောက်စိတ်တွေ ပျောက်သွား မယ်။ နောင်လည်း ဘယ်တော့မှ ဒါမျိုးကြုံမှာ မဟုတ်တော့ဘူး"

ဟုတ်၊ မဟုတ်တာတွေ အသာထား၊ လောလောဆယ်ဆယ် စိတ်ဓာတ်ကျကာ ချောက်ချားနေသူတစ်ဦးအား စိတ်ဓာတ်မြှင့်ပေးနေရ သည်။ သပိတ်ထဲမှ မနောမယသိဒ္ဓိဆေးတော်ကိုထုတ်၍ မြှင်ကြီးငူ ဘုန်းတော်ကြီး ကိုယ်တိုင်လည်း ဘုဉ်းပေးသည်။ ခွိုးတကော်အားလည်း ကျွေးသည်။ ခွိုးတကော်တစ်ယောက် စိတ်ဓာတ်တက်ကြွလာပြီး အကြောက် ပြေသွားသည်။ ပြီးတော့ ဘုန်းတော်ကြီးက ဆက်ပြောသေးသည်။

"ဒကာကြီး၊ ပစ္စည်းတွေအားလုံး ဆုံးရှုံးကုန်လို့ ဝမ်းနည်းမနေနဲ့၊ ဒီမှာတွေ့ လား၊ ဘတ် ၃၀၀၀ ရှိနေတယ်။ အားလုံး ပြန်ဝယ်ပေးမယ်။ ဟုတ်လား၊ ဘာ ပစ္စည်းတွေ ပါသွားသလဲပြော"

"ဆေးတံရယ်၊ ဆေးဘူးရယ်ပါဘုရား"

"သေလိုက်ပါတော့ဟယ်" ဟုသာ ငြီးချင်စိတ်ပေါက်သွားသည်။ အခြားပစ္စည်းတွေကို မဆိုထား၊ သည်ပစ္စည်းနှစ်မျိုးကိုသာ တမ်းတမ်းတတ ဆိုလာသည်။ အပြစ်မဆိုရက်ပါ။

"ဪ. . . ငါတို့ အမျိုးသားများ ရိုးသားရှာကြသည်။ ပုံမှန် စားဝတ်နေရရုံမျှဖြင့် ရောင့်ရဲနေနိုင်ကြသည်။ လောဘသဏ္ဍာယ နည်းပါးကြသည်။ အခြားဘာကိုမှ မက်မက်မောမော မရှိတတ်ကြ။ ကွမ်းစားဆေးသောက်တစ်ခုသာ သူတို့မှာ လူမှန်းသိတတ်စကတည်းက စွဲစွဲမြဲမြဲ ရှိလာခဲ့သည်မို့ သည်ဆေးတံနှင့် ဆေးဘူးကိုသာ နှမြောတသ စွဲလမ်းနေရှာမည်" ဟု တွေးကာ ကရုဏာသက်မိရသေးသည်။

သို့ဖြင့် ထိုမှ ဆင်းခဲ့ပြီး ကမမောင်းသို့ သွားကာ အဝတ်တစ်ထည်၊ ကိုယ်တစ်ခုသာ ကျန်တော့သော ခွီးတကော် (ခ) ဦးမောင်သန်းအား သူ အလွန်မြတ်နိုးသော ဆေးတံ၊ ဆေးဘူး အပါအဝင် လိုအပ်မည်ထင်သော အဝတ်အစား၊ အခြားတိုတိုထွာထွာပစ္စည်းများကို ဝယ်ပေးလိုက်သည်။

ဤသည်သော်မှ ဆိုလာသေးသည်။

"ဆေးတံနှင့် ဆေးဘူးသာ လိုတာပါဘုရား" ဟူ၍ ပကတိ ရိုးသားစွာ ဆိုရှာသည်။ ဘုန်းတော်ကြီးသည် မြစ်စောင့်နတ်နှင့် သစ်ခုတ်သမား ပုံပြင်ကို သတိရလိုက်မိသည်။

သစ်ခုတ်သမားဟစ်ယောက် မြစ်တစ်ခုနားမှာ ပုဆိန်ဖြင့် သစ်ပင်ခုတ်သည်။ တစ်ကြိမ်မှာ လက်မှ လွတ်၍ ပုဆိန်ရေထဲကျသွားသည်။ သူ့ခမျာ ဤပုဆိန်တစ်ချောင်းတည်းဖြင့်သာ အသက်မွေးနေရသည်မို့ ရှေ့ရေးတွေးကာ နှမြောတသစွာ ငိုကျွေးမိသည်။ မြစ်စောင့်နတ်ပေါ်လာပြီး မေးမြန်းသည်။ အကြောင်းစုံ ပြောပြရာ မြစ်စောင့်နတ်က ရေထဲငုပ်ပြီး ရွှေပုဆိန်တစ်လက် ယူထုတ်ပြသည်။

"ဒါ သင့်ပုဆိန်လား" မေးသည်။

"မဟုတ်ပါဘူး" ဖြေသည်တွင် နောက်တစ်ကြိမ် ငုပ်ပြန်ကာ ငွေပုဆိန်ကို ယူပြပြန်သည်။ မဟုတ်ပါဘူးဟု ဆိုဆဲပင်။ တတိယအကြိမ်မှာမူ ကျသွား

သော သူ့မူရင်းပုဆိန်ကို ယူပြခါမှ -

"ဤသည်ပင် ကျွန်တော်၏ ပုဆိန်အစစ်ဖြစ်ပါသည်" ဟု ဆိုသည်နှင့် မြစ်စောင့်နတ်လည်း ထိုသူ၏ ရိုးဖြောင့်မှုစိတ်ဓာတ်ကို သဘောကျကာ ရွှေငွေပုဆိန်များကို ပေးအပ်ခဲ့လေသည်တဲ့။

ကြားဖူးခဲ့သော ပုံပြင်ကလေး။

ဤမျှ ရိုးသားသူများ ပုံပြင်ထဲမှာသာ ရှိနိုင်ကောင်းသည် ထင်ခဲ့သည်။ ယခုမှ လက်တွေ့ မိမိတို့အမျိုးသားများသည် ပုံပြင်ထဲမှ လူသားအတိုင်း တကယ့်ကို ရိုးသားရှာကြပေသည်။ ဤသည်သို့သော မိမိအမျိုးသားတို့အတွက် အမွန်မြတ်ဆုံးသော ဗုဒ္ဓသာသနာ့အမွေကို ဆက်ခံနိုင်အောင် ဆောင်ရွက်နေသော မိမိလုပ်ငန်းသည် -

"အမျိုး ဘာသာ သာသနာအတွက် တကယ့်မွန်မြတ်သော လုပ်ငန်း တစ်ရပ် ဖြစ်ပါပေသည်တကား"

**********

မေတော်ကြီးဘုရားတည်ရန် လိုအပ်သော ပစ္စည်းများကို ထိုင်းမှ ဝယ်ယူစုဆောင်းသည်။ သူးမွဲထမှတစ်ဆင့် ဖောင်ဖြင့် ယူဆောင်လာသည်။ ဖောင်မှောက်၍ ပစ္စည်းဆုံးပါးခဲ့သည်။

"ကိုင်း. . . အပေါ်မှ ယူလာလို့ မရရင် အောက်ကယူသွားမယ်" ဆိုကာ လိုအပ်ပစ္စည်း ဘိလပ်မြေ၊ ထုံး၊ အုတ်မှအစ ဒိုင်းနားစက်လှေဖြင့် တင်ကာ အထက်သို့ ပြန်တင်သည်။ သံလွင်မြစ်သည် မိုးတွင်းမို့ ရေစီးကြမ်းသည်။ ရေစီးသန်သည်။ ဝဲရိပ် ရေရိပ်က အဆင်မသင့်လျှင် အန္တရာယ်ပေးတတ်သည်။ ဤသည်ကို ကျော်လွှားကာ ပစ္စည်းအလေအလွင့်မရှိ မောင်းပို့သူကား ရှင်ဝရုဏ။ အားကောင်းမောင်းသန်ဖြစ်သည်။

ရဲရင့်သည်၊ ဖျတ်လတ်တက်ကြွသည်။ အတွေ့အကြုံများသည်။ အလုပ်အပေါ် စေတနာထားသည်။ ယခင် ဖောင်ဆိုက်သည့်နေရာသို့ ဘုရားတည်ရန် ပစ္စည်းများ ရောက်ရှိလာသည်။ ထိုမှသည် မြေတော်ကြီးတောင် အထိ လူအားဖြင့် သယ်ယူရသည်။ ခရီးမှာ သုံးနာရီကျော်ကြာ လျှောက်မှ ရောက်သည်။

ဤမျှ ဝေးသောခရီး၊ ခြေကျင်သွားရုံမျှဖြစ်သော တောလမ်းတောင် တက်ခရီး၊ ဆူးခလုတ်၊ ငုတ်များ တင်းကြမ်းပြည့်နေသော ဤလမ်းခရီးမှာ

ဤမည်သော ပစ္စည်းများကိုရောက်အောင် အခေါက်ခေါက် အခါခါ အလီလီ အလာလာ သယ်ယူကြရသည်။

ရဟန်းသံဃာများနှင့်အတူ တောင်ပေါ်ကရင် ဒကာ၊ ဒကာမများ ပါဝင်လုပ်အားပေး သယ်ယူကြသည်။ မြိုင်ကြီးငူဘုန်းတော်ကြီး၏ စိတ်ဓာတ်၊ စေတနာ၊ မေတ္တာ၊ ကရုဏာနှင့် မွန်မြတ်သော ရည်ရွယ်ချက်ကို နားလည် သိရှိပြီး ဖြစ်သည်မို့ လုပ်အားလိုသည်ဆိုလျှင် လုပ်နေဆဲ တာဟီရကိစ္စကိုပင် ချထားပြီး ချက်ချင်းထလုပ်ပေးကြသည်။ လုပ်အားဒါန ပါဝင်ကြသည်။

ဘုန်းတော်ကြီးအနေဖြင့် ဘုရားအဆူဆူ တည်ခဲ့သည်။ ရင်းနှီး မ,တည်မှု အနည်းငယ်ဖြင့် စတင်သည်။ တည်ရင်း လှူသူလာရင်းဖြင့် တည် သည်။ ဘုရားကို ထိုမျှသော အချိန်တိုကာလအတွင်း အမြန်ပြီးအောင် တည် သည်။ ဘုရားပြု၍ ငွေအလှူခံခြင်းမျိုး လုံးဝမရှိ။

အချို့ကား တည်လက်စ ဘုရားကိုပြ၍ အရပ်ရပ် အလှူခံသည်။ ရက်ရှည်ဆွဲ၍ တည်သည်။ ရက်ရှည်လေ သူတို့အတွက် တွက်ခြေကိုက်လေ ဖြစ်သည်။ မြိုင်ကြီးငူဘုန်းတော်ကြီးမှာမူ ထိုသို့မဟုတ်။ အချိန်တိုအတွင်း ပြီးအောင်တည်သည်။ ပြီးသည်နှင့် ထီးတင်သည်။

ထီးတော်တင်ပြီးချိန်ဝယ် ငွေအချို့အဝက် သောင်းချီ၍ ကျန်စမြဲ။ ထိုငွေများဖြင့် နောက်တစ်ဆူ တည်ပြန်သည်။

ဤသို့ဖြင့် ဘုရားတည်ခြင်း လည်ပတ်နေသည်။ ဤသဘောထား စဆုံးကို သိထားကြပြီးသည်မို့ တိုင်းရင်းသားအသီးသီးတို့က အင်အားရှိသမျှ ထည့်ဝင်လှူဒါန်းကြသည်။ ယုံကြည်ကိုးစားကြသည်။ အားထားကိုးကွယ်ကြ သည်။ မြိုင်ကြီးငူဘုန်းတော်ကြီး လိုအပ်သည်ဆိုလျှင် နေ့နေ့ညည တွက်မနေ။ မိုးရွာရွာ နေပူပူ ဆောင်းချမ်းချမ်း ရှောင်မနေ။ ခရီးနီးနီးဝေးဝေး ရွေးမနေ။ အားသွန်ခွန်စိုက် ပြုလုပ်ကြသည်။

အာဂ စေတနာရှင်များပါပေဟု ဆိုနိုင်သည်။

ပစ္စည်းအချို့အဝက်ရောက်ပြီဆိုသည်နှင့် မြေတော်ကြီးဆံတော်ရှင် စေတီကို ပြုပြင်တည်ထားဖို့ ပဋ္ဌာန်းဖွင့်သည်။ သာသနာ့အလံလွှင့်သည်။ အုတ် မြစ်တင်သည်။ ဘုရားအုတ်မြစ်တင်သည့်အချိန်မှစ၍ ဘုရားပြီးစီး၍ ထီးတော် တင်သည်ထိ ပဋ္ဌာန်းဒေသနာကို အသံမစဲ ရွတ်ဖတ်ပူဇော်သည်။ သာသနာ့ အလံကိုမူ သည်အတိုင်း လွှင့်ထူထားခဲ့သည်။

**မြေတော်ကြီးဘုရားကို ၁၃၅၂ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်နေ့မှာ စတင်သည်။ တစ်လကျော်ကျော် နှစ်လနီးပါး အချိန်ကြာပြီး တပေါင်းလပြည့် နေ့မှာမှ ထီးတော်တင် ပြီးဆုံးသည်။**

မြေတော်ကြီး၏ မူရင်းအမိပ္ပာယ်မှာ မြေတောင်စွန်း ဖြစ်သည်။ ကြီး ဟူသည်မှာ အစွန်းကို ဆိုလိုသည်။ မြေတောင်အစွန်းမှာ တည်ထား ခဲ့သဖြင့် မြေတောင်စွန်း၊ ၎င်းမှ မြေတော်ကြိုး၊ ထိုမှ မေတော်ကြိုးဟူ၍ ခေါ်ဝေါ်ခဲ့ကြသည်။

မြေတော်ကြီးဘုရားကို ရှေးဦးစွာ တည်ခဲ့သော ဘုရားအမမှာ ဒွေးမယ်နော်၏ အစ်မတစ်ဦးဖြစ်သူ မိဖုရား နန်းသိင်္ဂီ ဖြစ်သည်။ နန်းသိင်္ဂီသည် မိမိရခဲ့သော မြတ်စွာဘုရား၏ ဆံတော်ကို ဤမြေတောင်စွန်း မှာ မြေပုံစေတီ တည်ခဲ့သည်။ သံလွင်မြစ်ရိုးတစ်လျှောက်ရှိ ဘုရားစေတီ ၈၄ ဆူအနက် ဤမြေတော်ကြီးဆံတော်ရှင်သည် တစ်ဆူအပါအဝင် ဖြစ်သည်။ ထို့ပြင် မြိုင်ကြီးငူဘုန်းတော်ကြီး ရေဆွမ်းအဓိဋ္ဌာန်ဝင်စဉ်က ရုပ်မဲ့အသံရှင်တစ်ဦး၏ လျှောက်ထားချက်အရ ဆံတော် ၉ ဆူအနက်မှာ လည်း တစ်ဆူအပါအဝင် ဖြစ်သည်။

ဤဆံတော်ရှင်စေတီတော်၏ ထူးခြားချက်မှာ တစ်ဦးတစ်ယောက် သောသူသည် ဤဘုရား၏ ဌာပနာတိုက်ကို ဖောက်ယူမည်ဟု တောင်ပေါ်သို့ တက်လာခဲ့သော်လည်း ဘုရားထံသို့ ရောက်လျှင် မိမိဘာလာလုပ်သည်ဟူ၍ သတိမရ။ လာရင်းကိစ္စကို မေ့သွားသည်။ ဟိုလိုလို သည်လိုလို ပြန်ဆင်းလာ ခဲ့ပြီး အိမ်ရောက်ခါမှ ဌာပနာ မတူးခဲ့ရလေခြင်းဟု ပြန်သတိရသည်။

နောက်နေ့ လာပြန်သော်လည်း ထိုနည်းအတိုင်းသာ ဖြစ်သည်။ သည်သို့ဖြင့် ဘုရားဌာပနာတိုက် အဖောက်မခံရဘဲ ယနေ့ထိတိုင် တည်ရှိခဲ့ သည်။ တည်ခဲ့သည့်ဘုရားက အုတ်ကျောက်များဖြင့် တည်ခဲ့ခြင်းမဟုတ်။ မြေပုံ သက်သက်ဖြင့်သာ တည်ခဲ့သဖြင့် ဤသို့မှ ထူးခြားမှုမရှိပါလျှင် ထည့်သွင်း ပူဇော်ထားသည့် ဘုရားဌာပနာများ အဘယ်မှာလျှင် အဓွန့်ရှည်ကြာပါမည် နည်း။ ဤကား ပထမ ထူးခြားချက် ဖြစ်သည်။

မြေပုံစေတီမှာ သဲပုံစေတီကဲ့သို့ တည်ထားခြင်း ဖြစ်သည်။ ဆံတော် ဓာတ်မြတ်ကို စေတီ၏ ၄က်ပျောဖူးနေရာအထက် ဌာပနာတိုက်တွင် ထည့် သွင်း ပူဇော်ထားသည်။ လပြည့်နေ့၊ လကွယ်နေ့များတွင်မှာ ဆံတော် ထည့် ထားသော အုပ်ဆောင်းခြင်းကို ဖွင့်လိုက်လျှင် ထည့်သွင်းပူဇော်ထားသော

ဆံတော်ရှင်ကြုတ်ကို ထိန်လင်းစွာ ဖူးတွေ့ကြရသည်။ ခြင်းတွင်းမှ မြေသား များ အောက်သို့ ကျသွားသည်။ ဖူးမြော်ပူဇော်ပြီး ခြင်းကို ပြန်အုပ်ထား၊ နောက် နေ့မိုးလင်းလျှင် ညတုန်းက ကျဆုံးသော မြေသားများကို တစ်မြူတစ်မှုန့်မှ မကျန်ဘဲ ခြင်းအတွင်းသို့ ပြန်လည်စုရုံး ရောက်ရှိနေသည်။ ဆံတော်ကြုတ်ကို လည်း ဖူးမြင်ခွင့် မရကြတော့။

ဤကား ဒုတိယ ထူးခြားချက်ဖြစ်သည်။

မြေတော်ကြိုးတောင်မှာ စေတီနှစ်ဆူ တည်သည်။ ဒေဝပူဇာစေတီ နှင့် နရာနာထစေတီဟူ၍ ဘွဲ့အမည်ရှိသည်။ ဒေဝပူဇာဘုရားမှာသာ ဆံတော် ရှင် ကိန်းဝပ်စံပယ်လျက်ရှိသည်။ စေတီတော် နှစ်ဆူစလုံး ဉာဏ်တော်အမြင့် ၁၃ တောင်ချည်း ဖြစ်သည်။

မြိုင်ကြီးငူဘုန်းတော်ကြီး ဘုရားစေတီ အဆူဆူ တည်ခဲ့ရာမှာ ဤ မေတော်ကြိုးစေတီ တည်ရာမှာရင်နင့်ဖွယ်သော အဖြစ်ဆိုးနှင့် ကြုံခဲ့ရသည်။ ဘုန်းတော်ကြီးကိုယ်တိုင် ကြုံခဲ့ရခြင်းမဟုတ်။ လုပ်အားပေးထဲမှ ကြုံသွားခြင်း ဖြစ်သည်။ စိတ်မကောင်းစရာ၊ ကြေကွဲစရာပါ။ ဘုရားတည်ရာသို့ မြိုင်ကြီးငူ အောက်ဘက်နားရှိ တခွက်ဖိုးရွာမှ ရွာသူရွာသားများ လုပ်အားပေး သွားကြ သည်။

တစ်နေ့ မြိုင်ကြီးငူဘုန်းတော်ကြီးသည် နေထိုင်မကောင်းသဖြင့် ကမမောင်းဆေးရုံ မှာ တက်နေရသည်။ လူနာလာမေးကြသူ မပြတ်မစဲ ရှိနေသဖြင့် ထိုစဉ်က ဗျူဟာမှူး ဗိုလ်မှူးအောင်သိန်းက ဘုန်းတော်ကြီးအား ပင့်၍ တပ်တွင်းမှာထားလိုက်သည်။ ဤတွင်မှ ပရိသတ်စဲသွားတော့သည်။ လူကသာ ဆေးဝါး ကုသမှု ခံယူနေသည်။ စိတ်က ဘုရားမှာသာ ရှိသည်။ လိုအပ်မည်ဖြစ်သော ပစ္စည်းပစ္စယများကို ညွှန်ကြားရှာဖွေ ဝယ်ယူစေကာ လက်စွဲတော် တပည့်ကြီး ရှင်ဝရဇာအား သွားပို့စေသည်။

တပ်တွင်းမှာ တစ်ညသာနေခဲ့ပြီး သက်သာလာသည်။ မိုးလင်းလာ သည်နှင့် အပြင်ခဏ ထွက်ဦးမည်ဆိုကာ ထွက်ခဲ့သည်။ စိတ်က မနေ့က ပစ္စည်းတင်ပို့ လွှတ်လိုက်သော ရှင်ဝရဇာဆီ ရောက်နေသည်။ ဟိုခရီးနှင့် သည်ခရီးသည် စက်လှေအမြန်နှုန်းဖြင့်ဆို မနေ့ကတည်းက ရောက်ခဲ့ဖို့သင့် ပြီ။ တစ်ညကူးခဲ့ပြီ။ ယခုသော်မှ ရောက်မလာသေး။ စိတ်မအေးဖြစ်လာသည် နှင့် မြိုင်ကြီးငူသို့ ကူးခဲ့သည်။

မြိုင်ကြီးငူရောက်လျှင် ယနေ့မှာ တပို့တွဲလဆန်း ၁၀ ရက်ဖြစ်သည်။

ဆန်း/ဆုတ် ၁၀ ရက်တိုင်း မြိုင်ကြီးငူသံဃာများ ကမမောင်း၊ ကော့လုံကျွန်းတို့သို့ ဆွမ်းဆန်သွားနေကျဖြစ်သည်။ ယနေ့လည်း ဆွမ်းခံကြွရန် သံဃာများ အသင့်ပြင်ထားသည်။ ရှင်ဝရဇာလှေ မရောက်သေးသဖြင့် စောင့်နေကြသည်။ အချိန်မလင့်စေရန် ကမမောင်းမှ လှေတစ်စီးခေါ်၍ ဆွမ်းခံကြွစေသည်။

ကမမောင်းပြီး၍ ကော့လုံကျွန်းသို့ ဆက်သည်။ ကော့လုံကျွန်းငှက်ပျောတောရှိ ဆရာလင်းမြိုင်အိမ်မှာ ဆွမ်းပွဲသုံးပွဲ ပြင်ထားသည်။ ယခင်က သံဃာတွေ အများကြီးရှိသောကျောင်း၊ ယခုဘုရားတည်သွားနေ ကြသဖြင့် သံဃာနည်းနေသည်။ သုံးပွဲစာမျှသာမှန်း၍ ပြင်ထားကြသည်။ ငှက်ပျောတော ရောက်သည်ဆိုလျှင် ပါသွားသော သံဃာများကို ဟိုအိမ် ဒီအိမ်တို့မှ တစ်ပါးစ၊ နှစ်ပါးစ ပင့်သွားကြပြန်သည်။

ဆရာလင်းမြိုင်အိမ်မှာ မြိုင်ကြီးငူဘုန်းတော်ကြီးနှင့် ပြင်ထားသော ဆွမ်းသုံးပွဲ ဖြစ်နေသည်။

"ကိုင်း. . . မထူးဘူး၊ ဆွမ်းသုံးပွဲလုံးကပ်၊ ဒါနမြောက်အောင် သုံးပွဲစလုံး ဘုဉ်းပေးမယ်"

ဆွမ်းကပ်ကြသည်။ ဘုန်းတော်ကြီး ဆွမ်းဘုဉ်းပေးသည်။

"အင်း. . . ဒီကနေ့ ထူးထူးဆန်းဆန်း ငါတစ်ယောက်တည်း ဆွမ်းသုံးပွဲနဲ့ ဘာများဖြစ်မလဲ၊ ဘာတွေများ ဖြစ်လာမလဲ" ဟူ၍ ဆွမ်းဘုဉ်း ပေးရင်း တွေးမိသည်။ စိတ်ထဲမှာ လေးသလိုလည်းရှိလာသည်။ တွေးရင်း လေးရင်းဖြင့် ဆွမ်းဘုဉ်းပြီးသွားသည်။ ပြီး၍ လက်ဆေးနေစဉ် မြေတော်ကြီး မှ ဦးဣန္ဒ ရောက်လာသည်။

"အရှင်ဘုရား၊ ဝရဇာ လှေမှောက်တယ်ဘုရား"

"ဟေ. . . ဘယ်သူတွေ ဘာဖြစ်သေးတုန်း"

"မှန်ပါ၊ ကိုရင်တွေ ဦးဇင်းတွေတော့ ဘာမှမဖြစ်ကြဘူးဘုရား"

"အလို. . . ဘယ်သူတွေတော့ ဘာဖြစ်ကြသေးလဲ"

"တခွက်ဖိုးရွာက အမျိုးသမီးသုံးယောက် ပျောက်နေတယ်၊ ခုထိ ပြန်မတွေ့သေးဘူးဘုရား၊ ရှာနေကြတုန်းပါဘုရား"

"အင်း. . . ဒါကြောင့်ထင်ပါရဲ့၊ ငါတစ်ပါးနဲ့ ဆွမ်းသုံးပွဲ၊ ဆွမ်းသုံးပွဲနဲ့ ငါတစ်ပါးတည်း" တွေးမိသည်။ စိတ်ထဲမှာ ဘယ်လိုမှ မကောင်း။ ဘာမှ

လည်း တတ်နိုင်မှာ မဟုတ်တော့သဖြင့် လှည့်မြဲဆွမ်းခံကို လှည့်စေသည်။ ကော့လုံးကျွန်း ကိုမောင်ကျားရွာအုပ်စုအရောက်မှာ မိုးချုပ်သွားသဖြင့် ဒကာ တစ်ဦးအိမ်မှာ ညအိပ်သည်။

နောက်နေ့ မိုးလင်းသည်နှင့် ဦးဣန္ဒ ရောက်လာပြန်သည်။

"တစ်လောင်းတော့ ပြန်တွေ့တယ်ဘုရား၊ ခုံ သောင်ပြင်မှာ ထားထားတယ်။ သူ့အမေအဖေက အရှင်ဘုရားအလာကို စောင့်နေကြ တယ်ဘုရား"

မြိုင်ကြီးငူသို့ ချက်ချင်းတက်လာခဲ့သည်။ ရောက်တော့ သောင်ပြင်မှာ အဝတ်ကလေးလွှမ်း၍ သိပ်ထားသော အမျိုးသမီးအလောင်းတစ်ခုကို တွေ့ရ သည်။ ရင်ထဲဆို့သွားသည်။ မိဘဆွေမျိုးများက ခုမှ ပို၍ ငိုကြွေးနေကြသည်။ ပရိသတ်များကလည်း မျက်ရည်ကလေးစမ်းစမ်း ဖြစ်နေကြသည်။

သည်တွင် အလောင်းပြန်မရသေးသူ မိဘရှင်များက ခံစားချက် ပြင်းထန်လာသည်ထင်၏။ တုတ်တစ်ပြက်၊ ဓားတစ်ပြက် ထဖြစ်သည်။ "ဘယ်သူ့ကြောင့်ပေါ့၊ ဘယ်သူခေါ်သွားလို့ပေါ့" စသည်ဖြင့် ဓားကြိမ်းကြိမ်းနေ သည်။

ဤအရပ် ဤနယ်ပယ် ဤဒေသဝယ် မဖွယ်မရာသော အမှုတစ်ခုခု ကျူးလွန်ပြုမှားမိပါက အဖြစ်ဆိုးမျိုး တစ်ခုခု ကြုံတွေ့ရတတ်သည်ဟု ဒေသခံ တို့က ယုံကြည်ရင်းစွဲရှိသည်။ ဖြစ်လည်း ဖြစ်ခဲ့ဖူးသည်။ ယခုလည်း တိုက်ဆိုင် သည် ဆိုရမည်လားမသိ။

သူတို့အုပ်စုထဲမှ အမည်မဖော်လိုသော နတ်ကတော် မိန်းမလျာ တစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ မှောက်မှားမိသည်။ ဤတော၊ ဤတောင် ဆိုသည်ကလည်း ဤလိုအမှားမျိုးကို ခွင့်မလွှတ်တတ်။ ပြင်းပြင်းထန်ထန်ကို သတိပေးတတ်သည်။ ထို့ကြောင့် ဖြစ်သည်လား၊ ဘာကြောင့်ဖြစ်သည်ပဲဟူ၍ တော့ အဖြေရှာမရသေးသော်လည်း မပြေးသော် ကန်ရာရှိလေပြီဟူသကဲ့သို့ ဒင်းကြောင့် ဖြစ်ရသည်ဟူ၍ ထိုသူအားလည်း ဖမ်းထားကြပြီ။

ဖြစ်ချင်တော့ လှေမှောက်ရာမှာ ထိုသူမပါဝင်။ သူက ဟိုမှာ ချန်ရစ် သည်။ ဝရဇာက လိုအပ်ပစ္စည်းများကို သွားပို့ပြီး လှေပြန်အဆင်းမှာ တာဝန် လဲလှယ် ထမ်းဆောင်မည့် ရဟန်းသံဃာများကို တင်နေစဉ် ၎င်းအမျိုးသမီး သုံးဦးနှင့် အမျိုးသမီးငယ်တစ်ဦးပါ လိုက်ပါခဲ့သည်။ လှေမှောက်သည် ကလည်း ဆန်းသလိုရှိသည်။

ထမင်းငတ်ဝဲအထက်နားမှာ ကျောက်ခေါင်းဖြူကြီးဆိုတာရှိသည်။ ရေပေါ်မှာ လူတစ်ရပ်ကျော်ကျော်မြင့်၍ ထိုးထိုးထောင်ထောင်ပေါ်နေသည်။ ရှင်ဝရှက်ဏ ဆိုသူကလည်း ဤလမ်း ဤခရီးကို ကျွမ်းပြီးသား၊ သွားလာနေကျ ဖြစ်သည်။ သို့ပါလျက် ဤကျောက်ခေါင်းဖြူကြီးကိုမှ တည့်တည့်ကြီးဝင်တိုက်မိလျက်သား ဖြစ်နေသည်။ လှေမှောက်သွားသည်။

လှေမှောက်တော့ လူအားလုံး မှောက်သောလှေကို တွယ်ပြီး ကူးခတ်ကြသည်။ ထိုစဉ်မှာ ထိုအမျိုးသမီးသုံးဦးလည်း အပါအဝင် လှေမှာ တွယ်လျက်ကူးနေသည်ကို သတိပြုမိကြသေးသည်။ ထမင်းငတ်ဝဲအရောက် မှာ သစ်ဖောင်သမားများ ရှိနေသဖြင့် ဝိုင်းဝန်းကူသယ်ကြသည်။ သယ်ယူ ပြီးစီး၍ လူစစ်လိုက် ချိန်မတော့ -

မခင်ကြည် (၁၉ နှစ်)
မမုကြည် (၁၈ နှစ်)
မြသောင်းကြည် (၂၁ နှစ်) အမျိုးသမီးသုံးဦး ပျောက်နေသည်။ မြစ်ကမ်းနားနေသူများမှ ရေကူးတတ်ကြပြီးသားဖြစ်သည်။ ရေမကူးတတ် သောမိန်းကလေးအငယ်လေးတောင်မှ အသက်မသေ ကျန်ရစ်သည်။ သူတို့ သုံးဦးဘာကြောင့် ဒီလိုဖြစ်ရသနည်း။ အမေးသာရှိသည်။ အဖြေမရှိခဲ့။ အဖြေသိသော ရှင်းတို့သုံးဦးလည်း မရှိတော့ပြီ။

သောကပရိဒေဝမီး လောင်ကျွမ်းနေသော မိသားစုများ ကြိတ်မနိုင်ခဲမရ လတ်တဆဆ ဓားတပြပြ လုပ်နေကြသော မိဘရှင်များအား ဘုန်းတော်ကြီးများက ဖျောင်းဖျစကားဆိုရလေသည်။

"အိမ်း. . . အကောင်းလုပ်တဲ့နေရာမှာ အဆိုးလည်းပါတတ်တာ သဘာဝပါပဲ။ အကောင်းချည်းပဲ မရှိသလို အဆိုးချည်းပဲလည်း မရှိတတ်ပါဘူး။ ကောင်းဆိုးဆိုတာ ဒွန်တွဲနေစမြဲပါ။ ဒါကို လောကဓံတရားလို့ ခေါ်တယ်။ ဒီလိုပြောတော့ ဘုန်းကြီးကို သားသမီးမရှိသူမို့ ဒီစကားပြောတယ် မဆိုချင်ပါနဲ့။

"ဘုန်းကြီးမှာ သမီးတော့ မရှိဘူး၊ သမီးအစားပေးချင်ပေမယ့် မပေးနိုင်ဘူး။ ဒါပေမဲ့ သားရဟန်းသာမဏေတွေ အများကြီးရှိတယ်။ အဲဒီ သားတွေထဲက မိမိတို့နှစ်သက်ရာ တစ်ပါးပါးကို ရွေးချယ်ယူသွားကြပါ။ ဦးဇင်းကိုရင်တွေကလည်း သူတို့ရွေးချယ်ခေါ်ငင်ရင် ငြင်းဆန်ပယ်လှန်ခြင်း မပြုဘဲ အသာတကြည် လိုက်သွားကြပါ" ဟု။

"မှန်ပါဘုရား၊ အရှင်ဘုရားရဲ့ မေတ္တာစေတနာကို တပည့်တော်၊

တပည့်တော်မတို့ နားလည်ကြပါတယ်ဘုရား။ ဖြစ်ပြီးမှပဲဘုရား၊ သူတို့ ကံကြမ္မာလို့သာ တပည့်တော်တို့ မှတ်ယူပါတယ်ဘုရား"

အလောင်းကို သင်္ဂြိုဟ်သမှု ပြုကြသည်။ သေသူတို့အတွက် ရည်စူး၍ ပိဋကတ်သုံးပုံအလှူကိုပါ ထည့်သွင်းလျက် ဆွမ်းသွတ်ခြင်းအလှူကို သိုက်မြိုက်စွာ ပြုလုပ်ပေးသည်။ ကာယကံရှင်မိဘဆွေမျိုးများ မပြေနိုင်သော်လည်း ဖြေသာသည့်သဘောမျိုး ရှိသွားသည်။

အလှူလုပ်၍ ဆွမ်းသွတ်ပြီးသည်အထိ ရှာမရသော အလောင်းနှစ်ခုကို ပြန်မတွေ့တော့ပေ။

မခင်ကြည်၊ မုမုကြည်၊ မြသောင်းကြည်တို့သည် ကောင်းရာသုဂတိသို့ လားရောက်နိုင်ကြပါစေ၊ ဘုရားတည်ခြင်းအမှု စသော ပြုပြုသမျှ ကောင်းမှုကုသိုလ်အစုစုတို့၏ အဖို့ဘာဂကို ရောက်ရာဘုံဘဝမှ တူမျှသောအကျိုးကို ရရှိခံစားနိုင်ကြပါစေဟု ဆန္ဒပြုရုံသာ ရှိပါတော့သည်။

**********

မြိုင်ကြီးငူဘုန်းတော်ကြီးသည် မြိုင်ကြီးငူနှင့် သူ့မွဲထာစခန်းကို အလုံး နှင့် ကြမ်းပြင် သဘောထား၍ သံလွင်မြစ်ကြောင်းကို ရာသီမရွေး စုန်ချည် ဆန်ချည် တက်ဆင်း၍ သာသနာပြုခရီးထွက်ခဲ့ရာ ဖော်ပြပါအတိုင်း ရေသာ နှင့်လည်း ဆုံခဲ့သည်။ ရေစီးနှင့်လည်း ကြုံခဲ့သည်။ အန္တရာယ်နှင့် လည်း ဖက်ခဲ့ရသည်။ အသက်ကိုတောင်မှ စွန့်ရအံ့ဆဲဆဲ ဖြစ်ခဲ့ရသေးသည်။

သို့သော် ဘာသာ သာသနာကို ကြီးပွားပြန့်ပွားစေလိုသော ဆန္ဒမိပတိ အရင်းခံထားသည်မို့ ကြုံလာသမျှ ဘေးရန်ကို ဆံခြည်တစ်မျှင်မျှ အရေးမထားဘဲ သွားမြဲသာသနာပြုခရီးလမ်းသို့ ဆက်လက်လျှောက်လှမ်း နေဆဲဖြစ်သည်။

# စီးနေဦးမည့် သည်သံလွင်

မြိုင်ကြီးငူဘုန်းတော်ကြီးသည် သာသနာပြု ခရီးလမ်းကြောင်းပေါ်၀ယ် အတန့်အနားမရှိ ဆက်တိုက်သွားလာနေသည်။ ထိုသို့ သွားလာရာ၀ယ် အစစ အဆင်ပြေစေရန် (ထိုစဉ်ကာလ အနေအထားအရ ဆိုရပါမူ) မြို့ကိုလည်း မြို့အလျောက်၊ တောကိုလည်း တောအလျောက် ပေါင်းထားရသည်။ ဤသည်ကိုပင် ဘုန်းတော်ကြီးအား ထင်စရာဖြစ်လာသည်။ နှစ်ဖက်ပုဂ္ဂိုလ်တို့၏ တစ်ရံမပြတ် မျက်စိဒေါက်ထောက်၍ ကြည့်ခြင်းကို ခံနေရသည်။ ဤသည်ကို မသိမဟုတ်၊ သိသမှ သိသိလို့ကို မြည်နေသည်။

မြို့တိုင်းကဆိုသည်၊ မြိုင်ကြီးငူဘုန်းတော်ကြီးသည် တောတွင်းနှင့် ဆက်သွယ်နေသည်။ သည်အတိုင်းထား၍ မဖြစ်။ သတိထားကြည့်နေရမည်။ သူသည် ကရင်အမျိုးသား၊ နေသည်ကလည်း ကရင်တော်လှန်ရေးသမားများ၏ ပိုင်နက်နယ်ပယ်မှာ ဖြစ်သည်။ ထိုနယ်ပယ်တစ်ခွင်ကို အဆီးအတားမဲ့ သွားလာနေနိုင်သည်မှာ တောတွင်းနှင့် အပေးအယူ တစ်ခုခု လုပ်ထား၍သော်လည်းဖြစ်မည်။ မြို့များတွေပေါ်သို့လည်း မကြာမကြာ တက်လာလေ့ရှိသည်။ အရပ်ရပ်သတင်းတွေကို ထောက်လှမ်းပေးပို့နေသည်။ မဖြစ်နိုင်ပေဘူးလား။

တောတွင်းကလည်း ဆိုပြန်သည်။ ဘုရားတည်ဖို့ ပစ္စည်းတွေကို ထိုင်းနိုင်ငံ မဲဆောက်မှာ သွား၀ယ်လေ့ရှိသည်။ သွားစဉ်က စက်လှေတစ်စင်းသာဖြစ်သော်လည်း ပြန်လာလျှင် စက်လှေ လေးငါးဆယ်စင်း ပစ္စည်းအပြည့်တင်ပြီးပါလာသည်။ ဤမျှများပြားသောပစ္စည်းများကို ၀ယ်လာ နိုင်သည်မှာ နောက်ပိုင်းမှ တစ်ဦးဦးက ထောက်ပံ့ထားနေလို့သာ ဖြစ်ရမည်။ နိုင်ငံတော်ငြိမ်၀ပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဘက်တော်သား ဖြစ်ရမည်။ တို့နယ်ပယ်ထဲ ဘုရားတည်အကြောင်းပြပြီး သတင်းရယူပေးတာ ဖြစ်ရမည်တဲ့။

"ရယ်ချင်လိုက်ပါဘိ ဖတ်ဖတ်မော၊ ရင်ဘတ်နောက်ကကျော" ဟူသကဲ့သို့ပင်။ မည်သူတွေ မည်သို့ဆိုလေစေ ဘုန်းတော်ကြီးကား မမှုခဲ့။ မြွေမှန်သူမို့ တွင်း၀င်ဖြောင့်သည်။ မိမိကိုယ်မိမိ အသိဆုံးဖြစ်သည်။ မိမိမှာ နိုင်ငံရေးပယောဂ လုံး၀ကင်းရှင်းကြောင်း မိမိသာသိသည်။

အမှန်ကို ၀န်ခံရလျှင် လူမျိုးရေးတော့ အနည်းငယ်ရှိသည်။ ကရင်အမျိုးသားတစ်ဦးပေကိုး။ ရှိသည့်လူမျိုးရေးစိတ်ဓာတ်ဆိုသည်မှာလည်း သူတို့တစ်တွေ ထင်ကြသကဲ့သို့မျိုးမဟုတ်။

"တို့လူမျိုးဟာ တစ်ချိန်က ဒီတောကြီးမျက်မည်းမှာ ဘုရားပေါင်းများစွာ တည်ထားနိုင်ခဲ့တယ်။ ဗုဒ္ဓသာသနာကို ပြန့်ပွားစည်ပင်အောင် ဆောင်ရွက်နိုင်ခဲ့ကြတယ်။ ခုတော့ ပြိုပျက်နေတဲ့ ဘုရားငုတ်တို၊ စေတီပြိုကိုမှ ပြန်လည်ပြုပြင်ရကောင်းမှန်း မသိကြဘူး။ ကိုယ့်ရဲ့ ကရင်ဘိုးဘွား ဘီဘင်လက်ထက်က စည်ပင်ခဲ့တဲ့ ဗုဒ္ဓသာသနာရောင်ကို နောက်မိသားစု စဉ်ဆက်တွေက ထွန်းလင်း အောင် မပြုလုပ်နိုင်ကြဘူး။ စောင့်လေမျိုးနွယ် ဆိုသော ဓတ္တရား ပျက်ကွက်ခဲ့ကြသည်။ ဒါကို ငါအသိပေးမှ တော်မယ်။ ခက်တာက တို့အမျိုးသားတွေ ကလည်း ရိုးလွန်းတော့ အသိပေးရုံနဲ့တင် မလုံလောက်ဘူး။ ကိုယ်တိုင်ထလုပ် ပြမှပဲ သိကြတော့ ငါကိုယ်တိုင်ပဲ အပင်ပန်းခံပြီး ရှေ့ကနေ ဦးဆောင်သွားမှ ဖြစ်မယ်"

ရှင်းနေသည်၊ မြိုင်ကြီးငူဘုန်းတော်ကြီးထံမှာရှိသော လူမျိုးရေးကား ဘာသာရေးနှင့် ဆက်နွယ်သော လူမျိုးရေးသာဖြစ်သည်။ မျိုးနွယ်စဉ်ဆက် ဂုဏ်ကို မထိန်းသိမ်းလေခြင်းဟူသော ယူကျုံးမရခြင်းသာဖြစ်သည်။

ဘုရားအဆူဆူ တည်ခဲ့ရာမှာလည်း အမှန်စင်စစ်အားဖြင့် ဘုန်းတော်ကြီးမှာရှိ၍ တည်ခြင်းမဟုတ်။ တည်ချင်၍ တည်ခြင်းသာ ဖြစ်သည်။ ဘုန်းတော်ကြီးအဖို့ ရှိလည်းမရှိ၊ သို့သော် ရှားလည်းမရှားဟူသော အမျိုးအစားထဲက ဖြစ်သည်။ သူပြောဆိုလေ့ရှိသော စကားတစ်ခွန်း ရှိသည်။

"ဘုရားအလုပ်လုပ်တာ ဘုရားသားသမီးကို ဘုရားက ကျွေးမှာပဲ၊ ဘာမှမပူလေနဲ့" ဟူသတည်း။

မှန်ပါသည်။

ဘုရားတစ်ဆူ တည်တော့မည်ဆိုလျှင် သာသနာ့အလံတင်၊ ပဋ္ဌာန်းဖွင့်၊ အုတ်ပန္နက်တင်လိုက်ပြီဆိုကတည်းက လှူမည့်သူတွေ အလိုလို ပေါ်လာသည်။ ဤဘုရားနှင့် ဆက်စပ်သော ဘဝဟောင်းမှ ဆွေမျိုးတော်စပ်ကြသူများက ထည့်ဝင်လှူဒါန်းခြင်းဖြင့် ပြီးစီးသွားရသည်ချည်း ဖြစ်သည်။ ဤသည်ကို အသုံးများသော ခေတ်သုံးဝေါဟာရတစ်ခုက "ပဋ္ဌာန်းဆက်" ဟု ဆိုကြသည်။

"ပဋ္ဌာန်းဆက်" ဟူသည် အဘယ်နည်း၊ ဘာဟာကို ခေါ်သနည်း၊ ဘာ့ကြောင့် ခေါ်သနည်းဆိုသည်ကို စေ့စေ့ငုငု သိချင်မှ သိမည်ဖြစ်သော်လည်း ဤလိုပြောလျှင် ဘာရည်ရွယ်သည်ဟူ၍တော့ နားလည်ကြသည်။ သဘောပေါက်ကြသည် ဆိုပါစို့။

ဤသည်သို့သော ပဋ္ဌာန်းဆက်များက ဝိုင်းဝန်းကူပံ့ကြခြင်းကြောင့်သာ ဘုရားအဆူဆူ တည်ထားပြီးစီး အောင်မြင်ခဲ့ရသည်ကို မိမိသာ အသိဆုံးဖြစ်သည်။

တစ်ခုဆိုဖွယ်ရှိသည်။

မြိုင်ကြီးငူဘုန်းတော်ကြီးအဖို့ လိုတရ မဟုတ်သည့်တိုင် မရှိမရှားအနေမျိုးဖြစ်အောင် သီလ၊ သိက္ခာ၊ သမာဓိ၊ ပညာတို့ကို အများနည်းနှင့်မတူ၊ အသက်ကို ပမာမထားဘဲ ဇွဲနှင့် ကြိုးပမ်းခဲ့ရသည်။ အဘယ်မျှ ကြိုးစားခဲ့ရသည်ကို အများက မသိရှာကြ။ (ဤအဖြစ်ကို ရှေ့အခန်း၌ ဖော်ပြပြီး ဖြစ်သည်။)

ဥပမာ သာဓကတစ်ခု ဆိုပါမည်။

ချိုမြိန်သော သစ်သီးတစ်လုံး၊ လှလွန်းသော ပန်းတစ်ပွင့်။ ဤအရာကို မျက်စိရှိသူတိုင်း မြင်တွေ့ကြသည်။ သို့သော် ချိုမြိန်သော သစ်သီးတစ်လုံးဖြစ်လာအောင်၊ လှပသော ပန်းတစ်ပွင့် ဖြစ်လာအောင် ပြုစုပျိုးထောင် ရသောဥယျာဉ်မှူး၏ လုပ်အားကို အသိအမှတ်ပြုသူ နည်းတတ်သည်မှာ သဘာဝ။ များသောအားဖြင့် လူတို့အမြင်မှာ သစ်သီးနှင့် ပန်းပွင့်မှာသာ တန့်နားသွားတတ်ကြသည်။

ဤအတူ . . .

မြိုင်ကြီးငူဘုန်းတော်ကြီး၏ ဘုရားအဆူဆူ တည်ထားပြီးစီး အောင်မြင်သည့် အောင်သီး၊ အောင်ပွင့်ကိုသာ မြင်ကြသည်။ ဥယျာဉ်မှူးကြီးဖြစ်သော ဘုန်းတော်ကြီး၏ လုပ်အားကို မသိရှာကြ။ သိအောင်လည်း မပြုကြ။ အသိအမှတ်သော်မှ မပြုကြ။

မြိုင်ကြီးငူမှာ ရှေးဦးဆုံး တည်ခဲ့သော နောင်တော်ဦးစေတီ၊ ဒုတိယတည်သော နန်းဦးစေတီ၊ တည်စက မူးစုပဲစုဖြင့် စခဲ့ရသည်။

သည့်နောက်ပိုင်း ဘုရားများ တည်ထားခဲ့ရာမှာ သဒ္ဒါရှင်၊ စေတနာရှင်များ ပေါ်လာပြီမို့ မူးစုပဲစုဘဝမှ လွတ်ခဲ့သော်လည်း ပစ္စည်းပစ္စယ ရှာဖွေမှုမှအစ ကိုယ်တော်တိုင် ထကြွလှုံ့လပြုခဲ့ရသည်။ ဤသည်ကို သာဓကအနေဖြင့် မယ်ကဇော ဆံတော်ရှင်စေတီတော်နှင့် ဣန္ဒာသယ ဖောင်တော်ဦးစေတီတည်ထားမှုမှတ်တမ်းတို့အရ သိနိုင်ပါသည်။

ဤသို့လျှင် ကြိုးစားရုန်းကန်လှုပ်ရှား၍ အောင်မြင်ဖြစ်ထွန်းလာသည်ကို မသိရှာလေသူ ထိုထိုသူတို့က သူ့အမြင်၊ သူ့ရှုထောင့်မှ မြင်ချင်

သလို မြင်၍ ထင်ချင်သလိုထင်ကာ ပြောချင်သလို ပြောလာသည့်အခါ မြိုင်ကြီးငူဘုန်းတော် ကြီးအဖို့ ကိုယ့်အကြောင်း ကိုယ်သာအသိဆုံးမို့ "ရယ်ချင်လိုက်ပါဘိ ဖတ်ဖတ် မော၊ ရင်ဘတ်နောက်က ကျော" ဖြစ်ရလေသည်။

အမှန်မှာ မိမိ၏ သာသနာပြုလုပ်ငန်းအောင်မြင်ရေးကိုသာ အဓိက ရှေးရှုထားလို၍ နှစ်ဦးနှစ်ဖက်တို့ကို သင့်သလို ဆက်ဆံလာခဲ့ရခြင်းသာ ဖြစ်သည်။

"ငှက်မသိတော့ ဆက်ရက် ချိုးထင်" ဟူသော စကားကဲ့သို့ အထင်လွဲခံရသေးသည်။

သူးမွဲထစခန်းမှာ ဘုရားတည်၊ ကျောင်းဆောက်ပြုစဉ်ကာလက ကျောင်းမှာ ရိက္ခာပြတ်ပြီဆိုလျှင် မဲသဝေါသို့ တက်၍ ဆွမ်းဆန်စိမ်း အလှူခံထွက်ရသည်။ ဆွမ်းခံထွက်လျှင် ရှေ့မှ အသံချဲ့စက်ဖြင့် ကြေညာသွားသည်။ ကြေးစည်ထုသည်။ နောက်မှ သံဃာတန်းကလိုက်သည်။ ဤသည်ကို သူတို့က ဆိုကြသည်။ မဲသဝေါဆရာတော်အား လျှောက်ကြသည်။

"အဲဒီအဖွဲ့လာရင် အသံချဲ့စက် မယူလာစေနဲ့၊ ကြေးစည်လည်း မထုစေနဲ့၊ ကြေညာတာလည်း မကြိုက်ဘူး" တဲ့။

ဘာကြောင့်လဲမေးတော့ သူတို့ဖြေပုံမှာ -

အသံချဲ့စက်က လူစုတာ၊

ကြေးစည်က တပ်လှန့်တာ၊

ကြေညာတာက စည်းရုံးလှုံ့ဆော်တာ ဖြစ်လို့တဲ့။

သူတို့အကြောင်းပြချက် အဖြေကား မမှားပါ၊ မှန်ပါသည်။ သို့သော် ရည်ရွယ်ချက်ထားပုံချင်းတော့ လုံးဝ မတူလေပါ။

မြိုင်ကြီးငူဘုန်းတော်ကြီးတို့ ရည်ရွယ်ချက်မှာ -

အသံချဲ့စက်က လူစုတာမှန်သည်။ တို့တစ်တွေ အလှူခံလာမည်၊ စေတနာရှင်တွေ လှူဖို့တန်းဖို့ စုလာကြပါ။

ကြေးစည်ထုတာက ရှေးကပြောသွားသည့်အတိုင်း ဒီကြေးစည်နောက်က တို့တစ်တွေ ထပ်ကြပ်မကွာ လိုက်ပါလာပြီ၊ လောင်းလှူရန် အဆင်သင့် ပြုလုပ်ထားကြပါ။

ကြေညာတာကလည်း တစ်အိမ်တစ်ဇွန်း၊ လောင်းလှူခြင်းဖြင့်

သံသရာ ရိက္ခာထုပ်ကို ထုပ်သွားနိုင်အောင် အသိတရားရှိကြပါဟု နိုးဆော်ခြင်း ဖြစ်သည်။

ကိုယ့်ဝမ်းနာ ကိုယ်သာသိသည်ဟူသကဲ့သို့ ရိက္ခာပြတ်ခဲ့ပြီမို့ ရိက္ခာ အတွက်နှင့် နိုးဆော်ခြင်းသာ ဖြစ်သည်။ သူတို့ ဆိုသော နိုင်ငံရေးပယောဂ ဟူ၍ စိုးစဉ်းမျှမရှိ။ သိလည်းမသိ။ အရေးလည်းမထား။ မိမိအလုပ်လည်း မဟုတ်။

မြန်မာစကားပုံမှာ "ရှုမြင်ပုံ ကွဲပုံပြ" ကျွတ်၊ မုန်း၊ ဝင်" ဟူသော ဖြစ်ရပ်ကတော့ အမှန်တကယ် ရှိခဲ့ဖူးသည်။

ဇရပ်၏ ခါးပန်းတွင် "ကျွတ်၊ မုန်း၊ ဝင်" ဟူသော အက္ခရာ ရေးထား သည်။ တစ်နေ့မှာ ဘုန်းတော်ကြီးတစ်ပါး ဗိန္ဒောဆရာတစ်ယောက်နှင့် အင်္ဂ ရိတ်ဆရာတစ်ယောက်အားဖြင့် သုံးဦးသားတို့ ၎င်းဇရပ်မှာ ဆုံမိကြသည်။ စာကို တွေ့ရသည်တွင် ဘုန်းတော်ကြီးက -

"သံသရာမှ ကျွတ်လိုလျှင် လောကီကို မုန်းအောင် ကျင့်နိုင်မှ နိဗ္ဗာန် ဝင်နိုင်မည်" ဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။

ဗိန္ဒောဆရာကမူ -

"ကျွတ်ဆိုတာ မှိုကြွပ်ပင်၊ မုန်းဆိုတာ သမုန်းကတိုး၊ ဝင်ဆိုတာ သင်း ဝင်ပေါက်ဖြူပင်။ အဲဒီသုံးမျိုးကို အညီအမျှစုပြီး သုံးခွက်တစ်ခွက် တင်ပြီး ကျိုသောက်ရင် ဒူလာပါဒရက် အလွန်ကောင်းတဲ့ဆေးစာဖြစ်တယ်" ဟု အဓိပ္ပာယ် ဖွင့်ဆိုသည်။

အင်္ဂရိတ်ဆရာကလည်း -

"လုပ်ရပ်စာမှာ၊ ကျားမင်းကြွက်၌၊ ဆဒ္ဒန်ရိက်က၊ ပြာလျှင်ကျ၏ မုချနိဗ္ဗာန်ဝင်ကြောင်းတည်းလို့ဆိုတယ်။ ကျွတ်ဆိုတာ တနင်္လာနံ ကျား၊ မုန်း ဆိုတာ ကြာသပတေးနံ ကြွက်၊ ဝင်ဆိုတာ ဗုဒ္ဓဟူးနံ ဆင်ဖြစ်တယ်။ ဒါကြောင့် မို့ ဒီစာဟာ ထွက်ရပ်ပေါက် နည်းကောင်းတစ်ရပ်သာ ဖြစ်ပါတယ်" ဟု ဖွင့်ဆို ပြန်သည်။

ဤသုံးဦးတို့ပြောသော စကားကို အနားမှာရှိနေသော အရူးက ကြား သောအခါ အားရပါးရ အော်ဟစ်ရယ်မောသည်။ ထိုအခါ အရူးကို "မင်းက ဘာသိလို့ ရယ်တာလဲ၊ ဒီစာအဓိပ္ပာယ်ကို မင်းကကော သိလို့လား" ဟု ငေါက် ငမ်း မေးမြန်းသည်။

**"မသိနေရိုးလား၊ ဒါ ကျွန်တော်ရေးတဲ့စာပဲဟာ၊ သိသမှ သိပ်သိပေ့"**

**"အဓိပ္ပာယ်လင်းစမ်းပါဦး"**

"ကျွတ်ဆိုတာ သိတင်းကျွတ်ပြီးလို့၊ မုန့်ဆိုတာ တန်ဆောင်မုန်းလ ရောက်တဲ့အခါ ဝင်ဆိုတာ **ဝက်ပါအရုပ်များ** မုန့်ဟင်းခါး ကျွေးလိမ့်မယ်၊ သိပ်စားလို့ ကောင်းတာပဲ။ အဲဒါကို **မမေ့အောင်**လို့ အတိုကောက်မှတ်ထားတာ" ဟု ဖြေလေသည်။

ဥပမာ ဥပမေယျ နှီးနှောစရာမလိုအောင် ရှင်းလှပါသည်။

ဗုဒ္ဓဝင်လာ အာဂမယုတ္တိဒဋ္ဌိကရဏတစ်ခုလည်း ရှိသေးသည်။

တစ်နေ့ ပစ္ဆိမယံ၌ မြတ်စွာဘုရားသည် ကျွတ်ထိုက်သော သတ္တဝါကို ကြည့်လိုက်သော် ဘာရဒွါဇပုဏ္ဏား၏ ဥပနိဿယကို မြင်တော်မူ၍ လယ်ထွန်နေသော ဘာရဒွါဇပုဏ္ဏားထံ သွားရောက်ကာ ဆွမ်းရပ်လေသည်။

ပုဏ္ဏားက -

"ရဟန်းဂေါတမ၊ သင်ကား ငယ်ရွယ်သေးသည်၊ ကုန်သွယ်လယ်လုပ်၍ **စီးပွားရှာနိုင်သေးပါလျက် အဘယ့်ကြောင့်** ခွက်လက်ဆွဲ၍ တောင်းစားပါ **ဘိသနည်း**" ဟု ကဲ့ရဲ့ပြစ်တင်စကားဆိုလေ၏။

"အသင်ပုဏ္ဏား လယ်လုပ်သလို ငါလည်း လယ်လုပ်ပါ၏"

"သို့ဆိုလျှင် သင့်လယ်ဘယ်မှာနည်း၊ နွားကော ထွန်တုံးကော ဘယ်မှာပါနည်း"

"အို ပုဏ္ဏား၊ ငါသည် သမ္မာသမာဓိဟူသော လယ်မြေမှာ ထွန်ယက်စိုက်ပျိုး၍ သမာဒိဋ္ဌိ သမ္မာသင်္ကပ္ပ ဟူသော နွားနှစ်ကောင်ကို သမ္မာဝါယမဟူသော ထမ်းပိုး၌ ယှဉ်စေပြီး သမ္မာဝါစာဟူသော ထွန်တံမှာ သမ္မာကမ္မန္တဟူသော ထွန်တုံးဆင်၍ သမ္မာအာဇီဝဟူသော ထွန်သွားကို တပ်ကာ သမ္မာသတိဟူသော နှင်တံကို မြှောက်နှင်လျက် မဂ်ဖိုလ်တည်းဟူသော အပွင့်အသီးကို ပွင့်သီးစေခဲ့လေပြီ" ဟု မိန့်ကြားတော်မူလေသည်။ နောက်ဆုံး ပုဏ္ဏားကြီး အကျွတ်တရားရသွားသည်။

ဤ၌လည်း ဥပမာ ဥပမေယျ နှီးနှောပြရန် လိုမည်မထင်ပါ။

ဆိုလိုသည်မှာ -

အက္ခရာစာလုံးချင်း၊ **စကားလုံးချင်းတော့** တူပါသည်။ ရည်ရွယ်ခဲ့ယူပုံချင်း၊ သဘောထားချင်းကား **မတူကြ**သည်မှာ သဘာဝဖြစ်သည်။ ဤ

သဘောကို သိရှိနားလည် လက်ခံထားပြီးသော ဘုန်းတော်ကြီးအနေနှင့် "မြွေမှန်သည်မို့ တွင်းဝင်ဖြောင့်သည်" သဘောပိုက်ခဲ့သည်။ တစ်စုံတစ်ရာ ရှင်းလင်းပြောဆိုခြင်းမပြု။ မိမိလုပ်မြဲဖြစ်သော သာသနာပြုလုပ်ငန်းကိုသာ တစိုက်မတ်မတ် ဆောင်ရွက်နေလေသည်။

ထိုသို့ဆောင်ရွက်နေစဉ် နိုင်ငံတော်မှ သာသနာရေးဆိုင်ရာ ဘွဲ့တံဆိပ် ဆက်ကပ်ခြင်းပြုလိုသည်ကို လုံးဝလက်မခံခဲ့သည်မှာ သုံးကြိမ်တိုင်ရှိခဲ့သည်။

ဘာကြောင့် လက်မခံလိုသနည်း။

ကြည့်သောသူတိုင်း မြင်နိုင်ပါသည်။ တွေးတောသူတိုင်း သိနိုင်ပါသည်ဟုသာ မြွက်ကြားသည်။

ထိုနှင့် ပတ်သက်၍ မူလစိတ်ရင်းကို အလျဉ်းသင့်သောအခါများမှာ ထုတ်ဖော်ပြောတတ်သည်။

သာသနာပြုလုပ်ငန်း လုပ်ဆောင်နေသည်မှာ ဒီဘွဲ့တံဆိပ်ကို ရည်ရွယ် ခဲ့ခြင်းမဟုတ်။ ဘွဲ့တံဆိပ်ဟူ၍ သတ်မှတ်မပြဋ္ဌာန်းမီကတည်းက လုပ်ဆောင် နေခဲ့သည်။ နောင်လည်း လုပ်ဆောင်နေဦးမည်။ ဘွဲ့တံဆိပ် ရရှိ၊ မရရှိမှုသည် မိမိအား မည်သို့မျှ ထူးခြားလာစေမည်မဟုတ်။

ဂုဏဝန္တေ ပဿန္တိ ဇနာ (ဂုဏ်ရှိသူကိုသာ လူတွေမြင်ကြသည်) စကားအရ ဂုဏ်ဟူသည် ဂုဏ်လိုသောသူတို့အတွက် မြို့ကြီးပြကြီးမှာ လိုကောင်းလိုမည်ဖြစ်သော်လည်း ဂုဏ်မလိုသူ မိမိအတွက် ဤမည်သော တောတောင်တွင်းမှာ မလိုအပ်လှ။ တောတောင်စိမ့်စမ်းမျှရှိသော ဒေသဝယ် ဤမည်သော ဂုဏ်ဒြပ်တော်သည် မည်မျှ မြင့်မားသည်၊ မည်မျှ အဖိုးတန်သည်ဟု ရင်းတောတောင်စိမ့်စမ်းများက သိရှာကြသည်မဟုတ်။

ဤအကြောင်းကြောင့်လည်း ဘွဲ့တံဆိပ်ကို မယူလိုခြင်း ဖြစ်သည်။

"ယွန်းစလင်းအမြဲတေ" တစ်နေရာဝယ် ဆိုခဲ့ဖူးပါသည်။

"မြိုင်ကြီးငူဆရာတော်သည် 'ဝ' ကို 'ဝိ' လုပ်ချင်သူမဟုတ်။ 'ဝ' ကို 'ဝ'အတိုင်းသာ ထားလိုသူ ဖြစ်သည်" သို့ဖြစ်၍ ယခုတင်လာသော လုံးကြီးတင် ( ဝ )ကို အတင်မခံဘဲ "ဝ"အတိုင်းသာ ထားလိုသည့်အဖြစ်ကို အကြောင်းတစ်ပါး စိစစ်ဖွယ် မရှိချေ။

ဤကား မြိုင်ကြီးငူဘုန်းတော်ကြီး၏ စိတ်ရင်းမှန်ပင် ဖြစ်ချေသည်။

ခေတ်တွေ ဘယ်လိုပြောင်းသော်လည်း နိုင်းမြစ်ကြီးစီးမြဲပင်ဟု လူ

အများက ပြောကြသည်။ အများလက်ခံသော ၎င်းစကားအတိုင်း ဆိုရပါမူ. .

သမိုင်းမတင်မီကာလကတည်းက ယနေ့ထိတိုင်၊ နောင်လည်း ခေတ်ပေါင်း နှစ်ပေါင်းများစွာ ကြာသည့်တိုင် သံလွင်မြစ်ကြီးက စီးနေဦးမည်။ သူ့အား ကဲ့ရဲ့သည်ဖြစ်စေ၊ ချီးမွမ်းသည်ဖြစ်စေ၊ ရှုတ်ချသည်ဖြစ်စေ၊ ဂုဏ်ပြု သည်ဖြစ်စေ တုန်လှုပ်ခြင်းမဲ့စွာ ဆက်လက်စီးဆင်းနေမည်သာ ဖြစ်သည်။

ဤအတူ. . .

※※※※※※※※※※

ဝဲပျံဆရာတော်တို့အား ပြန်လည်ပို့ဆောင်ခဲ့သည်။ ဝါပန်ရက် ကုန်ဆုံးခဲ့ပြီကိုး။ မြိုင်ကြီးငူဘုန်းတော်ကြီးသည် သူးမွဲထ ပြန်ကြွခဲ့သည်။

ပြန်ရောက်သည်နှင့် ဣစ္ဆာသယကျောင်းကြီးအတွက် လုံးပမ်းရပြန်သည်။ လိုအပ်သော ခောက်လုပ်ရေးပစ္စည်းများကို ရှာဖွေဝယ်ယူ စုဆောင်းပေးရသည်။ ပစ္စည်းများကို မဲဆောက်သို့ သွားရောက်ကာ ဝယ်ပေးရသည်။ အလွယ်တကူ သွားလာနိုင်ရန် အလင်းမိုးတို့က ဒိုင်းနားစက်လှေတစ်စီး ဝယ်လှူထားသည်။

၎င်းလှေဖြင့် မဲသဝေါကို တက်၊ ထိုင်းဘက်ကမ်း မဲသဝေါမှာ လှေထားသည်။ လှကြည်မိုးအိမ်မှာ နားနေ၍ စီစဉ်သည်။ လိုအပ်လျှင် ကိုယ်တိုင်ကြွရသေးသည်။

မဲဆောက် တရုတ်ဟုတ်စိန်ဆိုင်မှာ အဝယ်များသည်။ သူ့ဆိုင်မှာ ပစ္စည်းစုံသည်။ သူတစ်ဆိုင်တည်း အဓိကထား ဝယ်လာသည်မို့ ဖောက်သည်ဖြစ်လာသည်။ ယုံကြည်သွားပြီမို့ လိုအပ်သမျှ ပစ္စည်းများကို အကြွေးစနစ်ဖြင့် ရောင်းပေးသည်။ အကြွေးရသည်ဆိုတော့ ယူသည်ပေါ့။ နဂိုကမှ ရှိ၍ လုပ်သည် မဟုတ်ဘဲ ဖြစ်စေချင်လွန်း၍သာ လုပ်ခြင်းဖြစ်သည်။ လုပ်ရင်းကိုင်ရင်း လှူသူလာရင်း၊ ကြွေးဆပ်ရင်းဖြင့်ပင် ပြီးစီးအောင်မြင်ခဲ့ရသည်။

အကြွေးရသည်ဆိုတော့ ခဏခဏလည်း မလာရောက်ရလေအောင် ပစ္စည်းများကို တစ်နိုင်တစ်ပိုင်ပါမက ဝယ်ယူခဲ့သည်။ လှေလေးငါးစင်းစာလည်း ပါသည်။ တစ်ခါတစ်ရံ ၁၀ စင်းစာလောက်ထိ ပါသည်လည်း ရှိသည်။ အပြန်ခရီးမှာ ပစ္စည်းလှေများကို ရှေ့မှ ကြိုလွှတ်ပေးလိုက်သည်။ ဘုန်းတော်ကြီးက နောက်ဆုံးလှေဖြင့် ပါလာရသည်။

သည်တော့မှလည်း ဖြစ်သည်။ ရှေ့မှ လွှတ်လိုက်သော လှေများကို ဂိတ်များက ဟန့်တားထားလေ့ရှိသည်။ ဘုန်းတော်ကြီးလှေ ရောက်လာမှ ပြောဆိုပြီး အားလုံးကို လွှတ်ပေးလိုက်သည်။ သည်သို့မှ မဟုတ်လျှင် မလွယ်။ ပစ္စည်းဆုံးရှုံးမည်။ ဆုံးရှုံးခဲ့ရဖူးသည်။ ထို့ကြောင့် ပစ္စည်းဝယ်ဖြစ်လာလျှင် ဘုန်းတော်ကြီးက နောက်ဆုံးလှေဖြင့် စီးနင်းလိုက်ပါခဲ့ရခြင်း ဖြစ်သည်။

သွားတော့ တစ်လှေ၊ ပြန်တော့ လေး ငါး ဆယ် လှေဖြစ်လာသည်မို့ သူတို့ သူတို့အမြင်မှာ ဆန်းနေသည်။

"ဤမျှပစ္စည်းများများစားစား ဝယ်နိုင်ပုံထောက်လျှင် သည်ဘုန်းကြီး နောက်မှာ အထောက်အကူ တစ်ခုခုတော့ ရှိမည်။ ၎င်းအထောက်အကူသည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သာ ဖြစ်ရမည်" ဟူ၍ ဆိုကြသည်။

ဘုန်းတော်ကြီးခမျာ လက်ငင်းငွေမချေနိုင်လျှင် အကြွေးစနစ်ဖြင့် ဝယ်ခဲ့ရသည်။ သူးမွဲထမှ အလှူခံလို့ရသမျှလေး မစားရက်၊ မသောက်ရက် ရသည်နှင့် ကြာကြာမဆိုင်းဘဲ အကြွေးဖွဲ့ဖွဲ့ ဆပ်နေရသည်ကို သူတို့ မသိရှာလေကြ။ အထင်ကြီး တစ်ခွဲသားနှင့် ပြောရက်ကြပလေသည်ဟုသာ တွေးလိုက်မိသည်။ နှုတ်မှမူ ထုတ်မပြောချေ။

မစားရက်၊ မသောက်ရက်ဟူသည်မှာ အကြောင်းရှိသည်။ သူတစ်ပါး သဒ္ဓါ၍ လှူဒါန်းသောပစ္စည်းများ၊ ဘုရားအတွက် ရည်စူး၍ လှူအပ်သော ငွေကြေးမှအစ မိမိကိုယ်တိုင်လည်းမစားသုံး။ တပည့်တို့ အားလည်း မစားသုံးစေခဲ့။ သို့ဆိုလျှင် ဤလူတွေ ဘာနှင့် စားကြသနည်း။

လွယ်ပါသည်၊ လွယ်လွန်းသမှ ခက်လို့ကိုနေပြန်သေးသည်။

သက်န်းစဝတ်ပြီး ဘုရားသားတော်ဖြစ်ပြီဆိုသည့်အချိန်မှစ၍ ဘုရားသခင်က သပိတ်တစ်လုံး အမွေပေးလိုက်သည်။ သလုံးမြင်းခေါင်း အရင်းတည်၍ ဤသပိတ်ဖြင့် ဆွမ်းခံစားလေဟု စားရေးအတွက် မပူမပင် ရလေအောင် စီစဉ်ပေးခဲ့သည်။ ထို့ကြောင့် သံဃာ့လောကမှာ စကား တစ်ခွန်းတွင်ကျန်ရစ်ခဲ့သည်။

"သပိတ်တစ်လုံးကို လယ်ဆယ်ဧကနှင့်သော်မှ မလဲနိုင်" ဟူ၍။

သပိတ်တစ်လုံး ရှိနေသမျှ သမုဒ္ဒရာ ဝမ်းတစ်ထွာအရေး ပူစရာမလို။ အချိန်ဆိုက်က သပိတ်ပိုက်၍ ထွက်ရုံသာ။ ဝမ်းရေးက အလိုလို ပြေလည်ပြီး ဖြစ်သည်။

ယခုလည်း စားရေးသောက်မှုရေးရာအတွက် လိုအပ်လာလျှင် သပိတ်ပိုက်၍ ဆွမ်းခံထွက်သည်။ မဲသဝေါသို့။

ရှေ့ဆုံးမှ အသံချဲ့စက်ဖြင့် သံဃာတော်များ ကြွလာပြီ။ ဆွမ်းဆန်စိမ်းများ လောင်းလှူနိုင်ပါကြောင်း နှိုးဆော် အသိပေးသွားသည်။ (လောင်းလှူမည့်သူများ သိရှိပြင်ဆင်နိုင်ရန်)

အသံချဲ့စက်နောက်မှ အတော်လှမ်းလှမ်းမှာ ကြေးစည်သံ တဝေဝေ၊ သံဃာတော်များ ကြွရောက်နေပြီဖြစ်ကြောင်း အသိပေးသည်။ သည့်နောက်မှာမှ မြိုင်ကြီးငူဆရာတော် ဦးဆောင်သော သံဃာတန်းက သပိတ်ကိုယ်စီပိုက်လျက် ဆွမ်းဆန်စိမ်း အလှူခံကြွလာသည်။ အနည်းအများသာ ကွာသည်။ ရတော့ရသည်ချည်းသာ။ ဝမ်းရေးအတွက် စားသောက်ဖို့ အဘယ်မှာ ပူပန်ဖွယ် ရှိပါမည်နည်း။

ဤမည်သော ဆွမ်းဆန်စိမ်းခံသည့်အဖြစ်ကိုလည်း သူတို့တစ်ငွေက အမြင်မကြည်လင်လေကြ။

အသံချဲ့စက်က လူစုတာ၊

ကြေးစည်က တပ်လှန့်အချက်ပေးတာ၊

ကြေညာတာက လှုံ့ဆော်တာ ဟူ၍ စွပ်စွဲလာသည်သာမက မဲသဝေါ ဆရာတော်အားလည်း -

"ဒီသူးမွဲထအဖွဲ့ ဒီကိုလာရင် အသံချဲ့စက် မပါလာစေနဲ့၊ ကြေးစည် မထုစေနဲ့၊ ဘာဘာညာညာ ကြေညာတာလည်း မကြိုက်ဘူး" ဟု လျှောက်ထား သည်။

ဤစကား ကြားရသည့်နေ့မှစ၍ မြိုင်ကြီးငူဘုန်းတော်ကြီးသည် မဲသဝေါသို့ ဆွမ်းဆန်စိမ်း မထွက်စေတော့ပေ။ မဲသဝေါကို ဖြတ်သွားဖြတ်လာသာ ပြုတော့သည်။ ၎င်းမှကျော်၍ ဒကာ့သည်စခန်းများဖြစ်သော ဘောနေ့၊ ချိုးကလိုး၊ ဘဲကလော်စခန်းတို့ဆီကိုသာ သွားတော့သည်။

တစ်ခုတော့ရှိသည်။ ဒကာ့သည်တွေဆီကမှ အလှူခံရသေးသလား၊ ဖြစ်နိုင်ရင် ကိုယ်က ပြန်ပေးရမယ့်ဥစ္စာ။

ပြောချင်သူက ဆိုလို အပေါက်ရှာပြီး ပြောပေမည်။ အမှုအခင်း ရမိသည်။

မြန်မာ့သာသနာသမိုင်းမှာ နေတစ်ဆူ လတစ်စင်းသဖွယ် ယင်းမှာ...

သော ဆရာတော် ဦးဗုဒ်ဆိုလျှင် မသိသူ မရှိသလောက်ဖြစ်သည်။ "ဗုဒ်အစ၊ ဗုဒ်အလယ်၊ ဗုဒ်အဆုံး" ဟူ၍ ပြောစမှတ် တွင်ခဲ့ရလောက်အောင် စာပေ ကျွမ်းကျင်သည်။ မင်းအပူဇော်ခံရသည့် မင်းဆရာတော်လည်း ဖြစ်သည်။ ဆရာတော့်မှာ မယ်တော်သီလရှင်ကြီးလည်း စံကျောင်းတော်နှင့် မနီးမဝေး ဇရပ်ကလေးတစ်ဆောင်မှာ နေသည်။

တစ်နေ့ မယ်တော်ကြီး မြစ်ဆိပ်သို့ ရေချိုးဆင်းသွားခိုက် ဇရပ် ကလေး မီးလောင်လေသည်။ ပြန်လာသောအခါ အားလုံး ပြာကျနေလေပြီ။ ရေချိုးသွားခိုက်မို့ ဘာပစ္စည်းတစ်ခုမှ မရလိုက်။ အတူပါသွားသော တဘက် ကလေးတစ်ထည်သာ ကျန်သည်။ မယ်တော်ကြီးက တွေးသည်မှာ -

"ငါ့သားမောင်ပဥ္စင်းသည် မင်းကိုးကွယ်သော မင်းဆရာဖြစ်သည်။ ခုလို ဒုက္ခရောက်စဉ်မှာ နေစရာလေးတစ်ခုအဖြစ် မင်းထံမှာ တောင်းပေး တန်ရာ၏"

အတွေးဖြင့် ဆရာတော်ဦးဗုဒ်ထံသွားကာ ဖြစ်စဉ်ကို ပြောပြသည်။ ဆရာတော်က -

"မယ်တော်ကြီး သိပ်စိတ်ဆင်းရဲသွားသလား"

"ဆင်းရဲတာပေါ့ သားပဥ္စင်းရယ်"

"အနို့၊ ချမ်းသာကော ချမ်းသာချင်သလား"

"ချမ်းသာချင်ပါပြီလား"

"မယ်တော်ကြီး ချမ်းသာချင်ရင် အဲဒီမှာ ကျန်တဲ့ တဘက်ကလေး တစ်ထည်ကိုပါ သံယာကို အာရုံပြုပြီး သားပဥ္စင်းကို လှူလိုက်ပါ" တဲ့။

ဆရာတော် အမိန့်ရှိသည်ကို သာမန်ကြည့်လျှင် ရက်စက်လွန်းရာ ကျသည်ဆိုနိုင်သည်။ အမှန်တကယ် တွေးပါမူ -

ဆင်းရဲမှု အမှန်တရား (ဒုက္ခသစ္စာ)

ဆင်းရဲခြင်းအကြောင်း (သမုဒယသစ္စာ)

ဆင်းရဲခြင်းချုပ်ရာ (နိရောဓသစ္စာ)

ဆင်းရဲခြင်းချုပ်ရာ နိဗ္ဗာန်ရောက်ကြောင်း (မဂ္ဂသစ္စာ) ဟူသော သစ္စာ လေးပါးကို ဖြစ်ပေါ်ခဲ့သော အခြေအနေပေါ်မူတည်၍ ဟောကြားခြင်း ဖြစ်ပေသည်။ ဤသည်ကို သေချာစေ့ငု၍ တွေးတောဆင်ခြင် သုံးသပ်ပါမှ သိနိုင်သည်။

ယခုမှာလည်း ဒုက္ခသည်စခန်းဆီမှ အလှူခံခြင်းသည် ဒုက္ခမှ လွတ်ကင်းစေလိုသော မေတ္တာကရုဏာ အရင်းခံလျက် အလှူခံရခြင်းသာ ဖြစ်သည်။ ဒုက္ခဟူသည် တဒင် ခံစားနေရသည့် ဤဒုက္ခအသေးစားကလေးကို မဆိုလို။ အနမတဂ္ဂ သံသရာမှစ၍ ခံစားလာရသော ဇာတိစသော မီး ၁၁ ပါး ဒုက္ခတုံး၊ ဒုက္ခခဲ အစုအဝေးကြီးကို ဆိုလိုသည်။

ဒုက္ခသည် စခန်းတို့ကို သွားရောက်အလှူခံတော့လည်း မြိုင်ကြီးငူ ဘုန်းတော်ကြီး စိတ်မကောင်းခြင်း ဖြစ်ရသေးသည်။ ဒုက္ခသည်စခန်းမှာ ရောက်ရှိနေသူများသည် အများအားဖြင့် မိမိတို့အမျိုးသား ပြည်နယ်သားချည်းလိုလို ဖြစ်သည်။ ဘုန်းတော်ကြီးအား မျက်ရည်လည်ရွဲဖြင့် လျှောက်ကြသည်။

"တပည့်တော်တို့ ကိုယ့်ရပ်ဌာနကို ပြန်ချင်ကြပါပြီ ဘုရား"

"ကျန်ခဲ့တဲ့ ဆွေမျိုးသားချင်းတွေကို သတိရ လွမ်းဆွတ်လှပါပြီ ဘုရား"

"ရဟန်းသံဃာတော်တွေကို မဖူးတွေ့ရတာလည်း ကြာပါပြီဘုရား"

"တပည့်တော်တို့ဆီ ခုလို မကြာမကြာ ကြွလာတော်မူပါဘုရား"

"တပည့်တော်တို့ ဒီဒုက္ခသည်စခန်းမှာ မနေလိုကြတော့ပါဘုရား"

". . . . . . . ဘုရား"

". . . . . . . ဘုရား"

". . . . . . . ဘုရား"

စသည့် ဘုရားပေါင်းများစွာ လျှောက်ထားကြသည်။ ဤကိစ္စနှင့်ပတ်သက်၍ တရားစကားဖြင့် ဖျောင်းဖျပြောဆိုရုံသာ တတ်နိုင်သည်။ မိမိမှာ ဘာတစ်ခုမှ လုပ်ကိုင်နိုင်ခွင့်မရှိ။ ကူချင်ပါသည်။ မကူသာသည်မို့ စိတ်မကောင်းခြင်းသာ ဖြစ်ခဲ့ရသည်။

သူးမွဲထစခန်းမှာ ကျောင်းဆောက်နေသော ပရိသတ်တို့အတွက် ဆောက်လုပ်ရေးပစ္စည်းများ၊ ရိက္ခာများကို စုဆောင်းပေးပြီးသည်နှင့် မြိုင်ကြီးငူ ဘုန်းတော်ကြီးသည် သူးမွဲထစခန်းမှ ထွက်ပြန်သည်။

၁၃၅၄ ခု၊ ပြာသိုလ။ ရှေးဦးစွာ တာခုလော်ကြီးတောင်ကို အခြေအနေ သွားကြည့်ဦးမည်ဆိုကာ သိမ်သမုတ်ရာမှာ အမြဲလိုလိုပါနေကျဖြစ်သော ဦးရွှေလုံး၊ ဒေါ်မြစိန်၊ သား မောင်ဉာဏ်သိန်းတို့နှင့်အတူ ထွက်ခဲ့သည်။

**ဦးရွှေလုံး**တို့နေသော မဲခေါင်ကေးမှ ကားလမ်းအတိုင်း နို့ပူရွာသို့ လျှောက်**သည်**။ နို့ပူရွာမှတစ်ဆင့် တောင်၏ သုံးချိုးနှစ်ချိုးမှာရှိသော ချောလယ်တဲရွာသို့ လျှောက်ရပြန်သည်။ ချောလယ်တဲရွာရောက်တော့ မိုးချုပ်ပြီး ညအိပ်ရပ်နားသည်။ မိုးလင်းသည်နှင့် တောင်ထိပ်သို့ တက်သည်။

တောင်ထိပ်ရောက်တော့ တောတွင်းမှ လက်နက်ကိုင်အချို့ ကတုတ်ကျင်းတွေ တူးနေသည်ကို တွေ့ရသည်။ ဘုန်းတော်ကြီးတို့အဖွဲ့ မမျှော်လင့်ဘဲ ရောက်လာသည်ကို အံ့အားသင့်စွာ ငေးကြောင်၍ ကြည့်နေသည်။ **မိမိတို့**ကလည်း ဤသူတွေ ဤမှာ မရှိတန်ဟု ယူဆထားသည်မို့ ပက်ပင်းတွေ့မိသည်တွင် ခြေလှမ်းတန့်ကာ ကြောင်၍ ကြည့်နေမိသည်။

ခဏနေမှ မလှမ်းမကမ်းမှာရှိသော ကျောက်ပုံစေတီသို့ သွားရောက်ကာ ရှိခိုးဝတ်ပြုသည်။ သူတို့လည်း သူတို့အလုပ် ဆက်လုပ်နေသည်။ စေတီတော်အား မီးပူဇော်ခြင်း၊ ဆွမ်းကပ်ခြင်းတို့ကို ပြုပြီး နံနက် ၉း၀၀ နာရီမှာ ပြန်ဆင်းခဲ့သည်။

တာခုလော်ကြီးတောင်၏ ထူးခြားချက်ကို ဤသို့ ကြားခဲ့ရဖူးသည်။

ကျောက်ပုံစေတီ နှစ်ဆူရှိသည်။ တစ်ဆူက ချောလယ်တဲဘက်မှ တက်ရသော လမ်းထိပ်မှာ ရှိသည်။ ချောလယ်တဲရွာသားအများက ဘုရားဒကာဖြစ်သည်။ ကျန်တစ်ဆူမှာ ဘိုလန်ရွာဘက်မှ တက်ရသော လမ်းထိပ်မှာ ရှိသည်။ ဘိုလန်ရွာသားများက ဘုရားဒကာဖြစ်သည်။

တစ်ဖက်ရွာမှ တက်လာသူသည် မိမိတို့ ရွာနှင့် သက်ဆိုင်သော ဘုရားမှာသာ ဝတ်ပြုသည်။ တစ်ဖက်ဘုရားဆီသို့ ယောင်လို့တောင်မှ မသွားလေနှင့်။ ပြီးတော့ ဘုရားနှစ်ဆူကြားကိုလည်း မဖြတ်လေနှင့်။ သွားသည်၊ ဖြတ်သည်နှင့် ဘယ်က ဘယ်သူပစ်လိုက်သည်မသိသော ခဲတစ်လုံးက ပစ်သူမရှိဘဲ ရောက်လာတတ်သည်။ ရောက်သမှ ခေါင်းကိုချည်း ထိသည်။

ဘာကြောင့် ဤကဲ့သို့ဖြစ်ရသည်ကို မည်သူမျှ မပြောနိုင်ကြ။ ယုတ်စွအဆုံး အပေါ့အလေးသွားသည်ဆိုရာမှာပင် သူ့နယ်ပယ်ပိုက်နက်အတွင်းမှာသာသွားရသည်။ မလိုက်နာပါက ပစ်သူမဲ့သောခဲဖြင့် ပစ်ပေါက်ခံရတတ်သည်။

ဘုရားအချင်းချင်း မတည့်သည်တော့ မဟုတ်တန်ရာ။ ဘုရားစောင့်များ မတည့်ကြ၍သာ ဖြစ်နိုင်သည်။ သို့သော် မြိုင်ကြီးငူဘုန်းတော်ကြီးတို့ သွားရောက်၍ နှစ်ဆူစလုံးမှာ ဆီမီးပူဇော်ခြင်း၊ ဆွမ်းတော်ကပ်ခြင်းကို ပြုသော်

လည်း မည်သို့မျှ ဖြစ်မလာခဲ့။ တောင်ခြေသို့ ပြန်ဆင်းသည်ထိ ဘာတစ်ခုမှ ဖြစ်မလာခဲ့။

တောင်ပေါ်မှ ဆင်းခဲ့သည်။ ချောလယ်တဲရွာ ရောက်သော်လည်း နေ့ဆွမ်းမဘုဉ်းသေးဘဲ ဆက်ထွက်ခဲ့သည်။ နေ့လယ် ၁၁ နာရီလောက်ရှိကာမှ လမ်းတစ်နေရာမှာ နေ့ဆွမ်းဘုဉ်းသည်။

နေ့ဆွမ်းအဖြစ် ခေါက်ဆွဲခြောက်ထုပ်၊ ပဲသီးစိမ်း၊ ကြက်သွန်နီ၊ ငရုတ်သီးထောင်းတို့ကို သည်အတိုင်းစား၍ ရေသောက်ခြင်းဖြင့် ဆွမ်းကိစ္စကို ပြီးစေရသည်။

ထိုမှ ဆက်လျှောက်ရာ နို့ပူရွာအရောက်မှာ မိုးချုပ်၍ ညအိပ်ရသည်။ မိုးအလင်းမှာ မဲခေါင်ကေးသို့ လျှောက်၊ တစ်ဆက်တည်း သူးမွဲထသို့ ဆင်း၊ ပြောဆိုမှာကြားသင့်သည်များကို ပြောဆိုသည်။ တာခုလော်ကြိုးတောင်တွင် သိမ်သမုတ်ရန်အတွက် ဝဲပျံဆရာတော်တို့အား ပင့်ရန် မြိုင်ကြီးငူသို့ စုန်ခဲ့လေသည်။

ဝဲပျံဆရာတော် စသော သံဃာတော်တို့အား ပင့်ဆောင်ကာ သူးမွဲထစခန်းသို့ တက်ရာမှာ ယခင်ကအတိုင်း ခြေကျင်ကြွကြရသည်။ သူးမွဲထသို့ တက်ခဲ့သည်။ ထိုမှ ယခင်ခရီးစဉ်အတိုင်း မဲခေါင်ကေး၊ နို့ပူ၊ ချောလယ်တဲရွာတို့ကို ကျော်လွန်၍ တာခုလော်ကြိုးတောင်သို့ ရောက်သည်။ သိမ်သမုတ်သွားသော သံဃာထုကို ချောလယ်တဲရွာသားများက မြင်ကြရာမှာ -

"ဟေ့ဟေ့. . . ဒီလောက်များတဲ့ ဘုန်းကြီးတွေကို တို့တော့ ထမ်းချနိုင်မှာ မဟုတ်တော့ဘူး" တစ်ဦးနှင့် တစ်ဦး ပြောဆိုသံကြားရသည်။

မေးမြန်းကြည့်သဖြင့် သိရသည်မှာ "ဤတောင်ထိပ်သို့ ဘုန်းကြီးရဟန်းများ မတက်ကြရ။ တက်လျှင် နာဖျား၍လည်းကောင်း၊ အကြောင်းတစ်ခုခုကြောင့် လည်းကောင်း နေထိုင်မကောင်းဖြစ်ကာ ထမ်းထမ်း၍ ပြန်ချကြရသည်။ ထိုကို ရည်ရွယ်၍ ပြောခြင်းဖြစ်သည်။

ဤတာခုလော်ကြိုးတောင်၏ ထူးခြားချက်တစ်ရပ်မှာ ဤတောင်ပေါ်သို့ သားငါးများ ယူဆောင်စားသောက်ခြင်း မပြုကြရ။ ပြုခဲ့သော် မမျှော်လင့်သော အဖြစ်ဆိုးမျိုးနှင့် ကြုံရတတ်သည်တဲ့။

ကြုံတွေ့ခဲ့ရသူတစ်ဦး၏ ပြောပြချက်အရ သိရသေးသည်မှာ တပ်တစ်တပ်သည် စစ်ဆင်ရေးအတွက် တောင်ပေါ်သို့ တက်ခဲ့သည်။ သူတို့နှင့်အတူ အမဲစည်သွပ်ဘူးများ ပါသွားသည်။ စားကြသောက်ကြသည်။ မကြာမီ

မှာ ရဲဘော်တစ်ယောက်သည် တုန်တုန်ယင်ယင် ဖြစ်ကာ လည်ပင်းနောက် ပြန်ဖြစ်ပြီး ဇက်ကျိုးကာ သေသွားသည်။ တစ်ဦးနှင့်တစ်ဦးလည်း ပြန်လှန် ပစ်ခတ်ကြသည်။ သေသူ၊ ဒဏ်ရာရသူများ မနည်းဖြစ်ကာ ဖွဲ့စည်းပုံများ ပျက်ခဲ့ရသည်ဟု သိရသည်။

သိမ်သမုတ်အဖွဲ့သည် တောင်ပေါ်သို့ ရောက်ရှိပြီး ထုံးစံအတိုင်း သိမ်သမုတ်ခြင်းအမှုကို ပြုသည်။ သိမ်သမုတ်ချိန်ဝယ် ညသန်းခေါင်ကျော် လေပြီ။ ထိုအချိန်ဝယ် လက်နက်ကြီးပစ်သံများ၊ ပေါက်ကွဲသံများကို အဝေး တစ်နေရာဆီမှ အတိုင်းသား ကြားနေရသည်။

ကြားသာကြားသော်လည်း ပူစရာမရှိချေ။ မိမိတို့နှင့် ဘာမှ ပတ်သက် ခြင်းမရှိ။ ကြောက်လန့်ခြင်းလည်း မရှိ။ ကမ္မဝါဖတ်သော်မှ မပျက်ခဲ့ကြ။

# သိမ်သမုတ်ရာမှ ထူးခြားချက်များ

ထူးဆန်းသည်ဆိုမလား၊ ထူးခြားသည် ပြောရမလား။ ဝေါဟာရ မည်သို့ ပြုရမည် မသိသော်လည်း သမားရိုးကျမဟုတ်သော ဖြစ်ရပ်နှင့် ကြုံခဲ့ရသည်ကား အမှန်ပင်။

သိမ်သမုတ်ရာဝယ် ပွဲအသီးသီး ပေးရသည်။ ပွဲပေးရသည်မှာ ထွေထွေထူးထူး မဟုတ်ပါ။ ပန်းကန်ပြားထဲ ဆန်တစ်ဘူးစာနှင့် ဖယောင်းတိုင် သုံးတိုင်မျှသာ ဖြစ်သည်။

| | |
|---|---|
| ဘုရားပွဲ | ၁ ပွဲ |
| နတ်မင်းကြီးလေးပါး | ၁ ပွဲစီ (၄ ပွဲ) |
| တောင်ပိုင်ကြီး | ၁ ပွဲ |
| သိုက်ပွဲ | ၁ ပွဲ အားဖြင့် ပွဲ ၇ ပွဲ ပေးရသည်။ |

အချို့နေရာများမှာ ကမ္မဝါဖတ်နေစဉ်အတွင်း အချို့ပွဲများကို ပုရွက်ဆိတ်မည်းမည်းများ စုပြုံစားသောက်နေကြသည်မှာ တက်တက်ပြောင် ကုန်သည်။ ဖယောင်းတိုင်များကိုပါ စားပစ်သည်။ အချို့ပွဲများတော့ တစ်ကောင်တစ်မြီးမှ တက်ရောက်သည်ကို မတွေ့ကြရ။

ပွဲများစီစဉ်ထားရှိသည်မှာ ဝေးကွာကြီး မဟုတ်ကြ။ ထိပ်ဆုံးမှာ ဘုရားပွဲ၊ အောက်မှာ နတ်မင်းကြီး ၄ ပွဲ၊ တောင်ပိုင်ပွဲ၊ သိုက်ပွဲ ဟူ၍ မနီးမဝေး ထားရှိထားခြင်း ဖြစ်ပေသည်။

မယ်ကဇောတောင်မှာ သိမ်သမုတ်စဉ်က သိုက်ပွဲတစ်ပွဲမှာသာ ပုရွက်ဆိတ်မည်းမည်းများ လာရောက်စားသုံးပစ်ကြသည်။

တြိုကြိုးတောင်မှာတုန်းကမူ တောင်ပိုင်ပွဲတစ်ပွဲသည် ပုရွက်ဆိတ်များ စားသုံးခြင်းမဟုတ်ဘဲ ဆန်ရော၊ ဖယောင်းတိုင်များပါ ဘယ်က ဘယ်လို ပျောက်ဆုံးကုန်သည် မသိ။ ကမ္မဝါအဆုံးမှာ ဆန်တစ်စေ့၊ ဖယောင်းတိုင် အစအနတစ်စသော်မှ မကျန်ရစ်အောင် ပန်းကန်တွင်းမှာ ပြောင်သလင်းခါ သွားသည်။

ဤကား သိမ်သမုတ်ရာမှာ တွေ့ကြုံခဲ့သော ဖြစ်ရပ်ထူးဖြစ်သည်။ ထူးဆန်းသည်ဟုတော့ မဆိုချင်ပါ။ သို့သော် ထူးခြားခဲ့သည်တော့ အမှန်ပင် ဖြစ်ပေသည်။

သိမ်သမုတ်ပြီး တောင်ခြေသို့ မိုးအလင်းမှာ ဆင်းလာကာမှ

"ကူးဆိပ်" တံတား ဖျက်ဆီးခံလိုက်ရပြီဟု သိရှိရသည်။

တာခုလော်ကြိုးမှ ပြန်လာပြီး သူးမွဲထအရောက်မှာ ဝဲပုံဆရာတော်က -

"တို့တော့ လမ်းမလျှောက်နိုင်တော့ဘူးဟေ့၊ ကြည့်ကျက်လုပ်ပါဦး" ဟု ဆိုလာသည်။

"မှန်ပါ၊ တပည့်တော် စီစဉ်ပါ့မယ်ဘုရား။ မနက်လေးနာရီထိုးရင် မြစ်ကမ်းနားက တပည့်တော် လက်နှိပ်မီးရောင်ပြမယ်ဘုရား၊ အဲဒီခါမှာ အရှင်ဘုရားတို့အားလုံး မြစ်ဆိပ်ကို ဆင်းခဲ့ပါဘုရား"

ဟု လျှောက်ထားပြီး မြိုင်ကြီးငှဘုန်းတော်ကြီးသည် မဲခေါင်ကေးသို့ တက်ရပြန်သည်။ ရောက်လျှင် ဦးရွှေလုံးတို့ မိသားစုအား ညတွင်းချင်း ဖောင်လုပ်စေသည်။

"မနက်မှ လုပ်ကြမယ်ဘုရား"

"မဖြစ်ဘူး၊ ဒီညလုပ်ပါ၊ မနက်လေးနာရီမှာ ဝဲပုံဆရာတော်တို့ကို ပို့ဖို့ ပြောထားပြီးပြီ"

"မှန်ပါဘုရား၊ ညချင်းပြီးအောင် လုပ်ပါ့မယ်"

ဦးရွှေလုံးတို့ သားအဖတစ်တွေ ညတွင်းချင်းပြီးအောင် ဖောင်လုပ်သည်။ ပြာသိုလကြီး ဆောင်းညချမ်း၊ မြောက်ပြန်လေက ဝှေ့ယမ်းတိုက်ခတ်နေသည်။ နှင်းမှုန်တွေက ကျနေသည်။ ချမ်းလိုက်သည်မှာ ခိုက်ခိုက်တုန်သည်။ အေးလိုက်သည်မှာ စိမ့်နေသည်။ သို့သော် ချမ်းအေးသော မြစ်ရေထဲမှာပင် ဦးရွှေလုံးတို့ သားအဖတစ်တွေ ဝါးဖောင်လုပ်နေကြသည်။ တကယ့်စေတနာ ရှင်များပါပေ။ မြိုင်ကြီးငှဆရာတော်က လိုအပ်သည်ဆိုလျှင် ဤကဲ့သို့ နေ့ည အချိန်နာရီမရွေး လုပ်အားဒါနပြုကြသည်မှာ သူတို့အဖို့ အဆန်းမဟုတ်ပါပြီ။

နံနက် ၃ နာရီလောက်မှာ ဖောင်လုပ်ပြီးစီးသည်။ ဖောင်ကို စက်လှေဖြင့် ဆွဲလာသည်။ သူးမွဲထဆိပ်ကမ်းအရောက်တွင် ဖောင်ရပ်နား၍ တောင်ကုန်းပေါ်သို့ မီးထိုး၍ အချက်ပြလိုက်သည်။ ဝဲပုံဆရာတော်အပါ အဝင် သံဃာများ ဆင်းလာကြသည်။ ဖောင်ပေါ်တက်ပြီး သံလွင်မြစ် ကြောင်းကို စုန်ဆင်းလာသည်။

ဘည်တစ်ခါတော့ ဖောင်ကို တိုက်ရိုက်တစ်ဆက်တည်း မစုန်ဆင်းနိုင်တော့။ ပြာသိုလ ရေနည်းနေပြီး ဟတ်ကြီးမှာ ရေတံခွန်ကြီးဖြစ်နေပြီ။

ဖောင်တော်ကို ဟတ်ကြီးထိပ်မှာ ဆိုက်ကပ်ကာ သံဃာများက ကမ်းပေါ်တက်၍ ဟတ်မြီးသို့ တစ်မိုင်ခွဲမျှ လမ်းလျှောက်ကြရသည်။ ဖောင်တော်ကို စီးသူမဲ့ ဟတ်ကြီးသို့ လွတ်ချလိုက်ပြီး အောက်သို့ ရောက်ကာမှ ဖောင်ခတ်သမားများက ဖောင်ပေါ်ပြန်တက်ရသည်။ ဟတ်မြီးမှာ ဖောင်ဆိုက်ကပ်ကာ သံဃာများကို တက်စေသည်။

အိုးလိုဟတ် ရောက်ခါနီးတွင် ထုံးစံအတိုင်း ဖောင်ပေါ်ပါသူအားလုံး ဖောင်တော်နှင့် လက်ကို တွဲချည်ကြရသည်။ ရေလှိုင်းကြီး ၇ လုံးစီတန်းပေါက်ကွဲနေသည်ကို ဖြတ်ကျော်စီးဆင်းရမည်မို့ လှိုင်းအရိုက်မှာ လူများ လွင့်စဉ်မကျသွားစေရန် ဖြစ်သည်။ ဖောင်ခတ်သမားများမှာ ကျွမ်းကျင်ပြီးသားမို့ သူတို့တော့ ချည်စရာမလိုပေ။

သည်လိုနှင့် ခါတောဟတ်၊ ကေးတလု၊ ကေးတညဟတ် စသည်တို့ကို ကျော်ဖြတ်စီးဆင်းခဲ့ပြီး ဘောသရောစခန်းမှာ ခေတ္တဖောင်ဆိုက်ကာ နေ့ဆွမ်းဘုဉ်းသည်။ ဆွမ်းမှာ သံဃာများအတွက် ဦးရွှေလုံးအိမ်မှပင် စီစဉ်ချက်ထည့်ပေးခဲ့ခြင်းဖြစ်သည်။ ဦးရွှေလုံးတို့ သားအဖ ဖောင်ချည်နေစဉ်အတွင်း ဇနီးဖြစ်သူ ဒေါ်မြစိန်က ဆွမ်းအတွက် စီစဉ်ပေးခဲ့ခြင်းဖြစ်သည်။

နေ့ဆွမ်းအပြီးမှာ ဖောင်တော်ကို ဆက်လက်စုန်ဆင်းလာရာ ညနေလောက်မှာ မြိုင်ကြီးငူသို့ ဆိုက်ရောက်ခဲ့လေသည်။

သူးမွဲထစခန်းမှာ နှစ်ထပ် ဣစ္ဆာသယကျောင်းတော်ကြီးကို ဆောက်လုပ်နေစဉ်အတွင်း မြိုင်ကြီးငူဆရာတော်သည် ၁၃၅၄-၅၅ ခုနှစ်အတွင်း အခြားသာသနာရေးကိစ္စများကိုလည်း လုပ်ကိုင်ဆောင်ရွက်သည်။

အရပ်ရပ်သို့ ခက်ခက်ခဲခဲ သွားရောက်ကာ သိမ်သမုတ်ခြင်း၊ ဘုရားတည်ခြင်းတို့ကို ပြုလုပ်သည်။ ကျောင်းအတွက် ပစ္စည်းလိုလျှင် လိုက်လံစုဆောင်း ရှာဖွေပေးပြီး စီစဉ်စရာများကို ညွှန်ကြားမှာထားပြီး မြိုင်ကြီးငူဘုန်းတော်ကြီးမှာ သံဃာအချို့နှင့်အတူ အခြားအရပ်ဒေသများသို့ သွားရောက်ကာ သာသနာရေးကိစ္စများကို ဆောင်ရွက်သည်။

သည်လိုနှင့် အလျား ပေ ၅၀၀၊ အနံပေ ၁၈၀၊ ရှစ်လက်မပတ်လည်ကျွန်းတိုင် ၈၈ လုံးဖြင့် ခမ်းနားထည်ဝါစွာ တည်ဆောက်ခဲ့သော ဣစ္ဆာသယကျောင်းတော်ကြီးသည် ၈ လနှင့် ၁၅ ရက်မှာ ပြီးစီးခြင်းသို့ ရောက်ခဲ့သည်။ ကုန်ကျငွေမှာ ဘတ်ငွေ ၂၈ သိန်းခန့်ဖြစ်သည်။ ၁၃၅၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့မှာ ကျောင်းရေစက်ချပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ရေစက်ချပွဲသို့ ပရိသတ် သုံးသောင်းကျော် လာရောက်ကြသည်။ ထိုအထဲတွင် ဒေသခံနယ်သူနယ်သားများ၊ ထိုင်းဘက်ကမ်းရှိ သောလယ်ထ စသည်မှ ယခင် ဒေသခံ ရွာသူရွာသားများ၊ ထိုင်းမှ ရှမ်းလူမျိုးများ တောတွင်း ရဲဘော်များအပြင် နိုင်ငံခြားသားများပါ လာရောက်ကြသည်။

သူးမွဲထစခန်းကဲ့သို့သော မြန်မာပြည်မမှဆို အလွန်မှဝေးလံ သီခေါင်သည့် သွားရလာရ ခက်ခဲသည့်နေရာမှာ ဤမျှ ကြီးကျယ်ခမ်းနား သော နှစ်ထပ် ဣစ္စာသယကျောင်းတော်ကြီးကို တည်ဆောက်ခဲ့ခြင်းကို လေ့လာ စူးစမ်းချင်၍ လာရောက်ကြခြင်းဖြစ်သည်။

မှန်သည်၊ ဤမြေ ဤဒေသသို့ မြန်မာပြည်မမှ လာရောက်ဖို့ရန် မလွယ်။ ပြည်နယ်သူ ပြည်နယ်သားများသော်မှ အလိုရှိတိုင်း သွားရောက်နိုင်သည့်အနေအထားမျိုးမရှိ။ ခရီးလမ်းပန်း သွားလာရေး အခက်အခဲရှိသည် အပထား။ တစ်ခေါက်တစ်ခါသွားရောက်နိုင်ဖို့ရန်ကိုပင် ဆိုင်ရာ တာဝန်ခံများ၊ ဂိတ်များမှာ တိုင်ကြား၊ အစစ်ဆေးခံကာ ငြိုငြိုငြင်ငြင် သွားလာခဲ့ကြရသည်။ ဤကဲ့သို့သော ဒေသမှာ ထီးထီးမားမား ကျောင်းတော်ကြီး တစ်ဆောင် အဖြစ် ပေါ်ပေါက်လာသည်မှာ အံ့မခန်းနိုင်စရာ၊ မယုံကြည် နိုင်စရာဖြစ်လောက်အောင် ထူးဆန်းနေသည်။

အမျိုးမျိုးတွေးသူကလည်း တွေးသည်။

"ဘာလုပ်ဖို့ ဤနေရာ၊ ဤဒေသမှာ ဤမျှ ခမ်းနားကြီးကျယ်လှသော အဆောက်အအုံကြီးကို တည်ဆောက်ရသနည်း"

"ဌာနချုပ်လုပ်ရန်လော. . . "

"အနီးကပ်စောင့်ကြည့် သတင်းရယူရန်လား"

စသည့် သံသယမျက်လုံးပေါင်းများစွာဖြင့် ဒေါက်ထောက်ကြည့်ကြသည်။

မည်သူတွေ မည်သို့ ထင်ကြပါစေ၊ ကြည့်ကြပါစေ။ မြိုင်ကြီးငူ ဘုန်းတော်ကြီး၏ သဘောရင်းမှာ အများသူငါ ထင်ကြသော အကြောင်းခြင်းရာများနှင့် လုံးဝပတ်သက် ဆက်စပ်ခြင်း မရှိပေ။

ဖောင်တော်ဦးစေတီ တည်ထားခဲ့စဉ်က ရည်ရွယ်ချက်အတိုင်းပင် ဖြစ်သည်။ ဗုဒ္ဓသာသနာကို ပွင့်လင်းစေမည်၊ တစ်ချိန်တုန်းအခါက ထွန်းလင်းခဲ့ပြီး ယခုမှ ညှိုးမှိန်နေရသည့် ဗုဒ္ဓသာသနာ့ဆီမီးကို ပြန်လည်ထွန်းညှိမည်။

ဤနှင့်အတူ ကျွဲကူးရေပါ ဆိုသလို ဘာသာ သာသနာကိစ္စကို

ဆောင်ရွက်ရင်း မငြိမ်သက်သေးသော မိမိတို့ ကရင်ပြည်နယ်ကြီးကို အေးချမ်းစေလိုသည်။ ဗုဒ္ဓအဆုံးအမကို လိုက်နာကျင့်သုံးကြခြင်းဖြင့် ကပ္ပိလနှင့် ကောလိယ နှစ်ပြည်ထောင်မင်းတို့ အချင်းများပါ ပြေငြိမ်းခဲ့ဖူး သည်ကို အတုယူ စေလိုသည်။

ဤသည်သော ဘာသာရေးစိတ်ဓာတ် အရင်းခံဖြင့်သာ ဤမြေနေရာ ဤဒေသ ဤဌာနမှာ သာသနာပန္နက်ချခြင်း ဖြစ်သည်။ မည်သူတွေ မည်သို့ထင်ထင်၊ မည်သို့ဆိုဆို၊ မည်သို့ပြောပြော လုပ်မြဲဘာသာရေး ကိစ္စကိုသာ တစိုက်မတ်မတ် လုပ်ဆောင်နေခြင်း ဖြစ်သည်။

အရေးအခင်းရေးရာကိစ္စများ ရှိသည့်အနက် မြိုင်ကြီးငူ ဘုန်းတော်ကြီး အနေဖြင့် ဘာသာရေးကိစ္စတစ်ခုသာ သိရှိနားလည်သည်။

နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့မှာကား လုံးဝမသိချေ။ သိဖို့လည်း မရည်ရွယ်ခဲ့ပေ။ မိမိသည် ဤအဝတ်၊ ဤအသွင်ဖြင့်ပင် တောရ ဆောက်တည်၍ တရားဓမ္မနှင့် မွေ့လျော်တော့မည် စိတ်ကူးဖြင့် မြိုင်ကြီးငူသို့ ရောက်ခဲ့သည်။ မိမိကိုယ်ကျိုးဖြစ်သော တရားဓမ္မ ကျင့်ကြံနေထိုင်စဉ် သာသနာ့အကျိုးကိုပါ နိုင်သမျှ ထမ်းရွက်စေရန် အကြောင်းက ဖန်လာသည်။ ဖန်လာသည့် အလျောက် ဆောင်ရွက်သည်။

သို့ဆောင်ရွက်ရာမှာ မူလက အေးအေးဆေးဆေးဖြစ်နေရာမှ အရှိန် အဟုန်ဖြင့် ဆောင်ရွက်စေရန် တွန်းအားပေးခံရသည်။ ၎င်းမှာ ဗိုလ်မြက ဘုရားမတည်ရန် ပိတ်ပင်ခြင်းပင်။

ဘုန်းတော်ကြီး၏ ပင်ကိုယ်စိတ်ဓာတ်ကိုက ဆတ်လွန်းသော်လည်း သည်းညည်းခံလေ့ရှိသည်။ သို့ပါလျက် ထပ်ဆင့်လာလျှင် တုံ့ပြန်တတ်သည်။ အရွဲ့တိုက်တတ်သည်။

ငယ်စဉ် မခင်ထားနှင့် ဖြစ်ရသော ကိစ္စမျိုး၊ ဓားပြတိုက်ခံရသော အဖြစ်မျိုးတို့မှာ သာဓက ထင်ရှားသည်။ ယခုလည်း ဗိုလ်မြက ဘုရားမကြည် ရန် အကြိမ်ကြိမ် ခေါ်ပြောသည်။ နောက်ဆုံးအကြိမ်မှာ ပြင်းပြင်းကန်ယာနဲ့ သတိပေးသည်။

သည်းညည်းခံ၍ တပည့်သံဃာများကိုပါ ခေါ်ယူကာ ပြန်ဆင်း လာခဲ့သည်။ မြိုင်ကြီးငူရောက်၍ သံဃာ့ဆန္ဒယူသည်။ "သံဃာအား ဘုရားသော်မှ မလွန်ဆန်သာ" ဟူသော စကားကဲ့သို့ ဘုရားသခင်မော်မှ မလွန်ဆန်သာသေးဆိုပါလျှင် မိမိမြိုင်ကြီးငူဘုန်းတော်ကြီးအနေနှင့်သို့ လိုက်လျောရုံသာ။

ငယ်စိတ်ကလေး ပြန်ထလာသည်။ ခံပြင်းစိတ်ကလေး ပြန်ကြွလာသည်။ ထိုအခါ -

"ဘာသာ သာသနာကိစ္စ ဆောင်ရွက်သည်ပဲ၊ ဘာကိုမျှ မမှုပြီ။ အဆင်မသင့်၍ အသက်သေသည်ဆိုရာမှာလည်း တစ်ဘဝ တစ်ခါတော့ သေကြရသည်ချည်းပင်။ သေချင်းအတူတူ ကောင်းမှုလုပ်ရင်း ဘာသာ သာသနာ အတွက် ဆောင်ရွက်ရင်း သေရသည်ဆိုပါမူ မြတ်သောသေခြင်းသာ ဖြစ်သည်။ သေပျော်သည်" ဟု ခံယူလာသည်။

သို့ဖြင့် ဘုရားမတည်ပါနှင့်တော့ဟု တားနေရခြင်းကြားမှ ဘုရား တည်သည်၊ သိမ်သမုတ်သည်၊ ကျောင်းဆောက်သည်။ သည်ဘော့ မကျေနပ်သူအဖို့ သူ့ကို အရွဲ့တိုက်သလိုများ ထင်နေသလား မပြောနိုင်။ မြိုင်ကြီးငူ ဘုန်းတော်ကြီးကား လုပ်မြဲလုပ်ငန်းဆောင်တာအရ သူ့မွေးထစခန်းမှာ ဣဋ္ဌာသယ နှစ်ထပ်ကျောင်းတော်ကြီးကို ဆောက်လုပ်ပြီးစီးခဲ့သည်။

ယနေ့ ၁၃၅၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့မှာ ကျောင်းရေစက်ချပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ ဤစဉ်ကာလ မှာ နိုဖြူးဆရာတော် (ခေါ်) ရမ်ဘိုဘုန်းကြီး (ခေါ်) ဦးဝိဇာနသည် မာနယ်ပလော၌ ကျောင်းဆောက်၍ နေပြီဖြစ်သည်။ ဗိုလ်မြက ယုံကြည်သည်လော၊ အားထားကိုးကွယ်သည်လော၊ ကြည်ညို၍လော သို့မဟုတ် ခပ်ရိုင်းရိုင်းသုံးနှုန်းရပါလျှင် လက်ကိုင်တုတ် လုပ်လို၍လော အတိအကျ မပြောနိုင်သော်လည်း ဤနယ်တစ်ဝိုက် ရမ်ဘိုဘုန်းကြီး တန်ခိုးထွားနေသည်က အမှန်ပင်။

စည်ကားသိုက်မြိုက်သော ဤကဲ့သို့သော ကျောင်းရေစက်ချပွဲသို့ ဤမည်သော တန်ခိုးထွားနေသည့် ရမ်ဘိုဘုန်းကြီးကိုမှ မပင့်လျှင် အလေးမမူရာကျလိမ့်မည်။ ပင့်ပါမှ သင့်ပါမည်ဟု ဒကာတို့ လျှောက်ကြားချက်အရ "ကျောင်းရေစက်ချပွဲသို့ ကြွရောက်ချီးမြှောက်တော်မူပါဘုရား" ပင့်လျှောက်ထားလေသည်။ အကြောင်းများစွာအနက်မှ တစ်ကြောင်းကြောင်းကြောင့်ဟု ထင်သည်။ ရေစက်ချပွဲသို့ ရမ်ဘိုဘုန်းကြီး ကြွရောက်တော် မမူလာလေခဲ့။

တစ်ကြောင်းကြောင်းကြောင့် ရမ်ဘိုဘုန်းကြီး ကြွရောက်တော် မမူလာနိုင်သည်ကို ခွင့်လွှတ်ပါသည်။ "လူတစ်ခု ပူမှုဆယ်ကုဋေ" ဟု ဆိုစကားရှိသည်။ မအားလပ်ခြင်းဖြစ်ပေလိမ့်မည်ဟု ညွတ်နူးကြည်သာ ခွင့်လွှတ်ပါ၏။

အဲ. . . ပြောစရာ အပြစ်တစ်ခု၊ နိုဖြူးဆရာတော် (ခ) ရမ်ဘိုဘုန်းကြီးကိုကား မဟုတ်။

ဣစ္ဆာသယနှစ်ထပ်ကျောင်းတော် ရေစက်ချပွဲသို့ အရပ်ရပ် အရွာရွာမှ လာကြသည်။ အခြားရပ်ရွာမှ လာခဲ့ကြသူများအဖို့ မည်သို့ကြဲမည်၊ ကြံသည်ကို မသိရသော်လည်း သိရသော သတင်းတစ်ခုမှာ မဲသဝေါမှ ရေစက်ချပွဲသို့ လာရောက်သူများကို ဟိုးဖာလယ်ဂိတ်မှာ ဖမ်းထားသည်။ သူးမွဲထသို့ ပေးမလာကြ။ သည့်ထက်ဆိုးတာက နေပူထဲမှာ မတ်တပ်ရပ်ခိုင်းထားသည်။ သည့်နောက် စက်နှင့် စကားပြောကြပြီး မာနယ်ပလောသို့ ပို့ပေးလိုက်ကြသည်။ ရောက်လျှင် ရမ်ဘိုဘုန်းကြီးကျောင်း သို့လွှတ်တင်ကြပြန်သည်။ တချို့က ကြောက်ကြောက်လန့်လန့်ဖြင့် ရမ်ဘို ကျောင်းသို့ တက်ကြသည်၊ အချို့က "သူးမွဲထကို မသွားရမည့်အတူတူ တို့ရွာ တို့ပြန်မယ်" ဆိုကာ ပြန်သွားကြသည်။

ဤဖြစ်ရပ်ကား အမှန်မှာလိုလားအပ်သော ဖြစ်ရပ်တစ်ခုမဟုတ်ပေ။

ဟန့်တားခံရသော ရွာသားမပါသော်လည်း ပရိသတ် သုံးသောင်းကျော်ဖြင့် စည်ကားသိုက်မြိုက်စွာဖြင့် ဣစ္ဆာသယ နှစ်ထပ်ကျောင်းရေစက်ချပွဲသည် ၁၃၅၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့တွင် အောင်မြင်စွာ ပြီးဆုံးခြင်းသို့ ရောက်ခဲ့လေသည်။

**********

၁၃၅၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်။

သူးမွဲထမှ ရှေ့ဘက်ကမ်း (ထိုင်းဘက်ကမ်း) ၌ မဏိထူပစေတီ တည်ထားရန် အုတ်မြစ်ချသည်။ ထုံးစံအတိုင်း ပဋ္ဌာန်းရွတ်ပွဲဖြင့် ဖွင့်လှစ်သည်။

မဏိထူပစေတီ တည်ရာဒေသသည် ထိုင်းဘုရင့်မယ်တော်၏ မွေးဌာနီဖြစ်သည်။ ထိုင်းမှ ဒကာ၊ ဒကာမများ၏ ပင့်လျှောက်ချက်အရ တည်ထားတော်မူခြင်း ဖြစ်သည်။ တည်ထားရာဝယ် ထုံးစံအတိုင်း သံဃာများနှင့် ဘောနော်ကလိုး၊ မဲကလော့၊ ခွေးကလုတ် စသော ဒုက္ခသည်စခန်းတို့သို့ ဆွမ်းဆန်စိမ်း အလှူခံကြွရသည်။

စခန်းရှိ တိုင်းရင်းသား အလှူရှင်များက လှူကြသည်။ ပြီးတော့ ငိုကြသည်။ မွေးဌာနေကို သတိတရ လွမ်းဆွတ်ကြောင်း မျက်ရည်လေး စမ်းစမ်း စမ်းစမ်းဖြင့် ပြောကြသည်။ မြိုင်ကြီးငူဘုန်းတော်ကြီးအနေဖြင့် -

"အားလုံး သတ္တဝါများ ကျန်းမာချမ်းသာကြပါစေ၊ ဆင်းရဲဒုက္ခမှ အမြန်လွတ်ငြိမ်းကြပါစေ" ဟူ၍ မေတ္တာအတန်တန်ပွားရုံမှတစ်ပါး အခြား

မတတ်နိုင်ချေ။

အလှူခံရသော ပစ္စည်းပစ္စယများဖြင့် လိုအပ်သော ပစ္စည်းများကို မဲဆောက်သို့ သွားရောက် ဝယ်ယူရသည်။ ၎င်းကိစ္စကို မဲသဝေါမှ လှကြည်ပါး က ပင်တိုင် ဆောင်ရွက်ပေးသည်။

သို့ဖြင့်. . .

ဉာဏ်တော် ၂၇ တောင်ရှိသော မဏ္ဍိုထူပ စေတီတော်ကို အရံစေတီ ၈ ဆူနှင့်တကွ အချိန်တိုအတွင်း ပြီးစီးခဲ့သည်။

ကျောင်းတစ်ဆောင်နှင့် ကမ္မဋ္ဌာန်းကျောင်းသခ်မ်းငယ်တစ်ခုကိုပါ ဆောက်လုပ်ပြီးစီးခဲ့သည်။ ထို့ပြင် သူးမွဲထရှေ့ဘက်ကမ်းတွင် လွန်ခဲ့သည့် နှစ်နှစ်ခန့်က စတင် ဆောက်လုပ်ထားပြီး ယနေ့ထိတိုင် မပြီးစီးနိုင်သေးသော ကျောင်းတစ်ဆောင်ကိုပါ အုတ်ပတ်ကားစီ၊ သွပ်မိုးကာ သေသပ်လှပစွာ အလျင်အမြန် ဆောက်လုပ်ပြီးစီးခဲ့သည်။

မဏ္ဍိုထူပ စေတီတော်နှင့် အရံစေတီများ၊ ကျောင်းသခ်မ်းများ လုပ်ဆောင်ပြီးစီးပြီးနောက် စေတီတော်အား ရွှေထီးတော်တင် ဆက်ကပ် လှူရန် စီစဉ်သည်။

၁၃၅၅ ခုနှစ်၊ နတ်တော်လပြည့်နေ့၌ ထီးတော်တင် ကပ်လှူပူဇော် မည်ဟု သတ်မှတ်လိုက်သည်။

ထီးတော်မတင်လှူမီ တစ်နေ့. . .။

ထိုင်းဘက်ကမ်း မိုင်းလုံးကြီးရှိ မန္တလေးကျောင်းမှာ ဘုရားထီးတော် တင်ပွဲသို့ အပင့်ရောက်လာသဖြင့် မြိုင်ကြီးငူဘုန်းတော်ကြီး ကြွရောက်သည်။ ထီးတင်ပွဲမှာ မြန်မာဆိုင်းဝိုင်းကြီးဖြင့် ခမ်းခမ်းနားနား စည်ကားသိုက်မြိုက် လွန်းလှသည်။ မြန်မာနိုင်ငံမှ တကူးတကခေါ်ယူ တီးမှုတ် သီဆိုစေသည်။

ထီးတော်တင် အခမ်းအနားသို့ ပရိတ်ချည်မျှင်ဆရာတော် ကြွရောက် ကာ ပရိတ်ချည်ဖြင့် ထီးတော်တင်လှူသည်။ ပရိသတ်ကား ဝက်ဝက်ကွဲမျှ စည်ကားလှသည်။

မြိုင်ကြီးငူဘုန်းတော်ကြီးသည် မိမိ၏ မဏ္ဍိုထူပစေတီ ထီးတော်တင်ပွဲ သို့ ကြွရောက်ချီးမြှင့်တော်မူပါရန် ပရိတ်ချည်မျှင် ဆရာတော်အား ပင့်လျှောက် သည်။ ကြွရောက်ချီးမြှင့်ပါမည်ဟု ဝန်ခံသည်။ ထိုထီးတင်ပွဲမှာပင် မြန်မာပြည် သားများဖြစ်သော ဒကာစိုးထူး၊ အောင်ကျော်၊ လှသန်းတို့နှင့် ဆုံရသည်။

ၡင်းတို့မှာ ပြည်ချစ်အဖွဲ့မှဖြစ်ကြောင်း ပြောသည်။ ၡင်းပြင် -

"ဆရာတော် သာသနာပြုလုပ်ငန်းမှာ ဆရာတော် အလိုရှိသမျှ ကူပါမည်၊ ဆီကိုလည်း လှူပါမည်" ဟု လျှောက်ထားလာသည်။

ဘုန်းတော်ကြီးကား ဘာမှ ပြန်မပြွက်ကြားချေ။ ခပ်မဆိတ်သာ နေလိုက်သည်။

သို့ဖြင့် မဏိထူပစေတီ ထီးတော်တင်သည့်နေ့သို့ ရောက်လာသည်။ ထီးတင်ပွဲသို့ ထိုင်းမှ ဆရာတော် လေးပါးကိုပါ ပင့်ဆောင်ထားသည်။ ကြွရောက်ချီးမြှင့်ကြသော်လည်း သံဃာများ နံနက်ဆွမ်းဘုဉ်းချိန်ဝယ် သူတို့ကား ဆွမ်းမဘုဉ်းကြ။ နက်စ်ကော်ဖီနှင့် မုန့်များကိုသာ ဘုဉ်းပေးကြသည်။ နေ့ဆွမ်းချိန်မှာလည်း မြိုင်ကြီးငူဘုန်းတော်ကြီးတို့၏ သက်လွတ်ဆွမ်းကို သူတို့ မဘုဉ်းလိုကြဆိုသဖြင့် သူတို့အကြိုက် စားသောက်ဖွယ်ရာမှအစ စီစဉ်ပေးရသည်။ သည့်အပြင် ကန်တော့ပွဲကိုလည်း ဤပစ္စည်း၊ ထိုပစ္စည်းတွေ ပါရမည်ဆိုသဖြင့် ပြောသည့်အတိုင်း ပြင်ဆင်ပေးရသည်။

ပင့်ထားပြီးဖြစ်သည်မို့ စေတနာမကွက်သွားရအောင် မနည်းကြီး ကိုထိန်းထားရသည်။ သူ့မြေ သူ့ရေ သူ့ဒေသမို့ သူတို့ကိုပါ ပါစေချင်၍သာ ပင့်ခဲ့ရသည်။ ဤမျှ ဇီဇာကြောင်မှန်းသိလျှင် ပင့်မိမည်မဟုတ်။

ကြိုတင်ပင့်မှာထားသည့်အတိုင်း ပရိတ်ချည်မျှင် ဆရာတော်လည်း ကြွရောက်လာသည်။ ပရိတ်ချည်မျှင် ၉ ပင်ဖြင့် ထီးတော်တင်ပေးသည်။ တင်ပုံမှာ -

စေတီတော်ရှိ ငြမ်းဆီသို့ သွယ်တန်းထားသော စက်သီးကြိုး၊ ထိုကြိုးပေါ်မှာ စက်သီးတပ် ပန်းရထား၊ တင်ရိုးတင်စဉ် ဆိုလျှင် ထိုပန်းရထား ပေါ်မှာ ထီးတော်ဘုံအဆင့်ဆင့်ကို တစ်ဘုံချင်းတင်၍ဆွဲကာ တင်လှူ ဆက်ကပ်ပူဇော်သည်။

ယခုမူ. . .

ထီးတော်ပထမဘုံအဆင့်ကို ပန်းရထားပေါ် မတင်ဘဲ ထီးတော်သုံးဘက်သုံးတန်မှာ ပရိတ်ချည်မျှင် သုံးပင်စီ ချည်နှောင်၍ ပန်းရထားမှာ ချိတ်ဆွဲကာ စက်သီးကြိုးဖြင့် ဆွဲတင်ခြင်းဖြစ်သည်။ ချည်မျှင်တစ်မျှင်၏ ခိုင်ခံ့မှုသည် အဘယ်မျှ ရှိသည်မဟုတ်။ ၉ ပင် ပေါင်းဦးတော့ကော မည်မျှ ခိုင်ပါဦးမည်နည်း။ သို့သော် လေးလံသော ထီးတော် ပထမဘုံဆင့်ကို ထိုချည်မျှင် ၉ ပင်မျှဖြင့် ချည်နှောင်ချိတ်ဆွဲ၍ စေတီထိပ်ပေါ်သို့ တင်စေသည်။ ချည်

တစ်မျှင်သော်မှ ပြုတ်တောက်ခြင်း မရှိခဲ့။

သည်မျှသာမကသေး။ ထီးတော်ကို စက်သီးဖြင့် စတင်၍ တင်သည်တွင် ပရိတ်ချည်မျှင် ဆရာတော်ကိုယ်တိုင် ထီးတော်အောက်သံကိုင်းကို ကိုင်၍ စက်သီးဆွဲတင်ရာသို့ တွဲလွဲခို လိုက်ပါလိုက်သေးသည်။ လူတစ်ရပ်ကျော်အမြင့်မျှ လိုက်ပါသွားပြီးနောက် စက်သီးကြိုးကို ပြန်လျှော့ချပေးရာ ခြေထောက်မိ လောက်သည်တွင် ထီးတော်ကို ကိုင်ထားရာမှ လက်လွှတ်လိုက်သည်။ ထီးတော်ကား ချည်မျှင် ၉ ပင်အားဖြင့်ပင် စေတီထက်သို့ ဆက်လက်ဆွဲတင်ပါရှိသွားသည်။

ဒုတိယ၊ တတိယ ဘုံဆင့်များကိုလည်း အလားတူ ချည် ၉ ပင်ဖြင့်သာ တင်သည်။ ဤဘုံဆင့်များ တင်စဉ်တွင်မူ လူလိုက်ပါခြင်း မရှိချေ။

ဖြစ်ရိုးဖြစ်စဉ်ထက် လွန်လာလျှင် ထူးခြားသည်၊ ထူးဆန်းသည်ဟု ဆိုကြသည်။ "သဘာဝလွန် သဘောတရား" ဟုလည်း ဝေါဟာရပြုကြသည်။

သို့ဆိုလျှင် -

၁၅ ပိဿာအထက်လေးသော ထီးတော် ပထမဘုံဆင့်၊ ပိဿာ ၃၀ ခန့်လေးသော လူ့အလေးချိန်၊ နှစ်ရပ်ပေါင်း ၄၅ ပိဿာမျှရှိသော အလေးချိန်ကို အပ်ချည်မျှင် ၉ ပင်မျှဖြင့်ချိတ်ဆွဲယူရာ မပြုတ်မတောက် ရှိသည့်အဖြစ်သည် သဘာဝလွန် သဘောတရားဟု ဆိုနိုင်ကောင်းရပါတော့မည်။ ပြောမှယုံ၊ ကြုံဖူးမှသိ စကားအရ ပရိသတ်များမှာ ကိုယ်တိုင် ကြုံတွေ့နေရပြီမို့ ယုံလိုက်ရပေတော့သည်။

အဘယ့်ကြောင့် အပ်ချည်မျှင် ၉ ပင်က ဤမျှထိ ခိုင်ခံ့နေရသနည်း၊ သိချင်ကြမည်။ ဘာ့ကြောင့်ဆိုသော အကြောင်းရင်းကို သိရပါမူ ပို၍ အံ့သြစရာကောင်းရာသည်။ သိလည်း သိသင့်ထိုက်လှသည်မို့ ရေးပြရပါမူ. . . ။

ဗုဒ္ဓသာသနာဝယ် သိက္ခာသုံးရပ်ဖြစ်သော သီလ၊ သမာဓိ၊ ပညာ တို့၏ အစွမ်းပင်ဖြစ်သည်။ ၎င်းသုံးရပ်အနက် သမာဓိဟူသော သိက္ခာကို အာသေဝန ပစ္စည်းတပ်အောင် လေ့လာပွားများထားစေရသည်။ သမထကမ္မဋ္ဌာန်း ၄၀ အနက် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို ဝသီဘော်ပေါက်အောင် ကျင့်ထားရသည်။ စိတ်စူးစိုက်မှု သမာဓိကို နိုင်နင်းစေရသည်။ ကျင့်သားရထားပြီးခါမှ အရဟံ စသော ဘုရားဂုဏ်တော် (၉)ပါးကို အဆက်မပြတ်စေဘဲ အပြန်အလှန် ရွတ်ဆိုလေ့ကျင့်ရသည်။

အသက်ရှုစဉ်တွင်ပင် မပြတ်စေဘဲ နဲ့သမားများကဲ့သို့ လေပြန် အသက်ရှုရင်း ဆိုတတ်အောင် လေ့ကျင့်ရသည်။ လေထွက်လေဝင် အသက် ရှုရင်း ဘုရားဂုဏ်တော် (၉)ပါးကို အဆက်မပြတ်စေဘဲ တတွတ်တွတ် ရွတ် ဖတ်တတ်စေရန် ကျင့်ရသည်။ စိတ်အားသမာဓိကလည်း တည်ကြည်စူးစိုက်မှု ရှိနေရသည်။ အာရုံတစ်ပါးသို့ စိတ်မသွားစေရ။ ဤသို့ စိတ်ကို အမတော် အသင့် နိုင်နင်းအောင် ဆုံးမထားရသည်။

ထီးတင်တော့မည်ဆိုလျှင် ချည်မျှင်ကို စတင်ကိုင်တွယ်သည်မှစ၍ ဖော်ပြပါကဲ့သို့ ဂုဏ်တော်ကို အဆက်မပြတ် ရွတ်နေရသည်။ အကယ်၍ အဆက်ပြတ်ခဲ့သော် အပ်ချည်မျှင် ပြတ်သွားတတ်သည်ဟု ဆိုသည်။ ဤနည်း ဖြင့် ပရိတ်ချည်မျှင် ဆရာတော်သည် ဘုရားအဆူဆူအား ထီးတော်တင်လှူ ပူဇော်ပေးခဲ့သည်။

ဂုဏ်တော်အာနိသင်ကြောင့်လော၊
စိတ်စွမ်းအင်ကြောင့်လော

မဆိုနိုင်သော်လည်း ထီးတော်တင်မှု ပြီးစီးအောင်မြင်ခဲ့သည်သာ ဖြစ်သည်။ မည်သို့ရှိစေ စွမ်းအင် နှစ်ပါးလုံးကြောင့်သာ ဖြစ်ရသည်ဟု ဆိုရပါ မည်။

(ကြားဖြတ်အမှာ ။ ပရိတ်ချည်မျှင်ဆရာတော်၏ အကြောင်းကို ရေးရာဝယ် ထိုစဉ်ကာလက ကြုံတွေ့ရသော ဖြစ်ရပ်ကို ရေးပြခြင်းသာဖြစ် သည်။ မကြာလှသေးသောနေ့များ ၂၈-၅-၉၆ မှ ၃၀-၅-၉၆ နေ့အထိ သုံးရက်အတွင်း မော်ဘီမြို့တစ်နေရာတွင် ဖြစ်ပျက်ခဲ့သောဖြစ်ရပ်ကို ရည်ညွှန်း ခြင်းပြုသည် မဟုတ်ပါ။ ကာယကံရှင်များ နားလည်ခွင့်လွှတ်စေချင်သည်။ စာရေးသူ)

ထီးတော်တင်ရာဝယ် မိုင်းလုံးကြီး မန္တလေးကျောင်းမှာကဲ့သို့ မြန်မာ ဆိုင်းဝိုင်းကြီးမဟုတ်။ နာမည်ကြီး အဆိုတော်များ၊ ပညာရှင်များကားမဟုတ်။ မြိုင်ကြီးငူဘုန်းတော်ကြီး ဘုရားထီးတော်တင်လေတိုင်းမှာ ပါမြဲဖြစ်သော အရပ် ဝိုင်း (ခါးပြတ်ဝိုင်း) သာ ဖြစ်သည်။ ပညာရှင်များအဖြစ် ယခင်က ဇာတ်ကြီး များမှာ ပါဝင်တီးမှုတ်ခဲ့သော ဦးခင်ဖေ မိသားစု၊ ဦးဘဆွေ မိသားစုနှင့် ဦးဖိုးထင် မိသားစု၊ ချနားကြည် (ကလယ်ကုလား) မိသားစုတို့ ဖြစ်သည်။

ထို့အနက်မှ ဦးဖိုးထင်၊ ဒေါ်လှရွှေတို့၏ ဒုတိယသမီးဖြစ်သူ အေးအေးခိုင်က အငြိမ့်လည်း ကတတ်သည်မို့ ကြွလာသူ ဧည့်ပရိတ်သတ် အား အငြိမ့်အကဖြင့် ဖျော်ဖြေတင်ဆက်လေ့ရှိသည်ကို သဘင်ပညာသည်

အုပ်စုတွင် ချနားကြည်တို့ မိသားစုပါဝင်လေရာ အသားအရောင် အနေအထားအရ လူအုပ်အလယ်တွင် ထင်းခနဲနေအောင် မြင်သာနေသည်ကိုက ထူးခြားလွန်းလှသည်။

ဘုရားထီးတော် မတင်သေးမီမှာ ဧည့်ခံအဖြစ် ထူးမခြားနား၊ အောင်မင်္ဂလာ၊ ဇေယျတုသဗ္ဗမင်္ဂလံ စသော သီချင်းကြီး၊ သီချင်းခန့်များကို အေးအေးခိုင်က ဝိုင်းတော်နှင့်အတူ သီဆိုပူဇော်သည်။ ထီးတော်စတင်ရန် ပြင်ဆင်သည့်အချိန်မှစ၍ -

- ❖ သိန်သရေ ထိန်ဝေ၊ စိန္တေလေ မြတ်ဘုရား၊ မြတ်ဘုရား (ညွတ်နှိမ်ကာ ထွတ်စိန္တာ)၂ ညွတ်နှိမ်ကာ ကန်တော့ပါပေ့ါဘုရား။
- ❖ မှိန်ချွေ ရှိန်တော၊ ထိန်ဝေဝေ မြတ်တရား မြတ်တရား (ပူဇော်ကာ ရည်မျှော်ကာ)၂ ပူဇော်ကာ ကန်တော့ပါပေ့ါဘုရား။
- ❖ နေဖလ်ဝါ ရွှေလျှံဖြာ ထေရ်သံဃာ ရှစ်ပါး ရှစ်ပါး (ဦးနှိမ်ချီ ဖူးချိန်မီ)၂ ဦးနှိမ်ချီ ကန်တော့ပါပေ့ါဘုရား။
- ❖ လက်ကြာငုံပန်းများနှင့် အိုလေလေ့ ရှိပူဇော်၊ စေတနာနှင့် ဝေဆာပွင့်၊ နေမှာတင့် ကြာနှင့်တူစွနော်။
- ❖ မဏ္ဍိုထူပစေတီတော်ကိုလေ၊ တူရွှင်ပျော် တည်ထား တည်ထား (ဓာတ်မွေတော် မှတ်ရွှေလျော်)၂ မပြတ်နေပျော် ကိန်းဝပ်စေဘိသား။

စသော ထီးတော်တင် ကောင်းကင်ကြိုးဖြင့် သီဆိုပူဇော်သည်။ သီဆိုသူများမှာ မိသားစုအသီးသီးမှ အေးအေးခိုင်၊ ဝါဝါစိုး၊ အိသန္တာခိုင်၊ ခအေးအေးဝင်း ဆိုသော သမီးပျိုလေးများ ဖြစ်သည်။ ပညာရှင်ကြီးများမဟုတ်သည်မှာ မှန်၏။ သို့သော် အခြေအနေနှင့် အချိန်အခါအရ အလွန်မှ လိုက်ဖက်လှသည်။ တက်သစ်စနေခြည်ဝယ် တလက်လက်တောက်ပနေသော ရွှေထီးတော်က ရထားယာဉ်ပျံနှင့်အတူ စက်သီးကြိုးမှတစ်ဆင့် ဘုရားငြမ်းပေါ်သို့ တရွေ့ရွေ့ ညင်သာစွာ မြင့်တက်နေသည်။ ဝိုင်းတော်မှ ထီးတော်တင်ကောင်းကင်ကြိုးသီချင်းသံက ငြိမ့်ငြောင်းသာယာစွာ ပေါ်ထွက်နေသည်။

ကြည်နူးသာယာဖွယ် ရှိလှပါဘိတောင်း။

ထီးတော်တင်လှူနေသည်မှာ နောက်ဆုံးအဆင့်ဖြစ်သည့် စိန်ဖူးတော်သည့် ရထားယာဉ်ပျံနှင့်အတူ စက်သီးလမ်းအတိုင်း တရွေ့ရွေ့ မြင့်တက်လာနေသည်။ ဝိုင်းတော်မှ -

❖ မြိုင်ကြီးငူ ထေရ်ရှင်ဆရာရှင်ရယ်လေ၊ ပွားစေတနာ ပဝင်း ပဝင်း(ပြည်မော် အမတာ ရည်မျှော်ကာ)၂ ရှည်သော် သာသနာ ကပ်လုံးတိုင်ထိချဉ်း။

❖ စုံညီညာ မယွင်းပါဘု၊ အိုလေလေ့လေ့ ဆွေမြို့သူ စေတနာ ဖြူလွှ ဝေဖြာတူကြ သေလာငူအလှ၊ သာသနာ့အောင်လံ ဝင့်ထူ။

ကောင်းကင်ကြိုးသီချင်းသံက ဆက်လက်လွင့်ပျံ ထွက်နေသည်။ ပွဲတော်လာ ပရိသတ်များမှာ တဖြည်းဖြည်း မြင့်တက်သွားသော စိတ်ဖူးတော်ဆီသို့ ပန်းများ၊ ပေါက်ပေါက်များ၊ ဖယောင်းတိုင်များဖြင့် မမိမကမ်း လှမ်း၍ ပစ်ပေါက် ပူဇော်နေသည်။ ဗုဒ္ဓဘာသာဝင်တို့၏ ထူးခြားဆန်းကြယ်သော စေတနာ သဒ္ဓါတရားဟုပင် ဆိုရပါမည်။ မမိမကမ်း ပစ်ပေါက်ပူဇော်ရသဖြင့် ဘေးအမြင်မှာ အလကားဖြစ်သွားရသည်ဟု မြင်ကြပေမည်။ အမြင်အရ မှန်သည်ဆိုဘိငြား "စေတနာ ဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ" စိတ်ထားစေတနာသည်ပင် ကံဖြစ်သည်ဟူသော ဘုရားဟော မိန့်မြွက်ချက်ကို ထိုသူတို့ သိနိုင်ကြလိမ့်မည်မထင်။ ကြားဖူးသော်မှ ကြားဖူးပါလေစ။ နားလည်ဖို့ဆိုသည်မှာ ဝေးရော။

ဖြည်းဖြည်းချင်း မြင့်တက်လာနေသော စိန်ဖူးတော်ကို မော်ဖူးနေသည့် ပရိသတ်အားလုံး၏ စိတ်အစဉ်သည် ဘုရားနှင့် စိန်ဖူးတော်ဆီမှာသာ ရှိနေသည်။ ကြည်ညိုသဒ္ဓါ ရွှင်လန်းလျက် အားတက်ရွှင်လန်းနေသည်။ ထီးတော်တင်ပွဲ၏ အထွတ်အထိပ်အဖြစ်ဆုံးအချိန်၊ စိတ်ဓာတ်တက်ကြွနေဆုံးအချိန်။ မကြာမီ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြီးပြည့်စုံတော့မည့်အချိန်။

"ဝုန်း" ခနဲ. . .

"အုန်း" ခနဲ. . .

ဒုံးကျည်လေးလုံးပစ်သံက ဆက်တိုက်ထွက်ပေါ်လာသည်။ သုံးလုံးသော ဒုံးကျည်မှာ ပရိသတ်ထုကို ကျော်လွန်၍ အဝေးကြီးဆီမှာ ကျရောက်သည်။ သို့သော် မပေါက်ကွဲချေ။ နောက်ဆုံး ဒုံးကျည်တစ်လုံးမှာမူ အများအမြင်မှာပင် ဘုရားရှိရာသို့ ရောက်လာပြီး ဘုရားကို တစ်ပတ်ပတ်ကာ လာရာလမ်းအတိုင်း ပြန်ကွေ့သွားပြီး ကျရောက်ပေါက်ကွဲသည်။ ထိခိုက်မှု တစ်စုံတစ်ရာတော့ မရှိချေ။

ဒုံးကျည်သံ ထွက်ပေါ်လာပြီး မရှေးမနှောင်းမှာပင် ပရိတ်ချည်မျှင်

ဆရာတော်သည် မြိုင်ကြီးငူဘုန်းတော်ကြီးကိုမှ နှုတ်ဆက်မနေတော့ဘဲ တစ်ချိုးတည်း ထပြန်သွားတော့သည်။ ထိုင်းဆရာတော်များလည်း မျက်ကလဲဆန်ပြာ ဖြစ်ကုန်ပြီ။ ပရိသတ်အချို့သည်ပင် ရုတ်ရုတ်သဲသဲဖြစ်ကာ ခြေဦးတည့်ရာ ပြေးလွှားနေကြပြီ။

ဟန်မပျက် ဆက်လုပ်နေသူတို့ကား မြိုင်ကြီးငူဘုန်းတော်ကြီးနှင့် တပည့်သံဃာပရိသတ်၊ သောလယ်ထရွာသားများ၊ ဘားအံမှ လိုက်ပါသွားသော ဦးတင်ကြည်၊ ဒေါ်ခင်ထွေးမြင့်မိသားစု၊ ကမမောင်းမှ ဒေါ်အေးသန်းတို့ လူစု၊ တောင်ပေါ်ကရင်အမျိုးသားများနှင့် တီးမှုတ်သီဆို ပူဇော်နေသော သဘင်ဂီတပညာရှင်များ။

သူတို့မှာ ပြေးဖို့ရာ မြေရှိမည်မထင်။ ရေမြေခြားလည်း ဖြစ်နေသည်။ ဘုရားတည်ရန် အရေး၊ ဆရာတော့်ပါရမီ ကူညီကာ ဖြည့်ရေးကိုသာ အလေးထားလာခဲ့ရသူတွေမို့ ဘုရားမှအပ မသွားလာတတ်။ "ဖြစ်ကာမှ ဖြစ်ပေရော့၊ ဘုရားဖက်၍ အသက်ထွက်စေတော့" စိတ်ထားဖြင့် မထူးဇာတ်ခင်းထားကြသည်။ လုပ်ကိုင်နေသူများလည်း ဟန်မပျက်။ တီးမှုတ်သီဆိုနေသူများကလည်း မှုမပျက်ပင်။

❖ မဏိထူပစေတီဘုရားကိုလ၊ အိုလေလေ့လေ့ ရှိပူဇော်၊ ပြင်ဆင်ကွက်၊ ဆင်ယင်လျက်၊ မြင် မြင်မက်၊ လျှုဆက်တင်ထီးတော်။

❖ စိတ်နှလုံးကြည်ကြည်ပျော်တယ်လေ. . . ရည်ရည်မျှော် စိတ်မှန်း စိတ်မှန်း (နန်းနိဗ္ဗူ မှန်းစိတ်ယူ)၂ လွှမ်းရိပ်မြူ မြန်းရပါစို့မှန်း။

❖ ပြည်မြန်မာတစ်ဝှမ်းမှာလ ဒိုလေလေ့လေ့ များဗိုလ်လူ ကျန်းမာဖို့ ချမ်းသာလို့၊ လန်းဖြာမို့ မှန်းလို့ချွေဆုယူ။

❖ တိုင်းရင်းသား တို့သူငါတွေမှာလေ၊ တက်လက်ညီ စုပေါင်း စုပေါင်း (အေးချမ်းမည် ဘေးမသမ်းပြီ)၂ ဘေးမသမ်းပြီ၊ မြတ်ဆုချွေလို့တောင်း။

တောင်းသောဆု မပြည့်ပါလေခဲ့။ လေးလုံးသော ဒုံးကျည်တို့ဖြင့် ပစ်ခတ်ခံခဲ့ရသည်။ တော်ပေးသေးသည်။ နောက်ထပ် ဘာသံမှ ထွက်ပေါ်မလာတော့။ ထီးတင်ပွဲကား ရုတ်ရုတ်သဲသဲဖြင့် ပြီးဆုံးသွားရသည်။ ရုတ်ရုတ်သဲသဲ ဆိုသည်မှာ ဣန္ဒြေပျက်ပြားသွားသည်ဟု မဆိုလို။ ပရိသတ်များ၏ အာရုံထွေပြားသွားမှုကိုသာ ဆိုလိုသည်။

စိန်ဖူးတော် ဆက်ကပ်တင်လှူအပြီးမှာ ခေါင်းလောင်းများ ချိတ်၍ ဆက်ကပ်လှူဒါန်းသည်။ အပြီးမှာ မြိုင်ကြီးငူဘုန်းတော်ကြီးသည် ဘုရား ငြမ်းထိပ်သို့ တက်ရောက်ကာ ရွှေမိုးငွေမိုး ရွာသွန်းပေးသည်။ ၂၇ တောင် အမြင့်ရှိသော ငြမ်းပေါ်မှ ကြဲချပေးခြင်းဖြစ်သဖြင့် မြန်မာငွေစက္ကူများ ထိုင်းဘတ်ငွေ စက္ကူများ ပလူပျံကာ လေအဝှေ့ဝယ် ဝေ့၍ဝေ့၍ ကျဆင်း လာနေသည်။ ထိုကို ပရိသတ်များက ခုန်၍ခုန်၍ ဆီးဖမ်းကြသည်၊ အောက်ကျသည်တို့ကို တိုးဝှေ့ လုယက် ကောက်ယူကြသည်။

ရွှေမိုးငွေမိုး ရွာသွန်းပေးအပြီးမှာ မြိုင်ကြီးငူဘုန်းတော်ကြီးသည် ပြော ကြားသင့်သည်များကို မှာကြားကာ သောလယ်ထသို့ စက်လှေဖြင့် ခရီးပြန် နှင်ခဲ့သည်။ နေ့ဆွမ်းအမီရောက်သည်။ ရှိလိမ့်မည်အထင်နှင့် လာခဲ့သည့် အတိုင်း ပရိတ်ချည်မျှင် ဆရာတော်အား တွေ့ရသည်။

ဒုံးကျည်ပေါက်ကွဲမှုဖြစ်ရပ်နှင့် စပ်လျဉ်း၍ မထင်မှတ်ထားဘဲ ဖြစ် လာသည့်အတွက် ဆရာတော်အား အားနာခြင်းဖြစ်မိရပါကြောင်း၊ ဤသို့ ဖြစ်မည်မှန်း သိထားပါက ဆရာတော်အား ပင့်ဖိတ်၍ စိတ်ပင်ပန်းစေမည် မဟုတ်ပါကြောင်း၊ ယခုဖြစ်ရပ်နှင့် ပတ်သက်၍ မိမိအနေနှင့် မည်သို့မှ မကောင်း နိုင်စေကာမူ ခွင့်လွှတ်တော်မူပါဟု တောင်းပန်လျှောက်ထားသည်။

ပရိတ်ချည်မျှင် ဆရာတော်ကား မည်သို့မျှ ထူးထူးထွေထွေ မိန့်ကြား မနေတော့။ "ကိစ္စမရှိပါဘူး" ဟု ဆိုစေကာမူ မျက်နှာအမူအရာက ကိတ်လင်း မှု မပြေသေးကြောင်း တွေ့နေရသည်။ ခွင့်လွှတ်သော်ရှိ၊ မလွှတ်သော်ရှိ ဖိတ်မန်သူ အိမ့်ရှင်ဝတ္တရားအရ တောင်းပန်ပြီးနောက် နေ့ဆွမ်းဘုဉ်းပေးပြီး သည်နှင့် ပြန်ဆင်းလာခဲ့သည်။

ထီးတော်တင်နေစဉ် ဒုံးကျည်လေးလုံး ပစ်ခတ်ခံရမှုနှင့် ဂယ်၍ စိတ်ထဲ မရှင်းမရှင်း ဖြစ်နေရသည့်အထဲ မဏိထူပ ရောက်သည်နှင့် အဖင်လာသတင်း တစ်ခုက ဆီးကြိုနေသည်။ ပြန်ရောက်ရောက်ချင်း လျှောက်ထားကြသည်။

"ထီးတော်ပွဲသို့ လာရောက်ကြသော မဲသဝေါမှ ဘုရားဖူးအဖွဲ့ကို ဟိုဖာလယ်ဂိတ်မှ အကုန်ဖမ်းထားပြီး နေပူထဲမှာ တစ်နေကုန် မတ်တပ်ရပ် နေခိုင်းကြောင်း၊ ညနေမိုးချုပ်မှ ပေးပြန်စေကြောင်း" ဝသည့် စသည်။

သူးမွဲထရှိ ဣန္ဒာသယကျောင်းတော်ကြီး ရေစက်ချပွဲတုန်းကလည်း အလားတူ ဖြစ်ရပ်မျိုး ကြားခဲ့ရသည်။

နားရှိသည်။

ပြောသူက ပြောပြသည်။

ထို့ကြောင့် ကြားရသည်။

ဘာတတ်နိုင်ပါမည်နည်း။

မိမိကိုယ်တိုင်သော်မှ သူတို့ပြုသမျှ နုနေရသည် မဟုတ်သည့်တိုင် လှုပ်ရှားနေရသည်ကမှ အနိုင်နိုင်။

မတတ်နိုင်ပြီ။

သတ္တဝါတစ်ခု ကံတစ်ခု သဘောထားလိုက်ရတော့သည်။

"သြော်. . . သဗ္ဗေသတ္တာ ကမ္မသကာပေတကား" ဟူ၍။

(မဏိထူပစေတီတော် တည်ရာဌာနသည် ထိုင်းဘုရင့်မယ်တော် မွေးရပ်ဌာနီ ဖြစ်သည်။ မိမိ၏ မွေးဌာနီမှာ ဘုရားစေတီတစ်ဆူ တည်ထား ပြီးစီးခဲ့သည်ကို ဝမ်းမြောက်လှသည်နှင့် ဘုရားတည်ထားရာတွင် ကုန်ကျခဲ့ သော စရိတ်စက ဘတ်ငွေ ၆ သိန်း ၄ သောင်းကို မြိုင်ကြီးငူဘုန်းတော်ကြီးထံ သို့ ပေးပို့လှူဒါန်းခဲ့သည်။

ငင်းငွေသည် မြိုင်ကြီးငူဘုန်းတော်ကြီးထံသို့ ရောက်မလာခဲ့။ သော လယ်ထဘုန်းကြီးနှင့် ထိုင်းလူကြီးအချို့တို့က ကြားမှ အပျောက်ရိုက်လိုက် သည်ဟု သိရသည်။

(ဤကား မဏိထူပစေတီတော် ထီးတင်ပြီးနောက်ပိုင်းမှ သိရသော သတင်းစကားတစ်ရပ်တည်း။ စာရေးသူ)

## လေ့ကေ့ကူတောင် ဘုရားတည်ရာမှာ

*လေ့ကေ့ကူတောင် ဘုရားတည်စဉ် မြိုင်ကြီးငူဆရာတော်သည် ဗိုလ်မြတ်တို့နှင့် အရေးအခင်းအနည်းငယ်ဖြစ်ခဲ့သည်။ ၎င်းကို ပီပြင်စေရန် ထိုစဉ် က ပါဝင်လှုပ်ရှားခဲ့သူ အရာခံဗိုလ်ကျော်သန်း၏ မှတ်တမ်းမှ ထုတ်နုတ်ဖော်ပြ လိုက်သည်။*

*ဗိုလ်ချုပ်ကျော်သန်း (ယခု ဒီကေဘီအေ) ၏ ဖြစ်စဉ်မှတ်တမ်းကို စာရေးသူအား တိတိပပ ပြောပြထားသဖြင့် မှတ်တမ်းပြုထားခဲ့သည်။ ထိုစဉ်က ဖြစ်ရပ်မှန်ကို စာရှုသူများ လေ့လာသိရှိနိုင်ရန် မှတ်တမ်းအချို့ ဖော်ပြလိုက် ပါသည်။*

**စာရေးသူ**

# ဗိုလ်ကျော်သန်းမှတ်တမ်းမှ

၉၁-၉၂ ခုနှစ် အစမှာ ခွေးအိပ်ကောင် တိုက်ပွဲ စဖြစ်တယ်။ တိုက်ပွဲစဖြစ်ဖြစ်ချင်းမှာ ကျွန်တော့်ကို အရာခံဗိုလ် တာဝန်ပေး ထမ်းဆောင်စေကြောင်း အကြောင်းကြားလာတယ်။ ၉၂ ခုနှစ်၊ ၅ လပိုင်းအရောက် တိုက်ပွဲအပြီးမှာတော့ တိတိကျကျ စာနဲ့ပေနဲ့ထုတ်ပြီး အရာခံဗိုလ်ရာထူး ပေးတယ်။ အရာခံဗိုလ် ဗိုလ်ကျော်သန်း ဖြစ်လာတယ်။

၉၂ ခုနှစ်၊ ၇ လ/၈ လပိုင်းမှာ နိုင်ငံရေးသင်တန်းခေါ်လို့ တပ်မဟာ (၇) နယ်မြေ မဲလခွင်မှာ သင်တန်းကာလ ၂ လကြာ တက်ရောက်ရတယ်။ တပ်မဟာ (၁) မှ တပ်မဟာ (၇) အထိ အရာခံဗိုလ်မှအစ ဗိုလ်များအားလုံး လိုလိုပါတယ်။ သင်တန်းဆရာများအဖြစ် ဗိုလ်ချုပ်မောင်မောင်၊ ဗိုလ်ချုပ်ကျော်သောင်း၊ ဖဒိုယာယု၊ ဖဒိုမန်းရင်စိန်တို့က ပို့ချပေးတယ်။ ၃၁-၁၁-၉၂ မှာ သင်တန်းပြီးလို့ မယ်လယ်ထ ပြန်လာတယ်။ ၁၁-၁၁-၉၂ မှာ သင်တန်းတစ်ခု ပြန်တက်ရပြန်တယ်။ မာနယ်ပလောမှာပါ။ ကရင်လူငယ် ခေါင်းဆောင်မှု သင်တန်း" လို့တော့ ပြောတာပဲ။ သင်တန်းမှူးတွေက ဩစတြေးလျမှ မစ္စတာပေါလ်နှင့် မစ္စတာခဲလပစ်ဆိုသူတို့ ဖြစ်တယ်။.

သူတို့က အင်္ဂလိပ်လို ပို့ချတာပါ။ ဒါကို ဖဒိုကနဲမိက ကရင်ဘာသာပြန်ပေးတယ်။ သင်တန်းအမည်က "ကရင်လူငယ်ခေါင်းဆောင်မှုသင်တန်း" တဲ့။ ပို့ချသူက နိုင်ငံခြားသားတွေ။ ဟုတ်ပါပေ့လို့တော့ မှတ်ချက်ချမိပေမယ့် ဘာတတ်နိုင်မှာတုန်း။ ၃ ပတ်ကြာသင်တန်းကို ပြီးဆုံးအောင် တက်ခဲ့ပါတယ်။

သင်တန်းအပြီးမှာ မယ်လယ်ထစခန်းသို့ပဲ ပြန်ပြီး တာဝန်ထမ်းဆောင်နေတယ်။ ဒီလိုနဲ့ ၉၃ နှစ်ကူးပြီး ၅ လပိုင်းသို့တိုင် ရောက်လာတယ်။ မှတ်မှတ်ရရ မှတ်တမ်းထဲမှာ ရက်အတိအကျ ရေးမှတ်ထားတယ်။

၉-၅-၉၃။

လေးကေ့ကူတောင် ဘုရားတည်ရာမှာ အရာခံဗိုလ်ကျော်သန်းနှင့် အဖွဲ့ ၅ ဦး အုတ်သယ်၍ လုပ်အားပေး ကုသိုလ်ပါဝင်သည်လို့။

လုပ်အားပေးဖို့ဖြစ်လာတာကို နည်းနည်းပြောပြဦးမယ်။ ဒီနေ့ ဒီချိန်ခါထိ မြိုင်ကြီးငူဆရာတော်ဆိုတာ မတွေ့ဖူးသေး။ သိလည်း မသိသေး။ ပြောသံဆိုသံတော့ ကြားဖူးပါရဲ့။

မယ်လယ်ထဂိတ်မှာ တာဝန်ကျနေစဉ် မယ်လထကမ်းနားမှာ အုတ်တွေ၊ ဘိလပ်မြေတွေ ပုံနေတာတွေ့လို့ မေးကြည့်တယ်။

"လေးကေကူတောင်မှာ မြိုင်ကြီးငူဆရာတော် ဘုရားတည်နေတာ" လို့ သိရတယ်။ ဒီတော့ စဉ်းစားမိတယ်။

"ငါဟာ တော်လှန်ရေးထဲ ရောက်ကတည်းက ဘုရားတရားနဲ့ ကင်းကွာခဲ့တယ်။ ဘုရားတရားနဲ့ မဆုံခဲ့သေးဘူး။ ခုဆုံနေပြီ။ ဘုရားတည်ရာမှာ အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ်ပဲ ကုသိုလ်ပါဝင်ရ ပါဝင်ရ လုပ်အားသွားပေးရရင်ကောင်းမယ်" စိတ်ကူးပြီး စိတ်တူတဲ့ ရဲဘော် ၅ ဦးနှင့်အတူ အုတ်များကို ကိုယ်စီ လွယ်ပိုး ထမ်းသယ်ပြီး လေးကေကူတောင်ထိပ်သို့တိုင် အခေါက်ခေါက် အခါခါ သယ်ယူတယ်။

အုတ်များကို ကမ်းနားမှာ ပုံထားပြီး လူအား၊ ဆင်အား အသုံးပြုပြီး တောင်ထိပ်သို့ သယ်ယူရာမှာ ကျွန်တော်တို့လည်း လူအားဖြင့် သယ်တင်ပေးခဲ့ကြတယ်။ ဒီလို လုပ်အားသွားပေးတာ ကျွန်တော်တို့က စိတ်လွတ်ကိုယ်လွတ် ထင်တိုင်းသွားတာ မဟုတ်ဘူး။ ဆိုင်ရာအကြီးအကဲထံ မှာ ခွင့်တောင်းပြီး ကျေကျေနပ်နပ် ခွင့်ပြုလို့ သွားခဲ့ကြရတာပါ။

သွားသာ သွားတာပါ၊ တကယ့်ကိုမှ လုပ်အားပေးသက်သက်၊ မြိုင်ကြီးငူဆရာတော် ဆိုတာကိုလည်း မသိ။ တောင်ပေါ်မှာ အခြားဘုန်းကြီးတွေကလည်း အများကြီး။ သိဖို့လည်းမလွယ်။ သိဖို့လည်းမလို။ သွားသည်က ဘုရားအား ရည်စူး၍ အုတ်သယ်ရန်သာ။ ကုသိုလ်ရရေးကိုသာ ရည်ရွယ်ထားတယ်။ တောင်ခြေမှ အုတ်ကို တောင်ထိပ်သို့ ရောက်အောင် သယ်ပေးရုံဖြင့် လာရင်းကိစ္စ အထမြောက်ပြီမို့ မြိုင်ကြီးငူဆရာတော်အား မည်သူမှန်း အသိလုပ်မနေတော့ဘဲ ညနေစောင်းတော့ပြန်လာခဲ့သည်။

**********

၁၁-၅-၉၃။

ခွင့်ထပ်မံတောင်းခံပြီး လုပ်အားပေးသွားပြန်တယ်။ ဒီနေ့တော့ ဘိလပ်မြေသယ်တဲ့ လုပ်အားပေးတယ်။

၁၂-၅-၉၃။

ဒီနေ့လည်း ခွင့်ထပ်တောင်းပြီး လုပ်အားပေးသွားတယ်။ နေ့လယ်စာစားချိန် (၁၁း၀၀)နာရီလောက်မှာ အများတာတွေက ထမင်းစားနေကြသော်လည်း ကျွန်တော်က နောက်မှ အေးအေးရှင်းရှင်းစားမယ် အတွေးနဲ့

တည်လက်စ ဘုရားနားမှာ ထိုင်နေတယ်။ ထိုစဉ် -

"လုပ်အားပေးတဲ့လူထဲမှာ ရဲဘော်တွေလည်း ပါတယ်သိရတယ်။ အကြီးအကဲ ဘယ်သူရှိသလဲ" မေးလို့ ဆရာတော် လာခေါ်ခိုင်းတာနဲ့ ထွက်လာပြီး မြိုင်ကြီးငူဆရာတော်ဆိုသူနှင့် တွေ့တယ်။

"ဟယ်. . . ဆရာတော်လို့သာဆိုတယ်၊ အရွယ်က အငယ်လေးပါလား" လို့ မှတ်ချက်ချမိလိုက်သေးတယ်။ ဆရာတော်အား ဝတ်ဖြည့်အပြီးမှာ -

"ဒကာက ဘယ်သူလဲ"

"တပည့်တော် အရာခံဗိုလ်ကျော်သန်းပါဘုရား"

"အင်း. . . "

"ကိစ္စအမိန့်ရှိပါဘုရား"

"ကိစ္စကတော့ ဟောဒါပဲဒကာ" ဆိုကာ စာရွက်ပိုင်းတစ်ခု ထိုးပေးလာတယ်။ စာမှာ -

(ဘုရားကို ဆက်မတည်နဲ့၊ ညနေ ၃ နာရီအပြီး ပစ္စည်းသိမ်း၍ တောင်ပေါ်မှ ဆင်းရမည်) တဲ့။

"ဒါက ဘာပါလဲဘုရား"

"ကြေးနန်းလေ၊ ရဲဘော်တို့ အထက်လူကြီးတွေက ပို့လိုက်တာနေမှာပေါ့"

"ဘယ်တုန်းက ရသလဲဘုရား"

"ဒီမနက် အလုပ်လုပ်နေတုန်း လာပို့သွားတာပဲ"

"မှန်ပါဘုရား"

"အဲဒါနဲ့ပတ်သက်ပြီး ဆွေးနွေးချင်လို့ ဒကာကို ခေါ်ရတာပဲ"

ထို့နောက် ကြေးနန်းနဲ့ ပတ်သက်ပြီး လုပ်သင့်လုပ်ထိုက်တာတွေကို ဆွေးနွေးတယ်။ ညနေရောက်တော့ မယ်လထ ပြန်လာတယ်။ လမ်းတစ်ဝက်မှာ ရင်း (၂၀)က ဒု-တပ်ခွဲမှူး ဗိုလ်ကျော်ဒူးနဲ့ တွေ့လို့လည်း ဆွေးနွေးကြသေးတယ်။ ကျွန်တော်နဲ့အတူ ရွာလူကြီး ဘုရားဒကာ ပိုးထိခေါ် အပါအဝင် လူကြီး ၁၀ ဦးလည်း ပါလာတယ်။

မယ်လယ်ထရောက်တော့ တာဝန်ခံဖြစ်သူ ဗိုလ်ကြီးကျော်အေး (ဗုဒ္ဓဘာသာမှ ခရစ်ယာန်ဘာသာသို့ ပြောင်းသွားသူ)အား တင်ပြတယ်။

ဘုရားပြီးအောင် တည်ခွင့်ပြုဖို့နဲ့ အကယ်၍ တစ်ပိုင်းတစ်စနဲ့ ပစ်ထားခဲ့ရရင် ကော်သူးလေးဟွေ နာမည်ပျက်မှာစိုးကြောင်း၊ ဘာကြောင့် ဘုရားမပြီးရသလဲ၊ ပြီးအောင် မတည်သွားရသလဲ၊ နောင်အခါ သူများတွေ မေးလာရင်တို့ကော်သူးလေးကြောင့် ဒီလိုဖြစ်ရတာပါလို့ အပြောမခံ ချင်ကြောင်း၊ ဒါကြောင့် ဘုရားကို ပြီးအောင်တည်ဖို့ ခွင့်ပြုရန် တင်ပြတယ်။

တာဝန်ခံက သဘောပေါက်သွားပြီး ဘုရားပြီးအောင် တည်ဖို့ ခွင့်ပြုတယ်။ ထိုစဉ်မှာ အနားမှာရှိသူ ဒု-ဗိုလ် ဟစ်ကလယ် (ခရစ်ယာန်ဘာသာဝင်) ပြောရာက အချေအတင် စကားပြောဖြစ်သွားတယ်။

ဟစ်ကလယ် - မင်းတို့ အမြင်မှားနေပြီ၊ အဲဒါဟာ သူတို့ အလုပ်ပဲ။ မင်းတို့ဟာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နဲ့ တစ်ဂိုဏ်းတည်းပဲ။

ကျော်အေး - ဒီလိုပြောတာ မကောင်းဘူး၊ မိမိတို့ ယုံကြည်ရာကိုးကွယ်ကြတာပဲ။ ဒီလိုပြောရင် ပြဿနာဖြစ်နိုင်တယ်။

ကျော်သန်း - ကျွန်တော်တို့ ခွင့်တောင်းဖို့လာတာပါ။ နက်ဖြန်လည်း လာကြဦးမယ်။ ခွင့်ပြု/မပြု သိရအောင် ကျွန်တော်တို့က ကြိုပြီး လာပြောတာပါ။

ဟစ်ကလယ် - ရဲရင် ဆင်းလာကြည့်၊ လာသမျှတွေကို သတ်ပြီး သံလွင်ထဲ မျှောလိုက်မယ်။

ကျော်သန်း - မင်းက တိုင်းပြည်နဲ့ လူမျိုးအတွက် အလုပ်လုပ်တယ်ဆိုပြီး ဘာလို့ ဒီစကားပြောရတာလဲ။ မင်းသတ်ချင်ရင် ငါ့ကိုအရင်သတ်ပြီးမှ ပြည်သူတွေကို သံလွင်မြစ်ထဲ မျှောရမှာ နားလည်ထား။

ကျော်အေး - မင်းတို့ စကားမများကြနဲ့ကွာ၊ ဒါတွေဟာ မကောင်းဘူး။ ဒီပြဿနာ ငါရှင်းမယ်။ ဒီကိစ္စဟာ တို့နဲ့ချည်းမပြီးဘူး။ လက်ရှိတပ်ရင်း(၂၀)ခွင် တစ်ခုလုံး ဗိုလ်မှူး ဝါးထယ်အား တာဝန်ပေးထား တယ်။ ပြေပြေလည် လည် ဖြစ်အောင် သူ့ဆီ ခေါ်သွားပေးမယ်။

**********

၁၃-၅-၉၃၊ နံနက် ၇း၀၀ နာရီ။

(၁၃)ဂဏန်းဟာ ကံကောင်းလေ့မရှိဘူး ပြောကြတာမို့ စိတ်ထဲက ခပ်လေးလေးပဲ။ ဒါပေမဲ့ မသွားမဖြစ်မို့ ထွက်ခဲ့ရတယ်။ စက်လှေတစ်စင်း ငှားပြီး ကျောင်းဒကာ ၁၀ ဦးနှင့်အတူ ဗိုလ်မှူးဝါးထယ်ရှိရာ မဲပသို့ လာခဲ့တယ်။ ရောက်တော့ ဘုရားပြီးအောင် တည်ဖို့ ခွင့်တောင်းတယ်။

"ငါတားတာ မဟုတ်ဘူး၊ အထက်ကပေးတဲ့ အမိန့်အတိုင်း လုပ်နေရတာ။ ဘုရားတည်ဖို့၊ မတည်ဖို့ဆိုတာ အထက်ကပေးတဲ့ အမိန့်ဖြစ်တယ်၊ အမိန့်အရ တားနေခြင်းပါကွာ"

ဗိုလ်မှူးဝါးထယ်က ပြောအပြီးမှာ သူ့အိပ်ရာဆီသွားပြီး အရက်မော့သောက်တယ်။ ပြီးတော့ မနီးမဝေးမှာရှိတဲ့ စက်နဲ့ တစ်နေရာဆီ လှမ်းစကားပြောတာ တွေ့ရတယ်။ ပြန်လာပြီး ဆက်ပြောတယ်။

"အဆက်အသွယ်လုပ်လို့ မရဘူး။ လူကြီးတွေ နိုင်ငံခြား သွားနေတယ်"

ထိုစဉ်မှာ ပါလာသူ မောလိုင်ခို့ရွာလူကြီး ဘုရားဒကာ ပိုးထိခေါ်က ဗိုလ်မှူးဝါးထယ်နှင့် ရင်းနှီးကျွမ်းဝင်သူမို့ -

"မင်းကူညီရင် ရပါတယ် သူငယ်ချင်း၊ မင်းမှာ လုပ်ပိုင်ခွင့်ရှိတယ်။ တို့အလုပ်က မဟုတ်တာလုပ်တာမှ မဟုတ်ဘဲ"

ဗိုလ်မှူးဝါးထယ် စိတ်ဆိုးသွားတယ်။ နေရာမှ ဆတ်ခနဲထကာ သူငယ်ချင်း ပိုးထိခေါ်ပခုံးကို ရှေ့ဘက်မှ ဆောင့်ကန်ချလိုက်တယ်။ ပိုးထိခေါ် ပက်လက်လန် လဲကျသွားပြီး ပြန်ထကာ ပခုံးအားပွတ်တယ်။ ဗိုလ်မှူးဝါးထယ်က -

"နာသလားကွ" မေးတယ်။ ပိုးထိခေါ်က -

"နည်းနည်းတော့နာတယ်" ဟု ပြန်ဖြေတယ်။

ထိုအခိုက် ဘုရားဒကာ ဦးတင်ပါး (ခ) ဦးအဒူးက -

"ဒီလို မလုပ်ကြပါနဲ့၊ အေးအေးဆေးဆေး ပြောကြတာပေါ့။ လူကြီးတစ်ယောက်ဖြစ်ပြီး ဒီလို မလုပ်သင့်ပါဘူး။ ကျန်တဲ့လူတွေကို အားနာဖို့သင့်ပါတယ်။ ခုလာတာ အတိုက်အခံလုပ်ဖို့လာတာ မဟုတ်ဘူး။ ပြေလည်အောင် ညှိနှိုင်းဖို့လာတာပါ။ ပြေလည်မှုမရှိရင် ပြန်မယ်" ဝင်ပြောတယ်။

ဗိုလ်မှူးဝါးထယ်က -

"မင်းတို့ ဒီလောက်ဘုရားတည်ချင်တယ်ဆိုရင် မင်းတို့ ဆရာတော်ကို ပြန်လျှောက်လိုက်၊ လူကြီးတွေနဲ့ သွားဆွေးနွေးပါ။ ငါနဲ့ ကျော်အေး လိုက်ပို့ပေးမယ်။ မင်းတို့ ဘုရားတည်လို့ ငြိမ်းချမ်းမယ်ဆိုရင် တို့တပ်တွေ အကုန်ရုပ်ပေးမယ်။ မင်းတို့ပဲ ဘုရားဆက်တည်ကြ"

ဆောင့်ဆောင့်အောင့်အောင့် ပြောလာလို့ တစ်ချိန်လုံး နှုတ်ဆိတ်နေတဲ့ ကျွန်တော်က -

"အဲသလိုလဲ မဟုတ်ပါဘူး ဗိုလ်မှူး၊ စေတနာသဒ္ဓါတရားရှိလို့ တည်ကြတာပါ။ ဘုရားတည်ရင် ငြိမ်းချမ်းရမယ်လို့ မဆိုလိုပါဘူး" ဝင်ပြောအပြီးမှာ စကားဝိုင်း ကွဲသွားတယ်။ အသိမိတ်နဲ့တွေ့လို့ ထမင်းကျွေးတာနဲ့ စားပြီး ပြန်လာခဲ့ကြတယ်။

၁၃-၅-၉၃ ည။

ပြန်လာတော့ မယ်လယ်ထရောက်ပြီး ဆက်သွားရာမှာမောလို့နို့ရွာ ရောက်တော့ မိုးချုပ်သွားတာနဲ့ အဲဒီရွာမှာပဲ ညအိပ်လိုက်တယ်။

၁၄-၅-၉၃ နံနက်။

မြိုင်ကြီးငူဆရာတော်ရှိရာသို့ သွားကြပြီး လျှောက်ထားကြတယ်။ ဆရာတော်က -

"ရှိပစေ၊ ငါမသွားချင်ဘူး၊ မင်းတို့ပဲသွားကြ။ ငါအကြိမ်ကြိမ်သွားပြီးပြီ။ သွားတိုင်း ခံရပေါင်းများနေပြီ။ ဗိုလ်မြက ငါ့ကိုပြောတယ်။ ဘုရားမတည်နဲ့ပြော တည်တယ်။ ပြောတာနားမထောင်ဘူး။ ဗုဒ္ဓဘာသာတွေ တစ်ကောင်မှ မယုံရဘူး။ ဘုန်းကြီးဟာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ထောက်လှမ်းရေးဖြစ်ရမယ်လို့ သွားတိုင်းပြောတယ်။ ဒါ့ကြောင့် ငါမသွားချင်ဘူး။ မင်းတို့ပဲ သွားကြ" အမိန့်ရှိတယ်။

ဆရာတော့်စကားကြားရတာ ကျွန်တော် တော်တော် စိတ်မကောင်းဖြစ်မိတယ်။

"ဒီလိုဆို ငါလည်း ဗုဒ္ဓဘာသာတစ်ဦးဖြစ်တာမို့ ငါကော ထောက်လှမ်းရေးသမား ဖြစ်နေပြီလား" စသည်ဖြင့်လည်း တွေးနေမိသေးတယ်။

ဒီလိုနဲ့ ဆရာတော် မသွားတော့ဘူးဆိုလို့ ကျွန်တော်နဲ့အတူ ဦးတင်ပါး မှတစ်ပါး မနေ့ကလူ ၉ ဦးနှင့် အသက် ၆၀ ခန့် အဘွားတစ်ဦး လိုက်ပါလာတယ်။ အဘွားအိုက -

"သားတို့ လုပ်တဲ့အလုပ်ကို ပြီးဆုံးအောင် လုပ်ကြ။ ဒင်းတို့ လုပ်တိုင်းခံနေရတာကြာပြီ။ ဒင်းတို့ကို ပြောလို့လည်း မရ၊ တောင်းပန်လို့လည်း မရ။ ငါ့သားတွေလည်း ဒင်းတို့စနက်နဲ့ သေကုန်ပြီ။ ဒင်းတို့လာခေါ်ပြီဆိုရင် ငွေပေးလို့လည်းမရ၊ အသနားခံလို့လည်းမရ။ ငါလိုပဲ လူတိုင်းခံရမယ်ဆိုတာ သိတယ်။ ခု ဘုန်းကြီးကိုတောင် ဒင်းတို့ ခြယ်လှယ်ချင်နေပြီ။ သားတို့ကို အမေထောက်ခံတယ်။ ပြီးဆုံးအောင်သာ လုပ်ကြ" စသည်ဖြင့် တဖွဖွ နာကျင်စွာပြောနေတယ်။

မယ်လယ်ထ အရောက်မှာ အဘွားကို ထားခဲ့လိုက်ရတယ်။ သွားမယ့်ခရီးက ဘာမှန်းလည်းမသိသေးဘူး။ တစ်လျှောက်လုံး ဒီလိုပဲ ပါးစပ်သေနတ်ပစ်နေလို့က အခြေအနေတွေဆိုးဝါးလာနိုင်တာမို့ထားခဲ့တယ်။ အဲဒီ မယ်လယ်ထ အရောက်မှာပဲ ဆက်သွယ်ရေးတပ်က ဗိုလ်တင်မြင့်နဲ့ တွေ့ရာမှာ -

"ဝါးထယ်က ပြောတယ်၊ မနေ့က သူမှားသွားတယ်တဲ့"

"ဒါကို သူနားလည်ရင် ပြီးတာပါပဲ၊ တို့ကလည်း ဇွဲမယူပါဘူး"

"ဆရာတော် ဒီကိုလာမယ်ကွ"

"ဟုတ်ပါ့မလား၊ မနက်ကပဲ သူမလာဘူးဆိုလို့ တို့ချည်းလာခဲ့တာ"

"ဟုတ်ပါတယ်၊ သူနဲ့အတူ ဦးတင်ပါး(ဦးအဒူး) ကိုပါ ဖိတ်ထားတယ်။ နှစ်ဦးပဲ လာရမယ်။ တခြားလူ မလာရဘူး။ ဆရာတော်ကို သူ့မွဲထမှာဖြစ်ဖြစ်၊ မာနယ်ပလောမှာဖြစ်ဖြစ် နေ့ဆွမ်းဆက်ကပ်မယ်တဲ့၊ မင်းတို့ စောင့်နေကြဆိုလို့ စောင့်နေတယ်"

နံနက် ၁၀ နာရီမှာ ဆရာတော်နှင့်အတူ ဘုရားတည်နေသူ အားလုံး သံဃာ ၅၁ ပါးပါ ဆင်းလာသည်။ ဗိုလ်မှူးဝါးထယ်က ဖိတ်တယ် ဆိုလို့လာတယ်။ ခု သူ့ကို မတွေ့ဘူး။ ဆရာတော်က သူ့မွဲထပြန်မယ်လုပ်တော့ လှေက မရှိဘူး။ ဦးတင်ပါးက လှေငှားမယ်လို့ ဆင်းအလာမှာ ကျွန်တော်ကပဲ သူ့အစား လှေငှားပေးပြီး အားလုံးကို ပို့ပေးလိုက်ရတယ်။ သုံးခေါက်ကျသွား တယ်ပေါ့။

ဆရာတော် သူ့မွဲထရောက်တော့ ဗိုလ်ကြီးကျော်အေးလည်း လိုက်လာတာနဲ့ ဆရာတော်နဲ့ သွားအတွေ့မှာ ဆရာတော်က -

"ဗိုလ်မှူးဝါးထယ် ဘယ်သွားသလဲ"

"မသိပါဘုရား"

"အေးကွယ်၊ ပြေပြေလယ်လည် ပြောကြဆိုကြပေါ့၊ လာတာကလည်း ပြေပြေလည်လည် ပြောကြရအောင်ပါ"

"ဒါဆို တပည့်တော် သွားရှာပေးပါ့မယ်" ဆိုကာ မာနယ်ပလောမှာ ရှိတယ်ထင်ပြီး သွားတယ်၊ မတွေ့ခဲ့ရ။ သူငယ်ချင်း ဗိုလ်ကြီးတစ်ယောက် မင်္ဂလာဆောင်ဆီ သွားတယ်ဆိုလို့ စခန်းမှာ သွားကြည့်တယ်။ မရှိလို့ ပြန်လာခဲ့ရတယ်။

၁၅-၅-၉၅။

ဗိုလ်ကြီးကျော်အေးက မင်္ဂလာဆောင်ရှိတဲ့ရွာဆီ လိုက်ပြန်တယ်။ မတွေ့ခဲ့။ ပြန်လာခဲ့ရတယ်။ ဆရာတော်နဲ့အဖွဲ့၊ ကျွန်တော်တို့ပါ ဗိုလ်မှူး ဝါးထယ် အလာကို သူးမွဲထမှ စောင့်နေတယ်။ နောက်နေ့ ၁၆-၅-၉၅ နေ့လည်း ဆက်စောင့်တယ်။ ရောက်မလာခဲ့ဘူး။

၁၇-၅-၉၅။

ဗိုလ်မှူးလောဝေါဒီ ဖြတ်သွားဖြတ်လာစဉ် သူးမွဲထမှာ လူတွေစုဝေး နေတာကို မြင်သွားရလို့ စုံစမ်းမေးမြန်းဖို့ ဗဟိုမှ အဖွဲ့တစ်ဖွဲ့လွှတ် ဆင်းလာခဲ့ တယ်။ အဖွဲ့ဝင်များအဖြစ် -

၁။ တပ်မဟာ (၁) ဖဒိုတကီဘော (သထုံခရိုင် ဥက္ကဋ္ဌ)

၂။ တပ်မဟာ (၁) ဖဒိုအောင်ရွှေ (ခရိုင်ဘဏ္ဍာရေးမှူး)

၃။ ဗိုလ်ကြီးရာကစ်

၄။ အရာခံဗိုလ် ဗိုလ်မောင်ညွှန့်

၅။ မယ်လယ်ထဂိတ်မှူး စောကီးဒိုတို့ ပါဝင်ကြတယ်။

သူတို့က -

"ဒီမှာ ဘုရားပွဲဖြစ်နေသလား၊ ဘာကိစ္စရှိလို့ လူစုနေသလဲ" မေးလို့ အကြောင်းရင်းကို ဆရာတော်နဲ့ ကျွန်တော်က ရှင်းပြလိုက်တယ်။

"ဒါလောက်ဆို သိရပါပြီ၊ ဗိုလ်ချုပ်ကိုယ်တိုင် ရှင်းမှရမယ်။ မရှင်းရင် အုံကြွကုန်မယ်။ ပြေပြေလည်လည်ဖြစ်အောင် ပြန်တင်ပြပေးမယ်" ဆိုပြီး ပြန်သွားကြတယ်။

ညနေ ၆း၀၀ နာရီ။

ဗိုလ်ကြီးရာကစ်နဲ့ ဗိုလ်မောင်ညွှန့် ရောက်လာတယ်။ ဗဟိုစစ် ရေးချုပ်က ဗိုလ်မှူးကြီး ဘီလပ်စိန် လက်မှတ်နဲ့ ဗိုလ်ချုပ်မြ ကိုယ်စား စာ တစ်စောင် ရောက်လာတယ်။ စာမှာ -

လူသားတိုင်း မိမိတို့ ယုံကြည်ရာ ကိုးကွယ်ခွင့်ပြုကြောင်း၊ ဘာသာ

ရေးအနေဖြင့် ခွဲခြားခြင်း မရှိကြောင်း စသည်ဖြင့် ပါတယ်။

ဒီရက်ပိုင်းလေးအတွင်းမှာ သိမြင်ချင်သူတွေ စုဝေးရောက်ရှိလာကာ လူထုတစ်ထောင်ကျော်လောက်ရှိလာပြီး ဖြစ်တယ်။ လူထုနဲ့အတူ ကျွန်တော်က -

"ဗိုလ်ချုပ်မြကိုယ်တိုင် လာရောက်ရှင်းပြမှရမယ်။ သူကိုယ်တိုင် သူ့နှုတ်မှ မခွဲခြားပါဘူးဆိုတာ လူထုရှေ့မှောက်မှာ လာပြောမှ ကျေနပ်မယ်။ သူ့ကိုယ်စား စာကိုသာ လက်ခံလိုက်ရင် တစ်ချိန်ချိန် ပြဿနာ ဖြစ်ခဲ့သော် သူ့ခေါင်းလွှဲချ၊ ငါ့ခေါင်းလွှဲချနဲ့ ဘော်လီဘောပုတ်နေမှာစိုးလို့ ဒီလို ပြောရတာပဲ" တောင်းဆိုတော့ -

"ဒါဆိုလည်း မင်းတို့ကိုယ်တိုင် သွားပြောကြပေါ့" ဆိုပြီး ဗိုလ်ကြီးရာကစ်တို့ ပြန်သွားတယ်။

၁၈-၅-၉၃ နံနက် ၇း၀၀ နာရီ။

ကျွန်တော်နှင့်အတူ ဟိုက ဒီက ရောက်လာတဲ့ တပ်ပေါင်းစုက ရဲဘော် ၇၀ တို့ဟာ အရပ်ဝတ်နဲ့ပဲ တစ်ဖက်ကမ်းသို့ ကူးခဲ့တယ်။ ဗိုလ်ချုပ်မြဆီ ခြေကျင်သွားကြမယ်လေ။ မြိုင်ကြီးငူဆရာတော်၊ မြင်းတစ်ပြေးဆရာတော်နှင့်အတူ ပရိသတ်ထောင်ကျော်ပါ လိုက်လာကြမှာဆိုတော့ မလိုလည်း လိုလည်း ရှေ့သွားပို့င်ကင်းအဖြစ် ကျွန်တော်တို့ ရဲဘော်တစ်စုက ကြိုထွက်ခဲ့ကြရတာပါ။

ကျွန်တော်တို့ ရှေးဦးစွာ ရောက်တော့ ဗိုလ်ရာကစ်၊ ဗိုလ်မောင်ညွန့်၊ ဖဒိုတကီဘော၊ ဖဒိုအောင်ရွှေ၊ ဗိုလ်မှူးသူရ၊ ဗိုလ်ကြီးကီပေါတို့က ကြိုဆိုပြီး ဘားတိုက်မှာ နေရာချထားပေးတယ်။

"ဗိုလ်ချုပ်မြကို သွားခေါ်ပေးမယ်၊ စောင့်နေပါ" လို့ ဆိုတယ်။ ဆိုတယ် မဟုတ်ဘူးလေ။ သွားခေါ်သူက သွားခေါ်နေတယ်။ အဲဒီအချိန်မှာပဲ ဆရာတော်တို့အဖွဲ့ ရောက်လာတယ်။ ဗိုလ်မြကို သွားခေါ်သူလည်း ပြန်လာတယ်။

"ဗိုလ်ချုပ်မြ မရှိ၊ မင်္ဂလာဆောင် သွားနေတယ်" တချို့က ဆိုတယ်။

"နိုင်ငံခြား သွားနေတယ်" တစ်ဦးက ဆိုပြန်တယ်။

"မဟုတ်ဘူးကွ၊ ရှိနေတယ်" တစ်ဦးက တီးတိုးလေးပြောပြတယ်။

ဒီတော့ မြင်းတစ်ပြေးဆရာတော်နှင့် လူထုက -

"ရှိလျက်သားနဲ့ အတွေ့မခံရင် ပြဿနာတွေ ပိုပြီး ကြီးထွားကုန်မယ်" ဆိုနေကြပြီ။

ဗိုလ်မောင်ညွန့် ရောက်လာပြီး "သွားရှာကြည့်ဦးမယ်" ဆိုပြီး ထွက်သွားတယ်။ ၁၀ မိနစ်ခန့်ကြာမှာ ပြန်လာတယ်။ ဗိုလ်ချုပ်မြ ပါလာတယ်။

"ခုပဲ ပြန်ရောက်တယ်၊ အတော်ပဲ၊ ငါသာ ပြန်မလာရင် ပြဿနာတက်ကုန်မယ်။ လာလာ. . . လူထုတွေ အားလုံးလာကြ"

လူထုကြီး ကွင်းထဲစုဝေးလာကြတယ်။ ကွင်းထိပ်က စားပွဲကုလားထိုင် မှာ -

မြိုင်ကြီးငူဆရာတော်၊
မြင်းတစ်ပြေးဆရာတော်၊
ဦးအဒူး၊
ဗိုလ်ချုပ်မြနှင့်

သူစာရေးတစ်ယောက်တို့ ထိုင်ကြတယ်။ ကျွန်တော်က ဗိုလ်ချုပ်မြတို့နဲ့ မနီးမဝေးမှာ ဖဒိုတကီဘောနဲ့အတူ ရှိနေတယ်။ ဗိုလ်ချုပ်မြက -

"မင်းတို့တစ်တွေ ပြောတာ နားမထောင်ဘူး၊ တစ်ချိန်က ငါလည်း ဗုဒ္ဓဘာသာပဲ။ ဘာသာရေးဆိုတာကို ငါတစ်ခါမှ မခွဲခြားဘူး။ အောက်က တင်ပြချက်အရ တားနေရတယ်။ မသင့်တော်ဘူးထင်လို့ တင်ပြလွှာချက်အရ အမိန့်ထုတ်ပေးရတယ်။ မင်းတို့ ဘုရားတည်ပြီး ထုံးသုတ်ပြီးရင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အတွက် ပစ်မှတ်ပြပေးသလို ဖြစ်နေတယ်။ အဲဒါကြောင့် တားနေရတယ်။ တို့လုပ်ငန်းအတွက် လုံခြုံမှုမရှိဘူး။ မင်းတို့ ဒီလောက် ဘုရားတည်ချင်ရင် စစ်အေးရင်တည်ချင်သလောက် တည်ကြစမ်း၊ မတားဘူး" ပြောနေစဉ် ဖဒိုတကီးဘောက -

"တို့ ဒီကိုလာတဲ့ကိစ္စက တိုက်ဆိုင်လို့ ဖြစ်သွားတာပဲ။ ထိနော့ဆေးခိုးတဲ့ကိစ္စနဲ့ ပတ်သက်လို့ လာခဲ့ရတာ။ တို့ကို တစ်မျိုးမထင်နဲ့နော်"

ဖဒိုတကီးဘောက သူ့ကို အထင်လွဲမှာစိုးလို့ ကြောင့်ကြောင့်ကြကြ ပြောလာတယ်။

"ဖဒိုတို့နဲ့ မဆိုင်ပါဘူး။ ကျွန်တော်တို့က ဗိုလ်ချုပ်မြပေးမယ့် အခွင့်အရေးကိုသာ သိရဖို့ လာတာပါ" သူနှင့် တီးတိုးပြောပြီး ဗိုလ်ချုပ်မြသို့ ဦးတည်ကာ အသံမြှင့်၍ -

"အဘိုးတို့၊ ဒီလို ဆုံးဆုံးမမလေး ပြောဆိုဆုံးမရင် လက်ခံနိုင်ပါတယ်။

ဘုရားဒကာကို ဝါးထယ်က ကိုယ်ထိလက်ရောက် ပြုမူတာဟာ စိတ်မကောင်းစရာ ဖြစ်တယ်။ စိတ်ထိခိုက်ရတယ်။ အပြစ်ရှိလို့ ဆုံးမတာကို စစ်ရေးအရ နားလည်ပါတယ်။ မယ်လယ်ထမှာ တင်ပြခွင့်တောင်းစဉ်ကလည်း လာသမျှ တွေကို သတ်ပြီး သံလွင်ထဲ မျှောပစ်မယ်ဆိုတာလည်း မကောင်းပါဘူး။ စိတ်မကောင်းဖြစ်စရာ၊ စိတ်ဝမ်းကွဲစရာပါ။ အဘိုးက ကျွန်တော်တို့အတွက် ကြည့်ပြီး သုံးသပ်ပေးစေချင်ပါတယ်"

မထူးတော့ဘူးလေ၊ ရတဲ့အခွင့်အရေးကို မလွတ်တမ်း အသုံးချလိုက်ဘူးတယ်။ ဒီဆရာတော်တွေ၊ ဒီလူထုတွေရဲ့ရှေ့မှောက်မှာ ဗိုလ်ချုပ်မြအား ဖြစ်ပျက်ခဲ့တဲ့ အရေးအခင်းကို တင်ပြတဲ့ အခွင့်အရေးက နည်းတဲ့ အခွင့်အရေး မှ မဟုတ်တာ။ ဒီကိစ္စမျိုးက ဗိုလ်ချုပ်မြအား အခြားအချိန်မှာ ပြောဖို့ဆိုတာမျိုးက မလွယ်ရေးချ မလွယ်။ ပြောဖို့ထားလို့ တွေ့ဖို့ဆိုတာကမှ အတော်ကြီး ခက်ခဲတဲ့ကိစ္စကြီး။ ခုတော့ ဖန်တီးဖြစ်ပေါ်လာလို့ အသုံးချလိုက်တာ ကွက်တိ ဖြစ်သွားတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဗိုလ်ချုပ်မြက အရေးတယူ လုပ်ဖော် ရလာတယ်။

"ဗိုလ်ဟာစ်ကလယ်၊ ဘယ်အဖွဲ့ကလဲ"

"ကေအင်ဒီအို ဗဟိုအဖွဲ့က ဗိုလ်ကြီးကျော်အေးရဲ့ လက်အောက်က ဗိုလ်တစ်ဦးပါ"

(စာရေးဘက်လှည့်၍)

"အဲဒီလူကို မှတ်ထား၊ တစ်နေ့မှာ သူ့ခေါင်းဆောင်တွေကို ခေါ်ပြီး ဆုံးမခိုင်းရမယ်။ ပြီးတဲ့ကိစ္စ ပြီးပါစေတော့။ တကယ်တော့ တို့လည်း လိုတယ်။ မင်းတို့လည်း လိုအပ်တယ်။ ကဲကဲ. . . ငါက အားလုံးကို ခွင့်လွှတ်တယ်"

စကားအဆုံးမှာ ဦးအဒူးက ဝင်ထောက်တယ်။

"ခွင့်ပြုပါတယ်ဆိုရင် စာနဲ့ပေနဲ့ တိတိကျကျလေး ထုတ်ပေးပါ။ ဒါမှ မဟုတ်ရင် ဗိုလ်ချုပ်ရဲ့ကလေးတွေရဲ့ နှောင့်ယှက်တာကို ခံနေရတယ်"

ဗိုလ်ချုပ်မြက စာရွက်တစ်ရွက်ယူပြီး စာကြမ်းကောက်ရေးဟယ်။ ရုံးမှာ သွားရိုက်ခိုင်းတယ်။ လက်မှတ်ရေးထိုးပြီး ပေးလာတဲ့စာမှာ -

"ဘာသာရေးနဲ့ ပတ်သက်လို့ မခွဲခြားပါ။ အားလုံးကို ခွင့်ပြုတယ်။ လေးကေကူဘုရားကိုလည်း ပြီးအောင်တည်ခွင့်ပြုတယ်။ နောင်ဆိုရင် ဘာသာ ရေးကို နိုင်ငံရေးနဲ့ ရှုပ်ထွေးအောင် မလုပ်ဖို့ ထုတ်ပြန်လိုက်တယ်" ပါတယ်။

စာက ကရင်ဘာသာနဲ့ပါ။ ဒါကို မြန်မာပြန်ရင် အဲသလို အဓိပ္ပာယ်

ရမယ် ထင်ပါတယ်။ ကိစ္စတွေပြီးတော့ သူးမွဲထ ပြန်လာကြတယ်။ ဣစ္ဆာသယ ဖောင်တော်ဦးစေတီကို ရှိခိုးပြီး မယ်လယ်ထပြန်လာဖို့ လုပ်နေတုန်း ညနေ ၃ နာရီလောက် ရှိပါပြီ။

ထိုအချိန်မှာ ဗိုလ်ကြီးကျော်အေးက စက်လှေနဲ့ လိုက်လာခေါ်တယ်။

"မပြန်သေးဘူးလား၊ အရေးအခင်းပြီးပြီပဲ၊ မင်းတို့ ငါ့နောက်ကို တစ်ခါတည်း လိုက်ခဲ့ကြ"

အစက အခြားလှေတစ်စင်းနဲ့ ပြန်ဖို့ စိတ်ကူးထားတာ။ ဗိုလ်ကြီး ကျော်အေးခေါ်လို့ အားနာနာနဲ့ သူ့လှေပေါ် တက်ပြီး လိုက်ပြန်ခဲ့တယ်။ ပြောဖို့ တစ်ခုကျန်သေးတယ်။ ကမ်းနားမှာ ကျွန်တော်တို့ ပြန်မယ် စီစဉ်နေစဉ်မှာ ဗိုလ်စေးဝါးက မာနယ်ပလောသွားတဲ့ ရဲဘော်စာရင်းကို လိုက်မှတ်နေတယ်။ တချို့ကလည်း စာရင်းပေးကြတယ်။ ကျွန်တော်တော့ စာရင်းလည်းမပေးဘူး၊ အမှတ်လည်း မခံဘူး။ ဗိုလ်ကြီးကျော်အေးနဲ့အတူ ပြန်လာခဲ့တယ်။

မယ်လယ်ထရောက်တော့ ဗိုလ်ကြီးကျော်အေးက သူ့အိမ်ကို ခဏ လာပါဦးဆိုလို့ လိုက်သွားတယ်။ အရေးအခင်းကိစ္စ ဘယ်ပုံဘယ်နည်း ရှင်းသလဲဆိုတာ မေးတယ်။ အစအဆုံး ရှင်းပြလိုက်တယ်။ ဗိုလ်ချုပ်မြ ပြောတဲ့ အတိုင်း ပြောပြလိုက်တယ်။ ကျေနပ်သွားတယ်။

"ဒါဆိုလည်း ပြီးတာပါပဲ၊ ဒါပေမဲ့ မင်းတို့ အားလုံး သွားတော့ စခန်း မှာ ဘယ်သူမှမရှိဘူး။ မင်းတို့ တာဝန်မကျေဘူး၊ အမိန့်ကို မနာခံ ကြဘူး"

"မနာခံတာတော့ မဟုတ်ဘူး၊ သိတဲ့အတိုင်း ခွင့်တောင်းပြီးသွားတာ ပဲဟာ။ အများဆန္ဒကို နားလည်ဖို့ ကောင်းတယ်။ ဗိုလ်ဟစ်ကလယ်နဲ့ ဆရာ ငွေကြိုင်ကိုလည်း ထားခဲ့သားပဲ။ နောက်တန်းမှာ တာဝန်ခံတွေ အများကြီး ရှိတာပဲ"

"ရှိရှိလေ၊ အဲဒီတာဝန်ခံတွေက စိတ်မချရဘူး"

"စိတ်မချရရင် ဘာဖြစ်လို့ ဆရာတင်ထားသေးသလဲ၊ ဒီဆရာတွေ ဟာ အရက်သေစာ သောက်စားတတ်သူတွေလည်းမဟုတ်၊ အေးအေးဆေး ဆေးသမားတွေပဲ၊ ဒါကိုဗိုလ်ကြီးက ဘာလို့စိတ်မချရတာလဲ"

သူ ဘာမှပြန်မပြောတော့ဘူး။ ကျွန်တော်နားလည်လိုက်တယ်။ အရေးအခင်းကိစ္စကို ကျွန်တော်တို့သွားတာကို ကျေနပ်ပုံမရလို့ ယိုချင်တဲ့ ဆီ အပေါက်ရှာတာပါ။ သွားမယ်စိတ်ကူးပြီးကတည်းက သူ့မှာ အခွင့်တောင်း

ထားတယ်။ ဗိုလ်ဟစ်ကလယ်နဲ့ ဆရာငွေကြိုင်ကိုလည်း တာဝန်အသီးသီး လွှဲပြောင်းပေးခဲ့တယ်။ ကျွန်တော့်ဘက်ကဟာကွက်မရှိအောင် ကြိုတင်ပြင်ဆင်ပြီးမှသွားတာပါ။

အဲဒီအချိန်မှာ ဂိတ်မှူး စောကီဒိုက သတင်းကြားချင်မေးချင်လို့ ကလေးတစ်ယောက်ချီပြီး ရောက်လာတယ်။

"မင်းတို့ကိစ္စပြီးသွားပလား"

"ပြီးတော့ပြီးသွားပါပြီ၊ ဒါပေမဲ့ခင်ဗျားကို နည်းနည်းမေးချင်တယ်"

"ဘာမေးမှာလဲ"

"လွန်ခဲ့တဲ့တစ်ရက်နှစ်ရက်က ကမ်းနားမှာ လာချထားတဲ့ ဘုရားတည်ရင်စားဖို့ဆန်အိတ်လေးငါးအိတ်ကို ချောင်းထဲကန်ချမယ်လို့ မင်းက ဘာလို့ပြောရတာလဲ"

"ငါပြောတယ်လို့ ဘယ်သူပြောသလဲ"

"ဆရာဖားအစ်က ကျွန်တော့်ကို လာတင်ပြလို့ သိရတယ်၊ အဲဒါ ဟုတ်လား၊ မဟုတ်လားမေးတာပဲ"

"ဟုတ်တာတော့ ဟုတ်ပါတယ်၊ အဲဒါ ငါကသက်သက်နောက်ပြီး ပြောတာပါ။ အပြောင်အပျက်သဘောပါကွာ။ စိတ်ထဲရှိလို့ပြောတာမဟုတ်ဘူး။ ခွင့်လွှတ်ပါကွာ၊ တို့လည်း တစ်ခါတလေမှားတာပေါ့"

"ခွင့်လွှတ်ပါတယ် စောကီဒို၊ နောက်ပြီး အဲဒီနေ့မှာပဲ ဆင်သမားတွေက ကမ်းနားမှာချထားတဲ့ ဘုရားတည်ဖို့အုတ်တွေ လာတင်တဲ့အခါမှာ ဘာဖြစ်လို့ ဆင်တွေကိုခုတ်မယ်လို့ ပြောရသလဲ"

"အဲဒါလဲ နောက်ပြောင်ပြီးပြောတာပါကွာ၊ ခွင့်လွှတ်ပါ"

"ခွင့်လွှတ်ပါတယ်၊ ကျွန်တော်ကဟုတ်မဟုတ်သိချင်လို့သာ မေးတာပါ။ ဟုတ်လဲပြီးတာပါပဲ။ စိတ်ထဲရှိလို့မဟုတ်ဘူး။ နောက်ပြောင်ပြောတာဆိုတော့ ခွင့်လွှတ်ပါတယ်။ စောကီဒိုအနေနဲ့ ဒီစကားမျိုးကို နောက်ပြောင်ပြီးပြောပေမယ့်ကြားရသူတွေအနေနဲ့ ရင်ထဲမှာခံစားချက်တစ်ရပ်ရပ်ကိန်းသွားနိုင်တယ်။ အကျယ်ကျယ်မငြိမ်းဖွယ်တွေဖြစ်တတ်တယ်။ အေးလေ. . ပြီးတဲ့ကိစ္စပြီးပါစေတော့။ ခုလဲဗိုလ်ချုပ်မြဆီသွားတဲ့ကိစ္စပြီးသွားပါပြီ။ အေးအေးဆေးဆေးပဲ"

"အေးလေ. . . ဒါဆိုလဲပြီးနေပြီပေါ့"

စကားပြောဆိုပြီးတော့ ညနေ ၅း၀၀ နာရီရှိပြီ၊ ဘားတိုက်ပြန်လာခဲ့တယ်။

ﾒﾒﾒﾒﾒﾒﾒﾒﾒ

၂၃-၅-၉၃ ည ၁၁း၀၀ နာရီခန့်ရှိရော့မယ်။

စတိုခန်းမှာကျွန်တော်တစ်ယောက်တည်း အိပ်နေတုန်း ဗိုလ်ကြီးကျော်အေး ရောက်လာတယ်။ ဆရာချစ်သန်းနဲ့အတူလာတာ။ အရက်လည်းမူးလာတယ်။

"အိပ်နေပြီလား"

"အေး. . . အိပ်နေပြီ"

"ထပါဦး ဆိုလို့ အိပ်ရာမှထပြီး ညည့်ခံစကားပြောရတယ်။

"လာကွာ. . . အပြင်မှာ ပြောတာ မလွတ်လပ်ဘူး၊ အခန်းထဲ သွားပြောရအောင်" ဆိုပြီး သီးသန့်စတိုခန်းထဲ ခေါ်သွားတယ်။

"မင်းကို နည်းနည်း မေးချင်တယ်၊ စိတ်မရှိပါနဲ့"

"မေးပါ၊ ရပါတယ်"

"နေ့လယ်က ငါ မာနယ်ပလောဘက်သွားတယ်။ ရုံးထိုင်မှူး (ဗိုလ်မှူးကြီး ဆတ်ကလယ်မှူး) က မေးတယ်။ လွန်ခဲ့တဲ့အပတ် အရေးအခင်းမှာ မင်းလူတွေပါတယ်လို့ သိရတယ်။ မင်းလူတွေ ဘယ်သူတွေပါသလဲ၊ ဘယ်သူဦးဆောင်သလဲ၊ အသေးစိတ်စာရင်းပေးပါတဲ့။ အထက်က မေးခိုင်းလို့ မေးရတာပါ၊ ငါ့ကို စိတ်မရှိပါနဲ့"

"စိတ်မရှိပါဘူး၊ သံသယလည်း မရှိပါဘူး။ ကျွန်တော် ဦးဆောင်ပြီး ၇ ယောက် ဖြစ်ကြပါတယ်။ နာမည်လိုချင်တယ်ဆိုလည်း ပေးပါ့မယ်။ ကျွန်တော်တို့က ပွင့်ပွင့်လင်းလင်းပဲ။ သွားရင်သွားတယ် ပြောပါမယ်။ ကျွန်တော်တို့ လုပ်ရပ် မှားတယ်ဆိုလည်း အပြစ်ပေးလို့ ရပါတယ်။ အဖွဲ့အစည်းနဲ့ ဆန့်ကျင်ဘက်ဖြစ်တယ်ဆိုလည်း ပေးတဲ့ အပြစ်ကို ကျွန်တော်တို့ ခံပါ့မယ်။ ခံနိုင်ပါတယ်။ ဘုရားတည်ပြီးဖို့က အဓိကပဲ။ ဘုရားကိစ္စပြီးရင် ကျွန်တော်တို့ အပြစ်ရှိလို့ အပြစ်ပေးရင်လည်း ခံနိုင်ပါပြီ။ ဒီစကားပြောတာ စိတ်တိုလို့ပြောတာ မဟုတ်ဘူး။ စိတ်ရင်းအတိုင်း ပြောတာပါ"

"အပြစ်ပေးဖို့ မေးတာတော့ မဟုတ်ပါဘူး၊ အထက်က မေးခိုင်းလို့ မေးရတာပါ။ ဒါကို မင်းသဘောပေါက်ပါကွာ"

"သွားတဲ့လူအားလုံးကို သူတို့ လိုက်မှတ်ကြသလား"

"အဲဒါတော့ မပြောတတ်ဘူး၊ မင်းတို့အဖွဲ့ကိုပဲ လာမေးခိုင်းတယ်"

"ပြန်လာတဲ့ညနေက ဗိုလ်စေးဝါးတို့အဖွဲ့ စာရင်းမှတ်တာမှာ သွားသူ အားလုံးကို မှတ်တာလား"

"အဲဒါတော့ မပြောတတ်ဘူး၊ ကြားတာပဲရှိတယ်"

"ဒါဆိုလည်း ပြီးတာပဲ"

ည ၁၂:၀၀ နာရီလည်း ထိုးပြီ။ ဗိုလ်ကြီးကျော်အေး ပြန်သွားတယ်။ အခန်းပြန်ပြီး ကျွန်တော်လည်း အိပ်လိုက်တယ်။

**********

၁၁-၆-၉၃ ညနေ ၃:၀၀ နာရီ။

မိုးဦးကျခဲ့ပြီမို့ မြေက အအေးဓာတ် လုံလုံလောက်လောက် ရနေပြီ ဖြစ်တယ်။ လွတ်နေတဲ့ မြေကွက်မှာ ပေါက်တူးတစ်လက်နဲ့ တူးဆွပြီး ငရုတ်ပင် လေးတွေကို စိုက်နေတုန်း ကမ်းနားဂိတ်မှာ အစောင့်တာဝန်ကျ နေတဲ့ ဆရာဖားအစ် ရောက်လာတယ်။

"ဗိုလ်ကျော်သန်းရေ၊ ဗိုလ်မှူးဝါးထယ် ရောက်လာတယ်"

"အဲဒီတော့. . . "

"အဲဒီတော့ လုပ်မနေနဲ့၊ သူရောက်လာတော့ ငါ့လည်ပင်းကို ဖက်ပြီး ကျော်သန်းဆိုတာ မင်းလားလို့ မေးတယ်။ ကျွန်တော်က မဟုတ်ဘူး၊ ကျော်သန်းက အပေါ်ဂိတ်မှာ ရှိနေတယ် ပြောတော့ ဒါဆို မင်းတစ်ချက် လောက် သွားခေါ်ပေးပါဆိုလို့ ခုလာခေါ်တာ။ မင်းကို ဗိုလ်မှူးဝါးထယ် ခေါ်နေတယ်"

ကျွန်တော့်စိတ်ထဲဖြစ်မိတယ်။ ဒီလူဟာငါနဲ့ အရင်ကစကားမပြောဖူး ခဲ့ဘူး။ ဘာ့ကြောင့် ခေါ်သလဲ။ တစ်ခုခုတော့ တစ်ခုခုပဲ ထင်ရဲ့။

"ဆရာဖားအစ် ပြန်ပြောလိုက်ပါ။ ကျွန်တော့်ကိုယ်တွေ မြေကြီးတွေ နဲ့ ပေကျံနေတယ်။ ဒီကိုယ်ကြီးနဲ့ လူကြီးတွေကို သွားတွေ့ရမှာ အားနာတယ်။ ပြေပြေလည်လည်ဖြစ်အောင် ဆရာဖားအစ် ပြောပြလိုက်ပါ"

"အေးအေး. . . ဒါဆိုလဲငါပြန်လိုက်မယ်"

ဆရာဖားအစ် ကမ်းနားဂိတ်ကို ပြန်ဆင်းသွားတယ်။ အတော်လေး ကြာတော့ပြန်တက်လာတယ်။

"ဘယ်လိုလဲ"

"ဗိုလ်မှူးဝါးထယ် ပြန်သွားပြီ၊ ခွေးအိပ်တောင်(မဲပ) စခန်းကို"

"အစအဆုံးပြန်ပြောပါဦး"

"ဒီကဆင်းသွားလို့ သူ့အနားရောက်တယ်ဆိုရင်ပဲ ဘယ်မှာလဲ ကျော်သန်းလို့မေးတယ်။ ဗိုလ်ကျော်သန်း မအားဘူး၊ ရေတပ်ပင် စိုက်နေတယ်၊ သူ့ကိုယ်တွေ ပေရေနေလို့ လူကြီးကိုအားနာလို့ မလာချင်ဘူး၊ ကိစ္စရှိရင် လည်း ရေချိုးပြီးမှ လာခဲ့မယ်တဲ့ဗိုလ်မှူးလို့ပြောတော့ ကိစ္စကအထူးမရှိပါဘူး ကွာ၊ ပြီးခဲ့တာတွေပြီးပါစေ၊ ဘာမှသံသယတွေ၊ အာဃာတတွေ မထားကြ ပါနဲ့လို့သာ ပြောပေးပါဆိုပြီး ပြန်သွားတာပဲ"

"အေးပါကွာ၊ အချင်းချင်းတွေပဲ။ ဒါကပြောစရာမလိုပါဘူး။ ဗိုလ်ချုပ်မြ ပြောပြီးကတည်းက ကျေနပ်ပြီးသားပါ။ အားလုံးကို နားလည် ခွင့်လွှတ်ပြီးသားပါ"

"အဲဒါပါပဲကွာ၊ ငါပြန်မယ်"

* * * * * * * * * *

အထက်ပါကိစ္စတွေပြီးတဲ့နောက်ပိုင်းမှာ အခြေအနေက ပုံမှန် ဖြစ်သွားတယ်။ အေးဆေးငြိမ်သက်နေတယ်။ ဒီကာလအတွင်းမှာ ဘပ်ရင်း(၂၀) အဖွဲ့က စစ်ကြောင်းတွေရှိတဲ့နေရာတွေဆီ ကွင်းဆင်းပြီး စည်းရုံးရေး ခဏခဏလုပ်ကြတယ်။ ဟောပြောကြတယ်။

"ဘာသာရေးကိစ္စနဲ့ ပတ်သက်ပြီးစိတ်ဝမ်းမကွဲကြဖို့ အဓိက ဟော ပြောတယ်။ လေးကေကူဘုရား တည်တဲ့ကိစ္စ အကြောင်းခံပြီး ရှင်းလင်းပြ ကြတယ်။ မြိုင်ကြီးငူဆရာတော်အားလည်း ဘုရားကို လွတ်လွတ်လပ်လပ် တည်ခွင့်ပြုပြီးဖြစ်တဲ့အကြောင်း" စတာတွေကို ရင်း(၂၀)က ဖဒိုတွေဦးဆောင် ပြီး စည်းရုံးဟောပြောကြတယ်။

ဗိုလ်ချုပ်မြက ခွင့်ပြုပြီးဖြစ်လို့ ဘုရားလည်းတည်ခဲ့ပြီးပြီဆိုတော့ အခြေအနေတွေက ဘာမှထူးမလာတော့ဘူး။ ပုံမှန်ပါပဲ။ အားလုံး ယခင် အတိုင်း ဆက်လက်လှုပ်ရှားနေတယ်။ ဒီလိုနဲ့နေလာရာက . . .

* * * * * * * *

၉၄ ခုနှစ်၊ ၇ လပိုင်း ရောက်လာတယ်။

ဗိုလ်မှူးကျော်မှူး (ခရစ်ယာန်ဘာသာဝင်) ဦးစီးတဲ့ စစ်ကြောင်း အဖွဲ့က အစည်းအဝေးခေါ်တယ်ဆိုပြီး မယ်လယ်ထဂိတ် ဘားတိုက်မှာ စုဝေးစေတယ်။ ဗိုလ်ကြီးကျော်အေးနဲ့ ကျွန်တော်တို့နှစ်ယောက် သူတို့ဖိတ် လို့သွားခဲ့တယ်။ အစည်းအဝေးမှာ သဘာပတိအဖြစ် ဗိုလ်ကျော်မှူးက ဆောင်ရွက်တယ်။

အခမ်းအနား စစချင်း ဗိုလ်ကျော်မှူးက အစည်းအဝေးခေါ်ရတဲ့ အကြောင်း၊ စစ်ရေးစစ်ရာအကြောင်းတွေပြောရင်းက ဘာသာရေးကိစ္စဆီ ရောက်လာတယ်။ အဲဒါနဲ့ပတ်သက်ပြီး -

"ဘာသာရေးကိစ္စနဲ့ပတ်သက်ပြီး နည်းနည်းပြောချင်တယ်။ ပြီးခဲ့ တဲ့ အရေးအခင်းမှာ ဘယ်ကလေးမှမလွှန်ဘူး။ ဘယ်လူထုမှ မမှားဘူး။ ဒီကိစ္စတွေ ငါအကုန်သိတယ်။ ဒီကိစ္စတွေဘယ်ကစဖြစ်သလဲ၊ မင်းတို့ကို ငါပြောပြရမယ် ဆိုရင် -

ဒီကိစ္စဟာ ဗိုလ်မှူးကျော်ဟဲနဲ့ ဗိုလ်ဝါးထယ်က စဖြစ်တာပဲ။ လွန်ခဲ့တဲ့ သီတင်းကျွတ်လက သောလယ်ထရွာက ဘုရားဖူးအဖွဲ့ မယ်ကဇောဘုရားကို သွားဖူးဖို့ အသွားမှာ ဗိုလ်ဝါးထယ်က အဲဒီဘုရားဖူးအဖွဲ့ကို ခေါ်ပြီး ရိုက်တဲ့ ကိစ္စက စတာပါပဲ။ ဗိုလ်မှူးကျော်ဟဲက သတင်းကြားလို့ မခံနိုင်တာနဲ့ စက်နဲ့ ဟန့်တားပြီး လှမ်းပြောတယ်။ အဲဒီမှာ ဗိုလ်ဝါးထယ်က ဗုဒ္ဓဘာသာကို အမျိုးမျိုး နှိမ်ပြောတယ်။ စက်ထဲမှာ ဘာသာရေးကိစ္စ အပြန်အလှန်ပြော ကြတယ်။

ဗိုလ်မှူးကျော်ဟဲက သူ့နောက်မှာ နောက်ခံဘက်ဂရောင်း မရှိလို့ တင်းတင်းမာမာတော့ မပြောခဲ့ဘူး။ စိတ်မကောင်းခြင်းကြီးစွာနဲ့ပဲ တို့ဗုဒ္ဓ ဘာသာတွေ ဒါလောက်တောင်ပဲ အနှိမ်ခံရပါလား၊ တို့ဗုဒ္ဓဘာသာတွေကို သူငယ်ချင်းတို့က အနိုင်ကျင့်ရာကျနေပြီ၊ နှိမ်သလို ဖြစ်နေပြီ၊ တခြားနေရာ တွေမှာ အပြစ်ရှိလို့လုပ်တာဆို လုပ်ပါ၊ မပြောလိုဘူး၊ ခုလို ဘုရားဖူးသွားတဲ့ နေရာမှာ လုပ်တာတော့ မကောင်းဘူးထင်တယ်။ အဲဒီစက်နဲ့ အပြန်အလှန် ပြောရာကစပြီး အဖုအထစ်တွေ စဖြစ်တာပဲ။ အဲဒီအချိန်ကစပြီး ကျော် မကောင်း ကြားမကောင်း ဖြစ်လာတယ်။ အခြေခံဖြစ်လာတယ်ဆိုရမယ်။

အရေးအခင်းဟာ အဲဒီကတည်းက စဖြစ်ချင်နေပြီ။ အဲဒါကို မင်းတို့ အားလုံး သိထားဖို့ ငါပြောနေတာ။ အဲဒီကိစ္စကို ဗဟိုက လူကြီးတွေက ဖုံးဖိ ထားလို့ တော်နေတာ။ ၉၃ ခုနှစ် အရေးအခင်းဖြစ်တယ်ဆိုတာ ဘာဟုတ်သေး လဲ။ တကယ်က အဲဟိုကတည်းက ဖြစ်ချင်နေတာ။ ဒီတော့ ဘာသာရေးကိစ္စနဲ့

ပတ်သက်ပြီး ပြီးခဲ့တာတွေကို **သင်ခန်းစာယူပြီး အချင်းချင်း** နားလည်ကြဖို့၊ သံသယကင်းကြဖို့ အာဃာတတွေ မထားကြဖို့ လိုမယ်။ ဒီလိုအရေးအခင်းမျိုး ထပ်မံမဖြစ်ပွားရအောင် သတိထားပြီး ပြုမူပြောဆိုကြဖို့လိုတယ်" စသဖြင့် ပြောပြီး အခြားစစ်ရေးစစ်ရာတွေဘက် စကား ဆက်သွားတယ်။

သဘာပတိဖြစ်တဲ့ ဗိုလ်မှူးကျော်မူးဟာ ခရစ်ယာန်ဘာသာဝင် တစ်ဦးဖြစ်ပေမယ့် သဘောထားပြည့်ဝပုံရကြောင်း သူ့စကားက သက်သေခံနေတယ်။ ကျွန်တော်တို့အဖွဲ့အစည်းကြီးထဲမှာ အဓိကဘာသာကြီးနှစ်ခု ကိုးကွယ်မှု ကွဲပြားနေခဲ့တာ စကတည်းကပါပဲ။ ဗိုလ်မှူးကျော်မူးလို ဘာသာရေးဆိုတာ မိမိယုံကြည်ရာကို လွတ်လွတ်လပ်လပ် ကိုးကွယ်နိုင်တယ်လို့ အမြင်ရှင်းရှင်းနဲ့ ခွဲခွဲခြားခြား မြင်ထားကြရင်ဘာသာရေးနဲ့နိုင်ငံရေးကို ကွဲကွဲပြားပြား ထားခဲ့ကြမယ်ဆိုပါရင် ဘာဘာညာညာ အရေးအခင်းတွေ ဖြစ်စရာ မလိုပါဘူး။ တစ်ဦးရဲ့ လွတ်လပ်ခွင့်ကို တစ်ဦးက မထိပါးသရွေ့ ဘာမှဖြစ်လာမယ် မဟုတ်ဘူး။ ဗိုလ်မှူးကျော်မူးလို လူတိုင်းသဘောထားနိုင်ရင် ကောင်းမယ်။

ဒါက ကျွန်တော့်အတွေးပါ။ ဗိုလ်မှူးကျော်မူးရဲ့ စကားအပေါ် အခြေခံပြီး ဖြစ်ပေါ်လာတဲ့ ရင်ထဲက အတွေးပါ။ ကျွန်တော့်အတွေး မဆုံးသတ်သေးဘူး။ ဗိုလ်ကော်လာ ဆိုသူ အည်းအဝေးမှာ ထပြောတယ်။ အဲ. . . အစည်းအဝေးမှာ ကိုယ်ပြောချင်တာ ပြောခွင့်ပြုထားကြောင်း ခွင့်ပြုချက်ရှိတယ်လေ။ ဗိုလ်ကော်လာက -

"ဘာသာရေးနဲ့ ပတ်သက်ပြီး ငါနည်းနည်း ပြောချင်တယ်။ ဘာမှတော့ မဟုတ်ဘူး၊ သက်သတ်လွတ်ကိစ္စပါ။ ဒီသက်သတ်လွတ်ကိစ္စဟာ ဘာသဘောလဲ၊ သူးမဲ့ထဲမှာ စုပုံပြီး သက်သတ်လွတ် သွားစားနေတာ ဘာသဘောလဲ၊ ကျွဲနွားတွေ ရောင်းချပြီး သူးမဲ့ထဲမှာ သွားစုပုံနေတယ်။ ဘုရားတည်၊ ကျောင်းဆောက် လုပ်နေကြတယ်။ တစ်နေ့ကျရင် ဒင်းတို့ ဘာနဲ့ သွားစားကြမလဲ။ သက်သတ်လွတ်စားတာ ငါသိရသလောက် ကြာရှည်မခံနိုင်ဘူး။ သုံးနှစ်အတွင်းမှာ မလှုနိုင် မတန်းနိုင်ပဲ မွဲကုန်ကြလိမ့်မယ်။

ခု သူးမဲ့ထအဖွဲ့ကို ကြည့်ပါလား၊ ဒီအဖွဲ့တွေဟာ သူးမဲ့ထမှာ နေပြီး ရှိတာတွေရောင်း၊ ဘာတစ်ခုမှ မချန်ထားဘူး။ သက်သတ်လွတ်စားပြီး တအားကြီး အယူသည်းနေကြပြီ။ မင်းတို့မယုံရင်စောင့်ကြည့်နေ။ သုံးနှစ်ကြာလို့ ခုရောင်းရပြီးတဲ့ငွေကုန်ရင် နောင်သုံးနှစ်ကြာတဲ့အခါ လှူဖို့ငွေ ငါးကျပ်တောင်ရှိမှာမဟုတ်ဘူး။ ဘယ်လိုမှ ခေါင်းယောင်နိုင်မှာ မဟုတ်တော့ဘဲ

လိုက်တောင်းစားရမယ့် ဘဝရောက်သွားမယ်။ ငါပြောတဲ့စကား မှားလား၊ မှန်သလားဆိုတာ မင်းတို့သုံးသပ်ကြည့်ကြပေါ့။ ငါ့အမြင်က ဒီလိုပဲရှိတယ်" ပြောပြီး ဗိုလ်ကော်လာ ထိုင်သွားတယ်။

ကျွန်တော့်စိတ်ထဲ အတော်ကြီးကို စိတ်မကောင်းဖြစ်သွားတယ်။ မခံချင်စိတ်တွေနိုးထလာတယ်။ တကယ်တော့ကျွန်တော်ဟာ ဒီအစည်းအဝေးနဲ့ မပတ်သက်လှပါဘူး။ ပြောရေးဆိုခွင့်လည်းမရှိပါဘူး။ ဖိတ်ခေါ်ခံရသူ ဧည့်သည်အနေနဲ့ တက်ရောက်လာခဲ့ရသူပါ။ ဒါပေမယ့် စိတ်ထဲမှာ မခံချင်ဖြစ်လာတယ်။ ရင်ထဲမှာကလိကလိဖြစ်လာတယ်။ ပြောချင်တဲ့စကားတွေ လည်ချောင်းဝဆီမှာ စုပြုံတိုးထွက်ဖို့ ဟန်ပြင်နေတယ်။ ဒီတော့ ဖြစ်လိုရာဖြစ်စေ၊ နောင်ခါလာ နောင်ခါစျေး၊ နောင်မှကြည့်ရှင်းမယ် အတွေးနဲ့ နေရာမှ ထလိုက်တယ်။

"ကျွန်တော် အရာခံဗိုလ် ကျော်သန်းပါ။ ကျွန်တော့ကို စကားအနည်းငယ်ပြောခွင့်ပြုစေလိုပါတယ်။ ခုနက ဗိုလ်ကော်လာ စကားနဲ့ပတ်သက်ပြီး နည်းနည်းပြောချင်ပါတယ်။ မှားရင်ခွင့်လွှတ်ပါ။ ခုနက ဗိုလ်ကြီးပြောတာ ဗိုလ်ကြီးအမြင်နဲ့ မှန်ကောင်းမှန်တယ်ဆိုနိုင်ပေမယ့် သက်သက်လွတ်စားတဲ့ကိစ္စဟာ သူတို့က သူတို့ယုံကြည်ချက်နဲ့ စားကြတာပါ။ တကယ်လို့ ကျွန်တော့်ကို အဲသလိုပြောရင်ကျွန်တော်မခံနိုင်ဘူး။ သုံးနှစ်ပြည့်ရင် တောင်းစားရမယ်ဆိုတဲ့စကားကို ဗိုလ်ကြီးအနေနဲ့ မပြောသင့်ဘူး။

ဒီစကား ဆရာတော်ကြားရင် မကောင်းဘူး။ ဆန့်ကျင်ဘက်တွေ ဖြစ်သွားနိုင်တယ်။ ဒါက ကျွန်တော်တို့အချင်းချင်း စည်းဝေးပွဲမို့ ဗိုလ်ကြီးကို ပြန်ပြီးပြောတာပါ။ အမြင်ချင်းတော့ မတူဘူး။ ဆန့်ကျင်နေတယ်။ ဒါပေမဲ့ ခင်လို့ပြောရတာပါပဲ။ မှားတယ်ဆိုရင် ကျွန်တော့်ကိုခွင့်လွှတ်ပါ"

ကျွန်တော်ပြန်ထိုင်လိုက်တယ်။ စည်းဝေးပွဲတစ်ခုလုံး တိတ်ဆိတ်သွားတယ်။ တစ်ဦးနှင့်တစ်ဦး တီးတိုးတော့ ပြောနေကြတယ်။ ဗိုလ်ကြီးကော်လာတော့ ဘာမှဆက်မပြောဘူး။ ခဏနေတော့ အရာခံဗိုလ် ဗိုလ်စကီးကထပြီး သူ့အခက်အခဲကိုတင်ပြတယ်။

"ကျွန်တော်တို့ရှေ့တန်းမှာ လှုပ်ရှားနေရတာအခက်အခဲရှိတယ်။ ဆရာတော် ဘုရားတည်တဲ့နေရာမှာ အစိုးရတပ်တွေလည်းပါတယ်။ အခန်းမှာ တပ်နဲ့အတူ ရောနှောပြီး ဘည်လေ့ရှိတယ်။ ကျွန်တော်တို့ဟာ ရန်ကုန်မြို့ဟာ အခက်အခဲရှိနေတယ်။ ကျွန်တော်တို့ မပစ်ရက်ဘူး။ ဒီကိစ္စကို ဗိုလ်ကြီးမှာ အနေနဲ့ ဘယ်လိုလမ်းညွှန်မလဲဆိုတာ တင်ပြပါတယ်"

ငှင်းကိစ္စနဲ့ ပတ်သက်ပြီး ဗိုလ်မှူးကျော်မူးက -

"အဲဒီကိစ္စမှာ ဟိုကလည်းဒကာ၊ ဒီဘက်ကလည်း ဒကာဝဲဆိုတော့ အလှူအတန်းလုပ်နေချိန်မှာ မနှောင့်ယှက်နဲ့ပေါ့။ ကွဲပြားနေချိန်မှာ ပစ်ပေါ့။ လူထုရဲ့ အခက်အခဲကိုလည်း နားလည်ကြပေါ့"

အဖြေပြန်ပေးတယ်။ ဒီနောက်ပိုင်းစကားတွေဟာ စစ်ရေးစစ်ရာတွေနဲ့သာ ပတ်သက်လို့မပြောတော့ပါဘူး။ ကျွန်တော့်လို ဗိုလ်အသေးစားလေးတွေရဲ့ အရာမှ မဟုတ်တာပဲကိုး။ ပြီးတော့ ဒီအရေးအခင်းနဲ့လည်း မဆိုင်ဘဲဟာကို။

# ထိုင်းနိုင်ငံမှာ မဟာသုပိနစေတီ တည်ထားခြင်း

သူးမွဲယားအရှေ့ဘက်ကမ်း ထိုင်းနိုင်ငံတွင်း၌ မဏိထူပစေတီတော်အား ရွှေထီးတော်တင် ဆက်ကပ်ပူဇော်ပြီးနောက် တစ်ဆက်တည်းမှာပင် မဟာသုပိနစေတီတော်ကို တည်ရန် စိုင်းပြင်းပြန်သည်။

မဟာသုပိနတောင်သည် ဇင်းမယ်နယ်ထဲမှာ ရှိသည်မို့ ဘားအံ၊ ကမမောင်း စသည့် ပါလာသူများကို မပါစေချင်ပေ။ တစ်ပါးသူနိုင်ငံထဲ နေ့ရက်များကြာနေရမည်ဆိုလျှင် မသင့်တော်လှ။ မိမိတို့မှာကား သံဃာများဖြစ်၍ မထောင်းသာလှချေ။

သို့ဖြစ်၍ မဏိထူပ ထီးတင်ပွဲအပြီးမှာ ကားခြောက်စီးခန့် လူနှင့် ပစ္စည်းများရှိရာတွင် နှစ်စုခွဲလိုက်သည်။

ကမမောင်းမှ ဒေါ်အေးသန်းတို့ လူစု။

ဘားအံမှ ဦးတင်ကြည်၊ ဒေါ်ခင်ထွေးမြင့်တို့ မိသားစု။

ဦးခင်ဖေ၊ ဦးဖိုးထင် ဦးဆောင်သော သဘင်ဂီတမိသားစုနှင့် အခြားလူတချို့။

ကားနှစ်စီးစာခန့်ကို ကားပေါ်တင်ပေးပြီး မဲဆောက်သို့ ဒေသန္တရဗဟုသုတ လေ့လာရေးခရီးသွားစေလိုက်သည်။ ၎င်းမှအပြန် အောက်ဘက်သို့ဆင်းလိုကဆင်း၊ မဆင်းလိုက သူးမွဲထမှာ နေလိုကနေဟု မှာထားလိုက်သည်။

ကျန် ပရိသတ်၊ မိမိတပည့်သံဃာများနှင့် ဒေသခံအချို့နှင့် မဟာသုပိနဘုရားတည်မည် မှန်းထားသည်။

မြိုင်ကြီးငူဘုန်းတော်ကြီးအဖို့ ရဟန်း ၄ ဝါအရ မြိုင်ကြီးငူသို့ တောရဆောက်တည်ရန်ဝင်ဦးစကပင် မဟာသုပိနတောင်သို့ သာသနာပြုခရီး ကြွရောက်ရန် လျှောက်ထားခြင်းကို ခံထားရသည်။ ၎င်းတောင်မှာ မြတ်စွာဘုရားသခင်၏ ယာဘက်ခြေတော်ရာတစ်ဆူရှိကြောင်းကိုပါ သိထားရသည်။ အခြေအနေ မပေးသဖြင့် ဘာမှ မလုပ်ဖြစ်ခဲ့။ ပေးလာမည့် အခြေအနေကို စောင့်ရင်း ကြာခဲ့ရသည်မှာ နှစ်ပင် အတော်ကြာခဲ့ပြီ။ ယခု မဏိထူပစေတီအပြီးမှာ ခရီး သင့်သဖြင့် တစ်ဆက်တည်း အပြီးတည်ရန် ရည်ရွယ်လိုက်ခြင်းဖြစ်သည်။

ပစ္စည်းပစ္စယများနှင့် လူအချို့ကို ထိုင်းဘက်ကမ်း မဲသဝေါသို့ ပို့ထားလိုက်သည်။ သူးမွဲထမှာရှိသော အုတ်များ၊ ရိက္ခာများကို ပြန်ယူသည်။ ပစ္စည်း

များ စုံလောက်သောအခါတွင် ကားလေးစီးဖြင့် မဟာသုပိန်တောင်သို့ ခရီးဆက်ခဲ့သည်။ ခရီးဆက်သည်ဆိုငြား မဟာသုပိန်တောင်သည် ဘယ်နားမှာရှိမှန်းမသိသေး။ မေးပါများ စကားရထုံးကို နှလုံးမူရပေဦးမည်။ ဘယ်မှာရှိမှန်း မသိသော်လည်း ထိုင်းတောင်တန်းသာသနာပြု မဲလမုရွာကျောင်းဆရာတော် ဦးဣန္ဒာစရိယအား ယခင်ကလည်း မှာကြားထားခဲ့သည်။

"ထိုင်းနိုင်ငံက ဆရာတော်ကြီးများကို လျှောက်ထားပေးပါ၊ မြန်မာပြည်မှ ဘုန်းကြီးတစ်ပါးက လာရောက်ပြီး မဟာသုပိန်တောင်မှာ ဘုရား လာတည်ပါ့မယ်ဘုရားဟု ကြိုတင်ပြီး လျှောက်ထားပေးပါ" ဟု မှာကြားထားခဲ့သည်။ ယခုလောက်ရှိ ကြိုဟင်လျှောက်ထားပြီး ဖြစ်နေပေလိမ့်မည်။

မဲလမုဆရာတော် ဦးဣန္ဒာစရိယမှာ မြိုင်ကြီးငူဘုန်းတော်ကြီးအောက် ငယ်သော်လည်း တောင်တန်းသာသနာပြု ဆိုသည့်အတိုင်း သာသနာပြု စိတ်ဓာတ်ထက်သန်လှသည်။ အများဆုံး အကူအညီပေးလေ့ရှိသဖြင့် သက်ဆိုင်ရာ ထိုင်းဆရာတော်ကြီးများအား ၎င်းမှတစ်ဆင့် လျှောက်ထားစေခြင်းဖြစ်သည်။

မဲသဝေါမှ ပစ္စည်းများကို ကားများဖြင့်သယ်ယူသည်။ လူရော ပစ္စည်းပါဆို နှစ်ကြိမ်ကဲ့ရမည်သို့ရှိသည်။ ကားမှာ သုံးစီးဖြစ်ပြီး တစ်စီးလျှင် ဘတ်ငွေ ၅၀၀ ဖြင့်ငှားရသည်။ သွားနေကျခရီးမဟုတ်သဖြင့် ကားသယ်ဆောင်ရာသို့ လိုက်ပါခဲ့သည်။ မဲသရိလမ်းခွဲသို့ရောက်ကြောင်း ကားဆရာပြောပြ၍သိရသည်။ လမ်းခွဲမှ တောင်တက်ခရီးအတိုင်း တဖြည်းဖြည်းတက်လာရာ ပေပေါင်း ၂၀၀၀ အမြင့်တွင် "စောပလာတီး" မည်သောရွာသို့ရောက်သည်။ ရွာကိုဖြတ်သွားစဉ် ခရစ်ယာန် ဘုရားရှိခိုးကျောင်း တစ်ခုကိုသတိပြုမိလိုက်သည်။ ထိုမှဆက်သွားရာ မဲလမုရွာသို့ ရောက်သည်။

(ကားလမ်းဆုံးပြီ။ ရှေ့ဆက်ခြေကျင်သွားလျှင် "ဦးကွယ်" မည်သောရွာသို့ရောက်မည်။ ဆက်သွားလျှင် ဇင်းမယ်သို့သွားရာကားလမ်းသို့ရောက်မည်ဖြစ်ကြောင်း ကားဆရာများပြောသဖြင့် သိရသည်။)

မဲလမုကျောင်းသို့ရောက်လျှင် ဆရာတော် ဦးဣန္ဒာစရိယအား မတွေ့ရပေ။ ခရီးထွက်သွားသည်တဲ့။ ကျောင်းရှင်မရှိသဖြင့် နေရာထိုင်ခင်းသော်မှ ပေးမည့်သူမရှိဖြစ်သည်။ အချိန်က လင့်လှပြီဖြစ်၍ မဲလမုကျောင်းမှာပင် စခန်းချရပ်နားလိုက်ရတော့သည်။ နေ့ဆွမ်းအဖြစ် ပါလာသောမုန့်ပုံးများကိုဖောက်၍ ဘုဉ်းပေးကြရသည်။

နေ့ဆွမ်းအပြီးမှာ လမ်းပြတစ်ယောက်ကိုခေါ်၍မဟာသုပိနတောင် ရှာဖွေရန် ထွက်ခွာခဲ့သည်။ လမ်းပြ၏ညွှန်ပြသည့်အတိုင်း ကားကိုမောင်းခဲ့ကြသည်။ တောင်တက်လမ်းကိုလည်း ဖြတ်ခဲ့ရသည်။ မြေပြန့်လွင်ပြင်ကိုလည်းဖြတ်ခဲ့ရသည်။ ဤသို့ တောင်တက်လမ်း ၁၂ ခု (တောင် ၁၂ လုံး) ကျော်လွန်ပြီးကာမှ လမ်းခွဲကြီးတစ်ခုကိုတွေ့ရသည်။ မဟာသုပိနတောင်ကိုလည်း အတိုင်းသားလှမ်းမြင်ရသည်။

မိုးထိမြင့်မားသော တောင်ထွတ်ကြီးဖြစ်သည်။ ပေပေါင်း ၈၄၀၀ ရှိသည်ဟုသိရသည်။ တောင်မှာ သစ်ပင်ဟူ၍ကြီးကြီးမားမားရှိပုံမရ။ တောင်ကတုံးအသွင်သာ မြင်ရသည်။ တောင်ခြေသို့ ကားကိုမောင်းစေလိုက်သည်။ ရောက်သည်နှင့် ပန်းရံအဖွဲ့ခေါင်းဆောင် ဦးစန္ဒောဘာသတို့လူစုအား တောင်ပေါ်သို့တက်စေသည်။ ဘုန်းတော်ကြီးပါ လိုက်တက်သည်။

မဟာသုပိနတောင်ကိုတက်ရာမှာ ခက်ခက်ခဲခဲရှိလွန်းလှသည်။ စွန့်စွန့်စားစားတက်ရသည်။ တက်ရိုးတက်စဉ် ခြေလက်တို့ဖြင့် မတက်နိုင်သော နေရာတော်တော်များများတွင် တောင်တက်သမားများနှယ် ကြိုးဖြင့်တွယ်တက်ခဲ့ရသည်။

သည့်နှယ် တက်ရမည့်အရေးကို ကြိုတင်စုံစမ်း သိရှိထားသဖြင့် နိုင်လွန်ကြိုး ၃၅ ခွေကို ဝယ်ယူလာခဲ့သည်။ တက်ရန်ခက်ခဲသည့်နေရာတို့တွင် ကြိုးကို အပေါ်တောင်ထွတ် ကျောက်စွန်းပေါ်ကျော်၍ပစ်တင်လိုက်သည်။ ကျလာသော တစ်ဖက်ကြိုးစကိုယူပြီး မူလကြိုးနှင့်ကွင်းလျှောလုပ်ပြီး မူလကြိုးကိုဆွဲလိုက်လျှင် ကြိုးသည် ကျောက်စွန်းမှာချည်ပြီးဖြစ်သွားသည်။ ထိုအခါမှ တစ်ယောက်ချင်း ကြိုးကိုကိုင်၍ တောင်နံရံကို ခြေဖြင့်ကန်ကာ အပေါ်သို့တက်ရသည်။

နောက်နောင်အဆင့်များမှာလည်း ထိုနည်းအတိုင်းပင်။ ဤသို့ဖြင့် နိုင်လွန်ကြိုးခွေ ၃၂ ခွေကို ကျောက်စွန်းမှာ ကွင်းလျှောချည်၍ ဘုရားတည်ပြီးသည်ထိ တက်ဆင်းပြုလုပ်ကြရသည်။ တောင်ခုလက်တစ်နေရာလောက်ထိ ဘုန်းတော်ကြီးကိုယ်တိုင် လိုက်တက်ကြည့်သည်။ ဦးစန္ဒောတို့အဖွဲ့မှု တောင်ထိပ်သို့ ရောက်သည်အထိ ဖြည်းဖြည်းချင်း ကြိုးစားပမ်းစား တက်နေကြသည်။ ဘုန်းတော်ကြီးမူ တောင်ခြေသို့ ပြန်ဆင်းလာပြီး ကားထားရာမှ လှမ်းကြည့်နေသည်။ တောင်တက်အဖွဲ့သားများ တောင်ထိပ်ပေါ်ရောက်သည်နှင့် ထိုင်းနိုင်ငံမှာအသုံးများသော ထိုင်းသင်္ကန်း (ဝါလွင်သော သင်္ကန်းရောင်) ဖြင့် မှာကြားသည့်အတိုင်း သာသနာ့အလံ လွှင့်ထူလိုက်ကြသည်။

သာသနာ့အလံ လွှင့်ထူလိုက်သည်ကို မြင်သည်နှင့် မြိုင်ကြီးငူ ဘုန်းတော်ကြီးသည် ကားလေးစီးပေါ်မှ ပစ္စည်းများကို အကုန်ချစေကာ မဲသဝေါသို့ ပြန်မောင်းစေသည်။ ကားလေးစီးနှင့် ဘုန်းတော်ကြီးတစ်ပါးတည်း ဖြစ်သည်။ ဦးစန္ဒောဘာသတို့အဖွဲ့မှာမူ ပေပေါင်း ၈၄၀၀ မြင့်သော မဟာ သုပိနတောင်ထိပ်မှာတချို့၊ တောင်ခုလတ်မှာတချို့၊ ကြိုးတန်းလန်းဖြင့် တွယ် တက်နေသူတချို့ဖြင့် ကျန်ရစ်ခဲ့တော့သည်။

မဲသဝေါသို့ ရောက်လျှင် သူးမွဲထမှ ယူလာပြီး ချထားသောပစ္စည်း များ၊ အုတ်များကို ကားပေါ်တင်၊ လိုအပ်မည့် ရိက္ခာများကို ဝယ်ယူဖြည့်တင်း ပြီး မဟာသုပိနတောင်ခြေသို့ ပြန်မောင်းလာခဲ့သည်။ ဘုန်းတော်ကြီးနှင့် ကား များ တောင်ခြေသို့ ပြန်ရောက်စဉ်မှာ ဦးစန္ဒောနှင့် အဖွဲ့သားအချို့ တောင် အောက်သို့ ဆင်းလာခဲ့ကြပြီး ရေရှာဖွေသည်။ မတွေ့နိုင်သည့်အဆုံး နားနေ ရန်အတွက် တဲရုံဆောက်လုပ်နေသည်ကို တွေ့ရသည်။

ဘုန်းတော်ကြီး ရောက်သည်နှင့် ဦးစန္ဒောဘာသက ရေအခက်အခဲ ကို တင်ပြလျှောက်ထားရာ ဘုန်းတော်ကြီးက ခရီးရောက်မဆိုက် ရေကူရှာ သည်။ ဘာမှမကြာလိုက်။ တဲဆောက်ထားသည်မှ ခြေလှမ်း ၂၀ လောက်မှာ စိမ့်စမ်းသဖွယ်ဖြစ်နေသော ရေအိုင်ငယ်ကို တွေ့ရသည်။ ရင်းဖျားဟူ၍ မရှိ။ စီးဝင်လာသည်လည်းမရှိ။ စီးထွက်သွားသည်လည်းမရှိ။ ရေမှာ အေးမြ ကြည် လင်နေသည်။ သောက်ကြည့်သည်။ သောက်သုံးဖြစ်သည့် အနေအထား ရှိကြောင်း သိရသည်။

သည်နေရာတစ်ပိုက် ဦးစန္ဒောတို့အဖွဲ့ ခြေရာချင်းထပ်မျှ ရောက်ရှိ ရှာဖွေပြီးဖြစ်သည်။ ထိုစဉ်ကမတွေ့။ ခု ဘုန်းတော်ကြီးရောက်လာခါမှ မြင် တွေ့ရသည့်အဖြစ်ကို အံ့သြခြင်းမက အံ့သြနေကြသည်။

မဲလမုရွာမှ ဒကာအချို့လည်း သတင်းကြားဖြင့် ရောက်လာကြ သည်။ လုပ်အားပေးကြမည်ဆိုသည်။ အနီးအနားရှိ ဒေသခံလူတချို့လည်း ရောက်လာကြပြန်သည်။ ဤနေရာမှာ ယခင်က ရေအိုင်မရှိ။ ယခုမှ ရေအိုင်ကို တွေ့ရသည့်အဖြစ်ကို သူတို့လည်း အံ့သြနေကြသည်။

“ရေအခက်အခဲတော့ ပြေလည်လောက်ပြီ၊ တောင်ပေါ်တက်ကြစို့”

ဘုန်းတော်ကြီး ဦးဆောင်၍ တောင်ပေါ်တက်ကြသည်။ ကုပ်ကပ် တွယ်တက်၍ ရသည့်နေရာ တွယ်တက်သည်။ ကြိုးဖြင့် တွဲလွဲခို၊ ခြေဖြင့် ကန်၍တက်ရသည့်နေရာမှာ တွဲလွဲခိုခြေကန်၍တက်ရသည်။ ထိုသို့တက်ရ

သည့်အခါများမှာ အားလုံး ခါးဝတ်သင်းပိုင်ကို ခါးတောင်းကိုယ်စီ ကျိုက်ထား ရသည်။ သို့မဟုတ်လျှင် အောက်မှပင့်တိုက်ရှိသောလေကြောင့် အပတ်များ လန်ကုန်မှာစိုး၍ ဖြစ်သည်။ အဝတ်များကို မဆိုထားဘိ၊ တံတွေး ထွေးလျှင် သော်မှ ကိုယ့်မျက်နှာကိုယ် ပြန်စင်သည်ထိအောက်လေက ပင့်နေသည်။

ခါးတောင်းကျိုက်ခြင်းသည် သာမဏာသာရုပ္ပ မဖြစ်သည်ကား မှန်၏။ ခါးတောင်းကျိုက်၍ သာမဏာသာရုပ္ပ မဖြစ်သည်ထက် အောက်မှ လေပင့် သဖြင့် ဗလာအသာရုပ္ပ မဖြစ်စေရန်အတွက် မကျိုက်ချင်သော်လည်း ကျိုက် ကြရခြင်းဖြစ်သည်။ ကြိုးဖြင့် တွယ်တက်ရာ တစ်နေရာတွင် အတော်ကြီးကို ခဲရာခဲဆစ် တက်ရသည်။ ကြိုးဖြင့် တွယ်တက်လာရာ ခုလတ်တွင် ကျောက်တုံး ကြီးတစ်တုံးက ဆီး၍ခံနေသည်။ ရင်ဘတ်တည့်တည့်ကြီးမှ ဖြစ်သည်။ ဘေးနားဆီမှ လှည့်သွားပြန်လျှင်လည်း အလားတူ ကျောက်တုံးကြီးများ ရှိနေ သည်။ နေ့ရက်ရှည်များ သည်အတိုင်းသာ တက်နေရလျှင် တစ်ခါမဟုတ် တစ်ခါ ဒုက္ခဖြစ်နိုင်သည်ကို တွေးမိသည်။

“စန္ဒောရေ. . . အဲဟိုကျောက်တုံးကြီးကို ကလော်ထုတ်လို့ ရမလား၊ အခြေအနေ ကြည့်ကြည့်စမ်း”

ဦးစန္ဒောဘာသသည် ခါးမှာ ကြိုးချည်၍ တွယ်ဆင်းကာ ကျောက်တုံး ကြီးကို လှည့်ပတ်ကြည့်သည်။

“ဖြစ်နိုင်ပါတယ်ဘုရား”

“ဖြစ်နိုင်ရင် ကလော်ထုတ်လိုက်ပါ”

အဖော်နှစ်ပါးပါ ခါးကြိုးချည်၍ အကူအဖြစ် ဆင်းခဲ့သည်။ သံတူရွင်း များ၊ ပေါက်ချွန်းများဖြင့် တူးဆွကလန့်ထုတ်ကြရသည်။ တော်တော် လေး ခဲရာခဲဆစ် ပြုလုပ်ကြရပြီး နောက်မှ ကလော်ထုတ်နိုင်ခဲ့ကြသည်။ ကျောက် တုံးကြီး လိမ့်ကျသွားစဉ်မှာတော့ ကလော်ထုတ်သူ သုံးဦးစလုံးမှာ တူရွင်း၊ ပေါက်ချွန်း ကိုင်လျက်သား ခါးကြိုးတန်းလန်းနှင့် လေထဲတွဲလွဲကြီး ဖြစ်နေသည်။ လက်မှာ တူရွင်းစသည်ကို ကိုင်ထားရသဖြင့် ကြိုးကို တွယ်မတက်သာ။ အပေါ်မှာရှိနေသူများက ဖြည်းဖြည်းချင်း ကြိုးကို ဆွဲတင်ပေးကြရသည်။

ခက်ခဲပါသည်၊ ပင်ပန်းပါသည်။ သို့သော် ကျောက်တုံးကြီး မရှိတော့ သဖြင့် လမ်းခရီး အဆင်ပြေသွားသည်။ ရက်ရှည်ခရီးအတွက် (သို့မဟုတ်) ဘုရားအတွက် လုပ်ရခြင်းမို့ ပင်ပန်းသည် သဘောမထား။ ရွှင်လန်းလို့ပင် နေချေသေးသည်။

တောင်ထိပ်သို့ ရောက်လာသည်။

ဘုရားတည်ရန် နေရာရွေးချယ်သည်။ ခြေတော်ရာရှိသည်ဟု ယူဆရသောနေရာမှ ခြေသလုံးခန့်တုတ်သော သစ်ပင်တစ်ပင်ရှိသည်။ သာမန်ကြည့်လျှင် သစ်ခြောက်ပင်ဟု ထင်ရသော်လည်း အခေါက်ကို ခြစ်ကြည့်လျှင် စိမ်းနေသည်။ အခက်အလက်ဟူ၍လည်း မရှိ။ အရွက်ဟူ၍လည်း နတ္ထိ။ ပိဘိ တိုင်တစ်တိုင်ထူထားလေသည့်နှယ်။

အပင်ပတ်လည်ကို နည်းနည်းစီ ခုတ်ခွာ၍ စားကြည့်သည်။ တစ်ခါစားလျှင် အရသာတစ်မျိုး၊ နောက်တစ်ခါ ထပ်စားလျှင် နောက်တစ်မျိုး။ သည်လိုနှင့် ၁၂ ခါလား စားကြည့်သည်။ အရသာ ၁၂ မျိုး ရှိနေသည့်နှယ် ခံစားရသည်။

သိမှတ်ထားရဖူးသည်မှာ အရသာသည် ချို၊ ချဉ်၊ ငန်၊ စပ်၊ ဖန်၊ ခါးဟူ၍ ခြောက်ပါး။ အဆိမ့်ပါထည့်ပါမှ အရသာ ခုနစ်ပါးရှိသည်တဲ့။

ယခုမူ အရသာ ၆ ပါး ၇ ပါးထက် ထူးခြားသော အရသာများကို ခံစားမိသော်လည်း ဘာအရသာဟူ၍ မပြောတတ်။ တစ်မျိုးနှင့် တစ်မျိုး မတူသည်ကိုတော့ သတိပြုမိသည်။ သတိပြုမိချက်အရ ၁၂ မျိုးဖြစ်ကြောင်း သိရှိရသည်။ ထို့ကြောင့်ထင်သည်။ ၎င်းအပင်၏ အခေါက်ကို အကြောင်းသိ ဒကာတစ်ဦးက ခွာခွာယူ၍ မဲသဝေါ်ဆရာတော်အား ဆက်ကပ်လေ့ရှိသည်ဟု သိရသည်။ မည်သည့်အစွမ်းအာနိသင် ရှိကြောင်းကိုကား မသိရချေ။

ဘုရားတည်ရန် အုတ်ပန္နက်သဲတူးမည့်နေရာမှာ ၎င်းအပင်ရှိနေသဖြင့် မလွတ်မကင်းဖြစ်ရကား နုတ်ပစ်စေလိုက်သည်။ ဘေးနားမှာ ချထား၍ အုတ်မြစ်အတွက် ပန္နက်သဲဆက်တူးသည်။ ထိုနေရာမှာ တူးပြီး၍ ၎င်းအပင်ကို အထဲမှာ ဌာပနာသဘောထည့်မည် အတွေးဖြင့် ရှာကြည့်ရာ လုံးဝမမြင်တွေ့ရတော့ချေ။ ပျောက်ချက်သားကောင်းနေသည်။ စုပ်စမြုပ်စ ပျောက်ချက်သား ကောင်းသွားတော့သည်။ မည်သူကမှလည်း မယူရ၊ မကိုင်ရဟု ဆိုကြသည်။ သို့ဖြင့် ထူးခြားသော အရသာရှိသော သစ်ပင်တစ်ပင် ပျောက်ဆုံးသွား ရချေတော့သည်။

ဘုရားအုတ်မြစ်ချရန် ပန္နက်သဲတူးသူတူး၊ ပဌာန်းရွတ်ရန်အတွက် သစ်ခက်တဲ ဆောက်သူဆောက်ဖြင့် ပထမအဆင့်လုပ်ငန်း ပြီးစီးခဲ့သည်။

၁၃၅၅ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက် နံနက် ၈ နာရီမှာ အသံမစဲ မဟာပဋ္ဌာန်း ပူဇော်ပွဲကို စတင်ဖွင့်လှစ် ရွတ်ဖတ်ပူဇော်သည်။ ထိုနှင့် တစ်ပြိုင်တည်းတွင် မဟာသုပိနစေတီတော်အတွက် အုတ်မြစ်ချ အခမ်းအနားကို စတင်ကျင်းပသည်။

ကျင်းပသည်ဆိုငြား အဘယ်မှာ ခမ်းခမ်းနားနား ရှိပါမည်နည်း။ ဤမျှမြင့်သော တောင်ထိပ်ပေါ် တက်ရဆင်းရခက်သော သည်ခရီးအဆုံးမှာ ဘုရားတည်လုပ်အားရှင် သံဃာထုနှင့် ဒကာရင်းအချို့သာရှိသည်။ မြိုင်ကြီးငူ ဘုန်းတော်ကြီးအနေဖြင့်လည်း မည်သည့်အလုပ်တွင်မဆို ခမ်းနားစည်ကားမှု၊ ဂုဏ်ပကာသန ဝင့်ဝါမှုကို အလေးမထား။ အလုပ်ဖြစ်ရန်ကိုသာ အာရုံထားသူဖြစ်သည်။

သို့ဖြင့်. . .

မဟာသုပိနစေတီတော် အုတ်မြစ်ချ အခမ်းအနားကို အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော် ဖွင့်လှစ်ခြင်းဖြင့် ကျင်းပပြုလုပ်ခဲ့လေသည်။

**********

ဘုရားတည်ရန် အုတ်မြစ်ချခဲ့ပြီးပြီ။ စုဆောင်းထားခဲ့သော ပစ္စည်းပစ္စယ (အုတ်၊ သဲ၊ ထုံး၊ ဘိလပ်မြေ) များဖြင့် ဘုရားပြီးစီးသည်ထိ မလုံလောက်နိုင်။ မဏ္ဍပစေတီ ထီးတော်တင်ပြီးစက လက်ထဲ ဘတ်ငွေ ၁၅၀၀ ကျော် ကျန်သည်။ ၎င်းမှာ ကားခနှင့်ပင် ကုန်ခဲ့ပြီ။ လက်ထဲမှာ တစ်ပြားတစ်ချပ်မှ မရှိတော့။ အလှူငွေ ရရှိရေးအတွက် စဉ်းစားသည်။

"မဲသဝေါဆရာတော်ဟာ သည်နယ်တစ်ဝိုက်မှာ ဘုန်းကြီးသည်။ သူဌေးသူကြွယ်တွေ ကိုးကွယ်ကြသည်။ မဲဆောက်၊ ဗန်ကောက် မြို့ကြီးများမှ သူဌေးများ အမြဲလိုလို ရှိနေတတ်သည်။ ၎င်းဆရာတော်ထံ သွား၍ အကူအညီတောင်းရလျှင်ကောင်းမည်။ သူတို့နိုင်ငံထဲမှာ ဘုရားတည်ပေးခြင်းသာ ဖြစ်တာမို့ တောင်းခံအပ်သောအကူအညီကို မငြင်းပယ်တန်ရာ။ သွားကြည့်မည်"

အတွေးဖြင့် မဲသဝေါဆရာတော်ဆီ လာခဲ့သည်။ ဆရာတော်အား ကန်တော့ပြီး ထိုင်နေသည်။ ထိုအချိန်ဝယ် ဗန်ကောက်မှ သူဌေးများ ဆရာတော်ရှေ့တွင် ရှိနေသည်။ ဆရာတော်က အစီအရင်တစ်ခု ပြုလုပ်ပေးနေသည်။ လက်ဖဝါးမှာ ရွှေချပေးပြီး လက်ဖဝါးချင်း ပွတ်ကြသည်။ ပြီးလျှင် နဖူးမှာ ကပ်ရိုက်ကြသည်။ ဘာအစီအရင်၊ အစီအစဉ်ဟူ၍တော့ မသိ။

နားလည်း မလည်။ တစ်ဦးပြီးတစ်ဦး ဆောင်ရွက်ပေးနေသဖြင့် မဲသဝေါ ဆရာတော်က မြိုင်ကြီးငူဆရာတော်အား စကားမပြောအား ဖြစ်နေသည်။ ဘုန်းတော်ကြီး စိတ်ထဲမှာ -

"အကယ်၍ ဆရာတော်က ဘာကိစ္စရှိလို့လဲဟုမေးခဲ့လျှင် အကြောင်း စုံလျှောက်ပြ၍ ဘုရားအတွက် ငွေအလှူခံကြည့်မည်" တွေးနေသည်။

အလှည့်ကမရောက်နိုင်။ အလ္လာပ သလ္လာပစကား ပြောဖော်သော်မှ အလှည့်မရောက်နိုင်။ နဂိုကမှ စောင့်နေရသည်ကို စိတ်မရှည်တတ်သော မြိုင်ကြီးငူဘုန်းတော်ကြီးအဖို့ အတွေးတစ်မျိုး ပြောင်းသွားသည်။

"ငါ့သာသနာပြုသက်တမ်းကာလတစ်လျှောက်မှာ ကူညီပါရယ်လို့ ဘယ်သူ့မှာမှ အကူအညီ မတောင်းခဲ့ဖူးဘူး။ လက်မဖြန့်ခဲ့ဖူးဘူး။ စေတနာ အလျောက် ဖြစ်ပေါ်လှူဒါန်းလာတဲ့ ငွေကြေးများနဲ့သာ သာသနာပြု ဘုရား တည်ခဲ့တာချည်းပဲ။ ခုမှ လက်ဖြန့်တောင်းရမယ်ဆို. . ."

အတွေးသော်မှမဆုံးလိုက်။ နေရာမှ ထပြီး ဖြစ်သည်။ မဲသဝေါဆရာ တော်အား ပြန်ရန် ဦးချကန်တော့လိုက်သည်။ သည်တော့ကာမှ -

"ဘာကိစ္စရှိပါသလဲ ကိုယ်တော်"

"ဘာကိစ္စမှမရှိပါဘုရား၊ ဆရာတော်အား လာရောက်ဖူးမြော်တာပါ ဘုရား၊ ပြန်ခွင့်ပြုပါဦးဘုရား"

"အေး. . . အေး"

ကျောင်းပေါ်မှ ဆင်းလျှောက်ခဲ့သည်။ ကျောင်းဝင်းအပြင်ဘက် တော် တော်ဝေးဝေးအရောက်တွင် နောက်မှ ဆိုင်ကယ်တစ်စီး လိုက်လာပြီး မြိုင်ကြီးငူ ဘုန်းတော်ကြီးရှေ့ ကြိုရပ်ကာ စီးလာသူက ဆိုင်ကယ်ပေါ်မှ ဆင်းပြီး-

"အရှင်ဘုရားအား သူဌေးက သူ့အိမ်ကိုပင့်ခိုင်းလိုက်ပါတယ် ဘုရား"

"မင်းက ဘယ်သူတုန်း"

"တပည့်တော်က သူဌေးရဲ့ လူယုံတစ်ဦးပါဘုရား၊ အရှင်ဘုရား ကျောင်းပေါ်မှ ဆင်းသွားတာတွေ့လို့ တပည့်တော်ကို လိုက်ပင့်ခိုင်းတာပါ ဘုရား"

"ငါမှ သူ့အိမ်ကို မသိဘဲ"

"တပည့်တော်ရှေ့ကနေ ဆိုင်ကယ်နဲ့ လမ်းပြပေးသွားပါ့မယ်ဘုရား"

"ဒါဆိုလဲ သွားတာပေါ့"

ဖြည်းဖြည်းချင်း မောင်းသွားသော ဆိုင်ကယ်နောက်မှ လျှောက်လိုက်ခဲ့သည်။ အိမ်ရောက်ပြီး မကြာမီမှာ သူဌေးဆိုသူ ရောက်လာသည်။ သူဌေးကတော်ပါ ပါခဲ့သည်။ မြိုင်ကြီးငူဘုန်းတော်ကြီးအား ဝတ်ပြုပြီးနောက် -

"အရှင်ဘုရား ဘာအလိုရှိတာလဲဘုရား"

"ဒကာကြီးကော ဘာလိုသလဲ"

"တပည့်တော်တော့ အလုပ်အကိုင် အဆင်ပြေတာကို လိုချင်ပါတယ်ဘုရား"

"ဒကာကြီး ယုံကြည်မှာလား"

"ယုံကြည်ပါတယ်ဘုရား"

"ယုံရင် အနားကိုလာပါ"

အနားကပ်လာသော သူဌေးလက်ဝါးထဲသို့ ခါးပန်းသီးထဲမှ ဆေးလုံးငယ်တစ်လုံးကိုယူကာ ထည့်ပေးလိုက်သည်။ ဘုန်းတော်ကြီးက လက်ဝါးချင်းထပ်၍ ပွတ်ပေးသည်။ ဆေးလုံးကျေလောက်သည်တွင် သူဌေးအား သူ့နှုတ်ကို သူ့လက်ဝါးဖြင့် အုပ်ရိုက်စေပြီး ဘုန်းတော်ကြီး၏ လက်ဝါးက သူ့လက်ပေါ် ထပ်အုပ်ထားလိုက်သည်။

ခဏတွင်း လက်ဖဝါးမှာ ကျေသွားသောဆေးသည် ရှိန်းတိန်းတိန်း အရသာနှင့်အတူ သင်းပျံ့ပျံ့အနံ့ကို သူဌေးပါးစပ်တွင်းမှ ခံစားသိရှိလိုက်ရသည်။ သူဌေးအကြီးအကျယ် အံ့အားသင့်သွားသည်။ မျက်လုံးမျက်ဆန်ပြူး၍ အံ့ဩဝမ်းသာသွားသည်။

"တပည့်တော်ရဲ့ ဇနီးကိုပါ အဲသလို လုပ်ပေးပါဘုရား"

"ဘုန်းကြီးဟာ မာတုဂါမလက်ကို မကိုင်ရဘူး၊ ကိုင်လို့မဖြစ်ဘူး"

"မကိုင်ဘဲနဲ့ ဖြစ်တဲ့နည်းနဲ့ လုပ်ပေးပါဘုရား"

"ဒါဆိုလဲ ကဲ. . . ရော့၊ ဆေးတစ်လုံး ဒကာမကြီးလက်ထဲထည့်ပြီး ခုနက ဘုန်းကြီးလုပ်သလို လုပ်ပေးလိုက်ပါ"

သူဌေးက စောစောက ဘုန်းကြီးပွတ်သလို ပွတ်ပေးသည်။ ပွတ်ရင်းမှ ဆေးက ကျေမသွားဘဲ အလုံးလိုက် ပျောက်သွားသည်။

"ဆေးက ပွတ်နေရင်း ပျောက်သွားပြီဘုရား"

"ဒါဆို ငါလည်းမတတ်နိုင်ဘူး၊ ဆေးလည်း နောက်ထပ်မရှိတော့ဘူး၊ ကုန်ပြီ"

"အရှင်ဘုရား ဘာအလိုရှိပါသလဲဘုရား၊ တပည့်တော် ကူညီလှူဒါန်းပါ့မယ်"

"ခု ဘုန်းကြီး ဘုရားတည်နေတယ်၊ ကား ၁၁၅ စီးလိုတယ်"

"တပည့်တော်က ကား အဲသလောက်အထိ မရှိပါဘူးဘုရား"

"ကားကို လိုချင်တယ်လို့ မဆိုလိုဘူး၊ ကားခက တစ်စီးကို ဘတ် ၅၀၀ နဲ့ ကားအစီး ၁၁၅ စီးစာ လိုတယ်လို့ ဆိုတာပါ"

"ဩော် . . . ဒီလိုလားဘုရား"

ဟု ဆိုကာ ဘေးနားမှချထားသော ငွေအိတ်ကိုယူပြီး ရှိသမျှကို ယူထုတ်လိုက်သည်။ ဘတ် ၅၀၀ တန် ငွေစက္ကူ ၂၁၅ ထွက်လာသည်။ အားလုံးကို ဘုန်းတော်ကြီးရှေ့မှာချ၍ လှူလိုက်ပြီး -

"ဒါ တပည့်တော်အဖို့ ဒီနေ့အတွက် မုန့်ဖိုးအကုန်ပါဘုရား"

ပြောပြောဆိုဆို အိတ်ခါပြသည်။

"ဒါလောက်ဆို ရပါပြီ၊ မလိုတော့ဘူး"

"နောင်ကိုလည်း အလိုရှိရင် ကြွခဲ့ပါဦးဘုရား၊ တပည့်တော် တတ်နိုင်သလောက် တပ်လှူပါဦးမယ်"

သူဌေးအိမ်ပေါ်မှ ဆင်းခဲ့သည်။ လောလောဆယ်ဆယ် ဘိလပ်မြေဝယ်ရန် လုံလောက်သွားသည်။ လှကြည်မိုးကို ခေါ်၍ မဲဆောက်သွားရန် ထွက်ခဲ့သည်။ လမ်းမှာ မျိုးဝင်းကားနှင့် တွေ့သည်။ မေးသဖြင့် ပြောပြရာ သူ့ကားဖြင့် လိုက်ပို့ပေးမည်ဆိုသဖြင့် မျိုးဝင်းပါ သုံးဦး ဖြစ်သွားသည်။

မျိုးဝင်းကား ကေအင်န်ယူ ဖောက်ခွဲရေးသမားတစ်ဦးဖြစ်သည်။ မွတ်စလင်ဘာသာဝင်တစ်ဦးလည်း ဖြစ်သည်။ သူ့ဇနီးကား ခရစ်ယာန်ဘာသာဝင်။ သို့သော် မြိုင်ကြီးငူဘုန်းတော်ကြီးအား ဇနီးမောင်နှံနှစ်ဦးစလုံး အသက်ပေး ယုံကြည်ကြသည် ဆိုနိုင်သည်။ ရှိခိုးခြင်းအမှုကိုတော့ မပြုချေ။ ဘုန်းတော်ကြီး ပြောဆိုဆုံးမသည့်စကားကို တစ်သဝေမတိမ်း လိုက်နာတတ်သော ကျောင်းသားလေးသဖွယ် ဖြစ်သည်။ ဘုန်းတော်ကြီးက သက်လွတ်စားဆို သူတို့လည်း သက်လွတ်လိုက်စားသည်။ သည်အထိ ကြည်ညိုသည်။

အဲ. . . ဦးချရှိခိုးခြင်းအမှုကို ဘာကြောင့်မပြုသည်ကိုသာ မတွေးတတ်လေ။

မြိုင်ကြီးငူဘုန်းတော်ကြီးနှင့် မျိုးဝင်းဆိုသူတို့ ယခင်က လမ်းမှာ သွားရင်းလာရင်း တွေ့ဆုံခေါ်ပြော နှုတ်ဆက်သမှုပြုခဲ့ရာမှ ရင်းနှီး ကျွမ်းဝင်ခဲ့ခြင်းဖြစ်သည်။ အဖြစ်အပျက်တစ်ခုက မျိုးဝင်းအဖို့ မြိုင်ကြီးငူ ဘုန်းတော်ကြီးအား ယုံကြည်ကိုးစားစေခဲ့သည်။

ဘုန်းတော်ကြီးသည် တပည့်သံဃာများနှင့်အတူ တောတောင်လျှိုမြောင် အထပ်ထပ်ကို ကျော်လွှား၍ သာသနာပြုခရီးလမ်းကို လျှောက်လှမ်းနေသည်။ တပည့်သားမြေးများ နာမကျန်းရှိသောအခါ ဦးဆောင်သူပီပီ ကြည့်ရှုကုသပေးရသည်။ ဆေးဝါးများ (မိရိုးဖလာ) အတန်အသင့် နားလည်အောင် လေ့လာထားရသည်။ တော်ရုံရောဂါဆိုလျှင် ပျောက်ကင်းသွားကြသည်ချည်း။ ဘုန်းတော်ကြီး အဓိကထားသော ဆေးချက်မှာ နေရာဒေသ ချိန်ခါရာသီမရွေးရနိုင်သော "ရေ" ပင် ဖြစ်သည်။ ရေကို ဆေးတစ်ပါးအဖြစ် အသုံးချသည်။

"ရေမန်း" ဟု လွယ်လွယ်ဆိုကြသော်လည်း အမှန်မှာ ရေကို မန်းမှုတ်ခြင်းမပြု။ ရေထည့်ထားသော ခွက်၊ ဘူး၊ ပုလင်း စသည်အပေါ် လက်ခလယ်ဖြင့် အပေါ်မှ သုံးကြိမ်မျှ ဝေ့ဝိုက်ပေးသည်။ ဝေ့ဝိုက်ပေးနေစဉ် စိတ်တွင်းမှ -

"ငါသည် တောအထပ်ထပ်၊ တောင်အသွယ်သွယ်မှာ ကိုယ်ကျိုးမငဲ့ဘဲ သာသနာအတွက် သက်စွန့်ကြိုးပမ်း၍ ဘုရားတည် သာသနာပြုနေသူဖြစ်သည်။ ဤမှန်သော သစ္စာစကားကြောင့် ဤရေသည် ကျရောက်ပြီး၊ ကျရောက်ဆဲ၊ ကျရောက်လတ္တံ့သော ဘေးဥပဒ်ရန်စွယ်တို့မှ ကာကွယ်ပေးစွမ်းနိုင်ပါစေသတည်း"

ဟူ၍ အာရုံပြု ရွတ်ဆိုသည်။ ထိုရေဖြင့်ပင် သောက်သုံးကြသူတို့ ပျောက်ကင်းကြသည်။ တိုက်ဆိုင်သည်လော၊ ထန်းသီးကြွေခိုက်မို့ ကျီးနင်းသည်လား၊ ကျီးနင်းလိုက်၍ ထန်းသီး ကြွေရသည်လား မဆိုနိုင်။ ပျောက်တော့ ပျောက်ကြသည်ချည်း။

ရေဖြင့် သစ္စာဆို၍ ရောဂါပျောက်ခဲ့သော သာဓကများ၊ ဇာတ်နိပါတ်တော်များမှာ ရှိခဲ့ဖူးသည်။ သောတ္ထိသေနမင်းနှင့် သမ္မုလမိဖုရား၊ အမရာ၊ ကိန္နရီ၊ မဒီ၊ သမ္မုလ ဟူသော တော်လေးဝ ဝင်သူတစ်ဦး သမ္မုလမိဖုရား။

**သောတ္ထိသေနမင်းသည် သမ္ဗုလမိဖုရားနှင့်အတူ** တိုင်းပြည်စိုးအုပ်စဉ် **မင်း၏ တစ်ကိုယ်လုံး ကုဋ္ဌနူနာစွဲကပ်လာသည်။ အနူဘုရင်ကြီးအဖြစ်** အပြောမခံလို။ တောတွင်းမှာသာ ခိုးကိုးရာမဲ့ဖြင့် သေတော့မည်ဟု တောတွင်းသို့ ဝင်ခဲ့သည်။ သမ္ဗုလမိဖုရားသည်လည်း သာစဉ်တုန်းက အတူစံခဲ့ပြီး နာနေစဉ်မှာလည်း အေးအတူ၊ ပူအမျှသာ ဖြစ်ရပါစေမည် စိတ်ထားဖြင့် အတူလိုက်ပါခဲ့သည်။

တောတွင်းသို့ရောက်သော် သောတ္ထိသေနမင်းအား ရေပူရေချမ်းကမ်းလှမ်းပြုစုခြင်း၊ သစ်သီးဝလံ ရှာဖွေခြင်းတို့ဖြင့် လုပ်ကျွေးရှာသည်။ တစ်နေ့တောသို့ သစ်သီးရှာအသွား ဒါနောရက္ခိုသ် (ဘီလူး) တစ်ကောင်က သမ္ဗုလအား ချစ်စကားဆိုသည်။ မိဖုရားများအနက်မှ မိဖုရားခေါင်ကြီး မြှောက်မည်ဆိုသည်။

"မိမိမှာ ရောဂါသည် လင်သားကို ပြုစုနေရသည်၊ မိမိမရှိလျှင် သေရှာမည်။ အထူးသဖြင့် မိမိမှာ ကာမပိုင်လင်သား ရှိပြီးဖြစ်၍ ထိုစကားမျိုး မပြောသင့်ကြောင်း ပြန်ပြောသည်။ ရက္ခိုသ်သည် သမ္ဗုလ၏ လက်ကို ကိုင်၍ဆွဲလားရမ်းလားပြုသည်။ သမ္ဗုလက နတ်ကောင်းနတ်မြတ် များအားတိုင်တည်လိုက်သည်။ အကြီးအကဲနတ်မင်း ရောက်လာပြီး ရက္ခိုသ် အားသံခြေကျင်း ၇ ဆင့်ခတ်၍ အဝေးဆီသို့ ပို့လွှတ်လိုက်သည်။

ထိုနေ့ ကျောင်းသခ်မ်းသို့အပြန် နောက်ကျသည်။ သောတ္ထိသေနမင်းက အနားသို့ အကပ်မခံ။

"သစ္စာပျက် မိန်းမယုတ်၊ ငါ့နားမကပ်လေနှင့်၊ သင် မိန်းမယုတ်၏ လုပ်ကျွေးခြင်းဖြင့် ငါအသက်မရှင်လို" ဟု ဆိုသည်။ သမ္ဗုလက အကြောင်းစုံ ပြောပြသည်။ မယုံကြည်နိုင်သေး။

"သည်တောသည်တောင်ထဲ ဝိဇ္ဇာဇော်ဂျီ တပသီတွေ အများကြီးရှိကြသည်။ သင်လိုမိန်းမသားတစ်ဦးတည်း နေ့စဉ်နှင့်အမျှ သွားလာနေသည်။ **တစ်ဦးတစ်ဦးနှင့်** ငြိစွန်းခဲ့၍သာ ယခုလို နောက်ကျရခြင်း ဖြစ်သည်။ အသင်သစ္စာပျက် မိန်းမယုတ်၏ ပြုစုလုပ်ကျွေးခြင်းကို ငါမခံယူလို" ဟုပင် ဆက်၍ဆိုနေသည်။

သမ္ဗုလသည် **"အရှင်မင်းကြီး၊ အကျွန်ုပ်မှာ သစ္စာမှတစ်ပါး အားကိုးရာ မရှိပြီ၊ အကျွန်ုပ်** သစ္စာဆိုပါမည်" ဟု ဆိုကာ ရေအိုးကို **သောတ္ထိသေနမင်း**၏ ရှေ့မှာထား၍ -

“အရှင်မင်းကြီး၊ ကျွန်တော်မသည် အရှင်မင်းကြီးနှင့် အေးအတူ ပူအမျှ သာတူနာတူသဘောဖြင့် ဤတောတွင်းသို့ လိုက်လာခဲ့သူဖြစ်သည်။ ယနေ့ချိန်ခါထိ မိန်းမတို့ စောင့်ထိန်းအပ်သော အကျင့်သီလမှ စိုးစဉ်းမျှ မရွေ့လျောခဲ့ပါ။ ဤမှန်သော သစ္စာစကားကြောင့် အရှင်မင်းကြီး၏ ရောဂါသည် ပိန်းကြာဖက်တွင် ရေမတင် လျှောကျဘိသကဲ့သို့ ကင်းစင် လွင့်ပျောက်ပါစေသတည်း” သစ္စာဆိုကာ သောတ္ထိသေနမင်းအား သစ္စာရေစင်ဖြင့် သွန်းလောင်းပေးသည်။

ရေစင်ဖြင့် သွန်းလောင်းစဉ်ခဏမှာပင် တစ်ကိုယ်လုံးရှိ ကုဋ္ဌနူနာရောဂါများ ပွတ်သစ်စ ခရုသင်းကဲ့သို့ ကင်းရှင်းပျောက်ခဲ့ရသည်။ ဤသို့ လင်သားအပေါ် သစ္စာထားရှိသူမို့ “တော်လေးဝ” ဝင်သူအဖြစ် မှတ်တမ်းတင်ခံရသည်။ ဤကား သစ္စာရေစင်၏ ဖြစ်ရပ်တစ်ခု။

တစ်ခု ပြောလိုပါသေးသည်။

သီဟိုဠ်ကျွန်း (ယခု သီရိလင်္ကာ)မှာ တစ်ချိန်က ပဥ္စသီလမြဲသော ဇဂ္ဂန လုလင်ငယ်တစ်ဦးရှိ၏။ မိခင်ကြီး နာတာရှည်ရောဂါအတွက် ယုန်သားရလျှင် ပျောက်မည်ဟူသော ဆေးဆရာ ညွှန်ကြားချက်အရ တောစပ်တစ်နေရာမှာ ယုန်ထောင်သည်။ မိသောအခါ ယုန်ကလေးကို သွားဖမ်းစဉ် ယုန်ကလေးခမျာ လွတ်လိုဇောဖြင့် ကြိုးစားရုန်းရှာသည်။ မလွတ်နိုင်မှန်းသိသော်လည်း သေရမည့်ဘေးကို တွေး၍ ကြောက်လန့်တကြား ရုန်းသည်။ ဇဂ္ဂန လက်ထဲရောက်စဉ်မှာပင် ထွန့်ထွန့်လူးအောင် ရုန်းနေရှာသေးသည်။ ယုန်ငယ်ကို ကြည့်၍ ဇဂ္ဂန တွေးသည်။

“သတ္တဝါတိုင်း သေဘေးကို ကြောက်လန့်တတ်ကြသည်။ ငါ့မိခင်သည်လည်း သေမှာစိုး၍ ယုန်သားကို ဆေးအဖြစ် မှီဝဲရလျှင် ပျောက်မည်ဆိုသည်။ သေဘေးကို ကြောက်တတ်လေ့ရှိသော သတ္တဝါအချင်းချင်းတူပါလျက် ယုန်အသက်ကို ထွက်စေ၍ မိခင့်အသက် ဆက်စေရခြင်းသည် သဘာဝမကျလှ။ ရှိစေတော့၊ သတ္တဝါတစ်ခု ကံတစ်ခု သဘောထားတော့မည်။ ယုန်ငယ်ကို မသတ်ရက်တော့”

တွေးကာ ယုန်ကလေးကို လွှတ်ပေးလိုက်သည်။ အိမ်ပြန်ရောက်သော် အကြောင်းစုံ ပြောပြသည်တွင် အစ်ကိုဖြစ်သူက -

“မွေးသမိခင် ကျေးဇူးရှင်အတွက် မငဲ့ကွက်ဘဲ ယုန်ကလေးအသက်ကို ငဲ့ရပါမို့လား” ဟု ဆူပူကြိမ်းမောင်းလေသည်။ ဇဂ္ဂနသည် ကြံရာမရသည်

နှင့် **ရေတစ်ခွက်ယူကာ** -

"ကျွန်တော်သည် သိတတ်မှတ်စအရွယ်မှစ၍ သတ္တဝါတို့၏ အသက်ကို သေစေလိုသော စေတနာဖြင့် မသတ်ဖူးလေခဲ့။ ဤမှန်သောသစ္စာစကားကြောင့် မိခင်ကြီး ခံစားနေရသော ဤရောဂါသည် ကင်းကွာပျောက်ကင်းပါစေသတည်း" ဟု သစ္စာပြုလေသည်။

သစ္စာပြုပြီး သစ္စာရေကို မိခင်ကြီးအားသောက်စေသည်။ ကျန်ရေကို ပက်ဖျန်းပေးသည်။ ခဏမှာပင် နာတာရှည်ရောဂါ ခံစားနေရသော မိခင်ကြီး ရောဂါမှ လုံးဝပျောက်ကင်း ချမ်းသာရခဲ့ဖူးသည်။

❖ ကတိသစ္စာ၊ မှန်သောခါဝယ်
ဩဇာလေးနက်၊ ပေါ်ဆီတက်၍
နွယ်မြက်သစ်ပင်၊ ဆေးဖက်ဝင်၏" ဆိုထုံးရှိသည်။ ယခုမူ -

❖ ကတိသစ္စာ၊ မှန်သောခါဝယ်
ဩဇာလေးနက်၊ ပေါ်ဆီတက်၍
ရေလျက်သည်ပင်၊ ဆေးဖက်ဝင်၏" ဟုပင် ဆိုရတော့မည်ဖြစ်သည်။

ယခုလည်း သစ္စာကို အခြေတည်၍ ရေကိုပင် ဆေးတစ်ပါးအဖြစ် ဘုန်းတော်ကြီးက အသုံးပြုလေ့ရှိသည်။

မျိုးဝင်းအဖို့ ထိုရေကိစ္စနှင့် စပ်၍ပင် မြိုင်ကြီးငူဘုန်းတော်ကြီးအား ယုံကြည်ကိုးစား အားထားမှုဖြစ်ပေါ်ခဲ့ရသည်။ သူကိုယ်တိုင်တော့မဟုတ်။ သူ့မိတ်ဆွေ အမျိုးသမီးတစ်ဦး။ အရွယ်က ၄၀ ကျော်ပြီ။ သူလို မွတ်စလင် ဘာသာဝင်တစ်ဦးပင်ဖြစ်သည်။ ဥစ္စာပစ္စည်း ချမ်းသာသူမို့ မဲဆောက်မှာရှိသော ခမ်းနားလှသည့် ဗလီကြီးကိုပင် တစ်ဦးတည်း ဒကာခံ၍ ဆောက်လုပ်လှူဒါန်းခဲ့သူ ဗလီဒါယိကာမဖြစ်သည်။

ထိုအမျိုးသမီးသည် ဗိုက်အောင့်လေ့ရှိသည်။ ဗိုက်အောင့်လာလျှင် အလုံးကြီးတစ်လုံးက ရင်ခေါင်းဝသို့ ခုန်ခုန်တက်၍ လာလာဆောင့်နေသည်ဟုဆိုသည်။ ထိုကို မျိုးဝင်းအား ပြောပြရာ မျိုးဝင်းက မြိုင်ကြီးငူဘုန်းတော်ကြီးရှိရာ သူးမွဲထကျောင်းသို့ ခေါ်လာခဲ့သည်။ ဘုန်းတော်ကြီးအား လျှောက်ထားပြောဆိုပြီး မေတ္တာ ကရုဏာထား၍ ကုသပေးပါရန် လျှောက်ထားတောင်းပန်သည်။ ဘုန်းတော်ကြီးက -

"ဘုရားရှိခိုးရင် ကုပေးမယ်" ပြောသည်။

အမျိုးသမီးက မရှိခိုး။ ရေမန်းကိုသာ တွင်တွင်တောင်းသည်။ သူ့လို ဗလီဒါယိကာမကြီးတစ်ဦးက အများအမြင်မှာ ဗုဒ္ဓဘုရားအား ရှိခိုးရသည့် အဖြစ်ကို ရှက်စနိုးဖြစ်နေပုံရသည်။ ထိုကို ရိပ်မိ၍ ဘုန်းတော်ကြီးက တစ်ထစ် လျှော့ကာ -

"ကဲကဲ. . . မရှိခိုးချင်လဲနေ၊ ဒီကပေးလိုက်တဲ့ ရေမန်းကို ယူသွား၊ အိမ်ပြန်ရောက်ရင် ဘယ်သူမှ မတွေ့တဲ့အခါ ဥပမာ ညအိပ်ရာဝင်တဲ့အခါ ကိုယ့်ဘာသာ တစ်ယောက်တည်း တိတ်တိတ်လေး ဒီရေကို ရှိခိုး၊ ရောဂါ ပျောက်ပါစေလို့ ဆုတောင်းပြီးသောက်၊ ကြားလား။ ရှိခိုးပြီးမှ သောက်ရမယ် နော်။ ရှိမခိုးရင် မပျောက်ဘူး။ ဒါတော့ အထူးသတိပြုရမယ်"

ဆို၍ ဘုရားအား ကပ်လှူထားသော သောက်တော်ရေကို ယူပြီး သစ္စာဆိုကာ ပုလင်းထဲ ထည့်ပေးလိုက်သည်။

အမျိုးသမီးသည် သစ္စာရေပုလင်းကို ယူသွားပြီး ရောဂါပျောက်ချင် ဇောဖြင့် မှာလိုက်သည့်အတိုင်းပြုလုပ်သည်။ ညညအိပ်ရာဝင်လျှင် တိတ်တိတ် ကလေး ရှိခိုး၍သောက်သည်။ ရောဂါပျောက်သွားသည်။ နောက်ထပ်ဖြစ်၍ ပင် မလာတော့။

ဤမှစ၍ မွတ်စလင်ဘာသာဝင် ထိုအမျိုးသမီး ဗလီဒါယိကာမကြီး သည် မြိုင်ကြီးငူဘုန်းတော်ကြီး၏ ဆွမ်းဒါယိကာမတစ်ဦး ဖြစ်လာသည်။ ဘုန်းတော်ကြီး မဲဆောက်သို့ ခရီးကြွ၍ ရောက်လေတိုင်း ဆွမ်းပင့်ကျွေးသည်။ သူ့အိမ်သို့ပင့်သည်။ အန္တရာယ်ကင်းအောင် ပရိတ်ရွတ်စေသည်။ သူမ လှူထားသော ဗလီကြီးထဲသို့ ပင့်ဖိတ်၍လည်း အန္တရာယ်ကင်း ပရိတ် ရွတ်ဖတ်စေသည်။ သို့သော် ရှိခိုးခြင်းအမှုကိုတော့ မပြုချေ။

ဗုဒ္ဓဘာသာ ဘုရားကျောင်းကန်များ၌ ဘာသာဝင်မျိုးစုံ၊ ဘာသာခြား မျိုးစုံကို တွေ့ရတတ်လေ့ရှိသည်ကား ထူးမဆန်းတော့။ အမြင် ရိုးနေပြီ။ လေ့လာကြည့်ရှုသူ၊ ဗဟုသုတရှာသူ၊ အထူးအဆန်းအဖြစ် ကြည့်မြင် လိုသူတို့ကို အမြဲလိုလိုတွေ့မြင်နေရသည်။ ရိုးအီနေပြီဖြစ်သော မြင်ကွင်း တည်း။

ယခုမူ အမြင်ဆန်းနေသည်။

ခမ်းနားစွာ ဆောက်လုပ်ထားသော ဗလီကြီးတစ်ခုတွင်းမှာ ဗုဒ္ဓ ဘာသာ ဘုန်းတော်ကြီးတစ်ပါး ဆွမ်းဘုဉ်းပေးနေသည်။ ဗလီဒါယိကာမက ဆွမ်းကွမ်းဝေယျာဝစ္စကို လိုလေသေးမရှိ ဘေးမှာ ဆောင်ရွက်ပြုစုပေးနေ

သည်။ ဗလီဆရာကြီးများက ဆွမ်းဘုဉ်းပေးနေသော ဗုဒ္ဓဘာသာဘုန်းတော်ကြီး (မြိုင်ကြီးငူဆရာတော်)အား အနားမှာ ရိုးကျိုးစွာ ထိုင်၍ ယပ်လေခတ်ပေးနေသည်။ ဖြစ်ရိုးဖြစ်စဉ်မှ ကျော်လျှင် ဆန်းသည်ဟု ဆိုသော် ယခုလည်း ဆန်းသည်ဟုပင် ဆိုရပါခြိမ့်မည်။

ထိုမြင်ကွင်းကို လမ်းပေါ်မှ ဖြတ်သန်းသွားလာကြသူများက အံ့သြထူးဆန်းစွာ ငေးမောကြည့်ရှုသွားကြသည် ထိုကာလမှစ၍ မျိုးဝင်း အပါအဝင် နီးနွယ်ဆက်စပ်သူ ဘာသာခြားများလည်း မြိုင်ကြီးငူဘုန်းတော်ကြီးအား ရှိမခိုးစေကာမူ အလေးတမူနှင့် အရေးတယူ ရှိလာကြသည်။

ယနေ့လည်း မျိုးဝင်းသည် မြိုင်ကြီးငူဘုန်းတော်ကြီးနှင့် လှကြည်မိုးကို သူ့အိမ်သို့ ခေါ်သွားသည်။ အိမ်ရောက်လျှင် မာမူကြီးက ဆွမ်းချက်ကပ်သည်။ ယခင် ဗလီဒါယိကာမလည်း ရောက်လာသည်။ အသစ်ရောက်လာသော မိတ်ဆွေသစ်များနှင့်လည်း မိတ်ဆက်ပေးသည်။

နေ့ဆွမ်းဘုဉ်းပေးပြီးနောက် ဘိလပ်မြေအတွက် ဝယ်နေကျ တရုတ်ညွန့်စိန်ဆိုင်သို့ သွားသည်။ သူ့ဆိုင်မှာ မြန်မာပစ္စည်း၊ ထိုင်းပစ္စည်း၊ နိုင်ငံခြားပစ္စည်းမျိုးစုံရှိသည်။ လိုတာအကုန်ရသည်။ အတုလည်း ရှိသည်။ အစစ်လည်း ရှိသည်။ ယူနေကျ ဖောက်သည်မို့ ငွေမလောက်လျှင်လည်း အကြွေးဝယ်၍ရသည်။

ဘိလပ်မြေအိတ်များအပြင် ကျောပိုး ပလတ်စတစ်အိတ် ၅၀၀၊ မြွေခွံအိတ်သေး ၅၀၀၊ နိုင်လွန်ကြိုးများ၊ ရိက္ခာခြောက်များကိုပါ ဝယ်ယူသည်။ ဟင်းရွက်ဈေးသို့သွား၍ ဟင်းသီးဟင်းရွက်များကိုပါ ဝယ်လိုက်သေးသည်။ မျိုးဝင်းကားဖြင့်ပင် တင်ဆောင်ကာ မဟာသုပိနတောင်ခြေသို့ ပြန်လာခဲ့သည်။

ထိုနေ့မှစ၍ မျိုးဝင်းသည် ကားရော လူပါ ဘုရားတည်ပြီးသည်ထိ ကူညီသည်။ ဆီဖိုးကို ဗလီဒါယိကာမကြီးကပါ ပါဝင်စိုက်ထုတ် ကူညီပေးသည်။ မြိုင်ကြီးငူဘုန်းတော်ကြီး ထိုင်နေသော မျိုးဝင်းကားထိုင်ခုံအောက်မှာပင် ဖောက်ခွဲရေးပစ္စည်းများနှင့် သေနတ်ရှိကြောင်း မျိုးဝင်းက ပြောပြသည်။

"ရှိရှိလေ၊ ငါနဲ့ ဘာဆိုင်တာလိုက်လို့"

"အရှင်ဘုရား မကြောက်ဘူးလား မေးတာ"

"ဟ. . . ဘာကြောက်စရာရှိလို့တုန်း၊ ငါက မင်းတို့လို တော်လှန်ရေးလုပ်နေတာမှ မဟုတ်တာ။ မင်း မြင်တဲ့အတိုင်းပဲ ငါက ဘုရားတွေ တစ်ဆူပြီး

တစ်ဆူ လိုက်တည်နေတာ"

"အရှင်ဘုရား သေနတ်ကော ပစ်တတ်သလား"

"ပစ်တတ်တာပေါ့ဟ၊ မင်းတို့ ဒီအထဲကို မရောက်ခင် ဟိုး. . . ကော်သူးလေခေတ်ကလည်းက ငါလည်း မင်းတို့လို တော်လှန်ရေးရဲဘော် လုပ်ခဲ့ဖူးသားပဲ"

"ခုကော သေနတ်ပစ်ကြည့်မလား"

"ဟင့်အင်းကွ၊ ဘုန်းကြီးဆိုတာ သေနတ်မကိုင်ကောင်းဘူး"

"ဩော်. . . ဩော်. . . ဟုတ်ပေသားပဲ"

စကားတပြောပြောဖြင့် တောင်ခြေသို့ ရောက်လာသည်။

တောင်ခြေမှာ ဘုရားတည် လုပ်အားပေးမည့်သူ တော်တော် များများရောက်နေကြသည်။ သင်တိုင်းဖြူဝတ် ကရင်မလေးများပါ တွေ့ရ သည်။

ဝယ်ယူလာသော ကျောပိုးအိတ်ထဲ အုတ်ခဲ လေးငါးလုံးထည့်၍ လည်းကောင်း၊ ဘိလပ်မြေများ တစ်နိုင်တစ်ပါထည့်၍ လည်းကောင်း တောင်ထိပ်သို့ ခဲခဲခက်ခက် သယ်ယူကြသည်။

သင်းတိုင်းဖြူဝတ် ကရင်ပျိုမလေးများမှာ ကျောပိုးအိတ်ထဲ အုတ်ခဲ များ ထည့်၍ တက်မည့်ဟန်ပြင်ကာ မြင့်မားသော တောင်ထိပ်ကို မော့ကြည့် သည်။ ခက်ခက်ခဲခဲ ကြိုးဖြင့် တွယ်တက်နေသော မြင်ကွင်းကို သည်းတုန်အူ တုန် ငေးကြည့်နေသည်။ ထို့နောက် သူတို့ တက်နိုင်လိမ့်မည်မဟုတ်ဟုဆိုကာ အားရပါးရ ထိုင်ငိုကြသည်။ တဝကြီးငိုပြီးကာမှ ရဲဆေးတင်ကာ အိတ်ကို ကျောပိုး၍ စတက်သည်။ အကျင့်မရှိသည်မို့ အခက်အခဲရှိသည်ဆိုငြား မလျှော့သောဇွဲဖြင့် တက်ကြရာ နောက်ဆုံးတော့လည်း တောင်ထိပ်သို့ ရောက် သွားကြရလေသည်။

တောင်ပေါ်သို့ ပစ္စည်းများ ယူတက်ရာတွင် အခက်အခဲဆုံးမှာ ရေယူ တက်ခြင်းပင် ဖြစ်သည်။ ဂါလန်ပုံးများကို ပြန်ဝယ်၍ တစ်ဦးလျှင် တစ်ပုံးစ၊ နှစ်ပုံးစ စသဖြင့် လွယ်ပိုး၍ ယူတက်ရသည်။ တောင်အောက် မြေပြန့်မှာကဲ့သို့ ရေကို အလျှံပယ်သုံး၍ မဖြစ်။ ကွက်တိခြိုးခြံ သုံးစွဲရသည်။ ရေတစ်ပေါက် အတွက် ချွေးစက်ပေါင်းများစွာဖြင့် လှယ်ယူခဲ့ရသည့်အဖြစ်ကို အားလုံး နားလည်ကြသည်။

ဘုရားတည်ရန် သဲကိစ္စအတွက် ပထမ မဲသရိမှ သဲတစ်ကားကို ဘတ် ၈၀၀ ဖြင့် ဝယ်ယူသည်။ သဲသယ်ကားပိုင်ရှင်မှာ သဲသယ်သော သူပိုင်ကားနံပါတ်ဖြင့် ချဲထီထိုးရာ ထိုအပတ်မှာ ချဲထီပေါက်သွားသဖြင့် နောက်ပိုင်းကားခမယူတော့။ လိုသမျှ သဲကို အလကားတိုက်ပေးတော့သည်။ သဲဒကာအဖြစ် ခံယူသွားသည်။

ထုံးကိစ္စအတွက်ကိုမူ မြန်မာပြည်တွင်းသို့ ပြန်ကာ မယ်ကဇော တောင်မှ တောင်ပေါ်ကရင်များထံမှ အလှူခံရသည်။ ကရင်ပြည်နယ် အထက်ဘက်တစ်ခို ဘုရားတည်တိုင်း သည်တောင်ပေါ်ကရင်များက ထုံးဖုတ်၍ လှူဒါန်းကြသည်။ ယခုလည်း ၎င်းတို့အားသာတာဝန်ပေးရ ပြန်သည်။ ထုံးသယ်ယူရသည်မှာ ခရီးက မနီးလှ။ မယ်ကဇောမှ မယ်ရာထ၊ ၎င်းမှ သံလွင်ဆန်တက်၊ သောင်းရင်းမြစ်ကို ဆန်တက်၍ မဲသဝေါ၊ ထိုမှတစ်ဆင့် မဟာသုပိနကတောင် စသဖြင့် ကုန်းတစ်တန်၊ ရေတစ်တန်ဖြင့် သယ်ယူကြရသည်။

အားလုံးသော ပရိသတ်များ စားသုံးရန် ရိက္ခာအတွက်လည်း မြိုင်ကြီးငူဘုန်းတော်ကြီးကပင် ရှာဖွေပေးရသည်။ ဆန်နည်းလျှင် သံယာအချို့နှင့် ရပ်ရွာများသို့ ဆွမ်းဆန်အလှူခံထွက်သည်။ ဟင်းသီးဟင်းရွက်များကို လိုအပ်လျှင် မဲသဝေါပြန်လာ၊ သူးမွဲထပြန်၊ သောလယ်ထကို သွား၍ အလှူခံသည်။ ရောင်းမကုန်သော ဟင်းသီးဟင်းရွက်များအားလုံးကို အလှူခံရရှိသည်။ ထိုမှာရှိသော "အီကယောက်" ဆိုသူ ဒကာကြီးတစ်ဦးက ဆိုင်များကို စည်းရုံး ၍ အလှူခံပေးသည်။ သို့ဖြင့် တစ်ခါတစ်ခါ အလှူခံသွားလျှင် စက်လှေတစ်စီးစာ အပြည့်ရလာလေ့ရှိသည်။

ထိုတောင်အနီးတစ်ဝိုက်ရှိ ဒေသခံတို့လည်း ဘုရားတည်ရာမှာ လုပ်အားပေးကြသည်။ ထိုသူများမှာ ယခင်က ဘုရားတရားဟူ၍ မရှိကြဟု ဆိုသည်။ ထိုကလည်း အကြောင်းရှိသည်။

တစ်ချိန်သောအခါက မြောင်လူမျိုးများသည် ခြေတော်ရာကို တူးထုတ်ပစ်လိုက်ကြသည်။ တူးနေစဉ်မှာ ခဲမိုင်းပြိုကျ၍ သူဌေးသေသည်။ ခဲမိုင်းလည်း ပျက်စီးခဲ့ရသည်။ အလုပ်လက်မဲ့ဖြစ်ကုန်သည်။

တစ်ခါ တောင်ပေါ်ကရင်များက ကျောက်ပုံကို ပြန်လည်ပြုပြင်၍ ကိုးကွယ်တည်ထားပြန်ရာ လဝလူမျိုးများက လာရောက်၍ တူးဖြိုပစ်ကြပြန်သည်။ ထိုအခါမှစ၍ ထိုဒေသတစ်ဝိုက် ရေများခန်းခြောက်ခဲ့သည်။ မည်သည့်စားပင်သောက်ပင်မှ စိုက်ပျိုး၍မရ ဖြစ်သွားသည်။ ထိုအချိန်မှစ၍ ၎င်းဒေသရှိလူများ ဓားပြတိုက် လုယက်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းမှု ပြုခဲ့ကြသည်။

ဘိန်းစားခားပြများ ဖြစ်ကုန်သည်တဲ့။

ယခု မဟာသုပိနဘုရား တည်စဉ်မှာတော့ ထိုဘိန်းစား၊ ခားပြများ ဘုရားဒကာ ဖြစ်ကုန်တော့သည်။ မြိုင်ကြီးငူဘုန်းတော်ကြီးအားလည်း ဆရာရင်း၊ ဒကာရင်းနှယ် ကြည်ညိုလေးစားတတ်လာကြသည်။ သူတို့တစ်တွေမှာ အလွန်ကို ဆင်းရဲနွမ်းပါးကြပုံရသည်။ ကရုဏာသက်လှသဖြင့် ဘုရားတည်သော ဦးစန္ဒောတို့အဖွဲ့နှင့် တွဲဖက်၍ လုပ်စေသည်။ လုပ်အားခအဖြစ် စိုက်ပြီး ပေးသည်။ စားရေးသောက်ရေး မပူပင်ရအောင် ရှာကြံပေးသည်။ သည်တော့ မြိုင်ကြီးငူဘုန်းတော်ကြီးအား အားထားကိုးကွယ်လာကြသည်။

သည်သောခါမှာ မြိုင်ကြီးငူဘုန်းတော်ကြီးက အကုသိုလ်ဒုစရိုက် ပြုလုပ်ခြင်းအပြစ်များကို ဟောပြောပြပေးသည်။ တလေးတစား နာယူ လက်ခံကြသည်။

ဘုရားတည်ရာမှာ အားတက်သရော ပါဝင်လုပ်ဆောင်ကြသည်။ သည်အတိုင်းဆိုလျှင် ဘုရားသည် မှန်းထားသည်ထက်စော၍ ပြီးစီးနိုင်ပါလိမ့်မည်။

မဟာသုပိနတောင်သည်လည်း ဘုရားစေတီနှင့် သာယာတင့်တယ် လွန်းရပေတော့မည်။

မဟာသုပိနတောင်နှင့်ပတ်သက်၍ ထူးခြားချက်အချို့ကို ကြားသိခဲ့ ရဖူးသည်။

တောင်ပေါ်မှာ သားငါး၊ အရက်သေစာ ယူဆောင် သောက်စား ခြင်းမပြုရ။ ပြုလျှင် လေမိုးပြင်းထန်ကျ၍ မိုးကြိုးပစ်တတ်သည်တဲ့။

နောက်တစ်ခုက. . .

ထိုတစ်ဝိုက် မိုးသိပ်ရွာလွန်းလျှင် သင်တိုးဝတ် ကရင်ပျိုမလေး များက သူတို့အသုံးပြုသော ဗုံကလေးများကို တီး၍ တောင်ပေါ်တက်သွားကာ ခြေတော်ရာ ဘုရားအား မီးပူဇော်လိုက်လျှင် မိုးတိတ်သွားတတ်သည်။

မိုးမရွာ၍ မိုးခေါင်လွန်းပါလျှင် ယောကျာ်းလေးများက အလားတူ တက်သွားပြီး မီးပူဇော်လိုက်လျှင် မိုးရွာချတတ်သည်တဲ့။

ဟုတ်မဟုတ်တော့ ကိုယ်တွေ့ မကြုံရသေး။ ဇာသခံဘိုင်း ပြောပြသော ချက်ကို သိမှတ်ထားလိုက်ရသည်။

ရင်းမဟာသုပိနတောင်မှာ အပျိုကြီးသက်သက် ၇ ယောက်သော်

တောင်ကို စောင့်ရှောက်နေသည်ဟုလည်း ဆိုကြပြန်သေးသည်။ ဤတောင်မှ မြောက်ဘက်ယွန်းယွန်းမှာ အပျိုမတောင်ခေါ်သော (လေးမုကနော်)တောင် ရှိသည်။ လသာညများမှာ ထိုတောင်ကို ကြည့်လိုက်လျှင် တောင်ပုံသဏ္ဍာန်မှာ သင်တိုင်းဖြူဝတ် ကရင်မိန်းမပျိုတစ်ဦး ရပ်နေပုံနှင့် ချွတ်စွပ်တူနေသည်။ ထို့ကြောင့် လေးမုကနော် (အပျိုမတောင်) ဟု ခေါ်ကြလေသည်တဲ့. . .။

ဟုတ်သည်၊ မဟုတ်သည် ဆန်းစစ်မနေအား။ ဆန်းစစ်နေခြင်းဖြင့် အကျိုးများဖွယ် မမြင်သဖြင့် ကြား ကြားသည့်အတိုင်း မှတ်သားထားလိုက်သည်။

**********

ဘုရားတည်လာရာ ရက်အတော်ရလာသည်နှင့်အမျှ ဘုရားလည်း ၃ ပုံ ၂ ပုံ ပြီးစီးနေပြီ။

မဟာသုပိနတောင်မှာ ခြေတော်ရာ ပုံဖော်၍ တည်ရန်လိုအပ်သဖြင့် မြိုင်ကြီးငူသို့ ဆင်းခဲ့သည်။ ထိုအချိန် မြိုင်ကြီးငူရှိ မြဘုန်းခေါင် စောင်းတန်းဝယ် ပန်းပုဆရာ ကိုသိန်းဝင်းက ဝေဿန္တရာဇာတ်တော် ရုပ်လုံးဖော်နေသည်။ မဟာသိမ်တော်ကြီးနှင့် နန်းဦးစေတီကို ဆက်သွယ်သည့် စောင်းတန်းရှည်ကြီးကို ဆောက်လုပ်နေဆဲဖြစ်သည်။ ဝေဿန္တရာဇာတ်တော် ရုပ်လုံးဖော်ရာမှာ သားတော် ဇာလီနှင့် သမီးတော် ကဏှာဇိန်တို့ကို ပေးလှူခန်း ထုလုပ်နေဆဲဖြစ်သည်။

"ဒကာသိန်းဝင်းရေ၊ အဲဒါတွေ ခဏထားလိုက်ပါဦး၊ ဒီထက်အရေးကြီးတဲ့ ကိစ္စပေါ်လာတယ်"

"မှန်ပါ၊ အမိန့်ရှိပါဘုရား"

"ခုတည်နေတဲ့ မဟာသုပိနတောင်မှာ ခြေတော်ရာပုံဖော်ဖို့လိုတယ်။ အဲဒါကို အရင်စကြရအောင်"

"နမူနာပုံတော့ လိုမယ်ဘုရား"

"မပူနဲ့လေ၊ စဉ်းစားထားပြီးသားပါ"

မြိုင်ကြီးငူဘုန်းတော်ကြီးသည် ကိုသိန်းဝင်းကို ခေါ်ဆောင်၍ မော်လမြိုင်သို့ဆင်းခဲ့သည်။ အထက်ခြံကျောင်း၊ ဘေးမဲ့ကျောင်းတွင် နေစဉ်က ခြေတော်ပုံထုလုပ် ပူဇော်ထားရှိသည်ကို တွေ့ထားခဲ့ပြီးဖြစ်သည်။

ကိုသိန်းဝင်းအား သွပ်ပြားပေါ်ဝယ် ခြေတော်ရာပုံကို ကူးဆွဲစေသည်။ ပုံမှာ ဝဲဘက် ခြေတော်ရာပုံဖြစ်သည်။

ပုံရေးကူးပြီး စက်လှေဖြင့် သူးမွဲထသို့ တက်ခဲ့သည်။ ထိုမှ မဲသဝေါ၊ မဲသဝေါမှ မဟာသုပိနတောင်သို့ အဆင့်ဆင့် သယ်ယူခဲ့ရသည်။ ပန်းပုဆရာ ကိုသိန်းဝင်းနှင့် ဘုန်းတော်ကြီး သွားလေရာ အမြဲလိုလို ပါတတ်သော ဦးထွန်းမြင့်လည်း လိုက်ပါလာသည်။

တောင်ထိပ်သို့ ခြေတော်ရာပုံ (သွပ်ပြားမှာ ရေးဆွဲထားသည့်ပုံ) ရောက်ပြီးနောက် လိုအပ်ပစ္စည်းများဝယ်ရန် တောင်ခြေသို့ ဆင်း၍ မဲဆောက်မှာ သွားဝယ်ရသည်။ ပစ္စည်းများ စုံလောက်တွင်မှ ခြေတော်ရာပုံ ကို ထုလုပ်ဖော်ဆောင်သည်။

ရှေးဦးစွာ ရေကန်သဖွယ် ပြုလုပ်သည်။ ကန်လယ်တည့်တည့်မှာ ပဒုမ္မာကြာပွင့်ကြီးတစ်ပွင့် ရိုးတံစွင့်စွင့်နှင့် တင့်နေဟန် ပြုလုပ်သည်။ အစွမ်းကုန် ပွင့်အာနေပြီဖြစ်သော ပဒုမ္မာကြာပွင့်ချပ်၊ ပွင့်ဖတ်ပေါ်မှာမှ ၆ ထွာ × ၃ ထွာရှိ ယာဘက်ခြေတော်ရာပုံကို သွန်းလောင်းသည်။ စက်လက္ခဏာ တစ်ရာ့ရှစ်ကွက်ကို အနုစိတ်ထုလုပ် ပူဇော်သည်။ မဟာသုပိနတောင်မှာ ယာဘက်ခြေတော်ရာပုံ၊ စူဠသုပိနတောင်မှာ ဝဲဘက်ခြေတော်ရာပုံကို ထုလုပ်ပူဇော်သည်။

စူဠသုပိနတောင်မှာ ဝဲဘက်ခြေတော်ရာကို ထုလုပ်ပူဇော်ထားပြီး နောင်အလျဉ်းသင့်လျှင် ထိုကိုင်း၍ ပုထိုးတော်သဖွယ် တည်ထားဦးမည် ရည်ရွယ် ထားသည်။

(မဟာသုပိနတောင်ရှိ ခြေတော်ရာ ပူဇော်ထားရှိသည့် ကန်ငယ်ထဲမှ ရေကို ယူ၍ လယ်ကွက်များ၌ ပက်ဖျန်းပေးလျှင် ပိုးမွှားများ အဖျက်အဆီး ကင်းရှင်း၍ သီးနှံအောင်မြင် ဖြစ်ထွန်းမည်။ အကြောင်းသော် အရသာ ၁၂ မျိုးရှိသော သစ်ပင်ပေါက်ရာဒေသဖြစ်သဖြင့် ၎င်း၏ စွမ်းအင်သတ္တိများ ကူးစက်ပျံ့နှံ့နေသောကြောင့်တည်း။)

မြိုင်ကြီးငူဘုန်းတော်ကြီးသည် မဟာသုပိနစေတီတော် တည်ထား ရင်း မဟာသုပိနတောင်မှာ ယာဘက်ခြေတော်ရာ၊ စူဠသုပိနတောင်မှာ ဝဲဘက်ခြေတော်ရာကို ထုလုပ်ပူဇော်ရင်း အလုပ်များနေသည်။ ထိုအချိန်တွင် မာနယ်ပလောမှာ ကျောင်းထိုင်နေသော နို့ဖြူးဆရာတော် (ရမ်ဘိုဘုန်းကြီး) ဦးဝိဇနက မြိုင်ကြီးငူဘုန်းတော်ကြီးအား ခဏခဏမှာသည်။ မှာသော်လည်း

ဘုန်းတော်ကြီးက မသွားချေ။ သွား၍လည်း အကျိုးတစ်စုံတစ်ရာ ထူးလာမည် မဟုတ်။ ဗိုလ်မြ အသံသွင်းပေးထားသော ခေတ်ပြားဟောင်းကြီး ကိုသာ ထပ်ဖန်တလဲလဲ ဖွင့်ပြမည်ကို သိနေသည်။ မာနယ်ပလောခွင်ကို ကျော်ဖြတ် တက်ဆင်း၍သာနေသည်။ သွား၍ကား အတွေ့မခံချေ။

မသွားတွေ့တော့ တစ်မျိုးဆိုလာပြန်သည်။ သူးမွဲထကျောင်းမှာ ပူဇော်ထားရှိသော ကြေးသွန်းကိုယ်တော်ကို သူလိုချင်သည်၊ ပို့ပေးပါ ဆိုလာ သည်။ စကားနည်း ရန်စဲ ပြီးပြီးစေသဘောဖြင့် ပို့ပေးလိုက်သည်။

ဖောင်တော်ဦးစေတီက ရုပ်ပွားလေးဆူကို လိုချင်သည် ဆိုပြန်သည်။ ပို့ပေးလိုက်ပြန်သည်။ သည်တင်မကသေး၊ ကြေးသွန်းကိုယ်တော် သီတင်းသုံး ရာ သီဟာသနပလ္လင်တော်ကို လိုချင်ပြန်သည်။ မထူးပါဘူး၊ ပေးလက်စနဲ့ ပေးလိုက်ပြန်ပါသည်။

လိုချင်သူက အနိုင်အထက် လိုချင်သဖြင့်သာ ပေးလိုက်ရသည်။ ၎င်းပစ္စည်းများ မြန်မာပြည်မှ အဆင့်ဆင့် ခက်ခက်ခဲခဲ သယ်ယူလာခဲ့ရသည်။

အမှတ်ရပါသေးသည်။ (၁၉၈၉ ခုက ဖြစ်သည်။)

ကြေးသွန်းရုပ်ပွားတော်နှင့် သီဟာသနပလ္လင်တော် သယ်ယူခဲ့စဉ် ကာလကဖြစ်သည်။ သူးမွဲထမှာ ဣစ္ဆာသယ ဖောင်တော်ဦးစေတီ တည်ထားခဲ့ ပြီးပြီ။ အပေါ်ကျောင်းမှာ ပူဇော်ထားရှိရန် ငါးပိဿာခန့် လေးသော ကြေးသွန်း ရုပ်ပွားတော်တစ်ဆူနှင့် သီဟာသန ဘုရားပလ္လင်တစ်ခုကို ပူဇော်ထားရှိလိုခဲ့ သည်။ ထိုကို စေတနာရှင်တစ်ဦးက ရန်ကုန်မြို့မှ ဝယ်ယူပူဇော် လှူဒါန်းလိုက် သည်။ ဘုန်းတော်ကြီးကိုယ်တိုင် ရန်ကုန်ကြွ၍ အလှူလက်ခံယူခဲ့သည်။ ဘားအံရောက်လျှင် ဘီ ၁၆ ကောင်တပ် စက်လှေကလေးဖြင့် မြိုင်ကြီးငူသို့ တင်ယူလာခဲ့သည်။ ထိုစဉ်တုန်းက မှတ်မှတ်ရရ ဘားအံမှာ အစ်ကိုဆရာ ဆိုသူနှင့် ပြန်ဆုံသည်။

ဘုန်းတော်ကြီး၏ ခက်ခဲကြမ်းတမ်းသော သာသနာပြုခရီးလမ်းကို လေ့လာလိုသည်ဆိုသဖြင့် ခေါ်လာခဲ့သည်။ ခေါ်သာခေါ်လာခဲ့ရသည်။ အစ်ကိုက လူနု၊ အကြမ်းပတမ်း ခံနိုင်သူမဟုတ်။ တောလမ်း တောင်တက် ခရီးကို သွားလာဖူးသူမဟုတ်။

ပြီးတော့ အမည်းရောင်နယ်မြေ။ သည်အထက်ဘက်သို့ လူပုဂ္ဂိုလ် ဆို၍ ဒေသခံမှအပ မည်သူ့အားမျှ တက်ခွင့်မပြု။ ဒေသခံများသော်မှ လက်မှတ်ဖြင့်သာ သွားလာနေကြရသည်။ အခြားသူများ သွားလာလိုပါက

သက်န်းဝတ်ဖြင့်သာ သွားလာခွင့်ရှိသည်။

"ဆရာအစ်ကို လိုက်ပါလိုလျှင် ခေါင်းတုံးတုံး၍ သင်္ကန်းဝတ်ပါ။ ဒါမှ အန္တရာယ်ကင်းမှာ"

"ဟင့်အင်း. . . ဒါဆို မလိုက်ဘူးကွ၊ သင်္ကန်းမဝတ်ချင်လို့ ထွက်လာပြီးမင့်ပဲ။ သူတို့ကို ကြောက်လို့ ပြန်ဝတ်ရမှာဆိုတော့ မဝတ်ဘူးဟ"

"မဝတ်ရင် မခေါ်သွားရဲဘူး၊ အစ်ကို့အတွက် အန္တရာယ်ရှိနိုင်တယ်"

"ဟ. . . မခေါ်သွားရဲရင်လည်း မသွားရုံပေါ့၊ အစ်ကိုလိုက်တာက ဪ. . . ငါ့ညီရဲ့ သာသနာပြုခရီးလမ်း ကြမ်းကြမ်းတမ်းတမ်းဆိုတာ ဘယ်လိုအနေအထားပါလိမ့်ဆိုတာ သိချင်လို့ လိုက်မှာပါ"

"သူတို့က လူစိမ်းဆိုရင် ထောက်လှမ်းရေးကလိုလိုချည်း မြင်နေတယ်"

"ဒါကလည်း အစ်ကိုအကြောင်း စ-ဆုံး ငါ့ညီသိပြီးသားပဲ။ ငါ့ညီက တာဝန်ခံ ခေါ်သွားရင် မပြီးဘူးလား"

"ပြီးတော့ပြီးတာပေါ့၊ ဒါပေမဲ့ အစ်ကို့အတွက် ပိုပြီး အန္တရာယ်ကင်းရအောင်လို့ပါ"

"မလိုပါဘူး၊ တာဝန်ခံသူက အာမခံ ခေါ်သွားပြီမင့်ပဲ။ မဟုတ်တာ ဖြစ်လာလို့ကတော့ နှစ်ဦးစလုံးပဲပေါ့၊ သေတူတူ ရှင်တူတူပေါ့ဟ"

အသက်တွေ အထိုက်အလျောက် ကြီးလာကြပြီဖြစ်ပေမယ့် ငယ်မူငယ်သွေးက မပျောက်တတ်သေး။ ခေါင်မာဆဲဖြစ်သည်။ သည်လိုနှင့် သင်္ကန်းဝတ်တွေကြားမှာ လူဝတ်ကြောင်အဖြစ်နဲ့ အစ်ကိုဆရာတစ်ယောက် ကန့်လန့်ကန့်လန့်နှင့် လိုက်ပါခဲ့သည်။ တောတွင်းရဲဘော်များက သူ့ကို စူးစူးစိုက်စိုက် ကြည့်ကြသည်။ ကရင်လို ပြောကြသည်။ အစ်ကို ကြောက်လန့်ပုံမပေါ်။ မပေါ်ဆို အစ်ကိုက ကရင်စကားမှ မတတ်ပေဘဲကိုး။

သံသယမျက်လုံးနှင့် သူတို့ကြည့်၍ မေးလေတိုင်း "သောင်ခါ့ဆရာ" (ဘုန်းကြီးဆရာပဲ) ဟူ၍ ပိတ်ဖြေပေးခဲ့ရသည်။ ဘဝင်က တယ်မကျချင်သေး။ အစစ ငါတာဝန်ယူပါတယ်ဆိုမှ ပြီးသွားသည်။

ကြေးသွန်းရုပ်ပွားတော်ကို သင်္ကန်းဖြင့် ထုပ်၍ အစ်ကို့အား ကျောပိုးသယ်ယူစေသည်။ ပဋ္ဌာန်းကိုမူ တစ်စစီဖြုတ်၍ ကိုရင်ကြီးများအား တစ်ပိုင်းစီ ထုပ်ပိုးယူဆောင်စေသည်။ မြိုင်ကြီးငူမှ ဆားဆိပ်အထိ စက်လှေဖြင့် တက်ခဲ့သည်။ ဆားဆိပ်မှ တက်သည်ဆိုသည်နှင့် တောင်တက်ခရီး စတော့သည်။

ခရီးဖြင့် မစရသေး။ အစ်ကိုတစ်ယောက် အမောဖောက်နေပြီ။ ခြေလှမ်းကို သော်မှ အနိုင်နိုင် သယ်နေပုံရသည်။ ထင်ထားသား၊ ဒီအခြေမျိုး ဆိုက်မည် ဆိုတာ။ တောင်ကုန်းအထက်နားရောက်သည်ဆိုပဲ -

"နားကြပါဦးစို့ဟ" ဆိုလာသည်။ အနားပေးလိုက်ရသည်။ မောရှာမည်လေ။ အချိန်ကိုက မွန်းတိမ်းရုံရှိသေးသည်။ နားပြီးခဏမှာ -

"ကိုင်း. . . အစ်ကို၊ ခရီးသွားတောင်တက်ဆိုတာ နားတဲ့အခါ လုံးဝ ပြေသွားတဲ့အထိ နားလို့မဖြစ်ဘူး။ ပြေအောင်နားလိုက်ရင် သွေးအေးသွားမယ်။ ကိုင်း. . . ထ၊ သွားလိုက်ကြဦးစို့"

မထချင်သေးသောဆန္ဒ၊ မလှမ်းချင်သေးသော ခြေလှမ်းဖြင့် အစ်ကိုခမျာ ထရရှာသည်။ အစ်ကို့မျက်နှာတစ်ခုလုံး နီမြန်းနေသည်။ ပင်ပန်းနွမ်းနယ်နေသည်။

"အေးဟာ၊ မြို့ပေါ်မှာတုန်းက ဓာတ်မီးတိုင်လေး တစ်တိုင်လောက် အဝေးကိုတောင် စက်ဘီးကလေးနဲ့ အမြိုင့်သား သွားခဲ့ရတာ။ ခုမှထိတော့တယ်။ ဒီလိုမှန်းသိ လမ်းလျှောက်ကျင့်ခဲ့သား"

ပြောရှာသည်။ သူ့အား ကြည့်ရသည်မှာ အားမရသည်နှင့် သူသယ်ယူခဲ့သော ကြေးသွန်းရုပ်ပွားတော်ကို မိမိကတစ်လှည့်စီ ကူသယ်ပေးခဲ့ရသည်။ နှစ်နာရီခန့်သွားပြီးနောက်မှ အစ်ကိုတစ်ယောက် သွေးပူလာသည်ထင်၏။ အမီလိုက်လာနိုင်သည်။ သူကလည်းပြောသည်။

"တောင်တက်ခရီးကို မသွားဖူးတော့ မောတယ်၊ မောတာကို မောတယ်လို့ မမှတ်ဘဲ ဘယ်လှမ်းတယ်၊ ညာလှမ်းတယ်၊ ဘယ်ညာ ဘယ်ညာစသဖြင့် မှတ်ပြီး လျှောက်လိုက်တာ ဟုတ်သလိုရှိသား" တဲ့။

ပလ္လင်အစိတ်အပိုင်းများကို ကိုယ်စီထမ်းခဲ့ရသော ကိုရင်ကြီးများ အဖို့လည်း မသက်သာလှ။ ပန်းခက်အနုအရွကလေးများ မကျိုးမပဲ့စေရန် သတိ အတန်တန် ထား၍ သယ်ကြရသည်။ ကျောပိုး၍တစ်နည်း၊ ထမ်းပိုး၍ တစ်သွယ်၊ ခေါင်းရွက်၍တစ်ဖုံ နည်းမျိုးစုံဖြင့် သယ်ယူကြရသည်။ မကျိုးမပဲ့စေရန် သတိထားရသည်မှအပ သူတို့အဖို့ ပင်ပန်းခြင်းမရှိလှ။ သွားနေကျခရီး ဖြစ်သည်ကိုး။

ပုံမှန်ခရီးဆို ဆားဆိပ်မှတက်လာပြီးလျှောက်လျှင် တစ်ထောက်နားနေကျ ထီးပေါ်မုနေ့ာ်တောင်ပေါ် ရွာသို့ ညနေ ၅ နာရီမှာ ရောက်စမြဲ။ ယခုမူ ငဲ့ကွက်ရသော အစ်ကိုကြောင့် ည ၈ နာရီကျော်မှ ရောက်ဖြစ်တော့ သည်။

နောက်နေ့မိုးလင်းသည်နှင့် ဆက်လျှောက်ရာ မယ်ထရာသို့ မွန်းတည့် ၁၂ နာရီမှာ ရောက်သည်။ သည်နေ့ခရီးမှာတော့ ထီးပေါ်မုနော်ရွာမှ အမျိုးသမီးကြီးများ ကူသယ်ပေးကြသည်။ ကြေးသွန်းရုပ်ပွားကိုမူ အစ်ကိုကသာ သယ်ယူသည်။ မယ်ရာထမှ ညနေ ၄ နာရီခန့်တွင် လာကြိုသော စက်လှေဖြင့် သူးမွဲဘာသို့ ဆက်ခဲ့သည်။ ညနေ ၆ နာရီကျော်မှ ရောက်သည်။

တစ်ခေါက်မှ မရောက်ဖူးသေးသော အစ်ကိုဆရာ၏ အလာခရီးမှာ တစ်ပါယူခဲ့သော သည်ကြေးသွန်းရုပ်ပွားတော်ကိုမှ ကိုရွှေရမ်ဘိုဘုန်းကြီးက လိုချင်လှချည်ရဲ့ ဆိုသည်။ ချွေးနှင့်ရင်း၍ သယ်ခဲ့သော အစ်ကိုသိလှ်င် ဘာပြောမည် မဆိုနိုင်သော်လည်း ပေးလိုက်ရသည်။

ပန်းအနုအရွှကလေးမှအစ မကျိုးမပဲ့စေရန် သတိကြီးစွာ ထား၍ ခဲခဲခက်ခက် သယ်ယူခဲ့သော ပလ္လင်တော်ကိုပါ တောင်းလာပြန်သဖြင့် ပေးလိုက်ရပြန်သည်။

တောင်းတိုင်းရသည်မို့ ရယူသူ သူ့အနေဖြင့် အလေးမူစရာမရှိသော်လည်း မိမိအနေဖြင့်မူ ကြေးသွန်းရုပ်ပွားတော်ကို ပေးရစဉ်က -

ချွေးအရွဲသား၊ နီးမြန်း ပင်ပန်းနေသော မျက်နှာ၊ နွမ်းလျနေသော အစ်ကိုဆရာ၏ မျက်နှာကို ကွက်ခနဲ မြင်ယောင်မိလိုက်သေးသည်။

ပစ္စည်းအပေါ် နှမြောတွန့်တိုခြင်းကား မိမိမှာ မရှိတတ်။ အစ်ကိုဆရာဆိုသူ၏ လုပ်အားကိုတော့ အသိအမှတ်ပြုလိုပါသည်။ ရည်ရွယ်ရင်းစွဲရှိသည့် ကျောင်းတော်မှာသာ ထားလိုပါသည်။ သို့သော် ရမ်ဘိုဘုန်းကြီးသာ ကိုးကွယ်ထိုက်ရော့ထင့်။ ပလ္လင်တော်နှင့်အတူ ပေးပို့လိုက်ရသည်။

သူလိုသောပစ္စည်းများ အားလုံးလိုလို ပို့ပေးပြီးဖြစ်သော်လည်း မအေးသေး။ သူက ကရင်သံဃာဖွဲ့စည်းဖို့ ကြိုးစားနေပြန်သည်။ ပြည်မ (ရန်ကုန်) မှာ ပြည်လုံးကျွတ် သံဃာ့စည်းဝေးကြီး ကျင်းပနေသည်ကို အားကျသည် ထင်၏။ ရမ်ဘိုဘုန်းကြီးကလည်း ကရင်ပြည်နယ် အထူးသဖြင့် ဗိုလ်မြကြီးစိုးသော နယ်ပယ်တွင်းရှိ သံဃာများကိုစုစည်းပြီး သံဃာ့ စည်းဝေးပွဲကြီး ပြုလုပ်ချင်နေသည်။ ဗိုလ်မြ၏ အားပေးထောက်ခံမှု အပြည့်အဝ ရရှိထားသည်မို့ သံဃာ့နာယကဥက္ကဋ္ဌ ဖြစ်လိုဟန်တူသည်။

သူခေါ်လိုသည်ဆိုလျှင် ဗိုလ်မြ ထောက်ခံပေးပြီး စုစည်းပေးသည်။ သံဃာများက လာချင်လည်းလာ၊ မလာချင်လည်း လာရသည်ချည်း။ အဲ. . . မလာသူဆို၍ မြိုင်ကြီးငူဘုန်းတော်ကြီး တစ်ပါးသာ။ မြိုင်ကြီးငူ မလာလေ

သူက ဗိုလ်မြဆီမှာ စွဲချက်တင်လေဖြစ်သည်။ သူတို့ ဩဇာမခံပုံထောက်လျှင် မြိုင်ကြီးငူသည် တစ်ဖက်နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ လူယုံ လုံးလုံးကြီးဖြစ်ကြောင်း၊ ကေအင်န်ယူ ဖြိုခွဲရန်အတွက် ဒလန်လွှတ်ထား သူဖြစ်ကြောင်း ထင်ရှားသည်ဟု ဆိုသည်။

အမှန်မှာ မြိုင်ကြီးငူဘုန်းတော်ကြီးအနေနှင့် တစ်ကိုယ်တော် လူစွမ်း ကောင်း ဆိုမလား၊ အဖွဲ့အသင်းကင်းသူ ဆိုမလား၊ ဆိုချင်သလိုဆိုနိုင်သူ ဖြစ်သည်။ သာသနာပြုခရီးတစ်လျှောက်လုံးမှာ အသင်းအဖွဲ့ဟူ၍ နောက်ခံ မထား။ ကျောထောက်နောက်ခံ ဥပထမ္ဘကအဖွဲ့ကို အားမပြု။ ကိုယ်တိုင် ဦးဆောင်၍ တပည့်သံဃာတို့နှင့်သာ တစ်နိုင်တစ်ပိုင် ပြုလုပ်နေခဲ့သည်။

အဖွဲ့နောက်ခံထားလျှင် သူများအထောက်အပံ့ယူလျှင် သူများ ဩဇာနာခံနေရဦးမည်။ ညှိနှိုင်းဆွေးနွေး သဘောတူညီချက်၊ ဆုံးဖြတ်ချက် ယူနေရဦးမည်။ ဆုံးဖြတ်ချက်အတိုင်း လုပ်ဆောင်ပြီးစီးသော်မှ ပြန်လည်၍ အစီရင်ခံနေရဦးမည်။ မိမိလုပ်နေသည်ကလည်း မဟုတ်တာ တစ်ခုမှမဟုတ်။ ကရင်ပြည်နယ်၏ ဗုဒ္ဓသာသနာရောင်ကို ယခင်တစ်ချိန်ကကဲ့သို့ ထွန်းပြောင် စေမည်ဟုသာ ရည်ရွယ်ထားသည်။

ရည်ရွယ်ထားသည့်အတိုင်းလည်း အဆက်မပြတ် ဆိုသလို လုပ် ဆောင်နေသည်။ အဖွဲ့အသင်းနှင့် ပြုလုပ်သည်မှာ တိုးတက်ပြန့်ပွားမှု အရှိန် အဟုန် နှောင့်နှေးသည်ဟု မဆိုချင်သော်လည်း မိမိရေမြေအနေအထား၊ လုံခြုံ ရေးအနေအထားကို မိမိဘာသာ သိထားပြီးသည်မို့ တစ်ကိုယ်တော် စွမ်း ဆောင်ခြင်းက အဖွဲ့အစည်း စွမ်းဆောင်ခြင်းထက် ပို၍ခရီးရောက် သည်မို့ တစ်ကိုယ်တော် စွမ်းဆောင်နေခြင်းလည်း ဖြစ်သည်။

မြိုင်ကြီးငူဘုန်းတော်ကြီး၏ စွမ်းဆောင်မှုကို အသိအမှတ်ပြုသော အားဖြင့် နိုင်ငံတော်က ဘွဲ့တံဆိပ် ဆက်ကပ်ရန် သုံးကြိမ်တိုင် ချဉ်းကပ် လျှောက်ထားကြသည်။ သုံးကြိမ်စလုံး ပယ်ခဲ့သည်။ အကြောင်းမှာ -

(၁) မူလကတည်းက အဖွဲ့အစည်းကင်းသူအဖြစ်နှင့် ဆောင်ရွက်မှု အောင်မြင်နေခြင်း၊

(၂) အကယ်၍ ဘွဲ့တံဆိပ်ကို လက်ခံရယူခဲ့ပါမူ ရမ်ဘိုဘုန်းကြီးနှင့် ဗိုလ်မြတို့ ပြောကွက်လုံးလုံး (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည် ဆောက်ရေးအဖွဲ့ဘုန်းကြီးလုံးလုံး) ပြောစရာဖြစ်သွားခြင်း၊

(၃) ၎င်းတို့ စွပ်စွဲသလို ထောက်လှမ်းရေးဘုန်းကြီး ဖြစ်သွား နိုင်ခြင်း။

ဤအချက်များကြောင့် နိုင်ငံတော်က ဆက်ကပ်လာသော ဘွဲ့တံဆိပ်ကို မယူခဲ့ပေ။

ယခုလည်း ဗိုလ်မြ၏ လမ်းညွှန်မှုဖြင့် ရမ်ဘိုဘုန်းကြီး စီစဉ်သည့် သံယာ့အစည်းအဝေးသို့လာရန် ခေါ်နေသည်။ သွားခဲ့လျှင် ကိုယ့်လည်ပင်း ကိုယ် ကြိုးကွင်းစွပ်သည့်နှယ် ဖြစ်သွားမည်။ ယုတ်စွအဆုံး မိမိလုပ်ဆောင်နေသော သာသနာ့ပြုလုပ်ငန်းသော်မှ ရပ်တန့်သွားပေမည်။ မရပ်ပါဆိုသော်မှ အရှိန်အဟုန် တန့်သွားပေမည်။ ဒါကိုကြို သိထားသည်။

ဌင်းပြင် နဂိုကတည်းက မိမိအား မကြည်ဖြူ။ တောတောင်နေရာ အနှံ့ ဘုရားလိုက်တည်နေသည်ကိုပင် သူတို့စခန်းတွေကို သိအောင် ထိုးဖောက်ဝင်ရောက်ခြင်း ဖြစ်သည်။ ဒီလောက် ဘုရားတွေ ဆက်တိုက်တည်နေခြင်းသည်လည်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ငွေပေးပြီး လုပ်ခိုင်းနေခြင်းဖြစ်သည်ဟု စွဲချက်တင်ထားကြသည်။

မြိုင်ကြီးငူဘုန်းတော်ကြီးအနေနှင့် မည်သူ့ဘက်မှ မဟုတ်။ မည်သည့်ဘက်မှလည်း အကူအညီ ရယူခဲ့ခြင်းမရှိ။ ဘုရားတစ်ဆူလျှင် ဆိုင်ရာ အစောင့်အရှောက် (တောင်ပိုင်နတ်၊ နယ်ပိုင်နတ်) တို့၏ အကူအညီနှင့် စေတနာထက်သန်လှသော ဒေသခံတို့၏ စေတနာ သဒ္ဓါတရားပေါ်သာ အခြေခံ၍ ဘုရားအဆူဆူ တည်ထားခဲ့သည်။ သိမ်အဆူဆူသမုတ်ခဲ့သည်။ ကျောင်းအဆောင်ဆောင် ဆောက်ဖြစ်ခဲ့သည်။

ဤသို့သော စွမ်းဆောင်အောင်မြင်မှုကို ရရှိပြီး ဖြစ်သည်မို့ မည်သည့်ဘက်၊ မည်သည့်အဖွဲ့အစည်းကိုမှ ဝင်လိုခြင်းမရှိပေ။ မူလ ရည်ရွယ်သည်ကိုက ဘုရားတည်၊ သာသနာပြုရင်း ကရင်ပြည်နယ်ကြီးကို တစ်ဖက်တစ်လမ်းမှ အေးချမ်းစေမည်၊ အေးချမ်းပြီဆိုလျှင် သတိပဋ္ဌာန်လုပ်ငန်းကို ဆက်လက်လုပ်ဆောင်၍ သံသရာမှ ကိုယ်လွတ်ရုန်းမည်၊ တောတွင်းသို့ ဝင်ခဲ့သော ဤမူလရည်ရွယ်ချက်ကို မည်သို့မှ အပျောက်ခံ၍မဖြစ်။

နိုင်ငံတော်ဘက်မှ သံယာ့အဖွဲ့အစည်းသို့ပဲ ဝင်ဝင်၊ ရမ်ဘိုတို့ ပြောသော ကရင်သံယာ့အဖွဲ့အစည်းသို့ပဲ ဝင်ဝင် သည်အဖွဲ့အစည်းတွေကြား မအားအောင် လုပ်ဆောင်နေရဦးမည်။ သံသရာဝဋ်မှ ကိုယ်လွတ်ရုန်းဖို့ဆိုသည်မှာ အဘယ်သို့လျှင် ဖြစ်ပါခြိမ့်မည်နည်း။

တစ်နည်းအားဖြင့်ဆိုသော် မိမိသည် ဂုဏ်ကို မက်မောသူမဟုတ်။ ဂုဏ်ဆိုသည်မှာ "ဂုဏဝန္တေ ပဿန္တိ ဇနာ" (လူတို့သည် ဂုဏ်ရှိသူတို့ကိုသာ

မြင်ကြသည်) စကားအရ မြို့ကြီးပြကြီးမှာ နေသူတို့အဖို့သာ လိုကောင်း လိုမည်ဖြစ်သော်လည်း မိမိကဲ့သို့သော တောနေရဟန်းအဖို့ မလိုအပ်သည်မှာ အမှန်ပင်။

ထိုထို၍၍ အလီလီသော အကြောင်းတွေကြောင့် နှစ်ဖက်စလုံးမှ ကင်းနိုင်သမျှ ကင်းအောင်နေထိုင်ခဲ့သည်။ ယခုလည်း နေထိုင်ဆဲ၊ နောင်လည်း ဆက်၍ နေထိုင်သွားရဦးမည်။

ရမ်ဘိုဘုန်းကြီးက မည်ကဲ့သို့ပင် ဆင့်ခေါ်သော်လည်း မသွားခဲ့။ လွှဲရှောင်၍သာနေသည်။ နေသည်ဆိုသည်ထက် မိမိလုပ်ဆဲအလုပ်ကိုသာ တွင်ကျယ်သထက် တွင်ကျယ်အောင် ပြုလုပ်သည် ထို့ကြောင့်လည်း မဟာ သုပိနစေတီတော်သည် ထီးတော်တင် ကပ်လှူပူဇော်နိုင်တော့မည့်အခြေ သို့ပင် ရောက်နေပြီ။

ခြေတော်ရာနှစ်ဆူစလုံးမှာလည်း လုံး၀ဥသုံ ပြီးပြည့်စုံနေပြီ။

မဟာသုပိနစေတီကို တပို့တွဲလပြည့်နေ့မှာ ထီးတော်တင် ဆက်ကပ် လှူ ပူဇော်မည်ဟုပင် ရက်ကို ကြေညာထားလိုက်သည်။

ကပ်လှူမည့်ထီးတော်ကို လားရှိုးမြို့မှ ဘုရားအစ်မတစ်ဦးက တာ၀န်ယူ ၀ယ်လှူကာ ဘားအံမြို့ ဦးတင်ကြည်၊ ဒေါ်ထွေးအိမ်သို့ပင် ပို့ခဲ့ပြီး ဖြစ်သည်။

တပည့်များအား လုပ်လက်စအလုပ်ကို အဆက်မပြတ်လုပ်စေရန် မှာကြားထားပြီး မြိုင်ကြီးငူဘုန်းတော်ကြီးကိုယ်တိုင် ဘားအံသို့ ဆင်း၍ ထီးတော်ဆင်းယူသည်။ အပြန်မှာ ဦးတင်ကြည်တို့ မိသားစုပါ လိုက်လာကြ သည်။

ထုံးစံအတိုင်း ထီးတော်ကို ဆားဆိပ်မှစ၍ တောင်ပေါ်လမ်းအတိုင်း ဘုံအဆင့်ဆင့်ကိုဖြတ်၍ သယ်ကြရသည်။ ထိုကို ထီးပေါ်မှနေ၍ရွာမှ တောင် ပေါ်ကရင်များက လုပ်အားဒါနပြုကြသည်။ သူးမွဲထသို့ ပထမ ယူဆောင် သည်။ ထိုမှ မဲသဝေါသို့ စက်လှေဖြင့် ယူဆောင်သည်။ မဲသဝေါသို့ ယူဆောင် စဉ်မှာ ထီးတော်ကို ပြန်လည်တပ်ဆင်ပြီး လှေဦးထိပ်မှာ တင်၍ ယူခဲ့သည်။ စောင့်နေသော သံဃာများ၊ ဒကာများနှင့်အတူ မဲသဝေါမှာ ဘုရားထီး လှည့် လည်အပူအဇော်ခံသည်။

ထို့နောက် ဘောနေ့စသော ဒုက္ခသည်စခန်းတို့ကို လှည့်လည်၊ ဘော်နေ့စခန်းမှ ဦးတင်ရွှေတို့ မိသားစုက အဓိကထား၍ ရွာသားများဖြင့်

စည်ကားစွာ လှည့်လည်ကြသည်။ ဘောနော်စခန်းသို့ ရောက်နေသူများမှာ မြိုင်ကြီးငူမှ လေးမိုင်ခန့်ဝေးသော မအဲရွာ၊ ကမော့လဲရွာမှ စစ်ပြေး ရောက်လာသူများဖြစ်သည်။ ဘုရားထီးနောက်မှာ မြိုင်ကြီးငူ ဘုန်းတော်ကြီး အမှူးပြုသော သံဃာများက ဆွမ်းဆန်စိမ်း အလှူခံကြွသည်။

ထီးတော်လှည့်ရာတွင် အတီးအမှုတ်ဟူ၍ ထီးပေါ်မုနော်ရွာမှ တောင်ပေါ်ကရင်များမှာ ပါလာသော ရိုးရာဗုံများ တီး၍သာ လှည့်လည်ခဲ့ရသည်။ ယခင်ပါနေကျ ဦးဖေခင်၊ ဦးဖိုးထင်တို့ ဝိုင်းမှာကား ရေခြား မြေခြား ဖြစ်၍ တစ်ကြောင်း၊ ခရီးလမ်းပန်း ခက်ခဲသည်ကတစ်ကြောင်းမို့ မခေါ်ခဲ့တော့ပေ။

မဲသဝေါမှ ဘုရားထီးလှည့်ပြီးသည်နှင့် မဟာသုပိနတောင်သို့ ခရီးဆက်ခဲ့သည်။ မဲဆောက်သို့ပါ ဘုရားထီး လှည့်လိုသေးသည် ဆိုကြသဖြင့် စီစဉ်ပေးရသည်။ မျိုးဝင်းကားတစ်စီးတည်းသာရှိသဖြင့် မဲဆောက်သို့ အမြန်သွားစေ၍ ကားနှစ်စီးငှားရသည်။ အစစပြင်ဆင်ပြီး ကားသုံးစီးဖြင့် မဲဆောက်သို့ ထွက်ခွာခဲ့သည်။

မဲဆောက်မြို့တွင်းသို့ ဝင်လျှင်ပင် ထီးတော်နှင့်အတူ ရှေ့ဆုံးမှ လိုက်ပါသွားသော အသံချဲ့စက် အဆိုတော် ဋေးဋေးမြင့်၏ "အစိန္တေယျ" သီချင်းသံက ကြည်ညိုဖွယ်ရာ ထွက်ပေါ်လာသည်။

*"×××အစိန္တေယျ အပ္ပမေယျဂုဏ်တော်×××အနန္တမေတ္တာသစ္စာ အတုမရှိသော ကျေးဇူးဂုဏ်တော်×××အပေါင်းတည်ရာ သခင်ဖြစ်တော်မူသော××× အရှင်ဝိပဿိ မြတ်စွာဘုရားကိုယ်တော်×××"*

ဒေသခံ ထိုင်းလူမျိုးများ စိတ်ထဲတွင် မည်သို့ရှိမည်မသိ။ ထိုင်းမြေပေါ်မှာ မြန်မာဘုန်းတော်ကြီး တည်ထားသော မြန်မာ့ဟန်စေတီတော်မှာ တင်ဆက်လှူဒါန်း ပူဇော်ရန် မြန်မာ့အသွင်၊ မြန်မာ့ဟန် ရွှေထီးတော် လှည့်လည်အပူဇော်ခံနေသည်။ မြန်မာ့ဓလေ့ ယဉ်ကျေးမှု ဓမ္မတေးသံက မဲဆောက်တစ်မြို့လုံးကို ကြည်နူးဝေဆာစွာ ပျံ့နှံ့လျက်ရှိသည်။

သည်ဓမ္မတေးသံသည် သူတို့လူမျိုးအဖို့ မည်သို့ခံစား ကြည်ညိုနိုင်မည် မသိသော်လည်း နားယဉ်ပြီးသား မြန်မာတိုင်းရင်းသားတို့အဖို့ သည်တေးသံ ကြားရတိုင်း နှလုံးပီတိ ဝမ်းဆီထိမျှ ရွှင်းအိဝေဆာ ကြည်ညိုသဒ္ဓါပွားကြရသည်။ မြန်မာပြည်တွင်းမှာဆိုလျှင် သည် "အစိန္တေယျ" ဓမ္မတေးသံသည် အလှူပွဲရှိလေတိုင်း ပဏာမတေးသံအဖြစ် ဖွင့်လေ့ရှိသည်။ နံနက်

မိုးမသောက်မီ အရုဏ်တက်သည်ဆိုလျှင်ပင် ကျက်သရေမင်္ဂလာအပေါင်း ခညောင်းစွာဖြင့် နားဆင်ရစမြဲ။

သည်တေးသံကို မကြားရသည်မှာ ကြာပြီဖြစ်သဖြင့် ယခုမှ ပြန်လည် ကြားခွင့်ရသူ တိုင်းတစ်ပါးရောက်နေသူများအဖို့ မွေးဌာနီကို မျက်ရည်ဝေ့ရ လောက်အောင် အောက်မေ့လွမ်းဆွတ်မိကြရသည်။

မဲဆောက်မြို့တွင် လှည့်လည်ပြီး မယ်တော်ရွာအထိ ဆင်းခဲ့သည်။ မယ်တော်သို့ ရောက်ချိန်မှာ မိုးချုပ်လုနေပြီဖြစ်သဖြင့် တစ်ဖက်ကမ်း (မြန်မာ ပြည်ဘက်ကမ်း) ရှိ မြဝတီသို့ ကူးမည်ဆိုသည်ကို မယ်တော်ကျောင်း ဘုန်းကြီး ဦးကိတ္တိက ကူးခွင့်မပြုချေ။ ပါလာသော ပရိသတ် ၁၇၀ နှင့်အတူ မယ်တော် ကျောင်းမှာ ညအိပ်တည်းခိုလိုက်ရတော့သည်။

နံနက်လင်းသော် ကားများကို မယ်တော်မှာ ထားခဲ့၍ လူနှင့် ထီး တော်သာ တစ်ဖက်ကမ်း (မြဝတီ) သို့ ကူးခဲ့သည်။ ထီးတော်ကို ဆိုက်ကား ပေါ်တင်၍ သံဃာများ နောက်မှလိုက်ကာ ထီးတော်ကို လှည့်လည်ပူဇော်ခဲ့ သည်။

ထူးထူးဆန်းဆန်း ထိုင်းနိုင်ငံဘက်မှ ကူးလာသော မြန်မာ့မူ မြန်မာ့ ဟန် ဘုရားထီးနှင့် မြန်မာတိုင်းရင်းသားထုကို မြဝတီမြို့သားများက တအံ့ တသြ ကြည့်ကြသည်။ သဒ္ဓါရွှင်လန်းစွာ လှူဒါန်းကြသည်။ အလှူခံရသမျှထဲမှ ငွေများကို အားလုံးလို မြဝတီမြို့ထဲမှာပင် ကြဲဖြန့်ပေးလှူခဲ့ပြီး ဆွမ်းဆန် များကိုသာ ယူဆောင်၍ မယ်တော်ကျောင်းသို့ ပြန်ကူးခဲ့သည်။

မယ်တော်ကျောင်းမှာ နေ့ဆွမ်းဘုဉ်းပြီး မဲဆောက်သို့ ပြန်လာခဲ့ သည်။ အပြန်မှာတော့ ထိုင်းရဲများက မြိုင်ကြီးငူဘုန်းတော်ကြီးအား အိမ်သို့ ပင့်ဆောင်ကြသည်။ တစ်ဦးလျှင် ဘတ် ၅၀၀၊ ၁၀၀၀ စသည်ဖြင့် လှူဒါန်း ကြသည်။ မဲဆောက်မှ ပြန်လာခဲ့ပြီး မဟာသုပိနတောင်ခြေသို့ ရောက်စဉ် မှာတော့ မိုးချုပ်လုနေပြီ။

ခရီးရောက်မဆိုက်ပင် ထီးတော်ကို တောင်ထိပ်သို့ အဆင့် အသီးသီး ဖြုတ်၍ တင်စေသည်။ ၁၃၅၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်၊ အင်္ဂါနေ့ နံနက် ၄ နာရီတွင် ထီးတော်ကို စေတီတော်ခြေရင်းသို့ ကပ်လှူပူဇော်ပြီး အနေကဇာတင်သည်။ ဆီမီးများကို ထိန်ထိန်ညီးအောင် ပူဇော်သည်။ ထို့နောက် အရုဏ်တက်သည်နှင့် အသင့်ပြုပြင်ထားသော ဆွမ်းတော်ကို ဆက်ကပ်လှူဒါန်းသည်။

နံနက် ၆ နာရီထိုး နေထွက်သည်နှင့် ထီးတော်ကို လက်ဆင့်ကမ်း

ယယ်ယူကာ စေတီအထွတ်မှာ တင်ဆက်ကပ်လှူ ပူဇော်သည်။ ဤထီးတင်ပွဲသည် အခမ်းအနားမဲ့တင်ပွဲ ဖြစ်သည်။ ဆိုင်းကြီးဝိုင်းကြီးများ မရှိ။ အဆိုတော် မရှိ။ ကောင်းကင်ကြိုးသီချင်းသံ မရှိ။

တောင်ပေါ်ကရင်များ၏ ရိုးရာပုံကလေးများ တီးသံဖြင့်သာ ကပ်လှူပူဇော်လိုက်သည်။ အခမ်းအနားရှိခြင်း၊ မရှိခြင်းသည် အဓိကမ ဟုတ်။ စေတီတော်အထက်သို့ ထီးတော်တင်ဆက်ကပ် လှူပူဇော်ပြီးစီးရေး သည်သာ ပဓာနဖြစ်သည်။

မှန်၏၊ အခမ်းအနားနဲ့ဖြစ်စေ၊ အခမ်းအနားမဲ့ဖြစ်စေ ထီးတော်တင်လှူနိုင်ရေးသာ ပဓာနအကျဆုံးဖြစ်သည်မို့ အခြေအနေအရ ထီးတော်ကို သည်အတိုင်း ကပ်လှူပူဇော်လိုက်သည်။

ကြေညာထားသည်က တပို့တွဲလပြည့်နေ့ ထီးတော်တင်မည်။

ယခု သုံးရက်စော၍ ထီးတင်ခဲ့သည်။ အကြောင်းက ရှိသည်။ တောင်ခြေမှာရှိသော စိမ့်စမ်းရေအိုင်က နည်းစပြုပြီ။ တောင်ငါးလုံးကျော်မှာရှိသော စိမ့်ရေတစ်ခုကလည်း လုံးဝနီးပါး မထွက်တော့သလောက် ရှိနေပြီ။

လပြည့်နေ့ ထီးတင်ပွဲ လာကြသူ ပရိသတ်များအဖို့ အဓိက ရေအခက်အခဲ တွေ့နိုင်သည်။

နောက်တစ်ခု. . .

မဏိထူပစေတီ ထီးတင်စဉ်က အဖြစ်မျိုး မကြုံစေချင်။ ပြေးရလွှားရလွယ်ကူသော မြေပြန့်မဟုတ်။ မိုးကား မပြိုပါလေ။ ပြိုခဲ့သည်ရှိသော်. . .

ထို့ကြောင့် သတ်မှတ်ရက်ကို စောင့်မနေတော့ဘဲ အမြန်ဆုံး ထီးတော် တင်လှူခဲ့ရသည်။

နံနက် ၇ နာရီခန့်မှာ ထီးတင်ပြီးသည်နှင့် ပစ္စည်းပစ္စယများ အားလုံးကို သိမ်းကျုံးယူငင်သည်။ ဆင်ထားသော ငြမ်းကို ဖျက်သည်။ အစစ သိမ်းဆည်းပြီးနောက် မဟာသုပိနစေတီတော်အားလည်းကောင်း၊ ဗုဒ္ဓခြေတော်ရာအားလည်းကောင်း အထပ်ထပ်ရိုကျိုး ရှိခိုးဦးနှိမ်ကန်တော့ကာ ပေပေါင်း ၈၄၀၀ မြင့်သော မဟာသုပိနတောင်ထိပ်မှ ဆင်းသက်ခဲ့လေတော့သည်။

နောက်မှသိရသည်မှာ မဲဆောက်၊ ဗန်ကောက်၊ ဇင်းမယ်၊ မိုင်းလုံးကြီး၊ ရှူးကလိုး၊ ဘောနော်၊ ကမော်လေးခို စသည်တို့မှ ပရိသတ် တော်တော်များများ လပြည့်နေ့တွင် ထီးတင်ပွဲသို့ တဖွဲဖွဲ အားခဲ၍ လာရောက်ကြလေသည်တဲ့။

# လောကစကြဲ မပြဲတမ်းပေါ်

မဟာသုပိနစေတီတော် ထီးတော်တင်ပြီးလျှင် မြိုင်ကြီးငူဘုန်းတော်ကြီးနှင့် အဖွဲ့သားများအားလုံး မြိုင်ကြီးငူသို့ ပြန်ဆင်းလာခဲ့ကြသည်။

သည်ရောက်တော့ မင်္ဂလာသိမ်တော်နှင့် နန်းဦးစေတီတော်သို့ ဆက်သွယ်ထားသော စောင်းတန်းရှည်ကြီးသည်ပင် ပြီးစီးလုနေပြီ။ ဘုန်းတော်ကြီးသည် အထက်ဘက်တွင် သာသနာရေးကိစ္စများကို တစ်ခုပြီးတစ်ခု ဆောင်ရွက်နေသလို မြိုင်ကြီးငူအတွင်းမှာလည်း သာသနာ့ အဆောက်အအုံများကို မပြတ်ပြုလုပ်နေစေသည်။ တိုက်အုပ်ဖြစ်သူ ဦးဉာဏိကအား လွှဲအပ်အုပ်ချုပ်ပြုလုပ်စေသည်။

မြဘုန်းခေါင်စေတီသို့ သွားရာ စောင်းတန်းမှာ ဝေဿန္တရာ ဇာတ်တော်ကို ရုပ်လုံးဖော်စေသည်။ ရုပ်လုံးမှာ အိန္ဒိယသွင်ဟန်ကို ယူပြီး ထုလုပ်စေသည်။ သိမ်တော်နှင့် နန်းဦးစေတီ ဆက်သွယ်ရန် စောင်းတန်းရှည်ကြီးအတွက် ပစ္စည်းပစ္စယများကို စုဆောင်းပေးခဲ့သည်။ အထက်ဘက်တက်စဉ်က အုတ်ပုံ၊ သဲပုံ၊ သစ်ပုံများသာဖြစ်သော်လည်း ယခု ပြန်လာစဉ်မတော့ ခံ့ညားရှည်လျားသော စောင်းတန်းကြီးအဖြစ် မြင်တွေ့နေရပေပြီ။

၁၃၅၅ ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် စောင်းတန်းကြီးအတွက် အရပ်ရပ် ကုသိုလ်ရှင်တို့အဖို့ ရေစက်သွန်းချပေးသည်။

ရေစက်ချပွဲအပြီးမှာ ဖာပွန်မြို့ရှိ အတုလမာရဇိန်ဘုရားတည်ရန် ခရီးနှင်ပြန်သည်။ သံဃာများကို စိစစ်ရွေးချယ်ပြီး "သေးဒေါ်ထ" သို့ တက်ခဲ့သည်။ ၎င်းမှ "ဖောထ"၊ ဖောထမှ ဖာပွန်သို့ ဝင်သည်။

ဖာပွန်မြို့ . . . ရပ်မှာအတုလ မာရဇိန်ဘုရား တည်ရန် အုတ်မြစ်ချသည်။ ဘုရားမှာ ယခင်က ပြိုပျက်နေသော စေတီငုတ်တို ဖြစ်သည်။ လူအများ၏ အိမ်နောက်ဖေးဝယ် တကယ့်ညှိုးမှိန်စွာ သီတင်းသုံး နေခဲ့ရသော စေတီပျက်ဖြစ်သည်။

စေတီကို ပြန်လည်ပြုပြင်ရန်အတွက် မဟာသုပိနစေတီ ပြီးစီးစဉ်က ကျန်ငွေ ဘတ် ၃၀၀၀၀ ကို အခြေခံထား ပြုပြင်ရသည်။ ဤသည်ကလည်း မြိုင်ကြီးငူဘုန်းတော်ကြီး၏ ဘုရားနှင့် ပတ်သက်သော ရရှိငွေကြေးအပေါ် သုံးစွဲမှုစနစ်တစ်ရပ် ဖြစ်သည်။ ပြုပြင်ဆဲဘုရားနှင့်စပ်၍ ရရှိလာသမျှ အလှူငွေများကို ထိုဘုရားအတွက် လိုအပ်သမျှ သုံးသည်။ သုံးမကုန်၍ ကျန်သေးလျှင် ကျန်ငွေကို နောက်ဘုရားတစ်ဆူအတွက် လျာထားသတ်မှတ် အသုံးပြုသည်။

ဆိုလိုသည်မှာ ဘုရားအတွက် ရည်စူး၍ လှူထားသောငွေကြေးကို ကိုယ်ကျိုးအတွက်လည်းကောင်း၊ အခြားအကျိုးအတွက်လည်းကောင်း အသုံးမပြုချေ။ စားရေးသောက်ရေးဟူ၍ မြိုင်ကြီးငူဘုန်းတော်ကြီးအဖို့ မိမိအတွက်သော်လည်းကောင်း၊ တပည့်သားမြေးများအတွက်သော်လည်းကောင်း ပူပင်ကြောင့်ကြမှု မထားချေ။ ဤစာအုပ်တစ်နေရာတွင် ဖော်ပြပြီးသည့်အတိုင်း ဘဘုရား အမွေပေးခဲ့သော သပိတ်ကိုယ်စီရှိပြီး ဖြစ်သည်။

ဘဝအကျိုးပေးဟုပင် ဆိုရမည်လား၊ ဘုန်းကံဟုပင် ဆိုရမည်လား မပြောနိုင်သော်လည်း မြိုင်ကြီးငူဘုန်းတော်ကြီးအား ဖူးမြင်ရသူတို့မှာ ဘာသာခြားပင် ဖြစ်စေကာမူ သဒ္ဓါတရား ဖြစ်လာတတ်ကြသည်။ လှူဒါန်းတတ်ကြသည်။ အဲ. . . ဆိုစရာတစ်ခုတော့ရှိသည်။

ဗိုလ်မြ စသော သူတို့ကကော ဘာဖြစ်လို့ အမြင်မကြည်ကြသနည်း မေးဖွယ်ရှိ၏။ အဖြေရှိပါ၏။

မြိုင်ကြီးငူဘုန်းတော်ကြီးကို မဆိုထားဘိ၊ ဗုဒ္ဓဘုရားရှင်ကိုယ်တိုင်ပင်သော်မှ အတိုက်အခံနှင့်ကင်းခဲ့ရသည်မဟုတ်။ ရှုတ်ချကဲ့ရဲ့ အဖျင်းစကားတင်းဆိုခံရမှု ကင်းခဲ့ရသည်မဟုတ်။ အသက်ဇီဝိန်ကို ခြွေမည့်အဖြစ်နှင့် ကင်းခဲ့ရသည်မဟုတ်။ ရှိခဲ့ရတုံပါသေးသည်ဆိုလျှင် မြိုင်ကြီးငူ ဘုန်းတော်ကြီးကဲ့သို့သော သာဝကငယ်အဖို့ ဤမျှကြုံရသေးသည်ကပင် တော်သေးသည် ဆိုရပါမည်။

လောကမှာ ဆန့်ကျင်ဘက်တရားများ ဒွန်တွဲလျက်ရှိနေကြသည် ချည်းပင်။

လင်းနေသည်ဆိုငြား အလင်း၏ အဆုံးမှာ အမှောင်ရှိသည်။

ကောင်းနေသည်ဆိုငြား အကောင်းနှင့် ကပ်လျက် အဆိုးကရှိနှင့်နေသည်။ ဤကား သဘာဝတည်း။

ရှုထောင့်ကိုယ်စီ ရှိတတ်ကြသော လူ့သဘာဝအတိုင်း မြိုင်ကြီးငူဘုန်းတော်ကြီးအား အကောင်းမြင်သူ ရှိသကဲ့သို့ အဆိုးမြင်သူလည်း သဘာဝအရရှိသည်သာ။ ဤသည်ကိုပင် လောကဓံဟု ဘုရားဟောသည်။

"လောကဓံကြုံ၊ မဖြုံတမ်းပေါ့

မတုန်လှုပ်စမ်းနဲ့၊ စိတ်ခိုင်စေ. . . "ဟူ၍ပင် ကြုံလာသော လောကဓံအား ရင်ဆိုင်နည်းကိုပင် ဗုဒ္ဓက ညွှန်ပြပေးတော်မူခဲ့သေးသည်။ ဘုရားသားတော်ပီပီ ဘုရားလမ်းစဉ်အတိုင်း ကြံ့ကြံ့ခံကာ လုပ်စရာရှိသည်ကို ဆက်လုပ်သည်။

ဗိုလ်မြ စသူတို့က မြိုင်ကြီးငူဘုန်းတော်ကြီးအား အမြင်တစ်မျိုးစောင်း၍ မြင်ကြသည်။

နိုင်ငံရေးနှင့် ဆက်စပ်၍ မြင်ချင်သည်။

စစ်ရေးနှင့် ပတ်သက်၍ ယှက်နွယ်ကာ ရှုပ်ထွေးသောအမြင်ဖြင့် မြင်ချင်သည်။

မြိုင်ကြီးငူဘုန်းတော်ကြီးမှာမူ ငယ်စဉ်ကတည်းက သက်န်းဝတ်ဖြင့်သာ အစဉ်တစိုက် နေလာသည်မို့ ဘာသာရေးမှအပ ဘာမှ နားမလည်။ ဘာသာရေးကိုသာ သိသည်။ မိမိကိုးကွယ် ယုံကြည်သော ဘာသာသာသနာကြီးပွားရေးကိုသာ အလေးပေး ဆောင်ရွက်သည်။ အခြား ထွေလာကေလာဗျာပါများသော အရေးအခင်းဟူ၍ စိတ်ထဲမှာ စိုးစဉ်းမျှ မရှိချေ။

မြိုင်ကြီးငူဘုန်းတော်ကြီးသည် ကရင်အမျိုးသားတစ်ဦးဖြစ်သဖြင့် လူမျိုးရေးစိတ်ဓာတ်တော့ ရှိသည်။ မငြိမ်းချမ်းသေးသော ကရင်ပြည်နယ်ကြီးအေးချမ်းငြိမ်သက်၍ မိမိတို့ အမျိုးသားများအား ခေတ်နှင့်အမီ ကြီးပွားတိုးတက်စေလိုသော လူမျိုးရေးစိတ်ဓာတ်သာရှိသည်။ ထို့ကြောင့် အေးချမ်းပါစေတော့၊ ငြိမ်းချမ်းပါစေတော့ ဟူ၍ တစ်ဖက်တစ်လမ်းမှ ဘုရားတည် သာသနာပြုနေခြင်း ဖြစ်သည်။

(ဤအကြောင်းကို "ယွန်းစလင်းအမြုတေ" ပထမတွဲမှာ အမှန်အတိုင်း ဖော်ပြပြီးဖြစ်သည်။ စာရေးသူ)

"ဝိပါက်ကြမ္မာ မလွတ်သာ" ဟု ဆိုရမည်လားမသိ။ ဘုရားရှင်

သော်မှ ဝိပါက်တော် ၁၂ ပါး ကြုံရသေးသည်။ ယင်း ၁၂ ပါးအနက် မနာလို တိုရှည် ရှိသူတို့၏ မဟုတ်တယုတ် စွပ်စွဲခြင်းကို ခံရခြင်းလည်းပါသည်။

မြိုင်ကြီးငူဘုန်းတော်ကြီးသည်လည်း ကောင်းရာမွန်ရာ ရည်ရွယ်လျက် ကောင်းပါစေတော့ဟု ပြုလုပ်ပါသည်။ ဘယ်ရှေးကံငယ် ဇိမ်ဖန်လာခြယ်ရောထင့်။ အမြင်စောင်းသူတို့၏ မကောင်းမြင်ခြင်းကို ခံရသည်။

အပြင်လူဆို၍ မည်သူမျှ မသွားမလာဝံ့သော နယ်ပယ်ဒေသတွင်းသို့ ဘုရားအရေးကိစ္စတစ်ခုကိုသာ အသားပေး၍ သွားလာလုပ်ကိုင်ခဲ့သည်။ အခြားအရေးဟူ၍ စိုးစဉ်းမျှ မရှိသည်မို့ ဝံ့ဝံ့ရဲရဲပင် သွားလာသည်။ ထိုအဖြစ်ကိုက အထင်အမြင် လွဲစရာ ဖြစ်ခဲ့သည်။ မကြာခဏဆိုသလို ခေါ်ယူ စစ်ဆေးမေးမြန်းခြင်း ခံရသည်။ မဟာသုပိနစေတီတည်စဉ်ကလည်း ခဏခဏ အခေါ်ရောက်သည်။ မသွားခဲ့။

မဟာသုပိနစေတီ ထီးတင်ပြီး၍ မြိုင်ကြီးငူသို့ ဆင်းခဲ့သည်။ ဆောက်လုပ်ပြီးစီးခဲ့သော စောင်းတန်းရေစက်ချပွဲအပြီးမှာလည်း ခေါ်ပြန်သည်။ သည်တစ်ခါတော့ တာဝန်တစ်ရပ်ကိုပါ အပ်နှင်းလာသည်။

တီးချားက ဘတ်ငွေ ၉၀၀၀ ကို ပို့လာသည်။ မာနယ်ပလောမှာ သံဃာ့စည်းဝေးပွဲလုပ်ရန် အထက်သို့ သံဃာများကို ကြိုပို့ပင့်ဆောင်စရိတ်ဟု ဆိုသည်။

"တီးချား" ဆို၍ သတိရမိသေးသည်။

ရက်အတိအကျ မှတ်မထားမိသောတစ်နေ့။ မြိုင်ကြီးငူ ဘုန်းတော်ကြီးသည် ဦးရွှေလုံး၊ မောင်ညာဏ်သိန်း၊ ဒေါ်မကိုင်း သူတို့နှင့်အတူ စက်လှေဖြင့် သံလွင်မြစ်ကြောင်းကို ဆန်တက်ခဲ့သည်။ ဂိတ်တစ်ခုကို ဖြတ်ကျော်မောင်းနှင်နေစဉ် ဂိတ်မှ သေနတ် ခြောက်ချက်ပစ်၍ လှမ်းခေါ်သည်။

လှေဆိုက်ပေးလိုက်သည်တွင် တီးချား ဆိုသူက ကမ်းနားမှာ ပစ်ပြီးသား သေနတ်ကိုင်လျက် ရပ်နေသည်။ ဦးရွှေလုံး စသူတို့ကား တီးချားအားနဂိုကတည်းက စိုးရွံ့နေသည်မို့ စကားမလာဘဲနှင့် မပြောလို။ စိုးရွံ့မည်ဆိုကလည်း စိုးရွံ့စရာပင်။ တီးချားသည် ဗိုလ်မြ အားထားရသော လက်ရုံးတစ်ဆူဖြစ်သည်။

ရှေးခေတ်စကားနှင့် ပြောရလျှင် ခေါးထက်လွန်းသူ ဖြစ်သည်။ တစ်နယ်သားလုံးက တီးချားဆိုလျှင် အော့ကြောလန်သည်။ ဖိန့်ဖိန့်တုန်အောင် ကြောက်ကြရသည်။ မကြောက်၍လည်းမဖြစ်။ [illegible]

မဆင်သလို လုပ် တတ်သော ညာဉ်ဆိုးကြောင့် အားလုံးကပင် မော်မကြည့်ဝံ့အောင် ဖြစ်သည်။ ယခုလည်း အမေးမရှိလာသဖြင့် ဦးရွှေလုံးတို့က စကားမစချေ။ မြိုင်ကြီးငူ ဘုန်းတော်ကြီးကသာ စရချေသည်။

"ဘာဖြစ်လို့ သေနတ်နဲ့ ပစ်ခေါ်ရတာလဲ"

"မြိုင်ကြီးငူဆရာတော်ဟာ သေနတ်ပစ်မထွက်ဘူး၊ သေနတ်ပြီးတယ်ဆိုလို့ စမ်းကြည့်တာပါ"

"ဟ. . . သေနတ်ဆိုတာ ကျည်ရှိရင် ထွက်မယ်၊ မရှိရင် မထွက်ဘူးပေါ့၊ ဒါများအဆန်းလုပ်လို့"

"သူများတွေ ပြောသံကြားလို့ သိချင်တာနဲ့"

"ခုသိပြီ မဟုတ်လား၊ သေနတ်ထဲ ကျည်ရှိရင်ထွက်မယ်၊ မရှိရင်မထွက်ဘူး ဒီပြီလား။ ကျည်ထွက်/မထွက်၊ ကျည်ရှိ/မရှိ ဆိုတာထက် သတ္တိရှိဖို့က ပိုအရေးကြီးတယ်"

"မှန်တာပေါ့"

"ဟုတ်ပြီ၊ ဒီလိုဆို တကယ်သတ္တိရှိရင် မင်းနဲ့ငါ လည်ပင်းဖက်ပြီး ဘက်ကြီးရေကျခွန်ထဲ ခုန်ချမလား"

"ဒီလိုလည်း မဟုတ်ဘူးလေ၊ အလကား စ,တာပါ"

"ဒါ စ,စရာမဟုတ်ဘူးကွ"

"စိတ်မရှိပါနဲ့"

"စိတ်မရှိရင် သေပြီပေါ့"

"ဝောင်းပန်ပါတယ်"

"အေးအေး. . . သက်သက်အဓိပ္ပာယ်မရှိ၊ ခရီးကြန့်ကြာအောင် လုပ်တယ်။ နောက်ကို ဒါမျိုး မဖြစ်ပါစေနဲ့"

ဤသို့ ကြုံခဲ့ရသည့် တီးချားဆိုသူက ယခု စာတစ်တန် ပေတစ်ဖွဲ့ဖြင့် ဘာဝန်ပေးလာသည်။ မာနယ်ပလောမှာ ကရင်သံဃာ့စည်းဝေးပွဲကြီး ပြုလုပ်မည်။ သံဃာများကို ကြိုပို့ပင့်ဆောင်ရန် ဘတ်ငွေ ၉၀၀၀ ပင် ပို့ခဲ့သည်။

ယခုရက်ပိုင်းအတွင်း မနေကလည်းမကောင်းချင်။ စောင်းတန်းရေစက်ချပွဲမှာ ဗုဒ္ဓဘာသာဂုဏ်းရာပာန်း ၃၈၀ ခန့်ကို သာသနာ့ဘောင်သွတ်သွင်း ပေးခဲ့ရသည်။ ရေစက်ချပွဲကြီးကိုလည်း စည်ကားသိုက်မြိုက်အောင် စီမံကွပ်ကဲပေးခဲ့သည်။ ကိုယ်ပန်း စိတ်နွမ်းနေသည့်အချိန် တာဝန်ပေးအပ်လာသည်။

သံဃာ့စည်းဝေးပွဲလုပ်ဖို့ တစ်ခါကလည်း သူတို့ ကြိုးစားခဲ့ကြဖူးပြီ။ တုတ်ကြီးကျောင်းမှာ သံဃာတွေ စုစည်းထားသည်။ အစည်းအဝေးလုပ်တော့မည့် ဆဲ တပ်မတော်စစ်ကြောင်း ဝင်လာပြီဆို၍ ခြေဦးတည့်ရာ ပြေးခဲ့ရ၍ စည်းဝေးပွဲပျက်ခဲ့ရသည်။ ယခု ကြိုးစားနေကြပြန်ပြီ။

တီးချား ပေးအပ်လာသော ငွေနှင့် တာဝန်ကို ယူဆောင်လာသူ ဦးသုနန္ဒနှင့် သံဃာ ၄ ပါးက မြိုင်ကြီးငူဘုန်းတော်ကြီးပါ အစည်းအဝေး တက်ရန် တောင်းဆိုကြသည်။ "ငါမလိုက်ဘူး" ဟု ပြတ်ပြတ်ပင် ပြောပစ်လိုက်သည်။

"အရှင်ဘုရား မပါရင် တပည့်တော်တို့ မပြန်ရဲဘူးဘုရား"

"ငါတော့ မလိုက်ချင်ဘူး၊ ပေါ်တော်မူဆရာတော်ရှိတယ်၊ သူ့ကို ပင့်သွားပေါ့"

ထိုကာလက ပေါ်တော်မူဆရာတော်မှာ နာမည်ကြီးနေသည်။ ဘုန်းတန်ခိုးထွားနေသည်။

"တပည့်တော်တို့က သူ့ကိုမှ မသိဘဲဘုရား"

ဆိုလာသဖြင့် ဦးသုနန္ဒတို့ကို ခေါ်၍ ပေါ်တော်မူကျောင်းသို့ လာခဲ့သည်။ အကျိုးအကြောင်းပြောပြ၍ ပေါ်တော်မူဆရာတော်အား ဦးဆောင်သွားစေသည်။ မြိုင်ကြီးငူဘုန်းတော်ကြီးကမူ အတုလမာရဇိန်ဘုရားတည်ရန် ဖာပွန်မြို့သို့ ရှောင်ထွက်ခဲ့လေသည်။

ဘုရားတည်ရန် ပဌာန်းဖွင့်၍ အုတ်မြစ်ချသည်။ လိုအပ်ပစ္စည်းများကို ဖာပွန်နှင့် ဘားအံသို့ ရက်ကန်းရှက်သလို တက်ဆင်းပြုလုပ်နေသည်။ ဘုရားတည်ရာမှာသာ စိတ်ကို နှစ်ထားသည်။

ထိုစဉ် မြိုင်ကြီးငူဘုန်းတော်ကြီးထံသို့ ကြေးနန်းစာများ ခဏခဏ ဝင်လာသည်။ သူးမွဲ့ကကို ခဏပြန်လာပါရန် ဆိုသည်။ အရေးမလုပ်ခဲ့။ အရေးလုပ်က အလုပ်ပျက်ရုံရှိမည်။

သွားလို့ကော ဘာထူးမည်နည်း။ ဘုရားမတည်နဲ့၊ ထောက်လှမ်းရေး မလုပ်နဲ့။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဒလန်မလုပ်နဲ့ စသဖြင့် ခါတ်ပြားဟောင်းကြီးကို အပ်ကြောင်းထပ်အောင် ဖွင့်ပြမည်။ အဆင်မသင့်လျှင် သွားလာလှုပ်ရှားခွင့် အားလုံးကို ပိတ်ပင်ခြင်း ခံရမည်။ သိထားပြီး ဖြစ်သည်မို့ မသွားတော့ချေ။

ကြေးနန်းဖြင့် ခေါ်၍ မလာသဖြင့် လူလွှတ်၍ ခေါ်ခိုင်းပြန်သည်။

"အရေးတကြီးကိစ္စရှိတယ်၊ အမြန်လာပါ" တဲ့။ မသွားခဲ့ပြန်ပါချေ။

မြိုင်ကြီးငူဘုန်းတော်ကြီး မသွားသဖြင့် နို့ဖြူးဆရာတော် (ရမ်ဘို ဘုန်းကြီး) ဦးဝိဇနက အစည်းအဝေးလုပ်ရန်ဆို၍ တာခုတော်ကြီး (မဟာ ငြိမ်းအေးတောင်) သို့ လိုက်လာသည်။

မဟာငြိမ်းအေးတောင် (တာခုလော်ကြီး) မှာ တောင်မြင့်ပေပေါင်း ၄၆၀၀ ကျော်မှာ ယခင်ကတည်းက မြိုင်ကြီးငူဘုန်းတော်ကြီးက ဘေးမဲ့ရွာ တည်ထားခဲ့သည်။ အိမ်ခြေ ၁၅၀ ကျော်ရှိပြီး သံဃာ ၆၀ ခန့် သီတင်းသုံး လျက်ရှိသည်။ ဤမည်သော တာခုလော်ကြီးတောင်သို့ နို့ဖြူးဆရာတော်က သံဃာစည်းဝေးပွဲခေါ်ရန် တက်လာသည်။ မြိုင်ကြီးငူဘုန်းတော်ကြီးအား လည်း ကြွလာရန်ခေါ်သည်။

တိုက်ဆိုင်သည် ဆိုရမလား၊ နို့ဖြူးဆရာတော် တက်လာချိန် သူ့ရှေ့ မှာရှိသည့် သစ်ပင်တစ်ပင်ကို မိုးကြိုးပစ်ချလိုက်သည်။ သစ်ပင်လဲသွားသည်။ အတိတ်နိမိတ် စနည်းတဘောင်ကို မယုံသည်လား၊ ယုံရကောင်းသည်ဟု မထင်လေသလားမသိ။ တောင်ပေါ်ထိတိုင် တက်ခဲ့သည်။ တောင်ထိပ် ရောက်တော့ စည်းဝေးပွဲကို စတင်ကျင်းပသည်။ စည်းဝေးပွဲသို့ မြိုင်ကြီး ငူဘုန်းတော်ကြီးကား ထုံးစံအတိုင်း မကြွလာချေ။

စည်းဝေးပွဲစသည်ဆိုလျှင် တာခုလော်ကြီးမှ ဦးပဏ္ဍိစ္စနှင့် စကား ပြောမတည့်ဖြစ်သည်။ ဒကာ၊ ဒကာမများနှင့်လည်း အချင်းများသည်။ ဘာ တစ်ခုမှ မစည်းဝေးနိုင်၊ မဆွေးနွေးနိုင်ဘဲ တောင်ပေါ်မှ ပြန်ဆင်းသွားရ သည်။

မြိုင်ကြီးငူဘုန်းတော်ကြီးက စည်းဝေးသည်၊ စည်းနီးသည် ဟူသမျှ သူနှင့်သက်ဆိုင်သည်ဟု ယူဆသည်မဟုတ်။ သာသနာပြုခရီး စတင်ခဲ့သည်မှ စ၍ ကိုယ်ထူကိုယ်ထ၍ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် တစ်လျှောက်လုံး လုပ်ကိုင် ခဲ့သည်။ အောင်မြင်ခဲ့သည်ချည်း ဖြစ်သည်။ ဘာသာ သာသနာရေး တစ်ခု တည်းကိုသာ အရေးပေးလုပ်သည်မို့ အခြားအရေးအခင်းများ ရှုပ်ထွေးမှု မရှိရကား ကြီးကြီးကျယ်ကျယ် ဘယ်သူနှင့်မှလည်း ဘာအကြောင်းမှ ဆွေးနွေး စရာမလိုဟု ယူဆထားသည်။

ယူဆထားသည့်အတိုင်းလည်း တည်နေဆဲ အတုလမာရဇိန်စေတီ တော်အတွက်သာ လုံးပမ်းနေသည်။ မြိုင်ကြီးငူဘုန်းတော်ကြီး၏ လုပ်ရပ်ကို နဂိုကမှ မကြည်ကြသည့်အထဲ အခါခါ ခေါ်သည်။ လူလွှတ်၍လည်း ခေါ် သည်။ မလာရောက်သည်မို့ သူတို့ကို အာခံသည်ဟု ယူဆကြသည်။ အာခံ

သည်ဆိုရာမှာလည်း ကျောထောက်နောက်ခံအားကိုးရှိ၍သာ အာခံခြင်း ဖြစ်သည်။ ကျောထောက်နောက်ခံကား နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည် ဆောက်ရေးအဖွဲ့မှလွဲ၍ အခြားမရှိနိုင်။ သည်တော့ မြိုင်ကြီးငူဘုန်းတော် ကြီးသည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဘုန်းကြီး စင်စစ်ဇကေန် ဖြစ်ရပေမည်။ စွဲချက်တိတိကျကျ တင်ထားလိုက်သည်။

စွဲချက်သာ တင်ထားသည်။ စွဲချက်အတိုင်း ဆုံးဖြတ်လုပ်ကိုင်ရန် ကလည်း မဖြစ်။ မြိုင်ကြီးငူဘုန်းတော်ကြီးအား ကြည်ညိုလေးစား အားထား ယုံကြည်ကိုးကွယ်ကြသော ပရိသတ်က မနည်းလှ။ အကိုင်အတွယ် မတတ်ပါ က အရေးအခင်းကြီးတစ်ရပ် ဖြစ်သွားနိုင်သည်။ ဘာသာရေး အရှုပ်အရှင်း လည်း ဖြစ်သွားနိုင်သည်။ ညင်ညင်သာသာ ကိုင်တွယ်တတ်ဖို့ လိုသည်။ ထို သည်ကိုလည်း သူတို့ကသိသည်။

သူတို့အား အာခံသည်ဟု ယူဆထားကြစေကာမူ စိတ်ရှည်ရှည် ထား၍ စောင့်စားနေကြသည်။ စိတ်ထဲမှာတော့ ခေါ်တာ မလာရကောင်း လားဟု တေးမှတ်ထားကြသည်ဟု တစ်ဆင့်ကြားရသည်။

သို့နှင့် ၁၃၅၆ ခုနှစ်၊ ဝါဆိုလဆန်းသို့ ရောက်လာခဲ့သည်။ ဘုရား ကလည်း တည်ထားသည်မှာ ပြီးစီးလုပေပြီ။ ဆင့်ခေါ်စာရောက်လာ ပြန်သည်။ သည်တစ်ခါတော့ မြိုင်ကြီးငူဘုန်းတော်ကြီးက လိုလိုလားလား ပြန်ကြားလိုက်သည်။

“ဝါဆိုလဆန်း ၈၊ ၉၊ ၁၀ ရက်မှာ ငါလာမယ်။ ဒီကြားထဲမှာ လုံးဝ မလာနိုင်ဘူး။ အလုပ်ပြီးမှ လာမယ်။ ခဏခဏ လာမခေါ်ကြနဲ့၊ ငါ့အလုပ် ငါသိတယ်”

အခါခါခေါ်သည်၊ မလာခဲ့။ လူလွှတ်ခေါ်သည်။ ရောက်မလာခဲ့။ သည်တစ်ခါလာမည်ဟုတော့ ပြန်ကြားလာသည်။ အမှန်တကယ်ကော လာပါ့ မလား။

သံသယဝင်သွားကြသည်ထင်၏။ လာစေမည့် နည်းလမ်းတစ်ရပ်ကို အသုံးပြုကြသည်ဟု သိလိုက်ရသည်။ ၎င်းမှာ မြိုင်ကြီးငူဘုန်းတော်ကြီး၏ ဒကာရင်းများ ဖြစ်သော -

၁။ ဦးရွှေလုံး၊
၂။ ဦးအဒူး၊
၃။ ကျောခေါ်

၄။ မောင်ဉာဏ်သိန်း တို့ကို ဖမ်း၍ မာနယ်ပလောအချုပ်ထဲ ထည့်ထားလိုက်သည်။ မြိုင်ကြီးငူဘုန်းတော်ကြီးလာမှ လွှတ်ပေးမည်။ မလာက မလွှတ်နိုင်သေး။

မြိုင်ကြီးငူဘုန်းတော်ကြီးစိတ်ထဲ တော်တော်ကြီးကို မကောင်းဖြစ်သွားသည်။ မိမိကြောင့် လူလေးဦး အဖမ်းခံထားရသည်။ ဓားစာခံလုပ်ခံသွားရသည်။ သူတို့ကသာ မြိုင်ကြီးငူဘုန်းတော်ကြီးအား ရန်သူကြီးသဖွယ် ဧရာမ အတိုက်အခံကြီးသဖွယ် သဘောထားနေသည်။ ဘုန်းတော်ကြီးအနေဖြင့်မူ သူတို့အပေါ် မေတ္တာမပျက်ရိုးအမှန်ပါ။ တစ်ပါးသူတို့ သွားလာခွင့်မရှိသော အရပ်ဒေသများသို့ သွားလာခွင့်ပြု၍ ဘုရားတည်ခွင့်ပြုသည်ကိုပင် အထူး ကျေးဇူးတင်မိနေသေးသည်။

မေတ္တာမပျက်ဟူသော စကားကို နားကြားကောင်းအောင် သုံးစွဲသည် မဟုတ်။ ရန်မူသော ရန်သူပင် ဖြစ်စေကာမူ မေတ္တာမပျက်လျှင် မိမိအား ထိုရန်သူ ပြုမူချက်သည် ထိရောက်မှု မရှိတတ်။ ထိုအဖြစ်ကို အောင်ခြင်း ရှစ်ပါးလာ မာရ်နတ်ကို အောင်ခြင်း၊ အာဠဝကဘီလူးကို အောင်ခြင်း၊ နာဠာဂီရိဆင်မင်းကို အောင်ခြင်းတို့က ဗုဒ္ဓဖြစ်တော်စဉ်ဝယ် အထင်အရှားရှိသည်။

ကနဦးက မေတ္တာမပျက်စေကာမူ နောက်ပိုင်းမှာ မေတ္တာပျက်သွားလျှင် ပျက်စီးခြင်းသို့ ရောက်တတ်သည်။ သည်အဖြစ်ကို သီဟဗာဟုမင်းသားဝတ္ထုက သာဓက အထင်အရှားရှိသည်။

ဖခင်ဖြစ်သူ ခြင်္သေ့သည် သားသမီးနှင့် ဇနီးတို့ကို မတွေ့သဖြင့် ခြေရာခံ လိုက်လာသည်။ မြစ်တစ်ဖက်ကမ်းကို ရောက်နေပြီဖြစ်သော မိသားစုကို တွေ့ရသည်။ သားဖြစ်သူက အဖေဖြစ်သော ခြင်္သေ့အား ရက်နိုးသည်ဖြစ်၍ လေးမြားဖြင့်ပစ်သည်။ ခြင်္သေ့က သားဟူသော မေတ္တာမပျက်သဖြင့် ပစ်သမျှမြား လုံးဝမထိချေ။ မြားမထိလေ သားဖြစ်သူ ပစ်လေဖြစ်လေရာ ခြင်္သေ့မှာ စိတ်မရှည်နိုင်တော့ဘဲ -

"ငါသည် သင်တို့အား ချစ်မြတ်နိုးလွန်းသည်ဖြစ်၍ လိုက်လာပါလျက် ငါ့အားသတ်ရန် ကြံရွယ်သည်။ ရှိစေတော့၊ သင်တို့အားလည်း အရှင်မထားပြီ။ ခြင်္သေ့ဟောက်သံဖြင့် ဟောက်၍ သေစေအံ့" ဟု မေတ္တာပျက်သောအကြံ ဖြစ်လာသည်နှင့် ဟောက်သတ်တော့အံ့ဟု ခံတွင်းဖွင့်လိုက်စဉ်ပင် ပစ်လာသောမြားသည် အာခံတွင်းသို့ စူးဝင်နစ်မြုပ်၍ သေပွဲသို့ ဝင်ခဲ့ရလေသည်။

သည်အဖြစ်များကို သိထားပြီးသည်မို့ မြင့်ကြီးငှဘုန်းတော်ကြီးသည် မိမိအား မည်သို့ပင် စိတ်ကွက်ကြစေကာမူ မေတ္တာမပျက်ခဲ့ပေ။ သူတို့ ခေါ်မှာ တိုင်း သွားခဲ့လျှင် အလုပ်ပျက်ရုံသာရှိသဖြင့် မသွားဘဲ လုပ်စရာရှိသည်ကိုသာ ဖိ၍ လုပ်ခဲ့သည်။

အတုလမာရဇိန်စေတီတော်အား ၁၃၅၆ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်နေ့ နံနက်တွင် အပြီးသတ် ထီးတော်တင် ကပ်လှူပူဇော်သည်။ ထီးတော် တင်ပြီးသည်နှင့် ပြောထားသည့်စကားအတိုင်း ခဏမဆိုင်းဘဲ ပစ္စည်းပစ္စယ များ သိမ်းဆည်းသည်။ လမ်းတွင် ရိက္ခာအတွက် ဆွမ်းထုပ်ကိုယ်စီယူသည်။ သယ်ယူရမည့် ပစ္စည်းပစ္စယများကို တပည့်သံဃာတို့က အသီးသီး ခွဲဝေ ထမ်းပိုး၍ သူးမွဲထ အပြန်ခရီးကို စတင်သည်။ ခရီးကြုံသဖြင့် ဖောထရွာသူ သုံးဦးလည်း လိုက်ပါလာသည်။

သည်ဒေသအဖို့ ဝါဆို၊ ဝါခေါင်ဆိုသည်မှာ မိုးရွာလို့ကောင်းတုန်း။ မိုးအရှိန်ရစပြုသောလ ဖြစ်သည်။ ရွာလိုက်သည့်မိုး၊ မနက်ကတည်းက နည်း နည်းမှ မစဲသေး။ သည်းသည်းမဲမဲကို ရွာသည်။ မနက် ဘုရားထီးတင်စဉ်က လည်း မိုးရေထဲမှာပင် တင်ခဲ့ရသည်။ တရားဟော ရေစက်ချကို ကဒူးဆောင်း ၍ ပြုလုပ်ရသည်။ တရားနာသူများမှာလည်း မိုးရွာထဲမှာပင် မလုံ့တလုံ ဆောင်းမိုး၍ နာခဲ့ရသည်။ ခုထိသော်မှ ရွာအားက မလျော့။

မိုးကောင်းကင်တစ်ပြင်လုံး ခဲသားရောင်ကဲ့သို့ မည်းမှောင်နေသည် တော့မဟုတ်။ အရပ်စကားတစ်ခွန်းရှိသည်။ "မိုးဖြူမစဲ မိုးမည်းမရွာ" တဲ့။ ယခု မိုးသားများ မည်းမှောင်နေခြင်း မဟုတ်သဖြင့် မိုးဖြူဟု ဆိုရပါမည်။ ထိုမိုးဖြူသည် မစဲသေး။ စဲဖို့နေနေသာ နည်းမည့်ပုံသော်မှ မမြင်ရ။ မိုးစဲမှ ခရီးစမည်ဆိုလျှင် သည်ကနေ့ သွားရဖွယ်ရာမမြင်။ သည်ကနေ့ လာကိုလာ မည်ဟု ကတိပေးထားပြီးပြီ။ ဖြစ်အောင်တော့ သွားမည်။

၈ ရက်နေ့ စသွားသည်။ လမ်းမှာ တစ်ညသော်လည်းကောင်း၊ နှစ်ည သော်လည်းကောင်း ကြာကောင်း ကြာမည်။ ၁၀ ရက်နေ့ နောက်ဆုံး ထား၍ လာခဲ့မည်ဟု ပြောထားပြီးဖြစ်သည်။ သည်းသည်းမဲမဲ ရွာနေသော မိုးရေထဲ မှာပင် ခရီးစတင်ထွက်ခဲ့သည်။ တပည့်သား သံဃာ ၃၇ ပါးနှင့် ခရီးကြုံ လိုက်ပါလာသော ဖောထရွာသူ ကရင်အမျိုးသမီးသုံးဦးနှင့်အတူတည်း။

မိုးကရွာ၊ လမ်းကချော်မို့ မလဲသူမရှိသလောက်ပင်။ ပစ္စည်းပစ္စယ တွေကိုလည်း ထမ်းပိုးထားရသေးသည်ကိုး။ မိမိသပိတ်တစ်လုံးသာ လွယ်ထား ရသည့် မြင့်ကြီးငှဘုန်းတော်ကြီးကိုယ်တိုင် ချော်လဲရသေးသည်ဆိုမှတော့

အားလုံးလိုလို နှစ်ကြိမ်ထက်မနည်း ချော်လဲကြရသည်။ အချို့များ အကြိမ်မရေတွက်ထားနိုင်လောက်အောင် လဲကြသည်။ မိုးကာစ၊ ပလတ်စတစ်စများကို ကိုယ်စီခြုံထားသည်ဆိုငြား သည်လိုလဲကြသည်ဆိုမှတော့ ရွှဲရွှဲမစိုရုံတစ်မယ်သာ။ စိုတော့ စိုကြရသည်ချည်း။

လျှောက်လှမ်းရသည်က တောလမ်း၊ တောင်ပေါ်ခရီး။ ဖာပွန်မြို့ဆိုသည်ကလည်း အိမ်မှ ဆင်းသည်နှင့် တောင်ပေါ်တက်နေရပြီ။ ခရီးလမ်းပန်း သွားလာရ လွယ်ကူပြီး နယ်မြေအေးချမ်းသည့် သည်လိုတောင်ပေါ်မြို့မျိုးကို စာဆိုရှင်တွေ ကဗျာအလှနှင့် စာသကြသည်။ တေးအလှနှင့် သီဆိုပြကြသည်။ ဖာပွန်မြို့ဆိုသည်က တောင်ပေါ်မြို့တော့မဟုတ်။ တောင်ပတ်လည်ဝိုင်းနေသောမြို့ ဖြစ်သည်။ သဘာဝရှုခင်းက တောင်ပေါ်မြို့များထက် မသာသော်မှ ယုတ်လျော့မည်မထင်။ စခန်းသာမြို့ကလေးတော့ ဖြစ်နိုင်ကောင်းသည်။

သို့သော် ခရီးလမ်းပန်းက ဝေးသည်။ သွားရေးလာရေးက ခက်ခဲသည်။ ပြီးတော့ နယ်မြေအေးချမ်းမှု လုံးဝမရှိသည့် အမည်းရောင်နယ်မြေ။ သဘာဝအလှတစ်ခုကို တောတောင်ကြားမှာ စွန့်ပစ်ထားသည့်နှယ် ဖြစ်ရသည်။

တောလမ်းတောင်လမ်းခရီးမို့ တောင်ကျရေလိမ့်သော စမ်းချောင်းများကို မကြာမကြာ ဖြတ်ကျော်ကြရသည်။ မိုးကသည်းနေသည်မို့ လိမ့်ကျလာသော တောင်ရေကလည်း အရှိန်ပြင်းသည်။ တစ်ဟုန်ထိုး စီးဆင်းနေသောရေစီးအားကို ပစ္စည်းတစ်ဖက်ထမ်းလျက်က ခက်ခက်ခဲခဲ ဖြတ်ကူး ကြရသည်။

တောင်ကျချောင်းခရီးကို ခက်ခက်ခဲခဲ ဖြတ်ကျော်နိုင်ခဲ့သော်လည်း ဖောထချောင်းသို့ ရောက်လျှင် ဖြတ်ကျော်၍ မရချင်တော့။ ကမ်းနှစ်ဖက်က အတန်ငယ်လှမ်းသည်။ ဖြတ်ကျော်ခဲ့သော စမ်းချောင်းများထက်ကြီးသည်မို့ ရေစီးအားက ပိုပြင်းသည်။ ဖြတ်ရိုးဖြတ်စဉ်အတိုင်းဆိုပါမူ အားလုံး ရေစီးနောက်သို့ မျောပါသွားကြမည်သာ။

ဤဖောထချောင်းမှ မသွားဘဲ အခြားလွယ်သောလမ်းမရှိမဟုတ်၊ ရှိပါ၏။

သတင်းတစ်ခုက ရထားသည်။

မြိုင်ကြီးငူဘုန်းတော်ကြီးနှင့်အဖွဲ့သည် တောင်ကျရေ တရကြမ်း လိမ့်နေသော ဤဖောထချောင်းကို ဖြတ်၍ မည်သို့မျှ မလာနိုင်၊ မကူးနိုင်။

သွားရ လာရ လွယ်ကူသော အခြားလမ်းမှသာ လာကိုလာရမည်။ ထိုလမ်းမှ စောင့်နေကြ၊ ဖမ်းခေါ်ခဲ့ကြ။ အဖမ်းမခံဘဲ ခုခံသော်လည်းကောင်း၊ ထွက်ပြေးသော် လည်းကောင်း ရှိခဲ့ပါက ထုံးစံနှင့်အညီ ပြုလုပ်ကြဟူသော သတင်းတည်း။

သတင်းကို အတိအကျ ရထားသည်။ စောင့်နေမည့်သူများကလည်း အသေအချာ စောင့်နေသည်။ အစက မိုးလေဝသ အခြေအနေအရ ထိုလမ်းမှ ပြန်၍ စောင့်နေသူများနှင့် ပြေးတွေးလိုက်မည် စိတ်ကူးထားသည်။ သို့သော် ဖျက်လိုက်ရသည်။ မိမိတစ်ဦးတည်းဆိုသည်က အကြောင်းမဟုတ်။ တပည့် သံယာ ၃၇ ပါး ပါသေးသည်။ ထိုထိုအကြောင်းရေးကို တွေး၍ ခက်ခဲသော သည်ဖောထချောင်းဖြတ်လမ်းကို ရွေးခဲ့သည်။

ရွေးခဲ့သည့်အတိုင်း ဝါးလုံးထိုး စီးဆင်းနေသော ဖောထချောင်းကမ်းသို့ ရောက်နေပြီ။ ရေအလျဉ်မှာ ရိပ်ခနဲရိပ်ခနဲနေအောင် မြန်သည်။ ဖြစ်သည့် နည်းနှင့် ကူးရပေမည်။

ကမ်းပါးတစ်လျှောက် လျှောက်၍ လွယ်လွယ်ကူကူ သွားနိုင်မည့် နေရာ ရွေးချယ်သည်။ ကမ်းနှစ်ဖက်လည်းနီးစေ၊ ရေကလည်း တိမ်စေရမည်။ တစ်နေရာတွင် အခန့်သင့်တွေ့ရသည်။ အခြားနေရာများနှင့်စာလျှင် ရေတိမ်သည်။ ခါးစောင်းလောက်မျှသာ ရေအနက်ရှိသည်။ အနည်းငယ်ကျဉ်းသော နေရာမို့ ရေစီးနှုန်း အနည်းငယ်ပိုသလိုတော့ ရှိသည်။ ရှိပါစေ၊ သည်ကပင် ဖြတ်ကူးဖို့ ဆုံးဖြတ်လိုက်သည်။

ရှေးဦးစွာ အားကောင်းမောင်းသန် ကိုရင်ကြီးများက ချောင်းထဲသို့ ဆင်း၍ ဖြတ်လျှောက်သည်။ ကမ်းနားအစတွင် ခြေကုပ်၍ ရသည်။ ကမ်းနှင့် ဝေးလေ ရေစီးဟုန်ပြင်းလေဖြစ်သဖြင့် ခြေကန်၍ ထားလျှင် ရပ်နေနိုင်သော်လည်း နောက်ခြေတစ်လှမ်း လှမ်းမည်အပြု ခြေကြွလိုက်သည်နှင့် ရေစီးထဲ မျောပါတော့သည်။ သည်နည်းဖြင့် မဟန်သေး တစ်မျိုးကြံရသည်။

စကားကြီးဆယ်ခွန်းအနက်မှ "ရေကူး ညာတင်" သဘောကို သတိရမိသည်။ တပည့်တစ်ဦးအား ရေညာသို့ အနည်းငယ်သွားစေပြီး နည်းပြောပြ၍ ကူးစေသည်။

ကမ်းအထက်မှ ရေပြင်ထဲသို့ အရှိန်ဖြင့် ဒိုင်ဗင်ထိုးသည့်နှယ် ဝမ်းလျားထိုး ဆင်းလိုက်သည်။ ဝမ်းလျားထိုးသည့်အရှိန်၊ ရေစီးအရှိန် နှစ်ခုပေါင်း စပ်၍ ချောင်းကို တစောင်းထိုး ဖြတ်ကူးသည်။ ရှိသမျှ အင်အားစိုက်ထုတ်၍ လက်ပစ်ကူးသည်။ ကူးရင်း မျောရင်းဖြင့် မှန်းထားသော ဘက်ဖက်ကမ်းသို့

စွေစွေစောင်းစောင်း ရောက်ရှိသွားသည်။ မည်သို့ပင် ရောက်ရောက် ရောက်ဖို့က အဓိကဖြစ်သဖြင့် ဤနည်းဖြင့် ကူးဖို့ ဆုံးဖြတ်လိုက်သည်။

အပေါ်ရှိ ဧကသီသက်န်းများ၊ ရေစိုမရသောပစ္စည်းများ၊ ထမင်းထုပ်များကို ပလတ်စကစ်ဖြင့် လုံအောင်ထုပ်လိုက်သည်။ ရေစိုနေပြီးဖြစ်သော ဧကသီသက်န်းများကို ထည်ချင်းဆက်ချည်သည်။ ၆ ထည် ၇ ထည်ကို ဆက်မိလျှင်ပင် တစ်ဖက်ကမ်းသို့ ရောက်နိုင်လောက်သော အရှည်ကို ရရှိသည်။ ရရှိပြီး သက်န်းစတစ်ဖက်ကို ခါးမှာချည်၍ အားကောင်း မောင်းသန် တပည့်တစ်ဦးက စောစောကနည်းအတိုင်း တစ်ဖက်ကမ်းသို့ ကူးသည်။ အလွတ်ကူး ရသည်ထက်စာလျှင် ခက်ခဲသော်လည်း တစ်ဖက် ကမ်းသို့မူ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားသည်။

ခါးစောင်းလောက် ရေအနက်ရှိသောနေရာသို့ ပြန်လာကာ ချောင်းကို သက်န်းကြိုးတန်းဖြင့် ဟိုဘက် သည်ဘက် ချည်လိုက်သည်။ ပြီးမှ ပစ္စည်းထုပ်များကို ထမ်း၍လည်းကောင်း၊ ရွက်၍လည်းကောင်း သက်န်းကြိုးတန်းကို အားပြုကိုင်ကာ ခြေထောက်ကို တစ်လမချင်း ရွေ့လျား၍ ကူးရသည်။ သည်နည်းဖြင့် ပစ္စည်းများ တစ်ဖက်ကမ်းသို့ ရောက်ရှိရသည်။

ပစ္စည်းသယ်ရန် မလိုသောသူများမှာ ကိုရင်လေးများမှအစ ရေညာအထက်ဘက်သို့ တက်ကာ စောစောကနည်းအတိုင်း ကူးခတ်ရောက်ရှိကြသည်။ တပည့်သံဃာ အားလုံးလိုလို တစ်ဖက်ကမ်းရောက်သွားပြီ။ ဤမှာဘက်ကမ်းမှာ မြိုင်ကြီးငူဘုန်းတော်ကြီးနှင့် တပည့်နှစ်ဦး၊ ပြီးတော့ ခရီးကြုံလိုက်ပါသည့် အမျိုးသမီးသုံးဦး၊ ပေါင်း ၆ ဦး ကျန်သေးသည်။ မိမိတို့မှာ မည်သည့်နည်းနှင့်ကူးကူး ရောက်နိုင်သည်။ ခက်သည်က အမျိုးသမီးသုံးဦး ဘယ်ပုံနည်းနှင့် ကူးစေရမည်နည်း။

သက်န်းကြိုးတန်းကိုင်၍ ကူးစေမည်ဆိုရာ မကူးလိုဟု ဆိုသည်။ ရဟန်းသံဃာများ ဝတ်ရုံထားပြီးသော သက်န်းကို အမျိုးသမီးများအနေနှင့် မထိမကိုင်လိုသော သဒ္ဓါစိတ်ရှိသည်ကတစ်ကြောင်း၊ ရေစီးအဟုန်မှာ ခြေကုပ်မြဲမည် မဟုတ်သည်က တစ်ကြောင်းမို့ မကူးလိုဟု ဆိုသည်။ အများကူးသလို ရေညာမှာ ကူးပါမည်တဲ့။

ကူးပါပြီတဲ့. . . ယောကျ်ားသားများကဲ့သို့ တစ်ဖက်ကမ်းသို့ ချောချောမောမော ရောက်ခဲ့သော် ကောင်းသည်။ ထိုသို့မှမဟုတ်လျှင် အလုပ်ရှုပ်ရပေဦးမည်။ အချိန်ကြာမည်။ ခုပုံအတိုင်းဆိုသော်မှ ဖောထကျောင်းသို့ မိုးအတော်ချုပ်မှ ရောက်ပေမည်။ တစ်မျိုးစီစဉ်ရပြန်သည်။

ခြေထောက်မိလောက်သော ခါးစောင်းအနက်ရှိနေရာတွင် ကိုရင်ကြီး ၁၀ ပါးခန့်ကိုရေထဲဆင်း၍ လက်ချင်းဆက်ကာရပ်နေစေသည်။ ရပ်နေစေသည်က သက်သက်သာသာမဟုတ်။ အောက်ခြေကို ခြေကုန်ကန်ထားရသည်။ အားလုံးအဆင်သင့်ဖြစ်ပြီးကာမှ မိန်းမသားတစ်ဦးကို ကူးစေသည်။ သူတို့လေးတွေမှာ အရွယ်ကောင်းတုန်း၊ သန်တုန်းမြန်တုန်းဖြစ်သည်။ အလုပ်ကြမ်းလုပ်သော တောသူများပီပီ ခန္ဓာကိုယ်က ကြံ့ခိုင်ပြီးဖြစ်သည်။

ထဘီကို ကျစ်ကျစ်ပါအောင် တိုတိုပြင်ဝတ်၍ ရေထဲသို့ ဝမ်းလျား ထိုးဆင်းပြီးသည်နှင့် အားအင်ရှိသမျှ ကူးခတ်သည်။ ယောကျ်ားသားများနှယ် အဘယ်သို့ တူပါမည်နည်း။ ခါးတောင်းကျိုက်ထားရသည်ကလည်းမဟုတ်၊ လက်ပစ်ကူးရသည်လည်းမဟုတ်တော့ သန်စွမ်းပါသည်ဆိုသော်လည်း မှန်းသည့်နေရာသို့ မရောက်ချေ။ ကြိုတင်စီတန်းရပ်စောင့်နေသူ ခြောက်ယောက်မြောက်ထံ ရောက်သွားသည်။ လှမ်းဆွဲပြီးတစ်ဦးမှ တစ်ဦး လက်ဆင့်ကမ်း၍ ကမ်းသို့ ပို့ပေးလိုက်ရသည်။

ဒုတိယ အမျိုးသမီးမှာ လေးယောက်မြောက်၊ တတိယအမျိုးသမီးမှာ ရှစ်ယောက်မြောက် စီတန်းစောင့်နေသူများထံ ရောက်ခဲ့ရသည်။

တော်ပေသေးသည်၊ ဘုန်းတော်ကြီးက အမြော်အမြင်ကြီးမား စွာဖြင့် ကြိုတင်စီစဉ်ပေလို့။

အမျိုးသမီးသုံးဦး ကူးပြီးမှ တပည့်နှစ်ဦး ကူးသည်။ နောက်ဆုံးမှာမှ မြိုင်ကြီးငူဘုန်းတော်ကြီးက ကူးခဲ့ရသည်။

တစ်ဖက်မှာ ချည်ထားသော သက်န်းကြိုးတစ်ဖက်ကို ဖြုတ်၍ ရေထဲဆင်းကာ ဖြည်းဖြည်းချင်း ရွှေ့လျားကူးရသည်။ လက်က တစ်ဖက်ကမ်းမှာ ချည်ထားသော သက်န်းကြိုးကို အားစိုက်ဆွဲကိုင်ထားရသည်။ ကြိုးအားမှာ တစ်ဖက်ချည်အားသာရှိသဖြင့် ရေစီးအဟုန်ကို ဟန့်တားရန်မလွယ်ကူလှ။ အခက်အခဲဆုံး အနေအထားဖြင့် သတိထားကူးရင်း ရောက်ခဲ့ရသည်။

လူစုံသည်နှင့် ပစ္စည်းကိုယ်စီ သယ်ယူ၍ တောလမ်းတောင်တက် ခရီးကိုဆက်ကြသည်။ မိုးကရွာသွန်းဆဲ၊ သည်းသည်းမဲမဲ။ ဖောထချောင်း ရေလည်း အရှိန်ပြင်းစွာ စီးဆင်းဆဲ တဟဲဟဲ။

*********

မြင့်မားသော ဖောထတောင်ကြီးကို မိုးသည်းသည်းကြားမှာ ပစ္စည်းကိုယ်စီ သယ်ပိုးကာ တက်ရသည်မို့ ခရီးမတွင်လှ။ မြေစေးပေါ် ခြေချော်၍

လည်းကောင်း၊ ကျောက်တုံးပေါ် မြေမြေမြဲ၍လည်းကောင်း ချော်ကျရသည်က ပင်များ ခကာခကာ။

မိုးရွာနေသည့်ကြားမှ နေဝင်သည်မို့ အမှောင်က စောစီးစွာ ကျရောက်လာသည်။ ခရီးဆုံးသို့ကား မရောက်သေး။ မိုးသည်းနေသည့် ညအမှောင်အောက်မှာပင် မလင်းတစ်ချက်၊ လင်းတစ်ချက် ဓာတ်မီးကလေးဘလက်လက်ဖြင့် ၄၀ သော လူတန်းကြီးသည် ဖောထတောင်ကြီးကို တရွေ့ရွေ့ တက်ခဲ့ကြရပြီးနောက် ခရီးတစ်ထောက်နားမည့် ဖောထကျောင်းသို့ ရောက်ချိန်ဝယ် ညသန်းခေါင်တိုင်ပေပြီ။

တစ်နေ့နှင့် ညတစ်ဝက်လုံးလုံး ခရီးပြင်းနှင်ခဲ့ကြရသည်မို့ ရပ်နားမည့် နေရာသို့ ရောက်သည်ဆိုလျှင်ပင် စိတ်လျှော့လိုက်သည်နှင့် မလှုပ်ချင်အောင် ဖြစ်သွားသည်။ ရိုက်နှက်ခံထားရသည့်နှယ် တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေသည်မှာ လူတိုင်းလိုလို ဖြစ်သည်။ ခြောက်သွေ့သော သက်န်းများနှင့် လဲလှယ်ပြီးသည်နှင့် အိပ်လိုက်ကြသည်မှာ မိုးလင်းသော်မှ မနိုးတော့လောင်အောင်ပင်။

ဤမျှထိ အိပ်ကြသူများအနက် မြိုင်ကြီးငူဘုန်းတော်ကြီး မပါဝင်ချေ။ မည်မျှပင် ညဉ့်နက်မှ အိပ်ရစေကာမူ နိုးနေကျ အရုဏ်မတက်မီတွင် ကျိန်းစက်ရာမှ နိုးထလာလေ့ရှိစမြဲ။ ကိုယ်လက်သုတ်သင်၍ နိစ္စဗဒ်ပြုမြဲ မိုးသောက်ယာမ်ဝတ်ကို ဖြည့်နေလိုက်သည်။ လူငယ်လူရွယ်လည်း ဖြစ်ပြန်၊ ပင်ပန်းလည်း ပင်ပန်းနေကြလည်းဖြစ်သဖြင့် အိပ်ရေးဝသည်ထိ အိပ်ကြပါစေတော့ရယ်ဟု ခနိုးဘဲထားခဲ့သည်။ နံနက် ၇ နာရီထိုးမှ နိုးကြတော့သည်။

သံဃာများ နိုးကြားလာသည်တွင် ကျောင်းဒကာ ဦးစန်းအောင်မိသားစုနှင့် ရွာသားများ ဆက်ကပ်သော နံနက်ဆွမ်းကို ဘုဉ်းပေးသည်။ အနုမောဒနာတရားဟော၊ ရေစက်သွန်းချအပြီးမှာ ပစ္စည်းကိုယ်စီသယ်၍ တောင်ကျော်ခရီးကိုဆက်ရပြန်သည်။ ညနေစောင်းလောက်မှာ သောလယ်ထဘက်ဖက်ကမ်း (သံလွင်မြစ်၏ အနောက်ဘက်ကမ်း) သို့ရောက်သည်။

ဘုရားတည်ပြီး၍ ပစ္စည်းများကို ပြန်သိမ်းလာရာတွင် ဟွန်းရှည်ကြီးနှစ်လုံးပေးပြည်းပါသည်။ သည်အသံချဲ့စက်ဟွန်းဖြင့်ပင် ဘုရားတည်တိုင်းမှာ အသံပေး မဟာပဋ္ဌာန်း ရွတ်ဖက်ခဲ့ရသည်။ ယခု ၎င်းကို ကြိုးမဲ့ဆက်သွယ်ရေးကိရိယာအဖြစ် အသုံးပြုရသည်။

**ဟွန်းမှုသူနှစ်ကို ဖြုတ်၍ ပါးစပ်နားတေ့ကာ "ဟေး. . သောလယ်ထ**
ပွဲ သားများ၊ မြိုင်ကြီးငူဆရာတော်နှင့်အဖွဲ့ သည့်ဘက်ကမ်းမှာ ရောက်နေပြီ၊

အမြန်လာကြိုပါ” ဟု အော်ပြောလိုက်သည်။

ဆက်သွယ်ကိရိယာ၏ အသုံးဝင်မှုကြောင့် ခဏအတွင်းမှာပင် စက်လှေဖြင့် လာကြိုကြသည်။ သောလယ်ထရောက်လျှင် ကန်ညီနောင်ရွာသားများအုပ်စုမှာ ညအိပ်တည်းခိုရပ်နားသည်။ မိုးအလင်း ဆွမ်းစား အပြီးတွင် သူးမွဲထသို့ ဆင်းလာခဲ့တော့သည်။ မြိုင်ကြီးငူဘုန်းတော်ကြီး သူးမွဲထသို့ ပြန်ရောက်လာပြီဟူသောသတင်း ပျံ့နှံ့သွားသည်။ ညနေပိုင်း လောက်တွင် မိမိအား မှာခေါ်သော်လည်း မလာရောက်ခဲ့သဖြင့် ခေါ်စားခံ သဖွယ် ဖမ်းချုပ်ထားသူလေးဦးကို ဗိုလ်မြက လွှတ်ပေးခဲ့သည်။

နောက်တစ်နေ့တွင် မြိုင်ကြီးငူဘုန်းတော်ကြီးအား "မာနယ်ပလော သို့ ဆက်ဆက်ဆင်းလာတွေ့ပါရန်" ဆင့်ခေါ်လာသည်။

“အေးလေ၊ ငါပြောထားသားပဲ၊ ၈/၉/၁၀ လာမယ်၊ ခုရောက်ခဲ့ပြီ၊ တွေ့ဖို့လာခဲ့တာပဲ၊ စိတ်ချ၊ ငါလာခဲ့မယ်” ဟု ပြန်မှာလိုက်သည်။ မှာလိုက်ပြီး မကြာမီမှာပင် လာမည့်ဘေး ပြေးတွေ့လေ့ရှိသူ၊ စောင့်နေရသည်ကို စိတ်မရှည်လေ့ရှိသူမို့ ချက်ချင်းပင် ထလိုက်ဖို့ ပြင်သည်။ ကျောင်းရှိသံဃာများနှင့်ပါ ဆိုလျှင် တစ်ရာနီးပါးရှိသား သံဃာထုက -

“ဆရာတော်တစ်ပါးတည်း သွားမည်ကို စိတ်မချပါ၊ တပည့်တော်တို့ ပါ လိုက်ပါမည်” ဟု လျှောက်ထားသည်။

“ကိုယ်တော်တို့၊ ဘယ်သူမှ မလိုက်ခဲ့ကြနဲ့၊ ဘာမှဖြစ်နိုင်စရာ အကြောင်းရှိမယ့်ပုံ မမြင်ဘူး”

“သူတို့အကြံကို ဖာပွန်မှာကတည်းက တပည့်တော်တို့ သိထားခဲ့ကြ တာပါဘုရား၊ တပည့်တော်တို့ လိုက်ခဲ့ပါရစေဘုရား”

“မလိုချင်ဘူး၊ ဘယ်သူမှ မလိုက်ခဲ့နဲ့၊ စိတ်မချဘူးဆိုရင်တော့ ဦးရွှေလုံးတို့ သားအဖပဲလိုက်ခဲ့”

မြိုင်ကြီးငူဘုန်းတော်ကြီးသည် ဦးရွှေလုံး၊ သား မောင်ဉာဏ်သိန်းတို့ နှင့်အတူ မာနယ်ပလောသို့ လာခဲ့သည်။ စက်လှေဖြင့် လာခဲ့ရာ လှေမဆိုက်မီ တွင် အနိဋ္ဌာရုံမြင်ကွင်းတစ်ခုကို တွေ့လိုက်ရသည်။

ကေအင်န်ယူရဲဘော်တစ်စုသည် လူသေအလောင်းတစ်လောင်းကို လည်ပင်းမှာ ကြိုးတပ်၍ ဆွဲချလာပြီး သောင်းရင်းမြစ်ထဲ မျှောချလိုက်သည်။ ဘာကြောင့် သေသွားရသည် မသိသော လူသားတစ်ဦးအား ခွေးသေကောင် ပစ်သကဲ့သို့ စွန့်ပစ်ခံရသည်ကို မြင်ရသည်၌ မြိုင်ကြီးငူဘုန်းတော်ကြီး ရင်သဲ

နှင့်ခနဲဖြစ်သွားသည်။ မည်သူမည်ဝါဟု မသိရသော်လည်း လူသားတစ်ဦး အနေဖြင့် ကရုဏာသက်မိရခြင်းပါ။

သေသူ့အတွက် ရည်စူး၍ မိမိပြုခဲ့သမျှသော ကုသိုလ်တို့၏ အဖို့ ဘာဂကို ရပါစေကြောင်း အမျှအတန်း ပေးဝေလိုက်သည်။ ပြီးတော့ "ကောင်း ရာသုဂတိရောက်ပါစေ" ဟုပင် ဆုတောင်းပေးလိုက်မိသေးသည်။

(နောက်မှ သိရသည်မှာ သေသူသည် ကေအင်န်ယူ ဗဟိုကော်မတီ ဝင်ထဲမှ ကုန်သွယ်ရေးဝန်ကြီး ဖဒိုဝီး ဆိုသူဖြစ်သည်။ သေဆုံး (သို့) ကျဆုံး ရပုံမှာ -

ဖဒိုဝီးသည် ဗိုလ်ချုပ်မြ လုပ်ရပ်အပေါ် ကျေနပ်မှုမရှိ ဖြစ်နေခဲ့သည် မှာ ကြာခဲ့ပြီ။ ရင်ထဲမျိုသိပ်မထားနိုင်တော့သဖြင့် ဝေဖန်စကားတွေ ပြောခဲ့ သည်။ ထိုကို ဖဒိုဝီးတစ်ယောက် စိတ်မနှံ့တော့ဟု ဆိုကြသည်။ စိတ်မနှံ့တော့ ဟူသော ထင်ကြေးဖြင့် အရေးမယူနိုင်သဖြင့် အမှုတစ်ခုဖြင့် စွဲချက်တင်၍ ဖမ်းကာ အချုပ်ထဲ ထည့်ထားခဲ့သည်။

တင်ထားသော စွဲချက်မှာ ဖောက်ပြားမှု။ တူဖြစ်သူ၏ဇနီးနှင့် ဖောက် ပြားခြင်းဖြစ်သည်တဲ့။ တစ်ခုတော့ထူးသည်။ ကေအင်န်ယူဥပဒေမှာ ဤကဲ့သို့ ကျူးလွန်လျှင် ကာယကံရှင်နှစ်ဦးလုံးအား အရေးယူစမြဲဖြစ်သည်။ ယခုမူ ဖဒိုဝီး ကိုသာ အရေးယူခဲ့သည်။ ဖဒိုဝီးသည် ယခင်ရောက်ရှိနေသော အချုပ်သား ၂၀ ခန့်နှင့်အတူ အချုပ်နန်း စံမြန်းခဲ့ရလေသည်။

အခင်းဖြစ်ပွားမည့်ညမှာ ရမ်ဘိုဘုန်းကြီး(ခ) နို့ဖြူးဆရာတော်သည် ဟွေးကလုတ်ကျောင်းဆရာတော် အမှူးရှိသော ထိုင်းဘက်ကမ်းရှိ ကရင် သံဃာများနှင့် မြန်မာဘက်ကမ်းမှလက်လှမ်းမီရာ သံဃာများကို စုစည်း၍ မာနယ်ပလောရှိ သူ့ကျောင်းမှာအစည်းအဝေးလုပ်နေသည်။ မြိုင်ကြီးငူ ဆရာတော်အား သူးမွဲထ (မြစ်ဆုံ ဒေသ) မှ မောင်းထုတ်ရန် သံဃာများ၏ သဘောတူညီမှုကို ရယူမည်၊ လက်မှတ်ရေးထိုးစေမည်။

ည ၁၀ နာရီခွဲခန့် ရှိနေပြီ။ အစည်းအဝေးက မပြီးတတ်သေး။ လက်မှတ်ရေးထိုးကြတော့မည့်အချိန်။

အချုပ်ခန်းထဲမှ ဖဒိုဝီးသည် နောက်ဖေးသွားလိုသည်အကြောင်းပြ ပြီး အပြင်ထွက်ခွင့်တောင်းသည်။ အစောင့်ရဲဘော်က တံခါးဖွင့်ပေးသည်။ တံခါးဖွင့်သည်နှင့် အစောင့်ထံမှ သေနတ်ကို လုယူ၍ ပစ်သတ်လိုက်သည်။ သေနတ်သံကြား၍ ရောက်လာသော ထောင်မှူးကိုပါ ပစ်သတ်လိုက်ပြန်

သည်။ ပြီးလျှင် အချုပ်ထောင်ကိုဖွင့်ပေးလိုက်သည်။

ဖဒိုဝီးမှာ သေနတ်နှစ်လက်ရှိနေသည်။ သူသည် ကတုတ်ကျင်းတစ်ခုတွင်းဆင်း၍ လက်နှိပ်မီးကို ထုပြား၍ ဘေးမြေစာများကို နည်းနည်းချင်း တူး၍ လိုဏ်ခေါင်းပြုလုပ်သည်။ ပါးစပ်မှလည်း ဗိုလ်မြကို ကလော်ဆဲနေသည်။ ရန်းရင်းဆန်ခတ်ဖြစ်၍ လာသည့်သူများကို လှမ်းလှမ်း၍ ပစ်နေလိုက်သေးသည်။

ဤသို့ ရန်းရင်းဆန်ခတ်ဖြစ်ပွားသဖြင့် မြိုင်ကြီးငူဆရာတော်အား မောင်းထုတ်မည့် အစည်းအဝေး လက်မှတ်ထိုးပွဲလည်း ပျက်ပြယ်သွားသည်။

ဖဒိုဝီးသည် ကတုတ်ကျင်းကို စိတ်ကြိုက်ပြုပြင်ပြီး နေရာယူထားသည်။ ကပ်လာသမျှကို ပစ်ပစ်နေသဖြင့် အနားသို့ မလာဝံ့ကြ။ ဗဟိုကထင်သည်မှာ ထောင်သားများအားလုံး ပုန်ကန်၍ ပစ်သည်ထင်သည်။ အရမ်းမဝင်ဝံ့ကြ။ ညအချိန်လည်းဖြစ်နေသည်။ သည်လိုနှင့် မိုးလင်းလာသည်။ အမိကရဏ်း နှိမ်နှင်းရန် အစီအစဉ်တစ်ခုဆွဲသည်။ ကေအင်န်ယူ ကွန်မင်ဒိုတပ်ဖွဲ့ တစ်ဖွဲ့အားတာဝန်ပေးလိုက်သည်။

ကွန်မင်ဒိုတပ်ဖွဲ့လည်း အရမ်းမဝင်ဝံ့။ နေရာတကျ ယူထားပြီးဖြစ်သော ဖဒိုဝီးက မည်းမည်းမြင်သမျှ ပစ်နေသည်။ ၎င်းတို့အထင် ထောင်သားများအားလုံး ပြန်ပစ်နေသည်ထင်သည်။ အဝေးမှသာ လှမ်း၍လှမ်း၍ ပစ်နေသည်။ နေ့လယ် ၁၁ နာရီခန့်ရှိလာပြီ။ မပြီးနိုင်သေး။ အချိန်က ကြာခဲ့ပြီ။ နောက်ဆုံး လက်နက်ကြီးဖြင့်ပစ်သည်။ ဖဒိုဝီး ကျည်သင့်သွား သည်။ ပြန်လည်ပစ်ခတ်သံစဲသွားသည်။ သွားကြည့်သည့်အခါမှာ ဖဒိုဝီး တစ်ဦးတည်း သေဆုံး (သို့) ကျဆုံးနေသည်ကိုတွေ့ရသည်တဲ့။

(မြိုင်ကြီးငူဘုန်းတော်ကြီးတို့ ရောက်သွားစဉ်မှာ ဖဒိုဝီးအလောင်းကို မြစ်ထဲလာမျှောချိန်နှင့် ကြုံကြိုက်သွားရခြင်းဖြစ်သည်။)

ဘုန်းတော်ကြီးသည် ဦးရွှေလုံးနှင့် သား မောင်ဉာဏ်သိန်းတို့နှင့် အတူ ဗိုလ်ချုပ်မြအိမ်သို့လာခဲ့ကြသည်။

ဦးရွှေလုံးနှင့် သား မောင်ဉာဏ်သိန်းတို့ နှစ်ဦးနှင့်အတူ မာနယ်ပလော ဌာနချုပ်စခန်းသို့ လာခဲ့သည်။ ဗိုလ်မြအိမ်အနီးသို့ ရောက်သည်ဆိုလျှင်ပင် ဘယ်က ဘယ်လို ထွက်လာသည်မသိသော လက်နက်ကိုင်လူတစ်စု မြိုင်ကြီးငူဘုန်းတော်ကြီးတို့အား ဝိုင်းထားကြသည်။ မောင်းထိုးထားပြီးသော သေနတ်ကိုယ်စီကို အသင့်အနေအထား ကိုင်ထားကြသည်။ လက်ညှိုးတစ်

ချက်စီ ကွေးလိုက်ရုံနှင့် ကျည်ဆန်ပေါင်းများစွာက ခန္ဓာကိုယ်သုံးခုစီသို့ စုပြုံရောက်ရှိလာကြမည်။

ဖတ်ဖူးသောစာအုပ်တစ်အုပ်ကို ဖြတ်ခနဲ သတိရမိသည်။ "နိုင်ငံတော် လုပ်ကြံမှု" ဟူသော စာအုပ်။ ဗိုလ်ချုပ်အောင်ဆန်းတို့ လုပ်ကြံခံရပုံကို ရေးထားသည်။

စည်းဝေးပွဲလုပ်နေစဉ် လုပ်ကြံသူများက ဖြုန်းဒိုင်းရောက်ရှိလာပြီး တံခါးမကြီးများကို တရကြမ်း တွန်းဖွင့်၍ သေနတ်နှင့် တရစပ်ပစ်သည်။ ဗိုလ်ချုပ်ကလည်း သေနတ်ပစ်ခတ်နေရင်းကြားမှပင် ကုလားထိုင်မှထ၍ "နေပါဦး" သဘောဖြင့် လက်ဝါးဖြန့်ကာ တားသေးသည်။

မူလကတည်းက ပစ်မှတ်အဖြစ် သတ်မှတ်ခံထားရသူလည်း ဖြစ်ပြန်၊ မတ်တတ်ရပ်လျက်သားဖြစ်ပြန်သဖြင့် ၁၁ ချက်အထိ ကျည်မှန်ခံခဲ့ရ သည်တဲ့။

ဖတ်ဖူးခဲ့ရသည်ကို ပြန်လည်အမှတ်ရမိသည်။ ယခုလည်း မိမိသည် ပစ်မှတ်အဖြစ် သတ်မှတ်ခံထားရသူ မဟုတ်ပါ မဆိုနိုင်သော်လည်း သူတို့တစ်တွေက လက်နက်ကိုယ်စီဖြင့် အသင့်ချိန်ထားကြသည်။ ပို၍ ဆိုးသည်မှာ ပါသွားသူ ဦးရွှေလုံးနှင့် သား မောင်ဉာဏ်သိန်းတို့အား မိမိနှင့် ခွဲထားလိုက်ပြန်သည်။ မိမိတစ်ဦးတည်းကို ဗိုလ်ချုပ်မြရှိရာသို့ ခေါ်သွားသည်။ လက်ညှိုး တစ်ချက်စီကွေးလိုက်ကြသည်နှင့် အော်တိုမက်တစ်ခေတ်မီခလုပ်များက အလုပ်လုပ်ကြမည်။ မိမိကိုယ်ထဲ ကျည်ဆန်တွေ ဒါဇင်ပေါင်းများစွာ ဝင်သွား မည်။ ဗိုလ်ချုပ်အောင်ဆန်းအဖြစ်ထက် ဆိုးမည်လားမသိ။ သို့သော် ကြောက်တော့ မကြောက်ချေ။

မောင်ဉာဏ်သိန်းသည် ဖျားနေသည့်ကြားမှ လိုက်လာရသည်မို့ အိမ်ပေါ်သို့ လိုက်တက်သွားပြီး ထောင့်တစ်ထောင့်မှာ အသာခွေအိပ်နေလိုက်သည်။ အဖျားတက်နေသည်။ နေရာယူ၍ အိပ်နေသောထောင့်မှာ စက်လက် တစ်လက် အသင့်ဆင်ထားသည်။ ထိုအနား အကြံနှင့် အိပ်နေခြင်းဖြစ်သည်။ အကယ်၍ တစ်ခုခုဖြစ်ခဲ့ပါက အသုံးပြုနိုင်ရန် ကြံရွယ်ထားသည်။

မြိုင်ကြီးငူဘုန်းတော်ကြီးအား ဗိုလ်မြရှိရာသို့ ခေါ်သွားပြီး ကုလားထိုင်မှာ ထိုင်မိသည်နှင့် ဗိုလ်မြက စကားဆိုလာသည်။

"မှာတာ ဘာဖြစ်လို့ မလာတာလဲ"

"အလုပ်မအားဘူးလေ၊ ဘုရားတည်နေတာ အဘိုးအသိပဲ"

"ကြေးနန်းနဲ့လည်း ဆင့်ခေါ်တယ်၊ လူလွှတ်ပြီးလည်း ခေါ်တယ်၊

မလာခဲ့ဘူး။ ဘာလဲ၊ အရေးမစိုက်တာလား"

"ဟိုကတည်းက ပြောခဲ့ပြီးသားပဲ၊ ဘုရားတည်နေတယ်၊ မအားဘူး လဆန်း ၈/၉/၁၀ လာမယ်ပြောခဲ့တယ်၊ ခုလာခဲ့ပြီ မဟုတ်လား"

"အင်း. . ."

"အရင်ကလည်း အဘိုးခေါ်တိုင်း လာခဲ့သားပဲ၊ လာခဲ့တိုင်း ဘုရားမတည်နဲ့ တည်နေလို့ ဘာမှဖြစ်မလာဘူး၊ မငြိမ်းချမ်းနိုင်ဘူး၊ အလကားပဲ ဒီစကားချည်းပဲ ပြောပြောခံရတယ် မဟုတ်လား"

"အနို့. . . ပြောတဲ့အတိုင်းပဲ မဟုတ်လား၊ ဘယ်မှာ အေးချမ်းလာလို့လဲ"

"ထပ်ပြောရပြန်ပြီ၊ အဘိုးတို့ကလည်း ကိုယ့်ယုံကြည်ချက်နဲ့ ကရင်ပြည်နယ်ကြီး ဘာဖြစ်အောင် ညာဖြစ်အောင် လုပ်သလို ဦးဇင်းကလည်း ဦးဇင်း ယုံကြည်တဲ့ ဘာသာရေးနဲ့ ငြိမ်းချမ်းအောင် လုပ်နေတာပါပဲ။ တခြား ဘာရည်ရွယ်ချက်မှ မရှိပါဘူး"

"ဘာရည်ရွယ်ချက်မှ မရှိပါဘူးဆိုပေမယ့် ခုအခြေအနေတစ်မျိုး စိုးရိမ်စရာဖြစ်လာတယ်"

"ဘာဖြစ်လို့လဲအဘိုး"

"သက်သတ်လွတ်အဖွဲ့တွေက ကေအင်န်ယူကို ဖြိုခွဲလိမ့်မယ်လို့ သတင်းထွက်နေတယ်"

"အဘိုးစဉ်းစားကြည့်ပါဦး၊ အဘိုးတို့မှာ ခေတ်မီလက်နက်တွေ အမြောက်အမြားရှိနေတယ်၊ ၄၅ နှစ်လုံးလုံး ယုံကြည်ချက် ပြည့်ပြည့်ဝဝ ရှိတယ်။ ကျင့်သားတိုက်သားရပြီး အရည်အချင်းရှိပြီးသားတွေချည်းပဲ။ ဦးဇင်းတို့မှာက ဘုရားတည်တဲ့ သံလက်၊ ပေါက်တူး၊ ဂေါ်ပြား စတဲ့ ပစ္စည်းမှအပ လက်နက်ဆိုလို့ အပ်တိုတစ်ချောင်းတောင်မှ မရှိတဲ့ဥစ္စာ ပြီးတော့. . ."

"ပြီးတော့ ဘာဖြစ်သလဲ"

"ဦးဇင်းတို့မှာက ဘာသာရေးအရ ဘုရားတည်တဲ့ကျင့်သားပဲ ရှိတယ်။ တိုက်တယ်၊ ခိုက်တယ်ဆိုတာ ဦးဇင်းတို့အလုပ်လည်း မဟုတ်ဘူး၊ ဘယ်လို ဖြိုခွဲနိုင်ပါ့မလဲ အဘိုး"

"ဘာပဲဖြစ်ဖြစ်လေ၊ ဘုန်းကြီးနောက်မှာ လူထုအင်အားတွေ တော်တော်များနေပြီ"

"ဒါကလည်း ဘာသာရေး ခံယူချက်သက်သက်ချည်းသာပါ အဘိုး၊ သိတဲ့အတိုင်း၊ ဦးဇင်းတို့က ဘာသာရေးပဲ နားလည်တယ်၊ သိတယ်။ စစ်ရေး၊ နိုင်ငံရေးဆိုတာတွေကို သိလည်း မသိဘူး၊ နားလည်း မလည်ဘူး။ ဒီတော့ ကေအင်န်ယူကို ဖြိုခွဲမယ်ဆိုတဲ့သတင်းဟာ အခြေအမြစ်ရှိနိုင်ပါ့မလား"

"အခြေအမြစ်ရှိနိုင်တာ၊ မရှိနိုင်တာထား၊ အဲဒီသတင်းက ယုံကြည်လောက်အောင် ကြီးထွားနေတယ်။ ဘုန်းကြီး အာမခံချက်တစ်ခု ပေးရမယ်"

"ဘာပေးရမလဲ"

"ကတိဝန်ခံချက်အဖြစ် လက်မှတ်ထိုးရမယ်"

"ဘယ်လိုကတိဝန်ခံချက်မျိုးလဲ"

"သက်သတ်လွတ်အဖွဲ့တွေ ကေအင်န်ယူကို မဖြိုခွဲပါဘူးလို့ လက်မှတ်ထိုးရမယ်"

"ဪ. . . ဒါလား၊ လက်မှတ်ထိုးမှ ဖြစ်မယ်ဆိုလည်း ထိုးပါ့မယ်"

ဗိုလ်မြသည် အသင့်လက်နှိပ်စက်ရိုက်ထားသော စာရွက်တစ်ရွက် ထိုးပေးလာသည်။ မြိုင်ကြီးငူဘုန်းတော်ကြီးကလည်း အသာတကြည်ပင် လက်မှတ်ရေးထိုးပေးလိုက်သည်။ ပြီးမှ -

"အဘိုး၊ ဦးဇင်းတစ်ခုပြောမယ်"

"ဘာပြောမလို့လဲ"

"ခုလက်မှတ်ရေးထိုးတဲ့အဖြစ်ကို ဦးဇင်းရဲ့ ဒကာ၊ ဒကာမတွေ ဘယ်သူမှ မသိကြဘူး။ လာမယ့်ဝါဆိုလပြည့်နေ့ဆိုရင် သူးမွဲထကျောင်းမှာ လူစုံမယ်။ အဲဒီနေ့ကျရင် အဘိုးတို့လာပြီး ဆရာတော်ကိုယ်တိုင် လက်မှတ်ရေးထိုးသွားတယ်ဆိုတဲ့အဖြစ်ကို ရှင်းလင်းပြောပြရင် ပိုပြီးကောင်းမယ်။ အားလုံးသိသွားကြတာပေါ့"

"အင်း. . . ဟုတ်တယ်၊ ဒါလည်း တစ်မျိုးကောင်းတာပါပဲ၊ အဲဒီနေ့ လာခဲ့မယ်"

"ဒါဆို ဦးဇင်းပြန်မယ်"

မြိုင်ကြီးငူဘုန်းတော်ကြီး ထပြန်ခဲ့သည်။ ဦးရွှေလုံးတို့ သားအဖပါ လိုက်ပြန်လာသည်။ အပြန်တွင်တော့ လက်နက်ဖြင့် ချိန်ထားခြင်း ဘာခြင်းတို့ မရှိတော့။

မာနယ်ပလောမှအပြန် သူးမွဲထသို့ မသွားသေးဘဲ သဲသတစခန်းသို့

တက်ခဲ့သည်။ သဲသထစခန်းမှာ (၂၀၉) ကျောင်းသားအဖွဲ့ရှိသည်။ သူတို့မှာ လက်နိုပ်စက်ရှိသည်။ စာသုံးရွက် ရိုက်ပေးပါရန် အကူအညီတောင်းသည်။

×××သက်သက်လွတ်အဖွဲ့က ကေအင်န်ယူအဖွဲ့ကို မဖြိုခဲ့ပါ။ ဆရာတော်ကိုယ်တိုင် လက်မှတ်ရေးထိုးပြီးပြီ။

အဘိုးကလည်း ဆရာတော်ကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဘုန်းကြီး မဟုတ်ပါဟု လက်မှတ်ရေးထိုးပါသည်။

(ပုံ)

ဗိုလ်ချုပ်မှူး

ကေအင်န်ယူဌာနချုပ်

မာနယ်ပလော

ဤစာသုံးရွက်ကို ကျောင်းသားအဖွဲ့က ရိုက်ပေးလိုက်သည်။ စာရွက်တွေယူပြီးမှ သူးမွဲထကျောင်းသို့ ပြန်လာခဲ့သည်။

**********

၁၃၅၆ ခုနှစ်၊ ဝါဆိုလပြည့်နေ့။

သူးမွဲထရှိ ဣစ္ဆာသယကျောင်းတော်ကြီးမှာ ဥပုသ်သီတင်းသီလစောင့်သူများနှင့် ပြည့်နေသည်။ ဗုဒ္ဓဘာသာဝင်များအဖို့ ဘာသာရေး နေ့ထူးနေ့မြတ်ဖြစ်သည်။ ဝါဆိုလပြည့်နေ့သည် ဗုဒ္ဓဝင် (ဗုဒ္ဓဖြစ်တော်စဉ်)မှာ "သန္ဓေတောထွက်၊ ဓမ္မစက်၊ မိန့်မြွက်ခါကို၊ လဝါဆို" ဟုလည်းကောင်း၊ "သန္ဓေတောထွက်၊ ဓမ္မစက်၊ တစ်ချက်ပြာဋိဟာ" ဟုလည်းကောင်း မှတ်တမ်းပြုထားသည့်နေ့ထူးရက်မြတ်ဖြစ်သည်။

❖ ယနေ့မှ ပြန်ရေတွက်သော် နှစ်ပေါင်း ၂၆၉၁ ခုနှစ် (မဟာသက္ကရာဇ် ၆၇ ခုနှစ်) ဝါဆိုလပြည့် ကြာသပတေးနေ့တွင် ဘုရားအလောင်းတော်သည် ကပိလဝတ်ပြည့်ရှင် ဘုရင်သုဒ္ဓေါဒန၏ မိဖုရားခေါင်ကြီး မယ်တော်မာယာ ဝမ်းကြာတိုက်တွင် ပဋိသန္ဓေ နေတော်မူခဲ့သည်။ (သန္ဓေ)

❖ မဟာသက္ကရာဇ် ၆၈ ခုနှစ်၊ ကဆုန်လပြည့် သောကြာနေ့တွင် လုမ္ဗိနီ အင်းကြင်းဥယျာဉ်မှာ မိးရှူးသန့်စင် ဖွားမြင်ခဲ့ပြီး သက်တော် ၂၉ အရောက် မဟာသက္ကရာဇ် ၉၇ ခုနှစ်၊ ဝါဆိုလပြည့် တနင်္လာနေ့ညတွင် ဖွားဘက်တော် ဆန္နအမတ်နှင့်အတူ စီးတော်ကဏ္ဍကမြင်းကို စီး၍ တောထွက်တော်မူသည်။ (တောထွက်)

❖ တောထွက်ပြီးနောက် ဥရုဝေဠတောဝယ် ဒုက္ကရစရိယာ ၆ နှစ် ကျင့်တော်မူပြီး မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့မှာ သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူသည်။ ဘုရားအဖြစ်သို့ ရောက်တော်မူ ပြီးနောက် ထိုနှစ် ဝါဆိုလပြည့် စနေနေ့တွင် မိဂဒါဝုန်တော၌ ပဉ္စဝဂ္ဂီငါးဦး တို့အား တရားဦး ဓမ္မစကြာ ဟောကြားတော်မူသည်။ (ဓမ္မစက်)

❖ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ၇ ဝါအရ မဟာသက္က ရာဇ် ၁၁၀ ပြည့်နှစ် ဝါဆိုလပြည့်နေ့တွင် တိတ္ထိတို့ကို နှိမ်နင်းခြင်းငှာ သာဝတ္ထိ ပြည်၏ အနီး၌ ရေမီးအစုံစုံ အစရှိသော တန်ခိုးပြဋ္ဌိဟာကို ပြတော်မူသည်။ (တစ်ချက်ပြာဋိဟာ)

ဤသည်တို့ကြောင့် ဝါဆိုလပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့အဖို့ အလေးအမြတ်ပြုအပ်သော နေ့ထူးရက်မြတ် ဖြစ်သည်။ ထိုအနက်မှ ဝါဆို လပြည့်နေ့ကို "ဓမ္မစကြာ အခါတော်နေ့" ဟု အထူးအသိများကြသည်။ ၎င်း ပြင် ဝါဆိုလပြည့်ကျော် ၁ ရက်နေ့သည် ရဟန်းသံဃာများသည် မိမိတို့ သီတင်းသုံးရာ ကျောင်းတိုက်တွင် ဝါဆိုဝါကပ်ခြင်း ပြုတော့မည်မို့ ဝါဆို လပြည့် နေ့ကို နောက်ဆုံးထား၍ ရဟန်းသံဃာများသည် ကျောင်းအသီးသီး မှာစုံလင်ပြီး ဖြစ်နေသည်။

ဤကဲ့သို့ သံဃာပရိသတ်၊ လူထုပရိသတ်ရှေ့မှောက်မှာ နှစ်ဦးနှစ် ဖက် ကျေကျေလည်လည် ဆွေးနွေးနိုင်စေရန် မြိုင်ကြီးငူဘုန်းတော်ကြီးက အကြံရ၍ စီစဉ်ခြင်းဖြစ်သည်။

အခြားတွေးခေါ်ချက်များမှာသာ မတူသည် မဟုတ်။ ယခု တွေးခေါ် ချက်မှာလည်း ကွဲပြားသည်။

ဗိုလ်မြက မြိုင်ကြီးငူဘုန်းတော်ကြီးအား တိတ်တဆိတ် ခေါ်၍ လက်နက်ပြကာ နှစ်ကိုယ်ချင်း သဘောတူညီမှု ရယူသည်။ (လက်နက်ဖြင့် ခြိမ်းခြောက်သည်ဟု မဆိုလိုပါ။)

မြိုင်ကြီးငူဘုန်းတော်ကြီးက နှစ်ဖက်အမြင် အများရှေ့မှောက်မှာပင် သူ့သဘော ကိုယ့်သဘော ကျေကျေလည်လည် ဆွေးနွေးလိုသည်။ ထို့ကြောင့် ရက်သတ်၍ ရက်ချိန်းလိုက်သည်။

ရက်မြတ်နေ့ထူး ဝါဆိုဦးပေမို့ သူးမွဲထရှိ ဣစ္ဆာသယကျောင်းတော် ကြီးတွင် သံဃာပရိသတ်၊ လူထုပရိသတ် စုံလင်နေသည်။ အရပ်ရပ်အရွာရွာ မှ လာကြသော ဒေသခံဒကာ၊ ဒကာမများချည်း ၇၀၀ ကျော်၊ ၈၀၀ ခန့်

ရှိသည်။ သိတင်းသီလစောင့်လိုသူ၊ ဝါဆိုဦး ဆရာကန်တော့လိုသူတို့ ဖြစ်သည်။ ကျောင်းပေါ်ထပ်၊ အောက်ထပ် နှစ်ထပ်စလုံး ကြပ်တောက် နေလောက်အောင် ပြည့်သိပ်နေသည်။ ကျောင်းကလည်း အသစ်စက်စက် ဆောက်ထားပြီးသည်မှာ မကြာသေး။ ယခုမှ ဝါဆိုမှုပြုမည့်ကျောင်း ဖြစ်သည်။

ဥပုသ်သီလ ယူပြီးလောက်တွင် ချိန်းထားသည့်အတိုင်း ဧက အင်န်ယူ လူကြီးမင်းများ စုံစုံညီညီ ရောက်ရှိလာကြသည်။

၁။ ဗိုလ်ချုပ်ကြီး မြ

၂။ ဗိုလ်ချုပ် မောင်မောင်

၃။ ဗိုလ်ချုပ် တာမလာဘော

၄။ ဗိုလ်မှူးကြီး တူးတူးလေး

၅။ ဖဒိုမန်းရှာ

၆။ နို့ဖြူးဆရာတော် (ရမ်ဘိုဘုန်းကြီး) ဦးဝိဇန စသည်တို့ နောက်ပါ ခြွေရံအသီးသီးဖြင့် ဆိုက်ရောက်လာကြသည်။ အားလုံးစုံသည်နှင့် ဆွေးနွေးပွဲ စတင်သည်။

ဟိုနေ့က လက်မှတ်ရေးထိုးခဲ့သည်နှင့်ပတ်သက်၍ ပရိသတ်များအား ဗိုလ်ချုပ်မြက အသိပေးပြောကြားသည်။ ပရိသတ်နှင့် မြိုင်ကြီးငှက် ဘုန်းတော်ကြီး မည်သို့မိန့်ကြားမည်ကို ဆန္ဒစောစွာဖြင့် နားစွင့်နေသည်။ ဘုန်းတော်ကြီးသည် အသင့်ရိုက်ထားသော စာနှစ်ရွက်ကို ဗိုလ်မြနှင့် နို့ဖြူး ဆရာတော်အား ပေးအပ်လိုက်သည်။

နို့ဖြူးဆရာတော်က စာကိုဖတ်ကြည့်ပြီး ဆုတ်ဖြဲလိုက်ကာ လုံးချေ၍ နှုတ်ခမ်းကိုသုတ်ပြီး ပစ်ချလိုက်သည်။ ပမာခန့်စရာမလိုဟု ဆိုသည့်သဘောပင်။ ဤအချက်မှာ ဗိုလ်မြက တော်သွားသည်။ စာကို အသံထွက်ဖတ်ပြပြီး အေးအေးဆေးဆေးပင် စားပွဲပေါ် ပြန်တင်လိုက်သည်။ ပြီးမှ စကားကို တစ်လုံးချင်း ပြောသည်။

"ကေအင်န်ယူက ခန့်ထားတဲ့ ဖဒိုကို အာခံသူဟာ ကေအင်န်ယူကို အာခံသူပဲ။ မင်းတို့ သက်သတ်လွတ်အဖွဲ့တွေအားလုံး ပေါ်တာလိုက်ရမယ်၊ ဒါအမိန့်ပဲ"

ပရိသတ်များ ခေါင်းထောင်သွားသည်။ အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ ဘုန်းတော်ကြီးက အခြေအနေကို ထိန်းလိုက်သည်။ ပရိသတ်

များ ဒဲ့ငြိမ်တွင်မှ ဦးဝေါခီးဆိုသူက ထပြောသည်။

"ကျွန်တော်တို့တစ်တွေ ပေါ်တာလိုက်ရမယ်ဆိုလည်း လိုက်ပါမယ်၊ ဒါပေမဲ့ လိုက်တဲ့ သက်သတ်လွတ်အဖွဲ့ကို အရက်မဝယ်နိုင်းရဘူး၊ သားငါး ငပိ စသည် မထမ်းခိုင်းရဘူး။ ကျန် ရိက္ခာဆန်၊ ကျည်ဆန်များကိုတော့ သယ်ပေးပါ့မယ်။ သက်သတ်လွတ် စားသုံးသူများကိုလည်း ထိခိုက်အောင် မပြောရဘူး၊ ဒါဆို ကျွန်တော်တို့ ပေါ်တာလိုက်ပါ့မယ်"

ဗိုလ်မြက နေရာမှ ထရပ်၍ သူ့ကိုယ်သူ လက်မဖြင့် စိုက်စိုက် ထိုး ကာ -

"ဟေ့. . . ငါဟာ ကေအင်န်ယူဗိုလ်ချုပ် စောဗိုလ်မြပဲ၊ ငါ့ကို သိကြသလား။ ငါ့ကို တော်လှန်အာခံဖို့ မကြိုးစားကြနဲ့။ ငါ့စကားကိုနားထောင်ကြပါ။ မင်းတို့ ဘုန်းကြီးက တို့ခွင့်မပြုတဲ့နေရာမှာ ခိုးပြီး ဘုရားလာတည်တယ်။ ကျောင်းလာဆောက်တယ်။ နေရာလာလုတယ်။ နယ်ချဲ့တယ်။ တို့ကေအင်န်ယူကို ဖြိုခွဲတယ်။ ဒါကြောင့် မင်းတို့ ဘုန်းကြီးကို မောင်းထုတ်ရမယ်။ ပြန်ဆင်းခိုင်းရမယ်။ ဒီမှာ မနေရဘူး၊ ဒါပဲ"

ပြောပြီး နေရာမှာ ပြန်ထိုင်သွားသည်။ ဦးဝေါခီးကပင် ထ၍ ပြောပြန်သည်။

"ကျွန်တော်တို့ဟာ တောထဲတောင်ထဲမှာ နေကြတဲ့ တောင်ပေါ်ကရင်အမျိုးသားတွေ ဖြစ်ကြပါတယ်။ ဘုန်းကြီး ရဟန်းသံဃာဆိုတာ တစ်ခါမှ မမြင်တွေ့ခဲ့ရဘူး၊ ကိုးလည်း မကိုးကွယ်ခဲ့ကြရဘူး။ ဒီဘုန်းကြီးနဲ့ တွေ့လို့ သူကဟောပြော သင်ပြပေးလို့ ကျွန်တော်တို့ ဘာသာရေးအခြေခံတွေ တတ်သိနားလည်ခဲ့ရတယ်။ ဒါ့ကြောင့် ဒီဘုန်းကြီးကို ကျွန်တော်တို့ ယုံကြည်တယ်၊ ကိုးကွယ်တယ်၊ ဆုံးမညွှန်ပြပေးတဲ့အတိုင်း လိုက်နာတယ်၊ သက်လွတ်စားတယ်။ ဒီဘုန်းကြီးကို မောင်းထုတ်ရင် ကျွန်တော်တို့မခံဘူး။ ပေါ်တာမထမ်းဘူး။ အကောက်အခွဲမလိုက်ဘူး။ လက်နက်ကိုင်လည်း မလုပ်တော့ဘူး။ လက်ရှိကေအင်န်ယူခိုင်းတဲ့ လုပ်ငန်းတွေကိုလည်း ဘာတစ်ခု မလုပ်တော့ဘူး။ ကျွန်တော် ပြောချင်တာက ဒါပါပဲ"

ပြောသူ ဦးဝေါခီး ထိုင်သော်မှ မထိုင်ရသေး။ ဗိုလ်မြသည် ကမူးရှူးထိုးထပြီး -

"ငါ့အာဏာကို ဘယ်သူမှ မပယ်ကြရဘူး။ နားလည်လား။ နားမကောင်ဘဲ ဖယ်ရှားသူကို ပြင်းပြင်းထန်ထန် ငါအပြစ်ပေးရလိမ့်မယ်"

ဗိုလ်မြ စကားအဆုံးမှာ ရမ်ဘိုက ထပြောသည်။

"ဘုန်းကြီးဆိုတာ ဘုန်းကြီးဝိနည်းနဲ့ နေရတယ်။ သက်သတ်လွတ်စားသူတွေဟာ အားလုံးနွားတွေပဲ။ ကရင်အမျိုးသားတို့ရဲ့အပေါ်မှာ သစ္စာရှိရမယ်။ သစ္စာမရှိတဲ့လူကို ဒီမှာထားလို့ မရဘူး။ နေလို့လည်း မဖြစ်ဘူး။ ပြန်ခိုင်းရမယ်၊ မောင်းထုတ်ရမယ်"

သင်္ကန်းဝတ်နှင့် ခြောက်လုံးပူး ခါးထိုးထားသဖြင့် ရမ်ဘိုဘုန်းကြီးဟု အမည်တွင်နေသူက ဝိနည်းစကားပြောလာသည်။ ပြီးတော့ "မဆီမဆိုင် လက်ပံသား ဓားနဲ့ချိုင်" ဆိုရမလား။ "သခင်အားရအောင် ပြောသည်" ဆိုရမလား။ သက်သတ်လွတ်စားသူတွေကို အသားလွတ် ထိခိုက်ပြောဆိုသည်။ မြိုင်ကြီးငူ ဘုန်းတော်ကြီးအနေနှင့် သူ့စကားကို အလေးမထားချေ။ ဗိုလ်မြနှင့် ပတ်သက်သည်ကိုသာ တွေးနေမိသည်။

ပုံပြင်လေးတစ်ပုဒ် ရှိခဲ့ဖူးသည်။ မြေခွေးနှင့် ငှက်ကျားပုံပြင်။

မြေခွေးက ငှက်ကျားအား အကောက်ကြံလိုသဖြင့် ထမင်းစားဖိတ်သည်။ ငှက်ကျား ရောက်လာသောအခါ ဇလုံပက်ပက်ကြီးတစ်ခုထဲတွင် ဟင်းရည်ချည်းသက်သက် ထည့်၍ ချကျွေးသည်။ အဖတ်ဟူ၍ မပါ။ ဟင်းရည်ချည်းသက်သက်ကို နှုတ်သီးရှည် ငှက်ကျားက မစားနိုင်။ သောက်လို့လည်း မဖြစ်။ မြေခွေးကသာ အားရပါးရ လျှာဖြင့် လျက်၍ လျက်၍ သောက်သည်။ ပြီးစီးသောအခါ ငှက်ကျားက -

"အဆွေမြေခွေး၊ အသင်တည်ခင်းသော ထမင်းပွဲကို အကျွန်ုပ် မစားသောက်နိုင်သော်လည်း အသင်အားရပါးရစားသုံးသည်ကို မြင်သဖြင့် ကျွန်ုပ်ကိုယ်တိုင် စားရဘိသကဲ့သို့ ရှိလှပါသည်။ အသင်မြေခွေးအား အကျွန်ုပ် ထမင်း ဖိတ်ကျွေးလိုပါသည်။ ဘယ်နေ့ ဘယ်ရက်မှာ လာခဲ့ပါ" ဆို၍ ပြန်သွားသည်။

ချိန်းသည့်ရက်သို့ ရောက်သောအခါ ငှက်ကျားထံသို့ မြေခွေးလာခဲ့သည်။ ငှက်ကျားက အမဲသားတစ်ကြော်များကို အဝကျဉ်းကျဉ်း ကျည်တောက်ရှည်ထဲထည့်၍ ဧည့်ခံသည်။ မြေခွေးခမျာ ကျည်တောက်တွင်းရှိ အမဲသားတစ်ကြော်များကို မစားနိုင်။ ငှက်ကျားကမူ သူ၏ ရှည်လျားသော နှုတ်သီးဖြင့် တစ်တုံးပြီး တစ်တုံး ယူယူ၍ စားသည်။

ကာလဝိပါက်နောက်ပိုးတက်ခြင်း ခံရသော မြေခွေးသည် ငှက်ကျားအား အကြီးအကျယ် စိတ်ဆိုးသည်။ သူ့ကို တမင်ခေါ်၍ အရှက်ခွဲခြင်းဖြစ်

သည်ဟု စွပ်စွဲသည်။ ငှက်ကျားက -

"အဆွေမြေခွေး၊ ပြန်စဉ်းစားပါဦး၊ အကျွန်ုပ်အား ထမင်းဖိတ်ကျွေးစဉ်က ပြုမူသော အသင်၏ အပြုအမူအတိုင်းသာ အကျွန်ုပ် ပြုလုပ်ခြင်းဖြစ်သည်။ အကျွန်ုပ်အား စိတ်ဆိုးရန် မသင့်ပါလေ" ဟု ပြောသည်တွင် မြေခွေးက ဒေါပွကာ ငှက်ကျားအား ပြေးဟပ်သည်။

ဤအရေးကို ကြိုတွေးထားပြီးဖြစ်သော ငှက်ကျားသည် အမဲသားကြော် ထည့်ထားသော ကျည်ထောက်ကို ခြေဖြင့် ကုတ်ဆွဲ၍ ရုတ်တရက် ပျံတက်သွားသည်။ မြေခွေးမှာမူ မချင့်မရဲ ဒေါပွပြီးရင်း ပွရင်းဖြင့် ကျန်ရစ်ခဲ့လေသည်။

ဗိုလ်မြက မြိုင်ကြီးငူဘုန်းတော်ကြီးအား သူ့ဆန္ဒကို လက်မှတ်ရေးထိုးစေခဲ့သည်။ အသာတကြည် ထိုးပေးခဲ့သည်။ ယခု မြိုင်ကြီးငူဘုန်းတော်ကြီး၏ ဆန္ဒကို ဗိုလ်မြအား လက်မှတ်ရေးထိုးစေသည်။ သူ့အပြုအမူအတိုင်း ပြုခြင်းသာဖြစ်သည်။ ဤသည်ကို ဗိုလ်မြက မကျေနပ်။ လက်မတထောင်ထောင်ဖြင့် အာဏာရှင်ပီပီ အာဏာသုံး၍ စကားဆိုလာသည်။ ရမ်ဘိုဘုန်းကြီးကလည်း အသားလွတ် ဝင်တွယ်လိုက်သေးသည်။

ပရိသတ်မှာ လှုပ်လှုပ်ရွရွဖြစ်လာသည်။ တစ်ယောက်တစ်ပေါက် စကားသံတို့ဖြင့် စီညံလာသည်။ ပရိသတ်ထဲတွင် လက်နက်ကိုင် အသီးသီးလည်းရှိသည်။ လက်နက်ကိုင်တို့မှာ ကေအင်န်ယူချည်းဖြစ်သည်မှန်သော်လည်း ဘာသာအယူဝါဒမှစ၍ ကွဲပြားကြသည်။ ယုံကြည်မှုချင်း၊ ခံယူပုံချင်း မတူကြ။ အထူးသဖြင့် ကေအင်န်ယူတွင်းသို့ ဝင်ရောက်လာခြင်းကပင် ပုံစံအမျိုးမျိုး၊ အသွင်အမျိုးမျိုးဖြစ်သည်။

ဤသို့ လူထုရှေ့မှောက်မှာ အာဏာဖြင့် ဖိနှိပ်ပြောဆိုခြင်း၊ ချိုးချိုးဖွဲ့ဖွဲ့ ပြောဆိုခြင်းကို ခံရသောအခါ မခံမရပ်နိုင် ဖြစ်လာသည်။

သေနတ်မောင်းတင်သံများ တိုက်ထားသည့်နှယ် ပြိုင်တူထွက်ပေါ်လာသည်။ ဗိုလ်မြတို့လာကြသည်မှာ နောက်လိုက်ကိုယ်စီပါလာကြသည်ဆိုသော်လည်း သူ့နယ်ပယ်မို့ ဘာမျှမဖြစ်တန်ကောင်း ယူဆထားသည်။ သူတို့မှအပ အခြားလက်နက်ကိုင်သူများလည်း မရှိတည်ဟုလည်း တွက်ထားသည်။ ရှိသည်ဆိုဦး၊ သူ့အား မည်သူမျှ မပယ်လှန်ဝံ့ဟု ထင်မှတ်ထားသည်။ တကယ်တမ်း ကြုံလာသောအခါ မလွယ်မှန်း သိသွားသည်။ မျက်စိမျက်နှာ ပျက်ကုန်ယသည်။

ပရိသတ်က မြိုင်ကြီးငူဘုန်းတော်ကြီး၏ အမူအရာ အကဲခတ်နေသည်။ ငုံလင့်နေသည်။ မပြောကောင်း ပြောကောင်း ဘုန်းတော်ကြီးက ခေါင်းတစ်ချက် ဆတ်ပြလိုက်ရုံနှင့် ကေအင်န်ယူ သမိုင်းစာမျက်နှာတစ်မျိုးပြောင်းသွားနိုင်သည်။

ဤအဖြစ်ကို ဘုန်းတော်ကြီးက မလိုလား။ အသစ်စက်စက်ပြီးစီးကာမျှဖြစ်သော ဤကျောင်းထဲကန်ထဲမှာ ဘာမျှမဖြစ်စေလို။ ဤမှာရှိသူအားလုံး လိုလိုမှာ မိမိတို့ ကရင်အမျိုးသားချည်းဖြစ်သည်။ ရာဇဝင်စာတင်၍ ကောင်းတော့မည်မဟုတ်။

မြိုင်ကြီးငူဘုန်းတော်ကြီးသည် ဤသို့ တွေးတောမိပြီး နေရာမှ ထလိုက်သည်။ ပရိသတ်အားလုံး ငြိမ်ကျသွားသည်။

"အဘိုး ဗိုလ်ချုပ်မြ ဦးဇင်း တစ်ခုပြောမယ်။ သေသေချာချာ နားထောင်စေချင်တယ်။ ကရင်တော်လှန်ရေး ၄၅ နှစ်လုံးလုံးဟာ အောင်လံတလွင့်လွင့်နဲ့ ဝင့်ကြွားပြီး တည်တံ့ခဲ့တယ်မဟုတ်လား"

"ဘာသာရေး အစွန်းရောက်မှု၊ ဖိနှိပ်ချုပ်ခြယ်မှု ကြီးမားလာရင် ပြိုကွဲတတ်တယ်။ လူကြီးတွေအနေနဲ့ ထိန်းထိန်းသိမ်းသိမ်းလုပ်ဖို့ လိုတယ်။ ငယ်တယ်ထင်ပြီး အထင်သေးဖို့ မသင့်ပါဘူး။ ဗိုလ်ချုပ်တို့ရဲ့ တော်လှန်ရေးနယ်မြေ ထဲမှာ ဗိုလ်ချုပ်ကိုယ်တိုင် အသိအမှတ်မပြုဘဲ ဘုရားလာတည်လို့မရပါဘူး။ ဘုရားတည်တယ်ဆိုတာ ခိုးတည်လို့လည်း မရပါဘူး။ လူသိရှင်ကြား အများသိပြီးသားပါ။ ကြားပြီးသားပါ။ ကရင်တော်လှန်ရေးအောင်မြင်စေချင်တဲ့ ဆန္ဒရှိရိုးမှန်ရင် ၄၅ နှစ် ကရင်တော်လှန်ရေးကာလအတွင်းမှာ စီးပွားရေး၊ လူမှုရေး၊ ဖွံ့ဖြိုးရေး၊ သာသနာရေး စသည်များကိုအကောင်အထည်ဖော်ပြီး ကြီးပွားအောင် လုပ်ဆောင်တဲ့နေရာမှာ ဘယ်အရေးက တိုးတက်မှုရှိသလဲလို့ အပြည်ပြည်ဆိုင်ရာက မေးချင်မေးကြလိမ့်မယ်"

"အဘိုး ဗိုလ်ချုပ်တို့မှာ ဘာလက်ညှိုးထိုးပြစရာ ရှိသလဲ၊ လက်ညှိုးထိုးပြစရာဆိုလို့ ဗိုလ်ချုပ်တို့ ပိုင်နက်တွင်းမှာ သာသနာရေးနှင့်စပ်ပြီး တည်ထားခဲ့တဲ့ အဆူဆူသော ဘုရားတွေနဲ့ ဒီသူ့မွဲထ ဣစ္ဆာသယဖောင်တော်ဦးစေတီနဲ့ ကျောင်းပဲရှိတယ်။ ပြည်မနဲ့ ဝေးလံသီခေါင်လှတဲ့ ဒီလိုနယ်စပ်တောကြီးမျက်မည်းထဲမှာ ဒီဘုရားနဲ့ ကျောင်းတော်ကြီးက သက်သေပြနေပါတယ်။ ဗိုလ်ချုပ်တို့လက်ထဲ ဗိုလ်ချုပ်တို့ အုပ်စိုးစဉ်မှာ ဗိုလ်ချုပ်တို့ရဲ့ ခွင့်ပြုချက်နဲ့ ဒါတွေတည်ထောင်ခဲ့တယ်လို့ လက်ညှိုးပြစရာ ဖြစ်လာပါမယ်"

"ကက္ကူသဿတာဖောင်တော်ဦးမှာရှိတဲ့ သူးမွဲထအဖွဲ့ဟာ ကရင်တော်လှန်ရေးကို ဖြိုခွဲဖို့ လုံးဝမရည်ရွယ်ဘူး။ ပြောခဲ့ဖူးသားပဲ၊ ဦးဇင်းတို့ဟာ ဘာသာရေး တစ်ခုတည်း နားလည်တာပါလို့။ ဦးဇင်းတို့ရဲ့ လုပ်ဆောင်ချက်ဟာ ကေအင်န်ယူတော်လှန်ရေးကို တစ်ဖက်တစ်လမ်းက သာသနာရေး အနေနဲ့ ကြည့်ပြီး ဂုဏ်မြှင့်ပေးနေတယ်။- ထည်ဝါဝင့်ကြွားစေနေတယ်လို့ မြင်လို့ရပါတယ်။ တစ်နည်းအားဖြင့်လည်း အေးချမ်းသာယာမှုရှိအောင် ကူညီဆောင်ရွက်ပေးနေတယ်။ အဲဒီစိတ်ဓာတ်ဟာ ခုလည်းရှိဆဲပါ၊ နောင်လည်းရှိနေပါလိမ့်မယ်"

"ဗိုလ်ချုပ်တို့က နိုင်ငံရေးနည်းလမ်းနဲ့ ကရင်ပြည်နယ်ကြီး အေးချမ်းအောင် ကြိုးပမ်းနေသလို ဦးဇင်းကလည်း သာသနာပြုလုပ်ငန်းနဲ့ ကြိုးပမ်းဆောင်ရွက် အထောက်အကူပေးရာ ရောက်ပါတယ်။ အကူအညီလည်း ရပါတယ်အဘိုး"

မြိုင်ကြီးငူဘုန်းတော်ကြီးက ပွဲကို ထိန်းသောအနေဖြင့် စကားကို တစ်လုံးချင်း အေးအေးဆေးဆေး ပြောပြပြီး ထိုင်သွားသည်။ ဗိုလ်မြက ချက်ချင်းထပြီး -

"လုံးဝအကူအညီမရပါဘူး၊ အလံတစ်ရာဘုန်းကြီးက 'ဘုရားတည်ပြီး သက်သတ်လွတ်စားရင် အေးချမ်းမယ်' လို့ပြောခဲ့တယ်။ အလံတစ်ရာဘုရားတည်ပြီးခဲ့ပြီ၊ တိုင်းပြည်မအေးချမ်းဘူး။ ငွေကုန်ရုံပဲ ရှိတယ်။ သက်သက်ပြည်သူတွေကို လှည့်စားဝါကြွားခဲ့တယ်။ အေးချမ်းဖို့အတွက် ဘာအကူအညီမှမရခဲ့ဘူး။ နောင်လည်း ဘာမှကူညီရာရောက်မှာ မဟုတ်ဘူး" ပြောပြန်သည်။

မြိုင်ကြီးငူဘုန်းတော်ကြီးက အေးဆေးစွာ တွေးခေါ်ညှိုးနှိုင်းပြသည်။ ဗိုလ်မြက သူပြောနေကျ တစ်ယူသန် ဓာတ်ပြားဟောင်းကိုပဲ ပြန်ဖွင့်သည်။ သူ့ဓာတ်ပြားဟောင်းကို ကြားပြီးသား ပရိသတ်က နဂိုကတည်းက မကြည်မလင် ရှိရသည့်အထဲ လူထုရှေ့မှောက်မှာ သူတို့ ကြည်ညိုလေးစားသော ဆရာတော်အား ဤသို့ ပြောရပါမည်လားဟု အတွေးရောက်သွားသည်။

ပရိသတ်များက ရုတ်ချည်း ရုန်းရင်းဆန်ခတ်ထဖြစ်ကြပြန်သည်။ ရှေ့ဆက်ဆွေးနွေးနေလျှင် မလွယ်တော့မှန်းသိသဖြင့် အခြေအနေကို ထိန်းသိမ်းသောအားဖြင့် မြိုင်ကြီးငူဘုန်းတော်ကြီးက ဆွေးနွေးပွဲ အခမ်းအနားကို ရပ်သိမ်းလိုက်သည်။ ဗိုလ်မြတို့ လူစုရှေ့မှာ ရပ်လိုက်သည်။ ပြီးတော့ လှေကားဝသို့ ဦးဆောင်ခေါ်ငင်ခဲ့သည်။ အတူလိုက်လာစဉ် ဗိုလ်မြက -

"ဒီဘုန်းကြီး ဒီမှာထားလို့မရဘူး၊ ပြန်ခိုင်းမှဖြစ်မယ်၊ ဖြစ်မယ် မဟုတ်ဘူး၊ ပြန်ကိုခိုင်းရမယ်" ဟု အတည်လိုလို၊ တကယ်လိုလို၊ နောက်သလို ပြောင်သလိုပြောသည်။

"ကိုင်း. . . ဦးဇင်း ပြန်သွားပါပြီတဲ့၊ ဦးဇင်းနေရာမှာ ဘယ်သူအစားထိုးနေမလဲ"

"တို့ ရမ်ဘိုဘုန်းကြီး ရှိပါတယ်၊ ရမ်ဘိုဘုန်းကြီးကို အစားထိုးပြီးနေခိုင်းလို့ရပါတယ်။ ဒါမျိုးက မခက်ပါဘူးလေကွယ်၊ လွယ်ပါတယ်"

ပြောင်သလို ပျက်သလိုပြောရင်း လှေကားမှ ဆင်းသွားသည်။

"ဒါဆိုလည်း ရပါတယ်၊ မခက်ပါဘူး၊ ဆင်းသွားဖို့က အလွယ်ကလေးပါ၊ နောက်ပြန်လာဖို့ဆိုတာသာခက်တာပါ"

ဟု မြိုင်ကြီးငူဘုန်းတော်ကြီးက ပြောပြောဆိုဆို လှေကားထိ လိုက်ပို့ပေးလိုက်သည်။

သည်လိုနှင့် ဆွေးနွေးပွဲသည် မကျေလည်သွားသည့်ပြင် အကြိတ်အခဲ ပို၍ ကြီးမားသွားသည်။

ကြီးထွားလာသော အခက်အခဲက ဘယ်ကနေ့ ပေါက်ကွဲလာမည်၊ မကျေနပ်ချက်က ဘယ်အချိန် ပေါက်ကွဲလာမည် ဆိုသည်ကို မခန့်မှန်းနိုင်သော်လည်း သည်အတိုင်းသာ ဆက်သွားပါမူ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ တစ်ခုခုတော့ ဖြစ်ပေတော့မည်ဟု တွေးရင်း နောက်နေ့ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့တွင် သံဃာများနှင့်အတူ သူးမွဲထ ဣစ္ဆာသယကျောင်းတော်မှာ ဝါကပ်ပြီး ဝါဆိုနေလိုက်တော့သည်။

ခရီးသွားလျှင် ခလုတ်တိုက်မိသည်မှာ သဘာဝလိုဖြစ်သည်။

မြိုင်ကြီးငူဘုန်းတော်ကြီးသည် ၁၃၄၈ ခုနှစ် မဟာသိမ်တော်ကြီး ရေစက်ချပွဲပြီးသည်မှစ၍ သာသနာပြုခရီးကို လျှောက်လှမ်းရန် ဆုံးဖြတ်ခဲ့သည်။

ဆုံးဖြတ်ခဲ့သည့်အတိုင်း စွမ်းအားရှိသမျှ လျှောက်လှမ်းခဲ့သည်။ နှစ်တိုကာလအတွင်း ဘုရား၊ ကျောင်း၊ ကန်၊ သိမ်၊ ဇရပ်များစွာကို တည်ထားဆောက်လုပ်ခဲ့သည်။ တောအသွယ်သွယ်၊ တောင်အထပ်ထပ်အတွင်း တရစပ်သွားလာရင်း သာသနာပြုခရီးလမ်းကို လျှောက်လှမ်းခဲ့သည်။ ယခု ဤစာပြုချိန်ထိဆို ဘုရားပေါင်း ၅၃ ဆူနှင့် သိမ်ပေါင်း ၂၈ သိမ် တည်ထား သမုတ်ပြီးစီးခဲ့သည်။

**ဤမျှထိ အရှိန်အဟုန်ဖြင့် သာသနာ့ခရီးသွားနေစဉ်** တောတွင်း တစ်နေရာဝယ် လွန်ခဲ့သော နှစ်ပေါင်း ၄၅ နှစ်ကာလကတည်းက စိုက်ဝင် နစ်မြုပ်နေသော ငုတ်ကြီးတစ်ငုတ်နှင့် ခလုတ်တိုက်မိသည်။ တိုက်မိသည့် အရှိန်ကပြင်းသည်။ အတိုက်အခံရသောငုတ် မည်သို့ရှိမည်မသိ။ တိုက်မိသော မြိုင်ကြီးငူဘုန်းတော်ကြီးမှာ ခြေမတော်ကွဲ၍ ရွှေ့ဆက်ခရီးတန့်သွားရမည်သို့ ရှိနေလေတော့သည်။

## လူ့ဘဝ ဓဏတာလေးဝယ်

လူ့လောကတွင် လူတို့အား အရွယ်အလိုက် အခေါ်အဝေါ်ပြုထား သကဲ့သို့ သာသနာတော်မှာလည်း ရဟန်းတို့အား အရွယ်အလိုက် ဝေါဟာရ ပြုထားသည်။

ရဟန်းပြုသစ်စမှ (၅) ဝါတိုင်အောင်သောအရွယ်ကို ရဟန်းသစ် ရဟန်းငယ် (နဝ) ဟု ဆိုသည်။

(၅) ဝါ မှ (၉) ဝါတိုင်အောင်သောအရွယ်ကို ရဟန်းလတ်၊ အရွယ် တော်ရဟန်း (မဇ္ဈိမ) ဟု ဆိုသည်။

(၁၀) ဝါမှ (၁၉) ဝါတိုင်အောင်သောအရွယ်ကို အရိုအသေ အလေး အမြတ်ပြုလောက်သည့် ခိုင်မြဲတည်ကြည်သောအရွယ် (ထေရ) ဟု ဆိုသည်။ ကျောင်းထိုင်နိုင်သည့်အင်္ဂါတွင်းဝင်ပြီဖြစ်၍ ကျောင်းထိုင်ခဲ့သော် ကျောင်း ဘုန်းကြီးဟု ဆိုသည်။

ဝါ (၂၀) နှင့် အထက်ဖြစ်သောအရွယ်ကို မဟာထေရ (အလွန် အမြတ်တနိုးထား၍ လေးစားအပ်သော ထေရ်ရှင်)ဟု ဆိုသည်။ အကျင့်သီလ၊ သိက္ခာ၊ သမာဓိတို့သည် ကျောက်စာတိုင်အလား မယိမ်းမယိုင် တည်တံ့ခိုင်မြဲ ပြီး ပညာအဆင်ခြင်ဉာဏ်တို့ ကြီးမားကျယ်ပြန့်လာပြီးဖြစ်၍ ကျောက်ထီးတန္ဓု အလေးဂရုပြုအပ်သောကြောင့် မဟာထေရဟု ဆိုသည်။ ဂုရုဟုလည်း ဆိုနိုင် သည်။

ဂုရုသဒ္ဒါသည် ဆရာအနက်ကို ဟောငြားသော်လည်း အာစရိယ မည်သော ဆရာတို့ထက်ပိုလွန်၍ အလေးအမြတ်ပြုအပ်သောဂုဏ်အရည် အသွေးရှိခြင်းကို ရည်ညွှန်းသည်။ ထိုကိုပင် "ဆရာတော်" ဟူ၍ မြန်မာ့ သာသနာ့နယ်ပယ်တွင် ဆိုထုံးပြုခဲ့ကြသည်။

ထို့ကြောင့် "ဆရာတော်" ဟု ဆိုလျှင် အရည်အချင်း အထိုက် အလျောက်ပြည့်ပြီးသော ရဟန်းများကို ဆိုလိုကြောင်း ဗုဒ္ဓဘာသာဝင်တိုင်း သိပြီးဖြစ်သည်။

မြိုင်ကြီးငူဘုန်းတော်ကြီးသည် နဝအရွယ် ရဟန်းပြုသစ်စ၌ ပရိယတ္တိ စာပေကို ဆည်းပူးလေ့လာခြင်း၊ မဇ္ဈိမအရွယ်၌ တောရပ်မှီး၍ ရိပ်ကြီးခိုကာ တရားရှာခြင်း၊ ထေရအရွယ်မှစ၍ ဘုရားတည် သာသနာပြုခြင်း စသည်များ ကို တစ်လျှောက်လုံး ဆောင်ရွက်သည်။

သိက္ခာဝါတော် (၂၀)ကျော်လာပြီဖြစ်သော မဟာထေရ်အရွယ်မှာ လည်း သာသနာပြုလုပ်ငန်းကို ဆက်လက်လုပ်ဆောင်နေဆဲဖြစ်သည်။ ဝေါဟာရအတိုင်းဆိုလျှင် မဟာထေရ (ဆရာတော်) ဟု ဆိုနိုင်သည်ပင်။ အားထားယုံကြည် ကိုးကွယ်ဆည်းပူးသူများကလည်း "ဆရာတော်" ဟုပင် တလေးတစားနှင့် အလေးထားသော ဝေါဟာရဖြင့် သုံးနှုန်းသမုပြုခဲ့ကြသည်။ သို့သော် မြိုင်ကြီးငူဆရာတော်အနေဖြင့်မူ "ဆရာတော်"ဟူ၍ သဘောထား တော်မမူခဲ့ချေ။

၁၃၅၆ ခုနှစ်သို့ ရောက်လာပြီဖြစ်၍ သိက္ခာဝါတော် (၂၆) ဝါမျှ ရှိလာပြီဖြစ်သော ယနေ့တွင်မှ အများသုံးနှုန်းသည့် "ဆရာတော်" ဝေါဟာရကို အသိအမှတ်ပြုသည်။

"ဩော်. . . ငါသည် ဆရာတော်ဟု ဆိုအပ်သော အရွယ်သို့တိုင်ပါ ရော့လား၊ လူ့ဘဝမှာနေလာတာ ဘာမှမကြာသေးဘူးဟု ထင်ရသည်။ ယခု (၂၆) ဝါမြောက်ပြီး အသက်ပင် (၄၆)နှစ် ရှိခဲ့ပြီ။ ဇရာသဘောများလည်း ထင်လာနေချေပြီ။ ခုခေတ်လူ့သက်တမ်းဖြင့် တွက်ပါမူ သက်တမ်းထက်ဝက် ပင် ကျော်ခဲ့ချေပြီ။ မကြာလှတော့သော နှစ်များအတွင်း မရဏဆီသို့ စက္ကန့် မလပ် အတန့်အနားမရှိ အရှိန်နှင့်အမျှ ရွေ့လျားသွားလာနေချေသည်တကား"

ဤသည်နှင့် ပတ်သက်၍ ကျမ်းဂန်လာ အဆိုအမိန့်များကို ပြန်လည် ၍ သတိရမိသည်။ အရဟာလာခြင်းနှင့်အတူ တက်လတ်သော တက်သစ်စ နေမင်းသည် ဥဒီတောင်စွန်းက ထွက်လတ်သည်မှစ၍ အနောက်ဂေါယာ

ကျွန်းသို့ ရှေးရှုလျက် အရှိန်မပျက်သွားနေသည်။ တစ်ရံတစ်ဆစ်မျှ နောက်ပြန်တွန့်ခြင်း မရှိချေ။

ယနေ့ပေါက်စဖြစ်သော သစ်ပင်ငယ်သည်လည်း အစဉ်တစိုက်ကြီးထွားလျက် ပျက်စီးသောအဆုံးသို့ အရှိန်ဖြင့် ရွေ့လျားနေချေသည်။

တောင်ထိပ်မှ ကျဆင်းလာသော ကျောက်တုံးကြီးသည် ဘောင်ခြေသို့ အစဉ်တစိုက် အရှိန်ဖြင့် ကျဆင်းနေသည်။

နေ့သစ်သည် ညအမှောင်ဆီသို့ ဦးတည်ပြေးနေသည်။

မြစ်ညာမှ စီးဆင်းခဲ့သော မြစ်ရေသည် အောက်အကြေသို့ အစဉ်တစိုက် စီးဆင်းနေသည်။ တစ်ရံတစ်ဆစ်သော်မှ တွန့်ဆုတ်ခြင်း၊ နောက်ပြန်ခြင်း မရှိပေ။

ဤအတူ ဇာတိမှ အစပြုခဲ့သော လူ့ဘဝသည်လည်း သေခြင်း မရဏသို့ စက္ကန့်မလပ် ချဉ်းကပ်လျက်ရှိသည်။

လူ့ဘဝသည် အမှန်စင်စစ်အားဖြင့် ပုခက်နှင့်ခေါင်း (တလား) ကြားအခိုက်အတန့်ကလေးပင်တည်း။

ခေတ်ဒဿနဆရာတို့က လူ့ဘဝကို အမြင်တစ်မျိုးဖြင့် ပြဆိုကြသည်။

ခြင်္သေ့ကြီးလိုက်၍ ပြေးသွားရသော လူတစ်ယောက်သည် ရှေ့မှာရှိသော တွင်းကြီးတစ်ခုအတွင်းသို့ ချော်ကျသွားသည်။ ဆွဲမိဆွဲရာ ဖမ်းကိုင်လိုက်ရာ သစ်ကိုင်းတစ်ကိုင်းကို တွဲခိုမိပြီးသား ဖြစ်သွားသည်။ အပေါ်ကိုမော့ကြည့်ရာ နောက်မှလိုက်လာသော ခြင်္သေ့ကြီးက ငုံ့ကြည့်နေသည်။ တွင်းအောက်ခြေသို့ ငုံ့ကြည့်မိပြန်ရာ နဂါးကြီးတစ်ကောင် အစွယ်အဖွေးသားဖြင့် ပါးစပ်ဟလျက် ငံ့လင့်နေသည်။

လူသားသည် အန္တရာယ်နှစ်ရပ်ကြားဝယ် ကျရောက်နေသဖြင့် သစ်ကိုင်းကို ခိုင်သထက်ခိုင်အောင် ဆုပ်ကိုင်ထားသည်။ ထိုစဉ် ကြွက်ဖြူကြွက်မည်းကြီးနှစ်ကောင်က ထိုသစ်ကိုင်းကို တစ်လှည့်စီ ကိုက်ဖြတ်နေသည်။ မကြာသောကာလမှာ တွင်းအောက်ခြေရှိ နဂါးကြီးပါးစပ်တွင်းသို့ မုချရောက်ရပေတော့မည်။ တုန်လှုပ်ချောက်ချားဖွယ်အတိ ဖြစ်နေနေသည်။ လူသားသည် တုန်လှုပ်ချောက်ချားနေလျက်က သစ်ကိုင်းမှ သစ်ရွက်ပေါ်တွင် တင်ကျန်ရစ်နေသော ပျားရည်စက်ကလေးများကို လျှာဖြင့် လှမ်း၍ လျက်နေသေးသည် တဲ့။

နောက်မှလိုက်လာသော ခြသေ့်ကြီးက သောကဗျာပါရနှင့် ဒုက္ခအထွေထွေ၊ နဂါးကြီးက သေခြင်းတရား၊ သစ်ကိုင်းက တွယ်တာနေသည့် လူ့ဘဝခဏ္ဍာကာ၊ ကြွက်ဖြူ ကြွက်မည်းကား နေ့နှင့်ည၊ ပျားရည်ကလေးများကား ကာမဂုဏ်၏တဒင်္ဂသာယာမှုကလေးများအဖြစ် အတူပြုတင်စားပြဆိုကြသည်။

မည်သို့ဆိုစေ လူ့ဘဝခဏ္ဍာတာသည် လွန်စွာမှ တိုတောင်းလှသည်။ ဤခဏ္ဍာတာအတွင်းဝယ် လူသားသည် ကောင်းမှုကုသိုလ်ပြုခြင်း၊ အများအကျိုးအတွက် သယ်ပိုးဆောင်ရွက်ခြင်းအမှုကို ပြုသင့်ထိုက်လှပေသည်။ ဤသဘောထားကို သိမြင်ထားသည်မို့ မြိုင်ကြီးငူဆရာတော်သည် ရဟန်းဘဝအစပိုင်းတွင် သတိပဋ္ဌာန် အားထုတ်ခြင်းဖြင့် သံသရာမှ လွတ်လမ်းကို ရှာခဲ့သည်။ ထိုစဉ် ဘုရားတည် သာသနာပြုရန် ဘဝတစ်ဆစ်ချိုးသို့ ဖန်လာခဲ့သည်။

ဖန်လာသည့်အတိုင်း သာသနာပြုခရီးလမ်းကို လျှောက်လှမ်းခဲ့သည်။ အရှိန်အဟုန်နှင့် သွားခဲ့သည်။ တောအထပ်ထပ် တောင်အသွယ်သွယ်အတွင်း ပင်ပန်းကြီးစွာ သွားလာ၍ ခက်ခက်ခဲခဲ သာသနာပြုသည်။ သာသနာပြုရင်း ခရီးသွားဟန်လွှဲဆိုသလို သာသနာရေးနှင့် တွဲ၍ အမျိုးသားရေး၊ ဘာသာရေးပါ တစ်နွယ်ငင်၍ တစ်စင်ပါလာခဲ့သည်။ အရေးတစ်ခုကို ဆောင်ရွက်လျှင် ဤအရေးနှစ်ခုပါ ဆောင်ရွက်ပြီးဖြစ်သည်မို့ ပူးတွဲလုပ်ဆောင်ခဲ့သည်။

ဤသို့အမျိုးဘာသာသာသနာအတွက် ဆောင်ရွက်ချက်က မြိုင်ကြီးငူဆရာတော်အား ကြီးမားသော ဘဝလမ်းခရီးကို ချိုးကွေ့သွားစေခဲ့သည်။ လွန်ခဲ့သော ၄၅ နှစ်တာ ကာလကတည်းက ပုန်ကန်ခြားနားခဲ့သည့် ကော်သူးလေတစ်ဖြစ်လဲ ကေအင်န်ယူတို့နှင့် ထိပ်တိုက်တွေ့လေတော့သည်။ ကေအင်န်ယူ ဗိုလ်ချုပ်မြ၏ မျက်စိစပါးမွေးစူးခြင်းကို ခံရသည်။

မြိုင်ကြီးငူဆရာတော်အား အမျိုးမျိုး စွပ်စွဲသည်။ အခါခါ ခေါ်ယူ၍ ဆူပူကြိမ်းမောင်းသည်။ (ဆရာတော်၏ သာသနာပြုလုပ်ငန်းသည် အရောင်ပြမျှသာ ဖြစ်သည်၊ တကယ့်အဓိကလုပ်ရပ်မှာ ကေအင်န်ယူတွင်းသို့ ထိုးဖောက်ဝင်ရောက်၍ သတင်းရယူသည့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ထောက်လှမ်းရေးဘုန်းကြီး ဖြစ်သည်) စသဖြင့် ပြောဆိုသည်။ ကတိဝန်ခံချက်တွေ တောင်းသည်။ နောက်ဆုံး မြစ်ဆုံဒေသ (သူးမွဲထ) မှပင် မောင်းချရန် စိုင်းပြင်းကြသည်။

ပြည်. . .

လူတစ်ခု ပူမှုရယ်တဲ့ ဆယ်ကုဋေ
အသက်တစ်ရာ မနေရသော်လည်း
အမှုတစ်ရာ တွေ့ရတတ်ပေသည် ဟူသော လောကဆိုကုံးစကားသည် မြိုင်ကြီးငူဆရာတော်အား ရည်ညွှန်း၍ တမင်ထားခဲ့လေသလားဟု ယုံမှားဖွယ် ဖြစ်ပေတော့သည်။

# ဆေးစစ်ရာမှ အပြန်

၁၃၅၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၅) ရက်။

မြစ်ဆုံဒေသ (သူးမွဲထ) ရှိ ဣစ္ဆာသယကျောင်းတော်မှာ သံဃာများနှင့် ဝါဆိုဝါကပ်ပြုပြီးသည်မှ ငါးရက်မြောက်သောနေ့။

ဝါပန်၍ ဒိုင်နာစက်လှေဖြင့် သူးမွဲထမှ ဆင်းခဲ့သည်။ စက်လှေမောင်းသူမှာ စနေသင်း ခရစ်ယာန်ဘာသာဝင်တစ်ဦးဖြစ်သူ တာမလာဝါး ဆိုသူဖြစ်သည်။ ဘာသာခြားသော်လည်း စေတနာထား၍ လိုက်ပို့သည်။ ဝါဆိုဝါခေါင် ရေဖောင်ဖောင်မို့ သံလွင်မြစ်ကြောင်းတွင်းရှိ ဟတ်ကြီး၊ ဟတ်ကလေး၊ ရေတံခွန်ကြီးငယ်များ အရှိန်ဖြင့် စီးဆင်းနေသော ရေပြင်အောက်ဝယ် ငုံ့လျှိုးနစ်မြုပ်နေကြသည်။ ဝါရင့်နောက်ကျသော ရေအလျဉ်သည် ဖျော်ပြီးသားလက်ဖက်ရည်ချောင်းကြီး စီးဆင်းနေသည့်နှယ် ရှိသည်။ ရေတံခွန်ကြီးငယ်များမရှိတော့လင့်ကစား ဗွက်ခုံး၊ ဝဲကတော့၊ စုပ်ဝဲ၊ မှုတ်ဝဲဟူသော ဝဲပေါင်းစုံက မြစ်ကြောင်းတစ်လျှောက် ထမင်းအိုးပွက်သည့်နှယ် မင်းမူနေသည်။ သူတို့နှင့်ဆုံလျှင် အခန့်မသင့်က အန္တရာယ် ဖြစ်တတ်သည်။

ဤလမ်းခရီးကို ဤလိုရာသီမျိုးမှာ ဆင်းခဲ့ဖူးပြီမို့ အန္တရာယ်သောဘာသော တွေးမနေမိပါ။ လုပ်ရမည့်အလုပ်ကိုသာ ဦးတည်ထားသည်။ ဖင့်နွှေးနေ၍မဖြစ်။ အချိန်အနေကား မနက်ဖြန်ဆိုသည်ကို အစိုးရသည့်

အနေအထားမျိုး မရှိ။ ဘာတွေဖြစ်လာမည်ကို ဘုရား ရဟန္တာမှအပ မည်သူမျှ ကြိုတင်သိမထားနိုင်၊ ခန့်မှန်းမထားနိုင်။

သည်သောအခါ အန္တရာယ်ကို မျက်ကွယ်ပြု၍ မသိကျိုးကျွံပြုပြီး ဆင်းလာခဲ့ရသည်။ မြိုင်ကြီးငူသို့ နေ့ဆွမ်းအမီ ရောက်လာခဲ့သည်။ ပြောဆိုမှာကြားသင့်သည်များကို တိုက်အုပ်ဆရာတော် ဦးဉာဏိကအား လမ်းညွှန်မှာကြားပြီးနောက် နေ့ဆွမ်းဘုဉ်းပေးပြီးသည်နှင့် ဘားအံသို့ ဆက်၍ ဆင်းခဲ့သည်။ ဘားအံသို့ ရောက်လျှင် ဦးတင်ကြည်၊ ဒေါ်ခင်ထွေးမြင့်အိမ်မှာ ခေတ္တဝင်နားသည်။ ဝင်နားခိုက် မော်လမြိုင်ဆင်းမည်ဆိုသဖြင့် ဦးတင်ကြည်က ပေါ်ပြူလာဆေးတိုက် (မော်လမြိုင်) သို့ ဆရာတော် ကြွလာမည်ဖြစ်ကြောင်း တယ်လီဖုန်း ဆက်လိုက်သည်။

အချိန်ကား မနည်းတော့ပြီ။ မိုးသဲသဲမဲမဲ ရွာနေသည့်ကြားမှ တိုစက်လှေဖြင့်ပင် မော်လမြိုင်သို့ ဆင်းခဲ့သည်။ သံလွင်မြစ်ရေသည် ကမ်းလုံးပြည့်မျှ ရှိနေသည်။ ရေစီးအရှိန်၊ စက်အရှိန်ဖြင့် လှေသည် ရေပြင်ပေါ်မှာ ပျံတက်တော့မယောင် ပြေးလွှားနေသည်။ သည်လှေမျိုးကို စီးလျှင် မြိုင်ကြီးငူဘုန်းတော်ကြီးသည် လှေထိပ်မှာသာ စီးလေ့ရှိသည်။ လေတိုးဒဏ်ကို ခံနိုင်စေရန် ပါတော်မြဲ လက်စွဲတော် ကဒူးကို ရှေ့မှခံထားသည်။

ဘုန်းကြီးနှင့် ကဒူး၊ ကဒူးနှင့် ဘုန်းကြီး လိုက်ဖက်လှသော အတွဲအစပ်ကား မဟုတ်ပါချေ။ ကဒူးဆိုသည်ကို လယ်သမားများ၊ ကောက်စိုက်သမများကသာ ဆောင်းလေ့ရှိသည်။ ယခု မြိုင်ကြီးငူဆရာတော်လက်ထက်ကျကာမှ ကဒူး ဟူသော ကိရိယာသည် မိုးကာလသုံး ပရိက္ခရာတစ်ပါးသဖွယ် ဖြစ်လာရသည်။ ကဒူးဆောင်းခြင်းဖြင့် သမဏသာရုပ်ပွ မဖြစ်ဟု ဆိုကောင်းဆိုကြမည်။ ဆိုလိုက ဆိုကြစေ။ မိမိသည် သည်တော သည်တောင်ထဲတွင် အချိန်ရာသီမရွေး သွားလာနေသည်မို့ အဖိုးနည်း ဝန်ပါသည့်ကဒူးကမှ ပာန်ကျသေးသည်။ ထီးဆောင်းပါလျှင် ခေါင်းတစ်လုံးမျှသာ လေမိုးကို ကာကွယ်ပေးနိုင်သည်။ ကဒူးဆောင်းထားပါလျှင် သင်္ကန်းများကို ကျစ်ကျစ်လျစ်လျစ် သိမ်းရုံးထားပါက အောက်နားစအနည်းငယ်မျှသာ ရေစိုသည်။

အများ ကြည်ညိုသည်၊ မကြည်ညိုသည်ကို အမှုမထားအား။ အလုပ်တွင်စေရန်သာ အာသီသ ထားသည်။ ပြီးတော့ တောဘုန်းကြီး တောထဲမှာ ကဒူးဆောင်းသည်မှာ သဘာဝကျသည်ဟုပင် ယူဆထားသည်။ ယခုလည်း ပါတော်မြဲ လက်စွဲတော် ကဒူးကို ရှေ့မှ လေကာထားသည်။ စက်လှေသည် အစဉ်အတိုင်းလာခဲ့ရာ သံလွင်မြစ်ဝခေါ် မုတ္တမပင်လယ်ဝသို့ ရောက်လေ

သည်။ သံလွင်၊ ဂျိုင်း၊ အတ္တရံမြစ် သုံးခုဆိုင်သော ပင်လယ်ဝ ဖြစ်သည်။ မိုးကာလမို့ မြစ်ရေများက ဖောင်းလံအောင် မြစ်အသီးသီးမှ စီးဝင်လာကြသည်။ လပြည့်ကျော် ၅ ရက်ပင်လယ်ရေသည် ဆုတ်စပြုပြီ ဆိုသော်လည်း မလျော့တတ်သေး။ အောက်ပြည်အောက်ရွာမှာ ပင်လယ်ရေတက်ချိန်နှင့် မိုးလေကျချိန်တို့က အမြဲလိုလို တိုက်ဆိုင်နေလေ့ရှိသည်။

ယခုလည်း ပင်လယ်ရေတက်ချိန် ရောက်နေပြီမို့ ရေတက်မိုးသည် မိုးသက်လေနှင့်အတူ အရှိန်ပြင်းစွာ ရွာသွန်းနေခဲ့သည်။ မြစ်ဝ (ပင်လယ်ဝ) တစ်ခုလုံး လှိုင်းလုံးကြီးများ တလိမ့်လိမ့်ဖြင့် သဲထိတ်ရင်ဖိုဖွယ် ဖြစ်နေသည်။ မြစ်ရေက စုန်သည်။ ပင်လယ်ရေက ဆန်၍ မိုးသက်လေကလည်း ထန်သည်။ အဘယ်မှာ လှိုင်းမကြီးဘဲနေပါအံ့နည်း။ ထိုလှိုင်းဖောင်ဗင်ပေါ် ဝယ် ဒိုင်နာ စက်လှေသည် ဖက်ရွက်ကလေးတစ်ရွက်နှယ် ပေါ့ပါးလှုပ်ရှားနေသည် ထင်ရသည်။

အမှန်မှာ စက်လှေသည် အင်အားရှိသမျှ ရုန်းကန်ရင်း ရှေ့သို့ တိုး၍ တိုး၍ သွားနေခြင်းဖြစ်သည်။ လှေက တောင်ဘက်သို့ ဦးတည်ဆင်းနေသည်။ အနောက်တောင်လေက ဆီးကြိုပင့်တိုက်နေသည်။ ထိုအထဲမှာ မိုးစက်များလည်း ပါလာသည်။ လှေအရှိန်၊ လေအရှိန်၊ လှိုင်းအရှိန်တို့ ပေါင်းစပ်ပြီး ခန္ဓာကိုယ်ကို ထိမှန်သောအခါ အတော်လေးကို စပ်ဖျဉ်းနာကျင်ကြရသည်။ ပါလာသူအားလုံး မိုးရေများဖြင့် ရွှဲနှင့်နေသည်။ ဆရာတော်လည်း နောက်ပိုင်းတစ်ခုလုံးရေစိုလျက်ရှိနေပြီ။ ကျိုက်ဖနဲဆိပ်ကမ်းမှာ စက်လှေကိုကပ်လိုက်သည်။ ပေါ်ပြူလာဆေးတိုက်မှ ကားဖြင့် အသင့်လာရောက်စောင့်ကြိုနေကြသည်။ မိုးချုပ်လှပြီဖြစ်၍ ထိုညအဖို့ ပေါ်ပြူလာဆေးတိုက်မှာပင် တည်းခို ကိန်းစက်ရသည်။ ပါလာသူ အားလုံးသည် ပါသည့်အဝတ်အားလုံး ရေစိုကုန်သဖြင့် မြို့ထဲသွား၍ အဝတ်အစား သွားဝယ်ကြသည်။ ဆရာတော်မှာမူ ရေစိုသွားသော ကေသီ (ကိုယ်ရုံသင်္ကန်း) ကို လွှားထားလိုက်ပြီး ဒုကုဋ်သင်္ကန်းကြီးကို ခေတ္တဝတ်ရုံထားရသည်။

ရေစိုသင်္ကန်းများ လဲလှယ်ပြီး ခေတ္တအကြာတွင် ဆရာတော်အား ဓာတ်မှန်ရိုက်၊ ဆေးစစ်ခြင်းအမှုကို ပြုကြသည်။ ဝါတွင်းကာလ ယခုလို ဝါပန်၍ ထွက်ခွာလာရာမှာ ဤကျန်းမာရေး စစ်ဆေးရန်ကား အဓိကဖြစ်သည်။ ဆရာတော်၏ ကျန်းမာရေး အခြေအနေကို အမြဲလိုလို ပူပန်ခြင်းရှိနေသော (ပေါ်ပြူလာဆေးတိုက်မှ) သမားတော်ကြီးများ၏ အရေးတကြီး ပင့်လျှောက်မှုကြောင့် ဆင်းလာခဲ့ရသည်။

ဆရာတော်နှင့် ဆေးတိုက်ပိုင်ရှင်တို့ သိကျွမ်းခဲ့သည်မှာ နှစ်အတန် ကြာခဲ့ပြီဖြစ်သည်။ သူတို့က ဇာလီတောင်ဆရာတော်အား အထူးကြည်ညို လေးစားခဲ့ကြသည်။ ဆရာတော် ပျံလွန်တော်မူပြီးသည့်နောက်ပိုင်းတွင် ဆရာတော်အား ရည်စူး၍ နှစ်ပတ်လည် ဆွမ်းဒါနပြုလေ့ရှိသည်။ ထိုဆွမ်းဒါန ကို ဘားအံမြို့ရှိ အောင်သိဒ္ဓိဆန်စက်ပိုင်ရှင် ဦးတင်ကြည်၊ ဒေါ်ခင်ထွေးမြင့် တို့ အိမ်သို့ လာရောက်၍ ပြုလေ့ရှိသည်။ ထိုသို့ ပြုလုပ်စဉ် တစ်နှစ်မှာ မြိုင်ကြီးငူဆရာတော်နှင့် ဆုံဆည်းခဲ့ရာမှ ကြည်ညိုသဒ္ဓါဖြစ်ပြီး မြိုင်ကြီးငူ ဆရာတော်အား ကိုးကွယ်ခဲ့ကြခြင်း ဖြစ်သည်။

ဆရာတော်အား မောင်ငယ်တစ်ဦးအလား သံယောဇဉ်တွယ်တာကြ သည်။ မိမိတို့ တတ်စွမ်းသည့် ဆေးပညာရပ်များဖြင့် အမြဲတမ်း ပူဇော်လေ့ရှိ သည်။ ရောက်လာတိုင်း ဂရုတစိုက် ဆေးစစ်ပေးကြသည်။ နောက်တစ်ပတ် ဆေးစစ်ရက်ရောက်သော်လည်း ဆရာတော် မကြွလာခဲ့သော် ယခုလိုပင် တကူးတက ပင့်လျှောက်၍ ဆေးစစ်ပေးရလေ့ရှိသည်။ ဆရာတော်သည် ကျန်းမာရေးသော ဘာရေးသော အလေးထားနေသူမဟုတ်။ လှုပ်ရှားသွားနိုင် သေးသရွေ့ ကျန်းမာနေသည်ဟူ၍သာ ယူဆထားသူ ဖြစ်သည်။ အတန်တန် ပင့်လျှောက်သဖြင့် လာခဲ့ခြင်းဖြစ်သည်။ ကျန်းမာရေး ဆေးစစ်မှုကို ခံယူရင်း ဆေးတိုက်မှာပင် ကျိန်းစက်သည်။ နံနက်ဆွမ်းဘုဉ်းပေးပြီးသည်နှင့် စက်လှေ ဖြင့် ပြန်တက်ခဲ့သည်။ စက်လှေစီးလာစဉ် စိတ်ထဲမှ မသိုးမသန့် ဖြစ်နေသည်။ ခရီးစဉ်အတွင်း လိုက်ပါလာသူ တစ်ဦးဦးဟာ အရက်သောက်ထားသည့်လား၊ အသားစားထားသည်လား တစ်ခုခုတော့ ဖြစ်နေမည်ဟု ထင်သည်။ (အမှန် လည်း စက်လှေသမား တာမလာဝါးသည် ထိုစဉ်က ဝက်သားစား၍ အရက် သောက်ထားသည်ဟု နောက်မှ သိရသည်။)

ဤအချက်ကလည်း မြိုင်ကြီးငူဆရာတော်အဖို့ ထူးခြားချက်တစ်ခု ဖြစ်သည်။ ဆရာတော်အား စောင့်ရှောက်နေသော ပုဂ္ဂိုလ်တို့က ၎င်းအမှုမျိုးကို မနှစ်သက်တတ်ချေ။ ပြုမိမှားခဲ့သော် ဆရာတော် အပါအဝင် ခွင့်မလွှတ်တတ် ချေ။ အန္တရာယ်တစ်ခုခု ကြုံတွေ့ရစမြဲဖြစ်သည်။ ယခုတွင် အဘယ်အကွေ့မှာ ဘယ်လိုကြုံလာမည်မသိ။ ရင်ထဲလေးနေမိသည်။ ဘာအံသို့ ရောက်၍ ဦးတင်ကြည်၊ ဒေါ်ထွေးတို့အိမ်မှာ နေ့ဆွမ်းဘုဉ်းပေးကာ မြိုင်ကြီးငူသို့ တက် လာခဲ့ပြီး ညကျိန်းစက်သည်။

နောက်နေ့နံနက်စောစောမှာ စက်လှေကို ကော့ကရက်ကျွန်းမြီးမှ ကွေ့မောင်းကာ သံလွင်မြစ်ကို ဆန်တက်ပြီး ယွန်းစလင်းမြစ်ငယ်တွင်းသို့

ချိုးဝင်ခဲ့သည်။ မြစ်ကမ်းဘေးရွာများကို ကျော်ဖြတ်ပြီး ရွှေဖလားကျကိုင်းတောဦးကျော်အေးအိမ်သို့ နေ့ဆွမ်းအမီ ရောက်ရှိသည်။ ဆွမ်းဘုဉ်းပေးပြီးသည်နှင့် ခရီးဆက်ထွက်သည်။ ကတိုင်ထိစခန်းသို့ ရောက်ရှိ အကြောင်းကြားသည်။ ကတိုင်ထိစခန်းမှာ ဗုဒ္ဓဘာသာဝင် ငါးအိမ်မျှသာ ရှိသည်။ ကျန်အားလုံးမှာ မွတ်စလင်ဘာသာဝင်များသာ ဖြစ်သည်။ သူတစ်ပါး၏ ယုံကြည်ကိုးကွယ်မှုကို မကျေနပ်၍တော့မဟုတ်။ မိမိတို့နိုင်ငံသည် ဗုဒ္ဓဝါဒထွန်းကားသည်မို့ ရပ်တိုင်း ရွာတိုင်းမှာ ယုဉ်ကြည်လိုက်တိုင်း ဗုဒ္ဓဘာသာဝင်အဖြစ်ကသာ များစေချင်သည်။

အကြောင်းကြားပြီး ယွန်းစလင်းမြစ်ကြောင်းအတိုင်း ဆန်တက်ခဲ့ပြန်သည်။ ယွန်းစလင်းမြစ်ငယ်သည် မြစ်ကြောင်းကျဉ်းသည်။ အကွေ့အကောက်များသည်။ ရေစီးသန်သည်။ မြစ်တစ်ပြေးဟတ်၊ ခွေးသေဟတ်၊ ဆိုင်ကယ်ကွေ့ဟတ် စသော နေရာတို့တွင် လှေမောင်းရ ခက်ခဲလွန်းသည်။ နည်းနည်းတော်သွားသည်မှာ ဝါဆိုဦးစ မိုးဖြိုင်ဖြိုင်ရွာနေသည့်ကာလမို့ မြစ်တစ်ပြင်လုံး ရေလွှာပြင်အပြည့် ဖြစ်နေသည်။ ရေကြောင်းရှာဖို့မလိုဘဲ စိတ်ထင်တိုင်း မောင်း၍ရခြင်း ဖြစ်သည်။ စိတ်ထင်တိုင်း မောင်းရသည်ဆိုငြား ရေစီးသာသော ကမ်းဘေးမှသာကပ်၍ မောင်းရသည်။ တစ်ခါတစ်ရံ ချုံပုတ်အနီးမှ ဖြတ်မောင်းသွားသည့်အခါ မြွေများက လှေပေါ်သို့ တက်လာတတ်သေးသည်။

မြို့ဝင်စခန်းဖြစ်သော ဒေါမွဲစခန်းကို ဝင်ရောက်အကြောင်းကြားသည်။ စခန်းတာဝန်ခံတို့သည် ဆရာတော်အား လေးစားကြည်ညိုပြီးသားဖြစ်သည်မို့ အထူးအထွေ တင်ပြနေစရာမလို။ စစ်ဆေးမေးမြန်းခြင်းပင် မပြုတော့ဘဲ ခရီးဆက်ခွင့်ပြုခဲ့သည်။ သည်လိုနှင့် ဖာပွန်မြို့သို့ ရောက်ခဲ့သည်။

ချောင်းရေကလျှံ၊ ကန်ရေက တိုးချိန်မို့ ဖာပွန်တစ်မြို့လုံး ရေဖုံးလွှမ်းနေသည်။ ကတ္တရာလမ်းပေါ်ကိုပင် ရေကျော်နေသည်။ လှေကို မိုးဟိန်းခန်းမအနီး ကတ္တရာ လမ်းဘေးမှာထိုးဆိုက်လိုက်သည်။ မိုးချုပ်တော့မည်ဖြစ်သဖြင့် ထိုညအဖို့ ဘာမှ လုပ်မနေတော့ဘဲ ဝေဠုဝန်ကျောင်းသို့ သွားရောက်ကျိန်းစက်ရတော့သည်။ ဆရာတော် ရောက်သည့်အဖြစ်ကို တစ်ဆင့်စကား ကြားကြသဖြင့် ခဏချင်းမှာပင် ဒကာအများ ရောက်ရှိလာကြသည်။ ကြားသိထားရသော အခြေအနေ သတင်းစကားများကို မေးမြန်းလျှောက်ထားကြသည်။ သူတို့က ဗိုလ်မြကိစ္စနှင့် ပတ်သက်၍ အထူးပူပင်လျက်ရှိကြောင်း၊ သတိထားသွားလာ ပြုမူနေထိုင်ပါရန်လည်း လျှောက်ကြသည်။ စကားကို မယုတ်မလွန် ပြောကြားလိုက်သည်။

နောက်တစ်နေ့ နံနက်တွင် မိုးဟိန်းခန်းမဆောင်အတွင်း လက်ကျန် ဘိလပ်မြေများကို လှေပေါ်တင်စေသည်။ ဘိလပ်မြေများ အတုလမာရဇိန် စေတီ ပြုပြင်တည်ထားစဉ်က ပိုနေခြင်း ဖြစ်သည်။ ပစ္စည်းများ တင်ပြီးသည်နှင့် ရေစုန်အတိုင်း မျောလျက် မောင်းခဲ့ရာ ညနေ ၅ နာရီတွင် မြိုင်ကြီးငူသို့ ရောက်ရှိခဲ့လေသည်။

လပြည့်ကျော် ၁၁ ရက်နေ့ နံနက် ဆွမ်းဘုဉ်းရာဝယ် နေ့တိုင်းနှင့် မတူ တစ်မူထူးနေသည်။ စိတ်တွေ လေးလံနေသည်။ စိတ်လက်ရွှင်ပျခြင်း မရှိ။ တစ်ခုခု ဘဝင်မကျသလို ရှိနေသည်။ မကျန်းမာသည်တော့လည်း မဟုတ်။ ကိုယ်ကသာ ကျန်းမာနေပြီး စိတ်က ကျန်းမာရေး ချို့တဲ့နေသည်။ ဤကဲ့သို့လျှင် တစ်ခုခု ဖြစ်တတ်လေ့ရှိသည်။ ဆွမ်းစားရသည်မှာ ခံတွင်းပျက် နေသော လူနာကဲ့သို့ ဖြစ်နေသည်။ ခရီးထွက်ရမည်ကို စိတ်လေးနေသည်။ သို့သော် မထွက်လို့လည်းမဖြစ်။ ဝါပန်ခရီးထွက်ရက်က ကုန်တော့မည်။ ဖြစ်ကာမှ ဖြစ်ရော သူးမွဲထ ပြန်တက်ရန် ခရီးစတင်ခဲ့ရသည်။

ခရီးထွက်ရာမှာ အထက်သို့ တက်မည့်လူ အများကြီးရှိသဖြင့် မောင်လေးမောင်းသော စက်လှေပါ တက်ခဲ့ရသည်။ စိတ်လေးလေးရှိသည်နှင့် မောင်လေးလှေနှင့် လိုက်မည် ကြံသေး၏။ လူများသဖြင့် မလိုက်ဖြစ်တော့။ ဒါတောင်မှ ကလောတယ်ထ အရောက်တွင် ကမ်းနားမှာ လှေကို ထိုးဆိုက်၍ တစ်ဖက်လှေမှ လူများကိုခွဲကာ လှေနှစ်စီးမျှ စီးလိုက်သည်။ ဆရာတော် စီးနင်း လာသော လှေပေါ်မှာ လွိုင်ကော်မှ ဦးအောင်ဘ၏ဇနီးဖြစ်သူလည်း လိုက်ပါ ရစေ ခွင့်တောင်းသဖြင့် ခေါ်တင်ခဲ့ရသည်။ ၎င်းနောက် ကျောခေါ်နှင့် အဖျား တက်နေသော လူနာတစ်ယောက်ပါ လိုက်ပါခဲ့သည်။

လှေထွက်ပြီး မကြာမီမှာ ပါလာသူ မောင်ချစ်လွင် ခေါ်သော လူငယ် တစ်ဦးသည် ဓာတ်ဆီဆယ်ဂါလံအပြည့် ထည့်ထားသော ဂါလံပုံးကြီးကို ကြိုးဖြင့် ချည်၍ သူ့လည်ပင်းနှင့် တွဲချည်နေသည်။

"ဟဲ့. . . ဘယ်လိုလုပ်တာလဲ"

"ဘာသိလို့လဲ၊ ဒါကြိုတင်ပြင်ဆင်မှုခေါ်တယ်"

ခပ်တည်တည် ပြန်ဖြေသည်။ ဆီအပြည့်ထည့်ထားသော ဂါလံပုံး သည် ရေပေါ်မှာ ပေါ်နိုင်သည်ကား မှန်၏။ သို့သော် ပေါ့ပေါ့ပါးပါး ပေါ်မည် မဟုတ်။ ငါးရံ့ပြေးသလောက်သာ ပေါ်မည်။ ထိုမှာမှ လူအလေးချိန် စီးမည် ဆိုလျှင်. . .၊ ပြီးတော့ ရေစီးအရှိန်၊ ဝဲအရှိန်နှင့် ကျောက်တုံး ကျောက်ဆောင် ကြားဝယ် မည်သို့ ရှိလာမည်နည်း။ ဒါကို စဉ်းစားမိသည်မထင်။

မောင်ချစ်လွင် လုပ်ပုံကိုင်ပုံကို ကြည့်ရင်း သည်ကနေ့နံနက် စိတ်လေးလံနေသည်ကို အမှတ်ရမိသည်။ "ဒါသည်ပင် နိမိတ်လေလား" ဟု ထင်လိုက်မိသေးသည်။ လှေသည် စက်အားကောင်းကောင်းဖြင့် ရေစီးသန်နေသော သံလွင်မြစ်ကို ဆန်တက်နေသည်။ ဝဲကတော့များ၊ ဗွက်ခုံးများက ထမင်းအိုး ပွက်သကဲ့သို့ ရှိနေသည်။ တာမလာဝါးသည် ကျွမ်းကျင်ပြီးသားမို့ လှေမောင်း အလွန်ကြမ်းသည်။ ထိုအရာများကို ကွင်းရှောင်လေ့မရှိ။ တည့်တည်းကြီး ဖွတ်မောင်းသည်။

ကေးတညတ်ဟတ်သို့ ရောက်လာသည်။ မြစ်ညာသို့ လှမ်းကြည့်လိုက်ရာ ရေကျော်နေသော ပဂိုးကျောက်တန်း ခေါ် ကူးဘိုးကျောက်တန်းကို လှမ်းမြင်ရသည်။ ၎င်းကျောက်တန်းသည် သံလွင်မြစ်ကို ကန့်လန့်ဖြတ်ထားသည်။ အလယ်တည့်တည့်လောက်ဆီမှာသာ ရေကြောင်းရှိသည်။ ယခုမူ မြစ်အတွင်း ရေလျှံချိန်မို့ ကျောက်တန်းကြီးကို ရေကျော်၍ ကျနေသည်။ ရေစီးအား၊ ကျောက်ဆောင်အခံအား နှစ်ခုပေါင်း၍ လှိုင်းလုံးကြီးများက အိမ်လုံးကြီးတမျှ သုံးလုံးပြိုင် ဆက်တိုက်ဖြစ်ပေါ်နေလျက် ရှိသည်။ ကြည့်ရသည်ကိုကပင် အသည်းထိတ် ရင်ဖိုဖွယ်ဖြစ်နေသည်။ ဝဲကတော့များ၊ ဗွက်ခုံးများကလည်း မြစ်တစ်ပြင်လုံး ပြည့်နှက်နေသည်။

တာမလာဝါးသည် လှေကို မြစ်အနောက်ခြမ်း ကျောက်ဆောင်နှင့်ကပ်၍ မောင်းတက်လိုက်သည်။ အလယ်ရေစီးကြောင်းသည် ရေစီးအားပြင်းလွန်းလှသည်။ နှစ်ဖက်ကျောက်ဆောင်ခံနေသဖြင့် လွတ်ရာ အလယ်ပေါက်မှ ရေများ စုပြုံတိုးဆင်းရသဖြင့် ရေစီးအားပြင်းရခြင်း ဖြစ်သည်။ ရေစီးသန်သည်။ လှိုင်းကြီးသည်။ ဝဲကတော့များ ဖြစ်ပေါ်နေသည်။ ထုံးစံအတိုင်းတာမလာဝါးက အိမ်ကြီးတစ်မျှကြီးသော ဝဲကတော့ကြီးကို ခါးလယ်မှ ဖြတ်မောင်းသည်။ ဝဲအလယ်လောက်တွင် ဗွက်ခုံးမှုတ်သဖြင့် လှေဦးစိုက်သွားသည်။ လှေဦးမှာ ထိုင်နေသော ဆရာတော် လုံးဝစို့ရွဲသွားသည်။ လှေဝမ်းထဲသို့လည်း ရေများ ဒလဟောဝင်ကုန်သည်။ ဖြစ်ချင်တော့ ဝဲအလှည့်တွင် မထွက်နိုင်သော ဒိုက်ပုံများအကြားတွင် ရှိနှင့်နေသော ပကာခြမ်း (ဘေးကာခြမ်း)နှင့် ပန်ကာထိမိပြီး ပန်ကာရွက်ပြုတ်သွားသည်။

စက်ရှိန်က မှန်သော်လည်း ပန်ကာပဲ့နှင့် လှေကို မည်သို့မှ မထိန်းနိုင်။ ဝဲကတော့ကိုပင် မကျော်လွှားနိုင်တော့။ ရေများအဝင်များလာသည်။ သည်တစ်ခါတော့ သွားပြီဟုပင် ထင်လိုက်မိသည်။ လှေပေါ် ပါသူအားလုံးမျက်ကလူးဆန်ပျာ ဖြစ်နေသည်။ ဘာလုပ်၍ ဘာကိုင်ရမှန်းမသိ။ ထိုစဉ်တွင်

ကံအားလျော်စွာ ဗွက်ခုံးမှုတ်သည့်အရှိန်ဖြင့် လှေသည် ကမ်းနားရှိ ကျောက်တုံးနား ရောက်လာသည်။ ကျောခေါ်သည် လှေပေါ်မှ အမြန်ခုန်ချ၍ လှေကြိုးကို ဆွဲယူကာ ကျောက်တုံးမှာ ပေါက်နေသော သစ်ပင်တစ်ပင်နှင့် ရစ်ပတ်ချည်နှောင်လိုက်သည်။

လှေကား ဝဲအလှည့်ဝယ် လိုက်မပါတော့သော်လည်း တဖြည်းဖြည်း နစ်မြုပ်စပြုနေပြီ။ ဆရာတော်သည် လှေဦးမှ ခုန်ချ၍ ကမ်းသို့ ကူးသွားသည်။ တော်ပေသေး၊ ကမ်းနှင့် မဝေးပေလို့။ ပါလာသူများလည်း အသီးသီး ရေထဲခုန်ချပြီး ကူးပြေးနေပြီ။ လှေသမား တာမလာဝါးနှင့် ဦးအောင်ဘ၏ဇနီးတို့က ကြောင်ပြီး ကြည့်နေသည်။ မေ့လျော့နေသည်။

"ဟော့. . . တာမလာဝါး၊ နင်ကူးတော့လေ။ သခင်ယေရှု ရေထဲမှာ မရှိဘူး။ ခပ်မြန်မြန်လုပ်၊ လှေမြုပ်တော့မယ်။ ဒကာမကြီးကော လှေစီး မဝသေးဘူးလား၊ ခုန်ချလိုက်တော့၊ ဟိုမှာ လှေထဲ ရေပြည့်နေပြီ၊ မြုပ်တော့မယ်"

သတိပေးကာမှ သူတို့နှစ်ဦး လှေပေါ်မှ ခုန်ချလိုက်သည်။ မရှေးမနှောင်းမှာပင် လှေသည် ရေအောက်သို့ နစ်မြုပ်သွားတော့သည်။ လှေအလေးချိန်နှင့် ရေစီးအရှိန်တို့ ပေါင်းစပ်လိုက်သဖြင့် ချည်ထားသောကြိုးထောင်းခနဲ ပြတ်သွားသည်။ ရေအောက်သို့ လှေရောက်သွားသော်လည်း လှေပေါ်ပါ ပစ္စည်းပစ္စယများမှာ ဝဲအလှည့်တွင် ပေါလောမျောနေသည်။ ဆရာတော်အတွက် ထည့်ယူလာသော ဆွမ်းနှင့် ကင်ပွန်းချဉ်ရွက်ချဉ်ရည်ဟင်းထည့်လာသည့် စတီးချိုင့်သည် ရေပေါ်ပေါ်၍ ဝဲအလှည့်တွင် ကမ်းနှင့် နီးလာခိုက် ဆယ်ယူလိုက်သည်။ အလားတူ အခြားပစ္စည်းများကိုလည်း ဆယ်ယူရရှိသည်။

လှေမှ ခုန်ချ၍ ကူးလာသူအားလုံးလိုလို နီးရာသစ်ပင်များကို တွဲခို၍ တက်နေကြရသည်။ သစ်ပင်များမှာ ရေတိုးချိန်မို့ ပင်စည်ခြေရင်း ရေမြုပ်နေခြင်း ဖြစ်သည်။ ခဏအကြာ နောက်မှ လိုက်ပါလာသော မောင်လေးလှေရောက်လာသည်။ တိုးဝင်လာပြီး သတင်းမေးမြန်းသည်။ အကြောင်းစုံ သိပြီးနောက် ဆရာတော်အား သူတို့လှေနှင့် လိုက်ပါရန် ပင့်ကြသည်။ ဆရာတော်ကား မလိုက်။

တစ်လှေတည်းစီးပြီး တစ်ပါတည်း ဒုက္ခရောက်သူများကို ထားပစ်၍ တစ်ကိုယ်ကောင်းမဆန်လို။ ၎င်းလှေနှင့် လိုက်ပါလိုသူတို့အား လိုက်ပါခွင့်ပြုလိုက်သည်။ မိမိမူ ခြေကျင်ခရီးဖြင့် ဖြစ်သလိုသွားမည် ဆိုသည်။ လူအချို့ မောင်လေးနှင့် လိုက်ပါသွားသည်။

ဆရာတော်နှင့် ကျန်လူအချို့သည် ခိုနားနေသော သစ်ပင်များမှ ဆင်း၍ ရေကူးကာ ကမ်းနားသို့ လာခဲ့ကြသည်။ မတ်စောက်မြင့်မောက်နေသော ကျောက်ကမ်းပါးယံသို့ သတိကြီးစွာဖြင့် တွယ်တက်ခဲ့ကြသည်။ ကမ်းပါးအထက်သို့ ရောက်သော် အနည်းငယ် ဆက်သွားလိုက်သည်နှင့် ယခင် "မေတော်ကြီး" ဘုရားတည်စဉ်က သဲသယ်၊ အုတ်သယ်ခဲ့သော လမ်းသို့ ရောက်သည်။ လမ်းအတိုင်း ဆက်လျှောက်ကြသည်။

**********

လမ်းသည် "မေတော်ကြီး" ဘုရားတည်ပြီးချိန်မှစ၍ လူသွား လူလာနည်းပါးသဖြင့် အချို့နေရာမှာ လမ်းစပျောက်လောက်အောင် တောချုံများ ထူထပ်စွာ ပေါက်နေသည်။ ကြိုးစား၍ တိုးသွားရသည်။ တောတိုးသွားရင်းမှာ တစ်ခါတစ်ရံ တောဝက်အုပ်နှင့် ပက်ပင်းတွေ့ရတတ်သည်။ မေတ္တာသစ္စာ၏ အာနိသင်ကြောင့် အန္တရာယ် တစ်စုံတစ်ရာ မရှိခဲ့။ မေတော်ကြီးဘုရား ထီးတော်တင်ပြီးအချိန်မှစ၍ ဤတောကို ဘေးမဲ့တောအဖြစ် သတ်မှတ်ပေးခဲ့သည်။ ဒေသခံများကလည်း လိုက်နာကြသည်။

တောလိုက်မုဆိုးပင် မရှိ။ သေနတ်သံလည်း မရှိပြီမို့ တောတိရစ္ဆာန်များမှာ လူနှင့် မယဉ်ပါးသော်မှ မရိုင်းလှသော အနေအထားတွင် ရှိသည်။ ပက်ပင်းလာတွေ့ဆုံရသော တောဝက်အုပ်ကို သတိပြုမိသည်။ အားလုံးလိုလိုပင် အမြီးတို၊ ထိပ်ကြား၊ ထိပ်ဖြူကွက်နှင့်ချည်း ဖြစ်သည်။ တစ်မျိုးကြည့်၍ပင် ကောင်းသေးတော့သည်။

မေတော်ကြီးဘုရားသို့ ရောက်သည်တွင် ရှိနေနှင့်သော ဦးရသေ့နှင့် ညီမဖြစ်သူ သီလရှင် "ဒေါ်ဝဏ္ဏစာရီ" တို့ကို တွေ့ရသည်။ ဒေါ်ဝဏ္ဏစာရီသည် အစိုးရ ဓမ္မာစရိယဘွဲ့ ရပြီးသည်အထိ လောကုတ္တရာပညာကို သင်ကြားခဲ့ဖူးသည်။ ၎င်းက ဦးစီး၍ မေတော်ကြီးဘုရားမှာ တောတွင်းသီလရှင် စာသင်တိုက်ကလေးတစ်ခုကို တည်ထောင်ထားသည်။ တောင်ပေါ်သူ ကရင်အမျိုးသမီးကလေး ၃၀ ကျော်ကို စာသင်ပေးနေသည်။

ဒေါ်ဝဏ္ဏစာရီသည် ဆင်းရဲပင်ပန်းဒဏ်ကို ကြံ့ကြံ့ခံနိုင်သည်။ ကရင်စကား လုံးဝမတတ်။ သို့သော် သာသနာပြုစိတ်ဓာတ်အပြည့်ဖြင့် စိတ်ရှည်သည်းခံ၍ ကိုယ်တိုင်ချက်ပြုတ် ကျွေးမွေးသည်။ စာပေပို့ချပေးသည်။ ဆိန်းသိမ်းစောင့်ရှောက်သည်။ ဗုဒ္ဓစာပေပေါ် အခြေတည်၍ ယဉ်ကျေးလိမ္မာ

အောင် ပြုပြင်ပေးသည်။ တောင်ပေါ်သူကလေးများကလည်း သီလရှင်ဝတ်၍ ဒေါ်ဝဏ္ဏစာရီ၏ သင်ကြားပြသမှုကို နာယူကြသည်။

တောင်ပေါ်သူကလေးများအား သီလရှင်အသွင်ဖြင့် မြင်ရသော ဆရာတော်သည် အမျိုးဘာသာ သာသနာအတွက် အားတက်ဝမ်းသာ ကြည်နူးမိသည်။ လိုအပ်သည်တို့ကို ကူညီမည်ဟု စိတ်ကူးရှိထားသည့်အတိုင်း -

"မဝဏ္ဏ၊ သီလရှင်လေးများအား စာသက်သက်ကိုသာ ပို့ချသင်ကြား ပေးပါ။ ယဉ်ကျေးအောင် ဆုံးမပါ။ ဆွေမျိုးရင်းချာ သားသမီးရင်းချာများလို ထိန်းသိမ်းစောင့်ရှောက်ပါ။ စားသောက်ဖို့အတွက် မပူနှင့်၊ သူးမွဲထကနေ ဆရာတော် ရှာဖွေပို့ပေးမယ်။ တပည့်သီလရှင်များနှင့်အတူ သောလယ်ထ တက်ပြီး အလှူခံမထွက်နှင့်။ ဆရာတော်ပြောတာ နားလည်လား"

"မှန်ပါဘုရား"

"သိထားဖို့တစ်ခုကလည်း ဒီနေရာမှာ သာသနာပြုရတာ မလွယ်ကူဘူး။ ကေအင်န်ယူနယ်မြေ ဖြစ်တယ်။ ခရစ်ယာန်ဘာသာပြု ဦးစီးလွှမ်းမိုးထားတဲ့နေရာလည်းဖြစ်တယ်။ သူတို့ ပညာရေးစနစ် (ခရစ်ယာန်ကရင်စာပေ) နဲ့ ရှေးဦးစတည်ပြီး တောင်ပေါ်ဒေသများကို စည်းရုံးထားတယ်။ ဒါကို သိထားဖို့ လိုတယ်"

"မှန်ပါဘုရား"

"ဆရာတော်တို့က နောက်မှ ရောက်တဲ့ပုဂ္ဂိုလ်ဖြစ်တော့ သူတို့ နယ်မြေထဲမှာ ကြာကြာနေပြီး သာသနာပြုနိုင်အောင် အနေအထိုင်တတ်ဖို့ အများကြီးလိုအပ်တယ်"

"တပည့်တော်တို့ ဆင်ခြင်ပါ့မယ်ဘုရား"

"ဆရာတော့်စကားကို နားမထောင်ရင် ပြဿနာတက်နိုင်တယ်။ အစစအရာရာ နေထိုင်သွားလာကြ။ မြို့ကိုလည်း ခဏခဏ ပြန်ဆင်းလိုက်၊ တက်လိုက် လုပ်မနေနဲ့။ သူတို့အားလုံးက မျက်စိဒေါက်ထောက်ပြီး ကြည့်နေကြတယ်။ ဆရာတော် သတိပေးချင်တာ ဒါပဲ"

ဦးရသေ့အားလည်း သတိပေးစကား ပြောကြားရသေးသည်။

"ဦးရသေ့ကိုလည်း ပြောရဦးမယ်၊ မြို့က ဧည့်သည်တွေ ခေါ်မလာပါနဲ့။ တောင်ကြားဂိတ်က ကိုယ့်အခြေအနေကို အမြဲတမ်း စောင့်ကြည့်နေ တယ်။ ဦးရသေ့ အတက်အဆင်းများရင် ဦးဇင်း ပြဿနာတင်နိုင်တယ်။ ကိုယ့် သဘာနှင့်ကိုယ် မလုပ်စေချင်ဘူး"

"တင်ပါဘုရား"

"ဦးဇင်း အထူးပြောလိုတာက မြို့က သံဃာများကို မခေါ်ခဲ့နဲ့။ ကိုယ့်လူနှင့်ကိုယ်သာ ဒီတောင်ပေါ်မှာ နေကြပါ။ ခရီးလည်း မများကြနဲ့၊ ဦးဇင်းကို လိုက်မတုနဲ့။ ဦးဇင်းက သွားနိုင်လာနိုင်မှ အံစစ အရာရာ အားလုံး အဆင်ပြေမယ်။ မသွားရင် အားလုံး ငတ်ကြမယ်။ ဒါကိုတော့ ဦးရသေ့ သိထားစေချင်တယ်"

"ဒါကို တပည့်တော်လည်း သိပါတယ်ဘုရား"

"ပြီးတော့ အရေးကြီးဆုံးတစ်ခု ပြောထားမယ်၊ ဦးရသေ့ဟာ တပည့်တော်ရဲ့ ဆရာလည်း ဖြစ်ခဲ့တယ်၊ ဒါပေမဲ့ ကရင်လူမျိုး မဟုတ်ဘူး။ အဲဒီလို မဟုတ်တော့ကာ သူတို့က ဦးရသေ့ကို အထူးဂရုစိုက် လေ့လာနေတယ်။ ဦးရသေ့ အပြောအဆို နည်းနည်းတိမ်းတာနဲ့ ဆွဲဖို့အစီအစဉ်အသင့် သူတို့မှာ ရှိနေတယ်လို့ သိရတယ်။ ဒါကြောင့် ဦးဇင်း စကားများများ ပြောနေရတာ"

ရေကြောင်းခရီးမှာ လှေလှော်စီးပြီး ခရီးစဉ်စဆုံး သွားနိုင်ခဲ့လျှင် သည်စကားမျိုး ပြောဖြစ်မည်မဟုတ်။ ယခုတော့ လှေပျက်သည်ကို ကျေးဇူးတင်ရဦးမည်။ ပြောဆိုသင့်သည်များကို အစ်ကိုဖြစ်သူရော၊ ညီမဖြစ်သူကိုပါ ပွင့်ပွင့်လင်းလင်း သတိပေးပြောကြားနိုင်ခဲ့သည်။ သည်စကားကို ယခင်ကတည်းက ပြောဖို့ အစီအစဉ် ရှိပြီးသား။ လမ်းမကြုံသေးသည်က တစ်ကြောင်း၊ လောလောဆယ်ဆယ် မလိုအပ်သေးသည်ကတစ်ကြောင်းမို့ နေခဲ့သည်။ ယခုလမ်းကြုံသည်နှင့် ပြောဖြစ်လိုက်သည်။

မေတော်ကြီးဘုရားပေါ်မှာပင် ည ကျိန်းစက်သည်။

လပြည့်ကျော် ၁၂ ရက်နေ့ နံနက်ဆွမ်းကိစ္စပြီးသည်နှင့် မေတော်ကြီးတောင်ပေါ်မှဆင်း၍ ခရီးဆက်ကြသည်။ "ထီးပေါ်မုနော်ခီးရွာ" သို့ ရောက်သည်။ ၎င်းရွာမှ မေတော်ကြီး ဘုရားဒါယိကာနှင့် သူ့သမီး မဲ့နူးတို့က သတင်းကြိုသိထားသဖြင့် လမ်းခုလတ်မှာ လာကြိုနေကြသည်။ တစ်ချိန်က ဘုန်းကြီးမြင်လျှင် ထွက်ပြေးလေ့ရှိသော ထီးပေါ်မုနော်ခီးရွာသားများသည် ယခုဆိုလျှင် သတင်းကြားသည်နှင့် လာရောက်ကြိုဆိုနေတတ်ပြီ။

ရဟန်းသံဃာတော်များကို ပျူငှာယဉ်ကျေးစွာ ဆက်ဆံတတ်၊ ကြည်ညိုလေးစားတတ်နေပြီ။ ဆရာတော်က ကရင်ဘာသာပြန်၍ သင်ပေးထားသည့် ဩကာသမှစအ ငါးပါးသီလ၊ ဘုရားရှိခိုး၊ ရေစက်ချတရားများကိုပင် နှုတ်ဝယ်ရွရွ ရွတ်ဆိုတတ်နေကြပြီ။

ထီးပေါ်မုနော်ခီးရွာရှိ ဘုရားဒကာအိမ်ပေါ်သို့ ခေတ္တတက်ရောက် အနားယူသည်။ ခဏအကြာ သတင်းကြား၍ ရွာသားများ စုရုံးရောက်လာကြသည်။ ဤရာသီတွင် ဤရွာမှာ ဒူးရင်းသီးများ လှိုင်လှိုင်ပေါ်ချိန်ဖြစ်သည်။ ထိုနေ့ရရှိသော ဒူးရင်းသီးအားလုံးကို ယူခဲ့၍ ဆရာတော်အား ဆက်ကပ်လှူဒါန်းသည်။ ပါလာသူအားလုံး ဒူးရင်းသီးနှင့်ပင် ထမင်းစားရသည်။

ဒူးရင်းသီးနှင့် ပတ်သက်၍ ၎င်းရွာမှ သတ်မှတ်ချက်တစ်ခု ပြုလုပ်ထားသည်။ အစဉ်အလာ အလေ့တစ်ခု ပြုထားသည်။

ကြွေသောဒူးရင်းသီးများကို ဆရာတော်အမျှးရှိသော သံဃာများအား လှူဒါန်းသောအလှည့်အကြိမ်တွင် ဧည့်သည်နှင့်တကွ တောတွင်းကေအင်န်ယူများ၊ ခရီးသွားများ ဝယ်စားကြသော်လည်း ရောင်းချခြင်းမပြု။ ဆရာတော်ရှိရာသို့ရောက်အောင် ပို့ဆောင်လှူဒါန်းကြသည်။

ဧည့်သည်များအား ကျွေးသည့်အလှည့်တွင်လည်း လုံးဝ ရောင်းလေ့မရှိ။

ကေအင်န်ယူတို့အား ကျွေးမွေးသည့်နေ့ရက် အချိန်မှာလည်း လုံးဝ ရောင်းချလေ့မရှိ။

အဲ. . . ရောင်းချသောနေ့ရက်ချိန်ခါတွင်ကား မည်သူတစ်ဦးတလေကိုမှ အလကား မကျွေးပေ။

ဤသို့ သူ့နေ့သူ့အချိန် ပိုင်းခြားသတ်မှတ်ပြီး ကျွေးမွေးရောင်းချလေ့ပြုကြသည်။

ယနေ့ ဆရာတော် ရောက်လာချိန်မှာလည်း သူတို့ သတ်မှတ်ထားသောနေ့ရက်နှင့် တိုက်ဆိုင်နေသဖြင့် ထိုနေ့ကြွေသမျှသော ဒူးရင်းသီးများကို အားလုံး ဆရာတော်ထံ သယ်ယူလာပြီး လှူဒါန်းကြသည်။ အနုမောဒနာတရားများ နာကြား၍ ရေစက်ချ အမျှအတမ်းဝေကြသည်။

ဆရာတော်သည် တောတောင်ခရီးမှ ကြွလေတိုင်း ဤထီးပေါ်မုနော်ခီးရွာမှာ တစ်ထောက်နားလေ့ရှိသည်။ ရောက်တိုင်းလည်း ပရိတ်ကရားတော်များ ရွတ်ဖတ်သရဇ္ဈာယ် ပေးသည်။ တရားဓမ္မဟောပြော ပြသ၍ ဆိုဆုံးမပေးသည်။ ၎င်းတို့ကလည်း တလေးတစား နာကြားကြသည်။ ဆရာတော် ဆိုမိန့်သည့်အတိုင်း တစ်သဝေမတိမ်း လိုက်နာကြသည်။

ဆရာတော် ကြွလာပြီဆိုလျှင် လုပ်လက်စအလုပ်ကို ပစ်ချထားပြီး ပျာပျာသလဲ ရောက်လာတတ်ကြသည်။ ဆရာတော်အား မိဘသဖွယ်

ကြည်ညိုလေးစား အားထားလှသည်။ ၎င်းတို့၏ ယုံကြည်ကိုးကွယ်မှုသည် အလေးထား စံနမူနာယူဖို့ပင် ကောင်းလှသည်။

တောင်ပေါ်ရွာများဖြစ်သော ထီးပေါ်မုနော်ခီး၊ ထီးပေါ်မုနော်ထ၊ လယ်ပယ်ဒဲ၊ သေတ်ခေါ့၊ ပက်ဒူးပူ၊ ထီးကနဲ၊ ထီးကလို့သော့၊ အူးမူးခီး ရွာသူရွာသားများသည် ဆရာတော် တည်ခဲ့ပြီးသော မေတော်ကြိုးရှိ ဘုရားသိမ်ကျောင်းများကို အလှည့်ကျလာရောက်စောင့်ရှောက်ကြသည်။ တမို့ဖိုးရွာသားများမှာ မြိုင်ကြီးငူမှ ပို့လိုက်သော စားနပ်ရိက္ခာများကို တောင်ပေါ်သို့ အရောက် တာဝန်ယူပို့ဆောင်ပေးကြသည်။ လျော့ပါးပျောက်ဆုံးမှု လုံးဝမရှိ။ စိတ်ချရသည်။

ဆရာတော်နှင့် ဆက်စပ်သော သာသနာရေးကိစ္စများကို ဆောင်ရွက်ပေးကြသည်နှင့်အတူ တစ်ဖက်မှ ကေအင်န်ယူတို့၏ လုပ်အားပေး ခေါ်ခိုင်းခြင်းကိုလည်း မပျက်မကွက် ဆောင်ရွက်ပေးကြရသည်။ တောင်ပေါ်သူ တောင်ပေါ်သားတို့သည် သိတတ်စအရွယ် ကလေးငယ်ဘဝ ဆန်တစ်ပြည်ကို ထမ်းပိုးသယ်ယူနိုင်သည့် အချိန်မှစပြီး အိမ်ထောင်ကျချိန်တိုင်အောင် (ကျား/မ အားလုံး) ကေအင်န်ယူခိုင်းသမျှကို မညည်းမညူ ဆောင်ရွက်ပေးကြရသည်။ အိမ်ထောင်ကျပြီးချိန်မတော့ ဆိုင်ရာ အကောက်အခွဲဒဏ်ကို ပေးဆောင်ရပြန်သည်။

ဘောလော်ကလို ကေအင်န်ယူစခန်းသည် ထီးပေါ်မုနော်ခီးရွာနှင့် မနီးမဝေး အနေအထားတွင်ရှိပြီး ရွာသားများက ၎င်းတို့အတွက် လယ်ယာလုပ်ကိုင်ပေးကြရသည်။ ကင်းစောင့်ပေးကြရသည်။ စခန်းတစ်ခုနှင့် တစ်ခု ဆက်သားအဖြစ် သွားပေးရသည်။ ၎င်းပြင် အိမ်မိုးရန် ရေငန်းဖက်များ၊ ကွမ်းသီး၊ ကွမ်းများကို အမြဲလိုလို ပံ့ပိုးပေးဆောင်နေရသည်။ ဤသို့ အစဉ်အလာတစ်ခုလို ရှိနေရာမှ မေတော်ကြိုးဘုရား တည်ပြီးသည့်နောက်ပိုင်းဝယ် ခိုင်းစေမှုများ ပို၍ တိုးလာသည်။

တရားမျှတ စာနာမှုဟူ၍ မရှိတော့ဘဲ အကြမ်းဖက် ခိုင်းစေလာကြသည်။ နေရာတကာမှာ အပြစ်ရှာလာကြသည်။ ဆင်ကွက်အမျိုးမျိုး ဖန်တီး၍ ကြံဖန်ဒဏ်ပေး အနိုင်ကျင့်ကြသည်။ သွားလမ်းလာလမ်းကို ပိတ်ဆို့သည်။ ၎င်းတို့ ရှေ့မှ ဖြတ်သွားလျှင် အကောက်အခွန် ပေးဆောင်ရသည်။ လက်မှတ်အမျိုးမျိုးထုတ်ကာ ရမယ်ရှာကြသည်။ အထူးသဖြင့် ဆရာတော် သွားလာလေ့ရှိသော လမ်းများကို စည်းကမ်းချက် အမျိုးမျိုးထုတ် ပိတ်ဆို့ကြသည်။ သို့သော် ဆရာတော်ကား ဂရုမစိုက်။ လုပ်ကိုင်ဆောင်ရွက်စရာများကို နောက်မတွန့်ဘဲ

သွားမြဲလာမြဲ လုပ်ဆောင်မြဲ ဖြစ်သည်။ ၎င်းတို့ အငြူစူဆုံးသော လုပ်ငန်းတစ်ခုမှာ ဘက ပညာရေးစနစ် ဖြစ်သည်။ ဘယ်လိုနည်းနှင့်မှ မကြည်ဖြူကြ။ ကြံဖန်ဒုက္ခပေးပြီး မပျက်ပျက်အောင် ဖျက်ကြသည်။

ဤအချက်သည် ဆရာတော် ယူဆချက်နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်သည်။ ဆရာတော့် ရည်ရွယ်ချက်မှာ -

နားမျက်စိ ပိတ်နေသော တောင်ပေါ်ဒေသများကို နားမျက်စိ ဖွင့်ပေးသည်။ ပညာသင်ကြားပေးမည်။ ဗုဒ္ဓဘာသာ အခြေခံသော ယဉ်ကျေးမှုကို ဖွံ့ဖြိုးစေမည်။ လူမှုဆက်ဆံရေးမှအစ ပြည်မသားတို့နှင့်မခြား တစ်ပြေးညီ ဖြစ်စေမည်ဟူသော မိမိအမျိုးသားတို့အပေါ် မေတ္တာ၊ စေတနာ အပြည့်အဝ ထား၍ ဆောင်ရွက်လိုသည်။

ဤသည်ကို ကေအင်န်ယူခေါင်းဆောင်များက လုံးဝမကျေနပ်ခြင်း မရှိကြ။ ခွင့်ပြုခြင်းလည်း အလျဉ်းမရှိချေ။ တောင်ပေါ်ဒေသကျေးရွာများကို အသိစိတ်ဓာတ် မတိုးပွားစေရန်၊ ဗဟုသုတ မရှာမှီးနိုင်စေရန် အမြဲပိတ်ဆို့ထားသည်။ နားမျက်စိကို လက်နက်ဖြင့် ပိတ်ထားသည်။ တစ်ဦးတစ်လေ အညွန့်ကလေး လူလာမည်ပြင်ကာရှိသေး အညွန့်ချိုးကာ ချိုးနှိမ်ပစ်လိုက်လေ့ရှိသည်။ ဆိုလိုသည်မှာ -

တောင်ပေါ်ဒေသများ ဖွံ့ဖြိုးတိုးတက်လာမည်ကို စိုးစဉ်းမျှ မလိုလား။ နဂိုရှင်းရင်းစွဲ ပကတိ တောခေါင်ခေါင်အသိမျှသာ ရှိနေစေလိုကြသည်။

သို့မှသာ သူတို့ပြောတိုင်း၊ ခိုင်းတိုင်း ဖြစ်မည် မဟုတ်ပါလော။

ဤသည်ကိုပင် ကရင်လူမျိုးများ ကောင်းစားရေးအတွက်ဟု အသံကောင်း ဟစ်ကြသည်။ တိုးတက်ဖွံ့ဖြိုးရေးမှာ ပညာဗဟုသုတသည် အဓိကကျသောအရာ ဖြစ်သည်။ ယခု ထိုအရာများကို ပိတ်ဆို့ထားပြီဆိုမှတော့ နောင် နှစ်ပေါင်းများစွာကြာသည့်တိုင် တောင်ပေါ်သားတို့သည် ဒုံရင်း ဒုံရင်းပင် ဖြစ်နေပေလိမ့်မည်။ ဆရာတော်က ဤသို့ မြင်သည်။ အမြင်နှစ်ခု ဝိရောဓိ ဖြစ်ပြီဆိုမှဖြင့် မလိုလားအပ်သောဖြစ်ရပ်များ ပေါ်ပေါက်လာတတ်သည်မှာ သဘာဝပင် ဖြစ်သည်။

ဆရာတော်ဆောင်ရွက်သည်ဟူသမျှကို ပြောင်းပြန်အနေအထားဖြင့် ကြည့်လေ့ရှိသည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ကြိုးကိုင်စေခိုင်းချက်သာ ဖြစ်ရမည်ဟူ၍လည်း ပုံသေတွက်ထားကြသည်။ ဆရာတော့်နောက်ဝယ် တကောက်ကောက်လိုက်၍ စနည်းနာကြသည်။ ထိုအဖြစ်ကို

ဆရာတော် မသိမဟုတ်။ သိသည်ချည်းပင်။ သို့သော် မသိကျိုးကျွံပြုထားသည်။

ထားရင်းစွဲမေတ္တာကို အပျက်မခံ။ သည်းခံသောစိတ်ထားဖြင့် အမြဲခွင့်လွှတ်ထားသည်။ မိမိအမျိုးသားများ ကောင်းစားရေးအတွက် မိမိ တစ်ဦးတည်းကို အပြစ်မြင်လျှင်လည်း မြင်ကြပါစေဟု သဘောပိုက်ထားသည်။ မည်သို့ဆိုစေ အမျိုးဘာသာ သာသနာအတွက် အသက်ကိုပင် စွန့်လှူဝံ့သူမို့ ဖြစ်ကာမှသာ ဖြစ်ကရော လုပ်မြဲအလုပ်ကို နောက်ဆုတ်ရန် စိတ်ကူးထဲတောင်မှ မထည့်ချေ။

နေ့ဆွမ်းဘုဉ်းပေးပြီး ခရီးထွက်လာရာ ဘောကေးဂိတ်သို့ ရောက်လာသည်။ ဘောကေးဂိတ်မှာ ကျောခေါ် နေသောနေရာပင် ဖြစ်သည်။ ကျောခေါ်က လှေတစ်စင်း စီစဉ်ပေးသည်။ လှေမောင်းသမားမှာ ဖိုးကျူးဆိုသူ ဖြစ်သည်။ တာမလာဝါးနှင့် ဆွေမျိုးတော်စပ်၏။ လှေထဲဆင်းမည်ဆိုကာမှ ဦးအောင်ဘ၏ဇနီးက လုံးဝလှေမစီးရဲတော့ပါဟု ဆိုနေသည်။ လှေစီးရမှာ စိုးရွံ့နေသည်။ ကူးဘိုးကျောက်တန်းမှာ လှေမြုပ်စဉ်က သူမ၏ ပလတ်စတစ်ဆွဲခြင်းကို ဆရာတော် ဆယ်ယူပေးခဲ့သည်။

ဆွဲခြင်းထဲတွင် လက်ဝတ်ရတနာများနှင့် ဘတ်ငွေသုံးသောင်းကျော်ပါသည်။ ကံကြီးပေ၍ မပျောက်ကောင်း မရှကောင်း ပြန်ရခဲ့သည်။ ယခုတစ်ဖန် ကြုံပြန်ပါသော်ဟူသော အတွေး စိုးမိုးနေပုံရသည်။ နောက်ဆုံးမှာတော့ လှေဖြင့်ပင် လိုက်ခဲ့ရတော့သည်။ တစ်ယောက်တည်း ချန်နေလို့လည်း မဖြစ်။ "ဟယ်. . . ဖြစ်ကာမှ ဖြစ်ရော" ဟု မျက်စိမှိတ် လိုက်ခဲ့သည်။

သံလွင်မြစ်ကြောင်းကို ဆန်၍ လှေမောင်းတက်ခဲ့သည်။ အန္တရာယ်ထူပြောသော "မျောက်လမ်း" ဟတ်သို့ ရောက်လာသည်။ ၎င်းဟတ်သည် ရေစီးသန်သည်။ ဝဲကတော့က ထန်သည်။ ဗွက်ခုံးက လှန်သည်။ တော်ရုံလှေမောင်းကျွမ်းကျင်သူနှင့်မရ။ ကျွမ်းကျင်ပြီး အတွေ့အကြုံများသူသာ ဖြစ်ရမည်။ ဆန်တက်စဉ်မှာ ကမ်းနားကျောက်ဆောင် အနောက်ဘက်ကို မြှောင်ပြီး မောင်းတက်ရသည်။ ရေကြောင်းမှားပြီး ဆန်တက်မိလျှင် ဗွက်ခုံးအမှတ်တွင် လှေသည် ဦးထိပ်လန်တတ်သည်။ အန္တရာယ်ကြီးလှသည်။ မကြာခဏဆိုသလို လှေဦးလန်၍ တိမ်းခြင်း၊ စောင်းခြင်း၊ မှောက်ခြင်းတို့ကို ဖြစ်လေ့ရှိသည်။

သို့သော် သည်လမ်း သည်ခရီးတွင် ကျွမ်းကျင်ပြီးဖြစ်သူ ဖိုးကျူးသည် တာမလာဝါးနှယ် ခပ်ကြမ်းကြမ်းပင် လှေကို မောင်းတက်ခဲ့သည်။ မယ်ရာထ

ဟတ်၊ ချောဝါးလေးဟတ်၊ မယ်လယ်ထဟတ်တို့ကို အသီးသီး လွှန်မြောက်ခဲ့ပြီးနောက် သူးမွဲထရှိ ဣစ္ဆာသယဖောင်တော်ဦးစခန်းသို့ ညနေစောင်းလောက် တွင် ရောက်ရှိခဲ့သည်။

ထိုသောအခါမှ ဟင်းခနဲ သက်ပြင်းချနိုင်တော့သည်။ ခရီးရောက်မဆိုက်မှာပင် ကိုရင်မောင်ထွေး မောင်းနှင်နေသော ဆရာတော်၏ သာသနာပြု စက်ရေယာဉ်ကို တာမလာဝါးအား အပြီးအပိုင် ပေးအပ်လိုက်သည်။ ၎င်း၏လှေ ဆုံးပါးခဲ့ပြီကို။ တာမလာဝါးသည် ဝမ်းသာလွန်းစွာဖြင့် ကျေးဇူးတင်စကား အထပ်ထပ်ပြောကြားသည်။ သူ့ခမျာ လှေအတွက်နှင့် တစ်လမ်းလုံး ရတက်ပွေနေခဲ့ရှာသည်။

ရေအရှုံး ကုန်းတစ်ဝက်စကားလို ရေမြုပ်ဆုံးရှုံးခဲ့ပြီ။ သည်စက်နှင့်သည်လှေ သည်အခြေအနေဖြစ်အောင် မည်သို့ ကြံဖန်ရမည်မသိ။ ဆရာတော့်ထံမှာလည်း အစားမတောင်းချင်။ မတောင်းပြန်ပါသော်လည်း ဆုံးရှုံးရမည့်တန်ဖိုးက နည်းလှသည်မဟုတ်။ မိမိအဖို့ အရင်းပါပြုတ်ခဲ့ပြီ။ မည်သို့လုပ်ရပါ့ဟု အတွေးဝက်ပါထဲ ဆွေးမရှင်သာကဲနေစဉ် ဆရာတော်က လှေအစားပေးလိုက်သဖြင့် ဝမ်းသာလွန်း၍ ကျေးဇူးတင်စကား အထပ်ထပ်ပြောကြားမိရလေသည်။ ကျေးဇူးတင်စကား ဆိုအပြီးမှာ လှေပေါ်တက်၊ စက်နှိုး၍ မိမိနေရာဖြစ်သော စူးမြလူသို့ မောင်းနှင်ထွက်ခွာသွားတော့သည်။

စက်လှေနောက်ပိုင်းမှာ မြင်နေရသည့် ဖွေးဖွေးဖြူဖြူနေသော ရေလွှားပန်းခက် ရေမှုန်အစက်စက်တို့ကို မျှော်ကြည့်ရင်း ဆရာတော့်ရင်ဝယ် နှစ်သိမ့်ရှင်ပြုံး ပီတိတွေ ဖုံး၍ နေလေတော့သည်။

# ပန်းပေါ်မှ တာဝန်များ

ဝါခေါင်လဆန်း (၂) ရက်၊ နံနက်ခင်း။

မှာထားသော လှေခုနစ်စင်း သောလယ်ထမှ ရောက်လာသည်။

ဖားဒါး၊ မောင်စိန်သန်း၊ အေးမောင်၊ ခင်မာညီပြါး၊ ငါးပူတင်း၊ ဦးရွှေလုံး (မောင်လေး)၊ မောင်ဉာဏ်သိန်းတို့၏ လှေများ ဖြစ်ကြသည်။ ကြိုတင်စီစဉ်ထားသည့်အတိုင်း ရဟန်းသာမဏေ ခြောက်ဆယ်ကျော်တို့သည် လှေပေါ် အသီးသီးတက်ကြသည်။ စုံလောက်သည်နှင့် ဆရာတော်စီးသော မောင်လေးလှေ ဦးဆောင်၍ သောင်းရင်းမြစ်အတိုင်း ဆန်တက်ခဲ့ကြသည်။

ဒိုင်နာစက်တပ်ထားသော စက်လှေတစ်စီး၏ အသံသည်ပင် ကျယ်လောင်လှသည့်အထဲ စက်လှေခုနစ်စီးသံသည် သောင်းရင်းမြစ်ကြောင်းတစ်လျှောက် မြည်ဟည်းကာ ပွဲတင်ထပ်သွားတော့သည်။ သစ်စက်ဂိတ်၊ မာနယ်ပလောဂိတ်၊ ဟိုဖာလယ်ဂိတ်၊ ကလော်ဒဲဂိတ်၊ အူးမူးထဂိတ် တို့ကို ဖြတ်ကျော်ပြီး နော်တတ်တောင်ထိပ်စခန်းရှိရာသို့ ရောက်လာသည်။ တောင်ထိပ်မှာ တပ်စခန်းများရှိသည်။ တစ်ခါတစ်ရံ မထင်လျှင် မထင်သလို လှေများကို လှမ်းပစ်လေ့ရှိသည်။ ၎င်းအနီးဝန်းကျင်တစ်ဝိုက်မှာလည်း လှေများကို လုံးဝ ရပ်နား ဆိုက်ကပ်ခွင့်မပြု။ ကျပ်တည်းစွာ တားမြစ်ထားသည်။

ဤမည်သော သံဃာထုနှင့် ဤနှယ်သော စက်လှေတို့ တဝေါမငေါ် အသံပြုလျက်လာသည်ကို စခန်းမှ လူအများ အသို့ တွေးထင်ကြမည်မသိ၊ သို့လော သို့လော တွေး၍ လှမ်းပစ်မည်လား စိုးရိမ်လိုက်မိသေးသည်။ အဖု အထစ်မရှိဘဲ ဖြတ်ကျော်လာနိုင်ခဲ့သည်။ မြန်မာပြည် တစ်ဖက်ကမ်းရှိ မယ်သဝေါဂိတ်ဟောင်းသို့ ရောက်လာသည်။ နှောင့်ယှက်ဟန့်တားခြင်း မရှိချေ။ သို့ဖြစ်၍ ထိုင်းဘက်ကမ်းရှိ မယ်သဝေါဆိပ်ကမ်းသို့ လှေအားလုံး ထိုးဆိုက် ရောက်ရှိသွားသည်။

အသင့်ကြိုနေကြသော လှကြည်မိုး၊ ခင်ရွှေပါး၊ မောင်မြင့်၊ မောင်သိန်းရီ၊ သန်းအေးပါး၊ စိန်ဘသန်း စသော သိကျွမ်းရင်းနှီးပြီး ဒကာများ၊ မသိသေးသော ဒကာများကို တွေ့ရသည်။ ကမ်းပေါ်သို့ တက်ရောက်မိလျှင် ပင် လာကြိုသူဒကာများက သူ့အိမ်ငါ့အိမ် တစ်ပါးစ၊ နှစ်ပါးစ တချို့သုံးလေး ပါးစီ နေ့ဆွမ်းအတွက် အသီးသီးပင့်ဆောင်သွားကြသည်။ အချို့ သံဃာမရသူ များပင် ရှိသေးသည်။ ဤအဖြစ်ကို မြင်၍ ဆရာတော်သည် စာသင်သားဘဝ မုဒုံမှာနေစဉ်က မဟာဒုက်ဆွမ်းသွားခဲ့ရသည်ကို သတိရလိုက်မိသည်။

မုဒုံမြို့ ရပ်ကွက်တစ်ခုခုမှ စီစဉ်၍ မဟာဒုက်ဆွမ်းစဉ်တစ်ခု လှူဒါန်း သည်။ မုဒုံမြို့ပေါ်ရှိ ကျောင်းအသီးသီးမှ ရဟန်းသာမဏေများ အားလုံး ပင့်ဖိတ်သည်။ အလှူနေ့တွင် နံနက် ၄ နာရီလောက်ကတည်းက ကားများဖြင့် သံဃာများကို လိုက်ကြိုသည်။ ကျောင်းဝင်းကျယ်ကြီးတစ်ခုမှာ စုရုံးထားရှိ သည်။ အရုဏ်တက်လျှင် ဒကာများက မိမိမဲပေါက်ထားသော သံဃာတစ်ပါး ပါးကို ဘွဲ့အမည် စာရွက်ကလေးကိုင်၍ ကျောင်းအလိုက် စုထားသော သံဃာ များထဲမှ ရှာဖွေ ပင့်ဆောင်သွားသည်။ ဘွဲ့ရှင်သံဃာက ဆိုဒကာနောက်သို့ သပိတ်ကလေးပိုက်၍ လိုက်သွားရသည်။

ထိုစဉ်က ဖြစ်ရပ်သည် ပျော်စရာကောင်းသည်။ ရင်ဖိုစရာလည်း ကောင်းပါသည်။ သူ့လာပင့်နိုး၊ ငါ့လာပင့်နိုးဖြင့် စောင့်စားရသည်မှာ ပျော်စရာ ဘစ်မျိုး ဖြစ်သည်။ အခန့်မသင့်ပါလျှင် (သို့မဟုတ်) ကံဆိုးလွန်းပါလျှင် မဲပေါက်သောဒကာ လာမပင့်၍သော်လည်းကောင်း၊ လူမှားပင့်ဆောင်သွား လျှင်သော်လည်းကောင်း ကျန်နေရစ်တတ်သည်။ ထိုအခါ မျက်နှာငယ်လေး တွေ ဖြစ်ကြရသည်။ သူကျန်မလား၊ ငါကော ကျန်နေမလားဟု ရင်မောစွာဖြင့် သည်းဖိုခဲ့ကြဖူးသည်။ ဖိုမည်သာဖိုသည်၊ ဆွမ်းတော့ မငတ်ပါ။ ဤဖြစ်ရပ်မျိုး အမြဲလိုလို ဖြစ်လေ့ရှိသဖြင့် စီစဉ်သူများက ထိုသို့အတွက် ဆွမ်း၊ ကွမ်း အသင့် စီစဉ်ထားရှိပြီး ဖြစ်သည်။ သို့သော် မွဲလှသည့်ကံကြမ္မာ ငါ့အတွက်သာအဖြစ်

ဆိုးဖို့ ငြိုးရောထင့်ဟု ဆိုဖွယ်ရာရှိသည်။ ကျောင်းပြန်ရောက်လျှင် ထိုကံဆိုးသူ မောင်ရှင်ဖြစ်ရပ်ကို ပြောမဆုံးပေါင် တောသုံးတောင် ဖြစ်ကြရသည်။

သံဃာများကို ဒကာများ လာပင့်ကြစဉ် ဒကာများနှင့် သံဃာက တစ်ဦးကိုတစ်ဦး မသိမမြင်ဖူးထားကြတော့ တချို့ ဒကာများက နီးရာ ကြုံရာ တစ်ပါးပါးကို ပင့်သွားလေ့ရှိသည်။ ဘွဲ့ရှင်သံဃာက ပင့်လာမည့်ဒကာကို မျှော်ပါလေတော့သည်။ နောက်ဆုံး ဘုံဆွမ်းနှင့်ပဲ ပြီးခဲ့ရသည်။ ထိုအဖြစ်မျိုး ကြုံလေ့ရှိသည်မို့ စီစဉ်သူက အသံချဲ့စက်ဖြင့် ခုလိုလိုက်ကြေညာပေးနေရသည်။

"သူတော်စင်အပေါင်းတို့ ခင်ဗျား. . .

မိမိတို့ မဲနှိုက် စာရေးတံကျသော သံဃာများကိုမှ ပင့်ဆောင်ကြပါ။ ဘုရားအမှူးရှိသော သံဃာတော်များကို ရည်မှန်းပြီးပြုတဲ့ ဒီသံဃာ့ဒါနအလှူပွဲ မှာ သံဃာ့ဒါနဖြစ်အောင် လုပ်ကြစေချင်ပါတယ်။ သံဃာ့ခွဲပြုဖြစ်အောင် မလုပ်ကြဖို့ သတိပေးအပ်ပါတယ်ခင်ဗျာ"

မိမိ မဲကျရာသံဃာကို မယူဘဲ နီးရာကြုံရာ တစ်ပါးပါးကို အတင်းဆွဲခေါ်သွားတာမျိုးကို သံဃာ့ခွဲပြုလို့ ထိုသူက အာဝဇ္ဇန်းရွှင်ရွှင်နှင့် သုံးနှုန်းခြင်း ဖြစ်သည်။

မည်သို့ပင် အသိပေးစေကာမူ ထိုမလိုလားအပ်သော ဖြစ်ရပ်မျိုးကား အမြဲလိုလို ရှိနေတတ်သည်။ ထို့ကြောင့် မဟာဒုက် ဆွမ်းစားသွားရသည်မှာ ပျော်လည်း ပျော်ရသည်။ ရင်လည်း ဖိုရသည်ဟု ဆိုရခြင်း ဖြစ်သည်။

ယခုမူ ကြိုတင်စီစဉ်ထားသည်မို့ ထိုသို့မျိုးတော့ မဖြစ်ခဲ့။ ဆွမ်းဒါနပြုလို့သူ ဆွမ်းဒကာအချို့ပင် ပိုနေသေးသည်။ ပင့်ရောက်လာသော အိမ်အသီးသီးသို့ သံဃာများ ကြွရောက်၍ နေ့ဆွမ်းဘုဉ်းပေးကြသည်။ ဆွမ်းဘုဉ်းအပြီးမှာ ပြန့်ကြဲနေသော သံဃာများကို ပြန်စု၍ မယ်သဝေါဆရာတော်အား သွားကန်တော့ကြသည်။ မယ်သဝေါဆရာတော်က သံဃာအားလုံးအတွက် သင်္ကန်းတစ်စုံစီနှင့် ဘတ်ငွေတစ်ရာစီ စွန့်ကြဲတော်မူသည်။ ၎င်းကို ပါသွားသော ကပ္ပိယ ဦးအဒူးက လက်ခံရယူသည်။

တစ်ဆက်တည်းမှာပင် ကျောင်းမှာတပ်ဆင်ထားသော အသံချဲ့စက်ဖြင့် "မယ်သဝေါ ရွာထဲသို့ နက်ဖြန်ခါနံနက် ဆွမ်းဆန်စိမ်း အလှူခံကြွကြမည်ဖြစ်၍ ကြားကြားသမျှသော သူတော်ကောင်းအပေါင်းတို့က စေတနာသုံးတန် ထက်သန်စွာဖြင့် တတ်အားသမျှ လှူဒါန်းကြစေ လိုကြောင်း

ကြိုတင်၍ သတိပေးနှိုးဆော်လိုက်သည်" ဟု ဆရာတော်ကိုယ်တိုင် နှိုးဆော်ထားလိုက်သည်။ နောက်နေ့ ဆွမ်း အပြီးမှာ မယ်သဝေါ်ရွာထဲသို့ သူးမွဲထပါသံဃာအားလုံး ဆွမ်းဆန်စိမ်း အလှူခံ ကြွကြသည်။ ကြိုတင်နှိုးဆော်ထားသဖြင့် ထိုင်း၊ မြန်မာ၊ ကရင်ဒါယကာများက သောင်းသောင်းဖြဖြ လောင်းလှူကြသည်။ လှူဖွယ်ဝတ္ထုပစ္စည်းမျိုးစုံရသည်။

ငါးသေတ္တာ၊ ကြက်ဥ၊ ငါးပိငါးခြောက်မှစ၍ တောက်တိုမယ်ရ ပစ္စည်းများ၊ ဆား၊ ဆန်၊ ငရုတ်သီးမှုန့်၊ မုန့်မျိုးစုံ၊ ဖယောင်းတိုင်များ စုံလင်လှသည်။ အသုံးမလိုသော (သို့မဟုတ်) မိမိတို့ ဘေးမဲ့နှင့် မအင်စပ်သော ငါးပိ၊ ငါးခြောက် စသည့်ပစ္စည်းများကို ဒကာများက ပြန်လည်ရောင်းချ၍ ဘိလပ်မြေဖိုး လုပ်ယူကြသည်။ အပ်စပ်သော ပစ္စည်းများကိုသာ အိတ်ကြီး အိတ်ငယ်အသွယ်သွယ်ဖြင့် အပြန်ယူဆောင်နိုင်ရန် အသင့်ပြုလုပ်ထားကြသည်။

မယ်သဝေါ်ရွာမှ ထွက်ပြီး ကားစီးကာ ဘောနော်ဝေါ် ဒုက္ခသည်စခန်းသို့ ကြွကြသည်။ ဦးတင်ရွှေ၊ ဦးဖားကြီးကြူ စသော ဒါယကာများက ဝမ်းမြောက်စမ်းသာစွာ ကြိုဆို၍ အစီအစဉ် ပြုလုပ်ပေးသည်။ ထိုစခန်းမှာ ဆွမ်းဆန်စိမ်း လှည့်ကြည့်ရာမှာလည်း ရှေးနည်းတူ စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် လောင်းလှူကြသည်။ လောင်းလှူစဉ်ဝယ် မြိုင်ကြီးငူဆရာတော်အား စေ့စေ့ကြည့် ဖူးမြော်၍ "မွေးဇာတိရပ်ရွာသို့ ပြန်ချင်ပါကြောင်း၊ လွမ်းမိရပါကြောင်း၊ ဆရာတော်အား မြင်တွေ့ရသည်မှာ အားရရွှင်လန်းကြပါကြောင်း၊ ယခုလို မကြာမကြာ လာရောက် အလှူခံကြွတော်မူစေလိုပါကြောင်း" စသည်ဖြင့် ဝမ်းပန်းကနည်း လျှောက်ထားကြသည်။

ဒုက္ခသည်များမှာ ကရင်ပြည်နယ်တွင်း အထူးသဖြင့် မြိုင်ကြီးငူအထက်ဘက်ရှိ တောင်ပေါ်ရွာများမှ ကရင်အမျိုးသားများသာ ဖြစ်ကြသည်။ စစ်ဘေးကြောင့် ပြေးလာရသူများ ဖြစ်ကြသည်။ မွေးရပ်ကို လွမ်း၍ ပြန်လာချင်သော်လည်း မပြန်လာဝံ့သူများ ဖြစ်ကြသည်။ ၎င်းတို့၏ ဒုက္ခကို မြိုင်ကြီးငူဆရာတော်အနေဖြင့် မကယ်တင်နိုင်သော်လည်း ရင်းတွင်းမှ ကရုဏာလွှမ်းသော မေတ္တာရေစင်ကိုသာ အခါခါ ပက်ဖျန်းနေမိသည်။

"သဗ္ဗေသတ္တာ ဒုက္ခာ မုစ္စန္တု"

ခပ်သိမ်းသော သတ္တဝါအားလုံး ကျရောက်ဆဲ၊ ကျရောက်လတ္တံ့သော ဆင်းရဲဒုက္ခအပေါင်းမှ လျင်မြန်စွာ ကင်းလွတ်နိုင်ကြပါစေသတည်း။

**********

လဆန်း ၄ ရက်နေ့ နံနက်ဆွမ်းအပြီးမှာ ကမော်လေးခွိသို့ ဆက်ကြွသည်။ နေထိုင်သူများမှာ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်ရှိ ကျေးရွာအသီးသီးမှ ဖြစ်သည်။ ဆရာတော်အား ကြည်ညိုလေးစားရင်း ရှိသူ၊ သိထားနှင့်သူများက အများစု ဖြစ်သည်။ ၎င်းတို့လည်း ဒုက္ခသည်များပင် ဖြစ်ကြသည်။ ဆွမ်းဆန်စိမ်း အလှူခံပြီး စီစဉ်ထားသည့်အတိုင်း ဤမှာပင် နေ့ဆွမ်းကိစ္စ ပြီးစေလိုက်သည်။

နေ့ဆွမ်းအပြီးမှာ ဘဲကလေ့သို့ ဆက်ကြွသည်။ ဆွမ်းဆန်စိမ်းခံပြီး ၎င်းမှာပင် ညကျိန်းစက်သည်။ မိုးလင်းသော် ဘဲကလေ့မှ ပြန်လှည့်ပြီး "ရှိုးကလိုး" သို့ ဝင်သည်။ ရှိုးကလိုးသည် မဲဆမိတ်၊ ကွမ်ဘီ၊ မဲဆိပ် စသောရွာများမှ စစ်ဘေးကြောင့် ပြောင်းရွှေ့လာသူများ နေထိုင်ကြသည်။ ရှိုးကလိုးရှိကျောင်းထိုင်ဆရာတော်ကြီးမှာ မြိုင်ကြီးငူ အရှေ့ဘက် (၅)မိုင်ခန့်အကွာရှိ ကမော့ကလဲရွာ ဇာတိဖြစ်သည်။ ဘွဲ့တော်မှာ ဆရာတော် ဦးဝိမလ ဟု တွင်သည်။

ထိုဆရာတော်ကြီးနှင့် မူလကတည်းက သိကျွမ်းရင်းနှီးပြီးသား ဖြစ်သည်။ ဆရာတော်ကြီးကလည်း အစစအရာရာ ကူညီပံ့ပိုးပေးသည်။ ရှိုးကလိုးရပ်ကွက် အမှတ် (၇) ကျောင်းသစ်ကျောင်းမှ ဆရာတော်သည်လည်း အလားတူ အားပေးကူညီသမှုပြုသည်။ ၎င်းမှဆက်၍ "ပေါပထ" သို့ ဆက်ကြွပြန်သည်။ ပေါပထတွင် ကျောင်းသားအဖွဲ့များ ရှိလေရာ ၎င်းတို့ကလည်း ဆွမ်းကွမ်းဝေယျာဝစ္စများကို တတ်စွမ်းသမျှ လှူဒါန်းကြသည်။

ထိုမှဆက်၍ "မိုဝါးကွီး" သို့ ဆက်ပြန်သည်။ မြင်တွေ့ရသူ ဒကာများက ကြည်ညိုသဒ္ဓါ စည်ဖြာလျှမ်းပြီး လှူဒါန်းသမှု ပြုကြပြန်သည်။ ထိုမှာ "ကြိုးလို့ဝေါ်" မည်သော လက်သမားအဖွဲ့ရှိသည်။ ၎င်းတို့သည် မိမိတို့ လက်ဖြစ် ပရိဘောဂများကို ရောင်းချ၍ အသက်မွေးဝမ်းကျောင်းပြုကြသည်။ မြိုင်ကြီးငူဆရာတော်တို့ ရောက်သွားချိန်ဝယ် လုပ်ထားပြီးသော စားပွဲ၊ ကုလားထိုင်များချ၍ ဧည့်ခံသည်။ ဗီရိုပုံဆန်းအမျိုးမျိုးကို မျက်စိပသာဒဖြစ်အောင် ပြင်ဆင်ထားရှိသည်။ သို့သော် စားပွဲ၊ ကုလားထိုင်များ ပေါ် သံဃာများ မထိုင် လိုက်ရချေ။ တိုက်တိုက်ဆိုင်ဆိုင်ပင် ဝယ်ယူမည့်သူများ ရောက်လာပြီး အားလုံး နီးပါး ဝယ်ယူသွားကြသည်။

သံဃာများမှာ ထိုင်ပင်မထိုင်လိုက်ကြရ။ အရေးပေါ် ခင်းပေးသော ပလတ်စတစ်ပိုက်ဖျာပေါ်မှာသာ ထိုင်ကြရသည်။ သို့သော် မရှုံးပါချေ။ ထိုနေ့ ကိုအချိန်တွင် ရောင်းရသော ပရိဘောဂတန်ဖိုးငွေအားလုံးကို သူးမွဲထ

သာသနာပြုလုပ်ငန်းအတွင် ပေးလှူထည့်ဝင်လိုက်ကြသည်။ ဦးအောင်... စည်းရုံးမှုဖြင့် "ကြိုးလို့ဝေါ်" လက်သမားအဖွဲ့သားများ၏ စေတနာလက်သန်စွာ ထည့်ဝင်လှူဒါန်းမှုကြောင့် လိုအပ်သော ဘိလပ်မြေဖိုးမှစ၍ ...ိုလေး... မရှိ ပြီးပြည့်စုံ ဖြစ်ခဲ့ရသည်။

ဆွမ်းဆန်စိမ်း အလှူခံခြင်းအမှုကို ဤမှာတင် ရပ်နားလိုက်သည်။ ရရှိသော လှူဖွယ်ပစ္စည်းများထဲမှ လဲလှယ်သင့်သောပစ္စည်းများကို ငွေဖြ... လဲလှယ်သည်။ ရရှိသောငွေကြေးများဖြင့် လှကြည်မိုးအား အဝယ်တော်လှတ်ကာ မဲဆောက်သို့ သွားစေသည်။ အပြန်ခရီးတွင် မယ်သဝေါမှ စောင့်နေပြီး လှကြည်မိုး ပြန်အရောက်တွင် သူးမွဲထသို့ ပြန်ခဲ့လေသည်။

သူးမွဲထသို့ ပြန်ခဲ့ရာမှာ သွားစဉ်က စက်လှေခုနစ်စီးဖြစ်သော်လည်း အပြန်မှာ စက်လှေ ၁၁ စီး ဖြစ်နေသည်။ ပစ္စည်းပစ္စယများ၊ အလှူခံရပ... များ၊ ဆောက်လုပ်ရေးပစ္စည်းများ (ဘိလပ်မြေ စသည်တို့) ပိုလာသဖြင့် မယ်သဝေါမှ ခင်ရွှေပါး၊ ဖားငါး၊ သန်းအေးပါး၊ မောင်မြင့်တို့၏ လှေလေးစင်းပါ ကူ၍ လိုက်ပို့ကြရသည်။

အသွားတုန်းက ခုနစ်စင်း၊ အပြန်မှာ ဆယ့်တစ်စီးဖြစ်သွား... ရှည်လျားသော စက်လှေတန်းကြီးသည် ဂိတ်အသီးသီးရှိ တာဝန်ရှိ ...များအား မျက်စိစပါးမွေး စူးစေသကဲ့သို့ ရှိသည်။ ၎င်းတို့က မကျေနပ်ကြပေ။ ရှေ့မှသွားသော စက်လှေများကို ဂိတ်က ဖမ်းထားလိုက်သည်။ ဖြစ်ချင်တော့ အပြန်ခရီးမှာ ဆရာတော်သည် နောက်ပိုင်းလှေမှာ စီးမိလျက်သားဖြစ်သည်။ ဆရာတော့်လှေ ရောက်ကာမှ အကျိုးသင့်အကြောင်းသင့် ပြောပြမှ မလွှတ်ချင် လွှတ်ချင်ဖြင့် လွှတ်ပေးခဲ့ရသည်။

သူးမွဲထသို့ ပြန်ရောက်ပြီးနောက် ဝါခေါင်လဆန်း ၇ ရက်... သောလယ်ထသို့ တက်၍ ဆွမ်းဆန်စိမ်း ကြွပြန်သည်။ ရှေးနည်းတူ အ...သရော လောင်းလှူကြသည်။ သောလယ်ထမှ ဆက်၍ "မယ်ဝေဒေး" သို့ ကြွသည်။ မူလအစီအစဉ်မရှိ။ ဆွမ်းဆန်စိမ်းကြွမည်ဟူ၍လည်း သိမထားကြ။ သို့သော် သူးမွဲထ သံဃာများ ရောက်လာသည်နှင့် ပျာပျာသလဲ ရရာလှူဖွယ်များကို လောင်းလှူဆပ်ကပ်ကြသည်မှာ အားရဖွယ်ပင်ဖြစ်သည်။ သခွားသီး၊ ရွှေဖရုံသီးများ အတော်များများ ရရှိခဲ့သည်။

၎င်းမှ သူးမွဲထသို့ ပြန်ကြွလာခဲ့သည်။ သူးမွဲထ သာသနာပြုလုပ်ငန်း အတွက် လိုအပ်သော စားနပ်ရိက္ခာများ၊ ဆောက်လုပ်ရေးပစ္စည်းများ... ဤနည်းဖြင့် ရှာဖွေစုဆောင်းပေးသည်။

ဆရာတော်သည် ဖြစ်ပျက်ခဲ့သော အခြေအနေအရပ်ရပ်ကို သုံးသပ်ဆင်ခြင်သည်။ ဖြစ်လာနိုင်မည့် အနာဂတ်အရေးအတွက် ကြံဆတွေးတောသည်။ ရရှိလာသော အမြော်ပေါ်မူတည်၍ ဝါတွင်းကာလပင် ဖြစ်သော်လည်း ဝါပန်၍ မြိုင်ကြီးငူ၊ ဖာပွန်၊ ဘားအံ၊ မယ်ကဗော၊ သူးမွဲထ စသည့် သာသနာပြုစခန်းခွဲအသီးသီးသို့ ကြွရောက်၍ အသိပေး ညွှန်ကြားသင့်သည်များကို တစ်စခန်းဝင် တစ်စခန်းထွက် သွားလာကြည့်ရှုလမ်းညွှန်ပေးနေရသည်။ သာသနာပြုစခန်းခွဲ အသီးသီးရှိ ရဟန်းသာမဏေတို့အတွက် စားဝတ်နေရေးမှအစ အကုန်လုံး တာဝန်ယူထားရသည်ဖြစ်၍ ဝါတွင်းပင်ဖြစ်သော်လည်း ပတ်နေရာတည်းမှာ အနားမယူသာခဲ့ချေ။

သာသနာပြုစခန်းအသီးသီးကလည်း တစ်ဝိုက် တစ်နေရာတည်းမှာ အနီးမဝေး စုစည်းရှိနေသည်မဟုတ်။ တောအနှံ့နှံ့ တောင်အသွယ်သွယ်မှာ ဖြစ်သည်။ မိုင်ပေါင်းများစွာ ဝေးကွာကြသည်။ မြို့ကြီးပေါ်မှာလို ကားလေးစီး၊ သင်္ဘောလေးစီးပြီး မသွားသာ။ လေယာဉ်ပျံကြီးစီး၍လည်း မလှည့်သာ။ သဘာဝကပေးသော "ခြေယာဉ်" ကိုပင် အသုံးပြုကြွလှမ်းခဲ့ရသည်။ စခန်းတစ်ခုနှင့်တစ်ခု လမ်းတွင် နှစ်ည၊ သုံးည အိပ်မှ သွားရသော စခန်းမျိုးလည်း ရှိသည်။

ထိုစခန်းအသီးသီးတို့၏ ဗာဟိရကိစ္စတာဝန်ရပ်များ၊ စားရေးသောက်ရာမှအစ တာဝန်ယူထားရသည်။ စခန်းအသီးသီးရှိ လူများကို သာသနာရေးအတွက်သာ ညွှန်ကြားလုပ်ဆောင်စေသည်။ ဆရာတော်ကားမူ လိုအပ်သမျှ ပစ္စည်းပစ္စယများကို သပိတ်တစ်လုံး အရင်းတည်၍ ရှာဖွေပေးသည်။ စဉ်းစားကြည့်လျှင် တော်ရုံသောဇွဲမျိုး၊ ဝီရိယမျိုး မဟုတ်ကြောင်း ထင်ရှားလှသည်။

ဆရာတော်သည် လုပ်လည်း လုပ်နိုင်သည်။ သွားလည်း သွားနိုင်သည်။ ထို့ကြောင့်ပင် ဝါတွင်းကာလပင်ဖြစ်သော်လည်း စခန်းခွဲအသီးသီးသို့ ဝါပန်၍ သွားလာကြည့်ရှု စီမံနိုင်ခြင်းဖြစ်သည်။ သူးမွဲထမှာ ဆရာတော်ရှိနေလျှင် ကေအင်န်ယူတို့ထဲမှ မည်သူမျှ မလာရောက်တတ်ကြ။ အဲ. . ဆရာတော်မရှိပြီဆိုမှဖြင့် နေ့စဉ်နှင့်အမျှ ရောက်လာကြသည်။ သတင်းစုံစမ်းသည်။ အစ်အောက်မေးမြန်းသည်။ အကြောင်းအမျိုးမျိုးရှာ၍ အာဏာပြကြသည်။ ဟန့်တားချက်အမျိုးမျိုး၊ ကန့်သတ်ချက်အမျိုးမျိုးကို ထုတ်ပြန်ကြသည်။

လိုက်နာခြင်းမပြုလျှင် အရေးယူ အပြစ်ပေးခြင်းခံကြရသည်။ သို့ဖြစ်၍ သူးမွဲထစခန်းရှိ လူအားလုံးမှာ ဆရာတော်အား သူးမွဲထမှာသာ ရှိနေ စေချင်ကြသည်။

သို့သော်. . .

မြိုင်ကြီးငူဆရာတော်အနေဖြင့်မူ ကြီးမားသော ဝန်ထုပ်ကြီးကို ပခုံးပေါ် ထမ်းထားရသည်မို့ ထိုင်နေလို့တော့ ဘာမှဖြစ်လာမည်မဟုတ်သဖြင့် တစ်သွားတည်း သွားနေရသည်။ သာသနာပြုစခန်းအသီးသီးသို့သာမက ကေအင်န်ယူတို့၏ ဌာနချုပ်စခန်း "မာနယ်ပလော"သို့လည်း အခါပေါင်းများစွာ၊ အခေါက်ပေါင်းများစွာ သွားခဲ့ရသေးသည်။

ယခုနှစ် ဝါဆိုဦးက ဖြစ်ခဲ့ရသော အခြေအနေပေါ် မူတည်၍ ကေအင်န်ယူတို့သည် မြိုင်ကြီးငူဆရာတော်အား မမိုတ်သော မျက်စိပေါင်းများစွာဖြင့် စောင့်ကြည့်နေကြသည်။ အနေအထားတစ်ခုခု မထူးလေနှင့်။ ထူးသည်နှင့် ဗိုလ်မြကဆင့်ခေါ်သည်။ မသွားချင်ချင်၊ မချင်ချင် သွားရသည် ချည်း။ ယခုလည်း သွားဖို့ ကြုံလာပြန်ချေပြီ။

## မှုပင်လယ် ဝေလို့ဝိုင်းစဉ်က

ဝါခေါင်လဆန်း ၉ ရက်။

ဟောအင်န်ယူဌာနချုပ် မာနယ်ပလောမှ ဗိုလ်မြကအမြန်လာရောက်တွေ့ဆုံပါ၊ အရေးကြီးသည်ဆို၍ သွားခဲ့ရသည်။ ခရီးရောက်မဆိုက်မှာပင် -

"ဘုန်းကြီး၊ မေတော်ကြိုးမှာ နင်ထားတဲ့ရသေ့ဟာ ဗမာဗိုလ်ကြီးတစ်ဦး ဖြစ်တယ်၊ အမြန်ပြန်ခိုင်းလိုက်ပါ။ ထားရင် တစ်နေ့နေ့မှာ တို့အတွက် အန္တရာယ်ဖြစ်လာနိုင်တယ်၊ သိရဲ့လား"

"ဦးရသေ့ဟာ ဦးဇင်းနဲ့အတူနေခဲ့တာကြာပြီ၊ ဒီကိစ္စအတွက် အားလုံးတာဝန်ယူတယ်၊ ဘာမှ မဖြစ်စေရပါဘူး"

"ပြီးတော့ သူ့ညီမဆိုပြီး ဖွားသီလတစ်ယောက်လည်း ရှိသေးတယ်။ သူ့မှာ လက်နက်ပုန်းနှင့် စက်တစ်လုံးရှိတယ်။ အဲဒါ အမြန်ပြန်ခိုင်းလိုက်ပါ။ မပြန်ရင် တို့တက်ပြီး မောင်းချရလိမ့်မယ်။ တို့ဆီမှာ ဖွားသီလရှင်တွေရှိတာ မကြိုက်ဘူး။ တို့စည်းရုံးရေးပျက်တယ်။ ဒင်း ဒီကိုလာတာ တို့စည်းရုံးရေးကို လာဖြိုခွဲနေတာနဲ့ အတူတူပဲ"

"အဘိုးတို့ရဲ့ စည်းရုံးရေးကို လာဖြိုခွဲတာ မဟုတ်ပါဘူး။ တောင်ပေါ်သူ ကရင်အမျိုးသမီးကလေးများ ယဉ်ကျေးပါစေ၊ နားမျက်စိ ပွင့်ပါစေတော့ရယ်လို့ စာသင်ပေးနေတာပါ"

"မလိုချင်ဘူး၊ ဘာစာတွေ လာသင်ပေးနေသလဲ၊ တို့ပြဋ္ဌာန်းထားတဲ့ ကရင်စာမှအပ ဘယ်စာမှ မသင်ရဘူး။ နားလည်လား၊ ပြီးတော့"

"အင်း. . . ပြောပါဦး"

"နင် မယ်ကဇောဘုရားမှာ တောင်တန်းသာသနာပြုကျောင်း ဖွင့်ထားတယ်။ အဲဒါ ဘာသဘောလဲ၊ ပြောစမ်း။ တို့ပညာရေးစနစ်ကို ထိခိုက်တယ်။ အမြန်ရုပ်သိမ်းလိုက်၊ ကြားလား"

(မှတ်ချက် ။ ဗိုလ်မြပြောသော ပညာရေးစနစ်ဟူသည်မှာ ကရင် ခရစ်ယာန်စာပေ သင်ကြားခြင်း ဖြစ်သည်။)

"မယ်ကဇောဘုရားမှာ တောင်တန်းသာသနာပြု မရှိပါဘူး။ ကိုရင်လေးတွေပဲ ရှိတာပါ။ သူတို့ကလည်း သူတို့နှင့်ဆိုင်တဲ့ ဗုဒ္ဓစာပေကို လေ့လာသင်ကြားနေကြတာတွေပါ"

"မလိုဘူး၊ တို့မှာ ကျောင်းရှိတယ်။ ကျောင်းသားတွေ၊ ကိုရင်ပေ့ွကို လက်ခံပြီး စာသင်ပေးမနေနဲ့။ ဗမာစာသင်တာ တို့မကြိုက်ဘူး။ ပြင်းပြင်းထန်ထန် ကန့်ကွက်တယ်။ ဒါ နောက်ဆုံးသတိပေးခြင်းပဲ"

စကားပြောနေရင်းကြားမှ ဝံပုလွေနှင့် သိုးငယ် ပုံပြင်ကလေးကို သတိရမိသည်။ အပြစ်ရှာချင်သူ ဝံပုလွေက လျှောက်လဲချက်တင်သောသိုးငယ်အား "နင်မဟုတ်ရင် နင့်အဖေဖြစ်တယ်၊ ဒါကြောင့် နင့်ကို ငါစားရလိမ့်မယ်" ဟူသည့်နှယ် ဖြစ်နေချေသည်။

တစ်ဆက်တည်း တွေးမိသေးသည်မှာ -

"ဩော်. . . သူတို့က တို့ကို တစ်မျိုးမဟုတ်တစ်မျိုး၊ တစ်နည်းမဟုတ် တစ်နည်းနှင့် ဒုက္ခပေးဖို့ ကြိုးစားနေကြပါလား။ ငါက ငါ့ဘာသာငါ သာသနာအကျိုးအတွက် ဆောင်ရွက်နေတာကို သူတို့က မကြိုက်ဘူး။ ပြုစုစောင်းမြောင်းကြတယ်။ တို့ ဗုဒ္ဓသာသနာ ပြန့်ပွားမှာကို လုံးဝမလိုလားကြဘူး။ ဘာသာရေးဖိနှိပ်မှုဟု မဆိုချင်သော်လည်း ချုပ်ခြယ်မှုတော့ ရှိလာနေပြီ။ သည်အတိုင်းဆို အကျယ်အကျယ်နှင့် မငြိမ်းဖွယ်ဖြစ်ရတော့မယ်။ မဖြစ်ချင်ဘဲ ဖြစ်ရချေတော့မယ်"

အတွေးကို ရင်မှာပိုက်၍ ဗိုလ်မြထံမှ ပြန်လာခဲ့သည်။ ရှေ့မှာ လာမည့်အရေးပေါင်းများစွာအတွက် ရင်လေးမိသဖြင့် မရွှင်နှလုံးက မပြုံးနိုင်ပါပြီ။ မိမိတစ်ဦးတည်းအတွက်ဆို ဘာမှ မှုစရာမလိုပါ။ ယခုမူ ထောင်သောင်းချီသော တပည့်သားမြေးများ၊ ပြီးတော့ နားမျက်စိပွင့်မည် ဟန်ပြင်နေကြသေ

မ်မ်တို့ ကရင်အမျိုးသားများ၊ ပြီးတော့ အားခဲပြုစုပျိုးထောင်ခဲ့သည့် ဗုဒ္ဓသာသနာရောင်ဝါ။

ထိုထိုတို့အတွက် တွေးလေတွေးလေ ဆွေးမပြေသကဲ့သို့သာရှိရတော့သည်။ ပြဿနာတစ်ခုဖြစ်လျှင် အကောင်းဆုံးသော ဖြေရှင်းနည်းမှာ "မြွေမသေ တုတ်မကျိုး" ဖြစ်သည်။ ဤကဲ့သို့ ဖြေရှင်းခြင်းသည်သာ အကောင်းဆုံး။ ယခုမူ တစ်ဖက်သူက အားစိုက်၍ တအားရိုက်ပြီ ဆိုမှတော့ မြွေသော်လည်းကောင်း သေမည်။ တုတ်သော်လည်းကောင်း ကျိုးမည်။ နှစ်ခုစလုံးသော်လည်းကောင်း ပျက်စီးခြင်းသို့ ရောက်ရချေတော့မည်။

တွေးရသည်မှာ "ဆူးကြားမှာ သီးသော ဘူးသီးနှယ်" ဟိုလည်း မလူးသာ၊ သည်လည်း မလွန့်သာ ရှိချေသည်။ မိမိသာသနာပြုလုပ်ငန်းသည်လည်း ယခုမှ အရှိန်ရစပြုနေသည်။ လှေပြေးတုန်း တက်ကို ရိုက်ချိုးခံရသည့်နှယ် ပါတကား။

မိမိမှာ အာဏာလည်းမရှိ၊ လက်နက်လည်းမရှိ။ ဤသို့ ဘာမှမရှိသူကို အာဏာရော လက်နက်ပါပြု၍ နှင်နေချေပြီ။

"ဩော်. . .
ချောင်းရေကလျှံ၊ ကန်ရေကတိုး
လှော်တက်ကျိုးလို့၊ ထိုးဝါးမမီ
ရေလယ်ဆီက လှေငယ်ရှင်
သေဖွယ်ပင် ကောင်းလှပါဘိတယ်" ဟုပင် ညည်းချင်မိရသည်။ သို့သော် မသေ. . . မသေ။ ငါမသေသေး။ နင်လားဟဲ့ လောကဓံ။ ဝဋ်ရှိသမျှတော့ ခံလိုက်မည်။ ငါ့ရည်ရွယ်ချက်တော့ အပျက်မခံနိုင်။

မြိုင်ကြီးငူဆရာတော် တွေးစိတ်ဖြင့် ဆွေးရိပ်ပေါ်ငြား မျက်စိထဲမှာ တပည့်သားမြေးများ၊ မိမိအမျိုးသားများကို မြင်ယောင်လာသည်မို့ ကြုံလာသော လောကဓံကို ကြံ့ကြံ့ခံရင်ဆိုင်၍ ရည်ရွယ်ချက်ကို ဆက်လက်အကောင်အထည်ဖော်ရန် ဆုံးဖြတ်လိုက်သည်။

သူးမွဲထသို့ ပြန်ရောက်ချိန်မှာ မိုးပင်ချုပ်စပြုနေပြီ။

**********

ဗိုလ်မြဆီမှ ပြန်လာပြီး နှစ်ရက်မြောက်သောနေ့။

(ဝါခေါင်လဆန်း ၁၁ ရက်နေ့)

မေတော်ကြီးမှာ ရှိနေသော ဦးရသေ့နှင့် ညီမ ဒေါ်ဝဏ္ဏာစာရီ (သီလရှင်)၊ ၎င်းနောက် တောင်ပေါ်သူ သီလရှင်ကလေးများအတွက် အကောင်းဆုံး မည်သို့ လုပ်ရမည်နည်းဟု တွေးတောစဉ်းစားနေဆဲ မေတော်ကြီးနှင့် ပတ်သက်သော သတင်းတစ်ခုကို ကြားသိရသည်။

ကေအင်န်ယူမှ ဖဒိုဝေလမင်းနှင့်အဖွဲ့သည် မေတော်ကြီးဘုရားသို့ တက်ရောက်လာသည်။ တောင်ပေါ်ရှိ ရဟန်းသံဃာများ၊ ရသေ့နှင့် သီလရှင်များကို စည်းဝေးစေပြီး အောက်ပါအတိုင်း ပြောကြားသည်ဆိုမလား၊ အမိန့် ပြန်တမ်းထုတ်သည်ဆိုမလား၊ အထက်အမိန့်ကို ဦးထိပ်ရွက် ပန်ဆင်လျက် ဖဒိုဝေလမင်း ဆိုသည် -

"နင်တို့ ဒီတောင်ပေါ်မှာ နေလို့ မရတော့ဘူး၊ အခုချက်ချင်းဆင်းပြီး ပြန်ကြပါ။ ဗိုလ်မြအမိန့်နှင့် ငါပြောခြင်း ဖြစ်တယ်"

ဒေါ်ဝဏ္ဏာစာရီက စကားပြန်ပြောသည်။

"ဆရာလေးတို့က မြိုင်ကြီးငူဆရာတော်ခေါ်လို့ ရောက်လာတာပါ။ ဆရာတော် မပြန်ခိုင်းဘဲ ပြန်လို့မရဘူး။ ဆရာတော်က ပြန်ဆိုရင် ခုပဲ ပြန်မယ်။ နင်တို့ပြောတိုင်း တို့မပြန်ရဘူး"

"အေး. . . ငါ အခု နင်တို့ကို ကောင်းကောင်းပြောနေတယ်။ ခေါင်းမာရင် ဒုက္ခဖြစ်သွားမယ်နော်။ စကားကို သတိထားပြီး ပြောပါ"

"ဆရာလေးတို့က တောင်ပေါ်သူ၊ တောင်ပေါ်သားတွေကို လိမ္မာယဉ်ကျေးအောင်ဆိုပြီး တမင်သက်သက် အပင်ပန်းခံပြီး တက်လာတာပါ။ အဲဒါ မပြန်ပါရစေနဲ့"

"တို့ဆီမှာ ဗမာစာသင်တာ မကြိုက်ဘူး၊ ကရင်စာပဲ သင်ရမယ်၊ နင်တို့ဗမာစာကို တို့လက်မခံနိုင်ဘူး။ အမြန်ပြန်ဆင်းလိုက်ပါ။ ရှေ့ဆက် ဘာမှ ထပ်မပြောနဲ့တော့။ သုံးရက်အချိန်ပေးမယ်။ ဒီထက်ကျော်လာရင် တို့ကို အဆိုးမဆိုနဲ့။ ဒါပဲ" '

ဒေါ်ဝဏ္ဏာစာရီ ဘာမှ မပြောသာပြီ။ အစ်ကိုဖြစ်သူ ဦးရသေ့လည်း နှုတ်ဆိတ်နေလိုက်ရပြီ။

ရာဇသံပေး၍ ဖဒိုဝေလမင်းနှင့်အဖွဲ့ ပြန်သွားသည်။ ဒေါ်ဝဏ္ဏာစာရီ အဖို့ ပြန်ရမည့်အရေးကို ဝန်လေးလှသည်မဟုတ်။ မြို့ပေါ်ရှိ မည်သည့် သီလ

ရှင်စာသင်တိုက်မှာမဆို နေ၍ ဖြစ်သည်။ ဓမ္မာစရိယဘွဲ့ ရရှိထားသူမို့လည်း ဒေါက်ကျနောက်ကျ ဖြစ်ဖွယ်မရှိပြီ။ ကျန်ရစ်ရှာမည့် သီလရှင် တောင်ပေါ်သူ ငလေးများအတွက် ငဲ့နေရသည်။ သူတို့လေးတစ်တွေသည် ခုမှ စာနလေးပေလေး နည်းနည်းပါးပါး ဖတ်တတ်စပြုလာသည်။ မိမိ ဆင်းသွားခဲ့သော် သူတို့ ပညာ ရေး မည်သို့ ရှိမည်နည်း။ ကိုယ့်အရေးထက် သူတို့လေးတွေအရေးကို တွက်နေ ရသည်။ ပြီးတော့ သူတို့လေးတွေနှင့် အတူတကွ ရင်းနှီးကျွမ်းဝင်စွာ မိသားစု ကြီးသဖွယ် နေထိုင်ခဲ့ရသည်မို့ သံယောဇဉ်ဆိုသော အမျှင်တန်းက တန့်ခနဲ နေအောင် ဆွဲဆုပ်ထားသည်။ ပြန်ဖို့တွေးမိလေတိုင်း မျက်နှာငယ်လေးများဖြင့် ရှိနေကြမည့် သူဘို့လေးတွေ၏ မျက်နှာလေးများကို ဒေါ်ဝဏ္ဏစာရီ၏နှလုံးသား ဝယ် ပီပီပြင်ပြင် မြင်နေရသည်။

ထိုကို မြင်ယောင်မိလေတိုင်း ရင်ဆို့မတတ် ခံစားရသည်။ ရင်ထဲမှာ တင်းကျပ်နေသည်။ လည်ချောင်းမှာ ဆို့တက်နေသည်။ တစ်ဦးနှင့် တစ်ဦး ခေါ်ပြောခြင်းကို မပြုနိုင်ကြပြီ။ အရေးရှိသဖြင့် ခေါ်မိလျှင်သော်မှ ငိုသံစွက် သည့်တုန်ရီအက်ကွဲသောအသံက ရှေးဦးပေါ်ထွက်လာရသည်။ ငိုသံပါသော အသံကို ကြားရသူအဖို့မှာလည်း ငိုချင်ရက် လက်တို့ဖြစ်သွားနေပြန်သည်။ တစ်ဦးကို တစ်ဦး ကြည့်၍ မျက်ရည်သွယ်သွယ်ကျနေပြန်သည်။ ပြောမည့် စကား ရှေ့မဆက်သာပြီ။

ဒေါ်ဝဏ္ဏစာရီ၏ ဖြစ်အင်ကို မြင်ရသော တောင်ပေါ်သူ သီလရှင် ငယ်များမှာ ရင်ထဲ မချိတင်ကဲဖြစ်လွန်းသည်မို့ ဆရာဖြစ်သူ၏ မျက်နှာကို မကြည့်ဝံ့အောင် ဖြစ်နေသည်။ ဟိုနားစုစု၊ သည်နားစုစုဖြင့် မှိုင်တွေးရင်း ထိုင်ဆွေးနေကြသည်။

နောက်ဆုံးတော့ လောကနီတိဆရာစကားအတိုင်း "ကလေး၏ အား သည် ငိုခြင်းတည်း၊ မိန်းမတို့၏အားသည် မျက်ရည်ကျခြင်းတည်း" ဟူသည် ကဲ့သို့ မျက်ရည်တွေတွေကျခြင်းဖြင့်သာ ဖန်လာသော ကံကြမ္မာကို အန်တုနေ ကြရရှာသည်။ ငိုရလွန်းသဖြင့် မျက်စိများ နီရဲနေသည်။ မျက်ခွံများလည်း မို့အစ်နေသည်။ အသားဖြူသူ တောင်ပေါ်သားများပေမို့ နှပ်ညှပ်ရလွန်းသဖြင့် နှာသီးဖျားကလေးများပင် ရဲရဲတွတ် နီနေကြပြီ။

သည်အတိုင်းနေ၍ မဖြစ်ပြီ။ တစ်ခုခုတော့ လုပ်မှ ဖြစ်တော့မည်ဟု ဦးရပ်ဦးရော သံဃာများပါ တိုင်ပင်ကြပြီး မြို့ကြီးဌာဆရာတော်အား ဖြစ် ကြောင်းကုန်စင်ကို စေစား၍ လျှောက်တင်လိုက်ရသည်။

✻✻✻✻✻✻✻✻✻✻

ဝါခေါင်လဆန်း ၁၃ ရက်။

စက်လှေတစ်စီး ရောက်လာသည်။ မြင်ကြီးငူဆရာတော်အား ယခု လွှတ်လိုက်သောလှေဖြင့် ယခုချက်ချင်း လာခဲ့ပါရန် ဆင့်ခေါ်လာခြင်း ဖြစ်သည်။ ဗိုလ်မြက "ဖွေးဘော်လူ" မှ လွှတ်လိုက်ခြင်းဖြစ်သည်တဲ့။

မသွားချင်ပါ။ သွားတိုင်းသွားတိုင်း ကလေးငယ်တစ်ယောက်လို ဆူပူ ကြိမ်းမောင်းခံရသည်မို့ မသွားလိုလှပါ။ သို့သော် တစ်နေ့ (၁၁ ရက်နေ့)က ဖြစ်ခဲ့သော ဖြစ်ရပ်အပေါ် အပြန်အလှန် သုံးသပ်ဆွေးနွေးလိုသဖြင့် လိုက်သွားသည်။

ဗိုလ်မြနေထိုင်ရာ ထိုင်းဘက်ကမ်းရှိ ဖွေးဘော်လူသို့ ရောက်၍ အိမ်ပေါ်တက်ကာ ထိုင်လို့ပင် အချိန်မရမီ ဗိုလ်မြက ပါးစပ်သေနတ်ပစ်တော့သည်။

"ဘုန်းကြီး၊ မေတော်ကြိုးမှာနေတဲ့ နင့်ဖွားသီလတွေကို အမြန်ပြန်ခိုင်းလိုက်ပါ။ သူ့ဆီမှာ လက်နက်နှင့် စက်ရှိတယ်လို့ တို့သတင်းအတိအကျရထားတယ်။ အဲဒါ ချက်ချင်း ပြန်ခိုင်းလိုက်ပါ။ တောင်ပေါ်ကရင်မလေးတွေကို သီလရှင် ဝတ်ပေးထားတာလည်း အမြန်ထွက်စေလိုက်ပါ။ တို့မသိဘဲ နင် ဘာမှ မလုပ်ရဘူး"

"ခုနေခါ ဝါတွင်းကာလလည်း ဖြစ်နေကယ်။ မိုးကြီးတဲ့ရာသီလည်း ဖြစ်တယ်။ သီတင်းဝါလကျွတ်တဲ့အထိ စောင့်ဆိုင်းပေးပါ။ သီတင်းကျွတ်ရင် ပြန်ပို့ ပါ့မယ်၊ စိတ်ချပါ"

"မရဘူး၊ ခုပြန်ပို့လိုက်၊ တောင်ပေါ်မှာ မိန်းမတွေနေလို့ မသင့်ဘူး။ တို့ မကြိုက်ဘူး၊ သိရဲ့လား"

"အေးလေ၊ ဒါဆိုလဲ ပြန်ပို့ပေးရတာပေါ့။ အဘိုးတို့ စိတ်ချမ်းသာမယ် ထင်သလိုလုပ်ပါ။ ကဲ. . . ဦးဇင်း ပြန်မယ်"

အကျေအလည် ဆွေးနွေးမည် အကြံနှင့် လာခဲ့သည်။ ဆွေးနွေးမှုကို လက်သင့်မခံ။ တစ်ယူသန်အတွေးဖြင့် ပြန်ပို့ပေးရေးကိုသာ အတွင်သား ဆိုနေသည်။ မတတ်နိုင်တော့။ သီလရှင်များ ပြန်ပို့ပေးရေးကိုသာ အာရုံစိုက်ရတော့သည်။

သူးမွဲထသို့ လာပြန်ပို့သောစက်လှေဖြင့် ကေးဒို့ကို လွှတ်၍ မေတော်ကြိုးမှာ ရှိသော သံဃာများ၊ သီလရှင်များကို သူးမွဲထသို့ လာခဲ့ကြရန် မှာကြားလိုက်ရတော့သည်။

ဝါခေါင်လဆန်း ၁၄ ရက် နံနက်။

ကြည်လင်ရွှင်ပျခြင်း ကင်းသော မျက်နှာလေးတွေ ကိုယ်စီဖြင့် သာမဏေများ၊ သီလရှင်များ သူးမွဲထသို့ ရောက်လာကြသည်။ "ကံဆိုးမသွား ရာ မိုးလိုက်လို့ရွာ" သည်ဟုပင် ဆိုရမည်။ မိုးထဲလေထဲမှ သူးမွဲထသို့ ရောက်လာကြသည်။

မိုးကား အာကာဝေဟင် အဇ္ဈောတစ်ခွင်လုံး မှိုင်းအုံ့ညိုမည်းနေသည်။ မိုးရေပေါက်ကြီးများကို ဒလဟော သွန်းချနေသည်။ ဘယ်သူတွေ ဘာဖြစ်နေသည်ကို သူမမှု။ သူ့အချိန် သူ့အခါမို့ သူ့ရာသီနှင့် လိုက်အောင် သဲသဲမဲမဲ ရွာနေသည်။ ထိုထိုအရေးတွေနှင့် စိတ်ရှုပ်နေသည့်ကြား သဲနိုင်လွန်းရန်ကော၊ ရွာနိုင်လွန်းရန်ကော ဟု အဌာနကောပ (အရာမဟုတ်သည်၌ စိတ်ဆိုးခြင်း) ဖြစ်မိရသည်။

"အေးပေါ့ကွာ၊ မိုးကောင်းတုန်း ရွာထားလိုက်ဦးပေါ့" မဆိုချင်ပေမယ့် ဆိုလိုက်ရသည်။

မိုးနှင့်အတူ ရောက်လာသော ကိုရင်ငယ်များ၊ သီလရှင်ငယ်လေးများ၏ မျက်နှာသည် ပြိုနေဆဲမိုးသို့နှယ် မှိုင်းညို့ရီဝေနေသည်။ ဆရာတော်အား ဖူးမြော်လိုက်ရသည်တွင် အားလုံးကိုယ်စီ မျက်ရည်ဖြိုင်ဖြိုင်ကျနေကြသည်။ အပြင်မှာ ရွာသောမိုးနှင့်အပြိုင် သူနိုင်ငါနိုင် ပြိုင်နေသကဲ့သို့ ရှိသည်။

မိုးသည် အပူဒဏ်ကြောင့်ဖြစ်သော ရေငွေ့တို့၏ ပျံတက်စုစည်းမှုကြောင့် ဩကာသလောကကြီး သာယာစိုပြည်စေရေးအတွက် ရွာချပေးသည်။ ရွာသောမိုးကြောင့်လည်း လောကကြီး သာယာစိုပြည်ပါသည်။ သို့ဆိုပါလျှင် ရွာပါလေ ကိုရွှေမိုး၊ သဲသဲမည်းမည်း ဖြိုး၍ဖြိုး၍ တိုး၍သာ ရွာပါလေဟု ဆန္ဒပြုကြသည်။

ဤအတူ. . .

ရင်တွင်းမှဖြစ်ပေါ်လာသော သောကဗျာပါဒ အပူရှိန်ငွေ့ကြောင့် ကျဆင်းစွေယိုခဲ့ရသော သာမဏေငယ်၊ သီလရှင်ငယ်များ၏ မျက်ရည်မိုးသည်လည်း နိုင်ထက်ကလူပြုသော ထိုထိုသူတို့အဖို့ နှလုံးစိတ်ဝမ်း အေးချမ်းကြမည်ဆိုပါလျှင် ရွာပါမည်လေ။ ပကတိသော မိုးနှင့်အပြိုင် ဖြိုင်ဖြိုင်ကျ၍ ရွာပါမည်၊

ကိုယ့်အမျိုးသားချင်း သွေးသားအရင်းတို့၏ မျက်ရည်မိုးနှင့် ဆွတ်ဖျန်းပါမှ သူတို့၏ နှလုံးစိတ်ဝမ်း အေးချမ်းကြမည်ဆိုလျှင် ကျမျက်ရည်စွေကားလျှမ်းလို့ ခန်းသည့်တိုင်အောင် ရွာပေးပါမည်။

ကျေနပ်တော်မူပါလေစ ထိုထိုသူဆိုရလောက်အောင်ပင် ကိုရင်ငယ်လေးများ၊ သီလရှင်လေးများ၏ မျက်ရည်များက တားမရ ဆီးမရနိုင်။ ဖြိုင်ဖြိုင်ကျလျက် ရှိနေသည်။ တချို့များ တဟင့်ဟင့်အသံထွက်၍ပင် ဝမ်းပန်းတနည်းရှိုက်ကြီးတငင် ငိုနေကြသည်။ တချို့မှာတော့ အတတ်နိုင်ဆုံး အောင့်အည်းထားရလင့်ကစား ထိန်းမရ သိမ်းမနိုင် ပွင့်အံထွက်လာရသဖြင့် တအိအိအသံဖြစ်လျက်ရှိသည်။

တချို့များ ဆရာတော်အား ရှိခိုးဝတ်ပြုရာမှ ခေါင်းပြန်မထောင်လာတော့လောက်အောင် တစ်ကိုယ်လုံး သိမ့်သိမ့်ခါလျက် ငိုကြွေးသည်။

တချို့မှာ လက်တစ်ဖက်က ထောက်လျက်၊ တစ်ဖက်သော လက်က သီလရှင်ဝတ်ရုံစကလေးကို ကိုင်ကာ ငုံ့နေသော မျက်နှာကို မခွာစတမ်း အုပ်ထားကြသည်။

မြိုင်ကြီးငူဆရာတော်သည် မိမိရှေ့မှောက်မှာ အမျိုးမျိုးအဖုံဖုံ ငိုကြွေးနေသည့် သားတပည့်ငယ်၊ သမီးတပည့်ငယ်များ၏ ဖြစ်အင်ကို မျက်ဝါးထင်ထင် မြင်တွေ့နေရသည်မို့ ဆရာတော်ကိုယ်တိုင် မခိုင်စိတ်ဝမ်း မျက်ရည်ကလေးများသော်မှ စမ်းစမ်းစမ်းစမ်းနှင့် ဖြစ်နေချေသည်။ မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ်လုပ်၍ အနိုင်နိုင်ထိန်းထားရသည်။ လောကဓံပူငွေ့ကို တွေ့တွေ့ရင်ဆိုင်ခဲ့ဖူးပေါင်းများပြီမို့ မျက်ရည်မကျအောင်တော့ ထိန်းထားနိုင်ခဲ့သည်။

သို့သော် ရင်တွင်းမှ အပူမီးကိုဖြင့် မတားဆီးနိုင်ချေ။ ဦးဆောင်ဦးရွက်ပြုနေရသူပီပီ ပူပင်လယ်ဝေလို့ ဝိုင်းနေရသည့်အထဲ ဝမ်းနည်းစရာဖြစ်အင်ကို မျက်မြင်တွေ့ရှိနေရသည်မို့ ရင်ထဲမှာ ဗလောင်ဆူ သည်အပူကူလို့ ငြိမ်းကြပါဦးလို့ပင် ဆိုရမလောက်ဖြစ်နေသည်။

"ဟယ်. . . တတ်နိုင်ပြီဘူး၊ ဒင်းတို့တစ်တွေ လုပ်ရက်ကြတော့ ဝဋ်မကင်းတဲ့ ငါတို့တစ်တွေ ခံလိုက်ကြရဦးမယ်ပေါ့လေ။ သည်းခံပါသည်လေ၊ ဝဋ်ကြွေးရှိသမျှ ဤဘဝ ဤအဖြစ်နှင့်ပင် ကျေပါစေ"

ဟု အနိုင်နိုင် ဖြေဆည်ရင်း ရှေ့ရေးအတွက် အစီအစဉ်တစ်ခုကို ဆွဲလိုက်သည်။

"မဝဏ္ဏတို့ သည်ကျောင်းအောက်ထပ်မှာပဲ သင့်သလို နေကြဦးပေါ့။ မိုးတွင်းကာလကြီး သွားလာရ ခက်ခဲပါဘိသနဲ့။ ဒီမှာပဲ ခေတ္တ သည်းခံပြီး နေကြဦးပေါ့နော်။ ဝါကျွတ်မှ အေးအေးဆေးဆေး စီစဉ်ကြတာပေါ့"

"မှန်ပါဘုရား၊ ဆရာတော် အမိန့်ရှိသည့်အတိုင်းပါ ဘုရား။ ဆရာတော်ဘုရား စီစဉ်သည့်အတိုင်း တပည့်တော်မတို့ လိုက်နာပါ့မယ်ဘုရား"

"ကဲကဲ. . . ဒါဆို ရေစိုနေတဲ့ အဝတ်တွေလဲကြ၊ နေရာထိုင်ခင်းတွေ ပြင်ဆင်ကြပေါ့"

"မှန်ပါဘုရား"

ကိုရင်ငယ်လေးများက ကျောင်းကြီးအပေါ်ထပ်မှာ နေရာယူကြသည်။ မဝဏ္ဏနှင့် သီလရှင်များက အောက်ထပ်မှာ နေရာပြင်ဆင်ကြသည်။

တအောင့်လောက်အကြာမှာ ကိုရင်ငယ်လေးတစ်ပါး ဆရာတော်နားသို့ ချဉ်းကပ်ရှိခိုးပြီးနောက် -

"ဆရာတော်ဘုရား၊ ဒေါ်ဝဏ္ဏ ချော်လဲလို့ လက်တစ်ဖက် ကျိုးသွားပြီ ဘုရား၊ ထမရဖြစ်နေတယ်"

"ဟေ. . . ဟုတ်လား"

"မှန်ပါဘုရား"

"ဒါဆိုရင် မြန်မြန်သွားစမ်း၊ နနွင်းတက်နှင့် နှမ်းဆီရောထောင်းပြီး ငါ့ဆီအမြန်ယူလာခဲ့စမ်း"

"မှန်ပါဘုရား"

ကိုရင်ငယ် ပြေးထွက်သွားသည်။ ခဏနေ နှမ်းဆီနှင့် ထောင်းပြီးသား နနွင်းများကို ယူလာသည်။ ထုံးစံအတိုင်း သစ္စာပြု၍ ပေးလိုက်ကာ ကျိုးသွားသောလက်ကို ၎င်းဖြင့် လူး၍ ကျပ်စည်းခိုင်းလိုက်သည်။

လောကတစ်လွှားမှာ ပြောကြသည့် စကားတစ်ခွန်းရှိသည်။ အကုသိုလ်ဝင်ပြီဆိုလျှင် တစ်ဦးတည်းမလာ၊ အဖော်အပေါင်းနှင့် တပြုံတခေါင်းကြီး ပျော်ပျော်ပါးပါး လာတတ်ကြသည်တဲ့။

ယခု ဒေါ်ဝဏ္ဏစာရီအဖြစ်က ထိုစကားနှယ် ဖြစ်နေလေသည်။

လက်ကျိုးသော ဝေဒနာကား မသက်သာလေခဲ့။ ဒေါ်ဝဏ္ဏစာရီသည် လက်ကျိုးသော ဝေဒနာကို မော်လမြိုင်သို့ ဆင်း၍ ကုချင်သည်ဟု ဆိုလာသည်။

"ကိုင်း. . . ဒါဖြင့်လည်း သွားကြတာပေါ့" ဟု ဆိုပြီး လှေစီစဉ်သည်။ သီလရှင်ငယ်များပါ အကုန်တင်လျက် ကမ်းလုံးလျှံနေသော သံလွင်မြစ်ကြောင်းကို စုန်ဆင်းခဲ့သည်။

ဝါဆိုဝါခေါင် ရေဖောင်ဖောင်မို့ သံလွင်မြစ်ရေသည် လက်ဖက်ရည်ဖျော်ထားသည့်အရောင်နှင့် အရှိန်ပြင်းစွာ စီးဆင်းနေသည်။ သည်လမ်း သည်ခရီး အန္တရာယ်ကြီးမှန်းလည်း သိသည်။ မိုးသည်းနေသည်၊ လှိုင်းကြီးနေသည်၊ ရေစီးသန်နေသည် ရွေးမနေအားတော့ပေ။ အကုန်လုံးကို သိမ်းကျုံးကာ လှေပေါ် တင်၍ ဆင်းခဲ့သည်။

ကံအားလျော်စွာ ဟတ်အတန်တန်ကို ကျော်ရင်း လွန်မြောက်ခဲ့သည်။ တောင်ကြားဂိတ်သို့ရောက်သော် ဂိတ်မှ လက်ယပ်ခေါ်သည်။ မကပ်စေဘဲ ဆက်မောင်းခိုင်းသည်။ ဤတောင်ကြားဂိတ်သည် ဆင်းလာသမျှသော လှေများကို စစ်ဆေးသည်။ မသင်္ကာဖွယ်တွေ့လျှင် ထုံးစံနှင့်အညီ အပြစ်ပေးသည်။ ဆရာတော်တို့ စီးသောလှေကိုလည်း ရပ်တန့်စေသည်။ ဆရာတော်က မရပ်တန့်။ ဆက်မောင်းစေသည်။ ရပ်ခိုင်းသည်ကို မရပ်လျှင် ဂိတ်မှ သေနတ်ဖြင့် ပစ်လေ့ရှိသည်။ ယခုမူ ဆရာတော် ပါနေသဖြင့် ဘာမှမလုပ်ဘဲ လွှတ်ပေးလိုက်သည်။ အကယ်၍ ဆရာတော်သာ မပါခဲ့လျှင် ဤတောင်ကြားဂိတ်က သူတို့အားလုံးကို ဖမ်းဆီးထားမည်သာ ဖြစ်သည်။

**********

ဒေါ်ဝဏ္ဏာစာရီနှင့် သီလရှင်များကို မော်လမြိုင်သို့ ပို့ပေးပြီး ဝါခေါင်လပြည့်ကျော် ၂ ရက်နေ့မှာ သူးမွဲထသို့ ပြန်တက်ခဲ့သည်။ ည ကျိန်းစက်ပြီး နောက်နေ့ဝါပန်ကာ ခရီးဆက်ပြန်သည်။

မာမုရွာ ဦးကျော်ဟဲအိမ်သို့ နေ့ဆွမ်းအမီ ရောက်သည်။ ၎င်းမှ ချောလယ်ဒေါသို့ ခရီးဆက်ပြီး ဘုရားဒကာအိမ်မှာ ခေတ္တနားသည်။ သွေးမအေးမီ ထထွက်ခဲ့သည်။ ဤခရီးမှာ အားလုံးခြေကျင်ခရီးဖြစ်သည်။ ခြေမှန်အနေအထားဖြင့် လျှောက်လာရာ မိုးမချုပ်မီ တာခုလော်ကြီးတောင်ထိပ်သို့ ရောက်သည်။ ဗုဒ္ဓါမဏိဆံတော်ရှင်စေတီတော်မြတ်အား ဦးတိုက်ရှိခိုးပြီးနောက် သာသနောဒယသိမ်တော်အတွင်းသို့ ခေတ္တဝင်ရောင်ခိုနားကာ စံကျောင်းငယ်သို့ ကြွသွားသည်။ ထိုည ၎င်းစံကျောင်းငယ်တွင်ပင် ကျိန်းစက်သည်။

စံကျောင်းငယ်မှာ ဆရာတော်အတွက် သီးခြားဆောက်လုပ်ထားသော တစ်ပါးနေကျောင်းကလေးဖြစ်သည်။ ဤစခန်းသို့ ဆရာတော် ကြွရောက်တိုင်း ဤကျောင်းငယ်၌ပင် သီတင်းသုံးသည်။

တာခုလော်ကြီးတောင်သည် ဖာပွန်မြို့နယ်ရှိ တောင်တန်းများအနက် အမြင့်ဆုံးဖြစ်သည်။ အမြင့်ဆုံး ပေပေါင်းလေးထောင်ခြောက်ရာကျော်မြင့်သည်။ တာခုလော်ကြီး၊ တာကလောကြီး၊ တာကိုလော်ကြီး၊ တတ်ကလော်ကြီးဟူ၍ ကရင်ဘာသာဖြင့် အမည်လေးမျိုး ခေါ်တွင်သည်။ အကြောင်းဇာပွတ်ကို လိုက်၍ အသီးသီးခေါ်ဝေါ်ကြခြင်း ဖြစ်သည်။

၁။ တာခုလော်ကြီး ။ ဥတုသုံးပါးစလုံး အလွန်အေးပြီး အအေးဓာတ်ပိုသောကြောင့် တာခုလော်ကြီး (ချမ်းအေးတောင်) ဟု ခေါ်သည်။

၂။ တာကလော်ကြီး ။ ဤတောင်တွင် အမှားအယွင်းရှိခဲ့သော်လေတိုက်၊ မိုးရွာ၊ မိုးကြိုးပစ်စေသည် ဖြစ်တတ်သောကြောင့် တာကလော်ကြီးဟု ခေါ်သည်။

၃။ တာကိုလောကြီး ။ အရှေ့မှနေထွက်သည်နှင့် နေရောင်ဟပ်သောကြောင့် နေပူတောင် (သို့) နေလှမ်းတောင်၊ တာကလောကြီးဟုခေါ်သည်။

၄။ တတ်ကလော်ကြီး ။ ဤတောင်၌ သစ်ပင်ပန်းမန်များ စိုက်ပျိုးသော်လည်း အောင်မြင်ဖြစ်ထွန်းခြင်းမရှိ။ နှင်းပြဒါးထိပြီး ပျက်စီးတတ်သောကြောင့် တတ်ကလော်ကြီးဟု ခေါ်သည်။

လေးမည်ရ ဤတောင်ပေါ်တွင် သာသနာခြေချ၍ ဘုရားတည်ပြီးစကာလမှစ၍ ဖာပွန်နယ်တစ်ဝန်း (ကရင်ပြည်နယ် တစ်စိတ်တစ်ဒေသ အပါအဝင်) စစ်မက်ရေးရာများ အထိုက်အလျောက် ငြိမ်းချမ်းသွားသောကြောင့် ဤတောင်ကို ဆရာတော်က ငြိမ်းအေးတောင် (ဝါ) မဟာငြိမ်းအေးတောင်ဟု "အနွတ္ထသညာ" မှည့်ခေါ်စေသည်။

ဇုဒ္ဒိမဏ်စေတီတော်၏ မူလဘုရားဒကာမှာ ဒွေးမယ်နော်အစ်မဖြစ်သူ ဝဏ္ဏာပုပ္ပမည်သော နတ်ကညာတစ်ပါးဖြစ်သည်ဟု ပြောစမှတ်ပြုခဲ့ကြသည်။ မဟာငြိမ်းအေးတောင်၌ ဆောက်လုပ်ထားသော သာသနာ့ဒယသိမ်တော်ကို ဤတောင်မှ ပေါက်ရောက်သော သစ်မင်းသားသက်သက်ဖြင့် ဆောက်လုပ်ထားသည်။ မည်းနက်ပြောင်ချောပြီး အရောင်တလက်လက်တောက်နေသည်။ သိမ်တော်မှာ တစ်ထပ်တိုက်၊ အုတ်ပတ်ကျွားဖြစ်သည်။

ဤသည်တို့ကို ဆရာတော်က အောက်ပါရှစ်လုံးဖွဲ့ကဗျာ မှတ်တမ်းတင်ထားခဲ့သည်။

၁။ ဖာပွန်တစ်ဝှမ်း၊ တောင်တန်းတွေမှာ
အမြင့်ဆုံးရဲ့ ထိပ်တဲ့ပွဲချာ
တာခုလော်ကြီး၊ မည်ဖြိုးသညာ၊
နယ်တစ်ရိုး၊ ကျော်ဟိုးသည်လေတာ။

၂။ ဆံတော်ပန္နက်၊ တကယ့်မှန်စွာ
ဝဏ္ဏပုပ္ပ၊ ဒေဝကညာ
သဒ္ဓါမပျက်၊ တည်ခဲ့လေတာ
သချာပ၊ မည်ထဉ်နေရာ။

၃။ မိုးထိမြင့်မား၊ တင့်ကြွားလေတာ
သေလာတစ်ရိုး၊ မြူခိုးဝေဖြာ
လေထန်ပေရဲ့၊ တကယ့်နေရာ
ပွဲချာလွှမ်း၊ နေလှမ်းတောင်မဟာ။

၄။ သစ်မင်းသက်သက်၊ ခင်းလျက်အကာ
မပါတခြား၊ သစ်သားရောတာ
သာသနောဒယ၊ ပြောပြတည်ခါ
သီမာမြတ်၊ မှတ်အပ်သိမ်တော်ပါ။

ဤတာခုလော်ကြီး (မဟာငြိမ်းအေးတောင်) နှင့် စပ်လျဉ်း၍ ရှေးစကားစဉ်ဆက် ကြားထားဖူးရသည်။

တာခုလော်ကြီးတောင်သည် တောင်ပြောင် တောင်ကတုံးအတိဖြစ်၍ သစ်ပင်ပေါက်ခြင်း အလျဉ်းမရှိခဲ့။ အကယ်၍ ဤတောင်တွင် သစ်ပင်ပေါက်ပြီး ရှဉ့်ငယ်လေးများ (ရှဉ့်ငပေါ်ဟု ခေါ်သည်) တစ်ပင့်တစ်ပင် ခုန်ကူးပြေးလွှား ဆော့ကစား သွားလာနိုင်သည့်အခါ ထွန်းကားစည်ပင် ပြန့်ပွား၍ လူရှင်အများ သွားလာခိုဝင်ကာ စည်ကားသာယာစွာ ရှိလိမ့်မည်ဟု ရှေးမိနောက်မိ ကရင်အဘိုးအိုများမှတစ်ဆင့် ကြားဖူးရသည်။

မဟာငြိမ်းအေး (တာခုလော်ကြီး) တောင်မှာ ဘုရားတည်၊ သိမ်ကျောင်း ဆောက်လုပ်ပြီး သာသနာပြုစခန်း ဖွင့်ထားရာ သံဃာတော် ၆၅ ပါး ရှိသည်။ ကျောင်းတိုင်အဖြစ် ဆရာတော် ခန့်ထားသော အရှင်မှာ ဦးပဏ္ဍိစ္စဖြစ်သည်။ ဖာပွန်မြို့နယ် တံတားဦးရွာဇာတိဖြစ်သည်။ ဆရာတော်၏ ညွှန်ကြားချက်ကို ဦးလည်မသုန် လိုက်နာသည်။ ဒကာ၊ ဒကာမများ၏ ကြည်ညိုလေးစားခြင်းကိုလည်း ခံယူရရှိသူဖြစ်သည်။ သတ္တိဗျတ္တိရှိသည်။ ဆရာတော့်

**နည်းတူ အရာရာကို ငွဲဖြင့် ဆောင်ရွက်လေ့ရှိသည်။ တပည့်သံဃာများ၊ ဒကာ၊ ဒကာမများ၏** အားထားလောက်သော ရဟန်းတစ်ပါးဖြစ်သည်။

နံနက်လင်းသော် ကျောင်းထိုင်ဖြစ်သော ဦးပဏ္ဍိစ္စနှင့် မေးမြန်း ဆွေးနွေးသည်။

"ဦးပဏ္ဍိစ္စ၊ ဒီတောင်မှာနေရတာ အဆင်ပြေရဲ့လား"

"မှန်ပါဘုရား၊ အရှင်ဘုရားရဲ့ ဂုဏ်ကျေးဇူးတော်ကြောင့် အစစ အရာရာ အဆင်ပြေပါတယ်ဘုရား"

"ဥတုသပ္ပါယ၊ ပုဂ္ဂလသပ္ပါယ၊ ဘောဇနသပ္ပါယ စသည်တို့ကော ညီညွတ်မျှတမှု ရှိရဲ့လား"

"မှန်ပါဘုရား၊ အားလုံးသော သပ္ပါယများ ညီညွတ်မျှတကြောင်းပါ ဘုရား"

"သီတင်းသုံးကြတဲ့ ရဟန်းသာမဏေများ ဆိုင်ရာစာပေများကို မပျင်းမရိ ကြိုးစားသင်အံ ရွတ်ဖတ်မှုကော ရှိရဲ့လား"

"ဆိုင်ရာစာဝါများအလိုက် ကြိုးစားကျက်မှတ် နေကြပါတယ်ဘုရား၊ တပည့်တော်နှင့်အတူ စာချဆရာအဖြစ် ဦးနန္ဒိယကလည်း သင်ကြားပြသ ပေးပါတယ်ဘုရား"

"ဦးနန္ဒိယဆိုတာ ပျဉ်းမရွာက ဦးသိန်းအောင်သား ကျောင်းဆရာ ဆိုတာလား"

"မှန်ပါဘုရား"

"သူက ပန်းချီ၊ ကဗျာ၊ စာပေဝါသနာရှင်လို့လဲ ကြားသိရတယ်။ အေးပေါ့လေ၊ အားလုံး ညီညီညွတ်ညွတ်နဲ့ သင့်တင့်မျှတဖို့က အရေးအကြီး ဆုံးပဲ။ သင့်သင့်မျှမျှဖြစ်အောင် ထိန်းသိမ်းကြပ်မတ်ပေးပါ၊ ဟုတ်လား"

"မှန်ပါဘုရား"

"ဆရာတော် လမ်းညွှန်ပေးထားသည့် သတိပဋ္ဌာန်တရား အကျင့် မြတ်ကိုရော အချိန်မှန် လေ့ကျင့်မှုရှိပါရဲ့လား"

"မှန်ပါဘုရား၊ ဆရာတော် လမ်းညွှန်မိန့်ကြားထားသည့်အတိုင်း တပည့်တော်တို့ အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်နေကြပါတယ်ဘုရား"

**********

မြိုင်ကြီးငူဆရာတော်သည် ဝါခေါင်ပြည့်ကျော် ၅ ရက်နေ့ နံနက်ဆွမ်းဘုဉ်းပေးအပြီးမှာ မဟာငြိမ်းအေးတောင်ပေါ်မှ အနောက်ဘက်သို့ဆင်းခဲ့သည်။ မယ်မုခီး၊ ပျဉ်းမ၊ ဖားအိကောင်၊ ငါးအိမ်စု၊ ဝေမှုန်ဝေဆာ၊ တံခွန်တိုင် စသောလမ်းတစ်လျှောက်ရှိ ရွာများကို ကျော်လွန်ခဲ့ပြီ။

(၄၃၄) တပ်ရင်း၊ (၃၄၁) တပ်ရင်း၊ (၃၄၀) တပ်ရင်း၊ (၁၉) တပ်ရင်းများကို ဖြတ်သန်းပြီးနောက် ဖာပွန်မြို့သို့ ရောက်ရှိခဲ့သည်။

မိုးဟိန်းခန်းမနှင့် မနီးမဝေးတွင် ဝေဠုဝန်ကျောင်းဝင်း ရှိသည်။ ၂၅ ဧကမျှ ကျယ်ဝန်းသော ကျောင်းဝင်းအတွင်းမှာ ထုံးဖြူဖွေးဖွေးနှင့် အဝေးမှဖူးတွေ့နိုင်သော အတုလမာရဇိန်စေတီတော်၊ ဓာတုဟရိတစေတီတော်၊ စန္ဒာမုနိစေတီတော်များ ရှိသည်။

စေတီတော်များအား ဦးတိုက်ရှိခိုးပြီးမှ ကျောင်းပေါ်သို့ တက်ခဲ့သည်။ ဝေဠုဝန်ကျောင်းမှာ စောင့်ရှောက်သူအဖြစ် ဦးဇင်းဖားသူးအား ထားခဲ့သည်။ တပ်ရင်းလေးရင်းလုံးနှင့် သင့်တင့်စွာ ပေါင်းတတ်သည်။ တစ်မြို့လုံးရှိ အများဒကာတို့နှင့်လည်း အဆင်ပြေစွာ ဆက်ဆံတတ်သဖြင့် စည်းရုံးရေးကောင်းသူဟု ဆိုရမည်။

ဖာပွန်မြို့သူမြို့သားများသည် မြိုင်ကြီးငူဆရာတော်အား အထူးလိုလား ကြည်ညိုကြသည်။ တစ်ချိန်က ဖာပွန်မြို့သည် သွားလာရာ၌ တင်းကျပ်လွန်းသဖြင့် ဈေးရောင်းဈေးဝယ်လာသူ သိပ်မရှိလှ။ ဆရာတော် ကြွရောက်၍ ဘုရားစေတီများကို ပြုပြင်တည်ထားချိန်မှစ၍ စက်လှေဝင်ထွက်မှုများလာပြီး တစ်စစနှင့် မြို့ပြင်ရွာများကပါ ဝင်ထွက်လာကြသည်။ ဈေးရောင်းဈေးဝယ်ကြသည်။ အိပ်ပျော်နေသော ဖာပွန်မြို့သည် တစ်ရေးနိုးလာခဲ့သည်။ နေ့စဉ်နှင့်အမျှ ဈေးရောင်းဈေးဝယ်များဖြင့် သက်ဝင်လှုပ်ရှားနေပြီး စည်ကားသာယာလာခဲ့သည်။ ထို့ကြောင့် ဆရာတော်အား ကျေးဇူးတင်လွန်းစွာဖြင့် ကြည်ညိုကြသည်။

လပြည့်ကျော် ၉ ရက်နေ့တွင် ဖာပွန်မြို့မှ ပြန်ထွက်ခဲ့သည်။ ဖာပွန်မြို့သည် တောင်ပတ်လည်ဝိုင်းနေပြီး အလယ်မြေကွက်မှာ တည်ထားသဖြင့် ဧရာမဒယ်အိုးကြီးတစ်လုံးနှယ် ဖြစ်သည်။ မြို့ပြင်မှ ထွက်လိုက်သည်နှင့် တောင်ဘက်ခရီးကို စတင်နေပြီဖြစ်သည်။ တစ်တောင်ကျော်နင်း တစ်တောင်ဆင်းပြီး လာခဲ့ရာ ဖောထကျောင်းသို့ နေ့ဆွမ်းအမီရောက်သည်။

ဖောထကျောင်းမှာပင် ကျိန်းစက်သည်။ ဖောထကျောင်းဒကာ ဦးစံအောင်မိသားစုက ပင့်လျှောက်သဖြင့် ညကျိန်းစက်ဖြစ်ခဲ့သည်။

နောက်နေ့နံနက် ဆွမ်းအပြီးမှာ ခရီးဆက်သည်။ ညနေပိုင်းတွင် မယ်ရာထဂ်တ်သို့ ရောက်သည်။ တစ်ဖက်ကမ်း သောလယ်ထသို့ ကူးကာ ဒေါ်မကိုင်းအိမ်မှာ ညကျိန်းစက်သည်။ ၁၁ ရက်နေ့ နံနက်တွင် သောလယ်ထမှ လှူဒါန်းလိုက်ကြသော ဟင်းသီးဟင်းရွက်များကို မောင်စိန်သန်းလှေဖြင့် တင်ဆောင်၍ သူးမွဲထသို့ ဆင်းခဲ့သည်။

လှေမှအဆင်း ကမ်းသို့အတက် လူရောက်မည်မှ မကြံသေး။ အခေါ် ရောက်ပြီး အကြိုထောက်နှင့်နေပြီ။ "ဗိုလ်မြခေါ်သည်၊ အမြန်လာပါ" တဲ့။

တောင်ကုန်းသို့တက်မည့် ခြေစကြာနှစ်ချောင်းကို လှေလောင်းပေါ် ပြန်တက်စေလိုက်ရသည်။ ကမ်းနားမှာ အသင့်ရှိနေသူ ဦးအဒူးပါ ဆရာတော်နှင့်အတူ လိုက်ပါခဲ့သည်။ ဦးအဒူးသည် ဗိုလ်မြနှင့် အတော်လေးကို ရင်းနှီးကျွမ်းဝင်ရှိသည်။ တစ်ဦးနှင့် တစ်ဦး ပြောမနာ ဆိုမနာ ခင်မင်ကြသည်။ ဆရာတော်အား တစ်စုံတစ်ရာ အကူအညီပေးရလို ပေးရငြား လိုက်ပါလာခြင်း ဖြစ်သည်။ ဗိုလ်မြအိမ်သို့ ရောက်သည်နှင့် ကုလားထိုင်မှာ ထိုင်အပြီးတွင် -

"ဘုန်းကြီး၊ နင်ဟာလေ တစ်မျိုးပြီး တစ်မျိုး ပြဿနာတွေ ဖန်တီးလာပါလား။ အခု ငါ့ရဲဘော်တွေက ငါမသိဘဲ နင် သင်္ကန်းဝတ်ပေးလိုက်ပြန်ပြီဆို။ အဲဒါ ခပ်မြန်မြန်လေး ပေးထွက်လိုက်ပါ။ နင်ထင်တိုင်း လျှောက်လုပ်မနေနဲ့။ အားလုံး မှားကုန်မယ်။ ဟိုရှုပ်ဒီရှုပ် မလုပ်ရဘူး။ တို့နယ်မြေမှာ လာနေတာ တို့မသိဘဲ ဘာမှ မလုပ်နဲ့။ ပြောတာ အကုန်လုံး နားထောင်ပါ။ ဒါပဲ၊ နင်ပြန်တော့"

ဆရာတော်သည် ဗိုလ်မြအား မည်သို့မှ ပြန်မပြောနေတော့။ ဦးအဒူးလည်း ဘာမှဝင်မစွက်ဖက်သာ ဖြစ်နေသည်။ အခြေအနေကို သိထားပြီး ဖြစ်သည်။ ဗိုလ်တာဒိနှင့် ရဲဘော်အချို့တို့ကို သင်္ကန်းဝတ်သွားတာ မှန်သည်။ သို့သော် ဆရာတော်က ဝတ်စေလိုက်သည်မဟုတ်။ ကိုယ်တိုင်ဝတ်စေသည် မဟုတ်ငြား မိမိတပည့်တွေ ပြုလုပ်ချက်သည် မိမိပြုလုပ်ချက်ပင်မည်တော့သည်ဟု သဘောပိုက်ထားပြီးဖြစ်သည်။

"သားသမီးမကောင်းတော့ မိဘခေါင်း၊ တပည့်မကောင်းတော့ ဆရာခေါင်း" ဆို မဟုတ်လား။

ရှိစေတော့၊ မလုပ်ခဲ့သော်လည်း ပြန်လှန်၍ စကားမဆို။ သည်တစ်ခေါက်မှာ စကားတစ်ခွန်းမှ မပြောဖြစ်ဘဲ ကုလားထိုင်မှထကာ အိမ်ပေါ်မှ

ဆင်းခဲ့သည်။ ကားလမ်းအတိုင်း လျှောက်လာရာ ဗိုလ်မြက ကားတစ်စီး လွှတ်ပေးလိုက်သည်။ ကားပေါ်တက်လိုက်သည်။ မှိုင်းလုံးကြီးချောင်းဝ စက်လှေဂိတ်သို့ လိုက်ပို့ပေးသည်။ စက်လှေစီးပြီး သူ့မွဲထသို့ ပြန်ခဲ့သည်။

**********

၁၃ ရက်နေ့ နံနက်ခင်း။

တာခုလော်ကြီး (မဟာငြိမ်းချမ်းအေး) တောင်မှ ဒကာများ ရောက်လာကြသည်။

"ဆရာတော် အရှင်ဘုရား၊ မဟာငြိမ်းအေးတောင်မှာ ကိုရင်ဝတ်နေတဲ့ ဗိုလ်တာဒိနှင့် ရဲဘော်များကို ကေအင်န်ယူက အတင်းထွက်ခိုင်းနေတယ်ဘုရား။ တောင်းပန်လို့လည်း မရဘူး။ အဲဒါ တပည့်တော်တို့ ဘယ်လိုလုပ်ရမလဲဘုရား"

"သူတို့က ဘာပြောသေးတုန်း"

"သူတို့က သင်္ကန်းဝတ်က မထွက်ရင် အတင်းချွတ်မယ် ပြောနေတယ်ဘုရား"

"အေးပေါ့လေ၊ ကောင်းသလိုသာ လုပ်ကြစမ်းပါစေတော့၊ ဆရာတော် ဘာမှ မပြောလိုတော့ပါ"

ရှေ့ရောက်လာသော ဒကာများ လျှောက်ထားနေသော စကားအဆုံးမသတ်သေး။ နောက်ထပ်ရောက်လာသော ဒကာများက သတင်းစကားတစ်ခု လျှောက်တင်သည်။

"ကိုရင်များကို အတင်းသင်္ကန်းချွတ်ခိုင်းဖို့ တက်လာတဲ့ ကေအင်န်ယူရဲဘော်များနှင့် ကိုရင်များ ရုန်းရင်းဆန်ခတ် ဖြစ်ကြတယ်ဘုရား"

"ဘာတွေဖြစ်ကုန်ပလဲ"

"ဖြစ်တော့ ရဲဘော်များက သေနတ်ချိန်ပြီး ပစ်မယ်အလုပ် တောင်ပေါ်အဖွဲ့သား ရွာသားများသည် ဓားတွေတုတ်တွေနဲ့ ပြန်လည်ခုခံကြလို့ ရဲဘော်များ ကျောင်းပေါ်က ပြေးဆင်းသွားကြပါတယ်ဘုရား"

"အိမ်း. . . ဒီပြဿနာက လွတ်လိမ့်မယ် မထင်ဘူး။ တစ်ဖက်နှင့်တစ်ဖက်တင်းမာကုန်ကြမယ်။ ဒါနဲ့ ပတ်သက်ပြီး ငါ့ကို ဗိုလ်မြ ခေါ်ဦးမှာပဲ"

**********

ထင်သည့်အတိုင်း ဝါခေါင်ကွယ်နေ့မှာ ဗိုလ်မြအခေါ်ရောက်လာသဖြင့် တက်သွားရပြန်သည်။

“ဘုန်းကြီး၊ နင့်လူတွေက ငါ့ရဲဘော်တွေကို ဓားနှင့် လိုက်ခုတ်တယ်ဆို။ နင်တို့ သက်သတ်လွတ်အဖွဲ့ ကောင်းတာလုပ်တယ်ဆို။ ဘာဖြစ်လို့ ငါ့ရဲဘော်တွေကို ဓားနှင့် လိုက်ခုတ်ရသလဲ။ ပြောစမ်း ပြောစမ်း၊ နင်ခိုင်းလို့ သူတို့လုပ်တာ မဟုတ်လား”

“ဒါကတော့ တစ်ဖက်သတ်အနေနဲ့ ပြောဆိုလို့မရဘူးထင်တယ် အဘိုး။ ရဲဘော်တွေနှင့် တောင်ပေါ်သားများကို တွေ့တွေ့ဆိုင်ဆိုင် မေးမြန်းစိစစ်ပြီးမှ ပြဿနာအဖြေကို ရှာရင်ကောင်းမယ်”

“မလိုဘူး၊ မလိုဘူး။ တို့ဘာသာ အရင်နေခဲ့တုန်းက အေးအေးဆေးဆေး သင့်သင့်မြတ်မြတ်နှင့် ညီညွတ်နေခဲ့ကြတယ်။ နင်ရောက်လာမှ တို့ကို ဒီတောင်ပေါ်သားတွေ ပြန်တော်လှန်တယ်။ နင်ဟာ ကေအင်န်ယူကို ဖြိုခွဲမယ့် ဘုန်းကြီးဖြစ်တယ်။ တို့တော်လှန်ရေးကို ဖျက်ဆီးဖို့ နင် ကြိုးစားနေတာ ဖြစ်ရမယ်”

“မဟုတ်ပါဘူး အဘိုး”

“ခပ်မြန်မြန်ဆင်းပြီး နင့်ခေါ်တောမှာပဲ နင်ပြန်နေပါ။ အဲဒီမှာ နင်ကြိုက်တာလုပ်ပါ။ တို့နယ်မြေမှာ လာမရှုပ်နဲ့။ ကြာကြာနေ တို့သည်းမခံနိုင်တော့ဘူး။ သည်းမခံနိုင်ရင် ပြဿနာတွေ ကြီးထွားလာနိုင်တယ်။ ဒါပဲ၊ နင်ပြန်နိုင်ပြီ၊ ပြန်တော့”

ပြောလည်းပြော၊ မောင်းလည်းမောင်းမို့ ဆရာတော် ထပြန်လာခဲ့သည်။

ဗိုလ်မြအိမ်သို့ လာပြီးတိုင်း အပြန်မှာ စိတ်ပန်းလူနွမ်း ဖြစ်ရသည်မို့ ကြာလာတော့ မဆန်းသလို ဖြစ်လာသည်။ အရေထူလာသည်ဟုပင် ဆိုရမည်လားမသိ။ သည်တစ်ခါတော့ စိတ်ထဲ ထူးထူးထွေထွေ ဘာမှ သိပ်မဖြစ်လှချေ။

[ ဤ၌ ကြားဖြတ်စကား အနည်းငယ် ရေးလိုပါသည်။

ဗိုလ်မြ စကားထဲမှာ ပါသော “ခေါ်တော” ဟူသော စကားကို ရှင်းပါမည်။

“ခေါ်တော” ဟူသော ဝေါဟာရသည် မြိုင်ကြီးငူကို တောင်ပေါ်ကရင်မျိုးက ကရင်သံဝဲ၍ ခေါ်ဆိုခြင်း ဖြစ်သည်။ အမှန်မှာ “ခေါ်တော်” ဖြစ်သည်။

"ခေါ" ဆိုသည်မှာ "ကူး" ဟု အဓိပ္ပာယ်ရသည်။

"တော်" ဆိုသည်မှာ "ကျန်" ဟု အဓိပ္ပာယ်ရသည်။

ခေါ = ကူး

တော် = ကျန်

ခေါတော= ကူးကျန် ဟု အဓိပ္ပာယ်ရသည်။ ဆိုလိုသည်မှာ

ယခင်တစ်ချိန်တုန်းက မြိုင်ကြီးငူသို့ ကူးသွားလေသူတိုင်း ပြန်ရောက်မလာ၊ ထိုမှာပင် ကျန်ရစ်စမြဲဖြစ်သည်မို့ "ခေါတော်" ဟု တွင်ခဲ့သည်။

ထို့ကြောင့် ခေါတော် (ခ) ခေါ်တော သည် မြိုင်ကြီးငူကို ဆိုလိုကြောင်း။ (စာရေးသူ) ]

**********

"မင်းတို့ ဗုဒ္ဓဘာသာရဲဘော်တွေက ရဲဘော်သုံးယောက် တာခုလော်ကြိုးတောင်ပေါ် တက်သွားပါ။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ဘုန်းကြီးကို ပြောင်းအကြီးကြီးနဲ့ လက်နက်အဆန်း ပေးလိုက်တယ်။ မာနယ်ပလောကို လှမ်းပစ်ဖို့ အစီအစဉ်လို့ သိရတယ်။ တော်သလင်းလဆန်း ၁ ရက်နေ့က စတင်တပ်ဆင်နေတယ်လို့လည်း ကြားရတယ်။ အဲဒါ မင်းတို့ သွားလေ့လာခဲ့။ တိတိကျကျ စုံစမ်းလာခဲ့။

ကေအင်န်ယူ ဗိုလ်စေဖိုး၏ ညွှန်ကြားချက်ကို ဦးထိပ်ရွက် ပန်ဆင်၍ တာခုလော်ကြိုးတောင် (မဟာငြိမ်းအေးတောင်) ပေါ်သို့ တက်လာခဲ့ကြသည်။ ရောက်သော် လက်နက်ဆန်းဆိုသောအရာကို သတိထားကြည့်သည်။ လူနှစ်ဖက်စာမျှကြီးသော ဧရာမသွပ်လုံးကြီးနှစ်လုံးကို တွေ့ရသည်။ ပြောင်သွပ်ဖြင့် လုပ်ထားခြင်းဖြစ်သည်။ အမြင့်လေးပေခန့်ရှိပြီး ထိပ်ချွန်းပုံ ပြုလုပ်ထားသည်။ စစ်အတွင်းက လေယာဉ်ပေါ်မှ ကြဲချခဲ့သော ဗုံးဆန်အတိုင်းပင်။ သို့သော် ဟိုဟာက ထူထဲလေးလံသည်။ ဤအရာက သွပ်ပြားမို့ ပေါ့ပါးသည်။ ကြည့်ရသည်မှာ တူသလိုရှိသဖြင့် မေးကြည့်သည်။

"အရှင်ဘုရား၊ ဟောဒီ သွပ်လုံးကြီးနှစ်လုံးက ဘာလုပ်တာလဲဘုရား"

"အဲဒါလား၊ ထမင်းပေါင်းအိုးလို့ ခေါ်တယ်။ သံယာ.၆၀ ကျော်နဲ့ လူပရိသတ်က မပြတ်အောင်ရှိလေတော့ ထမင်းရိုးရိုး ချက်ရမယ်ဆိုရင် ထမင်းရည်ငှဲ့ရ၊ တင်ချရ၊ နှပ်ရနဲ့ ပြီးပြန်တော့ ထမင်းချိုးဖြစ်ရနဲ့ အလေအလွင့်များ

တယ်။ လူလည်း ပင်ပန်းတယ်။ ခု ဒီပေါင်းအိုးနဲ့ချက်ရင် အလေအလွင့် အဖိတ်အစဉ် လုံးဝမရှိဘူး။ ကျက်လည်း ကျက်မြန်တယ်။ တင်ရချရ အလုပ်မရှိဘူး။ ငှဲ့ရပြုရနှပ်ရ အလုပ်မရှိဘူး။ ဒကာတို့ ဒါကို မတွေ့ဖူးဘူးလား"

"မတွေ့ဖူးပါဘုရား"

"အေးအေး. . . ဒါဆိုလည်း ကြည့်သွားကြပါ။ နက်ဖြန်ခါဆို မီးဖိုခြောက်ပြီ၊ အတော်ပဲ။ နက်ဖြန် အဲဒီထမင်းပေါင်းအိုးနဲ့ ထမင်းချက်ကြမယ်။ လေ့လာသွားတာပေါ့ ဟုတ်လား"

"မှန်ပါဘုရား"

အရှဏ်ဆွမ်းမိစေရန် မိုးမလင်းမီကတည်းက စချက်သည်။ အုတ်ဖြင့်တည်ဆောက်ထားသော ဖိုခွင်ပေါ်တွင် မိုးမြဲဒယ်အိုးကြီး နှစ်လုံးက ရှေ့နောက်စဉ်နေသည်။ ရေကို ဒယ်၏ သုံးပုံနှစ်ပုံ ချန်လှပ်၍ ထည့်ထားသည်။ အတွင်းသား ဒယ်နှုတ်ခမ်းကို နင်း၍ သုံးချောင်းထောက် သံစင်တင်ထားသည်။ သံစင်အထပ် ၆ ခု ရှိသည်။ သံစင်တစ်ခုမှာ ဆန်နှစ်ပြည် ထည့်ထားသော သတ္တုမုန့်အိုးတစ်လုံးစီ တင်ထားသည်။ အားလုံးပြင်ဆင်ပြီးလျှင် သွပ်အုပ်ဆောင်း (သူတို့ပြောသော သွပ်လုံးကြီး)ကို အုပ်ချလိုက်သည်။ အုပ်စောင်းအစပ်နှင့် ဒယ်အိုးကြားတွင် လုံခြုံစေရန် ရေစိုအဝတ်များ၊ ဂုန်နီအိတ်များဖြင့် ပတ်ထားလိုက်သည်။

စင် ၆ ခု၊ မုန့်အိုးခြောက်လုံး။ တစ်အိုးမှာ ဆန်နှစ်ပြည်စီနှင့် အားလုံးဆန် ၁၂ ပြည်ကို ရေငွေ့ငွေ့ဖြင့် ပေါင်း၍ ထမင်းဖြစ်စေခြင်း ဖြစ်သည်။ ဒယ်အိုးတစ်အိုးမှာ ဆန် ၁၂ ပြည်နှင့် ဒယ်နှစ်လုံးဆိုလျှင် ဆန် ၂၄ ပြည်တစ်တွင်းခဲ့ကို ချက်ပြီးဖြစ်သည်။ ငှဲ့ရနှပ်ရခြင်းမရှိ။ ရေနွေးငွေ့ လှိုင်လှိုင်ထွက်သည်နှင့်အမျှ ထမင်းအမြန်ကျက်သည်။

ရဲဘော်များ သေသေချာချာ လေ့လာကြသည်။ သုံးရက်လုံးလုံး စူးစမ်းလေ့လာသည်။ အမှန်ပင် ထမင်းပေါင်းအိုးစစ်စစ်ဖြစ်နေသည်။ ထို ပေါင်းအိုးဖြင့် ချက်သောထမင်းကိုပင် သူတို့ စားသုံးခဲ့ကြသည်။ အမှန်ကို သိသောအခါ သူတို့ ဘာကြောင့်လာရသည်ကို ဖွင့်ပြောရမှာ ရှက်သဖြင့် သုံးရက်လေ့လာအပြီးမှာ တိတ်တဆိတ်လေး ပြန်သွားကြသည် တဲ့။

ကြားရသောသတင်းက မပြုံးဘဲနှင့် ဝါးလုံးကွဲ ရယ်စရာကောင်းလှသည်။

မြှင်ကြီးငူဆရာတော်အား သူတို့ စွပ်စွဲချက် အဘယ်မျှ ပြင်းထန်သည် ဆိုသည်ကို ဤအချက်တစ်ခုတည်းနှင့်ပင် သိသာနိုင်သည်။

သို့သော် ဆရာတော်ကား အရေးမထားချေ။ မိမိ လုပ်သင့်လုပ်ထိုက်သည်တို့ကို အရှိန်မပျက် ဆက်လက်လုပ်ဆောင်နေမြဲပင်။

## ရစ်ပန်များလာသောအခါ

မြိုင်ကြီးငူဆရာတော်သည် ယခုနှစ် ၁၃၅၆ ခုနှစ်တွင် မြစ်ဆုံဒေသ (သူးမွဲထ)မှာ ဝါဆိုဝါကပ်ပြုခဲ့သည်။ ဝါတွင်းကာလ မိုးခိုရာအဖြစ် လျာထားခဲ့သော်လည်း တစ်နေရာတည်းမှာ မခိုသာလေခဲ့။ အကြောင်းအမျိုးမျိုးကြောင့် တစ်ထွက်တည်းထွက်နေရသည်။

ယခုလည်း ထွက်ဖို့ ကြုံလာပြန်ချေပြီ။

မြိုင်ကြီးငူမှာ လုပ်လက်စအလုပ်တစ်ခု ရှိနေသည်။ ဘေသဃမုနိကြေးသွန်းရုပ်ပွားတော်ကြီးတစ်ဆူ သွန်းလုပ်ရန် စိုင်းပြင်းနေသည်။ မူလဉာဏ်တော် ၁၇ လက်မကို ဉာဏ်တော်အမြင့် ၂၉ ပေ (ပလ္လင်တော် အပါအဝင်) သွန်းလုပ်မည် ရည်ရွယ်ထားသည်။ ကြေးသွန်းဆရာအဖြစ် ဝေဿန္တရာရုပ်လုံးရုပ်ကြွကို ထုဆစ်ဖန်ဆင်းသူ မောင်သိန်းဝင်းအား လျာထားခဲ့သည်။ ရသမျှသော ကြေးတိုကြေးစများကို အလှူခံ စုစည်းထားစေသည်။

ကြေးသွန်းရုပ်ပွားတော်ကြီးကို သွန်းလုပ်ရာတွင် ကြေးပိဿာချိန်သောင်းကျော် ကုန်ကျခံ၍ သွန်းလုပ်မည် မိန့်ဒြာန်ပြုထားသည်။ ဆူပူသောင်းကျန်းလျက်ရှိသော မိမိတို့ ကရင်ပြည်နယ်ကြီးနှင့်တကွ မြန်မာပြည်သူ ပြည်သားများ၊ ကမ္ဘာသူ ကမ္ဘာသားများ အေးချမ်း၍ သာယာဝပြောပါစေဟူသော ဆန္ဒကို အရင်းတည်သည်။ သို့ဖြစ်၍ "အေးချမ်းတည်ထားဝယ်" နိမိတ်

ကောက်ထားသည်။ ကြေးပိသာချိန်ပေါင်း ၁၂၇၇၇ (တစ်သောင်းနှစ်ထောင် ခုနစ်ရာ ခုနစ်ဆယ့် ခုနစ်) ပိဿာ ကုန်ကျခံထားမည်ဖြစ်သည်။

ဤမျှ ကြီးမားသည့် ကြေးသွန်းရုပ်ပွားတော်ကြီးကို သွန်းလုပ်ရန် အားလုံးစီစဉ်ပြီးဖြစ်သည်။ ခရီးသွားလာရင်း မြိုင်ကြီးငူကို ဝင်ထွက်ကာ စီစဉ်ထားခဲ့သည်။ ထိုနှင့် ပတ်သက်၍ စီစဉ်ညွှန်ကြားစရာများ ပေါ်ခဲ့သည်မို့ သူးမွဲ့ထမှ ထွက်ခဲ့ရပြန်သည်။

တော်သလင်းလဆန်း ၉ ရက်နေ့ နံနက်မှာ မော်ဉာဏ်သိန်း မောင်းသည့်စက်လှေဖြင့် ဆင်းလာခဲ့သည်။ မြိုင်ကြီးငူသို့ နေ့ဆွမ်းအမီ ရောက်သည်။ နေ့ဆွမ်းအပြီးမှာ ကမမောင်းသို့ ကူး၍ ဒေါ်ချစ်ကြည်အိမ်သို့ ကြွသည်။ လိုအပ်သော စီစဉ်ညွှန်ကြားမှုများကို စီစဉ်ညွှန်ကြားသည်။ ထိုအခိုက် ကမမောင်းမှ ကြည်ညိုရင်းစွဲဒကာများ တဖြည်းဖြည်းစုရုံး ရောက်ရှိလာကြသည်။ ဆရာတော်၏ တောတောင်သာသနာပြုနှင့် ပတ်သက်၍ ကြုံတွေ့ရသော အခက်အခဲများ၊ ပစ္စက္ခဖြစ်ရပ်များကို သိလိုကြောင်း လျှောက်ထားကြသည်။ ဆရာတော်က အတွေ့အကြုံများကို အနည်းငယ်မျှ ပြောကြားသည်။

ဒကာများက ၎င်းတို့ အထူးသိချင်နေသော၊ သိုးသိုးသန့်သန့်ကြားနေရသည့် ဗိုလ်မြနှင့် ပတ်သက်သောသတင်းကို သိလိုရေးဖြင့် မေးမြန်းကြသည်။ ထိုမေးခွန်းကို ဆရာတော်က အဖြေမပေး။ ပါးနပ်စွာ ရှောင်ထွက်သွားသည်။ စကားလမ်းကြောင်း လွှဲလိုက်သည်။ မိမိအား ကြည်ညိုရင်းစွဲရှိပြီးသူများ ဖြစ်သည်မို့ မိမိကြုံတွေ့ရသည့်အဖြစ်မှန်အတိုင်း ပြောပြခဲ့သော် စိတ်ကောင်းနိုင်ကြမည်မဟုတ်။ ခံပြင်းစိတ်နှင့် မဖြစ်သင့်တာတွေ ဖြစ်ချေမည်ကို ကြိုတွေးမိသည်။ ထို့ကြောင့် မေးခွန်းကို ရှောင်ထွက်ခဲ့သည်။

ညနေပိုင်းလောက်မှာ မြိုင်ကြီးငူသို့ ပြန်ကူးလာသည်။ ရောက်သည်တွင် ကြေးသွန်းကိစ္စနှင့် ပတ်သက်၍ ဦးညေယျမဓမ္မနှင့် တိုင်ပင်သည်။

"ဆရာတော်ဘုရား၊ ကြေးသွန်းမည့်အစီအစဉ်ဟာ ဒိပန်းပုဆရာ (မောင်သိန်းဝင်းကို ဆိုလိုသည်)များနှင့် နိုင်နိုင်နင်းနင်း ဆောင်ရွက်လို့ ဖြစ်နိုင်ပါ့မလားဘုရား"

"ရလိမ့်မယ်ထင်တယ်"

"တပည့်တော်တော့ သိပ်မထင်ဘူးဘုရား၊ အကောင်းဆုံးက မန္တလေးက ပညာရှင်များကို ခေါ်ခြင်းကသာ အကောင်းဆုံးဖြစ်တယ်လို့ တပည့်တော် အကြံပေး လျှောက်ထားလိုပါတယ်ဘုရား"

"အေး. . . ဒါတော့ မှန်တယ်၊ ဒါပေမဲ့ မန္တလေးက ပညာရှင်ကို ခေါ်တယ်ဆိုတာ ကိုယ့်မှာ ပစ္စည်းပစ္စယစုံစုံလင်လင် ရှိထားဖို့ လိုတယ်။ နောက်တစ်ကြောင်း တို့ဆီမှာ သက်သတ်လွတ်တောင်မှ ထွေထွေရာရာမရှိ။ ဟင်းသီး ဟင်းရွက်ကို ချောင်းရေနှင့် မသေရုံ ရေလုံပြုတ်စားနေတာဆိုတော့ သူတို့ မြို့ကြီးသားတွေ စားနိုင်ပါ့မလား၊ အဲဒါလဲ ထည့်စဉ်းစားရသေးတယ်"

"ဆရာတော်ခေါ်ရင် သူတို့လာကူညီကြမှာပါဘုရား"

"အေးပေါ့၊ လိုအပ်လာရင် ခေါ်ရမှာပေါ့။ အခုတော့ မလိုသေးဘူး ထင်တယ်။ ဘာကြောင့်လဲဆိုတော့ မန္တလေးပညာရှင်များ လိမ္မာတတ်ကျွမ်းတာ မှန်တယ်။ လက်ရာတွေ ကောင်းလည်းကောင်းပါလိမ့်မယ်။ ဝန်ခံပါတယ်။ ဒါပေမဲ့ ငါ့တပည့် မောင်သိန်းဝင်းရဲ့ လက်ရာကိုလည်း ငါမြင်တွေ့ချင်သေးတယ်။ သူလုပ်ပါစေဦး၊ မနိုင်တော့မှ မန္တလေးက ပညာရှင်ခေါ်ဖို့ စိတ်ကူးထားတယ်"

"မှန်ပါဘုရာ"

"လောလောဆယ်မှာ သူ့အစွမ်းအစကို သိချင်လို့ မြဘုန်းခေါင်တန်စောင်းမှာ ဝေဿန္တရာရုပ်လုံးကို စမ်းသပ်ထုခိုင်းခဲ့ပြီးပြီ။ သူ့လက်ရာနှင့် သူ့သဒ္ဓါ၊ သူ့လုံ့လ၊ ဝီရိယတို့ကို အသိအမှတ်ပြုထားပြီးသားမို့လို့ ဖြစ်ကို ဖြစ်နိုင်ပါလိမ့်မယ်။ မဖြစ်နိုင်ဘူးဆိုတာ လူပျင်းလူညံ့တို့ရဲ့ လက်သုံးစကား ဖြစ်တယ်"

ဆရာတော်သည် ဦးညေယျမွေကို ဤသို့ ရှင်းရှင်းဘွင်းဘွင်းပြောပြီး အင်ဖက်မိုးဖြင့် ယာယီဆောက်ထားသော ကြေးရုံမဏ္ဍပ်ကြီးအတွင်းသို့ ဝင်လိုက်သည်။ ရုံထဲမှာ မောင်သိန်းဝင်းတို့လူစု တလှုပ်လှုပ်နှင့် အလုပ်များနေကြသည်။ ဆရာတော် ကြွလာသည်ကို မြင်လျှင် လုပ်လက်စများကို ပစ်ချထားပြီး ဆရာတော်အား လာရောက်ဝတ်ဖြည့်ကြသည်။ ဆရာတော်သည် ကွပ်ပျစ်စွန်းတစ်နေရာတွင် ထိုင်လျက် ကြေးရုံတွင်းမှ လူများနှင့် စကားပြောဆိုနေသည်။

"ဒကာသိန်းဝင်း"

"ဘုရား"

"ကြေးပိဿာချိန်တစ်သောင်းကျော် ဘုရားကြီးကို သွန်းလုပ်နိုင်ပါ့မလား"

"မှန်ပါဘုရား၊ တပည့်တော် သွန်းနိုင်လိမ့်မယ်လို့ ထင်ပါတယ်ဘုရား၊ အကြီးဆုံးတွေ မသွန်းလုပ်ခဲ့ဖူးသော်လည်း ဉာဏ်တော် သုံးပေခွဲယိတော့ သွန်းဖူးပါတယ်ဘုရား"

"ဒါဆိုဖြစ်နိုင်တယ်၊ အကြီးအသေးသာ ကွာမှာပါ။ သဘောချင်းက အတူတူပဲ နေပါလိမ့်မယ်။ ကြေးသွန်းအတွေ့အကြုံရှိပြီးသားဆိုတော့ သိပ်ပြီး ပူစရာရှိမယ် မထင်ဘူး"

"စိတ်ချပါဘုရား၊ တပည့်တော် အတတ်နိုင်ဆုံး ကြိုးစားပြီး ကောင်း ..ဆက်ကောင်းအောင် ဆောင်ရွက်ပါ့မယ်ဘုရား"

"အေး. . . တစ်ခုတော့ရှိသကွဲ့"

"အမိန့်ရှိပါဘုရား"

"ကြေးတစ်ပိဿာ ၃၅၀ နှုန်းဆိုတော့ ကြေးချိန်က "အေးချမ်းတည် ထား၀ယ်" (တစ်သောင်း နှစ်ထောင် ခုနစ်ရာ ခုနစ်ဆယ် ခုနစ် ပိဿာ) ဆိုတော့ ကြေးဖိုးချည်းပဲ မနည်းလှဘူးဟဲ့"

"ဘုရားဟာ အတုမရှိသော တန်ခိုးတော် ရှိပါတယ်ဘုရား။ ပူစရာ မရှိပါဘူး။ အချိန်တန်ရင် အားလုံး ပြီးပြည့်စုံသွားမှာပါဘုရား။ ဗုဒ္ဓေါဆရာ တော်၊ မုဒ္ဒိ ကျိုက္ကမော့လေး ဆရာတော်တို့ဆီမှာ တပည့်တော် လုပ်စဉ် ကလည်း ဒီလိုပါပဲဘုရား။ ဘာမှရှိလှတာ မဟုတ်ပါဘူး။ နောက်တော့လည်း သူ့အလိုလို ပြည့်စုံသွားတာပါပဲဘုရား"

**********

တော်သလင်းလဆန်း ၁၀ ရက်နေ့။

ဆန်း ၁၀ ရက်၊ ဆုတ် ၁၀ ရက်နေ့တိုင်း ကမမောင်းသို့ ကြွပြီး ကျောင်းရှိသံဃာကုန် ဆွမ်းဆန်စိမ်း အလှူခံကြွမြဲဖြစ်သည်။ ယနေ့လည်း ကြွခဲ့ သည်။ ၎င်းမှအပြန် ကျောင်းသို့ တက်မသွားသေးဘဲ ကြေးရုံထဲ ဝင်ခဲ့သည်။ မောင်သိန်းဝင်းနှင့်အတူ လူရွယ်ဒကာ မျက်နှာသစ်တစ်ဦးကို တွေ့ရသည်။ ဘယ်သူဘယ်ဝါ မမေးမီ မောင်သိန်းဝင်းက လျှောက်ထားလာသည်။

"ဟောဒီ ဒကာက ကျိုက်မရောက ကိုတင်လှ ခေါ်ပါတယ်ဘုရား၊ တပည့်တော်နှင့် လုပ်ဖော်ကိုင်ဖက်လည်း ဖြစ်ပါတယ်ဘုရား။ သူက အဆောက်အအုံနှင့် ပတ်သက်ရင် ကျွမ်းကျင်ပါတယ်ဘုရား"

"ဩော်. . . ကောင်းတာပေါ့၊ ကြေးသွန်းရုပ်ပွားတော်ကြီးအတွက် ဂန္ဓကုဋိ စံကျောင်းတော် ဆောက်ရဦးမှာ မဟုတ်လား။ လုပ်ဖော်ကိုင်ဖက်ချင်း ဆိုတော့ အဆင်ပြေတာပေါ့လေ"

"မှန်ပါဘုရား"

"ဒကာတင်လှက ဘယ်လိုနဲ့ ဒီကိုရောက်လာတာလဲ၊ ပြောပါဦး"

"တပည့်တော် အိပ်မက်ဆန်း မြင်မက်လို့ ဒီကို သိပ်လာချင်တဲ့ ဆန္ဒ ပြင်းပြခဲ့ပါတယ်ဘုရား"

"တပည့်တော် အိပ်မက်ပုံက ဒီလိုပါဘုရား၊ အိပ်မက်ထဲမှာ ဝတ်ဖြူ စင်ကြယ်နှင့် လူကြီးတစ်ယောက် တပည့်တော်ထံ ရောက်လာပြီး ပြောတယ်။ လမ်းသုံးခွမှာ ကြေးဘုရားကြီးကြီးတစ်ဆူကို မင်းသွန်းရလိမ့်မယ်။ အဲဒီနေရာ ဟာ တောကြီးမျက်မည်းတစ်နေရာလည်းဖြစ်မယ်။ အစွန်ဆုံး၊ အဝေးဆုံးလည်း ဖြစ်မယ်။ အဲဒီကို မင်းသွားပါ။ မသွားရင် မင်းဒုက္ခဖြစ်လိမ့်မယ်လို့ ပြော ကြောင်း အိပ်မက်ပါတယ်ဘုရား"

"အဲဒါနဲ့. . . "

"အဲဒါနဲ့ တပည့်တော် စုံစမ်းမေးမြန်းပြီး ဒီကို ရောက်လာတာပါ ဘုရား"

"အိမ်း. . . အတိတ်ကောက်ရင် နိမိတ်တော့ကောင်းပါတယ်။ ဒီနေရာဟာ တစ်ချိန်က မြို့ဟောင်းတစ်နေရာဖြစ်ပြီး ခုမဏ္ဍပ်ဆောက်ထားတဲ့ နေရာမှာ အဲဒီတုန်းကာလက ကြေးဘုရားတစ်ဆူ သွန်းလုပ်ခဲ့ဖူးတယ်"

"မှန်ပါ၊ အမိန့်ရှိပါဘုရား"

"အဲဒီ သွန်းလုပ်ခဲ့တဲ့ဘုရားဟာ မသမာသူတွေရဲ့ လက်ချက်နှင့် ဦးခေါင်းတော်နှင့် ကိုယ်လုံးတော် ပြုတ်ထွက်ခဲ့ရတယ်"

"ဘယ်လိုကြောင့်ပါလဲ ဘုရား"

"စီးပွားရေး ဝိသမလောဘသမား မှောင်ခိုတွေပေါ့၊ ဘုရားကိုယ်တော် က ကြီးလွန်းလေးလွန်းလို့ တစ်ဆူလုံး မမနိုင်တော့ ဦးခေါင်းတော်ကို ဖြတ်ပြီး ယူသွားကြတယ်"

"ကျွတ်. . . ကျွတ်. . . ဖြစ်မှဖြစ်ရလေဘုရား"

"ဦးခေါင်းတော်ရဲ့ အလေးချိန်ဟာ အချိန်ခြောက်ဆယ် ရှိတယ်။ ဦးခေါင်းတော်ကို ထိုင်းဘက်ကမ်းမှာ သွားရောင်းဖို့ ယူသွားကြတယ်။ ဆိုပါစို့ ယူဆောင်သွားသူတွေဟာ ဒုက္ခအမျိုးမျိုးတွေ့ပြီး ကွယ်လွန်ကုန်တယ်"

"မှန်ပါဘုရား၊ ဖြစ်တာတောင်နည်းသေး ပြောရမလိုပါဘုရား"

"တိုတိုပြောကြစို့၊ အဲဒီ ဦးခေါင်းတော်ဟာ ရွှေဂွန်းအထက်ကျောင်းက ဆရာတော်ထံ ရောက်သွားတယ်။ ရွှေဂွန်းအထက်ကျောင်း ဆရာတော်က ဆရာတော်ရဲ့ အဘိုးတော်သူဖြစ်တယ်။ ဘုရားဦးခေါင်းတော် အဘိုးဆရာတော်ဆီမှာ ရှိကြောင်းသိထားလို့ သွားတောင်းတယ်၊ မရဘူး။ သုံးကြိမ်သွားတောင်းပြီး နောက်ဆုံးမှာတော့ အဘိုးဆရာတော်ဟာ ကိုယ်လုံးတော်ကို အင်္ဂတေဖြင့် လုပ်ပြီး ဦးခေါင်းတော်နှင့် ဆက်စပ်တည်ထားလိုက်တယ်"

"မှန်ပါဘုရား"

"ဦးခေါင်းတော်ကို ဘယ်လိုမှမရတော့ကာ ကျန်ရစ်ခဲ့တဲ့ ကိုယ်လုံးတော်ကို ဟောဒီရန်အောင်မြင်စေတီထဲမှာ ဌာပနာထားပြီး ငုံတည်လိုက်တယ်။ ကြေးချိန်က များလည်းများ၊ ကြီးလည်း ကြီးပါတယ်"

စကားအဆုံးတွင် ကိုသိန်းဝင်းက -

"အဲဒီ ဘုရားသွန်းလုပ်တုန်းက တပည့်တော်တို့များလည်း ပါကောင်းပါခဲ့လေရော့သလား မသိဘူးဘုရား"

"ပါခဲ့လို့ဖြစ်မှာပေါ့၊ တို့တစ်တွေ ခုလို တောထဲမှာ ဆားဟင်းနှင့် အားတင်းပြီး အများလင်းအောင် ဆောင်ရွက်နေကြရတာပေါ့"

ကိုတင်လှကလည်း -

"အဲဒီအထဲမှာ တပည့်တော်များလည်း ပါခဲ့ဟန်တူပါရဲ့ဘုရား" ဟု ဝင်လျှောက်သည်။

"အေးပေါ့ဟ၊ တဲပုတ်ထဲ အမြဲကုပ်မနေနိုင်ဘဲ၊ ပဲပုပ်နှင့် ဇွဲထုတ်ဖို့ အမြဲတစ်မှပတ်ချင်း အတင်းပြေးပြီးလာခဲ့ပုံထောက်တော့ ရှေးရှေးက ရေစက်၊ ပန္နက်ခဲ့ဖူးတဲ့သစ္စာကြောင့် ဒကာမှန်၊ နေရာမှန်၊ သဒ္ဓါမှန်ဖို့ တစ်ခါပြန်လို့ လင်းစေဦးမယ်ဆိုတဲ့ သဘောပေါ့ကွယ်"

"မှန်ပါဘုရား၊ တပည့်တော်တို့လည်း ဒီလိုပဲ ထင်မြင်ယူဆထားကြပါတယ်ဘုရား"

တော်သလင်းလဆန်း ၁၃ ရက်နေ့ နံနက်မှာ မောင်သိန်းဝင်းနှင့်အတူ ဒကာတစ်ယောက် ရောက်လာတယ်။ သူ့ကိုယ်သူ မိတ်ဆက်သည်။

"တပည့်တော်နာမည် ကိုတိုးလို့ ခေါ်ပါတယ်ဘုရား။ ဓာတ်ပုံပညာနှင့် ပန်းချီကျွမ်းကျင်ပါတယ်ဘုရား။ ဟောဒီက ပန်းပုဆရာမောင်သိန်းဝင်းဟာ တပည့်တော်ရဲ့ ညီအရင်းပါဘုရား။ ဆရာတော်လိုအပ်တဲ့ နေရာမှာ အသုံးပြု

နိုင်အောင် ဆရာတော့်ပါရမီ ကူညီကာ ဖြည့်ဖို့ တပည့်တော် တက်လာခဲ့တာပါ ဘုရား"

"တက်လာတာတော့ ဟုတ်ပြီ၊ တို့ဆီမှာတော့ အစားအသောက် ဆင်းရဲတယ်၊ ရတာနှင့်ကြုံ၊ ဆုံတာနှင့်စား အကုန်သာဝါး။ ဟင်းသီးဟင်းရွက် များကို ဆားများများထည့်ပြီး ရေလုံပြုတ်သာသာ စားသောက်ကြတယ်ကွဲ့"

"ဒါတွေအားလုံး တပည့်တော် သိပြီးသားပါဘုရား၊ သည်းညည်း လည်း ခံနိုင်ပါတယ်။ တပည့်တော်အနေနှင့် ကွမ်းစားနေရရင် ကျေနပ်နေသူပါ ဘုရား။ ကွမ်းတော့ မဖြတ်နိုင်သေးဘူးဘုရား"

"အေးဟဲ့. . . ငါကြားဖူးတာ ကရင် ကွမ်းစားဖိုးကြီးတဲ့၊ ခုတော့ ဗမာ ကွမ်းစားဖိုးကြီးလည်း ပေါ်လာပါပြီကော"

မောင်သိန်းဝင်းတို့ ညီအစ်ကိုနှစ်ယောက် ရယ်မောကြသည်။ ထို့နောက် ညီအစ်ကိုနှစ်ယောက် လေသံနိမ့်၍ စကားပြောကြသည်။ ကိုတိုးက ညီဖြစ်သူအား -

"ဟေ့ သိန်းဝင်း၊ ဆရာတော်က တို့အဖေနဲ့ မတူဘူးလားကွ"

"ဟုတ်တယ် ကိုတိုး၊ ကျွန်တော်လည်း ပြောချင်နေတယ်၊ ဒါပေမဲ့ မပြောရဲဘူး၊ ဆရာတော် စိတ်ငြိုငြင်သွားမှာစိုးလို့"

ညီအစ်ကိုနှစ်ခေက် ပြောသောစကားကို ကြားသော်လည်း ဆရာ တော်မှာ မကြားဟန်ဆောင်ထားသည်။

ဆရာတော်သည် ၎င်းတို့နှင့် တွေ့ဆုံချိန်မှစ၍ တစ်ဦးမေတ္တာတစ်ဦး မှာ ဆိုသလို ညီရင်းအစ်ကို၊ သားရင်းတမျှ ခင်မင်ရင်းစွဲရှိခဲ့သည်။ ထုတ်၍မူ ကား မပြောခဲ့။

"ဒကာသိန်းဝင်းရေ. . . "

"ဘုရား"

"သာသနာပြုခရီးသွားနေတာကို ဆရာတော်တော့ နောက်ပြန်ဆုတ် ရတော့မယ်ထင်တယ်"

"ဘာဖြစ်လို့လဲဘုရား"

"သူတို့က အမျိုးမျိုး ယိုးမယ်ဖွဲ့ပြီး အကြောင်းမဲ့ အပြစ်ရှာနေကြ တယ်။ နိုင်ငံရေး နည်းပရိယာယ်တွေသုံးပြီး ဆရာတော်ရဲ့ သာသနာပြုလုပ်ငန်း ဆိုင်းငံ့သွားအောင် နည်းမျိုးစုံနှင့် ကြံစည်နေကြတယ်"

"ဒါလောက်တောင်ပဲလားဘုရား"

"ဒီ့ဟာက်ဘယ်ကမလဲ၊ ကြုံခဲ့လို့ သိရပြီလေ၊ အေးပေါ့ ဘယ်တင်နိုင်မလဲ။ ဖြစ်သမျှအကြောင်း အကောင်းချည်းလို့ မှတ်ရတော့မယ်"

"မှန်ပါဘုရား"

"ရှေးဘဝက အကုသိုလ်ကံ အကြောင်းဖန်လာရင် ဘယ်သူမှ မတတ်နိုင်ဘူးပေါ့။ ဝိဋ္ဋူဘ ဘေးရန်က ဆွေမျိုးတွေကို ကယ်ဖို့ မြတ်စွာဘုရားကြိုးစားခဲ့ပေမယ့် ဆွေတော်မျိုးတော်တို့ရဲ့ အတိတ်က ပြုခဲ့တဲ့ အကုသိုလ်ကံ အကျိုးပေးခွင့် ကြုံလာလို့ ဘုရားရှင်တော်သော်မှ မျက်နှာတော် လွှဲရတယ် ဒကာသိန်းဝင်းရဲ့"

"မှန်ပါဘုရား၊ မှတ်သားရပါဘုရား"

"ခုလည်း တို့ကရင်လူမျိုးအတွက်ရယ်လို့ ဘုရားတန်ခိုးဖက်ပြီး ငြိမ်းချမ်းပါစေတော့ဆိုတဲ့ ရည်ရွယ်ချက်နှင့် လုပ်ဆောင်ခဲ့ပေမယ့် ဆရာတော့်စေတနာကို သင်းတို့ နားမလည်ကြဘူး။ ဒီတော့ နောက်ပြန်ဆုတ်ရမလား ဆရာတော်စဉ်းစားနေတယ်"

"အခြေအနေနှင့် အချိန်အခါပေါ် မူတည်ပြီး သင့်လျော်သလို ဆုံးဖြတ်သင့်ကြောင်းပါဘုရား"

ဆန်းသည်ဆိုရမလား၊ အိမ်မက်တစ်ခုတည်းကို လပြည့်နေ့ သုံးကြိမ်မှာ အချိန်နာရီအံကိုက်မြင်မက်ခဲ့ရသည်။ တော်သလင်းလပြည့်၊ သီတင်းကျွတ်လပြည့်၊ တန်ဆောင်မုန်းလပြည့်များ၌ ညနှစ်နာရီခွဲအချိန်ချည်း ဖြစ်သည်။

အိပ်မက်ပုံမှာ သံဃာများနှင့်အတူ ဇာမဓောင်းသို့ ဆွမ်းဆန်စိမ်းအလှူခံကြွအပြီး မော်တော်ဆိပ်သို့ ဆင်းခဲ့သည်။ ကမ်းပါးထိပ် ထန်းပင်ရိပ်မှာ သံဃာများနှင့်အတူ စုဝေး၍ ရောက်ရှိနေခိုက် သံလွင်မြစ်ကို ကြည့်လိုက်သည်။ မြစ်ရေသည် အထက်အရပ်သို့ ဆန်တက်နေသည်။ ဗွက်ခုံး၊ ဝဲကတော့များ ပွက်ပွက်ထနေသည်။ ရေစီးကလည်း ပြင်ထန်းနေသည်။ လှေကြီး လှေငယ်အသွယ်တို့သည် ရေစုန်ရေဆန် စုန်၍ဆန်၍ ဥဒဟိုဝင်ထွက် သွားလာနေကြသည်။

ကျိုက်ရိသတ်များပါ ရောက်ရှိလာကြပြီး ထိုအခြင်းအရာကို ကမ်းလုံးညွတ်မျှ အံ့သြဘနန်း ကြည့်နေကြသည်။ ကမမောင်းဈေးဝင်းဘက် ကြည့်လိုက်ရာ ဈေးတန်းလည်း ငါးတန်းသဖွယ် ဖြစ်နေသည်။ ထိုနှင့် မနီးမဝေးတစ်ဖက်တစ်ချက်မှာ မြွေးလေးငါးလုံးမျှကို ခြောက်ကပ်သောအသွင်ဖြင့် မြင်

တွေ့ရသည်။ ဈေးရောင်းဈေးဝယ်သူဟူ၍လည်း မမြင်မိချေ။ လူသူအားလုံး မြစ်ညာသို့ ဆန်စီးနေသော သံလွင်ကိုသာ စိတ်ဝင်တစား ကြည့်နေကြသည်။

အိပ်မက်ကား ဤမျှသာ ဖြစ်သည်။ ထူးသည်ဟု မဆိုသာပါ။ သို့သော် လပြည့်နေ့ည နှစ်နာရီခွဲ သုံးကြိမ်စလုံးမှာ ဤကဲ့သို့ပင် တစ်ထပ်တည်း မြင်မက်ရသဖြင့် ဆန်းသည်ဟု ဆိုရခြင်းဖြစ်သည်။ ဘာကြောင့် ဤသို့ မြင်မက်သည်၊ ဘာတွေဖြစ်လာလိမ့်မည်ဟုကား မခန့်မှန်းတတ်ပါချေ။

သို့နှင့် သီတင်းကျွတ်လဆန်းပိုင်းသို့ ရောက်ရှိလာသည်။ သီတင်းကျွတ်လဆန်း ၉ ရက်နေ့ ဝါပန်၍ ထွက်လျှင် သီတင်းကျွတ်သည်ထိ ဝါဆိုကျောင်းသို့ မပြန်ဘဲ နေနိုင်သည်။ ဝါမကျိုးတော့ဟုဆိုလိုသည်။ ဤသည်ကိုပင် "လဆန်း ၉ ရက် ဝါပန်ထွက်၊ ပြန်ရက်မရှိပါ" ဟု ဆိုကြသည်။

ထိုအဆိုအတိုင်း မြိုင်ကြီးငူဆရာတော်သည် သီတင်းကျွတ်လဆန်း ၉ ရက်နေ့တွင် ဝါပန်၍ ထွက်ခဲ့သည်။ သူးမွဲထသို့ ပြန်မရောက်ဖြစ်တော့ပေ။ သာသနာပြုစခန်းခွဲများဖြစ်သော မေတော်ကြီး၊ တာခုလော်ကြီး၊ မယ်ကဇော၊ ဘြိတြိုးတောင်၊ တောင်နီ၊ ဘုရားကျောက်၊ မာရ်လာယု၊ ထီးမဂ်လာ၊ သိလာပါရ စသည်တို့ကို ခရီးစဉ် လှည့်လည်၍ စီစဉ်ညွှန်ကြားသည်။

ဝါပန်ခွင့် ပြဋ္ဌာန်းချက်မှာ ဆရာသမားအရေး၊ မိဘအရေး၊ သီတင်းသုံးဖော်ငါးဦး၏ အရေးတို့အတွက် ဝါပန်ထွက်ခွင့်ရှိသည်။ မိမိ၏ကျန်းမာရေးအတွက်လည်း ဝါပန်၍ ထွက်ကောင်းသည်ဟု ဆရာတို့ မိန့်ဆိုကြသည်။ မြိုင်ကြီးငူဆရာတော်သည် မိမိ၏ ကျန်းမာရေးအတွက်နှင့်သော်လည်းကောင်း၊ မိမိဥပဋ္ဌာယ်ပြု၍ ရှင်ရဟန်းပြုပေးထားသော သီတင်းသုံးဖော် တပည့်သားမြေးတို့အတွက် ဝါတွင်းကာလပင်ဖြစ်သော်လည်း ဝါပန်၍ ပန်၍ ခရီးထွက်နေရသည်။ ဤသည်ကို အချို့သော သံဃာတော် ဆရာတော်အရှင်သူမြတ်တို့က အမြင်မကြည်လင်ကြ။

မတတ်နိုင်ပါပြီ၊ သီတင်းသုံးဖော် တပည့်သားမြေးတို့အတွက် မိမိမှ မလှုပ်ရှားလျှင် မဖြစ်တော့သည်မို့ တရစပ်သွားလာနေရခြင်းဖြစ်သည်။ ဤသို့ ဆိုခဲ့သော် မိုးကြိုးပစ်ရာ ထန်းလက်ကာသည်ဟု ဆိုကောင်းဆိုကြမည်။ ဆိုလိုက ဆိုကြပါစေ။ ဤခရီးထွက်ခြင်းမှာ မိမိအတွက် အကျိုးတစ်ံ့ ဖြစ်ရာမှုမပါ။ သီတင်းသုံးဖော် သားတပည့်၊ မြေးတပည့်နှင့် သာသနာရေးအတွက်သာ ဖြစ်သည်ကို မိမိသာလျှင် အသိဆုံးဖြစ်သည်။ ထို့ကြောင့် ဝါပန်၍ ပန်၍ ထွက်နေရခြင်းဖြစ်သည်။

သီတင်းကျွတ်လပြည့်နေ့ နံနက် ၉ နာရီအချိန် မြိုင်ကြီးငူမှာ ပဝါရဏာပြုအပြီးတွင် မာနယ်ပလောမှ စက်လှေတစ်စီး ဆင်းလာသည်။ လက်နက်အပြည့်အစုံ ကိုင်ထားသော ကေအင်န်ယူ ရဲဘော်များ ပါခဲ့သည်။

"ဗိုလ်မြက ခေါ်ခိုင်းလိုက်တယ်၊ အမြန်တက်လာ" ဟု ပြောသည်။

"ဒီနေ့ ငါမတက်နိုင်ဘူး၊ လပြည့်ကျော်မှ တက်ခဲ့မယ်ပြောလိုက်" ဟု ဆိုလိုက်သည်။ ရဲဘော်များ ပြန်သွားသည်။

လပြည့်ကျော် ၂ ရက်နေ့တွင် ဦးအဒူး၊ ကော်ခုမိုး၊ မိချိုမိုး၊ မောင်တင်မိုး၊ ဇာတ်လိုက်မိုးနှင့်အတူ စက်လှေစီး၍ တက်ခဲ့သည်။ ဖွေးဘောလူရှိ ဗိုလ်မြအိမ်သို့ ရောက်သည်တွင် စွဲချက်အသစ် တင်လာသည်။

"ဘုန်းကြီး၊ မေတော်ကြိုးမှာ နေတဲ့ ရသေ့ဟာ ငါမှာတာကြာပြီ။ မတက်လာဘူး။ နင့်ရသေ့ဟာ ဗမာစစ်ဗိုလ်တစ်ယောက်ဖြစ်တယ်လို့ တို့ကြားရတယ်။ အမြန်ပြန်ခိုင်းလိုက်ပါ"

ရောက်ရောက်ချင်း ဆောက်နှင့်ထွင်းသည်။ ဆရာတော် စဉ်းစားသည်။

"ဗိုလ်မြတို့ဟာ သီလရှင်တွေကိုလည်း လူဝတ်လဲခိုင်းလိုခိုင်း၊ မိဘက် ရပ်ရွာန် ပြန်ခိုင်းဖို့ ပြောလိုပြော၊ ဦးရသေ့ညီမ ဒေါ်ဝဏ္ဏစာရီကိုလည်း အောက်ကို ပြန်ခိုင်းခဲ့ပြီ။ ခုတစ်ခါ လာပြန်ပြီတစ်မျိုး။ ဦးရသေ့ဟာ ဗမာစစ်ဗိုလ်ဟစ်ယောက်ဖြစ်ပြန်ပြီတဲ့။ မြန်မြန်ပြန်ခိုင်းပါတဲ့။ အင်း. . . ယိုချင်တဲ့ဆီမို့ အပေါက်ရှာတယ် ဆိုရမလား"

ဒါမှမဟုတ် "နင်မဟုတ် နင့်အဖေ" ဟူသော ဝံပုလွေ၏ စီရင်ချက်ဟု ဆိုရမလား။ ဒါတွေကို သုံးသပ်ကြည့်လိုက်ရင် တို့ဒီမှာနေတာကို သူတို့မလိုလားလို့ ဖြစ်မယ်။ ဒီတော့. . .

"အေးပေါ့လေ၊ ဖူးကော်ခို့ စိတ်ချမ်းသာမယ်ထင်သလိုသာလုပ်ပါ၊ ဒီတစ်ခါတော့ ဘုန်းကြီး ခေါင်းမမာတော့ဘူး။ အကုန်သာ အလျှော့ပေးလိုက်တော့မယ်၊ ကြားလား"

"ဒါဆိုရင် ဦးရသေ့ကို ဘယ်တော့ ပြန်ခိုင်းမလဲ၊ ပြော"

"ဖူးကော်ခို့ပြောလေ၊ ဖူးကော်ခို့ အစီအစဉ်အတိုင်း ဘုန်းကြီး လုပ်ပေးမယ်"

"အမြန်ဆုံး ပြန်ခိုင်းလေ ကောင်းလေပဲ"

"ဒါပေမဲ့ တစ်ခုတော့ ပြောမယ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက် မေတော်ကြီး ကထိန်ခင်းရှိတယ်။ သို့သော်လည်း ဖူးကော်ခို မကြိုက်ရင် မခင်းတော့ဘူး။ ဒါပဲ၊ ကဲ. . . ဘုန်းကြီး ပြန်မယ်"

ကုလားထိုင်မှထ၍ ပြန်ခဲ့သည်။ အိမ်ပေါ်မှ ဆင်း၍ လာလမ်းအတိုင်း လမ်းလျှောက်ခဲ့သည်။ ကားနှင့်လိုက်ပို့ပေးမယ် ဆိုသေးသည်။ "မလိုဘူး၊ ခြေထောက်ကားပါတယ်၊ လမ်းလျှောက်ပြန်မယ်" ဆိုပြီး ဇွတ်ထွက်လာခဲ့သည်။ စက်လှေဆိပ်ရောက်၍ လှေစီးပြီး မေတော်ကြီး ပြန်ခဲ့သည်။

ရောက်လျှင် မည်သူ့ကိုမျှ စကားပြောချင်စိတ် မရှိပြီ။ ဘာကစ၍ ဘာကိုစကိုင်၍ ဖြေရှင်းရမည်မသိ။ ခေါင်းတစ်ခုလုံး အုံနေအောင် စဉ်းစားစရာတွေ ပွေရှုပ်နေသည်။ စပါးကြီးမြွေ ရစ်ပတ်ညှစ်သတ်သလို တစ်ရစ်ပြီး တစ်ရစ် တက်လာသော သူတို့အစီအစဉ်ကိုလည်း သိနေပြီ။ မိမိ တည်ထောင်ထားပြီးသော သာသနာပြုစခန်းများ၊ ကျောင်းကန်ဘုရားများ၊ သိမ်များ၊ ဇရပ်များ၊ ပြီးတော့ တပည့်သားမြေးများ စသည့် အရေးအခင်းများ တစ်သီတစ်တန်းကြီး။ ဒါလောက်များသည့် အရေးအခင်းများအတွက် ကြို၍ တွေးရသည်မှာ ရင်မောလှသည်။ တွေးလိုက်တိုင်းလည်း တွေးသလို ဖြစ်လာချင်မှ ဖြစ်လာဘတ်သည်။ သည်တော့ သည်တော့ မတွေးလိုတော့ပြီ။ နောင်ခါလာ နောင်ခါချေးဟု သဘောထားလိုက်သည်။

လှုပ်ရှားပွဲ့လွှင့်နေသော စိတ်အကြံအစည်ကို ထိန်းကွပ်ရန် သိမ်ထဲဝင်ခဲ့သည်။ မတ်တတ်ရပ်လျက် သတိပဋ္ဌာန်ရွတ်သည်။ ပြီး မေတ္တာဆက်ပို့သည်။ ငါးနာရီမျှကြာအောင် ရပ်လျက်ပင် မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းသည်။ ညဉ့်သန်းခေါင်ကျော်မှ ရပ်နား၍ ကျိန်းစက်တော့သည်။

သီတင်းကျွတ်လပြည့်ကျော် ၉ ရက်နေ့မှာ မေတော်ကြီးကျောင်းမှာ ကထိန်ခင်းသည်။ ဦးရွှေလုံး၊ ဒေါ်မြစိန် မိသားစုက ကို့တယို အုန်းနို့ခေါက်ဆွဲဆက်ကပ်သည်။ ပင့်သံဃာများနှင့် ရောက်လာသူ ဧည့်ပရိသတ်အားလုံး ဝဝလင်လင် ဘုဉ်းပေး သုံးဆောင်ရသည့်အပြင် အများအပြားပင် ပိုနေသဖြင့် ပွဲအပြီးမှာ ချိုင့်များဖြင့်ပင် ထည့်ပေးလိုက်သေးသည်။

ထိုစဉ်က မိုးတွင်းတစ်နေ့မှာ မေတော်ကြီးဘုရားကို မိုးကြိုးခခဲ့သည်။ ဘုရားတစ်ဆူလုံး အစိတ်စိတ် အမွှာမွှာဖြစ်ရသည်။ ဘုရားထီးတော်ပါ မိုးကြိုးဒဏ်မှ မလွတ်ခဲ့။ ဤအပျက်အစီးများကို ဖာထေးပြုပြင်၍ အသစ်ပြန်လည် မွမ်းမံ၍ ထီးတော်အသစ် တင်လှူရန် မှာကြားစရာရှိသည်များကို မှာကြားသည်။

တစ်ဆက်တည်းမှာ ဦးရသေ့အား ပြန်ရန်ကိုပါ အားနာနာနှင့်ပင် ရှေ့မျက်နှာ နောက်ထား၍ မျက်နှာလွှဲကာ ပြောလိုက်ရတော့သည်။ ဦးရသေ့အား ဗိုလ်မြကနှင်နေသည့်သတင်းကို ရှေးမဆွကတည်းက ဦးရသေ့ ကြားထားပြီးဖြစ်သည်။ ဆရာတော်အနေဖြင့် ဘာမှ ပြောဆိုလာခြင်းမရှိသဖြင့် အေးသွားပြီထင်ထားကာမှ ရုတ်ခြည်းပြောလိုက်သည်ကို ကြားရသူ ဦးရသေ့မှာ အံ့အားသင့်သွားသည်။ မကြည်သာမျက်နှာက ညှိုးလျှသွားသည်။

သံယောဇဉ် တွယ်မိပြီးသော တောင်ပေါ်ဒကာများကို ကရုဏာလျှမ်းသောအကြည့်ဖြင့် ကြည့်သည်။ တစ်ဦးစီ၏ မျက်နှာကို စေ့စေ့လိုက်ကြည့်သည်။ ဦးရသေ့၏ အကြည့်ကို ခံရသူ ဒကာများမှာ မျက်လုံးချင်း မဆိုင်ဝံ့ကြ။ ရင်မှဖြစ်သော ခံစားချက်ကို နှုတ်မှ ထုတ်မပြောနိုင်ကြသော်လည်း မျက်လုံးချင်းက ပြောနေပြီဖြစ်သည်။ ခွဲခွာရတော့မည့်အဖြစ်ကို သိရှိကြပြီးဖြစ်သည်မို့ အသံမဲ့ ပြောဆိုသည်ကို နှစ်ဦးစလုံး သိရှိပြီး ဖြစ်သည်။

"သြော်. . .
ချစ်ခင်ပေါင်းသင်း
ဆက်ဆံခြင်းကား
ကွေ့ကွင်းနောက်ဆုံး
ရှိချေ၏တကား" ဟု သံဝေဂယူကာ ဖန်လာသည့် လောကခံကို ကြံ့ကြံ့ခံရုံမှအပ ဘာမှမတတ်နိုင်တော့ပြီ။

ဦးရသေ့သည် ယူစရာပစ္စည်းများကို လိုက်လံသိမ်းဆည်းယူငင်ကာ မြိုင်ကြီးငူသို့ ပြန်ဆင်းခဲ့လေတော့သည်။

## အရေးသုံးပါး ဦးတည်ထား၍

မေတော်ကြီးမှ ဆင်းခဲ့ပြီး မြိုင်ကြီးငူမှာ ခေတ္တနားနေ၍ တြိကြိုး ဆံတော်ရှင်စေတီတော်သို့ သွားရောက်သည်။ တြိကြိုးဆံတော်ရှင်ဘုရားမှာ မိုးတွင်းက မိုးကြိုးခသဖြင့် ခေါင်းလောင်းဖောင်းရစ်ပတ်လည် တီခနဲ ပြတ်သွားသည်။ သို့သော် ဘုရားက ရွဲ့ခြင်း၊ စောင်းခြင်း လုံးဝမရှိ။ ထိုကို ပြန်ပြင်မည်။

သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်နေ့တွင် ပဋ္ဌာန်းဖွင့်ကာ ဘုရားကို စတင်ပြုပြင်သည်။ သုံးရက်အရ တန်ဆောင်မုန်းလဆန်း ၂ ရက်နေ့ အရောက်တွင် ပဋ္ဌာန်းရွတ်ဖတ် ပူဇော်ရန် လုံးဝစိတ်ဝင်စားခြင်းမရှိ။ ရွတ်ဖတ်၍လည်းမရ။ ကြည့်နေသော စာလုံးများ ဝေဝါးလာသည်။ ပူလောင်နေသလို ခံစားရသည်။ စိတ်က လုံးဝမကြည်လင်။ ရွှင်ပျခြင်းကား မရှိ။ လေးတွဲ့နေသည်။ တစ်ခုခုတော့ မလွဲဧကန်ဖြစ်တော့မည်ဟု သိနေသလို ရှိသည်။ ဘာရယ်ညာရယ်ဟူ၍တော့ တိတိကျကျ မပြောသာ။ ပြောလည်း မပြောတတ်။ စိတ်ထဲ လေးလံလွန်းနေသဖြင့် ရွတ်ဖတ်နေဆဲ ပဋ္ဌာန်းကို အလှည့်ပြောင်းလိုက်သည်။

ဘုရားတည်ရာမှာ အမြဲတမ်းခေါင်းဆောင်ဖြစ်သူ ဦးစန္ဒောဘာသအား ခေါ်၍ -

"ဦးစန္ဒော၊ ပဋ္ဌာန်းပွဲကို ပြီးအောင်ဆက်ပြီး ဆောင်ရွက်ပါ။ ဘုရား

ပြုပြင်မှုကိုလည်း ပြီးစီးသည်ထိ လုပ်ကိုင်ပါ။ ဆရာတော့်စိတ်ထဲ လေးလံလွန်းနေတယ်။ မကြာမီကာလအတွင်း တစ်ခုခုတော့ ဖြစ်ကို ဖြစ်လာတော့မယ် ထင်နေတယ်။ ဆရာတော် မြိုင်ကြီးငူပြန်မယ်။ ဒီတြိကြို့ဘုရားကိုလည်း အမြန်ဆုံး ပြီးအောင် လုပ်ဆောင်ပြီး ပြန်ခဲ့ကြ"

ပြောဆိုမှာကြားကာ မြိုင်ကြီးငူသို့ ဆင်းလာခဲ့သည်။ ဘေသဇ္ဇမုနိ ကြေးသွန်းဘုရား ပလာစတာ ပုံကြမ်းလောင်းနေသည်ကို ကြီးကြပ်ညွှန်ကြားသည်။ သုံးလေးရက်အရမှာ တြိကြို့မှ ဦးစန္ဒောဘာသတို့အဖွဲ့ ကိစ္စများပြီးစီး၍ ဆင်းလာခဲ့ကြသည်။ သူးမွဲထသို့ ပြန်တက်စေလိုက်သည်။ ဆရာတော်မှာ မြိုင်ကြီးငူမှာပင် နေရစ်သည်။ ဖြစ်ပေါ်ခဲ့သော အခြေအနေအရပ်ရပ်ကို ပြန်လည် စဉ်းစားဆင်ခြင်သည်။ အထပ်ထပ် အဖန်ဖန် သုံးသပ်သည်။

သုံးသပ်၍ ရသောအဖြေမှာ ရှေ့ဆက်တိုးခဲ့သော် မိမိနှင့်တကွသော တပည့်သံဃာများ၊ တောင်ပေါ်သူ တောင်ပေါ်သားများအဖို့ မလွဲဧကန် အန္တရာယ်နှင့် ရင်ဆိုင်ကြဖို့ ရှိနေသည်။ နောက်ဆုတ် မမည်သောရပ်တန့်ခြင်းသဘောမျိုး လုပ်ရပါမှ ကောင်းလေစွဟု တွေးမိသည်။ အတွေးနှင့်အတူ ဆုံးဖြတ်ချက်တစ်ခုကို အဓိဋ္ဌာန်ထား၍ ဆောက်ဘည်လိုက်သည်။ တန်ဆောင်မုန်းလပြည့်နေ့မှစ၍ ၄၉ လတိုင်တိုင် (လေးနှစ်နှင့် တစ်လတိုင်တိုင်) မဲဆိပ်မှ အထက်သို့ မသွားတော့။ ဘုရားတည်၊ သာသနာပြုခြင်းအမှုကိုလည်း ယာယီ ရပ်နားထားလိုက်မည်။ သည်ကာလအတွင်း သင်းတို့ လုပ်ချင်သလို လုပ်ကြစမ်းပါစေဟု ချင့်ချိန်စဉ်းစားပြီး နို့ဖြူးဆရာတော်နှင့် ဗိုလ်ချုပ်မြကို့ထံ အောက်ပါ စာနှစ်စောင်ကို ရေးသား ပေးပို့လိုက်သည်။

**ဦးဝိဇနေ**
**(ဥက္ကဋ္ဌဆရာတော်)**
**ကရင်သံဃာ့အဖွဲ့ချုပ်**
**မာနယ်ပလော။**

အတိသက္ကစ္စ အတိဂါရဝတရား ရှေ့ထား၍ ရှိသေစွာ လျှောက်ကြား အပ်ပါသည်ဘုရား။

အကြောင်းမှာ တပည့်တော်သည် ဆရာတော်၏သံဃာ အစည်း အဝေးကြီးသို့ မတက်ရောက်နိုင်တော့ပါ။ တန်ဆောင်မုန်း လပြည့်နေ့မှစ၍ ၉ လတိုင်တိုင် (၄ နှစ် နှင့် ၁ လ တိုင်တိုင်) ကိုယ်ပိုင်ပဓာနလုပ်ငန်းကို ကြိုးပမ်းရန် အဓိဋ္ဌာန်ဝင်မည် ဖြစ်ပါသည် ဘုရား။

ဤကာလအတွင်း ၎င်းဒေသတစ်ဝိုက်မှာ ခရီးသွား၊ တောင်တက်၊ ဘုရားတည်ခြင်းလုပ်ငန်းကို လုံးဝရပ်ဆိုင်းလိုက်ပြီးဖြစ်ပါသည်။ သူးမွဲထစခန်းနှင့် အခြားစခန်းတွေကိုလည်း ဆရာတော်တို့ သင့်တော်သလို စီမံဖန်တီးတော်မူကြပါဘုရား။

တပည့်တော်၏ တပည့်များကိုလည်း အရှင်ဘုရားတို့ ယုံကြည်စိတ်ချခြင်းမရှိသောကြောင့် အပြီးအပိုင် အကုန်ရုပ်သိမ်းပြီးဖြစ်ကြောင်း ပန်ကြားလျှောက်ထားအပ်ပါသည်ဘုရား။

**ဦးသုဇန**
**မြိုင်ကြီးငူဆရာတော်**

ဗိုလ်ချုပ်မြ
(ဥက္ကဋ္ဌ)
**ကေအင်န်ယူဗဟိုကော်မတီ**
မာနယ်ပလော

ဥက္ကဋ္ဌဒကာတော်

ဆရာတော် စာရေးလိုက်တယ်။ အသက် ၄၅ နှစ်ပြည့်ရင် နားမယ်လို့ စိတ်ကူးထားခဲ့တယ်။ ယခုပြည့်ပြီမို့ နားဖို့ အချိန်ကျပြီဟု ဒကာတော် အသိပေးနားခိုင်းလာတယ်။ နားတော့မယ်လို့ ဆုံးဖြတ်လိုက်တယ်။ ယခု စာရေးသောအချိန်မှစ၍ ၄၉ လ (၄ နှစ် နှင့် ၁ လ) တိုင်တိုင် မြိုင်ကြီးငူစခန်း မှာပင် ကိုယ်ပိုင်လုပ်ငန်းများနှင့် သီတင်းသုံး နေထိုင်မယ်။ မဲဆိပ်အထက်ဘက် ၎င်းဒေသတစ်ဝိုက်သို့ ဘုရားတည်ခြင်းအမှုကို ဤကာလအတွင်း မပြုပါ။

ဒကာတော် ခွင့်ပြုချက်အရ တောအထပ်ထပ်၊ တောင်အထွေထွေကို ကျော်ဖြတ်ကာ ယွန်းစလင်း၊ သံလွင်မြစ်ကြောင်းသာမက ယိုးဒယားသို့ပင် ထိုးဖောက်နိုင်သည်အထိ စေတနာထားပြီး ဒကာရင်းပီသစွာ ကရင်လူမျိုး၊ ကရင်ခေါင်းဆောင်းတို့ရဲ့ အသိစိတ်ဓာတ်ပြည့်ဝစွာနှင့် ခွင့်ပြုကူညီခဲ့တာကို အထူးကျေးဇူးတင်ပါတယ်။

ဒကာတော်ရဲ့ စကားကိုလည်း မလွန်ဆန်တော့ဘူး။ အကုန်နားတော့မယ်။ ကျေနပ်မှုရအောင်လည်း အကုန်လိုက်လျောမယ်။ ဒကာတော် မေးသည့်အတိုင်း ဆရာတော်ဟာ ကရင်လူမျိုး

ဟုတ်တယ်၊ ကရင်စကား တတ်တယ်၊ နားလည်တယ်၊ နားလည်တဲ့ အတိုင်း နားထောင်တယ်။

ဒကာတော်အနေနှင့် ဆရာတော်တို့အား ယခုလိုပိတ်ပင် တားမြစ် တာကို အကုန်ခွင့်လွှတ်တယ်။ ပါရမီဖြည့်ဖက် ဒကာရင်း တစ်ယောက် သဘောထားပြီး လေးစားပါတယ်။

ဆရာတော်လည်း စေတနာနှင့် အကြံပေးတာကို ခွင့်ပြုမယ် ဆိုရင် "ဒကာတော်သည် အသက်ကြီးပြီမို့ စိတ်ရှည်သည်းခံပြီး မိမိလက်အောက်ငယ်သားအပေါ် သနားငဲ့ညှာဖို့အတွက်" အကြံ ကောင်းတစ်ရပ်အနေနှင့် သတိပေးလိုက်ချင်တယ်။

ဆရာတော် ဦးသုဇန
မြိုင်ကြီးငူ

စာနှစ်စောင်ကို ပေးလိုက်ပြီးနောက် မြိုင်ကြီးငူဆရာတော်သည် မြိုင်ကြီးငူမှာ ဘေသဇ္ဇမုနိကြေးသွန်းရုပ်ပွားတော်အတွက်သာ စိုင်းပြင်းနေ သည်။ ကြေးတိုကြေးစများကို လှူနိုင်ပါကြောင်း နှိုးဆော်ထားရာ စေတနာရှင် အသီးသီးတို့က ကြေးထည်ပစ္စည်းများကို အဟောင်းအမြင်းမှအစ လာရောက် လှူဒါန်းကြသည်။ လှူဒါန်းလာသမျှသော ကြေးပစ္စည်းများကို ကြေးကျိုရုံသို့ ပို့ထားစေသည်။ ကြေးပိဿာချိန် ၁၂၇၇၇ ပိဿာလိုသည်ဖြစ်၍ လိုအပ်ချက် ပြည့်မီရန် အတော်ကြီးကို စုဆောင်းရပေဦးမည်။

ကျောင်းမှာရှိသည့် ကြေးထည်ပစ္စည်းများကို ကွမ်းညှပ်မှအစ အားလုံး ကျိုလိုက်ရသည်။ ထိုအထဲတွင် အလွန်ထူးဆန်းသော ကြေးပစ္စည်း တစ်ခုလည်း ပါဝင်သည်။ လွန်ခဲ့သော ၅ နှစ်က တောင်ပေါ်ဒကာတစ်ဦး လှူဒါန်းထားခဲ့သော အချင်းတစ်ပေခွဲရှိသော မောင်းကြီး ဖြစ်သည်။ ဘိုးဘွား မိဘ အစဉ်အဆက်မှ ဆက်ခံသိမ်းဆည်းခဲ့သော ဘိုးဘွားမိဘပိုင် အမွေပစ္စည်း ဖြစ်သည်။ ထူးဆန်းလွန်းသည်ဖြစ်၍ မြိုင်ကြီးငူဆရာတော်အား ကြည်ညိုလွန်း ရကား ထိုထူးဆန်းသော မောင်းကြီးကို လာရောက်လှူဒါန်းထားခဲ့ကြခြင်း ဖြစ်သည်။

ထူးဆန်းပုံမှာ သူတို့အိမ်မှာ မောင်းကြီးကို ပက်လက်လှန်၍ ဆန် ထည့်လေ့ရှိသည်။ ဆန် ၄ ပြည်ခန့် ဆန့်သည်။ ထမင်းချက်လျှင် ထိုထဲမှ ဆန်ကို လိုသလောက်ခပ်ယူပြီး ချက်သည်။ နောက်တစ်နေ့ ချက်မည်သွား သောအခါ ဟိုနေ့က ယူထားသဖြင့် လျော့နေသောဆန်များ မောင်းကြီးအပြည့်

ပြန်ပြည့်နေသည်။ ထိုနေ့ယူပြီး ချက်လိုက်လျှင်လည်း နောက်နေ့တွေမှာ ပြန်ပြန်၍ ပြည့်နေသည်။ ဆိုလိုသည်မှာ ဆန်တစ်ခါထည့်ထားလျှင် နောက်ထပ်ထည့်စရာမလို။ အလိုလိုပြန်ပြည့်နေသည်။ တစ်ခုတော့ရှိသည်။ ဆန်ကို အကုန်မယူရ။ ပြီးတော့ မှောက်ပြီးတော့လည်း မသွန်ရ။ ဤသို့ ပြုခဲ့သော် ဆန်ပြန်မပြည့်တော့ပေ။

အစမှ ပြန်စရသည်။ ဆန်အပြည့် ပြန်ထည့်ရသည်။ လိုတရဟု မဆိုနိုင်သည့်တိုင် ဤမျှ ထူးဆန်း အံ့သြဖွယ်ကောင်းသော မောင်းကြီးကို နှမြောတွန့်တိုခြင်း အလျဉ်းမရှိဘဲ စေတနာသဒ္ဓါတရား ထက်သန်စွာ မြိုင်ကြီးငူဆရာတော်အား လာရောက်လှူဒါန်းထားခဲ့ကြသည်။ အာဂစေတနာရှင်ပါပေ။ ဤအချက်ကို ကြည့်၍ တောင်ပေါ်ကရင်အမျိုးသားများ၏ ရိုးသားပွင့်လင်းဖြူစင်သောစိတ်ဓာတ်ကို အကဲခတ်နိုင်သည်။ သူတို့မှာ ဝိသမလောဘမရှိ။ စားဝတ်နေရေး အသင့်တင့် ပြည့်စုံရုံ၊ မပူမပင်ရှိရုံမျှဖြင့် လူ့ဘဝကို ကျေနပ်ရောင့်ရဲနေနိုင်ကြသည်။

မြိုင်ကြီးငူဆရာတော်သည် ထူးဆန်းသော မောင်းကြီးကို အလှူခံရရှိပြီးနောက် မဟာသိမ်တော်အတွင်း ဘုရားဆောင်မှာ သည်အတိုင်း ထားခဲ့သည်။ မည်သို့မှ အသုံးမပြုခဲ့။ ယခု ဘေသဋ္ဌမုနိရုပ်ပွားတော်အတွက် ကြေးလိုအပ်သည်တွင် ထိုထူးဆန်းသော မောင်းကြီးကိုပါ ထည့်၍ ကျိုစေလိုက်သည်။

ဤသို့ ထူးဆန်း၍ ဤမျှ‌ေ့ဤမျှ ထိုက်တန်သည်ဟု အဖိုးမဖြတ်လောက်သော ဤပစ္စည်းသည် အတုမရှိမြတ်သော ဘုရားရှင်တော်အားသာ ထိုက်၏ဟု ယူဆတော်မူခဲ့ခြင်းဖြစ်သည်။ ဤဖြစ်ရပ်ကို ကြည့်၍ မြိုင်ကြီးငူဆရာတော်၏ အများနှင့်မတူ တစ်မူထူးသည့် စိတ်ဓာတ်ကို အကဲဖြတ်နိုင်သည်။

ပြဆိုခဲ့သော မောင်းကြီးကဲ့သို့ ထူးဆန်းသော သပိတ်တစ်လုံးကိုလည်း မြိုင်ကြီးငူဆရာတော် လက်ဝယ်ပိုင်ပိုင် ရရှိခဲ့ဖူးသည်။ ထိုသပိတ်ဖြင့်ပင် စစ်ပြေးဒုက္ခသည် ၃၀၀ ကျော်တို့အား တစ်လတိုင်တိုင် ဆွမ်းခံကျွေးခဲ့သည်။ ထိုသပိတ်ကိုလည်း နန်းဦးစေတီတည်ထားခဲ့စဉ်က ဌာပနာခဲ့သည်။ (ဤဖြစ်ရပ်ကို ဖော်ပြခဲ့ပြီးဖြစ်သည်။)

လူ့ရွာလောကမှာ လူတို့ သာမန်အသိဉာဏ်ဖြင့် လိုက်မမီနိုင်သော သဘာဝလွန် သဘောတရားပေါင်းများစွာ ရှိသည်။ ထိုသည်တို့နှင့် မြိုင်ကြီးငူဆရာတော်သည် မကြာခဏဆိုသလို ဆုံဆည်း ကြုံကြိုက်ခဲ့ရသည်။ ရေပုပ်

ရွာထွက်ခဲ့စဉ်က ဆန်နို့ဆီဘူးနှစ်လုံးစာချက် ထမင်းကို လူ ၁၁ ယောက် စားပြီးသော်လည်း မကုန်နိုင်သည့် ထမင်းအိုးကိုလည်း ကြုံတွေ့ခဲ့ရသည်။ ယခုလည်း ယူလိုက်တိုင်း ပြန်ပြန်၍ ပြည့်နေသော မောင်းကြီးကို လက်ဝယ် ပိုင်ပိုင် ရရှိထားခဲ့သည်။ မည်သို့မှ အသုံးမချခဲ့။ ဘုရားရှင်တော်အားသာ လှူဒါန်းခဲ့ချေသည်။ ဘေသဇ္ဇမုနိ ကြေးသွန်းရုပ်ပွားတော်ကြီး ပြီးစီးခဲ့သော် ရပ်ရွာဒေသအေးမြငြိမ်းချမ်းမည်ဟု ယူဆတော်မူသည်ဖြစ်၍ ထူးသည် ဆန်း သည် ဘာကိုမျှ မက်မောတွယ်တာမှု မထားဘဲ စွန့်လှူတော်မူခဲ့သည်။

ဘေသဇ္ဇ = ဆေး

မုနိ = ဘုရား

ဘေသဇ္ဇမုနိ = ဆေးဘုရား၊ ဆေးပေးတော်မူသော ဘုရားဟု အဓိပ္ပာယ်ရသည်။

မုဒြာတော်မှာ ဘူမိဖဿမုဒြာဟန်ဖြစ်သည်။ သို့သော် မြေသို့ ညွှန်း သော လက်တော်မှာကား ပက်လက်အနေအထားဖြစ်၍ လက်ညှိုးနှင့် လက်မ တော်မှာ ကြစုသီးကို ကိုင်ထားသည်။ တင်ပျဉ်ခွေပေါ်ရှိ လက်တော်မှာ အမြိုက်ဆေးအိုးတော်ကို ကိုင်ထားသည်။ ရည်ညွှန်းသည်မှာ -

သတ္တဝါအများတို့သည် ကိလေသာထူပြော၊ ရောဂါဘယများနှင့် နှိပ်စက်ခြင်းကို မပြတ်မလပ် ခံနေကြရသည်။ ထိုကိလေသာရောဂါအတွက် ကုစားရန် သစ္စာလေးပါးဟူသော အမြိုက်ဆေးတော်ကို တိုက်ကျွေးမည်။ မလဒေါသများကို ပြေပျောက်စေနိုင်သည့် ကြစုသီးကဲ့သို့သော နိဗ္ဗာန်အသီး ကို ပေးတော်မူနေသည်ဟူသော သဘောကို ရည်ညွှန်းထုလုပ်ထားခြင်း ဖြစ်သည်။ မူလ ဉာဏ်တော် ၁၇ လက်မှ ၂၉ ပေ ဉာဏ်တော်အမြင့် ပူဇော် သွန်းလုပ်နေခြင်းဖြစ်သည်။ ရပ်ရွာဒေသ မငြိမ်မသက်ဖြစ်နေသည်မှာ လောဘ၊ ဒေါသ၊ မောဟ စသော ကိလေသာထူပြောမှုကြောင့် ဖြစ်သည်။ ကိလေသာများ ငြိမ်းလျှင်၊ လျော့နည်းလျှင် အေးမြငြိမ်းချမ်းလာမည်။ ထို ကိလေသာများ ငြိမ်းရန်အတွက် ဘုရားရှင်တော်က အမြိုက်ဆေးတိုက်ကျွေး တော်မူသည့်ဟန်ကို ရည်ညွှန်းသည်။ ထို့ကြောင့် ဘေသဇ္ဇမုနိဘုရားကြီး ပြီးစီး စေဖို့ မြိုင်ကြီးငူဆရာတော် ကြိုးပမ်းတော်မူနေခြင်းဖြစ်သည်။

ဤကြေးသွန်းရုပ်ပွားတော် ပူဇော်သွန်းလုပ်ခြင်းသည် မိမိကရင် အမျိုးသားတို့အတွက် ငြိမ်းချမ်းသာယာစေလိုခြင်း၊ ဗုဒ္ဓဘာသာ ပွင့်လင်းထွန်း ကားစေလိုခြင်း၊ ဗုဒ္ဓသာသနာ အရှည်ခံ၍ တည်တံ့စေလိုခြင်းဟူသော အမျိုး ဘာသာ သာသနာ အရေးသုံးပါးစလုံးအတွက် ကြိုးပမ်းတော်မူနေခြင်းဖြစ်သည်။

ဩော်. . .

အမျိုးသားအရေး အေးချမ်းသာယာစေ. . .

ဘာသာအရေး ပွင့်လင်းဝေဖြာစေ. . .

သာသနာအရေး တည်တံ့ရှည်ကြာစေ ဟူသော အရေးသုံးပါးကို ◌ါးထိပ်လားလျက် မြိုင်ကြီးငူမှာပင် စိတ်အကြွနှင့် အမိဌာန်၍ နေလိုက်ရချေ ◌ါးမည်။

⁂⁂⁂

# ကြားဖြတ်အမှာ

မြိုင်ကြီးငူဆရာတော်သည် နို့ဖြူးဆရာတော် ဦးဝိဇာန (ရမ်ဘို့ ဘုန်းကြီး)နှင့် ဗိုလ်ချုပ်မြတို့အား စာတစ်စောင်စီပေးပြီးနောက် စာပါအတိုင်း မဲဆိပ်မှ အထက်သို့ မတက်တော့ဘဲ မြိုင်ကြီးငူမှာ ၄၉ လ (၄ နှစ် နှင့် ၁ လ) အဓိဋ္ဌာန်ဝင်လိုက်သည်။

နောက်ပိုင်း သူးမွဲထမှာ ဖြစ်ခဲ့သော ဖြစ်ပျက်ပုံ အရေးအခင်းများ ကိုယ်တော်တိုင် မကြုံတွေ့နိုင်ခဲ့။ ပြောသံဆိုသံများကိုသာ ကြားခဲ့ရသည်။

ကြားသတင်းဟူသည် အလိုအပို ရှိတတ်စမြဲဖြစ်သည်။ ထို့ကြောင့် ဆရာတော် မိန့်ကြားချက်ကို မှတ်တမ်း မပြုလိုပါ။

သူးမွဲထ အရေးအခင်းဖြစ်ရပ်ကို ပီပြင်စေရန် ထိုစဉ်က ပါဝင်လှုပ်ရှားခဲ့သောသူအချို့၏ မှတ်တမ်းဖြင့် ကြားညှပ်ရေးသား ဖော်ပြသွားပါမည်။ (စာရေးသူ)

## ဗိုလ်ချုပ် ကျော်သန်း၏ မှတ်တမ်းအဆက်

၁၉၉၄ ခုနှစ်၊ ဇူလိုင်လထဲမှာပါပဲ။ ရက်အတိအကျတော့ မသိဘူး။ အဲ. . . မြန်မာရက်တော့ မှတ်မိတယ်။ မှတ်မိဆို နက်ဖြန်ခါ ဝါဆိုလပြည့်နေ့လေ။ ဗုဒ္ဓဘာသာတွေအဖို့ နေ့ထူးနေ့မြတ်ဖြစ်တဲ့ ဝါဆိုလပြည့် ဓမ္မစကြာနေ့။

ကျွန်တော်ဟာ တော်လှန်ရေးတပ်သား လုပ်နေပေမယ့် ဗုဒ္ဓဘာသာဝင် တစ်ဦးအနေနှင့် ဝါဝင်ဝါထွက် အခါကြီးနေ့ကြီးများကိုတော့ မှတ်မှတ်ရရ သိနေတတ်ဖို့ ကြိုးစားထားပါတယ်။ ဒါကြောင့်လည်း မှတ်မိနေတာပါ။

၁၃၅၆ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်။

ဘုရားဖူးသွားဦးမယ်ဆိုပြီး သူးမွဲထကို လာခဲ့တယ်။ ဣစ္ဆာသယဖောင်တော်ဦးစေတီကို ဖူးမြော်ပြီး ကျောင်းပေါ်တက်သွားတော့ မြိုင်ကြီးငူဆရာတော်အား ဖူးတွေ့ရတယ်။ ဝတ်ပြုရှိခိုးအပြီးမှာ -

"ဘယ်လိုလဲဒကာ"

"အမိန့်ရှိပါဘုရား"

"အခု တို့ရဲ့ သီလရှင်တွေကို ဒကာတို့ရဲ့ အထက်လူကြီးတွေ မေတော်ကြိုးမှာ နေခွင့်မပေးတော့ဘူး၊ မောင်းထုတ်နေပြီ"

"ဘယ်ကိုမောင်းထုတ်တာလဲဘုရား"

"မြို့မှာသွားနေခိုင်းဖို့ မောင်းထုတ်တာပါ၊ ဒီဧရိယာမှာ နေခွင့်မပေးဘူး"

"အခုသွားကုန်ကြပြီလား ဘုရား"

"မသွားရသေးပါဘူး၊ သူးမွဲထအရှေ့ဘက်ကမ်းမှာ ခဏသွားထား ပေးရတယ်"

"ခု သူတို့ မောင်းတာ ဝါတွင်းမှာ၊ သွားလို့ ဘယ်လိုလုပ်မလဲ။ နက်ဖြန်ပဲ ဝါဝင်တော့မယ်။ ဒီဝါတွင်းကြီးမှာ ဘာသဘောနှင့် လိုက်မောင်းနေရတာလဲ ဘုရား"

"သူတို့က ဆိုတယ်၊ မြို့ကလာတဲ့လူဟာ ဗမာဆိုတော့ မယုံရဘူး၊ ထောက်လှမ်းရေးပဲ ဖြစ်ရမယ်။ ကော်သူးလေခွင်မှာ နေခွင့်မပေးနိုင်ဘူးတဲ့"

"မြို့က သီလရှင်က ဘယ်လောက်ရှိပါသလဲဘုရား"

"မြို့က သီလရှင်ရယ်လို့ ဦးရသေ့ညီမတစ်ပါးတည်းပဲရှိတယ်။ ကျန်တာတော့ ၁၂ နှစ်၊ ၁၃ နှစ်အရွယ် တောင်ပေါ်ကရင်မလေးတွေချည်းပဲ။

"ဒါဆို ဦးရသေ့ညီမက စာသင်ပေးနေရတယ်၊ သူ့ကို မောင်းရင် သူ့တပည့်တွေကို ဘယ်သူစာသင်ပေးမလဲ။ ပြီးတော့ ဘယ်မှာလာပြီး စာတတ်ပါတော့မလဲ"

"တစ်ယောက်တည်း မောင်းတာ မဟုတ်ဘူး၊ အားလုံးကို မောင်းတာ"

"ဦးရသေ့ညီမ သီလရှင်က တောင်ပေါ်ကရင်မလေးတွေကို စာသင်ပေးနေတယ်၊ တစ်နည်းပြောရရင် ကုသိုလ်ပြုနေတယ်၊ ဒါကို သူတို့အနေနှင့် ဘာဖြစ်လို့ လက်မခံနိုင်ရတာလဲ၊ ဘာကြောင့်လက်မခံချင်ရသလဲဘုရား"

"ဦးရသေ့ညီမ သီလရှင်က ဗမာလူမျိုးဆိုတော့ မယုံကြည်တဲ့သဘောပေါ့ကွာ"

ဆရာတော့်စကားအဆုံးမှာ ကျွန်တော့် စိတ်အစဉ်ဟာ လွင့်ထွက်သွားတယ်။ လျှို့ဝှက်အပ်သော အရာတစ်ခုခုကို သိလိုက်သလိုရှိသွားတယ်။

သည်တော၊ သည်တောင်
သည်လူမျိုးနှင့် သည်ဘာသာတရား
ပြီးတော့ စာပေနှင့် ဗဟုသုတ

အမျိုးသားတွေအဖို့ ထားတော့၊ သွားဟယ်လာဟယ်နှင့် သွားလာနိုင်ကြပေမယ့် အမျိုးသမီးတွေဆို အများအားဖြင့် အိမ်မှာချည်း နေကြရတယ်။ သည်တောင်ပေါ်ကရင်မလေးတွေဆို ပိုပါသေးတယ်။ အသိဉာဏ် ဗဟုသုတ၊ စာပေဗဟုသုတ၊ ဘာသာရေးဗဟုသုတ ဝေးရော။ ဒါကို သိပေါ်စေ၊ တတ်ပါ

စေဆိုတဲ့ သဘောနှင့် လာရောက်တဲ့သူကို မောင်းထုတ်တာဆိုတော့ မဟုတ်မှ လွဲရော. . .။

နှစ်ပေါင်းများစွာ ကြာခဲ့ပြီလေ။ ဒီတောဒီတောင်ထဲ ဘယ်သီလရှင်တွေက အပင်ပန်းခံပြီး လာကြသလဲ၊ လာဝံ့ကြသလဲ။ လာချင်တယ်ထားဦး။ အန္တရာယ်က ရှိနေတယ်။ ဒီတော့ မလာဝံ့ဘူး။ မလာတော့ တောင်ပေါ်ကရင် အမျိုးသမီးတွေဆို အင်း. . . စာရေးစာဖတ်တာတောင် မရှိသလောက်ဘဲ။ ခု သင်ပေးသူရောက်လာတယ်။ သင်ပေးတယ်၊ တတ်သွားကြရင်. . .။

မှားတယ်မှန်တယ်တော့ မပြောတတ်ဘူး။ အဖြေတစ်ခုခုကို တွေ့မြင်သိရှိလိုက်တယ်။ သည်အဖြစ်မျိုးကို မလိုလားတာမို့ တမင်အကြောင်းရှာပြီး မောင်းတာဖြစ်ရမယ်လို့ စိတ်ကူးရတာနှင့် ဆရာတော်အား ခုလို လျှောက်ထားလိုက်တယ်။

"ဒါဆိုရင်ဘုရား၊ ဗမာလူမျိုးကို မယုံရဘူးပဲ ထားပါတော့။ သူမှာ ဒီလောက်လည်း ကရင်မျိုးချစ်စိတ်ဓာတ်ရှိလို့ ကုသိုလ်လာပြု၊ စာလာသင်ပေးနေတဲ့ ဗမာသီလရှင်ကို သူမယုံနိုင်ဘူးဆိုရင် ထားပါတော့။ ခွင့်လွှတ်နိုင်ပါတယ်။ သက်ာမကင်းဖြစ်လို့၊ သံသယဖြစ်လို့ မယုံဘူးဆိုတာလည်း လက်ခံပါတယ်။ နိုင်ငံရေးနှင့် ပတ်သက်ပြီး အနှောင့်အယှက်ဖြစ်မှာစိုးလို့ လက်မခံနိုင်တာကို အပြစ်မမြင်ပါဘုရား။ တပည့်တော် တစ်ခုစဉ်းစားမိတယ်။ သူတို့ လက်သင့်ခံထားတဲ့ ကျောင်းသားတွေ၊ မဒတ အဖွဲ့တွေ၊ အင်အယ်လ်ဒီ အဖွဲ့တွေဟာ ဗမာလူမျိုးတွေပဲ မဟုတ်ဘူးလားဘုရား"

"ဒါတွေကို လက်မခံနိုင်တာကတော့ ဘာကြောင့်လဲ၊ ဒီလူတွေ နိုင်ငံရေးလာလုပ်ကြတာဆိုတော့ ပိုပြီးတောင် ကြောက်စရာကောင်းပါသေးတယ်။ ကြောက်စရာကောင်းတဲ့ သူတွေကိုတော့ လက်ခံနိုင်ပါလျက်နဲ့ ဒီသီလရှင်ကိုမှ လက်မခံနိုင်တာ ဘာသဘောလဲဘုရား"

"ငါလည်း မပြောတတ်တော့ဘူး ဒကာ၊ သူတို့ နိုင်ငံရေးကို ငါ နားမလည်ဘူး။ ငါလည်း သူတို့ နယ်မြေမှာ လာနေတော့ ဘာမှ မပြောတတ်တော့ဘူး။ သူတို့ မကြိုက်လို့ မောင်းထုတ်တာ ဖြစ်မှာပေါ့ဒကာ"

"တပည့်တော်တော့ အကြိမ်ပေါင်းများလာလို့ စိတ်မထိန်းနိုင်ချင်တော့ဘူး။ မခံချင်တော့ဘူး။ မပြောသင့် မပြောထိုက်တဲ့စကားတွေကို ပြောမိတော့မှာပဲဘုရား"

"မပြောပါနှင့်လေ၊ မပြောတာ အကောင်းဆုံးပဲ၊ တစ်နေ့ကျ ကိုယ့်

စေတနာမှန်ကို သူနားလည်တဲ့နေ့၊ သိသွားတဲ့နေ့တစ်နေ့မှာ သူသဘောပေါက်သွားမှာပါ။ အဓိကက ကိုယ့်သာသနာပြုလုပ်ငန်းကို ပုံမှန်လုပ်သွားရရင်ပြီးတာပဲ။ ဘုရားတည်၊ ကျောင်းဆောက်လုပ်ငန်းကို သူမတားရင် ပြီးတာပဲ။ တခြားဟာတွေတော့ ဘုန်းကြီးနှင့် မဆိုင်ဘူး"

"ဒါတော့လည်း ဒါပေါ့ဘုရား"

"တစ်ခုတော့ရှိသပေါ့လေ၊ တာခုလောကြီးမှာ သက်န်းဝတ်ထားတဲ့ကိုရင်လေးတွေ တော်လှန်ရေးထဲ မဝင်စေချင်လို့ သူ့မိဘများက ငါ့ဆီမှာပို့ပြီး သက်န်းဝတ်ခိုင်းထားတယ်။ အဲဒါ စစ်သားလုပ်ခိုင်းဖို့ လာခေါ်နေတယ်။ သူခေါ်လည်း ခေါ်ပေါ့၊ ငါဘာတတ်နိုင်မလဲ။ သူ့မိဘတွေက ကောင်းစေချင်လို့ ငါ့ဆီလာပို့ထားတာ။ ဘုရားတည်ရင်း တိုက်ဆိုင်ကြုံကြိုက်လို့ သူတို့ ဘာသာ လာဝတ်ကြတာပဲ။ ငါက ဘုန်းကြီးဆိုတော့ ကောင်းတာလည်း လက်ခံရတယ်။ ဆိုးတာလည်း ပစ်လို့ မရဘူး။ ကောင်းအောင်ပြုပြင်ယူရတယ်။ ကောင်းကောင်းဆိုးဆိုး လက်ခံရတယ်။ သူတို့ ဘယ်လိုပြောပြော သူတို့ကိုကိုယ်က ဘာမှ မကောင်းမကြံရင် ပြီးတာပါပဲ"

ကျွန်တော့်စိတ်ထဲ မကျေမချမ်းချင်ပေမယ့် သမာသမတ်ကျသော ဆရာတော့်စကားကြောင့် ကျေနပ်သလို ဖြစ်သွားရတယ်။ ဘာမှ ဆက်မလျှောက်တော့ဘူး။ ဆရာတော်အား ဦးချရှိခိုးပြီး ပြန်လာခဲ့တယ်။

စိတ်ထဲမှာတော့ တနုံ့နုံ့ခံစားနေရသလို တစ်စုံတစ်ခုကို မကျေနပ်သလို ဖြစ်နေတယ်။ တစ်ခုခုကို လုပ်ပစ်လိုက်ချင်သလို စိတ်ထဲမှာ မချင့်မရဲဖြစ်နေတယ်။ ဒါပေမယ့် မတတ်နိုင်ဘူး။ မြင်းမိုရ်တောင်ကို လက်သီးနှင့် ထိုးတော့ ဘာမှ အရာထင်မှာ မဟုတ်တာမို့ စိတ်ထဲဖြစ်ပေါ်လာတဲ့ ခံစားချက်ကိုဖိနှိပ်မျိုသိပ်ထားလိုက်ရသည်။

**********

၁၉၉၄ ခုနှစ်၊ ၁၁ လပိုင်း။

၁၃၅၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့။

ဒီနေ့ဟာ ကျွန်တော်ရဲ့ ၂၆ နှစ်ပြည့် မွေးနေ့လေ။ ဘုရားသွား၊ ကျောင်းတက်ပြီး ဥပုသ်သီတင်းသီလ ဆောက်တည်မယ်အတွေးနှင့် သူးမွဲထကျောင်းကို ရောက်ခဲ့တယ်။ ဣစ္ဆာသယဖောင်တော်ဦးစေတီကို ဖူးမြော်၊ စတုဒိသာမှာ ထမင်းစားပြီး ကျောင်းပေါ်တက်ခဲ့တယ်။ ကျောင်းပေါ်မှာ

မြို့ကြီးငူဆရာတော်တော့ မရှိဘူး။ ဦးကောဏ္ဍညနှင့် ဦးပညာသာမိတို့ကိုပဲ တွေ့ရတယ်။ သူတို့နှင့်ပဲ စကားပြောရတယ်။

"ဆရာတော် ဘယ်သွားသလဲဘုရား၊ ရှိမယ်ထင်လို့ လာခဲ့တာပါဘုရား"

"ဆရာတော် မရှိဘူး၊ ဦးရသေ့ကို ဖာပွန် ပြန်ပို့နေတယ်"

"ဘယ်ဦးရသေ့လဲဘုရား"

"မေတော်ကြီးတောင်ပေါ်ကျောင်းမှာနေတဲ့ ဦးရသေ့ပဲပေါ့"

"ဘာဖြစ်လို့ သွားပို့ရတာလဲ၊ နေမကောင်းလို့လား ဘုရား"

"မဟုတ်ဘူး၊ အဲဒီမှာနေတာ ကေအင်န်ယူ အကြီးအကဲတွေက မကြိုက်လို့ မောင်းထုတ်တာ ၊ ဝါဆိုတုန်းကလည်း သီလရှင်တွေကို မောင်းပြီးပြီ။ တို့ကို မကြိုက်လို့ မောင်းရင်း တို့လည်း သွားရမှာပဲ"

"ဘာကိစ္စနှင့် မောင်းရသလဲဘုရား"

"ဦးရသေ့ဟာ ကရင်စကားမပီလို့ ကေအင်န်ယူ ပိုင်နက်ထဲမှာ နေခွင့်မပေးနိုင်ဘူး၊ ကရင်စကား မပီတော့ ကရင်လူမျိုးစစ်စစ် မဖြစ်နိုင်ဘူး၊ ဒီမှာ နေတဲ့ ဘုန်းကြီးတွေ၊ ရသေ့တွေဟာ ကရင်လူမျိုးစစ်စစ်ပဲ ဖြစ်ရမယ်တဲ့"

"ဘာသဘောနှင့် မောင်းတာလဲဘုရား"

"မပြောတတ်တော့ဘူးကွာ၊ ငါတို့က ဒီလောက်ပဲ သိရတယ်"

ကျွန်တော် စဉ်းစားရပြီ။

"ဒီကောင်တွေ တို့ကို သက်သက်နှိမ်ချင်တာများလား၊ ဗုဒ္ဓဘာသာတွေကို နှိပ်ကွပ်ချင်တာများလား မသိဘူး။ ဦးရသေ့ဟာ နှစ်ပေါင်းများစွာ ဒီမှာနေလာတာ ကြာပြီ။ ဘာပြစ်ချက်မှ မရှိဘူး။ တရားအားထုတ်တယ်၊ ဝါသနာအရ ဖိုထိုးတယ်။ တောသူတောင်သားတွေကို ဆေးလေးဝါးလေး ကုပေးတယ်။ အေးအေးဆေးဆေးပါပဲ။ တို့တောင် တစ်ခါတစ်ခါ သွားသွားဖူးကြသေးတာပဲ။ ဒကာ၊ ဒကာမတွေလည်း ဦးရသေ့ကို အားကိုးကြည်ညိုကြတော့ကာ သူတို့မောင်းတာကို လူထုက ကျေနပ်ပါ့မလား၊ ခုလိုမောင်းတယ်ဆိုရင် ပြဿနာတစ်ခုခုတော့ ဖြစ်တော့မှာပဲ။

သူတို့ ဒီလိုပဲ လုပ်နေရင် လွန်ခဲ့တဲ့ ၉၃ ခုနှစ် ပုံစံမျိုးဖြစ်သွားရင်တော့ သူတို့ တားနိုင်တော့မှာ မဟုတ်ဘူး။ ဒီလိုတမ်းသာ ခွဲခြားခွဲခြား လုပ်နေရင် တစ်ချိန်ချိန်မှာ ကေအင်န်ယူအတွက် ရာဇဝင်ရိုင်းသွားနိုင်တယ်"

စဉ်းစားရင်း ကေအင်န်ယူအဖွဲ့အစည်းရဲ့ ရှေ့ရေးကိုပါ တွေးပူမိလိုက်သေးတယ်။ ပြီးမှ -

"ဖိုးရသေ့ကို တကယ်ပဲ မောင်းတာလားဘုရား"

"ဟုတ်ပါတယ်၊ တကယ်ပဲ မောင်းလို့ ဆရာတော် သွားပို့တာပေါ့။ ခုဆို တော်တော်ကြာနေပြီ"

"ဆရာတော် ဘယ်တော့ ပြန်ကြွလာမလဲဘုရား"

"မပြောတတ်ဘူး၊ ဆရာတော်လည်း စိတ်တော်တော် ညစ်နေပြီ။ စိတ်ညစ်စရာတွေ တစ်မျိုးပြီး တစ်မျိုး ကြုံနေရတယ်။ ပြန်လာမလား၊ မလာဘူးလားဆိုတာ မပြောနိုင်ဘူး"

"ဆရာတော် ပြန်ကြွလာရင် အကြောင်းကြားပါဘုရား၊ တပည့်တော် ဆရာတော်ကို ဖူးတွေ့ချင်ပါတယ်ဘုရား"

"အေးအေး. . . ဆရာတော်နှင့် ပတ်သက်တဲ့ သတင်းတစ်ခု ကြားပြီးပလား"

"မကြားရသေးပါဘုရား"

"လွန်ခဲ့တဲ့နှစ်ရက်က မဲသဝေါဘက်ကို တို့ဆွမ်းဆန်စိမ်းသွားတယ်။ အဲဒီမှာ နို့ဖြူးဆရာတော်နှင့် ဆုံတယ်။ သူပြောပြလို့ သိရတာပါ။ အေးလေ. . တို့သိအောင် တမင်ပြောတာလည်း ဖြစ်ချင် ဖြစ်မှာပေါ့"

"မှန်ပါ့ဘုရား"

"သူတို့ ခေါင်းဆောင်လူကြီးတွေ အစည်းအဝေးလုပ်တယ်၊ ဆုံးဖြတ်ချက် ချပြီးပြီတဲ့"

"ဘာတဲ့လဲဘုရား"

"မြိုင်ကြီးငူဆရာတော်ကို ကေအင်န်ယူ ဧရိယာထဲမှာ လုံးဝမထားဖို့၊ မြိုင်ကြီးငူကို နှင်ထုတ်ဖို့နှင့် တကယ်လို့ မြိုင်ကြီးငူကို နှင်ထုတ်လို့ရပြီဆိုရင် ဗုဒ္ဓဘာသာခေါင်းဆောင် ၁၇ ဦးကို သတ်ဖို့ အစီအစဉ်ရှိတယ်တဲ့"

"ဟင်. . ."

"ဆရာတော်ကို ခင်လို့မင်လို့ အားနာလို့ မကောင်းတတ်တာနဲ့ ဒီအတိုင်း လက်ပိုက်ကြည့်နေရတာတဲ့"

"၁၇ ဦးဟာ ဘယ်သူတွေလဲဘုရား"

"အဲဒါတော့ ပြောမသွားဘူး"

၁၇ ဦးဟာ ဘယ်သူတွေဖြစ်နိုင်မလဲ စဉ်းစားမိတယ်။

"ဘုရားဒကာ၊ ကျောင်းဒကာတွေထဲကလား၊ ကရင်လက်နက်ကိုင်တွေထဲကလား၊ ငါတော့ မပါနိုင်ဘူး။ ငါက လူငယ်ပဲကိုး။ သူတို့ ငါ့ကို ဒီလောက်မြင်မှာ မဟုတ်ဘူး။ ပြီးတော့ ငါက ဘာကောင်မှလည်း မဟုတ်ဘူး။ ငါ့ကို သူတို့ အပြစ်မပြင်နိုင်ပါဘူးထင်ရဲ့။ ဘုရားဒကာ၊ ကျောင်းဒကာတွေကသာ ဖြစ်မှာပါပဲ"

လူဆိုတာ အတ္တသမားလေ။ ကျွန်တော်လည်း သက်သေစာရင်းထဲမှာ မပါနိုင်ကြောင်း ကိုယ့်ဆင်ခြေနှင့် ကိုယ် ကိုယ့်ဘက်ကိုယ်ယက်ပြီး တွေးခေါ်မိတယ်။ ဒါပေမဲ့ ၉၃ ခုနှစ် အရေးအခင်းဖြစ်စဉ်တုန်းက ခေါင်းဆောင်ပြီးသွားခဲ့ပုံ။

ဗိုလ်ချုပ်မြအား လူထုရှေ့မှာ တင်ပြပုံ။

ပြန်လာတော့ သွားသူစာရင်းမှတ်ပုံ။

ညကြီးသန်းခေါင် ဗိုလ်ကြီးကျော်အေးရောက်လာကာ အိပ်ရာမှနှိုးပြီး အထက်လူကြီးတွေမေးခိုင်းလို့ စစ်ဆေးမေးမြန်းခံရပုံ။

တကူးတက ဗိုလ်မှူးဝါးဆယ် ရောက်လာပြီး ကျော်သန်း ဘယ်သူလဲ မေးမြန်းပုံ။

ပြီးတော့. . .

စည်းဝေးပွဲမှာ မိမိအား ဧည့်သည်အဖြစ်သာ ဖိတ်ပါလျက် ဗိုလ်ကော်လာ စကားအဆုံးမှာ လှောင်ရှည်ပြီး ခွန့်တုံ့မခံ ပြန်ပြောခဲ့ပုံ။

ဒီအဖြစ်အပျက်တွေက အတွေးအာရုံထဲမှာ ရိပ်ခနဲ ရိပ်ခနဲ ပေါ်လာကြသည်။ ဒီအတိုင်းသာဆို ၁၇ ဦးထဲမှာ ငါကော ပါကောင်းပါလေပြီလား။

စတဲ့ အတွေးအမျှင် အစဉ်တန်းပြီး တွေးနမိတယ်။ နောက်ဆုံးမှာ-

"ဟယ်. . . မဟုတ်နိုင်ပါဘူး၊ ကိုယ်ထိလက်ရောက်ဆိုလို့ ငါ ဘာတစ်ခုမှ ကျူးလွန်ခဲ့သူမဟုတ်။ သူတို့လည်း ပြောထားတယ်။ ယုံကြည်ရာကို ကိုးကွယ်နိုင်တယ်။ ငါကိုးကွယ်တဲ့ ဗုဒ္ဓဘာသာအတွက် ငါဆောင်ရွက်ခဲ့တာပဲ။ ငါ့ဆောင်ရွက်ချက်ဟာ သူတို့ရဲ့ ခွင့်ပြုချက်ဘောင်အတွင်းကသာ ဖြစ်လို့ ငါတော့မပါနိုင်ဘူး"

အရပ်စကား ပြောလေ့ရှိသည်။ "သေမှာတော့ မကြောက်ဘူး ဒါပေမဲ့ နည်းနည်းတော့ လန့်တယ်" ဆိုသလို သေရမှာလန့်လို့ ဒီလိုတွေးနေတာ မဟုတ်ဘူး။ သေမှာ မကြောက်လို့ကို လက်နက်ကိုင်ဖြစ်နေပြီပဲ။ ဒါပေမဲ့ အစိပ္ပာယ်မဲ့သေခြင်းမျိုးကို မလိုလားမိတာတော့ အမှန်။

ဒီကနေ့ ကျွန်တော့်မွေးနေ့မှာ ဘုရားကျောင်းကန် သွားပြီး ကုသိုလ်ယူဖို့ ရောက်လာခဲ့တယ်။

ကုသိုလ်လည်း ရပါရဲ့။

အတွေးတွေလည်း တစ်လှေကြီး ရခဲ့ပါရဲ့။

ကုသိုလ်တော့ ဘယ်ဆီနေသည်မသိ။ အတွေးတွေက ရင်မှာ တွဲလွဲခိုလိုက်ပါလာတယ်။ ရင်တစ်ခုလုံး လေးနေသလိုပဲ။ ဘယ်အတွက် လေးနေသလဲ။

ဘာသာအတွက်လား. . .

ဆရာတော်အတွက်လား. . .

ငါ့အတွက်လား. . .

ဒါမှမဟုတ် အခြားသူတွေအတွက်လား. . . ။

ဝေခွဲလို့ မရ။ ဖြစ်နိုင်ချေတစ်ခုတော့ရှိပါရဲ့။ ဆိုခဲ့တာတွေ အားလုံး အားလုံးတွေအတွက် ဖြစ်ကောင်း ဖြစ်နေမယ်ထင်ရဲ့။

**********

၂၆-၁၁-၉၄။

ဒီနေ့ ဒီရက်ကိုတော့ သေသေချာချာ မှတ်မိတယ်။ ကျွန်တော့်ဘဝရဲ့ အချိုးအကွေ့တစ်ခုကို ဖြစ်ထွန်းစေတဲ့ရက်ကိုး။ ဒါကြောင့် မှတ်ထားရတာ။

လွန်ခဲ့တဲ့ သုံးလေးရက်က သူးမွဲထမှ ပြန်လာပြီးကတည်းက ပုံမှန်လှုပ်ရှားသွားလာနေပြီး တာဝန်ကို ထမ်းရွက်နေရပေမယ့် စိတ်က အရင်ကလို မလန်းဆန်းချင်တော့ဘူး။ အချိန်နှင့်အမျှ အတွေးတွေက စိုးမိုးမင်းမူနေတယ်။ ရင်ထဲမှာလည်း တအုံ့နွေးနွေးဖြစ်နေတယ်။

ဒါနဲ့ပဲ. . .

ဆိုင်ရာမှာခွင့်တောင်းပြီး သူးမွဲထကို လာခဲ့တယ်။ ထူးထူးခြားခြား ကျောင်းမှာ ဘုန်းကြီးတွေ များနေတယ်။ သံဃာတွေ စုံနေတယ်။ ထုံးစံအတိုင်း

ဖောင်တော်ဦးစေတီကို ဝတ်ပြုပြီး ကျောင်းပေါ်တက်ခဲ့တယ်။ ရဟန်းသံဃာများကို ကန်တော့အပြီးမှာ ယခင် ရင်းနှီးပြီးဖြစ်တဲ့ ဦးကောဏ္ဍည၊ ဦးပညာသာမိတ္တိနှင့် စကားပြောတယ်။

"ဘုန်းကြီးတွေ များလှပါလားဘုရား"

"များဆို သံဃာအစည်းအဝေးက ပြန်လာတာလေ"

"သံဃာ့အစည်းအဝေး"

"အေးလေ. . . ဒကာ မသိဘူးလား"

"တပည့်တော် မသိပါဘုရား၊ အမိန့်ရှိပါဦး" လျှောက်ထားတော့ သံဃာ့အစည်းအဝေး အတွေ့အကြုံကို ဦးကောဏ္ဍညက ပြန်ပြောပြတယ်။ ... က သွားခဲ့သူကိုး။

❀❀❀❀❀❀❀❀❀❀

၉၄၊ ၁၁ လပိုင်း၊ ၂၁-၂၂ ရက်ပိုင်းလောက်မှာ။

ကေအင်န်ယူ တပ်မဟာ (၁) မှ (၇) အထိ ခွင်အတွင်းမှာ သီတင်းသုံးတော်မူကြတဲ့ သံဃာအားလုံးကို ပင့်ဖိတ်တယ်။ "မာနယ်ပလောမှာ သံဃာ့စည်းဝေးပွဲလုပ်မယ်။ အားလုံး မပျက်မကွက် တက်ရောက်ကြပါ" ဆိုတာနှင့် သံဃာ ၃၀၀ ကျော် စည်းဝေးပွဲ ရောက်လာကြတယ်။

စည်းဝေးပွဲသို့ ဗိုလ်မြလည်း တက်ရောက်တယ်၊ တိုတိုဆိုကြပါစို့။ အစည်းအဝေးမှာ -

"မြိုင်ကြီးငူဆရာတော်ကို ကေအင်န်ယူဧရိယာထဲက ဖယ်ထုတ်ရမယ်။ ဒီဧရိယာထဲမှာ မထားရဘူး။ အဲဒါကို အစည်းအဝေးတက်ရောက်ကြတဲ့ သံဃာတွေအားလုံး သဘောတူကြောင်း လက်မှတ်ရေးထိုးရမယ်" လို့ -

ဗိုလ်မြက ပြောတယ်။ သံဃာတွေတစ်ပါးမှ လက်မှတ်မထိုးဘူး။ ထလည်း မပြောရဲဘူး။ စည်းဝေးပွဲတစ်ခုလုံး ငြိမ်သက် ဘိတ်ဆိတ်နေတယ်။

ခဏအနေမှာ ဒီမိုကရေစီဘုန်းကြီးတစ်ပါး (ဘွဲ့အမည် ဦးသံဝရ ခေါ်ကြောင်း၊ ၈၈ အရေးအခင်းက တောထဲရောက်လာသူဖြစ်ကြောင်း နောက်မှ သိရသည်) က ထပြောတယ်။

"မြိုင်ကြီးငူဆရာတော်ကို ဖယ်ထုတ်၊ ပထုတ်ဖို့ဆိုတာကို ဘုန်းကြီး ...နေနဲ့ လက်မခံနိုင်ပါ။ ဘုန်းကြီးသိရသလောက်ဆိုရင် မြိုင်ကြီးငူဆရာတော်

ဟာ သာသနာပြုနေသူ သက်သက်သာ ဖြစ်တယ်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့်လည်း အဆက်အသွယ်မလုပ်ဘူး။ ကေအင်န်ယူနှင့်လည်း အဆက်အသွယ် မလုပ်ဘူး။ ဒါကြောင့် ခုလိုနှင်ထုတ်၊ ပထုတ်တာကို လက်မခံနိုင်ဘူး။ ထောက်လည်း မထောက်ခံနိုင်ဘူး။

ဗိုလ်ချုပ်မြ လုပ်တဲ့ အစီအစဉ် တော်တော်မှားနေပြီ။ ငါ မြန်မာပြည်မှာနေတာ၊ ၈၈ ခု အရေးအခင်းနှင့် ပတ်သက်ပြီး ဒီတောထဲ ရောက်လာခဲ့တဲ့ ဘုန်းကြီးတစ်ပါးပဲ။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီရဲ့ လုပ်ရပ်ကို မကြိုက်တာနဲ့ တော်လှန်ထွက်လာခဲ့တယ်။ ခု ဗိုလ်ချုပ်မြလုပ်ရပ်ကလည်း ငါ လုံးဝ မကြိုက်ဘူး။ ဒီလိုပြောလို့ ငါ့ကို သတ်ရင်လည်းသတ်၊ ငါသေရဲတယ်"

လို့ ရဲရဲတောက် ကန့်ကွက်ပြောကြားတယ်။ ဗိုလ်ချုပ်မြက ဘာမှ မပြောတော့ဘူး။ စည်းဝေးခန်းမတစ်ခုလုံး ငြိမ်သွားတယ်။ တအောင့်လောက်ကြာတော့ ဦးကောဏ္ဍည က ထပြီး -

"ဦးဇင်းအမြင်လည်း ဦးသံဝရအတိုင်းပါပဲ" ပြောလိုက်တယ်။ အရာရှိတစ်ယောက်က ငေါက်ခနဲထပြီး -

"ဆရာတော် ဘယ်ကျောင်းကလဲ၊ မြို့ကြီးငှုရဲ့ တပည့်လား" ဟုမေးတယ်။ ဦးကောဏ္ဍည ဘာမှ ဆက်မပြောရဲတော့ဘဲ ထိုင်လိုက်ရတယ်"

အစည်းအဝေးသတင်းက ဒါပါပဲ။

**********

အစည်းအဝေးသတင်းကို ကျွန်တော်ကြားတော့ စိတ်ကို အတော်ထိန်းချုပ်ထားရတယ်။ လုပ်ရက်ကြလေခြင်းလို့လည်း တွေးနေမိတယ်။ အဲဒီအချိန်လောက်မှာပဲ အစည်းအဝေးက ပြန်ကြွလာကြတဲ့ သံဃာများ တစ်ပါးနှင့်တစ်ပါး ရယ်မောပြောဆိုနေကြသံကို ကြားရတယ်။

"ဒီမိုကရေစီ ဘုန်းကြီးက ထပြောတော့ ဘယ်အချိန် သေနတ်သံ ထွက်လာမလဲလို့ ရင်တထိတ်ထိတ်ပဲ"

"တပည့်တော်တော့ သမ္ဗုဒ္ဓေကို အစည်းအဝေး မစမီကတည်းက ရွတ်နေလိုက်တာ။ အခေါက်ပေါင်း တော်တော်ရလို့ ကုသိုလ်အများကြီး ရသွားမှာ"

"ကိုယ်တော်က တပည့်တော်ထက်စာရင် တော်သေးတယ်။ တပည့်တော်က ဘုရားဂုဏ်တော်ကိုးပါးတောင်မှ အစဉ်ကိုကျော်လို့"

"တော်သေးတယ်၊ ဦးကောထပ်မပြောလို့၊ ထပ်ပြီးများ ပြောလိုက်မိရင် ဘာတွေဖြစ်ကုန်မလဲ မသိဘူးနော"

စည်းဝေးပြန်သံဃာများ ဟိုပြောသည်ပြော ပြောဆိုနေသံကို ကြားရတော့ ကျွန်တော် မခံရပ်နိုင်တော့ဘူး။ ရင်ထဲမှာ နင့်ခနဲနေအောင် ခံစားလိုက်ရတယ်။

အောင့်အည်းချုပ်တည်းထားသမျှတွေ ပွင့်အံထွက်လာတယ်။ မျက်ရည်ပေါက်ကြီးငယ် အလိမ့်လိမ့်ကျဆင်းလာတယ်။ ဝမ်းနည်းလို့ ကျတဲ့မျက်ရည်လား၊ ခံပြင်းလို့ ကျတဲ့ မျက်ရည်လား၊ ဒေါသကြောင့် ကျတဲ့ မျက်ရည်လား မပြောတတ်တော့ဘူး။ ရှိုက်ကြီးတငင်နှင့် အားရပါးရ ငိုချလိုက်မိတယ်။ ရှိနေတဲ့ သံဃာများကို အားနာရကောင်းမှန်းတောင် သတိမရတော့ဘူး။

ထိန်းချုပ်ထားတဲ့စိတ်က လွတ်ထွက်သွားခဲ့ပြီလေ။ ငိုကြီးချက်မနှင့်-

"မထူးတော့ဘူးကွာ၊ ဒီကောင်တွေ ဒါလောက်တောင်နှိမ်နေတာ၊ သည်းမခံနိုင်တော့ဘူး၊ ချမယ်ကွာ"

အကျယ်ကြီးကို ပြောမိတယ်။ လက်သီးလက်မောင်းတန်းပြီး -

"ကြာတယ်ကွာ၊ ခုပဲ သွားချမယ်" ဆိုပြီး ကျောင်းပေါ်က ဆင်းမယ်အလုပ်မှာ ဦးပညာသာမိက -

"ဒကာကြီး၊ မလုပ်ပါနဲ့" ဆိုပြီး လိုက်ဆွဲတယ်။ ကျွန်တော်က အဆွဲမခံဘူး။ ရုန်းထွက်တယ်။

"ဒီကောင်တွေ နှိမ်လွန်းတယ်၊ တပည့်တော် သည်းမခံနိုင်တော့ဘူး၊ ဘာပဲဖြစ်ဖြစ် ဖြစ်ချင်တာ ဖြစ်စမ်းပါစေ။ ဒီကောင်တွေကို သွားချမယ်"

"သတိထားပါဦး ဒကာကြီး၊ ဒကာကြီးလိုပဲ ဦးဇင်းတို့လည်း ခံစားရတာပဲ။ ဒါပေမဲ့ သူတို့မှာက လက်နက်လူသူ အပြည့်အစုံနဲ့။ ကဲ့. . . ဘယ်လိုအန်တုမလဲ၊ စဉ်းစဉ်းစားစားလုပ်ပါ ဒကာကြီး"

ဦးကောဏ္ဍညကပါ ထပြီး ကူဆွဲတယ်။ ဖျောင်းဖျောင်းဖျဖျ ပြောလာတယ်။

"တပည့်တော်ကို ဆွဲစရာမလိုဘူးဘုရား၊ ဖြစ်ချင်ရာ ဖြစ်ပါစေ၊ ဘာသာရေးကို သင်းတို့ ဖျက်ဆီးနေကြပြီ။ ဘာသာရေးမရှိရင် သေနေတာနဲ့အတူတူပဲ။ တပည့်တော် ခုပဲ သွားချမယ်"

ဆိုပြီး ဘုရားကို ဦးသုံးကြိမ်ကန်တော့ပြီး ဆင်းလာခဲ့တယ်။

ကျွန်တော်နှင့်အတူပါတဲ့ တပ်ကြပ်က

"စိတ်အေးအေးထားပါ ဗိုလ်ကျော်သန်း၊ ဒေါသမကြီးပါနှင့်။ တစ်နေ့ကျရင် အဖြေပေါ်လာမှာပါ" လို့ တစ်လမ်းလုံး ဖျောင်းဖျပြောဆိုလာတယ်။ သူ့မဲ့ထနှင့် မယ်လယ်ထဟာ တစ်နာရီခွဲခရီးလောက်လာရတော့ ဒေါသနည်းနည်း ပြေသွားတယ်။ စိတ်လိုက်မာန်ပါလုပ်လိုက်ချင် ဖြစ်ပေါ်လာမည့်ဆိုးကျိုးတွေကို မြင်လာတယ်။ တစ်ကိုယ်တော်ကြဲလို့က နှမ်းတစ်လုံးနှင့် ဆီမဖြစ်သလို ဘာမှအရာမရောက်ဘဲ အသက်တစ်ချောင်း အလဟဿ ဆုံးသွားတာသာ အဖတ်တင်မယ်ဆိုတာကို တွေးမိလာတယ်။ [illegible]ရောက်တော့ ညနေ ၅ နာရီ ရှိနေပြီ။

အကျိုးမရှိတာကို မလုပ်လိုတော့တာနဲ့ စာတစ်စောင်ကို ကောက်ရေးတယ်။

*. . . ကျွန်တော်ဟာ ဒီနေ့ဒီရက်ကစပြီး တော်လှန်ရေးကို စိတ်မဝင်စားတော့ဘူး။ လက်နက်ကိုင်လမ်းစဉ်ကိုလည်း မလုပ်ချင်တော့ဘူး။ ဒီနေ့ကစပြီး အရပ်သားတစ်ယောက်အနေနှင့်ပဲ နေတော့မယ်။ အကြီးအကဲများအပေါ်မှာ ဘယ်လိုမှ သဘောမထားပါ။ အကြီးအကဲတွေက ကျွန်တော့်ကို မျိုးချစ်စိတ်မရှိဘူးလို့ပဲပြောပြော ဘာပဲပြောပြော ပြောချင်ရာ ပြောကြပါစေ။ တော်လှန်ရေးလုပ်ငန်းကို လုံးဝမလုပ်တော့ဘူးလို့ ဆုံးဖြတ်လိုက်တယ်။*

*ကျော်သန်း (အရာခံဗိုလ်)*

စာရေးပြီး မယ်လယ်ထဂိတ် အကောက်မှူး စောသာဖွယ်ကို ပေးဖတ်တယ်။ စောသာဖွယ်က -

"ဒါက ကိုယ့်ခံစားချက်နှင့် ကိုယ်ပေါ့ ကျော်သန်းရာ၊ ငါလည်း မင်းနေရာမှာ နေခဲ့ရရင် မင်းလိုပဲ ငါလည်း ခံနိုင်မှာ မဟုတ်ဘူး။ မင်းကို ငါတစ်ခုပြောပြမယ်။ ဒီအဖြစ်မျိုး ငါလည်း ကြုံခဲ့ရတယ်။ စနေသင်းနှင့် တနင်္ဂနွေသင်းတို့ ပြဿနာဖြစ်ခဲ့ဖူးတယ်။ စနေသင်းက တနင်္ဂနွေသင်းကို နှိမ်လို့ ဖြစ်ခဲ့ရတာပါ။ ခု မင်းမှာလည်း ငါခံစားခဲ့ရသလို ခံစားရလိမ့်မယ်လို့ ငါထင်တယ်။ ငါကိုယ်ချင်းစာတတ်ပါတယ်။ ငါက တနင်္ဂနွေသင်းသား အနှိမ်ခံခဲ့ရတာကို"

သူ့ခံစားချက်နှင့် ယှဉ်ပြီး ပြောပြတယ်။ စောသာဖွယ်ဟာ ဘာသာချင်းသာ မတူတယ်၊ ကျွန်တော်နှင့်ဆို အရင်းနှီးဆုံး၊ အခင်မင်ဆုံး ဖြစ်တယ်။ ဆိုးဆိုးကောင်းကောင်း တိုင်ပင်တတ်ကြတယ်။ ခုလည်း ကျွန်တော့် ခံစားချက်ကို အရင်းနှီးဆုံး ဖွင့်အံခဲ့တယ်။ စောသာဖွယ်က သူ့ဖြစ်ရပ်နှင့် နှီးနွှယ်ပြီး

နှိုင်းနှိုင်းစာစာ ပြောလာတယ်။

"ကျွန်တော် တော်လှန်ရေး လုံးဝမလုပ်တော့ဘူးလို့ ဆုံးဖြတ်ချက်ချလိုက်ပြီ စောသာဖွယ်"

စောသာဖွယ် ဘာမှ ထွေထွေထူးထူး ပြောမနေတော့ဘူး။ ကျွန်တော် ခံစားနေရတာကို မြင်တော့ ခံစားဖူးတဲ့သူပီပီ နားလည်ပုံရတယ်နဲ့ တူပါတယ်"

"ဒါတော့ ကိုယ့်စိတ်နှင့် ကိုယ်ပေါ့လေ" လို့သာ စိတ်မကောင်းစွာဆိုရှာတယ်။

"ဒီစာကို ဒီမှာထားခဲ့မယ်။ လူတွေလာမေးရင် ဒီစာကို ပြလိုက်ပါ။ ဒီမှာလည်း ကျွန်တော် မနေတော့ဘူး။ နေရင် ပြဿနာကို ထပ်ထပ်တွေ့နေမယ်။ စိတ်မထိန်းနိုင်လို့ တစ်ခုခုလုပ်မိရင် မကောင်းဘူး။ သွားမယ်။ မိုးလင်းမှာ ဒီက ထွက်ဖြစ်မလား မသိဘူး။

ည ၁၁ နာရီလောက်မှာ စောသာဖွယ် သူနေတဲ့ ဘားတိုက်ဆီ ပြန်သွားတယ်။

**********

၂၇-၁၁-၉၄ နံနက်။

မိုးလင်းတယ်ဆိုရင်ပဲ သူငယ်ချင်းနှစ်ယောက် ရောက်လာတယ်။ ခွေးအိပ်တောင်ရဲ့ မျက်နှာချင်းဆိုင်မှာရှိတဲ့ မခိုင်ကုန်းစခန်းက သူငယ်ချင်းတွေပါ။ "စားစရာလေး ဘာလေး လာရှာကြတာ၊ ငါးပိလေးရရ၊ ငရုတ်သီးလေး ရရပေါ့" တဲ့။

အဲဒီကာလအခိုက်မှာ ကျွန်တော်က စတိုခန်းသော့ကိုင်ဖြစ်နေတယ်။ သော့ဖွင့်ပေးပြီး -

"သူငယ်ချင်းတို့ ယူကြကွာ" ဆိုတော့ သူတို့လည်း ယူကြတယ်။

"ငါတော့ တော်လှန်ရေး မလုပ်တော့ဘူး။ ခုချိန်ကစပြီး ငါဟာ လွတ်လွတ်လပ်လပ် အရပ်သားဖြစ်သွားပြီ။ ဒီပစ္စည်းတွေဟာ တော်လှန်ရေးအတွက် ရိက္ခာတွေဖြစ်မယ်။ မင်းတို့က တော်လှန်ရေးရဲဘော်တွေဆိုတော့ မင်းတို့ စားနိုင်တယ်။ ငါတော့ ဒီပစ္စည်းတွေနှင့် ဘာမှ မဆိုင်တော့ဘူး"

သော့ဖွင့်ပေးလိုက်လို့ ပစ္စည်းတွေ ယူနေခိုက်မှာ ကျွန်တော်က ဒီစကားပြောတော့ သူတို့ တန့်သွားတယ်။ သူတို့အထင် စိတ်ဆိုးလို့ ပြောတာ

ထင်တာကိုး။ ကျွန်တော့်ကို လှမ်းကြည့်ကြတယ်။ ဘာမှတော့ မပြောဘူး။

ခဏနေတော့ ထမင်းပြင်ပြီး သူတို့ကိုပါ ခေါ်ကျွေးတယ်။ ဪ. . . သူငယ်ချင်းတွေရဲ့နာမည်ပြောဖို့ ကျန်ခဲ့တယ်။ တစ်ယောက်က "မော်ကလတ်" တဲ့၊ တစ်ဦးက "နို့လော်ပလော" တဲ့။ ထမင်းစားရင်းက ကျွန်တော့်မျက်နှာ မကောင်းတာမြင်လို့ -

"သူငယ်ချင်း၊ မင်းဘာဖြစ်နေတာလဲ" လို့ မေးတယ်။ မနေ့က ကြားခဲ့ရတဲ့သတင်းကို ပြောပြတယ်။ ပြောရင်း မျက်ရည်တွေ ကျလာတယ်။ ထမင်းကိုလည်း ဆက်စားလို့ မရတော့ဘူး။ တစ်ဝက်တစ်ပျက်နှင့် ရပ်ပစ်လိုက်တယ်။ သူငယ်ချင်းနှစ်ယောက်ကတော့ ထည့်ပြီးသား စားလက်စ ထမင်းတစ်ပန်းကန်ကုန်အောင်တော့ ဆက်စားတယ်။ သူတို့လည်း စိတ်မကောင်းဖြစ်သွားတယ် ထင်ပါရဲ့။ နောက်ထပ်မယူတော့ဘဲ တော်လိုက်ကြတယ်။

ထမင်းစားပြီးတော့ ဘားတိုက်လှေကားဝမှာ ထိုင်ပြီး စကားဆက်ပြောကြတယ်။

"ဘာကိစ္စကြောင့် ဘယ်လိုဖြစ်တာလဲ သူငယ်ချင်း၊ အကြောင်းစုံလေး လင်းစမ်းပါဦး"

"ဒီလို ဒီလို သူငယ်ချင်းတို့ရေ. . ." ဆိုပြီး လေးကေကူဘုရားတည်တဲ့ဖြစ်ရပ်ကစပြီး မနေ့ကကြားရတဲ့သတင်းအထိ ရှင်းပြလိုက်သည်။ ကျွန်တော့်ဆုံးဖြတ်ချက်ကိုလည်း ပြောပြသည်။

"ဒါတော့ တို့လည်း မတတ်နိုင်ဘူး သူငယ်ချင်း၊ တို့က ဧည့်သည်ပဲ၊ မင်းတော်လှန်ရေးလုပ်တာ၊ မလုပ်တာ မင်းသဘောပဲ"

"ငါ ကော်သူးလေနယ်မြေမှာ မနေတော့ဘူး။ ဒီကပြေးမယ်၊ မင်းတို့နှင့်အတူ လိုက်ခဲ့မယ်"

"ရပါတယ် သူငယ်ချင်း၊ မင်းသဘောပါ"

အဲဒီအချိန်မှာ ကျွန်တော်နှင့်အတူ ဘားတိုက်တစ်ခုတည်းအတူနေသူ ဆရာစန်းမြင့်က ဆိုလာသည်။

"ငါလည်း သဘောပေါက်ပြီ၊ မင်းလိုပဲ တော်လှန်ရေးကို ကျောခိုင်းတော့မယ်"

"ဒါတော့ ကိုယ့်ဆန္ဒနှင့်ကိုယ်ပဲ၊ တခြားသူကို မစည်းရုံးချင်ဘူး၊ မင်း အယူအဆနှင့်မင်းပဲ။ ဒါဟာ တိုင်ပင်ကောင်းတဲ့ကိစ္စ မဟုတ်ဘူး"

"အေးပါကွာ၊ ငါနားလည်ပါတယ်"

အဲဒီနောက် ရှိတဲ့လက်နက်ခဲယမ်းမီးကျောက်တွေ၊ စစ်ဝတ်စစ်စား တွေကို သူငယ်ချင်းနှစ်ယောက်အား ပေးလိုက်သည်။ အဝတ်အစားတွေက ထိုင်းမှာဝယ်ထားတဲ့ အကောင်းစားတွေပါ။ ကောင်းကောင်းလေ၊ ကျွန်တော့် ကိုယ် ကျွန်တော် အရပ်သားလို့ ခံယူထားပြီပဲ။ ဘာလုပ်တော့မှာလဲ။

"ယူကြပါကွာ၊ စစ်ဝတ်စစ်စားတွေ၊ ငါဘာမှ မလိုတော့ဘူး"

သူငယ်ချင်းနှစ်ယောက်က တော်လှန်ရေးတပ်သား ဆက်လုပ်ကြဦး မှာဆိုတော့ ယူကြတယ်။

"ဗိုလ်ကျော်သန်း၊ မင်းလွတ်အောင်ပြေးပေါ့ကွာ၊ သိတဲ့အတိုင်း တို့လည်း ကူညီနိုင်သလောက် ကူညီပါ့မယ်"

**********

၂၇-၁၁-၉၄၊ ညနေ ၄း၀၀ နာရီမှာ -

တပ်ပြေးအဖြစ် ကျွန်တော်နှင့် ဆရာစန်းမြင့် နှစ်ယောက် မခိုင်ကုန်းမှ သူငယ်ချင်းနှစ်ယောက် ပေါင်းလေးယောက် မယ်လယ်ထစခန်းမှ ထွက်ခဲ့ကြ တယ်။ မနားတမ်း လာခဲ့ကြတာ ည ၇ နာရီမှာ မခိုင်ကုန်း တောင်ခြေ(မဲပ) ကို ရောက်တယ်။ ည ၁၀ နာရီမှာ သူငယ်ချင်းတို့ စခန်းရှိရာ တောင်ထိပ်ကို ရောက်တယ်။ ညအိပ်တယ်။

မိုးလင်းတော့ ချမ်းတာနဲ့ မီးလှုံနေတုန်း သူငယ်ချင်း မော်ကလတ်ရဲ့ လက်အောက်ငယ်သားတွေက ကျွန်တော်တို့ကို လာကြည့်ကြတယ်။ သူတို့က ဗုဒ္ဓဘာသာဝင်တွေပါ။ သူတို့စခန်းကို ဗုဒ္ဓဘာသာနှစ်ယောက် ရောက်လာ တယ်ဆိုလို့ တွေ့မြင်ချင်လို့ လာကြည့်တာဖြစ်မှာပါ။ မီးလှုံရင်း စကားဆိုမိကြ တယ်။

"ဘယ်သွားမလို့ လာတာလဲ"

"တို့က ခွင့်ပြန်မလို့"

"ကွာ. . . မင်းခွင့်ပြန်ရင် ငါလည်း ပြန်ချင်တယ်၊ ငါလည်း လိုက်ရရင် ကောင်းမလား"

"ခွင့်တောင်းကြည့်ပေါ့" ပြောနေတုန်း တစ်ဦးက ပေါက်ပေါက်ရှာရှာ စကားစပြောတယ်။

"မင်းတို့ ဟိုက လာခဲ့ကြတာဆိုတော့ မေးရဦးမယ်"

"ဘာမေးမလို့လဲ"

"ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်တွေ ပြဿနာဖြစ်ကြတယ်လို့ ကြားတယ်၊ ဟုတ်သလား"

"ထိပ်တိုက်ပြဿနာဖြစ်တာလို့တော့ မဆိုနိုင်ဘူး၊ ဗုဒ္ဓဘာသာကို နှိမ်ချင်တဲ့သဘော၊ အနိုင်ကျင့်တဲ့သဘောမျိုးဖြစ်တာပါ"

"ဘာပဲဖြစ်ဖြစ်လေ ဟိုတစ်ခါကလည်း ဘာလိုလိုကြားတယ်၊ ကြားကြားချင်း တို့လိုက်သွားတယ်။ ဟိုနားရောက်တော့ ပြီးသွားပြီတဲ့။ မမီလိုက်ဘူး၊ ဒါမျိုးဆို ချချင်တယ်ကွာ"

"ဟုတ်တယ်၊ ငါလည်း တီးပစ်လိုက်ချင်တယ်"

"ဒီတစ်ခါဖြစ်လို့ကတော့လား ဟင်း. . . တောက်. . . အပြတ်ကို နှိပ်ပစ်လိုက်မယ်"

"ပြောရင်းနှိပ်ချင်လာပြီကွာ၊ ခံရပေါင်းများလို့ စဉ်းစားလိုက်တိုင်း အသည်းနာတယ်၊ တောက်. . ."

"ခုလည်း ကြည့်လေ၊ မတရားလုပ်ပုံကို ပြောပါတယ်၊ တို့ ဗုဒ္ဓဘာသာတွေကို ရှေ့တန်းပို့ပြီး အသေခံစခန်းအဖြစ်ထားတယ်။ တို့စခန်းက ကျော်ပြီးမှ သူတို့ခရစ်ယာန်တွေရှိတဲ့ စခန်းကို ရောက်မယ်။ သေစရာရှိ တို့ကို အရင်သေခိုင်းတာနဲ့ မတူဘူးလား၊ တောက်"

ရဲဘော်တွေအားလုံးလိုလို တစ်ယောက်တစ်ပေါက် တောက်တခေါက်ခေါက်နှင့် ချချင်နှိပ်ချင်ကြောင်း ပြောနေကြတယ်။ သူတို့တစ်တွေလည်း ဘယ်ကတည်းက အောင့်အည်းမျိုသိပ်ထားရတယ်မသိဘူး။ သူတို့ဆန္ဒကို ထုတ်ဖော်ပြလာကြတယ်။

"ဘာသာရေးအကြောင်းခံပြီးဖြစ်လို့ကတော့ ဟင်း. . . မလွယ်ဘူးဖြစ်သွားမယ်။ ဟိုတလောကဖြစ်တာ တို့အသိနောက်ကျသွားတယ်။ သွားတော့ ပြီးသွားပြီတဲ့။ ချလိုက်ချင်တာကွာ၊ လက်ကိုယားနေတာပဲ"

ရဲဘော်တွေရဲ့ပြောဆိုသံကို ကြားရတော့ ကျွန်တော့်အဖြစ်မှန်ကို ပြောပြသင့်ပြီလို့ ယူဆမိတယ်။

"ရဲဘော်တို့၊ အခု ငါပြန်လာတာ အဲဒါကြောင့်ပဲ၊ ငါ တပ်ကပြေးလာတာ။ ငါ့ကို အရပ်သားတစ်ယောက်အဖြစ်ပဲ မှတ်ကြပေါ့ကွာ"

သွေးတိုးစမ်းလိုက်တယ်။

"ဟာ. . . မင်းနှယ်ကွာ၊ ယောကျ်ားဖြစ်ပြီး ဒီလောက်ညံ့ရသလား၊ ပြန်ချပေါ့ကွ"

"ဟ. . . ချဖို့ မင်းပြောတော့ အလွယ်သား၊ ငါတစ်ယောက်တည်းနဲ့ ဘယ်လောက် ခရီးရောက်မလဲ၊ ဘာကိုမှ မလုပ်ရသေးခင် ပွဲပြီးသွားမှာပေါ့။ သေသွားမှာပေါ့"

"ဟဲ့. . . ကျော်သန်းရဲ့ တို့တစ်ဖွဲ့လုံး ရှိနေသားပဲ။ တို့အဖွဲ့တွေက ချရမယ်ဆိုရင် တကယ်ချမယ့်အဖွဲ့ပဲကွ"

"ဟုတ်ပါ့မလားကွာ၊ မင်းတို့က လေပန်းတာပဲဖြစ်မှာပါ"

"တကယ်ဖြစ်ကြည့်စမ်းပါလား၊ တကယ်ဖြစ်ရင် တကယ်တွေ့ရမယ် ပေါ့"

"တို့အဖွဲ့က တပ်သား ၄၀ ရှိတယ်၊ အားလုံး ဗုဒ္ဓဘာသာတွေချည်းပဲ။ ခရစ်ယာန်တစ်ယောက်မှ မပါဘူး။ တကယ်နှိပ်မယ့်ကောင်တွေပဲကွ၊ လွန်ခဲ့တဲ့ အရေးခင်းတုန်းက မမီလိုက်လို့ပေါ့ကွာ၊ ဟင်း. . . "

တစ်ယောက် တစ်ပေါက် ဝိုင်းပြောကြတယ်။ ကျွန်တော် တွေးကြည့် တယ်။ ဟုတ်ပါ့မလား၊ ဒီကောင်တွေ ငါ့ကို တမင်စကားနှိုက်နေတာလားလို့ ပေါ့။ ယခင်က တစ်ယောက်အကြောင်းကို တစ်ယောက် ဘာမှ မသိထားရ ခုမှတွေ့ကြရတာဆိုတော့ ဘယ်ယုံလို့ဖြစ်ဦးမှာတုန်း။

"အေးပေါ့ကွာ၊ သူငယ်ချင်းတို့ စဉ်းစဉ်းစားစား လုပ်ကြပေါ့၊ အခုက ငါဟာ တပ်ပြေးလာတာပါ။ ဒီလိုထွက်ပြေးတဲ့ကိစ္စဆိုတာ အဖော်ညီကောင်း တဲ့အလုပ်၊ တိုင်ပင်ကောင်းတဲ့အလုပ် မဟုတ်ဘူး။ ငါ့ကိုသာ မယ်ညောထိ လိုက်ပို့ပေးပါ"

သူငယ်ချင်း မော်ကလတ်နှင့် သူ့တပ်သားအချို့ လိုက်ပို့တယ်။ လိုက်ပို့ရင်းမှာပဲ သူတို့ အချင်းချင်း ညှိကြတယ်။ ကျွန်တော် ဘာမှဝင်မပြော တော့ဘူး။ ခရီးတော်တော်ပေါက်လာတဲ့အခါမှာ လိုက်ပို့သူတွေက -

"သူငယ်ချင်းကျော်သန်း၊ မင်းပြေးစရာမလိုပါဘူးကွာ။ တို့မှာ လူ ၄၀ ရှိတယ်။ တစ်ယောက်မှ ခရစ်ယာန်မပါဘူး။ ယောကျ်ားတွေပဲကွာ တစ်ပွဲ တစ်လမ်း စမ်းကြရအောင်"

"မင်းတို့က တကယ်ပဲလား"

"တကယ်ပဲပေါ့ကွာ၊ ဒါက ကလေးကစားတာမှ မဟုတ်တာ"

ထိုအချိန်မှာ တြိထတောင်ခြေသို့ ရောက်နေပြီဖြစ်တယ်။ ခရီးသွားရင်း အချင်းချင်း ပြောဆိုစည်းရုံးကြတယ်။

"အေး. . . တစ်ခုတော့ပြောမယ်ကွာ၊ ငါတို့ အတင်းမစည်းရုံးဘူး။ အတင်းမခေါ်ဘူး။ ကိုယ့်သဘောနှင့်ကိုယ် ဆုံးဖြတ်ကြ။ ရှေ့ဆက်ရမယ့်ခရီးမှာ အန္တရာယ်တွေ့မယ်၊ ခက်ခဲမယ်၊ ကြမ်းချင်လည်း ကြမ်းမယ်၊ နောက်ဆုံးကွာ သေချင်သေမယ်။ ဒီတော့ ကိုယ့်ဘာသာကိုယ် ဆုံးဖြတ်တာ ကောင်းတယ်။ တို့နှင့်မပါချင်လည်းရတယ်"

"တို့လည်း ယောကျ်ားပဲကွ၊ သေမှာ ကြောက်ရင် ဒီလက်နက်ကောက်ကိုင်မထားဘူး"

"ဒင်းတို့ မတရားလုပ်တာ မခံချင်လွန်းလို့ပေါ့၊ ငုံ့ခံနေရင် ဒီ့ထက်အများကြီး ဆိုးလာနိုင်စရာရှိတယ်၊ ချမယ်ကွာ"

ပြောနေရင်းမှ ရှေ့ရွာကို ဆက်သွားရာ ကော့ကရက်ကျွန်းအရောက်တွင် မဲပ၊ မယ်ကစော၊ တာခုလော်ကြီး၊ ထီးပေါ်မုနော်၊ ဘောသရော ခလော ရွာသူရွာသားများနှင့်အတူ ရဟန်းသံဃာများအားလုံး ၄၀၀ ခန့် အိုးမဲ့ဥက်မှုနှင့် ထွက်ပြေးလာသည်ကို တွေ့ရ၍ ပို၍ ဒေါသထွက်ကြတယ်။ ဆုံးဖြတ်ချက်ချကြတော့တယ်။

"ဟုတ်တယ်ပေါ့၊ ပြောနေတာကြာတယ်၊ လာ၊ ခုပြန်ပြီး ချကြရအောင်"

ရဲဘော်တွေက စိတ်အားထက်သန်စွာ အားတက်သရော ပြောကြတယ်။

"ကဲ. . . မင်းတို့ တကယ်ချမယ်ဆို နောက်ပြန်လှည့်ကွာ"

ရဲဘော်အားလုံး တစ်သဘောတည်း ဖြစ်သွားကြတယ်။ ချက်ချင်းနောက်ကြောင်းပြန်လှည့်ခဲ့ကြတယ်။

နောက်ကြောင်းပြန်ခရီး တောထဲမှာ တစ်ညအိပ်ကြရတယ်။ နောက်နေ့မှ မခိုင်ကုန်း ပြန်ရောက်တယ်။ မော်ကလတ်တို့က စခန်းမှာ ကျန်နေတဲ့ ရဲဘော်များကို ပြောပြတယ်။ သူတို့လည်း အတူပါမှာပါတဲ့။

အဲဒီနေ့ မခိုင်ကုန်းကောင်ထိပ်စခန်းမှာ ဟန်မပျက်နေပြီး လျှို့ဝှက်

အစီအစဉ်တွေ ရေးဆွဲတယ်။ ညနေ ၃ နာရီလောက်ရှိမယ်။

"တို့ ဒီကနေသွားရင် **နောက်စခန်းမှာ** ဗုဒ္ဓဘာသာနှင့် ခရစ်ယာန် ရောနေတယ်ကွ။ ဖြစ်ပါ့မလား။ ဘုမသိ ဘမသိနဲ့ အချင်းချင်းချကုန်လို့ ဒီမှာကင် ပွဲပြီးနေဦးမယ်"

"ချလည်း ချပေါ့ကွာ၊ မထူးဘူး၊ ပြောဆိုကြည့်ကြတာပေါ့"

ဒီလိုနှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးကယ်။ ညနေ ၄ နာရီမှာ အစီအစဉ် ရေးဆွဲပြီးတယ်။ ပြီးတာနှင့် ကျွန်တော်တို့အားလုံး ချီတက်တော့တာပေါ့။ နောက်စခန်းကို ရောက်တော့ တပ်သားတွေကို နောက်မှာထားပြီး ကျွန်တော်တို့ချည်းသွားတယ်။ တစ်ယောက်က ကျွန်တော့်ကို မယုံကြည်နိုင်တဲ့ အကြည့်နှင့် မျက်စောင်းထိုးထိုးပြီး ကြည့်နေတယ်။

"မော်ကလတ်၊ မင်းသွားကွာ၊ စကားသွားပြောချေ"

မော်ဂလတ်နှင့် နိုလော်ပလော နှစ်ယောက်သွားပြီး အဲဒီလူ (စစ်ကြောင်းမှူး ဟု နောက်မှသိရ)နှင့် ရောက်တတ်ရာရာ စကားတွေ ပြောကြတယ်။ သူတို့ အချင်းချင်းက ရင်းနှီးပြီးသားကိုး။ သူတို့စကားပြောကောင်းနေခိုက် ကျွန်တော့် လူတွေက တိုင်ပင်ထားတဲ့အတိုင်း ဗြုန်းခနဲ ဝင်ရောက်လာတယ်။ လက်နက်တော့ လိုလိုမယ်မယ် ချိန်ထားရတာပေါ့။

"ဟိတ်. . . မင်းတို့ ဘာမှ မပြောနဲ့၊ မင်းတို့ကိုလည်း တို့ဘာမှ မလုပ်ဘူး။ တို့ကိုလည်း ဘာမှ မလုပ်နဲ့။ ခု ဗုဒ္ဓဘာသာနှင့် ခရစ်ယာန် ပြဿနာဖြစ်နေပြီ။ မင်းတို့နှင့်လည်း မဆိုင်ဘူး၊ အကြီးအကဲတွေနှင့်ပဲဖြစ်တာ။ သူးမွဲထမှာ သွားရှင်းမယ်။ မင်းတို့ ဘာမှ မနှောင့်ယှက်ကြနဲ့" ပြောလိုက်တော့ -

"တို့နှင့်မဆိုင်ရင် ပြီးတာပဲ" ဆိုပြီး လမ်းဖယ်ပေးကြတယ်။ သူတို့ကို ဖြတ်ဆင်းလာပြီး ခွေးအိပ်တောင်မှာရှိတဲ့ ဗုဒ္ဓဘာသာနှစ်ဖွဲ့ဆီကို သွားတယ်။ အဲဒီမှာ တပ်မဟာ (၁)က ဗိုလ်မြင့်သိန်းရဲ့ လက်အောက်ခံ ဗုဒ္ဓဘာသာတွေ ရှိနေတယ်။ ဗိုလ်. . . . . . လည်း ရှိနေတယ်။ သူတို့ဆီ ရောက်တော့ အကျိုးအကြောင်း ပြောပြကယ်။

"ဟ. . . ဒါဆို ဘာရမလဲ၊ တို့လည်း ဗုဒ္ဓဘာသာပဲ၊ တို့လည်းလိုက်မယ်ကွာ" ဆိုပြီး လူ ၄၀ ထပ်လိုက်လာတယ်။ ကျွန်တော်တို့ အင်အား ၈၀ ကျော်လာပြီပေါ့။ ဆက်ပြီးသွားတာ ဗိုလ်ဂျော်နီအဖွဲ့ကို ရောက်တော့ လူ ၃၀ ထပ်ဝင်လာပြန်တယ်။ ၁၁၀ ကျော်သွားပြီ။ ဗုဒ္ဓဘာသာရဲဘော်တွေက အထူးစည်းရုံးနေစရာ မလိုဘူး။ ကြားတာနှင့် ကောက်လိုက်လာတယ်။

အခြားအကြောင်းအရာတွေမှာသာ အမြင်ချင်း မတူရှိကြပေမယ့် ဘာသာရေးကျတော့ တစ်စိတ်တည်း၊ တစ်ဝမ်းတည်းပဲ။ ရဲဘော်တွေရဲ့ စိတ်ဓာတ်ကို လေးစားမိပြီး ကျွန်တော်အတော်ကြီးကို အားတက်သွားတယ်။ ဟုတ်တယ်လေ၊ ကနဦးက ကျွန်တော်တစ်ယောက်တည်းရယ်။ ပြီးတော့ ဆရာစန်းမြင့်၊ ပြီးမှ သူငယ်ချင်း မော်ကလတ်တပ်ဖွဲ့။ ဒီလိုနှင့် အချိန်က ဘာကြာလို့တုန်း။ အဖွဲ့သား ၁၁ဝ ကျော်သွားပြီ။

ကျွန်တော်တို့အဖွဲ့ ဒီလိုရှိလာတယ်။ အဲ. . . မေးစရာတစ်ခုရှိမယ်။ "ခရစ်ယာန်တပ်သားတွေက ဘာမှ မလုပ်ဘူးလား" လို့။ ဟုတ်တယ်၊ ဘာမှ မလုပ်ပါဘူး။ ကျွန်တော်တို့လည်း ဘာမှ မလုပ်တာ။ သူတို့က အံ့အားသင့်ပြီး ငေါင်ပြီး ကျန်ရစ်တယ်။ ပြီးတော့ ဟို ၉၃ ခုနှစ်ကဖြစ်တဲ့ အရေးအခင်းလိုပဲ သဘောထားပုံရတယ်။ မှန်တယ်၊ အဲဟိုတုန်းကလိုမျိုးပဲဆိုရင် သူတို့နှင့်မှ မဆိုင်တာ။ ဒါက လူကြီးတွေအလုပ် မဟုတ်လား။

ညနေ ၆ နာရီမှာ အဖွဲ့သား ၁၁ဝ နှင့်အတူ မယ်လယ်ထကို ဖြတ်ဆင်းတယ်။ ည ၁၁ နာရီမှာ ရောက်တယ်။ အချို့ကို ဂိတ်မှာထား၊ အချို့ကို ကျွန်တော် နေခဲ့တဲ့နေရာမှာ ထားပြီး ဖြန့်ထားလိုက်တယ်။ ဂိတ်မှူးအိမ်မှာ ထမင်းချက်တယ်။ ဂိတ်အကောက်မှူး စောသာဖွယ် မေးလာတယ်။

"ဘယ်နှယ်လဲ သူငယ်ချင်း၊ မင်းထွက်သွားတဲ့နေ့မှာပဲ ဒီမှာ ကြေးနန်းရောက်နေတယ်။ မင်းဘယ်အထိ ရောက်သွားသလဲ" ,

ခရီးစဉ်ကို အတိုချုပ် ပြောပြတယ်။ စိတ်တူ ကိုယ်တူ ရဲဘော်တွေနှင့် တွဲမိလို့ ပြဿနာ ရှင်းမယ်ဆိုပြီး ဒီကို ပြန်လာတာလို့ ပြောပြလိုက်တယ်။

"သူငယ်ချင်း၊ မင်းတကယ်ချတော့မလား"

"ချတာတော့ မဟုတ်ဘူး သူငယ်ချင်း၊ ဆရာတော်နှင့် ဦးရသေ့ကို ပြန်ခေါ် ပေးရင် ပြီးကာပါပဲ။ ကိုယ့်အချင်းချင်းတော့ မချချင်ပါဘူး သူငယ်ချင်းရာ"

"မင်းတို့ မရောက်ချင် ညနေ ၆ နာရီလောက်မှာ ဗိုလ်ဖားမီးနှင့် ဗိုလ်မောင်ချစ်တို့ အာပီဂျီ ၈ လက်၊ လူ ၁၈ ဦးနှင့်အတူ သူးမွဲထကို သွားနေကြပြီ။ ဘယ်သူမှ တားလို့မရဘူး။ ဒီညတော့ ဘာတွေဖြစ်ကုန်မယ်မှန်းတောင် မသိဘူး။ သူတို့ကို ကြည့်ရတာ မာနယ်ပလောအထိ တက်မယ့်ပုံပဲ"

"ဩော်. . . ငါလိုလူတွေချည်းပါလား" လို့ တွေးမိလိုက်တယ်။ ကျွန်တော့်ထက်ဦးတဲ့လူတွေ၊ စိတ်ဓာတ်ပြင်းထန်တဲ့သူတွေ တော်တော်ရှိပါလားလို့ မှတ်ချက်ချမိတယ်။

မနက်ကျတော့ စားပြီးသောက်ပြီးမှာ အဖွဲ့အားလုံး မယ်လယ်ထမှ ထွက်ခဲ့ကြတယ်။ ဘယ်သူမှ မတားကြဘူး။ တားဖို့လည်း မလိုဘူးလေ။ ကျွန်တော် ပြောထားတာ ရှင်းနေပြီပဲ။ ဆရာတော်နှင့် ဦးရသေ့ကို ပြန်ခေါ်ပေးဖို့ပဲ ရည်မှန်းထားတာပဲ။

သူးမွဲထ ရောက်ခါနီးမှာ ဒိုင်းနားစက်တပ်လှေတစ်စီး (အရပ်သားပိုင်)ကို ရဲဘော်တစ်ယောက်တည်း မောင်းလာတာ တွေ့ရတယ်။ တွေ့ဆုံမေးမြန်းကြည့်တော့ (၁၉)အဖွဲ့က ဗိုလ်ဖားနွှီးအဖွဲ့ကို လာခေါ်တယ်လို့ ပြောတယ်။ ဟိုမှာ ဖားမီးအဖွဲ့ ၁၈ ဦး သွားနှင့်ပြီ ပြောတော့ စက်လှေ ဆက်မသွားဖြစ်တော့ဘူး။

သူးမွဲထရောက်တော့ ဗိုလ်ဖားမီးအဖွဲ့နှင့် ကျွန်တော်တို့ ပူးပေါင်းလိုက်ကြတယ်။ အဖွဲ့သား ၁၃၀ ဖြစ်သွားပြီ။ ဗိုလ်ဖားမီးအဖွဲ့က ကမ်းနားဂိတ်မှာ နေရာယူ စောင့်ကြတယ်။ ကျွန်တော်တို့ အဖွဲ့က တောင်ကုန်းထိပ်က ဘုရားနားမှာ နေရာယူထားကြတယ်။

ဆောက်ပြီးကာစ အသစ်စက်စက် နှစ်ထပ်ကျောင်းပေါ်မှာတော့ သံဃာတွေ တစ်ပါးမှ မရှိဘူး။ ခြောက်ကပ် တိတ်ဆိတ်နေတယ်။

# သူးမဲ့ထမှာ ကျန်နေသော ခေါင်းဆောင် ဦးစန္ဒောဘာသ ၏ ပြောပြချက် မှတ်တမ်း

ကန်ဆောင်မုန်းလပြည့်ကျော်လွန်ပြီး ၃ ရက်မြောက်သောနေ့။

ဣစ္ဆာသယ နှစ်ထပ်ကျောင်းပေါ်တွင် သံဃာများ နေ့ဆွမ်းဘုဉ်းပေး ပြီးကာစအချိန်။

သောလယ်ထမှ ဒကာများ၊ သူးမဲ့ထမှ ဒကာများ၊ ထိုင်းနိုင်ငံမှ ရောက်ရှိလာသော ထိုင်းသတင်းထောက်များ၊ အနီးအပါး တောင်ပေါ်ရွာများမှ ဒကာများ စသည်ဖြင့် လူများတော်တော် စုံစုံလင်လင် ရှိနေသည်။ ထွေရာလေးပါး စကား ပြောနေကြသည်။

မာနယ်ပလော သံဃာ့အစည်းအဝေးအကြောင်း၊ မြိုင်ကြီးငူဆရာတော် ပြန်မလာသေးသည့်အကြောင်း၊ သီလရှင် ဒေါ်ဝဏ္ဏစာရီနှင့် တောင်ပေါ်ကရင်မလေး သီလရှင်များကို မေတော်ကြိုးမှ မောင်းချသည့်အကြောင်း၊ ဦးရသေ့အားလည်း မောင်းချသဖြင့် မြိုင်ကြီးငူဆရာတော်က ဖာပွန်သို့ သွားပို့ရသည့်အကြောင်း စသည်ဖြင့် ရောက်တတ်ရာရာ ပြောဆိုနေကြသည်။

ထိုအခါ ဒကာတစ်ယောက်သည် မောကြီးပန်းကြီးနှင့် ကျောင်းပေါ်သို့ တက်လာသည်။ ခရီးဝေးက လာခဲ့ဟန်တူသည်။ တစ်ကိုယ်လုံး ချွေးများ ရွှဲနစ်နေသည်။ မျက်နှာတစ်ခုလုံး နီမြန်းနေသည်။ နဖူးဆံစမှ စီးကျလာသော

ချွေးများက မျက်နှာပြင်တစ်ခုလုံး ချွေးစီးကြောင်းများ ပြည့်နေသည်။ အမော တကော လာခဲ့ရသည်မို့ ဟောဟဲဆိုက်လုအောင် မောပန်းနေသည်။ ထိုင်နေသော လူအုပ်ကြားမှ ခပ်ယို့ယို့ တိုးလာခဲ့ပြီး ဘုရားဆောင်ရှေ့ သံဃာများအနီးတွင် ထိုင်လိုက်သည်။ ပါလာသော တဘက်ငယ်ဖြင့် ချွေးများသုတ်ပစ်လိုက်ပြီး ဘုရားအား ဦးသုံးကြိမ်ကန်တော့သည်။ တစ်ဆက်တည်း သံဃာ များထဲမှ ဦးစန္ဒောဘာသအား သုံးကြိမ်ဝတ်ဖြည့်သည်။ အပြီးမှာ -

"ဦးစန္ဒောဘာသဘုရား၊ မြိုင်ကြီးငူဆရာတော် စာပေးခဲ့ပါတယ်၊ ဒီမှာဖတ်ကြည့်ပါဦးဘုရား"

လျှောက်ထားကာ စာအိတ်ကို ကပ်လိုက်သည်။ ဦးစန္ဒောဘာသသည် စာအိတ်ကို လှမ်းယူပြီး ဖွင့်ဖောက်ကာ အသံမထွက်ဘဲ ဖတ်ကြည့်သည်။ ဦးစန္ဒောဘာသ၏ မျက်နှာသည် ရုတ်ခြည်းညှိုးကျသွားသည်။ အံကိုကြိတ်သည်။ ကြိတ်မနိုင် ခဲမရဟန် အောက်နှုတ်ခမ်းကို ဖိကိုက်လိုက်သည်။ စာကိုင်ထားသော လက်များပင် တဆတ်ဆတ်တုန်လာသည်။ မျက်စိများ မှားရော့သလားဟု စာကို ထပ်၍ ထပ်ခါဖတ်သည်။ မမှားပါ။ ရင်ထဲ ခံပြင်းစိတ်တွေ ထောင်းခနဲ ထလာသည်။ တောက်တစ်ချက် ပြင်းပြင်းခေါက်လျက်-

"ဟင်း. . . လုပ်ထားကြဦးပေါ့ကွာ၊ မိုးကောင်းတုန်း ရွာလိုက်ကြဦးပေါ့" ဟု မကျေမချမ်း မြည်တမ်းသည်။ အနားမှာရှိသော သံဃာများက -

"ဘာစာမို့ ဒီလောက် ဒေါဖောင်းနေရတာလဲ ဦးစန္ဒောရ၊ တပည့်တော်တို့ကိုလည်း ပြောဦးမှပေါ့"

"ပြောရမယ်၊ ပြောရမယ်၊ အားလုံးကို ပြောရမယ်၊ သံဃာများအားလုံး ကျောင်းကြီးပေါ်ကို ချက်ချင်း စုဝေးကြွလာတော်မူကြပါဘုရား"

တစ်ဆက်တည်းပင် အသံမြှင့်၍ သံဃာများအား လျှောက်ကြားလိုက်သည်။ သံဃာအချင်းချင်းလည်း တစ်ပါးနှင့် တစ်ပါး လှမ်း၍ ပြောကြားကြသည်။ အောက်ထပ်မှာရှိနေသော သံဃာများ၊ ကျောင်းဝင်းအတွင်းမှာရှိနေသော သံဃာများအားလုံး ၅ မိနစ်အတွင်း တစ်ပါးမကျန် စုရုံးရောက်ရှိလာကြသည်။ စုံလောက်သည်တွင် ဦးစန္ဒောဘာသက သံဃာများအား လျှောက်ကြားသည်။

"သံဃာတော် အရှင်သူမြတ်များဘုရား၊ ကျေးဇူးတော်ရှင် မြိုင်ကြီးငူဆရာတော်ဘုရားက စာပေးတော်မူခဲ့ပါတယ်ဘုရား၊ အားလုံး ကြားအောင် တပည့်တော် ဖတ်ပြပါ့မယ်။ နားစိုက်ထောင်တော်မူကြပါဘုရား"

သို့

*တပည့် ဦးစန္ဒောဘာသနှင့်အဖွဲ့ သံဃာများအားလုံး သိသာရန် ဆရာတော် စာရေးအကြောင်းကြားလိုက်သည်။ နိုးဖြူဘုန်းကြီးနှင့် ဗိုလ်မြတို့အား ဘုရား၊ သိမ်၊ ကျောင်း အားလုံးကို ဆရာတော် အပ်လိုက်ပြီ။ သံဃာအားလုံးတို့သည် ဝတ်မြတိုင်းသော ကိုယ်ဝတ်သက်န်းတစ်ထည်စီဖြင့်သာ စာရရချင်း အမြန်ဆင်းလာကြရမည်။*

*ကျန်ပစ္စည်းအားလုံး ချန်ထားရစ်လေ၊ ဘာတစ်ခုမှ မယူလာမိကြပါစေနှင့်။*

*ဤစာရရချင်း လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ကြ။ အချိန်မဆိုင်းကြနှင့်။ ဒါပဲ။*

*ဆရာတော် ဦးသုဇန*
*မြိုင်ကြီးငူ*

စာအဆုံးမှာ သံဃာများရော လူပရိသတ်များပါ အားလုံး ဟာခနဲ ဟင်ခနဲ ဖြစ်ကုန်သည်။

"ဟာ. . . ဒါတော့ ဘယ်ဖြစ်မလဲ၊ ၈ လ နှင့် ၁၅ ရက်လုံးလုံး နေ့မအား ညမအား ကြိုးစားလုပ်ဆောင်ခဲ့ကြရတာ။ သူတို့ကို ဘာဖြစ်လို့ ပေးရမလဲ"

"တန်ဖိုးငွေလည်း ကြည့်လေ၊ ၅ ကျပ် ၁၀ မှ မဟုတ်တာ။ ဘတ် ၂၉ သိန်းကျော်ကျော်ကြီးများတောင် အကုန်အကျခံထားရတာ"

"ဟုတ်တယ်၊ အဲဒီ ဘတ် ၂၉ သိန်းတောင်မှ လုံးခနဲ ခဲခနဲ မရှိလို့ မူးစုပဲစု ရှာဖွေပြီး ဆောက်ခဲ့ရတာ။ ပြီးတော့ သံဃာရော ဒကာအားလုံးပါ မနေမနား လုပ်ဆောင်ခဲ့ရတာ။ ပေးလို့ ဘယ်ဖြစ်မလဲ"

"တန်တော့ မဟုတ်မှလွဲရော၊ ရမ်ဘိုဘုန်းကြီးက ဒီကျောင်းကို လိုချင်လို့ မြိုင်ကြီးငူဆရာတော်ကို မောင်းချလိုက်တာဖြစ်မယ်"

"ဟုတ်တယ်၊ ဒါဖြစ်နိုင်တယ်"

စသဖြင့် တစ်ယောက်တစ်ပေါက် ဆူညံစွာ ပြောဆိုကြသည်။ သံဃာများကလည်း အချင်းချင်း -

"ကိုင်း. . . ဘယ်လိုလုပ်မလဲ ဦးစန္ဒော"

"ကိုယ်တော်က လာလုပ်ချင်သလဲ၊ ပြောကြည့်ပါဦး"

"တပည့်တော်တော့ ဆရာတော့်ဆီ သွားပြန်လျှောက်မယ်၊ မပေးနိုင်တဲ့အကြောင်း ပြောမယ်"

"မထင်နဲ့ကိုယ်တော်၊ မရပါဘူး။ ဆရာတော့်အကြောင်း တပည့်တော်အသိဆုံးပဲ။ ဒါဆိုဒါမှပဲ"

"ဒါတော့ဒါပေါ့လေ၊ အသနားခံလျှောက်ထားကြည့်ရင် ရကောင်းမလားလို့"

"ဆရာတော့်စာမှာ ပါထားပြီလေ၊ စာရရချင်း အမြန်ဆင်းလာကြရမည်၊ အချိန်မဆိုင်းကြနှင့်တဲ့။ ကဲ. . . စကားက ကမ်းကုန်နေပြီ"

"အဲဒီတော့. . ."

"အဲဒီတော့ ဘာမှလုပ်မနေနဲ့တော့၊ ဆရာတော့်စာပါအတိုင်း ဆောင်ရွက်ကြရုံသာ ရှိတော့တယ်"

"ဟင်း. . ."

သက်ပြင်းရှည်ကြီးများကို အသီးသီးချမိကြသည်။ ဦးစန္ဒောဘာသက ဆက်ရပ်ပြီး. . .

"သံဃာတော် အရှင်သူမြတ်များဘုရား၊ ဆရာတော် မှာကြားတော်မူခဲ့သည့်အတိုင်း လိုက်နာဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်ဘုရား။ အားလုံးသော သံဃာတော်များ ဝတ်မြဲကိုယ်ဝတ်သက်န်းကိုယ်စီမျှနှင့်သာ အခြားမည်သည့်ပစ္စည်းတစ်ခုကိုမျှ မယူမိစေဘဲ ခုချက်ချင်း ကျောင်းကြီးပေါ်က ဆင်း၍မြို့ကြီးငူအရောက် ကြုံရာလမ်းက ဖြစ်သလို အချိန်မဆိုင်းဘဲ ဆင်းကြပါမယ်ဘုရား။ ဆရာတော်ဘုရား အမိန့်စကားကို လေးစားလိုက်နာသောအားဖြင့် ချက်ချင်းဆောင်ရွက်တော်မူကြပါဘုရား"

လျှောက်ကြားလိုက်သည်။ သံဃာများအားလုံး မတ်တတ်ထရပ်ကြသည်။ ထိုအခါ ဆေးဆရာ ဦးဘာဘူသည် ဝမ်းနည်းလွန်းစွာဖြင့် တအားမအော်ငိုတော့သည်။ အမျိုးသမီးများသည် တဟင့်ဟင့် အသံထွက်ငိုကြသည်။ လူအားလုံးလိုလို တဖျစ်တောက်တောက်ပြောရင်း မျက်ရည်ဖြိုင်ဖြိုင်ကျနေသည်။ တစ်ယောက်တစ်ပေါက် ဆူညံစွာ စကားအော်ဟစ်ပြောနေကြသည်။ ကျောင်းတစ်ခုလုံး ပွက်လောရိုက်သွားသည်။

ဦးစန္ဒောဘာသက ရှေးဦးစွာ နေရာမှ လှမ်းကြွသည်။ ဒကာများက ပျာပျာသလဲ ထပြီး သက်န်းဆွဲသူဆွဲ၊ လက်ဆွဲသူဆွဲ၊ ခြေကိုင်သူကိုင်၊ ရှေ့မှ ကားသူကား၊ ငိုသံပါသောအသံများဖြင့် -

"အရှင်ဘုရားတို့ ပြန်မကြွကြပါနဲ့ဦးဘုရား၊ တပည့်တော်တို့ နို့ဖြူးဘုန်းကြီးနှင့် ဗိုလ်မြတို့ထံသွားပြီး တောင်းပန်ပေးပါ့မယ်ဘုရား။ ခဏလေးလောက် သည်းခံစောင့်နေပါဦးဘုရား" ဟု ဝိုင်းဝန်းတားဆီးကြသည်။

"မရတော့ဘူး ဒကာတို့၊ ဒီမှာ ဆရာတော့်အမိန့်စာက ပြတ်ပြတ်သားသား မိန့်ထားပြီ။ ချက်ချင်းပြန်ရမယ်တဲ့။ ရှေ့ကဖယ်ကြပါ။ ကိုင်း. . . အရှင်ဘုရားတို့ ဆရာတော့်အမိန့်အတိုင်း ဆက်လက်ဆောင်ရွက်ကြပါရန် လျှောက်ထားပါတယ်ဘုရား"

သံဃာများလည်း လှုပ်ရှားကြသည်။ ဒကာများအားလုံး မတ်တက်ထရပ်လိုက်ပြီး ဟိုကိုယ်တော်လှမ်းဆွဲ၊ သည်ကိုယ်တော်လှမ်းဆွဲဖြစ်နေသည်။ အဆွဲခံရသောကိုယ်တော် ရုန်းထွက်၍ လွတ်သွားရာ နောက်တစ်ပါးကို လှမ်းဆွဲပြန်သည်။ လွတ်သွားပြန်လျှင် အခြားတစ်ပါးကို လှမ်းဆွဲပြန်သည်။ ကျောင်းပေါ်တစ်ခုလုံး ရုန်းရင်းဆွဲရင်းဖြင့် တဝုန်းဝုန်း မြည်နေသည်။ ရှိုက်သံစွက်သောငိုကြွေးသံများက ပို၍ ပို၍ ကျယ်လောင်လာသည်။ ကြိတ်၍ ကြိတ်၍ ငိုနေသူများကလည်း ရှက်မအားနိုင်ပြီ။ အသံထွက်ကာ ဟစ်၍ ဟစ်၍ ငိုနေမိကြတော့သည်။

ဤနှယ်သောမြင်ကွင်းကို တွေ့မြင်ရသော ထိုင်းသတင်းထောက်များမှာ ရင်ဆို့မတတ် ခံစားနေကြရသည်။ မျက်ရည်များသော်မှ ဝဲမိကြသည်။ မိမိတို့လာစဉ်က သတင်းအစအနကလေးများ ရလိုရငြား လာခဲ့ကြသည်။ ယခု မျက်ရည်စများနှင့် ဆုံနေရသည်မို့ သူတို့မှာလည်း ကြင်နာတတ်သောနှလုံးသားများရှိသည်မို့ မျက်ရည်ကြောမှာ ၎င်းတို့လည်း မျောမိနေကြသည်။ မည်သို့ဆိုစေ သတင်းထောက်များအဖို့ ကမ္ဘာလေးတစ်ခု ပျက်စီးရပုံ ခြင်းရာစုံကို မျက်မြင်ကိုယ်တွေ့ သတင်းယူပြီးသား ဖြစ်ပေတော့သည်။ ဤသည်သည် ၎င်းတို့အတွက် သတင်းသာမညတစ်ခုသာ ဖြစ်ကောင်းဖြစ်မည် ဖြစ်လေသည်။ ကမ္ဘာချဉ်းမည့် သတင်းထူးတစ်ရပ်အဖြစ် သမိုင်းတွင်ရစ်ဖို့ နိဒါန်းပျိုးသည့်အဖြစ်ကို မည်သူမှ သတိမမူမိကြ။ သတိမူမိခဲ့ပါမူ စကားတစ်သောင်းပုံကောင်းတစ်ချပ်အဖြစ် မှတ်တမ်းတင်မိကြပေမည်။

ယခုမူ ရုတ်ခြည်းဖြစ်ပေါ်လာသာ ဖြစ်ပျက်မှုကို မျှော်လင့်မထားသည်မို့ ၎င်းတို့ကလည်း ပရိသတ်မျက်ရည်ကြောမှာ ပါမျောနေမိကြသည်။

ဆွဲရင်း ရုန်းရင်း၊ ရုန်းရင်း ဆွဲရင်းကြားမှ သံဃာများ ကျောင်းအောက်သို့ ရောက်လာကြသည်။ မည်သို့မှ တားမရနိုင်မှန်းသိသဖြင့် ဒကာများက လက်လျှော့လိုက်ကြရသည်။ သံဃာများအဖို့လည်း ဆရာတော်ထံ ရောက်ရှိခဲ့

သည်မှနောက် ယခုအချိန်ထိ တစ်လျှောက်လုံး အမိန့်သံကို တစ်ဆံခြည်မယွင်း ဦးထိပ်ပန်ခဲ့သူများဖြစ်သည်မို့ မည်သို့သော အကြောင်းနှင့်မှ မလွန်ဆန်ဝံ့ကြ။ ထားလိုရာထား၊ နေစေလိုရာနေ၊ စေလိုရာစေ လိုက်နာခဲ့သူများဖြစ်သည်။

ဆရာတော်အမိန့်စာပါအတိုင်း သာမဏေငယ်လေးတစ်ပါးသော်မှ မည်သည့်ပစ္စည်းကိုမှ ယူမနေတော့ဘဲ ကိုယ်ဝတ်တစ်ထည်ဖြင့်ပင် ကျောင်းကြီး ပေါ်မှ ဆင်းခဲ့သည်။ မိမိနေရာမှာ ကျန်ရှိနေသေးသည့် အသုံးအဆောင်ပစ္စည်း ကလေးများကိုသော်မှ ပြန်မယူတော့ပေ။ ဦးစန္ဒောဘာသ စကားအဆုံးမှာ ထိုင်နေသည့်နေရာမှသကာ ကျောင်းအောက်သို့ ဆင်းလာခဲ့သည်။ ဤမျှအထိ ဆရာတော့်အမိန့်ကို နာခံကြသည်။

သံဃာများသည် မျက်ရည်စို့ရွဲ၍ ငိုပွဲဆင်နေသော ပရိသတ်ကို ငဲ့၍ သော်မှ မကြည့်ဘဲ ကျောင်းဝင်းအပြင်သို့ ထွက်ခွာခဲ့ကြသည်။ မြစ်ဆိပ်သို့ ဆင်းခဲ့သည်။ ရေဆိပ်မှာ လောလောဆယ် စက်လှေတစ်စီးသာ ရှိသည်။ ရဟန်းငယ်၊ သာမဏေငယ်များကို စက်လှေပေါ် တင်ပေးလိုက်သည်။ စက်လှေမှာ ၃၀ ခန့်သာ ဆံ့သည်။ ကျန်သံဃာနှင့် လူပရိသတ်မှာ ၂၀၀ ကျော်နေသေးသည်။

ဦးစန္ဒော ဦးဆောင်သော ကျန်သူများသည် သံလွင်မြစ်ကြောင်း အတိုင်း ကမ်းစပ်မှ လျှောက်ဆင်းလာကြသည်။ လျှောက်ကြသည်မှာ ဖြည်းဖြည်းမဟုတ်။ ခပ်သုတ်သုတ်ဖြစ်သည်။ ခေါင်းပေါ်မှာ မွန်းတည့်နေက ပူသည်။ ခြေမှာ သဲပြင်ကပူသည်။ အေးအေးဆေးဆေး လမ်းလျှောက် ထွက် သလိုမျိုး သွားနေ၍ မဖြစ်။ မြို့ငကြီးငူနှင့်ဂို မိုင် ၃၀ ကျော် ဝေးသောခရီးကို ခြေကျင်လျှောက်ကြရမည်။

ထိုသတင်းသည် တစ်မုဟုတ်ချင်း ပျံ့နှံ့သွားသည်။ မဲပ၊ မယ်ကဇော၊ ထိပေါ်မုနော်၊ ဘောသရော စသော တောင်ပေါ်ရွာများမှ တောင်ပေါ်ကရင် များပါ သတင်းကြားသဖြင့် ရောက်လာကြသည်။ ပူးပေါင်းမိသည်မှာ ရဟန်း ရော လူပါ ၄၀၀ ခန့် ရှိသွားသည်။ လူအုပ်ကြီးသည် သံလွင်မြစ်ကြောင်း ကမ်းစပ်အတိုင်း တက်သုတ်နှင်ကြသည်။ ကျောက်ဆောင်ပေါ် တက်လိုက် ဆင်းလိုက် သွားရသည်။ သည်သို့မှမဟုတ်လျှင် တောင်ကုန်းကို ကျော်သည်။ လျှိုကိုဖြတ်သည်။ မြောင်ကို ပတ်သည်။ တစ်မော်ငံ့လျှိုး၍ ဟစ်ချီတိုးသည်။

ဤမျှ ၄၀၀ ခန့်သော လူအုပ်ကြီးသည် ခရီးစဉ်အတိုင်း လာခဲ့ကြရာ မယ်လယ်ထဟတ်ကို ကျော်ခဲ့သည်။ ကောကောထ အဖြတ်မှာ ဗိုလ်လှစိုးနှင့် ဆုံသည်။ ဗိုလ်လှစိုးသည် တာဝန်ထမ်းဆောင်နေရင်း ဘုန်းကြီးများနှင့် လူအုပ်

ကြီး ကျောက်ဆောင် ကျောက်ကမ်းပါးကို တက်လိုက်ဆင်းလိုက် သွားနေကြသည်ကို ကြည့်ရင်း -

"ဟယ်. . . . ဘုန်းကြီးတွေ အများကြီးပဲ၊ ဘာလုပ်နေကြတာလဲမသိ။ အုပ်စုဖွဲ့ပြီး ကျောက်တုံးကျောက်ဆောင်တွေအပေါ်မှာ စိန်ပြေတမ်း ကစားနေကြသည်တော့ မဟုတ်တန်ရာ။ တစ်ခုခုတော့ တစ်ခုခုပဲ။ မေးကြည့်ဦးမှ" တွေးမိပြီး -

"အရှင်ဘုရားတို့ ကျောက်ဆောင်ပေါ်မှာ တက်လိုက်ဆင်းလိုက်နဲ့ ဘယ်များ ကြွကြွမလို့လဲ ဘုရား" ဟု မေးလျှောက်သည်။

"တို့ကို နို့ဖြူးဘုန်းကြီးနှင့် ဗိုလ်မြက မြိုင်ကြီးငူကို ပြန်ဆင်းခိုင်းလိုက်ပြီ၊ ဒီမှာ ပေးမနေတော့ဘူး ဗိုလ်လှစိုး"

"ဟင်း၊ တောက်. . ."

ဗိုလ်လှစိုးသည် သက်ပြင်းကို ခပ်ပြတ်ပြတ် မှုတ်ထုတ်ရင်း တောက်တစ်ချက် ပြင်းပြင်းခေါက်လိုက်သည်။

"ရိုင်းလိုက်လေကွာ" ဟုလည်း ဆက်ပြောသည်။ ပြီးတော့ ခါးကြားမှ ပစ္စတိုကို ဒေါသတကြီးထုတ်ပြီး မြင်နေရသော ဆင်ဖြူတောင်ကို ကျည်ကုန်သည်အထိ လှမ်းပစ်သည်။ ကျည်ကုန်လျှင် ပစ္စတိုကို မြေကြီးပေါ်သို့ ပစ်ပေါက်ချလိုက်သည်။ ပြီးလျှင် အံကို တင်းတင်းကြိတ်ပြီး ရဲဝေနေသော မျက်လုံးအစုံဖြင့် ဆင်ဖြူတောင်ကို မကျေမချမ်း ကြည့်နေသည်။ ထို့နောက် မျက်လွှာနှစ်ခုက ဖြည်းညင်းစွာ ပိတ်သွားသည်။ ပိတ်သွားသော မျက်လွှာကြားမှ မျက်ရည်ပူများက ပါးပြင်ပေါ်သို့ တလိမ့်လိမ့် ကျဆင်းနေသည်။

ဘာမထီစစ်သားကြီးတစ်ယောက် မျက်ရည်ပေါက်ပေါက်ကျနေသည်။ ဗိုလ်လှစိုး၏ ရင်တွင်းမှာ ဘာသာရေးအတွက် အခံရခက်၍ ဒေါသခိုးကန်ကာ လျှံ၍ ထွက်လာသော မျက်ရည်စများသာ ဖြစ်ချေသည်။

သံဃာများပါဝင်သော လူအုပ်ကြီး ၄၀၀ ကျော်သည် မက်တတ်ရပ်လျက် မျက်ရည်ကျနေသော ဗိုလ်လှစိုးအား ကျော်ဖြတ်ကာ သံလွင်မြစ်ကမ်းအတိုင်း ဆက်လက်လျှောက်သွားနေကြတော့သည်။ ဗိုလ်လှစိုးကား ဘာသာရေးအတွက် ခံရခက်၍ စက်လက်မျက်ရည် ကျထွက်ချေပြီ။ ဆူဝေဒေါသထန်ပြင်းစွဟူ၍ ဆိုရလောက်အောင် သွယ်ဖြာကျဆင်းနေသော မျက်ရည်စများကို မသုတ်နိုင်တော့ဘဲ ငူငူကြီးရပ်လျက် ကျန်ရစ်ခဲ့တော့သည်။

ဦးစန္ဒောဘာသနှင့် သံဃာများ မြိုင်ကြီးငူသို့ ပြန်လည်ရောက်ရှိပြီး ရက်များ မကြာမီမှာ ဗိုလ်ကျော်သန်း ရောက်လာသည်။ ထိုကာလတွင် ဆရာတော်သည် လူတွေ့သူတွေ့ သိပ်မခံတော့ချေ။ တွေ့လိုလျှင် ကြိုတင် အကြောင်းကြားရသည်။ ဦးစန္ဒောဘာသကပင် ဆရာတော်ရှိရာသို့သွား၍ လျှောက်ထားသည်။

"အဘိုးဘုန်းကြီးကို ဗိုလ်ကျော်သန်းက တွေ့ချင်တယ်လို့ ဆိုပါတယ် ဘုရား"

"ဒုအရာခံဗိုလ် ကျော်သန်းလား"

"မှန်ပါဘုရား"

"ခု ဘယ်မှာ ရှိနေသလဲ"

"မာလကာခြံထဲက ဦးကြီးစိန်ဇရပ်လေးမှာ စောင့်နေပါတယ်ဘုရား"

"အေးအေး. . . လာခဲ့မယ်"

ဦးကြီးစိန်ဇရပ်သို့ ဆရာတော် လာခဲ့သည်။ စောင့်နေသော ဗိုလ်ကျော်သန်း၊ ဗိုလ်ကလပ်၊ ဗိုလ်လယ်ရှိုးနှင့် နောက်ပါတစ်ဦး ပေါင်းလေးဦးကို တွေ့ရ၏။ ဆရာတော်ကြွလာသည်နှင့် ကြိုဆိုဦးခိုက် ရှိခိုးကြသည်။ နောက်ဆုံး အကြိမ် ရှိခိုးပြီးနောက် ခေါင်းပြန်မထောင်လာတော့ပါ။ လေးဦးစလုံး စကား တစ်ခွန်းမျှ မပြောနိုင်ကြတော့ဘဲ ရှိုက်ကြီးတငင်နှင့် ဝမ်းပန်းတနည်း ငိုကြွေး ကြလေသည်။ သူတို့ကို ကြည့်၍ ဆရာတော်မှာ အံ့အားအသင့်ကြီး သင့်နေ သည် တိတ်ဆိတ်စွာ ကြည့်နေလိုက်သည်။ အားရပါးရ ငိုကြွေး၍ဝပြီးကာမှ ဗိုလ်ကျော်သန်းက ရှိုက်သံစွက်သောစကားကို တင်လျှောက်သည်။

"ဆရာတော်ဘုရား၊ ဆရာတော်ဘုရားတို့ ပင်ပန်းကြီးစွာ ဆောက် ထားတဲ့ကျောင်းကို တပည့်တော်တို့ အလကားမပေးနိုင်ပါဘူးဘုရား။ ရအောင် ပြန်ယူပြီး ဆရာတော်အား ပြန်အပ်ပါမယ်ဘုရား"

"မဖြစ်နိုင်တော့ဘူး ဒကာကျော်သန်း၊ ဆရာတော် သူတို့ကို လုံးဝ လွှဲပေးလိုက်ပြီးပြီ။ သံဃာတွေကိုသော်မှ အားလုံး ပြန်ခေါ်ခဲ့ပြီးပြီ"

"တပည့်တော်တို့လည်း ကြားပါတယ်ဘုရား"

"အဲဒီတော့ မဖြစ်နိုင်တော့ဘူးပေါ့၊ စိတ်လျှော့လိုက်ပါ ဒကာ ကျော်သန်း။ အကောမေနေ ဇိနေ ကောဓံ၊ အမျက်ထွက်သူကို အမျက်မထား သည်းခံတရားဖြင့် အနိုင်ယူပါတဲ့။ ဘုရားဟောရှိတယ်"

"ရှိတာတော့လည်း အရှင်ဘုရားပြောပြလို့သိပါတယ်ဘုရား။ ဒါဟာ တပည့်တော်တို့ကို ဒင်းတို့တမင်သက်သက် အနိုင်ကျင့်တာပါဘုရား၊ တစ်နည်းပြောရရင် ဘာသာရေးစော်ကားတာပါပဲဘုရား"

"မဟုတ်သေးဘူး ဒကာကျော်သန်း၊ ဒါ ဘာသာရေး မဟုတ်ပါဘူး၊ ပုဂ္ဂိုလ်ရေး ငြူစူစောင်းမြောင်းခြင်း ကြ္ကသာသာဖြစ်တယ်။ သူ လိုချင်လို့ ဆရာတော့်ကို မောင်းချတာဖြစ်မှာပေါ့။ အနိုင်ယူလိုသူကို အရှုံးပေးတော့ နှလုံးအေးရတယ် မဟုတ်လား။ ဆရာတော်လည်း သူတို့ကို ပေးလိုက်ပါပြီ။ အင်း. . . ဒါလဲ တစ်မျိုးတော့ ကောင်းတာပါပဲ။ ဆက်ပြီး ဘုရားတည်ဖို့ မလိုတော့ဘူးပေါ့။ ဒီတော့မှပဲ ဆရာတော်ဟာ မြိုင်ကြီးငူမှာ မြဲတော့မှာပါပဲ။ ဆရာတော် ဝမ်းသာပါတယ်၊ ကျေနပ်ပါတယ် ဒကာကျော်သန်း"

"သူးမွဲထကျောင်းမှာ တပည့်တော်တို့ သွားနေမယ်၊ ပြီးတော့ ဆရာတော်ကို မှာခိုင်းမယ်။ သူတို့ကိုလည်း မှာ၇ယ်။ သူတို့လာရင် အားလုံးဖမ်းလိုက်မယ်ဘုရား"

"အလုပ်ရှုပ်ပါတယ် ဒကာကျော်သန်း၊ အေးဆေးစွာနေပြီး ငါ့တရားအလုပ်နှင့် ငါလုပ်တာပဲ ကောင်းပါတယ်ဟာ"

"ဆရာတော် တရားလုပ်ငန်းလုပ်တာတော့ မှန်ပါတယ်ဘုရား၊ တပည့်တော်တို့ကိုလည်း ကယ်ပါဦးဘုရား"

"ဟေ. . . ဘယ်လိုဘယ်လို"

"ဆရာတော် မကယ်ရင် ဟို ၉၃ ခုနှစ်က မာနယ်ပလောကို ဦးဆုံးလက်နက်နှင့် တက်သွားတဲ့ ရဲဘော်တွေ၊ ရွာသားတွေအားလုံးကို နာမည် အတိအကျ စာရင်းယူတားပြီးပြီဘုရား။ အားလုံးကို တဖြည်းဖြည်း သုတ်သင်ပစ်ဖို့ အစီအစဉ်ရှိနေတယ်လို့ သိထားရပါတယ်ဘုရား။ တပည့်တော်တို့ကို သနားသောအားဖြင့် ကယ်မ စောင့်ရှောက်တော်မူပါလို့ တောင်းပန်လျှောက်ထားပါတယ်ဘုရား"

ဆရာတော်မှာ တွေခနဲ ဖြစ်သွားသည်။ လေးကေ့ကူဘုရားတည်စဉ်က ဖြစ်ပေါ်ခဲ့သော အရေးအခင်းကို ပြန်လည်မြင်ယောင်လာသည်။ ထိုစဉ်က ဦးဆောင်သွားခဲ့သူ ဗိုလ်ကျော်သန်းနှင့် ရဲဘော်များ၊ ရပ်သူရွာသားများ မာနယ်ပလောကို သွားခဲ့ပုံတွေ၊ ဗိုလ်ချုပ်မြအား ဗိုလ်ကျော်သန်းက စကားဆိုခဲ့ပုံတွေကို ပြန်လည်မြင်ယောင်၊ ကြားယောင်မိသည်။ ဗိုလ်ကျော်သန်း ပြောစကားဟုတ်နိုင်လောက်သော သတင်းများကိုလည်း အစအန ကြားထားခဲ့ရသည်။

ယခု ကာယကံရှင်ကိုယ်တိုင် ဖွင့်ဟလျှောက်ထားလာပြီဆိုသောအခါ -

"ဩော်. . . တကယ်ပဲ ဖြစ်တော့မှာကိုး၊ ကိုင်းကိုင်း. . . ဒါဖြင့် ဘယ်လိုဖြစ်ချင်ကြသလဲ လျှောက်ကြစမ်း၊ ငါစဉ်းစားကြည့်မယ်"

"တပည့်တော်နှင့်အတူပါလာတဲ့ သုံးယောက်အနက်မှာ ဟောဒါက ဗိုလ်လယ်ရှိုးလို့ ခေါ်ပါတယ်ဘုရား။ သူကလက်နက်ကြီးတပ်ဖွဲ့ခေါင်းဆောင်ဗိုလ် တစ်ဦးပါဘုရား။ တပည့်တော်တို့အားလုံးစည်းရုံးပြီး ဆက်လက်အလုပ် လုပ်သွားမယ်။ ဆရာတော် သူ့မွဲထကိုပြန်တက်လာစေရဖို့အထိတောင်းဆိုပါမယ်ဘုရား"

"ဟေ့အေး. . . ဒါတော့ဖြစ်နိုင်မယ် မထင်ဘူးကွဲ့၊ ငါက ဆုံးဖြတ်ချက် ချပြီးရင် လုံးဝပြန်ပြင်လေ့မရှိဘူး။ သူတို့ပင့်လည်း ငါသွားတော့မယ့် အစီအစဉ် လုံးဝမရှိဘူး။ ထွက်ပြီး ဆင်စွယ် ပြန်ဝင်ရိုး ထုံးစံမရှိ။ ထွေးပြီး တံတွေး ပြန်မျိုရိုး ထုံးစံမရှိသလို၊ အေး. . . တစ်ခုတော့ ငါပြောထားချင်တယ်"

"အမိန့်ရှိပါဘုရား"

"သောင်ရင်းမြစ်ဝ စစ်ဖြစ်မယ်၊ အဲဒီမှာပဲ စစ်ပြီးမယ်လို့ ရှေးလူကြီး စကား ရှိခဲ့ဖူးတယ်။ ပြီးတော့ လူမျိုးအချင်းချင်းထဲကပဲ ဖြစ်မယ်လို့လည်း ဆိုတယ်။ ဒီတော့ စစ်မဖြစ်စေဖို့အတွက် ငြိမ်းချမ်းရေးအားထုတ်မှုတစ်ရပ် အနေနဲ့ ဘုရားတည်၊ ကျောင်းဆောက် လုပ်ခဲ့တယ်"

"မှန်ပါဘုရား"

"ဒါကလည်း ဗုဒ္ဓဘုရားရှင်ရဲ့လမ်းစဉ်ကို လိုက်နာခြင်းပါ။ ဘုရားရှင် ဟာ ကပ္ပိလနှင့် ကောလိယ နှစ်ပြည်ထောင် သာကီဝင် ဆွေမျိုးချင်း စစ်ဖြစ် မှာကို ဟန့်တားတဲ့အနေနဲ့ နှစ်ပြည်ထောင်ကြား ရောဟိဏီမြစ်ရဲ့ ကောင်းကင် ယံမှာ နေပြီး ငြိမ်းချမ်းရေးတရား ဟောခဲ့တယ်။ နှစ်ပြည်ထောင် ရန်မီး အေးငြိမ်းခဲ့တယ်။ ဒါကို စံနမူနာယူပြီး ငြိမ်းချမ်းပါစေ ရည်ရွယ်ချက်နှင့် သောင်ရင်းမြစ်ဝမှာ ဘုရားတည်ခဲ့တယ်။ ဗုဒ္ဓသာသနာကို အခြေချခဲ့တယ်။ ဘုရားအဆုံးအမအတိုင်းလိုက်နာကြရင် စစ်ဆိုတာဖြစ်မလာနိုင်ဘူး မဟုတ်လား"

"မှန်ပါဘုရား"

"လူမျိုးအချင်းချင်းလည်း အခင်းမဖြစ်ပွားစေချင်ဘူး။ ဘုရားက သူ့ရဲ့ သာကီဝင်မျိုးဆွေတွေကို ကယ်တင်ခဲ့သလို ငါကလည်း ငါ့ကရင် အမျိုးသား တွေအတွက် ဆောင်ရွက်ခဲ့ချင်တယ်။ ဆောင်ရွက်ခဲ့တယ်။ ဒါပေမဲ့ ခုတော့ မရတော့ဘူး။ ဒီပွဲဟာ ငါ့ဆီကပဲ စသလို ဖြစ်သွားနေပြီ။ ဒီပွဲကို ပြီးသည်အထိ မင်းတို့ တိုက်ပွဲဝင်ချင်သပဆိုလည်း ဝင်ပါ။ မင်းတို့ သဘောပဲ။ ငါ့အနေနှင့်

ဒီကိစ္စမျိုးမှာ ဟိုလိုလုပ်ပါ၊ ဒီလိုလုပ်ပါနဲ့ မဆိုကောင်းဘူး။ အဲလေ. . . ဆိုလည်း မဆိုချင်ဘူး။ ငါက ဘုန်းကြီးကိုး။ မင်းတို့နှင့်မှ မတူတာ"

"မှန်ပါ၊ နားလည်ပါတယ်ဘုရား"

"ငါကစသွားတယ်ဆိုပေမယ့် ဘာသာရေးစစ်ပွဲလို့ မဆိုနိုင်ပါဘူး။ ကမ္ဘာစစ်ကြီးအထိလည်း မကြီးသွားနိုင်ပါဘူး။ ကိုယ့်ညီအစ်ကိုအချင်းချင်း ရန်ဖြစ်တာလောက်ပဲ ရှိမှာပဲ။ အဲ. . . တစ်ခုတော့ ရှိသပေါ့လေ။ သူများကြားဝင် ဘေးတီးပေးလို့ နားယောင်သွားရင် မလိုအပ်တာတွေ ဖြစ်တတ်လာလေ့ ရှိတယ်။ အမှိုက်ကစပြဿာဒ်မီးလောင်နိုင်တယ်။ ဒါကိုတော့သတိထားကြပေါ့"

"တပည့်တော်တို့ နားလည်ပါပြီဘုရား၊ ပြဿနာ မကြီးထွားအောင် တပည့်တော်တို့ အတတ်နိုင်ဆုံး စေ့စပ်ပါ့မယ်ဘုရား"

"ဒါက ဒကာတို့ သဘောပဲ၊ ဒီပွဲဟာ ငါက စတယ်ဆိုပေမယ့် နှလုံးအေးတဲ့ဆေးကို ငါစားထားပြီးဖြစ်လို့ ငါ့အနေနဲ့ အေးအေးဆေးဆေးပါပဲ။ 'အေးချမ်းတည်ထားတယ်' နိမိတ်နှင့် ကြေးပိဿာ ၁၂၇၇၇ (တစ်သောင်းနှစ်ထောင် ခုနစ်ရာ ခုနစ်ဆယ့်ခုနစ်) ရှိမယ့် ဘေသဋမုနိ ကြေးသွန်းရုပ်ပွားတော်ကို တည်ထားရင်း ကရင်ပြည်နယ်ကြီး တစ်နည်းပြောရရင် မြန်မာပြည် တစ်နည်းပြောရရင် ကမ္ဘာကြီး ငြိမ်းချမ်းပါစေတော့လို့ ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းနေတယ်"

"မှန်ပါ့ဘုရား၊ အရှင်ဘုရားလည်း အရှင်ဘုရား ရည်ရွယ်ချက်နှင့် အလုပ်တစ်မျိုးငှ်ထား၊လို တပည့်တော်တို့လည်း တပည့်တော်တို့ ရည်ရွယ်ချက်နှင့် တစ်မျိုးလုပ်ပ့ါမယ်ဘုရား"

"ဒါတော့လည်း ရှုထောင့်တစ်မျိုးစီပေါ့လေ"

"မှန်ပါဘုရား၊ တပည့်တော်တို့ကို ခွင့်ပြုပါဦးဘုရား၊ ဦးတင်ခဲ့ပါတယ်ဘုရား"

"အေးအေး. . . ကိုယ်စိတ်နှစ်ဖြာ ကျန်းမာလန်းဖြာပြီး လိုအင်ဆန္ဒပြီးမြောက်ကြပါစေ"

"ပေးသောဆုနှင့် ပြည့်ကြရပါလို၏ဘုရား"

ဗိုလ်ကျော်သန်းတို့ လေးဦး မြိုင်ကြီးငူမှ ထွက်ခွာ၍ သူ့မွဲထသို့ ပြန်တက်ခဲ့ကြလေသည်။

# သောလယ်ထမှ ကန်ညီနောင်ရှာသားတစ်ဦး၏ ပြောပြချက် မှတ်တမ်း

မှတ်မှတ်ရရ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်။

သူးမွဲထသာသနာပြုစခန်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။ မကြာလှသေးသောတစ်ချိန်က ပျားပန်းခပ်မျှ လှုပ်ရှားသက်ဝင်ခဲ့သည်။ ယခုမူ တစသုသာန်ပြင်ပမာ ငြိမ်သက်လွန်းနေသည်။

လှုပ်ရှားမှုသာ မရှိသည်၊ လှပခန့်ညား ထယ်ဝါမှုကား ရွေးမျှ မလျော့ချေ။ ဤမည်သော တောစွန်ကောင်ဖျားမှာ ဤသို့ ကြော့ခတ်မိ သေသပ် ခန့်ညားသည့် ကျောင်းဆောင်ကြီးအဖြစ် ထီးထီးမားမား ရပ်တည်နေသည်။ သံလွင်မြစ်ကမ်းဘေး ကုန်းမြင့်သောင်ယံမှာ ဘုံပျံဆောင်နန်းသဖွယ် လျှမ်းတင့်လွန်းလှသည်။ နှလုံးစိတ်ဝမ်း ကြည်နူးမြွေချမ်းဖွယ်ကောင်းလှသည်။

ထွက်ပြူစ နေရောင်အောက်ဝယ် ညွှင်းညံ့ညံ့ စီးဆင်းနေသော သံလွင်မြစ်ရေလွှာပြင်မှာ အရောင်ဟပ်ကာ ရှုတင့်သာမောဖွယ်ကောင်းလွန်းလှသည်။ တောနှင့် တောင်နှင့်၊ ဘုရားနှင့် တန်ဆောင်းနှင့်၊ သိမ်ကျောင်းပြသာဒ် နှင့် ရေလွှာပြင်မှာ ပုံရိပ်ထင်နေပုံက အလှဆန်သော သဘာဝပန်းချီကားသဖွယ် ဖြစ်နေသည်။ အထက်မှ စီးဆင်းလာသော သံလွင်မြစ်မနှင့် ကရင်ပြည်နယ် (မြန်မာနိုင်ငံ) တွင်းသို့ စီးဆင်းသွားသော သံလွင်မြစ်ကြောင်း။ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ နယ်ခြားမျဉ်းဖြစ်သော သောင်းရင်းမြစ်၏ မြစ်ဝ။ မြစ်ကြောင်းသုံးသွယ်ဆုံရာဒေသမို့ သာယာသောမြစ်ဆုံဒေသလည်းဖြစ်သည်။

ပြည်မနှင့်ဆိုလျှင် သွားလာရ ခက်ခဲလွန်းပြီး အလွန်မှ သီးခေါင်သော အရပ်ဖြစ်သည်။ သောင်းကျန်းသူတို့ စိုးမိုးရာဒေသလည်း ဖြစ်သည်။ ဤနေရာမှာ ဤသို့သော ပန်းချီကားတစ်ချပ် ဖြစ်ထွန်းပေါ်ပေါက်လာဖို့ဆိုသည်မှာ စိတ်ကူးယဉ်၍သော်မျှ ရဖွယ်မရှိခဲ့။ တစ်ကြောင်းလည်း ဘာသာခြားခေါင်းဆောင်များအဖြစ် ရပ်တည်ဖြစ်ထွန်းလာသည်ကိုက ထူးခြားမှုတစ်ရပ်ဖြစ်သည်။ ထူးခြားသောဒေသမှာ ဆန်းသစ်သော အဆောက်အအုံများဖြင့် အလှဆင်ထားသော မြစ်ဆုံအလှသည် တက်သစ်နေခြည်ဝယ် လှပခန့်ညားလွန်းလှသည်။ ရေပြင်လွှာမှာ ပုံရိပ်ထင်၍ ပန်တင့်လွန်းလှသည့် သဘာဝပန်းချီကားဟု ဆိုခဲ့သည်။

မှန်၏၊ လှပသာယာရှုမောဖွယ်ကောင်းသော မြစ်ဆုံအလှ ပန်းချီကား တစ်ချပ်နှယ်သာ ရှိတော့သည်။ သက်ဝင်လှုပ်ရှားမှု ကင်းမဲ့နေသည်။ တစ်ချိန်ကဆို ပျားပန်းခပ်မျှ လှုပ်ရှားသွားလာနေသူများဖြင့် စည်းကားနေသည်။ တရားဓမ္မ ရွတ်ဖတ်သရဇ္ဈာယ်သံ၊ ပြောဆိုရယ်မောသံများဖြင့် အုတ်အုတ်ကျက်ကျက် စည်ဝေနေတတ်သဖြင့် ယခုမူ ငြိမ်သက်မှုက အားလုံးကို စိုးမိုးထားသည်။ တိတ်ဆိတ်မှုက မင်းမူထားသည်မို့ တစသုသာန်ပြင်မှ တကယ့်တစသုသာန်ပြင်ဖြစ်နေသည်။ မြစ်ဆုံအလှကို ဖန်တီးခဲ့သော ဖန်တီးရှင်များ စွန့်ခွာထွက်သွားပြီဖြစ်သောကြောင့်တည်း။

စွန့်ခွာဟူ၍ စကားရွေးသုံးလိုက်ရသည်။ ဖန်တီးရှင်များအဖို့ မလိုလား၍ စွန့်ပစ်ခဲ့ခြင်းမဟုတ်။ လိုလားသော်လည်း အကျယ်အကျယ် မငြိမ်းဖွယ်မဖြစ်စေလိုသဖြင့် ဗုဒ္ဓသားတော်များပီပီ ဗုဒ္ဓအဆုံးအမဖြစ်သော သည်းခံခြင်းခန္တီတရားလက်ကိုင်ထား၍ စွန့်ခွာထားကြခြင်း ဖြစ်သည်။ ဖန်တီးရှင်များ စွန့်ခွာသွားကြသော်လည်း လှပနေသော မြစ်ဆုံအလှက တိတ်ဆိတ်ငြိမ်သက်မှုကင်းနေသည်မှအပ လုံးဝ လျော့ပါးမှုမရှိချေ။

လှပသော မြစ်ဆုံအနေဖြင့် မိမိအားအလှဆင်ပေးသော ဖန်တီးရှင်များကို ပြန်လည်ရောက်လာနိုးဖြင့် မျှော်ကိုးစောင့်စားနေသကဲ့သို့ ရှိသည်။ လောကမှာ ဖြစ်ချင်သောအရာများ ဖြစ်မလာတတ်။ မဖြစ်စေချင်သောအရာများသာ မမျှော်လင့်ဘဲဖြစ်လာတတ်သည်ကား လောကတံထွာမှတာပင် ဖြစ်သည်။ ယခုလည်း မျှော်သူကား ပေါ်မလာ။ မမျှော်သူသာ ရောက်လာသည်။

သူကား နို့ဖြူဆရာတော် ဦးဝိဇနခေါ် ရမ်ဘိုဘုန်းကြီးတည်း။ သုံးစီးသော စက်လှေမှာ ကေအင်န်ယူ ရဲဘော်အပြည့် တင်ထားသော ရဲရွေသင်းပင်းအခြံအရံများနှင့် ခမ်းနားစွာ ကြွချီတော်မူလာသည်။ ကမ်းမှ တက်သည်ဆို

ကတည်းက ခန့်ညားသော ကျောင်းတော်ကြီးကို လှမ်းကြည့်၍ ပီတိလျှမ်းသော ပြုံးပန်းတဝေဝေ ဖြစ်နေသည်။ သူ့အပြုံးကား သွေးရောင်လွှမ်းသော အပြုံးပန်းများ ဖြစ်သည်။ အကြောင်းမှာ နို့ဖြူးဆရာတော်သည် ကွမ်းကို အဆက်မပြတ် မြုံ့နေတတ်သဖြင့် နှုတ်ခမ်းများမှာ အမြဲတမ်းလိုလို ကွမ်းသွေးများဖြင့် ခြယ်လှယ်ထားသောကြောင့် ဖြစ်သည်။

ကျောင်းတော်သို့ ရောက်ရှိပြီးနောက် ကျောင်းတွင်း ထက်အောက် ဝန်းကျင်အားလုံးကို စုံတကာစေ့အောင် လှည့်ပတ်ကြည့်ရှုသည်။ အားရကျေနပ်သော အပြုံးပန်းများက နီရဲစွာ ပွင့်၍ ပွင့်၍ လာကြသည်။ သို့သော် အချို့ အပြုံးပန်းများ ပီပီပြင်ပြင် မလန်းဆန်းနိုင်ဖြစ်ရသည်။ အမြဲတမ်း ကွမ်းတမြုံ့မြုံ့ဝါးထားရသော ပါးချောင်တော်သည် တစ်ချက်ကလေးမှ မအားရသည့်အထဲ ပြုံးခြင်းဖြင့် ဖြစ်ပေါ်လာသော ပါးရေတွန့်ခြင်းအလုပ်ကိုပါ ပူးတွဲထမ်းဆောင်ရသဖြင့် ငြိုငြိုငြင်ငြင် ဖြစ်ချင်လာသည်။ ထို့ကြောင့် အချို့ အပြုံးပန်းများ မလန်းဆန်းနိုင်ခြင်း ဖြစ်သည်။

"စားရက်ကြံ့တော့ မုတ်ဆိတ်ပျားစွဲ" ဆိုသော စကားရှိခဲ့သည်။ နို့ဖြူးဆရာတော်အဖို့ စားရက်ကြံ၍ မုတ်ဆိတ်မှာ ပျားလာစွဲသည် မဟုတ်။ ကံမကြံ့ပေမယ့်လည်း အုံပြီးသော ပျားကို ယူပြီး မုတ်ဆိတ်မှာ ဆွဲချည်ခဲ့ခြင်း ဖြစ်သည်။

"ကံကောင်းရင် တစ်သက်၊ အကြံကောင်းရင် တစ်ချက်" တဲ့။ ဟင်း. . . ဘာရမလဲ။ ဤဖေကိုယ်ကြံရင် ဘာခံနိုင်မလဲ။ သိပြီးမဟုတ်လား။

မိမိလုပ်ရပ်ကို တွေး၍ အကျေနပ်ကြီး ကျေနပ်နေသည်။ လူသားဟူသည် ကျေနပ်သည်ဖြစ်စေ၊ မကျေနပ်သည်ဖြစ်စေ မိမိခံစားချက်ကို ရင်ဖွင့်တတ်ကြသည်။ ထုတ်ဖော်ပြတတ်ကြသည်။ နို့ဖြူးဆရာတော်သည် မိမိကျေနပ်ချက်ကို ထုတ်ဖော်ပြသချင်လာသည်။

သို့ဖြစ်၍ ကျောင်းတော်အတွင်း အနှံ့အပြား ကြည့်ရှုပြီးနောက် ရဲမွှေတော်များနှင့်အတူ သောလယ်ထသို့ တက်လာခဲ့သည်။ သောလယ်ထသို့ ရောက်လျှင် မြိုင်ကြီးငူဆရာတော်အား အထူးကြည်ညိုကြသော ကန်ညီနောင်ရွာသား ဒကာများနှင့် ဆုံအောင် လိုက်ရှာသည်။

"နင်တို့ အားကိုးတဲ့ မြိုင်ကြီးငူဘုန်းကြီး တို့မောင်းချလို့ ဆင်းသွားပြီ၊ နင်တို့ ဘာလုပ်မယ် စိတ်ကူးသလဲ"

"မြိုင်ကြီးငူဘုန်းကြီး ပြန်သွားပြီဆိုတော့ တပည့်တော်တို့က ဆရာတော်ကိုပဲ ဆက်လက်ပြီး ကိုးကွယ်ကြမှာပါဘုရား။ တပည့်တော်တို့ကို စောင့်ရှောက်တော်မူပါဘုရား"

"အေးပေါ့ကွယ်၊ နင်တို့ အားကိုးတဲ့ နင်တို့ အဖေမြိုင်ကြီးငှ ဦးသုဇန မရှိတော့ပေမယ့် ငါ ဦးဝိဇင့် တစ်ပါးလုံးလုံး ရှိနေသေးတာပဲဟာ။ အားငယ်ဖို့ မလိုပါဘူးကွာ။ ငါ စောင့်ရှောက်မှာပေါ့၊ ဟုတ်ဘူးလား၊ ဟဲဟဲ. . . "

နို့ဖြူးဆရာတော်သည် သဘောကျစွာ တဟဲဟဲရယ်တော်မူသည်မှ မဆုံးသေး။ စက်ဖြင့် ပို့လာသော သတင်းတစ်ရပ် ဝင်လာသည်။

"သူးမွဲထ မြစ်ဆုံကျောင်းမှာ ဗိုလ်ကျော်သန်း၊ ဗိုလ်ဖားမီး ဦးဆောင်သော လက်နက်ကိုင် ရဲဘော် ၁၃၀ ကျော် ရောက်ရှိနေရာယူပြီး ဖြစ်နေသည်" တဲ့။

နို့ဖြူးဆရာတော် ပြုံးရာမှ မဲ့သွားသည်။ စောစောလေးတွေက ပွင့်လန်းဝေဆာနေခဲ့သော နီရဲသောပြုံးပန်းများ ရုတ်ခြည်းညှိုးလျော်သွားသည်။ ကွမ်းမြုံ့ဖို့ကိုပင် သတိမရတော့။ ပြုံးလည်း မပြုံးနိုင်တော့။ ကွမ်းလည်း မမြုံ့နိုင်တော့သဖြင့် ခေတ္တအလုပ်အနားပေးလိုက်သော ပါးချောင်တော်က ဝမ်းသာသွားလိမ့်မည် ထင်သည်။ နို့ဖြူးဆရာတော်၏ မဲ့ခြင်းသည် ပို၍ ပီပြင်သည်။ အလုပ်နှစ်ခု တစ်ပြိုင်နက်တည်း ပူးတွဲ ထမ်းဆောင်ထားရသော ပါးချောင်တော်သည်လည်း သူ့သခင်ကို မကျေနပ်ချက်ပါပေါင်း၍ လိုက်မဲ့သောကြောင့်ဖြစ်သည်။

မဲ့နေရုံနှင့် မပြီးသေး။ မပဲ့အောင် ကြံဆောင်ရဦးမည်။ ဒီအတိုင်းဆို သူးမွဲထ (မြစ်ဆုံ) သို့ ဆင်းလို့ မဖြစ်သေး။ ဟိုသတ္တဝါတွေ ရောက်နေသည်။ သူ့ဘုန်းကြီးကို မောင်းချလိုက်သဖြင့် ငါ့ကို ကျေနပ်ကြမည်မဟုတ်။ ငါရောက်သွားလျှင် ဝိုင်းဖွဲ့ကြမည်။ သည်သောအခါ ခန္ဓာကိုယ်မှမူလည်း အသက်ဝိညာဉ် ပဲ့ထွက်သွားရမည် ဧကန်။ သို့မဟုတ် အသက်ဝိညာဉ်မှမူလည်း ခန္ဓာကိုယ် ပဲ့ထွက်သွားရမည် ဧကန်။ ပဲ့ခြင်းနှစ်မျိုးအနက် တစ်ခုမှ သက်သာဖွယ်မရှိ။ သေဖွယ်ရာသာရှိသည်မို့ နို့ဖြူးဆရာတော်သည် အပြန်ခရီးကို လမ်းကြောင်း ပြောင်းရတော့သည်။

အသက်ကို ဉာဏ်စောင့်သည် မဟုတ်လား။ ဉာဏ်ကူရတော့သည်။ လာခဲ့သော စက်လှေများဖြင့် သံလွင်မြစ်ကြောင်းအတိုင်း မစုန်ဆင်း ဝံ့တော့ချေ။ သောလယ်ထမှ နို့ပါပူး တောင်ပေါ် ရွာ ခရီးကို ခြေထောက်အားကိုးဖြင့် တစ်ချိုးတည်း လျှောက်ခဲ့သည်။ ထိုမှ ဖွေးဘောလူ၊ ရင်းမှတစ်ဆင့် မာနယ်ပလောသို့ တက်သုတ်ရိုက်ပြန်သွားလေတော့သည်။

✕✕✕✕✕✕✕✕✕✕

# ဗိုလ်ချုပ် ကျော်သန်း၏ မှတ်တမ်းအဆက်

၂-၁၂-၉၄

ဗိုလ်ဖားနွီးနှင့် တပ်ခွဲနှစ်ခွဲ ထပ်ရောက်လာသည်။ သုံးရက်အတွင်းမှာ လူပေါင်း ၄၁၅ ယောက် ရှိသွားပြီး သူးမွဲထတောင်ကုန်းတစ်ခုလုံး ကျောင်းပေါ်မှာပါ နေရာဖြန့်ယူထားလိုက်သည်။ စစ်တိုက်တာတော့မဟုတ်။ တပ်စွဲတာလို့တော့ မသုံးချင်ဘူး။ ကျွန်တော်တို့အားလုံးရဲ့ ရည်ရွယ်ချက်က ပြဿနာရှင်းဖို့ပဲ။

ပြောဖို့တစ်ခုကျန်ခဲ့တယ်။ ဗိုလ်ဖားနွီးနှင့် ပါလာတဲ့ တပ်ခွဲနှစ်ခွဲစာရဲဘော်တွေဟာ တပ်တစ်တပ်တည်းချည်း မဟုတ်ဘူး။ ဟိုတပ်သည်တပ်စသဖြင့် ၄ ဦး၊ ၅ ဦးစ လာခဲ့ကြသူတွေ ဖြစ်တယ်။ သတင်းကြားလို့ မခံချင်စိတ်နှင့် လာခဲ့ကြသူတွေချည်းပဲ။ သည် သူးမွဲထမှာမှ လာပေါင်းမိကြတာပါ။ တပ်ပေါင်းစု ရဲဘော်တွေပေါ့။ သူးမွဲထမှာ ရဲဘော်တွေ စုဝေးပြီး နေကြတော့ ၅-၁၂-၉၄ မှာ ဗဟိုလူကြီးတွေ ဆင်းလာတယ်။ ပြဿနာ ဖြေရှင်းပေးရအောင်ပါ။ လူကြီးတွေကို ကျွန်တော့်မှတ်စုထဲမှာ သေသေချာချာ မှတ်ထားပါတယ်။

၁။ ဗိုလ်ချုပ် မောင်မောင်

၂။ ဗိုလ်ချုပ် ဗထူး

၃။ ဗိုလ်မှူးကြီး တူးတူးလေး

၄။ ဗိုလ်မှူး ထိန်မောင်
၅။ ဗိုလ်မှူး ကျော်လင်း
၆။ ဗိုလ်ကျော်နီ
၇။ ဗိုလ်တာမလာ
၈။ ဖဒိုမန်းရင်စိန်
၉။ ဖဒိုမန်းရှာ
၁၀။ ဖဒိုစံလှိုင်
၁၁။ ဗိုလ်ကြည်အောင်

အားလုံး ၁၁ ဦး ရောက်လာတယ်။

အရေးအခင်းခေါင်းဆောင်များကို ခေါ်တွေ့တယ်။ ဗိုလ်ဖားမီး၊ ဗိုလ်ဖားနွီးတို့အပြင် ကျွန်တော့်ကိုပါ ခေါင်းဆောင်စာရင်းသွင်းပြီးခေါ်တယ်။ ကျွန်တော့်ကို ကျွန်တော် ခေါင်းဆောင်ဖြစ်နေမှန်းတောင် မသိဘူး။ စိတ်ထဲမှာ ၉၃ ခု အရေးအခင်းကလို ပြဿနာရှင်းရာ လိုက်ပါမယ့်သူလို့သာ သတ်မှတ်ထားတာ။ သူတို့က ခေါင်းဆောင်ဆိုလို့ခေါ်တော့လည်း သွားလိုက်ရုံပေါ့။

ဟိုရောက်တော့ ကျွန်တော်ကိုပဲ ဦးတည်ပြီး မေးခွန်းထုတ်ကြတယ်။ ခုမှ သူတို့ရဲ့ ပစ်မှတ်ဟာ ကျွန်တော်ဖြစ်မှန်း သိရတယ်။ ကျွန်တော်သာ သတိမထားတာ။

၉၃ ခု အရေးအခင်းမှာ ဦးဆောင်သွားတာ ကျွန်တော်။

၉၄ ခု ဒီဇင်ဘာ အရေးအခင်းမှာ တပ်ကထွက်ပြေးပြီး လူစုလာတာ ကျွန်တော်က အစဦးဆိုတော့ -

ထားပါလေ၊ သူတို့ပစ်မှတ် ခေါင်းဆောင်ပဲ ထားပါ။ မေးသမျှကို ဒိုင်ခံဖြေရှင်းရတယ်။ ဖြစ်ပျက်ခဲ့တာတွေကို အစမှ အဆုံးတိုင် ပြောပြလိုက်တယ်။ ပြောပြချက်ကို ဗိုလ်ချုပ်မောင်မောင်နှင့် ဗိုလ်မှူးကြီး တူးတူးလေး ဖဒိုမန်းရှာ တို့က မှတ်တမ်းယူကြတယ်။

"ဖြစ်ပျက်ခဲ့တာတွေကိုရော၊ ကျွန်တော်တို့ရဲ့ ခံစားချက်တွေကိုပါ မှတ်တမ်းယူပြီးပြီ၊ အမြန်ဆုံး သုံးသပ်ဖြေရှင်းပေးပါ" လို့ တောင်းဆိုလိုက်တယ်။

"ရပါတယ်၊ သုံးရက်အတွင်း ပြီးပြတ်အောင် လုပ်ပေးမယ်" ကတိပေးတယ်။

လူကြီးတွေ ပြန်ခါနီးမှာ ဗိုလ်ချုပ် ဗထူးနှင့် ဗိုလ်မှူး ကင်မောင်က ကျွန်တော့်ကို ခေါ်ပြီး -

"မင်းတို့အဖွဲ့တွေ ရှေ့တန်းမှာ ဘယ်သူမှ မရှိတော့ ရိက္ခာတွေလည်း စားမယ့်သူရှိမှာ မဟုတ်ဘူး။ အဲဒီရိက္ခာတွေကို မင်းတို့ကလေးတွေ ယူခိုင်းလိုက်။ ဒီလိုမလုပ်ရင် နောက်ရန်သူတွေလာတဲ့အခါ အလကား စားသွားမယ်။ မင်းတို့ သွားယူပြီး စားကြ။ ကျန်တာပိုတာ သိမ်းထားလိုက်။ ဒီပြဿနာကို တစ်ရက်နှစ်ရက်အတွင်း ပြီးအောင် စီစဉ်ပေးမယ်"

"ဟုတ်ကဲ့၊ ဒီလိုဆိုလည်း ကျွန်တော့်အတွက် အဆင်ပြေတာပေါ့၊ ဒါပေမဲ့ ကျွန်တော်တို့ မသိမ်းရဲဘူး။ ဆန္ဒပြသလို ဖြစ်သွားမှာ စိုးတယ်"

"သိမ်းတော့ သိမ်းလိုက်ပါကွာ၊ လက်နက်တော့ မသိမ်းနဲ့ပေါ့ ဟုတ်လား"

လူကြီးတွေ ပြန်သွားကြတယ်။

ဆန်တွေ သွားသယ်နိုင်တဲ့အကြောင်း ပြောကြတော့ ရဲဘော်တွေ ဝမ်းသာသွားတယ်။ ဟုတ်တယ်၊ ဝမ်းသာစရာကြီးပါ။ လူကြီးတွေ စေတနာကလည်း လေးစားစရာပါ။ ကျွန်တော်တို့က လူငယ်ဆိုတော့ ရှေ့ရှေ့နောက်နောက် ထပ်မတွေးချင်ဘူး။ မခံချင်စိတ် အရင်းခံပြီး စုပြုံပြီး ရောက်လာကြတာဆိုတော့ စားရေးသောက်ရေးတွေ ထည့်တွက်မနေအားဘူး။ တွက်လည်းမတွက်မိဘူး။ ငတ်ကာမှ ငတ်ရော၊ ပြတ်ကာမှ ပြတ်ရော၊ စားတူငတ်တူတွေ။ စားဖို့ထက် အရေးကြီးတဲ့ကိစ္စ ရှိလာတော့လည်း ဘာမှ မတွေးမိဘူးပေါ့။ ခုလိုရလာတော့လည်း ကောင်းတာပါပဲ။

ရဲဘော်တွေကို ပြောပြလိုက်တယ်။ အတော်ပဲဆိုပြီး ဆန်သွားသိမ်းကြတယ်။ အဲ. . . ဖြစ်ချင်တော့ ရဲဘော်တင်မကဘူး၊ အရပ်သားတွေပါ ပါသွားတယ်။ ဆန် စတဲ့ရိက္ခာတွေတင် မဟုတ်တော့ဘူး။ ပိုင်ရှင်မဲ့ လက်နက်တွေပါ ယူလာခဲ့ကြတယ်၊ လူဆိုတာ အခက်သားကလား။ ရုတ်ရုတ်ဆိုရင် လှုပ်ချင်တဲ့ သဘောရှိတယ်။ ဆန်သွားသိမ်းရာမှာ ဘုမသိ၊ ဘမသိနဲ့ အရပ်သားတွေကပါ ရုန်းရုန်းပါသွားတယ်။ တွေ့တာ အကုန်ယူကြတယ်။ တချို့ကလည်း ၉၃ ခုနှစ် အရေးအခင်းတုန်းကလိုမှတ်ပြီး အပျော်သဘော လိုက်သွားကြတယ်။

ဆိုပါစို့. . .

လက်နက်တွေပါ ပါလာတော့ နောက်နေ့နံနက်မှာ ဗဟိုက လူကြီးတွေ ရောက်လာပြန်တယ်။

"ဒီကိစ္စ မလွယ်ဘူး၊ ပြေလည်တဲ့နည်းနှင့်တော့ ဖြေရှင်းရမယ်" ဆိုလာတယ်။

တစ်ဦးက -

"မင်းတို့ သိမ်းတာ နည်းနည်းများသွားတယ်၊ ကျော်မကောင်း ကြားမကောင်း ဖြစ်ကုန်ပြီ။ မင်းတို့တင်ပြတဲ့ကိစ္စ ပြေပြေလည်လည်ဖြစ်အောင် စီစဉ်ပေးမယ်။ ဘာဆန္ဒရှိသလဲပြော"

"ဘာမှမလိုချင်ဘူး၊ မြို့င်ကြီးငူဆရာတော်နှင့် ဦးရသေ့ကို သူတို့နေရာ သူတို့ ပြန်လာနေစေဖို့ပဲ လိုချင်တယ်"

"အေး. . . တို့ပြေလည်အောင် လုပ်ပေးပါမယ်" ဆိုပြီး ဘုန်းကြီး ပင့်ဖို့ စီစဉ်လုပ်တယ်။

"ပင့်ပေးမယ်ဆိုရင် ပြီးတာပါပဲ၊ ဘာမှ ဆက်မလုပ်တော့ဘူး။ ဆရာတော် အလာကို စောင့်နေမယ်"

အမှန်အတိုင်း ပြောရရင် တကယ်ပဲ ပင့်ပေးမယ်လို့ ကျွန်တော်တို့ အဟုတ်ကို ယုံပါတယ်။ လူကြီးစကားပဲ၊ ထွေရာလေးပါးတော့ လုပ်လိမ့်မယ်လို့ နည်းနည်းလေးမှ ထင်မထားခဲ့ဘူး။ ကျွန်တော်တို့က ကရင်အမျိုးသား စစ်သားတွေပါ။ ကတိသစ္စာကို လေးလေးနက်နက် တန်ဖိုးထားတယ်။ ကိုယ့်အကြီးအကဲ စကားကို တစ်သဝေမသိမ်း ယုံတယ်။ လိုက်နာတယ်။ ဒါဆိုဒါပဲ။ ကျွန်တော်တို့ ရိုးသားတာ ပြောပါတယ်။

စကားဆက်ပြတ်တော့ ကျွန်တော့်နေရာ တောင်ကုန်းပေါ်ကို တက်ခဲ့တယ်။ လူကြီးအဖွဲ့က (     )ဗိုလ်တစ်ဦး လိုက်တက်လာပြီး ခုလိုပြောတယ်။

"ငါ့ညီ၊ ဒီလူတွေ ချော့တိုင်း မင်းတို့ မပျော့လိုက်နဲ့။ ဒီလူတွေအကြံ တို့သိပြီးသား။ မင်း ဒီကစလုပ်လိုက်ရင် ဟိုမှာ လိုက်လုပ်မယ့်သူတွေ အများကြီးပဲ'

"ဟုတ်ပါ့မလား၊ ကျွန်တော်တို့ မြှောက်ပေးပြီး စကားလာနှိုက်တာလား"

ဟုတ်တယ်လေ၊ ကျွန်တော် ဘယ်ယုံပါ့မလဲ။ ဗဟိုလူကြီးတစ်ဦးက ဒီစကား ပြောသတဲ့လား။ အဲ. . . တစ်ခုတော့ရှိတယ်။ စောစောက ဘာညာ လုပ်ပေးမယ် ပြောတဲ့အထဲမှာတော့ သူမပါဘူး။ အင်းမလုပ် အဲမလုပ် ထိုင်နေတာတော့ သတိထားမိတယ်။ ဒါပေမဲ့ ဒီလိုပြောလာလိမ့်မယ်လို့ ဘယ်ထင်ပါ့မတုန်း။ ပြန်မေးမိတာပေါ့။

"မင်းကို စေတနာနှင့် ပြောတာပါ။ ငါ့ညီ၊ မင်းကသာ မိမိရရ မလုပ်ရင် ဘောသရော အရေးအခင်းလို ဖြစ်သွားနိုင်တယ် ငါ့ညီ"

"ဩော်. . . ဟုတ်ကဲ့၊ ဒါဆို ကျွန်တော် သဘောပေါက်ပြီ"

မပေါက်လည်း မဖြစ်တော့။ နာမည်ကျော် ဘောသရော အရေးအခင်းဆိုတာ လူတိုင်းလိုလို သိကြတယ်။ တစ်ဆင့်စကား တစ်ဆင့်နားနှင့် ကျွန်တော်လည်း သိထားသည်။ ဟုတ် မဟုတ်တော့ မသိပေါ့လေ။

တပ်မှူးများဖြစ်ကြတဲ့ ဗိုလ်ပြား၊ ဗိုလ်ဒဂီး၊ ဗိုလ်မောင်ရီ၊ ဗိုလ်စိန်သီး စတဲ့ ရှစ်ယောက်လား၊ ကိုးယောက်လား မပြောတတ်ဘူး။ တပ်မှူးတွေကို ကြသောင်းဆိပ်က ခေါ်ယူတယ်။ ဘောသရောရောက်တော့ လက်နက်တွေ အကုန်သိမ်း၊ လက်ပြန်ကြိုးတုပ်ပြီး သတ်တော့တာပါပဲ။ ပထမဦးဆုံး ဗိုလ်မြက ဗိုလ်ပြားရဲ့ ရင်ဝကို လှံစွပ်နှင့် ရက်ရက်စက်စက် ထိုးသတ်တယ်။ ကျန်တပ်မှူးတွေကို သူ့တပည့်တွေက သတ်ကြတယ်။ တပ်မှူးတစ်ယောက်က ရေထဲခုန်ချလို့ သေနတ်နှင့် ပစ်သတ်လိုက်သတဲ့။ ကြားဖူးထားရတယ်။

ပြောဖြစ်လား၊ ကျွန်တော်တို့ရော ဒီပုံမျိုး မကြုံဘူးလို့ ဘယ်သူပြောနိုင်မလဲ။ ကြောက်လို့ ပြောတာတော့ မဟုတ်ဘူး။ သေတာချင်းတူပေမယ့် အစိပ္ပာယ်မဲ့ အသတ်ခံရလို့ သေတာမျိုးတော့ မဖြစ်ချင်ဘူး။ "အသက်ကို ဉာဏ်စောင့်" ဆိုတဲ့စကား ရှိတယ်မဟုတ်လား။

ဒီတော့ -

"ကိုင်း. . . ဒီလူကြီးတွေကို တစ်ယောက်မှ ပေးမပြန်နှင့်ဦးဟေ့၊ နက်ဖြန်မှ ပေးပြန်မယ်"

အောက်ဆင်းလာပြီး မှာကြားတယ်။ တောင်ကုန်းပေါ် ပြန်တက်လာပြီး ခဏအကြာမှာ ဗိုလ်ဂျော်နီ လိုက်တက်လာလို့ စကားထွေရာ ပြောနေလိုက်တယ်။

တော်တော်လေးကြာတော့ ဗိုလ်ချုပ်မောင်မောင် ခိုးပြန်သွားတယ်။ လှေဆိပ်မှာ ဗိုလ်ဖားမီးတို့အဖွဲ့ ဖမ်းတော့ ဗိုလ်ကျော်သန်း ပေးပြန်တာလို့ ပြောတာနဲ့ လွှတ်ပေးလိုက်သတဲ့ ကြားရတယ်။

"မနက်မှ ပေးပြန်မယ်ဆိုတာ ဘယ်သူ ပြန်ခွင့် ပေးလိုက်သလဲ"

ကျောင်းပေါ်က စစ်သားတွေ ဆင်းလာပြီး ဗိုလ်ဖားမီးအဖွဲ့ကို မေးတယ်။

"ဗိုလ်ကျော်သန်း ပေးပြန်တာလို့ ပြောသွားတယ်"

"ဘယ်ကောင်လဲကွာ၊ ဗိုလ်ကျော်သန်းဆိုတာ"

ကျွန်တော်တို့တစ်တွေ ဒီမှာ လာစုမိကြတာ စောစောက ပြောခဲ့သလို ပါပဲ။ ဟိုက ဒီကတွေ စုစုပြီး ရောက်လာကြတာ ရက်ပိုင်းကလေးအတွင်းမှာ တစ်ဦးနှင့်တစ်ဦး ဘယ်မှာ သိနိုင်ပါ့မလဲ။ ဟိုမေး သည်မေး၊ ဟိုညွှန် သည်ညွှန်နှင့် ကျွန်တော့်ဆီ ရောက်လာကြတယ်။ ဒေါ်တွေပွလို့။

“ဗိုလ်ကျော်သန်း၊ ဘာဖြစ်လို့ ဗိုလ်ချုပ်မောင်မောင်ကို ပြန်ခွင့်ပြုလိုက်တာလဲ”

“ကျွန်တော် ခွင့်မပြုလိုက်ရပါလား၊ ကျွန်တော်က ဒီမှာ ဗိုလ်ဂျော်နီနှင့် စကားထိုင်ပြောနေတာ ကြာပြီ”

တော်သေးတယ်၊ ဗိုလ်ဂျော်နီ သက်သေရှိပေလို့။ မဟုတ်ရင်လား၊ နေရာတွင်ပင် အမှုန့်ဖြစ်သွားမလား မသိဘူး။ ဗိုလ်ချုပ်မောင်မောင် မလိမ့်တစ်ပတ် လုပ်သွားတာကို သိသွားကြတယ်။

ဒေါ်သဦးတည်ချက် ပြောင်းသွားတယ်။

## စစ်ဦးတိုက်ပွဲတွင် ပါဝင်ခဲ့သော အညတြရဲဘော်တစ်ဦး၏ မှတ်တမ်း

၁-၁၂-၉၄ ည ၉ နာရီမှာ အဖွဲ့ခေါင်းဆောင် ဗိုလ်ဖားမီးနှင့်အတူ ကျွန်တော်တို့လူစု သူးမွဲထကို ရှေးဦးစွာ ရောက်လာကြသည်။

၂-၁၂-၉၄ နံနက် ၁၀း၀၀ နာရီလောက်မှာ ဗိုလ်ကျော်သန်း၊ ဖားကလာ့နှင့်အဖွဲ့ ထပ်မံရောက်ရှိလာကြသည်။ ဗိုလ်ကျော်သန်းက သူးမွဲထမှာ ရှိနေသော အရပ်သားများကို -

"မင်းတို့တစ်တွေအနေနဲ့ ရွာသားတွေ ဖြစ်တယ်၊ စားနပ်ရိက္ခာဘက်က တာဝန်ယူ ဆောင်ရွက်ကြ။ ရိက္ခာပြည့်စုံ လုံလောက်ရင် တော်ပြီ။ ငါတို့က တိုက်ခိုက်ရေးဘက်က တာဝန်ယူဆောင်ရွက်သွားမယ်၊ ဟုတ်လား" ဟု ပြောပါသည်။

ထိုနေ့မှာပင် ညနေပိုင်း၌ ဗိုလ်ဖားနွှီး၊ ဗိုလ်အောင်ဖွေ၊ ဗိုလ်မီးတောက် အစရှိသည့် အဖွဲ့များ အသီးသီး ထပ်မံရောက်ရှိလာကြပြန်သည်။

၅-၁၂-၉၄။

ကေအင်န်ယူဌာနချုပ်မှ အကြီးအကဲများ ပြဿနာ ဖြေရှင်းပေးရန် ရောက်လာကြသည်။ ပြဿနာကို ပေါ့ပေါ့ဆဆ သဘောထားပြီး ဖြေရှင်း

သည်။ ကျွန်တော်တို့က လက်မခံကြ။ အထက်အကြီးအကဲများနှင့် ဖြေရှင်းပေးဖို့ တောင်းဆိုလိုက်သည်။ သူတို့လည်း လက်ခံသည်။

"မင်းတို့ ဒီမှာပဲ စောင့်နေကြပါ။ အထက်လူကြီးကိုယ်တိုင် လာဖြေရှင်းပေးမယ်" ပြောသဖြင့် ကျွန်တော်တို့ ဝမ်းသာကြရသည်။

၁၁-၁၂-၉၄။

အကြီးအကဲတွေ ထပ်မံရောက်ရှိလာသည်။ ညှိနှိုင်းဖြေရှင်းသည်။ ကျွန်တော်တို့ဘက်က လက်မခံ။ "ဗိုလ်ချုပ်မြကိုယ်တိုင် လာရောက်ဖြေရှင်းပေးပါ" ဟု တောင်းဆိုလိုက်သည်။ သူတို့က -

"နက်ဖြန် ၁၂-၁၂-၉၄ နံနက် ၉း၀၀ နာရီအချိန် ဗိုလ်ချုပ်မြ လာပါလိမ့်မယ်" ဟု ပေါ့ပေါ့တန်တန်ပဲ ဖြေသည်။ သူတို့ ပေါ့ပေမယ့် ကျွန်တော်တို့ ပေါ့လို့ မဖြစ်ပါ။ ထပ်မံပြီး မေးကြည့်ရသည်။

"အကယ်၍ ၉ နာရီအထိ ဗိုလ်ချုပ်မြ မရောက်လာခဲ့ရင် ကျွန်တော်တို့ ဘယ်လို စီစဉ်ဆောင်ရွက်ရမလဲ၊ ကျွန်တော်တို့ သွားလို့ရမလား"

"သွားလို့ရတယ်၊ သွားခွင့်ပြုတယ်"

"ကျွန်တော်တို့ သွားရင်ကော အခက်အခဲတွေ ရှိမလား၊ ဆီးကြိုတိုက်ခိုက်မှုကော ရှိမလား"

"မရှိနိုင်ပါဘူး၊ အကယ်၍ ၉ နာရီထိုးလို့မှ ဗိုလ်ချုပ်မြမလာခဲ့ရင် သူရှိရာကို သွားခွင့်ပြုတယ်၊ သွားနိုင်တယ်။ ပစ်ခတ်တိုက်ခိုက်မှုလည်း ရှိမှာမဟုတ်ပါဘူး" ဟု ပြောပါသည်။ သူတို့စကားကို အလေးအနက်ထားစေလိုသည့်အတွက် ၎အောက်ပါအတိုင်း အာမခံလိုက်သေးသည်။

"မင်းတို့သွားလို့ ဘာအန္တရာယ်မှ မရှိနိုင်ဘူး။ ချောင်းဟိုဘက်ကမ်းရောက်လို့ သူတို့ဘက်က ပစ်ခတ်မှုရှိခဲ့ရင် တို့များကို မင်းတို့ လာသတ် လှည့်"

ဘာပဲပြောပြော ကျွန်တော်တို့က အထက်လူကြီးတွေရဲ့စကားမို့ ခြွင်းချက်မဲ့ ယုံထားလိုက်ပါတယ်။

၁၂-၁၂-၉၄။

သူတို့ပြောသည့်အတိုင်း နံနက် ၉း၀၀ နာရီထိ ဗိုလ်ချုပ်မြ ရောက်မလာပါ။ သွားဖို့ ပြင်ဆင်ပါသည်။ ထိပ်ဆုံးမှ ဗိုလ်ဖားမီးနှင့်အဖွဲ့။ ၎င်းနောက် ဗိုလ်မောင်ချစ်နှင့်အဖွဲ့။ ပြီးတော့မှ ဗိုလ်ကျောခေါ်နှင့် ရွာသားအချို့ တက်ကြွစွာ ချီတက်သွားကြသည်။

နံနက် ၉း၂၀ နာရီ။

ချောင်းကို ဖြတ်ကူးသည်။ မာနယ်ပလောသို့ သွားသောလမ်းမကြီး အတိုင်း ဖြောင်ပဲ ချီတက်သွားကြသည်။ ကင်းဂိတ်တစ်ဂိတ်သို့ ရောက်သည်တွင် အာရ်ပီဂျီနှင့် စောင့်နေသော လက်နက်ကိုင်တစ်ယောက်ကို တွေ့သည်။ ဗိုလ်ဖားမီးက ပြောသည်။

"မင်းတို့ မပစ်ရင် တို့လည်း မပစ်ဘူး၊ အဲ. . . ပစ်လာရင်တော့ ချရမှာပဲ"

ကင်းရဲဘော်များက အချင်းချင်းမို့ မပစ်ဘဲ သည်အတိုင်း ကြည့်နေသည်။ ဗိုလ်ဖားမီး တက်သွားပြီး လက်နက်များကို သိမ်းလိုက်သည်။

နံနက် ၉း၄၀ နာရီ။

မာနယ်ပလောသို့ သွားသော ကားလမ်းအတိုင်း ဆက်လက်ချီတက်သွားသည်။ နောက်တစ်ဂိတ်သို့ မရောက်မီမှာပင် ထိုဂိတ်မှ ၆၂-မမ အောက်ပွင့်ကျည်ဖြင့် လှမ်းပစ်သည်။ ရှေ့ဆုံးမှသွားသော ဗိုလ်ဖားမီးနှင့် တပ်သားဖားသစ်ကလိုတို့နှစ်ဦး တိုက်ရိုက်ထိမှန်ပြီး ကျဆုံးသွားသည်။ တစ်ဖက်နှင့်တစ်ဖက် စတင်၍ တိုက်ပွဲဖြစ်ပွားသည်။

ကျွန်တော်တို့ ခံပစ်ပစ်ရင်း ပြန်ဆုတ်လာရသည်။ ဗိုလ်ဖားမီးတို့အလောင်းနှစ်ခုစလုံးက ကတ္တရာလမ်းပေါ် နေပူထဲ သည်အတိုင်း တစ်နေကုန်ရှိနေသည်။ ကျွန်တော်တို့ ပြန်ဆုတ်လာချိန်တွင် သူတို့က သူးမွဲထရှိ ဣစ္ဆာသယကျောင်းတော်ကို လက်နက်ကြီးများဖြင့် အချက်ပေါင်းများစွာ လှမ်းထုသည်။ ဤမျှကြီးသော ပစ်မှတ်ကျောင်းကြီးကို မထိမှန်ချေ။

ကျော်၍ သွားလိုက်၊ လွဲ၍ သွားလိုက်ချည်း ဖြစ်နေသည်။ ထိုစဉ်တွင် ကျောင်းဝင်းပြင်ရှိ အိမ်သာသို့ သွားသော ကျောင်းဆရာတစ်ယောက် ကျည်သင့်၍ သေဆုံးသည်။ စတုဒိသာ ဆွမ်းချက်အဖွဲ့မှ အမျိုးသမီးတစ်ယောက် ဒဏ်ရာရသည်။ ထို့ပြင် အရပ်သားနှစ်ယောက်နှင့် ကျွန်တော်တို့ရဲဘော်နှစ်ဦး ဒဏ်ရာအနည်းငယ်စီရကြသည်။

ညနေ ၄း၀၀ နာရီ။

သွေးမြေကျရင်း အသက်ပါ စတေးသွားခဲ့ရသော ဗိုလ်ဖားမီးနှင့် တပ်သားဖားသစ်ကလိုတို့ နှစ်ဦး၏ အလောင်းကို သွားယူသည်။ ညနေ ၅း၀၀ နာရီမှာ သူးမွဲထသို့ ပြန်ရောက်သည်။ အလောင်းများ ပြန်ရောက်လာစဉ် ဗဟိုမှ အကြီးအကဲများလည်း ရှိနေသေးသည်။ ဖဒိုတစ်ဦးက အလောင်းတွေ

ကို ကြည့်ရင်း ဗိုလ်ကျော်သန်းအား အောက်ပါအတိုင်း ပြောသံကို ကြားလိုက်ရသည်။

"ငါ့တူ၊ အခုမှပဲ ဦးလေး ပွင့်ပွင့်လင်းလင်း ပြောတော့မယ်။ ဒီကိစ္စဟာ ဒီလိုပြဿနာဖြစ်ဖို့ဆိုတာ ဦးလေးတို့ ခေတ်ကတည်းကပဲ။ ကေအင်န်ယူ ခေါင်းဆောင် ခရစ်ယာန်တွေဟာ ဗုဒ္ဓဘာသာတွေကို တစ်ဖက်သတ် အနိုင်ကျင့်ထားတာကြာပြီ။ ဦးလေးကိုယ်တိုင်လည်း ခံစားခဲ့ရဖူးတာပဲ။ ဒါပေမဲ့ ဗဟိုကော်မတီဝင်အားလုံးတွေထဲမှာ ဦးလေးတစ်ဦးပဲ ရှိနေလို့ ဘာမှ မပြောရဲခဲ့ဘူး။ မထောက်ပြရဲခဲ့ဘူး။ အခုမှပဲ တူလေး သေသေချာချာ သိအောင် ဦးလေး ပြောရတော့တယ်"

ဆိုကာ ဖဒိုကြီး မျက်ရည်တွေတွေ စီးကျနေသည်ကို တွေ့ရသည်။

ည ၉း၀၀ နာရီ။

မြစ်ဆုံဒေသ (သူးမွဲထ)ကို အကြောင်းခံ၍ ဖြစ်ပွားခဲ့ရသော ဤအရေးအခင်းတွင် ရှေးဦးစွာ အသက်သွေးစတေး၍ သတ္တိပြောင်မြောက်စွာ ကျဆုံးခဲ့ရသည့် ဗိုလ်ဖားမီးနှင့် တပ်သား ဖားသစ်ကလို့တို့ကို မြေမြှုပ်သဂြိုဟ်လိုက်သည်။

(အညတြရဲဘော်၏ မှတ်တမ်းမှာ ဤရက်ပိုင်းမျှသာ ရေးထားသည်။ ကျန်ရက်ပိုင်းများကို မရေးဘဲ ၃-၁-၉၄ နေ့ ဖြစ်ရပ်ကိုသာ အောက်ပါအတိုင်း အနည်းငယ် ရေးထားသည်။)

၃-၁-၉၅။

သူးမွဲထရှိ ကုစ္ဆာသယကျောင်းတော်ကို ဟိုမှာဘက်ကမ်း ဆင်ဖြူတောင်မှ လက်နက်ကြီးများဖြင့် အချက်ပေါင်းများစွာ ပစ်သည်။ တိုက်ပွဲ ဖြစ်သည်မှစ၍ နေ့စဉ်လိုလို ပစ်ခတ်သော်လည်း ကျောင်းကိုကား မထိမှန်ခဲ့ချေ။

ကျွန်တော်တို့မှာ ရိက္ခာကလည်း နည်းနေပြီ။ တိုက်ပွဲအခြေအနေကလည်း တအုံ့နွေးနွေးဖြစ်ခဲ့ရာမှ လုံး၀ပေါက်ကွဲခဲ့ပြီ။ နောက်တန်း (မြိုင်ကြီးငူ)မှာ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား အစည်းအရုံးလည်း ဖွဲ့ခဲ့ပြီးပြီဟု သိရသည်။ တစ်ဖက်နှင့် တစ်ဖက် တိတိလင်းလင်း တိုက်ခိုက်နေကြပြီ။ အခြေအနေအရ ကျွန်တော်တို့အားလုံး ကျောင်းမှ ဆုတ်ပေးလိုက်သည်။ ကျွန်တော် တို့ ဆုတ်ပေးလိုက်ပြီးနောက်ပိုင်းမှာမှ ကျောင်းကြီးကို လက်နက်ကြီးတိုက်ရိုက် ထိမှန်ပြီး ညနေ ၄း၀၀ နာရီလောက်မှာ မီးလောင်ပျက်စီးသွားသည်။

ခံစစ်အဖြစ် ချန်ရစ်ခဲ့သော **ဗိုလ်လှစိုး၊ ဗိုလ်ထွန်းဖေ၊ ဗိုလ်တီး**ချဲတို့ ကျဆုံးသွားသည်။ အနှိမ်ခံဘာသာအတွက် ဒုတိယမွိ အသက်**ပေး၍ တိုက်ပွဲ**ဝင်သွားသူများ ဖြစ်သည်။

(မှတ်တမ်းမှာ ဤမျှသာ ဖြစ်သည်။ အဆင်ချောစေရန် အနည်းငယ် ပြင်ဆင်ထားသည်မှအပ မူရင်းအတိုင်းသာ ဖြစ်ပါသည်။ စာရေးသူ)

XXXXXXXXXX

# ထိုရောခါ်ချိန်ခါ သည်နေရာပယ်

မြစ်ဆုံဒေသ (သူးမွဲထ)မှာ ဖော်ပြပါမှတ်တမ်းတို့အရ အဖြေအနေ အထွေထွေတို့ ရှုပ်ထွေးနေချိန်ဝယ်. . .

မြိုင်ကြီးငူဆရာတော်သည် မဲဆိပ်မှအထက် သံလွင်မြစ်ကြောင်းသို့ ၄၉ လ (လေးနှစ်နှင့်တစ်လ) သွားရောက်ခြင်း မပြုတော့။ ဘုရားတည်၊ ကျောင်းဆောက် သာသနာပြုသည့်အမှုကို မပြုတော့ဟု အဓိဋ္ဌာန်တစ်ရပ် ချမှတ်ခဲ့သည်။ သူးမွဲထမှာရှိသည့် တပည့်သားမြေးများကို ပြန်လည် ခေါ်ပြ လိုက်သည်။ အကျယ်အကျယ် မငြိမ်းဖွယ် မဖြစ်စေလိုခဲ့။ တစ်ဖက်ကို ကြည့် လျှင်လည်း ကရင်အမျိုးသား၊ မိမိတို့ကလည်း ကရင်အမျိုးသား။ အမျိုးသား ချင်း အချင်းမများစေလိုခဲ့။ အားလုံးကို ကြည်ကြည်သာသာ ရှိစေချင်သည်။

ဤကိစ္စတွင် မိမိက အဓိကဖြစ်သည်မို့ မိမိမရှိလျှင် ပြဿနာအားလုံး ဖြေရှင်းပြီး ဖြစ်လိမ့်မည်ဟု တွေးခဲ့သည်။ တွေးသည့်အတိုင်း မြိုင်ကြီးငူမှာပင် သီတင်းသုံး နေထိုင်တော့သည်။ အမျိုးသားအရေးကော အထွေထွေအရေး ပေါင်းစုံပါ ပြီးပြောကြပါစေတော့ဟု၍ မေတ္တာအပြည့်ထားခဲ့သည်။ အလေ လျှော့ပေးခဲ့သည်။

သို့သော် တစ်ဖက်သူတို့ကမူ ဆရာတော်အား အငြိုးအတေးထား၍ လုပ်ကြံရန် ကြံစည်ကြသည်။ ဤသတင်းကို ကြားသိကြရသော မြိုင်ကြီး

အနီးအနားရှိ နို့ယ၊ လွှစင်၊ ကမမောင်း၊ ကော့ကရက် စသော ကျေးရွာများမှ ရွာသားများသည် ဆရာတော်အတွက် စိတ်ပူကြသည်။ အချင်းချင်း တိုင်ပင် ညှိနှိုင်း၍ ရရာတုတ်ခါး စသော လက်နက်များ စွဲကိုင်ကာ နေ့ညမပြတ် စောင့်ကြသည်။

ကျောင်းရှိ သံဃာများကလည်း သာမဏေငယ်လေးမှအစ ဆရာတော်အတွက် အစောင့်တာဝန်ကို ယူကြသည်။ ခေတ်မီလက်နက်မျိုးစုံကို ကိုင်ဆောင်ထားသူများအား ရရာတုတ်ခါးလက်နက်မျှဖြင့် ဟန့်တားမို့ ကြံကြသည်မှာ ရယ်မှယ်ပင် ကောင်းလှ၏ဟု ဆိုစရာရှိသည်။ ရယ်ကာမှ ရယ်ကြပါစေရော၊ မိမိတို့ အသက်ထင်ရှား ရှိနေသရွေ့ ဆရာတော်အား မှည့်တစ်ပေါက်မျှ မစွန်းငြင်စေလိုသော စေတနာ၏ ကြီးမားပုံကိုမူ ကြားရသူအပေါင်း လက်ဖျားခါလောက်ပေသည်။

ဒေဝဒတ်ပြု၍ တုန့်နှင်းလိုက်သည်တော့ မဟုတ်ပါ။ ဖြစ်ရပ်ချင်း ဆင်ဆင်တူသည်က

ဗုဒ္ဓဘုရားရှင် သက်တော်ထင်ရှားရှိစဉ်က ဖြစ်ပါသည်။ ဒေဝဒတ် ဆရာနှင့် အဇာတသတ်ဒကာတို့က မကြံကောင်း မကြံစည်ရာကို ပူပေါင်း ကြံစည်ကြသည်။ တစ်ဦးက ဖခင်ဘုရင်ဟောင်းကို သတ်၍ ဘုရင်သစ် လုပ်သည်။ တစ်ဦးက ဗုဒ္ဓဘုရားရှင်ကို အသေသတ်၍ ဘုရားသစ်လုပ်မည်။ တာဝန်ကိုယ်စီ ခွဲကြသည်။ အဇာတသတ်က မိမိအား ကျရောက်သောတာဝန် အရ ဖခင်ဗိမ္ဗိသာရမင်းကြီး သတ်ခဲ့ပြီးပြီ။

ဗုဒ္ဓဘုရားရှင်ကိုသတ်ရန် တာဝန်ယူထားရသူမှာ ဒေဝဒတ်ဖြစ်သည်။ ရှေးဦးစွာ အဇာတသတ်၏ အကူအညီကို ရယူလျက် လေးသမားတို့ကို လွှတ်၍ သတ်ခိုင်းသည်။ မအောင်မြင်သဖြင့် ဒေဝဒတ်ကိုယ်တိုင် သတ်ရန် ကြံစည်သည်။

တစ်နေ့ မြတ်စွာဘုရားသည် ဂိဇ္ဈကုဋ်တောင်ရိပ်၌ စင်္ကြံကြွတော်မူနေသည်။ ဒေဝဒတ်သည် တောင်ထိပ်မှ ကြီးမားသော ကျောက်တုံးကြီးကို ခလုတ် မောင်းဆင်ကာ လှိမ့်ချလိုက်သည်။ ကျဆင်းလာသော ကျောက်တုံးကြီးနှင့် လမ်းခရီးမှ ဆီး၍ ခံလိုက်သော ကျောက်တုံးကြီးတို့ အရှိန်ပြင်းစွာ ထိတွေ့မိကြသည်။ ကျောက်လွှာစများ ဖွားခနဲ လွင့်စဉ်ထွက်လာသည်။ ကျောက်လွှာစငယ် တစ်စသည် မြတ်စွာဘုရား၏ ခြေမတော်ဦးကို ထိခိုက်မိကာ သွေးခြည်ဥ ဖြစ်သွားစေသည်။ ထိုအနာကို ဆေးဆရာ ဇီဝကက ကုစားပေးခဲ့ရသည်။

ဤသို့ ဒေဝဒတ်က ဘုရားသခင်အား သတ်ရန် ကြံစည်သည့်အဖြစ်ကို သံဃာများ သိရှိသောအခါ ဘုရားရှင်၏ လုံခြုံမှုအတွက် စိမ်းကြသည်။ သီတင်းသုံးတော်မူရာ ကျောင်းတော်၏ ဝန်းကျင်ကို အထပ်ထပ် ရံကြသည်။ တရားစာပေ ရွတ်အံသရဇ္ဈာယ်ခြင်းကို အသံကျယ်စေလျက် ပြုမူကုန်သည်။ ထိုကို ဘုရားရှင် သိတော်မူသောအခါ သံဃာများကို အရှေ့တော်မှောက်သို့ ခေါ်တော်မူပြီးလျှင် ဤသို့ မိန့်တော်မူသည်။

"အဋ္ဌာန မေတံ ဘိက္ခဝေ အနဝကာသော
ယံ ပရူပက္ကမေန တထာဂတံ ဇီဝိတာ ဝေါရောပေယျ။
အနုပက္ကမေန ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တိ"

မြန်မာပြန် ။ ရဟန်းတို့၊ သူတစ်ပါးလုံ့လဖြင့် မြတ်စွာဘုရားကို သတ်နိုင်သော အကြောင်းအခွင့် လုံးဝမရှိ။

ရဟန်းတို့၊ မြတ်စွာဘုရားတို့မည်သည် သူတစ်ပါးလုံ့လမပြုဘဲသာ ပရိနိဗ္ဗာန်စံတော်မူကုန်၏"

*(မင်းကွန်းဆရာတော်ဘုရားကြီး၏ မဟာဗုဒ္ဓဝင် စတုတ္ထတွဲ၊ နာ-၆၃၀)*

ထို့နောက် သံဃာတော်တို့၏ စောင့်ရှောက်မှုကို ရုပ်သိမ်းစေတော်မူခဲ့သည်။

ထိုစဉ်ကာလတုန်းက ဗုဒ္ဓဘုရားရှင်အား ကျရောက်အံ့သော အန္တရာယ်ကို ကာကွယ်လိုသဖြင့် သံဃာတော်များက စောင့်ရှောက်မှုကို ဆောင်ရွက်တော်မူခဲ့ကြသည်။ သို့သော် ဗုဒ္ဓကား အနန္တတန်ခိုးရှင် ဖြစ်မတော်မူသည်။ တစ်ကြောင်းလည်း ဘုရားရှင်တို့မည်သည်၏ ရုပ်နာမ် ခန္ဓာကို အဘယ်မည်သော သတ္တဝါ တစ်စုံတစ်ဦးကမှ အန္တရာယ်မပြုနိုင်ဟူသော ဓမ္မနိယာမ တစ်ရပ်လည်း ရှိပေသည်။ သို့ဖြစ်၍ သံဃာတော်၏ စောင့်ရှောက်မှုကို ဗုဒ္ဓဘုရားရှင်က ပယ်ရှားရုပ်သိမ်းတော်မူခဲ့သည်။

မြိုင်ကြီးငူဆရာတော်မှာမူ လူသာမန်ထဲမှ လူသားတစ်ဦးမျှသာ ဖြစ်သည်။ ဘုရားသားတော်အဖြစ် ရဟန်းတစ်ပါးဖြစ်သည်ကား မှန်ပါ၏။ သို့သော် သူလိုငါလို ပုထုဇဉ်တစ်ဦးမျှသာ ဖြစ်သည်။ အသက်အန္တရာယ် ကျရောက်လျှင် မည်သို့မျှ ဟန့်တားနိုင်စွမ်းရှိမည် မဟုတ်ချေ။ လက်ရှိ အခြေအနေမှာလည်း ဆရာတော်မရှိလျှင်မဖြစ်။ ဆရာတော်သာ မရှိခဲ့ပါလျှင် တပည့်သားမြေး သံဃာများအဖို့ တောင်ကြီးပြိုသည်ထက်ပင် ဆိုးရွားသွားစရာ ရှိနေသည်။

ထို့ကြောင့် သံဃာများက သာမဏေငယ်လေးမှအစ အသိကိုယ်စီဖြင့် အစောင့်အရှောက်တာဝန်ကို ယူကြသည်။ သံဃာတော်များနည်းတူ ဒကာများကလည်း ခေတ်မီလက်နက်ကို အန်တုလျက် ရန်ပြုလာမည့် ရန်သူကို ကာကွယ်တားဆီးရန် ဆောင်ရွက်ကြသည်။ မြိုင်ကြီးငူဌာနကား ခွင်အကျယ်ကြီး ဖြစ်သည်။ သစ်ရိပ်ဝါးရိပ်များဖြင့် ညို့မှိုင်းအုံ့ဆိုင်းနေသည်။ တောချုံပိတ်ပေါင်းများက နေရာတကာမှာ ထူထပ်ပိတ်ဆို့နေသည်။ အန္တရာယ်ပေးနိုင်သောအရာသည် ရှစ်ခွင်ပတ်လည်မှ မမျှော်လင့်ဘဲ လျှပ်တစ်ပြက် ပေါ်ပေါက်လာနိုင်သည်။ အထူးဝါယမစိုက်ထုတ်၍ စောင့်ကြပ်နိုင်ပါမှ တန်ကာကျမည့် နေရာမျိုး။

မြိုင်ကြီးငူမှ တောင်ဘက်(ယခုဇီဇဝါမြိုင်ရပ်ကွက်ရှိ ထူပါရုံစေတီတော်တည်ရှိရာ) တောင်ကုန်းတွင် မြိုင်ကြီးငူဆရာတော်အား အလစ်ဖမ်းရန် (သို့မဟုတ်) အပြီး သုတ်သင်ရန် ကေအင်န်ယူတပ်ဖွဲ့တစ်ဖွဲ့ တဲမ်ဖျောက်နေရာယူထားသည်ဟူသော သတင်းကို အတိအကျ ရထားသည်။ ဆရာတော် မိမိသီတင်းသုံးရာမှာသာ နေ့ရသည်ဆိုသော်လည်း အစဉ် သတိထားနေရသည်။ သွားသတိ၊ လာသတိ၊ နေသတိ စသဖြင့် သတိနှင့်အနည်းငယ်မျှ ကင်း၍ မရပါချေ။

မြိုင်ကြီးငူဆရာတော်အဖို့ လွန်ခဲ့နှစ်ပေါင်း နှစ်ဆယ်ကျော်အချိန် မြိုင်ကြီးငူသို့ စတင်ရောက်ရှိစဉ်ကလည်း သတိတရား ရှေ့ထားခဲ့ရဖူးသည်။ ထိုစဉ်က အတွင်းကိလေသာရန်အတွက် သတိရှေးရှုခဲ့ရသည်။ သတိပြဋ္ဌာန်းသောသတိပဋ္ဌာန်နှင့် သီတင်းသုံးခဲ့သည်။ ထိုသတိကပင်ဆရာတော်အား အတိုင်းအတာတစ်ခုအထိ အကျိုးပြုခဲ့သည်။ အကျိုးပြုဆဲလည်း ဖြစ်သည်။ အကျိုးပြု၍လည်း နေပါဦးမည်။

ယခုထားနေရသော သတိတရားကား အပြင်ရန်အတွက် ဖြစ်သည်။ သတိထားနိုင်ပါမှ တော်ရုံရှိမည်။ မှန်၏။ မလွန်တတ်သော တရားသဘောကား သတိတစ်ခုသာ ရှိသည်။

သဒ္ဓိန္ဒြေ၊
ဝီရိယိန္ဒြေ၊
သတိန္ဒြေ၊
သမာဓိန္ဒြေ၊

ပညိန္ဒြေ ဟူသော ဣန္ဒြေငါးပါးအနက် (ဝါ) သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ ဟူသော တရားငါးပါးအနက် -

၁။ သဒ္ဓါလွန်လျှင် တွန့်တတ်သည်၊
၂။ ဝီရိယလွန်လျှင် ဆွန့်တတ်သည်၊
၃။ သမာဓိလွန်လျှင် ပြန့်တတ်သည်၊
၄။ ပညာလွန်လျှင် ကွန့်တတ်သည်၊
၅။ မလွန်တတ်သော တရားကား သတိတစ်ခုသာ ရှိသည်ဟု ရှိသည်ဟု ဘုရားဟောတော်မူခဲ့သည်။ အရာရာမှာ သတိဦးဆောင်သင့်ကြောင်းကို ပရိနိဗ္ဗာန်စံတော်မူခါနီးမှာပင် -

"အပ္ပမာဒေန သမ္ပာဒေထ"

(မမေ့မလျော့သောသတိနှင့် ပြည့်စုံကြပါစေကုန်လော့)ဟု ပစ္ဆိမဗုဒ္ဓဝစနအဖြစ် မိန့်မြွက်တော်မူခဲ့ပါသေးသည်။

မြိုင်ကြီးငူဆရာတော်အနေဖြင့် ဖြစ်ပေါ်လာသော အခြေအနေအရ ခန္ဓာကိုယ်ကို အကျိုးမဲ့ မဆုံးပါးသင့်သေးသမို့ ထားမြဲသတိကို အတွင်းရန်မှ ခေတ္တ ရပ်တန့်၍ အပြန်ရန်အတွက် အသုံးပြုနေရပါလေပြီ။

မဝေးလှသော တောင်ကုန်းထက်မှာ မိမိအား အလစ်အငိုက်ဖမ်းရန် တပ်ဖျောက်၍ စောင့်နေသည်ဟူသော သတင်းကို ရရှိပြီးနောက် ကျောင်းဝင်းအတွင်းမှာသော်မှ နေရာအတည်အကျ သီတင်းမသုံးတော့ပေ။ "အသက်ကို ဉာဏ်စောင့်" ဆိုစကားအတိုင်း ဉာဏ်ကို မြေကတုတ်သဖွယ် အသုံးပြု၍ ဘေးရန်ဆီးကာ ပြုမူနေရတော့သည်။ ရရှိကြားသိလာသော သတင်း၏ အရေးတကြီး အခြေအနေပေါ် မူတည်၍ မြိုင်ကြီးငူတောတွင်းမှာ လှည့်လည်၍ ခြေရာဖျောက်နေနေရသည်။ တချို့နေ့တွေများ ဆွမ်းကိုသော်မှ ပြန်လာ၍ မဘုဉ်းပေးရပေ။ ထိုအခါ တပည့်ကြီးဖြစ်သူ ဦးစန္ဒောဘာသက သပိတ်ထဲ ဆွမ်းထည့်၍ ဆရာတော်ရှိမည်ထင်သည့် တောချုံများသို့ သွားရောက်၍ ဆွမ်းပို့ပေးရသည်။

သွားပို့သည်ဆိုသော်လည်း ချုံပုတ်ကောင်းကောင်းအောက်ဝယ် တရားရှုမှတ်နေသော ဆရာတော်အား မတွေ့ရသည်က များသည်။ ဆွမ်းသပိတ်ကလေးလွယ်၍ ချုံပုတ်ကို ပတ်ချာလှည့်၍ ရှာနေသော ဦးစန္ဒောဘာသကား ဆရာတော်က အသံပြုလိုက်ပါမှ မြင်တွေ့ရသည်။ ဆွမ်းဆက်ကပ်၍ ဘုဉ်းပေးပြီးသည်နှင့် ပြန်လာခဲ့ရသည်။ ဆရာတော်ကား တစ်ချုံမှ တစ်ချုံသို့ ပြောင်း၍ ခြေရာဖျောက်နေလိုက်ရသည်။

တောထဲမှာ ခြေရာဖျောက်နေရစဉ် ကာလအတွင်း တစ်ပတ်လောက် အကြာမှာ ဖဒိုအောင်ဆန်း၏ သားမက် ဗိုလ်မြင့်သန်း ရောက်လာသည်။ ဗိုလ်မြင့်သန်းအနေဖြင့် ဆရာတော်အား တွေ့ဆုံဖို့ရာ မဆိုထားနှင့် ကျောင်း.

တွင်းရှိ သံယာများနှင့် တပည့်ဒကာများသော်မှ တွေ့ခွင့်မရှိပါ။ တွေ့လည်း မတွေ့ရပါ ဆိုသဖြင့် ဗိုလ်မြင့်သန်းသည် ဆရာတော်၏ မယ်တော်ပုံကို ဓာတ်ပုံ ရိုက်ယူသွားသည်။ ယောက္ခမဖြစ်သူ မယ်တော်မောင်လက္ခဏာအား စောင့် ရှောက်စေလို၍ ဓာတ်ပုံရိုက်ယူသွားသည်တော့ မဟုတ်တန်လေရာ။

ဆရာတော်သည် အဖော်မပါ တစ်ပါးတည်း တောချုံများအတွင်း လှည့်လည်သီတင်းသုံးနေစဉ် ဆရာတော်အား အသက်ပေးစောင့်ရှောက်သူ တစ်ဦးရှိသည်။ ဆရာတော်၏ အသက်အန္တရာယ် ကြုံလာပြီဆိုသည်ကို ကြား သိသည်နှင့် သေနတ်တစ်လက်ကို မိမိပိုင်ငွေ ၃၀၀၀ဝိ/- (သုံးသောင်းကျပ်) ဖြင့် ပေးဝယ်၍ အရိပ်ပမာ ထက်ကြပ်မကွာ လိုက်ပါစောင့်ရှောက်သည်။

ဆရာတော်က ချုံတစ်ချုံထဲဝင်၍ တရားရှုမှတ်နေလျှင် ထိုသူသည် မနီးမဝေး သစ်ပင်ပေါ်တက်ကာ ကင်းအဖြစ် စောင့်ပေးသည်။ ညအချိန် ရောက်လျှင် လင်းအားကြီးချိန်ကျမှ ဆရာတော့်အနားလာ၍ အကြောင်းထူး လျှင် နှိုးပါရန် မှာကြားလျှောက်ထားပြီး သေနတ်ကို ခေါင်းအုံးကာ ခေတ္တခဏ မှေးစက်ရရှာသည်။ အစားအသောက်ကိုလည်း ဆရာတော် ဘုဉ်းပေးပြီးသော ဆွမ်းကျန်မျှဖြင့် ရောင့်ရဲရလေသည်။

ရေမိုးချိုးရန် အသာထား၊ အဝတ်တစ်ထည်၊ ကိုယ်တစ်ခုဖြင့်သာပင်။ ဆောင်းဝင်ခဲ့ပြီမို့ ချမ်းအေးသော ဆောင်းဒဏ်ကို ကြံ့ကြံ့ခံလျက် စောင့်ရှောက် သည်။ ဤအစီအမံကား ဆရာတော်မှ တာဝန်ပေးအပ်၍ ယူခဲ့သည်မဟုတ်။ သူ့အသိစိတ် ကြည်ညိုသဒ္ဓါ လွန်ကဲစွာဖြင့် ထမ်းဆောင်နေခြင်းသာ ဖြစ်သည်။ မည်သူ့အားမျှလည်း အဖော်မခေါ်။ ဆရာတော်က မလိုဟု တားသော်လည်း လက်မခံချေ။ ခွန်းတုံ့တင်ဟု မဆိုသာသော စကားတစ်ခွန်းကိုသာ ဤသို့ လျှောက်ထားသည်။

"တပည့်တော် အသက်နှင့်ကိုယ် မြဲနေသရွေ့ အရှင်ဘုရားအား မည်သူမျှ မထိပါးစေရပါဘုရား၊ အရှင်ဘုရား၏ ကျေးဇူးဂုဏ်တော်ကို ဤနည်း ဖြင့် ဆပ်ခွင့်ပြုတော်မူပါဘုရား" ဟူ၍။

အာဂစိတ်ထားနှင့် သဒ္ဓါတရား ဖြစ်သည်။ မြန်မာ့ရာဇဝင်ဖြစ်ရပ် တစ်ခုကို သတိရဖွယ်ပင် ဖြစ်တော့သည်။ အနောက်ဖက်လွန်မင်းတရားကြီး ပြည်မြို့ကို သိမ်းစဉ်က ရဲမက်များအားလုံး အညံ့ခံလိုက်သော်လည်း အသက် ၁၃ နှစ်သာ ရှိသေးသည့် ရဲမက်ငယ် "ငထေင်ငယ်"ကား အညံ့မခံချေ။ ဓားလွတ်ကိုစွဲကိုင်ကာ ဘုရင်ထိုင်နေသော ပလ္လင်တော်ပေါ် လွှားခနဲ ခုန်တက် သွားသည်။ ရှေ့တော်ဝယ် မားမားကြီးရပ်ကာ -

"လာဘာမျှ ရန်ကို တွန်းလှန်ပစ်မည်၊ ငါသေမှ ငါ့အရှင်ကို သင်းတို့ ရစေခြိမ့်မည်၊ ငါ့ အသက်ထင်ရှားရှိနေသေးသရွေ့ ငါ့အရှင်ကို သင်းတို့ လက်ဖျားနှင့်ပင် မတို့ထိစေရ"

အာဂယောကျ်ား ဇာနည်စိတ်ထားမို့ လေးစားဖို့ ကောင်းလှသည်။

သို့သော် နောက်ဆုံးမှာ သူ့အရှင် သူ့ဘုရင်၏ ဖျောင်းဖျချက်ဖြင့် အညံ့ခံလိုက်ရရှာသည်။ ဤအဖြစ်ကို မြင်တွေ့ရသော သာလွန်မင်းတရားကြီး က ထေင်ငယ်၏ ရဲစွမ်းသတ္တိ ဇာနည်စိတ်ဓာတ်ကို နှစ်ခြိုက်တော်မူသဖြင့် -

"ငါ ပြည်ကို သိမ်းသည်မှာ ရှင်တစ်ဆူနှင့် လူတစ်ယောက်သာ ရသည်" ဟူ၍ ချီးကျူးတော်မူလေသည်။

ရှင်တစ်ဆူကား တောင်ဖီလာဆရာတော်ဖြစ်လာသည့် ပဥ္စင်းကျော် တစ်ပါး။

လူတစ်ယောက်ကား ထေင်ငယ်တည်း။

ယခုလည်း ထေင်ငယ်ဆိုသော စကားမျိုးကို ပြောဆိုလျှောက်ထား လာသူကား အသက် ၃၁ နှစ်ရှိ အရပ်သားဒကာတစ်ဦး၊ အမည်မှာ စောရဲလွင် ဟု ခေါ်လေသည်။

သူးမွဲထ (မြစ်ဆုံဒေသ)မှာ အခြေအနေများ ရှုပ်ထွေးသထက် ရှုပ် ထွေးလာသည်။ တင်းမာသထက် တင်းမာလာသည်။ ဤသတင်းကို ကြားသိ ရသော ဆရာတော်သည် "သည်အတိုင်းနေ၍ မဖြစ်ပြီ၊ တစ်ခုခုလုပ်မှ သင့် တော့မည်" ဟု တွေးမိသည်။ ခြေရာဖျောက်ပြီး နေရာမှ ပြန်လည်၍ လူသူကို အတွေ့ခံသည်။

ဘာသာရေး၊ သာသနာရေးနှင့် ပတ်သက်လာပြီဖြစ်၍ အင်အား ပြရန် လိုလာပြီဟု စဉ်းစားသည်။ မန္တလေး၊ ရန်ကုန်၊ မော်လမြိုင်၊ ဘားအံ စသည်တို့မှ အင်အားပြရန် သံဃာတစ်ထောင်လိုပါသည်ဟု စာရေးမှာလိုက် သည်။ ဘားအံသို့ စာရောက်ချိန်တွင် တိုက်တိုက်ဆိုင်ဆိုင် သံဃာ့စည်းဝေးပွဲ နှင့် ဆုံနေသည်။ စာကို ဖတ်မိကြသည်တွင် သံဃာအများစုက သူမလိုက်ရဲ၊ ငါမလိုက်ရဲ၊ သူနှင့်မဆိုင်၊ ငါနှင့်မဆိုင်ဟု ငြင်းဆန်လှီးလွှဲကြသည်။

ရဟန်းပျိုများဖြစ်သော ဦးသုနန္ဒ၊ ဦးသုစိတ္တ အပါအဝင် သံဃာ ၃၀ ကျော်တို့က "ဘာသာရေး တို့အရေး၊ သာသနာအရေး တို့အရေး" ဟု ဦးထိပ် ရွက်ပန်လျက် ရဲရင့်တက်ကြွစွာ တက်လာခဲ့ကြသည်။ မြိုင်ကြီးငူရောက်သော် ဆရာတော်က မြစ်ဆုံကိစ္စ၊ ဘာသာရေး ဖိနှိပ်ခံနေရပုံကို တင်ပြသည်။

ဦးသုနန္ဒတို့က ·

"တပည့်တော်တို့ သွားပါမည်၊ လှေသာ စီစဉ်ပေးပါ" ဟု ဆိုသည်။

နောက်နေ့ နံနက်ဆွမ်းကိစ္စအပြီးမှာပါလာသော သံဃာ ၃၀ ကျော် အပြင် မြို့ကြီးငှမှ စိတ်ဓာတ်ပြင်းထန်သူ သံဃာများပါ စက်လှေဖြင့် ခရီး ဆက်ကြသည်။ သံဃာအင်အားခေါ်သောသတင်းကို ကျော်ချား (ခ) တီးချား တို့ကလည်း ကြိုတင်သိရှိထားကြသည်။ သံဃာများ မြစ်ဆုံသို့ မရောက်စေရန် ဟန့်တားဖို့ တာဝန်ပေးချက်အရ တောင်ကြားဂိတ်မှာ အသင့်စောင့်ကြိုနေ ကြသည်။

သံဃာထု စီးနင်းလိုက်ပါသွားသော စက်လှေ တောင်ကြားဂိတ်ကို အဖြတ်တွင် ကျော်ချားတို့က လက်နက်ကြီးဖြင့် နှစ်ချက်လှမ်းထုလိုက်သည်။ လှေနှင့် မလှမ်းမကမ်း ရေထဲမှာကျသည်။ ပေါက်ကွဲမှုကား မရှိချေ။ အချို့ သံဃာကား သိပင် မသိလိုက်ပေ။

သိသည်ဆိုစေဦး. . .

သည်အရေးအခင်းကာလဝယ် ဘည်ခရီး သည်လမ်း သည်စခန်း တွေမှာ ဤအရာကား အဆန်းမဟုတ်ပြီ။ မကြောက်လို့ဘဲ သံဃာ့တပ်ဖွဲ့ချီခဲ့ ပြီပဲ။ လက်နက်ကြီး၊ လက်နက်ကလေးထိလို့ ပြီးကာမှ ပြီးရော "ပြီးတော့လည်း ပြီးတာပေါ့" ဟုပင် သဘောထားလိုက်မည်။ တို့ဘာသာ တို့သာသနာအတွက် အသက်ကိုပင် ပေးဆက်ရန် အဓိဋ္ဌာန်ဖြင့် စိတ်ရည်သန်ခဲ့ကြပြီးဖြစ်သည်။ အန္တရာယ်ရှိမည်ကိုလည်း ကြိုကြိုတင်တင် တွေးထားပြီးဖြစ်သည်။

ကံကုသိုလ် ကွက်ကျား၍ ကံရှားသူတို့ လက်နက်ထိကာမှ ထိပေ ရော့။ ကျန်သူများက ဖြစ်သည့်နည်းဖြင့် သူးမွဲ့ထသို့ အရောက်ချီတက်ကြမည် ဟု သိန္နိဋ္ဌာန်ချထားသူများချည်းဖြစ်သည်။ သို့သော် ကံအားလျော်စွာ လက်နက်ကြီး မထိခဲ့။ နှစ်လုံးနှင့်ပင် ရပ်သွားသည်။ သူးမွဲ့ထသို့ အရောက် ချီတက်နိုင်ခဲ့ကြသည်။

(နောင်မှသိရသည်မှာ ကျော်ချားတို့က သံဃာ့စက်လှေအား ပစ် သည်တွင် ၎င်းတို့၏ အရိပ်အခြည်ကို တစိုက်မတ်မတ် ကြည့်နေသည့် ဂိုလ်လယ်ရှိုးနှင့် ဗုဒ္ဓဘာသာရဲဘော်တွေက ကျော်ခြားတို့အား ပစ်ခတ်တော့ သည်။ ကျော်ချား၊ ၎င်း၏ သားမက် ဗိုလ်ဝါးရွှေနှင့် ခရစ်ယာန်ရဲဘော်များ ထွက်ပြေးကြသည်။ ဗိုလ်လယ်ရှိုးနှင့်အဖွဲ့က အင်အား ၃၀ ကျော်ရှိသဖြင့် ရင်ဆိုင် မတိုက်ဝံ့၍ ထွက်ပြေးသွားခြင်း ဖြစ်သည်။ ထို့ကြောင့် လက်နက်ကြီး နှစ်လုံးသာ အထုခံလိုက်ရခြင်း ဖြစ်သည်ဟု သိရသည်။

သံယာများ သူးမွဲထရောက်လျှင် ရှိနှင့်နေသော စုရုံးမိနေသည့် ရဲဘော်များက စိတ်ဓာတ်များ အရမ်းတက်ကြွလာကြသည်။ ကြောက်စိတ်ဟူ၍ မြူမျှပင် မရှိတော့။ ဘာကြီးဖြစ်နေနေ ရင်ဆိုင်ရန် အသင့်ဖြစ်နေသည်။ ဘာသာ သာသနာအတွက် အသက်ပေးဆက်ရမှာလည်း မနှမြောတော့ချေ။ တစ်ခုသော ပြောစရာရှိသည်။

ရောက်နှင့် စုရုံးမိနေကြသော ရဲဘော်များမှာ ဟိုတပ်သည်တပ်မှ ဘာသာရေး ခံယူချက် အရင်းခံပြီး ခံပြင်းနာကြည်းစိတ်ဖြင့် လာခဲ့သော တပ်ပေါင်းစု ရဲဘော်များသာ ဖြစ်သည်။ သည်အရေး သည်အခင်းမို့ သည်နေရာ သည်ဌာနမှာ သည်တစ်ခါသာ မျက်နှာဆုံမိကြရသည်။ သူ့ ငါမသိ၊ ငါ့ သူမသိ၊ အကြီးအကဲ မည်သူမသိ။ အုပ်ချုပ်သူ မည်သူမသိ။ ဗိုလ်ဆိုတာ မည်သူမသိ။ တပြေးညီ တစ်ခုတည်းသာ သိသည်။ အနိုမ်ခံဘာသာရေးအတွက် ခံပြင်းနာကြည်းချက် တူညီကြခြင်းတည်း။

အခြားဘာမှသိဖို့မလို။ အသိထားစရာလည်းမလို။ အားလုံး သူလိုကိုယ်လိုချည်း။ ဖြစ်သည့်နည်းဖြင့် ဖြစ်သလို ရင်ဆိုင်ဖြေရှင်းမည်ဟူသော အသိအတွေး ကိုယ်စီတော့ ရဲဘော်တိုင်း၏ ရင်ထဲမှာ ကိန်းအောင်းနေသည်။ နာကြည်းချက်တွေ ပေါက်ကွဲနေပြီ။ ခံပြင်းစိတ်တွေ အုံကြွနေပြီ။ စိတ်ဓာတ်တွေ တက်ကြွနေပြီ။ တစ်ဦးကို တစ်ဦး ထိန်းချုပ်၍ မရ။ အာဏာပြ၍ မဖြစ်။ တစ်ယောက်အမိန့် တစ်ယောက်မနာခံကြ။ သူတစ်လူ ငါတစ်မင်းဖြစ်နေသည်။ အချင်းချင်းလည်း သံသယမကင်းကြ။

ထိုသူတို့အနက်မှာ အရာခံဗိုလ်ဖားမီးသည် စိတ်ဓာတ်အပြင်းထန်ဆုံးဖြစ်သည်။ စုစည်းရောက်ရှိလာသော ရဲဘော်များအား အမိန့်ပေးကြည့်သည်။ အုပ်ချုပ်ကြည့်သည်။ မချေမငံရှိပုံရသည်တွင် ဗိုလ်ဖားမီးသည် ခါးကြားမှ ပစ္စတိုကို ဆွဲထုတ်ကာ အပေါ်သို့ တစ်ချက် ထောင်ပစ်လိုက်သည်။ သေနတ်သံအဆုံးမှာ အများမျက်လုံးများက သူ့ထံ ရောက်လာသည်။ ထိုခါတွင် မိမိ၏ ဘယ်လက်ဖဝါးကို ဖြန့်ကာ လက်ဝါးတည့်တည့်သို့ ကပ်၍ သုံးချက်တိတိဆက်တိုက်ပစ်ပြလိုက်သည်။

ပေါက်ကွဲမှုမရှိ ကျည်လည်း မထွက်ချေ။ ရဲဘော်များမှာ အနည်းငယ်ဖြုံသွားသည်။ ရှိကျိုးသွားသည်။ ထိုအခါမှ ဗိုလ်ဖားမီးက အစီအစဉ် ရေးဆွဲသည်။ ၎င်းနောက် ဗိုလ်ကျော်သန်း၊ ဗိုလ်အောင်ငွေ၊ ဗိုလ်ဖားနွှီး စသူတို့နှင့်တိုင်ပင်ကာ အရေးအခင်းကို အဖြေရှာရန် စိုင်းပြင်းလေတော့သည်။

**********

ထိုအခါဝယ်. . .

ဆရာတော်သည် မြိုင်ကြီးငူမှာ လူသူအတွေ့ခံနေပြီဖြစ်သည်။ ရှာနီးချုပ်စပ်မှ ဒကာများ၊ ပြည်သူ့စစ်များ၊ ကျောင်းရှိသံဃာများဖြင့် ပရိသတ်များ ဥဒဟို သွားလာနေကြသည်။ ပွဲလမ်းလေးတစ်ခုသဖွယ် စည်းကားနေလေသည်။ ထိုစဉ် ဆရာတော်သည် အကြံတစ်ခုရလိုက်သည်။ ဟုတ်ဟုတ် မဟုတ်ဟုတ် အသာထား။ ယခင်က တောင်းဆိုခဲ့သော နတ်ကန္နားပွဲပေးရန်ကို ခွင့်ပြုလိုက်ခြင်း ဖြစ်သည်။

ဆရာတော်တို့ မရောက်မီက မြိုင်ကြီးငူသို့ အလျင်ရောက်နှင့်နေသော အမေတုံက "မြိုင်ကြီးငူတောင်ပိုင်ကြီး ကျေနပ်စေရန် နတ်ကန္နားပွဲပေးခွင့်ပြုရန်" လျှောက်ထားတောင်းဆိုခဲ့ဖူးသည်။

သတိပဋ္ဌာန်သမားနှင့် နတ်ကန္နား မည်သို့မှ ပတ်သက်ဆက်စပ်ခြင်း မရှိသဖြင့် ခွင့်မပြုခဲ့။ အမေတုံသာ ဘဝတစ်ပါးသို့ ပြောင်းသွားသည်။ နတ်ကန္နား မပေးဖြစ်ခဲ့။ ယခု ရှုပ်ထွေးနေသော အခြေအနေတွင် ပရိသတ်၏ စိတ်ဓာတ်ကို ပြောင်းလဲစေလို၍ ခွင့်ပြုလိုက်သည်။ ဒကာကျော်မြင့်ကို ခေါ်၍ နတ်ကတော် ကျော်ကျော်၊ ဒေါ်ဘုတ်အိ စသူတို့အား စုရုံးစေသည်။ ရောက်လာကြသည်နှင့် -

"တပေါင်းလ မပြည့်မချင်း ဒကာမကြီးတို့ လုပ်ချင်တဲ့ နတ်ပွဲ၊ စိတ်ကြိုက်လုပ်ပေတော့၊ ဆရာတော် ခွင့်ပြုလိုက်ပြီ"

ခွင့်ပြုချက်ရသည်နှင့် မြိုင်ကြီးငူမှာ နေ့ရောညပါ နတ်ဆိုင်းသံ တခြိမ့်ခြိမ့်ဖြင့် စည်းကားနေလေတော့သည်။ အနီးအနားမှ ရွာသူရွာသားများ တကူးတက လာရောက်ကြည့်ကြသည်။ အားလုံးသော အားလုံးက အရေးအခင်းကြီး တစ်ရပ် ဖြစ်နေသည်ကို သိသည်။ အန္တရာယ်ရှိသည်ကိုလည်း နားလည်သည်။ သို့သော် ကြောက်ရွံ့ထိတ်လန့်ရမှန်း မသိကြတော့ပေ။ နတ်ဆိုင်းသံ တခြိမ့်ခြိမ့်မှာ ငြိမ့်၍ငြိမ့်၍ မျှောပါနေကြသည်။ ပူးနောင်ချပ်ဂျိန်း တခြိမ်းခြိမ်းမှာ ယိမ်း၍ယိမ်း၍သာ လိုက်ပါနေတော့သည်။

ရောမမြို့ကြီး မီးလောင်နေစဉ်မှာ ဟ့ရိုးဘုရင်က စောင်းတီးပြီး သီးချင်းဆိုနေသည်ဟု ကြားဖူးသည်။ သေပျော်ပျော် ရှင်ပျော်ပျော် ယူဆ၍ ဆိုခြင်းဖြစ်ကောင်းဖြစ်မည်လား မသိ။ မိမိတို့လည်း ထိုအစားမျိုး ဖြစ်ကာမှ ဖြစ်ရော လောကဓံကို ပျော်ပျော်ကြီး ရင်ဆိုင်လိုက်မည်ဟု။

ဖားရိုးဘုရင်ထက် တစ်ခုတော့သာသည်။ မိမိတို့ ယုံကြည်ကိုးစားအားထားကိုးကွယ်နေသော မြိုင်ကြီးငူဆရာတော် သက်တော်ထင်ရှား ရှိနေသရွေ့ အရာရာသည် ဘယ်အခါမှ ပိုးစိုးပက်စက်မဖြစ်နိုင်ဟု သတ်သတ်မှတ်မှတ်ကို ယုံကြည်ထားကြသည်။ ယုံကြည်ရလောက်အောင်သော ဖြစ်ရပ်များစွာကိုလည်း အားလုံးလိုလို သိရှိထားကြပြီးဖြစ်သည်။ ထို့ကြောင့်လည်း ပျော်နေနိုင်ကြသည်။

(ဖြစ်ရပ်ထူးများ ရှိခဲ့ဖူးပါသည်။ မွှန်းရာရောက်အံ့စိုး၍ မရေးပြီ။ ဤအမရေးအခင်းအတွင်း ကြုံရသော အချို့ဖြစ်ရပ်များကိုသာ အလျဉ်းသင့်သလိုရေးသွားပါမည်။)

''ယေဝဗ္ဗာ ဟေတုပ္ပဘာဝါ''
အကျိုးတရားဟူသမျှ အကြောင်းသာလျှင် အမွန်အစရှိကုန်၏။
အရှင်အဿဇိ (ဗုဒ္ဓသာဝက)

## အကျိုး၏အကြောင်းမှာ

## (သို့မဟုတ်)

## ဒီကေဘီအေ မွေးဖွားလာရခြင်း

ဖဒိုသာထူးကျော်သည် ကေအင်န်ယူ တပ်မဟာ (၁) နယ်မြေ ဘားအံမြို့နယ်၏ ဥက္ကဋ္ဌ ဖြစ်သည်။ ဖဒိုလာဘာသည် အတွင်းရေးမှူး ဖြစ်သည်။

ဖဒိုသာထူးကျော်သည် ၎င်း၏ ကိုယ်ရေးအရာရှိဖြစ်သူ ဗိုလ်ဒိုင်း (၁) မှန်တိုင်းအား ကျည်ဆန်ဝယ်ရန် (သို့မဟုတ်) ကျည်ဆန်နှင့် နွား လဲလှယ်ရန် အထက်သူးမွဲထသို့ လွှတ်လိုက်သည်။ ထိုကာလအတွင်း မြိုင်ကြီးငူရော သူးမွဲထမှာပါ အခြေအနေတွေ ရှုပ်ထွေးနေပြီဖြစ်သည်။

ဗိုလ်ဒိုင်းနှင့် နောက်ပါ ၈ ဦးတို့သည် အထက်သို့ တက်ခဲ့ရာ တောင်ကြားဂိတ်သို့ ရောက်လာသည်။ ကျော်ခြား (၁) တီးချားနှင့် ဆုံသည်တွင် ဗိုလ်ဒိုင်းတို့အား လက်နက်နှင့် ကျည်ဆန်ပေး၍ မြိုင်ကြီးငူဆရာတော်အား လုပ်ကြံရန် စေခိုင်းသည်။ ဆရာတော်နှင့်အတူ မယ်တော်အပါအဝင် လုပ်ကြံရမည့်သူ ၁၈ ဦး၏ အမည်စာရင်းနှင့် ဓာတ်ပုံအချို့ကိုပါ ပေးလိုက်သည်။ အကြံအောင်လျှင် မည်ရွေ့မည်မျှ အကျိုးခံစားရမည်ဟု မက်လုံးပါပေးလိုက်သေးသည်။

ဤမှတ်တမ်းရှည်တစ်နေရာတွင် တီးချားကား ခေါးထက်သူဖြစ်ကြောင်း ဖော်ပြခဲ့သည်။ တီးချားအမိန့်ဆိုလျှင် မည်သူမှ မလွန်ဆန်ဝံ့။ မလွန်ဆန်သာ။ ယခုလည်း တီးချားအမိန့်ကို ဦးထိပ်ရွက်ပန်၍ မြိုင်ကြီးငူဆရာတော်ပါ ၁၈ ဦးအား လုပ်ကြံရန် တောင်ကြားဂိတ်မှ ဗိုလ်ဗိုင်တို့အဖွဲ့ ဆင်းလာခဲ့ကြသည်။

တန်ဆောင်မုန်းလဆုတ်ရက် မနှောင်းသေးသည်မို့ ဆုတ်စလရောင်ကား ညအလှကို တန်ဆာဆင်ထားနိုင်သေးသည်။ မိုးလည်းမမည်၊ ဆောင်းလည်း မပီတတ်သေးသည်မို့ မိုးနှင်းမြူများ လွှမ်းမိုးထားသဖြင့် မြူမှောင်ဝေကင်း တိမ်မှေးရှင်းသော လရောင်နှယ်သို့တော့ ကြည်လင်တောက်ပ ရွှန်းမြ၍ မနေပါချေ။

အချိန်ကား ညဥ့်ဦး ၉း၀၀ နာရီခန့်သာ ရှိသေးသည်။ မြိုင်ကြီးငူမှာ နတ်ဆိုင်းသံ တခြိမ့်ခြိမ့်ဖြင့် စည်ကားနေသည်။ နတ်ချင်းအဆိုတော်အေးအေးခိုင် (ခ) စန္ဒာအေး၏ အသံက အသံချဲ့စက်မှတစ်ဆင့် ချမ်းအေးစပြုနေသော ညဥ့်လွှာရုံကို ဖောက်ထွင်းလျက် မြိုင်ယံတောလုံးကို ပဲ့တင်ထပ်စေလျက် သာယာငြိမ့်ငြောင်းစွာ ပေါ်ထွက်နေသည်။ ပရိသတ်များက နတ်ပွဲရှိရာမှာ စုပြုံတိုးဝှေ့ကြည့်ရှုနေကြသည်။ နတ်ကရာ ကြည့်မောနေကြသည်။

ဤအနေအထားကို စုံစမ်းသိရှိထားပြီးဖြစ်သော ဗိုလ်ဗိုင်းတို့အဖွဲ့သည် ကော့ကရက်ကျွန်းသို့ ကူးလာခဲ့သည်။ ရောက်လျှင် သူကြီးအား လှေဆင့်သည်။ သူကြီးက ထိုညကင်းလှည့်ကျသူ ထွန်းလှနှင့် မြမောင်ကို ခေါ်ပေးသည်။ မြမောင်လှေမှာ အနည်းငယ်ကြီးသဖြင့် ရဲဘော်ငါးဦး လိုက်ပါစီးနင်းသည်။ ထွန်းလှလှေမှာ ဗိုလ်ဗိုင်းနှင့် ရဲဘော်လေးဦး။

ကော့ကရက်ကျွန်းအရှေ့ဘက်ကမ်း သရက်ပင်ဆိပ်မှ လှေစတင်ထွက်ခွာသည်။ မြမောင်လှေက အလျင်ထွက်သည်။ တက်အပိုပါသဖြင့် ရဲဘော်တစ်ဦးကပါ လှော်၍ အသွားနှုန်းမြင့်သည်။ ထွန်းလှလှေက သူတစ်ဦးတည်း လှော်ရသဖြင့် အသွားနှေးသည်။ နောက်မှ ဖြည်းဖြည်းမှန်မှန်သာ လှော်ခတ်လာသည်။

မြိုင်ကြီးငူနှင့်တည့်တည့် အရောက်တွင် ဗိုလ်ဗိုင်းက မြိုင်ကြီးငူသို့ လှော်ရန် အမိန့်ပေးသည်။ လှေဦးလှည့်ပြီးလှော်သည်။ ဝိုးတဝါးသောလရောင်အောက်ဝယ် သံလွင်မြစ်ပြင်မှာ လှေတစ်စင်းလှော်ခတ်လာနေသည်ကို အဝေးကပင် မြင်တွေ့နိုင်သည်။ ထိုကို ကမ်းနားတစ်လျှောက် သတိဝီရိယကြီးစွာဖြင့် အသင့်စောင့်နေကြသော ကင်းသမားများ၊ ပြည်သူ့စစ်များ၊ ရဟန်းသာမဏေ

များပါ မြင်တွေ့ကြရသည်။

"ဟော့. . . ဟိုလှေ ဘာလှေလဲ"

မေးလည်းမေး၊ လက်နှိပ်ဓာတ်မီးဖြင့်လည်း လှမ်းထိုးသည်။ ထွန်းလှသည် လှေကို ဦးပြန်လှည့်ကာ ကော့ကရက်ကျွန်းဘက်သို့ တအား ကြုံးလှော်တော့သည်။ လှေလှည့်အပြေးကို မြင်ရသဖြင့် ကင်းသမားအားလုံး ညာသံပေးကာ အသင့်စီစဉ်ထားသော လှေများပေါ်သို့ တက်သည်။ ဓာတ်မီးတဝင်းဝင်းဖြင့် သံလွင်မြစ်ကို ဖြတ်ကူးသည်။ ထွန်းလှလှေပေါ်မှ ဗိုလ်ဒိုင်းက သေနတ်ဖြင့် လှမ်းပစ်သည်။

"ချက်. . . "

"ဟင်. . . ဘာဖြစ်လို့ပါလိမ့်"

ကျည်ကမထွက်။ အပွဲပွဲနွှဲခဲ့သည်ပဲ။ သည်ပွဲမှာမှ နှပ်အပစ်ခံရရိုးလားသဘောဖြင့် ဆက်၍ ဆက်ခါပစ်သည်။ ကျည်တစ်ခုမှ မထွက်လာခဲ့။ အခြားရဲဘော်များကိုပါ ပစ်ခိုင်းသည်။ မထူးခြား။ လူအားသုံးကာ ကြုံး၍ လှော်လာသောလှေက နီးလာပြီ။ ခါးမှာ ချိတ်ထားသော ပစ္စတိုကို ဖြုတ်၍ ဗိုလ်ဒိုင်း လှမ်းပစ်ပြန်သည်။ ထူးမခြားနားသာ။ ထိုအချိန် လှေက ကမ်းသို့ ကပ်မိပြီး ဖြစ်သဖြင့် ထွန်းလှက ကမ်းပေါ်တက်ပြေးတော့သည်။ ဗိုလ်ဒိုင်းတို့ပါ လိုက်တက်ပြေးကြရတော့သည်။

ထွန်းလှသည် ကမ်းပေါ်ရောက်သည်နှင့် ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် ပြေးသည်။ မှောင်ရိပ်ခိုကာ ကိုယ်ရောင်ဖျောက်လိုက်သည်။ ဗိုလ်ဒိုင်းတို့ လူစုမှာ တဖြည်းဖြည်း နီးကပ်လာသော ကင်းသမားလှေကို ကမ်းပေါ်မှ ပစ်ပြန်သည်။ ကျည်မထွက်ပြန်ပေ။ လှေကမ်းကပမိသည်နှင့် လူရော ရဟန်းသံဃာများပါ ကမ်းပေါ်သို့ တက်လိုက်သည်။ ဗိုလ်ဒိုင်းတို့ လူစု ပြေးရလေပြီ။ စောစောက လှေဆင့်ပေးသော သူကြီးနှင့် တွေ့ရာ အကျိုးအကြောင်းပြောပြသည်တွင် သူကြီးက -

"အခြေအနေက ဒီလိုရှိတယ် ဗိုလ်ဒိုင်း၊ ကော့ကရက်ကျွန်းမြို့ရော ကျွန်းထိပ်မှာပါ တပ်မတော်က ကပ်စွဲထားတယ်။ သူတို့ဆီမှာ အဖမ်းခံရတာထက် ဘုန်းကြီးအဖွဲ့မှာ အမိခံရတာကမှ သက်သာဦးမယ်။ ဖုံးဖုံးကာကာနဲ့ ပြောရင် သက်သာပါလိမ့်မယ်" ဟု ပြောသည်။

ပြေးစရာမြေ မရှိတော့ပြီ။ ကင်းသမားထုက ပစောက်သဏ္ဍာန် ဝိုင်းတက်လာနေပြီ။ လက်ထဲရှိ လက်နက်မျိုးစုံက ကျည်တစ်ပေါက်မှ ပစ်မထွက်

တော့။ သူကြီးအပြောကို လက်ခံလိုက်ရသည်။ အမြန်ပင် ကေအင်န်ယူ ယူနီဖောင်းများကို လဲလိုက်ကြသည်။ သေနတ်များကို သူကြီးက သိမ်းထားပေးလိုက်သည်။ အချိန်ကိုက်ပင် ကင်းသမားများ တက်လာသည်။ မေးမြန်းစစ်ဆေးကြည့်ရာ ထူးခြားမှုရှိသဖြင့် ဆရာတော်ထံသို့ လက်ပြန်ကြိုးတုပ်၍ ခေါ်လာခဲ့သည်။

ထိုအချိန်မှာ မြိုင်ကြီးငူဆရာတော်သည် မင်္ဂလာသိမ်တော်အတွင်းဝယ် တောင်တန်းသာသနာပြုဆရာတော် ဦးနရိန္ဒနှင့် စကားစမြည် ပြောဆိုနေသည်။ ညကြီးအချိန်မတော် မယုံသင်္ကာသူတွေ့ကြောင်း လျှောက်ထားလာသဖြင့် တောင်တန်းဆရာတော်နှင့်အတူ သိမ်အပြင်သို့ ထွက်လာခဲ့သည်။ ဗိုလ်ဒိုင်းပါ ကေအင်န်ယူ ရဲဘော်လေးဦးအား စစ်ဆေးမေးမြန်းသည်။ အမျိုးမျိုး လိမ်လွှဲပြောဆိုသည်။ ပြည်သူ့စစ်ခေါင်းဆောင်တစ်ဦးက ဗိုလ်ဒိုင်းကိုယ်အားရှာဖွေရာ အတွင်းအိပ်ကပ်ထဲမှာ ချပ်ချပ်ရပ်ရပ် ထည့်ထားသော စာရွက်ခေါက်တစ်ခုကို တွေ့ရသည်။ ယူပြီး ဆရာတော်များအား ကပ်လိုက်သည်။ မီးအလင်းရောင်မှာ ဖတ်ကြည့်လိုက်ရာ -

မြိုင်ကြီးငူဆရာတော်နှင့် မယ်တော်ကြီး အပါအဝင် လုပ်ကြံသတ်ဖြတ်ရမည့်လူ ၁၈ ဦး စာရင်းကို တွေ့ရသည်။ သက်သေခံပစ္စည်းနှင့်တကွ မိသည်မို့ ကင်းသမားများက ဗိုလ်ဒိုင်းတို့ကို အစဖျောက်ပစ်လိုက်ချင်သည်မှာ လက်ကို ယားနေသည်။ သို့သော် ဆရာတော်ကြီးများ ရှေ့မှောက်တွင် ဖြစ်နေသဖြင့် မည်သို့မှ မပြုသာကြ။

"ကိုင်း. . . ဒီကိစ္စ ဘယ်လိုဆောင်ရွက်မလဲ" မြိုင်ကြီးငူဆရာတော်က မေးသည်။ ကင်းသမား ဒကာများက -

"ဒီကိစ္စ တပည့်တော်တို့ တာဝန်ပါဘုရား၊ တပည့်တော်တို့ကို အပ်ပါဘုရား" လျှောက်သည်။ တောင်တန်းဆရာတော်က -

"ဒါကို ဘုန်းကြီး တာဝန်ယူပါတယ်၊ ဒကာတို့လည်း သူတို့ကို ဘာမှ မလုပ်ကြနဲ့။ ဘုန်းကြီးက သူတို့ကို ကမမောင်းစစ်တပ်မှာ သွားအပ်ပေးလိုက်မယ်။ တပ်ဂ. သူတို့ကို ဘာမှ လုပ်မှာမဟုတ်ပါဘူး။ တရားဥပဒေအရသာ အရေးယူ ဆောင်ရွက်သွားပါလိမ့်မယ်။ ဟုတ်လား၊ ကဲ. . . ကဲ. . . ဘုန်းကြီး လက်ထဲအပ်ပါ"

ဆိုလာသဖြင့် လွှဲအပ်ပေးလိုက်သည်။ တောင်တန်းဆရာတော်သည် ညတွင်းမှာပင် ကမမောင်းသို့ ကူးပြီး တပ်မှာ သွားအပ်လိုက်လေသည်။

ဗိုလ်ဒိုင်းနှင့်အဖွဲ့ကို တပ်မှာ အပ်လိုက်သူက တောင်တန်းသာသနာပြုဆရာတော် ဦးနရိန္ဒ။

ဦးသာထူးကျော်တို့ ကြားသည့်သတင်းက သူကိုယ်ရေးအရာရှိကို မြိုင်ကြီးငူဆရာတော်က ဖမ်းပြီး နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့လက်သို့ အပ်လိုက်သည်တဲ့။ တပည့်အရေးမို့ ဆရာတွေးရပြီ။ သည်အတိုင်း လက်ပိုက်ကြည့်နေ၍မဖြစ်။ တစ်ခုခုလုပ်ရတော့မည်။

"မြိုင်ကြီးငူဆရာတော်လည်း ကရင်အမျိုးသားတစ်ဦး၊ မိမိတို့ ကရင်အမျိုးသားအားလုံးအတွက် တော်လှန်စစ် ဆင်နွှဲနေတာလည်း ဆရာတော်အသိ။ ရန်သူ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နဲ့ တိုက်ခိုက်နေတာလည်း သူအသိ။ ကေအင်န်ယူ ပိုင်နက်ထဲမှာ သူသာသနာပြုနိုင်အောင်လည်း တို့က ခွင့်ပြုထားတာ သူအသိ။ ဒါကို မထောက်ဘဲ တို့ရဲဘော်တွေကို ရန်သူ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့လက်ထဲ ဝကွက်၍ အပ်ရက်ပလေ"

လူဆိုသည်မှာ အတ္တသမား။ ဘက်စုံအောင် မတွေးခေါ်ရသေးမီ ကိုယ့်ဖို့ချည်း ကြည့်တတ်ကြသည်မှာ သဘာဝပင်။ ဦးသာထူးကျော်သည် ကန့်ကွက်စာတစ်စောင် ကောက်ရေး၍ မြိုင်ကြီးငူဆရာတော်ထံသို့ အတွင်းရေးမှူးဖြစ်သူ ဦးလာဘနှင့်အဖွဲ့အား ပို့ခိုင်းလိုက်သည်။ မြိုင်ကြီးငူဆရာတော်နှင့် တွေ့ဆုံမိသည်တွင်မှ ဗိုလ်ဒိုင်း၏ ဖြစ်ရပ်မှန်နှင့်အတူ သူးမွဲ့ထအကြောင်းအရာများကို ပြည့်ပြည့်စုံစုံ သိရှိရတော့သည်။ မိမိတို့ ကြားသိထားရသည့် သတင်းများထက် အဆများစွာ အခြေအနေ ရှုပ်ထွေးတင်းမာနေသည်ကို ခန့်မှန်းမိကြသည်။

အတူလိုက်ပါသွားသူ ဗိုလ်မှူးသူရိန်နှင့် စောထူးတို့ကလည်း ထိုသို့ပင် သုံးသပ်မိကြသည်။ ဥက္ကဋ္ဌအား အပြည့်အစုံ ပြန်လည်တင်ပြမည်ဟု လျှောက်ထားပြီး ပြန်သွားသည်။ အပြန်တွင် ဆရာတော်က ဦးသာထူးကျော်အတွက် စာတစ်စောင်ပေးလိုက်သည်။

"အခြေအနေကို သုံးသပ်ဝေဖန်ကြည့်ပြီး အဖြစ်မှန်ကို သိမြင်ကာ တစ်ခုခုကို လုပ်ဖို့သင့်ပြီဖြစ်ကြောင်း၊ သူးမွဲ့ထမှာ လက်ရှိဖြစ်ပျက်နေသော အခြေအနေက ထိုသို့ ဖြစ်လာစေရန် ဖန်တီးလာသည်ဟုပင် ယူဆကြောင်း၊ သို့ဖြစ်၍ မိမိတို့ ဗုဒ္ဓဘာသာဝင်များ လာရောက်စုစည်းဖို့ အချိန်တန်ပြီဖြစ်ကြောင်း" စသည်တို့ ပါဝင်သည်။

ပြန်ရောက်လာသော ဦးလာဘ၏ ပြန်လည်ပြောပြချက်များကို ဦးသာထူးကျော် စေ့စေ့ငုငုနားထောင်သည်။ စဉ်းစားဝေဖန်သုံးသပ်သည်။

"ဟင်. . . ဒီလောက်တောင် ဖြစ်နေပါပေါ့လား" ဟု ခန့်မှန်းသိရှိလိုက်သည်။ ဆရာတော်၏စာကို ဖတ်မိပြန်တော့ ပို၍ အမြင်ကြည်သွားသည်။ တစ်ဆက်တည်း မိမိတို့၏ ကရင်တော်လှန်ရေးသမိုင်းကို ပြန်လည်မတွေးမိသည်။

ကရင်တော်လှန်ရေး သမိုင်းကြောင်းသည် နှစ်ပေါင်း ၄၅ နှစ်ကျော်ကြာခဲ့ပြီ။ မိမိသည်ပင် သည်တော်လှန်ရေးထဲ ရောက်နေသည်မှာ နှစ် ၃၀ ကျော်ခဲ့ပြီ။ သည်ကာလအတွင်း အကွဲအပြဲပေါင်းများစွာ ရှိခဲ့သည်။ သူတစ်လူငါတစ်မင်း လိုရာဆွဲ၍ တွေးခေါ်ကာ အကောင်အထည်ဖော်ကြသည်။ ရည်ရွယ်သည်က ကရင်အမျိုးသားများ ကောင်းစားရေး၊ တိုးတက်ရေးဟု ဆိုသည်။ အဆိုနှင့်အလုပ် တစ်ထပ်တည်းကျသလောက် လက်ချိုးရေတွက်၍ရသော လက်တစ်ဆုပ်စာ လူစုသည်သာ ကောင်းစားနေသည်။ တိုးတက်နေသည်။ တကယ့်အများစုကား နင်းပြား နင်းပြားပင် ဖြစ်သည်။ နားမျက်စိကို ပိတ်ထားပြီး လက်နက်အားကိုးဖြင့် ဖိနှိပ်ထားသည်။ လက်နက်ကို ကြောက်၍သာ ငုံ့ခံနေရသည်။ ဒေသခံအများစုက အမြင်ကြည်လင်မှု မရှိသည်မှာ အမှန်။ ကျေနပ်မှု ကင်းမဲ့သည်မှာ အမှန်။

သည့်အထဲမှာမှ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ထားသော ဘာသာရေးကို ထိပါးလာသည်။ ဘာသာရေးခေါင်းဆောင်ဖြစ်သော ဆရာတော်ကိုပင် လုပ်ကြံရန် ကြံသည်တဲ့။ မိမိတို့ ကေအင်န်ယူလုပ်ရပ်သည် တည့်မတ်၍ မရလောက်အောင် လမ်းလွဲနေပြီ။

ကနဦးက အမျိုးသားရေး ဦးစားပေးသည်ဆိုလို့ ကရင်အမျိုးသားတစ်ဦးအနေဖြင့် မိမိကိုယ်တိုင် အမျိုးချစ်စိတ်ဖြင့် ပါဝင်လှုပ်ရှားခဲ့သည်။ အခြားသူများကိုပါ စည်းရုံးသိမ်းသွင်းခဲ့သည်။ ယခု ဘာသာရေးဖြစ်လာပြီ၊ ဖိနှိပ်မှုတွေ ဖြစ်လာပြီ။ ကြားသိသတင်းများအရ အခြေအနေတော့ လွန်ကုန်ပြီ။ စိတ်ဓာတ်ထက်သန်လွန်းသူ၊ ခံပြင်းစိတ် ပြင်းထန်လွန်းသူတို့ ရှေ့တန်းသူးမွဲထမှာ ဘာသာရေးအတွက် အသေခံတိုက်ပွဲဝင်နေပြီ။

ငါကော ဘာလုပ်သင့်သလဲ။ ပြီးတော့ ဘာလုပ်ရမလဲ။ ကရင်လူမျိုးကောင်းစားရေးအတွက်ဆိုပြီး အသက်ပေးကိုက်ခဲ့ပြီ။ အချိန်သာ ကုန်သည်။ ဘာအကျိုးမှ ဖြစ်ထွန်းမလာခဲ့။ လက်နက်စွဲကိုင်ခဲ့သော ငါသည် မိမိအမျိုးသားရေးအတွက် ဘာတစ်ခုမှ ပီပီပြင်ပြင် မဆောင်ရွက်ပေးနိုင်ခဲ့။ သည်စဉ်မှာမှ

ငါတို့ ယုံကြည်ကိုးကွယ်သော ဘာသာရေးနှင့် ဆက်နွယ်လာသည်။ မထူးပြီ၊ သေစရာရှိ ဘာသာရေးအတွက်နှင့်ပဲ အကျိုးရှိရှိ အသေခံတော့မည်။

ဦးသာထူးကျော်သည် ဤသို့ ရှည်လျားစွာ ဝေဖန်သုံးသပ်ပြီး သတင်းမှန်ကို တိတိကျကျ သိရှိနိုင်ရန်အတွက် အောင်ကျော်၊ ဝိုင်းပု၊ စက်သမား (ချစ်စံ)တို့နှင့်အတူ မြိုင်ကြီးငူသို့ ကိုယ်တိုင် ထောက်လှမ်းရန် ထွက်လာခဲ့သည်။ ဆရာတော်နှင့် ဆုံမိသည်တွင် အကြောင်းခြင်းရာများကို ပို၍ ပြည့်ပြည့်စုံစုံ သိရှိရသည်။

ရှေ့တန်း (သူးမွဲထ)မှာ ကလေး (ရဲဘော်)တွေ ဘာသာရေးအတွက် တိုက်ပွဲဝင်နေသည်။ အသိစိတ်ကိုယ်စီ၊ ခံပြင်းနာကြည်းချက်ကိုယ်စီဖြင့် ကောင်းမည်ထင်သလို လုပ်ဆောင်နေကြသည်။ ခရီးရောက်သင့်သလောက် ရောက်မည်မဟုတ်။ နောက်တန်း (မြိုင်ကြီးငူ)မှနေ၍ ကွပ်ကဲပေးရန်လို ကြောင်း စဉ်းစားမိသည်။ ဆရာတော်အား လျှောက်ထားသည်တွင် -

"ဟေး. . . အဲဒါတော့ ကျုပ်မသိ၊ မသိ။ ခုပွဲက ကလေးတွေ စစ်တိုက်တမ်း ကစားသလို ပါးစပ်နဲ့ တဒိုင်းဒိုင်းပစ်နေတာ မဟုတ်တော့ ကျုပ်က ဘုန်းကြီးလေ၊ ဟိုလိုလုပ်ပါ၊ ဒီလိုလုပ်ပါလို့ ဘယ်ပြောလို့ ဖြစ်ပါ့မတုန်း။ ပြီးတော့ ဒီစစ်ရေးဘာရေးတွေဆိုတာ ကျုပ်က နားလည်တာမှ မဟုတ်တာ။ နားလည်တယ်ထားဦး၊ ဘာလုပ်လို့ရမလဲ။ ရဟန်းတော်ဆိုတာ ဘုရားရဲ့ ဥပဒေ (ဝိနည်း) ကို လေးစားရမှာ မဟုတ်လား။ ဖြစ်ပေါ်လာနေတဲ့ အခြေအနေပေါ် မူတည်ပြီး ဒကာကြီးတို့ကသာ ငါတို့ ဘာလုပ်သင့်သလဲ၊ ဘာလုပ်ရမလဲ ဆိုတာ စဉ်းစားဆုံးဖြတ် လုပ်ကိုင်ကြပေါ့၊ ဟုတ်ဖူးလား"

ဆရာတော်က လိမ္မာစွာ ရှောင်ထွက်သွားသည်။

"မှန်ပါဘုရား၊ တပည့်တော် သဘောပေါက်ပါပြီဘုရား၊ တစ်ခုတော့ တပည့်တော် လျှောက်ထားပါရစေဘုရား"

"ဘာလဲ၊ ပြော"

"တပည့်တော်တို့က လုပ်သင့်လုပ်ထိုက်တာတွေကို ဆုံးဖြတ်လုပ်ကိုင်သွားကြပါမယ်ဘုရား။ ဒါပေမဲ့ ဒေသခံတွေက တပည့်တော်တို့အပေါ်မှာ ယခင် နာကြည်းချက်တွေနဲ့ အမြင်ကြည်လင်ကြမှာ မဟုတ်ဘူးဘုရား"

"အဲဒီတော့. . ."

"တပည့်တော် လျှောက်ထားလိုတာက ဒီပွဲဟာ ဘာသာရေးနဲ့ ရောယှက်ပြီး ဆက်စပ်ဖြစ်ပေါ်လာပါတယ်ဘုရား။ တိတိကျကျ လျှောက်ထား

ရရင် အရှင်ဘုရားနဲ့ ပတ်သက်ပြီး ဖြစ်လာတာမို့ ဒေသခံတွေကရော တိုင်းပြည်ကပါ အရှင်ဘုရားအပေါ်မှာသာ အာရုံထားကြပါမယ်ဘုရား။ ဒါကြောင့်မို့ တပည့်တော်ကို့ကို လမ်းညွှန်သူအဖြစ်၊ ဦးဆောင်သူအဖြစ်တော့ လက်ခံစေချင်ပါတယ်ဘုရား"

"ဒါတော့ အင်း. . . ဝိနည်းသိက္ခာပုဒ်တော်နဲ့ ငြိစွန်းမှုမရှိတဲ့ အခန်းကဏ္ဍ အနေအထားမျိုးနဲ့ဆို လက်ခံနိုင်ကောင်းပါရဲ့"

"ခုကိစ္စက အမျိုး၊ သာသာ၊ သာသနာ အရေးသုံးပါးလုံး ဖြစ်နေလို့ပါဘုရား။ အခြေအနေအရ အရှင်ဘုရားအပေါ်မှာသာ အဓိကအချက်အချာကျနေလို့ပါဘုရား"

"အေးလေ. . . ပြောပြီးကပဲ၊ ဝိနည်းသိက္ခာတော်နဲ့ မငြိစွန်းရင် လက်ခံနိုင်ကောင်းပါရဲ့လို့"

"မှန်ပါဘုရား၊ တပည့်တော် နားလည်ပါပြီဘုရား"

ဦးသာထူးကျော်တို့ လူစု ပြန်သွားသည်။ မိမိနေရာသို့ ရောက်လျှင် ကျန်လူများအား ရှင်းပြသည်။ ရှေ့အစီအစဉ်ကိုလည်း အကြမ်းဖျင်း တင်ပြသည်။ အားလုံးက လက်ခံကြသည်။ ပြန်ကျဲနေသော ဘဝတူ၊ ခံစားချက်တူ ရဲဘော်များကို သိမ်းသွင်းစည်းရုံးလျက် ရှိနေလေသည်။

✻✻✻✻✻✻✻✻✻✻

ဒီဇင်ဘာလ၏ ဆောင်းတစ်ည၊ သန်းခေါင်ယံကျော်ခဲ့ပြီ။ နံနက် ၂း၀၀ နာရီခန့် အချိန်။

လဆုတ်ရက်ပိုင်း အတော်များခဲ့ပြီမို့ အထွက်နောက်ကျသော စန္ဒာလမင်းကား ထွက်ပြူ၍ မလာသေး။ ကြယ်ကလေးများရှိသော်လည်း မိုးနှင်းမြူထုကို မထွင်းဖောက်နိုင်။ ဂနိုင်ဆီးသည် တောကြီးမြိုင်ယံ မြိုင်ကြီးငူသည် မှောင်နှင့် မည်းမည်း။ သစ်ရိပ်ဝါးရိပ်များဖြင့် ပို၍ နက်မှောင်နေသလား ထင်ရသည်။ စောစောပိုင်း ညဦးက ပျော်ပါးစွာ တီးမှုတ်ကခုန်ခဲ့သော နတ်ပွဲသည် အသံတိတ်၍ တိတ်ဆိတ်ငြိမ်သက်စွာ အိပ်မောကျနေသည်မှာပင် အတော်ကြာခဲ့ပြီ။ ဝန်းကျင်တစ်ခုလုံး အမှောင်ထုနှင့် တိတ်ဆိတ်မှုကသာ ကြီးစိုးနေသည်။ အသိစိတ်ကိုယ်စီဖြင့် တာဝန်ယူထားသော ကင်းသမားများကသာ အလှည့်ကျ လှုပ်ရှားမှုမဲ့ ငြိမ်သက်စွာ သတိဝီရိယဖြင့် နိုးကြား စောင့်ကြပ်နေကြသည်။ အများအားဖြင့်ကား ဆောင်းဝင်စ အေးမြမြ ညဉ့်လွှာရှိ

အောက်ဝယ် နှစ်ခြိုက်စွာ အိပ်မောကျနေကြသည်။

မင်္ဂလာသိမ်တော်ကြီးကို ရှစ်ခွင်ပတ်လည် ဘယ်ဆီမှ ကြည့်ကြည့် သစ်ပင်ချုံပုတ်များ၊ တောအုပ်အလယ်တွင် ထီးထီးကြီး တည်ရှိနေသည်ကို မြင်တွေ့နေရသည်။ ညက မှောင်မည်းသည်ဆိုငြား ဖွေးအောင် သုတ်ထားသော ထုံးဖြူကို အတော်လှမ်းလှမ်းမှ မြင်တွေ့နိုင်သည်။ သိမ်တော်ကြီးဘေးရှိ မြဘုန်းရောင်စေတီတော်မှ ဆည်းလည်းသံသည် လေခတ်လိုက်တိုင်း ညဥ့်ယံကို ထိုးဖောက်၍ ချိုမြသာယာစွာ ထွက်ပေါ်လာတတ်သည်။ ထိုအချိန် သိမ်တော်ကြီးအတွင်းဝယ် ဆရာတော်သည် အစော လေးတင်ကမှ တရားရှုမှတ်မှုကို ဖြတ်၍ ကျိန်းစက်အနားယူကာစ ဖြစ်သည်။ သိမ်တော်တွင်းဝယ် ဆရာတော်တစ်ပါးတည်းသာ အရေးရှိက ဒွါကာများ ဝင်ထွက်နိုင်ရန် တံခါးမကြီးကို စေ့ရုံသာ ပိတ်ထားသည်။ ကန့်လန့်ထိုးမထားချေ။

တံခါးမကြီး အပြင်ဘက်မှာ သက်တော်စောင့်အဖြစ် တာဝန်ယူထားသော စောရဲလွင်၊ သေနတ်ကို ရင်ခွင်ပိုက်၍ စောင့်နေသည်။ သိမ်ရှေ့တစ်ဆက်တည်းသော စောင်းတန်းအတွင်းမှာ အလှည့်ကျ ကင်းသမားအချို့ အိပ်မောကျနေသည်။ ထို့ပြင် သိမ်တော်၏ မနီးမဝေးမှာ တုတ်ဓားကိုင် အရပ်သား ကင်းသမားများ၊ ပြည်သူ့စစ်များ စောင့်ကြပ်နေကြသေးသည်။ မည်သို့ရှိစေ တစ်ချိန်က မုဆိုးလုပ်ခဲ့ဖူးသော စောရဲလွင်သည် အတွေ့အကြုံအရ သတိကို လွှတ်မထားချေ။ အမှောင်ထဲမှာပင် စွမ်းနိုင်သမျှ မျက်စိကို ဖွင့်ထားသည်။ နားကို စွင့်ထားသည်။

အများတစ်တွေ အိပ်စေကာမူ သူကားမအိပ်။ ထိုင်သည်။ ညောင်းလျှင် ထ၍ စင်္ကြံလျှောက်သည်။ တစ်ခါတစ်ရံ သေနတ်ကို ခေါင်းအုံးလုပ်၍ ခေတ္တလဲလျောင်းသည်။ သတိကိုကား တစ်ချက်ကလေးမှ အလွှတ်မပေး။ ကျင့်သားရထားပြီးဖြစ်သော မျက်လုံးအစုံဖြင့် အမှောင်ထု ပတ်လည်ကို မြင်နိုင်သမျှကြည့်သည်။ လှုပ်ရှားမှုမှန်သမျှကို သတိထားသည်။ ထူခြားသော အသံများ ကြားရနိုး နားစွင့်ထားသည်။

အရေးထဲ ပါးစပ်က ချဉ်လာသည်။ ဆေးတံသောက်ချင်လာသည်။ ဆေးတံက ပါမလာ။ သိမ်ရှေ့စောင်းတန်းဘေးမှာ ပိန္နဲပင်တစ်ပင် ရှိသည်။ သေနတ်ကို လွယ်ကာ ထသွား၍ ပိန္နဲရွက်အစိုတစ်ရွက်ခူးသည်။ လက်ညှိုးလုံးခန့် ကန်တော့ချွန်သဏ္ဌာန် ဖွဖွလေး လိပ်လိုက်သည်။ လက်တစ်ဆစ်စာမျှ ချိုးခေါက်လိုက်သည်။ ဆေးတံသေးသေးလေးတစ်လုံး ဖြစ်လာသည်။ အသင့်ပါလာသော ဆေးလေးအနည်းငယ်ကို ထည့်သိပ်သည်။ ဆရာတော် ကျင်ငယ်

စွန့်ရန် ပြုလုပ်ထားသော ပဿာဝကုဋီတွင်းဝင်၍ မီးညှိဖွာနေလိုက်သည်။

ဇိမ်နှင့်အရသာခံကာ ဖွာနေ၍ မဖြစ်။ ခပ်မြန်မြန်ပင် ရှူဖွာပြီး မိမိနေရာသို့ ပြန်လာခဲ့သည်။ ဆေးတံဖွာချိန်မှာ ငါးမိနစ်ခန့်ပင် မကြာ။ အာသာပြေရုံမျှ ဖွာခြင်းဖြစ်သည်။ နေရာသို့ ပြန်လာရာ မရောက်သေးမီ သိမ်၏ အရှေ့တောင်ထောင့်တောအုပ်မှ မည်းမည်းအရိပ်တစ်ခု ရိပ်ခနဲ လှုပ်ရှားသွားသည်ကို မြင်လိုက်သည်။ နေရာသို့ အရောက်မသွားတော့ဘဲ သိမ်ရှေ့ထောင့်စွန် အုတ်နံရံကို မှီကပ်၍ စောင့်ကြည့်နေလိုက်သည်။ အရိပ်မည်းသည် ဆက်လက်လှုပ်ရှားလာပြီး သိမ်နယ်နိမိတ်အတွင်းသို့ ချွတ်နင်းဝင်ရောက်လာနေသည်။

စောရဲလွင် သတ်ကြီးစွာထားသည်။ မည်သည့်လှုပ်ရှားမှုကိုမှ မဖြစ်စေဘဲ အရိပ်မည်းကိုသာ စူးစိုက်ကြည့်နေသည်။ လူတစ်ယောက်ဖြစ်သည်။ မည်သူနည်း၊ မိမိတို့အထဲက လူလော၊ မဖြစ်နိုင်။ သည်ထဲက လူဆိုလျှင် ယခုလို မဝံ့မရဲ ချွတ်နင်းလာမည်မဟုတ်။ သွားလာနေကျအတိုင်း ရဲရဲတင်းတင်း ဝင်လာမည်သာ။ ယခုမူ အတတ်နိုင်ဆုံး ခြေသံကို လုံအောင် သတိထား၍ ဖြည်းဖြည်းချင်း ချဉ်းကပ်လာနေသည်။ မှောင်ရိပ်မှာ ကပ်နေသော စောရဲလွင်က မြဘုန်းရောင်စေတီကို နောက်ခံထား၍ ထိုသူကို အထင်းသား မြင်နေရသည်။

ထိုလူသည် ဖြည်းဖြည်းချင်း ချဉ်းကပ်လာနေသည်။ စောရဲလွင်ကို ဖြတ်ကျော်စဉ်မှာ တစ်ဦးနှင့်တစ်ဦး နှစ်တောင်သော်မှမကွာ။ စောရဲလွင်သည် အသက်ကို မရှူမိအောင် အောင့်ထားလိုက်သည်။ မျက်စိက လှုပ်ရှားမှုကို ထပ်ကြပ်မကွာ လိုက်ကြည့်သည်။ စောရဲလွင်အား ကျော်ခဲ့ပြီ။ တစ်လှမ်း၊ နှစ်လှမ်း၊ သုံးလှမ်း။ နောက်တစ်လှမ်းဆို သိမ်ပေါ်သို့ တက်သော လှေကားခုံပေါ်သို့ တက်တော့မည်။

စောရဲလွင် လျင်မြန်စွာ လှုပ်ရှားလိုက်သည်။ သူ့အား ကျော်သွားပြီဖြစ်သော ထိုသူကို နောက်ကျောမှ လျှပ်တစ်ပြက် ခုန်အုပ်လိုက်သည်။ တစ်ဆက်တည်း လည်ပင်းကို တံတောင်ဆစ်ကွေးဖြင့် ဖမ်းညှစ်ထားလိုက်သည်။ ထိုသူရုန်းသည်။ စောရဲလွင်သည် အခြားလက်တစ်ဖက်ဖြင့် ခါးကြားမှ ဓားမြောင်ကို ဆွဲထုတ်ပြီး ခတ်ဆတ်ဆတ်ကလေး ထိုးလိုက်သည်။ ပြောင်နေအောင် ထက်မြနေသော ဓားမြောင်ဦးက အဝတ်ကို ထိုးဖောက်၍ အသည်းကို ထိသွားသည်။ တွန့်ခနဲ ဖြစ်သွားသည်။

"မလှုပ်နဲ့၊ ငြိမ်ငြိမ်နေ၊ လက်မြှောက်ထား၊ တွေ့တယ်မဟုတ်လား၊ တအားဆောင့်ထိုးလိုက်မယ်"

မလှုပ်ရဲတော့။ လက်မြှောက်သည်။ စောရဲလွင်သည်လည်ပင်းညှစ်ရင်း၊ ဓားထောက်ရင်းအနေအထားအတိုင်း စောင်းတန်းအတွင်းသို့ တွန်းတွန်းပို့ပို့ ခေါ်ခဲ့သည်။ အိပ်နေသော ဖားတဗလုကို ခြေဖြင့် ကန်နှိုးလိုက်သည်။

"ဟေ့ကောင် ဖားတဗလု၊ ထစမ်း မြန်မြန်"

ဖားတဗလု လူးလဲထသည်။

"လွယ်ထားတဲ့ ငါ့သေနတ်ကို မြန်မြန်လာဖြုတ်စမ်း၊ ပြီးတော့ ဒီကောင့်ချိန်ထား၊ လှုပ်တာနဲ့ ပစ်ထည့်လိုက်"

ညွှန်ကြားချက်အတိုင်း လိုက်လုပ်သည်။ သေနတ်ဖြင့် ချိန်ထားပြီးနောက် စောရဲလွင်သည် ဓားမြှောင်ကို လည်ပင်းညှစ်ထားသောလက်သို့ ပြောင်းထည့်ပြီး ရင်ညွှန့်ကို ထောက်ထားလိုက်သည်။ ရန်သူမိတ်ဆွေ မကွဲပြားသေးသဖြင့် ညှာနေ၍မဖြစ်။ ခတ်ဆတ်ဆတ်လေး အားစိုက်လိုက်သည်။ အင်္ကျီပေါက်၍ အသားကို ထိသွားပြန်သည်။ ဆတ်ခနဲ တွန့်သွားပြန်သည်။

"မလှုပ်နဲ့ ပြောထားတယ် မဟုတ်လား၊ နောက်တစ်ခါ ထပ်လှုပ်ကြည့်၊ ဓားမြှောင်အမြုပ်ပဲ။ ဖားတဗလု၊ မင်း သေသေချာချာကြည့်နေ။ လှုပ်တာနဲ့ ပစ်ထည့်လိုက်"

လုံးဝမလှုပ်ရဲတော့။ စောရဲလွင်သည် အားသွားသောလက်ဖြင့် ထိုသူ့ကိုယ်ကိုစမ်းသည်။ ခါးကြားမှာထိုးလာသော ပစ္စတိုတစ်လက်ကိုစမ်းမိသည်။ ဆွဲထုတ်၍ သူ့ခါးကြားမှာ ထိုးထားလိုက်သည်။ ဆက်လက်စမ်းပြန်ရာ လွယ်ထားသော ခရီးဆောင် ကျောပိုးအိတ်ငယ်တစ်လုံးကို တွေ့သည်။ အိတ်ထဲမှာ မာမာအလုံးများကို စမ်းမိသည်။ အိတ်ကို ချွတ်ယူလိုက်ပြီး အောက်ချထားလိုက်သည်။ နောက်ထပ် စမ်းကြည့်ရာ ဘာမှ မတွေ့တော့မှ ခါးကြားမှ ပစ္စတိုကို ထုတ်၍ နောက်ကျောမှ ထောက်လိုက်သည်။

"ဖားတဗလု၊ ငါ့နေရာမှာ ကြိုးသွားယူ"

ဖားတဗလု ထွက်သွားပြီး လက်မခန့်တုတ်သော နိုင်လွန်ကြိုးတစ်ခွေ ယူလာသည်။

"ဒင်းကို လက်ပြန်ကြိုးချည်"

ထိုသူက ရုန်းချင်သည်။ ရုန်းသည်နှင့်အမျှ အားစိုက်ထားသော ဓား

မြှောင်ဦးက ရင်ဝအသားထဲ စူးနစ်ဝင်သွားသည်မို့ မရုန်းဝံ့တော့။ နောက်ကျောမှ သိုင်းဖက်ထားပြီး လည်ပင်းဖက်ထားသည်မို့ မြှောက်ထားသော ယက်ကို လက်ပြန်ကြိုးတုပ်ရသည်မှာ မလွယ်လှ။ တစ်ဖက်ကို အရင်ချည်ပြီးကာမှ အခြားတစ်ဖက်ကို ယူကာ ပူးတွဲနေသော ခန္ဓာကိုယ်နှစ်ခု ကြားမှ ခက်ခက်ခဲခဲ ချည်ရသည်။ ကြိုးတုပ်ပြီးလျှင် -

"ကြိုးစကို စောင်းတန်းတိုင်မှာ ချည်ထားလိုက်"

ချည်ပြီးကာမှ လွှတ်ပေးလိုက်သည်။ ရင်ဝကို ပစ္စတိုနှင့် ချိန်ထားလိုက်သည်။

"ဖားတဗလု၊ မီးထွန်းကွာ၊ ပြီးတော့ သေနတ်နဲ့ ဆက်ချိန်ထား"

ဖယောင်းတိုင်မီး လင်းလာသည်။

"မင်းဘယ်သူလဲ"

"........"

"ပြောလေ၊ မေးနေတယ်၊ ပစ်ထည့်လိုက်ရမလား"

"ကျွန်တော်.......ပါ"

"တစ်ယောက်တည်းလား၊ ဘယ်သူပါသေးသလဲ"

"တစ်ယောက်ထည်းပါ"

"ဘာလာလုပ်တာလဲ"

"..........."

"မေးနေတယ်၊ ပြောလေ"

"............."

သေနတ်ပြောင်းဝဖြင့် ရင်ညွန့်ကို ဆက်ထိုးလိုက်သည်။

"မေးနေတာဖြေကွ၊ ပစ်ထည့်လိုက်ရမလား"

"မလုပ်ပါနဲ့၊ ပြော...ပြောပါ့မယ်"

"အေး...ပြော၊ ဘာလာလုပ်သလဲ"

"ဆရာတော်ကို လုပ်ကြံဖို့ ခိုင်းလိုက်လို့ပါ"

"ဟေ...ဘာ...ဆရာတော်ကို လုပ်ကြံဖို့"

"ဟုတ်တယ်၊ ဆရာတော်ကိုရော သိမ်ကိုပါ ဖောက်ခွဲခိုင်းလိုက်တယ်"

စောရဲလွင် စော၈၅၁၅၅အတက် သတ်ရလိုက်သည်။ ကောက်ယူနှိုက်ထုတ်ကြည့်သည်။ မင်းဂွတ်သီးနှင့်ပုံစံတူ၊ အရွယ်တူ လက်ပစ်ဗုံးခြောက်လုံး။

"မင်းဟာ ကေအင်န်ယူထဲကလား"

"မဟုတ်ပါဘူး၊ အရပ်သားတစ်ဦးပါ"

"အရပ်သားတစ်ဦးက ဘာဖြစ်လို့ ဆရာတော်ကို လုပ်ကြံချင်ရသလဲ"

"ဗိုလ်ဂျော်နီက ခိုင်းလိုက်လို့ပါ"

"ဩ. . . ဂျော်နီက ခိုင်းလိုက်သတဲ့လား မင်းက ဘာလို့ လုပ်ပေးသလဲ"

"ဘတ်ငွေ သောင်းငါးထောင်ပေးတယ်၊ ကိစ္စအောင်မြင်ရင် နောက်ထပ် သုံးသောင်းခွဲ ထပ်ပေးဦးမတဲ့"

အဖြေက ရှင်းနေပြီ။

"မင်းတော်တယ်၊ သတ္တိရှိသားပဲ။ အမှန်အတိုင်းပြောရဲတယ်။ အေးကွာ၊ ယောကျ်ားပဲ၊ လုပ်ရဲရင်ခံရဲရမှာပေါ့။ ဟေ့. . ဖားတဗလု၊ တိုင်ကကြိုးဖြေကွာ"

"ကျွန်တော့်ကို ဘယ်ခေါ်သွားမလို့လဲ၊ ကျွန်တော့်ကို မသတ်ပါနဲ့၊ တောင်းပန်ပါတယ်"

"မသတ်ပါဘူးကွာ၊ ဒီနားမှာ ဆရာတော်အတွက် လာစောင့်နေတဲ့ သူကများတယ်။ ဆရာတော်ကို လုပ်ကြံဖို့လာတယ်ဆိုတာသိရင် မင်းကို အရိုးတခြား၊ အသားတခြား ဆုတ်ပစ်လိမ့်မယ်။ ဒီညအဖို့ မင်းကို လုံခြုံတဲ့နေရာမှာ သွားထားမလို့ပါ။ ဖားတဗလု၊ မီးမှုတ်လိုက်၊ ဓာတ်မီးထိုး၊ ရှေ့ကသွား"

ဖားတဗလု ရှေ့ကသွားသည်။ အလယ်မှာ ထိုလူ။ စောရဲလွင်က ကြိုးစကို လက်တစ်ဖက်မှကိုင်၊ တစ်ဖက်မှ ပစ္စတိုချိန်ရင်း နောက်မှ လိုက်သည်။ လုံခြုံစိတ်ချရမည်ထင်သောနေရာကို ရှေးရှုလျက် သွားနေကြသည်။ အရှေ့လောကဓာတ်မှ အလင်းရောင် အနည်းငယ် ပျို့တက်လာနေသည်။ မကြာမီ လဆုတ်လကွေး အလင်းရောင် ပေးချေတော့မည်။

မြိုင်ကြီးငူပတ်ဝန်းကျင်တစ်ခုလုံး အေးချမ်းစပြုနေသော ဆောင်းညရင်ခွင်ဝယ် နှစ်ခြိုက်စွာ အိပ်မောကျနေသည်။ ဘာဖြစ်၍ ဘာဖြစ်နေသည်ကို မသိ။ အိပ်မက်လှလှလေးများ ကိုယ်စီမက်နေလိမ့်ဦးမည် ထင်သည်။ မိမိအသက်ကို လုပ်ကြံရန် ရောက်လာသည့်အဖြစ်ကို ဆရာတော်သော်မှ သိတော်မမူချေ။

ဦးသာထူးကျော်သည် စုစည်းရမိသော စိတ်တူကိုယ်တူ ရဲဘော် ၇၀ နှင့်အတူ ရှေးဦးစွာ ရောက်လာသည်။ သုံးရက်ခြား၍ ဦးလာဘနှင့် ရဲဘော် ၆၃ ယောက် ရောက်လာကြသည်။ ၎င်းတို့လာခဲ့စဉ်မှာ ရုံးလုပ်ငန်းဆိုင်ရာ ပစ္စည်းများကို လက်နှိပ်စက်အပါအဝင် ယူဆောင်လာခဲ့ကြသည်။ ရောက်ရောက်ချင်း မြိုင်ကြီးငူမှာ နောက်တန်းကွပ်ကဲရေးရုံး ဖွင့်လိုက်သည်။

၎င်းတို့ ရောက်ပြီး ရက်များမကြာမီမှာ ဗိုလ်မိုးညိုနှင့် ရဲဘော် ၃၀ ကျော်သည်လည်းကောင်း၊ ဗိုလ်ချုပ်ယွာဟော့နှင့် ရဲဘော် ၁၀ ဦးသည် လည်းကောင်း ထပ်မံရောက်ရှိလာကြပြန်သည်။

ဗိုလ်မောင်ကြည်သည် ကေအင်န်ယူမှ စစ်ကြောင်းမှူးတစ်ဦး ဖြစ်သည်။ မကြာမကြာဆိုသလို စစ်ကြောင်းထွက်ရင်း မြိုင်ကြီးငူသို့ ရောက်လာလေ့ရှိသည်။ ရောက်လေတိုင်းမှာ ဆရာတော်ရှိလျှင် ဆရာတော်အား ဖူးမြော်၍ စကားစမြည်ပြောလေ့ရှိသည်။ ဆရာတော်နှင့် ရင်းနှီးကျွမ်းဝင်ပြီး ဖြစ်သည်။

ဆရာတော်သည် ၄၉ လ အဓိဋ္ဌာန်ဝင်ပြီးနောက် သူးမွဲထမှာ အနေအခင်း ရှုပ်ထွေးနေမှု အရှိန်အဟုန် စတင်ချိန်မှာ ဗိုလ်မောင်ကြည် ရောက်လာပြန်သည်။ ဆရာတော်နှင့် ဆွေးနွေးသည်။ လျှောက်ထားမေးမြန်းရာ ဆရာတော်က အဖြစ်မှန်ကို ခရေစေ့တွင်းကျ ပြောပြသည်။ ဗိုလ်မောင်ကြည် ရင်ကွင်းမှာ ခံပြင်းမှု၊ နာကြည်းမှုတွေ ပေါက်ကွဲထွက်လာသည်။ သို့သော် မိမိအနေဖြင့် မည်သို့မှ မတတ်နိုင်။ မခံချင်စိတ်ဖြင့် ထလုပ်လိုက်ချင်သည်။ မြင်းမိုရ်တောင်ကို လက်သီးဖြင့် ထိုးသည်သို့သာ ရှိမည်။

မည်သို့ လုပ်ရပါ့ဟူသော အတွေးဖြင့် ဆရာတော့်ထံပါးမှ ဖဲခွာခဲ့သည်။ စဉ်းစားလေ စိတ်ညစ်လေဖြစ်လာသည်။ ရံဖန်ရံခါသာ သောက်လေ့ရှိသော အရက်ကို သည်တစ်ခါ မူးအောင် သောက်၍ ရင်းပိုင်းချောင်းဝသို့ တက်လာခဲ့သည်။ ရင်းပိုင်းချောင်းဝမှာ တပ်စွဲထားသော ဒု-တပ်ခွဲမှူး ဗိုလ်ကြီးထွန်းလှိုင် (ယခု ဗိုလ်ချုပ်ထွန်းလှိုင် )ရှိနေသည်။ အကြံဉာဏ်တောင်းကြည့်မည် အတွေးဖြင့် ဗိုလ်ကြီးထွန်းလှိုင်နှင့် တွေ့သည်တွင် ကြားသိစ သတင်းစကားများကို အိတ်သွန်ဖာမှောက် ပြောပြသည်။ ပြောရင်းမှ ဆရာတော်အတွက်၊ ဘာသာအတွက်၊ ပြီးတော့ မိမိဘာသာဝင်များ အဖိနှိပ်ခံနေရသည့်အတွက် စသည်တို့ကြောင့် ဝမ်းနည်းလာသည်။ မျက်ရည်များ တွေတွေစီးကျကာ အားပါးတရ ငိုချလိုက်မိလေသည်။ ဗိုလ်ကြီးထွန်းလှိုင်က -

"ငါ့တူ၊ ငိုမနေနဲ့ကွ၊ ဒါ ငိုနေလို့ပြီးတဲ့ကိစ္စ မဟုတ်ဘူး။ ဦးလေး ရှိတယ်ကွာ၊ ဦးလေးကြည့်စီစဉ်မယ်၊ မြိုင်ကြီးငူမှာ တပ် (အစိုးရတပ်) ရှိနေသလား"

"အစိုးရတပ်တော့ မရှိဘူး၊ သောလယ်ထတို့က ပြောင်းသွားတဲ့ ကန်ညီနောင်ရွာသားတွေ၊ တာခုလော်ကြီးက တောင်ပေါ်ရွာသားတွေနဲ့ နီးနား ဝန်းကျင်က ရွာသားတွေပဲရှိတယ်"

"တပ်မရှိရင် ပြီးကွာ၊ ဦးလေးသွားမယ်၊ ဆရာတော်နဲ့ သွားတွေ့မယ်။ သတင်းမှန်ကို ရယူမယ်။ အခြေအနေမှန်ကို သုံးသပ်မယ်။ ပြီးတော့မှ ဘာ ဆက်လုပ်ရမယ်ဆိုတာ စဉ်းစားမယ်။ ပြောနေကြာတယ်ကွာ၊ ခုပဲသွားမယ်"

သွားမယ်သာဆိုသည်၊ ဗိုလ်ကြီးထွန်းလှိုင်သည် ရှေးယခင်က မြိုင်ကြီးငူသို့ တစ်ခေါက်တစ်ခေါက်မှ မရောက်ဖူးလေခဲ့။ ပြီးတော့ မြိုင်ကြီးငူ ၏ တစ်ဖက်ကမ်း ကမမောင်းမှာ အစိုးရတပ်ရှိသည်။ "မတော်ဆုံနေမှဖြင့်" အတွေးက စိုးရွံ့စေသည်။ ကြောက်သလားမေး၊ ကြောက်တော့မကြောက်။ သို့သော် နည်းနည်းတော့ လန့်ချင်သား။ မြိုင်ကြီးငူဆရာတော်ဆိုသူနှင့်လည်း တွေ့ရဦးမည်။ "ရဲဆေးတော့ နည်းနည်းတင်သွားမှ" တွေးကာ အရက်ကို မူးအောင် သောက်လိုက်သည်။ သောက်စက နည်းနည်းလေးပါ။ သောက်ရင်း တွေးရင်း၊ တွေးရင်း သောက်ရင်းဖြင့် ကြောက်စိတ်ပျောက်သည်ထိဆို တော် တော်တော့ များသွားသည်။ သည်တော့မှ ရေချိန်ပြည့်လာသည်။ အရာရာကို ထိမထင်ဖြစ်လာသည်။

"ဦးငှေလေး ဆရာတော်နဲ့ သွားတွေ့မယ်၊ ငါ့တူ စောင့်နေနှင့်" မှာကြား ကာ ညနေအတော်စောင်းလောက်မှ မူးမူးရူးရူးဖြင့် လှေစီးဆင်းခဲ့သည်။ မြိုင်ကြီးငူရောက်သော် မိုးချုပ်စပြုပြီ။

"ဆရာတော် ဘယ်မှာလဲ" တွေ့ရာလူကို မေးသည်။ လူကောင်း လော၊ လူဆိုးလော၊ သူ့လူလော၊ ကိုယ့်လူလော မသိကြသဖြင့် မည်သူကမှ တိတိပပ မညွှန်ပြကြ။

"မဟုတ်ဘူးလေ၊ ကျွန်တော်က အခုဖြစ်နေတဲ့ ကိစ္စအပေါ် အကောင်းဆုံးဖြစ်စေလိုလို့ ဆရာတော်နဲ့ တွေ့ဆုံဆွေးနွေးဖို့ လာခဲ့တာပါ" ဟု ဆိုတော့မှ စာချဆရာတော် ဦးဉာဏိက (ယခု တိုက်အုပ်ဆရာတော်)နှင့် တွေ့ခွင့်ပေးသည်။ အကျိုးအကြောင်း လျှောက်ထားသည်။ တွေ့ရစေပါမည် ဟု ဆိုကာ မင်္ဂလာသိမ်တော်ရှေ့သို့ ခေါ်ခဲ့သည်။ သိမ်ရှေ့ကုလားထိုင်ပေါ်မှာ အရွယ်မကြီးသေးသော ရဟန်းတစ်ပါးထိုင်နေသည်။ ထိုရဟန်းက ဗိုလ်ကြီး ထွန်းလှိုင်ကိုခေါ်ကာ သိမ်တွင်းသို့ ဝင်ခဲ့သည်။ အစမှ အဆုံးတိုင် အကြမ်းဖျင်း ပြောပြသည်။ တော်တော်စုံစုံလင်လင် ပြောပြီးသည်တွင် -

"အရှင်ဘုရား ပြောတာတော့ ဟုတ်ပါပြီ၊ တပည့်တော် အခုလာတာ မြိုင်ကြီးငူဆရာတော်နဲ့ တွေ့ဖို့လာတာပါ။ ဘယ်မှာပါသလဲဘုရား"

"မြိုင်ကြီးငူဆရာတော်ဆိုတာ ငါလေဟ၊ ငါပဲ" ဟု ထိုရဟန်းက ရင်ကို ပုတ်၍ ပြောသည်။ ရီဝေနေသော ဗိုလ်ကြီးထွန်းလှိုင်၏ မျက်လုံးများ ပြူးကျယ်ကြည်လင်သွားသည်။ အရက်မူးသော်မှ ပြေသလိုလိုရှိလာသည်။ အံ့အားသင့်ကာ အငေးသား ကြည့်နေမိသည်။ ဆရာတော်ဆို၍ မိမိက ထင်ခဲ့သည်။ သက်တော်အရွယ်တော် ကြီးရင့်ပြီး တုန်ချည့်တုန်ချည့်မဟုတ်သော်မှ အံ့ရွယ်တော် ဟိုင်း၍ ဇရာပိုင်းသို့ ဝင်နေပြီထင်ခဲ့သည်။

မှားလေစွ၊ မိမိလို ဒေါင်ကောင်းသူနှင့်စာလျှင် အရပ်နိမ့်သည်။ ရဟန်းပျို ရဟန်းငယ်တစ်ပါးဟုသာ ထင်စရာရှိသည်။ အသက်က ရှိလွန်းလှ ၄၀ ပင် ပြည့်မည်မထင်။ သွားလာပြောဆိုပြုမူလှုပ်ရှားမှုမှာ သွက်လက်လျင်မြန်လွန်းနေသည်။ အဘယ်မှာ ဆရာတော်ဟု ထင်ပါမည်နည်း။ ကိုယ်တော်တိုင် ပြော၍သာ ယုံလိုက်ရသည်။

ဆရာတော်နှင့် အတော်အသင့် ဆွေးနွေးပြီးနောက် ညတွင်းချင်းပင် ပြန်လာခဲ့သည်။ ရောက်သည်နှင့် ဗိုလ်မောင်ကြည်အား -

"ဟေ့. . . ငါ့တူ၊ ငိုမနေနဲ့တော့ဟေ့။ ချမှဖြစ်တော့မယ်။ ဒင်းတို့ တော်တော်လွန်နေပြီ။ ကျောင်းမှန်းကန်မှန်းသိအောင် တစ်ပွဲတစ်လမ်းတော့ ပြမှ ဖြစ်တော့မယ်။ ဟို (မြိုင်ကြီးငူ)မှာ ဘားအံမြို့နယ် ဥက္ကဋ္ဌ ဖဒိုသာထူးကျော်ကို့ရော၊ အတွင်းရေးမှူး ဦးလာဘကို့ရော၊ ဗိုလ်မှူး သူရိန်တို့ပါ ရောက်နေကြပြီ။ ဗိုလ်ချုပ်ယွာဟော့လည်း ရောက်နေတယ်။ မြိုင်ကြီးငူမှာ နောက်တန်းကွပ်ကဲရေးစခန်း ဖွင့်ထားပြီကွ။ ဗိုလ်ကျော်သန်းတို့၊ ဗိုလ်ဖားမီးတို့၊ ဗိုလ်အောင်ငွေတို့က ရှေ့တန်းမှာ ရဲဘော်တွေနဲ့အတူ ဒင်းတို့ကို ခံချဖို့ စည်းရုံးနေကြပြီ"

"ဟုတ်တယ်လေ"

"ဒီတော့ ငါ့တူလည်း ငါ့တူလူတွေစု၊ ငါလည်း ငါ့တပ်တွေစုပြီး မြိုင်ကြီးငူ ဆင်းကြမယ်။ ဟိုမှ သွားပူးပေါင်းမယ်။ ဘာဆက်လုပ်ကြမယ်ဆိုတာ ဟိုရောက်မှ စဉ်းစားကြတာပေါ့"

ဗိုလ်ကြီးထွန်းလှိုင်သည် မိမိတို့အား ညွှန်ကြားလိုက်သည်။

"ဘယ်သူမှ ဌာနချုပ်ကို မပြန်ကြရတော့ဘူး၊ အားလုံး ငါနဲ့အတူ မြိုင်ကြီးငူ ဆင်းကြရမယ်" ဟူ၍။

သို့ဖြင့် -

ဗိုလ်ကြီးထွန်းလှိုင်နှင့် တပ်သား ၆၀ ကျော်။

ဗိုလ်မောင်ကြည်နှင့် တပ်သား ၁၀ ကျော်။

ဗိုလ်မြင့်သန်းနှင့် တပ်သား ၂၀ ကျော်တို့သည် နောက်တစ်နေ့မှာပင် မြိုင်ကြီးငူသို့ ဆင်းခဲ့လေတော့သည်။

**********

သူးမွဲထ အရေးအခင်းကို အကြောင်းပြုကာ ကေအင်န်ယူ လက်နက်ကိုင်ရဲဘော်များ တစ်စုစီ၊ တစ်ဖွဲ့စီ ရောက်လာကြသည်။ ရောက်လာကြသည်ဆိုငြား တစ်ဖွဲ့နှင့်တစ်ဖွဲ့ မသိထားခဲ့ကြ။ တွေ့မြင်ဖူးသော်မှ မရှိခဲ့ကြ။ ခံပြင်းချက်၊ နာကြည်းချက်အပေါ် အရင်းတည်၍သာ ရောက်လာကြခြင်း ဖြစ်သည်။ ဖဒိုကျော်ယာယု၊ မန်းနေလင်းအောင်၊ ဖဒိုဘညွန့်စံတို့သည်လည်း မရှေးမနှောင်း ထပ်မံရောက်ရှိလာကြပြန်သည်။ သည်ကာလအတွင်း -

၁။ ဆရာတော်အား လုပ်ကြံရန် ကြံစည်သည့်သတင်းနှင့်

၂။ ဖဒိုအချို့နှင့် ကေအင်န်ယူ ရဲဘော်အချို့တို့ လာရောက်ပူးပေါင်းကြသည့်သတင်းတို့မှာ တောမီးထက်ပင် အရှိန်ပြင်းစွာ ပျံ့နှံ့မှု မြန်ဆန်လွန်းလှသည်။ ကေအင်န်ယူ တပ်ဖွဲ့အသီးသီးမှာ ခေတ်မီဆက်သွယ်ရေး စကားပြောစက်များ ကိုယ်စီရှိသည်။ တစ်ဦးနှင့် တင်ဦး၊ တစ်ဖွဲ့နှင့် တစ်ဖွဲ့ စက်ဖြင့်ဆက်သွယ်ပြောကြားအသိပေးခြင်း၊ သတင်းအပေးအယူလုပ်ခြင်းတို့ကြောင့် ဤမျှ မြန်ဆင်ရခြင်းဖြစ်သည်။

ရရှိသော သတင်းအချက်အလက်ပေါ် မူတည်၍ စိတ်ဓာတ်ပြင်းထန်သူများ၊ ခံယူချက် ပြင်းပြသူများသည် ရှေ့တန်း (သူးမွဲထ)နှင့် နီးလျှင် ရှေ့တန်း၊ နောက်တန်း (မြိုင်ကြီးငူ)နှင့် နီးလျှင် နောက်တန်းတို့သို့ လာရောက်ပူးပေါင်းကြသည်။

သို့ဖြင့် စခန်းနှစ်ခုလုံးတွင် ကေအင်န်ယူမှ ခွဲထွက်လာသော ဗုဒ္ဓဘာသာကရင်ရဲဘော်များ ရက်ပိုင်းအတွင်း တိုးပွားလာနေလျက်ရှိပေတော့သည်။ တပ်ဖွဲ့အသီးသီးသည် နေရာအသီးသီးမှ ရောက်လာကြသည်ဆိုငြားသူတို့၏ ဦးတည်ချက်က တစ်ခုသာရှိသည်။ ယင်းကား မြိုင်ကြီးငူဆရာတော်သာဖြစ်သည်။ ကြည်ညိုရင်းစွဲ ရှိထားသည်။ အားထားသမှုလည်း ပြုသည်။

ဆရာတော် စွမ်းစွမ်းဝါမံ သာသနာပြုချက်ကိုလည်း အားလုံးကြားသိထားပြီး သား ဖြစ်သည်။

သည်သို့သော ဆရာတော်ကိုမှ ကြုံရက်လေဟူသော အတွေး၏ နောက်တွင် ဘာသာရေးခွဲခြား၍ သွေးခွဲအုပ်ချုပ်ပုံမှအစ မကျေနပ်ချက်များ ပွင့်ထွက်လာသည်။ ယင်းမှ တစ်ဆက်တည်း နှစ်ပေါင်းများစွာက မိမိတို့အပေါ် ပြုမူလုပ်ဆောင်ချက်အပေါ် အောင့်အည်းမျိုသိပ်ထားခဲ့ရသော ခံစားချက်များ သည်လည်း မကျေနပ်မှုစီးကြောင်းတစ်လျှောက်နှင့်အတူ ပေါင်းဆုံ၍ စီးထွက် လာသည်တွင် ဒီကေဘီအေ ဟူသော အဖွဲ့အစည်းတစ်ရပ် မွေးဖွားခဲ့ရလေ တော့သည်။

မြိုင်ကြီးငူမှာ လာရောက်ပေါင်းဆုံမိကြပြီးနောက် ၂၀-၁၂-၉၄ ရက် နေ့မှာ ပဏာမညှိနှိုင်းဆွေးနွေးကြသည်။

၂၁-၁၂-၉၄ ရက်နေ့မှာ "တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုး သားများ အစည်းအရုံး" (DKBA, Democratic Kayin Buddhist Association) အမည်ဖြင့် အဖွဲ့အစည်းတစ်ရပ်ကို ထူထောင်လိုက်ကြသည်။ ထိုနေ့ နေ့စွဲဖြင့်ပင် အောက်ပါကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။

## တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားများ အစည်းအရုံး ကြေညာချက်အမှတ် (၁/၉၄)

၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်

၁။ အေးချမ်းသာယာသော ကရင်ပြည်နယ် ထူထောင်ရေးအတွက် ၁၃၅၆ ခုနှစ်၊ နတ်တော်လဆုတ် (၄)ရက် (၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလ (၂၁)ရက် နေ့တွင် အစည်းအရုံး (DKBA, Democratic Kayin Buddhist Association) ကို ဖွဲ့စည်းလိုက်သည်။

၂။ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားများ အစည်းအရုံး၏ အကြမ်းဖျင်းလုပ်ငန်းစဉ်များစွာ အောက်ပါအတိုင်း ဖြစ်သည်။

(က) ကရင်ပြည်နယ်အတွင်းရှိ လူမျိုးစုအားလုံး၏ အေးချမ်းသာယာ သောဘဝ ထူထောင်ရေးကို ဆောင်ရွက်မည်။

(ခ) ကရင်ပြည်နယ်အတွင်းရှိ လူမျိုးစုအားလုံး၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေး ရှေးရှုဆောင်ရွက်မည်။

(ဂ) ကရင်ပြည်နယ်အတွင်းရှိ လူမျိုးစုအားလုံး၏ စီးပွားရေး တိုးတက်မှု

ကို ရှေးရှုဆောင်ရွက်မည်။

(ဃ) ကရင်ပြည်နယ်အတွင်းရှိ လူမျိုးစုအားလုံး၏ အမျိုးဘာသာ သာသနာ၊ ယဉ်ကျေးမှု ထုံးတမ်းစဉ်လာများ တည်တံ့ခိုင်မြဲထွန်း ကားရေးအတွက် အစွမ်းကုန် ကြိုးစားဆောင်ရွက်သွားမည်။

၃။ ဖွဲ့စည်းပုံအသေးစိတ်ကို သီးခြားထုတ်ပြန်သွားမည်။

တိုးတက်သော
ဗုဒ္ဓဘာသာကရင်အမျိုးသားများ
အစည်းအရုံး

ဒီကေဘီအေ ဖွဲ့စည်းရာတွင် ဦးစီးဦးဆောင်သူအဖြစ် မြိုင်ကြီးငူ ဆရာတော် အပါအဝင် ဆရာတော် ၆ ပါးကို နာယကအဖွဲ့ဝင်ဆရာတော် များအဖြစ် ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

၁။ ဆရာတော် ဦးသုဇန
၂။ ဦးဉာဏိက
၃။ ဦးစန္ဒောဘာသ
၄။ ဦးကောဏ္ဍည
၅။ ဦးခေမိက
၆။ ဦးစန္ဒိယ တို့ဖြစ်သည်။

မိမိတို့အား နာယကဆရာတော်အဖြစ် တင်မြှောက်ခြင်းနှင့် ပတ် သက်၍ မြိုင်ကြီးငူဆရာတော်က

"ဒကာတို့က နာယကဆရာတော် လိုအပ်တယ်ဆိုလို့သာ လက်ခံ လိုက်ရတယ်၊ ဟိုးအစောပိုင်းကတည်းက ဦးသာထူးကျော်ကို ပြောပြီးသား ကပဲ။ ဒီအရေးအခင်းဟာ ပါးစပ်နဲ့ တဒိုင်းဒိုင်းပစ်ရုံနဲ့ ပြီးမှာမဟုတ်တဲ့အတွက် လုပ်သင့်လုပ်ထိုက်တာတွေကို ဒကာတို့ကသာ လုပ်ကြ။ ဘုန်းကြီးတို့နဲ့ ဘာမှ မပတ်သက်တာ အကောင်းဆုံးပဲ"

အားလုံးက နားလည်သဘောပေါက်ကြကြောင်းဖြင့် အောက်ပါ အတိုင်း လျှောက်ထားကြသည်။

"အရှင်ဘုရားတို့ အမိန့်ရှိတာကို တပည့်တော်တို့ သဘောပေါက်ပါ တယ်ဘုရား၊ တပည့်တော်တို့ဟာ တသီးတခြားစီမှ အသီးသီးလာရောက်ကြသူ

များဖြစ်တာရယ်၊ ရောက်လာသူအားလုံးကလည်း အရှင်ဘုရားကို အားထား ယုံကြည်ကိုးကွယ်သူများဖြစ်တာရယ်ကြောင့် တပည့်တော်တို့ကို ဦးဆောင် မည့်သူဟူ၍ အရှင်ဘုရားမှအပ တခြားမမြင်ပါဘုရား။ ဒါကြောင့်မို့ တပည့် တော်တို့အားလုံးအပေါ်မှာ ဦးဆောင်တော်မူပါဘုရား။ လုပ်သင့်လုပ်ထိုက်တာ တွေကို တပည့်တော်တို့ကသာ လုပ်ဆောင်သွားကြမှာပါဘုရား။ အရှင်ဘုရား အနေနဲ့ တပည့်တော်တို့ ရှေ့မှာ မားမားရပ်ပေးနေရုံပါဘုရား"

ရှေ့တန်းမှာ ရှိနေသော ခေါင်းဆောင်များဖြစ်သည့် ဗိုလ်ကျော်သန်း၊ ဗိုလ်ဖားမီး၊ ဗိုလ်အောင်ငွေ၊ ဗိုလ်လှစိုး စသူများ စုံညီစွာ ရောက်ရှိလာသည်တွင် ရှေ့လုပ်ငန်းစဉ်နှင့် ပတ်သက်သောလုပ်ငန်းရပ်များကို အသေးစိတ်ညှိနှိုင်း ဆုံးဖြတ်ကာ ကြေညာချက်အမှတ် (၂/၉၄)ကို အောက်ပါအတိုင်း ထုတ်ပြန် ခဲ့သည်။

## တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားများ အစည်းရုံး ကြေညာချက်အမှတ် (၂/၉၄)

၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်

၁။ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားများ အစည်းအရုံး၏ ကြေညာချက်အမှတ် (၁/၉၄) ပါ (Democratic Kayin Buddhist Association) ကို တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ် (Democratic Kayin Buddhist Army) ဟု ပြင်ဆင်ပြီး တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားများ အစည်းအရုံးကို (Democratic Kayin Buddhist Organization) (DKBO) ဟု ပြင်ဆင်လိုက်သည်။

၂။ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားများ အစည်းအရုံး၏ ခံယူ ချက်သည် ကြေညာချက်အမှတ် (၁/၉၄)ပါ လုပ်ငန်းလမ်းညွှန်မှုကို ခံယူ လျက် တိုင်းရင်းသားများ၏ သွေးစည်းညီညွတ်မှု ရရှိရေး၊ လွတ်လပ်သော ဘာသာတရား ကိုးကွယ်ပိုင်ခွင့် ရရှိရေး၊ သာတူညီမျှ ခံစားပိုင်ခွင့် ရရှိရေး၊ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးတို့အတွက် ရှေ့သို့ချီတက် ဆောင် ရွက်သွားမည်။

၃။ လူတို့၏ မသိနားမလည်မှု၊ ပညာအခြေခံ နည်းပါးမှုများအပေါ် ဒာနာမှု၊ ညာတာမှု၊ ထောက်ထားမှု စသည့် ကောင်းမြတ်သော ဇာန်းသိမ်းစောင့် ရှောက်ရမည့် အခြေခံများကို ပယ်ဖျက်ပြီး မတရားဖိနှိပ်မှု၊ အနိုင်ကျင့်မှု

လုပ်နေကြသူတစ်စု၏ ဝိသမာလောဘများကြောင့် လူသားအများစုသည် လူမှုဒုက္ခအပေါင်းနှင့် ရင်ဆိုင်ကြုံတွေ့နေကြရသည်ဟု ကျွန်ုပ်တို့ အဖွဲ့အစည်းမှ ယုံကြည်သည်။

၄။ ဤအဖွဲ့သည် ကြေညာချက် ထုတ်ပြန်သည့် အချိန်မှစ၍ ကေအင်န်ယူ အဖွဲ့နှင့် လုံး၀ မဆိုင်တော့ကြောင်း၊ အဖွဲ့၀င်အားလုံးသည်လည်း ကေအင်န်ယူအဖွဲ့၀င်အဖြစ်မှ နုတ်ထွက်ကြောင်း ကြေညာသည်။

၅။ ဤယုံကြည်မှုနှင့်အညီ ကျွန်ုပ်တို့ အဖွဲ့အစည်းသည် လူသားချင်း စာနာထောက်ထား၍ နိုင်ငံရေး လွတ်လပ်မှု၊ စီးပွားရေး လွတ်လပ်မှု၊ ဘာသာရေး လွတ်လပ်မှု၊ တန်းတူရည်တူ ခံစားပိုင်ခွင့်ရှိမှု စသော လောကပါလတရားကို လက်ကိုင်ထား ဆောင်ရွက်သွားရန် ရည်မှန်းလျက် လူမှုဒုက္ခအပေါင်းမှ လွတ်မြောက်ပြီး သာယာအေးချမ်းသော ပြည်နယ်တည်ဆောက်ရန် အောက်ဖော်ပြပါ အဖွဲ့အစည်းအဆင့်ဆင့်ကို ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည် -

(က) နာယက ဥက္ကဋ္ဌ ဦးသုဇန အပါအ၀င် သံဃာတော် ၆ ပါး၊

(ခ) ဗဟိုကော်မတီ ဥက္ကဋ္ဌ ဦးသာထူးကျော် အပါအ၀င် ၉ ဦးနှင့် လက်အောက်ခံ အဖွဲ့အစည်းများကို လိုအပ်သလို ဖွဲ့စည်းဆောင်ရွက်သွားပါမည်၊

(ဂ) တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားလက်နက်ကိုင် ဌာနချုပ်နှင့် လက်အောက်ခံတပ်များကို လိုအပ်သလို ဖွဲ့စည်း ဆောင်ရွက်သွားပါမည်။

**တိုးတက်သော**
**ဗုဒ္ဓဘာသာကရင်အမျိုးသားများ**
**အစည်းအရုံး**

အဟောင်းကုန်လျှင် အသစ်တို့သည် မွေးဖွားလာစမြဲ။ ဤကား ဓမ္မနိယာမတစ်ရပ်ဖြစ်သည်။

၉၄ ခုနှစ် ကုန်၍ ၉၅ ခုနှစ်သို့ ရောက်ခဲ့ပြီ။

နှစ်သစ်ဆန်းဆန်းချင်းပင် နှစ်သစ်နှင့်အတူ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား အစည်းအရုံးသည် လုပ်သင့်လုပ်ထိုက်သည်များကို စတင်လုပ်ဆောင်လေတော့သည်။ ထိုကို အောက်ပါထုတ်ပြန်ကြေညာချက်တို့အရ သိရှိနိုင်ပါသည်။

## တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားများ အစည်းရုံး ကြေညာချက်အမှတ် (၁/၉၅)

၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်

၁။ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားများ အစည်းအရုံး၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီသည် လက်နက်ကိုင်တပ်များ၏ ကာကွယ်ရေး ဦးစီးချုပ်အဖြစ် ဗိုလ်ချုပ်ကြီးယွာဟော့နှင့် ဒုတိယကာကွယ်ရေး ဦးစီးချုပ်အဖြစ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်သန်းတို့အား ခန့်အပ်လိုက်သည်။

၂။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်တို့သည် လက်နက်ကိုင်တပ်မတော်တစ်ခုတွင် ရှိရမည့် ဦးစီးဌာနများ၊ တပ်မဟာများ၊ တပ်ရင်းများကို စနစ်တကျ ဖွဲ့စည်းဆောင်ရွက်သွားရမည်။ ဖွဲ့စည်းမှုအဆင့်ဆင့်ကို ရက်သတ္တနှစ်ပတ်အတွင်း အပြီးဆောင်ရွက်ရမည်။

၃။ ဦးစီးဌာနများ၊ တပ်မဟာများ၊ တပ်ရင်းများကို ဖွဲ့စည်းခြင်းနှင့် ဝန်ထမ်းအကြီးအကဲ ရာထူးနေရာများတွင် ခန့်အပ်တာဝန်ပေးခြင်းများကို လုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ သဘောတူ ခွင့်ပြုချက်ဖြင့် နာယကအဖွဲ့သို့ တင်ပြအဆုံးအဖြတ်ရယူဆောင်ရွက်သွားရမည်။

၄။ ဤတပ်ဖွဲ့သို့ ဝင်ရောက်သူအားလုံးသည် ကေအင်န်ယူအဖွဲ့နှင့် ဆက်သွယ်မှု လုံးဝကင်းရှင်းသူ ဖြစ်ရမည်။ အမျိုးဘာသာ သာသနာကို အသက်ပေးကာကွယ်စောင့်ရှောက်သူ ဖြစ်ရမည်။ အမိန့်နာခံသူ၊ ကိုယ်ကျင့်တရားကောင်းသူ ဖြစ်ရမည်။

(ပုံ)

သာထူးကျော်

ဥက္ကဋ္ဌ

ဗဟိုအလုပ်အမှုဆောင်ကော်မတီ

ဒီကေဘီအို အဖွဲ့အစည်းအနေဖြင့် ဒီကေဘီအေ လက်နက်ကိုင်တပ်များကိုပါ ဖွဲ့စည်းပြီးဖြစ်သဖြင့် ကေအင်န်ယူမှ လုံးဝခွဲထွက်ပြီးဖြစ်သည်။ သည်တစ်သက် ကေအင်န်ယူသို့ လုံးဝ မပြန်တော့ဟူသော အဓိပ္ပာယ်ပင် ဖြစ်သည်။

ဖြစ်ပေါ်ခဲ့သော အခြေအနေပေါ် မူတည်၍ အမျိုးဘာသာ သာသနာကို အသက်ပေး၍ ကာကွယ်စောင့်ရှောက်သွားကြမည်ဟု သန္နိဋ္ဌာန်ချထားကြသည်။

လတ်တလော ဖြစ်ပျက်ခဲ့သည့် ဘာသာရေး ဖိနှိပ်မှုမှစ၍ ခံပြင်းစိတ်စတင် ဖြစ်ပေါ်ခဲ့သည်။ ထို့နောက် ဇေ့ဇေ့တွေးလေ ရေးရေးမက ပြက်ပြက်ထင်ထင် မြင်လာသည်ကား အနိုင်ကျင့်မှုများ၊ ဘာသာရေးသွေးခွဲအုပ်ချုပ်မှုများ၊ မတရားသောနည်းဖြင့် သူ့ဘာသာတွင်းသို့ သိမ်းသွင်းမှုများ၊ အသက်ပေးတိုက်ခိုက်နေသူချင်းတူတူ သူ့ဘာသာဝင်ကိုမှ ဦးစားပေးမှုများ စသည် စသည်တို့ဖြင့် မကျေနပ်မှုပေါင်း မြောက်မြားစွာတို့ အမျှင်တန်းသည့်နှယ် တစ်သီတစ်သန်းကြီး ပေါ်လာသည်။ နာကြည်းစိတ်တွေ ဖြစ်လာသည်။

သို့သော် မိမိအနေဖြင့် ၎င်းဟို့အား စတင်၍ မတိုက်ခိုက်လို။ အမျိုးဘာသာ သာသနာကို ကာကွယ်စောင့်ရှောက်မည်ဟူသော ရည်ရွယ်ချက်အတိုင်း ကာကွယ်စောင့်ရှောက်ရန်သာ စိုင်းပြင်းထားသည်။

လွန်ခဲ့သောအတိတ်ကို ပြန်လည်ပြင်ဆင်၍ မရကောင်းသည်ကို သိပြီး ဖြစ်သည်။ ဖြစ်ခဲ့သမျှအကြောင်းကံ မကောင်းရန် ဖန်လာခြင်းဟုသာ ကံကို ယိုးမယ်ဖွဲ့ ဖြေသိမ့်နေခဲ့သည်။ အဲ. . . အနာဂတ်မှာ ပြီးခဲ့သော အတိတ်ဖြစ်ရပ်မျိုး ပြန်လည်မခံရအောင်ကား သတိကြီးစွာထားကြရမည်။ အစစပြင်ဆင်ထားသည်။ မတိုက်မဟုတ်၊ တိုက်မည်။ ရှုပ်ရှုပ်ချွံချွံတိုက်မည်။ သို့သော် မိမိတို့က စတင်ကျူးကျော်ခြင်းဖြင့် သမိုင်းစာမျက်နှာသစ် မဖွင့်လို။

တဖွဲဖွဲ ပူးပေါင်းရန် ဝင်လာသော လက်နက်ကိုင်တပ်များကို လက်ခံသည်တွင် အဖွဲ့နာယကဆရာတော်ဖြစ်သော မြိုင်ကြီးငူဆရာတော်က ဝင်ရောက်လာသူများကို သစ္စာရေသောက်ိုက်သည်။

"မိမိတို့ အမျိုးဘာသာ သာသနာအတွက် အသက်ပေး၍ ကာကွယ်စောင့်ရှောက်ပါမည်ဟု သစ္စာပြုပါသည်" ဟူသော ကတိသစ္စာကို ခံယူစေခြင်းသာ ဖြစ်သည်။ ထိုသို့သောအခြေအနေတွင် မျှော်လင့်မထားသော ဖြစ်ရပ်နှစ်ခုတို့ ဆက်တိုက်ဆိုသလို မရှေးမနှောင်း ဖြစ်လာခဲ့သည်။

**********

ရက်များမကြာမီက မြိုင်ကြီးငူဆရာတော် အပါအဝင် ၁၈ ဦးကို လုပ်ကြံရန်လာခြင်းမှာ အဖမ်းခံခဲ့ရသော ဗိုလ်ဗိုင်း (ခေါ်) မုန်တိုင်း၏ ဇနီးဖြစ်သူ ရောက်လာခဲ့သည်။ ကောင်းသောလာခြင်းမဟုတ်။ ရောက်သည်ဆိုလျှင်ပင် ဆရာတော်နှင့် တွေ့ဆုံလိုကြောင်း အသည်းအသန် တောင်းဆိုသည်။ အခြေအနေကို ရိပ်မိသော ဒီကေဘီအိုလူကြီးများက တွေ့ဆုံခွင့် မပေးကြ။ ချော့မော့ဖျောင်းဖျ၍ တစ်ဖက်ကမ်းသို့ ပြန်ပို့ပေးလိုက်သည်။ အမျိုးသမီးကား ပို့သည့်အတိုင်းမနေ။ နောက်တစ်နေ့မှာ ရောက်လာပြန်သည်။

"ဆရာတော်နှင့် စကားတစ်ခွန်း နှစ်ခွန်းမျှ ပြောခွင့်ရလျှင် ကျေနပ်ပါပြီ၊ တွေ့ခွင့်ပေးပါ" ဟု အတွင်းသား တောင်းဆိုပြန်သည်။ မူမမှန်တော့ဟု သိပြီးဖြစ်၍ ဖမ်းဆီး၍ ဇရပ်တစ်ဆောင်မှာ အစောင့်နှင့်ထားသည်။ သူမသည် တစ်ညလုံး မအိပ်ဘဲ မကြားဝံ့ မနာသာ အမနာပစကားများကို တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်ဖုံ ပြောဆိုနေသည်။ သောင်းကျန်းလွန်းနေသဖြင့် အကြောင်းကြားရာ လူကြီးများ ရောက်လာကြသည်။

လူကြီးများနှင့်အတူ ကေအင်န်ယူမှ ဝင်ခဲ့သော ရဲမေများပါ ပါလာသည်။ ဖမ်းဆီးစစ်ဆေးသောအခါ အတွင်းခံ ချွေးခံနှင့် ရင်ညွန့်အကြားမှာ ထည့်ပြီး ဝှက်ယူလာသော သံပရာသီးအရွယ်ပုံသဏ္ဍာန် ဗုံးငယ်နှစ်လုံးကို တွေ့ရသည်။ အရွယ်သေးငယ်သော်လည်း ပေါက်ကွဲအား ပြင်းထန်သော လက်ပစ်ဗုံးများ ဖြစ်သည်။

သည်သောခါမှ ဘာ့ကြောင့် ဆရာတော်နှင့် တွေ့ဆုံခွင့်ကို မရမက တောင်းဆိုနေသည်ကို သိရှိရတော့သည်။ အိန္ဒိယဝန်ကြီးချုပ်ရာဂျစ်ဂန္ဒီအား လုပ်ကြံသော နည်းထုံးအတိုင်း လုပ်ဆောင်ရန် လာခဲ့ခြင်း ဖြစ်သည်။

ရာဂျစ်ဂန္ဒီသည် တစ်ခုသောခရီးတွင် လေဆိပ်တစ်ခုသို့အရောက် လေယာဉ်ပေါ်မှအဆင်း မြို့သူမြို့သားများက ပန်းစည်းများ၊ ပန်းခြင်းများဖြင့် ဆက်ကမ်းကြိုဆိုရာတွင် ရန်သူအမျိုးသမီးက ကျကျနန လှလှပပ ဝတ်စားဆင်ယင်၍ ရာဂျစ်ဂန္ဒီအား ပန်းခြင်းဆက်သည်။ တစ်ချိန်တည်းမှာပင် ချိန်ကိုက်ဗုံးကို လည်း ပေါက်ကွဲစေလိုက်သည်။ ရာဂျစ်ဂန္ဒီရော သူမအပါအဝင် အခြားသူ အချို့ပါ ပေါက်ကွဲသံနှင့်အတူ လောကကြီးထဲမှ တစ်မုဟုတ်ချင်း ပျောက်ကွယ်သွားခဲ့ကြသည်။

ယခုလည်း ဆရာတော်နှင့် တွေ့ခွင့်ရခဲ့ပါမူ. . . ဆက်တွေး၍ မရဲလောက်အောင်ပင်။

အမှန်အားဖြင့် "မြိုင်ကြီးငူဆရာတော်သည် သူမ၏လင်ဖြစ်သူ

ဗိုလ်ဒိုင်းကို ဖမ်း၍ ရန်သူ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ လက်သို့ အပ်လိုက်သည်၊ သင်းကို ငါကိုယ်တိုင် လက်စားချေမည်" ဟူသော အတွေးအကြံဖြင့် ရောက်လာခြင်းသာ ဖြစ်လေသည်။

မဖြစ်တော့။ ဆရာတော့် အသက်အန္တရာယ်အတွက် စိုးရိမ်နေရပြီ။ သည်အတိုင်းနေ၍ မဖြစ်ပြီ။ လုံခြုံရေးထားမှ ဖြစ်တော့မည်ဟု လျှောက်ထားရာတွင် ဆရာတော်က လက်မခံချေ။ မူလအနီးနေလူများဖြစ်သော စောရဲလွင်၊ ဖားတဗလု၊ ဦးဖားကလေး၊ ကိုစိုးဝင်း (ကိုစိုးဝင်ကား ရေဂွန်းရွာသား ဖြစ်သည်။ အရေးအခင်း ဖြစ်လာသည်တွင် ဆရာတော်အား အနီးကပ်စောင့်ရှောက်ရန် အိုးပစ်အိမ်ပစ်၍ လာနေသူ ဖြစ်သည်။) စသော လေးငါးဦးကိုသာ အပါးတွင် နေခွင့်ပြုသည်။ ဦးသာထူးကျော်လည်း လူငယ်များနှင့်အတူ နေသည်။

တစ်ည. . .

သန်းခေါင် ကျော်ခဲ့ပြီ။ ၂း၀၀ နာရီခန့်ပင် ရှိပေရော့မည်။ ဆရာတော်သည် မယ်တော်ကြီးအား စိတ်မချသည်နှင့် အနီးကပ် လုံခြုံရေးများနှင့်အတူ မယ်တော်ကြီးဆီ ကြွသွားသည်။ ထိုစဉ်ကာလဝယ် မီးစက်ကို ညလုံးပေါက် ထွန်းထားသည်။ မီးလင်းနေသော စောင်းတန်းအတိုင်း မယ်တော်ကြီးဇရပ်သို့ ကြွခဲ့သည်။

ထိုအတောအတွင်း မြိုင်ကြီးငူတွင် ကရင်ပြည်နယ်မြောက်ပိုင်း တောင်ပေါ်ရွာများမှ ရောက်လာသူများ၊ ပြည်တော်ဝင်များနှင့် စည်ကားစပြုနေသည့်ကာလဖြစ်သည်။ လူအဝင်အထွက် များလာသည်နှင့်အမျှ လုံခြုံရေး တာဝန်ယူထားသူများသည် ယခင်ကထက် ဆထက်တိုး၍ မအိပ်မနေ စောင့်ကြပ်နေကြသည်။ ညလုံးပေါက် ဥဒဟို သွားလာနေကြသည်။ အအိပ်အနေ မရှိသလောက်ပင်။

မြိုင်ကြီးငူသည် ခွင်အကျယ်ကြီးဖြစ်သည်။ သစ်ရိပ်ဝါးရိပ်များဖြင့် ပြည့်နေသည်။ ဝင်လာနေသော လက်နက်ကိုင်များ၊ ပြည်တော်ဝင်များ နေ့စဉ်လိုပင် ရှိသည်။ လူစိမ်းလူကျက်ဟူ၍ ခွဲခြားသိနိုင်ရန် ခက်ခဲနေသော ကာလဖြစ်သည်။ သူ ငါမသိ၊ ငါ သူမသိ။ ငါ့လူလည်း ငါမသိသေးသည့် ဝင်ထွက်ရှုပ်ယှက်ခတ်နေသေည့် အခြေအနေဖြစ်သည်။ လုံခြုံရေးအတွက် စောင့်နေသည်ဆိုငြား ဤအခြေအနေမျိုးတွင် မည်သို့မှ စေ့စေ့စပ်စပ် မဆောင်ရွက်နိုင်။

သည်အခြေကို သိထားသော စောပိသည် ပေးအပ်လာသောတာဝန်ကို ထမ်းဆောင်ရန် မြိုင်ကြီးငူသို့ ရောက်လာခဲ့သည်။ ဝင်ထွက်သွားလာမှု

ရှုပ်ထွေးနေချိန်မို့ သူလိုလို ငါလိုလိုဖြင့် ရောရောနှောနှောပင်နေရင်း အခွင့်အလမ်းကို စောင့်မျှော်နေသည်။ ထမင်းကို စတုဒိသာမှာစားသည်။ နတ်ပွဲကြည့်သည်။ အချိန်တန်လျှင် သူသတ်မှတ်ထားသောနေရာသို့ သွားကာ အသင့်စောင့်နေတတ်သည်။

ကျူးဖြတ်တံတားထိပ်ရှိ ဝါးရုံသည် အုံကောင်းလှသည်။ မှတ်တမ်းတစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း မြိုင်ကြီးငူမှာ ဝါးများသည် ဖြောင့်ဖြောင့်တန်းကန်း မဟုတ်ကြ။ ကွေးကွေးကောက်ကောက်များသာ။ ကိုင်းကိုင်းညွတ်ညွတ်ဖြင့် အုံကောင်းလှသည်။ သည်နေရာကို သတ်မှတ်ရွေးချယ်ခဲ့သည်။ ဝါးရုံမှ ဆယ်လှမ်းခန့်အကွာတွင် ခြေကြောင်းလမ်းကလေးရှိသည်။ မကြာမကြာ ဆိုသလို ဆရာတော်သည် ညဘက်အချိန်မရှိ အခါမရှိ ဤလမ်းကလေးမှ ဖြတ်၍ သီဟင်းသုံးရန် သိမ်တော်သို့ ပြန်ကြွလာတတ်သည်။

စောပိသည် သတ်မှတ်ထားသော ဝါးရုံတွင်းဝယ် စောင့်နေခဲ့သည်မှာ လေးရက်ရှိခဲ့ပြီ။ ဆရာတော်အလာနှင့် မဆုံဖြစ်သေး။ တစ်နေ့နေ့တော့ ဆုံကို ဆုံမည်ဟု ဇွဲနှင့် စောင့်နေသည်။ တွေ့လိုက်ပြီဆိုမှဖြင့် ပေးအပ်သော တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လိုက်မည်။ ပြီးလျှင် ချီးမြှင့်လာမည့် ဆုလာဘ်ကို ဂုဏ်ယူဝင့်ကြွားစွာ ယူလိုက်မည်ဟူသော အတွေးဖြင့် စိတ်ကူးယဉ်ရင်း ငါးရက်မြောက်ညအဖြစ် စောင့်စားနေသည်။

ဆရာတော်သည် မယ်တော်ကြီးဇရပ်မှာ တစ်နာရီမျှ စကားစမြည်ပြောဆိုပြီးအပြန်တွင် ကမ်းနားဘက်မှ ပြန်ကြွလာသည်။ လမ်းမှာ ခြေသွားလမ်းမျှသာဖြစ်သည်။ ဝါးရုံတောချုံများကြား သွားလာရင်းမှ ဖြစ်ပေါ်နေသောလမ်းသာ။ ဘေးတစ်ဖက်တစ်ချက်ဆီမှာ ဝါးရုံများ၊ သစ်ပင်ချုံနွယ်များနှင့် ပိန်းပိန်းပိတ် မှောင်မည်းနေသည်။ ရှေ့မှ လက်နှိပ်ဓာတ်မီးတစ်လက်၊ နောက်မှ တစ်လက်နှစ်လက်သော အလင်းရောင်ဖြင့်လာခဲ့သည်။ နန်းတော်ရာဟောင်းတွင် စိုက်ထားသော ဗောဓိပင်ကို ကျော်ခဲ့ပြီ။ မြို့ရိုးဟောင်းနှင့် ကျူးထိပ်ကို ကူး ထားသော သွပ်မိုးတံတား (ယခု ဖျက်လိုက်ပြီး ထိုနေရာတွင် ကွန်ကရစ်တံတားလုပ်ထားသည်။) မှအဆင်း ညဦးပိုင်းက နတ်ကန္နားပွဲပေးသောနေရာသို့ လှမ်းကြည့်ပြီး -

"နတ်ကတော်တွေ မောကုန်ပြီထင်တယ်" ဟု မိန့်လိုက်သေးသည်။

ထို့နောက် တံတောင်ဆစ်ချိုး လမ်းအတိုင်း သိမ်တော်ဘက်သို့ ချိုးဝင်ခဲ့သည်။

စောပိ စောင့်နေသည်မှာ သန်းခေါင်ပင် ကျော်ခဲ့ပြီ။ မကြာမီ အရုဏ်ပင် တက်ချေတော့မည်။ သည်ညလည်း ယခင်ညတွေလိုပဲ လာတော့ မည်မဟုတ်ဟု တွေးမိလိုက်စဉ် စကားသံများကို ကြားလိုက်ရသည်။ ဝါးရုံကြား မှ ခေါင်းပြူ၍ ကြည့်လိုက်သည်။ လူလေးငါးယောက် တံတားပေါ်မှ ဖြတ်လာ သည်။ တစ်ဆက်တည်း တံတားအဆုံးမှာ ခဏလျှောက်ပြီး လမ်းချိုးအတိုင်း ကွေ့ဝင်လာသည်။ ရှေ့မှ လက်နှိပ်မီးသမားတစ်ဦး သွားသည်။ ယင်းမီးရောင် ဖြင့် ဒုတိယလူ၏ အဝတ်အစားကို တွေ့လိုက်ရသည်။ သင်္ကန်းဝတ်တစ်ဦး၊ ဆရာတော်ဆိုသူပင် ဖြစ်ရမည်။ ထိုစဉ် နောက်လူဆီမှ ဓာတ်မီးတစ်ချက် အလင်းမှာ ဆရာတော်မှန်း တိတိကျကျ သိလိုက်သည်။

စောပိသည် အသင့်ချိန်ထားသော အေကေ (AK) သေနတ်မောင်း ကို လက်ညှိုးဖြင့် ကုတ်ဆွဲလိုက်သည်။

"ကလစ်. . . ကလစ်"

မြည်သံသာ ထွက်လာသည်။ "ဒိုင်း" ဟူ၍ အသံပေါ်မလာ။ ကျည် ဆန်ဖင်အား မောင်းရိုက်သံသော်မျှ ထွက်မလာ။

ဆရာတော်တို့လူစုသည် စကားတပြောပြော၊ ဓာတ်မီးတဝင်းဝင်းဖြင့် သိမ်သို့ သွားသောလမ်းအတိုင်း ဆက်လျှောက်သွားကြသည်။

စောပိသည် မိမိသေနတ် ဘာဖြစ်သွားပါလိမ့်ဟု အမှောင်ထဲမှာ စမ်းကြည့်သည်။ ရော. . . မောင်းထိန်းအုံတစ်ခုလုံး ပြုတ်ထွက်နေပါရော လား။ အံ့အားသင့်သွားရသည်။ သည်ကိစ္စ ဆောင်ရွက်ဖို့ အကောင်းဆုံး၊ စိတ်အချရဆုံးသေနတ်ကို ရွေးချယ်ယူဆောင်လာခဲ့သည်။ အသစ်စက်စက်ဟု မဆိုနိုင်ရုံတစ်မယ်သာ။ သို့ပါလျက် ကျည်မထွက်သည့်ပြင် ပျက်စီး၍ပါ သွား ချေသည်။ အများပြောတုန်းက မယုံခဲ့။ ယခု မိမိကြုံလေပြီ။

သည်နှယ်သော ဆရာတော်ဆိုသူ၏မျက်နှာကို သေသေချာချာ ကြည့်ချင်စိတ်ဖြစ်လာသည်။ သေနတ်ကို ဝါးရုံထဲမှာပင် ထားရစ်ကာ ခဏ အကြာတွင် မယောင်ပလည်ဖြင့် သိမ်ရှေ့သို့ လာခဲ့သည်။ သိမ်ရှေ့စောင်းတန်း ပြဘုန်းခေါင်စောင်းကန်းဝ အင်္ဂတေထိုင်ခုံတွင် ဆရာတော် ထိုင်နေသည်။ အနီးကပ် လုံခြုံရေးငါးယောက် ခြောက်ယောက်နှင့် စကားပြောနေသည်။ စောပိလည်း အနားကပ်သွားပြီး ထိုင်လိုက်သည်။

သူထိုင်သည်က ရဟန်းသံဃာရှေ့ထိုင်နည်းမျိုးမဟုတ်။ ဒူးထောက်ပြီး ခြေပေါ်လက်တင်၍ ထိုင်သော အရိုအသေတန်သည့်ထိုင်နည်းမျိုး ဖြစ်သည်။

ဘေးမှထိုင်နေသူများက စောပီအား -

"ဆရာတော် ရှိခိုးလေ" ဟု ဆိုသည်။

"ရှိခိုးမတတ်ဘူး"

"ရှိခိုးမတတ်အောင် နင်က ဘာလဲ"

"ငါ ဗုဒ္ဓဘာသာ မဟုတ်ဘူး၊ ခရစ်ယာန်ဘာသာဝင်တစ်ယောက်"

"ဒီမှာ ဘာလုပ်တာလဲ"

"အလင်းဝင်ဖို့လာတာ"

ထိုစဉ် ဦးသာထူးကျော်နားသို့ကပ်၍ အနီးကပ်ရဲဘော်လေးတစ်ဦးက -

"ဒီလူကို ဒီမှာမြင်နေရတာ လေးငါးရက်လောက်ရှိနေပြီ၊ ခုမှ ဒီအချိန်ကြီးလာတာဆိုတော့ အကြောင်းတော့ရှိမယ်" တီးတိုးပြောလိုက်သည်။ ဦးသာထူးကျော် သဘောပေါက်သွားသည်။ စောပီအား ဖမ်းလိုက်သည်။ ဆရာတော်သည် ဘာမှမပြောတော့ဘဲ သိမ်ထဲသို့ ဝင်သွားခဲ့သည်။ စောပီအား တစ်နေရာသို့ ခေါ်ယူ၍ စစ်ဆေးမေးမြန်းရာမှ အဖြစ်မှန်ကို သိရသည်။ လာခဲ့ရခြင်း ရည်ရွယ်ချက်၊ ချောင်းမြောင်းနေပုံနှင့်တကွ ယနေ့ည အဖြစ်အပျက်ကို ပြောသည်။ ၎င်းအသုံးပြုခဲ့သော သေနတ်ကို ပြောပြသဖြင့် နောက်တစ်နေ့ မိုးအလင်းမှာ သွားရောက်ယူခဲ့သည်။

ဟုတ်သည်၊ သေနတ်ကို အလုပ်လုပ်စေသည့် အမိကနေရာ တစ်အုံလုံး ပြုတ်ထွက်နေလေပြီ။

ဆရာတော်အား ပြန်လည်လျှောက်ထားရာ ဆရာတော်က တစ်ချက်ပြုံးလိုက်သည်။

"သင်းတို့တစ်တွေ ဘုန်းကြီးကို လုပ်ကြံချင်တာ ခုမှ မဟုတ်တာဘဲ၊ ဒီမြို့ကြီးငူ ရောက်ပြီးလို့ သာသနာပြုခရီး စတင်တော့မယ်ဆိုကတည်းက လုပ်ကြံချင်ခဲ့ကြတာ" ဟု ဆိုပြီး အောက်ပါ အဖြစ်အပျက်ကို ပြောပြသည်။

တစ်နေ့ အရဏ်တက်မှာ သွားမြဲဆွမ်းခံဝတ်အတိုင်း ပန်းကုန်းရွာသို့ ထွက်ခဲ့သည်။ စစ်စီးတော (ယခု မာလာမြိုင်ရပ်ကွက်) အရောက်တွင် ချက်ခနဲ မြည်သံတစ်ခုကို ကြားလိုက်ရသည်။ တောကောင်တို့ သွားလာသံ ဖြစ်မည်ပဲ ထင်ခဲ့သည်။ ဆက်သွားသည်။ အလားတူမြည်သံကို လမ်းတစ်လျှောက်မှာ ၁၅ မိနစ်စီခြား၍ နှစ်ကြိမ်တိုင်တိုင် ကြားလိုက်ရသည်။ သည့်အပြင် နားထဲမှာ စကားသံအချို့ကို ကြားရသည်။ ပြောပြနေသံတည်း။

၂လည်း ဆွမ်းမခံသေးဘဲ အိမ်
ဘုန်းတော်၏ တူမတော်စပ်သူ၏အိမ် ဖြစ်



၂.တွင် -

ဆရာကျားကော"

ဖော်ပ်နေတယ်ဘုရား"

"ဘယ်တုန်းက အိပ်တာလဲ"

"ညကတည်းကပါဘုရား"

"မဟုတ်ဘူး၊ ခုမှ ပြန်လာအိပ်တာ၊ ခေါ်ခဲ့စမ်း၊ မေးစရာရှိတယ်"

တူမက ခေါ်ထုတ်လာသည်။

"ခုနက ပစ်တဲ့သေနတ် ဘယ်မှာလဲ"

"သေနတ်မရှိပါဘုရား"

"ရှိတယ်လေ၊ စောစောတုန်းက သုံးချက်တောင် ပစ်ခဲ့သေးတာ၊ အဲဒါ ခုသွားယူပါ"

"မပစ်ခဲ့ရပါဘုရား၊ သေနတ်လည်း မရှိပါဘုရား"

"ဒါဖြင့် ကျုပ်ကို ယူခွင့်ပြုမှာလား"

"ရှိရင်ပေးပါတယ်ဘုရား"

"ကောင်းပြီ" ဆိုကာ ဆရာတော်သည် မီးဖိုချောင်သို့ တန်းသွားပြီး ထရံထောင့်မှာ ထောင်ထားသည့်သေနတ်ကို ပြောင်းမှ ကိုင်၍ ဆွဲထုတ်လာသည်။

"ဒါဘာလဲ"

မျက်နှာ အကြီးအကျယ် ပျက်သွားသည်။ ဆရာတော်အား အထပ်ထပ် တောင်းပန်သည်။

"ငါ့ကို ဘာဖြစ်လို့ ပစ်ရသလဲ၊ ငါသိချင်တယ်"

"ဗိုလ်မြက ခိုင်းလို့ပါ"

"ငွေဘယ်လောက်ရသလဲ"

"သုံးရာပါဘုရား"

"ခုသုံးချက်ပစ်ပြီးပြီ ဆိုတော့ တစ်ချက်ကို တစ်ရာနှုန်းပေါ့ ဟုတ်လား၊

ဒါပေမဲ့ မင်းအကြံမအောင်သေးဘူး၊ ကဲ. . . ရော့၊ သေနတ်ကိုယူ ငါ့ကို ပစ်စမ်း၊ မင်းတာဝန်ခံထားတဲ့အလုပ်ကို ပြီးအောင်လုပ်ပေးလိုက်"

လင်ရောမယားပါ မျည်ရည်တွေတွေ စီးကျပြီး အမျိုးမျိုး အဖုံဖုံ ရှိခိုးတောင်းပန်ကြလေတော့သည်။

(ထိုသူသည် ယခု မြိုင်ကြီးငှူမှာပင် ပြည်တော်ဝင်အဖြစ်နှင့် သက်ရှိထင်ရှားရှိနေသဖြင့် အမည်မဖော်ပြလိုက်ပါ။)

❁❁❁❁❁❁❁❁❁❁

မြိုင်ကြီးငှူတွင် ဒီကေဘီအေ ဖွဲ့စည်းခြင်းစသော အမှုကိစ္စ အထွေထွေကို လုံးပမ်းနေချိန်တွင် ရှေ့တန်း (သူးမွဲထ)မှာ အခြေအနေတွေ တင်းမာသထက် တင်းမာလာနေသည်။

နှစ်ဦးနှစ်ဖက် စေ့စပ်ညှိနှိုင်း ဆွေးနွေးကြသည်။ ပြေလည်မှု မရရှိတော့ပေ။ သည်ဘက်က ခံပြင်းနာကြည်းမှုတွေ အကြောင်းခံထားသည်။ ပြီးတော့ သွေးမြေကျ၍ အသက်စတေးခံထားရသည်။ လိုလားချက်များကို တစ်ခုကမှ မလျှော့နိုင်။ တင်းခံထားသည်။ ကေအင်န်ယူများဘက်မှလည်း "ငါမွေးသည့်မျောက်၊ ငါ့ပြန်ခြောက်သည်" ပေါ်ပေါ်လုပ်၍မရ။ ငြိမ်အောင်နှိမ်ထားမှ တော်မည် တွေးသည်လား မဆိုနိုင်။ သမိုင်းတွင်ရစ်မည့်လုပ်ငန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက်သည်။ ယင်းမှာ အောက်ပါ ဒီကေဘီအေမှ တရားဝင် ထုတ်ပြန်သော (၂၉/၅) က ဤသို့ ဖော်ပြထားသည်။

### ကေအင်န်ယူ အဖွဲ့အစည်း၏ ဗုဒ္ဓဘာသာများအပေါ် ဖိနှိပ်ချုပ်ခြယ်သော လုပ်ဆောင်မှုများနှင့် စပ်လျဉ်း၍ ထုတ်ပြန်ကြေညာချက်အမှတ် (၂/၉၅)

၁။ ၁၃၅၁ ခု၊ တန်ခူးလပြည့်ကျော် (၁)ရက်၊ သောကြာနေ့တွင် မြိုင်ကြီးငှူဆရာတော်သည် သူးမွဲထ၌ ဘုရားတည်၊ ကျောင်းဆောက် သာသနာပြုစတင်ခဲ့သည်။ ကေအင်န်ယူခေါင်းဆောင် ဗိုလ်မြ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခဲ့ရာ တင်းကျပ်သော စည်းကမ်းဖြင့် စေတီအား ထီးသက်န်းမကပ်ရ၊ ကျောင်းဇရပ်အား သွပ်မမိုးရ၊ ယိုးဒယားဘက်မှ ဆရာတော်များနှင့် ဒကာ၊ ဒကာမများမှလည်း စေတနာထက်သန်ပြီး လာရောက်လှူဒါန်းခြင်း မပြုရ စသည်ဖြင့် တားမြစ်ပိတ်ပင်ခဲ့သည်။ ထို့ကြောင့် ကေအင်န်ယူ

ဗဟိုမှ ပန်းချီဆရာ သံမဏိမင်းဒင်သည် ၎င်း၏ ခံစားချက်ကို မျိုသိပ်၍ ကေအင်န်ယူမှ အပြီးအပိုင် နုတ်ထွက်ခဲ့သည်။

၂။ အထက်ပါ ဘာသာရေးအရ ပိတ်ပင်ထားမှုကို ကျေနပ်ခြင်း မရှိသေးဘဲ သံဃာတော်များအား သွားပုပ်လေလွင့် စွပ်စွဲပြီး ဘာသာရေးအရ ရှင်ပြု ရဟန်းခံ ပိတ်ပင်တားမြစ်ခြင်း၊ စစ်ဖြစ်နေချိန်ကာလတွင် စေတီပုထိုး ကျောင်းဇရပ် တည်ဆောက်မှုမပြုရဟူ၍ ပိတ်ပင်ခြင်း၊ ခရစ်ယာန် ဘာသာဝင်များနှင့် အိမ်ထောင်ပြုသည့် ဗုဒ္ဓဘာသာဝင်များအား ခရစ်ယာန်ဘာသာသို့ ဝင်ရမည်ဖြစ်ကြောင်းနှင့် ၎င်းဘာသာသို့ ဝင်ရောက်သူများကိုလည်း လိုအပ်သည်များကို အပြည့်အဝ ဖြည့်စွက်ပေး၍ စည်းရုံးသိမ်းသွင်းခြင်းများ ပြုလုပ်ခဲ့ကြသည်။

၃။ ဗုဒ္ဓဘာသာရဲဘော်များ တိုက်ပွဲတွင် ကျဆုံး/ဒဏ်ရာရရှိပါက ကျဆုံးသူ၏ ကျန်ရစ်သည့် ဇနီး၊ သားသမီးများကို လျစ်လျူရှုထားပြီး ဒဏ်ရာရရှိသူများကို ကောင်းမွန်စွာ ဆေးဝါးကုသခြင်း မရှိခဲ့ပေ။ သို့သော် ခရစ်ယာန်ဘာသာဝင်များ ဖြစ်ပွားခဲ့ပါက လျှို့ဝှက်စွာ ထောက်ပံ့ကူညီပေးပြီး အဆင့်မြင့်သော ဆေးဝါးကုသမှုကို ပြုလုပ်ပေးခဲ့ကြသည်။ ၎င်းအပြင် ခရစ်ယာန်ဘာသာဝင်များ လူထုဆန့်ကျင်ဘက် လုပ်ဆောင်သော်လည်း အရေးမယူသည့်ပြင် ရာထူးပင် တိုးမြှင့်ပေးကာ အာဏာထပ်မံ တိုးမြှင့်ပေးခြင်းများ လုပ်ဆောင်ခဲ့ကြသည်။

၄။ ကေအင်န်ယူ အဖွဲ့အစည်း ခေါင်းဆောင်များအနေဖြင့် ဘာသာရေး အယူသည်းခြင်း၊ အမျိုးသားရေးကို အကြောင်းပြ၍ မတရား စီးပွားရှာခြင်း၊ ဗုဒ္ဓဘာသာဝင် ရဲဘော်များ၏ ကြည်ညိုလေးစားမှု၊ ဆည်းကပ်ပူဇော်မှုကို ခံယူနေရသော မြိုင်ကြီးငူဆရာတော် ဦးသုဇနအား ကေအင်န်ယူ ခေါင်းဆောင် ဗိုလ်မြ၏ ထောက်ခံမှုကို ရသော န္တိဖြူးဆရာတော် ဦးဝိဇနမှ တော်လှန်ရေးနယ်မြေအတွင်း သာသနာပြုလုပ်ငန်းများ လုံးဝ မလုပ်ဆောင်ရန်နှင့် မိမိကျောင်းတွင် ပြန်လည်သီတင်းသုံးရန် ဓမ္မစက်ဖြင့်မရက အာဏာစက်ဖြင့် သုံးမည်ဟု ရိုင်းပျစွာ ခြိမ်းခြောက်ပြောဆိုသောကြောင့် ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလ (၂)ရက်နေ့တွင် အရာခံဗိုလ်ကျော်သန်း၊ တကက ဖားမိးတို့ ဦးဆောင်သော ဗုဒ္ဓဘာသာ လက်နက်စွဲကိုင် အဖွဲ့ဝင်များသည် သူးမွဲထကျောင်းသို့ အေးဆေးစွာ ချီတက်ခဲ့ကြသည်။ ပြည်သူများ၏ ပစ္စည်းများဖြစ်သော စားနပ်ရိက္ခာနှင့် လက်နက်ခဲယမ်းမီးကျောက်များကို မဲလယ်ထ၊ မဲပ၊ မယ်ပေါ်မူထ၊ သောလယ်ထ၊

ဦးသူထတွင် သေနတ်ပစ်ဖောက် အကြမ်းဖက်ခြင်းမရှိဘဲ သေချာစွာ သိမ်းဆည်းထားခဲ့ပါသည်။ ဗုဒ္ဓဘာသာ ရဲဘော်များမှာ ပစ္စည်းယူခြင်း၊ ရမ်းကားခြင်း ဆိုသော ကေအင်န်ယူခေါင်းဆောင်အချို့၏ စွပ်စွဲချက်သည် လုံး၀ မဟုတ်မမှန်ပါ။

၁၁-၁၂-၉၄ ရက်နေ့တွင် ကေအင်န်ယူမှ ဗိုလ်ချုပ်မောင်မောင်၊ ဗိုလ်မှူးတူးတူးလေးတို့မှ အရေးအခင်းအတွက် ဆွေးနွေးသည့်နေရာတွင် ကေအင်န်ယူ လက်နက်ကိုင်တပ်များ မထားရှိပါဟု ပြောသည့်အတွက် ဦးပညာသာမိနှင့် တကက ဖားမီးတို့မှ ၎င်းတို့ထံသို့ သွားရောက်ညှိုနှိုင်းကြပြီးအပြန်တွင် ကေအင်န်ယူအဖွဲ့ရှိ ဗုဒ္ဓဘာသာ ရဲဘော် ၇ ဦးမှ မတိုက်လို၍ ဦးပညာသာမိနောက်သို့ ပြန်လိုက်လာခဲ့ရာ လမ်းတစ်ဝက်အရောက်တွင် ခရစ်ယာန်အဖွဲ့မှ ပစ်ခတ်သဖြင့် ဖားမီးနှင့် ရဲဘော်တစ်ဦး ကျဆုံးပြီး နှစ်ဦး ဒဏ်ရာရရှိခဲ့ပါသည်။ တစ်ချိန်တည်းမှာပင် သူးမွဲထသို့ ၅၇-မမ စိန်ပြောင်းများဖြင့် ၅၈ ချက် ပစ်ခတ်ခဲ့သည်။ ဖာပွန်မှ ကျောင်းဆရာတစ်ဦးသေဆုံးပြီး မိန်းကလေးငယ်တစ်ဦး ဒဏ်ရာရရှိခဲ့ပါသည်။ အခြေအနေမှန်ကို ဗိုလ်ချုပ်မောင်မောင် သိရှိပြီး "လော၀ါဒီသည် ၎င်းတို့အား သေကြောင်းကြံသည်" ဟုပင် ပြောခဲ့ပါသေးသည်။ သို့သော် ဦးပညာသာမိ ခေါင်းဆောင်သော ဗုဒ္ဓဘာသာအဖွဲ့မှ မေတ္တာတရား ရှေ့ထား၍ ညှိနှိုင်းရန် ရောက်ရှိလာသော ခေါင်းဆောင်များအား မှဲ့တစ်ပေါက် မစွန်းစေဘဲ ငြိမ်းချမ်းစွာ ပြန်လည်ပို့ဆောင်ပေးခဲ့ပါသည်။

၁၅ - ၁၂ - ၉၄ ရက်နေ့တွင် ကေအင်န်ယူမှ ဒုတိယဗိုလ်ချုပ်ကြီး တာမလာဘော ခေါင်းဆောင်သောအဖွဲ့သည် ညှိနှိုင်းဆွေးနွေးရန် ယိုးဒယားဘက်ကမ်းတွင် ရောက်ရှိလာပြီး ဦးပညာသာမိ၊ ဦးကောဏ္ဍည စသည့် ဗုဒ္ဓဘာသာအဖွဲ့ဝင်များနှင့် အချက် (၅)ချက်ပါ ပဏာမ သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့သည်။ ဂျော်နီက နို့ဖြူးဆရာတော် ဦးဝိဇနအား ယိုးဒယားဘုရင်၏ကိုယ်စားလှယ်က တွေ့လိုသည်ဟု စာရေးအကြောင်းကြား ပြောဆို၍ အဖွဲ့ဝင်များမှာ ညှိနှိုင်းကာ "တွေ့ဆုံပြီးကပြန်လာရန်" ဆုံးဖြတ်၍ စေလွှတ်ပေးခဲ့သည်။ သို့သော် နို့ဖြူးဆရာတော်မှာ ယိုးဒယားဘက်ကမ်း ရောက်သည်နှင့် ထွက်ပြေးသွားခဲ့သည်။ တစ်ဆက်တည်းမှာ ဂျော်ဖြူနှင့် တာမလာ ဦးဆောင်သောအဖွဲ့သည် သူးမွဲထဘုန်းကြီးကျောင်းအား ပွိုင့် - ၅ စက်သေနတ်ကြီးဖြင့် တရစပ် ပစ်ခတ်မှုကြောင့် ဗုဒ္ဓဘာသာ လက်နက်ကိုင်တို့သည် မကျေမနပ်ဖြစ်ကာ

သဘောတူညီမှုအား ဖျက်သိမ်းခဲ့ပါသည်။

၇။ ၃-၁-၉၅ ရက်နေ့တွင် ဘာသာရေး အစွန်းရောက် ခရစ်ယာန်ခေါင်းဆောင်တစ်စုသည် ဗုဒ္ဓဘာသာ ကွယ်ပျောက်စေရေးအတွက် နေ့လယ် ၁၂း၃၀ နာရီမှ ညနေ ၀၄း၀၀ နာရီအထိ အေကေစက်လတ်နှင့် ပွိုင့်-၅ စက်သေနတ်အပါအဝင် လက်နက်မျိုးစုံ၊ ၅၀-မမ၊ ၈၁-မမ ကို့ဖြင့် ၂၆ လုံး ပစ်ခတ်ခဲ့သည်။ တိုက်ပွဲတွင် တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားများ အစည်းအရုံး (ဒီကေဘီအို) မှ ဗိုလ်လှစိုးနှင့် ဝန်ထမ်းတစ်ဦး ကျဆုံးပြီး ဖာပွန် ဇိနမာရဇိန်ဘုန်းကြီးကျောင်း ဆရာတော်ဦးသူရိယ၊ ဗိုလ်အောင်ငွေနှင့် ဆေးမှူးတစ်ဦးတို့ ဒဏ်ရာရရှိခဲ့သည်။ ၄-၁-၉၅ ရက်နေ့ နံနက် ၀၉း၁၅ နာရီမှ ညနေ ၀၄း၀၀ နာရီအထိ လက်နက်ငယ်မျိုးစုံ အပါအဝင် ၇၅-မမ၊ ၈၁-မမ လက်နက်ကြီးတို့ဖြင့် ၂၇ လုံး ပစ်ခတ်ခဲ့သည်။ ၎င်းအပြင် တောင်ကုန်းအမှတ် (၂၁၀၀) မှ ၁၀၇-မမ လက်နက်ကြီးဖြင့် မြိုင်ကြီးငူသို့ ပစ်ခတ်ခဲ့ရာ ကော့ကရက်ကျွန်းအထက်တွင် ၃ လုံး ကျရောက် ပေါက်ကွဲခဲ့သည်။ ကေအင်န်ယူ၏ ပစ်ခတ်တိုက်ခိုက် ဖျက်ဆီးမှုကြောင့် မြို့ကြီးငူဆရာတော်၏ ဘာသာ သာသနာထွန်းကားရေးအတွက် ဒကာ ဒကာမများ၏ အကူအညီဖြင့် အခက်အခဲအမျိုးမျိုးကြားမှ တည်ဆောက်ထားခဲ့သော ဘတ်ငွေ ၂၉ သိန်းတန်ကျောင်းတော်၊ ဘတ်ငွေ ၃ သိန်း ၉ သောင်း ၂ ထောင် ကုန်ကျသော သာသနဝိသုဒ္ဓိသိမ်တော်တို့ မီးလောင်ဆုံးရှုံးခဲ့ပါသည်။ စုစုပေါင်း ဘတ်ငွေ ၃၆၁၂၀၀၀ (သုံးဆယ့်ခြောက်သိန်းကျော်) မြန်မာငွေအားဖြင့် ကျပ်သိန်းပေါင်း တစ်ရာငါးဆယ့်ခုနစ်သိန်းကျော် (၁၅၇၀၄၃၄၇) ဖိုး ဆုံးရှုံးခဲ့ပါသည်။

၈။ ကေအင်န်ယူ ခရစ်ယာန်ခေါင်းဆောင်တစ်စုမှ ကရင်အမျိုးသား ကောင်းစားရေး ဟစ်ကြွေးနေသော်လည်း အဝတ်ဆင်းရဲ၊ အစားဆင်းရဲ၊ အနေဆင်းရဲ ဒုက္ခပင်လယ် ဝေနေရသူများမှာ ကရင်ပြည်နယ်အတွင်း နေထိုင်ကြသော ပြည်သူလူထုများပင် ဖြစ်ကြောင်း ၄၆ နှစ်ကျော် တော်လှန်ရေးအမည်ခံ လုပ်ဆောင်နေချက်က သက်သေထူနေပါသည်။

၉။ တပ်သားစုဆောင်းရာတွင် တာဝန်ထမ်းဆောင်ခြင်း မပြုနိုင်သူ တစ်ဦးလျှင် ၅၀၀၀ဝိ (ကျပ် ငါးသောင်း) ပေးဆောင်ရပြီး နယ်မြေလူထုမှာ စားကောင်းခြင်း မစားရ၊ အိပ်ကောင်းခြင်း မအိပ်ရ၊ စီးပွားရေးမှာ အနုတ်လက္ခဏာ၊ လူမှုရေး၊ ပညာရေးဆိုတာ နတ္ထိ၊ ကျိုးလန့်စာစားဘဝဖြင့်

တပ်မတော်လာလည်း ကြောက်ရ၊ ကေအင်န်ယူလာလည်း ကြောက်ရသည့်အတွက် စိုးရိမ်သောကရောက်ကြရပြီး အေးချမ်းစွာ လုပ်ကိုင်စားသောက်ရခြင်း မရှိဘဲ ထိတ်လန့်စိုးရွံ့နေကြပါသည်။

၁၀။ ဘာသာရေး အယူဝါဒ ပြင်းထန်သော ခေါင်းဆောင်တစ်စု၏ သားသမီးများမှာ ပညာရေးနှင့် ပတ်သက်ပြီး အဆင့်မြင့်ပညာများကို အေးဆေးစွာ သင်ယူနိုင်ပြီး နိုင်ငံခြားတွင် သွားရောက်နေထိုင်နိုင်သည့်ပြင် နိုင်ငံတကာ၏ အကူအညီကို ရယူ၍ အရာခပ်သိမ်းသော ငွေကြေးများအား လိမ်လည်ရယူကာ တိုက်တာအိမ်ကားများနှင့် ပြီးပြည့်စုံပြီး စည်းစိမ်ယစ်မူးနေချိန်တွင် ဗုဒ္ဓဘာသာရဲဘော်အများစုသည် အသက်ကိုရင်း၍ ထမင်းနပ်မှန်အောင် မစားရသည့်ပြင် ပြည်သူလူထု၏ အငြိုးအငြင်ခံရပြီး အသက်ရှင် ရပ်တည်နိုင်ရေးအတွက် ပင်ပန်းစွာ ရုန်းကန်နေကြပါသည်။

၁၁။ ခရစ်ယာန်ခေါင်းဆောင်တစ်စုသည် ဗုဒ္ဓဘာသာဝင်သူတော်စင်တို့ တည်ဆောက်ထားသော ဘုန်းကြီးကျောင်း ၅၃ ကျောင်းအား မီးရှို့ဖျက်ဆီးမည်ဖြစ်ကြောင်းနှင့် သံဃာတော်များ၏ သက်န်းကို ဝါးရုံတွင် ချိတ်ဆွဲထားမည်ဟု ခြိမ်းခြောက်လျက်ရှိနေပါသည်။ အထက်ပါ ယုတ်ညံ့သောအကြံအစည်နှင့် ဗုဒ္ဓသာသနာအား ဖျက်လိုဖျက်ဆီး ပြုလုပ်နေသူများသည် ကရင်ပြည်နယ် ငြိမ်းချမ်းသာယာရေးကို အနှောင့်အယှက် အဟန့်အတားဖြစ်စေပြီး တိုင်းရင်းသားလူမျိုးများအတွက် ဆင်းရဲတွင်းနက်စေသောလုပ်ဆောင်ချက်များသာ ဖြစ်ပါသည်။

၁၂။ သို့ဖြစ်ရာ မိမိတို့၏ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားများအစည်းအရုံးအနေဖြင့် ကေအင်န်ယူတို့၏ ယုတ်မာပက်စက်သော လုပ်ဆောင်ချက်များကို ဆန့်ကျင်၍ အမျိုးဘာသာ သာသနာ တည်တံ့ခိုင်မြဲရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ လူနေမှု အဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ရှေးရှု၍ အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ထို့အပြင် မိမိတို့ အစည်းအရုံးအား အဖက်ဖက်မှ ကျစ်လျစ်ခိုင်မာပြီးပြည့်စုံရေးအတွက် ဗုဒ္ဓဘာသာဝင် ဒကာ၊ ဒကာမများမှ နှောင်ကြိုးမဲ့စာနာထောက်ထားညှာတာစွာဖြင့် ပံ့ပိုးကူညီ ထောက်ပံ့သော ရုပ်ဝတ္ထုပစ္စည်းများနှင့် ဘဏ္ဍာငွေများကိုလည်း အမျိုးဘာသာ သာသနာ တည်တံ့ခိုင်မြဲရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုရေး အဆင့်အတန်း မြင့်မားရေးတို့အတွက် ရှေးရှု၍ အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်သွားမည်မှာ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အစည်းအရုံး၏ သဘောထား အမှန်ပင် ဖြစ်

ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

နာယကအဖွဲ့နှင့် ဗဟိုကော်မတီဝင်များ

တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားများ အစည်းအရုံး

နေရာ။ ။ မြိုင်ကြီးငူ

ရက်စွဲ။ ။ ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီ (၉)ရက်

**********

ဒီကေဘီအို ဗဟိုကော်မတီနှင့် ဒီကေဘီအေ ရဲဘော်များအဖို့ မိမိတို့ အနှစ်နှစ် အလလက ခံစားခဲ့ရသည့် မကျေနပ်ချက်များ အုံကြွပွင့်ကန်၍ ပေါက်ကွဲ ထွက်လာခြင်းဖြစ်သည်။ အမှန်မှာလည်း ယင်းနာကြည်းခံပြင်းချက်များသည် ပေါက်ကွဲထွက်လာရန် အရှိန်ယူခဲ့သည်မှာ ကြာခဲ့ပြီ။ အာဏာ၊ လက်နက်တို့ဖြင့် တင်းကျပ်စွာ ဆို့ပိတ်ထားသည်မို့ ထွက်ပေါက်မဲ့ ဖြစ်နေခဲ့သည်။ ယခု ထွက်ပေါက်ငယ် ရလာသည်တွင် ရလာသော ထွက်ပေါက်အတိုင်း စုပြုံတွန်းထိုး၍ ထွက်လာခဲ့ခြင်းသည် နောက်ပိုင်းဝယ် ဒီကေဘီအို ဟူသော အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်လာခဲ့ရသည်။

"ငါလျှင် ကျွေးမွေး၊ ငါ၏ ခွေး ဟု

အရေးမစိုက်၊ ချောင်ပိတ်ရိုက်၍

ပြန်ကိုက်ရခြင်းဖြစ်ပါသည်" ဟူ၍ ဥပမာပေးခဲ့သော် ရိုင်းလေရာ၏ဟု ဆိုဖွယ်ရှိသည်။ တကယ်တမ်း ဆန်းစစ်ကြည့်လျှင် အဖြစ်က ပေးထားသော ဥပမာထက်ပင် ဆိုးသေးသည်။ ဥပမာမှာက တယုတယ ကျွေးမွေးထားသေးသည်။ ဒီကေဘီအေရဲဘော်များအဖြစ်က အတင်း အဓမ္မ စည်းရုံးသိမ်းသွင်းခြင်း ခံထားသည့်အပြင် သွေးချွေးအသက်များ ရင်းစားပေး၍ လူတစ်စုအတွက်သာ လုပ်ကိုင်ပေးနေရသည့်အဖြစ်ကို ဖော်ပြပါ (၂၉/၅)မှာ ရင်ဖွင့်တင်ပြထားသည်။ သို့ကြောင့် ပေးထားသော ဥပမာထက်ပင် ဆိုးသေးသည်ဟု ဆိုရသည်။ ထပ်တူပြုနိုင်လောက်သော (ဝါ) ခိုင်းနှိုင်းလောက်သော ဥပမာစကားရပ်ပင် မရှိသေးသလောက်ကို ဖြစ်သည်။

ဒီကေဘီအိုအဖွဲ့သည် ကေအင်န်ယူမှ ခွဲထွက်ခဲ့ကာ ထုတ်ပြန်ကြေညာချက် (၁/၉၄) ပါအတိုင်း အေးချမ်းသာယာသော ကရင်ပြည်နယ် ထူထောင်လိုသော ရည်ရွယ်ချက် ကြီးကြီးမားမားထား၍ ဆောင်ရွက်သွားကြမှာ ဖြစ်သည်။ တစ်နည်းဆိုသော် တစ်ချိန်သောအခါက မိမိတို့ကြောင့်

ငြိမ်းချမ်းသာယာမှု ကင်းဝေးခဲ့ရသည့်အဖြစ်ကို သွေးကြွေးပေးဆပ်လိုခြင်း ဖြစ်သည်။ အေးချမ်းသာယာသော ကရင်ပြည်နယ်ကြီး ထူထောင်ကြမည့် အတွေးဖြင့် ရှေ့ဆက်၍ မည်သို့မည်ပုံ ဆောင်ရွက်သွားကြမည့် အကြမ်းဖျင်း စီမံကိန်းတစ်ရပ်ကို (၂/၉၄)ဖြင့် ပြည်သူလူထုအား အသိပေး တင်ပြခဲ့သည်။

နှစ်ဟောင်းအကုန် နှစ်သစ်အကူးမှာ ရည်ရွယ်မှန်းထားသော စီမံကိန်းကို အကောင်အထည်ဖော်နိုင်ရန် ပထမခြေလှမ်းအဖြစ် လုပ်ငန်းကို စတင်လုပ်ဆောင်သည်။ ယင်းကို (၁/၉၅)ဖြင့် ထုတ်ပြန်ခဲ့သည်။

ဒီကေဘီအို အဖွဲ့က အလုပ်ကို စတင်လုပ်ဆောင်သည်နှင့် ကေအင်န်ယူမှလည်း တန်ပြန်လုပ်ဆောင်သည်။ လုပ်ဆောင်ချက်မှာ သူ့ ရှိ သာသနာ့ အဆောက်အအုံများကို ဖျက်ဆီးလိုက်ခြင်း ဖြစ်သည်။ ပဟေ ဆိုလျှင် "ကြွက်မနိုင်၍ ကျီမီးရှို့" သည့် သဘောပင်။ ယင်းကျီမီးရှို့သည့်အဖြစ်မှာ ဒီကေဘီအေမှ ဗိုလ်လှစိုး စသူတို့ အသက်စတေးခဲ့ရပြန်သည်။

သဘာဝအနေကို ကြည့်လျှင် လူဟူသည်မှာ အတ္တသမားချည်း။ မိမိကိုယ်မိမိ၊ မိမိအမျိုးသား၊ မိမိအဖွဲ့အစည်း၊ မိမ်လူ၊ မိမိဘက်တော်သားများ၊ အသက်များပင် စတေးခံခဲ့ရပြီ အဖြစ်ကို ကိုယ်တွေ့ကြုံလာရသည်တွင် သည်းခံနိုင်မှု အတိုင်းအတာ ကုန်လွန်ခဲ့ကြပြီ။ အရာဝတ္ထုတိုင်းမှာ ခံနိုင်စွမ်းရည် ကိုယ်စီရှိစမြဲ။ ယင်းခံနိုင်စွမ်းရည်ထက် ကျော်လွန်လာလျှင် ဧရာမ သံတုံးကြီးသည်လည်း အရည်ပျော်သည်။ ကျောက်တုံးကြီးသည်လည်း အစိတ်စိတ် အမွှာမွှာ ကွဲရသည်သာ။

ခံစားချက်မဲ့ သက်မဲ့ အရာဝတ္ထုများသော်မှ ခံနိုင်စွမ်းရည်ထက် ကျော်လွန်လာလျှင် တစ်မျိုးတစ်ဖုံ ပြောင်းလဲရသေးသည်ဆိုလျှင် ခံစားချက်ရှိသော သက်ရှိလူသားအဖို့ အဘယ်ဆိုဖွယ်ရာ ရှိပါတော့အံ့နည်း။

အလားတူ ဒီကေဘီအိုများအဖို့လည်း. . .

မြွေမသေ တုတ်မကျိုး လုပ်နေ၍ မဖြစ်တော့ပြီ။ မြွေလျှင်လည်း သေမှ (သို့မဟုတ်) တုတ်သော်လည်း ကျိုးမှဖြစ်တော့မည့်အနေအထားသို့ ရောက်သွားတော့သည်။ တစ်ဖက်နှင့်တစ်ဖက် သူတင်ကိုယ်တင် အနိုင်ကြဲ ရတော့မည့် အနေအထားသို့ ရောက်လေခဲ့ပြီ။

> ❖ ပင်စကားဝါ ရိပ်သာမှာ
> အဝိဇ္ဇာ ဖျောက်သိမ်း
> တစ်သိက္ခာ စောင့်ထိန်းလို့
> တစ်ယောက်ငြိမ်း ကြံစည်။
>
> (စလေ ဦးပုည)

## တစ်ယောက်ငြိမ်းဖို့ ကြံသော်လည်း

မြိုင်ကြီးငူဆရာတော်သည် မြိုင်ကြီးငူမှာ သာသနာပြုဖို့ ရည်ရွယ်ခဲ့သည်။ ထိုအတိုင်းလည်း လုပ်ဆောင်ခဲ့သည်။ အစပျိုးထားသည့် ဘေသဇ္ဇမုနိ ကြေးသွန်းရုပ်ပွားတော်မြတ်ကို ဆက်လက်တည်ထားရန် ကြိုးပမ်းနေဆဲလည်း ဖြစ်သည်။

ဘေသဇ္ဇမုနိ ကြေးသွန်း ရုပ်ပွားတော်မြတ်ကို "အေးချမ်းတည်ထားမယ်" ဟူသော အတိတ်ကောက်၍ ကြေးပိဿာ ၁၂၇၇၇ ဖြင့် တည်မည်မှန်းထားသည့် စိတ်ကူးရှိသည်မှ လွန်ခဲ့သော သုံးနှစ်ခန့်ကတည်းက ကြေးခွက်၊ ကြေးအိုး၊ ကြေးလင်ပန်း၊ ကြေးကွမ်းအစ်မှအစပြု၍ ရရသမျှ ကြေးတိုကြေးစများကို စုဆောင်းခဲ့သည်။ ပန်းပုဆရာ ကိုသိန်းဝင်းတို့ လူစု ချိန်တွယ်ကြည့်သောအခါ ၂၇၅ ပိဿာမျှသာ ရှိသေးသည်။ အများကြီး လိုပါသေးသည်။ အကြံထုတ်ရတော့သည်။

ကြေးတိုကြေးစများကို အရည်ကျို၍ (အလျား ၆ လက်မ၊ အနံ ၂ လက်မ၊ ထု ၁ လက်မရှိ) ကြေးတောင့်များကို သွန်းလုပ်စေသည်။ ရလာသော ကြေးတောင့်များကို အရပ်ရပ် အရွာရွာသို့ ပေးပို့ပြီး တစ်တောင့်လျှင် ၅၀ ကျပ်မှ ၁၀၀ ကျပ် မည်သူမဆို ဝယ်ယူပူဇော်နိုင်ကြောင်း ကြေညာစေသည်။ ရလာသော ဝတ္ထုငွေများဖြင့် ကြေးများကို ပြန်လည်ဝယ်ယူ စုဆောင်းမည်။

ဖြစ်တော့ဖြစ်မည်။ သို့သော် ကြာမည်။ သို့သော်လည်း မတတ်နိုင်ပြီ။ သည်နည်းဖြင့် ကြိုးစားရုံမှအပ လောလောဆယ်ဆယ်မှာ အခြားနည်းလမ်း မရှိပြီ။

ကြေးများရရှိရန် ဆောင်ရွက်နေဆဲ ကိုသိန်းဝင်းတို့ လူစုက ဝါးများကို စိတ်ဖြာ၍ ဉာဏ်တော် ၁၁ ပေအမြင့်ရှိ ရုပ်ပွားတော်ပုံကြမ်းကို ရက်လုပ်သည်။ ပလာစတာပုံဖမ်းရန် ကြိုးစားနေဆဲတွင် သူးမွဲထ အရေးအခင်း ဖြစ်လာသည်။ ဆရာတော်သည် ဆူပူနေသော ကရင်ပြည်နယ်ကြီး အေးချမ်းပါစေတော့ ဟူသော ရည်ရွယ်ချက်ဖြင့် "ဘုရားကု" ကုသည် ဆိုလေမလား၊ ကရင်ပြည်နယ်အတွင်း တောအသွယ်သွယ်၊ တောင်အထပ်ထပ်မှာ ဘုရားစေတီ ပြိုပျက်ဟောင်းများကို ကြိုးစားပမ်းစား ပြုပြင်တည်ထားခဲ့သည်။

ယခု အခြေအနေ မပေးတော့ပြီ။ မြိုင်ကြီးငူမှာပင် သာသနာပြု လုပ်ငန်းကို ဆက်လက်လုပ်ဆောင်ရပေတော့မည်။ ဤသည်လည်း တစ်မျိုးတော့ ကောင်းသည်သာ။ မြိုင်ကြီးငူသာသနာ ပို၍ စည်ပင်ပွင့်လင်းလာမည် သာပလေ။

မြိုင်ကြီးငူမှာ သာသနာပြုဖို့ဆိုတာကလည်း ပုဂ္ဂိုလ်တိုင်း ပြုနိုင်သည် မဟုတ်။ အလွန်ကို ကံထူးပါမှသာ ပြုခွင့်ကြုံရမည်။ ဂန္ဓပဗ္ဗတတိုင်း ကိမိလ မြို့တော်ဝန်းကျင်မှာ မျှော်တော်ယောင်ဘုရားစေတီတစ်ဆူ ရှိသည်။ ထိုစေတီကို တော်ရုံကုသိုလ်ထူးရုံနှင့် ဖူးခွင့် မကြုံရတတ်ပေ။ ဖူးခွင့်ကြုံပြန်သော်လည်း ရှိခိုးဝတ်ပြုဖို့ မေ့လျော့နေတတ်သည်။ မရှိခိုးဖြစ်ကြ။ အကယ်၍ ရှိခိုးဝတ်ပြုခြင်းပြုခဲ့ပါမူ ထိုသူသည် မြိုင်ကြီးငူ သာသနာကို ပြုစွမ်းနိုင်သူ ဖြစ်မည်ဟု သက်ကြီးစကား သက်ငယ်ကြား အဆက်ဆက် ပြောလေ့ရှိကြသည်။

တောထဲသို့ မှိုရှာ၊ မျှစ်ချိုးသူများ၊ တောလည်မုဆိုးများ အချို့ထဲမှ တချို့တလေသည် ထိုဘုရားကို ပက်ပင်းပါ ကြုံတွေ့ခဲ့ရဖူးသည်။ အထူးအဆန်းအနေဖြင့် လိုက်ကြည့်နေပြီး ဦးချဖို့ မေ့နေတတ်ကြသည်။ ဟိုလိုသည်လိုနှင့် ပြန်ခဲ့ကြပြီး နောက်တစ်နေ့မှာ ထိုနေရာသို့ ပြန်လာရှာသည်။ မှတ်သားထားသည့်သစ်ပင်များကို ယမန်နေ့က မှတ်သားထားသည့်အတိုင်း ထင်ထင်ရှားရှား တွေ့ရသည်။ ဘုရားကိုကား မတွေ့ကြရတော့ပေ။ ထူးဆန်းလေစွဟုသာ ဆိုကြရတော့သည်။ လက်တွေ့အားဖြင့် မပြနိုင်သဖြင့် စကားအရာဖြင့်သာ အဆင့်ဆင့် ပြောကြား မှတ်သားခဲ့ကြရသည်။

ထိုထူးဆန်းသော၊ ထူးခြားသော "မျှော်တော်ယောင်စေတီ" ကို မြိုင်ကြီးငူဆရာတော် မျက်မြင်ကိုယ်တွေ့ ကြုံတွေ့ခဲ့ရဖူးသည်။

တစ်နေ့. . .

မြိုင်ကြီးငူသို့ ရောက်ပြီး မကြာလှသေးသော တစ်နေ့မှာ ဖြစ်သည်။ ပန်းကုန်းရွာမှ ဆွမ်းခံပြီးအပြန် တောလမ်းခရီးအတိုင်း လာခဲ့သည်။ နေ့စဉ်သွားနေကျလမ်းမို့ လမ်း၏ အမှတ်နိမိတ်ကို အသိအမှတ်ပြုစရာ မလိုသဖြင့် သတိပဋ္ဌာန်းအမှတ်ပြု၍ ကြွလာခဲ့သည်။

❖ လှမ်းတယ်၊ လှမ်းတယ်။
လှမ်းတယ်၊ သိတယ်၊ လှမ်းတယ်၊ သိတယ်။

❖ ဘယ်လှမ်းတယ်၊ သိတယ်။
ညာလှမ်းတယ်၊ သိတယ်။

❖ ဘယ်လှမ်းတယ်၊ ထိတယ်၊ သိတယ်။
ညာလှမ်းတယ်၊ ထိတယ်၊ သိတယ်။

❖ ဘယ်လှမ်းမယ်။
ကြွတယ်၊ သိတယ်။
ချီတယ်၊ သိတယ်။

လွှဲတယ်၊ သိတယ်။
ချတယ်၊ သိတယ်။

နင်းတယ်၊ သိတယ်။
ထိတယ်၊ သိတယ်။

❖ ညာလှမ်းမယ်။
ကြွတယ်၊ သိတယ်။
ချီတယ်၊ သိတယ်။

လွှဲတယ်၊ သိတယ်။
ချတယ်၊ သိတယ်။

နင်းတယ်၊ သိတယ်။
ထိတယ်၊ သိတယ်။

စသည်ဖြင့် အမှတ်ကို စိပ်နိုင်သမျှ စိပ်စေပြီး ရှုမှတ်သည်။ လှမ်းတုန်း၊ လှမ်းခိုက်၊ လှမ်းနေဆဲအတွင်း သတိကို တစ်ချက်ကလေးမှ မလွတ်အောင် အထူးဝါယမစိုက်၍ သပိတ်ကလေးပိုက်ခါ ပြန်လာခဲ့သည်။ သွားနေကျလမ်းမို့ လမ်းဆုံးလျှင် ကျောင်းရောက်မည်သာ။ အတွေးပွားလွင့်စရာ ဥဒ္ဒစ္စဖြစ်ဖွယ်မရှိ။

ထိုအတွက် ပူပန်ဖွယ်မလိုသဖြင့် သတိတည်းဟူသော ကမ္မဋ္ဌာန်းအာရုံမှာသာ စိတ်ကို စွဲနှစ်ထားသည်။

သတိပဋ္ဌာန် ရှုမှတ်ရင်း လျှောက်လှမ်းခဲ့ရာ ခြေလှမ်းများက အုတ်လှေကားတစ်ခုပေါ်သို့ လှမ်းတက်နေသည့်အဖြစ်ကို တရားမှတ်နေရင်းမှ သတိပြုမိသည်။ "ဘယ်ရောက်နေပါလိမ့်" အတွေးဖြင့် ကမ္မဋ္ဌာန်းအာရုံဖြတ်၍ ဝန်းကျင်ကို ကြည့်လိုက်သည်။

"ရော. . . ဘုရားပရဝုဏ်တစ်ခုအတွင်းသို့ လှမ်းတက်မိနေပါရောလား"

ဘုရား၏ အရှေ့မုခ်ပေါက်မှ တက်ရောက်နေမိလျက်သား ဖြစ်သည်။ ရှေ့တူရှုကို မော်ကြည့်လိုက်သည်တွင် ဉာဏ်တော် အတောင် ၃၀ နီးပါးမြင့်သော သွင်ပြင်ဆန်းသည့် ဘုရားတစ်ဆူကို မြင်လိုက်ရသည်။ စေတီမှာ ပစ္စယ်အဆင့်ဆင့်များ မရှိ။ မြေပြင်မှစ၍ ဖောင်းရစ်သဏ္ဌာန်ချည်း ဖြစ်သည်။ ထိပ်ဆုံးရောက်ခါနီးမှာမှ ကြာမှောက်ကြာလှန်နှင့် ငှက်ပျောဖူး၊ ၎င်းအထက်မှာမှ ထီးတော်ရှိသည်။ ထူးခြားသည်မှာ ထီးတော်တွင် ချိတ်ဆွဲထားသော ခေါင်းလောင်း ဖြစ်သည်။ အရပ်လေးမျက်နှာ အညီအမျှ လေးလုံးသာ ရှိသည်။ တစ်လုံး တစ်လုံးမှာ သုံးထွာဆိုင်ခန့် ရှိမည် မှန်းဆရသည်။

စိန်ဖူးတော်မှာ အရည်အသွေးကောင်းလှသော ထန်းသီးလုံးခန့် ပတ္တမြားလုံးကြီးက နေရောင်အောက်မှာ နီရဲစွာ တောက်ပနေသည်။ ဘုရားကို ဖောင်းရစ်သဏ္ဌာန်ဖြင့် ကြီးစဉ်ငယ်လိုက်ဆင့်၍ တည်ထားစေကာမူ သရွတ် (အင်္ဂတေ) ကား မကိုင်ထားချေ။ တစ်တောင်ပတ်လည်ရှိ အုတ်ချပ်ကြီးများကိုသာ ကျူထရံကွက်ဖော်ကာ တည်ထားသည်။ အုတ်များအားလုံး ရဲရဲတွတ်နီနေသည်။ အုတ်ကွက်ဖော်ကာ ဆေးနီသုတ်ထားသော ဘိုက်အိမ်ကြီးမှ အုတ်ပုံစံအတိုင်း ဖြစ်သည်။

ဘုရားပရိဝုဏ်အတွင်း အရှေ့မြောက်ဘက်လောက်ဆီမှာ ဒေါက်ချောဆောင်း ရသေ့ရုပ်တုနှစ်ခု ထမ်းထားသော ကြေးခေါင်းလောင်းကြီးကိုလည်း သတိပြုမိလိုက်သေးသည်။

ဦးသုဇနသည် ထွေထွေရာရာ စဉ်းစားခြင်းဖြင့် စိတ်ပျံ့လွင့်မှု မဖြစ်စေတော့ဘဲ အနားမှာရှိ သစ်ရွက်ခြောက်များကို စုပုံလိုက်သည်။ ပြီးလျှင် သပိတ်အဖုံးဖွင့်ကာ ဘုရားအား ဆွမ်းတော်ကပ်လိုက်သည်။ အပြီးမှာ ပုံထားသော သစ်ရွက်ခြောက်ပေါ်မှာ မဟာတင်ပလ္လင်ခွေထိုင်၍ တရားမှတ်နေလိုက်

သည်။ မှတ်နေကျအတိုင်း တူရှုကို မျက်စိဖွင့်လျက်သားဖြင့် အာနာပါန သတိပဋ္ဌာန်ကို ရှုမှတ်သည်။

❖ ထွက်တယ်၊
ဝင်တယ်။

❖ ထွက်တယ်၊ သိတယ်။
ဝင်တယ်၊ သိတယ်။

❖ ထွက်တယ်၊ ထိတယ်၊ သိတယ်။
ဝင်တယ်၊ ထိတယ်၊ သိတယ်။

စသည်ဖြင့် . . .

တရားရှုမှတ်နေရာ ခဏအကြာမှာ လက်ညှိုးခန့်ရှိသော ကျွတ်ကြီးတစ်ကောင် လန်းလန်းဖြင့် တွားတက်လာပြီး ညာဘက်လည်ပင်းနှင့် ပါးကို ကုတ်တွယ်ကာ သွေးစုပ်လေတော့သည်။ ရိုးရိုးကျွတ်များ တွယ်လျှင် တွယ်မှန်းပင် မသိအောင် မနာမကျင် ညင်သာလှသော်လည်း သည်ကျွတ်ကြီး အတွယ်ခံရသည်မှာ နာလိုက်သည့်ဖြစ်ခြင်း။ ထွက်သက်ဝင်သက် ရှုမှတ်ရာမှ နာသည့်ဘက်သို့ စိတ်အာရုံပြောင်းလိုက်သည်။

❖ တွယ်ထားတယ်၊ တွယ်ထားတယ်။
တွယ်ထားတယ်၊ သိတယ်။
တွယ်ထားတယ်၊ သိတယ်။

❖ တွယ်ထားတယ်၊ ထိတယ်၊ သိတယ်။
တွယ်ထားတယ်၊ ထိတယ်၊ သိတယ်။

❖ ကိုက်ပြီ၊ သိတယ်၊ ကိုက်ပြီ၊ သိတယ်။
ကိုက်ပြီ၊ နာတယ်၊ သိတယ်။
နာတယ်၊ နာတယ်၊ နာတယ်။
နာတယ်၊ သိတယ်၊ နာတယ်၊ သိတယ်။
နာတယ်၊ သိတယ်၊ နာတယ်၊ သိတယ်။

စသဖြင့် ဖြစ်ပေါ်လာသော ဝေဒနာပေါ်လိုက်၍ ရှုမှတ်သည်။ နာသည့်အဖြစ်မှာသာ စိတ်ကို သတိကပ်ထားလိုက်သည်။ အမှတ်စွဲမိသည့်အခါမတော့ နာသည်ဟူ၍ သတိမမူမိတော့။ ပကတိအနေမျိုးဖြစ်လာသည်။ ထွက်သက်ဝင်သက်အလာရုံဆီသို့ စိတ်ပြောင်း၍ ရှုမှတ်သည်။

အတော်လေး ကြာသွားသည်။ ကျွတ်ကြီးမှာ သွေးဝသွားပြီးနောက် တွယ်ထားရာမှ ပြုတ်ကျသွားသည်။ တရားရှုမှတ်ခြင်းကို ရပ်တန့်လိုက်သည်။ ဘုရားဝတ်ပြု၍ ကပ်ထားသော ဆွမ်းတော်သပိတ်ကို စွန့်ယူသည်။ နောက်နေ့မှ တစ်ခါလာ၍ တရားရှုမှတ်ဦးမည် အတွေးဖြင့် ဘုရားဝင်းထဲမှ ထွက်လာခဲ့သည်။ ဘုရားပရိဝုဏ်တွင်းမှ ဆင်းခဲ့ပြီး ဘာမှ မလျှောက်လိုက်ရ။ မြိုင်ကြီးငူသို့ ရောက်လာခဲ့သည်။ သည်ဖြစ်ရပ်ကို မည်သူ့အားမျှ မပြောပြခဲ့။

နောက်နေ့မှာလည်း ဆွမ်းခံရာမှအပြန် ယခင်လမ်းအတိုင်း လာခဲ့သည်။ သည်အခါမတော့ သတိပဋ္ဌာန် ရှုမှတ်ခြင်း မပြုနိုင်။ တွေ့ရဦးမည့် ထူးခြားသော ဘုရားစေတီကိုသာ ထင်ယောင်မြင်ယောင်နေသည်။ စိုက်စိုက်လာခဲ့သည်။ မှတ်မိလောက်သောနေရာသို့ ရောက်သော်လည်း ဘုရားကို မမြင်ရသေး။ မျက်စိပဲ မှားလေသလား၊ လမ်းပဲ မှားလေသလား အတွေးဖြင့် အနားတစ်ဝိုက်မှာ ရှာကြည့်သည်။ လမ်းလည်းမမှား၊ မျက်စိလည်း မမှားပါ။ မနေ့က စုပုံပြီး ထိုင်ခဲ့သော သစ်ရွက်ခြောက်ပုံသည် မနေ့ကအတိုင်းပင် ရှိနေသည်ကို တွေ့လိုက်ရသည်။ အံ့ဩခြင်းမက အံ့ဩမိရသည်။

"ရော. . . မနေ့က ဖူးခဲ့ရတဲ့ ဘုရားကြီးတစ်ဆူလုံး ဘယ်ပျောက်သွားပါလိမ့်"

ဤသည်ကမှ ထူးထွေတည့် အံ့ရာသော် ဖြစ်ချေသည်။ ဘုရားကို ရှာမတွေ့သည့်အဆုံး ပြန်လာခဲ့သည်။ မြိုင်ကြီးငူရောက်လျှင် ရှိနေသူများအား ထူးဆန်းသော (ဝါ) ထူးခြားသော ဘုရားအကြောင်းကို ပြောပြသည်။ အမေတုံက -

"အဲဒါ မောင်ပဥ္စင်း ကံထူးတာပဲ၊ ဘုရားကို ရှိခိုးဝတ်ပြုခဲ့ရတယ်ဆိုရင် မောင်ပဥ္စင်းဟာ ဒီမြိုင်ကြီးငူမှာ သာသနာပြုမယ့်သူဖြစ်သွားပြီ"

အားရဝမ်းသာ ပြောသည်။ ၎င်းနောက် ကြားထားဖူးသော "မျှော်တော်ယောင်စေတီ" အကြောင်းကို ပြောပြလေသည်။

(ဤမျှ ဆန်းကြယ်သောအရာသည် ဖြစ်နိုင်အံ့လောဟူ၍ အံ့ အဖြစ်အပျက် တစ်ခုကို တင်ပြပါမည်။ နှိုင်းယှဉ် တွေးဆကြပါကုန်။ စာရေးသူ)

တောင်ငူခရိုင်အတွင်း တစ်နေရာဖြစ်သည်။

ရွာမှ ခပ်လှမ်းလှမ်း လမ်းနှင့် မနီးမဝေး တောင်ကုန်းငယ်တစ်ခုတွင် ရွှေစေတီတစ်ဆူနှင့် ထုံးသင်္ကန်းစေတီတစ်ဆူ ရှိသည်။ မည်သူမဆို တက်ရောက်ဖူးမြော်လျှင် ရွှေစေတီကို ရှေးဦးအရင် ဖူးပြီးကာမှ ထုံးစေတီကို ဖူး

တွေ့ရသည်ဟူ၏။ ဤအဖြစ်ကို ကြားသိသော ခေတ်လူငယ်လေးဦးသည် လက်တွေ့စမ်းကြည့်မည် အတွေးဖြင့် ရောက်လာခဲ့ကြသည်။ နှစ်ယောက်ကို လမ်းဘေးတောင်ကုန်းရင်းထားပြီး ကျန်နှစ်ယောက်က တောင်ကုန်းပေါ် တက်ခဲ့သည်။ ရွှေစေတီကို ဖူးမြော်ပြီး ထုံးစေတီဆီ လာခဲ့သည်။ အရောက်တွင် တောင်ကုန်းခြေကို လှမ်းကြည့်သည်။ ချန်ထားခဲ့သော သူငယ်ချင်းနှစ်ဦး လမ်းဘေးမှာ တောင်ကုန်းဘက် မျက်နှာမူ၍ ရပ်နေသည်ကို တွေ့ရသည်။

နှစ်ယောက်သား စေတီ၏ ဖိနပ်တော်ပေါ် တက်၍ တောင်ခြေမှ သူငယ်ချင်းနှစ်ယောက်ကို လက်ခုပ်လက်ဝါးတီးကာ အော်ခေါ်သည်။ ထို နှစ်ယောက်ကား ဘာမှ မသိသလိုပင်။ အချင်းချင်း စကားပြောသော်မှ မပျက်။ မော်၍သော်မှ မကြည့်ကြ။ အနီးအဝေးက ဘာမှမရှိ။ ခေါ်သံကို ဆယ်ခါပြန် ကြားနိုင်လောက်သည့် အနေအထားမျိုး။ ထူထူထပ်ထပ်ကြီး မဟုတ်သော အင်တိုင်းတောပြုတ်ကလေးက ကြားမှာ အနည်းငယ်ရှိသည်။ အမျိုးမျိုး ခေါ် ကြည့်သော်လည်း မရနိုင်သည့်အဆုံး စိတ်တိုဒေါပွစွာ ဆင်းလာခဲ့ကြသည်။ ဆုံမိသည်နှင့် -

"မင်းတို့က တို့ခေါ်တာ ဘာဖြစ်လို့ ဂရုမစိုက်တာလဲ"

"မင်းတို့ ဘယ်မှာ ခေါ်လို့လဲ"

"ခေါ်ပါပြီးလားကွာ၊ ဘုရားပေါ်တက်ပြီး ခေါ်တာ။ မင်းတို့ ဒီဘက် လှည့်နေတာပဲ။ တို့က လက်ခုပ်လက်ဝါးတီးပြီးကို နှစ်ယောက်သံပြိုင်ကို ခေါ်တာ"

"ခေါ်မယ့်သာခေါ်ပဲ၊ တို့ လုံး၀ မကြားဘူး၊ မင်းတို့ကိုလည်း မမြင် ရဘူး၊ တကယ်ပြောတာပါကွာ"

သည်ကိစ္စအတွက် စူးစမ်းရန် သဘောတူ လာခဲ့ကြသည်မို့ လည်း ဆယ်ပြောနေခြင်း မဟုတ်တန်ရာ တွေးမိပြီး အကြံတစ်ခု ရလာသည်။ ရပ်နေ သောနေရာမှာ ဝါးတစ်လုံး စိုက်ထောက်ပြီး အဝတ်ဖြူတစ်စ ချည်ထားလိုက် သည်။ လေးယောက်သား တောင်ကုန်းပေါ် တက်ခဲ့သည်။ ထုံးစံအတိုင်း ရွှေစေတီကို တွေ့ရသည်။ ရှိခိုးဦးချပြီး ထုံးစေတီသို့ လာခဲ့သည်။ ထိုမှ လှမ်း ကြည့်လိုက်သောအခါ ဝါးလုံးစိုက်ထားသော အမှတ်အသားကို အတိုင်းသား မြင်နေရသည်။

"မင်းတို့ ခုနက ရပ်နေတာ အဲဒီနေရာလေ၊ ဘုရားဖိနပ်ပေါ်ကနေ တို့ တက်ခေါ်တာ"

"ခေါ်ခေါ်ကွာ၊ တို့ မကြားရတာတော့ အမှန်ပဲ"

"အေးဟ. . . ဒီလိုဆို ဆန်းတော့ အဆန်းသားပဲ" မှတ်ချက်ချကာ ပြန်ခဲ့ကြရသည်တဲ့။

ယင်းနှင့်ပတ်သက်သော သတင်းဆက်ကို ကြားရသေးသည်မှာ မကြာလှသေးသော နှစ်အတွင်းက ထိုဒေသသို့ စာရေးသူမိတ်ဆွေတစ်ဦး ရောက်ခဲ့သည်။ ရွာခံလူကြီးက အထက်ပါ လူငယ်လေးဦး၏ ဖြစ်ရပ်ကို ပြောပြသောအခါ ကြားမှာခံနေသော အင်တိုင်းတောပြုတ်ကလေးကို ရှင်းလင်းခုတ်ထွင်လိုက်လျှင် ဘယ့်နှယ့်နေမလဲ မေးကြည့်ရာ ရွာခံလူကြီးက -

"မောင်ရင် တွေးကြည့်သလို ကျုပ်လည်း တွေးခဲ့ဖူးတယ်။ ကြိုးလည်း ကြိုးစားခဲ့ဖူးတယ်။ ဒီလိုကွဲ့၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်ကပေါ့။ ကျုပ်ဟာ ကျေးလက်ကောင်စီလူကြီးတစ်ဦး ဖြစ်ခဲ့တယ်။ တစ်နေ့မှာ မောင်ရင့်လို အတွေးအခေါ်မျိုး ပေါ်လာတာနဲ့ အဲဒီ အင်တိုင်းတောပြုတ်ကလေးကို လူအင်အားနဲ့ ရှင်းလင်းခုတ်ထွင်မယ်ဆိုပြီး လူစုလိုက်တာ လူ ၃၀ လောက်ရတယ်။ မိုးလင်းရင် တောခုတ်သွားမယ်ဆိုပြီး ပစ္စည်း ပစ္စယတွေ စုဆောင်းပြင်ဆင်ထားလိုက်သည်။

"ဟောဗျာ. . . ညကျတော့ အဲဒီ ခုတ်မယ့်လူ ၃၀ လုံး ဝမ်းလျှောတယ်။ မိုးလင်းတော့ ဝမ်းလျှောထားလို့ အားကုန်နေတာနဲ့ မခုတ်ဖြစ်လိုက်တော့ဘူး။ ကျုပ်ကလည်း သိပ်ပွဲသမား၊ လက်တွေ့မှ ယုံတဲ့လူဆိုတော့ ဒါဟာ တိုက်ဆိုင်လို့ဖြစ်တာ နေမှာဆိုပြီး တစ်ပတ်လောက်အကြာမှာ ကြိုးစားပြန်တယ်။ ပထမတုန်းကလိုပဲ ဝမ်းတွေ သွားကြပြန်တယ်။ ဒီတစ်ခါ တောင်တော်လေး ခံလိုက်ကြရတယ်။ ဒါနဲ့ ကျုပ်က 'ဒါဟာ တိုက်ဆိုင်မှု သက်သက်တော့မဟုတ်ဘူး၊ တစ်ခုခုတော့ တစ်ခုခုပဲ၊ ဘာတစ်ခုခုသာ အဟုတ်မသိတာ' ဆိုပြီး မကြိုးစားရဲတော့ဘူး။ နောက်တစ်ကြိမ်များ ထပ်ကြိုးစားရင် အသက်ပါ ပါသွားကြရမလား မပြောတတ်ဘူး မောင်ရေ။ အဲဒီကတည်းက ကျုပ်လည်း ဒီအတိုင်း လက်ပိုက်ကြည့်နေလိုက်ရတော့တယ်" ဟူ၍ ပြောပြခဲ့လေသည်။

(ယင်းဘုရားစေတီများကား ယခုတိုင် တောင်ငူခရိုင်အတွင်း . . . . ရွာအနီးမှာ ရှိနေဆဲဖြစ်သည်။ *စာရေးသူ*)

မြိုင်ကြီးငူဆရာတော်သည် မြိုင်ကြီးငူသို့ ရောက်ပြီး မကြာမီမှာပင် မျှော်တော်ယောင်ဘုရားကို ဖူးမြော်ဝတ်ပြုခဲ့ရဖူးသည်။ သာသနာပြုနိုင်သူဖြစ်မည်ဟု အမေတုံက ဆိုသည်။ ဆိုမည့်သာဆိုသည်၊ ထိုစဉ်က လက်ထဲမှာ သပိတ်တစ်လုံးအပြင် ဘာမှမရှိခဲ့သဖြင့် မသိကျိုးကျွံပြု၍ နေခဲ့သည်။

ယခု ပြုရမည့် အခြေအနေ ဖန်လာပြီထင့်။ တောအသွယ်သွယ်၊ တောင်အထပ်ထပ်မှာ တရစပ် သာသနာပြုခဲ့ရာက ကေအင်န်ယူ ဗိုလ်ချုပ်မြ ၏ အမိန့်အာဏာကို မလွန်ဆန်သာသဖြင့် မြိုင်ကြီးငူမှာပင် သီတင်းသုံးရပေတော့သည်။ အစပျိုးထားသော ဘေသဋ္ဌမုနိ ကြေးသွန်းရုပ်ပွားတော်အတွက် လုံးပမ်းနေဆဲ သူးမွဲထ အရေးအခင်း ဖြစ်လာသည်။ အရေးအခင်းနှင့်အတူ ဒီကေဘီအိုဟူသော အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်ခဲ့သည်။

ထိုအဖွဲ့က မြိုင်ကြီးငူဆရာတော်ကိုသာ ဦးတည်ထားသည်။ ဦးစီး ဦးဆောင်ပြုစေသည်။ အခြေအနေက ပေးအပ်လာသည်မို့ ဝိနည်းဥပဒေတော်နှင့် ငြိစွန်းမှုမရှိသောကိစ္စရပ်များအတွက် လက်ခံမည်ဟု ခေါင်းညိတ်ခဲ့ရသည်။ အဖွဲ့ထဲမှာ လက်နက်ကိုင်များလည်း ရှိသည်မို့ ပြုမူ ပြောဆိုမှုတွေမှာ ဝိနည်းနှင့် မငြိစွန်းစေရန် အတော်ကြီးကို သတိထား ကိုင်တွယ်ရသည်။ သည်အလုပ်မျိုးသည် ပင်ကိုကမှ တိမ်ယောင်နှင့်နက်သည်လည်း ရှိသည်။ နက်ယောင်နှင့် တိမ်သည်လည်း ရှိသည်။ တိမ်လည်းတိမ်၊ နက်လည်းနက်တတ်သည်လည်း ရှိသည်။ စေ့စေ့တွေးလေ မလွယ်လေသော ကိစ္စမျိုးတည်း။

မိမိကဲ့သို့သော ရဟန်းတစ်ပါးအဖို့ လွယ်ကူသော ကိစ္စရပ်များကား လုံးဝမဟုတ်။ သို့သော် ရိုးသားလှန်းသော မိမိကရင်အမျိုးသားများအတွက် အဖိနှိပ်ခံ ဘာသာ သာသနာအတွက် ဆို၍သာ လက်ခံလိုက်ရသည်။ မူလ ရည်ရွယ်ခဲ့စဉ်က ဤအရေးအခင်း အကြောင်းအရာမျိုးကို အိမ်မက်သော်မျှ မမက်ဖူးခဲ့ချေ။ မှန်သည်။ မြိုင်ကြီးငူဆရာတော်အနေဖြင့် မြိုင်ကြီးငူသို့ လာရောက်ပြီး တောရခိုစဉ်က -

❖ ထုံးရွှေရောင် နောင်မကျော့ချင်ဘူး
တောင်တစ်မော့ဗွေစွန်
မြောင်ကတော့ ဟောဝန်မှာ
မြေသလွန်စက်ကိန်း။

❖ ကျင့်ခြိုးခြံ ဖြေဖျော်တယ်
နေရာတော် သစ်ရွက်ကစိမ်း။

❖ ပင်စကားဝို့ ရိပ်သာမှာ
အဝိဇ္ဇာ ဖျောက်သိမ်း
တစ်သိက္ခာ စောင့်ထိန်းလို့
တစ်ယောက်ငြိမ် ကြံစည်။
ကမ္ဘဝါ ရွှေစာတမ်းပါလို့

- ခေမာလမ်း ကူးလိုက်တော့မည်။
ဆွမ်းလှမ်းလို့ ကျွတ်တမ်းရည်သည်
ဝတ်ပန်းထည် ဆင်သစ်နှင့်
ကြင်ချစ်သူ့ ဖော်မခေါ်
မြန်းခဲ့ပေါ့နော်။

- သည်နောင်ငယ့် ဖော်မမျှော်တယ်
တစ်ကိုယ်တော် ထွက်ခဲ့ပေါ့လေး။

(ဗန်းမော် ဦးပုည)

စာဆိုရှင် ကဗျာဆရာကြီး ဦးပုည၏ နိက္ခမတေးထပ်အတိုင်း "တစ်ယောက်ငြိမ်းစေဖို့သာ" ရည်ရွယ်ခဲ့သည်။ ကြိုးစားခဲ့သည်။ အတိုင်းအတာတစ်ခုအထိ ဖြစ်သလောက်တော့ ဖြစ်ခဲ့သည်။ သို့သော် သည်ဘဝတွင် မည်မျှပင် တန်ရော့ထင့်။ ဖန်လာသော ဘဝအချိုးအကွေ့များက တစ်ယောက် မငြိမ်းစေဘဲ အများထိန်းစေဖို့ ကြုံလာသည်။ သည်သောအခါ မိမိကိုယ်မိမိ အားပေးယူရသည်။

"မောင်သုဇန၊ အမျိုးကို ချစ်တယ်ဆို၊ ဘာသာ သာသနာကို မြတ်နိုးတယ်ဆို။ တစ်ယောက်ငြိမ်းဖို့ အသာထားပြီး အများထိန်းဖို့အတွက် ဗျာများလိုက်ပေဦး" ဟူ၍။

ဒီကေဘီအေ အဖွဲ့နှင့်အတူ မရှေးမနှောင်း ပါလာသည်က ပြည်တော်ဝင်မိသားစုများ ဖြစ်သည်။ ကရင်ပြည်နယ်အတွင်း နေထိုင်ခဲ့ကြသော မြန်မာတိုင်းရင်းနွယ်ဖွား မိမိတို့ ကရင်အမျိုးသားများသည် ယခင့်ယခင်နှစ်များက စစ်ပြေးဒုက္ခသည်များအဖြစ် ထိုင်းနိုင်ငံတွင်းသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။ ထိုဒုက္ခသည်စခန်းသို့ မိမိ ဆွမ်းဆန်စိမ်း အလှူခံရောက်ရှိစဉ်က ထိုသူများက နေရပ်ကို လွမ်းလှပါကြောင်း မျက်ရည်လည်ရွဲ ငိုပွဲဆင်၍ လျှောက်ခဲ့ကြသည်။ ကူနိုင်လျှင် ကူပါဟုလည်း တောင်းပန်တိုးလျှိုးကြသည်။

ထိုဖြစ်အင်ကို ပြန်လည်တွေးတောမိသဖြင့် ဗိုလ်ကြီးထွန်းလှိုင်အား ဒုက္ခသည်များကို သွားရောက်ကြိုဆိုရန် တာဝန်ပေးလိုက်သည်။ ဒုက္ခသည်များသည် ဖြစ်ပွားနေသော အရေးအခင်း အရှုပ်အထွေးကာလကို အခွင့်ကောင်းယူ၍ ဗိုလ်ကြီးထွန်းလှိုင် ခေါ်ရာနောက်သို့ လိုက်ပါခဲ့ကြသည်။ အချို့က မြဝတီဘက်မှ ကူးဝင်သည်။ အများစုမှာ မဲသဝေါလမ်းမှ ကူးလာကြသည်။ လူလွတ်များက မဲသဝေါမှ မြိုင်ကြီးငူသို့ ခြေကျင်ဖြင့် လည်းကောင်း၊ မိသားစုများက

မဲသဝေါ်မှ လှိုင်းဘွဲ့၊ ယင်းမှတစ်ဆင့် ဘားအံမြို့ ကူးဆိပ်လမ်းရှိ ဓမ္မပီယ ကျောင်းသို့ လည်းကောင်း ရောက်လာကြသည်။

မြန်မာနိုင်ငံတွင်းသို့ ပြန်လည်ဝင်ရောက်လာသူများကို သက်ဆိုင်ရာ မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ ရပ်ကွက်ငြိမ်ဝပ်ပိပြားမှု တည် ဆောက်ရေးအဖွဲ့တို့က ဓမ္မပီယကျောင်းတွင် "ဒုက္ခသည် ကြိုဆိုရေး ဆိုင်းဘုတ် ဝပ်သည်နှင့် ပတ်သက်၍ မြိုင်ကြီးငူဆရာတော်က -

"ဒါဟာ ဒုက္ခသည်တွေ မဟုတ်ဘူး၊ ကိုယ့်တိုင်းပြည် ကိုယ်ပြန်ဝင် လာတဲ့သူတွေသာ ဖြစ်တယ်။ ဒါကြောင့် 'ပြည်တော်ဝင် ကြိုဆိုရေးစခန်း' လို့သာ ခေါ်ရမည်" ဟု လမ်းညွှန်သည်။ သို့ဖြစ်၍ -

"ပြည်တော်ဝင် ကြိုဆိုရေးစခန်း" ဟု ပြင်ဆင်လိုက်သည်။ ထိုမှစ၍ ပြည်တော်ဝင်ဟူသော အသုံးအနှုန်း တွင်ခဲ့လေသည်။

ပြည်တော်ဝင်များကို ဓမ္မပီယကျောင်းမှာ လက်ခံသည်။ ခေတ္တတည်း စေသည်။ စာရေး သောက်ရာများကို ၎င်းကျောင်းအနီးရှိ ဦးတင်ကြည်၊ ဒေါ်ခင်ထွေးမြင့် (ယခင် အောင်သိဒ္ဓိဆန်စက်ပိုင်ရှင်)တို့က တာဝန်ယူ ပြုလုပ် ပေးကြသည်။ ပြုလုပ်ပေးကြရသည်က စဆုံးစုံလင် အကုန်အစင်ပင်။

မိသားစုများတွင် ဘုစုခရုများ ပါလာစမြဲ။ ခရီးဝေးမှ လာခဲ့ရသူများ လည်း ဖြစ်သည်။ ဖုံအထပ်ထပ်၊ ချေးအထူထူ၊ နှပ်ချေးရွှဲရွှဲနှင့် ကလေးသူငယ် များကို သားသမီးရင်းချာသဖွယ် မရွံ့မရှာ ရေမိုးချိုး သန့်စင်ပေးရသည်။ သည်မှာ ဒေါ်ခင်ထွေးမြင့်တစ်ယောက် ထဘီကို ဒူးလောက်အမြဲမြင့်ဝတ်ထား ရသည်။ သမီးကြီး ရွှေအိနှင့် သမီးလတ် နန္ဒာတို့ကလည်း မိခင်ကြီးနည်းတူ တစ်ချက်ကမှ မနားကြရပေ။ ကျောင်းစာတစ်ဖက် လုံးပမ်းလျက်က ရက်ဆက် မနေ့စဉ် ကူညီလုပ်ကိုင်ပေးကြရသည်။

တူမဖြစ်သူ မစန်းရီမှာကား မီးဖိုချောင်မှ ထွက်ရသည်ဟူ၍ မရှိ တော့။ မီးဆက်မပြတ်သော မီးဖိုမှာ အိုးကြီးအိုးငယ်များနှင့် နပမ်းလုံးနေရ သည်။ တစ်နေ့တစ်နေ့ ရောက်လာသော ပြည်တော်ဝင်များမှာ တစ်ခါတစ်ရံ လေးငါးရာပင်ကျော်သည်ဆိုမှတော့ အိမ်ရှိလူအားလုံး အဘယ်မှာ နားချိန် ရပါတော့မည်နည်း။ အိမ်ထောင်ဦးစီး ဦးတင်ကြည်ဆို ဟိုပြေးစီစဉ်၊ သည်ပြေး စီစဉ်၊ ဟိုဟာမလောက်သေး ရှာဖြည့်။ ဒီဟာကုန်နေပြီ ပြေး၍ ရှာပါဦး စသည် ဖြင့် ဒေါင်ချာစိုင်းနေသည်။

ကြိုဆိုရေးစခန်းမှ ပြည်တော်ဝင်များကို စက်လှေများ စီစဉ်၍ မြိုင်ကြီးငူသို့ အသုတ်လိုက် အသုက်လိုက် ပို့ပေးသည်။ မြိုင်ကြီးငူသို့ ရောက်ပါပြီတဲ့၊ ဘယ်မှာလဲ နေရာထိုင်ခင်း။

အဘယ်မှာ အရံသင့်ရှိပါမည်နည်း။ ဇရပ်ကြီးတစ်ဆောင်တော့ ရှိသည်။ အပေါ်ရော အောက်မှာပါ နေရာချထားပေးသည်။ ဤသည်ကား ရှေးဦး ရှေးဦး ရောက်လာသူများအတွက်သာ ဖြစ်သည်။ နောက်ထပ် ရောက်လာသူများအတွက်ကား ပေးစရာ နေရာမရှိတော့။ ဖြစ်သလိုပင် အလျဉ်းသင့်သလို သစ်ပင်အောက်၊ ဝါးရုံအောက်မှာ နေကြရသည်။ မင်္ဂလာသိမ်တော်နှင့် နန်းဦးစေတီတော်သို့ ဆက်သွယ်ထားသော စောင်းတန်းရှည်ကြီးတစ်လျှောက်မှာ ပြည်တော်ဝင်များနှင့်ချည်း ပြည့်နေသည်။ နေရေးထိုင်ရေး နောက်မှ ကြည့်စီစဉ်ပေးရဦးမည်။

လောလောဆယ်ဆယ် ဝမ်းရေးကမနေ။ ထိုအတွက် နဂိုကထားရှိသော စတုဒိသာမှာသာ ဆန်တင်းရေ တိုးတိုးချက်၍ ဖြေရှင်းပေးရသည်။ ကနဦးချက်စဉ်က ဆန် ၆ တင်း၊ ၎င်းနောက် ၁၃ တင်း၊ ၁၇ တင်း၊ ၂၄ တင်း၊ ၃၂ တင်း၊ ၄၈ တင်း၊ ၅၃ တင်း၊ ၆၄ တင်း၊ ၇၂ တင်းအထိ တစ်စတစ်စ တိုး၍တိုး၍ ချက်လာရသည်။ ဆန်နှင့် ဟင်းသီးဟင်းရွက်များကို နီးနားဝန်းကျင်ရွာများမှလည်းကောင်း၊ အများပြည်သူများမှလည်းကောင်း လှူဒါန်းကြသည်။ စာရေးသောက်ရေးမှာ ဘေးမဲ့သာဖြစ်သဖြင့် တာဝန်သိပ်မကြီးလှ။ တော်သေးသည်။

စတုဒိသာမှာ ဝေယျာဝစ္စကို လုပ်ကိုင်ဆောင်ရွက်ပေးသူများမှာ နီးနားရွာများမှ ဖြစ်သည်။ ရွာစဉ်အလိုက်၊ အဖွဲ့လိုက် တစ်ပတ်စီ၊ နှစ်ပတ်စီ အလှည့်ကျ လာရောက် လုပ်ကိုင်ပေးကြသည်။

ဤခါစဉ်ဂယ် ထူးသည်လား၊ ဆန်းသည်လား၊ တိုက်ဆိုင်သည်လား မပြောတတ်သည့် အဖြစ်ထူးတစ်ခု ရှိခဲ့သည်။ ပြည်တော်ဝင်မိသားစုများ ရောက်ရှိလာပြီး မိသားစု ၃၀ လောက်မှာ ဇရပ်ကြီးရေဆိပ်တွင် ယခင်က တွေ့မြင်ဖူးခဲ့ခြင်းမရှိသော "ငါးဒန်" များကို တွေ့မြင်ရခြင်းဖြစ်သည်။ သန်လျင်ကျောက်တန်းမှ ကျိုက်မှော်ဝန်း ရေလယ်စေတီမှာ ကဲ့သို့သော ငါးဒန်များ ဖြစ်သည်။ ယဉ်ပါးလွန်းလှသည်။ သာမဏေငယ်များ ရေချိုးဆင်းလျှင် ငါးဒန်များကို ဖမ်းကိုင် ကစားတတ်ကြသည်။ အချို့က ပခုံးပေါ်တင်ထမ်းကြသေးသည်။ ဤမျှထိ ယဉ်ပါးကြသည်။ (ယခုထက်တိုင် ငါးဒန်များ ရှိနေဆဲပင်။)

စဘုဒိသာမှာ တစ်နေ့တစ်နေ့ ဆန် ၇၂ တင်းခန့် ချက်နေပြီဖြစ်သော တစ်နေ့မှာ ဆရာတော်ထံသို့ ဦးကျော်ခင်နှင့် ဦးဖိုးအောင်ဆိုသူတို့ ရောက်လာကြသည်။

"တပည့်တော်တို့ ဘာများ ကူညီဆောင်ရွက်ပေးရပါမလဲဘုရား" ဟု လျှောက်သည်။

"မလိုပါ" ဟု ငြင်းပယ်ခဲ့သည်။ ထိုသူတို့ ပြန်သွားကြသည်။ ဒုတိယမ္ပိ ရောက်လာပြီး လျှောက်ထားပြန်သည်။ ငြင်းပယ်ခဲ့ပြန်သည်။ အခြေအနေ အထွေထွေကို ရိပ်စားမိပြီးဖြစ်သော ဦးကျော်ခင်နှင့် ဦးဖိုးအောင်တို့က တတိယအကြိမ် လာရောက် လျှောက်ထားပြန်သည်။ သည်ခါမတော့ -

ဤနေ့ ဤအချိန်တွင် သိမ်တော်တွင်းမှာ ဆရာတော်နှင့် ဦးကျော်ခင်၊ ဦးဖိုးအောင်တို့ သုံးဦးသာ ရှိသည်။

"တပည့်တော်တို့ လိုအပ်သလို ကူညီဆောင်ရွက်ပေးဖို့ အစီအစဉ် ရှိပါတယ်ဘုရား၊ အရှင်ဘုရား ခွင့်ပြုရုံသာပါဘုရား" လျှောက်ထားသော စကားအဆုံးဝယ် ဆရာတော့်စိတ်အစဉ်သည် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ကာလသုံးပါးစလုံးကို တဒင်္ဂအတွင်း တွေးတောသုံးသပ်လေသည်။

"သွေးခွဲအုပ်ချုပ်သူများကလည်း မိမိတို့ ကရင်အမျိုးသားများသာ ဖြစ်သည်။ ဘာသာရေး အကြောင်းပြု၍ အနှိမ်ခံခဲ့ရသော ဗုဒ္ဓဘာသာရဲဘော်များမှာလည်း ကရင်အမျိုးသားများသာ ဖြစ်သည်။ ရှေ့သို့ ဘာဖြစ်ကြဦးမည် မသိ။ ဆုပ်စူး စားရူးသည့် အခြေအနေ၊ ရှဥ့်လည်း မလျှောက်သာပြီး။ ပျားလည်း မစွဲသာပြီ။ ဒီအမျိုးသားရေးအတွက် ရင်လေးလှသည်၊ ပြီးတော့ ဘာသာ သာသနာအရေး၊ ပြီးပြန်တော့ တဖွဲဖွဲ ဝင်လာရောက်ရှိနေသော မိမိတို့ ကရင်အမျိုးသား ပြည်တော်ဝင်များ ရှေ့လျှောက်ရပ်တည်နေနိုင်ရေး။ သူတို့တစ်တွေကလည်း မိမိကိုသာ ဦးတည်ထား၍ လာခဲ့ကြသည်။ သတ္တဝါ တစ်ခု၊ ကံတစ်ခု ဆိုစကားရှိငြား လောလောဆယ်မှာ သည်အရေးအရာ အားလုံးသည် မိမိပခုံးပေါ်မှာ ကျရောက်နေပြီ။ သည်အပူမျိုးကို ကြောက်လို့ မြိုင်ငူအရပ်သို့ ဝင်လာခဲ့ကာမှ မြိုင်ထူထပ်ပြီး အပူတွေ ဟပ်ပါပေါ့လား။ တစ်ယောက်ငြိမ်းဖို့ ငါ့အကြံ၊ သည်ဘဝ သည်မျှနှင့်ပင် တန်ပြီထင်ရဲ့"

စသဖြင့် သုံးသပ်ပြီးနောက် အမျိုးဘာသာ သာသနာအရေးအတွက် ရော၊ မိမိကိုယ်ရေးအတွက်ပါ ရတက်ဖြာ ပူမအေးသမို့ ပူဆွေးသောက ဖြာဖြာလှိုင်လျက် မအောင့်နိုင် မအည်းနိုင်ဖြစ်ကာ ဝမ်းနည်း ပမ်းနည်း ရှိုက်ကြီးတငင်ငင်ဖြင့် ချုန်းချုန်းချ ငိုကြွေးမိလေတော့သည်။

ဦးကျော်ခင်တို့ နှစ်ဦးမှာ မျက်လုံးအပြူးသားဖြင့် တစ်ဦးကိုတစ်ဦး ကြည့်လိုက်၊ ဆရာတော်အား ကြည့်လိုက်နှင့် ဘာလုပ်၍ ဘာကိုင်ရမှန်း မသိ ဖြစ်သွားရသည်။ ဆရာတော့်ရင်တွင်း အဘယ်မျှ ဗေဒနာပူပြင်းနေသည့်အဖြစ်ကို မသိရခြား ဝမ်းပန်းတနည်း လှိုက်ဖိုရှိုက်ငင် ငိုပွဲဆင်နေသည့်အဖြစ်ကို ... သောကအတွက် အဘယ်မျှ ရတက်ဖြာဝေနေသည့်အဖြစ်ကို ခန့်မှန်းသိရှိ စေလေသည်။

ဆရာတော် ငယ်စဉ်ကာလ သိက္ခာတော် ငယ်နုစဉ်က ဖခင် ဆုံးပါး ခဲ့သည်။ သေခြင်းတရားဟူသည် မလွဲသာ၊ မရှောင်သာစကောင်း ... သည်မို့ တရားနှင့် ယှဉ်ကာ ဖြေသိမ့်နိုင်ခဲ့သည်။ တစ်ပေါက်တည်းမျှသော မျက်ရည်စကလေးသာ ကျဆင်းခဲ့ရသည်။

ယခု သက်တော် ၄၆ နှစ်။ အရွယ်က ကြီးရင့်စပြုလာပြီ။ တရားဓမ္မ က အတန်အသင့်ရှိပြီ။ အသိတရားကလည်း ကြွယ်ဝလာပြီ။ သို့ဆိုလျှင် မျက်ရည်များ ခန်းခြောက်လောက်ပြီ ယူဆခဲ့သည်။ သို့သော် တကယ်တမ်း ကြုံလာသည့် အမျိုးသား၊ ဘာသာ သာသနာအရေးနှင့် ဆုံလာသောအခါတွင် မူ ထိုထိုအရေးအတွက် ရတက်မအေးစွာ သောကဖြာ၍ ပရိဒေဝမီး တောက် လောင်ခဲ့ရရှာလေတော့သည်။

အမျိုးပေါ် သံယောဇဉ်ကြီးသူ၊ ဘာသာ သာသနာကို ချစ်လေသူ ... သည်မျှတော့ ရှိရပေမည်သာ။ အားရပါးရ ချုန်းချုန်းချ ငိုကြွေးပြီးကာမှ ဆရာတော်သည် စိတ်ကိုထိန်းကာ -

"ဒကာတို့၊ ဘာတွေကူညီသင့်သလဲ၊ ဘာတွေလိုအပ်သလဲ၊ ပြီးတော့ ဘာတွေလုပ်သင့်သလဲဆိုတာ ဒကာတို့မှာ နားမျက်စိ အရှိကြသား။ လုပ်သင့် လုပ်ထိုက်ကြတာ လုပ်ပေတော့။ လောလောဆယ်ဆယ်မှာ နေ...နှင့်အမျှ ပြည်တော်ဝင်တွေ တဖွဲဖွဲလာနေတယ်။ နောင်ကို ဘာဖြစ်မယ်ဆိုတာလည်း မသိနိုင်။ ဘယ်လောက်ကြာလို့ ကြာမှန်းလည်း မသိဆိုတော့ ရှေ့...အတွက် ပါ စဉ်းစားပြီး လုပ်သင့်လုပ်ထိုက်တာတွေကို လုပ်ပေတော့။ ခွင့်ပြုလိုက်ပြီ"

ဦးကျော်ခင်နှင့် ဦးဖိုးအောင်တို့သည် ခွင့်ပြုချက်ရလျှင်ပင် အဆင် သင့်ဖြင့် နိုင်ငံတော်အား အသိပေးအကူအညီတောင်းခံမဲ့သည်။ နိုင်ငံတော်က ခရီးသွားရာမှ ပြန်လာသူ မိသားစုများအား အလေးတယူ ထွေးပွေ့ကြိုဆို သကဲ့သို့ လိုအပ်သော အကူအညီများကို အပြည့်အဝ ပေးအပ်လာသည်။

အမှန်ကလည်း. . .

နိုင်ငံတော်အကြီးအကဲများက မိဘများတည်း။

ပြည်သူပြည်သားများက သားသမီးများတည်း မဟုတ်ပါလော။

အကြောင်းကြောင်းကြောင့် အိမ်မှထွက်သွားပြီး ရင်ခွင်တွင်းသို့ ပြန်လည်ခိုဝင်လာသော သားသမီးများကို မိဘဖြစ်သူများက နွေးထွေးသော မေတ္တာငွေ့ဖြင့် လွှမ်းခြုံကြိုဆိုကြသည်မှာ သဘာဝတစ်ရပ်ပင်။

ယခုလည်း နိုင်ငံတော် အကြီးအကဲများက ရောက်ရှိလာသော ပြည်တော်ဝင်များအရေးကို စားဝတ်နေရေး၊ ကျန်းမာရေးမှ အစပြု၍ လုပ်ဆောင်ဖွယ်ဟူသမျှကို အလေးဂရုထား၍ ပြုလုပ်ဆောင်ရွက်ပေးသည်။

နိုင်ငံတော်၏ မေတ္တာ၊ ပြည်သူ၏ စေတနာကို ဆရာတော်သည် အထူးပင် လေးစားမိသည်။ ဆရာတော်သည် မိမိဖြတ်သန်း ချိုးကွေ့လာခဲ့ရသော ခရီးတစ်လျှောက်လုံးမှာ မိမိကိုယ်ရေးအတွက်ဆိုပါလျှင် ပြောရဆိုရမှာ အလွန်မှပင် လည်ပင်းနာတတ်သူဖြစ်သည်။ တဖွဲဖွဲ ရောက်ရှိလာသော ပြည်တော်ဝင်၏ ရှေးရေးအတွက် အလွန်ကိုမှ ရင်လေးလှသည်။ ရေရှည်တည်တံ့ရေး၊ စားဝတ်နေရေး၊ လူမှုရေး၊ ပညာရေး စသည်စသည် ဘာညာကွိကွတွေအတွက် မိမိပိုင် သပိတ်တစ်လုံးတည်းက အသို့လျှင် တတ်နိုင်ပါမည်နည်း။

တစ်ချိန်သောကာလ နန်းဦးစေတီ တည်နေစဉ်အခါက ရောက်လာသော စစ်ပြေးဒုက္ခသည် ၃၀၀ ကျော်ကို သပိတ်တစ်လုံးတည်းဖြင့် ဆွမ်းခံကျွေးနိုင်ခဲ့သေးသည်။ ယခုရောက်လာမည့် ပြည်တော်ဝင်များမှာ အဘယ်မျှရှိလေဦးမည်ကို သိထားရသည်။ ထိုသူတို့အားလုံး ဝင်လာခဲ့လျှင် မိမိအားဖြင့် မည်သို့မျှ တတ်နိုင်မည်မဟုတ်။ အကြံရ ကျပ်နေခိုက် နိုင်ငံတော်က တာဝန်ယူလာသည်။ အလွန်အကြူး အထူးပင် ကျေးဇူးတင်လှပါပေသည်။

ဥပမာ စကားတစ်ရပ် ဆိုရပါမူ နိုင်ငံတော်အကြီးအကဲများက မိဘတည်း။ မိမိမှာ အစ်ကိုကြီး။ မိမိဟူသော အစ်ကိုကြီးကို အကြောင်းပြု၍ မိဘရင်ခွင်သို့ ပြန်လည်ခိုဝင်လာသော ညီငယ်၊ ညီမငယ်၊ တူလေး၊ တူမလေး၊ မြေးငယ်ကလေးများကို မိဘဖြစ်သူများက အရေးတယူ ထွေးယူပွေ့ပိုက်၍ လိုအပ်သလို ကြည့်ရှုသည်ဟု ဆိုရပါမည်။ ဤသည်ကို ကျေးဇူးတင်လှသည်။ ညီငယ်၊ ညီမငယ် စသူများအတွက်လည်း ရင်အေးရလေတော့သည်။

သည်လိုဆိုတော့လည်း လောကကြီးသည် ကြည်နူးသာယာဖွယ် အတိဖြစ်လို့ပါကလား အတွေးဖြင့် ကျေနပ်မိရသေးတော့သည်တကား။

ဆန့်ကျင်ဘက် ဝိရောဓိဟူသည် ၃ နှင့် ၄ ကဲ့သို့ ကျောချင်းကပ်လျက် မျက်နှာမူရာ ကွာလွန်းတတ်သည်ကား သဘာဝတစ်ရပ်ပင်။

ရင်အေးစရာရှိသကဲ့သို့ ရင်လေးစရာလည်း ကပ်လျက်သား ရှိနေသည်။ ယင်းကား မိမိကရင်အမျိုးသားများပင် ဖြစ်သည့် ကေအင်န်ယူများ အရေးတည်း။ ငွေခံမှန်းသိလေ ရောင့်တက်လေဖြင့် သူးမွဲထရှိ သာသနာ့အဆောက်အအုံများကို ဖျက်ဆီးခဲ့ကြပြီ။

မိမိအဖို့ "ဖြစ်ကပျက်မြဲ မလွဲဓမ္မတာ" ဟူသော ဘုရားဟောသည့် တရားသဘောကို စေ့ငုကြည့်မြင်ပြီးဖြစ်သည်မို့ ဖြေနိုင်ပါသည်။ မဖြေနိုင်သူများ ရှိခဲ့ပါလျှင် . . .

"အင်း. . . ရင်လေးဖွယ်ပင် ရှိပေရပြန်တော့လေသည်တကား"

# ဒဏ်ရာတစ်ဖက် ရသျှက်နှင့်ပင်

တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားများ အစည်းအရုံးသည် (၂/၉၅)ပါ အချက်အလက်များအရ ပေါ်ပေါက်လာခဲ့ရသည်။ အဖွဲ့အစည်းဟူ၍ ဖြစ်ပေါ်လာပြီးနောက် အဖွဲ့၏ လုပ်ဆောင်ရမည့်လုပ်ငန်းများကို တစိုက်မတ်မတ် ဦးတည်ဆောင်ရွက်သွားမည့်အဖြစ်ကို ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့စွဲဖြင့် ထုတ်ပြန်သော ကြေညာချက်အမှတ် (၃/၉၅)မှာ အောက်ပါအတိုင်း ဖော်ပြထားသည်။

၁။ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားများ အစည်းရုံး (ဒီကေဘီအို) သည် ကြေညာချက်အမှတ် (၁/၉၄)ပါ လုပ်ငန်းစဉ်များ ဖြစ်သော ကရင်ပြည်နယ်ရှိ လူမျိုးစုအားလုံး၏ အေးချမ်းသာယာသောဘဝ ထူထောင်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးဘာသာ၊ သာသနာ၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများ တည်တံ့ခိုင်မြဲထွန်းကားရေး လုပ်ငန်းစဉ်များကို ကြိုးစားဆောင်ရွက်သွားမည့် ရည်မှန်းချက် ချမှတ်၍ ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

၂။ ကျွန်ုပ်တို့ အဖွဲ့အစည်းသည် လူသားချင်း စာနာထောက်ထား၍ နိုင်ငံရေး လွတ်လပ်မှု၊ စီးပွားရေး လွပ်လပ်မှု၊ ဘာသာရေး လွတ်လပ်မှု၊ တန်းတူရည်တူ ခံစားပိုင်ခွင့်ရှိမှု စသော လောကပါလတရားကို လက်ကိုင်ထား၍ လူမှုဒုက္ခအပေါင်းမှ လွတ်မြောက်ပြီး သာယာအေးချမ်း

သော ပြည်နယ်တည်ထောင်ရန် ရည်မှန်းလျက် ကြိုးစားဆောင်ရွက်သွားမည် ဖြစ်သည်။

၃။ ကျွန်ုပ်တို့ အဖွဲ့အစည်းသည် ကေအင်န်ယူ ခေါင်းဆောင်များ၏ မတရား ဖိနှိပ်ချုပ်ခြယ်မှု၊ ဘာသာရေး လွတ်လပ်ခွင့်ကို ဖိနှိပ်ချုပ်ခြယ်မှု၊ 'ကရင်လူမျိုး ကောင်းစားရေးနှင့် တန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် ရရှိရေး' ဟူသော ချမှတ်ထားသည့် လုပ်ငန်းစဉ်များမှ သွေဖည်ဆောင်ရွက်နေမှုများကို မခံစား၊ မရှုစိမ့်နိုင်တော့သည့်အတွက် အထက်အပိုဒ် (၁) နှင့် (၂) ပါ 'သာယာအေးချမ်းသော ကရင်ပြည်နယ် တည်ထောင်ရေး' လုပ်ငန်းစဉ်များကို ဆောင်ရွက်သွားရန် ရည်မှန်းချက်ချမှတ်ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။

ဟူ၍ တင်ပြပြီးနောက် ကေအင်န်ယူ ခေါင်းဆောင်များက မိမိတို့အပေါ် ကျင့်ကြံပြုမူချက်များကို ရင်ဖွင့်သောအားဖြင့် အပိုဒ် (၄) မှာ -

၄။ ကေအင်န်ယူ ခေါင်းဆောင်များသည် ကရင်လူမျိုး ကောင်းစားရေးကို ကြွေးကြော်နေသော်လည်း လက်တွေ့တွင်မူ ၎င်းတို့ ကောင်းစား ချမ်းသာရေးအတွက် အတ္တကြီးမားစွာ ယုပ်ဆောင်နေသည်။ ၎င်းတို့သည် တော်လှန်ရေးအတွက် အမည်ခံ၍ နည်းမျိုးစုံဖြင့် ရရှိလာသော ရန်ပုံငွေများကို ၎င်းတို့ ကိုယ်ကျိုးအတွက် သုံးစွဲပြီး တစ်ဖက်နိုင်ငံအတွင်း ခြံမြေတိုက်ဟာများ ဝယ်ယူနေထိုင်ခြင်း၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်နေခြင်းများဖြင့် ကြီးပွားချမ်းသာနေကြသည်။ ၎င်းတို့သားသမီးများကို နိုင်ငံခြားတွင် ပညာသင်စေလျက်ရှိသည်။ ငယ်သားများမှာမူ ဆင်းရဲပင်ပန်းစွာဖြင့် ဝတ်တစ်လှည့်၊ ပြတ်တစ်လှည့် နေကြရသည်။ ပညာမတတ်အောင် လုပ်ဆောင်နေသည်။ တိုက်ပွဲဖြစ်ပွားလျှင် ခေါင်းဆောင်များက နောက်မှနေ၍ ကျည်လွတ်မြေမှ ကွပ်ကဲပြီး ရှေ့တွင် အသေခံတိုက်နေကြသူများမှာ လက်အောက်ငယ်သားများသာပင် ဖြစ်သည်။ ခေါင်းဆောင်များ ချမ်းချမ်းသာသာ နေထိုင်ကြရေးအတွက် လက်အောက်ငယ်သားများ၏ အသက်၊ သွေး၊ ချွေး တို့သည်လည်းကောင်း၊ ပြည်နယ်အတွင်းရှိ လူမျိုးစုအပေါင်း၏ အသက်စည်းစိမ်ဥစ္စတို့သည်လည်းကောင်း ရင်းနှီးပေးနေကြရသည်။

စသည်ဖြင့် ၎င်းတို့ရင်ထဲ မျိုသိပ်ခံစားရချက်များကို ရင်ဖွင့်တင်ပြထားသည်။ ဖော်ပြထားသော ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်နိုင်ရန် ဒီကေဘီအို အဖွဲ့က စတင်ကြိုးပမ်းသည်။

တဖွဲဖွဲ အဆက်မပြတ် ပူးပေါင်း၀င်ရောက်လာသော ဗုဒ္ဓဘာသာ ကရင်ရဲဘော်များကို လက်သင့်ခံ စုစည်းသည်။ ၎င်းနောက် သင့်လျော်သလို တပ်စု၊ တပ်ဖွဲ့၊ တပ်ခွဲ၊ တပ်ရင်း၊ တပ်မဟာများကို ဖွဲ့စည်းသည်။ ကေအင်န်ယူ မှ လဲခဲ့သော ဒီကေဘီအေများမှာ မိမိတို့အနေဖြင့် လက်နက်နှင့်သာ ဖက်၍ ကြီးပြင်းလာခဲ့ကြသူများဖြစ်သဖြင့် အမျိုးဘာသာ၊ သာသနာအတွက် အသက် ပေး၍ ကာကွယ်စောင့်ရှောက်သွားရန် သန္နိဋ္ဌာန်ချထားကြသည်။ ခွဲထွက်ခဲ့စဉ် က ကေအင်န်ယူခေါင်းဆောင်တစ်စု၏ လူမှုရေး ဖိနှိပ်မှု၊ ဘာသာရေး ဖိနှိပ်မှု များကို မခံလိုတော့သဖြင့် ခွဲထွက်ရုံသာ ခွဲထွက်လာခဲ့သည်။

မူလအဖွဲ့အစည်းအား ရန်သတ္တုရုပြုရန် မရည်ရွယ်ခဲ့ပေ။ တစ် ကြောင်းအားဖြင့်လည်း မိမိတို့ အမျိုးသား အချင်းချင်း ရန်မဖြစ်လိုပေ။ ဤ သည်ကို ထုတ်ပြန်ချက်အသီးသီးမှာ ဖော်ပြထားပြီးဖြစ်သည်။ သို့သော် ကေအင်န်ယူများက သူ့မွဲထရှိ သာသနာရေး အဆောက်အအုံများကို ဖျက် ဆီးပစ်လိုက်သောအခါ ပို၍ မခံမရပ်နိုင် ဖြစ်လာကြသည်။ ဒေါသယမ်းအိုး ကို မီးစနှင့် လာတို့သည့်နှယ် ဖြစ်သွားတော့သည်။

"အရှည်ကိုလည်း မကြည့်နှင့်၊ အတိုကိုလည်း မကြည့်နှင့်၊ ချစ်စကို ရှည်စေ၊ မုန်းစကို တိုစေ" ဟူသော စကားရှိခဲ့သည် မှန်ပါ၏။ မိမိတို့ ငုံ့ခံမှန်း သိလေ သူတို့က ရောင့်တက်လေဖြစ်သဖြင့် ထုတ်ပြန် ကြေညာချက် (၄/၉၅) တွင် -

၁။ ကေအင်န်ယူ ခေါင်းဆောင်တစ်စုသည် ဘာသာရေး အရင်းခံ၍ ဖြစ် ပေါ်လာသော ပြဿနာများအား ခေါင်းဆောင်ကောင်းတို့တွင် ထားရှိ အပ်သည့် ကြီးစားအားထုတ်လိုက်သော ကျင့်စဉ်များနှင့်အညီ သည်းခံ ခွင့်လွှတ်လိုက်လျောကျေအေးမှုကို ရယူလုပ်ဆောင်ရမည့်အစား မာန် မာနအင်အားသုံး၍ ဖိနှိပ်ချုပ်ခြယ်မှုကြောင့် မလွဲမသွေ (ဒီကေဘီအို) ကို ဖွဲ့စည်းတည်ထောင်လိုက်ရခြင်း ဖြစ်သည်။

ဟု တိတိလင်းလင်း ဖော်ပြထားသည်။ ၎င်းနောက် လုပ်သင့် လုပ် ထိုက်သည်များကို ဉက္ကဋ္ဌ စသော ကော်မတီ၀င်များ၊ ဗိုလ်ချုပ်၊ ဗိုလ်မှူး စသော ဒီကေဘီအေရဲဘော်များက အသေးစိတ် အစီအစဉ် ရေးဆွဲကြလေတော့ သည်။

**********

မြိုင်ကြီးငူဆရာတော် အမှူးပြုသော နာယကဆရာတော်များမှာ နေ့စဉ်ဆိုသလို ရောက်ရှိလာနေကြသော ပြည်တော်ဝင်များအရေးအတွက် ကြောင့်ကြစိုက်ထုတ်တော်မူကြသည်။

မြိုင်ကြီးငူဆရာတော်သည် ပူးပေါင်းရန် ရောက်ရှိလာသော တောတွင်းမှ ရဲဘော်များအား သစ္စာရေတိုက်ခြင်း၊ ဆုံမဩဝါဒပေးခြင်း၊ ရန်ကိုရန်ချင်း မတုံ့နှင်းရန်နှင့် ရန်မလိုမှ ရန်ပြုသည်၊ စုပေါင်းညီညာလျှင် အောင်ကြောင်းဖြာမည် စသည့်လမ်းညွှန်ခြင်းတို့ကို တစ်ရံမလပ် ပြုလုပ်နေရသည်။ သိမ်ရှေ့ စောင်းတန်းထိပ်ဦးမှာ ခင်းထားသော ကုလားထိုင်ပေါ်မှ ထရသည်ဟူ၍ပင် မရှိတော့ပြီ။ ပြည်တော်ဝင်များလည်း အသုတ်လိုက် အသုတ်လိုက် ရောက်ရှိလာကြပြန်ရာ သူတို့အား သီလပေးခြင်း၊ ဆုံးမဩဝါဒပေးခြင်း၊ အားပေးစကားပြောခြင်းတို့ကို ပြုလုပ်နေရသည်မှာလည်း မအားလပ်နိုင်အောင်ပင် ဖြစ်သည်။

မြိုင်ကြီးငူဒေသခွင်သို့ ရောက်ရှိလာသူအားလုံး (သို့မဟုတ်) ခိုလှုံဝင်ရောက်လာသူအားလုံးကို ဆရာတော်က ငါးပါးသီလ ခံယူစေသည်။ သက်လွတ် (ဘေးမဲ့) စားစေသည်။ ၎င်းအဓိကနှစ်ချက်ကို ခံယူနိုင်ပါမှသာ ပြန်ခွင့်ပြုသည်။ မလိုက်နာနိုင်သူများအနေဖြင့် မိမိတို့၏ မူလဇာတိရွာသို့ ပြန်ခွင့်ပြုသည်။ အတင်းအဓမ္မ လိုက်နာရမည်ဟူ၍ကား သတ်မှတ်မထားချေ။ သို့သော် မြိုင်ကြီးငူဒေသ မိမိစက်ရိပ်အောက်မှာ နေလျှင်မူကား လိုက်နာကို လိုက်နာကြရမည်ဟု သတ်မှတ်ထားသည်။

ဤ၌ စဉ်းငယ်ဆို့ဖွယ်ရှိသည်မှာ သက်သတ်လွတ်(ဘေးမဲ့) ကိစ္စ ဖြစ်သည်။ ဤသည်ကို ပြဋ္ဌာန်းခြင်းဖြင့် မြိုင်ကြီးငူဆရာတော်အား တစ်ယူသန်သမား ဟု မြင်ချင်၊ ဆိုချင် ကြသည်။ မြင်လည်း မြင်ကြ၊ ဆိုလည်း ဆိုကြသည်။ မြင်ကြ၊ ဆိုကြပါစေ၊ သက်သတ်လွတ် (ဘေးမဲ့) ကိစ္စနှင့် စပ်လျဉ်း၍ ဤမှတ်တမ်းရှည်ကြီး တစ်နေရာတွင် ဖော်ပြခဲ့ဖူးပြီး ဖြစ်သည်။

မြိုင်ကြီးငူဒေသတွင် နေထိုင်သူဟူသမျှ ဘေးမဲ့ သက်လွတ်စားသူသာ ဖြစ်စေရမည်။ သက်လွတ် မဟုတ်ပါမူ မမျှော်လင့်ထားသော ဘေးအန္တရာယ်များနှင့် ကြုံတွေ့ရတတ်သည်။ မြိုင်ကြီးငူဆရာတော်ကိုယ်တိုင်လည်း စာသင်သားဘဝက ကြုံရာ ထိုက်ရာကို ဘုဉ်းပေးခဲ့သည်။ မြိုင်ကြီးငူကို ဝင်ရောက်ခဲ့သည်မှစ၍ ဘေးမဲ့ သက်လွတ်အဖြစ်သို့ ရောက်ခဲ့သည်။ မြိုင်ကြီးငူမှာ အနေကြာလေ ယင်းဒေသ၏ ထူခြားချက်ကို သိလေဖြစ်သဖြင့် မြိုင်ကြီးငူ ဧရိယာအတွင်း နေထိုင်လာသူများကို သက်လွတ်ဘေးမဲ့သာ ဖြစ်စေခဲ့သည်။

ဒုတိယအချက်မှာ ဘေးမဲ့သက်လွှတ်စားသုံးခြင်းဖြင့် လောကုတ္တရာ တရားထူး တစ်စုံတစ်ရာကို ရရှိမည်ဟု အာမ မခံနိုင်သော်လည်း လောလော ဆယ်ဆယ်အားဖြင့်မူ လောကအကျိုးတရားအချို့ကို ရရှိခံစားရစေသည်။

လူသားများအဖို့ စားဝတ်နေရေးဟူသော အရေးသုံးပါးအနက် ဝတ်ရေး၊ နေရေးမှာ တော်သင့်ရုံမျှဖြင့် အချိန်ကာလအတိုင်းအတာတစ်ခု အထိ မျှတနေနိုင်သည်။ ရောင့်ရဲနေနိုင်သည်။ စားရေးဟူသည်မမူ နေ့စဉ်နှင့် အမျှ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ် စားသုံးကြရသည်။ စားသုံးရာတွင် လျှာရင်းလေး မြက်စေဖို့အတွက် လုပ်ကိုင်ဆောင်ရွက်ကြရသည်။ သို့ဆောင် ရွက်ရာတွင် ရှိသူက အကြောင်းမဟုတ်သော်လည်း မရှိသူများမှာ ကြံဖန်ရှာဖွေ ဆောင်ရွက်ရတော့သည်။ ထိုအခါ မဖြစ်သင့်သော မှုခင်းမှုရာများ ပေါ်ပေါက် လာနိုင်သည်။

သက်လွှတ် (ဘေးမဲ့) စားသုံးခြင်းဖြင့် လည်ချောင်းတစ်ကွေ့အတွက် လျှာရင်းမြက်စေသည့်အဖြစ်ကို ချုပ်တီးနိုင်စေသည်။ ချုပ်တီးနိုင်သဖြင့် မှုခင်း မှုရာများကို မဖြစ်စေရန် ကြိုတင်ဟန့်တားရာလည်း ရောက်သည်။

ဤအကြောင်း နှစ်ချက်ကြောင့် မြိုင်ကြီးငူ ဧရိယာအတွင်း ဆရာ တော်၏ စက်ရိပ်အောက်မှာ မှီတင်းနေထိုင်သူများကို သက်သတ်လွှတ် (ဘေးမဲ့) စားသူများသာ ဖြစ်ရမည်ဟု သတ်မှတ်ထားခြင်း ဖြစ်သည်။ ဤကား မြိုင်ကြီးငူမှုတည်း။

သက်လွှတ် (ဘေးမဲ့) စားသုံးခြင်းသည် ဗုဒ္ဓဘုရားဟော မဟုတ်သည် ကား မှန်သည်။ ဗုဒ္ဓအယူ မဟုတ်သည်မှာလည်း မှန်သည်။ ကျမ်းလာစကား အရ ဆိုပါမူ ဒေဝဒတ်အယူ၊ ဒေဝဒတ်အမူ၊ ဒေဝဒတ်အကျင့် ဟူသော်လည်း ဆိုနိုင်ပါသည်။ ဆိုနိုင်ပုံမှာ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော် ဘုရားကြီး ပြုစီရင်တော်မူသည့် မဟာဗုဒ္ဓဝင် စတုတ္ထတွဲ စာမျက်နှာ (၆၄၃) တွင် အောက်ပါအတိုင်း ပြဆိုထားလေသည်။

## ရှင်ဒေဝဒတ် တောင်းဆိုချက် ငါးမျိုး

ရှင်ဒေဝဒတ်သည် တစ်နေ့တစ်ခြား လာဘ်လာဘ လျော့ပါးလာရ ကား ဖဲ့ထွက်မှုပြုလုပ်ကာ အသက်မွေးလိုသည့်အတွက် မြတ်စွာဘုရားထံသို့ သွားရောက်ပြီးလျှင် -

"ဘုန်းတော်ကြီးတော်မူလှသော မြတ်စွာဘုရား၊ တပည့်တော် လျှောက်ထားပန်ပါ၏။

၁။ ရဟန်းအားလုံး အသက်ထက်ဆုံး တောကျောင်းနေကြပါစေ၊ ရွာနီးကျောင်းသို့ သက်ရောက်နေထိုင်သော ရဟန်းအား အပြစ်ရောက်ပါစေ။

၂။ ရဟန်းအားလုံး အသက်ထက်ဆုံး ပိဏ္ဍပါတ်ဓုတင်ချည်း ဆောင်ကြပါစေ။ (ဆွမ်းခံ၍ချည်း စားပါစေ) ဒါယကာတို့ ပင့်ဖိတ်၍ ကျွေးသောဆွမ်းကို စားဖို့ရန် လက်ခံသော ရဟန်းအား အပြစ်ရောက်ပါစေ။

၃။ ရဟန်းအားလုံး အသက်ထက်ဆုံး ပံသုကူဓုတင်ဆောင်ချည်း ဖြစ်ကြပါစေ။ (ပံသုကူသင်္ကန်းကိုသာ ဝတ်ရုံကြပါစေ) လူ ဒါယကာတို့ လှူသောသင်္ကန်းကို လက်ခံသာယာသော ရဟန်းအား အပြစ်ရောက်ပါစေ။

၄။ ရဟန်းအားလုံး အသက်ထက်ဆုံး ရုက္ခမူဓုတင်ဆောင်ချည်း ဖြစ်ကြပါစေ (သစ်ပင်ရင်း၌သာ နေကြပါစေ)။ အမိုးရှိသော ကျောင်းသို့ ချဉ်းကပ်သော ရဟန်းအား အပြစ်ရောက်ပါစေ။

၅။ ရဟန်းအားလုံး အသက်ထက်ဆုံး ငါးအမဲကို မစားကြပါစေလင့် (သက်သတ်လွတ်သာ စားကြပါစေ)။ ငါးအမဲကို စားသော ရဟန်းအား အပြစ်ရောက်ပါစေ"

ဤအချက်ကြီးငါးချက်ကို လျှောက်ထားတောင်းဆိုလေ၏။ ထိုအခါ မြတ်စွာဘုရားသည် "မသင့်လျော်ဘူး ဒေဝဒတ် -

၁။ အလိုရှိသော ရဟန်းသည် တောကျောင်းနေဖြစ်ပစေ၊ အလိုရှိသော ရဟန်းသည် ရွာနီးကျောင်း၌ နေပစေ။

၂။ အလိုရှိသော ရဟန်းသည် ပဏ္ဍိပါတ်ဓုတင်ဆောင်ဖြစ်ပစေ။ (ဆွမ်းခံ၍ စားပစေ) အလိုရှိသော ရဟန်းသည် ဒါယကာတို့ ပင့်ဖိတ်၍ ကျွေးသောဆွမ်းကို လက်ခံသာယာပစေ။

၃။ အလိုရှိသော ရဟန်းသည် ပံသုကူဓုတင်ဆောင်ပစေ (ပံသုကူသင်္ကန်း ဝတ်ရုံပစေ)။ အလိုရှိသော ရဟန်းသည် ဒါယကာတို့ လှူဒါန်းသောသင်္ကန်းကို လက်ခံဝတ်ရုံ သာယာပစေ။

၄။ ဒေဝဒတ်၊ ငါဘုရားသည် ရှစ်လတို့ပတ်လုံး သစ်ပင်ရင်းတို့၌ အိပ်ရာ နေရာကို ခွင့်ပြုအပ်ပြီး ဖြစ်သည်။

၅။ (မြင်ခြင်း၊ ကြားခြင်း၊ ရွံ့ရှာခြင်း) ဤအစွန်း သုံးပါးမှ ကင်းလွတ်စင်ကြယ်သည့် မမြင်အပ်၊ မကြားအပ်၊ မရွံ့ရှာ မယုံမှားအပ်သည့် ငါးအမဲကို (စားသုံးဖို့ရန်) ငါဘုရား ခွင့်ပြုအပ်ပြီး ဖြစ်သည်" ဟု မိန့်တော်မူသည်။

ဒေဝဒတ်၏ အချက်ကြီး ငါးချက်ကို တောင်းဆိုသည်နှင့် ပတ်သက်၍ ဖော်ပြပါအတိုင်း မြတ်စွာဘုရား ပယ်တော်မူခဲ့သည်။ လက်ခံတော် မမူခဲ့ချေ။ ပယ်ရခြင်းအကြောင်း၊ လက်ခံတော်မမူရခြင်းအကြောင်းကို မင်းကွန်းဆရာတော်ဘုရားကြီးက ယင်းကျမ်း စာမျက်နှာ (၆၄၄) ၌ပင် ဤသို့ ဖွင့်ပြထားလေသည်။

(က) ကာယဗလ၊ ဉာဏဗလ နှစ်ပါး လွန်ကြီးမား၍ တောကျောင်း၌ နေလျက် ရဟန်းတရား ပွားများအားထုတ်က မဂ်ဖိုလ်ရောက်မည့် ရဟန်းတစ်ပါး၊

(ခ) ကာယဗလ နည်းပါး၍ တောတွင်း၌ မနေနိုင်ဘဲ ရွာကျောင်း၌ နေကာ ရဟန်းတရား ပွားများအားထုတ်က မဂ်ဖိုလ်ရောက်မည့် ရဟန်းတစ်ပါး၊

(ဂ) ကာယဗလကြီးမား၊ ခန္တီတရားနှင့် ပြည့်စုံ၍ တောကျောင်း၌နေလျက်လည်းကောင်း၊ ရွာကျောင်း၌နေလျက်လည်းကောင်း ရဟန်းတရား ပွားများအားထုတ်က မဂ်ဖိုလ် ရောက်မည့် ရဟန်းတစ်ပါး၊

(ဃ) တောကျောင်း၊ ရွာကျောင်း နှစ်မျိုးစလုံး၌ပင် နေလျက် ရဟန်းတရား အားထုတ်သော်လည်း ထိုဘ၀ မဂ်ဖိုလ်ကို မရမည့် (=ပဒပရမ) ရဟန်းတစ်ပါး၊

ဤသို့ ရဟန်းလေးမျိုးရှိသည်။

ထိုရဟန်းလေးမျိုးတွင် - (က) အမှတ်ပြ ရဟန်းကို မြတ်စွာဘုရားရှင်က တောကျောင်း၌သာ နေစေတော်မူလိုသည်။ ဤတောကျောင်းသည် ထိုရဟန်းအဖို့ သင့်လျော်လျောက်ပတ်သော ကျောင်းဖြစ်သည့်ပြင် ထိုရဟန်းထိုကျောင်း၌နေခြင်းဖြင့် ထိုရဟန်း၏ တပည့်များသည်လည်း အတုလိုက်ကာ ကျင့်ကြံကြ၍ တောကျောင်း၌ နေဖို့ရန် စိတ်အားထက်သန်ကြပေလိမ့်မည်။

(ခ) အမှတ်ပြရဟန်းကို မြတ်စွာဘုရားရှင်က ရွာကျောင်းမှာပင် နေစေလိုတော်မူသည်။

(ဂ) အမှတ်ပြုရဟန်းကိုကား မြတ်စွာဘုရားရှင်က တောကျောင်း၌သာ နေစေလိုတော်မူသည်။ ဤတောကျောင်းသည် ထိုရဟန်းအဖို့ သင့်လျော်လျောက်ပတ်သောကျောင်းဖြစ်သည့်ပြင် ထိုရဟန်း၏ တပည့်များလည်း အတုလိုက်ကာ ကျင့်ကြံ၍ တောကျောင်း၌ နေဖို့ရန် စိတ်အားထက်သန်ကြပေလိမ့်မည်။

(ဃ) အမှတ်ပြု (ပဒပရမ) ရဟန်းကို မြတ်စွာဘုရားရှင်က တောကျောင်း၌သာ နေစေလိုတော်မူသည်။ ထို (ပဒပရမ) ရဟန်း၏ တောကျောင်းနေကာ ခုတင်ကို မှီဝဲခြင်း၊ ကမ္မဋ္ဌာန်းတရား အားထုတ်ခြင်းများသည် နောက်နောင်ဘဝ၌ မဂ်ဖိုလ်ရရန် ဥပနိဿယပစ္စည်းဖြစ်နိုင်သည့်ပြင် ထိုရဟန်း၏ တပည့်များသည်လည်း ဆရာ့အတုလိုက်ကာ ကျင့်ကြံကြ၍ တောကျောင်း၌ နေဖို့ရန် စိတ်အားထက်သန်ကြပေလိမ့်မည်။

ဤသို့လျှင် (ခ) အမှတ်ပြု ကာယဗလ နည်းပါး၍ တောကျောင်း၌ မနေနိုင်ဘဲ ရွာကျောင်း၌ နေသော ရဟန်းတရား ပွားများအားထုတ်မှ မဂ်ဖိုလ်ရောက်မည့်ရဟန်းကို ရည်ညွှန်းတော်မူလို၍ မြတ်စွာဘုရားသည် (၁) အလိုရှိသော ရဟန်းသည် ရွာနီးကျောင်း၌ နေပစေ" ဟူ၍ မိန့်တော်မူသည်။ ဤရဟန်းအဖြစ်ကပင် အခြားရဟန်းတို့အားလည်း ရွာကျောင်းနေရန် တံခါးပေါက်ဖွင့်ပေးသကဲ့သို့ ရှိလေသည်။

အကယ်၍ မြတ်စွာဘုရားရှင်က ဒေဝဒတ် တောင်းဆိုချက်ကို လက်ခံတော်မူလိုက်ခဲ့သော်. . . (ခ) ကာယဗလနည်းပါးသည့် ဖော်ပြပါ (ခ) ရဟန်း၊ (၂) ငယ်စဉ်အခါ တောကျောင်းနေ၍ အိုမင်းသောအခါ၌ ဖြစ်စေ၊ သလိပ်၊ သည်းခြေ၊ လေ၊ ဒေါသတို့ ဖောက်ပြန်၍ ဓာတ်ခြောက်ခြားသော အခါ၌ဖြစ်စေ တောကျောင်း၌ (လုံးဝ) နေ၍ မဖြစ်နိုင်တော့ဘဲ ရွာနီးကျောင်း၌ နေထိုင်ကာ ရဟန်းတရား အားထုတ်မှ မဂ်ဖိုလ်ရောက်မည့် ရဟန်း၊ ဤရဟန်းနှစ်မျိုးတို့အတွက် အရိယာမဂ်ကို ဖြတ်တောက်ပစ်လိုက်သကဲ့သို့ ဖြစ်လေရာ၏။ ထိုရဟန်းအဖို့ရာ အရဟတ္တဖိုလ်ကို မရနိုင်တော့လေရာ ဤသို့သော အကြောင်းများကြောင့် ဒေဝဒတ်၏ တောင်းဆိုချက်ကို လက်ခံတော် မမူခြင်းဖြစ်သည်။ (နှာ ၆၄၄-၆၄၅)

တိပိဋက မင်းကွန်းဆရာတော်ဘုရားကြီးက ဒေဝဒတ် တောင်းဆိုသော အချက်ငါးချက်တွင် ကျောင်းတစ်ခုတည်းကိုသာ ဖွင့်ပြခဲ့သော်လည်း ကျန်အချက်များကိုပါ ယင်းနည်းတူမှီး၍ သိလေရာသည်။

ရှင်မဟာဗုဒ္ဓဃောသ မထေရ် လက်စွမ်းပြ ပြုစီရင်တော်မူခဲ့သည့် ဝိသုဒ္ဓိမဂ်ကျမ်း၌လည်း တရားအားထုတ်သော ယောဂီပုဂ္ဂိုလ်သည် မိမိနှင့် သင့်လျော်လျောက်ပတ်သည့် ကျောင်း၊ အိပ်ရာနေရာ၊ ဝတ်မှု၊ စားမှုတို့ကို မှီဝဲ ပြုလုပ်သင့်သည်ဟု ပြဆိုထားသည်။

(ဤ၌ စကားအလျဉ်းသင့်သဖြင့် ကျမ်းလာအဆိုအမိန့်ကို မူရင်းအတိုင်း အပြည့်အစုံ ထုတ်ပြလိုက်သည်။ သက်လွတ်/မလွတ်သည်နှင့် ပတ်သက်၍ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖက်နှင့်တစ်ဖက် အငြင်းပွားတတ်ကြသည်။ ယင်းအရာ၌ မြတ်စွာဘုရားရှင်၏ အလိုတော်ကို မင်းကွန်းဆရာတော်ကြီး ဖွင့်ဆိုပြထားသည့်အတိုင်း သိမှတ်ရာသည်။ ဘုရားရှင်၏ အလိုတော်ကား မဇ္ဈိမပဋိပဒါဖြစ်ကြောင်း တွေးမြင်တတ်သိသော ပညာရှင်များ သိပြီးဖြစ်ပါသည်။ *စာရေးသူ*)

ဤသို့သော ကျမ်းလာအဆိုအမိန့်များကို မြိုင်ကြီးငူဆရာတော်အနေဖြင့် မသိမဟုတ် သိပါ၏။ ကျမ်းလာစကားအရ သတ်သတ်လွတ် ဟူသည် ဒေဝဒတ်၏အယူ၊ ဒေဝဒတ်၏အမူ၊ ဒေဝဒတ်၏အကျင့် ဟူ၍လည်း သိပါ၏။ သို့သော် -

၁။ မြိုင်ကြီးငူဒေသ၏ ထူးခြားမှုကြောင့် လည်းကောင်း၊

၂။ လည်ချောင်းတစ်ကွေ့အတွက် မှုခင်းဖြစ်ရပ်များ မတက်စေလိုသောကြောင့် လည်းကောင်း

ရောက်ရှိလာသူအားလုံးကို ဘေးမဲ့သက်လွတ်သာ စားသုံးခဲ့ခြင်း ဖြစ်သည်။ တစ်ကြောင်းအားဖြင့် မင်းကွန်းဆရာတော်ဘုရားကြီး ဖွင့်ဟချက်ပါ အမှတ် (ဃ) ပြ ပဒပရမ ရဟန်းသဘောပင် ဆိုစေဦး ကိုယ်တိုင်လည်း လောလုပ္ပတဏှာကို ပယ်စွမ်းနိုင်သည်၊ တပည့်များအားလည်း ရရာနှင့် တင်းတိမ်ရောင့်ရဲနိုင်စေခြင်း သန္တုဋ္ဌိမဂ်လာနှင့် ပြည့်စုံစေကာ ဝိသမလောဘကို အထိုက်အလျောက် ပယ်စွမ်းနိုင်စေသည်။

တစ်ကြောင်းမှာလည်း ကာလံ ဒေသံ အင်္ဂ ခန် ဟူသော စကားရှိသည်။ အခါကာလအားလျော်စွာ၊ အရပ်ဒေသအားလျော်စွာ ကျင့်သုံးလိုက်နာပါလျှင် အကျိုးတရားများ ဖြစ်ထွန်းလာနိုင်ပေသည်။ ယခုလည်း (၁) မြိုင်ကြီးငူ တည်းဟူသော ဒေသကလည်း ဘေးမဲ့သက်လွတ်နယ်မြေ ဖြစ်ခဲ့သည်၊ (၂) အခါကာလအားလျော်စွာအားဖြင့်လည်း ကရိကထ မများလှသော တန်ဖိုးနည်းပါးလှသည့် ဘေးမဲ့စားသုံးခြင်းဖြင့် မှုခင်းဆိုင်ရာများ လျော့ပါးလာနိုင်သည်။ ၎င်းပြင် အစစ အရာရာ စရိတ်စက ကြီးမားလှသော သည်ကာလ

ဝယ် မနေ့တစ်နေ့ကမှ ရောက်လာသူများအနေဖြင့် သက်မွေးမှုလုပ်ငန်းတစ်ခုခုကို မယ်မယ်ရရ မလုပ်နိုင်သေးရကား ဘေးမဲ့သက်လွတ်စားသုံးခြင်းသည် အဖိုးနည်းဝန်ပါ ရှိလွန်းလှသည်။ ဤမည်သော အချက်နှင့်ချက်ကြောင့် မြိုင်ကြီးငူသို့ ရောက်ရှိလာသူများအားလုံးကို ဘေးမဲ့သာ ဖြစ်စေခဲ့သည်။

* * * * * * * * * *

ဒီကေဘီအေအဖွဲ့အနေဖြင့် ရောက်လာသူ ပြည်တော်ဝင်များကို ကြိုဆိုခြင်း၊ နေရာချထားပေးခြင်းကို နေ့ရှိသရွေ့ ပြုလုပ်ပေးနေရသည်။ လောလောဆယ်ဆယ်မှာ ဖက်မိုးတန်းလျားရှည်ကြီးများမှာ နေရာချပေးသည်။ လူသားချင်း စာနာထောက်ထားသောအားဖြင့်လည်းကောင်း၊ မိဘသဖွယ်ဖြစ်သူ၏ တာဝန်ဝတ္တရားအရလည်းကောင်း နိုင်ငံတော်က လိုအပ်သလို ပံ့ပိုးကူညီပေးသည်။

စားဖို့သောက်ဖို့အတွက် စတုဒိသာမှာ တစ်နေ့တစ်နေ့ ဆန် ၇၂ တင်း ချက်ရပြီးသည့်နောက်ပယ် အရှည်ကိုတွေး၍ စတုဒိသာမှာ အဝေးညှော်သည်အတွက်သာ ချက်တော့သည်။ ပြည်တော်ဝင်များအား မိသားစုအလိုက် ရိက္ခာဝေသည့်စနစ်ကို ကျင့်သုံးသည်။

ပြည်တော်ဝင်များ သောင်းကျော် ရောက်ရှိလာပြီးသည့်အခါ မြိုင်ကြီးငူဒေသကို ဆရာတော်က "စုံနံ့သာမြိုင်ဆွေမြို့တော်" ဟူ၍ အမည်နာမ တွင်ခေါ်စေသည်။ မြို့ပြပြည်ရွာတည်ထောင်သည်။ သဇင်မြိုင်၊ နှင်းဆီမြိုင်၊ စံပယ်မြိုင်၊ ချယ်ရီမြိုင်၊ ပိတောက်မြိုင်၊ မာလာမြိုင် စသည်ဖြင့် မြိုင်အဆုံးသတ် ပန်းအမည်များဖြင့် ရပ်ကွက် ၂၇ ခု သတ်မှတ်လျာထားသည်။ တောမြေအရပ်အရပ် တောင်ကုန်းအထပ်ထပ်မှာ လူနေရပ်ကွက်အဖြစ် အကွက်ရိုက် နေရာချထားပေးသည်။

ပြည်တော်ဝင်များသည် ၎င်းတို့ရရှိသော မြေကွက်မှာ ယာယီအိမ်ကလေးများ ဆောက်လုပ်နေထိုင်ကြသည်။ တောင်ကုန်းတောင်ပူစာကလေးများပေါ်တွင် အင်ဖက်မိုးအိမ်ကလေးများနှင့် တစ်မျိုးပန်းရလှပေသည်။ မြို့ပြပြည်ရွာ တည်ထောင်ရာတွင် အဓိကမှာ ဆက်သွယ်ရေးလမ်းကြောင်း၊ လမ်းပန်းချောမွေ့ဖို့လိုသည်။ ဤသည်ကို သိသဖြင့် ဆရာတော်သည် ပြည်တော်ဝင်များအား **ဦးစီး၍** မြိုင်ကြီးငူ (စုံနံ့သာမြိုင်ဆွေမြို့တော်) အတွင်း ထိုထိုရပ်ကွက်များသို့ သွားရာလမ်းများကို ဖောက်လုပ်သည်။ ပြည်မနှင့် အလွယ်တကူဆက်သွယ်သွားလာနိုင်စေရန် မြိုင်ကြီးငူမှ ရွှေဂွန်းသို့ သွားသောလမ်းကိုလည်း

ဖောက်လုပ်စေသည်။ (ရွှေဝွန်းနှင့် ဘားအံကား မြေနီလမ်းရှိပြီးဖြစ်သည်။) ဤသည်သောလုပ်ငန်းများတွင် ပြည်တော်ဝင်များ၏ လုပ်အားက အဓိက ပါဝင်သည်။ နိုင်ငံတော်မှလည်း လိုအပ်သလို ကူညီသည်။

ပြည်တော်ဝင်များအတွက် မြို့ပြပြည်ရွာ တည်ထောင်ပေးနေရသော်လည်း လုပ်မြဲသာသနာပြုလုပ်ငန်းကို မလစ်ဟင်းစေခဲ့ပေ။ ဘုရားသွားမုနိ ကြွေးသွန်းရုပ်ပွားတော်ကြီးအတွက် ဂူပ်ငန်းအရှိန် တန့်မသွားစေရန် တာဝန်ခံများအား လိုအပ်သလို လမ်းညွှန်သည်။ ထိုနှင့် တစ်ပြိုင်တည်းမှာပင် မင်္ဂလာ သိမ်တော်ကြီး၏ အင်္ဂါထောင့် (အရှေ့တောင်ထောင့်)တွင် ဘုရားစေတီ ဟောင်းကို ပြုပြင်တည်ထားရန် စိုင်းပြင်းတော်မူသည်။ ဘုရားငုတ်တိုမှာ နှစ်ဆူ ပြင်သည်။ မူလဉာဏ်တော်မှာ အဘယ်မျှ ရှိသည် မသိရသော်လည်း ငုတ်တို အဖြစ် ခုနစ်တောင်မျှသာ ရှိတော့သည်။

သမိုင်းအထောက်အထား တိတိကျကျ မရှိသော်လည်း အဆင့်ဆင့် စကားကြားသိမှတ်သားထားရသည်တော့ ရှိသည်။ ဒဏ္ဍာရီဆန်ကောင်းဆန် နေမည်လား မပြောတတ်။ ကြားသိသမျှ သမိုင်းအကျဉ်းချုပ်မှာ ဤသို့တည်း။

ဂန္ဓပစ္စကတိုင်း ကိမိလနေပြည်တော် (မြိုင်ကြီးငူ) ပြည့်ရှင် ဘုရင် ကဘောင်၏ တောင်ညာစံဒေဝီ မိဖုရားကြီး ကဥ္စနာဒေဝီသည် မိမိတို့ ကိုးကွယ်ရန် ရရှိထားသော ဗုဒ္ဓဆံတော် နှစ်ဆူကို သိမ်တော်ကြီး၏ အရှေ့ တောင်ဘက်တွင် စေတီနှစ်ဆူတည်ထား ဌာပနာ၍ ကိုးကွယ်ခဲ့သည်။ နှစ်ပရိစ္ဆေဒ ကြာညောင်းလာသည်နှင့်အမျှ ကိမိလမြို့တော်သည်လည်း ထီး သုဉ်းနန်းသုဉ်း၊ မြို့သုဉ်းသုည၊ သုဉ်းသုံးဝနှင့် ကြုံခဲ့ရသည်။ တောကြီးမျက်မည်း အတိ ဖြစ်ခဲ့သည်။ အလားတူ စေတီတော်များမှာလည်း အနိစ္စသဘောအရ ပျက်လျောခဲ့ရသည်။ စေတီတော်ပေါ် မှာ ပေါက်ရောက်နေသော သစ်ပင်များ သည်ပင် လူတစ်ဖက်စာမက ရှိနေခဲ့ပြီ။

ဆရာတော်သည် မြိုင်ကြီးငူမှအပဖြစ်သော တောအသွယ်သွယ်၊ တောင်အထပ်ထပ်မှာ ဘုရားဟောင်းပြိုပျက်များကို လိုက်လံတည်ထားခဲ့ သည်။ ဤစေတီပျက်များကိုမူ ဘယ်ခါတွင်မဆို တည်ထားနိုင်သည် သဘော ဖြင့် မပြုပြင်ဘဲ ချိန်ထားခဲ့သည်။ ယခု တည်ထားရန် ကြုံလာပေပြီ။ သစ်ပင် ချုံနွယ်များကို ရှင်းလင်းပြီးနောက် ၁၃၅၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်၊ သောကြာနေ့ နံနက် ၈ နာရီအချိန်တွင် မူလစေတီဟောင်းကို ငုံမိစေရန် ခွင့်အကျယ်တိုင်းထွာ ပန္နက်သဲရိုက်၍ အုတ်မြစ် ကျင်းတူးသည်။ နောက် တစ်နေ့ ၁၃ ရက်၊ စနေနေ့နံနက် ၉ နာရီအချိန်တွင် အသံမစဲ မဟာပဋ္ဌာန်း

ကို စတင်ရွတ်ဖတ်ပူဇော်သည်။ ယင်းနှင့်အတူ အုတ်မြစ်ချအခမ်းအနားကိုလည်း ပြုလုပ်သည်။ သည်စေတီ တည်ထားရာဝယ် ပြည်တော်ဝင်များ၏ လုပ်အားကို အဓိကထားသည်။

ဖြစ်ပေါ်နေသော အခြေအနေအရ မြိုင်ကြီးငူဆရာတော်၏ ပခုံးထက်ဝယ် တာဝန်တွေ အများကြီး ပိနေသည်။ မိမိအား အကြောင်းခံ၍ ဖြစ်ပေါ်လာသော ဘာသာရေး အရေးအခင်းဝယ် မလွဲသာ မရှောင်သာ အားလုံးကို ဦးဆောင်နေရသည်။ ဝိနည်းဥပဒေတော်နှင့် ငြိစွန်းခြင်းမရှိသော ရေးရာအားလုံးကို တာဝန်ယူထားရသည်။ အားလုံးသော အများတို့ကလည်း မိမိကိုသာ အားကိုးအားထားပြု၍ ရောက်လာကြသည်။ သူတို့တစ်တွေ၏ လောလောဆယ်ဆယ် နေထိုင်စားသောက်ရေး၊ ရေရှည်ကည်တံ့နိုင်ရေးမှအား အားလုံးသော အရေးအရာများမှာ မိမိပခုံးပေါ်မှာချည်း ဖြစ်သည်။ မိမိသည် ရဟန်းတစ်ပါး၊ ဤမည်သော လူမှုရေးကိစ္စများကား မိမိနှင့် သက်ဆိုင်ပတ်သက်မှု မရှိသည်ကား မှန်ပါသည်။

သက်ဆိုင်မှု မရှိသဖြင့် မျက်နှာလွှဲခြင်းငှာလည်း မတတ်ကောင်း၊ အမျိုးသားအရေးက ရှိနေသည်။ ဘာသာ သာသနာရေးက ငြိနေသည်။ ဘုရားရှင်သော်မှ ကပိလနှင့် ကောလိယ နှစ်ပြည်ထောင်ရှိ သာကီဝင်ဆွေမျိုးတို့၏ ရန်ပွဲကို ငြိမ်းအေးစေခဲ့ဖူးသည်။ ထို့ပြင်လည်း ဝိဋူဍဘ၏ ဘေးရန်မှလည်း နှစ်ကြိမ်တိုင်တိုင် ဟန့်တားကယ်မ ပေးခဲ့ဖူးသည်။ မြန်မာ့နိုင်ငံရေးသမိုင်းတွင် ဦးဝိစာရ၊ ဦးဉတ္တမ စသော မျိုးချစ်စိတ်ဓာတ်ပြင်းထန်သည့် ရဟန်းတော်များ အထင်အရှား ရှိခဲ့ဖူးသည်။ အမျိုး၊ ဘာသာ သာသနာအတွက် ရှပ်ရှပ်ချွံချွံ ဆောင်ရွက်ခဲ့ကြသည်။ အသက်သော်မှပင် အစတေးခံခဲ့သည်။

ဤသို့လျှင် ဘုရားရှင်သော်မှ မျိုးဆွေတို့အရေးကို အလေးထားသည်။ နောင်တော့်နောင်တော်များကလည်း အမျိုး ဘာသာ သာသနာအရေးအတွက် အရေးထားဆောင်ရွက်ခဲ့သည်ဆိုပါလျှင် မိမိသည်လည်း မိမိတို့ကရင်အမျိုးသားရေး၊ ကိုးကွယ်ယုံကြည်သော ဘာသာ သာသနာအရေးအတွက် အလေးထားသည်မှာ အပြစ်ဆိုဖွယ်မရှိဟု ထင်သည်။ တစ်ကြောင်းမှာလည်း ဘာသာရေးအကြောင်းခံ၍ ဖြစ်လာသော အရေးအခင်း၊ တိတိကျကျ ဆိုပါလျှင် မိမိကို အကြောင်းပြု၍ ဖြစ်လာသော ဘာသာရေး အရေးအခင်း။ မိမိယုံကြည် အားထား ကိုးကွယ်သော သာသနာ့ အရေးအခင်းမို့ အဘယ်မှာလျှင် ခေါင်းရှောင်၍ သင့်ပါတော့အံ့နည်း။ ဖြစ်ပေါ်ပေးအပ်လာသော အခြေအနေအရ ခေါင်းဆောင်တာဝန်ကို ယူလိုက်ရသည်။

ထိုတာဝန်ကို ယူလိုက်သည်နှင့် ကျလာသော တာဝန်များက တနင့်တပိုးကြီး ဖြစ်လာသည်။ ယခင်က ဤတာဝန်မျိုးကို မယူဖူးလေခဲ့။ မယူခဲ့ဖူးပြား "လောကမှာ မဖြစ်ဘူးဆိုတာမရှိ၊ မဖြစ်သေးတာသာ ရှိသည်" ဟူသည့်အတိုင်း ဝံ့ဝံ့ရဲရဲပင် တာဝန်ယူဖို့ ဆုံးဖြတ်ခဲ့သည်။ ကြိုးစားသည်။ ဤသို့ အမျိုးသားရေး အရင်းခံသော လူမှုရေးရာများမှာ အပတ်တကုတ် ကြိုးစားနေလျက်က ပြုမြဲဘာသာ သာသနာရေးကိစ္စများကို မျက်ခြည်ပြတ် မခံခဲ့ချေ။

ယခု ပြုပြင်တည်ထားမည့်စေတီကို အရေးအခင်းကာလအတွင်းဝယ် တည်ထားရသည်မို့ တစ်ပြည်လုံး အေးချမ်းသာယာစေရန် ရည်ရွယ်လျက် "ပြည်လုံးချမ်းသာစေတီတော်" ဘွဲ့နာမံတော်ရှိလာမည့်စေတီတော်ကို အလုပ်များစွာ ကြားမှ တည်ထားတော်မူလေသည်။

မြိုင်ကြီးငူဆရာတော်သည် ၁၃၄၉ ခုနှစ်မှ စ၍တင်၍ သာသနာပြုခရီးလမ်းကို စတင်လျှောက်လှမ်းခဲ့သည်။ လျှောက်လှမ်းနေရင်းမှ လွန်ခဲ့သော ၄၅ နှစ်တာကာလက စိုက်ဝင်နစ်မြုပ်နေခဲ့သော ငုတ်ကြီးတစ်ခုနှင့် ခလုတ်တိုက်မိသည်။ အရှိန်က ပြင်းလွန်းသည်မို့ တန့်မည်ကဲ့သို့ပင် ဖြစ်သွားသည်။ တိုက်မိသူ ဆရာဘော်မှာ ထိုင်လျက်လဲသွားရသကဲ့သို့ မြိုင်ကြီးငူ တည်းဟူသော ဌာနမှာပင် သီတင်းသုံး နေလိုက်ရတော့သည်။

ခလုတ်တိုက်မိသော ခရီးသွားသည် ဖင်ထိုင်လျက် လဲကျသွားသော်လည်း ခရီးက မဆုံးသေးသဖြင့် လဲနေရာမှ ထကာ တစ်လှမ်းချင်း စမ်း၍ ထော့ကျိုးထော့ကျိုး သွားကြည့်ရသည်။ ဤအတူ မြိုင်ကြီးငူဆရာတော်သည်လည်း ငုတ်ကြီးနှင့် တိုက်မိသော ဒဏ်ရာတစ်ဖက် ရလျက်က "ပြည်လုံးချမ်းသာစေတီတော် တည်ထားခြင်း" ဟူသော သာသနာပြု ပထမခြေလှမ်းကို စမ်း၍ လှမ်းခဲ့ခြင်း ဖြစ်လေသည်။

ဤကာလဝယ် ဖြစ်ပေါ်ဆဲ အရေးအခင်းကား ကြီးထွားသထက် ကြီးထွားလာနေသည်။ ကြီးထွားချင်သလောက် ကြီးထွားစမ်းပေစေ။ မိမိ၏ သာသနာပြုလုပ်ငန်းကိုကား အထိအခိုက် မခံလေခဲ့။ သွားမြဲခရီးကို ဒဏ်ရာတစ်ဖက်ရလျက်က တစိုက်မတ်မတ် သွားနေဦးမည်သာ ဖြစ်သည်။

## ရဲဘော် ရဲသော်မသေ

ဒီကေဘီအိုအဖွဲ့သည် တစ်စစ ကြီးထွားလာသော အရေးအခင်းအတွက် လုပ်သင့်လုပ်ထိုက်သည်များကို စနစ်တကျ လုပ်ဆောင်သည်။ တဖွဲဖွဲဝင်ရောက်လာနေကြသော ပြည်တော်ဝင်များအတွက် စီစဉ် ဆောင်ရွက်ရသည်။ ထိုနှင့်တစ်ချိန်တည်းမှာပင် ကေအင်န်ယူများ၏ရန်ကို တွန်းလှန်နိုင်ရန် စစ်ရေးကိုပါ စီစဉ်ရသည်။ စစ်ရေးဟူသည်ကို မလုပ်ဆောင်လိုပါ။ သို့သော်သည်အတိုင်း လက်ပိုက်ကြည့်နေ၍ မဖြစ်တော့ပြီ။

ကေအင်န်ယူများသည် ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့တွင် သူးမွဲထ (မြစ်ဆုံဒေသ) ရှိ သာသနာ့ အဆောက်အအုံများကို လက်နက်ကြီးများဖြင့် ပစ်ခတ်ဖျက်ဆီးခဲ့ကြသည်။

ဇန်နဝါရီလ ၄ ရက်နေ့တွင် ၁၀၇-မမ လက်နက်ကြီးများဖြင့် မြိုင်ကြီးငူသို့ ပစ်ခတ်ခဲ့သည်။ တော်ပါသေးသည်။ အချက်ပေါင်းများစွာ ပစ်ခတ်ခဲ့သော်လည်း မြိုင်ကြီးငူကို ထိခိုက်မှုမရှိခဲ့။ တစ်ဖက်ကမ်း ကော့လုံကျွန်းအထက်မှာသာ သုံးလုံးကျရောက် ပေါက်ကွဲသည်။

ဇန်နဝါရီလ ၅ ရက်နေ့တွင် မာနယ်ပလော လက်နက်ကြီးတပ်ဖွဲ့မှ တပ်စုမှူးမန်းဒေးနှင့် အင်အား ၄၀ ကျော်သည် ပုဇွန်မြောင်းရွာထိပ်ထိ ဆင်းလာပြီး မြိုင်ကြီးငူသို့ လက်နက်ကြီးများဖြင့် ချိန်ရွယ်ကာ အချက်ပေါင်းများစွာ ပစ်ခတ်ကြပြန်သည်။ ထိခိုက်မှုက ၁း လုံးဝမရှိခဲ့။

ဂုဏ်နေ့မှာပင် မာနယ်ပလော ဗဟိုလုံခြုံရေးအဖွဲ့မှ တပ်ခွဲမှူးကောမှ ဦးဆောင်သော အင်အား ၁၀၀ ကျော်သည် မြိုင်ကြီးငူအား သိမ်ပိုက်ရန် ရှမ်းရွာသစ်ကြီးနှင့် ရင်းပိုင်းလမ်းဆုံသို့ ဆင်းလာသည်။

ငုံ့ခံနေ၍ မဖြစ်တော့ပြီ။ သူ့အသက်ကို ကိုယ့်အသက်ဖြစ်လာနေပြီ။ သစ်ငုတ်တိုလို ငုတ်တုတ်ကြီး ထိုင်နေလို့ကဖြင့် နှင်းသက်ဆယ်ပြန် ဆက်ပါသော်မှ လောက်ဖွယ်မမြင်။ ကျေရာကျေကြောင်း ဖန်ခါခါ ညှိနှိုင်းပြောဆိုခဲ့ကြပြီးပြီ။ မကျေနိုင်သည့်ပြင် ငါမွေးသည့်မျောက် ငါ့ကို ပြန်ခြောက်သည်၊ အပြုတ်နှိမ်ထားမှ သဘောထားသည်လား မပြောတတ်။ ကျင့်သုံးမြဲ လက်နက်အားကိုးလမ်းစဉ်အတိုင်း မိမိတို့ကို ရန်သူအဖြစ် သတ်မှတ်၍ အပြီးသတ်ချေမှုန်းရန် လာနေကြပြီ။ မိမိတို့အနေဖြင့်မူ သခင်အား ပြန်ခြောက်ခြင်း မဟုတ်။ ချောင်ပိတ်အရိုက်ခံရ၍ ပြန်ကိုက်ရခြင်းသာ ဖြစ်ရပါတော့မည်။

သက်ရှိသတ္တဝါတိုင်း သေရမှာ ကြောက်သည်သာ။ မိမိအသက်ကို ခင်တွယ်တတ်စမြဲ။ အသက်ရှင်သန်နိုင်သမျှ ရှင်သန်လိုကြသည်မှာ သတ္တဝါတိုင်း၏ ဓမ္မတာသဘောပင် ဖြစ်သည်။ မိမိတို့လည်း မသေလိုကြပါ။ အလားတူ အားကိုးတကြီး ရောက်ရှိလာသော ပြည်တော်ဝင်များလည်း မည်သူမှ သေလိုကြမည် မဟုတ်ပါ။ အသက်ကလေးတစ်ချောင်းစီ ရှင်သန်ဖို့အတွက် ရုန်းကန်လှုပ်ရှား၍ တစ်ခုခု လုပ်ဆောင်ရပေတော့မည်။ ရန်ကို ရန်ချင်း မတုံ့နှင်းချင်သော်လည်း မိမိအသက်၊ အများအသက်အတွက် တစ်နည်းပြောရလျှင် ဖြစ်ပေါ်ခဲ့သော အရေးအခင်းအရ သာသနာအတွက် လုပ်ဆောင်ရချေတော့မည်။

ဒီကေဘီအိုအဖွဲ့သည် ယင်းသို့ သုံးသပ်ပြီးနောက် အသေးစိတ် ညှိနှိုင်းတိုင်ပင်ကာ လုပ်ရမည့်အလုပ်ကို စတင်လုပ်ကိုင်ဆောင်ရွက်လေတော့သည်။

မြိုင်ကြီးငူသို့ ချိန်ရွယ်ကာ လက်နက်ကြီးများဖြင့် ပစ်ခတ်နေသော ကေအင်န်ယူများကိုလည်းကောင်း၊ မြိုင်ကြီးငူကို အပြီးသတ်ချေမှုန်းရန် ဆင်းလာသော ကေအင်န်ယူများကိုလည်းကောင်း ဒီကေဘီအေတပ်သားများက တန်ပြန်ထိုးစစ်ဆင်တော့သည်။ ကေအင်န်ယူနှင့် ဒီကေဘီအေတို့သည် အခြေအနေအရ အချင်းချင်း တိုက်နေရသည်။ တစ်ဦးအကြောင်းကို တစ်ဦးသိပြီးသား။ တစ်ဦး၏ နည်းပရိယာယ်ကို တစ်ဦးက သိပြီးသား။ တိုက်ရည်ခိုက်ရည် လက်ရည်ချင်းလည်း ညီပြီးသား ဖြစ်သည်။ ဒီကေဘီအေတို့အဖို့ အလေးသာသော အချက်တစ်ချက်ရှိသည်။ ယင်းမှာ စိတ်ဓာတ်ဖြစ်သည်။ နာကြည်းချက်

များ အရင်းခံထားသည်။ ဘာသာရေးဖိနှိပ်မှုက ခံပြင်းစေသည်။ ဤစိတ်ဓာတ်က ဒီကေဘီဒေ တပ်သားတိုင်းမှာ ကိန်းဝင်ပြီးသား ဖြစ်သည်။

မြန်မာ့ရာဇဝင်ပါ ဘုရင့်နောင် နောင်ရိုးတိုက်ပွဲ သဘောမျိုးလည်း ဖြစ်သည်။ နောင်ရိုးတိုက်ပွဲ ဆင်နွှဲခဲ့သော ဘုရင့်နောင်သည် ချောင်းတစ်ဖက်ကမ်းသို့ ဖောင်ဖြင့် ကူးပြီးနောက် ဖောင်များကို ဖျက်စေလိုက်သည်။ ကြောက်ရွံ့သဖြင့် ပြန်ပြေးစရာလမ်း မရှိပြီ။ အညံ့ခံ၍ သေရချင်းတူတူ ယောကျ်ားပီပီ သတ္တိပြ၍ သေခြင်းက မြတ်၏ဟု သဘောထားကာ ရှုပ်ရှုပ်ချွံချွံ တိုက်ကြသည်။ ဤမည်သော စိတ်ဓာတ်ဖြင့် အသေခံတိုက်ကြသဖြင့် နောင်ရိုးတိုက်ပွဲကို အောင်မြင်ခဲ့သည်။ မြန်မာ့သမိုင်းတွင် မော်ကွန်းတင် ကျန်ရစ်ခဲ့သည်။

ယခုလည်း ဒီကေဘီအေများသည် မိမိတို့မှာ နောက်ကြောင်း လှည့်စရာ မရှိတော့သည့်အထဲ နာကြည်းခံပြင်းချက်များကို အရင်းခံထားသော စိတ်ဓာတ်က တက်ကြွနေသဖြင့် ဘာကိုမှ မမှုသော ဇာနည်စိတ်ထားက အပြည့်ရှိနေသည်။ တစ်ကြောင်းအားဖြင့် ဆိုဖွယ်ရှိသေးသည်။

ဒီကေဘီအေတပ်သားများအဖြစ် ခွဲထွက်လာကတည်းက ကေအင်န်ယူများက ရန်သူများအဖြစ် သတ်မှတ်ခဲ့ပြီး ဖြစ်သည်။ ရန်သူအဖြစ် သတ်မှတ်ခံထားရပြီးသော မိမိတို့သည် ကေအင်န်ယူ၏ တိုက်ခိုက်မှုကို အနေးအမြန်ဆိုသလို ကြုံကိုကြုံလာရမည်။ လက်နက်ချင်းက မနိုင်းသာ။ အင်အားချင်းက မမျှသာသဖြင့် မိမိတို့အဖို့ သေလူဆိုက ဆိုနိုင်သည်။ ပုံပြင်လေးတစ်ပုဒ် ကြားဖူးသည်။

"မုဆိုးကြီး၏ ခွေးတစ်ကောင်သည် ယုန်ကလေးတစ်ကောင်ကို လိုက်ဖမ်းသည်။ ယုန်က အသက်လု၍ ပြေးသည်။ လိုက်သူကလိုက်၍ ပြေးသူက ပြေးသည်။ အသက်ကလေးတစ်ချောင်း ရှင်သန်လိုသေးသော ယုန်ကလေးက အသက်လု၍ အကြောက်အကန် ပြေးသဖြင့် ခွေးကြီးရန်မှ လွတ်ခဲ့ရသည်။ ခွေးကြီးမှာ ယုန်ကို မရတော့သဖြင့် မုဆိုးကြီးထံ ပြန်လာခဲ့ရသည်တဲ့"တဲ့။

ဤပုံပြင်မှာ စိတ်ဓာတ်ချင်းက စကားပြောသွားသည်။ ယုန်ကလေးအဖို့ ပြေးနိုင်မှ လွတ်မည်ဆိုသော အသိစိတ်ရှိထားသည်။ မပြေးနိုင်လျှင် အသက်နှင့်တကွသော ခန္ဓာကိုယ်ကို ပေးဆက်ရတော့မည်မို့ အားကုန်သုတ်၍ ပြေးသည်။ လွတ်ခဲ့ရသည်။ ခွေးကြီးမှာမူ ယုန်ကို မိသည်ဖြစ်စေ၊ မမိသည်ဖြစ်စေ အရေးမဟုတ်။ သခင်မုဆိုးကြီးက အစာကျွေးမည်သာ။ ဤအသိက ရှိထားနှင့်သည်။ ထို့ကြောင့် အသက်လု၍ ပြေးခဲ့သော ယုန်ကလေး အသက်ဆက်လက်ရှင်သန်ခွင့် ရသွားခဲ့သည်။

ယခုလည်း ယုန်သူငယ်သဖွယ်ဖြစ်သော ဒီကေဘီအေတပ်သားများမှာ အသက်ရှင်သန်ရေးအတွက် ရှုပ်ရှုပ်ချွချွ တန်ပြန်ထိုးစစ်ဆင်ကြသည်။ မြိုင်ကြီးငူအား ရန်ပြုလာသူများကို တွန်းလှန်ပစ်လိုက်ကြသည်။

ကေအင်န်ယူများသည် အရေးအခင်း စတင်ဖြစ်ပွားခဲ့သော သူးမွဲထ (မြစ်ဆုံဒေသ)ကို ပြန်လည်သိမ်းပိုက်ခဲ့သည်။ မြိုင်ကြီးငူကိုလည်း သိမ်းပိုက်မည် ကြုံးဝါးသည်။

"သင်းတို့တစ်တွေ ငါတို့အား မည်သို့မှ အန်မတုနိုင်။ မတုနိုင်လို့လည်း သူးမွဲထ (မြစ်ဆုံဒေသ) ကို ပြန်လည်ရရှိခဲ့သည်။ မထူးပြီ၊ သင်းတို့ ခြေကုပ်ယူရာ မြိုင်ကြီးငူကိုပါ သိမ်းပိုက်လိုက်မည်" အတွေးဖြင့် သူးမွဲထသိမ်းအပြီး မရှေးမနှောင်းမှာ မြိုင်ကြီးငူကို သိမ်းဖို့ ဆင်းလာခဲ့သည်။ လက်နက်ကြီးများဖြင့် အချက်ပေါင်းများစွာ ပစ်သည်။ ထူးဆန်းသည်မှာ မြိုင်ကြီးငူဝင်းအတွင်းသို့ တစ်လုံးမျှ ကျရောက်ခဲ့ခြင်း မရှိပေ။

ကေအင်န်ယူများ မြိုင်ကြီးငူကို သိမ်းပိုက်ရန် ဆင်းလာကြပြီ သတင်းရသည်နှင့် ဆရာတော်သည် သီတင်းသုံးရာ သိမ်တော်တွင်းရှိ ဘုရားရှေ့မှာ ထိုင်၍ သမာဓိ ထူထောင်သည်။ သမာဓိ တည်ကြည်လောက်သည်တွင် အားလုံးသော သတ္တဝါများအပေါ် အာရုံပြု၍ မေတ္တာဘာဝနာ ပွားများသည်။ မြိုင်ကြီးငူဒေသ ဆိုင်ရာပိုင်ရာ တောပိုင်တောင်ပိုင်နယ်ပိုင် အစောင့်အရှောက်နတ်များအား တိုင်တည်ဖိတ်ကြားသည်။ အမျိုး ဘာသာ သာသနာအတွက် ဘေးဥပဒ်ရန်စွယ် အန္တရာယ်များမှ ကင်းဝေးအောင် စောင့်ရှောက်ကြပါမည့်အကြောင်း အကူအညီတောင်းသည်။ ၎င်းနောက် နှစ်ဖက်တပ်သား၊ ကေအင်န်ယူ၊ ဒီကေဘီအေတပ်သားများကိုပါ အာရုံပြု၍ စိတ်ညွတ်ကာ မေတ္တာအထူးပို့သည်။ မေတ္တာ၏ အာနိသင်ကား ကြီးမားလှပေစွ။ ပစ်လာသမျှသော လက်နက်ကြီး တစ်လုံးမျှ ရောက်လာခဲ့ခြင်း မရှိပေ။

"အကောဓေန ဇိနေ ကောဓံ" ဘုရားဟောရှိသည်။

"ကောဓံ၊ အမျက်ထွက်သောသူကို။ အကောဓေန၊ အမျက်မထွက်ခြင်းဖြင့် (ဝါ) မေတ္တာတရား ပွားများခြင်းဖြင့်။ ဇိနေ၊ အောင်မြင်ရာ၏" တဲ့။

ဗုဒ္ဓဘုရားသခင်သည် ဒအာဠာဝက နတ်ဘီလူးကို ချေချွတ်တော်မူခဲ့ရာတွင်လည်း မေတ္တာပွားခြင်းဖြင့် အောင်မြင်တော်မူသော ဗုဒ္ဓရှင်တော်မြတ်အား ဒေါသအမျက် ခြောင်းခြောင်းထွက်၍ လက်နက်မျိုးစုံဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ပစ်လာသမျှသော လက်နက်များမှာ ဗုဒ္ဓခြေတော်ရင်းဝယ် ပန်းပေါက်ပေါက်များသဖွယ် ဖြစ်ကုန်သည်။ ဘီလူးကြီးအား ရင်ဝယ်သားကဲ့သို့

ကရုဏာအမှ မေတ္တာပြုလျက် နေလေသည်။ လက်နက်တစ်စုံတစ်ရာသော်မှ မထိခိုက်လာခဲ့။ မေတ္တာ၏ အာနိသင်ကား ဤမျှ ကြီးမားလှလေသည်။

ဘုရားသားတော်ဖြစ်သော မြိုင်ကြီးငူဆရာတော်သည် ဗုဒ္ဓရှင်ပင် လမ်းညွှန်ဟောကြားတော်မူခဲ့သည့်အတိုင်း မိမိနှင့်တကွသော လူအားလုံးကို ရန်ပြုလာသူများအား အဝေရာဒိက မေတ္တာလက်နက်ကို အသုံးပြု၍ ကာကွယ်ခဲ့သည်။ ရတနာသုံးပါး၏ ဂုဏ်တော်၊ မေတ္တာတရား၏ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့် လက်နက်ကြီးဘေးမှ ကင်းဝေးခဲ့ရသည်။ "ပြောမှယုံ ကြုံမှသိ" စကားအကိုင်း ကိုယ်တိုင်ကြုံရသည်မို့ ယုံရပါလေပြီ။

မြိုင်ကြီးငူဆရာတော်က မေတ္တာတရားဖက်၍ ကြုံတွေ့လာသည့် ရန်ကို ကာကွယ်တားဆီးသေးသည်။ ဒီကေဘီအို အဖွဲ့ကလည်း တရားတော့ ဖက်ချင်ပါသည်။ မေတ္တာလည်း မပျက်ချင်ပါ။ ချစ်သဒ္ဒါလည်း မကွက်ချင်ပါ။ သို့သော်. . .

မြန်မာ့သာသနာသမိုင်းတွင် ဖြစ်ရပ်ကလေးတစ်ခု ရှိခဲ့ဖူးသည်။ စကားအရာမှာ နာမည်ကျော်ကြားတော်မူသော သင်္ဂဇာဆရာတော်ဘုရားကြီး ဟူသည်ကို အများသိပြီး ဖြစ်သည်။ ယင်းဆရာတော်ကြီးသည် တစ်နေ့မှာ နောက်ပါသံဃာ ၃၀ ကျော်နှင့်အတူ ခရီးတစ်ခုသို့ အသွား လယ်ကွင်းတစ်ခု ကို ဖြတ်ရသည်။ ကွင်းလယ်အရောက်တွင် ကျွဲတစ်ကောင်က သံဃာများ အား လိုက်ခတ်သည်။ ဆရာတော်ကြီးက -

"ဟဲ့. . . ဟဲ့. . . မောင်းပဥ္စင်းတို့၊ မေတ္တာပို့ပါဟ၊ မေတ္တာပို့ပါဟ" ဟု မိန့်ကြားရင်း ပြေးတော်မူရရှာသည်။ ညွှန်ကြားသည့်အတိုင်း သံဃာများ ကလည်း မေတ္တာပို့ရင်း ပြေးကြသည်။ မေတ္တာပို့လေ ကျွဲက လိုက်လေဖြစ်မနေ တော့ရာ စိတ်မရှည်ချင်တော့သော သံဃာတစ်ပါးက မြေစိုင်ခဲတစ်ခုကို ကောက်ယူ၍ ကျွဲကြီးအား ပစ်ထည့်လိုက်သည်။ ကျွဲကြီး၏ ဦးချိုဖျားကို သွားမှန်သည်။ ထိုအခါမှ ကျွဲကြီးလှည့်ပြေးသွားတော့သည်။ ထိုကို သင်္ဂဇာ ဆရာတော်ဘုရားကြီးက -

"အိမ်း. . . မောင်းပဥ္စင်းပို့တဲ့ မေတ္တာက ပိုစူး(ထိရောက်)သဟ" ဟု မိန့်မြွက်တော်မူခဲ့သည်တဲ့။

ယခုလည်း ဒီကေဘီအေအဖွဲ့သည် "မြိုင်ကြီးငူဆရာတော်ကဲ့သို့ မေတ္တာချည်းသက်သက် ပို့၍ရမည်မဟုတ်။ မြေစိုင်ခဲမေတ္တာလေးလောက် တော့ တုံ့ပြန်မေတ္တာ ပို့ပေးမှသင့်မည်" အတွေးဖြင့် ကေအင်န်ယူတို့အား တုံ့ပြန်တိုက်စစ်ဆင်လေတော့သည်။

ဤသည်မှစ၍ ကရင်ပြည်နယ်မြောက်ပိုင်း ကေအင်န်ယူတို့ စိုးမိုးရာဒေသအသီးသီးတွင် တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားလေတော့သည်။ တိုက်ပွဲဖြစ်ပွားသည်ဆိုမှတော့ သူ့အသက်ကို ကိုယ့်အသက် ပေးဆက်ရသည်ချည်း။ မိမိတို့ရဲဘော်များ အသက်ပေးကြသည့်အဖြစ်ကို မြင်လာရသော ဒီကေဘီအေရဲဘော်များမှာ -

"ဟော့. . . မထူးပြီဟေ့၊ ငုပ်မိမှတော့ သဲတိုင်ထိအောင် ငုပ်ကြစို့။ သူတို့စခန်း (မာနယ်ပလော)ကြီး မရှိမှ အေးမှာ။ အပင်ရင်းကိုဖြို့မှ ဖြစ်တော့မယ်" ဟု စိတ်ဓာတ်တက်ကြွလာပြီး မာနယ်ပလောစခန်းအား တိုက်ခိုက်သိမ်းပိုက်ရန် ကြိုးစားကြတော့သည်။

ကေအင်န်ယူ ဌာနချုပ် (ဗဟို) မာနယ်ပလောစခန်းအား တိုက်ခိုက်အောင်မြင်သည့်အဖြစ်ကို ဒီကေဘီအိုအဖွဲ့မှ အောက်ပါ ထုတ်ပြန်ချက်ဖြင့် ကြေညာခဲ့သည်။

## တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားများ အစည်းအရုံး (ဒီကေဘီအို) ကြေညာချက်အမှတ် (၇/၉၅)

၁၃၅၆ ခုနှစ်၊ တပို့တွဲလဆန်း (၂)ရက်
၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်

၁။ ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားများ အစည်းအရုံး (ဒီကေဘီအို) လက်အောက်ရှိ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော်မှ ဗိုလ်ချုပ်ကျော်သန်း၊ ဗိုလ်ချုပ် ထွန်းလှိုင်၊ ဗိုလ်မှူးချုပ် မောင်ကြည်၊ ဗိုလ်မှူးချုပ် ပြားပြားနှင့် ဗိုလ်မှူးချုပ် ဖားန္တိုးတို့ ဦးဆောင်သည့် ဒီကေဘီအေတပ်သား ၄၀၀၀ ကျော်သည် ဗိုလ်မြ ဦးဆောင်သည့် ကေအင်န်ယူဌာနချုပ် (ဗဟို) မာနယ်ပလောစခန်းအား အောင်မြင်စွာ တိုက်ခိုက်သိမ်းပိုက်ခဲ့ပြီး ဖြစ်သည်။

၂။ ဘိုမြ ဦးဆောင်သည့် ကေအင်န်ယူ အဖွဲ့အစည်းသည် လုံးဝ ပြိုကွဲပျက်စီးသွားပြီး တစ်ဖက်နိုင်ငံတွင်းသို့ ကစဉ့်ကလျား ထွက်ပြေးရောက်ရှိသွားကြပြီး ဖြစ်၏။ ဒီကေဘီအို (ခေါ်) တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားများ အစည်းအရုံးကြီးကသာလျှင် ကရင်ပြည်နယ်နှင့် ကရင်

လူမျိုးတို့အား ကိုယ်စားပြု ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားများ
အစည်းအရုံး

**********

မာနယ်ပလောစခန်း ကျဆုံးပြီးနောက် ဒီကေဘီအေ တပ်များက ကေအင်န်ယူတို့အား ဆက်လက်ရှင်းလင်း တိုက်ခိုက်သည်။

၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် မယ်ပေါ်မူထစခန်း၊

၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် သောလယ်ထစခန်း၊

၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ဥသုတစခန်း စသည်ဖြင့် ကေအင်န်ယူစခန်းများကို တစ်ခုပြီးတစ်ခု သိမ်းပိုက်ရရှိသည်။ တစ်ဆက်တည်းမှာ နောက်ဆုံးအဓိကစခန်းကြီးဖြစ်သည့် ကော့မူးရာ (ခေါ်) ဝါးခသစ်စခန်းကိုပါ သိမ်းပိုက်ရန် စီစဉ်သည်။

မစီစဉ်၍ မဖြစ်တော့။ မိမိတို့သည် မိမိတို့၏ သူးမွဲထ (မြပ်ဆုံဒေသ) ငယ်လေး၏ ဖျက်ဆီးတိုက်ခိုက်ခံရမှုကို မကျေနပ်နိုင်ခဲ့ကြ။ အလားတူ ကေအင်န်ယူများသည်လည်း ၎င်းတို့၏ အချက်အချာ ဗဟိုဌာနချုပ် မာနယ်ပလော ကျဆုံးရမှုကို မည်သည့်နည်းနှင့်မျှ ကျေချမ်းနိုင်မည်မဟုတ်။ ကျန်ရှိသော ကော့မူးရာ (ခေါ်) ဝါးခသစ်ခန်းမှာ ဌာနချုပ်ဖွင့်၍ မိမိတို့အား တန်ပြန်တိုက်စစ်ဆင်မည် ဧကန်ဖြစ်သည်။ ၎င်းတို့ လူစုဌာနချုပ် မဖွင့်နိုင်အောင် ၎င်းတို့ လှုပ်ရှားမှုမပြုမီ ကော့မူးရာစခန်းကိုပါ ရှင်းပစ်မှ တော်မည်။ မိမိတို့ မရှင်းလျှင် သူတို့က မိမိတို့အား လာရှင်းကြမည်။

ဆိုရိုးကားတစ်ခွန်းရှိသည်။ "အချစ်နှင့် စစ်မှာ မတရားဘူးဆိုတာ မရှိ" တဲ့။ ယခု မိမိတို့ စစ်တိုက်နေကြပြီ။ မိမိတို့အား ရန်သူအဖြစ် သတ်မှတ်ထားသူတို့အပေါ် တိုက်သော စစ်ပွဲဖြစ်သည်မို့ တစ်နည်းဆိုပါလျှင် သူက မဲ့ပြုလာသည့်အတွက် ပြန်မဲ့ပြုရသည်မို့ တစ်နည်းအားဖြင့်လည်း ပါးကိုက်ခံခဲ့ရသည့်အတွက် နားပြန်ကိုက်ရခြင်းဖြစ်သည်မို့ တရားသည်။ ကြင်နာသည်၊ ညှာတာသည်၊ စာနာသည်ဆိုသော တရားများကို ကြည့်မနေနိုင်တော့ပြီ။

အမျိုးသားချင်းဟူသော သွေးကပြောသည့်စကားကိုသော်မှ ငဲ့ညှာမနေနိုင်တော့ပြီ။ အကယ်၍ ငဲ့ညှာခဲ့သော် သူတို့၏ သေနတ်ပြောင်းဝတွင် ရင်ကော့ပေးသကဲ့သို့သော ဖြစ်ရဘော့မည့် အခြေအနေဖြစ်သည်။ သို့ဆိုလျှင် သည်ကော့မူးရာစခန်းကိုလည်း သည်အတိုင်းထား၍ မဖြစ်ပြီ။ ဖေဖော်ဝါရီလ ၈ ရက်နေ့မှစ၍ ကော့မူးရာကို စတင်တိုက်ခိုက်သည်။

ကော့မူးရာစခန်းတိုက်ပွဲသည် ပြင်းထန်သည်နှင့်အမျှ နှစ်ဖက်စလုံး အနည်းနှင့်အများ ထိခိုက်ကျဆုံးမှု ရှိကြသည်။ ကေအင်န်ယူများကလည်း ၎င်းတို့၏ နောက်ဆုံးအခြေစိုက်စခန်းမို့ အကျခံ၍ မဖြစ်။ ဒီကေဘီအေများကလည်း ကော့မူးရာစခန်းရှိနေသမျှ မိမိတို့ ရှေးရေး အေးဖွယ်မမြင်။ မရရအောင် တိုက်မှ ဖြစ်မည်။

ဖေဖော်ဝါရီလ ၈ ရက်နေ့မှ ၂၀ ရက်နေ့အထိ ၁၃ ရက်တိုင်တိုင် ပြင်းပြင်းထန်ထန် တိုက်ယူခဲ့ရသည်။ ၂၁ ရက်နေ့ မွန်းလွဲ ၂ နာရီခွဲချိန်ရောက်မှ ကော့မူးရာစခန်းတွင်းသို့ အဆီးအတားမရှိ ဝင်ရောက်နိုင်ကြတော့သည်။ ကေအင်န်ယူများအဖို့ ရှေ့သို့အခြေအနေ မည်သို့ရှိမည် ဖြစ်လာမည် မခန့်မှန်းနိုင်သော်ငြား ဒီကေဘီအေတပ်များအဖို့ လောလောဆယ်ဆယ်တွင် ကေအင်န်ယူများရန်မှ တစ်ခုသောအချိန် အတိုင်းအတာအထိ အထိုက်အလျောက် သက်သာနေဖွယ်ရှိသည်။

ထာဝရသက်သာနေမည်ဟုကား မဆိုလို။ မိမိတို့အနေဖြင့် နာကြည်းခံပြင်းချက် အရင်းတည်၍ စတင်ခြားနားခဲ့သည်။ အဆုံးအရှုံးဟူသည်မှာ တန်ဖိုးအားဖြင့် ပြောပလောက်အောင် မရှိခဲ့။

ကေအင်န်ယူများအနေဖြင့်ကား ကြီးမားလှစွာသော ဆုံးရှုံးမှုများကို ရရှိသွားကြသည်။ ပစ္စည်းပစ္စယတန်ဖိုးကို ထားတော့၊ ၄၅ နှစ်ကျော်ကာလက တည်ဆောက်ထားခဲ့ရသော ကေအင်န်ယူအဖွဲ့ကြီး ပြိုကွဲခဲ့ရသည်။ ပြိုလဲရတော့မည့် အခြေသို့တိုင် ဆိုက်ခဲ့သည်။ သည်အဖြစ်ကို ကေအင်န်ယူခေါင်းဆောင်များက မည်သို့မှ ရှုဆိတ်နိုင်ကြမည်မထင်။ တစ်နေနေ့တော့ တစ်မျိုးမျိုး ဒုက္ခပေးမှာ မလွဲဖြစ်သည်။

ပေးကာမှ ပေးကြရော။

ပေးလာလျှင်လည်း မမှုပြီ။

မိမိတို့သည် အမျိုးဘာသာ သာသနာအတွက် အသက်ပေး၍ စောင့်ရှောက်ကာကွယ်သွားပါမည်ဟု သစ္စာဆိုခဲ့ကြပြီ မဟုတ်ပါလား။

အမျိုးဘာသာ သာသနာကို ထိပါးလာသည်ဆိုမှဖြင့် ရဲရဲကောက် ခုခံတွန်းလှန်ပစ်လိုက်မည်သာ။

ငယ်စဉ်ကတည်းက စကားတစ်ခွန်းကို အသည်းနှင့်အောင် စွဲမှတ်ထားခဲ့သည်။

"ရဲဘော်. . .

အမျိုးဘာသာ သာသနာအတွက် ကာကွယ်စောင့်ရှောက်သူသည် ရဲသော်မသေ၊ သေသော် ငရဲမလား" ဟူသတည်း။

## သန္တရသမှသည်

တစ်ချိန်သောအခါက လူသူအရောက်အပေါက် နည်းခဲ့သော မြိုင်ကြီးငူသည် ယနေ့တွင် လူသူများဖြင့် စည်ကားနေပေပြီ။ ယခင်က ကျေးငှက်သာရကာ မာဂဓာသံမှအပ ဆိတ်ညံခဲ့သော တောကြီးမြိုင်ယံသည် ယခုမူ လူသံသူသံများဖြင့် စီစီညံ၍ နေပေပြီ။ ဝါးရုံကောက်ကွေး ခြုံထွေးထွေးဖြင့် ရှုပ်ထွေးခဲ့ရာမှ ဝါးရုံလည်းပျောက်၊ ခြုံကိုဖျောက်၍ လမ်းဖြောင့်သွယ်တန်းပြီးသား မြေညီလမ်းကလေးသော်မှ ရှိနေပေပြီ။

မြေထိုးစက်ကြီးတစ်စီးက နေ့စဉ်ရက်ဆက်ဆိုသလို လမ်းဖောက်ခြင်း၊ တောင်ကုန်းဖြိုခြင်းများကို ပြုလုပ်နေသည်။ ယခင် မတာဒအတိမို့ တောင်ကုန်း၊ တောင်ကမူ၊ တောင်ပူစာ၊ ဆင်ခြေလျှောများကို ဖြိုတန်ဖြို၊ ဖြေတန်ဖြေဖြင့် စည်မျက်နှာပြင်ကဲ့သို့ မညီလာငြား အဆင်ပြေပြေ သွားလာနေထိုင်နိုင်ရန် သည်မြေထိုးစက်ကြီးက နေ့တိုင်းအလုပ်လုပ်လျက်ရှိသည်။ ကုန်တင်ကားကြီး နှစ်စီးကလည်း ကျောက်သယ်၊ မြေသယ်၍ လမ်းမကြီးဖြစ်ပေါ်လာအောင် တာဝန်ထမ်းဆောင်နေသည်။ ကားပေါ်မှ သွန်ချလာသော ကျောက်များ၊ မြေများကို ပြည်တော်ဝင်များက တစ်ယောက်တစ်လက် သယ်ယူဖြေဖြန့်နေကြသည်။ ဖြေဖြန့်ပြီးသား ကျောက်များ၊ မြေများပေါ်ဝယ် လမ်းကြိတ်စက်ကြီးက တအိအိ တရွေ့ရွေ့ တွားသွားရင်း မြေများကို ဖိသိပ်စေလေသည်။

မြိုင်ကြီးငူသည် ကမမောင်းရွာမှ အရှေ့ဘက်၊ သံလွင်မြစ်၏ တစ်ဖက်ကမ်းတွင် တည်ရှိသည်။ ယခင် ၂၄ နှစ်တာ ကာလက သည်သံလွင်မြစ်ကို ဖြတ်ကူးလိုလျှင် လက်လှေကလေးကို လှော်၍ ကူးခဲ့ကြရသည်။ ကူးကြရသည်ဆိုသော်မှ ချိန်ခါမရွေး ကူးနိုင်သည်မဟုတ်။ လူတိုင်းကူးကြရသည်မဟုတ်။ ချိန်ခါသတ်မှတ်၍ ကန့်သတ်လူများသာ ကူးနိုင်ခွင့်ရှိသည်။ ယခုမူ ပုံချိတ်စက်လှေကလေးများ တစ်နေ့တာလုံး ဥဒဟို ကူးသန်းသွားလာနေသည်။ စက်လှေသံများက သံလွင်မြစ်ပြင်တစ်ခုလုံးကို တစ်ရံမပြတ် ပဲ့တင်ထ၍ နေစေသည်။

ဒေသအနေအထား ပြောင်းလဲလာသည်နှင့်အတူ နေထိုင်သူများကလည်း အသွင်သဏ္ဌာန်မှအစ ပြောင်းလဲလာသည်။ ရှုစမ်းပါဘိ။

လွန်ခဲ့သော ၂၄ နှစ်ကျော် ကာလချိန်တာမှာ တရားဓမ္မနှင့် မွေ့လျော်သူ အနည်းငယ်မျှ (အလွန်ဆုံးရှိမှ ၁၀ ဦးခန့်) သာဖြင့် တိတ်ဆိတ်ငြိမ်သက်စွာ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းနေကြသည်။ သက်ဝင်လှုပ်ရှားနေမှု မရှိသလောက် ဖြစ်သည်။ ပီတိဆိတ်ငြိမ်လွန်းလှပါဘိ။

ယခုမူ. . .

လူများ ဥဒဟိုသွားလာနေသည်မှာ ပျားပန်းခတ်မျှ ဖြစ်သည်။ လူသူတွေအကြား လက်နက်ကိုင် ရဲဘော်များလည်း ပါဝင်သည်။ ရိုးရိုးလူများမှာ ပြည်တော်ဝင်များဖြစ်ပြီး လက်နက်ကိုင်များမှာ ကေအင်န်ယူမှ တစ်ဖြစ်လဲ ဒီကေဘီအေရဲဘော်များ ဖြစ်သည်။ အားလုံးလိုလိုမှာ ကရင်အမျိုးသားချည်း ဖြစ်သည်။ မွန်းတည့် ၁၂ နာရီထိုးသည်နှင့် နတ်ပွဲမှ နတ်ဆိုင်းသံ တခြိမ့်ခြိမ့်နှင့်အတူ နတ်ချင်းအဆိုတော် စန္ဒာအေး (ခ) အေးအေးခိုင်၏ နတ်ချင်းဟစ်သံက တငြိမ့်ငြိမ့် ထွက်ပေါ်လာတတ်သည်။ နတ်ဝင်သည်တို့က စည်းချက်နှင့်အညီ နော့၍ သော့၍ ကနေသည်။ ကလေးငယ်များအများစု ပါဝင်သော လူအုပ်ကြီးက နတ်ပွဲရှိရာမှာ အုံခဲ၍ ကြည့်နေကြသည်မှာ ထန်းလျက်ခဲမှာ ပုရွက်ဆိတ်များ အုံနေကြသည့်နှယ်။

နတ်ပွဲရှေ့မှ ဖြတ်သွားသူများက ဆန်အိတ်များကို ထမ်း၍ပိုး၍ သယ်ယူနေကြသည်။ အများစုမှာဆန်အိတ်ကို လုံကွင်းဖြင့်သိုင်းကာ ကျောမှာ ပိုးပြီး လုံးကွင်းစတစ်ဖက်ကို နဖူးမှာ ချိတ်၍ သယ်ယူသည်။ ဤသယ်နည်းက ခရီးဝေးကို တာရှည်သွားနိုင်စေသည်။ ရိက္ခာဆန်ပေးသည့်နေ့မို့ အခြားနေ့များထက် သွားလာလှုပ်ရှားမှုက ပိုသည်။

ပြည်တော်ဝင်အချို့မှာ ကြေးသွန်းဘုရား တည်ရာနှင့် ပြည်လုံးချမ်းသာစေတီ တည်ရာမှာ အုတ်သယ်၊ သဲသယ်ဖြင့် တပျော်တပါးကြီး လုပ်အားပေးနေကြသည်။ အချို့မှာမူ လမ်းဖောက်ရာ၊ တံတားဆောက်ရာမှာ လုပ်အားပေးနေကြသည်။

ဤကား ပြောင်းလဲလာသော မြိုင်ကြီးငူနှင့်အတူ တစ်ပါတည်း လိုက်ပါပြောင်းလဲလာနေသော မြိုင်ကြီးငူ၏ သက်ဝင်လှုပ်ရှားမှု ဖြစ်သည်။ ယခင်နှင့်ယခု နှိုင်းစာပါလျှင် ကွာလွန်းလှပါဘိသည်။

ယခင်က အေးငြိမ်းမှုကို ပေးစွမ်းနိုင်သော သန္တရသ။

ယခုမူ ကြည်နူးမှုကို ပေးစွမ်းနိုင်သော သိင်္ဂါရရသတည်း။

ထူးခြားသော သက်ဝင်လှုပ်ရှားမှု တစ်ခုရှိသေးသည်။ ယင်းကား မြိုင်ကြီးငူဆရာတော်အား ဖူးမြော်ရန် လာကြသူ ပြည်မမှ ဘုရားဖူးဧည့်သည်များ ဖြစ်သည်။

မြိုင်ကြီးငူဆရာတော်၏ သတင်းနှင့် ဓာတ်ပုံသည် နေ့စဉ်ထုတ်သတင်းစာများတွင် ၂၉-၁-၉၅ မှစ၍ သုံးလတိုင်တိုင် "ကေအင်န်ယူဘယ်လဲ" ဆောင်းပါးနှင့်အတူ ဖော်ပြပါရှိခဲ့သည်။ ထိုကို ပြည်သူအများ တွေ့မြင် ဖတ်ရှုကြရပြီးနောက် ဆရာတော်အား ဖူးမြော်လိုသဖြင့် လာရောက်ကြခြင်း ဖြစ်သည်။ ရှေးယခင်က ဤသို့ လာရောက်ဖို့ မဆိုထားဘိ၊ မြိုင်ကြီးငူသို့လာရန် စိတ်ကူးထဲသော်မျှ မထည့်ဝံ့ခဲ့ကြပေ။ ဒေသက အမည်းရောင်နယ်မြေ၊ သောင်းကျန်းသူတို့ စိုးမိုးရာဒေသဖြစ်သောကြောင့်ပင်။ ယခုမှ လာရောက်နိုင်ကြသည်။

ဘုရားဖူးဧည့်သည်များသည် ဆရာတော် သီတင်းသုံးရာ မင်္ဂလာသိမ်တော်ရှေ့ စောင်းတန်းမှာ စုရုံးနေကြသည်။ နံနက် ၉း၀၀ နာရီ တစ်ချိန်နှင့် မွန်းလွဲ ၂း၀၀ နာရီတစ်ချိန်၊ ဤနှစ်ချိန်တွင် ဆရာတော်က ထွက်၍ အဖူးမြော်ခံသည်။ ထူးသည်လား၊ ဆန်းသည်လား မပြောတတ်။ ဘုရားဖူး ဧည့်သည်များထဲမှ အချို့သည် ဆရာတော်အား မော်ဖူးရင်း (တစိမ့်စိမ့်ကြည့်ရင်း) မျက်ရည်သွယ်သွယ် ကျဆင်းကြသည်။ တချို့က ရှိုက်၍ရှိုက်၍ ငိုကြသည်။ တချို့က လှိုက်၍ လှိုက်၍ ကိုယ်လုံးများ သိမ့်သိမ့်တုန်ခါ၍ပင် ငိုကြွေးကြသည်။ ဝမ်းနည်း၍ ငိုကြွေးခြင်းလော၊ ဝမ်းသာ၍ ငိုကြွေးခြင်းလော ဟူ၍ကား မခွဲခြားတတ်ပါလေ။

**********

၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက် (၁၃၅၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်) သောကြာနေ့တွင် ဒီကေဘီအေတပ်သားများက မာနယ်ပလော ဗဟိုဌာနချုပ်ကို တိုက်ခိုက်သိမ်းပိုက် အောင်မြင်ခဲ့သည်။

ဒီကေဘီအေတပ်သားများ မာနယ်ပလောကို တိုက်ခိုက်နေစဉ်မှာ မြိုင်ကြီးငူဆရာတော်သည် တစ်ပြည်လုံး အေးချမ်းသာယာရေးကို ရှေးရှုလျက် "ပြည်လုံးချမ်းသာစေတီတော်" ကို တည်ထားရန် ပန္နက်သဲရိုက်၍ အုတ်မြစ်ကျင်းတူးနေစေသည်။ ၂၈-၁-၉၅ ပြာသိုလပြည့်ကျော် ၁၃ ရက်နေ့ နံနက် ၉ နာရီအချိန်တွင် အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်လှစ်ကာ အုတ်မြစ်ချသည်။

ဖွဲ့စည်းထားပြီးသော ဒီကေဘီအို အဖွဲ့အစည်းမှာ မိမိအား နာယကဆရာတော်တစ်ပါးဖြစ်သည် မှန်သည်။ သို့သော် မူလကတည်းက ပြောထားပြီးသား။

"ဝိနည်းဥပဒေတော်နှင့် ငြိစွန်းမည်ဖြစ်သော အရာအားလုံးမှာ မိမိမပတ်သက်လို" ဟူ၍။

ဒီကေဘီအိုအဖွဲ့ကရော ဒီကေဘီအေတပ်သားများပါ ဆရာတော့်သဘောထားကို နားလည်သည်။ လုပ်ဆောင်သင့်သည်တို့ကို အချင်းချင်းညှိနှိုင်းလုပ်ဆောင်ခဲ့ကြသည်။ အဖွဲ့က သူတို့အလုပ် သူတို့လုပ်နေစဉ်မှာ ဆရာတော်ကလည်း သူ့သာသနာပြုလုပ်ငန်းကို ဆက်လက်လုပ်ဆောင်သည်။

"ပြည်လုံးချမ်းသာစေတီတော်"ကို တည်ထားသည်။ ပြုလုပ်ဆဲဘေသဠမုနိ ကြေးသွန်းရုပ်ပွား သွန်းလုပ်ရာသို့ နေ့စဉ် သွားရောက်၍ လိုအပ်သလို မိန့်ကြားလမ်းညွှန်သည်။ လိုအပ်ပစ္စည်းများကို ရှာဖွေပေးသည်။ ကြေးသွန်းရုပ်ပွားတော်ကြီး တည်ထားရာမှာ ကြေးပိဿာချိန် တစ်သောင်းနှစ်ထောင် (၁၂၀၀၀) ကျော် ကုန်မည် ခန့်မှန်းထားသည်။ အခြေအနေအရလိုအပ်သော ကြေးပိဿာချိန် ပြည့်မီရန် အများကြီးလိုသေးသည်။ ယင်းအဖြစ်ကို နိုင်ငံတော်အကြီးအကဲများက ပြည်မတော်ဝင်များ၏ အခြေအနေကိုလာရောက်လေ့လာ ကြည့်ရှုစဉ် တွေ့မြင်သိရှိသွားသဖြင့် ဘာသာ သာသနာထွန်းကား ပြန့်ပွားရေးကို အားပေးထောက်ကူသောအားဖြင့် ဖြည့်စွက် လှူဒါန်းသည်။ တည်ဆဲ ပြည်လုံးချမ်းသာစေတီတော်အတွက် ထီးတော်ကိုပါ လှူဒါန်းပါမည်ဟု အာမဘန္ဓေပြုသွားသည်။

ဘေသဠမုနိ ကြေးသွန်းရုပ်ပွားတော်အတွက် ပလာစတာပုံတော်ပြီးစီးပြီဖြစ်သဖြင့် အစိတ်အပိုင်းအလိုက် ကြေးသွန်းဂုံလောင်းရန် ကိုသိန်းဝင်း

အမျှပြုသော ကြေးသွန်းအဖွဲ့က ကြိုးပမ်းနေကြသည်။ လုပ်သားအများစုမှာ ပြည်တော်ဝင် တောင်ပေါ်ကရင်အမျိုးသားချည်း ဖြစ်သည်။

ကြေးသွန်းပုံလောင်းရန် စတင်သည်နှင့် တစ်ချိန်တည်းမှာ စံကျောင်းတော်အဖြစ် ဂန္ဓကုဋိတိုက်တော်ကြီးအတွက်လည်း ကျိုက်မရောမြို့မှ ဗိသုကာပညာရှင် ကိုတင်လှနှင့်အဖွဲ့အား တာဝန်ပေး လုပ်ဆောင်စေသည်။ ဂန္ဓကုဋိစံကျောင်းတော်ကြီးကို ဘုံကိုးဆင့် ပြုလုပ်ထားရှိသည်။ အမိုးကိုလည်း ကွန်ကရီဖြင့်သာ မိုးသည်။ နှစ်များကြာရှည်စွာ တည်တံ့ခိုင်ခံ့စေလိုသည်။ သံကူကွန်ကရစ်ဖြင့် အဓိကထား ပြုလုပ်မည်ဖြစ်ရာ သိန်းပေါင်းမြောက်များစွာ ကုန်ကျမည်။ လက်ထဲတွင်ကား ရှိလှသည်မဟုတ်။ သို့သော် ဆရာတော်ကား အပူအပင် မထားချေ။ ဘုရားတန်ခိုးတော်အရ အရာအားလုံး ပြီးစီးမည်ဟုသာ မိန့်ဆိုသည်။

ဘာသာ သာသနာလုပ်ငန်းကို ဆက်လက်လုပ်ဆောင်နေသည်နှင့် အတူ တစ်ဖက်ကလည်း မိမိတို့ ကရင်အမျိုးသားရေးကိုပါ တစ်ပါတည်း ရွက်ဆောင်နေသည်။ မိမိအား ဦးတည်ထား၍ ရောက်ရှိလာသော ပြည်တော်ဝင်များ၊ လက်နက်ကိုင်ရဲဘော်များအရေး စသည်တို့အတွက် အစစ အဆင်ပြေစေရန် ညှိနှိုင်းလုပ်ဆောင်နေရသည်။ "စုံနံ့သာမြိုင်ဆွေမြို့တော်" အဖြစ် မြို့ပြတည်၍ တည်ထောင်ပေးနေရသည်မို့ လုပ်စရာများက တပုံတပင်ကြီး။ လုပ်လို့ရယ်တဲ့ ဘယ်မကုန်နိုင်ဖြစ်တော့သည်။ သို့သော် ဆရာတော်သည် တစ်ချက်ကလေးသော်မှ မညည်းမညူပါ။ အားကိုးလာသူများ အားထားရာ ဖြစ်ရလောက်အောင် တစ်ရံမလပ် စီမံဆောင်ရွက်လျက်ရှိသည်။

အခြားဆောင်ရွက်သည့်အလုပ်တစ်ခုမှာ မြိုင်ကြီးငူဆရာတော်သည် မိမိအာဏာစက်သက်ရောက်ရာ တောတောင်နယ်ပယ်ဒေသများကို ဘေးမဲ့ဒေသ ဖြစ်စေလိုသည်။ သားငှက်တိရစ္ဆာန်တို့အား ဘေးမဲ့ဖြစ်စေလိုသည်။ ဘေးမဲ့ပေးထားရာ တောတောင်များ ဖြစ်စေလိုသည်။ သို့ဖြင့် ထိုထိုသော တောင်တို့အတွင်း သားငှက်တိရစ္ဆာန်များကို ဖမ်းဆီးသတ်ဖြတ်ခြင်း မပြုရန် မေတ္တာရပ်ခံလိုက်သည်။

ဆရာတော်၏ မေတ္တာရပ်ခံချက်ကို လေးစားလိုက်နာသောအားဖြင့် တောမုဆိုးအသီးသီးတို့သည် မိမိတို့ ကိုင်ဆောင်အသုံးပြုသော တစ်လုံးထိုး သေနတ်မှ အစပြု၍ လုပ်သေနတ် (လက်ဖြစ်) အားလုံးကို ဆရာတော်ထံ လာရောက်အပ်နှံ လှူဒါန်းကြသည်မှာလည်း နေ့စဉ်လိုလို ဖြစ်သည်။

ထိုအတွက် ဆရာတော်က သာဓုအကြိမ်ကြိမ် ခေါ်သည်။ ထိုထိုသူတို့အား ငါးပါးသီလ ခံယူဆောက်တည်စေသည်။ ဆုံးမဩဝါဒစကား မြွက်ကြားသည်။ (လာရောက်အပ်နှံသော တောပစ်လက်နက်များမှာ စုစုပေါင်း ၅၀၀ ကျော် ဖြစ်သည်။ စာရေးသူ)

မြိုင်ကြီးငူဆရာတော်သည် မျိုးဆွေများဖြစ်သော ကရင်အမျိုးသားတို့၏ အားကိုးခိုမှီး တောင်ကြီးပမာ ဖြစ်သကဲ့သို့ သားငှက် တိရစ္ဆာန်တို့၏ အားကိုးစရာလည်း ဖြစ်ပါပေသည်တကား။

⁂⁂⁂

## ခရီးယာယီ အလိလိ

၁၃၅၆ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၁ ရက် (၁၅-၄-၉၅) စနေနေ့။

လွန်ခဲ့သည့် ပြာသိုလပြည့်ကျော် ၁၃ ရက်နေ့မှစ၍ အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲနှင့်အတူ ပြည်လုံးချမ်းသာစေတီတော်ကို အုတ်မြစ်ချ တည်ထားခဲ့သည်။ ပြည်တော်ဝင်များ လုပ်အားအပြည့်ပါဝင်လျက် တည်ထား ပြီးစီးခဲ့သည်။ ယနေ့မှာ ရွှေထီးတော် ဆက်ကပ်တင်လှူပူဇော်မည်ဖြစ်သည်။

နံနက်အရုဏ်တက်သည်နှင့် စေတီတော်အား အနေကဇာတင်တော်မူသည်။ တစ်ဆက်တည်း ထီးတော်ကို ဘုရားခြေတော်ရင်းမှာ ထား၍ ဆက်ကပ်လှူဒါန်းရင်း တစ်ပါတည်း ဆွမ်းတော်ကိုပါ ဆက်ကပ်လှူဒါန်းပူဇော်သည်။ နံနက် ၆း၃၀ နာရီမှာ သုံးလနီးပါးတိုင်တိုင် အသံမစဲ ရွတ်ဖတ်ပူဇော်ခဲ့သည့် မဟာပဋ္ဌာန်းကို ရပ်ဆိုင်းလိုက်သည်။

နံနက် ၇း၀၀ တွင် ထီးတော်တင် အခမ်းအနားကို စတင်သည်။ ထီးတော်တင်ပွဲသည် ဝက်ဝက်ကွဲမျှ စည်ကားလှသည်ဟု ပြောရမှာ ဖြစ်သည်။ ပြည်တော်ဝင်များအားလုံးလိုလို လာရောက်ကြသည်။ ရွာနီးချုပ်စပ်မှ ရောက်လာသူများ၊ အဝေးမှ ဧည့်သည်များဖြင့် စည်ကားလွန်းလှသည်။ ပြည်တော်ဝင်များအဖို့ မိမိတို့ လုပ်အားဒါန ပါဝင်၍ တည်ထားခဲ့ရခြင်းလည်း ဖြစ်ပြန်၊

မိမိတို့ အားကိုးယုံကြည် ကိုးကွယ်သော မြိုင်ကြီးငူဆရာတော်ကိုယ်တိုင် ဦးစီးကျင်းပသည့်ပွဲလည်းဖြစ်ပြန်၊ မိမိတို့ အမိရင်ခွင်တွင်းသို့ ပြန်လည်ဝင်ရောက်ပြီးမှ ကျင်းပသော ပထမဦးဆုံး ကျင်းပသည့်ပွဲတော်လည်း ဖြစ်ပြန်သဖြင့် အားလုံးလိုလို လာရောက်ကြသည်။ ရွာနီးချုပ်စပ်နှင့် ရပ်ဝေးမှ ဧည့်သည်များ အနေဖြင့်လည်း ယခုမှ ဝံ့ဝံ့ရဲရဲ လွတ်လွတ်လပ်လပ် သွားလာနိုင်သဖြင့် အားပဲ၍ ရောက်လာကြသည်။

အစီအစဉ်အတိုင်း အခမ်းအနားကို ကျင်းပသွားရာ နံနက် ၉း၁၅ နာရီတွင် ရွှေထီးတော်ကို စေတီအထွတ်ပေါ်တွင် အပြီးသတ် တင်မြှောက်ကာ လှူ ပူဇော်ပြီးစီးသည်။

❊❊❊❊❊❊❊❊❊❊

၁၃၅၇ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၁၃ ရက် (၂၇-၄-၉၅) ကြာသပတေးနေ့ ညနေ ၅း၀၀ နာရီ။

မော်လမြိုင်မြို့ မန္တလေးကျောင်းတိုက်မှ တိုက်အုပ်ဆရာတော် ဦးဝါသဝနှင့် မုဒုံမြို့ ဂျုံးဂျုံးကျတောရကျောင်းတိုက်မှ စာချကထိက ဦးကိတ္တိဝဏ္ဏတို့နှစ်ပါး ရောက်လာသည်။

"ဂျုံးဂျုံးကျတောရတိုက် ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသ (သာသနဓဇ သီရိပဝရ ဓမ္မစရိယ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ) သည် ကျန်းမာရေး အခြေအနေ အလွန်ချို့တဲ့နေသည်။ ယင်းကို မြိုင်ကြီးငူဆရာတော် ကြွရောက် ကြည့်ရှုအားပေးပြီး လိုအပ်သလို ဆောင်ရွက်ပေးပါရန်" ဆိုလာကြသည်။

မိမိငယ်စဉ်က ပညာရင်နို့ သောက်စို့ခဲ့ရာ ကျောင်းတော်ကြီး၏ ဦးစီး ပဓာနနာယက ဖြစ်တော်မူသည့် ငယ်ဆရာမို့ အလုပ်များစွာကို ပစ်ထားပြီး နောက်တစ်နေ့နံနက် (၂၈-၄-၉၅) တွင် အခေါ်လာသူတို့နှင့်အတူ မုဒုံမြို့သို့ လိုက်လာခဲ့သည်။ ဆရာတော်အား တွေ့ဆုံဖူးမြော်ပြီး ရောဂါအခြေအနေ မေးမြန်း လျှောက်ထားသည်။ ရန်ကုန်မြို့သို့ သွားရောက်ကုသလိုသော ဆန္ဒတော်ရှိပါလျှင် ပို့ပေးမည်ဖြစ်ကြောင်း လျှောက်ထားသည်တွင် -

"ခု နေခါ မလိုသေးကြောင်း၊ ဒီမှာပဲ ကုသကြည့်ဦးမည်ဖြစ်ကြောင်း နှင့် လိုအပ်ပါက မှာလိုက်မည်ဖြစ်ကြောင်း" မိန့်ကြားသည်။

"မှန်ပါဘုရား၊ တခြားအရှင်ဘုရား အလိုရှိတဲ့ ဆန္ဒတော်များရှိရင်လည်း အမိန့်ရှိပါဘုရား"

"တစ်ခုတော့ လုပ်ချင်ကာရှိတယ်"

"အမိန့်ရှိပါဘုရား"

"စမ်းကစ်ဖက်ကမ်းမှာ ရှိတဲ့ ပုထိုးတော်ကြီးကို ပြင်ချင်တယ်၊ အဲဒါကို တာဝန်ယူနိုင်မလား"

"တပည့်တော် ကြိုးစားပါ့မယ်ဘုရား"

"အေးအေး. . . သာဓု၊ သာဓု၊ သာဓု"

မွန်းလွဲ ၁၂း၃၀ နာရီမှာ ဂျုံးဂျုံးကျ တောရကျောင်းတိုက်မှ ထွက်ခဲ့သည်။ ညနေ ၆း၃၀ နာရီမှာ မြိုင်ကြီးငူသို့ ပြန်လည်ရောက်ရှိသည်။

**********

၄-၅-၉၅ ညနေ ၆း၄၅ နာရီ။

ဘားအံမြို့ရှိ ဦးတင်ကြည်ထံမှ စာတစ်စောင် ရရှိသည်။ စာမှာ -

"ဂျုံးဂျုံးကျဆရာတော်မှာ ရောဂါသည်းထန်နေသဖြင့် ရန်ကုန်သို့ သွားရောက်ကုသလိုကြောင်း၊ သွားရာတွင် ကုန်းလမ်းခရီးဖြစ်သဖြင့် သွားနိုင်ဖွယ်ရာမရှိသဖြင့် ရဟတ်ယာဉ် စီစဉ်ပေးနိုင်က စီစဉ်ပေးစေလိုကြောင်း၊ မော်လမြိုင်မှ ဒေါ်နွယ်နီဝင်းက ဖုန်းဆက်အကြောင်းကြားလာသည်" ဟု ပါရှိသည်။

၅-၅-၉၅ နံနက် ၄း၄၅ နာရီ။

ဂျုံးဂျုံးကျတောရဆရာတော်ကြီးအတွက် ရဟတ်ယာဉ်ကိစ္စ ဆောင်ရွက်ရန် မြိုင်ကြီးငူမှ ရန်ကုန်မြို့သို့ ခရီးထွက်ခဲ့သည်။ ဆောင်ရွက်သင့်သည်များကို နေ့ချင်းပြီး ဆောင်ရွက်ပြီး ပြန်လာခဲ့သည်။ မြိုင်ကြီးငူသို့ ပြန်လည်ရောက်ရှိချိန်မှာ ည ၁၀ နာရီခွဲလေပြီ။

၁၁-၅-၉၅ နံနက် ၄း၃၀ နာရီ။

ဂျုံးဂျုံးကျဆရာတော်ကြီးအား မဖြစ်မနေ ခွဲစိတ်ကုသရမည် ဖြစ်ကြောင်း၊ ဆရာတော်ကြီးက ခွဲစိတ်ကုသမှု မခံယူလိုကြောင်းနှင့် ၎င်းနေထိုင်ရာ ကျောင်းသို့သာ ပြန်လိုကြောင်း မိန့်ကြားနေရာ မြိုင်ကြီးငူဆရာတော်၏ သဘောထား မည်သို့ရှိကြောင်း ပြန်ကြားပေးလာပါခည့်အကြောင်း" အကြောင်းကြားလာသည်။

"ဂျုံးဂျုံးကျဆရာတော်ကြီး၏ ဆန္ဒအတိုင်း ရဟတ်ယာဉ် စီစဉ်၍ မူလကျောင်းသို့ ပြန်ပို့ပေးကြပါရန်" ပြန်ကြားလိုက်သည်။

**********

၂၂-၅-၉၅ နံနက် ၈း၃၀ နာရီ။

ဘုရားစေတီများ တည်ထားရာတွင် ဥာပနာယည့်သွင်း ပူဇော်နိုင်စေဖို့ အထက်မြန်မာပြည်သို့ ဓာတ်တော်မွေတော်များ ရှာဖွေယူဆောင်နိုင်ရန် ခရီးရှည်ထွက် ကြွတော်မူသည်။

၂၉-၅-၉၅ ညနေ ၄း၀၀ နာရီ။

ဥာပနာတော် ရှာပုံခရီးမှ ပြန်ရောက်လာသည်။

၃၀-၅-၉၅ နံနက် ၁၀း၁၅ နာရီ။

ကရင်ပြည်နယ်တောင်တန်းသာသနာပြုဆရာတော် ဦးနရိန္ဒနှင့် ဇွဲကပင်တောင်မှ ဓမ္မကထိကဆရာတော် ဦးကဝိဇေတို့ ရောက်လာသည်။ "ကေအင်န်ယူမှ ဗိုလ်ကြီးဆယ်ပဲနှင့်အဖွဲ့ လာရောက် ပူးပေါင်းလိုကြောင်း" ပြောလာသည်။

နေ့ဆွမ်းအပြီးမှာ ဆရာတော် သုံးပါးစလုံး ချိန်းဆိုထားရာသို့ ကြွကြသည်။ မတွေ့ရပါ။ နောက်တစ်နေရာသို့ ထပ်ချိန်းသည်။ ခရီးဆက်ကြွသည်။ နောက်ထပ်တစ်နေရာသို့ ထပ်ချိန်းပြန်သည်။ ဆက်ကြွကြသေးသည်။ ဤသည်လည်း မတွေ့ရပြန်ပေ။ တမင်လှည့်စားခြင်းဖြစ်ကြောင်း (သို့မဟုတ်) မြိုင်ကြီးငူဆရာတော်အား ကျုံးသွင်း၍ ဖမ်းလိုကြောင်း ရိပ်မိသဖြင့် ခရီးပြန်ခေါက်ခဲ့သည်။ ၁-၆-၉၅ နေ့ မွန်းလွဲ ၄း၁၅ နာရီမှာ မြိုင်ကြီးငူသို့ ပြန်ရောက်သည်။

ဆရာတော်သုံးပါးစလုံးသည် ကရင်ပြည်နယ်ကြီး အေးချမ်းပါစေတော့၊ ငြိမ်းချမ်းပါစေတော့ဟူသော ဆန္ဒဖြင့် တောလမ်းတောင်ဟက်ခရီးကို ၂၇ မိုင်မျှ ခြေကျင်သွားရောက်ခဲ့ကြသည်။ ပိပြင်မဲ့သော လှုပ်ရှားမှုကို အဆုံးသတ်ခဲ့ရသည်။

**********

၂-၆-၉၅ နံနက် ၈း၃၀ နာရီ။

ပြည်လုံးချမ်းသာစေတီတော်အနီးမှာ တည်နေဆဲဖြစ်သော မင်္ဂလာစေတီ၏ ဥပုသ်ဥပနာတိုက်တော်တွင် မန္တလေး၊ မြင်းခြံတို့မှ ပင့်ဆောင်လာသော ဓာတ်တော်မွေတော်များကို ထည့်သွင်းဌာပနာသည်။

မွန်းလွဲ ၂း၀၀ နာရီ။

မြိုင်ကြီးငူဆရာတော် နေမကောင်း ဖြစ်သည်။ ခရီးဆက်က များရသည့်အထဲ ခြေကျင်ခရီးပါ သွားခဲ့ရသဖြင့် ခရီးပန်းတာလည်း ပါသည်။ တော်တော်ကြီးကို နွမ်းနယ်နေသဖြင့် ဒေါက်တာမောင်မောင်လွင် (မန္တလေး) နှင့် တိုင်ပင်ကာ ၃-၆-၉၅ နေ့တွင် ရန်ကုန်သို့ ဆေးစစ်သွားရန် ပင့်ဆောင်ခဲ့သည်။ ရန်ကုန်ရောက်သော် ကုန်ဈေးတန်းလမ်း စန္ဒိပရဆေးတိုက်မှာ တည်းခိုသည်။

၅-၆-၉၅ နံနက် ၈း၅၀ နာရီ။

ကျန်းမာရေး ဆေးစစ်ခံရန် အမှတ် (၂) တပ်မတော်ဆေးရုံသို့ ကြွသည်။ ဆိုင်ရာသမားတော်ကြီးများက ဆရာတော်အား အထူးဂရုစိုက်၍ စစ်ဆေးပေးကြသည်။

၇-၆-၉၅ နံနက် ၅း၄၅ နာရီ။

မြိုင်ကြီးငူဆရာတော်နှင့်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည် ထွက်ခွာသွားကြသည်။

၇-၆-၉၅ မွန်းလွဲ ၄း၀၀ နာရီ။

ကျန်းမာရေးဆေးစစ်ရာမှ ပြန်ကြွလာသော မြိုင်ကြီးငူဆရာတော်အား ခရီးရောက်မဆိုက် နာရေးသတင်းတစ်ခုက ဆီးကြိုနေသည်။

"မုဒုံမြို့ ဂျိုးဂျိုးကျတောရကောင်း ဆရာတော်ကြီးသည် ယနေ့ ၇-၆-၉၅ နေ့ မွန်းလွဲ ၃း၀၀ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်" ဟူသော သတင်းတည်း။

မြိုင်ကြီးငူဆရာတော်သည် ဆေးစစ်ခရီးမှအပြန် ခရီးပန်းခြင်း၊ မိုးရေထဲ လျှောက်သွားခဲ့ရခြင်းတို့ကြောင့် ဖျား၍ပင် နေချေသည်။ ချောင်းလည်း အရမ်းဆိုးနေသည်။ အနားယူပါမည့်အကြောင်း ဆရာဝန်က လျှောက်ထားသော်လည်း လက်မခံ။ ဖြစ်ကာမှ ဖြစ်ရော တပည့်တစ်ဦးအနေဖြင့် ဆရာရှင်၏ နောက်ဆုံးခရီးမှာ အဆုံးစွန်ထိ သွားရောက်ပူဇော်သမှု ပြုရပေမည်သာ။

❖ ဩော်. . . တစ်ဘဝသံသရာ
ဖန်လာဆုံဆည်း၊ ဘုံမရီးမှ
ဂုဏ်ကြီးမိုးနှင့်၊ ဆရာ့ရှင်အား
ကြည်လင်ရိုကျိုး၊ တုပ်ဝပ်လျှိုး၍
မြတ်နိုးကြည်သာ၊ သုံးဖြာဒွါရ
ပဏာမဖြင့်၊ ခယတောင်းပန်
အပြစ်မှန်သမျှ၊ ကင်းစင်ပအောင်
ပူဇဝန္ဒနာ၊ လက်ဆယ်ဖြာဖြင့်
ထပ်မှာယှက်မိုး၊ ညွတ်တွတိုးလျက်
ရှိခိုးတောင်းပန်ရပေဦးမည်။
ကျေရာကျေကြောင်း ခွင့်ပန်တောင်းရပေဦးမည်။

သို့ဖြင့် ၉-၆-၉၅ မွန်းလွဲ ၁း၃၀ နာရီတွင် မုဒုံမြို့ ဂျုံးဂျုံးကျတောရ တိုက်သို့ ရောက်ရှိသည်။ ကြာကလာပ်ပေါ်ရှိ မှန်ခေါင်းတော်အတွင်းဝယ် အိပ်မောကျနေသည့်အလား ငြိမ်သက်စွာလဲလျောင်းနေသည့် ဆရာရှင်မဟာ ထေရ်၏ ဥတုဇရုပ်ကလာပ်တော်အား ရိုကျိုးစွာ ဦးနှိမ်ကန်တော့ရင်း မိမိတစ်ဦး တည်းအတွက် မိန့်ကြားခဲ့သော ဆရာရှင်၏ ဩဝါဒထူးကို ပြန်လည်ကြား ယောင်နေမိသည်။

"တောရ ဆောက်တည်တဲ့ ရဟန်းများဟာ ဘုန်းကြီးတတ်တယ်။ ပြီးတော့ ပျက်စီးတတ်တယ်။ ဒါကို ငါ့တပည့် ကြပ်ကြပ်သတိထား" တဲ့။

၁၀-၆-၉၅ မွန်းလွဲ ၁၂း၀၀ နာရီ။

ဆရာရှင်၏ အန္တိမစျာပနသဘင်အခမ်းအနားကို စတင်ကျင်းပ သည်။

မွန်းလွဲ ၂း၀၀ နာရီ။

ဆရာရှင်၏ ဥတုဇရုပ်ကလာပ်တော်ကို ယာယီစံကျောင်းတော်မှ စမ်းတစ်ဖက်ကမ်း လောင်တိုက်တော်ရှိရာသို့ မရွှင်နှလုံး မပြုံးမျက်နှာ မိုး တသဲသဲ ရွာနေသည့်ကြားမှ သိုက်မြိုက်စွာ ပို့ဆောင်ကြသည်။ လောင်တိုက် တော်သို့ ရောက်ပြီးသည်နှင့် ဥတုဇရုပ်ကလာပ်တော်အား မီးပူဇော်သည်။ မီးအရှိန်ရသည်ဆိုလျှင်ပင် ရုပ်ကလာပ်တော်အား နောက်ဆုံးအချိန်မို့ ဦးနှိမ် ရိုကျိုး မြတ်နိုးစွာ ရှိခိုးကန်တော့၍ ပြန်ခဲ့လေတော့သည်။

**********

၁၆-၆-၉၅ မွန်းလွဲ ၂း၀၀ နာရီ။

ကယားပြည်နယ်၊ ဒီမောဆိုးမြို့နယ်၊ နန်းမယ်ခုံရွာအနီးရှိ ဆင်တော်မကောင်ပေါ်တွင် ဆံတော်ရှင်စေတီ တည်ထားရန် ခရီးစတင် ထွက်ခွာသည်။ ဘားအံမြို့ရောက်သော် လုပ်ဆောင်ဖွယ်လုပ်ငန်းဆောင်တာများကို ပြီးစီးစေရသည့်အတွက် တစ်ညကြာသွားရသည်။

၁၇-၆-၉၅ နံနက် ၈း၄၅ နာရီ။

ဦးတင်ကြည်၊ ဒေါ်ခင်ထွေးမြင့်တို့ အိမ်မှ စတင်ထွက်ခွာသည်။ မြိုင်ကလေးဆိပ်ကမ်းသို့ ကားရော လူပါကူး၍ ခရီးဆက်ခဲ့ရာ ညနေ ၄း၀၀ နာရီတွင် တောင်ငူမြို့သို့ ရောက်ရှိသည်။ ဒေါ်ခင်ထွေးမြင့်၏ အစ်ကိုကြီးဖြစ်သူ ဦးဘသန်း (သစ်တောမန်နေဂျာ) အိမ်မှာ တည်းခိုသည်။

၁၈-၆-၉၅ နံနက် ၄း၃၀ နာရီ။

ဦးဘသန်းအိမ်မှ တောင်ကြီးသို့ ခရီးဆက်ရာ မွန်းလွဲ ၁၂း၂၅ နာရီတွင် တောင်ကြီးမြို့၊ စံပယ်ဖြူလမ်း၊ အိမ်အမှတ် ( ၉၁ ) ဦးသန့်ဇင်၊ ဒေါ်အေးအေးမွန်အိမ်သို့ ရောက်သည်။

၁၉-၆-၉၅ နံနက် ၅း၁၀ နာရီ။

ဦးသန့်ဇင်နှင့် ဒေါ်အေးအေးမွန်တို့လိုက်ပါလျက် လွိုင်ကော်မြို့သို့ ခရီးဆက်သည်။ ၁၀း၃၀ နာရီမှာ လွိုင်ကော်မြို့၊ မင်္ဂလာရပ်၊ ဗေဒါလမ်း၊ အမှတ်(၁၀၄) ဦးလှစိန်အိမ်သို့ ရောက်သည်။ မရောက်စဖူး အရောက်ထူးသည်မို့ ဖူးမြော်လာသူမစဲ ဖြစ်တော့သည်။

မွန်းလွဲ ၃း၃၀ နာရီတွင် မင်းကတော် ဒေါ်ခင်နွယ်အေးနှင့် တစ်ဌာနချင်းမှ ဦးမျိုးတင့်အောင်တို့ ရောက်လာပြီး ဆရာတော်အား ဖူးမြော်သည်။ ဆရာတော်က "ဒီမောဆိုးမြို့နယ်၊ နန်းမယ်ခုံရွာအနီး ဆင်တော်မတောင်မှာ ဘုရားတည်မည်" ဆိုရာ အားလုံးက သဘောတူကြသည်။ ချက်ချင်း အလှူငွေများ ထည့်ဝင်၍ မတည်ကြသည်။

၂၀-၆-၉၅ နံနက် ၆း၁၅ နာရီ။

မြိုင်ကြီးငူဆရာတော်သည် နောက်ပါများနှင့်အတူ ဦးလှစိန်ပါခေါ်လျက် ဆင်တော်မတောင်တော်ရှိရာ (လွိုင်ကော်မှ ၂၁ မိုင်ခန့်ဝေးသည်) သို့ ထွက်ခွာခဲ့သည်။ မေးမြန်းစုံစမ်း၍ တောင်ပေါ်သို့ တက်ခဲ့သည်။ ဆံတော်ရှင် ဌာပနာခဲ့သော ကျောက်စေတီဟောင်းကို ရှာဖွေတွေ့ရှိသည်နှင့် ဘုရားတည်ရန် ပြင်ဆင်သည်။

မွန်းတည့် ၁၂း၀၀ နာရီ။

အသင့်ပြုလုပ်ပြီးသော ကျောက်ပလ္လင်ထက်ဝယ် မြိုင်ကြီးငူဆရာတော်က စေတီတည်ထားရန် သာသနာ့ပန္နက်နှင့်အတူ အုတ်မြစ်ချတော်မူသည်။ "ကမ္ဘာလုံး ငြိမ်းချမ်းအေး ဆံတော်ရှင် စေတီတော်" ဟု ဘွဲ့နာမချည်တော်မူသည်။

၂၈-၆-၉၅ နံနက် ၈း၄၀ နာရီ။

ထီးတော်ကို ဆက်ကပ်တင်လှူပူဇော်သည်။ ထီးတော်တင်လှူပြီးသည်နှင့် မြိုင်ကြီးငူဆရာတော်နှင့်အဖွဲ့သည် အပြန်လမ်းသို့ မြန်းခဲ့ကြလေတော့သည်။

(ဤ "ခရီးယာယီအလီလီ" ပါ မှတ်တမ်းများမှာ မြိုင်ကြီးငူဆရာတော်၏ လျှပ်တစ်ပြက်ခရီးစဉ် ဆောင်းပါးများမှ အကျဉ်းချုပ် ထုတ်နုတ်ထားခြင်းဖြစ်သည်။ အပြည့်အစုံကိုမူ သီးသန့်စာအုပ်အဖြစ် ထုတ်ဝေမည် ဖြစ်သည်။ *စာရေးသူ*)

## မြိုင်ကြီးငူ သာသနာ့မှတ်တိုင်

"သန္ဓေတောထွက်၊ ဓမ္မစက်၊ မိန့်မြွက်ခါကို၊ လဝါဆို" ဟူသည့် အတိုင်း ဝါဆိုလပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့အဖို့ အထွတ်အမြတ်ထားကြရသော နေ့ထူးနေ့မြတ် ဖြစ်သည်။ ဗုဒ္ဓဘာသာ (ဝါ) ဗုဒ္ဓသာသနာသည် လူ့လောကဝယ် စတင်အခြေတည်သောနေ့ ဖြစ်ခဲ့သည်။

ဗုဒ္ဓဘုရားရှင်သည် လွန်ခဲ့သော နှစ်ပေါင်း ၂၆၁၉ ခုနှစ်က သည် ဝါဆိုလပြည့်နေ့မှာ သန္ဓေတော်ယူခဲ့သည်။ သက်တော် ၂၉ နှစ်မှာ တောထွက်တော်မူခဲ့သည်။ သက်တော် ၃၅ နှစ်မှာ ဘုရားအဖြစ်သို့ ရောက်တော်မူပြီး သည်ဝါဆိုလပြည့်နေ့မှာ တရားဦး ဓမ္မစကြာကို ဟောတော်မူခြင်းဖြင့် ဗုဒ္ဓသာသနာကို စတင်အခြေပျိုးတော်မူခဲ့သည်။ ဗုဒ္ဓသာသနာ့သမိုင်းမှတ်တိုင် စိုက်ထူတော်မူခဲ့လေသည်။

ဗုဒ္ဓဘုရားရှင်၏ သားရဟန်းတစ်ပါးဖြစ်သည့် သာသနာပြုစိတ်ဓာတ် ထက်သန်လွန်းသော မြိုင်ကြီးငူဆရာတော်သည်လည်း ယခု ၁၃၅၇ ခုနှစ်၊ ဝါဆိုလပြည့်နေ့တွင် မြိုင်ကြီးငူ၏ ဗုဒ္ဓသာသနာ့သမိုင်း မှတ်တိုင် တစ်တိုင်ကို စိုက်ထူတော်မူသည်။ ယင်းမှာ ဘေသဇ္ဇမုနိ ကြေးသွန်းရုပ်ပွားတော်ကြီး ကိန်းဝပ်စံပယ်ရန် တည်ဆောက်ဆဲ ဂန္ဓကုဋိ စံကျောင်းတော်တွင် ဥပနာပိတ်ပွဲ ကျင်းပခြင်း ဖြစ်သည်။

မြိုင်ကြီးငူ ကြို့ပင်ဆိပ်မှာ ဆောက်လုပ်ရေးပစ္စည်းတင်သော စက်လှေများ ဆိုက်ကပ်လှေ့ရှိသည်။ လှေဆိပ်မှ တက်လျှင် လက်ပဲဘက် ကုန်းမြင့်ပေါ်မှာ တည်ဆောက်ဆဲ ဂန္ဓကုဋိတိုက်တော်ကြီး ရှိသည်။ သွန်းလုပ်နေဆဲ ဘေသဇ္ဇမုနိ ကြေးသွန်းရုပ်ပွားတော်ကြီး ကိန်းဝပ်စံပယ်တော်မူသည့် စံကျောင်းတော် ဖြစ်သည်။ ရုပ်ပွားတော်ကြီးမှာ ဉာဏ်တော် ၁၇ လက်မ ရှိသော ဗုဒ္ဓဘောင်မင်း၏ နန်းစဉ်ရုပ်ပွားတော်ကို ဉာဏ်တော်အမြင့် ၂၉ ပေ သွန်းလုပ်နေခြင်း ဖြစ်သည်။ "အေးချမ်းတည်ထားတယ်" ဟူသော အတိတ်ကောက်၍ ကြေးပိဿာချိန် (၁၂၇၇၇) တစ်သောင်းနှစ်ထောင် ခုနစ်ရာ ခုနစ်ဆယ့်ခုနစ်ပိဿာ အလေးချိန်ရှိမည် ဖြစ်သည်။

ရုပ်ပွားတော်ကြီးကို တစ်ပြိုင်တည်း ပုံတော်တစ်ခုလုံးကို သွန်းလုပ်ခြင်း မဟုတ်။ အပိုင်းသုံးပိုင်း ပိုင်း၍ သွန်းလုပ်ပြီးကာမှ ပြန်လည်ဆက်စပ်ယူမည်။ ယခု သွန်းလုပ်ပြီးဖြစ်၍ ဆက်ရန်သာ ကျန်တော့သည်။ ရုပ်ပွားတော်ကို တစ်ဖက်မှ သွန်းလောင်းနေသကဲ့သို့ အခြားတစ်ဖက်မှလည်း ဂန္ဓကုဋိစံကျောင်းတော်ကြီးကို ဆောက်လုပ်နေသည်။ ဂန္ဓကုဋိတိုက်တော်ကြီး၏ အလယ်ဗဟိုတည့်တည့် ကြေးသွန်းဘုရားကြီး သီတင်းသုံး စံပယ်တော်မူမည့် နေရာတွင် ဌာပနာတိုက်တော် ထားရှိသည်။

ယင်းဌာပနာတိုက်တော်ကို ယနေ့နံနက် ၉း၀၀ နာရီကတည်းက ပိတ်ခဲ့သည်။ ထည့်သွင်းဌာပနာထားသော ရုပ်ပွားတော်များအနက် နန်းစဉ်ရုပ်ပွားတော် သုံးဆူမှာ စိတ်ဝင်စားဖွယ်ကောင်းသည်။

၁။ ဗုဒ္ဓဘောင်မင်း၏ နန်းစဉ်ရုပ်ပွား ဘေသဇ္ဇမုနိရုပ်ပွားတော်၊

၂။ မန္တလေးမင်း၏ နန်းစဉ်ရုပ်ပွား ဇိနမာရ်အောင်ရုပ်ပွားတော်၊

၃။ မဏိစည်သူမင်း၏ နန်းစဉ်ရုပ်ပွား မဏိရတနာရုပ်ပွားတော်။

ထိုနန်းစဉ်ရုပ်ပွားတော်သုံးဆူကို ရရှိပုံမှာ တစ်ဆူစီ ထူးခြားသည်။ အမှတ် (၁) နှင့် (၃) နှစ်ဆူမှာ ဆောင်းပါးရှင်အချို့ရေးသားဖော်ပြပြီးဖြစ်၍ အမှတ် (၂) ရုပ်ပွားတော် ရရှိပုံကိုသာ ရေးပါမည်။

ဇိနမာန်အောင်ရုပ်ပွားတော်သည် သတ္တုပြည် မန္တလေးမင်းကြီးကိုးကွယ်သော မတ်ရပ်ရုပ်ပွားတော် ဖြစ်သည်။ ဉာဏ်တော်မှာ ဟစ်တောင်ကျော်ရုံမျှရှိပြီး ရွှေအတိပြီးသည်။ အလေးချိန် ၇ ပိဿာခန့် ရှိသည်။ အလွန်မသပ္ပာယ်လှပ်လှသည်။ အနော်ရထာမင်းကြီး သထုံကို တိုက်ခိုက်စဉ်က သံဃာနှိမ့်မည်ရှိသောအခါ နန်းစဉ်ရုပ်ပွားတော်ကို ရသေ့တစ်ပါးအား [illegible]

ထားရန် အပ်နှံလိုက်သည်။ ရသေ့လည်း ရုပ်ပွားတော်ကို ယူဆောင်ကာ ဂူတစ်ခုအတွင်းမှာ သိမ်းဆည်းထားရှိသည်။ ထိုကို နောက်ပိုင်းတွင် အနော်ရထာမင်း၏ အထောက်တော်များက သိရှိပြီး လာဝိုင်းကြသည်။ ပြေးပေါက်မရှိအောင် ပိတ်မိနေသည်။

ထိုအခါ ရသေ့သည် ရုပ်ပွားတော်ကို ပိုက်၍ အဓိဋ္ဌာန်တစ်ခိုးဖြင့် ကျောက်ဂူကို အပေါ်တည့်တည့်မှ ဖောက်ထွက်ကာ တစ်နေရာသို့ ယူဆောင်သွားလေသည်။ (ထိုအချိန်မှစ၍ ထိုဂူကို ယနေ့ထိတိုင် "ရသေ့ပျံဂူ" ဟု ခေါ်တွင်ကြလေသည်။ ယခုဆောက်လုပ်ဆဲ သံလွင်မြစ်ကူးတံတားရှိရာ ဘားကပ်ရွာမှ သွားရပြီး ထင်ရှားသော ကော့ဂွန်းဂူအနီးမှာ ရှိသည်။)

ဇိနမာရ်အောင်ရုပ်ပွားတော်သည် ထိုမှအဆင့်ဆင့် လက်ပြောင်းသွားပြီး လယ်တီဆရာတော်ဘုရားထံ ရောက်ရှိခဲ့သည်။ လယ်တီဆရာတော်ဘုရား မရှိပြီးနောက် သတင်းဆက်ပြတ်သွားခဲ့သည်။ နောက်ဆုံး သထုံမြို့နေ လယ်တီအဆက်ဖြစ်သော လယ်တီ ဦးမြခင် (ဒေါ်လှရှင်)လက်သို့ ရောက်ခဲ့သည်။ ရောက်ပုံမှ ထူးဆန်းလှသည်။

လွန်ခဲ့သော နှစ်ပေါင်း ၄၀ ကျော်က ဖြစ်သည်။ ရုပ်ပွားတော် ရောက်မလာမီ ၁၅ ရက်ခန့်အလိုတွင် ဦးမြခင်သည် အိပ်မက်တစ်ခု မြင်မက်သည်။ ဇိနမာရ်အောင်ရုပ်ပွားတော်သည် အိမ်ရှိဘုရားကျောင်းဆောင်ဘေး ပြတင်းမှ အိမ်တွင်းသို့ ဒေသစာရီ ကြွချီ၍ ဝင်ခဲ့သည်ဟု မြင်မက်သည်။ မက်ရိုးမက်စဉ် သဘောထား၍ မေ့မေ့ပျောက်ပျောက် နေခဲ့သည်။ တစ်ပတ်ခန့်အကြာမှာ ရှေးနည်းအတိုင်း မက်ပြန်သည်။ ထူးသလိုတော့ရှိသားဟု သတိပြုမိသည်။ သို့နှင့် နေလာရာ သုံးကြိမ်မြောက် မက်အပြီး အိပ်ရာမှထ မျက်နှာသစ်ကာ ဘုရားဝတ်ပြုမည်ဟု အိမ်ရှေ့ဘုရားခန်းသို့ ထွက်လာသည်။ ပိတ်ထားသော ဘုရားဆောင်၏ ဘေးပြတင်းပေါက် မျက်နှာမူမိသည်တွင် အိပ်မက်ထဲမှ ရုပ်ပွားတော်သည် ကောင်းကင်မှာ အခုအခံမရှိဘဲ ရပ်တည်နေသည်ကို တပ်အပ်သေချာ မြင်လိုက်ရသည်။

သဒ္ဓါကြည်ညိုလွန်းသဖြင့် ပင့်ယူရန်အသွား ရုပ်ပွားတော် ကွယ်ပျောက်သွားသည်။ ဦးမြခင် ရင်ထဲ မချင့်မရဲ ဖြစ်သွားသည်။ ဘုရားသာ ရှိခိုးလိုက်ရသည်။ စိတ်က ရုပ်ပွားတော်မှာသာ။ စားချိန်ရောက်၍သာ စားလိုက်ရသည်။ စိတ်က ရုပ်ပွားတော်မှာသာ ရောက်နေသည်။ မျက်စိထဲမှာ ရုပ်ပွားတော်ကိုချည်း ပြက်ပြက်ထင်ထင် မြင်နေသည်။

နံနက် ၁၀ နာရီခွဲခန့်တွင် သထုံမြို့ရှိ မြို့စွန်ကျောင်းပျက်တစ်ခုဆီသို့ သွားရောက်လိုစိတ် ပေါ်လာသည်။ ထိုကျောင်းပျက်၌ လူသူမနေသည်မှာ ကြာခဲ့ပြီဖြစ်သည်။ သွားလိုစိတ် တားမရအောင် ဖြစ်လာသဖြင့် ရောက်အောင် သွားသည်။ ကျောင်းပျက်သို့ ရောက်သည်တွင် ထူးခြားမှုတစ်ခုကို သတိပြုမိသည်။ လူသူမနေသော ကျောင်းပျက်အတွင်းမှာ ယခုပင် ဆွမ်းဘုဉ်းပေးပြီး၍ ရေးဆေးသိမ်းဆည်းထားသည့် သပိတ်ကို တွေ့ရသည်။ ရေသော်မှ မခြောက်တတ်သေး။

ဦးမြခင်စိတ်ထဲ အတော်ကြီးကို ထူးဆန်းသွားသည်။ လူသူဟူ၍ တစ်ဦးတစ်ယောက်မှ မတွေ့ရ။ ပစ်ပယ်ထားကြသည်မှာ ကြာပြီ ဖြစ်သည်။ ဦးမြခင်သည် ဘုရားရှိခိုးဦးအံ့ဟု ဘုရားဆောင်သို့ ဝင်ခဲ့သည်။ လက်အုပ်ချီကာ ဘုရားအား မော်ဖူးမိသည်တွင် အိပ်မက်ထဲမှာ သုံးကြိမ်တိုင်တိုင် ဖူးခဲ့ရသော ရုပ်ပွားတော်၊ သည်မနက် အိပ်ရာထစဉ်မှာ ထူးဆန်းစွာ ဖူးတွေ့ခဲ့သော ရုပ်ပွားတော်ကို အံ့ဩစွာ ဖူးတွေ့လိုက်ရသည်။ သေသေချာချာ စူးစမ်းကြည့်သည်။ ဖုန်အညစ်အကြေးဟူ၍ မြူမျှမရှိ။ ပကတိ သန့်စင်နေသည်။ မကြာသေးမီကမှ လာထားထားသည့် ပုံမျိုးတွေ့ရသည်။

"တပည့်တော် ပူဇော်ထိုက်လို့ နတ်များက လမ်းညွှန်ပြပြီး ရောက်အောင် ကြံဆောင်ပေးကြခြင်းဖြစ်သည်။ ချီးမြှင့်သောအားဖြင့် တပည့်တော် အိမ်ရှိ စံကျောင်းတော်သို့ လိုက်ပါ၍ သီတင်းသုံးပော်မူပါဘုရား" လျှောက်ထားပင့်ဆောင် ကိုးကွယ်ခဲ့သည်။ ဦးမြခင် ကွယ်လွန်ပြီးနောက် ဇနီးဖြစ်သူ ဒေါ်လှရှင်က ဆက်လက်ပူဇော်ထားရှိသည်။

မြိုင်ကြီးငူဆရာတော် အမိဋ္ဌာန်တစ်ရပ်ဝင်စဉ်မှာ အထက်ဖော်ပြပါ ရုပ်ပွားတော်သုံးဆူကို ဌာပနာ၍ ဘေသဇ္ဇမုနိ ကြေးသွန်းရုပ်ပွားတော်ကြီး သွန်းလုပ်ပူဇော်လျှင် ထိုင်းနိုင်ငံ အေးချမ်းသာယာမည်ဟု မမြင်ရသော အသံရှင်က လျှောက်ထားချက်အရ နန်းစဉ်ရုပ်ပွားတော် သုံးဆူကို ရှာပုံတော်ဖွင့်ခဲ့သည်။

အမှတ် (၁)၊ အမှတ် (၃) နှစ်ဆူမှာ အစောပိုင်းကတည်းက ရရှိခဲ့ပြီးဖြစ်သော်လည်း အမှတ် (၂) အဆူမှာ တွေ့မြင်နေရပေမယ့် လက်ရှိကိုးကွယ်နေသူ ဒေါ်လှရှင်ထံမှာ အလှူခံ၍မရ ဖြစ်နေသည်။ အကြိမ်ကြိမ် သွား၍ အလှူခံသည်။ မရခဲ့။ နောက်ဆုံး ၁၃၅၇ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်နေ့မှာ တန်ရာတန်ဖိုး အတော်အသင့်ပေး၍ အလှူခံ ရရှိခဲ့သည်။ ထိုနေ့မှာပင် ပင့်ဆောင်၍ မြိုင်ကြီးငူမှာ တစ်ရက်သာ ပူဇော်ခွင့်ပြုပြီး နောက်တစ်နေ့ ဝါဆို

လပြည့်နေ့ နံနက် ၉ နာရီတွင် အခြား နန်းစဥ်ရုပ်ပွားတော်များနှင့်အတူ ဌာပနာထည့်သွင်း ပူဇော်ခဲ့လေသည်။

ဒွတ္တဘောင်မင်း၊ မနူဟာမင်း၊ မဏိစည်သူမင်း ဟူသော မင်းသုံးပါးတို့ ကိုးကွယ်ခဲ့သော နန်းစဥ်ရုပ်ပွားတော်များကို ထည့်သွင်း ဌာပနာ၍ ပူဇော်လျှင် သာသနာပြုရာလည်း ရောက်မည်၊ တိုင်းသူပြည်သားများအတွက်လည်း မေတ္တာ ကရုဏာ ထားရာရောက်မည်ဖြစ်သဖြင့် မြိုင်ကြီးငူဆရာတော်သည် ၎င်းဘုရားကိစ္စအတွင် အထူးဝါယမစိုက်ကြိုးပမ်းတော်မူသည်။ ရသမျှ နဝကမ္မဝတ္ထုငွေများကို ပုံအော၍ လုပ်ဆောင်စေသည်။

ဝါဆိုလပြည့်နေ့သည် ဗုဒ္ဓသာသနာအခြေတည်ခဲ့သော၊ အခြေပျိုးခဲ့သော နေ့ထူးနေ့မြတ်အဖြစ် သမိုင်းမှတ်တိုင်ထူခဲ့သည်။ ယခုမှာလည်း မြိုင်ကြီးငူဆရာတော်သည် မြိုင်ကြီးငူ သာသနာ့သမိုင်းကို ပြန်လည်၍ စတင်အခြေပျိုးသောအားဖြင့် မင်းသုံးပါးတို့၏နန်းစဥ်ရုပ်ပွားတော်များကို ထည့်သွင်းဌာပနာအမှု ပြုလေသည်။

တိုင်းသူပြည်သားများ အေးချမ်းသာယာစေရန် မေတ္တာရှေ့ရှု၍ ကရုဏာပြုရာလည်း ရောက်သည်။

ငါးထောင်သာသနာ၊ ရှည်ကြာအခွဲ၊ တည်တံ့စေလိုရာလည်း ရောက်သည်။ မြိုင်ကြီးငူ ဗုဒ္ဓသာသနာသမိုင်းမှတ်တိုင်ကြီးကို မြိုင်ကြီးငူဆရာတော်သည် ဤနေ့ဤရက် ဤချိန်ဤခါ၌ မှတ်မှတ်ရရ စိုက်ထူတော်မူခဲ့လေသည်။

## ယနေ့နှင့် နက်ဖြန် မတူပြီ

ဒီကေဘီအိုအဖွဲ့အနေဖြင့် လုပ်သင့်လုပ်ထိုက်သည်တို့ကို ပြုလုပ်ခဲ့ပြီးပြီ။ ကေအင်န်ယူတို့ရန်မှလည်း အထိုက်အလျောက် ကင်းလွတ်ခဲ့ပြီ။ သို့သော် စိတ်တော့ဖြင့် မချသာသေး။ မြိုင်ကြီးငူဆရာတော်အား လုပ်ကြံရန်နှင့် မြိုင်ကြီးငူဒေသအား ဖောက်ခွဲဖျက်ဆီးရန် ကြိုးပမ်းလာကြမည့် ကေအင်န်ယူတို့၏ ရန်ကို သတိဝီရိယကြီးစွာထား၍ စောင့်ကြည့်နေရသည်။

ဆရာတော်အားလည်း ယခင်ကကဲ့သို့ တစ်ပါးတည်း သွားလာလှုပ်ရှားမှုကို မပြုစေတော့ပေ။ သီတင်းသုံးရာသိမ်တော်မှ ထွက်သည်ဆိုလျှင် လက်နက်ကိုင် အစောင့်အကြပ်တို့က ရှေ့နောက်ဝဲယာမှ လိုက်ပါသွားကြသည်။ ယင်းအဖြစ်ကို ဆရာတော်ကား လိုလားတော်မမူချေ။

"ဒကာတို့ကလဲဟာ ဘုန်းကြီးကို အချုပ်သမားကျနေတာပဲ။ နေစမ်းပါစေ၊ ဘုန်းကြီး ဘာမှမဖြစ်နိုင်ဘူး" ဟူ၍ ပယ်ရှားသည်။

"ဖြစ်တော့ မဖြစ်နိုင်ဘူးပေါ့ဘုရား၊ အကယ်၍ ဖြစ်သွားခဲ့ရင် တပည့်တော်တို့ ငါးသောင်းကျော်သော ကရင်အမျိုးသားများအားလုံး ခိုးကိုးရာမဲ့ဖြစ်သွားမှာပါဘုရား။ ဒါကြောင့်မို့ မလိုလဲ လိုလဲ တပည့်တော်တို့ စီစဉ်ရခြင်းပါဘုရား"

"ဒကာတို့ စိစဉ်တာ ဟုတ်တော့ဟုတ်တယ်၊ ဒါပေမဲ့ ဘုန်းကြီးက အမြဲတမ်း လွတ်လွတ်လပ်လပ် သွားလာလှုပ်ရှားနေတဲ့သူပဲ။ လိုက်ပါစောင့်ကြပ်သူတွေကို အားနာဖို့ ကောင်းပါတယ်။ ဘုန်းကြီးလည်း အနေအသွား ကျပ်တည်းတယ်"

"အားနာဖို့ မလိုပါဘုရား၊ ရဲဘော်တွေ အားလုံးဟာ တောတွင်းမှာ တုန်းက သည့်ထက်အဆများစွာ ဆင်းရဲဒုက္ခကို ခံလာခဲ့ရသူတွေပါ ဘုရား။ ဒါလေးလောက်တော့ သူတို့အဖို့ စကားထဲတောင် ထည့်ပြောစရာ မလိုပါဘုရား"

"အင်း. . . ခက်တာပဲ"

"မခက်ပါဘုရား၊ အရှင်ဘုရား ဆန္ဒရှိသလို ကြွချင်သည့်အချိန် ကြွလိုသည့်နေရာသို့ ချိန်ခါမရွေး ကြွနိုင်ပါတယ်ဘုရား၊ အစောင့်အကြပ်တွေ ရှိသည်ဟူ၍ အရှင်ဘုရား စိတ်ထဲမှာ မှတ်ယူတော်မမူပါနဲ့ဘုရား"

ငြင်းပယ်မရသဖြင့် မြိုင်ကြီးငူဆရာတော် သွားလေရာမှာ အစောင့်အကြပ်များ ပါနေတော့သည်။ သည်အဖြစ်ကို တွေးမိတိုင်း ဆရာတော်သည် မိမိကိုယ်မိမိ ရှက်မိရသည်။ "လက်နက်ကိုင် အစောင့်အကြပ် ခြံရံလျက်ရှိသော ဘုန်းကြီး" ဟူ၍ မကြားစဖူး။ ယခင်ကနဦး တောရပ်မှီးစဉ်အခါကနှင့်စာလျှင် ရှက်စဖွယ်ပင်။ ဆရာတော်သည် သေဘေးကို ဂရုထားသူမဟုတ်။ တရားအားထုတ်ရင်း သေလိုက သေစေသဘောဖြင့် တောတွင်းဝင်ခဲ့သူဖြစ်သည်။ "သေကာမှသေရော၊ သေလဲအေးတယ်ပ" ဟု သဘောထားခဲ့သည်။ "ယခုမှ သေမှာကြောက်ရာသလော" ဟု အများဆိုမှာကို ရှက်နိုးမိသည်။

"အေးပေါ့လေ၊ လေးနှစ်တစ်လ အဓိဋ္ဌာန်ကာလအတွင်းသည် မိမိ အမျိုးသားတို့အတွက် မိမိ၏ အသက်ခန္ဓာ ဆက်လက်ရှင်သန်နေရန် လိုကောင်းလိုပေမည်။ အခြေအနေကလည်း သည်အတိုင်းပင် ညွှန်းနေသည်။ မိမိအမျိုးသားတို့အကြောင်း မိမိသာသိသည်။ ကရင်လူမျိုးများသည် ရိုးသားပွင့်လင်းကြသည်။ ထွေလီကာလီစိတ်ထား မရှိကြ။ တစ်လက်သာ အကိုင်ခံသော သူများသာ ဖြစ်သည်။ လက်ရှိအနေအထားမှာ မိမိအား ဦးတည်၍ လာခဲ့သူများဖြစ်သဖြင့် မိမိသာလျှင် ဦးဆောင်လမ်းညွှန်မှု ပေးနေရဦးမည်။ သည်အတိုင်းဆိုလျှင် သည်ကာလအတွင်း အမှန်တကယ် အသက်ရှင်သန်နေဖို့ လိုပေလိမ့်မည်။ ရှိစေတော့၊ စောင့်ချင်လည်း စောင့်ကြပါစေတော့" ဟု ခွင့်ပြုလိုက်ရသည်။

ဆရာတော့် လုံခြုံရေးအတွက် စီမံပြီးနောက် မြို့ကြီးငှေဒေသ လုံခြုံရေးကို အဖွဲ့က ဆက်လက်စီမံဆောင်ရွက်သည်။ အတွင်းလုံခြုံရေး၊ အပြင်လုံခြုံရေးတို့ကို တာဝန်ခွဲဝေသည်။ လုံခြုံရေး အစီအစဉ်များကို စနစ်တကျစီစဉ်ပြီးကာမှ ရပ်ရေးရွာရေး လူမှုရေး စသော အရေးပေါင်းစုံကို ဆရာတော်၏ လမ်းညွှန်မိန့်ကြားချက်အတိုင်း စီစဉ် ဆောင်ရွက်ကြသည်။

နေ့စဉ် ည ၇ နာရီအချိန်ဆိုလျှင် ဗဟိုကော်မတီဝင်များအားလုံး ဆရာတော့်ထံ စုံညီစွာ လာရောက်ကြသည်။ တင်ပြစရာရှိ တင်ပြ၊ ညှိနှိုင်းစရာရှိ ညှိနှိုင်းပြီး လုပ်ငန်းတာဝန်များကို ခွဲဝေဆောင်ရွက်ကြသည်။

နေ့ချင်းညချင်းဆိုသလို အစုလိုက် အပြုံလိုက် ရောက်ရှိလာသော ပြည်တော်ဝင်များအတွက် လောလောဆယ်ဆယ် စားဝတ်နေရေး၊ ရေရှည်စားဝတ်နေရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသော ဖွံ့ဖြိုးတိုးတက်မှုများကို ပြုလုပ်ရန်မှာ လွယ်ကူလှသော ကိစ္စရပ်များ မဟုတ်ပါချေ။

တော်ပေသေးသည်၊ မိဘသဖွယ်ဖြစ်သော နိုင်ငံတော်က လိုအပ်သလို ပံ့ပိုးကြည့်ရှုပေးနေလို့သာ။ နိုင်ငံတော်ကလည်း ပြည်တော်ဝင်များ၏ ရိုးသားပွင့်လင်းမှု၊ ဆင်းရဲချို့ငဲ့မှု၊ အသိပညာနည်းပါးမှုတို့အပေါ် ကရုဏာသက်သဖြင့် ပြည်မသားတို့နှင့် တစ်ပြေးညီ တိုးတက်ခေတ်မီလာစေရန် လူမှုရေး၊ ပညာရေး စသော အရေးအခင်းအားလုံးကို တာဝန်ယူ ဆောင်ရွက်ပေးသည်။

ဤသို့ နိုင်ငံတော်ကမှ တာဝန်ယူဆောင်ရွက်မပေးပါလျှင် ဟူသော အတွေး၏ နောက်ကွယ်ဖြစ်ရပ်များကို မစဉ်းစားဝံ့လောက်အောင်ပင် ဖြစ်သည်။ လူသားချင်း စာနာထောက်ထားသည်ပဲဆိုဆို၊ မိဘဝတ္တရားအရကြည့်ရှုသည်ပဲ ပြောပြော ပြည်တော်ဝင်များ၏ အနေအထားမှာ မိမိတို့ တောတွင်းအနေအထားနှင့်စာလျှင် မိုးနှင့်မြေပမာ ကွာခြားလှသည်။

သူ့းများယောင်လို့ ယောင်ပြီး တောထဲရောက်ခဲ့သည်။ စားဆင်းရဲ၊ နေဆင်းရဲ စသော ဒုက္ခသုခပေါင်းစုံကို ခါးစည်းခံခဲ့ရသည်။ ဦးတည်ချက်ဆိုသည်မှာ ဘာမှန်းမသိ။ မျှော်လင့်ချက်ဆိုသည်မှာ ဗလာနတ္ထိ၊ ရည်ရွယ်ချက်က မရှိ။ လူရယ်လို့သာ ဖြစ်လာရသည်။ လူ့လောကအကြောင်းအရာကိုမှမသိ။ တောတွင်းမှာသာ လှည့်လည်ကြီးပြင်းခဲ့ရသည်။ အပြင်လောကမှာ ဘာတွေဖြစ်၍ ဘာတွေတိုးတက်နေသည်၊ ဘယ်ရွေ့ဘယ်မျှ ခရီးရောက်နေသည်၊ တိုးတက်နေသော ကမ္ဘာကြီးနှင့် ရင်ပေါင်တန်းနိုင်အောင် မည်သို့ ကြိုးစားလုပ်ဆောင်နေကြသည်ကို မသိရ။ ကြိုးစားသည်နှင့်အမျှ တိုးတက်လာသည့်

အဖြစ်ကိုမှ သိခွင့်မရကြ။ သိသည်ထားဦး ထိုတိုးတက်သော အရာအားလုံးသည် မိမိတို့နှင့် ဘာမှမဆိုင်သလို ရှိသည်။

မည်သို့ဆိုင်ပါမည်နည်း။ တိုးတက်ထွန်းကားနေသည်က အပြင်လောက အလင်းရောင်အောက်မှာ။ မိမိတို့က တောတွင်းလောက သစ်တောဝါးတော ပိန်းပိန်းပိတ်မှောင်နေသော အမှောင်အောက်မှာ အဘယ်မှာလျှင် သက်ဆိုင်နေပါမည်နည်း။ ယခုအလင်းရောင်အောက်သို့ ရောက်ခဲ့ပြီ။

"ဩော်. . . လောကကြီးဟာ သည်လိုဆိုတော့လည်း သာယာတင့်မော ရှုချင်စရာ၊ ကြည်နူးစရာတွေ တင်းကျမ်းပေါပါဘိကလား" ဟူ၍ မှတ်ချက်ချမိရသည်။

မြန်မာ့ရာဇဝင်ပါ စူဠသမ္ဘဝ၊ မဟာသမ္ဘဝ ညီနောင်ဖြစ်ရပ်နှင့် တစ်သားတည်း တူညီနေဘိသည်။ တကောင်းပြည့်ရှင် ဘုရင်ကြီးသည် စူဠသမ္ဘဝ၊ မဟာသမ္ဘဝဟူသော မျက်မမြင်ညီနောင်နှစ်ပါးကို ဧရာဝတီမြစ်ကြောင်းအတိုင်း မျှောချခဲ့သည်။ စလင်းမြို့အရပ်သို့ ရောက်လျှင် စန္ဒမုခိဘီလူးမ မျက်စဉ်းခတ်ပေးသဖြင့် ညီနောင်နှစ်ပါးစလုံး မျက်စိနှစ်ကွင်း အလင်းရခဲ့သည်။ မျက်စိအလင်း စရသဖြင့် ထိုအရပ်ကို "စလင်း" အမည်တွင်ခဲ့သည်ဟု ဆိုသည်။ မျက်စိအလင်းရစကာလတွင် သာယာဖွယ်ကောင်းသော ဩကာသလောကကြီးကို ကြည့်မြင်ခွင့်ရသဖြင့် အံ့ဩခြင်းမက အံ့ဩခဲ့ရသည်။

"ဩော်. . . မိုးကားအပြင်၊ မြေကားအထဲ ပါတကား" ဟူသော စကားရပ်ကို အစွဲပြု၍ "မြေထဲ" အရပ်ဟု တွင်သည်တဲ့။

မိမိတို့အဖြစ်မှာလည်း ထိုညီနောင်တို့နှင့် မခြားနားလှ။ အသိဉာဏ်ရောင် ပိန်းပိန်းပိတ်မှောင်နေသော တောတွင်းမှာသာ ကျင်လည်နေထိုင်ခဲ့ရသည်။ မိရိုးဖလာအရ ဗုဒ္ဓဘာသာဟုသာ ဆိုသည်။ ကမ္ဘာ့အံ့ဖွယ်တစ်ပါးဖြစ်သော ရွှေတောင်ကြီးသဖွယ်ဖြစ်သည့် "ရွှေတိဂုံစေတီတော်ကြီး" ကိုမှ ဖူးမြင်ဖူးသူ မရှိသလောက် ဖြစ်သည်။ မန္တလေးမြို့ရှိ မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ဆို ဝေးပါလေရော။

အခြား ခေတ်မီတိုးတက်သည့်အရာတွေထားဘိဦး၊ ဗုဒ္ဓဘာသာဝင်တစ်ဦးအနေဖြင့် ကမ္ဘာ့အံ့ဖွယ် ရွှေတိဂုံစေတီတော်ကြီးကိုမှ ဖူးတွေ့ခွင့် မရကြ။ အချို့ကဆို "ရွှေတိဂုံစေတီတော်ကို တစ်ခေါက်လောက် ဖူးမြင်ရရင် ဒီဘဝသေပျောက်ပါပြီ" ဟူ၍ တောင်မှ မျှော်လင့်ချက် နည်းပါးစွာ ဆိုခဲ့ကြသည်။ ယခုမူ မြိုင်ကြီးငူဆရာတော်၏ ကျေးဇူးဂုဏ်တော်ကြောင်း အလင်းရောင်

အောက် ရောက်ခဲ့ကြရပြီ။ မကြာမီကာလအတွင်း ရွှေတိဂုံစေတီတော်ကြီးကို ဖူးမြင်ခွင့် ကြုံရပါတော့မည်။ သည့်ထက်ကံကောင်းပါလျှင် မန္တလေး မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကိုပင် ဖူးတွေ့ခွင့် ကြုံရပါဦးမည်။

"ဩြော်. . . အမှောင်အောက်မှာ နေရစဉ်က မျှော်လင့်ချင်တွေ ဆိတ်သုဉ်းခဲ့သလောက် အလင်းအောက် ရောက်လာပြီဆိုမှဖြင့် မျှော်လင့်ချက် အထွေထွေက အဆင်သင့် တန်းစီ၍ စောင့်နေကြပါရော့လား"

* * * * * * * * * *

ဗိုလ်ချုပ်ထွန်းလှိုင် ဦးစီး၍ သွားရောက်ခေါ်ဆောင်ချက်အရ ထိုင်းနိုင်ငံအတွင်း ရောက်ရှိနေခဲ့သော ဒုက္ခသည်များ တစ်သိန်းကျော်ဝင်လာခဲ့ကြသည်။ မြိုင်ကြီးငှသို့ ရောက်ရှိ ပြည်တော်ဝင်များမှာ ငါးသောင်းကျော်သာ ဖြစ်သည်။ ကျန်သူတို့မှာ ပြည်တွင်းသို့ ပြန်ရောက်သည်နှင့် အေးချမ်းနေပြီ ဖြစ်သော မိမိတို့၏ ဇာတိရပ်ရွာများသို့ ထွက်ခွာသွားကြသည်။

ထိုင်းနိုင်ငံတွင်းမှာ ဒုက္ခသည်ပေါင်း နှစ်သိန်းခန့် ကျန်နေသေးသည်။ အများစုမှာ မိမိတို့ နေရင်းရပ်ရွာသို့ ပြန်လာလိုသည်ချည်း ဖြစ်သည်။ ကေအင်န်ယူများက ပြန်လာခွင့်မပြုကြ။ ဟန့်တားထားကြသည်။ မြိုင်ကြီးငှ ရောက်လျှင် မည်သို့မည်ပုံ ဖြစ်သွားသည်၊ အကျဉ်းခံရသည်၊ အညှဉ်းခံရသည်၊ နောက်ဆုံး သတ်ဖြတ်သော်မှ ခံရသည် စသဖြင့် ပြောဆိုစည်းရုံး ဟန့်တားသည်။ တစ်ဖက်စကားကိုသာ ကြားရသူတို့မှာ သို့လော သို့လော ဖြစ်ကုန်သည်။ တကယ်ပဲ အကျဉ်းခံရသလော၊ အညှဉ်းခံရသလော၊ အသတ်ခံရသလော ယုံမှားသံသယဖြစ်ကာ မလာဝံ့သူများ ဖြစ်ကုန်သည်။

သူတို့အပြောကို မယုံကြည်၍ ခိုးပြန်လာသူများကို ဖမ်းမိလျှင် အဲသည်ခါ သူတို့ပြောသလို သူတို့လုပ်ကြသည်။ နောက်ထပ် ခိုးပြန်သူမရှိရအောင် တင်းကျပ်စွာ ဟန့်တားပိတ်ဆို့ထားကြသည်။ ဟန့်တားထားကြမည်သာလေ။ ဒုက္ခသည်များရှိနေပါမှ နိုင်ငံတကာက ကူညီထောက်ပံ့သော အကူအညီကို သူတို့ရရှိမည်။ ထို့ကြောင့် ဟန့်တားကြသည်။ ရှိစေတော့၊ ကျန်ရှိနေသော ဒုက္ခသည်များအဖြစ်ကို မရေးလိုပါ။ ရေးလိုသည်မှာ ပြန်လည် ဝင်ရောက်လာသည့် ပြည်တော်ဝင်များ၏ အခြေအနေမှန်သာ ဖြစ်သည်။

ယနေ့ မြိုင်ကြီးငှသည် ယခင် မြိုင်ကြီးငှနှင့် လုံးဝခြားနားနေလေပြီ။ ခေတ်အထက်ထက် နှစ်အဆက်ဆက်က ပါးစပ်ရာဇဝင်အဖြစ်လည်းကောင်း၊ မြိုင်ကြီးငှုပြို့ရင် အမေသေတာတောင် လှည့်မကြည့်နဲ့၊ မြိုင်ကြီးငှကို ရောက်

အောင်သွားဟုလည်းကောင်း လူအချို့သာ တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ကြားခဲ့ရသော "မြိုင်ကြီးငူ" ကို ယနေ့အချိန်မှာ လူတိုင်းလောက်နီးနီး နှုတ်ဖျားက အရေးတယူ ပြောဆိုနေကြပြီ။ မြိုင်ကြီးငူအသံကြားလျှင် နားစွင့်နေတတ်ပြီ။

တောကြီးမျက်မည်းအတိဖြစ်ခဲ့သော မြိုင်ကြီးငူသည် ယနေ့ လူနေရပ်ကွက် ၂၇ ခု လျာထားသည့် "စုံနံ့သာမြိုင်ဆွေမြို့တော်" အဖြစ်သို့ ဦးတည်နေသည်။ လက်ရှိမှာ လူနေရပ်ကွက် ၁၅ ရပ်ကွက် ရှိနေပြီ။ အိမ်ထောင်စုပေါင်း ငါးထောင်ကျော်နှင့် လူဦးရေ ငါးသောင်းနီးပါးရှိနေပြီ။ ဆရာတော်သည် ဆက်လက်ဝင်ရောက်လာကြမည့် ပြည်တော်ဝင်များအတွက်ပါ ရည်ရွယ်လျက် အိမ်ခြေသုံးသောင်းအတွက် ရပ်ကွက် ၂၇ ရပ်ကွက် လျာထားခဲ့သည်။

တောအတိပြီးသော မြိုင်ကြီးငူတစ်ခွင်သာမက ဝန်းကျင် တောင်ကုန်းကလေးပါမကျန် လူနေအိမ်များ ပြည့်နှက်စ ပြုနေပြီ။ တောင်လျှဉ် တောင်ဝှမ်း တောင်ချောက် တောင်ကမ်းပါးတို့မှာ သစ်ပင်ချုံနွယ်များအစား အိမ်ကလေးများနှင့် ပန်းရနေသည်။ အမြင်မှာ ပန်းချီဆန်နေသကဲ့သို့ အသွင်မှာလည်း ကဗျာဆန်နေသည်။ မျက်စိပသာဒ ရှိလွန်းလှသည်။ ဤသည် သော်မှ အင်ဖက်မိုးထားသော အဆင့်သာ ရှိသေးသည်။ အကယ်၍များ သွပ်မိုးဖြူဖြူကလေးများနှင့် တိုက်တာအိမ်ခြေကလေးအဖြစ် မြင်တွေ့ရပါမူ ကလောမြို့၊ တောင်ကြီးမြို့တို့တက် သာလွန်ဖွယ်ရှိသည်။ ညင်းညံ့ညံ့ရစ်ခွေစီးဆင်းနေသော မြစ်ကြောင်းသံလွင်က ကလနားသတ်ထားပေးသည်မို့ ပေါင်ခတ်ထားသော ပန်းချီကားနှယ် အလှများကို တစ်နေရာတည်းမှာ စုစည်းထားသလို ရှိနေသည်။

မကြာမီ ထွန်းလင်းတော့မည့် လျှပ်စစ်မီးက တိုင်အသင့်၊ ကြိုးအသင့် စိုက်ထူသွယ်ဘန်းထားပြီးဖြစ်သည်။ စက်ရုံအဆောက်အအုံမှာ ဆောက်လုပ်ဆဲဖြစ်သည်။ ခုတင် ၁၆ လုံးဆန့် တိုက်နယ်ဆေးရုံက ပြီးစီးတော့မည်။ အခြေခံပညာအလယ်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်ကြီးက ပွတ်လုံးဝရန်တာဖြင့် သံလွင်မြစ်ကမ်းကို မေးတင်ကာ ဝင့်ကြွားစွာ ရပ်တည်နေသည်။

မြိုင်ကြီးငူဒေသကို ဖွံ့ဖြိုးမှုလုပ်ငန်းလုပ်သည်မှာ အချိန်ကာလ ဘာမှမကြာသေး။ အချိန်တိုအတွင်း တာဝန်ရှိသူများက အပူတပြင်း ကြိုးစားခဲ့ကြသည်။ ကြိုးလည်းကြိုးစားဆဲ။ ကြိုးပမ်း၍လည်း နေကြရပါဦးမည်။ နှစ်ပေါင်းများစွာ ခေတ်နောက်ကျ ကျန်ခဲ့သည်မို့ ခေတ်နှင့်ရင်ပေါင်တန်းနိုင်အောင် အချိန်နှင့်အမျှ ကြိုးစားနေကြသည်။

ဤ၌ အလျဉ်းသင့်သဖြင့် ပြည်သူများ၏ မေတ္တာထားပုံကို အနည်းငယ် ရေးပါမည်။ မြိုင်ကြီးငူဆရာတော်နှင့် ပတ်သက်၍ သတင်းစာများမှတစ်ဆင့် အများပြည်သူတို့သိနှင့်ထားကြသည်။ ဆရာတော်အား ရည်စူး၍ လှူဖွယ်ပစ္စည်းများကို ကိုင်တိုင်လာရောက်၍လည်းကောင်း၊ အဝေးမှပေးပို့၍သော်လည်းကောင်း လှူဒါန်းကြသည်။ ဆရာတော်အား လှူဒါန်းကြသည်နှင့်အတူ ပြည်တော်ဝင်မိသားစုများအတွက်ပါ ရည်ညွှန်းလှူဒါန်းကြသည်။ ဆေးဝါးပစ္စည်းများ၊ အဝတ်အထည်များ၊ ကျောင်းသုံးစာရေးကိရိယာများ၊ ကလေးကစားစရာများမှအစ မိမိတို့ နိုင်သလောက် ပေးပို့လှူဒါန်းကြ [illegible] ရင်းတို့၏ မေတ္တာထားကြပုံကို အောက်ပါ ပေးစာတစ်စောင်ပါ ဖော်ပြချက်ဖြင့် သိနိုင်သည်။

**"သူတို့ကို ကိုယ့်ဆွေမျိုးရင်းချာလို သဘောထားမိတယ်။ ဘယ်တော့မှ ပြန်မတွေ့ရ၊ ပြန်မလာတော့ဘူး ထင်ပြီးမှ ပြန်တွေ့ရ၊ ပြန်လာရတဲ့ ကိုယ့်မိသားစုလို ခံယူမိတယ်"**

***(ဒေါ်အေးအေးချို၊ ရန်ကုန်၏ ပေးစာမှ)***

ပြည်တော်ဝင်များသည် ဒုက္ခသည်များ မဟုတ်ကြပါ။ သို့သော် နေရာထိုင်ခင်းအသစ်သို့ အစုလိုက် အပြုံလိုက် ပြောင်းရွှေ့လာကြသူများ ဖြစ်၍ ယာယီအဆင်မပြေမှုများ၊ လိုအပ်ချက်များ၊ အသားမကျသေးသည့်အချက်များတော့ ရှိသည်။ ထိုထိုသူတို့၏ မေတ္တာစေတနာထားကြပုံများမှာ လှူသာမှုခေါ်နတ်သာမှုခေါ် စရာပင် ဖြစ်သည်။

မြိုင်ကြီးငူဒေသ (ဝါ) စုံ့နံ့သာမြိုင်ဆွေမြို့တော်မှာ နေထိုင်ကြသူများသည် -

၁။ သက်သတ်လွတ် (ဘေးမဲ့) စားရမည်။

၂။ အရက်သေစာ သောက်စားမှုကင်းခြင်းနှင့်အတူ ငါးပါးသီလ မြဲရမည်။

၃။ ဗုဒ္ဓဘာသာဝင်ဖြစ်ရမည်။

ဤအချက်သုံးချက်ကို မလိုက်နာနိုင်သူများသည် ပြည်တော်ဝင်ပင်ဖြစ်သော်လည်း ဤမှာ နေထိုင်ခွင့်မရှိ။ အခြားတစ်နေရာမှာသာ သင့်သလို နေထိုင်ကြရသည်။

ဤသည်ကို ကြည့်လျှင် မြိုင်ကြီးငူဆရာတော်အား ဘာသာရေးအယူသည်းသူဟု ဆိုကောင်းဆိုကြမည်။ ဆိုလိုက ဆိုကြစေ။ ဆရာတော်သည်

မူလကတည်းက ဘာသာရေးကိုသာ ဇောက်ချလုပ်ခဲ့သူဖြစ်သည်။ သာသနာပြုခဲ့သည်မို့ ယခုလုပ်ရပ်သည်လည်း ဘာသာရေးခေါင်းဆောင်တစ်ဦးအနေဖြင့် မိမိလုပ်ပြဲ သာသနာပြုလုပ်ငန်းကို အစဉ်တစိုက် ပြုလုပ်ခြင်းသာ ဖြစ်သည်။

ဤသည်သော ဆရာတော်၏ ဘာသာရေး လုပ်ဆောင်မှုကို အခြားမည်သည့်အရေးအခင်းမျိုးနှင့်မှ ယှဉ်တွဲ၍လည်းကောင်း၊ စပ်ဟပ်၍လည်းကောင်း မကြည့်သင့်ပေ။ ဆရာတော်သည် နိုင်ငံရေးလုပ်နေခြင်းမဟုတ်သဖြင့် နိုင်ငံရေးအမြင်မျိုး လုံးဝမရှိ။ နားလည်းမလည်ပေ။ မိမိ ကိုးကွယ်ယုံကြည်သော ဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားရေးကိုသာ ဦးတည် ဆောင်ရွက်နေသူသာ ဖြစ်သည်။

ပြည်တော်ဝင်လာကြသူများအထဲတွင် ဘာသာခြားများလည်း ရှိလေသေးရာ ၎င်းတို့အတွက် မြိုင်ကြီးငူဆရာတော်၏ ခံယူချက်မှာ -

"ဘာသာခြား ပြည်တော်ဝင်များအနေနှင့် အခြားသင့်လျော်ရာဒေသတွေ အများကြီး ရှိသည်။ နေစမ်းပါလေ၊ နေနိုင်သည်။ မြိုင်ကြီးငူအတွင်း နေချင်သပဆို ဗုဒ္ဓဘာသာဝင်များသာ (သို့မဟုတ်) ဗုဒ္ဓဘာသာအဖြစ် ခံယူပါမှသာ နေထိုင်ခွင့်ပြုသည်။ အတင်းအဓမ္မ ဘာသာစွန့်၍ နေထိုင်ကြရမည်ဟု မဆိုလိုကြောင်း" မိန့်ကြားလေ့ရှိသည်။

မြိုင်ကြီးငူဒေသ (ခ) စုံနံ့သာမြိုင် ဆွေမြို့တော်သည် အခြေပျိုးစကာလမို့ အစစ အရာရာ ပြုပြင်စရာတွေ၊ ပြုလုပ်စရာတွေ၊ လိုအပ်ချက်တွေ အများကြီးရှိသည်။ ဘာဆိုဘာမှ အဆင်သင့်မရှိသေး။ မပြည့်စုံသေး။

ဥပမာ စာသင်ကျောင်း ဆိုပါစို့။ ဆောက်လုပ်ဆဲ နှစ်ထပ်ကျောင်းဆောင်ကြီးက မပြီးတတ်သေး။ ပြည်တော်ဝင် သာသမီးများ၏ ပညာရေးအတွက် နိုင်ငံတော်က ကျောင်းဖွင့်ချိန်အမီ ပညာရေးဝန်ထမ်းကို ခန့်ထားပေးပို့ခဲ့ပြီးဖြစ်သည်။ ကျောင်းဆောင်က မပြီးတတ်သေး။ ကြံ့ရ ဖန်ရ တော့သည်။ ရပ်ကွက်အချို့မှာ ယာယီတဲကျောင်းကြီးသုံးလုံး ဆောက်လုပ်၍ လည်းကောင်း၊ မြဘုန်းခေါင်ဘုရားတန်ဆောင်းအတွင်းနှင့် အခြားနေရာကျယ်ကျယ်ပြန့်ပြန့်ရှိသော ကားရုံလိုနေရာမျိုးမှာ ခွဲကာ စုစည်း၍ လည်းကောင်း သင့်သလို နှစ်ချိန်ခွဲကာ သင်ကြရသည်။ နှစ်ထပ်ကျောင်းဆောင်ကြီး အပြီးသတ်သော်မှ စာရင်းအရ ကျောင်းသားဦးရေ ၃၂၁၉ ယောက်နှင့်ဆိုလျှင် တစ်မျိုးတစ်ဖုံ စဉ်းစားရပေဦးမည်။

(မှတ်ချက် ။ ယခုမူ ကျောင်းဆောင်ကြီး ပြီးစီးပြီ ဖြစ်၍ ကျောင်းသားများကို တစ်နေ့လျှင် သုံးသုတ်ခွဲ၍ သင်ကြားပေးနေပြီ ဖြစ်သည်။ *စာရေးသူ*)

အလားတူ ကျန်းမာရေးအတွက်လည်း ပြည်တော်ဝင်များ ရောက် ကတည်းက နိုင်ငံတော်က ကျန်းမာရေးဝန်ထမ်းများကို ခန့်ထားပေးပို့ခဲ့ပြီး ဖြစ်သည်။ ဆေးရုံကိုကား ဆောက်လုပ်ဆဲဖြစ်သည်။ ယာယီဆေးပေးခန်းမှာ တိုင်းရင်းဆေးနှင့်အတူ အခန်းခွဲ၍ ကုသပေးလျက်ရှိသည်။ အတွင်းလူနာများ ကို ကမမောင်းဆေးရုံသို့ ပို့ထားရသည်ကပင် ၂၅ ဦးခန့်ရှိသည်။ ပြီးစီးလာ မည့်ဆေးရုံမှာ ခုတင် ၁၆ လုံးဆံ့ ဆိုသဖြင့် ယခုပင် လူနာ ၂၅ ဦးကို တခြား ပို့ထားရသည်ဆိုရာ ၎င်းဆေးရုံပြီးစီးပါက စာသင်ကျောင်းနည်းတူ ဟစ်မျိုး တစ်ဖုံ ဆက်၍ စဉ်းစားရပေဦးမည်။

ယနေ့ ၁၅-၇-၉၅၊ လက်ရှိကျန်းမာရေးတာဝန်ခံ ဆရာဝန်မှာ မန္တလေးသား ဒေါက်တာ မောင်မောင်လွင်ဖြစ်ပြီး မြိုင်ကြီးငူဒေသ အခြေပျိုးစ ကတည်းက တိုက်နယ်ဆရာဝန်အဖြစ် တာဝန်ယူခဲ့သူဖြစ်သည်။ ကျန်းမာရေး ဝန်ထမ်း ၁၅ ဦး ရှိသည်။ အခြားဝန်ထမ်းများမှာ နှစ်လတစ်ကြိမ် အလဲအလှယ် ရှိသော်လည်း ဒေါက်တာမောင်မောင်လွင်နှင့် ဆရာမ ဒေါ်နွယ်နီစိုးတို့မှာ ပင်ထိုင်ဖြစ်သည်။ ပြည်တော်ဝင်အများစုသည် ကျန်းမာရေး ဗဟုသုတ အများ ကြီး လိုအပ်နေသေးသဖြင့် ဆေးကုရုံသာမက ပညာပေးကိုပါ တစ်ပါတည်း ဟောပြောပေးနေရသေးသည်။

ညနေဘက်ရောက်လျှင် ဒေါက်တာမောင်မောင်လွင်တစ်ယောက် အသံများ ပြာသည်အထိ ဖြစ်ရသည်။ ဒေါက်တာသည် ဆရာတော်အား ကြည်ညိုလွန်းသည်၊ ပြည်တော်ဝင်များအပေါ် စေတနာထားလွန်းသည်။ ပြည်တော်ဝင်အများစုမှာ အရိုးခံသက်သက်အပြင် ဗဟုသုတလည်း နည်းပါး သေးသည့်အဖြစ်ကို သည်းသည်းခံ၍ စိတ်ရှည်ရှည်ထားကာ ဟောပြော ပြောပြ ကုသပေးရသည်မို့ ပင်ပန်းလိုက်သည်မှာ ပြောစရာမလို။ တစ်ခါတစ်ရံ ငိုရခက်၊ ရယ်ရခက် အဖြစ်မျိုးနှင့် ကြုံရတတ်သေးသည်။

တစ်နေ့မှာ ဆေးခန်းသို့ အဒေါ်ကြီးတစ်ဦး ရောက်လာသည်။ ဒေါက်တာက ကရင်စကား မတတ်သဖြင့် စကားတတ်သူ ဆရာမတစ်ဦး အကူအညီဖြင့် ဆက်သွယ်မေးမြန်းရသည်။ အဒေါ်ကြီးက စမ်းသပ်ခုတင်ပေါ် တက်၍ စမ်းသပ်ခံသည်။ မေးသမျှ ဖြေသည်။ သေသေချာချာ မေးမြန်း စမ်းသပ်၍ ဆေးစာရေးပေးလိုက်သည်။ ဆေးပေးသူက ပေးလိုက်သည်။

အဒေါ်ကြီးသည် စကားတစ်ခွန်းပြောကာ ဆေးခန်းမှ ခပ်တည်တည်နှင့် ပြန်သွားတော့သည်။

"အိမ်ကသမီးလေး နေမကောင်းလို့ ဆေးလာယူတာ၊ ငါ့ကို ဘာတွေ လျှောက်လုပ်မှန်း မသိဘူး" ဟူသတည်း။

ပြန်ခေါ်၍လည်း မရတော့။ လှည့်၍သော်မျှ မကြည့်ပြီ။ တော်ပါသေးသည်။ စမ်းသပ်စဉ်မှာ ရောဂါအထွေအထူးမရှိသဖြင့် စိတ်ကျေနပ်ရုံဘေးမဖြစ်စေသောဆေးကို ပေးလိုက်မိပေလို့။

ဖြစ်ရသည်မှာ အဒေါ်ကြီးရှေ့မှသူများက စမ်းသပ်ခုတင်ပေါ် တက်၍ အစမ်းသပ်ခံကြသည်ကို မြင်ထားသည်။ သူ့အလှည့်ရောက်လျှင် ရှေ့လူများ နည်းတူ သူလည်း စမ်းသပ်ခုတင်ပေါ်တက်သည်ကိုး။ ဘယ်သူဘာဖြစ်သည်ဟု လုံးဝမဆို။ သူ့ကိုပဲ စမ်းသပ်ခဲ့ရသည်ပ။

ဤသည်သို့သောသူတွေ အများစုမို့ ဒေါက်တာမောင်မောင်လွင်အဖို့ စေတနာအပြင် ကရုဏာပါယှဉ်၍ ပင်ပန်းကြီးစွာ နားရက်မဲ့ ပြောရဆိုရ ကုသပေးနေရသည်။ ပင်ပန်းမည်သာပလေ။

အခြားအခြားသော ဆိုင်ရာ ဝန်ထမ်းများသည်လည်း သူ့အထာနှင့်သူ့အထွာအရ ပင်ပန်းကြသည်သာ။ မည်သို့ ပင်ပန်းကြပါစေ၊ စေတနာမေတ္တာထားကြသည်က ဝန်ထမ်းတိုင်း၏ ပကတိစိတ်ရင်းဖြစ်သည်။

ပြည်မမှ ပြည်သူများသည် မြိုင်ကြီးငူဆိုလျှင် မြိုင်ကြီးငူဆရာတော်အားမျှသာ အာရုံစိုက်ကြသည်။ ဖူးမြော်ကြည်ညို လှူဒါန်းပူဇော်ကြသည်။ မြိုင်ကြီးငူအကြောင်း ရေးသူများကလည်း ဆရာတော်အကြောင်း လောက်နှင့်သာ ပြီးနေသည်။ ယခင်က ထိုစကားမှန်မည်ဖြစ်သော်လည်း ယခုမူ ဤအကြောင်းလောက်မျှနှင့် မပြည့်စုံနိုင်တော့ပေ။

လောကမှာ အကောင်းနှင့်အဆိုး ဒွန်တွဲနေမြဲဖြစ်သည်။ ဖော်ပြပါကဲ့သို့ မြိုင်ကြီးငူအား ဖွံ့ဖြိုးမှု အရှိန်အဟုန်ကို အချိန်နှင့်စက်၍ ကြိုးပမ်းနေစဉ်မှာ အချို့က "မြိုင်ကြီးငူကို မည်သို့ပြုလိုက်မည်" ဟု အဖျက်လမ်းစဉ်ကို ကြံစည်နေသူများလည်း ရှိနေသည်။ အကွက်ချောင်းနေသည်။

မြိုင်ကြီးငူအား အဖျက်လုပ်ငန်းလုပ်ဆောင်ခြင်းဖြင့် မိမိတို့ အမျိုးသားရေးကို မိမိတို့ကပင် ဖျက်ဆီးရာ ရောက်ပေသည်။ လွန်ခဲ့ ၄၅ နှစ်တာကာလက မိမိတို့သည် အမျိုးသားဇာတိမာန်ထားကာ ကြွေးကြော်လှုပ်ရှားခဲ့သည်။ ဘာတွေဖြစ်လာသနည်း။ ဘာတစ်ခု လက်ညှိုးထိုးပြစရာ ရှိလာသနည်း။ ယခု

ရက်ပိုင်းအတွင်း ဘာတွေဘယ်လို ဖြစ်လာသနည်း။ နှိုင်းယှဉ်စဉ်းစားသင့်လှပေသည်။

အခြားအခြားသော ပြည်မ၊ ပြည်နယ်များမှ ပြည်သူများသော်မှ မိမိတို့ အမျိုးသားများပေါ် ဤသို့ဤနှယ် စေတနာသက်ဝင်၍ မေတ္တာ ယှဉ်ကြပါလျက် မိမိတို့က မဟုတ်သည်ကို ကြံစည်နေပါသည်၊ ပြုလုပ်နေပါသည် ဆိုလျှင် မိမိတို့သည် မည်သို့သော လူစားမျိုးဖြစ်သွားကြောင်း စဉ်းစားနားလည်သင့်ကြဖို့ အချိန်တန်ပါပြီ။ မြိုင်ကြီးငူ တိုးတက်ဖွံ့ဖြိုးလာခြင်းသည် မိမိတို့ အမျိုးသားများ တစ်နည်းပြောရလျှင် မိမိတို့ ကရင်ပြည်နယ်ကြီး တစ်စိတ်တစ်ပိုင်း အနေအထားဖြင့် တိုးတက်ဖွံ့ဖြိုးခြင်းပင်ဖြစ်သည်။ လက်ခံနားလည်ဖို့သင့်ပါချေပြီ။

ဤသို့ဆိုလျှင် . . .

တာဝန်ရှိသူအသီးသီးတို့နှင့်အတူ ပြည်သူများကရော မိမိတို့ကပါ "တောအတိ ဖုံးလွှမ်းခဲ့သော မြိုင်ကြီးငူ၏ ယနေ့ အသွင်ကူးပြောင်းမှုကို တစ်ဖက်တစ်လမ်းမှ တစ်နိုင်တစ်ပိုင် တက်ညီလက်ညီဖြင့် ကူညီပံ့ပိုး လုပ်ဆောင်ကြမည်ဆိုလျှင်" ယနေ့မြိုင်ကြီးငူသည် နက်ဖြန်မှာ သည့်ထက် တိုးတက်လာမည် မလွဲဖြစ်ပေတော့သည်။ မြိုင်ကြီးငူ တိုးတက်လာသည်ဆိုလျှင် ကရင်ပြည်နယ်ကြီးလည်း တစ်စိတ်တစ်ပိုင်းအနေဖြင့် တိုးတက်ဖွံ့ဖြိုးလာသည်ဟု ဆိုနိုင်မည်သာပင်။

(မှတ်ချက်။ ၁၅-၇-၉၅ နေ့က ရေးသားခဲ့သော ဆောင်းပါးကို မှီး၍ ပြန်ရေးခြင်း ဖြစ်သည်။ *စာရေးသူ*)

## တစ်လှမ်းချင်း လှမ်းရင်းပြင့်

ခလုတ်တိုက်မိ၍ လဲသွားသော ခရီးသွားသည် နာကျင် ရှုံ့မဲ့စွာဖြင့် လဲနေရာမှ လူးလဲထပြီး မဆုံးသေးသော ရှေ့ခရီးအတွက် ပထမခြေလှမ်းကို စတင်ရွေ့လျားလိုက်သည်။

ယင်းနောက် ဒုတိယခြေလှမ်း၊ ၎င်းနောက် တတိယခြေလှမ်း စသည် စသည်ဖြင့် ခြေလှမ်းပေါင်းများလာသောအခါ သွေးပူလာသည်။ နာကျင်သော ဝေဒနာကို မေ့ထားနိုင်လာသည်။ သတိပင် မမူမိတော့ဘဲ ခရီးတွင်ရေးကိုသာ ရှေးရှု၍ ဆက်၍ဆက်ခါ တစ်လှမ်းချင်း လှမ်းနေဘိသကဲ့သို့. . .

**********

မြိုင်ကြီးငူဆရာတော်သည် သာသနာပြုခရီးလမ်း လျှောက်လှမ်းနေစဉ် ၄၅ နှစ်တာ ကလက စိုက်ဝင်နစ်မြုပ်နေခဲ့သော ငုတ်ကြီးတစ်ငုတ်နှင့် ခလုတ်တိုက်မိသည်။ သာသနာပြုခရီး တန့်နားမည်ကဲ့သို့ ဖြစ်ခဲ့သည်။ မြိုင်ကြီးငူမှာပင် ပြန်လည်သီတင်းသုံးခဲ့ရသည်။ ထိုစဉ် သာသနာပြုခရီးလမ်းကို စတင်ခြေစမ်းသောအနေဖြင့် "ပြည်လုံးချမ်းသာစေတီတော်" ကို တည်ထားခဲ့သည်။ ဒုတိယခြေလှမ်းအဖြစ် ကယားပြည်နယ်၊ ဒီမောဆိုးမြို့နယ် နန်းမယ်ခုံရွာအနီးရှိ ဆင်တော်မတော်မှတောင်မှ "ကမ္ဘာလုံးငြိမ်းချမ်းအေးဆံတော်ရှင်စေတီတော်" ကို တည်ထားခဲ့သည်။

သွေးကပူလာပြီ၊ အရှိန်က ရလာပြီမို့ မြိုင်ကြီးငူတစ်ဖက်ကမ်း အုန်းတောရွာထိပ်ရှိ ဘုရားဟောင်းတစ်ဆူကို ပြုပြင်ရန် စိုင်းပြင်းသည်။ အုန်းတောရွာသည် ခရစ်ယာန်ဘာသာဝင် အများစုနေထိုင်ရာဖြစ်သည်။ ရွာထိပ် ကမ်းနဖူးကုန်းမြင့်မှာ ဘုရားစေတီဟောင်းတစ်ဆူ ရှိသည်။ ဘယ်ဆီ ဘယ်ကာလကတည်းက တည်ထားခဲ့သည်မသိ။ ဆရာတော်တို့ ငယ်စဉ် ကာလကတည်းကပင် တွေ့မြင်လာခဲ့ရသည်။

အစောင့်ကြမ်းသည်၊ ဥစ္စာစောင့်ရှိသည်၊ မကြာမကြာ ဖျာလိပ် လောက်ရှိသော မြွေကြီးတစ်ကောင် ထွက်လာတတ်သည်ဟု အဲဟို ငယ်စဉ်က ပင် ပြောသံကြားဖူးသည်။ ထိုစေတီဟောင်းကို ပြုပြင်တည်ထားဖို့ စိတ်အကြံ ဖြစ်လာသည်နှင့် ၁၃၅၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက် ဗုဒ္ဓဟူးနေ့တွင် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲနှင့်အတူ အုတ်မြစ်ချ တည်ထားခဲ့ သည်။ "မြသိန်းတန်စေတီတော်" ဟု ဘွဲ့အမည် သမုတ်တော်မူသည်။

ယင်း "မြသိန်းတန်စေတီတော်" တည်ထားသည်နှင့် ပတ်သက်၍ ရွာခံ ခရစ်ယာန်ဘာသာဝင်များက မကျေနပ်ချင်ကြ။ မကျေနပ်လည်း မတတ် နိုင်ပြီ။ သူတို့ဘာသာကို စော်ကားခြင်းမဟုတ်။ အနိုင်အထက်ပြုခြင်းလည်း မဟုတ်။ ရွာတည်သည်မှာ ကြာလှပြီဆိုစေဦး၊ ပထမဦးဆုံး ခရစ်ယာန် သာသနာပြုဆရာများ ရောက်လာသည်မှာ အင်္ဂလိပ်ခေတ်ကမှ ဖြစ်သည်။ ထိုခေတ်က ခရစ်ယာန်သာသနာပြုများ တောတောင်များအတွင်းသို့ လှည့် လည် သာသနာပြုကြသည်။ မိမိတို့ ကရင်ပြည်နယ်သာမက ချင်း၊ ကချင် စသော တောတောင်တို့သို့ပင် ရောက်ကြသည်။

ဤအုန်းတောရွာသို့ သရာ့ဖဲ (ဆရာဖဲ) ဦးစီးသော သာသနာပြု ဓမ္မ ဆရာများ ရောက်လာခဲ့သည်။ မှတ်မှတ်ရရ ရှိနေခြင်းမှာ သရာ့ဖဲသည် အခြား ဘုရားငုတ်တိုတစ်ဆူကို ဖြိုချ မြေညှိ၍ ကျင်တွယ်တိုင်ထူကာ အိမ်ဆောက်ပြီး နေထိုင်ခဲ့သည်။ နေပြီး ဘာမှ မကြာလိုက်။ တစ်လပင် မကြာလိုက်။ အကြီး အကျယ် နာမကျန်းဖြစ်သည်။ ရန်ကုန်သို့ ပြန်ယူသွားပြီး ယင်းမှတစ်ဆင့် အင်္ဂလန်သို့ ပို့ပြီး ကုသသော်လည်း သက်သာရာမရဘဲ ကွယ်လွန်ခဲ့သည်။ ထိုကို "ဘုရားစူးခြင်းဖြစ်သည်" ဟု ထိုစဉ်က ပြောခဲ့ကြသေးသည်။

ထိုမှစ၍ သရာ့ဖဲ ဆောက်လုပ်ထားသောအိမ်မှာ မည်သူမှမနေထိုင်ရဲ တော့ဘဲ သည်အတိုင်းပင် ပျက်စီးခဲ့ရသည်။ ဤဖြစ်ရပ်ကို သက်ထင်ရှားရှိ သေးသူ လူကြီးတိုင်းက သိနေဆဲဖြစ်သည်။ အဲဟိုစဉ်ကတည်းက ကုန်းအငူ ပေါ်မှ စေတီအိုပြိုအပျက်မှာ ချုံနွယ်ပိတ်ပေါင်း ထူထပ်စွာဖြင့် ရှိနေခဲ့သည်။

ဤသို့လျှင် ဘုရားဟောင်းသည် ခရစ်ယာန်ဘာသာဝင်များ ခြေမချမီ ဘယ်ကာလ ဘယ်အခါက တည်ထားခဲ့သည်ဟူ၍ပင် မသိနိုင်ပေ။

ဤမည်သော ရှေးဦးတည်ထားနှင့်ခဲ့ပြီးသော ဘုရားကို တည်ထားသည်ဆိုရာမှာ သူတို့ဘာသာအရ စော်ကားသည်၊ အနိုင်အထက်ကျင့်သည်ဟု မဆိုနိုင်ပါ။ ဆရာတော်အနေဖြင့် ဘုရားသစ်များကို တည်လေ့မရှိပေ။ အရှုပ်အရှင်း ဖြေရှင်းရမှုကို မပြုလိုပေ။ ဘုရားဟောင်း၊ ဘုရားပျက်များကိုသာ တည်လေ့ရှိသည်။ ယခုလည်း တည်နေကျအတိုင်း ဘုရားဟောင်းကို ပြုပြင်တည်ထားခြင်းသာဖြစ်သည်။ "မြသိန်းတန်စေတီတော်" ကို တည်ထားသည်နှင့်အတူ "မြရတနာ" သိမ်တော်ကိုပါ သမုတ်တော်မူသည်။

၁၃၅၇ ခုနှစ်၊ တော်သလင်းလပြည့်နေ့မှာ ရွှေထီးတော်တင်လှူဆက်ကပ် ပူဇော်သည်။ စုံနံ့သာမြိုင်ဆွေမြို့တော် (မြိုင်ကြီးငူ) ရှိ ချယ်ရီမြိုင်ဝတ်အဖွဲ့နှင့် ပိတောက်မြိုင် ဝတ်အဖွဲ့တို့မှ အဖွဲ့သူများက ဓမ္မဂီတိ တေးကဗျာများ၊ ဓမ္မစကြာပါဠိတော်များကို ရွတ်ဖတ်ပူဇော်ကြသည်။ ၎င်းနောက် စေတီတော်ဘွဲ့ တေးထပ်ကဗျာကို သီဆို ပူဇော်သည်။ တေးထပ်မှာ -

### မြသိန်းတန်စေတီတော်ဘွဲ့ တေးထပ်

❖ မြစ်သံလွင် ကမ်းနဘေး
အလှမ်းမဝေးဆီဝယ်
ချမ်းအေးဖို့ ရည်ရွယ်တယ်
ကြည်ညိုစဖွယ် လွန်ကဲ။

❖ မြိုင်ကြီးငူ ထေရ်ဆရာရယ်
သေအချာ ဦးစီးလို့ကွပ်ကဲ။

❖ အုန်းတောရပ် ကုန်းငူပြင်မှာ
သုံးလူ့ရှင် ကိုယ်ခွဲ။
နှုန်းတုမမြင် ဆိုမြမို့
နဂိုကတဲ ရှိတည်။

❖ နှစ်ပရိစ္ဆေ အိုမင်းလို့
ယိုယွင်းလို့ ပြုန်းပျက်ခဲ့သည်။

❖ ပြုဆင်းသမို့ ငုတ်စေတီကို
အုတ်တွေစီ အသွင်ပြောင်းလို့
ယခင်အဟောင်း ရှိခဲ့ပုံဟန်
တည်ထားကြပြန်။

❖ ဘွဲ့နာမ တံဆိပ်ခံတယ်
မြသိန်းတန် ဤဘုရားကွဲ့လေး။

*(မြိုင်နန်းဆွေ ရေးဖွဲ့၍ မိုးသူဇာ (ခ) နန်းကြောသူဇာခိုင် သီဆို ပူဇော်သည်။)*

ထီးတော်တင် နောက်ဆုံးအစီအစဉ်ဖြင့် ကိုခင်မေ၊ ကိုဖိုးထင်၊ ကိုဘဆွေ အမှူးရှိသော စုံနဲ့သာမြိုင်ဆွေမြို့တော်ရှိ သဘင်၊ ဂီတ ပညာရှင်များက လေ့တော်သံ ဝေလာကြီးဖြင့် တီးမှုတ်သီဆို ပူဇော်ကာ ထီးတော်တင် လှူ ဆက်ကပ်ပူဇော်ကြသည်။

**********

တတိယခြေလှမ်းအဖြစ် မီးဇိုင်းချောင်းဝရှိ ကုန်းမြေထက်တွင် တည်ရှိသော ဘုရားစေတီဟောင်းကို ပြုပြင် တည်ထားပြန်သည်။ "မြမြင့်မိုရ်စေတီတော်" ဟု သမုတ်တော်မူသည်။

ဤ "မြမြင့်မိုရ်စေတီတော်" တည်ရာမှာ မွတ်စလင်ကုလားများနှင့် အတိုက်အခံ တွေ့ရသေးသည်။ သူတို့က ဆိုသည်၊ ဤအုတ်ခုံသည် ဘုရားစေတီဟောင်း မဟုတ်။ ပေါင်မုန့်ဖုတ်သော ဖိုဟောင်းသာ ဖြစ်သည်။ ဆရာတော်က ဆိုသည်၊ ပေါင်မုန့်ဖိုမဟုတ်၊ ဘုရားဟောင်းသာ ဖြစ်သည်။

အုတ်ဟောင်းများကို တူးဖော်ကြည့်သောအခါ အုတ်မှာ ဟစ်တောင်ပတ်လည်ရှိပြီး မျက်နှာပြင်မှာ ပုဂံခေတ်က အုတ်များကဲ့သို့သော သင်္ကေတများကို တွေ့ရသည်။ ဘယ့်နှယ့်ရှိစ၊ ပုဂံခေတ်ကလူများ ပေါင်မုန့်စားကြသေးဟန်မတူ။ သည်တော့မှ နောက်ဆုတ်သွားကြ၍ ဘုရားကို ဆက်လက်တည်ထားခဲ့ရသည်။ တစ်ပါတည်း "မြသေလာ" သိမ်ကိုပါ သမုတ်သည်။

၁၃၅၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်၊ ကြာသပတေးနေ့ နံနက် ၈ နာရီအချိန်တွင် အသံမစဲ မဟာပဋ္ဌာန်း ပူဇော်သည်နှင့်အတူ အုတ်မြစ် တည်ထားခဲ့သည်။ ၁၃၅၇ ခုနှစ်၊ သီတင်းကျွတ် လဆန်း ၃ ရက် (၂၉-၆-၉၅) အင်္ဂါနေ့ နံနက် ၉ နာရီအချိန်တွင် ထီးတော်တင်လှူသည်။ ထီးတော်တင်ရာမှာ ဝတ်အဖွဲ့သူများ၊ သဘင်၊ ဂီတပညာရှင်များက ယခင်အတိုင်း ပူဇော်ကြသည်။ မြမြင့်မိုရ်စေတီတော်ဘွဲ့ တေးထပ်မှာ အောက်ပါအတိုင်းဖြစ်သည်။

## မြမြင့်မိုရ်စေတီတော်ဘွဲ့ တေးထပ်

❖ မိုးဇိုင်းမြောင်, ချောင်းအဝ ကောင်းပထဗျာ့မြေခံ
ဟောင်းဝစန စေတီပုံရယ်၊ မွေသရီစုံတည်ထား
ရွှေမြင့်မိုရ် ဘွဲ့ထူးချီတယ်၊ မှည့်ဖူးပြီး ရှေးယခင်ကဘုရား။

(ရတုညှပ်)❖ သာနိုးပျော်ရွှင်၊ မြစ်သံလွင်တည့်၊ သည်တွင်ကမ်းဘေး၊ လှမ်းမဝေးဝယ်၊ ရှေးကညွှန်းဆို၊ ရွှေမြင့်မိုရ်ဟု၊ ငုတ်တိုဘုရား၊ ပျက်သည်အားကို၊ တစ်ပါးဆရာ၊ မြိုင်ကြီးငူမထေရ်မဟာက၊ ပွင့်ခါကြုံလင့်၊ ချိန်ခါသင့်ဟု၊ တွက်ချင့်မျှော်တွေး၊ ဘွဲ့မည်ပေးသည်။ ။ ပျံ့မွှေးသင်းချို မြမြင့်မိုရ်ပါဘုရား။

❖ သည်ယနေ့ သင့်ချိန်ကြုံပြီ၊ ပွင့်ကြိမ်ဆုံအလား
မြိုင်ကြီးငူဆရာဘုရားက၊ စေတနာထားဆင့်ပို။

❖ မြမြင့်မိုရ် မှတ်တံဆိပ်မို့၊ ခတ်နှိပ်လို့ ပြောပြညွှန်းဆို။

❖ မေတ္တာစာတ် ရည်ရွယ်ပိုတယ်၊ ပြည်နယ်တစ်ခို
အေးချမ်းစေဖို့
ဘေးမသန်းဖို့ ဆန္ဒဖော်ကြူး၊ စံပြတော်မူ။

❖ ဇွဲလုံ့လ အားမာန်လူတယ်၊ ပတ္တမြားမှန်ကူ
ပြည်ထိုက်တန်ကွဲ့လေး။

❖ မြမြင့်မိုရ်စေတီဆူရယ်၊ ရွှေပြည်သူ ဦးခိုက်တင်လို့လေး။

*(မြိုင်နန်းဆွေ ရေးဖွဲ့၍ နန်းကြော့သူဇာခိုင် သီဆိုပူဇော်သည်။)*

***********

စတုတ္ထနှင့် ပဉ္စမခြေလှမ်းအဖြစ် သံလွင်မြစ် အနောက်ဘက်ကမ်းထီးမယ်ပေါ်ရွာအနီးရှိ လယ်တောကြီးဘုရားနှင့် စုံနံ့သာမြိုင်ဆွေမြို့တော် ဇီဇဝါမြိုင်ရပ်ကွက် တောင်ကုန်းပေါ်တွင် စေတီတစ်ဆူ၊ ပေါင်းနှစ်ဆူကို တစ်ပြိုင်တည်း ပြုပြင်တည်ထားသည်။

လယ်တောကြီးဘုရား ပြုပြင်တည်ထားမှု ဖြစ်လာပုံကား ဤသို့ဖြစ်သည်။ လယ်တောကြီး ဆိုသည့်အတိုင်း ထီးမယ်ပေါ်ရွာအနီးမှ လယ်ကွင်းကြီး ဖြစ်သည်။ လက်ရှိလယ်ရှင်ဖြစ်သူသည် ၎င်းစေတီနေရာကို ထယ်ထိုးစဉ်မှာ အုတ်ခဲကျိုးများ တွေ့ရှိခဲ့သည်။ ကောက်ပစ်၍ ထယ် ဆက်ထိုးခဲ့သည်။

နောက်တစ်နေ့ သွားရောက်စဉ်မှာ ယမန်နေ့က ကောက်ပစ်ကားသော အုတ်ခဲကျိုးများအားလုံး ပြန်လည်ရောက်ရှိနေသည့်ပြင် အောက်ခံအုတ်ခုံပါ မြင့်တက်နေသည့်အဖြစ်ကို တွေ့ရသည်။ (ယင်းဖြစ်ရပ်ဆန်းကား ယခုမှမဟုတ်။ ယခင်လယ်ရှင် လက်ထက်ကတည်းကပင် ဖြစ်သည်ဆိုသည်။ ထို့ကြောင့် ထိုနေရာကို ကွင်း၍ ချိန်ထားလေ့ရှိသည်။) အုတ်ခုံပတ်လည် ကြည့်ရှုရာ စေတီဖိနပ်အုတ်ခုံ သဏ္ဍာန် မြင်ရသည်နှင့် ဘုရားဟောင်းဖြစ်မည် သိရှိပြီး ၎င်းကို ကွင်း၍ ထယ် ထိုးခဲ့ရသည်။

၎င်းနေ့ လုပ်ငန်းကိစ္စ ပြီးစီး၍ ညချမ်းကာလတွင် လယ်တဲပေါ် ထိုင်နေစဉ် ၎င်းစေတီရာမှ ထွန်းလင်းသော မီးလုံးကြီးများ ဆင့်ကာ ဆင့်ကာ ပေါ်ထွက်လာပြီး မီးဖိုင်းတောင်ဘက်သို့ ရွေ့လျားပျံသန်းသွားကြသည်ကို အံ့ဩဖွယ် မြင်လိုက်ရသည်။ ထိုည အိပ်နေစဉ်မှာလည်း အိပ်မက်ထူး မြင်မက်သည်။ ဝတ်ဖြူစင်ကြယ်ဝတ်တစ်ဦး ရောက်လာပြီး "ဤနေရာသည် ဘုရားမွေသရီတော် ကိန်းဝပ်စံပယ်သည့် စေတီတော်ဖြစ်ကြောင်းနှင့် မြိုင်ကြီးငူ ဆရာတော်အား စေတီတည်ထားဖို့ လျှောက်ထားပေးပါ" ပြောဆိုမှာကြားသည်ဟု မြင်မက်သည်။ ထိုအကြောင်းကို မြိုင်ကြီးငူဆရာတော်အား လာရောက်လျှောက်ထားသဖြင့် လယ်တောကြီးဘုရားတည်ဖို့ ဖြစ်လာသည်။

ထီမယ်ပေါရွာသည် ရွှေဂွန်းရွာ တစ်ဖက်ကမ်း မီးပုန်း (ယခင်အခေါ်မင်းပုန်း) ရွာမှ တစ်နာရီသာသာ ခရီးပြင်းလျှောက်သွားရသည်။ သုံးမိုင်ခန့်ကွာဝေးသည်။ လမ်းမှာ တောလမ်းခရီးဖြစ်သည်။ လက်ကျန်ကေအင်န်ယူကို စိုးမိုးထားရာလည်းဖြစ်သည်။ လယ်တောကြီးဘုရားတည်ထားမည် ကြားသည်နှင့် ကေအင်န်ယူများက "တည်ရဲရင်လာတည်ကြည့်၊ အကြောင်းသိသွားမယ်" ဟု ခြိမ်းခြောက်လာသည်။ မြိုင်ကြီးငူဆရာတော်ကလည်း "ဒီလို စိန်ခေါ်လေ၊ သဘောတူလေ" ဖြစ်သည်။ တည်ဖြစ်အောင်တည်သည်။ လယ်တောကြီးဟုဆိုသော်လည်း ပဲခူးတိုင်းက လယ်ကွင်းများလို မြေပြန့်များချည်း တစ်မျှော်တစ်ခေါ် မဟုတ်။ မနီးမဝေးမှာ တောင်ကုန်းများ ပတ်ချာလည် ဝန်းရံနေသည်။ အချိန်မရွေး အန္တရာယ်ရှိနိုင်သဖြင့် ဒီကေဘီအေတပ်သားအချို့ကို အစောင့်ချထားရသည်။ သည်ကြားထဲက ဆရာတော်အား လာရောက် ချောင်းမြောင်းပစ်ခတ်သေးသည်။ စိတ်လောကြီးသောကြောင့်လား၊ တစ်ခုခုချို့ယွင်းမှုကြောင့်လား မပြောတတ်။ ပစ်မထွက်သဖြင့် သေနတ်ထားပြီး လစ်ပြေးသွားသည်။

ဆရာတော်အား ကြံ၍မရသဖြင့် ကေအင်န်ယူများက ကာစ်မျိုး ဆိုလာပြန်သည်။ "ဘုရားထီးတင်ပွဲကို လာရဲသူ လာကြည့်၊ လာသူအားလုံးကို ဆိတ်လို အရေခွံခွာပြီး သစ်ပင်မှာ ဇောက်ထိုးချည်ထားမည်" ဟု။

သို့ဖြင့် ၁၃၅၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက် ညနေ ၃း၄၅ နာရီတွင် အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲနှင့်အတူ အုတ်မြစ်ချ တည်ထားသည်။ သီတင်းကျွတ် လဆန်း ၁၄ ရက်၊ စနေနေ့တွင် ရွှေထီးတော်တင်လှူပူဇော်သည်။ ဘွဲ့နာမံတော်ကို "ကမ္ဘာ့ငြိမ်းချမ်းရေးစေတီတော်" ဟု သမုတ်တော်မူသည်။ ထီးတော်တင်ရာသို့ စုံနံ့သာမြိုင်ဆွေမြို့တော်မှ ထီးတော်တင်အဖွဲ့များဖြစ်သော ဓမ္မစကြာဝတ်အသင်းသူများ၊ သဘင်ဂီတပညာရှင်များက တကူးတက သွားရောက်၍ တပျော်တပါး သီဆိုပူဇော် တင်လှူကြသည်။

ထီးတင်ပွဲနှင့်ပတ်သက်၍ ကေအင်န်ယူများ ခြိမ်းခြောက်ထားမှုနှင့် ပတ်သက်၍ ဝတ်အသင်းသူများအား "သူတို့က ဒီလို ဒီလိုတော့ ပြောဆိုထား လေရဲ့၊ မသွားချင်သူများ မသွားဘဲလည်း နေနိုင်တယ်" ဟု ပြောပါသေးသည်။ "ဒီစကားမျိုး သမီးတို့ ကြားဖူးပေါင်း များပြီ၊ သေနတ်သံကြားမှာ ပြေးဖူးလွှားဖူး ပေါင်းလည်း များပြီ၊ ရောက်အောင်သွားမယ်" ဟု ဆိုကာ တစ်ဦးတလေမှ ချန်ရစ်မနေဘဲ အားလုံးသွားရောက်ပူဇော်ခဲ့ကြသည်။

စေတီတော်ဘွဲ့တေးကဗျာကို ပိုဒ်စုံရကုဖြင့် သီဆိုပူဇော်သည်။ ထီးတော်တင်နေစဉ် သဘင်ဂီတ ပညာရှင်များက လယ်တောကြီးအမည်နှင့် လိုက်ဖက်အောင် ပျော်ပျော်ပါးပါး ဒိုးပတ်သီချင်းဖြင့် တီးမှုတ်သီဆိုပူဇော်၍ တင်ကြသည်။ စေတီ၏ ဉာဏ်တော်မှာ ၉ တောင်မျှသာ ဖြစ်၍ ပိုဒ်စုံရတုမှာ အောက်ပါအတိုင်း ဖြစ်သည်။

### ကမ္ဘာ့ငြိမ်းချမ်းရေးစေတီတော်ဘွဲ့

စကြာလည်ရတုပိုဒ်စုံ (ချီ-ချညီ ၂၈ ပါဒစီ)

(၁) မြိုင်ကြီးထေရ်ရှင်၊ လန်းကြည်ရွှင်သား၊ ယခင်ခေါင်ဝေး၊ ပဝေရှေးက၊ မြင့်လေးရှည်ကြာ၊ စိန္တေယျာ၏၊ သာသနာအဓွန့်၊ စည်ဖြာကွန့်လျက်၊ အမွန့်ထိပ်တင်၊ သည်သံလွင်တည့်၊ ကရင်ပြည်နယ်၊ ရပ်ရွာနယ်၌၊ စံပယ်သီးသီး၊ တည်ထားပြီး၍၊ နှစ်ကြီးများချော၊ လွန်လာလေသော်၊ တောခြေအုံကြား၊ စေတီများကို၊ ပျက်ငြားသည့်နေ၊ မြင်ရချေလျှင်၊ ပဝေခေါင်ဖျား၊ ဖြစ်စေသားဟု၊ ချင့်ပွားတွေးယူ၊ ဇွဲမာန်ကူလျက်၊ ဆူဆူတည်ပြီး၊ ဘုန်းပွင့်ဟည်းသည်။ ။ မြိုင်ကြီးထေရ်ရှင်၊ လန်းကြည်ရွှင်ပါဘုရား။

(၂) ခိုင်ဖြိုးစေချင်၊ မှန်းရည်မြင်သား၊ ပြည်ခွင်ရပ်ကျေး၊ နယ်မရွေးတည့်၊ ပူအေးမျှတူ၊ နေကြမူလျက်၊ လှိုင်ကြူတင့်ဆန်း၊ မိုးသောက်ပန်းသို့၊

ပွင့်လန်းရှင်ကြည်၊ ပျော်ရမည်ကို၊ မျှော်ရည်သတ်မှတ်၊ ဖြစ်တုံလတ်ဟု၊ ဘုန်းမြတ်စိန္တေ၊ ပရမေ၏၊ မွေသရီနှစ်၊ ခေပဟ်တော်စစ်အား၊ မြုပ်နှစ် ဥာပနာ၊ ထည့်သွင်းကာလျှင်၊ ပန်ထွာဆုထူး၊ စိတ်ဝယ်ကူး၍၊ ဆန်းပူး များထွေ၊ တည်ပြီးချေလျက်၊ ဖြန့်ဝေမေတ္တာ၊ ပို့လွှတ်ကာဖြင့်၊ ရင်မှာ တုန်ဟီး၊ ကရုဏာကြီးသည်။ ။ ခိုင်ဖြိုးစေချင်-မှန်းရည်မြင်ပါဘုရား။

(၃) လှိုင်ပြီးဝေလျှင်၊ ဝှမ်းစည်လွင်သား၊ သံလွင်တစ်လျှောက်၊ ဖြန့်ဝေ ရောက်လျက်၊ ထက်အောက်ညာကြော၊ ရွှန်းရွှန်းဝေတည့်၊ မေနေများစွာ၊ လူတကာတို့၊ ဗျာပါကြည်အေး၊ ပူပင်ဝေးလျက်၊ တိုင်းရေးပြည်မွှင်၊ သာစေချင်၍၊ ခုလျှင်ဆွေးနွေး၊ စုကာဝေးဖို့၊ မနှေးမှန်းတည်၊ စိတ်က ရည်လျက်၊ ဤသည်လယ်ခွင်၊ စေတီရှင်ကို၊ ပြုပြင်တည်ထား၊ ချစ်ကြည် ပွားလျက်၊ ရှင်ဖျားဘုန်းမော်၊ တန်ခိုးတော်ဖြင့်၊ ညီတော်နောင်ဆွေ၊ ကြေးအေးစေ၍၊ ရန်ပြေချစ်ကြီး၊ မိုးနှယ်မှီးသည်။ ။ လှိုင်ပြီးဝေလျှင်၊ ဝှမ်းစည်လွင်ပါဘုရား။

*(မြိုင်နန်းဆွေ ရေးဖွဲ့၍ နန်းကြော့သူဇာခိုင် သီဆိုပူဇော်သည်။)*

❊❊❊❊❊❊❊❊❊❊

လယ်တောကြီးဘုရား (ကမ္ဘာ့ငြိမ်းချမ်းရေးစေတီတော်) ကို တစ်ဖက် မှာ ပြုပြင်တည်ထားတော်မူစဉ် အခြားတစ်ဖက်က စုံနံ့သာမြိုင်ဆွေမြို့တော် ဇီဇဝါမြိုင်ရပ်ကွက် တောင်ကုန်းပေါ် တွင်လည်း စေတီတစ်ဆူ တည်ထားသည်။ မူလစေတီတော်ကို ငုံ၍ တည်ထားခြင်း ဖြစ်သည်။ စေတီတော်ကို မူလပြုပြင် တည်ထားသူများ သက်ရှိထင်ရှားရှိဆဲဖြစ်သော်လည်း ပြုပြင်ပြီး စေတီတော် ကို ထီးမတင်ဝံ့ဘဲ သည်အတိုင်းထားခဲ့သည်ကို မြိုင်ကြီးငူဆရာတော်က ယင်းကို ငုံ၍ တည်သည်။ ယခင်တည်ထားသူများ ထီးပတင်ဝံ့ရခြင်းမှာ ယင်း စေတီတော်အား ထီးတင်ပြီး မကြာမီ မိုးကြိုးခလေ့ရှိသည်။ လူများ အသေ အပျောက်ပင် ရှိခဲ့ဖူးသည်။ သုံးလေးကြိမ်တိုင် ယင်းသို့ ဖြစ်ခဲ့သဖြင့် ထီးမတင် ဝံ့တော့ဘဲ သည်အတိုင်း ထားကြသည်။

ဤသို့သော ထူးဆန်းထွေလာကိုမှ၊ ခက်ခက်ခဲခဲကိုမှ သဘောတွေ့ လေ့ရှိသော မြိုင်ကြီးငူဆရာတော်သည် "ပစ်ချင်သလောက်သာ ပစ်လိုက်စမ်း" သဘောဖြင့် မူလစေတီတော်ကို ငုံ၍ "ထူပါရုံစေတီတော်"အမည်ဖြင့် မွမ်းမံ တည်ထားသည်။

၁၃၅၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်တွင် အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်သည်နှင့်အတူ အုတ်မြစ်ချ တည်ထားခဲ့ရာ တန်ဆောင်မုန်းလပြည့် (၆-၁၁-၉၅) တနင်္လာနေ့။

စုံနံ့သာမြိုင်ဆွေမြို့တော် (မြိုင်ကြီးငူဒေသ) ဇီဇဝါမြိုင်ရပ်ကွက် တောင်ကုန်းပေါ်ရှိ ထူပါရာမစေတီတော်အား ရွှေထီးတော်တင်ဆက် ကပ်လှူပူဇော်သောနေ့ဖြစ်သည်။ ထူပါရာမစေတီတော်သည် ရှေးယခင် မြိုင်ကြီးငူ သာသနာ၀င် ၉၉ ဆူကုန်သော ဘုရားစေတီများအနက်မှ တစ်ဆူအပါအဝင် ဖြစ်သည်။

ထူးခြားချက်မှာ ၎င်းစေတီပျက်ကို ယခင် ပြုပြင်သူများက တည်ထားပြီးနောက် ထီးတော်တင်လျှင် မိုးကြိုးပစ်ချလေ့ရှိသည်။ သုံးကြိမ်တိုင် ကြုံခဲ့ရပြီမို့ ဘုရားကို ပြုပြင်တည်ထားရုံသာ တည်ထားခဲ့ပြီး ထီးတော်မဲ့အဖြစ်နှင့် နှစ်ပေါင်းအတော်ကြာ ရှိနေခဲ့သည်။ မြိုင်ကြီးငူဆရာတော်က ၎င်းကို ဌာပနာ ငုံသွင်း၍ စေတီကြီးအဖြစ် ပြန်လည်တည်ထားသည်။ စေတီတည်ရန် အုတ်မြစ်ချသည်နှင့် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကိုပါ စေတီတော်တည်ထားပြီးစီးသည်ထိ ကျင်းပပြုလုပ်သည်။ ယနေ့တွင် အားလုံးပြီးပြည့်စုံပြီဖြစ်၍ ထီးတော်တင် ဆက်ကပ်လှူမည်ဆိုသောအခါ ကောလာဟလသတင်းတစ်ခုက ဘယ်က ဘယ်လို ထွက်လာသည်မသိ။

"ဒီစေတီကို ထီးတင်လျှင် မိုးကြိုးအချက် ၇၀ တိတိ ပစ်ချမည်" တဲ့။ တော်တော်များများက ယခင်ဖြစ်ခဲ့ဖူးသည်ကို တွေး၍ ကြောက်ရွံ့ကြသည်။ အချို့ကမူ "ကုသိုလ်လုပ်ရင်း သေတာပဲ၊ သေပျော်သည်" ဟု မှတ်ယူကာ ထီးတင်ပွဲသို့ လာရောက်ကြသည်။ မည်သို့ဆိုစေ ယနေ့ ထီးတင်ပွဲကား ယခင်ဘုရားများ ထီးတင်ပွဲတော်လောက် မစည်ကားသည်တော့ အမှန်ဖြစ်သည်။ ကောလာဟလကို အွန်တု၍ ဆရာတော်က -

"မိုးကြိုးအချက် ၇၀ မကလို့ ၇၀၀ ပဲ ပစ်ပစ်၊ ၇၀၀၀ ပဲ ပစ်ပစ် ပစ်ချင်သလောက် ပစ်စမ်းပါစေ။ ထီးတော်ကို တင်ဖြစ်အောင် တင်မည်။ သို့သော် ဘာတစ်ခုမှ မဖြစ်စေရ" အမိန့်ရှိသည်။

စာရေးသူတာဝန်ပိုင်းဖြစ်သော ဝတ်အသင်းသူများနှင့် ထီးတော်တင်အဖွဲ့ကို အထက်ပါသတင်း ပြောပြ၍ ထီးတင်ရာသို့ မလိုက်ဘဲ နေလိုကနေနိုင်ကြောင်း အသိပေးခဲ့သည်။ မည်သူတစ်ဦးမှ မနေလိုဘဲ ကုသိုလ်လုပ်ရင်း သေမည်ဆိုကာ နံနက် မိုးမလင်းမီကတည်းက ဇီဇဝါမြိုင် တောင်ကုန်းပေါ်သို့ စုရုံးရောက်ရှိလာကြသည်။ တကယ့်စေတနာ သဒ္ဓါရှင်များပင်ဖြစ်သည်။

၎င်းတို့ ကိုးကွယ်သော မြိုင်ကြီးငူဆရာတော်အပေါ်မှာ အမှန်ပင် အားထား ယုံကြည်ကြသည်။ ဆရာတော်မှီပါလျှင် ဘာဆိုဘာမှမဖြစ်နိုင်ဟုလည်း တရားသေစွဲမှတ် ယုံကြည်ထားကြသည်။

သို့နှင့် နံနက် ၇း၃၀ နာရီတွင် ထီးတော်တင်ပွဲကို စတင်ကျင်းပသည်။ နှင်းဆီမြိုင်ဝတ်အဖွဲ့၊ ပိတောက်မြိုင်ဝတ်အဖွဲ့များက မေ့ဂီတကဗျာများဖြင့် သီဆိုပူဇော်သည်။ ၎င်းနောက် အစီအစဉ်အရ စေတီတော်ဘွဲ့ကို အောက်ပါ အတိုင်း သီဆိုသည်။

ထူပါရာမစေတီတော်ဘွဲ့ တေးထပ်

❖ ဇီဇဝါကုန်းတောင်မြင့်၊ ဘုန်းရောင်ပွင့် ထယ်ဟန်
ဖုံးမှောင်လွင့်ပြယ်ရယ်ဆို၊ ရွှယ်ပြန်သကို စိတ်ဇော။
❖ မြိုင်ကြီးငူ အရှင်ထေရ်ရယ်၊ ကရင်ပြည်နယ်အေးချမ်းဖို့နော။

(ရတုညှပ်)။ ။ မြိုင်ကြီးငူလျှင်၊ ဆရာရှင်တည့်၊ ကရင်ပြည်နယ်၊ အေးချမ်း ဖွယ်ဟု၊ ရင်ဝယ်မှန်းဆ၊ ရည်ရော်တလျက်၊ အနန္တဇိနော်၊ ထွတ်ဘုန်းမော်၏၊ မွေတော်အနှစ်၊ ဓာတ်တော်စစ်ကို၊ ရှေးနှစ် များစွာ၊ စံပျော်ရာသား၊ ဖြာဖြာလိလီ၊ စေတီပုထိုး၊ အမျိုးမျိုးတို့၊ ပျက်ကျိုးငုတ်တည်၊ ရှိနေသည်ကို၊ ဘယာပယ်ဝေး၊ ကြည်မြ အေးဟု၊ ကြံတွေးမျှော်ရည်၊ ညွှန်းပြုတည်သည်။ ။ အရှည် နောင်ခန့်၊ ငါးတောင်တန့်၍၊ ဝှန့်ဝှန့်စည်စည်-တည်စေသော်။

❖ သုံးလူ့ရှင် မြတ်မွေတော်ကို၊ မှတ်ရွှေလျော် ပုံနှော၊
မပြတ်နေပျော် ကုန်သောဟု၊ ပုံအောလို့ စုတည်။
❖ သစ်တစ်ဖန် သွင်ဟန်ကဲ့သို့၊ ထွန်းပြန်တစ်လှည့် ညွှန်းခဲ့ပါသည်။
❖ မွန်းမံထပ်ခြဲ့ ဝှန်းမှည့်သည်ကို၊ ရွှန်းလဲ့ဝေစည် သီကရီနွဲ့လို့၊
ကြည်ကြည်သွဲ့သွဲ့ ဖြစ်ရပါသကို လှစ်ဟကာသာဆို။
❖ ထူပါရာမ စေတီထိုရယ်၊ မွေသရီကို ဦးခိုက်တင်လို့လေး။
❖ ပြည်နယ်အေးဖို့ ပုန်ဆုဆိုတယ်၊ အမှန်ခုကို
ပြည့်ကြောင်းထင်ရဲ့လေး။
❖ မြိုင်ကြီးငူ စေတနာပိုတယ်၊ ဝေနေယျာကို မေတ္တာဝေလို့လေး။

*(မြိုင့်နန်းဆွေ ရေးဖွဲ့၍ နန်းကြော့သူဇာခိုင် သီဆိုပူဇော်သည်။)*

ထို့နောက် နောက်ဆုံးအစီအစဉ်အဖြစ် ထီးတော်ဘုံအဆင့်ဆင့်ကို ပန်းရထားယာဉ်ပျံဖြင့် တင်ဆက်ကပ်လှူ ပူဇော်သည်။ ထီးတော်တင်နေစဉ်

အတွင်း မင်္ဂလာဝိုင်းတော်မှ သဘင်ဂီတပညာရှင်များက "ထီးတော်တင် ကောင်းကင်ကြိုး" သီချင်းဖြင့် တီးမှုတ်သီဆို ပူဇော်သည်။

ယခင်ဘုရားများ ထီးတော်တင်စဉ်က ဆရာတော်သည် ကြီးကြပ်ရုံသာ ရှိခဲ့သော်လည်း ယခုမူထီးတော်တင်ရန်စသည်နှင့် ပရိတ်တရားတော်များ၊ မေတ္တာဘာဝနာများကို အသံချဲ့စက်ဖြင့် အဆက်မပြတ် ရွတ်ဖတ်ချီးမြှင့်နေသည်။ ထူးသလိုတော့ အရှိသားဟု ထင်မှတ်မိသည်။ စိန်ဖူးတော်ကို တပ်ဆင်လျှဒါန်းပူဇော်အပြီးမှာ ဆရာတော်ကိုယ်တိုင် ငြမ်းပေါ်သို့ ကြွ၍ ရွှေမိုးငွေမိုး ရွာသွန်းဖြိုးသည်။ မင်္ဂလာဝိုင်းတော်မှ "အောင်ပါစေ" အတီးဖြင့် စခန်းသိမ်း တီးမှုတ်နေသည်။

ထိုစဉ်မှာ အခြားအခြားသော ထီးတင်ပွဲများနှင့်မတူသော မြင်ကွင်းတစ်ရပ်ကို ရုတ်ခြည်းတွေ့လိုက်ရသည်။ ၁၂ နှစ်၊ ၁၄ နှစ်အရွယ် အမျိုးသမီးငယ် နှစ်ဦး နတ်ဝင်ပူးခြင်းဖြစ်သည်။ မင်္ဂလာဝိုင်းတော်က နတ်ဆိုင်းတီးပေးရသည်။ ၎င်းသမီးငယ်နှစ်ဦးစလုံး ယခင်က တစ်ကြိမ်တစ်ခါမျှ နတ်ဝင်ဖူးသူများ မဟုတ်ဟုသိရသည်။ ၁၂ နှစ်အရွယ် သမီးငယ်ကလေး ဝင်ပူးပုံမှာ ပိုကြမ်းသည်။ မတ်တတ်ရပ်ကာ ခါးထောက်လျက် တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေသည်။ ဘောင်ဝေ့ထောက်ဟန်ပြသဖြင့် တုတ်တစ်ချောင်းရှာပြီး ထည့်ပေးလိုက်သည်။ တောင်ဝေ့ထောက်ကာ ထောက်ကာဖြင့် ဆိုင်းချက်နှင့်အညီ ကလေတော့သည်။ မေးမြန်းသဖြင့် ပြောပြ၍ သိရသည်မှာ -

"သူသည် မြို့ကြီးငူတောင်ပိုင်ကြီးဖြစ်ကြောင်း၊ ဆရာတော် ဘုရားပြုပြင်သည်ကို ကနဦးက ကြည်ဖြူမှု မရှိသဖြင့် နှောင့်ယှက်မည်ကြံသေးကြောင်း၊ ဆရာတော်က အသံမစဲ မဟာပဋ္ဌာန်းကို ဘုရားစတည်ကတည်းက ရွတ်ဖတ် ပူဇော်နေတာမို့ မည်သို့မှ လုပ်၍ မရကြောင်း၊ တဖြည်းဖြည်းနှင့် ဆရာတော်၏ မေတ္တာစေတနာကို နားလည် သဘောပေါက်ပြီး ယခုလို ဝမ်းမြောက်ဝမ်းသာစွာ လာရောက်၍ ဆရာတော်အား ဖူးမြော်ဝန်ချရခြင်းဖြစ်ကြောင်း" သိရှိရသည်။

ထိုအခိုက်မှာ ၁၇ နှစ်အရွယ် သင်တိုင်းရှည်ဝတ် တောင်ပေါ်ကရင်သမီးပျိုတစ်ဦး နတ်ပူး၍ ဝိုင်းထဲပြေးဝင်လာသည်။ မြင်တွေ့နေကျမဟုတ်သော နတ်ကခြင်းမျိုးဖြင့် ကနေပြန်သည်။ မေးကြမြန်းကြပြန်သည်။ သူမကလည်း ပြောပြန်သည်။ ကရင်ဘာသာဖြင့်ဖြစ်၍ စာရေးသူမှာ ဘာမှ နားမလည်ချေ။ ဝမ်းမြောက်ဝမ်းသာဖြစ်၍ လာရောက်ခြင်းဟုတော့ ခန့်မှန်းမိသည်။ ဤသို့ဖြင့် နံနက် ၉:၁၅ နာရီတွင် ထူပါရာမစေတီတော်အား ရွှေထီးတော် တင်လှူပြီးစီး

ခဲ့သည်။ အန္တရာယ်ဟူ၍ စိုးစဉ်းမျှ မရှိခဲ့ပါလေ။

**********

ပြည်နယ်အေးချမ်းသာယာမှု၊ တိုင်းပြည်ကြီး ငြိမ်းချမ်းစည်ပင်မှုကို ရှေးရှု ရည်ရွယ်သောအားဖြင့် အားခဲကာ ကြိုးပမ်းတည်နေသော ဗောသဓ မုနိ ကြေးသွန်းရုပ်ပွားတော်ကြီးကို အပိုင်းသုံးပိုင်း ခွဲ၍ သွန်းလုပ်ပြီးစီးခဲ့ပြီ ဖြစ်သည်။ ယနေ့တွင် အပရာဇိတ ပလ္လင်တော်ပေါ်သို့ ပင့်ဆောင်ကိန်းမြန်း စေတော်မူပါမည်။ သည်တန်ဆောင်မုန်းလပြည့်နေ့အမီ ပလ္လင်တော်ပေါ် တင်နိုင်ရန် ဆိုင်ရာပညာရှင်များက အပြင်းအထန် ကြိုးစားခဲ့ကြရသည်။

နံနက် ၉း၃၀ နာရီ။

မြိုင်ကြီးငူဆရာတော်သည် ထူပါရုံစေတီ ဘုရားထီးတင်တော်မူမှ ဇီဇဝါမြိုင် တောင်ကုန်းပေါ်မှ ကြွဆင်းတော်မူလာ၍ ပန်းပုဆရာ ကိုသိန်းဝင်း ဦးဆောင်သော ကြေးသွန်းလုပ်သားများ၊ ကိုတင်လှ ဦးဆောင်သော ဆောက်လုပ်ရေးအဖွဲ့ဝင်များနှင့် လုပ်အားပေး တောင်ပေါ်ကရင်အမျိုးသား၊ အမျိုးသမီး စုံညီစွာ ရောက်ရှိနေကြသည်။ ယမန်နေ့ကတည်းက လက်တွန်းများ၊ စက်သီးများ၊ ချိန်းဘလောက်များကို အသင့်ပြင်ဆင်ထားခဲ့ကြသည်။ မင်္ဂလာ အချိန်တော်ကျရောက်လျှင် မြိုင်ကြီးငူဆရာတော်က အခါတော်ကြားသည်နှင့် လုပ်ငန်းကို စတင်ကြသည်။ ဆရာတော်သည် အခါတော်ကြားပြီး မေတ္တာမျှ ကြည့်ရှုကာ ယနေ့နောက်ဆုံးပိတ် ဥပသမ္ပဒကံ ဆောင်ရန် မင်္ဂလာသိမ်တော် သို့ ကြွတော်မူသည်။

ကြေးသွန်းရုပ်ပွားတော်ကြီးကို သွန်းလုပ်ရာမှာ -

၁။ တင်ပလ္လင်ခွေမှ ခါးလယ်ထိ တစ်ပိုင်း၊

၂။ ခါးလယ်မှ ရင်အုပ်တော်အထက်ထိ တစ်ပိုင်း၊

၃။ ရင်အုပ်တော်အထက်မှ ရောင်လျှံတော်ကိုတစ်ပိုင်း ဟူ၍ သုံးပိုင်း ပိုင်း၍ သွန်းလုပ်ခဲ့သည်။ တစ်ပိုင်းစီကို လက်တွန်းလှည်းဖြင့် တင်၍ ကျောက် လမ်းအတိုင်း ပလ္လင်တော်အနီးသို့ တွန်းယူလာကြသည်။ အဆင်သင့်ထားရှိ စောင့်စားနေသော ချိန်းဘလောက်အဖွဲ့က ချိတ်ဆွဲ ချီမ,ကာ ပလ္လင်ပေါ်တင် သည်။ အခက်အခဲသိပ်မရှိလှ။ အလယ်ပိုင်းမှာ အနည်းငယ် ခက်သည်။ နောက်ဆုံး အထက်ပိုင်းကို ပို၍ ခက်ခက်ခဲခဲ တင်ယူကြရသည်

ကြေးသွန်းရုပ်ပွားတော်ကြီးမှာ ဉာဏ်တော်အမြင့် ၂၉ ပေရှိရာ ကြီးမားလေးလံလှသော ကြေးသွန်းရုပ်ပွားတော်ကို ပလ္လင်တော်ပေါ်သို့ တင်လှူပူဇော်ကြရာမှာ ခေတ်မီကရိန်းစက် စသည်တို့ မပါရှိဘဲ ချိန်းဘလောက် ကလေးမျှဖြင့် လူအား၊ ဉာဏ်အား၊ အကြံအား၊ စိတ်ဓာတ်အား သုံး၍ တင်လှူပူဇော်နိုင်ခဲ့ကြသည်။ မွန်းမတည့်မီ အချိန်အတွင်း ပြီးစီးအောင်မြင်သည်။

ဂန္ဓကုဋိစံကျောင်းတော်ကြီးကို ပေ ၁၁၈ ပေ ပတ်လည်ရှိ ဘုံကိုးဆင့်ရှိသော ပြသာဒ်ကြီးအဖြစ် တည်ဆောက်ခဲ့ရာ ယနေ့အထိ ပထမဘုံဆင့်ပြီးစီးခဲ့ပြီ။ ဒုတိယဘုံဆင့် စသည်အတွက် ဆက်လက်ဆောက်လုပ်လျက်ရှိသည်။ ဆောက်လုပ်ရာမှာ အရှည်တည်တံ့ရေးကို ရှေးရှုလျက် အမိုးမှအစ သံကူကွန်ကရိဖြင့်သာ ဆောက်လုပ်သည်။ မကြာမီသော ကာလအတွင်း မြိုင်ကြီးငူမှ ဖိတ်ခေါ်သံသိချင်းပါ -

*"xxx ဘေသဇ္ဇမုနိဘုရား ကြေးသွန်းကိုယ်တော်စံရာတိုင်ထွင် xxx ဂန္ဓကုဋိတိုက်တော်ကြီး အုံချီးလောက်စရာ ပမာတင် xxx ဝေဠုယန္တာ နတ်နန်းပုံသို့သွင် xxx မြိုင်ကြီးငူဆရာတော်ဘုရားက စီစဉ်ကာ ထား xxx ခမ်းနားထည်ဝါ xxx ဆန်းဆန်းစုံစုံသင် xxx"*

ဟူ၍ ပါရှိသည့်အတိုင်း ခမ်းနားထည်ဝါ ဆန်းကြယ်စွာ စီစဉ်ထားမည့် ဂန္ဓကုဋိကျောင်းတော်ကြီးနှင့်အတူ ကြည်ညိုသပ္ပာယ်မှုအပေါင်း ခညောင်းမှီခိုလျက်ရှိသည့် ဘေသဇ္ဇမုနိ ကြေးသွန်းရုပ်ပွားတော်ကြီးအား ကြည်လင်မြတ်နိုးစွာ ဖူးမြင်ကြရပေတော့မည်။

**********

ဗုဒ္ဓဘာသာဝင် သားယောကျ်ားများသည် အရွယ်ရောက်လာလျှင် ရှင်ရဟန်းပြုလေ့ရှိကြသည်မှာ ထုံးတမ်းစဉ်လာတစ်ရပ် ဖြစ်သည်။

ပြည်တော်ဝင်လာကြသူများရော ဒီကေဘီအေများပါ ယခင် မကေအင်န်ယူ လက်အောက်မှာရှိစဉ်က ရှင်ရဟန်းပြုခွင့်ကို လွတ်လွတ်လပ်လပ် မရခဲ့ကြပေ။ သက်ဆိုင်ရာ လူကြီးနှင့် အလွမ်းသင့်လွန်း၍လည်းကောင်း၊ ကြိမ်ဖန်များစွာ တောင်းဆိုလွန်း၍လည်းကောင်း၊ အခွင့်ရတတ်ကြသော်လည်း ရက်ပိုင်းကလေးမျှ ခေတ္တခဏသာပြုခွင့်ရကြသည်။ ဤသည်သော်မှ လက်ချီးရေတွက်၍ ရရုံမျှဖြစ်သည်။ ဝတ်ခွင့်ရသူများလည်း အရေးပေါ် လိုအပ်လာလျှင် ခွင့်ရက်မစေ့မီ လူဝတ်လဲ၍ ပြန်လည်ခေါ်ဆောင်သွားခြင်းကို ခံခဲ့ကြရသည်။

ပြည်တော်ဝင်လာကြပြီးနောက် ဗုဒ္ဓဘာသာဝင်များပီပီ ရင်ထဲမှာ ကိန်းအောင်နေသောဆန္ဒကို ဖြည့်စွမ်းလိုကြသည်။ ရှင်ရဟန်းဝတ်ပေးပါရန် ဆရာတော်ထံမှာ လျှောက်ထားကြသည်။ ခွင့်ပြုတော်မူသဖြင့် တန်ဆောင်မုန်း လဆန်း ၁၀ ရက်နေ့မှစ၍ ရှင်ရဟန်းပြုလိုသူများကို သင်္ကန်းဆီးပေးခဲ့သည်။ ဥပသမ္ပကံဆောင်၍ ရဟန်းဘောင်သို့ သွတ်သွင်းချီးမြှင့်ပေးတော်မူသည်။ ဤသို့ ရေးပြသည်မှာ လွယ်သလို ထင်ရသော်လည်း တကယ်တမ်း လုပ်ဆောင်ရာမှာ မလွယ်ကူလှပေ။

ကမ္မဝါစာတစ်ဆိုင်းဖတ်လျှင် ရဟန်းလောင်းသုံးပါးသာ ခွင့်ပြုရန် ဝိနည်းဥပဒေရှိရာ တစ်နေ့ ရဟန်းလောင်း ၉၀၊ ၁၀၀ အတွက် နံနက် အရုဏ် ဆွမ်းဘုဉ်းပေးပြီးသည်မှစ၍ သိမ်ပင်ရသည်။ နေ့လယ် ၁၁ နာရီမှာ ခေတ္တ နားကာ ဆွမ်းဘုဉ်းပေးသည်။ ပြီးသည်နှင့် ဆက်ရပြန်သည်မှာ ည ၉ နာရီသို့ တိုင်လေသည်။ ဤသို့ဖြင့် တန်ဆောင်မုန်းလပြည့်နေ့မှာ သိမ်တက်မည့် ရဟန်း လောင်း ၃၀ ပေါင်းလျှင် ဒုလ္လဘရဟန်းပေါင်း ၄၀၀ ကျော် ရှိသွားသည်။ လက်ရှိ သံဃာဦးရေ ၂၀၀ နီးပါးနှင့် ထပ်ပေါင်းသော် ဤရက်ဤချိန်ခါတွင် မြိုင်ကြီးငူမှာ သံဃာဦးရေ ၆၀၀ ကျော်ရှိသည်။ မြိုင်ကြီးငူဒေသကစ်ခွင်လုံး သင်္ကန်းရောင်ဝါဖြင့် ဖြာလွင်ဖုံးလွှမ်းလျက် ရှိပေတော့သည်။

မြိုင်ကြီးငူဆရာတော်သည် မူလကနဦး တောရဆောက်တည်စဉ် ကာလက သံသရာမှ ကိုယ်လွတ်ရုန်း၍ နိဗ္ဗာန်ကို မျက်မှောက်ပြုရန်သာ ရည်ရွယ်ခဲ့သည်။ ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ဆဲ ဝေနေယျားစွာ သတ္တဝါတိုင်းအတွက် "အေးချမ်းသာယာ ဝပြောစေရန် ဆံတော်ဘာသနာကို ဘေးမဲ့ဖြင့် ပွင့်လင်းစေတော်မူပါ" ဟူသော လျှောက်ထားချက်ကို (ဤ အကြောင်း ရှေ့မှာဖော်ပြပြီး) လက်ခံ၍ ဘုရားအဆူဆူ၊ သိမ်အဆူဆူ၊ ကျောင်း အဆောင်ဆောင်ကို တည်ထားဆောက်လုပ်ခဲ့သည်မှာ ၅၂ ဂဏန်းသို့ပင် တိုင်ခဲ့ပေပြီ။

ထိုစဉ်မှာပင် အများသိ တိုင်းသိပြည်သိ ကမ္ဘာကပင် သိသော အရေး အခင်းနှင့် ကြုံလာရသည်။ ဖြစ်ပေါ်လာသည့် အရေးပေါင်းစုံကို နည်းမျိုးစုံဖြင့် ဖြေရှင်းပေးနေရသော်လည်း ပြုမြဲသာသနာပြုလုပ်ငန်းကို မလစ်ဟင်းစေခဲ့ ပေ။ သာသနာ တိုးတက်ပြန့်ပွား စည်ပင်ရေးကို အဖက်ဖက်မှ ကြိုးပမ်းတော် မူသည်။ အလားအလာရှိသော တပည့်သံဃာများကို အရပ်ရပ် အနယ်နယ်ရှိ စာသင်တိုက်ကြီးများသို့ ပို့လွှတ်၍ စာပေပရိယတ်ကို သင်ကြားစေသည်။

လာမည့် နွေရာသီ ကျောင်းပိတ်ရက်မှာ မြိုင်ကြီးငူဒေသတွင်းရှိ ကျောင်းသားကျောင်းသူ ၃၀၀၀ ကျော်အား ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းကို ဦးစီးဖွင့်လှစ် သင်ကြားပေးရန်အတွက်လည်း စိုင်းပြင်းထားသည်။ အခြေအနေပေါ် မူတည်၍ ဘာသာရေးသင်တန်းများကို ဦးစီးသင်ကြား ဖွင့်လှစ်သွားရန်လည်း ရည်ရွယ်ထားသည်။

ဤသို့ဖြင့် -

မြိုင်ကြီးငူဆရာတော်သည် အခြေအနေနှင့် အချိန်အခါက မပေးအပ်လာသည်နှင့်အမျှ သာသနာပြုလုပ်ငန်းကို အားကြိုးမာန်တက် ဆက်၍ဆက်ခါ လုပ်ဆောင်ခြင်းဖြင့် မြိုင်ကြီးငူ၏ ဗုဒ္ဓသာသနာ့သမိုင်းမှတ်တိုင်များကို တစ်တိုင်ပြီးတစ်တိုင် အုတ်မြစ်ချ စီစဉ်ဆောင်ရွက်လျက် ရှိသည်။ ၉၉ ဆူ ကုန်သော ဘုရားစေတီအပေါင်းဖြင့် ပြန့်ပွားစည်ပင်ဝေဆာခဲ့သော မြိုင်ကြီးငူ၏ သာသနာပြုလုပ်ငန်းကို ပြန်လည် ပွင့်လင်းစေရန် အစွမ်းကုန်ကြိုးစားဆောင်ရွက်လျက် ရှိနေပေတော့သည်။

## ဆရာ့ကျေးဇူး ဆပ်ပုံငယ်ထူးပုံက

မြိုင်ကြီးငူဆရာတော်သည် အသစ်စက်စက် ဒုလ္လဘရဟန်းများနှင့် အတူ ကျောင်းရှိသံဃာများပါ စုပေါင်းလျက် သံဃာ ၅၀၀ ကျော်ဖြင့် မော်လမြိုင် ဘီလူးကျွန်းသို့ ဆွမ်းဆန်စိမ်း ကြွသည်။ ဘီလူးကျွန်းမှ ဒါယကာ၊ ဒါယိကာမများက တင်ကြိုပင့်လျှောက်ထားခဲ့ကြသည်။

ဘီလူးကျွန်းတွင် ကျေးရွာပေါင်း ၆၄ ရွာရှိရာ သံဃာများကို သုံးစုစု၍ အပိုင်းပိုင်းခွဲကာ သွားစေရသည်။ ၎င်းမှအပြန် မော်လမြိုင်မြို့ပေါ်မှာလည်း ပင့်လျှောက်ချက်အရ ဆွမ်းဆန်စိမ်း အလှူခံရပြန်သည်။ ဆက်လက်၍ မုဒုံ၊ သံဖြူဇရပ်၊ ကျိုက္ခမိတို့သို့ပါ ကြွရသေးသည်။ ကျိုက္ခမိမှအပြန် သံဃာများအား မော်လမြိုင်သင်္ဘောဆိပ်သို့ လိုက်ပို့၍ ဆရာတော်မှာမူ မြိုင်ကြီးငူမှ ချိန်းဆို မှာထားသည့် ပန်းရံအဖွဲ့သားများနှင့် မုဒုံမြို့ ဂျုံးဂျုံးကျတောရကျောင်းတိုက်သို့ ကြွရောက်လေသည်။

**********

မြိုင်ကြီးငူဆရာတော် ငယ်စဉ်စာသင်သားဘဝက ဂျုံးဂျုံးကျတောရ စာသင်တိုက်မှာ ပထမလတ်တန်း အောင်မြင်သည်ထိ စာပေသင်ကြားခဲ့သည်။ ထိုစဉ်က တိုက်အုပ်ဆရာတော်သည် ယခု စာသင်တိုက်ကြီး၏ ဦးစီးပဓာန နယကဆရာတော်ကြီး ဖြစ်နေလေပြီ။

ယခုနှစ် မိုးဦးကာလ ဂျုံးဂျုံးကျတောရဆရာတော်ကြီး နာမကျန်းဖြစ်တော်မူသဖြင့် အခြား တပည့်သားမြေးများ မစွမ်းဆောင်နိုင်သည့် ကျေးဇူးဆပ်နည်းဖြင့် ဆပ်ခဲ့ရသေးသည်။ ယင်းမှာ ဆရာတော်ကြီးအား ရန်ကုန်ဆေးရုံသို့ ရဟတ်ယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့သည်။ ပြန်ကြွတော်မူလိုသည်ဆိုသည်တွင်လည်း ရဟတ်ယာဉ်ဖြင့်ပင် ပြန်လည်ပင့်ဆောင်ပေးရခြင်း ဖြစ်သည်။

ပင့်ဆောင်ခဲ့ပြီး မကြာမီမှာ ဆရာတော်ကြီးသည် ဘဝနတ်ကျောင်းသို့ ခွဲ့ပြောင်းကျောင်းထိုင်တော်မူသွားခဲ့သည်။ ဆရာတော်ကြီး၏ အန္တိမအင်္ဂျာပနသဘင်သို့ မြိုင်ကြီးငူဆရာတော် ကြွရောက်သွားစဉ်မှာ အမြော်အမြင် ကြီးမားစွာဖြင့် သေတမ်းစာသဖွယ် မှာကြားခဲ့သော အောက်ပါ အချက် ၉ ချက်ကို သိရှိခဲ့ရသည်။ ဆရာတော်ကြီးသည် မိမိပိုင် ပုဂ္ဂလိက ဝတ္ထုငွေများကို အောက်ပါအတိုင်း ဝေဘန်ကပြုရန် မှာကြားခဲ့သည်။

၁။ ဂျုံးဂျုံးကျစမ်းတစ်ဖက်ကမ်းရှိ တစ်ဝဂ္ဂဘုရား ပြုပြင်ရန်
၅၀၀၀ဝိ/(ကျပ် ငါးသောင်း

၂။ ဂျုံးဂျုံးကျတောရကျောင်းတိုက် ကထိန်ရန်ပုံငွေအတွက်
၅၀၀၀ဝိ/(ကျပ် ငါးသောင်း

၃။ ဂျုံးဂျုံးကျတောရတိုက်သို့ လာရာလမ်း ချောင်းဝကျောင်းအနီးရှိ တံတားကြီး ပြုပြင်ရန်အတွက် ၃၀၀၀ဝိ/(ကျပ် သုံးသောင်း)

၄။ ဂျုံးဂျုံးကျတောရတိုက်သို့ လာရာလမ်း သုံးပုံနှစ်ပုံခရီးရှိ တံတားကလေး ပြုပြင်ရန်အတွက် ၂၀၀၀ဝိ/(ကျပ် နှစ်သောင်း)

၅။ မုဒုံမြို့နယ် ကျက်သရေဆောင် ကန်တော်ကြီးစေတီတော် ရွှေသင်္ကန်းအတွက် ၁၀၀၀ဝိ/(ကျပ် တစ်သောင်း)

၆။ မုဒုံမြို့၊ အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲအတွက်
၁၀၀၀ဝိ/(ကျပ် တစ်သောင်း)

၇။ မုဒုံမြို့နယ် သာသနာ့ပါလ ပရိယတ္တိစာမေးပွဲ ရန်ပုံငွေ
၁၀၀၀ဝိ/(ကျပ် တစ်သောင်း)

၈။ ကျန်ငွေ ၂၃၀၀ဝိ/ (ကျပ် နှစ်သောင်းသုံးထောင်)ကို ဆရာတော်ဆေးရုံတက်စဉ်က သံဃိကငွေများကို အသုံးပြုမိခဲ့သော် ဘဏ္ဍာစားအဖြစ် ပေးချေသည်။

၉။ ဆရာတော်ကြီး လျှောင်းစက်ရာ ခုတင်အောက် သေတ္တာတွင်းရှိ ကိုယ်ပိုင်ပစ္စည်းများကို ဂိလာနုပ္ပဋ္ဌာက ဖြစ်သော ဦးကိတ္တိဝဏ္ဏနှင့် ဦးပညာဝံသ တို့ နှစ်ပါး ခွဲဝေယူရစ်ကြလေ - ။

ဟူ၍ မှာကြားအပြီး နံရိုဝက်ခန့်အကြာ ၇-၆-၉၅ ညနေ ၃ နာရီခန့်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်။

ယင်းတို့နက် အမှတ် (၁)၊ (၃)၊ (၄) တို့အတွက် မြိုင်ကြီးငူဆရာတော်အား အာသီသထား၍ မှာကြားတော်မူခဲ့သည်။ ဤသည်ကို သိရှိသဖြင့် မြိုင်ကြီးငူဆရာတော်သည် ဆွမ်းဆန်စိမ်းခံရာမှ မြိုင်ကြီးငူသို့ ပြန်ကြွမလာတော့ဘဲ ဂျိုးဂျိုးကျတော်ရကျောင်းတိုက်သို့ ကြွလှမ်းခဲ့လေသည်။

ဆရာတော်ကြီးသည် ဂျိုးဂျိုးကျစမ်းချောင်းတစ်ဖက်ကမ်းရှိ ပုထိုးတော်ကြီးကို ပြုပြင်ရန် အာသီဆန္ဒ ပြင်းပြတော်မူခဲ့သည်။ မြိုင်ကြီးငူဆရာတော်အားလည်း လာရောက်ပြုပြင်ပေးရန် ပြောဆိုခဲ့သေးသည်။ သို့ဖြစ်၍ ဆရာရှင်၏ ဆန္ဒတော်ပြည့်ဝစေရေးအတွက် ကျေးဇူးဂုဏ်တော်ကို ပေးဆပ်သောအနေဖြင့် ဘုရားပြုပြင်ရန် ရောက်လာခဲ့ခြင်းဖြစ်သည်။

တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက် (၃-၁၁-၉၅) နေ့မှစ၍ ပြာသိုလပြည့်ကျော် ၁ ရက်နေ့အတွင်း ပုထိုးတော်ကြီးကို ပြုပြင်ခြင်း၊ ရင်ပြင်တော်ကို ပြုပြင်ခြင်း၊ မဟာရံတံတိုင်း စသည် ပြုပြင်ခြင်း၊ အာရုံခံတန်ဆောင်းတော်နှစ်ခုကို ကျောင်းတော်နှစ်ဆောင်အဖြစ် တိုးချဲ့ဆောက်လုပ်ခြင်းအပြင် ၁ မိုင် ၂ ဖာလုံ ရှည်လျားသော ကျောင်းသို့ ဝင်ရာလမ်းကို ကတ္တရာစေးခင်းလမ်းအဖြစ် ပြုလုပ်ခြင်း၊ တံတားကြီး၊ တံတားငယ်တို့အား ပြုပြင်ကာ ကျောင်းဝင်ဆိုင်းဘုတ်ကို အသစ်စိုက်ထူခြင်းတို့ကို ပြုလုပ်ဆောင်ရွက်လေသည်။

လုပ်ငန်းအားလုံး ပြီးဆုံးလျှင် မြိုင်ကြီးငူမှ ဝတ်အဖွဲ့သားများ ထီးတော်တင် သဘင်ဂီတပညာရှင်များပါ မုဒုံမြို့သို့ သွားရောက်ကာ ထီးတော်တင်ပွဲ ဆင်နွှဲကြသည်။

၁၃၅၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက် (၆-၁-၉၆) စနေနေ့တွင် လောကမှန်ကူတစ်ဝဂူ ဆုတောင်းပြည့်စေတီတော်အား ရွှေထီးတော်တင်လှူဆက်ကပ် ပူဇော်သည်။ မြိုင်ကြီးငူဆရာတော်၏ လုပ်ဆောင်မှုများ ပီပြင်စေရန် ထိုနေ့ (ထီးတင်နေ့)က ဖြန့်ဝေခဲ့သော မှတ်တမ်းပါ အချက်အလက်များကို ကောက်နုတ်လျက် ထီးတော်တင် အခမ်းအနားကို အနည်းငယ် ရေးပါမည်။

## ၁၃၅၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက် (၆-၁-၉၆) စနေနေ့ မုဒုံမြို့ ဂျိုးဂျိုးကျတောရကျောင်းတိုက်တော်အတွင်း စမ်းတစ်ဖက်ကမ်းရှိ လောကမှန်ကူ ဆုတောင်းပြည့် တစ်ဝဂ္ဂစေတီတော် ထီးတော်တင်ပွဲ မှတ်တမ်းစာလွှာပါဘုရား

ခြေတော်အစုံ ကြာပဒုမ်ကို ခိုလှုံဝပ်တွား၍ လျှောက်ထားအပ်ပါသည် ကြွရောက်ချီးမြှင့်တော်မူလာကြသော ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ဘုရား။

ယနေ့ ရွှေထီးတော်တင်ဆက်ကပ်လှူပူဇော်မည့် လောကမှန်ကူ ဆုတောင်းပြည့် တစ်ဝဂ္ဂစေတီတော်၏ နောက်ခံသမိုင်းကြောင်းကို အနည်းငယ် လျှောက်ထားပါမည်ဘုရား။

မုဒုံမြို့ ဂျိုးဂျိုးကျတော်ရကျောင်း၏ မူလပထမ ဆရာတော်ဘုရားကြီးသည် လွန်ခဲ့သော နှစ်ပေါင်း ၁၀၄ နှစ်၊ သက္ကရာဇ် ၁၂၅၃ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်နေ့မှာ မီးတင်းသီတင်းသုံး နေထိုင်ရာ မုဒုံမြို့ ကွမ်တုံကျောင်းမှ ပုတီးတစ်ကုံး၊ သက်န်းသုံးထည်ဖြင့် ကမော့ဒွတ်တောင်သို့ ထွက်ကြွ၍ တောရပ်မှီးကာ ရိပ်ကြီးခိုခဲ့ပါသည်ဘုရား။ ထိုမှတစ်ဖန် ကမော့ဒွတ်တောင်မှသည် ဂျိုးဂျိုးကျမည်သော ဘူမိနက်သန့် ဤနေရာမှန်သို့ ထိုနှစ် တပေါင်းလဆန်း ၈ ရက်နေ့မှာ ရောက်ရှိခဲ့ပါသည်။ တောရဆောက်တည်သော ဆရာတော်ဘုရားကြီးထံသို့ ဒါယကာ၊ ဒါယိကာမများ လိုက်လာပြီး ကျောင်းကန်ဘုရား စေတီများကို ဆောက်လုပ်လှူဒါန်းခဲ့ရာတွင် ဤဆုတောင်းပြည့် တစ်ဝဂ္ဂစေတီတော်ကို သက္ကရာဇ် ၁၂၆၀ ခုနှစ်၊ ကဆုန်လပြည့်နေ့မှာ တည်ထားပြီးစီး၍ ထီးတော်တင်လှူတော်မူခဲ့ကြောင်းကို ချိတ်ဆွဲလှူဒါန်း ပူဇော်ခဲ့သည့် ခေါင်းလောင်းပါစာတမ်းအရ သိရှိရပါသည်ဘုရား။ ထိုနှင့်ထစ်ဆက်တည်း ဘုရားဒကာ ဦးကျော်လှနှင့် ဘုရားအမ ဒေါ်ညိမ်းဟူ၍ ယင်းစာတမ်းပါအရ သိရှိရပါသည်ဘုရား။

ထိုသို့တည်ထားခဲ့ပြီးသည်မှ နှစ်ပေါင်း ၉၇ နှစ် လွန်လာပြီးနောက် သက်တမ်းကြာလာသည်နှင့်အမျှ ပျက်စီးယိုယွင်းလာသည်ကို ဂျိုးဂျိုးကျတော်ရကျောင်းတိုက်၏ ပဥ္စမမြောက် ဦးစီးပဓာန နာယကဆရာတော် ဖြစ်တော်မူသည့် သာသနဓဇသီရိပဝရ ဓမ္မာစရိယ အဂ္ဂမဟာဂန္ထ ဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တအဂ္ဂဝံသ မဟာထေရ် အရှင်မြတ်သည် ၎င်းစေတီအား ပြန်လည်ပြုပြင်မည်ဟု ကြံရွယ်ခဲ့ပါသည်။ ကြံရွယ်တော်မူချက်ကို မစတင်နိုင်သေးမီ ရောဂါဖိစီးလာသဖြင့် မိမိသည် ဤတောင်မှ ကျော်လွန်နိုင်တော့မည်

မဟုတ်သည်ကို သိတော်မူသည်ဖြစ်၍ ၁၃၅၇ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန်တွင် မိမိပိုင် ဝတ္ထုငွေများကို နဝကမ္မ အသီးသီးတို့အတွက် ဝေဘန်လှူဒါန်းတော်မူပြီး ဤ ဝတ္ထုတော်တစ်ဝဂ္ဂုစေတီတော်ကြီး ပြုပြင်ရန်အတွက် ဝတ္ထုငွေ ငါးသောင်း (၅၀၀၀၀ိ/-) မ,တည်အပ်နှံခဲ့ပါသည်ဘုရား။

ထိုမ,တည်ငွေ ငါးသောင်းဖြင့် အခြေအနေနှင့် အချိန်အခါ အရှိန်အဝါအရ သားတပည့်ငယ်ဖြစ်သူ မြိုင်ကြီးငူဆရာတော်ကသာ ဖြည့်စွက်၍ ပြီးပြည့်စုံအောင် ဦးဆောင်ပြုပြင်နိုင်စွမ်းရှိမည့်အဖြစ်ကို သိတော်မူသည့် အလျောက် မြိုင်ကြီးငူဆရာတော်အား စေတီတော်ကို ပြုပြင်ရန် တာဝန်လွှဲထား မှာကြားအပ်နှင်းတော်မူပြီး နာရီဝက်ခန့်အကြာမှာ ဘဝနတ်ကျောင်းသို့ ရွှေ့ပြောင်းကျောင်းထိုင်တော်မူပါသည်ဘုရား။

ထိုသို့ ဆရာရှင်၏ တာဝန်ပေးအပ်နှင်းတော်မူချက်ကို ဦးထိပ်ရွက်ပန်ဆင်လျက် မြိုင်ကြီးငူဆရာတော်ဘုရားသည် မိမိ၏ တပည့်များနှင့်အတူ ဝေးသီခေါင်ဖျားသော ကရင်ပြည်နယ် မြိုင်ကြီးငူဒေသစခန်းမှ ကြွလှမ်းတော်မူခဲ့ပြီး မွန်ပြည်နယ်၊ ကရင်ပြည်နယ်ရှိ ပြည်နယ်သူ၊ ပြည်နယ်သားများ၏ ထက်သန်သော စေတနာဖြင့် စေတီတော်အား တာဝန်ယူ ပြုပြင်အားထုတ်တော်မူခဲ့ပါသည်ဘုရား။ ဤသို့ ပြုပြင်အားထုတ်တော်မူရာမှ မြိုင်ကြီးငူဆရာတော်ဘုရားသည်

၁။ ၁၃၅၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက် (၁၈-၁၁-၉၅) စနေနေ့မှာ အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို ဖွင့်လှစ်ခြင်းနှင့်အတူ ပြုပြင်မှုလုပ်ငန်းကို စတင်ခဲ့ပါသည်ဘုရား။ ပြုပြင်မှုလုပ်ငန်းကို လုပ်ဆောင်ရာဝယ် ၅ာနဆိုင်ရာ အကြီးအကဲများ၏ အစစအရာရာ လိုလေသေးမရှိ ပံ့ပိုးကူညီမှု၊ စေတနာရှင် ပြည်နယ်သူ၊ ပြည်နယ်သား ပါရမီရှင်များ၏ စေတနာထက်သန်စွာ ထည့်ဝင်လှူဒါန်းကာ လုပ်အားဒါနကိုပါ မညည်းမညူလာရောက် လှူဒါန်းမှုတို့ကြောင့် စေတီတော်အား မွမ်းမံပြင်ဆင်ရုံမျှသာမက မူလဉာဏ်တော်ထက် ၃ တောင် ၁ ထွာ မြှင့်၍ တည်ထားနိုင်ခဲ့ပြီး စေတီတော်၏ ဘွဲ့တော်ကို "လောကမှန်ကူ ဆုတောင်းပြည့်စေတီတော်" ဟု ဘွဲ့နာမ်တော် သမုတ်တော်မူခဲ့ပါသည်ဘုရား။

နှစ်ပေါင်း ၉၇ နှစ် ကျော်လွန်လာပြီးဖြစ်၍ သက်တမ်းရှည်တော်မူပြီးသော စေတီတော်အား ပြုပြင်သည်နှင့်အတူ မူလဆရာတော်ဘုရားကြီး တရားကျင့်ကြံ ပွားများ အားထုတ်ရာလည်းဖြစ်၊ မြိုင်ကြီးငူ

ဆရာတော် ငယ်စဉ် စာသင်သားဘဝက တရားအားထုတ်မှုကို စတင် အခြေပျိုးရာလည်းဖြစ်သော တစ်ဝဂူတော်ကိုလည်း ကြွေပြားများ အပြည့် ဆင်ယင် ခင်းကျင်းခဲ့ပါသည်ဘုရား။

၃။ ဟောင်းနွမ်းပျက်စီးနေသော အာရုံခံတန်ဆောင်းနှစ်ဆောင်ကို ခေတ် အသွင်၊ ခေတ်အမြင်ဖြင့် အားလုံး အသစ်ပြန်လည် တည်ဆောက်ကာ သီရိမင္ဂကျောင်းဆောင်တော်၊ မင္ဂသီရိကကျောင်းဆောင်တော် နှစ် ဆောင်အဖြစ် ခန့်ညားထည်ဝါစွာ ပြုပြင်တည်ဆောက်ခဲ့ပါသည်ဘုရား။

၄။ ပျက်စီးယိုယွင်းနေသော မဟာရံတံတိုင်းနှင့် စေတီရင်ပြင်တော်ကို အသစ်ပြန်လည် မွမ်းမံ ပြင်ဆင်ခဲ့ပါသည်ဘုရား။

၅။ ရင်ပြင်တော်ပေါ်ရှိ ရုပ်လုံးရုပ်ကြွများကို မူရင်းဟန်မပျက်စေဘဲ ပြန်လည် ပြင်ဆင် မွမ်းမံ၍လည်းကောင်း၊ ကြည့်ရှုမကောင်းတော့ လောက်အောင် ပျက်စီးနေသည့် မနုဿသီဟရုပ်တုလေးခု အစား ငြိမ်းချမ်းသာယာမှုကို ကိုယ်စားပြုသည့် လောကနတ်ရုပ်ဖြင့် အစားထိုး ၍လည်းကောင်း ပြုလုပ်ခဲ့ပါသည်ဘုရား။ ဤပြုပြင်တည်ဆောက်မွမ်းမံ မှုလုပ်ငန်းများအတွက် ခေတ်ကာလတန်ဖိုး ၁၀ သိန်းကျော် ကုန်ကျခဲ့ ပါသည်ဘုရား။

၆။ ဆရာထေရ်ရှင်လက်ထက်တော်အခါက တည်ဆောက်ပြီးစီးတော်မူပြီး သော မဟာသိမ်တော်တွင် ဘုရားနှင့် ပလ္လင်တော် ပူဇော်ရန်ကိစ္စ ကျန် ရှိနေသေးရာ မြိုင်ကြီးငူဆရာတော် ဦးဆောင်မှုဖြင့် ဂျုံးဂျုံးကျတောရ ကျောင်း ဒါယိကာမကြီး ဒေါ်အုန်းညွန့်မိသားစုက အလှူတော်ငွေ ၂ သိန်း ထည့်ဝင်လှူဒါန်းသဖြင့် မဟာသိမ်တော်အတွင်း ပလ္လင်တော် နှင့်တကွသော ကြေးဆင်းတုတော်ကို ထားရှိ ပူဇော်ပြီး ဖြစ်ပါသည် ဘုရား။

၇။ ထိုမှတစ်ပါး မုဒုံမြို့မှ ဂျုံးဂျုံးကျတောရကျောင်းတိုက်သို့ ၁ မိုင် ၂ ဖာလုံ ရှည်လျားသည့် မြေနီလမ်းကိုလည်း သံဃာတော်များနှင့် ဘုရားဖူး လုပ်သားပြည်သူတို့ သွားလာ၍ လွယ်ကူစိမ့်သောငှာ မြိုင်ကြီးငူဆရာ တော် အမှူးထား၍ ဌာနဆိုင်ရာ အကြီးအကဲများက လိုအပ်သမျှ ကတ္တရာပုံးနှင့် ကျောက်ကျင်းအချို့ မ,တည်လှူဒါန်းမှု၊ လမ်းညွှန်မှု၊ သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၏ ပံ့ပိုးကူညီမှု စေတနာရှင်လုပ်သား ပြည်သူတို့၏ သဒ္ဓါတရား ထက်သန်စွာ နေ့ရောညပါ လုပ်အားဒါန ပါဝင်လှူဒါန်းမှုဟူသော အများပေါင်းစုသည့် ကောင်းမှုတို့ကြောင့်

၁၃၅၇ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်၊ ဗုဒ္ဓဟူးနေ့မှာ ကတ္တရာစေးခင်း လမ်းမကြီးအဖြစ် ချောမောဖြောင့်ဖြူးစွာ ပြီးစီးအောင်မြင်ခဲ့ပါသည် ဘုရား။ ဤလုပ်ငန်းနှင့် ပတ်သက်၍ မှတ်တမ်းမှတ်ရာ အသေးစိတ်မှာ-

| | |
|---|---|
| လမ်းအရှည် | ၆၅၄၀ ပေ (၁ မိုင် ၂ ဖာလုံ) |
| ကတ္တရာပုံး | ၁၄၂ ပုံး |
| ၁" × ၂" ကျောက်လတ် | ၂၅၂ ကျင်း |
| ၂" × ၄" ကျောက်ကြီး | ၂ ကျင်း |
| ညှပ်ကျောက် | ၁၄ ကျင်း |
| ကျောက်သေး | ၆၄ ကျင်း |
| စမ်းကျောက် | ၂၀ ကျင်း |
| ကျောက်မှုန့် | ၃ ကျင်း |
| သဲ | ၅၀ ကျင်း |

တို့ကို အသုံးပြုခဲ့ပြီး စုစုပေါင်း ကုန်ငွေ ၂၈ သိန်းခန့်ရှိကြောင်း သိရှိရပါသည် ဘုရား။

ဆရာရှင် မပျံလွန်ခါနီး၌ နဝကမ္မတို့အတွက် ဝတ္ထုငွေများကို ဝေဘန်ကြပြုလုပ်ခဲ့ရာမှာ ချောင်းဝကျောင်းတံတားကြီး ပြုပြင်ရန်အတွက် ဝတ္ထုငွေ ၃၀၀၀၀ိ/- (ကျပ် သုံးသောင်း) ရည်ညွှန်း မ,တည်ထားရှိခဲ့ပါသည် ဘုရား။ ထိုငွေဖြင့် မ,တည်ကာ မြိုင်ကြီးငူဆရာတော် အမှူးထား၍ မုဒုံမြို့ပေါ်ရှိ သက်ဆိုင်ရာ အဖွဲ့အစည်းများ စေတနာရှင် လုပ်သားပြည်သူများ ပူပေါင်းဖါဝင် ဖြည့်စွက်ပြုလုပ်ခဲ့ရာ ယခင် သစ်သားတံတားအဖြစ်မှ ခိုင်ခံ့သော ကွန်ကရိတံတားအဖြစ် ၁၃၅၇ ခုနှစ်၊ ပြာသိုလပြည့်နေ့မှာ ပြီးဆုံးခဲ့ပါသည်ဘုရား။ ထိုတံတားပြုပြင်ရာမှာ ကုန်ကျငွေပေါင်း ၅ သိန်း ၃ သောင်းခန့် ရှိကြောင်း သိရှိရပါသည်ဘုရား။

ထို့အပြင် ဂျုံးဂျုံးကျတောရကျောင်းတိုက်သို့ ဝင်ရာလမ်းဝမှာ တန်ဖိုးငွေ ၆၆၀၀၀ိ/- (ကျပ် ခြောက်သောင်းခြောက်ထောင်) တန်ဆိုင်းဘုတ်ကိုလည်း ခန့်ညားထည်ဝါစွာ စိုက်ထူပြီးစီးခဲ့ပါသည်ဘုရား။

ဆရာတော် သံယာတော် အရှင်သူမြတ်တို့ဘုရား

ဆရာရှင်မထေရ်မြတ် မပျံလွန်မီက ကြံရွယ်တော်မူခဲ့သည့်လုပ်ငန်းများ၊ အဆုံးမသတ်နိုင်ခဲ့သည့်လုပ်ငန်းအပြင် ကြံရွယ်မထားသည့်လုပ်ငန်းများ

ကိုပါ မြိုင်ကြီးငူဆရာတော်ဘုရား ကြီးမှူး၍ သက်ဆိုင်ရာ ဌာနဆိုင်ရာ အကြီး အကဲများ၊ အဖွဲ့အစည်းများ၊ လုပ်သားပြည်သူများ၏ စေတနာသဒ္ဓါတို့အရ ငွေရင်းလုပ်ငန်းအားလုံး ပြီးစီးခြင်းသို့ ရောက်ခဲ့ပါပြီဘုရား။ ယနေ့ နောက်ဆုံး အနေဖြင့် လောကမှန်ကူစေတီတော်အား အထွတ်တင်သောအားဖြင့် ရွှေထီး တော် တင်ဆက်ကပ်လှူရန်သာ ကျန်ပါတော့သည်ဘုရား။ ဤကိစ္စကိုလည်း ယနေ့ ၁၃၅၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက် စနေနေ့မှာ မင်္ဂလာအချိန် တော် ကျရောက်သည်နှင့် တံခွန်တိုင်နှစ်တိုင် အပါအဝင် ရွှေထီးတော်တင်လှူ ပူဇော်ခြင်းပြုမည်ဖြစ်ကြောင်းကို -

ဘဝနတ်ကျောင်းသို့ ရွှေ့ပြောင်း ကျောင်းထိုင်တော်မူခဲ့သည့် ကျေးဇူး ရှင် ဆရာသခင် မထေရ်မြတ်အား အမျှအား၍ ကြွရောက်ချီးမြှင့်တော်မူလာ ကြသော ဆရာတော် သံဃာတော် အရှင်သူမြတ်တို့အား ရိုသေလေးမြတ်စွာ လျှောက်ထားအပ်ပါသည် အရိယာနွယ်ဝင် သမုတိသံဃာထေရ်ရှင်မြတ်တို့ ဘုရား။

*(မြိုင်နန်းဆွေ မှတ်တမ်းတင်၍ ဂျူးဂျူးကျတောရစာသင်တိုက် စာချ ကထိက ဦးပညာဝံသ (ဓမ္မာစရိယ) က ဖတ်ကြား လျှောက်ထားသည်။)*

အစီအစဉ်အရ -

စုံနံ့သာမြိုင်ဆွေမြို့တော် (မြိုင်ကြီးငူဒေသ) နန်းသူဇာ အမျှုးရှိသော ပ်တောက်မြိုင် ဝတ်အဖွဲ့မှ "ခုနစ်နေ့ ဗုဒ္ဓဝင် ဘုရားရှိခိုး" ဖြင့် သီဆို ပူဇော် ကြသည်။

အစီအစဉ်အရ -

မုဒုံမြို့ အဘိဓမ္မာသင်တန်းသူများမှ "ကောင်းခြင်းရှစ်ဖြာမင်္ဂလာ" ရတနာရွှေကြုတ်၊ ဓမ္မဂီတိကဗျာများဖြင့် သီဆိုပူဇော်သည်။

အစီအစဉ်အရ -

စုံနံ့သာမြိုင်ဆွေမြို့တော် (မြိုင်ကြီးငူဒေသ) နန်းချောစုမွန် အမျှုးရှိ သော နှင်းဆီမြိုင်ဝတ်အဖွဲ့မှ "ရောင်ခြည်တော်ဘွဲ့ မြပန်းဝတ်ရည်" ဓမ္မဂီတိ ကဗျာများဖြင့် သီဆိုပူဇော်သည်။

အစီအစဉ်အရ -

စုံနံ့သာမြိုင်ဆွေမြို့တော် (မြိုင်ကြီးငူဒေသ) အဆိုတော် နန်းကြော့ သူဇာခိုင်မှ မင်္ဂလာဝိုင်းတော်နှင့် တွဲဖက်၍ "လောကမှန်ကူစေတီတော်" ဘွဲ့ တေးထပ်ကို အောက်ပါအတိုင်း သီဆိုပူဇော်သည်။

## လောကမှန်ကူစေတီတော်ဘွဲ့ (တေးထပ်)

❖ စမ်းရေလျှဉ် တစ်ဖက်ကမ်း၊ အသက်တမ်း တည်ကာ
မပျက်စတမ်း ရှည်ကြာအောင်၊ ရည်ကာဆောင် ပြဋ္ဌာန်း။

❖ မြိုင်ကြီးငူ ထေရ်မဟာရယ်၊ သွေမကွာ ကြွခဲ့ပါ၍လှမ်း။

❖ ဆရာရှင့် မိန့်မှာသံကို၊ ထိပ်မှာပန်ဆင်မြန်း
စိတ်မှာကြဲရွှင်လန်းလို့၊ ပြင်ဆင်မွမ်းကော်ရော်။

❖ လောကမှန်ကူစေတီဘုရားကိုလ၊ ပဝေတည်ထား
ရှေးကအတိုင်းသာနော်။

❖ သီရိဓမ္မ လှုံမောင်းကျော်သည်
စံကျောင်းနှစ်ဖော် အခေါင်ဆန်းနှင့်
ဆောင်ဆောင်ကြွင်န်း ဆင့်ကြွလေပြန်၊ တင့်လှပေဟန်။

❖ ခြူးလိမ်နွယ်လျက် ဝန်းယှက်ရံခြယ်၊
ပန်းခက်မာလ်နွယ် မုခ်ဦးစုံနှင့်လေး။

❖ ရုပ်လုံးရုပ်ကြွ မြူးကြွပုံတယ်၊
ထူးလှသွင်ဟန် မှန်ကြောင်း ထင်ရှင့်လေး။

❖ မြိုင်ကြီးငူ စေတနာသန်တယ်၊ ပြေအမတာထံမြန်းစို့တူကွဲ့လေး။

*(မြိုင်နန်းဆွေ ရေးဖွဲ့၍ နန်းကြော့သူဇာခိုင် သီဆိုပူဇော်သည်။)*

နောက်ဆုံးအစီအစဉ်အနေဖြင့် ပျံလွန်တော်မူခဲ့သော ဆရာရှင် မထေရ်မြတ်အား ရည်မှန်း၍ ပန်ကြားလျှောက်ထားလွှာမှာ အောက်ပါအတိုင်း ဖြစ်သည်။

## ဘဝနတ်ကျောင်းသို့ ရွှေ့ပြောင်းကျောင်းထိုင်တော်မူခဲ့သည့် သာသနာဓဇ သီရိပဝရ ဓမ္မာစရိယ အဂ္ဂမဟာ ဂန္ထ ဝါစကပဏ္ဍိတ ဘဒ္ဒန္တအဂ္ဂဝံသ မဟာထေရ်အရှင်မြတ်အား ပန်ကြားလျှောက်ထားလွှာပါဘုရား

ဘောလယ် ❖ ကိုးမျက်ရောင်ရှိန် ရောင်ရှိန်၊ ဝေဝေထိန်လျှမ်းပါဘိ
တုသိတာကြင့်န်းဆီက၊ မြန်းခုခါနော်။
ရှုဘုရားထေရ်မော် ထေရ်မော်၊ ပူဇော်ပုံထူးတယ်လေး
ဦးတင်လို့မျှော်။

❖ တေဇောရောင်မြူးပါလို့ ဖူးညွတ်ကော်ရော်
ထေရ်ဘုန်းဇမ္ဗူကျော်သို့ ရည်မျှော်ကာတွေး
ထံတျာတေးယယ်နှင့် ဟစ်ကြွေးညံစီ
များအရှိ သားတပည့် စုံညီစုံညီ
အဥ္စလီညွတ်တယ်လေး ဦးညွတ်ကြပြီ။

(သိင်္ဂီသံ) ❖ မြိုင်ကြီးငူမည်၊ စံပျော်မြန်းသည့် စခန်းဆီက၊ မစတီအရေး၊ ပြင်မည်တွေးလို့ မှန်းကာရည်၊ ဖွဲ့ချီကာထွက်ခဲ့ရ၊ စိတ်လက်ကမကြည်။ ထေရ်ဆရာတော်၊ စံပျော်မြန်းခဲ့တဲ့၊ တိုင်းဌာနီမုဒုံဆီသို့၊ လှမ်းခဲ့ပြီတဲ့မှ လှမ်းခဲ့ပြီ။

(စကားပြော) ❖ ဆရာအရှင်မြတ်ဘုရား၊ စေတီတော်ပြင်မည့်အရေးကို ဦးထိပ်ရွက်ပန်ဆင်လျက် သားတပည့်များက အဖွဲ့ချီကာဖြင့် မြိုင်ကြီးငူစခန်းဆီက အရောက်လှမ်းလို့ လာခဲ့ပါပြီဘုရား။

(သိင်္ဂီသံ) ❖ သံသာမြိုင်လေး၊ သင်အံတွေးကြ၊ များသံဃာ၊ နေ့ဝါညဝါခွဲပါလို့၊ သင်အံမြဲသာပ တိုက်တာအခြေ။ ။ ဟိုယခင်တဲ့ ပုံသွင်မပြတ်၊ ရွတ်ကာဖတ်လို့ မပြတ်စေသော်။

(စကားပြော) ❖ ကျန်ရစ်ခဲ့တဲ့ တပည့်သံဃာတို့ရဲ့ ပရိယတ်စာပေကို မပြတ်ရွတ်ဖတ် သင်အံနေကြတာလည်း ဆရာအရှင် ရှိစဉ်တုန်းကပမာအတိုင်း နေ့ဝါညဝါခွဲပြီး ပို့ချသင်အံနေကြဆဲပါဘုရား။

(သိင်္ဂီသံ) ❖ ဟိုယခင်တဲ့၊ ပုံသွင်မပြတ်၊ ရွတ်ကာဖတ်လို့၊ မပြတ်စေသော်၊ တကယ်ပဲဟာမို့၊ ရင်ထဲမှာဆို့ပါရ၊ ရည်ရော်ကာဆ၊ တွေးကာကြည့်တာနဲ့၊ သတီတော်ရပါပေါ့ ဆရာရှင့်ထေရ်။ ။ ဂျုံးဂျုံးကျ အမည်ရတဲ့ ဝိဟာရေ၊ တပည့်ငယ်များ၊ ဘုရားပြင်ကာ ဤနေရာ၊ ဒေသစာကြွကာဖြင့်၊ စမ်းတစ်ဖက်ကမ်း၊ စေတီငယ်ပြင်စမ်းရယ်လို့၊ မှာတမ်းလွှာအချက်၊ မပျံလွန်မီ ထိုရက်က၊ ညွှန်စာလွှာဆက်ဟာမို့၊ မိန့်မြွက်ခဲ့အတည်။ တပည့်ငယ် ပြင်လာမည့်အရေးကိုလ၊ ထေရ်ဆရာ ကြိုတင်ကာတွေးတယ်လို့။ ဆွေးမိပြီတဲ့မှ ဆွေးမိပြီ။

(စကားပြော)　❖ စမ်းတစ်ဖက်ကမ်းမှာရှိတဲ့ စေတီပြင်လာကြစမ်းရယ်လို့ မပျံလွန်မီ နာရီပိုင်းလေးအတွင်းမှာ မိန့်မြွက်မှာကြား အမိန့်တော်ထားခဲ့သည်ကို ဦးထိပ်ရွက်ပန်ဆင်လို့ သားတပည့်များက စုံစုံညီညီ လာရောက်ပြီး ပြင်ကြဆင်ကြသည်မှာ ယခုဆို အပြီးသို့တိုင်ခဲ့ပါပြီ။ စုံရာနတ်နန်းမှ လှမ်းပြီး သာမှု ခေါ်တော်မူပါတော့ဘုရား။

(သိင်္ဂါသံ)　❖ ကြွချိစံမြန်း၊ နတ်နန်းမှာပျော်၊ ထေရ်ဆရာတော်၊ ရည်မျှော်လို့မှန်းပြီဘုရား၊ လှမ်း၍ရှုပါ၊ သားတပည့်ပေါ်မှာ၊ ...မနီး၊ မြိုင်ကြီးငူ ဟိုခရီးက၊ အပြီးရောက်လာ၊ စေတီတော်ကြီး၊ ပြင်ကာပြီးပါပေ့၊ စံရာစခန်း၊ တုသိတာအထက်နန်းဆီသို့၊ မျှော်မှန်းရှယ်ကာ။ ။ ထေရ်ဆရာ မြင်ပါလေလစ်၊ စေတီမှာ အသစ်ဖြစ်ပြီမို့ (တုသိတာဘုံ) စံရှင်မြန်းတဲ့၊ နန်းရိပ်မြုံမှာ၊ ခိုလှုံကြွသွား၊ အထက်ဆီက ဆရာတော်ဘုရား၊ ခုကားမကြာ၊ ယူပါမနေ့း၊ သာစုသံပေးပါဘုရား၊ လက်ကြာ ငုံချီ။ ။ ကျေးဇူးတရား ရည်မျှော်ကာထားပါလို့ လျှောက်ပန်ကြားပါသည် (တဲ့မှ) လျှောက်ပန်ကြားပါသည်ဘုရား။

(သဖြန်)　❖ စုံအညီ၊ တင်ချီလို့ လျှောက်တင်ဃှင်း။

❖ မိန့်မြွက်ခဲ့သည်၊ ပျက်စေတီ ပြင်ကာပြီးပြီမို့
ကုသလငယ် မျှသံပေးပါပေ့
(ဆရာဘုရားရယ်) တွေးရှုလက်ငင်း။

*(တပည့်အများ၏ကိုယ်စား မြိုင်နန်းဆွေ ရေးဖွဲ့၍ နန်းကြော့သူဇာခိုင် သီဆိုလျှောက်ထားသည်။)*

**ဝန်ခံချက်** ။ ။ သိင်္ဂါသံအသွားမှာ ရွှေမန်းတင်မောင်၏ ဗုဒ္ဓဝင်ဖွားတော်မူခန်းပါ "ကပိလပြည် မေစံမြန်းသည့် တိုင်းဌာနီက" အလိုက်အတိုင်း ရေးစပ်ထားပါသည်။

ပန်ကြားလျှောက်ထားလွှာအပြီးမှာ ထီးတော်ဘုံအဆင့်ဆင့်ကို ပန်းရထားယာဉ်ပျံဖြင့် တင်လှူတင်ဆက် လှူဒါန်းပူဇော်ကြသည်။ ထီးတော်တင်နေစဉ်အတွင်း စုံနွံသာဆွေမြို့တော် (မြိုင်ကြီးငူ) မှ သဘင်ဂီတပညာရှင်များက "ထီးတော်တင် ကောင်းကင်ကြိုးသီချင်း" ဖြင့် တီးမှုတ်သီဆိုပူဇော်ကြသည်။

***********

ဤသို့ဖြင့် မြိုင်ကြီးငူဆရာတော်သည် ဆရာရှင်၏ ကျေးဇူးတော်ကို ဘုရားတည်ခြင်းဖြင့် ပေးဆပ်ခဲ့လေသည်။ လုပ်ငန်းအရပ်ရပ်တို့အတွက် ကုန်ကျငွေမှာ ကာလတန်ဖိုး သိန်း ၄၀ ကျော်ဖြစ်သည်။ အခြားမည်သည့် တပည့်မျှ မပြုနိုင်စွမ်းသော ပေးဆပ်ခြင်းမျိုးဖြင့် ဆရာ့ကျေးဇူးကို ပေးဆပ်သည်။ မြိုင်ကြီးငူဆရာတော်၏ ဤသို့ ဘုရားတည်၍ ကျေးဇူးဆပ်သည့်အဖြစ်သည် ပုဂံရာဇဝင်ပါ သမိုင်းဖြစ်ရပ်တစ်ခုကို အမှတ်ရဖွယ်ပင် ဖြစ်သည်။

မြန်မာသက္ကရာဇ် ၄၇၅ (အေဒီ ၁၁၁၃) ခန့်က ရေးထိုးခဲ့သော ရာဇကုမာရ်ကျောက်စာဆိုလျှင် ထင်ရှားလွန်း၍ မသိသူ မရှိသလောက်ပင် ဖြစ်သည်။

ယင်းကျောက်စာသည် ခမည်းတော် ကျန်စစ်သားမင်းကြီး၏ ကျေးဇူးဂုဏ်တော်ကို ပေးဆပ်သော သားတော် ရာဇကုမာရ်၏ ကျေးဇူးသိတတ်ပုံကို ပြထားခြင်းဖြစ်သည်။

ကျန်စစ်သားသည် အနော်ရထာမင်း၏ အမျက်တော်ကြောင့် ကြောင်ဖြူအရပ်၌ ပုန်းအောင်းနေရစဉ် သမ္ဘူလနှင့် အကြောင်းပါခဲ့သည်။ ကျန်စစ်သား မင်းဖြစ်လျှင် သမ္ဘူလနှင့် သားတော်ရာဇကုမာရ်တို့ လိုက်လာသော်လည်း မြေးတော် အလောင်းစည်သူကို နန်းလျာထားခဲ့ပြီး ဖြစ်၍ သားတော်အား မြို့စားအရာကိုသာ ပေးအပ်နိုင်တော့သည်။ သမ္ဘူလအားကားမူ "ဦးဆောက်ပန်း" ဘွဲ့ အပ်နှင်းပြီး မိဖုရားအရာ ချီးမြှင့်သည်။ အဖိုးထိုက်တန်လှသော ကိုယ်ဝတ်ကန်ဆာများနှင့် ကျွန်သုံးရွာကို ပေးတော်မူခဲ့သည်။ သမ္ဘူလမိဖုရား ကွယ်လွန်သော် မယ်တော်အပိုင်စားရသော အချီးအမြှောက်များကို သားတော်အား ပေးတော်မူခဲ့သည်။

ကျန်စစ်မင်းကြီး ကွယ်လွန်ခါနီး နာမကျန်းဖြစ်စဉ်ဝယ် သားတော် ရာဇကုမာရ်သည် ခမည်းတော် ချီးမြှင့်ခဲ့သော အဆင်တန်ဆာများကို ရွှေဆင်းတုတစ်ဆူ သွန်းလုပ်၍ မြင်းကပါအရပ်တွင် ခမည်းတော်အတွက် ရည်စူးလှူဒါန်းသည်။ ထိုရုပ်ပွားတော်မြတ် ကိန်းဝပ်စံပယ်တော်မူနိုင်ရန် ဘုရားစေတီတစ်ဆူကိုပါ တည်ထားခဲ့သည်။ ထိုဘုရားကို စောင့်ရှောက်ရန် မိမိအပိုင်စားရသော ကျွန်ရွာသုံးရွာကိုပါ လှူဒါန်းသည်။

ခမည်းတော်အတွက် ရည်စူး၍ ပြုအပ်သော ကောင်းမှုကုသိုလ်အစုစုကို သာဓုခေါ်တော်မူပါရန် မည်းတော်အားလျှောက်တင်သည်။ ကျန်စစ်မင်းကြီးလည်း ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်တော်မူ၍ ရေစက်သွန်းချ လှူတော်မူသည်။ မျှားမကြာမီ ကျန်စစ်မင်းကြီး နတ်ရွာစံတော်မူသည်။

ရာဇကုမာရ်သည် မိမိ၏ ကောင်းမှုကုသိုလ်ကို နှောင်းလူတို့ သိစိမ့်အံ့သောငှာ မွန်၊ မြန်မာ၊ ပါဠိ၊ ပျူဟူသော စာပေလေးမျိုးဖြင့် ကျောက်စာရေးထိုးကာ မှတ်တမ်းတင်ခဲ့လေသည်။

ယခုလည်း မြိုင်ကြီးငူဆရာတော်သည် ဆရာ့ကျေးဇူးကို အထူးဆပ်သောအနေဖြင့် ဘုရားပြုပြင်တည်ထားခြင်း စသော ကာလတန်ဖိုး သိန်း ၄၀ ကျော်တန်သည့် ကောင်းမှုကို ပြုလုပ်တော်မူလေသည်။

ဤသို့သော ကောင်းမှုအနေစုစုကို ဆရာရှင်မထေရ်မြတ်သည် နတ်ရိပ်ကြငှန်း၊ နတ်ဘုံနန်းမှ၊ လှမ်း၍ကြည့်မြင်၊ ပီတိယှဉ်၍၊ ကြည်ရွှင်နုမော်၊ သာဓုခေါ်တော်မူနိုင်ပါမည်ဆိုလျှင် . . . ။

# မော်ကွန်းတင်သည့် သည်ဆောင်းရက်

မြိုင်ကြီးငူဆရာတော်သည် မုဒုံမြို့ ဂျုံဂျုံးကျတောရကျောင်းတိုက်တွင် ဘုရားတည်ခြင်းအမှုဖြင့် ဆရာ့ကျေးဇူးကို အထူးပေးဆပ်ပြီးနောက် မြိုင်ကြီးငူသို့ ပြန်ကြွလာခဲ့သည်။ မုဒုံမြို့တွင် ဆရာ့ကျေးဇူး ဆပ်နိုင်ရန် ကြိုးပမ်းနေစဉ် နောက်ပိုင်း မြိုင်ကြီးငူမှာ သက်ဆိုင်ရာ အဖွဲ့အစည်းတို့က လုပ်သင့် လုပ်ထိုက်သည်ဘို့ကို မနားတမ်း ပြုလုပ်ထားနှင့်ကြသည်။

လုပ်ငန်းကြီး (၃) ရပ်ဖြစ်သော အခြေခံပညာ အလယ်တန်းကျောင်း၊ ပြည်သူ့ဆေးရုံ၊ လျှပ်စစ်မီးစက်ရုံကို ပြီးစီးနှင့်နေသည်။ ဖွင့်ပွဲကျင်းပရန် ဆရာတော်အား စောင့်ဆိုင်းနေကြသည်။ မည်သည့်နေ့ရက်တွင် ဖွင့်ရမည် ဆိုသည်ကိုလည်း ဆရာတော်က ညွှန်ကြားပေးထားပြီး ဖြစ်သည်။ ညွှန်ကြားချက်အတိုင်း ပြာသိုလပြည့်ကျော် ၇ ရက်နေ့မှာ ဖွင့်နိုင်ရန် အစစ ပြင်ဆင်ထားကြသည်။ ယင်းဖွင့်ပွဲနှင့် ပတ်သက်၍ ထိုစဉ်က မှတ်တမ်းတင်ခဲ့သည်ကို ပြန်လည်ဖော်ပြပါမည်။

***********

၁၃၅၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက် (၁၁-၁-၉၆) ကြာသပတေးနေ့။

ယနေ့သည် စုံနံ့သာမြိုင်ဆွေမြို့တော် (မြိုင်ကြီးငူဒေသ) အဖို့ ပြည်မမှ မြို့ရွာများနည်းတူ တိတိကျကျ သတ်သတ်မှတ်မှတ် အသွင်ကူးပြောင်းသော နေ့ထူးရက်မြတ်ဖြစ်သည်။

ရှေးယခင်က မြိုင်ကြီးငူမှာ ဤကဲ့သို့သောအသွင်မျိုး ဖြစ်ပေးလာအံ့ဟူ၍ အိပ်မက်ပင် မမက်စဖူးခဲ့။ စိတ်မျှပင် မကူးခဲ့သော အသွင်ကို ယနေ့တွင် ပြက်ပြက်ထင်ထင် မြင်လာရသည်။ ယင်းမှာ အထက်ဆောင်းပါးများမှာ ဖော်ပြခဲ့သော အခြေခံပညာအလယ်တန်းကျောင်း၊ တိုက်နယ်ဆေးရုံ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံတို့ကို တစ်နေ့တည်းမှာ ဖွင့်ပွဲကျင်းပခြင်း ဖြစ်သည်။

ဒေသခံ တာဝန်ရှိသူများက ဖွင့်ပွဲအတွက် လွန်ခဲ့သော နှစ်ပတ်ကျော်က အချိန်ယူလှုပ်ရှား ပြင်ဆင်ခဲ့ကြသည်။ ဆိုင်ရာတာဝန်ရှိသူများကလည်း လာရောက်ညှိနှိုင်း ပြင်ဆင်ကြသည်။ ၁၀-၁-၉၆ နေ့မှာ တာဝန်ရှိသူများ အားလုံးလိုလို တင်ကြိုရောက်ရှိနေကြသည်။

၁၁-၁-၉၆ နံနက် ၇း၄၅ နာရီတွင် အဆောက်အအုံများကို ဖွင့်လှစ်ပေးမည့် အကြီးအကဲက နောက်ပါများနှင့်အတူ စက်လှေဖြင့် ရောက်ရှိလာသည်။ ကမ်းပေါ်အတက်မှာ ဘင်ခရာ တီးမှုတ်၍ ကြိုဆိုသည်။ ဒေသခံ တိုင်းရင်းသား ပြည်သူများက လမ်းဘေးနှစ်ဖက်နှစ်ချက် ဝဲယာမှ အောင်သပြေပန်းများ ကိုင်ဆောင်၍ လှိုက်လှဲပျူငှာစွာ ကြိုဆိုကြသည်။

အကြီးအကဲဖြစ်သူသည် ရှေးဦးစွာ သဇင်မြိုင်ရပ်ကွက်မှာ ဆောက်လုပ်ထားသော လျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ သွားရောက်သည်။ ကြိုတင်ရောက်နှင့်နေသော ဆရာတော်ထံမှာ သီလခံယူခြင်း၊ ဆရာတော် ချီးမြှင့်သော စက်ပရိတ် နာယူခြင်းအမှုကို ပြုသည်။ ဆရာတော် ပြန်ကြွပြီးနောက် လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ဒုတိယ တိုက်နယ်ပြည်သူ့ဆေးရုံကိုလည်းကောင်း၊ တတိယ အခြေခံပညာအလယ်တန်းကျောင်းကိုလည်းကောင်း ရှေးနည်းတူ ဖွင့်လှစ်ပေးသည်။ အဆောက်အအုံများကို ဖွင့်လှစ်ရုံသာ ဖွင့်လှစ်ပေးသည်။ ဖွင့်ပွဲအခမ်းအနားကိုမူ အခြေခံပညာအလယ်တန်းကျောင်းရှေ့ရှိ ကွင်းပြင်တွင် ဆောက်လုပ်ထားသော မဏ္ဍပ်မှာ ကျင်းပသည်။

အခမ်းအနား ကျင်းပရာသို့ မြိုင်ကြီးငူဆရာတော်ဘုရားသည်လည်း ပင့်လျှောက်ချက်အရ ကြွရောက်တော်မူလာပြီး စက်ပရိတ်တရား ချီးမြှင့်သည်။ ဆက်လက်၍ လှူဖွယ်ဝတ္ထုအစုစုတို့အတွက် အနုမောဒနာတရား ဟောကြား ချီးမြှင့်ကာ ရေစက်သွန်းချပေးတော်မူသည်။

ဆရာတော် ပြန်ကြွသွားပြီးနောက် အခမ်းအနားကို အစီအစဉ်ဖတိုင်း ဆက်လက်ကျင်းပသည်။ ကျောင်းအုပ်ဆရာကြီး ဦးစောသိန်းအောင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။ အစီအစဉ်အရ အခမ်းအနားဖွင့်လှစ်ပေးသော တာ၀န်ရှိ အကြီးအကဲပုဂ္ဂိုလ်က ပြောဆိုမှာကြားသင့်သည်များကို မိန့်ခွန်းမြွက်ကြားသည်။ ယင်းနောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဥက္ကဋ္ဌ ဦးဌေးအောင်မှ လုပ်ဆောင်ပြီးစီးခဲ့သောအဆောက်အအုံများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

သက်ဆိုင်ရာ လူကြီးမင်းများက အသီးသီး မိန့်ခွန်းမြွက်ကြားပြီးနောက် အစီအစဉ်အရ အောက်ပါကေပိုဒ်ရတုဖြင့် သီဆိုဂုဏ်ပြု မှတ်တမ်းတင်သည်။

××× မျိုးမြင့်သာကီ၊ သမ္မာညီလျက်၊ ဂမ္ဘီဉာဏ်အား၊ စိန်အပ်သွားတို့၊ ထင်ရှားလီလီ၊ ပါရမီနှင့်၊ စာဂီတင့်စွာ၊ ထေရ်မဟာ၏၊ ဩဝါဒထူး၊ ပန်းပွင့်ဖူးကို၊ ရွှင်မြူးစိတ်ကြွ၊ ဦးထိပ်ပန်ခဲ့၊ မိဋ္ဌာန်ရည်လျက်၊ မိန့်မြွက်ချက်ကို၊ နှစ်သက်ကြည်သာ၊ ခံ၀န်တာဖြင့်၊ ပြည်ရွာသနင်း၊ စိုးရမင်းတို့၊ လမ်းခင်းညွှန်ပြ၊ န,တ,လလျှင်၊ ပြုစီရင်သည့်၊ စာသင်မြတ်ကျောင်း၊ ထူးတင့်ရှောင်းပသည့်၊ လူပေါင်းများစွာ၊ ၀ေဒနာမှန်၊ သွေ့ကွာရန်သား၊ ဗိမာန်ဆေးရုံ၊ ခန်းမစုံနှင့်၊ ညဦရုံလွှာအား၊ ချည်းကာဖောက်ထွင်း၊ ရောင်ခြည်လင်းစေ၊ မှောင်ခွင်းခြွေ၍၊ ဖြာဝေလင်းဓာတ်၊ မြို့လုံးပတ်သည့်၊ လျှပ်စစ်ဓာတ်အား၊ ဖြန့်ဝေသားဟု၊ တည်ထားခဲ့သည်၊ အတည်တည်ကို၊ ပြည့်ညီကျော်မို၊ ပြာသိုအချက်၊ ခုနစ်ရက်တည့်၊ ရက်မြက်ပုံမှန်၊ ဟောမဲ့ဆောင်း၊ လေပြန်လောင်းသည့်၊ ချမ်းဆောင်းကာလ၊ သမယဝယ်၊ ဆရာထေရ်ရှင်၊ ကြီးမှူးတင်လျက်၊ ပြည့်ခွင်သနင်း၊ စိုးရမင်းတို့၊ ခပင်းစုံစွာ၊ ရွှေညီလာခ၊ မြန်းခါကြွ၍၊ စစခပ်သိမ်း၊ ပြီးပြေငြိမ်းကို၊ မတိမ်းခုပင်၊ ပွဲကြီးယင်၍၊ သဘင်ဖွင့်ခဏ်း၊ အောင်စည်ရွှမ်းလျက်၊ ကြိုင်လျှမ်းရဂုံ၊ နံ့သာစုံမြိုင်၊ ပန်းမျိုးလှိုင်သည့်၊ ခရိုင်မြို့တွင်း၊ ရွှေညီခင်းသည်။ ။ လမင်းထောင်ရာသည်သည့်နှယ်ပါတကား။

*(မြိုင်နန်းဆွေ ရေးဖွဲ့၍ နန်းကြော့သူဇာခိုင် သီဆိုမှတ်တမ်းတင်သည်။)*

ထို့နောက် သက်ဆိုင်ရာ စာရင်းဇယားများကို အပ်နှံခြင်း၊ ဌာနဆိုင်ရာ အသီးသီးသို့ လွှဲပြောင်းပေးအပ်ခြင်း၊ အထိမ်းအမှတ်အလံငယ်များကို

ပေးအပ်ခြင်းတို့ကို ပြုလုပ်ပြီးနောက် အခမ်းအနားကို အောက်ပါမင်္ဂလာစည်တော်ဖြင့် ခြိမ့်ခြိမ့်သဲသဲ သီဆိုတီးမှုတ်၍ အောင်မြင်စွာ ရုပ်သိမ်းခဲ့လေသည်။

## စည်တော်သံ

၁။ မြိုင်ကြီးငူ ထေရ်ဆံရာဘုရားရယ်လို့ ပြေရွာတစ်လွှားမှာဖြင့် နှံ့သိကျော်၊ ပြည်မြန်မာ ရည်သန်ကာ ဘယာဝေးအောင် တွေးစိတ်ကြံမျှော်။ စစ်ပါသော် တစ်ခေတ်နှော့်ဖြင့် တုဘက်ကင်း၊ သမ္မာရှိန် ပွင့်လင်းဖြာဝေချိန်မို့ တာဝတီံမိုးနတ်မင်းနှယ်၊ ယွန်းထိန်လို့လင်း။

၂။ အမှန်ပါ တကယ်မယွင်းပါဘူး၊ ပြည်နယ်တွင်းမှာဖြင့် သူ့လိုလူ။ ကြားရသူ အံ့ချီးလောက်တယ်၊ ထွန်းတောက်လာစသူ။ စံနမူယူပါကြ တုခိုး။ ။ ဇမ္ဗူမှာ တစ်လူထွန်းတယ် ညွှန်းစံပြမျိုး။

၃။ မြိုင်ကြီးငူ ထေရ်ဆရာရယ်က၊ စေတနာထားပါလို့ စိတ်ရည်သန်။ ။ များရှင်လူ စည်ဝေဖြိုးအောင် တိုး၍ ရှာကြံ။ လမ်းကြောင်းငယ်မှန်၊ မြိုင်ယံမှ အသွင်ဟောင်း။ မြို့ကြီးမူ အသွင်ဆိုက်အောင်၊ အားစိုက်ရွှေ့ပြောင်း။

၄။ စုံနှံ့သာ အသရေမချို့ပါတဲ့၊ ဆွေမြို့တော်တည့် နာဂရာ၊ စုံဝနာ ရပ်ကွက်တွင်းမှာ၊ မယွင်းပသေချာ၊ တတ်သင်ရာ မြတ်ပညာမို့ ထွန်းစေရေး မြတ်ကျောင်းတော် ဖွင့်ကာလှစ်တယ်၊ ထွန်းသစ်ရှေ့ရေး။

၅။ များပြည်သူ အရှည်တွေးပါလို့ ကျန်းမာရေးကိုတဲ့ ရှုရှုမျှော်၊ အာရောဂျ ဆေးရုံသစ်ကယ်၊ ဖွင့်လှစ်ထွန်းပေါ်၊ နိုင်ငံတော် ပြည်မော်က စိုးရမင်း။ ။ စေတနာ ဝေဖြာညွှန်းတယ်၊ ထွန်းထိန်လို့ဝင်း။

၆။ မြဘုန်းခေါင်အရှေ့တောင်ယွန်းမှာဖြင့်၊ သဇင်မြိုင်ညွှန်းငယ်တည့် ရပ်ကွက်ဆီ။ ။ မီးစက်ရုံ လျှပ်စစ်အားကို အားစိုက်ဖန်တည်း၊ မြို့လုံးငယ်ချီ၊ ရောင်ကြည်မြတင့်ရွှန်း။ ။ မြို့တော်ကို လင်းရောင်ပေးမယ်၊ ဖွေးအောင်ပထွန်း။

၇။ မြတ်ကျောင်းတော် ဆေးရုံသစ်နဲ့၊ မီးရုံသစ်ရယနဲ့ ယနေ့မှာ၊ ဆွေမြို့တော် အသရေဖြစ်စေဖို့ ဖွင့်လှစ်ကြေညာ။ ။ များပြည်

သူမှာ၊ ကြည်စွာပဘဝင်ထဲ။ ။ ရှုစမ်းပါ နုဝွမ်းဝါ ဆီစိုအိတယ်၊ ရွှန်းပီတိကဲ။

၈။ အခါတော် ပြောင်းပြန်တော့၊ ဟေမာန်ဆောင်းရယ်တဲ့ လပြာသို၊ မြောက်ပြန်လေ ဆော်ကာ သွင်းတယ်၊ ညှင်းညှဲ့ချိုချို ငွေနှင်းရည်စို၊ လေချိုကဆင့်လောင်း၊ ဖွင့်ပွဲမှာ ဆင့်ကဲကာ အသရေ တိုးတယ်၊ ကိုးဆယ်ဆပေါင်း။

၉။ မြတ်ဆရာ လမ်းညွှန်ပေးပါတဲ့၊ သွန်းသင်ရေးကိုတဲ့နာယူကာ၊ တို့သူငါ ဘဝင်ခိုက်အောင်၊ လိုက်နာကြပါ။ သို့ပါမှသာ၊ ဘေးဘယာတို့ ဖယ်ရှောင်ဝေး။ ကိုယ့်ကျန်းမာလို့ စိတ်ချမ်းသာ အ့ရှည်ခံ့တယ်၊ တည်တံ့မယ်လေး။

၁၀။ အောင်သပြေ အောင်စေညွှန်းပါလို့၊ အောင်ဝေရွှန်းပါတဲ့ ဆွေမျိုးတော်၊ အောင်စေရာ အောင်ဆုတောင်းမယ်၊ အောင်ကြောင်းရှယ်မြော်။ အောင်စေသော့် အောင်မော်မြင့် တင့်ရွှန်း၊ အောင်စည်တော် ရိုက်ဆော်ရွှမ်းတယ်၊ မွန်းရှယ်လို့ညွှန်း။

*(မြိုင်နန်းဆွေ ရေးဖွဲ့၍ စုံနံ့သာမြိုင်ဆွေမျိုးတော်ရှိ သဘင်ဂီတပညာရှင်များနှင့် တွဲဖက်ကာ နန်းကြေ့သူဇာခိုင် သီဆို ဂုဏ်ပြုသည်။)*

အခမ်းအနား ပြီးဆုံးပြီးနောက် ဧည့်သည်တော်များသည် အခြေခံ ပညာ အလယ်တန်းကျောင်းအပေါ်ထပ်တွင် ပြင်ဆင်ထားသော ပြခန်းကို လှည့်လည်ကြည့်ရှုကြသည်။ ယင်းပြ ခန်းကို မြိုင်ကြီးငူဒေသ စာပေနှင့် ယဉ်ကျေးမှုကော်မတီမှ ခင်းကျင်းပြသခြင်းဖြစ်သည်။ ပြခန်းကို လှည့်လည် ကြည့်ရှုကြပြီးနောက် တည်ခင်းဧည့်ခံသော နေ့လယ်စာကို သုံးဆောင်ကြ သည်။ ၎င်းနောက် ဆရာတော်အား တွေ့ဆုံဖူးမြော် ကြည်ညိုပြီး၊ ဧည့်သည် တော်များ ပြန်လည်ထွက်ခွာသွားခဲ့ကြသည်။

ညဘက်တွင် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ကရင်ပြည်နယ်မှာ နာမည် ကြီးလှသော "ကျော်လှသိမ့်" ကရင်ဇာတ်သဘင်ဖြင့် ဖျော်ဖြေတင်ဆက် ကပြ ရန် စီစဉ်ထားသည်။

စုံနံ့သာမြိုင်ဆွေမျိုးတော် (မြိုင်ကြီးငူဒေသ) ဖွံ့ဖြိုးမှုလုပ်ငန်းများကို စတင်အကောင်အထည်ဖော်ဆောင်ကြရာဝယ် ပဓာနအကျဆုံးဖြစ်သော လုပ်ငန်းကို စတင်ပြုလုပ်နိုင်ခဲ့ကြပြီ။ ဖွင့်ပွဲကိုပင် ခမ်းနားသိုက်မြိုက်စွာ ကျင်းပ နိုင်ခဲ့ပြီ။ အလားတူ ဖွံ့ဖြိုးမှုလုပ်ငန်းများကို တစ်ခုပြီးတစ်ခု ဆက်လက်ဆောင်

ရွက်သွားကြပါဦးမည်။ သို့ဆိုလျှင်. . .

စုံနံ့သာမြိုင်ဆွေမြို့တော် (မြိုင်ကြီးငူဒေသ) သည် မကြန့်ကြာလှသော ကာလချိန်တာအတွင်း ဖွံ့ဖြိုးစပြုနေရသော ပြည်မမှ အခြားဒေသများနှင့် တန်းတူညီမျှစွာ လက်ရေတစ်ပြင်တည်း ရှိလာတော့မည်သာတည်း။

***********

## မော်ကွန်းလက်ာများ

စုံနံ့သာမြိုင်ဆွေမြို့တော် (မြိုင်ကြီးငူဒေသ) ဖွံ့ဖြိုးတိုက်တက်ရေးကို ရှေးရှု၍ မြိုင်ကြီးငူဆရာတော်၏ ဩဝါဒကို ခံယူလျက် သက်ဆိုင်ရာတို့က ဖော်ပြပါ အဆောက်အအုံများကို တာဝန်ယူ တည်ဆောက်ပေးခဲ့သည်။ ဖွင့်လှစ်ပေးခဲ့သည်။ ယင်းဖြစ်ရပ်ကို "မော်ကွန်းတစ်ရပ် ရေးထိုးပေးပါ" ဟု ကျောင်းအုပ်ဆရာကြီး ဦးစောသိန်းအောင်၏ တိုက်တွန်းချက်အရ အောက်ပါ မော်ကွန်းလက်ာများကို ရေးဖွဲ့ပါသည်။

### စုံနံ့သာမြိုင်ဆွေမြို့တော် (မြိုင်ကြီးငူ)
### အခြေခံပညာအလယ်တန်းကျောင်း ဖွင့်ပွဲ မော်ကွန်းလက်ာ

××× ကြားစိမ့်ရှင်လူ၊ မော်ကွန်းထူပိမ့်၊ မြိုင်ကြီးငူဆရာ၊ ထေရ်မဟာလျှင်၊ ညွှန်ကာပဲ့ပြင်၊ လမ်းကြောင်းထွင်၍၊ စုံခွင်မြိုင်နန်း၊ တောစခန်းကို၊ ဖယ်ရန်းတီထွင်၊ ဤမြေပြင်၌၊ ပြည်ခွင့်စိုးရ၊ ပံ့ထောက်မလျက်၊ နတလလျှင်၊ စီအရင်ဖြင့်၊ ပြည့်ရင်မှဖွား၊ ပြည်သူသားတို့၊ သင်ကြားပညာ၊ တတ်စိမ့်ငှာဟု၊ စေတနာမိုး၊ ဝေဖြာတိုး၍၊ တန်ဖိုးအငြိမ်း (၄၁ သိန်း ၅ သောင်းမျှ)၊ သုံးကုန်ကျလျက်၊ (၁၃၅၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်၊ ၁၉-၃-၉၅ တနင်္ဂနွေနေ့ နံနက် ၉:၀၀ နာရီအချိန်တွင်)၊ ဂိမ္ဘန္တမည်၊ နွေရာသီဝယ်၊ ချစီအုတ်မြစ်၊ ကျောင်းဖြစ်မြောက်ရေး၊ စုံညီတွေးဆ၊ လုပ်အားပြလျက်၊ ဂိမ္ဘန္တပြောင်း၊ ဝသန်ညောင်း၍၊ ချမ်းဆောင်ပြာသို၊ ကျော်မိုလပြည့်၊ ၇ ရက်တည့်မှာ၊ ပွားစည့်မတိမ်း၊ ချင်းခပ်သိမ်းတို့၊ ပြီးငြိမ်းရပ်စဲ၊ ပြည့်ညီမြဲကို၊ ဖွင့်ပွဲစီရင်၊ ပျော်ပွဲရွှင်နှင့်၊ သံလွင့်ငြိမ့်ညောင်း၊ အောင်မောင်းအောင်စည်၊ ရွှမ်းရွှမ်းမြည်၍၊ ထေရ်မည်ဆရာ၊ ဖွင့်လှစ်ကာဖြင့်၊ ပညာသင်ရေး၊ နောင်ရှည်အေးဖို့၊ ကြံတွေးမျှော်ယူ၊ မော်ကွန်းထူသည်။ ။ ဗိုလ်လူအများ၊ မှတ်စရာသော်ဝ်။

## တိုက်နယ်ဆေးရုံဖွင့်ပွဲ မော်ကွန်းလက်ာ

××× မော်ကွန်းထူမည်၊ မှတ်စိမ့်ရည်လော့၊ ထေရ်မည်မဟာ၊ မြိုင်ကြီးငူဆရာက၊ ညွှန်ကာပဲ့ပြင်၊ စုံခွင်ဝနာ၊ ကန္တာမြိုင်ဆီး၊ တောကြီးအသွင်၊ ဖြစ်ခဲ့စဉ်က၊ မြို့နှင့်အလျောက်၊ ဖန်ဆင်းဆောက်လျက်၊ အံ့လောက်နေ့ချင်း၊ မြို့သွင်ချဉ်းမို့၊ ခပင်းပြည်သူ၊ ကြွက်ကြွက်ဆူမျှ၊ ဗိုလ်လူအများ၊ လွန်စည်ကားဘိ၊ သွားလာနေထိုင်၊ လုပ်မှုကိုင်မှု၊ ဓာတုဖောက်ပြား၊ ဓာတ်ချောက်ချား၍၊ နာဖျားမှလျှင်၊ ပူပင်ခပ်သိမ်း၊ ဖျက်ချေငြိမ်းဖို့၊ ဝပ်ကိန်းစေတနာ၊ ကရုဏာမိုး၊ စွေကာဖြိုးလျက်၊ ပြည့်စိုးရမင်း၊ အပ်နှင်းညွှန်ပြ၊ နတလလျှင်၊ စီအရင်ဖြင့်၊ (၅၁ သိန်းသော ငွေကြေးကို) ကုန်ကျခံ၍၊ (၁၃၅၆ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၆ ရက် (၅-၄-၉၆) ဗုဒ္ဓဟူးနေ့ နံနက် ၇ နာရီအချိန်တွင်) များဖျင်လူတို့၊ ကျန်းမာဖို့ရေး၊ မျှော်ရည်တွေးလျက်၊ စီရေးအုတ်မြစ်၊ ဆေးရုံဖြစ်ရေး၊ လုပ်အားပေးမှု၊ များအစုဖြင့်၊ ရတုဆောင်းမီ၊ ပြည်ညီကျော်မို၊ ပြာသို ၇ ရက်၊ ဤသည့်ရက်၌၊ ပြုချက်ဥဿုံ၊ အလုံးစုံတို့၊ ကုံလုံပွဲတင်၊ အောင်စည်လွှင်နှင့်၊ ဆင်ယင်ဖွင့်ပွဲ၊ ပြုဆင်နွဲသည်။ ။ နောင်မြဗိုလ်လူ - မှတ်ရာသော်ဝ်။

## လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲ မော်ကွန်းလက်ာ

××× မှတ်သိရှင်လူ၊ မော်ကွန်းထူမည်၊ မြိုင်ကြီးငူဆရာ၊ ထေရ်မဟာက၊ နံ့သာစုံမြိုင်၊ မြို့ခရိုင်တွင်း၊ မည်ရင်းသင်းကြိုင်၊ သဇင်မြိုင်ရပ်ကွက်၊ ဗဟိုချက်၌၊ မီးစက်ဓာတ်အား၊ တည်ဖန်ထားလျက်၊ မှောင်သားပယ်ခွာ၊ လင်းရောင်ဖြာမှု၊ စေ့ငုအာသာ၊ ရှိသည့်ရာကို၊ ပြည်ရွာစိုးရ၊ လမ်းညွှန်ပြ၍၊ နတလလျှင်၊ စီအရင်ဖြင့်၊ (၁၃၅၇ ခုနှစ်၊ ဝါဆိုလဆန်း ၉ ရက်၊ ၅-၇-၉၅ ဗုဒ္ဓဟူးနေ့ နံနက် ၇း၀၀ နာရီအချိန်တွင်) နှိုင်းချိန်တိုင်းဆ၊ အုတ်မြစ်ချလျက်၊ ပြုကြလုပ်သား၊ ညီညွတ်ဒအားကြောင့်၊ နှင်းများဝေဆဲ၊ ရာသီထဲဝယ်၊ ပြည်မြကျော်မို၊ ပြာသိုအချက်၊ ခုနစ်ရက်မှာ၊ ပြုစရာခပ်သိမ်း၊ ပြီးပြေငြိမ်းမို့၊ မြည်ဟိန်းပဲ့တင်၊ မိုးသို့စင်တိ၊ လွင့်ပျံဘိဂျက်၊ အောင်စည်အောင်မောင်း၊ ဘဝင်စောင်းမျှ၊ ငြိမ့်ငြောင်းသာယာ၊ ဆိုတီးကာဖြင့်၊ သဘာဆင့်ကဲ၊ ဖွင့်လှစ်ပွဲကို၊ ခြိမ့်သဲဆင်ယင်၊ အံ့ချီးတင်သည်။ ။ နောင် တွင်လူများ - မှတ်ရာသော်ဝ်။ *(မြိုင်နှန်းဆွေ 'ရေးဖွဲ့မှတ်တမ်းတင်သည်။)*

## တံတားဆောက်ရင်း လမ်းဖောက်ရင်းမှာ

ဆရာ့ကျေးဇူးဆပ်ရန် မုဒုံမြို့ ဂျုံးဂျုံးကျတောရကျောင်းမှာ လုပ်ငန်းအထွေထွေကို ပြုလုပ်နေစဉ် မြိုင်ကြီးငူတွင် မလွဲမသွေ ပြုလုပ်ရမည့် လုပ်ငန်းတစ်ခုကို စီစဉ်သည်။ ယင်းမှာ တံတားဆောက်ရန်၊ လမ်းဖောက်ရန် ဖြစ်သည်။

မြိုင်ကြီးငူဆရာတော်သည် မိမိအား အားကိုးအားထားပြု၍ ရောက်လာသော ပြည်တော်ဝင်များအရေးကို အမြဲတမ်း နှလုံးသွင်းနေလေ့ရှိသည်။ ဘာပြီးလျှင် ဘာလုပ်ပေးရမည့် လျာထားချက်က အမြဲလိုလို ရှိနေခဲ့ပြီး ဖြစ်သည်။ တည်ထောင်ပေးရုံမျှနှင့် မပြီးသေး။ တိုးတက်ဖွံ့ဖြိုးရန် လိုသေးသည်။ တိုးတက်ဖွံ့ဖြိုးရန်မှာလည်း ဆွေမြို့တော်အနေနှင့် ယခုကဲ့သို့ တောရိပ်တောင်နားမှာ တစ်မြို့တည်း ရှိနေလို့ကဖြင့် ဘာမှ ဖြစ်လာမည်မဟုတ်။ အရပ်ရပ်အနယ်နယ်နှင့် ဆက်သွယ်ကူးသန်း သွားလာနိုင်ရန် အဓိက အရေးကြီးသည်။ ဒေသတစ်ခု၏ ခေတ်မီဖွံ့ဖြိုးတိုးတက်ရန်မှာ ခရီးလမ်းပန်း ဆက်သွယ်ရေးလွယ်ကူမှုက ပဓာန အကျဆုံးဖြစ်သည်။

ယခု ဆွေမြို့တော်သည် တစ်မြို့တည်း သီးသန့်တည်ရှိနေသည်။ သည်အတိုင်းထားလို့ကဖြင့် သည်အတိုင်းပင် ဖြစ်နေမည်။ ပြည်မနှင့် ဆက်သွယ်ရန်မှာ ဘားအံမှ ရေလမ်းတစ်ခုသာ ရှိသည်။ သမားရိုးကျ ပြေးဆွဲနေသော ဘားအံ-ကမမောင်းလိုင်း မော်တော်တော့ ရှိသည်။ နံနက် ၈ နာရီကစပြီး ဘားအံမှ ထွက်လာရာ ညနေ ၄/၅ နာရီမှ ကပမောင်းရောက်သည်။ တစ်နေ့တာလုံး မော်တော်စီးရင်း ကုန်ဆုံးခဲ့သော အချိန်ကို မည်သို့မှ ပြန်ယူ

၍မရ။ ယခု ဘာအံနှင့် မြိုင်ကြီးငူ ပြေးဆွဲနေသော ဒိုင်နာစက်တပ်လှေများ တော့ ရှိသည်။ မြန်လည်း မြန်ပါသည်။ သို့သော် လှေခက ဈေးကြီးသည်။ ဆီဈေးမြင့်သည်နှင့်အမျှ လှေခပါ လိုက်တက်လာလေ့ ရှိသည်။ တော်ရုံကိစ္စနှင့် မသွားလိုကြ။ မသွားမဖြစ်ကိစ္စမျိုးလောက်သာ သွားလာနိုင်ကြသည်။ ပြီးတော့ ကုန်ပစ္စည်းများလည်း များများမတင်နိုင်။

သည်တော့ ကုန်းလမ်းခရီးကို ဖြစ်စေရသော် ကောင်းလေစွဟု ဆရာတော်၏ စိတ်အကြံမှာ ကနဦးကတည်းက ရှိနှင့်ထားသည်။ ဘားအံနှင့် ရွှေဂွန်း ၂၄ မိုင်ခရီးမှာ မြေနီလမ်း ရှိပြီးသား။ ရွှေဂွန်းနှင့် မြိုင်ကြီးငူ ၁၅ မိုင်လောက်ခရီးကိုသာ လုပ်ဖွယ်ရှိသည်။ ယိုအတွေးဖြင့် လမ်းအူကြောင်း ဖောက်၍ လမ်းကြမ်းဖောက်ထားခဲ့သည်။ ယခု ထိုလမ်းကို ရာသီမရွေး သွားလာနိုင်အောင် ပြုပြင်ရမည်။ မြိုင်ကြီးငူမှာ ကျန်ရစ်ခဲ့သော တိုက်အုပ်ဆရာတော်နှင့် မောင်လေးခင်တို့အား ပြည်တော်ဝင်များ၏ လုပ်အားဖြင့် ကမော့လဲတောင်မှ ကျောက်များကို ထုတ်လုပ်ထားရန် ညွှန်ကြားထားလိုက်သည်။ ဘားအံမြို့မှ ကိုကြည်ထွန်းနှင့်ဇနီး မရီသန်းတို့အားလည်း ၎င်းလမ်းလုပ်ရန်အတွက် ကျောက်သယ်၊ မြေသယ်ကားများကို ရှာဖွေစုစည်းထားရန်နှင့် မုဒုံကိစ္စ ပြီးပြီးချင်း လမ်းတံတားများကို ဆက်လက်လုပ်ဆောင်မည်ဟု စာရေးအကြောင်းကြားထားခဲ့သည်။

***********

မုဒုံမှာ ကိစ္စဝိစ္စများ ပြီးစီး၍ မြိုင်ကြီးငူသို့ ပြန်ရောက်လျှင် ဆောက်လုပ်ပြီးစီးနေသော ကျောင်း၊ ဆေးရုံ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံတို့ကို ဖွင့်လှစ်ပြီးနောက် လမ်းတံတားပြုလုပ်ရန် စိုင်းပြင်းတော့သည်။

တိုက်အုပ်ဆရာတော်နှင့် ပြည်တော်ဝင်များ ထုတ်လုပ်ထားသော ကျောက်များကို သယ်ယူစေ၍ ရှေးဦးစွာ မြိုင်ကြီးငူ (ဆွေမြို့တော်) အတွင်း အဓိကကျသော လမ်းများကို ခင်းကာ တစ်ပါတည်း ကတ္တရာစေးလမ်းအဖြစ် ပြုလုပ်သည်။ ဤလုပ်ငန်းကို တိုက်အုပ်ဆရာတော်နှင့် ကိုစိုးဝင်းတို့အား လွှဲထားတာဝန်ပေးခဲ့သည်။ ဆရာတော်ကိုယ်တိုင်မှာမူ အရေးကြီးသော ရွှေဂွန်းသွားလမ်း ပြုပြင်ဖောက်လုပ်ရာသို့ ကြွသွားသည်။

ယင်းလမ်းကြောင်းတစ်လျှောက် ချောင်းများ၊ မြောင်းများ အသီးသီး ရှိကြရာ တံတားများကို မလွဲမသွေ ဆောက်ရမည်။ ယင်းတို့အနက် သံပရာချောင်းကား မိုးတွင်းအခါ တောင်ကျရေ အရှိန်ပြင်းစွာ စီးဆင်းတတ်သည်။

ကျယ်လည်း ကျယ်သည်။ အရေးကြီးဆုံးဖြစ်သည်။ ထိုချောင်းကို သံကူကွန် ကရိဖြင့် အခိုင်အမာ တည်ဆောက်ထားရန် လိုသည်။ ဂန္ဓကုဋီ ဆောက်လုပ် ခြင်းကို ခေတ္တရပ်နားထားစေသည်။ ဆောက်လုပ်ရေးလုပ်သားများကို ခေါ်ယူ ၍ သံပုရာချောင်းတံတားကို စတင်ဆောက်လုပ်စေသည်။ အခြားချောင်းငယ်၊ မြောင်းငယ်၊ မြောင်းလတ်တို့အတွက် သစ်သားတံတားဆောက်လုပ်ရမည်။ ထို့အတွက် ဆွေမြို့တော်မှ လက်သမားအားလုံးကို ခေါ်ယူကာ တာဝန် အသီး သီး ခွဲဝေလုပ်စေသည်။ တံတားထိုးရလောက်အောင် မကျယ်လျှင်မူ ကွန်ကရိ ပိုက်များ မြှုပ်၍ ပေါင်းကူးရန်လျာထားစေသည်။

ကိုလှသန်း၊ ကိုကြည်ထွန်း စသော ယာဉ်မောင်းသမားများအား ကျောက်များ၊ မြေများကို သယ်ယူစေသည်။ ပြည်တော်ဝင်များအား ၎င်း တံတား ဆောက်ရာ၊ လမ်းဖောက်ရာတို့မှာ လုပ်အားအပြည့်အဝပေးစေသည်။ အချိန်စောသထက်စော၍ ပြီးစီးစေရန် ပညာရှင်အား၊ လူအား၊ ငွေအားဖြင့် ဖိ၍ လုပ်သည်။ ပြည်တော်ဝင်တို့အား လုပ်ခငွေရှင်းပေးရန် မလိုသော်လည်း ပြင်ပမှ ခေါ်ယူထားသော ပညာရှင်လုပ်သားများအတွက်ကိုမူ ရသင့်သော နေ့စားနှုန်းထားအတိုင်း ပေးချေရသည်။ တစ်ပတ်အတွင်း ပေးချေရသော လုပ်အားခငွေကြေးပမာဏမှာ မနည်းလှပေ။ သုံးသိန်းအထက်မှာ ရှိသည်။

သံပုရာချောင်းတံတားတစ်စင်းတည်မှာ ကျပ်သိန်း ၄၀၀ ကျော် ကုန်ကျသည်။ မိုးတွင်းကာလ တောင်ကျရေ အရှိန်ပြင်းစွာ ကျတက်သဖြင့် ပိုမိုခိုင်ခံ့စေရန် သံကူကွန်ကရိဖြင့် ပစ္စည်းမခိုစတမ်း ဆောက်လုပ်စေသည်။ တံတား၏ ပမာဏမှာ -

အလျား (        )ပေ၊

အနံ     (        )ပေ၊

သစ်သားတံတား (        )စင်းဖြစ်ပြီး ကွန်ကရိပိုက်လုံးမြှုပ်သော ပေါင်းကူးမှာ (        )ဖြစ်သည်။

ကုန်လိုက်သည့်ငွေမှာ သောက်သောက်လဲဖြစ်သည်။ လမ်းတံတား ဖောက်လုပ်မှုအတွက် နိုင်ငံတော်မှ တစ်နှစ်လျှင် သိန်း ၅၀ ဖြင့် သုံးနှစ်ပံ့ပိုး ပေးသည်။ ကျန်ငွေများမှာ ဒီကေဘီအိုအဖွဲ့အနေဖြင့် ထုတ်လုပ်ရရှိသော သစ်ဖိုးငွေနှင့် ဆရာတော်အား အနယ်နယ်အရပ်ရပ်မှ ပေးပို့ လှူဒါန်းသော နဝကမ္မဝတ္ထုငွေများအားလုံးကို အသုံးပြုရသည်။ လမ်းတံတား ပြုပြင်ဖောက် လုပ်ခြင်းသည် ထာဝရပုည (အမြဲကုသိုလ်မျိုး) ဖြစ်သည်။ လမ်းတံတား တည်

ရှိနေသမျှ၊ လမ်းတံတားပေါ် သွားလာနေသူရှိသမျှ အလှူရှင်ဖြစ်သူတို့အား အမြဲတမ်း ကုသိုလ်ဖြစ်စေလေသည်။

လမ်းတံတားဘက်တွင် မဲထင်းလုပ်ဆောင်နေရသဖြင့် ဂန္ဓကုဋိ စံကျောင်းတော် ဆောက်လုပ်မှုကို ခေတ္တရပ်နားထားရသည်။ ကြေးသွန်းကိစ္စ များကိုသာ လုပ်ဆောင်စေသည်။ လမ်းတံတားကို စိုင်းပြင်းလုပ်ဆောင်ချိန်မှ စ၍ ဆရာတော်သည် မြိုင်ကြီးငူသို့ပင် ပြန်မကြွတော့ဘဲ သံပုရာချောင်း တံတား တည်ဆောက်ရာမှာသာ ယာယီ သီတင်းသုံးနေထိုင်သည်။ ဦးစီး ကွပ်ကဲ လမ်းညွှန်သည်။ လိုအပ်သမျှ ပစ္စည်းပစ္စယများကို ရှာဖွေစုဆောင်း ပေးသည်။

နွေရာသီ ကျောင်းပိတ်ချိန် ရောက်လာသည်။ ဗုဒ္ဓဘာသာယဉ်ကျေး မှုသင်တန်းကို သင်ကြားရမည်ဟု ရှေးဆွကတည်းက ဆရာတော် အမိန့်ရှိ ခဲ့သည့်အတိုင်း ရှေးဦးစွာ ဆရာ၊ ဆရာမများအတွက် နည်းပြရက်တိုသင်တန်း ဖွင့်လှစ်သည်။ သင်တန်းပြဆရာမှာ မြိုင်ကြီးငူဆရာတော်နှင့် တစ်ချိန်က စာသင်ဖက်ဖြစ်ခဲ့သည်။ ရှင်နိုးကျွမ်းဝင်သူလည်း ဖြစ်သဖြင့် မြိုင်ကြီးငူ အခြေ ပျိုးစ ကာလဝယ် လိုအပ်သလို ကူညီ ဆောင်ရွက်ရန် ခေါ်ထားသူ ဖြစ်သည်။ နည်းပြသင်တန်းကို တစ်ပတ်မျှ သင်ပြပြီးနောက် ကျောင်းသား ကျောင်းသူ များအား ၂၉-၂-၉၆ ရက်မှစ၍ နှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားသည်။

ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း ဖွင့်ပွဲသို့ မြိုင်ကြီးငူဆရာတော်သည် အလုပ်များစွာကြားမှ အရောက်ပြန်ကြွလာပြီး ဖွင့်လှစ်ပေးသည်။ အဖွင့်မိန့်ခွန်း ပြောကြားရာဝယ် -

"မြိုင်ကြီးငူဒေသ (စုံနံ့သာမြိုင်ဆွေမြို့တော်)ကို အဖက်ဖက်က စတင် အခြေပျိုးနေခြင်းဖြစ်ရာ ရုပ်ဝတ္ထုဖြစ်သော အိုးအိမ်၊ ကျောင်းကန်၊ လမ်း၊ တံတားများကို တိုးတက်စေရန် ကြိုးပမ်းနေသည်နှင့်အတူ နာမ်ပိုင်းဆိုင်ရာများ ဖြစ်သော အကျင့်သီလ၊ သိက္ခာ၊ ပြောမှုဆိုမှု၊ ယဉ်ကျေးမှုများလည်း တစ်ပြေး ညီ တိုးတက်စေဖို့ လိုအပ်ကြောင်း၊ ထို့ကြောင့် နွေရာသီကျောင်းပိတ်ရက်မှာ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းကို ဖွင့်လှစ်သင်ကြားစေမည်ဟု ရည်ရွယ်ခဲ့ ကြောင်း။

ရည်ရွယ်ခဲ့သည့်အတိုင်း ယနေ့မှာ စတင် အကောင်အထည်ဖော်နေ ပြီသဖြင့် သင်ပြသူ ဆရာ၊ ဆရာမများက စိတ်ရှည်ဇွဲသန် သည်းညည်းခံကာ သင်ကြားပေးကြစေလိုကြောင်း၊ ကျောင်းသားကျောင်းသူများကလည်း သင် ကြားပေးသမျှကို ကြိုးစားသင်ယူကြရန် တိုက်တွန်းလိုကြောင်း၊ ပြောလိုသေး

သည်မှာ သင်တန်းသင်ရာမှာ စားမေးပွဲစနစ်ဖြင့် သင်ကြားစေလိုကြောင်း၊ သင်ဖူးကာမတ္တ၊ ကြားဖူးကာမတ္တမျှသဘောမျိုး မဖြစ်စေဘဲ သင်ထားသည်တို့ကို ရသင့်သမျှ ရသွားစေရန် စာမေးပွဲစနစ်ပြုလုပ်ပါမှသာ ဖြစ်ကြောင်း။

သင်တန်းပြီးဆုံးချိန်မှာ စာမေးပွဲ စစ်ဆေးစေလိုကြောင်း၊ အောင်မြင်သူများအား အထိုက်အလျောက် ဆုချီးမြှင့်၍ စာအောင်လက်မှတ်တစ်ခုစီ အပ်နှင်းမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ကျောင်းသားကျောင်းသူများကလည်း ဆရာ၊ ဆရာမများ သင်ကြားပေးသော သင်ခန်းစာများကို ရအောင် ကြိုးစားကျက်မှတ်ပြီး စစ်ဆေးမည့် စာမေးပွဲမှာ လူးချွန်အောင်မြင်စေရန် ကြိုးစားကြစေချင်ကြောင်း။ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်ခန်းစာများကို လေ့လာ သင်ကြားကြပြီးတဲ့နောက် လက်တွေ့လည်း ကျင့်ကြံ လိုက်နာဖို့ လိုမည်ဖြစ်ကြောင်း၊ သို့ပါမှသာ မိမိတို့သည် ဗုဒ္ဓဘာသာဝင် သားသမီးများပီပီ ဗုဒ္ဓယဉ်ကျေးမှု အမွေအနှစ်များကို ဆက်ခံ ထိန်းသိမ်းသော၊ စောင့်ရှောက်မြတ်နိုးသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများ ဖြစ်ကြပြီး အမျိုးဘာသာ သာသနာကို ကြီးပွားတိုးတက်အောင် ဆောင်ရွက်နိုင်သူများ ဖြစ်လာကြမှာဖြစ်ကြောင်းဖြင့် မိန့်ကြားသည်။

သင်တန်းကို ဖွင့်လှစ်သည့်နေ့မှာပင် စတင်သင်ကြားသည်။ ကျောင်းသားကျောင်းသူများအပြင် စိတ်ပါဝင်စားသူ အရပ်သူ အရပ်သားများလည်း ပါဝင်သည်။ ၎င်းတို့အတွက် အချိန်သီးသန့်ပေး၍ သင်တန်းနည်းပြဆရာကြီးက တာဝန်ယူသင်ကြားပေးသည်။ သင်တန်းကာလမှာ နှစ်ပတ်ဖြစ်သည်။ သင်တန်းပြီးဆုံးလျှင် ဆရာတော် မိန့်ကြားထားသည့်အတိုင်း စာမေးပွဲ ဖြေစေသည်။ အောင်မြင်သူများကို ဆရာတော်ကိုယ်တိုင် ဆုချီးမြှင့်၍ အောင်လက်မှတ် အပ်နှင်းသည်။

မြိုင်ကြီးငူဆရာတော်သည် သာသနာပြုခရီး လျှောက်လှမ်းခဲ့ရာဝယ် ဘုရားတည်၊ ကျောင်းဆောက်၊ သိမ်သမုတ်ခြင်း၊ သိမ်ဆောက်လုပ်ခြင်းများကို တစ်လျှောက်လုံး ပြုလုပ်ခဲ့သည်။ နောက်ပိုင်းတွင် မြိုင်ကြီးငူကို စုံနံ့သာမြိုင် ဆွေမြို့တော်အဖြစ် မြို့ပြပြည်ရွာ တည်ထောင်သောအခါ ရုံးများ၊ စာသင်ကျောင်းများ၊ မီးစက်ရုံများ တည်ဆောက်ခြင်းမှ အစပြု၍ လမ်းဖောက်၊ တံတားဆောက်ခြင်း စသော ရုပ်ဝတ္ထုဆိုင်ရာများ တိုးတက်ဖွံ့ဖြိုးလာစေရန် ကြိုးပမ်းတော်မူခဲ့ရသည်။ ရုပ်ဝတ္ထုများ တိုးတက်သည်နှင့်အတူ နာမ်ပိုင်းဆိုင်ရာ တိုးတက်မှုများလည်း တစ်ပြေးတည်း တိုးတက်လာစေရန် ရည်ရွယ်ခဲ့သည်။

ရုပ်ဝတ္ထုများ မည်မျှ တိုးတက်လာစေကာမူ နာမ်ပိုင်းဆိုင်ရာ အကျင့်သီလ၊ သိက္ခာ၊ ယဉ်ကျေးမှုများ နိမ့်ကျနေပါလျှင် အဆင်းသဏ္ဌာန်၌ အနှစ်မရှိသော "လူပေါက်ပန်း" များ ဖြစ်သွားမည်ကို စိုးရိမ်တော်မူသည်။ သို့ဖြစ်၍ အခြေခံဖြစ်သော ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းကို ဖွင့်လှစ်သင်ကြားစေသည်။ အခြေအနေ အချိန်အခါက ပေးအပ်လာလျှင် ကိုယ်ကျင့်အဘိဓမ္မာများ ယွန်းကားစေရေးအတွက် အဘိဓမ္မာသင်တန်းကိုပါ ဖွင့်လှစ်သင်ကြားပေးဦးမည်ဟု ရည်ရွယ်ထားတော်မူပါသေးသည်။

မြိုင်ကြီးငူဆရာတော်သည် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းဆင်းပွဲအပြီးမှာ ကယားပြည်နယ်သို့ ကြွပြန်သည်။ တည်ထားခဲ့ပြီးသော ဆင်တော်မတောင်ရှိ "ကမ္ဘာလုံးငြိမ်းချမ်းအေး ဆံတော်ရှင် စေတီတော်" အား ဖူးမြော်ရန်နှင့် လိုအပ်သလို စီစဉ် ဆောင်ရွက်ရန် ဖြစ်သည်။ ဆင်တော်မတောင်သို့ ရောက်လျှင် ဒေသခံပြည်သူများက တောင်ပေါ်သို့ ကားဖြင့် တက်နိုင်ရန် လမ်းဖောက်လုပ်နေသည့်အပြင် လျှပ်စစ်မီး သွယ်တန်းထွန်းညှိနိုင်အောင် ကြိုးပမ်းနေသည့်အဖြစ်ကိုပါ မြင်တွေ့ရလေသည်။

တောင်ထိပ်မှာ ခေတ္တအနားယူပြီး သိမ်သမုတ်သည့် မြေနေရာကို ရွေးချယ်သတ်မှတ်ပေးသည်။ ၎င်းနောက် ဆံတော်ရှင်စေတီတော် တည်ပြီးစက အုတ်မြစ်ချထားပေးခဲ့ပြီး ယခုပြီးစီးနေပြီဖြစ်သည့် ကမ္ဘာလုံး ရွှေဘေဘီ ဝိဇ္ဇာဥဒပါဒိ စေတီတော်များကို ဖူးမြော်ကြည်ညိုပြီး လွိုင်ကော်မြို့မှ ဦးလှစိန်အိမ်သို့ကြွခဲ့သည်။ ဦးလှစိန်အိမ်သို့ ရောက်လျှင် မင်းကတော် ဒေါ်ခင်နှယ်အေး နှင့် ဦးမျိုးအောင်တို့ လာရောက်တွေ့ဆုံဖူးမြော်ကြရာ နေ့လည်စာအတွက် အစီအစဉ်များကို ကျယ်ကျယ်ပြန့်ပြန့် တွေ့ဆုံမှာကြားသည်။

နောက်တစ်နေ့တွင် တောင်ကြီးမြို့သို့ ခရီးဆက်ခဲ့သည်။ တောင်ကြီးမြို့ စာသင်တိုက်တစ်ခုမှာ ပေးပို့ပညာသင်ကြားစေခဲ့သော လူဖြစ်သူ အရှင် [illegible] အား [illegible] ခေါ်ယူလာပြီး မန္တလေးမြို့သို့ ဆင်းခဲ့သည်။ မန္တလေးသို့ ရောက်လျှင် [illegible] မြို့ မဟာဂန္ဓာရုံ စာသင်တိုက်သို့ ပို့ဆောင်အပ်နှံပြီး ပရိယတ္တိစာပေများကို ဆက်လက်သင်ယူစေသည်။

မန္တလေးမှ ပြန်လည်လာပြီးနောက် [illegible] သို့ ရောက်သည့်တွင် [illegible] "[illegible]" [illegible]

ဖြင့် ရောက်နိုင်သမျှ သွား၍ ကားသွားမရတော့လျှင် ခြေကျင်ကြွရသည်။ ဆရာတော်နှင့်အတူ ဘုရားတည်မည့်အဖွဲ့သားများလည်း ပန်းရံပစ္စည်း အစုံအလင်နှင့် လိုက်ပါသွားသည်။ ရောက်ရှိသည်တွင် ဘုရားဟောင်းငုတ်တိုကို ရှင်းလင်းပြီး ၁၃၅၇ ခုနှစ်၊ ......... လ၊ .... ရက် မနက် ၈း၀၀ နာရီတွင် ထုံးစံနှင့်အညီ အသံမစဲ မဟာပဋ္ဌာန်းနှင့်အတူ အုတ်မြစ်ချတော်မူသည်။ ဘုရား၏ ဘွဲ့တော်ကို "ဇိနသီတလအေးစေတီတော်" ဟု သမုတ်တွင်စေသည်။

ကုလားမတောင်တန်းဟူသည်ကား အများသိပြီး ဖြစ်သည့်အတိုင်း ကေအင်န်ယူများ စိုးမိုးအုပ်ချုပ်ရာနယ်မြေ ဖြစ်မြဲပင် ဖြစ်နေသည်။ ငြိမ်းချမ်းမှု ကင်းနေသည်။ အေးချမ်းမှု ဝေးနေသည်။ ထိုကို ငြိမ်းချမ်းပါစေတော့၊ အေးချမ်းပါစေတော့ ရည်ရွယ်ကာ ကေအင်န်ယူများ ဘေးရန်ရှိသည်ကို သိပါလျက် ကြွရောက်၍ ဘုရားတည်သည်။ (အင်း. . . အစောင့်အရှောက်တော့ နည်းနည်းပါးပါး ထားရသည်ပေါ့) ဆရာတော်သည် အုတ်မြစ်ချပြီး သုံးရက်မျှ သီတင်းသုံးကာ ပြန်ကြွခဲ့သည်။ ဗိုလ်ချုပ်ကျော်သန်း အမှူးရှိသော ဒီကေဘီအေ ရဲဘော်များနှင့် ပန်းရံအဖွဲ့သားများသာ ဘုရားကို ဆက်တည်ကြသည်။

ကုလားမတောင်တန်းမှ ပြန်လာပြီးနောက် မြိုင်ကြီးငူသို့ ခေတ္တမျှသာ ပြန်ကြွသည်။ ပြန်ကြွသည်ဆိုရာမှာ သက်တော် ၈၇ နှစ်ရှိပြီဖြစ်သော မယ်တော်ကြီးအား ကြည့်ရှုလို၍ ဖြစ်သည်။ ဤကား မြိုင်ကြီးငူဆရာတော်၏ အလေ့ကောင်းတစ်ရပ် ဖြစ်သည်။ မည်သည့်ခရီးမှပဲ ပြန်လာလာ မယ်တော်ကြီးထံသို့ အလျှင်ဦးစွာရောက်မြဲဖြစ်သည်။ မယ်တော်ကြီး၏ ကျန်းမာရေး စသော အခြေအနေအထွေထွေကို မေးမြန်းမြဲဖြစ်သည်။ လိုအပ်သည်တို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် ညွှန်ကြားသည်။

မယ်တော်ကြီး သာကြောင်း မာကြောင်းတွေ့သည်နှင့် ခေတ္တခဏမျှသာ စကားစမြည် ပြောဆိုပြီး မြိုင်ကြီးငူမှာ ကိုန်းစက်မနေတော့ဘဲ လမ်းတံတားဆောက်လုပ်ရာ စခန်းယာယီဖြစ်သော သံပုရာချောင်းသို့ ပြန်ကြွသွားလေတော့သည်။ မယ်တော်ကြီးအရေးက အေးပြီဆိုလျှင် မအေးနိုင်သေးသော ပြည်တော်ဝင်များ၏အရေးကို တွေး၍ လုပ်ငန်းရှိရာသို့သော အပြေးသွားရောက်ခဲ့ရလေသည်။

လူတိုင်းအတွက် အကျိုးပေးအမျိုးမျိုးရှိသည်။ ဘုန်းကံကြီးသူတို့အဖို့ လက်ညှိုးညွှန်ရာ ရေဖြစ်သည် ဆိုကြသည်။ မြိုင်ကြီးငူဆရာတော်သည်လည်း သူ့ခေတ်သူ့အခါအရ ဘုန်းကံကြီးသူ ဆရာတော်ဟစ်ပါးဟုပင် ဆိုရပါမည်။

မြိုင်ကြီးငူဆရာတော်အနေဖြင့် လမ်းညွှန်တိုင်း ရေဖြစ်မလာ။ သို့သော် ဆရာတော်ကိုယ်တိုင်ရောက်လျှင်မူကား ဖြစ်ချင်တာတွေအားလုံး ဖြစ်တတ်လာလေ့ရှိသည်။ သည်သို့သော အကျိုးပေးထူးသည်မို့ထင်ရဲ့။ မြိုင်ကြီးငူ ဆရာတော်သည် အမြဲတမ်းလိုလို သွားလာလှုပ်ရှားနေလေ့ရှိဘိသည်။ သူသွားပါမှ၊ သူရှိပါမှ အရာရာ ပြီးစီးတတ်ရလေသည်ကိုး။

## အစိဋ္ဌာန်ဝင်ရာမှသည်

မြိုင်ကြီးငူဆရာတော်သည် ယခင်ယခင်က မကြာမကြာဆိုသလို အဓိဋ္ဌာန်တစ်မျိုးမျိုး ဝင်လေ့ရှိသည်။ အဓိဋ္ဌာန်ဝင်ခြင်းဖြင့် စိတ်ဓာတ်ကြံ့ခိုင်မှုကို တည်ဆောက်လေ့ရှိသည်။ ပြည်တော်ဝင်များအရေးကို လုံးပန်းနေရသဖြင့် မဆောက်တည်သာခဲ့။ ယခုမူ လုပ်ငန်းကိစ္စအထွေထွေကို အထိုက်အလျောက် နေရာချထားဆောင်ရွက်ထားပြီးပြီမို့ အဓိဋ္ဌာန်တစ်ရပ်ဝင်ရန်စိတ်အကြံ ဖြစ်သည်။

၁၃၅၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်နေ့မှစ၍ မင်္ဂလာသိမ်တော်တွင်းမှာ တစ်ပါးတည်း ဧကစာကျင့်သုံးခြင်းဖြင့် အဓိဋ္ဌာန်ဝင်လေတော့သည်။ သိမ်တော်တွင်းသို့ ဆွမ်းပို့ချိန်မှအပ မည်သူ့ကိုမှ မဝင်စေတော့။ နံနက် ၉ နာရီ တစ်ချိန်နှင့် ည ၇ နာရီတစ်ချိန် ဤနှစ်ချိန်သာ အပူဇော်ခံရာ သိမ်တော်ရှေ့သို့ ခေတ္တထွက်ကာ အပူဇော်ခံသည်။ လုပ်ကိုင်ဆောင်ရွက်စရာများကို ညွှန်ကြားသည်။ အဓိဋ္ဌာန်ဝင်ရာဝယ် သစ်သီးဆွမ်းကိုချည်း ၄၉ ရက် ဘုဉ်းပေး၍ သတိပဋ္ဌာန်ကို ပြန်လည်ရှုမှတ်ခြင်း ဖြစ်သည်။

အဓိဋ္ဌာန်ကာလအတွင်း ဆရာတော်သည် အာဟာရ ခြိုးခြံမှုကြောင့် ကျန်းမာရေး အနည်းငယ် ချို့ယွင်းလာသည်။ ကျန်းမာရေးဝန်ထမ်းများက ဆွမ်းအာဟာရကို ပြန်လည်မှီဝဲဘုဉ်းပေးရန် လျှောက်ထားသော်လည်း လက်မခံ။ အဓိဋ္ဌာန်အပျက်မခံလိုဟု ဆိုသည်။ ချောင်းအနည်းငယ် ဆိုးလာသည်။ သလိပ်နှင့်အတူ သွေးစသွေးနတွေ ပါလာတတ်သည်။ မြိုင်ကြီးငူမှ ကျန်းမာရေးဝန်ထမ်းများအပြင် ကမမောင်းမှ ကျန်းမာရေးဝန်ထမ်းများပါ

လာရောက်ကြည့်ရှု ကုသပေးကြသည်။ သက်သာသလိုရှိလာဆဲ တစ်နေ့ အစိဋ္ဌာန်ပြည့်ရန် နှစ်ရက်သာ လိုတော့သော မွန်းလွဲ ၄ နာရီတွင် ဆရာတော်သည် အတော်ကြီးကို မူးဝေလာသည်။ ကြည့်ရာ မြင်ရာ အရာဝတ္ထုတိုင်းကို ပတ်ချာလည်နေသဖြင့် မျက်စိကို မှိတ်ထားရသည်။

ပက်လက်ကုလားထိုင်ကြီးပေါ် အသာမှိန်းနေရင်း မျက်စိမှိတ်ကာ လက်မှပုတီးကို တစ်လုံးချင်း စိပ်နေသည်။ ထိုအချိန်တွင် အဆင်သင့်ချင်တော့ ကမမောင်းမှ ဆရာဝန်က ဆရာတော့်ကျန်းမာရေးအခြေအနေ လာရောက်ကြည့်ရှုခိုက်နှင့် ဆုံနေသည်။ စမ်းသပ်ကြည့်ရာ ဆရာတော်မှာ သွေးအားအလွန်နည်းနေသည့်အဖြစ်ကို တွေ့ရသည်။ အရေးပေါ် ကုသမှု ပြုလုပ်ပေးသည်။ ချောင်းဆိုးလာပြန်ရာ သွေးစတွေ ပါလာပြန်သည်။ ဆရာဝန်က "ဒီအတိုင်းထားလို့ မဖြစ်ပြီ၊ ရန်ကုန်ဆေးရုံကြီးသို့ ပို့မှဖြစ်တော့မည်" ဟု ဆိုလာသည်။

သို့နှင့် ဆရာတော်အား အနီးကပ်ပုဂ္ဂိုလ်က လျှောက်ထားပြီး ည ၇း၀၀ နာရီတွင် စက်လှေစီးစဉ်၍ မြိုင်ကြီးငူမှ ထွက်ခွာခဲ့သည်။ ထိုကာလဝယ် မိုးဦးကျစပြုပြီမို့ ဆရာတော်အား လှေဝမ်းအတွင်း လျောင်းနေစေကာ အပေါ်မှ ပလတ်စတစ်စများဖြင့် အုပ်မိုးပေးလာကြရသည်။ မိုးက ဖွဲရုံသာ ရှိသည်၊ သဲသဲမဲမဲကြီးမရွာသည်ကိုပင် ကျေးဇူးတင်ရဦးမည်။ ည ၉း၃၀ နာရီခန့်တွင် ဘားအံမြို့သို့ ရောက်ရှိသည်။ စက်လှေဆိပ်မှာ ဌာနဆိုင်ရာလူကြီးများ၊ သမားတော်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများ အသင့် လာရောက် ကြိုဆိုနေကြသည်။ ဆရာတော် တည်းနေကျ ဦးတင်ကြည်၊ ဒေါ်ခင်ထွေးမြင့် အိမ်သို့ရောက်သည်နှင့် သမားတော်ကြီးများက စမ်းသပ်စစ်ဆေးပြီး လိုအပ်သော ကုသမှုကို အားချင်းပြုကြသည်။

ည ၁၀း၁၅ မှ စတင်၍ ဆေးသွင်းကုသသည်။ နောက်တစ်နေ့ နံနက် ၂း၃၀ နာရီမှာ ဆေးသွင်းမှု ပြီးစီးသည်။ ဆေးသွင်းနေစဉ်နှင့် ဆေးသွင်းပြီး အချိန်တို့မှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျသွားသဖြင့် မိုးအလင်းမှာ ဆရာတော်သည် အတော်ကြီးကို လန်းလာသည်။ ရန်ကုန်ဆေးရုံကြီးသို့ သွားဖို့ မလိုပြီဟုပင် ဆိုလာသည်။

"ယနေ့ကုသမှုမှာ အရေးပေါ် ကုသမှုသာ ဖြစ်ပါကြောင်းနှင့် ရန်ကုန်ဆေးရုံကြီးမှ လိုအပ်သော စမ်းသပ်မှုများကို ပြုပါမှ အမှန်တကယ်ရောဂါ၏ အခြေအနေမှန်ကို သိနိုင်မည် ဖြစ်ကြောင်း" ဝိုင်းဝန်းလျှောက်ထားကာမှ လိုက်လျောသည်။

နံနက် ၉း၀၀ နာရီတွင် အသင့်စီစဉ်ထားသော ရဟတ်ယာဉ်ဖြင့် ဆရာတော်အား ပင့်ဆောင်ကြသည်။ နံနက် ၁၀း၁၅ နာရီတွင် ရန်ကုန်သို့ ရောက်ရှိသည်။ လေဆိပ်မှာ တာဝန်ရှိပုဂ္ဂိုလ်များ အသီးသီး ကြိုဆိုကြသည်။ မင်္ဂလာဒုံ တပ်မတော်စစ်ဆေးရုံသို့ ပို့ဆောင်ပြီး ဆရာတော်ကြီးများ ဆေးရုံတက်လျှင် သီတင်းသုံးရာဖြစ်သော ဇေတဝန်ဆောင်မှာ ထားရှိ၍ ဆေးကုသမှု ခံယူနေစေသည်။

ဆေးရုံသို့ ရောက်ရှိပြီးနောက်မှာလည်း မပြည့်သေးသော အဓိဋ္ဌာန်ကို ဖြည့်လိုသဖြင့် သစ်သီးဆွမ်းကိုသာ ဆက်လက် ဘုဉ်းပေးသည်။ ၄၉ ရက်ပြည့်ပြီးကာမှ မူလဆွမ်းကို ပြန်လည်ဘုဉ်းပေးသည်။ ဆေးရုံကြီးမှ လိုအပ်သော စမ်းသပ်စစ်ဆေးမှုများ၊ ကုသမှုများကို အထူးဂရုစိုက်၍ ကြပ်မတ်ဆောင်ရွက်ပေးသည်။ တစ်ပတ်ခန့် ဆေးကုသမှုခံယူပြီး အနားယူလိုက်ရသည်နှင့် ပင်ကိုဓာတ်ခံကောင်းသော ဆရာတော်သည် ပြန်လည်၍ ကျန်းမာရေးကောင်းမွန်လာသည်။

မြိုင်ကြီးငူဆရာတော် ဆေးရုံကြီးမှာ တက်ရောက်ကုသနေစဉ် တစ်ဆောင်တည်းမှာ ပဲခူးမြို့ ကြခတ်ဝိုင်းစာသင်တိုက်မှ တိုက်အုပ်ဆရာတော် ဆေးကုသမှုခံယူနေသည်နှင့် ကြုံသည်။ မြိုင်ကြီးငူဆရာတော်သည် ပရိယတ္တိသာသနာကို အားပေးထောက်ပံ့သောအားဖြင့် ကြခတ်ဝိုင်းစာသင်တိုက်အတွက် နဝကမ္မဝတ္ထုငွေ ၁၀၀၀၀၀/- (ကျပ် တစ်သိန်း) လှူဒါန်းသည်။

ဗုဒ္ဓသာသနာသည် ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓဟု သုံးရပ်ရှိသည့် အနက် သာသနာတော်၏ အရင်းမူလသည် ပရိယတ္တိဟူသော စာပေကျမ်းဂန်သင်ကြားခြင်းက အဓိက ပဓာနအကျဆုံး ဖြစ်သည်။ ပရိယတ္တိမရှိလျှင် ပဋိပတ္တိကျင့်စဉ်ကို မသိပြီ။ ပဋိပတ္တိကျင့်စဉ် မသိတော့ပြီဆိုမှဖြင့် မဂ်ဖိုလ်ကို ထိုးထွင်း၍သိမှု ပဋိဝေဓဟူသည်ကား မျှော်မှန်း၍ပင် မရတော့ပြီ။ ဤသည်ကို ရှေးဆရာတော်များက အောက်ပါအတိုင်း အများနားလည်စေရန် ဥပမာပြုတော်မူခဲ့ကြသည်။

ပရိယတ္တိ သည် ကန်ပေါင်နှင့်တူ၏။

ပဋိပတ္တိ သည် ကန်တွင်းရှိ ရေနှင့်တူ၏။

ပဋိဝေဓ သည် ကန်ရေမှာ ဖူးပွင့်သော ကြာပန်းနှင့်တူ၏။

ပရိယတ္တိဟူသော ကန်ပေါင်မဲ့ခဲ့သော် ပဋိပတ္တိဟူသော ကန်ရေ မရှိနိုင်။ ကန်ရေမရှိသော် ပဋိဝေဓဟူသော ကြာပန်းတို့ ဖူးပွင့်မလာနိုင်။ ထို့ကြောင့်

သာသနာတော်၏ အရင်းမူလသည် စာပေကျမ်းဂန် သင်ကြားပို့ချခြင်း ပရိယတ္တိသာလျှင် ဖြစ်ပေသည်။

ဤသည်သော ပရိယတ္တိ၏ စွမ်းပကား အခြေခံ အကျဆုံးကို သိသဖြင့် မြိုင်ကြီးငူဆရာတော်သည် မိမိစာပေသင်ကြားခဲ့ရာ မုဒုံမြို့ ဂျုံးဂျုံးကျောရစာသင်တိုက်ဘိုး ရှေးမှာ ဖော်ပြခဲ့သည့်အတိုင်း ဆောင်ရွက်ခဲ့သည်။ ယခုလည်း ပရိယတ္တိကို စွမ်းဆောင်နေသော ကြခတ်ဝိုင်း စာသင်တိုက်အတွက် ထောက်ပံ့လှူဒါန်းပြန်သည်။

ကျန်းမာရေးကောင်းမွန်လာပြီးနောက် ခရီးထွက်နိုင်လောက်သော အခြေအနေ ရှိလာချိန်တွင် မန္တလေးသို့ နေ့ချင်းပြန်ခရီးထွက်သည်။ ဘေသဇ္ဇမုနိ ကြေးသွန်းရုပ်ပွားတော်ကြီးအတွက် ရွှေပြားခတ်ရန်ကိစ္စ ဖြစ်သည်။ ထိုသို့သွားရောက်စဉ်ဝယ် အမရပူရ မဟာဂန္ဓာရုံစာသင်တိုက်သို့ ရောက်အောင်သွား၍ နဝကမ္မဝတ္ထုငွေ ကျပ် တစ်သိန်း (၁၀၀၀၀၀)ကို ပေးလှူပြန်သည်။

မန္တလေးမှ ပြန်လာပြီး နောက်တွင်လည်း -

ညောင်တုန်းမြို့ ရွှေဟင်္သာတောရစာသင်တိုက်သို့လည်းကောင်း၊

ခရမ်းမြို့ ကိုင်းကုန်းစာသင်တိုက်သို့လည်းကောင်း၊

အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း ကြွရောက်ကာ ပရိယတ္တိသာသနာတော်အတွက် နဝကမ္မဝတ္ထုငွေ ကျပ် တစ်သိန်း (၁၀၀၀၀၀)စီ ပေးလှူပြန်သည်။

ငင်းနောက် မြိုင်ကြီးငူဆရာတော်သည် ခရီးထွက်လက်စဖြင့် ကယားပြည်နယ်သို့ ကြွရန် ပြင်ဆင်သည်။ ကမ္ဘာလုံးငြိမ်းချမ်းအေးဆံတော်ရှင် စေတီတော်အနီးတွင် သိမ်သမုတ်ရန်နှင့် အနန္တသုခဓာတ်ပေါင်းစုစေတီ တည်ရန်ဖြစ်သည်။ မြိုင်ကြီးငူသို့ လှူလွှတ်၍ သိမ်သမုတ်တော်မူမည့် သံဃာတော်များနှင့် ဘုရားတည် အဖွဲ့သားများအား သွားရောက်ပင့်ဆောင် ခေါ်ယူစေသည်။

လူစုံရောက်ရှိသည်နှင့် ပရိသတ်များနှင့်အတူ ကယားပြည်နယ် ဒီမောဆိုးမြို့နယ်၊ နန်းမယ်ခုံရွာအနီးရှိ ဆင်တော်မတောင်သို့ ကြွသည်။ သိမ်သမုတ်ပြီးနောက် အနန္တသုခ ဓာတ်ပေါင်းစုစေတီအတွက် အုတ်မြစ်ချသည်။ ငင်းနောက် ပန်းရံအဖွဲ့အား ဘုရားဆက်လက်တည်ထားရန် မှာကြားပြီး မြိုင်ကြီးငူသို့ ပြန်ကြွခဲ့လေသည်။

# (၄၈) နှစ်မြောက် မွေးနေ့နှင့် မြိုင်ကြီးငူ အဘိခမ္မာသင်တန်း

၁၃၅၈ ခုနှစ်၊ ဒုတိယ ဝါဆိုလပြည့်ကျော် ၃ ရက် သောကြာနေ့သည် မြိုင်ကြီးငူဆရာတော်၏ (၄၈) နှစ်မြောက် မွေးနေ့ ဖြစ်သည်။ ဆရာတော်၏ မွေးနေ့ကို ဒီကေဘီအေများ၊ ပြည်တော်ဝင်များက ခြိမ့်ခြိမ့်သဲသဲ ကျင်းပကာ ပူဇော်ကြသည်။ ရပ်ဝေးရပ်နီးမှ ဧည့်သည်တော်များလည်း လာရောက်ဖူးမြော် ပူဇော်ကြသည်။ ယင်းနှင့် ပတ်သက်၍ ထိုစဉ်က ရေးထားခဲ့သော မှတ်တမ်း ဆောင်းပါးကို ဖော်ပြအပ်ပါသည်။

***********

၁၃၅၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၃ ရက် (၂-၈-၉၆) သောကြာနေ့သည် မြိုင်ကြီးငူဆရာတော်ဘုရား၏ (၄၈)နှစ်ပြည့်မြောက်သော မွေးနေ့မင်္ဂလာရက်မြတ်ဖြစ်သည်။

စုံနံ့သာမြိုင်ဆွေမြို့တော် (မြိုင်ကြီးငူဒေသ)မှာ ရောက်ရှိနေထိုင်ကြကုန်သော ပြည်တော်ဝင်မှ အစပြု၍ ရွာပြောင်း၊ ရွာရှောင် ပုဂ္ဂိုလ်အသီးသီးတို့သည် မြိုင်ကြီးငူဆရာတော်ဘုရား၏ ကြီးမားသော မေတ္တာ၊ စေတနာ၊ ကရုဏာတော်ကြောင့် အေးအေးလူလူ ပူပင်ကြောင့်ကြမဲ့ နေထိုင်ကြသည်။

ဆရာတော်ဘုရားအနေဖြင့် မူလတောရိပ်သို့ မှီးစဉ်ကာလက မိမိတစ်ပါးတည်းအတွက် (ကိုယ်ကျိုးအတွက်) ရည်ရွယ်ခဲ့သည်။ သို့သော် ဖြစ်ပေါ်လာသော အခြေအနေ၊ ပေးအပ်လာသော အခြေအနေတို့အရ ကိုယ်ကျိုးကို ခေတ္တဖယ်ထားခဲ့ရသည်။ ဉာတတ္ထစရိယခေါ် မိမိအမျိုးသားတို့အတွက် ကျင့်ဆောင်ဖွယ်တို့ ဖန်လာခဲ့သည်။

ထိုဉာတတ္ထစရိယ အရေးသည်လည်း ဘာသာ-သာသနာနှင့် ယှဉ်တွဲ၍ ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ တစ်နွယ်ငင်သော် တစ်စင်ပါဆိုသကဲ့သို့ တစ်ခုကို ဆောင်ရွက်လျှင် ကျန်သည်တို့ကိုပါ ဆောင်ရွက်ပြီး ဖြစ်နေသဖြင့် ထိုအရာအားလုံး တစ်ပြိုက်နက် ပြီးမြောက်စေရန် အားထုတ်ကြိုးပမ်းတော်မူသည်။

ယခင်က တောကြီးမျက်မည်း အတိပြီးသော မြိုင်ကြီးငူသည် ယခုဆိုပြည်သူ့ဆေးရုံ၊ စာသင်ကျောင်း၊ စာတိုက်၊ လျှပ်စစ်မီး၊ ရုပ်သံထပ်ဆင့်လွှင့်စက်စသည်တို့ဖြင့် လည်းကောင်း၊ ဆူးငြောင့်ခလုတ်ကန်သင်းများဖြင့် ပြွမ်းသော တောလမ်းခရီးသည် ကတ္တရာစေးခင်းလမ်းမကြီးအဖြစ် လည်းကောင်း၊ သစ်ကြီးဝါးကြီးများဖြင့် ပြည့်နှက်နေသော တောရပ်မြိုင်ခြေသည် လူနေအိမ်ခြေများနှင့် ပြည့်၍လည်းကောင်း စုံနံ့သာမြိုင်ဆွေမြို့တော်ဟူသော အမည်ဖြင့်မြို့ရွာအသွင်သို့ ရုတ်ခြည်းပြောင်းလဲလာခဲ့သည်။

တစ်ချိန်ကဆို ဤရပ်ဌာနသို့ လာရောက်ရန်မှာ ပြည်မသားတို့အဖို့လွန်စွာမှ ခက်ခဲသည်။ သောင်းကျန်းသူများ မင်းမူရာ အမည်းရောင်နယ်မြေအဖြစ် သတ်မှတ်ခံခဲ့ရသည်။ ယခုဆို ပြည်မနှင့် ဥဒဟိုသွားလာ ကူးသန်းနိုင်ကြပြီ။ ဒေသခံတို့အနေဖြင့်လည်း အသက်ကိုမှ ပြင်းပြင်းမရှုဖွဲ့လောက်အောင်အနေအထားမှ လွတ်လွတ်လပ်လပ် ဘေးရန်ကင်းရှင်းစွာ သွားလာနေထိုင်လုပ်ကိုင်စားသောက်နိုင်လာခဲ့ကြသည်။

ဤမည်သော တိုးတက်သည့် အခြေအနေကို ဖြစ်ထွန်းစေသူမှာမြိုင်ကြီးငူဆရာတော် ဖြစ်သည်။ ဤဂုဏ်ကျေးဇူးတော်ကို ရည်မျှော်လျက်စုံနံ့သာမြိုင်ဆွေမြို့တော်တွင်းရှိ နေထိုင်သူတို့သည် ဆရာတော်ဘုရားအားကျေးဇူးဆပ်သောအားဖြင့် (ဝါ) ကျေးဇူးတုံ့ဆပ်သောအားဖြင့် ပူဇော်မှုတစ်ခုခုပြုလုပ်ရန် စိုင်းပြင်းခဲ့ကြသည်။ ပူဇော်ပွဲ သီးခြားပြုလုပ်လျှင်လည်း ဆရာတော်က လက်ခံလိမ့်မည် မဟုတ်မှန်း သိသည်။ သို့ဖြစ်ရာ အကြောင်းပြကောင်းအောင် ၂-၈-၉၆ နေ့၌ မွေးနေ့မင်္ဂလာပွဲအဖြစ် ကျင်းပပြုလုပ် ပူဇော်ရပါမူကောင်းလေစွဟု အကြံဖြစ်ပေါ်လာသည်။ ထိုအကြံကို စာပေနှင့်ယဉ်ကျေးမှု

ဦးစီးကော်မတီ ဥက္ကဋ္ဌကြီး ဦးသံမဏိမင်းဒင်က ကြီးမှူး၍ အကောင်အထည် ဖော် ဆောင်ရွက်သည်။

ရေဆိပ်မှ အတက်နှင့် ကျောင်းဝင်းအဝင်တွင် ဆရာတော်ဘုရား၏ ပုံတူပန်းချီကားနှင့်အတူ ခန့်ညားသော မုခ်ဝနှစ်ခု တည်ဆောက်သည်။ အခမ်း အနား ကျင်းပရာ ဓမ္မာရုံသစ်ကြီးတွင် ခမ်းနားသစ်လွင် ပြင်ဆင်ထားသည်။ ပင့်ကျောင်း ၅၀ ကျောင်းမှ ဆရာတော် သံဃာတော်များကို ပင့်ဖိတ်ထား သည်။

အခမ်းအနားကို ၂-၈-၉၆ နေ့ နံနက် ၆း၀၀ နာရီမှာ စတင်ကျင်းပ သည်။ ရှေးဦးစွာ ဆရာတော်အား သီတင်းသုံးရာ မင်္ဂလာသိမ်တော်မှ ရွှေထီး များမိုး၍ အခမ်းအနားဖြင့် ပင့်ဆောင်လာသည်။ ပင့်ဆောင်လာစဉ်တွင် ရှည်လျားသော စောင်းတန်းတစ်လျှောက်မှ ပရိသတ်များက ဝဲယာနှစ်ဖက်မှ လက်အုပ်ချီကာ -

"ဆရာတော်ဘုရား ကျန်းမာပါစေ"

"ဆရာတော်ဘုရား သက်တော်ရာကျော်ရှည်ပါစေ"

"အမျိုးဘာသာ သာသနာကို ဆထက်ထမ်းပိုး ဆောင်ရွက်နိုင် ပါစေ" ဟု ညီညာဖြိုဖြို ကြွေးကြော်သံဖြင့် ပူဇော်ကြသည်။

ထိုအချိန်တွင် အခမ်းအနား ကျင်းပရာ မင်္ဂလာဆိုင်းဝိုင်းတော်မှ မင်္ဂလာစည်တော် ရွမ်း၍ ကြိုဆိုပူဇော်ကြသည်။ ဆရာတော်ဘုရား ရောက်ရှိ နေရာယူပြီးသည်နှင့် အခမ်းအနားကို စတင်ကျင်းပသည်။ အခမ်းအနားသို့ ပင့်ဖိတ်ထားသော ဆရာတော် သံဃာတော်များ၊ ဒီကေဘီအေ အရာရှိများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်မဟော်ဝင်များ၊ သတင်းကြား သဖြင့် လာရောက်ကြသော ရပ်ဝေးရပ်နီး ဧည့်ပရိသတ်များတို့ တက်ရောက် ကြသည်။ ပရိသတ်ကား မှန်းထားသည်ထက် အထူးများပြားသည်။ ဓမ္မာရုံကြီး အပြင်ဘက် ဘေးပတ်လည်မြေပြင်မှာ ထိုင်နေရသည့် ပရိသတ်ကိုက ဓမ္မာရုံ ကြီး သုံးလုံးစာမျှ ရှိသည်။

ဤရက်အတွင်း မိုးကြီးသည်းထန်စွာ ရွာသွန်းနေသည်။ သံလွင်မြစ် ရေသည် အတက်ကြမ်းသည်။ ကမ်းလုံးပြည့်မက ကမ်းပေါ်ကိုပင် တော်တော် များများ လျှံတက်ခဲ့သည်။ (ဆရာတော့်အဆိုအရ မိမိရောက်ရှိပြီး ၂၄ နှစ် အတွင်း ဤနှစ်ရေသည် အကြီးဆုံးဟု ဆိုသည်။) မြစ်ကမ်းပါးရှိ ရပ်ကွက်များ မှာ လှေဖြင့် ကူးသန်းသွားလာကြရသည်။ ဤမျှ အပြီးကြီးစွာ ရွာသွန်းခဲ့သော

မိုးသည် အခမ်းအနား ကျင်းပခါနီးဝယ် ဘူးဆန်းလှစွာ တိခနဲ ရပ်သွားသည်။ နေရောင်များပင် ပြူထွက်လာသည်။ သို့ဖြစ်၍လည်း ပရိသတ်များသည် ဓမ္မာရုံအပြင်ဘက်မှနေ၍ မွေးနေ့မင်္ဂလာပူဇော်ပွဲကို ပါဝင်နိုင်ကြခြင်းဖြစ်သည်။

နံနက် ၆း၃၀ နာရီတိတိ ဆရာတော်ဘုရား မွေးဖွားခဲ့သော အချိန်တွင် သက်စေ့ဆီမီးကို ဆရာတော်ကိုယ်တိုင် ထွန်းညှိ၍ ဘုရားအား ပူဇော်သည်။ ၎င်းနောက် ကရင်ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာကို မယ်တော်ကြီးမှ ရှေးဦးစွာ ပြုလုပ်ပေးသည်။ ယင်းနောက် ခုနစ်ရက်သားသမီးတို့ ကိုယ်စား နေ့အလိုက် ဂေါပကလူကြီးများက ဆက်လက်ပြုလုပ်ကြသည်။

အစီအစဉ်အရ ဆက်လက်ကျင်းပရာမှာ ဆရာတော်ဘုရားထံမှ သီလခံယူခြင်း၊ ပရိတ်တရားချီးမြှင့်သည်ကို နာကြားပြီးနောက် မြိုင်ကြီးငူဆရာတော်အား အောက်ပါသြဘာရတုပိုဒ်စုံဖြင့် သီဆိုပူဇော်သည်။

## ၁၃၅၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၃ ရက်၊ သောကြာနေ့ယနေ့တွင် ကျရောက်သော မြိုင်ကြီးငူဆရာတော်ဘုရား၏ (၄၈) နှစ်မြောက် မွေးနေ့မင်္ဂလာတွင် သီဆိုပူဇော်အပ်သော ရတုပိုဒ်စုံပါဘုရား (စကြာလည်ရတုပိုဒ်စုံ)

၁။ ပွင့်လန်းပြိုင်တူ၊ သင်းပျံ့ကြူသား၊ ကမ္ဘူခင်တန်း၊ မြောင်စခန်းနှင့်၊ တောင်ကမ်းပတ်ရံ၊ ဝင်းပလျှံတည့်၊ မြိုင်ယံပတ်ကုံး၊ သာတင့်ဆုံးလျက်၊ ဂမုန်းစုံညီ၊ သရဖီပိတောက်၊ ကြိုင်လှျောက်ကံ့ကော်၊ တောလုံးမော်မျှ၊ ပွင့်သော်ဆင့်ဆင့်၊ ပင်လုံးတင့်၍၊ တောနှင့်တောင်ယံ၊ လှလိမ်းကျံသည့်၊ ဝသန်ခါထူး၊ ဝါဆိုဦးဝယ်၊ ပွင့်ဖူးပမာ၊ မွေးဖွားလာ၍၊ စုံဖြာတင့်ဆန်း၊ ဖူးပွင့်မှန်းသည်။ ။ ပွင့်လန်းပြိုင်တူသို့ပါဘုရား။

၂။ တင့်ဆန်းလှိုင်ကြူ၊ တောလုံးအူသား၊ တူရှုနောက်ရှေ့၊ လေအငွေ့ဝယ်၊ မွှေ့မွှေ့ညင်သာ၊ တောလုံးဖြာလျက်၊ ကန္တာမြိုင်တွင်း၊ မွှေးပျံ့သင်းသည့်၊ ပင်မင်းသရဖီ၊ ပန်းမြတ်မည်နှင့်၊ ချိုအီကြိုင်လှျောက်၊ ပိတောက်ရွှေဝါ၊ ရန့်ဖြာရှင့်၊ ငွေလွှာညွန်းဖော်၊ ပန်းကံ့ကော်လျှင်၊ တောလုံးစင်မျှ၊ ချိုလွင်သင်းပျံ့၊ ပတ်ကုံးနှံ့လျက်၊ ရနံ့ချိုအေး၊ လေအသွေးဝယ်၊ ကြူမွှေးပက်ဖျန်း၊ မြိုင်လုံးလန်းသည်။ ။ တင့်ဆန်းလှိုင်ကြူ-သို့ပါဘုရား။

၃။ မြင့်ပန်းပိုင်သူ၊ သူတစ်လူမို့၊ ပြည်သူသနင်း၊ စိုးရမင်းနှင့်၊ ခပင်းပြည်သူ၊ အဆူဆူတို့၊ ညီတူညွတ်ရုံး၊ ရင်ဝယ်ပြုံး၍၊ ထွတ်ဘုန်းလျှံဝေ၊ တောင်းဆု

ခြွေသား၊ တည်စေသက်တော်၊ ရာရှည်ကျော်လျက်၊ နှုန်းပျော်မဲ့လျဉ်း၊ ကမ္ဘာချဉ်းအောင်၊ ဘုန်းမင်းမြတ်စွာ၊ သာသနာကို၊ ဆက်ကာညွှန်းရှု ပြုနိုင်ပါစေ၊ မေတ္တာဝေလျက်၊ မသွေတည့်မှန်း၊ တူပြိုင်ဖျန်းသည်။ ။
မြင့်ပန်းပိုင်သူ-မို့ပါဘုရား။

*(မြိုင်နန်းဆွေ ရေးဖွဲ့၍ အငြိမ့်သမ မိုးသူဇာ သီဆိုပူဇော်သည်။)*

၎င်းနောက် အောက်ပါ ဂုဏ်ပြုပုလဲသွယ် တေးထပ်ဖြင့် ဂုဏ်ပြု သီဆိုပူဇော်သည်။ -

ကျေးဇူး ဂုဏ် လျှော်ဆုံးမို့
တော် သုံးတဲ့ မူမှန်
သခင် နှုန်း ပြိုင်တူစံတယ်
မြိုင် ငွယ် ခိုခိုက်။
ကြီး မြင့်လှ လူ့သက်တာကို
ငူ ထက်မှာ ဆုံးမဲ့ကြဲလိုက်။
ဆရာ ရှင့် မျှော်စိတ်ကြဲ
တော် ဓိဋ္ဌာန်ရည်ပိုက်
ဘဒ္ဒန္တန် မည်ထိုက်အောင်
သု စရိုက်လမ်းညွှန်၊
ဓ ယဆု အောင်လံထူးကို
န ဘုံဦး မြူးဝင့်ကာချွန်။
အရှင် မြတ် မှတ်ကြောင်းမွန်ကို
မြတ် ကောင်းအလွန် မခြားတူချင်းမို့
အား ယူရင်း ဆုံစုကာပင်
ဂုဏ်ပြု ပါချင်
ပူဇော် သမူ မျက်နှာရွှင်သည်
လျက်ပါ အစဉ် ဦးခိုက်တင်လို့လေး။ ။

*(မြိုင်နန်းဆွေ ရေးဖွဲ့၍ နန်းကြေးသူဇာခိုင် ဂုဏ်ပြုသီဆို ပူဇော်သည်။)*

တို့နောက် ကြွရောက်လာသော ပရိသတ်အားလုံးက မြိုင်ကြီးငူ ဆရာတော်ဘုရားအား "ဆရာကန်တော့ချိုး" ဖြင့် ညီညာဖြိုဖြို ကန်တော့ကြသည်။ ဆရာတော်ဘုရားထံမှ ဩဝါဒကထာ မြွက်ကြားသည်ကို နာယူကြသည်။ လှူဒါန်းဖွယ် ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ပရိသတ်အသီးသီးက ဆရာတော်အား သာဟတ္ထိကဒါနမြောက် ဆက်ကပ်လှူဒါန်းပြီးနောက် ရေစက်သွန်းချ အမျှဝေကာ နံနက် ၇း၃၅ နာရီတွင် "ကျေးဇူးဂုဏ်တော် မှန်းရည်မျှော်" ဓမ္မတေးဖြင့် သီဆိုပူဇော်ကာ မွေးနေ့မင်္ဂလာ ပူဇော်ပွဲ အခမ်းအနား ပြီးဆုံးခဲ့လေသည်။

အခမ်းအနား ပြီးဆုံးပြီးနောက် (ထူးခြားသည်မှာ) ပရိသတ်များ သွားလာရလွယ်ကူစိမ့်သောငှာ ထိုနေ့တစ်နေ့လုံးအဖို့ လုံးဝနီးပါး မိုးမရွာဘဲရှိသည်။ ပရိသတ်များ စဲလောက်သည့်အချိန် ညနေ ၆း၀၀ နာရီ လောက်မှစ၍ မိုးသည် သဲကြီးမဲကြီး ရွာချတော့သည်။ မိုးပြိုပြိုလား အောက်မေ့ရလောက်အောင်ကို သည်းထန်စွာ ရွာသွန်းသည်။

မြိုင်ကြီးငူဆရာတော်၏ (၄၈) နှစ်မြောက် မွေးနေ့ပူဇော်ပွဲကို ပလ္လင်နတ်မင်းသည်ပင် ဝမ်းသာအားရကြည်ညိုလွန်းစွာဖြင့် ထုတိဩဘာကောင်းချီး ပေးလေသလောဟု ထင်မှတ်ဖွယ်ပင် ဖြစ်ပေတော့သည်။

**********

၂-၈-၉၆၊ ညနေ ၃း၃၀ နာရီတွင် ဖြစ်သည်။

ယနေ့တွင် ကျရောက်သော (၄၈) နှစ်မြောက် မွေးနေ့တွင် မြိုင်ကြီးငူဆရာတော်သည် သာသနာရေး ကြိုးပမ်းချက်တစ်ရပ်ကို မှတ်မှတ်ရရ ဆောင်ရွက်တော်မူသည်။ မြိုင်ကြီးငူဒေသ ၉. ၁နှင့် ယဉ်ကျေးမှု ဦးစီးကော်မတီနာယကဆရာတော်ကြီးအနေဖြင့် "မြိုင်ကြီးငူအဘိဓမ္မာသင်တန်း" ကို စတင်ဖွင့်လှစ် သင်ကြားတော်မူခြင်းဖြစ်သည်။

ဆရာတော်သည် သာသနာပြုလုပ်ငန်းအဖြစ် ဘုရားအဆူဆူ၊ သိမ်အဆူဆူ၊ ကျောင်းအဆောင်ဆောင် တို့ကို တည်ထားခဲ့သည်။ တည်ထားဆဲလည်း ဖြစ်သည်။ ယနေ့အချိန်တွင် ဉာတတ္ထစရိယအဖြစ် မိမိအမျိုးသားတို့၏ နားမျက်စိကို ဖွင့်ပေးသောအားဖြင့် အဖက်ဖက်မှ နေ့ချင်းညချင်းဆိုသလို ဖရိုန်အဟုန်နှင့် တိုးတက်လာစေရန် မြို့ပြပြည်ရွာ တည်ထားပေးခြင်း၊ လမ်းပါဘားဖောက်လုပ်ပေးခြင်း စသည်တို့ကို ငွေသိန်းပေါင်းများစွာ အကုန်အကျ

ခဲ့ကာ လမ်းညွှန်စီစဉ် လုပ်ဆောင်ပေးလျက်ရှိသည်။ လုပ်ဆောင်ပေးသည်နှင့် အမျှလည်း ရုပ်ဝတ္ထုဆိုင်ရာများမှာ အချိန်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။

အချိန်တိုကာလအတွင်း ရုပ်ဝတ္ထုများ အထိုက်အလျောက် တိုးတက်ခဲ့သည်။ ယင်းနှင့်အတူ နာမ်ပိုင်းဆိုင်ရာ တိုးတက်မှုများကိုလည်း တစ်ပါတည်း ဖွံ့ဖြိုးတိုးတက်လာစေချင်သည်။ သို့ဖြစ်၍ ကလေးသူငယ်များအား နွေရာသီတုန်းက ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ ယင်းမှတစ်ဆင့်မြင့်ဖြစ်သော အဘိဓမ္မာသင်တန်းကို ယနေ့မှာ ကြီးမှူးဖွင့်လှစ်တော်မူပြန်ပါသည်။ သင်တန်းကာလမှာ နိုင်ငံတော်မှ ကျင်းပသော အဘိဓမ္မာ စာမေးပွဲကို ဝင်ရောက်ဖြေဆိုချိန်ထိ ဖြစ်သည်။

ဗုဒ္ဓအဘိဓမ္မာကို လေ့လာသင်ကြားကြခြင်းဖြင့် (တိုတိုဆိုရလျှင်) ကုသိုလ်၊ အကုသိုလ်ကို သိနားလည်မည်။ အနေတတ်မည်။ အသေတတ်မည်။ နိဗ္ဗာန်ရောက်ရန် လမ်းစကို သိမြင်မည်။ သို့ဖြစ်၍ လေ့လာရုံမျှ ကြားဖူးနားဝရှိရုံမျှဖြင့် မလုံလောက်။ ဘဝတစ်သက်တာလုံး ရထား၊ သိထားစေလိုသဖြင့် စာမေးပွဲစနစ်ဖြင့် သင်ကြားရန် ကြံရွယ်တော်မူသည်။ ထို့ကြောင့် သင်တန်းကာလမှာ ၆ လနီးပါး ရှည်ကြာမည်ဖြစ်သည်။

ဤမည်သော သင်တန်းရှည်ကြီးတစ်လျှောက်လုံးမှာ အမြဲတမ်းအလုပ်များနေလေ့ရှိသော ဆရာတော်အနေဖြင့် အချိန်ပြည့် သင်ကြားပေးနေနိုင်မည်မဟုတ်ပေ၊ ယင်းကြောင့် မိမိနှင့် စာသင်ဘက်ဖြစ်ခဲ့ဖူးသူ တစ်ဦးအား တာဝန်ပေး သင်ကြားစေသည်။ ဆရာတော်မှာမူ ရံဖန်ရံခါ ဆိုသလို ဝင်ရောက်သင်ကြားလေ့ရှိသည်။

သင်တန်းချိန်မှာ ဟစ်နေ့လျှင် နှစ်ချိန်ခွဲခြားထားသည်။ နံနက် ၇း၀၀ နာရီမှာ အရပ်သူ၊ အရပ်သားများအား သင်ပြပေးသည်။ ည ၇း၀၀ နာရီမှာ မြို့ကြီးငူတွင် လာရောက်တာဝန်ထမ်းဆောင်နေကြသော ဆရာ၊ ဆရာမများနှင့် ဒီကေဘီအေမှ ဖဒိုများ၊ ရဲဘော်များအား သင်ပြပေးသည်။ စာမေးပွဲစနစ်နှင့် သင်ကြားသည်ဖြစ်၍ ယခင်သင်တန်းများလောက် သင်တန်းသားဦးရေမများလှပေ။ စာမေးပွဲစနစ် သင်ကြားရာမှ ဗဟုသုတရရုံ၊ ကြားဖူးနားဝရှိရုံမျှမဟုတ်။ ရအောင် အလွတ်ကျက်မှတ်ရ၊ ပြန်ဆိုရ၊ ဖြေရ လေ့ကျင့်ရသဖြင့် တော်ရုံတွဲ သာမညစေတနာမျှဖြင့် မရနိုင်ပေ။ အားလုံးပေါင်းမှ သင်တန်းသား ၇၀ ခန့်သာ ရှိသည်။

မည်သို့ဆိုစေ အဘိဓမ္မာသင်တန်းသည် အရေအတွက်ထက် အရည်အချင်းကို အဓိကထားသော သင်တန်းဖြစ်သည်။ ပထမနှစ်အတွက် ဤမျှ

သော သင်တန်းသားဦးရေမှာ နည်းသည်မဆိုသာပေ။ ဤသင်တန်းသားများမှ တစ်ဆင့် ဆင့်ပွား ဆင့်ပွား သွားကြလျှင် အဘိဓမ္မာအမြင်များ လက်ဆင့်ကမ်း ပွားများသွားမည်သာ ဖြစ်ပေသည်။

နာမ်ပိုင်းဆိုင်ရာ တိုးတက်ဖွံ့ဖြိုးဖို့ ဆိုသည်မှာ ရုပ်ပိုင်းဆိုင်ရာကို ပြုပြင်ရသလောက် လွယ်ကူမှု မရှိချေ။ ထမ်းပိုးသယ်ဆောင်၍မရ။ ခေတ်မီ စက်ကိရိယာများဖြင့်လည်း ပြုလုပ်၍ မရ။ အချိန်များစွာ ယူရသည်။ စိတ်ရှည် ရမည်။ ဇွဲရှိရမည်။ သည်းညည်းခံနိုင်စွမ်းရှိရမည်။ "စိတ်ရှည်ဇွဲသန် သည်းညည်းခံ၊ ပြုရန်သာသနာ" ဟူသော ဆောင်ပုဒ်ကို လက်ကိုင်ထားသော ဆရာတော်ဖြစ်သည်မို့ ဤမည်သော အဘိဓမ္မာသင်တန်းကို စိတ်ရှည်ရှည် ထား၍ နှစ်စဉ် ဆက်လက်ဖွင့်လှစ်သွားရန် စိတ်အကြံပြုထားပြီး ဖြစ်သည်။

မြန်မာ့သာသနာ့သမိုင်းတွင် သာသနာပြုဆရာတော်များစွာတို့သည် မိမိတို့ စွမ်းအားရှိသလောက် သန်ရာသန်ရာကို ပါရမီ အထောက်အပံ့ အလျောက် ပြုကြသည်ချည်း ဖြစ်သည်။

၁။ ပရိယတ္တိ ဝိသာရဒ ဖြစ်တော်မူကြကုန်သော ဆရာတော်ဘုရား ကြီးများက ပရိယတ္တိသာသနာကို ထွန်းကားပြန့်ပွားတည်တံ့ အောင် ဆောင်ရွက်တော်မူကြသည်။

၂။ ပဋိပတ္တိကျင့်စဉ်မှာ ကျွမ်းကျင်လိမ္မာ အားသန်တော်မူကြ ကုန်သော ဆရာတော်ဘုရားကြီးများက ပဋိပတ္တိသာသနာကို ပြန့်ပွားအောင် ဆောင်ရွက်တော်မူကြသည်။

၃။ အချို့ဆရာတော်ကြီးများက ပရိယတ္တိ၊ ပဋိပတ္တိကို အထိုက် အလျောက် စွမ်းဆောင်တော်မူကြပြီးနောက် ဗုဒ္ဓသာသနာ မထွန်းကားသေးသော၊ ပျံ့နှံ့မှု အားနည်းနေသေးသော တော အရပ်ရပ်၊ တောင်အသွယ်သွယ်တို့ကို ကြွရောက်ကာ သာသနာ ပြုတော်မူကြသည်။ တောတောင်တွင်း သာသနာပြုရသည်မှာ မလွယ်ကူလှ။ မူလကတည်းက ဗုဒ္ဓဘာသာဝင်မဟုတ်သူများ သာဖြစ်သဖြင့် နေရေး၊ စားရေးမှအစ ဒုက္ခပင်ပန်းကြီးစွာ ခံတော်မူကြရသည်။ တော်ရုံဇွဲ၊ တော်ရုံစေတနာသဒ္ဓါဖြင့် မပြု စွမ်းနိုင်ကြပေ။ ကာယိက ဒုက္ခ၊ စေတသိက ဒုက္ခကို ကြံ့ကြံ့ခံ နိုင်ပါမှသာ ပြုတော်မူနိုင်ကြသည်။

မြိုင်ကြီးငူဆရာတော် သာသနာပြုနည်းကား(၃)အချက်ပါ သာသနာ ပြုနည်းဖြစ်သည်။ ပရိယတ္တိကို အထိုက်အလျောက် သင်ကြားခဲ့သည်။ ပဋိ

ာတ္တိကို အတိုင်းအတာတစ်ခုထိ ဖြစ်ထွန်းစေခဲ့သည်။ ပြီးခါမှ တောတောင်အရပ်ရပ်မှာ ရှိသော ရှေးနှစ်ပေါင်းများစွာကကည်းက တည်ထားခဲ့သောဘုရားစေတီ အပြိုအပျက်များကို ပြုပြင်တည်ထားခဲ့သည်။ ဗုဒ္ဓဘာသာဝင်ာဟုတ်သေးသူများကို ဗုဒ္ဓဘာသာဝင်များဖြစ်လာအောင် စွမ်းဆောင်ခဲ့သည်။အောင်မြင်မှုများ ရှိလာသည်။

ထိုမှတစ်ဆင့်တက်၍ ချိုးကွေ့ပြောင်းလဲလာသော ယခုလက်ရှိ ဘဝာစ်ကွေ့မှာ အမျိုး၊ ဘာသာ၊ သာသနာ အရေးသုံးပါးစလုံးအတွက် ဆောင်ရွက်နေရသည်။ တစ်နွယ်ငင်သည်မို့ ပါလာသော တစ်စင်လုံးအတွက် တာဝန်ကြီးစွာ ထမ်းရွက်နေရသည်။ ယခင်က သာသနာရေးတစ်ခုအတွက်သာ အားထုတ်ခဲ့ရခြား ယခုအရေးသုံးပါးလုံးကို စွမ်းဆောင်နေရသည်။ အရေးသုံးပါးအနက် အမျိုးသားအရေးကို အဓိကထားရန် အခြေအနေက ဖန်လာသည်။မြိုင်ကြီးငူသို့ ရောက်ရှိနေထိုင်ကြသော လက်နက်ကိုင် ဒီကေဘီအေ အပါအဝင် ပြည်တော်ဝင် ကရင်အမျိုးသားများမှာ မိမိကို အားထားရောက်ရှိလာကြသူများ ဖြစ်သည်။

ထိုကို သူတို့အတွက် ရုပ်ဝတ္ထုဆိုင်ရာများကို တိုးတက်ဖွံ့ဖြိုးစေရန်ဆောင်ရွက်သည့်နည်းတူ နာမ်ပိုင်းဆိုင်ရာများကိုပါ ဖွံ့ဖြိုးစေရန် စီမံရသည်။သို့စီမံရာဝယ် ရုပ်ဝတ္ထုများ နေ့ချင်းညချင်း တိုးတက်လာသကဲ့သို့ နာမ်ဟရားဆိုင်ရာများမှာ တစ်မုဟုတ်ချင်း မတိုးတက်လာနိုင်လင့်ကစား တဖြည်းဖြည်းတိုးတက်လာစေရန် ကြံရွယ်ထားရှိသည်။ ကျောင်းသားကျောင်းသူများကိုဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းကို မသင် မနေရ သင်ကြားစေခဲ့သည်။ယခု အဘိဓမ္မာသင်တန်းကို ဖွင့်လှစ်သင်ကြားစေသည်။ ပြီးလျှင် လူသားများနှင့် နှီးနွယ်ဆက်စပ် လွယ်ကူသော သင်တန်းများဖြစ်သည့် -

ဓမ္မစကြာ သင်တန်း၊

ပရိတ်တော် သင်တန်း၊

သတိပဋ္ဌာန် သင်တန်း၊

ပဋ္ဌာန်း သင်တန်း စသည်တို့ကို အခါအားလျော်စွာ ဖွင့်လှစ် သင်ကြားသွားစေမည်။

သို့ပါမှသာ မြိုင်ကြီးငူဒေသ (စုံနံ့သာမြိုင်ဆွေမြို့တော်) အတွင်းနေထိုင်သူများသည် ရုပ်ပိုင်းရော နာမ်ပိုင်းပါ တစ်ပါတည်း တိုးတက်ဖွံ့ဖြိုးလာမည်။ အမျိုး၊ ဘာသာ၊ သာသနာ အရေးသုံးပါးကို တစ်ပြိုင်နက်တည်း စွမ်း

ဆောင်ကြိုးပမ်းရာ ဖြစ်ပေတော့မည်။ ဤသို့သော ကြံရွယ်ရင်းဖြစ်တော်မူသည့် အတိုင်း စာသင်ဖက် ဖြစ်ခဲ့ဖူးသူ ငယ်ရင်းဆွေ ဆရာအစ်ကို၏ အကူအညီကို ရယူကာ (၄၈) နှစ်မြောက်သော မွေးနေ့မင်္ဂလာရက်မြတ်မှာ အဘိဓမ္မာ သင်တန်းကို ဖွင့်လှစ်တော်မူလေသည်။

ဗုဒ္ဓသာသနာဟူသည်မှာ ဗုဒ္ဓ၏ အဆုံးအမဖြစ်သည်။ သာသနာပြု သည် ဟူသည်မှာ ဗုဒ္ဓ၏ အဆုံးအမကို တည်တံ့ပြန့်ပွား အရှည်ခံစေရန် ပြုလုပ်ခြင်း ဖြစ်သည်။ ဘုရားတည်၊ ကျောင်းဆောက် စသည်တို့မှာ ရုပ်ပိုင်း ဆိုင်ရာ အမြင်သာသနာအတွက် ပြုလုပ်ခြင်း ဖြစ်သည်။ ဤရုပ်ပိုင်းဆိုင်ရာ အတွက် မြိုင်ကြီးငူဆရာတော်သည် တောတောင်အတွင်းဝယ် နှစ်အတော် များများ ပြုလုပ်ခဲ့ပြီးပြီ။ နာမ်ပိုင်းဆိုင်ရာအတွက် "ဆန်စဉ်ရာ ကျည်ပွေ့လိုက်" ဆိုသလို ရောက်လေရာရာမှာ သာသနာတည်အောင် ပြုလုပ်ခဲ့ရသည်။ ဘုရာ အဆုံးအမမှာ တည်စေခဲ့ရသည်။

ယခု တစုတဝေးတည်း ရောက်ရှိလာသူများအား သာသနာပြုခွင့် ကြုံလာသည့် "ဆန်စဉ်ရာ ကျည်ပွေ့လိုက်တာ" ထက်စာလျှင် ပို၍ ခရီးရောက် နိုင်ဖွယ် ရှိသည်။ ဤသို့ လူအများအား ဗုဒ္ဓအဆုံးအမကို တတ်သိမြင်သိစေ ခြင်းသည် ဗုဒ္ဓသာသာအတွက် ပင်မအကျဆုံးသော သာသနာပြုခြင်းပင် ဖြစ်သည်။

ထိုမှတစ်ဆင့်တက်၍လည်း စဉ်းစားထားသေးသည်။ "မြိုင်ကြီးငူမှာ ပရိယတ္တိ စာသင်တိုက်ကြီးတစ်တိုက် တည်ထောင်၍ ပရိယတ္တိသာသနာကို ဆက်လက်ပြုစု ပျိုးထောင်သွားရပေဦးမည်" ဟူ၍။

## ဆွေချမ်းသာမြိုင် ကရင်ဓမ္မာရုံ

အစမထင်သော အနမတဂ္ဂ သံသရာနှင့် နှိုင်းစာလျှင် လူ့ဘဝသည် တိုတောင်းလှ၏။ ထိုကို "သမုဒ္ဒရာ၊ ရေမျက်နှာထက်၊ ခဏတက်သည်၊ ရေပွက်ပမာ၊ တစ်သက်လျာတည်း" ဟု စာဆိုရှင်များ တင်စားခဲ့ကြသည်။

ဤမျှတိုတောင်းသော လူ့ဘဝတစ်သက်တာ၊ဝယ် လူသားတစ်ဦးသည် အများအကျိုးစီးပွားကို ဖြစ်ထွန်းစေပါမှသာ အဖိုးတန်သော လူသားတစ်ယောက် ဖြစ်သည်။ ရာဇဝင် စာတင်နိုင်သည်။ သမိုင်းမော်ကွန်း တွင်ကျန်ရစ်နိုင်သည်။

ဤလမ်းစဉ်သည် ဘုရားအစရှိသော သူတော်ကောင်းတို့၏ လမ်းစဉ်ဖြစ်သည်။ ဘုရားအဖြစ်သို့ မရောက်လာသေးမီကာလ သုမေဓာရှင်ရသေ့ဘဝမှာပင် ဒီပင်္ကရာ မြတ်စွာဘုရား၏ ခြေတော်ရင်း၌ မဂ်ဖိုလ်ရနိုင်သောအားအစွမ်းရှိပါလျက် လက်တော်သို့ ရောက်ပြီးသော နိဗ္ဗာန်ချမ်းသာကို စွန့်တော်မူ၍ သတ္တဝါဟု ဆိုအပ်သော အများအကျိုးအတွက် ရည်ရွယ်တော်မူခဲ့သည်။ ထိုမှနောက် အလောင်းတော်ဘဝများစွာတွင် ဖြစ်လေရာဘဝတိုင်း၌ အများအကျိုးကိုချည်း ဆောင်ရွက်တော်မူခဲ့သည်။

ဘုရားဖြစ်တော်မူပြီးနောက်တွင်ကား ပြောစရာ မလိုတော့လောက်အောင်ပင် ၄၅ ဝါ ကာလလုံးလုံး တစ်ရက်လျှင် ၂၄ နာရီရှိသည့်အနက် နာရီ ၂၀ လုံးလုံး အများအကျိုးကို ဆောင်သည်။ ၄ နာရီမျှသာ အနားယူ

အပန်းဖြေခဲ့သည်။ သက်တော် ၈၀၊ ဝါတော် ၄၅ ပြည့်၍ ပရိနိဗ္ဗာန် စံဝင်တော်မူခါနီး အချိန်ပိုင်းကလေးအထိ သုဘဒ်ပရိဗိုဇ်ကို ချေချွတ်တော်မူခြင်းဖြင့် ဆောင်ရွက်တော်မူခဲ့သေးသည်။

ဗုဒ္ဓဘုရားသခင် ပရိနိဗ္ဗာန် စံဝင်တော်မူပြီးသော နောက်ပိုင်းမှာ ဘုရားရှင် ထားတော်မူခဲ့သော နည်းလမ်းကောင်းအတိုင်း လိုက်နာကျင့်သုံးကြသော ဘုရားသားကော် အရှင်သူမြတ် ဆရာတော် သံဃာတော်များ အသီးသီး ပေါ်ပေါက်လာခဲ့သည်။ သာသနာအကျိုးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည်။ ပရိယတ်၊ ပဋိပတ်ဆိုင်ရာ သာသနာတော်ကြီး တည်တံ့ပြန့်ပွားဝေစည်စေရန် စွမ်းဆောင်တော်မူခဲ့ကြသည်မှာ သမိုင်း မော်ကွန်း အထင်အရှားရှိသည်။ ဆက်လက်၍လည်း ရှိနေပါဦးမည်။

ဤသို့သော် ဘုရားရှင်သားတော်များအနက် မြိုင်ကြီးငူဆရာတော်သည်လည်း တစ်ပါး အပါအဝင် ဖြစ်သည်။ ဖြစ်စဉ်အကျဉ်းကို တင်ပြပါဦးမည်။ မြိုင်ကြီးငူဆရာတော်သည် ရဟန်းငယ်ဘဝ သက်တော် ၂၄၊ ဝါတော် ၄ ဝါ အရွယ်တွင် သင်ယူလေ့လာဆဲ ပရိယတ္တိမှ ပဋိပတ္တိသို့ ကူးပြောင်းခဲ့သည်။ တောကြီးမျက်မည်း အတိပြီးသော မြိုင်ကြီးငူတောတွင်းသို့ ကြွရောက်၍ တောရ ဆောက်တည်ခဲ့သည်။ နိဗ္ဗာန်ရောက်လိုသော သမ္မာဆန္ဒာဓိပတိ ကပ်လျက် အချိန်နှင့်အမျှ သတိပဋ္ဌာန်ကျင့်စဉ်ကို အားထုတ်တော်မူခဲ့သည်။

ထိုသို့အားထုတ်ခြင်းဖြင့် ထူးခြားဆန်းကျယ်သော ဖြစ်ရပ်များနှင့် ကြုံဆုံခဲ့ရသည်။ မပျောက်နိုင်သော ထုံနာကျဉ်နာရောဂါဆိုးကြီး ပျောက်ခဲ့ရသည်။ အချိန်မှန်တက်လေ့ရှိသော ငှက်ဖျားရောဂါသည်လည်း စပါးကြီးမြွေလာရောက်ကုသပေး၍ ပျောက်ကင်းခဲ့သည်။ တရားအားထုတ်ခြင်းဖြင့် ဤမည်သော သန္ဒိဋ္ဌိက အကာလိက ဂုဏ်တော်များအတိုင်း ရရှိခံစားပြီးနောက် တရားဖြင့်ပင် အသက်ထက်ဆုံး မွေ့လျော်တော့မည်ဟု စိတ်ကူးခဲ့သည်။ ချောင်းဆိုးလိုက်တိုင်း သွေးပွက်ပွက် အန်နေလျက်က မီးဇိုင်းတောင်သို့ တစ်ပွါးတည်း တောရဆောက်တည်ရန် ကြွခဲ့ပြန်သည်။

ပလိဗောဓအထွေထွေကို ဖြတ်၍ ရက်တိုတိုနှင့် နိဗ္ဗာန်ရောက်စေရန် ရည်သန်လျက် ရေဆွမ်းအဓိဋ္ဌာန်ယူကာ သတိပဋ္ဌာန်ကို ဆက်လက် အားထုတ်ခဲ့သည်။ အဓိဋ္ဌာန် ၁၀ လပြည့် အပြီးမှာ သာသနာရေးဆောင်ရွက်ဖို့ အကြောင်းက ဖန်လာသည်။ သို့ဖြင့် အားထုတ်ဆဲ သတိပဋ္ဌာန်ကို ရပ်ဆိုင်းကာ ဘုရားတည်ခြင်းဖြင့် သာသနာပြုခရီးကို လျှောက်လှမ်းခဲ့လေသည်။

(ငှင်းအကျယ် ရှေ့မှာ ပါပြီး ဖြစ်သည်။)

သံလွင်မြစ်ကို စကောကရင်ဘာသာဖြင့် "ဟို့လော်ကလိုး" ဟု ခေါ်သည်။

ဟို့ = ဘုရား

လော် = ဆက်တိုက်

ကလိုး = ချောင်း

ဟို့လော်ကလိုး = ဘုရားဆက်တိုက်ရှိသောချောင်းဟု အဓိပ္ပာယ်ရသည်။ နှောင်းခေတ်လူတို့ မသိမီလိုက်ရသော တစ်ချိန်သောအခါက သံလွင်မြစ်ဝဲယာမှာ အထက်ဖားဆောင်းအထိ ဘုရားစေတီများ တစ်ဆက်တစ်စပ်တည်း မပှတ်လင့်ကစား မကွာဝေးလွန်းလှသော အနေအထားဖြင့် ရှိခဲ့ဖူးသည်ကို အကြောင်းပြု၍ သံလွင်မြစ်ကို ဟို့လော်ကလိုး (ဘုရားဆက်တိုက်ရှိသောချောင်း) ဟု ရှေးပဝေသဏီကတည်းက ခေါ်ဝေါ်ခဲ့ကြသည်။

ဤသည်ကို ထောက်၍ သံလွင်မြစ်ရိုးတစ်လျှောက်မှာ တစ်ချိန်သောအခါက ဗုဒ္ဓသာသနာရောင် ထွန်းပြောင်ခဲ့ကြောင်း သိနိုင်သည်။ နှောင်းပိုင်းကာလဝယ် ဘုရားစေတီများမှာ တောအုံချုံများအကြားတွင် ပျက်စီးယိုယွင်းခြင်းဖြင့် ဒုက္ကရစရိယာ ကျင့်တော်မူခဲ့ကြရသည်။ ပြုပြင်သူမဲ့၊ ကိုးကွယ်သူမဲ့ ဖြစ်ခဲ့ရသည်။

ထိုကို ပြုပြင်တည်ထားရန်အတွက် မြိုင်ကြီးငူဆရာတော်သည် အားထုတ်ဆဲ သတိပဋ္ဌာန်အလုပ်ကို ဖြတ်၍ သာသနာပြုခရီးလမ်းကို အရှိန်အဟုန်ဖြင့် လျှောက်လှမ်းခဲ့သည်။ လူသူအရောက်အပေါက်နည်းသည့် တောင်ထွတ်ကြီးများ၊ တောကြီးတောင်ကြီးများတို့ကို ခက်ခက်ခဲခဲ သွားရောက်ပြုပြင် တည်ထားခဲ့သည်။ သိမ်ကျောင်းများကို ဆောက်လုပ်ခဲ့သည်။ တည်ပြီး ဘုရားကျောင်းကန်သိမ်များမှာ ယနေ့ဆို ၅၀ ပင် ကျော်ခဲ့ပြီ။ ဤသို့ သာသနာပြုခရီးကို အရှိန်အဟုန်ဖြင့် သွားနေစဉ်မှာ မြန်မာသိ ကမ္ဘာသိ အရေးအခင်းကြီးနှင့် ကြုံဆုံခဲ့ရသည်။

ထိုကြုံရချက်က မြိုင်ကြီးငူဆရာတော်အား သာသနာရေးကိစ္စအပြင် အမျိုးသားရေး၊ ဘာသာရေးကိုပါ ပူးတွဲဆောင်ရွက်စေရန် ဖန်တီးခဲ့သည်။ ဖန်တီးဖြစ်ပေါ်လာသော အခြေအနေအတိုင်း ကျလာသော တာဝန်ကို ဦးလည်မသုန်ထမ်းဆောင်လေသည်။ ဆရာတော်သည် ကရင်အမျိုးသားတစ်ဦးဖြစ်သည်။ ဖြစ်ပေါ်လာသော အခြေအနေအရ မိမိအမျိုးသား ဖြစ်သော ကရင်အမျိုးသားအရေးကိုပါ ကရုဏာရှေ့ထား၊ မေတ္တာပွား၍ ဆောင်ရွက်

သည်။ ဤသည်ကို အချို့က "အလုပ်မဟုတ်သည်ကို လုပ်လေခြင်း" ဆိုကြသည်။

ဆိုလျှင်က ဆိုကြပါစေ။ ဗုဒ္ဓဘုရားရှင်သော်မှ စရိယသုံးပါး ကျင့်စဉ်တွင် ဉာတတ္ထစရိယ (ဆွေမျိုးများအတွက် ကျင့်ခြင်း)၊ လောကတ္ထစရိယ (လူသားများအတွက် ကျင့်ခြင်း) တို့ကို ကျင့်တော်မူခဲ့သေးသည်။ အများသိသာမကမှာ ကပ္ပိလနှင့် ကောလိယ နှစ်ပြည်ထောင်မင်းတို့ အချင်းပွားကြသည်ကို ငြိမ်းချမ်းရေးတရား ဟောတော်မူခဲ့သည်။ တစ်ဖန်လည်း ဝိဋ္ဋူဘဘေးရန်မှလည်း နှစ်ကြိမ်တိုင် ကယ်တော်မူခဲ့သေးသည်။ ဤသို့ သာကီဝင်ဆွေမျိုးအပေါင်းတို့အတွက် ဉာတတ္ထစရိယ ပြုကျင့်တော်မူခဲ့သည်။ ပုဂံပြည့်ရှင် ဘုရင်နရသီဟပတေ့မင်းလက်ထက်က သျှင်ဒိသာပါမောက်သည်လည်း ငြိမ်းချမ်းရေးတမန်တော်အဖြစ် ခရီးမိုင်ပေါင်းများစွာ ဝေးကွာသော တရုတ်ပြည်သို့ ခက်ခဲကြမ်းတမ်းသော တောလမ်းခရီးကို ဖြတ်သန်းသွားရောက်ကာ မြန်မာအမျိုးသားတို့အတွက် ကျင့်ဆောင်တော်မူခဲ့ရသည်။

ဤသည်ကို အတုယူ၍ မြိုင်ကြီးငူဆရာတော်သည်လည်း အခြေအနေအရ ဖြစ်ပေါ်လာသော လူမျိုးချင်း ပဋိပက္ခများ ပြေပါစေတော့ဟူ၍ ဘုရားစေတီ တည်ခဲ့သည်။ ဗုဒ္ဓသာသနာ (ဘုရားအဆုံးအမ) တရားဒေသနာပြန့်ပွားအောင် ဆောင်ရွက်ခဲ့သည်။ ဆောင်ရွက်နေစဉ် အရေးအခင်း ဖြစ်ပေါ်ခဲ့သည်။ ကရင်လူမျိုး မျိုးနွယ်စုတို့သည် မြိုင်ကြီးငူဆရာတော်၏ မေတ္တာကရုဏာတော်ကို ခိုလှုံ၍ ခြေဖဝါးတော်အောက်သို့ အလျှိုလျှို ဝင်ရောက်လာခဲ့ကြသည်။ အမျိုးသားရေးစိတ်ဓာတ်၊ ဘာသာ သာသနာရေးစိတ်ဓာတ်ပြင်းထန်လှသော ဆရာတော်အနေဖြင့် ခိုလှုံဝင်ရောက်လာခဲ့သူတို့ကို ဥပေက္ခာမပြုရက်ခဲ့ပေ။ အတတ်နိုင်ဆုံး စောင့်ရှောက်တော်မူနေရသည်။

မြန်မာပြည်မမှ တိုင်းရင်းသားအသီးသီးတို့သည် ခေတ်နှင့်အညီတိုးတက်နေသည်။ မိမိအမျိုးသား ကရင်တိုင်းရင်းသားများမှာ နှစ်ပေါင်းများစွာ နားမျက်စိ အပိတ်ခံထားရသည်။ ခေတ်နောက်အကျကြီး ကျနေသည်ကို ကရုဏာသက်လှသည်။ ပိတ်ခံထားရသော နားမျက်စိကို ဖွင့်ပေးသည်။ ခေတ်နှင့်အညီ လိုက်နိုင်အောင် နည်းလမ်းညွှန်ပြပေးရုံသာမက ဦးဆောင်ဦးရွက်လည်း ပြုပေးသည်။ ဆရာတော်ကို ပင်တိုင် ဦးဆောင်ဦးရွက် မပြုလည်း မဖြစ်။ မိမိတိုင်းရင်းသားအများစုသည် နှစ်ပေါင်းများစွာ နားမျက်စိ အပိတ်ခံထားရပြီး တောတောင်တွင်းမှာသာ နေထိုင်ခဲ့ကြရသည်မို့ သဘောဖြူအူစင်း၊ ရိုးသားခြင်းသက်သက်သာ ရှိကြသည်။ ထိုအရိုးခံသဘောကို ခုတုံး

လုပ်လိုကြသော မြို့ကြီးသားအချို့၏ ဘေးရန်မှ ကင်းဝေးစေရန် ဦးဆောင်ပေးနေရခြင်းဖြစ်သည်။

မြိုင်ကြီးငူတောကြီးတစ်ခွင်ကို မြို့ကြီးအသွင်သို့ ရောက်စေရန် အဖက်ဖက်မှ ဦးဆောင်မှုပေးနေရသည်။ အချိန်တိုအတွင်း တိုးတက်ဖွံ့ဖြိုးစေရန် အလေးပေးဆောင်ရွက်နေရသည်။ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရန်မှာ ခရီးလမ်းပန်း ဆက်သွယ်ရေးသည် အဓိကကျလှသဖြင့် ဘားအံနှင့် မြိုင်ကြီးငူ မိုင် ၄၀ ခန့် အကွာအဝေးကို အမြန်ဆက်သွယ် သွားလာနိုင်စေရန်မှအစ ကိုယ်တော်တိုင် ဦးစီးလုပ်ဆောင်နေရသည်။ ဤသို့ မိမိအမျိုးသားများအတွက် အပတ်တကုတ် ကြိုးပမ်းအားထုတ်တော်မူနေစဉ်အတွင်း ပြုမြဲ သာသနာရေးဘက်မှာလည်း မလစ်ဟင်းစေခဲ့ပေ။ အရေးအခင်းဖြစ်ပြီးသည်မှ ယနေ့အထိ နှစ်နှစ်တာ ကာလအတွင်းမှာ ဘုရားစေတီပေါင်း ပြုပြင်ပြီး ၁၄ ဆူနှင့် ပြုပြင်ဆဲ ၂ ဆူ ရှိခဲ့သည်။

ထိုနှင့် တစ်ပြိုင်နက်တည်းမှာပင် ကြေးပိဿာချိန် ၁၂၇၇၇ ရှိ ဘေသဠမုနိ ကြေးသွန်းရုပ်ပွားတော်ကြီးကိုလည်း သွန်းလုပ်ခဲ့သည်။ ထိုရုပ်ပွားတော်ကြီးကို ကြည်ညိုဖွယ်ရာ တန်ဆာဆင်ရန်အတွက် ရွှေချန်ပိဿာ ၂၀ ဖြင့် အဆင်တန်ဆာများကို ပြုလုပ်နေဆဲ ဖြစ်သည်။ ၎င်းရုပ်ပွားတော်ကြီး ကိန်းဝပ်စံပယ်တော်မူရန် ဘုံကိုးဆင့်ရှိ ဂန္ဓကုဋိစံကျောင်းတော်ကြီးကိုလည်း သံကူကွန်ကရိဖြင့် တည်ဆောက်နေဆဲ ဖြစ်သည်။

ရုပ်ဝတ္ထုအနေအားဖြင့် တိုးတက်ရန် ကြံစည်လုပ်ဆောင်နေသည်နှင့် အမျှ နာမ်ပိုင်းဆိုင်ရာ တိုးတက်မှုအတွက် ကျောင်းတိုက်အတွင်းရှိ သံဃာတော်များအား စာပေပရိယတ် သင်ကြားစေခြင်း၊ ကလေးသူငယ်မှအစ လူကြီးလူငယ်အားလုံးတို့အား ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်း ဖွင့်လှစ်သင်ကြားစေခြင်း၊ လူ့ကျင့်ဝတ်ဆိုင်ရာ အဘိဓမ္မာစာပေများ ပို့ချသင်ကြားစေခြင်း စသည်တို့ကို အချိန်တိုကာလအတွင်း အရှိန်အဟုန်နှင့် ခရီးရောက်အောင် ပြုလုပ်စွမ်းဆောင်လျက်ရှိသည်။ ထို့ပြင် ဗုဒ္ဓဘာသာကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီကို ဖွဲ့စည်းစေကာ ကိုယ်တော်တိုင် ကြပ်မတ်ဆောင်ရွက်တော်မူနေသည်။

* * * * * * * * * *

ဤသို့ အချိန်နှင့်အမျှ စွမ်းဆောင်နေစဉ် အခြားလုပ်ဆောင်စရာ တစ်ခု ပေါ်ပေါက်လာသည်။ မိမိတိုင်းရင်းသားအချို့တို့ ပြောဆိုသော စကားတစ်ရပ်ကို ကြားခဲ့ရသည်။

"ရန်ကုန်မြို့မှာ ရွှေတိဂုံစေတီတော်ကြီးဆိုတာ ရှိတယ်။ သိပ်ပြီး သပ္ပာယ်တယ်။ ကြီးကျယ်ခမ်းနားလှတယ်။ အဲဒီဘုရားကြီးကိုများ တစ်ခါလောက် ဖူးမြင်ခွင့်ရရင် ဒီဘဝ သေပျော်ပါပြီ" ဟူ၍။

ထိုစကားကို ကြားမိသောခဏဝယ် ဆရာတော်မှာ အကြံတစ်ခု ပေါ်လာသည်။

"ရွှေတိဂုံစေတီတော်၏ ခြေတော်ရင်းမှာ တိုင်းရင်းသားအသီးသီးတို့၏ ဓမ္မာရုံများ အသီးသီးရှိနေကြသည်။ ထိုတိုင်းရင်းသားများ ဘုရားဖူးလာရောက်ခြင်း၊ ဘာသာရေး သာသနာရေးကိစ္စ ဆောင်ရွက်ခြင်းတို့အတွက် ကြောင့်ကြမဲ့ တည်းခိုနိုင်ကြသည်။ ပြုလုပ်ဆောင်ရွက်နိုင်ကြသည်။ အလားတူ ကရင်ပြည်နယ်ဓမ္မာရုံတစ်ခု ရှိခဲ့ပါမူ ကောင်းလေစွ"

တစ်ချက်အားဖြင့်လည်း ရွှေတိဂုံစေတီတော်၏ ခြေတော်ရင်းမှာ တိုင်းရင်းသား အသီးသီးတို့၏ ဓမ္မာရုံများ ရှိကြသော်လည်း တို့ကရင်အမျိုးသား ဓမ္မာရုံမရှိသေးသဖြင့် (ကရင်ဆိုလျှင် ခရစ်ယာန်ဘာသာဝင်တွေချည်း) ဟု အများစုက ထင်မြင်ချင်ကြသည်။ အမှန်မှာ ဗုဒ္ဓဘာသာဝင် အများစုသာ ဖြစ်ကြောင်း သာဓကပြသောအနေဖြင့် ဓမ္မာရုံတစ်ခု တည်ဆောက်ရပါက ကောင်းလေစွ" ဟု အကြံဖြစ်လာလေသည်။

အကြံဖြစ်သည့်အတိုင်းပင် ဆိုင်ရာသို့ တင်ပြ ခွင့်တောင်းခဲ့ရာ ရွှေတိဂုံစေတီတော်၏ မြောက်ဘက်မုခ် ခြေရင်း မြေကွက်လပ်မှာ မြေနေရာ ရရှိသည်။ တည်ဆောက်ရန်အတွက် စဉ်းစားကြည့်သည်။

"မိမိသည် အမျိုးဘာသာ သာသနာအတွက် အချိန်တိုကာလအတွင်း ဘက်စုံတိုးတက်စေရန် ကြိုးပမ်းနေသည်။ လမ်းတွေဖောက်နေသည်။ တံတားတွေ ဆောက်နေသည်။ အဖက်ဖက်မှာ ကုန်ကျစရာတွေ အများကြီးရှိနေသည်။ တစ်ဖက်ကြည့်လျှင် သျှင်ဒိသာပါမောက်ကဲ့သို့ ပြည်သူများ ငြိမ်းချမ်းသာယာစေရန် စွမ်းဆောင်နေခြင်းလည်း ဖြစ်သည်။ ဤမည်သော မှန်ကန်သည့် စေတနာသည် ရောင်ပြန်ဟပ်လာနိုင်စရာ ကောင်းသည်။ ထို့ပြင် ညီအစ်ကိုနောင်ဘွား တိုင်းရင်းသားအသီးသီး၏ မေတ္တာစေတနာသည် လည်းကောင်း၊ ဗုဒ္ဓဘာသာဝင်သူတော်စင်တို့၏ သဒ္ဓါတရား ထက်သန်မှုသည်လည်းကောင်း ဓမ္မာရုံ ဖြစ်မြောက်ရေးအတွက် အထောက်အကူ ဖြစ်တန်ရာသည်။ ကြောင့်ကြစိုက်စရာ သိပ်လိုမည်မထင်"

ဤသို့ဖြင့် ရွှေတိဂုံစေတီတော်၏ မြောက်ဘက်မုခ် မြေကွက်လပ်တွင် ၁၃၅၈ခုနှစ် . . . . . . . . . လ . . . . . . . . . . . . . နေ့ နံနက်တွင် ကရင်

ပြည်နယ် ဓမ္မာရုံကို အုတ်မြစ်ချခဲ့လေသည်။ ဆွေတော်မျိုးတော်အပေါင်းတို့ ချမ်းချမ်းသာသာ မြိုင်မြိုင်ဆိုင်ဆိုင် ဘုရားဖူးနိုင်ရန်၊ တရားဓမ္မ အားထုတ်နိုင်ရန် အကြောင်းနိမိတ်ကောက်၍ ဓမ္မာရုံ၏အမည်ကို "ဆွေချမ်းသာမြိုင် ကရင် ဓမ္မာရုံ" ဟု တွင်ခေါ်စေသည်။

**********

ရေပွက်ပမာဏမျှသာ ကြာရှည်သော လူ့ဘဝ သက်တမ်းတိုကာလ အတွင်းဝယ် ဘုရားအလောင်းတော်အစရှိသော သူတော်ကောင်းတို့သည် ကိုယ်ကျိုးစွန့်၍ အများအကျိုးကို ဆောင်ရွက်တော်မူခဲ့ကြသည်။ အလားတူ မြိုင်ကြီးငူဆရာတော်သည်လည်း ရှေးသူတော်ကောင်းတို့၏ ထုံးဟောင်း နည်းကောင်းကို စံနမူနာယူ၍ အမျိုးဘာသာ သာသနာအတွက် အချိန်နှင့်အမျှ ကြိုးပမ်းအားထုတ်တော်မူလျက်ရှိသည်။ ရည်မှန်းထားသော ၄၉ လ (၄ နှစ် ၁ လ) ကာလအတွင်း စွမ်းအားရှိသမျှ စွမ်းဆောင်တော်မူနေဦးမည်သာ ဖြစ်သည်။

## မင်္ဂလာအပေါင်း ခညောင်းပါစေလို့

၁၃၅၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်
(၂၅-၁၁-၉၆) တနင်္လာနေ့။

ဤနေ့သည် မြိုင်ကြီးငူဆရာတော် ၄၉ လ (၄ နှစ် ၁ လ) အမိဋ္ဌာန် ယူခဲ့ရာတွင် ၂ နှစ် ပြည့်မြောက်သောနေ့ ဖြစ်သည်။

၁၃၄၉ ခုနှစ် အပါအဝင် ယနေ့အထိ သာသနာပြုခရီး လျှောက်လှမ်း ခဲ့သည်မှာ ၁၀ နှစ် ရှိခဲ့ပြီ။ ပြုပြင်ကည်ထားပြီးသော ဘုရားစေတီများမှာ အဆူပေါင်း ၅၀ ကျော်ခဲ့သည်။ (ပြုပြင်ပြီး ဘုရားစေတီစာရင်းကို ရှေ့မှာ ဖော်ပြပြီး ဖြစ်သည်။)

ဤ၌ဖော်ပြလိုသည်မှာ ဖြစ်ပေါ်ခဲ့သော အရေးအခင်းပေါ် မူတည်၍ လေးနှစ် တစ်လ အမိဋ္ဌာန်ယူခဲ့သည်။ ယနေ့သည် အမိဋ္ဌာန်ကာလ ၂ နှစ် ပြည့်မြောက်သောနေ့ ဖြစ်သည်။ ထို ၂ နှစ်ကာလအတွင်း၀ယ် မြိုင်ကြီးငူ ဆရာတော်သည် ဘုရားစေတီများကို ပြုပြင်တည်ထားခဲ့ရာမှာ ပြုပြင်ပြီးဘုရား ၁၄ ဆူနှင့် ပြုပြင်နေဆဲဘုရား ၂ ဆူ၊ ပေါင်း ၁၆ ဆူ ဖြစ်သည်။

ရှေ့စာပိုဒ်များမှာ ရေးခဲ့ဖူးပါသည်။ မြိုင်ကြီးငူဆရာတော်သည် ခလုတ်တိုက်မိပြီးနောက် တစ်လှမ်းချင်းလှမ်းရင်း' သာသနာပြုခရီးလမ်းကို စတင် လျှောက်လှမ်းခဲ့သည်။ သွေးပူလာသည်နှင့်အမျှ ခြေလှမ်းက သွက်

လာသည်။ ဘုရားစေတီ ၁၄ ဆူကို ပြုပြင်တည်ထားခဲ့ပြီး ၂ ဆူ ပြုပြင်တည်နေဆဲ ဖြစ်သည်။

ဤသည်သော်မှ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားအဖွဲ့ကို ဦးဆောင်နာယက ပြုနေလျက်က တည်ထားရခြင်း ဖြစ်သည်။ ဦးဆောင်နာယကဟူသည်နှင့်အညီ အဖွဲ့၏ များပြားသော လုပ်ငန်းများကို ဦးဆောင်လမ်းညွှန်နေရသည်။ လမ်းညွှန်ဆိုသည်ထက် ကိုယ်တော်တိုင် ပြုလုပ်နေရသည့် လုပ်ငန်းက များသည်။ ဝိနည်းတော်နှင့် ငြိစွန်းသော အချို့အလုပ်များကိုသာ မလုပ်ဘဲရှိသည်။ ထို့ပြင် ရောက်ရှိနေသော ငါးသောင်းကျော်သည့် ပြည်တော်ဝင်များ၏ စားဝတ်နေရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးမှအစ အရေးအခင်းပေါင်းစုံကိုလည်း ကိုယ်တော်တိုင်ပင် ဖြေရှင်းဆောင်ရွက်ပေးနေရသည်။ ခက်သည်က ထိုထိုသူကို့သည် တစ်လက်ကိုင်သာ ဖြစ်သည်။ တစ်မိန့်သာ နာခံတတ်ကြသည်။ မိမိကို ရည်စူးရောက်လာကြသည်မို့ အရာရာမှာ မိမိအပြောအဆိုသာ အတည်ဖြစ်တော့သည်။ သည်တော့ အလုပ်များရပြီ။

များလိုက်သည့်အလုပ်တွေ။ သိမ်ရွှေ့ အပူဇော်ခံရာ ကုလားထိုင်ပေါ်မှာ ထိုင်မိသည်နှင့် ပြဿနာပေါင်း သောင်းခြောက်ထောင်က ရောက်လာသည်။ တစ်ခါတစ်ခါ ထွက်ပြေးချင်စိတ်တောင် ပေါက်လာသည်။ ထွက်ပြေး၍ မဖြစ်သေး။ မိမိသာ မရှိလို့ကဖြင့်ဟူသော အတွေးကို ဆက်၍ မတွေးနိုင်အောင်ပင် မိမိအမျိုးသားများအပေါ် မေတ္တာကရုဏာတရားတွေ ဖြိုးဖွေလာရပြန်သည်။ သည်သောအခါ လှမ်းမည့် ခြေလှမ်းများ တုံ့သွားရသည်။

"အမျိုးကို ချစ်သည်ကိုး၊
ဘာသာကို လေးစားသည်ကိုး၊
သာသနာကို မြတ်နိုးသည်ကိုး၊
အင်းလေ. . . သည်လောက်တော့လည်း ဖြစ်ရပေမပ" ဟု ဖြေသိမ့်ရသည်။

ဤသို့သော အလုပ်များစွာကြားမှ လျှောက်လဲက်စ ဘုရားတည်သာသနာပြုခရီးလမ်းကို လျှောက်လှမ်းခဲ့သည်။ ဟိုးယခင် လျှောက်လှမ်းခဲ့စဉ်ကထက်ပင် ခြေလှမ်းက သွက်သေးသည်။ သူးမွဲထ (မြစ်ဆုံဒေသ) မှစခဲ့သော အရေးအခင်းက မြိုင်ကြီးငူဆရာတော်အား တိုင်းသားပြည်သူအများကို သိအောင် ပို့ဆောင်ပေးခဲ့သလို ရှိသွားသည်။ လက်ညှိုးညွှန်ရာရေ၊ ဖြစ်သော် လည်း မြိုင်ကြီးငူဆရာတော်ရောက်ခဲ့ရာမှာ ဘုရားတွေဖြစ်ခဲ့ရသည်။ တိုင်းသား

ပြည်သူတို့ သန္တာန်မှာ ဖြစ်ပေါ်လာသော စေတနာသဒ္ဓါတရားကို ဘုရားစေတီများအဖြစ် ပြုပြင်တည်ထားနိုင်ခဲ့သည်။

သည်သာမကသေး။

"အေးချမ်းတည်ထားတယ်" ဟူ၍ အတိတ်နိမိတ်ယူကာ ကြေးပိဿာချိန်ပေါင်း ၁၂၇၇၇ (တစ်သောင်းနှစ်ထောင် ခုနစ်ရာ ခုနစ်ဆယ့်ခုနစ်) ပိဿာထားရှိ၍ တည်ထားခဲ့သော ဘေသဇ္ဇမုနိကြေးသွန်းရုပ်ပွားတော်ကြီးသည်ပင် သွန်းလောင်းပြီးစီးခဲ့ပြီ။ အလျား × အနံ ၁၁၈' × ၁၁၈' ပတ်လည်ရှိ ဘုံကိုးဆင့် ဂန္ဓကုဋိစံကျောင်းတော်ကိုပင် တည်ဆောက်ပြီးစီးခဲ့ပြီ။ တာရှည်ခံရန် အမိုးကို ကွန်ကရိပြားများဖြင့် မိုးထားသည်မို့ ငွေအား၊ လုပ်အားတို့ ကုန်ရသည်မှာ သောက်သောက်လဲဖြစ်သည်။

ယင်းမှတစ်ဖန် ဘေသဇ္ဇမုနိရုပ်ပွားတော်ကြီး၏ မျက်နှာတော်ကို ရွှေစင်ရွှေပြားခတ်၍ ပူဇော်မည် ယခင်က မှန်းထားသဖြင့် လက်ဝတ်ရတနာများကို လှူဒါန်းခဲ့ကြရာ ရွှေချိန်တစ်ပိဿာခွဲရလျှင် လုံလောက်ပြီဟု ယူဆခဲ့သည်။ မန္တလေးမြို့သို့ သွား၍ ရွှေပြားသော်မှ ခတ်ထားခဲ့ပြီးပြီ။ ပန်းထိမ်ပညာရှင်များအားခေါ်၍ ညှိနှိုင်းရာတွင် ပညာရှင်များက -

"ဘုရားကြီးအား မျက်နှာတော် နေ့တိုင်းသစ်လျှင် ရွှေပြားများမှာ ပါးလွန်းသဖြင့် ကြာကြာခံမည်မဟုတ်။ ခဏမျှဖြင့် ပေါက်ကာ ရုပ်ပျက် ဆင်းပျက်ဖြစ်ကုန်သည်၊ ရွှေသားကို မျက်နှာတော်မှာ မကပ်ဘဲ နားကင်းတော်၏ သင်းကျစ်တော်၊ သရဖူတော်များမှာ ထားရှိလျှင် ရွှေအရောင်ဟပ်၍ မျက်နှာတော်သည် အမြဲ ရွှေရောင်ဝင်းနေမည်သာ ဖြစ်ပါသည်ဘုရား" ဟု လျှောက်ထားကြသည်။

လျှောက်ထားချက်ကို ဆရာတော် သဘောကျသည်။ လိုအပ်သော ရွှေရရှိရန် ကြိုးပမ်းရပြန်သည်။ လိုအပ်သော ရွှေချိန်မှာ ၂၀ါ (ပိဿ နှစ်ဆယ်တိတိ) တည်း။ ယနေ့ပေါက်ဈေးအရဆို နည်းလှသော ငွေကြေးတန်ဖိုး မဟုတ်ချေ။ ထိုကို ဆရာတော်က လုံးဝညည်းညူတော်မမူချေ။ ပြည့်မီရရှိအောင်သာ ကြံဆောင်တော်မူသည်။ ရွှေချိန်က ပိဿာ ၂၀ ကုန်မည်။ လက်ခက ရွှေတစ်ကျပ်သားမှာ ကျပ်တစ်ထောင်နှင့် လျော့တွက်က တစ်ကျပ်သားမှာ တစ်ပဲသားတဲ့။ လက်ခ၊ လျော့တွက်ချည်း တွက်ကြည့်ပါဦး။ နည်းသည့် ငွေကြေးမဟုတ်။ သို့သော် ဆရာတော်က လုံးဝ ညည်းညူတော်မမူချေ။

ဤသို့သော ရည်မှန်းချက်က ရှိထားသည်မို့ ကျရောက်ဖြစ်ပေါ်လာသော အရေးကိစ္စဟူသမျှကို တာဝန်ယူထားသည့်အတိုင်း ၄ နှစ် ၁ လ အတွင်း

မှာ ပြီးပြည့်စုံအောင် လုပ်ဆောင်နေခြင်းဖြစ်သည်။ ထို့ကြောင့်လည်း မြိုင်ကြီးငူ ဆရာတော်သည် အနေအနားမရှိ တစ်ချက်ကလေးသော်မျှ အနားမယူဘဲ လုပ်သင့်လုပ်ထိုက်သည်များကို ဆက်တိုက်ဆောင်ရွက်တော်မူနေခြင်း ဖြစ်သည်။

သာသနာရေးဘက်မှာ ဤသို့လုပ်ဆောင်တော်မူနေသည်နှင့်အတူ ရပ်ရေးရွာရေး စသော လုပ်ငန်းဆောင်တာကိစ္စရပ်များကိုလည်း တစ်ပါတည်း ဦးဆောင်လုပ်ရှားခဲ့သည်မှာ အထက် အထက်က ရေးသားဖော်ပြပြီးခဲ့သည့် အတိုင်း ဖြစ်သည်။

ဤသို့ဖြင့် အဓိဋ္ဌာန်သက်တမ်း နှစ်နှစ်တာ ကာလအတွင်း လုပ်ငန်း အဝဝကို ထိုက်သင့်သလောက် ဆောင်ရွက်ပြီးစီးခဲ့သော အထိမ်းအမှတ်ဖြင့် ယနေ့ ၂ နှစ်ပြည့်မြောက်သော တန်ဆောင်မုန်းလပြည့် (၂၅-၁၁-၉၆) တနင်္လာနေ့တွင် မင်္ဂလာအပေါင်းနှင့် ခညောင်းပြည့်စုံစေလိုတော်မူသော ဆန္ဒနှင့်အညီ မင်္ဂလာစေတီတော်ကို ရွှေထီးတော် တင်ဆက်ကပ်လှူပူဇော်သမှု ပြုလေသည်။ ထီးတော်တင်အခမ်းအနားကို နံနက် ၇း၀၀ နာရီမှ စတင်သည်။ အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်သည်။

**၁၃၅၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့် (၉၆၊ နိုဝင်ဘာ ၂၅) တနင်္လာနေ့ ရွှေထီးတော် တင်ဆက်ကပ်လှူ ပူဇော်အပ်သော မင်္ဂလာသိမ်တော်အနီးရှိ မင်္ဂလာစေတီတော်မှတ်တမ်းစာလွှာပါဘုရား။**

ရိုသေလေးမြတ်စွာ လျှောက်ထားအပ်ပါဘုရား။ ကြွရောက်ချီးမြှင့်တော်မူလာကြသော ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ဘုရား။

ထီးတော်တင် အခမ်းအနားကို မစတင်မီ ယနေ့ ရွှေထီးတော် ဆက်ကပ်လှူဒါန်း ပူဇော်မည့် မင်္ဂလာစေတီတော်၏ သမိုင်းအကျဉ်းကို အနည်းငယ် လျှောက်ထားပါမည်ဘုရား။

လွန်ခဲ့သော နှစ်ပေါင်းများစွာက ဤမြိုင်ကြီးငူဒေသသည် ဂန္ဓပဗ္ဗတ တိုင်း ကိမိလမြို့တော်အဖြစ် ဘုရင်ဒွတ္တဘောင်မင်း၏ မင်းနေပြည်တော် ဟောင်း ဖြစ်ခဲ့ပါသည်ဘုရား။ ဗုဒ္ဓမြတ်စွာဘုရား၏ ဆံတော်ဓာတ်မြတ်နှစ်ဆူ ကို ရရှိခဲ့သည်တွင် ထိုဆံတော်နှစ်ဆူကို မင်္ဂလာသိမ်တော်ကြီး၏ အရှေ့ကောင် ဘက် (အဂ္ဂိထောင့်) မှာ မင်းကြီး၏ မိဖုရား ကဥ္စနာဒေဝီက စေတီတော် နှစ်ဆူအတွင်း ဌာပနာသွင်း၍ တည်ထားကိုးကွယ်ခဲ့ပါသည်ဘုရား။

နှစ်ပရိစ္ဆေဒ ကြာညောင်းလာသည်နှင့်အမျှ သင်္ခါရသဘောကို မလွန် ဆန်နိုင်သဖြင့် မင်းနေပြည်သည်လည်း ပျက်စီး၍ တောကြီးမြိုင်ယံအဖြစ်သို့

ရောက်ခဲ့ရသည်နှင့်အတူ စေတီတော်များမှာလည်း ယိုယွင်းပြိုဆင်း၍ လာခဲ့ရပါသည်ဘုရား။ ထိုနှစ်ဆူအနက် ငုတ်တိုတစ်ဆူကို မြိုင်ကြီးငူဆရာတော်ဘုရားသည် ၁၃၅၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက် စနေနေ့ နံနက် ၈ နာရီမှာ အုတ်မြစ်ချ တည်ထားပြီး ၁၃၅၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁ ရက် စနေနေ့နံနက် ၉ နာရီအချိန်မှာ ရွှေထီးတော် တင်ဆက်ကပ်လှူပူဇော်ကာ "ပြည်လုံးချမ်းသာစေတီတော်" ဟု ဘွဲ့နာမံတော် သမုတ် ဖွဲ့ချည်တော်မူခဲ့ပါသည်ဘုရား။

ကျန်ငုတ်တိုတစ်ဆူကို ၁၃၅၇ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၈ ရက် စနေနေ့မှာ အုတ်မြစ်ချတည်ထားခဲ့သော်လည်း အပြီးသတ်တည်စေတော်မမူသေးဘဲ မြိုင်ကြီးငူဆရာတော်သည် ၎င်းထက် အရေးကြီးသည်ဟု ယူဆသောနေရာအသီးသီးမှာ ဘုရားစေတီများကို အောက်ပါအတိုင်း ပြုပြင်တည်ထားခဲ့ပါသည်ဘုရား။

၁။ အုန်းတောရပ်ရှိ မြသိန်းတန်စေတီတော်၊

၂။ မီးဝိုင်းချောင်းရှိ မြမြင့်မိုရ်စေတီတော်၊

၃။ ကယားပြည်နယ်၊ ဆင်တော်မတောင်ရှိ ကမ္ဘာလုံး ငြိမ်းချမ်းအေး ဆံတော်ရှင်စေတီတော်၊

၄။ ကယားပြည်နယ် ဆင်တောင်မှာပင် ကမ္ဘာလုံးရွှေစေတီတော်၊

၅။ ကယားပြည်နယ် ဆင်တောင်မှာပင် ဝိဠာခုဒပါဒိစေတီတော်၊

၆။ ထီမယ်ပေါ်ရွာအနီး လယ်တောကြီးမှာ ကမ္ဘာ့ငြိမ်းချမ်းရေး စေတီတော်၊

၇။ ဇီဇဝါမြိုင်တောင်ကုန်းပေါ်မှာ ထူပါရာမစေတီတော်၊

၈။ မွန်ပြည်နယ်၊ မုဒုံမြို့မှာ လောကမှန်ကူစေတီတော်၊

၉။ ဒေါနတောင်တန်း (ကုလားမတောင်တန်း)မှာ ဇိနသီတလ အေး စေတီတော်၊

၁၀။ ကယားပြည်နယ်၊ ဆင်တောင်မှာ အနန္တသုခဓာတ်ပေါင်းစု စေတီတော်၊

၁၁။ ကယားပြည်နယ်၊ လွယ်နဖတောင်မှာ ပြည်လုံးအေး စေတီတော်၊

၁၂။ ကယားပြည်နယ်၊ လွယ်နဖတောင်မှာ မြတ်ဘုန်းပွင့်အေးသုခ

ဟူ၍ ဘုရားစေတီအသီးသီးကို ပြုပြင်တည်ထားပြီးစီးခါမှ ယခုနှစ် ၁၃၅၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်မှစ၍ အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲနှင့်အတူ ယခင်တည်လက်စ မင်္ဂလာစေတီကို ဆက်လက်တည်ထား ပြုပြင်ခဲ့ရာမှာ ယနေ့ဆို အပြီးသို့တိုင်ခဲ့ပါပြီဘုရား။ ဤမှ တစ်ပါးလည်း မြိုင်ကြီးငူတစ်ဖက်ကမ်း အုန်းတောရပ်မှာ မြသိန်းတန်စေတီတော်ကိုလည်းကောင်း၊ ဧရာဝတီတိုင်း၊ ဖျာပုံမြို့နယ်မှာ ကမာပိုစေတီတော်ကိုလည်းကောင်း၊ ပဲခူးတိုင်း၊ ရွှေကျင်မြို့နယ်၊ ပဒဲကောရွာအနီးမှာ ဉာဏ်တော် ၁၀၈ တောင်ရှိမည့် ကျောက်မော်စေတီတော်ကိုလည်းကောင်း ပြုပြင် တည်ထားဆဲဖြစ်ပါသည်ဘုရား။

တစ်ဆက်တည်း လျှောက်ထားလိုသေးသည်မှာ ယမန်နှစ်ကကဲ့သို့ ပြည်တော်ဝင်များအား ဒုလ္လဘရဟန်းအဖြစ်သို့ သွတ်သွင်းချီးမြှင့်ခဲ့ရာ ယနေ့မှာ ရဟန်းလောင်း ၅၀၀ ရဟန်းဘောင်သို့ ရောက်ရှိခဲ့ပါပြီဘုရား။ သို့ဖြစ်ပါ၍ ဘာသာရေးအခမ်းအနား စုံညီသည့် ယနေ့အခ္ဓါန် ၂ နှစ်ပြည့် အခါသမယမှာ မင်္ဂလာ့စေတီငတ်အား ရွှေထီးတော် တင်လှူဆက်ကပ်ပူဇော်ရမည်မှာ မင်္ဂလာအပေါင်းနှင့် ခညောင်းပြည့်စုံလှပါသည်ဘုရား။ သို့အတွက်ကြောင့် ယနေ့နံနက် ၇း၀၀ နာရီမှာ မင်္ဂလာအခါတော်ကျရောက်ပြီဖြစ်ပါသဖြင့် ယခုအချိန်မှစပြီး ထီးတော်တင်အခမ်းအနားကို စတင်တော့မည် ဖြစ်ပါကြောင်း ရှိသေစွာ လျှောက်ထားအပ်ပါသည် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ ဘုရား။

အခမ်းအနားမှူးက ယင်းသို့ ဖတ်ကြား လျှောက်ထားပြီးနောက် အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသွားသည်။

ရှေးဦးစွာ ကြွရောက်လာသူ ပရိသတ်အားလုံးက "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနား ဖွင့်လှစ်သည်။

၎င်းနောက် မြိုင်ကြီးငူဆရာတော်ဘုရားထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်၍ ဆရာတော် သံဃာတော်များမှ ချီးမြှင့်သော ပရိတ်တရားတော်မြတ်ကို နာယူကြသည်။ ထို့နှင့်တစ်ဆက်တည်း မြိုင်ကြီးငူဆရာတော်ဘုရားမှ အနုမောဒနာတရား ဟောကြားချီးမြှင့်၍ ရေစက်သွန်းချပေးတော်မူပါသည်။

ယင်းနောက် မင်္ဂလာစေတီတော်အား စုံနံ့သာမြိုင်ဆွေမြို့တော် ပိတောက်မြိုင် ဓမ္မစကြာဝတ်အဖွဲ့မှ "ခုနစ်နေ့ဗုဒ္ဓဝင်" ဘုရားရှိခိုးဖြင့် သီဆိုပူဇော်သည်။

ထို့နောက် မင်္ဂလာစေတီတော်အား မင်္ဂလာစေတီတော်ဘွဲ့ ရတနာ ရွှေကြုတ် ဓမ္မဂီတိတေးကဗျာများဖြင့် အဘိဓမ္မာသင်တန်းသူများမှ အောက်ပါ အတိုင်း သီဆိုပူဇော်သည်။

## မင်္ဂလာစေတီတော်ဘွဲ့
## (ရတနာရွှေကြုတ်ကဗျာများ)

၁။ သံလွင်မြစ်ကမ်း၊ တင့်ဆန်းဝေလွင်
စိမ်းစိုညိုမှိုင်း၊ အုံ့ဆိုင်းညိုမြင်
ပြာရီရောလုံ၊ ရတုကြည်ရွှင်
သာယာပုံ၊ ဟန်စုံတွေးချဲ့ထွင်
ကဗျာစုံ၊ ဉာဏ်ကုန်ရေးဖွဲ့လျှင်
စုံမြိုင်ထူး၊ ရင့်ကျူးတို့ဂုဏ်အင်
ကုန်နိုင်ဘူး၊ တင့်ထူးမျိုးစုံလင်။

၂။ တောခြေမြိုင်လမ်း၊ စခန်းဖြာလွင်
သာပုံတင့်ဆန်း၊ ရှုစမ်းဖွယ်ပင်
ဖူးကြွပွင့်ကြ၊ ပန်းလှစုံလင်
ရဂုံချာ၊ စုံဝနာညို့ညို့တွင်
စုံနံ့သာ၊ ဂုဏ်ဝါမွှိုမွှိုလွင်
တည်ဖန်ဆင်း၊ ပျံ့သင်းတေးချိုလွင်
ကြည်ရန်ရှင်း၊ နံ့ဆင်းမွှေးပိုသရှင်။

၃။ စုံနံ့သာမြို့၊ ဤသို့ခေါ်တွင်
ဆရာတော်ဘုရား၊ တည်ထားဂုဏ်အင်
ဆိုက်ရောက်လာကြ၊ များလှစုံလင်
ပြည်တော်ဝင်၊ စိတ်ရွှင်လန်းဖို့ပြင်
ရည်မျှော်အစဉ်၊ စိတ်တွင်မှန်းလို့ပင်
ခါခါမှန်၏ ကိန်းခန်းဖွေနှည်မြင်
ဘယာမသမ်း၊ ငြိမ်းချမ်းစေသည်ပင်။

၄။ စုံနံ့သာမြို့၊ ဗဟို့လယ်ခွင်
သိမ်တော်ကြီးဘေး၊ မဝေးမှာပင်
ရှေးတည်ခေတ်နှောင်း၊ အဟောင်းကိုလျှင်

ပျက်စေတီ၊ ရှိသည်ရဲ့ရဲ့တွင်
ရက်ရှည်ရှည်၊ ခွန့်တည်တွဲ့တွဲ့သွင်
ဆရာတော်ဘုရား၊ မြွက်ကြားညွှန်းဆိုတင်
မိန့်တော်ထား၊ ညွှန်ကြားခွန်းချိုလွင်။

၅။ မင်္ဂလာနာမ၊ ရွှန်းမြလွင်လွင်
ဆရာတော်ဘုရား၊ တည်ထားဂုဏ်အင်
ပြုကြပြင်ကြ၊ ထွန်းပစေချင်
ဒို့သာသနာ၊ ရှည်ကြာရေးကိုပင်
ဒို့သာသနာ၊ စည်ဖြာမွေးလို့အစဉ်
ကိန်းခန်းပေး၊ စိတ်အေးကြည်စွာလျှင်
ငြိမ်းချမ်းရေး၊ တိတ်ပေးသည်သာထင်။

၆။ စေတီတော်မြတ်၊ ဝန်းပတ်ရံတွင်
ဆယ့်ခြောက်ဘုရား၊ တည်ထားစုံလင်
ဖူးမြော်မဝ၊ ဝွမ်းစဆီတွင်
အိကာခွေ၊ ရှိနေသို့ပသွင်
ပီတိတွေ၊ ငြိဝေပျို့မျှထင်
သာကြည်နူး၊ ယှက်ပူးဖြာဖြာလွင်
ဖြာရည်စူး၊ ရှိခိုးခါခါတင်။

၇။ ဂုဏ်တော်ကိုးရပ်၊ ဖြိုးလျှပ်ဝေလွင်
မွေသရိဓာတ်များ၊ သွင်းထားသည်ပင်
အာရုံမျှော်ပြု၊ သွန်းဆုပန်ဆင်
ပန်းကြာငုံ၊ စွမ်းကုန်ဆင့်လို့တင်
ဆန်းအာရုံ၊ မွှမ်းထုံပွင့်လို့ပင်
စက်ဆုံနိုး၊ ပြည့်ဖြိုးလျှံဖြာလွင်
လက်စုံမိုး၊ ရှိခိုးပန်ထွာဆင်။

*(မြိုင်နန်းဆွေ ရေးဖွဲ့၍ အဘိဓမ္မာသင်တန်းသူများ သီဆိုပူဇော်သည်)*

ယင်းနောက် မင်္ဂလာစေတီတော်ဘွဲ့ ရှစ်ဆယ်ပေါ် ယာပ်တွန့် ကေး
၄င်း အောက်ပါအတိုင်း သီဆိုပူဇော်သည်။

## မင်္ဂလာစေတီတော်ဘွဲ့
## (ရှစ်ဆယ်ပေါ်ထွေပ်တွန့်တေးထပ်)

❖ မြိုင်ရဂုံဗွေ၊ ထုံဝေဝေ့မို့
ငုံရွှေရွှေ့သို့၊ ခိုင်ပန်းညှာ
သုန်လေဝှေ့လို့၊ ကြိုင်လျှမ်းစွာငယ်
မြိုင်နန်းဝေဆာ ကန္တာတွင်း။

❖ လန်းအစွင့်စွင့်၊ ဆန်းအတင့်တင့်
ပန်းအပွင့်ပွင့်၊ စုံကွန်ဖြာသည်
မှုန်ညွန့်မာလာ မွှေးပျံ့ချိုလို့သင်း။

❖ ဂနိုင်ဆီးမူသို့၊ လှိုင်ပြီးကြူမို့
မြိုင်ကြီးငူလို့၊ သင်းနံ့ဖြာသည်
ရှင်းသန့်ကြည်သာ၊ စံရာအခင်း
မယွင်းတန့်တည်ရာ၊ မြန်မာတွင်းမှာဖြင့်
မှန်စွာမယွင်း၊ ထူးထင်ပေါ်။

❖ တက်သစ်စနေ၊ စုံဖြာလင်းသည်သို့
ဂုဏ်ဝါသတင်း၊ ထေရ်ဆရာ့ရွှေဘုန်းတော်။

❖ ရွှင်စရာဆင့်ဆင့်၊ ဆင်ပဏာတင့်တင့်
မင်္ဂလာရှင့်ပင့်၊ စေတီတော်ကို
ဘေရီဆော်၊ သံဝါကြူးလို့
မှန်စွာအထူး၊ တည်ထားလေခဲ့ပြန်
ရှည်လျားစေမဲ့ဟန်။

❖ ပြေရွာတစ်လွှားတို့၊ သွေဘယာရှားဖို့
ထေရ်ဆရာတစ်ပါးမို့၊ လှစ်ကာကြဲစည်
မေတ္တာမှန်ရည် ပို့ကြောင်းပါရဲ့လေး။

❖ ရည်ရွယ်သေးသမို့၊ စည်ဖွယ်ရေးမို့
ပြည်နယ်အေးဖို့၊ ကြည်မိဋ္ဌာန်တည်
ရည်စိတ်မှန်သည်၊ မြတ်ကြောင်းပါရဲ့လေး။

❖ အေးစရာအခင်းမို့၊ ဘေးဘယာရှင်းဖို့
တေးပဏ္ဏာသွင်းလို့၊ သွန်းဆုပန်သည်
ညွန်းယခုမှန်ပြီ ပြည့်ကြောင်းပါရဲ့လေး။

*(မြိုင်နန်းဆွေ ရေးဖွဲ့၍ နန်းကြော့သူဇာခိုင် သီဆိုပူဇော်သည်။)*

ထို့နောက် ရွှေထီးတော်ဘုံအဆင့်ဆင့်ကို ပန်းရထားယာဉ်ပျံဖြင့် တင်ဆက်ကပ်လှူ ပူဇော်သည်။ ထီးတော်တင်နေစဉ်အတွင်း စုံနံ့သာမြိုင်ဆွေ မြို့တော်ရှိ သဘင် ဂီတ ပညာရှင်များက "လေ့တော်သံ" ဝေလာကြိုးသီချင်းဖြင့် တီးမှုတ်သီဆို ပူဇော်သည်။

နံနက် ၉း၂၀ နာရီတွင် စိန်ဖူးတော်ကို တင်လှူပူဇော် ပြီးစီးသည်။ တစ်ဆက်တည်းမှာ အရန်စေတီ ၁၆ ဆူကိုပါ တစ်ပြိုင်နက်တည်း ထီးတော်ကပ်လှူသည်။ အားလုံးပြီးစီးလျှင် မြိုင်ကြီးငူဆရာတော်သည် ငြမ်းပေါ်သို့ ကြွရောက်ကာ ရွှေမိုး ငွေမိုး ရွာသွန်းဖြိုးတော်မူသည်။

ယနေ့ ထီးတော်တင်ပွဲသို့ ရန်ကုန်မြို့မှ ဆရာတော်၏ ဒါယကာရင်းများဖြစ်သော ဆရာ ဦးထွန်းထွန်းနှင့် ဇနီး ဒေါ်သိင်္ဂီရွှေ၊ ဦးထွန်းမောင်၊ ဦးမြတ်ကျော်၊ ဦးခင်ညွန့် စသော ၅၀ ကျော်သည့် ဒါယကာ၊ ဒါယိကာမများလည်း လာရောက်ကြသည်။ ဘားအံမြို့မှ ဧည့်သည်များ၊ ရွာနီးချုပ်စပ်မှ စေတနာရှင်များနှင့် စုံနံ့သာမြိုင်ဆွေမြို့တော်တွင်းမှ ပြည်တော်ဝင်များနှင့် အထူးပင် စည်ကားလှသည်။

ဉာဏ်တော် ၂၇ တောင်ရှိ မင်္ဂလာစေတီတော်သည် ရွှေထီးတော်တင်လှူဆက်ကပ်ပူဇော်ပြီးသည်မှ တက်သစ်သော နေခြည်ဝယ် ရွှေရည်ဝင်းလျက် ဝင်းလက်တောက်ပစွာ ကြည်ညိုသပ္ပာယ်ဖွယ်ရာအတိ ဆောင်လျက်ရှိပေတော့သည်။

# အကြောင်းကြောင့် အကျိုးမှာ

မြိုင်ကြီးငူဆရာတော်၏ အမျိုး ဘာသာ သာသနာအတွက် ပြုမူ စွမ်းဆောင်ချက်သည် မြိုင်ကြီးငူတစ်ခွင်သာမက ကရင်ပြည်နယ် အစိတ် အပိုင်း အတိုင်းအတာတစ်ခုအထိ အကျိုးသက်ရောက်မှု ရှိခဲ့သည်။ သည် အဖြစ်ကို ဒေသခံတို့၏ ရင်ဖွင့်ချက်က အောက်ပါအတိုင်း သက်သေခံလျက် ရှိသည်။

**********

ကေအဲင်န်ယူများ အုပ်စိုးစဉ်က ဒေသခံတို့အပေါ် ကောက်ခွဲမှုပြုပုံမှာ ဤသို့ ဖြစ်သည်။

| | | | |
|---|---|---|---|
| ၁။ | နွားတစ်ကောင်လျှင် နှစ်စဉ်ကြေး | ၁၅၀ | ကျပ် |
| ၂။ | ကျွဲတစ်ကောင်လျှင် နှစ်စဉ်ကြေး | ၁၅၀ | ကျပ် |
| ၃။ | ဆင်တစ်ကောင်လျှင် နှစ်စဉ်ကြေး | ၂၀၀၀ | ကျပ် |
| ၄။ | ဝက်တစ်ကောင်လျှင် နှစ်စဉ်ကြေး | ၁၅၀ | ကျပ် |
| ၅။ | ဆိတ်တစ်ကောင်လျှင် နှစ်စဉ်ကြေး | ၁၅၀ | ကျပ် |
| ၆။ | ကြက်၊ ဘဲ မွေးထားလျှင် နှစ်စဉ်ကြေး | ၂ | ပိဿာ |

| | | | |
|---|---|---|---|
| ၇။ | အုန်း တစ်ပင်လျှင် နှစ်စဉ်ကြေး | ၅၀ | ကျပ် |
| ၈။ | မြေခွန်စပါး တစ်ဧက | ၂ | တင်း |
| ၉။ | ကြံ (ပင်ငယ်) တစ်တာ | ၄၀ | ကျပ် |
| ၁၀။ | ထိုကြံပင် ကြီးလာလျှင် တစ်တာ | ၅၀ | ကျပ် |
| ၁၁။ | ကြံသကာချက်ဖိုတစ်လုံး (ဖိုတစ်ခါတည်လျှင် တစ်ခါပေးရသည်) | ၁၅၀ | ကျပ် |
| ၁၂။ | ကြံသကာထွက်ရှိလာပြန်လျှင် ရောင်းရငွေမှ | ၃ | % |
| ၁၃။ | ကုန်သည်များ၏ ကြံသကာလှေတစ်စင်းလျှင် | ၅၀၀ | ကျပ် |
| ၁၄။ | အခြားပစ္စည်းဆိုလျှင် တန်ဖိုး၏ | ၃ | % |
| ၁၅။ | လှေတစ်ခေါက်ဆင်းလျှင် ဆန် (တော်လှန်ရေးအတွက်) | ၁ | အိတ် |
| ၁၆။ | တောင်ယာစပါးတစ်ခင်းလျှင် စပါး | ၂ | တင်း |
| ၁၇။ | အိမ်ငယ်လျှင် နှစ်စဉ်ကြေး | ၃၅၀ | ကျပ်နှင့် |
| | စပါး | ၂ | တင်း |
| | ဆန် | ၂ | တင်း |
| ၁၈။ | အိမ်ကြီးလျှင် နှစ်စဉ်ကြေး | ၁၀၀၀ | ကျပ်နှင့် |
| | စပါး | ၅ | တင်း |
| | ဆန် | ၅ | တင်း |

ပြီး တစ်ခါ ပညာရေးအတွက် သီးသန့်ကောက်ခံသေးသည်မှာ -

| | | | |
|---|---|---|---|
| ၁၉။ | ကျေးလက်ကျောင်းများအတွက် တစ်အိမ်လျှင် | ၂၅ | ကျပ် |
| ၂၀။ | တက္ကသိုလ်အတွက် တစ်အိမ်လျှင် | ၅၀ | ကျပ် |

ပေးဆောင်ရသည်။

("ဘယ်ကျောင်း၊ ဘယ်တက္ကသိုလ်ဟူ၍တော့မသိ။ ဘာကြေး ညာကြေးဆိုပြီး တောင်းဟိုင်းပေးရသည်ချည်းဖြစ်သည်" ဟု ဤစာရင်းဇယားများကို ပြောပြသူ ဒေသခံတိုင်းရင်းသား ဦးသန်းမြင့်က ဆိုသည်။)

စစ်ကြောင်းထွက်စရာရှိသည်ဆိုလျှင် လေးရွာ၊ ငါးရွာ စုပေါင်း၍ ဆန်အိတ် ၅၀ မှ ၁၀၀ အတွင်း ပေးရသေးသည်။

မိမိတို့ ကျေးရွာတွင်းသို့ သူတို့စစ်ကြောင်း ဝင်လာလျှင် ရွာသားများကပင် စားစရာ သောက်စရာများကို ကုန်ကျခံ၍ ကျွေးမွေးရသည်။

စစ်ကြောင်းမှအပြန် (ဝါ) တိုက်ပွဲမှ ပြန်လာလျှင် ရောက်ရှိလာသော အင်အားအလိုက် ကျွေးပေ မွေးပေဦး။

ဤသို့သော အကောက်အခွဲများကို ကျေးရွာလူကြီးလုပ်သူက ကောက်ခံပေးရသည်။ ထို့ကြောင့် လူကြီးလုပ်လိုသူသည်။

၁။ အိမ်ကမိန်းမ ပါးစပ်ပူခြင်း၊

၂။ ရွာသူရွာသားများ ပါးစပ်ပူခြင်း၊

၃။ ကေအင်န်ယူတို့ ပါးစပ်ပူခြင်း ဤမည်သော ပူသုံးပူကို ခံနိုင်ရည်ရှိရသည်။ ခံနိုင်ရည်မရှိ၍ မလုပ်လိုလျှင်လည်း သူတို့သဘောကျ၍ ခန့်ထားလျှင် မဖြစ်မနေ လုပ်ကို လုပ်ရသည်။ အကောက်ခွဲအမျိုးမျိုးကို ပေးချင်လည်းပေး၊ မပေးချင်လည်း ပေး။ ရှိလည်းပေး၊ မရှိလည်းရှာပေးဖြင့် အမျိုးမျိုးပေးဆောင်နေရသည့်အထဲ သည့်ထက်ပြင်းထန်သော အမိန့်တစ်ရပ်ကထပ်ဆင့်ထုတ်ပြန်ထားသေးသည်။

"တော်လှန်ရေးအတွက် မိသားစုအလိုက် တစ်မိမှာ စစ်သားတစ်ယောက်နှုန်း မဖြစ်မနေ ပေးရမည်။ မပေးနိုင်က တစ်ဦးလျှင် ရှစ်သောင်းမှ တစ်သိန်းခွဲထိ (ထိုစဉ်က ငွေကြေးတန်ဖိုးကို ဆိုလိုသည်။) ပေးဆောင်ရမည်" ဟူသတည်း။

အကောက်အခွဲ အမျိုးမျိုးကို ခါးစည်းခံပြီး ရှာကြံ၍ မရှိ ရှိတာကို ကြံဖန်ပေးနိုင်သော်လည်း မိမိတို့၏ ရင်သွေးများကို ပြန်လမ်းမသိသော (ဝါ) ပြန်လမ်းမရှိသောခရီးသို့ လွှတ်ရမည်မှာ မိဘဖြစ်သူများအဖို့ အလွန့်ကိုမှ မလွယ်သောအလုပ်ဖြစ်သည်။ သားသမီးများ အရွယ်ရောက်လာမှာကိုပင် စိုးရွံ့နေကြရသည်။

လူသားကို မဆိုထားဘိ၊ တိရစ္ဆာန်များသော်မှ ၎င်းတို့၏ သားသမီးများကို သံယောဇဉ် တွယ်တာတတ်ကြသည်သာ။ မမွေးဖွားလာမီကပင် မိဘမေတ္တာဟူသော အရာက မိဘများ၏ ရင်တွင်းမှာ ကိန်းအောင်းခဲ့သည်၊ မွေးဖွားလာပြီးနောက်တွင်ကား ပြောဖွယ်ပင် မရှိတော့လောက်အောင် မေတ္တာဒီရေက တရိပ်ရိပ်တက်ခဲ့တတ်သည်မှာ မိဘတိုင်း၏ ဓမ္မတာဖြစ်သည်။ ဖြစ်ရိုးဖြစ်စဉ် ဖြစ်ကို ဖြစ်ရမည့် သဘာဝတစ်ရပ် ဖြစ်သည်။

အဖသတ် အဇာတသတ်မင်းသော်မှ သား၏ဖခင် ဖြစ်လာသော အခါ ကြီးမားသော မိဘမေတ္တာ (သားသမီးပေါ် ချစ်ခြင်း)ကို သိရှိလာရသည်။ ကိုယ်ချင်းစာတတ်လာသည်။ ထိုနေ့မှာပင် မွေးဖွားလာသော သူ့သား ဥဒယ မင်းသားငယ်အပေါ် ချစ်ခြင်းကြီးစွာဖြစ်သဖြင့် အနားမှာရှိသော မယ်တော် ဝေဒေဟီ မိဖုရားကြီးအား မေးမြန်းသည်။

"သူ့ဖခင် ဗိမ္ဗိသာရမင်းကြီးက သူ့ကို ဤလိုမျိုးချစ်ပါသလော" မေးမြန်းသည်တွင် ဝေဒေဟီမိဖုရားကြီးက ဇာတ်ကြောင်းလှန်၍ ပြန်ပြောပြ သည်မှာ -

"သားမောင် အဇာတသတ်၊ အမောင့်ကို ငါ မယ်တော် ပဋိသန္ဓေ ရစဉ်ကာလက မောင့်ဖခင် ဗိမ္ဗိသာရမင်းကြီးရဲ့ လက်မောင်းသွေးကို သောက် လိုတဲ့ ချဉ်ခြင်းဖြစ်ခဲ့သည်။ မသင့်တော်လေခြင်းရယ်လို့ သားမောင့်ဖခင်ကို မပြောဘဲနေပေမယ့် ချဉ်ခြင်းကမပြေ၊ အနေအစားပျက်သည်တွင် မောင့်ဖခင် မေးမြန်းလွန်းသဖြင့် ပြောပြမိရာ ချက်ချင်းပင် သန်လျက်တော်ဖြင့် လက် မောင်းကို ထိုးဖောက်ကာ လက်မောင်းသွေး တိုက်ကျွေးခဲ့တယ်။ ဒီအဖြစ်ကို နိမိတ်ယူပြီး ပုဏ္ဏားတော်တို့က တွက်ချက်ကြည့်ရာမှာ အဖကို သတ်မည့်သား ကေန်ဖြစ်ကြောင်း လျှောက်ထားကြတယ်။ မောင့်ဖခင်က "ငါ့ကို သက်ခါမှ သတ်ရော၊ မမြင်ရသေးတဲ့ ငါ့သားမျက်နှာကို ငါရှုစားလိုတယ်။ ကိုယ်ဝန်ကို ကောင်းကောင်းမွန်မွန် စောင့်ရှောက်ရမည်" လို့ အမိန့်တော်ချမှတ်ခဲ့တယ် အမောင်။

"အမောင့်ကို မွေးဖွားလာပြီးတဲ့နောက် တစ်နေ့သောအခါ အမောင့် လက်ညှိုးမှာ တကျွန်းခူနာကြီးဆိုတာ ပေါက်လာတယ်။ အနာပြည်ကိုက်လို့ မယ်မယ်ဘုရား အပါအဝင် အထိန်းအယတော်တွေက ဘယ်လိုပင် ချော့မြှူ ပါသော်လည်း အငိုမတိတ်နိုင်ဘဲရှိရာမှာ မောင့်ဖခင်ကြီးက အမောင့်ကို ရင်ခွင် တွင်း ပွေ့သွင်းပြီး အနာပေါက်နေတဲ့ လက်ညှိုးကို အာခံတွင်းမှာ ငုံသွင်းလို့ ထားရှာတယ်။ အာငွေ့ရဲ့ ပူနွေးတဲ့ဓာတ်တွေနဲ့ တွေ့လို့ အနာသက်သာသွား တာနဲ့ အမောင်လည်း ခမည်းတော်ရင်ခွင်ထဲမှာ အိပ်ပျော်သွားတယ်။ ဒီအခါ မှာပဲ အမောင့်လက်ညှိုးက အနာပြည်ပေါက်သွားတယ်။ လက်ညှိုးကို ဆွဲထုတ် လိုက်ရင် သူ့သားကလေး နိုးသွားမှာစိုးလို့ ရွံစရာ ပြည်ပုပ်ကို မထွေးထုတ်ဘဲ မျိုးချခဲ့ရပါတယ်အမောင်။ မောင့်ဖခင် အမောင့်ကို ဘယ့်ကလောက် မေတ္တာ ကြီးမား အချစ်ကြီးသလဲဆိုတာ အဲဒီအဖြစ်ကိုသာ ရှုပါတော့သားမောင်" တဲ့။

မိဘဟူသည်မှာ ဤသို့သော ဓမ္မတာမျိုး ရှိသည်ချည်း ဖြစ်သည်။ မွေးဖွားလာပြီဆိုကတည်းက မှဲ့၊ ခြင်၊ ယင် မသွန်းရအောင် ဂရုစိုက်ရသည်။ လူလားမြောက်အောင် မြေတောင်မြှောက်ပေးရသည်။ လူတစ်လုံး သူတစ်လုံး ဖြစ်အောင် အငြိုအငြင် အပုင်ပန်းအဆင်းရဲခံကာ မွေးမြူခဲ့ရသည်။ သည် သားငယ် လူမမယ်လေး လူလားမြောက်မည်မှ မကြာသေး။ ပြန်လမ်းမသိသော (ဝါ) ပြန်လမ်းမရှိသောခရီးကို အဘယ်သော မိဘဖြစ်သူက သွားစေချင်ပါ မည်နည်း။ ဖြစ်များဖြစ်နိုင်ပါလျှင် သားသမီးများကို ထားရစ်ကာ မိဘကိုယ်တိုင် သွားဖို့ ဝန်မလေးတတ်ကြ။

သည်ဖြစ်ရပ်ကို အောက်ပါ ဗိုလ်ချုပ်ကျော်သန်း (ဒီကေဘီအေ)၏ ရှေ့ပိုင်းဘဝဖြစ်စဉ်ပါ ဖြစ်ရပ်က ထင်ရှားစေပါသည်။ ဗိုလ်ချုပ်ကျော်သန်း၏ ရှေ့ပိုင်းဘဝဖြစ်စဉ်ကို လေ့လာစမ်းပါဘိ။

## ဒီကေဘီအေ ဗိုလ်ချုပ်ကျော်သန်း၏ ရှေ့ပိုင်းဘဝဖြစ်စဉ်

ကျွန်တော့်နာမည် ကျော်သန်းပါ။

ဘီးလင်းမြို့နယ် နောင်ကတုတ်ရွာမှာ မွေးပါတယ်။ အဖ ဦးကလူး၊ အမိ ဒေါ်ထွန်းမေတို့မှ ဒုတိယမြောက်သားအဖြစ် ၁၃၃၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့် တနင်္လာနေ့မှာ မွေးဖွားခဲ့တယ်။ မွေးချင်း ခုနစ်ယောက် ဖြစ်ပြီး အကြီးဆုံးမှာ အစ်မ ဖြစ်ပါတယ်။

ကျွန်တော် ပညာသင် နောက်ကျခဲ့တယ်။ အသက် ၁၀ နှစ်သား အရွယ်လောက်ရောက်မှ သထုံမြို့နယ် သိမ်ဆိပ်ကျေးရွာအုပ်စုတစ်ခုက အမကတစ်ကျောင်းမှာ သူငယ်တန်း စနေရပါတယ်။ ပထမတန်းအထိ အဲဒီ ကျောင်းမှာ နေခဲ့ပြီး ဒုတိယတန်းတက်တဲ့နှစ်မှာ တံတားဦး မူလတန်းကျောင်း သို့ ပြောင်းရွှေ့ခဲ့တယ်။ တတိယတန်းကိုလည်း အဲဒီကျောင်းမှာပဲ အောင်မြင် ခဲ့တယ်။

စတုတ္ထတန်းရောက်တော့ နန်းတောင်းကျောင်းသို့ ပြောင်းရွှေ့ခဲ့ရ ပြန်တယ်။ စတုတ္ထတန်း ဖြေပြီးလို့ နွေရာသီ ကျောင်းပိတ်ရက်တစ်နေ့မှာ မိခင် ဒေါ်ထွန်းမေ ဆုံးပါးခဲ့တယ်။ ကုသိုလ်ကံများ ဆိုးပုံကို ပြောပါတယ်။ အမေဆုံး လို့မှ မကြာသေးဘူး။ ဖခင်ဖြစ်သူ ၁၇/၁ နဲ့ ဘီးလင်းအချုပ်ခန်းမှာ အချုပ်ခံ ရတယ်။ အဖေက ရပ်ရွာမှာ ကျေးနယ်တရားသူကြီး ဖြစ်တယ်။ မလိုတဲ့သူတွေ ခြေထိုးမှုနဲ့ အဖော်သုံးဦးနှင့်အတူ ၁ လ နဲ့ ၈ ရက် အချုပ်ခံခဲ့ရတယ်။

အချုပ်မှလွတ်ပြီးနောက်မှာ ရွာကို စိတ်နာတာနဲ့ မိသားစုအားလုံး ဝီယော်ရွာသို့ ပြောင်းရွှေ့ခဲ့တယ်။ ကျိုက်ကော် အထကမှာ ပဉ္စမတန်းမှ အဋ္ဌမ တန်းထိ နေခဲ့တယ်။ အဋ္ဌမတန်းဖြေရာမှာ ကျခဲ့တယ်။ နောက်နှစ်ကျောင်း ဆက်တက်သော်လည်း နှစ်ဝက်နဲ့ ကျောင်းထွက်ခဲ့တယ်။ ကျောင်းထွက်တော့ အလုပ်မရှိတာနဲ့ အိမ်ဆိုင်ကလေးတည်ပြီး အေးအေးဆေးဆေး ဈေးရောင်း နေတယ်။ လယ်အလုပ်ကိုတော့ အဖေနဲ့ ညီလေးတို့က လုပ်တယ်။ ကျွန်တော် က ကျောင်းနဲ့သာ အချိန်ကုန်လေတော့ ညီလေးလို လယ်မလုပ်တတ်ဘူးလေ။ ဒါကြောင့် ဆိုင်တည်ရောင်းနေတာပေါ့။

၁၉၈၆ ဇူ...၊ ၈၇ လား မသိဘူး။ အဲဒီနှစ် မိုးဦးတစ်နေ့မှာ ညီလေး စောတာသိန်း (၁၇ နှစ်) နဲ့ ညီငယ် စောမောင်အုန်းတို့နှစ်ယောက် လယ်ထဲ ဆင်းသွားကြတယ်။ ညနေပြန်လာတော့ ညီငယ် စောမောင်အုန်းတစ်ယောက် တည်း နွားတွေနဲ့တူ ရောက်ခဲ့တယ်။

"စောတာသိန်း ဘယ်မှာလဲ" မေးတော့ "ကိုလေး စောတာသိန်းကို ဗိုလ်ဆယ်ပဲတို့အဖွဲ့က လာဖမ်းသွားကြောင်း" ပြောပြတယ်။ အဲဒီကာလက ၎င်းနေရာတစ်ဝိုက်မှာ ဗိုလ်ဆယ်ပဲတို့ အုပ်စု လှုပ်ရှားနေတယ်။ လာဖမ်းသွား သူက ဗိုလ်ဆယ်ပဲတပည့်ဖြစ်တဲ့ ကျော်ဝင်းတို့အဖွဲ့ဖြစ်ကြောင်းလည်း သိရ တယ်။ လက်နက်ကိုင်တဲ့သူစုက ဖမ်းသွားပြီဆိုတော့လည်း ကျွန်တော်တို့က ဘာတတ်နိုင်မှာတုန်း။ ကံကောင်းထောက်မပါစေလို့သာ မငိုမရဲ ဆုတောင်းနေ မိတယ်။

ဖမ်းသွားပြီး သုံးရက်အကြာ မိကျောင်းအိုင်မှာ တိုက်ပွဲဖြစ်ပွားနေ တုန်း ညီလေးက ထွက်ပြေးလွတ်မြောက်လာတယ်။ သူပြန်ရောက်တော့ ည ၁၁ နာရီလောက် ရှိနေပြီ။ မျှော်လင့်မထားတာမို့ မိသားစုအားလုံးက တအား ကို ဝမ်းသာကြတယ်။ ရောက်လို့သာလာတယ်။ ညီလေးခမျာ ထိတ်ထိတ် လန့်လန့်ရှိနေတာမို့ အဖေက ကရင်ရိုးရာ ဓလေ့အတိုင်း လိပ်ပြာခေါ်တာတို့၊ နတ်စားတာတို့ လုပ်ပေးတယ်။

ဒီလိုနဲ့ လေးငါးရက်ကြာတော့ ညီလေး စောတာသိန်းက အဖေနှင့် အတူ လယ်ထဲ ပြန်ဆင်းသွားတယ်။ လယ်ထဲရောက်ပြီး မကြာမီမှာပဲ ကျော်ဝင်းတို့အဖွဲ့ ရောက်လာတယ်။ ညီလေးကို တပ်ပြေးလို့ အမှုတပ်ပြီး ပြန်ခေါ်တော့တာပဲ။ ညီလေးက "မလိုက်ပါရစေနဲ့၊ ကျွန်တော် လက်နက် မကိုင်ရဲပါဘူး" ဆိုပြီး အတန်တန် ငြင်းတယ်။ မရဘူး၊ လက်ကိုဆွဲခေါ်တယ်။

သားကို ထိလာတော့ အဖေ့ရင်မှာ သားဇောကစ်လာပြီလေ။ သားရဲ့ ကျန်လက်ငါးစ်ဖက်ကို လှမ်းဆွဲထားလိုက်တယ်။

"သူမှ မလိုက်ရဲ၊ မသွားရဲတာပဲ၊ မခေါ်ပါနဲ့"

"မရဘူး၊ ခေါ်ရမှာပဲ။ ခင်ဗျားသားဟာ ဟိုမှာ တပ်သားစာရင်းဝင်ဖြစ်သွားပြီ။ ခုလို ပြန်လာတာဟာ တပ်ပြေးတာပဲ။ ခေါ်ကို ခေါ်ရမယ်"

"မင်းတို့ ခေါ်ပေမယ့် သူမှ မလိုက်ရဲ၊ မသွားရဲ၊ လက်နက်မကိုင်ရဲတာပဲ။ မခေါ်ကြပါနဲ့" ပြောရင်း သားရဲ့လက်ကို တင်းတင်းဆုပ်ကိုင်ပြီး ပြန်ဆွဲလိုက်တယ်။ သူတို့က လွှတ်ပေးလိုက်တယ်။ ရိုက်မောင်းပုတ်မောင်း လုပ်ဖို့ဟာကလည်း အဖေနဲ့ကျော်ဝင်းတို့ဟာ တစ်ရွာသားချင်းတွေ ဖြစ်နေတာကိုး။ မျက်နှာနာနေကြတယ်လေ။ ရိုက်ပြီးဆွဲခေါ်ဖို့ မဖြစ်တော့ -

ချောင်းတစ်ဖက်ကမ်းမှာရှိတဲ့ သူတို့ ခေါင်းဆောင်ဆီ ပြန်သွားတယ်။ ချောင်းရဲ့ ဒီဘက်ကမ်းကနေပြီး အကျိုးအကြောင်း ပြောနေသံကြားရတယ်။ မိဘက သဘောမတူတာမို့ ဘာမှလုပ်လို့ မရကြောင်း၊ မည်သို့ဆက်လုပ်ရမည်ကို ညွှန်ကြားဖို့အကြောင်းတွေကို ကြားနေရတယ်။ ဒီတော့ ခေါင်းဆောင်ဖြစ်သူက -

"ဟေ့ဟေ့ . . . ကြာတယ်၊ သူ့သားကို ဖမ်းမရရင် အဖေကိုပါ ကြိုးတုပ်ခေါ်လာခဲ့" လို့ အမိန့်ပေးသံကြားရပြီး မကြာမီ လာပြန်ခေါ်တယ်။ ဘာတတ်နိုင်တော့မလဲ။ နှစ်ဦးစလုံးပါသွားရင် အထူးသဖြင့် အဖေသာ ပါသွားလို့ တစ်ခုခု ဖြစ်သွားခဲ့ရင် နောက်ပိုင်းမှာ အမိမဲ့ သားသမီးများရဲ့ မျက်နှာတွေကို မြင်ယောင်လာပြီး အဖေဟာ အံကို တင်းတင်းကြိတ်ပြီး သားရဲ့လက်ကို လွှတ်ပေးလိုက်ရဟာယ်။

သားလတ်ရဲ့ ကံကြမ္မာကို မှုန်ရီမှေးသော မျက်လုံးအစုံနဲ့ ငေးကြည့်ရင်း စိတ်မကောင်းခြင်းကြီးစွာနဲ့ အိမ်ကို ပြန်ခဲ့ရတယ်။ ဒါတွေက အဖေပြန်ပြောပြတာတွေပါ။ အိမ်ရောက်တော့ -

"မင်းညီတော့ ပါသွားပြန်ပြီ ကျော်သန်းရေ" လို့ တစ်ခွန်းပဲ ပြောနိုင်တယ်။

"ခေါ်လည်း ခေါ်ပေါ့ အဖေရယ်၊ ကျွန်တော်တို့က ဘာမှ တတ်နိုင်တာမှ မဟုတ်တာ"

ကျွန်တော့်စကားက အကြင်နာမဲ့သွားသလား၊ တစ်အူထုံဆင်းခဲ့တဲ့ ညီရင်းအပေါ် သူစိမ်းပဲဆန်သွားသလားတော့ မတွေးမိဘူး။ လက်ရှိ အခြေ

အနေကိုက ကံနည်းသူ ခံရစတမ်း ဖြစ်နေသကိုး။ ညီလေးနေရာမှာ ကျွန်တော် ဆိုရင်လည်း ကျွန်ရစ်သူမိသားစုက ဒီလိုပဲ သဘောထားရမှာပါ။ သံယောဇဉ် အမျှင်တန်းပြီး လိုက်ပါသွားဖို့ဆိုတာ "ကျားရဲရာ ကြမ္ဘာမယိုးသာ" တဲ့ အဖြစ် နဲ့ ဆုံနေကြပြီကိုး။

"ညီလေးတစ်ယောက် ဘေးရန် ကင်းကွာပါစေ" လို့သာ ဆုတောင်း ရတော့တယ်။

ခြောက်ရက်လောက်ကြာတော့ ညီလေး ပြန်ပြေးလာပြန်တယ်။ နောင်ကတုတ်ချောင်းဖျားထိ ရောက်သွားပြီးမှ ပြန်ပြေးလာတာလို့ ဆိုတယ်။ နောင်ကတုတ်ချောင်းဖျားမှာ ရှိစဉ်က ကျော်ဝင်းက ညီလေးကို ပြောတယ် ဆိုလားပဲ။

"ဒီတစ်ခါ မင်းပြေးရဲရင် ပြေးကြည့်စမ်း၊ မင်းပြေးရင် မင်းတို့မှာ လယ်တွေ၊ နွားတွေ၊ ကျွဲတွေရှိတယ်၊ ဘာပစ္စည်းတွေရှိတယ်ဆိုတာ တို့ သိထား တယ်။ လူရရင်ရ၊ လူမရရင် ကျွဲတွေ နွားတွေ ယူရမှာပဲ။ ကြားလား၊ ဒီတော့ မင်းမပြေးနဲ့တော့" လို့ ဆိုသတဲ့။

***********

ကျွန်တော်တို့ သားအဖတစ်တွေ ခေါင်းချင်းရိုက် တိုင်ပင်ကြရပြီပေါ့။

"ကဲ. . . သားတို့ အဖြစ်ကတော့ သိတဲ့အတိုင်းပဲ၊ လယ်ထဲမဆင်း ရဲရင် သားတို့နှစ်ယောက်စလုံး သက်န်းဝတ်ပြီး မြို့ကြီးတွေမှာ သွားနေကြရင် ကောင်းမယ်။ သားတို့ ဒီမှာ ရှိနေလို့ကတော့ ဒီပြဿနာ အေးမှာ မဟုတ်ဘူး"

"အဲလိုဆို အဖေတစ်ယောက်တည်း ဒုက္ခရောက်နေမယ်ပေါ့"

"နောက်တော့လည်း ယောက်ယားပေါ့ သားတို့ရယ်၊ လောလော ဆယ်ဆယ်မှာ ဘားတို့ဒုက္ခက ထိပ်တိုက်တွေ့နေကြရပြီကိုး"

"ဒါတော့ ဘယ်ဖြစ်ပါ့မလဲ အဖေရယ်၊ နေပါဦးလေ၊ ကျွန်တော် စဉ်းစားပါမယ်။ ပြဿနာမှန်ရင် အဖြေတစ်ခုခုတော့ ရှိရမှာပေါ့"

ပြောသာပြောရတယ်၊ ဒီပြဿနာကို ဘယ်ကစပြီး ဘယ်လို ကိုင် တွယ် အဆုံးသတ်ရမယ်ဆိုတာ မသိ။ သားများပေါ် ထားရှိတဲ့ ဖခင်မေတ္တာကို နားလည်တယ်။ အဖေ့စေတနာကို လေးစားတယ်။ အဖေ့အစီအစဉ်အတိုင်းဆို ကျွန်တော်တို့ ညီအစ်ကို နှစ်ယောက်အတွက် လောလောဆယ်ဆယ် အေး

သွားမှာပါ။ ကျန်ရစ်ခဲ့မယ့် အဲဖေ့အတွက်၊ အစ်မအတွက်၊ ညီလေး၊ ညီမလေး တွေအတွက်၊ လယ်အတွက်၊ နွားအတွက်၊ . . . အတွက် . . . အတွက် အတွက်ပေါင်းများစွာ အကောင်းဆုံးအဖြေကို ရှာနိုင်ဖို့ ဖြတ်ဉီးနှောက်လောက်သာ ရှိတဲ့ အသိဉာဏ်နဲ့ စဉ်းစားကြည့်တယ်။

မြွေမသေ တုတ်မကျိုး ဖြစ်ရအောင် ဘယ်နှယ့်လုပ်ရပါ့မလဲ။ တွေးရ ကြပ်စရာကြီးပါ။ အဖြစ်က မြွေလည်း သေမှ၊ တုတ်လည်း ကျိုးမှ ပြီးမယ့် ကိစ္စမျိုး ဖြစ်နေတယ်။ ဒါကို ခေါင်းလက်မလောက်သာရှိတဲ့ ကျွန်တော်က မိုက်မဲစွာ အဖြေရှာနေတယ်။ ကြာကြာရှာမအားပါ။ တစ်ခုခုကို ဆုံးဖြတ်ဖို့ အခြေအနေက ဖန်လာတယ်။

နောက်တစ်နေ့မှာ အဖေလယ်ထဲဆင်းတယ်။ ညီလေး စောတာသိန်း မဆင်းလိုက်ရဲသလို ကျွန်တော်လည်း လိုက်မသွားရဲဘူး။ ညီငယ် စောမောင် အုန်းသာ လိုက်ပါသွားတယ်။ ညီငယ်က ၈ နှစ်သားသာ ရှိသေးတော့ သူ့အဖို့ ခုလို ရင်ဆိုင်နေရတဲ့ အန္တရာယ်မျိုးက ဝေးပါသေးတယ်။ အဖေ လယ်တောသို့ အရောက်မှာ အသင့်စောင့်နေတဲ့ ကျော်ဝင်းတို့အဖွဲ့က -

“ဗိုလ်ဆယ်ပဲက မှာလိုက်တယ်၊ ဉီးဂျာလူးကိုယ်တိုင် နောဂတုတ် ရွာကို လိုက်ခဲ့ပြီး ဗိုလ်ဆယ်ပဲနဲ့ ဆွေးနွေးပါ” တဲ့။

သားငယ် စောမောင်အုန်းကို အိမ်ပြန်လွှတ်လိုက်ပြီး အဖေ လိုက် သွားတယ်။ နောဂတုတ် ရောက်တော့ ဒု-ခွဲမှူး ပန်းကြည်က ပြောတယ်။

“ကော်သူးလေးတွေ ထုတ်ထားတဲ့ စည်းကမ်းအရ တော်လှန်ရေး တာဝန်ကို တစ်အိမ်တစ်ယောက် ကမ်းဆောင်ရမယ်ဆိုတာ မသိထားဘူးလား”

“သိပေမယ့် သူတို့မှ မလုပ်ရဲတာ ဘယ်နှယ့်လုပ်မလဲ”

“ရဲရဲမရဲရဲ အပထား၊ တစ်အိမ်တစ်ယောက် ဖြစ်တဲ့နည်းနဲ့ လုပ်ရ မှာပဲ”

“ဒါတော့. . .”

“ဒါတော့ ဘာတော့တွေ လုပ်မနေနဲ့၊ နားမလည်ဘူး။ တစ်ခုခု ပေးရ မယ်။ သားပေးမလား၊ အဖေလာမလား၊ သားရော အဖေပါ မလာရင် ဖြစ်တဲ့ နည်း၊ ရတဲ့နည်းနဲ့ ဥပမာ ငွေကြေးပစ္စည်းဥစ္စာပေးပြီး တော်လှန်ရေးအတွက် တစ်ခုခု တာဝန်ယူရမယ်”

အဖေ ဘာမှ ပြန်မပြောနိုင်တော့ဘူး။ ဘာအာမခံချက်မှလည်း မပေး နိုင်ဘူး။

"အဲဒါပဲ ကျုပ်ပြောချင်တယ်၊ စဉ်းစား၊ တစ်ခုခုပေးနိုင်အောင် စဉ်းစား။ သုံးရက်အချိန်ပေးမယ်၊ သုံးရက်ပြည့်ရင် အကြောင်းကြားလှည့်။ ကဲ. . . ပြန်နိုင်ပြီ"

အဖေ ပြန်ခဲ့တယ်။ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်ကို ခေါ်ပြီး ဒု-ခွဲမှူး ဗိုလ်ပန်းကြည် ပြောခဲ့တာတွေကို ရှင်းပြတယ်။ ပြီးတော့ -

"ဒီတော့ သားတို့ရေ၊ အဖေတို့ တစ်ခုခုတော့ လုပ်ကြရတော့မယ်။ မင်းတို့နှစ်ယောက်အနက် တစ်ယောက်ယောက် သွားရမယ်။ မသွားရင် လယ်လုပ်လို့ မရဲတော့ဘူး။ တစ်လောကလုံး ရှုပ်ထွေးကုန်တော့မယ်။ ဘယ်သူ သွားမလဲ။ ကျော်သန်း၊ မင်းသွားမလား"

ကျွန်တော် ဘာမှ မပြောသေးမီ အဖေကပင် ဆက်၍

"မင်းညီတော့ မရဲဘူး၊ မင်းလည်း မသွားဘူးဆိုရင် အဖေပဲ သွားမယ်။ မင်းတို့ မောင်နှမတစ်တွေ လုပ်ကိုင်စားကြပေါ့"

ကျွန်တော် တွေးရပြီ။

အဖေကိုယ်တိုင် သွားပြီဆိုရင် အမေလည်း မရှိတော့၊ ကလေးချည်းပဲ ကျန်ရစ်မယ်။ လူကြီးမရှိတဲ့ ဒီအိမ်ထောင်စု ရှေ့ဘယ်လို ခရီးဆက်မလဲ။ ညီလေးလည်း မသွားရဲဘူးဆိုတော့ အစ်ကိုကြီးတော့ အဖအရာတဲ့၊ စကား ရှိတယ်။ အဖေ့ကို ချစ်တယ်၊ ညီအစ်ကို မောင်နှမအပေါ် သံယောဇဉ် ရှိတယ် ဆိုရင် အဖေ့အကျပ်အတည်း ကြုံနေတဲ့တာဝန်ကို မင်းယူသင့်တယ်။ ယူသင့်တယ် မဟုတ်ဘူး၊ ယူကို ယူရမယ်ဟု ဆုံးဖြတ်လိုက်တယ်။

"မထူးဘူး အဖေ၊ အဖေသွားဖို့ မလိုဘူး။ ကျွန်တော် သွားမယ်။ လေးရက်အတွင်း သွားမယ်လို့ သွားပြောပေးပါ"

"ဖြစ်ပါ့မလား"

"ဖြစ်ပါတယ် အဖေ၊ ကကယ်လို့ ကျွန်တော် မသွားရင် တစ်အိမ်လုံး ကို လာသတ်လှည့်လို့သာပြော"

"သားက ရဲတယ်ဆိုရင် သွားပေါ့လေ"

"သား သွားပါ့မယ် အဖေ၊ လေးရက်အတွင်းမှာ သား မရောက် လာရင် တစ်အိမ်လုံးကို လာသတ်လှည့်လို့ပဲ ပြောလိုက်ပါ။ ပြီးတော့ သား နာမယ်ထည့်ခဲ့၊ ကတိခံခဲ့"

"မလာဘူးဆိုရင် ဘယ်လိုလုပ်မလဲ၊ သူတို့က မေးလာရင်ကော"

"သတ်ရင်သတ်၊ မသတ်ရင် လယ်တွေ၊ နွားတွေ၊ ကျွဲတွေ သိမ်းပေါ့လို့ ပြောပါအဖ"

အဖေသွားရောက်ပြီး ကတိပေးလိုက်တယ်။ ပြန်လာတော့ -

"ကတိတော့ ခံခဲ့ပြီးပြီ၊ မင်းပြောသလို ဟုတ်ရင် တော်သေးရဲ့။ မဟုတ်လို့ကတော့ တို့မိသားစုတစ်တွေ ပြေးစရာမြေ မရှိဘူးသားရေ"

"ယောကျ်ားပဲအဖေရာ၊ ပေးပြီးတဲ့ ကတိအတိုင်း ဘည်စေရပါမယ်။ ဒီလေးရက်အတွင်းမှာတော့ ဘာမှ အနှောင့်အယှက်မပြုရင် ပြီးတာပဲ။ တစ်ဝကြီး လည်ထားမယ်။ သွားချင်ရာသွား၊ စားချင်ရာစားမယ်။ ဟိုကို ရောက်ရင် ဘာဆိုဘာမှ မျှော်လင့်ထားလို့ မရဘူး။ ရောက်ချင်ရာရောက်မယ်။ သွားချင်ရာ သွားရမယ်။ ဒါပေမဲ့ သားအတွက် ဘာမှ မပူပါနဲ့။ ပူနေလို့လည်း အကြောင်းမထူးဘူး။ သတ္တဝါတစ်ခု ကံတစ်ခုလို့ပဲ ဖြေပါ အဖေ။ ကော်သူးလေ ဘဝက သိတဲ့အတိုင်း သွားပြီဆိုရင် အိမ်ပြန်လမ်း မရှိဘူး အဖေ"

မထူးပြီမို့ မထူးဇာတ်ခင်းရသူ ကျွန်တော့်အဖို့ မထူးသည့်စကားတွေကို ပြောနေမိတယ်။ ကာရုဏာလွှမ်းသော မှုန်ရီသည့် မျက်လုံးအစုံဖြင့် အငေးသား ကြည့်နေတဲ့ အဖေ့မျက်နှာကို ကျွန်တော် ပြန်မကြည့်ဝံ့ဘူး။ တစ်ဖက်သို့ မျက်နှာလွှဲထားရတယ်။

လေးရက်ပြည့်တဲ့နေ့မှာ အဖေကိုယ်တိုင် လိုက်ပို့တယ်။ နောင်ကတုတ်ရွာရောက်တော့ မွေးဇာတိမို့ အသိအိမ်တွေ ဒလျှောက်လည်ပြီး တစ်ညအိပ်လိုက်တယ်။ မိုးလင်းတော့ ကျော်ဝင်းတို့အဖွဲ့နဲ့ တွေ့တယ်။ တွေ့ဆိုသူတို့က ရွာလူကြီးဆီ သတင်းပို့ထားတယ်။ ဘယ်သူဘယ်ဝါဟာ ဒီနေ့ လာမယ်၊ လာရင် အကြောင်းကြားပါ ဆိုသကိုး။ ကျော်ဝင်းတို့အဖွဲ့ ခေါ်ဆောင်ရာသို့ အဖေပါ လိုက်ခဲ့တယ်။ ဗိုလ်ဆယ်ပဲဆီ ရောက်တယ်။

"ဦးကလူသားဆိုတာ မင်းလား"

"ဟုတ်တယ်၊ ကျွန်တောပဲ"

"ဘယ်လိုလဲ၊ လုပ်တော့မလား"

"မလုပ်ချင်လည်း အတင်းလုပ်ခိုင်းနေတာ၊ ဘယ့်နှယ်လုပ်မလဲ။ ပေးထားတဲ့ကတိအတိုင်း လာရတာပဲ"

"အေးကွ၊ ယောကျ်ားဆိုတာ ဒီလိုမှပေါ့"

နောင်ကတုတ် အထက်ရွာ ဦးထွန်းကြိုင်တဲမှာ အဖေ့အား ကန်တော့တယ်။

"ငါ့သား သွားလေရာ လာလေရာ ခလုတ်မထိ ဆူးမငြိမဘဲ လိုရာခရီးသို့ အမြန်ရောက်ပြီး ဘေးမသီ ရန်မခ မိသားစုများနဲ့. . . ."

တုန်ရီအက်ကွဲသောအသံဖြင့် ဆုပေးနေသည်ကိုမှ ဆုံးအောင် နားမထောင်နေတော့ဘဲ ဗိုလ်ဆယ်ပဲ ခေါ်ရာနောက်သို့ လိုက်ပါခဲ့တယ်။ ပြန်လမ်းမရှိဟု သိထားပြီမို့ မိသားစုနှင့် ပြန်လည်ဆုံတွေ့ပါစေကြောင်း ပေးသောဆုကို အဓိပ္ပာယ်မဲ့လှသည်ထင်၍ ဆုံးအောင်နားမထောင်မိခဲ့တာပါ။ အင်းလေ . . . ဆုံးအောင်နားထောင်လို့လည်း ထူးမှာမှ မဟုတ်ဘဲကိုး။

ဗိုလ်ဆယ်ပဲ ခေါ်ဆောင်ရာ လိုက်လာတယ်။ ဗိုလ်ဆယ်ပဲ က အားပေးစကားတွေ ပြောလာတယ်။

"ယောကျ်ားဆိုတာ ဒီလိုပဲဖြစ်ရမယ်ပေါ့ကွာ။ မင်းညီက အကြောက်ကြီးတယ်၊ ပျော့တယ်၊ ထွက်ထွက်ပြေးတယ်။ တော်လှန်ရေး လုပ်တယ်ဆိုတာ မင့်လိုမှပေါ့။ မင်းကိုတော့ ငါ သဘောကျသွားပြီ။ ဒီလို ဖြစ်ရမယ်ပေါ့"

အားပေးအားမြှောက်စကားတွေ ပြောတယ်။ သူ ဘာပြောပြောကျွန်တော့်စိတ်က ဘာမှမဖြစ်မိဘူး။ ကျွန်တော့မှာ ခံယူချက်၊ ယုံကြည်ချက်ဆိုတာကမှ မရှိပေဘဲကိုး။ မိသားစုအသက်နဲ့ ဥစ္စာပစ္စည်းတွေအတွက်ကျွန်တော့အသက်နဲ့ စတေးပြီး ပေးဆပ်လာရတဲ့အဖြစ်ကို သူသိသိကြီးနဲ့ပြောရက်ပလေတယ်လို့တော့ ခံပြင်းမိသား။ ဒါပေမဲ့ နှုတ်ဆိတ်နေလိုက်တယ်။

"မင်း ဘယ်နှစ်နှစ်လုပ်နိုင်မလဲ၊ ငါ့ကို ကတိပေးစမ်းပါ"

"နှစ်အပိုင်းအခြားတော့ မသိဘူး"

"အေး. . . ဒါပေမဲ့ ဟိုရောက်ပြီးရင် အိမ်ပြန်လို့ မရဘူး။ အစိုးရကလည်း လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူး"

"ဒါက အခြေအနေအရပါ၊ တော်လှန်ရေး အောင်မြင်တဲ့အထိလည်း ဖြစ်ချင်ဖြစ်မယ်ပေါ့"

နှစ်ယောက်သား ပြောရင်း တောထဲဝင်ခဲ့တယ်။ ဒု-ခွဲမှူး ဗိုလ်ပန်းကြည်နဲ့ တွေ့တယ်။ ကျွန်တော်က ပြောတယ်။

"တော်လှန်ရေးလုပ်ရမယ်ဆိုရင် ဒီနယ်မြေမှာ ကျွန်တော့်ကို မထားပါနဲ့။ ကျွန်တော့်မှာ မခံချင်စိတ်တွေ ရှိထားတော့ မဖြစ်သင့်တာတွေ ဖြစ်ကုန်မယ်။ မလုပ်သင့်တာတွေ လုပ်မိလိမ့်မယ်။ တော်လှန်ရေးအတွက်ပဲဆိုရင် ကျွန်တော့်ကို ဗဟိုမှာ ပို့ထားပေးပါ။

"ဗဟိုသွားချင်ရင်လည်းသွား၊ ဟိုရောက်ရင် ပြန်လာဖို့ မလွယ်ဘူး"

"မလွယ်လည်း ရှိပါစေ၊ ဗဟိုပဲ ပို့ပေးပါ"

တောထဲမှာ နှစ်ညအိပ်ပြီးနောက် ကျွန်တော့်ကို တပ်သားအဖြစ်နဲ့ မယ်လယ်ထဂိတ်ကို ပို့လိုက်တယ်။

[ဤကား ဗိုလ်ချုပ်ကျော်သန်း (ဒီကေဘီအေ) ၏ ဘဝရှေ့ပိုင်းဖြစ်စဉ် ဖြစ်ပါသည်။ "လေးကေကူတောင် ဘုရားတည်ရာမှ" ပါ ဗိုလ်ချုပ်ကျော်သန်း၏ ဖြစ်စဉ်နှင့်တွဲစပ်ပါလျှင် သူ၏ ဖြစ်စဉ်တစ်ခုလုံးကို သိပြီး ဖြစ်ပါလိမ့်မည်။ စာရေးသူ]

ဤမျှဖြင့် ထိုစဉ်က ဒေသခံတို့၏ ဘဝအခြေအနေကို သိရှိနိုင်ပြီး ဖြစ်ပါလိမ့်မည်။

**********

မြိုင်ကြီးငူဆရာတော်အား အကြောင်းပြု၍ အထက်ဖော်ပြပါ အခြေအနေမျိုး၊ အဖြစ်မျိုးမှ ကင်းလွတ်ခဲ့ရသည်မို့ ပြည်နယ်သူ ပြည်နယ်သားများက ဆရာတော်အား အထူးကျေးဇူးတင်ရှိကြပါသည်။ အားကိုးယုံကြည် ကိုးစားမှုလည်း ပိုလာကြသည်။ ဝမ်းသာပီတိ ဖြစ်ကြရသည်မှာ မဖော်ပြနိုင်လောက်အောင်ပင် ဖြစ်ကာသည်။

သည်သာမကသေး၊ မြိုင်ကြီးငူဆရာတော်၏ ထိန်းချုပ်မှု အောက်သို့ ကေအင်န်ယူများသည် ဒီကေဘီအေ တစ်ဖြစ်လဲ၍ ရောက်လာခဲ့သည်မို့ ပြည်နယ်ချင်း ဆက်စပ်နေသော မွန်ပြည်နယ်သည်လည်း အထိုက်အလျောက် အေးချမ်းခဲ့ရသည်။

ရန်ကုန်-မော်လမြိုင်သွား ခရီးလမ်း၊ ရန်ကုန်-ဘားအံသွား ခရီးလမ်းမှာ လုပ်သားပြည်သူများ ချိန်ခါမရွေး စိတ်အေးချမ်းသာစွာ သွားလာနိုင်ကြပြီ ဖြစ်သည်။ ကားများဖြင့် ညအခါမှာလည်း သွားလာနိုင်ပြီ။ ညရထားသော်မှ ပြေးဆွဲနေပြီကိုး။

ဤမည်ဤသည်တို့သည် အကြောင်းကြောင့် ပေါ်ပေါက်လာရသော အကျိုးတရားများပင် မဟုတ်ပါလော။

## မြစ်သံလွင်ကမ်းဘေးမှ အိုအေစစ်

ကန္တာရဟူသည် သွားလာရခက်ခဲသော ခရီးလမ်းကို ဆိုလိုသည်။ ခိုးသားဓားပြ သူပုန်သူကန် ပေါများ၍ သွားရလာရ ခက်ခဲသော ခရီးလမ်းကို စောရကန္တာရဟု ဆိုလိုသည်။ တောအတိပြီး၍ သားရဲတိရစ္ဆာန်တို့ ပြွမ်းသဖြင့် သွားရလာရ ခက်ခဲသော ခရီးလမ်းကို ဝါဠကန္တရ (ဝနကန္တာရ) ဟု ဆိုသည်။ ကြီးမားခုံခိုင်သော လှေ၊ သင်္ဘောတို့ဖြင့် ခက်ခက်ခဲခဲ ကူးသန်းသွားလာရသော ပင်လယ်သမုဒ္ဒရာ ရေလမ်းခရီးကို ဥဒကကန္တာရ ဟု ဆိုသည်။ မိုင်ပေါင်းများစွာ ကျာဝေးသော လွင်ပြင်ကျယ်ကြီးတစ်ခုလုံး သဲများအတိ ဖုံးလွှမ်း၍ ခဲခက်စွာ သွားလာရသော ခရီးလမ်းကို ဝါဠုကန္တာရ (သဲကန္တာရ) ဟု ဆိုသည်။

ကျယ်ပြန့်ဝေးကွာသော လွင်ပြင်ကြီးတစ်ခုလုံး ပူလောင်သော သဲများ ဖုံးလွှမ်းနေသည်။ အလျှံတပြောင်ပြောင် ထွက်သော အခိုးတို့က တရိပ်ရိပ် ပျံတက်နေသည်။ တံလှပ်များက တဖျပ်ဖျပ် တလှပ်လှပ်။ ဤမည်သော သဲကန္တာရတွင်းဝယ် နှစ်မြို့စရာ ကြည်နူးချမ်းမြေ့စဖွယ်ကောင်းသော ကွန်းခိုရာ အရပ်ကလေး တစ်နေရာရာသည် ရှိတတ်စမြဲ။ ထိုကို "အိုအေစစ်" ဟု ခေါ် သည်။

မြိုင်ကြီးငူသည် မြန်မာပြည်မမှ ဝေးလံခေါင်ဖျားသောအရပ်တွင် တည်ရှိသည်။ သံလွင်မြစ်ကမ်းပါးတွင် တည်ရှိပြီး ဘားအံမြို့မှပင်လျှင် မိုင်ပေါင်း ၅၀ မျှ ကွာလှမ်းသည်။ သွားရလာရသည်မှာ မလွယ်ကူလှ။ သောင်းကျန်းသူများ အုပ်စိုးမင်းမူရာမို့ အနက်ရောင် ဒေသအဖြစ် သတ်မှတ် ခံထားခဲ့ရသော နယ်မြေလည်း ဖြစ်ခဲ့သည်။ သံလွင်မြစ်ကမ်းပါးတွင် ပေးတင် ထားသော တောကြီးမျက်မည်းအတိလည်း ဖြစ်ခဲ့သည်။ ဆိုင်းဆိုင်းဆို့ဆို့ မှိုင်းမှိုင်းညို့နေသော သစ်ကြီးဝါးကြီးတို့က အုပ်စိုးထားသည်။

သို့ဆိုပါလျှင် . . .

မြိုင်ကြီးငူသည် စောရကန္တာရလည်း မည်ခဲ့သည်။ ဂနကန္တာရလည်း မည်ခဲ့သည်။ ယင်းသို့ ကန္တာရအမည်တွင်လောက်သော ထိုအရပ်ဒေသသည် ယနေ့အချိန်အခါသမယမှာ. . .။

**********

အရုဏ်တော့ဖြင့် မတက်တတ်သေး။ စက်နာရီအားဖြင့် နံနက် ၄ နာရီခန့် ရှိနေပြီ။ ကမ်းနဖူးတစ်နေရာတွင် တည်ဆောက်ထားသော လျှပ်စစ် အင်ဂျင်စက်သံက တထုတ်ထုတ် ပေါ်ထွက်လာသည်။ မရှေးမနှောင်းမှာ နန်းဦးဘေးမဲ့ကျောင်းဝင်းတစ်ခွင်လုံး လျှပ်စစ်မီးများဖြင့် ထိန်လင်းလာသည်။ မရှေးမနှောင်းမှာ မြိုင်ကြီးငူဆရာတော်၏ နံနက်ပိုင်း ဝတ်ရွတ်စဉ်သည် အသံချဲ့စက်မှ ကြည်ညိုဖွယ်ရာ ကြည်နူးစွာ လွင့်ပျံ့ထွက်လာသည်။

ဆရာတော်၏ ဝတ်ရွတ်သံသည် အိပ်မောကျနေသော စုံနံ့သာမြိုင် ဆွေမြို့တော်(မြိုင်ကြီးငူ)ကို လှုပ်နှိုးလိုက်သည်။ အိမ်ကလေးများ မီးရောင် တလက်လက် လင်းလက်လာသည်။ သက်ကြီးရွယ်အိုများက ဘုရားရှိခိုးကြ

သည်။ အပျိုရွယ်များက ဆွမ်းချက်ကြသည်။ စတုဒိသာရှိ တာဝန်ရှိသူများက မီးဖိုကို မီးထည့်၍ နံနက်ခင်း စားသုံးချိန်အမီ လှုပ်ရှားဆောင်ရွက်နေကြသည်။ ကရင် အမျိုးသား လုလင်ပျို လုံမပျိုလေးများသည် စတုဒိသာအတွက် သောက်သုံးရေ ခပ်ရန် သိမ်တော်ဝင်းအတွင်းရှိ ရေတွင်းဆီသို့ ဦးတည်သွားနေကြသည်။

ဝေလီဝေလင်းချိန်မှာ သံဃာတော်များ စီတန်း၍ ဆွမ်းခံကြွနေပုံကို မြင်တွေ့ရသည်က ကြည်နူးစရာ ကောင်းလှန်းလှသည်။ တစ်ညတာ အိပ်စက်အနားယူထားရပြီးသော ဝင်းအတွင်းမှ မော်တော်ယာဉ်များမှာ အင်ဂျင်ပူလာအောင် အသီးသီး စက်နှိုးထားကြသည်။ ကားဆရာတို့မှာ မိမိကားအတွက် လိုအပ်သော ဒီဇယ်ဆီများကို ဆီဂိုဒေါင်မှ သွားရောက်ထုတ်ယူကြသည်။ ခဏအကြာတာဝန်အသီးသီး ထမ်းဆောင်ရန် အလျိုလျို မောင်းထွက်သွားကြသည်။ လမ်းကြိတ်စက်ကြီးသည်ပင် တအိအိဖြင့် တရွေ့ရွေ့ မောင်းထွက်သွားချေပြီ။ တစ်နေ့တာ တာဝန် လမ်းလုပ်ငန်းကို သွားရောက်ထမ်းဆောင်ကြပေဦးမည်။

မြိုင်ကြီးငူ စက်လှေဆိပ်မှာ ဘားအံမြို့သို့ ဆင်းမည့် ဒိုင်နာစက်လှေများ၊ ကမမောင်း၊ နို့ထ၊ ကော့ကရက် စသော ရွာများသို့ ကူးပို့ကြမည့် ပဲ့ချိတ်စက်လှေလေးများ အစီအရီရပ်နားထားကြသည်။ ခရီးအသီးသီးသို့ သွားရောက်ကြမည့် ခရီးသည်များမှာ လှေဆိပ်ထိပ်မှာရှိသော လက်ဖက်ရည်ဆိုင်ရှေ့တွင် ရပ်လျက်တချို့၊ ဆိုင်တွင်းမှ လက်ဖက်ရည်သောက်လျက်တချို့ဖြင့် လှေအထွက်ကို စောင့်နေကြသည်။

ထိုအခိုက်မှာ မူလတန်းကျောင်းသားလေးများသည် လွယ်အိတ်ကိုယ်စီလွယ်လျက် အခြေခံပညာအလယ်တန်းကျောင်းသို့ ရှေးရှုသွားနေကြသည်။ ကျောင်းဆောင် မလုံလောက်သေးသဖြင့် သည်ကျောင်းတစ်ဆောင်တည်းမှာပင် သုံးချိန်ခွဲ၍ သင်ကြရလေရာ အတန်းငယ် မူလတန်းကလေးများသည် နံနက် ၆း၀၀ နာရီတွင် ကျောင်းစတက်ရသည်မို့ စောစီးစွာ ကျောင်းသွားနေကြခြင်းဖြစ်သည်။ ကျောင်းဆောင်ကြီးမှ မနီးမဝေး တောင်ကုန်းမှာ ဆောက်လုပ်ထားသော ဝန်ထမ်းဆောင်မှ အလုပ်ကျ ဆရာမများလည်း တာဝန်ထမ်းဆောင်ရန် စောစီးစွာ ကျောင်းသို့ လာနေကြသည်။

ဝန်ထမ်းဆောင်မှာ မြိုင်ကြီးငူသို့ လာရောက်တာဝန်ထမ်းဆောင်ကြသော ပညာရေးဝန်ထမ်း (ဆရာမ) များ နေထိုင်ရန်အတွက် ဖြစ်သည်။ အားလုံး ၄ ဆောင် ဖြစ်သော်လည်း လက်ရှိမှာ နှစ်ဆောင်သာ ပြီးစီး၍

နေထိုင်နေကြ ပြီဖြစ်သည်။ ကျန်နှစ်ဆောင်မှာ ဆောက်လုပ်ဆဲ ဖြစ်သည်။ မူလကျောင်းဆောင် နှင့် အရွယ်ပမာဏ အသွင်သဏ္ဌာန်ချင်းပါ တူညီသော ကျောင်းဆောင်သစ်ကြီးတစ်ဆောင်ကိုလည်း မူလကျောင်းဆောင်နှင့်ယှဉ်လျက် ဆောင်လုပ်လက်စ အနေအထားမှာရှိသည်။ ၎င်းသည်လည်း မကြာမီကာလအတွင်းမှာ ပြီးစီးဖွယ်ရှိနေသည်။ ယင်းကျောင်းဆောင်ပြီးစီးပါလျှင် သုံးချိန်ကျောင်းမှ နှစ်ချိန်ကျောင်း ဖြစ်လာနိုင်ဖွယ်ရှိသည်။

ကျောင်းသို့သွားရာလမ်းဘေးမှာရှိသော ပြည်သူ့ဆေးရုံက နံနက်ခင်းဝယ် စောလွန်းသေးသဖြင့် လှုပ်ရှားမှုမရှိ။ ပကတိငြိမ်သက်နေသည်။ ဆေးရုံမှ ကျော်၍ ကြည့်လိုက်လျှင် အိမ်ကလေးများ အစီအရီ ဆောက်ထားသော ဇီဇဝါမြိုင်တောင်ကုန်းကို တွေ့ရသည်။ တောင်ကုန်းထိပ်မှာ ထူပါရုံစေတီတော်သည် ထွက်ပြူစ လင်းရောင်သစ်လွင်ကို နောက်ခံပြု၍ ကြည်ညိုစဖွယ် ငြိမ်းချမ်းစွာ စံပယ်နေသည်။ နေခြည်နုဝယ် လေပြည်လုလေတိုင်း ဆွဲလွဲသံများက တချွင်ချွင်မြည်ကာ မင်္ဂလာတေးကို သီကြွေးညွန်းဆိုနေသည်။

ထူပါရုံစေတီတော်မှ မနီးမဝေးတွင် စုံနံ့သာမြိုင်ဆွေမြို့တော် (မြိုင်ကြီးငူဒေသ)တွင်းသို့ ရေပေးဝေမည့် ရေကန်ကြီးက အဆင်သင့် တည်ရှိနေသည်။ ရေကိုကား မပေးဝေနိုင်သေး။ ထိုရေကန်ကြီးဘေးမှာ မိုးထိအောင် စွင့်စွင့်လွင့်လွင့် မြင့်နေသော ထပ်ဆင့်ရုပ်မြင်သံကြားလွှင့်စက် ဧရိယာတိုင်ကြီးက ရောင်စုံကောင်းကင်ပြင်ကြီးကို နောက်ခံပြု၍ မားမားမတ်မတ် ရပ်တည်နေသည်။ ယင်းထပ်ဆင့်လွှင့်စက် ဖွင့်ခဲ့သည်မှာ ဘာမှ မကြာလှသေး။ ၂၅-၈-၉၆ နေ့ကမှ ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ထပ်ဆင့်လွှင့်စက် မရှိမီက ရုပ်မြင်သံကြား ကြည့်လိုလျှင် ကိုယ်ပိုင်ဧရိယာတိုင်ကို အမြင့်ကြီးထောင်မှ မြင်ရကြားရသည်။ ဤသည်သော်မှ ဝိုးတဝါးသာ။ ထပ်ဆင့်လွှင့်စက် ဖွင့်လှစ်ပြီးချိန်မှစ၍ ဧရိယာတိုင်မပါဘဲ အလွတ်ကြည့်နိုင်ခဲ့သည်။ ရုပ်ကောအသံပါ ကြည်လင်ပြတ်သားစွာ ကြည့်ရှုနားဆင်ခဲ့ကြရသည်။

ဤကျောင်း၊ ဆေးရုံ၊ ထပ်ဆင့်လွှင့်စက်ရုံနှင့် ညအခါ မီးပေးနေသော လျှပ်စစ်တို့မှာ နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့က နိုင်ငံတော်၏ ညွှန်ကြားချက်အရ ဆောက်လုပ်ပေးထားခြင်း ဖြစ်သည်။ မြိုင်ကြီးငူရှိ ဒေသခံ တိုင်းရင်းသားတို့သည် ပြည်မဒေသမှ ပြည်သူများနည်းတူ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက် ခေတ်မီလာစေရန် ရည်ရွယ်၍ ဆောက်လုပ်ပြုပြင် တပ်ဆင်ပေးထားခြင်း ဖြစ်သည်။

ဤအရာအားလုံးက နုပျိုသော နံနက်ခင်းဝယ် သစ်လွင်သော

သွင်ပြင်၊ တက်ကြွသော အမူအရာ၊ ခန့်ညားသော အားမာန်အပြည့်ဆောင်ကာ တစ်နေ့တာခရီးကို ဖြတ်သန်းလျှောက်လှမ်းရန် အသင့်အနေအထားမှာ ရှိနေသည်။

**********

အချိန်မှာ နံနက် ၇း၀၀ နာရီခန့် ရှိလာသည်။

လူများသည် ဟိုမှသည်မှ လူးလာဆန်ခတ် သွားနေကြသည်။ အချို့က ဘုရားတည်ရာ၊ ကျောင်းဆောက်ရာတို့တွင် လုပ်အားပေးနေကြသည်။ ရရာအိုးခွက်များဖြင့် ကျောက်ခဲငယ်များ သယ်သူက သယ်၊ သဲထည့်၍ သယ်သူကသယ်ဖြင့် ရှိနေကြသည်။ အချို့က အုတ်နီခဲများကို သယ်နေကြသည်။ သူတို့ကြားမှာ ထုံးအိတ်ကို ထမ်းပိုးလျှို၍ ဦးပဲ့ထမ်းလာသူများ၊ လေးလံသော ဘိလပ်မြေအိတ်ကို တစ်ဦးတည်း ထမ်းလာသူများကို ကြိုးကြား ကြိုးကြား တွေ့မြင်နေရသည်။ သည်အထဲမှာမှ ကမ်းနားသစ်စက်ဆီမှ ပကာ ခြမ်း (ဘေးကာခြမ်း) များကို ခေါင်းရွက်၍ တစ်မျိုး၊ ပခုံးထမ်း၍ တစ်သွယ်ဖြင့် စတုဒိသာသို့ သယ်ပို့နေသူများကိုပါ မြင်တွေ့နေရသည်။ လုပ်အားကိုယ်စီ တက်ညီလက်ညီဖြင့် မခိုမကပ် လုပ်ဆောင်နေကြသည်မှာ မြိုင်ကြီးငူ၏ နေ့တဓူဝ လှုပ်ရှားမှုဖြစ်သည်။

ဘေသဇ္ဇမုနိ ကြေးသွန်းရာတွင်လည်း ကြေးကျိုလုပ်သားများ၊ ဆောက်လုပ်ရေးလုပ်သားများသည် မိမိတို့ လုပ်ဆောင်ရမည့် ယမန်နေ့က အဆက် ပြုလုပ်ဖွယ်များကို အသီးသီး လုပ်ဆောင်နေကြသည်။ ဤကြေးသွန်း ရုပ်ပွားတော်နှင့် ဂန္ဓာကုဋိစ်ကျောင်းတော် ဆောက်လုပ်ရာမှာ တစ်လလျှင် လုပ်ခငွေသက်သက်ချည်း ၃ သိန်းကျော်ရှိရာ အလျင်အမြန် ပြီးစီးပါမှ လုပ်အားခ သက်သာဖွယ်ရှိသည်။ သို့ဖြစ်၍ သက်ဆိုင်ရာတာဝန်ရှိသူများက မနားတမ်း ဆော်ဩလုပ်ဆောင်နေစေရသည်။ မကြာမီ ပြီးစီးတော့မည့် ကြေးသွန်း ရုပ်ပွားတော်ကြီးမှာ ရွှေပိဿာချိန် ၂၀ တိတိ တန်ဆာဆင် ပြုလုပ်ပူဇော်မည် ဖြစ်ရာ သပ္ပာယ်ကြည်ညိုဖွယ်ကောင်းလွန်းသည့်အဖြစ်ကို မကြာမီ ဖူးတွေ့ရတော့မည်။

မင်္ဂလာသိမ်တော်မှ နန်းဦးစေတီတော်သို့ သွားရောက်စောင်းတန်းရှိ သစ်သားတံတားကို ဖျက်၍ ကွန်ကရိတံတားဆောက်လုပ်နေသည်။ ပညာရှင်များနှင့် လုပ်သားများက နေပူပူ မိုးရွာရွာ ဆောင်းချမ်းချမ်း မနားတမ်း လုပ်

ဆောင်လျက်ရှိသည်။ မြဘုန်းခေါင်စေတီတော်သည် ရှေ့နောက်ဟောင်မြောက် ဝဲယာ စောင်းတန်းလေးသွယ်ဖြင့် ပန်ရလှသည်။ အနောက်ဘက်စောင်းတန်းမှာမူ "မာတုဝင်" အဖြစ် မြိုင်ကြီးငူဆရာတော် တည်ထားခဲ့ပြီး ဘုရားသမိုင်းကို အကျဉ်းသရုပ်ထားရှိမည်ဖြစ်၍ ပညာရှင်များက တစ်ရံမလပ် အလုပ်လုပ်လျက်ရှိသည်။

ဤသည့်ချိန်ခါတွင်မှ ကရင်လုံမပျိုလေးများသည် လွယ်အိတ်ကိုယ်စီ လွယ်လျက် ခပ်သုတ်သုတ် လျှောက်လှမ်းလာနေကြသည်။ သူတို့လေးတွေကား မြိုင်ကြီးငူဆရာတော် ဖွင့်လှစ်သင်ကြားနေသော အဘိဓမ္မာ ရက်ရှည်သင်တန်းသို့ တက်ရောက်ရန် လာနေကြသူများဖြစ်သည်။ နန်းဦးဘေးမဲ့တောရကျောင်းဝင်းသို့ဝင်ရာ ကတ္တရာစေးလမ်းမှ အဘိဓမ္မာသင်တန်းဆောင်က ထိုသင်တန်းသူကလေးများကို အသင့်စောင့်ကြိုနေကြသည်။ မြိုင်ကြီးငူဆရာတော်၏ သာသနာပြုလုပ်ငန်း တစ်စိတ်တစ်ဒေသဖြစ်သည်မို့ ဆရာတော်၏ ပါရမီကို ကူညီကာ ဖြည့်နေကြသူလေးများ ဖြစ်သည်။

လှေဆိပ်မှ အောက်ဘက် မြစ်ကမ်းနဖူးမှာ တည်ထားသော သစ်စက်များမှ အင်ဂျင်စက်များက သူ့ထက်ငါအပြိုင် လည်နေသည်။ ရှဲခနဲရှဲခနဲ မြည်သွားသော သစ်လုံးနှင့် လွှသွားတို့ ထိသံက သောသောညံနေသည်။ ကမ်းခြေစ ရေစပ်ဆီမှာရှိသော သစ်တုံးများကို ဆင်ကြီးသုံးကောင်က ကမ်းထိပ်သစ်စက်ဆီသို့ ခေါက်တုံ့ခေါက်ပြန် သယ်ယူပေးနေသည်။ ဆင်တစ်ကောင်လျှင် လူလုပ်သား သုံးဦးရှိသည်။ ဆင်ဦးစီးက ဆင်ပေါ်မှာ။ ကျန်နှစ်ယောက်အနက် တစ်ယောက်မှ ရေစပ်သစ်ဖောင်မှာ ဆင်လာလျှင် သစ်နဖားတွင် ဆင်ဆွဲသော သံကြိုးဖြင့် ချည်နှောင်ပေးသည်။ ဆင်က သစ်တုံးကို ဆွဲသွားပြီး ကမ်းထိပ်အရောက်တွင် အသင့်စောင့်နေသူတစ်ဦးက ချည်ထားသော သံကြိုးကို ဖြေပေးရသည်။ ဤသည်သော မြင်ကွင်းများသည်လည်း မြိုင်ကြီးငူ၏ နေ့စဉ်လှုပ်ရှားမှုတစ်ရပ်ပင် ဖြစ်သည်။

သစ်စက်မှ ခွဲစိတ်၍ ထွက်လာသော ခွဲသားသစ်များကို သစ်တင်ကားများပေါ်သို့ လုပ်သားများက တင်ပေးနေကြသည်။ ကားတစ်စီးပြည့်လျှင် တင်ပေးသော လုပ်သားများပါ တပျော်တပါး ကားပေါ်တက်လိုက်စီးသွားကြသည်။ ဟုတ်သည်၊ လိုက်စီးသွားမှ ဖြစ်မည်။ ဟိုရောက်လျှင် သစ်များကို သည်လူများကပင် ချပေးရဦးမည်။

လှေဆိပ်ရှိ ကူးတို့စက်လှေများမှာ နေမြင့်လာသည်နှင့်အမျှ ခရီးသွားလူသူများပြီမို့ တစ်စီးပြီးတစ်စီး မောင်းထွက်သွားကြသည်။ သူတို့ ထွက်ခွာ

သွားပြီး မကြာမီမှာ ကမမောင်း၊ နီထ၊ လွှစင်၊ ဒကော့ကရက်တို့မှ ကူးလာသော ကူးတို့စက်လှေများက အစားဝင်ရောက်လာကြသည်။ လှေပေါ်ပါလာသူများက ဝယ်ခြမ်းလာသော ပစ္စည်းပစ္စယများကို သယ်ပိုး၍ လှေမှဆင်းကာ ကမ်းပေါ်သို့ အလျှိုလျှို တက်သွားကြသည်။ သက်ဝင်လှုပ်ရှားနေသော ဆိပ်ကမ်းသာပေတကား။

**********

မွန်းတည့် ၁၂:၀၀ နာရီ တိတိ။

မြိုင်ကြီးငူဆရာတော်၏ နေ့လယ်ပိုင်း မဟာသတိပဋ္ဌာန် ဝက်ရွှတ်စဉ် သံသည် မဟာသိမ်တော်ကြီးရှိ အသံချဲ့စက်မှတစ်ဆင့် မြည်ဟည်းထွက်ပေါ်လာသည်။ စောစောပိုင်းက ထမင်းစားဖြုတ်၍ စားသောက်ပြီး ခေတ္တနားနေသော လုပ်သားများ လုပ်ငန်းခွင်သို့ ပြန်ဝင်ကြသည်။ လုပ်လက်စ အလုပ်ကို ညနေ ၅ နာရီ အချိန်ထိ ပြုလုပ်ကြပေဦးမည်။

မွန်းလွဲ ၁:၀၀ နာရီ။

အခြေခံပညာ အလယ်တန်းကျောင်း တတိယသုတ်အဖြစ် ပဉ္စမတန်းမှ နဝမတန်း (တွဲဖက်) ကျောင်းသား ကျောင်းသူများနှင့် ဆရာ/ဆရာမများသည် ကျောင်းခန်းတွင်းသို့ ဝင်ရောက်၍ သင်ခန်းစာများကို စတင် သင်ကြားကြသည်။ ညနေ ၅ နာရီ ထိုးသည်ထိ သင်ကြားရမည်။ ကျောင်းသည် ယမန်နှစ်ဖွင့်စက အခြေခံပညာအလယ်တန်းကျောင်း ဖြစ်သည်။ အဌမတန်းကျောင်းအောင်ပြီး ကျောင်းသား ၄၅ ဦးရှိသဖြင့် အခြားသို့ မပြောင်းရွှေ့စေဘဲ ဤကျောင်းမှာပင် တွဲဖက် အထက်တန်းအဖြစ် သင်ကြားစေသည်။ သင်ကြားစေသည်သာဆိုသည်၊ ယခုအချိန်ထိ အထက်တန်းပြမည့် ဆရာ/ဆရာမများက ရောက်မလာသေး။ အလယ်တန်းပြဆရာမများကပင် တစ်နေ့သင်မည့် သင်ခန်းစာကို တစ်နေ့စာ တစ်နေ့စာ ကျက်၍ ကျက်၍ သင်ပေးနေကြရသည်။ (ဤစာပြုစုချိန် ၉၆၊ ဒီဇင်ဘာလကို ဆိုလိုသည်။)

ထိုဆရာမများသည်ပင် ညနေ ၇:၀၀ နာရီ ထိုးလျှင် အဘိဓမ္မာသင်တန်းသို့ တက်ရောက်၍ အဘိဓမ္မာသင်ခန်းစာများကို သင်ယူကြရဦးမည်။ ကျောင်းသားကျောင်းသူများအပေါ် စေတနာထားလွန်းသည်နှင့်အမျှ မြိုင်ကြီးငူဆရာတော်အပေါ်မှာလည်း ကြည်ညိုသဒ္ဓါ လွန်ကဲကြသည်။ ဆရာတော်၏ သာသနာပြုလုပ်ငန်းကို တစ်ဖက်တစ်လမ်းမှ ပါရမီဖြည့်ကြသည်။ ဆရာမလေးများ၏ ဥဒ္ဓါ၊ လုံ့လ၊ ကြိုးစားအားထုတ်မှုမှာချီးကျူးစရာပင်ဖြစ်တော့သည်။

**********

ညနေ ၅း၀၀ နာရီ။

လုပ်အားပေး လုပ်သားများ၊ ဆောက်လုပ်ရေး လုပ်သားများ၊ သစ်စက်လုပ်သားများ အလုပ်ကိုယ်စီမှ နားလိုက်ကြပြီ။ တစ်နေ့တာ တာဝန်ထမ်းဆောင်ရန် နံနက်ပိုင်းဆီက ထွက်သွားသော မော်တော်ယာဉ်များတောင်မှ တစ်စီးပြီးတစ်စီး ဝင်းအတွင်းသို့ ပြန်ဝင်လာကြပြီ။ တစ်ညတာ အနားယူအိပ်စက်ကြရပေဦးမည်။

မြစ်ကမ်းဘေးတစ်လျှောက် ရေချိုးဆပ်အသီးသီးမှာ ရေခပ်သူ၊ ရေချိုးသူများက ပျားပန်းခတ်မျှ လှုပ်ရှားနေသည်။ တစ်ဦးနှင့်တစ်ဦးခေါ်သံ ပြောသံ၊ နောက်ပြောင်သံများဖြင့် စီစီညံနေသည်။ ထိုစဉ် ဘားအံမြို့မှ နောက်ဆုံးခေါက်အဖြစ် တက်လာသော ဒိုင်နာစက်လှေက ခရီးသည်အပြည့် တင်ဆောင်ကာ ဆိုက်ကပ်လာသည်။ သုံးနာရီကြာ ခရီးကို တစ်လျှောက်လုံး ယိုင်လာရသော ခရီးသည်များမှာ လှေဆိုက်သည်နှင့် ချက်ချင်း မဆင်းနိုင်သေးဘဲ မတ်တတ်ရပ်၍ ခါးဆန့် အညောင်းဖြေလိုက်ရသေးသည်။ ပြီးမှ ပါလာသောအိတ်များ၊ ဆွဲခြင်းများကို သယ်ပိုးဆွဲယူ၍ လှေထက်မှ ဆင်းကြရသည်။ ရေချိုးသူများထဲမှ အချို့က အသိခရီးသည်များကို လှမ်း၍ အော်ပြော နှုတ်ဆက်သံ၊ ဝမ်းသာအားရ ပြောဆိုသံ၊ နောက်ပြောင် ကျီစယ်သံများက စက်မသတ်ရသေးသော ဒိုင်နာစက်သံကိုပင် ကျော်လွှန်ထွင်းဖောက်လာသေးသည်။

ညနေ ၆း၀၀ နာရီတိတိ။

မြိုင်ကြီးငူဆရာတော်၏ ညပိုင်း ဝတ်ရွတ်စဉ်သံက အသံချဲ့စက်မှ တစ်ဆင့် တောင်ယံတောလုံးကို ပဲ့တင်ထပ်စေလျက် ပေါ်ထွက်လာသည်။ မရှေးမနှောင်းမှာ ကျောင်းဝင်းတစ်ခုလုံးနှင့်အတူ စုံနံ့သာမြိုင်မဩွမြို့တော် (မြိုင်ကြီးငူ)တစ်ခုလုံး လျှပ်စစ်မီးများ ထွန်းလင်းလာသည်။ လမ်းမီးတိုင်များမှ မီးတောက်များပါ လင်းလာသည်။ မြိုင်ကြီးငူ၏ ညအလှကို တန်ဆာဆင်မည့် မီးရောင်များပင် ဖြစ်သည်။ ယခုအချိန်လင်းသော လျှပ်စစ်မီးကား ကျောင်းဝင်းအတွင်းရှိ မီးစက်မှ လင်းသော မီးမဟုတ်။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီမှ တည်ဆောက်ပေးထားသော လျှပ်စစ်မီးစက်ရုံမှ ပေးသော လျှပ်စစ်မီးဖြစ်သည်။ တစ်မြို့လုံးကို ပေးခြင်းဖြစ်သည်။

ဘုရားစေတီအသီးသီးရှိ စိန်ဖူးတော်အနီးမှာ ပူဇော်ထားရှိသော မာကြူရီမီးရောင်အသီးသီးက ကြည်လင်စွာတောက်ပ ထွန်းလင်းနေသည်။

ဖြာကျလျက်ရှိသော အလင်းရောင်က စေတီတစ်ဆူလုံးကို လွှမ်းခြုံပူဇော်ထား သည်။ နေ့ခင်းအခါ ဖူးမြင်ရသည်ထက် တစ်မျိုးကြည်နူးစရာ ကောင်းလှသေး တော့သည်။ ပန်းနံ့သာ လက်စွဲလျက် ဘုရားဖူးသူ ဒေသခံတို့ လာရောက်ကြ သည်။ ပန်း၊ ရေချမ်း ဆက်ကပ်၍ ဆီမီးပူဇော်ကြသည်။ ဥပုသ်နေ့ ညအခါ များဆိုလျှင် ဘုရားဖူးသူများ ပိုမို၍ လာရောက်တတ်ကြသည်။ နိဗ္ဗာန်မဂ်ဖိုလ် ကို ရက်တိုတိုနှင့် လားရောက်ရပါစေကြောင်း ဆုပန်တောင်းကြသည်။

မိမိတို့သည် ယခုကဲ့သို့ သာယာကြည်နူးစဖွယ် အေးချမ်းသော အရသာယူးကို ခံစားနေရသည့်နှယ် မြန်မာပြည်သူ၊ မြန်မာပြည်သား၊ ကမ္ဘာသူ ကမ္ဘာသား အားလုံးလည်း အေးချမ်းသာယာလျက် ကြည်နူးဖွယ်ရာ အဖြာဖြာ နှင့် ပြည့်စုံကြပါစေဟု မေတ္တာခြွေ ပန်ထွာပြုလျက် မြတ်ပဋ္ဌာန ရည်ကာညွှန်း ပြီး ဆုထူးငယ် ပန်ရွယ်သွန်းလျက် ရှိနေပေတော့သည်။

တစ်ချိန်သောအခါက စောရကန္တာရ၊ ဝါဠုကန္တာရ (ဝါ) ဝနကန္တာရ ဖြစ်သော မြိုင်ကြီးငူသည် ယနေ့ စုံနံ့သာမြိုင်ဆွေမြို့တော်အဖြစ် တောတောင် အတွင်းဝယ် ထီးထီးကြီး ဖြစ်ထွန်းပေါ်ပေါက်လာနေပြီ။

ပူပြင်းသော သဲကန္တာရအတွင်းမှ ကြည်နူးချမ်းမြေ့ဖွယ်ကောင်းသော ကွန်းခိုရာအရပ်ကို "အိုအေစစ်" ဟု ခေါ်သည်ဆိုပါလျှင်. . . ။

ပြည်မမှ ဝေးလံသီခေါင်သော်လည်း နေ့ချင်းညချင်း တိုးတက်ပြောင်း လဲလာသည့် သည်သို့သည်နှယ် ကြည်နူးချမ်းမြေ့စဖွယ်ကောင်းသော သည် မြိုင်ကြီးငူကို "မြစ်သံလွင် ကမ်းနဘေးမှ အိုအေစစ်" ဟုပင် မဆိုနိုင်ပါသလော။

# ယွန်းစလင်း အမြဲတေ

ဖွားရွှေပွင့် စိုက်ပျိုးခဲ့သော ခရေပင်ကြီးသည် နှစ်ပေါင်းကြာလာသည်နှင့်အမျှ ကြီးထွားမြင့်မားလာသည်။ ကြီးမားသော ထီးကြီးသဖွယ် အုပ်မိုးနေသည်။ ခိုနားလာသူကို အေးရိပ်ဖြင့် ချွေးသိပ် အပန်းဖြေစေသည်။ မွှေးပျံ့သော ရနံ့အေးဖြင့် နွေးထွေးစွာဖြင့် ဆီးကြိုညှော့ခံတတ်သည်။

ခရေပင်ကြီးသည် ဖွားရွှေပွင့် အသက်ထင်ရှား ရှိစဉ်ကပင် ရွာလယ်တွင် ထီးထီးမားမား ရပ်တည်ကာ ရွာသားများအား ချွေးသိပ်၍ အေးရိပ်ပေးခဲ့သည်။ ရနံ့အေးဖြင့် ပျံ့မွှေးစေသည်။ ပန်းကြိုက်သူတို့ ဆံထုံးကို ခရေကုံးအလှဖြင့် ပန်တင့်စေခဲ့သည်။ အလှပိုစေခဲ့သည်။

ဖွားရွှေပွင့်သည် အသက် ၉၉ နှစ်အရွယ်တွင် ကွယ်လွန်ခဲ့သော်လည်း သူစိုက်ပျိုးခဲ့သော ခရေပင်ကြီးကား ရှင်သန်ဖွံ့ဖြိုး ကြီးထွားဆဲ၊ အေးရိပ်ပေးမြဲ၊ မွှေးရနံ့ကို သင်းပျံ့စေမြဲ၊ ပန်းကြိုက်သူများကို အလှုဆင်မြဲ ဖြစ်သည်။ သွေ့ခြောက်သော ပန်းခြောက်ဘဝသို့ ရောက်သော်မှ ပရဆေးဖော်စပ်ရာတွင် အသုံးပြုနေကြဆဲဖြစ်သည်။ ခရေသည် ရာသီပန်းမဟုတ်။ ချိန်ခါရာသီ ညီသောအခါမှ ပွင့်သောပန်းမျိုးမဟုတ်။ တစ်ဆယ့်နှစ်ရာသီစလုံး အမြဲမပြတ် ပွင့်နေတတ်သည်။ လောကအကျိုးကို ဆောင်နေတတ်လေ့ရှိသည်။

ဖွားရွှေပွင့် စိုက်ပျိုးခဲ့စဉ်က ဤမျှထိ နှစ်ကြာရှည်မည်၊ ဤမျှထိ လူသားတို့အား အကျိုးပြုနေမည်ဟု တွေးမိကောင်းမှ တွေးမိခဲ့မည်ဖြစ်သော်လည်း ခရေပင်ကြီးကား ယနေ့အထိ အများအကျိုးကို သယ်ပိုးဆောင်ရွက်နေဆဲဖြစ်သည်။

မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇနသည် ဖွားရွှေပွင့်၏ မြေးတော်သူဖြစ်သည်။

ဖွားရွှေပွင့်၏ ခရေပင်ကြီးသည် ယနေ့တိုင် လူသားများ၏ အကျိုးစီးပွားကို ဖြစ်ထွန်းဆောင်ရွက်နေသကဲ့သို့ မြေးဖြစ်သူ မြိုင်ကြီးငူဆရာတော်သည်လည်း လူသားများအတွက် အကျိုးစီးပွားကို ဖြစ်ထွန်းနေစေလေသည်။

မိမိ၏ စက်ရိပ်အောက်သို့ ခိုလှုံဝင်ရောက်လာသူများကို အေးရိပ်ပေးကာ ချွေးသိပ်ခိုနားစေသည်။ အပန်းပြေစေသည်။ အေးချမ်းစေသည်။ မိမိ၏ သီလ၊ သမာဓိ၊ ပညာ ဟူသော ပန်းရနံ့ဖြင့် ထုံမွှမ်းစေကာ ပစ္စုပ္ပန်၊ သံသရာ နှစ်ဖြာသော အကျိုးစီးပွားကို ဖြစ်ထွန်းစေလေသည်။

ဖွားရွှေပွင့် သက်ထင်ရှားရှိစဉ်က မွေးဖွားလာခဲ့သော ငယ်မည် မောင်သန်းစိန် ဟူသော ကလေးငယ်သည် ယနေ့ချိန်ခါတွင် မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇန အမည်ဖြင့် လူ့လောက အကျိုးဆောင်နေသည့်အဖြစ်ကို တွေးတောခဲ့မည်ကား မဟုတ်ချေ။ တကယ်တမ်းမှာ မိမိမြေးဖြစ်သူက သည်သို့ သည်နှယ် အမျိုး ဘာသာ သာသနာ အကျိုးစီးပွားအတွက် ရှုပ်ရှုပ်ချွံချွံ ရွက်ဆောင်သယ်ပိုးနေသည့်အဖြစ်ကို တမလွန်မှ ဖွားရွှေပွင့်သာ သိမြင်နိုင်ခဲ့ပါမူ

အဘယ်မှ ဝမ်းသာကြည်နူးမြိမ့်ပါမည်နည်း။ အားရကျေနပ်နေပါမည်နည်း။ တိုင်းတာ နှိုင်းဆ ခိုင်းပြစရာပင် ရှိပါလေတော့အံ့မထင်။

အမြုတေ = (၁) အနှစ်၊ အနှစ်သာရ

(၂) အချို့သော တိရစ္ဆာန်၊ သစ်ပင်တို့၌ ရှိသော အစွမ်းထက်သည်ဆိုသည့် အခဲမာတစ်မျိုး။

အမြုတေ (အရပ်အခေါ် အမဒေ) ဟူသော အရာမှာ ရှားပါးလွန်းအဖိုးတန်ပစ္စည်း ဖြစ်သည်။ မရှိမဟုတ် ရှိပါ၏။ သို့သော် ရှားသည်။ မရတတ်မဟုတ်၊ ရတတ်ပါ၏။ သို့သော် ထိုက်သူမှသာ ရတတ်သည်။

အမြုတေဟူသောအရာတိုင်း အကျိုးထူးတစ်ခုခုကို ဖြစ်ထွန်းစေသည်သာ။ စွမ်းရည်သတ္တိထူးတစ်ခုခု ရှိသည်ချည်းဖြစ်သည်။

*********

ရှေးခေတ် မြန်မာဘုရင်များ၏ စစ်အင်္ဂါလေးရပ်တွင် ဆင်သည် အဆင့်အမြင့်ဆုံး စစ်စွမ်းအင်တစ်ရပ် ဖြစ်သည်။ စစ်ဆင်အဖြစ် အသုံးပြုသော ဆင်များကို ဤသို့သတ်မှတ် ရွေးချယ်ခဲ့ကြောင်း ဖတ်ရှုမှတ်သားထားရဖူးသည်။

ဆင်ဖမ်းသမားများသည် ဆင်မျိုးကို ကျုံးသွင်းဖမ်းယူပြီးနောက် ယဉ်ပါးအောင် လေ့ကျင့်ပေးကြသည်။ ယဉ်ပါးလာပြီးသော ဆင်များကို တောသို့ ထုတ်၍ ပုန်းကွယ်ရာမှ ရုတ်တရက် ထွက်လာပြီး ခြောက်လှန့်သည်။ ဆူဆူညံညံ ညာသံပေးသည်။ အမြောက်၊ စိန်ပြောင်း ပစ်ဖောက်သည်။ ထိုအခါ ဆင်အများစုမှာ ထိတ်လန့်ကြောက်ရွံ့ ထွက်ပြေးကြသည်။ အချို့ဆင်မှာ တန့်ခနဲရပ်၍ အသံလာရာက်ဘက်ကို တွေ၍ စူးစိုက်ကြည့်နေသည်။ တဖျပ်ဖျပ်ခပ်နေသော နားရွက်ကို တန့်၍ နားစွင့်သည်။

နှာမောင်းကို မြှောက်ကာ တွေ့ရမည့်ရန်သူကို စောင့်ကြိုငုံ့လင့်နေသည်။ ကြောက်ရွံ့ထိတ်လန့်ခြင်း အလျဉ်းမရှိ။ ပကတိရဲရင့်သောသတ္တိအပြည့်ဖြင့် ရန်သူကို ရင်ဆိုင်ရန် အသင့်ပြင်ထားသည်။ ဤသို့သော သဘောရှိသော ဆင်မျိုးကိုမှ ရွေးချယ်အသုံးပြုလေ့ရှိသည်။ ကျန်ဆင်တို့ကို လူစီးဆင်၊ ဝန်တင်ဆင်၊ သစ်ဆွဲဆင်အဖြစ်သာ အသုံးပြုလေ့ရှိသည်။

စစ်ဆင်အဖြစ် အသုံးပြုသော ဆင်များမှာ "အမြုတေ" ဟူသော အရာ အနည်းအများဆိုသလို ပါရှိတတ်သဖြင့် ၎င်းတို့ကို အမြုတေဆင်ဟု ခေါ်ကြောင်း မှတ်သားရဖူးသည်။ ထို့ကြောင့် လောကနီတိကျမ်းတွင် "ဆင်တိုင်းမှာ အမြုတေမရှိ" ဟု စတုရင်္ဂဗလ အမတ်ကြီး ပြုစုခဲ့လေသည်။

ဆင်တပ်သည် စစ်အင်္ဂါလေးရပ်တွင် အဆင့်အမြင့်ဆုံး စွမ်းအင် တစ်ရပ်ဖြစ် ပါဝင်လေရာ ဆင်တပ်တွင် အမှုထမ်းသမားများမှာလည်း တကယ့် သူရဲကောင်းများချည်းသာ ဖြစ်သည်။ ဆင်တပ်ရွေးချယ်ပုံမှာ -

ခြေလျင်တပ်မှာ ၁၀ ပွဲ အောင်နိုင်ပြီးမှ မြင်းတပ်သို့ ဝင်ရသည်။

မြင်းတပ်မှာ ၁၀ ပွဲ အောင်နိုင်ပြီးမှ ရထားတပ်သို့ ဝင်ရသည်။

ရထားတပ်မှာ ၁၀ ပွဲ အောင်နိုင်ပြီးမှ ဆင်တပ်သို့ ဝင်ရသည်။

ဤရွေးချယ်ပုံအရ ဆင်တပ်သားတို့မှာ အပွဲပွဲနွှဲခဲ့သော အောင်ပွဲရသူ များကိုသာ စုစည်းရွေးချယ်ဖွဲ့စည်းထားသူချည်း ဖြစ်သည်။ သို့မှသာ ရန်သူ မြင်လျှင် နောက်မတွန့်တတ်သော အမြုတေဆင်နှင့် လိုက်ဖက်ညီပေမည်။ ထို့ကြောင့်လည်း ဆင်တပ်သာ စစ်စွမ်းအင် အမြင့်မားဆုံး ဖြစ်ခဲ့ရသည်။

**********

ယွန်းစလင်းချောင်းသည် သံလွင်မြစ်၏ အနောက်ဘက်ကမ်း တစ်နေရာ ဖာပွန်မြို့နယ်တွင်းမှာ ရှိသည်။ ပုဇွန်မြောင်းကျေးရွာအုပ်စုအတွင်း ပါဝင်သည်။ သံလွင်မြစ်တွင်းသို့ စီးဝင်သည်။

ယွန်းစလင်းချောင်း၏ မြောက်ဘက် အတော်ခပ်လှမ်းလှမ်း ထီး မင်္ဂလာတောင်ကုန်း၏ ဟိုမှာဘက်တွင် နို့တကောအင်း (ကြာအင်း)နှင့် နို့ဝါးရှု အင်း (ကြခတ်ဝါးအင်း) ဟူ၍ ရှိသည်။ ပကတိအခါဆိုလျှင် ထိုအင်းနှစ်ခုစလုံး မှာ ကြာဖြူပွင့်ချပ်ကြီးများ၊ ကြာရွက်ကြာခွက်များဖြင့် သာယာလှပနေတတ် သည်။ အင်းနတ် မနှစ်သက်သော အမှုတစ်ခုခု ပြုမိမှုပါက အင်းနှစ်ခုစလုံး မှာ ကြာပင်များ တစ်ပင်မျှ မကျန်အောင် ပျောက်ကွယ်သွားတတ်သည်။ တစ်နှစ်၊ နှစ်နှစ်ကြာမှ ပြန်ပေါက်လာတတ်သည်။ ဤထူးဆန်းသော ဖြစ်ရပ် သည် ယခင်မှသည် ယခုတိုင် ထင်ရှားရှိဆဲဖြစ်သည်။

မိုးကာလတွင် နို့တကောအင်းမှ စီးဆင်းလာသော အင်းရေသည် နို့ဝါးရှုအင်းသို့ စီးဝင်သည်။ ယင်းမှတစ်ဖန် ထီးမင်္ဂလာတောင်ကုန်းကို ကွေ့ဝိုက်၍ အင်းချောင်းအတိုင်း စီးလာရာ နို့နို့ဘိုးအင်း (သိမ်အင်း) တွင်းသို့ စီးဝင်သည်။ အင်းရေသည် အင်းချောင်းအတိုင်း ဆက်လက်စီးဆင်းကာ ယွန်းစလင်းချောင်းတွင်းသို့ စီးဝင်သွားသည်။

နို့နို့ဘိုးအင်း (သိမ်အင်း) ၏အဝ ယွန်းစလင်းချောင်း၏ ကမ်းနဖူးတွင် ရွာငယ်လေးတစ်ရွာ ရှိသည်။ အင်း၏အဝမှာ တည်ထားသဖြင့် မြန်မာဘာသာ ဖြင့် အင်းဝရွာ၊ ကရင်ဘာသာဖြင့် နို့ထရွာဟု အမည်တွင်သည်။ ၎င်းရွာ

အပါအဝင် ချောင်းကမ်းပါး တစ်လျှောက်တွင် ရှိသော ရွာများကို သမိပ္ပပစာ အားဖြင့် "ယွန်းစလင်းဒေသ" ဟု ခေါ်ဆိုနိုင်သည်။ ရွာသားများကိုလည်း ဌာနူပစာအားဖြင့် "ယွန်းစလင်းသား" ဟုပင် ဆိုမည်သာ ဖြစ်သည်။

နှစ်အထက်ထက် ခေတ်အဆက်ဆက်မှသည် ယနေ့ထိတိုင် ဤ ယွန်းစလင်းဒေသတွင် ယွန်းစလင်းသားများစွာ မွေးဖွားနေထိုင်ခဲ့ကြသည်။ နေထိုင်ဆဲလည်း ဖြစ်သည်။ မိရိုးဖလာ တောင်သူလယ်လုပ်ဘဝဖြင့် အေးချမ်း စွာ အသက်မွေးခဲ့ကြသည်။ ယင်းထက် ထူးထွေခြားနားမှုများကိုကား မည်သူ တစ်ဦးတစ်ယောက်မျှ ဆောင်ရွက်သမှု မပြုနိုင်ခဲ့ကြပေ။

သို့သော် နှောင်းခေတ် ယခုခေတ် ယွန်းစလင်းသားများအနက် တစ်ဦးသော ကလေးငယ်မှာ ငယ်စဉ်ကတည်းက ထူးခြားမှုတစ်ခုကို ပြုလုပ် ခဲ့သည်။ လောကတွင် အများနှင့်မတူသည်ကို ထူးသည်ဟု ဆိုရိုးပြုကြသည်။ သို့ဆိုလျှင် ၇ နှစ်သားရွယ် ကလေးငယ်တစ်ဦးသည် အများအတွက် ကြံကြံ ဖန်ဖန် စိတ်ကူး၍ ကြံကြံစည်စည်အမှုကို ပြုလုပ်ခဲ့သည်ဆိုပါလျှင် ထူးခြားသူ ဟု ဆိုရမည်သာ ဖြစ်သည်။

ထိုသူငယ်ကား "မောင်သန်းစိန်" တည်း။

**********

လွန်ခဲ့သော နှစ် ၄၀ ကာလ နွေရာသီတစ်နေ့မှာ ဖြစ်သည်။

ရေခန်းနေသော နို့နို့ဘိုးအင်းစပ်တွင် ကျွဲသေကောင်တစ်ခု ရှိသည်။ နေပူရှိန်ကြောင့် စောစီးစွာ ပုပ်ပွနေသည်။ လေရှူးဝှေ့လိုက်တိုင်း ပါလာသော အနံ့အသက်ဆိုးတို့က မခံမရပ်နိုင် ဖြစ်လောက်စရာပင်။ ကျွဲသေကောင်ပုပ်ကို လင်းတများ လာရောက်ထိုးဆိတ်စားသောက်ကြသည်။ ထိုစဉ် ရှိပြီ လင်းတ များထက် အတော်အတန်ကြီးသော လင်းတထိပ်နီကြီးတစ်ကောင် ရောက်လာ သည်။ စားနေသော လင်းတများကို လိုက်လံထိုးဆိတ် မောင်းထုတ်ကာ သူ တစ်ကောင်တည်း မြိန်ယှက်စွာ ပွဲတော်တည်နေသည်။ မည်သည့်လင်းတများ ကိုမှ အနားကပ်မခံချေ။ လိုက်လံထိုးဆိတ်လိုက်၊ ကျွဲသေကောင်ပုပ်ကို ဆွဲစား လိုက်ဖြင့် မောင်ပိုင်စီးလုပ်ထားသည်။

ဤအဖြစ်ကို အတော်လှမ်းလှမ်း ဝါးရုံရိပ်တစ်ခုမှ ကျွဲကျောင်းရင်း မောင်းသန်းစိန် မြင်နေရသည်။ ယင်းကျွဲသေကြီးမှာ မောင်သန်းစိန်တို့ ကျွဲအုပ် ထဲမှ တစ်ကောင်ဖြစ်သည်။ လင်းတများ စားပါစေ သဘောဖြင့် သည်အင်းစပ်

သို့ ဆွဲပို့ထားခဲ့သည်။ လင်းတများ လာစားသည်ကို ကြည့်ရ မြင်ရသည်ကိုက မောင်သန်းစိန်အဖို့ ကြည်နူးစရာ မြင်ကွင်းတစ်ခု ဖြစ်သည်။ ထို့ကြောင့်လည်း ကျွဲကျောင်းရင်း ဝါးရုံရိပ်မှာ နေခိုကာ အပျင်းပြေ ထိုင်ကြည့်နေခြင်း ဖြစ်သည်။

လင်းတထိပ်နီကြီး၏ ကိုယ်လုံးမှာ မောင်သန်းစိန်ကိုယ်လုံးနှင့် မတိမ်းမယိမ်းရှိသည်။ လင်းတကြီး၏ နိုင့်ထက်စီးနင်း ပြုမူပုံကို မြင်နေရသဖြင့် စိတ်ထဲ မကျေမချမ်း ဖြစ်လာသည်။ "ဒီလောက် လောဘကြီးတဲ့ကောင်၊ ဆုံးမပေးမှဖြစ်မယ်၊ ဘာလုပ်ရမလဲ" အကြံထုတ်သည်။ အကြံက ထွက်မလာ။ ထိုနေ့အဖို့ စဉ်းစားရင်း အချိန်ကုန်ခဲ့သည်။ ညဘက်ပါ ဆက်စဉ်းစားတော့ အကြံတစ်ခု ရလာသည်။

နောက်နေ့တွင် ယမန်နေ့ကထက် စောစောသွား၍ ကျွဲသေကောင်ကြီးဘေးနားမှာ မလှုပ်မယှက် ဝပ်နေသည်။ အပုပ်နံ့က နံပါသည်။ လင်းတထိပ်နီကြီးကို ဆုံးမလိုသဖြင့် အောင့်ထားသည်။ ကံအားလျော်စွာ သည်ကနေ့မှာ လင်းတထိပ်နီကြီး အလျင်ဦးဆုံး ရောက်လာသည်။ ကျွဲသေကောင်ကို အားရပါးရ ထိုးဆိတ်စားသောက်သည်။ စားရှိန်ရလောက်သည်တွင် မောင်သန်းစိန်သည် ဝပ်နေရာမှ ထလိုက်သည်။ လင်းတက စာ ဆဲကို ရပ်၍ ပျံတက်ဖို့ အရှိန်ယူရန် ပြေးလွှားသည်။

လင်းတတို့မည်သည် ချက်ချင်း ထပျံ၍မရ။ ပြေးလွှားအရှိန်ယူပြီးကာမှ ပျံတက်၍ ရသည်ကို သိထားသည်။ အရှိန်ယူ၍ ပြေးနေစဉ် မောင်သန်းစိန် နောက်မှပြေးလိုက်သည်။ ရန်သူဟူသော အသိဖြင့် လင်းတကြီးက ခြေကုန်သုတ်ပြေးသည်။ မြန်လိုက်သမှ လှစ်ခနဲ လှစ်ခနဲနေသည်။ မောင်သန်းစိန်လည်း လွှားခနဲ လွှားခနဲ အပြေးလိုက်သည်။ လင်းတကြီး အတောင်ဖြန့်ကာ ပျံတက်တော့မည့်ဆဲဆဲတွင်မှ ဖမ်းမိတော့သည်။

လူကြီးသူမများ ပြောသံကြားဖူးထားသည်။ လင်းတကြီးများသည် လူ့မျက်လုံးကို ထိုးဆိတ်ဖောက်တတ်သည်တဲ့။ သတိရှိထားသည်နှင့်သည်။ လင်းတကြီးအား ဖမ်းမိသည်နှင့် ကျစ်ကျစ်ပါအောင် ပိုက်ထားလိုက်သည်။ လင်းတခေါင်းကို ချိုင်းကြားမှာ အတင်းဖိညှစ်ထားသည်။ ယက်ကန်ယက်ကန် ဖြစ်နေသော ခြေနှစ်ဖက်ကို ဒူးကြားမှာ အသေညှပ်လိုက်သည်။ ပြီးလျှင် မြန်မြန်ဆန်ဆန်ပင် အသင့်ယူလာသော ကျွဲခလောက် (ကြေးဖြင့် ပြုလုပ်ထားသော လက်သီးဆုပ်ခန့် ကျွဲခလောက်ကလေး) ကို လင်းတကြီး၏ လည်ပင်းမှာ ဆွဲချည်ပေးလိုက်ပြီး လွှတ်ပေးလိုက်သည်။

လင်းတကြီးသည် လက်မှ လွတ်သည်နှင့် ကြောက်လန့်တကြားဖြင့် တအားစွပ်ပြေးကာ အရှိန်ယူ၍ ကောင်းကင်သို့ ပျံတက်သွားတော့သည်။ လင်းတကြီး လှုပ်ရှားမှုနှင့်အတူ ခလောက်က "ကလင် ကလောင်၊ ကလင် ကလောင်" မြည်သံပေး၍ လိုက်ပါသွားတော့သည်။

ထိုနေ့မှစ၍ လင်းတကြီးသည် "ကလင် ကလောင်၊ ကလင် ကလောင်" မြည်သံဖြင့် ဘယ်တော့ ဘယ်တောင်စခန်းသို့ မြန်းလေပြီမသိ။ ကျွဲသေကောင်ရှိရာသို့ လာတာကို မတွေ့ရလေတော့ပြီ။ ကျန်သော လင်းတများကသာ ပျော်ရွှင်မြိန်ယှက်စွာဖြင့် ထိုးဆိတ်စားသောက်နေကြလေတော့သည်။

**********

ထူးချွန်မည့်သူသည် ငယ်ငယ်ကတည်းက ဇာတိပြလေ့ရှိသည်။ မဟောသဓဇာတ်တော်ဝယ် ခုနစ်နှစ်သားအရွယ် မဟောသဓသူငယ်သည် ကောင်းကင်မှ ပျံသွားသော စွန်ရဲ၏ နှုတ်သီးမှာ ကိုက်ချီထားသည့် သားတစ်ကို ကျစေခြင်းဖြင့် စွမ်းရည်ကို ပြခဲ့သည်။ ၎င်းနောက် သားခိုးမှု၊ မယားခိုးမှု၊ ရထားခိုးမှု၊ လည်ဆွဲရတနာခိုးမှု စသည်တို့ကို တရားမျှတစွာ စီရင်ခဲ့သည်။ ဝိဒေဟရာဇ်မင်းကြီး အမေးပြုလာသော ပြဿနာများကို ဖြေရှင်းပေးခဲ့သည်။ နောင်သော် မဟောသဓ ပညာရှိ သုခမိန်ပညာရှိကြီး ဖြစ်လာသည်။

**********

မြန်မာ့သာသနာ့သမိုင်းတွင် ထူးချွန်လွန်ကဲသော အာဇာနေယျပုဂ္ဂလဝိသေသ (အာဇာနည်ပုဂ္ဂိုလ်ထူး) ပေါင်းများစွာ ပေါ်ထွန်းခဲ့ပါသည်။ ယင်းတို့အနက် ပထမဦးဆုံး တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့ ရတော်မူသော မင်းကွန်းဆရာတော်ဘုရားကြီးဆိုလျှင် မသိသူ မရှိသလောက် ဖြစ်သည်။ ထိုဆရာတော်ဘုရားကြီး ငယ်စဉ်ကျောင်းသားဘဝက ထူးထူးခြားခြား စွမ်းဆောင်နိုင်ပုံကို ကျောင်းနေဘက်ဖြစ်သော သဲဖြူဝကျောင်း ဆရာတော်ဦးကုသလ အရှင်သူမြတ်က ပြန်လည်ပြောပြသည်မှာ. . .။

*(မှတ်ချက် - သာသနာ့အလင်းရောင် ဦးဖေမြင့် ရေး မင်းကွန်းဆရာတော်ဘုရားကြီး၏ မဟာထေရုပတ္တိကထာမှ မူရင်းအတိုင်း ကူးယူ တင်ပြပါသည်။ စာရေးသူ)*

"ဟာ. . . ဒါယကာကြီးကို မောင်ဘညွန့်က ပြောလိုက်သလား၊ ဟုတ်တယ်ဗျ၊ ဘုန်းကြီးပြောမယ်။ ဘုန်းကြီးတို့ ငယ်ငယ်က နေခဲ့တဲ့ ကျည်းပင်

ကျောင်းကြီးမှာပေါ့။ ဒီကျောင်း မဟုတ်ဘူးဗျ။ ဒီကျောင်းကတော့ မြစ်ကမ်းပြိုလို့ အကြိမ်ကြိမ် ရွှေ့ပြောင်းလာခဲ့ရတာနဲ့ အလျင်က ကျောင်းကြီးလို မကြီးတော့ဘူး။ ကျုပ်တို့ ငယ်ငယ် ကျောင်းသားဘဝက ကျောင်းကကြီးဟော့ ဒီလိုဘယ်ဟုတ်မလဲ။ ဧရာမကျောင်းကြီးပေါ့။ အဲဒီကျောင်းကြီးတုန်းက လှေကားအဆင်းမှာ တော်တော်မြင့်တဲ့ ရှောက်ချိုပင်ကြီး ရှိတယ်။ ရှောက်ချိုပင်ဆိုတာ ဆူးကြီးတွေက အများကြီး။ ချွန်လည်းချွန်၊ အလွန်လည်း စူးတယ်။ အဲဒီ ရှောက်ချိုပင်ကြီးထိပ်ဖျားမှာ ရှောက်ချိုသီးတစ်လုံးတည်း ထူးထူးခြားခြား ကျန်ပြီး နေတယ်။ အသီးက တော်တော်လည်း ကြီးတယ်။ လှလည်း လှတယ်။

တစ်နေ့တော့ ဆရာဘုန်းကြီး မရှိခိုက်မှာ ကျောင်းသားတွေ ဟာ အဲဒီ ရှောက်ချိုသီးကို သူ့ထက်ငါ အရယူမယ်ဆိုပြီး ကြိုးစားကြပေမယ့် လိမ်ကောက်ရှုပ်ပွေနေတဲ့ ဆူးကြီးတွေရဲ့ဒဏ်ကို မခံနိုင်ကြဘဲ ဆူးခြစ်သည့် ဒဏ်ချက်ကြောင့် သွေးရဲရဲ သံရဲရဲဖြစ်ကာ တစ်ဝက်လောက်ရောက်အောင် မတက်နိုင်ကြဘဲ အောင်ဟစ်ရှုံ့မဲ့ပြီး ပြန်ဆင်းလာကြရတယ်။ အပြိုင်အဆိုင် တက်ကြတဲ့ ကျောင်းသားတွေအားလုံး လက်လျှော့လိုက်ကြရပါတော့တယ်။

ဒါယကာကြီးနှယ်၊ အဲဒီတော့မှ မောင်ခင်(ဆရာတော်ဘုရားကြီး၏ ငယ်မည်) က "မင်းတို့ ရအောင် မတက်နိုင်ကြတော့ဘူးလား၊ ကဲ. . . ကြည့်ကြကွ၊ ဒီရှောက်ချိုသီးကို ငါမရရအောင် တက်ပြီး ဆွတ်မယ်" ဟု ပြောကာ ခါးတောင်းလေးမြှောင်နေအောင် ကျိုက်ပြီး ရှုပ်ပွေလိမ်ကောက်နေတဲ့ ရှောက်ချိုကိုင်းအကြားသို့ ဆူးကြီးများကို လွတ်အောင် ကွေ့ကောက်ရှောင်တိမ်းကာ ကော့လိုက်၊ ကုန်းလိုက်နဲ့ ခက်ခဲစွာ တက်နေတယ်။ သူကုန်းလိုက်၊ ကော့လိုက်နဲ့ ဆူးကြီးတွေကို ကတ်ကတ်သပ်သပ် ရှောင်တိမ်းပြီး တက်နေတာကို ကျောင်းသားများက ဝိုင်းပြီး မော့ကြည့်နေကြတယ်။ "သူလည်း ဘာမို့လဲကွာ၊ တော်တော်ကြာ ဆူးကြီးတွေစူးလို့ တို့လိုပဲ အော်ပြီး ပြန်ဆင်းပြေးလာရမှာပဲ။ ကြည့်နေပါ" လို့ ပြောသူပြော။

"ဟုတ်တာပေါ့ကွ၊ သူ့ထက်ကြီးတဲ့ ကျောင်းသားကြီးတွေတောင်မှ မတက်နိုင်တာ၊ သူက ဘာမို့လဲကွ" ဟု ဆိုသူဆိုပေါ့။ "နီးပြီဟေ့၊ နီးပြီ။ ကြိုးစားကွ၊ မလျှော့နဲ့ကွ၊ မောင်ခင်ကွ၊ မောင်ခင်ဟေ့" နဲ့ အားပေးသူကပေး။ တချို့ကလည်း "ဟေ့. . . သူတက်ပုံက တစ်မျိုးကွ၊ တို့တက်တာနဲ့ မတူဘူးကွ။ ရချင်ရနေမှာ" ဟု ဝေဖန်သူက ဝေဖန်။

ရှောက်ချိုကိုင်းကလည်း ထိပ်ဖျားကျတော့ သေးသေးကွေးကွေးနဲ့ ကိုင်းညွတ်ပြီး ယိုင်နေတော့ ကျိုးများကျိုးလိုက်ရင် ဆူးကြီးတွေနဲ့ ဒုက္ခပါပဲ

လို့ စိုးရိမ်သူက စိုးရိမ်ပေါ့။ "ဆင်းခဲ့တော့ဟော့ မောင်ခင်၊ မဖြစ်ဘူး၊ ဆင်းခဲ့တော့၊ ကိုင်းကျိုးကျလိမ့်မယ်" ဟု အော်သူကအော်။ ကျောင်းသားများ အငြိမ်မနေနိုင်တော့ဘဲ လှုပ်လှုပ်ရွရွ ဖြစ်နေစဉ်မှာပင် မောင်ခင်သည် ရှောက်ချိုပင်ထိပ်ဖျားမှာ သူများတကာ ဆွတ်ခူးလို့ မရနိုင်တဲ့ ရှောက်ချိုသီးကို လက်လှမ်းမီကာ အောင်မြင်စွာ ဆွတ်ခူးရရှိ၍ အောင်ပွဲရစစ်သူကြီးပမာ ဝမ်းမြောက်ဝမ်းသာ ဆင်းလာပါတော့တယ်။ ကျောင်းသားများအားလုံး ဝိုင်းအုံပြီးတော့ ချီးကျူးအံ့ဩကြရပါတယ်"

*(မဟာထေရုပ္ပတ္တိကထာ၊ နှာ ၁၁-၁၂ မှ)*

ထိုကျောင်းသားသူငယ် မောင်ခင်သည် နောင်သော် မြန်မာနိုင်ငံတွင် ပထမဦးဆုံး တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက (ပိဋကသုံးပုံဆောင်တရားဘဏ္ဍာစိုး) ဖြစ်တော်မူခဲ့သည်။

ဤသို့လျှင်. . .

ထူးချွန်မည့်သူများသည် ငယ်စဉ်ကလေးဘဝကတည်းကပင် အများတကာထက် ထူးခြားသော အမှုကို ပြုနိုင်စွမ်းရှိတတ်ကြသည်။

ငယ်စဉ် ၇ နှစ်သား အရွယ်ကပင် ကြံကြံဖန်ဖန် တွေး၍ ကြံကြံစည်စည် ပြုလုပ်ခဲ့သော မောင်သန်းစိန်သည် ယနေ့ချိန်ခါတွင် မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇနဟူ၍ ယွန်းစလင်းသားများစွာအနက်မှ ထူးချွန်စွာပေါ်ထွက်လာခဲ့သည်။ အမျိုး ဘာသာ သာသနာအတွက် ပြောင်မြောက်စွာစွမ်းဆောင်ခဲ့သည်။ စွမ်းဆောင်ဆဲလည်း ဖြစ်သည်။ စွမ်းဆောင်၍လည်းနေပါဦးမည်။

အမြတ်ဟူသော အရာတိုင်းသည် အများနှင့်မတူသည့် စွမ်းရည်သတ္တိထူး ရှိသည်ချည်း ဖြစ်သည်။

ထို့အတူ. . .

မြိုင်ကြီးငူဆရာတော်သည် ဤမှတ်တမ်းရှည်ကြီးတွင် ဖော်ပြခဲ့ပြီးသည့်အတိုင်း အများနှင့်မတူ တစ်မူထူးခြားသည့် စွမ်းရည်သတ္တိထူးရှိသော ယွန်းစလင်းနယ်သားတစ်ဦး ဖြစ်တော်မူသည်မို့ "ယွန်းစလင်းအမြတ်" ဟူ၍ ညွှန်းဆိုလိုက်ရပေသတည်း။ ။

မြိုင်နန်းဆွေ

(မြိုင်ကြီးငူ အထူးဒေသ)

စာပြီးရက်၊ ၇-၁-၉၇။

# စာပေမှတ်တမ်း

## မြိုင်ကြီးငူဒေသ စာပေနှင့်ယဉ်ကျေးမှုကော်မတီမှ ထုတ်ဝေပြီးစာအုပ်များ

**မြိုင်ကြီးငူဆရာတော်ပြုစုသော ကျမ်းစာအုပ်များ**

၁။ ဗုဒ္ဓသြဝါဒအမြုတေ (ကရင်ဘာသာ)
၂။ ပရိတ်ကြီး ၁၁သုတ် (ကရင်ဘာသာ)
၃။ ဓမ္မစကြာဘာသာပြန် (မြန်မာ+ကရင်)
၄။ အနတ္တလက္ခဏာသုတ်ဘာသာပြန် (မြန်မာ+ကရင်)
၅။ မဟာသမယသုတ်ဘာသာပြန် (မြန်မာ+ကရင်)
၆။ မဟာသတိပဋ္ဌာနသုတ်ဘာသာပြန် (မြန်မာ+ကရင်)
၇။ သမ္မာပရိဗ္ဗာဇနီယာဒိ ၆သုတ်တွဲဘာသာပြန် (မြန်မာ+ကရင်)
၈။ ပရိတ်ကြီး၁၁သုတ် ဒုတိယအကြိမ် (မြန်မာ+ကရင်)
၉။ ဓမ္မစကြာအမေးအဖြေ (မြန်မာ+ကရင်)
၁၀။ မင်္ဂလသုတ်အမေးအဖြေ (မြန်မာ+ကရင်)
၁၁။ မြိုင်ကြီးငူဝတ်ရွတ်စဉ်နှင့် မဟာသတိပဋ္ဌာန်ဓမ္မလင်္ကာ ဓမ္မဒါနဆောင်ပုဒ်များ (မြန်မာ+ကရင်)
၁၂။ ပြည်တော်ဝင်ဓမ္မပဒဝတ္ထုတော် ပထမတွဲ (မြန်မာ+ကရင်)
၁၃။ ပြည်တော်ဝင်ဓမ္မပဒဝတ္ထုတော် ဒုတိယတွဲ (မြန်မာ+ကရင်)
၁၄။ ပြည်တော်ဝင်ဓမ္မပဒဝတ္ထုတော် တတိယတွဲ (မြန်မာ+ကရင်)
ပြည်တော်ဝင် ဓမ္မပဒဝတ္ထုတော် စတုတ္ထတွဲမှ ဒသမတွဲအထိ ဆက်လက်ထွက်လာပါဦးမည်။

"မြိုင်ကြီးငူဆရာတော် မြန်မာဘာသာမှ ကရင်ဘာသာသို့ ပြန်ဆိုရေးသားသော အခြားစာအုပ်များ'

၁။ ဘွေတ်လံယ်ဃို. ကလီယ်ဂံယ်ဒိ တသ်လဲယ်ဂေသ်ကို့ယ်.
၂။ လဲယ်မဈှိမဒေသ အဂေသ်.
၃။ ခုတ်မံုသ်ပးယ်ထီကို့တရာဒိ.
၄။ ကေယ်ဒွဲတ်ကပံယ်ကစသ်.
၅။ ဓမဒ်ကပံဖိုထံတ်ကရ သ်ဒိုသံသတ်.

၂၅၁၉ ထုတ်သနာသာထော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊
ကမ္ဘာအေး၊ ရန်ကုန်။

## မြိုင်ကြီးငူဆရာတော်၏လမ်းညွှန်မှုဖြင့် ထုတ်ဝေခဲ့သော စာအုပ်များ

၁။ မြိုင်ကြီးငူ ငွေရတုမဂ္ဂဇင်း
၂။ မြိုင်ကြီးငူဆရာတော်၏ ရွှေရတု မွေးနေ့စာစောင်

## မြိုင်နန်းဆွေ ရေးသားထုတ်ဝေခဲ့သော စာအုပ်များ

၁။ ယွန်းစလင်းအမြုတေ ပထမတွဲ
၂။ ယွန်းစလင်းအမြုတေ ဒုတိယတွဲ
၃။ ယွန်းစလင်းအမြုတေ တတိယတွဲ
၄။ တံလှပ်လေနှင်ခရီးစဉ်များ
၅။ ပြန်လည်ထွန်းညှိသူ
၆။ Shines the light of Dhamma.
Translated by Shin Khay Meinda.
၇။ ငြိမ်းချမ်းရေးမြစ်နဒီ
၈။ The RIVER of PEACE
Translated by Shwe Bo U Than Tun
၉။ မဇ္ဈိမဒေသခရီးစဉ်
၁၀။ ယွန်းစလင်း ၃တွဲပေါင်းချုပ်
၁၁။ ဓမ္မလှိုင်းရိုက်ခတ်သံ

## ဓမ္မဒါန

ဗိုလ်မှူးချုပ်ခင်မောင် (ဒုတိယဝန်ကြီး- လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန) + ဇနီး ဒေါ်အေးအေးချို မိသားစု

| | | |
|---|---|---|
| ၁။ | ဓမ္မစကြာ + အနတ္တလက္ခဏသုတ် (ကရင်ဘာသာပြန်) | အုပ်ရေ ၁၀၀၀ |
| ၂။ | ဓမ္မစကြာ + အနတ္တလက္ခဏသုတ် (မြန်မာဘာသာပြန်) | အုပ်ရေ ၃၀၀၀ |
| ၃။ | မဟာသတိပဋ္ဌာနသုတ် (မြန်မာဘာသာပြန်) | အုပ်ရေ ၁၀၀၀ |


(ထုတ်ဝေသူ)
ဦးမန်းဘညွန့်ပေ(ဥက္ကဋ္ဌ)
သစ်တောကြီးကြပ်ထိန်းသိမ်းရေး
မြိုင်ကြီးငူအထူးဒေသ

မြိုင်ကြီးငူဆရာတော်ဘုရား၏

# ဘဝအချိုးအကွေ့များ

## ယွန်းစလင်းအမြုတေ

(ပေါင်းချုပ်)



မြိုင်နန်းဆွေ